

## ဝင်းတင့်ထွန်း

# အမှောင်ကြားက ဗမာပြည်

အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း

(၁၉၄၈ - ၂၀၀၀)

# အမှောင်ကြားက ဗမာပြည်

(အနီးခေတ် ဗမာပြည် နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအကျဉ်း)
(၁၉၄၈–၂၀၀၀)

ဝင်းတင့်ထွန်း
ရေးသားပြုစုသည်

# pm tkyfrSwfwrf

pm tkyf trnf
tarmSifu m;u Armjynf
( teJ;cwf Armjynf EkdifiHa&;vIyf&Sm;rSKrsm;Ekdift us ok0f 1948-2000)

jyKpk&;o m;ol
0if;wifxef;

ppfaq;ol
prf;rdkif

yxr tBudrf
27 &uf arv ? 2007 ckESpf
tkyfa& (1000)

av;a tmuf tjyift qif
ukdarmif EkdiF

pmppD&ifukdf
ukdkif;oef; yDEl

xkwfa0ol
vlabmifopfpDrH&uf wpfpfwDjyefu m;a&;Xme) EIifh
tvift qfjpmapmif&abmf rsm; (*yefEkdifiH)

quf oG,fS, lvkyfu
information@dpns.org
alinneain@hotmail.com
aalinneain@yahoo.com
swammyaing@yahoo.com

vdyfpm
PO Box 50
AP Maesot
TAK 63110
THANLAND

wefzdk;-10 a':vm (pmydkUcry)

# ရည်စူး ပန်ကြား ကျေးဇူးစကား

## ရည်စူးချက်

အမိနိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံ ရှက်ဆောင်သယ်ပိုးသွားကြသူ အာဇာနည်အားလုံးကို ရိုသေလေးစားစွာ ဦးညွှတ်ရင်း အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကို စိတ်ပါဝင်စားစွာ လေ့လာသုံးသပ် ကြည့်မြင်လိုကြသူအားလုံးနဲ့၊ ဗမာပြည်နိုင်ငံရေးသမိုင်းကို အလွယ်ဆုံး အကျဉ်းရုံး ခြုံငုံသိရှိနားလည်လိုကြသူ အားလုံးသို့ ...

## ပန်ကြားချက်

ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်ကို ပြန်ပြောင်းတူးဖော် ရှုမျှော်နိုင်ကြရေးအတွက် အုတ်တချပ်သဲတပွင့်အဖြစ် နှလုံးသွင်း ပြုစုရေးသားမိပါတယ်။ ချွတ်ယွင်းမှု၊ တိမ်းစောင်းမှု၊ လစ်ဟာ လိုအပ်မှုများအပေါ် ပွင့်ပွင့်လင်းလင်း ဝေဖန်အကြံပေးကြမှုမှန်သမျှကို လေးစားစွာကြိုဆိုရင်း၊ နောင် ပိုမိုပြည့်စုံအောင် ကြိုးပမ်းဖြည့်ဆည်းသွားပါ့မယ်။

## ကျေးဇူးမှတ်တမ်း

ဒီစာအုပ် ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူအားလုံးနဲ့ ထုတ်ဝေနိုင်ရန် အကူအညီပေးကြသော "လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပြန်ကြားရေးဌာန နှင့် အလင်းအိမ်စာစောင်ရဲဘော်များ" အပါအဝင် (အထူးသဖြင့်) အပင်ပမ်းခံ တာဝန်ယူ စီစဉ်လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တဲ့ မောင် 'စွမ်းမြိုင်' ကို အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

**ဝင်းတင့်ထွန်း**

# စီစဉ်သူ၏စကား

၂၀၀၆ ခုနှစ်ထဲမှာ ဆရာဂျက်ကော့ ကျနော်ထံသို့ လူကြုံပါးလာသော စာနှင့်အတူ ရောက်ရှိလာပါတယ်။ စာကို ဖွင့်ဖတ်ကြည့်တော့ ဆရာဝင်းတင့်ထွန်းထံမှစာဖြစ်ပါတယ်။ ဆရာစာထဲမှာ လွန်ခဲ့သောသုံးနှစ်ခန့်ထဲက ရေးထားပြီးတဲ့ 'အမှောင်ကြားက ဗမာပြည်' လို့ ခေါင်းစဉ်ပေးထားတဲ့ စာမူနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ပေးဖို့ ကျနော့်ကို အကူအညီတောင်းလာပါတယ်။

စာမူများကို ကျနော်ဖတ်ကြည့်လိုက်တော့ ဆရာဝင်းတင့်ထွန်းက ဗမာပြည်သမိုင်း ၁၉၄၈–၂၀၀၀ လို့ ပြောထားပေမယ့် ၁၉၃၈ ခုနှစ်ကနေ ၂၀၀၀ ခုနှစ်အထိ အတွင်းက သမိုင်းဆိုင်ရာ နိုင်ငံရေးအဖြစ်အပျက်တွေ၊ ထိုကာလ နိုင်ငံရေးဖြစ်စဉ်တွေ၊ ထိုကာလတွေ အတွင်းက နိုင်ငံရေးသမားတွေရဲ့ နောက်ကွယ်က အတွင်းရေးတွေကို နိူက်နိူက်ချွတ်ချွတ် ချဉ်းကပ်မြင်ပြ၊ တွေးပြ၊ ကောက်ချက်ပြထားချက်တွေ ဖြစ်နေတာတွေ့ရပါတယ်။

ဆရာဝင်းတင့်ထွန်းက ကျနော့်ကို စာအုပ်အဖြစ် ဖွဲ့စည်းပေးဖို့၊ ပုံနှိပ်စက်တင်နိုင်တဲ့အဆင့် မဟုတ်တောင် မိတ္တူစာအုပ်ဖြန့်နိုင်ရင်ပဲ တော်ပါပြီ။ ဒီစာမူကို စာအုပ်ဖြစ်အောင် ကိုရင်ပဲ ကြည့်လုပ်ပေးပါလို့ တာဝန်ပေးအပ်လာပါတယ်။

ကျနော်လည်း ကျနော်ထမ်းရွက်နိုင်တဲ့ အခန်းကဏ္ဍကနေ တော်လှန်ရေးတာဝန်တရပ်အဖြစ် အလေးအနက်ထားပြီး ထုတ်ဝေလိုသူ၊ အကူအညီပေးလိုသူများကို ရအောင်ရှာပြီး ပုံနှိပ်စက်တင် ဖြန့်ချိနိုင်သည်အထိ တတ်နိုင်သမျှ အမြန်ဆုံးဖြစ်အောင် လက်ခံလုပ်ဆောင်ပါမည့်အကြောင်း ဂတိပြုခဲ့ပါတယ်။

ယခုကဲ့သို့ ဆရာဝင်းတင့်ထွန်း ပြုစုရေးသားသည့် "အမှောင်ကြားက ဗမာပြည် (အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း ၁၉၄၈–၂၀၀၀" စာအုပ်ကို ပုံနှိပ်ဖြန့်ချိရာတွင် သတ်ပုံသတ်ညွှန်း အကျအပေါက်များ ရှိပါလိမ့်မယ်။ သို့သော် အတတ်နိုင်ဆုံး သမိုင်းဆိုင်ရာ အကြောင်းအချက်အလက်၊ အဓိပ္ပာယ်တို့ကို ထိခိုက်ပျက်စီးစေသော သတ်ပုံသတ်ညွှန်းတို့ကိုသာ အလေးထား စီစစ်ကြည့်ရှုမှုများလောက်သာ စာရေးသူနှင့် ကျနော်တို့ ညှိနှိုင်းတိုင်ပင်ကာ ပထမအကြိမ်အဖြစ် ပုံနှိပ်ဖြန့်ချိလိုက်ရခြင်းဖြစ်ပါတယ်။

**စွမ်းမြိုင်**

၂၀၀၇ ခုနှစ်၊ မေလ (၁) ရက်။

# ထုတ်ဝေသူတို့ရဲ့စကား

သမိုင်းအမှန်တွေကို ဖော်ထုတ်ခွင့် လုံးဝမပေးဘူး။
သမိုင်းအမှားတွေကို ကျောင်းသုံးပြဋ္ဌာန်းတယ်ဆိုတဲ့ ကနေ့ကာလလို အမှောင်ခေတ်ကြီးအတွင်းမှာ ...

သမိုင်းအမှန်တွေကို ပြောပြ ထောက်ပြနိုင်စွမ်းတဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ သက်ရှိသမိုင်းအဘိဓာန်ကြီးတွေ တဦးပြီးတဦး ဆုံးပါးကွယ်လွန်နေရတဲ့ ဒီနေ့လိုခေတ်ဆိုးခေတ်ကြပ်ကြီးထဲမှာ ...

ဆရာဝင်းတင့်ထွန်းရေးသားပြုစုလိုက်တဲ့ 'အမှောင်ကြားက ဗမာပြည်' ဆိုတဲ့ "အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း(၁၉၄၈–၂၀၀၀)" ဟာ မြန်မာနိုင်ငံကိုချစ်တဲ့၊ မြန်မာပြည်သူတွေကိုချစ်တဲ့၊ မြန်မာပြည်သစ်ကို ထုဆစ်တည်ဆောက်ချင်ကြတဲ့ မျိုးဆက်သစ်လူငယ်တွေအတွက်၊ သမိုင်းအမှန်တွေကို ရှာဖွေတူးဖော်ချင်သူတို့အတွက် တစုံတရာ ကျေးဇူးပြုပါလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ပါတယ်။

ဆရာကြီး ဒေါက်တာသန်းထွန်း ညွှန်ပြပြောဆိုခဲ့ဖူးတဲ့ "သမိုင်းသင်တာ မအအောင်လို့" ဆိုတဲ့စကားကိုလည်း အလွန်ကိုပဲ အလေးအနက်ပြုပါတယ်။

ဆရာဝင်းတင့်ထွန်းရဲ့ အားထုတ်လုံးပမ်းမှုတွေ၊ သမိုင်းဆိုင်ရာ ဘဏ္ဍာတိုက်ကြီးအတွင်း ဆရာဝင်းတင့်ထွန်းရဲ့ ဖြည့်စွက်ချက်တွေကို ဂုဏ်ပြုတန်ဖိုးထားစွာနှင့် လေ့လာလိုသူတိုင်းအတွက် အခက်အခဲတွေကြားထဲကပဲ ဒီစာအုပ်ကို ထုတ်ဝေဖြစ်ကြတာ ဖြစ်ပါတယ်။

သမိုင်းအမှန်များ များများ ဖော်ထုတ် ဖူးပွင့်နိုင်ကြပါစေ။

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ပြန်ကြားရေးဌာန)**
**အလင်းအိမ်စာစောင်ရဲဘော်များ (ဂျပန်)**

၂၀၀၇ခုနှစ် မေလ(၁)ရက်။

# မာတိကာ


- ရည်စူးပန်ကြား ကျေးဇူးစကား
- စီစဉ်သူ၏စကား
- ထုတ်ဝေသူတို့စကား

၁။ နိဒါန်း ........................................ ၁၁

၂။ သမိုင်းနောက်ခံကားချပ်များ ........................................ ၁၅


## အပိုင်း ( ၁ )
## ၁၉၄၈ – ၁၉၅၈ ကာလ


၁။ လွတ်လပ်ရေးကိုကြေညာခြင်း ........................................ ၇၂

၂။ လွတ်လပ်ရေးရကာစ ဗမာနိုင်ငံအခြေအနေ ........................................ ၇၅

၃။ လွတ်လပ်သော မြန်မာနိုင်ငံတော်ခေါင်းစဉ်အောက်မှာ ........................................ ၈၁

၄။ ပြည်တွင်းစစ်ကြီး စတင်ပေါက်ဖွားလာခြင်း ........................................ ၈၇

၅။ ပြည်တွင်းစစ်ကို ဘယ်သူစ ........................................ ၉၀

၆။ ပြည်တွင်းစစ်အစ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဆက်တိုက်
ပေါ်ထွက်လာခဲ့သော စစ်မီးလျှံများ ........................................ ၉၈

၇။ ကရင့်လက်နက်ကိုင်တော်လှန်ရေးနဲ့ ရန်ကုန်အစိုးရ ........................................ ၁၂၀

၈။ ၁၉၅၁ – ၅၂ ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ........................................ ၁၃၉

၉။ ပြည်တော်သာစီမံကိန်း၊ တရုတ်ဖြူကျူးကျော်မှုနှင့် မြန်မာနိုင်ငံတော် ........................................ ၁၄၂

၁၀။ ၁၉၅၅၊ ဖဆပလ၊ ဗကပ၊ ပမညတ နဲ့ မြန်မာနိုင်ငံတော် ........................................ ၁၆၂

၁၁။ ငြိမ်းချမ်းရေး၊ အပြုတ်တိုက်ရေးနဲ့ မြန်မာနိုင်ငံတော် ........................................ ၁၆၉

၁၂။ ၁၉၅၆ ခုနှစ် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊
အာဏာရ ဖဆပလ အကွဲနဲ့ ပြည်တွင်းစစ်ရပ်စဲရေးကြွေးကြော်သံ ........................................ ၁၇၅

၁၃။ ဖဆပလ ပြိုကွဲခြင်း၊ ပထမဆုံးသော စစ်တပ်အာဏာသိမ်းမှုနဲ့
ဖဆပလ ဆယ်နှစ်ဆယ်မိုး နိဂုံးချုပ်ချက် ........................................ ၁၉၇

၁၄။ ဖဆပလ ဆယ်နှစ် ဆယ်မိုးခေတ် နိဂုံးချုပ် ........................................ ၂၂၆

## အပိုင်း (၂)
## ၁၉၅၈–၁၉၆၂ ကာလ

၁။ စစ်အုပ်စုကြီးမွေးဖွားခြင်း၊ စစ်အာဏာရှင်စနစ်အတွက် ဇာတ်တိုက်ခြင်း သို့မဟုတ်
အိမ်စောင့်အစိုးရခေတ် ........................................ ၂၃၂
၂။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ပထစ၊ ဦး–ပိုလ်–သခင်–ဆရာ နဲ့ ပါလီမန်ခေတ်နေဝင်ချိန်
မြန်မာနိုင်ငံတော်ရဲ့ အခြေအနေ ........................................ ၂၅၂
၃။ ပါလီမန်ဒီမိုကရေစီခေတ်နိဂုံးချုပ်ချက် ........................................ ၂၉၁

## အပိုင်း (၃)
## တော်လှန်ရေးကောင်စီခေတ်
## ၁၉၆၂–၁၉၇၄

၁။ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းမှုနှင့် ဗမာပြည်စစ်အာဏာရှင်စနစ် နိဒါန်း ........................ ၃၀၄
၂။ မဆလ၊ ခေတ်ပြောင်းတော်လှန်ရေးနဲ့ဗမာပြည်နိုင်ငံရေးအခြေအနေ ........................ ၃၁၀
၃။ ၇ ရက်ဇူလိုင်အရေးအခင်း (သို့) စစ်အစိုးရရဲ့လူသတ်ပွဲ ........................ ၃၁၇
၄။ မြန်မာ့နည်းမြန်မာ့ဟန် စပ်ကူးမတ်ကူးကာလနဲ့ စစ်အာဏာရှင်စနစ်ရဲ့
ပွဲဦးထွက်ခြေလှမ်းများ ........................ ၃၂၄
၅။ တော်လှန်ရေးကောင်စီခေတ် ပထမနှစ်အတွင်း ဗမာနိုင်ငံအခြေအနေအကျဉ်းချုပ် ........................ ၃၃၀
၆။ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများနဲ့
နိုင်ငံရေးအင်အားစုများရဲ့အသံ၊ တော်လှန်ရေးကောင်စီရဲ့သဘောထားအမှန် ........................ ၃၃၆
၇။ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများကို နိဂုံးချုပ်ကြည့်ခြင်း ........................ ၃၅၆
၈။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများပျက်ပြားပြီးနောက် စစ်အစိုးရရဲ့ခြေလှမ်းများနဲ့
စစ်အာဏာရှင်စနစ်အောက်က ဗမာပြည် ........................ ၃၅၉
၉။ တော်လှန်ရေးကောင်စီခေတ် (သို့မဟုတ်) စစ်အာဏာရှင်စနစ် (ပထမပိုင်း) နိဂုံးချုပ်ချက် ....... ၄၀၈

## အပိုင်း (၄)
## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (သို့မဟုတ်)
## တပါတီအာဏာရှင်စနစ်ခေတ် (သို့မဟုတ်)
## စစ်အာဏာရှင်စနစ်ခေတ် (ဒုတိယပိုင်း)
## (၁၉၇၄–၁၉၈၈)


၁။ တပါတီအာဏာရှင်စနစ်နဲ့ အဆက်မပြတ်ပေါ်ထွက်လာတဲ့ လူထုတိုက်ပွဲများ ........ ၄၁၃
၂။ ၁၉၇၄ ဇွန် (၆) အလုပ်သမားသပိတ်ကြီး ........ ၄၁၆
၃။ ဦးသန့်စျာပနအရေးအခင်း ........ ၄၁၈
၄။ ၁၉၇၅ ဇွန် (၆) အလုပ်သမားနှစ်လည်သပိတ်ကြီး ........ ၄၂၃
၅။ မှိုင်းရာပြည့် ........ ၄၂၆
၆။ မဆလ တွင်းကနေ ထွက်ပေါ်လာတဲ့မီးတောက်များ ........ ၄၂၇
၇။ မဆလအုပ်စိုးမှုအစောပိုင်းကာလရဲ့ ပြည်တွင်းအခြေအနေ၊ နိုင်ငံတကာ့အခြေအနေ ........ ၄၃၀
၈။ မဆလတပါတီအာဏာရှင်စနစ်ခေတ် နောက်ပိုင်းကာလ ........ ၄၃၉
၉။ ၁၉၈၅ ခုနှစ် ဝန်းကျင်အခြေအနေ ........ ၄၄၅
၁၀။ မဆလခေတ်နေဝင်ချိန် နှင့် ဒေဝါလီခံသွားရသောနိုင်ငံတော် ........ ၄၄၈
၁၁။ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ထွန်းလာခြင်း ........ ၄၅၁
၁၂။ စစ်အာဏာရှင်စနစ်၊ တပါတီအာဏာရှင်စနစ် (၂၆) နှစ်တာ နိဂုံးချုပ် ........ ၄၆၆


## အပိုင်း (၅)
## နဝတ၊ နအဖ ခေတ်
## ၁၉၈၈–၂၀၀၀


၁။ နဝတ ငြိမ်ပိလမ်းစဉ်နဲ့ အရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးသောတိုက်ပွဲစဉ် ........ ၄၈၀
၂။ နိုင်ငံရေးပါတီများပေါ်ပေါက်လာခြင်းနဲ့ နိုင်ငံရေးလှုပ်ရှားမှုများ ........ ၄၈၇
၃။ ၁၉၈၉ ခုနှစ် ဗမာပြည်အခြေအနေ ........ ၄၉၄
၄။ ဗကပ ကြီး ပြိုကွဲခြင်းနဲ့ ငြိမ်းအဖွဲ့တွေစတင်ခြင်း ........ ၄၉၈
၅။ တင်းမာလာမှုများ၊ ကွန်ဖရန်တေးရှင်းနဲ့ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုများ ........ ၅၀၀
၆။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲကြီး ........ ၅၁၀
၇။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးနောက် ဗမာပြည် ........ ၅၁၃

၈။ ပြောင်းလဲလာတဲ့ နိုင်ငံတကာအခြေအနေနဲ့ နဝတ ခေတ်ဦး ဗမာပြည်ရဲ့
စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဘက်ပေါင်းစုံအခြေအနေ .......... ၅၂၂
၉။ အမျိုးသားညီလာခံ၊ စစ်တပ်ရဲ့အာဏာလောဘနဲ့ ဗမာပြည်နိုင်ငံရေးအခြေအနေ .......... ၅၂၇
၁၀။ စစ်အစိုးရရဲ့ခြေလှမ်းများ၊ ဖောက်ပြန်ယုတ်မာမှုများ၊ နိုင်ငံရေးအကြပ်အတည်းများနဲ့
ဒီမိုကရေစီရေးလှုပ်ရှားမှုများ၊ အဖြစ်အပျက်များ .......... ၅၃၈
၁၁။ နအဖခေတ် နိုင်ငံရေး ထိပ်တိုက်ပွဲများ၊ တင်းမာမှုများနဲ့ ဗမာပြည် .......... ၅၄၇
၁၂။ သက္ကရာဇ် ၂၀၀၀ ကုန်အထိ နဝတ၊ နအဖ ခေတ် နိဂုံးချုပ်ချက် .......... ၅၅၆

နိဂုံး .......... ၅၅၈

## ကျမ်းကိုး

▶ ရည်ညွှန်းကိုးကား စာအုပ်များ .......... ၅၆၀
▶ အင်္ဂလိပ်ဘာသာနဲ့စာအုပ်များ .......... ၅၆၁
▶ ဂျာနယ်မဂ္ဂဇင်းစာစောင်စာတမ်းများ .......... ၅၆၁

# နိဒါန်း

၂၀ ရာစု ဗမာပြည်သမိုင်းကို အကြမ်းဖျင်းကြည့်လိုက်မယ်ဆိုရင် –

– ၁၉၀၁ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိဟာ ကိုလိုနီခေတ်ဗမာပြည်သမိုင်း၊

– ၁၉၄၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိဟာ လွတ်လပ်ရေးကြေညာပြီးခေတ် ဗမာပြည်သမိုင်း၊ တနည်းအားဖြင့် မျက်မှောက်ခေတ် အနီးခေတ် ဗမာပြည်သမိုင်းလို့ ပြောရပါလိမ့်မယ်။

ကိုလိုနီခေတ် ဗမာပြည်သမိုင်းဟာ 'ကျွန်ခေတ်ဗမာပြည်သမိုင်း'လို့ ပြောရမှာဖြစ်သလို၊ လွတ်လပ်ရေးကြေညာပြီးခေတ် ဗမာပြည်သမိုင်းဟာလည်း 'အမှောင်ခေတ် ဗမာပြည်သမိုင်း' လို့ပဲ ထပ်ဆင့်ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။

အခုဖော်ပြမယ့် သမိုင်းဟာ 'အမှောင်ခေတ်ဗမာပြည်သမိုင်း' ဖြစ်ပါတယ်။ အမှောင်ခေတ် ဗမာပြည်သမိုင်းဟာ အမှောင်ထဲကဗမာပြည်အကြောင်းပဲဖြစ်ပါတယ်။ အမှောင်ခေတ် ဗမာပြည်သမိုင်းကို ပြန်လည်ကြည့်လိုက်တဲ့အခါ –

– ဗမာပြည်လွတ်လပ်ရေးကို စတင်ကြေညာလိုက်တဲ့ ၁၉၄၈ ခုနှစ်ကနေ၊ ၁၉၅၈ ခုနှစ်အထိ ဖဆပလ (၁၀)နှစ် ဆယ်မိုးခေတ်၊

– ၁၉၅၈ ခုနှစ်ကနေ ၁၉၆၀ အထိ အိမ်စောင့်အစိုးရ စစ်အစိုးရခေတ်၊

– ၁၉၆၀ ကနေ ၁၉၆၂ အထိ ပထစခေတ်၊

– ၁၉၆၂ ကနေ ၁၉၈၈ အထိ မဆလ စစ်အစိုးရခေတ်၊

– ၁၉၈၈ ခုနှစ်ကနေ ၂၀၀၀ပြည့်အထိ နဝတ၊ နအဖခေတ်၊

ဒီခေတ်တွေကို ထပ်ပြီးချုပ်ကြည့်လိုက်ရင်

– ဖဆပလခေတ် နဲ့ ပထစခေတ်က ပါလီမန်ဒီမိုကရေစီခေတ်၊

– မဆလခေတ်နဲ့ နဝတ၊ နအဖခေတ်က စစ်အာဏာရှင်ခေတ်၊

– နောက်ဆုံးအချုပ်က ပါလီမန်ဒီမိုကရေစီခေတ်နဲ့ စစ်အာဏာရှင်စနစ်ခေတ် ဆိုတာကိုပဲ တွေ့ရလိမ့်မယ်။

ပါလီမန်ဒီမိုကရေစီခေတ်ကြီးအောက်မှာ မှောင်နဲ့မဲမဲ ဖြစ်ခဲ့ရတဲ့ ဗမာပြည်ဟာ စစ်အာဏာရှင်စနစ်ခေတ်အောက်မှာ ပိန်းပိတ်အောင်မှောင်တဲ့ဘဝ ကျရောက်ခဲ့ရပါတယ်။

စစ်အာဏာရှင်စနစ် အမှောင်အောက်မှာ ဗမာပြည်ကြီးဟာ အဆင်းရဲဆုံး၊ အငတ်ပြတ်ဆုံး၊ ရုပ်အဆိုးဆုံး၊ အနာကျင်ရဆုံး ဖြစ်ခဲ့ပါတယ်။ အမှောင်ဆုံးဖြစ်သလို အရှည်ကြာဆုံးလည်းဖြစ်ခဲ့ပါတယ်။ ဖြစ်နေပါတယ်။

ဗမာပြည် ပြည်သူများရဲ့ ညည်းညူသံ၊ ငိုကြွေးသံ၊ အံကြိတ်သံ၊ တက်ခေါက်သံ၊ ရုန်းကန်သံ၊ လှုပ်ရှားသံတွေဟာလည်း တရံမလပ် ကြားနေရပါတယ်။ စစ်မှန်တဲ့ လွတ်လပ်ရေးရဲ့ အရသာ ဗမာပြည် ပြည်သူများ မခံစားရသေးပါ။ အေးမြတဲ့ ငြိမ်းချမ်းရေးအစစ်ရဲ့ရသ ဗမာပြည် ပြည်သူများ မထိတွေ့ရသေးပါ။ တန်းတူညီမျှတဲ့ အခွင့်အရေးနဲ့ စစ်မှန်တဲ့ အမျိုးသားသွေးစည်းညီညွတ်ရေး မတည်ဆောက်နိုင်သေးပါ။ ဘာကြောင့်လဲ၊ ဘယ်လိုလဲ၊ ဘာတွေဖြစ်ခဲ့ကြသလဲ။

မှန်မှန်ကန်ကန် ပြည်လည်ကြည့်မြင်ကြဖို့ သုံးသပ်ကြဖို့လိုပါမယ်။ အတိတ်ကို ပြန်ကြည့်တာဟာ သမိုင်းကို ပြန်ကြည့်တာဖြစ်ပါတယ်။ သမိုင်းကို ပြန်ကြည့်လိုက်တဲ့အခါ ...




ငြိမ်းချမ်းရေးဖခင်ကြီး ဒေါက်တာ သခင်ကိုယ်တော်မှိုင်း



လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



## ၁၉၃၀ – ၁၉၄၁ တို့ဗမာအစည်းအရုံးအလံ



သခင်ကိုယ်တော်မှိုင်း



သခင်အောင်ဆန်း



သခင်မြ



သခင်စိုး



သခင်သန်းထွန်း



သခင်ဗဟိန်း



သခင်သိန်းဖေ
(သိန်းဖေမြင့်)



သခင်နု

# သမိုင်းနောက်ခံကားချပ်များ

သမိုင်းကို ပြန်လည်ကြည့်ရှုတဲ့အခါ သမိုင်းနောက်ခံကားချပ်များကိုပါ ပြန်လည်ယှဉ်တွဲ ဆက်စပ်ကြည့်ဖို့လိုပါတယ်။ ဒါမှလဲ ပိုမိုပြည့်စုံပီသလာမှာဖြစ်သလို သဘာဝကျကျ တွေ့နိုင် မြင်နိုင် ရှုမိနိုင်မှာဖြစ်ပါတယ်။

အဖြစ်အပျက်တိုင်းဟာ အကြောင်းရင်းခံရှိကြပါတယ်။ သမိုင်းအဖြစ်အပျက်တိုင်းဟာ ရှောင်တခင်ဖြစ်ပေါ်လာကြတာမဟုတ်ပါ။ အကြောင်းရင်းခံတွေကိုလည်း တွေ့အောင်ရှာ၊ နောက်ခံကားချပ်တွေနဲ့လည်း တွဲဖက်ကြည့်၊ သဘာဝကျကျ ကြည့်နိုင်လေလေ အမှန်တရားနဲ့ နီးလေလေဖြစ်ပါတယ်။

လွတ်လပ်ရေးခေတ် ဗမာပြည်သမိုင်းကိုကြည့်ဖို့ လွတ်လပ်ရေးစတင် ကြေညာမယ့် (၁၉၄၈) ခုနှစ်နဲ့တဆက်တည်း အနီးဆုံး (၁၀) နှစ်တာကာလလောက်ဆီ နောက်ပြန်ကြည့်ဖို့ လိုပါမယ်။ တနည်းအားဖြင့် (၁၉၃၈) ခုနှစ်လောက်အထိ ပြန်လည်ကြည့်ဖို့ လိုပါမယ်။

၁၉၃၈ ခုနှစ်ဟာ 'ထောင့်သုံးရာပြည့်အရေးတော်ပုံကြီး' ပေါ်ထွန်းခဲ့တဲ့နှစ်ပါ။ ထောင့်သုံးရာပြည့်အရေးတော်ပုံကြီးကို ဒို့ဗမာအစည်းအရုံးကြီးက ခေါင်းဆောင်ခဲ့တာဖြစ်ပါတယ်။ ရေနံမြေအလုပ်သမားထုရဲ့ သပိတ်တိုက်ပွဲတွေနဲ့ စတင်လိုက်ပြီး၊ အလုပ်သမား၊ ကျောင်းသား၊ ရဟန်းသံဃာ၊ မြို့နေလူတန်းစားတွေနဲ့ တောင်သူလယ်သမားတွေပါ တခဲနက် တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားရေးနဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှု အရေးတော်ပုံကြီးဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့သမားများဟာ ဒီအရေးတော်ပုံကြီးကို အကြမ်းဖက် နှိပ်စက်ဖြိုခွင်းခဲ့ပါတယ်။ အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ ရဟန်းသံဃာတွေ၊ သခင်ခေါင်းဆောင်တွေ အမြောက်အများ ဖမ်းဆီးနှိပ်ကွပ်ခံရပါတယ်။ ကျောင်းသားခေါင်းဆောင်ကိုအောင်ကျော် ကျဆုံးခဲ့ရပါတယ်။ မန္တလေးမှာ အာဇာနည် (၁၇) ဦး ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပါတယ်။

ဒီအရေးတော်ပုံကြီး ပေါ်ထွန်းခဲ့တဲ့ကာလဟာ ဗြိတိသျှနယ်ချဲ့သမားရဲ့လက်အောက်၊ (၉၁) ဌာနအုပ်ချုပ်ရေးကာလအတွင်းမှာပါ။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးနောက်ပိုင်း ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာပါတယ်။ ပထမဆုံး အထွေထွေအတွင်းရေးမှူးဟာ သခင်အောင်ဆန်းပါ။ လျှို့ဝှက်ပါတီအဖြစ် ရပ်တည်ခဲ့ရပါတယ်။ မရှေးမနှောင်း ပေါ်ပေါက်လာတာက ပြည်သူ့အရေးတော်ပုံပါတီပါ။ မြေအောက်အဖွဲ့အစည်းတခုအဖြစ်နဲ့ပဲ စတင်ခဲ့ရတာပါ။

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အရေးတော်ပုံပါတီဟာ ဒို့ဗမာအစည်းအရုံးကြီးကနေ ဖြာဆင်းလာခဲ့ကြတဲ့ အဖွဲ့အစည်းနှစ်ခုဖြစ်ပြီး၊ လျှို့ဝှက်အဖြစ်နဲ့ပဲ ရပ်တည်ခဲ့ကြကာ နှစ်ပါတီစလုံးရဲ့ ခေါင်းဆောင်များဟာလည်း ပင်မ ဒို့ဗမာအစည်းအရုံးကြီးထဲမှာ အရေးကြီးတာဝန်များ ထမ်းဆောင်နေကြသူတွေ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက သခင်အောင်ဆန်းဟာ ဒို့ဗမာအစည်းအရုံးကြီးရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သလို ပြည်သူ့အရေးတော်ပုံပါတီကို ခေါင်းဆောင်ဖွဲ့စည်းခဲ့သူ သခင်မြဟာ ဒို့ဗမာအစည်းအရုံးကြီးရဲ့

ဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒို့ဗမာအစည်းအရုံးကြီးဟာ နှစ်ခြမ်းကွဲပြီးပြီဖြစ်ပါတယ်။ သခင်ဗစိန်၊ သခင်ထွန်းအုပ်ဦးစီးတဲ့ ဒို့ဗမာအစည်းအရုံး နဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီးတဲ့ ဒို့ဗမာအစည်းအရုံး။

သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်သိန်းဖေ၊ သခင်နု၊ သခင်မြ၊ သခင်ဗဆွေ (ဦးဗဆွေ) တို့ဟာ သခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံးကပါ။

ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနဲ့ ပင်မဒို့ဗမာအစည်းအရုံးကြီးတို့ဟာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးပြီးကတည်းက ဗြိတိသျှနယ်ချဲ့အုပ်စိုးသူကို လက်နက်နဲ့ပါ ပြန်လည်တွန်းလှန် တိုက်ခိုက်နိုင်မှဖြစ်မယ်ဆိုတာ လေးလေးနက်နက် သဘောပေါက်ခဲ့ကြပါတယ်။ အဲဒီအတွက်လည်း အလေးထားပြင်ဆင်ကြပါတယ်။

၁၉၃၉ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးလည်း စတင်ခဲ့ပြီဖြစ်ပါတယ်။ ဥရောပမှာပဲ ဖြစ်ပွားနေဆဲဖြစ်ပြီး အာရှကို စစ်မီးမရောက်သေးပါ။ 'အင်္ဂလိပ်အခက်ဗမာအချက်' ကြွေးကြော်သံထွက်ပေါ်လာပါတယ်။ ၁၉၃၉ ခုနှစ် အောက်တိုဘာလထဲမှာ 'ဗမာ့ထွက်ရပ်ဂိုဏ်း' ကို ဒေါက်တာဗမော်ရဲ့ ဆင်းရဲသားအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့နဲ့ ဒို့ဗမာအစည်းအရုံးတို့ ပေါင်းပြီးဖွဲ့လိုက်ကြတာဖြစ်ပါတယ်။ ဒို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်တွေဖြစ်တဲ့ သခင်အောင်ဆန်း၊ သခင်မြ၊ သခင်နု၊ သခင်သန်းထွန်းတို့ ပါဝင်လာကြသလို ဒေါက်တာဗမော် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးက သခင်အောင်ဆန်း၊ နယ်ချဲ့ဆန့်ကျင်ရေးတပ်ပေါင်းစုအဖြစ်ဖွဲ့စည်း လိုက်ကြတာဖြစ်ပါတယ်။

ဒို့ဗမာအစည်းအရုံးရဲ့ လက်ရုံးတပ်များနဲ့ ကျောင်းသားသမဂ္ဂရဲ့ သံမဏိတပ်ဖွဲ့များဟာလဲ အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ပြီး စစ်ရေးလေ့ကျင့်မှုတွေ တိုးပြီး လေ့ကျင့်ပြင်ဆင်လာကြပါတယ်။

'ဗစိန်–ထွန်းအုပ်' သခင်ဂိုဏ်းကလည်း လက်နက်ကိုင်တိုက်ခိုက်နိုင်ရေး သဘောထား ချမှတ်ပြင်ဆင်လာပါတယ်။ နိုင်ငံခြားအဆက်အသွယ်ရှာဖွေပြီး စစ်ကူယူမှုဖြစ်မယ်လို့လဲ ဆုံးဖြတ်ထားကြပါတယ်။

နိုင်ငံရေးအဖွဲ့အစည်း တော်တော်များများဟာ ဖော်လံတီယာတပ်တွေ ထူထောင်ထားကြပါတယ်။ ဒေါက်တာဗမော်ရဲ့ ဆင်းရဲသားပါတီက ဓါးမတပ်၊ ဦးစောရဲ့မျိုးချစ်ပါတီက ဂဠုန်တပ်ဖွဲ့ထားပါတယ်။ ဓားမတပ်တို့ ဂဠုန်တပ်တို့ဟာ သက်ဆိုင်ရာပါတီရဲ့ ခါးပိုက်ဆောင်တပ်တွေသာဖြစ်ပြီး ဒို့ဗမာအစည်းအရုံးကြီးရဲ့ လက်ရုံးတပ်နဲ့ ကျောင်းသားသမဂ္ဂရဲ့ သံမဏိတပ်ကတော့ ရည်မှန်းချက်ပြတ်သားပါတယ်။ အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ခိုက်ရမယ်လို့ ခံယူထားပါတယ်။

၁၉၄၀ ခုနှစ်၊ မတ်လ (၂၉) ရက်မှာ သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့ ခေါင်းဆောင်တဲ့ ဒို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်ကိုယ်စားလှယ်အဖွဲ့ဟာ အိန္ဒိယပြည်ကွန်ဂရက်ညီလာခံကို သွားတက်ကြပါတယ်။ အိန္ဒိယပြည်အလယ်ပိုင်း ရမ်းဂါးမြို့မှာကျင်းပတဲ့ ရမ်းဂါးညီလာခံပါ။ အိန္ဒိယပြည် ကွန်ဂရက်ရဲ့ လုပ်ငန်းစဉ်များကို လေ့လာခဲ့ကြသလို 'ကွန်ဂရက်' ခေါင်းဆောင် နေရူးနဲ့လဲ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါတယ်။ အိန္ဒိယပြည် 'လာဟို'မြို့ ကွန်ဂရက်က ကြီးမှူးကျင်းပတဲ့ တရားပွဲမှာလဲ သခင်အောင်ဆန်း စကားပြောခွင့်ရခဲ့ပါတယ်။ သခင်အောင်ဆန်းက 'ရမ်းဂါး'မှာ 'ဗြိတိသျှနယ်ချဲ့စနစ်ကို အိန္ဒိယနဲ့ဗမာ လက်တွဲအတူတိုက်ကြမည်' လို့ ပြောခဲ့သလို 'သွေးထွက်သံယိုမှုမရှိဘဲ လွတ်လပ်ရေးမရနိုင်' လို့ လာဟိုမြို့မှာ ပြောခဲ့ပါတယ်။

သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့အဖွဲ့ အိန္ဒိယကပြန်ရောက်တဲ့အခါ အိန္ဒိယမသွားခင် သခင်အောင်ဆန်း ရေးခဲ့တဲ့စာတန်းကို ဒို့ဗမာအစည်းအရုံးကြီးက ထုတ်ပြန်ကြေညာပါတယ်။ ဗမာ့အရေးနဲ့ပတ်သက်ပြီး 'ဗမာပြည်အား ကျွန်အဖြစ်ချုပ်ချယ်ထားသည့် နိုင်ငံချဲ့စနစ်ပျိုပျက်မှုကို အားထုတ်ရမည်။ ထိုနယ်ချဲ့စနစ်၏ ခံတပ်ကြီးဖြစ်သော (၉၁) ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်၍ ဗမာများအလိုကျ ဗမာ့အုပ်ချုပ်ရေးကို

အမြန်ဆုံးရရှိရန် ကြိုးစားရမည်။ ရည်ရွယ်ချက်တူ နိုင်ငံရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်ကြမည်။ ထို့ကြောင့်လည်း ဆင်းရဲသားအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့ စသည်တို့နှင့်ပူးပေါင်း၍ ဗမာ့ထွက်ရပ်ဂိုဏ်းကို ထောင်ပြီးပြီ’ လို့ ဖော်ပြထားသလို ‘ဗမာပြည်သစ်တွင် အလုပ်သမား၊ လယ်သမားများ၏ ဘဝကို မြှင့်တင်ပေးရမည်။ လယ်မလုပ်သော လယ်ပိုင်ရှင်စနစ် ဖျက်သိမ်းမည်။ သစ်တော၊ မီးရထား၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ သတ္တုတွင်း၊ စက်မှုလုပ်ငန်းကြီးများ၊ ဘဏ်လုပ်ငန်းစသည်တို့ကို ပြည်သူပိုင်လုပ်ရမည်။ လူမှုရေးတွင် မိန်းမ ယောကျ်ား တန်းတူအခွင့်အရေး ခံစားနိုင်ရမည်။ ဘာသာရေးတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ကြရမည်။ အခမဲ့ ပညာရေးနှင့် လူငယ်များ၏ပညာရေးနှင့် လူငယ်များ၏ယဉ်ကျေးမှု စာရိတ္တမြှင့်တင်ရေးကို အထူးစောင့်ရှောက်အားပေးရမည်။ လူနည်းစုများအတွက် ယဉ်ကျေးမှုလွတ်လပ်ခွင့်ရရှိရစေမည်’ လို့လည်း ဖော်ပြခဲ့ပါတယ်။

အဲဒီတုန်းက ဖြစ်ပေါ်လာစ ကမ္ဘာစစ်ကြီးကို နယ်ချဲ့အချင်းချင်းတိုက်ကြတဲ့စစ်လို့ ပထမ သဘောထားခဲ့ကြပါတယ်။ ဗမာပြည်ကို နယ်ချဲ့စစ်ပွဲအတွင်း ဆွဲအသွင်းမခံရဖို့ လှုံ့ဆော်လှုပ်ရှားခဲ့ကြပါတယ်။

ဒို့ဗမာအစည်းအရုံးကြီးထဲက အရေးပါတဲ့ ထက်မြက်တက်ကြွတဲ့ ခေါင်းဆောင်အများစုဟာ မာ့က်စ်ဝါဒ လက်ဝဲဝါဒကို တိမ်းညွတ်သူများ၊ ယုံကြည်သူများ ဖြစ်နေကြပါပြီ။ မာ့က်စ်ဝါဒ၊ လက်ဝဲဝါဒဟာ ဗမာပြည်ကို (၁၉၃၁) ခုနှစ်လောက်မှ စတင်ရောက်ရှိလာတာဖြစ်ပေမယ့် စတင်လေ့လာ လက်ခံ ဖြန့်ချိသူများရဲ့ အားထုတ်မှုကြောင့် လက်ဝဲအယူအဆ တိမ်းညွတ်ယုံကြည်သူများ ဦးစီးတည်ထောင်ခဲ့တဲ့ နဂါးနီ စာအုပ်အသင်းရဲ့ကျေးဇူးကြောင့်ပါ။ တော်တော်ပျံ့နှံ့စိမ့်ဝင်ကျယ်ပြန့်စပြုနေပါပြီ။ အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဖွဲ့စည်းပေါ်ပေါက်လာပြီးတဲ့နောက်ပိုင်း ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခဲ့ပါတယ်။ အဲဒီတုန်းက ဗမာပြည်နိုင်ငံရေးသမားမှန်သမျှ မာ့က်စ်လီနင်ဝါဒ၊ ကွန်မြူနစ်ဆိုရှယ်လစ် လက်ဝဲဝါဒများနဲ့ ပတ်သက်ဆက်စပ်ခဲ့ကြဖူးသူချည်းဖြစ်ပါတယ်။ အများစုကြီးဟာ လိုလိုလားလားလက်ခံခဲ့ကြပါတယ်။ ကြိုက်နှစ်သက်လှကြောင်း နည်းအမျိုးမျိုးနဲ့ ဖော်ပြခဲ့ကြဖူးပါတယ်။

ဒေါက်တာသိန်းမောင်က နယူးဘားမားသတင်းစာမှာ မာ့က်စ်ဝါဒ အယူအဆဆောင်းပါးများ ရေးသားခဲ့သလို နောင်မှာ ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့ကို အတိအလင်း ကြွေးကြော်ထူထောင်မယ့် သခင်ဗစိန်လို ပုဂ္ဂိုလ်ကတောင် ကွန်မြူနစ်ကြေညာစာတမ်းကြီးကို ဘာသာပြန်ဆိုခဲ့ဘူးပါတယ်။ သခင်စိုးက ‘ဆိုရှယ်လစ်ဝါဒ’၊ သခင်ဗိုလ်က ‘ကားလ်မာ့က်စ်’၊ သခင်သန်းထွန်းက လီနင်အကြောင်းဖြစ်တဲ့ ‘ကျမချစ်လင်’၊ သခင်ဗဟိန်းက ‘ဓနရှင်လောက’ စတဲ့ စာအုပ်များကို ရေးသားထုတ်ဝေခဲ့ကြသလို သခင်သိန်းဖေက ‘ဘုံဝါဒနှင့် ဒို့ဗမာ’ ကို တည်းဖြတ်ခဲ့ပြီး ရုရှားဆိုရှယ်လစ်တော်လှန်ရေးအကြောင်းကို သခင်နုက ‘လူမွဲတို့ရဲ့ထွက်ရပ်လမ်း’ အဖြစ် ရေးသားခဲ့ပါတယ်။ အဲဒီအချိန်တုန်းက သခင်နုဟာ ‘ကျွန်တော်ဘုံသမား’ လို့ ကြေညာခဲ့ပြီး၊ သခင်ဗဆွေ (ဦးဗဆွေ) ကလည်း ‘လောကနိဗ္ဗာန်တည်ဆောက်နေသူ စတာလင်’ လို့ ကျူးရင့်ဖွင့်ဆို ရေးသားခဲ့ပါတယ်။

သခင်အောင်ဆန်းကိုယ်တိုင်ကလည်း မြေအောက်ပါတီ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်သလို ‘ကမ္ဘာစစ်နဲ့ဗမာ’ မှာ… လွတ်လပ်ရေးမှာ လွတ်တော်အတွင်းတွင် အဆိုသွင်းရုံမျှနှင့်မရ။ လွှတ်တော်အဆိုမှာ ဝါဒဖြန့်ရုံလောက်သာရှိသည်။ အလုပ်လုပ်ရပေမည်။

နယ်ချဲ့စနစ်၊ ဓနရှင်စနစ် ဖြစ်တုံ ပျက်တုံ တည်တုံ တည်းဟူသော လောကဓံတရားမှ မလွတ်။ ဓနရှင်စနစ်သည် အလုပ်သမားများကို ဖန်တီးရ၏။ နယ်ချဲ့စနစ်သည် ပထမ မိမိအတွက် အစေအခိုင်းများလို၍ ခေတ်ပညာတတ်များရှိလာအောင် စီမံရ၏။ သို့သော် ထိုအလုပ်သမားများနှင့် ပညာတတ်များသည် အဆင့်အတန်းမြင့်လာသော် ၎င်းတို့ကို ဖန်တီးခဲ့သော နယ်ချဲ့စနစ်ကို ပြန်၍တော်လှန်ကြပေ၏။

လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်ရာ၌ လူမျိုးအချင်းချင်း၊ လူတန်းစားအချင်းချင်း မကွဲသင့်သည့်အချိန်တွင် မကွဲထိုက်သည့်သူများနှင့် မကွဲကွဲအောင် လုပ်တတ်သော နယ်ချဲ့စနစ်၏ ပရိယာယ်ကို သတိပြု။

ဤကဲ့သို့ အချိန်ကောင်း အခြေကောင်းတွင် ငါတို့၏လွတ်လပ်ရေးအတွက် အပြင်းအထန် အားထုတ်ကြပါစို့ ရဲဘော်တို့ဟု ဆော်သြတပ်လှန့်ခဲ့ပါတယ်။

၁၉၄၀ ခုနှစ်၊ မေလတွင် သာယာဝတီမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံး ညီလာခံကျင်းပပါတယ်။ ရဲရဲတောက် ပြောဟောဆုံးဖြတ်ကြပါတယ်။ ဒီသာယာဝတီညီလာခံ ဆုံးဖြတ်ချက်နဲ့အညီ ညီလာခံအပြီးမှာ ခရိုင်များကို လှည့်လည်တင်ပြဟောပြောတာတွေ လုပ်ကြပါတယ်။

၁၉၄၀ ခုနှစ်၊ ဇွန်လမှာ ဟင်္သာတခရိုင် ဇလွန်မြို့ ဟောပြောမှုနဲ့ပတ်သက်ပြီး ခရိုင်ရာဇဝတ်ဝန် 'ဇေဗီးယား' က သခင်အောင်ဆန်းကို ဖမ်းဆီးဖို့ ဝရမ်းထုတ်ပါတယ်။ သိက္ခာချတဲ့အနေနဲ့ ဖမ်းဆီးပေးနိုင်သူကို ဆုငွေ 'ငါးကျပ်' ပေးမယ်လို့လည်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး သခင်အောင်ဆန်း မြေအောက်လျှိုးပြီး လှုပ်ရှားရပါတော့တယ်။

၁၉၄၀ ဇူလိုင်လထဲမှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) အဆောက်အဦထဲမှာ ဒို့ဗမာအစည်းအရုံးခေါင်းဆောင်၊ ကွန်မြူနစ်ခေါင်းဆောင်၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ လျှို့ဝှက်တွေ့ဆုံကြပြီး ဗမာပြည်လွတ်လပ်ရေးအတွက်၊ လက်နက်ကိုင်တော်လှန်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ပါဝင်သူတွေကတော့ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်လှဖေ (နောင် ဗိုလ်လက်ျာ)၊ သခင်ခင်အောင်၊ သခင်ကျော်စိန်၊ သခင်ဗဟိန်း၊ ကိုဗဆွေ၊ ကိုထွန်းအုပ်၊ ကိုလှမောင် (နောင် ဗိုလ်ဇေယျ)၊ မစ္စတာဂိုရှယ် တို့ဖြစ်ပါတယ်။ လွတ်လပ်ရေးအတွက် လက်နက်နဲ့အကြံဉာဏ်ရယူဖို့ တရုတ်ပြည် ကွန်မြူနစ်ပါတီဌာနချုပ်ရှိရာ ယင်အန်းကိုသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအတွက် လက်ရှိ မြေအောက်ကို လျှိုးနေရပြီဖြစ်တဲ့ သခင်အောင်ဆန်းနဲ့ သခင်ကျော်စိန်ကို တာဝန်ပေး ရွေးချယ်သဘောတူညီခဲ့ကြပါတယ်။ ဒါပေမဲ့ တကယ်သွားတဲ့အခါ သခင်ကျော်စိန် မလိုက်ဖြစ်တော့ပဲ သခင်ကျော်စိန်အစား သခင်လှမြိုင် (နောင် ဗိုလ်ရန်အောင်) ဖြစ်သွားပါတယ်။

၁၉၄၀ ဇူလိုင် (၂၆) ရက်မှာ ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာဘမော် ကို အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုနဲ့ ဖမ်းပြီး မန္တလေးမှာ ရုံးတင်တရားစွဲဆိုပါတယ်။ အင်္ဂလိပ်ရဲ့ ရုပ်သေးအစိုးရကတော့ နန်းရင်းဝန် ဂဠုန်ဦးစော အစိုးရပါ။

သခင်ခေါင်းဆောင်တွေတော်တော်များများ သာယာဝတီညီလာခံအပြီး ဟောပြောလှုံ့ဆော်မှုတွေနဲ့ တယောက်ပြီးတယောက် ဆက်တိုက်အဖမ်းခံကြရပါတော့တယ်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်နု၊ သခင်တင်တို့ အဖမ်းခံကြရပါတယ်။ 'ထွန်းအုပ်–ဗစိန်' ဂိုဏ်းဘက်ကလည်း သခင်ညို၊ သခင်ခင်မောင်တို့ အဖမ်းခံကြရပါတယ်။ နာမည်ကြီး သခင်ခေါင်းဆောင်တွေ ထောင်သွင်းအကျဉ်းချထားခံရတာ အနယ်နယ်အရပ်ရပ်မှာ ဖြစ်လာပါတယ်။

သခင်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့နှစ်ယောက် ရုပ်ဖျက်ပြီး 'ဟိုင်လီ' သင်္ဘောနဲ့ (၈–၈–၁၉၄၀) နေ့မှာ တရုတ်ပြည်ခရီးကို စတင်ပါတယ်။ (၂၄) ရက်နေ့မှာ တရုတ်ပြည် 'အမွိုင်' မြို့ကို ဆိုက်ရောက်သွားပါတယ်။ တရုတ်ကူမင်တန်နဲ့ ဂျပန်ရေတပ်ပိုင်နက်အနီး အမွိုင်မှာ စတည်းချပြီး တရုတ်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရဖို့ ကြိုးစားနေကြတုန်းမှာ ပါလာသမျှငွေကုန်ပြီး ငွေကြေးအကြပ်အတည်း ကြုံကြပါတယ်။ ဗမာပြည်လှမ်းပြီး ငွေကြေးအကူအညီတောင်းတော့ ဘဏ္ဍာရေးတာဝန်ခံ သခင်လှဖေ (ဗိုလ်လက်ျာ) က လိုက်အလှူခံရာမှာ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကိုလည်း အလှူခံမိပါတယ်။ ဂျပန်လိုလားသူ ဒေါက်တာသိန်းမောင်

သိသွားပြီး ဒေါက်တာသိန်းမောင်က 'ဆူဇူကီး' ကို ပြောပြတဲ့အတွက် သခင်အောင်ဆန်း နဲ့ သခင်လှမြိုင် ခတ်ပုံကို ဆူဇူကီးက ယူသွားပြီး အမွိုင်ကနေ တိုကျိုပို့နိုင်ရေး စီစဉ်ပါတော့တယ်။ အဲဒါကြောင့် ဗမာပြည် လွတ်လပ်ရေးအတွက် လက်နက်နဲ့ အကူအညီရရေး၊ တရုပ်ပြည်ကွန်မြူနစ်ပါတီဆီ သွားခဲ့ကြတဲ့ သခင် အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ဟာ နောက်ဆုံး ဂျပန်ကိုရောက်သွားရပါတော့တယ်။

၁၉၄၀ ခုနှစ်အတွင်းမှာ 'ဗစိန်–ထွန်းအုပ်' ဂိုဏ်းကလည်း ဂျပန်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားနေ ကြပြီးဖြစ်ပါတယ်။ ဂျပန်နဲ့ အဆက်အသွယ်ရပြီးတဲ့အခါ အကူအညီအတွက် ဂျပန်က ယိုးဒယားဘက်ကို ကူးပါ။ ဟိုမှာ ပြည့်ပြည့်စုံစုံ စီစဉ်ဆောင်ရွက်ပေးမယ်ပြောတဲ့အတွက် သခင်ဗစိန်ကိုယ်တိုင် ယိုးဒယားသွားရန် ကြိုးစားပါတယ်။ ဒါပေမယ့် လမ်းမှာပဲ အင်္ဂလိပ်အဖမ်းခံလိုက်ရပြီး ထောင်တနှစ်ကျသွားရပါတယ်။ သခင် ဗစိန် အဖမ်းခံရပြီးနောက် ကျန်လူများက ဆက်ကြိုးစားကြရင်း သခင်အောင်သန်း (နောင် ဗိုလ်စကြာ) တယောက် ယိုးဒယားကို ချောချောမောမော ရောက်သွားပါတယ်။ နောင်မှာ ဂျပန်ကို စစ်ပညာသင်များ လွှတ်နိုင်ရေး အခိုင်အမာ ဆောင်ရွက်နိုင်ခွင့်ရသွားကြပါတော့တယ်။

၁၉၄၁ ခုနှစ် နှစ်ဆန်းပိုင်းရောက်တော့ သခင်မြခေါင်းဆောင်ပြီး အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန် ဖို့ ဗဟိုမြေအောက်တော်လှန်ရေးအဖွဲ့တွေ လျှို့ဝှက် ဖွဲ့စည်းပါတယ်။ ဗဟိုမြေအောက်တော်လှန်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် သခင်မြက တာဝန်ယူပြီး ခရိုင် (၂၀) ခွဲပြီး ဖွဲ့စည်းပါတယ်။ ဒီအဖွဲ့ခွဲတွေထဲမှာ ပါဝင်ခဲ့ကြတဲ့ တချို့သောခေါင်းဆောင်တွေဟာ 'ဒို့ဗမာအစည်းအရုံး' ကိစ္စနဲ့ အဖမ်းအဆီးခံကြရတာတွေလည်း ပေါ်လာ ပါတယ်။ အဖမ်းဆီးခံကြရတဲ့ သခင်ခေါင်းဆောင်တွေ ထောင်တွေထဲမှာ မနည်းတော့ပါ။ ကျန်ခေါင်းဆောင် အများစုဟာလည်း လျှို့ဝှက်ပြီး မြေအောက်လှုပ်ရှားမှုတွေကိုပဲ အလေးထားပြီး လုပ်ကိုင်လှုပ်ရှားနေကြရပါ တော့တယ်။

အဲဒီလိုအချိန်မှာ ၁၉၄၁ ခုနှစ် မတ်လထဲမှာ သခင်အောင်ဆန်း ဂျပန်ကနေ ရန်ကုန်ကို လျှို့ဝှက်ပြီး တခေါက်ပြန်လာခဲ့ပါတယ်။ ပုသိမ်ကို ဆန်တင်ဖို့လာတဲ့ ကုန်တင်သင်္ဘောတစီးမှာ သင်္ဘောအရာရှိယောင် ဆောင်ပြီး လိုက်လာတာဖြစ်ပါတယ်။ ပုသိမ်ကနေ ရန်ကုန်ကိုဆင်းချလာပြီး သင်္ကန်းကျွန်းတနေရာမှာ ပြည်သူ့အရေတော်ပုံပါတီ (ပီအာပီ) က သခင်ချစ် (နောင် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းရေးမှူး) နဲ့ တွေ့ဆုံ ပါတယ်။ သခင်ချစ်၊ ဆရာထွန်းရွှေတို့ရဲ့ အစီအစဉ်နဲ့ ပြည်သူ့အရေးတော်ပုံပါတီက ခေါင်းဆောင်များနဲ့ ဆွေးနွေး ကြပါတယ်။ ဂျပန်ကပေးမယ့် အကူအညီအကြောင်း၊ ဗမာမျိုးချစ်လူငယ်တွေကို ဂျပန်လွှတ်ပြီး စစ်ပညာသင် ယူရေးအစီအစဉ်တွေအကြောင်း အသေးစိတ်ဆွေးနွေးကြပါတယ်။ သခင်အောင်ဆန်း သင်္ဘောနဲ့အပြန်မှာ သခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံးက သခင်လှဖေ (နောင် ဗိုလ်လက်ျာ)၊ သခင်ဗဂျမ်း (နောင် ဗိုလ်လ ရောင်)၊ သခင်အေးမောင် (နောင် ဗိုလ်မိုး)၊ ကျောင်းသားသမဂ္ဂက ကိုထွန်းရှိန် (နောင် ဗိုလ်ရန်နိုင်) တို့ ပထမ အသုတ်အဖြစ် လိုက်ပါသွားဖြစ်ကြပါတယ်။

နောင်မကြာမီမှာပဲ ဒုတိယအသုတ်၊ တတိယအသုတ်တွေ ဆက်လက်ပို့လွှတ်နိုင်ပြီး နောက်ဆုံး အသုတ် စတုတ္ထသုတ် (၁၁) ဦးမှာတော့ 'ဗစိန်–ထွန်းအုပ်' ဂိုဏ်းက ခေါင်းဆောင် သခင်ထွန်းအုပ်အပါအဝင် (၆) ဦးနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံးအဖွဲ့က (၅) ဦးပါဝင်ပါတယ်။ သခင်ရှုမောင် (နောင် ဗိုလ်နေဝင်း) ဟာ အဲဒီနောက်ဆုံးသုတ်မှာ 'ဗစိန်–ထွန်းအုပ်' ဂိုဏ်းရဲ့အဖွဲ့ဝင်တဦးအဖြစ် ပါလာတာ ဖြစ်ပါတယ်။ ယိုးဒယားကိုဖြတ်ပြီး ရောက်လာခဲ့တဲ့ ဗစိန်–ထွန်းအုပ် ဂိုဏ်းက သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်သန်းတင် (ဗိုလ်သန်းတင်)၊ ဂျပန်ကို ပညာသင်အဖြစ် ရောက်ရှိနေပြီးဖြစ်တဲ့ ကိုဆောင်း (နောင်–ဗိုလ် ထိန်ဝင်း) တို့ပါ အားလုံးပေါင်းလိုက်တော့ လူ (၃၀) ဖြစ်သွားပါတယ်။ သခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်း

အရုံးက (၂၁) ဦးနဲ့ ဗစိန်–ထွန်းအုပ် ဒို့ဗမာအစည်းအရုံးက (၈) ဦးဖြစ်ပါတယ်။ ဒီ (၃၀) ဟာ နောင် ရဲဘော်သုံးကျိပ်လို့ ဗမာပြည်သမိုင်းမှာ အမည်ထင်ရှားလာပါတယ်။

ရဲဘော်သုံးကျိပ်ဟာ ဗမာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နဲ့တိုက်ခိုက်ဖို့ ဂျပန်ဆီကရတဲ့ စစ်ရေးအကူအညီကို ရယူလက်ခံပြီး စစ်ပညာကို သင်ယူကြပါတော့တယ်။

၁၉၄၁ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့မှာ ဂျာမန်နာဇီတွေဟာ ဆိုဗီယက်ယူနီယံကို ဝင်ရောက်တိုက်ခိုက်ပါတယ်။ ဆိုဗီယက်ယူနီယံ နာဇီဂျာမန်တို့ရဲ့ လက်အောက် ကျ မကျဟာ တကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ အရေးဖြစ်လာပါတယ်။ ဆိုဗီယက်သာ ဒီတိုက်ပွဲမှာကျဆုံးသွားခဲ့ရင် ကမ္ဘာ့အနာဂတ်ဟာ နာဇီဖက်ဆစ်များလက်အောက် ပြားပြားမှောက်သွားရတော့မယ့် အနေအထားမျိုးဖြစ်ပါတယ်။

၁၉၃၉ ခုနှစ် စက်တင်ဘာလက စတင်ဖြစ်ပွားခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးဟာ ဆိုဗီယက်ကို နာဇီဂျာမန်တို့က ဝင်ရောက်တိုက်ခိုက်ခြင်း မပြုမီအထိ နယ်ချဲ့သမားအချင်းချင်းကြား ဖြစ်ပွားနေတဲ့စစ် နယ်မြေလုစစ်ကနေ၊ လက္ခဏာတစတစ စတင်ပြောင်းလဲ သွားပါတော့တယ်။ နယ်ချဲ့သမားချင်းတိုက်တဲ့စစ်ကနေ ကမ္ဘာ့ဖက်ဆစ်အာဏာရှင်များက တဖက်၊ လွတ်လပ်ခွင့်များ ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်စနစ်ကို ကာကွယ်တဲ့ အင်အားစုများကတဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကြတဲ့ ကမ္ဘာ့စစ်ပွဲကြီးအဖြစ် ကူးပြောင်းသွားပါတော့တယ်။ ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်ရေးအတွက် ကမ္ဘာ့ပြည်သူအားလုံးနဲ့ဆိုင်တဲ့ စစ်ပွဲကြီးအသွင်ဖြစ်လာပါတယ်။

အဲဒီ ၁၉၄၁ ခုနှစ်၊ ဇွန်လ စတုတ္ထပတ်ထဲမှာပဲ အင်းစိန်ထောင်ထဲ ရောက်ရှိနေကြတဲ့ သခင်ခေါင်းဆောင်တွေဖြစ်တဲ့ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်နု၊ သခင်လှဘော်၊ သခင်လေးမောင်၊ သခင်ကျော်စိန်၊ သခင်ခင်အောင် တို့တတွေဟာ ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေတွေကို တွေ့ဆုံဆွေးနွေးကြပါတယ်။ စစ်တမ်းထုတ်ကြည့်ကြပါတယ်။ အဲဒီစစ်တမ်းဟာ ဗမာ့သမိုင်းမှာ အရေးပါတဲ့ 'အင်းစိန်စစ်တမ်း' ပါ။ အဲဒီစစ်တမ်းရဲ့ အချုပ်သဘောကတော့ ကမ္ဘာ့ဖက်ဆစ်ဝါဒကို တိုက်ဖျက်ရေး၊ ကမ္ဘာ့စစ်ကြီးအတွင်းမှာ မဟာမိတ်များနဲ့ တွဲဖက်တိုက်ခိုက်ပြီး ဗမာ့လွတ်လပ်ရေးကို အရယူရေးဖြစ်ပါတယ်။

အင်းစိန်စစ်တမ်းပါ သဘောထားကို အဲဒီထောင်တွင်းရောက် သခင်ခေါင်းဆောင်များဟာ အင်္ဂလိပ်အစိုးရအုပ်ချုပ်သူများဆီကိုလည်း စာတစောင်ရေးပို့ခဲ့ကြသလို အပြင်မှာရှိနေတဲ့ သခင်ခေါင်းများဆီကိုလည်း နည်းအမျိုးမျိုးနဲ့ ပေးပို့ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ သခင်အောင်ဆန်းနဲ့ ဗမာ့မျိုးချစ်လူငယ် သခင်ခေါင်းဆောင်အချို့ဟာ ဂျပန်နဲ့ဆက်မိပြီး ဂျပန်ကိုတောင် ရောက်ရှိနေကြပြီဖြစ်ပါတယ်။ ဂျပန်ကို စစ်ပညာသင်များ စေလွှတ်ရေးအတွက် အဓိကတာဝန်ယူခဲ့တဲ့ သခင်မြ၊ သခင်ချစ်တို့ခေါင်းဆောင်တဲ့ ပြည်သူ့အရေးတော်ပုံပါတီကြီးဟာ ဂျပန်နဲ့ဆက်သွယ်မိကြရင်း လက်လွှန်နေမိခဲ့ကြပြီးပြီဖြစ်ပါတယ်။

ဒါကြောင့် ၁၉၄၁ ခုနှစ်၊ ဇူလိုင်လလယ်မှာကျင်းပတဲ့ ဒို့ဗမာအစည်းအရုံး ကွန့်ဖရင့် (ဗဟိုကော်မတီအစည်းအဝေး) မှာ ထောင်ကလွတ်ခါစ သခင်သန်းမြိုင် (ကျောက်ဆည်)၊ သခင်လှိုင် (ရေနံချောင်း) တို့လိုပုဂ္ဂိုလ်တွေက အင်းစိန်စစ်တမ်းပါ သဘောထားအမြင်သစ်ကို တင်ပြဆွေးနွေးကြပေမယ့် သခင်မြ၊ သခင်ဗဟိန်း စတဲ့ခေါင်းဆောင်တွေက မူလပေါ်လစီအတိုင်း 'ပထမ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်၊ နောက်မှ ဂျပန်တို့၏ ခြေလှမ်းကိုကြည့်ပြီး ဂျပန်ကိုပါတိုက်ဆိုတဲ့ သဘောထားကိုသာ အတည်ပြုသင့်ကြောင်း ရှင်းလင်းတင်ပြပြီး လက်ခံလိုက်ကြပါတယ်။

၁၉၃၀ ခုနှစ်ကတည်းက တရုတ်ပြည်ကိုတိုက်ပြီး တရုတ်ပြည်ထဲရောက်ရှိနေတဲ့ ဂျပန်ဟာ 'အာရှတိုက်သာတူညီမျှရေး' ကြွေးကြော်သံနဲ့ ကမ္ဘာ့အရှေ့ခြမ်းတခုလုံးကို စိုးမိုးသိမ်းပိုက်နိုင်ဖို့ အခိုင်အမာကြံရွယ်ထား

ပြီးပါပြီ။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ဟာ တရားဝင်မပါသေးပါ။ အမေရိကန်လည်း တရားဝင် မပါသေးပါ။

ဆိုဗီယက်ကို နာဇီဂျာမန်တို့ ဝင်တိုက်ချိန်ကစပြီး ကမ္ဘာစစ်ကြီးရဲ့အရေးကြီး လက္ခဏာပြောင်းလဲလာသလို ကမ္ဘာစစ်မီးရဲ့ အရှိန်ဟာလည်း ပိုမိုပြင်းထန်လာပါတယ်။ ဗမာပြည်လွတ်လပ်ရေးအတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ် လှုပ်ရှားမှုတွေဟာလည်း သိသိသာသာ မြင့်မားလာချိန်မှာ အင်္ဂလိပ်ရဲ့ ရုပ်သေးအစိုးရ ဂဠုန်ဦးစောဟာလည်း သူ့ရဲ့နိုင်ငံရေးအရှိန်အဝါ လိမ်ညာစိုက်ထူထားနိုင်ရေးအတွက် ဗမာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့ အပေးအယူလုပ်ပြီး ဗမာ့အရေးကိုဆိုရန် လန်ဒန်သွားဖို့ပြင်ပါတယ်။ အောက်တိုဘာလထဲမှာ အိုင်စီအက် ဦးတင်ထွတ်ကို အတွင်းဝန်အဖြစ်ခေါ်သွားပြီး ဗမာပြည်ဆိုင်ရာ အတွင်းဝန် 'အေမရီ' နဲ့တွေ့ 'ချာချီ' နဲ့တွေ့ လုပ်ပါတယ်။ အင်္ဂလိပ်က စစ်ကြီးပြီးရင် ဗမာပြည်ကို ဒိုမီနီယံအဆင့်ထိ မြှင့်တင်ပေးပါမယ်ဆိုတဲ့ ကတိကိုတောင်မပေးပါ။ ပါးစပ်ကတိလေးတောင် မရခဲ့ပါ။

ဂျပန်ရောက် သခင်အောင်ဆန်းခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်သိမ်းထားတဲ့ ဟိုင်နန်ကျွန်းမှာ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လက အောက်တိုဘာလလယ်အထိ၊ ထိုင်ဝမ်ကျွန်းမှာ အောက်တိုဘာလယ်ကနေ ဒီဇင်ဘာလဆန်းအထိ ဂျပန်ကပေးတဲ့ စစ်ပညာကို အခက်အခဲအမျိုးမျိုး ပင်ပမ်းဆင်းရဲမှု အဖုံဖုံကြားကနေ သင်ယူနေကြပါတယ်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာမှာ အမေရိကန်ပိုင် 'ဟာဝိုင်ယီကျွန်း' ပုလဲဆိပ်ကမ်းကို အလစ်အငိုက် ဗုံးကြဲတိုက်ခိုက်ပြီး ဂျပန်ဟာ ကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်လာပါတော့တယ်။ ဒီဇင်ဘာလ (၈) ရက်နေ့မှာ ဂျပန်က အင်္ဂလိပ်၊ အမေရိကန်တို့ကို တရားဝင်စစ်ကြေညာသလို၊ အမေရိကန်ကလည်း တရားဝင်ဂျပန်ကို စစ်ကြေညာပြီး ကမ္ဘာစစ်ကြီးထဲရောက်လာပါတော့တယ်။ ဒီဇင်ဘာ (၁၁) ရက်နေ့မှာ အမေရိကန်က ဂျာမန်နဲ့ အီတလီကိုလည်း စစ်ကြေညာပါတော့တယ်။

ဖက်ဆစ်နာဇီများဖြစ်ကြတဲ့ ဂျာမန်၊ အီတလီ၊ ဂျပန် ဝင်ရိုးစွန်းသုံးနိုင်ငံ အင်အားစုကတဖက်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဆိုဗီယက်မဟာမိတ် အင်အားစုများကတဖက်၊ တကမ္ဘာလုံးလွှမ်းခြုံတဲ့ ကမ္ဘာစစ်ကြီးဟာ ကမ္ဘာ့ပြည်သူအားလုံးနဲ့ ပတ်သက်လာရပါတော့တယ်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၉) ရက်နေ့မှာ အင်္ဂလိပ်အစိုးရက ဒို့ဗမာအစည်း အရုံးကြီးကို မတရားသင်းအဖြစ် ကြေညာပြီး၊ သခင်ခေါင်းဆောင်အားလုံးကို လိုက်လံဖမ်းဆီးပါတယ်။ အင်္ဂလိပ်အစိုးရကို ပြတ်ပြတ်သားသား ဆန့်ကျင့်ကြတဲ့ သခင်ခေါင်းဆောင်မှန်သမျှ ထောင်ထဲရောက်ရင်ရောက်၊ မရောက်ရင် မြေအောက်အဖြစ် လျှို့ဝှက်လုပ်ကိုင်လှုပ်ရှားကြရပါတော့တယ်။ ပေါ်ပေါ်ထင်ထင် နေထိုင်လို့မရတော့ပါ။

ဂျပန်ဖက်ဆစ်များဟာ အလျင်အမြန် စစ်ဆင်သိမ်းပိုက်မှုတွေလုပ်ပြီး အာရှစစ်မီးကို အရှိန်မြှင့်လိုက်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံနဲ့ ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ကျွန်းကြီးကျွန်းငယ်တွေကို ဝင်ရောက်သိမ်းပိုက်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ အရှေ့ဖျားဒေသစစ်ဘက် အခိုင်အမာစခန်းကြီးဖြစ်တဲ့ စင်္ကာပူခံတပ်ကြီးကို အင်္ဂလိပ်များကိုယ်တိုင် တုန်လှုပ်အံ့ဩသွားရလောက်အောင် အသေခံပြီး ရက်ပိုင်းအတွင်း သိမ်းပစ်လိုက်နိုင်ပါတယ်။ ဒီဇင်ဘာ (၂၃) ရက်နဲ့ (၂၅) ရက် ခရစ္စမတ်နေ့မှာ ရန်ကုန်မြို့ကို ဂျပန်က စတင်ဗုံးကြဲတိုက်ခိုက်ပါတော့တယ်။ ဗမာပြည်ကြီးဟာ စစ်မီးလျှံကြား အတိအလင်းရောက်ရှိသွားပါပြီ။

အင်္ဂလိပ်အစိုးရဟာ အောက်ဗမာနိုင်ငံရှိ အကျဉ်းထောင်တွေထဲ ရောက်ရှိနေကြတဲ့ သခင်ခေါင်းဆောင်တွေကို အထက်ဗမာပြည်ထောင်တွေဆီခွဲပြီး နေရာအနှံ့ပို့ပါတယ်။ ဂျပန်အကူအညီနဲ့ စစ်ပညာသင်ကြားပြီးကြတဲ့ ရဲဘော်သုံးကျိပ်ဟာ ထိုင်ဝမ်ကျွန်းကနေ ဘန်ကောက်မြို့ကို ရောက်ရှိနေကြပါပြီ။ ဂျပန်တို့ရဲ့

တောင်ပိုင်း စစ်တပ်အမှတ် (၁၅) စစ်တပ်ကြီးဟာလည်း ထိုင်းနိုင်ငံထဲရောက်ရှိနေပါပြီ။ အမှတ် (၁၅) လက်အောက်ခံ ဒီဗီဇံတပ် (၅) ဟာ ဘန်ကောက်မြို့မှာ ရဲဘော်သုံးကျိပ် ရောက်ရှိနေစဉ်မှာပဲ ရောက်ရှိလာပြီဖြစ်ပါတယ်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၂၆) ရက်နေ့မှာ ဘန်ကောက်မြို့မှာ သခင်အောင်ဆန်း၊ သခင်ထွန်းအုပ်တို့ခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဗမာ့လွတ်လပ်ရေးအတွက် သွေးကိုဖောက် သစ္စာရေသောက်ပွဲကျင်းပပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို စတင်ဖွဲ့စည်းလိုက်ကြပါတယ်။ ဘီအိုင်အေဟာ ဗမာ့လက်နက်ကိုင်တပ်မတော်ရဲ့ မူလအစဖြစ်ပါတယ်။ ဗိုလ်အောင်ဆန်းဟာ ဒီ ဘီအိုင်အေကို စတင် ခေါင်းဆောင်ဖွဲ့စည်းပေးခဲ့သူစစ်စစ်ဖြစ်လို့ တပ်မတော်ရဲ့ ဖခင်အရင်းစစ်စစ်ဖြစ်ပါတယ်။ သခင်ထွန်းအုပ်လည်း ရဲဘော်သုံးကျိပ်မှာ ခေါင်းဆောင်တယောက်ဖြစ်ခဲ့ပေမယ့် သူဟာ စစ်ပညာအစား အုပ်ချုပ်ရေးပညာကိုသာ အလေးထား သင်ယူခဲ့သူဖြစ်ပါတယ်။ ဗိုလ်ဘွဲ့ခံယူသတ်မှတ်ကြတော့လည်း ဗိုလ်ဘွဲ့တောင် မခံယူခဲ့ပါ။ ဘီအိုင်အေစတင်ထူထောင်ရာမှာ ပါဝင်ခဲ့တဲ့ ဂျပန်ဗိုလ် 'ဆူဇူကီး' ကတောင် ဗိုလ်မိုးကြိုးအဖြစ် ခံယူခဲ့ပါတယ်။

ဘီအိုင်အေ ဖွဲ့စည်းပြီးတာနဲ့ ဗမာပြည်အတွင်း ရှေ့ပြေးဝင်ရောက်ပြီး ပြည်သူ့အရေးတော်ပုံပါတီနဲ့ဆက်သွယ်ဘို့၊ မြေအောက်တော်လှန်ရေးအဖွဲ့ဝင်များနဲ့ ဆက်သွယ်ဖို့ ဗိုလ်နေဝင်း၊ ဗိုလ်တာရာ၊ ဗိုလ်လင်းယုန်၊ ဗိုလ်မိုးညိုတို့ပါဝင်တဲ့ အဖွဲ့တခုကို တာဝန်ပေး စေလွှတ်လိုက်ပါတယ်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှာပဲ ဗိုလ်အောင်ဆန်းခေါင်းဆောင်တဲ့ ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) ဟာ ဂျပန်တပ်မတော်နဲ့အတူ စစ်ကြောင်းသုံးကြောင်းခွဲပြီး ထိုင်းဗမာနယ်စပ်ကနေဗမာပြည်အတွင်း အောင်မြင်စွာ ဝင်ရောက်ကြပါတော့တယ်။ ဘီအိုင်အေ စတင်ဖွဲ့စည်းတုန်းက ရာဂဏန်းမျှသာရှိပေမယ့် ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်မြို့တွေကို သိမ်းပိုက်ပြီးတာနဲ့ အင်အားအဆမတန် တိုးပွားလာပါတယ်။ ပေးနိုင်တဲ့ လက်နက်အင်အားထက် လူအင်အားက အဆမတန်များပြားနေပြီး စစ်ချီရာလမ်းတလျှောက်က ရရာလက်နက်စွဲကိုင် လိုက်ပါလာကြတဲ့ ဘီအိုင်အေတပ်မတော်ကြီးဟာ ရန်ကုန်မြို့ကိုမရောက်သေးခင်အတွင်းမှာ သုံးသောင်းကျော်လေးသောင်းနီးပါး တပ်မတော်ကြီးဖြစ်နေပါပြီ။

ဂျပန်ဘက်က ဗမာပြည်စစ်ပွဲအတွက် အဓိကတာဝန်ယူရတဲ့တပ်က အမှတ် (၁၅) တပ်မတော်ဖြစ်ပါတယ်။ အမှတ် (၃၃) တပ်မနဲ့ အမှတ် (၅၅) တပ်မဟာ၊ အမှတ် (၁၅) တပ်မတော်ကြီးထဲမှာ ပါဝင်ပါတယ်။ ဒီအမှတ် (၁၅) တပ်မတော်ကြီးထဲမှာ ပါဝင်ပါတယ်။ ဒီအမှတ် (၁၅) တပ်မတော်ကြီးတခုလုံးကို ဦးစီးသူက လက်ဖတင်နင် ဂျင်နရယ်အီးဒါးဖြစ်ပါတယ်။

၁၉၄၂ ခုနှစ် နှစ်ဆန်း ဂျပန်အဝင်မှာပဲ နယ်ချဲ့အင်္ဂလိပ်များဟာ သူတို့ရဲ့ တပည့်ကျော် 'ဆာပေါ်ထွန်း' ဗမာပြည်အစိုးရကိုပါ သူတို့နဲ့ တပါးတည်းခေါ်ဆောင်ပြီး အောင်မြင်စွာဆုတ်ခွာခြင်းကို ပြင်ဆင်ပါတော့တယ်။

၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလထဲက လန်ဒန်ရောက်ပြီး ဒိုမီနီယံအုပ်ချုပ်ရေးပေးဖို့ တောင်းနေတဲ့ နန်းရင်းဝန် ဦးစောဟာ ဒိုမီနီယံမရပဲ လန်ဒန်ကနေ အမေရိကန်ဘက် လှည့်အဝင် အမေရိကန်ရဲ့ ဟာဝိုင်အီကျွန်းဟိုနိုလူလူမြို့ကို ဂျပန်က ဗုံးလာကြဲသွားလို့ မြို့ကြီးတခုလုံး ပျက်စီးနေတာကို မြင်လိုက်ရတယ်။ အာရှဒေသကိုလည်း စစ်မီးကူးနေပြီဆိုတာကိုလည်း သိလိုက်ရတယ်။ ဒါကြောင့် ဥရောပဘက်ပြန်လှည့်ရင်း ပေါ်တူဂီပြည်လစ္စဘွန်းမြို့အရောက် ဂျပန်ကောင်စစ်ဝန်ချုပ်ရုံးသွားပြီး သူ့ကိုယ်ကျိုးအတွက် ဗမာပြည်ကို ဂျပန်ဝင်မယ်ဆိုရင် သူက ကူညီပူးပေါင်းမယ်လို့ပြောသတဲ့။ ဒါကြောင့် ပါလက်စတိုင်း၊ ဟိုင်ဖာမြို့ကို ဦးစောတို့အရောက်၊ အသင့်စောင့်နေတဲ့ အင်္ဂလိပ်ထောက်လှမ်းရေးတွေက ဦးစောနဲ့ ဦးတင်ထွတ်ကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြပါ

တယ်။ ဗမာပြည်ကို ပြန်မပို့တော့ဘဲ စစ်ကာလတလျှောက်လုံး ယူဂန်ဒါမှာ အကျယ်ချုပ်နဲ့ ထားလိုက်ပါတယ်။ ဒါကြောင့် ဗမာပြည်မှာ နန်းရင်းဝန် ဦးစောအစိုးရရဲ့နေရာမှာ ဆာပေါ်ထွန်းအစိုးရဖြစ်နေတာဖြစ်ပါတယ်။

ဒီကာလတဝိုက်မှာ 'မြင်းခြံစစ်တမ်း' ထွက်ပေါ်လာပါတယ်။ 'မြင်းခြံစစ်တမ်း'ဟာ 'အင်းစိန်စစ်တမ်း' ရဲ့ အဆက်ဖြစ်ပါတယ်။ အင်းစိန်ထောင်ကနေ နိုင်ငံရေးသမား သခင်ခေါင်းဆောင်တွေကို အထက်ဗမာပြည် ထောင်တွေဆီခွဲပို့တဲ့အခါ မြင်းခြံထောင်ရောက်သွားရတဲ့ သခင်စိုးက ထောင်ထဲမှာရေးသားတဲ့ စစ်တမ်းဖြစ်ပါတယ်။ အဲဒီစစ်တမ်းပါသဘောထားအမြင်အတိုင်း သခင်စိုးဟာ ထောင်ထဲရှိ ရဲဘော်တွေ နိုင်ငံရေးသမားတွေကိုလည်း ချပြတာ ဆွေးနွေးတာ သင်တန်းပေးတာတွေကိုလည်း လုပ်ပါတယ်။ ကွန်မြူနစ်ရဲဘော်များနဲ့ သခင်ခေါင်းဆောင် တော်တော်များများကလည်း လက်ခံသဘောကျခဲ့ကြတယ်လို့ဆိုပါတယ်။ မြင်းခြံစစ်တမ်းရဲ့ သဘောထားအမြင်က ဒီမိုကရေစီအင်အားစုများဖြစ်တဲ့ အင်္ဂလိပ်အမေရိကန်နဲ့ ကွန်မြူနစ်ရုရှားပေါင်းပြီး မဟာမိတ်ဖွဲ့ကာ ဖက်ဆစ်နာဇီ ဂျာမန်၊ အီတလီတို့ကို တိုက်ခိုက်သလို၊ ဗမာပြည်မှာ ဗမာတွေကလည်း ဖက်ဆစ်ဂျပန်ကို နံပတ်တစ်ရန်သူအဖြစ် သတ်မှတ်ပြီး အင်္ဂလိပ်အမေရိကန်တွေနဲ့ အတူတွဲတိုက်ရမယ်။ မဟာမိတ်ဖွဲ့ ပူးပေါင်းတိုက်ရမယ်ဆိုတာပါပဲ။

ဒါကြောင့် အဲဒီအချိန်က ဗမာပြည်နိုင်ငံရေးအင်အားစုများရဲ့ အနေအထား ကိုခွဲခြမ်းစိတ်ဖြာကြည့်လိုက်မယ်ဆိုရင် အယူအဆ (၃) ခုတွေ့ရပါမယ်။ အဲဒီအယူ အဆ (၃) ခုအတိုင်း ဦးတည်လှုပ်ရှား ဖြစ်ပေါ်နေကြတာကိုလဲတွေ့ရပါမယ်။

'ဗမာပြည်လွတ်လပ်ရေးအတွက်' ဆိုတဲ့ အဓိကရည်မှန်းချက်ဟာ မကွဲပြားကြပေမယ့်...

ပထမအယူအဆက 'ဗမာပြည်ကို ကျွန်ပြုထားသူ အင်္ဂလိပ်ကိုတိုက်ရမယ်။ ဂျပန်အကူအညီရယူပြီး အင်္ဂလိပ်ကို အပြီးတိုင် တိုက်ထုတ်ပစ်ရင်း ဗမာပြည်ရဲ့လွတ်လပ်ရေးကို ရယူနိုင်လိမ့်မယ်' ဆိုတာဖြစ်တယ်။ ပြည်သူ့အရေးတော်ပုံပါတီရဲ့ အယူအဆဖြစ်သလို၊ အဲဒီအယူအဆ သဘောထားအတိုင်း ကာယကံမြောက် ဆောင်ရွက်နေကြသူတွေက သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်) နဲ့ ရဲဘော်သုံး ကျိပ်အင်အားစုတွေ ဖြစ်ပါတယ်။

ဒုတိယအယူအဆက 'ဥရောပမှာ ဆိုဗီယက်က မဟာမိတ်များနဲ့ပေါင်းပြီး ဖက်ဆစ်တွေကို အဓိကထားတိုက်တာမှန်တယ်။ ဗမာပြည်မှာ ဒီအခြေအနေမရှိ။ လက်တွေ့မှာ အင်္ဂလိပ်နယ်ချဲ့ဟာ ငါတို့အား မဟာမိတ်ပြုခွင့်မပေး။ လွတ်လပ်ရေးပေးမယ်ကတိပြုပါ။ စစ်အတွင်းမှာ ခင်ဗျားတို့နဲ့ ပူးပေါင်းဆောင်ရွက် ပါမယ်လို့ ဒို့ဗမာအစည်းအရုံးရဲ့ တောင်းဆိုချက်ကို ပယ်ချရုံမက၊ သခင်တွေကို ဖမ်းဆီးထောင်ချတယ်။ ဒါကြောင့် အင်္ဂလိပ်တွေကို မထောက်ခံနိုင်ရုံမက ပြည်တွင်းစစ်ပြုရမယ်။ ဂျပန်ကျူးကျော်ရေးသမား ဖက်ဆစ်များကိုလည်း ခုခံတိုက်ခိုက်ရမယ်' ဆိုတာဖြစ်ပါတယ်။ သခင်သိန်းဖေ (သိန်းဖေမြင့်)၊ သခင်ဗဟိန်းတို့ဟာ ဒီအယူအဆရှိခဲ့ကြပါတယ်။ ဒီအယူအဆကို ကိုင်စွဲသူတွေလဲ တော်တော်များများရှိခဲ့ပါတယ်။

တတိယအယူအဆသစ်က သခင်စိုးနဲ့ မြင်းခြံစစ်တမ်းထောက်ခံသူများရဲ့ (အင်္ဂလိပ်ကဖမ်းဆီးထားလို့ ထောင်ထဲရောက်နေကြရသူ သခင်ခေါင်းဆောင် အများစုရဲ့) သဘောထားအမြင်ဖြစ်ပါတယ်။

'ဆိုဗီယက်ကို ဂျာမန်တို့ ဝင်တိုက်ချိန်ကစပြီး ကမ္ဘာစစ်ကြီးရဲ့လက္ခဏာဟာ အခြေခံကစပြီး ပြောင်းသွားပြီ။ ဒါကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လမ်းစဉ်အတိုင်း ဆောင်ရွက်ကြရမယ်။ အင်္ဂလိပ်နယ်ချဲ့သမားကို ဖက်ဆစ်တိုက်ဖျက်ရေးမှာ မဟာမိတ်ပြုထားနိုင်ရမယ်' ဆိုတဲ့ အယူအဆဖြစ်ပါတယ်။ ဒီအယူအဆကို အပြင်မှာရှိနေကြတဲ့ နိုင်ငံရေးသမားတော်တော်များများက ရတ်တရက် လက်ခံ

နိုင်ကြခြင်းမရှိပါ။ အင်္ဂလိပ်ရဲ့ ဖိနှိပ်အုပ်ချုပ်မှုအောက်မှာသာ နှစ်ပေါင်းများစွာနေထိုင်လာခဲ့ရဘူးသူတွေဖြစ်တော့ အင်္ဂလိပ်ကို၊ ပြန်လည် တွန်းလှန်တိုက်ခိုက်ရေး စိတ်စောနေကြတာကတကြောင်း၊ ဂျပန်အကြောင်းကို အင်္ဂလိပ်အကြောင်းလောက် လက်တွေ့မသိကြသေးတာကတကြောင်း၊ ဂျပန်အပေါ် မျှော်လင့်ချက်ထားသူတွေရှိနေသေးတာကြောင့်တကြောင်း ဒီအယူအဆဟာ အသစ်အစိမ်းသဖွယ်ဖြစ်နေပါတယ်။

ဘီအိုင်အေတပ်နဲ့ ဂျပန်တို့ရဲ့ အမှတ် (၅၅) တပ်မကြီး မော်လမြိုင်ကို သိမ်းပြီးချိန်ကစပြီး၊ ဂျပန်တွေက ဗမာပြည်ကို လွတ်လပ်ရေးကြေညာပေးမယ်၊ အုပ်ချုပ်ရေးကိုလည်း ဗမာတွေကိုပဲအပ်မယ်ဆိုတဲ့ ကတိကို စတင်ချိုးဖောက်ပါတော့တယ်။

ဘီအိုင်အေတပ်များက ဗမာပြည်အတွင်း ဝင်လာစဉ် သိမ်းပိုက်မိတဲ့ ဒေသတိုင်းမှာ ရပ်ရွာအေးချမ်းရေးနဲ့ ငြိမ်ဝပ်ပိပြားရေးအတွက် အုပ်ချုပ်ရေးတွေ ဖွဲ့ပေးပါတယ်။ အဲဒီကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့တွေကို သခင်တွေ သက်ဆိုင်ရာဒေသက ဩဇာအာဏာရှိသူတွေ အရာရှိဟောင်းတွေနဲ့ သင့်လျော်သလို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒါကြောင့် အဲဒီခေတ်ကာလကို ဘီအိုင်အေ အုပ်ချုပ်ရေးခေတ်ကာလလို့ခေါ်ဝေါ်ကြပါတယ်။

ဘီအိုင်အေတပ်တွေဟာ ၁၉၄၂ ခုနှစ် မတ်လ (၈) ရက်နေ့မှာ ရန်ကုန်မြို့ကို သိမ်းပိုက်မိပါတယ်။ ဘီအိုင်အေတပ်က ရန်ကုန်မြို့ကို အဝင်စောပေမယ် ဂျပန်တပ် အမှတ် (၁၅) တပ်မတော်က အလုံးအရင်းအင်အား ပိုမိုကြီးတာကြောင့် အမှတ် (၁၅) တပ်ရဲ့လက်အောက်ကျရောက်သွားပါတယ်။ အမှတ် (၁၅) တပ်က၊ ဘုရင်ခံအိမ်ကို သိမ်းပိုက်ပြီး မတ်လ (၁၅) ရက်နေ့မှာ ကာနယ်နာစူ (Clolnee Yoshio Nasu) ခေါင်းဆောင်တဲ့ စစ်အုပ်ချုပ်ရေးကို စဖွဲ့ပါတော့တယ်။

အင်္ဂလိပ်နယ်ချဲ့သမားကတော့ သူရဲ့ နန်းရင်းဝန် ဆာပေါ်ထွန်းအစိုးရကိုပါ တပါတည်းခေါ်ဆောင်ပြီး ရန်ကုန်က ပြည်၊ မန္တလေး၊ မေမြို့၊ စစ်ကိုင်းခရီး အထောက်ထောက် ပြောင်းရွှေ့ရုံးစိုက်ရင်း 'အောင်မြင်စွာဆုတ်ခွာခြင်း' ကို အောင်မြင်စွာ ပြုလုပ်သွားပါတယ်။

'ဘီအိုင်အေ' နဲ့အတူပါလာတဲ့ ဗိုလ်မိုးကြိုးနဲ့ သူ့ရဲ့ မီနာမီကီကန်းအဖွဲ့ဝင် အများစုကြီးဟာ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို အမြန်ဆုံးကြေညာပေးချင်ပေမယ့် ဗမာပြည်စစ်ဆင်ရေးကို အဓိက တာဝန်ယူထားတဲ့ အမှတ် (၁၅) တပ်မတော်ဟာ အစောပိုင်းက ဗမာပြည်လွတ်လပ်ရေးကို သဘောတူခဲ့ရာကနေ သဘောထားပြောင်းပြီး ကန့်ကွက်တဲ့အတွက် 'ဘီအိုင်အေ' အတွင်းမှာသာမက ဗိုလ်မိုးကြိုးတို့လို 'မီနာမီဂျပန်' များကပါ မကျေနပ်ဖြစ်ခဲ့ရပါတယ်။ 'ဘီအိုင်အေ' ရဲ့ လွတ်လပ်ရေး ကြေညာရေး မျှော်လင့်ချက်ဟာ အကောင်အထည် မဖော်နိုင်တော့တဲ့ဘဝ ရောက်သွားရပါတယ်။ ဒါပေမယ့် ဘီအိုင်အေဟာ ဘီအိုင်အေသိမ်းပိုက်မိရာတလျှောက်ကို 'ငြိမ်းချမ်းရေးကော်မတီ' တွေဖွဲ့ပြီး ဘီအိုင်အေအုပ်ချုပ်ရေးအဖွဲ့တွေ ထူထောင်ပေးခဲ့ပါတယ်။ ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့တွေဟာ သက်ဆိုင်ရာဒေသမှာ အာဏာရအဖွဲ့တွေသဖွယ်ဖြစ်တဲ့အတွက် ရာထူးအာဏာရလိုသူတွေလည်း နည်းအမျိုးမျိုးနဲ့ ဝင်ရောက်ပါဝင်လာကြတာရှိပါတယ်။

ဘီအိုင်အေကြောင့် ရပ်ရွာအေးချမ်းတာ၊ သူခိုး ဓားပြ တောကြောင်တွေ မထနိုင်တာရှိသလို၊ ဘီအိုင်အေအုပ်ချုပ်ရေးကာလထဲမှာ ဘီအိုင်အေကြောင့် မျက်နှာပျက်စရာ၊ အမြင်မကြည်လင်စရာတွေလည်းပေါ်ပေါက်လာခဲ့ပါတယ်။ 'ဘီအိုင်အေ' က ခြေလွန်လက်လွန်လုပ်ခဲ့တာတွေလည်းရှိပါတယ်။ အထူးသဖြင့်မြစ်ဝကျွန်းပေါ်ဒေသတချို့မှာ ပြဿနာပေါ်ခဲ့ပါတယ်။ ငြိမ်ဝပ်ပိပြားရေးအတွက်ဆိုပြီး လက်နက်တွေလိုက်သိမ်းတာ၊ အအပ်ခိုင်းတာလုပ်ရင်း ကရင်အမျိုးသားတွေနဲ့ ပြဿနာဖြစ်ခဲ့ကြပါတယ်။ ကရင်–ဗမာလူမျိုးရေးအဓိကရုဏ်းပေါ်ခဲ့ရပါတယ်။ ကရင်အမျိုးသားတွေဘက်က ကြည့်မယ်ဆိုရင် အဲဒီ 'ဘီအိုင်အေ' ဆိုသူတွေ

ဟာ နိုင်ငံရေးအပေါ်စီးရမှုအပေါ်ကနေ ဂျပန်အားကိုးနဲ့ ကရင်အမျိုးသားတွေအပေါ် ဗိုလ်ကျလာတာ လူမျိုးရေးဖိနှိပ်သတ်ဖြတ်၊ အကြမ်းဖက်လာတာလို့ မြင်ကြတာတွေ ဖြစ်ပေါ်လာခဲ့တယ်။ 'အိမ်မဲ' နယ်မှာ ကရင်အမျိုးသား 'မန်းရွှေထွန်းကြာ' ဦးစီးတဲ့ အမျိုးသားခုခံကာကွယ်မှု လက်နက်ကိုင်တိုက်ပွဲတွေ ပေါ်ခဲ့ရတယ်။

မြောင်းမြနယ်မှာလဲ ဗိုလ်မိုးကြိုးတပည့် ကီမာတား (Kimata) ဆိုသူကို ကရင်တွေက သတ်ဖြတ်လိုက်ကြတယ်ဆိုတဲ့သတင်းအပေါ်မှာ 'ဗိုလ်ကျော်ဇော' ရဲ့တပ်ကိုလွှတ်ပြီး နှိမ်နင်းခိုင်းတဲ့အတွက် ပြဿနာပေါ်ခဲ့ရပါတယ်။ ရှမ်းပြည်ဘက်မှာလည်း ဘီအိုင်အေဗိုလ်တယောက်က တပ်တတပ်နဲ့ ရမ်းကားသွားတဲ့အတွက် မျက်နှာပျက်စရာဖြစ်ခဲ့ရတယ်။

ဂျပန်တပ်များကလည်း ဗမာပြည်တွင်းရောက်တဲ့ အချိန်ကစပြီး သူတို့တပ်ရောက်ရာ အရပ်တိုင်းမှာ ဖက်ဆစ်ဘီလူးရုပ်ကို အစွယ်တပြူးပြူးနဲ့ ပြသလာတယ်။ ပါးရိုက်၊ နားရိုက်၊ လက်သည်းခွံခွာ ရေနွေးပူလောင်း၊ နေပူလှန်း၊ သက်ကြီးရွယ်အိုမှန်း မသိ ဘုန်းကြီးရဟန်းမှန်းမသိ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံတာ ညဉ့်ပန်းနှိပ်စက်တာတွေ လုပ်လာကြပါတယ်။ အောက်ဗမာပြည်တခုလုံးကတော့ ဂျပန်အောက်ရောက်သွားပြီဖြစ်ပေမယ့် အထက်ဗမာပြည်ကတော့ အင်္ဂလိပ်လက်ထဲ ရှိနေဆဲဖြစ်ပါတယ်။

ထင်ရှားတဲ့နိုင်ငံရေးခေါင်းဆောင် အများစုကြီးဟာ အထက်ဗမာပြည် အကျဉ်းထောင်တွေထဲက မထွက်နိုင်သေးပါ။ မန္တလေးထောင်ထဲမှာ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်နု၊ သခင်မြသွင်၊ သခင်ကျော်စိန်တို့တတွေရှိပြီး မုံရွာထောင်မှာ သခင်သန်းထွန်း၊ သခင်လေးမောင်၊ သခင်ဗစိန်၊ သခင်ခင်အောင်တို့တတွေ ရှိကြတယ်။ မိုးကုတ်ထောင်မှာက ဒေါက်တာဘမော်။

တရုတ်ပြည် ချန်ကေရှိတ်အစိုးရကိုယ်စားလှယ် 'ဂျင်နရယ်ဝမ်း' က သခင်နုကို ထောင်ထဲသွားတွေ့ပြီး 'တရုပ်ပြည်လိုက်ခဲ့ပါ။ ဟိုရောက်ရင် အတူတူလုပ်ရအောင်' လို့ဖိတ်ခေါ်တော့ သခင်နုက 'ဂျင်နရယ်ဝမ်း' ကို "စစ်ကြီးပြီးသွားရင် ဗမာပြည်လွတ်လပ်ရေးပေးမယ်လို့ အင်္ဂလိပ်အစိုးရက ကြေညာပါစေ။ ဗမာပြည်သူအားလုံးက ဂျပန်ကို တိုက်ခိုက်ကြလိမ့်မယ်" လို့ဆိုပါတယ်။

သခင်စိုး၊ သခင်နု၊ သခင်ဗဟိန်းနဲ့ သခင်ကျော်စိန်တို့တွေ တရုတ်ပြည် 'ချုံကင်း' အထိ လိုက်ဖို့ အစီအစဉ်လုပ်ပြီးတဲ့အချိန်မှာ ဂျပန်က တရုတ်–ဗမာ လမ်းမကြီးကို ဖြတ်တောက်ပိတ်ဆို့ထားလိုက်ပြီဖြစ်လို့ အစီအစဉ်ပျက်သွားခဲ့ပါတယ်။

ဂျပန်က ရန်ကုန်ကို သိမ်းပိုက်ပြီးတဲ့အခါ အထက်ဗမာပြည်မြို့ကြီးတွေဆီ ချီတက်သိမ်းပိုက်ပါတယ်။ ဘီအိုင်အေတပ်တွေကလည်း ဂျပန်တပ်တွေနဲ့ယှဉ်ပြီး တက်ပါတယ်။ အထက်ဗမာပြည်မြို့တွေကိုလည်း ဂျပန်ဟာ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ရင်း အောင်မြင်စွာဆုတ်ခွာနေကြတဲ့ အင်္ဂလိပ်တပ်မဟာမိတ်တပ်များအပေါ် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ပါတယ်။ အင်္ဂလိပ်တွေ မန္တလေးကနေ ဆုတ်ခွာပြီး မန္တလေးထောင်ကြီးပေါ်မှာ ဗုံးကျချိန်မှာ ထောင်မှူးကြီးနဲ့ အပေးအယူလုပ်ပြီး၊ သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်မြသွင်၊ သခင်ကျော်စိန်တို့တတွေ ထောင်ကလွတ်လာကြပါတယ်။

အင်္ဂလိပ်တပ်တွေဆုတ်ရင်း စစ်ကိုင်းတံတားကြီးကို ချိုးပြီး မုံရွာကို အရောက် ဂျပန်က ဗုံးအကြဲမှာ မုံရွာထောင်ကိုဖွင့်ပြီး လွှတ်ပစ်လိုက်လို့ သခင်သန်းထွန်း၊ သခင်လေးမောင်၊ သခင်ဗစိန်၊ သခင်ခင်အောင်တို့တွေလည်း မုံရွာထောင်ကနေ လွတ်လာကြပါတယ်။

စစ်အတွင်းမှာ အထက်ဗမာပြည်မှာ နိုင်ငံရေးခေါင်းဆောင်တွေ အပြန်အလှန် အဆက်အသွယ်ရပြီး စုစည်းမိနေကြပါတယ်။ သခင်သိန်းဖေနဲ့ ကိုကျော်ငြိမ်း (ဦးကျော်ငြိမ်း) တို့နှစ်ယောက်လည်း မန္တလေးကို ရောက်နေပါတယ်။ သခင်သိန်းဖေက ပြည်သူ့အရေးတော်ပုံပါတီ ရန်ပုံငွေနဲ့ အင်္ဂလိပ်နဲ့ ဂျပန်နယ်ချဲ့တို့ကို

တပြိုင်နက် တိုက်ရမယ်ဆိုတဲ့ သဘောထားစာတမ်းများ ရေးသားပြီး 'တိုင်းချစ်' သခင်သိန်းဖေရဲ့ တိုင်းချစ် ပုံနှိပ်တိုက်ကနေ လျှို့ဝှက် ရိုက်နှိပ်ထုတ်ဝေတာတွေ စတင်လုပ်နေပါတယ်။ ကိုကျော်ငြိမ်း က ပြည်သူ့အရေး တော်ပုံပါတီ ရန်ကုန်ဌာနချုပ်ရဲ့ တာဝန်ပေးချက်နဲ့ မိုးကုတ်ထောင်ထဲရောက်နေတဲ့ ဒေါက်တာဘမော်နဲ့ တွေ့ဆုံဆွေးနွေးဖို့ဖြစ်ပါတယ်။

သခင်သိန်းဖေနဲ့ ကိုကျော်ငြိမ်းဟာ အဲဒီတုန်းက ရွှေဘိုကို စစ်ပြေးအဖြစ် ရောက်နေတဲ့ ဦးဒုတ်ဦးဘချို နဲ့လည်း သွားတွေ့ကြပြီး နိုင်ငံရေးဆွေးနွေးကြပါတယ်။ မန္တလေးနားက 'ကပိုင်' ရွာကိုလည်း တိုင်းချစ် သခင် သိန်းဖေတို့မိသားစု ပြောင်းရွှေ့သွားကြလို့ လိုက်သွားဖြစ်ကြပါတယ်။ အဲဒီ ကပိုင်ရွာမှာပဲ ထောင်ကလွတ် လာပြီး ရောက်လာကြတဲ့ သခင်နု၊ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်တို့နဲ့အတူ သခင်သိန်းဖေ၊ ကိုကျော် ငြိမ်းတို့ ဆုံကြပါတယ်။ အင်္ဂလိပ်ပြေးရုံနဲ့ လွတ်လပ်ရေး အရေးတော်ပုံမပြီးသေး။ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရေးကိစ္စကို ဆွေးနွေးကြပါတယ်။

သခင်နု၊ ကိုကျော်ငြိမ်းတို့က ဗမာပြည်မှာနေပြီး ဂျပန်နဲ့ပူးပေါင်း၊ အာဏာခွဲဝေယူကာ လုံးဝလွတ် လပ်ရေးအထိ တိုက်ပွဲဝင်ရေးသဘောထားကို ကိုင်စွဲတယ်။ သခင်စိုး၊ သခင်သိန်းဖေ၊ သခင်ကျော်စိန်၊ သခင်မြ သွင် တို့က တရုတ်တပ်တွေနဲ့ အတူလိုက်ပြီး ဗမာပြည်အပြင်ကို ထွက်ကြမယ်။ အဲဒီကမှ တရုတ်၊ အင်္ဂလိပ်၊ အမေရိကန် စတဲ့ မဟာမိတ်တပ်တွေနဲ့ ပူးပေါင်းပြီး ဂျပန်ကိုပြန်တိုက်ရင်း လုံးဝလွတ်လပ်ရေးရတဲ့အထိ တိုက်သွားကြမယ်လို့ ဆုံးဖြတ်ကြတယ်။ အဲဒီဆုံးဖြတ်ချက်နဲ့အညီ သခင်စိုး၊ သခင်သိန်းဖေ၊ သခင်မြသွင် တို့ လိုက်သွားကြပေမယ့် နောက်ဆုံး မအောင်မြင်ပဲ ပြန်လှည့်လာကြရတယ်။

၁၉၄၂ ခုနှစ်၊ မေလ (၁၃) ရက်နေ့မှာ ဒေါက်တာဘမော်ဟာ ဂျပန်တွေနဲ့ ဆက်သွယ်မိပြီးဖြစ်တယ်။ သူ့မိန်းမ ဒေါ်ခင်မမနဲ့ တပည့်တချို့က ထောင်မှူး၊ ထောင်ဆရာဝန်တွေအကူအညီနဲ့ မိုးကုတ်ထောင်ကထုတ် လာပြီးတဲ့နောက်ပိုင်း ဒေါက်တာဘမော်ဟာ ဂျပန်နဲ့ ဆက်သွယ်မိတာဖြစ်တယ်။ ဂျပန်က နန်းရင်းဝန် 'တိုဂျို' ကလည်း ဒေါက်တာဘမော်လို နိုင်ငံရေးသမားကို အသုံးပြုချင်နေချိန် ဗမာပြည်ရှိ ဂျင်နရယ် 'အီဒါး' ကလည်း ဗိုလ်မိုးကြိုး၊ သခင်ထွန်းအုပ်နဲ့ ဘီအိုင်အေအုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးကော်မတီဆိုတာတွေကို မျက် စေ့နောက်ပြီး ဗမာပြည်အုပ်ချုပ်ရေးကို ဖွဲ့စည်းချင်နေချိန် ဒေါက်တာဘမော်အတွက် အကွက်ကောင်းဆိုက် လာပါတယ်။

၁၉၄၂ ခုနှစ်၊ မေလမှာ မန္တလေး၊ ဇွန်လမှာ တပြည်လုံးကို ဂျပန်တပ်တွေဟာ ထိန်းချုပ်သိမ်းပိုက် လိုက်နိုင်ပြီဖြစ်ပါတယ်။ ဇွန်လ (၃) ရက်နေ့မှာ စစ်အုပ်ချုပ်ရေးကို ထူထောင်လိုက်တာကြောင့် ဘီအိုင်အေ အုပ်ချုပ်ရေးခေတ်ဟာလည်း နိဂုံးချုပ်သွားရပါတော့တယ်။ ဒါကြောင့် ဘီအိုင်အေ အုပ်ချုပ်ရေးခေတ်ဟာ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီကနေ မေလကုန်အထိ (၅) လလောက်ပဲ ကြာခဲ့ပါတယ်။

သခင်သိန်းဖေဟာ 'တိုင်းချစ်သခင်သိန်းဖေ' ကို ဂျပန်တွေက ဖမ်းဆီးနှိပ်စက်ပြီး၊ သူ့ကို အနှံ့ခံ လိုက်နေတာကြောင့် မြေအောက်လျှိုးနေရတာကနေ ပြည်ပဆီထွက်ဖို့ ခပ်သုတ်သုတ်ပြင်ရပါတော့တယ်။ သခင်သန်းထွန်းကလည်း 'အိန္ဒိယကိုသွားပြီး မဟာမိတ်များနဲ့ အဆက်အသွယ်ရရေးအတွက် ကြိုးစားဖို့' သခင်သိန်းဖေကို တိုက်တွန်း ဆွေးနွေးပါတယ်။ ဒါကြောင့် သခင်သိန်းဖေဟာ သခင်တင်ရွှေ (ကျောက်ဆည်) နဲ့အတူ အိန္ဒိယကို ထွက်ခွာသွားဖြစ်ပြီး၊ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လထဲမှာ အိန္ဒိယကို ရောက်ရှိသွားပြီဖြစ်ပါတယ်။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့မှာ ဂျပန်အစိုးရက မီနာမီကီကန်ကို ဖျက်သိမ်းပစ်လိုက်ပြီး ဗိုလ်မိုးကြိုးကိုလည်း မေဂျာဂျင်နရယ်ရာထူးတိုးပေးကာ ဂျပန်ပြည်ပြန်ခေါ်လိုက်တယ်။ ဗိုလ်မိုးကြိုးကို ဗမာ

ပြည်မှာ မထားချင်တော့၊ ဗိုလ်မိုးကြိုးအခန်း ကုန်သွားပြီဖြစ်ပါတယ်။ 'ဘီအိုင်အေ' ကိုလည်း ရမ်းရမ်းကားကားလုပ်ခဲ့တာတွေ နာမည်ပျက်ခဲ့တာတွေကို လက်ညှိုးထိုးပြပြီး၊ စည်းကမ်းမရှိ အကြောင်းပြချက်နဲ့ အဖျက်သိမ်းခိုင်းတယ်။ ၁၉၄၂ ခုနှစ်၊ ဇူလိုင် (၂၇) ရက်နေ့မှာ ဂျပန်ကေရာဇ် အမိန့်အရ ဂျနရယ်အီးဒါးက ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) ကို ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) အဖြစ် ပြောင်းလဲဖွဲ့စည်းစေတယ်။ ဗမာ့လွတ်လပ်ရေးအတွက် ဖွဲ့စည်းပေါ်ပေါက်ခဲ့တဲ့ တပ်မတော်ကို ဗမာ့ကာကွယ်ရေးအတွက်ပဲ ရည်စူးတဲ့ တပ်မတော်ဖြစ်အောင် ပြောင်းလဲပစ်လိုက်တာဖြစ်တယ်။ ဗမာပြည်ကနေ အင်္ဂလိပ်တွေ ထွက်ခွာသွားရပြီဖြစ်လို့ အင်္ဂလိပ်တွေ ပြန်မဝင်လာအောင် ကာကွယ်ဖို့သာလိုတော့တယ်ဆိုတဲ့ သဘောအဓိပ္ပာယ်နဲ့ ဖွဲ့စည်းစေတာဖြစ်တယ်။ အရေအတွက်ကိုလည်း (၃၀၀၀) ခန့်အထိပဲရှိစေပြီး ဗိုလ်တေဇကို စစ်သေနာပတိ ခန့်တယ်။ ဗိုလ်တေဇက 'ဗိုလ်ချုပ်အောင်ဆန်း' ဆိုတဲ့ နာမည်ရင်းကိုပဲ ပြန်လည်သုံးစွဲခဲ့ပါတယ်။ ဗိုလ်အောင်ဆန်းခေါင်းဆောင်ပြီး တပ်ရင်း (၃) ခုကို မတည်ကာ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ပေါ်ပေါက်လာ ပါတယ်။ တပ်ရင်း (၃) ခုလုံးကိုလည်း ပျဉ်းမနားမှာပဲ အခြေစိုက်စေခဲ့ပါတယ်။ ရန်ကုန်မှာတော့ စစ်ဦးစီးဌာနချုပ် စစ်ရုံးနဲ့ မင်္ဂလာဒုံစစ်တက္ကသိုလ်တို့ ပေါ်ပေါက်လာပါတယ်။ ရဲဘော် (၁၃၄) ယောက်ကို ရွေးပြီး မင်္ဂလာဒုံဗိုလ်သင်တန်း (ပထမပတ်) အဖြစ်တက်စေခဲ့ပါတယ်။ ဂျပန် 'ကာဝါရှိုးမား' ဟာ စစ်တက္ကသိုလ်ကျောင်းအုပ်ဖြစ်လာတယ်။

ဒီဗိုလ်သင်တန်း (ပထမပတ်) များဟာ ဗမာပြည်သမိုင်းမှာ နောင် စစ်တပ်သမိုင်းမှာ 'ရဲဘော်သုံးကျိပ်' ပြီးရင် အရေးပါအရာရောက်ဆုံးဖြစ်လာကြမယ့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။

၁၉၄၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှာ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ ဗမာအစိုးရအဖွဲ့ကို ဂျပန်က ဖွဲ့စည်းပေးပါတယ်။ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာဘမော်။ ဂျပန်ကို လိုလားသူဖြစ်ခဲ့တဲ့ ဒေါက်တာသိန်းမောင်က ဘဏ္ဍာဝန်ကြီး၊ သခင်ထွန်းအုပ်က သစ်တောနှင့်သတ္တုတွင်းဝန်ကြီး၊ သခင်ဗစိန်က လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်ခဲ့သလို သခင်မြက ပြည်ထဲရေးဝန်ကြီး၊ သခင်သန်းထွန်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဖြစ်ခဲ့ပါတယ်။ အားလုံး (၁၀) ဦး ရှိပါတယ်။

ဂျပန်စစ်အုပ်ချုပ်ရေးကာလအတွင်းမှာ လူငယ်များအစည်းအရုံးတခုလည်း ဖွဲ့စည်း ပေါ်ပေါက်လာပါတယ်။ တိုင်းရင်းသားလူငယ်များ ဗလငါးတန်ပြည့်ဝရေးအတွက် လေ့ကျင့်ပြုစုပေးရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပေါ်လာတာပါ။ အဲဒါကတော့ 'အာရှလူငယ်အစည်းအရုံး' လို့ လူသိများတဲ့ အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံးပါ။ ဥက္ကဋ္ဌက ပုဂံဦးဘဂျမ်း။

ဒို့ဗမာအစည်းအရုံးကတော့ သခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံးရော၊ ဗစိန်–ထွန်းအုပ် ဒို့ဗမာအစည်းအရုံးပါ ဒေါက်တာဗမော်ရဲ့ ဆင်းရဲသားပါတီနဲ့ပူးပေါင်းပြီး ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့ကတည်းက 'ဒို့ဗမာဆင်းရဲသားအစည်းအရုံး' အဖြစ် ထူထောင်လိုက်ပါတယ်။ ဌာနချုပ်အကြီးအကဲအဖြစ် သခင်နုက တာဝန်ယူပါတယ်။ ဒါကြောင့် ဂျပန်စစ်အုပ်ချုပ်ရေးရဲ့ လက်အောက်ခံ ဗမာအစိုးရအဖြစ် ပေါ်ပေါက်လာတဲ့အခါ ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းစလုံးက ခေါင်းဆောင်များရော ဒေါက်တာဘမော်ရဲ့ ဆင်းရဲသားပါတီကရော ပါဝင်နေတာဖြစ်ပါတယ်။

တရုတ်ပြည်ကိုလည်း မလိုက်ဖြစ် အိန္ဒိယကို သခင်သိန်းဖေနဲ့ အတူသွားဖို့ကိုလည်း ဖျက်ပစ်လိုက်ရတဲ့ သခင်စိုးကတော့ အင်းစိန်စစ်တမ်း၊ မြင်းခြံစစ်တမ်း သဘောထားကိုပဲ မြဲမြဲဆုပ်ကာ ဂျပန်ဆန့်ကျင်ရေးမြေအောက်တော်လှန်ရေးလုပ်ငန်းများကို ဗမာပြည်ကွန်မြူနစ်ပါတီကို ကိုယ်စားပြုပြီး ဆက်လက်လုပ်ကိုင်နေပါတယ်။ ဂျပန်ကင်ပေတိုင်စစ်ပုလိပ်တွေက 'ဗမာပြည်ကွန်မြူနစ်ပါတီ' ကို အနံ့ခံပြီးလိုက်နေသလို သခင်စိုး

ကိုလည်း လိုက်နေတဲ့အတွက် သခင်စိုးဟာ မြစ်ဝကျွန်းပေါ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်နယ်တွေမှာ လှည့်လည် တိမ်းရှောင် မြေအောက်ခိုနေရင်း၊ ကွန်မြူနစ်နိုင်ငံရေးသင်တန်းပို့ချတာ၊ ဂျပန်ဆန့်ကျင့်ရေး အင်အားစုဆောင်းတာတွေ လုပ်နေ ပြင်ဆင်နေပါတယ်။

ထောင်ထဲမှာကတည်းက ဆိုဗီယက်ဘော်ရှီဗစ်ရာဇဝင်စာအုပ်ကို ဘာသာပြန်ခဲ့ပြီး အဲဒီစာအုပ်ကိုပဲ လက်ကိုင်ပြုရင်း ထောင်တွင်းမာ့က်စ်ဝါဒသင်တန်း ပို့ချလာခဲ့တဲ့၊ အင်းစိန်စစ်တမ်းအယူအဆမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖော်ဆောင်သူတဦးဖြစ်ခဲ့တဲ့ သခင်သန်းထွန်းကတော့ အစိုးရအဖွဲ့ထဲ ဝန်ကြီးအဖြစ် ရုပ်ပြလုပ်ကိုင်နေရင်း သခင်စိုးနဲ့ လျှို့ဝှက်ဆက်သွယ်ကာ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဦးအနေနဲ့ ဂျပန်ဆန့်ကျင်ရေးအင်အားစုတွေကို နယ်ပယ်ပေါင်းစုံမှာ ပြုစုပျိုးထောင်နေခဲ့ပါတယ်။

သခင်သိန်းဖေက အိန္ဒိယမှာ 'ဗမာပြည်တွင် ဖြစ်ပျက်ခဲ့သမျှ' (What happened in Burma) ဆိုတဲ့ စာအုပ်ကို အင်္ဂလိပ်လိုရေးသားပြီး ၁၉၄၂ ခုနှစ်အတွင်းမှာပဲ ထုတ်ဝေလိုက်ပါတယ်။ အာရှစစ်မျက်နှာတွေမှာ ပြောက်ကျားစစ်ဆင်ရေးအတွက် အဓိကဖွဲ့စည်းထားတဲ့ 'ဖို့ ၁၃၆ အဖွဲ့' (Force 136) နဲ့လည်း အဆက်အသွယ်မပြတ် လုပ်နေခဲ့ပါတယ်။ သူနဲ့အတူသွားခဲ့တဲ့ သခင်တင်ရွှေ (ကျောက်ဆည်) ကိုလည်း ဗမာပြည်တခေါက်ပြန်လွှတ်ပြီး အခိုင်အမာပြင်ဆင်မှုတွေ လုပ်နေခဲ့ပါတယ်။

၁၉၄၃ ခုနှစ် ဇန်နဝါရီလမှာ ဂျပန်နန်းရင်းဝန် ဂျင်နရယ်တိုဂျိုက ဂျပန်အထက်လွှတ်တော် အကြိမ် (၈၀) မြောက် အစည်းအဝေးမှာ ဗမာပြည်လွတ်လပ်ရေးကို နှစ်မကူးမီ ကြေညာပေးမယ်လို့ ကြေညာလိုက်ပြီး မတ်လထဲမှာ ဒေါက်တာဘမော်ခေါင်းဆောင်တဲ့ ဗမာအဖွဲ့ကို တိုကျိုလာဖို့ ဖိတ်ခေါ်တယ်။ ဒေါက်တာဘမော်၊ သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာ သိန်းမောင်၊ ဦးကျော်ငြိမ်း၊ ဗိုလ်ရန်နိုင်ပါ (၈) ဦးအဖွဲ့ တိုကျိုကိုသွားကြတယ်။

၁၉၄၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်မှာ စတင်ခဲ့တဲ့ ဂျပန်စစ်အုပ်ချုပ်ရေး တနှစ်ပြည့်တဲ့ ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှာ ဂျင်နရယ်အီးဒါးက စစ်အုပ်ချုပ်ရေးရုပ်သိမ်းကြောင်း ကြေညာပြီး၊ အဲဒီနေ့မှာပဲ ဗမာပြည်လွတ်လပ်ရေးကို ကြေညာခွင့်ပေးလိုက်တယ်။

ဂျပန်ပေးတဲ့လွတ်လပ်ရေးအတုနဲ့အတူ ဂျပန်စစ်တပ်က ချုပ်ကိုင်ထားခြင်းခံရတဲ့ ဂျပန်ခေတ် ရုပ်သေးအစိုးရအဖွဲ့ဟာလည်း လွတ်လပ်သောအစိုးရတရပ်အသွင် ဖွဲ့စည်းပေါ်ပေါက်လာခဲ့တယ်။ ဒေါက်တာဘမော် ဟာ အဓိပတိဘွဲ့ကိုခံယူရင်း ဝန်ကြီးချုပ်တာဝန်ကို ယူလိုက်တယ်။ သခင်မြက ဒုဝန်ကြီးချုပ်၊ ဗိုလ်ချုပ်အောင်ဆန်းက ကာကွယ်ရေးဝန်ကြီး၊ ဒေါက်တာသိန်းမောင်က ဘဏ္ဍာရေးဝန်ကြီး၊ သခင်နုက နိုင်ငံခြားရေးဝန်ကြီး၊ သခင်သန်းထွန်းက မြေနှင့်လယ်ယာစိုက်ပျိုး ရေးဝန်ကြီးဖြစ်လာတယ်။ အစိုးရအဖွဲ့ကို 'ဗမာ့ထွက်ရပ်ဂိုဏ်း' ဝင်တွေနဲ့ ဖွဲ့စည်းလိုက်တဲ့သဘောဖြစ်တယ်။ ဂျပန်ခေတ်မှာ ဗမာ့လွတ်လပ်ရေးကို အသိအမှတ်ပြုတဲ့သဘော လုပ်ခဲ့ပေမယ့် ဂျပန်စစ်အာဏာပိုင်တွေကပဲ နေရာတကာ ကြိုးကိုင်ဗိုလ်ကျကြတယ်။ ဂျပန်စစ်တပ်ကအလိုရှိတဲ့ စားနပ်ရိက္ခာ ကျွဲ၊ နွား၊ ကြက်၊ ဝက်တွေသာမက 'ချွေးတပ်သား' လို့ ခေါ်တဲ့ အလုပ်သမား ထောင်ပေါင်းများစွာကိုတောင် အစိုးရအုပ်ချုပ်ရေးအရာရှိတွေက ဖမ်းဆီးပေးကြရပြန်တယ်။ အင်္ဂလိပ်ကိုလိုနီသမားတွေနေရာမှာ ဂျပန်ကိုလိုနီဝါဒသမားတွေက လာရောက်သွေးစုပ်ကြတယ်။ ကာလတိုအတွင်းမှာပဲ အမ်ဘီကေနဲ့ အမ်အက်စ်ကေစတဲ့ ဂျပန်ဘဏ္ဍာအရင်းရှင် ကုမ္ပဏီပေါင်း (၅၀) လောက်ဟာ ဗမာ့စီးပွားရေးလုပ်ငန်းတွေထဲလာရောက် သွေးစုပ်ခဲ့ကြတယ်။ ဗမာပြည်ရဲ့စီးပွားရေးဟာ ဂျပန်ခေတ်အတွင်းမှာ အဆိုးဝါးဆုံးအခြေအနေရောက်ခဲ့ရပြီး အစစအရာရာ ရှားပါးပြတ်လပ် ကြပ်တည်းမွဲတေခဲ့ရတယ်။

ဂျပန်ကင်ပေတိုင်တွေရဲ့ လက်သံပြောင်ပြောင်နှိပ်စက်မှု၊ ဂျပန်စစ်သားတွေရဲ့ ဖက်ဆစ်ပီပီ ရမ်းကားလူမဆန်မှုတွေအောက်မှာ တပြည်လုံး နေရာအနှံ့ ဝဋ်ဒုက္ခခံကြရတယ်။ ဂျပန်ပေးတဲ့လွတ်လပ်ရေးဟာ ဘယ်လိုလွတ်လပ်ရေးလဲဆိုတာ နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံကြရပါပြီ။

ဂျပန်ဝင်စကတည်းက ဂျပန်ဆန့်ကျင်ရေး အမြင်ရှိထားကြပြီးသား ကွန်မြူနစ်တွေဟာ ဂျပန်ကိုတွန်းလှန်မောင်းထုတ်နိုင်ဖို့ တိုးပြီး ပြင်ဆင်အားထုတ်တာတွေ လုပ်ကြပါတယ်။ လျှို့ဝှက်မြေအောက်နည်းတွေနဲ့ပဲ လုပ်နေကြရတာဖြစ်ပါတယ်။ ဂျပန်ကလည်း ဂျပန်ဆန့်ကျင်ရေးသမားမှန်သမျှကို ပိုက်စိပ်တိုက်ပြီး နှိပ်ကွပ်ဖို့ ကြိုးစားပါတယ်။

'ဂျပန်သူလျှို' ဆိုတဲ့ စာအုပ်နဲ့ 'ဆိုရှယ်လစ်ဝါဒနှင့်နိသျှည်း' ဆိုတဲ့ စာအုပ်ကို ဘာသာပြန်ဆိုခဲ့တဲ့ 'လက်ပံတန်းဦးဘတင်'ကို ဂျပန်ဖက်ဆစ်တွေက ဖမ်းဆီးနှိပ်စက် သတ်ဖြတ်လိုက်ကြပါတယ်။

ဗမာပြည်လွတ်လပ်ရေးအတွက်ဆိုတဲ့ ရည်မှန်းချက်မှာ အတူတူဖြစ်ခဲ့ကြပေမယ့် ၁၉၄၂ ခုနှစ် ဝန်းကျင်လောက်အထိ အမြင်အယူအဆ သဘောထားကွဲပြားနေခဲ့ကြတဲ့ ဗမာပြည် အမျိုးသားနိုင်ငံရေးခေါင်းဆောင်တွေအကြားမှာ တဖြည်းဖြည်းနဲ့ ဂျပန်ကို ဦးတည်တိုက်ရမယ်ဆိုတဲ့ အမြင်သစ်ဆီ ဦးတည်ရွေ့လျားစပြုလာပါပြီ။ အင်းစိန်စစ်တမ်းအယူအဆဆီ စုစည်းမိစပြုလာပါပြီ။

ကွန်မြူနစ်ပါတီကို ကိုယ်စားပြုပြီး သခင်စိုးရဲ့ လွတ်လပ်ရေးကြေညာစာတမ်း အမှတ် (၁) နဲ့ အမှတ် (၂) ဟာ နိုင်ငံရေးအင်အားစုတွေကြား ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လာခဲ့တယ်။ အဲဒီ ဗမာလွတ်လပ်ရေး ကြေညာစာတမ်းတွေဟာ ကမ္ဘာ့အင်အားစုတွေရဲ့ အနေအထား၊ ဂျပန်ဖက်ဆစ်စနစ်ကို တိုက်ဖျက်ဖို့အတွက် ရနိုင်သမျှသော မဟာမိတ်တွေနဲ့ ပူးတွဲလုပ်ဆောင်ကြရမယ့် တာဝန်တွေပါ ဖော်ပြထားတဲ့အပြင်၊ ဖက်ဆစ်ဝါဒမုချကျဆုံးရမယ်ဆိုတာကိုလည်း ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပြနိုင်ခဲ့ပါတယ်။

ဗမာ့တပ်မတော်အတွင်းမှာလည်း ကွန်မြူနစ်ပါတီဝင်တွေ ကွန်မြူနစ်လိုလားသူတွေ အုံနဲ့ကျင်းနဲ့ရှိနေသလို၊ ပြည်သူ့အရေးတော်ပုံပါတီရဲ့ ယူနစ်ဝင်တွေလည်း ရှိနေကြပါတယ်။ ပေါ်ပေါ်ထင်ထင်မဟုတ်ပဲ လျှို့လျှို့ဝှက်ဝှက်နဲ့ တည်ရှိနေကြတာဖြစ်ပေမယ့် ကိုယ့်အစုနဲ့ကိုယ် နိုင်ငံရေးဆွေးနွေးကြတာ၊ သင်တန်းသွားတက်ကြတာ၊ လျှို့ဝှက်စာစောင်စာတမ်းတွေ ဖြန့်ဝေကြ လေ့လာကြတာတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေပါတယ်။ ကာကွယ်ရေးဝန်ကြီးလုပ်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီဝင်တယောက်အဖြစ် (၁၉၄၂) အထိ ဖြစ်နေသေးတာကိုကြည့်ရင် တပ်မတော်ထဲမှာ ကွန်မြူနစ်ပါတီအင်အား ဘယ်လောက်ကြီးခဲ့သလဲဆိုတာ လွယ်လွယ်ကူကူ စဉ်းစားကြည့်လို့ရပါတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့လျှို့ဝှက်နာမည်က (ကိုနောင်ချို)။ သခင်သန်းထွန်း နာမည်က ကိုဘမောင်။

တပ်မတော်ထဲမှာ အကြီးအကဲတွေဖြစ်နေကြတဲ့ ဂျပန်ပြန် ရဲဘော်သုံးကျိပ်ဝင်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်း 'ကွန်မြူနစ်' တွေဖြစ်နေတာ မနည်းပါ။ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွတ်တို့ဟာ ကွန်မြူနစ်တွေပါ။ ဗိုလ်လကျာ်ဟာလည်း ကွန်မြူနစ်ပါတီ စတင်ထူထောင်သူတစ်ဦးဖြစ်ပါတယ်။ ဘီဒီအေဗိုလ်သင်တန်း ပထမပတ်၊ ဒုတိယပတ်တွေအတွင်းမှာလည်း ကွန်မြူနစ်တွေအများကြီးပါ။ ဗိုလ်ဗထူးတို့ ဗိုလ်အာဠဝကတို့ဟာ ကွန်မြူနစ်ကြီးတွေဖြစ်သလို၊ ဗိုလ်စိုးမောင် (ဗိုလ်မှူးချစ်ကောင်း)၊ ဗိုလ်ပု၊ ဗိုလ်ရဲမောင်၊ ဗိုလ်မင်းဒင်၊ ဗိုလ်သန်းရွှေ စတဲ့သူတွေဟာ ကွန်မြူနစ်တွေပါ။

ပြည်သူ့အရေးတော်ပုံပါတီဘက်က ဥက္ကဋ္ဌအဖြစ် သခင်မြ ဦးဆောင်ပါဝင်နေပေမယ့် အဓိကလှုပ်ရှားနေသူတွေက သခင်ချစ် (နောင် ဗမာပြည်ကွန်မြူနစ်ပါတီဘက်ပြောင်းသွား)၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ဖြစ်ပါတယ်။ တပ်မတော်ထဲမှာ ပြည်သူ့အရေးတော်ပုံ ယူနစ်ဝင်တွေကတော့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊

ဗိုလ်အောင်ရွှေ၊ ဗိုလ်ချစ်ခိုင်၊ ဗိုလ်ကြည်ဝင်း စတဲ့ ဗိုလ်တွေဖြစ်ပါတယ်။ ဗိုလ်နေဝင်းဟာ ဂျပန်ပြန်အုပ်စုကနေ ပဲ့ထွက်လာပြီး၊ အဲဒီယူနစ်အုပ်စုမှာ ခေါင်းဆောင်သဖွယ် နေရာရလာခဲ့ပါတယ်။ ယူနစ်အုပ်စုဟာ ဗိုလ်ချုပ်အောင်ဆန်းကို စိတ်မချပဲ ဂျပန်ပြန်ထဲက ပဲ့ထွက်လာတဲ့ ဗိုလ်နေဝင်းကို အားကိုးတကြီးနဲ့ ဆရာမွေး ခေါင်းဆောင်တင်ထားတာလို့ဆိုပါတယ်။

ဂျပန်စစ်တပ်က အိန္ဒိယနိုင်ငံဘက်ဆီအထိ ချီတက်ဝင်ရောက်နိုင်ဖို့ ကြိုးစားထားပါတယ်။ ဗြိတိသျှတပ်၊ အမေရိကန်တပ်တွေနဲ့ ရင်ဆိုင်တိုက်ပွဲဆင်ရပြီး တပ်လန် နောက်ဆုတ်လာရပါတယ်။

အဓိပတိကြီး ဒေါက်တာဗမော်က 'တသွေးတသံတမိန့်' အော်နေပေမယ့် ဖက်ဆစ်ဟာ ကမ္ဘာ့ပြည်သူအားလုံးရဲ့ ဆန့်ကျင်မှုကိုခံရပြီး အကျဘက်ဆီ ပြောင်းလဲလာနေပါပြီ။

အဲဒီအချိန်မှာ သခင်ဗစိန်နဲ့ သခင်ထွန်းအုပ်လည်း ဂျပန်က လိမ်ပြီးခေါ်တာခံရရင်း စင်္ကာပူနဲ့ ဂျာဗားကျွန်းမှာ တယောက်တနေရာဆီခွဲပြီး အကျယ်ချုပ်ချထားတာ ခံနေရပါပြီ။ ဂျပန်ကိုဆန့်ကျင်လို့မဟုတ်ပါ။ ဂျပန်ကို ယုံကြည်လွန်းပြီး ဂျပန်နဲ့ပေါင်းပြီး သူတို့အာဏာရအောင်ကြံစည်ကြရင်း ဂျပန်အလိမ်ခံသွားရတာဖြစ်ပါတယ်။ အဓိပတိ ဒေါက်တာဗမော်ကို ဖြုတ်ချပြီး သူတို့အာဏာရရေး ကြံစည်ကြစဉ် ဒေါက်တာဗမော်ကိုသာ ခေါင်းဆောင်အဖြစ်လိုချင်နေတဲ့ ဂျပန်က သူတို့ကို ပြည်ပပို့ပြီး ဖယ်ရှားလိုက်ခြင်းပါ။

အဲဒီအချိန်တုန်းက ရှိနေတဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ အခြေအနေကို ကြည့်လိုက်မယ်ဆိုရင် ဂျပန်ပေးတဲ့ လွတ်လပ်ရေးအတုအယောင် ဆိုင်းဘုတ်အောက်မှာ 'ဒို့ဗမာဆင်းရဲသားအစည်းအရုံး' ကြီးဟာ အာဏာရအဖွဲ့အစည်းကြီးသဖွယ်ဖြစ်ပါတယ်။ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်း ကြီးငယ်တွေကို 'ဒို့ဗမာဆင်းရဲသားအစည်းအရုံး' ဝင်တွေနဲ့ပဲ အဓိကထားဖွဲ့စည်းထားပါတယ်။ ဒါပေမယ့် တကယ့်အာဏာကတော့ ဂျပန်စစ်တပ်လက်ထဲမှာပဲရှိပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အရေးတော်ပုံပါတီကတော့ မြေအောက်အဖြစ်နဲ့ ရပ်တည်လှုပ်ရှားနေကြရပါတယ်။ ဒီပါတီနှစ်ခုဟာ သဘောသဘာဝချင်းမတူညီကြသလို ဖြစ်တည်ဖွဲ့စည်း ပေါ်ပေါက်လာပုံချင်းလည်းမတူကြပါ။ ၁၃၀၀ ပြည့်အရေးတော်ပုံအပြီးမှာ 'ဗမာပြည်ကွန်မြူနစ်ပါတီ' အဦးဆုံးပေါ်ပေါက်လာပါတယ်။ လူတန်းစားကိုအခြေခံပြီး အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီအဖြစ် ပေါ်ပေါက်လာတာဖြစ်သလို၊ မာ့က်စ်လီနင်ဝါဒကို လမ်းညွှန်အဘိဓမ္မာအဖြစ် ကိုင်စွဲပြီး နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုကြီးရဲ့အစိတ်အပိုင်းတရပ်အဖြစ်လည်းခံယူကာ၊ အဆုံးတနေ့မှာ လူတန်းစားမဲ့ လောကကြီးဆီအထိ အဆက်မပြတ် ချီတက်သွားဖို့ မျှော်မှန်းထားတဲ့ နိုင်ငံရေးပါတီဖြစ်ပါတယ်။

ပြည်သူ့အရေးတော်ပုံပါတီဟာ ဗမာပြည်ကွန်မြူနစ်ပါတီနောက်မှာ ပေါ်ပေါက်လာခဲ့ပြီး၊ နိုင်ငံရေးပါတီတခုဆိုတာထက် နိုင်ငံရေးရည်မှန်းချက်တခု၊ နိုင်ငံရေးလုပ်ငန်းဆောင်တာတခုကို သတ်မှတ်ပြီး၊ အဲဒီသတ်မှတ်ထားတဲ့ လုပ်ငန်းဆောင်တာကို ကာလတခုအတွင်းမှာ အတူပူးတွဲဆောင်ရွက်သွားကြဖို့ အလေးပေး ဖွဲ့စည်းထားတဲ့ အစုအစည်းကြီးတခုရဲ့သဘောကို ပိုဆောင်ပါတယ်။ လူတန်းစားပါတီအဖြစ် တည်ထောင်ထားတာမဟုတ်သလို လမ်းညွှန်အဘိဓမ္မာအဖြစ် ပြဌာန်းကိုင်စွဲထားတာလည်းမရှိပါ။ ဒါပေမယ့် အများစုကြီးဟာ မာ့က်စ်လီနင်ဝါဒကို ယုံကြည်သူတွေ တိမ်းညွှတ်သူတွေ၊ လိုလားသူတွေ၊ ယုံကြည်တိမ်းညွှတ်တယ်လို့ ဆိုသူတွေဖြစ်ပါတယ်။ ဒီဂရီအနိမ့်အမြင့်ချင်းတော့ မတူညီကြပါ။ အဓိကက အင်္ဂလိပ်ကိုလိုနီအစိုးရကို လက်နက်စွဲကိုင်ဖြုတ်ချနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့တာဖြစ်ပြီး ဗမာပြည်လွတ်လပ်ရေးအတွက်ကိုပဲ ပန်းတိုင်အဖြစ် သတ်မှတ်ထူထောင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သခင်ဗဟိန်းလို ကွန်မြူနစ် ထိပ်သီးခေါင်းဆောင်တဦးဟာ 'ပြည်သူ့အရေးတော်ပုံပါတီ' မှာလည်း အရေးကြီး ခေါင်းဆောင်တဦး

အဖြစ်ပါဝင်နေတာကိုကြည့်ရင် ထင်ရှားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလည်း ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး နံပါတ် (၁) ဖြစ်လျက်နဲ့ ပြည်သူ့အရေးတော်ပုံပါတီ ထူထောင်ရာမှာ အရေးကြီးခေါင်းဆောင်တဦးအဖြစ် ပါဝင်နေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရော သခင်ဗဟိန်းပါ ၁၉၄၂ ခုနှစ် နောက်ပိုင်း ပြည်သူ့အရေးတော်ပုံပါတီ အစုအတွင်း မတွေ့ရတော့ပါ။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီပြီးရင် အရေးကြီးအင်အားစုတခုအသွင် ဖြစ်ပေါ်တည်ရှိလာတာက 'ဗမာ့တပ်မတော်' ပါ။ ရဲဘော်သုံးကျိပ်နဲ့စခဲ့ပြီး ၁၉၄၂ ခု၊ နှစ်ဆန်းပိုင်းမှာ အင်အားစုတရပ်အသွင် အခိုင်အမာတည်ရှိနေပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဆိုတာကို ပြန်ကြည့်မယ်ဆိုရင်လည်း သုံးပုံနှစ်ပုံကျော်ဟာ မာက်စ်ဝါဒ လီနင်ဝါဒ ဆိုရှယ်လစ်အတွေးအခေါ် ယုံကြည်လက်ခံနှစ်သက်သူတွေ ဖြစ်နေကြတဲ့အပြင်၊ အများစုကြီးဟာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတွေနဲ့ တနည်းမဟုတ် တနည်း ပတ်သက်နေကြပါတယ်။ ဘီအိုင်အေခေတ်၊ ဘီဒီအေခေတ်တလျှောက်ဖြစ်ပေါ်တည်ရှိလာတဲ့ ဗမာ့တပ်မတော်အတွင်းရှိ အကြပ်၊တပ်ဗိုလ်၊ တပ်သားတွေထဲမှာလည်း ကွန်မြူနစ်ပါတီနဲ့ပတ်သက်သူတွေ၊ ပြည်သူ့အရေးတော်ပုံပါတီအစုနဲ့ ပတ်သက်သူတွေ အုံနဲ့ကျင်းနဲ့ရှိနေပါတယ်။ ဘယ်နဲ့မှ မပတ်သက်တဲ့ အကြပ်၊ တပ်ဗိုလ်၊ တပ်သား၊ တပ်မတော်သား သက်သက်ဟာ အင်မတန် နည်းပါးပါတယ်။ တပ်မတော်ကိုယ်တိုင် အမျိုးသားရေးလှုပ်ရှားမှုကြောင့် ပေါ်ထွက်လာတာဖြစ်တော့ မျိုးချစ်စိတ်ရှိသူတိုင်းဟာ အမျိုးသားနိုင်ငံရေးနဲ့ ပတ်သက်နေပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်နေရပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်နေပြီဆိုကတည်းက အဲဒီတုန်းက ရှေ့တန်းအရောက်ဆုံးဖြစ်နေတဲ့ ကွန်မြူနစ်ပါတီ၊ ဒါမှမဟုတ် ပြည်သူ့အရေးတော်ပုံပါတီတို့နဲ့ တခု သို့မဟုတ် တခုနဲ့ ပတ်သက်ပြီးသားဖြစ်သွားပါတယ်။ နှစ်ပါတီစလုံးကလည်း တပ်မတော်တွင်း စည်းရုံးရေးလုပ်ငန်းကို အလေးထားလုပ်ကြပါတယ်။ အထူးသဖြင့် နိုင်ငံရေး၊ သဘောတရားရေးကို လေ့လာလိုကြ၊ ဆည်းပူးဖြည့်စည်းလိုကြတဲ့ တပ်မတော်သားတွေဟာ သူတို့လေ့လာဆည်းပူးလိုတဲ့ နိုင်ငံရေးသဘောတရားတွေအတွက် ဗမာပြည်ကွန်မြူနစ်ပါတီဆီကိုသာ ဦးတည်ရပါတော့တယ်။ ဘာလို့လဲဆိုတော့ အဲဒီလို နိုင်ငံရေးသဘောတရားရေးကို သင်တန်းပေးနိုင်တာ၊ ဟောပြောပို့ချနိုင်တာ အဓိကအားဖြင့် "ကွန်မြူနစ်ပါတီ" နဲ့ ကွန်မြူနစ်ခေါင်းဆောင်တွေပဲ ရှိတဲ့အတွက်ဖြစ်တယ်။ ဗိုလ်ရန်အောင်လို ပုဂ္ဂိုလ်ကတောင် "သခင်ဗဟိန်းကို တွေ့ရင်ပြောပေးပါ၊ သူနဲ့တွေ့ရင် သူ့ကို (ဗိုလ်ရန်အောင်ကို) နိုင်ငံရေးသင်တန်းပေးပေးပါ။" လို့ လိုလိုချင်ချင် တက်တက်ကြွကြွနဲ့ ဗိုလ်ကျော်ဇောကတဆင့် မှာခဲ့ဖူးသတဲ့။ အဲဒီလိုသင်တန်းပို့ချနိုင်သူ သဘောတရား ပိုင်နိုင်ကြေညက်သူတွေဟာ ကွန်မြူနစ်တွေချည်းသာလို့ ဆိုရမလောက်ဖြစ်ခဲ့တယ်။ သခင်ဗဟိန်း ကလည်း သင်တန်းပို့ချပေးနိုင်တဲ့နေရာမှာ နာမည်ကြီး၊ သခင်သန်းထွန်းကလည်း သင်တန်းပြ သင်တန်းချ နာမည်ကြီး။ သခင်စိုး ကလည်း ရောက်လေရာ သင်တန်းဖွင့်ပြီး သဘောတရားသင်တန်းပေးလေ့ရှိသူ။ တပ်မတော်တွင်းက တပ်မှူး တပ်ဗိုလ်တစ်ချို့ဟာ စနစ်တကျ စီစဉ်လျှို့ဝှက်ပြီး ကွန်မြူနစ်ပါတီက ပို့ချတဲ့ နိုင်ငံရေးသင်တန်း၊ သဘောတရားရေးသင်တန်းများကို သွားတက်ကြလေ့ရှိပါတယ်။ တပ်မတော်ကြီးတခုလုံးရဲ့ အဓိကခေါင်းဆောင်ကတော့ ဗိုလ်ချုပ်အောင်ဆန်း။

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီ မတ်လရောက်တော့ အိန္ဒိယရောက်နေတဲ့ သခင်သိန်းဖေဟာ သခင်သန်းထွန်းနဲ့ အခိုင်အမာ အဆက်အသွယ်ရနေပြီဖြစ်ပါတယ်။ သခင်သိန်းဖေဟာလည်း ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်တယောက်ဖြစ်ပါတယ်။ သခင်သန်းထွန်းကတဆင့် သခင်စိုး၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုတို့နဲ့လည်း လျှို့ဝှက်ဆက်သွယ်မိပြီဖြစ်ပါတယ်။

ဂျပန်ဝင်စကတည်းက ဂျပန်နဲ့ပြဿနာပေါ်ခဲ့ ဘီအိုင်အေနဲ့ ပြဿနာပေါ်ခဲ့ဖူးတဲ့ ကရင်အမျိုးသားများ

ဟာ ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်တလျှောက်လုံး ရှိနေခဲ့တယ်။ ဒေါက်တာ စံစီဖိုး၊ စောစံဖိုးသင်၊ စောဘဦး၊ စောဟင်နရီ၊ ဂျွန်ဆင်၊ ကံကြီး တို့ဟာ ထင်ရှားတဲ့ ကရင်အမျိုးသားခေါင်းဆောင်တွေဖြစ်ကြတယ်။ စောစံဖိုးသင်ဟာ တောင်ငူဘက်မှာ ခိုပြီး ပြောက်ကျားတပ်စည်းရုံးနေတဲ့ အင်္ဂလိပ်မေဂျာဆီးဂရင်းနဲ့ အဆက်အသွယ်ရှိနေတယ်။ ဗိုလ်စကြာဲ့ကတောင် သူ့ကို အိန္ဒိယဘက်ကို ပို့ပေးပါလို့ စကားကမ်းလှမ်းခဲ့ဖူးပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက စောစံဖိုးသင်နဲ့ စောကြာဒိုးကို တပ်မတော်တွင်း သိမ်းသွင်းပါဝင်စေခဲ့တယ်။ စောစံဖိုးသင်ဟာ တပ်မတော်တွင်းမှာ ဗိုလ်ကြီးဖြစ်လာခဲ့သလို၊ ဆင်းဟတ် စစ်တက္ကသိုလ်ဆင်း စောကြာဒိုးဟာ စစ်ဝန်ကြီးရုံးမှာ ဒုဗိုလ်မှူးကြီးဖြစ်လာခဲ့တယ်။ ကရင်တပ်ရင်းဖွဲ့ပြီး မြစ်ဝကျွန်းပေါ်ကိုလည်း ကရင်ဗမာချစ်ကြည်ရေးအဖွဲ့တွေ စေလွှတ်ကြတယ်။ သခင်နု နဲ့ ဗိုလ်လက်ျာတို့ရဲ့ ချစ်ကြည်ရေးခရီးတွေ အောင်မြင်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနဲ့ စောကြာဒိုး၊ စောဟင်နရီ၊ ဂျွန်ဆင်ကံကြီးတို့လို ကရင်ခေါင်းဆောင်တွေ ကျိတ်ဝိုင်းဆွေးနွေးကြပြီး ဂျပန်ကို မတော်လှန်မီ ကရင်ဗမာသွေးစည်းရေးကို ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ခဲ့ကြတယ်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှာ ဂျပန်ပေးတဲ့ ဗမာပြည်လွတ်လပ်ရေး တနှစ်ပြည့်မြောက်ပွဲ ဂျူဗလီဟောမှာ ကျင်းပတယ်။ အဓိပတိဒေါက်တာဘမော် မိန့်ခွန်းချွေအပြီးမှာ ဗိုလ်ချုပ်အောင်ဆန်းက "လွတ်လပ်ရေးဟာ အပေါ်ယံလွတ်လပ်ရေးပဲ ရှိနေသေးတယ်။ ကျုပ်တို့ရှေ့ဆက်ပြီး စခန်းသွားနိုင်အုံးမှ လွတ်လပ်ရေးအကောင်အထည်ကို မြင်ရလိမ့်မယ်" လို့ ဖွင့်ဟပြောဆိုသွားတယ်။

ဂျပန်ကို ဆန့်ကျင်တွန်းလှန်ကြဖို့ ဗမာ့မြေပေါ်ကနေ ဒီဖက်ဆစ်တွေကို အပြီးပိုင် မောင်းထုတ်နိုင်ဖို့ လက်တွေ့ဘဝတွေကနေ တောင်းဆိုလာနေပါပြီ။

ဂျပန်တွေ ဗမာပြည်တွင်း ခြေနင်းဝင်ရောက်မလာနိုင်ခင်ကတည်းက ဂျပန်တွေဟာ ဖက်ဆစ်တွေဖြစ်တယ်။ ဒီဖက်ဆစ်တွေကို ဦးတည်ဆန့်ကျင်တိုက်ခိုက်ရမယ်လို့ နိုင်ငံရေး ရေချိန်ရှိရှိနဲ့ ကြိုမြင်ခဲ့တာဟာ ကွန်မြူနစ်တွေဖြစ်ခဲ့တယ်။ ကြိုမြင်တဲ့အတိုင်း ကြိုလဲပြောခဲ့တယ်။ အင်းစိန်စစ်တမ်းဟာ အခိုင်အမာသက်သေပါပဲ။

ကြိုမြင်တဲ့အတိုင်း ဖက်ဆစ်ဝါဒကို ဆန့်ကျင်ဖို့၊ ဖက်ဆစ်တွေတိုက်ထုတ်ဖို့ ကြိုပြင်ခဲ့တာလည်း ကွန်မြူနစ်တွေပဲဖြစ်ပါတယ်။ အစောဆုံးပြင်ဆင်စည်းရုံးနေခဲ့တာ၊ အစီအစဉ်ရှိရှိ အင်အားစုဆောင်း လုပ်ဆောင်နေခဲ့တာ ကွန်မြူနစ်တွေဖြစ်နေတယ်။

၁၉၄၄ ခုနှစ်ထဲရောက်တော့ ကွန်မြူနစ်တွေရဲ့ ဒီအမြင်ကို ယေဘုယျအားဖြင့် အားလုံးလိုလိုက သိရှိသဘောပေါက် လက်ခံနေရပြီဖြစ်ပါတယ်။ သဘောတရားရေးအခြေခံအားဖြင့်တော့ ဖက်ဆစ်ဆန့်ကျင်ရေးအမြင်ဟာ တစုတစည်း တညီတညွတ်ထဲဆီ ရောက်ရှိလာခဲ့ပါပြီ။ သဘောတရားရေးအမြင်ကနေ လက်တွေ့ဆီသွားဖို့လည်း စတင်ပြင်ဆင်ကြပါပြီ။

ဒုတိယကမ္ဘာ့စစ်ကြီး တခုလုံးရဲ့အခြေအနေကို ပြန်ကြည့်မယ်ဆိုရင်လည်း ဆိုဗီယက်စစ်မျက်နှာမှာ ဆိုဗီယက်ဟာ ခံစစ်ကနေ ထိုးစစ်ကူးပြောင်းလာနေပါပြီ။ ဂျာမန်နာဇီတွေကို ဆိုဗီယက်အပြင်ရောက်အောင် တိုက်ထုတ်ပစ်လိုက်နိုင်ပါပြီ။ အီတလီဖက်ဆစ်တွေလဲ ရှုံးနိမ့်သွားပြီဖြစ်ပါတယ်။ တရုတ်ပြည်မှာလည်း ဂျပန်တွေရှေ့မတိုးနိုင်တော့ပဲ ခံနေရပြီဖြစ်ပါတယ်။

ရုရှားစစ်မျက်နှာအပြင် ဂျာမန်တွေအပေါ် ဒုတိယစစ်မျက်နှာ အသစ်တခုကိုလည်း မဟာမိတ်စစ်တပ်တွေက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ် 'နော်မန်ဒီ' ကမ်းခြေကို အောင်မြင်စွာ ကမ်းတက် နိုင်ခဲ့ပြီး ပြင်သစ်၊ ဘယ်လ်ဂျီယံတို့ကို ချီတက်တိုက်ခိုက်နေပြီဖြစ်ပါတယ်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့မှာ ဗိုလ်ကျော်ဇော (ရဲဘော်သုံးကျိပ်ဝင်) ဦးစီးတဲ့ ပဲခူး စံပြတပ်ရင်းထဲမှာ ဗိုလ်ကျော်ဇောအိမ် အိပ်ခန်း ဗိုလ်ကျော်ဇောရဲ့ ကုတင်ပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်စိုးတို့ လျှို့ဝှက်ပြီး တွေ့ဆုံနိုင်ခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အထူးတာဝန်ပေးချက်နဲ့ ဗိုလ်ကျော်ဇော ကိုယ်တိုင် ဒေးဒရဲနယ် ဂွကလေးရွာအရောက်သွားပြီး ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေ လျှို့ဝှက်လုပ်နေတဲ့ သခင်စိုးကို စစ်အရာရှိငယ် ယူနီဖောင်းဝတ်ဆင်စေပြီး ခေါ်ထုတ်လာခဲ့ခြင်းဖြစ်ပါတယ်။ သခင်စိုးကို သွားခေါ်ရေးအတွက် ဒေးဒရဲခရီးစဉ်ကို အသေးစိတ်စီစဉ်ပေးသူက သခင်သန်းထွန်းဖြစ်ပါတယ်။ ဗိုလ်ကျော်ဇောအိမ်အထိ သခင်စိုးကို ခေါ်ထုတ်လာနိုင်ပြီးချိန်ရောက်မှ ဗိုလ်ချုပ်အောင်ဆန်းက ပဲခူးကိုလာရောက် အနားယူလည်ပတ်တဲ့ဟန်နဲ့ ပဲခူးကိုရောက်လာပြီး သခင်စိုးနဲ့တွေ့ကြတာဖြစ်ပါတယ်။ ဗိုလ်ကျော်ဇော အိပ်ခန်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်စိုးတို့ သုံးရက်ဆက်တိုက် လျှို့ဝှက်ဆွေးနွေးကြပါတယ်။ ဒီသမိုင်းဝင်ဆွေးနွေးပွဲကြီးရဲ့ ရလဒ်ကတော့ ဖတပလအဖွဲ့ကြီး အောင်မြင်စွာ ဖွဲ့စည်းနိုင်ခြင်းဖြစ်ပါတယ်။ အဲဒီနောက် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့ ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး (ဖတပလ) အဖွဲ့ကြီးရဲ့ ဦးစီးအဖွဲ့ကိုဖွဲ့နိုင်ခဲ့ပါတယ်။ တာဝန်ခွဲဝေယူကြတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေး၊ သခင်စိုးက နိုင်ငံရေး၊ သခင်သန်းထွန်းက နိုင်ငံခြားဆက်သွယ်ရေး ဖြစ်လာပါတယ်။ ပထမဆုံး ပဲခူးမှာ စတင်ဆွေးနွေးကြစဉ်က သခင်စိုးဟာ ကွန်မြူနစ်ပါတီကို ကိုယ်စားပြုပြီး၊ ဗိုလ်ချုပ်အောင်ဆန်းကတော့ ပြည်သူ့အရေးတော်ပုံပါတီရော တပ်မတော်ရောကို ကိုယ်စားပြုဆွေးနွေးကြတာဖြစ်ပါတယ်။ အဓိကအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ကို ကိုယ်စားပြုဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနဲ့ ဗမာတပ်မတော်ဆိုတဲ့ အဓိကအင်အားစု (၃) စုကို အခြေခံပြီး (ဖတပလ) ဆိုတဲ့ အမျိုးသားတပ်ပေါင်းစုကြီးကို ဖွဲ့စည်းလိုက်တော့ တဖွဲ့လျှင် (၃) ဦးစီနဲ့ (၉) ဦးဟာ ပထမဆုံးသော 'ဖတပလ' ဗဟိုဦးစီးအဖွဲ့ဝင်တွေဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း။ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ချစ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း။ သခင်စိုးက နိုင်ငံရေးခေါင်းဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးခေါင်းဆောင်၊ သခင်သန်းထွန်းက အထွေထွေအတွင်းရေးမှူးနဲ့ မဟာမိတ်များနဲ့ ဆက်သွယ်ရေး တာဝန်ကိုပါယူပါတယ်။

ဖတပလဖွဲ့ပြီးတာနဲ့ တပြိုင်နက်၊ စည်းကမ်းလျော့ရဲရဲဖြစ်နေလို့ စံပြတပ်ရင်းတွေဖွဲ့ပြီး တည်ဆောက်နေရတဲ့ တပ်မတော်ကို တော်လှန်ရေးအတွက် အချိန်မီ မြန်မြန်ပြောင်းလဲ လာစေဖို့ ဗိုလ်ချုပ်အောင်ဆန်းက ကွန်မြူနစ်ပါတီမှ နိုင်ငံရေးကေဒါတွေတောင်းပြီး တပ်အသီးသီးထဲ လျှို့ဝှက်သွင်းတာလုပ်ပါတယ်။ သခင်သန်းထွန်းနဲ့ ညှိနှိုင်းပြီး အဓိကတပ်မှူး၊ တပ်ကြပ် ခေါင်းဆောင်တွေကို နိုင်ငံရေးနဲ့ တော်လှန်ရေး ပညာပေးရေးတွေကို လုပ်ဆောင်စေပါတယ်။

'အာရှလူငယ်အစည်းအရုံး' ထဲကိုလည်း တချို့လူငယ်များကို မြုပ်နှံနေရာချထားပေးပြီး အစီအစဉ်ရှိရှိလှုပ်ရှားစေပါတယ်။ မဟာမိတ်များနဲ့ ဆက်သွယ်ရေးတာဝန်ကိုပါယူထားတဲ့ သခင်သန်းထွန်းဟာ အိန္ဒိယမှာရှိနေတဲ့ သခင်သိန်းဖေမှတဆင့် (ဖတပလ) အနေနဲ့ Force 136 (အင်္ဂလိပ်တပ်ဖွဲ့ ၁၃၆) နဲ့ အဆက်အသွယ် တရားဝင်ရရှိလာပါတယ်။ 'ဖတပလ' အနေနဲ့ အိန္ဒိယရောက် သခင်သိန်းဖေနဲ့ ဝိုင်ယာလက်အဆက်အသွယ် လုပ်နိုင်လာသလို Force 136 နဲ့ ဖတပလ တို့ တပတ် (၂) ကြိမ် ဝိုင်ယာလက် ဆက်သွယ်ရေး ပုံမှန်လုပ်နိုင်လာခဲ့တယ်။

ဖတပလ အဖွဲ့ချုပ်ကြီးရဲ့ 'နယ်ချဲ့ဖက်ဆစ်ဒမြ ဂျပန်လူရိုင်းများကိုမောင်းထုတ်ကြ' ဆိုတဲ့ကြေညာစာတမ်း အမှတ် (၁) ကို လျှို့ဝှက်ပြီး ထုတ်ပြန်ဖြန့်ဖြူးလိုက်ပါတယ်။

ဂျပန်တွေ ဝင်လာစကတည်းက မြေအောက်တော်လှန်ရေး နည်းနာတွေနဲ့ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းတွေလုပ်နေခဲ့တဲ့ ကွန်မြူနစ်ပါတီကြောင့် သဘောတရားရေးဝါဒဖြန့်ချိရေး ပညာပေးရေးတွေ အတိုင်းအတာတခုအထိ ပြည့်စုံနေပြီးဖြစ်ပါတယ်။ အရေးကြီးလှတဲ့ ပြောက်ကျားအခြေခံဒေသ ဖော်ထုတ်ရေးနဲ့ ပြောက်ကျားတပ်ဖွဲ့တွေ ဖွဲ့စည်းရေးကိုလည်း ပြင်ဆင်နိုင်ခဲ့ပြီး လိုအပ်တဲ့ စစ်သင်တန်းများကိုလည်း ကျေးလက် တောရွာ ဒေသတော်တော်များများအထိ စည်းရုံးပို့ချထားနိုင်ပြီးဖြစ်ပါတယ်။

ဒီလို ရေရှည်မြေအောက်တော်လှန်ရေး နည်းနာတွေနဲ့ လုပ်ကိုင်ဆောင်ရွက်ရတာကြောင့် တော်လှန်ရေး မဆင်နွှဲနိုင်သေးမီအချိန်အတွင်းမှာကို ပေးခဲ့ရတဲ့ အရင်းအနှီးတွေလည်းရှိခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဝင် ရဲဘော်ချစ်တီး (ခေါ်) ရဲဘော်သိန်းတန် (စစ်ကိုင်း) (ဗိုလ်မှူးကြီးစောမြင့်ရဲ့အကိုရင်း) ဟာ ဂျပန်ကင်ပေတိုင်တွေရဲ့ အဖမ်းခံရပြီး ညှဉ်းပမ်းနှိပ်စက်မှုမျိုးစုံကို သတ္တိရှိရှိရင်ဆိုင်ရင်း၊ စစ်ကိုင်းတံတားကြီးပေါ်မှာ၊ ဂျပန်ဓားချက်အောက်မှာ ဧရာဝတီမြစ်ကြီးအတွင်း လည်ပြတ်ပြီး ခေါင်းကျခဲ့ရပါတယ်။ ရက်ရက်စက်စက် အသတ်ခံခဲ့ရပါတယ်။ ၁၉၄၂ ခုနှစ်အတွင်းမှာပါ။ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေကြောင့် အစောဆုံး ဖမ်းဆီးခံရသူတွေထဲမှာ သခင်ကျော်စိန်၊ သခင်ဖေဌေး၊ သခင်မြသန်း၊ ဆရာရာဂျန် တို့လည်း ပါခဲ့ပါတယ်။ သူတို့ဟာလည်း ကွန်မြူနစ်တွေဖြစ်ခဲ့ပါတယ်။ တောင်ငူ ဖြူး သခင်သန်းဖေလည်း ရက်ရက်စက်စက် အနှိပ်စက်ခံခဲ့ရတယ်။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာ၊ အောက်တိုဘာလထဲမှာ သခင်သန်းထွန်းရဲ့ စနစ်တကျ အစီအစဉ်နဲ့ ရုပ်ပြဝင်လုပ်နေတဲ့ ဝန်ကြီးဆိုတဲ့ အကာအကွယ်နဲ့ သခင်ဗိုလ်၊ မန်းဝင်းမောင်တို့ဦးဆောင်တဲ့ မျိုးချစ်ရဲဘော်တသိုက်ကို စစ်ပညာလေ့လာဖို့ တော်လှန်ရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ အိန္ဒိယနိုင်ငံ သခင်သိန်းဖေဆီ လွှတ်နိုင်ခဲ့ပါတယ်။ ကရင်မျိုးချစ်တယောက်လည်းဖြစ် တိုးတက်တဲ့အမြင်ရှိသူလည်းဖြစ်တဲ့ မန်းဝင်းမောင်ဟာ သခင်သန်းထွန်းကိုယ်တိုင် မွေးမြူရွေးချယ်ခဲ့တာပါ။ အထက်ဗမာပြည်တိုင်းမှူးဖြစ်တဲ့ ဗိုလ်မှူးဗထူးနဲ့ သခင်သန်းထွန်း ချိတ်ဆက်မိမိ စီစဉ်ပြီး အိန္ဒိယပို့ရေးကို တသုတ်ပြီးတသုတ် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်အုံးမောင်၊ ဦးကျော်ရင် (နောင် ပါမောက္ခဦးကျော်ရင်) တို့ဟာ အဲဒီလိုနည်းနဲ့ အိန္ဒိယရောက်ခဲ့ကြတဲ့သူတွေပါ။ ရခိုင်ဗိုလ်ညိုထွန်းတို့အဖွဲ့မပါ၊ အားလုံး (၃၀) ရှိတယ်ဆိုပါတယ်။ ဒီရဲဘော်တွေဟာ နောင် (လေထီး) ရဲဘော်တွေလို့ အမည်ထင်ရှားလာခဲ့ကြပါတယ်။ ဗမာပြည်သမိုင်းမှာ အရေးပါသူတွေဖြစ်ခဲ့ကြပါတယ်။ အများစုကြီးဟာ ကွန်မြူနစ်တွေဖြစ်ကြပါတယ်။

စက်တင်ဘာလထဲမှာပဲ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်နေဝင်း၊ ဗိုလ်ရဲထွဋ်တို့ ဒေးဒရဲကိုသွားပြီး ဖတပလကြီးရဲ့ နိုင်ငံရေးခေါင်းဆောင် သခင်စိုးနဲ့ တွေ့ကြပြီး စည်းရုံးရေးဆိုင်ရာ အသေးစိတ်လုပ်ငန်းတွေ ထပ်ညှိနှိုင်းဆွေးနွေးဖြစ်ကြပါတယ်။ အောက်တိုဘာလထဲမှာ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ သခင်ချစ်နဲ့ ရန်ကုန်ဘဆွေတို့ သခင်စိုးနဲ့ လျှို့ဝှက်တွေ့ဆုံကြကာ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ တပ်မတော်တို့ တပါတီတည်းအဖြစ်ပူးပေါင်းပြီး 'တော်လှန်ရေးတပ်ဦး' ဖွဲ့ကြပြန်ပါတယ်။ ဖတပလကြီးဟာ လျှို့ဝှက်အမျိုးသား တပ်ပေါင်းစုအဖွဲ့ချုပ်ကြီးအဖြစ် ခြေလှမ်းရှိရှိ သက်ဝင်လှုပ်ရှားနေပါပြီ။

၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ ဂျပန်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ လက်တွေ့တိုက်ပွဲတွေကတော့ ရခိုင်တိုင်းမှာ စတင်ပေါ်ပေါက်လာပါတယ်။ ရခိုင်တိုင်းဟာ ပထဝီအနေအထားအရ မဟာမိတ်ဗြိတိသျှတွေ အခိုင်အမာတပ်ချထားတဲ့ အိန္ဒိယနဲ့ နယ်နိမိတ်ချင်းဆက်စပ်နေပြီး ဖက်ဆစ်တော်လှန်ရေးအတွက် ၁၉၄၂ ခုနှစ် နှစ်လယ်လောက်ကထဲက သခင်သိန်းဖေ၊ သခင်တင်ရွှေတို့ အိန္ဒိယမကူးခင် သခင်စိုး၊ သခင်တင်မြတို့

မင်းပြားဘက်ရောက်လာရင်း၊ အစောဆုံး စည်းရုံးပြင်ဆင်ခဲ့ကြသလို ဗိုလ်ရန်အောင်တို့ ရောက်လာတော့လည်း စည်းရုံးရေးလုပ်ခဲ့ရုံမက လက်နက်တချို့နဲ့ ရံပုံငွေတွေပါ ပေးအပ်ထားခဲ့တဲ့ တိုင်းဖြစ်ပါတယ်။ ရခိုင်တို့ဗမာဆင်းရဲသား အစည်းအရုံးခေါင်းဆောင်တွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ယူထားကြပြီး ဖုံပေါက်သာကျော်၊ ကိုလှကျော်တို့ဟာ ပြည်သူ့အရေးတော်ပုံပါတီနဲ့ ဆက်သွယ်ထားကြပါတယ်။ ဦးညိုထွန်း၊ ဦးကျော်မြ၊ ဦးဘစံ၊ ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးအောင်သာဦး၊ ဦးကျော်ရင်တို့ဟာ ရခိုင်တော်လှန်ရေးခေါင်းဆောင်တွေဖြစ်ပါတယ်။ ဖတပလ နဲ့ ဆက်သွယ်လုပ်ကိုင်နေကြသူတွေလည်းဖြစ်ကြပါတယ်။

မဟာမိတ်တွေဘက်ကလည်း ဗမာပြည်စစ်မျက်နှာဖွင့်ဖို့ ပထမဆုံးတိုက်သင့်တဲ့တိုင်းလို့ သတ်မှတ်ထားပြီး၊ ၁၉၄၄ အကုန်မှာ စစ်တွေခရိုင် မေယု၊ ကုလားတန်မြစ်ဖျားအနီးမှာရှိတဲ့ ဂျပန်တွေကို စတင်ထိုးစစ်ဆင်ပါတယ်။ မဟာမိတ်တွေ ကုလားတန်မြစ်ဖျားအနီးမှာရှိတဲ့ ဂျပန်တွေကို စတင်ထိုးစစ်ဆင်ပါတယ်။ မဟာမိတ်တွေ ကုလားတန်မြစ်ဖြတ်မကူးနိုင်ခင် ဗိုလ်ကြာလှအောင် ခေါင်းဆောင်တဲ့ ရခိုင်ကာကွယ်ရေးတပ်တွေက ဂျပန်ကို သေနတ်ပြောင်းလှည့်ပြီး တိုက်ပါတယ်။ ရခိုင်ဖက်ဆစ်တော်လှန်ရေးနဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူထားတဲ့ ဗိုလ်ညိုထွန်းဟာ မဟာမိတ် (၁၃၆) ခေါင်းဆောင် မေဂျာကရူးနဲ့အတူ လေထီးကြိုဆင်း ရောက်ရှိနေပြီဖြစ်ပါတယ်။ ဗိုလ်ကြာလှအောင်နဲ့ပေါင်းမိပြီး တပ်သစ်တွေဖွဲ့လိုက်ကြပါတယ်။ ဦးစိန္တာနဲ့ ဖုံပေါက်သာကျော် တို့ကို မင်းပြားဘက်မှာ လေထီးနဲ့ချပေးပြီး လိုင်းယင်း (LION) အဖွဲ့နာမည်နဲ့ တိုက်ကြပါတယ်။ ကျောက်ဖြူဘက်မှာလည်း သခင်သိန်းဖေလွှတ်လိုက်တဲ့ ဦးဘစောတို့အဖွဲ့ဟာ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီမှာ လေထီးနဲ့ဆင်းနိုင်လာပြီးဖြစ်ပါတယ်။ သံတွဲကိုတာဝန်ယူရတဲ့ ဦးကျော်ရင်က ရန်ကုန်ပြောင်းတာဝန်ယူရလို့ သူ့လက်အောက် ကျန်လူများက ဆက်တာဝန်ယူကြပါတယ်။ ဖေဖော်ဝါရီလမှာ မင်းပြား၊ မြေပုံဘက်မှာ တိုက်ပွဲတွေ တိုက်ပွဲတွေ စိပ်လာပါပြီ။

ဖက်ဆစ်တော်လှန်ရေးကို တပြည်လုံးဆင်နွှဲဖို့ နောက်ဆုံးတွေ့ဆုံဆွေးနွေးဆုံးဖြတ်မှုတွေလုပ်ဖို့ ၁၉၄၅ ခုနှစ်၊ မတ်လဆန်းမှာ ဗိုလ်ချုပ်အောင်ဆန်းအိမ်မှာ တော်လှန်ရေးခေါင်းဆောင်တွေ လျှို့ဝှက်တွေ့ဆုံဆွေးနွေးကြပါတယ်။ (၃) ရက်ဆက်တိုက် ညစဉ်ဆွေးနွေးကြပြီးနောက် တပြည်လုံးရဲ့ နိုင်ငံရေးခေါင်းဆောင် သခင်စိုး၊ တပြည်လုံး စစ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ တပြည်လုံးရဲ့ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ သခင်သန်းထွန်းအဖြစ် သတ်မှတ်ပြီးတဲ့အပြင်၊ စစ်တိုင်းကြီးတွေ သတ်မှတ်ခွဲဝေပိုင်းခြားကြပြီး တိုင်းအလိုက်၊ ဒေသအလိုက် နိုင်ငံရေးခေါင်းဆောင် စစ်ရေးခေါင်းဆောင်များကိုပါ သတ်မှတ်ခွဲဝေ တာဝန်ချထား ဖွဲ့စည်းလိုက်ကြပါတယ်။ အဓိကအားဖြင့် တိုင်းကြီး (၇) တိုင်း၊ ဒေသသုံးခုခွဲပြီး တပြည်လုံးအတွက် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲဖို့ မတ်လ (၂၇) နေ့အဖြစ် သတ်မှတ်လိုက်ပါတယ်။ စစ်တိုင်းများရဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီကချည်းဖြစ်ပြီး စစ်ရေးခေါင်းဆောင်တွေဟာ ဗမာ့တပ်မတော်ကချည်းဖြစ်ပါတယ်။ တိုင်းအလိုက် နိုင်ငံရေးခေါင်းဆောင်တွေဟာ ဗမာပြည်ကွန်မြူနစ်ကချည်းဖြစ်ပါတယ်။ တိုင်းအလိုက် နိုင်ငံရေးခေါင်းဆောင်တွေဟာ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ချစ်၊ သခင်ဗသိန်းတင်၊ သခင်တင်ထွန်း၊ သခင်တင်မြ၊ ကိုစံညွန့်တို့ဖြစ်ကြပြီး စစ်ရေးခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မောင်မောင်၊ ဗိုလ်စောကြာဒိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇော၊ ဗိုလ်တင်ထွန်း၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်မျှုးအောင်၊ ဗိုလ်မှူးဗထူး၊ ဗိုလ်ခင်ညို တို့ဖြစ်ပြီး တိုင်း (၂)၊ တိုင်း (၃) ဆက်သွယ်ရေးတာဝန်ခံက ဗိုလ်လကျ်ာဖြစ်ပါတယ်။ ဦးဗဆွေနဲ့ ဦးကျော်ငြိမ်း က ရန်ကုန်တာဝန်ခံဖြစ်ပါတယ်။

ရခိုင်တော်လှန်ရေးသမားတွေရဲ့ စွမ်းပကားနဲ့ ၁၉၄၄ ခုနှစ် နှစ်ကုန်ပိုင်းက စတင်လိုက်တဲ့ ဖက်ဆစ်တော်လှန်ရေးအောင်ပွဲတွေကြောင့်၊ မဟာမိတ်တပ်တွေဟာ ရခိုင်တိုင်းကိုဖြတ်ပြီး ဗမာပြည်အတွင်း အောင်မြင်

စွာဝင်ရောက်လာနိုင်ပြီဖြစ်ပါတယ်။ မုံရွာနဲ့ ရွှေဘိုဘက်အထိ မဟာမိတ်တပ်တွေ ထိုးစစ်ဆင်လာခဲ့ပြီဖြစ်ပါတယ်။ ဗုံးကြဲလေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်လိုက် အမြောက်ကြီးတွေ တင့်ကားတွေနဲ့ပါ ပစ်လိုက် တက်လိုက်နဲ့ ဝင်လာခဲ့ပါတယ်။ ရန်ကုန်မြို့ကိုလည်း မဟာမိတ်တပ်က ဗုံးကြဲတိုက်ခိုက်တာတွေ အဆက်မပြတ်လုပ်လာပါတယ်။

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းရောက်တော့ အထက်ဗမာပြည် ရေဝင်တဇယ်နယ်ဘက်မှာ ဂျပန်တွေက ဟော်ဝစ်ဇာ မြေပြင်ပစ်အမြောက်ကြီးတွေ ဖြန့်ခွဲချထားပြီး အကြီးအကျယ် ခုခံနေကြတာကြောင့်၊ မဟာမိတ်တပ်တွေ ရှေ့မဆက်တက်နိုင်ဖြစ်ကြပါတယ်။ အဲဒီအချိန်တုန်းက စစ်ကိုင်းနယ်မှာ 'ပါတီတပ်' ဆိုတာရှိပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးဆင်နွှဲနိုင်ရေးအတွက် နိုင်ငံရေး စစ်ရေး သင်တန်းပေးပြီး လျှို့ဝှက်စွာဖွဲ့စည်းထားတဲ့ ပြောက်ကျားတပ်ဖြစ်ပါတယ်။ ဒေသခံတွေကတော့ 'ပါတီတပ်' လို့ပဲခေါ်ကြပါတယ်။ အဲဒီ 'ပါတီတပ်' မှာနိုင်ငံရေးမှူး၊ ဒု နိုင်ငံရေးမှူးနဲ့ စစ်ရေးတာဝန်ခံ၊ ဒုစစ်ရေးတာဝန်ခံရှိပါတယ်။ တပ်ရဲ့ အဓိကပုဂ္ဂိုလ် (၄) ဦးပါ။ အင်ဖာလစ်မျက်နှာကို ပို့ပေးနေတဲ့ ဂျပန်ရဲ့ လျှို့ဝှက်ထောက်ပို့စခန်းထဲက လက်နက်တွေကိုပါ နည်းအမျိုးမျိုးနဲ့ ရယူစုဆောင်းတဲ့တာဝန်ကိုလည်း ဒီတပ်ဖွဲ့ဝင်များဟာ အစီအစဉ်ရှိရှိ လုပ်ကိုင်နေကြပါတယ်။ ဗိုလ်မှူးဗထူးနဲ့လည်း ချိတ်ဆက်မိမိ ဆက်သွယ်ထားပါတယ်။ ဗိုလ်မှူးဗထူး ကလည်း ကွန်မြူနစ်ခေါင်းဆောင် တပ်မတော်ခေါင်းဆောင်တယောက်ဖြစ်သလို၊ ပါတီတပ်က အရေးကြီးပုဂ္ဂိုလ် (၄) ဦးလုံးဟာလည်း ကွန်မြူနစ်တွေဖြစ်ကြပါတယ်။ ရဲဘော်လှိုင်၊ ဗိုလ်သိမ်းဦး၊ ဗိုလ်ကျင်မောင်နဲ့ ရဲဘော်မြင့်ဆွေ တို့ဖြစ်ပါတယ်။

ဖက်ဆစ်ဆန့်ကျင်ရေးတော်လှန်ရေးသမားတွေကို နေရာမပေးချင်ပေမယ့် ရှေ့မတက်နိုင် အခက်အခဲဖြစ်နေတဲ့ မဟာမိတ်တပ်ကတပ်မှူးဟာ ပါတီတပ်ကို 'ဆွေးနွေးညှိနှိုင်းရန်တက်လာပါ' လို့ အကြောင်းကြားပါတယ်။ အိန္ဒိယရောက် သခင်သိန်းဖေနဲ့ မုံရွာတာဝန်ခံက ဆက်သွယ်ရန် နာမည်ပေါက်ထားတဲ့တပ်က နိုင်ငံရေးမှူး ရဲဘော်လှိုင် လိုက်သွားပါတယ်။ ဆွေးနွေးမှု အဆင်မပြေဖြစ်ပြီး ရဲဘော်လှိုင်ကို မဟာမိတ်တပ်က ဖမ်းထားလိုက်ပါတယ်။ ရွာသစ်ကြီးမှာချုပ်ထားလိုက်ပါတယ်။ အင်္ဂလိပ်တွေက "စစ်ရေးကိစ္စသာ ဆွေးနွေးချင်တာ၊ ဒါကြောင့် လက်နက်ရရေးကိစ္စ၊ ပူးပေါင်းတိုက်ရေးကိစ္စတွေကို စစ်ရေးတာဝန်ခံ လာဆွေးနွေးပါ" လို့ ထပ်အကြောင်းကြားလာလို့ စစ်ရေးတာဝန်ခံ ဗိုလ်သိမ်းဦးနဲ့ ဒုစစ်ရေးတာဝန်ခံ ဗိုလ်ကျင်မောင်တို့ ထပ်လိုက်သွားကြပါတယ်။ အင်္ဂလိပ်တပ်က ကာနယ်တယောက်က လက်ခံတွေ့ဆုံပါတယ်။ စစ်ရေးတာဝန်ခံ နှစ်ဦးက ဂျပန်တပ်ရဲ့ တပ်ချထားပုံနဲ့ ထောက်ပို့စခန်းတွေအကြောင်း အသေးစိတ်ပြောပြတဲ့အပြင် မြေပုံပါဆွဲပြပါတယ်။ အင်္ဂလိပ်တပ်ကာနယ်က ဂျပန်တွေရှိတဲ့ စစ်ကိုင်းတောင်ရိုးကို ဗုံးကြဲပြီးရှင်းလင်းဖို့ စီစဉ်ထားကြောင်း ပြောပြလာတဲ့အတွက်၊ စစ်ပြေးဒုက္ခသည် ပြည်သူလူထု သိန်းချီရှိနေတဲ့ စစ်ကိုင်းတောင်ရိုးကို ဗုံးမကြဲဖို့ အကြောက်အကန် ငြင်းခုံဆွေးနွေးရပါတယ်။ နောက်ဆုံးမှာ ဂျပန်ကင်ပေတိုင်ရုံးရှိတဲ့ ကျိုက်လတ်ချောင်ကိုသာ ဗုံးကြဲဖို့ အင်္ဂလိပ်ဘက်က အလျှော့ပေးသွားပါတယ်။ စစ်ရေးကိစ္စတွေ ဆွေးနွေးကြရာမှာ အဆင်ပြေနေပြီး နောက်ဆုံး ကာနယ်က "ခင်ဗျားတို့ နိုင်ငံရေးရည်ရွယ်ချက်ကဘာလဲ" လို့ မေးတယ်ဆိုပါတယ်။ စစ်ရေးတာဝန်ခံ ဗိုလ်သိမ်းဦးနဲ့ ဗိုလ်ကျင်မောင်က "လုံးဝလွတ်လပ်ရေး ချက်ချင်းရဖို့ပဲ" လို့ ဖြေလိုက်ကြတော့၊ ကာနယ်ကြီးက "တဆင့်ချင်း ဒိုမီနီယံဆို တော်ရောပေါ့' လို့အပြော၊ 'ဒိုမီနီယံဟာ အင်္ဂလိပ်ရဲ့ကိုလိုနီပဲ" လို့တုန့်ပြန်ပြောဆိုလိုက်ကြတဲ့အတွက်၊ ကာနယ်ကြီး ဆွေ့ဆွေ့ခုန်ပြီး ဝုန်းကနဲထရပ်ကာ ဒေါသနဲ့ ကြိမ်းမောင်းဆဲဆိုပါတော့တယ်။ ပြီးတော့ "မင်းတို့ဟာ ဂျပန်စစ်ဗိုလ်တွေဖြစ်လို့ ခုချိန်ကစပြီး သုံ့ပန်းအဖြစ်ဖမ်းလိုက်ပြီ" တဲ့။ နောက်မှ စစ်ရေးတာဝန်ခံနှစ်ယောက် သိလိုက်ရတာက ဒီကာနယ်ကြီးဟာ ဗြိတိသျှအင်ပါ

ယာအတွင်း ဒိုမီနီယံအဆင့်နဲ့ ပါဝင်နေရတဲ့ ဩစတြေးလျနိုင်ငံသားတဦး ဖြစ်နေတယ်ဆိုတာပါပဲ။ ဗိုလ်သိမ်းဦးနဲ့ ဗိုလ်ကျင်မောင်က နောက်ဆုံး လက်နက်အဖြစ် အိန္ဒိယရှိ သခင်သိန်းဖေတို့ဆီပို့နေကျ စကားဝှက်ကို ထုတ်သုံးပြောဆိုပေမယ့် "စကားဝှက် ဟုတ်မဟုတ် အထက်တင်ပြမယ်။ ခုတော့ဖမ်းတယ်" ဆိုပြီး ရွှေဘိုနဲ့ အုန်းတော အကြားက ဆားတောင်ရွာကို တန်းပို့လိုက်ပါတယ်။ 'ဆားတောင်' ရွာကိုရောက်ပြီးနောက်ပိုင်း "စကားဝှက်မှန်တယ်။ ဒါပေမဲ့ စစ်ဗိုလ်တွေဖြစ်လို့ စစ်သုံ့ပန်းပဲ" ဆိုပြီး၊ ပါးကိုက်လို့ နားကိုက်တဲ့သဘော ညစ်ပြီး ဆက်ချုပ်ထားလိုက်ပါတယ်။ 'ဆားတောင်' ကနေ ကျားမင်းကြီးရွာနားရှိ အချုပ်စခန်းကို နေရာရွှေ့ပြီး ပြောင်းချုပ်ထားပါတယ်။'ပါတီတပ်' ရဲ့ အရေးကြီးပုဂ္ဂိုလ် (၄) ဦးမှာ (၃) ဦးက အချုပ်ခံနေရပါပြီ။

ဗိုလ်သိမ်းဦးနဲ့ ဗိုလ်ကျင်မောင်ဟာ 'ကျားမင်းကြီး' ရွာနားက အချုပ်စခန်းမှာ အချုပ်ခံနေရတုန်း အပြင်ထွက် ဈေးပုံး သေးပုံးသွန်ခွင့်အရမှာ ကျန်နေခဲ့တဲ့ ဒုနိုင်ငံရေးမှူးဆီ စာတစောင်ရေးပြီး ပို့လိုက်ကြပါတယ်။ "ဒို့တော့အဖမ်းခံနေရပြီ လက်နက်စောင့်မနေနဲ့ ရှိတာနဲ့ပဲတိုက်ကြ" ဆိုတဲ့ အကြောင်းကြားစာပါ။ စာက ဒု နိုင်ငံရေးမှူးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပေမယ့် ဒုနိုင်ငံရေးမှူးဟာ သူ့ဖာသာ မဆုံးဖြတ်နိုင်။ စစ်ကိုင်းက ထတိုက်တာ မန္တလေးကကြိုမသိရင် မန္တလေးနာနိုင်တာရော၊ တိုင်းမှူးခွင့်ပြုချက်ရယူဖို့လိုတာရောကြောင့်ပါ၊ တိုင်းမှူး ဗိုလ်မှူးဗထူးဆီ အစီရင်ခံလိုက်ပါတယ်။ ဗိုလ်မှူးဗထူးနဲ့ အထက်ဗမာပြည်ဆိုင်ရာ ပါတီခေါင်းဆောင်တွေ ညှိနှိုင်းကြပြီး တညီတညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ကြပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ အထက်ဗမာပြည်အနေနဲ့ တတိုင်းလုံး တိုက်ပွဲဝင်ရမယ့် (ယ–ရက်) ဟာ မတ်လ (၈) ရက်လို့ သတ်မှတ်လိုက်ရခြင်းပဲဖြစ်ပါတယ်။

ဒီလို သတ်မှတ်လိုက်ရတာရဲ့ တခြားအရေးကြီးအချက် တချက်ကတော့ မဟာမိတ်တပ်တွေဟာ ချင်းတွင်းကိုဖြတ်ပြီး မုံရွာဘက်က ထိုးဆင်းလာမယ့် စစ်ကြောင်းတကြောင်း၊ ရွှေဘိုလွင်ပြင်ကိုဖြတ်ပြီး ရွှေဘိုဘက်က ထိုးဆင်းလာမယ့် စစ်ကြောင်းတကြောင်းနဲ့ စစ်ကိုင်းဘက်ကို ဦးတည်ထိုးစစ်ဆင်လာနေပြီဖြစ်တဲ့အတွက်၊ မဟာမိတ်တပ်တွေ စစ်ကိုင်းကို မသိမ်းပိုက်နိုင်မီ ဗမာ့တော်လှန်ရေးအင်အားစုက တော်လှန်ရေး စဖို့ လိုအပ်လာတာလဲပါပါတယ်။

တပြည်လုံးအတွက် သတ်မှတ်ထားတဲ့ မတ်လ (၂၇) ရက်နေ့မတိုင်မီ အထက်ဗမာပြည်တိုင်းက ဗိုလ်မှူးဗထူး ခေါင်းဆောင်တဲ့ တော်လှန်ရေးအင်အားစုဟာ မတ်လ (၈) ရက်နေ့ကို ပြောင်းလဲသတ်မှတ်ပြီး တော်လှန်ရေးကို စောပြီး ဆင်လိုက်ကြရပါတယ်။

အဲဒီမတ်လ (၈) ရက်နေ့ညမှာပဲ စစ်ကိုင်းပါတီတပ်က ဒုနိုင်ငံရေးမှူးရဲဘော်ဟာ စစ်ကိုင်းရဲ့ ပထမဆုံးသော ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲခေါ်သံကို လက်ပစ်ဗုံးနဲ့ဖွင့်ပြီး အောင်မြင်စွာ စတင်လိုက်နိုင်ပါတယ်။ ဂျပန်တွေရဲ့ အမြောက်စခန်းကို လက်ပစ်ဗုံးတွေကိုပဲ အဆက်မပြတ်သုံးပြီး ရဲဘော်မြင့်ဆွေ ခေါင်းဆောင်တဲ့ တော်လှန်ရေးတပ်က အောင်မြင်စွာ သိမ်းပိုက်လိုက်ကြပါတယ်။ အမြောက်တွေအားလုံးကိုလည်း ဖျက်ဆီးပစ်လိုက်နိုင်ပါတော့တယ်။

အဲဒီကျတော့မှ ဖမ်းဆီးထားတဲ့ ဗိုလ်သိမ်းဦးနဲ့ ဗိုလ်ကျင်မောင်ကိုလည်း မဟာမိတ်တပ်က ပြန်လွှတ်ပေးရုံမက တပ်ခွဲတခွဲနဲ့ ခေါ်လာခဲ့ကြပါတယ်။ ကားသွားမရတဲ့နေရာမှာ ထမ်းစင်ကို ဝေါလုပ်ပြီး ကုလားစစ်သားတွေက ထမ်းပိုးပို့ကြတယ်လို့ ဆိုပါတယ်။ အဲဒီနောက် စစ်ကိုင်းဒေသတခုလုံး တိုက်ပွဲတွေနဲ့ လျှံသွားပါတယ်။ မဟာမိတ်တပ်တွေလည်း ဂျပန်တွေမရှိတော့တဲ့ စစ်ကိုင်းကို အောင်မြင်စွာ ဝင်ရောက်လာကြပါတော့တယ်။

မတ်လ (၈) ရက်နေ့ကို တော်လှန်ရေးရက်အဖြစ် သတ်မှတ်လိုက်ရပြီး ဗိုလ်မှူးဗထူး ကိုယ်တိုင် တပ်တွေ

ဖြန့်ချကာ ဂျပန်တွေကို တိုက်ခိုက်ရင်း ကျောက်ဆည်ဘက်ဆီ ထွက်လိုက်ကြပါတယ်။ တပ်အသီးသီးဟာ မန္တလေးမြို့ လမ်းပေါ်မှာ၊ မဟာမြတ်မုနိဘုရားကြီးအနားမှာ၊ ရန်ကင်းတောင်ခြေတဝိုက်မှာ တိုက်ပွဲတွေတိုက်ခဲ့ကြပါတယ်။ အချိန်စောပြီး ဆင်နွှဲလိုက်ရတဲ့အတွက် တပြည်လုံးရဲ့ တော်လှန်ရေးအစီအစဉ် မထိခိုက်ရလေအောင် ဗိုလ်မှူးဗထူး က "ဒေါက်တာဗမော်နဲ့တကွ ဗိုလ်ချုပ်အောင်ဆန်း တို့သည် ဂျပန်ရုပ်သေးများဖြစ်နေသည်။ ပြည်သူတို့ကို ဂျပန်ဖက်ဆစ်တို့က နှိပ်စက်ညှဉ်းပန်းနေကြသည်ကို လက်ပိုက်၍သာ ကြည့်နေကြသည်။ ထို့ကြောင့် သူတို့၏ခေါင်းဆောင်မှုကို မယုံကြည်တော့ပဲ ပြည်သူ့အကူအညီဖြင့်သာ ဂျပန်ကို တော်လှန်လိုက်ပြီ" ဆိုတဲ့သဘောပါ ကြေညာချက်ကိုလည်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဗိုလ်ဗထူးရဲ့ ဂျပန်တော်လှန်ရေးသတင်းကြောင့် ရန်ကုန်မှ ဂျပန်တွေ လှုပ်လှုပ် ရှားရှားဖြစ်သွားကြပါတယ်။ ဗိုလ်ဗထူး ကြေညာတဲ့အတိုင်း "သူ့စိတ်ကူးနဲ့သူ တော်လှန်တာလား၊ ဗမာ့တပ်မတော်တခုလုံး တော်လှန်ရေးရှေ့ပြေးလား" ဆိုတာ သုံးသပ်ကြတယ်ဆိုပါတယ်။ ဂျပန်စစ်ဌာနချုပ်က ဗမာ့တပ်မတော်တွင်းရှိ ဂျပန်အကြံပေးအရာရှိချုပ် မေဂျာဂျင်နရယ် ဆဝါမိုတိုနဲ့ ကီတာဂျီးမားတို့က ဗမာ့တပ်မတော်ဟာ တိုက်ရည်ခိုက်ရည်ရှိတယ်။ အစွမ်းပြချင်နေတယ်။ ဒါကြောင့် ဗမာ့တပ်မတော်ကို လက်နက်သိမ်းမယ့်အစားယုံကြည်အားပေးတဲ့အနေနဲ့ လက်နက်ခဲယမ်းတောင်ထပ်ပေးပြီး စစ်မျက်နှာတွေမှာ နိပ္ပွန်တပ်တွေနဲ့အတူ ယှဉ် တာဝန်ပေးသင့်တယ်လို့ အကြံပေးတင်ပြကြပါတယ်။ ဂျပန်စစ်သေနာပတိ လက်ဖတင်နင် ဂျင်နရယ် ကဝါဘီက အဲဒီအဆိုကို လက်ခံလိုက်ပါတယ်။

တော်လှန်ရေးအတွက် ပြင်ဆင်ထားပြီးပြီဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်လကျာ၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လရောင်၊ ဗိုလ်ရန်အောင် စတဲ့ တပ်မတော်ခေါင်းဆောင်တွေဟာ အဲဒီအခွင့်အရေးကို အသုံးချပြီး မတ်လ (၁၇) ရက်နေ့မှာ ရွှေတိဂုံဘုရား အနောက်မုခ် အဆင်းကွင်းပြင်မှာ ရန်သူတိုက်ဖို့ အကြောင်းပြချက်နဲ့ ဗမာ့တပ်မတော် စစ်ထွက်အခမ်းအနား ကျင်းပပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အနီးဆုံးရန်သူ ရွေးတိုက်ကြဆိုတဲ့ အဓိပ္ပါယ်ပါပါ စစ်ထွက်မိန့်ခွန်းပြောပြီး တပ်တွေကို အစီအစဉ်ရှိရှိ အထွက်ခိုင်းလိုက်ပါတော့တယ်။ သူကိုယ်တိုင်လဲ (၂၂) ရက်နေ့မှာ နေအိမ်ကထွက်ပြီး သတ်မှတ်ထားရာတပ်ဆီ လိုက်ပါသွားပါတော့တယ်။

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့မှာ ပြည်လုံးကျွတ်သမိုင်းဝင် ဖက်ဆစ်တော်လှန် ရေးကြီးကို စတင်ဆင်နွှဲလိုက်ကြပါပြီ။

အင်္ဂလိပ် ဖို့၁၃၆ နဲ့ မောင့်ဘက်တန်ရဲ့ စစ်ဌာနချုပ်ကိုလည်း ဝိုင်ယာလက်အဆက်အသွယ်နဲ့ အကြောင်းကြားပြီးပြီဖြစ်ပါတယ်။

သခင်သန်းထွန်းကလည်း သူ့ရဲ့ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ကိုပါ ထမ်းဆောင်ရင်း သခင်ဗဟိန်း၊ သခင်သန်းဖေတို့နဲ့အတူ တောင်ငူခရိုင်ဘက်မှာ တောတွင်းပြောက်ကျားတပ်ဖွဲ့များကို ဦးစီးကာ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲတွေကြား ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲပါတော့တယ်။

ကရင်အမျိုးသားများဟာလည်း ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲအတွင်း ဖတပလ ကြီးနဲ့အတူ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။ တသီးပုဂ္ဂလအဖြစ် ပါဝင်ခဲ့ကြသူတွေလည်း အများကြီးပါ။ ပြည်သူလူထုတရပ်လုံး ပါဝင်ခဲ့ကြတဲ့ ပြည်လုံးကျွတ်လက္ခဏာဆောင်တဲ့ ဂုဏ်ပြောင်တဲ့ ဖက်ဆစ်တော်လှန်ရေးကြီးဟာ ဗမာပြည်သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်းကြီးတခုလဲပဲ ဖြစ်ပါတယ်။

ဖက်ဆစ်တော်လှန်ရေး အင်အားစုအားလုံးကို 'ဖတပလ' ဆိုတဲ့ တစုတစည်းတည်းသော အမျိုးသားတပ်ပေါင်းစုအဖွဲ့ချုပ်ကြီးအဖြစ် အခိုင်အမာတည်ဆောက်ပြီး ဖက်ဆစ်တော်လှန်ရေးကြီးကို အကျယ်

ပြန့်ဆုံး ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲစဉ်မှာ ဖက်ဆစ်တော်လှန်ရေးအောင် လံတော်အဖြစ် သတ်သတ်မှတ်မှတ် အသုံးပြုခဲ့ကြတာက အနီရောင်အောက်ခံပေါ်မှာ ကြယ်ဖြူတပွင့် အလံ တော်ဖြစ်ပါတယ်။ ဗမာပြည်ဖက်ဆစ်တော်လှန်ရေးကြီးဟာ ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးရဲ့ အစိတ်အပိုင်း တရပ်အဖြစ်လည်း ဂုဏ်ယူစရာဖြစ်ခဲ့ပါတယ်။ မဟာမိတ်တပ်များနဲ့ ခြေလှမ်းရှိရှိ ပူးပေါင်းတိုက်ပွဲဆင်နိုင်ရုံ မက၊ မဟာမိတ်တပ်များကိုယ်တိုင်က အံ့ဩရ မှတ်တမ်းတင်ရလောက်အောင် ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဆင်နိုင် ခဲ့ပါတယ်။ လက်တွေ့စစ်မြေပြင်မှာ ဗမာ့တပ်မတော်ဟာ မျိုးချစ်ဗမာ့တပ်မတော်အဖြစ် တိုက်စွမ်းရည်ကို ပြနိုင်ခဲ့သလို ဗမာပြည် အနယ်နယ်အရပ်ရပ်က ပြောက်ကျားတပ်ဖွဲ့များ၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်သန်းဖေတို့ ဦးစီးတဲ့ ဖြူး၊ တောင်ငူ၊ ရိုးမတကြောက ရဲခေါင်ပြောက်ကျားများဟာလည်း ဖက်ဆစ်ဂျပန် တွေကို စံချိန်တင်ရလောက်အောင် မျိုးဖြုတ်ချေမှုန်း သုတ်သင်တိုက်ပွဲဆင်နိုင်ခဲ့ပါတယ်။

လေထီးရဲဘော်တွေကလည်း သတ်မှတ်ထားရာ တော်လှန်ရေးဒေသအတွင်း မဟာမိတ်တပ်တွေနဲ့ အတူဆင်းပြီး တိုက်ပွဲဝင်နိုင်ခဲ့ကြပါတယ်။ ဗမာပြည်စစ်မြေပြင်အတွင်း မေဂျာ ဂျင်နရယ်စလင်းရဲ့ ဒီဗီဇံ (၁၄) တပ်များ၊ မေဂျာဂျင်နရယ်ဝင်းဂိတ်ရဲ့တပ်များ၊ အမေရိကန် အထူးတပ်ဖွဲ့ခေါင်းဆောင် ကာနယ်မဲရီရဲ့ တပ်ဖွဲ့ များ၊ အမေရိကန် ဂျင်နရယ်စတီးဝဲလ်ရဲ့တပ်များ၊ အိန္ဒိယတပ်များ၊ တရုတ်တပ်များ၊ ဖို့(၁၃၆) တပ်ဖွဲ့များ ပါဝင်တိုက်ခိုက်ခဲ့ကြပါတယ်။ အင်္ဂလိပ်များဟာ လေကြောင်းကလည်း အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်တာ တွေလုပ်ခဲ့ပါတယ်။

ဂျပန်တော်လှန်ရေးအစမှာ ဂျပန်တွေရဲ့ ဖမ်းဆီးခြင်းခံလိုက်ရတဲ့ ဦးဗဆွေ လွတ်မြောက်ရေးအတွက် လုံးပန်းအားထုတ်ဖို့ တာဝန်ကျရာ တိုင်း (၃) ကို မလိုက်နိုင်တော့တဲ့ ဦးကျော်ငြိမ်းဟာ ရန်ကုန်မှာပဲ လှည့် လည်ရှောင်တိမ်းရင်း ရန်ကုန်တာဝန်များကို ထမ်းဆောင်ပါတယ်။

ဂျပန်များဟာ ဧပြီလ (၂၃) ရက်နေ့မှာ အဓိပတိဒေါက်တာဗမော်အစိုးရအဖွဲ့ကို ခေါ်ပြီး ရန်ကုန် မြို့ကနေ ဆုတ်ခွာပါတယ်။ ဒေါက်တာဗမော်နဲ့အတူ လိုက်သွားကြရသူတွေကတော့ သခင်မြ၊ သခင်နု၊ ဗန္ဓုလ ဦးစိန်၊ ဦးထွန်းအောင်၊ ဗိုလ်ရန်နိုင်နဲ့ ဒေါက်တာဘဟန်တို့ တတွေ ဖြစ်ပါတယ်။ ဂျပန်တွေက ရန်ကုန်ကနေ ဆုတ်ခွာပြီး မော်လမြိုင်မှာ ရုံးစိုက်၊ နောက် မုဒုံပြောင်းရုံးစိုက်ရင်း ဆုတ်ခွာပါတယ်။ မုဒုံအရောက်မှာတော့ သခင်မြ၊ သခင်နုတို့ သောင်တင်ကျန်ရစ်ခဲ့ပြီး ဒေါက်တာဗမော်သာ ဂျပန်ပြည်အထိ ပါသွားရပါတော့တယ်။

၁၉၄၅ ခုနှစ်၊ ဧပြီလ (၃၀) ရက်မှာ မျိုးချစ်တပ်မတော်က ရန်ကုန်ကို စတင်ဝင်ရောက်ပါတယ်။ အင်္ဂလိပ်တပ်က မေလ (၃) ရက်မှ ရန်ကုန်ကို ဝင်ရောက်လာနိုင်ပေမယ့်၊ သူတို့သိမ်းတာအဖြစ် အသားယူ ကြေညာပါတယ်။ ဒီအချိန်မှာ ဂျပန်နဲ့တိုက်ပွဲတွေကတော့ အကြီးအကျယ် ဆင်နွှဲနေရဆဲဖြစ်ပါတယ်။ ပြည်သူ့အရေးတော်ပုံပါတီက "ဗမာ့တော်လှန်ရေးတပ်မတော်က ရန်ကုန်မြို့ကို ထိန်းသိမ်းစောင့်ရှောက်ထားပြီ ဖြစ်ကြောင်း၊ မြို့သူမြို့သားအားလုံး၏ လုံခြုံရေးအတွက် တာဝန်ယူကြောင်း" ကြေညာချက်ထုတ်ပါတယ်။ ဗိုလ်နေဝင်းဟာ မေလ (၆) ရက်နေ့မှ မြစ်ဝကျွန်းပေါ်တပ်များကို ဗိုလ်တင်ဖေထံအပ်နှံပြီး ရန်ကုန်ကိုဆင်းလာ တာဖြစ်ပေမယ့် ဗိုလ်နေဝင်းတပည့်ကျော် ဗိုလ်အောင်ကြီးက ဗိုလ်နေဝင်းနံမည်နဲ့ ရန်ကုန်မြို့ကို ဗမာ့တပ်မ တော်က သိမ်းပိုက်လိုက်ကြောင်း ကြေညာချက်ကို ဗမာလို အင်္ဂလိပ်လို (၂) ဘာသာ နဲ့မေလ (၇) ရက်နေ့ နေ့စွဲနဲ့ လက်မြန်ခြေမြန်လုပ်ပြီး ကမ္ဘာကို ကြေညာပါတယ်။ အင်္ဂလိပ်လိုဘာသာပြန်ချက်ကိုတော့ ဂျာနယ် ကျော်ဦးချစ်မောင်နဲ့ ဦးခင်မောင်လတ်တို့က ပြန်ဆိုရေးသားပေးရတယ်လို့ဆိုပါတယ်။ 'ရန်ကုန် အစမ်း အသံလွှင့်ရုံ' လို့ အမည်တပ်ပြီး အသံလွှင့်ဌာန ယာယီဖွင့်ပြီး ကြေညာလိုက်တဲ့ အဲဒီအသံလွှင့်ကြေညာချက်

ကို အိန္ဒိယရေဒီယိုနဲ့ ဘီဘီစီ အသံလွှင့်ဌာနတွေကတဆင့် ထပ်ဆင့် အသံလွှင့်ပေးလိုက်တာကြောင့် ကမ္ဘာ့ကိုကြေညာပြီးဖြစ်သွားပါတယ်။ ဗိုလ်အောင်ကြီးရဲ့ ဗိုလ်နေဝင်း သိဒ္ဓိတင်ပေးချက်ဖြစ်ပါတယ်။

အဲဒီလို ဖက်ဆစ်တော်လှန်ရေးကာလကြီးအတွင်းမှာ တော်လှန်ရေးအင်အားစုများကြားမှာ၊ အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အရေးတော်ပုံပါတီကြားမှာ နိုင်ငံရေးအယူအဆနှစ်ခု ဖြစ်ပေါ်ကွဲပြားလာပြန်ပါတယ်။

တခုက “ဖက်ဆစ်တို့ကို အကြွင်းမဲ့တိုက်ခိုက်ချေမှုန်းရေးသည်သာပဓာန၊ ဖက်ဆစ် တို့ကိုအပြတ်အသတ် တိုက်ခိုက်နိုင်တာနဲ့အမျှ အင်္ဂလိပ်တို့နဲ့ လွတ်လပ်ရေးအတွက် စာရင်းရှင်းရာမှာ ငြိမ်းချမ်းစွာပြီးစီးနိုင်လိမ့်မယ်” ဖြစ်ပြီး အခြားတခုက…

“ဖက်ဆစ်တို့ကို အကြွင်းမဲ့တိုက်ခိုက်ချေမှုန်းရေးဟာ ပဓာနမဟုတ်၊ သူတို့ကား ရှုံးဖို့သေချာနေပြီ။ ကိုယ့်အားကိုယ်ဖြုန်းတီးသလို လုပ်ဖို့မလို။ ပြန်လာမယ့် အင်္ဂလိပ်နယ်ချဲ့ကို ခုခံတိုက်ခိုက်ရေးသာ ပဓာန၊ ထိုတိုက်ပွဲအတွက်သာ ကြိုတင်ပြင်ဆင်ထားရမယ်” ဆိုတာဖြစ်ပါတယ်။

အယူအဆနှစ်ခု ပြင်းထန်လာတဲ့အခါ တဖက်က လောလောဆယ် တိုက်ထုတ်ရမယ့် ဂျပန်ကို တိုက်မထုတ်ပဲ မလာသေးတဲ့ အင်္ဂလိပ်ကိုပြန်ချဖို့ လက်နက်စုထားရမယ် ပြောနေသူတွေဟာ ကာယကံမြောက်အားဖြင့် ဂျပန်သူလျှို့။ ဂျပန်ကို မတိုက်ရဲလို့ ရှောင်နေရန် ဆင်ခြေပေးခြင်းလို့မြင်သလို၊ တဖက်ကလည်း အင်္ဂလိပ်လက်က ငြိမ်းချမ်းစွာလွတ်လပ်ရေးရယူနိုင်တယ်ပြောကာ ဂျပန်ကိုတိုက်ထုတ်ရေးတခုတည်း မဲနေသူတွေဟာ အင်္ဂလိပ်ကို လက်နက်ချအရှုံးပေးမယ့်သူတွေဖြစ်တယ်၊ အင်္ဂလိပ်ကို လက်နက်ချအရှုံးပေးမယ့်သူတွေလို့ စွပ်စွဲပြောဆိုကြပါတယ်။

ဂျပန်တွေဆုတ်ခွာသွားရလို့ ရန်ကုန်မြို့ပေါ်ကို နိုင်ငံရေးခေါင်းဆောင်တွေ တော်တော်များများရောက်လာကြပါတယ်။ အင်္ဂလိပ်စစ်တပ်က ဂျင်နရယ်ချိန်းဗား (General Chambers) ကလဲ ရန်ကုန်မြို့ကိုစစ်အုပ်ချုပ်ရေး အာဏာပိုင်အဖြစ် သူက အုပ်ချုပ်ရလိမ့်မယ်လို့ တရားဝန်ကြီးဟောင်း ဦးမြဘူး၊ ဦးဘဦးတို့ရှေ့မှာ ကြေညာပြောဆိုလာပါတယ်။

ကမ္ဘာမှာ ဆိုဗီယက်တပ်နီတော်ရဲ့ အင်မတန်ကြီးကျယ်တဲ့ တိုက်ပွဲအောင်ပွဲ သတင်းတွေကြောင့် ဆိုဗီယက်ယူနီယံဟာ နိုင်ငံတကာပြည်သူများကြား ဂုဏ်သိက္ခာကြီးမားလာခဲ့သလို၊ ဗမာပြည်မှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်သူတွေကြား ဂုဏ်အတက်ဆုံးအချိန်ဖြစ်လာခဲ့ပါတယ်။ ဗမာပြည်မှာ ဂျပန်ဖက်ဆစ်တွေကို တိုက်ပစ်ရမယ်လို့ စမြင်ခဲ့တာဟာ ကွန်မြူနစ်တွေဖြစ်ခဲ့ပြီး၊ တိုက်ပွဲတွေအတွင်းမှာလည်း ရှုပ်ရှုပ်ချွန်ချွန်တိုက်ပြခဲ့ကြနိုင်တော့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးအင်အားစုတွေကြား သြဇာအရှိန်ကြီးမားလာခဲ့ပါတယ်။

‘တော်လှန်ရေးတပ်ဦး’ ကနေ တပါတီတည်းဖြစ်ရေး ဆွေးနွေးကြတဲ့အခါ ကွန်မြူနစ်ပါတီက ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်တစုကို တပါတီတည်းဖြစ်ချင်ရင် ကွန်မြူနစ်ပါတီတွင်းသို့ ပြည်သူ့အရေးတော်ပုံပါတီဝင်များ တဦးချင်းဝင်ကြဖို့နဲ့ သခင်ချစ်၊ သခင်ဗဆွေ (ဦးဗဆွေ) တို့ကို လက်ခံနိုင်ပေမယ့် ဦးကျော်ငြိမ်းကိုတော့ လက်မခံနိုင်ဘူးလို့ဆိုသတဲ့။ နောက်ဆုံးမှာ တပါတီတည်း မဖြစ်နိုင်တော့ပဲ ပျက်သွားခဲ့ပါတယ်။

ဂျပန်တော်လှန်ရေးပြီးရင် နိုင်ငံရေးတိုက်ပွဲတွေဟာ အရေးကြီးလာတော့မယ်လို့ မြင်တာက တကြောင်း၊ တလျှောက်လုံး မြေအောက်အဖြစ်နဲ့ ရပ်တည်လှုပ်ရှားလာရတာကနေ တရားဝင်လူထုကြား ရပ်တည်လှုပ်ရှားလာနိုင်တာကိုက ကြီးကျယ်တဲ့အောင်ပွဲတခုဖြစ်တယ်လို့ သိမြင်ခံယူလိုက်တာကြောင့်ပါ၊

၁၉၄၅ ခုနှစ်၊ မေလ (၃) ရက်နေ့မှာ ရန်ကုန်မြို့ ဗားကရာလမ်းမှာ 'ဗမာပြည်ကွန်မြူနစ်ပါတီ' ဆိုတဲ့ ဆိုင်းဘုတ်ကို ကွန်မြူနစ်ပါတီက တရားဝင်တင်လိုက်ပါတော့တယ်။

ကွန်မြူနစ်ပါတီရဲ့အရှိန်ဟာ အင်မတန်ကြီးခဲ့သလို ကွန်မြူနစ်ပါတီတွင်း ဝင်လိုသူတွေလည်း အလွန်များတဲ့ကာလပါ။ ဗမာပြည်မှာ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်မှန်သမျှ ကွန်မြူနစ်ဝါဒနဲ့ ပတ်သက်ခဲ့ကြဘူးသလို ကွန်မြူနစ်ပါတီနဲ့လည်း ပတ်သက်ယှက်နွယ်ခဲ့ကြဖူးပါတယ်။ ရဲဘော်သုံးကျိပ်ဝင်တွေထဲမှာ ဆိုရင် ဗိုလ်ရန်အောင်၊ ဗိုလ်လကျာ်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်ကျော်ဇော၊ ဗိုလ်လရောင်၊ ဗိုလ်တာရာ စတဲ့သူတွေဟာ ကွန်မြူနစ်ပါတီဝင် တွေဖြစ်ခဲ့ကြပါတယ်။ ဗိုလ်နေဝင်းတောင် ကွန်မြူနစ်ပါတီဝင်အဖြစ် ဖက်ဆစ်တော်လှန်ရေးကာလအတွင်းမှာ သခင်စိုးဆီ အဆိုပြုခဲ့ဖူးပါတယ်။ ရဲဘော်သုံးကျိပ်ဝင်မဟုတ်တဲ့ ဗိုလ်တွေထဲမှာဆိုရင်လည်း ဗိုလ်ဗထူး၊ ဗိုလ်အာဠာဝက တို့ကအစ ဗိုလ်ချစ်ကောင်း (ဗိုလ်မှူးချစ်ကောင်း)၊ ဗိုလ်ပု၊ ဗိုလ်သန်းရွှေ၊ ဗိုလ်ရဲဒင်၊ ဗိုလ်မင်းဒင်၊ သံမဏိဗိုလ်မောင်မောင်၊ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း၊ ဗိုလ်မျိုးမြင့်၊ ဗိုလ်အေးငွေ၊ ဗိုလ်အောင်ဖေ၊ ဗိုလ်တိုက်အောင်၊ ဗိုလ်အုံးမောင် (လေထီး) တို့တွေဟာ ကွန်မြူနစ်ပါတီဝင်တွေပါ။ ဗိုလ်စံငွေ (ဦးချစ်လှိုင် မဆလ ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး) လည်း ကွန်မြူနစ်ပါတီဝင်ခဲ့ဖူးသလို၊ ဗိုလ်သောင်းဒန် (ကာကွယ်ရေးဦးစီးချုပ်–လေ) တို့လည်း ကွန်မြူနစ်ပါတီနဲ့ ပတ်သက်ခဲ့ကြဖူးပါတယ်။

ကွန်မြူနစ်ပါတီက ဗမာပြည်ကွန်မြူနစ်ပါတီဆိုင်းဘုတ်ကို ဗားကရာလမ်းမှာ တရားဝင်တင်လိုက်တဲ့ အခါ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ကလည်း သခင်မြကို ဥက္ကဋ္ဌ အဖြစ်တင်မြှောက်ပြီး ပြည်သူ့အရေးတော်ပုံ ပါတီအစုဝင်များကို စုစည်းကာ 'ဗမာပြည်ဆိုရှယ်လစ်ပါတီ' ဆိုင်းဘုတ်ကို မရှေးမနှောင်းတင်ဖို့ ကြိုးစား အားထုတ်လာကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီ အပြိုင်အဆိုင် တည်ရှိလာပါပြီ။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်တွေအဖြစ် လူထုကြားထင်ရှားလာတာက သခင်စိုး၊ သခင်သန်းထွန်း၊ သခင် သိန်းဖေ (သိန်းဖေမြင့်)၊ သခင်ဗဟိန်း၊ သခင်ဗသိန်းတင်၊ ရဲဘော်ဘတင် ခေါ် ဂိုရှယ်၊ သခင်သန်းမြိုင်၊ သခင် သန်းဖေ (တောင်ငူ)၊ သခင်ဇင်၊ သခင်တင်ထွန်း၊ သခင်မြသွင်၊ သခင်တင်မြတို့ ဖြစ်ကြပါတယ်။

ဗမာပြည်ဆိုရှယ်လစ်ပါတီရဲ့ ခေါင်းဆောင်တွေအဖြစ် တက်တက်ကြွကြွ လှုပ်ရှားပေါ်လွင်လာ တာက ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဦးကိုကိုကြီး (နောင်–သိန်းလေးဆယ်ကိုကိုကြီး)၊ သခင်တင်၊ သခင်ကျော်ဒွန်း၊ ဦးလှမောင်၊ ဗိုလ်ခင်မောင်လေး၊ ရန်ကုန်ဗဆွေတို့ ဖြစ်ကြပါတယ်။ ဗိုလ်နေဝင်း၊ ဗိုလ်မောင်မောင်၊ ဗိုလ် အောင်ကြီး၊ ဘုံပေါက်သာကျော်တို့လည်း ခေါင်းဆောင်တွေအဖြစ် ပါဝင်လာကြပါတယ်။ ကွန်မြူနစ်ပါတီက မာ့က်စ်လီနင်ဝါဒကို လမ်းညွှန်အဘိဓမ္မာအဖြစ် အတိအလင်းခံယူကျင့်သုံးပြီး အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီအဖြစ် အခိုင်အမာ ရပ်တည်လှုပ်ရှားပါတယ်။

'ဆိုရှယ်လစ်ပါတီ' ကတော့ ရှင်းရှင်းလင်းလင်း တိတိပပ ခံယူထားတာ မတွေ့ရပဲ ဆိုရှယ်လစ်ရေး ရည်မှန်းချက်တွေကို ကြွေးကြော်နေကြတာတော့တွေ့ရပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက မာ့က်လီနင်ဝါဒ သဘောတရားသင်တန်းတွေပေးပြီး၊ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်လ်ရှီဗစ်) သမိုင်းအကျဉ်းချုပ်ကိုပို့ချရင်၊ ဆိုရှယ်လစ်ပါတီကလည်း ဆိုဗီယက်ယူနီယံ (ဘော်လ်ရှီဗစ်) သမိုင်းအကျဉ်းချုပ်ကိုပဲ မရရအောင်ရှာပြီး သင်တန်းပို့ချတယ်လို့ဆိုပါတယ်။

နိုင်ငံရေးအင်အားစုတွေအကြား စည်းရုံးရေးနဲ့ တပ်မတော်တွင်းစည်းရုံးရေးပါ အပြိုင်အဆိုင် စည်းရုံး လှုပ်ရှားကြပါတယ်။ ပြည်သူ့အရေးတော်ပုံပါတီရဲ့ အရေးကြီးခေါင်းဆောင် (ရဲဘော်သုံးကျိပ်ဝင်ဖြစ်ကြမယ့်

ပုဂ္ဂိုလ်တွေကို ဂျပန်ပို့ရေးကိစ္စ ဆောင်ရွက်ခဲ့တဲ့ အဓိကခေါင်းဆောင်) သခင်ချစ်ကတော့ ဆိုရှယ်လစ်ပါတီဘက်မှာမနေပဲ ဗမာကွန်မြူနစ်ပါတီဘက် တရားဝင်ရောက်လာခဲ့ပါတယ်။

၁၉၄၅ ခုနှစ်၊ မေလ (၁၇) ရက်နေ့မှာ ဆင်းမလားစီမံကိန်းခေါ် စက္ကူဖြူစီမံကိန်း ထွက်ပေါ်လာပါတယ်။ ဂျပန်တွေအဝင်မှာ နယ်ချဲ့အင်္ဂလိပ်တို့နဲ့အတူ လိုက်ပါထွက်ပြေးသွားပြီး အိန္ဒိယနိုင်ငံ 'ဆင်းမလား' မြို့မှာ ရုံးစိုက်နေခဲ့တဲ့ ဆင်းမလားအစိုးရ (ဗမာပြည်စစ်ပြေး အစိုးရ) က ရေးဆွဲခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ (ဒုတိယကမ္ဘာစစ်ကြီးပြီးရင်၊ ကျင့်သုံးဖို့ ဗြိတိသျှပါလီမန်ကို တင်ပြအတည်ပြုချက်ရယူထားပြီး ဖြစ်တယ်ဆိုတဲ့) ဒီစက္ကူဖြူစီမံကိန်းရဲ့ အချုပ်သဘောကတော့ ဗမာပြည်ကို အင်္ဂလိပ်က ဆက်လက်ကျွန်ပြုထားရေးဖြစ်ပါတယ်။

အင်္ဂလိပ်တပ်တွေဟာ သူတို့သိမ်းပိုက်ထားသမျှ နေရာဒေသတွေအားလုံးမှာ စစ်ဘက်ဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးကို ထူထောင်ထားပြီးပြီဖြစ်ပါတယ်။ ဗမာနိုင်ငံဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့တွေကို အင်္ဂလိပ်လို **(Civil Affairs Service Burma)** လို့ခေါ်ပါတယ်။ အတိုကောက် **CASB** ဖြစ်တာကြောင့် ကက်စဘီအုပ်ချုပ်ရေးလို့ခေါ်ပါတယ်။ ကက်စဘီအုပ်ချုပ်ရေးကို ဗြိတိသျှဗိုလ်ချုပ် 'ဟူးဘတ်ရန့်' က ဦးစီးအုပ်ချုပ်ပါတယ်။ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်ကစပြီး၊ ကက်စဘီကို၊ အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်တပ်များရဲ့ သေနာပတိ မောင့်ဘက်တန်လက်အောက်မှာ လွှဲပြောင်းပြီး၊ မဟာမိတ်တပ်များရဲ့ လက်နက်ကိုင်တပ်တွေ အခိုင်အမာရှိနေသလို၊ တဖက်က ဖတပလအဖွဲ့ချုပ်ကြီးနဲ့ ဗမာလက်နက်ကိုင်တပ်တွေလည်း တည်ရှိနေပါတယ်။ ၁၉၄၅ ခုနှစ်၊ မေလကုန်မှာ အရေးကြီး နိုင်ငံရေးခေါင်းဆောင်အားလုံး ရန်ကုန်ကို ပြန်လည်ရောက်ရှိလာကြပြီးဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေကတော့ ဒေသတော်တော်များများမှာ ဆက်ဆင်နွှဲနေရဆဲဖြစ်ပါတယ်။ တနင်္သာရီတိုင်း တတိုင်းလုံးဟာ ဖက်ဆစ်အောက်မှာပဲ ရှိနေပါသေးတယ်။ ဂျပန်များဟာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတလျှောက် ခံစစ်ကြောင်းများ တည်ဆောက်ပြီး ခေါင်းမာမာ တိုက်ခိုက်ကြဆဲဖြစ်ပါတယ်။ ပဲခူးရိုးမတောင်တန်းနဲ့ တောအုပ်တွေအတွင်း စုရုံးမိနေတဲ့ အမှတ် (၂၈) ဂျပန်တပ်မကြီးရဲ့ ဂျပန်တပ်သားများဟာ မဟာမိတ်တပ်မကြီးများနဲ့ ဗမာဖက်ဆစ်တော်လှန်ရေး အင်အားစုတွေ ပိတ်ဆို့ထားတဲ့ ရန်ကုန်–မန္တလေး လမ်းမကြီးအတိုင်း အတင်းထိုးဖောက်ပြီး စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဆီ ဖြတ်ကူးနိုင်ဖို့ ကြိုးစားနေကြဆဲ ဖြစ်ပါတယ်။

၁၉၄၅ ခုနှစ်၊ ဇွန်လထဲမှာ ဗြိတိသျှလက်နက်ကိုင်တပ်များရဲ့ သေနာပတိ၊ အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်တပ်များရဲ့ စစ်သေနာပတိချုပ် မောင့်ဘက်တန်ဟာ အရပ်ရပ်အခြေအနေများကို စစ်ဆေးလေ့လာဖို့ ရန်ကုန်မြို့ကို ရောက်လာပါတယ်။ ဇွန်လ (၁၆) ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့နဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ အဓိက ဆွေးနွေးတာက ဗမာလက်နက်ကိုင်တပ်တွေရဲ့ အနာဂတ်အရေးဖြစ်ပါတယ်။

၁၉၄၅ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီက ပါတီရဲ့ ဒုတိယအကြိမ်ကွန်ဂရက်ကိုကျင်းပတယ်။ သခင်သန်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကျင်းပပါတယ်။ ကိုယ်စားလှယ်နဲ့ ဧည့်သည်ပေါင်း (၂၀၀) ကျော်လောက် တက်ရောက်ကြပြီး၊ သူ့မိန့်ခွန်းထဲမှာ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေး အလုပ်ကြီး (၂) ခုရှိတယ်ဆိုတာကို အလေးတင်ဖော်ပြသွားရင်း ဒီအလုပ်ကြီးနှစ်ခုကို ပြီးအောင်လုပ်ဖို့ 'အမျိုးသားအစိုးရ' တရပ်လိုတယ်။ အမျိုးသားအစိုးရတရပ်ပေါ်ပေါက်ဖို့ စစ်အုပ်ချုပ်ရေး အမြန်ဆုံးရပ်စဲဖို့ လိုတယ်ဆိုတာ ရှင်းပြပါတယ်။ (၁) စစ်အုပ်ချုပ်ရေးအမြန်ရပ်စဲဖို့၊ (၂) ယာယီအမျိုးသားအစိုးရဖွဲ့စည်း၊ ရွေးကောက်ပွဲအမြန်ဆုံးကျင်းပပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကြီးခေါ် ဖို့၊ (၃) တိုင်းပြု

ပြည်ပြုလွှတ်တော်ကြီးက ဗမာနိုင်ငံအုပ်ချုပ်ရေး ရေးဆွဲဖို့ဆိုတာကို ထုတ်ဖော်ရှင်းလင်းသွားတယ်။ အထွေထွေအတွင်းရေးမှူး သခင်စိုးက 'နိုင်ငံရေးလုပ်ငန်းစဉ်' ကို ဖတ်ကြားတင်သွင်းပါတယ်။ ကွန်မြူနစ်ပါတီဟာ တိုင်းရင်းသားခေါင်းဆောင်များနဲ့ ပူးပေါင်းပြီး လွတ်လပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ ဘယ်တော့မှ မစွန့်လွှတ်အပ်တဲ့ အချက် (၃) ချက်ကို အတွင်းရေးမှူး အစီရင်ခံစာထဲမှာ ဖော်ပြသွားပါတယ်။ အဲဒါကတော့ (၁) ကွန်မြူနစ်ပါတီ သီးခြားထူထောင်ခွင့်ရှိခြင်း၊ (၂) အလုပ်သမား၊ လယ်သမားများအကျိုးအတွက် စည်းရုံးရာမှာ ကွန်မြူနစ်ပါတီကို ခေါင်းဆောင်များက အနှောက်အယှက်မပေးရေး၊ (၃) လူမျိုးရေးညီညွတ်မှုအတွက် ထူထောင်ထားသော အဖွဲ့ချုပ်တွင် အလုပ်သမား လယ်သမားတို့ကိုယ်စား ကွန်မြူနစ်ပါတီက လွတ်လပ်စွာ ဝေဖန်ခွင့်ရှိခြင်းတို့ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဒုတိယကွန်ဂရက်ကို (၂၀) ရက်ကနေ (၂၇) ရက်နေ့အထိ ကျင်းပပါတယ်။ ကျင်းပနေတဲ့ကာလအတွင်း ဇူလိုင် (၂၆) ရက်နေ့မှာ အင်္ဂလန်ရွေးကောက်ပွဲမှာ 'အက်တလီ' ခေါင်းဆောင်တဲ့ လေဘာပါတီ အနိုင်ရတက်လာပါတယ်။ လေဘာပါတီ အနိုင်ရတက်လာခြင်းဟာ ဗမာပြည်၊ အိန္ဒိယပြည်တို့ရဲ့ လွတ်လပ်ရေးအတွက် ကောင်းတဲ့အလားအလာပဲလို့ ယူဆခဲ့ကြပါတယ်။ ဇူလိုင် (၂၇) ရက်နေ့ ကွန်ဂရက်နောက်ဆုံးနေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအသစ်ကို ရွေးချယ်တင်မြှောက်ကြပါတယ်။ ဗဟိုကော်မတီဝင် (၂၂) ဦးနဲ့ ဗဟိုကော်မီတီ စည်းရုံးရေးမှူး (၉) ဦး ၊ ပေါင်း (၃၁) ဦး ဖြစ်ပါတယ်။ ကွန်ကရက်က ပါတီအထွေထွေအတွင်းရေးမှူး သခင်စိုးကို အိမ်ထောင်ရေး စည်းမျဉ်းဖောက်ပျက်မှုနဲ့ ပါတီဝင်အဖြစ်က (၂) နှစ်ရပ်စဲထားဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် အထွေထွေအတွင်းရေးမှူးအဖြစ် 'သခင်သိန်းဖေ' ဖြစ်လာပါတယ်။ သခင်သိန်းဖေ အိန္ဒိယက ရောက်မလာသေးခင် 'သခင်မြသွင်' ကို ယာယီတာဝန်ပေးပါတယ်။

ဒီကွန်ကရက်က ဆုံးဖြတ်လိုက်တဲ့ နိုင်ငံရေးလမ်းစဉ်ကတော့ ငြိမ်းချမ်းစွာပြောင်းလဲရေးလမ်းစဉ် (ဘရောက်ဒါလမ်းစဉ်) ဖြစ်ခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ပေါ်ပေါက်လာတဲ့ နိုင်ငံတကာ အခြေအနေပြောင်းလဲလာမှုကို အကြောင်းပြုပြီး ဗြိတိန်နိုင်ငံမှာတက်လာတဲ့ လေဘာအစိုးရနဲ့ ဈေးစပ်ဆွေးနွေးကာ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ရယူရေးဖြစ်ပါတယ်။

ကွန်ကရက် ကျင်းပနေတဲ့ ဇူလိုင် (၂၀) ရက်မှာတော့ တောင်ငူနဲ့ပဲခူးကြား ရထားလမ်း၊ ကားလမ်းတလျှောက် ဖက်ဆစ်တော်လှန်ရေး အင်အားစုများနဲ့ ဂျပန်တို့ရဲ့ တိုက်ပွဲတွေ အကြီးအကျယ် ပေါ်ပေါက်နေပါတယ်။ ဇူလိုင် (၂၀) ကနေ ဩဂုတ်လ (၄) ရက်နေ့အထိ ဖြစ်ပွားခဲ့တဲ့ ဒီတိုက်ပွဲတွေကို 'စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲ' အဖြစ် စစ်သမိုင်းမှာ မော်ကွန်းတင်ခဲ့ရပါတယ်။ ဖက်ဆစ်ဂျပန်ပေါင်း (၆၂၇၂) ယောက် ကျဆုံးခဲ့ရာမှာ (၃၅၀၀) ကျော်ဟာ ဗမာ့တော်လှန်ရေးအင်အားစုများက ချေမှုန်းသုတ်သင်ခဲ့တာဖြစ်ပြီး ဂျပန်သုံ့ပန်းပေါင်း (၇၄၀) ကို ဖမ်းဆီးရမိတယ်လို့ မဟာမိတ်စစ်ဌာနချုပ်ကိုယ်တိုင်က အသိအမှတ်ပြု ကြေညာခဲ့ရပါတယ်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နဲ့ (၉) ရက်နေ့မှာ ဂျပန်ပြည် ဟီရိုရှီးမား နဲ့ နဂါစကီမြို့ကို အမေရိကန်က အနုမြူဗုံးကြဲပါတယ်။ လူပေါင်း သိန်းနဲ့ချီ သေဆုံးခဲ့ရပြီး တကမ္ဘာလုံး တုံလှုပ်သွားခဲ့ရပါတယ်။ ဆိုဗီယက်ကလည်း ဂျပန်ကို ဩဂုတ်လ (၈) ရက်နေ့မှာ စစ်ကြေညာပြီး ဂျပန်သိမ်းထားတဲ့ မန်ချူးရီးယားကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဩဂုတ်လ (၈) ရက်နေ့မှာ စစ်ကြေညာပြီး ဂျပန်သိမ်းထားတဲ့ မန်ချူးရီးယားကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဩဂုတ်လ (၁၂) ရက်နေ့မှာ စစ်ပွဲအရှုံးကြီး ရှုံးနေပြီဖြစ်တဲ့ ဂျပန်ဟာ လက်နက်ချဖို့ နည်းလမ်းရှာပြီဖြစ်ပါတယ်။ အဲဒီနေ့ ဩဂုတ်လ (၁၂) ရက်နေ့မှာပဲ ဗမာ့တပ်မတော် ခေါင်း

ဆောင် (၁၀) ဦးရဲ့ ထုတ်ပြန်ကြေညာချက် ဗမာပြည်မှာ ထွက်ပေါ်လာခဲ့ပါတယ်။ "ဗမာနိုင်ငံအတွင်း ခေါင်းဆောင်ကြမယ့် ပုဂ္ဂိုလ်အပေါင်းနဲ့ တိုင်းသူပြည်သားအပေါင်း စိတ်ဝမ်းကွဲပြားခြင်းမရှိပဲ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အတွင်း ဝင်ရောက်လုပ်ကိုင်ကာ ဗမာပြည်လွတ်လပ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း ဆောင်ရွက်ကြရန် ပြင်းထန်စွာ တိုက်တွန်းလိုက်ပါကြောင်း" လို့ ဖော်ပြန္နိုးဆော်ထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်း၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်မှူးအောင်၊ ဗိုလ်အာဇာဝက၊ တို့ (၁၀) ဦးက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကလဲ 'လွတ်လပ်ရေးနဲ့ ပြန်လည်ထူထောင်ရေး' ကို ကြွေးကြော်ခဲ့သလို၊ တပ်မှူးကြီး(၁၀)ဦးကလဲ 'လွတ်လပ်ရေးနဲ့ ပြန်လည်ထူထောင်ရေး' ကိုပဲ ကြွေးကြော်တိုက်တွန်းထားပါတယ်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်မှာ ဖက်ဆစ်ဂျပန်က ခြွင်းချက်မရှိလက်နက်ချကြောင်း ကြေညာလိုက်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး တရားဝင်ပြီးဆုံးသွားပါပြီ။ တကမ္ဘာလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ ဖတပလ ဗဟိုဦးစီးအဖွဲ့ဝင်တွေ ဩဂုတ်လ (၁၆) ရက် (၁၇) ရက် နှစ်ရက်တိုင်တိုင် အစည်းအဝေးတွေထိုင်ကြပါတယ်။ ဗဟန်း 'နေသူရိန်' ရုပ်ရှင်ရုံမှာ လူထုအစည်းအဝေးပွဲကြီးကို 'ဖတပလ' က ဦးစီးကျင်းပဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်မှာ သမိုင်းဝင် 'နေသူရိန်' လူထုအစည်းအဝေးကြီး ပေါ်ထွန်းလာခဲ့ပါတယ်။ ပြင်ဆင်ချိန် (၂) ရက်သာရခဲ့ပေမယ့် လူထုသောင်းချီ တက်ရောက်ခဲ့တဲ့ နေသူရိန် လူထုအစည်းအဝေးပွဲကြီးဟာ ဗြိတိသျှနယ်ချဲ့သမားကို အတိအလင်း စိန်ခေါ်လိုက်တဲ့ လူထုဆန္ဒပြပွဲကြီးလည်းဖြစ်ပါတယ်။ ဖတပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိလုပ်ပြီး ဖတပလ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ ဗမာပြည်နိုင်ငံရေးခေါင်းဆောင်အားလုံးလောက်နီးပါး တက်ရောက်ခဲ့ကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များရော ဗမာပြည်ဆိုရှယ်လစ်ပါတီနွယ်များပါ တက်တက်ကြွကြွ တက်ရောက်ခဲ့ကြပါတယ်။ နယ်ချဲ့ဗြိတိသျှရဲ့ စက္ကူဖြူအုပ်ချုပ်ရေးကို အပြင်းအထန် ကန့်ကွက်ခဲ့ကြပါတယ်။ အမျိုးသားအစိုးရဖွဲ့ပေးရန်၊ စစ်အုပ်ချုပ်ရေးရပ်စဲပြီး မြို့ပြအုပ်ချုပ်ရေးထူထောင်ရန်၊ အမျိုးသားယာယီအစိုးရ အုပ်ချုပ်နေစဉ်အတွင်း အရွယ်ရောက်သူတိုင်း မဲပေးနိုင်တဲ့စနစ်နဲ့ ရွေးကောက်တင်မြှောက် ဖြစ်ပေါ်လာမယ့် တိုင်းပြုပြည်ပြုလွှတ်တော်က အခြေခံဥပဒေရေးဆွဲရန်၊ အတ္တလန်တာကြေညာချက်ကို ထောက်ခံပြီး အဲဒီကြေညာချက်နဲ့အညီ ဗမာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံအဖြစ် အသိအမှတ်ပြုရန် စတဲ့ အရေးကြီးတောင်းဆိုချက်များကို ပွင့်ပွင့်လင်းလင်း ဖေါ်ထုတ်ခဲ့ကြပါတယ်။ အဲဒါတွေကတော့ (၁) ယာယီအစိုးရဖွဲ့စည်းရေးနဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရေး၊ (၂) တနိုင်ငံလုံးအမျိုးသားညီညွတ်ရေးနဲ့ (၃) မျိုးချစ်ဗမာ့တပ်မတော်ကို အသိအမှတ်ပြုပြီး ဗမာ့တပ်မတော်သစ်ဖွဲ့ရေးဖြစ်ပါတယ်။

ဒီနေသူရိန်အစည်းအဝေးကြီးမှာပဲ ဖတပလ အဖွဲ့ချုပ်ကြီးကို လက်ရှိဗဟိုဦးစီး အဖွဲ့ဝင် (၂၁) ဦးကနေ (၃၆) ဦးအထိ တိုးချဲ့ဖွဲ့စည်းလိုက်ပါတယ်။ စောဘဦး၊ မန်းဘခိုင်၊ ဘရာသာတို့လို ကရင်အမျိုးသားခေါင်းဆောင်များပါဝင်ခဲ့ကြသလို ဦးအောင်ဇံဝေ၊ ဦးကျော်ရင်တို့လို ရခိုင်အမျိုးသားခေါင်းဆောင်များလည်း ပါဝင်ခဲ့ကြပါတယ်။ ဦးဘဖေ၊ ဦးပု၊ ပျော်ဘွယ် ဦးမြတို့လို လက်ျာနိုင်ငံရေးသမားဟောင်းကြီးတွေကိုလည်း ထည့်သွင်းဖွဲ့စည်း ပါဝင်စေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိမိန့်ခွန်းအဖွင့်မှာကို ရှင်းလင်းသွားတာကတော့

"ဖတပလအဖွဲ့ချုပ်ဟာ ပါတီအဖွဲ့အစည်းမဟုတ်၊ လွတ်လပ်ရေးကို အရယူတိုက်ပွဲဝင်လိုကြတဲ့ တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ ပူးပေါင်းပြီး ၁၉၄၄ ခုနှစ်၊ ဩဂုတ်လက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်သို့ လူမျိုးဘာသာမရွေး တိုင်းသူပြည်သားတိုင်း ပါဝင်နိုင်ကြောင်း၊ အဖွဲ့ချုပ်ဟာ ဘယ်အဖွဲ့အစည်း ဘယ်ပါတီရဲ့ မူပိုင်အဖွဲ့မှမဟုတ်ကြောင်း၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တတိုင်းပြည်လုံး သွေးစည်းဖို့ ဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကြီးအနေဖြင့် မဟာမိတ်အင်အားစုများနဲ့ ဆက်သွယ်ခဲ့ကြောင်း၊ မတ်လ (၂၇) ရက်ကစပြီး ဖက်ဆစ်ကိုတော်လှန်ခဲ့ကြကြောင်း၊ ရခိုင်ဘက်မှာလည်း ရခိုင်တော်လှန်ရေးသမားများက ဖက်ဆစ်ကိုတော်လှန်ခဲ့ကြကြောင်း၊ တော်လှန်ရေးမှာ ကချင်၊ ချင်း၊ ကရင် အမျိုးသားများလည်း ပါဝင်ခဲ့ကြကြောင်း" ဖြစ်ပါတယ်။ တဆက်တည်းမှာ 'တပ်မတော်နဲ့ ပျောက်ကျားများရဲ့ တိုက်ခိုက်မှုကြောင့် မဟာမိတ်တပ်များ ရန်ကုန်ကိုအရောက်မြန်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆုံး စစ်တောင်းမြစ်ဝှမ်းတလျှောက်မှာ ရှုပ်ရှုပ်ချွန်ချွန် တိုက်ခဲ့ကြောင်း၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများကို မဟာမိတ်များက အသိအမှတ်ပြုချီးကျူးခဲ့ရကြောင်း၊ ဒီတိုက်ပွဲတွေကြောင့် ဗမာပြည်ကို လုပ်ချင်တိုင်းလုပ်လို့မရဘူးဆိုတာ သိလာတဲ့အတွက် ဗြိတိသျှအစိုးရက ခင်ဗျားတို့ချင်းသာ ညီညွတ်ပြီပြောကြ။ လွတ်လပ်ရေးလိုချင်တောင် ပေးမယ်ဆိုတဲ့ စကားမျိုး ပြောလာရကြောင်း၊ ကမ္ဘာ့အခြေအနေဟာ သိပ်ကောင်းလာပြီဖြစ်ကြောင်း' တွေကိုလည်း ရှင်းပြပြောဆိုခဲ့ပါတယ်။ ဖတပလ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းကလည်း ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ရန်နဲ့ ဗမာပြည်လွတ်လပ်ရေးကို အရယူရန်ရည်ရွယ်ကြောင်း ပြောကြားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လွတ်လပ်သော ဗမာပြည်ခေါင်းစဉ်နဲ့ ဖော်ပြထားတဲ့ ဖတပလအဖွဲ့ချုပ်ရဲ့ သဘောထားကြေညာချက်ကို ဖတ်ကြားခဲ့ပါတယ်။

အဲဒါကြောင့် နေသူရိန်အစည်းအဝေးကြီးဟာ၊ ဖတပလကြီးကဦးဆောင်ပြီး ပြည်သူလူထုတရပ်လုံးက ဆန့်ကျင်ကန့်ကွက်လိုက်တဲ့ လူထုအင်အားပြပွဲကြီးဖြစ်သလို၊ ဗမာပြည်လွတ်လပ်ရေးအတွက် အလိုအပ်ဆုံးတောင်းဆိုချက်များကို ချမှတ်ဖော်ထုတ် ကြွေးကြော်နိုင်ခဲ့တဲ့ သမိုင်းဝင် နိုင်ငံရေးလှုပ်ရှားမှုကြီး ဖြစ်ခဲ့ပါတယ်။ ဖတပလ အဖွဲ့ချုပ်ကြီးကိုယ်တိုင်ရဲ့ သဘောထားအမြင်ကလည်း လွတ်လပ်ရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရရှိနိုင်လိမ့်မယ်လို့ ယူဆမျှော်လင့်ထားခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်က ချမှတ်လိုက်တဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ ဆန့်ကျင်ကွဲပြားမှု မရှိတာ တွေ့နိုင်ပါတယ်။

'နေသူရိန်' ခေတ်ကြီးထဲမှာ 'ဖတပလ' အဖွဲ့ချုပ်ကြီးဟာ အင်အားခိုင်မာတောင့်တင်းလှတဲ့ အမျိုးသားတပ်ပေါင်းစုကြီး အစစ်အမှန်ဖြစ်ခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူပြီး အထွေထွေအတွင်းရေးမှူးအဖြစ် သခင်သန်းထွန်းက ဆောင်ရွက်ရင်း ဦးပဲ့ညီညီ ထမ်းနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီခေတ်ကို အနောက်တိုင်းသတင်းစာတွေကတောင် 'ဆန်းနှင့်သန်းခေတ်' လို့ ကင်ပွန်းတပ်ရေးသားခဲ့ကြပါတယ်။

နေသူရိန်အစည်းအဝေးကြီးရဲ့ အရှိန်နဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ မောင့်ဘက်တန်တို့ရဲ့ ဆွေးနွေးထားခဲ့ချက်အဆက်အဖြစ် ဗမာ့လက်နက်ကိုင်တပ်များအရေး ဆွေးနွေးဖို့ မဟာမိတ်စစ်သေနာပတိချုပ်လည်းဖြစ်၊ ကက်စ်ဘီ အုပ်ချုပ်ရေးရဲ့ အမြင့်ဆုံးအာဏာပိုင်လည်းဖြစ်တဲ့ 'မောင့်ဘတ်တန်' က 'ဖတပလ' ကိုယ်စားလှယ်တွေကို သူ့စစ်ဌာနချုပ်တည်ရှိရာ ကန္ဒီ (သီဟို) ကို လာရောက်ဖို့ ဖိတ်ကြားလာပါတယ်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာ (၄) ရက်နေ့မှာ မောင့်ဘက်တန်နဲ့ဆွေးနွေးဖို့ ဖတပလ ကိုယ်စားလှယ်အဖွဲ့အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်လကျ်ာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊

ဗိုလ်မောင်မောင်၊ ဗိုလ်ဇော်မင်း (နောင်–ဗိုလ်မှူးချုပ် မောင်မောင်ကျော်ဝင်း)၊ ဦးဘဖေ၊ စောဘဦးကြီး၊ ဦးညိုထွန်း (ရခိုင်ဗိုလ်ညိုထွန်း) တို့ (၁၁) ဦး ကန္ဒီမြို့ကို သွားကြပါတယ်။ စက်တင်ဘာ (၆) ရက်၊ (၇) ရက် နေ့တွေမှာ တွေ့ဆုံဆွေးနွေးကြပါတယ်။ အဲဒီဆွေးနွေးပွဲကို ဗမာပြည်စစ်ပြေးအစိုးရ (ဆင်းမလားအစိုးရ) ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးတင်ထွဋ်လည်း လာရောက်တက်ပါတယ်။ အဲဒီဆွေးနွေးပွဲရဲ့ ရလဒ်အဖြစ် 'ကန္ဒီစာချုပ်' ထွက်ပေါ်လာပါတယ်။ 'ကန္ဒီစာချုပ်' အရ မျိုးချစ်ဗမာ့တပ်မတော်မှ လက်ရွေးစင်တပ်သား (၅၂၀၀)၊ အရံတပ်သား (၃၀၀၀)၊ ဗိုလ် (၂၀၀)၊ အရံဗိုလ် (၂၀၀) ကို ဗမာပြည် ဗြိတိသျှလက်အောက်ရှိ ဗမာ့တပ်မတော်အဖြစ် ဖွဲ့စည်းဖို့ မောင့်ဘတ်တန်က သဘောတူခဲ့သလို၊ ကျန်ဗမာ့လက်နက်ကိုင်တပ်သားများကို ရှင်းလင်းဖျက်သိမ်းပေးဖို့ 'ဖတပလ' ကြီးနဲ့ တပ်မတော်ခေါင်းဆောင်တွေက သဘောတူညီခဲ့ကြပါတယ်။ အင်အား (၂) သောင်းလောက်ရှိတဲ့ ဗမာ့တော်လှန်ရေးမျိုးချစ်တပ်မတော် တပ်ဖွဲ့ကြီးကို ဖျက်သိမ်းပြီး အမြဲတန်း 'ဗမာ့တပ်မတော်' အဖြစ် ကန္ဒီစာချုပ်အရ ပြောင်းလဲဖွဲ့စည်းရပါတော့တယ်။

အမြဲတန်း တရားဝင် ဗမာ့တပ်မတော်ကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းတဲ့အခါ ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် တပ်ကိုဆက်လက်ဦးစီးပြီး စစ်ရေးခေါင်းဆောင်မလား၊ ဖတပလ အဖွဲ့ချုပ်ကြီးကိုပဲ ဦးစီးပြီး နိုင်ငံရေးခေါင်းဆောင်လုပ်မလား၊ တခုခုကိုပဲ ပြတ်ပြတ်သားသား ရွေးချယ်ရတော့မယ့်အခြေအနေဖြစ်လာပါတယ်။ ဗမာပြည်ရဲ့အနေအထားအရ နိုင်ငံရေးတိုက်ပွဲတွေ အရေးကြီးလာတော့မယ်လို့ ယုံကြည်ယူဆတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံရေးကိုပဲ ရွေးချယ်လိုက်ပါတယ်။

တပ်ကထွက်မယ်လို့ ဗိုလ်ချုပ်အောင်ဆန်းဟာ ရွေးချယ်ဆုံးဖြတ်လိုက်ပေမယ့် သူကိုယ်တိုင် ဦးစီးတည်ထောင်ခဲ့တဲ့ စစ်တပ်အပေါ် သံယောဇဉ်ကြီးလှတာကြောင့် သူ့အစားတပ်ကို ဦးစီးနိုင်မယ့်ခေါင်းဆောင်၊ တပ်မတော်ကြီးကို နိုင်ငံရေးရည်မှန်းချက်မှန်မှန်နဲ့ မှန်မှန်ကန်ကန် ရှေ့ဆောင်တွန်းတင်နိုင်မယ့် ခေါင်းဆောင်ကို အလေးအနက်ထားပြီး ရှာဖွေခဲ့ပါတယ်။ အဲဒီလို အရည်အချင်းပြည့်ဝတဲ့ ခေါင်းဆောင်မျိုးလက်ထဲကိုပဲ တပ်ကိုအပ်နှံချင်ခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ ပထမဆုံး ကွန်မြူနစ်ခေါင်းဆောင် သခင်ဗဟိန်းကို ရွေးချယ်ခဲ့ပါတယ်။ သခင်ဗဟိန်းကို တပ်ကိုဦးစီးရေးအတွက် လွှဲပေးဖို့ ကွန်မြူနစ်ပါတီကို တရားဝင်တောင်းတဲ့အခါ ကွန်မြူနစ်ပါတီကလည်း ပါတီရဲ့ အရေးကြီးနိုင်ငံရေးလုပ်ငန်းတွေကြောင့် လွှဲမပေးနိုင်ခဲ့ပါ။ သခင်ဗဟိန်းကိုမပေးနိုင်ရင် ဒုတိယ သူ့စိတ်ကြိုက် 'သခင်သန်းဖေ (ဖြူး)' ကို လွှဲပေးဖို့ တောင်းဆိုပြန်ပါတယ်။ ကွန်မြူနစ်ပါတီက သခင်သန်းဖေကိုလည်း မပေးနိုင်ကြောင်း အကြောင်းပြန်ခဲ့ပါတယ်။ ဒါကြောင့် သခင်ဗဟိန်းရော သခင်သန်းဖေပါ မရတဲ့အတွက်ကြောင့် နောက်ဆုံးမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗိုလ်လကျ်ာကိုပဲ တပ်မတော်ခေါင်းဆောင်အဖြစ် ရွေးချယ် တာဝန်ပေးလိုက်ရပါတယ်။ ဗိုလ်နေဝင်းကို ဗိုလ်ချုပ်အောင်ဆန်း ယုံကြည်မှုမရှိခဲ့ပါ။ စစ်ပြီးစကဆိုရင် ဗိုလ်နေဝင်းကိုဖြုတ်ပစ်ဖို့တောင် ဗိုလ်ချုပ်အောင်ဆန်း စဉ်းစားဆုံဖြတ်ခဲ့ဖူးတယ်ဆိုပါတယ်။ နိုင်ငံရေးခေါင်းဆောင်တချို့ကိုတောင် ထုတ်ဖော်တိုင်ပင်ခဲ့ပါတယ်။ အတိုင်ပင်ခံရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ (သခင်သန်းထွန်း၊ သခင်ဗသိန်းတင်) တို့က ကနေ့လိုအချိန်မှာ ညီညွတ်ရေးအရေးကြီးကြောင်း ဖျောင်းဖျပြောဆိုခဲ့ကြတဲ့အတွက် ဗိုလ်နေဝင်းကို ထုတ်ဖယ်ပစ်တဲ့ အဆင့်ထိ မရောက်ခဲ့တာလို့ ဆိုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း တပ်ကထွက်လိုက်တဲ့အတွက် ဗမာ့တပ်မတော်ရဲ့ အကြီးအကဲဟာ ဗိုလ်လကျ်ာ ဖြစ်လာခဲ့ပါတယ်။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်တဲ့ တပ်ရင်းတွေထဲမှာ ကွန်မြူနစ်ပါတီဝင်၊ ဆိုရှယ်လစ်ပါတီဝင်တွေ ဆက်လက်ရှိနေခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်ကထွက်လိုက်ရသလို တပ်မတော်ဟာလည်း 'ဖတပလ' အဖွဲ့ချုပ်ကြီးအတွင်းကနေ တရားဝင်ထွက်လိုက်ရပါတယ်။ အဲဒီအချိန်မှာ ကန္ဒီစာချုပ်အရ တပ်ကထွက်လိုက်ရသူတွေ အများကြီးပေါ်ခဲ့သလို နိုင်ငံရေးကိုပဲ ဇောက်ချလုပ်ဖို့ တပ်ကထွက်လိုက်သူတွေလည်း တော်တော်များများ ပေါ်ခဲ့ပါတယ်။ မကြာမီမှာပဲ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး (ဖတပလ) အဖွဲ့ချုပ်ကြီးကိုလည်း ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေး (ဖဆပလ) အဖွဲ့ချုပ်ကြီးလို့ အမည်ပြောင်းလဲခေါ်ပါတယ်။

ဖဆပလအဖွဲ့ချုပ်ကြီးဟာ တမျိုးသားလုံးရဲ့ တပ်ပေါင်းစုအဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည်လှုပ်ရှားခဲ့ပါတယ်။ ဒီအဖွဲ့ချုပ်ကြီးအတွင်းမှာ အဓိကအင်အားစုအဖြစ် တည်ရှိနေတာက လက်ဝဲအင်အားစု ဖြစ်ခဲ့ပါတယ်။ လက်ျာအင်အားစုများဟာ နောက်မှ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ပြီး ဖွဲ့စည်းလိုက်တဲ့အခါမှ ပါလာကြ၊ ရောက်လာကြသူတွေဖြစ်ပါတယ်။ လက်ဝဲအင်အားစုတွေထဲမှာလည်း အဓိက အခိုင်အမာတည်ရှိနေတာက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီဖြစ်ပါတယ်။ ဒီပါတီနှစ်ခုဟာ 'ဖဆပလ' အဖွဲ့ချုပ်ကြီးအတွင်းမှာ အတူတည်ရှိနေသလို၊ အပြိုင်အဆိုင်အဖြစ်လည်း တည်ရှိနေခဲ့ကြပါတယ်။ လက်ျာသမားနိုင်ငံရေးသမားဟောင်းကြီးတွေဟာ အများအားဖြင့် နိုင်ငံရေးကျားသေကြီးတွေဖြစ်ပါတယ်။

ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့ အဖွဲ့ခွဲတွေဟာ ဗမာပြည်အနှံ့အပြား တရားဝင်ဖွဲ့စည်း ပေါ်ပေါက်လာခဲ့သလို ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီတို့ရဲ့ အဖွဲ့ခွဲတွေဟာလည်း ဒေသအနှံ့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာ (၂၉) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့အာဏာဂျာနယ် စတင်ထုတ်ဝေ ထွက်ပေါ်လာပါတယ်။

အောက်တိုဘာလလယ်မှာ စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ် ရန်ကုန်ကို ပြန်ရောက်လာပါတယ်။ တပြည်လုံးက ဆန့်ကျင်ကန့်ကွက်နေတဲ့ စက္ကူဖြူစီမံကိန်းကို အစွယ်ထုတ်ဖို့ကြိုးစားပါတယ်။ အောက်တိုဘာ (၁၆) ရက်နေ့မှာ အုပ်ချုပ်ရေးတာဝန်တွေကို စတင်လက်ခံ ဆောင်ရွက်ပါတယ်။ စစ်အုပ်ချုပ်ရေးနဲ့ စစ်ဖက်ဆိုင်ရာမြို့ပြအုပ်ချုပ်ရေး ရုပ်သိမ်းလိုက်တဲ့အတွက် ကက်စ်ဘီအုပ်ချုပ်ရေးခေတ် အဆုံးသတ်သွားပါတယ်။

ဆာဒေါ်မန်စမစ်က ဘုရင်ခံတဦးတည်းအာဏာပိုင်တဲ့ စက္ကူဖြူအုပ်ချုပ်ရေးကို စတင်ပါတယ်။ စစ်ကြီးအတွင်း ပျက်စီးဆုံးရှုံးခဲ့ရတဲ့ ဗြိတိသျှနယ်ချဲ့ပိုင် ကုန်ထုတ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနဲ့ စက်မှုလက်မှုလုပ်ငန်းများကို အဓိကထားပြီး 'ပြန်လည်ထူထောင်ရေး' လုပ်ဖို့ပြင်ပါတယ်။ ချစ်တီးတွေနဲ့ မြေရှင်ကြီးငယ်တွေကလည်း သူတို့ပိုင်ဆိုင်ခဲ့တဲ့ မြေယာတွေနဲ့ လယ်ထောက်ခစပါးတွေကို လယ်သမားတွေဆီက အတင်းအကြပ် ပြန်လည်လုယက် ယူငင်ဖို့ အားထုတ်လာကြပါတယ်။

ဆာဒေါ်မန်စမစ်က ဘုရင်ခံရဲ့ အတိုင်ပင်ခံ အမှုဆောင်အဖွဲ့နဲ့ အတိုင်ပင်ခံ ဥပဒေပြုလွှတ်တော်ဖွဲ့ဖို့ ပြင်ပါတယ်။ အသိအမှတ်မပြုရင် မဖြစ်တော့တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးကို စက္ကူဖြူစီမံကိန်းမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဘုရင်ခံက ဖိတ်ကြားဆွေးနွေးပါတယ်။

'ဖဆပလ'က နိုင်ငံပြန်လည်ထူထောင်ရေးနဲ့ တရားမျှတတဲ့ရွေးကောက်ပွဲ အမြန်ကျင်းပနိုင်ရေးကို ရည်ရွယ်ပြီး အမှုဆောင်ကောင်စီမှာ ပါဝင်ဖို့ သဘောတူပါတယ်။ အောက်တိုဘာ (၁၉) ရက်မှာ ဘုရင်ခံနဲ့ သွားရောက်တွေ့ဆုံပြီး ဖဆပလ ဝန်ကြီးလောင်း (၁၁) ဦးစာရင်းကို ပေးအပ်ပါတယ်။ ဘုရင်ခံက သဘောမတူပဲ ငြင်းပယ်လိုက်ပါတယ်။ ဘုရင်ခံနဲ့ ဖဆပလတို့ ထိပ်တိုက် ပဋိပက္ခ စတင်ပါတော့တယ်။

ဘုရင်ခံက 'ဖဆပလ' တွင်း ရောက်နေကြတဲ့ လက်ျာနိုင်ငံရေးသမားဟောင်းကြီးများကိုလည်း ရာထူးပြပြီး ဖဲ့ထုတ်ရင်း သူ့စိတ်ကြိုက် 'အမှုဆောင်ကောင်စီ' ဖွဲ့လိုက်ပါတယ်။ စစ်ပြေးအစိုးရအဖွဲ့ဝင်ဟောင်း ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်နဲ့ ဆာဂျွန်ဝိုက်၊ ဆာမက်ဒူးဂဲတို့ကို အမှုဆောင်ကောင်စီဝင်တွေအဖြစ် ခန့်အပ်

လိုက်ပါတယ်။ ဖဆပလ ကနေထွက်ပြီး ရာထူးယူကြမယ့် မျိုးချစ်ပါတီက ဦးဘအုန်း၊ ဦးအေး၊ ဦးပုနဲ့ မန်းဘခင်တို့ကိုလည်း ကောင်စီဝင်အဖြစ်ခန့်အပ်ပါတယ်။ မျိုးချစ်ပါတီကပဲဖြစ်တဲ့ ဦးလွန်း၊ ဆင်းရဲသားပါတီက ဦးသာယာဝတီမောင်မောင်နဲ့ ဦးရန်အောင်ဆိုသူတို့အပြင် မကြာခင်ကမှ ဗမာပြည်ပြန်ရောက်လာတဲ့ သခင်ထွန်းအုပ်ကိုလည်း အမှုဆောင်ကောင်စီဝင်အဖြစ် ခန့်အပ်ရွေးချယ်လိုက်ပါတယ်။ သူ့စိတ်ကြိုက် 'ဥပဒေပြုကောင်စီ' ဆိုတာကိုလည်း ဖဆပလ အပြင်ဘက်ရောက်ရှိနေကြတဲ့ လက်ျာနိုင်ငံရေးသမားကြီးများနဲ့ ဖွဲ့စည်းလိုက်ပါတယ်။ (၁၉၄၅ ခုနှစ်၊ နိုဝင်ဘာ (၁) ရက်နေ့မှာ ခါးပိုက်ဆောင် ဘုရင့်အတိုင်ပင်ခံ 'အမှုဆောင်ကောင်စီ' ထွက်ပေါ်လာခဲ့ပြီး ဒီဇင်ဘာ (၃၁) ရက်နေ့မှာ ပုတ်သင်ညို 'ဥပဒေပြုကောင်စီ' ဖြစ်တည်လာခဲ့ပါတယ်။)

၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး 'ပြည်သူ့ရဲဘော် တပ်ဖွဲ့) ဖွဲ့စည်းပေါ်ထွန်းလာပါတယ်။ ဗြိတိသျှလက်အောက်ခံ 'ဗမာ့တပ်မတော်'ကို ကန္ဒီစာချုပ်အရ ဖွဲ့စည်းရာမှာ ပါဝင်ခွင့်မရတဲ့ ရဲဘော်ဟောင်းတွေကို အခြေခံပြီး ဘီအိုင်အေ၊ ဘီဒီအေရဲဘော်ဟောင်းတွေ၊ တော်လှန်ရေးသမားတွေနဲ့ပါ စုစည်းဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဝါဒအားဖြင့် ကွန်မြူနစ်ဝါဒ ယုံကြည်သူရော မယုံကြည်သူပါ ပါဝင်လာခဲ့ပါတယ်။ စစ်တပ်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းခဲ့ပြီး၊ စစ်သေနာပတိနဲ့ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယသေနာပတိအဖြစ် ဗိုလ်မှူးအောင် ဖြစ်ပါတယ်။ ဦးစီးကော်မတီဝင်တွေကတော့ ဗိုလ်ထွန်းလင်း၊ ဗိုလ်လရောင်၊ ဗိုလ်ဖိုးကွန်း၊ ဗိုလ်ဇတင်၊ ဗိုလ်လှအေး၊ ဗိုလ်တင်အုန်း၊ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း၊ ဗိုလ်ပုတို့တတွေဖြစ်ပါတယ်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ထဲကို ရဲဘော်ဟောင်းတွေသာမက၊ ရဲဘော်သစ်တွေပါ ဝင်ရောက်လာကြတဲ့အတွက် ကာလမကြာမီအတွင်းမှာပဲ တပ်ဖွဲ့ဝင် တသိန်းကျော်ရှိလာခဲ့ပါတယ်။ စစ်ရေးလေ့ကျင့်မှုတွေလုပ်ကြပါတယ်။ စစ်ယူနီဖောင်းတွေ ဝတ်ဆင်ကြပါတယ်။ မြို့ရွာအနှံ့ ပေါ်ပေါက်လာပါတယ်။

ဘုရင်ခံက 'ပြည်သူ့ရဲဘော်' ကို ဖဆပလရဲ့ ခါးပိုက်ဆောင်တပ်ဖွဲ့လို့ ယူဆပါတယ်။ တိုင်းပြည်ဆူပူအောင် လှုပ်ရှားနေသူတွေလို့ သမုတ်ပါတယ်။ ယူနီဖောင်းမဝတ်ရ၊ စစ်ရေးမလေ့ကျင့်ရအမိန့်တွေထုတ်ပြီး အမိန့်ဆန့်ကျင်သူတွေကို ဖမ်းဆီးအရေးယူပါတယ်။ ပြည်သူ့ရဲဘော်ကို ပျက်အောင်ဖျက်ပါတယ်။ ဒါပေမဲ့ ပျက်အောင်မဖျက်နိုင်ပါ။

ဖဆပလကြီးထဲကို ပြည်သူ့ရဲဘော်ဟာ အင်အားစုတခုအဖြစ် ပါဝင်လာခဲ့ပါတယ်။ ဖဆပလကြီးနဲ့ ဘုရင်ခံအစိုးရကြား တင်းမာမှုတွေဟာ တဆင့်ပြီးတဆင့် တိုးလာခဲ့ပါတယ်။ ဘုရင်ခံရဲ့ 'အမှုဆောင်ကောင်စီ' နဲ့ 'ဥပဒေပြုကောင်စီ' ဟာ လူထုကြားသြဇာမရှိပါ။ ဖဆပလ ကြီးရဲ့ သြဇာသာ တိုးတက်မြင့်မားလာခဲ့ပါတယ်။ ဘုရင်ခံအစိုးရဟာ စက္ကူဖြူစီမံကိန်းအရ ပြည်သူလူထုတရပ်လုံးအပေါ် တိုးပြီး ဖိနှိပ်တာတွေလုပ်ပါတယ်။ ဖဆပလ အဖွဲ့ချုပ်ကြီးက ယာယီကြားဖြတ်အစိုးရဖွဲ့စည်းရေး၊ တိုင်းပြုပြည်ပြုလွှတ်တော် ပေါ်ထွန်းရေး၊ စက္ကူဖြူစီမံကိန်းပါ စီးပွားရေးပရိုဂျက်များ ဖျက်သိမ်းရေးစတဲ့ မူလတောင်းဆိုချက်တွေကို လူထုအင်အားနဲ့ဖိဖိစီးစီး ဆက်လက်တောင်းဆို လှုပ်ရှားပါတယ်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီ (၂၁) ရက်နေ့မှာ တမျိုးသားလုံးရဲ့ တပ်ပေါင်းစုကြီးဖြစ်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးက လူထုတသိန်းကျော်တက်ရောက်တဲ့ စက္ကူဖြူအုပ်ချုပ်ရေး ကန့်ကွက်ပွဲကြီးကို ကျင်းပပါတယ်။ ဒီကန့်ကွက်ဆန္ဒပြပွဲကြီးဟာ ဘုရင်ခံအုပ်ချုပ်ရေးကိုသာ ကိုင်လှုပ်လိုက်နိုင်တာမဟုတ်၊ အင်္ဂလန်လေဘာအစိုးရကိုပါ တုန်လှုပ်သွားစေခဲ့ပါတယ်။ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းတို့ ဦးစီးတဲ့ 'ဖဆပလ' ရဲ့ ပထမဆုံးညီလာခံကိုလည်း ရွှေတိဂုံအလယ်ပစ္စယံမှာ တခမ်းတနား ကျင်းပပါတယ်။

လူထုတသိန်းကျော်နဲ့ တပြည်လုံးကိုယ်စားလှယ် (၁၂၀၀) ကျော် တက်ရောက်တဲ့ညီလာခံကြီးမှာ လုံးဝလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရေး၊ မြေယာပြဿနာဖြေရှင်းရေး၊ နယ်ချဲ့အရင်းအနှီးများကို ပြည်သူပိုင်သိမ်းရေး၊ အသက် (၁၈) နှစ် ပြည့်သူတိုင်း မဲဆန္ဒပေးခွင့်ရရေး၊ တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူကျင်းပနိုင်ရေး စတဲ့ အရေးကြီးဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့ကြပါတယ်။ ဒီညီလာခံကြီးမှာပဲ ဗိုလ်ချုပ်အောင်ဆန်းကို တမျိုးသားလုံးရဲ့ခေါင်းဆောင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါတယ်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအစည်းအဝေး ကျင်းပပါတယ်။ ငြိမ်းချမ်းစွာပြောင်းလဲရေးဖြစ်တဲ့ 'ဘရောက်ဒါဝါဒ' ကို တရားဝင်ပယ်ဖျက်ပစ်လိုက်ကြပါတယ်။ ဘရောက်ဒါဝါဒအမှား၊ ပါတီတွင်းရောက်လာခဲ့ပုံဇာစ်မြစ်ကို၊ ရှာဖွေဖော်ထုတ်သုံးသပ်ဝေဖန်ကြရင်းက၊ ကိုယ်တိုင် တက်တက်ကြွကြွ လက်ခံဖြန့်ချိခဲ့သူတဦးဖြစ်ခဲ့တဲ့ သခင်စိုးဟာ တခြားသူများအပေါ်သာ ပြစ်တင်ရှုတ်ချဝေဖန်ပြီး ဂိုဏ်းခွဲထွက်သွားပါတယ်။ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဆိုတဲ့ 'အလံနီပါတီ' ကို ခွဲပြီး ထူထောင်လိုက်ပါတယ်။ သခင်စိုးနဲ့အတူ သခင်တင်မြ၊ ဒေါ်စောမြ စတဲ့ ဗဟိုကော်မီတီဝင် (၇) ဦး ပါသွားပါတယ်။ ကွန်မြူနစ်ပါတီ ကွဲမသွားရေးအတွက် သခင်ဗဟိန်းကိုယ်တိုင် အတန်တန်ကြိုးစားခဲ့သေးပေမယ့် သခင်စိုးတို့က "အချောင်သမားတွေနဲ့ ခြားနားမှုသည် အကြီးဆုံးသောတော်လှန်ရေးလုပ်ငန်းဖြစ်သည်။" လို့ ကြွေးကြော်ပြီး ခွဲထွက်သွားပါတယ်။ အလံနီပါတီကို 'ဖဆပလ' ကလည်း လက်ခံခြင်းမရှိတဲ့အတွက် အလံနီအစုဝင်များဟာ ဖဆပလကြီးရဲ့ အပြင်ဘက်ကို ရောက်ရှိသွားပါတယ်။ အလံနီပါတီဟာ "အလံနီကိုကိုင်ပြီး တပ်ဦးရှေ့ကထွက်ကာ ရွပ်ရွပ်ချွန်ချွန် တော်လှန်ရေးတိုက်ပွဲတွေကို ဆင်နွှဲပြရမယ်" ဆိုတဲ့ အာဘော်နဲ့အတူ လက်ဝဲစွန်းလှုပ်ရှားမှုတွေကို အဆက်မပြတ် ဖော်ဆောင်ပါတော့တယ်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့မှာ ဘုရင်ခံရဲ့ 'ဥပဒေပြုကောင်စီ' အစည်း အဝေးကျင်းပပါတယ်။ ဘုရင်ခံက လက်ညိုးထိုး ခန့်အပ်ထားတဲ့ ဥပဒေပြုကောင်စီဝင်အားလုံးလိုလိုဟာ 'ဖဆပလ' ဆန့်ကျင်ရေးသမားတွေဖြစ်ကြပြီး 'ဖဆပလ' အဖွဲ့ချုပ်ကို အပြင်းအထန် ဝေဖန်တိုက်ခိုက်ကြပါတယ်။

ဘုရင်ခံကိုယ်တိုင်ကလည်း ဖဆပလကို ဖြိုခွဲဖို့ ဗိုလ်ချုပ်အောင်ဆန်းကို စစ်အတွင်းလူသတ်မှုနဲ့ ဖမ်းဆီးအရေးယူဖို့ ကလိမ်ကကျစ်ဥာဏ်နဲ့ ကြံစည်အားထုတ်လာပါတယ်။ ဒီအကြံယုတ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မယ့် နယ်ချဲ့အလိုကျ ပုဂ္ဂိုလ်တဦးလည်း ပေါ်ပေါက်လာပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ 'သခင်ထွန်းအုပ်' ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတူ စစ်ချီခဲ့တဲ့ သခင်ထွန်းအုပ်ဟာ ဗိုလ်ချုပ်အောင်ဆန်းကို သထုံခရိုင် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ ကုလားသူကြီးသတ်ခဲ့မှုနဲ့ အရေးယူဖို့ ဘုရင်ခံထံတင်ပြပါတယ်။ ဥပဒေပြုကောင်စီမှာလည်း ဘုရင်ခံကို တိုက်တွန်းတဲ့အပြင် တရားရုံးတင် စစ်ဆေးအရေးယူမယ်ဆိုရင် မျက်မြင်သက်သေအဖြစ် သူကိုယ်တိုင် သက်သေခံပါမယ်လို့ ယုတ်ယုတ်မာမာ အဆိုပြုလာခဲ့ပါတယ်။ အင်္ဂလိပ်ဘုရင်ခံရဲ့ အမျိုးသားစီမံကိန်းဝန်ကြီးဖြစ်တဲ့ သခင်ထွန်းအုပ်ရဲ့ နယ်ချဲ့အလိုကျ အမျိုးသားသစ္စာဖောက်လုပ်ရပ်ဟာ တပြည်လုံးကို အံ့သြသွားစေခဲ့ပါတယ်။

သခင်သန်းထွန်းက ဗိုလ်ချုပ်အောင်ဆန်းဘက်မှ ပြတ်ပြတ်သားသားရပ်တည်ကာ စစ်အတွင်းက သခင်ထွန်းအုပ် ကိုယ်တိုင်ရေးခဲ့တဲ့ 'ကျွန်ုပ်၏စွန့်စားခန်း' စာအုပ်ထဲက ဆီလျော်ရာအခန်းတွေကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ဗြိတိသျှပါလီမန်က ပါလီမန်အမတ် ဒရိုင်းဘတ် (Tom Driberg) တို့ဆီ ပို့လိုက်ပါတယ်။ သခင်ထွန်းအုပ်ကိုယ်တိုင် စစ်မြေပြင်မှာ၊ ဘယ်လို ကိုယ်ထိလက်ရောက် လုပ်ကိုင်ခဲ့တယ်ဆိုတာတွေ၊ အားပါး

တရ စာအုပ်ထဲ ရေးသွင်းဖော်ပြထားခဲ့ချက်တွေကို ထုတ်နုတ်ပြီး တိတိကျကျ ဘာသာပြန်ဆိုပေးလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် 'သခင်ထွန်းအုပ်ရဲ့ စစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများကြောင့် သူ့ကို အမှုဆောင်ကောင်စီက ထုတ်ပယ်ပစ်မယ်လား' လို့ အကိုးအကားပြု မေးနိုင်ခဲ့တယ်ဆိုပါတယ်။

နောက်ဆုံးမှာ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူမယ်ဆိုရင် ပြည်သူတရပ်လုံး အုံကြွလာမှာ၊ အုံကြွလာခဲ့ရင် အုံကြွမှုကိုနှိမ်နင်းပစ်ဖို့ အိန္ဒိယတပ်တွေကိုလည်း ခေါ်ယူလို့ မရနိုင်မှာတွက်ချက်မိပြီး၊ ဘုရင်ခံဟာ အကြံအစည်ကို လက်လျှော့လိုက်ရပါတယ်။ ဘုရင်ခံရဲ့ အကြံယုတ် ရှုံးနိမ့်သွားရသလို သခင်ထွန်းအုပ်လည်း အဲဒီအချိန်ကစပြီး ရာသက်ပန် နိုင်ငံရေးသေသွားရပါတော့တယ်။ လူထုချဉ်ဖတ် ဖြစ်သွားရပါတော့တယ်။

၁၉၄၆၊ မေလ (၁၈) ရက်နေ့မှာ အင်းစိန်ခရိုင် 'ထန်းတပင်အရေးအခင်း' ကြီးပေါ်ပေါက်လာပါတယ်။ 'ပြည်သူ့ရဲဘော်' တချို့ အဖမ်းခံရတာကို မကျေနပ်တဲ့အတွက် ပြည်သူ့ရဲဘော်များ၊ တောင်သူလယ်သမားများက စီတန်းလှည့်လည် ဆန္ဒပြကြတာကို ပုလိပ်က သေနတ်နဲ့ ပစ်ခတ်ဖြိုခွင်းခဲ့ပါတယ်။ လယ်သမားကြီး (၄) ဦး သေနတ်ထိမှန် သေဆုံးခဲ့ရတဲ့အတွက် လူထုအုံကြွမှုကြီး ဖြစ်လာခဲ့ပါတယ်။

ဖဆပလအဖွဲ့ချုပ်ကြီးက ဘုရင်ခံအစိုးရရဲ့ လုပ်ရပ်ကို အပြင်းအထန် ကန့်ကွက်ရှုတ်ချတဲ့အပြင် စုံစမ်းရေးအဖွဲ့တခုလည်း စေလွှတ်ပါတယ်။ ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့အာဏာဂျာနယ်ကလည်း 'ထန်းတပင်သေနတ်ပစ်မှု အရေးအခင်းကြီး' အကြောင်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရေးသားပါတယ်။ ရန်ကုန်လူထုကြီးဟာ မော်တော်ယာဉ်သမဂ္ဂက ကားများနဲ့ ထန်းတပင်ကို ချီတက်သွားရောက်ပြီး အင်အားပြကြပါတယ်။

လူတန်းစားအသီးသီးရဲ့ မကျေနပ်ချက်တွေ ဒီဂရီမြင့်သထက် မြင့်လာပါတယ်။ လယ်သမားများရဲ့ အငတ်ပြဿနာဖြေရှင်းရေး၊ လက်ငုတ်လယ်မြေလက်မလွှတ်ရေး၊ အမတော်ကြေးရရှိရေး၊ အရာရှိဆိုးသူကြီးဆိုးတို့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုက လွတ်မြောက်ရေးတိုက်ပွဲတွေ ပေါ်ပေါက်လာပါတယ်။

မခံမရပ်နိုင်တဲ့ ဒေသတွေမှာဆိုရင် ရရာလက်နက် စွဲကိုင်ပုန်ကန်မှုတွေတောင် ပေါ်ပေါက်လာခဲ့ပါတယ်။ 'ရခိုင်သူပုန်' နဲ့ ပျဉ်းမနားနယ်မှာ 'လယ်ဝေးလယ်သမားသူပုန်ကြီး' ပေါ်ပေါက်လာခဲ့ပါတယ်။

ဗြိတိသျှလေဘောအစိုးရဟာ ဝမ်းကိုက်နေတယ်ဆိုတဲ့ ဆာဒေါ်မန်စမစ်ကို အင်္ဂလန် ပြန်ခေါ်လိုက်ရပြီး ဗမာအမျိုးသားခေါင်းဆောင်တွေနဲ့ အဆင်ပြေနိုင်မယ့် ဘုရင်ခံသစ်ကို ရှာဖွေရွေးချယ်ရပါတော့တယ်။ ဘုရင်ခံသစ် မခန့်နိုင်မီ 'ဆာဟင်နရီနိုက်' ဆိုသူကို ခေတ္တဘုရင်ခံအဖြစ်လွှတ်ပါတယ်။ ဖဆပလအဖွဲ့ကြီးရဲ့ သြဇာဟာ လူထုကြားမှာ တက်နေပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးမှာ အခြေခံစိတ်ဓာတ်ချင်း တူညီနေကြပေမယ့် ဖဆပလတွင်းရှိ ကွန်မြူနစ်–ဆိုရှယ်လစ်တွေရဲ့ အားပြိုင်မှုနဲ့ အမြင်ဆိုင်ရာ သဘောထားဆိုင်ရာ ကွဲပြားမှုတွေကတော့ ထုနဲ့ထည်နဲ့ ဖြစ်ပေါ်လာနေပါတယ်။ ဖဆပလ ဆိုတဲ့ တပ်ပေါင်းစုဆိုင်းဘုတ်တခုတည်းအောက်မှာဖြစ်ပေမယ့် အဓိက ပါတီကြီးနှစ်ခုဖြစ်တဲ့ ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်လစ်ပါတီဟာ သူ့စည်းရုံးရေးနဲ့သူ၊ သူ့အင်အားနဲ့သူလည်း အပြိုင်အဆိုင် တည်ရှိနေကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ လူတန်းစားအလိုက်ဆိုင်ရာ သမဂ္ဂတွေရှိနေကြသလို ဆိုရှယ်လစ်ပါတီအောက်မှာလည်း လူတန်းစားအလိုက် ဖွဲ့စည်းထားတဲ့ 'အစည်းအရုံး' တွေ စင်ပြိုင်တည်ရှိနေပါတယ်။ နောက်ထပ် ဖဆပလအဖွဲ့ချုပ်အတွင်းမှာ အရေးကြီးအင်အားစုတခုအဖြစ် ဖြစ်တည်ပါဝင်လာတာကတော့ ၁၉၄၅ ခု ဒီဇင်ဘာ (၁) ရက်နေ့မှာမှ စတင်ဖွဲ့စည်းလိုက်တဲ့ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော် အဖွဲ့ (၃) ဖွဲ့ရဲ့ ညီညွတ်ရေးကို အလေးထားခဲ့ပါတယ်။ ဒီ (၃) ဖွဲ့ကို အခြေတည်ပြီး 'လက်ဝဲညီညွတ်ရေး' ကို အခိုင်အမာဖွဲ့စည်းလိုခဲ့ပါတယ်။ ဒါပေမယ့် အကောင်အထည်မပေါ်ခဲ့ပါ။

ဖဆပလအဖွဲ့ချုပ်ကြီးအတွင်းမှာ ပါတီအဖွဲ့အစည်းများအပြင် ဦးနု၊ ဦးဘဖေ၊ ဒီးဒုတ်ဦးဘချို၊ ဟသ်ာတ ဦးမြ၊ ဦးတင်ထွဋ်တို့လို ထင်ရှားတဲ့ တသီးပုဂ္ဂလများလည်း အရေးကြီးနေရာတွေမှာ ပါဝင်နေရာရထားပါတယ်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလမှာ သမိုင်းဝင် အထွေထွေသပိတ်ကြီး စတင်ပါတယ်။ ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်တွေက သပိတ်ကိုဆိုင်းငံ့ထားချင်တဲ့ သဘောအယူအဆရှိပါတယ်။ တဖက်က လက်နက်စုဆောင်းပြင်ဆင်ပြီးမှ အထွေထွေသပိတ်ကြီးကို ပုလိပ်သပိတ်အထိ မြှင့်တင်ဆင်နွှဲလိုတယ်လို့ အကြောင်းပြပါတယ်။

ကွန်မြူနစ်တွေက လက်နက်စုဆောင်းပြီးအောင် စောင့်ဖို့မလို၊ အထွေထွေသပိတ်ကြီးကို နက်ရှိုင်းစေရမယ်။ ပုလိပ်သပိတ်အထိသာမက စစ်တပ်သပိတ်အထိ မြှင့်သွားရမယ်လို့ တောင်းဆိုကြွေးကြော်ပါတယ်။ လယ်သမားအရေးမှာလည်း ဦးကျော်ငြိမ်း၊ သခင်တင် တို့က တောင်သူလယ်သမားတွေ တောင်းဆိုချက်ရအောင်၊ လယ်ယာမလုပ်ပဲ သပိတ်မှောက်ရမယ်ဆိုပါတယ်။ ကွန်မြူနစ်တွေက တောင်းဆိုချက်အတိုင်း လက်ငုတ်လက်ရင်း လယ်အတင်းဝင်ထွန်ရေး မြေရှင်အိမ်ဝိုင်းရေး၊ ပရိဂ္ဂဟ်ဆန်တွေလုယူပြီး အင်တော်ပြဿနာ ဖြေရှင်းရေးကို 'တိုက်ပွဲလမ်းစဉ်' အဖြစ် တင်ပါတယ်။ လူထုတိုက်ပွဲလမ်းစဉ်ဆိုတာကို ချမှတ်ပါတယ်။

စက်တင်ဘာလ (၅) ရက်မှာ ခေတ်အဆက်ဆက် ကိုလိုနီလက်ပါးစေအခေါ်ခံ အသုံးတော်ခံခဲ့ရတဲ့ ပုလိပ်များကတောင် သပိတ်မှောက်ပြီး လူထုတိုက်ပွဲအတွင်း ပါဝင်လာပါတယ်။ ပုလိပ်သပိတ်ကြီး အောင်မြင်စွာပေါ်လာခဲ့ပါတယ်။ စက်တင်ဘာ (၂၃) ရက်မှာ ဦးကျော်ငြိမ်း၊ ဦးဘဖေတို့ တားဆီးနေတဲ့ကြားထဲက အမှုထမ်းပေါင်းစုံ သပိတ်ကြီး ထပ်မံထွက်ပေါ်လာပါတယ်။ စက်တင်ဘာတလလုံး သပိတ်တွေ တလုံးပြီးတလုံး အဆက်မပြတ် ပေါ်ပေါက်ခဲ့ပါတယ်။ ကျောင်းသားတွေကလည်း သပိတ်မှောက်ပြီး စစ်ကူပေးကြပါတယ်။ အထွေထွေသပိတ်ကြီးဟာ သမိုင်းတွင်လောက်အောင် ကြီးကျယ်ခဲ့သလို ကိုလိုနီယန္တရားကြီးဟာလည်း တခါတည်းရပ်စဲသွားရပါတော့တယ်။

ဒေါ်မန်စမစ်နေရာမှာ တာဝန်ယူဖို့ ဘုရင်ခံအသစ်အဖြစ် ဆာဟူးဘတ်ရန့် ဗမာပြည် ရောက်လာတဲ့အခါ စက်တင်ဘာ အထွေထွေသပိတ်ကြီးနဲ့ ကြုံဆိုပြီးသားဖြစ်သွားပါတယ်။ ဆာဟူးဘတ်ရန်ဟာ ဖဆပလ ရဲ့ အရှိန်သြဇာကို တွက်ချက်မိပြီးဖြစ်သလို၊ အထွေထွေသပိတ်ကြီးရဲ့ ဒီလှိုင်းအဟုန်ကြောင့်ပါ ဖဆပလ အဖွဲ့ချုပ် ခေါင်းဆောင်များနဲ့ မြန်မြန်ဆန်ဆန် တွေ့ဆုံဆွေးနွေးမှုလုပ်ပါတယ်။ သပိတ်လှန်ရေးနဲ့ အတိုင်ပင်ခံ အမှုဆောင်ကောင်စီသစ် ဖွဲ့စည်းရေးကို အပေးအယူလုပ်ပါတယ်။ အမှုဆောင်ကောင်စီဟောင်းကို ဖျက်သိမ်းပစ်ပြီး အမှုဆောင်ကောင်စီသစ်မှာ ဖဆပလ ကိုယ်စားလှယ်များ ပါဝင်ရေး ဖိတ်ကြားပါတယ်။ အရင် ဖဆပလ က တောင်းဆိုခဲ့တဲ့ အတိုင်ပင်ခံဝန်ကြီး (၁၁) နေရာအထိ မပေးပေမယ့် ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကို အတိုင်ပင်ခံ အမှုဆောင်အဖွဲ့မှာ ဒုတိယဥက္ကဋ္ဌအဖြစ် ပေးပါတယ်။ ကာကွယ်ရေးနဲ့ ပြည်ပဆက်သွယ်ရေးဌာနတွေကိုလည်း ဦးစီးဖို့ပေးပါတယ်။ ဘုရင်ခံရဲ့သဘောနဲ့ ဖဆပလ ဆန့်ကျင်ရေး နိုင်ငံရေးအင်အားစုများအတွင်းက ပုဂ္ဂိုလ်အချို့ကိုလည်း ဖဆပလနဲ့ အပေးအယူလုပ်ပြီး ထည့်သွင်းဖွဲ့စည်းစေပါတယ်။ ဖဆပလ ခေါင်းဆောင်တွေက အထွေထွေသပိတ်ကြီးကို ပြန်လှန်ရှင်းလင်းပေးဖို့ တာဝန်ယူခဲ့ရပါတယ်။ ဆာဟူးဘတ်ရန်ရဲ့ ဖြေရှင်းပုံဟာ သြဇာအရှိဆုံး ဖဆပလအဖွဲ့ချုပ်ကြီးကိုလည်း ကျေနပ်အောင် အဆင့်နေရာမှန်အတိုင်း အသိအမှတ်ပြုလိုက်ပြီး ဖြစ်သွားသလို၊ ဗြိတိသျှအစိုးရ မဖြေရှင်းနိုင်တဲ့ အထွေထွေ

သပိတ်ကြီးကိုလည်း ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလကြီးနဲ့ ခေါင်းတည်ပေးလိုက်ပြီးသားဖြစ်သွားပါတယ်။

အမှုဆောင်ကောင်စီတွင်း ဝင်ရေး သဘောတူပြီးတဲ့အခါ ဖဆပလအဖွဲ့ကြီးအတွင်း နေရာခွဲဝေမှု ပြဿနာ ပေါ်လာပါတယ်။ ကွန်မြူနစ်ပါတီက ကွန်မြူနစ်နှစ်ယောက်၊ ဆိုရှယ်လစ်နှစ်ယောက်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကြားတယောက်ဖြစ်ရေး အဆိုပြုပါတယ်။ (ကွန်မြူနစ် နှစ်ယောက်ဖြစ်ရင် သခင်သိန်းဖေနဲ့ သခင်သန်းထွန်းဝင်ရေးလို့ ဆိုပါတယ်။) ဦးကျော်ငြိမ်း တို့က ကွန်မြူနစ်တယောက်၊ ဆိုရှယ်လစ်တယောက်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကြားတယောက်လို့ အဆိုပြုပြီး ဖျက်လိုက်ပါတယ်။ (ရည်ရွယ်ချက်က အစိုးရအဖွဲ့အတွင်း ကွန်မြူနစ်တွေ အားကြီးမလာနိုင်ရေးလို့ဆိုပါတယ်)။ ကွန်မြူနစ်ပါတီကဖဆပလ ကြားဖြတ်အစိုးရဖွဲ့နိုင်ရေးသာအဓိက၊ ကွန်မြူနစ်နှစ်ယောက် ဝန်ကြီးဖြစ်ရေးဟာ အဓိကမဟုတ်ဆိုတဲ့ အမြင်နဲ့အလျှော့ပေးလိုက်တယ်ဆိုပါတယ်။ သခင်သိန်းဖေကို တာဝန်ပေးလိုက်ပါတယ်။ အဲဒီအချိန်တုန်းက သခင်သန်းထွန်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်နေပါပြီ။ ပါတီအထွေထွေအတွင်းရေးမှူးတာဝန်ကို ဖိဖိစီးစီး ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ဖဆပလ အထွေထွေအတွင်းရေးမှူးတာဝန်က နှုတ်ထွက်လိုက်လို့ လစ်လပ်လာတဲ့ ဖဆပလ အထွေထွေအတွင်းရေးမှူးနေရာအတွက် သခင်သိန်းဖေနဲ့ ဦးကျော်ငြိမ်း ယှဉ်ပြိုင်အရွေးခံကြရင်း ဦးကျော်ငြိမ်းက အနိုင်ရကာ ဖဆပလအထွေထွေအတွင်းရေးမှူး ဖြစ်နေပါပြီ။ သခင်သိန်းဖေက ဖဆပလရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဖြစ်ပါတယ်။

စက်တင်ဘာ (၂၇) ရက်မှာ ဘုရင်ခံအမှုဆောင်ကောင်စီသစ် (အစိုးရအဖွဲ့သစ်) တရားဝင် ဖွဲ့စည်းပေါ်ပေါက်လာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ သခင်သိန်းဖေ (သိန်းဖေမြင့်)၊ ဦးဘဖေ၊ မန်းဘခိုင်၊ ဦးအောင်ဇံဝေ၊ ဆာမောင်ကြီး၊ ဦးတင်ထွဋ်တို့ ပါဝင်ကြပါတယ်။ ကွန်မြူနစ်ပါတီက သခင်သိန်းဖေ (သိန်းဖေမြင့်) ဟာ လယ်ယာနဲ့သစ်တောဝန်ကြီး ဖြစ်လာပါတယ်။ နိုဝင်ဘာမှာ သခင်ဗစိန်၊ ဂျွန်ဦးစော၊ ပျော်ဘွယ်ဦးမြ၊ စောဘဦးကြီးတို့ ထပ်မံပါဝင်လာပါတယ်။ နိုင်ငံခြားက ပြန်လည်ရောက်လာကြတဲ့ သခင်ဗစိန်နဲ့ ဂျွန်ဦးစော တို့ဟာ ဘုရင်ခံခန့်တွေဖြစ်ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့အရှိန်နဲ့ အထွေထွေသပိတ်ကြီးကို ပြန်လှန်အောင်လုပ်ရရင်း အခက်အခဲတွေ ကြုံရသလို တည်ရှိနေပြီးဖြစ်တဲ့ 'လယ်သမားသူပုန်' တွေ အပေါ်လည်း အကြမ်းဖက်နှိပ်ကွပ်ရမှုတွေလုပ်ရရင်း၊ ဝေဖန်လက်ညိုးထိုးစရာတွေ ပေါ်ပေါက်လာခဲ့ရပါတယ်။

ကွန်မြူနစ်ပါတီက ဗိုလ်ချုပ်အောင်ဆန်းအပေါ် ဝေဖန်တာတွေ ပေါ်ထွက်လာပါတယ်။ ဝေဖန်ချက်တွေဟာ တစထက်တစ ပြင်းထန်လာပါတယ်။ အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီအဖြစ် ခံယူထားတဲ့ ကွန်မြူနစ်ပါတီဟာ အလုပ်သမားသပိတ်များနဲ့ ပတ်သက်ပြီး 'ဖဆပလ' ကိုယ်စားလှယ်တွေ ပါဝင်နေတဲ့ ဘုရင်ခံ အမှုဆောင်အစိုးရအဖွဲ့ရဲ့ ကိုင်တွယ်ဖြေရှင်းပုံကို 'ပြည်သူ့အာဏာဂျာနယ်' ကနေ 'သပိတ်အရေးတော်ပုံနှင့် နယ်ချဲ့သမားတို့၏ မျက်လှည့်ပြပွဲကြီး' လို့ ရေးသားဝေဖန်ပါတယ်။

ကွန်မြူနစ်တွေနဲ့အပြိုင်အဆိုင်ဖြစ်နေတဲ့ ဆိုရှယ်လစ်တွေက အကြီးအကျယ် မကျေနပ်ဖြစ်ခဲ့တယ်။ ကွန်မြူနစ်ပါတီဟာ ဖဆပလ ကြားဖြတ်အစိုးရကို ထောက်ခံနေရာကနေ ဆန့်ကျင်တဲ့လမ်းစဉ်ကို ကူးပြောင်းလာတာဟာ ရာထူးမရတဲ့ သခင်သန်းထွန်းရဲ့ ပယောဂလို့ ဆိုရှယ်လစ်တွေက စွပ်စွဲကြပါတယ်။ တပါတီတည်းဖွဲ့စည်းရန် ကြိုးစားကြတုန်းက 'ကျော်ငြိမ်းကိုတော့လက်မခံနိုင်' လို့ ငြင်းပယ်ခြင်းခံခဲ့ရတဲ့ ဦးကျော်ငြိမ်းက "ကွန်မြူနစ်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုတောင် သစ္စာဖောက်အဖြစ် ထိပါးတိုက်ခိုက်နေကြပြီး ဖဆပလအစိုးရကိုဖြိုချဖို့ ကြိုးစားနေပြီဖြစ်ကြောင်း ဒါကြောင့် ဒီရန်ကို ခုကတည်းက ဖျက်စီးပစ်ဖို့လိုကြောင်း" ဖဆပလတွင်းမှာ တိတိလင်းလင်းပြောဆိုလာပါတယ်။ တက်တက်ကြွကြွလည်း အားထုတ်ပြင်ဆင်ပါတယ်။ "မလို

လားအပ်တဲ့ သားငယ်ကိုမရရှိဖို့ ကိုယ်ဝန်ဆောင်နေစဉ်အတွင်းမှာကို နေ့စေ့လစေ့အထိ ကြီးရင့်ခွင့်မပြုပဲ ဖျက်ချရမယ်။ သားလျှောကျစေရမယ်" ဆိုတဲ့ အယူအဆရှိတဲ့ ဦးကျော်ငြိမ်းဟာ လက်ဦးမှုရှိရှိ ခြေလှမ်းလှမ်းပါတယ်။ "ကွန်မြူနစ်ပါတီဟာ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို သူတို့ပါသဘောတူပြီးမှ ယခု မထောက်ခံရုံမက ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့နဲ့ပူးပေါင်းသွားသူ သစ္စာဖောက်ပမာ သူတို့ဂျာနယ်က ရေးသားပြောဆိုနေတာဟာ အလွန်ကြီးမားတဲ့အပြစ်ဖြစ်တဲ့အတွက် ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က အရေးယူရမယ်" လို့ တင်ပြပါတယ်။ ဦးဘဖေနဲ့ ဒီးဒုတ်ဦးဘချိုတို့က ဦးကျော်ငြိမ်းကို ထောက်ခံကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကတော့ ကြားကဖြန်ဖြေလိုပါတယ်။

'ပြည်သူ့အာဏာပါ ရေးသားချက်တွေကို ရုပ်သိမ်းပြီး တောင်းပန်ရမယ်' လို့ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီကို တောင်းဆိုပါတယ်။ ကွန်မြူနစ်ပါတီက မရုပ်သိမ်းပါ။ မတောင်းပန်ပါ။

ဒုတိယကွန်ဂရက်ကတည်းက အတိအလင်းဖော်ပြကြေညာထားခဲ့ဖူးပြီး 'ပါတီ သီးခြားထူထောင်တည်ရှိခွင့်ရှိခြင်း' ဆိုတဲ့ အခြေခံမူကိုကိုင်စွဲပြီး 'ပါတီသည် လွတ်လပ်စွာ ဝေဖန်ခွင့်နှင့် သီးခြားရပ်တည်ခွင့်ရှိရမည်။ ဖဆပလ၏ လက်အောက်ခံအဖွဲ့အစည်းအဖြစ်မခံနိုင်' လို့ တုန့်ပြန်ရပ်တည်လိုက်ပါတယ်။ နောက်ဆုံးမှာ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာ (၁၀) ရက်နေ့မှာ ဖဆပလအဖွဲ့ချုပ်ကြီးအတွင်းကနေ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ကြောင်း ကြေညာလိုက်ပါတယ်။

ဖဆပလကြီး ပေါ်ထွန်းဖြစ်တည်လာရေးအတွက် ကြိုးပမ်းအားထုတ်ရာမှာ အဓိက စတင်ပါဝင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ သူကြိုးပမ်းတည်ထောင်ခဲ့တဲ့ ဖဆပလ အဖွဲ့ကြီးရဲ့ အပြင်ဘက်ကို ရောက်ရှိသွားရပါပြီ။ ဖယ်ထုတ်ခြင်းကိုခံလိုက်ရပါပြီ။ တပ်ပေါင်းစုကြီးရဲ့ ညီညွတ်ရေး စတင်ပြိုကွဲခြင်းဖြစ်သလို တိုင်းပြည်ရဲ့ အမျိုးသားသွေးစည်းညီညွတ်မှု စတင်ပြိုအက်ခြင်းဖြစ်ပါတယ်။

သခင်သိန်းဖေ (သိန်းဖေမြင့်) လည်း ကြားဖြတ်အစိုးရအဖွဲ့က နုတ်ထွက်လိုက်ရပါတယ်။ ဗြိတိသျှအစိုးရဟာ ဖဆပလ ကို အာဏာတိုးတိုးပြီး ပေးလာပါတယ်။ ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီ သဘောကနေ ကက်ဘိနက်သဘော ပြောင်းလဲပေးလာပါတယ်။ တဖြည်းဖြည်း 'ဖဆပလ ကြားဖြတ်အစိုးရ' သဖွယ် ဖြစ်လာပါတယ်။ ဒု ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းဟာ ဝန်ကြီးချုပ်သဘောဖြစ်လာခဲ့ပါတယ်။ ဆိုရှယ်လစ် ဦးကျော်ငြိမ်းဟာလည်း ပြည်ထဲရေးဝန်ကြီး ဖြစ်လာပါတယ်။

ကွန်မြူနစ်–ဆိုရှယ်လစ် ပဋိပက္ခဟာ ပိုမိုပြင်းထန်လာပါတယ်။ ဖဆပလ တပ်ပေါင်းစုကြီးထဲက ကွန်မြူနစ်တွေကို ထုတ်ပယ်လိုက်နိုင်ပြီးတဲ့အခါ ဖဆပလ အတွင်းမှာ ဆိုရှယ်လစ်တွေ အသာစီးရလာပါတယ်။ နေရာတကာ တွင်ကျယ်လာပါတယ်။ ဖဆပလထဲက ကွန်မြူနစ်တွေကို ထုတ်ပယ်ပစ်လိုက်တဲ့ ဂယက်ဟာ ပြည်သူ့ရဲဘော်တွေကြား အကြီးအကျယ် ရိုက်ခတ်ပါတယ်။ ဆိုရှယ်လစ်တွေရဲ့ အသာစီးယူမှုအပေါ် မကျေနပ်ချက်တွေလည်း ပြင်းထန်လာပါတယ်။ ပြည်သူ့ရဲဘော်လည်း နှစ်ပိုင်းကွဲသွားရပါတော့တယ်။ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်းတို့ ခေါင်းဆောင်တဲ့အပိုင်းက တပ်နီအဖြစ်ခွဲထောင်ပါတယ်။ တပ်နီနဲ့ ပြည်သူ့ရဲဘော် စင်ပြိုင်ဖြစ်လာကြပါတယ်။ ပျဉ်းမနားဘက်မှာ အရင်ကတည်းက တည်ရှိနေပြီးဖြစ်တဲ့ 'လယ်သမားတပ်များ' နဲ့ တပ်နီပေါင်းပြီး တပ်နီအဖြစ် ပူးပေါင်းဖွဲ့စည်းလိုက်ပါတယ်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာတို့ဟာ တပ်နီဖြစ်လာပါတယ်။ တပ်နီနဲ့ ပြည်သူ့ရဲဘော်ဟာလဲ ရန်သူသဖွယ် ဖြစ်လာကြပါတယ်။

ဗမာပြည်နိုင်ငံရေးမှာ ရှေ့တန်းအရောက်ဆုံးဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အလံနီပါတီအဖြစ် (၂) ပိုင်းကွဲ သွားခဲ့ရသလို၊ အောက်တိုဘာ (၁၀) ရက်နေ့မှာ ဖဆပလကြီးထဲကနေ ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်ခြင်းအားဖြင့် ဖဆပလ

ကြီးလည်း စတင်ပြိုကွဲလာခဲ့ရပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကနေ အလံနီပါတီအဖြစ် ခွဲထွက်မှုကြောင့် ပါတီအကွဲ စိတ်ထိခိုက်ခဲ့ရတဲ့ သခင်ဗဟိန်းဟာ ကျန်းမာရေးဆိုးဝါးလာပြီး မန္တလေး မိဘရပ်ထံ ပြန်ဆေးဝါး ကုသခံနေရတုန်း၊ ဆေးရုံတက် နေရတုန်း၊ ပေါင်မုန့်ထုပ်လာတဲ့ သတင်းစာဖြတ်ပိုင်းထဲက 'ကွန်မြူနစ်ပါတီကို ဖဆပလကြီးထဲက ထုတ်ပယ်လိုက်ခြင်း' သတင်း အမှတ်မထင် ဖတ်မိသွားရာက အကြီးအကျယ် စိတ်ထိ ခိုက်သွားရရှာပါတယ်။ အဲဒီသတင်းကို သိလိုက်ရတာဟာ နိုဝင်ဘာ (၁၉) ရက်နေ့ပါ။ နိုဝင်ဘာ (၂၀) ရက်နေ့ မှာ ဗိုလ်ချုပ်အောင်ဆန်း မန္တလေးရောက်လာပြီး သခင်ဗဟိန်းကို လူမမာလာကြည့်မယ်ဆိုတဲ့သတင်း သခင် ဗဟိန်း သိလိုက်ရတဲ့အခါ "ငါသူ့ကိုမတွေ့ချင်ဘူး။ လာခွင့်မပေးပါနဲ့" လို့ သူ့ဇနီးကို တဖွဖွပြောရင်း တညလုံး မအိပ်တော့ပဲ၊ စကားမပြောတော့ပဲ ပြင်းပြင်းထန်ထန် ကြေကွဲနာကျည်းခံစားသွားရင်း နိုဝင်ဘာ (၂၀) ရက် အရုဏ်တက်မှာ ကွယ်လွန်ဆုံးပါးသွားရရှာပါတယ်။ (၂၀) ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း ရောက်လာတဲ့အခါ အလောင်းကိုပဲ မြင်ခွင့်ရပါတော့တယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်လည်း ကြေကြေကွဲကွဲ ခံစားသွားခဲ့ရပါ တယ်။

ကွန်မြူနစ်–ဆိုရှယ်လစ် ပဋိပက္ခဟာ ဆိုရှယ်လစ်များက ဖဆပလဆိုတဲ့ စည်းရုံးရေး လက်နက်နည်း နဲ့ရော ဖဆပလ ကြားဖြတ်အစိုးရဆိုတဲ့ အာဏာလက်နက်နည်းနဲ့ရော အသုံးပြု တိုက်ခိုက်တဲ့အတွက် 'ဖဆပလ–ကွန်မြူနစ်' ပဋိပက္ခအသွင် ပေါ်လွင်ခဲ့ရပါတယ်။

ကွန်မြူနစ်ပါတီက သူတို့ရဲ့ မူလရှိပြီး မူအတိုင်း လယ်သမားထွန်တုံးတိုက်ပွဲ၊ ဆန်လုပွဲ၊ အလုပ် သမား သပိတ်တိုက်ပွဲတွေကို သက်ဆိုင်ရာ သမဂ္ဂတွေကနေ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးအဖြစ် ဖော်ထုတ် ဆင်နွှဲပါတယ်။ ဦးကျော်ငြိမ်းက ပြည်ထဲရေးဝန်ကြီး အာဏာကိုသုံးပြီး ဖြိုဖျက်ဟန့်တားနှိပ်ကွပ်ပါတယ်။ နယ်ချဲ့သမားရဲ့ စာအုပ်စင်ချောင်ကြားကနေ 'ပီအိုပီအေ (POPA) ခေါ် ပြည်သူ့ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်း ရေးအက်ဥပဒေ ပုဒ်မ (၅) ကို ဖဆပလ စားပွဲပေါ်ယူလာပြီး၊ လက်နက်သဖွယ် အသုံးပြုခဲ့ပါတယ်။ ဦးကျော်ငြိမ်း နဲ့ ပုဒ်မ (၅) ဟာ ခွဲမရအောင် ဖြစ်လာပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီ အစိုးရအဖွဲ့အတွင်း ဝင်သွားရတဲ့ အတွက် ဖဆပလ ဌာနချုပ်ကို သခင်နုက ဦးစီးအုပ်ချုပ်နေပါတယ်။ လွတ်လပ်ရေးဟာ မြုပ်နေပြီး လွတ်လပ် ရေးတိုက်ပွဲဝင်ဖို့ လက်နှေးနေရင် နိုင်ငံရေးခေါင်းဆောင်မှု အဆင့်နေရာ ကွန်မြူနစ်လက်ထဲ ရောက်သွားနိုင် တယ်။ လွတ်လပ်ရေးကို ကွန်မြူနစ်တွေက ယူပေးတာမဖြစ်ပဲ ဖဆပလ က ယူပေးတာသာ ဖြစ်ချင်တယ်ဆိုတဲ့ သဘောထားအမြင်နဲ့ ဦးနုက ဦးကျော်ငြိမ်းနဲ့ပေါင်းပြီး ဗိုလ်ချုပ်အောင်ဆန်းဆီ အဆိုတခုတင်ပါတယ်။ အဲဒီ အဆိုကတော့ တနှစ်အတွင်း ဗမာပြည်လွတ်လပ်ရေးကို အင်္ဂလိပ်က ကြေညာပေးဖို့၊ ကြေညာမပေးရင် ဖဆပလ ကိုယ်စားလှယ်တွေ အစိုးရအဖွဲ့တွင်းကနေ နုတ်ထွက်ပြီး အနုနည်းနဲ့ အာဏာဖီဆန်ဖို့ဖြစ်ပါတယ်။

ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးအတွက် ဦးတည်ကြိုးပမ်းတဲ့နေရာမှာ နိုင်ငံရေးအင်အား စုတွေကြားထဲမှာ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလကစပြီး အယူအဆနှစ်ရပ် လမ်းစဉ်နှစ်ရပ်အဖြစ် ကွဲပြားစွာ ဖြစ်တည်ပေါ်ပေါက်လာခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်ကြီးရဲ့ 'ပေါင်းလည်းပေါင်းမည်၊ တိုက်လည်းတိုက်မည်' ကိုလိုနီစနစ် ဆန့်ကျင်ရေးလမ်းစဉ်နဲ့ ကွန်မြူနစ်တို့ရဲ့ "ကိုလိုနီသမားများကို လူထုလူတန်းစား လှုပ်ရှားမှု များ၊ တိုက်ပွဲများ၊ နောက်ဆုံး မလွှဲမရှောင်သာဖြစ်လာလျှင် လက်နက်ကိုင်တိုက်ပွဲများဖြင့် ဆန့်ကျင်တိုက်ခိုက် ရမည်" ဆိုတဲ့ ကိုလိုနီစနစ်ဆန့်ကျင်ရေးတိုက်ပွဲလမ်းစဉ်ဖြစ်ပါတယ်။ ဒီလမ်းစဉ်နှစ်ရပ် အမြင်နှစ်ရပ်ရဲ့ ပဋိပက္ခဟာ ပုဂ္ဂိုလ်ရေးပဋိပက္ခ၊ အဖွဲ့အစည်းချင်းဆိုင်ရာ အပြိုင်အဆိုင် ပဋိပက္ခတွေနဲ့အတူ ပြင်းထန်သည်း ထန်လာခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးဟာ တောင်းဆိုချက် (၃) ရပ်ကို ဘုရင်ခံကနေတဆင့် ဗြိတိသျှအစိုးရဆီ နိုဝင်ဘာလထဲမှာပဲ ပေးပို့လိုက်ပါတယ်။ တောင်းဆိုချက် (၃) ရပ်ကတော့ (၁) လက်ရှိအမှုဆောင်အဖွဲ့ကို လုံးဝအာဏာရှိသော ကြားဖြတ်အစိုးရအဖြစ် ပြောင်းလဲပေးရမည်။ (၂) တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲကြီး ကျင်းပရမည်။ (၃) ဗမာပြည်အား လုံးဝလွတ်လပ်သော တိုင်းပြည်အဖြစ် တနှစ်အတွင်း ဖြစ်စေရမည်ဟု ကြေညာပေးရမည်ဆိုတာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ကြေညာပေးရန် မလိုက်လျောပါက အစိုးရအဖွဲ့မှ နုတ်ထွက်မယ်လို့လည်း ဖော်ပြလိုက်ပါတယ်။

ဖဆပလရဲ့ တနှစ်အတွင်း လွတ်လပ်ရေးကြွေးကြော်သံနဲ့ လွတ်လပ်ရေးတိုက်ပွဲအတွက် ကွန်မြူနစ်ပါတီက ထောက်ခံခဲ့ပါတယ်။ ပဋိပက္ခတွေ ကွဲလွဲမှုတွေကြားထဲကနေ ထောက်ခံလိုက်တာဖြစ်ပါတယ်။

၁၉၄၆၊ ဒီဇင်ဘာမှာ ဗြိတိသျှအစိုးရက ဗမာအစိုးရကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်လာရောက်ဆွေးနွေးဖို့ ဖိတ်ကြားရပါတယ်။ ဒီဇင်ဘာ (၂၀) ရက်မှာ နန်းရင်ဝန်အက်တလီက "ကျွန်ုပ်တို့သည် ဓနသဟာယနယ်အတွင်း၌ မနေလိုသူများအား နေရမည်ဟုမတားလိုပါ။ ဗမာပြည်သူတို့သည် သူတို့ဆန္ဒအရ သူတို့၏ နောင်ရေးကို ဆုံးဖြတ်စီမံကြရန်ဖြစ်ပါသည်။" လို့ ပါလီမန်အောက်လွှတ်တော်မှာ ကြေညာပေးရပါတယ်။

လန်ဒန်ကို မသွားခင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ၊ ဖဆပလ၊ တပ်မတော်တို့ကို အသင့်ရှိကြပါ၊ စည်းလုံးညီညွတ်ကြပါလို့ မှာကြားသတိပေးပါတယ်။ ပြည်သူ့ရဲဘော်ကိုလည်း အသင့်ပြင်ဖို့ မှာကြားထားခဲ့ပါတယ်။ ၁၉၄၇ ဇန်နဝါရီ (၂) ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ အိန္ဒိယပြည် နယူးဒေလီကို လေယာဉ်နဲ့ စတင်ခရီးထွက်ပါတယ်။ နယူးဒေလီမှာ သတင်းစာဆရာတွေက "ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ အနုနည်းသုံးမလား၊ အကြမ်းနည်းသုံးမလား" မေးကြပါတယ်။ ဗိုလ်ချုပ်က "အခြေအနေအရပဲ၊ ကျွန်တော်တို့ကတော့ လက်မနှေးပါဘူး" လို့ ဖြေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်သူတွေကတော့၊ သခင်မြ၊ ဦးဘဖေ၊ ဦးတင်ထွဋ်၊ သခင်ဗစိန်နဲ့ ဂျွန်ဦးစောတို့ဖြစ်ပါတယ်။ သခင်ဗစိန်နဲ့ ဂျွန်ဦးစောဟာ ဘုရင်ခံက ရွေးချယ်လွှတ်တာဖြစ်ပါတယ်။ အကြံပေးအဖြစ် လိုက်ပါသွားကြသူတွေကတော့ ဦးကျော်ငြိမ်း၊ ဗိုလ်စကြာ၊ သခင်ချစ် (ဒေးဒရဲ)၊ ဦးဘရင် မိတ္ထီလာတို့ ဖြစ်ပါတယ်။

လွတ်လပ်ရေးလှုပ်ရှားမှု ဦးတည်ချက်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီကလည်း ၁၉၄၇ ခုနှစ် ဇန်နဝါရီလထဲမှာပဲ 'နောက်ဆုံးတိုက်ပွဲလမ်းစဉ်' ကိုချမှတ်ပြီး 'ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးတည်ဆောက်သွားရန်' ဆုံးဖြတ်လိုက်ပါတယ်။ နယ်ချဲ့သမားကို အပြီးတိုင် တိုက်ထုတ်ရေးအတွက် ပြင်ဆင်ပါတယ်။ နယ်ချဲ့သမားတိုက်ထုတ်ရေးအတွက် လွတ်လပ်ရေးလှုပ်ရှားမှုမှန်သမျှကို ပူးပေါင်းအားဖြည့်ဖို့ သဘောထား ချမှတ်ပါတယ်။

ဇန်နဝါရီ (၉) ရက်နေ့မှာ လန်ဒန်ကို ဗိုလ်ချုပ်အောင်ဆန်းတို့ ရောက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ လွတ်လပ်ရေးကြိုးပမ်း အရေးဆိုမှုကို အားဖြည့်ဘို့ ဗမာပြည်တွင်းကနေ လွတ်လပ်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေး အင်အားပြပွဲကြီး ကျင်းပဆင်နွှဲပါတယ်။ (၁၀) ရက်နေ့မှာ လယ်သမားနေ့၊ (၁၁) ရက်နေ့မှာ ပြည်သူ့ရဲဘော်နေ့၊ (၁၂) ရက်နေ့မှာ လခစား အမှုထမ်းပေါင်းစုံနေ့၊ (၁၃) ရက်နေ့ အမျိုးသမီးနေ့၊ (၁၄) ရက်နေ့ အလုပ်သမားနေ့၊ (၁၅) ရက်နေ့ ကျောင်းသားနေ့၊ (၁၆) ရက်နေ့ ဖဆပလ နေ့ စသဖြင့် နေ့အလိုက်ခွဲပြီး ဆန္ဒပြ အင်အားပြလှုပ်ရှားကြပါတယ်။ အဲဒီလှုပ်ရှားမှုတွေထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း

ပူးပေါင်းအားဖြည့် ပါဝင်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ 'ရရင်ရမရရင်ချ' ကြွေးကြော်သံ ထွက်ပေါ်လာခဲ့ပါတယ်။

ဇန်နဝါရီ (၁၃) ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အက်တလီတို့ စတင်ဆွေးနွေးကြပါတယ်။ ဆွေးနွေးနေစဉ်ကာလအတွင်းမှာ 'ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်လူထု၏ကိုယ်စားလှယ်မဟုတ်' လို့ ရှမ်းပြည်စော်ဘွားအချို့က လန်ဒန်ကို သံကြိုးရိုက်ပါတယ်။ ရှမ်းပြည်က ဦးဘဇံ (အင်းလေး)၊ ဦးဖေခင်၊ ဦးထွန်းမြင့်စတဲ့ လူငယ်တွေက လူထုအစည်းအဝေးခေါ်ပြီး ရှမ်းပြည်လူထုကိုယ်စားလှယ်ဖြစ်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုချမှတ်ပြီး သံကြိုးပြန်ရိုက်ပါတယ်။

ဇန်နဝါရီလ (၂၇) ရက်နေ့အထိ ဆွေးနွေးပွဲ (၁၀) ကြိမ်ကျင်းပပြီး 'အောင်ဆန်း–အက်တလီစာချုပ်' ထွက်ပေါ်လာခဲ့ပါတယ်။ စာချုပ်ကို ကိုယ်စားလှယ်တဖွဲ့တည်း အတူပါဝင်ဆွေးနွေးခဲ့ကြတဲ့ သခင်ဗစိန်နဲ့ ဂဠုန်ဦးစောတို့က ပါဝင်လက် မှတ်ထိုးခြင်းမပြုပဲ ကန့်ကွက်ခဲ့ကြပါတယ်။ (ဗမာပြည်ပြန်ရောက်တဲ့နောက်လဲ ဝန်ကြီးအဖြစ်ကနေ နှုတ်ထွက်သွားကြပါတယ်)

စာချုပ်ပါ သဘောတူညီချက်တွေအရ အမှုဆောင်ကောင်စီဟာ ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံရပြီး ကြားဖြတ်အစိုးရ အာဏာရလာပါတယ်။ ဗြိတိသျှလက်နက်ကိုင် တပ်တွေမှအပ၊ ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်တွေနဲ့ နိုင်ငံခြားရေးဌာနကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရက အုပ်ချုပ်ခွင့်ရပါတယ်။ ကိုယ်ပိုင် ဘဏ္ဍာရေးအုပ်ချုပ်မှုကို ရရှိပါတယ်။ ဗမာအစိုးရကိုယ်စားလှယ်မဟာမင်းကြီးတဦး လန်ဒန်မှာ ထားခွင့်ရပါတယ်။ ပြည်မနဲ့တောင်တန်းဒေသ အနာဂတ် အရေးအတွက် တောင်တန်းဒေသရဲ့ဆန္ဒယူရန် သဘောတူကြပါတယ်။ အရွယ်ရောက်သူတိုင်း မဲပေးနိုင်တဲ့စနစ်နဲ့ ရွေးကောက်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ခွင့်ရခဲ့ရပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဗြိတိသျှပါလီမန်မှာ အတည်ပြုဖို့ တင်သွင်းရမယ်လို့ သဘောတူခဲ့ကြပါတယ်။

ဖေဖော်ဝါရီလဆန်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဗမာပြည်ပြန်ရောက်လာပါတယ်။ ဗမာပြည် ပြန်ရောက်ရောက်ချင်း အောင်ဆန်း–အက်တလီ စာချုပ်နဲ့ပတ်သက်ပြီး တိုင်းပြည်ကို တာဝန်ယူ ရှင်းလင်းပြောကြားရာမှာ 'လွတ်လပ်ရေးမရခဲ့သေးကြောင်း၊ သို့ရာတွင် နည်းလမ်းကိုသာရရှိခဲ့ကြောင်း၊ ယင်းနည်းလမ်းကို အကောင်အထည်ဖော်ရန်အတွက် တတိုင်းတပြည်လုံး စည်းလုံးညီညွတ်ဖို့လိုကြောင်း' လို့ အတိအလင်း ထုတ်ဖော်သွားခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၅) ရက်နေ့အထိ ရန်ကုန်မြို့ ဗင်တန်အထိမ်းအမှတ် ခန်းမမှာ ကရင်အမျိုးသားကွန်ဂရက် ကျင်းပပါတယ်။ ကရင်အမျိုးသား (၇၀၀) ကျော် တက်ရောက်ပါတယ်။ အဲဒီမှာ ကရင်ဗဟိုအဖွဲ့ချုပ် **(KCO)** နဲ့ ကရင်လူငယ်များအစည်းအရုံး **(KYO)** ပေါင်းပြီး၊ 'ကရင်အမျိုးသားအဖွဲ့ချုပ်' **(KNU)** ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကွန်ဂရက်မှာ ကေအင်ယူကလဲ အောင်ဆန်း–အက်တလီစာချုပ်ကို ကန့်ကွက်ကြောင်း ဗြိတိသျှနန်းရင်ဝန်ဆီကို သံကြိုးရိုက်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံတဝန်းသွားပြီး တိုင်းရင်းသားများ စည်းလုံးရေး၊ အတူတကွ ပြည်ထောင်စုကြီးထူထောင်ရေး ဟောပြောပါတယ်။ ပင်လုံညီလာခံကြီးပေါ်လာပါတယ်။ ရှမ်းပြည်ပင်လုံမြို့မှာ ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်တွေ စုဝေးကြပါတယ်။ ကရင်နဲ့ ကရင်နီက လေ့လာသူအဖြစ်ပဲ တက်ရောက်ပါတယ်။ ကေအင်ယူက ဖဒိုဝီရီကျော်၊ သထုံ ဦးလှဖေ၊ စောစံကေးနဲ့ ဦးချစ်တီးတို့ လေ့လာသူအဖြစ် တက်ရောက်ပါတယ်။ ပင်လုံညီလာခံကြီးရဲ့ ရလဒ်အဖြစ် သမိုင်းဝင် ပင်လုံစာချုပ် ထွက်ပေါ်လာခဲ့ပါတယ်။ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး တောင်တန်းနဲ့ မြေပြန့် တပေါင်းတည်း လွတ်လပ်ရေး

ရယူရေး ဆုံးဖြတ်နိုင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ်ကို ဗမာနိုင်ငံအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ် (၂၂) ဦးက လက်မှတ်ရေးထိုးခဲ့ပါတယ်။

ပင်လုံညီလာခံကျင်းပနေစဉ်အတွင်းမှာပဲ ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များဟာ "တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့" ကိုလည်း ဖွဲ့စည်းခဲ့ကြပါတယ်။ ဥက္ကဋ္ဌ ဟာ စပ်ရွှေသိုက်ဖြစ်ပြီး ဒု ဥက္ကဋ္ဌ က ဆမားဒူးဝါးဆင်ဝါးနောင် ဖြစ်ပါတယ်။

အဲဒီကာလအတွင်းမှာ တဖက်က အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် ကြိုးပမ်း အားထုတ်မှုတွေတွေ့ရသလို၊ မှန်မှန်ကန်ကန်လမ်းကြောင်းဆီရောက်ရှိရေးကို တွန်းတင်နိုးဆော်ပေးမှုတွေ တွေ့ရသလို၊ အခြားတဖက်မှာ သွေးကွဲမှုတွေ အာဏာပြိုင်ဆိုင်မှုတွေ ဂိုဏ်းဂဏလှုပ်ရှားမှုတွေဟာလည်း အဆက်မပြတ်ဆက်လက်ဖြစ်ပေါ်နေခဲ့ပါတယ်။

အောင်ဆန်း–အက်တလီစာချုပ်ကြောင့် ကွန်မြူနစ်ပါတီက 'မိတ်ဆွေအောင်ဆန်းဘယ်လဲ' ဆိုတဲ့ စာအုပ်ကို ထုတ်ဝေပြီး သတိပေးရင်း နိုင်ငံရေးအယူအဆတွေကို တင်ပြပါတယ်။

အာဏာတပိုင်းရဖြစ်နေတဲ့ ဖဆပလအဖွဲ့ကြီးအတွင်းမှာ ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် ပဋိပက္ခဟာ ပေါ်ပေါ်ထင်ထင် ဖြစ်တည်လာနေပြီး ဆိုရှယ်လစ်ပါတီကလည်း "အောင်ဆန်း ခါးပိုက်ဆောင်တပ် ပြည်သူ့ရဲဘော်" "ဖက်ဆစ်အောင်ဆန်းဘယ်လဲ"စတဲ့ ကြေညာချက်တွေ ထုတ်ပြန်လာတာတွေ့ရပါတယ်။ နယ်တွေမှာ ကွန်မြူနစ်–ဆိုရှယ်လစ်ပဋိပက္ခ ထိပ်တန်းရောက်နေသလို၊ ပြည်သူ့ရဲဘော်–ဆိုရှယ်လစ်ရန်ပွဲတွေလည်း ထိပ်ပြဲ ခေါင်းကွဲအခြေအနေ ပေါ်ပေါက်နေပါတယ်။ ပြည်သူ့ရဲဘော်ဘက်က ဗိုလ်စိန်မှန် ခေါင်းဆောင်ပြီး 'ငှက်ဖျားတိုက်ဖျက်ရေး ခြင်မျိုးဖြုတ်ရေးစီမံကိန်း' လို 'ဆိုရှယ်လစ်မျိုးဖြုတ်ရေးစီမံကိန်း' တောင် အသံထွက်လာခဲ့ပါတယ်။ ဆိုရှယ်လစ်တွေရဲ့ ညစ်ပတ်မှုမျိုးစုံကို မခံနိုင်လွန်းလို့ လို့ဆိုပါတယ်။ အဲဒီစီမံကိန်း သခင်နုနားပေါက်သွားပြီး မေမြို့ရောက်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို အရေးတကြီး ခေါ်ယူတိုင်ကြား ဖြေရှင်းခဲ့ရတယ်ဆိုပါတယ်။ ဗိုလ်စိန်မှန်က ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို နိုင်ငံရေးပါတီတရပ်အသွင် ပြောင်းလဲတည်ဆောက်ဖို့ ဗိုလ်ချုပ်ကို တင်ပြနားပူတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက ခါးခါးသီးသီး ငြင်းပယ်ခဲ့ရုံမက "ကွန်မြူနစ်ပါတီတရပ်ရှိပြီးဖြစ်ရင် နောက်ထပ်ပါတီသစ် မထောင်ရဘူး။ မင်းတို့လို သဘောထားမျိုး ငါ့မှာရှိခဲ့ရင် အစောကြီးကတည်းက စင်ပြိုင်ပါတီထောင်ခဲ့မှာပေါ့။ မထောင်အပ်မထောင်ကောင်းလို့ မထောင်ပဲနေခဲ့တာဖြစ်တယ်။ မင်းတို့လည်းမထောင်ရဘူး။" လို့ ပြတ်ပြတ်သားသား ပိတ်ပင်တားမြစ်ခဲ့ပါတယ်။ တဆက်တည်းမှာပဲ "တားမရလို့ ဖွတ်ထောင်ချင်တယ်ဆိုရင်လည်း ထောင်ကြပေါ့။ ဒါပေမဲ့ ငါကတော့ ဘယ်တော့မှ မပါနိုင်ဘူး။" လို့ ယတိပြတ် ပိတ်ပြောပြီး သူ့ရပ်တည်ချက်ကို ဖော်ထုတ်ပြသခဲ့တယ်လို့ဆိုပါတယ်။

၁၉၄၇ ခုနှစ်၊ မတ်လမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဦးစီးတဲ့ 'ဖြူးတောင်သူလယ်သမား ကွန်ဂရက်' ဖြူးနယ်မှာ ကျင်းပပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီထဲမှာ ပဲခူးနယ်မှာ တောင်သူလယ်သမားများရဲ့ ဆန်သိမ်းပွဲ၊ ဆန်လုပွဲ၊ လယ်သမားတိုက်ပွဲတွေ ပေါ်ပေါက်ပြီးခါစ အခြေအနေမှာ ကျင်းပတာဖြစ်ပါတယ်။ ပဲခူးနယ်၊ ပုသိမ်နယ် 'ဆန်သိမ်းပွဲ' 'ဆန်သပိတ်ထားခြင်း' တို့ကို ပြည်သူ့ရဲဘော်နဲ့ ဆိုရှယ်လစ်များ ဖဆပလများ ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ အဲဒီလှုပ်ရှားမှုများကို ကွန်မြူနစ်ပါတီက ထောက်ခံခဲ့ပြီး ဖြူးကွန်ဂရက်မှာ ပါတီအသီးသီးရဲ့ ရိက္ခာတိုက်ပွဲအခြေအနေတွေကို ဆန်းစစ်ပြီး ရိက္ခာတိုက်ပွဲများ ဖရိုဖရဲမဖြစ်စေရ၊ စနစ်တကျစည်းရုံးပြီး တိုက်တဲ့တိုက်ပွဲများဖြစ်စေရေး၊ ပရိဂျက်ဘုတ်တို့ကိုသာ အဓိကဦးတည်တိုက်တဲ့ နယ်ချဲ့စီးပွားရေးစနစ်ကိုသာ ဦးတည်တိုက်တဲ့ တိုက်ပွဲများဖြစ်စေရေးတို့အတွက် နိုင်ငံရေးရည်ရွယ်ချက်ကို ချမှတ်ဆုံးဖြတ်တာ လုပ်ပါတယ်။

ဆိုရှယ်လစ်တွေက ဒီဆန်လုပွဲတွေဟာ ဖဆပလအစိုးရကို အကြပ်အတည်းဖြစ်အောင် ကွန်မြူနစ်တွေက လုပ်ဆောင်စေတာ၊ တချို့နယ်တွေမှာ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တွေဟာ လူထုကြီး ကွန်မြူနစ်တွေဘက် ပါမသွားစေရေးအတွက် အဖွဲ့ချုပ်က ညွှန်ကြားချက်မရမီအတွင်း ဆန်လုပွဲတွေမှာ ရောပြွမ်းပြီး ပါဝင်ဆောင်ရွက်ခဲ့တာ၊ ဧပြီလ ရွေးကောက်ပွဲနားနီးပြီမို့ ဖဆပလနဲ့ လူထုကို လှည့်ရန်တိုက်ပေးပြီး ကွန်မြူနစ်တွေ လူထုထောက်ခံမှုရအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်တာလို့ မြင်ကြပါတယ်။ အတိအလင်း စွပ်စွဲပြောဆိုတာတွေလည်း လုပ်ပါတယ်။

အောင်ဆန်း–အက်တလီ သဘောတူညီချက်အရ စစ်ပြီးခေတ် ဗမာပြည်ရဲ့ ပထမဆုံးသော 'တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ' ကို ၁၉၄၇၊ ဧပြီလမှာ ကျင်းပပါတယ်။ စုစုပေါင်းနေရာ (၂၅၅) နေရာရှိခဲ့ပေမယ့် (၁၈၂) နေရာအတွက်ပဲ ပြည်မမှာယှဉ်ပြိုင် ရွေးချယ်တင်မြှောက်ကြရတာဖြစ်ပါတယ်။ ကျန် (၇၃) နေရာဟာ လူမျိုးစုများနဲ့ ကပြားများအတွက် သီးသန့် ချန်ထားခွဲဝေပေးခဲ့ရပါတယ်။ ကရင်အမျိုးသားများ (၂၄) နေရာ၊ ရှမ်းအမျိုးသားများ (၂၃)၊ ကချင်အမျိုးသားများ (၇)၊ ချင်းအမျိုးသားများ (၇)၊ ကရင်နီအမျိုးသားများ (၂)၊ အခြား တောင်တန်းဒေသ တိုင်းရင်းသားများ (၆) နေရာနဲ့ အင်္ဂလိပ်–ဗမာ ကပြားများ (၄) နေရာ၊ စုစုပေါင်း (၇၃) နေရာဖြစ်ပါတယ်။

ဒီတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ဂဠုန်ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဘမော်တို့ 'စောစိန်မော်' ဂိုဏ်းက သပိတ်မှောက်သလို၊ သခင်စိုးရဲ့ အလံနီပါတီကလည်း သပိတ်မှောက်ပါတယ်။ စောဘဦးကြီး ခေါင်းဆောင်တဲ့ ကေအင်ယူကလည်း သပိတ်မှောက် ကန့်ကွက်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက ပါတီရဲ့လမ်းစဉ်ချပြနိုင်ရေးနဲ့ လွှတ်တော်တွင်းမှာ ပါတီရဲ့အသံ ဖော်ထုတ်နိုင်ရေးအတွက်ရည်ရွယ်ပြီး ဝင်ရောက် ယှဉ်ပြိုင် အရွေးချယ်ခံပါတယ်။ နေရာအားလုံးမှာ မယှဉ်ပြိုင်ပဲ၊ နေရာအနည်းစုကလေးမှာပဲ လက်ရွေးစင်အမတ်တွေနဲ့ ယှဉ်ပြိုင်ပါတယ်။ ပျဉ်းမနားခရိုင် (ရမည်းသင်းခရိုင်) မှာ (၆) နေရာ ယှဉ်ပြိုင်အရွေးချယ်ခံရာ မှာ (၄) နေရာ အနိုင်ရခဲ့တယ်ဆိုပါတယ်။

ဗမာပြည်မအတွက် နေရာ (၁၈၂) နေရာမှာ ဖဆပလက (၁၇၁) နေရာ၊ ဗမာပြည် ကွန်မြူနစ်ပါတီက (၇) နေရာ၊ တသီး ပုဂ္ဂလက (၄) နေရာ အနိုင်ရရှိရွေးချယ်ခံခဲ့ကြရပါတယ်။

မေလ (၂၃) ရက်နေ့မှာ ဖဆပလက 'ပဏာမပြင်ဆင်မှုညီလာခံကြီး' ကို ကျင်းပပါတယ်။ ဖဆပလ အလုပ်အမှုဆောင် (၁၁) ဦး၊ ဗဟိုဦးစီးဝင် (၂၅) ဦး၊ ခရိုင်ကိုယ်စားလှယ် (၃၀) ဦး၊ ဖဆပလ အမတ် (၄၅) ဦး၊ ပေါင်း (၁၁၁) ဦးပါ ကော်မီတီဖွဲ့စည်းပြီး အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကို စီစဉ်ပါတယ်။

၁၉၄၇ မေလထဲမှာပဲ ကရင်အမျိုးသားများ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့၊ ကရင်အမျိုးသားများရဲ့ ကေအင်ယူဒီအို အဖွဲ့ကြီးပေါ်ပေါက်လာပါတယ်။ (ဩဂုတ်လမှာ ကေအင်ယူဒီအိုကနေ ကေအင်ဒီအို လို့ နာမည်ပြောင်းလဲ ခေါ်ဝေါ်ပါတယ်)

ဇွန်လမှာ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကြီး စတင်ကျင်းပပါတယ်။ ဖဆပလ ကြီးထဲက ပြည်သူ့ရဲဘော်အမတ်များက ယူနီဖောင်းဝတ်နဲ့ လွှတ်တော်တက်လာသလို ဆိုရှယ်လစ်ပါတီဝင်အမတ်များကလည်း ကာကီယူနီဖောင်းဝတ်ပြီး လွှတ်တော်တက်လာရုံမက လည်စီးအနီတောင် တပ်ဆင်လာလိုက်ကြပါသေးတယ်။ ကွန်မြူနစ်အမတ် (၇) ဦးလည်း ပါဝင်တက်ရောက်ပါတယ်။ သခင်နုကို လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပါတယ်။ အခြေခံဥပဒေရေးဆွဲရေး ကော်မတီတွေဖွဲ့ကြပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူတွေကို ဗိုလ်ချုပ်အောင်ဆန်းက ဇွန်လ ၁၆ ရက်နေ့မှာ တင်သွင်းပြီး လွှတ်တော်က တညီတညွတ်ထဲ အတည်ပြုပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမူကြမ်းကို ဆွေးနွေးကြတဲ့အခါ ကွန်မြူနစ်အမတ်တွေလဲ

ပါဝင်ဆွေးနွေးခဲ့ပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲထားတဲ့အုပ်ချုပ်ရေးမှာ ဗျူရိုကရေစီ အဆောက်အအုံကို မဖျက်ပဲ မူလအတိုင်းထားတာနဲ့ ပတ်သက်ပြီး ကွန်မြူနစ်ပါတီရဲ့ ကိုယ်စားလှယ် ကွန်မြူနစ်အမတ်များက 'ပြင်ဆင်ချက်' တင်သွင်းခဲ့ကြပါတယ်။ ဒါပေမယ့် ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေး မရရှိသေးချိန်မှာ နယ်ချဲ့သမားနဲ့ ဖောက်ပြန်ရေးသမားတွေကို အသုံးချရန် လက်နက်ပေးသလို ဖြစ်မှာ စိုးလို့ဆိုပြီး 'ပြင်ဆင်ချက်'တွေကို ရုပ်သိမ်းခဲ့တယ်ဆိုပါတယ်။

၁၉၄၇ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့မှာ 'ဗမာနိုင်ငံကို လွတ်လပ်သော သမ္မတနိုင်ငံတော်အဖြစ် ထူထောင်ပြီး ဗြိတိသျှ ဓနသဟာယအုပ်စုအပြင်ဘက်တွင် သီးခြားလွတ်လပ်စွာ နေထိုင်ခြင်းပြုမည်' ဆိုတဲ့ ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီဆုံးဖြတ်ချက်ကို ကိုလိုနီနယ်ချဲ့သမား အင်္ဂလိပ်တွေ မခံမရပ်နိုင်ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ဗြိတိသျှပါလီမန်မှာ 'ခရွန်ဘီ–မြ' ဘဏ္ဍာရေး သဘော တူညီချက်အရ ဗမာနိုင်ငံရသုံးငွေရဲ့ လိုငွေအတွက် ထောက်ပံ့ရန်ထားခဲ့တဲ့ ကတိကိုတောင် ပြန်လည်ဖျက် သိမ်းဖို့ အော်ကြီးဟစ်ကျယ် ပြောခဲ့ကြတယ်ဆိုပါတယ်။ တကယ်က 'ခရွန်ဘီ–မြ' စာချုပ်ဟာ ဗမာပြည်က နာတဲ့စာချုပ်ဖြစ်ပါတယ်။ (တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ပြင်ဆင်ကျင်းပနေခိုက်ကာလမှာ ချုပ်ဆိုခဲ့ တဲ့ စာချုပ်ဖြစ်ပြီး၊ ဗမာပြည်ဘက်က ကြားဖြတ်အစိုးရ ဘဏ္ဍာရေးဝန်ကြီး သခင်မြနဲ့ ဗြိတိသျှဘက်က 'ခရွန်ဘီ' ဆိုသူ ကိုယ်စားပြုလက်မှတ်ထိုးခဲ့တဲ့ ဘဏ္ဍာရေးဆိုင်ရာ စာချုပ်တခုဖြစ်ပါတယ်။ စစ်ပြီးခေတ် ဗမာနိုင်ငံထူထောင် ရေးအတွက် ဗြိတိန်ကသွေဒင်္ဂါး (၁၈) သန်း ချေးငှားပေးရေးနဲ့ ဗမာပြည်က မြို့ပြအုပ်ချုပ်ရေးသာမက ဗမာ နိုင်ငံမှာကျန်ရှိခဲ့တဲ့ အထွေထွေပစ္စည်းများရဲ့ ကုန်ကျငွေကိုပါ ဗြိတိန်အား ပြန်လည်ပေးသွင်းရန် သဘော တူညီချက်ဖြစ်ပါတယ်။)

ဗြိတိသျှနယ်ချဲ့သမားတွေဟာ ဗိုလ်ချုပ်အောင်ဆန်းလို အမျိုးသားခေါင်းဆောင်တယောက်ကို မြန် မြန်ဆန်ဆန် ဖယ်ရှားချင်လာကြပါတယ်။ စစ်ပြီးစကလည်း လူသတ်မှုနဲ့ဖမ်းဆီးပြီး ဖယ်ရှားရေး မအောင်မ မြင် ဖြစ်ခဲ့ပြီးပြီဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗြိတိသျှတို့ရဲ့ခြေလှမ်းကို တနေ့တခြား ပိုမိုသိရှိနေပြီ ဖြစ်ပါတယ်။ ဖဆပလ တွင်း ဖောက်ပြန်ရေးသမားတချို့ရဲ့ ခြေလှမ်းတွေကိုလည်း သိမြင်နားလည် နေခဲ့ပြီဖြစ်ပါတယ်။ (သာဓကအားဖြင့် ဗြိတိသျှနဲ့ပူးပေါင်းရေးကို အပြင်းအထန်အားထုတ်နေတဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဦးဘဖေကို ဖဆပလအဖွဲ့ချုပ်ကနေ ထုတ်ပယ်ခဲ့ရပြီးပြီ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အကိုရင်း ဦးအောင်သန်း ဆိုရှယ် လစ်ပါတီဝင်တုန်းကလည်း ဗိုလ်ချုပ်က "ကမ္ဘာမှာ ဆိုရှယ်လစ်ပါတီဆိုတာ အချောင်သမားတွေဗျ" လို့ ပြောပြီး မနှစ်မြို့ကြောင်း ပြသခဲ့ဖူးတယ်ဆိုပါတယ်။)

ဗိုလ်ချုပ်အောင်ဆန်းဟာ နယ်ချဲ့သမားရဲ့ခြေလှမ်း ဖောက်ပြန်ရေးသမားများရဲ့ ခြေလှမ်းတွေကို တားဆီးဖို့ 'ညီညွတ်ရေးလက်နက်' နဲ့ တားဆီးခုခံဖို့ပြင်ပါတယ်။ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးကို ပြန်လည် တည်ဆောက်ဖို့ စိုင်းပြင်းစီမံလာခဲ့ပါတယ်။ ကွန်မြူနစ်ပါတီကလည်း ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလကတည်းက နောက်ဆုံးတိုက်ပွဲလမ်းစဉ်ချပြီး ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေး တည်ဆောက်ရန် ကြွေးကြော်ထားပြီး ဖြစ်ပါတယ်။

ဗြိတိသျှနယ်ချဲ့သမားရဲ့ စစ်တပ်အတွင်း လက်နက်တိုက်က ဘရင်းဂန်း (၂၀၀) နဲ့ ခဲယမ်း မီးကျောက် အမြောက်အများ ခိုးထုတ်ခံရတဲ့သတင်း၊ ပျောက်ဆုံးနေကြောင်းသတင်း ဇွန်လ (၂၄) ရက်နေ့မှာ ထွက်ပေါ် လာပါတယ်။ (အင်္ဂလိပ်စစ်တပ်ရဲ့ စစ်ဦးစီးချုပ် လက်ဖတင်နင် ဂျင်နရယ်ဘရစ် ကိုယ်တိုင် ဘရင်းဂန်းတွေ ဦးစောလက်ထဲ ရောက်သွားကြောင်း သိပြီးဖြစ်ပါတယ်။)

အင်္ဂလိပ်စစ်တပ်အတွင်းက ဘရင်းဂန်းအလက် (၂၀၀) နဲ့ ခဲယမ်းမီးကျောက်တွေ ခိုးထုတ်ခံရကြောင်း သတင်းကိုသတင်းစာများကလည်း စာလုံးမဲကြီးတွေနဲ့ ဖော်ပြခဲ့ကြပါတယ်။ ပြည်သူ့အာဏာဂျာနယ်၊ ကွန်မြူနစ်သတင်းစာတို့ကလည်း ဒီသတင်းကို အရေးကြီးသတင်းအဖြစ် အလေးတင်ဖော်ပြခဲ့ကြပါတယ်။ သာယာဝတီနယ်ဘက်မှာလည်း ဒီသတင်းဟာ ပျံ့နှံ့နေခဲ့ပါတယ်။ အင်္ဂလိပ်စစ်တပ်နဲ့ တာဝန်ရှိအရာရှိကြီးများဟာ သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင်လုပ်ဆောင်ထားခဲ့တဲ့ ကိစ္စဖြစ်တဲ့အတွက် လူထုကြားမှာ ဒီသတင်းဟာ တောမီးပမာပျံ့နှံ့နေပေမယ့် ဘာမှအရေးယူဆောင်ရွက်မှု မလုပ်ပဲ မသိကျိုးကျွံ လုပ်နေခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ 'ပေါင်းခြင်းပေါင်းလျှင် ကွန်မြူနစ်ပါတီနှင့်သာ ပေါင်းမည်' ဆိုတဲ့ မိန့်ခွန်းကို အတိအလင်းပြောကြားလာပြီး ကွန်မြူနစ်ပါတီနဲ့ ညီညွတ်ရေးတည်ဆောက်ဖို့ ပြင်ဆင်လာခဲ့ပါတယ်။

ဇူလိုင်လ (၁၃) ရက် မြို့တော်ခန်းမမှာ မိန့်ခွန်းခြွေတဲ့အခါမှာလည်း 'ဗမာပြည်မှာ လူအမျိုးမျိုးအချင်းချင်းမကွဲဖို့၊ လူငယ်ပိုင်းဖြစ်တဲ့ လက်ဝဲသမားအချင်းချင်း မကွဲကြဖို့ သတိပေးလိုတယ်' လို့ ထပ်ဆင့်ဖွင့်ဟပြန် ပါတယ်။ မြို့တော်ခန်းမ နောက်ဆုံး မိန့်ခွန်းရှည်ကြီး ပြောကြားအပြီးမှာ ဖဆပလကွန်မြူနစ်ညီညွတ်ရေး အတွက် ဆွေးနွေးကြဖို့ သခင်သန်းထွန်းဆီကိုလည်း တရားဝင်ရက်ချိန်းပေးဖိတ်ကြားလိုက်ပါတယ်။

ဇူလိုင်လ (၁၉) ရက် မနက် ၁၀ နာရီ ၃၇ မိနစ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့တတွေ လူယုတ်မာများရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ကြရပါတော့တယ်။ ကြားရသူတိုင်း တုန်လှုပ်သွားကြရသလို ဝမ်းနည်းပက်လက် ယူကြုံးမရဖြစ်ခဲ့ကြရပါတယ်။

အဲဒီနေ့ညနေမှာပဲ ပျောက်ဆုံးနေတယ်ဆိုတဲ့ လက်နက်တွေကိစ္စနဲ့ပတ်သက်ပြီး ဂဠုန်ဦးစောအိမ်ကို သောင်းကျန်းမှု နှိမ်နင်းရေးတပ်နဲ့ ရဲများက ဝင်ရောက်ရှာဖွေပါတယ်။ လက်နက်တွေကိုလည်း ဖော်ထုတ်ရှာဖွေ သိမ်းဆည်းမိခဲ့ပြီး ဦးစောနဲ့ ဦးစောအိမ်ရှိ လူအားလုံးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်တွေကို ဘယ်သူလုပ်ကြံသတ်ဖြတ်ခဲ့သလဲဆိုတာ တိတိကျကျမပြောဆိုနိုင်ကြသေးပါဘူး။ ဆိုရှယ်လစ်တွေက "ဒါ...ကွန်မြူနစ်တွေလက်ချက်နေမှာလို့ တီးတိုးဝါဒဖြန့် စွပ်စွဲကြသလို ပြည်သူ့ရဲဘော်များကလည်း သေနတ်တပြင်ပြင် ဖြစ်ခဲ့ကြတယ်လို့ဆိုပါတယ်။ အခြေအနေဟာ အတိမ်းအစောင်းမခံနိုင်လောက်အောင် ရှုပ်ထွေးနေခဲ့ပြီး ခြေတလှမ်းမှားလျှင် သတ်ကြဖြတ်ကြနဲ့ ပြည်တွင်းစစ်မီး ထတောက်လာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ ဗိုလ်ချုပ်တို့လုပ်ကြံခံရပြီး နောက်တရက်မှာပဲ တောက်လောင်လာလုနီး ပြည်တွင်းစစ်ကိုတားဆီးဖို့ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက "တကယ်လုပ်ကြံမှုတရားခံဟာ နယ်ချဲ့သမားနဲ့ နယ်ချဲ့လက်ပါးစေများသာဖြစ်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာလိုက်ပါတယ်။ တရားခံအစစ်အမှန် နယ်ချဲ့သမားကို မီးမောင်းထိုးပြပြီး နိုင်ငံရေးအမြင် ရှင်းရှင်းလင်းလင်းနဲ့ မှန်မှန်ကန်ကန်ထောက်ပြပေးခဲ့ပါတယ်။ ပစ်မှတ်မှန်ရှာမရပဲ သို့လော သို့လော ဖြစ်နေကြတဲ့ ပြည်သူများ ဝင်းကနဲရှင်းကနဲ ဖြစ်သွားပြီး နယ်ချဲ့အပေါ် မုန်းတီးမှုဖောင်း ဟုန်းခနဲရောက်သွားသလောက် နယ်ချဲ့သမားတို့အဖို့ ထိတ်လန့်တုန်လှုပ်သွားခဲ့ရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးပြီးချင်း ဘုရင်ခံဆာဟူးဘတ်ရန့်က ဦးနုကို အစိုးရဖွဲ့ ခိုင်းပါတယ်။ သခင်နုခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ ပေါ်ပေါက်လာပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံရမှုကြီး နောက်ကွယ်မှာ ဗြိတိသျှနယ်ချဲ့သမားတွေ အမှန်ပဲ အတွင်းကျကျ ပတ်သက်ခဲ့ပါတယ်။ အင်္ဂလိပ်စစ်တပ်ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ပါတယ်။ ဗမာပြည်ရှိ အင်္ဂလိပ်စစ်တပ် အရာရှိများက လက်နက်တွေ ခိုးထုတ်ပေးခြင်းနဲ့ပတ်သက်ခဲ့သလို အင်္ဂလိပ်စစ်တပ်ရဲ့

တာဝန်အရှိဆုံးဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်ကြီးများ ထောက်လှမ်းရေးအဖွဲ့ရဲ့ အကြီးဆုံးတာဝန်ရှိသူများဟာ ပျောက်ဆုံးသွားတယ်ဆိုတဲ့ လက်နက်တွေ ဦးစောထံ ရောက်သွားမှန်းသိလျက်နဲ့ ဖုံးဖုံးဖိဖိလုပ်ထားခဲ့ကြပါတယ်။ အလိုတူ အလိုပါလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ရည်ရွယ်ချက်အမှန်က ဗိုလ်ချုပ်အောင်ဆန်းလို နယ်ချဲ့ဆန့်ကျင်ရေးအမြင်ရှိသူ စစ်မှန်တဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ အမျိုးသားခေါင်းဆောင်တယောက်ကို ဖယ်ရှားပစ်ပြီး၊ ဦးစောလို အာဏာရူး အလိုတော်ရိတယောက်လက်ထဲ ဗမာပြည်ကို ထားချင်ခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုလိုနီပြုချင်နေခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလို တာဝန်ကို လက်ရဲဇက်ရဲ ထမ်းဆောင်နိုင်မယ့်သူဟာ ဦးစောဖြစ်တယ်ဆိုတာ ယုံကြည်ပြီး ယူဂန်ဒါကနေ ဗမာပြည်ပြန်ခေါ်လာ၊ ရောက်ရောက်ချင်း အစိုးရအဖွဲ့တွင်းသွင်းပေး၊ တလျှောက်လုံး ဗိုလ်ချုပ်တို့ကို အတိုက်အခံလုပ်နေစေခဲ့တာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် လူသတ်မှုနဲ့ စွဲချက်တင်ဖယ်ရှားရေး မအောင်မြင်ခဲ့ရပဲ နိုင်ငံရေးနည်းလမ်းအရ ကြိုးပမ်းတာတွေ ရှုံးနိမ့်ခဲ့ရတဲ့အတွက် စစ်တပ်က စစ်တပ်နည်းနဲ့ ကြိုးပမ်းဖို့ လက်နက်တွေထုတ်ပေးပြီး လုပ်ကြံရေးလမ်းကို အကောင်အထည်ပေါ်စေခဲ့တာဖြစ်ပါတယ်။ လုံးဝလွတ်လပ်ရေး ရယူပြီး ခနသဟာယထဲလည်း မနေရန်ဆုံးဖြတ်လိုက်တဲ့အပေါ် မကျေမချမ်းဖြစ်ခဲ့ကြရတဲ့ နယ်ချဲ့သမားတွေဟာ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးတည်ဆောက်နိုင်ဖို့ လက်ဝဲညီညွတ်ရေးတည်ဆောက်နိုင်ဖို့ အခိုင်အမာခြေလှမ်းတွေ လှမ်းလာတဲ့အခါ လုပ်ကြံရေးကို မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်အောင် အားပေးအားမြှောက်ပြုပေးလိုက်ကြတာဖြစ်ပါတယ်။

လုပ်ကြံမှုကြောင့် ဦးစောအစိုးရ တက်လာနိုင်လျှင် တက်လာ၊ မတက်လာနိုင်တောင် ဦးစောတို့လိုလူတွေလက်ထဲ လက်နက်ခဲယမ်းမီးကျောက်တွေ အမြောက်အများရှိနေစေခြင်းအားဖြင့် ပြည်တွင်းစစ်မီးတောက်လောင်လာစေရန် ရည်ရွယ်ခဲ့ပုံလဲရပါတယ်။ လုပ်ကြံရေးသက်သက်လောက်အထိဆိုရင် လက်နက်အနည်းငယ် ကျည်အနည်းငယ် ထုတ်ပေးရုံနဲ့ လုံလောက်နိုင်မှန်းသိပါလျက် အဲဒီခေတ်က အကောင်းဆုံးလောက်ဖြစ်နေတဲ့ ဘရင်းဂန်း စတင်းဂန်း အလက် (၂၀၀) ကျော်နဲ့ ကျည်ဆံ သိန်းချီ ထုတ်ပေးခဲ့တာကိုကြည့်မယ်ဆိုရင် နယ်ချဲ့သမားတွေရဲ့ သဘောထားဟာ ပြည်တွင်းစစ်ဖြစ်ရေးဆိုတာ ရှင်းနေခဲ့ပါတယ်။

ကွန်မြူနစ်ပါတီရဲ့ ဖော်ထုတ်ထောက်ပြချက်ကြောင့် တုန်လှုပ်သွားခဲ့ရတဲ့ နယ်ချဲ့ဘုရင်ခံဟာ သခင်နုကို အစိုးရဖွဲ့စေပြီးတာနဲ့တပြိုင်နက် အင်္ဂလိပ်ဆန့်ကျင်ရေး လူထုအုံကြွမှုကြီးများ ဖြစ်ပေါ်မလာစေရေးအတွက် ယဉ်ယဉ်ကျေးကျေး စကားလုံးတွေသုံးပြီး ဝန်ကြီးချုပ်ဦးနုကို ပြင်းပြင်းထန်ထန် သတိပေးတားခဲ့တယ်လို့ဆိုပါတယ်။ အဲဒီသတိပေးချက်ကတော့ “သတင်းစာများက စာလုံးမဲကြီးများဖြင့် ဆက်လက်ရေးသွားကြမည်ဆိုလျှင် လွတ်လပ်ရေးအတွက် ဆိုးဝါးသော အကျိုးသက်ရောက်မှုများ ဖြစ်လာဖွယ်ရှိကြောင်း” လို့ သတိပေးတယ်ဆိုပါတယ်။ ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်သခင်နုကလည်း လုပ်ကြံမှုနဲ့ပတ်သက်ပြီး အင်္ဂလိပ်စစ်တပ်ရဲ့ ပါဝင်ပတ်သက်နေမှုကို ဖုံးဖုံးဖိဖိ လုပ်ပေးခဲ့သလို ကာယကံမြောက် ဆောက်ရွက်ခဲ့ရပါတယ်။ “လုပ်ကြံမှုကြီးတွင် အင်္ဂလိပ်တို့ ပါဝင်ပတ်သက်နေသည့်အကြောင်းကို သတင်းစာများမှဖြစ်စေ၊ လူထုဟောပြောမှုများမှာဖြစ်စေ လုံးဝစွပ်စွဲပြောကြားခြင်းမပြုကြရန် သတိပေးခဲ့သလို အရေးပိုင် (ခရိုင်ဝန်) များကိုလည်း အထက်ပါအတိုင်း ပြောဆိုစွပ်စွဲသူများအား လိုအပ်သလိုအရေးယူရန် ညွှန်ကြားထားခဲ့တယ်လို့ဆိုပါတယ်။ (အခြေအနေမှန်တွေကို သိလာပါလျက်၊ ဖုံးဖုံးဖိဖိ လုပ်ပေးခဲ့တာဟာ “လွတ်လပ်ရေးအတွက် အနှောက်အယှက်ဖြစ်မှာစိုးလို့ဆိုပါတယ်။ အင်္ဂလိပ်တို့ရဲ့ စစ်တပ်ပါဝင်ပတ်သက်နေမှုကို အင်္ဂလိပ်တို့က ဖုံးဖုံးဖိဖိ အောင်အောင်မြင်မြင် လုပ်နိုင်သွားခဲ့ခြင်းဟာ အဲဒီတုန်းက သခင်နုခေါင်းဆောင်တဲ့ နိုင်ငံရေးခေါင်းဆောင်များကလည်း ပြည်သူကို အသိမပေးပဲ ဖုံးဖိထားခဲ့ကြတာကြောင့်ဖြစ်ပါတယ်)

ညီညွတ်ရေးရောင်ခြည်ကို ပြန်လည်မြင်ရချိန်မှာပဲ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရတာဟာ တတိုင်းတပြည်လုံးရဲ့ ကံကြမ္မာကို ဆိုးဝါးသွားစေခဲ့သလို ကွန်မြူနစ်ပါတီ အတွက်လည်း အင်မတန်ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုကြီးဖြစ်ခဲ့ပါတယ်။ ကွန်မြူနစ်ပါတီက ဇူလိုင် (၃၀) မှာ 'လုံးဝလွတ်လပ်ရေးသို့' စာတမ်းထုတ်ပါတယ်။ ကွန်မြူနစ်ပါတီက 'ဖဆပလ ညီညွတ်ရေး' အတွက် သူတို့ရဲ့ (၄၇) ခုနှစ် ဇန်နဝါရီ ဆုံးဖြတ်ချက်နောက်ဆုံးတိုက်ပွဲလမ်းစဉ်အတိုင်း ဆက်လက်ကြိုးပမ်းပါတယ်။ သခင်နုနဲ့ သခင်သန်းထွန်းတွဲပြီး လူသတ်ဝါဒ ရှုတ်ချပွဲတရားတွေ ပျဉ်းမနားနယ်မှာ ဟောပါတယ်။ 'ညီညွတ်ရေး' တရားပွဲတွေလည်း နယ်အနှံ့ လိုက်ပြီး ဟောပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ မရှိတော့တဲ့အခါ ဖဆပလအဖွဲ့ကြီးထဲမှာ ဆိုရှယ်လစ်တွေ ပိုပြီးတွင်ကျယ်လာခဲ့ပါတယ်။ အာဏာရအဝိုင်းအဝန်းမှာ ဆိုရှယ်လစ်တွေ အများစုဖြစ်လာခဲ့ပါတယ်။ သခင်နုက ဝန်ကြီးချုပ်ဖြစ်ပေမယ့် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်ပေမယ့် ပါတီလက်ကိုင်မရှိ ဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီရဲ့ သဘောထားက ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးအရအမိ တည်ဆောက်ပြီး ညီညွတ်ရေးအားနဲ့ နယ်ချဲ့သမားကို ပြတ်ပြတ်သားသား တိုက်ထုတ်ရေး၊ လုံးဝလွတ်လပ်ရေးဖြစ်ပါတယ်။ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေး တည်ဆောက်နိုင်ဖို့ ရနိုင်သမျှနည်းလမ်းစုံကို ရှာဖွေပြီး၊ သခင်သန်းထွန်းကနေ ဖဆပလဥက္ကဋ္ဌ သခင်နုဆီ လိပ်မူပြီး ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးအတွက် သြဂုတ်လ (၁၄) ရက်နေ့ နေ့စွဲနဲ့ ပထမဆုံးတရားဝင် ပေးစာ ပေးပို့ကမ်းလှမ်းပါတယ်။ ဖဆပလအထွေထွေအတွင်းရေးမှူး ဦးဗဆွေက လက်မှတ်ရေးထိုးပြီး ဦးနုဆီကတဆင့် ကွန်မြူနစ်ပါတီကို 'ဖဆပလရဲ့ပြန်စာ' သြဂုတ်လ (၂၅) ရက် နေ့စွဲနဲ့ ပြန်ပါတယ်။ ကွန်မြူနစ်ပါတီက လိုက်နာရမယ့် ညီညွတ်ရေးအခြေခံအချက် (၅) ချက်ကိုလည်း ဖော်ပြထားပါတယ်။ ကွန်မြူနစ်ပါတီက စက်တင်ဘာ (၈) ရက်နေ့စွဲနဲ့ ဖဆပလရဲ့ပြန်စာကို ပြန်လည်ရှင်းလင်းတဲ့စာ (ဒုတိယပေးစာ) အဖြစ် သခင်နုက တဆင့် ပေးပြန်ပါတယ်။ ဖဆပလက တောင်းဆိုတဲ့ ညီညွတ်ရေးအခြေခံ (၅) ချက်ဆိုတာကို တုန့်ပြန်ရှင်းလင်းပြပြီး ညီညွတ်ရေးအတွက် ဆွေးနွေးကြဖို့ အချိန် နေ့ရက် ချိန်းဆိုရေးကို တိုက်တွန်းတောင်းခံထားပါတယ်။

ဒီကာလကြားထဲမှာ (၄၇) သြဂုတ်လ (၂၉) ရက်နေ့မှာ 'လက်ျာဖရီးမင်း' စာချုပ် ပေါ်ထွက်လာပါတယ်။ လက်ျာဖရီးမင်းစာချုပ်က ကာကွယ်ရေးသဘောတူညီချက် စာချုပ်ဖြစ်ပါတယ်။ ဒီ ကာကွယ်ရေးသဘောတူညီချက်စာချုပ်ဟာလည်း ခရွန်ဘီ–မြ ဘဏ္ဍာရေးသဘောတူညီချက်စာချုပ်လို ဗမာပြည်ဘက်က နာခဲ့ရတဲ့စာချုပ်ဖြစ်ပါတယ်။

၁၉၄၇၊ စက်တင်ဘာ (၂၄) ရက်နေ့ ညနေ (၃) နာရီ (၂၉) မိနစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ စပ်ရွှေသိုက်က နောက်ဆုံး အတည်ပြုလက်မှတ်ရေးထိုးလိုက်ပြီး၊ ဗမာပြည်ရဲ့ ပထမဆုံးသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇) ပေါ် ထွက်လာခဲ့ပါတယ်။ လွှတ်တော် ပထမညီလာခံ (၉–၆–၄၇) နေ့ကနေ တတိယအကြိမ်ညီလာခံ (၂၄–၉–၄၇)နေ့အထိ (၁၀၈) ရက်အတွင်း ပြီးစီးအောင်ရေးဆွဲခဲ့ကြတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်ပါတယ်။ ဒီအခြေခံဥပဒေထဲမှာ အားနည်းချက်တွေလည်း ပါဝင်နေခဲ့တယ်လို့ဆိုပါတယ်။

ဗြိတိသျှအစိုးရဲ့ ဖိတ်ခေါ်ချက်အရ အောက်တိုဘာလထဲမှာ ဗမာပြည် ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်သခင်နု လန်ဒန်ကိုသွားရောက်ပါတယ်။ သခင်နုခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာနဲ့ ဗိုလ်ထွန်းလင်းတို့တတွေလည်း လိုက်ပါသွားကြပါတယ်။ ဗမာပြည်လွတ်လပ်ရေးအတွက် အပြီးအပိုင် ဆွေးနွေးလက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ဗမာနိုင်ငံဆိုင်ရာ အာဏာပိုင်အဖွဲ့ကို နန်းရင်းဝန်အက်တလီက ခေါင်းဆောင်ဆွေးနွေးပြပါတယ်။

အောက်တိုဘာ (၁၇) ရက်နေ့မှာ 'နု-အက်တလီစာချုပ်' ကို လက်မှတ်ရေးထိုးဖို့ သဘောတူညီလိုက်ကြပါတယ်။ ဒီစာချုပ်အရ ဗြိတိသျှအစိုးရက ကိုလိုနီဗမာနိုင်ငံကို လွတ်လပ်ပြီး အချုပ်အချာအာဏာပိုင်တဲ့ 'ပြည်ထောင်စုသမတမြန်မာနိုင်ငံ' အဖြစ် သဘောတူလိုက်ရပြီး မြန်မာနိုင်ငံယာယီအစိုးရကလည်း ကိုလိုနီခေတ် ဗမာနိုင်ငံသမိုင်းတလျှောက် ဗြိတိသျှအစိုးရက ဗမာနိုင်ငံကိုယ်စား ချုပ်ဆိုထားခဲ့တဲ့ နိုင်ငံတကာသဘောတူညီချက် စာချုပ်မှန်သမျှကို ဆက်ခံတာဝန်ယူလိုက်ရပါတယ်။ စာချုပ်ပေါင်း (၁၇၀) ကျော်ရှိပါတယ်။

စီးပွားရေးနဲ့ပတ်သက်ပြီးတော့လည်း ဗြိတိသျှကိုလိုနီသမားများရဲ့ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်တဲ့ မြန်မာနိုင်ငံအစိုးရက အရေးယူဆောင်ရွက်မယ်ဆိုရင် ဗြိတိသျှအစိုးရနဲ့ ရှေးဦးစွာ တိုင်ပင်ညှိနှိုင်းပြီး တရားမျှတတဲ့ လျော်ကြေးပေးပါမယ်လို့ တာဝန်ယူခဲ့ရပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်ပြီးတော့လည်း ကိုလိုနီခေတ်တလျှောက် ဗမာနိုင်ငံနဲ့ပတ်သက်ပြီး ကုန်ကျခဲ့ရတယ်ဆိုတဲ့ ကြွေးမြီကိစ္စအားလုံးကို မြန်မာနိုင်ငံက ပြန်ဆပ်ဖို့ တာဝန်ယူခဲ့ရပါတယ်။ ဗြိတိန်ကိုဆပ်ဖို့ ကျပ်ငွေ (၃၅) ကုဋေ (၆) သန်း၊ အမေရိကန်ကို အချေးအငှားပစ္စည်းများအတွက် ဒေါ်လာ (၅) သန်း ပြန်ဆပ်ရေးအပြင် အိန္ဒိယအင်ပါယာမှ မြန်မာနိုင်ငံကို ခွဲထုတ်ခြင်းမပြုခင် အမှုထမ်းခဲ့ကြတဲ့ အိန္ဒိယနဲ့ပါကစ္စတန် အမှုထမ်းတွေအတွက် ပေးဆပ်ရန်ရှိတဲ့ ပင်စင်လစာ (၆ ကုဋေ ၉သန်း) ကိုလည်း တာဝန်ယူခဲ့ရပြန်ပါတယ်။

ကာကွယ်ရေးအတွက်လည်း လကျာ်ဖရီးမင်းစာချုပ်အရ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံကို ရေကြောင်းသွားလာရေးနဲ့ ကာကွယ်ရေးဆိုင်ရာ စစ်သင်္ဘောနဲ့ စစ်မော်တော် (၃၇) စင်း လွှဲပြောင်းပေးဖို့ သဘောတူခဲ့ပြီး၊ မြန်မာအစိုးရက ဗြိတိသျှ ခေသဟာယဝင် စစ်မစ်ရှင်အဖွဲ့များနဲ့ ခေသဟာယအဖွဲ့ဝင် စစ်သင်္ဘော စစ်လေယာဉ်များ မြန်မာနိုင်ငံမှာဆိုက်ကပ်ခိုဝင်ခွင့်ကို လက်ခံသဘောတူခဲ့ရပါတယ်။ ကာကွယ်ရေးဆက်ဆံမှုကို (၃) နှစ်သာ ကန့်သတ်သဘောတူခဲ့ပါတယ်။

နု-အက်တလီစာချုပ်ဟာ 'လွတ်လပ်ရေး' အသိအမှတ်ပြုခံရတာကလွဲလို့ ဗမာပြည်ဘက်က နစ်နာရမှုတွေ အမြောက်အမြားရှိခဲ့တာတောင် အောက်တိုဘာ (၂၃) ရက်နေ့မှာ ဗြိတိသျှပါလီမန်မှာ 'ပြည်ထောင်စုသမတမြန်မာနိုင်ငံလွတ်လပ်ရေး ဥပဒေကြမ်း' တင်သွင်းတဲ့ အခါ၊ ဗမာပြည်ကို ကျွန်ပြုထားရေးသာ လိုလားခဲ့တဲ့ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ကြီး 'ဝင်စတန်ချာချီ' က အပြင်းအထန် ဆူညံကန့်ကွက်ခဲ့ပါတယ်။ ဗမာပြည်ကို လွတ်လပ်ရေးပေးလိုက်ရင် သွေးချောင်းစီး ပြည်တွင်းစစ်ကြီးဖြစ်လိမ့်မယ်လို့လည်း ကြိုတင်ဟောကိန်းထုတ်လိုက်ပါတယ်။ ဗြိတိသျှပါလီမန်မှာ ဥပဒေကြမ်းကို အတည်ပြုဖို့ မဲခွဲဆုံးဖြတ်ခဲ့ကြပါတယ်။ (၂၂၈) မဲ (၁၁၄) မဲနဲ့ ဆုံးဖြတ် အတည်ပြုခဲ့ကြပါတယ်။

အဲဒီအောက်တိုဘာ (၂၃) ရက်နေ့မှာပဲ ဗမာပြည်မှာလည်း ဖဆပလဆိုရှယ်လစ်များက ကွန်မြူနစ်ပါတီကိုလက်မခံနိုင်ကြောင်း ဖဆပလ-ကွန်မြူနစ် ညီညွတ်ရေးကို ပယ်ချလိုက်ကြပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင် သခင်သာခင်က လက်မှတ်ရေးထိုးပြီး 'ပြန်ကြားစာ' ကို ပေးပို့ အကြောင်းပြန်ခဲ့ပါတယ်။

ဖဆပလအဖွဲ့ကြီးက နု-အက်တလီ စာချုပ်နဲ့ ဗမာပြည်လွတ်လပ်ရေးကြေညာဖို့ ပြင်ပါတယ်။ နု-အက်တလီ စာချုပ် ချုပ်ဆိုရေးအတွက် သခင်နု လန်ဒန်မသွားခင်ကတည်းက 'လွတ်လပ်ရေးအခမ်းအနားစီစဉ်မှုကော်မီတီ' ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

နု-အက်တလီ စာချုပ် တရားဝင်ထွက်ပေါ်လာတဲ့အခါ ဗမာပြည်ကွန်မြူနစ်ပါတီက ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ နု-အက်တလီစာချုပ်ဟာ ဗမာပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုခံရတာကလွဲလို့ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ ကာကွယ်ရေးအရ တဖက်သတ် အလျှော့ပေးလိုက်လျှောခဲ့ရတဲ့ စာချုပ်လို့မြင်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ရအပြီး (၁၁) ရက်အကွာမှာ ထုတ်ပြန်ကြေညာခဲ့တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ 'လုံးဝလွတ်လပ်ရေးသို့' စာတမ်းပါသဘောထားအခြေခံ နိုင်ငံရေးအနှစ်သာရတို့နဲ့လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ စာချုပ်ဖြစ်ပါတယ်။ နယ်ချဲ့သမားပိုင် လုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်လျှင် လျော်ကြေးပေးပါမယ်လို့ သဘောတူထားရခြင်း၊ အင်္ဂလိပ်စစ်မစ်ရှင်များကို ဆက်လက်ထားရှိဖို့ သဘောတူထားခြင်း၊ အင်္ဂလိပ်စစ်သင်္ဘော၊ စစ်လေယာဉ်များကို ဗမာပြည်မှာ ဆိုက်ကပ်ခွင့်ပြုထားရခြင်း၊ စစ်လျော်ကြေးများ ပေးရခြင်းတို့အပေါ်မှာ တချက်ချင်း ထောက်ပြဝေဖန်ခဲ့ပြီး ဗမာ့အကျိုးစီးပွားကို ထိခိုက်နစ်နာစေတဲ့ စာချုပ်အဖြစ် လေးလေးနက်နက် ဆန့်ကျင်ကန့်ကွက်ကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက 'နယ်ချဲ့သမားကို ဆက်လက်တိုက်ပွဲဆင်၊ ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကို အရအမိတည်ဆောက် ကိုယ့်အင်အားနဲ့ကိုယ် ဗမာပြည်ရဲ့လွတ်လပ်ရေးကို ကြေညာရယူရေးဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး ဘက်ပေါင်းစုံ အမှိုခိုကင်းတဲ့ လွတ်လပ်ရေး၊ တနည်းအားဖြင့် လုံးဝလွတ်လပ်ရေးကို ဖော်ဆောင်ချင်ခဲ့ပါတယ်။

ဖဆပလက ကြားဖြတ်အစိုးရ အာဏာကိုဆုပ်ကိုင်ရင်း နု–အက်တလီ စာချုပ်ကို ချုပ်ဆို၊ စေ့စပ်လိုက်လျောတဲ့ နည်းကိုကျင့်သုံး၊ လွတ်လပ်တဲ့ အချုပ်အချာအာဏာပိုင် နိုင်ငံတခုအဖြစ် အသိအမှတ်ပြုခံပြီး လွတ်လပ်ရေးကိုရယူဖို့ လက်တွေ့ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

'ဖဆပလ'တို့ ရယူလက်ခံကြမယ့် လွတ်လပ်ရေးဟာ နိုင်ငံရေးအရ လွတ်လပ်ပေမယ့် လွတ်လပ်ရေးကြေညာခွင့်ရနိုင်ပေမယ့် စီးပွားရေးအရမလွတ်လပ်၊ ကိုလိုနီနှောင်ကြိုးတွေ တဲထားခြင်းခံရတဲ့ လွတ်လပ်ရေးလို့ ကွန်မြူနစ်ပါတီက ရှုမြင်သုံးသပ်ထားပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရ လွတ်လပ်မှုကနေ စီးပွားရေးအရပါ လွတ်လပ်ရေး ကိုလိုနီနှောင်ကြိုးမှန်သမျှ အပြီးအပိုင် ဖြတ်တောက် ရုန်းထွက်နိုင်ရေးတွေအတွက် ဆက်လက်ချီတက်နိုင်ဖို့ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေး တည်ဆောက်နိုင်ရေးဟာ အရေးကြီးတယ်လို့ ဆက်လက်သဘောထားခဲ့ပါတယ်။ ဖဆပလကွန်မြူနစ်ညီညွတ်ရေးအတွက် ဆက်လက်ကြိုးပမ်းလှုံ့ဆော်ပါတယ်။

၁၉၄၇၊ နိုဝင်ဘာ (၇) ရက် အမျိုးသားနေ့မှာ ဝန်ကြီးချုပ်သခင်နုက "ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်တွေ ပေါင်းမိအောင် ကျွန်တော်ကိုယ်တိုင် အစွမ်းကုန်ကြိုးစားမယ်"လို့ မိန့်ခွန်းချွေပြလိုက်တဲ့အခါ တပြည်လုံးလန်းလန်းဆန်းဆန်း ဖြစ်မိကြပြန်ပါတယ်။

၁၉၄၇၊ နိုဝင်ဘာ (၁၇)ရက်မှာ ဖဆပလ ဌာနချုပ်က ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးလုပ်ငန်း ရပ်စဲလိုက်ပြီလို့ ကြေညာပါတယ်။ "ကွန်မြူနစ်ပါတီက နောက်ကျောကို ဓားနဲ့ထိုးသောကြောင့်" လို့လည်း စွပ်စွဲထားပါတယ်။

ဒီကြားထဲကပဲ ကွန်မြူနစ်ပါတီက ဖဆပလအဖွဲ့ချုပ်က ညီညွတ်ရေးကိုပယ်ချစေကာမူ ညီညွတ်ရေးကို မရမနေကြိုးစားမည်" လို့ ဖော်ပြပြီး၊ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း ရဲ့ နောက်ဆုံးပြန်စာအဖြစ် ပြန်ကြားလိုက်ပါတယ်။ ပြန်ကြားတဲ့ရက်ဟာ ၄၇ ခုနှစ်၊ ဒီဇင်ဘာ (၈) ရက်နေ့ဖြစ်ပါတယ်။

ဒီဇင်ဘာ (၂၀) ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ် ဒုတိယညီလာခံမှာ ကွန်မြူနစ်ပါတီရဲ့ ညီညွတ်ရေးကမ်းလှမ်းချက်ကို လက်မခံနိုင်ကြောင်း နောက်ဆုံးအတည်ပြုလိုက်ကြပါတယ်။ အဲဒီညီလာခံမှာ ဦးကျော်ငြိမ်းက ကွန်မြူနစ်ပါတီကို ကြိမ်းဝါးရုံမက "လွတ်လပ်ရေးရတာဟာ ဘိလပ်လေဘာအစိုးရရဲ့ ကျေးဇူးကြောင့်" လို့ ဆိုပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင် ဦးကိုကိုကြီးကလည်း စားပွဲကိုလက်သီးနဲ့ထုပြီး ကွန်မြူနစ်ပါတီကို စစ်ကြေညာခဲ့တယ်ဆိုပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင်ကြီး 'သခင်တင်' ကလည်း ဗိုလ်လက်ျာကို အတင်းသက်သေထူပြီး ကွန်မြူနစ်ပါတီကို စွဲချက်တင်ခဲ့တယ် ဆိုပါတယ်။

ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကမ်းလှမ်းချက် ဖျက်သိမ်းခံလိုက်ပြီးတဲ့နောက် ကွန်မြူနစ်–ဆိုရှယ်လစ်တို့ရဲ့ ပဋိပက္ခဟာ ပိုမိုသည်းသန်ပြင်းထန်လာရာကနေ နိုင်ငံတဝှမ်းလုံး ပျံ့နှံ့လွှမ်းခြုံသွားခဲ့ပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ၁၉၃၈ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ကုန်အထိ (၁၀) နှစ်တာ၊ တနည်းအားဖြင့် လွတ်လပ်ရေးကြေညာခါနီးကာလ၊ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းရဲ့ အကြောင်းရင်းမြစ် အဖြစ်အပျက် အချက်နောက်ခံ သမိုင်းမှန်သမျှတွေကို စုစည်းပေါင်းချုပ် နိဂုံးချုပ်ကြည့်မယ်ဆိုရင်၊ ပထမဆုံး ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အဲဒီနောက် ပြည်သူ့အရေးတော်ပုံအဖွဲ့ကြီး ပေါ်ထွန်းလာတာတွေ့ရပါမယ်။ ဒို့ဗမာအစည်းအရုံးကြီးထဲမှာ မြုပ်နှံပါဝင်နေရင်း၊ အင်္ဂလိပ်နယ်ချဲ့သမားလက်အောက်ကနေ ဗမာပြည်လွတ်လပ်ရေးအတွက် မြေအောက်အဖွဲ့အစည်းကြီးနှစ်ခုအဖြစ် လျှို့ဝှက်ရပ်တည်ပြီး ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြပါတယ်။

ဗမာပြည်နိုင်ငံရေးမှာ လက်ဝဲအင်အားစုများရဲ့ အခန်းဟာ ရှေ့တန်းအရောက်ဆုံး ဖြစ်လာခဲ့သလို မာ့က်စ်လီနင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ လက်ဝဲအတွေးအခေါ် အယူအဆများဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်တည်ရှင်သန်လာခဲ့ပါတယ်။ မာ့က်စ်လီနင်ဝါဒကို လမ်းညွှန်အတွေးအခေါ်အဖြစ် ခိုင်ခိုင်မာမာ ခံယူဆုပ်ကိုင်သူတွေ အဖွဲ့အစည်းတွေပေါ်လာသလို၊ ရေပန်းအစားဆုံးဝါဒတခုကို ပေါ်ပြူလာအဖြစ် ကိုင်စွဲလာသူတွေ အဖွဲ့အစည်းတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ယုံကြည်သူ၊ တိမ်းညွှတ်သူ၊ လိုလားသူ အသုံးချသူတွေလည်း အသွင်သဏ္ဌာန်မျိုးစုံနဲ့ ဖြစ်တည်ပေါ်ပေါက်လာခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ခိုက်ဖို့ လက်နက်ကိုင်အင်အားစုတခုလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ 'တပ်မတော်' ပါ။ ဂျပန်ဖက်ဆစ်တွေရဲ့ အကူအညီနဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ထိုင်းနယ်မြေပေါ်မှာ စတင်မွေးဖွားခဲ့ရတဲ့ တပ်မတော်ပါ။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရကို မောင်းထုတ်ဖို့ ကြိုးစားကြရင်း ဖက်ဆစ်ဂျပန်တို့ရဲ့လက်အောက် (၃) နှစ်လောက်ကျရောက်ခဲ့ရပြန်ပါတယ်။ ဂျပန်တွေပေးတဲ့ ရွှေရည်စိမ်လွတ်လပ်ရေးရဲ့ အရသာကို ဗမာပြည်ပြည်သူများ နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ခံစားခဲ့ရဖူးပါတယ်။ ဖက်ဆစ်ဂျပန်တွေကို ဆန့်ကျင်တွန်းလှန်မောင်းထုတ်ဖို့ ကွန်မြူနစ်တွေက စတင်ကြိုးပမ်းလှုံ့ဆော် အားထုတ်ခဲ့ကြပါတယ်။ 'ကွန်မြူနစ်ပါတီ–ပြည်သူ့အရေးတော်ပုံ–တပ်မတော်' အင်အားစု (၃) ခု စုစည်းပြီး 'ဖတပလ' ကြီး ပေါ်ထွန်းလာခဲ့ပါတယ်။ ဖတပလ တပ်ပေါင်းစုအလံတော်ကြီးကို လွှင့်ထူပြီး ကရင်၊ ကချင်၊ ချင်း တိုင်းရင်းသားများအပါ ပြည်သူလူထုတရပ်လုံး အညီညွတ်ဆုံး ဆင်နွှဲခဲ့ကြတဲ့ သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးကြီး ပေါ်ထွန်းခဲ့ပါတယ်။ ဖက်ဆစ်တော်လှန်ရေးကြီးမှာ မဟာမိတ်အင်အားစုများနဲ့လည်း လက်တွဲနိုင်ခဲ့ပါတယ်။

ဖက်ဆစ်တော်လှန်ရေး အောင်မြင်စွာဆင်နွှဲပြီးချိန်မှာ၊ ဗမာပြည်ကို ပြန်လည်ကျွန်ပြုဖို့ ကိုလိုနီအရှင်သခင်ဟောင်း အင်္ဂလိပ်များ ပြန်လည်ရောက်ရှိလာပါတယ်။ အရှေ့အာရှမှာ အချို့သော ကိုလိုနီလက်အောက်ခံနိုင်ငံများ ဒုတိယကမ္ဘာစစ်ကြီးအပြီး ကိုယ့်နိုင်ငံရဲ့လွတ်လပ်ရေး ကိုယ့်ဟာကိုယ်ကြေညာပြီး ရယူနိုင်ခဲ့ကြတာရှိပါတယ်။ ကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်များကိုတိုက်ထုတ်ရင်း ပြန်လည်ဝင်ရောက်လာတဲ့ ကိုလိုနီအရှင်ဟောင်းများကိုလည်း တဆက်တစပ်တည်း ဆက်လက်တိုက်ပွဲဝင် မောင်းထုတ်ပြီး ကိုယ့်လွတ်လပ်ရေး ကိုယ်ကြေညာနိုင်ခဲ့ကြတဲ့ နိုင်ငံများလည်းရှိပါတယ်။ ဒါပေမယ့် ဗမာပြည်မှာ အဲဒီလိုမလုပ်နိုင်ခဲ့ကြပါ။

စက္ကူဖြူစီမံကိန်းနဲ့ ပြန်ဝင်လာတဲ့ နယ်ချဲ့အင်္ဂလိပ်များကို လက်ခံခဲ့ရပါတယ်။ ကက်စ်ဘီခေတ်ကို ဖြတ်သန်းခံခဲ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့ဟာလည်း ဗမာပြည်ဆိုရှယ်လစ်ပါတီအဖြစ် ပေါ်ပေါက်လာပါတယ်။ ဖတပလ တပ်ပေါင်းစုကြီးဟာ 'ဖဆပလ' အမည်ပြောင်းပြီး

အင်အားအကြီးဆုံးဖြစ်လာပါတယ်။ မူလ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ တပ်မတော်အင်အားစုအပြင် လက်ျာ နိုင်ငံရေးသမားကြီးတွေဟာလည်း 'ဖဆပလ' ထဲ အုံနဲ့ကျင်းနဲ့ ရောက်ရှိလာပါတယ်။ ဖဆပလကြီးဟာ သြဇာအကြီးဆုံး တပ်ပေါင်းစုကြီးဖြစ်လာပါတယ်။

နယ်ချဲ့အင်္ဂလိပ်တွေဟာ 'ဖဆပလ' ကြီးရဲ့ ညီညွတ်ရေးကို မပြိုပြိုအောင်ခွဲဖို့ နည်းမျိုးစုံနဲ့ ကြိုးစား ခဲ့ပါတယ်။ ဘုရင်ခံအမှုဆောင်ကောင်စီရာထူးပြပြီး ခွဲပါတယ်။ အနည်းစုပါသွားပါတယ်။ ဖဆပလအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ လည်းဖြစ်၊ အမျိုးသားခေါင်းဆောင်ကြီးလည်း ဖြစ်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ဖယ်ရှားနိုင်ဖို့ ကြိုးစားပါတယ်။ ကောက်ကျစ်တဲ့ နိုင်ငံရေးနည်းနာကိုသုံးပြီး 'တရားရုံးဥပဒေကြောင်း' အရ စစ်အတွင်း လူသတ်မှုတွေနဲ့ ကြိုးစင်တင်ရေး ကြံစည်ပါတယ်။ မအောင်မြင်ခဲ့ပါ။ သခင်ထွန်းအုပ်လို အာဏာလောဘကြီး သူတယောက်ကို နိုင်ငံခြားအကျဉ်းထောင်ထဲ ထည့်ထားရာကနေ ပြန်ခေါ်၊ ဝန်ကြီးတနေရာပေး၊ နယ်ချဲ့အလို ကျ သစ္စာဖောက်တယောက်ဖြစ်အောင် လုပ်နိုင်ခဲ့ပေမယ့် လူထုအုံကြွနိုင်တဲ့ အခြေအနေကြောင့် လက်လျှော့ ခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံရေးနည်းနာနဲ့ မလုပ်နိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ဖယ်ရှားရေးဟာ၊ အင်္ဂလိပ်စစ် တပ်က စစ်တပ်နည်းနာသုံးပြီး လက်နက်တွေခိုးထုတ်ပေး၊ လုပ်ကြံရေးလမ်းကြောင်းနဲ့ အကောင်အထည် ဖော်စေခဲ့တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းတို့တတွေ ရေတိမ်နစ်ခဲ့ရပါတယ်။ နယ်ချဲ့လက်ပါးစေလုပ်သွားတဲ့ ဦးစောဟာလည်း အာဏာလောဘကြီးသူ တယောက်ဖြစ်ခဲ့ပြီး ယူဂန်ဒါအကျဉ်းထောင်ကနေ နယ်ချဲ့တို့ ကိုယ်တိုင်ပြန်ထုတ်လာ၊ ဝန်ကြီးတနေရာပေး မွေးမြူထားခြင်းခံခဲ့ရသူဖြစ်ပါတယ်။ နယ်ချဲ့တို့ ဗိုလ်ချုပ် အောင်ဆန်း ကို ဖယ်ရှားချင်တာဟာ ဖဆပလကြီးကို ဖြိုခွဲဖို့အပြင် စစ်မှန်တဲ့ အမျိုးသားခေါင်းဆောင် တယောက်ကို ဖယ်ရှားပြီး စေ့စပ်ရေးသမားတွေလက်ထဲ အာဏာရောက်နေစေချင်တာအပြင် ကွန်မြူနစ်နဲ့ ညီညွတ်ရေးတည်ဆောက်သွားမှာ ကြောက်ရွံ့တဲ့အတွက် မြန်မြန်ဆန်ဆန် ယုတ်မာခဲ့တာဖြစ်ပါတယ်။

နိုင်ငံရေးအင်အားစုတွေ အခြေအနေကို ကြည့်လိုက်တဲ့အခါ၊ နိုင်ငံရေးအစဉ်အလာအကြီးဆုံး ကွန်မြူနစ်ပါတီကြီးဟာ သခင်စိုးရဲ့ အာဏာလောဘ ဂိုဏ်းဂဏဝါဒကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အလံနီ ပါတီအဖြစ် ကွဲသွားခဲ့ရပါတယ်။ လက်ဝဲစွန်း မင်းမဲ့လုပ်ဟန်တွေကျင့်သုံးခဲ့တဲ့ အလံနီဟာ အစောကြီးကတည်း က မတရားသင်းကြေညာခံခဲ့ရပြီးနောက်ဆုံးမှာ၊ အဦးဆုံးသော တောခိုအဖွဲ့အစည်းဖြစ်နေခဲ့ပါတယ်။

အမြဲတန်းလက်နက်ကိုင်တပ်မတော်အဖြစ် ပေါ်ပေါက်လာခဲ့တဲ့ တပ်မတော်ဟာလည်း 'ကန္ဒီ' စာချုပ်အရ ပြင်ဆင်ဖွဲ့စည်းခဲ့ရပြီး အင်္ဂလိပ်လက်အောက်ခံ စစ်တပ်အဖြစ် သွတ်သွင်းခံခဲ့ရကာ၊ ဖဆပလရဲ့ အပြင်စည်းရောက်သွားခဲ့ရတဲ့ တပ်မတော်သားများ၊ ဘီအိုင်အေ၊ ဘီဒီအေ ဟောင်းများ၊ ရဲခေါင်ပြောက်ကျား တော်လှန်ရေး ရဲဘော်ဟောင်းများကို စုစည်းပြီး ဗိုလ်ချုပ်အောင်ဆန်းက 'ပြည်သူ့ရဲဘော်တပ်ဖွဲ့' အဖြစ် ပေါ်ပေါက်စေခဲ့ပါတယ်။ ပြည်သူ့ရဲဘော်ဟာ ဖဆပလ အဖွဲ့ကြီးထဲမှာ အင်အားစုတခုအဖြစ် ပေါ်ပေါက်လာ ခဲ့ပါတယ်။

ဆိုရှယ်လစ် ဦးကျော်ငြိမ်း တို့ရဲ့ အားထုတ်မှုနဲ့ ဖဆပလ အမျိုးသားတပ်ပေါင်းစုကြီးထဲကနေ ကွန်မြူနစ်ပါတီ ဖယ်ထုတ်ခံရတဲ့အခါ ဖဆပလကြီးထဲက ပြည်သူ့ရဲဘော်ဟာလည်း (၂) ပိုင်းကွဲသွားခဲ့ပါ တယ်။ တပိုင်းက 'တပ်နီ' အဖြစ်ခွဲထောင်ပြီး အင်္ဂလိပ်ကိုဆန့်ကျင်နေကြတဲ့ လယ်သမားတပ်များနဲ့ သွားပူး ပေါင်းပါတယ်။ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲခဲ့ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးတဲ့အခါ အမျိုးသားသွေးစည်းညီညွတ်မှု တိုးတိုးပြီး ပြိုကွဲခဲ့ရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံမခံရခင်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုနဲ့ တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအတွက် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် အောင်ဆန်း–အက်

တလီစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ အောင်ဆန်း–အက်တလီ စာချုပ်နဲ့ ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ထောက်ပြဝေဖန်ခဲ့ပါတယ်။ 'မိတ်ဆွေအောင်ဆန်း ဘယ်လဲ' လို့ သတိပေးခဲ့ပါတယ်။ ကေအင်ယူကလည်း ကန့်ကွက်ခဲ့ပါတယ်။ အောင်ဆန်း–အက်တလီ စာချုပ်အရ ပေါ်ထွန်းလာတာကတော့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲနဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးတဲ့နောက် သခင်နု ကြားဖြတ်အစိုးရ ပေါ်ပေါက်လာပါတယ်။ ဖဆပလ အဖွဲ့ကြီးထဲမှာ နောက်ဆုံးကျန်ရှိတာကတော့ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်နဲ့ ဆိုရှယ်လစ်ဩဇာခံ အစည်းအရုံးများ၊ တသီးပုဂ္ဂလကျော်နိုင်ငံရေးအင်အားစုများဖြစ်ပါတယ်။ ဖဆပလကြီးကို အဓိကအုပ်စီးလွှမ်းမိုးထားတာက ဆိုရှယ်လစ်များဖြစ်ပါတယ်။ ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကို ပယ်ချဆန့်ကျင်ခဲ့တာဟာလည်း အဓိကအားဖြင့် ဆိုရှယ်လစ်များပဲဖြစ်ပါတယ်။ ဆိုရှယ်လစ်ထဲမှာက လက်ျာဆိုရှယ်လစ်ဂိုဏ်းက အဓိကဖြစ်ပါတယ်။

ဗြိတိသျှနယ်ချဲ့လက်အောက်ကနေ လွတ်လပ်ရေးအရယူကြရေးမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဦးတည်ရှေ့ရှု အားထုတ်ကြိုးပမ်းသွားတဲ့ လမ်းကြောင်းက ဘရောက်ဒါဝါဒလက်ခံခဲ့တဲ့ (၆) လလောက်က လွဲပြီး၊ နယ်ချဲ့သမားကို ပြတ်ပြတ်သားသား တိုက်ပွဲဆင်သွားရေး၊ လူထုတိုက်ပွဲ နည်းပေါင်းစုံနဲ့ရော၊ ဖဆပလ ကြားဖြတ်အစိုးရ အာဏာကိုင်စွဲပြီး နယ်ချဲ့သမားကို မောင်းထုတ်ပစ်နိုင်ရေးဖြစ်ပါတယ်။ နယ်ချဲ့သမားနဲ့ မစေ့စပ်ပဲ တော်လှန်ရေးနည်းနဲ့ ကိုယ့်လွတ်လပ်ရေးကို ကိုယ်ကြေညာနိုင်ရေးဖြစ်ပါတယ်။ နောက်ဆုံးကာလမှာ ဗိုလ်ချုပ်အောင်ဆန်း နဲ့တောင် ညှိနှိုင်းတိုင်ပင်ထားတာက တိုင်းပြုပြည်ပြုလွှတ်တော်ကို သူပုန်လွှတ်တော်အဖြစ်အသွင်ပြောင်း၊ အသံလွှင့်ရုံကိုသိမ်းပိုက်ကာ တော်လှန်ရေးနည်းနဲ့ လွတ်လပ်ရေးကို ကမ္ဘာကို ကြေညာဖို့လို့ဆိုပါတယ်။ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးကို ပြန်လည်တည်ဆောက်ပြီးပြီးချင်း၊ အကောင်အထည်ဖော်ကြဖို့တောင် စီစဉ်ညှိနှိုင်းထားပြီးပြီဆိုပါတယ်။ ကွန်မြူနစ်ပါတီ တလျှောက်လုံးနေခဲ့တဲ့ လမ်းကြောင်းဟာ ဘရောက်ဒါ (၆) လလောက်ကလွဲပြီး တိုက်ပွဲလမ်းကြောင်းအတိုင်းဖြစ်ပါတယ်။ ကွန်မြူနစ်တို့ရဲ့ နောက်ဆုံးတိုက်ပွဲလမ်းစဉ်ဆိုတာဟာလည်း နယ်ချဲ့သမားကို အပြတ်တိုက်ရေးပဲဖြစ်သလို၊ 'လုံးဝလွတ်လပ်ရေးသို့' ဆိုတဲ့ ဗဟိုကော်မီတီ ဆုံးဖြတ်ချက်ဆိုတာဟာလည်း နယ်ချဲ့သမားကို အလျှော့မပေးရေး မစေ့စပ်ရေးနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး လုံးဝဥဿုံ အမှီအခိုကင်းတဲ့ တိုင်းရင်းသားအားလုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိတဲ့ လွတ်လပ်ရေးကို တောင်းဆိုကြွေးကြော်ထားပါတယ်။ နု–အက်တလီ စာချုပ်ကို ကွန်မြူနစ်ပါတီက ဆန့်ကျင်ရှုတ်ချခဲ့တာဟာ နိုင်ငံရေးအရ လွတ်လပ်ရေး ကြေညာနိုင်တာက လွဲလို့၊ နိုင်ငံရေးအရ လွတ်လပ်တာကလွဲလို့ ကျန်တာတွေ အလျှော့ပေးခဲ့ရ နစ်နာခဲ့ရတယ်လို့ ယူဆကြည့်မြင် သဘောထားခဲ့လို့ဖြစ်ပါတယ်။

ဦးနုအပါအဝင် ဆိုရှယ်လစ်လက်ျာဂိုဏ်းသားများ အသာစီးရခဲ့တဲ့ ဖဆပလကြီးရဲ့ လွတ်လပ်ရေး ရယူရေးလမ်းကြောင်းက တခုလုံးအနေနဲ့ ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် တိုက်ပွဲမဆင်ပဲ နယ်ချဲ့သမားနဲ့ စေ့စပ်ပြီး အေးဆေးညင်သာစွာနဲ့ ရယူရေးဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးပြီးကာစ လက်နက်တွေ အင်္ဂလိပ်ဆီ မအပ်ပဲ သိုဝှက်ထား၊ လိုအပ်ရင် လက်နက်ကိုင်တိုက်ခိုက်ဖို့ အဆင်သင့်ပြင်ထားရမယ်လို့ စကားအားဖြင့် ကြွေးကြော်ခဲ့ဘူးပေမယ့် ကာယကံမြောက် ဦးတည်ဆောင်ရွက်သွားတာက 'စေ့စပ်ရေးနည်းနဲ့ လွတ်လပ်ရေး' လမ်းကြောင်းက အဓိကဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်လည်း အဲဒီလမ်းကြောင်း ထဲမှာ အစောပိုင်းကာလတွေမှာ ရောက်ရှိနေခဲ့ပါတယ်။ "ပွဲသကူသားမစားဘူးလား၊ လည်လှီးသားမှစားမှာလား" လို့ မေးခဲ့ဖူးတယ်ဆိုပါတယ်။ နောက်ပိုင်းမှာ နယ်ချဲ့သမားရဲ့ ခြေလှမ်းကို တစ တစ တိုးတိုးပြီး မြင်လာရပြီး

တဲ့အခါမှာ၊ ဗိုလ်ချုပ်က ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးလုပ်ပြီး တော်လှန်ရေးနည်းဆီ ရှေ့ရှုလာတာတွေ့ရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း မရှိတော့တဲ့နောက်ပိုင်းမှာ၊ ဆိုရှယ်လစ်များ အသာစီးရခဲ့တဲ့ ဖဆပလကြီးဟာ နယ်ချဲ့သမားနဲ့ စေ့စပ်ရေးလမ်းကိုပဲ လိုက်ခဲ့ပြီး တစိုက်မတ်မတ် နိုင်ငံရေးအာဏာကိုပဲ ဖက်တွယ်ထားခဲ့ပါတယ်။ ဖဆပလ ကြားဖြတ်အစိုးရအာဏာနဲ့ လူထုတိုက်ပွဲတွေကို ဖြိုခွဲခဲ့ပါတယ်။ ဆန့်ကျင်ဘက် နိုင်ငံရေးအင်အားစုတွေအပေါ် လက်ဦးမှုရှိရှိ နှိပ်ကွပ်နိုင်ဖို့ ကြံစည်လုံးပမ်းနေခဲ့ပါတယ်။ လွတ်လပ်ရေး မကြေညာရသေးပေမယ့်၊ ဖဆပလ ဟာ အာဏာရ အဖွဲ့အစည်းအသွင် ဖြစ်နေခဲ့ပါတယ်။ ဗြိတိသျှနယ်ချဲ့များဟာ နု–အက်တလီစာချုပ်နဲ့ ဖဆပလ လက်ထဲ အာဏာလွှဲပေးမှာဖြစ်ပါတယ်။

ကိုယ်ထောင်ထားခဲ့တဲ့ ဆူးငြောင့်တွေ ကိုယ်သိထားလို့လား၊ ကိုယ်ဖန်တီးထားတဲ့ အချက်အလက်တွေ ကိုယ်ကြိုတင်သိနေလို့ လားတော့မပြောတတ်ပါ။ နယ်ချဲ့သမား ထိပ်သီးကြီးဖြစ်တဲ့ ဝင်စတန်ချာချီက "ဗမာပြည်ကို လွတ်လပ်ရေးပေးလိုက်ရင် သွေးချောင်းစီး ပြည်တွင်းစစ်ကြီးပေါ်လာလိမ့်မယ်" လို့ ကြိုတင်နိမိတ်ဖတ်ပေးပြီး ဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီက ဖဆပလကွန်မြူနစ်ညီညွတ်ရေးကို တည်ဆောက်ဖို့ တဖက်သတ် အလံလွှင့်ထူထားတာ တွေ့ရပါမယ်။ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲနေတဲ့လက္ခဏာတွေ တနေ့တခြား ထွက်ပေါ်လာနေတဲ့ကြားက တင်ထားတဲ့အလံဖြစ်နေပါတယ်။ ကွန်မြူနစ်–ဆိုရှယ်လစ် ပဋိပက္ခ၊ ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် ပဋိပက္ခတွေ ပေါ်လွင်လာနေပါတယ်။ '၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ' ကြီးဟာလည်း အဆင်သင့်ရှိနေပြီဖြစ်ပါတယ်။

လွတ်လပ်ရေးကြေညာဖို့အတွက် ရက်ရွေးပြီးပြီဖြစ်ပါတယ်။



**ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်အလံ (၁၉၄၈)**

## ပထမဆုံး ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်အစိုးရ
## ခေါင်းဆောင်တချို့ (၁၉၄၈ - ၁၉၅၁)



ပြည်ထောင်စုမြန်မာနိုင်ငံ
ပထမဆုံးသမတကြီး စပ်ရွှေသိုက်



ပြည်ထောင်စုမြန်မာနိုင်ငံ
ပထမဆုံးဝန်ကြီးချုပ် ဦးနု



ပြည်ထောင်စုမြန်မာနိုင်ငံ ပထမဆုံး
ဒုဝန်ကြီးချုပ် ဗိုလ်လက်ျာ



ပြည်ထဲရေးနှင့်တရားရေးဝန်ကြီးဌာန
ဦးကျော်ငြိမ်း

## ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲမှပေါ်ထွက်လာသော အစိုးရအဖွဲ့ဝင်အချို့



နိုင်ငံတော်သမတ ဒေါက်တာ ဦးဘဦး



နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု



ဦးဘဆွေ
ကာကွယ်ရေးဝန်ကြီးဌာန



ဗိုလ်ခင်မောင်ကလေး
ပြည်ထဲရေးဌာနဝန်ကြီး



ဦးခင်မောင်လတ်
တရားရေးနှင့်
ပြည်သူ့ဝန်ထမ်းဌာနဝန်ကြီး



မန်းဝင်းမောင်
သယ်ယူပို့ဆောင်ရေးနှင့်
လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး



သခင်တင်
လယ်ယာမြေပြည်သူပိုင်ပြု
လုပ်ရေးဌာနဝန်ကြီး

## ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမှပေါ်ထွက်လာသော အစိုးရအဖွဲ့ဝင်အချို့



နိုင်ငံတော်သမတ မန်းဝင်းမောင်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု



ဦးဘဆွေ
ဒုဝန်ကြီးချုပ်
ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး



သခင်တင်
ဒုဝန်ကြီးချုပ်နှင့်
ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး



ဦးကျော်ငြိမ်း
ဒုဝန်ကြီးချုပ်နှင့်
အမျိုးသားစီးပွားရေးဌာနဝန်ကြီး



ဗိုလ်ခင်မောင်လေး
ဘဏ္ဍာရေးနှင့်
အခွန်တော်ဌာနဝန်ကြီး



သခင်သာခင်
ပြည်ထဲရေးဌာနဝန်ကြီး



ဦးခင်မောင်လတ်
တရားရေးဌာနဝန်ကြီး

# အပိုင်း ( ၁ )
# ၁၉၄၈ – ၁၉၅၈ ကာလ

## လွတ်လပ်ရေးကို ကြေညာခြင်း၊

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်ပြာသိုလဆုတ် (၉) ရက်၊
ခရာဇ်သက္ကရာဇ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊
နံနက် (၄) နာရီ မိနစ် (၂၀) အချိန်မှာ ...

လွတ်လပ်သောမြန်မာနိုင်ငံအဖြစ် ကမ္ဘာကိုကြေညာလိုက်ပါတယ်။ အရုဏ်တက်ခါစ နှင်းဖွဲဖွဲလေးတွေကျနေဆဲ ကောင်းကင်အောက်မှာ မြို့တော်ရန်ကုန်ရဲ့ ဘုရင်ခံအိမ်တော်ဝင်းရှေ့မှာ အာဏာလွှဲပြောင်းတဲ့ အခမ်းအနားကျင်းပပါတယ်။

ဗမာမြေပေါ်မှာ နှစ်ပေါင်း (၁၂၀) ကျော်လွှင့်ထူထားခဲ့တဲ့ ဗြိတိသျှကိုလိုနီသမားတို့ရဲ့ ယူနီယံဂျက်အလံဟာ တဖြည်းဖြည်း မလျှောချင် လျှောချင်နဲ့ လျှောကျခဲ့ရပြီး၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ မြန်မာနိုင်ငံတော်ရဲ့ အလံသစ်ဟာ တဖြည်းဖြည်း မြင့်တက်လွှင့်ထူ နေရာယူလိုက်ပါတယ်။

တိုင်းပြည်ပြည်ပြု လွတ်တော်အတွင်းကျင်းပတဲ့ လွတ်လပ်ရေးအခမ်းအနားပွဲကို ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းနဲ့ ကွန်မြူနစ်အမတ်များလည်း တတ်ရောက်ကြပါတယ်။ အစိုးရအဖွဲ့ဝင်အမတ်များလည်း တတ်ရောက်ကြပါတယ်။

လွတ်လပ်ရေးအခမ်းအနား ကျင်းပတဲ့အခါ အခမ်းအနားစင်မြင့်ပေါ်မှာ ဣန္ဒြေသိက္ခာ ထည်ဝါစွာနဲ့ ခန့်ခန့်ကြီးထိုင်နေကြသူအများစုကား၊ ဗမာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတလျောက် ရှေ့တန်းအခန်းက တိုက်ပွဲဆင်ဖူးသူတွေမဟုတ်ပဲ၊ နိုင်ငံရေးအတွေးအခေါ်အရ၊ စည်းရုံးရေးအရလည်း ထင်ရှားကြသူတွေမဟုတ်၊ အစဉ်အလာအရလည်း ထက်မြက်ထင်ရှားကြသူတွေမဟုတ်ပါ။ စစ်စစ်ပေါက်ပေါက် ရေတွက်ကြည့်မှ သခင်နုအပါအဝင် လွတ်လပ်ရေးတိုက်ပွဲအတွင်း ရှေ့တန်းအခန်းက ပါဝင်ခဲ့ဖူးသူ လက်တဖက်စာတောင်မရှိဘူးဆိုပါတယ်။

လွတ်လပ်ရေးကြေညာအပြီးမှာ ထွက်ပေါ်လာခဲ့တဲ့ နိုင်ငံတော်ဟာ 'ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်' ဖြစ်ပါတယ်။

လွတ်လပ်သော မြန်မာနိုင်ငံရဲ့ အလံတော်ဟာ အနီရောင်နောက်ခံပေါ်မှာ လက်ဝဲဒေါင့် အပြာရောင်စတုဂံနဲ့၊ အပြာရောင်စတုဂံကွက်ထဲ ကြယ်ပွင့် (၆) ပွင့်ရှိတဲ့ အလံတော်ဖြစ်ပါတယ်၊ အလယ်ရှိ ကြယ်ပွင့်ကြီးတပွင့်ကို ကြယ်ပွင့် (၅) ပွင့်က ဝန်းရံထားပါတယ်။ ကြယ်ပွင့်ကြီးက မြန်မာ၊ မွန်၊ ရခိုင် ကိုရည်ညွှန်းပြီး၊ ကြယ်ပွင့် (၅) ပွင့်က ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားကို ရည်ညွှန်းတယ်လို့ဆိုပါတယ်။ အခြေခံပြီး လိုက်နာကျင့်သုံးမဲ့ ဥပဒေက "၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" ဖြစ်ပါတယ်။

တိုင်းပြုပြည်ပြုလွှတ်တော်ကို ယာယီပါလီမန်အဖြစ် သတ်မှတ်ပြီး၊ ပါလီမန်ဒီမိုကရေစီစနစ်အတိုင်း အကောင်အထည်ဖော် ကျင့်သုံးအုပ်ချုပ်သွားမယ်ဖြစ်ပါတယ်။

နိုင်ငံတော်ဟာ ပြည်ထောင်စုသမတနိုင်ငံတော်လို့ ကင်ပွန်းတပ်ခေါ်ဝေါ်ပေမယ့်၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေလာ 'ပြည်ထောင်စု' ပုံသဏ္ဍာန်ဟာ "တပြည်ထောင်ဆန်တဲ့ ပြည်ထောင်စု" ပုံသဏ္ဍာန်မျိုးဖြစ်နေတယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူများက အကဲဖြတ်ခဲ့ကြပါတယ်။

ပထမဆုံးသမတကြီးအဖြစ် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ကိုရွေးချယ်ပြီး၊ ပထမဆုံးဝန်ကြီးချုပ် 'သခင်နု' ဖြစ်လာပါတယ်။ ဝန်ကြီးချုပ် သခင်နုအစိုးရအဖွဲ့မှာ ...

ဗိုလ်လက်ျာ – ဒုဝန်ကြီးချုပ်နဲ့ကာကွယ်ရေးဝန်ကြီး၊
ဦးတင်ထွဋ် – နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊
ဦးကျော်ငြိမ်း – ပြည်ထဲရေးဌာနဝန်ကြီး၊
ဦးတင် – ဘဏ္ဍာရေးနဲ့ အခွန်တော်ဌာနဝန်ကြီး
ဦးဘဂျမ်း – တရားရေးဌာနဝန်ကြီး
သခင်တင် – စိုက်ပျိုးရေးနဲ့ ကျေးလက်စီးပွားရေးဌာနဝန်ကြီး
ဗိုလ်ဖိုးကွန်း – ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနဝန်ကြီး
ဦးမြ(ဟသာ်တ) – အမျိုးသားစီမံကိန်းဌာနဝန်ကြီး
ဦးညိုထွန်း – ပြန်ကြားရေးဌာနဝန်ကြီး
ဦးကိုကိုကြီး – ကူးသန်းရောင်းဝယ်ရေးနဲ့ ထောက်ပံ့ရေးဌာနဝန်ကြီး
မန်းဝင်းမောင် – စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး
ဦးထွန်းမြင့် – ရှမ်းပြည်နယ်ဌာနဝန်ကြီး
စောစံဖိုးသင် – ကရင်ပြည်နယ်ဌာနဝန်ကြီး
ဆမားဒူးဝါးဆင်ဝါးနောင် – ကချင်ပြည်နယ်ဌာနဝန်ကြီး
စဝ်ဝဏ္ဏ – ကရင်နီပြည်နယ်ဌာနဝန်ကြီး
ဦးဝမ်းသူးမောင် – ချင်းရေးရာဌာနဝန်ကြီး
ဗိုလ်စိန်မှန် – ဌာနလက်ကိုင်မရှိဝန်ကြီး – တို့ဖြစ်ပါတယ်။

လွတ်လပ်ရေးနေ့မှာ "အောင်စေသတည်း" လို့ဥဒါန်းချီတဲ့ လွတ်လပ်ရေး ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဤအချိန်မှစ၍ ငါတို့၏ မူလအပိုင်ဖြစ်သော လုံးဝလွတ်လပ်ရေးကို ငါတို့ပြန်ယူပြီး တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့် ပြည်ထောင်စုသမတနိုင်ငံတော်ကြီးကို တည်ထောင်ပြီလို့လည်း ကြေညာကြွေးကြော်လိုက်ပါတယ်။

သမတစဝ်ရွှေသိုက်ရဲ့ သဝဏ်လွှာ ဝန်ကြီးချုပ်သခင်နုရဲ့ သဝဏ်လွှာ၊ ဒုဝန်ကြီးချုပ် ဗိုလ်လက်ျာရဲ့ သဝဏ်လွှာတို့ကိုလည်း ဖတ်ကြား ကြေညာလိုက်ပါတယ်။

သမတကြီးရဲ့ သဝဏ်လွှာမှာ "ယခု ကျွန်ုပ်တို့ လက်ဆုပ်လက်ကိုင် အပိုင်ရရှိပြီဖြစ်သော လွတ်လပ်ရေး ဆုထူးမင်္ဂလာကြီးသည်ကား လက်နက်စွဲကိုင်၍ အင်အားခြင်းပြိုင်ကာ အကြမ်းဖက်မှုဖြင့်ရရှိသော လွတ်လပ်ရေးဆုကြီးမဟုတ်မူ၍ ဗြိတိန်နိုင်ငံနှင့် မိတ်သင်္ဂဟအဖြစ်သို့ ရောက်ကြသည်နှင့်အညီ ချစ်ကြည်လေးမြတ်စွာ စေ့စပ်ညှိနှိုင်း၍ ရရှိအပ်သော လွတ်လပ်ရေး မင်္ဂလာဆုကြီးပင်ဖြစ်တော့သည်။" လို့ ဖော်ပြခဲ့ပြီး၊ ဝန်ကြီးချုပ်ရဲ့ သဝဏ်လွှာမှာ "ယခု ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီး၌ လူမျိုးရေးအားဖြင့်လည်းကောင်း၊လူမျိုးစုအားဖြင့်လည်းကောင်း၊ နိုင်ငံရေးအားဖြင့်လည်းကောင်း၊ တဦးခြင်းအားဖြင့်လည်းကောင်း မညီညွတ်မှုများ မသင့်တင့်မှုများ ရှိဖွယ်မလိုပြီ။ ကျွန်ုပ်တို့၏ ဇာတိဖြစ်သော ဤနိုင်ငံတော်ကြီး၏ အကျိုးကိုရှေ့ရှု၍ ပြည်ထောင်စုနိုင်ငံတော်သူ နိုင်ငံသားတို့အား ကိုယ်ကျိုးကိုမငဲ့ကွက်ပဲ၊ ညီညွတ်ကြရန်နှင့် ကြိုးပမ်းကြရန် ယခု ကျွန်ုပ်တို့က တိုက်တွန်းနိုးဆော်အပ်ပါသည်" လို့ ကြွေးကြော် ဖော်ပြထားပါတယ်။

ဒုဝန်ကြီးချုပ် ဗိုလ်လက်ျာကတော့ သူ့ရဲ့သဝဏ်လွှာထဲမှာ နိုင်ငံတော်ရဲ့သစ္စာကို စောင့်သိရိုသေရေးနဲ့ပတ်သတ်ပြီး "အကယ်၍ နိုင်ငံတော်ရှိ လက်ဝဲအင်အားစုတို့ တညီတညွတ်ထဲရှိပါက ပြောင်မြောက်အောင်မြင်ရန် မကွာလှမ်းလှတော့သော ဆိုရှယ်လစ်ဝါဒကြီးအတွက် ဆောင်ရွက်ကျင့်သုံးကြခြင်းသာလျှင် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေသည်မည်သတည်း" လို့ အနက်ဖွင့် ဖော်ကျူးသွားပါတယ်။

တိုင်းပြုပြည်ပြုလွှတ်တော် (ယာယီပါလီမန်) မှာလည်း သမတကြီးနဲ့ ဝန်ကြီးချုပ်တို့က မိန့်ခွန်းစကားတွေ ပြောကြားကြပါတယ်။ သမတကြီး စဝ်ရွှေသိုက်က အစိုးရရဲ့ ဝါဒလမ်းစဉ်နဲ့ပတ်သတ်ပြီး ရှင်းလင်းမိန့်ကြားရာမှာ 'မြန်မာပြည်ထောင်စုတွင် အရင်းရှင်ဝါဒကို ပိတ်ပင်ပယ်ဖျက်၍ နိုင်ငံတော်၏ လုပ်ငန်းဆောင်တာ အဝဝကို တိုင်းသူပြည်သားများသာ ပိုင်ဆိုင်ခွင့်ရှိသော ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန်ဖြစ်ပေသည်။" ဆိုပြီး အတိအလင်း ဖော်ပြသွားသလို 'ဤပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှိရှိသမျှသော နိုင်ငံသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ပါရှိသည့်အတိုင်း တဦးနှင့်တဦး အခွင့်အရေးချင်းတူညီကြစေ" လို့လည်း သမတရဲ့ အာဏာစက်ကို ကျင့်သုံးပြီး ထုတ်ပြန်ကြေညာသွားပါတယ်။ ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်ကျောင်းကျွန်၊ သင်ချိတို့ကိုလည်း 'ယနေ့မှစ၍ ရှေးအမင်းမင်းတို့၏ အာဏာစက်ကို ကျွန်ုပ်ပယ်ဖျက်၍ ထိုသူတို့၏ သဘောအတိုင်း လုပ်လိုသော အလုပ်မျိုးစုံကို လွတ်လပ်စွာလုပ်ကိုင်နိုင်ကြစေ' လို့ အမိန့်ချမှတ်ကြေညာလိုက်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုကလည်း လွတ်လပ်ရေးမိန့်ခွန်းကြီးကို တခမ်းတနားပြောပြီး 'ကျွန်ုပ်တို့တတွေဟာ ဒီနေ့ကစပြီး နိုင်ငံလွတ်လပ်ရေးတခုတည်းကိုသာ ရတာမဟုတ်ပါဘူး။ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားအားလုံးရဲ့ စည်းလုံးမှုကိုပါ ထပ်ကြပ်မကွာရခြင်းဖြစ်ပါတယ်' လို့ အနက်အဓိပ္ပါယ်ဖွင့်ဆိုလိုက်ပါတယ်။ လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချပွဲကိုလည်း လွတ်လပ်ရေးနေ့မှာပဲ ပြုလုပ်ခဲ့ပြီး ဝန်ကြီးချုပ်သခင်နုက အုတ်မြစ်ချပွဲ မိန့်ခွန်းပေးခဲ့ပြန်ပါတယ်။ လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချပွဲထဲမှာတော့ "ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ အသင်းအဖွဲ့တခုတည်းရဲ့ လွတ်လပ်ရေးမဟုတ်ပါ။ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လူငယ်၊ အမျိုးသမီး၊ တောင်သူလယ်သမား အလုပ်သမားအစည်းအရုံး သမဂ္ဂအစရှိတဲ့ အသင်းအဖွဲ့အစည်းအသီးသီးက ကိုယ်ဆိုင်ရာ နယ်နိမိတ်အတွင်းမှနေ၍ နယ်ချဲ့ကြီးကို ဝိုင်းအုံတိုက်ခိုက်ခဲ့ကြတာကြောင့် ရရှိလာတဲ့ လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခု လွတ်လပ်ရေးဟာ ပြည်သူ့ရဲဘော် ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လူငယ်၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အစည်းအရုံး သမဂ္ဂ

အစရှိတဲ့ များမြောင်လှစွာသော အသင်းအဖွဲ့အားလုံး၏ လွတ်လပ်ရေးဖြစ်တယ်” လို့ ဖွင့်ဟပြောဆိုသွားပါတယ်။

အမြို့မြို့အနယ်နယ်တွေမှာလည်း လွတ်လပ်ရေးအောင်ပွဲသဘင်တွေ ကျင်းပစေခဲ့ပါတယ်။

လွတ်လပ်သော မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကလည်း ဝန်ကြီးချုပ် သခင်နု အဆိုအရ ‘လက်ဝဲ’ မျိုးစေ့တွေ အမြောက်အမြားပါရှိသလို၊ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအုတ်မြစ်ကြီးပေါ် တည်ဆောက်မယ့် မြန်မာနိုင်ငံတော်ကြီးဟာ လက်ဝဲဘက်ကို ယိမ်းနေတဲ့ နိုင်ငံတော်ပါလို့ တော်တော်စောစောကထဲက ကြွေးကြော်ထားပြီးဖြစ်ပါတယ်။

နိုင်ငံတော်သမတကြီးရဲ့ လွတ်လပ်ရေးနေ့မိန့်ခွန်း၊ ဗိုလ်လက်ျာရဲ့ လွတ်လပ်ရေးနေ့ သဝဏ်လွှာတွေကလည်း ဆိုရှယ်လစ်နိုင်ငံတော်အဖြစ် ချီတက်ရေးဆီ ဦးတည်နေတာတွေ့ရပါတယ်။

‘နု–အက်တလီစာချုပ်’၊ ‘စေ့စပ်ယူခဲ့ရတဲ့လွတ်လပ်ရေး’ နဲ့ တည်ထောင်ချင်တယ်ဆိုတဲ့ ‘ဆိုရှယ်လစ်နိုင်ငံတော်’ ဟာ ဘယ်လိုအသွင်ပေါ်လာမယ်ဆိုတာတော့ ဆက်လက်ကြည့်ကြဖို့ပဲဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက ဒီလွတ်လပ်ရေးဟာ နိုင်ငံရေးအားဖြင့် လွတ်လပ်သော်လည်း စီးပွားရေးအားဖြင့် မလွတ်လပ်သေးကြောင်း၊ စီးပွားရေးလွတ်လပ်မှုအတွက်ပါ ဆက်လက်တိုက်ပွဲဝင်ကြရဦးမည်ဖြစ်ကြောင်း သတိပေးနိူးဆော်ပါတယ်။

## လွတ်လပ်ရေးရကာစ ဗမာနိုင်ငံအခြေအနေ

လွတ်လပ်ရေးကြေညာနိုင်လိုက်ပေမယ့် လွတ်လပ်ရေးရကာစ ဗမာနိုင်ငံအခြေအနေဟာ လွတ်လပ်ရေးနဲ့အတူ အခက်အခဲပေါင်းစုံ၊ အကြပ်အတည်းပေါင်းစုံ ပဋိပက္ခပေါင်းစုံလည်း ကပ်ပါလာခဲ့ပြီး၊ ရင်လေးစရာအနေအထားဖြစ်ပါတယ်။

စီးပွားရေးအရ ကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေးကြေညာဖို့ အကြွေးနဲ့စခဲ့ရသလို ဖြစ်ပါတယ်။ နု–အက်တလီ စာချုပ်အရ ပြန်ပေးပါမယ်၊ သဘောတူပါတယ်လို့ အာမခံထွေ့ခံထားရတဲ့ အကြွေးက ဗြိတိသျှကိုပေးဆပ်ရန် ကျပ်ငွေ (၃၅ ကုဋေ ၆ သန်း)၊ အမေရိကန်ကိုပေးဆပ်ရန် ဒေါ်လာ (၅သန်း)၊ ဗြိတိသျှတို့ မြန်မာနိုင်ငံကို ကိုလိုနီပြု အုပ်ချုပ်ဖို့ခေါ်ယူခန့်ထားခဲ့ကြတဲ့ အိန္ဒိယနဲ့ ပါကစ္စတန်သား အမှုထမ်း အရာထမ်းတွေအတွက် ပင်စင်လစာအဖြစ်ပေးဖို့က (တနည်းအားဖြင့်) ကိုလိုနီပြုခ ကြွေးက ကျပ်ငွေ (၆ ကုဋေ ၉ သန်း) ဖြစ်ပါတယ်။ ဗမာပြည်ကြီးကို နှစ်ပေါင်း (၁၂၀) လောက်ကျွန်ပြု သွေးစုပ် အမြတ်ထုတ်လာခဲ့ကြသူတွေဆီက အလျော်ရဖို့နေနေသာသာ၊ သွေးစုပ်ခဲ့ကြသူတွေရဲ့ အရင်းအနှီး လုပ်ငန်းကိုင်ငန်းတွေကို၊ ဗမာနိုင်ငံအစိုးရက လိုအပ်သလို အရေးယူဆောင်ရွက်မယ်ဆို လျော်ကြေးပေးပါ့မယ်လို့တောင် ကတိခံ စာချုပ်ထားရပါတယ်။ အဲဒီအရင်းအနှီးကလည်း ကျပ်ငွေကုဋေ (၆၀) ကျော်ရှိပါတယ်။

လွတ်လပ်ရေးကြေညာတဲ့အချိန်မှာ ဗမာပြည်ရဲ့လူဦးရေဟာ (၁၇) သန်းကျော်ရှိပြီး ကုလားက တသန်းကျော်ရှိပါတယ်။ အဲဒီ ကုလားတသန်းကျော်ဟာ နယ်ချဲ့ဗြိတိသျှတို့ ကိုလိုနီပြုသွေးစုပ်ဖို့၊ ၁၉၀၈ ခုနှစ်ကနေ ၁၉၂၉ ခုနှစ်အတွင်း ဆွဲသွင်းလာတာကို လက်ခံခဲ့ရတဲ့ အရေအတွက်ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးကိုပဲ အခြေခံရတဲ့ နိုင်ငံဖြစ်တဲ့အတွက် (၇၀) ရာခိုင်းနှုန်းကျော်ဟာ ကျေးလက်တောရွာနေ လယ်သမားများဖြစ်ကြပါတယ်။ လယ်မြေ (၁၉) သန်းခွဲကျော်ရှိပါတယ်။ အဓိက စပါးစိုက်ပျိုးတဲ့

ခရိုင် ဒိစကြိတ် (၁၃) ခုမှာ (၅၀) ရာခိုင်နှုန်းဟာ မြေရှင်ကြီးများ ပိုင်မြေတွေဖြစ်ပါတယ်။အဲဒီ မြေရှင် ပိုင်မြေတွေကိုကြည့်လိုက်ရင် (၅၀) ရာခိုင်နှုန်းဟာ ချစ်တီးပိုင်မြေတွေဖြစ်ပါတယ်။

ဗမာပြည်ကြီးဟာ ၁၉၄၂ ကနေ ၁၉၄၅ ခုနှစ် (၃) နှစ် အတွင်းမှာကို အကြီးအကျယ် စစ်ဘေးစစ်ဒဏ် နှစ်ကျော့ပြန် ခံထားရပါတယ်။ ဂျပန်တွေဝင်လာကာစက ဗုံးကြဲတိုက်ခိုက်ပြီး ဝင်လာတာခံခဲ့ရသလို အင်္ဂလိပ်တွေပြန်ဝင်လာတော့လည်း အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ပြီး ဝင်လာတာခံခဲ့ရပါတယ်။ ဂျပန်တွေဝင်တုန်းက အောင်မြင်စွာဆုတ်ခွာတယ်ဆိုတဲ့ ကိုလိုနီအင်္ဂလိပ်တွေဟာ အရေးကြီးလမ်းတံတားမှန်သမျှ ချိုးဖျက်၊ ရေနံတွင်း သတ္တုတွင်းတွေကိုလည်း စိတ်ရှိလက်ရှိ ရိုက်ချိုးဖျက်သွားကြသလို၊ ဂျပန်ဖက်ဆစ်များ မရှုမလှ ဆုတ်ခွာထွက်ပြေးရတော့လည်း လမ်းတံတားမှန်သမျှ ချိုးဖျက်၊ မီးရထားလမ်းနဲ့ ရထားခေါင်းတွဲတွေကိုပါ ဖျက်ဆီးသွားကြပြန်ပါတယ်။ နယ်ချဲ့ဗြိတိသျှနဲ့ ဖက်ဆစ်ဂျပန်တို့ရဲ့ အဝင်ဖျက် အထွက်ဖျက် နှစ်ကျော့ပြန်ဖျက်ဆီး မြေလှန်ပစ်ခဲ့ခြင်းကို မရှုမလှခံခဲ့ရတဲ့ မြန်မာပြည်ကြီးဟာ ကြည့်မကောင်း မြင်မကောင်း ဒဏ်ရာဒဏ်ချက်တွေနဲ့ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ အရေးကြီး လမ်းတံတားများ ချိုးဖျက်ခံထားရတဲ့အတွက် မကောင်းပါ။ စစ်ကိုင်းတံတား၊ ဂုတ်ထိပ်တံတား၊ စစ်တောင်းတံတားများ ချိုးဖျက်ခံထားရပါတယ်။ မီးရထားလမ်းနဲ့ ရထားခေါင်းတွဲအများစုဟာလည်း ပျက်စီးနေပါတယ်။ အဖျက်ခံထားရတဲ့ ရေနံတွင်း၊ သတ္တုတွင်းများဟာလည်း အပြည့်အဝ ပြန်လည်ထုတ်ယူအသုံးချနိုင်ခြင်း မရှိသေးပါ။

နိုင်ငံရေးအရကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေးကြေညာနိုင်တာကလွဲလို့ အရေးကြီးဆုံး အမျိုးသားသွေးစည်းညီညွတ်ရေးဟာ ပြိုကွဲနေပါတယ်။ အာဏာရ ဖဆပလ ကြီးအတွင်းမှာကို နိုင်ငံရေးသဘောထား၊ နိုင်ငံရေးအမြင် အယူအဆတွေ မတူညီနိုင်ကြသလို ဂိုဏ်းဂဏအုပ်စု ပဋိပက္ခတွေ အခြေခံကျကျဖြစ်တည်နေပါတယ်။ အထူးသဖြင့် ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော် ပဋိပက္ခ ဖြစ်ပေါ်တည်ရှိနေပါတယ်။

လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခဲ့ကြသူတွေအများစုဟာ၊ အာဏာအဝန်းအဝိုင်းရဲ့ အပြင်ဘက် ကန်ထုတ်ထားခြင်းခံရပါတယ်။ နယ်ချဲ့အင်္ဂလိပ် မောင်းထုတ်ရေး၊ ဖက်ဆစ် ဂျပန်တော်လှန်ရေးတွေမှာ ဘယ်တုန်းကမှ ရှေ့ဆုံးကမရှိခဲ့သူတွေဟာ ခေါင်းပေါင်းစတထောင်ထောင်နဲ့ အစိုးရအဖွဲ့အတွင်းမှာ နေရာယူထားကြပါတယ်။ အစိုးရအဖွဲ့အတွင်းမှာ အဓိက အသာစီးရထားတာက ဆိုရှယ်လစ်တွေဖြစ်ပါတယ်။ လွတ်လပ်ရေးအပေါ်မှာကို အာဏာရ ဖဆပလကြီးက ‘လုံးဝလွတ်လပ်ရေး’ ‘ဒင်းပြည့်ကျပ်ပြည့်လွတ်လပ်ရေး’ လို့ ခံယူပြီး၊ ကွန်မြူနစ်များကတော့၊ နိုင်ငံရေးအရ လွတ်လပ်ပေမယ့် စီးပွားရေးအရ မလွတ်လပ်သေး၊ ကိုလိုနီနှောင်ကြိုး တဲထားသမျှကို အပြီးအပိုင်ဖြတ်တောက်ပြစ်ဖို့ လိုသေးတယ်လို့ဆိုပါတယ်။ ခရွှန်ဘီ–မြစာချုပ်၊ လက်ျာ–ဖရီးမင်းစာချုပ် နဲ့ နု–အက်တလီစာချုပ်ပါ အချက်အလက်တွေကို ထောက်ပြပါတယ်။

နိုင်ငံတော်’ ပုံသဏ္ဌာန်ကလည်း ပြည်ထောင်စုနိုင်ငံတော်လို့ခေါ်ဝေါ်ပေမယ့် ပြည်ထောင်စုထဲပါ ‘ပြည်နယ်များ’ ကိစ္စ၊ နယ်နိမိတ်သတ်မှတ်ရေးကိစ္စ ရှင်းရှင်းလင်းလင်း မသတ်မှတ်ရသေးပါ။ အကြမ်းဖြင်းအားဖြင့် ရှမ်းများအတွက် ရှမ်းပြည်နယ်နဲ့ ကချင်များအတွက် ကချင်ပြည်နယ်သာရှိသေးပြီး၊ မွန် နှင့် ရခိုင်အတွက် ပြည်နယ်မရှိပါ။ ရာမညတိုင်း၊ ရခိုင်တိုင်းအဖြစ်သာ သတ်မှတ်ထားပါတယ်။ ချင်းကိုလည်း ‘ဝိသေသတိုင်း’ အဖြစ်သာ သတ်မှတ်ထားပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ကရင်များအတွက် ‘ကော်သူးလေ’ အထူးဒေသ ဖွဲ့စည်းပေးထားပေမယ့်၊ နယ်နိမိတ်ကိစ္စ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သတ်မှတ်နိုင်မှုမရှိသေးပါ။ ကရင်နီပြည်နယ်(ကယားပြည်နယ်) ကတော့ ရှေးဗမာမင်းများလက်ထက်ကထဲက မြန်မာ–အင်္ဂလိပ် စာချုပ်ကို ၁၈၇၅ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှာလက်မှတ်ရေးထိုးပြီး ကိုယ်ပိုင်အုပ်ချုပ်

ရေးနဲ့ သီးခြားရပ်တည်စေခဲ့တဲ့ ပြည်နယ်ဖြစ်ပါတယ်။ ကရင်၊ မွန်၊ ရခိုင် များအတွက် တိကျသော ပြည်နယ်များမရှိသေးပါ။

ကာကွယ်ရေးဘက်ကနေ ကြည့်မယ်ဆိုရင်လည်း လွတ်လပ်ခါစ မြန်မာနိုင်ငံတော်ကြီးမှာ ဗြိတိသျှရဲ့ စစ်မစ်ရှင်အဖွဲ့ကို ဆက်လက်လက်ခံထားရပါတယ်။ နု–အက်တလီ စာချုပ်အရ ဓနသဟာယဝင်များရဲ့ စစ်လေယာဉ်၊ ရေယာဉ်များ ဝင်ထွက် ဆိုက်ကပ်နားခိုခွင့်ကို ခွင့်ပြုလက်ခံထားရပါတယ်။ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်လက်ျာကတာဝန်ယူထားပြီး၊ တပ်မတော်တခုလုံးရဲ့ စစ်ဦးစီးချုပ်ကတော့ ဗိုလ်ချုပ်စမစ်ဒွန်းဖြစ်ပါတယ်။ ဒုတိယစစ်ဦးစီးချုပ်က ဗိုလ်မှူးချုပ်စောကြာဒိုးဖြစ်ပါတယ်။ စစ်ထောက်ချုပ်က ဗိုလ်မှူးကြီး စောဒွန်နီဖြစ်ပြီး၊ ဗိုလ်မှူးချုပ်စောချစ်ခင်၊ ဒုဗိုလ်မှူးကြီး စောလယ်ဒါ၊ ဒုဗိုလ်မှူးကြီး စောအောင်ဒင်၊ ဒုဗိုလ်မှူးကြီး စောအောင်စိန်တို့လို ကရင်အမျိုးသားတပ်မတော်အရာရှိကြီးများလည်း တပ်မတော်ထဲမှာ ရှိကြပါတယ်။ ဒုဗိုလ်မှူးကြီးဇေယျ၊ ဒုဗိုလ်မှူးကြီး ရဲထွဋ် ၊ ဒုဗိုလ်မှူးကြီးကျော်ဇောတို့လို ရဲဘော်သုံးကျိပ်ဝင် ကွန်မြူနစ်ပါတီဝင်တပ်မတော်အရာရှိကြီးများကလည်း တပ်မတော်ထဲမှာ တရားဝင်ရှိကြသလို ဗိုလ်စိန်တင်၊ ဗိုလ်သက်ထွန်း၊ ဗိုလ်မင်းဒင်၊ ဗိုလ်သိန်း၊ ဗိုလ်လှမော်၊ ဗိုလ်ရဲမောင်၊ ဗိုလ်အောင်မြင့်၊ ဗိုလ်အေးဖေ စတဲ့ ကွန်မြူနစ်ပါတီဝင် တပ်မတော်အရာရှိများဟာလည်း တပ်မတော်ရဲ့ တပ်ရင်းအသီးသီးမှာရှိကြပါတယ်။ ဗိုလ်မှူးချုပ်အောင်သင်း က တောင်ပိုင်းတိုင်း တိုင်းမှူးဖြစ်ပြီး ဗိုလ်မှူးချုပ်နေဝင်းက မြောက်ပိုင်းတိုင်း တိုင်းမှူးဖြစ်ပါတယ်။

လွတ်လပ်ရေးကြေညာခါစအချိန်မှာ တပ်မတော်ထဲမှာ ဗမာ့သေနတ်ကိုင်တပ်ရင်း (၆) ခုရှိတယ်။ ကရင်သေနတ်ကိုင်တပ်ရင်း (၃) ရင်း၊ ချင်းသေနတ်ကိုင်တပ်ရင်း (၂) ရင်း၊ ကချင်သေနတ်ကိုင် တပ်ရင်း (၃) ရင်းနဲ့ ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း (၁) ရင်းလည်းရှိပါတယ်။ အဲဒီ့အချိန်မှာ 'တပ်မတော်' ထဲက မဟုတ်တဲ့ တခြားလက်နက်ကိုင်တပ်ဖွဲ့များလည်း တရားဝင်တည်ရှိနေပါတယ်။ အဲဒါတွေကတော့ ဗြိတိသျှလက်ထက်ကထဲကဖွဲ့ထားခဲ့ပြီးဖြစ်တဲ့ ကရင်စစ်ရဲတပ်များ၊ လိုအပ်ရင် အင်္ဂလိပ်ကိုတော်လှန်ဖို့ ရည်ရွယ်ဖွဲ့စည်းထားခဲ့တဲ့ ပြည်သူ့ရဲဘော်တပ်ဖွဲ့များ၊ တပ်မတော်အတွက် လိုအပ်ရင် တိုးချဲ့ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ဖွဲ့ စည်းထားခဲ့တဲ့ သောင်းကျန်းမှု နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနဲ့ ကေအင်ယူ **(KNU)** က ဖွဲ့စည်းထားတဲ့ ကေအင်ဒီအို **(KNDO)** တပ်ဖွဲ့များ၊ မွန်အမျိုးသားများက ဖွဲ့စည်းထားတဲ့ အမ်အင်ဒီအို **(MNDO)** တပ်ဖွဲ့များ၊ စော်ဘွားများရဲ့ ခါးပိုက်ဆောင်တပ်ဖွဲ့တွေဖြစ်တဲ့ 'ရှမ်းပုလိပ်များ' ဖြစ်ကြပါတယ်။ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ကနေ 'ပြည်ထောင်စုစစ်ရဲတပ်' **(UMP)** ဖြစ်လာတဲ့အခါ အဲဒီ့ ယူအမ်ပီတပ်ရင်းတွေထဲမှာလည်း ပြည်သူ့ရဲဘော်များ ပါဝင်နေခဲ့ပါတယ်။

လွတ်လပ်ရေးမကြေညာနိုင်ခင်ကထဲက ဗမာပြည်ဒေသအသီးသီးမှာ ရပ်တည်လှုပ်ရှားနေကြတဲ့ အင်အားစုများ၊ လက်နက်ကိုင်တပ်ဖွဲ့များလည်း ဗမာပြည်လွတ်လပ်ရေး ကြေညာပြီးစအချိန်မှာ အခိုင်အမာတည်ရှိနေပါတယ်။ အဲဒါတွေကတော့ အလံနီတပ်၊ တပ်နီ၊ ရခိုင်ကွန်မြူနစ်၊ ရခိုင်လူငယ်အစည်းအရုံးနဲ့ မူဂျာဟစ်များဖြစ်ကြပါတယ်။ သခင်စိုးရဲ့ အလံနီပါတီနဲ့ အလံနီပါတီတပ်ဖွဲ့ဝင်များဟာ ၁၉၄၆ ကတည်းက မတရားသင်း ကြေညာခံထားရပြီး၊ ဗိုလ်ချုပ်အောင်ဆန်း ကြားဖြတ်အစိုးရလက်ထက်မှာ မတရားသင်းမှ ရုတ်သိမ်းပေးခဲ့သေးပေမယ့်၊ မကြာမီမှာပဲ မတရားသင်းအဖြစ် ဆက်လက်ထုတ်ပြန် သတ်မှတ်ခြင်းပြန်လည်ခံရကာ ဖျာပုံနယ်တဝိုက်မှာ ရပ်တည်လှုပ်ရှားနေခဲ့ကြပါတယ်။

တပ်နီများက ပျဉ်းမနားနယ်၊ ရခိုင်ကွန်မြူနစ်များက သံတွဲနယ်၊ ဦးစိန္တာ၊ ဗုံပေါက်သာကျော် တို့ရဲ့ ရခိုင်လူငယ်အစည်းအရုံးက ရခိုင်တောင်ပိုင်းနဲ့ အဗ္ဗဒူကာဆင်ခေါင်းဆောင်တဲ့ 'မူဂျာဟစ်' များက ရခိုင်မြောက်ပိုင်း ဘူးသီးတောင်မောင်းတောနယ်တို့မှာ အသီးသီးလှုပ်ရှားနေကြပါတယ်။

ဗမာပြည်ရဲ့ လွတ်လပ်ရေးကြေညာပြီးစအခြေအနေကို ချုပ်ကြည့်မယ်ဆိုရင်၊ ဗမာပြည်ဟာ ဗြိတိသျှနယ်ချဲ့သမားများရဲ့ နှစ်ပေါင်း (၁၂၀) ကျော်ကြာ ကိုလိုနီပြုသွေးစုပ်ခြင်းကို ရက်ရက်စက်စက်ခံခဲ့ရတဲ့အပြင်၊ ဒုတိယကမ္ဘာစစ်ကြီးရဲ့ စစ်ဘေးစစ်ဒဏ်ကိုလည်း ထပ်ဆင့်ခံစားခဲ့ရတဲ့အတွက် ဘက်ပေါင်းစုံ ဆုံးရှုံးနစ်နာမှုတွေ ကြီးမားများပြားလှပါတယ်။ အမျိုးသားသွေးစည်းညီညွတ်မှုကို အခိုင်အမာတည်ဆောက်ပြီး တိုင်းပြည်ပြန်လည်ထူထောင်ရေးကို ဦးတည်လုပ်ဆောင်ရမယ့်အစား၊ အမျိုးသားသွေးကွဲမှုတွေကို ရင်ကြားမစေ့နိုင်ပဲ ပဋိပက္ခလောင်စာတွေဟာ ထုနဲ့ထည်နဲ့ တည်ရှိနေပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွေမှာ ရှေ့တန်းအခန်းက ဦးဆောင်ခဲ့သူအများစုဟာ ဘေးကိုရောက်နေကြပြီး၊ ဗြိတိသျှနယ်ချဲ့သမားများက ယုံယုံကြည်ကြည် အာဏာလွှဲပြောင်းပေးအပ်တာကို ရယူလက်ခံခဲ့သူတွေ အများစုကြီးဟာ ဂိုဏ်းဂဏစိတ်ကြီးမားသူတွေ၊ ခေတ်မီအောင် လက်ဝဲကိုအော်ပြီး လက်ျာကိုသွားချင်တဲ့ လက်ျာသမားကြီးတွေဖြစ်နေတာကို တွေ့ရပါတယ်။ အာဏာရ 'ဖဆပလ' အဖွဲ့ကြီးအတွင်းမှာ ဂိုဏ်းဂဏ ပဋိပက္ခ၊ လက်ဝဲ–လက်ျာ ပဋိပက္ခတွေ အုံနဲ့ကျင်းနဲ့ တည်ရှိနေပါတယ်။

ဖြစ်တည်ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ကို ကြည့်လိုက်မယ်ဆိုရင်ကို အခြေခံမတူညီသူတွေကို ဆွဲစုစပ်ထားတာတွေ့ရမယ်ဖြစ်ပါတယ်။ ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေး တည်ဆောက်ရေး၊ တဖက်သတ်ဖျက်သိမ်းငြင်းပယ်ထားခြင်းခံရပြီး ဖဆပလ ထဲမှာ ဆိုရှယ်လစ်တို့က အသာစီးရထားပါတယ်။ ဆိုရှယ်လစ်စနစ်ကိုသွားမယ်လို့ အတိအလင်း ကြွေးကြော်ထားပါတယ်။ ပြည်ထောင်စုနိုင်ငံတော်အဖြစ် ကြွေးကြော်ထားပေမယ့်၊ အခြေခံ ပြည်ထောင်စုဖွဲ့စည်းပုံ ပုံသဏ္ဌာန်နဲ့ပတ်သက်ပြီးကိုပဲ မကျေလည်မှုတွေရှိနေသလို၊ ပြည်ထောင်စုတွင်းရှိ လူမျိုးစုအချို့ရဲ့ ကန့်ကွက်မှု၊ မကျေနပ်မှု၊ ဓာဒကတက်မှုတွေ အစကတည်းက တည်ရှိဖြစ်ပေါ်နေခဲ့ပါတယ်။

ပြည်တွင်းနိုင်ငံရေးအင်းအာစုတွေအားလုံးရဲ့ အနေအထားကို အကြမ်းဖျင်း ခြုံငုံကြည့်မယ်ဆိုရင်၊ အာဏာရ ဖဆပလကြီးနဲ့အတူ တည်ရှိနေကြတဲ့ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ သမဂ္ဂများလည်း စင်ပြိုင်တည်ရှိနေတာ တွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်း အသင်းအပင်းတွေထဲမှာတောင် အာဏာရ ဖဆပလ နဲ့အတူရပ်တဲ့ အဖွဲ့အစည်း၊ အသင်းအပင်းနဲ့ ဖဆပလ ကိုဆန့်ကျင်ပြီး အတိုက်အခံအဖြစ် ရပ်တည်တဲ့ အဖွဲ့အစည်း၊ အသင်းအပင်း နှစ်ပိုင်းကွဲပြားနေတာတွေ့ရပါတယ်။ အတိုက်အခံသဘော၊ နိုင်ငံရေးအင်အားစုတွေထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အင်အားအကြီးဆုံးနဲ့ သြဇာအကြီးဆုံးဖြစ်ပါတယ်။ နိုင်ငံရေးအစဉ်အလာအရ အမြင့်ဆုံးဖြစ်သလို၊ ပါတီသက်တမ်းအရလည်း သက်တမ်းအရင့်ဆုံးဖြစ်ပါတယ်။ အာဏာရ ဖဆပလကြီးနဲ့အတူ ရပ်တည် တည်ရှိနေတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေအတွင်းမှာတောင် ကွန်မြူနစ်လိုလားသူတွေ ရှိနေတဲ့အထိ နိုင်ငံရေးသြဇာကြီးလှပါတယ်။

ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးအရှိန်သြဇာကို အသိအမှတ်မပြုရင်မဖြစ်တဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်သခင်နု ကတောင် ဖဆပလ ထဲက အမတ် (၁၀) ဦးလောက်ကို အထွက်ခိုင်း၊ အဲဒီ့နေရာတွေမှာ ကွန်မြူနစ်တွေနဲ့ အစားထိုးရွေးချယ်၊ သခင်သန်းထွန်းကို အတိုက်အခံခေါင်းဆောင်အဖြစ် တင်မြှောက်ပြီး၊ လွှတ်တော်အတွင်း ပါဝင်နိုင်အောင် စဉ်းစားစိတ်ကူးဖူးတယ်ဆိုပါတယ်။ ဒါပေမယ့် အဲဒီ့အချိန်က သခင်နု ဟာ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်ဆိုပေမယ့် ပါတီလက်ကိုင်မရှိတဲ့ တသီးပုဂ္ဂလသာဖြစ်နေပြီး၊ ဖဆပလ ကြီးအတွင်းမှာ အင်အားအများဆုံးဟာ ဆိုရှယ်လစ်တွေဖြစ်နေပါတယ်။ အာဏာရအဖွဲ့အစည်းကြီးထဲမှာ အင်အားအကြီးဆုံး ဆိုရှယ်လစ်များဟာ၊ သူတို့အာဏာကို ကိုင်အလှုပ်နိုင်ဆုံး အဖွဲ့အစည်းက 'ကွန်မြူနစ်ပါတီ' ဆိုတာ ရှင်းရှင်းလင်းလင်းသိမြင်ထားပြီး တလျောက်လုံးလည်း သူတို့ရရှိထားတဲ့ အာဏာလက်နက်ကို

ထိထိမိမိ ဆုပ်ကိုင်အသုံးချခဲ့ပါတယ်။ ဖဆပလ–ကွန်မြူနစ် ပဋိပက္ခဆိုတာ အနှစ်သာရအားဖြင့် ကွန်မြူနစ်–ဆိုရှယ်လစ်ပဋိပက္ခသာလျှင်ဖြစ်ပါတယ်။

ဗြိတိသျှကိုလိုနီသမားများ လက်အောက်က၊ ဖက်ဆစ်ဂျပန်များလက်အောက်တုန်းက၊ ကျွန်ပြုနေသူနယ်ချဲ့များကို ဆန့်ကျင်တော်လှန်ပြီး တိုင်းပြည်ကြီးတခုလုံးရဲ့ 'လွတ်လပ်ရေး' အတွက် ဦးတည်ကြိုးပမ်းလှုပ်ရှားခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုများဟာ (အထူးသဖြင့် ကွန်မြူနစ်–ဆိုရှယ်လစ် များဟာ) လွတ်လပ်ရေးကိုရရှိအောင် ဘယ်လိုနည်းနဲ့ အားထုတ်ကြမလဲ၊ လွတ်လပ်ရေးမုခ်ဦးဆီ ဘယ်လမ်းနဲ့သွားကြမလဲ ဆိုတဲ့ အခြေခံပေါ်မှာ မတူခြားနားတဲ့အမြင် အယူအဆသဘောထားတွေနဲ့ ပဋိပက္ခတွေ ပေါ်ပေါက်ခဲ့ကြပါတယ်။ နိုင်ငံရေးပဋိပက္ခတွေကြားထဲမှာ ဂိုဏ်းဂဏပဋိပက္ခ၊ ပုဂ္ဂိုလ်ရေးပဋိပက္ခတွေလည်း ဆင့်ပွားဖြစ်တည်ပေါ်ပေါက်ခဲ့ရပါတယ်။


ဗြိတိသျှနယ်ချဲ့သမားများက ဗမာပြည်လွတ်လပ်ရေးကို ကြေညာခွင့်ပြုပြီး နု–အက်တလီ စာချုပ်နဲ့ ဗမာပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုလိုက်တဲ့အခါ၊ တနည်းအားဖြင့် လွတ်လပ်ရေးပေးလိုက်တဲ့အခါ၊ ရရှိတဲ့ လွတ်လပ်ရေးအပေါ် 'လုံးဝလွတ်လပ်ရေး' ဖြစ်တယ်ဆိုတာနဲ့ 'လုံးဝလွတ်လပ်ရေး အစစ်အမှန်မဟုတ်သေး' ဆိုတဲ့ အခြေခံ အမြင်အယူအဆ သဘောထားဆိုင်ရာ ပဋိပက္ခ ပေါ်ပေါက်လာခဲ့တယ်။ ဒီအခါမှာလည်း ဂိုဏ်းဂဏ ပဋိပက္ခ၊ ပုဂ္ဂိုလ်ရေးပဋိပက္ခတွေ ဆင့်ပွားပေါ်ပေါက်လာရပြန်ပါတယ်။ အထူးသဖြင့် အာဏာကို ကျင့်သုံးခွင့်ရသူ အာဏာလက်ကိုင်ရှိသူများက အာဏာကို ဖိဖိစီးစီး ကိုင်တွယ်အသုံးပြုကြတဲ့အတွက် 'ပဋိပက္ခ' တွေဟာ တိုးတိုးပြီးသာ ဖြစ်တည်ကျယ်ပြန့်လာခဲ့ပါတယ်။

နိုင်ငံရေးအားဖြင့် ပြောရရင် လွတ်လပ်ရေးကြေညာခြင်းမပြုရသေးခင်က ဗြိတိသျှနယ်ချဲ့သမားနဲ့ ဗမာပြည်နိုင်ငံရေးအင်အားစုတွေအပါအဝင် လူမျိုးပေါင်းစုံ ဗမာပြည်သူလူထုကြီးတရပ်လုံးကြားပဋိပက္ခဟာ အဓိကပဋိပက္ခဖြစ်ပါတယ်။

လွတ်လပ်ရေးကြေညာပြီးချိန်မှာ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ တိုက်ရိုက် အုပ်ချုပ် ကျွန်ပြုမှုအောက်ကနေ လွတ်မြောက်ခွင့်ရရှိလာကြပြီဖြစ်တဲ့အတွက် ဗမာပြည်ရဲ့ နိုင်ငံတော်လက္ခဏာဟာ ကိုလိုနီနိုင်ငံအဖြစ်ကနေ၊ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံအဖြစ် ပြောင်းလဲလာပါတယ်။ ကိုလိုနီတပိုင်းလို့ သတ်မှတ်တာက နိုင်ငံရေးအားဖြင့်သာလွတ်လပ်ပြီး စီးပွားရေးစစ်ရေးဆိုင်ရာ နယ်ပယ်တွေမှာ ဗြိတိသျှတို့ရဲ့ ကိုလိုနီနှောင်ကြိုးတဲထားမှုတွေ ရှိနေသေးတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ နု–အက်တလီ စာချုပ်ကို သာဓကတခုအဖြစ်ကြည့်နိုင်သလို၊ တိုင်းပြည်တခုလုံးရဲ့ ကုန်ထုတ်လုပ်ငန်းနဲ့ စက်မှုလက်မှုလုပ်ငန်းကြီးအားလုံးလောက်နီးပါးဟာ နယ်ချဲ့သမားပိုင်၊ တိုင်းရင်းသားမဟုတ်တဲ့ လူမျိုးခြားများပိုင်တွေချည်းပဲဖြစ်ပါတယ်။ ပဒေသရာဇ်တပိုင်းလို့ သတ်မှတ်ရတာကတော့ တိုင်းပြည်တခုလုံးရဲ့ လက်တွေ့စီးပွားရေးဘဝဟာ ခေတ်နောက်ကျတဲ့ ပဒေသရာဇ် မြေရှင်ကုန်ထုတ်စနစ်အတိုင်းပဲ ဆက်လက်တည်ရှိနေသေးတဲ့အတွက်ဖြစ်ပါတယ်။ တနည်းအားဖြင့် ဆက်လက်ခိုင်မြဲနေဆဲ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ပဒေသရာဇ် မြေရှင်ကုန်ထုတ်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းပစ်နိုင်ခြင်းမရှိသေးတဲ့အတွက်ဖြစ်ပါတယ်။



ကရင့်တော်လှန်ရေးခေါင်းဆောင်ကြီး
ဥက္ကဋ္ဌ စောဘဦးကြီး



ကရင့်တော်လှန်ရေးခေါင်းဆောင်ကြီး
ဥက္ကဋ္ဌ မန်းဘဇံ



ကရင့်တော်လှန်ရေးခေါင်းဆောင်ကြီး
ဥက္ကဋ္ဌ စောဗိုလ်မြ



ကရင့်တော်လှန်ရေးခေါင်းဆောင်ကြီး
ဥက္ကဋ္ဌ ပဒိုစောဘသင်

# လွတ်လပ်သောမြန်မာနိုင်ငံတော်ခေါင်းစဉ်အောက်မှာ

လွတ်လပ်သောမြန်မာနိုင်ငံတော်ရဲ့ ပထမဦးဆုံးသော တိုင်းပြုပြည်ပြုလွှတ်တော်၊ ပါလီမန် အစည်းအဝေးကို ၁၉၄၈ ဇန်နဝါရီလ (၈) ရက်နေ့မှာ စတင်ကျင်းပပါတယ်။

၂၇–၁–၄၈ နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန်က ဆက်သွယ်သမျှ စာများကို 'မြန်မာစာ' နှင့်အသုံးပြုနိုင်ကြောင်း တရားဝင်ကြေညာပါတယ်။

တိုင်းပြည်မှာ တရားဝင် အတည်ပြုလက်ခံကျင့်သုံးနေတဲ့ 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ' အပေါ် လက်ခံသဘောကျခြင်းမရှိတဲ့ ကရင်အမျိုးသားများရဲ့ 'ကရင်ပြည်နယ်' ရရှိရေး တောင်းဆိုသံဟာ ပိုမိုမြည်ဟိန်းလာပါတယ်။ ကေအင်ယူအမှူးပြုတဲ့ ကရင်ခေါင်းဆောင်တွေရဲ့ ကရင်ပြည်နယ် သီးခြားရရှိရေး တောင်းဆိုသံဟာ အခုမှ ရှောင်တခင်ပေါ်ထွက်လာတာမဟုတ်ပါ။ ၁၉၄၇အောက်တိုဘာ (၃) ရက်ကနေ (၄) ရက်နေ့ထိ ကျင်းပခဲ့တဲ့ ကေအင်ယူအမှူးပြု ကရင်ခေါင်းဆောင်များ ကိုယ်စားလှယ်များရဲ့ 'မော်လမြိုင်ညီလာခံ'မှာ ကတည်းက တရားဝင် ဆွေးနွေးဆုံးဖြတ် အတည်ပြုထားခဲ့တဲ့ တောင်းဆိုသံဖြစ်ပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကရင်ညီလာခံကြီးက လက်မခံနိုင်ကြောင်း၊ ကရင်အမျိုးသားများအတွက် ကျေနပ်လောက်တဲ့ ကရင်ပြည်နယ်နဲ့ ကရင်အစိုးရ ရရှိမှု မပါခြင်းကြောင့် လက်မခံနိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးကြေညာပြီးစအချိန်မှာ ကရင်အမျိုးသားများရဲ့ ကရင်ပြည်နယ်ရရှိရေးတောင်းဆိုသံဟာ ပိုမိုမြည်ဟိန်းလာခဲ့တာဖြစ်ပါတယ်။

၁၉၄၈ ဖေဖော်ဝါရီ (၁) ရက်နေ့မှာ ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၊ သရာသာထို နဲ့ အဖွဲ့ဟာ၊ သထုံရဲ့ဌာနပိုင် အင်းဝိုင်းရွာမှာ ကရင်ပြည်နယ် သီးခြားရရှိရေး တရားဟောကြပါတယ်။ ဖေဖော်ဝါရီ (၃) ရက်နေ့မှာ ကရင်ပြည်နယ်ဖွဲ့ပေးဖို့ ကေအင်ဒီအို အဖွဲ့ကြီးက တောင်းဆိုပါတယ်။ ဖေဖေါ်ဝါရီလ (၁၁) ရက်နေ့မှာ ကရင်တမျိုးသားလုံးရဲ့ ဆန္ဒဖော်ထုတ်ပြသမှုကို ကရင်အမျိုးသားထူရှိရာ အရပ်ဒေသတိုင်းမှာ တခမ်းတနား ကျင်းပပြုလုပ်နေကြပါတယ်။ ကေအင်ဒီအိုအဖွဲ့ကြီးက ကြီးမှူးပြီး အင်းစိန်မှာ ကရင်အမျိုးသားများ အင်အားပြပွဲကို ကျင်းပပြုလုပ်သလို၊ ကျိုက်ထိုအထက်တန်းကျောင်းဝင်းအတွင်းမှာလည်း ကျင်းပပြုလုပ်ပါတယ်။ (၁၂) ရက်နေ့ ပုသိမ်နဲ့ ညောင်တုန်းမှာလည်း ကရင်အမျိုးသား အင်အားပြပွဲ ဆန္ဒထုတ်ဖော်ပွဲတွေ ကျင်းပကြပါတယ်။ ကရင်အမျိုးသားများရဲ့ ကရင်ပြည်နယ်ရရှိရေး နိုင်ငံရေး လှုပ်ရှားမှုများဟာ ဒီရေပမာတက်လာပါတယ်။ ကေအင်ယူ၊ ကေအင်ဒီအိုအဖွဲ့ကြီးများက ကြီးမှူးကျင်းပတဲ့ ကရင်အမျိုးသားများရဲ့ နိုင်ငံရေးလှုပ်ရှားမှု ဆန္ဒဖော်ထုတ်ပြသပွဲကြီးတွေအတွင်းမှာ

၁။ ကရင်ပြည်နယ် ချက်ချင်းပေး

၂။ ကရင်တကျပ် ဗမာတကျပ်ချက်ချင်းပြ

၃။ လူမျိုးရေး အဓိကရုဏ်း အလိုမရှိ

၄။ ပြည်တွင်းစစ်အလိုမရှိ – ဆိုတဲ့ ကြွေးကြော်သံ (၄) ရပ်ပါဝင်ခဲ့ပါတယ်။ အာဏာရ ဖဆပလ အစိုးရက ကရင်အမျိုးသားများရဲ့ တောင်းဆိုချက် ကြွေးကြော်သံကို ချက်ချင်းတုံ့ပြန်မှုမလုပ်ပဲ နှာစေးနေခဲ့ပါတယ်။

တဆက်တည်းမှာ တုန်လှုပ်ချောက်ခြားသွားခဲ့ပါတယ်။

၁၉၄၈ ဖေဖော်ဝါရီလထဲမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းဟာ ပါတီပေါ်လစ်ဗျူရိုဝင် သခင်ဇသိန်းတင်နဲ့အတူ အိန္ဒိယပြည် ကွန်မြူနစ်ပါတီရဲ့ ဒုတိယအကြိမ်ကွန်ဂရက်

ကို သွားတက်ကြပါတယ်။ အိန္ဒိယကွန်မြူနစ်ပါတီက ဖိတ်ကြားလို့ ညီနောင်ပါတီတွေအဖြစ် သွားတက်ကြခြင်းဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကမ္ဘာမှာ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်လာကာစနိုင်ငံတွေမှာ ကွန်မြူနစ်ဝါဒ ရေပန်းစားလှသလို ကွန်မြူနစ်ပါတီတွေရဲ့အခန်းဟာ အင်မတန်အရေးပါပါတယ်။

အာဏာရ ဗမာပြည် ဖဆပလ အစိုးရကိုယ်တိုင်ကလည်း ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ချီတက်မယ်လို့ လွတ်လပ်ရေးနေ့မိန့်ခွန်းတွေ သဝဏ်လွှာတွေမှာ ဖော်ပြခဲ့ပြီးဖြစ်သလို၊ ဖဆပလ အတွင်း အာဏာရထိပ်သီးကြီးများကိုယ်တိုင်ကလည်း သူတို့ကိုယ်သူတို့ လက်ဝဲသမား ဆိုရှယ်လစ်ဝါဒီကြီးများအသွင် ပုံဖော်ကြွေးကြော်နေကြဆဲဖြစ်တာကြောင့် အခြေအနေအချိန်အခါ အချက်အလက်တွေနဲ့ ဟပ်စပ်မှုရှိအောင်အစိုးရအဖွဲ့ရဲ့ တရားဝင်ခြေလှမ်းသစ်တချို့ကို စတင်ဖော်ဆောင်လာပါတယ်။ အဲဒါကတော့ ဗမာပြည်တပြည်လုံးရဲ့ အကျယ်ပြန့်ဆုံး အင်အားအကြီးဆုံးဖြစ်တဲ့ ကျေးလက်တောရွာနေ တောင်သူ လယ်သမားများနဲ့ပတ်သတ်တဲ့ 'လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ' ကိုကြေညာလိုက်ခြင်းနဲ့ နိုင်ငံခြားသားပိုင်လုပ်ငန်းကြီးတချို့ကို နိုင်ငံပိုင်ပြုဖို့ ကြိုးရွယ်အားထုတ်လာခြင်းဖြစ်ပါတယ်။ အစိုးရက 'နိုင်ငံခြားသားများမရွှေ့မပြောင်းနိုင်သော ပစ္စည်းများ အရောင်းအဝယ်မလုပ်ရ' ဥပဒေကိုလည်း ပြဋ္ဌာန်းကြေညာပါတယ်။

လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကြမ်းကို မြေရှင်ကြီးတွေက ဆန့်ကျင်ကြသလို စော်ဘွားကြီးတွေတော်တော်များများကလည်း မလိုလားနိုင်ဖြစ်ကြပါတယ်။ နိုင်ငံခြားသားများအတွက်မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ အရောင်းအဝယ်မလုပ်ရ ဥပဒေပြဋ္ဌာန်းလာတာနဲ့ပတ်သတ်ပြီးရော နိုင်ငံခြားကုသန်းရောင်းဝယ်ရေးမှာ အစိုးရကိုယ်တိုင် ဝင်ပါလာတာနဲ့ပတ်သက်ပြီးရော အင်္ဂလိပ်တို့က ကန့်ကွက်ကြပါတယ်။ ပြည်သူပိုင်သိမ်းရေးခြေလှမ်းကို ဟန့်တားနိုင်ဖို့ပြင်ကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကတော့ သူ့ရဲ့မူလရပ်တည်ချက်ဖြစ်တဲ့ နိုင်ငံခြားသားပိုင် စက်မှုလုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းယူရာတွင် လျော်ကြေးမပေးရေး၊ ဗြိတိသျှအစိုးရကို ပေးဆပ်ရန်အကြွေးများကိုမပေးဆပ်ရေး၊ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ စေလွှတ်တာကို လက်မခံရေးတို့ကိုပဲ ဆက်လက် ရှင်းလင်းတင်ပြတောင်းဆိုနေခဲ့ပါတယ်။ မြေယာနဲ့ပတ်သက်တဲ့ ကွန်မြူနစ်ပါတီရဲ့ သဘောထားကတော့ 'လယ်လုပ်သူလယ်ပိုင်ရေး' ဖြစ်ပါတယ်။

ဖေဖော်ဝါရီလထဲမှာပဲ အာဏာရဖဆပလအဖွဲ့ကြီးအတွင်းမှ ဆိုရှယ်လစ်ပါတီဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးလိုကြောင်း လေသံပစ်လာပါတယ်။ တရားဝင်အားဖြင့် အဆိုပြုတာမဟုတ်ပဲဆိုရှယ်လစ်ပါတီ ထိပ်သီးကြီးတဦးဖြစ်တဲ့ ဦးကျော်ငြိမ်းကနေ သခင်သိန်းဖေ (သိန်းဖေမြင့်)၊သခင်ဗသိန်းတင်တို့ကတဆင့် သခင်သန်းထွန်းနဲ့ တွေ့ဆုံရေး၊ ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးနိုင်ရန် ရက်ချိန်းတောင်းတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ တလခွဲလောက်ကပဲ ဖဆပလ ပြည်လုံးကျွတ်ညီလာခံမှာ ကွန်မြူနစ်ပါတီနဲ့ ညီညွတ်ရေးကမ်းလှမ်းချက်ကို လုံးဝလက်မခံနိုင်ကြောင်း ယတိပြတ်ပယ်ချခဲ့ကြတဲ့ ဖဆပလ ဆိုရှယ်လစ်များဟာ ဘာ့ကြောင့်ဆွေးနွေးရန် ကမ်းလှမ်းလာကြပါသလဲဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။

ကရင်အမျိုးသားများရဲ့ ကရင်တကျပ် ဗမာတကျပ် ကြွေးကြော်သံလှုပ်ရှားမှုများ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကြမ်းအပေါ် မြေရှင်ကြီးများရဲ့ ဆန့်ကျင်ကန့်ကွက်သံများ၊'ကရင်လယ်ကိုမသိမ်းနဲ့' ကြွေးကြော်တုန့်ပြန်သံများနဲ့၊ စော်ဘွားကြီးများရဲ့ မလိုလားသံများကို ကြုံတွေ့နေရရင်း၊ အင်္ဂလိပ်များရဲ့ ဖိအားပေးကန့်ကွက်မှုတွေကိုပါ ရင်ဆိုင်နေရချိန်မှာ ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးနိုင်ရေး ရက်ချိန်း

တောင်းသံ ထွက်ပေါ်လာတာဖြစ်ပါတယ်။ ဦးကျော်ငြိမ်းတို့ အဆိုအရကတော့ 'ပြည်သူခေတ် (People's-Age) ဂျာနယ်ပါ ဂိုရှယ်ရဲ့ ဆောင်းပါးအရ 'ဂိုရှယ်စစ်တမ်း' ဆိုတာအရ ပြည်တွင်းစစ်ဆီသွားရေး ဦးတည်နေတဲ့ ကွန်မြူနစ်ပါတီကို သူပုန်မထအောင် တားဆီးရန် စေ့စပ်ဆွေးနွေးဖို့ဆိုပါတယ်။ ကွန်မြူနစ်ပါတီက 'ညီညွတ်ရေးကမ်းလှမ်းချက်ကို ပယ်ချခြင်းကို ငါတို့လက်မခံပဲ မရမနေကြိုးစားမည်' လို့ ကြွေးကြော်ပြီး ဆက်လက်အားထုတ်တာကိုတောင် ပယ်ချခဲ့ကြတဲ့ ဆိုရှယ်လစ်များဟာ ဒီတခါ သူတို့က ဆွေးနွေးဖို့ ရက်ချိန်းတောင်းတာကို ကွန်မြူနစ်များက ရက်ချိန်းမပေးနိုင်သေးတာအပေါ် တော်တော် မကျေမနပ်ဖြစ်ကြပါတယ်။ ကရင်ပြဿနာဖြေရှင်းရေးအတွက် ဉာဏ်နီဉာဏ်နက်ထုတ်ပြီး ပြင်ဆင်မှုတွေလုပ်နေရတဲ့ ဖဆဆိုရှယ်ထိပ်သီးကြီးများဟာ ကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံညှိနှိုင်းဖို့ တဖက်က ရက်ချိန်းတွေတောင်းနေပေမယ့်၊တဖက်က ဘယ်လိုအပြတ်ရှင်းပစ်ရမလဲဆိုတာကိုလည်း အမျိုးမျိုးအဖုံဖုံ စဉ်းစားကြံစည်နေပါတယ်။ 'ငါတို့ စိတ်မရှည်တော့ဘူး သိန်းဖေ (Desperate) ဖြစ်နေကြပြီ။ ဒါပေမယ့် တို့က လက်ယာဖက်တော့မသွားချင်ဘူး။ လက်ဝဲသာသွားချင်တယ်။ တဖက်က အင်္ဂလိပ် ကုမ္ပဏီကြီးတွေကိုသိမ်း၊ လယ်သမားတွေကို မြေတွေဝေပစ်၊ တဖက်က ဂိုရှယ်–သန်းထွန်း ကွန်မြူနစ်ပါတီကို ထရော်စကီဝါဒသမားတွေလို့ ကြေညာပြီး ချေမှုန်းပစ်၊ တို့ပါတီကို ကွန်မြူနစ်ပါတီလို့ကြေညာ။ အဲဒီလိုတောင် တို့ထဲမှာ စိတ်ကူးသူက စိတ်ကူးနေကြတယ်' လို့ဆိုခဲ့တဲ့ ဦးကျော်ငြိမ်းရဲ့စကားဟာ သာဓကတခုပမာဖြစ်ပါတယ်။ တဖက်က လိုအပ်ချက်အရ 'ညွန့်ပေါင်းအစိုးရမှု' နဲ့ စေ့စပ်မယ်လို့ ပြောနေပြင်ဆင်နေစဉ်အတွင်းမှာပဲ ချေမှုန်းပစ်ချင် လက်ဦးမှုယူချင်တဲ့ သဘောကလည်း တဖက်မှာရှိနေပါတယ်။

ဖေဖော်ဝါရီ (၂၆) ရက်နေ့က ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးမှာ ဝန်ကြီးချုပ်သခင်နုက "အစိုးရဟာဆိုရှယ်လစ်ဝါဒမှ တိမ်းစောင်းမည်မဟုတ်ကြောင်း" ထပ်လောင်းပြောဆိုပါတယ်။

မတ်လထဲမှာပဲ ဗမာပြည်ရှိ ဗြိတိသျှကုမ္ပဏီကြီးတွေက စစ်အတွင်း ပျက်စီးဆုံးရှုံးခဲ့ရခြင်းတွေအတွက် လျော်ကြေးငွေရလိုကြောင်း စစ်လျော်ကြေးတောင်းကြပါတော့တယ်။ အစိုးရကို ဖိအားပေးတဲ့အနေနဲ့ လန်ဒန်က အထည်အလိပ်များ ရောင်းချပေးရာမှာလည်း မြန်မာနိုင်ငံကို (၁၀) ရာခိုင်နှုန်းသာ ရောင်းချပေးမယ်ဆိုပြီး၊ သီဟို၊ အိန္ဒိယ၊ ပါကစ္စတန်တို့ကိုသာ ပိုမိုရောင်းချပေးပါတယ်။ ဒါ့ကြောင့် ဗမာပြည်က ကုလားကုန်သည်တွေဟာ ပါကစ္စတန်နိုင်ငံအဝယ်နဲ့ အဝယ်ပြုပြီး တင်သွင်းရောင်းချကြရပါတယ်။

'မြန်မာပြည်လုံးဆိုင်ရာ မြေပိုင်ရှင်များအသင်း' က ရန်ကုန်မြို့မှာ ပြည်လုံးကျွတ် ကွန်ဖရင့် ကျင်းပပြီး၊ 'ဖဆပလ' ရဲ့ မြေယာပြုပြင်ရေးလုပ်ငန်းများကို ကန့်ကွက်ဆန္ဒပြကြပါတယ်။ ရခိုင်ဘက်က အကြီးဆုံးသော ရဲကျော်သူ မိသားစုမြေပိုင်ရှင်ကြီးများကလည်း တက်ရောက်ပါဝင်ကြပါတယ်။

မတ်လ (၁၀) ရက်နေ့မှာ ကေအင်ယူ စောဘဦးကြီး၊ စောသာဒင်နဲ့အဖွဲ့ ဝန်ကြီးချုပ်ရုံးမှာ သခင်နုနဲ့တွေ့ဆုံပြီး ကရင်ပြည်နယ်သီးခြားရရှိရေးကိစ္စ ဆွေးနွေးကြပါတယ်။

မတ်လထဲမှာ မွန်အမျိုးသားများကလည်း ကရင်အမျိုးသားများနည်းတူ မွန်ပြည်နယ်ရရှိ ရေးလှုပ်ရှားလာကြပါတယ်။ မွန်တိုင်းရင်းသားအစည်းအရုံး အလုပ်အမှုဆောင်အစည်းအဝေးက မွန်ပြည်နယ်တောင်းဆိုရန် ဆုံးဖြတ်ပါတယ်။

ဒီလဆန်းပိုင်းမှာပဲ ဆိုရှယ်လစ်ပါတီထိပ်သီးကြီးတဦးဖြစ်တဲ့ 'သခင်တင်' ရဲ့သတင်း၊ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်၊ စီးပွားရေးနဲ့ ကွန်မြူနစ်နေ့စဉ်သတင်းစာတို့မှာ ပြိုင်တူပါလာခဲ့ပြီး၊ ဒီသတင်းအတွက် ဆိုရှယ်လစ်ပါတီဝင်များ ဒေါသအမျက်ခြောင်းခြောင်းထွက်ကြပါတယ်။ သတင်းက သခင်တင်မီးခွက်မှုတ်၊

မုဒိမ်းကျင့်တယ်ဆိုတဲ့သတင်းဖြစ်ပါတယ်။ သခင်တင်ဟာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး(ဗတလစ) အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ လည်းဖြစ်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးလည်းဖြစ်ပါတယ်။ သာယာဝတီနယ်ဘက်ကို ခရီးထွက်ရင်း ဗိုလ်တဲတခုပေါ်မှာ မကျင်စိန်ဆိုတဲ့ အမျိုးသမီးတယောက်ကို ခေါ်ယူမုဒိမ်းကျင့်တယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။ အဲဒီသတင်းကို စတင်ပေးပို့သူက မုဒိမ်းကျင့်ခံရတယ်ဆိုတဲ့ အမျိုးသမီးရဲ့ ဓာတ်ပုံနှင့်တကွ အဖြစ်အပျက်ပါရေးသားပြီး ဝန်ကြီးချုပ်နဲ့ သတင်းစာတိုက် တော်တော်များ များကို ပေးပို့ခဲ့တာဖြစ်ပါတယ်။ သတင်းစာစောင်ရေတက်နိုင်တဲ့သတင်းဖြစ်တဲ့အတွက် သတင်းစာအများစု ကြီးကဖော်ပြချင်တယ်ဆိုပါတယ်။ ဒါပေမယ် ဆိုရှယ်လစ်ပါတီ ထိပ်သီးကြီးတဦးရဲ့သတင်းဖြစ်တဲ့အတွက် မဝံ့မရဲဖြစ်နေကြပြီး၊ ကွန်မြူနစ်ပါတီရဲ့အာဘော် ကွန်မြူနစ် နေ့စဉ်သတင်းစာကနေ ထည့်သွင်းဖော်ပြမယ်ဆို ရင်တော့ သူတို့လည်း ထည့်သွင်းဖော်ပြချင်ပါတယ်လို့ သတင်းစာအချို့က ပြောဆိုအဆိုပြုလာကြပါတယ်။ ကွန်မြူနစ်ပါတီက 'ကျားမြီးဆွဲရမယ့်ကိစ္စမျိုးမဆိုထားနဲ့ ကျားပေါ်တက်စီးရမယ်ဆိုလဲစီးရဲတယ်' ဆိုတဲ့စိတ် ဓာတ်နဲ့ ထည့်မယ်လို့ အဖြေပေးပြီး ထည့်သွင်းဖော်ပြတဲ့အခါ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်နဲ့ စီးပွားရေးသတင်း စာများလည်း ကွန်မြူနစ်နေ့စဉ်နဲ့အတူ ဒီသတင်းကိုဖော်ပြခဲ့ကြပါတယ်။

မတ်လ (၁၂) ရက်နေ့မှာ အာဏာရဆိုရှယ်လစ်ပါတီက သူတို့ရဲ့ ဆိုရှယ်လစ်ပါတီဝင် များကိုခေါ်ယူ ပြီး ရန်ကုန်မြို့ဗန္ဓုလပန်းခြံမှာ အစည်းအဝေးကျင်းပစေပါတယ်။ ဖဆပလ အစိုးရရဲ့ မြေယာပြုပြင်ရေးလုပ် ငန်းများကို ဆန့်ကျင်ကန့်ကွက်ကြတဲ့ နိုင်ငံလုံးဆိုင်ရာ မြေရှင်ပိုင်ရှင်ကြီးများရဲ့ ညီလာခံကို တန်ပြန်ဆန္ဒပြ စည်းဝေးပွဲကြီးဖြစ်ပါတယ်။ ပဲခူး၊ အင်းစိန်၊ သာယာဝတီ ခရိုင်ဘက်က တောင်သူလယ်သမားအစည်းအရုံးဝင် များကိုပါ ခေါ်ယူလိုက်တဲ့အတွက် မြေရှင်စနစ် တုန့်ပြန်ဆန္ဒပြပွဲကြီးဆီ ချီတက်ရောက်ရှိလာတဲ့ အရေ အတွက်ဟာ သောင်းဂဏန်းရှိပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင်တချို့က 'သခင်တင်ကို မဟုတ်မဟတ် ရေးသားခြင်းဟာ မြေပိုင်ရှင် ကိုယ်စားလှယ်တွေက တောင်သူလယ်သမားခေါင်းဆောင်ကို အလဲထိုးခြင်းဖြစ် တယ်။ မြေပိုင်ရှင်ကိုယ်စားလှယ် သတင်းစာတိုက်တွေကို လက်စားချေရမယ်' လို့လှုံ့ဆော်နှိုးဆွပေးပြီး သတင်းစာတိုက်တွေကို ချီတက်သိမ်းပိုက်ဖျက်ဆီးခိုင်းပါတယ်။

ဆိုရှယ်လစ်ခေါင်းဆောင်တချို့ကိုယ်တိုင်ဦးစီးပြီး ဆိုရှယ်လစ်ပါတီဝင် လယ်သမား အစည်းအရုံးဝင် လူအုပ်ကြီးဟာ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်နှင့် စီးပွားရေးသတင်းစာတိုက်ကြီး (၃) တိုက်ကို အတင်းဝင်ရောက် ပြီး ဖျက်စီးပစ်ကြပါတယ်။ ပုံနှိပ်စက်များကို ရိုက်ချိုးဖျက်ဆီး ချေမွပစ်ကြရုံမက စာစီခုံများကိုလည်း မှောက် လှန်ဖျက်စီး၊ ခဲစာလုံးများ ပုံနှိပ်စက်ကရိယာ တန်ဆာပလာများကိုလည်း ထုနှက်ချေမွ သုံးမရအောင်ထင် သလို ရမ်းကားပစ်ခဲ့ကြပါတယ်။ အဖျက်စီးခံရတဲ့ သတင်းစာတိုက်ကြီး (၃) တိုက်မှာ ပြည်သူ့ဟစ်တိုင်က ကွယ်လွန်သူ တိုင်းချစ်ပြည်ချစ် စာရေးဆရာ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကိုယ်တိုင် တည်ထောင်ခဲ့တဲ့ သတင်းစာ၊ အလေးထားထုတ်ဝေခဲ့တဲ့ သတင်းစာဖြစ်ပါတယ်။ ဂျာနယ်ကျော် ဦးချစ်မောင် ဟာ တိုင်းပြည်အတွက် အများကြီး အလုပ်အကျွေးပြုခဲ့သူ သတင်းစာဆရာကြီးဖြစ်ရုံမက ဖဆပလ အဖွဲ့ ချုပ်ကြီးရဲ့ ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ သူကွယ်လွန် သွားလို့ သူအင်မတန် တန်ဖိုးထားခဲ့တဲ့ သတင်းစာကို သူ့ဇနီးသည် ကျန်ရစ်သူမုဆိုးမ 'ဂျာနယ်ကျော် မမလေး' က ဆက်လက်ထုတ်ဝေနေတာဖြစ်ပါတယ်။ ဆိုရှယ်လစ်များဟာ ဦးချစ်မောင်မျက်နှာကိုလည်း မထောက်၊ မုဆိုးမဆိုတာကိုလည်း မငဲ့နိုင်ပဲ၊ သတင်းစာတိုက်ကြီးတတိုက်လုံးကို ထင်သလို ဖျက်ဆီးရိုက်ချိုး သွားခဲ့ကြပါတယ်။ မြေရှင်ကြီးများကို တုန့်ပြန် ဆန္ဒပြပွဲလို့ခေါင်းစဉ်တပ်ပြီး လူစုခေါ်ယူခဲ့ပေမယ့်၊ အဓိကက အစကထဲက သတင်းစာ တိုက်တွေကို ရိုက်ချိုးဖျက်ဆီးချေမွပစ်ဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

ချီတက်လာကြတဲ့ လူအုပ်ကြီးတွေထဲမှာ ရဲဒင်းတွေ၊ ပုဆိန်တွေ၊ ဓားတွေကို ကိုင်ဆောင်လာကြတာကို ကြည့် ရင်ထင်ရှားသလို၊ အရက်ကို မူးအောင်တိုက်ပြီး ဗိန်းမောင်းတိုက်ပေးထားခြင်းခံရတာလည်း သိသာလှပါ တယ်။ လူအချို့က အရက်မူးနေကြသလို ခါးမှာအရက်ပုလင်းထိုးပြီး လိုက်လာသူတွေလည်း လူအုပ်ကြီးထဲ မှာ အထင်အရှားပါခဲ့ပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင်ကြီး တဦးကတော့ သေနတ်ကို ခါးကြားထိုးပြီး ပေါ်ပေါ်ထင်ထင် ဦးဆောင်ခဲ့တယ်ဆိုပါတယ်။ သတင်းစာတိုက်ကြီး (၃) တိုက်ကို ထင်သလိုရိုက်ချိုးဖျက်ဆီး ဗိုလ်ကျခဲ့ကြတဲ့ ဆိုရှယ်လစ်ခေါင်းဆောင်ကြီးများဦးစီးတဲ့ အကြမ်းဖက်သမား လူမသမာအုပ်စုကြီးထဲမှာ ဥပဒေပြု လွှတ်တော်အမတ် ဆိုတာတွေရော၊ ပါလီမန်အတွင်းဝင်ဆိုသူတွေ အလုပ်သမားခေါင်းဆောင် လယ်သမားခေါင်းဆောင်ဆိုသူတွေပါ အထင်အရှားပါဝင်ခဲ့ပါတယ်။

ဒီလိုသတင်းစာတိုက်များကို အကြမ်းဖက် ဖျက်ဆီးရိုက်ချိုးပစ်ရေးအစီအစဉ်ကို စနစ်တကျကြိုး ကိုင်ပြင်ဆင် အကောင်အထည်ဖော်စေခဲ့သူ၊ အမိန့်ပေးခိုင်းစေခဲ့သူကတော့ ဆိုရှယ်လစ်ပါတီ ထိပ်သီးကြီး လည်းဖြစ် ပြည်ထဲရေးဝန်ကြီးလည်းဖြစ်တဲ့ ဦးကျော်ငြိမ်းကိုယ်တိုင် ဖြစ်ပါတယ်။ (အဲ့ဒီညမှာပဲ ဝန်ကြီးချုပ် သခင်နုနဲ့ နှစ်ယောက်ချင်းတွေ့ကြတဲ့အခါ "ဆန္ဒပြရုံတင်မကသေးဘူး၊ သတင်းစာတိုက်တွေကိုလည်း ဝင်ပြီး စက်တွေကို ရိုက်ချိုးပစ်ဖို့ ကျနော်မှာလိုက်တယ်" ဆိုတဲ့ ဦးကျော်ငြိမ်းရဲ့စကားက ထင်ရှားနေပါတယ်။)

ဆိုရှယ်လစ်လူအုပ်ကြီးဟာ သခင်တင်အကြောင်းဖော်ပြခဲ့ကြတဲ့ သတင်းစာတိုက် (၄) တိုက်ထဲမှာ (၃) တိုက်ကို စိစိညက်ညက်ကျေအောင် ရိုက်ချိုးဖျက်ဆီးချေမွပြီး အာဏာကို အပြည့်အဝပြသခဲ့ကြနိုင် ပေမယ့် အဓိက သတင်းစာတိုက်တခုဖြစ်တဲ့ 'ကွန်မြူနစ်နေ့စဉ်' ထုတ်ဝေရာ ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကို တော့သွားရောက်ဖျက်ဆီးပစ်ဝံ့ခြင်းမရှိခဲ့ပါ။ ကွန်မြူနစ်ပါတီဌာနချုပ်ရုံးတည်ရှိရာ 'ဗားဂရာ' လမ်းကိုတောင် ခြေဦးလှည့်ဝံ့ခြင်း မရှိခဲ့ကြပါ။

သတင်းစာတိုက် (၃) တိုက်ကို ဆိုရှယ်လစ်လူရမ်းကားအုပ်ကြီး ဖျက်ဆီးနေတယ် သတင်းရကထဲက ကွန်မြူနစ်ပါတီဝင်ကေဒါများကလည်း 'လာရဲရင်လာကြစမ်း' ဆိုပြီးအဆင်သင့် ရင်ဆိုင်ခုခံနိုင်ဖို့ ပြင်ဆင်ထား တယ်ဆိုပါတယ်။ တုတ်၊ ဓား အသင့်နဲ့ စောင့်ကြပ်နေကြတယ် ဆိုပါတယ်။

ပွဲကြီးပွဲကောင်းတွေ့ရတော့မယ်အထင်နဲ့ ကွန်မြူနစ်ပါတီဌာနချုပ်ရုံးနဲ့ အနီးဆုံးသစ်ပင်ပေါ်တက် ပြီး နေရာယူ စောင့်လင့်နေခဲ့ကြတဲ့ သတင်းစာဆရာ၊ သတင်းထောက်အချို့က (၃) နာရီကျော်လောက်ကြာ သည်အထိ ဆိုရှယ်လစ်များအရိပ် အရောင်သန်းလာတာ မတွေ့ရတဲ့အတွက် ပြန်တပ်ခေါက်ကြရတယ်ဆိုပါ တယ်။ (ဒီလိုဖွဲ့နဲ့စောင့်ခဲ့ကြတယ်ဆိုသူတွေထဲမှာ ကြေးမုံဦးသောင်းပါခဲ့ပါတယ်။)

အဲဒီ မတ်လ (၁၂) ရက်နေ့ညမှာပဲ ဝန်ကြီးချုပ်သခင်နုက 'မင်းမဲ့တိုင်းပြည်ကဲ့သို့ တရားလက်လွတ် ပြုခြင်းကို ဘယ်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်' ဟု တတိုင်းပြည်လုံးကို အသံလွှင့်ကြေညာပါတယ်။

ကျူးလွန်ခဲ့သူတွေကို ဖမ်းဆီးအရေးယူဖို့ သခင်နုက ပုလိပ်ကိုအမိန့်ပေးပါတယ်။ သူကိုယ်တိုင်သိပြီး ဖြစ်တဲ့၊ ဒီသတင်းစာတိုက်ရိုက်ချိုးဖျက်ဆီးခိုင်းသူ တစ်တရားခံ ဦးကျော်ငြိမ်း ကိုတော့ ကွယ်ဝှက်ထိန်ချန်ပေး ထားပြီး ကာယကံမြောက် လူသိရှင်ကြားကျူးလွန်ခဲ့သူတွေကိုသာ အဖမ်းခိုင်းခဲ့တာဖြစ်ပါတယ်။ ကျူးလွန်ခဲ့ သူ ဆိုရှယ်လစ်နွယ်ဝင်များက အဖမ်းမခံပဲ ရှောင်ကြတိမ်းကြပါတယ်။ ပြည်ထဲရေးဝန်ကြီးဖြစ်သူ သူတို့ခေါင်း ဆောင်ကြီးက ဒါမှမဟုတ် ဆိုင်ရာဆိုင်ရာ သူတို့ခေါင်းဆောင်ကြီးများက အဖမ်းခံဖို့ အမိန့်ပေးပြီးမှ အဖမ်းခံ ကြပါတယ်။ အဖမ်းခံစာရင်း တင်ပြပြီးတာနဲ့ အာမခံပေးပြီး ပြန်လွှတ်လိုက်ကြပါတယ်။ ဒါကို ဝန်ကြီးချုပ် သခင်နုကလည်း သိသလို ပြည်သူလူထုကြီးကလည်း သိကြပါတယ်။ ကွန်မြူနစ်များကလည်း သိကြပါတယ်။

အာဏာရဆိုရှယ်လစ်များရဲ့ ရမ်းကားအကြမ်းဖက် ဖိုလ်ကျခဲ့မှုအပေါ် သတင်းစာဆရာများက ကန့်ကွက်ကြပါတယ်။ အဖျက်ဆီးခံခဲ့ရတဲ့ သတင်းစာတိုက် (၃) တိုက်ဘက်ကနေ ဗမာနိုင်ငံ သတင်းစာ ဆရာများအသင်းက အခိုင်အမာရပ်တည်ပါတယ်။

ဒါကြောင့်ဖဆပလ အစိုးရကလည်း သတင်းစာဆရာများအသင်းကို ဒဏ်ခတ်တဲ့အနေနဲ့ ပညာပြ ညစ်ပတ်ပါတယ်။ သတင်းစာဆရာများအသင်းရုံးခန်းကို အစိုးရပိုင်အဆောက်အဦးအတွင်း တည်ရှိခွင့်ပေး ထားရာကနေ မောင်းထုတ်ရွှေ့ပြောင်းခိုင်းပါတယ်။ သတင်းစာရိုက်ဖို့ အစိုးရက စက္ကူရောင်းချထောက်ပံ့မှုကို ဖြတ်တောက်ရပ်ဆိုင်းပစ်လိုက်ပါတယ်။

အဲ့ဒီလို ပြောင်ကျလွန်းလှတဲ့ သတင်းစာတိုက် (၃) တိုက်ကို အကြမ်းဖက်ရိုက်ချိုး ဖျက်ဆီးမှုကြီး အပြီး နောက်တရက် မတ်လ (၁၃) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီက ကြီးမှူးကျင်းပတဲ့ တောင်သူ လယ်သမားသမဂ္ဂ ညီလာခံကြီးစတင်ပါတယ်။ ပျဉ်းမနားနယ်၊ လယ်ဝေးဂျင်လိုကုန်းမှာ ကျင်းပတဲ့အတွက် ပျဉ်းမနားညီလာခံလို့ခေါ်ကြသလို၊ လယ်ဝေးကွန်ဂရက်လို့ အမှတ်အသားပြုကြတယ်။ ဒီပျဉ်းမနား တောင် သူလယ်သမားညီလာခံကြီးကို လူထုပရိတ်သတ် သိန်းချီပြီး တက်ရောက်ကြပါတယ်။ အချို့နိုင်ငံမှ လယ် သမားသမဂ္ဂကိုယ်စားလှယ်များနဲ့ လူငယ်ကိုယ်စားလှယ်များတောင် လာရောက်တက်ကြပါတယ်။ တောင် သူလယ်သမားများက လယ်လုပ်သူ လယ်ပိုင်ရေး ကြွေးကြော်သံနဲ့ တက်ရောက်လာကြသလို၊ လယ်သမား သူပုန်တပ်ဖွဲ့များအပြင် တပ်နီများလည်း တက်ရောက်လာကြပါတယ်။ ညီလာခံကြီးမှာ လက်ငုတ် လက်မ လွတ်ရေး၊ မတရားကြွေးမြီများ လျှော်ပစ်ရေး၊ ရန်ကုန်အလုပ်သမားတိုက်ပွဲများကို ထောက်ခံရေး စတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြပြီး မြေယာနှင့် ဒီမိုကရေစီရေး တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြပါတယ်။

ဖေဖော်ဝါရီနဲ့ မတ်လဆန်းတွေထဲမှာ ရန်ကုန်မှာ အလုပ်သမားသပိတ်တိုက်ပွဲတွေလည်း ပေါ်နေခဲ့ပြီ ဖြစ်သလို ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ လယ်ဝေး၊ နတ်မောက်၊ မြင်းခြံ၊ စစ်ကိုင်းဒေသများမှာ လယ်သမားသူပုန် များလည်း ရှိနေခဲ့ပြီဖြစ်ပါတယ်၊ လယ်ဝေးသူပုန်ဟာ လွတ်လပ်ရေးမကြေညာနိုင်ခင် အင်္ဂလိပ်ခေတ်ကထဲက ရှိနေခဲ့တာဖြစ်ပါတယ်။ တပ်နီဟာလည်း လွတ်လပ်ရေး မကြေညာနိုင်ခင်ကထဲက ရှိနေတာဖြစ်ပါတယ်။

ဒီပျဉ်းမနား လယ်သမားကွန်ဂရက်ကြီး ကျင်းပရေးအတွက် အစစအရာရာ ပြင်ဆင်နေရတာ ကြောင့်ရော၊ အိန္ဒိယပြည်ကွန်မြူနစ်ပါတီကွန်ဂရက်ကို သွားတက်နေရတာကြောင့်ရော ဆက်တိုက် အလုပ် တွေရှုပ်နေခဲ့ကြတဲ့အတွက်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဝင်လူကြီးများဟာ မအားလပ်နိုင် လောက်အောင်ဖြစ်နေခဲ့ကြပါတယ်။ ပျဉ်းမနားညီလာခံကြီး ကျင်းပရေးကို ကြိုပြင်ဆင်လာခဲ့ရတာဖြစ်ပေမယ့် ညီလာခံစတင်ကျင်းပချိန်ဟာ သတင်းစာတိုက်တွေကို ဖဆပလ ဆိုရှယ်လစ် လူရမ်းကားများက အကြမ်း ဖက်ဖျက်ဆီးခဲ့ပြီး နောက်တရက်ဖြစ်နေတဲ့အတွက် လူတိုင်းရဲ့ မကျေနပ်ချက်များဟာ ပူပူနွေးနွေးပဲ ရှိနေပါ သေးတယ်။ ဒါ့ကြောင့် ညီလာခံကြီးကို ချီတက်လာသူ လယ်သမားတပ်ဖွဲ့ဝင်အချို့ဟာ ဝါးချွန်တွေကိုကိုင်ဆွဲ ပြီး ချီတက်လာကြပါတယ်။ ဒါ့ကြောင့် ဒီညီလာခံကြီးမှာ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက မိန့်ခွန်းပြောကြားရာမှာ "အစိုးရက ပါတီနှင့်သမဂ္ဂများကို တိုက်ခိုက်လာရင် ပြန်လည်ခုခံ တိုက်ခိုက်သွားမယ်" လို့ အတိအလင်း ကြေညာပါတယ်။

လူထုသိန်းသန်းချီတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကြီးမှူးကျင်းပတဲ့ ပျဉ်းမနား တောင်သူလယ်သမား ကွန်ဂရက်ကြီးရဲ့အရှိန်ဟာ ဖဆပလ ဆိုရှယ်လစ်များကိုလည်း အံ့သြတုန်လှုပ်သွားစေခဲ့ပါတယ်။

မတ်လ (၁၅) ရက်နေ့မှာ ဆိုရှယ်လစ်များက မြေပိုင်ရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲတခု သပ်သပ်ထပ် လုပ်ပါတယ်။ ဗန္ဓုလပန်းခြံမှာ ဝန်ကြီးချုပ်သခင်နုက မိန့်ခွန်းတခုပေးပါတယ်။ သခင်နု မိန့်ခွန်းထဲမှာ စက်တွေ

ကို ရိုက်ချိုးခဲ့သူတွေကို ဥပဒေအရ အရေးယူနေပြီဆိုတာကို ကြေညာသွားသလို၊ သတင်းစာတွေဟာ ရနေတဲ့ လွတ်လပ်စွာရေးသားခွင့်ကို အလွဲသုံးစားလုပ်လာရင် သတင်းစာတွေကိုလည်း မကြောက်ဘူး၊ သတင်းစာတွေရဲ့ ဘိုးအေကိုလည်း မကြောက်ဘူး၊ ဥပဒေအရ အရေးယူရလိမ့်မယ်လို့ ကြိမ်းမောင်းသွားခဲ့ပါတယ်။

ဝန်ကြီးချုပ်ရဲ့ ကြိမ်းမောင်းချက်ကို မကျေနပ်ကြတဲ့ သတင်းစာဆရာ အချို့ဟာ 'သတင်းစာတွေရဲ့ ဘိုးအေဆိုတာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုဆိုလိုတာ၊ ဒါဟာ ဝန်ကြီးချုပ်ရဲ့ ဆရာကြီးအထိ သက်သက်စော်ကားချက်ပဲဆိုပြီး သတင်းစာတွေကနေ သခင်နုကို စာလုံးမဲကြီးတွေနဲ့ ဝိုင်းတွယ်ကြပါတယ်။ တချို့ သတင်းစာဆရာများက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို သွားရောက်ပင့်ဆောင်ပြီး ဝန်ကြီးချုပ် ရှုတ်ချပွဲကိုတောင် ပြုလုပ်ပါတယ်။

ဖဆပလ အစိုးရဟာ ကရင်အမျိုးသားများရဲ့ လှုပ်ရှားမှု၊ မြေရှင်များရဲ့ ဆန့်ကျင်မှု၊ အင်္ဂလိပ်များရဲ့ စစ်လျော်ကြေးတောင်းဆိုမှု၊ ရန်ကုန်မြို့ပေါ်မှာ စက်ရုံအလုပ်ရုံအချို့က အလုပ်သမားများရဲ့ သပိတ်တိုက်ပွဲသံများ၊ လယ်သမားများရဲ့ တိုက်ပွဲသံများ၊ အဓိကပြိုင်ဘက်ဖြစ်နေတဲ့ ကွန်မြူနစ်ပါတီနဲ့ ပဋိပက္ခများကြားမှာ သတင်းစာဆရာများနဲ့ပါ ထိပ်တိုက်တိုးမှုတွေများလာရပါတယ်။

ဒီပဋိပက္ခပေါင်းစုံကြားမှာ ဆိုရှယ်လစ်များ အဓိကထား စိုးရိမ်ထိန့်လန့်နေတာက ကွန်မြူနစ်တွေကိုဖြစ်ပါတယ်။ ပျဉ်းမနားညီလာခံကြီးရဲ့ စည်ကားကျယ်ပြန့်မှုသတင်းကို ကြားလိုက်ရ မြင်လိုက်ရတဲ့အခါ ပိုမိုထိတ်လန့်လာပုံရပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက ကွန်မြူနစ်တွေ သူပုန်ထမှာသေချာတယ်လို့ ဝန်ကြီးချုပ်ကို ရှင်းလင်းတင်ပြတာတွေလုပ်ပါတယ်။ သူလျှို့ဝှက်ပြီးရထားတယ်ဆိုတဲ့ 'ဂိုရှယ်စစ်တမ်း' ဆိုတာကြီးကိုကိုင်ပြီး သက်သေထူပါတယ်။ ဆိုရှယ်လစ်များက ကွန်မြူနစ်တွေကိုသာ အပြတ်ဖြိုလိုက်နိုင်ရင် ကျန်ကိစ္စတွေအားလုံးကို လွယ်လွယ်ကူကူ ဖြေရှင်းပစ်နိုင်တယ်လို့ ယူဆထားပြီး ကွန်မြူနစ်အန္တရာယ်ဆိုတာကိုပဲ ဦးတည်ပုံဖော်ကြပါတယ်။ အပြုသဘောအရ ကွန်မြူနစ်ပါတီနဲ့ စေ့စပ်ဆွေးနွေးရေးကို တောင်းဆိုနေပေမယ့် တကယ့်အတွင်းသဘောက အပြတ်ဖြိုရေးကို ပြင်ဆင်နေခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းရဲ့ ပင်ကိုယ်သဘာဝကိုယ်နှိုက်က လက်ဦးမှုရယူရေးကို အားသန်သူ၊ မမွေးစေချင်တဲ့ သန္ဓေသားကိုသား လျှောပစ်ရမယ်လို့ အမြင်အယူအဆရှိသူဖြစ်ပါတယ်။

## ပြည်တွင်းစစ်ကြီး စတင်ပေါက်ဖွားလာခြင်း

လက်ဝဲဝါဒကို ယုံကြည်ပါတယ်။ တိုင်းပြည်ကို ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ဦးတည် တည်ဆောက်သွားပါမယ်လို့ ကြွေးကြော်ခဲ့ကြတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီတို့ရဲ့ တလျှောက်လုံး ဖြစ်တည်လာကြတဲ့ ပဋိပက္ခပေါင်းစုံဟာ တဖြည်းဖြည်း အမြင့်ဆုံးသို့ ရောက်ရှိလာပါပြီ။

လွတ်လပ်ရေးမကြေညာနိုင်သေးခင်က ဗမာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့သမားများကို မောင်းထုတ်ဖယ်ရှားပစ်ရေးအပေါ်မှာလည်း အခြေခံအမြင် အယူအဆတွေ ကွဲပြားခြားနားနေခဲ့ကြသလို၊ လွတ်လပ်ရေးကြေညာခွင့်ရပြီးတဲ့အခါမှာလည်း ရရှိခဲ့တဲ့ လွတ်လပ်ရေးအပေါ် အခြေခံသဘောထားအမြင်အယူအဆတွေ ကွဲလွဲဆန့်ကျင်နေခဲ့ကြပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးကာစ ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်စွာ ဆင်နွှဲပြီးကာစကနေ တလျှောက်လုံး၊ နယ်ချဲ့သမားများကို မောင်းထုတ်ပစ်ပြီး လွတ်လပ်သော ဗမာပြည်သစ် ပေါ်ထွန်းရေးအတွက် တနည်းအားဖြင့် ဗမာပြည်လွတ်လပ်ရေးအတွက် 'ဗမာပြည်ကွန်မြူနစ်ပါတီ ဆုပ်ကိုင်ချီတက်ခဲ့တဲ့ လမ်း

ကြောင်းက 'တော်လှန်ရေးလမ်းကြောင်း' ဖြစ်ပါတယ်။ ဘရောက်ဒါလမ်းစဉ်အမှား ဝင်ရောက်ခိုကပ်ခဲ့တဲ့ (၆) လတာကာလတိုကလွဲပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီ တလျှောက်လုံး ကြိုးပမ်းအားထုတ် ဖော်ဆောင်ခဲ့တာ တော်လှန်ရေးလမ်းကြောင်းအတိုင်းဖြစ်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားကို လူထုလူတန်းစား လှုပ်ရှားမှုများ၊ တိုက်ပွဲများ၊ အုံကြွမှုများနဲ့ ဆန့်ကျင်တွန်းလှန်ပြီး နောက်ဆုံး မလွှဲမသွေ မရှောင်သာဖြစ်လာခဲ့ရင်၊ လက်နက်ကိုင်တိုက်ပွဲများဖြင့် တိုက်ခိုက်ပြီး ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ လွတ်လပ်ရေးကို ကိုယ့်ဟာကိုယ် ကြေညာရယူသွားရမယ်ဆိုတဲ့ ကိုလိုနီဆန့်ကျင်ရေးလမ်းစဉ်ကို ဖော်ဆောင်ခဲ့ပါတယ်။ 'လုံးဝလွတ်လပ်ရေးသို့' 'နောက်ဆုံးတိုက်ပွဲလမ်းစဉ်' 'အမျိုးသားလွတ်မြောက်ရေးစစ်ပွဲလမ်းစဉ်' ဆိုတာတွေအားလုံးဟာ အင်္ဂလိပ်နယ်ချဲ့သမားကို ဆန့်ကျင်တွန်းလှန်ပြီး တော်လှန်ရေးနည်းလမ်းနဲ့ လွတ်လပ်ရေးရယူရေး လမ်းစဉ်တွေချည်း ဖြစ်ပါတယ်။

ဗမာပြည်ဆိုရှယ်လစ်ပါတီက ဖက်ဆစ်တော်လှန်ရေးအပြီးကတည်းက ဗမာပြည်လွတ်လပ်ရေးအတွက် ဆုပ်ကိုင်ချီတက်လာခဲ့တဲ့လမ်းကြောင်းက 'စေ့စပ်ရေးလမ်းကြောင်း' ဖြစ်ခဲ့ပါတယ်။ ဖက်ဆစ်တော်လှန်ရေး လုံးဝဥသုံ အောင်မြင်စွာ အပြီးအပြတ် ဆင်နွှဲနိုင်ခြင်းမရှိသေးခင် ကာလတိုလေးတခုအတွင်းလောက်တုံးကသာ၊ နယ်ချဲ့အင်္ဂလိပ်များကိုလည်း လက်နက်စွဲကိုင် တိုက်ခိုက်သွားဖို့ လက်နက်တွေမအပ်နဲ့ပဲ အသင့်ပြင်ဆင်ထားရမယ်လို့ ကြွေးကြော်ခဲ့ဖူးပြီး၊ နောက်ပိုင်း တလျှောက်လုံးက 'စေ့စပ်ရေးလမ်းကြောင်း' အတိုင်းသာလိုက်ခဲ့ပါတယ်။ 'ပေါင်းလဲပေါင်းမည်၊ တိုက်လဲတိုက်မည်' ဆိုတဲ့ ကိုလိုနီဆန့်ကျင်ရေးလမ်းစဉ်ကို ကျင့်သုံးပြီး တော်လှန်ရေးနည်းကို ဆန့်ကျင်ခဲ့ပါတယ်။ ဖဆပလ တွင်းကနေ ကွန်မြူနစ်ပါတီကို မောင်းထုတ်ပြီး ဖဆပလကြီးတခုလုံးကို ခြယ်လှယ်လွှမ်းမိုးခဲ့ပါတယ်။ နယ်ချဲ့လက်အောက် ပေါ်ပေါက်ခဲ့တဲ့ လူထုတိုက်ပွဲများကို ဆန့်ကျင်ဟန့်တားခဲ့ပါတယ်။ ဆိုရှယ်လစ်များ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ကြတဲ့ လူထုတိုက်ပွဲများ အနည်းအပါးသာရှိခဲ့ပြီး၊ ရှိခဲ့တဲ့တိုက်ပွဲများဟာလည်း နယ်ချဲ့သမားကို မောင်းထုတ်ရေးထက် အခြေခံအားဖြင့် နယ်ချဲ့သမားနဲ့ စေ့စပ်ရာမှာ ဖိအားပေးနိုင်ရေးအတွက်သာဖြစ်ပါတယ်။ ဈေးဆစ်ရေးအတွက်သာဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးတဲ့အခါမှာ စေ့စပ်ရေးသဘောထားဟာ အဆုံးစွန်အထိ ရောက်ရှိလာပြီး အလျှော့ပေး စေ့စပ်ရေးအထိ လိုက်လျောမှုတွေလုပ်ခဲ့ပါတယ်။ 'လွတ်လပ်ရေး' ကိုတောင် အင်္ဂလိပ်နယ်ချဲ့သမားများ သဘောကောင်းကြလို့ရခဲ့သယောင် အသွင်ဆောင်လာစေပြီး အင်္ဂလိပ်အစိုးရ ထိပ်သီးကြီးများကို ကျေးဇူးဥပကာရ တင်ရှိလှကြောင်း ပေါ်ပေါ်ထင်ထင် ပြောဆိုခဲ့ကြပါတယ်။

လွတ်လပ်ရေးကြေညာခွင့်ရပြီးတဲ့အချိန်မှာ ရရှိခဲ့တဲ့ 'လွတ်လပ်ရေး' အပေါ် ဗမာပြည်ကွန်မြူနစ်ပါတီက အပြည့်အဝ လွတ်လပ်ရေးမဟုတ်၊ နိုင်ငံရေးအရလွတ်လပ်ပေမယ့် စီးပွားရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားရေးတွေမှာ ကိုလိုနီနှောင်ကြိုး တည်းထားခြင်းခံရတဲ့ လွတ်လပ်ရေးလို့ ယူဆပါတယ်။ လုံးဝလွတ်လပ်ရေးအတွက် နိုင်ငံရေးလွတ်လပ်မှုအပေါ်ကနေတဆင့် တိုက်ပွဲဆင်ရဦးမယ်။ ကိုလိုနီနှောင်ကြိုးမှန်သမျှ ဖြတ်တောက်ဖျက်ဆီးပစ်ရဦးမယ်လို့ ရှုမြင်သဘောထားပါတယ်။ ဒါ့ကြောင့် လက်တွေ့အရလည်း နယ်ချဲ့အရင်းအနှီးများကို သိမ်းပိုက်ရေး၊ အင်္ဂလိပ်ကို လျော်ကြေးမပေးရေး၊ ဗြိတိသျှစစ်မစ်ရှင်များကို လက်မခံရေးတို့ကို တောင်းဆိုခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံတကာအခြေအနေ အခင်းအကျင်းသစ်တွေကို သုံးသပ်ပြီး ဗမာပြည်ကို နယ်ချဲ့သမားတို့ရဲ့ အသုံးချရာနေရာတခုမဖြစ်စေပဲ နယ်ချဲ့ဆန့်ကျင်ရေးအလံကို မြင့်မြင့်မားမား ဆက်လက်လွှင့်ထူထားခဲ့ကြပါတယ်။

ဗမာပြည်လွတ်လပ်ရေးကို ဆိုရှယ်လစ်ပါတီကတော့ ဒင်းပြည့်ကျပ်ပြည့် လွတ်လပ်ရေးအဖြစ် ရှုမြင်ပြီး၊ ပဋိပက္ခတွေဟာ ဖြစ်သင့်တာထက် ပိုမိုကြီးမားကျယ်ပြန့်စွာ အရှိန်အဟုန်မြင့်စွာ မြင့်တက်လာခဲ့ပါတယ်။

မတ်လဆန်းမှာ ဆိုရှယ်လစ်ပါတီ ထိပ်သီးပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို လက်ဦးမှုရှိရှိဖြိုဖို့ အခိုင်အမာဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ ဝန်ကြီးချုပ်သခင်နုနဲ့ နှစ်ယောက်ချင်းတွေ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း သူသွင်းထားတဲ့ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တဦးဆီက ရရှိထားတယ်ဆိုတဲ့ ဂိုရှယ်စစ်တမ်း (ဗမာပြည်မျက်မှောက်နိုင်ငံရေးအခြေအနေနဲ့ ကျွန်ုပ်တို့၏လုပ်ငန်းစဉ်စာတမ်း) ကို ပြသပါတယ်။ ကွန်မြူနစ်ခေါင်းဆောင်တွေအားလုံး ရန်ကုန်မှာစုနေတုန်း တယောက်မကျန် သိမ်းကျုံးဖမ်းပြီး ထောင်ထဲထည့်ထားရေး ပြတ်ပြတ်သားသားလုပ်ဆောင်ရေး ဆွေးနွေးပါတယ်။ သခင်နုက သဘောတူသလို လုပ်ခဲ့ပါတယ်။

ဝန်ကြီးချုပ်သခင်နုက ဖဆပလ အလုပ်အမှုဆောင် ထိပ်သီးအစည်းအဝေးခေါ် ပြီး ကွန်မြူနစ်တွေ သူပုန်ထတော့မယ့်အကြောင်း ဆွေးနွေးရှင်းလင်းပြမှုလုပ်ပါတယ်။ အလုပ်အမှုဆောင်တချို့က ကွန်မြူနစ်တွေနဲ့ ငြိမ်းချမ်းရေးအတွက်ဆွေးနွေးဖို့ အကြံပေးခဲ့ကြတဲ့အတွက် ကချင်ပြည်နယ်ဥက္ကဋ္ဌ ဆမားဒူးဝါးဆင်ဝါးနောင်ကို အစိုးရကိုယ်စားလှယ်အဖြစ် ကွန်မြူနစ်တွေဆီလွှတ်ပါတယ်။ ကွန်မြူနစ်ပါတီဌာနချုပ် ပိတ်ထားတဲ့အတွက် မတွေ့ခဲ့ဘူးဆိုပါတယ်။ ဒုတိယဝန်ကြီးချုပ်ဗိုလ်လက်ျာနဲ့ ဆမားဒူးဝါးကို ဒုတိယအကြိမ် လွှတ်တော့လည်း ကွန်မြူနစ်တွေက တံခါးပိတ်ထားတဲ့အတွက် တွေ့ခွင့်မရခဲ့ဘူးဆိုပါတယ်။ ဗိုလ်လက်ျာ၊ ဗိုလ်ဖိုးကွန်းနဲ့ ဆမားဒူးဝါးတို့ကို ကော်မီတီဖွဲ့ပြီး တာဝန်ပေးခဲ့တာ မတ်လ (၂၄) ရက်နေ့ဖြစ်ပါတယ်။

အဲဒီရက်တွေအတွင်းမှာ ကွန်မြူနစ်တွေဟာ အလုပ်တွေများနေခဲ့ကြပါတယ်။ ပျဉ်းမနား တောင်သူလယ်သမားညီလာခံကိစ္စနဲ့ အလုပ်တွေများနေခဲ့ကြသလို ညီလာခံပြီးတော့လည်း ညတိုင်းလောက်နီးပါး လမ်းစဉ်ဆိုင်ရာကိစ္စရပ်တွေ ဆွေးနွေးရင်း ဗဟိုကော်မီတီအစည်းအဝေးထိုင်နေကြတယ်ဆိုပါတယ်။

နောက်ဆုံးမှာ မတ်လ (၂၈) ရက်နေ့ညနေ (၄) နာရီကို နောက်ဆုံးထားပြီး တွေ့ဆုံဆွေးနွေးကြဖို့ ရက်ချိန်းသတ်မှတ်လိုက်ကြပါတယ်။

မတ်လ (၂၇) ရက်နေ့မှာ ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားတွေ ကျင်းပကြပါတယ်။ ဝန်ကြီးချုပ်သခင်နုက အာဇာနည်ကုန်းမှာ လူထုအစည်းအဝေးပွဲမှာ မိန့်ခွန်းပြောပါတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်ကို လိုက်ကြဖို့ တရားဟောပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက ဗန္ဓုလပန်းခြံ လူထုအစည်းအဝေးမှာ ဖက်ဆစ်ဆန့်ကျင်ရေးတရားဟောပြီး မိန့်ခွန်းပေးပါတယ်။ လူအများက ဆိုရှယ်လစ်တွေအပေါ် 'ဆိုရှယ်ဖက်ဆစ်' တွေလို့ ခါးခါးသည်းသည်း မုန်းတီးရှုတ်ချခေါ်ဝေါ်နေကြချိန်မှာ သခင်သန်းထွန်းက နောက်လာလတ္တံ့သော ဗမာပြည်သမိုင်းအထိတွင် ကျန်ရစ်မယ့် သူ့ရဲ့ အကျော်ကြားဆုံးမိန့်ခွန်းကြီးကို ပြောကြားခဲ့ပါတယ်။ အဲဒါကတော့ –

'ဆိုရှယ်လစ်အရိုးတွေနဲ့ ဗားကရာချောက်ကြီးဖို့ပစ်မယ်' ဆိုတာဖြစ်ပါတယ်။ ဆိုရှယ်လစ်တွေက သတင်းစာတိုက် (၃) တိုက်ကို ယုတ်ယုတ်မာမာ ရိုက်ချိုးပစ်ခဲ့တဲ့ ပူပူနွေးနွေးကိစ္စရပ်နဲ့ဆက်စပ်ပြီး ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ကွန်မြူနစ်နဲ့ ပါတီရဲ့သတင်းစာတိုက်ကိုလာပြီး ရိုက်ချိုးစော်ကားလို့ကတော့ ဆိုရှယ်လစ်တွေကို ရိုက်သတ်ပြီး အနီးမှာရှိတဲ့ ဗားကရာချောက်ကြီးထဲ ချပစ်မယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

အဲဒီနေ့ညမှာပဲ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက သူရဲ့ ရင်ထဲကအကြံအစည်ကို အကောင်အထည်ဖော်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ်နဲ့ ကွန်မြူနစ်ခေါင်းဆောင်တွေ လူစုံနေဆဲအချိန်၊ တဖက်က မတ်လ (၂၈) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထားပြီးတွေ့ဆုံဖို့ ချိန်းဆိုထားဆဲအချိန်၊ အလစ်အငိုက်ဖမ်းပြီး သန်းကောင်ကျော် လင်းခါနီးမှာ ကွန်မြူနစ်ဖမ်းပွဲကြီးကို စတင်ပါတယ်။ ကွန်မြူနစ်ပါတီ

ဌာနချုပ်ရုံးကို ဝိုင်းပြီးတက်ဖမ်းတဲ့အခါ ကွန်မြူနစ် ခေါင်းဆောင်များဟာ လက်မတင်လေးတင် ရှောင်တိမ်းထွက်ခွါသွားခဲ့ကြပြီဖြစ်ပါတယ်။ အစိုးရရဲ့ အမှတ် (၁) ဗမာသေနတ်ကိုင်တပ်ရင်းထဲရှိ ဗိုလ်သက်ထွန်းရဲ့ ကြိုတင်အချိန်မီ သတင်းပေးချက်အရ ကွန်မြူနစ်ခေါင်းဆောင်များ ရှောင်တိမ်းသွားနိုင်ခဲ့ကြခြင်းဖြစ်ပါတယ်။

ပြည်တွင်းစစ်ကြီး စတင်ခဲ့ရပါလေပြီ။ ဗမာပြည်သမိုင်းမှာ အရှည်လျားဆုံးဖြစ်တော့မယ့် ပြည်တွင်းစစ်ကြီး စတင်တောက်လောင်ခဲ့ရပါလေပြီ။

၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ကစပြီး ဗမာပြည်ပြည်တွင်းစစ်ကြီး စတင်ပေါက်ဖွားခဲ့ရပါလေပြီ။ လက်နက်နဲ့ အကြမ်းဖက်နှိပ်စက်လာတဲ့ အုပ်စိုးသူအစိုးရကို လက်နက်ကိုင်နည်းနဲ့ပဲ ပြန်လည် တွန်းလှန်တိုက်ခိုက်သွားဖို့ ဗမာပြည်ကွန်မြူနစ်ပါတီက မတ်လ (၂၈) ရက်နေ့မှာပဲ ဗမာပြည် ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကြီး စတင်ပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။

အာဏာရ ဖဆပလ ဆိုရှယ်လစ်အစိုးရရဲ့ ကွန်မြူနစ်ခေါင်းဆောင်များ လွတ်မြောက်သွားရခြင်းအပေါ် မခံချိမခံသာဖြစ်မှုနဲ့အတူ တပြည်လုံး ကွန်မြူနစ်ဖမ်းပွဲကြီးလည်း ဆက်လက် အရှိန်အဟုန်ကြီးစွာ ပေါ်ပေါက်လာရပါတော့တယ်။ ကြိုတင်ပြင်ဆင်ထားမှုမရှိတဲ့အတွက် ကွန်မြူနစ်ပါတီ ထိပ်သီးခေါင်းဆောင်ကြီးများမှအပ ဗမာပြည်တပြည်လုံး အမြို့မြို့အနယ်နယ်ရှိ ကျန်ကွန်မြူနစ်ခေါင်းဆောင်အများစုကြီး အဖမ်းအဆီးခံကြရပါတယ်။ တပြည်လုံး နေရာအနှံ့ အလစ်အငိုက် ရှောင်တခင် ဝင်ရောက်ဖမ်းဆီးတာခံကြရပါတယ်။ တပြည်လုံး အုံးအုံးကြွက်ကြွက်ဖြစ်သွားရပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အစီအစဉ်ရှိရှိ ကြိုတင်စီမံ အသိပေးနိုင်ခြင်းမရှိတဲ့အတွက် တပြည်လုံးရှိ ပါတီဝင်စုစုပေါင်း ဦးရေရဲ့ ထက်ဝက်ကျော် အဖမ်းအဆီးခံကြရပါတယ်။

## ပြည်တွင်းစစ်ကို ဘယ်သူစ

၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့က စတင်ပေါ်ပေါက်ခဲ့တဲ့ ဗမာပြည် ပြည်တွင်းစစ်ကြီးဟာ အတောမသတ်နိုင်အောင် အရှိန်အဟုန်ကြီးစွာ ဆက်လက်တောက်လောင်လာပါတယ်။ ဗမာပြည်ပြည်သူလူထုတရပ်လုံး အပူလုံးဆို့ခဲ့ကြပါတယ်။ ပြည်တွင်းစစ်မီးကြီးရဲ့ လောင်မြိုက်ဝါးမြိုမှုကို တပြည်လုံးခံခဲ့ရပါတယ်။

လွတ်လပ်ရေးကြေညာပြီးလို့မှ လွတ်လပ်ရေးကြေညာစာတမ်းပါ စာသားစာပိုဒ် စကားလုံးများ မှင်နံ့မခြောက်သေးခင် (၈၃) ရက်အကွာမှာပဲ ပြည်တွင်းစစ်ကြီး ပေါက်ဖွားပေါ်ထွက်လာခဲ့ရတာဖြစ်တဲ့အတွက် ပြည်တွင်းစစ်ကြီးဟာ လွတ်လပ်ရေးရဲ့ ဖွားဘက်တော်လိုဖြစ်ခဲ့ရပါတယ်။

ဗြိတိသျှနယ်ချဲ့သမားကြီး နမိတ်ဖတ် ဟောကိန်းထုတ်ခဲ့သလို 'ဗမာပြည်ကိုလွတ်လပ်ရေးပေးလိုက်ရင် ပြည်တွင်းစစ်ကြီးဖြစ်လိမ့်မယ်' ဆိုတာကတော့ မှန်ခဲ့ပါတယ်။ ဒါပေမယ့် သူမျှော်လင့်ခဲ့သလို 'ပြည်တွင်းစစ်' တော့ ဟုတ်ဟန်မတူပါ။

ဗြိတိသျှနယ်ချဲ့သမားတွေ လက်နက်ထုတ်ပေးထားခဲ့တဲ့၊ ဂျွန်ဦးစောခေါင်းဆောင်တဲ့ ဖေါက်ပြန်ရေးသမား အာဏာရူးများ၊ နယ်ချဲ့အလိုတော်ရိများ၊ လက်ျာဂိုဏ်းသားများကတဖက်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်အပါအဝင် အင်အားစုများကတဖက်၊ အပြန်အလှန် အကြီးအကျယ် တိုက်ခိုက်ကြတဲ့ 'ပြည်တွင်းစစ်ကြီး' မဟုတ်ပဲ၊ နယ်ချဲ့သမားများက အာဏာလွှဲပြောင်းပေးခဲ့တဲ့

ဖဆပလ–ဆိုရှယ်လစ် အင်အားစုများကတဖက်၊ ဗမာပြည် ကွန်မြူနစ်ပါတီက တဖက်၊ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြမယ့် ပြည်တွင်းစစ်ကြီးအဖြစ် ပေါ်ပေါက်လာခဲ့ပါတယ်။ စတင်ဖြစ်ပေါ်လာပါတယ်။

ပြည်တွင်းစစ်ဆိုတာ စစ်ကိုမလိုလားတဲ့ ပြည်သူလူထုကိုလည်း ခြွင်းချက်ထားလေ့မရှိပါ။ အပြစ်မဲ့ ပြည်သူလူထုကိုလည်း သွေးချောင်းစီးအောင် သတ်ဖြတ်သေကျေ ဒုက္ခပင်လယ်ဝေစေခဲ့ပါတယ်။ အစွမ်းကုန် လောင်မြိုက်ဖျက်ဆီးဝါးမြိုပစ်ပါတယ်။

ဒ့ါကြောင့် ပြည်တွင်းစစ်ကို ဘယ်သူစသလဲ။

ဗမာပြည် ပြည်တွင်းစစ်မီးကြီးကို ဘယ်သူစတင်ရှို့သလဲဆိုတာ အင်မတန်အရေးကြီးတဲ့ သမိုင်းရေး ပြဿနာဖြစ်ပါတယ်။ ဘက်တဖက်ထဲရဲ့ ပြောဆိုချက်ကိုမကြည့်ပဲ ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ဖို့လိုပါတယ်။

ဆိုရှယ်လစ်များရဲ့အဆိုအရ ဗမာပြည်အာဏာရ အုပ်စိုးသူအဆက်ဆက်ရဲ့ အဆိုအရ၊ ၁၉၄၈ ခုနှစ် မတ်လ (၂၈) ရက်နေ့ကစပြီး စတင်ခဲ့တဲ့ ဗမာပြည် ပြည်တွင်းစစ်ကြီးကို စတင်ဖန်တီးခဲ့သူဟာ တနည်းအား ဖြင့် ပြည်တွင်းစစ်ကြီးကို စတင်ခဲ့သူဟာ ဗမာပြည်ကွန်မြူနစ်ပါတီဖြစ်တယ်။ ကွန်မြူနစ်တွေဖြစ်တယ်လို့ဆို ပါတယ်။

ဗမာပြည်နိုင်ငံရေးသမိုင်းကို ရေးသားခဲ့ကြသူ အနောက်တိုင်းသမိုင်းပညာရှင်၊ ဗမာပြည်သမိုင်း ပညာရှင်ဆိုသူတော်တော်များများကလည်း ဒီအာဘော်အတိုင်းပဲ ဆင့်ပွားပဲ့တင်ထပ်လေ့ရှိပါတယ်။ ဗမာ ပြည် အုပ်စိုးသူအဆက်ဆက်ရဲ့ ကျောင်းသုံးသမိုင်းစာအုပ် စာမျက်နှာတွေပေါ်မှာလည်း ပြည်တွင်းစစ်ကြီးကို စတင်ခဲ့တာ ကွန်မြူနစ်တွေအဖြစ် ရည်ညွှန်းဖော်ပြ လက်ညှိုးထိုးလေ့ရှိပါတယ်။ သမိုင်းကို ထိန်ချင်ရာထိန်၊ မြုပ်ချင်ရာမြုပ်၊ ဖော်ချင်ရာဖော်ပြီး တဖက်သတ်ကျကျ ပြောဆိုတင်ပြ ကောက်ချက်ချလေ့ရှိပါတယ်။ အဲဒီလို 'ဗမာပြည် ပြည်တွင်းစစ်ကြီးကို စတင်ခဲ့တာ ကွန်မြူနစ်တွေဖြစ်ပါတယ်။' 'ကွန်မြူနစ်တွေက ပြည်တွင်းစစ် လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ကြတယ်'၊ 'ကွန်မြူနစ်တွေက ပြည်တွင်းစစ်လမ်းစဉ်ကို တွန်းတင်ပြီး လက် နက်ကိုင်လမ်းစဉ်ကို အကောင်အထည်ဖော်သွားမှုကြောင့် ပြည်တွင်းစစ်ကြီးစခဲ့ရတယ်' ဆိုတဲ့ ပြောဆိုချက် တင်ပြချက် ဆွဲသားချက်တွေတိုင်းမှာ တူညီတဲ့ ဖော်ထုတ်ချက်တခုရှိပါတယ်။ တနည်းအားဖြင့် သူတို့ရဲ့အဆို မှန်ကန်ကြောင်း လက်ဆုပ်လက်ကိုင် သက်သေအဖြစ် တင်ပြလေ့ရှိတဲ့ ဖော်ထုတ်တင်ပြချက်ကြီးတခုရှိပါ တယ်။ အဲဒါကတော့ 'ဂိုရှယ်စစ်တမ်း' ဆိုတာပဲဖြစ်ပါတယ်။

ဂိုရှယ်စစ်တမ်းဆိုတဲ့ အဓိကသက်သေခံ ဖော်ထုတ်တင်ပြချက်ကြီးနဲ့အတူ ဒီသက်သေပြချက်ကြီး ကို ပိုမိုခိုင်မာအောင် အရံသဘော သိုင်းဝိုင်းတင်ပြလေ့ရှိတာက၊ အိန္ဒိယကွန်မြူနစ်ပါတီက အင်္ဂလိပ်ဘာသာ နဲ့ ရေးသားထုတ်ဝေတဲ့ **(Peoples' Age)** ပြည်သူ့ခေတ်စာစောင်ပါ ရဲဘော်ဗတင် (ဂိုရှယ်) ရေးသားတယ်ဆို တဲ့ ဆောင်းပါးဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ထုတ် စာစောင်ပါ ဆောင်းပါးဖြစ်ပါတယ်။ (တချို့ကလည်း ဖေဖော်ဝါရီလ (၄) ရက်နေ့ ထုတ်လို့ဆိုပါတယ်။)

အဲဒီရဲဘော်ဗတင် (ဂိုရှယ်) ရေးတယ်ဆိုတဲ့ ဆောင်းပါးနဲ့ အစပျိုး၊ 'ဂိုရှယ်စစ်တမ်း' ဆိုတာကို အဓိက လက်ဆုပ်လက်ကိုင်သက်သေနဲ့ တင်ပြပြီး ဗမာပြည်ကွန်မြူနစ်ပါတီဟာ လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ အာဏာကိုသိမ်းယူဖို့ ဂိုရှယ်ရဲ့ ပြည်တွင်းစစ်ပြုရေးလမ်းစဉ်ကို ဆုပ်ကိုင် ပြီး ပြည်တွင်းစစ်လမ်းကြောင်းအတိုင်း လျှောက်လှမ်းသွားခဲ့တယ်လို့ ကောက်ချက်ဆွဲပြလေ့ရှိပါတယ်။ ဗမာ ပြည် နိုင်ငံရေးသမိုင်း၊ ပြည်တွင်းစစ်သမိုင်းကို ရေးသားပြောဆိုတင်ပြတိုင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီက စတင်ခဲ့တာအဖြစ် အဲဒီအချက်အလက်တွေကိုပဲ ဆုပ်ကိုင်ပြီး နည်းလမ်းအမျိုးမျိုးနဲ့ ပုံဖော်ဝါဒဖြန့်ချိခဲ့ကြပါ တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက 'ပြည်တွင်းစစ်ဖြစ်ရေး' ဆိုတာ ဘယ်တုန်းကမှ ပါတီရဲ့လမ်းစဉ်မဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက ပါတီရဲ့ 'နောက်ဆုံးတိုက်ပွဲလမ်းစဉ်' ဆိုတာကလည်း ပြည်တွင်းစစ်မဟုတ်ခဲ့ပါဘူး။ အဲဒီတုန်းက (လွတ်လပ်ရေးမကြေညာခင်အနီးကာလ) ပါတီရဲ့ လက်နက်ကိုင်တိုက်ပွဲများ များဦးဟာ နောက်ဆုံးအချိန်အထိ အင်္ဂလိပ်နယ်ချဲ့သမားပဲ။ ပြည်တွင်းစစ်မဟုတ်ပါဘူး။ အဲဒီနောက်ဆုံးတိုက်ပွဲလမ်းစဉ်ကိုလည်း တပြည်လုံးအနှံ့ တရားဝင်ဖြန့်ချိထားတာပါပဲ၊' လို့ဆိုပါတယ်။ ပြည်တွင်းစစ်လမ်းစဉ်မချမှတ်ခဲ့ကြောင်း အတိအလင်း ငြင်းဆိုပါတယ်။ ဒါဖြင့် အဓိကသက်သေခံဖြစ်တဲ့ 'ဂိုရှယ်လမ်းစဉ်' ဆိုတာဘာလဲ၊ ဘယ်လိုလဲ။

ဂျာမနီနိုင်ငံ ဟန်းဘတ်မြို့မှာ သိမ်းဆည်းထားတဲ့ သုတေသန အချက်အလက်ဖိုင်တွဲများအထဲမှာ၊ 'ဗမာပြည်ကွန်မြူနစ်ဝါဒနှင့် ပတ်သတ်သော စာရွက်စာတမ်းများ ၁၉၄၅–၁၉၇၇ ခုနှစ်' ဆိုတဲ့ ဖိုင်တွဲတတွဲရှိပါတယ်။ အဲဒီဖိုင်တွဲရဲ့ စာမျက်နှာ (၈၃) မှာ 'ဗမာပြည် မျက်မှောက် နိုင်ငံရေးအခြေအနေနှင့် ကျွန်ုပ်တို့၏ လုပ်ငန်း တာဝန်များ' ရေးသူ ဗတင်၊ ၁၉၄၈ ခုနှစ်၊ မတ်လ ( ။ ) ဆိုတဲ့ စာတမ်းတစောင်လည်း ရှိတယ်ဆိုပါတယ်။ အဲဒီစာတမ်းကို ရည်ညွှန်းကိုးကားကြတာဆိုပါတယ်။ ဂိုရှယ်စစ်တမ်းဆိုတာဟာ အဲဒါကိုပြောဆိုကြတာဆိုပါတယ်။

တကယ်က 'ဂိုရှယ်' ရေးခဲ့တဲ့ အဲ့ဒီ 'ဂိုရှယ်စစ်တမ်း' ဆိုတာဟာ စာအားဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း လုံးဝမရှိဘူးဆိုပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းနဲ့ပတ်သတ်ပြီး ပြည်တွင်းပြည်ပ ဖောက်ပြန်ရေးသမားတွေက လုပ်ကြံလည်ဆယ်ထားကြတာ မနည်းဘူးဆိုပါတယ်။

ကွန်မြူနစ်ပါတီ အဆိုအရ ဂိုရှယ်သာ အဲဒီ ဂိုရှယ်စစ်တမ်းကို အမှန်တကယ်ရေးခဲ့မယ်ဆိုရင်၊ ၁၉၄၈ ခုနှစ်၊ မတ်လထဲမှာ တောက်လျှောက်လုပ်နေတဲ့ (ညတိုင်းလောက်လုပ်နေတဲ့) ဗဟိုကော်မတီအစည်းအဝေးတွေမှာ ဂိုရှယ်က 'သပိတ်စုံမှသူပုန်ထ' ရေး အယူအဆကို ဘာလို့တင်နေမလဲ။ လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ဆိုတဲ့ ဂိုရှယ်စစ်တမ်းဆိုတာထဲကပါ အယူအဆ စိတ်ဓာတ်နဲ့ 'သပိတ်စုံမှ သူပုန်ထ' ဆိုတဲ့ အယူအဆ စိတ်ဓာတ်ဟာ တခြားစီဖြစ်တယ်။ ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုပါတယ်။ မတ်လ (၂၈) ရက်နေ့မှာ ရန်သူက လက်နက်နဲ့ စတင်ဖိနှိပ်လာလို့ မလွှဲမရှောင်သာ လက်နက်ကိုင်တော်လှန်ရေး ဆင်းလာခဲ့ရတဲ့နောက် ကျောက်ကြီးပေါက်၊ စွယ်တော်မြိုင်တို့မှာ ပြုလုပ်တဲ့ ဗဟိုကော်မတီအစည်းအဝေး (၄) ကြိမ်မှာတောင် ရဲဘော်ဗတင်ဟာ 'ကျေးလက်အခြေခံ မြို့ဝိုင်းရေး' လမ်းစဉ်ချမှတ်ဖို့ ဆွေးနွေးကြတာကို တောက်လျှောက်ဆန့်ကျင်နေတယ်ဆိုပါတယ်။ ဆိုလိုတာက အစကတည်းက ရဲဘော်ဗတင်မှာ လက်နက်ကိုင်ပြည်တွင်းစစ်ပြုရေး အယူအဆရှိခဲ့ပြီးသားဆိုရင်၊ တနည်းအားဖြင့် လက်နက်ကိုင်ပြည်တွင်းစစ်ပြုရေး သဘောထားပါဝင်တဲ့ 'မျက်မှောက်နိုင်ငံရေးအခြေအနေနှင့် ကျွန်ုပ်တို့၏လုပ်ငန်းတာဝန်များ' စာတမ်း (ဂိုရှယ်စစ်တမ်း) ဆိုတာကို အမှန်တကယ်ရေးသားခဲ့သူဖြစ်တယ်ဆိုရင် 'ကျေးလက်အခြေခံမြို့ဝိုင်း' လမ်းစဉ်ချမှတ်ရေးမှာ ဆန့်ကျင်စရာ အကြောင်းမရှိပါ။ သပိတ်စုံမှသူပုန်ထကိုလည်း တောက်လျှောက် ဆက်လက်တင်နေစရာအကြောင်းမရှိပါ။ ရဲဘော်ဗတင်ဟာ အစည်းအဝေး (၄) ကြိမ်လုံးမှာ တောက်လျှောက်ဆန့်ကျင်နေခဲ့တယ်ဆိုပါတယ်။ ချုပ်ပြီးပြောရရင် 'ဂိုရှယ်စစ်တမ်း' ဆိုတာ ဂိုရှယ်ရေးခဲ့တာမဟုတ်၊ ဂိုရှယ်ရေးတယ်ဆိုတဲ့ ဂိုရှယ်စစ်တမ်းဆိုတာဟာ တဦးဦးက လုပ်ကြံလည်ဆယ်ခဲ့ခြင်းသာဖြစ်တယ်လို့ဆိုပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဘယ်တုန်းကမှ ပြည်တွင်းစစ်ပြုရေးလမ်းစဉ်မရှိပဲ အုပ်စိုးသူက လက်နက်ကိုင်အကြမ်းဖက်လာလို့ လက်နက်ကိုင်နည်းကို ရွေးချယ်ခဲ့ရတာဖြစ်တယ်လို့ဆိုပါတယ်။

ဂိုရှယ်စစ်တမ်းဆိုတာကို ဖော်ထုတ်ခဲ့ကြတဲ့ အဓိကပုဂ္ဂိုလ် (၂) ဦးရှိပါတယ်။ အဲဒီတုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနဲ့ သခင်သိန်းဖေ (သိန်းဖေမြင့်) ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက သူ့ရဲ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ 'တာတေစနေသား' ထဲမှာ သခင်သန်းထွန်းနဲ့ ဂိုရှယ်တို့ အိန္ဒိယနိုင်ငံက ပြန်ရောက်လာပြီးတဲ့နောက်ပိုင်း ရက်အနည်းငယ်အကြာမှာ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ သူ့ကိုလာတွေ့ပြီး စာတမ်းတစောင်ပြသတယ်လို့ဆိုပါတယ်။ ပြသပုံ ပြသနည်းကိုလည်း ဟောဒီလိုရေးသားထားပါတယ်။

'ကျွန်တော်တို့ လူတယောက် ကွန်မြူနစ်ပေါ်လစ်ဗျူရိုထဲမှာသွင်းထားတယ်၊ သူ့ဆီက ဒီစာတမ်းကိုရတာ။'

'အော်...'

'ဒီလူဟာ ဘယ်သူလဲဆိုတာ အထိတော့ မမေးပါနဲ့တော့ဝန်ကြီးချုပ် ကျွန်တော်တောင်းပန်ပါတယ်'

ဦးကျော်ငြိမ်းဟာ သခင်နုကို သူ့လက်ထဲက စာတမ်းလှမ်းပေးတယ်။ သခင်နုဖတ်ကြည့်တဲ့အခါ "မြန်မာနိုင်ငံတော်၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်" ဆိုတဲ့ခေါင်းစဉ်ကိုတွေ့ရပါတယ်။

'ဒီကိစ္စကို ကျွန်တော်တို့ ပြတ်ပြတ်သားသားလုပ်မှဖြစ်လိမ့်မယ် ဝန်ကြီးချုပ်၊ ချီတုံချတုံ လုပ်နေလို့ မဖြစ်ဘူး၊ ဒီကွန်မြူနစ်တွေ သူပုန်ထမှာကေန်ပဲ။'

'မင်းဘယ်လိုပြတ်ပြတ်သားသားလုပ်ဖို့ စိတ်ကူးထားသလဲ ကျော်ငြိမ်း။'

'ကွန်မြူနစ်ခေါင်းဆောင်တွေ အခုလို ရန်ကုန်မှာစုနေတုန်း၊ သူတို့ကို ဖြုန်းကနဲဖမ်းပြီး ထောင်ထဲထည့်ထားချင်တယ်...' လို့ဖော်ပြခဲ့ပါတယ်။

ဦးသိန်းဖေမြင့်ကတော့ သူ့ရဲ့ 'ကျော်ငြိမ်း' အတ္ထုပ္ပတ္တိစာအုပ်ထဲမှာ၊ ဦးကျော်ငြိမ်းကိုယ်တိုင် အမှာစာရေးသားထားတဲ့ စာအုပ်ထဲမှာ အခုလိုရေးသားထားတာတွေ့ရပါတယ်။

ကျော်ငြိမ်းမှာ ပြည်ထဲရေးဝန်ကြီးဖြစ်သဖြင့် ယခု ကျွန်တော့်ထံယူလာသော ဆောင်းပါးသာမက၊ ဂိုရှယ် က ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင်းမှာ လျှို့ဝှက်စွာဝေထားသော စစ်တမ်းကြီးကိုလည်း ရထားသည်ဟုသိရသည်။ ပါတီက ကျွန်တော့်အား ထိုစစ်တမ်းကိုပေးသည်မဟုတ်ချေ။ ပါတီမှ ထွက်ပြီးနောက် အတန်ကြာမှ ကျော်ငြိမ်းက ယူလာ၍ဖတ်ရသည်... လို့ဖော်ပြထားပါတယ်။

အဲဒီ့လို ဦးနု နဲ့ ဦးသိန်းဖေမြင့် ရဲ့ ဖော်ထုတ်ရေးသားထားချက်တွေကို ထောက်ရှုသုံးသပ်ကြည့်ရမယ်ဆိုရင် 'ဂိုရှယ်စစ်တမ်း' ဆိုတာကြီးကို ရရှိကြည့်မြင်ဖတ်ရှုရဖူးသူ နှစ်ဦးရှိပါတယ်။ သခင်နု နဲ့ ဦးသိန်းဖေမြင့် ဖြစ်ပါတယ်။ အချိန်က ဖေဖော်ဝါရီလ သို့မဟုတ် မတ်လဆန်းထဲပါ။ ဖတ်ရှုရသူ နှစ်ဦးလုံးရဲ့ဖော်ပြချက်အရ အဲဒီ့ ဂိုရှယ်စစ်တမ်းဆိုတာကြီးကို ပေးသူကတော့ တဦးထဲပါ။ အဲဒီပုဂ္ဂိုလ်ကတော့ ဦးကျော်ငြိမ်းပါ။

ဦးကျော်ငြိမ်းက ဝန်ကြီးချုပ်သခင်နု ကို အဲဒီ့စာတမ်းကိုပြသပြီး ဖတ်ရှုနေစဉ်က 'ကျွန်တော်တို့ လူတယောက် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုထဲမှာ သွင်းထားတယ်။ သူ့ဆီက ဒီစာတမ်းကိုရတာ' လို့ပြောပြီး အဲဒီ့လူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ထပ်မမေးဖို့ နှုတ်ပိတ်ခိုင်းထားခဲ့ပါတယ်။ အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။

အဲဒီ့နေရာမှာ အချက်အလက်အမှန်တွေထဲကနေ အမှန်တရားကိုရှာဖို့ လိုအပ်လာပါတယ်။ အဲဒီအချိန်တုန်းက ဗမာပြည်ကွန်မြူနစ်ပါတီထဲမှာ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ပေါ်လစ်ဗျူရိုဝင်ဟာ (၃) ဦးထဲပဲရှိပါတယ်။ အထွေထွေအတွင်းရေးမှူးသခင်သန်းထွန်း၊ ရဲဘော်ဗတင် ခေါ် ဂိုရှယ်နဲ့ သခင်ဗသိန်းတင်ဖြစ်ပါတယ်

သခင်သန်းထွန်း ဟာ နံပါတ်တစ်ခေါင်းဆောင်ဖြစ်ပါတယ်။ သခင်ဗသိန်းတင်ဟာ နောင်တချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဥက္ကဋ္ဌအထိဖြစ်လာခဲ့ပြီး ကွယ်လွန်ချိန်အထိ ဘယ်လိုရပ်တည်သွားခဲ့သူလဲ ဆိုတာ သက်သေပြခဲ့ပြီးသားဖြစ်ပါတယ်။ 'ဂိုရှယ်' ဟာလည်း ဒီစစ်တမ်းကြီး 'ဂိုရှယ်စစ်တမ်း' ဆိုတာကြီ ရေးသားသူပါလို့ အဓိကထားပြောဆိုခံခဲ့ရသူ ကာယကံရှင်စစ်စစ်ဖြစ်ပါတယ်။ အချက်အလက်မှန်တွေကို သတ္တုချကြည့်လိုက်ရင် ဒီ 'ဂိုရှယ်စစ်တမ်း' ဆိုတာကြီးဟာ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဆီမှာပဲ စတင် တွေ့ရှိရပြီး ဦးကျော်ငြိမ်းဆီမှာပဲ လမ်းဆုံးနေခဲ့ပါတယ်။

နောင် ဗမာပြည်သမိုင်းရေးကြသူတွေအားလုံးဟာလည်း အထက်မှာဖော်ပြခဲ့တဲ့ သခင်နုရဲ့ ရေးသား ချက်နဲ့ ဦးသိန်းဖေမြင့်ရဲ့ ရေးသားချက်အပေါ်မှာပဲ တည်မှီပြီး ကိုးကားရည်ညွှန်းကြတာချည်းဖြစ်ပါတယ်။ အရုံသဘောမျိုး ဖော်ထုတ်ခဲ့ကြတဲ့ အိန္ဒိယကွန်မြူနစ်ပါတီ အာဘော် 'ပြည်သူ့ခေတ်' စာစောင်ပါ ဂိုရှယ် ရေးတယ်ဆိုတဲ့ ဆောင်းပါးကကော ဘယ်လိုဖြစ်ပျက်ခဲ့တာပါလဲ။ ကွန်မြူနစ်ပါတီအဆိုအရ အဲဒီ ဆောင်းပါးဟာလည်း ဂိုရှယ် အမှန်တကယ်ရေးသားခဲ့တာမဟုတ်ပါ။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ရဲဘော်ဗတင် (ဂိုရှယ်) ဟာ အိန္ဒိယခဏသွားချင်တယ်လို့တင်ပြလို့ ကျန်ပေါ်လစ်ဗျူရိုဝင် နှစ်ဦးက သဘောတူလိုက်ကြတယ်ဆိုပါတယ်။ ဂိုရှယ် အိန္ဒိယရောက်ပြီးတဲ့နောက် အိန္ဒိယကွန်မြူနစ်ပါတီကထုတ်တဲ့ 'ပြည်သူ့ခေတ်' ထဲမှာ ရဲဘော်ဗတင်ရေးတယ်ဆိုတဲ့ ဆောင်းပါးပါလာခဲ့ တယ်ဆိုပါတယ်။ အဲဒီဆောင်းပါးထဲမှာ 'ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်ဟာ လက်ျာကျနေပါတယ်။ ဒါကြောင့်ပြင်ရမယ်' ဆိုတဲ့ သဘောမျိုးလည်း ပါဝင်နေတယ်ဆိုပါတယ်။ ဂိုရှယ်ပြန်လာတဲ့အခါ အဲဒီဆောင်းပါး ဟာ ပါတီကိုအသိမပေးပဲ ပါတီလမ်းစဉ်ကို ဆန့်ကျင်ရေးသားထားတာဖြစ်လို့ ပါတီဗဟိုကော်မီတီက ပြင်း ပြင်းထန်ထန်ဝေဖန်ကြတဲ့အခါ၊ ရဲဘော်ဗတင်ဟာ ဒီဆောင်းပါးကို သူရေးသားခဲ့တာမဟုတ်ကြောင်း၊ အိန္ဒိယ ကွန်မြူနစ်ပါတီခေါင်းဆောင်တယောက်က သူ့နာမည်နဲ့ရေးတာဖြစ်ပါတယ်လို့ ပြန် လည်ရှင်းလင်းတင်ပြခဲ လို့ အဲဒီ့ကိစ္စ အဲဒီလောက်နဲ့ ပြီးပြတ်သွားခဲ့ကြတယ်ဆိုပါတယ်။ ဆိုလိုတာက အဲဒီဆောင်းပါးပါ သဘောထား ဟာလည်း ကွန်မြူနစ်ပါတီရဲ့ သဘောထားမဟုတ်ပါ။ ကွန်မြူနစ်ပါတီက ချမှတ်ထားတဲ့ တရားဝင်လမ်းစဉ် နဲ့ ကိုက်ညီခဲ့တာမဟုတ်ဘူးဆိုပါတယ်။

အဲဒီလို အခိုင်အမာမဟုတ်တဲ့ ကိစ္စများကိုဆုပ်ကိုင်ပြီး လိုအပ်သလိုပုံကြီးချဲ့ကာ ပုံဖော်ကာ၊ အမှန် တကယ် မရှိခဲ့တဲ့ 'ဂိုရှယ်စစ်တမ်း' ဆိုတာကြီးကို လည်ဆည်လုပ်ကြံ လက်ညှိုးထိုးပြီး၊ ဗမာပြည်ကွန်မြူနစ်ပါ တီက ပြည်တွင်းစစ်လမ်းစဉ်ကို စတင်ခဲ့တာလို့ တဖက်သတ်ပြောဆိုခဲ့ကြခြင်း ဖြစ်တယ်ဆိုပါတယ်။

ငြင်းမရနိုင်လောက်အောင် အခိုင်အမာဖြစ်ပျက်ခဲ့တာကတော့ မတ်လ (၂၇) ရက်နေ့ ဖက်ဆစ် တော်လှန်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအပြီး၊ ညသန်းကောင်ကျော် မိုးမလင်းသေးမီ အချိန်အတော အတွင်း အာဏာရ ဖဆပလအစိုးရက အလစ်အငိုက် ကွန်မြူနစ်ဖမ်းပွဲ လုပ်ဆောင် အကောင်အထည်ဖော် ခဲ့တာကနေ၊ မတ်လ (၂၈) ရက်နေ့မှာ ဗမာပြည် ပြည်တွင်းစစ်ကြီး စတင်ခဲ့ရတာဖြစ်ပါတယ်။ အစောကြီးက တည်းက ကြိတ်ပြီး ကြံစည်ပြင်ဆင်နေခဲ့တဲ့ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း ရဲ့ လက်တွေ့အကောင်အထည် ဖော်မှုကနေ ပြည်တွင်းစစ်ကြီး စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒါ တကယ့်အဖြစ်အပျက်မှန် သမိုင်းဖြစ်ပါတယ်။

နောက်ထပ် အရုံသဘောမျိုး ပြောဆိုရေးသားကိုးကားနေကြတဲ့ 'ဆိုရှယ်လစ်အရိုးတွေနဲ့ ဗားကရာ ချောက်ကြီးဖိုးပစ်မယ်' 'အေးအေးဆေးဆေးနေချင်တဲ့ သခင်နု ကြံတောသင်္ချိုင်းသွားနေပါ' ဆိုတဲ့ ကွန်မြူနစ် ခေါင်းဆောင် သခင်သန်းထွန်းရဲ့ ပြင်းထန်မာကျောလွန်းလှတဲ့ ကြိမ်းမောင်းပြောဆိုသံတွေဆိုတာဟာလည်း ဘယ်အပေါ်မှာပြောဆိုခဲ့တာလဲ၊ ဘာအဖြစ်အပျက်တွေနဲ့ ဆက်စပ်ပြောဆိုခဲ့တာလဲဆိုတာကတော့ မှန်မှန်

ကန်ကန်ကြည့်မြင်ကြဖို့လိုပါတယ်။ အာဏာရဆိုရှယ်လစ်များက မုဆိုးမသတင်းစာတိုက်တောင် မထောက်ထား၊ ရမ်းရမ်းကားကား လူအုပ်ကြီးနဲ့ အနိုင်ကျင့်ခဲ့တာအပေါ် သတင်းစာတိုက် (၃) တိုက်လုံးကို စက်တွေပါမချန် ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ကြတာအပေါ် အဲဒါတွေနဲ့ တဆက်ထဲ ပြောဆိုခဲ့တာဖြစ်တယ်ဆိုတာ သတိမူဖို့လိုပါတယ်။ အရေးကြီးလှတဲ့ တကယ့်နောက်ခံအဖြစ်အပျက်တွေကို ဖျောက်ပြီးပြောလို့မဖြစ်ပါ။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း ကိုယ်တိုင် အမိန့်ပေးခိုင်းစေစီစဉ်ခဲ့တာဖြစ်ပါတယ်။ အရက် ကိုးမောင်းတိုက်ပြီး အရက်ပုလင်းခါးကြားထိုးပြီး လူမိုက်နည်းနဲ့ ဗိုလ်ကျခဲ့ကြတာတွေကို ထိန်ချန်ထားလို့မဖြစ်ပါ။ ဆိုရှယ်လစ်အမတ်တွေ၊ ပါလီမန်အတွင်းဝန်ဆိုသူတွေ၊ အလုပ်သမားခေါင်းဆောင်၊ လယ်သမားခေါင်းဆောင်ဆိုသူတွေပါ သတင်းစာတိုက် ရိုက်ချိုးပွဲကြီးမှာ ပါဝင်ခဲ့ကြတာ အထင်အရှားဖြစ်ပါတယ်။ အာဏာရ ဆိုရှယ်လစ်များကိုယ်တိုင် တနည်းအားဖြင့် အစိုးရကိုယ်တိုင် အစီအစဉ်ရှိရှိ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက် ဗိုလ်ကျပွဲကို ဘယ်စစ်မှန်တဲ့နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်မျိုးကမှ ရေငုံနှုတ်ပိတ်လုပ်ပြီး ခေါင်းငုံ့ခံကြလိမ့်မယ်မဟုတ်ပါ။ ဒီသတင်းစာတိုက် ရိုက်ချိုးမှုကြီးနဲ့ပတ်သက်ပြီး လက်ဝဲအယူအဆရှိသူရော လက်ယာအယူအဆရှိသူပါမကျန်၊ သတင်းစာဆရာအများစုကြီးက ကန့်ကွက်ဆန့်ကျင်ခဲ့ကြတာ အားလုံးအသိဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်က တစ်တရားခံကို သိပါလျက် မသိသလိုလုပ်ပြီး 'မင်းမဲ့တိုင်းပြည်ကဲ့သို့ ပြုမူခြင်းကို လက်မခံနိုင်' လို့ခပ်တည်တည် ကြေညာပြီး ဖမ်းမိန့်ပေးခဲ့ပေမယ့် အဖမ်းပြခဲ့ပေမယ့်၊ အာမခံပေးပြီး ပြန်လွှတ်ပစ်ခဲ့ပါတယ်။ ပြည်ထဲရေးက ဖမ်းရမယ့်အမှု ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် စီစဉ်ခဲ့တာဆိုတော့ စဉ်းစားသာကြည့်ကြပါတော့လို့ ကုန်းအော်ရမယ့်ကိန်းဆိုက်ခဲ့ပါတယ်။ ဒါကြောင့် အများပြည်သူတို့က ဦးကျော်ငြိမ်းကို နာမည်ထုတ်ပြီး ဆဲခဲ့ကြသလို၊ ဆိုရှယ်လစ်တွေကို ဖက်ဆစ်ဆိုရှယ်တွေလို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။ ဆိုရှယ်လစ်တွေရဲ့ မတရားသဖြင့် ပြုမှုမှုတွေဟာ ပြောင်ကျလွန်းခဲ့ပါတယ်။

ကချင်ပြည်နယ် ဥက္ကဋ္ဌ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်လကျာ်နဲ့ ဗိုလ်ဖိုးကွန်းတို့ကို ကော်မီတီဖွဲ့ပေးပြီး ကွန်မြူနစ်တွေနဲ့ စေ့စပ်ဆွေးနွေးဖို့ ကြိုးစားခဲ့တယ်ဆိုတာလည်း စဉ်းစားစရာဖြစ်ပါတယ်။ ဖွဲ့စည်းပေးခဲ့တဲ့နေ့ဟာ မတ်လ (၂၄) ရက်နေ့ပါ။ ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကိုသွားတဲ့အခါ ကွန်မြူနစ်များဟာ တံခါးပိတ်ထားကြတယ်။ တွေ့ခွင့်မရခဲ့ဘူး။ အင်မတန် မောက်မာနေကြတဲ့ပုံဖော်ထားပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးခွင့်မရလို့ စိတ်မရှည်နိုင်၊ သည်းမခံနိုင်ဖြစ်ကြရတဲ့ပုံရည်ညွှန်းပြီး ကွန်မြူနစ်တွေကို ဖမ်းဆီးဖို့လုပ်တာ မှန်ကန်သယောင်ယောင်ဖော်ပြကြတာလည်းရှိပါတယ်။ ဒါ ယုတ္တိမဲ့ဆင်ခြေတခုဖြစ်နေတာတွေ့ရပါမယ်။

ကွန်မြူနစ်တွေက ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးအတွက် ကြိုးစားခဲ့စဉ်တလျှောက်လုံး ဖဆပလ–ဆိုရှယ်လစ်များက တွေ့ဆုံဆွေးနွေးရေးကို ငြင်းပယ် ပယ်ချခဲ့ကြရုံမက စားပွဲကို လက်သီးနဲ့ထုပြီးတောင် ကြိမ်းဝါးခဲ့ကြပါတယ်။ ကျိုက္ကစံကွင်းမှာကျင်းပတဲ့ ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးမှာပါ။ ၄၇ ခုနှစ် ဒီဇင်ဘာ တတိယပါတ်ထဲမှာ လွတ်လပ်ရေးကြေညာခါနီး အချိန်ကြီးမှာ ကျင်းပတဲ့ ညီလာခံကြီးမှာဖြစ်ပါတယ်။ ဖဆပလ များက ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကမ်းလှမ်းချက်ကို တဖက်သတ် ယတိပြတ်ပယ်ချခဲ့ပြီးဖြစ်ပေမယ့် ငါတို့ကား ဆက်လက်ကြိုးပမ်းအားထုတ်သွားဦးမည်သာဖြစ်ပေသည်လို့ ဖော်ပြပြီး၊ သခင်သန်းထွန်းက ဆက်လက်တွေ့ဆုံဆွေးနွေးခွင့်ကို တောင်းခံခဲ့တာ စိတ်ရှည်သည်းခံ စောင့်ဆိုင်းခဲ့တာ ပြန်လှန်ချင့်ချိန် သုံးသပ်ကြည့်ဖို့လိုပါတယ်။ ကိုယ့်အလှည့်ကျမှ စိတ်မရှည်နိုင်အောင်ဖြစ်ရတယ်ဆိုတာ သဘာဝမကျတဲ့ကိစ္စကြီးဖြစ်ပါတယ်။

တကယ်က ဦးကျော်ငြိမ်းက ကွန်မြူနစ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းတယ်ဆိုတာ တရားဝင်မဟုတ်ပဲ၊ လေသံပစ်ခဲ့တာသာဖြစ်ပါတယ်။ ဖဆပလကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးဖို့ တံခါးဖွင့်ထားပါတယ်ဆိုတဲ့ ကွန်မြူနစ်ပါတီကို တရားဝင် တိတိလင်းလင်း ကြေညာချိန်းဆိုနိုင်တဲ့ အခွင့်အရေး အပြည့်အဝရှိပြီးဖြစ်ပါတယ်။ အာဏာရအဖွဲ့အစည်းကြီးဖြစ်ပါတယ်။ ဘာမှ ကြီးကြီးမားမား အခက်အခဲမရှိနိုင်ပါ။

တခုတော့ရှိပါတယ်။ အာဏာရများပီပီ ကိုယ့်စိတ်တိုင်းကျ တွေ့ချင်တဲ့အချိန် တွေ့ချင်တဲ့နေရာမှာ တွေ့ချင်တဲ့လူကို ထင်သလိုတွေ့ဆုံနိုင်ခွင့်မရခဲ့တာမျိုးတော့ ရှိနိုင်ပါတယ်။ တဖက်ကလည်း အထင်ကရ နိုင်ငံရေးပါတီကြီးတခုဖြစ်တယ်ဆိုတာ ထည့်သွင်းစဉ်းစားရမယ်ဖြစ်ပါတယ်။ ဦးကျော်ငြိမ်း တို့ တွေ့ဆုံဆွေးနွေးချင်တယ်ပြောတဲ့အချိန်ဟာ ဖေဖော်ဝါရီလ၊ မတ်လတွေထဲမှာဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီ အနေနဲ့ အလွန်အလုပ်ရှုပ်နေတဲ့ကာလဆိုတာ ထင်ရှားပါတယ်။ သခင်သန်းထွန်းနဲ့ သခင်ဗသိန်းတင်ဟာ အိန္ဒိယပြည်ကွန်မြူနစ်ပါတီကွန်ဖရင့်ကို ဖေဖော်ဝါရီလထဲမှာ သွားတက်နေရတာရှိပါတယ်။ မတ်လထဲမှာ ပျဉ်းမနားတောင်သူလယ်သမားညီလာခံကြီး ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်နေရတာ၊ နောက်အချိန်ရောက်တော့ ညီလာခံကြီးရက်ဆက် ဆက်တိုက် ကျင်းပ တက်ရောက် ဦးစီးနေရတာ၊ မအားလပ်နိုင်အောင်ဖြစ်နေရတာ သဘာဝကျပါတယ်။ တွေ့ချင်တဲ့လူတွေဘက်က တွေ့ချင်တဲ့အချိန် တွေ့ခွင့်မရတဲ့အပေါ် စိတ်မရှည်နိုင်အောင်ဖြစ်ရတယ်ဆိုတာသာ သဘာဝမကျတဲ့ကိစ္စကြီးဖြစ်နေပါတယ်။

တွေ့ချင်တယ်လို့ပြောလာတဲ့အချိန်ကလည်း ဘယ်လိုအချိန်ပါလဲ။ တဖက်က ကရင်အမျိုးသားထုရဲ့ ကရင်ပြည်နယ်ရရှိရေး လှုပ်ရှားမှုတွေ ဒီရေအလားတက်လာတာ ကြုံတွေ့ရင်ဆိုင်နေရသလို မြေရှင်ကြီးတွေရဲ့ ဆန့်ကျင်ဆန္ဒပြမှု၊ အင်္ဂလိပ်အစိုးရရဲ့ ဖိအားပေးမှု၊ အင်္ဂလိပ်အရင်းရှင်ကြီးများရဲ့ စစ်လျော်ကြေးတောင်းဆိုမှုတွေ အခြားတဖက်က ရင်ဆိုင်လာရချိန်မှာ၊ တနည်းအားဖြင့် အကြပ်အတည်းကြုံတွေ့လာရတဲ့ အချိန်တွေမှာ ကွန်မြူနစ်ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးချင်တယ်လို့ ပြောဆိုလာတာဖြစ်ပါတယ်။ တဖက်ကနေပြောရရင် အကြပ်အတည်းတွေကနေ ယာယီထွက်ပေါက်ရရှိဖို့ တွေ့ဆုံဆွေးနွေးရေး စေ့စပ်ဆွေးနွေးရေးကို လေသံပစ်လာတာလို့လည်း ယူဆစရာရှိပါတယ်။

ကွန်မြူနစ်ကို အဓိက မီးလို့ယူဆပြီး မီးနှစ်မီးကြား အဝိုင်းမခံရရေး၊ အညပ်မခံရရေးအတွက် စေ့စပ်ဆွေးနွေးရေးကို အသံပေးပြီးယာယီငြိမ်းချမ်းရေးအတွက် ကြံစည်ဆောင်ရွက်တာလဲဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရိုးရိုးသားသား ဆောင်ရွက်ခဲ့တာမဟုတ်တာကတော့ သေချာနေပါတယ်။ အမှန်တကယ် စေ့စပ်ဆွေးနွေးလိုတာမဟုတ်တာလည်း သေချာနေပါတယ်။ ကွန်မြူနစ်တွေကို ထရော်စကီဝါဒသမားတွေလို့ ကြေညာချေမှုန်းပစ်ပြီး ကိုယ့်ကိုယ်ကို ကွန်မြူနစ်ပါတီအဖြစ် ဇွတ်အတင်းကြေညာပြစ်ဖို့ကိုတောင် မကြံအပ်မစည်ရာ စဉ်းစားဝံ့သူတွေဖြစ်ပါတယ်။ စဉ်းစားလဲ စဉ်းစားခဲ့တယ်ဆိုပါတယ်။ ကွန်မြူနစ်တွေကို လက်ဦးမှုရှိရှိ ချေမှုန်းသုတ်သင်နိုင်ရေးအတွက်ဆိုရင် ဘာမဆိုလုပ်ဖို့ စဉ်းစားဆုံးဖြတ်ထားသူတွေဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုတောင် ‘ခေရှင်ပေါက်စ’ အောင်ဆန်းဖြစ်တယ်လို့ ကွန်မြူနစ်တွေက စွပ်စွဲပြောဆိုခဲ့တာရှိပါတယ်လို့ အရအမိဆုပ်ကိုင်ပြီး ပြည်သူလူထုနဲ့ ကွန်မြူနစ်တွေကြား သပ်လျှိုသွေးခွဲရန်တိုက်ခဲ့တဲ့ ဆိုရှယ်လစ်တွေဟာ သူတို့ကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်းကို ‘ဖက်ဆစ်အောင်ဆန်း’ လို့ ခေါ်ဝေါ်သမုတ်ခဲ့တာကိုတော့ အမြဲတမ်း ထိန်ချန်ထားခဲ့ကြတယ်။ ဆိုရှယ်လစ်ပါတီက ‘ဖက်ဆစ်အောင်ဆန်း ဘယ်လဲ’ လို့ ကြေညာပြောဆိုခဲ့ဘူးပါတယ်။

နောက်ဆုံးတော့ ကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးဖို့ ရက်ချိန်းသတ်မှတ်ထားတာက ‘မတ်လ (၂၈) ရက်နေ့ ညနေ (၄) နာရီကိုနောက်ဆုံးထားပြီး တွေ့ဆုံဆွေးနွေးကြရန်လို့ ဆိုပါတယ်။

သတ်မှတ်ထားတဲ့အချိန်ထိတောင် မစောင့်နိုင်တော့ပဲ၊ မတ်လ (၂၇) ရက်နေ့ည သန်းကောင်ကျော် မှာပဲ ကွန်မြူနစ်ပါတီဌာနချုပ်ကို တက်ဝိုင်းပြီး ကွန်မြူနစ်ဖမ်းပွဲကြီးကို အစီအစဉ်ရှိရှိ ဆောင်ရွက်ခဲ့တာ ဆိုရှယ်လစ်ပါတီဖြစ်ပါတယ်။ ဖဆပလ ဆိုရှယ်အစိုးရဖြစ်ပါတယ်။ အလစ်အငိုက်အဖြစ် အစီအစဉ်အားလုံး ဘက်စုံပြင်ဆင်ပြီးမှ ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတယ်။ မတ်လ (၂၇) ရက်နေ့ကို ရွေးချယ်ခဲ့တာက ကွန်မြူနစ်ခေါင်းဆောင်တွေ ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ် တက်ရောက်လာမှာ တွက်ဆပြီး လူစုံအောင် အကုန်ဖမ်းနိုင်ရေးအတွက် တမင်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီအကြံအစည် စီမံချက်ဟာ ဦးကျော်ငြိမ်းရဲ့ ရင်ထဲ အစောကြီးကတည်းကရှိနေပြီးသားဆိုတာ ဦးနု ရဲ့ တာတေစနေသားမှာ တွေ့နိုင်ပါတယ်။

ကျန်ပြောဆိုစွပ်စွဲချက် သက်သေပြချက်တွေအားလုံးဟာ ‘ကွန်မြူနစ်တွေအားလုံးကို လက်ဦးမှုရှိရှိ ဖမ်းဆီးနှိပ်ကွပ်ပစ်ရေး’ ဆိုတဲ့ ဦးကျော်ငြိမ်းရဲ့ စီမံချက်ကို ဖုံးကွယ်ဖို့ သို့မဟုတ် ဒီလိုဖမ်းဆီးနှိပ်ကွပ်ရတာ မှန်ပါတယ်လို့ အာကာအကွယ်ပြုဖို့အတွက်ချည်းသာဖြစ်ပါတယ်။ တနည်းအားဖြင့် သမိုင်းကိုလိမ်လည်ခဲ့ကြတာချည်းဖြစ်ပါတယ်။

ဆိုရှယ်လစ်ပါတီကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ဦးကျော်ငြိမ်းကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ အုပ်စိုးသူတိုင်းဟာ ကွန်မြူနစ်ဆန့်ကျင်ရေးအလံထောင်ထားဖို့ ဦးကျော်ငြိမ်းရဲ့ ဆိုရှယ်လစ်ပါတီ ချိုးပေးထားတဲ့လမ်းကြောင်း၊ ဆွဲထားတဲ့ ကောက်ချက်များဦးအတိုင်းသာ ဖော်ထုတ်အတည်ပြုခဲ့ပါတယ်။

(၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကာလမှာ တတ်ရောက်လာတဲ့ သခင်ဗသိန်းတင်ကို ဗိုလ်နေဝင်းက “အဲဒီ့တုန်းက ဦးကျော်ငြိမ်းက ကွန်မြူနစ်ပါတီဌာနချုပ်အပေါ်ထပ်မှာ တပ်ရင်းတရင်း လူလက်နက်အပြည့်အစုံနဲ့ ပုန်ကန်ရန်အဆင့်သင့်ဖြစ်နေလို့ လက်ဦးမှုရှိရှိ တပြည်လုံးမှာ ဖမ်းဆီးရတာဖြစ်တဲ့အကြောင်း” ပြောတော့ …

“ကိုကျော်ငြိမ်းရာ အဲဒီ့အပေါင်ဆိုင် (ကွန်မြူနစ်ပါတီဌာနချုပ်ရှိရာ တိုက်ဟာ အရင်က အပေါင်ဆိုင်ဖြစ်ဘူးပါတယ်) ပေါ်မှာဘယ်နှယ့်လုပ်ပြီး တပ်ရင်းတရင်းနေလို့ရမှာလဲ” လို့ ပြန်ပြောခဲ့ရကြောင်း ဖော်ထုတ်ဝန်ခံသွားခဲ့ပါတယ်။)

အဲဒီ့အချက်အလက်တွေကို ကြည့်မယ်ဆိုရင် ကွန်မြူနစ်တွေကို ဖမ်းဆီးနှိပ်ကွပ်ဖို့ အစီအစဉ်ရှိရှိ ဦးကျော်ငြိမ်း တို့ပြင်ဆင်ခဲ့တာ ထင်ရှားပါတယ်။ အစီအစဉ်ကို မစတင်မီကရော အကောင်အထည်ဖော်ပြီး နောက်ပါ အာဘော်အမျိုးမျိုး ထုထောင်ချမှတ်ပေးခဲ့ကြပြီး ကွန်မြူနစ်များက ပြည်တွင်းစစ်ကြီးကို စတင်ခဲ့တာဖြစ်အောင် မခိုင်မာတဲ့ သက်သေပြချက်တွေကို အခိုင်အမာ သက်သေပြချက်တွေအဖြစ် တင်ပြရှင်းလင်းကြတာဖြစ်ပါတယ်။

‘ပြည်တွင်းစစ်ကိုဘယ်သူစ’ ဆိုတဲ့မေးခွန်းအတွက် အဖြေဟာ တကယ့်အဖြစ်မှန်တွေထဲမှာ ပါဝင်နေပြီးပြီဖြစ်ပါတယ်။

## ပြည်တွင်းစစ်အစ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဆက်တိုက်ပေါ်ထွက်လာခဲ့သော စစ်မီးလျှံများ

၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ကစပြီး ဗမာပြည် ပြည်တွင်းစစ်ကြီး အတိအလင်းစတင်ခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းရဲ့ တပြည်လုံးကွန်မြူနစ်ဖမ်းပွဲကြီး စတင်ခဲ့ပါတယ်။ ကွန်မြူနစ်ခေါင်းဆောင်များ လွတ်သွားရတဲ့အပေါ် မကြေနိုင် မချမ်းနိုင်ဖြစ်ရင်း "အပြစ်မဲ့ လူတရာ ဖမ်းချင်ဖမ်းရပါစေ အပြစ်ရှိသောလူ သန်းထွန်း ကွန်မြူနစ်တယောက်မလွတ်စေနဲ့" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း တောက်လျှောက်အဖမ်းအဆီးတွေများလာခဲ့ပါတယ်။ အဖမ်းတွေများပြားလာတဲ့အခါ အပြစ်မဲ့ပြည်သူလူထုနဲ့ ပြည်သူရဲဘော်ဝင်တချို့ပါ ထိခိုက်လာရပါတော့တယ်။ ဒီဖမ်းဆီးပွဲကြီးမှာ လက်နက်ကိုင်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုမရှိတဲ့အတွက် အဖမ်းအဆီးခံလိုက်ကြရတဲ့ ကွန်မြူနစ်ပါတီဝင် တဝက်ကျော်နဲ့ ကျန် မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေပါ နှစ်ရပ်ပေါင်း စုစုပေါင်း (၄၀၀၀) ကျော် အဖမ်းခံလိုက်ကြရပါတယ်။ ပုဒ်မ (၅) နဲ့ ဖမ်းစရာရှိရင် ရာဇာဝတ်အုပ်အထိ အာဏာပေးထားပြီး၊ လွတ်စရာရှိရင်တော့ ဝန်ကြီးကိုယ်တိုင် ဖိုင်တွဲစစ်ဆေးပြီးမှ လွှတ်တဲ့အဆင်အထိ ပြင်းထန်သည်းသန်ခဲ့ပါတယ်။

အာဏာရ ဖဆပလ အဖွဲ့ကြီးအတွင်းမှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုရခြင်းနဲ့ ပတ်သက်ပြီး ဂယက်ရိုက်မှုတွေ ကြီးမားလာခဲ့ပါတယ်။ ဖဆပလ အဖွဲ့ချုပ်အတွင်းကနေ ကွန်မြူနစ်ပါတီကို ဖယ်ရှားပစ်လိုက်နိုင်ပြီးတဲ့နောက် ဖဆပလ–ကွန်မြူနစ် ပဋိပက္ခ ထိပ်ဆုံးရောက်ရှိခဲ့ရာကနေ၊ ကွန်မြူနစ်ပါတီ တောတွင်းရောက်ပြီးတဲ့နောက်၊ အာဏာရ ဖဆပလ ကြီးတဖွဲ့တည်းအတွင်းမှာတင် ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် ပဋိပက္ခ ထိပ်ဆုံးရောက်ရှိလာပါတယ်။ ပြည်သူရဲ့ဘော် တော်တော်များများက တိုင်းပြည်မှာ ဒီလိုဖြစ်ရတာ ဆိုရှယ်လစ်တွေညစ်လို့ နိုင်ငံရေးကလိမ်ကျလို့ လို့ မြင်ကြ သဘောထားကြသလို ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း ကို ဦးတည်ဝေဖန်ပါတယ်။ ဦးကျော်ငြိမ်းကလည်း ပြည်သူရဲ့ဘော် အဖွဲ့ဟာ ကွန်မြူနစ်တွေကို ပြတ်ပြတ်သားသားတိုက်ခိုက်ရေးမှာ ကာဆီးကာဆီးလုပ်နေတယ်၊ ကွန်မြူနစ်ပါတီရဲ့ကိုယ်စားလှယ် သဘောဖြစ်နေတယ်၊ ဒါကြောင့် ပြည်သူရဲဘော်အဖွဲ့ကိုပါ တိုက်ခိုက်ပစ်ရမယ်လို့ သဘောထားပါတယ်။

၁၉၄၈ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှာ ပဲခူးခရိုင် ပေါက်ကုန်းကြီးကျေးရွာမှာ အစိုးရလက်အောက်ခံ တပ်မတော်နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တပ် ပထမဆုံး စတင်တိုင်ပွဲဖြစ်ပါတယ်။ ပြည်တွင်းစစ်စတင်ဖြစ်ပွားချိန်မှာ အစိုးရမှာ တပ်ရင်း (၁၀) ရင်းနဲ့ တခြားစစ်ရဲတပ်ရင်းများ၊ ရဲ (ပုလိပ်) တပ်ဖွဲ့များနဲ့ ကာကွယ်ရေးတပ်များလည်း ရှိပြီးဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဘက်မှာ ပြင်ဆင်မှုမရှိပဲ လက်နက်ကိုင်တော်လှန်ရေး ကြေညာလိုက်ရတာဖြစ်တဲ့အတွက် အရင်ကထဲကရှိပြီးဖြစ်နေတဲ့ လယ်သမားသူပုန်တပ်ဖွဲ့များ၊ တပ်နီများ ဝိုင်းရံမှုနဲ့ တပ်များစတင်ဖွဲ့စည်းရပါတယ်။ စစ်ကြီးအတွင်းကနဲ့ စစ်ပြီးစမှာ ကျေးလက်တောရွာအနှံ့ ပျံ့နှံ့ကျန်ရစ်နေတဲ့ သိုဝှက်သိမ်းဆည်းထားတဲ့ ရရာလက်နက်မျိုးစုံနဲ့ တပ်ကိုဖွဲ့စည်းကြသလို နေရာတချို့မှာ ဒါး၊ လှံ၊ ဒူးလေးများ၊ ဝါးချွန်များနဲ့ ရန်ပုံခွင်းတပ် ဖွဲ့စည်းကြတာလည်းရှိပါတယ်။ လူအင်အားအနေကတော့ ကျေးလက်တောရွာနေ လယ်သမားသမဂ္ဂဝင် အင်အား ရေသောက်မြစ်ရှိပြီးဖြစ်သလို ပူးပူးနွေးနွေး ဖက်ဆစ်တော်လှန်ရေး၊ လက်နက်ကိုင်တော်လှန်ရေး အတွေ့အကြုံ၊ ပျောက်ကျားအတွေ့အကြုံရှိပြီးသူများလည်း ပါဝင်နေတဲ့အတွက် လက်နက်ကိုင်တပ်ဖွဲ့များ ဖော်ထုတ်ရေးကို မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ခဲ့ကြပါတယ်။

ဧပြီလ (၈) ရက်နေ့မှာ နိုင်ငံတော်အစိုးရက “ သေဒဏ်ပေးနိုင်တဲ့ နိုင်ငံတော်သစ္စာဖောက်မှုဥပဒေ” ( High Treason Bill) ကို ပြဋ္ဌာန်းပါတယ်။

ဧပြီလထဲမှာဘဲ ဖဆပလ အစိုးရက “ ပြည်တွင်သောင်းကျန်းမှုများနဲ့ ခိုးသားဓါးပြများကို နှိမ်နင်းရာတွင် တပ်မတော်နဲ့ ရဲအဖွဲ့တို့အား ကူညီနိုင်ရန်” ဆိုပြီး ခရိုင်မြို့ကြီးတွေမှာ အရေးပေါ်လက်နက်ကိုင် လဲဗီးတပ်ရင်း (၁၈) ရင်းကို ဖွဲ့စည်းပြီး ပြည်ထဲရေးဌာနလက်အောက်မှာ ထားရှိပါတယ်။

ဧပြီလ (၁၀) ရက်နေ့မှာ ဗမာနိုင်ငံရဲ့ ကုလသမဂ္ဂဝင်ခွင့် လျှောက်ထားချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တညီတညွတ်ထဲ သဘောတူခဲ့ပါတယ်။

ဆိုရှယ်လစ်ပါတီအတွင်းမှာလည်း အယူအဆနှစ်မျိုးပေါ်ပေါက်လာပါတယ်။ တမျိုးက ဦးကျော်ငြိမ်းခေါင်းဆောင်တဲ့ ခေါင်းမာဂိုဏ်းဝင်များရဲ့ အယူအဆဖြစ်ပါတယ်။ ကွန်မြူနစ်များကို နလံမထူအောင် တိုက်ပစ်ရေး၊ ကွန်မြူနစ်တိုက်ခိုက်ရေးမှာ ကာဆီးကာဆီးလုပ်နေသော ပြည်သူရဲ့ဘော်များကိုပါ တိုက်ခိုက်ပစ်ရေးဖြစ်ပါတယ်။ တခြားတမျိုးက ပြည်သူရဲ့ဘော်–ဆိုရှယ်လစ် ညီညွတ်ရေးဟာ အရေးကြီးတယ်။ ပြည်သူရဲ့ဘော်များဟာ ပြည်တွင်းစစ်ကိုမလိုလား၊ ပြည်တွင်းစစ်မလိုလားတဲ့အတွက် ပြည်သူရဲ့ဘော်တွေက ဖဆပလနဲ့ ကွန်မြူနစ်အချင်းချင်း သွေးထွက်သံယို တိုက်ခိုက်နေခြင်းဟာ မသင့် ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ မြင်နေခြင်းဖြစ်တယ်၊ ဒါကြောင့် ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့ရဲဘော်တို့ကို ချေမှုန်းပစ်ရေးမလုပ်ဘဲ ညီညွတ်ရေးသာ လုပ်သင့်တယ်လို့ မြင်တဲ့အယူအဆဖြစ်တယ်။

ပြည်သူရဲဘော် တော်တော်များများကလည်း ကွန်မြူနစ်များနဲ့ ညီညွတ်ရေးလုပ်သင့်တယ်လို့ မြင်တဲ့အတွက် လက်ဝဲညီညွတ်ရေးလမ်းစဉ်တခု ရေးဆွဲချင်တယ်လို့ ဝန်ကြီးချုပ်သခင်နု ကို တောင်းဆိုကြပါတယ်။

ဧပြီလ (၁၂) ရက်နေ့မှာ သခင်နု အိမ်မှာ ဗိုလ်လကျ်၊ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဦးအုန်း နဲ့ ကွန်မြူနစ်ပါတီက ထွက်ပြီးပြီဖြစ်တဲ့ ဦးသိန်းဖေမြင့် တို့ ဆွေးနွေးညှိနှိုင်းကြပြီး လက်ဝဲညီညွတ်ရေးရအောင် လုပ်ဖို့လိုတယ်လို့ ဆုံးဖြတ်ကြပါတယ်။ ဆိုရှယ်လစ်ပါတီ အလုပ်အမှုဆောင်၊ ပြည်သူ့ရဲဘော် အလုပ်အမှုဆောင်နှစ်ဖွဲ့နဲ့ ကြားလူတွေအဖြစ် သခင်နု၊ ဗိုလ်လကျ်၊ ဦးအုန်း၊ ဦးသိန်းဖေမြင့်တို့ (၄) ဦး အစည်းအဝေးတွေလုပ်ပြီး လက်ဝဲညီညွတ်ရေးရှာဖို့ ဆုံးဖြတ်ကြပါတယ်။

ဧပြီလ (၁၉) ရက်နေ့မှာ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ (၅၈) နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တရားဝင်ဖြစ်လာပါတယ်။

ဧပြီလ (၂၀) ရက်နေ့မှာ “ ရောဝတီကုမ္ပဏီ ပြည်သူပိုင်ပြုလုပ်ရေးအက်ဥပဒေ” ကို လွှတ်တော်က ပြဋ္ဌာန်း အတည်ပြုပါတယ်။

ဧပြီလ (၂၃) ရက်နေ့မှာ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် အလုပ်အမှုဆောင် (၂) ဖွဲ့နဲ့ ကြားလူ (၄) ဦးပါဝင်တဲ့ လက်ဝဲညီညွတ်ရေးအစည်းအဝေး စတင်ပါတယ်။ ဧပြီလ၊ မေလတွေအတွင်း ဆက်လက်စည်းဝေးပြီး အခြေခံလုပ်ငန်းစဉ်များကို ရေးဆွဲကြပါတယ်။

အင်္ဂလိပ်၊ အမေရိကန်၊ ဆိုဗီယက်ယူနီယံ စတဲ့ နိုင်ငံတကာနဲ့ တန်းတူရည်တူ နိုင်ငံရေး၊ စီးပွားရေး ဆက်သွယ်မှုပြုရန်၊ အင်္ဂလိပ်အရင်းရှင်ကြီးများပိုင်တဲ့ လုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းရန်၊ မြေယာကို နိုင်ငံပိုင်သိမ်းပြီး လယ်သမားကို ဝေငှရန်၊ မြေရှင်စနစ်ဖျက်သိမ်းရန်၊ မာက့်(စ်)–လီနင်ဝါဒ ကို လေ့လာဖြန့်ဖြူးရန် စတဲ့ အချက် (၁၅) ချက်ပါဝင်ပါတယ်။

အစည်းအဝေးနောက်ဆုံးရက်မှာ လက်ဝဲညီညွတ်ရေးနဲ့ ပတ်သက်ပြီး ပြည်သူ့ရဲဘော်အဖွဲ့က ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး မူတမူတင်လာပါတယ်။ ရဲဘော်မူ မှာပါဝင်တဲ့ အဓိကအချုပ်ကတော့ ကွန်မြူနစ်ပါတီပါ ပါဝင်တဲ့ လက်ဝဲညီညွတ်ရေးကွန်ဖရင့် ပြန်လုပ်ရမယ်။ အဲဒီကွန်ဖရင့်ကမှ အားလုံးသဘောတူတဲ့ လုပ်ငန်းစဉ် ထပ်မံချရမယ်ဆိုတာဖြစ်ပါတယ်။ လက်တွေ့ အစိုးရကိုတိုက်ခိုက်နေတဲ့ ကွန်မြူနစ်တွေမပါဝင်ဘဲ လက်ဝဲညီညွတ်ရေးမအောင်မြင်နိုင်၊ ဒါကြောင့် ကွန်မြူနစ်ပါတီက ပါဝင်ဆွေးနွေးရေးဟာ အရေးကြီးတယ်လို့ ခံယူဖော်ပြထားပါတယ်။

ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်ခေါင်းဆောင်တချို့နဲ့ သခင်နု အပါအဝင် ကြားလူ (၄) ဦးက ရဲဘော်မူကို လက်မခံနိုင်ဘဲ ငြင်းပယ်ပါတယ်။ (၁၅) ချက်မူက ဥပဒေအတွင်း လက်ဝဲအင်အားစုများ ညီညွတ်စွာ လုပ်ငန်းတူ လုပ်ကိုင်ဆောင်ရွက်ရင်း တောတွင်းလက်ဝဲအင်အားစုများကို ဥပဒေဘောင်အတွင်း ဝင်လာရန်ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ ယူဆတဲ့ မူ ဖြစ်ပါတယ်၊ ရဲဘော်မူက ကွန်မြူနစ်တွေကိုယ်တိုင်ပါဝင်ဆွေးနွေးပြီး လုပ်ငန်းစဉ်အတူချမှတ် ဆောင်ရွက်နိုင်မှ ငြိမ်းချမ်းရေးရမယ်လို့ ယူဆတဲ့မူဖြစ်ပါတယ်။

ငြိမ်းချမ်းရေးမူ (၂) မူကွဲ ပြားသွားပါတယ်။ ပြည်သူ့ရဲဘော်အဖွဲ့ကြီးလည်း (၂) ပိုင်းကွဲသွားပါတယ်။ (၁၅) ချက်မူကို လက်ခံတဲ့ ဗိုလ်မှူးအောင် ဗိုလ်စိန်မှန်တို့ခေါင်းဆောင်တဲ့ ရဲဘော်ဝါ နဲ့ ရဲဘော်မူကိုဆွဲကိုင်တဲ့ ဗိုလ်ဖိုးကွန်း ဗိုလ်လရောင်တို့ခေါင်းဆောင်တဲ့ ရဲဘော်ဖြူဆိုပြီး ပြည်သူရဲ့ဘော် နှစ်ခြမ်းဖြစ်သွားပါတယ်။ (ရဲဘော်ဝါက ဦးထုပ်မှာ လက်ပတ်မှာ အဝါရောင်ကို အသုံးပြုတဲ့အတွက် ရဲဘော်ဝါလို့အမည်တွင်ပြီး၊ ရဲဘော်ဖြူက ဦးထုပ်မှာ လက်ပတ်မှာ အဖြူရောင် အသုံးပြုလို့ ရဲဘော်ဖြူ လို့ ခေါ်တွင်ပါတယ်။)

မေလ (၂၅) ရက်နေ့မှာ (၁၅) ချက်လက်ဝဲညီညွတ်ရေးမူကို သခင်နု က တရားဝင်ကြေညာပါတယ်၊ အဲဒါကြောင့် နုမူ (၁၅) ချက်လို့ နာမည်တွင်ပါတယ်။

နု မူကို လက်မခံနိုင်တဲ့ ပြည်သူ့ရဲဘော်များကလည်း သူတို့ရဲ့ ရဲဘော်မူ ကို တရားဝင်ကြေညာပါတယ်။ သတင်းစာဆရာများအသင်းတိုက်မှာ ပြည်သူ့ရဲဘော်များက ပြည်တွင်းစစ်ရပ်ဆဲရေးနဲ့ လက်ဝဲညီညွတ်ရေးကိစ္စကို ရှင်းလင်းပြောကြားကြပါတယ်။

ဇွန်လ (၁) ရက်နေ့မှာ အစိုးရက ရောဝတီဖလိုတီလာ ကုမ္ပဏီကို နိုင်ငံပိုင်သိမ်းလိုက်ပါတယ်။

ရောဝတီဖလိုတီလာကုမ္ပဏီဟာ ဗမာပြည်ကျွန်ပြုခံရချိန်ကစပြီး ရေကြောင်းသွားလာပို့ဆောင်မှုကို လက်ဝါးကြီးအုပ်ပြီး အမြတ်ထုတ်လာခဲ့တဲ ကုမ္ပဏီဖြစ်ပါတယ်။ ကုမ္ပဏီကို နိုင်ငံပိုင်သိမ်းလိုက်နိုင်တယ်ဆိုပေမယ့် နု–အယ်တလီ စာချုပ်အရ ပေးလိုက်ရတဲ့လျော်ကြေးက ပေးသင့်ပေးထိုက်တာထက်တောင် ပိုခဲ့တယ်လို့ဆိုပါတယ်။ ဘုံဘေဘာမား ရောင်းဝယ်ရေးကုမ္ပဏီ၊ ဖူးကားကုမ္ပဏီ၊ မက္ကာရီကာကုမ္ပဏီနဲ့ တခြားကုမ္ပဏီတချို့ကိုလည်း ရှေ့ဆင့်နောက်ဆင့် နိုင်ငံပိုင်သိမ်းတာလုပ်ခဲ့ပါတယ်။ လျော်ကြေးတွေလည်း နင့်ကနဲနေအောင်ပေးခဲ့ရပါတယ်။

အာဏာရ ဖဆပလ ကြီးအတွင်းမှာ အာဏာရ ခေါင်းဆောင်ကြီးများဟာ သူတို့ကြေညာပြောဆိုခဲ့ကြတဲ့ လွတ်လပ်ရေးနေ့ကြေညာချက်သဘောထားများနဲ့အညီ တိုင်းပြည်ကို ဆိုရှယ်လစ်လမ်းကြောင်းအတိုင်းသွားဖို့ လိုအပ်တဲ့ အခြေအနေ အပြင်အဆင်တွေကို ပုံဖော်ဖန်တီးကြရင်း၊ လက်ဝဲညီညွတ်ရေးဆိုတာတွေကို အော်ကြရင်းနဲ့ တဖက်ကလည်း ပဋိပက္ခတွေ တိုးသထက်တိုးလာနေပါတယ်။ ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် ပဋိပက္ခဟာ ပေါက်ကွဲထွက်ပေါ်လုနီးနီး ဖြစ်လာပါတယ်။ ရဲဘော်ဖြူများရဲ့ ဦးကျော်ငြိမ်းအပေါ် မယုံကြည်နိုင်မှုဟာ ပြင်းထန်လာပါတယ်။ ပြည်ထဲရေးဝန်ကြီး အာဏာကိုဆုပ်ကိုင်ပြီး ထင်သလိုဖမ်း

ဆီးတတ်မှုတွေအပေါ် လက်တွေ့သာဓကတွေအရ မယုံသင်္ကာစိတ်ကြီးခဲ့ပါတယ်၊ ပြည်တွင်းငြိမ်းချမ်းရေး အတွက် လက်ဝဲညီညွတ်ရေးမှာလည်း နမူနဲ့ ရဲဘော်မူဟာ အပြိုင်အဆိုင်ဖြစ်လာကြပါတယ်။ ဆိုရှယ်လစ်များဟာ နမူ ကိုသာလက်ခံပြီး ရဲဘော်မူဟာ ကွန်မြူနစ်လိုလားသူတွေရဲ့ မူ၊ ကွန်မြူနစ်တွေကိုလက်ကမ်းပြီး ကွန်မြူနစ်ကိုယ်စားလှယ်လုပ်နေကြတယ်လို့တောင် သဘောထားပါတယ်။ ဦးကျော်ငြိမ်းက ကွန်မြူနစ်တွေကို အပြတ်ဖြိုရေးသာ အမြဲဦးထိပ်ထားပြီး ကွန်မြူနစ်ဆန့်ကျင်ရေးအလံကို အမြင့်ဆုံး လွှင့်ထူထားခဲ့ပါတယ်။ ဦးကျော်ငြိမ်း က ခု ကွန်မြူနစ်ပါတီ မပါရလို့ ဒီ (၁၅) ချက်လုပ်ငန်းစဉ် လက်မခံဘူးဆိုတာကောင်းပါတယ်လေ၊ သူတို့ပါ (၁၅) ချက်လက်ခံပြီး ညီညီညွတ်ညွတ်လုပ်ရင် တိုင်းပြည် ကွန်မြူနစ်ဖြစ်သွားမယ်။ ခုတော့ ကောင်းတာပေ့ါ၊ ငါကြိုက်တယ် ဟဲ ဟဲ – လို့ ဦးသိန်းဖေမြင် ကိုပြောခဲ့တာကို ထောက်ရှုရင် ဦးကျော်ငြိမ်းရဲ့ သဘောထားဟာ ထင်ရှားနေပါတယ်။

ဇွန်လ (၁၃)ရက်နေ့မှာ ဝန်ကြီးချုပ်သခင်နု က ဘီအေအေ ကွင်းမှာ လက်ဝဲညီညွတ်ရေးအကြောင်း ပြည်သူလူထုကြီးအား ရှင်းလင်းတင်ပြမှုလုပ်သလို၊ ဇွန်လ (၂၀) ရက်နေ့မှာ ပြည်သူ့ရဲဘော်ကလည်း ပြည်တွင်းစစ် ရပ်စဲရေးနဲ့ လက်ဝဲညီညွတ်ရေးမူ ကိစ္စ ရှင်းပွဲ မန္တလေးမှာ ကျင်းပပါတယ်။

နု–မူ နဲ့ ရဲဘော်မူ ကွဲပြားခြားနားပြီး အပြိုင်အဆိုင်ဖြစ်နေကြချိန်မှာ ကရင်အမျိုးသားတို့ရဲ့ ကရင်ပြည်နယ်ရရှိရေးလှုပ်ရှားမှုဟာလည်း ပိုမိုမြင့်တက်လာနေပါတယ်။ ကရင်အမျိုးသားထုနဲ့ ကရင်ပြည်နယ်ရရှိရေးလှုပ်ရှားမှုဟာ လွပ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့ပြီး စတင်နေတာ ကြာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက အံ့သြတုန်လှုပ်သွားခဲ့ရတဲ့ ဖဆပလ အစိုးရဟာ ကရင်ပြည်နယ်ဖွဲ့စည်းပေးဖို့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၁၈၉) နဲ့ ပုဒ်မ (၂၀၀) အရ ကော်သူလေးနယ်နမိတ်သတ်မှတ်ရေးကော်မတီတခုကို ဧပြီလ (၆) ရက်နေ့မှာ ဖွဲ့စည်းပေးပြီး ယာယီချွေးသိပ်ထားလိုက်ပါတယ်။ ကွန်မြူနစ်များကိုသာ အဓိကထားပြီး ဦးအောင်ရှင်းပစ်ဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်။ တဝက်တပျက်သာ ဖမ်းဆီးထောင်သွင်းလိုက်နိုင်ပြီး ပြည်တွင်းစစ်ကြီးစခဲ့ရပါတယ်။ ကွန်မြူနစ်များကို တောတွင်းမောင်းထုတ်ပြီးချိန်မှာ ကရင်အမျိုးသားပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးဟာ အရေးတကြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်လာပါတယ်။ ကရင်အမျိုးသားကိစ္စနဲ့အတူ အပြိုင်ရှေ့တန်းရောက်လာတဲ့ကိစ္စက ရဲဘော်ဖြူ ကိစ္စဖြစ်ပါတယ်။ ရဲဘော်ဖြူ ကိစ္စဟာ ဖဆပလ အဖွဲ့ကြီးအတွင်းက ကိစ္စဖြစ်ပြီး၊ ကရင် ကိစ္စက အမျိုးသားရေးကိစ္စဖြစ်နေပါတယ်။ ကရင်အမျိုးသားများဟာ ပြည်တွင်းစစ်အလိုမရှိလို့ တရားဝင်ကြွေးကြော်ထားကြပြီးသားလည်းဖြစ်ပါတယ်။

ဇွန်လ (၂၂) ရက်နေ့မှာ ကရင်–ဗမာ ချစ်ကြည်ရေးတရားဟောဖို့ ဝန်ကြီးချုပ်သခင်နု၊ ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဦးဝမ်းသူမောင် တို့နဲ့အတူ စောဘဦးကြီး၊ စောသာဒင်၊ မန်းဂိုန်းထွန်းအောင် တို့ မြစ်ဝကျွန်းပေါ်ခရီးထွက်ကြပါတယ်။

အစိုးရတပ်နဲ့ တောခိုလက်နက်ကိုင်အင်အားစုတွေရဲ့ တိုက်ပွဲတွေဟာလည်း ကြိုးကြားကြိုးကြား အဆင့်ကနေ အထင်ကရ တိုက်ပွဲကြီးတွေအဆင့် ရောက်ရှိလာပါတယ်၊ ရွာသိမ်း၊ မြို့သိမ်းတိုက်ပွဲတွေအထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ ပဲခူးခရိုင် ရစ်ကန်ကြီးရွာတိုက်ပွဲ၊ မြစ်ကျိုးတိုက်ပွဲ ၊ ဖေယျာဝတီ သင်္ကြားစက်အစီးခံရမှု၊ မေမြို့ BEME တပ် အစီးခံရမှု၊ ဝေါမြို့အစီးခံရမှုနဲ့ ဥက္ကံ ခတ်ချောင်းတောင်ရိုးတိုက်ပွဲ စတာတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဥက္ကံ ခတ်ချောင်းတောင်ရိုးစခန်းတိုက်ပွဲမှာ အစိုးရဘက်က ဗမာ့လေတပ်မတော်လေယာဉ် (၃) စီးကိုပါ စတင်သုံးစွဲ တိုက်ခိုက်ခဲ့ပါတယ်။

ဇွန်လ (၂၆) ရက်မှာ ဖဆပလ ထဲရှိ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး ဦးစီးညီလာခံ ကျင်းပပါတယ်။ အဲဒီညီလာခံမှာလည်း ဗမာပြည်ရဲ့ လက်ရှိနိုင်ငံရေးအခြေအနေကို ဆွေးနွေးသုံးသပ်ကြပါတယ်။

လက်ထောက်ပုလိပ်မင်းကြီး ဦးဘအေး (၁) ရဲ့ စစ်သားနဲ့ ပုလိပ် ယူနီဖောင်းမျိုးဝတ်ဆင်သူများအား ပုဒ်မ (၆) နဲ့ ဖမ်းဆီးစေဆိုတဲ့ အမိန့်ဟာလည်း တရားဝင်ထွက်ပေါ်လာခဲ့ပါတယ်။ ဇွန်လ (၃၀) ရက်မှာတော့ နိုင်ငံတော်အစိုးရရဲ့ နှစ်လအတွင်း အလင်းဝင်းတဲ့ သူပုန်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုတဲ့ ကြေညာ ချက်ထွက်ပေါ်လာပါတယ်။ အများက မျှော်လင့်နေကြတဲ့ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရေး ခြေလှမ်းမဟုတ်ဘဲ လက်နက်ချရေးဖြစ်နေပါတယ်။

အစိုးရဟာ အပြုတ်တိုက်ရေး၊ သူပုန်များလက်နက်ချရေးကို အပေါ် စီးကနေ ကြွေးကြော်နေပေမယ့် အာဏာရ ဖဆပလ အဖွဲ့ကြီးအတွင်းမှာလည်း မညီညွတ်၊ ဖဆပလ တွင်းက အရေးကြီးအဖွဲ့အစည်းကြီး နှစ်ခုဖြစ်တဲ့ ဆိုရှယ်လစ်ပါတီနဲ့ ပြည်သူရဲဘော်အတွင်းမှာလည်း တခုချင်းအလိုက် မညီညွတ်နိုင်ဖြစ်နေကြ ပါတယ်။ ဖဆပလ အဖွဲ့ကြီးတခုလုံးအတွင်းက မညီညွတ်မှုကို ရှေးရိုးစွဲ လကျာ်သမားကြီးများနဲ့ လက်ဝဲ သမားအဖြစ် ကြွေးကြော်နေကြသူများရဲ့ ပဋိပက္ခ၊ ဆိုရှယ်လစ်ပါတီနဲ့ ပြည်သူ့ရဲဘော်တို့ရဲ့ ပဋိပက္ခတွေမှာ တွေ့မြင်နိုင်ပါတယ်။

တခုချင်းအလိုက် မညီညွတ်နိုင်မှုမှာ ဆိုရှယ်လစ်ပါတီကိုပဲ ကြည့်ကြည့်၊ ပြည်သူရဲဘော်ကိုပဲ ကြည့် ကြည့် ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါတယ်။ ပြည်သူရဲဘော်မှာ ရဲဘော်ဖြူ နဲ့ ရဲဘော်ဝါ အဖြစ် နှစ်ခြမ်းဖြစ် လာပါတယ်။ ဆိုရှယ်လစ်ပါတီမှာလည်း ကွန်မြူး(န်) အုပ်စုနဲ့ ယူနီယံအုပ်စု နှစ်ပိုင်းကွဲလာပါတယ်။ ကွန်မြူး(န်) အုပ်က ဆိုရှယ်လစ်ပါတီအတွင်းမှာ ဘုံရိပ်သာဖွင့်ပြီး ပါတီကေဒါသင်တန်းပေးတဲ့ အုပ်စုဖြစ်ပြီး ဦးကိုကိုကြီးက ခေါင်းဆောင်ပါတယ်၊ ဦးကိုကိုကြီး ဟာ ဆိုရှယ်လစ်ပါတီရဲ့ ဥက္ကဋ္ဌ လည်းဖြစ်ပါတယ်။ ယူနီယံ အုပ်စုက တက္ကသိုလ်မှာ တကသဝင် သမဂ္ဂဝင်ဖြစ်ခဲ့ဖူးသူတွေရဲ့အုပ်စုဖြစ်ပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့က ခေါင်း ဆောင်ကြပါတယ်။ ကွန်းမြူး(န်)အုပ်က ယူနီယံအုပ်ကို ပါတီတွင်း တီးတိုးအပုပ်ချပွဲတွေလုပ်သလို၊ ယူနီယံ အုပ်ကလည်း ကွန်းမြူး(န်)အုပ်ကို ဖယ်ရှားပစ်ဖို့ လုပ်တယ်ဆိုပါတယ်။ လက်ဦးမှုရှိရှိလုပ်တတ်တဲ့ ဦးကျော်ငြိမ်း ဟာ ဝန်ကြီးချုပ်သခင်နု နဲ့ တိုင်ပင်ပြီး ဦးကိုကိုကြီး ကို ဖယ်ရှားပစ်လိုက်နိုင်ပါတယ်။

ဇူလိုင်လ (၁) ရက်နေ့မှာ ဦးကိုကိုကြီး ပါတီဥက္ကဋ္ဌအဖြစ်ကရော၊ ကူးသန်းရောင်းဝယ်ရေး သယ်ယူပို့ ဆောင်ရေးဝန်ကြီးအဖြစ်ကပါ နုတ်ထွက်လိုက်ရပါတယ်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလတုန်းက ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အမိန့်အရ ကုန်သည်ပေါင်း (၁၃၀) ကို ဒဏ်ငွေ (၁၈) သိန်းပေးဆောင်ဖို့ သတ် မှတ်ခဲ့ရာ၊ ဝန်ကြီး ဦးကိုကိုကြီး က (၁၇) သိန်းကျော်လျှော့ပေးပြီး (၆) သောင်းလောက်ပဲ ဒဏ်တပ်ခဲ့တဲ ကိစ္စ ဖော်ထုတ်ပြီး အထွက်ခိုင်းခဲတာဖြစ်ပါတယ်။ ဦးကိုကိုကြီး ဟာ သိန်း (၄၀) ကိုကိုကြီးလို့ အမည်တွင်ပြီး နိုင်ငံရေးလောကကပါ ထွက်ခွာလိုက်ရပါတယ်။

ဇူလိုင်လ (၈) ရက်နေ့မှာ ဆိုရှယ်လစ်ပါတီ အလုပ်အမှုဆောင်အစည်းအဝေးကျင်းပပါတယ်၊ ပြည်သူလူထုအကြား နံမည်ပျက်နေပြီဖြစ်တဲ့ ဆိုရှယ်လစ်ပါတီကို နာမည်ပြောင်းသင့် မပြောင်းသင့် ဆွေးနွေး ရတဲ့အခြေအနေအထိ ဖြစ်ပေါ်လာပါတယ်။ နာမည်တော့မပြောင်းတော့ဘဲ ပါတီရဲ့လမ်းစဉ်ကိုပဲ ဆွေးနွေး ညှိနှိုင်း ဆုံးဖြတ်ခဲ့ကြတယ်ဆိုပါတယ်။

ဇူလိုင်လ (၁၀) ရက်နေမှာ ဖဆပလ အဖွဲ့ချုပ်နဲ့ သဘောထားကွဲလွဲသလို နုမူ နဲ့လည်း ဆန့်ကျင် ခြားနားကြတဲ့ ရဲဘော်ဖြူများ ဖဆပလ အဖွဲ့ချုပ်က နုတ်ထွက်ကြသလို၊ အစိုးရအဖွဲ့ဝင်အဖြစ်ကလည်း နုတ်ထွက်ကြဖို့ ပြင်ပါတယ်။ ( ၁၆ ရက်နေ့မှာ အစိုးရအဖွဲ့က တရားဝင်နုတ်ထွက်ပါတယ်)။ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန် ခေါင်းဆောင်တဲ့ ရဲဘော်ဝါတွေဘဲ အစိုးရနဲ့အတူ ကျန်ခဲ့ပါတော့တယ်။

အဲဒီ ဇူလိုင် (၁၀) ရက်နေ့မှာဘဲ နိုင်ငံရေးခြားရေးဝန်ကြီး ဦးတင်ထွတ်ကလည်း ဝန်ကြီးချုပ်သခင်နုနဲ့အတူ ဇူလိုင် (၂၀) ရက်ကစပြီး ရာထူးမှ နုတ်ထွက်မယ်ဖြစ်ကြောင်း ပြောဆိုလာပါတယ်။ ဝန်ကြီးချုပ်သခင်နုကလည်း ဇူလိုင် (၂၀) ရက်နေ့မှာ နုတ်ထွက်ဖို့ ပြင်ဆင်သလို၊ ဗိုလ်လကျ်ာ ကလည်း ဒုတိယ ဝန်ကြီးချုပ်အဖြစ်ကရော ကာကွယ်ရေးဝန်ကြီးအဖြစ်ကပါ နုတ်ထွက်ဖို့စီစဉ်ပါတယ်။

အမျိုးသားသွေးစည်းညီညွတ်မှုတွေ ဆက်တိုက်ပြိုကွဲလာသလို နိုင်ငံရေးလှုပ်ရှားမှုတွေ တစထက်တစ အရှိန်ပြင်းထန်လာတဲ့အတွက် ဖဆပလ အစိုးရကိုယ်တိုင်လည်း မတည်မငြိမ်ဖြစ်လာရတဲ့ သဘောဖြစ်ပါတယ်။

ဇူလိုင်လ (၁၃) ရက်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နု က အောင်ဆန်းအားကစားကွင်းကြီးမှာ လူထုအစည်းအဝေးပွဲကြီးကျင်းပပြီး (၁၅ ချက်လုပ်ငန်းစဉ်) လက်ဝဲညီညွတ်ရေးမှုကို အမျိုးသားလုပ်ငန်းစဉ်အဖြစ် ကြေညာလိုက်ပါတယ်။ အဲဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဖို့ ဆိုရှယ်လစ်၊ ပြည်သူရဲ့ဘော်နဲ့ ကွန်မြူနစ်များ ညီညွတ်ရေးလုပ်ရမယ်လို့ဆိုကာ လက်ဝဲညီညွတ်ရေးကို ဖိတ်ခေါ်လိုက်ပါတယ်။ အစကမှာ အပြိုင်ဖြစ်ပြီး ကွဲလွဲနေတဲ ရဲဘော်မှုကို လုံးဝဖယ်ချပစ်လိုက်တဲ့ သဘောဖြစ်ပါတယ်။

သခင်နုရဲ့ နုမူ (၁၅) ချက် လက်ဝဲညီညွတ်ရေးမူဟာ လန်ဒန်၊ ဝါရှင်တန်နဲ့ အနောက်နိုင်ငံတချို့မှာ ဂယက်ရိုက်သွားခဲ့ပါတယ်။ အနောက်တိုင်းသတင်းစာတချို့က ဗမာပြည် နီသွားပြီလို့ ရေးကြသားကြသလို လန်ဒန် တိုင်းသတင်းစာက စစ်သွေးကြွကွန်မြူနစ်များနဲ့ စေ့စပ်၍မဖြစ်နိုင်လို့ ရေးသားပါတယ်။ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဘီဗင် က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာသောအခြေအနေကြောင့် မြန်မာနိုင်ငံအပေါ် ဗြိတိသျှတို့၏သဘောထား လမ်းစဉ်ပြောင်းလဲရလိမ့်မည်လို့ ဗြိတိသျှပါလီမန်မှာ ပြောကြားလာသလို၊ လန်ဒန်ရှိ မြန်မာသံအမတ်ကြီးကို ချက်ချင်းဆင့်ခေါ်ပြီး အဲဒီလက်ဝဲညီညွတ်ရေးလမ်းစဉ်အကြောင်း ရှင်းပြခိုင်းပါတယ်။ ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ် ခေါင်းဆောင်တဲ့ မြန်မာနိုင်ငံ တောင်ပေါ်သားများ လွတ်မြောက်ရေးကော်မတီကလည်း အရေးကြီးပြီဖြစ်တဲအတွက် လွတ်မြောက်ရေးတိုက်ပွဲအတွက် အသင့်ရှိနေရန် ကြေညာပါတယ်။ ဗြိတိသျှတို့က မြန်မာပြည် လက်ဝဲညီညွတ်ရေးဖြစ်မှာ တော်တော်စိုးရိမ်ခဲ့ကြပါတယ်။ လေသံလေးလောက်တောင် နားခံနိုင်စွမ်းမရှိကြောင်း ပြသခဲ့ကြပါတယ်။ ဝန်ကြီးချုပ်သခင်နု ကိုယ်တိုင်ကလည်း ဗြိတိသျှအထင်လွဲမှာ စိုးရိမ်တဲ့အတွက် သူတို့လက်ဝဲညီညွတ်ရေးမူဟာ ဘယ်လိုလက်ဝဲညီညွတ်ရေးမူလည်းဆိုတာ ပတ်ပတ်နပ်နပ် ရှင်းလင်းပြဖို့ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ် ကို အင်္ဂလန်လွှတ်ပြီး ရှင်းလင်းပြောပြစေပါတယ်။ မာ့က်(စ်) ဝါဒ ဖြန့်ဖြူးမယ်ဆိုတဲ့ အချက်တချက်ဖြုတ်ပြီး နုမူ (၁၄) ချက်အဖြစ် ရှင်းလင်းခဲ့ရပါတယ်။ မူလ နုမူ (၁၅) ချက်ကနေ နောင်မှာ နုမူ (၁၄) ချက်အဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

တပ်မတော်အတွင်းမှာလည်း လက်ဝဲညီညွတ်ရေးကိစ္စဟာ အရေးကြီးခေါင်းစဉ်တခု ဖြစ်လာခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားတဲ့နောက်ပိုင်း တိုက်ခိုက်ရမယ့် တိုက်ပွဲများမှာ တပ်ဖွဲ့တချို့ကို စေလွှတ်တာဝန်ပေးဖို့ အခက်အခဲရှိလာတယ်လို့ဆိုပါတယ်။ ဘာလို့လဲဆိုတော့ တချို့တပ်ခွဲမှူးများဟာ ကွန်မြူနစ်နွယ်ဝင်တွေဖြစ်နေလို့ဆိုပါတယ်၊ ဒါကြောင့် တခြားတပ်ဖွဲ့တွေနဲ ပြောင်းပြီး တာဝန်ပေးရတာ၊ လူမျိုးစုတပ်ဖွဲ့တွေနဲ့ရွေးပြီး စေလွှတ်ရတာတွေရှိလာတယ်လို့ ဆိုပါတယ်၊ အဲဒီလို တာဝန်ပေးခံရတဲတပ်တွေက ကျေးရွာတချို့ကို ပြန်လည်သိမ်းပိုက်ရာမှာ ရွာသားနဲ့ သူပုန် မခွဲခြားဘဲ ပစ်ခတ်တိုက်တာ မြေလှန်စနစ်နဲ့ ရွာကိုမီးရှို့တာမျိုးတွေ ဖြစ်ပေါ်လာပြီး၊ ဗမာသေနတ်ကိုင်တပ်ရင်းများက မကြေမနပ်ဖြစ်ကြ၊ ပြောဆိုလာကြတာတွေရှိတယ်လို့ ဆိုပါတယ်။ အဲဒီလို ဝေဖန်ပြောဆိုမှုတွေထွက်လာလို့ ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျ်ာက ဗိုလ်နေဝင်း အပါအဝင် ဗမာအရာရှိကြီးများကို အစည်းအဝေးခေါ်ယူပြောဆိုတဲ့အခါ ဗိုလ်နေဝင်းအပါ

အဝင် ဗမာအရာရှိကြီးများက ပြန်လှန်ဝေဖန်ပြောဆိုကြတယ်ဆိုပါတယ်။ မခံမရပ်နိုင်ဖြစ်လာတဲ့ ဗိုလ်လကျ်ာက အဲဒီအရာရှိကြီးများ လက်ဝဲညီညွတ်ရေးလုပ်ဆောင်ကြဖို့ စိန်ခေါ်ခဲ့တဲ့ အတွက် ဗိုလ်နေဝင်းတို့တတွေက ဝန်ကြီးချုပ်ကိုခွင့်တောင်းပြီး လက်ဝဲညီညွတ်ရေးအတွက် တပ်မတော် လက်ဝဲညီညွတ်ရေး (၉) ဦးကော်မတီ ဖော်ဆောင်ခဲ့ကြတယ်လို့ဆိုပါတယ်။ အဲဒီ တပ်မတော်လက်ဝဲညီညွတ်ရေး (၉) ဦးကော်မတီမှာ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွတ်၊ ဗိုလ်တင်ဦး၊ ဗိုလ်တင်မောင်၊ ဗိုလ်ချစ်မြိုင်၊ ဗိုလ်ထွန်းစိန်၊ ဗိုလ်ဗစိန် စတဲ့ သူတွေပါဝင်ခဲ့ကြပါတယ်။

ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျ်ာနဲ့ ဗိုလ်နေဝင်းဟာ တဦးနဲ့တဦး အမြင်မကြည်ကြဘူးလို့လည်း ဆိုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက သူတပ်ကထွက်ချိန်မှာ တပ်ကိုဦးစီးဖို့ ဗိုလ်လကျ်ာကို နောက်ဆုံးရွေးချယ်တာဝန်ပေးခဲ့ပြီးကတည်းက ဗိုလ်နေဝင်းဟာ ဗိုလ်လကျ်ာအပေါ် ပြိုင်ဘက်လိုသဘောထားပြီး မနာလိုစိတ်ဝင်ခဲ့တာလို့လည်းဆိုကြပါတယ်။ ဒါကြောင့် အဲဒီတုန်းကလည်း ဗိုလ်လကျ်ာရဲ့ အမိန့်ပေးမှုတချို့ကို ဗိုလ်နေဝင်းဟာ မနာခံဘဲ သူလုပ်ချင်သလို လုပ်ခဲ့တာတွေရှိခဲ့တယ်လို့ဆိုပါတယ်။ အဲဒီ ပုဂ္ဂိုလ်ရေးကွာဟမှုဟာ တိုင်းပြည်လွတ်လပ်ရေးကြေညာပြီးချိန် အရေးကြီးကာလတလျှောက် ဆက်လက်ဖြစ်ပေါ်နေခဲ့ပါတယ်။ တပ်မတော်လက်ဝဲညီညွတ်ရေး (၉) ဦးကော်မတီက ဗိုလ်လကျ်ာ ကို ကာကွယ်ရေးဝန်ကြီးက နုတ်ထွက်ပေးရေးတောင်းဆိုဖို့ ဆုံးဖြတ်ထားတယ်လို့ဆိုပါတယ်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျ်ာ ရာထူးကနုတ်ထွက်ဖို့ ဆုံးဖြတ်ပြင်ဆင်ရတဲ့ အကြောင်းရင်းတွေထဲမှာ တပ်မတော်လက်ဝဲညီညွတ်ရေးကော်မတီက သူ့ကိုမလိုလားဘူးဆိုတာကလည်း အကြောင်းတခုဖြစ်ခဲ့ပါတယ်။

ဇူလိုင် (၁၅) ရက်နေ့ နေ့လည် (၂) နာရီမှာ ဝန်ကြီးချုပ်သခင်နု နဲ့ ဝန်ကြီးအဖွဲ့ နုတ်ထွက်ပြီး အဲဒီည (၇) နာရီကျော်မှာဘဲ ပြန်လည်ဖွဲ့စည်း ကျမ်းသစ္စာကျိန်ဆိုကြပြန်ပါတယ်။

ဆိုရှယ်လစ်–ရဲဘော်ဖြူ ပဋိပက္ခကြောင့်ရော၊ နု–မူ ရဲဘော်မူ ကွဲပြားမှုကြောင့်ရော၊ ပြည်ထဲရေးကို အပြတ်ကိုင်ထားတဲ့ ဆိုရှယ်လစ်တွေက ရဲဘော်ဖြူတွေရဲ့ လက်နက်တွေကို သိမ်းလိမ့်မယ်ဆိုတဲ့ ထွက်ပေါ်လာတဲ့ အသံတွေကြောင့်ပါ ရဲဘော်ဖြူတချို့ ဇူလိုင် (၁၆) ရက်နေ့မှာ တောခိုကြပါတယ်။

ဇူလိုင် (၁၆) ရက်နေ့မှာပဲ လက်ဝဲညီညွတ်ရေးကောင်စီ ဖွဲ့စည်းပေါ်ပေါက်လာပါတယ်။ အဖွဲ့ဝင် (၂၁) ဦးရှိပါတယ်။

| | | |
|---|---|---|
| ၁။ ဗိုလ်နေဝင်း | ဥက္ကဋ္ဌ | တပ်မတော် |
| ၂။ ဗိုလ်ဗစိန် | အဖွဲ့ဝင် | ။ |
| ၃။ ဗိုလ်စောထွန်းစိန် | ။ | ။ |
| ၄။ ဗိုလ်ရဲထွင့် | ။ | ။ |
| ၅။ ဗိုလ်ဇေယျ | ။ | ။ |
| ၆။ ဗိုလ်မှူးအောင် | ။ | ပြည်သူ့ရဲဘော် |
| ၇။ ဗိုလ်စိန်မှန် | ။ | ။ |
| ၈။ ဗိုလ်လရောင် | ။ | ။ |
| ၉။ ဗိုလ်မင်းခေါင် | ။ | ။ |
| ၁၀။ ဗိုလ်ညွန့်မောင် | ။ | ။ |
| ၁၁။ ဗိုလ်အောင်ညွန့် | ။ | ။ |

| | | |
|---|---|---|
| ၁၂။ ဗိုလ်ဘုန်းအောင် | ။ | ။ |
| ၁၃။ ဦးလှမောင် | ။ | ဆိုရှယ်လစ်ပါတီ |
| ၁၄။ ဦးဗဆွေ | ။ | ။ |
| ၁၅။ ဦးကျော်ငြိမ်း | ။ | ။ |
| ၁၆။ သခင်တင် | ။ | ။ |
| ၁၇။ ဗိုလ်အောင်ကြီး | ။ | ။ |
| ၁၈။ ဗိုလ်သိန်းတန် | ။ | ကွန်မြူနစ်ပါတီ |
| ၁၉။ ဗိုလ်အောင်မင်း | ။ | ။ |
| ၂၀။ ဗိုလ်ရန်အောင် | ။ | ။ |
| ၂၁။ ဦးသိန်းဖေမြင့် | အတွင်းရေးမှူး | – တို့ဖြစ်ပါတယ်။ |

ဒီနေရာမှာ ရှင်းလင်းစရာရှိပါတယ်။ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ ဗိုလ်နေဝင်းပါ တပ်မတော်အရာရှိကြီး (၅) ဦးဟာ တပ်မတော်လက်ဝဲညီညွတ်ရေးကော်မတီဝင် (၉) ဦးထဲကဖြစ်ပါတယ် တပ်မတော်လက်ဝဲညီညွတ်ရေး (၉) ဦးကော်မတီကို ကိုယ်စားပြုထားတဲ့သဘောဖြစ်ပါတယ်။

ကွန်မြူနစ်လို့ခေါင်းစဉ်တပ်ပေးထားတဲ့ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း၊ ဗိုလ်ရန်အောင် တို့(၃)ဦးဟာလည်း ဗမာပြည်ကွန်မြူနစ်ပါတီကို တရားဝင်ကိုယ်စားပြုထားသူတွေမဟုတ်ပါ။ ( ဗိုလ်သိန်းတန် ဟာ မတ်လ (၂၈) ရက်နေ့ လက်နက်ကိုင်တော်လှန်ရေး မလွဲမရှောင်သာ ပေါ်ပေါက်လာတဲ့အခါ လိုက်သွားခွင့်ရခဲ့ပါလျက် လိုက်မသွားခဲ့သူဖြစ်ပါတယ်။) ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်းက မတ်လ (၂၈)ရက်ကစပြီး တပြည်လုံး သိမ်းကျုံးပြီး ကွန်မြူနစ်ဖမ်းပွဲကြီး ဆင်နွှဲတဲ့အခါ အဖမ်းခံရသူ (၃) ဦးဖြစ်ပါတယ်။ လက်ဝဲညီညွတ်ရေးကောင်စီဖွဲ့စည်းစမှာ ထောင်ထဲကနေထုတ်ပြီး ဆွေးနွေးစေတာဖြစ်ပါတယ်။ ဇူလိုင်လ(၁၈)ရက်နေ့မှာ လက်ဝဲညီညွတ်ရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အရ ဦးကျော်ငြိမ်းက ထောင်ကလွှတ်ပေးခဲ့ပြီး လက်ဝဲညီညွတ်ရေးကောင်စီမှာ ပါဝင်စေခဲ့တာဖြစ်ပါတယ်။

အဲဒီလို ဗိုလ်နေဝင်းဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တဲ့ လက်ဝဲညီညွတ်ရေးကောင်စီ ဖွဲ့စည်းပေါ်ပေါက်လာချိန်မှာ တိုင်းပြည်မှာဖြစ်ပျက်နေတဲ့အနေအထားက ဗမာပြည်ကွန်မြူနစ်ပါတီဟာ မတ်လ (၂၈) ရက်နေ့ကတည်းက တောခိုနေရပြီးဖြစ်သလို၊ ရဲဘော်ဖြူများလည်း လက်နက်သိမ်းခံရ၊ အဖမ်းအဆီးခံရမှာစိုးလို့တစိတ်တပိုင်း တောခိုနေကြပြီးဖြစ်ပါတယ်။ ကရင်အမျိုးသားများရဲ့ လှုပ်ရှားမှုတွေဟာလည်း သိသိသာသာဖြစ်ပေါ်နေပြီး ကရင်စစ်ရဲများက သထုံကိုသိမ်းပိုက်တာ ကြုံတွေ့ရပြီးချိန်ဖြစ်ပါတယ်။ အစိုးရအဖွဲ့အတွင်းရှိ လက်ျာအင်အားစုများကိုယ်တိုင်ကလည်း အစီအစဉ်တခုကို ပြင်ဆင်နေကြတယ်ဆိုပါတယ်။ အဲဒါကတော့ ဆိုရှယ်လစ်ပြည်သူ့ရဲဘော်များမပါဝင်တဲ့ အိမ်စောင့်အစိုးရဖွဲ့စည်းပေးရေး အစီအစဉ်ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၊ ရဲချုပ် ဦးထွန်းလှအောင်၊ ပြည်ထဲရေးဌာနအတွင်းဝင် ဦးကာစီတို့ပါဝင်တဲ့ နိုင်ငံတော်လုံခြုံရေးကောင်စီက ဝန်ကြီးချုပ်သခင်နုကို ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တို့ မပါဝင်တဲ့ အိမ်စောင့်အစိုးရဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ်ကလည်း လုံခြုံရေးကောင်စီနဲ့ တသဘောတည်းဖြစ်တယ်လို့ ဆိုပါတယ်။ လုံခြုံရေးကောင်စီက အခုလို ကွန်မြူနစ်တွေ သူပုန်ထခြင်းနဲ့ ကရင်သူပုန်ထရန် လှုပ်လှုပ်ရွရွဖြစ်နေရခြင်းဟာ ဆိုရှယ်

လစ်တွေကိုမုန်းလို့ဖြစ်တယ်။ အစိုးရထဲမှာ ပါတီသမားတွေမပါရင် အေးသွားလိမ်မယ်လို့ အကြောင်းပြကြတယ်ဆိုပါတယ်။

မိတ္ထီလာမှာ တပ်မှူးများညီလာခံနဲ့ ပုလိပ်အရာရှိကြီးများညီလာခံကျင်းပပြီး၊ အဲဒီညီလာခံတွေမှာ ဗိုလ်ချုပ်စမစ်ဒွန်းနဲ့ ဦးထွန်းလှအောင်တို့က လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်သဘောထားအတိုင်း ပြောကြဆိုကြ ပြင်ဆင်ကြတယ်ဆိုတဲ့ အသံတွေထွက်ပေါ်လာခဲ့ပါတယ်။ ဦးကျော်ငြိမ်းနဲ့ လက်ဝဲညီညွတ်ရေးကောင်စီဝင်တွေက ဒီလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်သဘောထားဟာ တိုင်းပြုပြည်ပြုလွှတ်တော် ယာယီပါလီမန်ကို ဘေးဖယ်ထားပြီး စစ်တပ်၊ ပုလိပ်နဲ့ အုပ်ချုပ်ရေးအရာရှိကြီးများက အာဏာသိမ်းရန်ကြံခြင်းသာဖြစ်တယ်လို့ယူဆကြတဲ့အပြင် စစ်တပ်ထဲမှာရှိနေတဲ့ အင်္ဂလိပ်စစ်မစ်ရှင်ရဲ့ခေါင်းဆောင်တဦးက နောက်ကွယ်ကနေ သြဇာပေးနေတယ်လို့ မသင်္ကာဖြစ်ကြတယ်ဆိုပါတယ်။ လုံခြုံရေးကောင်စီရဲ့ အစီအစဉ်သာအောင်မြင်သွားရင် နယ်ချဲ့လုပ်ကြံမှုကြီးအောင်မြင်သွားနိုင်တယ်လို့လည်း ယူဆကြတယ်ဆိုပါတယ်။ ဒါကြောင့် လက်ဝဲညီညွတ်ရေးကောင်စီကို ဖွဲ့လိုက်ပြီး လုံခြုံရေးကောင်စီရဲ့ ပါတီဝင်တွေမပါသော အိမ်စောင့်အစိုးရဖွဲ့စည်းရေးအကြံအစည်ကို တိုက်ဖျက်ရန်စဉ်းစားကြပါတယ်။ လကျ်ာအန္တရာယ်အဖြစ် ရှုမြင်သုံးသပ်ပုပန်ကြတယ်ဆိုပါတယ်။ လက်ဝဲညီညွတ်ရေးကောင်စီက သခင်နုကို ဆက်ပြီး ဝန်ကြီးချုပ်လုပ်စေရန်၊ မလုပ်လိုက ဗိုလ်လကျ်ာကို လုပ်စေရန်၊ ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးခန့်ရန်၊ ဦးတင်ထွတ် အား နိုင်ငံရေးခြားရေးဝန်ကြီးနေရာက ဖယ်ရှားပြီး ဦးအုန်း သို့မဟုတ် လက်ဝဲညီညွတ်ရေးကောင်စီက ရွေးချယ်သူတဦးဦးကို ခန့်ထားရန်လည်း ဆုံးဖြတ်ကြတယ်ဆိုပါတယ်။

လက်ဝဲညီညွတ်ရေးကောင်စီ ထဲမှာလည်း အထက်ဖော်ပြပါဆုံးဖြတ်ချက်တွေကိုသာ လက်ခံသဘောတူညီနေကြပေမယ့် မတူညီတာတွေလည်း အများကြီးလို့ဆိုပါတယ်။ တချို့က လကျ်ာ အန္တရာယ်ကိုသာတိုက်ဖျက်လိုပြီး၊ ကွန်မြူနစ်နဲ့ မရ ရတဲ့နည်းနဲ့ စေ့စပ်လိုသူတွေဖြစ်ပြီး၊ တချို့က လကျ်ာအန္တရာယ်ရော၊ ကွန်မြူနစ်အန္တရာယ်ရော နှစ်ခုစလုံးအပြုတ်တိုက်ရမယ်လို့ ခံယူထားကြတယ်လို့ဆိုပါတယ်။ ဦးကျော်ငြိမ်းကတော့ နှစ်ခုစလုံး အပြုတ်တိုက်ရေးသမားဖြစ်ပါတယ်။

အဲဒီအချိန်မှာ ပုဂ္ဂိုလ်ရေးပဋိပက္ခတွေဟာလည်း ပေါ်ပေါက်လာပြန်တယ်၊ ဗိုလ်နေဝင်းနဲ့ ပတ်သက်တဲ့ပဋိပက္ခဖြစ်ပါတယ်။ ဗိုလ်လကျ်ာ က သူကာကွယ်ရေးဝန်ကြီးရာထူးက နုတ်ထွက်သွားရင်တောင်၊ ဗိုလ်နေဝင်း ကာကွယ်ရေးဝန်ကြီးဖြစ်လာမှာကို မလိုလားသလို၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် စမစ်ဒွန်းကလည်း ဝန်ကြီးချုပ် သခင်နုကို ချဉ်းကပ်ပြီး ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးအဖြစ် လက်မခံနိုင်ကြောင်းတင်ပြခဲ့တယ်လို့ဆိုပါတယ်။ ဦးကျော်ငြိမ်းကတော့ ဗိုလ်နေဝင်းကိုလိုလားပြီး ကာကွယ်ရေးဝန်ကြီးဖြစ်စေချင်ပါတယ်။ ဆိုရှယ်လစ်အနွယ်ဝင်ဖြစ်တဲ့ ဗိုလ်နေဝင်းကို သူ့လူအဖြစ်လည်း အခိုင်အမာမွေးမြူထားချင်ပါတယ်။ ဗိုလ်လက်ကျ်ာကတော့ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ဇေယျကို ဖြစ်စေချင်တယ်ဆိုပါတယ်။ ဦးကျော်ငြိမ်းက ဗိုလ်နေဝင်း နေရာရရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။

ဇူလိုင်လ ကုန်ပိုင်းမှာ ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်း က ဝန်ကြီးချုပ် သခင်နုဆီလာပြီး ဗိုလ်နေဝင်းကိုဖြစ်ဖြစ်၊ ဗိုလ်ဇေယျကိုဖြစ်ဖြစ်၊ ကာကွယ်ရေးဝန်ကြီး ခန့်ပေးဖို့ တောင်းဆိုနေကြပြီ။ အခြေအနေတွေကတော့ အရေးကြီးနေပြီဆိုတဲ့အကြောင်း တင်ပြပါတယ်။ သခင်နုက ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ ဒီလိုတောင်းဆိုလာတာဟာ အကြပ်ကိုင်တာဘဲလို့ခံစားပြီး ဘယ်သူကိုမှ မခန့်ဘူး၊ သူတို့လုပ်ချင်ရာလုပ်ကြပါစေ။ ဒို့မှာလည်း ခြေမဲ့လက်မဲ့မှမဟုတ်ဘဲလို့ ငြင်းပယ်တယ်ဆိုပါတယ်။ ဦးကျော်ငြိမ်းက ဒီလိုဆို သူတို့ကို

ခဏာလောက်မတွေ့နိုင်ဘူးလားလို့ ထပ်ပြီးပြောတော့ သခင်နုက မတွေ့ဘူးလို့ ထပ်ငြင်းတယ်ဆိုပါတယ်။ အဲဒီအခါ ဦးကျော်ငြိမ်းက ဝန်ကြီးချုပ်ရှေ့မှာပဲ မျက်ရေတွေ တွေတွေကျပြီး ငိုပြတယ်ဆိုပါတယ်။ ဦးကျော်ငြိမ်း မျက်ရည်ကျတာမြင်ရပြီး စိတ်ထိခိုက်လာတဲ့ သခင်နုက၊ ဟေ့ကျော်ငြိမ်း မင်းအကောင်တွေခေါ်ချင်ခေါ်ခဲ့ ငါတွေ့မယ်လို့ပြန်ပြင်ပြီးဖြေတဲ့အခါမှ၊ ဦးကျော်ငြိမ်းက ကျွန်တော်တို့အစိုးရအဖွဲ့မှာ တကယ်အားကိုးနိုင်တဲ့ ဗမာတပ်ဟာ ဗိုလ်နေဝင်းရဲ့ တပ်ရင်း (၄) တတပ်ပဲရှိတယ်။ အဲဒီတော့ ဒီလူတွေလာရင် ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးခန့်စေချင်တယ်လို့ တိုက်တွန်းပြောဆိုပါ တယ်။ အဲဒီလို အခိုင်အမာပြင်ဆင်ပြီးတဲ့နောက် ဦးကျော်ငြိမ်းက ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ ဦးသိန်းဖေမြင့်တို့ကို သခင်နုဆီခေါ်လာပါတယ်။ ဦကျော်ငြိမ်းနဲ့အတူ ဆိုရှယ်လစ်ခေါင်းဆောင်တချို့လည်းပါလာကြပါတယ်။ စစ်ဗိုလ်နှစ်ဦး သုံးဦးလည်းပါလာတယ်ဆိုပါတယ်။ စစ်ဗိုလ်တဦးရဲ့ခါးမှာ ခြောက်လုံးပြူးသေနတ်ထိုးလာတာ ကိုမြင်လိုက်ပြီး စိတ်တွေ ထောင်းကနဲဖြစ်လာတဲ့ သခင်နုက၊ အင်းဘာလဲပြောပါအုံးလို့ ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျကိုမေးတော့ နှစ်ဦးစလုံးက ဘာမျှမပြောဘဲ ငြိမ်နေကြတယ်ဆိုပါတယ်။ လက်ဝဲညီညွတ်ရေး ကောင်စီအတွင်းရေးမှူး ဦးသိန်းဖေမြင့်က ဗိုလ်နေဝင်းကို ဖြစ်ဖြစ် ဗိုလ်ဇေယျကိုဖြစ်ဖြစ် ဝန်ကြီးချုပ် ကြိုက်ရာလူကို ကာကွယ်ရေးဝန်ကြီးခန့်ဖို့ တင်ပြပြီး ဝန်ကြီးချုပ် စဉ်းစားဖို့ အချိန်(၃)ရက်ပေးမယ်လို့ ပြောတယ်ဆိုပါတယ်။ ဒါကိုရာဇာသံပေးလာတာ ခြိမ်းခြောက်လာ တာလို့ ယူဆပြီး သခင်နုက ဒေါသနဲ့ သုံးရက်မပြောနဲ့ သုံးမိနစ်တောင် အချိန်မယူဘူး၊ ဘယ်သူကိုမှ မခန့်ဘူး လို့ပြောပြီး အားလုံးပြန်လွှတ်လိုက်ပါတယ်။ အစက ဦးကျော်ငြိမ်းပြောထားတဲ့အတိုင်း ဗိုလ်နေဝင်းကိုပဲ ခန့်မယ်လို့ စီစဉ်ထားတာ ဒေါသကြောင့် ပျက်သွားရတယ်ဆိုပါတယ်။ ဦးကျော်ငြိမ်းတို့တအုပ်လုံး ပြန်သွား ပြီးနောက် (၁၅) မိနစ်လောက်အကြာမှာ ဗိုလ်လကျ်ာ နဲ့ ဗိုလ်ဇေယျက ဝန်ကြီးချုပ်နဲ့တွေ့ချင်တဲ့အကြောင်း ပြောလာပြန်တယ်ဆိုပါတယ်။ ပထမ သခင်နု က ငြင်းပါတယ်။ ဗိုလ်လကျ်ာက တွေ့ခွင့်ပြုသင့်ပါတယ်လို့ တောင်းပန်တဲ့အတွက် သခင်နုက လက်ခံပြီးတွေ့ပြန်ပါတယ်။ ဗိုလ်ဇေယျက သူ့ကို ကာကွယ်ရေးဝန်ကြီး ခန့်ဖို့ပြောတဲ့အခါ သခင်နုက ထပ်မံငြင်းပယ်လိုက်ပြီး အဲဒီအကြောင်းကို ဦးကျော်ငြိမ်းဆီ ဖုံးဆက်ပြောပြ လိုက်တယ်ဆိုပါတယ်။ အကြံအစည်ရှိထားတဲ့ ဦးကျော်ငြိမ်း က အောင်ပြီလို့ပြောတယ်ဆိုပါတယ်။ သခင်နုက ကျော်ငြိမ်းရေ ဘာအောင်တာလဲလို့မေးတော့ ဝန်ကြီးချုပ် မသိပါဘူး၊ နောက်မှ ကျွန်တော်လာရှင်းပြမယ် ဆိုပြီး တယ်လီဖုန်းကိုချလိုက်တယ်ဆိုပါတယ်။ အဲဒီနောက် ဦးကျော်ငြိမ်းက ဗိုလ်နေဝင်းကို ချက်ချင်းခေါ် ပြီး ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ ဆိုတဲ့လူဟာ ခင်ဗျားကိုအသိမပေးဘဲ ဝန်ကြီးချုပ်ဆီ သူတယောက်ထဲသွားပြီး ကာကွယ်ရေးဝန်ကြီးခန့်ဖို့ပြောနေပြီ။ ဝန်ကြီးချုပ်ကအခုပဲ ကျနော့်ကို တယ်လီဖုန်းနဲ့အကြောင်းကြား တယ်လို့ ပြောလိုက်တဲ့အခါ ဗိုလ်နေဝင်းလည်း ဒေါသပုန်ထသွားပြီး ဗိုလ်နေဝင်း နဲ့ ဗိုလ်ဇေယျ အကြား အဲဒီအချိန်ကစပြီး ပူးပေါင်းမရနိုင်လောက်အောင် ကွဲပြဲသွားရတော့တယ် ဆိုပါတယ်။ တပ်မတော် လက်ဝဲ ညီညွတ်ရေး (၉) ဦးကော်မီတီလည်း မကြာမီပျက်ပြားသွားရပါတယ်။

ဆိုရှယ်လစ်ပြည်ထဲရေးဌာနက ရဲဘော်ဖြူ တွေရဲ့ လက်နက်တွေကိုသိမ်းပြီး ဖမ်းတော့မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဇူလိုင်လ (၁၆) ရက်နေ့မှာ တောခိုသွားကြတဲ့ ရဲဘော်ဖြူတွေရဲ့စကားဟာလည်း သွေးထွက်အောင်မှန်လာခဲ့ပါတယ်။ ဇူလိုင်လ (၂၉) ရက်နေ့၊ မနက် (၅) နာရီမှာ ဦးကျော်ငြိမ်းရဲ့ ပြည်ထဲရေး ဌာနက ပြည်သူ့ရဲဘော်ဌာနချုပ်ကို ဝိုင်းကာ ခေါင်းဆောင်တွေကို ဖမ်းဆီးပါတော့တယ်။ ဗိုလ်ဖိုးကွန်းလွတ် သွားပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်လရောင် တို့တတွေလည်း တိမ်းရှောင်သွားရပါတော့တယ်။ မြေပေါ် ရှိ ရဲဘော်ဖြူ များ မြေအောက်ဘဝရောက်သွားကြရသလို၊ ရဲဘော်ဖြူအများစုကြီးဟာ ဇူလိုင်လ (၂၉) ရက်နေ့ကစပြီး လက်နက်ကိုင်တောခိုဘဝရောက်သွားရပါတော့တယ်။ အစိုးရဟာ တနည်းအားဖြင့် ဆိုရှယ်လစ်များဟာ

မတ်လ (၂၈) ရက်နေ့မှာ ကွန်မြူနစ်များကို တောတွင်းမောင်းပို့ခဲ့သလို ဇူလိုင်လ (၂၉) ရက်နေ့မှာ ရဲဘော်ဖြူများကို တောတွင်းမောင်းပို့လိုက်ပြန်တာဖြစ်ပါတယ်။ ပြည်သူ့ရဲဘော်များဟာ အစကတည်းက တရားဝင်လက်နက်ကိုင်ဆောင်ခွင့်ရထားသူများဖြစ်တဲ့အတွက် လက်နက်ကိုင်တောခိုကြတဲ့အခါ အဆင့်သင့် လက်နက်တပ်ဆင်ပြီးသား တပ်ဖွဲ့များဖြစ်သွားကြပါတော့တယ်။ အင်အားလည်း ပိုမိုများပြားပြီးသားဖြစ်ပါတယ်။

ဩဂုတ်လ (၁) ရက်နေ့မှာ ဗိုလ်နေဝင်းဟာ တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နဲ့ ဒုတိယစစ်သေနာပတိဖြစ်လာပါတယ်။ ဗိုလ်နေဝင်း ကာကွယ်ရေးဝန်ကြီးဖြစ်ရေးအတွက် ဦးကျော်ငြိမ်းမှာ မျက်ရည်ကျပြတဲ့နည်းရော ဝန်ကြီးချုပ်ကို သွေးဆောင်နားချတဲ့နည်းပါမကျန် အစွမ်းကုန်အသုံးပြုခဲ့ပြီး၊ ဗိုလ်နေဝင်းကို အပိုင်ကိုင်ထားနိုင်ရေး သူ့လူဖြစ်ရေးအတွက် အမျိုးမျိုး ကုလားဖန်ထိုးခဲ့ပေမယ့် ကာကွယ်ရေးဝန်ကြီးတော့မရပဲ ဒုတိယဦးစီးချုပ်သာဖြစ်လာခဲ့ပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ်ဟာလည်း ကွန်မြူနစ်ကို ကိုယ်တိုင်ဦးစီးပြီး လက်နက်ကိုင်တိုက်ချင်လို့ပဲလား ဒါမှမဟုတ် လက်နက်ကိုင် တပ်ပိုင်တခုခုရှိထားမှ ဒီလိုအခြေအနေမှာ ကောင်းလိမ့်မယ်လို့ ယူဆလို့ပဲလား၊ မကွဲပြားပါ။ နိုင်ငံခြားရေးဝန်ကြီးအဖြစ်က နုတ်ထွက်ခွင့်တောင်းစဉ်က သမ္မတကြီးက လက်ခံပါလျှင် ဗမာ့တပ်မတော်မှာ အမှုထမ်းလိုကြောင်း လျှောက်ထားခဲ့တဲ့အတွက် တပ်ထဲမှာနေရာရသွားပြီး ဒုတိယဗိုလ်မှူးကြီးရာထူးကို စတင်အပေးခံရပါတယ်။ (နိုင်ငံခြားရေးဝန်ကြီးအဖြစ်ကတော့ ဩဂုတ်လ (၁၆) ရက်နေ့မှာမှ နုတ်ထွက်ဖြစ်ပါတယ်။) မကြာမီ တပ်မင်းကြီးဖြစ်လာပါတယ်။

ဩဂုတ်လ (၃) ရက်နေ့မှာ သထုံဘက်မှာရှိတဲ့ ကေအင်ဒီအိုများက သထုံခရိုင်ကို သိမ်းပိုက်လိုက်ပါတယ်။ နယ်ဘက်မှာရှိနေကြတဲ့ ကရင်စစ်ရဲများရဲ့ လှုပ်ရှားလာမှု၊ ကေအင်ဒီအိုများရဲ့ လက်နက်ကိုင်လှုပ်ရှားလာမှုတွေဟာ တနေ့တခြား ဒီရေမြင့်တက်လာခဲ့ပါတယ်။ ဝန်ကြီးချုပ်သခင်နုက သတင်းစာဆရာတွေကို ဖိတ်ကြားပြီး ငြိမ်ဝပ်ပိပြားရေး၊ ဒီမိုကရေစီရေး၊ ပြည်ထောင်စုတည်တံ့ရေးတွေကို ဩဂုတ်လ (၅) ရက်မှာ ရှင်းလင်းပြောကြားလာပါတယ်။

ကေအင်ယူ အဖွဲ့ချုပ်ကြီးက လက်နက်ကိုင်ပဋိပက္ခ ပိုမိုကျယ်ပြန့်မလာစေရေးအတွက် ဇူလိုင်လ (၂၅) ရက်နေ့စွဲနဲ့ မေတ္တာရပ်ခံ ပန်ကြားချက်တစောင်ထုတ်ပြန်ခဲ့ပြီး အကြမ်းဖက်ဝါဒ၊ လက်နက်ကိုင်ဝါဒကို လက်မခံနိုင်ကြောင်း ထုတ်ဖော်ပြသခဲ့ပေမယ့် ကရင်အမျိုးသားထုရှိရာ နယ်ဘက်တွေမှာ လက်နက်ကိုင်လှုပ်ရှားမှုဒီရေဟာ တရိပ်ရိပ်သာတက်လာနေပါတယ်။ အစိုးရရဲ့ဖြေရှင်းပုံမမှန်ကန်မှုတွေကြောင့် ကွန်မြူနစ်များ၊ ရဲဘော်ဖြူများ တောခိုလှုပ်ရှားလာရတာ သိမြင်နေကြသလို တောခိုနေကြသူတွေရဲ့ လက်ထဲမှာ လက်နက်စွဲကိုင်ထားကြပြီး အဆက်မပြတ်လှုပ်ရှားလာကြချိန်မှာ ကရင်အမျိုးသားများလည်း လက်နက်ကိုင်ထားနိုင်ဖို့လိုအပ်တယ်လို့ ခံယူထားကြပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းက ကြုံတွေ့ခဲ့ရဘူးတဲ့ လူမျိုးရေးအဓိကရုဏ်းအဖြစ်အပျက်များ၊ လက်နက်သိမ်းရေးကြိုးပမ်းမှုနဲ့ ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခ အတွေ့အကြုံများဟာ လတ်လတ်ဆတ်ဆတ်ပဲရှိနေကြပါသေးတယ်။ တက်လာတဲ့ အစိုးရအပေါ်လည်း ဘယ်လိုမှယုံကြည်လို့မရအောင် ဖြစ်နေခဲ့ကြပါတယ်။

ဩဂုတ်လ (၇) ရက်နေ့မှာ ကေအင်ဒီအိုနဲ့ ကရင်စစ်ရဲများဟာ မအူပင်ငွေတိုက်၊ အိမ်မဲငွေတိုက်တို့ကိုဖောက်ပြီး ငွေများကိုသိမ်းယူကာ တောခိုကြပါတယ်။ တပြည်လုံးလက်နက်ကိုင်တိုက်ပွဲသံတွေ ညံလာပါတယ်။

အစိုးရက တောခိုလက်နက်ကိုင်လှုပ်ရှားမှုတွေကို နှိမ်နင်းဖို့ ဘီတီအက်(ဖ)( Burma Territorial Force) တပ်ရင်း (၅၂) ရင်းဖွဲ့စည်းဖို့ စီစဉ်စိုင်းပြင်းပါတယ်။ ကေအင်ယူအဖွဲ့ကြီးက ဘီတီအက်(ဖ်)တပ်

ရင်း ဒီလောက်များများဖွဲ့စည်းဖို့ စိုင်းပြင်းလာခြင်းဟာ ကရင်အမျိုးသားတွေကို နှိပ်ကွပ်ဖို့လို့ ယူဆတယ်ဆို ပါတယ်။ အဲဒီလိုအချိန်မှာ လက်ဝဲညီညွတ်ရေးကောင်စီထဲပါသူတချို့ လှုပ်ရှားလာကြသလို၊ တပ်မတော် အတွင်းမှာလည်း လှုပ်လှုပ်ရွရွဖြစ်လာပါတယ်။

တပ်မတော်အတွင်းမှာ လှုပ်ရှားလာသူများဟာ လက်ဝဲနွယ်သူများနဲ့ အမျိုးသားရေးစိတ် ပြင်းထန် သူများဖြစ်နေပါတယ်။ သူတို့က အချိန်ရှိတုန်း ထကြွလှုပ်ရှားကြမှ တော်လိမ့်မယ်လို့ ယူဆလာကြပါတယ်။ နောင့်နှေးနေရင်း လက်ယာသမားများက ဗမာတပ်ကို လက်နက်တွေသိမ်းလာမလား၊ လက်ယာသမားတွေ လက်မဦးခင် သူတို့က အရင်ဦးအောင်သိမ်းသင့်တယ်လို့ တပ်တွင်းက ဆွေးနွေးလာကြပါတယ်၊ ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၊ လေတပ် ဗိုလ်ချုပ် ရှိုးရှို၊ ဘရီးဂေးဒီးယား စောကြာဒိုး၊ ဗိုလ်မှူးကြီးဖြစ်လာသူ ဦးတင်ထွတ်၊ မေဂျာဂျင်နရယ်စစ်ရာထူးပေးထားတဲ့ ရဲချုပ်ဦးထွန်းလှအောင် စတဲ့ပုဂ္ဂိုလ်တွေက နိုင်ငံတော်လုံ ခြုံရေးကောင်စီကို ကြိုးကိုင်ချယ်လှယ်နေကြတယ်လို့ ယူဆထားကြသလို အဲဒီအုပ်စုကို လက်ယာသမား များလို့လည်း သတ်မှတ်ထားကြပါတယ်။ တပ်မတော်အတွင်းမှာ ရာထူးကြီးကြီးရထားသူအချို့ ကရင် အမျိုးသားတွေဖြစ်နေကြတာကိုလည်း အမျိုးသားစိတ်ပြင်းထန်သူတွေက မယုံမရဲဖြစ်နေကြပါတယ်။ အဲဒီ လိုအခြေအနေတွေပေါင်းလိုက်တဲ့အခါ တပ်မှူးတပ်သားတချို့က အာဏာသိမ်းဖို့ ဆွေးနွေး ကြံစည်လာကြ တော့တယ်ဆိုပါတယ်။ ဗိုလ်ချုပ်နေဝင်းကို ခေါင်းဆောင်ထားပြီး အာဏာသိမ်းဖို့ တိုက်တွန်းသူတွေလည်းပေါ် လာတယ်။

အဲဒီလို တပ်မတော်အတွင်းက စတင်ဖြစ်ပေါ်လာတဲ့ အာဏာသိမ်းရေးအကြံအစည်ဟာ ဘာမှ အောင်အောင်မြင်မြင်ဖြစ်မလာတဲ့ လက်ဝဲညီညွတ်ရေးကောင်စီတချို့ဆီ ကူးစက်ရိုက်ခတ်လာပါတယ်။ အာဏာသိမ်းရေးအစီအစဉ်ကို ပြည်သူ့ရဲဘော်က ဗိုလ်လရောင်ကလည်း သဘောတူသလို၊ ကွန်မြူနစ် ဟောင်းများဖြစ်တဲ့ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း တို့ကလည်း သဘောကျတယ်ဆိုပါတယ်။ ဦးသိန်းဖေမြင့်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ် တို့ကလည်း သဘောတူကြသလို ဆိုရှယ်လစ်တချို့ကလည်း ထောက်ခံကြတယ်ဆို ပါတယ်။ လက်ဝဲညီညွတ်ရေးကောင်စီက သြဇာရှိတဲ့ လက်နက်ကိုင်တပ်များနဲ့ အာဏာသိမ်းပြီး လက်ဝဲညီ ညွတ်ရေး ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန်ဖြစ်ပါတယ်။ အဲဒီ လက်ဝဲညီညွတ်ရေး ညွန့်ပေါင်းအစိုးရမှ ကွန်မြူနစ် သူပုန်များနဲ့ ငြိမ်းချမ်းရေးလုပ်ကာ အစိုးရထဲ ထည့်သွင်းဖွဲ့စည်းပြီး၊ ပါတီဝင်တွေမပါတဲ့ အစိုးရဖွဲ့စည်းရန် ကြံစည်နေကြတဲ့ လက်ယာအင်အားစုတွေကို ဦးတည်တိုက်ခိုက်သွားဖို့ အာဏာမဲ့အောင်လုပ်ပြစ်ဖို့ လို့ဆိုပါ တယ်။ ပြီးတော့မှာ ဦးကျော်ငြိမ်းကနေ သခင်သန်းထွန်းအထိ ပါဝင်နိုင်မယ့် ကျယ်ပြန့်တဲ့ လက်ဝဲအင်အားစု တွေကို သိမ်းသွင်းစုစည်းပြီး အာဏာအပ်ရန်လို့ဆိုပါတယ်။

အဲဒီလို စိတ်ကူးနဲ့ပြင်ကြဆင်ကြပါတယ်။ အာဏာသိမ်းဖို့ ပါဝင်ကြမယ့် တော်လှန်ရေးတပ်ရင်းများ ဟာ သြဂုတ်လ (၁၀) ရက်နေ့ ရန်ကုန်မြို့အရောက် ချီတက်လာကြပြီး ရန်ကုန်မြို့မှာဆုံပြီးတဲ့နောက် အာဏာသိမ်းကြရန်ဖြစ်တယ်ဆိုပါတယ်။ ဗိုလ်စိန်တင်ခေါင်းဆောင်တဲ့ သရက်မြို့က ဗမာ့သေနတ်ကိုင်တပ် ရင်း (၁) ဟာ ရန်ကုန်မြို့ကို အချိန်မီဆင်းလာပြီး၊ မင်္ဂလာဒုံမှာရှိတဲ့ ဗိုလ်ရဲထွဋ် ရဲ့ တပ်ရင်း (၃) နဲ့ ပေါင်းကြဖို့ ဖြစ်ပါတယ်။ အဲဒီလို တပ်မတော်အတွင်းက တပ်များရဲ့လှုပ်ရှားလာတဲ့ သတင်းဟာ လက်တွေ့မဆင်နွှဲနိုင် သေးမီမှာပဲ ကြိုတင်သတင်းပေါက်မှုဖြစ်ပေါ်လာခဲ့တယ်။ တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အောင်သင်း က ဗိုလ်မှူး ချစ်မြိုင်ကိုခေါ်ယူပြီး တပ်ရင်း (၃) က ကွန်မြူနစ် ဗိုလ်သိန်းဟာ အချက်ပြဆက်သွယ်ရေးတပ်ကို လာရောက် စည်းရုံးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးတပ်က မော်တော်ကားများစီစဉ်ခြင်းတွေကိုထောက်ပြပြီး တပ်ရင်း (၃) က ရန်ကုန်မြို့ကိုသိမ်းဖို့ ကြံရွယ်နေကြောင်း စွပ်စွဲပြောဆိုတယ်ဆိုပါတယ်။ ဗိုလ်ချစ်မြိုင်က အဲဒီလို သတင်း ပေါက်နေတာကို ဗိုလ်ရဲထွဋ်ကို ပြန်လည်ပြောဆိုတယ်ဆိုပါတယ်။

တကယ်အာဏာသိမ်းဖို့ အခိုင်အမာပြင်ဆင်ကြတော့လည်း ဗိုလ်နေဝင်းကငြင်းပယ်ခဲ့သလို ပါမယ် ပြောထားတဲ့ တချို့တပ်ရင်းမှူးများဟာ မပါတော့ဘူးလို့ဆိုပါတယ်။ ဗိုလ်နေဝင်း မပါတော့ဘူးလို့ဆိုတာက မပိုင်မနိုင်ဘဲ တော်လှန်ကြရင် လက်ယာအုပ်စုက အကြိုက်တွေ့သွားလိမ့်မယ်။ နိုင်ငံခြားစစ်ကူယူပြီး လက်ဝဲ အုပ်စုမှန်သမျှကို ဖြိုးခွင်းပြစ်နိုင်တယ်လို့ ယူဆတဲ့အတွက်ကြောင့်ဆိုပါတယ်။ တပ်ရင်း (၃) ထဲမှာလည်း အာဏာ သိမ်းယူရေးအကြံအစည်ကို လက်ခံသူနဲ့ လက်မခံသူ နှစ်ပိုင်းကွဲသွားပါတယ်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ရဲထွဋ်က အာဏာသိမ်းရေးအယူအဆကို ဆုပ်ကိုင်ပြီး ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးချစ်မြိုင်က အာဏာသိမ်းရေး ဆန့်ကျင်သူဖြစ်လာပါတယ်။ ပဲခူးမှာရှိတဲ့ တပ်ရင်း (၆) မှာလည်း လက်ခံသူနဲ့ လက်မခံသူရှိလာပါတယ်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတင်ဦးနဲ့ ဗိုလ်မှူးတင်မောင်တို့က အာဏာသိမ်းယူရေးကို လက်မခံသူတွေဖြစ်လာ ပါတယ်။

ဗိုလ်ရဲထွဋ်နဲ့ ဗိုလ်ဇေယျ ဟာ အာဏာသိမ်းရေးအစီအစဉ် သတင်းပေါက်ကြားနေပြီးဖြစ်တဲ့အတွက် တောခိုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဗိုလ်ဇေယျဟာ စစ်ရုံးက စစ်ဦးစီးအရာရှိ ပထမတန်းဖြစ်ပါတယ်။ ဗိုလ်ရဲထွဋ် က တပ်ရင်း(၃) တပ်ရင်းမှူးဖြစ်ပါတယ်။

ဩဂုတ်လ(၈)ရက်နေ့မှာ သရက်မြို့က ဗမာ့သေနတ်ကိုင်တပ်ရင်း (၁) နဲ့ မင်္ဂလာဒုံ က တပ်ရင်း(၃) တခြမ်းဟာ တောခိုတပ်ဖြစ်သွားရပါတော့တယ်။

သရက်က ဗိုလ်စိန်တင် ခေါင်းဆောင်တဲ့ တပ်ရင်း (၁) ဟာ ရန်ကုန်ရဲ့ ပြောင်းလဲသွားတဲ့ အခြေ အနေကိုမသိဘဲ ထရပ်ကားတွေနဲ့ ရန်ကုန်ကိုဆင်းလာကြပါတယ်။ သာယာဝတီမှာတွေ့ရတဲ့ အစောင့်တပ် တတပ်ဆီက လက်နက်တွေသိမ်းယူခဲ့ကြပြီး လမ်းမှာ အကျဉ်းထောင်တွေဖွင့်ပြီး၊ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးခဲ့ကြပါတယ်။ အစိုးရက ဆင်းလာတဲ့ ဗိုလ်စိန်တင်ရဲ့တပ်ကို ဆီးတိုက်ဖို့ လေတပ်က လေယာဉ်နှစ်စီး ကိုလွှတ်ပြီး စက်သေနတ်နဲ့ အပစ်ခိုင်းပါတယ်။ လေယာဉ်နှစ်စီးဝဲလာတာကို အကြိုလာတယ်ထင်ပြီး တပ်ရင်း (၁) က လက်ပြဝေရမ်း နှုတ်ဆက်ကြတယ်ဆိုပါတယ်။ စက်သေနတ်နဲ့ လေယာဉ်ပျံပေါ်ကနေ အဆက်မပြတ် ပစ်တော့မှ ပုန်းရှောင်ပြေးလွှားကြရတယ်ဆိုပါတယ်။

ဗိုလ်ဇေယျ ဗိုလ်ရဲထွဋ် တို့ တောခိုဖို့ ဆုံးဖြတ်လိုက်တဲ့အခါ အာဏာသိမ်းရေးအစီအစဉ်အတွက် အဓိက ဇာတ်ကောင်တကောင်ဖြစ်ခဲ့တဲ့ ဦးသိန်းဖေမြင့် ဟာ တောထဲကိုမလိုက်ရဲတော့ဘဲ မင်္ဂလာဒုံကနေ လှည့်ပြန်သွားပါတယ်။

မင်္ဂလာဒုံတပ်ရင်း (၃) နဲ့ အမှတ် (၂) ဂျီအီးတပ်ခွဲက အရာရှိ အကြပ်တပ်သားတချို့ ပဲခူးတပ်ရင်း (၆) က အရာရှိနဲ့ ရဲဘော်တချို့ စုစုပေါင်းအင်းအား (၃၅၀) လောက်ဟာ စစ်ကား (၃၂) စီးနဲ့ တောခိုကြ ပါတယ်။ ဗိုလ်ဇေယျနဲ့ ဗိုလ်ရဲထွဋ်တို့ ကဦးစီးပါတယ်။ တပ်ရင်း (၃) ဟာ ဗိုလ်စိန်တင် ဦးစီးတဲ့ တပ်ရင်း(၁) နဲ့ပေါင်းဖို့ ပြည်လမ်းမကြီးအတိုင်း မြောင်ဖက်ကို ဦးတည်ချီတက်လာပါတယ်။ အစိုးရနဲ့ တပ်မတော် (လေ) က လေယာဉ်များနဲ့ ဝါးနက်ချောင်းအနီးမှာ လိုက်လံတိုက်ခိုက်ချေမှုန်းဖို့ ကြိုးစားပါတယ်။

တောခိုရာကိုလိုက်မသွားတော့တဲ့ ဦးသိန်းဖေမြင့်ကို လက်ဝဲညီညွတ်ရေးကောင်စီမှာ အဖွဲ့ဝင်တဦး အဖြစ် ပါဝင်ခဲ့ဖူးတဲ့ ပြည်ထဲရေဝန်ကြီး ဦးကျော်ငြိမ်းက တပ်ရင်း (၃) ကို မြှောက်ပေးခဲ့တယ်ဆိုတဲ့ စွပ်စွဲချက် နဲ့အတူ ဖမ်းဆီးပြီး ထောင်ထဲသွင်းလိုက်ပါတယ်။ အစည်းအဝေးရှိလို့ လိုက်ခဲ့ဖို့ လိမ်ညာမှာကြားပြီး သူ့အိမ် က ကားကိုတောင် သေသေချာချာလွှတ်ပေးပြီးမှ ဦးကျော်ငြိမ်းက သူ့အိမ်အပေါက်ဝမရောက်မီမှာ ပုလိပ်များ ကို အသင့်စောင့်ဖမ်းစေခဲ့တာဖြစ်ပါတယ်။

ဒီလိုနဲ့ တပ်မတော်လက်ဝဲညီညွတ်ရေး (၉) ဦးကော်မီတီဆိုတာ ပျက်အပြီး မကြာခင်မှာပဲ လက်ဝဲညီညွတ်ရေးကောင်စီဆိုတာလည်း နိဋ္ဌိတံသွားပါတယ်။ လွတ်လပ်ရေးကြေညာအပြီး (၇) လ ကျော်ကျော်အတွင်းမှာပဲ လက်နက်ကိုင်တောခိုသွားကြရတဲ့ အဖွဲ့အစည်းတွေဟာလည်း များသထက်များလာရပါတော့တယ်။ ပထမဆုံး ဗမာပြည်ကွန်မြူနစ်ပါတီ၊ အဲဒီနောက် ရဲဘော်ဖြူ၊ ကရင်စစ်ရဲ၊ ကေအင်ဒီအို၊ တောခိုတပ်မတော်ဆိုတာတွေ ဖြစ်လာရပါတော့တယ်။

တောခိုတပ်မတော်ပေါ်လာပြီးတဲ့နောက် ကရင်များရဲ့လှုပ်ရှားမှုဟာ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ ဒါဟာလည်း သဘာဝကျတဲ့ကိစ္စတခုလို့ ဆိုရပါလိမ့်မယ်။ ဗမာလူမျိုးအဖွဲ့အစည်းစုံရဲ့ လက်နက်ကိုင်အင်အားစုမျိုးစုံပေါ်ပေါက်လာချိန်မှာ ကရင်အမျိုးသားများ လက်နက်ကိုင်လှုပ်ရှားလာကြတာဟာလည်း သဘာဝကျတဲ့ကိစ္စတခုအဖြစ်ပဲ ရှုမြင်ရပါလိမ့်မယ်။ ကိုယ့်အင်အားစုကို ကိုယ်ကြီးထွားအောင်လုပ်ကြသလို ကိုယ့်ဩဇာရှိအောင် ထူထောင်လာကြ ချဲ့ထွင်လာကြတာတွေ ဆက်တိုက်ဖြစ်ပေါ်လာပါတယ်။

ဩဂုတ်လ (၁၁) ရက်နေ့မှာ ရန်ကုန်မြို့ နယ်နမိတ်အတွင်း ညမထွက်ရအမိန့် ထုတ်ပြန်လိုက်ရပါတယ်။ ဗမာတပ်မတော်ထဲကတပ်တချို့ တောခိုတဲ့အတွက် တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းက ကရင်သေနတ်ကိုင်တပ်ရင်းတွေကို လက်နက်ကြီးနဲ့ စက်သေနတ်တွေ ဖွဲ့စည်းပုံထက်ကျော်လွန်ပြီး ထုတ်ပေးတယ်လို့ဆိုပါတယ်။ ဩဂုတ်လ (၁၄) ရက်နေ့မှာ ကရင်စစ်ရဲများက တွံတေးမြို့ကို သိမ်းပိုက်ပါတယ်။ ဩဂုတ်လ (၁၆) ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွဋ် ဝန်ကြီးရာထူးက တရားဝင်နုတ်ထွက်ပြီး စစ်တပ်ထဲရောက်သွားပါတယ်။ ကပြားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ယူအေအက်(ဖ်)မှာ တပ်မင်းကြီးဖြစ်သွားပါတယ်။ ဩဂုတ်လ (၂၀) ရက်မှာ မော်ချီးမိုင်ကို ကေအင်ဒီအိုများက သိမ်းပိုက်လိုက်ကြသလို သထုံခရိုင်တခုလုံးဟာလည်း ကေအင်ဒီအိုများ လက်အောက်ရောက်ရှိသွားပါတယ်။

ကရင်အမျိုးသားတို့ရဲ့ လှုပ်ရှားလာမှုနဲ့အတူ ရှေ့ဆင့်နောက်ဆင့် လှုပ်ရှားလာတာက မွန်အမျိုးသားများဖြစ်ပါတယ်။

မွန်အမျိုးသားများဟာ ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်း၊ မွန်အဖွဲ့ပေါင်းချုပ်၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်အမျိုးသားအဖွဲ့၊ မွန်လူမျိုးရေးရာအဖွဲ့၊ မွန်ဆိုရှယ်အသင်း၊ ပြည်ထောင်စုမွန်အသင်း၊ မွန်လွတ်လပ်ရေးအဖွဲ့၊ ပြည်ထောင်စုမွန်အဖွဲ့ချုပ် စတဲ့အသင်းအဖွဲ့ကြီး (၉)ဖွဲ့နဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကရင်အမျိုးသားများက ကရင်ပြည်နယ်ရရှိရေး တောင်းဆိုလှုပ်ရှားလာကြချိန်မှာ၊ နယ်မြေချင်း တဆက်တစပ်တည်းဖြစ်တဲ့ မွန်အမျိုးသားများကလည်း မွန်ပြည်နယ်ရရှိရေးကို ဆောင်ရွက်လာကြခြင်းဖြစ်ပါတယ်။ သထုံခရိုင်မှာ ကေအင်ဒီအိုများ တော်လှန်လှုပ်ရှားလာကြတာနဲ့တပြိုင်နက်မှာ မွန်လက်နက်ကိုင်အဖွဲ့များဖြစ်ကြတဲ့ မွန်တိုင်းရင်းသားအစည်းအရုံးနဲ့ မွန်လွတ်လပ်ရေးအဖွဲ့ တောခိုလှုပ်ရှားလာကြပါတယ်။ မွန်လွတ်လပ်ရေးအဖွဲ့ဟာ ကေအင်ဒီအိုများနဲ့ပူးပေါင်းပြီး သထုံခရိုင်ကို သိမ်းပိုက်ပါတယ်။ မော်လမြိုင်ဘက်မှာလည်း စစ်ရေးလှုပ်ရှားမှုတွေ သွက်သွက်လက်လက် အကောင်အထည်ဖော်ပါတယ်။

ပြည်သူ့လွှတ်တော်အမတ်ဖြစ်တဲ့ တော်ခိုရဲဘော်ဖြူ ဗိုလ်စိန်ထွန်းက ပြည်ထောင်စုစစ်ရဲ တပ်ရင်း (၁၆) နဲ့ပေါင်းပြီး ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ တို့ကို သိမ်းပိုက်လိုက်ပါတယ်၊ ဩဂုတ်လ (၂၁) ရက်နေ့မှာ သထုံနဲ့ ကျိုက်ခမီရှိ ကရင်စစ်ရဲများ အတိအလင်းပုန်ကန်ပြီး အစိုးရကို ဆန့်ကျင်တိုက်ခိုက်လာပါတယ်။

ဦးတင်ထွဋ် နိုင်ငံခြားရေးဝန်ကြီးက တရားဝင်နုတ်ထွက်သွားပြီဖြစ်တဲ့အတွက် ယာယီနိုင်ငံခြားရေးဝန်ကြီးဖြစ်လာတဲ့ စပ်ခွန်ချိုဟာ ထိုင်း–မြန်မာ မိတ်ဆက်ခရီးအဖြစ် ဘန်ကောက်ကိုသွားရောက်ပြီး ဩဂုတ်လ (၂၄) ရက်နေ့မှာ ထိုင်း–မြန်မာ သံတမန်ဆက်ဆံရေးကို စတင်ပါတယ်။ ဩဂုတ်လ (၂၅) ရက်နေ့မှာ

ကရင်နီပြည်နယ်ရဲ့ အခြေအနေဟာလည်း လှုပ်ရှားလာတဲ့အတွက် မာရှယ်လောစစ်ဥပဒေ ထုတ်လိုက်ရပါတော့တယ်။ (၃၀) ရက်နေ့မှာ ပန်းလုံနဲ့ လွယ်လင်ရှိ ပြည်ထောင်စုစစ်တပ်က ကရင်စစ်ရဲများ တောခိုကြပါတယ်။ အစိုးရက အမ်းပုလိပ် **(Armed Police)** လို့ခေါ်တဲ့ လက်နက်ကိုင် သီးသန့်တပ်ဖွဲ့နဲ့ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့တွေကိုပေါင်းပြီး ပြည်ထောင်စုစစ်ရဲတပ်များအဖြစ် ဖွဲ့စည်းပေးထားတာဖြစ်ပါတယ်။ လက်နက်ကိုင်အုံကြွမှုများ အတောမသတ်နိုင်အောင် ပေါက်ကွဲပေါ်ထွက်လာချိန်မှာ ပြည်ထောင်စုစစ်ရဲတပ်ရင်း (၂၀) ရင်းရှိပါတယ်။ သယ်ယူပို့ဆောင်ရေးတပ်ရင်းနဲ့ အချက်ပြ ဆက်သွယ်ရေးတပ်ရင်းတွေ ကိုဖယ်လိုက်ရင် တိုက်ခိုက်ရေးတပ်ရင်းချည်း (၁၆) ရင်း ဖွဲ့စည်းပြီးသားရှိပါတယ်။

ရှမ်းပဒေသရာဇ်စော်ဘွားများရဲ့ နှိမ်နင်းချေမှုန်းမှုကို ခံခဲ့ရဖူးတဲ့ ပအိုဝ့်မျိုးချစ်များလည်း ပြန်လည်လှုပ်ရှားလာပြီး ကေအင်ဒီအိုများနဲ့ ပေါင်းဆက်မိကာ လက်နက်ကိုင်လာကြပါတယ်။ ရှမ်းပြည်နယ်ထဲမှာ လှုပ်ရှားနိုးကြွလာတဲ့ ပအိုဝ့်လက်နက်ကိုင်တပ်ဖွဲ့များဟာ ရှမ်းပဒေသရာဇ်စော်ဘွားများနဲ့ နယ်မြေတွေကို တိုက်ခိုက်သိမ်းပိုက်ကြတဲ့အတွက် တချို့စော်ဘွား မြို့စားများဟာ သူတို့ရဲ့ ဟော်နန်းတွေမှာတောင် မနေဝံ့လောက်အောင် ဖြစ်ပေါ်လာပါတယ်။ သထုံဘက်က ပအိုဝ့်များက ကေအင်ဒီအိုနဲ့ ပေါင်းဆက်လှုပ်ရှားလာသလို ရှမ်းပြည်ဘက်က ပအိုဝ့်များဟာလည်း ကေအင်ဒီအိုများနဲ့ တွဲဆက်မိလာပြီး သူတို့ရဲ့ အမျိုးသားရေးဆိုင်ရာ လှုပ်ရှားမှုများကို လက်နက်ကိုင်နည်းနဲ့ ဆောင်ရွက်လာကြပါတယ်။

ကရင်နီပြည်နယ်မှာလည်း ကရင်နီလှုပ်ရှားမှုနဲ့ ပဒေါင်းအုံကြွမှုကြီးများ ပေါ်ပေါက်လာပါတယ်။ စက်တင်ဘာ (၁) ရက်နေ့မှာ ကရင်စစ်ရဲများက မွန်၊ ကေအင်ဒီအိုများနဲ့အတူ မော်လမြိုင်မြို့ကို သိမ်းပိုက်ပါတယ်။ အစိုးရကလည်း အုံကြွလာမှုတွေကို နှိမ်နင်းဖို့ ပြည်ထောင်စုအရံတပ်ရင်း (ကချင်) နဲ့ (ချင်း) ကို စတင်ဖွဲ့စည်းပြန်ပါတယ်။ တဖက်က ငြိမ်းချမ်းရေးစကားတွေပြောနေကြပေမယ့် အခြားတဖက်က အပြန်အလှန် အင်အားစုဆောင်းနေကြပါတယ်။ တောင်ပိုင်းတိုင်း စစ်နယ်မြေတခုလုံးအတွင်းမှာ လက်နက်ကိုင်အင်အားစုများက မြို့ရွာနယ်ပယ်ဒေသတွေကို သိမ်းပိုက်လိုက်၊ အစိုးရတပ်များ ပြန်လည်ထိုးစစ်ဆင်သိမ်းပိုက်လိုက်နဲ့ သေနတ်သံတွေညံနေခဲ့ပါတယ်။

စက်တင်ဘာ (၂) ရက်ပါလီမန်ထဲမှာ သခင်နုက ဗကပ ဟာ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ ဩဇာခံဖြစ်နေပုံ ရှင်းလင်းပြောဆို ရှုတ်ချပါတယ်။ အဲဒီနေ့မှာပဲ ဗကပ က ထန်းတပင်ကိုဝင်တိုက်ပါတယ်။

ကေအင်ဒီအိုများက၊ ကလောအနီး လယ်ပြင်ဘူတာ၊ ပင်လောင်းနယ် လုံပြင် တို့ကို ဝင်တိုက်သလို ကော့ကရိတ်၊ ဖာပွန်၊ ရွှေကျင်၊ ကျောက်ကြီး တို့ကိုလည်း ဝင်သိမ်းပါတယ်။

၁၉၄၈–၄၉ ဘဏ္ဍာရေးနှစ်အတွက် ဘက်ဂျက်လိုငွေ (၁၀) ကုဋေကျော်တယ်လို့ ဘဏ္ဍာရေးဝန်ကြီးက ပါလီမန်မှာတင်ပြပါတယ်။ လယ်ယာမြေ နိုင်ငံပိုင်လုပ်ရေးဥပဒေကြမ်းကို ပါလီမန်က ကြေညာပါတယ်။

ဒေသဆိုင်ရာ ကေအင်ဒီအိုတပ်ဖွဲ့များရဲ့ လှုပ်ရှားတိုက်ခိုက်သိမ်းပိုက်မှုတွေကို ကေအင်ဒီအို ဗဟိုခေါင်းဆောင်များက ထိန်းသိမ်းဖို့ကြိုးစားကြတာတွေလည်းရှိပါတယ်။ စောဘဦးကြီးနဲ့ ကေအင်ဒီအိုခေါင်းဆောင်များက အစိုးရနဲ့ သထုံရှိ ကေအင်ဒီအိုတွေကြား နားလည်မှုရအောင် စေ့စပ်ဖြန်ဖြေပေးပါတယ်။ အဲ့ဒီအချိန်အထိ ကေအင်ဒီအိုအဖွဲ့ချုပ်ဟာ လက်နက်ကိုင်နည်းနဲ့ ကရင်ပြည်နယ်ပြဿနာကိုဖြေရှင်းဖို့ ဦးတည်ဆောင်ရွက်လိုခြင်းမရှိသေးပါ။

စက်တင်ဘာလ (၁၇) ရက်နေ့မှာ ပုသိမ်မြို့မှာ ကေအင်ဒီအို အရေးပေါ်ညီလာခံကျင်းပပါတယ်။ သီးခြားကရင်ပြည်နယ်ရရှိရေးကို လေးလေးနက်နက် တောင်းဆိုပါတယ်။ လက်နက်ကိုင်သောင်းကျန်းမှုတွေကို ရှုတ်ချကြောင်းနဲ့ လူမျိုးရေးအဓိကရုဏ်းများကို ဆန့်ကျင်ကြောင်း တရားဝင် ဖော်ထုတ်တင်ပြခဲ့ပါတယ်။

အဲဒီနေ့မှာပဲ လက်ယာသမားလို့ ယူဆထားခြင်းခံရတဲ့ အင်္ဂလိပ်ခေတ်အစိုးရ အဖွဲ့များအတွင်းမှာလည်း အရေးကြီးနေရာများမှာ ပါဝင်ခဲ့ဖူးတဲ့ လွတ်လပ်ရေးရပြီးပြီးချင်း နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပြီး၊ လောလောဆယ်ပဲ နိုင်ငံခြားရေးဝန်ကြီးက နုတ်ထွက်ကာ တပ်ထဲဝင်ရောက်ခဲ့ပြီး၊ ယူအေအက်(ဖ) တပ်မင်းကြီးဖြစ်တဲ့ ဦးတင်ထွတ် ရန်ကုန်မြို့လယ်ခေါင် စပတ်လမ်းမှာ ကားဗုံးခွဲတိုက်ခိုက်လုပ်ကြံခြင်းခံရပါတယ်။ ဒဏ်ရာရပြီးနောက်တရက်မှာ သေဆုံးပါတယ်။ (နောက်ပိုင်းမှာ ဗိုလ်ချုပ်နေဝင်းလက်ရာမကင်းလို့ ယူဆကြတာရှိပါတယ်။)

ဦးတင်ထွတ် ဗုံးကွဲဒဏ်ရာနဲ့ သေဆုံးတဲ့ စက်တင်ဘာ (၁)ရက်နေ့မှာပဲ ဒေးလီးမေးလ် သတင်းထောက် အလက်ဇန်းဒါးကင်းဘဲ(လ်) ကို ရန်ကုန်မြို့မှာ အစိုးရက ဖမ်းဆီးလိုက်ပါတယ်။ အမှုက ကေအင်ဒီအိုနဲ့ ပတ်သက်မှုဖြစ်ပါတယ်။ သူလျှိုလုပ်မှုဖြစ်ပါတယ်။ ကင်းဘဲ(လ်) ဟာ သတင်းထောက်ယောင်ဆောင် ရန်ကုန်ရောက်လာပြီး ကေအင်ဒီအို ကိုကူညီတဲ့ အင်္ဂလိပ်သူလျှိုလုပ်ငန်းတွေလုပ်ဆောင်တယ်လို့ ဆိုပါတယ်။ ကရင်တွေကို သူပုန်ထဖို့ အားပေးအားမြှောက်လုပ်နေတဲ့ အရင် (၁၃၆) တပ်ဖွဲ့မှာ အမှုထမ်းခဲ့ဖူးပြီး ကာလကတ္တားမြို့မှာရှိနေတဲ့ ကာနယ်တူးလောက်နဲ့ ကရင်တွေကြား ကင်းဘဲလ် က အဓိကဆက် သွယ်ပေးနေတယ်လို့ဆိုပါတယ်။ ကင်းဘဲလ်ကနေ တူးလောက်ဆီရေးတဲ့စာကို ဖော်ထုတ်နိုင်ခဲ့တယ်ဆိုပါတယ်။ အဲဒီအကြောင်းတွေကို ဘီအိုအေစီ လေကြောင်းကုမ္ပဏီက လေယာဉ်အမှုထမ်းတယောက်ဖြစ်တဲ့ ဗြိတိသျှဆိုရှယ်လစ်တဦးလည်းဖြစ်သူ အိုင်ဒီဆိုင်မွန် ဆိုသူဆီက တဆင့်သိရှိရပြီး စက်တင်ဘာလ (၁၈)ရက် နေ့မှာ ကင်းဘဲလ် ကိုဖမ်းဆီးလိုက်ကြပါတယ်။ ကင်းဘဲလ်တူးလောက် အရေးအခင်းဟာ သတင်းစာများကနေ ကမ္ဘာကို ချက်ခြင်းပျံ့နှံ့သွားပါတယ်။ ဗြိတိသျှအစိုးရက ကရင်တွေကို အကူအညီမပေးကြောင်း ချက်ချင်းတုန့်ပြန် ငြင်းဆိုပါတယ်။ ကင်းဘဲလ် တူးလောက်ကိစ္စဟာ အစိုးရနဲ့ ဘာမျှမဆိုင်ကြောင်း ဗြိတိသျှပါလီမန်ထဲ ဆွေးနွေးကြရာမှာ ရှင်းလင်းပြောဆိုပါတယ်။ (နောက်ပိုင်းမှာ အစိုးရက ကင်းဘဲလ်ကို ဖမ်းဆီးထားရာကနေ ပြန်လွှတ်ပေးပြီး အပြီးအပိုင် မောင်းထုတ်လိုက်ပါတယ်။)

ကရင်စစ်ရဲပုန်ကန်မှုများ၊ ကေအင်ဒီအိုလှုပ်ရှားမှုများနဲ့ ကရင်အရေး ရှေ့တန်းတက်လာတဲ့အတွက် စက်တင်ဘာ (၂၉) ရက်နေ့မှာ မော်လမြိုင်ခရိုင်ကို စစ်အုပ်ချုပ်ရေးကြေညာပါတယ်။

တဖက်ကလည်း လက်နက်ကိုင်လှုပ်ရှားနေမှုပေါင်းစုံကို ချေးသိပ်ဟန့်တားဖို့ အစိုးရနဲ့ လက်နက်ကိုင်ပုန်ကန်နေသူတွေအကြား ကြားဝင်ဖြေရှင်းစေ့စပ်ပေးဖို့ ဖဆပလ အစိုးရက ရွှေပြည်အေးငြိမ်းချမ်းရေးအဖွဲ့တွေ ဖွဲ့စည်းပေးပါတယ်။ ရွှေပြည်အေးအဖွဲ့ကို ဆရာဦးသွင် နဲ့ ဟသ်ာတဦးမြ တို့က ခေါင်းဆောင်ပါပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ပါတယ်။ ဒါကြောင့် ရွှေပြည်အေးအဖွဲ့ကို ဆရာဦးသွင်ငြိမ်းချမ်းရေးအဖွဲ့လို့လည်းခေါ်ပါတယ်။ အဓိကအားဖြင့် အမြို့မြို့အနယ်နယ်ကို သွားရောက်ပြီး ရဲဘော်ဖြူခေါင်းဆောင်တွေနဲ့ တွေ့ဆုံတာတွေ လုပ်ပါတယ်။ သဘောတူညီမှုယူတာတွေလုပ်ပါတယ်။ အစိုးရဟာ တဖက်ကလည်း တပ်ကို တိုးချဲ့ဖို့၊ လက်နက်အသစ်တွေ လုံလုံလောက် တပ်ဆင်ပေးနိုင်ဖို့ လက်နက်ဝယ်ယူရေးကို နည်းနည်းအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်ပါတယ်။

နာမည်ဆိုးနဲ့ကျော်ကြားနေတဲ့ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းကို ပြည်ထဲရေးဝန်ကြီးအဖြစ်ကနေ နိုင်ငံခြားရေးဝန်ကြီးအဖြစ် နေရာပြောင်းရွှေ့ပေးလိုက်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာတဲ့ ဦးကျော်ငြိမ်းဟာ လက်နက်ကိုင်သောင်းကျန်းသူတွေကို အပြတ်တိုက်ဖို့အတွက်ဆိုပြီး သေနတ်ဝယ်ထွက်ပါတယ်။ ကင်းဘဲလ်တူးလောက် အရေးအခင်းပြီးတဲ့နောက် အင်္ဂလန်ကို ကိုယ်တိုင်ကိုယ်ကျသွားပြီး လက်နက်ရောင်းချပေးဖို့ တင်ပြဆွေးနွေးပါတယ်။ အောက်တိုဘာလ (၇) ရက်နေ့မှာ လန်ဒန်ကိုရောက်ပါတယ်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ဦးကျော်ငြိမ်းကို ကိုယ်တိုင်တောင် လက်ခံတွေ့ဆုံခြင်းမရှိပါ။ နိုင်ငံခြားရေးရုံး အမြဲတမ်းအတွင်း

ဝန်ကသာ ဦးကျော်ငြိမ်းကို လက်ခံတွေ့ဆုံပြီး ကင်းဘဲလ်ကိုဖမ်းဆီးခြင်းအတွက် ဆုပူကြိမ်းမောင်းလွှတ်လိုက်တယ်ဆိုပါတယ်။ လက်နက်လည်း ရောင်းမပေးလိုက်လို့ဆိုပါတယ်။ တခြားနိုင်ငံတွေကလည်း ဗမာပြည်ကို ဖြိုတိသျှသြဇာနယ်ထဲမှာပဲ ထည့်သွင်းထားပြီး လက်နက်ရောင်းမပေးကြဘူးဆိုပါတယ်။

အင်္ဂလိပ်က လက်နက်ရောင်းမပေးတော့ ဦးကျော်ငြိမ်းက အမေရိကန်ကိုအားကိုးပြီး လက်နက်ရောင်းချပေးရေး အားထုတ်ပြန်ပါတယ်။ ပါရီ မှာကျင်းပတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံကို သွားတက်ရင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာရှယ်နဲ့တွေ့ပြီး လက်နက်ခဲယမ်းမီးကျောက် ရောင်းချပေးရေးဆွေးနွေးပါတယ်။ ပထမ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာရှယ် ကရောင်းပေးမယ်ပြောတဲ့အတွက် လွှတ်တော်ညီလာခံမှာ အကြောင်းရှာပြီး အမေရိကန်ကို မဲပေးခဲ့တယ်ဆိုပါတယ်။ ဗမာပြည်ပြန်ရောက်ပြီး အမေရိကန်သံအမတ်နဲ့ လက်နက်ဝယ်ရေးစီစဉ်တော့မှ ဗမာနိုင်ငံဟာ အင်္ဂလိပ်အစိုးရ နဲ့ လက်ကျော ဖရီးမင်းစာချုပ်ရှိနေတဲ့အတွက် ရောင်းပေးလို့မဖြစ်နိုင်ဆိုပြီး ငြင်းပယ်ချခြင်းခံလိုက်ရပါတယ်။

အောက်တိုဘာ (၁၀) ရက်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကြမ်းကို ပါလီမန်က အတည်ပြုလိုက်သလို (၁၄)ရက်နေ့မှာ ဝန်ကြီးချုပ်သခင်နုက လွတ်လပ်ရေးနေ့က နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့တဲ့ ဝါဒသဘောထားအတိုင်း ဆက်လက်ဆောင်ရွက်သွားမယ်လို့ ထပ်မံကြေညာပြန်ပါတယ်။ ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ဆက်လက်ချီတက်မယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

လက်ယာထိပ်သီးတဦးအဖြစ် စာရင်းတို့ထားခြင်းခံရတဲ့ ဦးထွန်းလှအောင် ကို လန်ဒန်မြို့ မြန်မာသံရုံး စစ်ဘက်အရာရှိအဖြစ် ခန့်ထားပြီး၊ အောင်တိုဘာ (၁၅) ရက်နေ့မှာ အင်္ဂလန်ပို့လိုက်ပါတယ်။ ဦးတင်ထွတ်လည်း လက်သည်မပေါ် လုပ်ကြံခံလိုက်ရပြီးပြီမို့ ဦးထွန်းလှအောင် လန်ဒန်ကို အေးအေးဆေးဆေး ထွက်ခွါသွားပါတယ်။ လက်ယာသမားကြီး ဦးတင်ထွတ်ကို ဘယ်သူသတ်ခဲ့သလဲဆိုတာ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့အမှုဖြစ်ခဲ့ပါတယ်။ ဆိုရှယ်လစ်များက သတ်ခဲ့တာလို့ ယူဆသူတွေရှိသလို ဗမာတပ်မတော်အတွင်းကပဲ သတ်ခဲ့တာလို့ ယူဆပြောဆိုကြသူတွေလည်းရှိပါတယ်။ အစိုးရက ဦးတင်ထွတ် လုပ်ကြံသူကို ဖော်နိုင်သူ ဆုငွေတသောင်းပေးမည်လို့ အောင်တိုဘာ (၂၉) ရက်နေ့မှာ ခပ်တည်တည်ကြေညာခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးအချိန်အထိ တရားခံမပေါ်ခဲ့ဘဲ အမှုပိတ်ခဲ့ရတဲ့ နိုင်ငံရေးလုပ်ကြံမှုတခုဖြစ်ခဲ့ရပါတယ်။

အစိုးရအဖွဲ့အတွင်းမှာ တန်းခိုးထွားလာခဲ့တာကတော့ ဆိုရှယ်လစ်တွေဘဲဖြစ်ပါတယ်။ ကွန်မြူနစ်တွေကို တောထဲမောင်းထုတ်လိုက်ပြီးဖြစ်သလို ဖဆပလ အတွင်း အဓိကပြိုင်ဘက် ပြည်သူ့ရဲဘော်ကိုလည်း အပြတ်ဖြိုခွဲပြစ်လိုက်နိုင်ပြီး ရဲဘော်ဖြူတွေကို တောတွင်းမောင်းထုတ်ပြစ်လိုက်နိုင်တဲ့အတွက် ပြိုင်ဘက်မရှိဗိုလ်ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဖဆပလ အစိုးရကို တိုးတက်တဲ့ နိုင်ငံရေးအင်အားစုများက ဖဆဆိုရှယ်အစိုးရလို့ ကင်ပွန်းတပ်လာကြပါတယ်။ ဆိုရှယ်လစ်တွေအထဲမှာ သြဇာတန်းခိုးအထွားဆုံးကတော့ ဦးကျော်ငြိမ်းနဲ့ ဦးဗဆွေဖြစ်လာပါတယ်။ လူမုန်းအများဆုံးနဲ့ အရှုံရှာခံရဆုံးကတော့ ဦးကျော်ငြိမ်း ပဲဖြစ်ပါတယ်။

အစိုးရအတွင်းမှာဆိုရှယ်လစ်တွေပြိုင်ဘက်မရှိ အသာရနေခဲ့ပေမယ့် တိုင်းပြည်တခုလုံးရဲ့ အနေအထားကတော့ မီးဟုန်းဟုန်းတောက်စပြုနေခဲ့ပါတယ်။ လက်နက်ကိုင်တော်လှန်ဆန့်ကျင်နေကြသူ ပေါင်းစုံတို့ရဲ့ သေနတ်သံတွေဟာ ရန်ကုန်အနီးတဝိုက်အထိ ကျယ်ပြန့်လာနေခဲ့ပါတယ်။ လက်နက်ကိုင်လှုပ်ရှားမှုတွေကြီးထွားလာတဲ့အခါ ဒီလက်နက်ကိုင်လှုပ်ရှားမှုတွေကို နှိပ်ကွပ်ပစ်နိုင်ဖို့ အပြတ်တိုက် အပြတ်ချေမှုန်းရေးကိုပဲ တလျှောက်လုံး ဆုပ်ကိုင်ထားတဲ့ ဆိုရှယ်လစ်ကြီးများဟာ လက်နက်ကိုင်တပ်ကို တိုးချဲ့ရေး၊ လက်နက်ကိုင်တပ်ကို ကိုင်ထားနိုင်ရေး၊ လက်နက်ကိုင်တပ်မှာ ကိုယ့်သြဇာရှိသူမွေးထားနိုင်ရေးကို အဓိကထားလုပ်လာကြပါတယ်။ အကြမ်းဖက်နည်းနဲ့ အာဏာရရေးကိုမယုံကြည်ဘူး၊ လက်နက်ကိုင်နည်းကို လက်မခံဘူး၊

ပါလီမန်ဒီမိုကရေစီကို အသက်တမျှ မြတ်နိုးပါတယ် စသဖြင့် စသဖြင့် ပါးစပ်က တဖွဖွပြောနေသူတွေဟာ တကယ်လက်တွေ့မှာ လက်နက်ကိုင်အင်အားအပေါ် အယုံကြည်ဆုံးလူတွေဖြစ်လာကြပါတယ်။ အင်အားနဲ့ အနိုင်ယူရေး စိတ်အပြင်းထန်ဆုံးလူတွေဖြစ်ကြပါတယ်။ အပြုတ်တိုက် အပြုတ်ဖြိုရေး ရည်မှန်းချက်အပြင်း ထန်းဆုံးလူတွေဖြစ်ကြပါတယ်။ သာဓကအားဖြင့် ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်တွေကို ကြည့်နိုင်ပါတယ်၊ ဦးကျော်ငြိမ်းဟာ ဗိုလ်နေဝင်း ကို ကာကွယ်ရေးဝန်ကြီးဖြစ်စေချင်လွန်းလို့ ဉာဏ်နီ ဉာဏ်နက်မျိုးစုံကို သုံးခဲ့ပါတယ်။ ငိုပြတဲ့နည်း၊ ကုလားဖန်ထိုးတဲ့နည်း၊ ကတုံးကတိုက်လုပ်တဲ့နည်း နည်းပေါင်းစုံ အကုန်သုံးခဲ့ပါတယ်။ ဆိုရှယ်လစ်အနွယ်ဝင်ဖြစ်တဲ့ ဗိုလ်နေဝင်းကို ဆိုရှယ်လစ်ခေါင်းဆောင်ကြီး ဦးကျော်ငြိမ်းက အပိုင်မွေးမြူထားဖို့ပြင်ဆင်ခဲ့ပါတယ်။ မွေးခဲ့ပါတယ်။ ကိုယ်ပိုင်တပ်ရှိအောင် အမြဲတန်းကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ တပ်ထဲမှာ ကိုယ့်လူ ဆိုရှယ်လစ်အမာခံကြီးတွေရှိနေအောင် အကွက်ချ ဖန်တီးထားလေ့ရှိပါတယ်။ ခေါင်းမာဆိုရှယ်လစ် ထိပ်သီးတဦးဖြစ်တဲ့ ဗိုလ်အောင်ကြီးဟာ ၁၉၄၇ ခုနှစ်မှာ တပ်မတော်ကထွက်၊ ဆိုရှယ်လစ်ပါတီ ထိပ်သီးတဦး လုပ်ပြီး၊ (ပြည်) ကျေးလက် အရှေ့အမတ်အဖြစ် ခေါင်းပေါင်းစတထောင်ထောင် လုပ်နေရာကနေ၊ လက်နက် ကိုင်တပ်ဖွဲ့ကို ကိုင်ထားနိုင်ရေး အရေးကြီးလာချိန်မှာ တပ်ထဲ အစီအစဉ်ရှိရှိ ပြန်ဝင်လာပါတယ်။ သူတို့ စကားနဲ့ပြောရရင်၊ ခုစာကလေးကြော် ခုဆီထမင်း လုပ်ခဲ့ပါတယ်။ အောက်တိုဘာ (၁) ရက်နေ့မှာ ဗိုလ်မှူးကြီး အဖြစ် အပေါ်ကနေ ပြန်ဝင်လာပါတယ်။ တပ်ကို ဆိုရှယ်လစ်တွေစီးထားနိုင်ဖို့ဖြစ်ပါတယ်။

နိုဝင်ဘာလထဲမှာ သီးခြားကရင်ပြည်နယ်ရှိရေး လှုပ်ရှားမှုများ ပိုမိုအကွက်စိပ်လာပါတယ်။ ကရင် စစ်ရဲတပ်များ ပုန်ကန်မှုနဲ့ ကေအင်ဒီအိုတို့ရဲ့ လှုပ်ရှားမှုတွေကို အစိုးရတပ်မတော်တွင်းရှိ ကရင့်သေနတ်ကိုင် တပ်ရင်းများကလည်း လျှို့ဝှက်ကူညီ ထောက်ပံ့တာတွေလုပ်ကြတယ်ဆိုပါတယ်။

အစိုးရက ကရင့်ပြဿနာကို ဦးတည်ကိုင်တွယ်သွားနိုင်ရေးအတွက် လက်ဝဲသမားတွေရဲ့ ထောက် ခံမှုကိုရအောင် နည်းမျိုးစုံနဲ့ကြိုးစားပါတယ်။ လွတ်လပ်ရေးနေ့ မိန့်ခွန်းတွေနဲ့ကိုက်အောင် လက်ဝဲလမ်းကြောင်း ပုံသဏ္ဌာန်ပေါ်အောင် ပြည်သူ့ပိုင်သိမ်းရေးအသံတွေပေးပါတယ်။ ဆာဦးသွင်ခေါင်းဆောင်တဲ့ ရွှေပြည်အေး ငြိမ်းချမ်းရေးအဖွဲ့တွေကို လုပ်ပိုင်ခွင့်တစုံတရာပေးပြီး အနယ်နယ်အရပ်ရပ်မှာ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ အကောင်အထည်ဖော်စေခဲ့တယ်။

မြန်မာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဖယ်ယာဝယ်သာဦးဘအေး က ပြည်သူ့ပိုင်လုပ်ငန်းကို အစိုးရက အလျင်စလိုမလုပ်သင့်ကြောင်း သတင်းစာဆရာများအသင်းတိုက်မှာ နိုဝင်ဘာလ (၃) ရက်နေ့မှာ ရှင်းလင်းပြောကြားတာလုပ်ပြီး ကန့်ကွက်ပါတယ်။

ဆာဦးသွင်ခေါင်းဆောင်တဲ့ ရွှေပြည်အေးခေါင်းဆောင်တွေက ကရင်ကိစ္စအရေးကြီးလာချိန်မှာ အစိုးရ က သူပုန်ထနေတဲ့ ရဲဘော်ဖြူတွေကို ဥပဒေဘောင်အတွင်း ပြန်ရောက်လာအောင် ဖိတ်ခေါ်စေချင်ပါတယ်။ ဆာဦးသွင်တို့ ငြိမ်းချမ်းရေးအဖွဲ့ဟာ ထောင်တွင်းအထိသွားပြီး ရဲဘော်ဖြူခေါင်းဆောင်များနဲ့တွေ့တာ၊ ဆွေး နွေးညှိနှိုင်းတာတွေလုပ်ပါတယ်။ သူတို့ရဲ့ ငြိမ်းရေးလုပ်ငန်းများကို ထောက်ခံတဲ့ ထောက်ခံပွဲတွေကိုလည်း ဖြစ်ပေါ်ကျင်းပစေခဲ့ပါတယ်။ နိုင်ဝင်ဘာလ (၂၂) ရက်နေ့မှာ ဆာဦးသွင်နေအိမ်မှာ ငြိမ်းချမ်းရေးအဖွဲ့ဝင် လူကြီးများနဲ့ တောခိုရဲဘော်ဖြူခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးကြတာလုပ်ပါတယ်။

နိုဝင်ဘာ (၂၄) ရက်နေ့မှာ ပြည်တွင်းစစ်ရပ်ဆဲရေး၊ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုဖွဲ့စည်းရေးနဲ့ ဒီမိုကရေစီညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး တောင်းဆိုချက်ပါဝင်တဲ့ ကြေညာချက်ကို တောခိုရဲဘော်ဖြူများက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ (၃၀) ရက်နေ့မှာ ရဲဘော်ဖြူခေါင်းဆောင်တယောက်ဖြစ်တဲ့ ဗိုလ်လရောင် က သူတို့ရဲ့ ရဲဘော်ဖြူများကို ဌာနချုပ်က ငြိမ်းချမ်းရေးကို လက်ခံလိုက်ပြီဖြစ်လို့ ဌာနချုပ်ရဲ့ ညွှန်ကြားချက်အ

တိုင်း လိုက်နာကြဖို့ အသံလွှင့်ပြောကြားပါတယ်။ ရဲဘော်ဖြူတချို့က လက်ခံကြပေမယ့် ရဲဘော်ဖြူတချို့က လက်မခံကြဘဲ ဆက်လက်တိုက်ပွဲဆင်ကြပါတယ်။ အစိုးရကလည်း ပုဒ်မ(၅)နဲ့ ဖမ်းထားတဲ့ ရဲဘော်ဖြူတချို့ကို ပြန်လွှတ်တာ၊ နိုင်ငံရေးသမားတချို့ကို ပြန်လွှတ်တာလုပ်ပါတယ်။ ကရင့်အရေးကို အဓိကထားကိုင်တွယ်နိုင်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းတချို့ကို အလျှော့အတင်းလုပ်ပေးတဲ့သဘောဖြစ်ပါတယ်။

ရဲဘော်ဖြူ ဒုတိယဥက္ကဋ္ဌ ဗိုလ်လရောင်ရဲ့ အသံလွှင့်ပြောကြားချက် ထွက်ပေါ်မလာခင်ကလေးမှာ အရေးကြီးအဖြစ်အပျက်တခုပေါ်ခဲ့ပါတယ်။ ကချင်ပြည်နယ် ဥက္ကဋ္ဌ ဆမားဒူဝါးဆင်ဝါးနောင် ရဲ့ ဝန်ကြီးချုပ်သခင်နု ထံ တင်ပြချက်ဖြစ်ပါတယ်။ သူရဲ့အတွင်းဝန် လဘန်ဂရောင်းက အစီရင်ခံစာရေးပြီး တင်ပြခဲ့တာကို ဝန်ကြီးချုပ်ဆီ အသိပေးတင်ပြခဲ့တာလို့ဆိုပါတယ်။ နိုဝင်ဘာလ (၂၈) ရက်နေ့မှာ တင်ပြခဲ့တာဖြစ်ပါတယ်။ အကြောင်းက လဘန်ဂရောင်းကို ကရင်သဟာယကလပ်ကို လာရောက်ဖို့ ဖိတ်ကြားပြီး ကလပ်မှာ ကေအင်ဒီအို ဥက္ကဋ္ဌ မန်းဘဇံ၊ ဆရာသာထို၊ စောဟန်တာသာမွေး စတဲ့ ကရင်ခေါင်းဆောင်များက ကေအင်ဒီအိုများရဲ့ တိုက်ပွဲများကို ကချင်များက ကူညီဖို့ စစ်ကူတောင်းကြတယ်ဆိုတဲ့အကြောင်းဖြစ်ပါတယ်။ အဲဒီလို ကရင်များရဲ့ ကချင်များကို စည်းရုံးတောင်းခံခြင်းသတင်းကို ကြားသိပြီးပြီးချင်း ဝန်ကြီးချုပ်သခင်နုက ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်အောင်ကြီး တို့ကိုခေါ်ယူပြီး ၁၉၄၉ ဇန်နဝါရီ (၃၁) ရက်ထက်နောက်မကျစေဘဲ လိုသမျှတပ်များ ဖွဲ့စည်းပေးဖို့တာဝန်ပေးခဲ့ပါတယ်။ အရင်ကတည်းက ဖွဲ့စည်းဖို့ တရားဝင် အမိန့်ထုတ်ထားခဲ့ပြီး စစ်ဝန်ထမ်းတပ် (၅၂) တပ်အပြင် နောက်ထပ် (၄၉) တပ်ဖွဲ့စည်းဖို့ အမိန့်ချခဲ့ပါတယ်။ အားလုံး စစ်ဝန်ထမ်းတပ်ဖွဲ့ (၁၀၀) ကျော်ရှိစေခဲ့ပါတယ်။

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာ (၄) ရက်နေ့မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက "နယ်ပေါင်းစုံကရတဲ့ သတင်းများအရ ပြည်ထောင်စုတခုလုံးဟာ ရင်မအေးဖွယ်ရာ အင်မတန်ဆိုးဝါးတဲ့အခြေအနေကို ရောက်နေပါပြီ" လို့ ကြေညာလိုက်ပါတယ်။

ဒီဇင်ဘာလ (၅) ရက်နေ့မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကြီးမှူးတဲ့ ငြိမ်းချမ်းသာယာရေးအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းများ ထောက်ခံပွဲကျင်းပပြီး၊ ပိုမိုပြင်းထန်လာမယ့် ပြည်တွင်းစစ်မီးလျှံကို တားဆီးဖို့ ကြိုးစားပါတယ်။ ငြိမ်းချမ်းရေးအသံကိုပေးပါတယ်။

ဒီဇင်ဘာ (၈) ရက်နေ့မှာ သခင်နုနေအိမ်မှာ ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပပြီး လက်ငင်းနိုင်ငံရေးပြဿနာများကို ပြတ်ပြတ်သားသားဖြေရှင်းရေး ဆွေးနွေးကြတယ်ဆိုပါတယ်။

စောဘဦးကြီးခေါင်းဆောင်တဲ့ ကေအင်ဒီအိုခေါင်းဆောင်များက တောက်လောင်လာနေတဲ့ စစ်မီးရှိန်ကိုအရှိန်သတ်နိုင်ဖို့ တတ်နိုင်သမျှ ကြိုးစားခဲ့ကြပါတယ်။ အောက်တိုဘာလထဲတုန်းကတည်းက စောဘဦးကြီးဟာ ဝန်ကြီးချုပ်သခင်နု အပါအဝင် ကချင်၊ ရှမ်း၊ မွန်၊ မြန်မာ ခေါင်းဆောင်တွေကို ဖိတ်ကြားပြီး ညစာစားပွဲတည်းခင်းဧည့်ခံရင်း ပြေလည်ရာပြေလည်ကြောင်း ကြိုးစားခဲ့ပါတယ်။ ကရင်များရဲ့ မအူပင်ငွေတိုက် ဖောက်ပြီးယူသွားမှုအတွက် လယ်ဧက (၁၀၀၀) ရောင်းပြီး လျော်ကြေးပေးဖို့သိမ်းသွားတဲ့ သေနတ်တွေကို (၂)လအတွင်းပြန်အပ်ခိုင်းဖို့ သူကြိုးစားအားထုတ်မယ်ဆိုတာ ကတိပေးခဲ့ပါတယ်။ ကရင်ခေါင်းဆောင် စောသာဒင်နဲ့ ဆရာသာထိုတို့က သတင်းစာဆရာများအသင်းတိုက်မှာ သတင်းစာဆရာများရှေ့မှာ "ကရင်ဗမာ အထင်မလွဲကြဘဲ မေတ္တာဖြင့်အလုပ်လုပ်ကြဖို့" ဒီဇင်ဘာလ (၉) ရက်နေ့မှာ ပြောဆိုပါတယ်။ ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ကရင်ရေးရာဝန်ကြီး မန်ဘဆိုင်ကလည်း သတင်းစာဆရာများအသင်းတိုက်မှာပဲ ကရင်ဗမာချစ်ကြည်ရေး ရှင်းလင်းပြောကြားမှုတွေလုပ်ပါတယ်။ ဒါပေမယ့် အခြေအနေတွေက တနေ့တခြား ရှုပ်ထွေးလိမ်ယှက်လာနေပါတယ်ပဲပြောရတော့မှာဖြစ်ပါတယ်။ စစ်သံနဲ့ ငြိမ်းချမ်းရေးအသံ ညီညွတ်ရေးသံတွေဟာ လုံးထွေးရစ်

ပတ် ဒွေးရောယှက်တင်ဖြစ်နေခဲ့ပါတယ်။ နှစ်ဘက်စလုံးဟာ အပြန်အလှန် အပြည့်အဝ မယုံကြည်နိုင်စရာတွေရှိနေခဲ့ကြပါတယ်။ အစိုးရဘက်ကနေကြည့်တဲ့အခါကျတော့လည်း လက်နက်ကိုင်သောင်းကျန်းသူများဟာ မြို့သိမ်း၊ ရွာသိမ်း၊ ငွေတိုက်ဖောက်လုပ်ငန်းများကို အဆက်မပြတ်လုပ်နေကြပြီး တိုင်းပြည်ကို ဂျောက်ထဲတွန်းချနေကြတယ်လို့မြင်ပါတယ်။ လက်နက်ကိုင်လှုပ်ရှားနေကြသူအားလုံးကို ‘သောင်းကျန်းသူတွေ’ အဖြစ်ပဲ သဘောထားပါတယ်။ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်၊ တောခိုတပ်မတော်၊ တောခိုကရင်စစ်ရဲ၊ တောခိုကေအင်ဒီအို၊ နဲ့လူမျိုးစုလက်နက်ကိုင် ပုန်ကန်နေသူတွေအားလုံးကို သိမ်းကြုံးပြီး “ရောင်စုံသူပုန်” “ရောင်စုံသောင်းကျန်းသူတွေ”လို့ ကင်းပွန်းတပ်ခေါ်ဝေါ်ပါတယ်။ မလွဲသာ မရှောင်သာ ငြိမ်းချမ်းရေးစကား ညီညွတ်ရေးစကား ပြောကြားလာရတဲ့အခါမှာလည်း ‘လက်နက်ချလာပါ’ ‘အလင်းဝင်လာပါ’ ‘လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပေးထားပါတယ်’ ဆိုတာတွေကိုပဲ ပြောကြားလေ့ရှိခဲ့ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဘက်ကကြည့်တဲ့အခါကျတော့လည်း ဖဆပလ အစိုးရဟာ အင်မတန် ကလိမ်ကျတဲ့အစိုးရပဲမြင်ပါတယ်။ ဖဆပလ အစိုးရဟာ ဆိုရှယ်လစ်တွေအုပ်စီးထားတဲ့အစိုးရဖြစ်ပြီး ဆိုရှယ်လစ်တွေက ပြိုင်ဘက်နိုင်ငံရေးအင်အားစုတွေအပေါ် လက်ဦးမှုယူ ခြေမှုန်းရေးကိုဘဲလုပ်ဆောင်ပြီး အာဏာကို ရာသက်ပန် လက်ဝါးကြီးအုပ်ထားချင်ကြတယ်လို့မြင်ပါတယ်။ ကွန်မြူနစ်တွေကိုတောထဲမောင်းပို့ခဲ့တာ၊ ရဲဘော်ဖြူတွေကိုတောထဲမောင်းပို့ခဲ့တာတွေဟာ လက်တွေ့သာဓကတွေဖြစ်ပြီး ငြိမ်းချမ်းရေးထက် အပြုတ်တိုက်ရေးကိုသာ အမြဲတမ်းလုံးပမ်းနေကြသူတွေလို့ ယူဆပါတယ်။ စစ်တပ်တွေကိုသာ တိုးချဲ့ဖွဲ့စည်းနေပြီး၊ တကယ့်စစ်မှန်တဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို ရလို ယူလို တည်ဆောက်လိုသူတွေ မဟုတ်လို့ အဖြေထွက်ပါတယ်။

ဒါကြောင့် ပြည်တွင်းစစ်ကြီးဟာ ပိုမိုအရှိန်ရလာခဲ့ပါတယ်။ လတ်တလောထိပ်ရောက်လာခဲ့တဲ့ကရင်အမျိုးသားများ ပြဿနာဟာလည်း တစတစ ပိုမိုနက်ရှိုင်းလာခဲ့ပါတယ်။ ဝန်ကြီးချုပ်သခင်နုက ကရင်၊ မွန်၊ ရခိုင်များအတွက် ပြည်နယ်ဖွဲ့ပေးရေး သဘောထားကျလာပြီး ကော်သူလေးနယ်နမိတ်သတ်မှတ်ရေးကော်မရှင်ဆိုတာနဲ့ ပြည်နယ်စုံစမ်းရေးကော်မရှင်ဆိုတာကို ဖွဲ့စည်းပေးခဲ့ပေမယ့် ဒီကော်မရှင်များဟာ ပြဿနာများကို ပြေလည်အောင်ဖြေရှင်းပေးနိုင်လိမ့်မယ်မဟုတ်တာ သူ့ဟာသူ့လည်း သဘောပေါက်ပြီးဖြစ်ပါတယ်။ အခြေခံကို ကိုင်တွယ်တဲ့သဘောမဟုတ်ပဲ ယာယီထွက်ပေါက်ရှာတဲ့သဘော အကြောင်းပြချက်တခုပေး ချွေးသိပ်ပြီး အချိန်ဆွဲတဲ့သဘောသာဖြစ်နေခဲပါတယ်။ အခြေခံအကြောင်းက ကရင်အမျိုးသားများက ကရင်ပြည်နယ်ကိုလိုချင်တာဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ သတ်သတ်မှတ်မှတ်ဖော်ပြထားခြင်းမခံရသေးတဲ့အတွက် ဂုဏ်နဲ့ဒြပ်နဲ့ကိုက်ညီတဲ့ ကရင်အမျိုးသားများရဲ့ စိတ်ဆန္ဒနဲ့လည်း လျော်ညီတဲ့ ကရင်ပြည်နယ်ရရှိချင်တာဖြစ်ပါတယ်။ ဖဆပလ အစိုးရပေးချင်တာက သို့မဟုတ် ပေးနိုင်တယ်ဆိုတာက ကရင်အမျိုးသားများရဲ့ စိတ်ဆန္ဒနဲ့ အများကြီးဝေးကွာခြားနားနေပါတယ်။ ကရင်ပြည်နယ်ဖွဲ့စည်းပေးမယ်။ ဖွဲ့စည်းခွင့်ကိုလက်ခံတယ်။ ဒါပေမယ့် အဲဒီဖွဲ့စည်းလိုက်တဲ့ ကရင်ပြည်နယ်ဟာ ပြည်ထောင်စုထဲက ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိရမယ်ဆိုတဲ့ ကေအင်ယူရဲ့ တောင်းဆိုချက်ကို လက်မခံနိုင်လို့ဆိုပါတယ်။ ကရင်ပြည်နယ်ထဲမှာပါဝင်မယ့် နယ်မြေဒေသကိစ္စမှာလည်း ဗမာပြည်တဝက်လောက်နီးပါးရှိနေလို့ သဘောမတူနိုင်လို့ဆိုပါတယ်။ ကော်သူလေးနယ်နမိတ်သတ်မှတ်ရေးကော်မရှင်က ထောက်ခံမယ့် ဒေသများကိုသာ ကရင်ပြည်နယ်ထဲ ထည့်ပေးဖို့ အစိုးရကဆုံးဖြတ်ထားတယ်ဆိုပါတယ်။ (တကယ်က နယ်မြေဒေသကိစ္စဟာ နယ်မြေဒေသတွင်းရှိ ပြည်သူလူထုအားလုံးရဲ့ဆန္ဒကို ဖော်ထုတ်ပြီး ဆန္ဒခံယူပြီး သက်ဆိုင်ရာ ကာယကံရှင်အားလုံးနဲ့ ညှိနှိုင်းဆုံးဖြတ် အကောင်အထည်ဖော်ရင် အချိန်ကာလတခုမှာ ပြီးစီးဖြေရှင်းနိုင်တဲ့ ကိစ္စဖြစ်ပါ

တယ်။ တဖက်က 'ရကိုရရမယ်'၊ အခြားတဖက်က 'ပေးကိုမပေးနိုင်ဘူး' လို့ ပြောလို့ဆိုလို့ဖြစ်တဲ့ကိစ္စ မဟုတ်စကောင်းပါ။) အဲဒီတော့ 'ခွဲထွက်လိုက ခွဲထွက်ခွင့်မပေးနိုင်' ဆိုတဲ့အချက်နဲ့ 'နယ်မြေကိစ္စ'ဟာ အခရာဖြစ်ကျန်ခဲ့ပါတယ်။ 'နယ်မြေကိစ္စ'ဟာ အချိန်တခုခုအတွင်း ညှိနှိုင်းဖြေရှင်းဖို့ ယာယီဖယ်ထားကြည့် မယ်ဆိုရင် 'ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်' ဆိုတာကကော ဖဆပလအစိုးရက လုံးဝမလိုက်လျောနိုင်တဲ့အချက် အဖြစ် သတ်မှတ်ထားခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ 'ရှမ်းပြည်နယ်နဲ့ ကရင်နီ (ကယား) ပြည်နယ် နှစ်ခုကလွဲပြီး ခွဲထွက်ပိုင်ခွင့်ကို အသိအမှတ်ပြုထားတာမရှိလို့ဆိုပါတယ်။ ဒါကြောင့် အဲဒီလို သဘောထားအမြင်ကိုအခြေခံပြီး 'ကရင်ပြည်နယ်'ရရှိရေးလှုပ်ရှားမှု၊ တောင်းဆိုမှု၊ ကြိုးပမ်းအားထုတ်မှုတွေ အပေါ် ဖဆပလအစိုးရက 'မဖြစ်နိုင်သောတောင်းဆိုမှု' 'လိုက်လျောလို့မဖြစ်နိုင်သောတောင်းဆိုမှု' လို့ ကောက်ချက်ဆွဲသတ်မှတ်လိုက်ပါတယ်။ အဲဒီလို ကောက်ချက်သတ်မှတ်မှုတွေအပေါ်ကနေ ဖြေရှင်းဖို့ ရွေး ချယ်လိုက်တဲ့လမ်းကြောင်းကလည်း လက်နက်ကိုင်လှုပ်ရှားလာမှုတွေကို ချေမှုန်းရေးဆိုတာပဲဖြစ်သွားပါ တော့တယ်။ 'မလိုက်လျောနိုင်တဲ့တောင်းဆိုမှု' အဖြစ် သတ်မှတ်ဆွဲကိုင်ထားပြီး၊ အဲဒီ စွဲကိုင်ထားတဲ့ မူ အောက်ကနေ လုပ်ဆောင်တယ်ဆိုတဲ့ ငြိမ်းချမ်းရေး စေ့စပ်ပြေငြိမ်းရေးတွေ မှန်သမျှဟာ အတင်းနားချတာ သို့မဟုတ် တဖက်လှည့်နဲ့ လှည့်ပတ်ပြီး လက်ခံခိုင်းတာသာဖြစ်ရပါတော့တယ်။ စစ်မှန်မျှတတဲ့အဖြေကို ဘယ်လိုမှ မရောက်နိုင်တော့ပါ။

၁၉၄၈ ခုနှစ်ကုန်အထိ အခြေအနေကိုကြည့်လိုက်မယ်ဆိုရင် ဖဆပလအစိုးရရဲ့ လုပ်ဆောင် အကောင် အထည်ဖော်ခဲ့ချက်များဟာ ဘာမှ မယ်မယ်ရရ အောင်မြင်တိုးတက်လာတာမတွေ့ရပဲ အမျိုးသားသွေးကွဲ မှုကြီးသာ ပိုမိုကြီးမားကျယ်ပြန့်လာတာတွေ့ရပါတယ်။ ပြည်တွင်းစစ်ကြီး ပေါက်ဖွားလာခဲ့ရပြီး ပြည်သူလူထု တရပ်လုံး စစ်ဘေးစစ်ဒဏ်သင့်ကြရပါတယ်။ စစ်ကို ဖန်တီးခဲ့တဲ့သူတွေကိုယ်တိုင် စစ်မီးလျှံများရဲ့ လောင် မြိုက်ဝါးမြိုမှု၊ စစ်မီးပြန်ဟပ်လာမှုဒဏ် ကြုံတွေ့ရင်ဆိုင်လာရပါတယ်။ ကွန်မြူနစ်များကို တောတွင်းမောင်းပို့ လိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်တော်လှန်ရေးကို နှိမ်နင်းနိုင်ဖို့ အားထုတ်လာရပါတယ်။ အရေးပေါ်လက်နက်ကိုင် လဲဗြီးတပ်ရင်း (၁၈) ရင်းဖွဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ထားရှိခဲ့ရာ ကနေ၊ တပ်မတော်နေရာ အစားထိုးအသုံးပြုနိုင်ဖို့ အောက်တိုဘာ (၁) ရက်နေ့ကစပြီး ကာကွယ်ရေးဝန်ကြီး ဌာနအောက် လွှဲပြောင်းပေးခဲ့ရပါတယ်။ ကွန်မြူနစ်တွေကို ပြတ်ပြတ်သားသားတိုက်နိုင်ရေးအတွက် 'သုံးလ အတွင်း အပြုတ်တိုက်မည်' 'ခြောက်လအတွင်းအပြုတ်တိုက်မည်' 'တနှစ်အတွင်းအပြုတ်တိုက်မည်' ဆိုတဲ့ ကြွေးကြော်သံတွေကို ပြောင်းပြောင်းပြောကာ ဖော်ထုတ်တိုက်ပွဲဆင်ရင်း အစိုးရကိုယ်တိုင်လည်း ရန်သူတွေ သာပိုမိုများများလာခဲ့ပြီး၊ အကြပ်အတည်းတွေ ကြုံလာရပါတယ်။ ကွန်မြူနစ်တွေကိုတိုက်ဖို့ အစိုးရကိုယ် တိုင်ရဲ့ ထပ်မံတပ်ဆင်ပေးလိုက်တဲ့ လက်နက်တွေနဲ့ ရဲဘော်ဖြူတွေတောခိုကြတာမြင်ရပြီး၊ အစိုးရတဖွဲ့လုံး မျက်လုံးပြူး မျက်ဆံပြူးဖြစ်ခဲ့ရပါတယ်။ ကိုယ့်အကုသိုလ် ကိုယ့်ပြန်အကျိုးပေးတာ မြန်မြန်ဆန်ဆန်ကြုံတွေ့ ခဲ့ရပါတယ်။ ကွန်မြူနစ်ကိုတိုက်ဖို့ အသစ်ထုတ်တပ်ဆင်ပေးထားတဲ့ လက်နက်တွေကို အပြည့်အဝကိုင်ဆောင် ထားတဲ့ 'ကရင်စစ်ရဲ'များ ပုန်ကန်လှုပ်ရှားလာကြတော့လည်း ခြေမကိုင်မိလက်မကိုင်မိ ထပ်ဖြစ်ကြပြီး ဘီတီအက်(ဖ်)တပ်ရင်းတွေ တိုးဖွဲ့ရပြန်ပါတယ်။ ၄၈ ခုနှစ် နှစ်ကုန်မှာ စစ်ဝန်ထမ်းတပ်ရင်းပေါင်း (၁၀၀) ကျော်သွားခဲ့ရပါတယ်။ ငြိမ်းချမ်းရေးစကား ညီညွတ်ရေးစကားတွေ တဖွဖွပြောနေရင်းကြားက၊ ငြိမ်းချမ်းတဲ့ အရိပ်အရောင် ညီညွတ်မယ့်အရိပ်အရောင် မတွေ့မြင်ရဘဲ စစ်တပ်တွေသာ တိုးတိုးဖွဲ့လာတာ တိုးတိုးပြီးပေါ် လာတာမြင်ရပါတယ်။ လက်နက်ကိုင်အင်အားစုတွေ ပုန်ကန်ဆန့်ကျင်သူ အဖွဲ့အစည်းတွေသာ တနေ့ တခြား များပြားလာခဲ့ပြီး တောရောမြို့ပါ နေ့စဉ်ညဆက် သေနတ်သံတွေဆက်လာခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက ပျဉ်းမနားမြို့နယ်အတွင်း ဗဟိုဌာနချုပ်ထားရှိပြီး ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်၊ ရွှေကျင်ကျောက်ကြီးဒေသ၊ ပဲခူးခရိုင်အရှေ့ဘက်နယ်များမှာ အင်အားအတော်အတန်နဲ့ လှုပ်ရှားနေကြပြီး ဟံသာဝတီခရိုင်၊ ပုသိမ်ခရိုင်တွေမှာလည်း လှုပ်ရှားနေကြပါတယ်။ အထက်ဗမာပြည်မှာလည်း မတ္တရာ၊ ဝက်ဝံ၊ မြင်းခြံ၊ ပခုက္ကူ၊ စစ်ကိုင်း၊ ရွှေဘို တို့မှာ လှုပ်ရှားနေကြပါတယ်။

ရဲဘော်ဖြူများက ပုသိမ်၊ မအူပင်၊ ဟံသာဝတီ၊ ပြည်၊ ပဲခူးခရိုင်တွေမှာ လှုပ်ရှားကြသလို ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ရေနံမြေတလျှောက်မှာလည်း အင်အားရှိနေကြပါတယ်။ တောခိုတပ်ရင်း(၁)က ပြည်မြို့အထက်ပိုင်းကို သိမ်းယူထားပြီး နောက်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီထဲ ပူးပေါင်းသွားပါတယ်။

အလံနီကွန်မြူနစ်ပါတီက အင်အားမကောင်းလှပေမယ့် မြစ်ဝကျွန်းပေါ်ဖက်မှာရော ရခိုင်ဒေသ အချို့မှာပါရှိနေကြပါတယ်။ ရခိုင်ဘက်မှာက ရခိုင်ကွန်မြူနစ်များရော၊ တခြားအဖွဲ့အစည်းပေါင်းစုံ ပြောက်ကျားအဖွဲ့ပေါင်းစုံလည်း လှုပ်ရှားနေကြပါတယ်။ မဟာမုနိကနေ မြေပုံအထိ၊ ဘုံပေါက်သာကျော်ခေါင်းဆောင်တဲ့ ပြောက်ကျားများလှုပ်ရှားနေကြပြီး၊ ရမ်းဗြဲကျွန်းမှာက ကိုရွှေအောင်၊ ကိုဘဟန် တို့ဦးဆောင်တဲ့ ပြောက်ကျားအဖွဲ့တွေရှိပါတယ်။ ရခိုင်တောင်ပိုင်းမှာ ဦးစိန္တာ တို့ပြောက်ကျားအဖွဲ့တွေရှိပါတယ်။ ဘူးသီးတောင်မောင်းတောနယ်ဒေသများကို မွတ်စလင်သီးခြားနယ်မြေဖြစ်ထိုက်တယ်လို့ ယူဆပြီး သီးခြားနယ်တောင်းဆိုနေကြတဲ့ 'မူဂျာဟစ်' များဟာလည်း ရခိုင်ပြည်နယ်မြောင်ပိုင်းမှာ လှုပ်ရှားနေကြပါတယ်။ ရမည်းသင်းခရိုင်ဖက်မှာ ဗိုလ်တာရာခေါင်းဆောင်တဲ့ တပ်နီများဟာ ကွန်မြူနစ်ပါတီတပ်များဖြစ်လာကြပါတယ်။ ကရင်စစ်ရဲတချို့ဟာ ပုန်ကန်ခြားနားကြပြီး ကေအင်ဒီအိုနဲ့ ပူးပေါင်းလိုက်ကြပြီး ကရင်ပြည်နယ် နေရာအနှံ့လှုပ်ရှားနေကြပါတယ်။ တောခိုကေအင်ဒီအိုများကလည်း သထုံ၊ မော်လမြိုင်ဘက်၊ ရွှေကျင်ကျောက်ကြီး၊ သံတောင် တောင်ငူဘက်၊ အိမ်မဲ၊ မအူပင်၊ ပန်းတနော်၊ မြစ်ဝကျွန်းပေါ်ဘက်၊ ဟံသာဝတီခရိုင် ကွမ်းခြံကုန်း၊ တွံတေး၊ သုံးခွ၊ သံလျင်ဖက်၊ သာယာဝတီ၊ တိုက်ကြီး၊ သာရဝေါဖက်တင်မက တနင်္သာရီတိုင်းအတွင်း၊ ကယားပြည်နယ်အတွင်း၊ ရှမ်းပြည်နယ်အတွင်းထိပါ ပျံ့နှံ့လှုပ်ရှားနေကြပါတယ်။ မွန်လက်နက်ကိုင်အဖွဲ့များက မွန်ပြည်နယ်အတွင်းနဲ့ တနင်္သာရီတိုင်းအတွင်းမှာ ပဒေါင်းအုံကြွမှုနဲ့ ကရင်နီလက်နက်ကိုင်အဖွဲ့များက ရှမ်းပြည်အတွင်းမှာ လှုပ်ရှားပေါ်ပေါက်နေပါတယ်။

အစိုးရက ဒီလက်နက်ကိုင်အင်အားစု ပုန်ကန်ခြားနားနေကြသူအားလုံးကို သိမ်းကြုံးပြီး ရောင်စုံသောင်းကျန်းသူများလို့ ခေါ်ဝေါ်သမုတ်ပါတယ်။ လက်နက်ကိုင် ပုန်ကန်တိုက်ပွဲဆင်နေကြသူတွေအားလုံးကို အကြမ်းဖျင်းခွဲခြားကြည့်လိုက်မယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ)၊ တပ်နီ၊ တောခိုတပ်ရင်းဆိုတာတွေက ဗမာတွေဖြစ်ကြပြီး၊ ကေအင်ဒီအို၊ ကရင်စစ်ရဲ၊ အမ်အင်(န်)ဒီအို၊ ပအိုဝ့်၊ ကရင်နီ၊ ရခိုင်ပြောက်ကျားပေါင်းစုံ စတာတွေက ဗမာမဟုတ်တဲ့ လူမျိုးစု အမျိုးသားများဖြစ်ကြပါတယ်။ (မူဂျာဟစ် ကတော့ ဘာသာရေးယုံကြည်မှုနဲ့ပါ ပတ်သက်နေပြီး စစ်တကောင်းနယ်မှ ရောက်ရှိလာကြသူ အဆက်အနွယ်များဖြစ်ပါတယ်။)

ဖဆပလအစိုးရက လက်နက်ကိုင်တော်လှန်နေကြသူတွေ အသီးသီးရှိတဲ့အထဲမှာ ဗမာ အဖွဲ့အစည်းတွေနဲ့ ပတ်သက်ရင် အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီကို အဓိက ဦးတည်တိုက်ပါတယ်။ နိုင်ငံရေးအရ ပြိုင်ဘက်အဖြစ် သဘောထားပြီး၊ အဓိကဦးတည်တိုက်ရမည့်သူ၊ အဓိကရန်သူအဖြစ် သတ်မှတ်ထိုးစစ်ဆင်လေ့ရှိပါတယ်။ လူမျိုးစု အမျိုးသားအဖွဲ့အစည်းတွေနဲ့ ပတ်သက်ရင် ကရင်ကို ကေအင်ဒီအိုကို အဓိက ဦးတည်တိုက်လေ့ရှိပါတယ်။

အာဏာရ 'ဖဆပလ' အဖွဲ့ကြီးဟာလည်း တပ်ပေါင်းစုအဖြစ်၊ အဖွဲ့ချုပ်အဖြစ်ကနေ တဖြည်းဖြည်း 'တဖွဲ့ပိုင် တအုပ်စုပိုင် ပါတီတခု' ပုံသဏ္ဍာန်ပိုဆောင်လာခဲ့ပါတယ်။ အဖွဲ့ချုပ်အဖြစ် နာမည်ပဲကျန်တော့တဲ့ သဘောပြောင်းလဲလာခဲ့ပါတယ်။

ဖဆပလ အဖွဲ့ချုပ်ထဲကနေ ပြည်သူ့ရဲဘော်ကို နှစ်ပိုင်းကွဲသွားစေပြီး၊ အင်အားအကြီးဆုံးအပိုင်းဖြစ်တဲ့ ရဲဘော်ဖြူကိုလည်း မောင်းထုတ်လိုက်ပြီးတဲ့အခါ ဆိုရှယ်လစ်များရဲ့ ဖဆပလအဖြစ် ပိုမိုပေါ်လွင်လာခဲ့ပါတယ်။ ရဲဘော်ဝါဆိုတာက မည်ကာမတ္တ လောက်ပဲကျန်ပါတော့တယ်။ 'ဖဆပလ'အဖွဲ့ချုပ်ထဲမှာ ပါဝင်နေတဲ့ 'ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များအစည်းအရုံး' ကလည်း အထူးညီလာခံခေါ်ယူပြီး ဒီဇင်ဘာလ (၂၆) ရက်နေ့မှာ 'ဖဆပလ' ကနေ နှုတ်ထွက်လိုက်ပါတယ်။ (၂၇) ရက်နေ့မှာ ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးဘဂျမ်း ဟာ ဝန်ကြီးအဖြစ်ကရော၊ ဖဆပလ အဖွဲ့ဝင်အဖြစ်ကပါ နှုတ်ထွက်လိုက်ပါတယ်။ ဖဆပလ ထဲမှာကျန်ရှိပါဝင်နေခဲ့တဲ့ အစည်းအရုံးပေါင်းစုံဟာလည်း ဆိုရှယ်လစ်ပါတီနဲ့ ပါတီလက်ကိုင်မရှိ တသီးပုဂ္ဂလတွေသာကျန်ပါတော့တယ်။

၁၉၄၈ ခုနှစ်ဟာ ဗမာပြည်လွတ်လပ်ရေးကြေညာနိုင်ခဲ့တဲ့နှစ်ဖြစ်သလို ပြည်တွင်းစစ်ကြီး တောက်လောင်ခဲ့ရတဲ့နှစ်လည်းဖြစ်တဲ့အတွက် စစ်သုံးစရိတ်တွေ တဟုန်ထိုးတက်လာတာလည်း တွေ့ရပါတယ်။ စစ်တပ်တွေ တိုးချဲ့ဖွဲ့စည်းရတဲ့အတွက် စစ်သုံးစရိတ်တွေများလာခဲ့ရသလို အစိုးရမှာလည်း ဘတ်ဂျက်လိုငွေပြမှုတွေ မျှော်လင့်ထားတာထက် အဆမတန်ပိုလာခဲ့ရပါတယ်။ ဒါပေမယ့် အာဏာရဆိုရှယ်လစ် ခေါင်းဆောင်များဟာ တိုင်းပြည်မျက်နှာကို တစက်ကလေးမျှ မထောက်ခဲ့သလို သူတို့ရဲ့ အာဏာမာန် ဂိုဏ်းဂဏမာန်ကိုလည်း နဲနဲလေးမှ ပြန်လည်လျှော့ချလိုစိတ်မရှိခဲ့ကြပါ။ 'တိုင်းပြည်ကိုပေါင်၍ တိုက်ရလျှင်တောင် တိုက်မယ်။ ကွန်မြူနစ်ပါတီနှင့်ကား ဘယ်သောအခါမှ မစေ့စပ်စတမ်း ချေမှုန်းရလိမ့်မည်' လို့ သဘောထား ချမှတ်ထားကြတယ်လို့တောင် ဆိုပါတယ်။

## ကရင့်လက်နက်ကိုင်တော်လှန်ရေးနဲ့ရန်ကုန်အစိုးရ

၁၉၄၉ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ကေအင်ဒီအိုတပ်ဖွဲ့ဝင်များ အင်းစိန်တဝိုက်မှာ စတင်လှုပ်ရှားလာကြပါတယ်။

အင်းစိန်၊ ခဝဲခြံ၊ ကျိုက္ကလား၊ ကြို့ကုန်း၊ စော်ဘွားကြီးကုန်း တို့မှာ နေထိုင်ကြတဲ့ ကရင်အမျိုးသားများဟာ တိုင်းပြည်ရဲ့ အရပ်ရပ်အခြေအနေအရ စစ်တပ်များကတိုက်ခိုက်လာရင် ကာကွယ်ဖို့ဆိုပြီး ၄၈ ခုနှစ်အောက်တိုဘာလ လောက်ကစပြီး ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားကြပါတယ်။ နေထိုင်တဲ့ရပ်ကွက်တွေကို တိုးမပေါက်အောင် အကာအကွယ်များပြုလုပ်ထားကြသလို ရွာစွန်ရွာဖျားများမှာ မြေကတုတ်ကျင်းများ၊ အိမ်အောက်မှာ ကျင်းများတူးပြီး ပြင်ဆင်ထားကြပါတယ်။ ကာကွယ်ရေးဦးစီးချုပ် စမစ်ဒွန်းရဲ့ လက်နက်ကိုင်ဆောင်ခွင့်လက်မှတ်နဲ့ တကြိမ်လျှင် လက်နက်ကိုင် (၈၀) ကို တွံတေးတူးမြောင်းကတဆင့် မော်တော်နဲ့ အခေါက်ခေါက်အခါခါ ခွဲပြီး အင်းစိန်မှာ စုရုံးရောက်ရှိစေခဲ့တယ်လို့ အစိုးရရဲ့ဘက်က ဆိုပါတယ်။ ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ တောခိုတပ်မတော်တို့ ဆက်တိုက်လှုပ်ရှားလာကြပြီးနောက်ပိုင်း ကေအင်ယူများက သက်ဆိုင်ရာ မိမိတို့ဒေသများကို ကာကွယ်ဖို့ရန် လက်နက်ကိုင်ဆောင်ခွင့် တောင်းဆိုကြတဲ့အခါ တွံတေးမှာ ဗိုလ်ချုပ်စမစ်ဒွန်း ရဲ့လက်မှတ်နဲ့ လက်နက်ကိုင်ဆောင်ခွင့် တရားဝင် ရရှိထားခဲ့တယ်ဆိုပါတယ်။ အဲဒီ ကိုင်ဆောင်

ခွင့်ကိုအသုံးပြုပြီး အင်းစိန်မှာ အခိုင်အမာစုရုံးရောက်ရှိလာတယ်လို့ ဆိုပါတယ်။ မြစ်ဝကျွန်းပေါ်ခရိုင် တချို့က ကေအင်ဒီအို တပ်များရော၊ သထုံခရိုင်ဘက်က ကေအင်ဒီအိုတပ်များပါ တွံတေး၊ စဘူးတောင်းတို့က တဆင့် အင်းစိန်ကိုရောက်ရှိလာကြတယ်ဆိုပါတယ်။ အင်းစိန်မှာရှိတဲ့ ကရင်အမျိုးသားများရဲ့ အကူအညီ တောင်းချက်အရ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ စုရုံးရောက်ရှိနေကြတယ်လို့ ဆိုပါတယ်။ အဲဒီလို အခြေအနေဖြစ်ပေါ်လာနေတာကို အစိုးရကလည်း လက်မခံနိုင်ဘဲ 'စစ်ဝန်ထမ်း' တပ်တချို့ အင်းစိန်ကို စေလွှတ်ပြီး ငွေတိုက်နဲ့ အစိုးရအဆောက်အဦးတွေကို စောင့်ရှောက်ဖို့ တာဝန်ပေးပါတယ်။ အဲဒီလို စစ်ဝန်ထမ်းတပ်တွေ ရောက်ရှိလာခြင်းကို ကေအင်ဒီအို တို့ကလည်း သူတို့ကိုနှိပ်ကွပ်ဖို့လို့ ယူဆပါတယ်။ အဲဒါကြောင့် အင်းစိန်မှာ စစ်ဝန်ထမ်းတပ်နဲ့ ကေအင်ဒီအို တို့အကြား မသင့်မမြတ် ဖြစ်လာကြပါတယ်။ ပဋိပက္ခတွေ ပေါ်လာခဲ့ပါတယ်။

အစိုးရက အစိုးရထိပ်တန်းအရာရှိများ၊ တပ်မတော်အရာရှိကြီးများ၊ ကေအင်ဒီအို ခေါင်းဆောင်များပါ ပါဝင်တဲ့ ရှစ်ဦးကော်မတီဖွဲ့ပြီး စေ့စပ်ဖြေရှင်းဖို့ကြိုးစားတယ်ဆိုပါတယ်။ အဲဒီ (၈)ဦးကော်မတီရဲ့အဓိက တာဝန်က အင်းစိန်မှာ ကေအင်ဒီအိုတွေ စုရုံးရောက်ရှိနေခြင်းဟာ အရေးအခင်းကြီးတခု ဖြစ်ပွားပေါ်ပေါက်စေရန် အကြောင်းရှိလို့ သက်ဆိုင်ရာနေရာများသို့ ကေအင်ဒီအို တပ်ဖွဲ့ဝင်တွေကို ပြန်ပို့ဖို့ဖြစ်ပါတယ်။ တင်းမာလာနေတဲ့ မသင့်မြတ်မှုတွေကြားမှာ ရှစ်ဦးကော်မတီရဲ့ ဆောင်ရွက်ချက်တွေလည်း မအောင်မြင်နိုင်အောင်ဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီလ (၁၆) ရက်နေ့မှာ ဗမာ့ရေတပ်မတော်က ကရင်အမျိုးသား ဗိုလ်စောဂျက် ခေါင်းဆောင်ပြီး ရေတပ်သင်္ဘောနှစ်စီး ပုန်ကန်ပြီး၊ ကေအင်ဒီအို (၂၀၀၀) လောက် ပုသိမ်ကို တိုက်ခိုက်ဖို့ ကြိုးစားပါတယ်။ တောင်ငူမှာ စခန်းချထားတဲ့ အမှတ်(၁) ကရင်သေနတ်ကိုင် တပ်ရင်းကလည်း တရင်းလုံး ပုန်ကန်ပြီး ဇန်နဝါရီ (၂၇)မှာ တောင်ငူကိုသိမ်းပါတယ်။

ဇန်နဝါရီ (၃၀) ရက်မှာတော့ အင်းစိန်တဝိုက်က သမိုင်း၊ ခဲခြံ၊ စော်ဘွားကြီးကုန်း စတဲ့ ဆင်ခြေဖုံး ရပ်ကွက်တွေမှာ တိုက်ပွဲငယ်တွေ စတင်ဖြစ်ပွားလာပြီး 'ရှစ်ဦးကော်မတီ' ကြိုးပမ်းချက်လည်း ပျက်ပြားသွားပါတော့တယ်။ (၃၁)ရက်နေ့မှာ ဗိုလ်ချုပ်စမစ်ဒွန်း နဲ့ ဒုတိယဗိုလ်မှူးကြီးနဲ့ အထက်အရာရှိကြီးတွေ 'ပြည်ထောင်စု စစ်ရုံး'မှာ ဆူပူမှုတွေနဲ့ပတ်သက်ပြီး အစည်းအဝေး တရက်ကျင်းပပါတယ်။ အစည်းအဝေးက တပ်မတော်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံတော်အစိုးရအပေါ် သစ္စာစောင့်သိရန်၊ လူမျိုးရေး အဓိကရုဏ်းများ မပေါ်ပေါက်အောင် တားဆီးရန် ဆုံးဖြတ်ကြပါတယ်။ 'လက်နက်ကိုင်စစ်တပ်များနဲ့ တိုင်းပြည်ရဲ့ခြေအနေ' ဆိုတဲ့စာတမ်းကိုလည်း ဖြန့်ဝေဆွေးနွေး ကြတယ်ဆိုပါတယ်။ ဒါပေမယ့် အစိုးရဟာ တပ်မတော် အတွင်းရှိ ကရင်အရာရှိကြီးတွေကို ယုံကြည်မှုမရှိတော့ပါ။ ကရင်ရဲဘော်များကိုလည်း ယုံကြည်မှုမရှိတော့ပါ။ အစိုးရက ကရင်တပ်များက လက်နက်တွေ ပြန်လည်သိမ်းယူဖို့ ဇန်နဝါရီ (၃၁) ရက်နေ့မှာပဲ အမိန့်ထုတ်ပြန်ပြီး စတင်လှုပ်ရှားပါတယ်။ အဲဒီနေ့မှာဘဲ မင်္ဂလာဒုံ ဆက်သွယ်ရေးတပ်ရင်းက ကရင်ရဲဘော်များဟာ လက်နက်အဖြုတ်မခံဘဲ အရာရှိတဦးကို ပစ်သတ်ပြီး လက်နက်တွေယူဆောင်ကာ အင်းစိန်မြို့တွင်းက ကေအင်ဒီအိုတွေဆီ ဝင်ရောက်သွားကြပါတယ်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့မှာပဲ နာမည်ကျော်အင်းစိန်တိုက်ပွဲကြီး စတင်ရပါတော့တယ်။ ဗိုလ်မှူးစိုးရ၊ ဗိုလ်ညွန့်ဝင်း၊ ဗိုလ်စံလှဘော်၊ ဗိုလ်ကျော်ဒင်တို့ ဦးစီးတဲ့ ပြည်ထောင်စု စစ်ရဲတပ်ရင်းက သမိုင်း၊ ခဲခြံကို ဝိုင်းထားပြီး ကရင်များကို လက်နက်ချခိုင်းပါတယ်။ လက်နက်မချဘဲ ကျိုက်ကလေးနဲ့ အင်းစိန်လမ်းထောင့် ရထားတွဲပျက်များရှိရာ နေရာအထိ တိုက်ပွဲများဖြစ်ပွားပြီး၊ စစ်ရဲတပ်က နဂါး၊ သူရိယ၊

ရွှေပြည်အေး စတဲ့ သံချပ်ကား (၈) စီးနဲ့ စတင်တိုက်ခိုက်ပါတယ်။ ကရင်များကလည်း အပြင်းအထန် ပြန်လည်တိုက်ခိုက်ပါတယ်။

ဒီလိုနဲ့ ကရင့်တော်လှန်ရေးဟာလည်း အခိုင်အမာ စတင်ပေါ်ပေါက်လာရပါတော့တယ်။ ဖေဖော်ဝါရီလ (၁)ရက်နေ့မှာ စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းကို ဦးစီးချုပ်စစ်သေနာပတိ အဖြစ်ကနေ အနားပေးလိုက်ပြီး၊ ဗိုလ်ချုပ်နေဝင်းကို ဦးစီးချုပ်အဖြစ် ဖဆပလ အစိုးရက တာဝန်ပေး ခန့်ထားလိုက်ပါတယ်။ သောင်းကျန်းမှု မှန်သမျှကို အမြစ်ပြတ်တိုက်ခိုက်ဖို့ဆိုပြီး အာဏာအပ်နှင်းပေးလိုက်ပါတယ်။

ဗိုလ်နေဝင်း တာဝန်စတင်ထမ်းဆောင်တဲ့ ဖေဖော်ဝါရီလ (၁)ရက်နေ့မှာပဲ အထက်ဗမာနိုင်ငံ မေမြို့မှာ ရှိတဲ့ ကရင်တပ်များကို လက်နက်သိမ်းပြီး၊ အရာရှိတွေကို ဗိုလ်သင်တန်းကျောင်း၊ ကျန်သူတွေကို အင်ဂျင်နီယာတပ်ထဲ ထည့်ထားလိုက်ပါတယ်။ မန္တလေးမှာရှိတဲ့ ကရင်သေနပ်ကိုင်တပ်ရင်း (၃) ကိုလည်း လက်နက်သိမ်းလိုက်ပါတယ်။ ပခုက္ကူ နဲ့ လှိုင်ကော်ပို့ထားတဲ့ တပ်ခွဲများမှအပ အားလုံး လက်နက်သိမ်းခံ လိုက်ကြရပါတယ်။ တပ်မတော်အတွင်းရှိ ကရင်အရာရှိနဲ့ တပ်သားမှန်သမျှကို လက်နက်သိမ်းပြီး ခွင့်ရက် ရှည်ပေးကာ အနားယူခိုင်းတဲ့အစီအစဉ်ကို တက်သုတ်ရိုက် အကောင်အထည်ဖော်ပါတယ်။ အစကမှ အမျိုး သားရေးပြဿနာဖြစ်ပြီး လှုပ်လှုပ်ရှားရှားဖြစ်နေကြတဲ့ တပ်မတော်တွင်းက ကရင်သေနတ်ကိုင် တပ်ဖွဲ့ များဟာ ပိုမိုလှုပ်ရှားလာရပါတော့တယ်။ လက်နက်တွေအသိမ်းခံမလား၊ အစိုးရကိုပုန်ကန်ခြားနားပြီး တော်လှန်ရေးလုပ်မလား၊ ဖြေစရာမေးခွန်းဟာ နှစ်ခုထဲဘဲ ရှိပါတော့တယ်။

ဗိုလ်ချုပ်နေဝင်း စစ်ဦးချုပ်ဖြစ်လာပြီးနောက် တရက်မှာပဲ၊ ကေအင်ဒီအို အဖွဲ့ကြီးကို တရားမဝင် အဖွဲ့အဖြစ် ကြေညာပါတယ်။ အဲဒီ ဖေဖေါ်ဝါရီလ (၂)ရက်နေ့မှာပဲ ရန်ကုန်၊ အလုံ ကရင်ရပ်ကွက် ပြဿနာ ကြီးလည်း ပေါ်ပေါက်လာပြန်ပါတယ်။ အလုံဟာ အင်းစိန်၊ ခဝဲခြံ တို့ပြီးရင် ကရင်အမျိုးသားတွေ နေထိုင် ကြတဲ့ ရန်ကုန်မြို့ပေါ်က အဓိက ကရင်ရပ်ကွက်ကြီး တခုဖြစ်ပါတယ်။ အစိုးရရဲ့ မှန်မှန်ကန်ကန် မဖြေရှင်း နိုင်မှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသတချို့မှာ ကရင်ဗမာ လူမျိုးရေးပြဿနာလို အသံဗလံတွေ ထွက်ပေါ်နေရ ခိုက်မှာ အလားတူပြဿနာ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ အလုံ ကရင်ရပ်ကွက်ထဲက ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ စုစုပေါင်း ကရင်အမျိုးသား (၁၀၀) ကျော်လောက်ကို ဗမာတွေက ဖမ်းသွားပြီး၊ မစ်ရှင် မီးရထား ဘူတာရုံနားက ခရစ်ယာန်ဝတ်ပြုကျောင်းထဲမှာ ပိတ်လှောင်ထားတယ်ဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီလိုပေါ်ပေါက်လာတဲ့ အလုံ ကရင်ရပ်ကွက် ပြဿနာမှာလဲ အစိုးရဟာ မှန်မှန်ကန်ကန် မဖြေရှင်းနိုင်ခဲ့ပါ။ အလုံ ကရင်ရပ်ကွက် မီးတိုက်ခံရပါတယ်။ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ တော်တော်များများ အသက် ဆုံးရှုံးခဲ့ရပါတယ်။ အလုံ ရပ်ကွက်ပြဿနာကို ထိမ်းသိမ်းစောင့်ရှောက်ပေးဖို့ တာဝန်ချပေးခြင်း ခံရသူက တော့ ဗိုလ်မှူးကြီး အောင်ကြီး ( နောင်– ဗိုလ်မှူးချုပ်အောင်ကြီးဖြစ်လာသူ) ဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တဦးအဖြစ်ကနေ တပ်မတော်ထဲ အလောသုံးဆယ် ပြန်ဝင်လာစအချိန်ဖြစ်ပါတယ်။ လမ်းမတွေ ပေါ်အထိ ကရင်အလောင်းတွေ ပြန့်ကြဲနေအောင် အသတ်ခံကြရ၊ အသက်ဆုံးရှုံးခဲ့ကြရတယ်ဆိုပါတယ်။ စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့တာလို့ ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ကရင်အမျိုးသားများအတွက် နာကျည်းကြေကွဲစရာဖြစ်ခဲ့ရပါတယ်။ အဲဒီ ဖေဖော်ဝါရီ လ (၂) ရက်နေ့မှာဘဲ ကေအင်ဒီအို ကလည်း အင်းစိန်ကို သိမ်းပိုက်လိုက်ပါတယ်။ အင်းစိန်ကို ကေအင်ဒီအို က သိမ်းပိုက်လိုက်တာနဲ့ အလုံ ကရင်ရပ်ကွက် မီးတိုက်ဖျက်ဆီးခံရတာဟာ ရှေ့ဆင့်နောက်ဆင့် တရက်ထဲ ပဲဖြစ်ပါတယ်။ ကရင်အမျိုးသားတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်ရာထူးက အနားယူလိုက်ရပြီး၊

ဗိုလ်ချုပ်နေဝင်း စစ်ဦးစီးချုပ်ဖြစ်လာတာနဲ့ တပြိုင်နက် ကရင်အမျိုးသား ပြဿနာဟာလည်း တဖြည်းဖြည်း မြင့်တက်လာ နေရာကနေ တဟုန်ထိုး ထိပ်ရောက်သွားပါတော့တယ်။

ဖေဖော်ဝါရီလ (၅)ရက်နေ့မှာ ပြည်မြို့မှာရှိတဲ့ အမှတ်(၂) ကရင်သေနတ်ကိုင်တပ်ရင်းဟာ လက်နက် သိမ်းမခံဘဲ အစိုးရကို ပုန်ကန်ခြားနားလိုက်ပြီး ပြည်မြို့ကိုယာယီ သိမ်းပိုက်လိုက်ပါတယ်။ ကရင်သေနတ် ကိုင်တပ်ရင်း (၃) ရင်းမှာ (၂) ရင်း ပုန်ကန်ပြီး ဖြစ်သွားပါတယ်။ အမှတ် (၁) ကရင်သေနတ်ကိုင်တပ်ရင်း၊ အမှတ် (၂) ကရင်သေနတ်ကိုင်တပ်ရင်းနဲ့ အမှတ် (၃) ကရင်သေနတ်ကိုင် တပ်ရင်းဆိုပြီး ကရင်သေနတ်ကိုင် တပ်ရင်း (၃) ရင်းရှိရာမှာ၊ တပ်ရင်း (၂)ရင်းက အတိအလင်း ပုန်ကန်ခြားနားလိုက်ပြီး တပ်ရင်းစခန်းချရာ မြို့များကို သိမ်းပိုက်ထားလိုက်ကြပါတယ်။ အမှတ် (၃) ကရင် သေနတ်ကိုင်တပ်ရင်းကတော့ ပခုက္ကူနဲ့ လှိုင်ကော်ကိုပို့ထားတဲ့ တပ်ခွဲများမှအပ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းရဲ့ အစီအစဉ်နဲ့ အားလုံး လက်နက်သိမ်းတာ ခံလိုက်ကြရပါတယ်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီ (၃၁) ရက်နေ့ကတည်းက အတိအလင်း စတင်ပေါ်ပေါက်ခဲ့တဲ့ အင်းစိန် စစ်မျက်နှာတိုက်ပွဲများဟာ ဖေဖော်ဝါရီလဆန်းထဲမှာ ပိုမိုပြင်းထန် သည်းသန်လာခဲ့ပါတယ်။ တပ်မတော် စစ်ဦးစီးချုပ်တာဝန်ကို အပြည့်အဝလက်ခံရယူပြီး ဗိုလ်ချုပ်နေဝင်းဟာ ကရင်အမျိုးသားတို့ရဲ့ လက်နက်ကိုင် တော်လှန်ရေးကို အပြီးအပိုင် ချေမှုန်းပစ်နိုင်ဖို့ နည်းပေါင်းစုံနဲ့ ကြိုးပမ်းအားထုတ်ပါတော့တယ်။

ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ ကရင်ကုန်းမှာ အပြင်းအထန်တိုက်ပွဲဖြစ်ကြပါတယ်။ ဖေဖော်ဝါရီလ (၂) ရက်နေ့မှာ ကေအင်ဒီအိုက အင်းစိန်ကိုသိမ်းပိုက်ခဲ့ပြီး ကြို့ကုန်းမှာ အကြီးအကျယ် တိုက်ပွဲဖြစ်ပါတယ်။ ဖေဖော်ဝါရီလ (၄) ရက်နေ့မှာ မြောက်ပိုင်းတိုင်း တိုင်းမ–း ဗိုလ်မ–းကြီးကျော်ဇော (ဗိုလ်မ–းချုပ် ကျော်ဇော)ကို တောင်ပိုင်းတိုင်း တိုင်းမ–းအဖြစ် တာဝန်လွှဲပြောင်း လက်ခံစေခဲ့ပါတယ်။ တောင်ပိုင်းတိုင်း တိုင်းမ–းဗိုလ်မှူး ချုပ်အောင်သင်းဆီကနေ တာဝန်ကို လွှဲပြောင်းလက်ခံရယူစေပါတယ်။

ဖဆပလအစိုးရဟာ ရန်ကုန်မြို့တော်တခုလုံး ကေအင်ဒီအိုတို့ လက်ထဲမကျရောက်စေရေး အတွက် အပြင်းအထန် ပြန်လည်ထိုးစစ်ဆင်ဖို့ ကြိုးစားပါတယ်။ တောခိုနေတဲ့ ရဲဘော်ဖြူ တချို့နဲ့ မပြေ ပြေလည်အောင် ညှိနှိုင်းပြီး အလင်းဝင်လုပ်စေကာ ကရင်ကိုတိုက်ဖို့ ရန်ကုန်ကိုကာကွယ်ဖို့ စီစဉ်ပါတယ်။ ဒါကြောင့် ရန်ကုန်နဲ့အနီးတဝိုက် သံလျင်၊ ကျောက်တန်း၊ သုံးခွနယ်က ရဲဘော်ဖြူတချို့ ရန်ကုန်ကို ဝင်ရောက် လာကြတဲ့အခါ 'ကရင်သားစားချင်တယ်' လို့ ကြွေးကြော်လာကြလို့ သခင်နုကိုယ်တိုင် တားယူခဲ့ရတယ်ဆို ပါတယ်။ အရပ်သား၊ ကျောင်းသားတစ်ချို့ကိုလည်း စည်းရုံးပြီး တိုက်ပွဲထဲမှာ ပါဝင်တိုက်ခိုက်စေခဲ့ပါတယ်။ အင်းစိန်စစ်မျက်နှာ နည်းဗျူဟာဌာနချုပ်ကို သမိုင်းမှာဖွင့်ထားပြီး အပြင်းအထန် တိုက်ပွဲဆင်ပါတယ်။

ရန်ကုန်ပြည်ထောင်စု အရံတပ်ရင်း၊ အမှတ် (၁၈) ပြည်ထောင်စုစစ်ရဲ၊ အမှတ် (၂၀) ပြည်ထောင်စု စစ်ရဲ၊ အမှတ် (၁၅) ပြည်ထောင်စုစစ်ရဲ၊ အရံစစ်ရဲတပ်များ၊ စစ်ဝန်ထမ်းတပ်၊ ချင်း သေနတ်ကိုင်တပ်ရင်း(၁)၊ အမှတ်(၁)ခြေလျင်တပ်ရင်း၊ အမှတ်(၄)ခြေလျင်တပ်ရင်း၊အမှတ်(၅) ဗမာ့သေနတ် ကိုင်တပ်ရင်းတို့ကို ပါဝင် တိုက်ခိုက်စေသလို ကျောင်းသား ရဲခေါင်နဲ့ သံမဏိတပ်များ၊ ရေတပ်မှ အော်လီကွန်စက်အမြောက်နဲ့ (၂၅) ပေါင်ဒါ အမြောက်တပ်ဖွဲ့ကိုလည်း အသုံးပြုခဲ့ပါတယ်။

အစိုးရကို ပုန်ကန်ခြားနားလိုက်တဲ့ ကရင် သေနတ်ကိုင်တပ်ရင်း(၁) ကလည်း တောင်ငူကို သိမ်းပိုက် ထားရာကနေ တောင်ငူအရှေ့ဘက် သံတောင်ဒေသ၊ ဒိုက်ဦးအနောက်ဘက်နဲ့ ပဲခူးတဝိုက်က ကေအင်ဒီအို များနဲ့ပါ ပူးပေါင်းလိုက်ပြီး စုစုပေါင်းအင်အား (၁၀၀၀) ကျော်လောက်နဲ့ ရန်ကုန်ကို ဦးတည် ချီတက်လာခဲ့ပါ တယ်။ ဖေဖော်ဝါရီ (၄)ရက်မှာ ညောင်လေးပင် ကျော်လာခဲ့ပါတယ်။ ပဲခူးကိုသိမ်းပိုက်ပြီး ပဲခူးတောင်ဘက်

ထုံးကြီးမြို့မှ ကေအင်ဒီအိုများနဲ့ပါ ထပ်မံပူးပေါင်းပြီး အင်းစိန်စစ်မျက်နှာက ကေအင်ဒီအို များကို အားဖြည့်ကူညီနိုင်ဖို့ ရည်ရွယ်ထားတယ်ဆိုပါတယ်။ တောင်ငူက ဆင်းလာတဲ့ဒီစစ်ကြောင်းကို ဒုတိယဗိုလ်မှူးကြီး စောမင်းမောင်က အုပ်ချုပ်ပါတယ်။

ပြည်မြို့ကို သိမ်းပိုက်ထားတဲ့ ကရင်သေနတ်ကိုင်တပ်ရင်း(၂)ကလည်း ဖေဖော်ဝါရီ(၅)ရက်နေ့မှာ ရန်ကုန်ကို ပြည်လမ်းအတိုင်း ဦးတည်ဆင်းလာခဲ့ပါတယ်။ ကရင်ဒုတိယဗိုလ်မှူးကြီး စောမြမောင်က အုပ်ချုပ်ကွပ်ကဲပြီး ချီတက်လာခဲ့တာဖြစ်ပါတယ်။

အမှတ် (၁) ကရင် သေနတ်ကိုင်တပ်ရင်း စစ်ကြောင်းကို ဒုတိယဗိုလ်မှူးကြီး တင်ဦးခေါင်းဆောင်တဲ့ အစိုးရတပ်က ပဲခူးနယ်ကနေဖြတ်ပြီး ခုခံတိုက်ခိုက်ဖြိုခွဲပါတယ်။ 'ပဲခူးဘုရားကြီး စစ်မျက်နှာ' တိုက်ပွဲတွေအဖြစ် သေနတ်သံတွေ သောသောညံခဲ့ရပါတယ်။ အစိုးရဘက်က အမှတ်(၆) ဗမာ့ သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ပြည်ထောင်စု စစ်ရဲ၊ စစ်ဝန်ထမ်းတပ်၊ အမှတ်(၃) ပြည်ထောင်စု စစ်ရဲတပ်ရင်းများအပြင် ရဲဘော်ဖြူနဲ့ ဆိုရှယ်လစ် ပြောက်ကျားဆိုသူ တစ်ချို့ပါ ပါဝင်တိုက်ခိုက်ခဲ့ကြပါတယ်။ ပဲခူး'သနပ်ပင်'ဒေသက ကျောင်းသား (၁၀၀) လောက်ကို လက်နက်တပ်ဆင်ပေးပြီး၊ မြို့တွင်းလုံခြုံမှုနဲ့ ဆက်သားကိစ္စများအတွက် အသုံးချခဲ့သလို၊ ထောင်တွင်းက ထုတ်ယူရရှိလာတဲ့ သူတွေအပါအဝင် ရဲဘော်ဖြူ (၅၀၀) လောက်ကို လက်နက်တပ်ဆင်ပေးပြီး ဘုရားကြီးရွာအနောက်ဘက်ကို နေရာယူစေခဲ့ပါတယ်။ ဖေဖော်ဝါရီ (၅)ရက်နေ့မှာပဲ သနပ်ပင်ဘက်က ရဲဘော်ဖြူအင်အား (၂၀၀၀) ကျော်လောက်ရောက်ရှိပြီး၊ အင်အားဖြည့်တင်းပေးခဲ့ပြန်ပါတယ်။ ဖေဖော်ဝါရီ (၇) ရက်မှာ ဘုရားကြီးရွာ စစ်မျက်နှာမှာ ကရင်လက်နက်ကိုင်တပ်များနဲ့ အစိုးရဘက်က လက်နက်ကိုင်တပ်များ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားပြီး ကရင်လက်နက်ကိုင်တပ်ဖွဲ့များ နောက်ဆုတ်ပေးလိုက်ရပါတယ်။

ပြည်ကဆင်းလာခဲ့တဲ့ ကရင်သေနတ်ကိုင်တပ်ရင်း (၂) စစ်ကြောင်းကိုတော့၊ အစိုးရဘက်က သာယာဝတီ စစ်မျက်နှာကနေပြီး အပြင်းအထန် တိုက်ပွဲဆင်ပါတယ်။ မြစ်ဝကျွန်းပေါ်၊ ဖျာပုံကနေ ခေါ်ယူလာခဲ့တဲ့ အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ် (၁) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့များအပြင် 'အမြောက်တပ်ဖွဲ့' များနဲ့ပါ ယှဉ်ပြိုင်တိုက်ခိုက်စေခဲ့ပါတယ်။ သာယာဝတီနယ်၊ ပေါင်းတည်၊ နတ္တလင်း၊ ဇီးကုန်း စတဲ့ ဒေသတွေမှာ ဗိုလ်စိန်မှန်က ဒေသန္တရဗိုလ်မှူးကြီးအဆင့်နဲ့ စစ်ရဲ၊ စစ်ရဲ စစ်ဝန်ထမ်းတပ်တွေကိုပါ အုပ်ချုပ်ပြီး အပြင်းအထန် တိုက်ခိုက်ခဲ့ပါတယ်။ ဖေဖော်ဝါရီ (၈) ရက်မှာ ကရင်သေနတ်ကိုင်တပ်ရင်း (၂) စစ်ကြောင်း ဇီးကုန်းအထိ ရောက်ရှိလာပါတယ်။ (၉)ရက်နေ့မှာ မော်တော်ယာဉ်တန်းကြီးနဲ့ ချီတက်ခဲ့ကြပြီး တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားပါတယ်။ အစိုးရဘက်က စိန်ပြောင်းတပ်ဖွဲ့များ၊ အမြောက်တပ်ဖွဲ့များနဲ့ပါ ပြန်လည်တိုက်ခိုက် ဖြိုခွင်းပါတယ်။ (၁၁)ရက်နေ့မှာ တပ်ရင်း(၃) တပ်ရင်းမှူးဟာ တောခိုတပ်များရဲ့တပ်မှူး ဗိုလ်ရဲထွဋ်နဲ့ တွေ့ဆုံဆွေးနွေးပြီး ကရင်များကို ဇီးကုန်းကနေ ပိတ်ဆို့ပေးဖို့ သဘောတူညီစေခဲ့တယ်ဆိုပါတယ်။ ဖေဖော်ဝါရီ (၁၃) မှာ တပ်ရင်း (၃) က ထိုးစစ် ဆင်တိုက်ခိုက်တဲ့အခါ အစိုးရ တပ်မတော် (လေ) က လေယာဉ်ကလည်း လေကြောင်းကနေ ပစ်ကူပေး တိုက်ခိုက်ခဲ့ပါတယ်။ အမှတ်(၂) ကရင်သေနတ်ကိုင်တပ်ရင်းစစ်ကြောင်း အကျအဆုံးများခဲ့ရပြီး နောက်ဆုတ်ပေးခဲ့ရတယ်။

အဓိကစစ်မျက်နှာဖြစ်တဲ့ အင်းစိန်စစ်မျက်နှာမှာလည်း ဖေဖော်ဝါရီ (၁၁) ရက် ခဝဲခြံတိုက်ပွဲ၊ (၁၃) ရက်နေ့ သမိုင်း ဦးသော် ပန်းကန်စက်တိုက်ပွဲ၊ (၁၄)ရက် ရာဘာခြံတိုက်ပွဲ၊ (၁၅) ရက်နေ့ စောဘင်ဆင်ခြံတိုက်ပွဲ၊ 'ဦးစက္ကိန်ကျောင်းတိုက်' တိုက်ပွဲတွေ အဆက်မပြတ် ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပါတယ်။ နှစ်ဘက် အကျ အဆုံးတွေလည်း အင်မတန်များပြားခဲ့ရပါတယ်။

အမှတ် (၂) ကရင်သေနတ်ကိုင်တပ်ရင်းစစ်ကြောင်း နောက်ဆုတ်ပေးရချိန်မှာ သာယာဝတီ၊ ဝက်ကော်တိုက်ပွဲမှာ အဓိက ဦးစီးတိုက်ခဲ့တဲ့ အမှတ် (၃) ဗမာသေနတ်ကိုင်တပ်ရင်းကို ရန်ကုန်သို့ ပြန်လည်ခေါ်ယူပြီး အင်းစိန်စစ်မျက်နှာ ပို့လိုက်ပါတယ်။ ဖေဖော်ဝါရီ(၁၉)ရက်နေ့မှာ ကြို့ကုန်းကို တိုက်ပွဲဆင်စေပါတယ်။

ဖေဖော်ဝါရီလ လယ်ထဲမှာပဲ ကွန်မြူနစ်များကို အပြတ်အသတ်ချေမှုန်းဖို့ တာဝန်ချပေးထားတဲ့ သာဝတ္တိရှိ အမှတ်(၁) ကချင် သေနတ်ကိုင်တပ်ရင်းက အင်အား တဝက်ကျော်နဲ့ အမှတ်(၃) ကချင်တပ်ရင်းက တွဲဖက်ပေးထားတဲ့ တပ်ခွဲကို ကချင်အမျိုးသားဗိုလ်နော်ဆိုင်းက ခေါင်းဆောင်ပြီး၊ ဖဆပလ အစိုးရကို ပုန်ကန်ခြားနားလိုက်ပါတယ်။ ဗိုလ်နော်ဆိုင်းရဲ့ ပုန်ကန်ခြားနားမှုဟာ လွတ်လပ်ရေးကြေညာပြီးခေတ်မှာ ပထမဆုံးသော ကချင်အမျိုးသားလှုပ်ရှားမှုအစလို့ ခေါ်ဆိုကောင်း ခေါ်ဆိုနိုင်ပါလိမ့်မယ်။ ကွန်မြူနစ်ကို ရက်ရက်စက်စက်သတ်ဖြတ်တိုက်ခိုက်နေတဲ့ အစိုးရရဲ့လက်ကိုင်စစ်တပ်အဖြစ်ကနေ သေနတ်ပြောင်းကို အစိုးရဘက် ပြန်လှည့်လိုက်ပြီး ပုန်ကန်ခြားနားတဲ့ ကချင်အမျိုးသားတပ်အဖြစ် ပေါ်ပေါက်လာခဲ့ပါတယ်။ ဗိုလ်နော်ဆိုင်းခေါင်းဆောင်တဲ့ ကချင်သေနတ်ကိုင်တပ်ရင်းဟာ ပုန်ကန်ခြားနားနေတဲ့ အမှတ်(၁) ကရင် သေနတ်ကိုင်တပ်ရင်းနဲ့ ပူးပေါင်းပြီး မိတ္ထီလာကို ချီတက်တိုက်ခိုက်ပါတယ်။

မြောက်ပိုင်းတိုင်း တိုင်းမ–းဗိုလ်မ–းကြီးကျော်ဇော ဟာ တောင်ပိုင်းတိုင်း တိုင်းမ–းအဖြစ် ပြောင်းရွှေ့လိုက်ရတဲ့အတွက်၊ မြောက်ပိုင်းတိုင်းအတွက် ယာယီတိုင်းမ–းဖြစ်လာသူက ဒုဗိုလ်မ–းကြီး မောင်မောင်ဖြစ်ပါတယ်။ တိုင်းမ–း ဗိုလ်မ–းကြီးမောင်မောင်ဟာ မိတ္ထီလာကို ကာကွယ်ဖို့ ခံစစ်ကြောင်း ပြင်နေတုန်းမှာပဲ ချီတက်တိုက်ခိုက်လာတဲ့ ကရင်လက်နက်ကိုင်သူပုန်များရဲ့ ဖမ်းဆီးခြင်းကိုခံလိုက်ရပါတယ်။ ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှာပဲ မိတ္ထီလာကို ကရင်တပ်များနဲ့ ဗိုလ်နော်ဆိုင်းရဲ့ ကချင်တပ်များက သိမ်းပိုက်လိုက်ကြပါတယ်။ မိတ္ထီလာငွေတိုက်က ငွေများကို ရန်ကုန်ကိုသယ်ယူဖို့ ပြည်ထောင်စုဘဏ်က ငှားရမ်း စေလွှတ်လိုက်တဲ့ ဒါကိုတာ လေယာဉ်ရော၊ မေမြို့က ရန်ကုန်ကို ခရီးစဉ်အတွက်၊ မိတ္ထီလာလေယာဉ်ကွင်းကို ခေတ္တဆင်းသက်လာတဲ့ ဒါကိုတာလေယာဉ်ပါ ကရင်တပ်များနဲ့ ဗိုလ်နော်ဆိုင်းတပ်က သိမ်းပိုက်လိုက်ကြပါတယ်။ အဲဒီလေယာဉ် (၂) စီးကို ဗိုလ်နော်ဆိုင်းခေါင်းဆောင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့များ စီးနင်းလိုက်ပါပြီး ဖေဖော်ဝါရီ (၂၁) ရက်မှာ မေမြို့ကို သိမ်းပိုက်လိုက်ပါတယ်။ အစိုးရဟာ မိတ္ထီလာရော၊ မေမြို့ရောကို လက်လွှတ်လိုက်ရပါတော့တယ်။ မတ်လ (၆) ရက်မှာ မန္တလေးကို လက်လွှတ်ရပြန်ပြီး မတ်လ (၁၁) ရက်နေ့မှာ မန္တလေးမြို့ဟာ ကေအင်ဒီအိုနဲ့ ကွန်မြူနစ်များလက်အောက် ရောက်ရှိသွားပါတယ်။

ဖေဖော်ဝါရီလ၊ မတ်လ နှစ်လလုံးဟာ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားခဲ့ရပြီး နှစ်ဖက်စလုံး အကျအဆုံးတွေများလှသလို ပြည်သူလူထုကြီး တရပ်လုံးဟာလည်း ပြည်တွင်းစစ်ကြီးရဲ့ ဒဏ်ကို မချိမဆန့် ခံစားကြရပါတယ်။ ဖဆပလအစိုးရက အဓိကအာရုံစိုက်ပြီး ခုခံကာကွယ်နေရတဲ့ စစ်မျက်နှာဟာ အင်းစိန်စစ်မျက်နှာဖြစ်ပါတယ်။ ရန်ကုန်မြို့နဲ့ (၇) မိုင်ကွာအထိ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေခဲ့ပြီး တပြည်လုံး မငြိမ်မသက်ဖြစ်နေရတဲ့အတွက် အစိုးရကို (၇) မိုင်အစိုးရ၊ ရန်ကုန်အစိုးရလို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။

အင်းစိန်တိုက်ပွဲ ပေါ်ပေါက်ချိန်ကစပြီး အစိုးရရဲ့အခြေအနေဟာ အကြပ်တည်းဆုံးဖြစ်လာရပါတယ်။ စစ်ရေးအကြပ်အတည်း၊ နိုင်ငံရေးအကြပ်အတည်းတွေကနေ ဘဏ္ဍာရေး အကြပ်အတည်းပါ ရင်ဆိုင်လာရပါတယ်။ ဒါကြောင့် အစိုးရက အစိုးရဝန်ထမ်း အရာထမ်း၊ အမှုထမ်းတွေရဲ့ လစာကို (၁၅%) ဖြတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီလ (၇) ရက်နေ့မှာ အစိုးရရဲ့လစာ ဖြတ်တောက်မှုကို ဆန့်ကျင်ကန့်ကွက်တဲ့ အမှုထမ်းပေါင်းစုံသပိတ်ကြီးလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဖေဖော်ဝါရီ (၁၆) ရက်နေ့မှာ မီးရထားသမဂ္ဂ သပိတ်ကြီးလည်း ပေါ်ပေါက်ခဲ့ပြန်ပါတယ်။

တက္ကသိုလ်ကျောင်းသားများ တောခိုကြတာ၊ အမှုထမ်း၊ ဝန်ထမ်းများ တောခိုကြတာတွေလည်း ဆက်တိုက်လိုလို ပေါ်ထွက်ခဲ့ပါတယ်။ အစိုးရဟာ အဲဒီလို အကြပ်အတည်းပေါင်းစုံ ရင်ဆိုင်နေရပြီး ရန်ကုန်အစိုးရဖြစ်နေတာတောင်မှ ဖြစ်ပေါ်နေတဲ့ ပြည်တွင်းစစ်ကြီးကို နိုင်ငံရေးအရအဖြေရှာပြီး မှန်မှန်ကန်ကန်မျှမျှတတ ဖြေရှင်းနိုင်ဖို့ သဘောထားမရှိခဲ့ပါ။ အာဏာကိုသာ ခေါင်းမာမာနဲ့ ဆက်လက် ဆုပ်ကိုင်ထားကြပြီး၊ စစ်ရေးကိုစစ်ရေးအရ အနိုင်ယူနိုင်ရေးကိုပဲ ကြိုးပမ်းအားထုတ် ပြင်ဆင်ခဲ့ပါတယ်။

ဖဆပလအစိုးရရဲ့ ဖောက်ပြန်မှု၊ အထူးသဖြင့် ဆိုရှယ်လစ်များရဲ့ ညစ်ပတ်မှုကြောင့် ၁၉၄၈ ခုနှစ် မတ်လ (၂၈) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တောခိုမှုနဲ့ စတင်ဖွင့်လှစ်ခဲ့ရတဲ့ ဗမာပြည် ပြည်တွင်းစစ်ကြီးဟာ ရဲဘော်ဖြူ တောခိုရမှု၊ တပ်မတော်တွင်း ဗမာ့သေနတ်ကိုင်တပ်ရင်း (၁)၊ တပ်ရင်း(၃) တပိုင်း၊ တပ်ရင်း (၆) တစိတ်တဒေ တောခိုရမှုတွေနဲ့ ဆက်လက်ကျယ်ပြန့်ခဲ့ရကာ၊ ကရင်စစ်ရဲပုန်ကန်မှု၊ ကေအင်ဒီအို လှုပ်ရှားမှု၊ ကရင်သေနတ်ကိုင်တပ်ရင်း (၁)၊ တပ်ရင်း(၂)၊ ကချင်သေနတ်ကိုင်တပ်ရင်း (၁)တို့ရဲ့ ထကြွဆန့်ကျင် ခြားနားမှုတွေနဲ့အတူ အပြင်းအထန် အသည်းသန်ဆုံးအခြေအနေထိ ဆက်တိုက် တောက်လောင်လာခဲ့ရပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ မလွဲသာမရှောင်သာ စတင်လိုက်ရတဲ့ တော်လှန်ရေး သေနတ်သံတွေက နိုင်ငံရေးအဖွဲ့အစည်းများကို လှုပ်နိုးလိုက်သလိုဖြစ်ခဲ့ပြီး၊ ကရင်အမျိုးသားတွေရဲ့ သေနတ်သံတွေက ဖဆပလ အစိုးရကို ရန်ကုန်အစိုးရ ဖြစ်စေခဲ့ပါတယ်။

ဖဆပလ အစိုးရဟာ လက်နက်ကိုင်စစ်တပ်များကို ရနိုင်သမျှ နေရာပေါင်းစုံကနေ တိုးချဲ့ဖွဲ့စည်းပြီး ပြည်တွင်းစစ်ကြီးကို စစ်ရေးနည်းအရ ဖြေရှင်းနိုင်ဖို့ အဓိကထား ကြိုးစားခဲ့ပါတယ်။ ရှိသမျှ ကြည်း၊ ရေ၊ လေ စစ်အင်အားမှန်သမျှကိုလည်း ပြည်တွင်းစစ်ကြီးအတွင်း ပုံအောအသုံးပြုခဲ့ပါတယ်။ ရှိသမျှ စစ်လေယာဉ်များကိုအသုံးပြုပြီး ဗုံးကြဲစေတာ၊ လေယာဉ်ပေါ်ကနေ စက်သေနတ်နဲ့ ပစ်ခတ်တိုက်ခိုက် စေတာတွေ နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့ပါတယ်။

အစိုးရရဲ့ လက်နက်ကိုင်တပ်တွေအတွင်းမှာကို အစိုးရဆန့်ကျင်သူတွေ ပေါ်ပေါက်လာပြီး တပ်တွင်း ပုန်ကန်မှုတွေ၊ တပ်တွင်းတောခိုမှုတွေ နေရာပေါင်းစုံ ပေါ်ပေါက်ကြုံတွေ့လာရလို့သာ အစိုးရရဲ့ စစ်ရေးမာန၊ တနည်းအားဖြင့် သောင်းကျန်းသူတွေကို အပြတ်ဖြို၊ အပြတ်နှိပ်ကွပ်ပစ်လိုက်မယ်ဆိုတဲ့ စစ်ရေးရည်မှန်းချက်ဟာ ထင်တိုင်းမပေါက်ဖြစ်ခဲ့ရတာဖြစ်ပါတယ်။ တကယ်က အစိုးရကိုဆန့်ကျင်သူမှန်သမျှကို နည်းလမ်းပေါင်းစုံအသုံးပြုပြီး စိစိညက်ညက်ကြေအောင် ချေမှုန်းပစ်ဖို့၊ နလံမထူနိုင်အောင် ရှင်းပစ်ဖို့ လက်ဦးမှုရှိရှိ ချပစ်ဖို့ အမြဲတမ်း ကြံစည်အားထုတ်ခဲ့ကြပါတယ်။ အစိုးရရဲ့ ဖောက်ပြန်တဲ့ခြေလှမ်းတွေကြောင့် ပုန်ကန်အံတုမှုတွေ ဆန့်ကျင်ခြားနားမှုတွေ တခုပြီးတခု ဆက်တိုက်ပေါ်ထွက်လာလို့သာ ကိုယ့်ရှူး ကိုယ်ပတ် ဖြစ်ခဲ့ရတာဖြစ်ပါတယ်။ ပြည်တွင်းစစ်ကြီး တနှစ်မပြည့်မီအတွင်း အစိုးရကိုယ်တိုင် ဘေးကြပ်နံကြပ် ဖြစ်လာခဲ့ရပါတယ်။

စစ်မီးတောက်နေတဲ့ တိုင်းပြည်ဖြစ်လာတဲ့အတွက် စစ်တပ်ရဲ့အခန်းဟာ ထိပ်ရောက်လာခဲ့ပါတယ်။ လွတ်လပ်ရေးကြေညာကြေညာချင်း ဝန်ကြီးဖြစ်ခဲ့သူတချို့တောင် ဝန်ကြီးနေရာခဏထားပြီး စစ်တပ်တွင်း ဝင်လာကြတာ၊ ကိုယ်ကိုင်ထားတဲ့ တပ်ရှိအောင် ကြိုးပမ်းအားထုတ်ကြတာကိုကြည့်ရင် သိသာလှပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ် ဒုတိယဗိုလ်မှူးကြီးရာထူးနဲ့ တပ်ထဲဝင်လာတာ ဗိုလ်စိန်မှန် ဒေသန္တရဗိုလ်မှူးကြီးရာထူးနဲ့ စစ်ထဲဝင်လာတာ၊ ဗိုလ်အောင်ကြီး ဆိုရှယ်လစ်ပါတီ ပြည် အမတ်အဖြစ်ကနေ နုတ်ထွက်ပြီး တပ်ထဲ ကမန်းကတန်းဝင်လာတာ၊ ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့တဲ့ ဗိုလ်လက်ျာ၊ မြောက်ပိုင်းတိုင်း တိုင်းမှူး

အဖြစ်ရောက်လာတာတွေကိုကြည့်ရင်၊ စစ်တပ်ရဲ့အခန်း ဘယ်လောက်အရေးပါလာတယ်ဆိုတာ သိသာလှပါတယ်။ ဗိုလ်ချုပ်နေဝင်း စစ်ဦးစီးချုပ်ဖြစ်လာတဲ့အခါ စစ်တပ်ကို ဟိုလူကချော့ ဒီလူကချော့ အဆင့်အထိ ရောက်ရှိလာပါတယ်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီ (၂၆) ရက်နေ့မှာ 'သူရိယ' သတင်းစာကနေ လက်ယာသမားကြီး ဦးဘဖေက 'ဗိုလ်ချုပ်နေဝင်းကို အာဏာကုန်အပ်သင့်ပြီ' ပါလီမန်ကိုရပ်ဆိုင်းထားပါ။ တရားမျှတတဲ့ ရွေးကောက်ပွဲများ မကျင်းပနိုင်မချင်း ဗိုလ်ချုပ်ကို စစ်အုပ်ချုပ်ရေး အာဏာပိုင်ခန့်ထားပါ" လို့ အဆိုပြု သွေးတိုးစမ်းပါတယ်။ တဆက်တည်းမှာ ဦးဘဖေဟာ သူ့ရဲ့အပေါင်းပါတစုနဲ့အတူ ဗိုလ်ချုပ်နေဝင်းကို သွားရောက်တွေ့ဆုံပြီး စစ်တပ်က အစိုးရကိုဖြုတ်ချပြီး အာဏာသိမ်းရန် ပြောဆိုစည်းရုံးပါတယ်။ ဦးဘဖေနဲ့အတူ သွားရောက်ပြောဆို စည်းရုံး သွေးဆောင် မြှောက်ပင့်ပေးခဲ့ကြသူတွေကတော့ သာယာဝတီ ဦးမောင်မောင် (ဓါးမပါတီဝင်) ဦးလွန်း (မျိုးချစ်ပါတီဝင်)နဲ့ ဦးစန်းမောင်(ရွှေတာစုဆောင်းရေးမင်းကြီး) တို့ဖြစ်ပါတယ်။ ဇူလိုင်၊ ဩဂုတ်လထဲတုန်းက ဗိုလ်နေဝင်းကိုခေါင်းဆောင်တင်ပြီး 'လက်ဝဲညီညွတ်ရေးကောင်စီ'ဩဇာရှိ တပ်တချို့နဲ့ အာဏာသိမ်းယူရန် ကြံစည်ခဲ့သူတွေဟာ လက်ဝဲညီညွတ်ရေး ကောင်စီဝင်တွေ ဖြစ်ခဲ့ကြတဲ့အတွက် လက်ဝဲဘက်က အာဏာသိမ်းယူရေး ကြိုးပမ်းချက်လို့ သတ်မှတ်ခဲ့ကြတယ်။ အဲဒီကိစ္စအပြီး(၆)လ အကြာ ဒီတခါ အာဏာသိမ်းယူရေး စီစဉ်သွေးဆောင် သူတွေကတော့ လက်ယာသမားကြီးတွေဖြစ်တဲ့အတွက်၊ စစ်တပ်ကိုချဉ်းကပ်ပြီး လက်ယာသမားတို့ရဲ့ အာဏာသိမ်းယူရေး ကြိုပမ်းချက်လို့ ရှုမြင်ရမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်သခင်နုကို ဦးဘဖေတို့ရဲ့ တိုက်တွန်းချက်အကြောင်း ပြောပြခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဦးဘဖေတို့ရဲ့ အဆက်အသွယ်နောက်ခံတွေကို ဆက်လက်စုံစမ်းလိုက်တော့ ဗမာနိုင်ငံရှိ ဗြိတိသျှစစ်မစ်ရှင်က ပုဂ္ဂိုလ်တွေ ပါဝင်ပတ်သက်နေတာ တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။

မြေပေါ်လက်ဝဲဆိုသူများက လက်ယာအန္တရယ်ကို တိုက်ဖျက်ဖို့ စစ်တပ်ကို ဗိုလ်နေဝင်းကို ဆွဲဆောင်ခဲ့ကြသလို၊ မြေပေါ်လက်ယာသမားဟောင်းကြီးများကလည်း လက်ဝဲကိုတိုက်ဖျက်ဖို့ ဗိုလ်နေဝင်းနဲ့ စစ်တပ်ကို သိမ်းသွင်းချော့မြူခဲ့ကြပါတယ်။

ဦးကျော်ငြိမ်းကလည်း ဗိုလ်နေဝင်းကိုမွေးမြူပြီး၊ ဗိုလ်နေဝင်းကတဆင့် စစ်တပ်ကို ဆိုရှယ်လစ်ပါတီပိုင်လုပ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ပါတယ်။ အဲဒါကြောင့် စစ်တပ်ဟာ ဗိုလ်ချုပ်နေဝင်းနဲ့အတူ အလိုလိုနေရင်း ထိပ်ကိုရောက်ရှိလာခဲ့ပါတယ်။

မန္တလေးမြို့ အသိမ်းခံရပြီးနောက် ဝန်ကြီးချုပ်သခင်နုဟာ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ ခရီးတွေထွက်ပြီး စည်းရုံးရေးခရီး ဆင်းပါတယ်။ စစ်တပ်ကို သွားရောက်အားပေးတာ မြို့ကို သူပုန်အင်အားစုတွေလက်အတွင်း မကျရေးအတွက် ဆက်လက်ကာကွယ်နေကြသူတွေကို အားပေးကူညီတာတွေ ကြိုးစားပမ်းစား လုပ်ပါတယ်။

မတ်လထဲမှာ ဗိုလ်နော်ဆိုင်းနဲ့ ကေအင်ဒီအိုတပ်များဟာ သာစည်ကို ဆက်လက်သိမ်းပိုက်ဖို့ မိတ္ထီလာကနေ ဆင်းလာကြတဲ့အတွက် အစိုးရက သာစည်မကျရေး 'သာစည်ခံစစ်' ကို အပြင်းအထန် ပြင်ဆင်ပါတယ်။ ၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်ကနေ ၄၉ ခုနှစ်၊ မတ်လ (၂၈) ရက်အထိ ပြည်တွင်းစစ်တနှစ်တာကာလအတွင်းအခြေအနေကို ပေါင်းရုံးကြည့်မယ်ဆိုရင် မြို့တော်ရန်ကုန်အနီး အင်းစိန် စစ်မျက်နှာအထိ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေသလို၊ ရန်ကုန်မြို့အရှေ့ဖက် တိုးကြောင်ကလေး၊ ဒါးပိန်၊ သဃ်န်းကျွန်းအထိ၊ တောင်ဘက်မှာ ဒလ၊ ပျော်ဘွယ်ကြီး၊ ခနောင်တိုအထိ ၊ အနောက်ဖက်မှာ ကြည့်မြင်တိုင်တဖက်ကမ်း အေးရွာအထိ၊ လက်နက်ကိုင်သူပုန်အင်အားစုတွေရဲ့ စစ်မျှားဦးတွေ ရောက်ရှိနေပါတယ်။ ရန်ကုန်မြို့လယ်ခေါင်မှာ နေ့ခင်းကြောင်တောင် လူသတ်မှု၊ ဓါးပြမှု၊ လုယက်မှုတွေ ဖြစ်ပေါ်နေပါတယ်။

ဒုတိယမြို့တော် အထက်ဗမာပြည် မန္တလေးမြို့ကြီးကို ကေအင်ဒီအို၊ ကွန်မြူနစ်နဲ့ ပြည်သူ့ရဲဘော်များက သိမ်းပိုက်ထားပါတယ်။ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မေမြို့တို့ဟာ ကေအင်ဒီအိုလက်အောက်မှာဖြစ်ပါတယ်။ မြင်းခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ ချောက်၊ မကွေး၊ မင်းဘူး စတဲ့ ဧရာဝတီမြစ်ရိုးတလျှောက်မြို့တွေကို ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ရဲဘော်ဖြူများက သိမ်းပိုက်ထားကြပါတယ်။ မန္တလေးတောင်ငူ ဆက်သွယ်ရေးလမ်းကြောင်းအတိုင်း အထက်ဗမာပြည်ရှိ ကေအင်ဒီအိုများအောက်ကို ဆင်းမလာနိုင်ရေးအတွက် သာစည်ကနေ ဖြတ်တောက်ပြီး အစိုးရတပ်များက အပြင်းအထန် ခံစစ်ပြင်ထားပါတယ်။ တောင်ငူ၊ ညောင်လေးပင်၊ သထုံနဲ့ မော်လမြိုင်ဘက်ကမြို့ရွာအချို့၊ ပြည်မြို့တခြမ်းနဲ့ မြစ်ဝကျွန်းပေါ်ရှိမြို့တော်တော်များများကိုလည်း ကေအင်ဒီအိုက သိမ်းပိုက်ထားနိုင်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့ တဝက်ကျော်ကျော် နယ်မြေဒေသတွေဟာ သူပုန်တွေရဲ့လက်အောက်မှာဖြစ်ခဲ့ပြီး၊ တဝက်ကျော်ကျော် အစိုးရငွေတိုက်တွေဟာလည်း အသိမ်းခံရပြီး ငွေတွေတော်တော်များများ သူပုန်တွေလက်ထဲရောက်ရှိသွားပါတယ်။

ဝန်ကြီးချုပ်သခင်နု အထက်ဗမာပြည်စည်းရုံးရေးခရီးက ပြန်ရောက်မလာသေးမီအတွင်းမှာ ဦးကျော်ငြိမ်း အပါအဝင် ဆိုရှယ်ဝန်ကြီးများနဲ့ ရဲဘော်ဝါ ဝန်ကြီးများ အစိုးရအဖွဲ့ကနေ နုတ်ထွက်ကြပါတယ်။ သခင်နု ရန်ကုန်ပြန်ရောက်တဲ့အခါ ဆိုရှယ်လစ်နဲ့ ရဲဘော်ဝါ ဝန်ကြီးတွေ နုတ်ထွက်သွားပြီဖြစ်တဲ့ အစိုးရအဖွဲ့ကိုသာ တွေ့ရပါတော့တယ်။ တပြည်လုံး ဘေးကြပ်နံကြပ် ဖြစ်နေချိန် နုတ်ထွက်သွားကြတာဖြစ်လို့ သခင်နုက တော်တော်စိတ်ဆိုးပါတယ်။

ဆိုရှယ်လစ်ဝန်ကြီးဟောင်းတဦးက သခင်နုကို လာတွေ့ပြီး 'ဗိုလ်နေဝင်းဟာ ကျွန်တော်တို့ဆီကို လာလာပြီး သူတို့တပ်ဟာ ဝန်ကြီးတွေမွေးထားတဲ့ အိမ်စောင့်ခွေးတွေ မဟုတ်ဖူး၊ သူတို့အသေခံပြီး ဝန်ကြီးတွေကို စောင့်မပေးနိုင်တော့ဘူး။ သူပုန်တွေနဲ့ အစိုးရသစ်ဖွဲ့ပါလို့ ခဏခဏပြောနေတာနဲ့ ကျွန်တော်တို့လည်း ထွက်ပစ်လိုက်ကြတာပါ' လို့ဆိုပါတယ်။ ဦးကျော်ငြိမ်းကတော့ ဗိုလ်ချုပ်နေဝင်းနဲ့ အတူလာပြီး 'ဝန်ကြီးချုပ်အလိုရှိရင် သူပုန်ခေါင်းဆောင်တွေကိုခေါ်ပြီး အစိုးရဖွဲ့နိုင်ပါတယ်'လို့ သခင်နုကို ပြောတယ်ဆိုပါတယ်။ သခင်နုက 'သူပုန်တွေနဲ့တော့ ငါဘယ်နည်းနဲ့မှအစိုးရမဖွဲ့နိုင်ဘူး' လို့ပြောပြီး အစိုးရသစ်ဖွဲ့ဖို့ပြင်ပါတယ်။

သခင်နုက ပါးပါတယ်။ လက်ဝဲညီညွတ်ရေး ကောင်စီတုန်းကလည်း အာဏာသိမ်းဖို့ ခေါင်းဆောင်တင်ခံခဲ့ရသူဟာ ဗိုလ်နေဝင်း၊ လက်ယာသမားအိုကြီးများက ချဉ်းကပ်သွေးဆောင်ပြီး အာဏာသိမ်းဖို့တိုက်တွန်းခံရသူဟာလည်း ဗိုလ်နေဝင်း၊ ဝဲယာနှစ်ဖက်စလုံးက ကိုယ့်အကြံတွေနဲ့ကိုယ် ကြိုက်နေခဲ့ကြတဲ့ ဗိုလ်နေဝင်းကို သူကပဲ ကောက်ယူလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တချက်ခုတ် နှစ်ချက်ပြတ်အဖြစ် နေရာပေးပြီး သူ့လက်အောက်မှာထားဖို ရွေးချယ်လိုက်ပါတယ်။ ကျောသပ်ပြီး ကောင်းချီးပေး သူကောင်းပြုလိုက်ပါတယ်။ ဝန်ကြီးချုပ် သခင်နုက အစိုးရအဖွဲ့သစ်ကို ဗိုလ်ချုပ်နေဝင်းနဲ့ ဖွဲ့စည်းလိုက်ပါတယ်။

ဒါကြောင့် ဧပြီလ (၁) ရက်နေ့မှာ ဝန်ကြီးချုပ်သခင်နု၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်နေဝင်းနဲ့ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပါတယ်။ ဗိုလ်ချုပ်နေဝင်းဟာ ဒုတိယဝန်ကြီးချုပ်တင်မက ကာကွယ်ရေးဝန်ကြီးလည်းဖြစ်၊ ပြည်ထဲရေးဝန်ကြီးလည်း ဖြစ်လာပါတယ်။ တပ်မတော် စစ်ဦးစီးချုပ်လည်း ဖြစ်ပါတယ်။ တရားလွှတ်တော်ချုပ်က ဒေါက်တာအေးမောင်ကို ဝန်ကြီးအဖြစ် ခန့်လိုက်ပါတယ်။ ဒေါက်တာ အေးမောင် ဟာ နိုင်ငံခြားရေးနဲ့ တရားရေးဌာနဝန်ကြီး ဖြစ်လာပါတယ်။ မြန်မာ့အလင်း ဦးတင်က ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာပါတယ်။

ဗိုလ်နေဝင်း ကာကွယ်ရေးဝန်ကြီး ဖြစ်လာပြီး ပြီးချင်း မန္တလေးမြို့ကို ပြန်လည် သိမ်းပိုက်နိုင်ဖို့ ပြင်ပါတယ်။ ဗိုလ်မှူးကြင် ခေါင်းဆောင်တဲ့ ဗမာတပ်မတော်တပ်ဖွဲ့တွေနဲ့ ဧပြီလ (၄) ရက်နေ့မှာ မန္တလေးမြို့ ပြန်လည်သိမ်းပိုက်ရေး ထိုးစစ်ကို စတင်ပါတယ်။

ဧပြီလထဲမှာ ကေအင်ဒီအိုကလည်း ဒုတိယအကြိမ် ထိုးစစ်ဆင်ဖို့ကြိုးစားပါတယ်။ အရင် တောင်ငူမှာ အခြေစိုက်ခဲ့တဲ့ ကရင်တပ်ရင်း (၁)၊ သာယာဝတီ ဝက်ကော်တိုက်ပွဲမှာ နောက်ဆုတ်လိုက်ရတဲ့ ကရင်တပ်ရင်း (၂)၊ မေမြို့အချက်ပြ ဆက်သွယ်ရေးတပ်ရင်း၊ အင်ဂျင်နီယာ၊ လေ့ကျင့်ရေး ဗိုလ်သင်တန်းကျောင်း စတဲ့တပ်များထဲက ကရင်တပ်သားများ၊ စစ်ရဲတပ်ရင်း (၁၃) က ကရင်တပ်သားများ ဗိုလ်နော်ဆိုင်းတပ် စသဖြင့် ရနိုင်သမျှစုစည်းပြီး တပ်ခွဲ (၂၂) ခွဲက (၂၄) ခွဲ အထိပါတဲ့ အင်အားစုနဲ့ ပဲခူးကို ဆင်းလာပြီး ဒိုက်ဦးကိုတိုက်ကြပါတယ်။

အင်းစိန်စစ်မျက်နှာတိုက်ပွဲကြီးလည်း ဆက်လက်ပြင်းထန်နေချိန်၊ ကေအင်ဒီအိုတို့ရဲ့ ဒုတိယအကြိမ် ထိုးစစ်ကြီးလည်း ပြန်လည်စုစည်း စတင်ချိန်မှာ ငြိမ်းချမ်းရေးစကားဆိုဖို့ ကေအင်ယူဥက္ကဋ္ဌကြီး စောဘဦး နဲ့ မန်းဂျိမ်းထွန်းအောင်တို့ အင်းစိန်ကနေ ထွက်လာကြပါတယ်။ ဧပြီလ (၄) ရက်နေ့ပါ။ ရန်ကုန်မှာ ရှိနေတဲ့ အင်္ဂလိပ်သံအမတ်ကြီး မစ္စတာဘိုကာ၊ အိန္ဒိယသံအမတ်ကြီး ဒေါက်တာရပ်(ဖ်)၊ ပါကစ္စတန်သံအမတ်ကြီး မစ္စတာအာလီ၊ ခရစ်ယာန်အင်္ဂလီကန်ဂိုဏ်းချုပ်ကြီး ဘိရှော့ဝက်(စ်)၊ ကရင်ခေါင်းဆောင်ဟောင်း ဆာစံစီဖိုးသမီး မစ္စစ်ဘမောင်ချိန်တို့ကို ချဉ်းကပ်ပြီး အစိုးရရဲ့ကမ်းလှမ်းလာချက်အရရော၊ ဝန်ကြီးချုပ်သခင်နုရဲ့ စောဘဦးကြီးဆီ ရေးလိုက်တဲ့စာအရပါ ပြန်လည်တုန့်ပြန်ဆွေးနွေးဖို့ အင်းစိန်ကနေ ထွက်လာကြတာဖြစ်ပါတယ်။ သခင်နုရဲ့စောဘဦးကြီးဆီပေးစာမှာ 'ခင်ဗျားတို့နဲ့ကျွန်တော်တို့ တိုက်နေကြတာ မကောင်းဘူး၊ တိုင်းပြည်လဲမီးလောင်ကုန်ပြီ၊ ကရင်ရော ဗမာလူထုပါသေကြေကြတဲ့အတွက် ပြဿနာတွေကို ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးကြမယ်၊ ဖြေရှင်းမယ်' ဆိုပြီးတော့ ကမ်းလှမ်းထားတယ်ဆိုပါတယ်။ အဲဒီအတွက် ကေအင်ယူ ဥက္ကဋ္ဌ စောဘဦးကြီး ထွက်လာတာဖြစ်ပါတယ်။ ဧပြီလ (၅)ရက်နေ့မှာ စတင်ဆွေးနွေးဖြစ်တယ် ဆိုပါတယ်။

တွေ့ဆုံဆွေးနွေးဖို့အတွက် ဘာတွေတောင်းဆိုမယ်၊ ဘာတွေလုပ်မယ်၊ ဘာတွေ စီစဉ်မယ်ဆိုတာ တခုမှကြိုတင်ပြင်ဆင်မှု မလုပ်ခဲ့ပဲ ဝန်ကြီးချုပ်သခင်နု အပါအဝင် ဖဆပလ အစိုးရကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးဖို့ ငြိမ်းချမ်းရေးစကားဆိုဖို့ ထွက်လာခဲ့တာဖြစ်ပါတယ်။

တွေ့ဆုံကြတဲ့အခါ ဖဆပလ အစိုးရဘက်က ကျင်ကျင်လည်လည် နည်းပရိယာယ်ပေါင်းစုံ သုံးပြီး ဆွဲဆောင် ဖိအားပေး ပြောဆိုကြတဲ့အတွက် တွေ့ဆုံစေ့စပ်ဆွေးနွေးရေးဟာ လက်နက်ချရေးဆီ ရောက်သွားရတယ်ဆိုပါတယ်။ အဲဒီအစီအစဉ်တွေထဲမှာ အင်းစိန်ရှိ ကေအင်ဒီအိုတပ်များရှိ လက်နက်ကြီးများကို ပေးအပ်ရန်၊ လက်နက်အပ်ပြီးနောက် စောဘဦးတို့က ပြည်နယ်စုံစမ်းရေးကော်မရှင်မှာ ပြည်နယ်အရေးကို ဆက်လက်ဆောင်ရွက်ရန်၊ ကရင်ကျေးရွာများရဲ့ မြို့လုံခြုံရေးအတွက် လိုအပ်သလောက် လက်နက်များကို စနစ်တကျ ကိုင်ဆောင်ထားစေရန်၊ လက်နက်ချပွဲကို ဧပြီလ (၈) ရက်မှာ သမိုင်း ဦးသော် ပန်းကန်စက်မှာ ပြုလုပ်ရန် စသဖြင့်ဖော်ပြထားတယ်ဆိုပါတယ်။ အဲဒီသဘောတူညီချက်ကို အစိုးရဘက်က သခင်နု၊ ဗိုလ်ချုပ်နေဝင်း၊ ဒေါက်တာအေးမောင်နဲ့ ဆာဘဦးတို့က လက်မှတ်ရေးထိုးပြီး၊ ကေအင်ဒီအိုဘက်က စောဘဦးကြီးနဲ့ မန်းဂျိမ်းထွန်းအောင်တို့က လက်မှတ်ရေးထိုးကြတယ်ဆိုပါတယ်။ အဲဒီ တွေ့ဆုံဆွေးနွေးနေဆဲကာလ အတွင်းမှာ နှစ်ဖက်စလုံး အပစ်အခတ်ရပ်စဲထားကြပါတယ်။ စောဘဦးကြီးတို့ အင်းစိန် ပြန်ရောက်တဲ့အခါ ကေအင်ဒီအို ခေါင်းဆောင်တွေ ကေအင်ယူခေါင်းဆောင်တွေကို ခေါ်ပြီး ဆွေးနွေးတယ်ဆိုပါတယ်။ ကေအင်ဒီအို

ခေါင်းဆောင် မန်းဘဇံတို့က ဒီသဘောတူညီချက်စာဟာ လက်နက်ချတဲ့သဘောမျိုးဖြစ်နေတယ်။ လက်မခံနိုင်ဘူးလို့ ပြန်လည်ဆွေးနွေးကြတယ်ဆိုပါတယ်။ ဥက္ကဋ္ဌကြီး စောဘဦးကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတော့ ဒါကို မပျက်ပျက်အောင် ဖျက်ရမယ်လို့ မန်းဘဇံတို့က သဘောထားပေးတယ်ဆိုပါတယ်။ အဲဒီမှာ ဥက္ကဋ္ဌ စောဘဦးကြီးက ‘ငါက ကေအင်ယူဥက္ကဋ္ဌ အနေနဲ့ လက်မှတ်ထိုးလိုက်ပြီ၊ ဒါပေမယ့် မတရားသင်းကြေညာထားတာက ကေအင်ဒီအို၊ လက်နက်ကိုင်တိုက်နေတာက ကေအင်ဒီအို၊ ဒီတော့ ကေအင်ဒီအိုအနေနဲ့ တွေ့ဆုံဆွေးနွေးဖို့ မန်းဘဇံကို တာဝန်ပေးတယ်ဆိုပါတယ်။ နောက်တရက်မှာပဲ မန်းဘဇံနဲ့ ကေအင်ဒီအို ခေါင်းဆောင်တချို့ အစိုးရနဲ့ ဆက်လက်ဆွေးနွေးဖို့ လိုက်သွားပါတယ်။ မဆွေးနွေးကြသေးမီ ဆာဘဦးအိမ်မှာ ဆာဘဦးနဲ့ မန်းဘဇံတို့ တွေ့ဆုံပါတယ်။ မန်းဘဇံက ဆာဘဦးကို ‘အန်ကယ်ခင်ဗျား၊ ကျွန်တော်တို့ခေါင်းဆောင်တွေ လာရောက်ဆွေးနွေးတာ လက်နက်ချဖို့မဟုတ်ဖူး၊ နှစ်ဦးနှစ်ဖက် အချင်းဖြစ်ပွားနေတဲ့ ပဋိပက္ခကို ပြေလည်အောင်ရှင်းပြီး နှစ်ဦးနှစ်ဖက်ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ကရင်အမျိုးသားများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တဲ့ ကရင်ပြည်အရေးကြောင့်ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲမှာ ကေအင်ယူက တင်ပြထားတဲ့ ကရင်ပြည်အရေးကို လက်ခံတယ်ဆိုရင် ပြဿနာပြေလည်သွားမှာဖြစ်ပါတယ်။’ လို့ပြောပြီး လက်နက်ချရေးအစီအစဉ်ကို လက်မခံနိုင်ကြောင်းကိုလည်း မန်းဘဇံက ရှင်းရှင်းလင်းလင်း ပြောဆိုပါတယ်။ ဆာဘဦးက ‘အန်ကယ်ဘာမှ မပြောလိုပါဘူး၊ အန်ကယ်သဘောထားက ပြောရရင် အန်ကယ်လည်းပင်းပြတ်သွားမယ်။ မှားတယ် မှန်တယ်ဆိုတာ မပြောချင်ဘူး’ လို့ ပြန်ပြောပါတယ်။ အဲဒီနောက် ဆာဘဦးက ဝန်ကြီးချုပ်သခင်နုဆီ တယ်လီဖုံးနဲ့ အကြောင်းကြားလိုက်တော့ ဖဆပလ နိုင်ငံခြားရေးဝန်ကြီး ဦးအေးမောင် မန်းဘဇံနဲ့ ဆွေးနွေးဖို့ ရောက်လာပါတယ်။ ဦးအေးမောင်က ‘ခင်ဗျားတို့ခေါင်းဆောင် စောဘဦးကြီး လက်ခံထားတာကို ခင်ဗျားတို့လက်မခံရင် ကျွန်တော်တို့ဘက်က တိုက်ရမှာပဲ’ လို့ ခြိမ်းခြောက်တဲ့သဘော ပြောတယ်ဆိုပါတယ်။ ဦးအေးမောင်စကားကြောင့် ဒေါသဖြစ်လာတဲ့ မန်းဘဇံက ‘ဒီမှာ ဦးအေးမောင် ကျွန်တော်တို့ခေါင်းဆောင်တွေ လာရောက်ဆွေးနွေးတာဟာ လက်နက်ချဖို့မဟုတ်ဖူး၊ ပြဿနာရပ်တွေကို ပြေလည်အောင်ဖြေရှင်းပြီး ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ဖို့ဖြစ်တယ်။ တွေ့ဆုံဆွေးနွေးရာမှာ ကျွန်တော်တို့ခေါင်းဆောင်တွေကို လက်နက်ချခိုင်းတာဟာ မတရားတဲ့လုပ်ဆောင်မှုဖြစ်တယ်။ ခင်ဗျားကို ကျွန်တော်တစ်ခုပဲပြောမယ်၊ လက်နက်ချရေးကို ကျွန်တော်တို့ ဘယ်တော့မှလက်ခံမှာမဟုတ်ဘူး၊ လက်နက်မချရင်၊ ခင်ဗျားတို့က ကျွန်တော်တို့ကို တိုက်မယ်ဆို မဆန်းပါဘူးဗျ။ ကျွန်တော်တို့ခုတိုက်နေတာ သွေးတောင်မပူသေးဘူး’ လို့ ဘုကျကျ ပြန်ပြောတယ်ဆိုပါတယ်။ ဦးအေးမောင်နဲ့ စကားပြောပြီးတဲ့နောက် ဖဆပလ အစိုးရကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးပွဲပြန်လုပ်ပါတယ်။ ဖဆပလ အစိုးရကိုယ်စားလှယ်အဖွဲ့မှာ သခင်နု၊ ဗိုလ်လကျ်ာ၊ ဗိုလ်နေဝင်း၊ ဗိုလ်ခင်မောင်လေး၊ စောကြာဒိုး တို့တက်ရောက်ကြပါတယ်။ ဆွေးနွေးပွဲမှာ သခင်နုက မန်းဘဇံကို ‘ခင်ဗျားတို့ ဥက္ကဋ္ဌကြီး စောဘဦးကြီးက လက်မှတ်ထိုးပြီးပြီ၊ ခင်ဗျားတို့ ဘယ်ဖျက်လို့ကောင်းမလဲ’ လို့ပြောပါတယ်။ မန်းဘဇံက ‘ဥက္ကဋ္ဌကြီး လက်မှတ်ထိုးထားတာကို လက်ခံရမယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဥက္ကဋ္ဌကြီး လက်မှတ်ရေးထိုးတာ ကျွန်တော်တို့ အညှဉ့်ခံရတာ၊ အရှုံးပေးရတာပဲ။ ကျွန်တော်တို့ လိုလားချက်တွေကို စွန့်လွှတ်လိုက်ရတာနဲ့ အတူတူဘဲ။ ငြိမ်းချမ်းရေးလိုချင်ရင် လွယ်ပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ ကရင်ပြည်နယ်ကို ခင်ဗျားတို့ဖြေရှင်းပေးနိုင်ရင်ပြီးတာပဲ’ လို့ပြောတော့ သခင်နုက ‘တစ်ခုစဉ်းစားပါ၊ ခင်ဗျားတို့ ဥက္ကဋ္ဌကြီးရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါအုံး’ လို့ဆိုပါတယ်။ မန်းဘဇံက ‘ဥက္ကဋ္ဌကြီးကို လေးစားတယ်၊ ဒါပေမယ့် ခင်ဗျားတို့ လိမ်တာတော့မကောင်းဘူးဗျာ။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးက သူ့စေတနာအရ ခင်ဗျားတို့ဆီလာတယ်။ ခင်ဗျားတို့ဆီလာတယ်၊ ငြိမ်းချမ်းရေးလိုလားတယ်။ ကောင်းတာဖြစ်ချင်တယ်။ ခင်ဗျားတို့က လှည့်ပြီး

လက်နက်ချခိုင်းတော့ မကောင်းဘူးဗျာ။ ဒါကိုကျွန်တော်တို့ လက်မခံနိုင်ဘူး။ ဒါပေမယ့်တခုရှိတယ် ကျွန်တော်တို့ခေါင်းဆောင်တွေနဲ့ ပြန်ဆွေးနွေးပြီး အကြောင်းပြန်မယ်’ လို့ပြောဆိုခဲ့ပြီး အင်းစိန်ကိုပြန်ကြတယ်ဆိုပါတယ်။

ဒါဟာ ပထမဆုံးသော ကေအင်ယူနဲ့ ဖဆပလအစိုးရအဖွဲ့တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါတယ်။ အစိုးရက ကိုင်ထားတဲ့မူက လက်နက်ချရေးဖြစ်ပါတယ်။ လက်နက်ချပြီး လက်နက်အပ်ပြီးမှ ကရင်ပြည်အရေး ဆက်လက်ဆွေးနွေးရေးဖြစ်ပါတယ်။ အဲဒီလိုသဘောမျိုးရောက်အောင် လှည့်ပတ်ပြောဆိုပြီး မစ္စတာရပ်(ဖ်)တို့ ကရင်အမျိုးသမီး မစ္စစ်ဘမောင်ချိန် တို့နဲ့ စည်းရုံးသွေးဆောင်နားချတဲ့နည်းကို အသုံးပြုခဲ့ပါတယ်။

ကေအင်ယူနဲ့ ကေအင်ဒီအိုက ကိုင်စွဲထားတဲ့မူက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ကရင်ပြည်နယ်ရရှိရေးဖြစ်ပါတယ်။ တရားမျှတစွာ ဆွေးနွေးညှိနှိုင်းကြပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်ပါတယ်။ ဒါကြောင့် လှည့်ပတ်ပြီး ဆွေးနွေးသွေးဆောင်နားချနိုင်လို့ ဥက္ကဋ္ဌ စောဘဦးကြီးက လက်နက်အပ်ရေး သဘောတူလက်မှတ်ရေးထိုးတာကို ဖဆပလအစိုးရက ယာယီရရှိခဲ့ပေမယ့် ကေအင်ယူက ကိုင်စွဲထားတဲ့ အခြေခံမူနဲ့ မကိုက်ညီကွဲလွဲနေတဲ့အတွက် နောက်ဆုံးမှာ မအောင်မမြင်ဖြစ်ခဲ့ရပါတယ်။ တနည်းအားဖြင့် ဆွေးနွေးပွဲပျက်ခဲ့ရပါတယ်။

မန်းဘဇံတို့ အင်းစိန်ပြန်ရောက်ပြီးတဲ့နောက် ကရင်ခေါင်းဆောင်တွေ ဆွေးနွေးကြပြီး လက်နက်ချရေး လက်နက်အပ်ရေး လက်မခံနိုင်ကြောင်း ဆုံးဖြတ်လိုက်ကြပါတယ်။ လက်မခံနိုင်ကြောင်း ပြန်ကြားစာကို စောဟန်တာသာမွေးနဲ့ အင်းစိန်စစ်မြေပြင် စစ်ဆင်ရေးမှူး ဗိုလ်မှူးအောင်စိန်တို့က လက်မှတ်ရေးထိုးပြီး ပြန်ကြားလိုက်ပါတယ်။ ဧပြီလ (၈) ရက်နေ့ဖြစ်ပါတယ်။

ဧပြီလ (၈) ရက် နောက်ပိုင်းမှာ အင်းစိန်စစ်မျက်နှာတိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားပါတယ်။ ပြည်တွင်းစစ်မီးဟာ ကြီးသထက်ကြီးပြီးပဲလာခဲ့ရပါတယ်။ တပြည်လုံး သေနတ်သံတွေညံနေခဲ့ရသလို တောတောင်ရေမြေအနှံ့ ယမ်းခိုးတွေဝေနေခဲ့ရပါတယ်။

ဧပြီလ (၆) ရက် ညမှာ အစိုးရတပ်များက အထက်ဗမာပြည်၊ မန္တလေးမြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့သလို အင်းစိန်ပြန်လည်သိမ်းယူနိုင်ရေးတိုက်ပွဲကြီးများကို အပြင်းအထန်ဆင်နွှဲပါတယ်။ ဧပြီလ (၂၉) ရက်နေ့မှာ တပ်မတော်လေကို အသုံးပြုပြီး အင်းစိန်အစိုးရ အထက်တန်းကျောင်းနယ်မြေ၊ အင်းစိန်ထောင်တောင်ဘက်နယ်မြေတွေကို ဗုံးကြဲတိုက်ခိုက်ရင်း မေယုစစ်သင်္ဘောကို အသုံးပြုပြီး စက်မှုကျောင်းနယ်မြေ၊ ကမ်းနားဆန်စက်နယ်မြေတွေကို အမြောက်ကြီးများနဲ့ ပစ်ခတ်တိုက်ခိုက်ပါတယ်။ မေလ (၁၃) (၁၄) ရက်တွေမှာ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်းမြို့တွေ အစိုးရလက်အောက် ပြန်လည်ကျရောက်သွားပါတယ်။ မေလ (၂၂) ရက်မှာ အထက်ဗမာပြည် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ တံတားဦးမြို့တွေကိုသာမက အင်းစိန်မြို့ကိုပါ အစိုးရက သိမ်းပိုက်ရရှိသွားပါတော့တယ်။ သာယာဝတီ စစ်မျက်နှာမှာ အစိုးရက ဗုံးကြဲတိုက်ခိုက်ရာမှာတော့ လေယာဉ် (၃) စင်းနဲ့ ဗုံးကြဲတိုက်ခိုက်ရင်း ဧပြီလ (၇) ရက်နေ့မှာ အစိုးရဘက်ကပြည်သူ့ရဲဘော် ဗိုလ်စိန်မှန် ကျဆုံးသွားပါတယ်။ ဗုံးကြဲဖို့ လေယာဉ်နဲ့လိုက်ပါသွားတဲ့ ဗိုလ်စိန်မှန်ဟာ ဗုံးကြဲနေတုန်း အောက်ကနေ ပြန်လည်ပစ်ခတ်လိုက်တဲ့ ကွန်မြူနစ်သူပုန်တွေရဲ့ ကျည်သင့်ပြီး လေယာဉ်ထိုင်ခုံပေါ်မှာပဲ အသက်ပျောက်ခဲ့ရတာဖြစ်ပါတယ်။ နှစ်ဖက်စလုံးဟာ အကျအဆုံးတွေများခဲ့ရပါတယ်။

ပဲခူးကို ဧပြီလ (၂၆) ရန်ကုန်ကို မေလ (၁) ရက်နေ့ သိမ်းမယ်လို့ ကြွေးကြော်ရည်မှန်း ချီတက်လာခဲ့တဲ့ ဗိုလ်နော်ဆိုင်းတပ်နဲ့ ကေအင်ဒီအိုများဟာလည်း တောင်ငူကို ပြန်ဆုတ်သွားရပါတယ်။ အင်းစိန်ကို ရပြီးတဲ့နောက် အစိုးရဟာ ပိုမိုထိုးစစ်ဆင်နိုင်ဖို့ ပုံအောပြီး ကြိုးပမ်းလာပါတယ်။

ဇွန်လထဲမှာ ကျောက်ဆည်၊ ညောင်ဦး၊ ချောက်နဲ့ ရေနံချောင်းအပြင်၊ ဇွန် (၂၅) ရက်မှာ သထုံမြို့ကို ပါ အစိုးရက သိမ်းပိုက်နိုင်သွားပါတယ်။ ဇူလိုင် (၂၃) ရက်နေ့မှာ သာယာဝတီမြို့ကိုလည်း အစိုးရဘက်က ပြန်လည်သိမ်းယူနိုင်သွားပါတယ်။

ဇူလိုင်လထဲမှာ ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ စစ်မစ်ရှင်အဖွဲ့ ဗြိတိန်ကို လေ့လာရေးဆိုပြီး သွားပါတယ်။ အဓိက လက်နက်ခဲယမ်းမီးကျောက် ဝယ်ယူဖို့ဖြစ်ပါတယ်။ ဦးကျော်ငြိမ်းသွားပြီး လက်နက်ဝယ်ယူရေးကြိုးစားစဉ်တုန်းက ငြင်းပယ်လွှတ်လိုက်တဲ့ ဗြိတိန်ကိုထပ်မံသွားပြီး ကြိုးစားခြင်းဖြစ်ပါတယ်။ ဘယ်က မှတရားဝင်ဝယ်လို့မရတဲ့အတွက် ဥရောပလက်နက်မှောင်ခိုဈေးကွက်ကနေ မတန်မဆ ဈေးကြီးပေးဝယ်နေရတာကို ကာမိဖို့အတွက် လေ့လာရေးအကြောင်းပြပြီးသွားတာဖြစ်ပါတယ်။ ပြည်တွင်းစစ်ကို အရှိန်မြှင့်တိုက်နိုင်ဖို့အတွက် လက်နက်ရရေးကို နည်းမျိုးစုံနဲ့ ကြိုးစားပါတယ်။ ဦးလှမောင်က အရက်မူးလို့ နှုတ်လွန်ပြောသလိုလိုနဲ့ "ခင်ဗျားတို့ မရောင်းလည်းနေပေ့။ ဟိုလူတွေဆီသွားဝယ်ရုံပေ့ါ" လို့ အင်္ဂလိပ်တွေ အရှိုက်ထိမယ့် စကားကိုပြောပြီး ဥပယ်တမျဉ်နဲ့ ကြိုးစားတာမျိုးအထိလုပ်ခဲ့ပါတယ်။

ဗိုလ်ချုပ်နေဝင်း စစ်မစ်ရှင်အဖွဲ့ ဗြိတိန်၊ အမေရိကန်လေ့လာခရီးက ပြန်လာပြီးနောက် ဝန်ကြီးချုပ်သခင်နုကိုယ်တိုင် လက်နက်ရရေးအတွက် အိန္ဒိယ၊ ပါကစ္စတန်ချစ်ကြည်ရေးခရီး ဆိုတာကို ထွက်ပြန်ပါတယ်။ အဓိကရည်ရွယ်တာက အိန္ဒိယဝန်ကြီးချုပ် နေရူးဆီကနေ လက်နက်အကူအညီရရေး သွားကြိုးစားတာဖြစ်ပါတယ်။ ပြည်တွင်းစစ်အစက သခင်နုမျက်နှာနဲ့ ဝန်ကြီးချုပ်နေရူးက လက်နက်တကြိမ်ရောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ အလုံးလိုက် အရင်းလိုက် ထပ်ရောင်းပေးဖို့ ဒုတိယအကြိမ် ကိုယ်တိုင်မျက်နှာသွားပြပြီး အကူအညီတောင်းတာဖြစ်ပါတယ်။ နေရူးက သခင်နုလိုသလောက် ရောင်းပေးလိုက်ပါတယ်။ အိန္ဒိယက ဝယ်လို့ရလာတဲ့ ရိုင်ဖယ်လက်နက်နဲ့ ခဲယမ်းမီးကျောက် ကျည်ဆံတွေကို ဝှက်သယ်လာပြီး၊ တရားဝင်လူထုကြား အသယ်ပြလာတာကတော့ "ဗုဒ္ဓရဲ့ဓာတ်တော် စွယ်တော်" တွေကို ပင့်ဆောင်သယ်ယူလာခြင်းဆိုတာဖြစ်ပါတယ်။ ဥပသကာကြီး သခင်နုဟာ ဓာတ်တော် စွယ်တော် ပင့်ဆောင်သယ်ယူလာခြင်း မျက်နှာဖုံးကိုစွပ်ပြီး လက်နက်နဲ့ ကျည်ဆံသေတ္တာတွေကို ဝယ်ယူသယ်ဆောင်လာခဲ့ပါတယ်။ ဗောဓိပင်ပျိုတွေကိုလည်း အများအပြား သယ်ဆောင်လာခဲ့ပါတယ်။ ဗောဓိပင်ပျိုတွေရဲ့အောက်မှာ ဝှက်သယ်လာတာတွေကတော့ ကျည်ဆံသေတ္တာတွေလို့ ပြောကြဆိုကြတာလည်းရှိပါတယ်။ ဗမာပြည်ပြန်ရောက်တော့ ဓာတ်တော်၊ စွယ်တော်တွေကိုပြပြီး ပြည်သူတွေကို ဖူးမြော်စေပါတယ်။ ဗောဓိပင်ပျိုတွေကို နိုင်ငံအနှံ့အပြား ဖြန့်ဝေပေးပါတယ်။ လက်နက်ခဲယမ်းမီးကျောက်တွေကိုတော့ စစ်တပ်လက်ထဲထည့်ပေးလိုက်ပြီး၊ ပြည်တွင်းစစ်ကြီးကို အရှိန်တိုးမြှင့် တိုက်ခိုက်စေပါတယ်။

၁၉၄၉ ခုနှစ်ကို ချုပ်ကြည့်လိုက်ရင် တပြည်လုံး စစ်မီးဟုန်းဟုန်းတောက်ခဲ့ရတဲ့နှစ်ဖြစ်ပါတယ်။ အစိုးရလည်း 'ရန်ကုန်အစိုးရ' ဖြစ်သွားရတဲ့နှစ်ဖြစ်ပါတယ်။ ကရင့်တော်လှန်ရေးကြီး အတိအလင်းပေါ်ပေါက်လာခဲ့ရပြီး ဖဆပလကို မျက်ဖြူဆိုက်သွားစေခဲ့တဲ့နှစ်ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်၊ တောခိုတပ်မတော် တို့အပြင် ကေအင်ယူ၊ ကေအင်ဒီအို၊ အမ်အင်ဒီအို၊ ပအို့လက်နက်ကိုင်တပ်၊ ဗိုလ်နော်ဆိုင်းတပ် စတဲ့ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးလှုပ်ရှားမှုတွေပါ ဆက်တိုက်ပေါ်ထွက်လာခဲ့ပြီး သေနတ်သံတွေ သောသောညံသွားရပါတော့တယ်။

မြို့တွေကို သိမ်းပိုက်ထားရာကနေ နောက်ဆုတ်ပေးလိုက်ရတဲ့ အစိုးရဆန့်ကျင်ရေး သူပုန်အင်အားစုများဟာ ကျေးလက်တောရွာတွေကို အခြေပြုပြီး တော်လှန်ရေးကို ဆက်လက်ဆင်နွှဲကြပါတယ်။ ဗိုလ်နော်ဆိုင်းတပ်ဖွဲ့ကတော့ တောင်ငူကနေ ကယားပြည်နယ်ထဲဝင်၊ ရှမ်းပြည်နယ်ထဲဝင်၊ တောင်ကြီးကိုသိမ်း၊

တောင်ကြီးကဆုတ်ပေးရတော့ လားရှိုးကိုသိမ်း၊ အဲဒီကမှ ကွတ်ခိုင်၊ နမ့်ခမ်းဘက်ဆီ ပြောင်းရွှေ့ရောက်ရှိသွားပါတယ်။

အစိုးရဟာ လက်နက်သစ်တွေ တိုးချဲ့တပ်ဆင်ပေးနိုင်လာတဲ့အခါ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်းတို့ကို တိုးချဲ့ဖွဲ့စည်းတဲ့အပြင် တောခိုသွားကြတဲ့ အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းနဲ့ အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းများကို အစားထိုးပြန်လည်ဖွဲ့စည်းတာတွေ လုပ်စေပါတယ်။ အမှတ် (၁) (၂) (၃) ကရင်သေနတ်ကိုင်တပ်များကို ဖျက်သိမ်းပြီး အမှတ် (၂) (၃) (၅) ခြေလျင်တပ်ရင်းတွေ အစားထိုးဖွဲ့စည်းတာလုပ်ပါတယ်။ ပြည်ထောင်စုအရံတပ်၊ ကချင်တပ်ရင်း၊ ချင်းတပ်ရင်းတွေကို ဖျက်သိမ်းပြီး အမှတ် (၁) (၂) အရှေ့ပေါ် ကချင်တပ်ရင်း၊ အမှတ်(၁) (၂) ချင်းတပ်ရင်းဆိုတာတွေ ပြောင်းလဲဖွဲ့စည်းပါတယ်။ ဗိုလ်သင်တန်းကျောင်းနဲ့ စစ်ဦးစီးတက္ကသိုလ်ကိုလည်း ပြန်လည်ဖွင့်လှစ်ကာ စစ်သင်တန်းများကို ပြန်လည်ပို့ချစေတာလုပ်ပါတယ်။ ဒုတိယဝန်ကြီးချုပ်လည်းဖြစ် ကာကွယ်ရေးဝန်ကြီး လည်းဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်းဟာ စစ်တပ်ကို သူ့စိတ်ကြိုက် အကောင်အထည်ဖော် ဖွဲ့စည်းပြင်ဆင်တာတွေ စတင်လုပ်ခွင့်ရခဲ့ပါတယ်။

အစိုးရရဲ့ ပြည်တွင်းစစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြတဲ့ စစ်သုံးစရိတ်ဟာလည်း ဘယ်တုန်းကနဲ့မှမတူအောင် အဆပေါင်းများစွာခုန်တက်သွားခဲ့ပါတယ်။ တပြည်လုံးအသုံးစရိတ် စုစုပေါင်းရဲ့ (၂၀%) ကျော်ဖြစ်ခဲ့ပါတယ်။

'ရောင်စုံသူပုန်တို့ရဲ့ လုယက်ဖျက်ဆီးခြင်းကိုခံရသော ရောင်စုံသူပုန်တို့ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော တပြည်လုံးတန်ဖိုး စုစုပေါင်းဟာလည်း ကျပ်ငွေ ကုဋေ (၃) ရာကျော်ပါတယ်' လို့ ဝန်ကြီးချုပ်သခင်နုက တရားဝင်ပြောဆိုကြေညာခဲ့ပါတယ်။ ဒီပျက်စီးဆုံးရှုံးမှုတွေဟာ သူပုန်တွေကြောင့်လို့ သခင်နုက တဖက်သတ်အပြစ်တင်လိုက်ပါတယ်။ ပြည်တွင်းစစ်ကြီးကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရတာကတော့ အမှန်ပဲဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်ထဲရောက်တော့ ဖဆပလအစိုးရဟာ 'ရန်ကုန်အစိုးရ'အဖြစ်ကနေ လွတ်မြောက်လာပြီဖြစ်လို့ အသက်ရှူချောင်လာပါတယ်။ သူပုန်တွေသိမ်းပိုက်ထားခဲ့တဲ့ မြို့တွေအားလုံးကိုလည်း ပြန်လည်ထိုးစစ်ဆင်သိမ်းပိုက်ပြီးပြီဖြစ်ပါတယ်။ မြို့တွေကို ပြန်လည်သိမ်းပိုက်နိုင်ပေမယ့် ပြည်တွင်းစစ်ကြီးကတော့ အရှိန်အဟုန်ပြင်းပြင်း ဆက်လက်တောက်လောင်နေခဲ့ပါတယ်။

သေနတ်သံတွေ သောသောညံနေဆဲကာလမှာ ထပ်မံကြုံတွေ့လာရတဲ့ပြဿနာကတော့ တရုတ်ဖြူကျူးကျော်လာမှုဖြစ်ပါတယ်။ ပြည်ပလက်နက်ကိုင်တပ်များ ဗမာပြည်အတွင်း ကျူးကျော်ဝင်ရောက်လာမှုဖြစ်ပါတယ်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းခေါင်းဆောင်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါ်ထွန်းလာပါတယ်။

ချန်ကေရှိတ်ခေါင်းဆောင်တဲ့ ကူမင်တန်တရုတ်ဖြူအစိုးရဟာ တရုတ်ပြည်မကြီးကနေ အရှုံးနဲ့ထွက်ပြေးရပါတယ်။

တရုတ်ပြည် ယူနန်နယ်တောင်ပိုင်းမှာရှိတဲ့ တရုတ်ဖြူကူမင်တန်တပ်များဟာ တရုတ်ပြည်သူ့တပ်မတော် (တပ်နီတော်)ရဲ့ ထိုးစစ်ဆင်ချေမှုန်းတိုက်ခိုက်မှုဒဏ်ကို မရှုမလှ ခံလိုက်ရပြီး ယူနန်ပြည်နယ်တောင်ပိုင်းကနေ ဗမာပြည်ထဲ လိုမ့်ဝင်လာကြတာဖြစ်ပါတယ်။ ၁၉၅၀ ပြည့် ဇန်နဝါရီလဆန်းမှာ တရုတ်ဖြူတပ်သား (၂၀၀) လောက်ဟာ ကျိုင်းတုံနယ် မိုင်းယန်းကိုဝင်ရောက်တပ်စွဲပြီး၊ မတ်လထဲမှာ အင်အား (၂၀၀၀) ကျော်လောက် ကျိုင်းတုံနယ်အတွင်း ထပ်မံဝင်ရောက်ကျူးကျော်လာကြပါတယ်။ ဧပြီလနဲ့ မေလထဲမှာ ကျိုင်းတုံ

နယ်အတွင်းရှိ မြို့တွေကို တရုတ်ဖြူတပ်အချို့က ဝင်ရောက်သိမ်းပိုက်ကြသလို တရုတ်ဖြူတပ်အချို့က ကျိုင်းတုံအရှေ့ဘက်ကနေ ဖြတ်ကျော်ပြီး တြိဂံဒေသထဲစုပြီး တပ်စွဲကြပါတယ်။

တရုတ်ဖြူတပ်တချို့က မေလ (၂၅) ရက်နေ့မှာ ဗမာပြည်နယ်စပ်မြို့ တမြို့ဖြစ်တဲ့ 'ကြူကုတ်'ကို တိုက်ခိုက်ဖျက်ဆီးကြပါတယ်။ တရုတ်ဖြူတပ်တွေကို ဦးစီးခေါင်းဆောင်လာသူတွေကတော့ ကူမင်တန်အမှတ် (၈) တပ်တော်က ဗိုလ်ချုပ်ကြီး လီမီ၊ အမှတ် (၂၆) တပ်တော်က ဒုဗိုလ်ချုပ်ကြီး လူကိုချွမ်းနဲ့ အမှတ် (၉၃) တပ်မက ဗိုလ်ချုပ်မာချောယီနဲ့ ဗိုလ်ချုပ်လူချင်းဆွန်း တို့ဖြစ်ကြပါတယ်။

၁၉၅၀ ပြည့် ဇွန်လထဲမှာ ကျိုင်းတုံဒေသရှိ ဗမာ့တပ်မတော်အာဏာပိုင်တွေက တရုတ်ဖြူတပ်ဖွဲ့ဝင်တွေကို လက်နက်ချရန် သို့မဟုတ် ဗမာပြည်ပိုင်နက်နယ်မြေအတွင်းက ထွက်ခွါသွားရန် ရာဇသံပေးခဲ့ပါတယ်။ ဒါပေမယ့် တရုတ်ဖြူကူမင်တန်တပ်တွေက နဲနဲလေးမှ မလိုက်နာရုံမက ဗမာ့တပ်မတော်က သူတို့ကို တိုက်ခိုက်လာရင် ပြန်လည်တိုက်ခိုက်ရန် အသင့်ရှိကြောင်း ပြန်ကြားပါတယ်။

တရုတ်ပြည်ဟာ ဗမာပြည်နဲ့နယ်နိမိတ်ချင်း အရှည်ကြီးဆက်စပ်တည်ရှိနေတဲ့ အိမ်နီးချင်းတိုင်းပြည်တခုဖြစ်တဲ့အတွက် တရုတ်ပြည်ရဲ့ 'တရုတ်ပြည်သစ်' ထူထောင်ပေါ်ပေါက်လာမှုဟာ ဗမာပြည်နိုင်ငံရေးနယ်ကိုလည်း ဂယက်ရိုက်ခဲ့ပါတယ်။ အရှုံးနဲ့ပြေးလာခဲ့သူ တရုတ်ဖြူ ကူမင်တန်တပ်များရဲ့ ကျူးကျော်ချဉ်းနင်းဝင်ရောက်လာတာကို ခံလိုက်ရတဲ့အတွက် ဗမာပြည်လုံခြုံရေးအတွက်လည်း အရေးကြီးပြဿနာတခုဖြစ်လာရပါတယ်။ တရုတ်ဖြူကျူးကျော်လာမှုပြဿနာဟာ ဗမာပြည်အတွက် ပထဝီနိုင်ငံရေးပြဿနာလောက်တင်မက ကမ္ဘာ့နိုင်ငံရေး ရာသီဥတုအပြောင်းအလဲနဲ့ပါ ဆက်ဆိုင်ပတ်သက်လာရတဲ့ ပြဿနာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်မှာ အရင်းရှင်နယ်ချဲ့ဂိုဏ်းကြီးနဲ့ ဆိုရှယ်လစ်ဂိုဏ်းကြီးရယ်လို့ ဂိုဏ်းကြီးနှစ်ဂိုဏ်း အတိအလင်းပေါ်ထွက်လာပါတယ်။ အရင်းရှင်နယ်ချဲ့ဂိုဏ်းကို အမေရိကန်က ခေါင်းဆောင်ပါတယ်။ ဆိုရှယ်လစ်ဂိုဏ်းကို ဆိုဗီယက်က ခေါင်းဆောင်ပါတယ်။ နယ်ချဲ့နိုင်ငံများလက်အောက်က လွတ်မြောက်လာစနိုင်ငံတွေနဲ့ လွတ်မြောက်ဖို့ကြိုးပမ်းအားထုတ်နေကြတဲ့ နိုင်ငံတွေအားလုံးလောက်နီးပါးဟာ ဆိုရှယ်လစ်ဂိုဏ်းကြီးကို ထောက်ခံလိုလားကြပါတယ်။ တော်လှန်တိုးတက်တဲ့ နိုင်ငံရေးပါတီ၊ နိုင်ငံရေးအင်အားစုများဟာ နယ်ချဲ့အရင်းရှင်ဂိုဏ်းကို ဆန့်ကျင်ကြပါတယ်။ နယ်ချဲ့အရင်းရှင်ဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တဲ့ အမေရိကန်ဟာ ဆိုရှယ်လစ်ဂိုဏ်း ကြီးကြီးမားမားကျယ်ပြန့်လာမှာ အောင်ပွဲခံလာမှာကို အစွမ်းကုန် တားဆီးပိတ်ပင် ချေဖျက်ဖို့ကြိုးစားနေပါတယ်။

ကမ္ဘာမှာ နယ်မြေအကျယ်အဝန်း အကြီးဆုံးဖြစ်တဲ့ ဆိုဗီယက်က ကွန်မြူနစ်နိုင်ငံဖြစ်နေရတဲ့အထဲ၊ ကမ္ဘာမှာ လူဦးရေအများဆုံးဖြစ်တဲ့ တရုတ်က ကွန်မြူနစ်နိုင်ငံအဖြစ် ထပ်မံပေါ်ပေါက်လာတဲ့အခါ အရင်းရှင်နယ်ချဲ့ဂိုဏ်းကြီးရဲ့ ထိပ်သီးအမေရိကန်အဖို့ ပိုမိုစိုးရိမ်တုန်လှုပ်စရာဖြစ်လာခဲ့ပါတယ်။

ဒါကြောင့် ၁၉၅၀ ပြည့်နှစ်ထဲမှာ အမေရိကန်တို့ရဲ့ ဒိုမီနိုသီဝရီ ထွက်ပေါ်လာခဲ့ပါတယ်။ အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါကစပြီး ပြောတာဖြစ်ပါတယ်။ (ဒိုမီနို ဖဲကစားနည်းမှာ ဒိုမီနိုဖဲချပ်လေးတွေစီထားပြီး၊ တခုနဲ့တခု ဆက်စပ်နေတဲ့အတွက် ဖဲချပ်လေးတခုကျရင် ကျန်တဲ့ဟာတွေပါ ဆက်တိုက်ကျလေ့ရှိပါတယ်။ ဒိုမီနိုဖဲချပ်လေးတွေလို ဆိုရှယ်လစ်နိုင်ငံတွေ တခုပြီးတခုမပေါ်ရအောင် ကာကွယ်ထားဖို့ ပြောတာဖြစ်ပါတယ်။)

အမေရိကန်အဖို့ တရုတ်ပြည်ကွန်မြူနစ်နိုင်ငံဖြစ်လာတာကို မလိုလားသလို၊ အာရှတိုက်မှာ နောက်ထပ်ကွန်မြူနစ်နိုင်ငံတွေ ဆက်တိုက်ပေါ်ထွက်လာမှာကိုလည်း မရှုစိမ့်တဲ့အတွက် တားဆီးပိတ်ပင်ရေးတွေ အစီအစဉ်ရှိရှိလုပ်ပါတယ်။ တရုတ်နီကို ဆန့်ကျင်ဖို့ တရုတ်ဖြူကိုအားပေးပါတယ်။ တရုတ်ပြည်နဲ့

နယ်နိမိတ်ချင်းဆက်စပ်နေတဲ့အတွက် ဗမာပြည်ဟာ အမေရိကန်တို့အတွက် အရေးပါလာပါတယ်။ ဒါကြောင့် ဗမာပြည်ထဲ ရောက်ရှိကျူးကျော်လာကြတဲ့ ကူမင်တန်တရုတ်ဖြူတို့ရဲ့နောက်ကွယ်မှာ အမေရိကန် ပါဝင်ပတ်သက်နေပါတယ်။ တဖက်ကလည်း ဗမာပြည်ကွန်မြူနစ်ဆန့်ကျင်ရေးကို အဓိကဦးတည်လုပ်နေတဲ့ ဗမာပြည်အစိုးရကို ချော့မြူသိမ်းသွင်းနိုင်ဖို့ လိုအပ်နေပါတယ်။

ဗမာပြည် ဖဆပလအစိုးရဟာ ပြည်ပက ကျူးကျော်လာသူဖြစ်တဲ့ တရုတ်ဖြူကို အပြတ်အသတ် ပြန်လည်တိုက်ထုတ်ရေးထက်၊ ပြည်တွင်းက တနိုင်ငံတည်းသားချင်းဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကိုပဲ မဲပြီး ချေမှုန်းသုတ်သင်ပစ်နိုင်ဖို့ လုပ်နေပါတယ်။

၁၉၄၅ ခုနှစ်က 'ဖော်ရှီဗစ်သမိုင်းအကျဉ်းချုပ်' စာအုပ်ကို မရရအောင်ရှာပြီး ဆိုရှယ်လစ်ပါတီ နိုင်ငံရေးသင်တန်းတွေမှာ သင်တန်းပို့ချခဲ့တဲ့ ဦးကျော်ငြိမ်းကတော့ သုံးလေးနှစ်အတွင်း ဒေါင်ဒေါင်မြည် ကွန်မြူ နစ်ဆန့်ကျင်ရေးသမားကြီးအဖြစ် ပြောင်းလဲလာခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်အကုန်မှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအဖြစ် ပေါ်ပေါက်လာတဲ့အခါ ဗမာပြည်ဆိုရှယ်လစ်ပါတီ အမှုဆောင်များနဲ့ ဒုတိယခေါင်းဆောင်များ အစည်းအဝေးလုပ်ပြီး ကြိုဆိုထောက်ခံကြောင်း ကြေညာချက်ထုတ်ပါတယ်။ အဲဒီကြေညာချက်ကို ကန့်ကွက် ပြောဆိုသူဟာ ဦးကျော်ငြိမ်း တယောက်တည်းပဲရှိတယ်လို့ ဆိုပါတယ်။ အင်္ဂလိပ်၊ အမေရိကန်ငြိုငြင်မှာ ကြောက်တာနဲ့ ပြည်တွင်းသူပုန်တွေ နှိမ်နင်းရေးအတွက် အကူအညီ မရမှာစိုးရိမ်တာကြောင့်လို့ ဆိုပါတယ်။

၁၉၅၀ ပြည့်နှစ်ထဲမှာ အာဏာရ ဖဆပလ ကြီးထဲက အာဏာရ ဆိုရှယ်လစ်ပါတီကြီးအတွင်း ပတ်တုတ်မရနိုင်တဲ့ အကွဲအပြဲကြီးတခု ထပ်မံပေါ်ပေါက်လာခဲ့ပါတယ်။ အဓိကကတော့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ခေါင်းဆောင်တဲ့ လက်ျာဆိုရှယ်လစ်များနဲ့ မာ့က်စ် လီနင်ဝါဒကို သက်ဝင်ယုံကြည်ပါတယ်လို့ ကြွေးကြော် ထားကြတဲ့ သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လွင်၊ သခင်လှကျွေတို့ခေါင်းဆောင်တဲ့ လက်ဝဲယိမ်း ဆိုရှယ်လစ် များအကြား၊ အဲဒီတုန်းက ပေါ်ပေါက်လာတဲ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေအပေါ် ရှုမြင်သုံးသပ် သဘော ထားကြပုံချင်း မတူညီရာကနေ အတိအလင်း ခွာပြဲသွားကြတာဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီတွင်းက လက်ျာ ဆိုရှယ်လစ်များနဲ့ လက်ဝဲယိမ်းဆိုရှယ်လစ်များဟာ အာဏာကုလားထိုင်ပေါ် အတူမှေးပြီးထိုင်နေကြ ရာကနေ ပြောင်းလဲလာတဲ့ နိုင်ငံတကာ့အခြေအနေတွေအောက်မှာ ကိုယ့်ရပ်တည်ချက်ကို ကိုယ်ဖော်ပြရင်း မှေးနေလို့မရတော့ပဲ ကွဲသွားကြတာဖြစ်ပါတယ်။

ပထမအဖြစ်အပျက်က (WFTU) ပါဝင်ရေးကိစ္စနဲ့ပတ်သက်ပါတယ်။ ဖဆပလ အဖွဲ့ချုပ် အလုပ် အမှုဆောင်လည်းဖြစ်၊ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် ဥက္ကဋ္ဌလည်းဖြစ်တဲ့ 'သခင်လွင်'ဟာ အဖွဲ့ချုပ်ရဲ့ကြားနေရေးဝါဒနဲ့ ဆန့်ကျင်ပြီး၊ လက်ဝဲယိမ်း WFTU (World Federation of Trade Union) ခေါ် ကမ္ဘာ့အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်နဲ့ ဆက်သွယ်ဝင်ရောက်ရန်အဆိုနဲ့ ဆုံးဖြတ်ချက်တရပ်ကို ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ၁၉၅၀ ပြည့် မေဒေးနေ့ လူထုအစည်းအဝေးမှာ တင်သွင်း ချမှတ်ပြောဆိုတယ် ဆိုပါတယ်။

ဒုတိယအဖြစ်အပျက်က ကိုရီးယားစစ်ပွဲ ကိစ္စနဲ့ပတ်သက်ပါတယ်။ ၁၉၅၀ ပြည့်နှစ်ထဲမှာ၊ ကိုရီးယား စစ်ပွဲ အပြင်းအထန် ပေါ်ပေါက်လာပါတယ်။ တရုတ်နဲ့ ဆိုဗီယက်တို့က မြောက်ကိုရီးယားဘက်က အခိုင် အမာရပ်တည်ကြပါတယ်။ အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်အုပ်စုက တောင်ကိုရီးယားဘက်က နေကြ ပါတယ်။ အမေရိကန်ဟာ ကုလသမဂ္ဂဆိုင်းဘုတ်နဲ့ ကိုရီးယားစစ်ပွဲ အတွင်းဝင်ပြီး ပါလာပါတယ်။ တောင်–မြောက်ကိုရီးယားစစ်ပွဲမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက 'ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိပါးစေမည့် အန္တရာယ် လို့သတ်မှတ်ပြီး ကုလသမဂ္ဂက ဝင်ရောက်ပြီး အခြေအနေကိုထိန်းသိမ်းရန်' လို့ ဆုံးဖြတ်ပါတယ်။ အဲဒီဆုံး

ဖြတ်ချက်ကို မြန်မာအစိုးရက ထောက်ခံခဲ့ပါတယ်။ ၁၉၅၀ ပြည့် စက်တင်ဘာ (၅) ရက်နေ့ ဗမာပြည် ပါလီမန်လွှတ်တော်မှာ ဝန်ကြီးချုပ်သခင်နု တင်သွင်းတဲ့ ကိုရီးယားအဆိုနဲ့ပတ်သက်ပြီး အလုပ်သမားအစည်း အရုံးများအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ လည်းဖြစ် ပါလီမန်အမတ်လည်းဖြစ်တဲ့ သခင်လှကျွေ့က ဝေဖန်ပါတယ်။ ဝေဖန် ရာမှာ အဆိုကိုတော့ ထောက်ခံပေမယ့် မြောက်ကိုရီးယာအပေါ် အပြစ်တင်ပြောဆိုတာနဲ့ ပတ်သက်ပြီး ကန့်ကွက်ပြောဆိုပါတယ်။ ကိုရီးယာနဲ့ပတ်သက်တဲ့ ဖဆပလ အစိုးရရဲ့ မူဝါဒရပ်တည်ချက်အပေါ်၊ သခင်လွင်၊ သခင်ချစ်မောင်တို့ကလည်း ပြစ်တင်ဝေဖန်ကြပါတယ်။

အဲဒါကြောင့် အဲဒီလိုဖြစ်ပေါ် ပြောဆိုခဲ့ကြမှုတွေအပေါ် ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က သခင်လွင်နဲ့ သခင်လှကျွေ့ကို အရေးယူပါတယ်။ သခင်လွင်နဲ့ သခင်လှကျွေ့ကို 'မိမိရဲ့ပါတီဖြစ်တဲ့ အာဏာရ ပါတီအစိုးရရဲ့ မူဝါဒကို ဝေဖန်ရှုတ်ချခဲ့တဲ့အတွက်' ဖဆပလက ခဏထုတ်ပယ်ပစ်ခဲ့တယ်လို့ ဆိုပါတယ်။

လက်တုန့်ပြန်တဲ့အနေနဲ့ အောက်တိုဘာ (၁၆) ရက်နေ့မှာ သခင်လွင်၊ သခင်လှကျွေ့တို့ အဖွဲ့ဟာ အလုပ်သမားအစည်းအရုံးကနေ နှုတ်ထွက်လိုက်ကြပါတယ်။ ဒီဇင်ဘာ (၇) ရက်နေ့မှာတော့ သခင်လွင်၊ သခင်လှကျွေ့၊ သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လူအေးနဲ့ ဆိုရှယ်လစ်ပါတီဝင် (၄၃) ယောက်တို့ဟာ ဆိုရှယ် လစ်ပါတီကနေ အပြီးအပိုင်နှုတ်ထွက်လိုက်ကြပါတော့တယ်။

နောက်တရက် ဒီဇင်ဘာ (၈) ရက်နေ့မှာ "အလုပ်သမား၊ လယ်သမားပါတီ" ကို အတိအလင်း ထူထောင်လိုက်ကြပါတော့တယ်။

ဆိုရှယ်လစ်ပါတီကနေခွဲထွက်ပြီး ထူထောင်လိုက်တဲ့ 'အလုပ်သမား၊ လယ်သမားပါတီ' ကို 'ဆိုရှယ် နီပါတီ' လို့လူသိများလာခဲ့ပါတယ်။ ဆိုရှယ်နီပါတီဝင်တွေကို ဖဆပလ အဖွဲ့ချုပ်ကြီးကလည်း ထုတ်ပယ်ဖယ် ရှားပစ်လိုက်ပါတော့တယ်။ အဲဒီအချိန်ကစပြီး ဖဆပလ အဖွဲ့ချုပ်ကြီးဟာလည်း လက်ယာ ဆိုရှယ်လစ်တွေ ချည်း ကြီးစိုးထားတဲ့ အဖွဲ့ချုပ်ကြီးဖြစ်သွားခဲ့သလို၊ နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ 'ဗမာပြည်ဆိုရှယ်လစ် ပါတီ' ဟာလည်း လက်ယာဆိုရှယ်လစ်တွေချည်းပဲ ကျန်ခဲ့တဲ့ လက်ယာဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဖြစ်လာ ခဲ့ပါတော့တယ်။

အဓိကဆိုရှယ်ခေါင်းဆောင်တဦးဖြစ်တဲ့ ဝိဓူရသခင်ချစ်မောင်က ဆိုရှယ်လစ်ပါတီ အတွင်းကနေ သူတို့ထွက်ခွာလာရပုံနဲ့ ပတ်သတ်ပြီး...

"၁၉၅၀ ခုနှစ်သို့ရောက်သောအခါ ကျွန်ုပ်တို့ ဆိုရှယ်လစ်ပါတီ ရှေ့တန်းခေါင်းဆောင်အချို့သည်၊ ဖဆပလ ဦးနုနှင့်ပေါင်း၍ အမေရိကန် အီးစီအေကိစ္စ၊ တီစီအေကိစ္စ၊ ကိုရီးယားကိစ္စ၊ အမေရိကန်နှင့် အင်္ဂလိပ် နှစ်ဦးအကြားမှာသာ ဗျာများနေရသော ကြားနေဝါဒကိစ္စ စသည်တို့ဖြင့် နယ်ချဲ့နှင့်ပေါင်းစပ်၍ ကွန်မြူနစ် ပါတီသာမက ကွန်မြူနစ်ဝါဒကိုပါ အပြတ်အသတ်ချေမှုန်းရန် တိတိလင်းလင်း ပြင်ဆင်လာပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ရဲဘော်များသည် အပြစ်ကင်းစင်စွာဖြင့် နိုင်ငံရေးလမ်းကြောင်းအရသာ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာ (၈) ရက်နေ့တွင် သိက္ခာရှိရှိ လမ်းခွဲလာခြင်းဖြစ်ပေသည်။" လို့ ထုတ်ဖော် ကြွေးကြော်ရေးသားခဲ့ပါတယ်။

ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသွားတုန်းက အလံနီ–အလံဖြူလို့ နစ်နီ–နစ်ဖြူလို့ ကင်ပွန်းတပ်ခဲ့ကြတဲ့ ဆိုရှယ်လစ်တွေကို သူတို့ကိုယ်တိုင် နှစ်ခြမ်းကွဲသွားရတဲ့အခါ၊ ဆိုရှယ်နီ–ဆိုရှယ်ဖြူလို့ လူထုက ကင်ပွန်းတပ် ပေးလိုက်ပါတယ်။ ဆိုရှယ်နီ–ဆိုရှယ်ဖြူတို့အကွဲ ပိုဆိုးတာကတော့ ဆိုရှယ်လစ်ပါတီဟာ အာဏာရပါတီ ဖြစ်တဲ့အတိုင်း အာဏာကိုကိုင်ပြီး ပြောင်ကျကျရမ်းကားသတ်ဖြတ်မှုတွေ ကျူးလွန်ပြခြင်းဖြစ်ပါတယ်။ ဆိုရှယ်နီတွေရဲ့ ပါတီသစ်ကိုဖွဲ့စည်းကြောင်း ကြေညာပြီးတာနဲ့ တပြိုင်နက် ဆိုရှယ်နီပါတီရဲ့ ပါတီသစ်ကို ဖွဲ့စည်းကြောင်း ကြေညာပြီးတာနဲ့ တပြိုင်နက် ဆိုရှယ်နီပါတီရဲ့ ဦးစီးအဖွဲ့ဝင်တွေဖြစ်တဲ့ ပျဉ်းမနားခရိုင်က

ရဲဘော်ဗချို့နဲ့ ရဲဘော်လှဒင်ကြီးတို့ကို လက်ယာဆိုရှယ်လစ် ဂိုဏ်သားတွေက လူပုံအလယ်မှာ မော်တော်ကားနဲ့ ရက်ရက်စက်စက် တိုက်သတ်ပစ်ခဲ့ကြပါတယ်။

ဥပဒေကို လေးစားလိုက်နာရေး၊ ဒီမိုကရေစီကို ကာကွယ်ရေးလို့ တဖွဖွ မနားတမ်းပြောလာခဲ့တဲ့ ဖဆပလ အစိုးရဟာ ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရုံမက ဒီမိုကရေစီအခွင့်အရေးတွေကိုလည်း ကန့်သတ်ချုပ်ချယ်သူ ဖြစ်လာခဲ့ပါတယ်။

ဝန်ကြီးချုပ် သခင်နုကိုယ်တိုင် အာဏာရှင်ဆန်ဆန် ပြုမူ၊ ကျင့်ကြံလာတာတွေရှိသလို ဆိုရှယ်လစ် ထိပ်သီးကြီးများဖြစ်တဲ့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်၊ သခင်ကျော်ထွန်းတို့ကလည်း လူမိုက်မွေး၊ တပည့်မွေးပြီး သူတို့အပိုင်အစားရရာ နယ်ပယ်အသီးသီးမှာ အာဏာဖောင်းထက်ခဲ့ကြပါတယ်။ အာဏာရ ဖဆပလကြီးကို ထင်သလိုချယ်လှယ်ခဲ့ကြပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ခေါင်းပေါ်ရွက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မကိုက်ညီတာတွေကိုတောင် ခပ်တည်တည် လုပ်ဆောင်ခဲ့ကြပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၁၆) မှာ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဟုတ်ဘဲ (၆) လထက်ပိုမိုပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းချက် အတိအလင်းရှိပေမယ့် ဝန်ကြီးချုပ်သခင်နုက ဦးအေးမောင်ကို (၈) လ ကျော် ဝန်ကြီးအဖြစ် ဆွဲခန့်ခဲ့ပါတယ်။ ဦးအေးမောင်ဟာ နိုင်ငံခြားရေးဝန်ကြီးမက တရားရေးဝန်ကြီးပါ ဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်းဟာ (၁၈) လနီးပါး ကာကွယ်ရေးဝန်ကြီးမက ဒုတိယဝန်ကြီးချုပ်ပါ ဖြစ်ခဲ့ပါတယ်။ သခင်နုပြည်ပခရီးသွားနေတုန်းမှာ ယာယီဝန်ကြီးချုပ်တောင် တက်လုပ်ခွင့် ရခဲ့ပါသေးတယ်။

ဗိုလ်ချုပ်နေဝင်းဟာ ၁၉၄၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ကနေ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ (၉) ရက်နေ့အထိ အစိုးရအဖွဲ့မှာ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးလုပ်ခဲ့ပြီးမှ စစ်တပ်ကိုပြန်ပါတယ်။ ဗိုလ်ချုပ်နေဝင်း ကာကွယ်ရေးဝန်ကြီးနဲ့ ဒုတိယဝန်ကြီးချုပ် ဖြစ်နေတုန်းမှာ စစ်တပ်ကို တိုးချဲ့ဖွဲ့စည်းတာ၊ စစ်တပ်ကို ပိုမိုခိုင်မာတောင့်တင်းအောင် ပြင်ဆင်တာ၊ စစ်တပ်ကို အရေးပါအောင်လုပ်တာတွေ အစီအစဉ်ရှိရှိ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းစစ်မီးကြီးကလည်း အရှိန်တငြိမ်းငြိမ်း တောက်လောင်နေဆဲဖြစ်တဲ့အတွက် ပြည်တွင်းစစ်ကိုပြုပြီး စစ်တပ်ကို သူ့စိတ်ကြိုက် တည်ဆောက်ပြင်ဆင်နိုင်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်ထဲမှာ အမှတ် (၆) ခြေလျင်တပ်ရင်း၊ အမှတ် (၇) ခြေလျင်တပ်ရင်း၊ အမှတ် (၈) ခြေလျင်တပ်ရင်းတွေ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး၊ အမှတ် (၂) ခြေမြန်တပ်မဟာဌာနချုပ် (တောင်ငူ)၊ အမှတ် (၃) ခြေမြန်တပ်မဟာဌာနချုပ် (ပဲခူး) နဲ့ အမှတ် (၄) ခြေမြန်တပ်မဟာ ဌာနချုပ် (ကျိုင်းတုံ) တို့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါတယ်။ မင်္ဂလာဒုံအမှတ် (၂) သံချပ်ကာ ကားတပ်ခွဲနဲ့ အင်ဂျင်နီယာတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

၁၉၅၀ ပြည့်၊ ဇန်နဝါရီ (၂၀) ရက်ကနေ (၃၀) ရက်နေ့အထိ 'တပ်မှူးများညီလာခံ' ကိုလည်း ဗိုလ်ချုပ်နေဝင်း ဦးစီးပြီး ကျင်းပပြုလုပ်ခဲ့ပါတယ်။ မောင်းပြန်လက်နက်ငယ်နဲ့ ကျည်ဆန်များထုတ်လုပ်နိုင်တဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံကို (Burma Army Godown) ဆိုတဲ့ နာမည်ဝှက်နဲ့ အင်ယားကန်စောင်းမှာ တည်ဆောက်ပြီး ၁၉၅၀ ပြည့်၊ ဧပြီလ (၂၆) ရက်နေ့မှာ တရားဝင် ဖွဲ့စည်းပေးခဲ့ပါတယ်။ အမှတ် (၁) ကာကွယ်ရေး ပစ္စည်းစက်ရုံကို အီတလီနိုင်ငံက စက်များနဲ့ တပ်ဆင်ခဲ့ပြီး ဘီအေ (၅၂) အပေါ့စားမောင်းပြန် သေနတ်တွေ ထုတ်လုပ်ရန် စီစဉ်ခဲ့ပါတယ်။ ၁၉၅၀ ပြည့် ဩဂုတ်လမှာ ပြီးစီးပြီး၊ အောက်တိုဘာမှာ စမ်းသပ်လည်ပတ် ထုတ်လုပ်စေပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၂၃၃) အရ (၁၈) လအတွင်း ကျင်းပပြုလုပ်ပေးရမယ့် 'ပါလီမန်ရွေးကောက်ပွဲ' ဟာ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပေးရမှာဖြစ်ပေမယ့် ဖဆပလအစိုးရဟာ ကျင်းပပေးခြင်းမပြုနိုင်ဘဲ (၁၈) လကနေ (၂၈) လအဖြစ်ပြောင်းပြီး ပထမဆုံးအကြိမ် ရွှေ့ဆိုင်းခဲ့ပါတယ်။ (၂၈) လပြည့်တဲ့ အခါ မှာလည်း ကျင်းပမပေးနိုင်ပြန်ဘဲ ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ပြီး လ (၄၀) အထိ ရွှေ့ဆိုင်းခဲ့တဲ့အတွက် ၁၉၅၀ ပြည့်နှစ်ထဲမှာလည်း ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲဟာ ပေါ်ပေါက်မလာခဲ့ပါ။ ဒါ ကြောင့် လွတ်လပ်ရေးကြေညာပြီးချိန်ကစပြီး သခင်နု တယောက်တည်းက ဝန်ကြီးချုပ်အဖြစ်တောက်လျှောက် အုပ်စိုးလာခဲ့သလို ဖဆပလ အဖွဲ့ချုပ်ကြီးက အာဏာရ နိုင်ငံရေးအဖွဲ့အစည်းကြီးအဖြစ်ဆက်တိုက် တွင်ကျယ်နေခဲ့ပါတယ်။ ဖဆပလ ထဲမှာလည်း ဆိုရှယ်လစ်ပါတီက အုပ်စိုးထားတာဖြစ်တဲ့အတွက် ဆိုရှယ်လစ်များဟာ ပြိုင်ဘက်မရှိ အာဏာရများဖြစ်လာခဲ့ပါတယ်။

ပထမဆုံးအကြိမ်ရွေးကောက်ပွဲကိုတောင် မကျင်းပရသေးလို့ တိုင်းပြုပြည်ပြုလွှတ်တော်ကို ယာယီပါလီမန်အသွင်ပြောင်းပြီး အုပ်ချုပ်နေရပေမယ့် အာဏာရထားသူများကတော့ အာဏာမာန်ဝင့်နေကြပါတယ်။ ပါလီမန်ဟာလည်း တောခိုပြည်သူ့ရဲဘော်အမတ်များ၊ ကွန်မြူနစ်အမတ်များစုစုပေါင်း (၄၄) ဦးကိုထုတ်ပယ်ထားရတဲ့အတွက် အရွယ်အစားအားဖြင့် သေးငယ်နေပြီဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီကနေခွဲထွက်ပြီး ဆိုရှယ်နီပါတီထောင်ကြတဲ့ သခင်လွင်၊ သခင်ချစ်မောင်၊ သခင်လှကျွေတို့ (၄၃) ဦးအဖွဲ့ဟာ အတိုက်အခံအင်အားစုများဖြစ်လာကြပါတယ်။

လွတ်လပ်ရေးရပြီဆိုမှ တိုင်းပြည်ကြီးကတော့ ပြည်တွင်းစစ်မီးလျှံအတွင်း တနေ့တခြား ပိုပိုပြီးကျဆင်းလောင်မြိုက်ခံနေရပြီး ပိုမိုဆင်းရဲ ကြပ်တည်းလာခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်တဲ့ စစ်တပ်ကတော့ ပိုပိုကြီးလာခဲ့ပြီး၊ စစ်အသုံးစရိတ်ဟာလည်း တိုးတိုးများလာခဲ့ပါတယ်။ ၁၉၄၈–၄၉ ခုနှစ်အတွင်း စစ်အသုံးစရိတ်ဟာ တနိုင်ငံလုံးအသုံးစရိတ်စုစုပေါင်းရဲ့ (၂၀%) ကျော်ကနေ ၁၉၄၉–၅၀ ခုနှစ်မှာ စစ်သုံးစရိတ်ဟာ တနိုင်ငံလုံးအသုံးစရိတ် စုစုပေါင်းရဲ့ (၂၅%) ကျော်ဖြစ်လာပါတယ်။

၁၉၄၈–၄၉–၅၀ အတွင်း ပြည်တွင်းစစ်ကြောင့် တနိုင်ငံလုံးစိုက်ပျိုးနိုင်တဲ့ မြေဧရိယာရဲ့ ( ၃၅%)ဟာ ပလပ်မြေတွေဖြစ်သွားရပါတယ်။ လူဦးရေ (၃) သန်းလောက် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရပါတယ်။ ပြည်သူလူထု (၂၂၀၀၀) ကျော်နဲ့ စစ်ဘက်မြို့ပြဘက် အမှုထမ်း (၅၇၀၀) ကျော် အသက်ဆုံးရှုံးကြရပါတယ်။ အစိုးရပစ္စည်းတန်ဖိုး ဒေါ်လာ (၅) သန်းနဲ့ ပြည်သူလူထုပစ္စည်းတန်ဖိုး ဒေါ်လာ (၉၅) သန်းဖိုးလောက် ဆုံးရှုံးခဲ့ရပါတယ်။ ဒီကိန်းဂဏန်းတန်ဖိုးတွေဟာ ဗမာပြည်အကြောင်း စာအုပ်တွေရေးသားတဲ့ အမေရိကန်စာရေးဆရာကြီး ဗတ်ဝဲ (Butwell) ရဲ့ စုဆောင်းဖော်ပြချက်ဖြစ်ပါတယ်။ တကယ်က ဒီထက်ပိုပြီးတောင် များပြားခဲ့ပါတယ်။

အာဏာရ ဖဆပလအစိုးရက "သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေး" "ရောင်စုံသောင်းကျန်းသူများနှိမ်နင်းရေး" ဆိုတဲ့ အလံကို အမြင့်ဆုံးတင်ပြီး တိုက်ခိုက်သလို၊ အဓိက နိုင်ငံရေးပါတီကြီးဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း မလွဲသာ မရှောင်သာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရင်း လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲလိုက်ရတာဖြစ်ပေမယ့် "ဖဆပလအစိုးရအပြုတ်တိုက်ရေး" "(၂) နှစ်အတွင်းစစ်နိုင်ရေး" ဆိုတာတွေ ကြွေးကြော်ပြီး ပြန်လှန်တိုက်ပွဲဆင်ပါတယ်။ ပြည်တွင်းစစ်မီးကြားမှာ ပြည်သူများကတော့ မြေဇာပင်ဖြစ်ခဲ့ရပါတယ်။ ၁၉၅၀ ပြည့်နှစ်ထဲမှာ ဝန်ကြီးချုပ် သခင်နုဟာ 'သခင်' ကို ဖြုတ်လိုက်ပြီး ဦးနုဖြစ်လာခဲ့ပါတယ်။

# ၁၉၅၁–၅၂ ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတည်ဖြစ်ပြီး (၁၈) လ အကွာမှာ ကျင်းပပြုလုပ်ပေးရမယ့် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးဟာ ၁၉၄၉ ခုနှစ် ထဲမှာလည်း မကျင်းပနိုင်၊ ၁၉၅၀ ပြည့်နှစ်ထဲမှာလည်း မကျင်းပဖြစ်ဘဲ ၁၉၅၁ ခုနှစ်၊ ဇွန်လထဲမှာ ပထမဆုံး အကြိမ်အဖြစ် ကျင်းပပေါ်ပေါက်လာပါတယ်။

ဇွန်လမှာ စတင်းကျင်းပဖြစ်တယ်ဆိုပေမယ့် တပြည်လုံး တပြိုင်နက်တည်း ကျင်းပနိုင်တာမဟုတ်ပါ။ တိုင်းပြည် လုံးဝအေးချမ်းသာယာသေးတာမဟုတ်ဆိုတဲ့ အကြောင်းပြချက်နဲ့ 'ဆာဘဦး' ခေါင်းဆောင်ပြီး ဦးအေးမောင် ပါဝင်တဲ့ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ကျင်းပနိုင်ပြီလို့ သတ်မှတ်တဲ့ နယ်မြေတွေ မှာသာ တနယ်ပြီးတနယ် ကျင်းပပေးတာဖြစ်ပါတယ်။ ဒါကြောင့် ဆာဘဦးနဲ့ ဦးအေးမောင်တို့က ဖဆပလ တို့နိုင်ခြေရှိတဲ့ နယ်မြေတွေကိုသာ ဦးစွာသတ်မှတ်ပေးပြီး ကျင်းပစေတာဖြစ်တယ်လို့ တချို့က စွပ်စွဲပြောဆို ကြပါတယ်။

ရွေးကောက်ပွဲမှာ အာဏာရ ဆိုရှယ်လစ်ဖဆပလအဖွဲ့ချုပ်နဲ့ ယှဉ်ပြီး အပြိုင်အဆိုင် ယှဉ်ပြိုင်ရွေးချယ် ခံကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကတော့ ဆိုရှယ်နီခေါ် ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီ၊ ဗိုလ်ထွန်းစိန်ရဲ့ ပြည်သူ့ရဲဘော်အဖွဲ့၊ ဗိုလ်ချုပ်အကို ဦးအောင်သန်းရဲ့ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ ဒေါက်တာဘမော်ရဲ့ မဟာဗမာအဖွဲ့၊ သခင်ဗစိန်ရဲ့ ဗမာပြည်ဒီမိုကရက်တစ်ပါတီ၊ ဦးဘဖေရဲ့ ပြည်ချစ် မဟာမိတ်အဖွဲ့၊ တသီးပုဂ္ဂလ ရခိုင်အမျိုးသားများအဖွဲ့၊ ဗမာ–မွတ်စလင်ကွန်ဂရက်၊ 'ဗိုလ်ချုပ်အောင်ဆန်း အဖွဲ့အောင်ပါတီ'၊ အင်ဒီပင်းဒင့်ပါတီ စတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ တသီးပုဂ္ဂလများလည်း ဝင်ရောက် ယှဉ်ပြိုင် ကြပါတယ်။ အာဏာရ ဖဆပလဆိုရှယ်အဖွဲ့ချုပ်နဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုဟာ အင်အားအချိုး အစားအရ အင်မတန်ကွာခြားလွန်းလှပါတယ်။

အတိုက်အခံ အင်အားစုဘက်က နိုင်ငံရေးပါတီအဖွဲ့အစည်းများရဲ့ နိုင်ငံရေးအယူအဆများဟာ လည်း အမျိုးမျိုးအဖုံဖုံ အသွေးအရောင်စုံဖြစ်နေခဲ့ပါတယ်။ အတိုက်အခံအင်အားစုတွေထဲမှာ နိုင်ငံရေး အရှိန်အဝါရှိတာ၊ နိုင်ငံရေးပါတီဆန်တာဆိုလို့ ဆိုရှယ်နီပါတီ လောက်ပဲရှိပါတယ်။

ဒီလောက်အင်အားအချိုးအစားကွာပြီး တဖက်သတ် အပေါ် စီးရနေတာတောင်မှ 'ဖဆ–ဆိုရှယ်' များဟာ မကျေနပ်နိုင်သေးဘဲ နည်းလမ်းပေါင်းစုံသုံးပြီး ညစ်ပတ်ခဲ့ကြ၊ ရမ်းကားခဲ့ကြပါတယ်။ ဖဆ–ဆိုရှယ်များ အနိုင်ရရေးအတွက် ခါးပိုက်ဆောင်တပ်ဖွဲ့တွေ၊ သောင်းကျန်းသူနှိမ်နင်းရေးအတွက်ဆိုပြီး ဖွဲ့စည်းထားတဲ့ ပျောက်ကြားဖြူတပ်တွေသုံးပြီး အတိုက်အခံတွေအပေါ် အစွမ်းကုန်ဖိနှိပ်ရန်ပြုခဲ့ကြပါတယ်။ ဖဆ–ဆိုရှယ် တွေရဲ့ ခါးပိုက်ဆောင်တပ်တွေဖြစ်တဲ့ ယူအမ်ပီ (UMP) တပ်ဖွဲ့များနဲ့ ကာကွယ်ရေးတပ်ဖွဲ့များဟာ အတိုက် အခံတွေအပေါ်သာ မတရားဖိနှိပ်ရန်ရှာတာမဟုတ်၊ ပြည်သူလူထုအပေါ်လည်း မတရား ခြိမ်းခြောက် အနိုင် ကျင့်ပြီးမဲထည့်စေတာ၊ မဲဝယ်တာတွေ နေရာတော်တော်များများမှာ ပြုလုပ်ခဲ့ပါတယ်။ လက်နက်နဲ့ ခြိမ်းခြောက် ခြင်း၊ အာဏာနဲ့ ခြိမ်းခြောက်ခြင်းတွေလုပ်ခဲ့ကြရုံမက ဒေသအချို့မှာ ပြောင်ပြောင်တင်းတင်း ဖမ်းဆီးချုပ် နှောင်တာ၊ ရက်ရက်စက်စက် သတ်ဖြတ်ဖယ်ရှားတာတွေပါ ကျူးလွန်ခဲ့ကြပါတယ်။ အနိုင်ရရေးအတွက် အပြတ်ရှင်း၊ သတ်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။

ဖဆပလ အမတ်လောင်း အနိုင်ရရေးအတွက် မဲဝယ်တာ၊ မဲလိမ်တာ၊ မဲခိုးတာတွေလည်း နည်းမျိုးစုံနဲ့ လုပ်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးလို့ မဲရေတွက်တဲ့အခါ အာဏာရ ဖဆပလများဟာ မဲပုံးတွေကို

ချက်ချင်းမဖွင့်ဘဲ မဲပုံးတွေဖောက် မဲခိုးပြီးမှ မဲရေတွက်တာမျိုး၊ မဲပုံးတွေကို လုံခြုံရာနေရာကို ရွှေ့ပြောင်းသယ်ယူရင်း လမ်းခရီးမှာ မဲပြားတွေ ရွှေ့ပြောင်းရယူပြီး နောက်နေ့မှ ရေတွက်တာမျိုးတွေ၊ မနိုင်နိုင်အောင်လုပ်တာမျိုးတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

ရွေးကောက်ပွဲကို (၃) ရစ်ခွဲပြီး ကျင်းပတာဖြစ်လို့ ဒေသတခုမှာ ရှုံးခဲ့တဲ့ ဖဆပလ အမတ်လောင်းကို နောက်တရစ်မှာ အခြားဒေသတခုမှာ ရွှေ့ပြောင်းပြီး အရွေးချယ်ခံစေရင်း မနိုင်နိုင်အောင်၊ မရရအောင်လုပ်ခဲ့တာမျိုးလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ပထမအရစ် ရွေးကောက်ပွဲမှာ မြောင်းမြမှာ ရှုံးခဲ့တဲ့ အမတ်လောင်းကို ဒုတိယအရစ် မိတ္ထီလာမှာကျင်းပတဲ့အခါ ဝင်ယှဉ်ပြိုင်စေပြီး မိတ္ထီလာအမတ်အဖြစ် အနိုင်ရသွားခဲ့တာရှိပါတယ်။

ခါးပိုက်ဆောင်တပ် (UMP) တပ်၊ ကာကွယ်ရေးတပ်စတဲ့ လက်နက်ကိုင်တပ်များကသာ ဖဆပလ ဆိုရှယ်လစ်များဘက်က နည်းအမျိုးမျိုးနဲ့ မနိုင်နိုင်အောင် ကူညီခဲ့ကြတာမဟုတ်၊ တပ်မတော် ကိုယ်တိုင်ကလည်း ဖဆ–ဆိုရှယ်များဘက်က ပင်းခဲ့၊ ကူခဲ့၊ ထောက်ပံ့ခဲ့ကြတယ်။

ရွေးကောက်ပွဲကြီး ကျင်းပနေစဉ်အတွင်း ထူးထူးခြားခြား အဖြစ်အပျက်ကတော့ ကရင်အမျိုးသားခေါင်းဆောင် ကေအင်ယူ ဥက္ကဋ္ဌ စောဘဦးကြီး အသေပစ်သတ် ဖမ်းဆီးခံလိုက်ရခြင်းဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လထဲမှာ ကျဆုံးခဲ့ရပါတယ်။ လှိုင်းဘွဲ့မြို့နယ်အတွင်းမှာဖြစ်ပါတယ်။ ဒုဗိုလ်မှူးကြီး အေးမောင် (နောင် ဗိုလ်မှူးကြီး) နဲ့ ဗိုလ်မှူးစိန်လွင် (နောင် သမ္မတ) တို့ ခေါင်းဆောင်တဲ့ ဗမာ့သေနတ်ကိုင် တပ်ရင်း (၃) က ကေအင်ဒီအိုစခန်းတခုကို ဝိုင်းဝန်းတိုက်ခိုက် သိမ်းပိုက်ရင်း တိုက်ပွဲထဲမှာ ကျဆုံးခဲ့ရတာလို့ အစိုးရဘက်ကဆိုပါတယ်။ ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး အလောင်းကို မော်လမြိုင်အထိ သယ်လာပြီးမှ မြေမြှုပ်သင်္ဂြိုလ်ခွင့်မပေးဘဲ စစ်ရေယာဉ်ပေါ်တင်ကာ (၄) နာရီကြာ ခုတ်မောင်းရတဲ့ ပင်လယ်ဝအထိ သယ်သွားပြီး ရေချမြှုပ်နှံပစ်ခဲ့ကြပါတယ်။ အလောင်းနေရာ မြေပုံနေရာမကျန်ရအောင် လက်စတုံး ဖျောက်ဖျက်ပစ်ခဲ့ကြတာဖြစ်ပါတယ်။

ရွေးကောက်ပွဲ ကျင်းပနေစဉ်ကာလအတွင်းမှာပဲ နောက်ထပ်ဖြစ်ပေါ်မှုကတော့ ကူမင်တန် တရုတ်ဖြူ ကျူးကျော်ရေးသမားများ အုံနဲ့ကျင်းနဲ့ ဗမာပြည်အတွင်း ဝင်ရောက်တပ်စွဲနေကြရုံမက သံလွင်မြစ်အရှေ့ဘက်ကမ်းကနေ အနောက်ဖက်ကမ်းအထိ ထိုးဖောက်ဝင်ရောက် လှုပ်ရှားလာကြခြင်းပဲဖြစ်ပါတယ်။ ဝနယ်၊ ကိုးကန့်နယ်၊ မိုင်းလင်းနယ်တို့သာမက ကျိုင်းတုံ၊ မိုင်းဆက်၊ မိုင်းပန်းတို့တွင်မက မိုင်းပန်းကတဆင့်မောက်မယ်နဲ့ ကယားပြည်နယ်ထဲအထိ ကျူးကျော်ရောက်ရှိလာကြပါတယ်။ မိုင်းယန်းနယ်မှာ ဌာနချုပ်တခုဖွင့်လှစ်ပြီး အခိုင်အမာတပ်စွဲထားကြတဲ့ တရုတ်ဖြူများဟာလည်း နယ်စပ်မှာရှိတဲ့ တရုတ်ဓားပြဗိုလ် လီတိုင်ရှင်းနဲ့ အောလစ်ယန်း (Olive Yang) တို့ရဲ့နောက်လိုက် (၁၀၀၀) ကျော်ရှိ အုပ်စုကြီးကို စည်းရုံးသိမ်းသွင်းပြီး အင်အားဖြည့်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ တရုတ်ဖြူတပ်များဟာ ရောက်ရာနေရာတိုင်းမှာ ခိုးဆိုးလုယက်၊ သတ်ဖြတ်တာတွေ လုပ်နေကြပါတယ်။

ရွေးကောက်ပွဲကို တရစ်ချင်းခွဲပြီး ကျင်းပနေဆဲမှာ ပြည်တွင်းစစ်ကြီးဟာ ဆက်လက်တောက်လောင်နေဆဲဖြစ်ပေမယ့် ဝန်ကြီးချုပ်ဦးနုအစိုးရအဖို့ 'ရန်ကုန်အစိုးရ' ခေတ်ကနဲ့မတူဘဲ အသက်ရှုချောင်စပြုနေပြီဖြစ်ပါတယ်။ တဖက်သတ်ပင်းပေးခဲ့ကြသူတွေကြောင့် ပထမအရစ်ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရရှိထားတဲ့နေရာတွေကလည်း တော်တော်များများရှိနေပြီမို့ ဝန်ကြီးချုပ်ဦးနု စိတ်ကူးယဉ်စီမံကိန်းတွေအကောင်အထည်ဖော်ဖို့ စတင်ပါတယ်။ ၄၈–၅၀ အတွင်း မအောင်မြင်ခဲ့တဲ့ စီးပွားရေးစီမံကိန်း (၂ နှစ်စီမံကိန်း) ကို ပြည်တွင်းစစ်မီးကြောင့်လို့ အကြောင်းပြ နိဂုံးချုပ်လိုက်ပြီး၊ နောက်ထပ်စီးပွားရေးစီမံကိန်းသစ်ကြီးတခု ရေးဆွဲရန် စိုင်းပြင်းပါတယ်။ ဒီလို စီးပွားရေးစီမံကိန်းသစ်ကြီးရေးဆွဲရန်အတွက် လိုအပ်တဲ့ဘဏ္ဍာငွေကြေး

အခြေအနေကလည်း နည်းနည်းပါးပါးတော့ ရှိနေပြီဖြစ်ပါတယ်။ ၁၉၅၀ ပြည့်မှာ ဖြစ်ပွားတဲ့ ကိုးရီးယားစစ်ပွဲဂယက်ကြောင့် ကမ္ဘာ့ဆန်ဈေး ထိုးတက်တဲ့အတွက် ဆန်ကိုပဲ အဓိက ထုတ်လုပ် တင်ပို့ရောင်းချတဲ့ ဗမာနိုင်ငံဟာ ဈေးကောင်းမိခဲ့ပြီး ငွေယားလေးရှိလာချိန်ဖြစ်ပါတယ်။ ဒီငွေယားလေးတွေကို ကိုင်ပြီး စီးပွားရေးစီမံကိန်းသစ်ကြီးရေးဆွဲဖို့ ဝန်ကြီးချုပ်ဦးနုက စိုင်းပြင်း ပြင်ဆင်လာခြင်းဖြစ်ပါတယ်။ စီးပွားရေးစီမံကိန်းကြီးကို ရေးဆွဲဖို့ ကေတီအေ KTA (Knappen Tabbet Association) ကုမ္ပဏီဟာ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလထဲမှာ ဗမာပြည်ကိုရောက်ရှိလာပါတယ်။ KTA ကေတီအေ ကုမ္ပဏီဟာ အမေရိကန်ကုမ္ပဏီဖြစ်ပါတယ်။ ကေတီအေ ကုမ္ပဏီဟာ မန်နေဂျာတယောက်၊ ဌာနေဝန်ထမ်း (၁၅၀) တို့နဲ့ အတူ ရန်ကုန်မှာရုံးစိုက်ပြီး ဗမာပြည်ရဲ့ စီးပွားရေးအချက်အလက်တွေကိုလေ့လာပြီး စီမံကိန်းတွေကို တချပြီးတခု ရေးဆွဲဖို့ပြင်ပါတော့တယ်။ ကေတီအေ စီမံကိန်းတွေကို ရေးဆွဲတဲ့အခါ ကေတီအေ စီးပွားရေးပညာရှင်တွေဟာ အဓိကအားဖြင့် ဗမာပြည်ရဲ့ စပါးရောင်းရငွေပေါ်မှာ အခြေခံပြီး တွက်ချက်ရေးဆွဲကြပါတယ်။ သွားရေးလာရေး လွယ်ကူတဲ့နေရာတွေမှာသာ အချက်အလက်တွေ ပြည့်ပြည့်စုံစုံ စုဆောင်းပြီး၊ အများအားဖြင့် အကြမ်းဖျင်းပဲ လေ့လာတွက်ချက်ကာ စီမံကိန်းကို ရေးဆွဲကြပါတယ်။ သတ္တုတွင်းတခုကိုဆိုရင် လေယာဉ်ပေါ်ကနေကြည့်ပြီး စီမံကိန်းရေးဆွဲခဲ့တယ်လို့တောင် ဆိုကြပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က စီးပွားရေးစီမံကိန်းတွေကို အလေးထားပြလာချိန်မှာ စီးပွားရေးဆိုတာ အသံမြည်လာချိန်မှာ တပ်မတော်ကလည်း စစ်တပ်အတွက် စီးပွားရေးလုပ်ငန်းတခု စတင်လာခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်ထဲမှာပဲ ဒီအက်(စ်)အိုင် DSI (The Defense Service Institute) ကို စတင်ဖွဲ့စည်းပါတယ်။ စစ်တပ်စစ်သည်များ သက်သာချောင်ချိရေးအတွက်ဆိုပြီး အကြောင်းပြချက်နဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဖွဲ့စည်းစက DSI ဟာ ခပ်သေးသေးပဲဖြစ်ပါတယ်။ ဒါပေမယ့် ကာလတိုတခုအတွင်းမှာပဲ ခပ်သေးသေး DSI ဟာ အင်မတန်ကြီးမားတဲ့ စစ်တပ်စီးပွားရေး အရင်းအနှီးစုဆောင်းရာဌာနကြီး ဖြစ်လာခဲ့ပါတယ်။ ( DSI ကနေ အင်မတန်ကြီးမားတဲ့ စီးပွားရေးကော်ပိုရေးရှင်းကြီးတခု ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပါတယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းဆိုတဲ့ ဘီအီးဒီစီ BEDC (Burmar Economic Development Corporation) ဆိုတာပါပဲ။)

ပထမဆုံးအကြိမ်ပြုလုပ်တဲ့ ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးရဲ့ တတိယအရစ်ဟာ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကြိမ် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကြီးဟာ ၁၉၅၁ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့ကနေ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်အထိ ရက်ပေါင်း (၂၀၀) ကျော်ကြာမြင့်ခဲ့ပါတယ်။

အာဏာရ ဖဆဆိုရှယ်များကပဲ အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး ဆိုရှယ်နီအပါအဝင် အတိုက်အခံ အင်အားစုများကတော့ အနည်းအပါးပဲ ပါလီမန်လွှတ်တော်အတွင်း ရောက်ရှိလာရပါတော့တယ်။

၁၉၅၁–၅၂ ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအပြီး ပေါ်ထွက်လာတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကတော့ ဆိုရှယ်လစ်များဦးစီးထားတဲ့ ဖဆပလအစိုးရပဲဖြစ်ပါတယ်။ ဆိုရှယ်လစ်လက်ဝဲဂိုဏ်းဝင်များ မပါဝင်တော့တဲ့အတွက် လက်ယာဆိုရှယ်လစ်ဂိုဏ်းသားများချည်းသာ အဓိကဦးစီးထားတဲ့ 'ဖဆပလ' ဖြစ်တဲ့အတွက် လက်ယာဆိုရှယ် ဖဆပလ အစိုးရ တနည်းအားဖြင့် ဖဆလက်ယာဆိုရှယ်အစိုးရဖြစ်ပါတယ်။

ဝန်ကြီးချုပ်အဖြစ်ကတော့ ဦးနုပဲ ဖြစ်ပြန်ပါတယ်။ နိုင်ငံတော်သမ္မတကြီးအဖြစ် ပေါ်လာတာကတော့ အဂ္ဂမဟာသရေစည်သူ ဒေါက်တာဘဦး ဖြစ်ပါတယ်။ 'ဆာဘဦး' ဖြစ်ပါတယ်။ သမ္မတရွေးကောက်ပွဲ

တင်မြှောက်ပွဲမှာ အမတ်တချို့က အဆိုပြုခဲ့ကြတဲ့ ဂျီစီဘီအေ ဝံသာနုခေါင်းဆောင်ဟောင်း ဦးချစ်လှိုင်ကို ပယ်ချလိုက်ပြီး ဖဆပလများက ဆာဘဦးကို သမ္မတအဖြစ် ရွေးချယ်လိုက်ကြတာဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့သမားများခေတ်က လယ်သမားအရေးတော်ပုံခေါင်းဆောင်ကြီး ဆရာစံကို စစ်ဆေးစီရင် ကြိုးမိန့်ပေးခဲ့တဲ့ နယ်ချဲ့သမားရဲ့ခုံရုံးမှာ ခုံရုံးအဖွဲ့ဝင်တဦးဖြစ်ခဲ့တဲ့ ဆာဘဦးကို လွတ်လပ်ရေးရပြီးခေတ် ၁၉၅၂ ခုနှစ် အစိုးရအဖွဲ့မှာ နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြတာကို ကြည့်မယ်ဆိုရင်ကိုပဲ ဖဆပလ အစိုးရအဖွဲ့ရဲ့ ရပ်တည်ချက်သဘောထားဟာ ထင်ရှားပေါ်လွင်နေပါတယ်။ ဒါကြောင့် နိုင်ငံရေးဝေဖန်သူများက 'နယ်ချဲ့ခေတ်မှာ နယ်ချဲ့လက်အောက်က လွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမန် ထမ်းရွက်ခဲ့တဲ့ လယ်သမားခေါင်းဆောင်ကြီး ဆရာစံကို ကြိုးမိန့်ပေးခဲ့သူတဦးဟာ တိုင်းပြည်လွတ်လပ်ရေးရပြီဆိုတဲ့ လွတ်လပ်ရေးခေတ်မှာ လွတ်လပ်သောမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတကြီးအဖြစ် အံ့သြစဖွယ် တွေ့လိုက်ကြရလေသတည်း' လို့ ထောပနာခဲ့ကြပါတယ်။ ဆိုရှယ်လစ်ထိပ်သီးကြီးတဦးဖြစ်တဲ့ ဦးဗဆွေက ကာကွယ်ရေးဝန်ကြီးဖြစ်လာပါတယ်။ ခေါင်းမာဆိုရှယ်လစ်ထိပ်သီးကြီးတွေဖြစ်တဲ့ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ သခင်တင်၊ သခင်ကျော်ဒွန်း၊ သခင်သာခင်နဲ့ ဦးတင်၊ ဦးဝင်း၊ ဗိုလ်မင်းခေါင်၊ ဦးကျော်မြင့်၊ ဦးဘစော၊ ဦးထွန်းဖေ (ထွန်းနေ့စဉ်)၊ ဦးသန်းအောင်တို့လည်း ဝန်ကြီးတွေဖြစ်လာကြပါတယ်။ ဦးနုရဲ့အစိုးရအဖွဲ့မှာ ဦးနုရဲ့အလိုကျ နာမည်ပါပြောင်းပြီး 'လတစ်' ကနေ ဦးခင်မောင်လတ်အဖြစ် ပြည်သူ့ဝန်ထမ်းဌာနဝန်ကြီးဖြစ်လာသူ 'ရန်ရှင်း' အဖြစ် အမည်ပြောင်းခိုင်းတာကို မပြောင်းဘဲ မူလအမည်အတိုင်းပဲခံယူပြီး အိမ်ယာဆောက်လုပ်ရေးနဲ့ အလုပ်သမားဌာနဝန်ကြီးဖြစ်လာသူ ဦးရာရှစ် တို့လည်း ပါဝင်ခဲ့ကြပါတယ်။

နိုင်ငံခြားရေးနဲ့ ရှမ်းပြည်နယ်ဌာနဝန်ကြီးက စပ်ခွန်ချို၊ ကရင်ပြည်နယ်ဌာနဝန်ကြီးက မစ္စစ်ဘမောင်ချိန်၊ ကချင်ပြည်နယ်ဌာနဝန်ကြီးက ဆမားဒူးဝါးဆင်ဝါးနောင်၊ ကယားပြည်နယ်ဌာနဝန်ကြီးက စပ်ဝဏ္ဏ၊ ချင်းရေးရာဌာနဝန်ကြီးက ဦးရှိန်ထန် ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီးက မန်းဝင်းမောင် ဖြစ်လာခဲ့ပါတယ်။

လက်ယာဆိုရှယ်လစ်တွေချည်းသာ ကြီးစိုးထားတဲ့ ဖဆပလအဖွဲ့ချုပ်ကြီးဟာ အာဏာရအဖွဲ့အစည်းကြီးဖြစ်တဲ့အတွက် ကျေးလက်တောရွာပါမကျန် တပြည်လုံးနေရာအနှံ့မှာ ဖဆဆိုရှယ်များတွင်ကျယ်ခဲ့ကြပါတယ်။ အာဏာကို ကိုင်ပြီး အာဏာပြခွင့်ပိုမိုရရှိခဲ့ကြပါတယ်။ မြို့ရွာကျေးလက်ဒေသတိုင်းရဲ့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ဟာ ဖဆဆိုရှယ်တို့ရဲ့ လက်ထဲမှာပဲ ရှိခဲ့ပါတယ်။

## ပြည်တော်သာစီမံကိန်း၊ တရုတ်ဖြူကျူးကျော်မှုနှင့် မြန်မာနိုင်ငံတော်

အာဏာရ ဖဆပလအဖွဲ့ချုပ်ဟာ အစိုးရအာဏာကို ရရှိထားရုံမက လွှတ်တော်တွင်းမှာလည်း ပြိုင်ဘက်ကင်းအုပ်စုကြီးသဖွယ် ဖြစ်လာခဲ့ပါတယ်။ အမတ်နေရာ အများတကာ့ အများစုကြီးကို ပိုင်ဆိုင်ရရှိထားတာဖြစ်တော့ ကြိုက်တဲ့ဥပဒေကို ကြိုက်သလို ပြဋ္ဌာန်းနိုင်ခွင့် ချမှတ်ပိုင်ခွင့်ရရှိထားပါတယ်။ ဝန်ကြီးချုပ်ဦးနုဟာ ဖဆပလထဲမှာ ဆိုရှယ်လစ်များလို ပါတီလက်ကိုင်မရှိပေမယ့် ဩဇာအကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာပါတယ်။ ဝန်ကြီးချုပ်ဆိုတဲ့ အရှိန်အဝါနဲ့ (စစ်တပ်အပေါ်ကလွဲလို့) သူထင်သလိုဆုံးဖြတ်တာ၊ အာဏာရှင်ဆန်ဆန် ပြုမူဆောင်ရွက်တာတွေ လုပ်လာပါတယ်။ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ပါလီမန်ကို မှန်မှန်မတက်ရုံမက သူလုပ်ကိုင်ဆောင်ရွက်ထားတဲ့ကိစ္စရပ်တွေကိုလည်း လွှတ်တော်ကို တင်ပြအစီရင်ခံခြင်း ချပြဆွေးနွေး

ခြင်းတွေမလုပ်ဘဲ ကြုံသလိုလုပ်လေ့ရှိတယ်လို့ဆိုပါတယ်။ အစိုးရရဲ့ အရေးကြီးတဲ့လုပ်ငန်းမူဝါဒတွေကို ဦးနုက နှစ်ပတ်တကြိမ်၊ တပတ်တကြိမ် သတင်းစာဆရာတွေနဲ့ တွေ့ဆုံဆွေးနွေးရင်း၊ တနေရာရာမှာ မိန့်ခွန်းချွေရင်း ထုတ်ဖော်တတ်တယ်ဆိုပါတယ်။

ဦးနု ဝန်ကြီးချုပ်ဖြစ်လာပြီး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပြီး တရားဝင် စတင်ဖော်ထုတ်လိုက်တဲ့စီမံကိန်းကြီးကတော့ 'ပြည်တော်သာစီမံကိန်းကြီး' ဖြစ်ပါတယ်။

၁၉၅၂ ခုနှစ် အာဇာနည်နေ့မှာ ဝန်ကြီးချုပ်ဦးနုက 'ဗမာနိုင်ငံဟာ လယ်တွေအများကြီးရှိတယ်၊ ဒီလယ်တွေကြောင့် ဗမာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဆန်အများဆုံး တင်ပို့ရောင်းချတဲ့နိုင်ငံဖြစ်နေတယ်။ ဒီလယ်တွေအပြင် အဖိုးတန်ကျွန်းသစ်တွေထွက်တဲ့ သစ်တောတွေလည်း အများကြီးရှိတယ်၊ သတ္တုတွင်းမျိုးစုံရှိတယ်၊ ပတ္တမြားတွင်းတွေရှိတယ်၊ ရေနံတွင်းတွေရှိတယ်' ဆိုတာ ဖော်ထုတ်ပြောဆိုရင်း 'လူတကိုယ် တိုက်တလုံး ကားတစီး လစဉ်ဝင်ငွေရှစ်ရာရအောင် လုပ်ပေးနိုင်တယ်ဆိုတဲ့ သူ့ရဲ့ဗမာကျော်မိန့်ခွန်းကြီးကို စတင်ပြောဆိုပါတယ်။ ဦးနုရဲ့ "လူတကိုယ်တိုက်တလုံး မော်တော်ကားတစီး လစဉ်ဝင်ငွေရှစ်ရာ" ဆိုတဲ့ ပြည်တော်သာကတိကြီးဟာ ပြည်တော်သာစီမံကိန်းစတင်ဖို့ ပြင်ဆင်လိုက်တဲ့ ပဏာမအဖွင့်ဖြစ်ပါတယ်။

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ (၄) ရက်ကနေ (၁၇) ရက်နေ့အထိ အစည်းအဝေးကျင်းပပြီး ပြည်တော်သာစီမံကိန်းကြီးကို ရေးဆွဲချမှတ်ပါတယ်။ ပြည်တော်သာကွန်ဖရင့်ကြီးကို ကျူံက္ကဆံကွင်းမှာ ချိမ့်ချိမ့်သဲသဲကျင်းပါတယ်။ ဝန်ကြီးတွေကလည်း ဒီစီမံကိန်းကြီးကို မစားရဝခမန်း ပြောကြဆိုကြ တင်ပြကြပါတယ်။ နေ့ချင်းညချင်း မြေကြီးကရွှေသီးပြီး ပဒေသာပင်ခေတ် ဒက်ထိရောက်တော့မတတ် ကြွားကြ ဝါကြ သိဒ္ဓိထပ်တင်ကြပါတယ်။ တကယ်က ပြည်တော်သာရှစ်နှစ်စီမံကိန်းကြီးဟာ ရှစ်နှစ်ကာလအတွင်း ဗမာနိုင်ငံရဲ့စီးပွားရေးအခြေအနေကို စစ်ကြိုခေတ်အခြေအနေအထိ ပြန်လည်ရောက်ရှိစေရေးဖြစ်ပါတယ်။ အမေရိကန်ကုမ္ပဏီ 'ကေတီအေ' ကဆွဲပေးထားတဲ့ စီးပွားရေးစီမံကိန်းတွေကို နဲနဲပါးပါး ဖုတ်ဖက်ခါ ဆေးသုတ်အရောင်ခြယ်ပြီး 'ပြည်တော်သာစီမံကိန်း' လို့ ကင်ပွန်းတပ်ပေးလိုက်တာသာဖြစ်ပါတယ်။ ပြည်တော်သာစီမံကိန်းကြီးထဲမှာ –

(၁) ဘဝသစ်စီမံကိန်းများ
(၂) စီးပွားရေးစီမံကိန်းများ
(၃) အုပ်ချုပ်ရေးစီမံကိန်းများ
(၄) လူထုအတွက်လတ်တလော သက်သာချောင်ချိရေးဆိုပြီး အကြမ်းဖျင်း (၄) မျိုးခွဲခြားထားပါတယ်။

ဘဝသစ်စီမံကိန်းတွေထဲမှာ မြို့ပြကျေးလက်ကွာဟမှုနည်းပါးရေး၊ ဖွံ့ဖြိုးမှုမရှိသေးတဲ့ဒေသများမှာ ဘဝသစ်ဖန်တီးရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အိုးအိမ်ပြန်လည်ထူထောင်ရေး၊ မြို့ရွာစည်ပင်ရေး၊ ပညာရေး၊ ကျန်းမာရေးစီမံကိန်းတွေ ရွှန်းရွှန်းဝေအောင် စီမံချမှတ်ဖော်ပြထားပါတယ်။

စီးပွားရေးစီမံကိန်းတွေထဲမှာတော့ လယ်ယာနဲ့စက်မှုကဏ္ဍတွေပါဝင်ပြီး လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးနဲ့ စီးပွားရေးတိုးတက်မှုစီမံကိန်းတွေ အစီအရီ ချမှတ်ဖော်ပြထားပါတယ်။

အုပ်ချုပ်ရေးစီမံကိန်းတွေထဲမှာတော့ ကိုလိုနီလက်ကျန် ဗျူရိုကရေစီယန္တရားကို ဒီမိုကရေစီယန္တရားနဲ့ အစားထိုးရေး၊ ဒီမိုကရေစီနဲ့ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းတွေ လှလှပပဖော်ပြထားပါတယ်။

လတ်တလောသက်သာချောင်ချိရေးလုပ်ငန်းတွေထဲမှာတော့ ဒေသန္တရအလိုက် ဖွံ့ဖြိုးရေးစီမံကိန်း

ငယ်တွေကို ဒေသန္တရအဆင့်သို့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းပေးပြီး သွက်သွက်လက်လက်ဆောင်ရွက်နိုင်ရန် လွတ်လပ်ခွင့်တွေတောင်းပေးပြထားပါတယ်။

ဒီစီမံကိန်း (၄) မျိုးစလုံးဟာ အမေရိကန်ကေတီအေ အစီရင်ခံစာပါ ပြန်လည်ထူထောင်ရမယ့် စီးပွားရေးလုပ်ငန်း (၁၀) မျိုးနဲ့ညှိနှိုင်းပြီး ကိုက်ညီအောင် ပုံလောင်းဖော်ပြထားတာဖြစ်ပါတယ်။ ကေတီအေရဲ့ 'ပြန်လည်ထူထောင်ရမယ့် စီးပွားရေးလုပ်ငန်း (၁၀) မျိုး' ကတော့–

(၁) လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်

(က) လယ်ယာစိုက်ပျိုးရေး

(ခ) ဆည်မြောင်းဖောက်လုပ်ရေးဆိုပြီး (၂) မျိုး။

(၂) ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးအတွက်

(က) ဆိပ်ကမ်းနဲ့ရေကြောင်းသွားလာရေး

(ခ) ရထားပို့ဆောင်ရေး

(ဂ) လေကြောင်းသွားလာရေး

(ဃ) ကြေးနန်းဆက်သွယ်ရေး ဆိုပြီး (၄) မျိုး။

(၃) စက်မှုလက်မှု ကဏ္ဍအတွက်

(က) စက်မှုလက်မှုလုပ်ငန်းများ

(ခ) လျှပ်စစ်လုပ်ငန်းများ ဆိုပြီး (၂) မျိုး။

(၄) သယံဇာတ ဖော်ထုတ်သုံးစွဲရေ ကဏ္ဍအတွက်

(က) သတ္တုတွင်း

(ခ) သစ်တောဆိုပြီး (၂) မျိုး။

အားလုံးပေါင်း ကဏ္ဍကြီး (၄) ခုအတွက် လုပ်ငန်းကြီး (၁၀) မျိုး ရေးဆွဲဖော်ပြ အစီရင်ခံထားပါတယ်။ အဲဒီအခြေခံပေါ်ကနေ ပြည်တော်သာစီမံကိန်းကြီး ပေါက်ဖွားလာတာဖြစ်ပါတယ်။ ဦးနုအပါအဝင် ဖဆပလ အစိုးရအဖွဲ့ကြီးဟာ ကေတီအေ စီမံကိန်းကြီးအပေါ် အားကိုးယုံကြည်ခဲ့ကြသလို၊ အမေရိကန်တို့ရဲ့ စီးပွားရေးအကူအညီကိုလည်း ရယူထားပြီးဖြစ်တဲ့အတွက် သည့်ထက်သည် ပိုမိုမျှော်လင့်ထားခဲ့ကြပါတယ်။ 'ပြည်တော်သာစီမံကိန်းကြီး' ဟာ (၈) နှစ် စီမံကိန်းဖြစ်ပြီး၊ နှစ်နှစ်စီမံကိန်းပေါ်မှာ အခြေခံပြီးရေးဆွဲပါတယ်။ စီမံကိန်းရဲ့ကုန်ကျငွေဟာ ကျပ်ကုဋေ (၇၅၀) ခန့်ဖြစ်မယ်လို့ ခန့်မှန်းပြီး၊ ကုန်ကျငွေအတွက် ကုဋေ (၅၀၀) လောက်ကို ပြည်တွင်းမှာရှာကြံ၊ ကုဋေ (၂၅၀) လောက်ကို ပြည်ပကအကူအညီယူဖို့ ရည်ရွယ်ထားပါတယ်။ လိုအပ်တဲ့ငွေကို နိုင်ငံခြားက ချေးငှားပြီးပဲဖြစ်ဖြစ်၊ ထောက်ပံ့ကြေးယူပြီးပဲဖြစ်ဖြစ်၊ ဂျပန်စစ်လျော်ကြေးငွေက ယူငင်သုံးစွဲလို့ဖြစ်ဖြစ် ကြံဖန်ရယူပြီး သုံးစွဲအကောင်အထည်ဖော်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

ပြည်တော်သာစီမံကိန်းကြီးရဲ့ စီမံကိန်းအသီးသီးကို အကောင်အထည်ဖော်ဖို့ 'မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း တနည်းအားဖြင့် မြေကျေးရှင်(A.R.D.C)၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (IDC) နဲ့ ဓာတ်သတ္တုဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (M.R.D.C) တို့ကို အပြိုင်အဆိုင် တည်ထောင်ဖွဲ့စည်းလိုက်ပါတယ်။

ARDC ကို ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ဖွဲ့စည်းပြီး IDC ကို ဦးကျော်ငြိမ်းက ဥက္ကဋ္ဌ၊ M.R.D.C ကို ဦးတင်က ဥက္ကဋ္ဌ အဖြစ် ခေါင်းဆောင်ဖွဲ့စည်းလိုက်ကြပါတယ်။ စစ်တပ်အတွက်က (BEDC) ဖြစ်လာပါတယ်။

၁၉၅၂ ခုနှစ်အကုန်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်တော်သာစီမံကိန်းကြီး အတောင်အလက်စုံလာသလို ဗမာပြည်အတွင်း မတရားသဖြင့် ဝင်ရောက်လာကြတဲ့ တရုတ်ဖြူ (KMT) ကျူးကျော်မှုကြီးဟာလည်း သာမန်ကျူးကျော်ဝင်ရောက်လာမှုကြီးမျှသာမက နိုင်ငံရေးရည်မှန်းချက်တွေ စွက်ဖက်ရေးခြေလှမ်းတွေ အမေရိကန် စီအိုင်အေ ကျောထောက်နောက်ခံပြုမှုတွေပါ ရောယှက်ပွေလီမ်ပါဝင်နေတဲ့ အစီအစဉ်ရှိရှိကျူးကျော်မှုကြီးအဖြစ် ဖုံးမနိုင်ဖိမရ ရုပ်လုံးပေါ်စပြုလာခဲ့ပါတယ်။

၁၉၄၉ ခုနှစ်ကတည်းက စတင်ဝင်ရောက်လာခဲ့တဲ့ တရုတ်ဖြူ (KMT) ကျူးကျော်မှုကို ဦးနုအစိုးရဟာ ခပ်ပေ့ါပေ့ါပဲ သဘောထားခဲ့ပါတယ်။ စစ်ရှုံးလို့ နယ်နိမိတ်ချင်းဆက်ဒေသတွေအတွင်း ပြေးဝင်ခိုကပ်လာသူတွေ အချိန်တန် ဖော်မိုဆာက ပြန်ခေါ်သွားမယ့်သူတွေလောက်သာ သဘောထားခဲ့ပြီး ပြင်းပြင်းထန်ထန်ပြန်လည်တုံ့ပြန်ခဲ့ခြင်း၊ သဘောထား တရားဝင်ထုတ်ဖော်ခဲ့ခြင်း မလုပ်ခဲ့ပါ။ ပြည်တွင်းလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေအပေါ်သာ ရောင်စုံသောင်းကျန်းသူတွေ ရောင်စုံသူပုန်တွေအဖြစ် အမျိုးမျိုး အဖုံဖုံစွပ်စွဲ၊ နည်းလမ်းပေါင်းစုံကျင့်သုံးပြီး မီးကုန်ယမ်းကုန် တိုက်ခိုက်နှိမ်နင်းခဲ့ပါတယ်။ အပြတ်ချေမှုန်းနိုင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။ ကျိုင်းတုံစစ်ဆင်ရေး၊ ဖရော့စ်၊ မော်၊ ပန်လုံစစ်ဆင်ရေး၊ မိုးကြိုး အထူးစစ်ဆင်ရေးဆိုတဲ့ စစ်ဆင်ရေးတွေနဲ့ တပ်မတော်က ပြန်လည်တွန်းလှန်တိုက်ခိုက်တာတွေ လုပ်ခဲ့ပေမယ့် အဓိကအားဖြင့် ဗကပ၊ ကေအင်ဒီအိုနဲ့ ပြည်တွင်းလက်နက်ကိုင်သူပုန်အင်အားစုတွေအပေါ်သာ စစ်ဆင်ရေးကြီးတွေအဆက်မပြတ်ဖော်ထုတ်ပြီး အပြုတ်တိုက်ရေးကို ကြိုးပမ်းခဲ့ပါတယ်။ ရန်ရှင်း၊ လွတ်မြောက်ရေး၊ အောင်မာဃ၊ ပြည်ထောင်စု၊ မိုးကြိုး စတဲ့ စစ်ဆင်ရေးကြီးတွေနဲ့ ဗကပ အပေါ် အပြင်းအထန်တိုက်ခဲ့ပါတယ်။ အထက်ဗမာပြည်မှာ ရွှေလီစစ်ဆင်မှုလုပ်ပြီး ဗကပ ကို ဦးစားပေး ပစ်မှတ်ပြုချေမှုန်းခဲ့သလို အောက်ဗမာပြည်ရှိ ဗကပနဲ့ ကေအင်ဒီအိုများအပေါ် မော်ဝင်းစိန်၊ လွန်းစိန်မော်၊ ဝင်းကျော်စစ်ဆင်ရေးတွေနဲ့ အဆက်မပြတ်ထိုးခဲ့ပါတယ်။ ၁၉၅၀၊ ၅၁–၅၂ များဟာ စစ်တပ်က စစ်ဆင်မှုတွေအများဆုံးပြုလုပ်ခဲ့တဲ့ နှစ်တွေဖြစ်ပါတယ်။ ရခိုင်တိုင်းရှိ ရဲဘော်ဖြူ၊ မူဂျာဟစ်နဲ့ ဗကပ တွေကို တောင်ပိုင်းတိုင်းက ဦးစီးချေမှုန်းမှုတွေလုပ်သလို တနင်္သာရီတိုင်းအတွင်းရှိ ကေအင်ဒီအို၊ အမ်အင်ဒီအိုနဲ့ ဗကပများကိုလည်း အမှတ် (၅) ခြေလျင်တပ်မဟာဌာနချုပ်က အပြင်းအထန်တိုက်ခိုက်တာတွေ လုပ်ခဲ့ပါတယ်။ ပြည်တွင်းလက်နက်ကိုင် အင်အားစုတွေအပေါ် ချေမှုန်းတိုက်ခိုက်ဖို့ ကြိုးပမ်းတာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ပြည်ပကျူးကျော်သူ တရုတ်ဖြူတွေအပေါ် တိုက်ခိုက်တာဟာ အင်မတန်နည်းပါးလှပါတယ်။ ဒါကြောင့် တရုတ်ဖြူတွေဟာ တစထက်တစ အင်အားပိုမိုအားကောင်းလာ အတင့်ရဲလာပြီး ၁၉၅၂ ခုနှစ် နှစ်လည်လောက်ကစပြီး ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တခုလုံးကိုသိမ်းပိုက်ရန်နဲ့ မြောက်ဖက်နယ်စပ်တလျှောက်မှာ အမြဲတမ်းစစ်စခန်းတခု တည်ဆောက်ရန်ပါ ခြေလှမ်းကျဲကျဲ ကြိုးပမ်းပြင်ဆင်လာကြပါတယ်။ မိုင်းဆတ်ကို တရုတ်ဖြူများက လေယာဉ်ကွင်းပြုလုပ်ထားပြီး လေယာဉ်ဖြင့် တပတ်လျှင် နှစ်ကြိမ်လာရောက်ချပေးတဲ့ လက်နက်ခဲယမ်း မီးကျောက်တွေနဲ့ တိုးချဲ့ လက်နက်တပ်ဆင်တာ၊ စစ်ရေးလေ့ကျင့်ပေးတာတွေပါ အခိုင်အမာပြုလုပ်လာကြပါတယ်။ တရုတ်ဖြူကျူးကျော်ရေးတပ်တွေရဲ့နောက်မှာ ဖော်မိုဆာ၊ ထိုင်ဝမ်တို့သာမက အမေရိကန်နယ်ချဲ့သမားနဲ့ 'စီအိုင်အေ' တို့ပါ အတွင်းကျကျပါဝင်ပတ်သက်နေတာကို တိုးတက်တဲ့ နိုင်ငံရေးအင်အားစုတွေအားလုံးက ထောက်ပြဝေဖန်လာကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး စတင်လာခဲ့တဲ့ စစ်အေးတိုက်ပွဲဟာ ကမ္ဘာမှာ ပေါ်ပေါက်လာခဲ့တဲ့ ဂိုဏ်းကြီး (၂)ဂိုဏ်းအင်အားပြိုင်ပွဲဟာ ဗမာပြည်ကိုလည်း ဂယက်ရိုက်ခတ်လာခဲ့ပါတယ်။ တရုတ်ပြည်မှာ ချန်ကေရှိတ်ထွက်ပြေးရပြီး တရုတ်ကွန်မြူနစ်တွေအောင်ပွဲခံပြီး တရုတ်ပြည်သစ်အဖြစ် ပေါ်ထွန်းလာတာဟာ အမေရိကန်အဖို့အခံရခက်လှသလို အမေရိကန်တို့ရဲ့ ဒိုမီနိုသီဝရီအရ အာရှမှာ ကွန်မြူနစ်နိုင်ငံတခု ပေါ်ပေါက်လာတာဟာ

နောက်ထပ်အာရှမှာ ကွန်မြူနစ်နိုင်ငံတွေ ဆက်လက်ပေါ်ထွက်လာဖို့ ရေခံမြေခံဖြစ်နေတာကို ဖျက်ဆီးပစ်ချင်နေခဲ့ပါတယ်။ ၁၉၅၀ ပြည့် ကိုရီးယားစစ်ပွဲပေါ်ပေါက်လာတဲ့အခါ အမေရိကန်ဟာ ကုလသမဂ္ဂ နာမည်ကို အသုံးပြုပြီး တိုက်ရိုက် စစ်ပွဲထဲမှာ ပါဝင်ပတ်သက်လာခဲ့ပါတယ်။ အာရှမှာ ကွန်မြူနစ်နိုင်ငံတွေ မပေါ်ပေါက်ရေးအတွက်ရော တရုတ်ပြည်ကြီးကို ဝိုင်းပတ်ချေမှုန်းနိုင်ရေးအတွက်ပါ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ နည်းနာတွေအားလုံးကို ရနိုင်တဲ့ ထောင့်ပေါင်းစုံကနေ နည်းနာပေါင်းစုံနဲ့ အသုံးပြု ပါဝင်ပတ်သက်လာခဲ့ပါတယ်။ ကိုရီးယားစစ်ပွဲကနေ အနမ်မြူစစ်ပွဲအထိ ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်ကို တကမ္ဘာလုံးက စိုးရိမ်ပူပန်နေခဲ့ကြရပါတယ်။ ဗမာပြည်ဟာ တရုတ်ပြည်နဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့အတွက် အမေရိကန်ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး သေနင်္ဂဗျူဟာအတွက် အင်မတန်အရေးကြီးတဲ့ ဒေသတခုဖြစ်လာခဲ့ပါတယ်။ တဖက်က ဗမာပြည်ဖဆပလရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ရပ်တွေကို အားပေးအားမြှောက်ပြုတာ စီးပွားရေးအကူအညီတွေပေးတာ၊ အမေရိကန်ပစ္စည်းတွေကို **(Special Account)** နဲ့ ဝယ်ယူခွင့်ပြုတာ၊ စစ်ဖက်ဆိုင်ရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့တွေကို လက်ခံတာတွေလုပ်ခဲ့သလို၊ တဖက်က တရုတ်ဖြူကျူးကျော်သူတွေကို နောက်ကွယ်ကနေ အားပေးပြီး တရုတ်ဖြူကျူးကျော်ရေးတပ်တွေ ဗမာပြည်မှာ အခိုင်အမာ အခြေစိုက်တည်ရှိနေတာဟာ အမေရိကန်စစ်အင်အားစုတခု တရုတ်ပြည်နားကပ်ပြီး ချထားခွင့်ရတာနဲ့မခြားအကျိုးရှိတယ်လို့ ယူဆထားပုံရပါတယ်။ အဲဒီလို အမေရိကန်တို့ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး စစ်ရေး၊ နိုင်ငံရေး၊ သေနင်္ဂဗျူဟာတွေနဲ့ ဆက်စပ်ပြီး တရုတ်ဖြူကျူးကျော်မှုမှာ အမေရိကန်တွေလည်း ပါဝင်ပတ်သက်နေခဲ့ပါတယ်။

ဖဆပလ အစိုးရဟာ ကိုရီးယားစစ်ပွဲ ပြဿနာမှာလည်း အမေရိကန်ဘက်ကရပ်ခဲ့ပြီး အမေရိကန်စီးပွားရေးအကူအညီတွေကို ရယူလက်ခံရင်း၊ အမေရိကန်ကုမ္ပဏီ ကေတီအေကို ငှားရမ်းပြီး ပြည်တော်သာစီမံကိန်းကို အကောင်အထည်ဖော်ဖို့ စိတ်ကူးယဉ်နေချိန်ဖြစ်တဲ့အတွက် တရုတ်ဖြူကျူးကျော်ရေးကို ပြတ်ပြတ်သားသား ဆန့်ကျင်ရေးထက် ကွန်မြူနစ်ဆန့်ကျင်ရေးကိုသာ အလေးပေးလုပ်ဆောင်နေခဲ့ပါတယ်။ ပြည်ပကျူးကျော်မှုက အရေးမကြီး ပြည်တွင်းသောင်းကျန်းမှုက အရေးကြီးတယ်လို့ယူဆပြီး ပြည်တွင်းသောင်းကျန်းသူများ အပြုတ်တိုက်ရေးနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးအလံကိုသာ အမြင့်ဆုံးလွှင့်ထူထားပါတယ်။

လက်ဝဲဝါဒ၊ ဘုံဝါဒ၊ ဆိုရှယ်လစ်ဝါဒကို ကြိုက်နှစ်သက်လှကြောင်း၊ လက်ခံယုံကြည်ကြောင်း တဖွဖွပြောကြားခဲ့ကြတဲ့ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့တတွေဟာလည်း လေသံပြောင်းစပြုလာပါတယ်။ ဖဆပလအဖွဲ့ချုပ်ကြီးထဲကနေ ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်ချိန် (၁၉၄၆) က 'ကွန်မြူနစ်ဝါဒ အဓွန့်ရှည်ပါစေ၊ ဗမာပြည်ကွန်မြူနစ်ပါတီကျဆုံးပါစေ' လို့ ထအော်ခဲ့တဲ့ ဦးနုဟာ ဗမာပြည်ကွန်မြူနစ်ပါတီ ဆန့်ကျင်ရေးသာမက၊ ကွန်မြူနစ်စနစ်ဆန့်ကျင်ရေးပါ ပြောင်းလဲအော်ဟစ်လာစပြုပါတယ်။ ဆိုရှယ်လစ်ပါတီ ထိပ်သီးကြီး ဦးဗဆွေနဲ့ ဦးကျော်ငြိမ်းကလည်း မာက္ခ(စ်) ဝါဒ၊ လီနင်ဝါဒကို ကြိုက်နှစ်သက်ကြောင်း တလျှောက်လုံးကြွေးကြော်ပြောဆိုလာရာကနေ ကွန်မြူနစ်ဝါဒတခုလုံးကိုပါ ပုတ်ခတ်တိုက်ခိုက် ဆန့်ကျင် ပြောဆိုစပြုလာကြပါတယ်။ ဦးကျော်ငြိမ်းကဆိုရင် မာက္ခ(စ်) ဝါဒကို လက်မခံကြောင်း ကွန်မြူနစ်ဝါဒကို မကြိုက်ကြောင်း၊ သူတို့ဆိုရှယ်လစ်ပါတီရဲ့ လက်ခံကိုင်စွဲတဲ့ဝါဒဟာ မာက္ခ(စ)ဝါဒမဟုတ် ဆိုရှယ်ဒီမိုကရက်တစ်ဝါဒသာဖြစ်ကြောင်း ပြောဆိုလာပါတယ်။ ကွန်မြူနစ်ဝါဒအန္တရာယ်ဟာ နယ်ချဲ့အန္တရာယ်ထက် ပိုကြောက်စရာ ကောင်းတယ်လို့တောင် အတိအလင်း ခံယူဖော်ထုတ်လာပါတယ်။ အဲဒီလို အမြင်အယူအဆ၊ ပြောင်းလဲလာမှုတွေအပေါ်ကနေ ကွန်မြူနစ်ဆန့်ကျင်ရေးကိုသာ သဲကြီးမဲကြီး လုပ်ကိုင်ဆောင်ရွက်ရင်း လက်တွေ့သဘောအားဖြင့်

အမေရိကန်ဘက် မှီခိုယိမ်းယိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း နဲ့ ဆိုရှယ်လစ်တွေအားလုံးဟာ ဆိုရှယ်လစ်ဝါဒဆိုတာကိုတော့ တွင်တွင်အော်နေကြဆဲဖြစ်ပါတယ်။

အဲဒီအချိန်မှာ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ အဓိကပါတီကြီးတခုလည်းဖြစ်၊ အတိုက်အခံနိုင်ငံရေးအင်အားစုတွေထဲမှာ နိုင်ငံရေးအရှိန်သြဇာအကြီးဆုံးလည်းဖြစ်၊ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေရသူလည်းဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးလမ်းစဉ်ကတော့ 'ဒီမိုကရေစီ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်' ဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာ ဗဟိုကော်မီတီအစည်းအဝေးကနေ တရားဝင်ချမှတ်ထားတဲ့လမ်းစဉ်ဖြစ်ပါတယ်။ နှစ်နှစ်အတွင်း စစ်နိုင်ရေးလမ်းစဉ်ပြီးတဲ့နောက် ပေါ်ပေါက်လာတဲ့လမ်းစဉ်ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ တောတွင်းရှိ ပြည်သူ့ရဲဘော်၊ အလံနီကွန်မြူနစ်တို့ သုံးပါတီညီညွတ်ရေးတည်ဆောက်ဖို့ တွေ့ဆုံကြတဲ့အခါ အဲဒီငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်ဟာ ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးလမ်းစဉ်' လို့ အမည်တွင်ခဲ့ပါတယ်။

၁၉၅၂ ခုနှစ်၊ ဇူလိုင် (၄) ရက်ကနေ (၁၅) ရက်နေ့အထိ ယောနယ် ပုံတောင်ပုံညာဒေသမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်၊ အလံနီကွန်မြူနစ်ပါတီတို့ဟာ 'သုံးပါတီညီညွတ်ရေးကွန်ဖရင့်' ကျင်းပပါတယ်။ နိုင်ငံတကာ့အခြေအနေ ပြည်တွင်းအခြေအနေတွေကို သုံးသပ်ကြပါတယ်။ အမေရိကန်နယ်ချဲ့သမားရဲ့ အခြေအနေနဲ့ ဗမာပြည်မှာဖြစ်ပေါ်နေတဲ့ တရုတ်ဖြူကျူးကျော်မှု ပြဿနာတွေကို လေးလေးနက်နက်သုံးသပ်ကြပြီး စက်တင်ဘာ (၁၅) ရက်နေ့ နေ့စွဲနဲ့ သုံးပါတီကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

ပြည်သူလူထုအပေါင်းတို့လို့ အစချီပြီး အမေရိကန်နယ်ချဲ့သမားက ရှေ့ဆောင်လှုံ့ဆော်နေသည့် ကမ္ဘာ့အနုမြူစစ်ကို တားဆီးကြလော့၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ကြလော့၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နေသည့် နိုင်ငံခြားစစ်တပ်များ ရုပ်သိမ်းရေးကိုတောင်းဆိုကြလော့၊ ပြည်တွင်းစစ်ရပ်စဲပြီး တမျိုးသားလုံးသွေးစည်းရေးဖြင့် ထာဝရငြိမ်းချမ်းရေးကို အရယူကြစို့လို့ ဖော်ပြကြွေးကြော်ထားပါတယ်။ ကွန်ဖရင့်ထုတ်ပြန်ကြေညာချက်ကို ဗမာပြည်ကွန်မြူနစ်ပါတီက သခင်သန်းထွန်း၊ သခင်သန်းမြိုင်၊ သခင်ဇင်၊ သခင်ချစ်၊ ရဲဘော်ဌေး၊ အလံနီပါတီက သခင်စိုး၊ ရဲနီမြင့်အောင်၊ ရဲနီထွန်းစိန်၊ ရဲနီအောင်လင်း၊ ရဲနီထူး၊ ပြည်သူ့ရဲဘော်က ရဲဘော်ထွန်းလင်း၊ ရဲဘော်အောင်ညွန့်၊ ရဲဘော်အောင်နိုင်၊ ရဲဘော်ဆန်းမောင်၊ ရဲဘော်ဘုန်းအောင်တို့က လက်မှတ်ရေးထိုးထားကြပါတယ်။

'ဒီမိုကရေစီ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရ တည်ဆောက်ကြ' ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို တည်ဆောက်ကြ' ဆိုတဲ့ ကြွေးကြော်သံတွေ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်ခဲ့ပေမယ့် အာဏာရ ဖဆပလ အစိုးရကတော့ အပြုတ်တိုက်ရေးအတွက် စစ်တပ်ကြီးကိုပဲ ကြီးသထက်ကြီးအောင် ချဲ့ထွင်တည်ဆောက်နေခဲ့ပါတယ်။

၁၉၅၂ ခုနှစ်အတွင်းမှာ အမှတ် (၁၃) မှ အမှတ် (၂၄) အထိ ခြေလျင်တပ်ရင်း (၁၂) ရင်း ထပ်မံဖွဲ့စည်းခဲ့သလို၊ အရေးပေါ် အမှတ် (၁) ချင်းသေနတ်ကိုင်တပ်ရင်းကို ပုံမှန်သေနတ်ကိုင်တပ်ရင်းအမှတ် (၄) ချင်းသေနတ်ကိုင်တပ်ရင်းအဖြစ်လည်းကောင်း၊ အမှတ် (၁) အရေးပေါ်ကရင်နီတပ်ရင်းကို အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်းအဖြစ်လည်းကောင်း၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်းအဖြစ်လည်းကောင်း၊ အမှတ် (၁) အရေးပေါ်ကချင်တပ်ရင်းကို အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်းအဖြစ်လည်းကောင်း၊ အမှတ် (၂) အရေးပေါ်ကချင်တပ်ရင်းကို အမှတ် (၅) ကချင်သေနတ်ကိုင်တပ်ရင်းအဖြစ်လည်းကောင်း တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ အမှတ် (၁) တင့်ကားတပ်ရင်းကို ဖွဲ့စည်းခဲ့သလို အင်ဂျင်နီယာတပ်၊ ဆေးတပ်၊ ဆက်သွယ်ရေးတပ်များကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ခြေမြန်တပ်မဟာဌာနချုပ်အသစ်တခုလည်း ပေါ်ပေါက်လာပါတယ်။ အဲဒါကတော့ အမှတ် (၈) ခြေမြန်တပ်မဟာဌာနချုပ် (ပုသိမ်) ဖြစ်ပါတယ်။

အမှတ် (၁) အမြောက်တပ်ရင်းကို ဖွဲ့စည်းခဲ့တဲ့အပြင်၊ ရှိပြီး အမှတ် (၁) လေ့ကျင့်ရေးတပ်တခုတည်းနဲ့ မလုံလောက်တော့လို့ ခြေလျင်တပ်သားတွေကို တိုးမြှင့်သင်တန်းပေးလေ့ကျင့်ဖို့ မိတ္ထီလာမှာ အမှတ် (၂) လေ့ကျင့်ရေးတပ်ကိုလည်း စတင်ဖွဲ့စည်းလိုက်ပါတယ်။ ၁၉၅၀ ပြည့်နှစ်က ရန်ကုန်မြို့ ဘောင်ဒရီ (ဓမ္မစေတီ) လမ်းမှာ စတင်ဖွဲ့စည်းခဲ့တဲ့ 'Military Intelligence Training Centre' ဆိုတဲ့ စစ်ထောက်လှမ်းရေးသင်တန်းကျောင်းကိုလည်း ၁၉၅၂ ခုနှစ်မှာ စစ်ထောက်လှမ်းရေးအတတ်သင်တပ်'' ဆိုပြီး ပြောင်းလဲတိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ စစ်တပ်တွေကို တိုးချဲ့ဖွဲ့စည်းခြင်း၊ စစ်ဆင်ရေးတွေကို တိုးမြှင့်ပြုလုပ်ခြင်းတို့သာမက ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေကို ဖြိုခွဲဖို့ စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့များလည်းဖွဲ့ကာ 'စိတ်ဓာတ်စစ်ဆင်ရေး' ဝါဒဖြန့်ချိရေးလုပ်ငန်းတွေပါ တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်။

သောင်းကျန်းသူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး စာရွက်စာတန်းတွေ သိန်းနဲ့ချီရိုက်နှိပ်ခဲ့ပြီး စစ်ဆင်ရေးနယ်မြေတွေပေါ်သာမက တနိုင်ငံလုံးအနှံ့ပျံ့အောင် ဖြန့်ချိဝေငှခဲ့ပါတယ်။ စိတ်ဓာတ်စစ်ဆင်ရေးဦးတည်ချက်နဲ့ စာပေအနုပညာနယ်အတွင်းသို့ပါ ခြေကုတ်ယူနိုင်ရန် စစ်တပ်ကနေ ဦးစီးပြီး မဂ္ဂဇင်းတစောင်ထုတ်ဝေဖြန့်ချိလာပါတယ်။ အဲဒါကတော့ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှာ စတင်ထုတ်ဝေလိုက်တဲ့ 'မြဝတီ' မဂ္ဂဇင်းဖြစ်ပါတယ်။

ကာကွယ်ရေးဌာနဝန်ကြီးက ဦးဗဆွေ၊ ကာကွယ်ရေးဦးစီးချုပ်က ဒုဗိုလ်ချုပ်ကြီးနေဝင်း။ ဦးဗဆွေက ဆိုရှယ်လစ်ပါတီအထွေထွေအတွင်းရေးမှူးဖြစ်သလို ဗိုလ်နေဝင်းကလည်း ဆိုရှယ်လစ်ပါတီရဲ့ တပ်တွင်းအစုဝင်တယောက်ဖြစ်ခဲ့ပါတယ်။ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ချစ်ခိုင်၊ ဗိုလ်ကြည်ဝင်း စတဲ့ တပ်မတော်တွင်းရာထူးကြီးကြီးရထားသူတွေကလည်း ဆိုရှယ်လစ်ပါတီဝင်တွေဖြစ်ခဲ့တော့ တပ်မတော်ဟာ ဆိုရှယ်လစ်တွေစီးထားတဲ့ တပ်မတော်ဖြစ်နေပြီး၊ စစ်ရေးစစ်ရာကိစ္စ ကာကွယ်ရေးဆိုင်ရာကိစ္စတွေဟာ ဆိုရှယ်လစ်ပါတီအလိုကျသဖွယ်ဖြစ်နေခဲ့ပါတယ်။ (ဗိုလ်မောင်မောင်လည်း ကေအင်ဒီအိုတို့ ဖမ်းဆီးခြင်းခံထားရရာက 'အလင်းရောင်' စစ်ဆင်ရေးလုပ်ပြီး ပြန်လည်ကယ်တင်နိုင်ခဲ့လို့ ၁၉၅၂ ခုနှစ်ထဲမှာ တပ်မတော်တွင်းမှာ အရေးကြီးပုဂ္ဂိုလ်တယောက်ပြန်ဖြစ်လာပါတယ်။)

၁၉၅၂ ခုနှစ်အကုန်မှာ ဖဆပလအစိုးရအနေနဲ့ အထူးသဖြင့် တပ်မတော်အနေနဲ့ စဉ်းစားလာရတာက ဗမာပြည်လွတ်လပ်ရေးကြေညာခါနီး ချုပ်ဆိုထားခဲ့တဲ့ ဗြိတိသျှ–မြန်မာ ကာကွယ်ရေးစာချုပ် (လက်ျာ–ဖရီးမင်းစာချုပ်) ကို နောက်ထပ်သက်တမ်းတိုးမလား၊ မတိုးဘူးလားကိစ္စဖြစ်ပါတယ်။ လက်ျာ–ဖရီးမင်းစာချုပ်အရ ပထမသက်တမ်း (၃) နှစ်ဟာ (၃–၁–၅၁) နေ့မှာ ကုန်ဆုံးခဲ့ပြီး နောက်ထပ်သက်တမ်း (၂)နှစ်တိုးမြှင့်ခဲ့ကြရာ၊ အဲဒီသက်တမ်းဟာလည်း (၃–၁–၅၃) နေ့မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ အဲဒီအတွက် ကာကွယ်ရေးစာချုပ်အပေါ် ပြန်လည်စဉ်းစားကြရင်း ဗမာပြည်ဘက်ကသာ နစ်နာခဲ့ရတာတွေကို လက်တွေ့အရ တွေ့ကြုံခဲ့ရပြီးဖြစ်တဲ့အတွက် ဗြိတိသျှ–မြန်မာ ကာကွယ်ရေးစာချုပ်ကို သက်တမ်းမတိုးတော့ပဲ အဲဒီစာချုပ်အစား စာချုပ်အသစ်တရပ် ချုပ်ဆိုရေးကိုသာ ဆုံးဖြတ်လိုက်ကြပါတယ်။

ဗမာပြည် အာဏာရ ဖဆပလအစိုးရဟာ လက်ျာ–ဖရီးမင်းစာချုပ်ကို တလျှောက်လုံး ဖုံးဖုံးဖိဖိလုပ်လာခဲ့သမျှ အခုမှပဲ ဖျက်သိမ်းပစ်ဖို့၊ ဒုတိယအကြိမ် သက်တမ်းမတိုးတော့ဖို့၊ အဲဒီစာချုပ်အစား လက်နက်ဝယ်ယူရေးစာချုပ်သစ်တရပ်နဲ့ အစားထိုးရန်ပြင်ဆင်ခဲ့ပါတယ်။

၁၉၅၂ ခုနှစ်ကုန်မှာ ဗမာပြည်ရဲ့ စီးပွားရေးအခြေအနေကို ကြည့်မယ်ဆိုရင်တော့ စပါးဈေးကောင်းတဲ့အတွက် အရံနိုင်ငံခြားငွေပမာဏာမြင့်တက်လာခဲ့တယ်။ ၅၁ က ဆန်တတန် ကို စတာလင်ပေါင် (၆၀)ဈေး

တက်ခဲ့ရာ ကနေ (၅၂) မှာ ပေါင် (၈၀) အထိ ဈေးမြင့်တက်ခဲ့တဲ့အတွက် ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာမှာ အရံထားရှိတဲ့ နိုင်ငံခြားငွေပမာဏဟာ ကုဋေ (၁၀၀) အထိ စုဆောင်းမိပြီးဖြစ်ပါတယ်။

အစိုးရအနေနဲ့ ငွေရှိလာတယ် ဆိုပေမယ့် ပြည်သူလူထုအဖို့ကတော့ စားဝတ်နေရေး အဆင့်အတန်း သိသိသာသာ ပြောင်းလဲလာခဲ့တာ ဘာမှမရှိသေးသလောက်ဖြစ်ပါတယ်။ ကျေးလက်တောရွာနေ လယ်သမားအများစုကြီးနဲ့ မြို့နေအလုပ်သမား ဆင်းရဲသား နင်းပြားများဟာ မွဲမြဲ မွဲ ဆင်းရဲမြဲ ဆင်းရဲဆဲဖြစ်ပြီး ပြည်တွင်းစစ်ကြီးကြောင့် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ ကျီးလန့်စာစားဘဝမျိုးတောင် အပိုဆောင်း ခံစားနေကြရပါတယ်။ ကျေးလက်မှာ အာဏာရပါတီဘက်သား၊ အာဏာရအဖွဲ့အစည်း အမျိုးမျိုးရဲ့နှိပ်စက်မှု၊ ဗိုလ်ကျမှုတွေ တဖက်သတ်ခံကြရရုံမက အာဏာရပါတီရဲ့ ခါးပိုက်ဆောင်တပ်၊ ကာကွယ်ရေး၊ ပြောက်ကျားဆိုသူများရဲ့ လက်နက်နဲ့ရမ်းကားမှု၊ နှိပ်စက်စော်ကားမှုတွေပါ နေ့တဓူဝ ကြုံတွေ့ရင်ဆိုင်နေရသလို လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးရဲ့ လှည်းဆင့် လှေဆင့် ထမင်းထုပ်ဆင့်တာတွေကိုလည်း မနာခံချင်မဖြစ် နာခံထမ်းဆောင်ခဲ့ကြရပါတယ်။ ပြည်တွင်းစစ်မီး တဟုန်းဟုန်းကြောင့် လယ်ပစ် ယာပစ် အိမ်ပစ်ပြီး မြို့ပေါ်တက်ပြေးလာကြရတဲ့သူတွေလည်း တနေ့တခြား များပြားလာခဲ့ပါတယ်။ မြို့ပေါ်ရောက်တော့ ကြုံရာကျဘမ်း လုပ်ကိုင်စားသောက်ရရင်း အခြေမဲ့ အနေမဲ့ ပုံကျဖြစ်ကြရသူတွေလည်း မြို့တိုင်း နယ်တိုင်းလိုလိုမှာ ပေါ်ပေါက်ခဲ့ပါတယ်။ တရုတ် ကုလား မြေရှင်များနဲ့ ချမ်းသာသူတွေသာ တိုးတိုးပြီး ပြည်တော်သာခဲ့ကြပါတယ်။ အာဏာရှိသူတွေနဲ့ ပေါင်းသင်းပြီး စီးပွားရေးလုပ်ကိုင်ခွင့်ရသူတွေ နေ့ချင်းညချင်း ခါတော်မှီသူဌေးတွေဖြစ်လာခဲ့ကြပါတယ်။

အာဏာရ ဆိုရှယ်လစ်ပါတီဟာ အာဏာယစ်မူးလာသလို အာဏာရ ဆိုရှယ်လစ်အချင်းချင်းကြားမှာလည်း အာဏာပြိုင်မှုတွေ စတင်ပေါ်ပေါက်လာပါတယ်။ မာက့်စ်ဝါဒီ သိန်းလေးဆယ် ဦးကိုကိုကြီး ကိုလည်း ထုတ်ပယ်ပစ်လိုက်နိုင်ပြီးပြီ။ လက်ဝဲယိမ်းသမားတွေဖြစ်တဲ့ သခင်လွင်၊ သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လှကျွေတို့အုပ်စုကြီးတခုလုံးဟာလည်း ဆိုရှယ်နီအဖြစ် ခွဲထွက်သွားပြီးပြီဖြစ်လို့ လက်ယာဆိုရှယ်လစ်တွေချည်းသာကျန်တော့တဲ့အချိန်မှာ လက်ယာသမားချင်း ကွဲအက်မှုတွေ စတင်လာပြန်တယ်ဖြစ်ပါတယ်။ ဒီအကွဲကိုတော့ 'ကောလိပ်ဆိုရှယ်လစ်အုပ်နဲ့ ဘုန်းကြီးကျောင်းဆိုရှယ်လစ်အုပ်အကွဲ' လို့ ကင်ပွန်းတပ်ကြပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ရဲ့ ပညာတတ်ဆိုရှယ်လစ်အုပ်နဲ့ သခင်တင်၊ သခင်ကျော်ထွန်းတို့ရဲ့ ပညာအခြေခံနည်း ဆိုရှယ်လစ်အုပ်အကြား အကွဲအပြဲဟာ အာဏာရ ဆိုရှယ်လစ် အချင်းချင်းကြား အာဏာပြိုင်ပွဲအဖြစ် ပုံပေါ် ဖြစ်တည်လာခဲ့ပါတယ်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်း အုပ်က ဗမာနိုင်ငံမှာ စက်မှုနိုင်ငံထူထောင်ရေးကို ဦးစားပေးချင်ပြီး သခင်တင်၊ သခင်ကျော်ထွန်း အုပ်ကတော့ လယ်ယာစိုက်ပျိုးရေးကိုပဲ ဦးစားပေးလုပ်ချင်တယ်လို့ဆိုပါတယ်။ တကယ်က 'ပြည်တော်သာစီမံကိန်း' ကို မွေးထုတ်ပေးလိုက်တဲ့ 'ကေအေတီစီမံကိန်း' ရဲ့ အနှစ်သာရ ဦးတည်ချက်ကိုက ဗမာပြည် စက်မှုနိုင်ငံဖြစ်လာရေး၊ စက်မှုတိုးတက်ထွန်းကားလာရေးမဟုတ်ပါ။ ဗမာပြည် စက်မှုထွန်းကားလာမှာကိုလည်း မလိုလားခဲ့ပါ။ အမေရိကန် အပါအဝင် စက်မှုထွန်းကားတဲ့ အရင်းရှင်နိုင်ငံကြီးတွေဆီ မှီခိုနေစေရေးသာ ရည်ရွယ်ခဲ့တယ်လို့ဆိုပါတယ်။ ကေတီအေ စီမံကိန်းအရ ငွေရင်းနှီးမြှုပ်နှံမှုရဲ့ (၈%) ကိုသာ စက်မှုလုပ်ငန်းအတွက် ထောက်ခံဖော်ပြခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် (၈%) ပါပေါင်းလိုက်မှ (၁၆%) သာ စက်မှုလုပ်ငန်းအတွက် လျာထားခဲ့တယ်ဆိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးအတွက် (၂၀%) မြှုပ်နှံဖို့ အကြံပြုခဲ့ပြီး ကျန်အားလုံးကို စိုက်ပျိုးရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး တို့မှာ သုံးစွဲဖို့ အဆိုပြုခဲ့တယ်လို့ ဆိုပါတယ်။ အကြံပေးပုဂ္ဂိုလ်ပညာရှင် 'ရောဘတ်နသန်' တို့ကဆိုရင် ကုန်ဈေးနှုန်းမတက်အောင် ပြည်တွင်း

ငွေဖောင်းပွမှုမရှိအောင်ဆိုပြီး နိုင်ငံခြားပစ္စည်းတွေ အောတိုက်ပြီး သွင်းဖို့လောက်ကိုသာ အလေးထားတိုက်တွန်းပြောဆိုနေခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ပြည်တော်သာစီမံကိန်းနဲ့အတူ ခေတ်စားလာခဲ့တာက သွင်းကုန် ထုတ်ကုန် စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ အစိုးရက သွင်းကုန် ထုတ်ကုန် လိုင်စင်တွေချပေးပါတယ်။ လိုင်စင်ရသူတွေ အပွကြီးပွကြပါတယ်။ အာဏာရပုဂ္ဂိုလ် အာဏာရအဖွဲ့အစည်းတွေနဲ့အကြောင်း အပေါင်းသင့်တွေ လိုင်စင်ရကြသလိုအာဏာရပုဂ္ဂိုလ်ကြီးတွေတချို့လည်း နည်းအမျိုးမျိုးနဲ့ လိုင်စင်ရတွေ ဖြစ်နေကြတယ်ဆိုပါတယ်။ ပြီးတော့မှရထားတဲ့လိုင်စင်ကို စီးပွားရေးသမား တရုတ် ကုလားတွေကိုပြန်ရောင်း လက်လွှဲချ အရင်းမစိုက်ရပဲ အမြတ်ကျန်ခဲ့ကြတယ်ဆိုပါတယ်။

အာဏာရ ဆိုရှယ်လစ်ပါတီရဲ့ ကောလိပ်ဆိုရှယ်လစ်အုပ်စုမှာ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်သာခင်တို့က အုပ်စုထိပ်သီးကြီးတွေဖြစ်ကြသလို ဘုန်းကြီးကျောင်းဆိုရှယ်လစ်အုပ်မှာတော့ သခင်တင်၊ သခင်ကျော်ထွန်း၊ သခင်ပန်းမြိုင် တို့က အုပ်စုထိပ်သီးကြီးတွေ ဖြစ်နေကြပါတယ်။

ဦးဗဆွေက အလုပ်သမားဥက္ကဋ္ဌ အဖြစ် အလုပ်သမားအစည်းအရုံး တီယူစီဘီကို ကိုင်ထားပြီးသခင်သာခင်က အမျိုးသမီးအစည်းအရုံးတွေအပေါ် ဩဇာရှိရှိ ကိုင်ထားပါတယ်။ ဦးကျော်ငြိမ်းက ဖဆပလဒေသကော်မီတီတွေ၊ ကာကွယ်ရေးတွေကို အုပ်စီးထားနိုင်တဲ့အပြင် ဖဆပလ လူငယ်ကိုလည်း ကိုင်ထားနိုင်ခဲ့ပါတယ်။

သခင်တင်နဲ့ သခင်ကျော်ထွန်းက တောင်သူလယ်သမား အစည်းအရုံးတွေကို ကိုင်တွယ်ထားနိုင်ပြီးသခင်ပန်းမြိုင်က စီးပွားကုန်သွယ်ရေးအဖွဲ့ချုပ် (စပကသ) ကို အုပ်စီးကိုင်တွယ်ထားပါတယ်။

ပြည်တော်သာစီမံကိန်းကြီးကို အကောင်အထည်ဖော်ကြတော့ ညှိညှိနှိုင်းနှိုင်းမရှိဘဲ ကိုယ်သန်ရာသန်ရာ ဦးစားပေးလုပ်ကြပါတယ်။ ကိုယ့်အုပ်စုနဲ့ကိုယ် ထင်သလို ဦးဆောင်ကြိုးကိုင်ကြပါတယ်။

ဦးကျော်ငြိမ်း၊ ဦးထွန်းဝင်း၊ သခင်ချစ်မောင်၊ သခင်သာခင် တို့တတွေက စက်ရုံ အလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ ဖောင်းပေးလုပ်ကြပါတယ်။ ဦးဗဆွေကဓာတ်သတ္တုရှာဖွေရေးနဲ့ ကာကွယ်ရေးဘက်လုပ်ပါတယ်။ သခင်တင်၊ သခင်ကျော်ထွန်း တို့တွေကတော့လယ်ယာမြေ နိုင်ငံပိုင်ပြုရေးနဲ့ 'စိုက်ပျိုးရေးမှခ်ဦးဆီသို့' လို့ ကြွေးကြော်အကောင်အထည်ဖော်ပါတယ်။ သခင်နု၊ ဦးတင်၊ ဦးဝင်း၊ ဦးရာရှစ် တို့အုပ်စုကတော့ ကျန်းမာရေး၊ လူမှုဆက်ဆံရေး၊ ပညာရေး၊ ဘာသာရေးစတဲ့ ပေါ်ပြူလာလုပ်ငန်းတွေကို ဖော်ထုတ်လုပ်ကိုင်ကြပါတယ်။

ညှိညှိနှိုင်းနှိုင်းလည်းမရှိ၊ စီမံကိန်းတခုနဲ့တခု ချိန်သားကိုက်အောင်လည်း မပေါင်းစပ်၊ ဦးစားပေးအမြင်အယူအဆချင်းကလည်း တကွဲတပြားစီဖြစ်တော့ စီမံကိန်းတွေဟာ အောင်မြင်သင့်သလောက်မအောင်မမြင်ဖြစ်ခဲ့ကြပါတယ်။ ပူပူနွေးနွေး ကြုံတွေ့ခဲ့ရတဲ့ သခ်ိန်းစာတွေကိုလည်း မယူဘဲ ထင်ရာစိုင်းနေကြသလိုဖြစ်ခဲ့ကြပါတယ်။ ပြည်တော်သာစီမံကိန်းမစမီမှာ သခ်ိန်းစာယူစရာနှစ်ခုရှိခဲ့ပါတယ်။ တခုက မင်္ဂလာဒုံလေယာဉ်ကွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်း၊ နောက်တခုက သမိုင်းချည်စက်ကိစ္စ၊ မင်္ဂလာဒုံလေယာဉ်ကွင်းပြုပြင်တည်ဆောက်ရေးစီမံကိန်းမှာ ဒိန်းမတ်ကုမ္ပဏီတခုကို (၂၈) သိန်းနဲ့ ကန်ထရိုက်ပေး၊ မြန်မာအစိုးရကိုယ်စားလုပ်ငန်းကြီးကြပ်စစ်ဆေးဖို့ အမေရိကန်အင်ဂျင်နီယာတဦးငှားရမ်းပြီး ဆောင်ရွက်ခဲ့တာ စီမံကိန်းကအောင်အောင်မြင်မြင် အကောင်အထည်မပေါ်လာခဲ့ဘဲ တနှစ်အတွင်း တိုင်းပြည်ရဲ့ဘဏ္ဍာတွေ အမြောက်အများဆုံးရှုံးခဲ့ရပါတယ်။ အမေရိကန်အင်ဂျင်နီယာ လက်မြှောက်ပြီး အလုပ်ကနေထွက်သွားမှ လျှို့ဝှက်ခုံရုံး

ဖွဲ့စစ်ဆေးတော့ (၂၇) သိန်း သုံးစွဲခွင့်ပြုထားတဲ့ စီမံကိန်းဟာ ကျပ်ငွေ (၅၀၅) သိန်းတောင်ရှိနေပြီဆိုတာ တွေ့ကြရပြီး အရှုံးကြီးရှုံးခဲ့ကြရပါတယ်။

အဲဒီလိုပဲ သမိုင်းချည်စက် ကိစ္စမှာလည်း (၁၉၅၁) ထဲ စက်ရုံစလည်တဲ့အခါ ဗမာပြည်မှာတည်တဲ့ စက်၊ ဗမာပြည်ကထွက်တဲ့ ချည်မျှင်တို့ ဝါတို့ သုံးလို့မရတဲ့စက် ဖြစ်နေတာတွေ့ကြရပါတယ်။

အဲဒီလို သင်္ခန်းစာတွေရှိပါလျက်နဲ့ ပြည်တော်သာစီမံကိန်းကြီး စတဲ့အခါမှာလည်း တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းမရှိ။ စစ်စစ်ဆေးဆေး လေ့လေ့လာလာမရှိဘဲ ကိုယ့်အုပ်စုနဲ့ကိုယ် သန်ရာသန်ရာ အကောင်အထည်ဖော်ကြတဲ့အတွက် ကြွေးကြော်သံနဲ့ လက်တွေ့ဟာ စကတည်းက ယဉ်သကိုဖြစ်နေခဲ့ပါတယ်။

လွတ်လပ်ရေးကြေညာပြီးကတည်းက ကြွေးကြော်ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးကို (၁၉၅၃) ခုနှစ်ထဲမှာ သခင်တင်၊ သခင်ကျော်ထွန်းတို့ ခေါင်းဆောင်ပြီး စတင်လုပ်ဆောင်ပါတယ်။ ပြည်တော်သာစီမံကိန်းကြီးနဲ့အတူ အကောင်အထည်ဖော်ပါတယ်။ နာမည်ကသာ လယ်ယာမြေနိုင်ငံပိုင်ပြုတာဆိုပေမယ့် မြေရှင်ကြီးတွေဆီက မြေတွေကို လျော်ကြေးပေးပြီး သိမ်းရတာဖြစ်ပါတယ်။ ဥပဒေအရ သိမ်းယူလိုက်တဲ့မြေဧက (၇) သန်းနီးပါးအတွက် လျော်ကြေးငွေ သန်း (၁၅၀) နီးပါးပေးခဲ့ရပါတယ်။ ဒီ 'လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး' ပေါ်လစီဟာ မြေရှင်ကြီးစနစ်ကို တစုံတရာချိနဲ့သွားစေခဲ့ပေမယ့် မြေရှင်စနစ်ကို အပြီးအပိုင်ဖျက်သိမ်းပစ်နိုင်ခဲ့တာမဟုတ်ပါ။ ဖျက်သိမ်းလိုတဲ့ ရည်ရွယ်ချက်လည်းမရှိခဲ့ပါ။

ဖဆပလ အစိုးရလက်အောက်မှာ အဓိက လူထုလူတန်းစား အဖွဲ့အစည်းကြီးသဘောမျိုး (၃)ခုရှိပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး (ဗတလစ)၊ အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ် – ဗမာနိုင်ငံ (တီယူစီဘီ) နဲ့ စီးပွားကုန်သွယ်အဖွဲ့ချုပ် (စပကသ) တို့ဖြစ်ပါတယ်။

တောင်သူလယ်သမားတွေနဲ့ဆိုင်တဲ့ 'ဗတလစ' က အမတော်ကြေးကိစ္စ၊ စပါးအရောင်းအဝယ်ကိစ္စ၊ လယ်သမားကိစ္စတွေကို တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်ပါတယ်။ အမတော်ကြေးထုတ်ချေးရာမှာ ဖဆပလ အစိုးရက တောင်သူလယ်သမားတွေကို တိုက်ရိုက်ထုတ်မချေးပါ။ ဗတလစ က တဆင့်ထုတ်ချေးတဲ့အတွက် ဖဆပလ လက်အောက်ခံ ဗတလစ အဖွဲ့ဝင်တွေသာ အမတော်ကြေးရပါတယ်။ ဗတလစ အမှုဆောင်တွေက ဒေသအသီးသီးမှာ အမတော်ကြေးငွေတွေ ထင်သလိုဘုံးကြတာ၊ လယ်သမားစစ်စစ်က အမတော်ကြေးမဖြစ်စလောက်သာရပြီး လယ်သမားအစစ်မဟုတ်သူတွေက အမတော်ကြေးပိုရတာမျိုးတွေ နေရာအနှံ့ပေါ်ခဲ့ပါတယ်။ ဗတလစ နဲ့ မြေယာကော်မီတီဆိုတာတွေရဲ့ ဩဇာမနာခံသူ လယ်သမားတွေအပေါ် ဖိနှိပ်ညှင်းပန်းတာ၊ အခွန်အတုတ် မတရားကောက်ခံတာတွေ ရက်ရက်စက်စက် လုပ်ကိုင်ခဲ့ကြတဲ့အတွက် တပြည်လုံးမှာ ဗတလစ တွေ နာမည်ပျက်ခဲ့ကြတယ်။

အလုပ်သမားအဖွဲ့အစည်းဖြစ်တဲ့ တီယူစီဘီ ကလည်း အလုပ်သမားတွေအကျိုးအတွက်ဆိုတာထက် ကိုယ့်ဟာကိုယ် ဆိုင်းဘုတ်ထောင်ပြီး ကိုယ့်လူတွေကိုယ်ရာထူးပေး နေရာချထားပေးထားတာတွေသာ လုပ်ကိုင်ခဲ့ကြပါတယ်။ အစိုးရနဲ့ အလုပ်သမားကြား အစိုးရဘက်က 'ဆွဲချ' သဘောလုပ်ဆောင်ရင်း အလုပ်သမားအခွင့်အရေးတွေကို လစ်လျူရှုခဲ့ကြပါတယ်။ 'ဗတလစ' က လယ်သမားတွေအပေါ် ခေါင်းပုံဖြတ်သလို၊ တီယူစီဘီကလည်း အလုပ်သမားတွေအပေါ်ခေါင်းပုံဖြတ်တာ နေရာအနှံ့ပေါ်ပေါက်ခဲ့ပါတယ်။

စီးပွားကုန်သွယ်အဖွဲ့ချုပ် 'စပကသ' ကလည်း စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းတွေအပေါ် ချယ်လှယ်ကြီးစိုးဖို့ အမြတ်ထုတ်ဖို့သာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ 'ဗတလစ'၊ 'တီယူစီဘီ'၊ 'စပကသ' တွေဟာ ဆိုရှယ်လစ်ပါတီရဲ့ လက်အောက်ခံအဖွဲ့အစည်းကြီးတွေသာဖြစ်ပြီး ဒီအဖွဲ့အစည်းကြီးတွေရဲ့ ထိပ်သီးဦးဆောင်သူများဟာလည်း ဆိုရှယ်လစ်ကြီးတွေချည်းပဲဖြစ်ပါတယ်။

အဖွဲ့အစည်းအသီးသီး၊ ဒေသအသီးသီးက ဆိုရှယ်လစ်ကြီးများရဲ့ အပုပ်နံ့တွေဟာ တနေ့တခြား တထောင်းထောင်းထလာခဲ့ပါတယ်။ 'ဆိုရှယ်လစ်ကြီး လာဒ်စားလိုက်ပြန်ပြီ' 'ဆိုရှယ်လစ်ကြီး ငွေတွေဘုံးလိုက်ပြန်ပြီ' 'နောက်ထပ်ဆိုရှယ်လစ် မုဒိမ်းမှုတခုပေါ်ပြန်ပြီ' 'နောက်ထပ် ဆိုရှယ်လစ် လူသတ်မှုကြီးတခု' ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ သတင်းစာတွေပေါ်မှာ မကြာခဏ ပါပါလာခဲ့ပါတယ်။ ဆိုရှယ်လစ်များ လူထုချဉ်ပတ်ဖြစ်လာခဲ့ပါတယ်။

ဆိုရှယ်လစ်ခေါင်းဆောင် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့တတွေ ဗျူရိုကရက် အရာရှိကြီးတွေသဖွယ် ပြုမူကျင့်သုံးလာကြသလို ဆိုရှယ်လစ်များ အာဏာယစ်မူးလာကြသလို၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဟာလည်း တနေ့တခြား အာဏာရှင်ဆန်လာတယ်လို့ဆိုကြပါတယ်။

အာဏာရ အစိုးရအဖွဲ့ကြီးအောက်က 'ဗတလစ' 'တီယူစီဘီ' တို့နဲ့ အပြိုင်ကတော့ ဆိုရှယ်လစ်ပါတီက ခွဲထွက်သွားခဲ့တဲ့ ဆိုရှယ်နီတို့ရဲ့ ဗမာနိုင်ငံတောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး (တလညစ) နဲ့ ဗမာပြည်အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဘီတီယူစီ) **(Burma Trade Union Congress)** တို့ဖြစ်ပါတယ်။ 'တလညစ' ကို သခင်ချစ်မောင် (ဝိဇ္ဇူရ) ကခေါင်းဆောင်ပြီး 'ဘီတီယူစီ'ကို သခင်လွင်က ဦးဆောင်ပါတယ်။ 'ဗတလစ'နဲ့ 'တလညစ' ဟာ အပြိုင်ဖြစ်သလို တီယူစီဘီ **(TUCB)** နဲ့ 'ဘီတီယူစီ' **(BTUC)** ဟာ အပြိုင်ဖြစ်ပါတယ်။ ဗတလစ နဲ့ တီယူစီဘီ က အာဏာရ အဖွဲ့အစည်းကြီးတွေဖြစ်ပါတယ်။ တလညစ နဲ့ ဘီတီယူစီ ကတော့ အာဏာမဲ့ အတိုက်အခံအဖွဲ့သဘောမျိုး စင်ပြိုင်တည်ရှိနေတာဖြစ်ပါတယ်။

၁၉၅၃ ခုနှစ် နှစ်ဆန်းမှာ တရုတ်ဖြူကျူးကျော်မှုပြဿနာဟာ ဖုံးမနိုင်၊ ဖိမရ အဆင့်လောက်တင်မကတော့ပဲ ထိပ်ကိုရောက်ရှိလာပါတယ်။ ဗမာပြည်အတွင်း မတရားသဖြင့် ဝင်ရောက်ကျူးကျော်တပ်စွဲထား ရုံမက ပြောင်ပြောင်တင်းတင်း ဗိုလ်ကျမင်းမူလုပ်ရှားနေကြတဲ့ တရုတ်ဖြူအင်အားဟာ အဆမတန် တိုးပွားနေပြီဖြစ်ပါတယ်။ အမေရိကန်က နောက်ကွယ်ကပါဝင်ပြီး ဖော်မိုဆာက တိုက်ရိုက် အင်အားဖြည့်တင်း စီစဉ်ဆောင်ရွက်နေတာကြောင့် တရုတ်ဖြူအင်အား တသောင်းနှစ်ထောင်ကျော်မှ တသောင်းငါးထောင်ခန့် အထိရှိနေပြီဖြစ်ပါတယ်။ အစိုးရကာကွယ်ရေးဝန်ကြီးဌာနရဲ့ တရားဝင်ခန့်မှန်းချက်အရ သံလွင်မြစ် အရှေ့ဖက်ခြမ်း မိုင်းရှူး ပန်ယန်းဒေသတကြောမှာ အင်အား (၄၀၀၀) ခန့်၊ အရှေ့မြောက် မူဆယ်၊ နမ့်ခမ်း အပါ ဒေသတလျှောက် အင်အား (၃၀၀၀) ခန့်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပန်ဒေသအပါ နယ်မြေတလျှောက် အင်အား (၄၀၀၀) ခန့် မော်ချီး၊ လွိုင်းဘွဲ့၊ ကရုပ္ပိဒေသများမှာ အင်အား (၁၀၀၀) ခန့်၊ စုစုပေါင်းအင်အား (၁၂၀၀၀)ခန့် တပ်ဖြန့်လှုပ်ရှားနေကြပါတယ်။ ဝေဖန်သုံးသပ်သူတွေအဆိုအရကတော့ ဒီထက်များတယ်လို့ဆိုကြပါတယ်။

ဒါကြောင့် ၁၉၅၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှာ ကေအမ်တီ **(KMT)** တရုတ်ဖြူ ကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးထံတင်ပြဖို့ ဖဆပလ အစိုးရအဖွဲ့က မလွှဲသာမရှောင်သာ ဆုံးဖြတ်လိုက်ရပါတယ်။ ၁၉၅၃ ခုနှစ်၊ ဧပြီလမှာကျင်းပတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ (၇) ကြိမ်မြောက် အထွေထွေညီလာခံကြီးမှာ မြန်မာကိုယ်စားလှယ်အဖွဲ့က တင်ပြတိုင်တန်းပါတယ်။ တိုင်တန်းတဲ့အခါ အမေရိကန် ပါဝင်ပတ်သက်တဲ့ တရုတ်ဖြူကျူးကျော်သူများလို့တောင် တိတိပပ ဖော်ပြတိုင်တန်းဝံ့ခြင်းမရှိပဲ 'ပြည်ပကျူးကျော်သူများ' 'နိုင်ငံခြားတပ်များ' လို့သာ ဖော်ပြတိုင်တန်းခဲ့ကြပါတယ်။

ဧပြီလ (၂၂) ရက်နေ့မှာ "မြန်မာ့နယ်မြေပေါ် ကျူးကျော်သော နိုင်ငံခြားတပ်အားလုံး အမြန်ဆုံးထွက်ခွါသွားရန်" အဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါ နိုင်ငံပေါင်း (၆၀) အနက် ထောက်ခံမဲ (၅၉) မဲ၊ ကြားနေမဲ (၁) မဲနဲ့ အမြန်ဆုံးထွက်ခွါပေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဖော်မိုဆာက ချန်ကေရှိတ်အစိုးရကိုယ်စားလှယ်က မဲမပေးပဲနေခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကုလသမဂ္ဂကြီးဟာ တရုတ်ပြည်သစ် (တရုတ်ပြည်မကြီး) ကို ကုလသမဂ္ဂဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုမထားတဲ့ အချိန်ဖြစ်ပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအတွင်းကနေ တရုတ်ဖြူကျူး ကျော်ရေးတပ်အားလုံး ထွက်ခွါသွားရေးအတွက် အမေရိကန်၊ ထိုင်း၊ မြန်မာနဲ့ တရုတ် သမ္မတနိုင်ငံ (တရုတ်ဖြူ) တို့ပါဝင်တဲ့ လေးနိုင်ငံ စစ်ဖက်ကိုယ်စားလှယ် ဆွေးနွေးပွဲကျင်းပဖို့ အမေရိကန်က ကမကထ လုပ်ပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အမေရိကန်သံရုံးမှာ မေလ (၂၂) ရက်နေ့မှာ စတင်ကျင်းပပါတယ်။ အမေရိကန်နိုင်ငံက ကေအမ်တီ (တရုတ်ဖြူ ကူမင်တန်) ကိစ္စ သူနဲ့မပတ်သက်ပါလို့သာ ခပ်တည်တည်ငြင်း နေပေမယ့် ကုလသမဂ္ဂဆုံးဖြတ်ချက်ထွက်လာပြီးတဲ့အခါ အမေရိကန်ကပဲ ကမကထပြုပြီး '(၄) နိုင်ငံ ဘန်ကောက်အစည်းအဝေး' ကို ကမကထပြု စီစဉ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က ပထမတော့ တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့နဲ့ မျက်နှာစုံညီ ထိုင်မဆွေးနွေးနိုင်လို့ဆိုတဲ့အတွက် အမေရိကန် နဲ့ ထိုင်း ကိုယ်စားလှယ်များဟာ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ တကြိမ် တရုတ်ဖြူ ကိုယ်စားလှယ်အဖွဲ့နဲ့ တကြိမ်၊ ကိစ္စရပ်တခုကို နှစ်ကြိမ်ဆွေးနွေးရပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်မှူးကြီး အောင်ကြီးက ခေါင်းဆောင်တက်ရောက်ပါတယ်။

အမြန်ဆုံးထွက်ခွါရေးအတွက် ဆွေးနွေးကြတဲ့အခါ ဆုတ်ခွါပေးရမယ့် ကျူးကျော်သူ တရုတ်ဖြူများ က ဗမာပြည်အနှံ့အပြားရှိ သူတို့တပ်များအပေါ် ဗမာ့တပ်မတော်က အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းပြု လုပ်ပေးရမယ်လို့ စစချင်းတောင်းဆိုပါတယ်။ မြန်မာဘက်က 'မြန်မာနိုင်ငံမှ အမှန်တကယ်ထွက်ခွါသွား သည့်အချိန်တွင် သက်ဆိုင်ရာဒေသများနှင့် သက်ဆိုင်ရာလမ်းကြောင်းများကို လုံခြုံသောဒေသများအဖြစ် သတ်မှတ်ပေးပြီး နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရန် ပြုလုပ်ပေးနိုင်ကြောင်း' ဖြေကြားတဲ့အခါ တရုတ်ဖြူ ကိုယ်စားလှယ်က လက်မခံနိုင်ကြောင်း ခေါင်းမာနေခဲ့ပါတယ်။ တရုတ်ဖြူများဟာ သူတို့ကိုယ်တိုင်က ကျူး ကျော်ပြီးသူများ နိုင်ငံအတွင်းရောက်ရှိနေပါလျက် ကျူးကျော်သူတို့ကို ဘယ်သူကမှ မထိရ မတို့ရ၊ အပစ် အခတ်ရပ်စဲပေးပြီး ထိုင်ကြည့်နေရမယ့်သဘောမျိုး တောင်းဆိုနေခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်ဦးစီးတဲ့ အမေရိကန်နဲ့ ထိုင်းကိုယ်စားလှယ်အဖွဲ့က မြန်မာဘက်၊ တရုတ်ဖြူဘက်နဲ့ နှစ်ဖက်စလုံးကိုဆွေးနွေးပြီး ဆွေးနွေးပြောကြားချက်တွေအပေါ်ကနေ မူတည်ပြီး 'သဘောတူညီချက်မူကြမ်း' ကိုရေးဆွဲပါတယ်။ အမေရိ ကန်၊ ထိုင်း၊ မြန်မာအဖွဲ့များက သဘောတူညီခဲ့ကြတဲ့တိုင်အောင် ကျူးကျော်သူတရုတ်ဖြူဘက်က သဘော မတူဘဲ ဆွေးနွေးပွဲကို နှောင့်နှေးကြန့်ကြာအောင် အချိန်ဆွဲခြင်း မရိုးမသားပြုမူခြင်းတွေကိုသာ လုပ်နေခဲ့ပါ တယ်။

ဇွန်လ (၁) ရက်နေ့မှာ တရုတ်ဖြူဘက်က 'မြန်မာနိုင်ငံအနှံ့အပြား အပစ်အခတ်ရပ်စဲရေးအစား သံလွင်မြစ် အရှေ့ဘက်ဒေသအားလုံးတွင် အပစ်အခတ်ရပ်စဲရန်' လို့ ပြောင်းလဲတောင်းဆိုပါတယ်။ ဇွန် (၂) ရက်နေ့မှာ 'သူတို့ အစိုးရနဲ့တိုင်ပင်ရန်ရှိသည်' ဆိုပြီး ဖော်မိုဆာကိုပြန်သွားပါတယ်။ ဇွန်လ (၁၀)ရက် နေ့မှာ မြန်မာဘက်က မဖြစ်နိုင်ကြောင်း ဘန်ကောက်ဆွေးနွေးပွဲကော်မီတီကိုတင်ပြပြီး တရုတ်ဖြူများထွက် ခွာရေးအစီအစဉ် (၃) ခုကို ကုန်ကျမယ့်စရိတ်နဲ့တကွ ပြင်ဆင်တင်ပြပါတယ်။ ဇွန် (၁၃) ရက်နေ့မှာ တရုတ်ဖြူ ကိုယ်စားလှယ်အဖွဲ့ ဘန်ကောက်ကိုပြန်ရောက်လာပြီး သူတို့ရေးဆွဲလာတဲ့ ထွက်ခွာရေးအစီအစဉ်တခု တင်ပြလာပါတယ်။ အချိန်မကြန့်ကြာအောင်ဆိုပြီး မြန်မာဘက်က 'တရုတ်ဖြူဘက်ကအစီအစဉ်' ကို ပြင်ဆင်ချက်အနည်းငယ်လောက်နဲ့ပဲ လက်ခံလိုက်ပါတယ်။ ခြွင်းချက်အနေနဲ့ "မိုင်းဆတ်နှင့်အခြားအရေးကြီး ဒေသများကို ဗမာ့တပ်မတော်မှ တိုက်ခိုက်မှုမရှိပဲ ဝင်ရောက်သိမ်းပိုက်နိုင်ရမည်" လို့ ထည့်သွင်းတောင်းဆိုပါ တယ်။ တရုတ်ဖြူက 'ယာယီသဘောတူညီချက်မူကြမ်း' ကို လက်မခံသေးတဲ့အပြင် "မိုင်းဆတ်သို့ ကော်မီတီ သွားရောက်ရာတွင် အမေရိကန်နှင့် ထိုင်း တို့ကိုသာ သွားခွင့်ပေးနိုင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့

နှင့် မြန်မာသတင်းစာဆရာများကို လက်မခံနိုင်ကြောင်းနဲ့ မြန်မာအစိုးရက ဖမ်းဆီးထားသည့် တရုတ်ဖြူများကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရမည်'' လို့ ထပ်ဆင့်တောင်းဆိုလာပြန်ပါတယ်။

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ဖော်မိုဆာပြန်နေတုန်းမှာ အမေရိကန်အဖွဲ့က မြန်မာကိုယ်စားလှယ်အဖွဲ့ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့နဲ့ မျက်နှာစုံညီ ဆွေးနွေးဖို့တိုက်တွန်းတဲ့အတွက် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ပြန်ရောက်လာတဲ့အခါ သဘောတူညီချက် လျင်မြန်စွာအကောင်အထည်ပေါ်စေရန်ဆိုပြီး မျက်နှာစုံညီဆွေးနွေးတာလုပ်ဆောင်ပါတော့တယ်။

ဇွန်လ (၁၄) ရက် (၂၃) ရက်နေ့အထိ မျက်နှာစုံညီ ဆက်လက်ဆွေးနွေးကြပြီး ဇွန် (၂၃) မှာ တရုတ်ဖြူ အပါ ကိုယ်စားလှယ်အဖွဲ့ (၄) ဖွဲ့စလုံးက ယာယီသဘောတူညီချက်မူကြမ်းကို မူအားဖြင့် သဘောတူကြတဲ့အတွက် မြန်မာနိုင်ငံမှ တရုတ်ဖြူတပ်များ ထွက်ခွာရေးအတွက် 'လေးနိုင်ငံသဘောတူညီချက်' ရပြီဖြစ်ကြောင်း ကမ္ဘာကိုကြေညာခဲ့ပါတယ်။

သဘောတူညီချက်ကို လက်တွေ့အကောင်အထည်ဖော်ဖို့မှာကျတော့ တရုတ်ဖြူတို့ရဲ့ အချိန်ဆွဲနေခြင်း မရိုးမသားပြုမူခြင်းတွေကြောင့် မခံချင်စရာကောင်းလောက်အောင် ဗမာပြည်ဘက်က နစ်နာခဲ့ရပါတယ်။

အဲဒီအချိန်တုန်းက ဖဆပလ အစိုးရကို လက်နက်စွဲကိုင်တော်လှန်တိုက်ခိုက်နေကြတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီ၊ ပြည်သူ့ရဲဘော်၊ ကေအင်ဒီအို၊ မွန်၊ ပအို့၊ ကရင်နီ စတဲ့ လက်နက်ကိုင်အင်အားစုစုပေါင်းအရေအတွက် အင်အားထက်တောင် ပြည်ပကျူးကျော်သူ တရုတ်ဖြူ ကေအမ်တီ တပ်အင်အားက ပိုမိုများပြားခဲ့ပါတယ်။ ပြည်တွင်းသူပုန်အင်အားစုအားလုံးထက် ပြည်ပကျူးကျော်သူ တရုတ်ဖြူ အရေအတွက်ကများခဲ့ပါတယ်။ ဒါပေမယ့် ဖဆပလ အစိုးရဟာ နယ်ချဲ့သမားနဲ့ပါ လက်ဝါးချင်းရိုက်ထားတဲ့ တိုင်းတပါးသား ကျူးကျော်သူများကို ပြတ်ပြတ်သားသား ချေမှုန်းတိုက်ထုတ်ရေးထက်၊ တိုင်းရင်းသားချင်းဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင် အင်အားစုများအပေါ် ရက်ရက်စက်စက် အပြုတ်တိုက်ရေးကိုသာ ဦးတည်ကြိုးပမ်းနေခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာမတွေ့ရပဲ နယ်ချဲ့မှီခိုရေးလက္ခဏာသာ သိသိသာသာတွေ့ရနိုင်ပါတယ်။

ပြည်တွင်းတိုးတက်တဲ့ နိုင်ငံရေးအင်အားစုများက ဝေဖန်သုံးသပ် ထောက်ပြနေကြတဲ့ကြားထဲက အမေရိကန်အစိုးရနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (အီးစီအေ) စာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ မလွှဲမရှောင်သာ ကုလသမဂ္ဂ ကိုတိုင်ကြားခဲ့ရပြီး၊ တရုတ်ဖြူတပ်များကို အမေရိကန်က ကူညီထောက်ပံ့နေတာ ဖုံးမနိုင်ဖိမရ ဖြစ်ပေါ်လာတဲ့အခါကျမှ 'အီးစီအေ' စာချုပ်ကို ဇွန်လ (၃၀) ရက်နေ့မှာ ရပ်စဲမယ်လို့ ကြေညာခဲ့ပါတယ်။

အဓိက နိုင်ငံရေးပါတီကြီးတခုလည်းဖြစ် လက်နက်ကိုင်သူပုန် အဖွဲ့အစည်းကြီးတခုလည်းဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက တရုတ်ဖြူကျူးကျော်မှုကို ပြတ်ပြတ်သားသားတိုက်ဖို့ နယ်ချဲ့အန္တရာယ်ကို ပူးပေါင်းကာကွယ်ဖို့ဆိုတဲ့ ရပ်တည်ချက်နဲ့ ပြည်တွင်းစစ်ကိုရပ်ပြီး အမျိုးသားစစ်အသွင်ကိုပြောင်းဖို့ ကမ်းလှမ်းအဆိုပြုပါတယ်။ ကာကွယ်ရေးဝန်ကြီး ဦးဗဆွေနဲ့ လုပ်တူကိုင်ဖက်ဖြစ်ခဲ့ဖူးတဲ့ သခင်ချစ်နဲ့ ဗိုလ်ဇေယျက တွေ့ဆုံချင်ကြောင်း (၁) နယ်ချဲ့အန္တရာယ်ကို ပူးပေါင်းကာကွယ်ရေး၊ (၂) တမျိုးသားလုံးသွေးစည်းညီညွတ်ရေး၊ (၃) ငြိမ်းချမ်းရေးတို့အတွက် ဆွေးနွေးလိုကြောင်း ဇွန်လ (၁၈) ရက်နေ့ နေ့စွဲနဲ့ ပေးစာနှစ်စောင်ပေးပို့ခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီး ဦးဗဆွေနဲ့တကွ ဖဆပလ အစိုးရက အရေးတောင်မလုပ်ခဲ့ပါ။ ပြည်တွင်းအတိုက်အခံအင်အားစုတွေအားလုံးကို နလံမထူနိုင်အောင် လုပ်ထားရေးသည်သာအဓိကဆိုတဲ့မူကို

ကိုင်စွဲထားခဲ့ပါတယ်။ ပြည်တွင်းအတိုက်အခံ လက်နက်ကိုင်သူပုန်တွေကို ချေမှုန်းဖြိုခွင်းဖို့ စစ်ရေးအရ အပြတ်တိုက်ရေးလမ်းစဉ်ကိုကျင့်သုံးပါတယ်။ ပြည်တွင်းကလက်နက်ကိုင်မဟုတ်တဲ့ တိုးတက်တဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုတွေကို ဖြိုခွင်းဖို့က ဖြိုခွဲရေးနည်း၊ အာဏာနဲ့ ဖိနှိပ်ရေးနည်းတွေကို ကျင့်သုံးပါတယ်။ မြေပေါ်မှာရှိတဲ့ အတိုက်အခံ နိုင်ငံရေးပါတီဖြစ်တဲ့ ဆိုရှယ်နီ (အလုပ်သမား လယ်သမားပါတီ) ကို လွှတ်တော်တွင်းမှာ အသံမထွက်နိုင်အောင်လုပ်ထားပြီးပြီဖြစ်ပါတယ်။ နယ်တွေရှိ အတိုက်အခံ အင်အားစုဝင်တွေကို ဖဆ–ဆိုရှယ် သြဇာခံ ပျောက်ကြားတပ်၊ ကာကွယ်ရေးတပ် ဆိုတာတွေရဲ့ ဗိုလ်ကျရမ်းကားညစ်ပတ်မှုတွေနဲ့ဖိပါတယ်။ နောက်ထပ်အရေးကြီး အင်အားစုတခု အတိုက်အခံအင်အားစုတခုအဖြစ် ရှုမြင်သုံးသပ်ပြီး ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ထိန်းသိမ်းထားနိုင်ဖို့ ကြိုးစားတာက 'ကျောင်းသား' ကိုဖြစ်ပါတယ်။ ဦးနုအပါ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ကိုယ်တိုင် ကျောင်းသားခေါင်းဆောင်တွေလည်းဖြစ်ခဲ့ကြဖူးတော့ တကသ၊ ဗကသ သြဇာကြီးတယ်ဆိုတာ သိထားကြပြီးသားဖြစ်ပါတယ်။ တကသ၊ ဗကသ တွေထဲမှာ 'တိုးတက်သောကျောင်းသားအင်အားစု' ပေါ်ပေါက်လာပြီး သြဇာရှိနေတာကိုလည်း သိထားကြပြီးဖြစ်ပါတယ်။ 'တိုးတက်သော ကျောင်းသားအင်အားစု' ဟာ ၁၉၅၁ ခုနှစ်ကထည်းက ဖွဲ့စည်းတည်ရှိခဲ့တာဖြစ်ပါတယ်။ ကိုဘကောင်း၊ ကိုလှဝင်း၊ ကိုအောင်ဘန်း၊ ကိုယု တို့ဟာ ထင်ရှားတဲ့ကျောင်းသားခေါင်းဆောင် တိုးတက်သောအင်အားစုဝင်တွေဖြစ်ကြပါတယ်။ တကသ၊ ဗကသမှာ ဖဆ–ဆိုရှယ် သြဇာခံကျောင်းသားခေါင်းဆောင်ဆိုသူတွေ ပေါ်ပေါက်ဖို့ တတ်နိုင်ရင် အင်အားလွှမ်းမိုးထားနိုင်ဖို့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့က ပြင်ဆင်စိုင်းပြင်းလာပါတယ်။ ၁၉၅၃ ခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားအဖွဲ့တွေဖြစ်ကြတဲ့ ကိုကိုကြီး ကိုကိုလေး အဖွဲ့၊ ပြည်ထောင်စုကျောင်းသားများအဖွဲ့၊ တက္ကသိုလ်လူငယ်အဖွဲ့၊ သန့်ရှင်းအဖွဲ့နဲ့ ကျောင်းသားပေါင်းသင်းဆက်ဆံရေးနဲ့ သက်သာချောင်ချိရေးအဖွဲ့ စုစုပေါင်း ကျောင်းသားအဖွဲ့ (၅) ဖွဲ့က ကျောင်းသားတရာကို ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ ဆိုရှယ်လစ်ခေါင်းဆောင်ကြီးတွေကိုယ်တိုင် ဦးစီးပြီး ဆိုရှယ်လစ်နိုင်ငံရေးသင်တန်း တလပို့ချပေးပါတယ်။ အဲဒီနောက် သင်တန်းပို့ချအပြီးမှာ 'ဒီအက်(စ်)အို' ဆိုတဲ့ (Democrative Student's Organization) ဆိုရှယ်လစ်ကျောင်းသားနိုင်ငံရေးအဖွဲ့ကို ဖွဲ့စည်းမွေးဖွားပေးလိုက်ပါတယ်။ ကျောင်းသားထုအကြား သြဇာရှိတဲ့ 'တိုးတက်' နဲ့ အာဏာရအစိုးရကျောထောက်နောက်ခံပြု 'ဒီအက်(စ်)အို' ဟာ တက္ကသိုလ်မှာ အပြိုင်ဖြစ်လာပါတော့တယ်။ သမိုင်းတလျှောက်မှာ နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာကြီးခဲ့ပြီး၊ ပြည်သူဘက်က အမှန်တရားဘက်ကသာ ပြတ်ပြတ်သားသား ရပ်တည်တိုက်ပွဲဝင်ခဲ့တဲ့ တကသ၊ ဗကသကြီးရဲ့ အစဉ်အလာကို ဖျက်ဆီးဖြိုခွဲပစ်ပြီး "အာဏာရအုပ်စိုးသူအစိုးရရဲ့ အလိုကျ တကသ၊ ဗကသ" ဖြစ်အောင် အားထုတ်လိုက်တဲ့ ဖောက်ပြန်တဲ့ ခြေလှမ်းဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုရဲ့ တနေ့တခြား အာဏာရှင်ဆန်လှမှုကလည်း သည်းသန် ပြင်းထန်လွန်းလှတဲ့အတွက် ယဉ်ကျေးမှုဌာနဝန်ကြီး ဦးထွန်းဖေ (ထွန်းနေ့စဉ် ဦးထွန်းဖေ) ဟာ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်ကနေ ၁၉၅၃ ခုနှစ်၊ သြဂုတ်လထဲမှာ နုတ်ထွက်ပါတယ်။ သူဘာကြောင့် ရာထူးကနေ နုတ်ထွက်ရတယ်ဆိုတာ သတင်းစာဆရာတွေကို ရှင်းလင်းပြရုံမက သြဂုတ်လ (၁၃) ရက်နေ့ ဖဆပလ အစိုးရအဖွဲ့ကနေ နုတ်ထွက်အပြီး သတင်းစာကနေပါ ဟောဒီလို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ခဲ့ပါတယ်။

'ဝန်ကြီးချုပ် ဦး–သခင်နုသည် အာဏာရှင်ဆန်သည်၊ လက်ယာဆန်သည်၊ လက်ဝဲဆန်သည် အစရှိသဖြင့် သုံးစွဲနေကြသော ဝေါဟာရများ၏ ကျပ်ပြည့်အဓိပ္ပါယ်အရ ကျွန်တော်သည် မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်ပါ။ အားလုံး တညီတညွတ်တည်း လက်ခံထားကြသောမူကို ရှေ့ရှု၍ ဒီမိုကရေစီအုတ်မြစ်ချပါမည်ဟူ၍ ကျွန်တော်တို့ သစ္စာပြုထားကြသော ဖဆပလ၏ ခေါင်းဆောင်ကြီးသည် အာဏာရှင်ပန်းတိုင်သို့

ရှေ့ရှုချီတက်နေသည်မဟုတ်၊ သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်ရေး (ဝါ) ဘဝရှင်မင်းတြားကြီး တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရေးဘက်သို့ သူမမြင်သော်လည်း အားလုံးအမြင်အားဖြင့် သိသိသာသာကြီးပင် ရွေ့လျောနေပါပြီ။ ဝန်ကြီးချုပ်၏ အပြုအမူကလေးများသည် အကြိမ်ပေါင်းများစွာ ရှင်ဘုရင်ဆန်လွန်းလှသဖြင့် နောက်ဆုံး အချိန်၌ ဘဝရှင်မင်းတြားကြီး ဖြစ်ဖို့ရန် မင်းမြောက်တန်ဆာ ငါးပါးဆင်မြန်းဖို့ သာလိုပါတော့သည်။'...တဲ့။

ဦးထွန်းဖေရဲ့ မြင်ပြင်းကပ်ကပ်နဲ့ ဝန်ကြီးအဖြစ်ကပါ နုတ်ထွက်ပြီး သတ္တိရှိရှိ လက်သံပြောင်ပြောင် ရေးသားလိုက်တဲ့ အဲဒီအရေးအသား ရင်ဖွင့်သံဟာ ဦးနုရဲ့ ရုပ်ပုံမှန်ကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။ ဘဝရှင်မင်းတြားကြီး ဦးနု လို့ကင်ပွန်းတပ်ရတဲ့အထိဖြစ်ပါတယ်။

ဘဝရှင်မင်းတြားကြီးလို့ ကင်ပွန်းတပ်ခံရတဲ့ ဝန်ကြီးချုပ် ဦးနုက ပြည်တော်သာစီမံကိန်းကြီးကို ချမှတ်၊ အာဏာယစ်မူးနေကြတဲ့ ဆိုရှယ်လစ်ကြီးများက အုပ်စုဖွဲ့ အားပြိုင်ကြရင်း သန်ရာသန်ရာ စီမံကိန်းတွေကို ထင်သလိုအကောင်အထည်ဖော်နေကြချိန်မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ စစ်တပ်ကြီးကတော့ တစထက်တစ အင်အား ကြီးထွားလာပါတယ်။ ပြည်တွင်းစစ်ကိုအကြောင်းပြုပြီး တပ်တွေကို အဆက်မပြတ် တိုးချဲ့ဖွဲ့ရင်း လူအင်အားသာ ကြီးထွားများပြားလာတာမဟုတ်၊ ဘဏ္ဍာရေးအရပါ စစ်တပ်အရင်းအနှီးကို စတင်စုဆောင်းမိစပြုလာပါတယ်။ ကာကွယ်ရေးဌာနစစ်သည်များ သက်သာချောင်ချိရေး အတွက်ဆိုပြီး စတင်ဖွဲ့စည်းခဲ့တဲ့ ဒီအက်(စ်)အိုင် **(DSI)** ဟာ အခွင့်ထူးခံအဖြစ် လိုင်စင်တွေလည်း အလကားရ၊ အခွန်လွတ်ခွင့် ကင်းလွတ်ခွင့်တွေကလည်း ဘယ်သူနဲ့မှမတူအောင် ခံစားရတဲ့အတွက် စစ်တပ်အရင်းအနှီး ဟာ တိုးသထက်တိုးလာခဲ့ပါတယ်။ ဒီကာလဟာ အစိုးရက ပြည်တော်သာစီမံကိန်းကြီး စတင်အကောင်အထည်ဖော်နေတဲ့ ကာလဖြစ်သလို စစ်တပ်ကလည်း စစ်တပ်အရင်းအနှီး စတင်စုဆောင်းနေတဲ့ကာလလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဇွန်လ (၂၃) ရက်ကတည်းက မြန်မာနိုင်ငံမှ တရုတ်ဖြူများ ထွက်ခွာရေးကိစ္စ၊ လေးနိုင်ငံ သဘောတူညီချက်ရပါပြီလို့ ကမ္ဘာကို ခပ်တည်တည်ကြေညာခဲ့ပေမယ့် တရုတ်ဖြူများဘက်က ဘာတခုမှ လက်တွေ့ မလုပ်ဆောင်လာတာကြောင့် စက်တင်ဘာ (၇) ရက်နေ့မှာ မြန်မာအစိုးရက –

(၁) မြန်မာနိုင်ငံတွင်းမှ တရုတ်ဖြူတပ်များ မည်၍မည်မျှ ထွက်ခွာမည်ကို ထုတ်ဖော်ခန့်မှန်းရန်။

(၂) မိုင်းဆတ်နှင့် အရေးကြီးနေရာ (၅) နေရာကို ဗမာ့တပ်မတော်က တိုက်ခိုက်ခြင်းမပြုဘဲ သိမ်းပိုက်ရန်။

ဆိုတဲ့ အဆို(၂)ခုကို သဘာပတိ အဖွဲ့ထံ ထပ်မံတင်ပြလာရပါတယ်။ တရုတ်ဖြူကိုယ်စားလှယ်က အဆိုအမှတ် (၁) ကို တိတိကျကျ အဖြေမပေးတဲ့အပြင် အဆိုအမှတ် (၂) ကိုလည်း ဗမာ့တပ်မတော်က ကိုယ့်ဖာသာကိုယ် သိမ်းယူရမယ်၊ တိုက်ခိုက်ခြင်းမပြုပဲ အေးအေးဆေးဆေး သိမ်းယူရေးကိုတော့ တရုတ်ကိုယ်စားလှယ်အဖွဲ့မှာ တာဝန်မရှိလို့ အဖြေပေးတုန့်ပြန်လာပါတယ်။

စက်တင်ဘာ (၁၄) ရက်နေ့မှာ ဗမာဘက်က –

(၁) မြန်မာနိုင်ငံအတွင်းမှ တရုတ်ဖြူအားလုံး ထွက်ခွာရန်။

(၂) ပထမအသုတ် တပ်သား (၅၀၀၀) ကို သဘောတူညီချက် လက်မှတ်ရေးထိုးပြီး (၂၁) ရက်အတွင်း ထွက်ခွာရန်။

(၃) မြန်မာအစိုးရက ကုလသမဂ္ဂကို အစီရင်ခံရန်ရှိသဖြင့် အထက်ဖော်ပြပါ အချက် (၂) ချက်ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က (၇) ရက်အတွင်း အဖြေပေးရန်၊ လက်မခံခဲ့လျှင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲမှ ရုတ်သိမ်းမည်။

လို့ လေးနိုင်ငံကော်မီတီကို တင်ပြရပါတော့တယ်။ ဒါကိုလည်း တရုတ်ဖြူဘက်က လက်မခံတဲ့အတွက် စက်တင်ဘာ (၁၇) ရက်နေ့မှာ ဆွေးနွေးပွဲကနေ မြန်မာကိုယ်စားလှယ်အဖွဲ့ ရုတ်သိမ်းထွက်ခွာခဲ့ရပါတယ်။ ဒါကိုလည်း တရုတ်ဖြူဘက်က လက်မခံတဲ့အတွက် စက်တင်ဘာ (၁၇) ရက်နေ့မှာ ဆွေးနွေးပွဲကနေ မြန်မာကိုယ်စားလှယ်အဖွဲ့ ရုတ်သိမ်းထွက်ခွာခဲ့ပါတယ်။ နိုဝင်ဘာ၊ ဒီဇင်ဘာ ထဲကျမှ တရုတ်ဖြူတပ်သား (၂၀၀၀) လောက် မြန်မာနိုင်ငံကနေ စတင်ထွက်ခွာပေးတာလုပ်ပါတယ်။ ဒါတောင် တပ်သား (၂၀၀၀) နဲ့ မှီခိုသူများ ထွက်ခွာတာကို မြန်မာဘက်က မနှောက်ယှက်ရန်လို့ တရုတ်ဖြူဘက်က သတိပေးလိုက်ပါသေးတယ်။ တရုတ်ဖြူ (၁၅၀၀၀) ကျော်လောက်ရှိတဲ့အထဲက (၂၀၀၀) လောက်ပဲထွက်ပေးတာဖြစ်ပါတယ်။ တရုတ်ဖြူတွေသိမ်းပိုက်ထားတဲ့ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်း တို့ကိုလည်း သဘောတူလွှဲပြောင်းပေးဖို့ ဘန်ကောက်ဆွေးနွေးပွဲက ဆုံးဖြတ်ထားတာရှိပေမယ့် တရုတ်ဖြူတို့ဘက်က လုံးဝလိုက်နာခြင်းမရှိခဲ့ဘဲ မထေမဲ့မြင် လုပ်ပြခဲ့ပါတယ်။ ဗမာပြည်ထဲ ကျူးကျော်ဝင်ရောက်နေရုံမက တိုင်းရင်းသားတွေအပေါ် နှိပ်စက်စော်ကားတာတွေလည်း လုပ်ခဲ့ကြပါတယ်။ လုယက်စားသောက်တာတွေလည်း လုပ်ခဲ့ကြပါတယ်။

တရုတ်ဖြူကျူးကျော်မှုကို ပြည်တွင်းရှိ တိုးတက်တဲ့နိုင်ငံရေးအင်အားစုများက အပြင်းအထန်ဆန့်ကျင်ကြသလို ဗမာပြည်ကွန်မြူနစ်ပါတီကလည်း ဆန့်ကျင်ပါတယ်။ ကွန်မြူနစ်ပါတီက တရုတ်ဖြူကျူးကျော်ရေးသမားများကို အစိုးရတပ်နဲ့ ကွန်မြူနစ်တပ်များပူးပေါင်းပြီး တိုက်ခိုက်ရန်၊ အဲဒီလိုတိုက်ခိုက်ရန် ဆန္ဒမရှိရင် အစိုးရနဲ့ဖြစ်ပွားနေတဲ့ စစ်ပွဲကို မိမိတို့ဘက်က တဖက်သတ်ရပ်စဲပြီး ကူမင်တန်တပ်များကို တိုက်ခိုက်မယ်၊ အဲဒီလို ချီတက်သွားရောက်တိုက်ခိုက်မှာကို အစိုးရတပ်များက အနှောက်အယှက်မပေးရန်အထိ အဆိုပြုကမ်းလှမ်းခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရဲ့ တပ်မဟာ (၄) နဲ့ တပ်မဟာ (၆) က တပ်မှူးများကို စာနဲ့ရေးသားပြီး ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ အစိုးရဘက်က ဘာမှ အကြောင်းပြန်ကြားခဲ့ခြင်းမရှိလို့ဆိုပါတယ်။

တရုတ်ဖြူတို့ရဲ့ မထေမဲ့မြင် စော်ကားလွန်းမှုတွေကြောင့် တပ်မတော်က မလွှဲမရှောင်သာ ထိုးစစ်ဆင်မှုတွေလုပ်လာရပါတယ်။ ဒုဗိုလ်မှူးကြီး ကျော်စိုး (နောင် မဆလတော်လှန်ရေးကောင်စီဝင်) ကို ဦးစီးစေပြီး တရုတ်ဖြူကိုအတိုက်ခိုင်းခဲ့ပါတယ်။ အရေးနိမ့်ပြီးတပ်လန့်ပြန်ခဲ့ရပါတယ်။ အဲဒီတော့မှ ဗိုလ်မှူးချုပ်ကျော်ဇောကိုဦးစီးပြီး အတိုက်ခိုင်းရပါတော့တယ်။ အဲဒီလို မတတ်နိုင်တော့လို့ တာဝန်ပေးရတာတောင် အာဏာရဆိုရှယ်လစ်ကြီးတချို့က "ဘယ်နေ့ ဗိုလ်ကျော်ဇော အလောင်းကို သံလွင်ကမ်းပါးမှာကောက်ရမလဲ" လို့ မကြားတကြား ပြက်ရယ်ပြုခဲ့ကြတယ်ဆိုပါတယ်။ တရုတ်ဖြူတွေရဲ့အင်အား အဆမတန်များပြားနေတာကို ဆိုရှယ်လစ်ကြီးတွေ ကောင်းကောင်းသိထားတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်၊ မတ်လမှာ ဗိုလ်မှူးချုပ်ကျော်ဇော ဦးစီးတဲ့ 'ဘုရင့်နောင် စစ်ဆင်ရေးကြီး' စတင်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော ဟာ တပ်ကလေးမဖြစ်စလောက်ကိုပဲ ကိုင်တွယ်အသုံးပြုပြီး တရုတ်ဖြူကျူးကျော်မှုကြီးကို တိုက်ခဲ့ရတာဖြစ်ပါတယ်။ ပြည်တွင်းစစ်ကို အရှိန်မြှင့်ပြီး တိုက်ခိုက်နေတဲ့အတွက် ပြည်တွင်းစစ်မှာ အသုံးပြုနေတဲ့ တပ်တွေထဲက တပ်တွေလုံးလုံးလောက်လောက် ထုတ်နှုတ်ယူခွင့်မရဘဲ အရံတပ်တွေမျှနဲ့သာ တိုက်ခိုက်ခဲ့ရပါတယ်။ မဖြစ်စလောက်တပ်ကလေးနဲ့နဲ့ကိုသာ အသုံးပြုပြီး ဗိုလ်မှူးချုပ်ကျော်ဇော ဟာ တရုတ်ဖြူတပ်များကို အောင်မြင်စွာ တိုက်ခိုက်ပြခဲ့ပါတယ်။ တရုတ်ဖြူ မောင်းထုတ်ရေး တိုက်ပွဲအတွင်းမှာ ဘုရင့်နောင်စစ်ဆင်ရေးရဲ့ ပိသုကာအဖြစ် ဗိုလ်မှူးချုပ်ကျော်ဇောရဲ့ နာမည်ပေါ်လွင်လာခဲ့ပါတယ်။ ဆုတ်ခွာသွားရတဲ့ တရုတ်ဖြူ တပ်တွေဟာ ထိုင်းနဲ့လာအိုနယ်မြေထဲ ဝင်သွားကြပါတယ်။

၅၀-၅၂ ခုနှစ်အတွင်း ကိုရီးယားစစ်ပွဲဂယက်ကြောင့် ဆန်ဈေး ကောင်းကောင်းရလိုက်တဲ့ ဖဆပလ အစိုးရဟာ ၅၃-၅၄ မှာ စပါးတွေ သိမ်းကျုံးဝယ်ထားတဲ့အတွက် ဂိုဒေါင်ရှိသမျှ ဆန်တွေ ပြည့်လျှံရုံမက

ထားစရာမရှိအောင် ဖြစ်လာပါတယ်။ ၅၂ ခုနှစ် ကိုရီးယားစစ်ပွဲ ပြီးသွားချိန်ကစပြီး ကမ္ဘာမှာ ဆန်ဈေးတွေ တရိပ်ရိပ်ကျလာတဲ့အတွက် မျက်လုံးပြူးစပြုလာပါတယ်။ ဆန်ရောင်းရငွေကျလာတဲ့အတွက် အရံနိုင်ငံခြား ငွေပမာဏဟာလည်း လျော့နဲလိုက်လာပါတယ်။ ၁၉၅၃ ဇွန်လက နိုင်ငံခြားငွေ (၁၂၆.၉) ကုဋေရှိရာက ၁၉၅၄ ဇန်နဝါရီမှာ (၉၆.၈) ကုဋေသာ ရှိပါတော့တယ်။

ဆိုရှယ်လစ်စကားကို ပြောနေဆဲဖြစ်တဲ့ ဖဆ–ဆိုရှယ် အစိုးရဟာ နိုင်ငံခြားသားပိုင် စီးပွားရေး လုပ်ငန်းကြီးတွေကို နိုင်ငံပိုင်ပြုရေး လုပ်နေရာကနေ အစိုးရနဲ့ ဖက်စပ်လုပ်ရေးတွေဆီ ခြေဦးလှည့်လာပါတယ်။ ၅၄ ခုနှစ်ထဲမှာ တလျှောက်လုံး ဗမာပြည်အပေါ်သွေးစုပ်လာခဲ့တဲ့ ဘီအိုစီ ရေနံကုမ္ပဏီနဲ့အစိုးရ ဖက်စပ်လုပ် ပါတယ်။ အစိုးရက (၅၁%)၊ အင်္ဂလိပ်က (၄၉%) ရှယ်ယာသတ်မှတ်ပြီး ဖက်စပ်လုပ်ပါတယ်။ မော်ချီးသတ္တု တွင်းနဲ့ အင်္ဂလိုဘားမား သံဖြူတွင်းတွေမှာလည်း ဖက်စပ်လုပ်ပါတယ်။ နမ္မတူ ဘော်တွင်းကိုတော့ ဘားမား ကော်ပိုရှင်းနဲ့ အစိုးရဟာ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာကတည်းက ဖက်စပ်လုပ်ထားပြီးဖြစ်ပါတယ်။ နိုင်ငံ ခြားအရင်းရှင်များနဲ့ အစိုးရဝေပုံကျ အကျိုးတူလုပ်ပြီး အခွင့်အရေးတွေပေးရပါတယ်။ ဦးဗဆွေက သတ္တုတွင်း တူးဖော်ရေးတွေကို ချုပ်ကိုင်ပါတယ်။ ထားဝယ်၊ မြိတ်နဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ သတ္တုတွင်းတွေရှိတဲ့ ဒေသတွေ မှာ လမ်းတွေကို ငွေသိန်းနဲ့ချီ အကုန်အကျခံဖောက်တဲ့ တာဝန်ကိုလည်းယူပါတယ်။

ပြည်တော်သာစီမံကိန်းအရ အင်ဂျင်နီယာကောလိပ်၊ စက်မှုလက်မှုသိပ္ပံကျောင်း၊ စိုက်ပျိုးရေး ကျောင်း၊ တိရိစ္ဆာန်ဆေးကုသရေးကျောင်းနဲ့ စက်ရုံ အလုပ်ရုံတွေ ထူထောင်တည်ဆောက်ပါတယ်။ လုပ်ပိုင် ခွင့်ရသူတွေ အဆင့်အသီးသီးမှာ လိမ်ညာခိုးဝှက်စားသောက်ခွင့် အခွင့်အရေးတွေရကြပြီး ‘ပြည်တော်သာ’ သွားကြပါတယ်။

စသုံးလုံးရဲ့ တရားဝင်ပေါ်ပေါက်လာတဲ့ အမှုအခင်းစာရင်းအရမှာပဲ (၁၆–၃–၅၂ နေ့ကနေ ၆–၈–၅၃) နေ့အတွင်း အကျင့်ပျက်အလွဲသုံးစားမှု အမှုကြီးပေါင်း (၁၁၆) မှု၊ ပါဝင်ပတ်သက်သူပေါင်း (၂၂၅) ဦး၊ ယိုဖိတ်ဆုံးရှုံးတန်ဖိုးငွေပေါင်း (၄၁၆၁၂၄၉၁၀၇၃) ကျပ်ရှိခဲ့ပြီးဖြစ်ပါတယ်။ တရားဝင်အမှုအခင်းအဖြစ် မပေါ်လာတာတွေ ဖုံးဖိထားကြတာတွေလည်း အများကြီးရှိခဲ့ပါတယ်။

၁၉၅၄ ခုနှစ် နှစ်ဆန်းပိုင်းမှာ ထူးထူးခြားခြား အဖြစ်အပျက်လို့ဆိုရမှာကတော့ ဗြိတိသျှ စစ်မစ်ရှင် အဖွဲ့ တရားဝင်ရုတ်သိမ်းသွားခြင်းဖြစ်ပါတယ်။ ဇန်နဝါရီလ (၃) ရက်နေ့မှာ ရုတ်သိမ်းသွားပါတယ်။ လက်ျာ ဖရီးမင်းစာချုပ်အရ ၁၉၅၁ ခုနှစ်မှာ ပထမအကြိမ်သက်တမ်းကုန်ဆုံးခဲ့ပြီး ဒုတိယသက်တမ်း ဆက်လက်တိုး ခဲ့ရာကနေ၊ ဒုတိယသက်တမ်းကုန်ဆုံးခါနီးမှာ မူလစာချုပ်အစား ‘စာချုပ်အသစ်’ ချုပ်ဆိုဖို့ မြန်မာနိုင်ငံ အစိုးရက အဆိုပြုချက်အသစ် တင်ပြခဲ့ပါသေးတယ်။ အဲဒီအဆိုပြုချက်ကို ဗြိတိသျှတို့ဘက်က လက်မခံပဲ လက်ျာ–ဖရီးမင်း စာချုပ် ဒုတိယသက်တမ်းကုန်ဆုံးပြီးချိန်မှာ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ကို ရုတ်သိမ်းသွားခြင်း ဖြစ်ပါတယ်။

ဗြိတိသျှစစ်မစ်ရှင် ဗမာပြည်က ရုတ်သိမ်းသွားပြီးတဲ့နောက် ဗြိတိသျှတို့ရဲ့ စစ်မစ်ရှင်နေရာမှာ အစားထိုးနေရာယူနိုင်ဖို့ အမေရိကန်တို့ခြေလှမ်းပြင်ခဲ့ကြပါတယ်။ ဗမာပြည်ကို ပထဝီနိုင်ငံရေးအရ အမေရိကန် တို့ရဲ့ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးသေနင်္ဗျူဟာအခင်းအကျင်းအရ အမေရိကန်တို့ မျက်စေ့ကျခဲ့ကြပါတယ်။ တဖက်က ကွန်မြူနစ် တရုတ်ပြည်ကို ခြိမ်းခြောက်ထားနိုင်ဖို့ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ်အန္တရာယ်ကို ကာကွယ်တားဆီးဖို့နဲ့ တဖက်က ထိုင်း၊ ဖိလစ်ပိုင်တို့မှာ ခြေချထားနိုင်တဲ့ အမေရိကန်စစ်စခန်းတည်ဆောက် ထားမှုများနဲ့ တဆက်တစပ်တည်းဖြစ်အောင် ဖန်တီးတည်ဆောက်လိုမှုကြောင့်ဖြစ်ပါတယ်။ ဗမာပြည်ကို သာ နားချသိမ်းသွင်းနိုင်မယ်ဆိုရင် အမေရိကန်တို့ရဲ့ အာရှဆိုင်ရာသေနင်္ဗျူဟာအခင်းအကျင်းဟာ ပိုမို ပြည့်စုံခိုင်ခန့်လာဖွယ်ရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

ဗမာပြည်နဲ့နယ်နိမိတ်ချင်း ရှည်လျားစွာဆက်စပ်နေတဲ့ တရုတ်ပြည်ကလည်း ဗမာပြည်ရဲ့အနေအထားကို အဆက်မပြတ် အကဲခတ်ကြည့်နေခဲ့ပါတယ်။ အမေရိကန်ရဲ့ခြေလှမ်းတွေကို ဂရုတစိုက် သတိထားကြည့်နေပြီး သူ့နိုင်ငံရဲ့လုံခြုံရေးအတွက် အလေးတင်းနေရချိန်ဖြစ်ပါတယ်။ တရုတ်နဲ့ အမေရိကန် ထိပ်ထိုက်ဆုံခဲ့ရတဲ့ ကိုရီးယားစစ်ပွဲကြီးပြီးတာ ပူပူနွေးနွေးပဲရှိသေးချိန်ဖြစ်ပါတယ်။ အမေရိကန်တွေရဲ့ စစ်သေနင်္ဗျူဟာ ရည်မှန်းချက်ထဲ ဗမာပြည်ကျရောက်မသွားရေးဟာ တရုတ်ပြည်အတွက် အရေးကြီးနေပါတယ်။

၁၉၅၄ ခု ဇွန်လထဲမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာကပြန်လာတဲ့ တရုတ်ပြည်ဝန်ကြီးချုပ် ချူအင်လိုင်းဟာ ဝန်ကြီးချုပ်ဦးနုရဲ့ ဖိတ်ကြားချက်အရ ရန်ကုန်မြို့ကို (၂) ရက်တာ ဝင်ရောက်ရပ်နားပါတယ်။ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်တွေကို ဆွေးနွေးကြပြီး သမိုင်းဝင် ကြေညာချက်တခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကတော့ "အတူတကွပူးတွဲနေထိုင်ရေးမူကြီး (၅) ချက်" ဆိုတာပါဝင်တဲ့ နှစ်နိုင်ငံ ပူးတွဲကြေညာချက်ဖြစ်ပါတယ်။ ဇွန်လ (၂၉) ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမူကြီး (၅) ချက်ဟာ နိုင်ငံတကာ့ဆက်ဆံရေးနယ်၊ နိုင်ငံတကာ့ နိုင်ငံရေးနယ်ပယ်မှာ နောင်ထင်ရှားပေါ်လွင်လာမယ့် အဓိကမူကြီး (၅) ချက်ဖြစ်ခဲ့ပါတယ်။ (၂၉-၄-၅၄) နေ့မှာ တရုတ်၊ အိန္ဒိယ သဘောတူညီချက်မှာလည်း မူကြီး (၅) ချက်ပါပါတယ်။) ချူအင်လိုင်းက ဗမာပြည်ကအပြန်မှာ ဝန်ကြီးချုပ်ဦးနုကို ပီကင်းမြို့သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ဖို့ ဖိတ်ကြားသွားခဲ့ပါတယ်။

၁၉၅၄ ခုနှစ်၊ အောက်တိုဘာလမှာ ဝန်ကြီးချုပ်ဦးနုက တရုတ် မြန်မာနယ်ခြားကို သွားရောက်လေ့လာစုံစမ်းဖို့ 'နယ်စပ်ဒေသတိုးတက်မှု စုံစမ်းရေးကော်မရှင်' ကို ဖွဲ့စည်းပေးပါတယ်။ ဗိုလ်မှူးကြီးစောမြင့်ကို ဦးဆောင်စေပြီး ပူတာအိုမြောက်ဖက် အိန္ဒိယ-မြန်မာ တရုတ်နယ်ခြားကစပြီး ကျိုင်းတုံနယ်၊ မဲခေါင်မြစ်နယ်ခြားအထိ သွားရောက်ပြီး နယ်နိမိတ်ပိုင်းခြားရေးဆိုင်ရာ အထောက်အထားတွေကို တတ်နိုင်သလောက် စုံစမ်းစုဆောင်းဖို့ တာဝန်ပေးပါတယ်။ အထူးတာဝန်ကတော့ 'ဝ'နယ်အတွင်း တရုတ်နီတပ်တွေရောက်နေတယ်ဆိုတဲ့ကိစ္စနဲ့ တရုတ်ပြည်က ထောက်ခံနေတဲ့ 'ဗကပ' တွေ တရုတ်ပြည်ကို သင်တန်းသွားတက်နေကြတယ်ဆိုတဲ့ကိစ္စ ဘယ်လောက်မှန်ကန်ကြောင်း စုံစမ်းလေ့လာဖို့ဖြစ်ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ပါတီချင်း ညီနောင်ပါတီချင်း ဆက်ဆံရေးရှိရုံမက ဗမာပြည်ကွန်မြူနစ်ပါတီက တရားဝင်စေလွှတ်သူတွေကိုလည်း တရားဝင်လက်ခံထားရှိတာဟာ ၁၉၅၀-၅၁ လောက်ကတည်းကဖြစ်ပါတယ်။ သခင်ဗသိန်းတင် ခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မီတီကိုယ်စားလှယ်အဖွဲ့အပါအဝင် သုံးသုတ်ခွဲပြီးရောက်ရှိလာကြတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက ရဲဘော်တွေဟာ တရုတ်ပြည်မှာ ရောက်ရှိနေကြပြီးဖြစ်ပါတယ်။ ၁၉၄၉ ခုနှစ်က ကရင့်တော်လှန်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ ကချင်အမျိုးသား ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ လက်နက်ကိုင်အင်အားစုဟာလည်း ဖဆပလ အစိုးရတပ်များနဲ့ ရင်ဆိုင်တိုက်ပွဲဆင်ရင်း နောက်ဆုံးမှာ အရေးနိမ့်ပြီး တရုတ်ပြည်ထဲဝင်ရောက်လာကြတဲ့အတွက် တရုတ်အစိုးရက လက်နက်တွေကို ဖြုတ်သိမ်းပြီး လက်ခံထားလိုက်ရပါတယ်။ အဲဒါကြောင့် ၁၉၅၀-၅၁ ထဲမှာကတည်းက တရုတ်ပြည်ထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီက အင်အားစုတစုနဲ့ ဗိုလ်နော်ဆိုင်းခေါင်းဆောင်တဲ့ အစိုးရဆန့်ကျင်ရေး အုပ်စုတစုဟာ ရှိနေခဲ့ပြီးဖြစ်ပါတယ်။ တရုတ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီက အစုကိုတော့ ညီနောင်ပါတီချင်းအဖြစ် သဘောထားဆက်ဆံပြီး၊ ဗိုလ်နော်ဆိုင်း အစုကိုတော့ အခြေအနေအရ တရုတ်ပြည်ထဲ ကျံ့ဝင်လာတဲ့ လူမျိုးရေးဆိုင်ရာ အမျိုးသားငယ် အစုတစုအဖြစ် သဘောထားပြီး လက်ခံထားပါတယ်။ တရုတ်ပြည်ကို ခြေကုတ်ယူပြီး ဗမာပြည်ဘက်ဝင်လှုပ်

ရှားမှာစိုးရိမ်တဲ့အတွက် ဗိုလ်နေဝင်းဆိုင်းအစုကိုလည်း နယ်စပ်ကနေတဆင့် တရုတ်ပြည်အတွင်းပိုင်းထဲအထိ တစတစ ရွှေ့ပြောင်းနေရာချထားပေးခဲ့တယ်။

တရုတ်ပြည်က အစိုးရချင်းဆက်ဆံရေးနဲ့ ပါတီချင်းဆက်ဆံရေးကိုခွဲခြားပြီး ကျင့်သုံးနေချိန်ကာလ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဆက်ဆံရေးကို ညီနောင်ပါတီချင်း ဆက်ဆံရေးအဖြစ် အရေးထား ဆက်ဆံနေသလို၊ ဝန်ကြီးချုပ်ဦးနု အစိုးရနဲ့ဆက်ဆံရေးကိုလည်း မိတ်ဝတ်မပျက် ဆက်ဆံရေးအဖြစ် မူကြီး (၅) ချက်ဘောင်အတွင်းကနေ အကောင်းဆုံးဆက်ဆံနိုင်အောင် ကြိုးပမ်းအားထုတ်နေချိန်ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ ဝန်ကြီးချုပ်ဦးနု ချစ်ကြည်ရေးခရီးအဖြစ် ပီကင်းကိုရောက်ပါတယ်။ တရုတ်ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ မော်စီတုန်း၊ ချူတေး၊ လျူရှောက်ချီ၊ ချူအင်လိုင်းတို့နဲ့ တွေ့ဆုံပါတယ်။ ဒီဇင်ဘာ (၁၂) ရက်နေ့မှာ နှစ်နိုင်ငံပူးတွဲ ကြေညာချက်ကိုထုတ်ပြန်ပြီး နှစ်နိုင်ငံ သဘောတူညီထားကြတဲ့ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူကြီး (၅) ချက်ကို ထပ်လောင်းဖော်ပြ အတည်ပြုခဲ့ကြပါတယ်။ ဒီမူကြီး (၅) ချက် အစဉ်ရှင်သန်နေဖို့ အလေးအနက်ထားရေး၊ ကောင်စစ်ဝန်ချုပ်များ အပြန်အလှန်ထားရေး အကျိုးတူကိစ္စများ ဆောင်ရွက်ဖလှယ်ရေး၊ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးရေးတွေအပြင် နယ်နိမိတ်ပြဿနာနဲ့ပတ်သက်ပြီး ချစ်ကြည်မှုကို အရင်းခံကာ သံတမန်နည်းလမ်းများနဲ့ ဖြေရှင်းရေးတွေ ပါဝင်ခဲ့ပါတယ်။ တရုတ်–ဗမာ နယ်နိမိတ်ပြဿနာဖြေရှင်းရေးအတွက် တရားဝင် တိတိကျကျ စတင်တဲ့ ပထမဆုံးခြေလှမ်းလို့ ပြောရမှာဖြစ်ပါတယ်။ ဦးနု တရုတ်ပြည် ခရီးထွက်ခါနီး ဝန်ကြီးအစည်းအဝေးတခုမှာ ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ တွေ့တဲ့အခါ တရုတ်–ဗမာ နယ်နိမိတ်သတ်မှတ်ရေးကိစ္စ ဆွေးနွေးခဲ့ဖို့ ဝန်ကြီးအားလုံးက ဦးနုကို ဝိုင်းပြီးမှာလိုက်ကြပြီးဖြစ်ပါတယ်။ ဦးနုရဲ့ တရုတ်ပြည်ချစ်ကြည်ရေးခရီးဟာ မူကြီး (၅) ချက်ကို ထပ်လောင်းဖော်ထုတ်အတည်ပြုတဲ့ခရီးဖြစ်သလို၊ တရုတ်–ဗမာ နယ်နိမိတ်သတ်မှတ်ရေးအတွက် အောင်အောင်မြင်မြင် စတင်နိုင်ခဲ့တဲ့ခရီးလို့ ပြောနိုင်ရုံမက တရုတ်–အမေရိကန် ချစ်ကြည်ရေးတရားကိုပါ ပြောဖြစ်အောင်ပြောခဲ့ပါသေးတယ်။

ဒီခရီးဟာ ဦးနုအတွက် ပြည်ပနဲ့ပတ်သက်ပြီး အောင်မြင်တဲ့ခရီးတခုလို့ ဆိုရမှာဖြစ်ပေမယ့်၊ ချစ်ကြည်ရေးလမ်းကြောင်းဖွင့်နိုင်ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပေမယ့်၊ ပြည်တွင်းနဲ့ပတ်သက်လို့ကတော့ ဦးကျော်ငြိမ်းနဲ့ အမုန်းသံသယ စခဲ့ရတဲ့ ခရီးသဖွယ်လည်းဖြစ်ခဲ့ပါတယ်။ အကြောင်းက ဦးနုနဲ့ ဦးကျော်ငြိမ်း 'ဆန်ကိစ္စ' မကြေမနပ် ပြဿနာပေါ်ခဲ့ရတာလည်း ဒီခရီးအတွင်းမှာ ဖြစ်ပါတယ်။

ဒီခရီးအတွင်းမှာ ဝန်ကြီးချုပ်ဦးနုက ချူအင်လိုင်းနဲ့တွေ့တဲ့အခါ ဗမာပြည် ဂိုဒေါင်တွေအတွင်း စုပုံထားရတဲ့ ဆန်ဟောင်းတွေကို ရောင်းထုတ်ချင်လို့ ဆန်ဟောင်းရောင်းရေး ဆွေးနွေးခဲ့ပါတယ်။ ဝန်ကြီးချုပ် ချူအင်လိုင်းက ဝယ်မယ်လို့ ကတိပေးလိုက်တဲ့အတွက် ဦးနုက ဗမာပြည်ကို ဆန်ဟောင်းတန်ချိန် ဘယ်လောက်ရှိနေတာ၊ ဘာဆန်တွေရှိနေတယ်ဆိုတာ လှမ်းမေးခဲ့ပါတယ်။ ဗမာပြည်က ပြန်လည်ဖြေကြားခဲ့ခြင်း မရှိလို့ဆိုပါတယ်။ အဲဒီလိုမေးမြန်းတာကို ဦးကျော်ငြိမ်းကလည်း 'မသိ' လို့ဆိုပါတယ်။ အဲဒီ ဆန်ကိစ္စနဲ့ပတ်သက်ပြီး ဦးနုက ဦးကျော်ငြိမ်း အပေါ် သံသယ စခဲ့တယ်လို့ဆိုပါတယ်။ ဘာလို့လဲဆိုတော့ ပီကင်းကနေ ရန်ကုန်ကို ဦးနု သံကြိုးရိုက်ပြီး ဆန်ကိစ္စမေးတဲ့နေ့မှာပဲ ဦးကျော်ငြိမ်းခေါင်းဆောင်တဲ့ 'ဆန်ဆပ်ကော်မီတီ'က ဆန်ဟောင်းတွေရောင်းပစ်လိုက်တဲ့အတွက် ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဦးနု လာအောင်အထိမစောင့်ဘဲ ဘာမှ ပြန်လည်ဖြေကြားခြင်းမပြုဘဲ တက်သုတ်ရိုက် ရောင်းပစ်လိုက်တဲ့အတွက်ကြောင့် ဦးနု က သံသယ စဝင်ခဲ့တာလို့ဆိုပါတယ်။ ဦးနုက –

(၁) ဦးကျော်ငြိမ်းဟာ ဆန်ကက်ဘိနက် အစည်းအဝေးကို ဦးနု မရှိရင် တက်လေ့မရှိဘဲ၊ အခု အစည်းအဝေးကျမှ တက်ခြင်း။

(၂) ဦးနုက သံကြိုးရိုက်မေးပြီးနောက် ဆန်ရောင်းဖို့ဆုံးဖြတ်တဲ့အခါ အတွင်းဝန် ဦးဘစန်း က ဦးနုဆီ အကြောင်းကြားဖို့ သတိပေးတင်ပြတာကို ဦးကျော်ငြိမ်းက ငြင်းပယ်ခဲ့ခြင်း။

(၃) ဆန်ကုန်သည်တွေ မွေးထားတဲ့ အရာရှိတွေကတဆင့် တရုတ်နိုင်ငံကို ဆန်ရောင်းတော့မယ့် ကိစ္စ ဆန်ကုန်သည်တွေ သိသွားပြီး ဆန်ဝယ်ဖို့ အလောတကြီး တင်ဒါသွင်း လုပ်ကိုင်သွားတယ်လို့ ယူဆခြင်းနဲ့

(၄) ဝန်ကြီးချုပ် ကိုယ်တိုင်သတ်မှတ်ထားတဲ့ အာမခံငွေကို ဝန်ကြီးချုပ် မသိဘဲ လျှော့ပေးဆောင်ရွက်ခဲ့ခြင်းတွေကြောင့် သံသယဝင်ခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

ဦးကျော်ငြိမ်း ခေါင်းဆောင်ပြီး ဆန်ကက်ဘိနက်ကော်မီတီက ပင်လုံဒေါ်နုယဉ်နဲ့ ပင်လုံ ဒေါ်ကြည်ကြည်ကို ဆန်ပေါင်းတန်နှစ်သိန်းရောင်းချပေးခဲ့ပါတယ်။ အာမခံငွေ (၅%) သတ်မှတ်ထားတာကို (၂½%) နဲ့လျှော့ချပြီး ရောင်းပေးခဲ့ပါတယ်။

တရုတ်ပြည်ခရီးက ဦးနု ပြန်ရောက်တဲ့အခါ ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ ဆန်ကိစ္စကတိပျက်ရတဲ့ အတွက်ကြောင့်ရော သံသယကြောင့်ပါ ဦးနု တော်တော်ဒေါပွခဲ့ပါတယ်။ အဲဒီမကြေနပ်ခဲ့မှု မျိုးစေ့ဟာ ဦးနုနဲ့ ဦးကျော်ငြိမ်းကြား စတင်ခဲ့ပြီး နောင် ဖဆပလ အကွဲအပြဲတွေဆီအထိ ဦးတည်သွားခဲ့တယ်လို့တောင် ဆိုကြပါတယ်။ ဦးနုနဲ့ ဦးကျော်ငြိမ်းကြား နှစ်ကိုယ့်တစိတ် လုပ်ခဲ့ကြရာကနေ မညီညွတ်မှုစတင်ခဲ့ပြီး ပြိုကွဲမှုဆီ ရှေ့ရှုရာမှာ ဒီဆန်ကိစ္စဟာ အချက်တချက်အဖြစ် ပါဝင်ခဲ့ပါတယ်။

၁၉၅၄ ခုနှစ်ကုန်အထိ အခြေအနေကို ချုပ်ကြည့်မယ်ဆိုရင်တော့ ပြည်တွင်းစစ်ကြီး တဟုန်းဟုန်း တောင်လောင်နေဆဲဖြစ်တာကိုတွေ့ရပါမယ်။ ပြည်တွင်းစစ်ကိုအကြောင်းပြုပြီး စစ်တပ်ကြီး ဆက်လက်တိုးချဲ့နေတာတွေ့ရပါတယ်။ ချောက်မြို့မှာ အမှတ် (၁၀) ခြေလျင်တပ်မဟာဌာနချုပ် အသစ်တခုဖွဲ့စည်းပြီး အမှတ် (၁၀၅) (၁၀၆) (၁၀၇) ခြေမြန်တပ်ရင်း (၃) ရင်း ထပ်မံဖွဲ့စည်းပါတယ်။ ပြည်ပရန်ကာကွယ်ရေးနဲ့ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးအတွက်ဆိုပြီး စပစ်ဖိုင်းယား တိုက်လေယာဉ်အသစ်တွေ အစ္စရေးနိုင်ငံကနေ ဝယ်ယူခဲ့ပါတယ်။ အစ္စရေးနိုင်ငံကို စစ်ဖက်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်လေ့လာစေသလို စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအတွက် သင်တန်းပို့လွှတ်တာတွေလည်းလုပ်ခဲ့ပါတယ်။ ၅၄ ခုနှစ်တပ်မှူးများ ညီလာခံကစပြီး ကြည်း သာမက (ရေ) (လေ) တပ်မှူးများပါ တက်ရောက်ခွင့်ပြုပြီး ကြည်း၊ ရေ၊ လေ တပ်မတော်တစုတစည်းတည်းဖြစ်ရေး အားထုတ်ပြင်ဆင်လာတာ တွေ့ရပါတယ်။

ကေတီအေ စီမံကိန်း ရေးဆွဲသူတွေက ၁၉၅၄ ခုနှစ်မှာ ပြည်တွင်းသောင်းကျန်းမှုအားလုံး ချုပ်ငြိမ်းသွားလိမ့်မယ်လို့ ခန့်မှန်းပြီးရေးဆွဲခဲ့ကြသလို၊ အာဏာရ ဖဆဆိုရှယ်အစိုးရကိုယ်တိုင် အပြုတ်တိုက်ရေး ကြွေးကြော်ပြီး (၅၄) ခုနှစ်မှာ ပြည်တွင်းသောင်းကျန်းသူအားလုံး ချုပ်ငြိမ်းသွားဖို့ စစ်ရေးနည်းနဲ့ အစွမ်းကုန်တိုက်ခိုက်ကြိုးစားခဲ့ပေမယ့် (၅၄) ခုနှစ်အကုန်မှာ ပြည်တွင်းစစ်ကြီးကတော့ ဆက်လက်တောက်လောင်နေဆဲဖြစ်ပါတယ်။ အပြုတ်တိုက်ရေးနည်းနဲ့ ပြည်တွင်းစစ်ကို ဘယ်လိုမှ ချုပ်ငြိမ်းအောင်လုပ်လို့မရနိုင်ကြောင်း သာဓကထူပြသလို ရှိခဲ့ပါတယ်။ ဒါပေမယ့် ဖဆဆိုရှယ်များဟာ အပြုတ်တိုက်ရေးကိုပဲ ဆက်လက်ကိုင်စွဲထားကြသလို တပ်မတော်ကလည်း သောင်းကျန်းသူချေမှုန်းရေးဆိုတာကိုသာ သဲကြီးမဲကြီးဆင်နွှဲခဲ့ပါတယ်။ ကရင်ပြည်နယ်မှာ သိန္နီ စစ်ဆင်ရေးဆိုတာ ဆင်နွှဲနေခဲ့ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုနဲ့ အလံနီများရှိရာ ပခုက္ကူခရိုင်ကို အထူးခြေလျင်တပ်ရင်းများနဲ့ စစ်ဆင်ရေးတွေလုပ်ခဲ့ပါတယ်။

ပြည်ပကျူးကျော်သူဖြစ်တဲ့ တရုတ်ဖြူပြဿနာကလည်း ဆက်လက်ကြီးထွားနေဆဲဖြစ်ပြီး၊ စက်တင်ဘာ (၁၄) ရက်နေ့က (၂၁) ရက်အတွင်း တပ်သား (၅၀၀၀) ထွက်ပေးရန် လေးနိုင်ငံကော်မီတီကို

တင်ပြခဲ့ပေမယ့် တရုတ်ဖြူများက မထေမဲ့မြင်လုပ်နေခဲ့တဲ့အတွက် နောက်ဆုံးမှာ ဗိုလ်မှူးချုပ် ကျော်ဇောခေါင်းဆောင်တဲ့ ဘုရင့်နောင်စစ်ဆင်ရေးကြီးနဲ့ မောင်းထုတ်ရပါတယ်။ ဘုရင့်နောင် စစ်ဆင်ရေးကြီးဟာ အောင်မြင်တဲ့ စစ်ဆင်ရေးကြီးဖြစ်ပေမယ့် ဆုတ်ခွာသွားရတဲ့ တရုတ်ဖြူတွေဟာ လောနဲ့ထိုင်း နယ်စပ်တွေထဲ ယာယီဝင်ပြေးသွားခြင်းသာဖြစ်ပါတယ်။ ယာယီဆုတ်ပေးရခြင်းအဖြစ်ပဲ သဘောထားပါတယ်။ စက်တင်ဘာ (၁၇) ရက်နေ့မှာ မြန်မာကိုယ်စားလှယ်အဖွဲ့ ရုတ်သိမ်းထွက်ခွါခဲ့ပေမယ့် နောက်ပိုင်းမှာ ပြန်ပြီး ဘန်ကောက်ဆွေးနွေးပွဲမှာ မျက်နှာချင်းဆိုင်ကြပြန်ပါတယ်။ ဆွေးနွေးကြပြန်ပါတယ်။ တရုတ်ဖြူ ကျူးကျော်မှုပြဿနာဟာ (၅၄) ခုနှစ်ကုန်အထိလည်း ကြီးမားမြဲ ကြီးမားနေဆဲဖြစ်ပါတယ်။

ဝန်ကြီးချုပ် ဦးနု ရဲ့ ပြည်တော်သာစီမံကိန်းကြီးဟာလည်း မိုးတလုံး လေတလုံး ဆက်လက်ကြွေးကြော်နေဆဲဖြစ်ပါတယ်။ ပြည်သူတွေအဖို့ ပြည်တော်မသာရပေမယ့် ဖဆဆိုရှယ်တွေနဲ့ ကန်ထရိုက် ကုန်သည်အမြတ်ကြီးစားတွေ အဖို့တော့ ပြည်တော်သာခဲ့ကြပါတယ်။ စားစရာ ဝါးစရာ ဘုန်းစရာ မဟာ အခွင့်အရေးကြီးတွေနဲ့ ပွဲတော်ကြီးသဖွယ်ဖြစ်ခဲ့ပါတယ်။ ဖဆဆိုရှယ် ထိပ်သီးကြီးတွေအချင်းချင်း အုပ်စုဖွဲ့ အင်အားပြိုင်ပြီး တယောက်တပေါက် ထင်ရာလုပ်စရာ အခွင့်အရေးအပြည့်အဝရရှိခဲ့ကြပြီး တိုင်းပြည်ရဲ့ ဘဏ္ဍာငွေကြေးတွေ နေ့စဉ်ဆုံးရှုံးနစ်နာနေခဲ့ရပါတယ်။

စီမံကိန်းဆွဲပေးသူက ကေတီအေ အမေရိကန်၊ ဟန်တလုံး ပန်တလုံး ကြွေးကြော်ပြီး ထင်သလိုအကောင်အထည်ဖော်ကြသူတွေက အာဏာရ ဖဆဆိုရှယ်လစ် ထိပ်သီးကြီးများ၊ သူတို့ရဲ့ တပည့်လက်သားတွေက သူခိုးဓားပြ အခွင့်အရေးသမားတွေ အများစုကြီးဆိုတော့ ဒီမင်း ဒီစိုး ဒီသူခိုးနဲ့ ဒီမိုး ဒီလေ ဒီလူတွေဖြစ်ခဲ့ကြပါတယ်။

(၅၄) ခုနှစ်မှာ ဦးနုရဲ့ အစွမ်းဆောင်နိုင်ဆုံး လူသူလေးစားစရာ အချက်အလက်ကို ပြပါဆိုရင်တော့ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့တွဲပြီး လက်မှတ်ထိုးနိုင်ခဲ့တဲ့ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူကြီး (၅)ချက်နဲ့ တရုတ်–ဗမာ နယ်နိမိတ်ကိစ္စ စတင်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီဇင်ဘာ (၂၈ နဲ့ ၂၉) မှာ အင်ဒိုနီးရှားနိုင်ငံ 'ဘိုဂေါ' မှာကျင်းပတဲ့ ကိုလံဘို ငါးနိုင်ငံ အစည်းအဝေးကိုတက်ခဲ့ပြီး အာရှ–အာဖရိက ညီလာခံတခုကျင်းပဖို့ ပြင်ဆင် နိုင်ခဲ့ပါတယ်။

## ၁၉၅၅၊ ဖဆပလ၊ ဗကပ၊ ပမညတ နဲ့ မြန်မာနိုင်ငံတော်

၁၉၅၃–၅၄ ခုနှစ်ကတည်းက ဆန်ဈေးတွေထိုးကျလာတဲ့အတွက် ဗမာပြည်ရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်ပို့ကုန်တန်ဖိုးဟာလည်း တနှစ်ထက်တနှစ် လျော့ကျလာပါတယ်။ ၅၂–၅၃ တုန်းက ဆန်ပို့ကုန် တန်ဖိုး (၁၀၁.၉) ကုဋေရှိရာက ၅၃–၅၄ မှာ (၈၁.၁) ကုဋေထိ ထိုးကျသွားပါတယ်။ ၅၄–၅၅ ရောက်တော့ (၈၀) ကုဋေ သာရှိပါတော့တယ်။ ဆန်ရောင်းရငွေ တနေ့တခြားလျော့လာသလို နိုင်ငံခြားအရံငွေပမာဏဟာလည်း ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီတုန်းက (၉၆.၈၁) ကုဋေရှိရာက ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ ရောက်တော့ (၅၃.၃၂) ကုဋေသာ ကျန်ပါတော့တယ်။

ဆန်ဈေးကို တတန်ပေါင် (၅၀) အောက် မကျနိုင်လို့ ခန့်မှန်းပြီး ဆန်ရောင်းရငွေပေါ် အခြေခံတွက်ချက်ရင်း ဗမာပြည်လက်တွေ့အခြေအနေတွေနဲ့ အပ်စပ်ဆီလျော်ခြင်းမရှိစွာ ထင်သလိုရေးဆွဲပေးထားတဲ့ ကေတီအေ စီမံကိန်းကြီးဟာလည်း တနေ့တခြားလက်ညှိုးထိုး ရှုတ်ချစရာဖြစ်လာခဲ့ပါတယ်။

လက်တွေ့နဲ့လည်း မဟပ်မိ၊ ငွေကလည်း ပြတ်လာတဲ့အတွက် ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ကေတီအေ စီမံကိန်းကို ရပ်ဆိုင်းပစ်လိုက်ရပါတော့တယ်။ ဗမာပြည်မှာ ကေတီအေ စီမံကိန်း နိဋ္ဌိတံသွားရပါတော့တယ်။

အမေရိကန် ပါရဂူကြီးတွေ ရေးဆွဲတင်ပြတဲ့ ကေတီအေ စီးပွားရေးစီမံကိန်းတွေ နိတိဋ္ဌံသွားရပေမယ့် အမေရိကန် စီအိုင်အေ နောက်ခံပြု ကေအမ်တီ ကျူးကျော်မှုကြီးကတော့ အဆုံးမသတ်နိုင်သေးတဲ့အတွက် ၁၉၅၅ ခုနှစ်၊ မတ်လထဲမှာပဲ ဗိုလ်မှူးချုပ်ကျော်ဇော ခေါင်းဆောင်ပြီး ရန်ကြီးအောင်စစ်ဆင်ရေးကြီး ဆင်နွှဲရပြန်ပါတယ်။ ၁၉၅၄ ခုနှစ်၊ မတ်လ ကစပြီး ဘုရင့်နောင်စစ်ဆင်ရေးကြီး ဆင်နွှဲခဲ့ရသလို ၁၉၅၅ ခုနှစ်၊ မတ်လကစပြီး ရန်ကြီးအောင်စစ်ဆင်ရေးကြီး ဆင်နွှဲရပြန်တာဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော ဟာ ဒီစစ်ဆင်ရေးကြီးတွေကို ဆင်နွှဲဖို့ မဖြစ်စလောက်တပ်လေးတွေကိုသာ ထုတ်နှုတ်ယူခွင့်ရပြီး၊ သတင်းစာ စာနယ်ဇင်းတွေက တဆင့် တပ်ကြီးတွေ အလုံးအရင်းနဲ့ စစ်ဆင်ရေးထွက်ရလေဟန် စစ်ပရိယာယ်အဖုံဖုံ ကျင့်သုံးပြီး၊ ကိုယ်တိုင်ရှေ့တန်းထွက် တိုက်ခိုက်ဦးစီးခဲ့ရတာဖြစ်ပါတယ်။ တိုးတက်ဖွဲ့စည်းထားတဲ့ တပ်အများစုကြီးကို တိုင်းရင်းသားအချင်းချင်းတိုက်ခိုက်ရတဲ့ ပြည်တွင်းစစ်ကြီးအတွင်းမှာပဲ ပုံအောအသုံးပြု တိုက်ခိုက်စေခဲ့ကြတာဖြစ်ပါတယ်။ ပြည်ပအန္တရာယ် အပြတ်တိုက်ခိုက်ရေး ပြည်ပကျူးကျော်သူကို အပြတ်မောင်းထုတ်ရေးထက် ပြည်တွင်းလက်နက်ကိုင် အင်အားစုတွေအပေါ် အပြုတ်တိုက်ရေးကိုသာ ဖဆဆိုရှယ်အစိုးရက ဇောင်းပေးခဲ့ပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဇောရဲ့ ရှုပ်ရှုပ်ချုံချုံ ဦးစီးတိုက်ခိုက်မှုကြောင့် လေးနိုင်ငံအစည်းအဝေး ဆွေးနွေးပွဲတွေ အကြောင်းပြုပြီး ၅၄/၅၅ ခုနှစ်အတွင်း တရုတ်ဖြူကျူးကျော်ရေးသမား (၇၀၀၀) လောက် ထွက်ခွာသွားခဲ့ကြပါတယ်။ ဒါလဲ အိုမင်းမစွမ်း ဒဏ်ရာရသူတွေ ခွင့်ပြန်တွေနဲ့ မိသားစုဝင်တွေပါ ရောနှောစာရင်းပြ ထွက်ခွာသွားကြတာလို့ဆိုပါတယ်။ အရေးနိမ့်သွားကြတဲ့ တရုတ်ဖြူများဟာ လောနဲ့ထိုင်း ဘက်ကို ဆုတ်ခွာသွားကြပြီး ပြန်လည်ခြေကုတ်ယူဖို့ ပြင်မြဲပြင်ခဲ့ကြပါတယ်။ ဗမာပြည်ထဲကနေ အပြီးအပိုင် အေးအေးဆေးဆေး ထွက်ခွာသွားရေး သဘောထား ဘယ်တုန်းကမှ မရှိခဲ့ကြလို့ဆိုပါတယ်။ အမေရိကန်ဟာ ဥရောပမှာ နေတိုးစစ်စာချုပ် အဖွဲ့ဖွဲ့ပြီး အကောင်အထည်ဖော်ခဲ့သလို အရှေ့တောင်အာရှကိုလည်း ဆီးတိုးဖွဲ့ပြီး ဗမာပြည်ကိုကျူးသွင်းနိုင်ဖို့ ကြိုးစားနေချိန်ဖြစ်ပါတယ်။ တရုတ်ဖြူကိုကိုင်ပြီး ဗမာပြည်ကို ဖိအားပေးချင်တဲ့ ရည်ရွယ်ချက်လည်းရှိတယ်လို့ နိုင်ငံရေးသုံးသပ်သူတွေ တိုးတက်တဲ့ အင်အားစုတွေက မြင်ခဲ့ကြပါတယ်။

တရုတ်ပြည်ကလည်း ဗမာပြည် အမေရိကန်တို့ရဲ့ စစ်အုပ်စု ဖွဲ့စည်းရေးထဲ ရောက်မသွားရေးဟာ အင်မတန်အရေးကြီးတဲ့ ပြဿနာအဖြစ် ရှုမြင်ထားပါတယ်။ ထိုင်း၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ပါကစ္စတန်တို့ဟာ အမေရိကန်ရဲ့ ဆီးတိုးစစ်အုပ်စုဝင်တွေဖြစ်လာကြပါတယ်။ ပြင်သစ်နယ်ချဲ့သမားတွေ ဆုတ်ခွာသွားရတဲ့ အင်ဒိုချိုင်းနားဒေသကိုလည်း အမေရိကန်တွေ အသွင်အမျိုးမျိုးနဲ့ နေရာယူနိုင်ဖို့ စတင် ပါဝင်ပတ်သက်လာခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ နယ်ချဲ့သမားကြောင့် နှစ်ခြမ်းကွဲခဲ့ရတဲ့ နိုင်ငံတွေထဲမှာ အာရှက ကိုးရီးယား နဲ့ ဗီယက်နမ်တို့ဟာ အထင်အရှားဆုံးသာဓကတွေဖြစ်ခဲ့ပါတယ်။ ကိုးရီးယားစစ်ပွဲမှာ အမေရိကန် ပါဝင်ပတ်သက်ခဲ့သလို ဗီယက်နမ်မှာလည်း ပြင်သစ်တွေဆုတ်ခွာအပြီး အမေရိကန်တွေ ပါဝင်ပတ်သက်လာခဲ့ပါတယ်။ တောင်ဗီယက်နမ်မှာ ခြေရှုတ်လာခဲ့ကြပါတယ်။ ကွန်မြူနစ်ပါတီ ဦးဆောင်အာဏာရထားတဲ့ မြောက်ဗီယက်နမ်ကို ဖြိုခွင်းပစ်ရေးအတွက် တောင်ဗီယက်နမ်ဘက်ကနေ အမေရိကန်တွေ ပါဝင်ကူညီစွက်ဖက်လာခဲ့ကြပါတယ်။ လောနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေထဲလည်း အမေရိကန်တို့ရဲ့ စစ်ရေး စွက်ဖက်မှုခြေလှမ်းတွေ သိသိသာသာ ဖြစ်ပေါ်လာနေပါတယ်။ ထိုင်ဝမ်ကို အမေရိကန် ထီးရိပ်အောက်မှာ ဆွဲသွင်းထားပြီး၊ တိုင်ဝမ်ရဲ့ တရုတ်ဖြူလက်နက်ကိုင်တပ်တွေကို ဗမာ၊ လော၊ ထိုင်းနယ်စပ်တလျှောက်မှာ နေရာရယူ

လှုပ်ရှားနေစေခြင်းအားဖြင့် အမေရိကန်တို့ရဲ့ အာရှဆိုင်ရာ စစ်ရေးရည်မှန်းချက်တွေအတွက် အမေရိကန် စစ်တပ်ကြီး တတပ်ချထားပေးထားသလို အသုံးဝင်နေခဲ့ပါတယ်။ ထိုင်းနိုင်ငံကိုလည်း 'ဆီတိုး' ထဲ တရားဝင် ဆွဲသွင်းပြီးတဲ့အခါ တရုတ်ဖြူ ကူမင်တန်တပ်များအဖို့ ခြေကုတ်ယူစရာ အပိုင်နေရာ တခုရှိပြီးဖြစ်တဲ့အပြင် ဗမာ၊ လော၊ ထိုင်းနယ်စပ်တလျှောက် စစ်ရေးလှုပ်ရှားစရာ 'ဂွင်' ကျယ်လာခဲ့ပါတယ်။ ဗမာပြည်ဘက်က တိုက်ထုတ်ခံရတဲ့အခါ ထိုင်းနဲ့ လောထဲ ဆုတ်ပေးပြီး အခြေစိုက်တည်ရှိနိုင်ခွင့်ရနေသလို အခြေအနေကောင်း လာတဲ့အခါ ဗမာပြည်ထဲ ပြန်ဝင်ရောက်လာနိုင်ခွင့်လည်း လွယ်ကူနေခဲ့ပါတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ တရုတ်ဖြူကျူးကျော်သူများ ပြဿနာဟာ အပြီးအပြတ် ဖြေရှင်းလို့မရတဲ့ ပြဿနာတခုလိုဖြစ်နေခဲ့ပါတယ်။ အမေရိ ကန်တို့ရဲ့ အာရှဆိုင်ရာပေါ်လစီတွေနဲ့ တိုက်ရိုက်ပတ်သက်နေခဲ့ပါတယ်။ ဗမာပြည် အာဏာရ ဖဆ–ဆိုရှယ် များကလည်း 'နယ်ချဲ့ အန္တရာယ်ထက် ကွန်မြူနစ်အန္တရာယ်က ပိုကြောက်စရာကောင်း တယ်' လို့ ခံယူချမှတ် ကိုင်စွဲထားကြတော့ တရုတ်ဖြူကျူးကျော်သူများ မောင်းထုတ်ပစ်ရေးဟာ အဓိက အရေးကြီးတာဝန်မဟုတ်သလို ဖြစ်နေခဲ့ပါတယ်။ အမေရိကန်နယ်ချဲ့ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ကွန်မြူနစ် အန္တရာယ်တားဆီးကာ ကွယ်ရေးရပ်တည်ချက်နဲ့ ဗမာပြည်ဆိုရှယ်လစ်များရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ကွန်မြူနစ်တွေကို အပြုတ်တိုက်ရေး သဘောထားရပ်တည်ချက်ဟာ အကျိုးစီးပွားတူပေါ်မှာ ခြေစုံရပ်မှုချင်း တူနေခဲ့ကြပါတယ်။ တရုတ်ဖြူကျူးကျော်ခံရမှုပြဿနာဟာ ရင်နာစရာကောင်းတဲ့ အမျိုးသားရေးပြဿနာ ကြီးဖြစ်နေတာတောင်၊ ဖုံးဖုံးဖိဖိလုပ်ထားပြီး အမေရိကန်ဆန့်ကျင်ရေးကို တခွန်းတပါဒမှ ဆန့်ကျင်ပြော ကြားခြင်းမလုပ်ခဲ့ကြပါ။ ဆိုရှယ်လစ်ထိပ်သီးကြီး ဦးကျော်ငြိမ်းက "စစ်မှန်တဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးသမား ကောင်းတယောက်ဟာ စစ်မှန်တဲ့ အမျိုးသားရေးဝါဒီဖြစ်တယ်" ဆိုတဲ့ ဖောက်ပြန်တဲ့အယူအဆကို ကိုင်စွဲ ထားသလို ဦးဗဆွေရဲ့ နိုင်ငံရေးကလည်း ကွန်မြူနစ်တိုက်ရေးသာ အဓိကဖြစ်ခဲ့ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ဗမာပြည်မှာ "ကွန်မြူနစ်ပါတီကျဆုံးလျှင် ဆိုရှယ်လစ်ပါတီ အလိုလိုတက်လာလိမ့်မည်" ဆိုတဲ့ အယူအဆ ကိုသာ လက်ကိုင်ပြုထားခဲ့ကြပါတယ်။

ဝန်ကြီးချုပ်ဦးနုကတော့ တရုတ်နဲ့တွေ့ရင် အမေရိကန်တွေ မဆိုးကြောင်းပြော၊ အမေရိကန်နဲ့တွေ့ ရင် တရုတ်တွေမဆိုးကြောင်းပြောပြီး အမေရိကန်ချစ်ကြည်ရေးရော တရုတ်ချစ်ကြည်ရေးပါ ပြိုင်တူလုပ်ပြီး သူ့ရဲ့ ရှေ့ပြည်အေးအယူအဆကို လက်တွေ့ကျင့်သုံးနိုင်ဖို့ ပြင်ဆင်နေခဲ့ပါတယ်။

၁၉၅၅ ခုနှစ်၊ ဧပြီလမှာ ဘန်ဒေါင်းညီလာခံကျင်းပပါတယ်။ အာရှ အာဖရိက နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ရောက်ကြပါတယ်။ ဝန်ကြီးချုပ်ဦးနုလည်း တက်ရောက်သလို တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းလည်း တက်ရောက်ပါတယ်။ အိန္ဒိယက နေရူး၊ အင်ဒိုနီးရှားက ဆူကာနို၊ ကမ္ဘောဒီးယားက သီဟာနု တို့တွေလည်း တက်ရောက်ကြပါတယ်။

နောင် ပေါ်ထွက်လာတဲ့ ဘန်ဒေါင်းမူကြီး (၁၀) ချက်ဆိုတာ၊ နေရူး၊ ချူအင်လိုင်းနဲ့ ဦးနုတို့ ကြေညာ ခဲ့ကြတဲ့ "ငြိမ်းချမ်းစွာ အတူတကွ ပူးတွဲနေထိုင်ရေးမူကြီး (၅) ချက်" အခြေခံပေါ်က ထပ်လောင်းမွမ်းမံထား တာသာဖြစ်ပါတယ်။ "ဘန်ဒေါင်းမူကြီး (၁၀) ချက်" မှာ ဗမာပြည်က ဝန်ကြီးချုပ် ဦးနု ရဲ့ အခန်းကဏ္ဍလည်း ထင်ထင်ရှားရှား ပါဝင်ခဲ့ပါတယ်။ တရုတ်ပြည်ရဲ့ အရောင်တင်ပေးချက်နဲ့ ဦးနု အရောင်ထွက်လာခဲ့တာလို့ လည်း နိုင်ငံရေးအကဲခတ်များက ဆိုစမှတ်ပြုခဲ့ကြပါတယ်။ နိုင်ငံတကာ့ဆက်ဆံရေးနယ်ပယ်မှာ ဦးနု ဂုဏ် တက်ခဲ့တဲ့နှစ်ဟာ ၁၉၅၅ ခုနှစ်က စတယ်လို့တောင် ပြောရမှာဖြစ်ပါတယ်။

နိုင်ငံတကာမှာ ဦးနု ဂုဏ်တက်ပေမယ့် ပြည်တွင်းမှာတော့ ဦးနု ဂုဏ်ပျက်စရာတွေ ဖြစ်ပေါ်လာပါ တယ်။ မိုးတလုံး လေတလုံးဟစ်ပြီး ဦးနု ကိုယ်တိုင် စကားလုံးလှလှ ရွေးပြီးကြွေးကြော်စီမံ အကောင်အထည်

ဖော်လိုက်တဲ့ 'ပြည်တော်သာစီမံကိန်း' ကြီးကတော့ (၅၅) ခုနှစ်အတွင်းမှာပဲ ခါးကျိုးသွားပါတယ်။ အရင်းက လဲတော့ အဖျားထင်းဖြစ်သလို (၅၅) ခုနှစ်၊ ဇန်နဝါရီမှာ 'ကေတီအေ' စီမံကိန်းရပ်ဆိုင်းလိုက်ရပြီးတဲ့နောက် ပြည်တော်သာစီမံကိန်းကြီးဟာလည်း ရေစုံမျောစပြုခဲ့ရပါတော့တယ်။ ပြည်တော်သာစီမံကိန်းကြီး ဘာကြောင့် ပျက်ရသလဲဆိုတာ အဖြေရှာကြည့်မယ်ဆိုရင် တိုင်းပြည်ရဲ့ လက်တွေ့အခြေအနေနဲ့မကိုက်ညီတဲ့ စီမံကိန်း တွေကို ကေတီအေကဆွဲပေးခဲ့ပြီး၊ လာရောက်ပတ်သက်ကြတဲ့ နိုင်ငံခြားပါရဂူဆိုသူတွေကလည်း မတန်တဆ လစာ၊ မတန်တဆအခွင့်အရေးတွေကိုသာ ရယူခံစားရင်း ဗမာပြည်အပေါ် စေတနာမမှန်ခဲ့တာတွေရှိခြင်း၊ ဆန်ဈေးကို တတန် ပေါင် (၅၀) အောက် မကျနိုင်ဆိုတဲ့ စိတ်ကူးယဉ်တွက်ဆမှုများ၊ ၁၉၅၄ ခုနှစ်မှာ သောင်းကျန်း သူအားလုံး ချုပ်ငြိမ်းသွားလိမ့်မယ်ဆိုတဲ့ မှန်းဆမှုများနဲ့ရောမွှေပြီး စီမံကိန်းကြီးကို ရေးဆွဲတင်ပြခဲ့ခြင်းကြောင့် ဒီ 'ကေတီအေစီမံကိန်း' တွေကို အခြေခံထားတဲ့ ပြည်တော်သာ စီမံကိန်းကြီးဟာ ပျက်ပြားခဲ့ရတာဖြစ်ပါ တယ်။ ဒါဟာ အချက်တချက်ပဲဖြစ်ပါတယ်။

နောက်တချက်က ပြည်တော်သာစီမံကိန်းကို အကောင်အထည်ဖော်ကြတဲ့ အစိုးရအဖွဲ့ထိပ်သီးကြီး တွေကိုယ်တိုင် အုပ်စုဖွဲ့ အင်အားပြိုင်နေကြပြီး အပိုင်အစားရရာ ကိုယ့်နေရာ ကိုယ်ထင်သလို လုပ်ကိုင်နေ ကြရင်း သန်ရာသန်ရာ စီမံကိန်းတွေကို ချမှတ်အကောင်အထည်ဖော်နေကြလို့ဖြစ်ပါတယ်။ လယ်ယာကဏ္ဍနဲ့ စက်မှုကဏ္ဍ၊ သမဝါယမကဏ္ဍတွေဟာ ဆက်စပ်မှုရှိရှိ ညှိညှိနှိုင်းနှိုင်း အကောင်အထည်ဖော်ရမယ့်အစား ပြဒါးတလမ်းသံတလမ်းလိုဖြစ်နေခဲ့ကြပြီး အာဏာရဆိုရှယ်ပါတီအတွင်း ကောလိပ်အုပ်နဲ့ ဘုန်းကြီးကျောင်း အုပ်ရဲ့ ဂိုဏ်းဂဏပြိုင်ပွဲအကြား ချိတ်ဆက်မမိ ထင်သလိုအကောင်အထည်ဖော်ခဲ့ကြလို့လည်းဖြစ်ပါတယ်။

နောက်ဆုံးတချက်က အဆင့်အသီးသီးရှိ ဖဆဆိုရှယ်များဟာ မတရားသဖြင့် ခိုးဝှက်ခဲ့ကြ၊ ဘုံးခဲ့ကြ၊ စားရင်းအင်းလိမ်လည်ခဲ့ကြ ကိုယ်ကျိုးရှာခဲ့ကြတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဗတလစ က အမတော်ကြေး၊ မြေခွန်ကြေး ကောက်ပဲသီးနှံ ရောင်းဝယ်ကြေးတွေအပေါ် ခိုးကြ၊ ဘုံးကြ၊ လက်သင့်ရာစားတော်ခေါ်ရေးလုပ် ကြ၊ စာရင်းပျောက် အင်းပျောက် ဂိုဒေါင်ပျောက်လုပ်ကြတာတွေ တပြည်လုံးအနှံ့ ဖြစ်ပေါ်ခဲ့သလို သမဝါယမ နဲ့ စက်မှုလုပ်ငန်း၊ အဆောက်အဦးတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတွေဘက်ကလည်း ကန်ထရိုက်နဲ့ ပေါင်း ကုန်သည်နဲ့ပေါင်းပြီး မတရားစီးပွားရှာကြ၊ အမြတ်ထုတ်ကြ၊ လက်ပြောင်းလက်လွှဲချထားဝေငှ၊ မတန် တဆဝါးမြိုစားသောက် ကိုယ်ကျိုးရှာခဲ့ကြတာတွေ နေရာဒေသအသီးသီးမှာ ကျော်မကောင်း ကြားမကောင်း ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီတုန်းက သတင်းစာတွေပေါ်မှာ 'ဗတလစကြီး အမတော်ကြေးတွေ ဘုံးလိုက်ပြန်ပြီ' 'ဆိုရှယ်လစ်ကြီး ဝါးလိုက်ပြန်ပြီ' ဆိုတဲ့ သတင်းတွေဟာ နေ့စဉ်သတင်းတွေလို ဖြစ်နေခဲ့ပါတယ်။ ဘဝသစ် စီမံကိန်းဆိုတာတွေမှာလည်း တနှစ် (၁၀) ကုဋေလောက်၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ (၆) ကုဋေ လောက်ဟာ အလွဲသုံးစားမှုတွေကြောင့် လေလွင့်ဆုံးရှုံးခဲ့ရတယ်ဆိုပါတယ်။

ဒါကြောင့် ပြည်တော်သာစီမံကိန်းတွေကို ပြည်တော်မသာစီမံကိန်းတွေလို့တောင် လူထုက ခေါ်ဝေါ် လှောင်ပြောင် ကင်ပွန်းတပ်ပေးခဲ့ကြပါတယ်။ ဦးနုရဲ့ 'ပြည်တော်သာ' ဆိုတဲ့ လုလုပပ စကားလုံးဟာ လှောင် ပြောင်သရော်စရာ စကားလုံးတခုသဖွယ် ဖြစ်ခဲ့ပါတယ်။ အဓိပ္ပါယ်အမျိုးမျိုးနဲ့ ပြောင်ကြ လှောင်ကြ သရော်ခဲ့ ကြတာတွေလည်း ပေါ်ခဲ့ပါတယ်။

ပြည်တော်သာစီမံကိန်းကြီး ခါးကျိုးပြီး ရေစုန်မျှောရတဲ့အချိန်မှာ ပြည်တော်သာရဲ့ ခြေရာလက်ရာ အဖြစ် ပြောစရာရယ်လို့ ကျန်ခဲ့တာက အညာကျေးလက် မိုးခေါင်ရေရှားရပ်ဝန်းဒေသ ကျေးရွာတချို့မှာ ကျန်ခဲ့တဲ့ 'ပြည်တော်သာတွင်း' ဆိုတာနဲ့ 'ကန္တာရပင်' တွေပဲရှိပါတော့တယ်။ ပေတရာ နှစ်ရာလောက်အထိ သံပိုက်လုံးလေးချပြီး မြေပေါ်မှာ ခါးစောင်းသာသာလောက်အမြင့် သံပိုက်လုံးထွာ ဆိုင်ကိုယ်ထည်ငုတ်တုတ်

နဲ့ တဂျောင်းဂျောင်း လက်ဆွဲစရာ သံမောင်းတံတပ်၊ အဝိစိရေတွင်းလေးတွေကို 'ပြည်တော်သာတွင်း' လို့ခေါ် ကြပါတယ်။ အညာတခွင် စိမ်းလန်းစိုပြေရေးအတွက်ဆိုပြီး လေယာဉ်ပျံပေါ်ကနေ ကြဲချပေးခဲ့တာလို့ လည်းဆိုကြတဲ့ 'အစ္စရေး' က သယ်လာတာလား၊ ဘယ်ကသယ်လာတာလဲဆိုတာ သိပ်မကွဲပြားလှတဲ့ ကန္တာရပင် ဆိုတာတွေကတော့ အညာဒေသတဝိုက် တောထပြီး ရှင်သန်ကျန်ရစ်ခဲ့ပါတယ်။ ဆူးတွေ အပြိုင်း အရိုင်းနဲ့ လူနင်းမိလည်း အန္တရာယ်၊ ကျွဲနွားတွေအဖို့လည်း မသက်သာလှတဲ့ ကန္တာရပင်တွေ ကျန်ရစ်ခဲ့ ပါတယ်။

ဒီ ၁၉၅၅ ခုနှစ်ထဲမှာပဲ အစိုးရနဲ့ အဓိကအတိုက်အခံလည်းဖြစ် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲ နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဟာ '၅၅ လမ်းစဉ်' ကို တရားဝင် ဖော်ထုတ်လိုက်ပါတယ်။ ၅၅ လမ်းစဉ်ကို ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်လို့ခေါ်ပါတယ်။ ၅၅ လမ်းစဉ်ဟာ 'စစ်ရေးချို နိုင်ငံရေးပို' ဆိုတဲ့ ဖော်ထုတ်သံနဲ့အတူ ပြည်တွင်းစစ်ရပ်စဲဖို့၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက် ဖို့ အဆိုပြုထားပါတယ်။ ၁၉၅၁ ခုနှစ်တုန်းက ချမှတ်ထားခဲ့တဲ့လမ်းစဉ်ကလည်း 'ဒီမိုကရေစီငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်' သာဖြစ်ခဲ့ပါတယ်။ လမ်းစဉ် (၂)ခု စလုံးမှာ 'ငြိမ်းချမ်းရေး' ကို အလေးတင်းဖော်ပြ ခဲ့တာတွေ့ရပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေးကို အလေးထားနိုးဆော်ခဲ့တာ တွေ့ရပါတယ်။ ၅၅ လမ်းစဉ်မှာ ကြတော့ ပြည်တွင်းစစ်ရပ်စဲရေးကို ထိပ်စည်းတင် ခေါင်းတပ်ပြီးကို ဦးတည်ဖော်ပြခဲ့တာတွေ့ရပါတယ်။

၁၉၅၅ ခုနှစ်ထဲမှာပဲ ဖဆပလ အစိုးရက ဖော်လိုက်တာကတော့ 'ပျူစောထီး' စီမံကိန်းဖြစ်ပါတယ်။ ဗကပ အပါအဝင် ပြည်တွင်းလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေကို စစ်တပ်နဲ့ အပြုတ်တိုက်ရေး ပေါ်လစီကိုင်စွဲပြီး အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်နေတာကို အားမရသေးပဲ စစ်တပ်ကြီးကို အဆက် မပြတ် တိုးချဲ့တည်ဆောက်နေတာကို အားမရသေးပဲ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ ရပ်ရွာငြိမ်ဝပ်ပိပြားရေး အတွက်ဆိုပြီး 'ပျူစောထီး' ကို ဖွဲ့စည်းဖို့ပြင်ဆင်တာဖြစ်ပါတယ်။ စစ်တပ်ဟာ အတွင်းတပ်ဖြစ်ပြီး စစ်တပ်ကို အပြင်ကနေ အထောက်အကူပြုဖို့၊ ပျူစောထီးကို အပြင်တပ်အဖြစ်တည်ဆောက်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ပျူစောထီးကို ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလမှာ ဝန်ကြီးချုပ် ဦးနု ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အမျိုးသား ကာကွယ်ရေးကောင်စီဆုံးဖြတ်ချက်အရ ဖွဲ့စည်းစေတာလို့ဆိုပေမယ့် စက်တင်ဘာလ (၁၄) ရက်နေ့မှာ မင်္ဂလာဒုံမှာကျင်းပတဲ့ တပ်မတော်ညီလာခံမှာကတည်းက စစ်တပ်က ဒီပျူစောထီးစီမံကိန်းကို ဖတ်ကြား တင်ပြ ဆွေးနွေးခဲ့ကြပြီးဖြစ်နေတာ တွေ့ရပါတယ်။

စစ်တပ်ဟာ စစ်တပ်ခေတ်မီတိုးတက်ရေးအတွက် စစ်ဘက်လေ့လာရေးအဖွဲ့တွေ ဖွဲ့ပြီး နိုင်ငံခြား တိုင်းပြည်တွေကို စေလွှတ်တာ လေ့လာစေတာ လက်နက်ဝယ်ယူ စုဆောင်းတာတွေလည်း ၅၅ ခုနှစ်ထဲမှာ အများဆုံးပြုလုပ်ခဲ့ပါတယ်။ ၅၅ ခုနှစ်၊ ဧပြီလဆန်းမှာ ဗိုလ်မှူးချုပ် သန်းဖေ၊ ဗိုလ်မှူးကြီး တင်ဖေ၊ ဗိုလ်မှူးကြီး မောင်မောင်တို့ခေါင်းဆောင်တဲ့ အဖွဲ့ဟာ အဖွဲ့ (၂) ဖွဲ့ခွဲပြီး ယူဂိုစလားဗီးယား၊ အနောက်ဂျာမဏီ၊ အစ္စရေး၊ ပြင်သစ်တို့ကိုသွားခဲ့ပါတယ်။ ယူဂိုစလားဗီးယားက ပေးအပ်မယ့် တပ်မဟာတခုစာ လက်နက်ခဲယမ်း မီးကျောက် နဲ့ ဝန်တင်တိရစ္ဆာန်တွေကိုပါ လက်ခံရယူခဲ့ပါတယ်။ ကျည်ဆံ (၂) သန်းထုတ်လုပ်နိုင်တဲ့ စက်ကိုလည်း အနောက်ဂျာမဏီနိုင်ငံ ဖရစ်ဝါနာကုမ္ပဏီ ကနေ ၅၅ ခုနှစ်၊ မတ်လ (၉) ရက်နေ့ကတည်းက စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီးဖြစ်ပါတယ်။

၅၅ ခုနှစ်၊ စက်တင်ဘာလမှာ ပစ္စည်းထောက်ပံ့ရေးဝန်ကြီး ဗိုလ်မင်းခေါင် နဲ့အတူ စစ်ဖက်ကိုယ်စား လှယ်တွေဟာ အစ္စရေး၊ ယူဂိုစလားဗီးယား၊ ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ အရှေ့ဂျာမဏီနဲ့ ဆိုဗီယက် တို့ကိုလည်း သွားရောက်ခဲ့ကြပြန်ပါတယ်။

အဲဒီ စက်တင်ဘာလထဲမှာပဲ တရုတ်ပြည်ကာကွယ်ရေးဝန်ကြီးရဲ့ ဖိတ်ကြားချက်အရ တရုတ်ပြည် ခရီးကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် ခေါင်းဆောင်ပြီး သွားရောက်ခဲ့ကြပြန်သေးတယ်။ တရုတ်ပြည် ကာကွယ်ရေးဝန်ကြီးရဲ့ ဖိတ်ကြားချက်အရ တရုတ်ပြည်ခရီးကိုလည်း ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင်ခေါင်း ဆောင်ပြီး သွားရောက်ခဲ့ကြပြန်ပါတယ်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့မှာ စစ်ဦးစီးချုပ်ကို ကာကွယ်ရေးဦးစီးချုပ်လို့ အမည် ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး၊ ရေတပ်ဦးစီးချုပ်ကို ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ)၊ လေတပ်ဦးစီးချုပ်ကို ဒုကာကွယ် ရေးဦးစီးချုပ် (လေ) လို့ပြောင်းလဲ ခေါ်ဝေါ်ခဲ့သလို၊ အောက်တိုဘာ (၁) ရက်နေ့ကစပြီး ကာကွယ်ရေးဦးစီးချုပ်ကို ဒုကာကွယ်ရေးဦးစီးချုပ် (လေ၊ ရေ) တို့ရဲ့လုပ်ပိုင်ခွင့်နဲ့ အာဏာအားလုံးကိုပါ အပ်နှင်းလိုက်ပါတယ်။ ကြည်း၊ ရေ၊ လေ အားလုံးဟာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ရဲ့လက်အောက် တစုတလုံးတည်းရောက် ရှိသွားစေတဲ့ သဘောဖြစ်ပါတယ်။

၁၉၅၅ ခုနှစ်ထဲမှာ ၁၉၅၀ ပြည့်နှစ်က တပ်ရင်းသစ်တွေဖွဲ့စည်းရာမှာ ထည့်သွင်းဖွဲ့စည်းခဲ့တဲ့ 'စစ်ဝန် ထမ်းတပ်' တွေအနက်၊ ကျန်နေသေးတဲ့ တပ်ရင်း (၁၃) ရင်းကို ဖျက်သိမ်းပစ်ပြီး၊ ခြေလျင်တပ်ရင်းတွေအဖြစ် ပြောင်းလဲဖွဲ့စည်းပါတယ်။ တပ်ရင်း (၂၅) ကနေ (၃၁) အထိ ခြေလျင်တပ်ရင်း (၇) ရင်းဖြစ်ပေါ်လာပါတယ်။ အမှတ် (၁၀၄) ခြေမြန်တပ်ရင်းကိုလည်း တိုးချဲ့ဖွဲ့စည်းလိုက်ပါတယ်။

၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလမှာ သောင်းကျန်းမှုကာကွယ်ရေးအတွက်ဆိုပြီး စစ်ဘက်၊ ရဲဘက်၊ အုပ်ချုပ် ရေးဘက်တွေစုပေါင်းပြီး၊ ပျူစောထီး စစ်ဆင်ရေးစီမံကိန်းကြီးကို အကောင်အထည်ဖော်လိုက်ပါတယ်။ 'ပျူစောထီး' တပ်တွေ တရားဝင်ပေါ်လာပါတယ်။ ၅၁–၅၂ ရွေးကောက်ပွဲတုန်းက သောင်းကျန်းရမ်းကားခဲ့ ကြတဲ့ နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ ပြောက်ကျားဝန်ထမ်း ကာကွယ်ရေးဆိုတဲ့ ခါးပိုက်ဆောင်တပ်တွေကို ပျူစောထီးလို့ အမည်ပြောင်း ဖွဲ့စည်းလိုက်တာသာဖြစ်တယ်လို့ အတိုက်အခံနိုင်ငံရေးအင်အားစုတွေ၊ ပါတီ အဖွဲ့အစည်းတွေက ဝေဖန်ထောက်ပြကြပါတယ်။ ပျူစောထီး ဖွဲ့စည်းတော့မို့ တရားဝင် စတင်ကြေညာ ကတည်း ကလည်း ဝေဖန် ဆန့်ကျင် ကန့်ကွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ဖဆပလ အစိုးရက ပျူစောထီးကို ဖွဲ့ဖြစ်အောင် ဖွဲ့လိုက်ပါတယ်။ ဖွဲ့စည်းပြီးချိန်ကစပြီးတော့လည်း ပျူစောထီးတွေဟာ ဒေသအသီးသီးမှာ တရားဝင်လက်နက်ကိုင်ရမ်းကားမှုတွေ ကျူးလွန်တော့တာဖြစ်ပါတယ်။ တရားဝင်လိုင်စင်ရတွေဖြစ်လာခဲ့ပါ တယ်။

၁၉၅၅ ခုနှစ်ထဲမှာ ထူးထူးခြားခြား ထွက်ပေါ်လာတာတခုလို့ ဆိုရမှာကတော့ ဖဆပလ အစိုးရရဲ့ 'လွတ်ငြိမ်းချမ်းသာခွင့်အမိန့်' ကြေညာချက်ပဲဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဦးနု ဥက္ကဋ္ဌ အဖြစ်ဆောက်ရွက်တဲ့ ကာကွယ်ရေးကောင်စီဆုံးဖြတ်ချက် ပျူစောထီး စီမံကိန်းကြီးနဲ့အတူ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ 'ပျူစောထီး' က သောင်းကျန်းသူတွေကို နှိမ်နင်းဖို့၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြေညာချက် ကြီးက သောင်းကျန်းသူများ အလင်းဝင်လာကြဖို့ဖြစ်ပါတယ်။ ဝင်စေချင်တဲ့အပေါက်ကို ဖွင့်ပေးပြီး တဖက်က တုတ်ပြင်လိုက်တဲ့သဘောဖြစ်ပါတယ်။ နောက်တစ်ချက်က နောက်ထပ် လအနည်းငယ်အတွင်း ကျင်းပရ တော့မယ့် အထွေထွေရွေးကောက်ပွဲကြီးအတွက် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြီး မဲဆွယ်ခြေလှမ်း စလိုက်တာလည်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးက ၁၉၅၆ ခုနှစ်၊ ဧပြီလမှာ ကျင်းပရတော့မယ်ဖြစ်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြေညာချက်ကို ပြည်ထဲရေး ဝန်ကြီးဌာနက ၁၉၅၅ ခုနှစ်၊ အောက်တိုဘာ (၁) ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

အောက်တိုဘာ (၁) ရက်နေ့က ၁၉၅၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ (၆) လ သက်တမ်းသတ်မှတ်ပေးထားပြီး လက်နက်ကိုင် ပုန်ကန်ဆန့်ကျင်နေကြသူများ အခွင့်အရေးကိုအရယူပြီး အမြန်ဆုံးအလင်းဝင်ဖို့ ဆော်ဩထားပါတယ်။ ဒီလွတ်ငြိမ်းချမ်းသာခွင့်အမိန့်က လက်နက်ကိုင်ပုန်ကန်ဆန့်ကျင်နေကြသူတွေ လက်နက်ချအလင်းဝင်ဖို့သက်သက်အတွက်ပဲ ရည်ရွယ်ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ဒီ ၁၉၅၅ ခုနှစ်ထဲမှာပဲ ထူးထူးခြားခြား မှတ်တမ်းတင်စရာ ပေါ်ထွန်းလာတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဆိုတဲ့ ပမညတ အဖွဲ့ကြီး ပေါ်ထွန်းလာတာဖြစ်ပါတယ်။ ပမညတ အဖွဲ့ကြီးဟာ မြေပေါ်အတိုက်အခံ နိုင်ငံရေးအင်အားစုများရဲ့ တပ်ပေါင်းစုကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပါတယ်။ ၅၁–၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကြီးတုန်းက ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံ နိုင်ငံရေးအင်အားစုများဟာ ခိုင်မာတဲ့ တပ်ပေါင်းစုတခု အောင်အောင်မြင်မြင် ဖွဲ့စည်းသင့်ပါလျက် မဖွဲ့စည်းနိုင်ခဲ့ကြပါ။ ဒုတိယအကြိမ် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခါနီးကျမှ အတိုက်အခံ နိုင်ငံရေးအင်အားစုများရဲ့ တစုတစည်းတည်းသော တပ်ပေါင်းစုကြီးအဖြစ် 'ပမညတ' ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်နေရတဲ့အတွက် ပြည်သူလူထုတရပ်လုံး ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပြီး၊ ဒီလိုအခြေအနေဆိုးတွေမှ ပြည်သူကိုကယ်တင်ရန်ဆိုပြီး 'ပမညတ' ကြီးကို ဖွဲ့စည်းလိုက်တာလို့ ကြွေးကြော်ပါတယ်။ ၁၉၅၅ ခု၊ နိုဝင်ဘာ (၁၈) ရက်နေ့မှာ 'ပမညတ' ပေါ်ထွက်လာပါတယ်။ 'ပမညတ'မှာ

(၁) ဗမာနိုင်ငံလုံးဆိုင်ရာ ဒို့ဗမာအစည်းအရုံး၊
(၂) ပြည်သူ့ညီညွတ်ရေးပါတီ၊
(၃) ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊
(၄) ဗမာပြည် အလုပ်သမား လယ်သမားပါတီ၊
(၅) ဗမာပြည် အလုပ်သမား အစည်းအရုံးများအဖွဲ့ချုပ်၊
(၆) တောင်သူလယ်သမားညီညွတ်ရေး အစည်းအရုံး၊
(၇) ပြည်သူ့လူငယ်အဖွဲ့ချုပ်၊
(၈) တရားမျှတမှုအဖွဲ့၊
(၉) မွန်၊ တိုင်းရင်းသားအစည်းအရုံး နဲ့
(၁၀) မန်းထွန်းရင် အစရှိတဲ့ လူပုဂ္ဂိုလ် လူတန်းစားအဖွဲ့အစည်းကိုယ်စားလှယ်များပါ ပါဝင်ခဲ့ကြပါတယ်။

လူငယ့်တပ်ဦးတို့အပြင် အမှုထမ်းသမဂ္ဂ ဥက္ကဋ္ဌ ဟောင်း ဦးထွန်းအောင်ကျော် တို့လည်း ပမညတမှာပါဝင်လာခဲ့ကြပါတယ်။ ပမညတ ထဲမှာ အင်အားအကြီးဆုံးကတော့ ဆိုရှယ်နီများဖြစ်ပါတယ်။

တောခိုလက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) က ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ကို ကြွေးကြော်သလို၊ တရားဝင် မြေပေါ်အဖွဲ့အစည်းကြီးဖြစ်တဲ့ ပမညတကလည်း ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအသံကိုပဲ ပဲ့တင်ထပ်စေခဲ့ပါတယ်။ 'ပမညတ' ကြီးဟာ ထင်ရှားတဲ့ မြေပေါ် ဥပဒေတွင်း အတိုက်အခံ နိုင်ငံရေးအင်အားစုကြီး ဖြစ်လာခဲ့ပါတယ်။ ပမညတ ရဲ့ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကတော့ သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လွင်၊ သခင်လှကျွေ၊ ဦးသိန်းဖေမြင့်၊ ဗိုလ်ချုပ်အကို ဦးအောင်သန်း၊ ဦးဘငြိမ်း၊ တရားဝန်ကြီးဟောင်း ဦးအေးမောင်၊ ဦးဘထွန်း စတဲ့သူတွေဖြစ်ကြပါတယ်။ ဦးအေးမောင်က တရားဝန်ကြီးရာထူးက နှုတ်ထွက်ပြီး 'တရာမျှတမှုပါတီ' ထောင်၊ နောက်ပိုင်း သခင်ချစ်မောင်တို့ အလုပ်သမား လယ်သမားပါတီနဲ့တွဲပြီး 'ပမညတ' ဖွဲ့ရာမှာ ပါဝင်လာတာဖြစ်ပါတယ်။

'ပမညတ' ကို ဖဆပလ အစိုးရက 'မြေပေါ်ကွန်မြူနစ်' တွေလို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ပမညတ တပ်ပေါင်းစုကြီး ပေါ်လာတာဟာ ဖဆပလ အစိုးရရဲ့ မူဝါဒ ပေါ်လစီတွေကို ဝေဖန် ရှုတ်ချ ဖွင့်ချနိုင်ခဲ့ပြီး ပြည်သူလူထုရဲ့ ကြုံတွေ့ရင်ဆိုင်နေရတဲ့ လူမှုဘဝအထွေထွေကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။

၁၉၅၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ရဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ကြွေးကြော်သံတွေနဲ့အတူ ပမညတ အဖွဲ့ကြီးရဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးတောင်းဆိုသံတွေအပြင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) ရဲ့ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အရယူကြဖို့ တောင်းဆိုသံတွေပါ ကျယ်ကျယ်ပြန့်ပြန့် စည်စည်ဝေဝေ ထွက်ပေါ်လာခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာ (၅) ရက်နေ့၊ (၃၅) နှစ်မြောက် အမျိုးသားနေ့မှာ 'တကသ' က ငြိမ်းချမ်းရေးအဆိုတင်သွင်းလိုက်ပြီး အစိုးရနဲ့ လက်နက်ကိုင်တော်လှန်နေသူများ တွေ့ဆုံဆွေးနွေးကြဖို့ တောင်းဆိုလိုက်ပါတယ်။

၁၉၅၅ ခုနှစ်ဟာ ဗမာပြည်သမိုင်းမှာ တော်တော်ထူးခြားတဲ့နှစ်လို့ ပြောရပါလိမ့်မယ်။ ဗမာပြည်ဝန်ကြီးချုပ် ဦးနု လည်း ကမကထပြုသူတစ်ဦးအဖြစ် ပါဝင်ခဲ့တဲ့ 'ဘန်ဒေါင်းညီလာခံကြီး' ကျင်းပနိုင်ခဲ့ပြီး ဗမာပြည်အစိုးရရဲ့ နိုင်ငံခြားရေးဆိုင်ရာ ဂုဏ်တက်ခဲ့တဲ့နှစ်ဖြစ်သလို၊ ဖဆပလ အစိုးရရဲ့ ကေတီအေ စီမံကိန်းရပ်ဆိုင်းလိုက်ရတဲ့နှစ် ပြည်ထောင်သာစီမံကိန်း ရေစုန်မျှောလိုက်ရတဲ့နှစ်လည်းဖြစ်ပါတယ်။

တရုတ်ဖြူတိုက်ထုတ်ရေးအတွက် ရန်ကြီးအောင်စစ်ဆင်ရေးကြီး ဆင်နွှဲခဲ့သလို၊ စစ်တပ်က စစ်ဖက်ဆိုင်ရာလုပ်ရှားမှုတွေ တိုးချဲ့တည်ဆောက်မှုတွေ လုပ်ခဲ့တဲ့နှစ်ဖြစ်ပါတယ်။

ဗကပ ရဲ့ ၅၅ လမ်းစဉ်၊ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ် ပေါ်ထွက်ခဲ့တဲ့နှစ်ဖြစ်သလို ဖဆပလ အစိုးရ ရဲ့ ပျူစောထီးစီမံကိန်း၊ ပျူစောထီးဖွဲ့စည်းမှုတွေ ပေါ်ပေါက်ခဲ့တဲ့နှစ်ဖြစ်ပါတယ်။

ဖဆပလ အစိုးရ ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်ပေါ်ခဲ့သလို အတိုက်အခံ နိုင်ငံရေးအင်အားစုတွေရဲ့ တပ်ပေါင်းစု 'ပမညတ' ကြီး ပေါ်ထွက်ခဲ့ပါတယ်။

မြေပေါ်မြေအောက် ဥပဒေတွင်း ဥပဒေပ နိုင်ငံရေး အင်အားစုတွေ အပါအဝင် အာဏာရ ဖဆပလ အစိုးရအဖွဲ့ကလွဲလို့ တပြည်လုံး ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအသံတွေ စည်စည်ညံညံ စတင်ဖော်ကျူးလာတဲ့နှစ်လည်းဖြစ်ပါတယ်။ ဝန်ကြီးချုပ် ဦးနု ဆိုဗီယက်ယူနီယံသွားပြီး ခရုရှက်နဲ့ ချစ်ကြည်ရေးလုပ်ခဲ့သလို ခရုရှက်နဲ့ ဘူဂါနင်တို့လည်း ဗမာပြည်အလည်လာခဲ့ကြတဲ့နှစ်ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ဦးနု သာသနာ့ ဒါယကာဘွဲ့ခံဖို့ ဆဋ္ဌသံဃာယနာတင်ပွဲလည်း စခဲ့ပါတယ်။

## ငြိမ်းချမ်းရေး၊ အပြုတ်တိုက်ရေးနဲ့ မြန်မာနိုင်ငံတော်

တဖက်က ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအသံတွေ လှုပ်ရှား စည်ညံလာစအချိန် မှာပဲ ဖဆပလ အစိုးရ ရဲ့ သဘောထားအမှန်ကို ထင်ဟပ်ပြလိုက်တဲ့ 'အောင်မာဃစစ်ဆင်ရေးကြီး' ထွက်ပေါ်လာပါတယ်။ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလဆန်းကစပြီး တပ်မတော်ရဲ့ အမှတ် (၁၀) ခြေလျင်တပ်မဟာရဲ့ ကွပ်ကဲမှုနဲ့ အောင်မာဃစစ်ဆင်ရေးကြီးကို စတင်ဆင်နွှဲပါတယ်။ သောင်းကျန်းသူလက်နက်ကိုင်အားစုတွေကို အပြုတ်တိုက်ရေးအတွက်ဆိုပြီး စတင်လိုက်တာဖြစ်ပါတယ်။

မတ်လ (၃၁) ရက်နေ့အထိ သက်တမ်းသတ်မှတ်ထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို လက်နက်ချရေး၊ အလင်းဝင်ရေးတို့အတွက် ဖွင့်ပေးထားပြီး တပြိုင်နက်တည်းမှာ စစ်ရေးအရဖိအားပေးဖို့ လက်နက်မချ

ချင်သူတွေကို အပြတ်ချေမှုန်းဖို့ 'အောင်မာဃ' ကို စတင်လိုက်တာဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအသံတွေကို စစ်သံနဲ့ ဖုံးပစ်လိုက်ပါတယ်။

ဒါပေမယ့် ငြိမ်းချမ်းရေးအသံတွေက ပျောက်မသွားဘဲ ဆက်ပေါ်လာပါတယ်။ 'အောင်မာဃ' စပြီးလို့ (၁၄) ရက်အကြာ ဇန်နဝါရီ (၂၀) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းက ဝန်ကြီးချုပ် ဦးနု ဆီ ဗိုလ်လကျာ် ကတဆင့် စာတစောင်ပေးပို့ပါတယ်။ တွေ့ဆုံဆွေးနွေးရေးအတွက် ကမ်းလှမ်းရေးတဲ့ စာဖြစ်ပါတယ်။ စာမှာ –

(၁) ဗမာပြည်အစိုးရသည် အင်္ဂလိပ်–အမေရိကန်တို့၏ ကျူးကျော်ရေးဂိုဏ်းအတွင်းသို့မပါဘဲ အမျိုးသားလွတ်လပ်ရေးနှင့် ငြိမ်းချမ်းစွာ အတူရှိရေးဝါဒကို ပြတ်သားစွာ ကျင့်သုံးရမည်။

(၂) တပြည်လုံးတွင် ဒီမိုကရေစီအခွင့်အရေးများပေးရမည်။ ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများကို အာမခံရမည်။ ကွန်မြူနစ်ပါတီဝင်နှင့် အခြားတိုးတက်သော နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ရမည်။

(၃) ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ရှိသမျှသော ဒီမိုကရေစီပါတီများနှင့် လူထုအဖွဲ့အစည်းများ၏ ဥပဒေတွင်း တည်ရှိခွင့်နှင့် လုပ်ကိုင်ဆောင်ရွက်ခွင့်များကို အာမခံရမည်။

ဟူသော အချက် (၃) ချက်ကို အခြေခံ၍ ဖဆပလ အစိုးရနှင့် တွေ့ဆုံဆွေးနွေးလိုသည်လို့ ဖော်ပြကမ်းလှမ်းပါတယ်။

တက္ကသိုလ်နဲ့ ကောလိပ်ပေါင်းစုံ ဆွေးနွေးပွဲကြီးကနေ ကျောင်းသားထုရဲ့ တောင်းဆိုပန်ကြားသံအဖြစ် 'ပြည်တွင်းစစ်ရပ်စဲရေးပန်ကြားလွှာ' လည်း ဆက်တိုက်ထွက်ပေါ်လာပါတယ်။ ကျောင်းသားထုရဲ့ ပန်ကြားလွှာဟာ ကျောင်းသားကိုယ်စားလှယ်ပေါင်း (၁၂၆) ဦး၊ လေ့လာသူ (၆၅) ဦး တက်ရောက်တဲ့ ရန်ကုန်တက္ကသိုလ် တကာသ အဆောက်အဦးမှာကျင်းပတဲ့ ဒုတိယအကြိမ်မြောက် တက္ကသိုလ်ကောလိပ်ပေါင်းစုံ ဆွေးနွေးပွဲကြီးရဲ့ ရလဒ်အဖြစ် ထွက်ပေါ်လာတာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်ဥပစာကောလိပ်၊ မကွေး ဥပစာကောလိပ်က ကျောင်းသားကိုယ်စားလှယ်တွေနဲ့ တက္ကသိုလ်ပေါင်းစုံ အဖွဲ့ပေါင်းစုံ ကိုယ်စားလှယ်တွေဟာ တကာသ အဆောက်အဦးမှာ ဇန်နဝါရီ (၂၃) ကနေ (၂၅) ရက်နေ့အထိ (၃) ရက်တိုင်တိုင် တွေ့ဆုံဆွေးနွေးကြပြီးတဲ့နောက် ဒီပန်ကြားလွှာကို ထုတ်ပြန်လိုက်ကြတာဖြစ်ပါတယ်။ ပညာရေးအသုံးစရိတ်ကိုလျှော့ပြီး ပြည်တွင်းစစ်အသုံးစရိတ်ကို ပိုမိုသုံးစွဲနေတာ၊ ပညာရေးအကြပ်အတည်းတွေ ပိုမိုနက်ရှိုင်းလာတာတွေကိုထောက်ပြရင်း၊ ပြည်တွင်းစစ်ကို ပြည်သူတရပ်လုံးကရပ်စဲရန် လိုလားနေကြတာကို ဖော်ပြပြီး၊ စစ်ရေးအရ အကြမ်းဖက်နှိမ်နင်းခြင်းနဲ့ ပြည်တွင်းစစ်ရပ်စဲရေးမှာ မဖြစ်နိုင်ကြောင်း (၇) နှစ်ကျော် အတွေ့အကြုံများက သက်သေပြပြီးဖြစ်တဲ့အတွက် တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ ပြည်တွင်းစစ်ကို ရပ်စဲကြဖို့ ဖော်ပြတိုက်တွန်း ပန်ကြားထားတာတွေ့ရပါတယ်။

ဖေဖော်ဝါရီ (၁၃) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်း ပေးစာအရ သခင်သန်းထွန်း ဆွေးနွေးလိုတယ်ဆိုတဲ့ အချက် (၃) ချက်အပေါ် ဖဆပလ အစိုးရက တရားဝင်တုန့်ပြန် ပြန်ကြားပါတယ်။ မြန်မာနိုင်ငံတော်အစိုးရရဲ့သဘောထားကို ဖော်ပြတဲ့အနေနဲ့ ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်း ကနေ ဖေဖော်ဝါရီ (၁၃) ရက်ညမှာ အသံလွှင့် ရှင်းလင်းပြောကြားစေခဲ့ပါတယ်။ သခင်သန်းထွန်း ဆွေးနွေးချင်တယ်ဆိုတဲ့ အချက် (၃) ချက်ဟာ ဆွေးနွေးရန်မလိုတော့တဲ့ အချက်တွေဖြစ်ပြီး နိုင်ငံတော်အစိုးရက ပေးထားပြီးသားဖြစ်တဲ့အတွက် 'လာချင်လျှင်အနီးလေး၊ မလာချင်လို့ ခရီးဝေးအောင်လုပ်နေတဲ့ အချက်တွေသာဖြစ်ကြောင်း တုန့်ပြန်ပြောဆိုခဲ့ပါတယ်။ အချက် (၃) ချက်ကို တချက်ချင်းရှင်းပါတယ်။

နံပါတ်တစ်အချက်ကိုရှင်းတဲ့အခါ "ကျွန်ုပ်တို့အစိုးရသည် အင်္ဂလိပ်-အမေရိကန် အုပ်စုကိုသာလျှင် မက မည်သည့် ဂိုဏ်း၊ မည်သည့်အုပ်စု ဘက်ကမျှ မဝင်ဘဲနေခဲ့သည်ကို ဗမာရော ကမ္ဘာကပါ သိပြီးဖြစ်သည်။ အတိုက်အခံ နိုင်ငံအုပ်စုဖွဲ့ခြင်းကို ရှေးကလဲ မထောက်ခံ၊ ယခုလဲ မထောက်ခံ၊ နောက်လဲထောက်ခံမည် မဟုတ်" လို့ ဆိုလိုက်ပြီး "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ယနေ့အထိ သစ္စာမဖောက်ဖျက်ခဲ့သော အစိုးရမှာလည်း ကျွန်ုပ်တို့ အစိုးရသာလျှင်ဖြစ်သည်" လို့ ရင့်ကျူးလိုက်ပါတယ်။

နံပါတ် (၂) ချက်ကိုလည်း "ကျွန်ုပ်တို့အစိုးရသည် အခြေခံအခွင့်အရေးမှန်သမျှ ပြည်သူလူထု တရပ်လုံးအပါအဝင် မည်သည့်အတိုက်အခံအဖွဲ့အစည်းများကိုမဆို ပေးထားပြီးဖြစ်သည်" လို့ ရှင်းလင်းလိုက်ပြီး အကျဉ်းသားများနဲ့ ပတ်သက်ပြီးလည်း နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိ၊ ပုန်ကန်ထကြွ သောင်းကျန်းမှုတွေနဲ့ ဖမ်းဆီးထားသူတွေသာရှိတယ်လို့ တုန့်ပြန်ပြောဆိုပါတယ်။

နံပါတ် (၃) အချက်ကိုတော့ "တောခိုသောင်းကျန်းသူများ အလင်းသို့ဝင်၊ လက်နက်နည်းဖြင့် ပုန်ကန် သောင်းကျန်းမှုကို စွန့်လွှတ်ကြောင်း ကြေညာသည့်တနေ့တွင် တောခိုပါတီများ တရားဝင်အသင်းအဖြစ်သို့ ပြန်လည်ရောက်ရှိစေရမည်လို့ ကြေညာပြီးဖြစ်တယ်" ဆိုတာနဲ့ ရှင်းလင်းတုန့်ပြန်လိုက်ပြီး 'လွတ်ငြိမ်းချမ်း သာခွင့်အမိန့်' တံခါးပေါက်ဖွင့်ထားပြီးဖြစ်တယ်။ မတ်လ (၃၁) ရက်နေ့မှာ ဒီတံခါးပေါက်ပိတ်တော့မှာ ဖြစ်တဲ့အတွက် ဒီအခွင့်အရေးကို အရယူပြီး လက်နက်ချအလင်းဝင်ကြဖို့နဲ့ အဆုံးသတ်ထားပါတယ်။

ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်း အသံလွှင့်ပြောကြားရှင်းလင်းတဲ့ ဖဆပလ အစိုးရ ရဲ့ သဘောထားကို ချုပ်ကြည့်မယ်ဆိုရင် 'လက်နက်ချအလင်းဝင်ကြ' ဆိုတာသာဖြစ်ပါတယ်။ လက်နက်ချ အလင်းဝင်ရေး အတွက်လည်း လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ထားပြီးဖြစ်တဲ့အတွက် တံခါးပွင့်နေပြီးဖြစ်တယ်။

တရားဝင်တည်ရှိခွင့် နိုင်ငံရေးလှုပ်ရှားခွင့်တွေအတွက်ကတော့ လက်နက်ကိုင်နည်းနဲ့ ပုန်ကန် သောင်းကျန်းမှုကို စွန့်လွှတ်ကြောင်း ကြေညာ၊ အဲဒီလို ကြေညာပြီးရင် တရားဝင်တည်ရှိခွင့် ရရှိလာလိမ့်မယ် လို့ပဲ အဓိပ္ပာယ်ထွက်စေခဲ့ပါတယ်။ တိတိကျကျ ရှင်းရှင်းလင်းလင်းတော့ ဖော်ပြမထားပါ။ တရားဝင်တည်ရှိ ခွင့်ကို လက်နက်ချကြောင်း လက်နက်ကိုင်လမ်းစဉ် စွန့်ကြောင်း အရင်ကြေညာပြီးမှ စဉ်းစားမယ့်သဘော၊ နောက်တဆင့်ကိစ္စအဖြစ် သဘောထားသလို အာမခံချက်မဲ့နေပါတယ်။

ဖေဖော်ဝါရီ (၂၅) ရက်နေ့မှာ တပ်မတော်မှလည်း 'အလင်းဝင်ရန် ဖိတ်ခေါ်ချက်' ဆိုတာကို ထပ်မံ ထုတ်ပြန်ပါတယ်။ "အမြန်ဆုံးသာ အလင်းကိုဝင်ခဲ့ပေတော့" ဆိုတဲ့ စကားရပ်နဲ့ အဆုံးသတ်ထားတဲ့ တိုတို တုတ်တုတ် ကြေညာချက်ဖြစ်ပါတယ်။ တော်လှန်ပုန်ကန်မှု၊ သစ္စာဖောက် ပုန်ကန်မှုသက်သက်ဆိုရင် လုံးဝ လွတ်ငြိမ်းချမ်းသာခွင့်ရမယ်ဆိုတာ ရှင်းပြပြီး ဘယ်လိုအမှုမျိုးဟာ တော်လှန်ပုန်ကန်မှု သစ္စာဖောက်ဖျက်ပုန် ကန်မှုဆိုတာ ရှင်းပြထားတဲ့ ကြေညာချက်ဖြစ်ပါတယ်။

အဲဒီလို ရှင်းလင်းချက် ကြေညာချက်တွေ ထွက်ပေါ်အပြီး မကြာခင်မှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီ က ငြိမ်းချမ်းရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းတွေကို ရှာဖွေဖို့ ပုဂ္ဂိုလ်တဦးကို တာဝန်ပေးစေလွှတ်ပါတယ်။ ကြားလူအဖြစ် ဗိုလ်လကျာ်ကိုသတ်မှတ်ပြီး ဗိုလ်လကျာ်ကတဆင့် အစိုးရအဖွဲ့နဲ့ ဆက်သွယ်စေတာဖြစ်ပါ တယ်။ ဗိုလ်လကျာ်က အဲဒီပုဂ္ဂိုလ်နဲ့ အစိုးရအဖွဲ့ တွေ့ဆုံဆွေးနွေးစေလိုကြောင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင် မောင်ကလေး နဲ့ ဗိုလ်မှူးကြီး အောင်ကြီး တို့ကို အကြောင်းကြားပါတယ်။ ဗိုလ်ခင်မောင်ကလေးနဲ့ ဗိုလ်မှူးကြီး အောင်ကြီး က ဝန်ကြီးချုပ် ဦးနုကို ဆက်လက်တင်ပြပါတယ်။ ဦးနုက အစိုးရကိုယ်စားလှယ်များနဲ့ ဗကပ က တင်မြှောက်ထားတဲ့ကြားလူ ဗိုလ်လကျာ်နဲ့သာ တွေ့ဆုံဆွေးနွေးဖို့ အမိန့်ချမှတ်ပေးပြီး၊ ဆွေးနွေးတဲ့ အခါမှာလည်း အလင်းဝင်ရေးအစီအစဉ်ကို ဘယ်လိုစီစဉ်ရမယ်ဆိုတာလောက်ကိုပဲ ဆွေးနွေးပြီး နိုင်ငံရေးကိစ္စ

ကို လုံးဝမဆွေးနွေးဖို့ လိုင်းချပေးခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ခင်မောင်ကလေးနဲ့ ဗိုလ်မှူးကြီးအောင်ကြီး တို့ဟာ ဗိုလ်လကျာ်နဲ့ပဲ ဆွေးနွေးမှုလုပ်ပါတယ်။ ဆွေးနွေးတာကိုလည်း "လက်နက်ချအလင်းဝင်ရေးအတွက် လိုအပ်တဲ့အစီအစဉ်တွေပြုလုပ်ရေး" ဆိုတဲ့ အချက်ပေါ်မှာပဲ အဓိကထား ဆွေးနွေးကြတယ်ဆိုပါတယ်။

ဗိုလ်လကျာ်နဲ့ ဆွေးနွေးမှုတွေအပေါ်ကနေ 'ကွန်မြူနစ်တွေ အလင်းဝင်ရေးဟာ ရာနှုန်းပြည့် ယုံကြည်စိတ်ချရလောက်ပြီ' လို့ယူဆတဲ့အတွက် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးနဲ့ ဗိုလ်မှူးကြီး အောင်ကြီးတို့က ကွန်မြူနစ်များ လက်နက်ချရေးနဲ့ပတ်သက်ပြီး အစီအစဉ် အမိန့်ညွှန်ကြားချက်တွေကို အသံလွှင့်ကြေညာပါတော့တယ်။

မတ်လ (၂၅) ရက်နေ့မှာ "ကွန်မြူနစ်များလက်နက်ချရေးနဲ့ပတ်သက်၍ ဖဆပလ အစိုးရ ပြည်ထဲရေးဌာနဝန်ကြီး ဗိုလ်ခင်မောင်လေး ၏ အသံလွှင့်ချက်" ဆိုတာနဲ့ "ကွန်မြူနစ် များလက်နက်ချရေးနှင့်ပတ်သက်၍ တပ်မတော်မှ ဗိုလ်မှူးကြီး အောင်ကြီး ၏ အသံလွှင့်ချက်" ဆိုတာ နှစ်ခု ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာပါတယ်။ ဗိုလ်ခင်မောင်လေးရဲ့ ကြေညာချက်က –

(၁) အစိုးရသည် အစိုးရနှင့် လက်နက်ကိုင်သောင်းကျန်းသူများ တွေ့ဆုံစေ့စပ်ဆွေးနွေးသောမှုကို မည်သည့်နည်းနှင့်မျှ လက်မခံ။

(၂) လက်နက်ချရေးသည် နိုင်ငံရေးလုံးဝမပါဘဲ ရိုးရိုးလက်နက်ချရေးသာဖြစ်ရမည်။

(၃) လက်နက်ချလိုသောလူများသည် အစိုးရက ကြေညာထားသည့်အတိုင်း ၃၁–၃–၁၉၅၆ ရက်နေ့ မကုန်ဆုံးမီ အနီးဆုံး လက်နက်ကိုင်တပ်များနှင့် အုပ်ချုပ်ရေးဘက်သို့ လက်နက်ချလိုကြောင်း အကြောင်းကြားရမည်။

(၄) ဤသို့ လက်နက်ချလိုကြောင်း အကြောင်းကြားသည်နှင့်တပြိုင်နက် လက်နက်ချနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များကို ပြုလုပ်ပေးမည်။

အကယ်၍ လိုလျှင် အချို့သော လက်နက်ချမည့်နေရာများသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ဇော နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ဘလိတ် တို့ကိုယ်တိုင် တာဝန်ယူ၍ လက်နက်ချရေးကိစ္စများကို ဆောင်ရွက်ပေးမည်ဆိုတာဖြစ်ပါတယ်။

သောင်းကျန်းသူများ လက်နက်ချပြီးတဲ့နောက် သေနတ်ဝါဒကိုစွန့်လွှတ်ရင် ဒီမိုကရေစီစည်းဝိုင်းအတွင်းမှာ လွတ်လပ်စွာ ဟောပြောစည်းရုံးရေးသားခွင့် ဒီမိုကရေစီအခွင့်အရေးတွေကို ပေးမယ်လို့လည်း ဖော်ပြပြောဆိုသွားပါတယ်။

ဗိုလ်မှူးကြီးအောင်ကြီး ရဲ့ ကြေညာချက်က –

နစ်ဖြူပါတီဝင် လက်နက်ကိုင်သောင်းကျန်းသူများ အစုလိုက် အပြုံလိုက် လက်နက်ချ ဝင်ရောက်ဖွယ်ရာအကြောင်းရှိသည်။ လက်နက်ချရေးကို လက်ခံဆွေးနွေးပါ။ လက်နက်ချရန်ဆွေးနွေးသလိုပြုပြီး လက်နက်ချရေးကိစ္စမဟုတ်သော နိုင်ငံရေးကိစ္စများကို ဆွေးနွေးလျှင် ဆွေးနွေးပွဲကိုရပ်စဲပြီး တောထဲသို့ပြန်ပါစေ။

ကွန်မြူနစ်များက လက်နက်ချလိုသည့်အတွက် မည်သို့မည်ပုံ လက်နက်ချရမည့် အစီအစဉ်ပြုလုပ်ရန်သာ ဆွေးနွေးခြင်းဖြစ်၍ နိုင်ငံရေးအရ စေ့စပ်ရေးလုပ်ခြင်းမဟုတ်ဆိုသည်ကို သတိပြုစေလိုသည်။ လက်နက်ချသည့်အခါ ရရှိမည့်အခွင့်အရေးမှာ ယခင်ကြေညာပြီးအတိုင်းဖြစ်၍ မတ်လ (၃၁) ရက်နေ့အထိသာရှိသည်။ လက်နက်ချရေးအတွက် ဆွေးနွေးနေစဉ် စစ်ဆင်ရေးများကို ဆိုင်းငံ့ထားခြင်း၊ ရပ်စဲထားခြင်းမပြုလုပ်ရန်စသည်ဖြင့် ဖော်ပြပြောဆိုသွားပါတယ်။

ကြေညာချက် (၂) ခုစလုံးဟာ အပေါ်စည်းကချည်းဖြစ်ပါတယ်။ ဗကပ များ လက်နက်ချဖို့တော့ သေချာနေပြီဆိုတဲ့ ယုံကြည်နားလည်ထားမှုအပေါ်ကနေ ခပ်တင်းတင်းကြေညာခဲ့ကြတာဖြစ်ပါတယ်။ ကြား လူ ဗိုလ်လကျာ် နဲ့ ပြောဆိုဆွေးနွေးရချက်တွေအပေါ်ကနေ၊ ဗိုလ်လကျာ် ရဲ့စာအပေါ်ကနေ အပိုင်တွက်ဆပြီး ဖဆပလ အစိုးရရဲ့ သဘောထားကို အပေါ်စည်းကနေ ထုတ်ဖော်ညွှန်ကြားပြောဆိုခဲ့ကြတာဖြစ်ပါတယ်။

နောက်တစ်ရက် မတ်လ (၂၆) ရက်နေ့ကျမှ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်ရဲ့ 'ဗိုလ်ခင်မောင်လေး ထံပေးစာ' ဟာ ဗိုလ်လကျာ်ဆီကနေ ရောက်ရှိလာပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက တာဝန်ပေးစေလွှတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရဲဘော်တင်ရွှေ ခေါ် ဦးချမ်းအေးဖြစ်ပါတယ်။ မတ်လ (၂၆) ရက် နေ့စွဲစာမှာ အချက် (၃) ပါဝင်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကိုယ်စားလှယ် ဦးချမ်းအေးရဲ့စာမှာ –

(၁) ကျွန်တော်သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖြစ်နိုင်သမျှသောနည်းလမ်းများကို ရှာဖွေရန် တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်စားလှယ်ဖြစ်ပါသည်။

(၂) ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်ပြီး၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွင်း၌သာ ဒီမိုကရေစီနည်းအရ အာဏာရယူလိုကြောင်း အတိအလင်းကြေညာလိုပေသည်။

(၃) ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအတွင်း ဆောင်ရွက်ရေးအတွက် ပေါ်ပေါက်လာမည့်ပြဿနာများကိုသာ ဆွေးနွေးလိုပါသည်။ နယ်ချဲ့အုပ်စုဝင် မဝင်ဆိုသောပြဿနာ၊ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးပြဿနာ စသည့်ပြဿနာများ ဆွေးနွေးမည်မဟုတ်ပါ။ ဆွေးနွေးဖို့လည်းမလိုပါ။

သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေး နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ဆောင်ရွက်ခွင့်ရရေးတို့အတွက် ဆွေးနွေးရန် မြောက်ပိုင်းတိုင်းစစ်ဌာန တနေရာတွင် အစိုးရဘက်မှ သက်ဆိုင်ရာအာဏာပိုင်များနှင့် ဗမာပြည်ကွန်မြူနစ်ပါတီမှကိုယ်စားလှယ်များတွေ့ဆုံရန် အစီအစဉ်ပြုလုပ်ပေးစေလိုကြောင်း လို့ ဖော်ပြထားပါတယ်။ 'ချမ်းအေး' လို့ လက်မှတ်ထိုးထားပါတယ်။ အစိုးရဘက်က ဗိုလ်ခင်မောင်လေး၊ ဗိုလ်မှူးကြီး အောင်ကြီး တို့ရဲ့ အသံလွှင့်ကြေညာချက်ပါ သဘောထားရပ်တည်မှုတွေနဲ့ ကွဲလွဲဆန့်ကျင်နေသလို ဗိုလ်ခင်မောင်လေး ဗိုလ်မှူးကြီးအောင်ကြီး တို့ရဲ့ (ဗိုလ်လကျာ် ဆီကတဆင့် ဆွေးနွေးရာက နားလည်ထားတဲ့) လက်နက်ချရေး ယုံကြည်ထားမှုဟာ တခြားစီဖြစ်နေတာ တွေ့ရပါတယ်။

အချုပ်က အစိုးရဘက်က လက်နက်ချရေးသာ ဆွေးနွေးလိုတာဖြစ်ပြီး နိုင်ငံရေးကိစ္စ ဘာမှမဆွေးနွေးနိုင်ဆိုတာ ရပ်ခံထားပါတယ်။ ကွန်မြူနစ်ပါတီဘက်က သခင်သန်းထွန်းပေးစာမှာ ဖော်ပြခဲ့ဖူးတဲ့ အချက် (၃) ချက်အပါအဝင် နိုင်ငံရေးကိစ္စတွေကို မဆွေးနွေးရဘူးဆိုရင် မဆွေးနွေးပါ။ လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေဘောင်အတွင်းကနေ ဒီမိုကရေစီနည်းအရ အာဏာကို ရယူချင်ပါတယ်။ အဲဒီလိုရယူနိုင်ဖို့အတွက် လိုအပ်လာမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဆိုင်ရာ ပြသနာတွေရှိလာနိုင်ပါတယ်။ အဲဒီပြဿနာတွေက ဘာတွေလဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ဘာတွေကို အာမခံဖို့လိုသေးသလဲ၊ စသဖြင့် စသဖြင့် ဖြစ်ပေါ်လာနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဘောင်အတွင်းက ပေါ်ပေါက်လာမယ့် ပြသနာတွေကို တွေ့ဆုံဆွေးနွေးဖို့ဖြစ်ပါတယ်။ တဆင့်လျှော့ပြီး ဆွေးနွေးတာဖြစ်ပါတယ်။ ဒါကို ဖဆပလ က လက်မခံနိုင်ဘဲ အပေါ်စည်းကနေ ပယ်ချတာဖြစ်ပါတယ်။ လက်နက်ချအလင်းဝင်ရေးကိစ္စကလွဲလို့ ဘာမှမဆွေးနွေးနိုင်ဆိုတဲ့ တင်းမာတဲ့သဘောထားကိုသာ ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ အပိုင်တွက်ဆပြီး ကြေညာလိုက်ကြတဲ့

ဗိုလ်ခင်မောင်လေး နဲ့ ဗိုလ်မှူးကြီး အောင်ကြီး တို့ရဲ့ အသံလွှင့်ကြေညာချက်တွေဟာ ဖဆပလ အစိုးရနဲ့ တပ်မတော်ရဲ့ မောက်မာမှု ငြိမ်းချမ်းရေးမလိုလားမှုတွေကိုသာ ဖော်ပြလိုက်သလိုဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီလ (၁၀) ရက်နေ့ကပဲ ဝန်ကြီးချုပ်ဦးနု က သတင်းစာ ကွန်ဖရင့်မှာ သတင်းစာဆရာတွေရဲ့ အမေးကို ပြန်လည်ဖြေကြားရင်း 'ဗမာပြည်ကွန်မြူနစ်ပါတီက ခြွင်းချက်မရှိ လက်နက်ချလျှင် တရားဝင် တည်နေခွင့်ကို အသိအမှတ်ပြုမည်ဖြစ်ကြောင်း၊ ထိုသို့ပြုရုံသာမက ကွန်မြူနစ်ပါတီနှင့် လူထုရှေ့မှောက်တွင် ဒီမိုကရေစီနည်းအရ အချိန်မရွေးယှဉ်ပြိုင်ရဲကြောင်း 'ကြွေးကြော်ခဲ့ပြီး၊ ဇန်နဝါရီ (၂၀) ရက်မှာ သခင်သန်းထွန်း က အချက် (၃) ချက်ဖော်ပြပြီး တွေ့ဆုံဆွေးနွေးကြရန် ကမ်းလှမ်းလာတော့မှ ပထမဆုံး ဦးထွန်းဝင်းက အချက် (၃) ချက်ကို ပုတ်ထုတ်ဖယ်ရှားခဲ့ပါတယ်။ သခင်သန်းထွန်း က ကိုယ်စားလှယ်ဆက်လွှတ်ပြီး တွေ့ဆုံ ဆွေးနွေးရေး ကြိုးစားပြန်တော့လည်း လက်နက်သာအရင်ချ ကျန်တာတွေမဆွေးနွေးနိုင်ဆိုပြီး ဗိုလ်ခင်မောင်လေး၊ ဗိုလ်အောင်ကြီး တို့တတွေရဲ့ အသံလွှင့်ကြေညာချက်တွေနဲ့ ငြိမ်းချမ်းရေးတံခါးပေါက်ကို အပြီးအပိုင်ပိတ် လိုက်တာသာဖြစ်တယ်လို့ ပမညတ သဘာပတိအဖွဲ့က ကောက်ချက်ဆွဲပြခဲ့ပါတယ်။ ဗမာပြည် ကွန်မြူနစ် ပါတီက ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဦးမယ်လို့ဖော်ပြခဲ့ပြီး အစိုးရကတော့ အောင်မာဃ ထိုးစစ်ကြီး ကိုသာ တိုးပြီးဆင်နွှဲပါတယ်။ ဖဆပလ အစိုးရရဲ့ တင်းမာတဲ့သဘောထားဟာ နိုင်ငံရေးအရ ပွင့်ကျသွားခဲ့ပါ တယ်။ ပြည်သူလူထုရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကိုလည်း ဖျက်ဆီးပစ်လိုက်သလိုဖြစ်ခဲ့တဲ့အတွက် နိုင်ငံရေး အရ၊ စည်းရုံးရေးအရ အရှုံးထွက်သွားပါတယ်။ ဒါပေမယ့် အရှုံးထဲက အမြတ်ထွက်သွားသလို ဖြစ်ခဲ့တာက ဗမာပြည်ကွန်မြူနစ်ပါတီက စေလွှတ်လိုက်တဲ့ ဗဟိုကိုယ်စားလှယ် ဦးချမ်းအေး ကို ပိုင်ပိုင်နိုင်နိုင် ရရှိလိုက်ခြင်း ပဲဖြစ်ပါတယ်။ ဦးချမ်းအေးကိုယ်တိုင်က လက်နက်ချသွားတာလား အစိုးရကပဲ ဖမ်းဆီးလိုက်တာလားဆိုတာ စဉ်းစားစရာဖြစ်ပေမယ့် ဘာကြောင့်ပဲဖြစ်ဖြစ် နောင်ထွက်ပေါ်လာမယ့် 'ချမ်းအေးစစ်တမ်း' ဆိုတာကတော့ အစိုးရကြိုက် ဖြစ်သွားခဲ့ပါတယ်။ ဦးချမ်းအေး လက်နက်ချဖြစ်သွားပါတယ်။

အောင်မာဃ ထိုးစစ်ကြီးကို မီးကုန်ယမ်းကုန် အကြီးအကျယ်ဆင်နွှဲပြီး အပြုတ်တိုက်ရေး အသံပြန် ကျယ်လာပါတယ်။ အောင်မာဃ ထိုးစစ်ကြီးနဲ့အတူ ဗမာပြည်အထက်ပိုင်းရှိ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေအပေါ် ဥပဒေ၊ အလင်းရောင်၊ မိုးကြိုး နဲ့ မိတ္တ စစ်ဆင်ရေးတွေလည်း ဖော်ထုတ် ချမှတ်ဆင်နွှဲခဲ့ပါ တယ်။ အမှတ် (၁၀၃) ခြေမြန်တပ်ရင်းသစ်နဲ့ 'ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း' ကိုလည်း စစ်တပ်က တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကတော့ တက်မလာပါ။ ပြည်တော်သာစီမံကိန်းကြီးလည်း ဖဆပလ တွေ ခိုးကြ ဝှက်ကြ ဘုံးလိုက်ကြတဲ့ အတွက် ရေစုန်မျောသွားရပြီး အရံနိုင်ငံခြားငွေပမာဏဟာ ကုန်သလောက်ဖြစ်သွားပါတယ်။ ၅၅ ခုနှစ် ဩဂုတ်လမှာ စာရင်းအရ (၃၆.၆) ကုဋေသာ ကျန်တော့တဲ့ အတွက် ခါးကျိုးသွားရတဲ့ ပြည်တော်သာစီမံကိန်းကြီးကို ပြန်လည်ပြုပြင်တဲ့အနေနဲ့ စပါးစိုက်ပျိုးရေးကို ဦးစားပေးပြီး စီမံကိန်းအသစ်ရေးဆွဲရင်း (၁၉၅၆–၆၀) ပထမ လေးနှစ်စီမံကိန်းကြီး ပေါ်လာပြန်ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ ဗမာပြည်ကို စစ်မဖြစ်မီက အခြေအနေ ပြန်ရောက်ဖို့လို့ဆိုပါတယ်။ ဒီစီမံကိန်းကို ၁၉၅၆ ခုနှစ်ကစပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားပြန်ပါတယ်။ ဒီ လေးနှစ်စီမံကိန်းကြီးဟာလည်း ပြည် တော်သာစီမံကိန်းကြီးလိုပဲ စက္ကူပေါ်မှာသာ ဖတ်လို့ကောင်းနေခဲ့ပါတယ်။

အစိုးရ က ဖွဲ့စည်းပေးလိုက်တဲ့ ပျူစောထီးများကတော့ ဧပြီလမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲ ကြီးမှာ အာဏာရ ဖဆပလ အနိုင်ရရှိရေးအတွက် အတိုက်အခံ ပမညတ ကိုယ်စားလှယ်လောင်းတွေနဲ့ ပမညတ ဘက်က ဆောင်ရွက်ကြမယ့် ပုဂ္ဂိုလ်တွေအပေါ် ခြိမ်းခြောက်တာ ပြဿနာရှာတာ အနိုင်ကျင့်ဖို့

ကြိုးစားတာတွေ နေရာအနှံ့မှာ နည်းမျိုးစုံနဲ့ လုပ်ဆောင်ပြုမူကြရုံမက၊ ပြည်သူလူထုတရပ်လုံးအပေါ်လည်း မတရားပြုကျင့်တာ၊ နှိပ်စက်ကလူလုပ်တာ၊ စော်ကားဖိနှိပ်တာတွေ လက်ရဲဇက်ရဲ ပြုကျင့်လာကြပါတယ်။ မဖွဲ့စည်းမီကတည်းက ပျူစောထီး ဖွဲ့စည်းရေးကို အပြင်းအထန် ကန့်ကွက်ခဲ့ကြတဲ့ ပမညတများ ကြိုတင် သုံးသပ် ခွဲခြမ်းစိတ်ဖြာပြခဲ့သလို လာမယ့်ရွေးကောက်ပွဲမှာလည်း ပျူစောထီး တွေဟာ ခါးပိုက်ဆောင်တပ်တွေ အဖြစ် မတော်မတရား နောက်ယှက်ကြဦးမှာဖြစ်ကြောင်း တင်ကြိုပြောဆို စွပ်စွဲခဲ့ဖူးသလို တကယ်လည်း အနှောက်အယှက်ပြုကြ ရမ်းကားခဲ့ကြပါတယ်။ အာဏာရ ဖဆပလကြီးရဲ့ အထူးသဖြင့် ဆိုရှယ်လစ်တွေရဲ့ ခါးပိုက်ဆောင်လက်နက်ကိုင်တပ် စစ်စစ်တွေဖြစ်ခဲ့ကြပါတယ်။

## ၁၉၅၆ ခုနှစ် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ အာဏာရ ဖဆပလ အကွဲနဲ့ ပြည်တွင်းစစ်ရပ်စဲရေးကြွေးကြော်သံ

၁၉၅၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့မှာ ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တပြည် လုံးမှာကျင်းပခဲ့ပါတယ်။ '၅၆ ခုနှစ် ရွေးကောက်ပွဲ' လို့ အတိုခေါ်ဝေါ်ခဲ့ကြပါတယ်။ ၅၆ ခုနှစ် ရွေးကောက်ပွဲ ဟာ ဗမာပြည်လွတ်လပ်ရေး ကြေညာနိုင်ပြီးနောက် ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပါတယ်။

အဓိကအားဖြင့် အာဏာရ ဖဆပလ အဖွဲ့ကြီးနဲ့ အတိုက်အခံ နိုင်ငံရေးတပ်ပေါင်းစု (ပမညတ) အဖွဲ့ကြီးတို့ အကြိတ်အနယ် ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြတာဖြစ်ပါတယ်။ ဖဆပလ ဟာ အာဏာရအဖွဲ့ အစည်းကြီးဖြစ်တဲ့အတွက် အင်အားတောင့်တင်းပြီး တပန်းသာပြီးဖြစ်သလို "ပမညတ" အဖွဲ့ကြီးကလည်း နိုင်ငံရေးပါတီများနဲ့ တပ်ပေါင်းစုအဖြစ် ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အင်အားတောင့်တင်းနေပြီ ဖြစ်တဲ့ အတိုက်အခံ အဖွဲ့အစည်းကြီးဖြစ်ပါတယ်။

ဖဆပလ အဖွဲ့ကြီးက 'ဖဆပလကြီးအနှစ်လေးဆယ်အာဏာတည်စေရမယ်' ကြွေးကြော်ပြီး ရွေး ကောက်ပွဲမှာစည်းရုံးပါတယ်။ မတ်လ(၃၁) ရက်နေ့အထိ သက်တမ်းရှိတဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ် ပြန်ခဲ့တာဟာလည်း မဲဆွယ်စည်းရုံးခြင်းတမျိုးဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ပါဝင်ပြီး စတင်ဖွဲ့ စည်းခဲ့စဉ်က ရှိခဲ့တဲ့ ဖဆပလ ကြီးရဲ့အစဉ်အလာကောင်းတွေ ဆက်လက်ယူငင်စားသုံးပြီး လူထုကို မစားရ ဝခမန်း ပါးစပ်ကတိတွေကိုပေးရင်း လူထုကိုမဲဆွယ်စည်းရုံးခဲ့ပါတယ်။

ပမညတ အဖွဲ့ကြီးကတော့ 'ပြည်တွင်းစစ်မုချရပ်စဲရမယ်' ဆိုတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကြွေးကြော် သံကိုကိုင်စွဲပြီး ရွေးကောက်ပွဲဝင်ပါတယ်။ ဖဆပလ အစိုးရရဲ့ ပြည်တွင်းငြိမ်းချမ်းရေး သဘောထားတွေကို ဝေဖန်၊ ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ အရေးဆိုလှုံ့ဆော်တိုက်ပွဲဝင်ရင်း စည်းရုံးမဲဆွယ်ပါတယ်။

ငြိမ်းချမ်းရေးကိုမျှော်လင့်နေကြတဲ့ ပြည်သူလူထုကြီးက ပမညတ ရဲ့ ကြွေးကြော်သံကို အလေး အနက်ထားခဲ့ကြပါတယ်။ ဒါကြောင့် ဖဆပလ အစိုးရရဲ့ အာဏာစက်ကြားက၊ အာဏာရ ဘက်တော်သား အသီးသီးရဲ့ ခြိမ်းခြောက်ရန်လိုမှုကြားကနေ 'ပမညတ' ကို မဲပေးလာကြတာတွေ့ရပါတယ်။ နယ်တွေမှာ ပျူစောထီး တွေကညစ်ပတ်စွက်ဖက်ခဲ့ကြသလို၊ တပ်မတော်ကလည်း ဖဆပလ ဘက်က ပင်းခဲ့ပါတယ်။ နေရာ တချို့မှာ ဖဆပလကိုယ်စားလှယ်အနိုင်ရရေး ကလိန်ကကျစ်လုပ်ခဲ့ကြတာရှိပါတယ်။ တပ်မတော်ခေါင်းဆောင်

ထိပ်သီးကြီးတွေအများစုဟာ ဆိုရှယ်လစ်နွယ်ဝင်ကြီးတွေဖြစ်ခဲ့ကြတဲ့အတွက် ဆိုရှယ်လစ်ပါတီအပေါ် သံယောဇဉ်ရှိကြပြီးဖြစ်သလို ပမညတရဲ့ငြိမ်းချမ်းရေးကြွေးကြော်သံကို နဲနဲလေးမှ လက်မခံနိုင်ကြတာလည်း ပါပါတယ်။ သူပုန်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကို ဘယ်လိုနည်းနဲ့မှ မကြိုက်နှစ်သက်နိုင်ခဲ့ကြပါ။

ဖဆပလကြီးထဲမှာ ထိပ်သီးတွေကြား အုပ်စုဖွဲ့မှု ပြိုင်ဆိုင်မှု မနာလိုမရှုစိမ့်နိုင်မှုတွေ အုံနဲ့ကျင်းနဲ့ရှိနေပေမယ့် ရွေးကောက်ပွဲကြီးမှာ ဖဆပလ အပြတ်အသတ်အနိုင်ရရှိရေးမှာကတော့ အကျိုးတူချင်း ရင်ချင်းကပ်ခဲ့ကြပါတယ်။

ဖဆပလ ရဲ့ မဲပုံးအရောင်က အနီရောင်ဖြစ်ပြီး ပမညတရဲ့ မဲပုံးရဲ့အရောင်က မိုးပြာရောင် သတ်မှတ်ထားပါတယ်။

မဲလိမ်မှု၊ မဲခိုးမှု၊ မတော်မတရားလုပ်မှုတွေလည်း အနည်းနဲ့အများရှိခဲ့ပါတယ်။ စစ်တပ်က ဖဆပလ ဘက်က ပင်းခဲ့သလို တောခိုသူပုန်အင်အားစုများကလည်း ပမညတ ကို အားပေးခဲ့ကြတာတွေ့ရပါတယ်။ မဲလိမ် မဲညစ်မှုတွေနဲ့ပတ်သက်လို့ အာဏာရများဘက်က တော်တော်များများလုပ်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲ မတိုင်မီညကတည်းက အနီရောင်မဲပုံးထဲ မဲတွေကြိုတင်ထည့်ထားခြင်း၊ ဖဆပလ အမာခံဆိုသူများက သူတို့ မဲဝယ်ထားသူတွေကို တဦးချင်းမဲပေးစေတဲ့အခါ တဦးချင်း မဲပေးဟန်ပြု ပြန်ထွက်လာပြီး မဲရုံမှူးက တရားဝင် ထုတ်ပေးလိုက်တဲ့ မဲပြားကို သူ့ဆီ အအပ်ခိုင်းပြီးမှ မဲအများအပြားကို သူထည့်ရမယ့်အလှည့်မှာ တစုတလုံးတည်း ပုံအောထည့်လိုက်ခြင်း၊ ခြိမ်းခြောက်ပြီး မဲထည့်စေခြင်း၊ လူတယောက်ထဲက အဝတ်အစား အမျိုးမျိုး ပြောင်း၊ အချိန်ပြောင်းပြီး သူအပိုင်သိပြီးသူများရဲ့ အမည်များနဲ့ မဲပြားကို လိမ်ထုတ်ကာ ထပ်ကျော့ အကြိမ်ကြိမ်ထည့်ခြင်း၊ (ကာယကံရှင်လာတဲ့အခါ သူ့နာမည်နဲ့ မဲပြားဟာ ထုတ်ယူသွားပြီးဖြစ်နေတဲ့အတွက် ပြဿနာပေါ်ရပေမယ့် ဘာမှမတတ်နိုင်တော့ခြင်း)၊ ရိုးအသူ၊ သက်ကြီးရွယ်အိုဖြစ်သူများရဲ့ မဲပြားကို ကူညီလိုက်ပို့ မဲထည့်စေတဲ့အခါ ဖဆပလ ပုံးအတွင်းသို့သာ ထည့်ပေးခြင်း စတဲ့နည်းလမ်းအမျိုးမျိုးနဲ့ မဲလိမ် မဲညစ်တာတွေ ဖြစ်ပေါ် ကြုံတွေ့ရပါတယ်။

ရပ်ရွာတချို့မှာတော့ ပမညတ ကိုပဲ မဲပေးဖို့လာကြတယ်ဆိုတာ အပိုင်သိတဲ့အခါ တခြားရပ်ရွာ ဒေသရှိ ဖဆပလ ခါးပိုက်ဆောင်တပ်ကို လှမ်းခေါ်ထားပြီး လမ်းတဝက်ကနေ ဖြတ်တားစေလျက် 'ကျုပ်တို့ အလံနီတွေပဲ၊ ခင်ဗျားတို့ မဲပေးသွားမှာဆန့်ကျင်တယ်၊ ရွေးကောက်ပွဲကိုဆန့်ကျင်တယ်၊ အခုပြန်' လို့ လက်နက်ပြ ခြိမ်းခြောက် မောင်းထုတ်ဟန့်တားပစ်ခဲ့တာမျိုးတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရတပ်က အလံနီယောင်ဆောင်ပြီး ပုံမှားရိုက် မောင်းထုတ်ခဲ့တာမျိုးဖြစ်ပါတယ်။ ပမညတ မဲရုံကိုယ်စားလှယ်ရော ဖဆပလ မဲရုံကိုယ်စားလှယ်ရော ရှိနေရာက မဲပေးခါနီး ကပ်ပြီး ပမညတ ကိုယ်စားလှယ်ကို ရဲအရာရှိက ကွန်မြူနစ်နဲ့ အဆက်အသွယ်ရှိမရှိ စစ်ဆေးရန်ရှိတယ်လို့ ဆိုကာခေါ်သွားပြီး အချိန်ကြာမြင့်အောင်ခေါ်ယူစစ်ဆေးနေတုန်း ဖဆပလ မဲရုံမှူးက မဲပြားတွေကို စိတ်ကြိုက်လုပ်နိုင်ခဲ့တာမျိုးတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။

ဖဆပလ အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲကိုအကြောင်းပြုပြီး လူသတ်မှုကြီးတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ မင်းလှ၊ စစ်ကွင်း၊ တာဆုံ အနီးမှာ အသတ်ခံရတဲ့ 'ပမညတ' ဘက်က ရဲဘော်ဘလှိုင်၊ ရဲဘော်ခင်မောင်ကြီး၊ ရဲဘော်တင်ဦး၊ ရဲဘော်ညိုအေး တို့ဟာဆိုရင် နေ့ခင်းကြောင်တောင် ပြောင်ပြောင်တင်းတင်းကို အသတ်ခံခဲ့ကြရတာဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ဖဆပလများ အနိုင်ရဖို့ ဘူးသီးတောင်မောင်းတောမှာ ကုလားတွေကို သမ္ဗာန်နဲ့ ခေါ်သွင်းလာခဲ့ကြတယ်ဆိုတဲ့ အသံလည်း ထွက်ပေါ်လာခဲ့ပါတယ်။

ဖဆပလ ဘက်ဟာ ပျူစောထီးတပ်လက်နက်ကိုင် ခါးပိုက်ဆောင်တပ်တွေအကူအညီနဲ့ မတရား သဖြင့် ညစ်ပတ်ခဲ့ကြတာ ခြိမ်းခြောက်ဗိုလ်ကျ မဲထည့်ခိုင်းတာတွေ လုပ်ဆောင်ခဲ့ကြတယ်လို့ အတိုက်အခံ ပမညတ အဖွဲ့ကြီးက စွပ်စွဲခဲ့သလို၊ ဖဆပလ အဖွဲ့ကြီးကလည်း သောင်းကျန်းသူလက်နက်ကိုင် သူပုန်များ ဟာ သူတို့ကြီးစိုးရာနယ်မြေတွေကနေ လက်နက်ပြ ခြိမ်းခြောက်ပြီး ရွာသူရွာသားတွေကို ပမညတ ကို မဲပေးဖို့ လုပ်ဆောင်ခဲ့ကြတယ်လို့ အပြန်အလှန် တုန့်ပြန်စွပ်စွဲပါတယ်။

ရွေးကောက်ပွဲကြီးမှာ 'ဖဆပလ' က (၁၇၄၃၈၁၆) မဲ ရရှိခဲ့ပြီး ပမညတ (၁၁၃၉၂၈၆) မဲ ရရှိပါတယ်။ ပမညတ အပါအဝင် အတိုက်အခံစုစုပေါင်းအနေနဲ့ က (၁၅၃၀၆၃၀) မဲရရှိပါတယ်။ စုစုပေါင်းမဲအရေအတွက် ဟာ သိပ်မကွာလှတာကို တွေ့ရပေမယ့် ရွေးကောက်ပွဲကျင်းပပုံစနစ်အရ အမတ်နေရာ အနိုင်ရမှုကတော့ ကွာခြားခဲ့ပါတယ်။ အာဏာရ ဖဆပလအဖွဲ့ကြီးက အမတ်နေရာ (၁၄၄) နေရာရရှိခဲ့ပြီး ပမညတ အဖွဲ့ကြီးက အမတ်နေရာ (၄၆) နေရာ ပဲရရှိခဲ့ပါတယ်။

အမတ်နေရာအရ 'ဖဆပလ' က အပြတ်အသတ်အနိုင်ရရှိတယ်ဆိုပေမယ့် လူထုထောက်ခံမှု စုစုပေါင်းမဲအရေအတွက်က သိပ်ကွာလှတာမဟုတ်တာကြောင့် 'ဖဆပလ' အဖို့ မျက်လုံးပြူးစရာတော့ ဖြစ်လာပါတယ်။ 'ပမညတ' ကို ပေါ့ပေါ့သဘောထားလို့မရတော့ဘူးဆိုတာ သိသွားရသလို၊ မေလ (၂၂) ရက်နေ့မှာ ကျင်းပဖို့ကြေညာထားတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနဲ့ တဆက်တစပ်တည်းဖြစ်တဲ့ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲမှာ 'ဖဆပလ' တွေအနိုင်ရရှိရေးကို အလေးထားဆောင်ရွက်နိုင်ဖို့ သတိပေးလိုက်သလို ဖြစ်သွားခဲ့ပါတယ်။

ဒါကြောင့် 'ဖဆပလ ' ဟာ လူမျိုးစု လွှတ်တော်ရွေးကောက်ပွဲမှာ ဖဆပလ ကိုယ်စားလှယ်လောင်း အနိုင်ရရေး အားသွန်ကြိုးပမ်းပါတယ်။ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲကြီးမှာတော့ ဖဆပလ ဟာ အပြတ် အသတ် အောင်ပွဲခံနိုင်လိုက်ပါတော့တယ်။

၅၆ ခုနှစ်ရွေးကောက်ပွဲအပြီး ပေါ်လာတဲ့အစိုးရအဖွဲ့ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

| | |
|---|---|
| ၁။ ဦးနု | – ဝန်ကြီးချုပ်၊ |
| ၂။ ဦးဗဆွေ | – ဒုဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး၊ |
| ၃။ စပ်ခွန်ချို | – ဒုဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေး၊ ရှမ်းပြည်နယ်ဌာနဝန်ကြီး၊ |
| ၄။ ဦးကျော်ငြိမ်း | – ဒုဝန်ကြီးချုပ်နှင့်အမျိုးသားစီးပွားရေးဌာနဝန်ကြီး၊ |
| ၅။ သခင်တင် | – ဒုဝန်ကြီးချုပ်နှင့် ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး၊ |
| ၆။ ဒေါက်တာစောလှထွန်း | – ကရင်ပြည်နယ်ဌာနဝန်ကြီး၊ |
| ၇။ ဦးဇန်ထားဆင် | – ကချင်ပြည်နယ်ဌာနဝန်ကြီး၊ |
| ၈။ စပ်ဝဏ္ဏ | – ကယားပြည်နယ်ဌာနဝန်ကြီး၊ |
| ၉။ ဦးဇာရဲလျှန် | – ချင်းရေးရာဌာန၊ |
| ၁၀။ ဦးတင် | – ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့်ထောက်ပံ့ရေးဝန်ကြီး၊ |
| ၁၁။ ဗိုလ်ခင်မောင်လေး | – ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး၊ |
| ၁၂။ သခင်သာခင် | – ပြည်ထဲရေးဌာနဝန်ကြီး၊ |
| ၁၃။ သခင်ကျော်ထွန်း | – လယ်ယာနှင့်သစ်တောဌာနဝန်ကြီး |
| ၁၄။ ဦးခင်မောင်လတ် | – တရားရေးဌာနဝန်ကြီး |
| ၁၅။ ဗိုလ်မင်းခေါင် | – သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး၊ |

၁၆။ ဦးရာရှစ် – သတ္တုတွင်းဌာနဝန်ကြီး၊
၁၇။ ဦးဘစော – လူမှုဝန်ထမ်းဌာနနှင့် သာသနာရေးဌာနဝန်ကြီး၊
၁၈။ ဦးထွန်းဝင်း – သမဝါယမဌာနဝန်ကြီး၊
၁၉။ သခင်ချစ်မောင် – ပြန်ကြားရေးဌာနဝန်ကြီး၊
၂၀။ ဦးရှိန်ထန် – ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး၊
၂၁။ ဦးအောင်ပ – ရေကြောင်းနှင့်မြို့ပြလေကြောင်းဌာနဝန်ကြီး၊
၂၂။ ဆမားဒူးဝါးဆင်ဝါးနော်င် – ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေး၊
၂၃။ သခင်ပန်းမြိုင် – ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဌာနဝန်ကြီး၊
၂၄။ သခင်တင်မောင် – ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာနဝန်ကြီး၊
၂၅။ သခင်စံမြင့် – လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာနဝန်ကြီး၊
၂၆။ ဦးတင်ညွှန့် – အလုပ်သမားဌာနဝန်ကြီး၊
၂၇။ ဗိုလ်ခင်မောင် – စက်မှုလက်မှုဌာနဝန်ကြီး၊
၂၈။ စပ်ထွန်းအေး – အမျိုးသားမှတ်ပုံတင်ရေးဌာနဝန်ကြီး၊
၂၉။ ဦးထွန်းတင် – ပညာရေးနှင့်ယဉ်ကျေးမှုဌာနဝန်ကြီး၊
၃၀။ ဒေါက်တာစိန်ဘန်း – ကျန်းမာရေးဌာနဝန်ကြီး – တို့ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ ဥသျှောင်အကြီးအကဲပြယုဂ်အဖြစ် နိုင်ငံတော်သမတကြီးဖြစ်လာတာကတော့ ကရင်အမျိုးသားလည်းဖြစ်၊ ဖက်ဆစ်တော်လှန်ရေးမှာ အိန္ဒိယပြည်သွားခဲ့ပြီး လေထီးဆင်းဗိုလ်တဦး လည်းဖြစ်ခဲ့တဲ့ 'မန်းဝင်းမောင်' ဖြစ်ပါတယ်။

အတိုက်အခံ ပမညတ ကြီးဟာ အမတ်နေရာလေးဆယ်ကျော်သာရရှိခဲ့ပေမယ့် လွှတ်တော်အတွင်းမှာ အဓိကအတိုက်အခံအင်အားစုကြီးအဖြစ် ပေါ်လွင်လာခဲ့ပါတယ်။ အစိုးရရဲ့ မူဝါဒပေါ်လစီတွေကို ချက်ကြလက်ကြ ထောက်ပြဝေဖန်ဆန်းစစ်နိုင်တဲ့ တကယ့်အဖွဲ့ကြီးအဖြစ် နေရာယူနိုင်လာခဲ့ပါတယ်။ သခင်ချစ်မောင်၊ ဦးသိန်းဖေမြင့်၊ ဦးဘငြိမ်း၊ ဦးအေးမောင် တို့ဟာ အပြောကောင်း အဟောကောင်းတွေဖြစ်ကြသလို ကော်လုံးကပ်လုံး ထေ့လုံး ထောက်လုံးကောင်းသူတွေလည်းဖြစ်ကြတဲ့အတွက် သူတို့အသံတွေကို တိုင်းပြည်က အာရုံစိုက် နားထောင်လာရတဲ့အထိ အစွမ်းထက်ခဲ့ကြပါတယ်။ ပြည်သူလူထုကြီးက ငြိမ်းချမ်းရေးဆန္ဒကို အာဏာနဲ့ကန့်သတ်ထားတဲ့ကြားကနေ တခဲနက် ဖော်ပြလိုက်ကြတာဖြစ်တဲ့အတွက် ပမညတ ကြီးဟာ အချိန်တိုတိုအတွင်း ဒီလောက်အောင်ပန်းဆင်နိုင်ခဲ့တာဖြစ်ပါတယ်။ အမတ်နေရာရရှိမှု ကွာဟာလွန်းပေမယ့် မဲအရေအတွက် သိပ်ကွာလှတာမဟုတ်တာကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက သတိမူမိပါတယ်။ ရွေးကောက်ပွဲကြီးအပြီးမှာ ရွေးကောက်ပွဲရလဒ်ကို ပြန်လည်သုံးသပ်ကြတဲ့အခါ ဖဆပလ အဖွဲ့ကြီးအတွင်းမှာ မတူခြားနားတဲ့ အဓိကအမြင် (၂) ခု ထွက်ပေါ်လာပါတယ်။

ဦးနုက ဖဆပလကြီးအတွင်းမှာ ဖဆပလတွေ အာဏာအလွဲသုံးစားလုပ်မှု၊ ခြစားမှု၊ လူထုအပေါ်မတော်မတရား ဗိုလ်ကျအမြတ်ထုတ်မှုတွေများလာလို့ ဒီလိုဖြစ်ရတာလို့မြင်ပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်တဲ့ ကွန်မြူနစ်ဆန့်ကျင့်ရေး ခေါင်းမာဆိုရှယ်လစ်ထိပ်သီးကြီးတွေကတော့ ပမညတ တွေအင်အားကောင်းလာရတာဟာ ငွေကိုရေလိုသုံးပြီး တောတွင်းကွန်မြူနစ်တွေက လက်နက်နဲ့ ခြိမ်းခြောက်ပြီး မဲထည့်ခိုင်းခဲ့လို့ ဒီလောက်ဖြစ်လာတာလို့ မြင်ပါတယ်။ အဲဒီလို့ မတူခြားနားတဲ့ အမြင် (၂) မျိုးအပေါ်ကနေ မတူခြားနားတဲ့ ကောက်ချက် (၂) မျိုး သဘောထား (၂) မျိုး ပေါ်ထွက်လာပါတယ်။

ဦးနုက ဖဆပလကြီးကို ပြန်လည်အားကောင်းလာဖို့ အာဏာအလွဲသုံးစားလုပ်မှု၊ မတော်မတရားပြုမှု၊ ခြစားမှုကြီးတွေကိုတိုက်ဖျက်ရမယ်၊ ဖဆပလစည်းရုံးရေးကို စနစ်တကျပြန်လုပ်ရမယ်။ ဖဆပလသန့်ရှင်းရေးကိုလုပ်မှဖြစ်မယ်၊ ဖဆပလအဖွဲ့ကြီးရဲ့ သိက္ခာကျဆင်းလာမှုကို အဖတ်ဆယ်ရမယ်လို့ သဘောထားပါတယ်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့တသိုက်ကတော့ ကွန်မြူနစ်တွေကြောင့်ဖြစ်ရတာ၊ ကွန်မြူနစ်တွေကို အပြုတ်တိုက်ရမယ်၊ ကွန်မြူနစ်တွေ ကျဆုံးသွားရင် အလိုလိုစည်းရုံးရေးတက်လာလိမ့်မယ်၊ ကွန်မြူနစ်ချေမှုန်းရေးသည်သာအဓိကလို့ သဘောထားပြီး၊ ရှိရင်း ကွန်မြူနစ်ဆန့်ကျင့်ရေးတံခွန်ကို တဆင့်တိုး စိုက်ထူပါတယ်။ အာဏာရ ဖဆပလအစိုးရအဖွဲ့အတွင်းက 'တပ်မတော်' ကလည်း ဗိုလ်မှူးချုပ်ကျော်ဇော တို့လိုလောက်ကလွဲပြီး ထိပ်သီးခေါင်းဆောင်အများစုဟာ ဆိုရှယ်လစ်ပါတီ တပ်တွင်းအစုဝင်တွေအဖြစ်က လာကြသူတွေဖြစ်တော့၊ အပြုတ်တိုက်ရေးရပ်တည်ချက်ချင်း တသားတည်းကျနေခဲ့ကြပါတယ်။ ၅၅ ခုနှစ်ထဲအထိ၊ ဗိုလ်နေဝင်းက ပါတီကနံပါတ်တစ်စည်းရုံးရေးကို ကောင်းကောင်းထိန်းထားပါ။ သူက တပ်ကိုထိန်းပြီး ရှေ့ဆက်နိုင်ရေးလုပ်ဆောင်သွားမယ်ဆိုတာ တင်ပြအကြံဉာဏ်ပေးခဲ့ဖူးပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့က အလေးမထားခဲ့ကြလို့ဆိုပါတယ်။ ဒါကြောင့် ၅၆ ခုနှစ်လောက်ကစပြီး တပ်မတော်ဟာ ဗိုလ်နေဝင်း တဦးတည်းရဲ့ ဦးစီးမှုအောက်ကနေ တပ်ကိစ္စ၊ တပ်တာဝန်တွေကိုသာ အလေးထားလုပ်ရင်း တစထက်တစ စစ်အင်အားစုကြီးတစုသဖွယ်ဖြစ်လာနေခဲ့ပါတယ်။ ဖဆပလတွင်း အုပ်စုပြိုင်ပွဲတွေကြားမှာ တပ်ကတော့ လွတ်လွတ်လပ်လပ်ကြီးထွား စုစည်းခွင့်တွေရနေခဲ့ပါတယ် ဖဆပလ ဆိုရှယ်လစ်ကြီးများကလည်း တပ်ဟာ သူတို့လူအဖြစ်နဲ့ အပိုင်တွက်ထားသလို ဦးနုကလည်း တပ်ကိုအရေးပေး ချော့မြူထားခဲ့ပါတယ်။ ဦးနုက တပ်ကို ယုံကြည်စိတ်ချနေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဆိုရယ်လစ်ကြီးများရဲ့ ယုံကြည်မှုရော ဦးနု၊ ဦးတင် တို့လို အမျိုးသားရေးဝါဒီ ဖဆပလ ကြီးများရဲ့ ကိုးစားအားထားမှုကိုပါ အလိုအလျောက်ရရှိနေခဲ့ပါတယ်။ အထူးသဖြင့် ကွန်မြူနစ်ဆန့်ကျင့်ရေးစိတ်ဓာတ် ပြင်းထန်လှတဲ့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့အုပ်စုရဲ့ ကွန်မြူနစ်ချေမှုန်းရေး၊ အပြုတ်တိုက်ရေး ရည်မှန်းချက်နဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်ထားတဲ့ တပ်မတော်ရဲ့ သောင်းကျန်းသူ အမြစ်ပြတ်ရေး စစ်ဆင်မှုတွေဟာ တသားတည်းကျနေခဲ့ပါတယ်။ အပြုတ်တိုက်ရေး သောင်းကျန်းသူနှိမ်နင်းရေးမှာ တသားတည်းကျပြီး ကွန်မြူနစ်ဆန့်ကျင်ရေး အခြေခံပေါ်မှာ ခြေစုံရပ်မှုချင်း တူညီနေကြပေမယ့် တဖက်ကတပ်ဟာ အထူးအင်အားစုကြီးတရပ်အသွင် ပြောင်းလဲဖြစ်ပေါ်လာနေတာကိုတော့ ဖဆပလ နိုင်ငံရေးစည်းဝိုင်းအတွင်းက ဦးဗဆွေ၊ ဦးကျော်ငြိမ်း အုပ်စုကရော ဦးနု၊ ဦးတင် သခင်အုပ်စုကပါ ပြက်ပြက်ထင်ထင် ရှုမြင်နိုင်မှုမရှိခဲ့ကြပါ။

ဘာသာရေးကို ကိုင်းရှိုင်းပြီး ဆဋ္ဌသံဂါယနာတင် မင်းကောင်းမင်းမြတ်ဘွဲ့ကို ခံယူချင်လွန်းလှတဲ့ ဝန်ကြီးချုပ်ဦးနုဟာ ဝန်ကြီးချုပ်အာဏာကိုကိုင်စွဲပြီး ၁၉၅၅ ခုနှစ်ထဲကတည်းက အခမ်းအနားကြီးတွေ ဗုံချီးကျင်းပရင်း စတင်ဆောင်ရွက်လာခဲ့တဲ့ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ၁၉၅၆ ခုနှစ်၊ မေလထဲမှာ အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ပါတယ်။ ဆဋ္ဌသံဂါယနာတင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးပြီဆိုရင် ဝန်ကြီးချုပ်ရာထူးကနုတ်ထွက်မယ်ဆိုတဲ့ သူရဲ့ ပုဂ္ဂလိကအဓိဋ္ဌာန်ကြောင့်ရော၊ ဖဆပလကြီးကို သန့်ရှင်းရေးလုပ်ပြီး ပြန်လည်စည်းရုံးရေးလုပ်မှဖြစ်မယ်ဆိုတဲ့ ခံယူချက်ကြောင့်ပါ။ သံဂါယနာတင်ပွဲကြီးပြီးပြီးချင်း မကြာမီမှာပင် ဦးနုဝန်ကြီးချုပ်အဖြစ်က နုတ်ထွက်ဖို့ ပြင်ပါတယ်။ ဖဆပလ အမှုဆောင်များက တားကြပါတယ်။ နောက်ဆုံးမှာ ဦးနု ဝန်ကြီးချုပ်က နုတ်ထွက်ပြီး ဖဆပလအဖွဲ့ကြီးမှာ ဥက္ကဋ္ဌအဖြစ် တနှစ်လုပ်ပေးမယ်ဆိုတာ အတည်ဖြစ်သွားပါတယ်။ သခင်သာခင်ရဲ့ အဆိုတင်သွင်းမှုအရ တနှစ်ပြည့်ရင် ဝန်ကြီးချုပ်အဖြစ် တနှစ်အတွက် ပြန်ပြီးလက်ခံရမယ်ဆိုတာနဲ့ အတည်ပြုဆုံးဖြတ်ခဲ့ကြပါတယ်။

ဝန်ကြီးချုပ်ဦးနုက ဝန်ကြီးချုပ်အဖြစ် ဆိုရှယ်လစ်ကြီး ဦးဗဆွေကို ရာထူးလွှဲပေးပါတယ်။ ဒုဝန်ကြီးချုပ်အဖြစ် ထားခဲ့တာကတော့ စပ်ခွန်ချို၊ ဦးကျော်ငြိမ်းနဲ့ သခင်တင်ဖြစ်ပါတယ်။

ဦးနုက ဦးကျော်ငြိမ်းကို ဖဆပလ အထွေထွေအတွင်းရေးမှူးနေရာက အထွက်ခိုင်းပါတယ်။ သခင်ကျော်ထွန်းကို ဝန်ကြီးအဖြစ်က နုတ်ထွက်စေပြီး အဲဒီ အထွေထွေအတွင်းရေးမှူးနေရာကို အယူခိုင်းကာ သူ့အောက်မှာ ပူးတွဲထားလိုက်ပါတယ်။

ဖဆပလ သန့်ရှင်းရေးလုပ်ဖို့ စီစဉ်လိုက်တဲ့ ဦးနုဟာ အဲ့ဒီလို ရာထူးအပြောင်းအလဲလုပ်တာတွေကို ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ သူ့စိတ်တိုင်းကျ လုပ်ချင်သလိုလုပ် အမိန့်ပေးနေရာချထားပေးခဲ့တာဖြစ်ပါတယ်။ [နောင်မှာ ဦးနု အဲဒီလို ဝန်ကြီးချုပ်က ထွက်ပေးတာဟာ ဗေဒင်ကိန်းခန်းအရ ယတြာချေဖို့လုပ်ခဲ့တာလို့လည်း ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့က စွပ်စွဲကြတာလဲရှိပါတယ်။]

ဖဆပလ အဖွဲ့ကြီး သန့်ရှင်းရေးလုပ်ဖို့ အဲဒီလိုစီစဉ်လိုက်တာဟာ 'ဖဆပလ' အဖွဲ့ကြီး ပြိုကွဲဖို့ စတင်လိုက်တာဖြစ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်ကို နားထောင်လက်ခံလိုက်ပေမယ့် ဦးကျော်ငြိမ်းဟာ တော်တော်မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ၅၄ ခုနှစ် ဆန်ကိစ္စမှာကတည်းက ဆိုရှယ်လစ် ရန်ပုံငွေအတွက် လာဘ်စားပြီး ဆန်ရောင်းစားထားတာလို့ သံသယဝင်နေခဲ့ပြီး စတင်အငြိုးထားခဲ့ရာကနေ သူ့ကိုချပစ်တော့ဖို့ ပြင်ဆင်တာဖြစ်တယ်လို့ ဦးကျော်ငြိမ်းက ယူဆခဲ့ပါတယ်။

၁၉၅၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့မှာ ဦးဗဆွေ ဝန်ကြီးချုပ်ဖြစ်လာပါတယ်။ ဦးနု ဖဆပလဥက္ကဋ္ဌရာထူးယူပါတယ်။ ဖဆပလသန့်ရှင်းရေးကို ဖိဖိစီးစီး စတင်ဆောင်ရွက်ပါတယ်။ သူ စတင်ဖွဲ့စည်းခဲ့တဲ့ 'စသုံးလုံး' အဖွဲ့ကြီးကို လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးပြီး ခြစားမှု ဖော်ထုတ်အရေးယူရေးတွေကို လုပ်ဆောင်စေပါတယ်။

အဲဒီလို ပြုလုပ်ဆောင်ရွက်မှုတွေကြောင့် တလျှောက်လုံး သူတပါးအပေါ်သာ လက်ဦးမှုရှိရှိ အရေးယူစီမံခန့်ခွဲလာခဲ့တဲ့ ဦးကျော်ငြိမ်း ဟာ မခံမရပ်နိုင်အောင်ဖြစ်ခဲ့ပါတယ်။ ဦးကျော်ငြိမ်း တော်တော် မကျေမနပ်ဖြစ်နေတဲ့သတင်း ဦးနုဆီရောက်လာတဲ့အခါ ဦးနုက "မင်းငါ့ကိုမကျေမနပ်ဖြစ်နေတယ်လို့ ကြားရတယ်၊ အဲ့ဒီမကျေ မနပ်ချက်တွေ ဘာတွေလဲဆိုတာ စာရေးပြီး ငါ့ဆီပို့လိုက်၊ ဒီစာရတဲ့အခါ မင်းနဲ့ငါ ဆွေးနွေးမယ်" လို့ ဦးနု က တုန့်ပြန်လိုက်ပါတယ်။

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့မှာ ဦးကျော်ငြိမ်း ရဲ့ တရားဝင် ရင်ဖွင့်လွှာ ဦးနုဆီရောက်လာပါတယ်။ ဇူလိုင် (၆) ရက်နေ့မှာ ဦးနုရဲ့ ဦးကျော်ငြိမ်းထံ ပြန်စာထွက်ပေါ်လာပါတယ်။

ဒီစာနှစ်စောင်ဟာ ရာဇဝင်တွင်ခဲ့တဲ့စာနှစ်စောင်ဖြစ်ပါတယ်။ ဦးကျော်ငြိမ်း ရဲ့စာထဲမှာ ...

... ရန်ကုန်မြို့ သူပုန်တွေဝိုင်းနေစဉ်က ဘာတခုမှမဆောင်ရွက်ခဲ့တဲ့ ကုန်သည်ကြီးတွေ၊ လိုင်စင်စီကြီးတွေ၊ အမြတ်တော်ခွန်ရှောင်တဲ့လူတွေ၊ နိုင်ငံခြားငွေခိုးထုတ်တဲ့လူတွေ၊ သာပေါင်းညာစားတွေတချို့ဟာ ဥက္ကဋ္ဌ ကြီးနားမှာကပ်ပြီး မြှောက်နေကြတယ်။ ဆိုရှယ်လစ်တွေနဲ့ ရန်တိုက်ပေးနေကြတယ်။ သူတို့က အပြင်မှာ လိုင်စင်ရောင်းစားလို့ ချမ်းသာသလောက်၊ ဥက္ကဋ္ဌကြီးကိုက်တဲ့ အလှူအတန်းတွေမှာ လှူကြတန်းကြတယ်။ (အရက်ကြိုက်တဲ့ လူနားကျတော့ ဒီလူတွေက ပုလင်းမော့ကြတယ်) ဥက္ကဋ္ဌကြီးပျင်းရင်း အိုးစည်ဒိုးပတ်ဝိုင်းလဲ ကပြကြတယ်။ တရားနာချင်ရင်လည်း ယပ်လှဲတရားလေးဘာလေး ဟောပြောတတ်တယ်။ အလျဉ်းသင့်တဲ့အခါ ဘယ်ဆိုရှယ်လစ်ခေါင်းဆောင်က ခေါင်းဆောင်ကြီးကို ဘယ်လိုမတရားပြောပါတယ်လို့ ရန်တိုက်ကြတယ်။ "ဂျပန်ခေတ် အဓိပတိလုပ်နေတုန်းက ငါ့အနားမှာ ညာနေတဲ့ စီးပွားရေးသမားခပ်များများဟာ အခု သခင်နုအနားရောက်နေပြီ" လို့ ဒေါက်တာဘမော် ကပြောနေတာကို တဆင့်ကြားရတယ်၊ မှန် မမှန်

မသိပါ....'' ဆိုတာကအစ...

''....ဝန်ကြီးချုပ်အနေနဲ့ ဘေးကလူတွေက 'မှန်ပ့ါဖယား' လုပ်ကြတော့ မင်းစိတ်မင်းမာန်တွေ များလာပါသည်။ ဝန်ကြီးအစည်းအဝေးတွေမှာသော်လည်းကောင်း၊ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့တွင်းမှာသော်လည်းကောင်း ဆွေးနွေးရာတွင် မိမိ၏ယူဆချက် ဆန့်ကျင်၍ပြောသည်ကို သည်းမခံလိုသောစိတ်ပေါ်ပေါက်လာပါသည်။ မိမိ၏ယူဆချက်နှင့် ဆန့်ကျင်၍ ဆွေးနွေးသောသူသည် ကလန်ကဆန်လုပ်သည်၊ လူရှေ့မှာ ငါ့ကိုပြန်ပြောသည်။ အရှက်ခွဲသည်ဟု ယူဆလာသည်....''

ဆိုတာတွေအဆုံး မကျေမနပ်ချက်တွေကို တန်းစီပြီး ရင်ဖွင့်ထားပါတယ်။ ဦးနုရဲ့ပြန်ကြားစာထဲမှာတော့ –

''....ငါ့အကျိုးအကြောင်း မင်းအသိပဲ။ ငယ်စဉ်ကတည်းက မင်းနဲ့ပေါင်းလာတာပဲ။ စိတ်တိုတတ်တယ်၊ စိတ်ပြင်းထန်တယ်၊ မင်းတို့နဲ့သာမဟုတ်ဖူး၊ အိမ်က သား မယား အိမ်သူအိမ်သားတွေနဲ့လည်းဒီလိုပဲ၊ ဒါပေမယ့် အမြဲတမ်း ဒီလိုစိတ်တိုပြီး စိတ်ပြင်းထန်နေတာမဟုတ်ဖူး။ စိတ်အတိုမြန်သလောက် စိတ်အပြေမြန်တာပဲမဟုတ်လား၊ စိတ်ပြေတာနဲ့ သည်းခံဖို့ တောင်းပန်ခဲ့တာလည်း အကြိမ်ကြိမ်ပဲမဟုတ်လား။

စိတ်လိုက်မာန်ပါလုပ်တာဟာ ဝန်ကြီးချုပ်ဖြစ်လာမှလုပ်တယ်ဆိုရင် ပြောစရာရှိသေးရဲ့။ အခုတော့ ကျောင်းသားဘဝကတည်းက ဒီလိုပဲ စိတ်လိုက်မာန်ပါလုပ်တတ်တယ်ဆိုတာ မင်းကစပြီး ငါ့သူငယ်ချင်းအရင်းတွေအားလုံး သိကြပါတယ်။ အဲဒါကို အရင်က ဘာမှမစွပ်စွဲခဲ့ပေပဲ၊ မင်းအကြောက်ကြီးကြောက်လာတဲ့အခါကျမှ အာဏာရှင်စိတ်ပေါက်တယ်လို့ စွပ်စွဲတာ ငါသိပ်ပြီးရယ်ချင်တယ်ကျော်ငြိမ်း''...

ဆိုပြီး ပယ်ပယ်နယ်နယ် ပြန်ရေးခဲ့သလို ဦးကျော်ငြိမ်းရဲ့ မကျေနပ်ချက်တွေကို ဒေါင့်စေ့အောင်ပြန်တုန့်ပြန်ခဲ့တာတွေ့ရပါတယ်။ ဦးကျော်ငြိမ်းရဲ့ ဦးနုထံပေးစာအချုပ်က...

ဦးနုရဲ့ ပါတီသန့်ရှင်းရေးသည် ဆိုရှယ်လစ်ခေါင်းဆောင်များကိုဖယ်ရှားကာ ၎င်းနေရာများ၌ မိမိနောက်လိုက်များကို အစားထိုးရန်ဖြစ်ကြောင်း၊ ဦးဗဆွေ၊ သခင်တင်နှင့် ဦးကျော်ငြိမ်းတို့ကို ဖဆပလ၊ ဗတလစ၊ အလုပ်သမားအစည်းအရုံးများက နုတ်ထွက်စေ၍ ဒုဝန်ကြီးချုပ်ရာထူးတွင်ထားခြင်း၊ လာဘ်စားသောခေါင်းဆောင်အချို့ကို အကြောင်းပြု၍ မလိုလားသော ဆိုရှယ်လစ်ခေါင်းဆောင်များအား စသုံးလုံး ဥပဒေအားလက်ကိုင်ပြုကာ မတရားဖမ်းဆီးခြင်း၊ ဦးနုတွင် အာဏာရှင်စိတ်များပေါ်လာခြင်း၊ ဦးကျော်ငြိမ်းက အတိုက်အခံလုပ်လွန်း၍ ဦးနုက မျက်မုန်းကျိုးနေခြင်း၊ ဖဆပလ အတွင်းရေးမှူးခန့်ထားရန်၊ နိုင်ငံရေးဝါနုသေးသော ဦးရာရှစ်အား ခန့်ထားရန် လျာထားမှုကိစ္စများကို သံသယဖြစ်မိကြောင်း ဆိုတာဖြစ်ပါတယ်။ ဦးနုရဲ့တုန့်ပြန်စာအချုပ်ကတော့ ...

''ဆန်ကိစ္စနှင့်ပတ်သက်၍ ဦးကျော်ငြိမ်း၏လုပ်ရပ်များကို သံသယဖြစ်ကြောင်း၊ ဆိုရှယ်လစ်များဖမ်းဆီးမှုနဲ့ပတ်သက်၍ အီးအက်(စ)ဘီ ဦးဗစိန်၊ ပြည်သူ့ထောက်ပံ့ရေးမှ ဦးစိုးမောင်တို့ကို ဖမ်းဆီးရခြင်းမှာ စသုံးလုံးက သက်သေအထောက်အထားခိုင်လုံစွာဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အာဏာရှင်ဆန်သည်ဟု စွပ်စွဲမှုနှင့်ပတ်သက်၍ ကျန်းမာရေးချို့ယွင်းလာမှုကြောင့် စိတ်တိုတတ်လာခြင်းနှင့် စိတ်အတိုမြန်သလောက် စိတ်အပြေမြန်ကြောင်း၊ ဒါကို ငယ်ကတည်းက ပေါင်းသင်းခဲ့သည့် ဦးကျော်ငြိမ်း သိပြီးဖြစ်ပါလျက်၊ ယခုမှ အကြောက်ကြီးကြောက်လာကာ အာဏာရှင်ဆန်သည် စွပ်စွဲခြင်းမှာ ရယ်စရာဖြစ်ကြောင်း'' ဆိုတာဖြစ်ပါတယ်။

ဦးကျော်ငြိမ်းနဲ့ ဦးနုတို့ရဲ့ အပြန်အလှန်ပေးစာနှစ်စောင်ဟာ ဖဆပလ အလုပ်အမှုဆောင်စားပွဲပေါ် အတူယှဉ်တွဲရောက်လာပြီးတဲ့နောက်ပိုင်း၊ ဦးကျော်ငြိမ်း ထောက်ခံသူအုပ်စုနှင့် ဦးနုထောက် ခံသူအုပ်စုဆိုပြီး

အုပ်စု (၂) စု သိသိသာသာကွဲလာပါတော့တယ်။ ၅၂ ခုနှစ်နောက်ပိုင်း အခြေတည်ခဲ့တဲ့ ကောလိပ်အုပ်နဲ့ ဘုန်းကြီးကျောင်းသားအုပ်အကွဲအပေါ်မှာ ထပ်ဆင့်သရဖူဆောင်းပေးလိုက်တာကတော့ ဒီ (၅၆ ခုနှစ်အကွဲ) ပဲဖြစ်ပါတယ်။

ဒီအကွဲဟာ ကွဲ ကွဲခြင်း ဖုံးဖိထားကြသေးပေမယ့်၊ ဌာနဆိုင်ရာတွေအတွင်း အုပ်ချုပ်ရေးယန္တရားတွေ အတွင်းထိ ဂယက်ရိုက်ခဲ့ပါတယ်။ ဝန်ကြီးအဖွဲ့ရဲ့ အခြေခံလုပ်ထုံးဖြစ်ရမယ့် စုပေါင်းတာဝန်ယူစနစ်လည်း ပျက်သွားခဲ့ပြီး ဒီဌာနနဲ့ ဟိုဌာနမတည့်၊ အတူပူးတွဲဆောက်ရွက်မရဆိုတာတွေပါ ပိုမိုသိသာစွာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဦးကျော်ငြိမ်း နဲ့ ဦးနု တို့ရဲ့ အပြန်အလှန်ပေးစာ (၂) စောင်ကို သတင်းစာတွေအထိ မတင်ခဲ့သေးပဲ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က ထိန်းထားခဲ့ပေမယ့် ဖဆပလ အတွင်း ဦးနု နဲ့ ဦးကျော်ငြိမ်းတို့ အုပ်စုကွဲနေပြီးဆိုတာကိုတော့ ရပ်သိ ရွာသိလိုလို ဖြစ်လာခဲ့ပါတယ်။

ဦးနုက ဖဆပလ သန့်ရှင်းရေးကို ဆက်လုပ်ဖို့ပြင်ပါတယ်။ ဦးနုရဲ့ ဖဆပလ သန့်ရှင်းရေးလုပ်မှုတွေကို ဦးကျော်ငြိမ်း က သူ့ကိုချဖို့လုပ်နေတာတွေ၊ ဆိုရှယ်လစ်တွေကို ချဖို့လုပ်နေတာတွေလို့မြင်ပါတယ်။ ဘာပဲလုပ်လုပ် လက်ဦးမှုရှိရှိလုပ်ချင်လေ့ရှိတဲ့ ဦးကျော်ငြိမ်းကလည်း ဦးဗဆွေ နဲ့တိုးပြီး ကျောချင်းကပ်ထားလိုက်ပါတယ်။ ဦးဗဆွေ က နှစ်ဖက်စလုံးနဲ့ သင့်မြတ်နေခဲ့ပါတယ်။ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ ဆွေးနွေးပွဲ စည်းဝေးပွဲတွေမှာတော့ အရင်ကလို အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် မပြီးကြတော့ပဲ ဒေါသတွေ စွပ်စွဲသံတွေ လှိုင်လာခဲ့ပါတယ်။ ဖဆပလ အတွင်း ပဋိပက္ခအရှိန်ပြင်းလာတဲ့အတွက် ထိပ်သီးကြီးတွေရဲ့ သက်တော်စောင့်တွေ ဖဆပလ အဆောက်အဦးတွင်း ဝင်လာကြရင် သေနတ်တွေ ယူမလာရဆိုတဲ့ အမိန့်တောင် ဦးနု က ထုတ်ပြန်လာရပါတယ်။

ပြည်သူလူထုကြားထဲမှာလည်း 'ဖဆပလ' ရဲ့ စည်းရုံးရေးဟာ ကျဆင်းလာပါတယ်။ ဖဆပလ နဲ့ ဖဆပလ လက်အောက်ခံအဖွဲ့အစည်းအသီးသီးမှာ မှတ်ပုံတင်ထားကြတဲ့ အသင်းဝင်ဦးရေဟာလည်း သိသိသာသာကြီးကို ထိုးဆင်းသွားပါတယ်။ ၁၉၅၅ တုန်းက (၆၂၈၉၈၁) ယောက်ရှိရာက ၁၉၅၆ မှာ (၂၄၅၉၀၅) ယောက်ပဲရှိပါတော့တယ်။

လူထုကိုပြန်လည်စည်းရုံးဖို့ ဖဆပလသန့်ရှင်းရေးလုပ်နေတဲ့ ဦးနု က ကိုယ့်ကိုယ်ကိုဝေဖန်ရေး လုပ်သလိုပုံစံမျိုးနဲ့ ဖဆပလကြီးရဲ့ အပြစ်အနာအဆာတွေကို ဖွင့်ဟဝန်ခံဝေဖန်တာမျိုးတွေ လုပ်လာပါတယ်။ ဖဆပလ တွေဘုံးကြ၊ ခိုးကြ၊ ခြစားကြတာတွေနဲ့ပတ်သက်လို့ "ထင်းရှူးသေတ္တာတလုံးကို ခြတွေချကျွေးလိုက်ရင် ကုန်တာနှေးချင်နှေးအုံးမယ်၊ မြန်မြန်ကုန်ချင်ရင် ဖဆပလ တွေကြား ချကျွေးလိုက်" တို့ "ဖဆပလ" ခေါင်းဆောင်တွေဟာ သူတို့ရဲ့ညစ်ပတ်မှုတွေကို ရပ်တန်းကရပ်ကြပါ။ မရပ်ရင် ကြောင်ကျမကျဘူး၊ ခွေးကျကျလိမ့်မယ်" တို့စကားလုံးပြောင်ပြောင်နဲ့ပြောဆိုလာရင်း အသံကောင်းဟစ် ဝန်ခံဖော်ထုတ်တာတွေလုပ်ခဲ့ပါတယ်။ ဦးနုဟာ စကားလုံးကောင်းကောင်းရွေးပြီး ပြောတတ်ဆိုတတ်သူတဦးဖြစ်ပါတယ်။ ပြည်တော်သာစီမံကိန်းကြီးနဲ့ တဆက်တည်းပေါ်ပေါက်လာတဲ့ 'ခြစားတယ်' ဆိုတဲ့စကားလုံးဟာ ဦးနုရဲ့စကားလုံးဖြစ်ပါတယ်။

တလျှောက်လုံး အတိုက်အခံ နိုင်ငံရေးအင်အားစုတွေအပေါ်သာ လက်ညှိုးထိုး တရားခံရှာပြီး 'ဖဆပလ' ကြီးကို အရောင်တင်ဆီသုတ်လာခဲ့တာဖြစ်ပေမယ့် မလွှဲမရှောင်သာ 'ဖဆပလ' တို့ရဲ့ညစ်ပတ်မှု စုတ်ပဲ့မှု၊ ဆရာတပည့်မွေးမှု အကျင့်ပျက်မှုတွေကို ထုတ်ဖော်ဝန်ခံလာရပါတယ်။ ဒီလောက် ဆိုးဝါးစုတ်ပဲ့မှုတွေကို ခုမှပဲသိရတော့လို့၊ သိသိချင်းသူကတော့ အမှန်တရားသမားမို့ ဒါတွေကိုလက်မခံကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချပြရင်း ဆန့်ကျင်ဘက်ကနေ စည်းရုံးရေးနည်းမျိုးနဲ့ စည်းရုံးနေတာဖြစ်ပါတယ်။ သူများ

ထောင်းရင် ပိုနာနိုင်တဲ့အတွက် ကိုယ့်ဟာကိုယ်ထောင်းပြရင်း ဆန့်ကျင်ဘက်နည်းနဲ့ စည်းရုံးလိုက်တာမျိုးလို့ လည်းဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ဦးနုကိုယ်တိုင်ဝန်ခံရသလို ဖဆပလအဖွဲ့ကြီးဟာ ပုပ်ချင်တိုင်းပုပ် ပွချင် တိုင်းပွနေခဲ့ပြီဖြစ်ပါတယ်။ အနံ့တထောင်းထောင်းထနေတဲ့ ခွေးသေကောင်ပုပ်ကြီးလို ဖြစ်နေခဲ့ပြီဖြစ်ပါတယ်။

အဲဒီလို ဖဆပလ ကြီးဟာ အနံ့တထောင်းထောင်းထွက်နေတဲ့ ခွေးသေကောင်ပုပ်ကြီးဖြစ်နေတဲ့ အတွက်ရော၊ ဖဆပလ ရဲ့ ဗတလစ၊ ဖဆဆိုရှယ်သူခိုးကြီးများ ခြစားလိုက်ကြ၊ ထင်သလိုဘုံးလိုက်ကြတဲ့အတွက် တိုင်းပြည်ဘဏ္ဍာတွေ အဟောသိကံဖြစ်ခဲ့ရ ဆုံးရှုံးနစ်နာခဲ့ရတာတွေအတွက်ရော၊ ဖဆပလ အစိုးရကြီးရဲ့ အောက်က ပျူစောထီး၊ လဲဗီး၊ ပြောက်ကြားဖြူအပါ စစ်တပ်ကြီးတခုလုံးက ပြည်သူလူထုကြီးအပေါ် ဗိုလ်ကျ ခဲ့ကြ၊ မောက်မာရိုင်းစိုင်းရက်စက်ခဲ့ကြတာတွေအတွက်ပါ ဘယ်သူ့မှာတာဝန်အရှိဆုံးလဲ၊ နံပါတ်တစ် တရားခံ ဟာဘယ်သူလဲ၊ ဒီအတွက် အစိုးရအဖွဲ့ကြီးက ဘယ်လိုတာဝန်ယူမလဲဆိုတာကိုတော့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု တခွန်းမှမပြောခဲ့ပါ။ (၈) နှစ်ကျော်ကျော် တောက်လျှောက်ဝန်ကြီးချုပ်လုပ်လာခဲ့တဲ့သူဟာ တာဝန်အရှိ ဆုံးဖြစ်နေတာကိုတော့ တလုံးတပါဒ တခွန်းကလေးမှ မဟခဲ့ပါ။ ဦးကျော်ငြိမ်း အုပ်စုကတော့ မင်္ဂလာဒုံအနား မှာ "ကျော်ငြိမ်းမြို့" တည်ထောင်ဖို့တောင် စိတ်ကူးနေကြပါတယ်။ ဇူလိုင်လလည်လောက်မှာ ဘာသာပြန် စာပေအသင်းကြီးက ကြီးမှူးကျင်းပတဲ့ သတင်းစာဆရာလောင်းများ ကျောင်းဆင်းပွဲမှာတော့ ဦးနု က ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလကျရင် သူ့ ဖဆပလ ဥက္ကဋ္ဌရာထူးက နုတ်ထွက်တော့မယ်လို့ ကြေညာပြောဆိုခဲ့ပါတယ်။

ဦးနု က ဖဆပလသန့်ရှင်းရေးခေါင်းစည်းနဲ့ ဖဆပလ ဝန်ကြီးနဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်တွေ ကို "မိမိတို့ပိုင်ပစ္စည်းတွေကို ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၃၁) နေ့ နောက်ဆုံးထားပြီး စာရင်းလုပ်၊ ဖဆပလ အထွေထွေအတွင်းရေးမှူးထံတင်ပြ၊ တန်ဘိုးငွေတရာထက်ပိုတဲ့ လက်ဆောင်ပစ္စည်းမယူရ၊ လက်ခံရတယ်ဆို ရင်လည်း အထွေထွေအတွင်းရေးမှူးထံတင်ပြကြ" ဆိုပြီး ဝက်အူကြပ်ပေးတာလုပ်ပါတယ်။ ဖဆပလ သန့်ရှင်း ရေးအတွက် အပြစ်ရှိတယ်လို့ သတင်းရထားတဲ့သူတွေကိုလည်း စသုံးလုံးဥပဒေအရ ပြည်ထဲရေးက ပြည်ထဲ ရေးနဲ့စစ်တပ် ပေါင်းပြီး ဖမ်းဆီးစေပါတယ်။

ဝန်ကြီးနဲ့ အမှုဆောင်တွေကို ဝက်အူကြပ်ပေးတဲ့အတွက် ဆိုရှယ်လစ်ကြီးတွေ မကြေနပ်ဖြစ်ကြ သလို စသုံးလုံးဥပဒေနဲ့ ဖမ်းဆီးတဲ့အခါမှာလည်း ဆိုရှယ်လစ်ပါတီဝင်တွေခံရတာက အများအပြားဖြစ်နေတဲ့ အတွက် ဦးနုကို ဒေါသူပုန်ထကြပါတယ်။ ပါတီသန့်ရှင်းရေးဆိုတာ ဆိုရှယ်လစ်တွေအပေါ် အပြစ်ရှာခြင်းလို့ ဦးကျော်ငြိမ်းက ရှုမြင်သဘောထားပါတယ်။ ဒါကြောင့် ဦးကျော်ငြိမ်းကလည်း ဒီမိုကရေစီနိုင်ငံ ဒီမိုကရေစီစနစ် နဲ့ မကိုက်ညီတဲ့ စသုံးလုံးဥပဒေကို ပြင်ဆင်သင့်ကြောင်းလို့ တုန့်ပြန်ပါတယ်။ ဦးနု နဲ့ ဦးကျော်ငြိမ်း ကြား သဘောထားကွဲမှုတွေ ပိုကြီးလာပါတယ်။

ဗမာ့တပ်မတော်ကတော့ အောင်မာဃထိုးစစ်ကြီးကို အရှိန်ပြင်းပြင်းချဲ့ပြီး ဆင်နွှဲနေရင်း တဖက်က စစ်တပ်ကို အင်အားကြီးသထက်ကြီးအောင် တိုးချဲ့တည်ဆောက်တာ၊ ပြောင်းလဲဖွဲ့စည်းတာတွေ အဆက် မပြတ်လုပ်နေခဲ့ပါတယ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း တဦးတည်းရဲ့အောက်မှာ တပ်တွေအား လုံး (ကြည်း၊ ရေ၊ လေ အပါ) ရှိရှိသမျှကို လွယ်လွယ်ကူကူ ကွပ်ကဲနိုင်ဖို့ စစ်ရုံး (War Office) ကို ကာကွယ် ရေးဝန်ကြီးဌာန (Ministry of Defence) အဖြစ် ပြင်ဆင်ဖွဲ့စည်းပါတယ်။ ကြည်းတပ်အပြင် ရေတပ်နဲ့ လေတပ်ကိုလည်း တိုးချဲ့တည်ဆောက်ပါတယ်။ ရေတပ်နဲ့ပတ်သက်ပြီး ရှိပြီးရေတပ်စခန်းဌာနချုပ်တို့ကို တိုးချဲ့ဖွဲ့စည်း ဖွင့်လှစ်လိုက်ပါတယ်။ လေတပ်နဲ့ပတ်သက်ပြီးလည်း မိတ္ထီလာလေတပ်စခန်းကို ဗမာ့တပ်မတော် လေတပ်လေ့ကျင့်ရေးစခန်းကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းသလို၊ အမှတ် (၅၀၁) လေတပ်အုပ်စုနဲ့ အမှတ် (၅၀၂) လေတပ်အုပ်စုတို့ကိုလည်း ဖွဲ့စည်းလိုက်ပါတယ်။ လေတပ်ခေတ်မီရေးအတွက် ၁၉၅၆ ခုနှစ်ထဲမှာ အမေရိကန်

နိုင်ငံမှ စက်စနာ **(Cessna Modle 180)** လေယာဉ်များကိုလည်း ဝယ်ယူအားဖြည့်ပါတယ်။ တပ်မတော် (လေ) မှာ ရဟတ်ယာဉ်များကိုလည်း ၅၆ ခုနှစ်ထဲမှာ စတင်အသုံးပြုပါတယ်။

အာဏာရ ဖဆပလ အဖွဲ့ကြီးအတွင်း အကွဲအပြဲတွေ ဖုံးမနိုင်ဖိမရဖြစ်လာနေစဉ်အတွင်းမှာ၊ တပ်မတော်ကြီးက အင်အားကြီးသထက်ကြီးလာနေသလို၊ ပြည်သူလူထုတရပ်လုံးရဲ့ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒကလည်း ညံ့သထက်ညံ့လာခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက (၅၅ လမ်းစဉ်အရ) ပြည်တွင်းစစ်ရပ်စဲရေးအလံကို တိုးပြီးလွှင့်သလို၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ ငြိမ်းချမ်းရေးအဖွဲ့ရဲ့အသံဟာလည်း ပိုပြီးပွဲတင်ထပ်လာခဲ့ပါတယ်။ ဆရာကြီးဟာ ပြည်တွင်းစစ်စကတည်းက ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုကို အဆက်မပြတ် ဦးဆောင်လာခဲ့ပါတယ်။ ၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လကစပြီး အထက်ဗမာပြည်တခွင် လှည့်လည်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတရားတွေ အဆက်မပြတ် လိုက်လံဟောပြောခဲ့သလို မန္တလေးမြို့ လေးပြင်လေးရပ်ဆရာတော် (၁၄၃) ပါးကို ပြည်တွင်းငြိမ်းချမ်းရေးပန်ကြားလွှာ တင်ဆက်လျှောက်ထား ဩဝါဒခံယူခဲ့သလို၊ ရန်ကုန် ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း ဦးဘရီဇရပ်မှာ 'ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်' က ကြီးမှူးကျင်းပတဲ့ ရန်ကုန်မြို့ရှိ ဆရာတော်များ ဆန္ဒခံယူပွဲမှာလည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေးပန်ကြားလွှာကို တင်ဆက်လျှောက်ထားခဲ့ပါတယ်။

"ပြည်တွင်းစစ်ကို မုချရပ်စဲစေရမယ်" ဆိုတဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲကြီးအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၊ လွှတ်တော်အတွင်းမှာ အဓိကအတိုက်အခံ အဖွဲ့အစည်းကြီးနေရာကို ရရှိလာခဲ့တဲ့ 'ပမညတ' အဖွဲ့ကြီးကလည်း ငြိမ်းချမ်းရေးအသံကို တက်တက်ကြွကြွပေးလာပါတယ်။

၁၉၅၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ကနေ (၃၁) ရက်နေ့အထိ ရန်ကုန်မြို့ မြို့တော်ခန်းမမှာ 'ပမညတ' အဖွဲ့ချုပ်ရဲ့ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ 'ပမညတ' ညီလာခံကြီးကို စည်စည်ကားကား ကျင်းပပြုလုပ်ပါတယ်။ ခရိုင်ပေါင်း (၃၁) ခရိုင်မြို့နယ်ပေါင်း (၁၀၄) မြို့နယ်က ကိုယ်စားလှယ်ပေါင်း (၅၃၄) ဦး၊ လေ့လာသူပေါင်း (၁၈၈) ဦး တက်ရောက်စုဝေးတဲ့ ညီလာခံကြီးဖြစ်ပါတယ်။ ဗိုလ်ချုပ်အကို ဦးအောင်သန်းက ညီလာခံသဘာပတိလုပ်ပြီး၊ ဝိဓူရသခင်ချစ်မောင်က အတွင်းရေးမှူးအဖြစ်နဲ့ ညီလာခံကြီးကို ဦးစီးဖွင့်လှစ်ကျင်းပခဲ့ပါတယ်။

ညီလာခံမှာ ပမညတအဖွဲ့ချုပ်ရဲ့ ဌေ့ခံကော်မတီဥက္ကဋ္ဌ ဦးဘထွန်း က မိန့်ခွန်းမြွက်ကြားသလို ညီလာခံသဘာပတိ ဦးအောင်သန်း (ဗိုလ်ချုပ်အကို) ကလည်း သဘာပတိမိန့်ခွန်းရှည်ကြီးကို ပြောကြားခဲ့ပါသည်။

ဦးဘထွန်း ရဲ့မိန့်ခွန်းမှာ "ကနေ့ဖြစ်ပေါ်နေတဲ့ ပြဿနာအားလုံးကို ဖြေရှင်းနိုင်ဖို့ တခုတည်းသောသော့ချက်ဟာ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးဖြစ်တယ်" လို့ဖော်ပြသွားပါတယ်။

ဦးအောင်သန်းကတော့ "ကနေ့ရှိနေတဲ့ အမေရိကန်ဦးဆောင်တဲ့ နယ်ချဲ့ဂိုဏ်းကြီးနဲ့ ဆိုဗီယက်၊ တရုတ် ခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးဂိုဏ်းကြီးရယ်လို့ ဂိုဏ်းကြီး (၂) ဂိုဏ်းရှိနေရာမှာ ဘယ်ဘက်ကိုလိုက်မလဲ၊ ငြိမ်းချမ်းရေးဂိုဏ်းဘက်ကပဲလိုက်ရမှာပဲ"လို့ ဖွင့်ဆိုသွားတဲ့အပြင် ဖဆဆိုရှယ်တွေရဲ့ မဲလိမ်မဲညစ်တာတွေ၊ ယုတ်ယုတ်မာမာလုပ်ကြံသတ်ဖြတ်ခဲ့တာတွေကို ဖွင့်ချပြောဆိုပါတယ်။ ရွေးကောက်ပွဲအတွင်းမှာ ပမညတကေဒါ (၄) ဦးကို နေ့ခင်းကြောင်တောင် ပေတရာလမ်းမကြီးပေါ်မှာ ဘရင်းဂန်း စတင်းဂန်း လက်နက်ကြီးတွေနဲ့ မသေမချင်းပစ်သတ်သွားခဲ့တဲ့ မင်းလှ လေးလောင်းပြိုင်လူသတ်ပွဲကြီးနဲ့ အဲဒီလူသတ်သမားတွေကို ကနေ့

အထိ ဖမ်းဆီးအရေးယူသေးခြင်းမရှိဘဲ ရဲအဖွဲ့ကလည်း မျက်နှာကြီး လူသတ်သမားတွေမို့ အရေးမယူရဲဘဲ လက်မှိုင်ချနေရပုံတွေကိုလည်း ဖော်ထုတ်သွားပါတယ်။ ဖဆဆိုရှယ်အစိုးရဟာ ပြည်တွင်းရေးမှာ ငြိမ်းချမ်းရေး လမ်းမှန်ကိုမလိုက်ဘဲ အပြုတ်တိုက်ရေးကိုပဲ ကျင့်သုံးနေရင်း၊ ပြည်ပရေး (နိုင်ငံခြားရေး) မှာတော့ ငြိမ်းချမ်းစွာ ဖြေရှင်းရေးလမ်းစဉ်ကို လက်ခံပါတယ်လို့ ကြွေးကြော်နေတာဟာ ပြည်တွင်းရေးဝါဒနဲ့ နိုင်ငံခြားရေးဝါဒ ပဋိပက္ခဖြစ်နေတဲ့အကြောင်း၊ နိုင်ငံခြားရေးဝါဒဟာ ပြည်တွင်းရေးဝါဒရဲ့ အဆက်သာဖြစ်ရမယ့်အကြောင်း ဝေဖန်ပြောကြားပါတယ်။ ဖဆပလအစိုးရရဲ့ အပြုတ်တိုက်ရေးလမ်းစဉ် မမှန်တာကို ပြည်တွင်းစစ် ရှစ်နှစ်ကျော် ကိုးနှစ်သမိုင်းက သက်သေပြနေပြီးဖြစ်လို့ စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် ပမညတက တင်ပြနေတဲ့ စေ့စပ်ဆွေးနွေးရေးနည်းကိုသာ လိုက်ကြရမှာဖြစ်ကြောင်း၊ ဖဆပလအစိုးရက အပြုတ်တိုက်ရေးလမ်းစဉ်ကိုလိုက် နေတာဟာ ပြည်တွင်းစစ်မီးကိုမွှေးထားတဲ့ နယ်ချဲ့သမားများရဲ့သြဇာကို မလှန်နိုင်တာကတကြောင်း၊ ဖဆပလ ကို ကြီးကိုင်နေတဲ့ပုဂ္ဂိုလ်အချို့ရဲ့ ပုဂ္ဂိုလ်စွဲ ဂိုဏ်းဂဏစွဲကြီးတာကတကြောင်း ဖြစ်တယ်လို့ သုံးသပ် ဝေဖန်သွားပါတယ်။ ဖဆပလ အစိုးရဟာ ဗမာပြည်တွင်း ကျူးကျော်ဝင်၊ ဗမာအမျိုးသားတွေသတ်၊ ဗမာ အမျိုးသမီးတွေ မုဒိမ်းကျင့်နေတဲ့ ချန်ကေရှိတ် တရုတ်ဖြူစားပြတွေနဲ့ ဘန်ကောက်ဆွေးနွေးပွဲမှာ တစားပွဲထဲ ထိုင်ပြီး စေ့စပ်ဆွေးနွေးနေနိုင်ပါလျက်၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက်ကျတော့ ပြည်တွင်းကအချင်းချင်းတွေ ကြားထဲကျတော့ စေ့စပ်ဆွေးနွေးရေးကို လက်မခံနိုင်ဖြစ်နေတာကိုဖွင့်ချရင်း၊ ဖဆပလ တွင်းရှိ ဖောက်ပြန်တဲ့ ခေါင်းဆောင်တစုဟာ မလွဲမသွေကျဆုံးရမယ်လို့ ပြောကြားခဲ့ပါတယ်။ စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးရေးလမ်းစဉ်သာ အမှန်ဆုံးဆိုတာကို တင်ပြသွားပါတယ်။

ပမညတ ဗဟိုသဘာပတိအဖွဲ့ရဲ့ အစီရင်ခံစာထဲမှာလည်း ပြည်တွင်းစစ်ဖြစ်ပွားရခြင်းရဲ့ အကြောင်း တရားတွေကို ဖော်ပြတဲ့အခါ "နယ်ချဲ့သမားနှင့် ၎င်း၏သြဇာခံ ဖဆပလ ဆိုရှယ်လစ်တို့၏ နိုင်ငံရေးစစ် ကစားမှု၊ စစ်ရေးငင်မှုအောက်မှာ နိုင်ငံရေးသဘောကွဲလွဲမှုများဖြစ်ပေါ်လာကြပြီး၊ နိုင်ငံရေးသဘောကွဲလွဲမှုကို ပြည်သူတို့ရှေ့မှောက်တွင် ဖြေရှင်းရမည့်အစား ဒီမိုကရေစီအခွင့်အရေးကို အာဏာနှင့်ပိတ်ပင်လျက် လက် နက်နှင့်ဖိနှိပ်ပြီး တောတွင်းသို့ မောင်းထုတ်ခဲ့ကြသည့်အတွက် နောက်ဆုံးတွင် ဒီမိုကရေစီအခွင့်အရေး ကင်းမဲ့လာရာမှ လူတစု၏ လက်ဝါးကြီးအုပ် အာဏာသိမ်းရေးလမ်းစဉ်အောက်တွင် လက်နက်ကိုင်တိုက်ပွဲ ပြည်တွင်းစစ်ကြီး ပေါ်ပေါက်လာခဲ့ရလေတော့သည်" လို့ဖော်ပြခဲ့ပါတယ်။

ညီလာခံကြီးရဲ့ နောက်ဆုံးရက် (၃၁.၈.၅၆) နေ့မှာ ပမညတ အဖွဲ့ကြီးရဲ့ ပြည်တွင်းစစ်ရပ်စဲရေးအဆို ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီအဆိုရဲ့အချုပ်ကတော့ "ဤနိုင်ငံလုံးဆိုင်ရာ ပမညတ ကွန်ဖရင့်ကြီးက ပြည်တွင်း စစ်ရပ်စဲရေးအတွက် ဖဆပလအစိုးရသည် ပြည်သူလူထု၏ဆန္ဒနှင့် ဆန့်ကျင်၍ အောင်မြင်မှုမရှိသည့် အပြုတ်တိုက်ရေးလမ်းစဉ်ကို စွန့်လွှတ်ကာ ပြည်သူလူထုကြီးတရပ်လုံးက လိုလားတောင့်တနေသည့် ပြည် တွင်းငြိမ်းချမ်းရေးကို လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် မျက်နှာစုံညီ စေ့စပ်ဆွေးနွေး၍ အရယူ ကြရန် လေးနက်စွာတောင်းဆိုကြောင်း" ဆိုတာဖြစ်ပါတယ်။

ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအသံတွေ ဗမာပြည်အတွင်းမှာ ညံစည်လာခဲ့ပါတယ်။ အဲဒီကာလအတော်အတွင်းမှာ ဗမာပြည် **'ဝ'** နယ်အတွင်း တရုတ်နီတပ်များ ဝင်ရောက်တပ်စွဲနေတယ် ဆိုတဲ့သတင်း ထွက်ပေါ်လာပါတယ်။ အဲဒီတရုတ်နီတပ်တွေ ဝင်ရောက်တပ်စွဲနေတယ်ဆိုတဲ့သတင်းအတွက် အဲဒီတုန်းက ဝန်ကြီးချုပ်ဖြစ်နေတဲ့ ဦးဗဆွေနဲ့ ဖဆပလ ဥက္ကဋ္ဌ ဦးနုဟာ လူသိရှင်ကြား ဘာစကားမှမပြောဘဲ တရုတ်တပ်တွေ ရုပ်သိမ်းပေးဖို့ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း ဆီ ဝန်ကြီးချုပ်ဦးဗဆွေက စာရေးပါတယ်။ တရုတ်တပ်တွေ ရုတ်သိမ်းရေးကိစ္စမှာ တတ်နိုင်သလောက်အကူအညီပေးဖို့ အိန္ဒိယဝန်ကြီးချုပ်နေရူးဆီ ဖဆပလ ဥက္ကဋ္ဌ ဦးနုက စာရေးပါတယ်။

တရုတ်အစိုးရရဲ့ ဖိတ်ကြားချက်အရ တရုတ်–ဗမာ နယ်ခြားပြဿနာကို ဆွေးနွေးဖို့ ၁၉၅၆ ခုနှစ် အောက်တိုဘာလထဲမှာ ဦးနု ပီကင်းကိုလိုက်သွားပါတယ်။ တရုတ်–ဗမာ နယ်ခြားပြဿနာ အတိအကျ မသတ်မှတ်ရသေးသရွေ့ အခုလိုပြဿနာတွေ မကြာခဏဖြစ်နေကြဦးမှာပဲလို့ ဦးနု က ချူအင်လိုင်းကို ပြောပါတယ်။ ချူအင်လိုင်းက သဘောတူပါတယ် ဝနယ်ထဲ တရုတ်တပ်တွေရောက်နေတာ တရုတ်ဗဟို အစိုးရက မသိတဲ့အကြောင်းနဲ့ ဦးနု က **'ဝ'** နယ်ထဲက တရုတ်တပ်တွေ ပြန်လည်ရုတ်သိမ်းပေးဖို့ ပြောတာကို ရုတ်သိမ်းပေးပါမယ်လို့ ချူအင်လိုင်းက ပြောကြားခဲ့ပါတယ်။ ဦးနု က တရုတ်ခေါင်းဆောင်တွေကို မိန့်ခွန်းတခုပြောချင်တယ်ဆိုတာကြောင့် ချူအင်လိုင်းက လူဦးရေ (၅၀၀) လောက်ရှိတဲ့ နိုင်ငံရေးအတိုင်ပင်ခံ အဖွဲ့တခုကို ခေါ်ပေးပြီး စကားပြောခွင့်ပေးခဲ့ပါတယ်။ ဦးနုက တရုတ် နဲ့ ဗမာ သဘောတူထားခဲ့ကြတဲ့ မူကြီး (၅) ချက်ကို တချက်ချင်းပြန်လည်ဖွင့်ဆို ရှင်းလင်းခဲ့ပါတယ်။

တရုတ်–ဗမာ နယ်နိမိတ်သတ်မှတ်ရေးကိစ္စကို ဦးနု နဲ ချူအင်လိုင်း တို့ စတင်ဆွေးနွေးခဲ့ပါတယ်။ ချူအင်လိုင်း ရဲ့ ဆွေးနွေးချက် အချုပ်ကတော့ (၁) ကချင်ပြည်နယ်ထဲက ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ဆိုတဲ့ ရွာသုံးရွာဟာ (၁၉၁၃) ခုနှစ်အတွင်းက တရုတ်ပြည်ထဲကနေ ဗြိတိသျှအစိုးရတို့ အတင်းဖဲ့ယူသွားတဲ့ နယ်မြေတွေဖြစ်တယ်။ အဲဒီတုန်းက တရုတ်တပြည်လုံး ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။ သူလည်း ကျောင်းသားအဖြစ်နဲ့ ဆန္ဒပြရာမှာ ပါဝင်ဖူးတယ်။ အဲဒီရွာ (၃) ရွာကို တရုတ်အစိုးရ ပြန်ပေးရန်၊ (၂) ဗြိတိသျှအစိုးရဟာ နမ်ဝမ်နယ်မြေကို ၁၈၉၀ ခုနှစ်ထဲမှာ တရုတ်ပြည်ထဲကဖဲ့ယူပြီး တရုတ်ပြည်ထဲက ရာသက်ပန်ငှားထားတဲ့ နယ်မြေလုပ်ခဲ့တယ်။ မြေငှားခအဖြစ် တနှစ်တထောင်ပေးခဲ့တယ်။ ဘယ်တရုတ်အစိုးရကမှ မြေငှားခကို လက်မခံခဲ့ဖူးဘူး။ အဲဒီလို ရာသက်ပန်ငှားထားတဲ့နယ်မြေဆိုတာ ရယ်စရာကြီးဖြစ်နေတယ်။ ဗမာပြည်က ဒီနယ်မြေကို အပိုင်ယူချင်ယူပါ၊ မယူချင်ရင် တရုတ်ပြည်ပြန်ပေးရန်၊ (၃) ဒီနယ်မြေဟာ ဗမာပြည်အတွက် ရှမ်းပြည်နဲ့ ကချင်ပြည်နယ်ကို ဆက်သွယ်တဲ့ လမ်းမကြီးဖောက်လုပ်ထားပြီးဖြစ်နေလို့ အဖိုးတန်တယ်။ ဗမာပြည်က အပိုင်လိုချင်ရင် ဒီနယ်မြေအစား 'ဝ' နယ်မြေထဲက ပန်ဟုန်နဲ့ ပန်လောတို့ကို တရုတ်ပြည်ကို ပေးရန်ဆိုတာ ဖြစ်ပါတယ်။

အဲဒီအချက် (၃) ချက်ကို သဘောတူရင် သဘောတူတဲ့အကြောင်း နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ လက်မှတ်ထိုးမယ်၊ အဲဒီနောက် နယ်ခြားကိုသတ်မှတ်ကြမယ်၊ သတ်မှတ်ပြီးရင် သတ်မှတ်ထားတဲ့ တရုတ်–ဗမာ နယ်ခြားကို ဗမာအစိုးရနဲ့ တရုတ်အစိုးရတို့ လက်ခံတဲ့စာချုပ်ကို လက်မှတ်ရေးထိုးကြဖို့ ချူအင်လိုင်းက အဆိုပြုခဲ့ပါတယ်။ ချူအင်လိုင်းရဲ့အဆိုဟာ သင့်မြတ်မျှတမှုရှိတယ်လို့ ဦးနုကယူဆခဲ့ပါတယ်။

ဝန်ကြီးချုပ် ဦးဗဆွေ ဆီကို ပြည့်ပြည့်စုံစုံ အကြောင်းကြားပြောဆိုဖို့ တရုတ်ပြည်ဆိုင်ရာ သံအမတ်ကြီး ဦးလှမောင် ကို ပြန်လွှတ်ပြောဆိုစေပြီး၊ ကချင်ရွာ (၃) ရွာ ကိစ္စပါနေတဲ့အတွက် ကချင်ခေါင်းဆောင်တွေနှင့် ဆွေးနွေးဖို့ ကချင်ပြည်နယ် လက်ရှိဥက္ကဋ္ဌ ဇန်ထားဆင်၊ ကချင်ပြည်နယ်ဥက္ကဋ္ဌဟောင်းတွေဖြစ်တဲ့ ဒူးဝါး ဇော်လွန်းနဲ့ ဆင်ဝါးနောင် (၃) ဦးကိုပါ ဦးနု က ခေါ်ယူလိုက်ပါတယ်။ ဦးဗဆွေ ကလည်း သဘောတူကြောင်း စာရေးအကြောင်းပြန်ခဲ့တဲ့အတွက် ကချင်ခေါင်းဆောင်သုံးဦးကို ဦးနု က ရှင်းပြဆွေးနွေးပါတယ်။ ဝန်ကြီးချုပ် ချူအင်လိုင်းက 'မက်မဟွန်မျဉ်း' ကြောင်းအတိုင်းလည်း အသိအမှတ်ပြုမယ်ဆိုတာ ရှင်းပြရင်းလက်ခံဖို့ တိုက်တွန်းဆွေးနွေးခဲ့ပါတယ်။ ကချင်ပြည်နယ်ဥက္ကဋ္ဌ ဦးဇန်ထားဆင် က သဘောမတူဘူးလို့ဆိုပါတယ်။ ဒူးဝါးဇော်လွန်းနဲ့ ဆမာဒူးဝါးဆင်ဝါးနောင် တို့ကတော့ ဘာမှမပြောခဲ့ကြပါဘူးလို့ဆိုပါတယ်။ ဦးဇန်ထားဆင် ကြောင့် လိပ်ခဲတင်းတင်းဖြစ်ခဲ့ကြပြီး ဝန်ကြီးချုပ်ဦးဗဆွေ ပါ လိုက်လာ လက်မှတ်ရေးထိုးရေးအထိ မရောက်ခဲ့ကြဘဲ ပထမအဆင့်ဆွေးနွေးပွဲဟာ ပြီးသွားခဲ့ပါတယ်။ ဖဆပလ ဥက္ကဋ္ဌ ဦးနုရဲ့ တရုတ်ပြည်ခရီးဟာ အောက်

တိုဘာ (၂၄) ရက်မှ၊ နိုဝင်ဘာ (၇) ရက်နေ့အထိ နှစ်ပတ်ကြာခဲ့ပါတယ်။ တရုတ်–ဗမာ နယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် အခြေခံမူတခုကို ရရှိခဲ့ပါတယ်။ ဗမာပြည် **'ဝ'** နယ်ထဲရောက်ရှိနေတဲ့ တရုတ်နီတပ်များကို တလအတွင်း ရုတ်သိမ်းပေးမယ်ဆိုတဲ့ တရုတ်ပြည်ရဲ့ ကတိပေးဖြေရှင်းချက်ကိုလည်း ရရှိခဲ့ပါတယ်။ တရုတ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီကို ကူညီအားပေးနေမှုတွေကိုလည်း ကန့်ကွက်ပြောဆိုခဲ့ပါတယ်။ နှစ်နိုင်ငံပူးတွဲကြေညာချက်တခုကိုလည်း အောင်မြင်စွာထုတ်ပြန်နိုင်ခဲ့တဲ့ ခရီးဖြစ်ပါတယ်။ ဦးနု ရဲ့ အောင်မြင်တဲ့ခရီးတခုလို့ သတ်မှတ်ရပါလိမ့်မယ်။

၁၉၅၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ ထူးခြားတဲ့အဖြစ်အပျက်တခု ထွက်ပေါ်လာပါတယ်။ အောင်မာဃစစ်ဆင်ရေးအတွင်းမှာ တပ်မတော်က ဗမာပြည်ကွန်မြူနစ်ပါတီကို စစ်ဆင်တိုက်ခိုက်ရင်း ကွန်မြူနစ်တို့ရဲ့စခန်းတခုအတွင်းကနေ လျို့ဝှက်စာရွက်စာတမ်းဖိုင်တွဲတခု သိမ်းပိုက်ရရှိခဲ့ပြီး မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနဲ့ သခင်သန်းထွန်းတို့ လျို့ဝှက်ဆက်သွယ်မှုရှိနေတယ်လို့ ယူဆရတဲ့ စာရွက်စာတမ်းတွေပါဝင်နေတဲ့ ဖိုင်တွဲကိစ္စဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း က အဲဒီဖိုင်တွဲကိုကိုင်ပြီး ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတွေမှာ နာမည်ကျော်ကြားလာခဲ့တဲ့ ဗိုလ်မှူးချုပ်ကျော်ဇောကို တပ်မတော်ကနေဖယ်ရှားဖို့ ပြင်ဆင်လာခြင်းဖြစ်ပါတယ်။

၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ သီဟို (သီရိလင်္ကာ) နိုင်ငံမှာကျင်းပတဲ့ သာသနာ (၂၅၀၀) ပွဲကို ဖဆပလ ဥက္ကဋ္ဌ ဦးနု သွားတက်နေတုန်းမှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တောင်းဆိုချက်အရ ဝန်ကြီးချုပ် ဦးဗဆွေအိမ်မှာ အစည်းအဝေးတခုကျင်းပပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ တရုတ်ပြည်ဆိုင်ရာမြန်မာသံအမတ်ကြီး ဦးလှမောင်တို့ တက်ရောက်ကြပါတယ်။ ဗိုလ်မှူးကြီး အောင်ကြီး၊ ဗိုလ်မှူးကြီး မောင်မောင်၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဒုဗိုလ်မှူးကြီး ချစ်ခိုင် တို့ပါ တက်ရောက်ကြတယ်လို့ဆိုပါတယ်။ အဲဒီအစည်းအဝေးမှာ ဗိုလ်ချုပ်ကြီးနေဝင်း က "ဗိုလ်မှူးချုပ်ကျော်ဇော ဟာ အောင်မာဃစစ်ဆင်ရေးက ဖမ်းဆီးရမိတဲ့ စာရွက်စာတမ်း အထောက်အထားတွေအရ ကွန်မြူနစ်များနဲ့ ဆက်သွယ်နေတာ သံသယရှိဖွယ် တွေ့ရတဲ့အတွက် ဗိုလ်မှူးချုပ်ကျော်ဇော ကို ရာထူးကနေဖယ်ရှားဖို့" တင်ပြခဲ့ပါတယ်။ အစည်းအဝေးကသဘောတူလိုက်ကြပါတယ်။

အဲဒီလို ဗိုလ်မှူးချုပ်ကျော်ဇော ကို ဖယ်ရှားရေးကိစ္စ ဆွေးနွေးပြီးတဲ့နောက် ရောက်တတ်ရာရာပြောဆိုကြရင်း၊ ဦးလှမောင်က ဦးနု ဝန်ကြီးချုပ်ရာထူးပြန်မယူဘဲ တရုတ်ပြည်က ဥက္ကဋ္ဌကြီးမော်လို၊ အမျိုးသားခေါင်းဆောင်အဖြစ်နဲ့ ဖဆပလဥက္ကဋ္ဌ အဖြစ်သာ ထားရှိမယ်ဆိုရင် နိုင်ငံအတွက် အကျိုးပိုရှိလိမ့်မယ်လို့ပြောတယ် ဆိုပါတယ်။ ဦးဗဆွေက "ဒါ ဦးနုသဘောပါ" လို့ပြောခဲ့ပြီး ကျန်ပုဂ္ဂိုလ်အားလုံးကတော့ ဦးလှမောင်ရဲ့ အကြံပြုပြောဆိုချက်ကို သဘောတူကြိုက်နှစ်သက်ခဲ့ကြပါတယ်။ အဲဒါကြောင့် အဲဒီတုန်းက ဆေးရုံတက်နေတဲ့ ဆိုရှယ်လစ်ခေါင်းဆောင် သခင်တင် ဆီ ဆက်လက်ရှင်းပြစေပြီး၊ ဦးနု သီဟိုလ်ကပြန်လာရင် ရှင်းလင်းတင်ပြရေးတာဝန်ကိုတော့ ဗိုလ်ချုပ်ကြီး နေဝင်း နဲ့ ဦးလှမောင် ကို တာဝန်ပေးအပ်ခဲ့ကြပါတယ်။

ဦးနု သီဟိုလ်ကပြန်လာလို့ မင်္ဂလာဒုံလေယာဉ်ကွင်း လေယာဉ်ဆိုက်တဲ့အခါ လေဆိပ်မှာကြိုနေတဲ့ သခင်ကျော်ထွန်း က လေယာဉ်ပေါ်အရင်တက်သွားပြီး ဦးနုကို "အရေးပေါ်ကိစ္စတခုပေါ်နေလို့ ဘယ်သူနဲ့မှ တွေ့ဆုံခြင်းမပြုမီ ဆေးရုံကိုလိုက်လာပြီးတွေ့ဆုံရန် သခင်တင် က မှာကြားကြောင်း" သတင်းပို့ပြောကြားပါတယ်။ ဦးနု က "သခင်ကျော်ထွန်းရေ ဘာတွေလဲ၊ စိုးရိမ်စရာတွေများလား" လို့ ပြန်မေးတဲ့အခါ သခင်ကျော်ထွန်း က "သခင်တင် ဆေးရုံတက်နေရတယ်၊ မနေ့ညနေက ဗိုလ်ချုပ်နေဝင်း နဲ့ ဦးဗဆွေ တို့ သူ့ဆီလာပြီး ဥက္ကဋ္ဌကြီး အစိုးရအဖွဲ့ထဲ ပြန်မဝင်အောင် တိုက်တွန်းပေးဖို့ပြောကြတယ်။ ဥက္ကဋ္ဌကြီးကိုလည်း

ဦးဗဆွေ နဲ့ ဗိုလ်ချုပ်နေဝင်းတို့ လာတွေ့ကြလိမ့်ဦးမယ်လို့ သခင်တင်က ပြောလိုက်ပါတယ်” လို့ ပြောပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဦးနု က “ဒါ ဦးကျော်ငြိမ်း လက်ချက်” လို့ယူဆပါတယ်။ ၁၉၅၇ ခုနှစ် ဇန်နဝါရီလထဲရောက်ရင် နိုင်ငံရေးကထွက်တော့မယ်လို့ လူသိရှင်ကြားကြေညာထားပါလျက်နဲ့ အခုလိုလုပ်တာမကောင်းဘူး၊ စစ်ဗိုလ်ကိုကိုင်ပြီး သူ့ကိုခြိမ်းခြောက်တာလို့လည်း မှတ်ယူခံစားပါတယ်။ ဒေါသလည်း အကြီးအကျယ်ထွက်ပါတယ်။

ဒါကြောင့် နောက်တရက် ဗိုလ်ချုပ်နေဝင်း တယောက်ထဲလာတွေ့ပြီး “ဦးနု အစိုးရအဖွဲ့ထဲ ပြန်မဝင်ဘဲ တရုတ်ပြည်က ဥက္ကဋ္ဌကြီးမော်လို ဖဆပလဥက္ကဋ္ဌအဖြစ်နဲ့ပဲ ကြိုးကိုင်ထားရင် ကောင်းလိမ့်မယ်” လို့ ပြောပြတဲ့အခါ ဦးနု က “အစိုးရအဖွဲ့ထဲကိုပြန်ဝင်ဖို့ မနေ့ကတည်းက ဆုံးဖြတ်ပြီးပြီ၊ ပြန်ဝင်ဖို့အတွက် အလုပ်အမှုဆောင်အဖွဲ့မှာ တကြိမ်တိုက်ရမယ်၊ လွှတ်တော်မှာ တကြိမ်တိုက်ရမယ်၊ ဆိုရှယ်လစ်တွေဟာ နှစ်ဆင့်စလုံးမှာ အားကောင်းတဲ့အတွက် သူရှုံးမှာဘဲ၊ ဒါပေမယ့် တိုက်မယ်၊ တပွဲမှမတိုက်ဘဲ အရှုံးပေးတဲ့ လမ်းစဉ်ကိုမကြိုက်ဖူး” လို့ အဖြေပေးလိုက်ပါတယ်။

စနေနေ့ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှာ သူ အစိုးရအဖွဲ့ထဲ ပြန်ဝင်မယ်။ ဝန်ကြီးချုပ်ရာထူး ပြန်ယူမယ်လို့ ဦးနု က ကြေညာလိုက်ပါတော့တယ်။ ဦးဗဆွေ က “ကိုကြီးနု အစိုးရအဖွဲ့ထဲ ပြန်ဝင်မယ်ဆိုရင် ပြန်ဝင်ပါ။ ကျနော်ထွက်ပေးပါမယ်” လို့ တည်တည်ငြိမ်ငြိမ်ပြောပြီး ကျန်အမှုဆောင်တွေကလည်း စောဒကတက်မယ့်လူမရှိတဲ့အတွက် ပြဿနာမတက်ခဲ့ပါ။ ဦးကျော်ငြိမ်း အစည်းအဝေးမတက်ဖြစ်ပါ။ တက်ဖြစ်ရင်တော့ ကန့်ကွက်မှာမုချပဲလို့ဆိုပါတယ်။

ဝန်ကြီးချုပ်ရာထူးကနေ တနှစ်အနားယူမယ်ဆိုတဲ့ ဦးနု၊ တနှစ်မပြည့်မီ ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရယူဖို့ လွယ်လွယ်ကူကူ ဖြစ်သွားပါတယ်။

ဦးနု နဲ့ ဦးကျော်ငြိမ်း ကြား တင်းမာမှုတွေ ပိုကြီးလာပါတယ်။ အပြန်အလှန်မယုံကြည်မှုတွေ ပိုများလာပါတယ်။ ငြိမ်းချမ်းရေးလိုလားသူတို့ရဲ့ ငြိမ်းချမ်းရေးအသံတွေလည်း ပိုညံလာပါတယ်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးကလည်း ငြိမ်းချမ်းရေးကို အကျိုးပြုတဲ့စာပေများကို ရေးသားကြရန် တရားဝင်ဆုံးဖြတ်ထားပြီးဖြစ်သလို၊ စာဆိုတော်နေ့ကျင်းပတဲ့အခါမှာလည်း အရင်နှစ်တွေကနဲ့မတူဘဲ ငြိမ်းချမ်းရေးကို အလေးထားမျှော်ရည်တဲ့ ပြဇာတ်ပြကွက်တွေနဲ့ ပဒေသာကပွဲကြီးကို စာရေးဆရာတွေကိုယ်တိုင် သရုပ်ဆောင်ကပြခဲ့ကြတဲ့အတွက် ငြိမ်းချမ်းရေးတေးသံချိုချိုလွှမ်းတဲ့ စာဆိုတော်လကြီးဖြစ်စေခဲ့ပါတယ်။ ရုပ်ရှင်၊ ဂီတပညာရှင်များကလည်း ငြိမ်းချမ်းရေးအတွက် ပါဝင်ကူညီ အားဖြည့် သရုပ်ဆောင်ခဲ့ကြပါတယ်။

ငြိမ်းချမ်းရေးအတွက် ဆရာတော် သံဃာတော်များကလည်း ပါဝင်ကြိုးပမ်း အားဖြည့်တော်မူလာကြပါတယ်။

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်ကြီး (၂၄) ပါးရဲ့ ပြည်တွင်းစစ်ရပ်စဲရေးအတွက် ပန်ကြားချက်လည်း ထွက်ပေါ်လာခဲ့ပါတယ်။ မကြာမီ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးပန်ကြားလွှာလည်း ထွက်ပေါ်လာပါတယ်။

၁၉၅၇ ခုနှစ်၊ ဇန်နဝါရီ (၂၃) ရက်နေ့မှာ မြောက်ပိုင်းတိုင်းမှူးအဖြစ်ကနေ ဗိုလ်မှူးချုပ်ကျော်ဇောကို ရာထူးချထားလိုက်ပါတယ်။ စစ်ဘက်စည်းမျဉ်းဥပဒေအရ၊ အဲဒီနေ့ကနေ (၂၂) ရက်မြောက်တဲ့ ဖေဖော်ဝါရီ (၁၃) ရက်နေ့မှာ၊ စစ်ဘက်မူလ/ဒုဗိုလ်မှူးကြီးရာထူးသို့ လျှော့ချပြီး၊ မတ်လ (၆) ရက်နေ့မှာ အငြိမ်းစားပေးလိုက်ပါတယ်။

ဗိုလ်မှူးချုပ်အဆင့်ကနေ နှစ်ဆင့်လျှော့ချပြီး ဒုဗိုလ်မှူးကြီးရာထူးနဲ့ အငြိမ်းစားပေးလိုက်တာဖြစ်ပါတယ်။ တရားဝင်စာကို ဧပြီလ (၉) ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်လိုက်ပါတယ်။ အမိန့်စာမှာ – 'လုံးလုံးချမှတ်နိုင်လောက်သော အထောက်အထား ပြည့်ပြည့်ဝဝမရှိသည့်တိုင်အောင် သံသယမကင်းစရာဖြစ်သည်' ဆိုတာ ဖော်ပြထားပြီး၊ 'တပ်မတော်နှင့် တိုင်းပြည်တို့ကို အန္တရာယ်အမျိုးမျိုးမှ ကာကွယ်ရမည်ဖြစ်သည့်အတိုင်း၊ ဒုဗိုလ်မှူးကြီးကျော်ဇော အား တပ်မတော်တွင် ဆက်လက်တာဝန်မပေးတော့သင့်ဟု ကာကွယ်ရေးဦးစီးချုပ်က ၎င်း၏ယူဆချက်ကို အစီရင်ခံရာ၊ ကာကွယ်ရေးဝန်ကြီးဌာနက ကော်မီရှင်အဖွဲ့ငယ်တခုဖြင့် ထပ်မံစုံစမ်း စစ်ဆေးကြားနာပြီးနောက်၊ ဦးစီးချုပ်၏ အကြံပေးချက်အတိုင်းပင် လက်ခံလိုက်ပါသည်။' ဟု နိဂုံးချုပ်ရင်း အငြိမ်းစားပေးလိုက်တာဖြစ်ပါတယ်။ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့ရဲ့ ပိသုကာ၊ တရုတ်ဖြူကျူးကျော်သူတွေကို ပြတ်ပြတ်သားသား ရှုပ်ရှုပ်ချချ တိုက်ခိုက်ခဲ့တဲ့စစ်သူကြီး၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော ဟာ ဒီလိုနည်းနဲ့ တပ်မတော်ကနေ ထွက်ခွါသွားရပါတော့တယ်။ ဗိုလ်နေဝင်းရဲ့ ကြိုးပမ်းချက် အောင်မြင်သွားပါတယ်။ စစ်တပ်ထိပ်သီး ဗိုလ်နေဝင်း အပါအဝင်၊ တပ်မတော် အရာရှိကြီးအားလုံးလိုလိုဟာ ဆိုရှယ်လစ်နွယ်ဝင်တွေချည်းသာ ကျန်တော့တဲ့အတွက် ဆိုရှယ်လစ်ကြီးများလည်း အားရကျေနပ်ခဲ့ကြပါတယ်။ ကာကွယ်ရေးဝန်ကြီးက ဦးဗဆွေ၊ ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း လက်အောက်က တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေက၊ ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးအောင်ရွှေ၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဒုဗိုလ်မှူးကြီးချစ်ခိုင် စတဲ့သူတွေဖြစ်ပါတယ်။ ဗိုလ်မှူးကြီးတင်ဖေ နဲ့ ဗိုလ်မှူးကြီးသိမ်းမောင် တို့လည်း ပါပါတယ်။

၁၉၅၇ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှာ ဦးနု ဝန်ကြီးချုပ်ရာထူး ပြန်လည်လက်ခံရယူပါတယ်။ မတ်လ (၉) ရက်နေ့မှာ ဗကပ ဗိုလ်မှူးချစ်ကောင်းကို ရန်ကုန်မှာမိပါတယ်။

၁၉၅၇ မတ်လ (၁၂) ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပမညတ အတိုက်အခံအမတ်များက အစိုးရအပေါ် အယုံအကြည်မရှိကြောင်းအဆိုကို တင်သွင်းပါတယ်။ ဦးအေးမောင်က အဆိုကိုတင်သွင်းပြီး၊ သခင်ချစ်မောင် အပါအဝင် အမတ် (၁၀) ဦးက အဆိုကို ထောက်ခံဆွေးနွေးကြပါတယ်။

အယုံအကြည်မရှိကြောင်းအဆိုမှာ ... အစိုးရဟာ ပြည်သူလူထုရဲ့ အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးနိုင်ခြင်းမရှိကြောင်း၊ အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်များအရပင် ၁၉၄၈ ခုနှစ်ကနေ ၁၉၅၆ ခုနှစ်အတွင်း တရားခံမဖော်ထုတ်နိုင်သော လူသတ်မှုပေါင်း (၆၆၄၄) မှု၊ ဓားပြမှု (၁၇၀၀၄) မှု၊ ပြန်ပေးမှု (၁၁၅၆) မှု၊ မုဒိမ်းမှု (၆၃၃) မှု ရှိကြောင်း၊ စာရင်းမပေါက်သေးတဲ့အမှုများလည်းရှိကြောင်းနဲ့ ဒီလို လူသတ်၊ ဓားပြ၊ ပြန်ပေးမှုများကို တရားခံဖော်ထုတ်မပေးနိုင်ခြင်း၊ ပြူစောထီးအပါအဝင် လက်နက်ကိုင်တပ်များရဲ့ အနိုင်ကျင့်ဗိုလ်ကျမှုတွေကို ဖြေရှင်းမပေးနိုင်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုပြဿနာတွေကို မဖြေရှင်းနိုင်ခြင်းတို့အတွက် အစိုးရမှာ တာဝန်ရှိကြောင်းနဲ့ ဒါကြောင့် အစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းရခြင်းဖြစ်ကြောင်း အခိုင်အမာ ဖော်ထုတ်စွဲချက်တင်လိုက်ပါတယ်။

အဆိုကို ထောက်ခံဆွေးနွေးကြတဲ့ အမတ်များကလည်း၊ စစ်တပ်ကဖွဲ့ထားတဲ့ လက်နက်ကိုင် အရံတပ်တွေဖြစ်တဲ့ ကာကွယ်ရေး လဲဗီး၊ ပြူစောထီးများက ရာဇဝတ်မှုအဖုံဖုံကို ကျူးလွန်ခဲ့ကြကြောင်း၊ ဒါကြောင့် စစ်တပ်မှာတာဝန်ရှိကြောင်းကိုလည်း ဖော်ထုတ်တင်ပြခဲ့ကြပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင်တွေကိုလည်း ဝေဖန်ခဲ့ကြပါတယ်။

ချက်ကျလက်ကျ ထောက်ပြဝေဖန်ပြီး အဆိုကို အခိုင်အမာ တင်နိုင်ခဲ့ကြပေမယ့်၊ ဖဆပလ အင်အားက အဆမတန်ကြီးတဲ့အတွက် အဆိုကို မဲခွဲတဲ့အခါ အဆိုဟာ ရှုံးနိမ့်သွားရပါတယ်။ ရှုံးနိမ့်သွားခဲ့ရပေမယ့်၊

ဒီအဆိုဟာ အာဏာကို တလျှောက်လုံးကိုင်စွဲလာခဲ့တဲ့ ဖဆပလ အစိုးရအပေါ် အယုံအကြည်မရှိကြောင်း တင်သွင်းခဲ့တဲ့ ပထမဆုံးသောအဆိုအဖြစ် သမိုင်းမှတ်တမ်းဝင်ဖြစ်သွားခဲ့ရပါတယ်။

ဒီလို လွှတ်တော်တွင်းတိုက်ပွဲမပေါ်ခင် တပတ်အကွာ၊ မတ်လ (၆) ရက်နေ့တုန်းကပဲ ဝန်ကြီးချုပ်ဦးနု ဟာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့မိန့်ခွန်းတခု ပေးသွားခဲ့ပါတယ်။ 'ငြိမ်းချမ်းရေး တကယ်ရမယ်ဆိုရင်၊ ရာဇ အိန္ဒြေပုံရုံမကလို့ ကြေမွသွားပါစေ စေ့စပ်ပြီးတာကြာပါပြီ၊ လက်နက်ချလာခဲ့ပါ၊ တရားဥပဒေအရတော့ အရေး ယူရလိမ့်မယ်။ မသေစေရ၊ သက်ညှာစွာစဉ်းစားမယ်။ စိတ်ချရတဲ့အခါ တရားသင်းကြေညာမယ်၊ နိုင်ငံရေး ညှဉ်းပန်းမှုမရှိစေရ' ဆိုတဲ့ မိန့်ခွန်းဖြစ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ 'သူမသာ ကိုယ်မနာ ငြိမ်းချမ်း ရေးပန်ကြားလွှာ' ထွက်ပေါ်လာပြီးတဲ့နောက်၊ ဆရာကြီးပန်ကြားလွှာအပေါ် သတင်းစာကြီးတွေအပါအဝင် နိုင်ငံတဝှန်းက ထောက်ခံလာကြပြီးတဲ့နောက်၊ ဦးနု မိန့်ခွန်းထွက်ပေါ်လာတာဖြစ်ပါတယ်။ ဆရာကြီးရဲ့ သူမသာကိုယ်မနာ ငြိမ်းချမ်းရေးမှုနဲ့ယှဉ်ပြီးထွက်လာခဲ့တဲ့ အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးနု ရဲ့ ငြိမ်းချမ်းရေးမှုလို့ ပဲပြောရပါလိမ့်မယ်။ ခေါင်းမာဆိုရှယ်လစ်ကြီးများကတော့၊ 'သခင်စိုး–သခင်သန်းထွန်း တို့ဟာ စေ့စပ်ဖြေရှင်း ရေးကို ယုံတဲ့လူတွေမဟုတ်၊ စေ့စပ်ရေးကို ပရိယာယ်လုပ်နေတာသာဖြစ်တယ်၊ ငြိမ်းချမ်းရေးကို တကယ်လို လားတဲ့သူတွေမဟုတ်' လို့ တိုးတိုးတဖုံ ကျယ်ကျယ်တမျိုးပြောဆိုရင်း စေ့စပ်ရေးကို ဆန့်ကျင်ကြပါတယ်။

ဆရာကြီးမှိုင်း ဦးဆောင်တဲ့ (၈) ဦးကော်မီတီက ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးဖွဲ့ပြီး ဆောင်ရွက်ရင်း၊ ဆရာကြီးရဲ့ 'သူမသာ ကိုယ်မနာ သင်ပုန်းချေနည်းနှင့် စစ်မက်ရပ်စဲပြီး ငြိမ်းချမ်းရေးကိုယူကြရန်' ဆိုတဲ့ ငြိမ်းချမ်းရေးမှုကို ဘာသာရေးအဖွဲ့အစည်းများကရော၊ လူမျိုးစုနဲ့ လုပ်သားအဖွဲ့အစည်းများ၊ နိုင်ငံရေး အဖွဲ့အစည်းများကပါ အတိအလင်း ထောက်ခံလှုပ်ရှားလာကြပါတယ်။

အစိုးရရဲ့ ငြိမ်းချမ်းရေးမှုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ငြိမ်းချမ်းရေးမှု (တနည်းအားဖြင့်) အစိုးရကို လက်နက်ကိုင်တော်လှန်နေကြသူများရဲ့ ငြိမ်းချမ်းရေးမှုဆိုပြီး၊ မှု (၂) မှု အတိအလင်းကွဲပြားနေရာက ဆရာကြီးမှိုင်းရဲ့ 'သူမသာ ကိုယ်မနာ' ငြိမ်းချမ်းရေးမှု ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

အစိုးရ ရဲ့ မူက 'လက်နက်ကိုင်သောင်းကျန်းသူအားလုံး လက်နက်ချ၊ သက်ညှာစွာစဉ်းစားမယ်' ဆိုတဲ့ လက်နက်ချရေးမူဖြစ်ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီ က တင်ပြတဲ့မူ – လက်နက်ကိုင်တော်လှန်နေသူ များရဲ့မူက 'တွေ့ဆုံဆွေးနွေးလိုတယ်၊ တွေ့ဆုံဆွေးနွေးကြပြီး ပြည်တွင်းစစ်ကြီးကို ရပ်စဲသွားကြဖို့' ဆိုတဲ့ 'တွေ့ဆုံဆွေးနွေး စေ့စပ်ရေးမူ' ဖြစ်ပါတယ်။ ဆရာကြီးမှိုင်း ဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး (၈) ဦး ကော်မီတီရဲ့မူက 'သူမသာ ကိုယ်မနာတဲ့နည်းနဲ့ သင်ပုန်းချေကြပြီး ငြိမ်းချမ်းရေးကို အရယူကြရေးမူ'၊ သင်ပုန်းချေရေးမူဖြစ်ပါတယ်။ လက်နက်ချရေးမူနဲ့ စေ့စပ်ဆွေးနွေးရေးမူအကြား၊ ကွဲပြားကွာဟနေမှုကိုဆွဲပြီး ရင်ကြားစေ့ပေးလိုက်တဲ့မူ၊ တရားသဖြင့်ဖြစ်အောင် တံတားထိုးပေးလိုက်တဲ့မူဖြစ်ပါတယ်။ သင်ပုန်းချေကြရေး ဖြစ်ပါတယ်။

ဆရာကြီးရဲ့မူကို တရားမျှတတဲ့မူအဖြစ် တပြည်လုံးက ဝိုင်းဝန်းထောက်ခံအားပေးကြပေမယ့်၊ ဆိုရှယ်လစ်ကြီးများနဲ့ စစ်တပ်က တစက်ကလေးမှ မကြိုက်နှစ်သက်နိုင်ခဲ့ကြပါ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးမှုကို ထောက်ခံလိုလားသူများက ရန်ကုန်မြို့လုံးကျွတ် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး ကျင်းပပြုလုပ်မယ်လို့ ကြေညာလိုက်တဲ့အခါ ငြိမ်းချမ်းရေးမလိုလားနိုင်သူတွေက ငြိမ်းချမ်းရေးဆန္ဒကို ဖျက်ဆီးဖို့၊ ငြိမ်းချမ်းရေးကို သရော်လှောင်ပြောင်ဖို့ 'လက်နက်ကိုင်တော်လှန်နေကြသူ တွေက မီးရထား တံတားလမ်းများ ချိုးဖျက်နေတဲ့ ဓာတ်ပုံကြီးများကို'၊ 'ဒါလားငြိမ်းချမ်းရေး' ဆိုတဲ့ စာတမ်း ထိုးပြီး၊ တတိုင်းပြည်လုံး ပလူပျံအောင် ဖြန့်ဝေလိုက်ကြပါတယ်။ 'ဒါလားငြိမ်းချမ်းရေး' ရဲ့ ဖန်တီးရှင်များက

တော့၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနက ပုဂ္ဂိုလ်ကြီးများဖြစ်ပါတယ်။ စစ်တပ်ကနေ ဖန်တီးဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ စစ်တပ်ဟာ စိတ်ဓာတ်စစ်ဆင်ရေးဌာနဆိုတာကို သီးသန့်ဖွဲ့စည်းထားပြီး စစ်တပ်ရဲ့ စစ်ဆင်ရေးတိုင်းမှာ တွဲဖက်ပါဝင်ဆောင်ရွက်စေခဲ့သလို၊ ပြည်သူလူထုကြားက လှုပ်ရှားမှုတွေအတွင်းမှာလည်း တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ကိုင်နိုင်ဖို့ အမေရိကန်နိုင်ငံကို သင်တန်းပို့လွှတ်ခဲ့တာတွေလည်းရှိပါတယ်။

အောင်မာဃထိုးစစ်ကြီးအပြင် တွဲဖက်စစ်ဆင်ရေးတွေနဲ့ပါ တသီတတန်းကြီး ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်နေတဲ့အတွက်၊ လက်နက်ကိုင် သူပုန်အင်အားစုများကလည်း အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်နေရရင်း၊ စစ်ရေးအရ၊ လမ်းတံတားများကို ချိုးဖျက်လုပ်ကိုင်ခဲ့ရတာတွေကို ဓာတ်ပုံကြီးတွေ အမျိုးမျိုးရိုက်ယူပြီး 'ဒါလားငြိမ်းချမ်းရေး' လို့ စာတန်းထိုးပြခဲ့ကြခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကို တားဆီးဖြိုခွဲနိုင်ဖို့ အကြီးအကျယ် ကြိုးစားခဲ့ကြပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးရဲ့ လှုပ်ရှားမှု၊ ပြည်သူလူထုကြီးရဲ့ ငြိမ်းချမ်းရေးအသံတွေဟာ တားဆီးမရနိုင်အောင် ဆက်လက်အရှိန်အဟုန်ကြီးမားလာတဲ့အတွက်၊ 'ဒါလားငြိမ်းချမ်းရေး' စာရွက်စာတမ်းများလောက်နဲ့ ဖြိုဖျက်မရမှန်းသိလာတဲ့အတွက် နောက်ထပ်ခြေလှမ်းသစ်တခုကို အစိုးရဖက်က စတင်လိုက်ပါတယ်။

ကွန်မြူနစ်ပါတီက စေလွှတ်ခဲ့တဲ့ ငြိမ်းချမ်းရေးတမန် ဦးချမ်းအေး (ခေါ်) ရဲဘော်တင်ရွှေကို ပြန်ကြားရေးဝန်ကြီးကိုယ်တိုင် ခေါ်ထုတ်လာပြီး၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးခန်းထဲမှာ သတင်းစာကွန်ဖရင့်တခု လုပ်ပါတယ်။ ၁၉၅၇ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့မှာဖြစ်ပါတယ်။ အဲဒီသတင်းစာကွန်ဖရင့်မှာ ဦးချမ်းအေးက ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ သူရဲ့သဘောထားကို ထုတ်ဖော်ပြောဆိုပါတယ်။ စစ်တမ်းထုတ်ပါတယ်။ အဲဒီထုတ်ဖော်ပြောဆိုချက်စစ်တမ်းကို 'ချမ်းအေးစစ်တမ်း' လို့ ကင်ပွန်းတပ်ခြင်းပြုကြပါတယ်။ အစိုးရက စီစဉ်ပွဲထုတ်ကျင်းပပေးခဲ့တဲ့ သတင်းစာကွန်ဖရင့်ကနေတဆင့် ပေါ်ထွက်လာခဲ့တဲ့ ချမ်းအေးစစ်တမ်းရဲ့ ကြွေးကြော်သံကတော့၊ 'လက်နက်နဲ့ဒီမိုကရေစီလဲရေး' ဆိုတာဖြစ်ပါတယ်။ လက်နက်နဲ့ဒီမိုကရေစီလဲလှယ်ရေးမူလို့လည်း ခေါ်ဝေါ်ကြပါတယ်။ အနှစ်ချုပ်ကတော့'ကွန်မြူနစ်လက်နက်ကိုင်တော်လှန်ကြသောလမ်းစဉ် မှားသည်။ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိအောင် လက်နက်နှင့်လဲလှယ်ယူရမည်။' ဆိုတာဖြစ်ပါတယ်။ ဦးချမ်းအေးရဲ့ 'လက်နက်နဲ့ဒီမိုကရေစီလဲရေး' ငြိမ်းချမ်းရေးမူဟာ ဖဆပလ အစိုးရရဲ့ 'လက်နက်ချခဲ့ပါ၊ ဒီမိုကရေစီအခွင့်အရေးတွေပေးမည်' ဆိုတဲ့ ငြိမ်းချမ်းရေးမူနဲ့ ကြောင်းတူသံကွဲ အတူတူသာဖြစ်ပါတယ်။ အစိုးရက ဦးချမ်းအေးရဲ့ 'လက်နက်နှင့်ဒီမိုကရေစီလဲရေး' သတင်းစာကွန်ဖရင့်ကို အသေအချာရိုက်ကူးပြီး၊ သတင်းကားတကားအဖြစ် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံတွေမှာ ပြသပေးပါတော့တယ်။

ဧပြီလ (၁၀) ရက်နေ့ နေ့စွဲနဲ့ထုတ်ပြန်လိုက်တဲ့ 'အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်ကို အရယူလော့' ဆိုတဲ့ ဗိုလ်လကျ်ာရဲ့ ငြိမ်းချမ်းရေးကြေညာချက်လည်း ထွက်ပေါ်လာခဲ့ပါတယ်။ အစိုးရရဲ့ ငြိမ်းချမ်းရေးမူ၊ ဦးချမ်းအေးရဲ့ 'လက်နက်နှင့်ဒီမိုကရေစီလဲလှယ်ရေး' မူ၊ ဗိုလ်လကျ်ာရဲ့ ငြိမ်းချမ်းရေးမူ၊ ဆိုတဲ့ မူ (၃) ခုလုံးရဲ့ အနှစ်သာရကတော့၊ 'လက်နက်ချ' ဆိုတာပဲဖြစ်ပြီး၊ သံတူကြောင်းကွဲနဲ့ ကြောင်းကွဲသံတူ အတူတူချည်းဖြစ်ပါတယ်။

ဆရာကြီးမှိုင်းရဲ့ သင်ပုန်းချေရေး ငြိမ်းချမ်းရေးမူကို ဖြိုဖျက်ကျော်လွှား ဖုံးလွှမ်းပစ်လိုက်နိုင်ခြင်းမရှိပေမယ့်၊ ဦးချမ်းအေးရဲ့ 'လက်နက်နှင့်ဒီမိုကရေစီလဲလှယ်ရေးမူ' ဟာ ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ လက်နက်စွန့်လိုသူ၊ လက်နက်နဲ့ဒီမိုကရေစီ လဲလှယ်တယ်ဆိုပြီး၊ လက်နက်ချလိုသူတွေ၊ လက်နက်ချသွားသူတွေ အမြောက်အများပေါ်ထွက်ခဲ့ပါတယ်။

ဧပြီလ (၇) ရက်နေ့မှာပြုလုပ်တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကြီးမှူးတဲ့ ကန်တော်မင်ပန်းခြံ ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကို လူထုကြီးက အုံနဲ့ကျင်းနဲ့ ချီတက်ရောက်ရှိလာကြပြီး၊ ဆရာကြီးရဲ့မူကို လက်ခံကြောင်း ဆန္ဒဖော်ပြ ဆုံးဖြတ်ခဲ့ကြပါတယ်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုဒီရေ တဟုန်ထိုးတက်လာနေပါတယ်။ သာယာဝတီ၊ မင်းလှ ဂိုဏ်းပေါင်းစုံ သံဃာတော်များက ဆရာကြီးမှိုင်းမူကို ထောက်ခံကြခြင်း၊ ဆရာကြီးတို့ ငြိမ်းချမ်းရေးအဖွဲ့ကို စစ်တွေက ကြိုဆိုခြင်း၊ စစ်တွေငြိမ်းချမ်းရေးဆန္ဒပြပွဲကို လူတသောင်းခွဲကျော်တက်ခြင်း၊ ရေ့နေများအသင်းက ပြည်တွင်းငြိမ်းချမ်းရေးရရန် ဆုတောင်းကြောင်းဆုံးဖြတ်ခြင်း၊ ဆရာကြီးတို့အဖွဲ့ ထားဝယ်သို့ရောက်ခြင်းနဲ့ ထားဝယ်မှာ ငြိမ်းချမ်းရေးဆန္ဒပြပွဲ ကျင်းပနိုင်ခြင်း၊ ဆရာကြီးတို့အဖွဲ့ကို ပြည်မြို့မှ လူ (၂) သောင်းကကြိုခြင်း၊ ဆန္ဒပြပွဲကြီးသို့ လူ (၇) သောင်းကျော်တက်ခြင်း၊ မင်းဘူးကျောင်းတော်ရာမှာ လူ (၃) သောင်းတက်ခြင်း၊ ဆရာကြီးရွှေဥဒေါင်းက မန္တလေးမှာ သူမသာကိုယ်မနာနည်းကို ထောက်ခံပြောဆိုခြင်း၊ စတဲ့ စတဲ့ လှုပ်ရှားမှုသတင်းတွေ နေ့စဉ်သတင်းစာတွေပေါ် ပါလာခဲ့ကြပါတယ်။

ပုသိမ် ငြိမ်းချမ်းရေးဆန္ဒပြပွဲကို ပုသိမ်တပ်ထိန်းအဖွဲ့နဲ့ စစ်ထောက်လှမ်းက နှောက်ယှက်တဲ့သတင်းလည်း ထွက်လာပါတယ်။ အငြိမ်းစားအပေးခံလိုက်ရတဲ့ ဗိုလ်မှူးချုပ်ကျော်ဇောရဲ့ ပြည်တွင်းစစ်ကို စစ်တပ်က တိုးချဲ့တိုက်ခိုက်နေရင် (၇) နှစ်အတွင်း မပြီးနိုင်ဆိုတဲ့ တွက်ချက်သုံးသပ်ပြမှုသတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။

ပြည်တွင်းစစ်ကြီးကို ရပ်စဲပစ်စေချင်ကြတဲ့ ပြည်သူလူထုကြီးရဲ့ ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးတွေ နေရာအနှံ့ပေါ်ပေါက်လာခဲ့သလို၊ လက်နက်နဲ့ ဒီမိုကရေစီ လဲလှယ်ရေးကြွေးကြော်သံတွေကြားမှာ အစုလိုက်အဖွဲ့လိုက် လက်နက်ချလာကြသူတွေလည်း အများအပြား ပေါ်ထွက်လာခဲ့ပါတယ်။ ပြည်သူ့ရဲဘော်များ၊ ရခိုင်ပြည်ဘက်က ဦးစိန္တာအဖွဲ့ဝင်များ လက်နက်ချခဲ့ကြပါတယ်။

၅၇ ခုနှစ် သင်္ကြန်တွင်းမှာ ဦးနု တရုတ်ပြည် ရှစ်ဆောင်ပန်နားကို အလည်သွားပါတယ်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းကိုယ်တိုင် နေကောင်းခါစ နလန်ထအခြေအနေကြားက လာကြိုပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ အင်မတန် ကျွမ်းကျင်သိမ်မွေ့တယ်လို့ ပြောစမှတ်ပြုထားရတဲ့၊ ချူအင်လိုင်းရဲ့ ညှိသည်အပေါ် ဂရုတစိုက် ညှိဝတ်ကျေပြွန်တတ်မှုကြောင့်ရော၊ ရှိနေတဲ့ နိုင်ငံတကာ့အခင်းအကျင်းမှာ ဗမာပြည်ကို တည့်မတ်တဲ့ကြားနေရေးထဲ ခိုင်ခိုင်မာမာထည့်ထားနိုင်ဖို့ အရေးကြီးတာကြောင့်ပါ အခုလို ဂရုတစိုက်ထွက်ကြိုတာဖြစ်ပါတယ်။ အမေရိကန်တို့ရဲ့ ဥရောပမှာ နေတိုး၊ အာရှအလယ်ပိုင်းမှာ စင်တိုး၊ အရှေ့တောင်အာရှမှာ ဆီးတိုး၊ စစ်စာချုပ်ဝင်ဖွဲ့ရေး၊ စစ်အုပ်စုတိုးချဲ့ရေးခြေလှမ်းတွေဟာ ပြောင်ပြောင်တင်းတင်း ခြေသွက်လွန်းနေတဲ့အတွက်၊ အမေရိကန်တို့ရဲ့ ကျုံးသွင်းမှုထဲ ဗမာပြည် ပါမသွားဘဲ တည့်မတ်တဲ့ ကြားနေရေးဖြစ်ဖို့ဟာ တရုတ်တို့အတွက် အရေးကြီးလှပါတယ်။ မူကြီး (၅) ချက်နဲ့ ကြားနေရေးစည်းဝိုင်းထဲ ဗမာပြည် အတိအလင်းရောက်ရှိနေပြီဆိုပေမယ့်၊ အမေရိကန်တို့ရဲ့ နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းအားထုတ်မှုတွေဟာ ဆက်လက်တည်ရှိနေသေးတဲ့အတွက်၊ ဦးနု ရဲ့အခန်း၊ ဗမာပြည်ရဲ့အခန်းကို တရုတ်ပြည်က အလေးမထားချင်လို့ မရတဲ့ အနေအထားဖြစ်ပါတယ်။ ဗမာပြည်အာဏာရ ဖဆပလ အဖွဲ့ကြီးအတွင်းရှိ ဆိုရှယ်လစ်ထိပ်သီး ဦးကျော်ငြိမ်း၊ ဦးဗဆွေ တို့အုပ်စုဟာ ကွန်မြူနစ်ဆန့်ကျင်ရေးအလံထောင်ထားရင်း အမေရိကန်နဲ့ပေါင်းချင်နေကြတာ၊ အမေရိကန်ထီးရိပ်အောက် ခိုလှုံချင်နေကြတာကို တရုတ်ပြည်က တွက်ဆထားမိပြီးဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ စစ်တပ်ကလည်း ပြည်တွင်းစစ်ကို မီးကုန်ယမ်းကုန်တိုက်ရင်း ကွန်မြူနစ်ဆန့်ကျင်ရေးအလံ ထောင်ထားတဲ့တပ်၊ အမေရိကန်စစ်ရေးအကူအညီတွေကို မျှော်လင့်ရယူချင်

နေတဲ့တပ် ဖြစ်နေတာကို သတိမူမိပြီးဖြစ်နေပါတယ်။ ဒါတွေကြောင့် ချူအင်လိုင်း ကိုယ်တိုင် ပီကင်းကနေ ယူနန်ပြည်နယ် နယ်စပ်အထိတိုင် ဆင်းလာပြီး ဦးနု ကို အလေးထားကြိုဆိုတာဖြစ်ပါတယ်။ ဦးနုသွားချင်တဲ့ ရှစ်ဆောင်ပန်းနားခရီးကို ဝန်ကြီးချုပ် ချူအင်လိုင်းကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးပါတယ်။ ယူနန်ပြည်နယ် မြို့တော် ကူမင်းမြို့မှာ ခဏနားကြတုန်းမှာ ချူအင်လိုင်းက 'တရုတ်–ဗမာ နယ်ခြားစာချုပ် အခုလောလော ဆယ် လက်မှတ်ထိုးလို့မဖြစ်သေးရင်၊ တရုတ်–ဗမာ ချစ်ကြည်ရေးနဲ့ တဦးအပေါ်တဦး မကျူးကျော်ရေး စာချုပ်တခု မချုပ်ဆိုချင်ဘူးလား' လို့ ဦးနုကို မေးပါတယ်။ ဦးနုက တရုတ်–ဗမာ နယ်ခြားစာချုပ် ချုပ်ဆိုပြီး တော့မှပဲ တဦးအပေါ်တဦး မကျူးကျော်ရေးစာချုပ် ချုပ်ဆိုချင်တယ်လို့ ဖြေခဲ့ပါတယ်။ ရှစ်ဆောင်ပန်းနားမှာ သင်္ကြန်ရေ အတူကစားကြရင်း၊ ဦးနု နဲ့ ချူအင်လိုင်း တို့ တရုတ်–ဗမာ ချစ်ကြည်ရေးစကားတွေ၊ ငြိမ်းချမ်းရေး စကားတွေ အပြန်အလှန်ပြောဆိုကြပြီး၊ ချစ်ကြည်ရေးတည်ဆောက်ခဲ့ကြပါတယ်။ ပြည်တွင်းက ငြိမ်းချမ်းရေး အသံတွေ ကိုတော့ မကြားဟန်ပြုထားပြီး၊ ပြည်ပမှာ ငြိမ်းချမ်းရေးစကားတွေ လာပြောနေခဲ့တာဖြစ်ပါတယ်။

ပြည်တွင်းမှာ ငြိမ်းချမ်းရေးဆန္ဒပြပွဲသံတွေ လွှမ်းနေတုန်း၊ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သဘောထား အဖုံဖုံကွဲပြီး တင်းမာလိုသူများက တင်းမာနေကြတုန်းမှာပဲ၊ ဖဆပလ အလုပ်အမှုဆောင်တွေကြားမှာသာ ချပြခဲ့ပြီး ဖုံးဖိထားခဲ့ကြတဲ့၊ 'ဦးနု နဲ့ ဦးကျော်ငြိမ်း တို့ရဲ့ ရာဇဝင်တွင်မယ့် စာနှစ်စောင်' ဟာ လူထုကြား ဘွားကနဲပေါ်လာခဲ့ပါတယ်။ ၅၆ ခုနှစ်၊ ဇူလိုင်လဆန်းပိုင်းက ရေးခဲ့ကြတဲ့ စာနှစ်စောင်ဟာ၊ ၅၇ ခုနှစ်၊ မေလ (၆) ရက်နေ့ထုတ် ဂါးဒီးယန်းသတင်းစာမှာ ပါလာခဲ့ပါတယ်။ ဖဆပလ တွင်း အကွဲကို လူထုကြားထဲအထိ တရားဝင် ချပြလိုက်တဲ့သဘောဖြစ်ပါတယ်။

တခုလုံးအနေအထားကို ခြုံကြည့်ရင်၊ အာဏာရအစိုးရဟာ ဖဆပလ ပါ။ ဒါပေမယ့် အတိုက်အခံ ပမညတ တွေလည်းရှိနေတဲ့ ဖဆပလအစိုးရပါ။ နေရာသာကွာပေမယ့် မဲက သိပ်မပြတ်တာကြောင့် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် ဂရုတစိုက် သတိထားနေရတဲ့ အနေအထားပါ။ ပြည်သူလူထုကြီးကြား ဖဆပလ အပုပ်နံ့ တထောင်းထောင်းထနေမှုကြောင့်၊ ဦးနု က ဖဆပလ သန့်ရှင်းရေးလုပ်ရင်း လူထုထောက်ခံမှုရအောင် ကိုယ့် ပေါင်ကိုယ်လှန်ထောင်းတဲ့နည်းနဲ့ ရှာပါတယ်။ အဲဒီလိုရှာလေလေ၊ ဖဆပလ သန့်ရှင်းရေးလုပ်လေလေ ရှိပြီး ဂိုဏ်းဂဏ ပဋိပက္ခဟာ မြင့်လာလေလေဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ဦးနု နဲ့ ဦးကျော်ငြိမ်း ပဋိပက္ခ ပိုမိုပေါ်လွင် လာလေလေဖြစ်ခဲ့ပါတယ်။

တောတွင်းလက်နက်ကိုင် ဗကပ အပါအဝင်၊ ပါလီမန်တွင်း ပမညတ အပါအဝင် တတိုင်းပြည်လုံးရှိ ပြည်သူတရပ်လုံးက ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တောင်းဆိုလှုပ်ရှားနေကြပါတယ်။ ဆိုရှယ်လစ်များနဲ့ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ ဆိုရှယ်လစ်နွယ်ဝင်များ ဦးစီးထားတဲ့ စစ်တပ်က အပြတ်တိုက် ရေးလမ်းကိုပဲ ခေါင်းမာမာနဲ့လျှောက်ပါတယ်။ 'ငြိမ်းချမ်းရေး' လိုချင်ရင် 'လက်နက်ချ' ဆိုတာပဲ ကိုင်စွဲထား ပါတယ်။ အောင်မာဃ အပါအဝင် ထိုးစစ်ကြီးတွေ တသီကြီး ဆက်တိုက်ဖော်ထုတ်ပါတယ်။ ဦးနု က လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်ထုတ်ပြီး ဥပဒေဘောင်တွင်းဝင်ရေးလမ်းကို ဖွင့်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအသံတွေ ညံလာတဲ့အခါ 'ငြိမ်းချမ်းရေးမူ' ဆိုတာတွေလည်း အမျိုးမျိုးအဖုံဖုံ ထွက်ပေါ်လာခဲ့ပါ တယ်။ အစိုးရ မူ၊ ဗကပ မူ၊ ပမညတ မူ၊ လက်နက်နဲ့ဒီမိုကရေစီ လဲလှယ်ရေး မူ၊ ဗိုလ်လကျ်ာ မူ၊ ဆရာကြီးမှိုင်းရဲ့ သူမသာ ကိုယ်မနာ ငြိမ်းချမ်းရေး မူ။

အစိုးရ မူ၊ လက်နက်နဲ့ဒီမိုကရေစီလဲလှယ်ရေး မူနဲ့ ဗိုလ်လကျ်ာ မူတွေက အနှစ်သာရအားဖြင့် လက်နက်ချလာရေးမူတွေဖြစ်ပါတယ်။ ဗကပ မူ နဲ့ ပမညတ မူက တွေ့ဆုံဆွေးနွေးရေးမူဖြစ်ပါတယ်။ ဆရာကြီးရဲ့ မူက သူမသာကိုယ်မနာနည်းနဲ့ သင်ပုန်းချေရေး မူ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ရေပန်းအစားဆုံး ဖြစ်လာတာက သူမသာကိုယ်မနာ မူ ဖြစ်ပါတယ်။

ဆိုရှယ်လစ်များနဲ့ စစ်တပ်က ဆရာကြီးရဲ့ သူမသာကိုယ်မနာ မူဟာ တောတွင်းလက်နက်ကိုင်များ ဘက်က ရှေ့နေလိုက်ထားတဲ့ မူ၊ တောတွင်းသူပုန်များကို မျက်နှာသာပေးထားတဲ့ မူလို့ ခံယူသဘောထား ပါတယ်။ ဆန့်ကျင်ကန့်ကွက် ရှုတ်ချတာတွေလုပ်ပါတယ်။ အပြုတ်တိုက်ရေးသမားများအဖို့ စေ့စပ်ရေးကို လည်း မလိုလားသလို၊ သင်ပုန်းချေရေးကိုလည်း ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါ။

လူထုထောက်ခံမှုရဖို့ နည်းလမ်းရှာဖွေနေရတဲ့ ဦးနု ကတော့ လက်နက်ချလာရေးမူကို ကိုင်စွဲထား ရင်းက ဆန့်ကျင်ဖက်ကလာနေတဲ့ ငြိမ်းချမ်းရေးအသံတွေကိုလည်း နားစွင့်ရင်း၊ ဆိုရှယ်လစ်ကြီးများလို တင်းတင်းမာမာ တဖက်သတ်မပြောဘဲ ပါးပါးနပ်နပ်နေပြပါတယ်။ ဦးနု က ပျော့ပျောင်းမှုကို တဖက်သို့ပြသ ရင်း၊ ဖဆပလ သန့်ရှင်းရေးဆိုတာကို တရစ်ချင်းတိုးတိုးပြီးလုပ်ပါတယ်။ ဖဆပလ ကြီးကို နွံတွင်းက ဆွဲထုတ် ဖို့လုပ်တာလို့ ယူဆနိုင်သလို ဖဆပလ ကြီးရဲ့ ကျော်မကောင်းကြားမကောင်း အပုပ်နံ့တထောင်းထောင်းအ တွက် သူ့မှာတာဝန်မရှိလို့ ယူဆခံရအောင် သူ့ကိုယ်သူ ဖဆပလ ခွေးသေကောင်ပုပ်ကြီးကြားကနေ ဆွဲထုတ် လိုက်တာလည်းဖြစ်ပါတယ်။

ဖဆပလ အစိုးရအဖွဲ့ကြီးအတွင်း ပဋိပက္ခတွေ ပြင်းထန်လာလေလေ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ကတော့၊ စစ်တပ်ကြီးကို ကြီးသထက်ကြီးအောင်ချဲ့ရင်း သူ့ရဲ့ ပုဂ္ဂိုလ်ရေးဩဇာ ကို ထူထောင်လာနိုင်လေလေဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရခါစလောက်က ကာကွယ်ရေးဝန်ကြီး ရာထူး လောက်ပဲ မှန်းနိုင်ခဲ့တဲ့ ဗိုလ်နေဝင်း ဟာ ပြည်တွင်းစစ်ကြီးပေါက်ဖွားလာမှုကြောင့် ရန်ကုန်အစိုးရခေတ်မှာ ကာကွယ်ရေးဝန်ကြီးမျှမက ဒုတိယဝန်ကြီးချုပ်ရာထူးအထိ အပိုအဆစ်ရခဲ့ဖူးတာကိုလည်း ကိုယ်တွေ့ကြုံခဲ့ ဖူးပြီးပြီဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးရာထူးနေရာအတွက် ပခုံးချင်းယှဉ်လာနိုင်သူတွေ၊ ယှဉ်လာခဲ့ဖူးသူ တွေအားလုံးလောက်နီးပါးကိုလည်း နည်းမျိုးစုံနဲ့ အခြေအနေမျိုးစုံကြားမှာ ဖယ်ရှားဖြို့ခွင်း ကျော်နင်း လွန်မြောက် ခဲ့ပြီးပြီ ဖြစ်ပါတယ်။ တပ်မတော်တွင်းက ဗိုလ်ချုပ် စမစ်ဒွန်း၊ ဗိုလ်လက်ျာ၊ ဦးတင်ထွဋ် စတဲ့သူတွေကို ဖယ်ရှား နိုင်ခဲ့ပြီးဖြစ်သလို၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ရဲထွဋ် တို့လို ပုဂ္ဂိုလ်တွေကိုလည်း တောထဲသို့ မောင်း ထုတ်နိုင်ခဲ့ပြီးပြီဖြစ်ပါတယ်။ နောက်ဆုံး တပ်ထဲမှာကျန်နေတဲ့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော ကိုလည်း အောင်မာဃ ထိုးစစ်အတွင်းက ရတယ်ဆိုတဲ့ ဖိုင်တွဲအမှုကြီးကိုပြပြီး အောင်မြင်စွာ ဖယ်ရှားပြီးပြီဖြစ်တဲ့ အတွက်၊ တပ်မတော်ထဲမှာ သူနဲ့ခေတ်ပြိုင် တန်းတူ မူစရာလူ တဦးမှမရှိတော့တဲ့အတွက် ပြိုင်ဘက်ကင်း ဗိုလ်ချုပ်ကြီး ဖြစ်လာပါတယ်။

စစ်တပ်အင်အားကြီးတာဟာ တိုင်းပြည်အင်အားကြီးတာ ဟုတ်မဟုတ်တော့မသိ၊ သူအင်အားကြီး တာအမှန်၊ သူ ဩဇာကြီးလာတာတော့အမှန်ဆိုတာ လက်တွေ့သိနေပြီဖြစ်တဲ့အတွက် စစ်တပ်ကြီးကို ပိုပြီးကြီးအောင် တည်ဆောက်ပါတယ်။ တကယ်လည်း ဗိုလ်နေဝင်း ရဲ့ တလက်ကိုင်တပ်ကြီးသဖွယ် ပုံပေါ် လာပါတယ်။ ကာကွယ်ရေးဝန်ကြီး ဦးဗဆွေ အမိန့်ပေးလို့မရ၊ ဗိုလ်နေဝင်း အမိန့်ပေးမှရတဲ့ တပ်ကြီးဖြစ်လာ ပါတယ်။ ဗိုလ်နေဝင်း အဖို့ တပ်မတော်ကြီးကို တိုးပြီးတည်ဆောက်ရတာလည်း ဘာမှမခက်ပါ။ သူ့အိပ်ကပ် ထဲကပိုက်ဆံ တပြားတချပ်မှမကုန်ရဘဲ ပြည်သူလူထုရဲ့ဘဏ္ဍာငွေကြေးကို သုံးစွဲပြီး ကြိုက်သလို စစ်အင်အား ချဲ့လို့ရပါတယ်။ ပြည်တွင်းစစ်ကြီးကို လက်ညှိုးထိုးပြပြီး၊ ကြိုက်သလို စစ်အင်အားထူထောင်နိုင်ခွင့် အလိုလိုရ နေပြီးသားဖြစ်ပါတယ်။ ဖဆပလ အဖွဲ့ကြီးအတွင်းက နိုင်ငံရေးသမားကြီးတွေ ကွဲချင်သလိုကွဲ ပြဲချင်သလို ပြဲနေကြတဲ့အချိန် ၁၉၅၇ ခုနှစ်ထဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဦးဆောင်မှုအောက်မှာ အမှတ် (၁၂) နဲ့ အမှတ် (၁၃) ခြေလျင်တပ်မဟာဌာနချုပ် ထပ်မံပေါ်ပေါက်လာပါတယ်။ တခုက မအူပင်၊ တခုက ပြည်မှာ အခြေစိုက် စေပါတယ်။ အမှတ် (၁၀၁) (၁၀၂) (၁၀၉) ခြေမြန်တပ်ရင်း (၃) ရင်းကိုလည်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

လေတပ်ခေတ်မီရေးအတွက် ကနေဒါလုပ် အော်တာလေယာဉ်များနဲ့ အင်္ဂလန်လုပ် ဆီးဖြူရီ လေယာဉ်များ ဝယ်ယူရေးလုပ်ပါတယ်။

အောင်မာဃ စစ်ဆင်ရေးကြီးနဲ့ တဆက်တည်း၊ မိတ္ထီလာ၊ တောင်တွင်း၊ နတ်မောက်နယ်များမှာ 'မုန်တိုင်း' စစ်ဆင်ရေး၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့မှာ 'မင်းရန်အောင်'၊ 'အဏ္ဏဝါ' ပြည်တော်အေး၊ ပုဏ္ဏက၊ ဂြိုလ်တု၊ ပြည်သာယာ၊ ဂြိုလ်ကြီး၊ လျှပ်စစ်၊ ဒေါင်းဖလ်ဝါ စတဲ့ စစ်ဆင်ရေးတွေ တသီကြီး လုပ်ခဲ့ပါတယ်။ ၅၆/၅၇ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကလည်း (၅၀၂) သန်းအထိ တိုးတက်သွားခဲ့ပါတယ်။ ကာကွယ်ရေးအသုံးစရိတ်ပမာဏဟာ အာရှမှာ ဖော်မိုဆာ (ထိုင်ဝမ်)နဲ့ တောင်ကိုရီးယားပြီးရင် ဗမာပြည်ဟာ တတိယအများဆုံး သုံးစွဲတဲ့နိုင်ငံဖြစ်သွားပါတယ်။ အဲဒီတုန်းက တတိုင်းပြည်လုံးရဲ့ ဝင်ငွေဘဏ္ဍာ (၁၀၀) မှာ (၄၀) ဟာ ကာကွယ်ရေးအသုံးစရိတ် ဖြစ်သွားရပါတယ်။

တပ်မတော်ကနေ ဖယ်ရှား အငြိမ်းစားပေးခံလိုက်ရတဲ့ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော က သူ့ကို မခိုင်လုံသော စွပ်စွဲချက်များနဲ့ စွပ်စွဲပြီး အငြိမ်းစားပေးလိုက်ပုံ အဖြစ်သနစ်ကို လူထုကြား ရှင်းလင်းတင်ပြတာတွေလုပ်ပါတယ်။ ကာကွယ်ရေးဝန်ကြီး ဦးဗဆွေ တို့ရဲ့ စစ်ဆေးပုံ၊ မေးမြန်းပုံတွေနဲ့ အစိုးရရဲ့ သက်ညှာစွာ အငြိမ်းစားပေးလိုက်တယ်ဆိုတာ ဟုတ်မှန်မှုမရှိကြောင်း တုန့်ပြန်ရှင်းလင်းပါတယ်။ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် စောကြာဒိုးကို ဖယ်ရှားပြီးတဲ့နောက်ပိုင်း၊ အဲဒီနေရာကို အစားထိုးခန့်ထားရမယ်ဆိုရင်၊ ဗိုလ်ကျော်ဇော ကိုပဲ ဝါစဉ်အလိုက် ခန့်ထားရမှာဖြစ်လို့ ခုချိန်အထိ နေရာလပ်ထားပြီး မခန့်ထားပုံ၊ တိုင်းပြည်အတွက် တတိုင်းပြည်လုံးသိ စစ်ပွဲကြီးတွေကို ရှုပ်ရှုပ်ချုံချုံ ဦးဆောင်တိုက်ခိုက်ခဲ့သူဖြစ်ပေမယ့်၊ ဖဆဆိုရှယ်များက ရာထူးမပေးရအောင် နှိမ်ခဲ့ပုံတွေကိုလည်း ပွင့်ပွင့်လင်းလင်း ဖော်ထုတ်သွားခဲ့ပါတယ်။

(၁၉၅၂ ခုနှစ်၊ ၅၅–၅၆ ခုနှစ်တွေမှာ ဖဆပလ အစိုးရက ဂုဏ်ထူးဘွဲ့ထူးတွေ ဖော်ထုတ်ပြီး ချီးမြှင့် အပ်နှင်းတာတွေ လုပ်ခဲ့ပါတယ်။ သတိုးသီရိသုဓမ္မ–တို့၊ 'လက်ျာပျံချီ' 'စည်သူ' 'သရေစည်သူ' တို့လို ဘွဲ့မည်ဂုဏ်ထူးတွေ လူပုဂ္ဂိုလ်တော်တော်များများကို ဖောဖောသီသီ အပ်နှင်းခဲ့ရုံမက၊ စာပေအနုပညာနယ်နဲ့ တေးဂီတ ဇာတ်သဘင်နယ်ကလူတွေကိုပါ 'အလင်္ကာကျော်စွာ' တို့ 'ဝဏ္ဏကျော်ထင်' တို့ တသီကြီးပေးခဲ့တာရှိပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကဆိုရင် 'ပလွေမှုတ်တဲ့သူ ဆိုင်းတီးတဲ့သူတွေအထိ ပေးနေတဲ့ဟာတွေပါကွာ' လို့ အသောဖောက်ခဲ့ရတဲ့အထိ များပြားခဲ့ပါတယ်။ ဘုရင့်နောင်၊ ရန်ကြီးအောင် စစ်ဆင်ရေးကြီးတွေချပြီး၊ အောင်မြင်စွာတိုက်ပွဲဆင်ပြနိုင်ခဲ့တဲ့ ဗိုလ်ကျော်ဇော ကိုတော့ ဖဆပလအစိုးရက ၅၅ ခုနှစ်မှာ မလွှဲသာလို့ တခြားသူများပေးချိန်မှာ 'သရေစည်သူ' ဘွဲ့ ပေးခဲ့ဖူးပါတယ်။) နောက်ဆုံးပေးလိုက်တာကတော့ ဗိုလ်နေဝင်း အလိုကျ ရာထူးနှစ်ဆင့်လျှော့ချပြီး အငြိမ်းစားပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

၁၉၅၇ ခုနှစ်၊ စက်တင်ဘာမှာ ကျင်းပပြုလုပ်တဲ့ စစ်တပ်ရဲ့ တပ်မှူးများညီလာခံမှာတော့၊ ပြည်တွင်းလုံခြုံရေး စီမံကိန်းဆွေးနွေးပွဲဆိုတာတွေမှာ စစ်ဆင်ရေးနှင့် စစ်ဗျူဟာဆွေးနွေးပွဲ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နယ်ဘက်အုပ်ချုပ်ရေးဆွေးနွေးပွဲတွေသာမက၊ ထောက်လှမ်းရေးဆွေးနွေးပွဲနဲ့ စိတ်ဓာတ်စစ်ဆင်ရေးဆွေးနွေးပွဲ ဆိုတာတွေပါ တသီးတသန့် ထည့်သွင်းဆွေးနွေးလာခဲ့ပါတယ်။ ထောက်လှမ်းရေးက အရေးပါလာသလို စိတ်ဓာတ်စစ်ဆင်ရေးစီမံချက်တွေကလည်း မရှိမဖြစ်ကိစ္စတွေအဖြစ် ရှေ့တန်းရောက်လာခဲ့ပါတယ်။ မေလ ကပဲ ဒုဗိုလ်မှူးကြီး ဘသန်း (ဓမ္မိက ဘသန်း) စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးခေါင်းဆောင်တဲ့ အဖွဲ့ကို ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် တို့ကို သွားရောက်စေပြီး စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းတွေကို လေ့လာစေခဲ့ပြီး ဖြစ်ပါတယ်။ ဘာသာရေးနဲ့ပတ်သက်ပြီး၊ 'သင်္ဂြိုလ်' သင်တန်းတွေ ပို့ချတာ၊ ကာကွယ်ရေးဝါဒသဘော တရားတွေ ဖော်ထုတ်ဆွေးနွေးစေတာတွေ အစီအစဉ်ရှိရှိ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စိတ်ဓာတ်စစ်ဆင်ရေး

ရည်မှန်းချက်နဲ့ စာပေနယ်အတွင်း (၅၂) ခုနှစ်ကတည်းက တိုးဝင်ခြေချ ထုတ်ဝေလာခဲ့တဲ့ 'မြဝတီ' မဂ္ဂဇင်းကနေ ၅၇ ခုနှစ်၊ အောက်တိုဘာလမှာ တပ်မတော်ရဲ့ ဝါဒသဘောတရားတခုကို မြေစမ်းခရမ်းပျိုးကြည့်တဲ့အနေနဲ့ စတင်ဖော်ထုတ်လာတာ တွေ့ရပါတယ်။ အဲဒါကတော့ 'နာမရူပဝါဒ သဘောတရား' ဆိုတာဖြစ်ပါတယ်။ 'ရုပ်သာပဓာန ဟူသော ရုပ်ဝါဒနှင့်လည်းကောင်း၊ စိတ်ဝိဉာဉ်သာ ရှိသည်ဟု ယူဆသော ရုပ်မရှိဝါဒနှင့်လည်းကောင်း၊ ကောင်းစွာခြားနားအပ်သော နာမရူပဝါဒ သဘောတရား' အဖြစ် အဆိုပြုကြည့်လာတာကိုတွေ့ရပါတယ်။ (အဲဒီဝါဒဟာ နောင်တချိန်မှာ အညမညသဘောတရားဆိုပြီး ဖြစ်ပေါ်လာမယ့် ရောကျော်ဝါဒရဲ့ အမတေဖြစ်ပါတယ်။)

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များက လက်နက်ကိုင်ပုန်ကန်နေကြတဲ့ သူပုန်ခေါင်းဆောင်များနဲ့ သွားရောက်တွေ့ဆုံခွင့်၊ ရှင်းပြခွင့်ပြုဖို့ တောင်းဆိုလာကြသံတွေ ထွက်ပေါ်လာပါတယ်။ အစိုးရက ဒီတကြိမ်တော့ခွင့်ပြုမယ်၊ ဒါပေမယ့် လုံခြုံရေး အာမမခံနိုင်လို့တုန့်ပြန်ပါတယ်။

ပမညတ အဖွဲ့ကြီးကလည်း နှစ်ဖက် တကြိမ်တည်း တပြိုင်တည်း အတိုက်အခိုက်ရပ်စဲရန် ပန်ကြားချက်တစောင်ထုတ်ပြန်ပါတယ်။ တပ်မတော်က အပစ်အခတ်မရပ်စဲရုံမက ကွန်မြူပါတီဗဟို လှည့်လည်ရုံးစိုက်နေတဲ့ မုံရွာ၊ ရွှေဘို၊ ကျွန်းလှ၊ ကနီ စတဲ့ နယ်တကြောကို တပ်ရင်း (၇) ရင်းနဲ့ မိုးကြိုးစစ်ဆင်ရေးကိုလုပ်ပါတယ်။

ငြိမ်းချမ်းရေးအသံတွေက တပြည်လုံး မြည်ဟည်းလာတဲ့အတွက် နိုင်ငံရေးပါးဝတဲ့ ဦးနုကတော့၊ တစုံတရာ ပြောင်းလဲပြောဆိုနိုင်ဖို့ နှုတ်ချိုစပြုလာပြန်ပါတယ်။

အောက်တိုဘာလကုန်ပိုင်းမှာ 'မွန်တိုင်းရင်းသားအစည်းအရုံး' ကြီးက 'မွန်တို့လည်း ပြည်နယ်ရရှိထိုက်ကြောင်း' ဖော်ပြပါရှိတဲ့ ကြေညာချက်တစောင်ကို ထုတ်ပြန်ပါတယ်။ ကြေညာချက်ထဲမှာ တပ်မတော်သားတချို့က မွန်ပြည်နယ်အတွင်း ရွာသူရွာသားတွေကို ခြိမ်းခြောက်တာ၊ အိမ်တွေပေါ်တက်ပြီး မွှေနှောက်ရှာဖွေတာတွေလုပ်ရင်း ရွှေတို ငွေစ တွေကို သိမ်းပိုက်လုယက်ယူငင်တာတွေကိုပါ ဖော်ထုတ်တင်ပြထားပါတယ်။ ဆရာကြီးမှိုင်း ရဲ့ သူမသာ ကိုယ်မနာနည်းနဲ့ ပြည်တွင်းစစ်ရပ်စဲရေးမူကိုလည်း ထောက်ခံကြောင်းဖော်ပြပြီး ဝန်ကြီးချုပ်ထံ လိပ်မူထားတဲ့ ကြေညာချက်ဖြစ်ပါတယ်။

ပြည်သူလူထုကြီးရဲ့ ငြိမ်းချမ်းရေးဆန္ဒ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကြောင့်၊ လက်တွေ့ အပြုတ်တိုက်ရေးလမ်းစဉ် ကျင့်သုံးနေရာက၊ လက်တွေ့နဲ့ ဆန့်ကျင်ခြားနားပြီး ငြိမ်းချမ်းရေးအငွေ့အသက်တွေပါတဲ့မိန့်ခွန်းတခုကို ဦးနု က မြွက်ဟလာပါတယ်။ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်၊ အမျိုးသားနေ့မှာပြောကြားတဲ့ ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းဖြစ်ပါတယ်။ အဲဒီ အမျိုးသားနေ့မိန့်ခွန်းထဲမှာ ဦးနု က 'သောင်းကျန်းသူတွေနဲ့ ကျွန်တော်တို့ဟာ ရန်ညိုးကြီးတွေဖွဲ့ပြီး သူသေသေ ကိုယ်သေသေတိုက်ရမယ့် ကမ္ဘာ့ရန်သူတွေလည်းမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့တော့ ဖြစ်နိုင်ရင် ဆက်ပြီးမတိုက်ချင်တော့ပါဘူး။ ကျွန်တော်တို့နဲ့ သဘောချင်းတူနိုင်တဲ့ အပြုလုပ်ငန်းတွေမှာ အစွမ်းကုန်ပူးတွဲလုပ်ကိုင်ချင်တဲ့ ဆန္ဒတွေလည်း ကျွန်တော်တို့မှာ အင်မတန် ပြင်းပြင်းပြပြ ပေါ်ပေါက်နေပါပြီ။' လို့ ဖော်ပြပြောဆိုလာတဲ့အတွက် ငြိမ်းချမ်းရေးလိုလားသူအားလုံးက ဝမ်းပန်းတသာဖြစ်ခဲ့ကြပါတယ်။

ဝန်ကြီးချုပ် ရဲ့မိန့်ခွန်းက ငြိမ်းချမ်းရေးအသံ သိသိသာသာ စွက်လာခဲ့ပေမယ့်၊ အစိုးရရဲ့ တပ်မတော်ရဲ့ထိုးစစ်တွေကတော့၊ ပြင်းပြင်းထန်ထန် ထိုးနှက်နေဆဲဖြစ်တဲ့အတွက် စကားနဲ့လက်တွေ့ဟာ အဟပ်ကွာနေဆဲဖြစ်ပါတယ်။

'တိုင်းပြည်ပေါင်ပြီး တိုက်ချင်တိုက်ရပလေ့စေ၊ ပေါင်တိုက်မယ်။ သောင်းကျန်းသူတွေနဲ့တော့ မစေ့စပ်' ဆိုတဲ့ လက်ျာဆိုရှယ်လစ်ခေါင်းမာကြီးများရဲ့ သဘောထား၊ 'သောင်းကျန်းသူအပြုတ်တိုက်ရေး' ဆိုတဲ့ တပ်မတော်ရဲ့ သဘောထား၊ ဦးနု တလျှောက်လုံး ပြောဆိုလာခဲ့တဲ့ သဘောထားတွေနဲ့ကတော့ သိသိသာသာ လမ်းခွဲထွက်လာတဲ့အတွက် အမျိုးသားနေ့မိန့်ခွန်းဟာ ကြိုဆိုရမယ့်မိန့်ခွန်းတခု ဖြစ်ခဲ့ပါတယ်။

## ဖဆပလ ပြိုကွဲခြင်း၊ ပထမဆုံးသော စစ်တပ်အာဏာသိမ်းမှု နဲ့ ဖဆပလ ဆယ်နှစ်ဆယ်မိုး နိဂုံးချုပ်ချက်

လွတ်လပ်ရေးကြေညာခွင့်ရချိန်ကစပြီး၊ တလျောက်လုံး လွတ်လွတ်ကျွတ်ကျွတ် အာဏာရယူလာခဲ့တဲ့ 'ဖဆပလ' အဖွဲ့ကြီးဟာ အာဏာရအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်လာနိုင်ခဲ့ပေမယ့် နိုင်ငံရေးအရ စည်းရုံးရေးအရ တသားတည်းစုစုစည်းစည်း ညီညီညွတ်ညွတ် ရှိခဲ့ တည်ခဲ့ ခိုင်မာခဲ့တာတော့ မဟုတ်ပါ။

လက်ဝဲဝါဒီ၊ လက်ယာဝါဒီ၊ အမျိုးသားရေးဝါဒီတွေသာမက၊ အချောင်သမားနဲ့ နိုင်ငံရေးစားဖားကြီးတွေပါ စုပေါင်းစပ်ပေါင်း ရောပြွမ်းပါဝင်နေတဲ့ အဖွဲ့အစည်းကြီးဖြစ်တဲ့အတွက် အစကတည်းက မတူညီမှုအခြေခံတွေ၊ ကွဲပြားခြားနားမှုမျိုးစေ့တွေ ဒုနဲ့ ဒေးနဲ့ ဖြစ်တည်ပါရှိလာခဲ့ပါတယ်။

လွတ်လပ်ရေးကြေညာခါနီးမှာ၊ ဖဆပလ ကြီး ပေါ်ထွန်းရေးရဲ့ အဓိက ပင်မကြီးတခုဖြစ်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ ကြီးကနေ ထုတ်ပယ်ပစ်လိုက်ခြင်းအားဖြင့် ပထမဆုံးသော ဖဆပလ ပြိုကွဲမှုကြီးပေါ်ပေါက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြေညာပြီးတဲ့နောက် 'ဖဆပလ' ထဲကျန်ခဲ့တဲ့ ပြည်သူ့ရဲဘော်ကနေ ရဲဘော်ဖြူ ရဲဘော်ဝါ အကွဲမှာ ရဲဘော်ဖြူများ ဖဆပလ ရဲ့ အပြင်ကို ရောက်သွားခဲ့ရပါတယ်။

အဲဒီနောက်၊ ဖဆပလထဲမှာ အင်အားအကောင်းဆုံးလို ဖြစ်နေခဲ့တဲ့ ဆိုရှယ်လစ်ပါတီကြီးကနေ၊ သိန်းလေးဆယ် ဦးကိုကိုကြီး ကိုထုတ်ပစ်ရခြင်း အာဏာပြိုင်ပွဲနဲ့ တဆက်တည်းလိုလိုမှာ ဆိုရှယ်နီ–ဆိုရှယ်ဒီမိုကရက် အကွဲပေါ်ပေါက်ခဲ့ပါတယ်။ ဆိုရှယ်နီများ ဖဆပလ အပြင်ဘက်ကို ရောက်သွားရပါတယ်။

လက်ယာဆိုရှယ်ဒီမိုကရက်တွေချည်း ကျန်ပြန်တော့တဲ့အခါ၊ ဘုန်းကြီးကျောင်းအုပ်စုနဲ့ ကောလိပ်အုပ်စုအကွဲ ဆက်ဖြစ်ခဲ့ပြီး၊ အပြန်အလှန်အာဏာပြကြ အာဏာပြိုင်ကြရင်း အတွင်းကျိတ် ဆက်ကွဲနေခဲ့ကြပါတယ်။

အုပ်စုပြိုင်ပွဲနဲ့ အာဏာခွက်စောင်းခုတ်ကြမှုတွေရဲ့အောက်မှာ နောက်ဆုံး ဦးနု နဲ့ ဦးကျော်ငြိမ်း ထိပ်တိုက်တွေ့ကြတော့တဲ့အထိ ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး၊ ဘယ်လိုမှ မညီညွတ်နိုင်တော့တဲ့ အာဏာရ ဖဆပလ ကြီးအဖြစ် ပုံပေါ်ဖြစ်တည်လာခဲ့ပါတယ်။ တဖြေးဖြေး ဦးနု ရဲ့ ဖဆပလ သန့်ရှင်းရေးနဲ့အတူ ပြိုကွဲမှုတွေဟာလည်း ဖုံးမနိုင်ဖိမရအသွင် ဆောင်လာခဲ့ပါတယ်။

ပမညတ အတိုက်အခံအင်အားစုကြီးကလည်း လွှတ်တော်အတွင်းမှာ အရေးကြီးအခန်းကဏ္ဍ ရောက်ရှိ အသံမြည်လာသလို၊ တောတွင်းအင်အားစုများရဲ့ ငြိမ်းချမ်းရေးအသံ၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားသံ၊ ပြည်သူလူထုတရပ်လုံးရဲ့ ငြိမ်းချမ်းရေးဆန္ဒပြ ဖော်ကျူးသံတွေကလည်း ပွဲတင်ညံအောင် ရိုက်ခတ်တုန်ဟည်းလာတဲ့အတွက်၊ ဖဆပလကြီးအတွင်းက အက်ကြောင်း ဆက်ကြောင်းတွေဟာလည်း ပိုပို ဟဟ လာခဲ့ပါတယ်။

ဖဆပလကြီး ဒီလို အက်ရာ ဟရာတွေ ကြီးလာလေလေ၊ အုပ်စုတွင်း ဂိုဏ်းဂဏပြိုင်ပွဲတွေ ကြီးကြီးလာပြီး၊ မညီညွတ်မှုရုပ်ပုံ ပိုပြီး အသွင်သဏ္ဍာန်ပေါ်လာလေလေ၊ အင်အားစုကြီးတခုအဖြစ် အခိုင်အမာအမြစ်တည်လာခဲ့တဲ့ တပ်မတော်ရဲ့ အခန်းဟာ အရေးပါလာလေလေ ဖြစ်ခဲ့ပါတယ်။ ဖဆပလတွင်း ဆိုရှယ်လစ်တွင်း အပြန်အလှန် ပဋိပက္ခတွေ အတောမသတ်နိုင်အောင်ကြီးနေကြပေမယ့်၊ ပြဿနာဖြစ်ပေါ်နေကြတဲ့ နှစ်ဖက်စလုံးကတော့၊ တပ်မတော်ကို မျက်နှာသာပေးပြီး၊ အစွမ်းကုန် ချော့မြှူရေးပေါ်လစီကို သူ့ထက်ငါ ကျင့်သုံးနေကြပါတယ်။ ပြည်တွင်းစစ်ကြီး ကြီးလာလေ ပြည်တွင်းစစ်ကို လက်ညှိုးထိုးပြီး တပ်မတော်ကြီး ကြီးလာလေ စစ်တပ်အခန်း ကြီးလာလေဖြစ်ခဲ့ပြီး၊ စစ်တပ်အခန်းကြီးလာလေ စစ်အာဏာရှင်စနစ် သန္ဓေသား ကြီးထွားခွင့် ရလာလေဖြစ်ခဲ့ပါတယ်။

အာဏာရ ဖဆပလအတွင်း အုပ်စုနှစ်ခုစလုံးက ချော့မြှူရေးပေါ်လစီကို သူ့ထက်ငါ အပြိုင်အဆိုင် ကျင့်သုံးလိုက်ကြတဲ့အခါ၊ စစ်အာဏာရှင်စနစ် သန္ဓေသားဟာ ပိုမိုအတောင်အလက်စုံခွင့်၊ နွေးနွေးထွေးထွေး သန်မာခွင့်ရလာခဲ့ပါတယ်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်း လက်ယာဆိုရှယ်လစ်အုပ်စုက စစ်တပ်ဟာ သူတို့ဖက်ကလို့ ယုံကြည်ယူဆထားပါတယ်။ စစ်တပ်တခုလုံးရဲ့ နံပတ်တစ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းအပါအဝင် စစ်တပ်ထိပ်သီးကြီးတွေ ဖြစ်နေကြတဲ့ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ဖေ၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်ချစ်ခိုင်၊ ဗိုလ်သိန်းမောင် စတဲ့သူတွေအားလုံးလောက်ဟာ ဆိုရှယ်လစ်ပါတီဝင်တွေ၊ ဆိုရှယ်လစ်ပါတီ တပ်တွင်းအစုဝင်တွေဖြစ်ကြတဲ့အတွက် 'တို့ဆိုရှယ်လစ်ပါတီက' လို့အခိုင်အမာတွက်ဆထားကြပါတယ်။ ဆိုရှယ်လစ်မဟုတ်ခဲ့ဖူးတဲ့ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေအားလုံးလောက်နီးပါးဟာလည်း အကြောင်းအမျိုးမျိုးနဲ့ တပ်တွင်းမှာ မရှိတော့အောင် လုပ်ထားပြီးသား အခြေအနေမျိုးဖြစ်နေတော့၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ရဲ့ ယုံကြည်ယူဆမှုဟာ ပိုမိုခိုင်မာစိတ်ချနေခဲ့ပါတယ်။ ဗိုလ်နေဝင်းကို အပိုင်သိမ်းသွင်းခဲ့တာ စည်းရုံးခဲ့တာ၊ ဒီလို နေရာမျိုးရောက်အောင်လုပ်ခဲ့တာလည်း သူတို့ပဲဆိုတော့၊ ဗိုလ်နေဝင်းဟာ သူတို့လူလို့ ယူဆယုံကြည်ထားတာဟာ သဘာဝကျတဲ့ကိစ္စဖြစ်နေခဲ့ပါတယ်။ ပထမတော့ ကွန်မြူနစ်ကိုတိုက်ဖို့ တပ်တွင်းမှာ ကိုယ့်လူနေရာရဖို့ မွေးမြူခဲ့တာပါ။ သိမ်းသွင်းရင်း မွေးမြူရင်းကနေ မြှောက်စားတာ မြှောက်ထိုးပင့်ကော် လုပ်ပေးတာတွေနဲ့ တင် အားမရတော့ဘဲ၊ ချော့မြှူတာ ပစားပေးရတာတွေပါ လုပ်လာရတဲ့အခါ စစ်တပ်ခေါင်းဆောင် ဗိုလ်နေဝင်းဟာ အလိုလိုနေရင်း ဘဝင်မြင့်ချင်စရာဖြစ်လာပါတယ်။ အကွက်မြင် အကင်းပါးတဲ့ ဗိုလ်နေဝင်းဟာ သူ့အခန်းကို သူယူရင်း ဩဇာထူထောင်နိုင်ခွင့် အခွင့်အရေးအပြည့်အဝရှိသူတယောက် ဖြစ်လာခဲ့ပါတယ်။

ဦးနုကလည်း ဗိုလ်ချုပ်နေဝင်း ဟာ သူ့လူလို့ ယူဆထားပါတယ်။ သူ စတင်သိမ်းသွင်းခဲ့တာ မဟုတ်ပေမယ့်၊ ဗိုလ်နေဝင်းကို သူ အင်မတန်အားထားကြောင်း၊ ယုံကြည်ကြောင်း၊ အကြောင်းပေါ်တိုင်း ပြသပြီး ချော့မြှူရေးပေါ်လစီကို ရက်ရက်ရောရော ကျင့်သုံးခဲ့ပါတယ်။ ရန်ကုန်အစိုးရခေတ် အကျပ်အတည်းတုန်းက၊ ဆိုရှယ်လစ်တွေ အစိုးရအဖွဲ့ထဲကနေ တဖွဲဖွဲထွက်ပြေးကြစဉ်က ဗိုလ်နေဝင်းကို ဗိုလ်နေဝင်းလိုချင်တဲ့ ကာကွယ်ရေးဝန်ကြီးသာမက၊ ဒုတိယဝန်ကြီးချုပ်အဖြစ်ပါ ပေးအပ်မြှောက်စားခဲ့ပါတယ်။ သတိုးသီရိသုဓမ္မဘွဲ့တောင်ပေးပြီး သူကောင်းပြု ဂုဏ်ပြုခဲ့ပါတယ်။

အာဏာရ ဖဆပလကြီးရဲ့ အုပ်စုကြီး (၂) ခုစလုံးက ထိပ်သီးကြီးတွေအားလုံးရဲ့ မြှောက်စားချော့မြှူမှုကို ပြိုင်ဖက်မရှိ တဦးတည်း အပိုင်ရရှိခဲ့သူဟာ ဗိုလ်နေဝင်းပဲရှိတော့ ဗိုလ်နေဝင်း ရဲ့ အာဏာလောဘ အတွက် ရေခံမြေခံကောင်းတွေဖြစ်ခဲ့ပါတယ်။

စည်းရုံးရေးကျဆင်းနေတဲ့ ဖဆပလ၊ စည်းလုံးညီညွတ်မှုပြိုကွဲနေတဲ့ ဖဆပလ၊ ခြစားမှု အကျင့်ပျက်မှု ရက်စက်ဖိနှိပ်မှုတွေနဲ့ အပုပ်နံ့ တထောင်းထောင်းထနေတဲ့ ဖဆပလ ကို အသရေဆယ်နိုင်ဖို့ ဖဆပလ ညီလာခံကြီးကို ဦးနု ဦးစီးပြီး ကမ္ဘာအေးကုန်းမြေမှာ ဇန်နဝါရီ (၂၉) ရက်မှ ဖေဖော်ဝါရီ (၂) ရက်နေ့အထိ ကျင်းပပါတယ်။ လွတ်လပ်ရေးကြေညာပြီးကတည်းက (၁၀) နှစ်အတွင်း တခါမှမခေါ်ဖြစ်ခဲ့ဖူးတဲ့ ပြည်လုံး ကျွတ်ညီလာခံကြီးဟာ ပထမဆုံးအကြိမ် ပြည်လုံးကျွတ်ညီလာခံကြီး ဖြစ်ပါတယ်။

ညီလာခံအဖွင့်နေ့မှာ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးဗဆွေက ညီညွတ်ရေးအတွက်ဆိုပြီး 'ကျုပ်ကို ကျားကြီး ဗဆွေလို့ အကြောင်းမဲ့ ခေါ်ခဲ့ကြတာမဟုတ်ဘူး။ ကျုပ်ဟာ ယုံကြည်ချက်ကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဘယ်သူ့ကိုမှ မထောက်ညှာဘဲ လုပ်တတ်တယ်၊ ဒါကြောင့် ခေါ်တာ။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ကျုပ် ဘာမှမလုပ်ဘဲနေခဲ့တာကြာပြီ။ ရဲဘော်များက ကျုပ်ကို န္တားကြီးဗဆွေလို့တောင် ခေါ်နေကြပြီ။

ဖဆပလ ညီညွတ်ရေးအတွက်ဆိုရင် ကျုပ်ဟာ ကျားကြီးလုပ်ရမှာပဲ။ ဖဆပလ ညီညွတ်ရေးကို ဖျက်ဆီးနေတဲ့ ဘယ်သူ့ကိုမဆို ကျုပ်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပစေ၊ ကျုပ်က မညှာမတာ နှိမ်နင်းရမှာပဲ' လို့ ဗိန်းမောင်းသံပေးပြီး ဟစ်ကြွေးပါတယ်။ ညီညွတ်ရေးအတွက် ဟစ်ကြွေးနေပေမယ့် နေရာရရေးအတွက် ပြဿနာစပေါ်ပါတယ်။ ဖဆပလ အထွေထွေအတွင်းရေးမှူး ခန့်ထားရေးအတွက်၊ ဦးနု က သခင်ကျော်ဒွန်းကို တောင်းဆိုပါတယ်။ ဦးနု က သူ့ကို အစိုးရအဖွဲ့ထဲက ပထုတ်ရေးအတွက် လုပ်ကြတာကို အချိန်မီသတိပေး ခဲ့တဲ့ သခင်ကျော်ဒွန်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ အထွေထွေအတွင်းရေးမှူးနေရာ ပေးချင်တာဖြစ်ပါတယ်။ ဦးကျော်ငြိမ်း က သူ့လက်ရုံး သခင်သာခင် ကိုသာ အထွေထွေအတွင်းရေးမှူးနေရာ ရစေချင်ပါတယ်။ ဖဆပလ ဥက္ကဋ္ဌ ဦးနု က သခင်ကျော်ဒွန်း ကို ပေးရေးကိုပဲ ခေါင်းမာမာနဲ့ တောင်းဆိုနေတဲ့အတွက် စေ့စပ်လို့မရနိုင် အောင် ဖြစ်ကြပါတယ်။ ကျားကြီးဗဆွေ က သခင်ကျော်ဒွန်း အနေနဲ့ ပါတီညီလာခံမှာ အထွေထွေအတွင်း ရေးမှူးဖြစ်ချင်ရင် (၄၅) ရက်ကြာမြင့်တဲ့အခါ ရာထူးမှ နုတ်ထွက်ပေးပါ့မယ်လို့ ကတိပြုဖို့ ကြားဝင်ဖြန်ဖြေတဲ့ အတွက် သခင်ကျော်ဒွန်း က ပါတီအကျိုးအတွက် ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးဗဆွေ ရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာပါမယ်လို့ ကြေညာချက်တစောင် လက်မှတ်ရေးထိုးထုတ်ပြန်ပါတယ်။ ကြေညာချက်ထဲမှာ ဦးဗဆွေ က တောင်းဆိုလာပါက (၄၅) ရက်ကြာမြင့်ပြီးတဲ့နောက်ပိုင်း ထွက်ပေးပါ့မယ်လို့ဖော်ပြပြီး၊ အပေးအယူတည့် သွားပါတယ်။

ဦးနုက ညီလာခံမှာ (၃) နာရီကျော်ကြာတဲ့ မာရသွန် မိန့်ခွန်းရှည်ကြီးပေးပါတယ်။ ဖဆပလ နဲ့ ဖဆပလ ရဲ့ နိုင်ငံရေးဝါဒကို အဓိပ္ပါယ်ဖွင့်ဆိုပြီး တရားဝင်ဖော်ထုတ်လာတာကတော့ 'ဖဆပလ ဟာ တပါတီ ဖြစ်တယ်။ ပါတီပေါင်းစုံပေါင်းထားတဲ့ တပ်ဦးအဖွဲ့မဟုတ်ဘူး။ ဖဆပလ ရဲ့ ဝါဒသဘောတရားဟာ မာ့က်စ် ဝါဒမဟုတ်၊ ခနရှင်ဝါဒလည်းမဟုတ်၊ ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒဖြစ်တယ်။' လို့ ကြွေးကြော် ကြေညာလိုက် ပါတယ်။ တပ်ပေါင်းစုအဖြစ် စတင်ဖွဲ့စည်းလာခဲ့တဲ့ 'ဖဆပလ' ကြီးရဲ့ နဂိုမူလသဘောကို တရားဝင်ဖယ်ရှား ပစ်လိုက်ပြီး ပါတီတခုအဖြစ် စတင် အဓိပ္ပာယ်ဖော်ဆောင်လိုက်ပါတယ်။ ပါတီတခုအဖြစ် စတင်ကြေညာ လိုက်ခြင်းဖြစ်ပါတယ်။ ဖဆပလ ရဲ့ဝါဒကိုလည်း 'ဒီမိုကရက်တစ်ဆိုရှယ်လစ်' လို့ ကြေညာလိုက်ပါတယ်။ နောက်ထပ်အရေးအကြီးဆုံး ကြေညာချက်တရပ်ကတော့ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ တိုက်ရိုက်ပတ်သက် နေပါတယ်။ အဲဒါကတော့ –

(၁) ခင်ဗျားတို့နဲ့ ကျနော်တို့ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာတွေ အချီအချပြောမနေ ကြပါနဲ့တော့။

(၂) ကျနော်တို့က မှားခဲ့တာတွေရှိရင်လည်း သည်းခံဖို့ ကျနော်တောင်းပန်ပါတယ်။ ခင်ဗျားတို့

မှားခဲ့တာတွေရှိရင်လည်း ကျနော်တို့က သည်းခံပါမယ်။

(၃) ခင်ဗျားတို့နဲ့ ကျနော်တို့ဟာ ဝါဒနဲ့လမ်းစဉ်တွေမှာ တဖက်တလမ်းဖြစ်နေပေမယ့် ပြည်ထောင်စုသားတွေ ကောင်းစားဖို့ လုပ်ပေးရမယ့်လုပ်ငန်းတွေမှာတော့ အတူတူလက်တွဲပြီး လုပ်ပေးနိုင်မယ့်လုပ်ငန်းတွေက အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေကို စနစ်တကျရှာဖွေပြီး အတူလက်တွဲလုပ်ကြရအောင် အလင်းကိုဝင်ခဲ့ကြပါ။

ဆိုတာပဲဖြစ်ပါတယ်။ ဦးနု ရဲ့ စကားကြီး (၃) ခွန်းလို့ နာမည်တွင်ကျန်ခဲ့ပါတယ်။ ဒီစကားကြီး(၃) ခွန်းကို ပြည်တွင်းငြိမ်းချမ်းရေးလိုလားသူအားလုံးက စိတ်ဝင်စားခဲ့ကြပါတယ်။

ဦးနု ရဲ့ ဖဆပလ ညီလာခံ နိဂုံးချုပ်မိန့်ခွန်းမှာတော့ ဖဆပလ တွင်း အကွဲအပြဲတွေကို အများမမြင်သာအောင် တံတွေးဆွတ် ကော်တဲလိုက်ပြီး 'ဦးဗဆွေ၊ ဦးကျော်ငြိမ်း နဲ့ သခင်တင် တို့ကို အာဇာနည်စစ်သည် (၃) သိန်းနဲ့ညီမျှသော ပုဂံခေတ်သူရဲကောင်း ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး တို့ကဲ့သို့ပင် အားကိုးရကြောင်း၊ အဲဒီလိုလူစွမ်းကောင်းကြီးတွေပါဝင်နေတဲ့ ဖဆပလ ကြီးကို အစိတ်စိတ်အမွှာမွှာ ကွဲမသွားစေဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း' လို့ အဆိုပြု အမွှမ်းတင် နိဂုံးချုပ်ပေးလိုက်ပါတယ်။ အပေါ်ယံအားဖြင့် ညီညွတ်သွားသယောင်ပုံဆောင်ပြီး၊ ညီလာခံကြီး ပြီးစီးသွားခဲ့ပါတယ်။

ညီလာခံကြီးပြီးသွားပေမယ့်၊ ဆက်ကျန်ရစ်ခဲ့တာကတော့ (၂) ခု ရှိပါတယ်။ တခုက ဖဆပလတွင်း အာဏာပြိုင်မှု အုပ်စုဖွဲ့မှု အတွင်းပဋိပက္ခဖြစ်ပါတယ်။ နောက်တခုက ဦးနု ရဲ့မိန့်ခွန်းပါ 'စကားကြီးသုံးခွန်း' ကိစ္စဖြစ်ပါတယ်။ အတွင်းပဋိပက္ခကတော့ ကြာလေ ကဲလေ၊ မန်းလေ ပြဲလေဖြစ်ပြီး၊ အုံဖွဲ့လောင်ကျွမ်းနေဆဲ ဖြစ်ပါတယ်။

စကားကြီး (၃) ခွန်းကတော့ တပြည်လုံး ဂယက်ရိုက်ကျန်ခဲ့ပါတယ်။ ပမညတ အဖွဲ့ကြီးက ဦးနု ရဲ့ စကားကြီး (၃) ခွန်းကို ခရီးဦးကြိုပြုလိုက်သလို၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီးတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကလည်း စကားကြီး (၃) ခွန်းကို အလေးထား မျက်နှာမူလိုက်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း ကလည်း ဦးနု ဆီပေးစာတစောင်ပို့ပြီး ပြည်တွင်းစစ် (၁၀) နှစ်မြောက်နေ့ဖြစ်တဲ့ မတ်လ (၂၈) ရက်နေ့မှာ အတိုက်အခိုက်ရပ်စဲကြဖို့ အစိုးရက သဘောတူမယ်ဆိုရင် ကွန်မြူနစ်ပါတီက ကိုယ်စားလှယ်စေလွှတ်လိုကြောင်း ကမ်းလှမ်းလိုက်ပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးက ပြည်တွင်းစစ် (၁၀) နှစ်မြောက်အဖြစ် ကျရောက်မယ့် မတ်လ (၂၈) ရက်နေ့ကို ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး ကျင်းပဖို့ ပြင်ဆင်ပါတယ်။ ပြည်တွင်းစစ်ကြီးကို ရပ်စဲကြဖို့၊ ငြိမ်းချမ်းရေးဆီ ဦးတည်လျှောက်လှမ်းကြဖို့ နှိုးဆော်ပြီး၊ ပြည်သူလူထုတရပ်လုံးရဲ့ ငြိမ်းချမ်းရေးဆန္ဒကို ဖော်ထုတ်ပြသနိုင်ဖို့ ကောင်းမြတ်တဲ့ဆန္ဒနဲ့ ပြင်ဆင်ပါတယ်။ (၂၈) ရက်နေ့ တနေ့တည်းဖြစ်ဖြစ် အပစ်အခတ်ရပ်စဲကြဖို့ ပန်ကြားပါတယ်။ ဦးနု ရဲ့ စကားကြီး (၃) ခွန်းနဲ့ ဆရာကြီးမှိုင်း ဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးရဲ့ ငြိမ်းချမ်းရေးဆန္ဒဖော်သံကိုပါ ဆန့်ကျင်မလိုလားနိုင် ဖြစ်ကြတာကတော့၊ စစ်တပ်နဲ့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ ခေါင်းမာဆိုရှယ်လစ်အုပ်စုဖြစ်ပါတယ်။ အပြုတ်တိုက်ရေး၊ လက်နက်ချရေးကလွဲလို့ ဘာငြိမ်းချမ်းရေးအသံ၊ ဘာစေ့စပ်ဆွေးနွေးရေးအကြံကိုမှ မလိုလားနိုင်ကြပါ။

စစ်တပ်ရဲ့ စိတ်ဓာတ်စစ်ဆင်ရေးဌာနက 'လက်နက်နဲ့စကားမပြောနဲ့ လက်နက်စွန့်ပြီးရင် အတွေ့ခံမယ်' ဆိုတဲ့ ပိုစတာကြီးများနဲ့ ပိုစတာတိုက်ပွဲဆင်ပါတယ်။ ငြိမ်းချမ်းရေးဆန္ဒပြပွဲနီးလာတဲ့အခါ ရန်ကုန်မြို့နီးစပ်ယ်က ပိုက်ဟောင်းဖျက်ပြီး ပိုက်သစ်လဲမယ်ဆိုကာ ရေအခက်အခဲ ရေပြဿနာပေါ်အောင်လုပ်ပါတယ်။

တပ်မတော်က စစ်သား (၄၀၀၀) ကျော်သုံးပြီး ဆူးလေဘုရားလမ်းပေါ်မှာ စစ်အင်အားပြ ချီတက်ခိုင်းပြီး၊ မြို့သူမြို့သားတွေရဲ့ ငြိမ်းချမ်းရေးဆန္ဒကို နောက်တွန့်အောင်လုပ်ဆောင်ပါတယ်။

မတ်လ (၂၆) ရက်နေ့မှာ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးဗဆွေ က သတင်းစာဆရာတွေကို ဖိတ်ခေါ်ပြီး၊ 'ငြိမ်းချမ်းရေးဆန္ဒပြပွဲဟာ သွေးရိုးသားရိုးမဟုတ်ဘဲ၊ တောတွင်းက ညွှန်ကြားချက်အရလုပ်ခြင်းသာဖြစ်တယ်' လို့စွပ်စွဲသလို ကာကွယ်ရေးဝန်ကြီးလည်းဖြစ်တဲ့ ဦးဗဆွေက 'မတ်လ (၂၈) ရက်နေ့မှာ အတိုက်အခိုက် မရပ်စဲနိုင်၊ ဆက်တိုက်မယ်' လို့ တင်းတင်းမာမာ ကြေညာပါတယ်။ ကြေးမုံသတင်းစာက ဆရာဇဝန က 'ဦးဗဆွေ၏ စကားမှာ အပြုတ်တိုက်ရေးလမ်းစဉ်သာဖြစ်သည်' လို့ မှတ်ချက်ပေးဖော်ပြပါတယ်။

အပြုတ်တိုက်ရေးဝါဒီများနဲ့ စစ်တပ်ရဲ့ နောက်ယှက်ဖျက်ဆီး ခြိမ်းခြောက်မှုအသွယ်သွယ်ကြားထဲကနေ ၁၉၅၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှာ ပြည်တွင်းစစ် (၁၀) နှစ်မြောက်အဖြစ် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီး တခမ်းတနား ပေါ်ပေါက်ခဲ့ပါတယ်။

ရန်ကုန်တမြို့လုံး ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးပိုစတာတွေ ဖုံးလွှမ်းသွားခဲ့ပါတယ်။ နံရံကပ်ပိုစတာ၊ သရုပ်ဖော်ပုံပိုစတာအမျိုးမျိုးနဲ့ ပြည်တွင်းစစ်ကြီးရဲ့ ဆိုးဝါးမှု၊ ပြည်တွင်းစစ်ကြီးရဲ့ ပျက်စီးဆုံးရှုံးရမှုအဖုံဖုံကို ရင်နင့်စဖွယ်ကောင်းလောက်အောင် မီးမောင်းထိုးပြကြရုံမက၊ ဒီလောက်ဆိုဝါးရက်စက်လှတဲ့ ပြည်တွင်းစစ်မီးကြီးကို အရှိန်သတ်ငြိမ်းသတ်ပေးကြဖို့ နှိုးဆော်ပါတယ်။ ငြိမ်းချမ်းရေးဆန္ဒကို တရားသဖြင့် ဖော်ထုတ်ပြသကြပါတယ်။

အဆိုတော် မြတ်လေး၊ မင်းနောင်၊ စိန်စိန် တို့ဦးဆောင်တဲ့ တေးဂီတအနုပညာရှင်တွေရဲ့ ငြိမ်းချမ်းရေးတေးသံတွေလည်း မြို့လုံးအနှံ့ နယ်လုံးတလျှောက် ပျံ့နှံ့ဝေဝဲ ပဲ့တင်ခတ်စေခဲ့ပါတယ်။ 'ဆယ်နှစ်ဝယ် ဆယ်ကြိမ့်' ဆိုတဲ့တေးသံနဲ့ 'ရောဝတီငိုသံ ဒို့ကြားရသည်' တေးသံတွေ လူထုကြား ကျရောက်လွှမ်းစိုးခဲ့ပါတယ်။

လူတန်းစားစုံ အလွှာစုံ ပါဝင်တက်ရောက် ဆန္ဒဖော်ထုတ်ပြသကြတဲ့ ရန်ကုန်ခရိုင် ပြည်တွင်းစစ်ဆယ်နှစ်မြောက်နေ့ ဆန္ဒပြပွဲကြီးကို ကန်တော်မင်ပန်းခြံမှာ ကျင်းပပါတယ်။ လူပေါင်းလေးသောင်းကျော်တက်ရောက်တဲ့ ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး ဖြစ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တက်ရောက်မိန့်ခွန်းမြွက်ကြားပါတယ်။ ဆရာကြီးက 'ဒါလောက်တောင် (၁၀) နှစ်ကြာအောင် အချင်းချင်း တဦးနဲ့တဦး တိုက်ခိုက်ကြရရင်ဖြင့် တော်လောက်ပါပြီ၊ တော်ကြပါတော့' လို့ ပန်ကြားသွားသလို၊ အခု (၁၀) နှစ်မြောက် နေ့ဖြစ်တဲ့ မတ်လ (၂၈) ရက်နေ့ကစပြီး၊ အတိုက်အခိုက်ရပ်စဲကြဖို့လည်း မေတ္တာရပ်ခံသွားခဲ့ပါတယ်။ ငြိမ်းချမ်းရေးရဲ့ ပထမဆုံးအဆင့် အတိုက်အခိုက်ရပ်စဲကြဖို့နဲ့ ဆရာကြီးတို့ရဲ့ သူမသာ ကိုယ်မနာ သင်ပုန်းချေ ငြိမ်းချမ်းရေးမူနဲ့ ဦးနု ကမ္ဘာ့အေးညီလာခံမှာ ပြောကြားသွားခဲ့တဲ့ စကားကြီး (၃) ခွန်းဟာ အခြေခံ အတော်ကိုက်ညီနေတာတွေ့ရတဲ့အတွက် စကားကြီး (၃) ခွန်းကို တရားဝင်ဖြစ်အောင်လုပ်ပေးဖို့ ရှင်းရှင်းလင်းလင်း ဖြစ်အောင်လုပ်ပေးဖို့ကိုလည်း အဆိုပြုသွားခဲ့ပါတယ်။

ပြည်တွင်းစစ် (၁၀) နှစ်မြောက် ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေဟာ ရန်ကုန်မှာတွင်မက တပြည်လုံးနေရာအနှံ့ ဖြစ်ပေါ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးအသံမကြားချင်တဲ့ ဆိုရှယ်လစ်များနဲ့ စစ်တပ်လက်နက်ကိုင်တပ်များကလည်း ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေကို ခြိမ်းခြောက်ဟန့်တား ဖျက်ဆီးတာတွေ နေရာအနှံ့ ပြုလုပ်ပါတယ်။

ဝါးခယ်မ ငြိမ်းချမ်းရေးဆန္ဒပြပွဲမှာ လူထုမတက်ရောက်လာနိုင်အောင် မြို့အဝင်ဂိတ်ကဆီးပြီး သေနတ်နဲ့ပစ်ခတ်တာ၊ ကျင်းပမယ့်နေရာတဝိုက်ကို လက်နက်ကိုင်ရဲတွေ ပိတ်ဆို့ချထားတာတွေ ပြုလုပ်ခဲ့သလို၊ ရေနံချောင်းမှာ ဆန္ဒပြပွဲမလုပ်ခင်တရက်မှာ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်တွေရဲ့အိမ်ကို တက်ရောက်ရှာဖွေတာ၊ စာရွက်စာတမ်းတွေသိမ်းဆည်းတာတွေ လုပ်ခဲ့ပါတယ်။ ပုသိမ်မှာဆိုရင် ငြိမ်းချမ်းရေးဆန္ဒပြပွဲ မတက်

ရောက်နိုင်အောင် မြို့လေးဖက်လေးတန်ကနေ စစ်တပ်ပုလိပ်တပ်တွေနဲ့ပိတ်ဆို့ပြီး၊ ဈေးဝယ်လာသူတွေကို တောင် ဝင်ခွင့်မပြုတာတွေလုပ်ခဲ့ပါတယ်။ အင်းစိန် ထန်းတပင်မှာလည်း နှောက်ယှက်ဖျက်ဆီးတာတွေ လုပ်ရုံ မက ငြိမ်းချမ်းရေးလှုပ်ရှားသူတွေကို ဖမ်းဆီးတာအထိ ပြုလုပ်ခဲ့ပါတယ်။ ဒေးဒရဲမြို့ ကျောင်းထိုင်ဆရာတော် ကြီးတွေကတော့ ပြည်တွင်းစစ်ရပ်ဖို့ မေတ္တာရပ်ခံချက် ထုတ်ပြန်ခဲ့ပါတယ်။

ရန်ကုန်ငြိမ်းချမ်းရေးဆန္ဒပြပွဲ ချီတက်လာသူတွေရဲ့ ကြွေးကြော်သံတွေကတော့ –

'ဆယ်နှစ်ကြာတဲ့ ပြည်တွင်းစစ် – ရပ်စဲပစ်'

'ပြည်တွင်းငြိမ်းချမ်းရေး – အမြန်ပေး'

'အာဃာတ တရားတွေ – ဖယ်ရှားကြ'

'ဦးနု စကားကြီး (၃) ခွန်း – တရားဝင်အကောင်အထည်ဖော်ပေး' ဆိုတာတွေဖြစ်ပါတယ်။

ဦးနု ရဲ့ စကားကြီး (၃) ခွန်းနဲ့ပတ်သက်ပြီး ယေဘုယျအားဖြင့် အကောင်းမြင်ကြပေမယ့်၊ နောက်ဆုံး စကားစုဖြစ်တဲ့ 'အလင်းဝင်ခဲ့ကြပါ' ဆိုတဲ့ စကားလုံး (၆) လုံးဟာ အဟန့်အတားဖြစ်နေသေးတဲ့အကြောင်း၊ လက်နက်ချရေးပေါ်လစီသာဖြစ်နေတဲ့အကြောင်း၊ တိုးတက်တဲ့ မြေပေါ်အင်အားစုများက စာနယ်ဇင်းတွေက တဆင့် ထောက်ပြဝေဖန်ကြသံတွေလည်း ထွက်ပေါ်လာပါတယ်။ စကားကြီး (၃) ခွန်းကို အကောင်အထည် ဖော်ဖို့ တွေ့ဆုံဆွေးနွေး စေ့စပ်ရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုကြောင်း ဖော်ထုတ် တင်ပြကြပါတယ်။

'တွေ့ဆုံဆွေးနွေးရေး–စေ့စပ်ရေး' ဆိုတဲ့ အသံကိုတော့ ဦးနု ကလည်း ရေငုံနှုတ်ပိတ် လုပ်နေပါ တယ်။ တီ ဆားတို့ဖြစ်နေခဲ့ပါတယ်။ အင်မတန်ကြီးမားတဲ့ ပြည်တွင်းစစ်ကြီးကို တရားသဖြင့် အဆုံးသတ်ဖို့ အတွက်၊ မရှိမဖြစ်လိုအပ်တဲ့ တွေ့ဆုံဆွေးနွေးရေးကိုတော့ လက်မခံနိုင်ဘူးဆိုတာ သဘာဝမကျတဲ့ ကိစ္စကြီး ဖြစ်နေပါတယ်။

မတ်လထဲမှာပဲ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားကာကွယ်ရေးကောင်စီ အစည်းအဝေးမှာ ပြည်တွင်းလုံခြုံရေးနဲ့ပတ်သက်ပြီး အစီရင်ခံစာတစောင် တင်သွင်းခဲ့ပါတယ်။

နိုင်ငံမှာ လူဆိုးများ ထကြွနေကြောင်းနဲ့ လူဆိုးတော်တော်များများဟာ သြဇာရှိ နိုင်ငံရေးသမားများ က အကာအကွယ်ပေးထားတာကြောင့် အာဏာပိုင်များက ဖမ်းဆီးအရေးယူခြင်း မပြုနိုင်ကြောင်းဆိုတာ ဖော်ပြတင်သွင်းခဲ့ပါတယ်။ ဦးနု က ရာဇဝတ်မှု ကျူးလွန်သူမှန်သမျှ ကို အကုန်ဖမ်းဆီးရမယ်လို့ မူအားဖြင့် အမိန့်ပေးခဲ့ပါတယ်။

မတ်လကုန်မှာ ဦးနု ပြောခဲ့တဲ့မူကို ကိုင်စွဲပြီး မသင်္ကာသူမှန်သမျှကို အစုလိုက်အပြုံလိုက် ဖမ်းဆီး တာတွေ လုပ်ပါတော့တယ်။ ပြည်ထဲရေးဝန်ကြီး သခင်သာခင်က စစ်တပ်နဲ့ပေါင်းပြီး 'ရာဇဝတ်ကျော်စော' ဆိုသူတွေကို ဖမ်းဆီးတဲ့အခါ သူ့လူဖမ်းတယ်၊ ငါ့လူဖမ်းတယ်ဆိုတဲ့ ပဋိပက္ခတွေ ထပ်မံပေါ်ပေါက်လာပါတယ်။ တကယ်က ဦးကျော်ငြိမ်း တို့လူ (၆) ဦးသာပါပြီး၊ သခင်ကျော်ဒွန်းတို့လူ (၂၀၀) ကျော် အဖမ်းအဆီးခံခဲ့ရပါ တယ်။

သခင်ကျော်ဒွန်းနဲ့ သခင်တင်တို့က အခုလို သူတို့လူတွေ အများကြီးအဖမ်းခံရတာဟာ ပြည်ထဲ ရေးကိုကိုင်ထားတဲ့ သခင်သာခင်က အစီအစဉ်ရှိရှိ လုပ်ခဲ့တာလို့ ထင်မြင်ယူဆသလို၊ ဦးကျော်ငြိမ်း တို့က စစ်တပ်သြဇာကို မတရားသုံးပြီး ဖမ်းဆီးစေတာကြောင့် မတရားအဖမ်းခံရတာလို့လည်း တွက်ဆပါတယ်။ ဒါကြောင့် ရှိရင်းစွဲ အုပ်စုပဋိပက္ခဟာ တငွေ့ငွေ့ လှိုက်လောင်နေရာကနေ ဟုန်းကနဲ ပြန်တောက်လာပါတယ်။

သခင်တင်၊ သခင်ကျော်ဒွန်းတို့ရဲ့ မကျေနပ်မှုတွေကို ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင်လည်း သဘောပေါက်နေပါတယ်။ သတင်းစာများကလည်း သတိမူမိနေကြပါတယ်။

နေးရှင်း သတင်းစာအာဘော်မှာဆိုရင် 'အဖမ်းအဆီးများသည် လူဆိုးများကို သုတ်သင်ရှင်းလင်းရန်အတွက်လည်းဖြစ်သည်။ အသေတိုက်ရန် စက်ပုန်းခုတ်နေကြသည့် ဖဆပလ အုပ်စုကြီးများ တဖက်နှင့်တဖက် အပြုတ်ဖြုတ်ရန်အတွက်လည်း ဖြစ်သည်ဟူသော ပြင်းထန်သည့်ယုံကြည်မှုများလည်းရှိနေသည်' လို့ ဧပြီ (၁၁) ရက်နေ့ထုတ် သတင်းစာမှာ ဖော်ပြပါရှိခဲ့ပါတယ်။ ဦးနု ကိုယ်တိုင် ဦးကျော်ငြိမ်း နဲ့ ပဋိပက္ခရှိနေပြီဖြစ်တာကတကြောင်း၊ ဦးကျော်ငြိမ်း ရဲ့ လက်ဦးမှုယူ လုပ်တတ်ကိုင်တတ် ကျင့်ကြံတတ်တာတွေကို အတွင်းကျကျ သိခဲ့ဖူးသူဖြစ်တာကတကြောင်း၊ သခင်တင်၊ သခင်ကျော်ဒွန်း တို့ဟာ သူ့လူတွေလို့ မှတ်ယူထားတာကြောင့်ပါ ဦးနု အနေနဲ့ တစုံတရာ ပြတ်ပြတ်သားသားလုပ်ဖို့ စဉ်းစားစရာတွေ ဖြစ်လာခဲ့ပါတယ်။

ဧပြီလ (၂၀) ရက်နေ့မှာ အင်းစိန် ဖဆပလလူငယ်ညီလာခံကျင်းပပါတယ်။ ဖဆပလ ဌာနချုပ်ခေါင်းဆောင်တချို့လည်း တက်ကြပါတယ်။ ဦးနု က မော်လမြိုင်ခရီးသွားနေသလို ဦးကျော်ငြိမ်းက ရခိုင်ဘက်ရောက်နေပြီး၊ ဦးဗဆွေက ထားဝယ်သား ရှင်ပြုသွားနေချိန်ဖြစ်ပါတယ်။ အင်းစိန်လူငယ်ညီလာခံက ဆုံးဖြတ်ချက် (၃) ခုကို ချမှတ်ပါတယ်။ ဆုံးဖြတ်ချက်အမှတ် (၃) ဆိုတာက 'ကိုယ်ကျိုးရှာနေကြသော လူထုခေါင်းဆောင်အမည်ခံ လူသတ်ဓားပြတိုက် မီးရှို့ ပြန်ပေးဆွဲ မုဒိမ်းကျင့်နေကြသည့် အမိုက်တရားတွေကို ရေလိုက်မမှားမိရန် တိုက်တွန်းခြင်း' ဆိုတာဖြစ်ပါတယ်။ ဦးနု မော်လမြိုင်သကြ်န်က ပြန်ရောက်လာတဲ့အခါ အဲဒီသတင်းကို သတင်းစာကနေ သိရှိရပြီး၊ သခင်ကျော်ဒွန်းတို့ လူစုကို ဓားပြ ပြန်ပေးဆွဲ မုဒိမ်း လူသတ်သမားတွေအဖြစ် ပုတ်ခတ်စွပ်စွဲထားတာဖြစ်တယ်လို့ နားလည်လိုက်ပါတယ်။ တပြိုင်နက်တည်းမှာ 'အင်းစိန်နယ်မြေဟာ သခင်ကျော်ဒွန်းရဲ့ စည်းရုံးရေးနယ်မြေဖြစ်တဲ့အတွက် အခုလို ပုတ်ခတ်စွပ်စွဲပြောဆိုတာဟာ ဦးကျော်ငြိမ်း တို့အုပ်စုက သခင်ကျော်ဒွန်း တို့ကို စစ်ကြေညာလိုက်တာဖြစ်တယ်' လို့ သတ်မှတ် ကောက်ချက်ဆွဲလိုက်ပါတယ်။ ဒါကြောင့် ဦးနု ဟာ တဦးတည်း စဉ်းစားသုံးသပ်ပြီး ဦးကျော်ငြိမ်း တို့အုပ်စုနဲ့ ညောင်ညိုပင်စခန်းက လမ်းခွဲကြတော့ဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါက ပုဂ္ဂိုလ်ရေးဆိုင်ရာ အဖြစ်အပျက်ဆိုင်ရာ အပေါ်ကနေ ဆုံးဖြတ်လိုက်တဲ့အချက်တချက် ဘက်တဘက်သာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြောမယ်ဆိုရင်တော့ ၅၆ ခုနှစ် ရွေးကောက်ပွဲရလဒ်ရဲ့ ညွှန်ပြကိန်းအရ၊ ဖဆပလ သန့်ရှင်းရေးလုပ်မှဖြစ်မယ်၊ မလုပ်ရင်မဖြစ်တော့ဘူးဆိုတာ သိမြင်ပြီး ဖဆပလ သန့်ရှင်းရေးလုပ်ချင်သူ ဦးနု နဲ့ ဖဆပလ သန့်ရှင်းရေးလုပ်တာကို မလိုလား၊ ကွန်မြူနစ်ဆန့်ကျင်ရေးသာ အပြတ်အသတ်လုပ်ပစ်ပြီး ဖဆပလ အာဏာကို နည်းပေါင်းစုံနဲ့ ဆက်လက်ထိန်းသိမ်းသွားနိုင်တယ်လို့ ခံယူထားတဲ့ ဦးကျော်ငြိမ်း တို့ဟာ မတူညီတဲ့ သဘောထားတွေနဲ့ စခန်းသွားနေကြရာကနေ ပဋိပက္ခပေါင်းစုံ ဖြစ်ပွားခဲ့ကြပြီး လမ်းခွဲကြမှုဖြစ်တော့မယ့် ဆုံမှတ်တခုဆီ ရောက်ရှိလာခြင်းပဲဖြစ်ပါတယ်။ နောက်တနည်းပြောရမယ်ဆိုရင် အာဏာရ ဖဆပလကြီးအတွင်း အုပ်စုဖွဲ့ကြ ဂိုဏ်းဂဏပြိုင်ကြ အာဏာပါဝါပြကြရင်း သွေးစည်းမှုပျက်၊ ပဋိပက္ခတွေ အဆက်မပြတ်ပေါ်ခဲ့ရာကနေ ဦးနု ဦးကျော်ငြိမ်း ထိပ်တိုက်တွေ့ရမှုနဲ့ သရဖူဆောင်းပေးခဲ့ပြီး၊ နောက်ဆုံး အင်းစိန် ဖဆပလ လူငယ်ညီလာခံ ဆုံးဖြတ်ချက်ဟာ စနက်တံဖြစ်သွားခဲ့ရတာ ဖြစ်ပါတယ်။

ဦးနုက 'စကားနဲ့ ရန်စဲ' လမ်းစဉ်ဆိုတာကို သူ့ဟာ သူစဉ်းစားပြီး၊ သခင်တင် တို့လူစုကို အရင်ခေါ်တွေ့ပါတယ်။ သူ့ရဲ့စကားနဲ့ ရန်စဲ လမ်းစဉ်ဆိုတာက အချက် (၃) ချက် ပါပါတယ်။

(၁) အချိန်မနှောင်းခင် တဖက်နဲ့တဖက် ညောင်ညိုပင်စခန်းက လမ်းခွဲကြတော့၊

(၂) သခင်တင် တို့ဟာ ဦးနု ရဲ့ ခေါင်းဆောင်မှုကိုလိုချင်ရင် အရက်မသောက်၊ လာဘ်မစား၊ မိန်းမ

မလိုက်စား၊ အလောင်းအစားမလုပ်ပါ ဆိုတဲ့ ကတိလေးခုကို ပေးရမယ်။ ကျူးလွန်သူမှန်သမျှ အလုပ်အမှုဆောင်အဖွဲ့က နှင်ထုတ်ပစ်ရမယ်။

(၃) ဖဆပလ နှစ်ဖွဲ့ရှိတဲ့အထဲက အစိုးရအာဏာ ဘယ်အဖွဲ့မှာ ရှိရမယ်ဆိုတာ လွှတ်တော်က ဆုံးဖြတ်ပေးလိမ့်မယ်၊ ဆုံးဖြတ်နိုင်အောင် လွှတ်တော်ကို ဥပဒေအရ ခေါ်ပေးမယ် ...

ဆိုတဲ့အချက် (၃) ချက်ကို ချပြပြီး၊ သခင်တင် တို့ဖက်က ရပ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ သခင်တင်တို့နဲ့တွေ့ပြီးနောက် ဦးဗဆွေ တို့တတွေကိုလည်း ခေါ်တွေ့ကာ စကားနဲ ရန်စဲလမ်းစဉ်ဆိုတာထဲက ဒုတိယနံပတ် (၂) အချက်ကို ချန်လှပ်ပြီး ညောင်ညိုပင်စခန်းက လမ်းခွဲကြတော့ဖို့နဲ့ အစိုးရအဖွဲ့ အာဏာဘယ်အဖွဲ့က ယူရမယ်ဆိုတာ လွှတ်တော်က ဆုံးဖြတ်ပေးဖို့ လွှတ်တော်ကို ခေါ်ပေးမယ်ဆိုတာကို ရှင်းပြလိုက်ပါတယ်။ ဦးဗဆွေ က ဒီလိုလမ်းမခွဲရေး ပြောဆိုသေးပေမယ့် လွှတ်တော်တင် လမ်းခွဲကြဖို့သာ နောက်ဆုံး အဖြေဖြစ်သွားခဲ့ပါတယ်။ တံတွေးဆွတ် ကော်တဲထားခဲ့ရတဲ့ ဖဆပလ ကြီးရဲ့ စည်းလုံးညီညွတ်ရေးကြီးဆိုတာ ဘွားကနဲပေါ်လာရပါတော့တယ်။ မေလ (၆) ရက်နေ့မှာ ဦးနု ရဲ့ 'ဖဆပလ ကြီးကို တစည်းတလုံးတည်း မထိန်းနိုင်တော့ပါ။ ဖွတ်မရ ဓားမဆုံးအဖြစ် မခံနိုင်၍ ခွဲကြရပါသည်။' ဆိုတဲ့ ရှင်းလင်းသံ ထွက်ပေါ်လာပြီး လူတိုင်းသိကိစ္စကြီးဖြစ်လာရပါတော့တယ်။ အတိအလင်း ထက်ခြမ်းကွဲ ကွဲရပါတော့တယ်။

ဖဆပလ သန့်ရှင်းရေးလုပ်ချင်တဲ့ ဦးနု နဲ့ သခင်တင် တို့အုပ်စုကို 'သန့်ရှင်း' ဖဆပလ၊ တည်မြဲရေးဆိုတာကိုပဲ ကြွေးကြော်လေ့ရှိတဲ့ ဦးဗဆွေ နဲ့ ဦးကျော်ငြိမ်း တို့အုပ်စုကို 'တည်မြဲ' လို့ပြည်သူလူထုကြီးက ကင်ပွန်းတပ်ပေးလိုက်ပါတယ်။ တနည်းအားဖြင့် နု–တင် အုပ်စု နဲ့ ဆွေငြိမ်း အုပ်စုအဖြစ် ပုံပေါ်လာရပါတော့တယ်။

နု–တင်၊ ဆွေငြိမ်း အကွဲကို အာဏာသိမ်းစေလိုသူတွေ တပ်မတော်ထဲက အာဏာသိမ်းယူချင်သူတွေ ခေါင်းထောင်စပြုလာခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်းက ဘာအသံမှ မပေးသေးဘဲ နိုင်ငံရေးခေါင်းဆောင်တွေရဲ့အကွဲကို ငြိမ်ကြည့်နေခဲ့ပါတယ်။ နု–တင် အုပ်နဲ့ ဆွေငြိမ်းအုပ်က အတိအလင်းကွဲပြီဆိုကတည်းက အပြန်အလှန်ဆော်ပွဲကြီး စတင်ပါတယ်။

အတွင်းရေးကိစ္စ၊ ပုဂ္ဂိုလ်ရေးကိစ္စတွေပါ ဖော်ထုတ်တိုက်ခိုက်ကြတာတွေ ထွက်ပေါ်လာပါတယ်။ ဗိုလ်နေဝင်း နဲ့ တပ်မတော်ကိုလည်း အပြန်အလှန်မျက်စပစ်ပြီး ကိုယ့်ဖက်ပါအောင် ဆွဲဆောင်ရင်း၊ ဗိုလ်ချုပ်နေဝင်း ကို ချီးကျူးကြ ချော့မြူကြပါတယ်။ တည်မြဲဘက်ကလူတွေက သူတို့နဲ့ တပ်မတော်ဟာ ရဲဘော်တွေပါ။ တော်လှန်ရေးမှာ အတူလုပ်လာသူတွေပါလို့ အသံပေးလာတာရှိသလို၊ သန့်ရှင်းဘက်ကလည်း 'ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဦးနု ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့သစ်မှာ ဒုဝန်ကြီးချုပ်ရာထူးကို လက်ခံယူလိမ့်မယ်' လို့ သတင်းလွှင့်သူတွေလည်း ပေါ်လာပါတယ်။

တည်မြဲဘက်က 'တော်လှန်ရေးတုန်းက ဦးနု ဘယ်မှာလဲ' လို့မေးသံ ခနဲ့သံတွေ ထွက်လာတဲ့အတွက် ဦးနု က သူဟာ 'ကိုယ်တိုင်တိုက်ရာခိုက်ရာမျိုးမှာ မပါ၊ ဒါပေမယ့် တော်လှန်ရေးအတွက် အရေးကြီးအစည်းအဝေးတချို့ကို သူ့အိမ်မှာပဲ လုပ်ခဲ့ကြတာမဟုတ်လား' လို့ ပြန်လှန်ချေပပါတယ်။

တည်မြဲခေါင်းဆောင်တချို့က ဦးနု ဟာ အာဏာရူးကြီးဖြစ်တယ်လို့ စွပ်စွဲတဲ့အတွက်၊ ဦးနု က သူသာအာဏာရူးကြီးဖြစ်တယ်ဆိုရင်၊ သူ့ကို ဘာ့ကြောင့် ဆယ်နှစ်ဆယ်မိုး ခေါင်းဆောင်အဖြစ် တင်မြှောက်ထားခဲ့ကြပါသလဲ လို့ပြန်လှန်မေးခွန်းထုတ်ပါတယ်။ ဦးနုဟာ တဏှာရူးကြီးဖြစ်တယ်လို့ စွပ်စွဲသံတွေအတွက် ဦးနု က လူထုအစည်းအဝေးပွဲတခုမှာ 'သူဟာ ၁၉၄၈ ခုနှစ်ကစပြီး အပြဟ္မာစရိယာသီလကို စောင့်ထိန်းလာသူ ဖြစ်တယ်' လို့ ချေပပါတယ်။

သန့်ရှင်း–တည်မြဲအကွဲဟာ အစိုးရအဖွဲ့အတွင်း၊ ဌာနဆိုင်ရာတွေအတွင်း၊ လူထုလူတန်းစားအဖွဲ့အစည်းတွေအတွင်း၊ ပါလီမန်အမတ်တွေအတွင်းသာမက၊ တပြည်လုံးကို ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ နေရာတိုင်းမှာလည်း နောက်ဆက်တွဲ အကွဲတွေ ဆက်တိုက်ပေါ်ခဲ့ပါတယ်။ ဧပြီလကုန်ကနေ မေလ တလကျော်ကျော်လုံးဟာလည်း အစိုးရရှိလျက်နဲ့ အစိုးရ မရှိသလိုမျိုးအနေအထား ဖြစ်နေခဲ့ပါတယ်။

နုတင်–ဆွေငြိမ်း အုပ်စု (၂) ခုစလုံးဟာ အပြန်အလှန် လက်ညှိုးထိုးကြသလို၊ အပြိုင်အဆိုင်စည်းရုံးကြတာတွေလည်း အကြီးအကျယ်လုပ်ဆောင်ကြပါတယ်။ အကွဲနဲ့ပတ်သက်တဲ့သတင်းတွေကိုလည်း သတင်းစာတွေက ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် ရေးကြသားကြ ဖော်ပြကြပါတယ်။

ပါလီမန်တင်ပြီး မဲခွဲဆုံးဖြတ်ကြမှာ ဖြစ်တဲ့အတွက် အမတ်တွေ ဈေးကောင်းခဲ့ပါတယ်။ နု–တင် သန့်ရှင်း ဖဆပလက သူတို့ကိုင်စွဲတဲ့မူအဖြစ် 'ပေါ်လစီ (၄) ရပ်' ကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

(၁) နိုင်ငံခြားရေးဝါဒနဲ့ပတ်သက်ပြီး လက်ရှိဝါဒကို မပြောင်းလဲဘဲ တသွေဝေမတိမ်း ကျင့်သုံးမည်။
(၂) ကမ္ဘာအေးညီလာခံမှာ ပြောကြားခဲ့တဲ့ စကားကြီးသုံးခွန်းအတိုင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်မည်။
(၃) ဒီမိုကရေစီအခွင့်အရေး ပြည့်ဝစွာ ရရှိစေရမည်။
(၄) ပြည်နယ်များ၏ တရားသဖြင့် ရသင့်ရထိုက်အခွင့်အရေး အာမခံမည်။

ဆိုတဲ့ ပေါ်လစီ (၄)ရပ် ဖြစ်ပါတယ်။

လွှတ်တော်ထဲမှာ အမတ်နေရာ (၄၅) နေရာ ရရှိထားတဲ့ ပမညတ က 'နုတင်' ရဲ့ ပေါ်လစီလေးရပ်ဟာ ပမညတ ရဲ့ သဘောထားလုပ်ငန်းစဉ်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လူမျိုးစုများအခွင့်အရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် အထောက်အကူဖြစ်စေနိုင်တယ်လို့ သုံးသပ်ပါတယ်။ ပမညတ က ဖဆပလ နှစ်ခြမ်းကွဲအပေါ် ဆန်းစစ်အကဲဖြတ်တာလည်း လုပ်ပါတယ်။ ပမညတ ရဲ့ အမြင်က နု–တင် အင်အားစုဟာ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာ ရှိတန်သလောက် ရှိသေးတယ်မြင်ပြီး၊ ဆွေငြိမ်းအင်အားစုမှာ မရှိလို့မြင်ပါတယ်။

နု–တင် ဟာ ကွန်မြူနစ်ဝါဒကို အခြေခံအားဖြင့် ဆန့်ကျင်ပေမယ့် ကွန်မြူနစ်ပါတီနဲ့ ဆက်ဆံရေးမှာတော့ နေရူးတို့လို ပျော့ပျော့ပြောင်းပြောင်းရှိနိုင်သေးတယ်၊ ဆွေငြိမ်းကတော့ ကွန်မြူနစ်ဝါဒရော ကွန်မြူနစ်ပါတီကိုပါ ဖော်စတာဒါးလက်၊ မက္ကာသီ တို့လို ရင့်ရင့်သည်းသည်း ဆန့်ကျင်သူတွေဖြစ်တယ်လို့မြင်ပါတယ်။ နု–တင် အုပ်စုဟာ ကွန်မြူနစ်ဝါဒနဲ့ ငြိမ်းချမ်းစွာယှဉ်တွဲသေးတယ်။ ဆွေငြိမ်း အုပ်စုကတော့ မယှဉ်တွဲ၊ လက်နက်အားကိုး အပြုတ်တိုက်ရေးပဲဖြစ်တယ်။ ဒီမိုကရေစီမှာလည်း လစ်ဘရယ်နဲ့ တင်းတင်းမာမာ ချုပ်ချယ်လိုသူလို ကွဲပြားခြားနားတယ်။ စီးပွားရေးမှာလည်း နု–တင် က အရင်းရှင်လူတန်းစားရဲ့ လွှတ်လပ်မှုကို ထုထောင်လိုသေးတယ်။ ဆွေငြိမ်းက လက်ဝေခံစီးပွားရေးလမ်းစဉ်ကျင့်သုံးပြီး ချီတက်လိုတာ ထင်ရှားတယ်လို့ သုံးသပ်ပါတယ်။ နိုင်ငံတကာ့ဆက်ဆံရေးမှာလည်း နု–တင်က ကြားနေရေးမှာ မတက်ကြွစေကာမူ 'မူကြီးငါးချက်' ကို ထိန်းသိမ်းလိုက်နာသေးတယ်၊ ဆွေငြိမ်းသာ အစိုးရဖြစ်ရင် မြန်မာပြည်ဟာ ယိုးဒယားအစိုးရမျိုး ဖြစ်သွားနိုင်တယ်လို့ ရှုမြင်ပါတယ်။

ပမညတ အဖွဲ့ကြီးက နု–တင် နိုင်ရင် ငြိမ်းချမ်းရေးကို အကျိုးပြုသွားနိုင်တယ်လို့ ရှုမြင်ပါတယ်။ အဲဒီလို ခွဲခြားရှုမြင်သုံးသပ်ရာကနေ 'နုတင်' ကို အဆိုးထဲက အကောင်းဖြစ်စေရန် ရည်ရွယ်ပြီး၊ 'နုတင်' ကို ထောက်ခံကြောင်းကို ကြေညာချက်ကို မေလ (၁၀) ရက်နေ့မှာ ထုတ်ပြန်လိုက်ပါတယ်။ ပါလီမန်အတွင်းမှာ နု–တင် ထက် အခြေအနေ အင်အားသာနေတဲ့ ဆွေငြိမ်းအုပ်စုဟာ ပမညတ ရဲ့ မေလ (၁၀) ရက် ကြေညာ

ချက်ကြောင့် မျက်လုံးပြူးသွားရပါတယ်။ နု–တင် အုပ်စုနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် အခြေအနေရောက်သွားပါတယ်။

ဒါကြောင့် နယ်တွေအထိ အပြိုင်အဆိုင်ဆင်းပြီး၊ မဲဆွယ် စည်းရုံးကြပါတယ်။ ထောင်ထဲရောက်နေရတဲ့ အမတ်နှစ်ဦးဖြစ်တဲ့ ဦးမောင်ကို၊ ဦးအောင်မိုး တို့ဆီအရောက် သန့်ရှင်းကလည်း သွားပါတယ်။ ဗိုလ်မှူးချစ်ကောင်း အမှုနဲ့တွဲပြီး အဖမ်းခံထားရတဲ့ ဦးမောင်ကို က မြင်းခြံအမတ်ဖြစ်ပါတယ်။ ဦးအောင်မိုး က ပုသိမ်အမတ်ဖြစ်ပါတယ်။ နှစ်ဦးစလုံးဟာ ပမညတ အမတ်တွေဖြစ်ပါတယ်။

ပြည်မရှိ အမတ်တွေသာမက ပြည်နယ်က အမတ်တွေကိုလည်း အပြိုင်စည်းရုံးဖို့ ပြည်နယ်တွေဆီကိုလည်း အပြိုင်ခရီးထွက်ပြီး စည်းရုံးကြပါတယ်။

သန့်ရှင်း စစ်ဝဏ္ဏက တောင်ကြီးမှာ ပြည်နယ်များအနေနဲ့ သီလ၊ သမာဓိရှိတဲ့ ဦးနု ကိုပဲ ထောက်ခံကြဖို့၊ ဦးနု ဘက်ကနေ ပြည်နယ်တွေနဲ့ တွေ့ဆုံပြီး သန့်ရှင်းကို မဲထည့်ဖို့ မဲဆွယ်ပါတယ်။

မေလ (၁၈) ရက်နေ့မှာ ဒေါက်တာဗမော်က "ဖဆပလ ပြိုကွဲခြင်းပြဿနာကို ပါလီမန်သို့တင်ပြ၍ ဖြေရှင်းကြခြင်းသည် ဒီမိုကရေစီအဖွဲ့နည်းလမ်းမဟုတ်" လို့ ဂါးဒီးယန်းသတင်းစာကနေ ဝေဖန်ပါတယ်။

မေလ (၁၈) ရက်နေ့မှာ ရှမ်းပြည်နယ်ဥက္ကဋ္ဌ ဝန်ကြီး စဝ်ခွန်ချို အိမ်မှာ ရှမ်းစော်ဘွားတွေ အစည်းအဝေးလုပ်ပါတယ်။ ပြည်နယ်တွေရဲ့ နစ်နာချက်တွေကို အတိအကျတောင်းဆိုဖို့ တောင်းဆိုတဲ့အခါ ပြည်နယ်အသီးသီး စုပေါင်းပြီး တောင်းဆိုဖို့ ကော်မီတီဖွဲ့ပြီး ဦးနု ဆီတင်ပြဖို့တွေ ဆွေးနွေးကြပါတယ်။

မေလ (၂၁) ရက်နေ့မှာ စဝ်နွဲ့ ဦးဆောင်တဲ့ နွံစစ်ဟန် အဖွဲ့ စတင်ပေါ်ပေါက်လာပါတယ်။ မေလ (၂၂) ရက်နေ့မှာ တောင်ကြီး မိုးမိတ်ဟော်မှာ စော်ဘွားတွေ ထပ်မံ အစည်းအဝေးလုပ်ကြပြီး စော်ဘွားတွေကနေ ရှမ်းပြည်နယ်ရဲ့ တောင်းဆိုချက်မှု (၁၅) ချက်မူကြမ်းကို ရေးဆွဲကြပါတယ်။

မိုင်းရှူးစော်ဘွား စဝ်မန်ဖ ဥက္ကဋ္ဌဖြစ်တဲ့ 'ရပညဖ' အဖွဲ့ကလည်း လှုပ်ရှားမှုတွေ လုပ်လာပါတယ်။ အဲဒီအချိန်တုန်းက ရှမ်းပြည်နယ်မှာရှိနေကြတဲ့ အဓိက နိုင်ငံရေးအုပ်စုကြီးတွေကတော့ –

- စဝ်ခွန်ချို ရဲ့ ရှမ်းပြည်တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (ရတစညဖ)၊
- မဟာဒေဝီ စဝ်ဟိန်ခမ်း ဦးဆောင်တဲ့အဖွဲ့၊
- နမ့်ခမ်း အမတ် ဦးထွန်းအေး ခေါင်းဆောင်တဲ့ ရှမ်းပြည်နယ်လုံးဆိုင်ရာ အဖွဲ့ချုပ် (ရပလဖ) နဲ့
- ဗမာနိုင်ငံလုံးဆိုင်ရာ ရှမ်းအမျိုးသားဌာနချုပ် တို့ ဖြစ်ကြပါတယ်။

စဝ်ခွန်ချိုအုပ်စုက နု–တင်၊ နမ့်ခမ်းဦးထွန်းအေး အုပ်က ဆွေငြိမ်း၊ မဟာဒေဝီ အုပ်က ပထမကြားနေ (နောက်ပိုင်းဆွေငြိမ်း) ကို ထောက်ခံခဲ့ကြပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ရှမ်းအမျိုးသား ဌာနချုပ်ကတော့ နုတင်ကိုပဲ မဲပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ကချင်ပြည်နယ်မှာက အဓိက နိုင်ငံရေးအုပ်စု (၃) ခု ရှိပါတယ်။

- ကချင်အမျိုးသားများ ကွန်ဂရက်အဖွဲ့ချုပ် (KNC) ကေအင်စီ၊
- ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့ (ပယကဖ)၊
- ပေါင်ယောင်လူငယ်အဖွဲ့ ဆိုတာတို့ ဖြစ်ကြပါတယ်။

ကေအင်စီ (KNC) အဖွဲ့ခေါင်းဆောင် ဒူးဝါးဇော်လွန်း၊ ဝန်ကြီးဦးဇန်ထားဆင် တို့က ဆွေငြိမ်းကို ထောက်ခံပြီး ပယကဖ အဖွဲ့ခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင် နဲ့ ပေါင်ယောင်လူငယ်အဖွဲ့ ခေါင်းဆောင် ဒူးဝါးဇော်ရစ် တို့က နုတင်ကို လိုလားကြပါတယ်။

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (ပကဖ) ကလည်း မေလ (၂၀) ရက်နေ့မှာ အစည်းအဝေးလုပ်တဲ့အခါ အလုပ်အမှုဆောင် အီးစီ (E.C) (၂၃) ဦးရှိတဲ့အနက် (၁၈) ဦးတက်ရောက်ပြီး (၁၄) ဦးက နုတင်၊ (၄) ဦးက ဆွေငြိမ်းကို ထောက်ခံခဲ့ပါတယ်။ အီးစီအစည်းအဝေးမှာ လွှတ်တော်အမတ် (၇) ဦးပါခဲ့ပြီး၊ (၂) ဦးက နုတင်၊ (၅) ဦးက ဆွေငြိမ်းဖြစ်ခဲ့ပါတယ်။

ချင်းအမျိုးသားတွေကတော့ ဖဆပလ ကွဲရတာဟာ သဘောတရားအရမဟုတ်ဘဲ ပုဂ္ဂိုလ်တွေ မသင့်မတင့် ဖြစ်ကြလို့ ကွဲရတာလို့ယူဆပြီး၊ နုတင် ထောက်ခံသူရော ဆွေငြိမ်း ထောက်ခံသူပါ ပေါ်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်ရှိ ‘ရတည’ အမတ် (၆) ဦးကတော့ ရခိုင်ပြည်နယ် ရရှိရေးနဲ့ ဝန်ကြီးရာထူးရရှိရေးကို ဈေးဆစ်ရင်း၊ စောစောပိုင်းမှာ ဘာသဘောထားမှ မထုတ်ပြန်သေးဘဲ နေခဲ့ပါတယ်။

ဗမာပြည်နိုင်ငံရေး လှုပ်ရှားမှုသမိုင်းမှာ သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ ကျောင်းသားထုရဲ့ အဖွဲ့အစည်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ကလည်း မေလ (၁၃) ရက်နေ့မှာ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ နု-တင် အုပ်စုက ကြေညာခဲ့တဲ့ ပေါ်လစီ (၄) ရပ်ဟာ တိုင်းပြည်ရဲ့လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့အတွက် ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှု ရှိနိုင်တယ်လို့ယူဆပြီး၊ ဆွေငြိမ်း အုပ်စုကတော့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့အတွက် အာမခံချက်ပေးတာ မရှိလို့ သုံးသပ်မိပါတယ်။ ဒါကြောင့် ဗကသ က နု-တင် ဖဆပလ ကို ထောက်ခံကြောင်း၊ ကြေညာခဲ့သလို ကျောင်းသားညီညွတ်ရေးတပ်ဦးက အာဏာရရှိထားတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) ကလည်း သန့်ရှင်းဖဆပလ ကိုသာ ထောက်ခံကြောင်း ကြေညာခဲ့ကြပါတယ်။ ဆိုရှယ်လစ်တွေ ဖွဲ့စည်းပေးခဲ့ကြတဲ့ ဒီအက်(စ)အိုနဲ့ ရဲခေါင်ကတော့ ဆွေငြိမ်းကို ထောက်ခံခဲ့ကြပါတယ်။

‘ပြည်ထောင်စုလူငယ်’ အဖွဲ့ကလည်း နု-တင် ဘက်က ရပ်ခဲ့ပါတယ်။ အလုပ်သမားလောက ဝန်ထမ်းလောကမှာလည်း နု-တင် ထောက်ခံသူနဲ့ ဆွေငြိမ်းထောက်ခံသူတွေ ကွဲကြပါတယ်။ သခင်နု နိုင်မယ် ပြောမိလို့ အလုပ်ဖြုတ်ခံရတာမျိုး၊ ဆွေငြိမ်းကို ထောက်ခံပါတယ် လက်မှတ်ထိုးပေးမှ အလုပ်ခန့်မယ်ဆိုတာမျိုးတွေ ပေါ်ခဲ့သလို၊ ဦးဗဆွေ နောက်မှာ တပ်မတော်ရှိတယ်။ ဦးကျော်ငြိမ်း နောက်မှာ စစ်ရဲတပ်ရင်း (၂)ရင်း ရှိတယ်၊ အသက်ဘေးကို သတိထားစဉ်းစားပြီးမှလုပ်လို့ ဆိုရှယ်လစ် အလုပ်သမားက ခြိမ်းခြောက်တာမျိုး၊ ဦးနု ထောက်ခံတဲ့ ဦးစီးမှန်ရင် အလုပ်ကထုတ်ပစ်မယ်လို့ တီယူစီဘီ ဌာနကြီးမှူး၊ ဒီပဲယင်းအမတ် သခင်သန်းရဲ့ ခြိမ်းခြောက်မှုမျိုးတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မေလ (၂၅) ရက်နေ့မှာ သန့်ရှင်းဘက်က ဗိုလ်မင်းခေါင်နဲ့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့ မန္တလေးကို ခရီးထွက်ပါတယ်။ မန္တလေးမှာ ဗိုလ်မင်းခေါင်က ကွန်မြူနစ်ပါတီ ဖဆပလ အဖွဲ့ကြီးထဲက အထုတ်ခံရတာ၊ တောထဲမောင်းပို့လို့ တောခိုရတာ ဦးကျော်ငြိမ်း ညစ်ပတ် ကလိန်ကျလို့လို့ ဖော်ထုတ်ဝန်ခံ ဖွင့်ချသွားပါတယ်။ တလျှောက်လုံး ဖုံးဖိထားခဲ့သမျှ အာဏာရ ဖဆပလ အစိုးရအဖွဲ့ကြီးအတွင်းကနေ ပထမဆုံးအဖြစ် ထုတ်ဖော်ဝန်ခံပြောဆိုလာမှုလို့ မှတ်တမ်းတင်ရပါလိမ့်မယ်။

ဝန်ကြီးဝန်ကလေးရာထူးပေးမယ်၊ လူဝင်မှုကြီးကြပ်ရေးနဲ့ အကောက်ခွန်စစ်ဆေးမှုတွေ ဖယ်ရှားပေးမယ်၊ ငွေကြေးပေးမယ်။ စော်ဘွားများ အာဏာစွန့်ရေး သက်တမ်းရှည်အောင် ဆွဲပေးမယ်၊ တိုင်းရင်းသားလူမျိုးအလိုက် သီးခြားတပ်ရင်းများ ဖွဲ့စည်းရေး ဆောင်ရွက်ပေးမယ်၊ စတဲ့ စတဲ့ မဲဆွယ်ကြသံ ပြောကြဆိုကြ ကတိပေးကြသံတွေ အပြိုင်အဆိုင် ထွက်ပေါ်လာခဲ့တယ်။

နေရာတိုင်းမှာ အနိုင်ရရေးအတွက် သဲကြီးမဲကြီး ပြိုင်ဆိုင်နေကြတဲ့အတွက် ဧပြီလ ကုန်လောက်ကနေ မေလ တလလုံးဟာ အစိုးရမရှိသလို ဖြစ်နေခဲ့ပါတယ်။ ရှိတဲ့အစိုးရဟာလည်း ဘာအစိုးရလဲလို့ အမျိုးအမည်

တပ်ပြောလို့ မရနိုင်အောင် ဖြစ်နေခဲ့ပါတယ်။

ပါလီမန်တင်ပြီး၊ အရှုံးအနိုင် အဆုံးအဖြတ်ပြုကြမှာဖြစ်တဲ့အတွက် လွှတ်တော်တက်ဖို့လာကြတဲ့ အမတ်တွေကို သန့်ရှင်းရော တည်မြဲပါ နှစ်ဖက်စလုံးက အပြိုင်အဆိုင် ကြိုဆိုကြပါတယ်။ ဘယ်တုန်းကနဲ့မှ မတူအောင် ကြိုဆိုကြ ဧည့်ခံကြ အပြိုင်အဆိုင် အကြိုက်ဆောင်ကြတဲ့အတွက် အမတ်တွေမျက်နှာ ပွင့်လန်းခဲ့ကြပါတယ်။

၁၉၅၈ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့မှာ အကွဲအပြဲကို စာရင်းရှင်းကြဖို့ လွှတ်တော်အထူးအစည်းအဝေးကြီး စတင်ပါတယ်။

ဆွေငြိမ်းဘက်က အယုံအကြည်မရှိ အဆိုတင်သွင်းမှာဖြစ်တဲ့အတွက် လွှတ်တော်မစတင်မီ တရက်ဖြစ်တဲ့ ဇွန်လ (၄) ရက်နေ့မှာ ဆွေငြိမ်း အုပ်စုဝင်ဝန်ကြီး (၁၅) ဦးနဲ့ ပါလီမန်အတွင်းဝန်များ၊ အစိုးရအဖွဲ့ဝင်အဖြစ်ကနေ လုပ်ထုံးလုပ်နည်းနဲ့အညီ နှုတ်ထွက်ကြပါတယ်။

နှုတ်ထွက်တဲ့ ဝန်ကြီးတွေထဲမှာ ကရင်ပြည်နယ် ဝန်ကြီး ဒေါက်တာစောလှထွန်းနဲ့ ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထားဆင်တို့ ပါဝင်တဲ့အတွက် ဝန်ကြီးချုပ် ဦးနုက ကရင်ပြည်နယ် ဝန်ကြီးအဖြစ် ဦးစောလှလှ၊ ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ဒူးဝါးဇော်ရစ် တို့ကို ခန့်ထားလိုက်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာပြည်နယ်ကောင်စီနဲ့ ညှိနှိုင်းတိုင်ပင်ရန်ဆိုတာကို မဆောင်ရွက်ဘဲ ခန့်ထားခဲ့တယ်ဆိုပါတယ်။

ဇွန်လ (၅) ရက်နေ့ အစည်းအဝေးမှာ ပါလီမန် ဥက္ကဋ္ဌက ပါလီမန်လုပ်ထုံးလုပ်နည်းနဲ့အညီ၊ ဦးဗဆွေ ရဲ့ "နု–တင် အစိုးရအပေါ် အယုံအကြည်မရှိ အဆို" ကို ခွင့်ပြုပြီး၊ အဆိုကို တင်သွင်းဖို့နဲ့ မဲခွဲဆုံးဖြတ်ဖို့ ဇွန်လ (၈) ရက်နေ့ကို သတ်မှတ်ပေးလိုက်ပါတယ်။

ဇွန်လ (၈) ရက်နေ့ဟာ တပြည်လုံး လွှတ်တော်တက်ကြတဲ့နေ့ ဖြစ်သွားပါတယ်။ ရေဒီယိုကနေ လွှတ်တော်အစည်းအဝေးကြီး ကျင်းပပုံ၊ အဆိုတင်သွင်းပုံ၊ မဲပေးကြပုံ၊ မဲခွဲပုံတွေကို တိုက်ရိုက် အသံလွှင့်ပေးမှာဖြစ်တဲ့အတွက် တပြည်လုံးကလူတွေ ရေဒီယိုဘေး ဝိုင်းအုံနားထောင်ရင်း လွှတ်တော်တက်ကြပါတယ်။ ကျောင်းခန်းစာသင်ခန်းတွေထဲလည်း ကျောင်းတက်မယ့်လူမရှိဖြစ်သွားရလို့ ကျောင်းပိတ်ပေးလိုက်ရသလို ဈေးထဲလည်း စောစောဈေးပိတ်သွားကြပါတယ်။

မြင်းလှည်းဂိတ်၊ ကားဂိတ်ဆိုက်ကားဂိတ်တွေမှာလည်း သန့်ရှင်းနိုင်မယ် တည်မြဲနိုင်မယ် ငြင်းကြခုန်ကြရင်း ဘောလုံးပွဲလောင်းသလို အလောင်းအစား လုပ်ကြတာတွေပါ ပေါ်လာပါတယ်။

ဆွေငြိမ်း ခေါင်းဆောင် ဦးဗဆွေ ရဲ့ အစိုးရကို အယုံအကြည်မရှိအဆို လွှတ်တော်မှာ စတင်တင်သွင်းပါတယ်။

"ဦးနု ဟာ အဖွဲ့အစည်း ဒီမိုကရေစီထုံးတမ်းစဉ်လာ၊ ပါလီမန်ဒီမိုကရေစီထုံးတမ်းစဉ်လာနဲ့ ကိုယ့်သိက္ခာ ကိုယ်လေးစားခဲ့ရင် ဒီအယုံအကြည်မရှိအဆိုဟာ ဒီလွှတ်တော်မှာ ပေါ်လာစရာ အကြောင်းမရှိပါဘူး" ဆိုတာက အစ၊

"ပမညတ ဟာလည်း ဦးနု ရဲ့ လည်မြို ညှစ်ပြီး သူတို့ရဲ့ လိုလားချက်တွေကို တခုပြီးတခုတောင်းတာကိုလည်း ဦးနု အနေနဲ့ လိုက်လျောနေရမှာပါဘဲ။ ဒါတွေကို ထောက်ရှုခြင်းအားဖြင့် ဦးနု အစိုးရဟာ ပမညတ ကြိုးဆွဲရာ ကရမယ့် ရုပ်သေးအစိုးရသာဖြစ်မယ်ဆိုတာ အင်မတန်မှသေချာပါတယ်" လို့လည်း စွပ်စွဲပြောဆိုပြီး၊ ခရီးသည်က အမောင်းခိုင်းတဲ့နေရာ မောင်းရဆွဲရမယ့် လန်ချားအစိုးရမျိုး ဖြစ်မယ်လို့လည်း ကင်ပွန်းတပ်ပေးပါတယ်။

"ဦးနုဟာ ဒီမိုကရေစီဆိုတဲ့ စကားနှုတ်ဖျားမှာသီးနေတဲ့ ပုဂ္ဂိုလ်တဦးဖြစ်ပေမယ့် လက်တွေ့မှာ ဒီမိုကရေစီကို မလေးစားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပေးအပ်တဲ့အာဏာများကိုလည်း မိမိအာဏာတည်မြဲရေးအတွက် အာဏာကို အနည်းနည်းအဖုံဖုံနဲ့ အလွဲသုံးစားပြုနေပါတယ်" လို့လည်း စွဲချက်တင်ပါတယ်။

"ပြည်နယ်ကောင်စီများကို ညှိနှိုင်းတိုင်ပင်၍ ပြည်နယ်ဝန်ကြီးများအား ခန့်အပ်ထားရမယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အတိအလင်းပြဋ္ဌာန်းထားပေမယ့်၊ အခြေခံဥပဒေနှင့် ဆန့်ကျင်လျက် ပြည်နယ်ဝန်ကြီးများကို မိမိတဦးတည်းသဘောဖြင့် ခန့်ထားကာ အာဏာရှင်ဆန်ဆန် ပြုမူလိုက်ခြင်းမှာလဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို စက္ကူစုတ်ဖြစ်အောင် လုပ်လိုက်ကြောင်း" လို့လည်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ပါတယ်။

တချက်ချင်း တချက်ချင်း တင်လိုက်တဲ့ ဦးဗဆွေ ရဲ့ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို အနှစ်ချုပ်ကြည့်ရမယ်ဆိုရင် ဦးနု ဟာ ဖဆပလ ကို ဖြိုခွဲသူဖြစ်တယ်၊ ဒီမိုကရေစီကို ပါးစပ်ကပြောပြီး အာဏာရှင်ဆန်ဆန် လုပ်ဆောင်ခဲ့တယ်။ ဦးနုအစိုးရဟာ ပမညတ ကြိုးဆွဲရာကရမယ့် ရုပ်သေးအစိုးရမျိုးဖြစ်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စက္ကူစုတ်ဖြစ်အောင် လုပ်ပစ်နေတယ်ဆိုတဲ့ စွဲဆိုချက် ပြစ်တင် ဝေဖန်ချက်တွေနဲ့ ရှုတ်ချကန့်ကွက်ရင်း တင်သွင်းလိုက်တဲ့ အယုံအကြည်မရှိ အဆိုဖြစ်ပါတယ်။ တခြား ထူးထူးထွေထွေ အချက်အလက်အသစ်တွေ မပါခဲ့ပါ။

အပြင်းအထန်ဆုံး စွဲချက်အဖြစ် ယူဆဖွယ်ရှိတာကတော့ "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို စက္ကူစုတ်ဖြစ်အောင်လုပ်လိုက်တယ်" ဆိုတဲ့ ကောက်ချက်ပဲဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးတွေခန့်ထားတဲ့ ကိစ္စမှာ ဘယ်သူကိုမှ မတိုင်ပင်ဘဲ ထင်သလို ခန့်ထားလုပ်ကိုင်ခဲ့ခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို စက္ကူစုတ်ဖြစ်အောင် လုပ်တာလို့ ကောက်ချက်ဆွဲခဲ့တယ်ဆိုတော့၊ ကွန်မြူနစ်ပါတီအပါအဝင် နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို မြေပေါ်မှာ တရားဝင်နေထိုင်ရပ်တည်လှုပ်ရှားလို့မရအောင် ဖမ်းဆီးဖိနှိပ် ချိုးနှိမ်ရုံသာမက တောထဲအထိမောင်းပို့ခဲ့တဲ့ လုပ်ရပ်မျိုးဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စက္ကူစုတ်လုပ်ရုံတင်မက၊ တခါတည်း အပြီးအပိုင်မီးနဲ့ရှို့ပစ်ခဲ့တာလို့ပဲ ပြောဆိုကောက်ချက်ဆွဲရပါလိမ့်မယ်။ အဲဒီတုန်းက မီးနဲ့ရှို့ပစ်ခဲ့တာ ဖဆပလလို့ပဲ ပြောဆိုကောက်ချက်ဆွဲရပါလိမ့်မယ်။ အဲဒီတုန်းက မီးနဲ့ရှို့ခဲ့တဲ့သူတွေဟာ နုတင်ရော ဆွေငြိမ်းရော ဖြစ်ခဲ့ပါတယ်။ အခုကျမှ အာဏာရှင်ဆန်ဆန် ကျင့်သုံးတာလောက်ကိုတောင် မခံမရပ်နိုင်ဖြစ်ပြီး စွဲချက်တင်ပြနေသလို ဖြစ်နေခဲ့ပါတယ်။

ဦးဗဆွေ ရဲ့ အယုံအကြည်မရှိအဆို တင်သွင်းပြီးတဲ့နောက် အဆိုကို ထောက်ခံသူ ကန့်ကွက်သူတွေ လွှတ်တော်ထုံးတမ်းစဉ်လာနဲ့အညီ အပြိုင်အဆိုင် ဆွေးနွေးကြပါတယ်။

ဦးကျော်ငြိမ်း၊ သခင်စံမြင့်၊ ဦးခင်မောင်လတ် တို့က ထောက်ခံဆွေးနွေးကြပြီး၊ ဦးဖိုးမှုံ၊ ဦးဘငြိမ်း၊ သခင်တင်၊ ဒူးဝါးဇော်ရစ် တို့က ကန့်ကွက်ဆွေးနွေးကြပါတယ်။ လွှတ်တော်တွင်း စကားစစ်ထိုးပွဲကြီး ပြီးဆုံးတဲ့နောက် မဲခွဲဆုံးဖြတ်ဖို့ စတင်ပါတယ်။

လွှတ်တော်အမတ် (၂၄၈) ဦးရှိတဲ့အနက် (၂၄၆) ဦးမဲပေးရမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက မဲမပေးဘဲ ကြားနေရမှာဖြစ်သလို၊ မအူပင်အမတ် ဦးဘဦးကလည်း နှုတ်ထွက်လွှာတင်သွင်းပြီး ဖြစ်သွားတဲ့အတွက် မဲပေးခွင့် မရတော့ဘူးဖြစ်သွားပါတယ်။ ဦးဘဦးက နှုတ်ထွက်လွှာတင်စာ ပေးပို့ပြီးတဲ့နောက် အချိန်မီ ရုတ်သိမ်းလွှာတင်ခဲ့သေးပေမယ့် ရုတ်သိမ်းလွှာက ထွက်စာအရင် (၂) နာရီလောက် စောရောက်ခဲ့

ပေမယ့် နုတ်ထွက်လွှာကိုပဲ တရားဝင်အဖြစ် အသိအမှတ်ပြုလိုက်တဲ့အတွက် မဲပေးနိုင်ခွင့်မရှိတော့ဘဲ နုတ်ထွက်လိုက်ပြီး ဖြစ်သွားပါတယ်။

မဲပေးနိုင်သူ လွှတ်တော်အမတ် (၂၄၆) ဦး မဲပေးပြီးတဲ့နောက် မဲတွေကို စတင်ရေတွက်တဲ့ အခါ ညနေ (၆) နာရီ (၁၉) မိနစ်ရှိပြီဖြစ်ပါတယ်။

'ပမညတ' က မဲတွေအားလုံးကို 'နု–တင်' သန့်ရှင်းကိုပဲ ပုံပြီးအောဖို့ လုပ်ပါတယ်။ ဒါတောင် တကယ်မဲပေးကြတဲ့အခါကျတော့ စစ်ကိုင်းက ပမညတ အမတ် 'ဦးဖေတင်' က ဖောက်သွားခဲ့ပြီး နုတင် အစား ဆွေငြိမ်းကို ပေးသွားတဲ့အတွက် တမဲလျော့သွားခဲ့ပါတယ်။ ထွက်ပေါ်လာခဲ့တဲ့ မဲရလာဒ်ကတော့ ဟောဒီလို ဖြစ်ပါတယ်။

| | (နု–တင်မဲ) | (ဆွေ–ငြိမ်းမဲ) |
|---|---|---|
| ဖဆပလအဖွဲ့ | ၅၁ | ၉၇ |
| ပမညတအဖွဲ့ | ၄၄ | ၁ |
| ရတည | ၆ | ၀ |
| ရှမ်း | ၁၆ | ၉ |
| ကချင် | ၃ | ၄ |
| ချင်း | ၃ | ၃ |
| ကယား | ၂ | ၀ |
| ကရင် | ၂ | ၅ |
| **စုစုပေါင်းရမဲ** | **၁၂၇** | **၁၁၉** |

သန့်ရှင်း ဖဆပလ ဖြစ်တဲ့ 'နု–တင်'က(၁၂၇)မဲရပြီး တည်မြဲ ဆွေ–ငြိမ်းက (၁၁၉) မဲ ရတဲ့အတွက် (၈) မဲထဲနဲ့ နု–တင်က အသာစီးရနိုင်သွားရပါတယ်။ ဆွေငြိမ်းရဲ့ အစိုးရအပေါ် အယုံအကြည်မရှိအဆို ရှုံးနိမ့်သွားခဲ့ပြီး 'နုတင်' အနိုင်ရလိုက်တာဖြစ်ပါတယ်။

ရှုံးနိမ့်သွားရတဲ့ ဦးဗဆွေနဲ့ ဦးကျော်ငြိမ်း ဟာ အနိုင်ရသွားတဲ့ ဦးနုနဲ့ သခင်တင်ကို လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ပေမယ့် အပြုံးရဲ့နောက်မှာ အမုန်းတွေလာ နေပြီဆိုတာကိုတော့ မြင်ရသူအားလုံးက သဘောပေါက်လိုက်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် 'နု–တင်' သန့်ရှင်း အနိုင်ရတဲ့အတွက် ပြည်သူလူထုကြီးတရပ်လုံးကတော့ ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့ကြပါတယ်။ စစ်တပ်တွင်းက ဆွေငြိမ်းလိုလားသူတွေကတော့ မခံချိမခံသာဖြစ်သွားခဲ့ရပါတယ်။

ဦးနုက အစိုးရအဖွဲ့ကို ပြင်ဖွဲ့ပါတယ်။ ပမညတ မဲ (၄၄) မဲနဲ့ အနိုင်ရခဲ့တာဖြစ်တဲ့အတွက် ပမညတ က ဦးအေးမောင်ကို တရားရေးဝန်ကြီးအဖြစ်ခန့်အပ်ပါတယ်။ ရခိုင်အမတ် (၆) ဦးထဲက (၃) ဦးကိုလည်း ဝန်ကြီးနေရာပေးပါတယ်။

သန့်ရှင်းအစိုးရလက်ထက်မှာ ကာကွယ်ရေးဝန်ကြီးဟာ ဗိုလ်မှူးအောင် ဖြစ်လာပါတယ်။ တပ်မတော်ကို ထိန်းသိမ်းနိုင်မလား မျှော်လင့်ချက်နဲ့ ရဲဘော်သုံးကျိပ်ဝင်ဟောင်း ဗိုလ်မှူးအောင်ကို ခန့်အပ်တာဖြစ်ပါ

တယ်။ ပြည်ထဲရေးဝန်ကြီးက ဗိုလ်မင်းခေါင် ဖြစ်လာပါတယ်။ ဗိုလ်မှူးအောင် ဟာ ကာကွယ်ရေးဝန်ကြီးဖြစ်လာခဲ့ပေမယ့် ဗိုလ်ချုပ်နေဝင်း တယောက်တည်းရဲ့ တလက်ကိုင်လုံးလုံး ဖြစ်လာခဲ့တဲ့ တပ်မတော်အပေါ် ဩဇာမရှိဘဲ ဖြစ်နေခဲ့ပါတယ်။

တည်မြဲဆွေငြိမ်း ရှုံးနိမ့်ခဲ့ရမှုအပေါ် ဆွေ့ဆွေ့ခုန် မခံမရပ်နိုင်ဖြစ်ရသူကတော့ မြောက်ပိုင်းတိုင်းက တပ်မဟာမှူး ဗိုလ်မှူးကြီး ကြည်ဝင်း ဖြစ်ပါတယ်။ ဗိုလ်မှူးကြီး ကြည်ဝင်း ဟာ တည်မြဲ ဦးဗဆွေရဲ့ မယားညီအကိုတော်သူလည်း ဖြစ်ပါတယ်။ ဗိုလ်မှူးကြီး ကြည်ဝင်းက "သန့်ရှင်းတွေ ဖိလို့ လွှတ်တော်မှာ (၈) မဲရှုံးရုံနဲ့ ဦးဗဆွေ တို့ အပြင်တောင် မထွက်ရဲ ဖြစ်နေပြီ၊ သန့်ရှင်းအစိုးရကို တပ်ကလက်နက်နဲ့ ဖြုတ်ချပစ်ရမယ်"လို့ ကြေညာပြောဆို လှုပ်ရှားလာပါတယ်။ ဗိုလ်ချုပ်နေဝင်းကိုတောင် တင်ပြခွင့်တောင်းတယ်ဆိုပါတယ်။ ဗိုလ်ချုပ်နေဝင်း က ကြိုက်နှစ်သက်ပေမယ့် ဘာမှမပြောသေးသလို တားမြစ်ဟန့်တားတာလည်း မလုပ်ခဲ့လို့ ဆိုပါတယ်။ ဗိုလ်မှူးကြီးကြည်ဝင်း က မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်မှူးချုပ်အောင်ရွှေ၊ မြောက်ပိုင်းတိုင်း စစ်ဦးစီးမှူး (ပထမတန်း) ဗိုလ်မှူးကြီးချစ်ခိုင် တို့နဲ့ ပူးပေါင်းပြီး တပ်က အာဏာသိမ်းရေးကို ပြင်ဆင်စိုင်းပြင်းခဲ့တယ်ဆိုပါတယ်။

တပ်ကို အာဏာသိမ်းဖို့ သွေးတိုး မြှောက်ပင့်ပေးသူတွေလည်း အချိန်ကိုက်ပေါ်လာခဲ့ပါတယ်။ ဇွန်လ (၉) ရက်နေ့ သန့်ရှင်းအစိုးရ အာဏာရလာပြီးတဲ့နောက် (၁၃) ရက်အကြာ ဇွန်လ (၂၂) ရက်နေ့မှာပဲ သခင်ဗစိန်ခေါင်းဆောင်တဲ့ ဒီမိုကရက်တစ်အဖွဲ့ချုပ်က ညီလာခံလုပ်ပြီး "ဗမာ့တပ်မတော်က ဦးစီး၍ ကွန်မြူနစ်မဟုတ်သော လွှတ်တော်အတွင်းအပြင်ရှိ ပါတီပေါင်းစုံပါဝင်သော ယာယီအမျိုးသား အိမ်စောင့်အစိုးရဖွဲ့စည်းရန် "တောင်းဆိုပါတယ်။ နိုင်ငံရေးသေနေပြီဖြစ်တဲ့ သခင်ဗစိန် ဟာ သူပါ ပါဝင်ခွင့်ရနိုင်တဲ့ အိမ်စောင့်အစိုးရတရပ် ပေါ်ပေါက်အောင် စစ်တပ်ကို အကြံပေးလိုက်တဲ့သဘောဖြစ်ပါတယ်။ ဗိုလ်ချုပ်နေဝင်း ဟာ မကြာသေးတဲ့တချိန်က သူရဲ့ အနွေဝါသိကာ ဖြစ်ခဲ့ဘူးတော့ သူတို့ရဲ့ ထွန်းအုပ်ဗစိန် သခင်ဂိုဏ်းဝင် ဖြစ်ခဲ့ဖူးတော့ မျှော်လင့်ချက်ထားပြီး တောင်းဆိုလိုက်တာဖြစ်ပါတယ်။ ဗိုလ်နေဝင်းက ဘာအသံမှ ပြန်မပေးဘဲ အခြေအနေကိုသာ အဆက်မပြတ် အကဲခတ်ကြည့်နေခဲ့ပါတယ်။

ပြည်သူလူထုရဲ့ ဦးနု အစိုးရအပေါ် ငြိမ်းချမ်းရေးမျှော်လင့်ချက်ကတော့ ဒီရေအလား တက်လာနေပါတယ်။ ဦးနု ရဲ့ ပေါ်လစီ (၄) ရပ်အပေါ် တစုံတရာ မျှော်လင့်ရင်း ဒေါင့်တိုင်း ဒေါင့်တိုင်းကနေ ငြိမ်းချမ်းရေးဆန္ဒတွေကို ဖော်ထုတ်ပြသနေကြပါတယ်။

မီးရထားအလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ်ကလည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မူအရ မျက်နှာစုံညီဆွေးနွေးရေးနဲ့ သင်ပုန်းချေရေးကို အမြန်ဆုံး အကောင်အထည်ဖော်ပေးဖို့၊ အတိုက်အခိုက်တွေ ရပ်စဲပေးကြဖို့ တောင်းဆိုတွန်းအားပေးပါတယ်။

သန့်ရှင်းတည်မြဲ ပဋိပက္ခတွေကလည်း ပိုမိုကျယ်ပြန့်လာပါတယ်။ နိုင်ငံရေးအကွဲအပြဲဟာ နယ်ပယ်ပေါင်းစုံကို ဂယက်ရိုက်နေခဲ့ပါတယ်။

၁၉၅၈ ခုနှစ် တပ်မတော် တပ်မှူးများညီလာခံကို ဇွန် (၂၃) ရက်ကနေ (၂၅) ထိ မင်္ဂလာဒုံ လေတပ် စခန်းမှာပြုလုပ်ပါတယ်။ တရားဝင်သဘောအားဖြင့်တော့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းက ပြင်ပနိုင်ငံရေး အကွဲဂယက်မှာ တပ်မှူးများမပါဝင်ဖို့ သတိပေးစကားပြောကြားပါတယ်။ တပ်တွင်းမှာ သန့်ရှင်းလိုလားသူ တည်မြဲလိုလားသူတွေ ကွဲပြားလာပြီး တပ်ပြိုကွဲမှာစိုးရိမ်တဲ့အတွက် ထိန်းတဲ့သဘောမျိုးဖြစ်ပါတယ်။ တလျှောက်လုံး ဆိုရှယ်လစ်ပါတီဘက်က ရပ်လာခဲ့တာဖြစ်ပေမယ့်၊ ရပ်လာခဲ့တဲ့ ဆိုရှယ်လစ်ပါတီ ကိုယ်တိုင် ပြိုကွဲလာပြီဖြစ်တဲ့အတွက် တဖက်ဖက်က၊ ရပ်ရေးထက် ကိုယ်ကိုယ်တိုင်တက် ဗိုလ်လုပ်ရေးအကွက်ကို စဉ်းစားမိလာပြီး တပ်မပြိုကွဲအောင် သတိထားလာတဲ့ သဘောဖြစ်ပါတယ်။

ဇွန်လ (၂၄) ရက်နေ့မှာ ဝန်ကြီးချုပ် ဦးနုရဲ့ အရေးကြီး မိန့်ခွန်းတခု ထွက်ပေါ်လာပါတယ်။ အသံလွှင့်မိန့်ခွန်းအဖြစ် တနိုင်ငံလုံးကိုပြောကြားခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးချုပ်ရာထူးကို အချိန်မစေ့မီ ပြန်လည်ရယူလိုက်ချိန် ၁၉၅၇ ခုနှစ်၊ မတ်လအထိ (၄) နှစ်တာလုံးလုံး လွှတ်တော်မှာ စကားတကြိမ်မှ တက်မပြောခဲ့ဘဲ၊ မူဝါဒပေါ်လစီတွေကို သတင်းစာကွန်ဖရင့်တွေ အခမ်းအနား၊ အစည်းအဝေးတွေကနေ ကြုံသလို ဖော်ထုတ်ပြောဆိုမှုမျိုးနဲ့ ပြောဆိုလာခဲ့တဲ့ ဦးနု ဟာ အခုမှ တနိုင်ငံလုံးကိုသိအောင် အသံလွှင့်မိန့်ခွန်းအဖြစ် ပြောဆိုလာခဲ့တာဖြစ်ပါတယ်။

အမျိုးသားညီလာခံတရပ် ခေါ်ယူရန်၊ အမျိုးသားညီလာခံ မကျင်းပမီ တောခိုရဲဘော်များ အလင်းဝင်ရန်၊ ကျူးလွန်ခဲ့သမျှ သင်ပုန်းချေပေးမယ့် သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ ပြဋ္ဌာန်းပေးရန်နဲ့ လက်နက်ချအဖွဲ့အစည်းတွေကို တရားဝင်အဖွဲ့အစည်း ထူထောင်ခွင့်ပေးရန်ဆိုတဲ့ အချက်တွေ ပါဝင်ခဲ့ပါတယ်။ မိန့်ခွန်းထဲမှာ –

– တောထဲက လူတွေက လက်နက်ကိုင်တိုက်ပွဲ စွန့်ကြောင်း ကြေညာပါ။
– စစ်တပ်ကို လက်နက်အပ်ပါ။
– တောထဲကျန်ရစ်သူတွေနဲ့ မဆိုင်ဘူးလို့ ကြေညာပါ။
– ဗဟိုကော်မတီအားလုံး မော်ကွန်းတင်ပွဲမှာ လက်မှတ်ထိုးပါ။
– ဒီအခါမှာ တရားဝင် ပါတီ တည်ရှိခွင့်ပြုမယ်။

… လို့ ဖော်ပြပြောဆိုသွားပါတယ်။

ဦးနုရဲ့ ဒီမိန့်ခွန်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက စိတ်တိုင်းမကျဖြစ်တယ်လို့ဆိုပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးအတွက် အဟန့်အတားတွေ ကန့်သတ်မှုတွေပါနေသေးတယ်လို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ယူဆပါတယ်။

'ပမညတ' က ဦးနု ရဲ့ မိန့်ခွန်းကို ထောက်ခံပြီး ဇွန်လ (၂၈) ရက်နေ့မှာ 'လက်နက်ကိုင်တော်လှန်ရေးပါတီအဖွဲ့အစည်းအားလုံးသို့ မေတ္တာရပ်ခံပန်ကြားချက်' ကို ထုတ်ပြန်ပါတယ်။ ပန်ကြားချက်မှာ "ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရရှိရေး အာမခံချက်ဖြင့် ရပ်တည်နေသော ဦးနု အစိုးရ၏ တိုင်းသိပြည်သိ ပေးအပ်ထားသော ကတိကြီးလေးချက်သည် ဝင်လာနိုင်ရန် အခြေအနေသစ်များဖြစ်ကြောင်း" ဖော်ပြထားပါတယ်။ အစိုးရက ပေးတဲ့အခွင့်အရေးကို လက်မလွှတ်ဘဲ လက်နက်ကိုင်တိုက်ပွဲမှ လူထုတိုက်ပွဲသို့ ပြောင်းလဲပါလို့လည်း တိုက်တွန်းကြေညာခဲ့ပါတယ်။ ဒီပန်ကြားချက်က 'စေ့စပ်ရေးမူ' ကို ပစ်ပယ်ရာရောက်သလား၊ မရောက်ဖူးလား၊ ပန်ကြားချက်အရ ဝင်လာသင့်သလား၊ မလာသင့်ဘူးလား၊ စဉ်းစားစရာတွေ ပေါ်လာခဲ့ပါတယ်။ စဉ်းစားကြ၊ ဝေဖန်ကြ သုံးသပ်ကြတာတွေလည်း ပေါ်လာခဲ့ပါတယ်။

ပြည်တွင်းစစ်ရပ်စဲရေးနဲ့ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ရပ်ခံတင်ပြ တောင်းဆိုနေတာက "စေ့စပ်ဆွေးနွေးရေး" ဖြစ်ပါတယ်။

ဦးနု ရဲ့ စကားကြီးသုံးခွန်းမှာတုန်းက၊ အလင်းဝင်လာပါဆိုတဲ့ စကားသုံးပြီး လက်နက်စွန့်ရေး တောင်းဆိုရာကနေ ဇွန် (၂၄) မှာတော့ လက်နက်ကိုင် တိုက်ပွဲစွန့်ကြောင်း ကြေညာပါဆိုတာနဲ့ စစ်တပ်ကို လက်နက်အပ်ပါလို့ ပြောင်းလဲသွားတာတွေ့ရပေမယ့် 'စေ့စပ်ရေး' ကို ဆက်လက်ငြင်းပယ်ထားဆဲ ဖြစ်ပါတယ်။ အပေါ် စီးယူထားဆဲဖြစ်နေပါတယ်။

'တဖက်သတ်ကျနေဆဲဖြစ်တယ်' လို့ ယူဆထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက ဦးနု ရဲ့ ဇွန်လ (၂၄) ရက်နေ့ မိန့်ခွန်းကို တုန့်ပြန်တဲ့ ပြန်ကြားချက်တစောင် ထုတ်ဖော်ကြေညာလိုက်ပါတယ်။ တရားဝင်

ထွက်ပေါ်လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြန်ကြားချက်ထဲမှာ –

(၁) ဇူလိုင် (၃၀) ရက်နေ့မှစ၍ နစ်ဖက် အတိုက်အခိုက် ရပ်စဲရန်၊
(၂) လက်နက်ကိုင်တိုက်ပွဲ စွန့်ကြောင်း နှစ်ဖက်ကြေညာရန်၊
(၃) အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပြေလည်မှုရအောင်ညှိရန်၊
(၄) နိုင်ငံရေးအရ ပြေလည်မှုရှိလျှင် တပ်များ လက်နက်များကို အစိုးရသို့လွှဲပေးရန်၊
(၅) ဥပဒေအတွင်း ဝင်လာလျှင် ဒီမိုကရေစီနည်းအရ ဥပဒေတွင်း၌ ဆောင်ရွက်သွားရန်၊ ထို့အတွက် အစိုးရ သို့မဟုတ် သန့်ရှင်းဖဆပလ သို့မဟုတ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့နှင့် တွေ့ခွင့်ပြုရန်၊

လို့ ဖော်ပြပါရှိ တောင်းဆိုထားတာ တွေ့ရပါတယ်။ သဘောကတော့ 'လက်နက်ကိုင်တိုက်ပွဲ စွန့်ကြောင်း' ကြေညာဖို့ဆိုရင် နှစ်ဖက်စလုံးက ကြေညာဖို့၊ တဖက်ထဲကို ကြေညာခိုင်းနေတာဟာ လက်နက်ချရေး အဓိပ္ပာယ်ပဲ ထွက်နေတယ်လို့ ပြောလိုက်တာဖြစ်ပြီး၊ တွေ့ဆုံဆွေးနွေးစေ့စပ်ရေးမှုကိုပဲ ဆက်လက်ကိုင်စွဲထားတာဖြစ်ပါတယ်။

အခြေအနေဟာ လိပ်ခဲတည်းလည်း ဖြစ်မြဲဖြစ်နေရပြီး၊ သန့်ရှင်း တည်မြဲ အကွဲရဲ့ ဂယက်ဟာလည်း ကြီးမြဲ ကြီးနေဆဲဖြစ်ပါတယ်။ ဦးနု ဟာ ငြိမ်းချမ်းရေးဘက်ဆီ အကြောင်းအမျိုးမျိုးကြောင့် မျက်နှာမူချင်သလိုလို တဆင့်တိုး ဖော်ပြခဲ့ပေမယ့် 'စေ့စပ်ရေး ဆွေးနွေးရေးမှု' ကိုတော့ မပြောဝံ့ မဆိုဝံ့ဘဲ ဖြစ်နေခဲ့ပါတယ်။

ရုပ်ပြသမ္မတကြီးသာဖြစ်နေရတဲ့ သမတကြီးမန်းဝင်းမောင်ကလည်း သမတ အိမ်တော်မှာ သတင်းစာကွန်ဖရင့်လုပ်ပြီး ဇွန်လ (၃၀) ရက်နေ့မှာ သူ့ရဲ့ ခံစားရချက်တွေကို ထုတ်ဖော်ပါတယ်။ "ငါသမတ ဘာမျှမသိ" ဆိုတာကို ဖွင့်ဟသလို ဘာအာဏာမှ မရှိတာကိုလည်း ပြောဆိုရှင်းလင်းပါတယ်။ သူ သမတ ဖြစ်ပြီးမှ တတ်မြောက်လာတာဆိုလို့ ပုဆိုးတောင်ရှည်ကို နှစ်မိနစ်အတွင်း ပြီးအောင်ဝတ်ဆင်တတ်တာရယ်၊ မြင်းစီးတတ်တာရယ်၊ ဂေါက်ရိုက်တတ်တာရယ်သာရှိကြောင်း ရင်ဖွင့်ပြပါတယ်။

ကွန်မြူနစ်ပါတီက ဇူလိုင် (၃၀) ရက်ကစပြီး အတိုက်အခိုက်ရပ်စဲကြဖို့ တောင်းဆိုပေမယ့် အတိုက်အခိုက်တွေကတော့ မရပ်၊ သမတကြီးရဲ့ လွတ်ငြိမ်းချမ်းသာ သင်ပုန်းချေအမိန့်ဆိုတာသာ ထွက်ပေါ်လာပါတယ်။ သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာ အမိန့်မထွက်ပေါ်ခင်ကြားထဲမှာ ပမညတ ဗိုလ်မြသွေးက ပမညတက ယခု ကျင့်သုံးနေတာ စေ့စပ်ရေးမှုပဲ။ လက်နက်ချရေးမှု မဟုတ်လို့ ပမညတ သတင်းစာကွန်ဖရင့်မှာ (ဇူလိုင် ၁၇ မှာ) ပြောကြားသလို၊ နောက်တရက်မှာ တည်မြဲ ဦးထွန်းဝင်းက "ဦးနု ဟာ ငြိမ်းချမ်းရေးမှာ မိမိတို့အစိုးရအဖွဲ့ရှိစဉ်က လမ်းစဉ်အတိုင်းလုပ်နေကြောင်း စေ့စပ်ဆွေးနွေးသောနည်းကို မသုံးဝံ့ကြောင်း၊ သုံးလျှင် ပြတ်မည်ကို ဦးနု သိကြောင်း မိမိတို့ ဆွေငြိမ်းအဖွဲ့က ခံမည်မဟုတ်၊ တိုင်းပြည်သွေးချောင်းစီးစေနိုင်ကြောင်း" ပြောကြားပါတယ်။ စေ့စပ်ရေးဆွေးနွေးရေးကို တည်မြဲက လက်မခံကြောင်း ခြိမ်းခြောက်ပြောဆိုတာလုပ်ပါတယ်။

တည်မြဲမှုက 'လက်နက်ချရေး'၊ 'အပြုတ်တိုက်ရေး' သာဖြစ်သလို စစ်တပ်ကလည်း လက်နက်ချရေး အပြုတ်တိုက်ရေးသာဖြစ်ပါတယ်။ ဦးနု က ဒီကြားထဲက 'ငြိမ်းချမ်းရေး' ကို ကြွေးကြော်နေရပြီး 'လက်နက်ချရေး' အနှစ်သာရရောက်အောင် စကားလုံးဝေါဟာရ အမျိုးမျိုးပြောင်းပြီး လှုပ်ရှားနေတဲ့သဘောမျိုးဖြစ်နေပါတယ်။ စစ်တပ်တွင်းက ထိပ်သီးတော်တော်များများကဆိုရင်၊ ဦးနု ရဲ့ "သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာခွင့်

အမိန့်'' ပြဋ္ဌာန်းတာကိုတောင် သူပုန်တွေကို အလျှော့ပေးလွန်းတယ်ဆိုပြီး မရှုစိမ့်နိုင်၊ မကြိုက်နိုင်ဖြစ်ခဲ့ကြပါတယ်။

ဦးနုရဲ့ ဇွန် (၂၄) မိန့်ခွန်းကို အကြောင်းပြုပြီး ''မွန်ပြည်သူ့တပ်ဦး''က (၁၀) နှစ် (၁၀) မိုး လက်နက်ကိုင်တိုက်ပွဲဆင်နေရာကနေ လက်နက်ကိုင် တိုက်ပွဲလမ်းစဉ်ကို စွန့်လွှတ်ကြောင်း ကြေညာပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကြောင်း ကြေညာချက်ထုတ်ပြန်ပါတယ်။ ဇူလိုင် (၂၃) ရက်နေ့မှာ ထုတ်ပြန်လိုက်တဲ့ ကြေညာချက်မှာ ''ဥပဒေတွင်းတိုက်ပွဲကို တိုင်းရင်းသားပြည်သူတရပ်လုံးနှင့် လက်တွဲကာ ရဲရဲဝံ့ဝံ့ ဆက်လက်တိုက်ပွဲဝင်သွားမည်'' လို့ ဖော်ညွှန်းပြီး ပြည်တွင်းစစ်ရပ်စဲရမည်။ ပြည်တွင်းစစ် ရပ်စဲရမည်။ မွန်ပြည်နယ်ပေါ်ထွက်ရမည်လို့လည်း ကြွေးကြော်ထားပါတယ်။ သထုံ ဦးလှဖေရဲ့ ပအိုဝ့် အမျိုးသားလွတ်မြောက်ရေးအဖွဲ့လည်း ဥပဒေတွင်း ဝင်လာခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ကတော့ ဩဂုတ်လ (၁၁) ရက်နေ့ နေ့စွဲနဲ့ 'ပမညတ' ရဲ့ ''လက်နက်ကိုင်တော်လှန်ရေးအင်အားစုများသို့ ပန်ကြားချက်'' အပေါ် ပြန်စာပေးပို့ခဲ့ရင်း ကွန်မြူနစ်ပါတီရဲ့ သဘောထားအမှန်ကို ထုတ်ဖော်ခဲ့ပါတယ်။ ပမညတ ရဲ့ ဖိတ်ခေါ်ချက်အမှန်ကိုလေးစားကြောင်း၊ ဦးနုရဲ့ ဇွန် (၂၄) မိန့်ခွန်းမှာ ကြိုဆိုနိုင်တဲ့အချက်များပါကြောင်း၊ ဒါပေမယ့် လက်နက်ချအညံ့ခံရေးကို တောင်းဆိုထားတဲ့အတွက် လက်မခံနိုင်ကြောင်း၊ သင်ပုန်းချေနဲ့ တရားဝင်ခွင့်ပေးခြင်းတို့ဟာ ငြိမ်းချမ်းရေးအတွက် လမ်းပွင့်ကြောင်း၊ လက်နက်ချ အညံ့ခံရေးအပေါ်အခြေမခံရင် ယေဘုယျသဘောတူနိုင်ကြောင်း၊ ဆရာကြီးတို့ ငြိမ်းချမ်းရေးအဖွဲ့နဲ့တွေ့လိုကြောင်းနဲ့ နှစ်ဖက်ပြေလည်မှုရရှိနိုင်မည့် အခြားနည်းလမ်းများရှိရင် တင်ပြပါက စဉ်းစားမည်ဖြစ်ပါကြောင်း စသဖြင့်ဖော်ပြပါရှိခဲ့ပြီး ကွဲလွဲနေရမှုရဲ့အခြေခံကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ထားပါတယ်။ လက်နက်ချရေးအပေါ် အခြေမခံရင် ပြည်တွင်းစစ်ရပ်စဲရေးဟာ နှစ်ဦးနှစ်ဖက် သိက္ခာရှိရှိ ဆောင်ရွက်နိုင်တော့မယ့်အနေအထားမျိုး ဖြစ်ပါတယ်။

ဒီလို အနေအထားမျိုးကို တည်မြဲတွေက မလိုလားသလို စစ်တပ်တွင်း ဆိုရှယ်လစ်အနွယ် ထိပ်သီးကြီးများကလည်း ဘဝင်မကျနိုင်ဖြစ်ကြပါတယ်။ သူပုန်တွေကို အလျှော့ပေးလွန်းတဲ့ပေါ်လစီ၊ သောင်းကျန်းသူတွေကို လိုက်လျောလွန်းတဲ့ လုပ်ဆောင်ချက်လို့ မကျေမနပ်ပြောကြဆိုကြပါတယ်။

ဩဂုတ်လ လလည်မှာ ခေါ်ဆိုကျင်းပပေးရမြဲဖြစ်တဲ့ ဘတ်ဂျက်အစည်းအဝေးကိုလည်း ဖျက်သိမ်းလိုက်ပြီး သမတ အမိန့်နဲ့ အတည်ပြုရန်ဆုံးဖြတ်ကြောင်း၊ ဦးနုက ဦးဗဆွေ ဦးကျော်ငြိမ်း တို့ကို ခေါ်ယူတွေ့ဆုံပြောကြားခဲ့တဲ့အတွက်၊ မကျေမနပ်ဖြစ်နေခဲ့တဲ့ တည်မြဲများဟာ သန့်ရှင်းအစိုးရကို အမြန်ဆုံး ဖြုတ်ချပစ်ချင်နေခဲ့ကြပါတယ်။ (၈) မဲနဲ့ ကပ်ပြီးရှုံးလိုက်ရတဲ့အတွက် မခံချိမခံသာ ဖြစ်ခဲ့ကြတဲ့ တည်မြဲများဟာ ဘတ်ဂျက်အစည်းအဝေးမှာ ပြန်ပြီးအပြတ်တွယ်ဖို့ စဉ်းစား ပြင်ဆင်ထားတုန်းမှာ၊ ဦးနုက ဘတ်ဂျက် အစည်းအဝေးကို ဖျက်သိမ်းပြီး သမတ အမိန့်နဲ့ ဘတ်ဂျက်ကို အတည်ပြုဖို့ လုပ်လိုက်ပြန်တာကိုလည်း ဆွေ့ဆွေ့ခုန် ဖြစ်ခဲ့ကြပါတယ်။ ဦးနု ကလည်း ဘတ်ဂျက်အစည်းအဝေးခေါ်ရင် သူ့အတွက် အခြေအနေမလှနိုင်တာကို သိပြီးဖြစ်တဲ့အတွက် တမင်ရှောင်ကွင်းပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၁၁၀) ကို အသုံးပြုရင်း ဘယ်တုန်းကမှ အာဏာမယ်မယ်ရရ မရှိခဲ့တဲ့ သမတ ရဲ့ အရေးပေါ် တချက်လွှတ် ဥပဒေအမိန့်ဆိုတာကို ထုတ်ပြန်စေပြီး ကျင်ကျင်လည်လည် အသုံးချသွားဖို့ပြင်ပါတယ်။

ဦးနုက ပါလီမန်ကိုဖျက်သိမ်း၊ ဘတ်ဂျက်ကို သမတအမိန့်နဲ့ ကြေညာအတည်ပြုပြီး၊ ရွေးကောက်ပွဲသစ်လုပ်သွားရေးကို ဦးတည်ပါတယ်။ ပမညတ က ရွေးကောက်ပွဲသစ်လုပ်ရေးအတွက်ဆိုရင် ပျူစောထီးများ ဖျက်သိမ်းပေးရေးကို တောင်းဆိုပါတယ်။ ဩဂုတ် (၈) ရက်နေ့မှာ၊ ဗမာပြည်အရပ်ရပ်ရှိ တပ်မဟာမှူး

များ၊ ခရိုင်ရဲဝန်များအစည်းအဝေးကို တပ်မတော် ကပွဲရုံမှာကျင်းပပါတယ်။ အဲဒီအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၊ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူ နဲ့ ရဲချုပ်တို့ တက်ရောက်ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ပျူစောထီးတပ်မှန်သမျှ 'နုတင်' လူရော၊ ဆွေငြိမ်း လူပါ ထုတ်ပစ်ရေးအစီအစဉ်တွေ ဆွေးနွေးကြပါတယ်။ အစည်းအဝေးမှာ စစ်ဘက်အရာရှိကြီးများနဲ့ ရဲအရာရှိအများစုက 'ပျူစောထီး' တွေဟာ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးဆောင်ရွက်ရာမှာ အကူအညီရတဲ့အတွက် မဖျက်သိမ်းသင့်သေးကြောင်း ဆွေးနွေးတာတွေရှိခဲ့ပါတယ်။

သြဂုတ်လ (၁၅) ရက်နေ့မှာ ပြည်သူ့ရဲဘော်ပါတီက လက်နက်စွန့်ကြောင်း ကြေညာပြီး တရားဝင်ပါတီအဖြစ် ရပ်တည်လိုက်ပါတယ်။

သြဂုတ်လ (၁၉) ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲကျင်းပပြီး 'ဘတ်ဂျက်အစည်းအဝေး' ဖျက်သိမ်းကြောင်း ဦးနုက ကြေညာပါတယ်။ သြဂုတ် (၂၈) ရက်မှာ ကျင်းပမယ်လို့ ခေါ်ယူထားခဲ့တဲ့ အစည်းအဝေးကို သတ်မှတ်ရက် မတိုင်ခင် (၉) ရက်အလိုမှာ ဖျက်သိမ်းလိုက်တာဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ 'အလင်းဝင်လာသူတွေ များပြားတာနဲ့အမျှ သူတို့ကို ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လာနိုင်စေဖို့အတွက် အထွေထွေရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်ဖို့ ဒီလိုဆောင်ရွက်လိုက်ရပါတယ်လို့ ဆိုပါတယ်။

ဆွေငြိမ်းအုပ်က ကန့်ကွက်မှုတွေလုပ်ပါတယ်။ ဘတ်ဂျက်အစည်းအဝေးကို ဖျက်သိမ်းလိုက်တာဟာ ဦးနု ရဲ့ သူရဲဘောကြောင်မှုနဲ့ အာဏာအလွဲသုံးစားပြုမှုလို့လည်း စွပ်စွဲပြောဆိုပါတယ်။

သြဂုတ် (၂၇) မှာ ဆွေငြိမ်း တည်မြဲဖဆပလ အမတ်များက ဝန်ကြီးချုပ် ဦးနုဆီ ပါလီမန်ဘတ်ဂျက်အစည်းအဝေး ပြန်လည်ခေါ်ယူကျင်းပပေးဖို့ အမှာစာ တစောင်ပေးပို့ပြီး တောင်းဆိုခဲ့ကြပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၂၅ (၁) ကို ရည်ညွှန်းပြီး ဘတ်ဂျက်ကို ပါလီမန်လွှတ်တော်သို့ တင်ပြရေးမှာ မလွဲမသွေ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ကြောင်း၊ ဘတ်ဂျက်ကို သမတ အမိန့်နဲ့ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဘတ်ဂျက်အစည်းအဝေးကို ပယ်ဖျက်ခြင်းဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်ပြီး ပါလီမန်ဒီမိုကရေစီကို ဖျက်ဆီးပစ်ရာရောက်ကြောင်းလို့ ဝေဖန်ပါတယ်။

သြဂုတ်လ (၃၁) ရက်မှာ ဝန်ကြီးချုပ် ဦးနု ရဲ့ နေအိမ်ဝင်းအတွင်းမှာ သန့်ရှင်းဖဆပလ ရဲ့ နိုင်ငံလုံးဆိုင်ရာညီလာခံ လုပ်ပါတယ်။ အနယ်နယ်အရပ်ရပ်က သန့်ရှင်းညီလာခံ ကိုယ်စားလှယ်တွေ တက်ရောက်လာကြပါတယ်။

သန့်ရှင်း တည်မြဲ အကွဲနောက်ပိုင်း သန့်ရှင်း တည်မြဲ ပဋိပက္ခ အမြင့်ဆုံးအဆင့်ရောက်နေချိန်မှာ ကျင်းပတဲ့ညီလာခံဖြစ်ပါတယ်။ သန့်ရှင်း တည်မြဲ ကွဲပြီး သန့်ရှင်းအာဏာရချိန်ကစပြီး ပဋိပက္ခဟာ အဆက်မပြတ်ဖြစ်လာခဲ့ကြပါတယ်။ နိုင်ငံရေးပါတီ ဖဆပလ ကြီးကွဲသွားသလို ဖဆပလ လက်အောက်ခံ အလုပ်သမားအဖွဲ့အစည်းများဟာလည်း အတိအလင်း ကွဲသွားခဲ့ကြပါတယ်။ ဆွေငြိမ်းတို့ အုပ်စုက တီယူဘီစီ (TUBC) ကို ကိုင်ထားတဲ့အတွက် နုတင် တို့က ပြည်ထောင်စုအလုပ်သမားအဖွဲ့ (Union Labour Organization) (ယူအယ်လ်အို) ကို ထူထောင်လိုက်ပါတယ်။ အလုပ်သမားအချင်းချင်း ရိုက်ကြနှက်ကြတဲ့အထိ ကွဲကြပါတယ်။ ဆိပ်ကမ်းအလုပ်သမားတွေကြားမှာဆိုရင် ဆွေငြိမ်း လိုလားအုပ်နဲ့ ဗိုလ်မင်းခေါင် လိုလားအုပ်အကြား ရန်စောင်နေကြတဲ့အတွက် စစ်တပ်ချထားရတဲ့ အထိဖြစ်ခဲ့ပါတယ်။

စက်တင်ဘာ (၁) ရက်နေ့မှာတော့ တပြည်လုံးရှိပျူစောထီးတွေကို ဖျက်သိမ်းပြီး ရဲအဖွဲ့အောက်မှာ အရံရဲအဖြစ် ပြောင်းလဲဖို့ ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင် နဲ့ တပ်မတော်အရာရှိကြီးများ ခရိုင်ရဲဝန်များက သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

ဦးနု အိမ်ဝင်းအတွင်းမှာကျင်းပတဲ့ သန့်ရှင်းဖဆပလ ညီလာခံ ဒုတိယမြောက်နေ့မှာတော့ ဖဆပလ ညီလာခံ ဒုတိမြောက်နေ့မှာတော့ ဖဆပလ သန့်ရှင်းနယ် ကိုယ်စားလှယ်တွေက မြို့ပြအုပ်ချုပ်ရေး တာဝန်ရှိသူအချို့နဲ့ တပ်မတော်အရာရှိကြီးတချို့ဟာ ဆွေငြိမ်း အုပ်စုဘက်ကနေ ဘက်လိုက် ဆောင်ရွက်နေကြကြောင်း၊ အဲဒီလိုဆောင်ရွက်နေကြသူတွေကို တခြားနေရာများသို့ ပြောင်းရွှေ့ပေးဖို့ တပ်မတော် အရာရှိကြီးတွေရဲ့ အမည်နာမတွေပါ ထုတ်ဖော်ပြီး ပြစ်တင်ရှုတ်ချ တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဟံသာဝတီခရိုင်ဘက်က သန့်ရှင်းကိုယ်စားလှယ်ကဆိုရင် တပ်မတော်ဟာ ပြည်သူတွေရဲ့ အမှတ်တစ်ရန်သူဖြစ်တယ်လို့တောင် ကြေညာပြောဆိုတာတွေ ပေါ်ပေါက်ခဲ့ပါတယ်။ တပ်မတော်ဘက်က ဆတ်ဆတ်ထိမခံဖြစ်ခဲ့ပါတယ်။ အဲဒီလိုပြောဆိုချက်တွေအတွက် စွပ်စွဲပြောဆိုသူတွေကို အရေးယူပေးဖို့ တပ်မတော်ခေါင်းဆောင်တချို့က စက်တင်ဘာ (၃) ရက်မှာ ဦးနုဆီ သွားရောက်တိုင်တန်း ပြောဆိုခဲ့ကြပါတယ်။

ဦးနုက အဲဒီလို စွပ်စွဲပြောဆိုမှုတွေကို သူမသိရကြောင်း ငြင်းဆိုခဲ့သလို၊ စက်တင်ဘာ (၄) ရက်နေ့မှာ တပ်မတော်ကို လေပြေထိုးရင်း အသံလွှင့် ဖြေရှင်းခဲ့ပါတယ်။

"ပြောတဲ့ကိုယ်စားလှယ်များဟာ အခြေအနေအဖြစ်မှန်ကို မသိ၍ ဖြစ်သွားရပါကြောင်း၊ တပ်မတော်ဟာ တိုင်းပြည်အပေါ် ထာဝစဉ်သစ္စာရှိခဲ့ပါကြောင်း၊ သူပုန်ဘေးရန်ကြောင့် တိုင်းပြည် ချောက်ထဲကျရန် လက်နှစ်လုံးခန့် အလိုရှိခဲ့ရာမှ တပ်မတော်က ကြိုးပမ်း၍သာ ဘေးရန်အပေါင်းကို အောင်မြင်ခဲ့သည်မှာ အထင်အရှားဖြစ်ပါကြောင်း" လို့ချော့ခဲ့ပါတယ်။

ဒါပေမယ့် အစကတည်းက နုတင် ထက် ဆွေငြိမ်း ကို လိုလားခဲ့ကြသူများ၊ တည်မြဲ သံယောဇဉ် ပိုကြီးခဲ့ကြသူများ၊ ဆွေငြိမ်း နဲ့သာ နိုင်ငံရေးရပ်တည်ချက် ထပ်တူဖြစ်ခဲ့ကြသူများဟာ တပ်တွင်းထိပ်ပိုင်းမှာ အုံနဲ့ကျင်းနဲ့ရှိနေခဲ့ကြပြီး ဖြစ်တဲ့အတွက် ဦးနု ရဲ့ လေပြေထိုးချော့မြူမှုဟာ အရာရောက်နိုင်စွမ်း မရှိရုံသာမက၊ သူတို့ရဲ့ စစ်သွေးစစ်မာန် စစ်မီးလျှံကို ပိုမိုပြင်းထန်လာအောင် ယပ်ခတ်ပေးလိုက်သလို သာရှိခဲ့ပါတယ်။ လေပြေထိုးသံဟာ ဗိန်းမောင်းသံကို ကျော်လွှား ဖုံးလွှမ်းနိုင်ခြင်းမရှိခဲ့ပါ။

ခေါင်းမာဂိုဏ်းသား စစ်မာန်ကြီးသူတို့ရဲ့ အမြင်မှာ သန့်ရှင်း ဖဆပလ အစိုးရဟာ သူပုန်တွေကို အလျှော့ပေးလွန်းတယ်၊ သူပုန်တွေကို သင်ပုန်းချေ လွတ်ငြိမ်းခွင့်တွေပေးပြီး၊ ဥပဒေဘောင်အတွင်း ဆွဲသွင်း လက်ခံကြိုဆိုနေတာဟာလည်း စစ်တပ်အတွက် အန္တရာယ်ရှိလာနိုင်တယ်လို့ မြင်ပါတယ်။ အဓိကအားဖြင့် အပြုတ်တိုက်ရေး လေသံအစား ငြိမ်းချမ်းရေးလေသံပေးလာတာကို မနှစ်သက်နိုင်ခြင်း၊ သူပုန်တွေကို ဥပဒေဘောင်အတွင်းရောက်လာစေပြီး တရားဝင် ရပ်တည်လှုပ်ရှားလာမှာကို နဲနဲလေးမှ မရှုစိမ့်နိုင်ခြင်း၊ စစ်တပ်ရဲ့ အခန်းကဏ္ဍ တဖြည်းဖြည်း မှေးမှိန်လျော့ပါးသွားရမှာကိုလည်း လက်မခံနိုင်ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ အဲဒီလို မကျေနပ်နိုင်မှု မရှုစိမ့်နိုင်မှု အဖြစ်မခံနိုင်မှုကြီးတွေကို အတွင်းကြိတ်ရင်ထဲထားပြီး၊ ဦးနု အစိုးရရဲ့ ပြည်နယ်ဝန်ကြီး ခန့်ထားနည်းကိစ္စ၊ ဘတ်ဂျက်အစည်းအဝေးကို ဖျက်သိမ်းခြင်းကိစ္စတွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်နေတာအဖြစ် လက်ညှိုးထိုးပြပြီး ဦးနု ကို ဖယ်ရှားပစ်ချင်နေခဲ့ကြတာ ဖြစ်ပါတယ်။

ရှုံးနိမ့်ခဲ့တဲ့အတွက် မကျေနိုင် မချမ်းနိုင်ဖြစ်နေခဲ့ရတဲ့ တည်မြဲကလည်း ဦးနု ရဲ့ လုပ်ဆောင်ချက်တွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတယ်ဆိုတာကို အကြောင်းပြုပြီး အာဏာသိမ်းဖို့ စစ်တပ်ကို တိုက်တွန်းအားပေးပါတယ်။

စစ်တပ်ဟာ လုံလောက်တဲ့ အင်အားစုတခုဖြစ်နေပြီ၊ အခိုင်အမာ တိုးချဲ့တည်ဆောက်ထားတဲ့ အဖွဲ့အစည်းကြီးတရပ် ဖြစ်နေပြီဆိုတာကိုလည်း မှတ်ထင်ဆုပ်ကိုင်ခံယူထားပြီးပြီဖြစ်တဲ့အတွက် စစ်တပ်က

အာဏာသိမ်းယူရေးစိတ်ကူးဟာ စစ်တပ်ထိပ်သီးကြီး တော်တော်များများရဲ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းဖြစ်တည်လာခဲ့ပြီဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး တို့ဟာ စစ်တပ်က အာဏာသိမ်းယူရေး ဇာတ်လမ်းအတွက် အဓိက အရေးကြီးဇာတ်ဆောင်ကြီးတွေ ဖြစ်လာခဲ့ကြပါတယ်။

သန့်ရှင်းဖဆပလ ဘက်ကလည်း တပ်မတော်တွင်းက စစ်တပ်ထိပ်သီးကြီးတွေဟာ ဆွေငြိမ်း ဘက်တော်သားတွေ၊ ဆွေငြိမ်း သံယောဇဉ်ရှိသူတွေလို့ နားလည်သိမြင်ယူဆထားပြီးပြီ ဖြစ်ပါတယ်။

ဦးနု ရဲ့ ဖဆပလ သန့်ရှင်းအစိုးရဟာ ပါလီမန်ကို စက်တင်ဘာ (၂၉) ရက်နေ့မှာ ဖျက်သိမ်းပြီး၊ ဘတ်ဂျက်ကို သမတ အမိန့်နဲ့ စက်တင်ဘာ (၃၀) ရက်နေ့မှာ ပြဋ္ဌာန်းကာ အထွေထွေရွေးကောက်ပွဲသစ်ကို နိုဝင်ဘာလအတွင်း ကျင်းပပေးမယ်လို့ စက်တင်ဘာ (၂၂) ရက်နေ့မှာ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလို သန့်ရှင်းဖဆပလ က မဆုံးဖြတ်ခင်ကလေးမှာဘဲ စစ်တပ်က အာဏာသိမ်းယူရေးအတွက် ဆိုရှယ်လစ်ပါတီ ထိပ်သီးကြီးတွေဖြစ်ခဲ့ကြတဲ့ လက်ရှိတပ်တွင်း ထိပ်သီးတချို့က သူတို့ရဲ့ စစ်တပ်အာဏာသိမ်းယူရေးအစီအစဉ်ကို အခိုင်အမာ စီစဉ်ရေးဆွဲ ဆုံးဖြတ်ထားပြီးပြီဖြစ်ပါတယ်။

မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ရွှေ၊ မြောက်ပိုင်းတိုင်း စစ်ဦးစီးမှူး ဗိုလ်မှူးကြီးချစ်ခိုင်၊ မြောက်ပိုင်းတိုင်း တပ်မဟာမှူး ဗိုလ်မှူးကြီး ကြည်ဝင်း တို့ ပူးပေါင်းရေးဆွဲထားတဲ့ အစီအစဉ်က ကွတ်ခိုင်မှာ တပ်စွဲပြီး စစ်ဆင်ရေးဝင်နေတဲ့ အမှတ် (၄) သေနတ်ကိုင်တပ်ရင်းနဲ့ တနင်္သာရီက ခမရ (၁၀၆) ကို အသုံးပြုဖို့ ဆုံးဖြတ်ထားတယ်ဆိုပါတယ်။ တပ်ရင်းမှူးအမိန့်နဲ့ တပ်ရင်း (၄) ကို ကွတ်ခိုင်ကနေ ချပ်သင်း အမြန်ပြောင်းပြီး မြစ်ကြီးနားရထားနဲ့ မန္တလေးကို ချီစေဖို့၊ မန္တလေးမှာ တရက်ထား၊ တပ်သားကိုင်လက်နက်တွေကို မြို့တွင်း တိုက်ပွဲသုံး လက်နက်တွေနဲ့ လဲလှယ်ပြီး တပ်ဆင်စေဖို့၊ နောက်နေ့ တိုင်းမှူးကခေါ်ပြီး ရန်ကုန်မြေပုံထုတ်ပေးကာ စက်တင်ဘာ (၂၇) အရောက် ရန်ကုန်ကို ချီစေဖို့၊ မြေပုံပေါ်မှာ မှင်နီဝိုင်းပြထားတဲ့ ဝန်ကြီးချုပ်အိမ်နဲ့ တခြားဝန်ကြီးတွေ အိမ်ကိုဝိုင်းပြီး ဖမ်းဆီးဖို့လို့ဆိုပါတယ်။ တိကျတဲ့ စစ်ဆင်ရေးအစီအစဉ်ကို အသေးစိတ်ရေးဆွဲ ညွှန်ကြားထားတယ်ဆိုပါတယ်။ အဲဒီအစီအစဉ်ကို စစ်ရုံးကိုလည်း တင်ထားတယ်ဆိုပါတယ်။

အာဏာသိမ်းရေးအစီအစဉ်ကို ဗိုလ်မှူးချုပ်မောင်မောင် က ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီး ခင်ညို တို့ကို စက်တင်ဘာ (၂၀) ရက်မှာ အင်းယားလမ်းရှိ သူ့အိမ်မှာ ခေါ်ယူရှင်းပြတယ်ဆိုပါတယ်။ (၂၁) ရက်မှာ ဆက်ဆွေးနွေးပြီး သဘောတူကြပါတယ်။ တောင်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီး ဘလိတ် တဦးတည်းကပဲ ကန့်ကွက်ခဲ့တယ်ဆိုပါတယ်။

တပ်ရင်း (၁၀၆) က အင်းစိန်နယ်မြေကို သိမ်းဖို့ (၁၀၇) (၁၀၈) က ရန်ကုန်ကို တပ်ဖြန့်ပြီးသိမ်းဖို့ စီစဉ်ခဲ့ကြပါတယ်။ အဲဒီအစီအစဉ်အသေးစိတ်ကို အသေးစိတ် အစီရင်မခံစေကာမူ သူကိုင်ထားတဲ့ စစ်ထောက်လှမ်းရေးကတဆင့် ဗိုလ်ချုပ်ကြီးနေဝင်း သိနေခဲ့ပါတယ်။ အားလုံးကို လွှတ်ပေးထားပြီး လက်ပိုက်ကြည့်နေခဲ့ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အာဏာသိမ်းဖို့ စစ်တပ်ကို တည်မြဲက တိုက်တွန်းတာကြောင့်ရော၊ စစ်တပ်က အာဏာသိမ်းနိုင်တယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတာကြောင့်ပါ သန့်ရှင်းအစိုးရဘက်က ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင် ကလည်း ပြင်ဆင်မှုတွေပြုလုပ်ပါတယ်။ ဗိုလ်မင်းခေါင် ရဲ့ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာ စစ်ရဲတပ်ရင်း (၂၀) ကျော်ရှိတဲ့အနက် တပ်ရင်း (၆) ခု (၇) ခုဟာ ဗိုလ်မင်းခေါင်သြဇာရှိတဲ့ စစ်ရဲတပ်ရင်းတွေဖြစ်တယ်ဆိုပါတယ်။ ဗိုလ်မင်းခေါင်က သြဇာရှိတဲ့ စစ်ရဲတပ်ရင်း တချို့ကို ရန်ကုန်မြို့နားခေါ်ယူဖို့ ကြိုးစားပါတယ်။

အာဏာသိမ်းတပ်က မန္တလေးရှိ စစ်ရဲတပ်ကို ကွပ်ကဲတဲ့ ဗိုလ်မှူးကြီးကို ဖမ်းဆီးလိုက်တဲ့အခါ စစ်ရဲတပ် ဦးစီးဖြစ်တဲ့ ဗိုလ်မင်းခေါင် သတင်းကြားသိပြီး၊ ချက်ချင်းပဲ ပြန်ကြားရေးဝန်ကြီး သခင်ပန်းမြိုင် နဲ့အတူ ဗိုလ်ချုပ်ကြီးနေဝင်းဆီ သွားတွေ့ပါတယ်။ အာဏာသိမ်းအစီအစဉ်ကို တားပေးဖို့ တိုင်ကြားပြောဆိုပါတယ်။ ဗိုလ်ချုပ်နေဝင်းက "သူတို့ဒီလောက်လုပ်နိုင်မယ် မထင်ပါဘူး စောင့်ကြည့်ပါဦး" လို့ပြောတယ်ဆိုပါတယ်။ ဗိုလ်နေဝင်း ပြောင်လိမ်နေမှန်းသိတဲ့အတွက် ဗိုလ်မင်းခေါင်က ပြည်ထဲရေးဝန်ကြီးအနေနဲ့ နယ်ရှိ စစ်ရဲတပ် တချို့ကို ရန်ကုန်လာဖို့ အမိန့်ထုတ်ခေါ်ယူပါတယ်။ စစ်ရဲလက်နက်တိုက်က လက်နက်တွေကိုလည်း ထုတ်ယူပါတယ်။ ထုတ်ယူရရှိတဲ့ လက်နက်တွေက စစ်တပ်အင်အားနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မဖြစ်စလောက်ပဲ ရှိပါတယ်။ ၂ လက်မစိန်ပြောင်း (၆) လက်၊ ဘရင်းဂန်း (၈) လက်၊ စတင်းဂန်း (၂၉) လက်၊ ရိုင်ဖယ် (၁၄၅) လက်၊ ခြောက်လုံးပြူး (၆) လက်၊ လောင်ချာအမ်နိုင်း အေဝမ် (၆) လက်၊ လက်ပစ်ဗုံး (၂၈၉) လုံးနဲ့ ကျည်ဆံ (၂၃၆၀၀) ပဲ ရှိပါတယ်။

ဝန်ကြီးချုပ်ကိုယ်တိုင်က လုံခြုံရေးအကြောင်းပြချက်နဲ့ လူမျိုးစုတွေပါဝင်တဲ့ စစ်ရဲတပ်ရင်း တချို့ကို ရန်ကုန်မြို့ကို လွှဲပြောင်းပေးဖို့ အကြံပြုတာကိုလည်း စစ်တပ်က နည်းဗျူဟာနဲ့ စစ်ဆင်ရေးဆိုင်ရာ အကြောင်းပြပြီး ကန့်ကွက်ပါတယ်။ ဒါပေမယ့် သန့်ရှင်း ဖဆပလ ခေါင်းဆောင်တွေက လက်ရွေးစင် ပျူစောထီး တပ်ဖွဲ့တချို့ကို ရန်ကုန်မြို့ကို ခေါ်ယူပြီး အရေးပေါ်အခြေအနေဖြစ်လာရင် အသုံးပြုဖို့ စီစဉ်ထားပါတယ်။ လယ်ယာ သစ်တောဝန်ကြီး သခင်ကျော်ထွန်း ရဲ့ သစ်တောကာကွယ်ရေးတပ်ဖွဲ့တွေကို တပ်လှန့်ထားပါတယ်။ ပြန်လည်ထူထောင်ရေးတပ်နဲ့ ပြည်သူ့ရဲဘော်ပါတီဝင်တွေကိုလည်း အရေးပေါ်အခြေအနေအတွက် အသင့်ပြင်ဆင်ထားစေခဲ့ပါတယ်။

တပ်မတော်နဲ့ သန့်ရှင်းဖဆပလ အစိုးရရဲ့အစီအစဉ်တွေဟာ ထိပ်တိုက်သဘောဆောင်လာပါတယ်။ စစ်တပ်က အာဏာသိမ်းဖို့ ကြံစည်ပြင်ဆင်နေပြီဆိုတဲ့အသံတွေ လူထုကြားအထိ ပျံ့နှံ့လာသလို၊ ဖဆပလ သန့်ရှင်းအစိုးရဘက်က ဖြစ်နိုင်သမျှ လူသူလက်နက် စုဆောင်းပြင်ဆင် ဆောင်ရွက်လာတာတွေလည်း ထင်ထင်ရှားရှားဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီတုန်းက အနေအထားကို အထောက်တော်အုန်းမြင့်လို ပုဂ္ဂိုလ်က "ခက်ဖွယ်ရယ်ကြုံပါတယ်။ လက်နက်ကယ်စုံအညီနဲ့" လို့ ရေးသားပါတယ်။

တပ်မတော်တွင်းက စစ်တပ်ထိပ်သီးကြီးတချို့က စစ်တပ်အာဏာသိမ်းရေးအစီအစဉ်ကို ရေးဆွဲ စီစဉ် ဆောင်ရွက်ကြတာလည်း အမှန်တကယ်ဖြစ်ပေါ်ခဲ့သလို၊ သန့်ရှင်းဖဆပလ ခေါင်းဆောင်များက စစ်တပ်ရဲ့ ခြေလှမ်းများကို အချိန်မီတားဆီးကာကွယ် တုန့်ပြန်နိုင်ဖို့လိုတယ်လို့ သိမြင်ပြီး လိုအပ်တဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေကို လုပ်ကိုင်ဖို့ စီစဉ်ကြတာလည်း အမှန်ပဲဖြစ်ခဲ့ပါတယ်။

(၈) မဲထဲနဲ့ ကပ်ရှုံးခဲ့ရတဲ့ တည်မြဲဖဆပလ ကလည်း မစားရတဲ့အမဲ သဲနဲ့ပက်သလို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချိုးဖောက်နေတယ်ဆိုတာအကြောင်းပြပြီး အာဏာကိုသိမ်းယူလိုက်ဖို့ စစ်တပ်ကို တိုက်တွန်း အားပေးအားမြှောက်လုပ်နေခဲ့ပါတယ်။

စက်တင်ဘာ (၂၂) ရက်နေ့မှာ တပ်မတော်က လက်နက်ကိုင်တပ်ဖွဲ့များရဲ့ လှုပ်ရှားမှုတွေကို တားဆီး ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ စတင်လှုပ်ရှားလာပါတယ်။ ရန်ကုန်မြို့အဝင် ထောက်ကြံ့ဂိတ်ကနေ ပိတ်ဆို့ရှာဖွေပြီး ရန်ကုန်မြို့ကို ဝင်ရောက်လာကြတဲ့ စစ်ရဲတပ်သားတွေကို လက်နက်သိမ်းဆည်းတာ၊ မူလ နေရာပြန်သွားခိုင်းတာတွေ လုပ်ပါတယ်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်ရဲ့ တန်ပြန်စစ်ပြင်ဆင်နေတာတွေ အပေါ် ဗိုလ်မှူးကြီး အောင်ကြီးနဲ့ ဗိုလ်မှူးကြီးမောင်မောင်က မကျေမနပ်နိုင်ဖြစ်ပြီး၊ ဝန်ကြီးချုပ် မန္တလေးခရီးထွက်နေတဲ့အတွက်၊ ဝန်ကြီးချုပ်ရဲ့

အတိုင်ပင်ခံ ဦးအုန်း ကို စစ်ခုံရုံးဆင့်ခေါ်ပြီး၊ "သန့်ရှင်းအစိုးရက စစ်ရဲတွေသုံးပြီး စစ်တပ်ကို ဖြိုခွဲဖို့ အာဏာသိမ်းဖို့ စီစဉ်နေတာ ရပ်ဆိုင်းဖို့" ကြိမ်းမောင်းတယ်ဆိုပါတယ်။ "သန့်ရှင်းက တပ်ကိုရန်ပြုလို့ တပ်က သည်းမခံနိုင်လို့ လှုပ်ရှားနေတာ" လို့လည်း ပြောတယ်ဆိုပါတယ်။

စက်တင်ဘာ (၂၃) ရက်မနက်မှာ ဗိုလ်မင်းခေါင်ဟာ ဗိုလ်မှူးအောင် နဲ့အတူ ဗိုလ်ချုပ်ကြီးနေဝင်းကို ဒုတိယအကြိမ်အဖြစ်သွားပြီး တွေ့ကြပြန်ပါတယ်။ အကျိုးအကြောင်း ပြောဆိုကြပြန်ပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်း က ဒီကိစ္စသူမသိပါ။ ဗိုလ်အောင်ကြီး နဲ့ ဗိုလ်မောင်မောင် တို့ သိပါလိမ့်မယ်။ သူတို့ (၂) ဦးကို ဝန်ကြီးချုပ်နဲ့တွေ့ဖို့ တင်ပြဖို့ စေလွှတ်ပေးပါမယ့်လို့ ဖြေတယ်ဆိုပါတယ်။ ဗိုလ်မှူးချုပ်မောင်မောင် နဲ့ ဗိုလ်မှူးကြီး အောင်ကြီး တို့ ပြည်ပခရီးသွားနေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီ (၂၃) ရက်နေ့မှာပဲ စစ်တပ်က အင်းစိန်မြို့နယ်မှာရှိတဲ့ သန့်ရှင်းဖဆပလ ရုံးတချို့ကို လက်နက်နဲ့ဝိုင်းပြီး သိမ်းပိုက်ထားကြပြီးပြီဖြစ်ပါတယ်။ ခရမ်းမြို့ကိုလည်း စစ်တပ်ကသိမ်းပိုက်ထားပြီးပြီလို့ ထွန်းနေ့စဉ်သတင်းစာက စက်တင်ဘာ (၂၄) ရက်နေ့ထုတ်မှာ ဖော်ပြလိုက်ပါတယ်။ ဗိုလ်တထောင်သတင်းစာမှာလည်း ခရမ်းမြို့ကို စစ်တပ်က သိမ်းပိုက်လိုက်ပြီလို့ ဖော်ပြပါရှိခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနု မန္တလေးက ပြန်ရောက်ရောက်ချင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်က စစ်တပ်က အာဏာသိမ်းဖို့ စီစဉ်နေတဲ့သတင်းကို ပေးပါတယ်။ ဝန်ကြီးချုပ်ဦးနု ထွက်ပြေးတိမ်းရှောင်ချင် တိမ်းရှောင်နိုင်ဖို့ လေယာဉ်ပျံတစင်း အဆင်သင့်လုပ်ထားတာကိုလည်း တင်ပြပါတယ်။ ဦးနုက ဗိုလ်မှူးချုပ်မောင်မောင်နဲ့ ဗိုလ်မှူးချုပ်အောင်ကြီး ကို သူ့ဆီခေါ်ခဲ့ဖို့ ဗိုလ်မင်းခေါင်ကို အမိန့်ပေးပါတယ်။

ပါတီအဖွဲ့အစည်းပေါင်း (၁၇) ဖွဲ့နဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ် (၉) ဦးတို့ ပါဝင်ရေးဆွဲထုတ်ဝေလိုက်တဲ့ "တပ်မတော်သည် ပြည်သူ့အတွက်ဖြစ်ပါစေ" ဆိုတဲ့ ကြေညာချက်လည်း ထွက်ပေါ်လာခဲ့ပါတယ်။

စက်တင်ဘာ (၂၄) ရက်မှာပဲ ပြည်ပခရီးက ပြန်ရောက်လာတယ်ဆိုတဲ့ ဗိုလ်မှူးချုပ်မောင်မောင်နဲ့ ဗိုလ်မှူးချုပ်အောင်ကြီး တို့နှစ်ယောက် ဦးနု နဲ့ လာရောက်တွေ့ဆုံပါတယ်။ သူတို့က "ဘတ်ဂျက်ဥပဒေကြမ်း တင်သွင်းရေးအတွက် လွှတ်တော်ခေါ်ယူကျင်းပခြင်းဟာ နိုင်ငံရေးတင်းမာမှုကို လျော့ပါးစေမယ့် လုပ်ဆောင်ချက်တရပ်ဖြစ်နိုင်တယ်" လို့ပြောတယ်ဆိုပါတယ်။ "သန့်ရှင်းက ရဲဘော်ဖြူနဲ့ပေါင်းပြီး တပ်ကိုဖျက်ရန် စကြံတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုတောင် လုပ်ကြံရန် ကြံစည်လို့ တပ်ကမခံနိုင်တဲ့အတွက် အုံကြွကာ လှုပ်ရှားနေခြင်းဖြစ်ပါတယ်။ မိမိတို့က ငြိမ်သက်အောင် ပေါက်ကွဲမှုမရှိအောင် ထိန်းနေရပါတယ်။ တပ်ကို လှန့်ထားရပါတယ်။ ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မယ်မသိပါ"လို့လဲ စွပ်စွဲတိုင်တန်းပြောဆိုတယ်ဆိုပါတယ်။

စက်တင်ဘာ (၂၅) ရက်နေ့မှာတော့ စစ်တပ်က ရန်ကုန်တဝိုက်ကို သိမ်းပြီး ကင်းပုံးချတာ၊ လေဆိပ်ကို သိမ်းပြီး အမြောက်တွေဆင်တာလုပ်ပါတယ်။ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်တွင်း၊ ကျိုက်လတ်၊ ဘိုကလေး စတဲ့မြို့တွေကိုလည်း သိမ်းထားလိုက်ကြပါတယ်။ ပြည်ထဲရေးဝန်ကြီးရဲ့ ဆင့်ခေါ်ချက်အရ ဆင်းလာတဲ့ စစ်ရဲတပ်တွေကိုလည်း လမ်းခရီးကနေ ဆီးဖမ်းတာလုပ်ပါတယ်။ အင်းစိန်ခရိုင်ဝန်၊ ရဲဝန်တို့ကိုလည်း ထိန်းသိမ်းထားလိုက်ပြီး စုံထောက်ရုံးနဲ့ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးရုံးကိုလည်း သိမ်းပိုက်ထိန်းချုပ်ထားလိုက်ပါတယ်။ စစ်တပ်က အာဏာသိမ်းလိုက်ပြီလို့ မကြေညာဘဲနဲ့ ယာယီလက်ဦးမှုရှိရှိ သိမ်းထားလိုက်ခြင်းဖြစ်ပါတယ်။

ပါရမီရိပ်သာမှာတော့ အမှတ် (၄) တပ်ရင်းရဲ့ တပ်ခွဲတခွဲကို အင်းယားလိပ်ဟော်တယ်ဆောက်နေတဲ့ ပြန်လည်ထူထောင်ရေးတပ်က တပ်သား (၅၀၀) လောက်က လက်နက်အနည်းငယ်နဲ့ခုခံပြီး ဝိုင်းထား

လိုက်နိုင်ပါတယ်။ ကျန်နေရာတော်တော်များများကို စစ်တပ်က အပေါ်စီးယူ ထိန်းချုပ်ထားပြီးပြီဖြစ်ပါတယ်။

စက်တင်ဘာ (၂၅) ရက်နေ့မှာပဲ ဝန်ကြီးချုပ်ဦးနု ဟာ သန့်ရှင်းခေါင်းဆောင်အားလုံးစုံနဲ့ ခေါ်ယူဆွေးနွေးနိုင်ခြင်းမရှိတော့ဘဲ၊ ခေါင်းဆောင်တချို့နဲ့သာ တိုင်ပင်ဆွေးနွေးပြီး လမ်းရွေးဖို့ပြင်ရပါတော့တယ်။ ဦးနု ရွေးလိုက်ရတဲ့လမ်းက စစ်တပ်ကို ပြန်လည်ခုခံတိုက်ခိုက်ခြင်းမလုပ်ဘဲ တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်ပေးဖို့ ကတိပြုခိုင်း၊ သဘောတူညီချက်နဲ့ အခြေအနေတွေ ပြန်လည်ကောင်းမွန်လာတဲ့အခါကျမှ နိုင်ငံရေးအာဏာကို ရွေးကောက်ပွဲနည်းနဲ့ ပြန်လည်ရယူနိုင်ရေးလမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ကိုယ့်အတွက် အခွင့်အလမ်းသာစေနိုင်တယ်လို့လည်းယူဆပြီး ဦးနု ဟာ ဖဆပလ သန့်ရှင်းခေါင်းဆောင် (၅) ဦးနဲ့ပဲ တိုင်ပင်ညှိနှိုင်းပြီး အာဏာလွှဲပြောင်းပေးရေးဆုံးဖြတ်ချက်ကို ဆုံးဖြတ်လိုက်ရတယ်လို့ဆိုပါတယ်။

စက်တင်ဘာ (၂၆) ရက် မနက် (၉) နာရီ ကျော်ကျော်လောက်မှာ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်တင်ဖေ တို့ (၃) ဦး ဝန်ကြီးချုပ်အိမ်ကို ရောက်လာပြီး ဦးနု နဲ့တွေ့ပါတယ်။ ဦးနု နဲ့အတူ ဒုဝန်ကြီးချုပ် သခင်တင်၊ ဗိုလ်မင်းခေါင်၊ ဦးတင်မောင် တို့ ရှိနေတယ်လို့ဆိုပါတယ်။

ဦးနုက "ခင်ဗျားတို့မြို့တွင်းမှာ တင့်ကားတွေ သံချပ်ကာကားတွေ၊ အမြောက်ကြီးတွေနဲ့ ဘာလုပ်ကြတာလဲ" လို့ စမေးပါတယ်။

"တပ်မတော်က အာဏာသိမ်းလိုက်ပါပြီ၊ အချက်အချာကျနေရာတွေမှာ တပ်စွဲထားပါတယ်။ အဲဒါကြောင့် ဝန်ကြီးတွေ ရုံးမတက်ကြပါနဲ့" လို့ စစ်ဗိုလ်များက ဖြေတယ်ဆိုပါတယ်။

ဦးနုက "အာဏာမသိမ်းကြနဲ့၊ တပ်ရော တိုင်းပြည်ပါ နံမယ်ပျက်မယ်၊ လက်ရှိအစိုးရကို လက်မခံနိုင်ရင် တရားမျှတတဲ့ရွေးကောက်ပွဲကို ကျင်းပပေးပါမယ်လို့ စစ်တပ်ကကတိပေးရင် စစ်တပ်ကို အာဏာလွှဲပေးမယ်၊ ဒီလို အာဏာလွှဲပေးဖို့အတွက် လွှတ်တော်ကိုခေါ်လိုက်မယ်၊ ဝန်ကြီးချုပ်ရာထူးကထွက်ပြီး လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်း ကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်အောင် အဆိုတင်ပေးပါမယ်" လို့ပြောတယ်။ ဆိုပါတယ်။

ဦးနု က အဲဒီအချက်တွေကို စာနဲ့ရေးပြီးပေးလိုက်တဲ့အခါ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်တင်ဖေ တို့ဟာ "ဗိုလ်ချုပ်ကြီးနေဝင်း ကို မေးပါရစေဦး" ဆိုပြီး စာကိုလက်ခံရယူပြီး ပြန်သွားကြတယ်ဆိုပါတယ်။

အာဏာတောင်းပွဲ မအောင်မြင်ဘူး ဆိုရင် အကြမ်းဖက် အာဏာသိမ်းဖို့၊ ဝန်ကြီးချုပ်အိမ်ကိုလည်း အမြောက်ကြီးတွေနဲ့ ချိန်ထားပြီးဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း က ဦးနု ရဲ့ အစီအစဉ်ကို လက်ခံသဘောတူလိုက်ပါတယ်။ အစကတည်းက ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး တို့ရဲ့ အာဏာသိမ်းရေးအစီအစဉ်တွေကို အသေးစိတ် သိရှိနေပြီးဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်း ဟာ ဦးနု ကိုယ်တိုင် ပြုစုရေးသားပေးတယ်ဆိုတဲ့ အပြန်အလှန်ပေးစာ (၂)စောင်အပေါ် ခေါင်းညိတ်သဘောတူပေးလိုက်ရုံနဲ့ အာဏာကို ရရှိပြီးသားဖြစ်သွားပါတယ်။

စက်တင်ဘာ (၂၆) ရက်နေ့ညမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ရဲ့ အရေးကြီးမိန့်ခွန်း မြန်မာအသံရေဒီယိုကနေ ထွက်ပေါ်လာပါတယ်။ "၅၉ ခုနှစ်၊ ဧပြီလမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီး ကျင်းပပေးရန် ဗိုလ်ချုပ်ကြီးနေဝင်း ကို ဖိတ်ကြားကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းက လက်ခံတဲ့အတွက် ဝမ်းသာကြောင်းနဲ့ ပြည်သူလူထုကြီးက ဗိုလ်ချုပ်ကြီးနေဝင်း ကို လက်ခံကြစေလိုကြောင်း" လို့ ဦးနု က ပလီပလာ ပြောရပါတော့တယ်။ အာဏာသိမ်းခံရတာကိုပဲ သူကိုယ်တိုင်က လိုလိုလားလားဖိတ်ကြားပြီး တိုင်းပြည်ရဲ့ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံ အပ်နှံလိုက်ရတဲ့ပုံမျိုး ဖော်ကျူးသွားခဲ့ပါတယ်။

ဦးနု နဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တို့ အပြန်အလှန်ရေးကြတယ်ဆိုတဲ့ စာ (၂) စောင်ဆိုတာကိုလည်း သူဟာသူ ပြုစုပြီး ဖတ်ကြားဖော်ပြသွားပါတယ်။ စစ်တပ်ရဲ့ အာဏာသိမ်းပွဲကို ဖိတ်မန္တကပွဲဖြစ်အောင် အစွမ်းကုန် သရုပ်ဆောင်ပေးခဲ့ပေမယ့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု ရဲ့အသံဟာ မောသံပါနေခဲ့တယ် လို့ဆိုကြပါတယ်။ အာဏာသိမ်း အခါက တပ်တတပ်အဖြစ် သတ်မှတ်ထားတဲ့ အမှတ် (၄) သေနတ်ကိုင်တပ်ရင်းဟာ ရန်ကုန်ကို သိမ်းပြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးဝန်ကလေးတွေကို ဖမ်းဆီးဖို့ မန္တလေးကနေ အရှိန်ပြင်းပြင်းနဲ့ ချီတက်လာတာ ဝက်ထီးကန်ရောက်မှ၊ ခမရ (၁၀၁) နဲ့ တွေ့မှ အကျိုးအကြောင်းသိရပြီး ပြန်တပ်ခေါက်သွားရတယ်လို့ ဆိုပါတယ်။

ဆိုရှယ်လစ်ထိပ်သီးဟောင်း စစ်ဗိုလ်ကြီးတသိုက်ရဲ့ စစ်တပ်ရဲ့ အာဏာသိမ်းရေး အကြံအစည်ဟာ တစိတ်တပိုင်းအားဖြင့် အောင်မြင်ထမြောက်သွားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဦးနုက အာဏာကိုလွှဲပြောင်း ပေးဖို့ သဘောတူလိုက်တဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲကျင်းပပေးဖို့ သဘောတူလိုက်ရတဲ့ အတွက် အိမ်စောင့်အစိုးရအဖြစ်နဲ့ပဲ ဖွဲ့စည်းရမှာဖြစ်တဲ့အတွက် တစိတ်တပိုင်းအားဖြင့် ထင်သလို လွတ် လွတ်ကျွတ်ကျွတ် အာဏာကို ရေရှည်ဆုပ်ယူနိုင်ခွင့်မရဘူး ဖြစ်သွားရပါတယ်။

၁၉၅၈ ခုနှစ်၊ စက်တင်ဘာ (၂၆) ရက်နေ့ အဖြစ်အပျက်ဟာ ဗမာပြည်သမိုင်းမှာ ပထမဆုံးအကြိမ် "စစ်တပ်အာဏာသိမ်းမှု" စစ်စစ်၊ "စစ်တပ်အာဏာသိမ်းမှုကြီး" အစစ်ဖြစ်ပါတယ်။ တကယ်လည်း ပြင်ဆင်ခဲ့သလို တကယ်လည်း သိမ်းပိုက်ဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဝန်ကြီးချုပ် ဦးနုရဲ့ နိုင်ငံရေး ကုလားဖန်ထိုးကောင်းမှုကြောင့် တနည်းအားဖြင့် နိုင်ငံရေးကစားကွက် ဉာဏ်နီဉာဏ်နက်မျိုးစုံကြောင့် "စစ်တပ်အာဏာသိမ်းမှု" ဟာ "စစ်တပ်အာဏာလွှဲပြောင်းမှု" အဖြစ်ပုံပေါ်လာပါတယ်။

စစ်တပ်ဘက်က ကြည့်မယ်ဆိုရင် ရေရှည်အာဏာ ဆုပ်ကိုင်ခွင့်မရလိုက်ပေမယ့် "အာဏာလည်း ရသေး၊ ကျေးဇူးရှင်လည်း ဖြစ်လိုက်ရသေး" အသိမ်းခံရသူကိုယ်တိုင်က ချီးကျူးထောပနာပေးတာတောင် အဆစ်ရလိုက်သေး" လို့ ပြောရမှာဖြစ်ပါတယ်။ ဗိုလ်နေဝင်းကတော့ အလိုအလျောက် စင်ပေါ်ရောက်ပြီး နှစ်ပြန်အမြတ်ထွက်သွားခဲ့ပါတယ်။

ဦးနုဘက်က ကြည့်မယ်ဆိုရင် အာဏာသိမ်းခံလိုက်ရလို့ အာဏာကိုမပေးချင်ဘဲနဲ့ ပေးလိုက်ရတာ အရှုံးဖြစ်ပေမယ့်၊ ပါလီမန်ကိုမဖျက်သိမ်းရဘဲ၊ ရွေးကောက်ပွဲကျင်းပရေးကတိကို အပိုင်ကိုင်ပြီး အခြေအနေတွေ ကောင်းမွန်လာတဲ့အခါမှာ နိုင်ငံရေးအာဏာပြန်ယူနိုင်မယ်။ အာဏာသိမ်းခံရတယ်ဆိုတာထက် အာဏာကို လွှဲပြောင်းပေးလိုက်ရတယ်ဆိုတာက ပိုသင့်လျော်တယ်လို့ယူဆခဲ့ပါတယ်။ ဒါကြောင့် အာဏာကို လွှဲပြောင်း ပေးအပ်တဲ့ပုံပေါ်အောင် သရုပ်ဖော်ခဲ့ပါတယ်။ ပါလီမန်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမပျက်ပဲ အာဏာကို ယာယီလွှဲပြောင်းပေးလိုက်ရခြင်းဟာ လုံးဝဥဿုံ အာဏာသိမ်းခံရတာနဲ့စာလျှင် တော်သေးတယ်လို့ တွက် ဆခဲ့တယ်။ ဒါကြောင့် သူကိုယ်တိုင်အဆိုပြုပြီး သူကိုယ်တိုင် အိမ်စောင့်အစိုးရဖွဲ့ပေးဖို့ မေတ္တာရပ်ခံတဲ့ပုံစံ ချိုးခဲ့ပါတယ်။ 'စစ်တပ်အာဏာသိမ်းမှု' ကြီးကို ဖွဲ့စည်းအုပ်ချုပ်ပုံဘောင်အတွင်း မဝင်ဝင်အောင် ကုလားဖန် ထိုးပေးပြီး အရောင်တင် သိက္ခာဆည်ပေးခဲ့ပါတယ်။ စစ်တပ်ကို သိက္ခာဆည်ပေးခြင်းဟာ သူ့ကိုယ်သူလည်း သိက္ခာဆည်ပြီး ဖြစ်သွားတယ်လို့ ယူဆခဲ့ပုံရပါတယ်။

ဦးနု ချိုးပေးတဲ့လမ်းကြောင်းကို ဗိုလ်ချုပ်ကြီးနေဝင်းက သဘောကျသလို၊ အာဏာသိမ်းချင်သူ၊ ကာယကံမြောက် အာဏာလာတောင်းသူ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီးတို့ ကလည်း နောက်ပိုင်းမှာ ခံတွင်းတွေ့ခဲ့ပါတယ်။ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး တို့က နောက်ပိုင်းမှာ "စစ်တပ်က အာဏာသိမ်းတာမဟုတ်၊ အာဏာကို လွှဲပြောင်းရယူတာသာဖြစ်တယ်လို့" ခပ်တည်တည်

ပြောင်လိမ်ပြောင်စား ဝါဒဖြန့်ချိ ပြောဆိုတာတွေ အဆက်မပြတ် လုပ်ခဲ့ပါတယ်။

ဒီအာဏာသိမ်းမှုကြီးကို "ဝင်ဒါမီယာအာဏာသိမ်းမှုကြီး" "ကြိတ်ဝိုင်းအာဏာသိမ်းမှုကြီး" လို့ စာနယ်ဇင်းတချို့ တိုးတက်တဲ့ စာရေးဆရာတချို့က အတိအလင်း ကင်ပွန်းတပ်ခဲ့ကြသလို၊ ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြတဲ့ လူပုဂ္ဂိုလ် နိုင်ငံရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်ခဲ့ပါတယ်။ "အခုဖြစ်တာကတော့ စစ်တပ်ကအာဏာသိမ်းခြင်းပဲ" လို့ ဒေါက်တာဗမော် က မြန်မာ့အလင်းသတင်းစာမှာ ပြောဆိုခဲ့သလို၊ 'ပြည်သူ့ရဲဘော်' များကလည်း 'စစ်တပ်အာဏာသိမ်းမှု' ကြီးလို့ ဖော်ထုတ်ကန့်ကွက်ခဲ့ပါတယ်။

ဦးနု ရဲ့ သန့်ရှင်းဖဆပလကို ထောက်ခံပံ့အောခဲ့တဲ့ 'ပမညတ' ကလည်း "လက်နက်နဲ့အာဏာသိမ်းခြင်းကို ကန့်ကွက်ကြ" ဆိုတဲ့ စာတန်းကို နာရီမဆိုင်း ထုတ်ပြန်ခဲ့ပြီး၊ ပမညတ က ဦးနု နဲ့ တွေ့တဲ့အခါ ပြင်းပြင်းထန်ထန် ဝေဖန်ပါတယ်။

ဦးနုက တိုင်ပင်ခြင်းမပြုနိုင်တာ မိမိအမှားဖြစ်ကြောင်း၊ သို့သော် သန့်ရှင်းခေါင်းဆောင်တွေနဲ့တောင် မတိုင်ပင်နိုင်တော့ဘဲ၊ ခေါင်းဆောင် (၅) ဦးသာ တိုင်ပင်ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ကြောင်းနဲ့ လွှတ်တော်မှာ မဲခွဲစဉ်က 'နုတင်' တို့ အနိုင်ရရင် (၅) မိုင်သာ ပိုင်စေရမယ်လို့ ဆွေငြိမ်းတို့ရဲ့ ကြိမ်းဝါးချက်အတိုင်း လက်နက်ကိုင်များရဲ့ နှိပ်စက်မှုကို ဗိုလ်နေဝင်းကို အာဏာပေးမှသာ တားဆီးနိုင်မှာဖြစ်လို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ရှင်းပြတယ်လို့ဆိုပါတယ်။

နိုင်ငံရေးအစဉ်အလာကြီးမားတဲ့ ကျောင်းသားထုက "စစ်တပ်အာဏာသိမ်းယူခြင်း"ကို အလုပ်ရှားဆုံး ကန့်ကွက်ဆန္ဒပြကြပါတယ်။ 'တကသ' အဆောက်အဦးမှာ ဗကသများအဖွဲ့ချုပ်၊ ရကသ၊ တကသ တို့က ကြီးမှူးပြီး အမှုဆောင်တွေ တွေ့ဆုံဆွေးနွေးကြကာ "စစ်တပ်မှ အာဏာသိမ်းခြင်းနှင့်ပတ်သက်၍ သဘောထား" ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ စစ်တပ်က အာဏာသိမ်းသည့်အတွက် ငြိမ်းချမ်းရေးကို အလှမ်းဝေးစေပြီး ငြိမ်းချမ်းရေးမလိုလားသော ဆွေငြိမ်းနှင့် နယ်ချဲ့သမားတို့၏ အလိုကျဖြစ်စေကြောင်း၊ ယင်းသို့ အာဏာသိမ်းခြင်းမျိုးကို ခွင့်ပြုလျှင် အာဏာကို ပြည်သူ့ထံမှမဟုတ်ဘဲ အဓမ္မအာဏာသိမ်းသည့် အစဉ်အလာ ပေါ်လာမည်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီအခွင့်အရေးများကို အတားအဆီးဖြစ်လာမည်ဖြစ်ကြောင်း" ဖော်ပြခဲ့ကြပါတယ်။ စက်တင်ဘာ (၂၈) ရက်နေ့မှာ ကြေညာချက်ကိုထုတ်ပြန်ခဲ့ပါတယ်။

စက်တင်ဘာ (၂၆) ရက်ညမှာ ဦးနု အာဏာလွှဲပြောင်းပေးရေး ကြေညာပြီးတဲ့နောက် စစ်တပ်က မော်လမြိုင်နဲ့ ပြည်မြို့တွေမှာ နိုင်ငံရေးသမားတချို့ကို ဖမ်းဆီးတာ၊ ရေလမ်း ကုန်းလမ်း တလျှောက် အသွားအလာတွေကို စစ်ဆေးမေးမြန်း ရှာဖွေတာတွေ လုပ်ပါတယ်။ ဒါကြောင့် စက်တင်ဘာ (၂၉) ရက်မှာ ဗကသ၊ တကသ၊ ရကသ တို့ကနေ "တုံ့လှုပ်ခြောက်ခြားအောင်မလုပ်ပါနှင့်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကြေညာချက် ထုတ်ပြန်ကန့်ကွက်ပါတယ်။

စက်တင်ဘာ (၃၀) မှာလဲ သမဂ္ဂကြီး (၃) ခုက ဦးစီးပြီး ကျောင်းသားထုအစည်းအဝေးတရပ် တကသ အဆောက်အဦးမှာ ထပ်မံခေါ်ယူကျင်းပပါတယ်။ အစည်းအဝေးအပြီးမှာ ဘတ်(စ်)ကား (၂၆) စီးနဲ့ မြို့တွင်းကို လှည့်လည်ဆန္ဒပြပြီး 'တပ်မတော်ဝင်မစွက်နဲ့'၊ 'တပ်မတော်ကိုခုတုံးမလုပ်နဲ့'၊ 'ခြိမ်းခြောက်ပြီး အာဏာမသိမ်းနဲ့'၊ 'လက်နက်နဲ့အာဏာသိမ်းတာ ကန့်ကွက်ကြ'၊ 'နယ်ချဲ့အကြံအစည်တားဆီးကြ'၊ 'ဒီမိုကရေစီအခွင့်အရေး ကာကွယ်ကြ'၊ 'ပြည်သူ့အာဏာ ပြည်သူပြန်အပ်'၊ 'ပြည်တွင်းငြိမ်းချမ်းရေး အရယူကြ'၊ 'ဖမ်းထားသူတွေ အမြန်ပြန်လွှတ်'၊ 'ကျောင်းသားပြည်သူ လက်တွဲကြ' ဆိုတဲ့ ကြွေးကြော်သံတွေ ကြွေးကြော်အော်ဟစ်ခဲ့ကြပါတယ်။

ဆွေငြိမ်း အိမ်ဝိုင်းပြီး ဆန္ဒပြခြင်း၊ အမေရိကန် သံရုံးကို ဝိုင်းပြီးဆန္ဒပြခြင်းတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

'တည်မြဲဖဆပလ' က ဦးနု ကို ဖက်ဆစ်ဖြစ်တယ်ပြောပြီး ဗိုလ်ချုပ်ကြီးနေဝင်းကို ထောက်ခံကြောင်း ကြေညာလိုက်ပါတယ်။

ဦးနုက ဘယ်လောက်ပဲ အသရေဆည်ဆည်၊ စစ်တပ်က ဘယ်လောက်ပဲ မုလာဥလုပ်လုပ်၊ ၁၉၅၈ စက်တင်ဘာ (၂၆) အဖြစ်အပျက်ကို စစ်တပ်အာဏာသိမ်းမှုကြီးအဖြစ် တိုးတက်တဲ့ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ နိုင်ငံရေးရေချိန်မြင့်မားတဲ့ ပြည်သူလူထု အများစုကြီးက သိမြင်နားလည် သဘောထားခဲ့ကြပါတယ်။ အမှန်တကယ်လည်း 'စစ်တပ်အာဏာသိမ်းမှုကြီး' ဖြစ်ခဲ့ပါတယ်။ အာဏာတောင်းတာမရရင် စက်တင်ဘာ (၂၇) ရက်မနက် အရုဏ်တက်မှာ လက်နက်ကိုင်အကြမ်းဖက်ပြီး ဝန်ကြီးအားလုံးကို ဖမ်းဆီးထိန်းသိမ်းဖယ်ရှားဖို့ အခိုင်အမာ စီစဉ်စိုင်းပြင်း ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

၁၉၅၈ အောက်တိုဘာ (၂၀) ရက်နေ့မှာ မိတ္ထီလာမြို့ တပ်မတော်ကျောင်းမှာ တပ်မှူးများညီလာခံ ထပ်လုပ်ပါတယ်။ ဗွန်လတုန်းက ကျင်းပပြီးဖြစ်ပါလျက်နဲ့ တနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် ခေါ်ယူကျင်းပတာဖြစ်ပါတယ်။ အောက်တိုဘာ (၂၈) ရက်နေ့ ကျင်းပမယ့် ပါလီမန်လွှတ်တော်ကနေ သန့်ရှင်းဖဆပလ အစိုးရက ဗိုလ်ချုပ်ကြီး နေဝင်းကို အာဏာလွှဲပြောင်း ပေးအပ်မှာဖြစ်တဲ့အတွက် တပ်မှူးတွေကို ခေါ်ယူ ညှိနှိုင်း ပြင်ဆင်ခြင်းဖြစ်ပါတယ်။

ပမညတ အပါအဝင် အဖွဲ့ပေါင်းစုံ (၁၅ ဖွဲ့) နဲ့ တကသ၊ ဗကသ၊ ရကသ၊ 'လူငယ့်တပ်ဦး' တို့က "စစ်တပ်က အာဏာသိမ်းမှုကို ကန့်ကွက်ကြ" ဆိုတဲ့ ကြွေးကြော်သံထုတ်ပြီး ကန့်ကွက်ဆန့်ကျင်ကြတဲ့အခါ ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်း နဲ့ ဗိုလ်မှူးချုပ်အောင်ကြီး တို့က စစ်တပ်က အာဏာသိမ်းတာမဟုတ်၊ "အာဏာလွှဲပြောင်းမှု" သာဖြစ်တယ်လို့ ရှင်းလင်းပြောဆိုကြပါတယ်။

ပမညတ ခေါင်းဆောင်တွေနဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တွေ့ဆုံတဲ့အခါမှာလည်း "တပ်ကအာဏာသိမ်းတယ်ဆိုတဲ့စကားဟာ တပ်ကို ဂုဏ်သိက္ခာ အထူးထိခိုက်စေကြောင်း၊ တပ်က အာဏာသိမ်းတယ်ဆိုတဲ့ စကားကို အထူးရှောင်ကြဉ်ရန်ပြောလိုကြောင်း" လို့ ဗိုလ်ချုပ်ကြီးနေဝင်း က မေတ္တာရပ်ခံသလိုလို သတိပေးသလိုလိုပြောဆိုပြီး အဖြစ်မှန်တွေကို ဖုံးကွယ်ခဲ့ကြပါတယ်။

ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်း လွတ်လွတ်ကျွတ်ကျွတ်လုပ်နိုင်ရန်ဆိုပြီး စောစောပိုင်းက တရားဝင် ထုတ်ပြန်ကြေညာထားခဲ့တဲ့ "သမတကြီး၏ သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်" ကို အောက်တိုဘာ (၃၁) ရက်နေ့ကစပြီး ပြန်လည်ရုတ်သိမ်းပေးလိုက်ပါတယ်။ ရုတ်သိမ်းပေးလိုက်ရတာနဲ့ အဓိကအကြောင်းရင်းကတော့ စစ်တပ်ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ သောင်းကျန်းသူအပြုတ်တိုက်ရေး သဘောထားအပေါ် မလွန်ဆန်နိုင်တော့တဲ့အတွက် စစ်တပ်အကြိုက် ကြိုက်သလို စစ်ဆင် စစ်ပြုနိုင်ဖို့၊ ကြိုက်သလို စီမံအုပ်ချုပ်နိုင်ဖို့ အဟန့်အတားသဖွယ်ဖြစ်နေတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ဦးနု ကိုယ်တိုင် ပြန်လည် ဖယ်ရှားပေးလိုက်ရခြင်းဖြစ်ပါတယ်။

အောက်တိုဘာ (၂၀) ရက်နေ့ မိတ္ထီလာ တပ်မှူးများညီလာခံမှာ ပြောဆိုကြတဲ့ စစ်တပ် ခေါင်းမာ ထိပ်သီးကြီးတချို့ရဲ့ ပြောဆိုဆွေးနွေးချက်တွေကို ထောက်ရှုမယ်ဆိုရင် ဦးနု ဘာကြောင့် ရုတ်သိမ်းပေးလိုက်ရတယ်ဆိုတာ ပိုမိုရှင်းလင်း ပေါ်လွင်နိုင်ပါလိမ့်မယ်။

မိတ္ထီလာညီလာခံမှာ ဗိုလ်မှူးချုပ်အောင်ကြီးက "ခင်ဗျားတို့ ကျနော်တို့ ကွန်မြူနစ်ကို ရင်ဆိုင်တဲ့ နေရာမှာ နိုင်ငံရေးဘက်ကလူတွေကို အားကိုးလို့မရတော့ဘူး။ ခင်ဗျားတို့ ကျုပ်တို့ပဲ ရင်ဆိုင်ရမယ်။ ဒါ

အင်မတန်ရှင်းနေတဲ့ပြဿနာ" လို့ ဆွေးနွေးခဲ့သလို၊ ဗိုလ်မှူးကြီး ချစ်မြိုင်က "ဒီလူတွေ (ကွန်မြူနစ်) ကို လွတ်ငြိမ်းချမ်းသာခွင့်၊ သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာတွေကို အစိုးရက ပေးထားတယ်။ အဲဒီတော့ ဒီဟာတွေဟာ ဘယ်နည်းနဲ့မှ မဖြစ်သင့် မဖြစ်ထိုက်တဲ့ကိစ္စတွေလို့ ကျနော်တို့ယူဆပါတယ်" လို့ ပြောဆို ဆွေးနွေးခဲ့ပါတယ်။

စစ်တပ် အာဏာသိမ်းမှုကို စစ်တပ်အာဏာလွှဲပြောင်းမှုအဖြစ် ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်း နဲ့ အာဏာလာတောင်းသူ ဗိုလ်မှူးချုပ်အောင်ကြီး တို့တသိုက်ကပါ အသံကောင်းဟစ် ပုံဖော်ခဲ့ကြပေမယ့် အဲဒီလို "အာဏာလွှဲပြောင်းမှု" ဆိုတာကြီးကို ပမညတ အပါအဝင်၊ ကျောင်းသားသမဂ္ဂများအပါအဝင် တိုးတက်တဲ့ နိုင်ငံရေးအင်အားစုများက ဆက်လက် ဆန့်ကျင် ကန့်ကွက်ခဲ့ကြပါတယ်။ စစ်တပ်အာဏာသိမ်းမှုကို မကောင်းတဲ့အစဉ်အလာအဖြစ် ဖြစ်တည်လာမှာ စိုးရိမ်ခဲ့ကြသလို၊ စစ်တပ်ရဲ့ အပြုတ်တိုက်ရေး သဘောထားကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအလားအလာ ပျက်သုန်းသွားမှာကိုလည်း ပူပန်ခဲ့ကြပါတယ်။

အောက်တိုဘာလ နောက်ဆုံးပတ်ထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ဗိုလ်ရဲထွန်းဟာ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဦးစီးခေါင်းဆောင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ လာရောက်တွေ့ဆုံပါတယ်။ ဗိုလ်ရဲထွန်းက ဆရာကြီးကို "သင်ပုန်းချေ လွတ်ငြိမ်းခွင့်နဲ့ ပါတီတည်ရှိခွင့်ကို လက်ခံကြောင်း" တင်ပြပြီး –

(၁) ကွန်မြူနစ်ပါတီနှင့် ပတ်သက်သော နိုင်ငံရေးအကျဉ်းသမားများကို လွှတ်ရန်၊

(၂) ကွန်မြူနစ်ပါတီကို ရွေးကောက်ပွဲဝင်ခွင့်ပေးရန်၊

ဤနှစ်ချက်ကိုကတိပြုလျှင် ကွန်မြူနစ်ပါတီက –

(၁) လက်နက်များကို အစိုးရသို့လွှဲအပ်မည်။

(၂) လက်နက်ကိုင်တိုက်ပွဲမှ ဥပဒေတွင်းတိုက်ပွဲသို့ ကူးပြောင်းပြီး ဥပဒေတွင်းဝင်မည်။

(၃) ကန့်သတ်ထားသောအချိန်အတွင်း ဥပဒေအတွင်းဝင်မလာသော ပါတီဝင်များကို အဆက်ဖြတ်မည်။

လို့ တင်ပြပါတယ်။ ဆရာကြီးက အဲဒီတင်ပြချက်ကို ကြားသိတဲ့အခါ 'ငြိမ်းချမ်းရေး ရနိုင်ပြီ' လို့ ဝမ်းသာအားရဖြစ်ပြီး၊ အဲဒီအကြောင်းစာရေးပြီး ဦးနုနဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဆီ၊ အောက်တိုဘာ (၂၇) ရက်နေ့မှာ ကိုယ်တိုင်သွားပေးပါတယ်။ ဦးနု ကိုသာ တွေ့ခဲ့ရပြီး ဗိုလ်ချုပ်ကြီးနေဝင်း နဲ့ မတွေ့ခဲ့ရဘူးလို့ ဆိုပါတယ်။ အဲဒီ (၂၇) ရက်နေ့ညနေ့မှာပဲ ဆရာကြီးတို့က အဖွဲ့ပေါင်းစုံကို ဖိတ်ခေါ်ရှင်းလင်းပြတာလည်း လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အခြေအနေတွေက ပြောင်းလဲသွားခဲ့ပြီဖြစ်ပါတယ်။ ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်း ကို အာဏာလွှဲပြောင်းပေးဖို့ လိုအပ်တဲ့အစီအစဉ်တွေအားလုံး ပြင်ဆင်ဇာတ်တိုက်ပြီးသား ဖြစ်နေပြီဖြစ်ပါတယ်။

အောက်တိုဘာလ (၂၈) ရက်နေ့မှာ အာဏာလွှဲပြောင်းပေး လွှတ်တော်အစည်းအဝေးကြီး စတင်ပါတယ်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဝန်ကြီးချုပ်ဦးနု က ဗိုလ်ချုပ်ကြီးနေဝင်း ကို တရားဝင် အာဏာလွှဲပြောင်းပေးဖို့ အဆိုပြုပါတယ်။ အိမ်စောင့်အစိုးရဖွဲ့ဖို့ အာဏာအပ်နှင်းပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်တဲ့ 'အိမ်စောင့်အစိုးရ'က သန့်ရှင်းဖဆပလ အစိုးရဆီက နိုင်ငံတော် အာဏာကို လွှဲပြောင်းရယူလိုက်ပါတယ်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့မှာ နိုင်ငံတော်သမတ ရှေ့မှောက်မှာ ကျမ်းသစ္စာကျိန်ဆိုပြီး 'အိမ်စောင့်အစိုးရ' အဖွဲ့ကြီး ပေါ်ပေါက်လာပါတယ်။

ထွက်ပေါ်လာတဲ့ 'အိမ်စောင့်အစိုးရအဖွဲ့' ကတော့ –

(၁) သတိုးသီရိသုဓမ္မ၊ ဗိုလ်ချုပ်ကြီးနေဝင်း – နိုင်ငံတော်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဌာန၊ အမျိုးသားစီမံကိန်းဌာန၊

(၂) အဂ္ဂမဟာသရေစည်သူ၊ ဦးသိန်းမောင် – ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဌာန၊ သာသနာရေးဌာန၊ ကျန်းမာရေးဌာန၊ ပြည်သူ့ဝန်ထမ်းဌာန
(၃) မဟာသရေစည်သူ ဦးခင်မောင်ဖြူ – ပြည်ထဲရေးဌာန၊ ပြန်ကြားရေးဌာန၊ ဒေသန္တရ အုပ်ချုပ်ရေးဌာန၊ လူဝင်မှုနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနဝန်ကြီး၊
(၄) သတိုးမဟာစည်သူ ဦးချန်ထွန်းအောင် – တရားရေးဌာနဝန်ကြီး၊
(၅) ဦးကျော်ငြိမ်း – ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး၊
(၆) စည်သူ ဦးဘကြား – ကုန်သွယ်မှုဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာနဝန်ကြီး၊
(၇) သရေစည်သူ ဦးစံညွန့် – သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အိမ်ယာဆောက်လုပ်ရေးဌာနဝန်ကြီး၊
(၈) ဦးကာ – ပညာရေးဌာန၊ လယ်ယာနှင့် သစ်တောဌာန၊ လယ်ယာမြေနိုင်ငံပိုင်ပြုရေးဌာန ဝန်ကြီး၊
(၉) သီရိပျံချီ ဦးချစ်သောင်း – စက်မှုလက်မှုဌာန၊ သတ္တုတွင်းဌာန အလုပ်သမားဌာနဝန်ကြီး၊
(၁၀) သတိုးမဟာသရေစည်သူ စဝ်ဟုန်ဖ – ရှမ်းပြည်နယ်ဌာနဝန်ကြီး၊
(၁၁) ဦးထန်လျန်း – ချင်းရေးရာဝန်ကြီး၊
(၁၂) ဒေါက်တာ စောလှထွန်း – ကရင်ပြည်နယ်ဝန်ကြီး၊
(၁၃) ဒူးဝါးဇော်လွန်း – ကချင်ပြည်နယ်ဝန်ကြီး၊
(၁၄) စဝ်ဝဏ္ဏ – ကယားပြည်နယ်ဝန်ကြီး – တို့ဖြစ်ကြပါတယ်။

အောက်တိုဘာလ (၃၁) ရက်နေ့မှာ ပြည်သူ့လွှတ်တော်မှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း က တက်ရောက်မိန့်ခွန်းပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ပထမအကြိမ် အိမ်စောင့်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့သလို၊ မြန်မာနိုင်ငံမှာ တတိယမြောက် ဝန်ကြီးချုပ် ဖြစ်လာသူလို့ မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ပထမဆုံးဝန်ကြီးချုပ်ဟာ ဦးနု ဖြစ်ခဲ့ပြီး၊ ဒုတိယမြောက်က ဦးနု ဖယ်ပေးခဲ့လို့ ခေတ္တဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဦးဗဆွေ ဖြစ်ပါတယ်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းက အောက်တိုဘာ (၃၁) ရက်နေ့မှာ မိန့်ခွန်းခြွေတဲ့အခါ ဖဆပလ အဖွဲ့ကြီးအကွဲကြောင့် ဝန်ကြီးချုပ်တာဝန်ကို မယူချင်ဘဲနဲ့ ယူခဲ့ရသယောင် ခပ်တည်တည် ပြောဆိုသွားခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကိုလည်း ကာကွယ်စောင့်ရှောက်သွားမယ့်အကြောင်း အခုလို ပြောဆိုသွားခဲ့ပါတယ်။

“ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ဝန်ကြီးချုပ်ရဲ့ တာဝန်ဝတ္တရားကို အခုလိုလက်ခံရခြင်းဟာ ကျွန်တော်နှင့်တကွ အမတ်မင်းများအားလုံး အမြတ်တနိုး ဦးထိပ်ရွက်ပန်ထားတဲ့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီအစဉ်အလာကို အန္တရာယ်အမျိုးမျိုးက ခြိမ်းခြောက်လာနေတာ တွေ့ရတဲ့ အတွက် ဒီအန္တရာယ်ကို ကာကွယ်ဖို့ တာဝန်ယူလက်ခံလိုက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်ဒီလို တာဝန်ယူခြင်းဟာ ပြည်ထောင်စုသား ပုဂ္ဂိုလ်တယောက်အနေနှင့်လည်းကောင်း၊ စစ်သားတယောက်အနေနှင့်လည်း

ကောင်း၊ တာဝန်ရှိတဲ့အတိုင်း တာဝန်ယူလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ပါလီမန်ကပေးအပ်တဲ့ ဒီတာဝန်ကြီးကို ကျွန်တော် ရဲရဲဝံ့ဝံ့ လက်ခံလိုက်ခြင်းပဲဖြစ်ပါတယ်'' ဟုသတဲ့။

စစ်တပ်ကအာဏာသိမ်းတာကို ဦးနု က မလွဲသာ မရှောင်သာ လက်ခံလိုက်ရပြီး၊ လူကြားကောင်းအောင် ဖုံးဖိလှည့်ပတ်ပြီး အာဏာလွှဲပြောင်းပေးအပ်သလိုလို အကွက်ဖန်လိုက်ရတာကို ဗိုလ်ချုပ်ကြီးနေဝင်းက ခပ်တည်တည်လက်ခံရယူလိုက်ရင်း၊ ဝန်ကြီးချုပ်တက်လုပ်ခဲ့တာကိုတောင် အပေါ်စီးကနေ မင်္ဂလာယူလိုက်ခြင်းဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့ ဒီမိုကရေစီအစဉ်အလာတွေကို ကာကွယ်စောင့်ရှောက်ဖို့ ဒီတာဝန်ကြီးကို ယူလိုက်ရခြင်းဖြစ်တယ်လို့ လေသံကောင်းဟစ် ကြွေးကြော်သွားခဲ့ပါတယ်။ မျက်နှာပြောင်တိုက်တဲ့နေရာမှာ စံထားလောက်ပါပေတယ်လို့ပဲ မှတ်ချက်ပြုရပါလိမ့်မယ်။

ဒီမိုကရေစီလိုလားသူများက၊ ဦးနု နဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တို့ရဲ့ ဒီဇာတ်ကွက်ကို မယုံကြည်ခဲ့ကြဘဲ၊ စစ်တပ် အာဏာသိမ်းမှုအဖြစ် နားလည်သိမြင်ခဲ့ကြသလို၊ ငြိမ်းချမ်းရေးကို မျှော်လင့်လိုလားသူများကလည်း ငြိမ်းချမ်းရေးရောင်ခြည် တိမ်သလ္လာအဖုံးခံလိုက်ရပြီဆိုတာ သဘောပေါက်လိုက်ကြပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလို အာဏာရယူလိုက်နိုင်တာကို အာဏာသိမ်းလိုသူ စစ်တပ်က ကျေနပ် ပီတိဖြစ်ခဲ့ကြသလို အိမ်စောင့်အစိုးရဆိုတဲ့ နာမည်နဲ့ စစ်အစိုးရတက်လာတာကို တည်မြဲဖဆပလကြီးကလည်း အားရနှစ်သက်သဘောထွေ့ခဲ့ပါတယ်။

## ဖဆပလ ဆယ်နှစ် ဆယ်မိုးခေတ် နိဂုံးချုပ်

ဗမာပြည်လွတ်လပ်ရေး ကြေညာနိုင်ခဲ့တဲ့ ၁၉၄၈ ခုနှစ်ကနေ စစ်တပ်ကို အာဏာလွှဲပြောင်းပေးလိုက်ရတဲ့ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာအထိ (၁၀) နှစ်ကျော်အတွင်းမှာ ဗမာပြည်ကို တောက်လျှောက်အုပ်စိုးခဲ့တဲ့ အစိုးရဟာ 'ဖဆပလ' အစိုးရဖြစ်ပါတယ်။

ဒါကြောင့် (၁၉၄၈–၁၉၅၈) ဆယ်နှစ်တာခေတ်ကို ဖဆပလ ဆယ်နှစ်ဆယ်မိုး ''ခေတ်'' လို့ ဝိဂြိုလ်ပြုကြပါတယ်။

ဒီဆယ်နှစ်တာအတွင်းမှာ အာဏာရ ဖဆပလ အဖွဲ့ကြီးဟာ တစည်းတလုံးတည်းသော အဖွဲ့ကြီးအဖြစ်ကနေ အစိတ်စိတ်အမွှာမွှာ ပြိုကွဲမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရဲဘော်ဖြူ ရဲဘော်ဝါ ကွဲသွားပြီး ရဲဘော်ဖြူတွေ လက်နက်ကိုင်တောခိုသွားခဲ့ကြတာ ပေါ်ပေါက်ခဲ့ပါတယ်။ ဆိုရှယ်လစ်ဖြူ–ဆိုရှယ်နီတွေ ကွဲသွားပြီး ဆိုရှယ်နီဟာ အာဏာအဝန်းအဝိုင်းရဲ့အပြင်ဖက်ကို ရောက်ရှိသွားရင်း၊ အာဏာရ ဖဆပလအဖွဲ့ကြီးရဲ့အဓိက မြေပေါ်အတိုက်အခံအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ၁၉၅၇ ခုနှစ် ထဲမှာတော့ 'သန့်ရှင်း–တည်မြဲ' အဖြစ် ကွဲထွက်သွားခဲ့ပြီး အာဏာရ ဖဆပလကြီးဟာ နှစ်ခြမ်းနှစ်မွှာ ထက်ပိုင်းဖြတ်ဖြစ်သွားရပါတော့တယ်။ စောစောပိုင်း အကွဲတွေတုန်းက တစုံတခုသောအတိုင်းအတာအထိ အိန္ဒြေမပျက် ထိန်းထားနိုင်သေးတယ်လို့ ပြောရမှာဖြစ်ပေမယ့်၊ နောက်ဆုံးအကွဲ 'သန့်ရှင်း–တည်မြဲ' ကွဲတဲ့အခါမှာတော့ ပတ်တုပ်လို့မရတော့အောင်ကို ဖြစ်သွားရပါတော့တယ်။

ဒီဆယ်နှစ်တာအတွင်းမှာ ရွေးကောက်ပွဲကြီး (၂) ကြိမ်နဲ့ ပါလီမန်တင်ပြီး အပြိုင်အဆိုင် ဗိုလ်လုခဲ့ကြတဲ့ အာဏာပြိုင် အာဏာလုပွဲကြီးတကြိမ် ပေါ်ပေါက်ခဲ့ပါတယ်။

ရွေးကောက်ပွဲကြီး (၂) ခုကတော့ "၁၉၅၁/၅၂ အထွေထွေရွေးကောက်ပွဲကြီး" နဲ့ "၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး" ဖြစ်ပါတယ်။

ရွေးကောက်ပွဲကြီး (၂) ခုစလုံးမှာ 'ဖဆပလ' အဖွဲ့ကြီးကပဲ တဖက်သတ် အပြတ်အသတ် အနိုင်ရရှိခဲ့ပါတယ်။ ရွေးကောက်ပွဲကြီး (၂) ခုစလုံးအတွင်းမှာ ခါးပိုက်ဆောင်တပ် လက်နက်ကိုင်တပ်တွေရဲ့ အကူအညီနဲ့ နေရာတော်တော်များများမှာ ခြိမ်းခြောက်တာ မဲဆွယ်တာ မဲထည့်ခိုင်းတာမျိုးတွေလည်း ရှိခဲ့ပါတယ်။ ရွေးကောက်ပွဲကို အကြောင်းပြုပြီး လူသတ်မှုတွေအထိ ပေါ်ပေါက်ခဲ့ပါတယ်။ 'ငါန်းဇွန် ခြောက်လောင်းပြိုင်လူသတ်မှု' 'မင်းလှလေးလောင်းပြိုင်လူသတ်မှု' တွေဟာ ထင်ရှားတဲ့ ဥပမာတချို့ဖြစ်ပါတယ်။ ၁၉၅၆ ခုရွေးကောက်ပွဲအပြီးမှာတော့ အတိုက်အခံ 'ပမညတ' အဖွဲ့ကြီးဟာ ပါလီမန်အတွင်းမှာ အရေးပါတဲ့ အင်အားစုတခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။

လွတ်လပ်ရေး ကြေညာနိုင်ပြီးကတည်းက အာဏာကို ချုပ်ကိုင်လာခဲ့တာ 'ဖဆပလ' အဖွဲ့ကြီးလို့ ယေဘုယျအားဖြင့် ခေါ်ဆိုရပေမယ့်၊ အဓိကအားဖြင့် ဖဆပလကြီးကို လွှမ်းမိုးထားခဲ့တာ 'ဆိုရှယ်လစ်ပါတီ' ဖြစ်ပါတယ်။ ဆိုရှယ်လစ်တွေဟာ အများစုဖြစ်သလို အတိုက်အခံနိုင်ငံရေး အင်အားစုတွေအပေါ် အမျိုးမျိုးညစ်ပတ်ခဲ့တာ နှိပ်ကွပ်ခဲ့တာ အာဏာပြခဲ့ကြတာတွေဟာလည်း ဆိုရှယ်လစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် ဆိုရှယ်လစ်တွေကို လူမုန်းများခဲ့ပါတယ်။ ဆိုရှယ်လစ်တွေဟာ 'ဖဆပလ' ကြီးထဲက အဓိက အင်အားစုကြီးဖြစ်တဲ့အတွက် ဆိုရှယ်လစ်ပါတီ စည်းရုံးရေးသြဇာလည်း လူထုကြား တနေ့တခြားကျဆင်းခဲ့ပါတယ်။ ၅၆ ခုနှစ် ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲရလာဒ်က အဖြေပေးခဲ့ပါတယ်။ အမတ်နေရာအရ 'ဖဆပလ'က အပြတ်အသတ်အနိုင်ရရှိခဲ့ပေမယ့် တပြည်လုံးမဲအရေအတွက်က 'ဖဆပလ' နဲ့ 'ပမညတ' သိပ်မကွာလှတာတွေ မြင်ရပါတယ်။ ဒါကြောင့် ကျဆုံးနေရတဲ့ ဖဆပလ စည်းရုံးရေးကို ပြန်လည်တွန်းတင်ဖို့ ဖဆပလ ဦးနု က ဖဆပလသန့်ရှင်းရေးလုပ်ဖို့ ကြိုးစားရင်း၊ အခြေခံသဘောထားချင်းမတူညီကြရာကနေ စတင်ကွဲအက်လာခဲ့ပါတယ်။ ဦးနုတို့က ဖဆပလ စည်းရုံးရေးကျဆင်းလာပြီး ရွေးကောက်ပွဲမှာ လူထုထောက်ခံမှုလျော့နည်းလာရတာဟာ ဖဆပလ အဖွဲ့ခေါင်းဆောင်များရဲ့ အကျင့်ပျက်မှု ကိုယ်ကျိုးရှာခြစားမှု အာဏာမာန် ပြသမှုတွေကြောင့်လို့ယူဆပါတယ်။ ဒါကြောင့် ဖဆပလ သန့်ရှင်းရေးလုပ်ရမယ်လို့မြင်ပါတယ်။ ဦးဗဆွေ ဦးကျော်ငြိမ်းတို့က "ဒီလိုဖြစ်ရတာဟာ ကွန်မြူနစ်တွေ သောင်းကျန်းသူတွေကြောင့်လို့ပဲ သဘောထားပါတယ်။ ဒါကြောင့် ကွန်မြူနစ်ဆန့်ကျင်ရေး အပြတ်လုပ်ရမယ်။ သောင်းကျန်းသူ အပြတ်တိုက်ရေး အပြင်းအထန်လုပ်ရမယ်လို့ ဆိုပါတယ်။ ဒီမတူညီတဲ့ သဘောထားအမြင်နှစ်ရပ်အပေါ်ကနေ ဦးနုက ဖဆပလသန့်ရှင်းရေးလုပ်ဖို့ စတင် ခြေလှမ်း လှမ်းရာကနေ ကွဲအက်မှုတွေစတင်ခဲ့ပြီး၊ ဦးနု ဦးကျော်ငြိမ်း ပုဂ္ဂိုလ်ရေး ပဋိပက္ခအပါအဝင် ဂိုဏ်းဂဏ ပုဂ္ဂိုလ်ရေးတိုက်ပွဲတွေနဲ့ပါ ထပ်ဖြည့်ဆက်စပ်ပေါင်းစပ်လိုက်တဲ့အခါ နုတင်–ဆွေငြိမ်း အကွဲကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ တဆင့်တက်လိုက်တဲ့အခါ သန့်ရှင်း–တည်မြဲ အကွဲကြီးအဖြစ် ပုံပေါ်လာခဲ့ပြီး ဖဆပလကြီး နှစ်ခြမ်းထက်ပိုင်း ဖြစ်သွားခဲ့ရပါတော့တယ်။

ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ဟာလည်း ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးတဲ့နောက်ပိုင်း တစတစ အသွင်ပြောင်းခဲ့ရာကနေ ဗမာပြည်လွတ်လပ်ရေးနဲ့အတူ အာဏာရ 'ဖဆပလ' အစိုးရရဲ့ လက်နက်ကိုင်တပ်အဖြစ် ဖြစ်တည်လာခဲ့ပါတယ်။ စစ်တပ်အတွင်းက အစဉ်အလာရှိတဲ့ စစ်ရေးခေါင်းဆောင် တပ်မှူး၊ တပ်ရင်းမှူးကြီးများ တောခိုဘဝရောက်ကြရပြီးတဲ့နောက်ပိုင်း၊ တနည်းအားဖြင့် တောခိုတပ်ရင်းတွေ ပေါ်ပေါက်လာရပြီးတဲ့နောက်ပိုင်း တပ်မတော်ကို ချုပ်ကိုင်ထားနိုင်ခဲ့တဲ့ ဗိုလ်ချုပ်နေဝင်း ဟာ ဆိုရှယ်လစ် တပ်မှူးကြီးငယ်တို့ရဲ့ ဆရာမွေးထားခြင်းခံရတဲ့ 'ဆိုရှယ်လစ်'ကြီး ဖြစ်ခဲ့သလို၊ ဗိုလ်မောင်မောင်၊

ဗိုလ်အောင်ကြီး၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ချစ်ခိုင်၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်တင်ဖေ၊ ဗိုလ်သိန်းမောင် စတဲ့သူတွေဟာလည်း ဆိုရှယ်လစ်ကြီးတွေဖြစ်ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတိုတခုအတွင်းမှာ အဲဒီဆိုရှယ်လစ် စစ်ဗိုလ်ကြီးများဟာ အရေးပါတဲ့နေရာများကို ကိုင်တွယ်ထားရတဲ့ ဗိုလ်မှူး၊ ဒုဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်တွေ ဖြစ်လာကြပါတယ်။ ကွန်မြူနစ်တွေ လက်နက်ကိုင်တောခိုရတဲ့အခါ တပ်ရင်း (၁) တပ်ရင်း (၃) တပ်ရင်း (၆) တွေ တောခိုရတဲ့အခါ ကွန်မြူနစ်နွယ်ဝင် တပ်မှူး တပ်ခွဲမှူးကြီးတွေ တပ်မတော်အပြင်ဘက်ရောက်သွားကြသလို၊ ကရင်လက်နက်ကိုင်တော်လှန်ရေး ပေါက်ကွဲပေါ်ထွက်လာတဲ့အခါ ကရင်တပ်မှူး၊ ဗိုလ်မှူးကြီးများလည်း၊ တပ်မတော်အပြင်ဘက် ရောက်သွားကြပြီး၊ သူပုန်ဖြစ်သူဖြစ် ပင်စင်ပေးခံရသူပေးခံရ၊ ဖယ်ရှားခံရသူဖယ်ရှားခံရတဲ့အတွက် ၁၉၄၉ ခုနှစ် နောက်ပိုင်းမှာ ဆိုရှယ်လစ်နွယ်ဝင် စစ်ဗိုလ်ကြီးတွေ အများစု ကြီးစိုးနေခဲ့တဲ့ တပ်မတော်ဖြစ်ခဲ့ပါတယ်။

အာဏာရ ဖဆပလကြီးအတွင်းမှာ ဆိုရှယ်လစ်တွေ ကြီးစိုးလာခဲ့ကြသလို တပ်မတော်တွင်းမှာလည်း ဆိုရှယ်လစ်နွယ်ဝင် စစ်ဗိုလ်ကြီးတွေ ကြီးစိုးခွင့်ရခဲ့ပါတယ်။ ဒါကြောင့် ဆိုရှယ်လစ်တွေပဲ ကြီးစိုးခွင့်ရတဲ့၊ အစိုးရကို ဆိုရှယ်လစ်တွေပဲကြီးစိုးနေတဲ့ 'တပ်မတော်'က၊ တောက်လျှောက် ထောက်ကူကျားကန်ပေးခဲ့ပါတယ်။ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကြီးတွေတိုင်းမှာ စစ်တပ်က ဖဆပလ ဘက်က ရပ်တည်ဆောင်ရွက်ခဲ့ပါတယ်။ ဖဆပလ အနိုင်ရရေးကို ပါဝင်ပတ်သက်စွက်ဖက်ခဲ့ကြပါတယ်။

အာဏာရ ဖဆပလကြီးအတွင်းက ဖဆဆိုရှယ်များရဲ့ အမျိုးမျိုး ညစ်ပတ်ကောက်ကျစ် ကလိမ်ကျမှုကြောင့် လွတ်လပ်ရေးနဲ့ မရှေးမနှောင်း ပြည်တွင်းစစ်ကြီး စတင်တောက်လောင်ခဲ့ရပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးပေါ်ပေါက်ခဲ့ရပြီး မကြာမီ စစ်တပ်တောခိုလှုပ်ရှားမှု ပြည်သူ့ရဲဘော် တောခိုလှုပ်ရှားမှု ကရင်လက်နက်ကိုင်တော်လှန်ရေး လှုပ်ရှားမှုတွေ ဆက်တိုက်ပေါ်ထွက်ခဲ့ရပြီး ပြည်တွင်းစစ်မီး အရှိန်တဟုန်းဟုန်း တောက်လောင်ခဲ့ရပါတယ်။ မွန်၊ ပအိုဝ့်၊ ရခိုင်၊ ကရင်နီ စတဲ့ အမျိုးသားစုတွေရဲ့ လက်နက်ကိုင်လှုပ်ရှားမှုတွေလည်း ပေါ်ထွက်ခဲ့ပြီး အစိုးရဟာ ရန်ကုန်အစိုးရ အခြေအနေအထိ ဆိုက်ရောက်ခဲ့ပါတယ်။ ပြည်ပကျူးကျော်သူအဖြစ် တရုတ်ဖြူကျူးကျော်သူတွေရဲ့ ကျူးကျော်မှုကိုလည်း ကြုံတွေ့ရင်ဆိုင်ခဲ့ရပါတယ်။

ပြည်တွင်းစစ်ကြီး ကြီးထွားလာရမှုကြောင့် စစ်တပ်ရဲ့အခန်းဟာလည်း ကြီးထွားလာခဲ့ရပါတယ်။ ပြည်တွင်းစစ်ကြီးကို အနိုင်တိုက်နိုင်ဖို့ စစ်တပ်ကြီးကို အဆက်မပြတ် ချဲ့ထွင်ရင်း စစ်တပ်ဟာ အရေးကြီးတဲ့ အင်အားစုကြီးတခုသဖွယ် ဖြစ်တည်လာခဲ့ပါတယ်။ ဖဆဆိုရှယ်အစိုးရရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး၊ သောင်းကျန်းသူအပြုတ်တိုက်ရေးအလံဟာ၊ ဖဆဆိုရှယ်အစိုးရနဲ့ ရပ်တည်ချက်တခုတည်းအတူတူဖြစ်တဲ့ စစ်တပ်ရဲ့ တောက်လျှောက်ကိုင်စွဲ အကောင်အထည်ဖော်ရာ အလံလည်းဖြစ်ခဲ့ပါတယ်။ ဖဆပလအစိုးရဟာ ပြည်တွင်းစစ်ကို မွေးဖွားစေခဲ့တဲ့ အစိုးရဖြစ်သလို ဖဆပလ အစိုးရအောက်က ထင်သလို ချုပ်ကိုင်ခွင့်ရလာခဲ့တဲ့ ဗိုလ်ချုပ်နေဝင်း ရဲ့ အခန်းဟာလည်း စစ်တပ်ကြီးထွားသလို အဆက်မပြတ် ကြီးထွားခွင့်ရလာခဲ့ပါတယ်။ ဆိုရှယ်လစ်များက ဆိုရှယ်လစ်ချင်းဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်း ကို အားကိုးတကြီး မွေးမြူခဲ့ကြသလို၊ ဝန်ကြီးချုပ်ဖြစ်တဲ့ ဦးနု ကိုယ်တိုင်ကလည်း ဗိုလ်ချုပ်နေဝင်း ကို ပစားပေးမွေးမြူခဲ့ပါတယ်။ ပြည်တွင်းစစ်မီး အရှိန်အကြီးဆုံး တောက်လောင်ချိန်၊ ဖဆပလအစိုးရဟာ 'ရန်ကုန်အစိုးရ' ဖြစ်ရချိန်မှာ ဆိုရှယ်လစ်ဝန်ကြီးတွေကိုယ်တိုင်ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကြပြီး တဖျောဖျော အစိုးရအဖွဲ့က ထွက်ကြ ခွာကြချိန်မှာ ဦးနုက ဗိုလ်ချုပ်နေဝင်းကို သူဖြစ်ချင်လှတဲ့ ကာကွယ်ရေးဝန်ကြီး ရာထူးတင်မက၊ ဒုတိယဝန်ကြီးချုပ်ရာထူးပါပေးပြီး အစိုးရအဖွဲ့အတွင်း သွတ်သွင်းမြှောက်စားခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်း အာဏာအရသာ စတင်တွေ့ရှိခဲ့တာ အဲဒီအချိန်

ကတည်းကလို့ ဆိုရမှာဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော ကို စစ်တပ်ကနေ အပြီးအပိုင် ဖယ်ရှားပြီးချိန် ၁၉၅၇ ခုနှစ်ကစပြီး စစ်တပ်အတွင်းမှာ ဗိုလ်ချုပ်နေဝင်းကို ခွာရာတိုင်းနိုင်သူမရှိ အခြေအနေဖန်တီးပြီးသား ဖြစ်သွားပါတယ်။ စစ်တပ်ဟာလည်း ဗိုလ်ချုပ်နေဝင်း စိတ်ကြိုက် ဗိုလ်ချုပ်နေဝင်း မွေးမြူထားတဲ့ တလက်ကိုင်တပ်အဖြစ် ပီပီသသ စတင်ပုံပေါ်လာပါတယ်။

တည်မြဲ–သန့်ရှင်း ကွဲကြပြီး ဖဆပလကြီး အကြီးအကျယ်ကွဲကြချိန်မှာ စစ်တပ်ဟာ တည်မြဲဘက်က ထောက်ခံရပ်တည်ချင်ခဲ့ပါတယ်။ အထူးသဖြင့် ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး တို့လို ဆိုရှယ်လစ်ထိပ်သီးဟောင်းကြီးတွေနဲ့ ဗိုလ်ချစ်ခိုင်၊ ဗိုလ်ကြည်ဝင်း တို့လို တည်မြဲဘက်သား ဆိုရှယ်လစ်နွယ်ဝင် စစ်ဗိုလ်ကြီးတွေဟာ တဂိုဏ်းတည်း တသိုက်တည်းဖြစ်ပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေး သောင်းကျန်းသူ အပြုတ်တိုက်ရေးရည်မှန်းချက်ပြင်းထန်လှတဲ့ ဦးကျော်ငြိမ်း၊ ဦးဗဆွေ တည်မြဲဂိုဏ်းရဲ့ ရပ်တည်ချက်သဘောထားနဲ့ သူတို့ရဲ့ ရပ်တည်ချက်သဘောထား တသားတည်းကျနေတဲ့အတွက် ဖြစ်ပါတယ်။ ဦးနုဟာ ‘ပမညတ’ လက်ဝဲသမားများနဲ့ပေါင်းပြီး ပြည်တွင်းစစ်ရပ်စဲရေးဆီ ခြေဦးလှည့်သွားမှာကို စစ်တပ်တွင်း ကွန်မြူနစ်ဆန့်ကျင်ရေး ခေါင်းမာဂိုဏ်းသားများက ဘယ်လိုမှ လက်ခံနိုင်စွမ်းမရှိကြပါ။

နုတင်–ဆွေငြိမ်း ကွဲအပြီးမှာ ဦးနုက နိုင်ငံရေးပါးဝပါတယ်။ ပါလီမန်တင်ပြီး ဘယ်အုပ်စုက အစိုးရအာဏာရယူမလဲဆိုတာ အာဏာအတွက် အပြိုင်အဆိုင်မဲခွဲကြဖို့ဆုံးဖြတ်တဲ့အခါ ပမညတ မဲ (၄၅) မဲကို ရရှိဖို့ ငြိမ်းချမ်းရေးအသံ ပြည်တွင်းစစ်ရပ်စဲအရေးအသံ ပိုပေးပြခဲ့ပါတယ်။ ဒါကြောင့် ‘ပမညတ’ မဲ (၄၄) မဲကို ရရှိခဲ့ပြီး နာတဖျားအသာနဲ့ ဆွေငြိမ်းကို အနိုင်ယူခဲ့ပါတယ်။ သန့်ရှင်းဖဆပလ အစိုးရအဖွဲ့ ဖွဲ့ စည်းနိုင်ခဲ့ပါတယ်။ ပေးထားတဲ့ ပြည်တွင်းစစ်ရပ်စဲရေးအသံကို တိုးပြီး မြည်အောင်လုပ်ပြဖို့ ပြင်ဆင်လာရပါတယ်။ တည်မြဲတို့ မခံမရပ်နိုင်ဖြစ်ကြသလို စစ်တပ်တွင်းက ကွန်မြူနစ်ဆန့်ကျင်ရေး လူကြီးမင်းများလည်း ကြိတ်မနိုင်ခဲမရ ဖြစ်ကြပါတယ်။ တည်မြဲက စစ်တပ်ကို အာဏာသိမ်းဖို့ သွေးထိုးတိုက်တွန်းသလို စစ်တပ်တွင်းက ပုဂ္ဂိုလ်များကလည်း အာဏာသိမ်းဖို့ ကြံကြ စည်ကြ ပြင်ဆင်ကြပါတယ်။ မြောက်ပိုင်းတိုင်းက အခိုင်အမာ ပြင်ဆင်သလို၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီးတို့ အုပ်စုကလည်း သဘောတူ ကြိုးပမ်းအားထုတ်ခဲ့ကြရင်း၊ ၁၉၅၈ ခုနှစ် စစ်တပ်အာဏာသိမ်းမှုကြီး ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ အာဏာသိမ်းမှုကို အာဏာလွှဲပြောင်းမှုအဖြစ် ဦးနုက ပုံဖော်ပေးလိုက်ရပါတယ်။

ဖဆပလ ဆယ်နှစ်ဆယ်မိုးအတွင်းမှာ ပြည်တွင်းရပ်စဲရေး တောင်းဆိုသံတွေ ညံစည်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးနုရဲ့ စကားကြီး (၃)ခွန်းတို့၊ သင်ပုန်းချေလွှတ်ငြိမ်းခွင့်အမိန့်တို့၊ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပါ။ တရားဝင်ပါတီ တည်ရှိခွင့်ပေးမယ်ဆိုတာတို့ ပေါ်ပေါက်ခဲ့သလို၊ ခေါင်းမာ ဖဆဆိုရှယ်ကြီးများရဲ့ လက်နက်ချရင်ချ၊ မချရင် အပြတ်ချေမှုန်းရလိမ့်မယ်။ တို့ သောင်းကျန်းသူများနဲ့ ဘယ်တော့မှ စေ့စပ်ဆွေးနွေးလိမ့်မယ်မဟုတ်၊ အရင်လက်နက်စွန့်ပြီးမှ စကားပြောမယ်တို့ဆိုတဲ့ အပေါ်စီးက အသံများကို ကြားကြရပြီး၊ ပြည်တွင်းစစ်ရပ်စဲရေးဟာ အကောင်အထည်မပေါ်ခဲ့ပါ။ ပြည်တွင်းစစ်ကြီးသာ ဆက်လက်တောက်လောင် ရှည်ကြာခဲ့ရပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမသာ ကိုယ်မနာ သင်ပုန်းချေရေးလမ်းစဉ်၊ ဦးချမ်းအေးရဲ့ လက်နက်နဲ့ဒီမိုကရေစီ လဲလှယ်ရေးတို့၊ ဗိုလ်လကျ်ာရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်တို့ ပေါ်ပေါက်ခဲ့သလို ဗမာပြည်ကွန်မြူနစ်ပါတီဘက်က အပစ်အခတ် တပြိုင်တည်းရပ်စဲရေး၊ တွေ့ဆုံစေ့စပ်ဆွေးနွေးရေး၊ နှစ်ချက်နဲ့အလင်းဝင်ရေးဆိုတာတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဘယ်နည်းနဲ့မှ အကောင်အထည်မပေါ်ခဲ့ဘဲ ပြည်တွင်းစစ်ကြီးသာ ဆယ်နှစ်ကျော်ခဲ့ပါတယ်။ မွန်အဖွဲ့၊ ရခိုင်ဦးစိန္တာအဖွဲ့နဲ့ ပြည်သူ့ရဲဘော်များသာ လက်နက်စွန့်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရခါစ အနီးခေတ်တဝိုက်အထိ ပြောကြဟောကြ ကြွေးကြော်ခဲ့ကြတဲ့ ဆိုရှယ်လစ်

ရေးကြွေးကြော်သံ၊ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေး ရည်မှန်းချက်ဆိုတာတွေလည်း တစထက်တစ အသံတိမ်သွားခဲ့ပြီး၊ ဆယ်နှစ်တာရဲ့ နောက်ဆုံးကာလပိုင်းမှာ ဖဆပလ အစိုးရဟာ အသံတောင် မပြုနိုင်တော့ဘဲ မသိကျိုးကျွံပြုသွားပါတယ်။

လွတ်လပ်ရေးရခါစလောက်က ဆိုရှယ်လစ်ဆန်တဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ပြဖို့ နိုင်ငံခြားသားများ ကြီးစိုးလာခဲ့တဲ့ စီးပွားရေးလုပ်ငန်းကြီးတချို့ကို နိုင်ငံပိုင်သိမ်းပြခဲ့ပါတယ်။ တချို့ကို ဖက်စပ်လုပ်ပြခဲ့ပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွက် အကျိုးရှိအောင်လုပ်မပြနိုင်ခဲ့ပါ။ ၁၉၄၈ ခုနှစ် က ဖဆပလအစိုးရက ရေးဆွဲခဲ့တဲ့ စီးပွားရေး (၂) နှစ်စီမံကိန်းကလည်း အကောင်အထည် မဖော်နိုင်ဘဲ ပျက်ပြားသွားခဲ့သလို အမေရိကန်စီးပွား အကူအညီနဲ့ နိုင်ငံခြားသားစီးပွားရေးပါရဂူများကို ခေါ်ယူငှားရမ်း ရေးဆွဲပြီး အကောင်အထည်ဖော်လိုက်တဲ့ ပြည်တော်သာစီမံကိန်းကြီးများဟာလည်း အာဏာရ ဖဆပလ အဖွဲ့ဝင်တွေ ဝိုင်းဝန်းခြစားပစ်လိုက်ကြပြီး ထင်သလိုလုပ်ကိုင် အကောင်အထည်ဖော်ပစ်လိုက်ကြတဲ့အတွက် ဘာတခုမှ အရာထင်မလာခဲ့ပါ။ လေထဲမှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းနဲ့ အလုပ်ရုံတွေဟာ စစ်မဖြစ်ခင်က (၁၀၀၀) ကျော်လောက်ရှိရာက ၁၉၅၈ ခုနှစ်မှာ (၃၀၀၀) လောက်အထိ ရှိလာခဲ့တယ်ဆိုပေမယ့် အများစုက ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်နဲ့ စားသောက်ကုန်ထုတ်လုပ်ငန်းတွေလောက်သာ ဖြစ်ခဲ့ပါတယ်။ မြန်မာပိုင်လုပ်ငန်းတွေအဖြစ် စာရင်းပြထားပေမယ့် အများစုကြီးက မြန်မာတိုင်းရင်းသားအမည်ပေါက် နိုင်ငံခြားနွယ်ဖွား တရုတ်၊ ကုလားတွေသာဖြစ်ခဲ့ပါတယ်။ သွင်းကုန်ထုတ်ကုန်လိုင်စင်လုပ်ငန်းတွေ ခေတ်စားခဲ့ပေမယ့် လိုင်စင်ရပုဂ္ဂိုလ်တွေက နောက်ပိုင်းမှာ နိုင်ငံခြားသားတွေသာ လွှမ်းစိုးတဲ့လုပ်ငန်းကြီးတွေဖြစ်သွားပါတယ်။ လိုင်စင်ရသူတွေ ခေတ်ပျက်သူဌေး၊ ခါတော်မှီသူဌေးတွေ ဖြစ်သွားကြပေမယ့် အများစုပြည်သူလူထုကြီးရဲ့ ဘဝကတော့ ဘာမှ ထူးထူးခြားခြား တိုးတက်မလာခဲ့ပါ။

ဗမာပြည်ရဲ့ အများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ ဘဝဟာလည်း ဒုံရင်း ဒုံရင်းပဲ ဖြစ်ခဲ့ပြီး ဘာမှ ထူးထူးခြားခြား ပြောင်းလဲတိုးတက်မလာခဲ့ပါ။ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးနဲ့ မြေယာဝေခြမ်းရေးတွေ ဖဆပလအစိုးရက လုပ်ခဲ့တာရှိပေမယ့် အခြေခံအားဖြင့် မြေရှင်ပဒေသရာဇ်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းနိုင်ခြင်းမရှိဘဲ တစုံတရာ အားနည်းစေခဲ့တာလောက်ပဲ လုပ်နိုင်ခဲ့ပါတယ်။ တောက်လျှောက် တောက်လောင်နေခဲ့တဲ့ ပြည်တွင်းစစ်ကြီးကြောင့် လယ်သမားထုရဲ့ဘဝဟာ ဒုက္ခပေါင်းစုံကို ပိုမိုကြုံတွေ့ ခံစားခဲ့ကြရပြီး စစ်ဘေးစစ်ဒဏ်ကို အများဆုံးခံစားကြရသူတွေဖြစ်ခဲ့ပါတယ်။

ဖဆပလအစိုးရဟာ ပြည်တွင်းစစ်ကို တရားသဖြင့် ငြိမ်းသတ်နိုင်ဖို့ မကြိုးစားခဲ့သလို၊ ပြည်ပကျူးကျော် တရုတ်ဖြူကို တိုက်ထုတ်ရေးထက် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရေးဆိုတာကိုပဲ အားထုတ်လုပ်ကိုင်ခဲ့ပါတယ်။

သောင်းကျန်းသူနှိမ်နင်းရေး၊ ရပ်ရွာလုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးဆိုတာတွေအကြောင်းပြပြီး အာဏာရ ဖဆပလ ကရော၊ ဖဆပလ လက်အောက်ခံစစ်တပ်ကပါ လက်နက်ကိုင်တပ်ဖွဲ့အမျိုးမျိုးကို နေရာအနှံ့ အပြားမှာ ဖွဲ့စည်းခဲ့ကြပါတယ်။ လဲဗီး၊ ကာကွယ်ရေး၊ ပျူစောထီး စတဲ့နာမည်အမျိုးမျိုးနဲ့ ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီလက်နက်ကိုင်တပ်ဖွဲ့တွေဟာ အာဏာရအဖွဲ့အစည်း လူပုဂ္ဂိုလ်တွေရဲ့ ခါးပိုက်ဆောင်တပ်တွေ၊ ပြည်သူလူထုအပေါ် လက်နက်နဲ့ ဗိုလ်ကျတဲ့တပ်ဖွဲ့တွေ၊ အာဏာရ ဖဆပလကြီးရဲ့ ဒေါက်တိုင်တွေအဖြစ် နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပါတယ်။ စစ်တပ်ရဲ့ စစ်ဆင်ရေးတွေမှာ အရံအင်အားအဖြစ် အသုံးချခဲ့တာတွေလည်းရှိပါတယ်။ ယေဘုယျအားဖြင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဘာတခုမှ အကျိုးပြုခဲ့တဲ့ တပ်ဖွဲ့

တွေမဟုတ်ဘဲ ခိုးဆိုးလုယက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လူသတ် စတဲ့ ဒုစရိုက်အမျိုးမျိုးကိုသာ ကျူးလွန်ခဲ့ကြတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲတွေမှာ ဖဆပလ အနိုင်ရရှိအောင် အတိုက်အခံတွေအပေါ် မတရား ဖိနှိပ် ခြိမ်းခြောက် ညစ်ပတ် သတ်ဖြတ်တဲ့ အလုပ်တွေကို ပြောင်ပြောင်တင်းတင်းကျူးလွန်ခဲ့ကြပါတယ်။ ဒါကြောင့် ဖဆပလက ဖွဲ့စည်းခဲ့တဲ့ လဲဗီး၊ ကာကွယ်ရေး၊ ပျူစောထီးဆိုတဲ့ တပ်ဖွဲ့တွေအားလုံးဟာ လူထုချဉ်ဖတ်တွေဖြစ်ခဲ့ပါတယ်။ အတိုက်အခံအင်အားစုများက အထူးသဖြင့် 'ပမညတ' ပေါ်ပေါက်ပြီးနောက် ပမညတ အဖွဲ့ကြီးက အဲဒီကာကွယ်ရေးနဲ့ ပျူစောထီးတပ်ဖွဲ့တွေ ဖျက်သိမ်းပစ်ရေးကို တလျှောက်လုံး တောင်းဆိုခဲ့ပါတယ်။ ဖုံးမနိုင်ဖိမရ နာမည်ဆိုးနဲ့ ကျော်ကြားလွန်းလာတဲ့အတွက် အာဏာရ ဖဆပလ ကြီးဟာ လုံးဝဖျက်သိမ်းရေးကိုတော့မလုပ်ဘဲ စီစစ်ဖွဲ့စည်းရေး၊ ပြောင်းလဲဖွဲ့စည်းရေးဆိုတာကိုသာ ပြုလုပ်ခဲ့ပါတယ်။

'နှစ်လေးဆယ် အာဏာတည်မြဲစေရမယ်' လို့ ဖဆဆိုရှယ်တွေ ကြွေးကြော်ခဲ့ကြတဲ့ ဖဆပလ အဖွဲ့ကြီးဟာ ဆယ်နှစ်ဆယ်မိုး အတွင်းမှာ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားရရုံမက အာဏာကို စစ်တပ်လက်ထိုးအပ်ရတော့တဲ့ဘဝ ရောက်သွားပါတယ်။

နိုင်ငံတကာမျက်နှာစာမှာ အရင်းရှင်ဂိုဏ်းနဲ့ ဆိုရှယ်လစ်ဂိုဏ်းဆိုတဲ့ ဂိုဏ်းကြီး (၂) ဂိုဏ်းရဲ့ ထိပ်တိုက်ပြိုင်ဆိုင်မှုကြားမှာ ဗမာပြည်ဟာ ဂယိမ်းဂယိုင်ဖြစ်နေခဲ့ပါတယ်။ ဖဆပလ ထိပ်သီးကြီးတွေအားလုံးလောက်နီးပါးဟာ ဆိုရှယ်လစ်ရေးကို ကြွေးကြော်ခဲ့ကြဖူးပေမယ့် တိုင်းပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာကို 'လက်ဝဲမျိုးစေ့' တွေအမြောက်အများ ပါရှိနေပါတယ်လို့ ဖွင့်ဆိုခဲ့ကြဖူးပေမယ့် တစတစလက်ယာလမ်းကြောင်းဆီကိုသာ ပြောင်းရွှေ့ချဉ်းကပ်သွားခဲ့ပါတယ်။

ကွန်မြူနစ်ဆန့်ကျင်ရေး ထိပ်သီးခေါင်းမာကြီးတွေဖြစ်တဲ့ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ အုပ်စုကတော့တဖြည်းဖြည်း အမေရိကန်လိုလားသူများဖြစ်သွားပါတယ်။ ဦးနု တို့အုပ်စုကတော့ အမေရိကန်ကို လိုလားပေမယ့် လက်ဝဲ နဲ့ လက်ယာကြား ဗျာများတဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးရင်းက 'ကြားနေရေးဝါဒ' ကိုကြွေးကြော်သူများဖြစ်လာကြပါတယ်။ ဦးနု ဟာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း နဲ့အတူ 'ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်' မှာ တဆင့်တက် ပါဝင်နိုင်ခွင့်ရခဲ့သူဖြစ်ခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ မျက်နှာပန်းလှသူဖြစ်ခဲ့ပါတယ်။ မူကြီး (၅) ချက်ကြောင့် ဗမာပြည်ရဲ့ နိုင်ငံခြားရေးဝါဒ ဂုဏ်တက်ခဲ့ရတဲ့ကာလ ဖြစ်ခဲ့ဖူးပါတယ်။ အမေရိကန်ရဲ့ ဆီးတိုးစစ်အုပ်စုဖွဲ့ရေးထဲ ကာယကံမြောက် ကျရောက်မသွားအောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ပြည်တွင်းရေးမှာတော့ ဖဆပလ တွင်း အာဏာပြိုင်ပွဲမှာ အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်း ရှိခဲ့ပေမယ့် စစ်တပ်ရဲ့ တနည်းအားဖြင့် ဗမာပြည်မှာဖြစ်တည်လာစ စစ်အုပ်ရဲ့စစ်တပ် အာဏာသိမ်းယူလိုမှုကိုတော့ မဟန့်တားနိုင်တော့ဘဲ၊ အာဏာကို ဆက်လက်ထိန်းသိမ်းမထားနိုင်တော့ဘဲ စစ်အုပ်စုလက်ထဲ ထိုးအပ်ခဲ့ရပါတယ်။ လူကြားကောင်းအောင် အာဏာလွှဲပြောင်းပေးတာအဖြစ်အသရေဆည်ခဲ့ပါတယ်။

# အပိုင်း (၂)
# ၁၉၅၈–၁၉၆၂ ကာလ

## စစ်အုပ်စုကြီးမွေးဖွားခြင်း၊ စစ်အာဏာရှင်စနစ်အတွက် ဇာတ်တိုက်ခြင်း သို့မဟုတ် အိမ်စောင့်အစိုးရခေတ်

အိမ်စောင့်အစိုးရခေတ်၊ အိမ်စောင့်အစိုးရဆိုတာရဲ့ ဗွဲဆော်ဦးပွဲဦးထွက် ဆောင်ရွက်ချက်ကတော့ နိုင်ငံရေးသမားတွေကို အထူးသဖြင့် စစ်အုပ်စုအပေါ် မကြည်ဖြူနိုင်သူ ဆန့်ကျင်သူ နိုင်ငံရေးသမားတွေကို အစုလိုက် အပြုံလိုက် ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချခြင်းဖြစ်ပါတယ်။

ဗိုလ်မြသွေး (ပမညတ အတွင်းရေးမှူးချုပ်)၊ သခင်ဗမောင် (ပြည်သူ့ဒီမိုကရေစီပါတီ)၊ ပြည်သူ့ရဲဘော်မှ ဗိုလ်အုံးတင်၊ ဗိုလ်ညွန့်မောင်၊ ဗိုလ်အောင်နိုင်၊ လူငယ့်တပ်ဦးမှ ကိုဝင်းထွဋ်၊ ကိုစိန်လှ၊ ကိုမြမောင်၊ ရဲဘော်ပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့မှ ဗိုလ်မျိုးမြင့်၊ ကိုလှမင်း တို့အပါအဝင်၊ သတင်းစာဆရာတွေဖြစ်ကြတဲ့ ဦးစောလွင် (ဗမာအမျိုးသမီး)၊ ဦးအုန်းမြင့် (တိုးတက်ရေး)၊ ဦးကိုကိုလေး တို့တွေ အဖမ်းခံကြရပါတယ်။ နောက်ပိုင်းမှာတဆက်တည်း သတင်းဆရာ၊ စာရေးဆရာတွေဖြစ်ကြတဲ့ ဦးယုမောင်၊ ဗန်းမော်တင်အောင်၊ ဦးတင်စိုး တို့တတွေ ထောင်ထဲရောက်ကြရပါတယ်။ မန်းထွန်းရင် တို့လို ကရင်အမျိုးသားခေါင်းဆောင်တွေ၊ သခင်ထွန်းအုံ၊ ဦးသာနိုး တို့လို သန့်ရှင်းခေါင်းဆောင်တွေ၊ သခင်လူအေး၊ ကိုမြင့်ဇော် တို့လို အလုပ်သမားခေါင်းဆောင်တွေ၊ ကိုစိုးမင်း၊ ကိုကိုလွင် တို့လို လူငယ်ခေါင်းဆောင်တွေသာမက ဆရာတော်ရှင်ဥက္ကဋ္ဌ လို ဘုန်းကြီးလည်း ထောင်ထဲဝင်ရပါတယ်။ သတင်းစာတိုက်တွေထဲကဆိုရင် ဗိုလ်တထောင်က ဗိုလ်အောင်စိန်၊ ကြေးမုံက ဦးကြည်မြင့်၊ ပြည်တော်သစ်က ဦးအောင်မြင့် တို့တွေလည်း အဖမ်းအဆီးခံကြရပါတယ်။ ကျောင်းသားသမဂ္ဂက ကျောင်းသားခေါင်းဆောင်တွေလည်း ဖမ်းဆီးထောင်ချခြင်းခံကြရသလို ပြေးသူပြေး ရှောင်သူရှောင်ဖြစ်ကြရပါတယ်။

နိုဝင်ဘာ(၃)ရက်နေ့မှာ ငြိမ်ဝပ်ပိပြားမှုညီလာခံ ကျင်းပပါတယ်။ ဝန်ကြီးများ အတွင်းဝန်များ၊ ခရိုင်ဝန်များ၊ ရဲအရာရှိများပါ ဖိတ်ကြားပြီး ဆွေးနွေးပွဲလုပ်ပါတယ်။ (၃) ရက်တိုင်တိုင်ကျင်းပပြီး 'တရားဥပဒေစိုးမိုးရေး' ဆိုတာအပြင် အမြတ်ကြီးစားများ နှိမ်နင်းရေး၊ ကုန်ဈေးနှုန်းချရေး၊ မြို့တော်သန့်ရှင်းရေးလုပ်ငန်းတွေပါ တပြိုင်နက်တည်း လုပ်သွားမယ်လို့ ဆုံးဖြတ်ပါတယ်။

ကုန်ဈေးနှုန်းချရေးအတွက်ဆိုပြီး စီးပွားရေးလုပ်ငန်းရှင်တချို့ကို ဖမ်းဆီးပါတယ်။ စီးပွားရေးလုပ်ငန်းတချို့ကို တပ်မတော် သက်သာချောင်ချိရေးအဖွဲ့က သိမ်းပိုက်ယူတာလုပ်ပါတယ်။

ငြိမ်ဝပ်ပိပြားရေးစီမံကိန်းညီလာခံကြီးကို နိုဝင်ဘာ (၃) ရက်ကနေ (၅) ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပပြီးတဲ့နောက်မှာ အိမ်စောင့်အစိုးရရဲ့ 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အုပ်ချုပ်မှုစီမံကိန်း' ကြီးကို စတင်အကောင်အထည်ဖော်ပါတယ်။ ဒီစီမံကိန်းကြီးကို သွက်သွက်လက်လက် အကောင်အထည်ဖော်နိုင်ဖို့ ညီလာခံမခေါ်ခင်ကတည်းက 'ဗဟိုလုံခြုံရေးဦးစီးအဖွဲ့' ဆိုတာကို ကြိုတင်ဖွဲ့စည်းပြီးဖြစ်ပါတယ်။ 'ဗဟိုလုံခြုံရေး ဦးစီးအဖွဲ့' ကို နိုဝင်ဘာလ (၁) ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဝန်ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း က တာဝန်ယူပြီး ဒုဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးဝန်ကြီးဖြစ်တဲ့ ဦးခင်မောင်ဖြူ က တာဝန်ခံပါတယ်။

နောက်ထပ်ပေါ်လာတာကတော့ 'ဗဟိုလုံခြုံရေးကောင်စီ' ဆိုတာဖြစ်ပါတယ်။ ဦးခင်မောင်ဖြူ က ဥက္ကဋ္ဌဖြစ်ပြီး ဗိုလ်မှူးချုပ်မောင်မောင် က တပ်နဲ့ ညှိနှိုင်းပူးပေါင်းရေးတာဝန်ကိုယူပါတယ်။ ဗဟိုလုံခြုံရေးကောင်စီမှာ ဗိုလ်မှူးကြီး ဘသန်း (ဓမ္မိကဘသန်း) ဒုဗိုလ်မှူးကြီး ကြည်ဟန် တို့ ပါဝင်လှုပ်ရှားကြပါတယ်။

ဗဟိုလုံခြုံရေးကောင်စီရဲ့အောက်မှာ တိုင်း၊ ပြည်နယ် လုံခြုံရေးကောင်စီ၊ ခရိုင် လုံခြုံရေးကောင်စီ၊ မြို့နယ်လုံခြုံရေးကောင်စီ ဆိုတာတွေရှိပါတယ်။

'စစ်အစိုးရ' အဖြစ်၊ တန်းမမြင်ရအောင် အစိုးရအဖွဲ့စာရင်းမှာ စစ်ဗိုလ်ကြီးတွေကို ထည့်သွင်းဖွဲ့စည်းပြထားခြင်းမရှိပေမယ့် ဝန်ကြီးဌာနတိုင်းနဲ့ လုပ်ငန်းဌာန အဖွဲ့အစည်းတိုင်းမှာ စစ်ဗိုလ်ကြီးတွေအားလုံး တာဝန်ယူ ပါဝင်ပတ်သက် လုပ်ကိုင်ခဲ့ကြပါတယ်။ စစ်တပ်က အုပ်ချုပ်ရေးတင်မက အစိုးရလုပ်ငန်းဌာနမှန်သမျှကို ဝင်ရောက်ပါဝင်လုပ်ကိုင် အုပ်စိုးခဲ့ကြပါတယ်။

ဗိုလ်မှူးချုပ်မောင်မောင် ဟာ ပြည်ထဲရေးဝန်ကြီး မဟုတ်ပေမယ့် ပြည်ထဲရေးဝန်ကြီး ဦးခင်မောင်ဖြူထက် လက်စောင်းထက်ခဲ့ပါတယ်။ သြဇာပါဝါ ပြနိုင်သူဖြစ်ခဲ့ပါတယ်။ ပြန်ကြားရေးဌာနအောက်ကနေ ပြည်ထဲရေးဌာနလက်အောက် ရွှေ့ပြောင်းယူလိုက်ပြီး 'ပုံနှိပ်ထုတ်ဝေသူများထုတ်ဝေခွင့်' လိုင်စင်ကို အရင်က တကြိမ်ရပြီးဖြစ်ရင် အဆက်မပြတ်ထုတ်ဝေခွင့်ရပြီးဖြစ်ရာကနေ တနှစ်တကြိမ်တင်လျှောက်ဖို့ ဥပဒေ ပြင်ဆင်ထုတ်ပြန်ခဲ့ပါတယ်။ ရည်ရွယ်ချက်က ထုတ်ဝေသူတွေကို ကြောက်အောင်လုပ်ပြီး အပိုင်ကိုင်ဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးချုပ်မောင်မောင် ကိုယ်တိုင် 'စစ်တပ်အာဏာသိမ်း' ကြံစည်မှုကြီးမှာ ပါဝင်ခဲ့ပြီး တည်ဆဲဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ကာယကံမြောက် ချိုးဖောက်လာခဲ့သူ စစ်စစ်ဖြစ်ပေမယ့် ပုံနှိပ်ထုတ်ဝေသူတွေကို "ယခုထုတ်ဝေသူသည် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို သစ္စာခံယူပါသည်။ စောင့်ထိန်းပါမည်ဟု ကတိသစ္စာပြုကြောင်း" တရားဝင် ပုံနှိပ်ဖော်ပြခိုင်းခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဦးထိပ်ရွက်ပန် ရိုကျိုးဟန် အပြည့်အဝ ပုံဆောင်ခဲ့ပါတယ်။ တနှစ်တကြိမ် တင်လျှောက်ဥပဒေကို ကြေးမုံ၊ ရန်ကုန်၊ ဗိုလ်တထောင် သတင်းစာ (၃) စောင်က ဆန့်ကျင် ဝေဖန် ရေးသားခဲ့ကြပါတယ်။

အဲဒီလို ဆန့်ကျင်ဝေဖန်ရေးသားကြတဲ့အတွက် ကြေးမုံ၊ ရန်ကုန်၊ ဗိုလ်တထောင်သတင်းစာ (၃) စောင်ကို ပိတ်ပစ်ပါတယ်။ အယ်ဒီတာတွေကိုလည်း ဖမ်းဆီးထောင်ချတာလုပ်ပါတယ်။

အိမ်စောင့်အစိုးရရဲ့ အဓိကအရေးကြီးဆုံး 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အုပ်ချုပ်မှုစီမံကိန်းကြီး' ကို အကောင်အထည်ဖော်ဖို့၊ ပထမဆုံး ဖွဲ့စည်းလိုက်တဲ့ 'ဗဟိုလုံခြုံရေးဦးစီးအဖွဲ့' ရဲ့အောက်မှာ ပြည်တွင်းလုံခြုံမှု ထောက်လှမ်းရေးညှိနှိုင်းမှုအဖွဲ့၊ နိုင်ငံတော်ဗဟိုထောက်လှမ်းရေးအဖွဲ့၊ အပြစ်ဒဏ်ပေးရေး အကြံပေးအဖွဲ့ဆိုတာတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ရဲဘက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးတိုးမြှင့်ရေးနှင့် ရွှေ့ပြောင်းရေးဆိုင်ရာအကြံပေးအဖွဲ့၊ ဆုချီးမြှင့်ရေးအကြံပေးအဖွဲ့ ဆိုတာတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ အိမ်စောင့်အစိုးရဟာ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက်၊ ဆူပူသောင်းကျန်း နေတဲ့ အင်အားစုတွေကို တိုက်ဖျက်နှိမ်နင်းရန်ဆိုတဲ့ အစီအစဉ် (၃) ရပ်ကိုလည်း ချမှတ်လိုက်ပါတယ်။ အဲဒီအစီအစဉ် (၃) ရပ်ကတော့ –

(၁) ပြည်တွင်း၌ ပျံ့နှံ့လျက်ရှိသော လက်နက်ပုံးများကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ ချက်ချင်းဆောင် ရွက်ရန်၊

(၂) သောင်းကျန်းသူများအား လူထု၏အကူအညီဖြင့် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ရန်နှင့်

(၃) ဥပဒေအတိုင်း တိတိကျကျ လိုက်နာကျင့်သုံးစေရန်နှင့် မည်သူ့ကိုမှ ထောက်ထားငဲ့ညှာခြင်း မရှိဘဲ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရန် – ဆိုတာပဲဖြစ်ပါတယ်။

အတိုချုပ်ပြောရရင် လက်နက်ပုံးများဖော်ထုတ်ရေး၊ သောင်းကျန်းသူအပြုတ်တိုက်ရေး ဥပဒေ အတိုင်း ပြတ်ပြတ်သားသား အရေးယူရေးဆိုတာပဲဖြစ်ပါတယ်။

နိုင်ငံတဝှန်းလုံး လက်နက်ပုံးဖော်ထုတ်ဖမ်းဆီးပွဲကြီးတွေ လုပ်ပြပါတယ်။ ရန်ကုန်မြို့နဲ့ အင်းစိန်တ ဝိုက်က ပြန်ပေးဂိုဏ်း၊ ဓားပြဂိုဏ်းဆိုတာကြီးတွေကို ဖော်ထုတ်ဖမ်းဆီးပါတယ်။

လက်နက်ပုံးဖော်ထုတ်ရေး ဖမ်းဆီးအရေးယူမှုတွေနဲ့အတူ ရှေ့ဆင့်နောက်ဆင့် ပြုလုပ်တာကတော့ ဖဆပလ လက်ထက် နာမည်အမျိုးမျိုးနဲ့ တည်ရှိလာခဲ့တဲ့ ခါးပိုက်ဆောင်တပ်ဖွဲ့တွေကို ဖျက်သိမ်းခြင်းပဲဖြစ် ပါတယ်။ ငြိမ်ဝပ်ပိပြားရေးအတွက်လို့ ကြွေးကြော်ခဲ့ပေမယ့် စစ်တပ်နဲ့စင်ပြိုင်ဖြစ်လာနိုင်တာကို ကြိုတင် တားဆီး ဖျက်သိမ်းပစ်ချင်တာ အဓိကဖြစ်တယ်။ စစ်တပ်ကလွဲလို့ လက်နက်ကိုင်တပ်ဆိုတာ၊ စစ်တပ်သဘော ဆောင်တဲ့အဖွဲ့ဆိုတာ စစ်တပ်ရဲ့အောက်မှာသာ ဒါမှမဟုတ် စစ်တပ်ကဖွဲ့စည်းပေးလို့ တည်ရှိနေတဲ့ အဖြစ် မျိုးသာ ရှိနေစေချင်တဲ့သဘောဖြစ်ပါတယ်။ ‘ရဲတပ်ဖွဲ့’ တွေကိုတောင် နိုင်ငံတကာမှာလည်း ဖွဲ့စည်းထားရ လို့၊ ဖျက်သိမ်းပစ်လို့မဖြစ်လို့ ထားရတဲ့သဘောဖြစ်ပါတယ်။ ဖျက်သိမ်းပစ်လိုက်တယ်ဆိုတဲ့ လက်နက်ကိုင် တပ်ဖွဲ့တွေကို တချို့ကို စစ်တပ်အတွင်း၊ တချို့ကို စစ်ရဲအတွင်း သွတ်သွင်းဖွဲ့စည်းလိုက်ပါတယ်။

‘စစ်ရဲတပ်’ ကိုလည်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းတာလုပ်ပါတယ်။ ဗိုလ်မှူးကြီးမင်းသိမ်း၊ ဗိုလ်မှူးကြီး တန်ယုဆိုင်နဲ့ စစ်တပ်က တပ်မှူးတချို့က တာဝန်ခံပြီး ပြင်ဆင်ဖွဲ့စည်း ကိုင်တွယ်ပါတယ်။ အသင့်ဖြစ်တဲ့အခါ တပ်မတော်တွင် သွတ်သွင်းဖွဲ့စည်းပေးမယ်လို့ ကြေညာပါတယ်။ ဗိုလ်မှူးကြီးမင်းသိန်းက စစ်ရဲမင်းကြီးလုပ် ပြီး ပြုပြင်ပြောင်းလဲရေးတွေလုပ်ပါတယ်။ သစ်ထုတ်လုပ်ရေးနဲ့ လျှပ်စစ်လုပ်ငန်း ကာကွယ်ရေးတပ်ခွဲ (၃)ခု ကိုလည်း စစ်ရဲတပ်ထဲသွတ်သွင်းလိုက်ပါတယ်။ သောင်းကျန်းသူနှိမ်နင်းရေးအဖြစ် လက်နက်ကိုင်အင်အားစု တွေကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ဖို့ စစ်ဆင်ရေးကြီးတွေ အကြီးအကျယ်ပြုလုပ်ပါတယ်။

ဥပဒေစိုးမိုးစေရေးခေါင်းစဉ်အောက်မှာ ဖမ်းတာ ဆီးတာ အပြစ်ပေးအရေးယူတာတွေကိုလည်း အရှိန်မြှင့်ဆောင်ရွက်ပါတယ်။ ပုဒ်မ (၅) နဲ့ ဖမ်းဆီးတာတွေလည်း အစုလိုက်အပြုံလိုက် များပြားလာပါတယ်။ အိမ်စောင့်အစိုးရ တက်မလာခင်က ဗမာပြည်မှာ ဗဟိုအကျဉ်းထောင် (၉) ထောင်၊ ခရိုင်အကျဉ်းထောင် (၁၉) ထောင်၊ ထောင်ငယ် (၆) ထောင်နဲ့ ဘော်စတယ်ကျောင်း (၁) ခုရှိပါတယ်။ အိမ်စောင့်အစိုးရတက်လာ တဲ့အခါ ဒီထောင်တွေလောက်နဲ့တင်အားမရတော့တဲ့အတွက် နောက်ထပ်ထောင်သစ်တခု ဖွင့်လိုက်ပါတယ်။ အဲဒါကတော့ ရန်ကုန်မြို့နဲ့ (၂၆၂)မိုင်ဝေးပြီး ပင်လယ်အတွင်းမှာတည်ရှိတဲ့ ကိုကိုးကျွန်းထောင်ဖြစ်ပါတယ်။ ကိုကိုးကျွန်းအကျဉ်းစခန်းကို စထူထောင်ခဲ့တာကတော့ ဖဆပလ အစိုးရဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး သခင်သာခင် လက်ထက်မှာ စီမံခဲ့တာဖြစ်ပြီး အဲဒီတုံးက ဦးကျော်ငြိမ်း က နိုင်ငံရေးသမားတွေအတွက် ရည်ရွယ်ခဲ့တာမဟုတ်ပါဘူးလို့ ငြင်းဆိုခဲ့ဘူးပါတယ်။ ၅၈ ခုနှစ်၊ နှစ်ဆန်းမှာ ကိုကိုးကျွန်းသတင်း ထပ်ပြီးထွက်

လာလို့ မတ်လ (၂၅) ခုနှစ်မှာ ကျင်းပတဲ့သတင်းစာ ကွန်ဖရင့်မှာ သတင်းစာဆရာတဦးရဲ့အမေးကို ဖြေဆိုရင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု က "ကိုကိုးကျွန်းသို့ နိုင်ငံရေးသမားများကို ပို့ရန်မဟုတ်ပါ" လို့ ဖြေကြားသွားခဲ့သေးတယ်။ အဲဒီ ကိုကိုးကျွန်းအကျဉ်းစခန်းကို ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့မှာ အိမ်စောင့်အစိုးရက စတင်ဖွင့်လှစ်လိုက်ပါတယ်။ နိုင်ငံရေးအကျဉ်းသမားတွေကိုပို့ဖို့ တမင်ရည်ရွယ်ပြီး ဖွင့်လိုက်ပါတယ်။

ဇန်နဝါရီ (၃၀) ရက်နေ့မှာ ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားပေါင်း (၁၃၅) ယောက်ကို စတင်ကိုကိုးကျွန်းပို့ပါတယ်။ ပထမအသုတ် (၅၃) ဦးနဲ့ ဒုတိယသုတ် (၅၄) ဦးနဲ့ နောက်ဆုံးသုတ် (၂၈) ဦးဖြစ်ပါတယ်။ နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာတွေတင်မက ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်တွေပါ ပါဝင်ခဲ့ပါတယ်။ သခင်မြသန်း၊ ရန်ကျော်အုန်းမြင့် (တိုးတက်ရေးအုန်းမြင့်)၊ ဦးစောလွင် (ဗမာအမျိုးသမီး)၊ ဦးအောင်သန်း (ဗိုလ်ချုပ်အကို)၊ ဗိုလ်မြသွေး၊ သခင်ဗမောင်၊ ဗိုလ်မျိုးမြင့်၊ ကိုကိုလေး၊ ကိုတင်စော၊ ရဲဘော်လှဝင်း နဲ့ ကျောင်းသားခေါင်းဆောင် ကိုလှဖေ (ဦးတင့်ဇော်)၊ ဗိုလ်အုံးမောင် (လေထီး)၊ သခင်ဖေငြေး၊ စတဲ့ပုဂ္ဂိုလ်တွေ ပါဝင်အပို့ခံခဲ့ရပါတယ်။ ကိုကိုးကျွန်းနဲ့အလားတူ၊ ပုသိမ်ဘက်က 'လိပ်ကျွန်း' ကိုလည်းပို့ဆောင် ချုပ်နှောင်တာတွေလုပ်ခဲ့ပါတယ်။

ဦးနု ဆီ အာဏာသွားတောင်းခဲ့တဲ့ အဓိကပုဂ္ဂိုလ် (၃) ဦးမှာ ဗိုလ်မှူးချုပ် မောင်မောင် က ပြည်ထဲရေးဌာနမှာ တန်ခိုးထွားသလို အဓိကပုဂ္ဂိုလ်နောက်တဦးဖြစ်တဲ့ ဗိုလ်မှူးချုပ်အောင်ကြီး က စီးပွားရေးလုပ်ငန်းတွေကို ကိုင်တွယ်ပြီး တန်ခိုးထွားလာပါတယ်။ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းကြီးတွေ၊ စစ်တပ်ကြိုက် စီးပွားရေးစနစ်သစ်တွေထွင်ပြီး စစ်တပ်အရင်းအနှီးကို အကြီးအကျယ် စုဆောင်းပါတယ်။ ၁၉၅၁ ခုနှစ်ကစပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ တပ်မတော် ထောက်ပံ့ရေးအဖွဲ့ (DSI) ဟာ အစိုးရချေးငွေ (၆) သိန်းနဲ့ စတင်ခဲ့တာလို့ အဆိုရှိပေမယ့် မတရားသဖြင့် အခွင့်အရေးတွေရယူပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ရခဲ့တဲ့အတွက် တမဟုတ်ချင်း ကြီးထွားလာခဲ့ကာ၊ အိမ်စောင့်အစိုးရလက်ထက်မှာတော့ အထွတ်အထိပ်ကိုရောက်ရှိသွားပါတော့တယ်။ DSI (ဒီအက်စ်အိုင်) အောက်က ထပ်ဖွဲ့ခဲ့တဲ့ ဘီအီးဒီစီ (BEDC) ဟာ ဗမာပြည်စီးပွားရေးလုပ်ငန်းတခုလုံးကို ချုပ်ကိုင်ပြီး ပါလေရာငါးပိချက် ဖြစ်လာတော့တယ်။ အရက်တောင် ဘီအီးဒီစီ အရက်ဆိုတာပေါ်လာခဲ့တယ်။ စာပေလောကထဲဝင်ပြီး ခြေရှုပ်ဖို့ "ပညာ့လက်ရုံး" စာပေတိုက်ထောင်ထားပြီးဖြစ်သလို "မြဝတီ" မဂ္ဂဇင်းတိုက်ကလည်း စစ်တပ်ရဲ့ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းနဲ့ ဝါဒဖြန့်ချိရေးအာဘော်တွေကို သွက်သွက်လက်လက် လမ်းကြောင်းချပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

အိမ်စောင့်အစိုးရလက်ထက်မှာ ဟီးနိုးကား (၂၄) စီးဝယ်ပြီး ရန်ကုန်မြို့တွင်း ခရီးပြေးဆွဲတာ၊ ဖက်စပ်လုပ်ငန်းတွေတိုင်းမှာ ပါဝင်ပါတ်သက် ကိုင်တွယ်ချုပ်ကိုင်တာလည်း လုပ်ပါတယ်။ အရင်ကရှိပြီး ဖက်စပ်ကော်ပိုရေးရှင်း (၁၁) ခုထဲက စက်မှုလက်မှုဆိုင်ရာ ဖက်စပ်ကော်ပိုရေးရှင်း (၂) ခုကို ဖျက်သိမ်းပြီး၊ ကျန်တဲ့ (၉) ခုကို တိုင်းနဲ့ပြည်နယ်အလိုက် နေရာဒေသခွဲပြီး၊ ဖြန့်ဖြူးရေးနယ်တွေခွဲပြီး ခွဲတမ်းချလုပ်ကိုင်စေတာတီထွင်ပါတယ်။ စီးပွားရေးကို စစ်နယ်မြေခွဲပြီး လုပ်ကြည့်တာဖြစ်ပါတယ်။

နိုင်ငံခြားကတင်သွင်းတဲ့ ကုန်စည်တွေကိုလည်း (DSI) မှတဆင့် တင်သွင်းရမယ်လို့ အမိန့်ထုတ်ပြီး ကန်ထရိုက်လုပ်ငန်းတွေကိုလည်း (DSI) က သိမ်းယူပါတယ်။ သွင်းကုန် ထုတ်ကုန် လိုင်စင်တွေကိုလည်း စစ်တပ်ရဲ့ DSI နဲ့ BEDC ကပဲကိုင်တွယ်ပါတယ်။ စစ်တပ်ရဲ့ DSI နဲ့ BEDC ကိုယ်တိုင်ကတော့ အကောက်တော်ခွန်၊ ဘာခွန် ညာခွန်၊ အခွန်မှန်သမျှ တခုမှမပေးရတဲ့အတွက် အမြတ်ကြီး မြတ်ပြီး အပွကြီးပွခဲ့ပါတယ်။ ဘယ်လောက်ထိတောင် အမြတ်ကြီးမြတ်ပြီး အပွကြီးပွခဲ့သလဲဆိုရင် DSI နဲ့ BEDC ဟာ ဘဏ်လုပ်ငန်းနဲ့

ပင်လယ်ကူးသင်္ဘောလုပ်ငန်းတွေအထိ တိုးချဲ့ပိုင်ဆိုင် လုပ်ကိုင်နိုင်ခဲ့တဲ့အထိဖြစ်ပါတယ်။ "အင်းဝဘဏ်"ဟာ ဗိုလ်မှူးချုပ်အောင်ကြီး ဦးစီးတဲ့ စစ်တပ်ပိုင်ဖြစ်သလို၊ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဟာလည်း စစ်တပ်ပိုင်ဖြစ်ခဲ့ပါတယ်။

သုံးဘီးကားတွေတင်သွင်းပြီး စစ်ဗိုလ်နဲ့ ဗိုလ်ထွက်တွေကို လျှော့ဈေးနဲ့ပြန်ရောင်းတာ၊ စီးပွားရေး လုပ်ငန်းတွေချပေးပြီး ဝေစုခွဲပေးတာတွေလည်း ဗိုလ်မှူးချုပ်အောင်ကြီး ဦးစီးပြီးလုပ်ကိုင်ပေးခဲ့တယ်။

စစ်တပ်က စစ်ဗိုလ်ကြီး၊ စစ်ဗိုလ်လေးတွေ အာဏာအရသာ ကောင်းကောင်းသိလာကြတယ်။ အာဏာရဲ့အောက်မှာ ဘာစီးပွားရေးလုပ်လုပ် အောင်မြင်တယ်၊ အောင်မြင်မှုလည်း မြန်တယ်လို့ မှတ်ထင် နားလည်လာကြတယ်။ ဗိုလ်မှူးချုပ်အောင်ကြီး ဟာ သူ့ကိုယ်သူ စီးပွားရေး အင်မတန် ကျွမ်းကျင်လုပ်ကိုင် တတ်သူလို့တောင် ထင်လာပုံရတယ်။

စစ်ဗိုလ်ထိပ်သီးတွေမှန်သမျှဟာ စီးပွားရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုရေး လုပ်ငန်းတွေ အားလုံးမှာ ပါဝင်ပတ်သက် စွက်ဖက်ရုံမက ဦးစီးဦးကိုင်ပြုပြီး ချယ်လှယ်ခဲ့ကြပါတယ်။ အရပ်ဖက်လုပ်ငန်းတွေ တိုင်း၊ အစိုးရဌာနတွေတိုင်းမှာ ဝင်ရောက်နေရာယူခဲ့ကြပြီး တာဝန်ခံကြီးတွေ အထူးအရာရှိတွေ ဦးစီး ဦးဆောင်ကြီးတွေ လုပ်ခဲ့ကြပါတယ်။ သော့ချက်နေရာမှန်သမျှ စစ်တပ်ကကိုင်တွယ်ခဲ့ပါတယ်။

ဗိုလ်မှူးကြီးကျော်စိုး က ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ဗိုလ်မှူးကြီးခင်ညို က မီးရထား လုပ်ငန်းကို ကိုင်ပါတယ်။ မီးရထားအပြင် ကုန်သွယ်ရေးလုပ်ငန်းတွေထဲလည်း ဝင်ရောက်ကြီးကြပ်လိုက်ပါ သေးတယ်။ ဗိုလ်မှူးချုပ်တီကလစ် က လေကြောင်းသယ်ယူရေး၊ ဗိုလ်မှူးကြီးဘနီ က ကြေးနန်း ဆက်သွယ်ရေး ကို ကိုင်ပါတယ်။ ဗိုလ်မှူးကြီးစောမြင့် က နယ်ခြားဒေသအုပ်ချုပ်ရေးဌာနသစ် ဖွင့်ရုံသာမက နယ်နိမိတ်တိုင်း ထွာရေးဆိုင်ရာကိုပါ ဦးစီးဦးရွက်ပြုပါတယ်။ ဗိုလ်မှူးကြီးချစ်မြိုင်က အမျိုးသားမှတ်ပုံတင်ဌာနကိုကိုင်ပြီး၊ ဗိုလ်မှူးကြီးလှအောင် က မြေတိုင်းဌာနကို ဝင်ရောက်ဦးဆောင်တာ လုပ်ပါတယ်။ သန့်ရှင်းအစိုးရအပေါ် မကျေမနပ်ဖြစ်ခဲ့ပြီး လက်နက်နဲ့ဖြုတ်ချရမယ်လို့ ကြွေးကြော်ခဲ့တဲ့ ဗိုလ်မှူးကြီးကြည်ဝင်း က မြေယာနဲ့ကျေး လက်ကြီးပွားရေးကော်ပိုရေးရှင်းကို ကိုင်တွယ်ရုံမက အမြတ်တော်ကြေးဌာနကိုပါ ဦးစီးကြီးကြပ်တယ်ဆိုတာ လုပ်ပါတယ်။ ဘီအိုစီကုမ္ပဏီမှာလည်း ဒါရိုက်တာအဖြစ် လုပ်လိုက်ပါသေးတယ်။

ဗိုလ်မှူးကြီးကြည်မောင် က သစ်ထုတ်လုပ်ရေးနဲ့ သစ်လုပ်ငန်း၊ ဗိုလ်မှူးကြီးမြဝင်း က ပစ္စည်းဝယ်ယူ ရေးအဖွဲ့တာဝန်ခံ၊ ဒုဗိုလ်မှူးကြီးမြသောင်း က ကမ္ဘာ့အရပ်ရပ်သွားပြီး စပါးရောင်းရေးတာဝန်ယူပါတယ်။

ဒုဗိုလ်မှူးကြီးစောမြသိန်း က ရန်ကုန်ဆိပ်ကမ်းလုပ်ငန်းနဲ့ ကုန်တင်ကုန်ချလုပ်ငန်းတွေကို ကိုင်ထား ပြီး ဗိုလ်မှူးဘရှိန်က ပင်လယ်ရေကြောင်းအဖွဲ့ကို ချုပ်ကိုင်အုပ်ချုပ်ပါတယ်။

ဗိုလ်မှူးကြီးလှဟန် နဲ့ ဗိုလ်မှူးကြီးဘာဘာ တို့က ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ကိုင်တွယ်အုပ် ချုပ်ပြီး၊ ဒုဗိုလ်မှူးကြီးချစ်ခိုင် က အလုပ်သမားညွှန်ကြားရေးဝန်လုပ်ပါတယ်။ စက်မှုတိုးတက်ရေး ကော်ပိုရေး ရှင်းရဲ့ ညွှန်ကြားရေးချုပ်တာဝန်ကို ကာကွယ်ရေးဌာနအတွင်းဝန် ဦးမောင်မောင် က တာဝန်ယူစီမံခန့်ခွဲပြီး ဒုဗိုလ်မှူးကြီး ပယ်ရီအေးချို က ညွှန်ကြားရေးဝန်လုပ်ပါတယ်။

ဗိုလ်မှူးကြီးထွန်းစိန် ကို ဗိုလ်ချုပ်နေဝင်း ကိုယ်တိုင်က ရန်ကုန်မြို့တော်ဝန်ခန့်ပြီး မြူနီစပယ်မင်းကြီး တာဝန်ကိုလည်း အပ်နှင်းပါတယ်။ ရန်ကုန်မြို့တွင်းရှိ ဆင်းရဲသားပေါင်းစုံ၊ ပျံကျ လက်လုပ်လက်စားပေါင်းစုံ နေထိုင်ကြတဲ့ ကွက်သစ်တွေကို ရှင်းလင်းပြစ်ဖို့၊ မြို့တော်ကြီးကို သန့်ရှင်းလာအောင်လုပ်ဖို့ အထူးတာဝန် ပေးပြီး စေခိုင်းပါတယ်။ ရက်ရက်စက်စက် ပြတ်ပြတ်သားသားလုပ်တတ်တဲ့ ဗိုလ်မှူးကြီးထွန်းစိန် ဟာ အိမ် စောင့်အစိုးရလက်ထက်မှာ နာမည်ဆိုးနဲ့ကျော်ဇောလာပါတယ်။ လူထုချဉ်ဖတ်ဖြစ်လာပါတယ်။ စစ်တပ်

အမိန့်၊ လက်နက်အာဏာနဲ့ အတင်းဖြို၊ အတင်းဖျက်၊ အတင်းနေရာရွှေ့ပြောင်းခိုင်းတာတွေ လက်သံပြောင်ပြောင် လုပ်ခဲ့ပါတယ်။

ကွက်သစ်နေလူထုကို မြို့သစ်တည်ပေးပြီး စနစ်တကျနေတတ်အောင် စီကုပ်ပြီး နတ်ပြည်တင်ပေးတာမကောင်းဘူးလားလို့ ခပ်တည်တည် ဝါဒဖြန့်ပါတယ်။ ဥက္ကလာနဲ့ သာကေတမြို့သစ်တွေ ပေါ်ထွန်းလာပါတယ်။ ကွက်သစ်သားတွေ မြို့သစ်သားတွေဖြစ်လာကြတယ်ဆိုပေမဲ့ ရွှေ့ပြောင်းရသူ ဆင်းရဲသားလူထုမှာ ကွင်းခေါင်ခေါင်နေပူပူ၊ လေဒလဟောကြားမှာ ဒုက္ခပေါင်းစုံရောက်ကြ၊ လုပ်ငန်း ကိုင်ငန်းလေးတွေပျောက်ကြရ၊ စားအိုးစားခွက် ပျောက်ကြရပါတယ်။ တကယ်ကို မျက်ရည်ကျရသူတွေ၊ ရောဂါဝေဒနာ ခံစားနေရသူတွေ ပေါ်ခဲ့ပါတယ်။ တဲကလေးထဲမှာ ထမင်းစားနေတုံးတန်းလန်းမှာ ဘူဒိုဇာနဲ့ ဝင်ထိုးတာခံရလို့ ထမင်းပန်းကန်လေးတွေပါ မှောက်ခဲ့ရ၊ ထမင်းလုံးတောင် ကုန်းကောက်လို့မရအောင် ဖြစ်ခဲ့ရတာတွေရှိပါတယ်။

ချင်းချောင်း ခြံကွက်သစ်ကို ဖျက်ပစ်ပြီး ပေါ်လာတာကတော့ ဗိုလ်မှူးချုပ်စန်းယု တို့အပါအဝင် ထိပ်သီးစစ်ဗိုလ်ကြီးတွေတသိုက် နေထိုင်ရာ ဗိုလ်စုမလိုင်ခဲရပ်ကွက် ဖြစ်လာပါတယ်။

ကျူးကျော်တဲတွေဖျက်တယ်ဆိုပြီး အိမ်ခြေပေါင်း (၁၆၇၀၀၀) ကျော်ကို အတင်းဖြိုဖျက်ပြီး ရွှေ့ပြောင်းကာ မြို့သစ်တွေဆီမောင်းပို့လိုက်ပြီး ပေါ်လာတဲ့မြို့လည်ခေါင်လဟာပြင် မြေကွက်လပ်ကြီးကို ဗိုလ်မှူးကြီး ထွန်းစိန် က စစ်ဗိုလ်ကြီး၊ ငယ်ရွယ်၊ လတ်တွေကို ဝေစုပေးတဲ့သဘော စနစ်တကျ နေရာချထားပေးပါတယ်။ စစ်ဗိုလ်တွေပဲ ကိုင်ထားတဲ့ သက်ဆိုင်ရာ မြို့ပြအိမ်ယာ မြေနေရာဌာနကလည်း မြေကွက်ဂရန်တွေ သွက်သွက်လက်လက် ထုတ်ပေးပါတယ်။ မြေကွက်ဂရန်ရတာနဲ့ မြေကွက်ဂရန်စာချုပ်ကို အပေါင်အဖြစ်ပြုပြီး ဗိုလ်မှူးချုပ်အောင်ကြီးရဲ့ အင်းဝဘဏ်မှာ ငွေချေးနိုင်ပါတယ်။ ဗိုလ်မှူးချုပ်အောင်ကြီးရဲ့ အင်းဝဘဏ်က ငွေအလုံအလောက်ထုတ်ပေးတဲ့အတွက် ငွေရင်းတပြားအချပ်မှ မစိုက်ရဘဲနဲ့ ကိုယ်ပိုင်အိမ်တွေ ဆောက်နိုင်ကြပါတယ်။ စစ်ဗိုလ်ကြီးတွေရဲ့ အိမ်ကြီး အိမ်ကောင်းတွေ မှိုပေါက်သလို ပေါ်လာကြပါတယ်။ တချို့ စစ်ဗိုလ်ကြီးတွေဆိုရင် ကိုယ်တဦးတည်း နာမည်နဲ့တင်မကဘဲ ဇနီး၊ သား၊ မယား၊ ဆွေမျိုးတွေရဲ့ နာမည်တွေနဲ့ပါ ခွဲတမ်းဝင်ယူပြီး အိမ်တွေဆောက်ကြတဲ့အတွက် အိမ်လေးငါးလုံးပိုင် စစ်ဗိုလ်ကြီးတွေတောင် နေ့ချင်း ညချင်း ပေါ်လာခဲ့တယ်။ နေရာကောင်းရသူ စစ်ဗိုလ်ကြီးတွေဟာ နိုင်ငံခြားသားကို အိမ်ငှားစားနိုင်တဲ့အထိ ဝင်ငွေဖြောင့်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ဇနီး ဒေါ်ခင်မေသန်းကိုယ်တိုင်လည်း ဒီပွဲတော်ကြီးအတွင်းမှာ ဝေစုဝင်ယူရုံမက သားသမီးတွေအတွက်ပါ နေရာရအောင် ခြေသွက်လက်သွက် ပါဝင်ကြံဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

အိမ်လေး ခြံလေး မြေကွက်လေးတွေ စွန့်လွှတ်ပြီး မြို့သစ်ရောက်ရသူတွေ ဒူးနဲ့မျက်ရည်သုတ်နေရချိန်မှာ စစ်ဗိုလ်ကြီးတွေ ရင်အကော့နိုင်ဆုံးဖြစ်လာခဲ့တယ်။ အရိုးပုံပေါ်မှာ ခေါင်းပေါင်းစ ထောင်သူထောင်ခဲ့ကြသလို မျက်ရည်ပင်လယ်ပေါ်မှာ အိမ်ကြီးရှင် စစ်ဗိုလ်ကြီးတွေ လက်မထောင်နိုင်ခဲ့ပါတယ်။ အိမ်ကိုစောင့်ရတဲ့ အိမ်စောင့်အစိုးရမဟုတ်ဘဲ၊ အိမ်တခုလုံးတက်သိမ်းတဲ့ အိမ်သိမ်းအစိုးရသဏ္ဍာန် ပေါ်လွင်ခဲ့ပါတယ်။

"မြို့တော်ကို ချွေးဖြင့်ဆေးမည်" ဆိုတဲ့ ဆိုင်းဘုတ်နဲ့ "ချွေးစစ်ဆင်ရေး" ဆိုတာကိုဖော်ထုတ်ပြီး ရန်ကုန်မြို့တော်တွင်းရှိ အရပ်သား မြို့သူမြို့သားတွေကို အတင်းအကြပ် သန့်ရှင်းရေးအလုပ်ခိုင်းခဲ့ပါတယ်။ အမှိုက်သိမ်း၊ မြောင်းပုပ်ဖော်၊ လမ်းပြင် စတဲ့ မြူနီစပယ်အလုပ်တွေကို မြို့သူမြို့သားတွေကို မလုပ်မနေရ အတင်းအကြပ် အမိန့်ပေးအလုပ်ခိုင်းခဲ့ပါတယ်။ တနင်္ဂနွေနေ့တိုင်း အပတ်စဉ်ပေါ်တာဆွဲပြီး အလုပ်လုပ်ခိုင်းတဲ့အတွက် လုပ်ခဲ့ကြရသူ အရပ်သားပေါင်း (၁၀၀၀၀၀) ခန့်ဖြစ်တယ်လို့ အစိုးရရဲ့ တရားဝင်စာရင်းအရ ကြည့်ရင်ကို အထင်အရှားတွေ့ရပါတယ်။

တရားစီရင်ရေးမှာလည်း နှောင့်နှေးကြန့်ကြာခြင်းမရှိ တိကျမှန်မြန် လုပ်ရမယ်ဆိုပြီး လမ်းညွှန်ဦးဆောင်လိုက်တဲ့အတွက် ထောင်ကျဦးရေ၊ အချုပ်ကျဦးရေတွေတိုးလာပြီး ထောင်တိုင်းပြည့်ဖြစ်လာရပါတယ်။ တိုင်းပြည်မှာ ထောင်သား၊ အချုပ်သားတွေ များပြားတိုးပွားလာရတာကိုတောင် ကြံဖန်ပြီး မင်္ဂလာယူဝါဒဖြန့်ချိလိုက်ပုံက၊ ဗိုလ်ချုပ်ကြီးအစိုးရရဲ့ ကြပ်မတ်ဆောင်ရွက် အရေးယူမှုတွေကြောင့် တရားရုံးတော်တွေကလည်း အမှုအခင်းတွေကို ပြီးပြတ်အောင် ကြိုးစားစစ်ဆေးမှုတွေကြောင့် အခုလို တိုးပွားလာရတာဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးအစိုးရရဲ့ ထူးခြားစွာဆောင်ရွက်ခဲ့တဲ့ ကြိုးပမ်းချက်တရပ်ဆိုပြီး အမွှန်းတင်ဖော်ပြပါတယ်။ မစည်ကားအပ်တဲ့အရပ် လူတွေစည်ကားနေခဲ့ရတာကိုတောင် အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှုကြီးဖြစ်အောင် ဝါဒဖြန့်ခဲ့ကြပါတယ်။

အိမ်စောင့်အစိုးရ ဆောင်ရွက်လုပ်ကိုင်ခဲ့တဲ့ အရေးကြီးကြိုးပမ်းအားထုတ်ချက်ဆိုတာတွေထဲမှာ တခုအပါအဝင်ဖြစ်ခဲ့တာကတော့ "ကြံ့ခိုင်ရေးအသင်း" ဆိုတာ ပေါ်လာခဲ့ခြင်းဖြစ်ပါတယ်။ တပြည်လုံးနေရာအနှံ့မှာ အနယ်နယ်အရပ်ရပ်မှာ "ကြံ့ခိုင်ရေးအသင်း" တွေ ဖွဲ့စည်းစေခဲ့ပါတယ်။ "ဗဟိုလုံခြုံရေးဦးစီးအဖွဲ့" ဟာ လုပ်ငန်းတွေ စတင်ဆောင်ရွက်စဉ်တုံးက တိုင်း၊ ခရိုင်၊ မြို့နယ်၊ လုံခြုံရေးကောင်စီတွေရဲ့ အကူအညီနဲ့သာလုပ်ကိုင်ခဲ့ရပြီး တချို့သော လူမှုဝန်ထမ်းလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ လူထုအကူအညီရရှိဖို့ လိုအပ်တဲ့အတွက် နိုင်ငံရေးအသွေးအရောင်မပါဘဲ လူမှုရေးသက်သက်ကိုသာ ဇောက်ချဆောင်ရွက်မယ့် အသင်းအဖွဲ့မျိုး လိုအပ်တဲ့အလျောက် အဲဒီလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ဖို့ ကြံ့ခိုင်ရေးအသင်းတွေ ဖွဲ့စည်းရတာပါလို့ လေသံပစ်ပါတယ်။ တကယ်ကတော့ အိမ်စောင့်အစိုးရမှာ စစ်အုပ်စုမှာ လူထုနောက်ခံမရှိတဲ့အတွက် 'ကြံ့ခိုင်ရေး' ကို လူထုလူတန်းစားအဖွဲ့အဖြစ် အမာခံထားပြီး တိုင်းပြည်ကို အုပ်ချုပ်နိုင်ဖို့ ကြံစည်တာဖြစ်ပါတယ်။ အိမ်စောင့်အစိုးရရဲ့ ဒေါက်တိုင်တခုအဖြစ် အသုံးပြုဖို့ လူထုလူတန်းစား အဖွဲ့အစည်းတခုသဖွယ်လိုအပ်သလိုပုံဖော်ဖို့ အစီအစဉ်ရှိရှိ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ တကယ်လည်း 'ကြံ့ခိုင်ရေးအသင်း' တွေဟာ စစ်တပ်ရဲ့ ထားရာနေ၊ စေရာသွား၊ ခိုင်းရာလုပ်၊ ဒလျှိုဒလံအလုပ်တွေပါ လုပ်ပေးရတဲ့ အသင်းအဖွဲ့တွေဖြစ်ပါတယ်။ အာဏာနဲ့ အမိန့်ထုတ်ပြီး အခွင့်အရေးမက်လုံးပြပြီး ဖွဲ့ထားတဲ့ 'အသင်း' ဖြစ်တဲ့အတွက် အရေအတွက်အားဖြင့် အဖွဲ့ဝင်ဦးရေအားဖြင့်တော့ များပြားပါတယ်။ အစိုးရက သိဒ္ဓိတင် မြှောက်ပင့်ပေးထားတဲ့အတွက် နာမည်ထွက်ပါတယ်။ ဒါပေမယ့် ဟန်သာရှိပြီး အဆံမရှိတဲ့ သကြီးန်အမြှောက်တပ်ဖွဲ့ တခုအဖြစ်သာ လူထုကြားမှာ ပေါ်လွင်ခဲ့ပါတယ်။

အိမ်စောင့်အစိုးရလို့ နံမည်ခံထားရပေမယ့် အာဏာကို ရေရှည်ချုပ်ကိုင်ထားပြီး အုပ်ချုပ်မင်းမူချင်တဲ့ သဘောထားတွေကို မဖုံးနိုင်၊ မကွယ်နိုင် ဖော်ပြလာတာလည်းရှိပါတယ်။ ဥပမာအားဖြင့် ပြည်သူ့အုပ်ချုပ်ရေးဌာနဆိုတာကနေ မြန်မာနိုင်ငံနဲ့ သင့်လျော်တဲ့ အဆင့်မြင့်တဲ့ အုပ်ချုပ်ရေးကို ရေးဆွဲဖို့ အထူးအာဏာတွေပေးထားတဲ့ အုပ်ချုပ်မှုပြန်လည်ဖွဲ့စည်းမှုကော်မတီတရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပုံ နည်းနိသယရည်းဌာနခွဲ ပြည်သူ့ဝန်ထမ်းဌာနခွဲနှင့် ပြည်ထောင်စု ပြည်သူ့အုပ်ချုပ်ရေး ပညာ့ဗိမာန်လို့ ခွဲထားပါတယ်။ ပြည်သူ့အုပ်ချုပ်ရေး ပညာ့ဗိမာန်မှာ စာရေးစာချီတွေအတွက် အရည်အချင်းစစ်စာမေးပွဲတွေကို ကျင်းပပေးပါတယ်။ အမှုထမ်း၊ အရာထမ်းခန့်ထားရေး၊ နေရာရွှေ့ပြောင်းရေး၊ ရာထူးတိုးမြှင့်ရေးကိစ္စတွေကိုလည်း ကိုင်တွယ်ဆောင်ရွက်ခဲ့ပါတယ်။

စစ်တပ်ရဲ့တလျှောက်လုံး ကိုင်စွဲထားခဲ့တဲ့ သောင်းကျန်းသူအပြုတ်တိုက်ရေးပေါ်လစီနဲ့ ကွန်မြူနစ်သူပုန် အပြတ်ဖြိုခွင်းရေး ရည်မှန်းချက်ကို အိမ်စောင့်အစိုးရလက်ထက်မှာ တဆင့်တိုးဖော်ပြပြီး မီးကုန်ယမ်းကုန် ဆင်နွှဲခဲ့ပါတယ်။ အရင်ကလို မိုးရာသီမှာရပ်နားပြီး ခြောက်သွေ့ရာသီမှ စစ်ဆင်တဲ့စနစ်ကို

အသုံးမပြုတော့ဘဲ နွေ၊ မိုး၊ ဆောင်း ရာသီအားလုံး မရပ်မနား ဆက်တိုက် ထိုးစစ်ဆင်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ စစ်ဆင်ရေးကြီးတွေ တသီတတန်းနဲ့ ဒေသန္တ စစ်ဆင်ရေးပေါင်း မြောက်မြားစွာကို အဆက်မပြတ် ဖော်ထုတ်ဆင်နွှဲခဲ့ပါတယ်။

အိမ်စောင့်အစိုးရလက်ထက်မှာ ပြည်သူလူထု သက်သာချောင်ချိရေးအတွက်၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက်ဆိုပြီး သိုလှောင်ထားတဲ့ ကုန်ပစ္စည်းတွေကို ဈေးနှုန်းကန့်သတ်ခြင်းတွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဝန်ကြီးဆိုတာတွေ တရားဝင်တည်ရှိနေပေမယ့် စစ်ဗိုလ်ကြီးတွေကသာ နေရာပေါင်းစုံ၊ ဌာနပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံကို ဦးစီးကိုင်တွယ် ခန့်ခွဲခဲ့ကြပါတယ်။ သူတို့ဦးစီး ကိုင်တွယ်ကြီးကြပ်လိုက်တဲ့အတွက် အင်မတန်ကြီးကျယ်တဲ့ အောင်မြင်မှုကြီးတွေ ရခဲ့တယ်လို့ နထင်သွေးရောက်ခဲ့ကြပါတယ်။ အဲဒီလို လုပ်ငန်းနေရာ ဌာနပေါင်းစုံမှာ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး စတဲ့ အသက်သွေးကြော သော့ချက်နေရာတွေမှာ ဝင်ရောက်တာဝန်ယူကိုင်တွယ်ခဲ့ကြသူ စစ်ဗိုလ်ကြီး ပေါင်း (၁၀၀) ရှိတယ်လို့ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း အပါအဝင် အဲဒီ စစ်ဗိုလ်တသိုက်ထဲကနေ စစ်အုပ်စုမွေးဖွားလာပါတယ်။

နေရာပေါင်းစုံကို စစ်တပ်အင်အားနဲ့ အုပ်စီးပြီး အစစအရာရာကို ချုပ်ကိုင်ကြီးကြပ် လွှမ်းမိုးထားနိုင်တဲ့ အိမ်စောင့်အစိုးရ ခေါ် ဗိုလ်ချုပ်ကြီး အစိုးရလက်ထက်မှာ ပေါက်ကွဲပေါ်ထွက်လာတာကတော့ ရှမ်းအမျိုးသားလက်နက်ကိုင်လှုပ်ရှားမှုကြီးဖြစ်ပါတယ်။ နုံစစ်ဟန် (Noom Suk Hann) အဖွဲ့ရဲ့ လက်နက်ကိုင်တော်လှန်ရေး စတင်ပေါ်ပေါက်လာပါတယ်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့မှာ ‘ပုံပါကျင်း’ ကို စတင်ဝင်ရောက်တိုက်ခိုက်ပြီး လက်နက်ကိုင်တိုက်ပွဲကို ဖေါ်ကျူးလိုက်ပါတယ်။

ပဒေသရာဇ်အဆက်ဆက်တို့ရဲ့ ဖောက်ပြန်မှု နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုတွေကြောင့်၊ ညီနောင်သားချင်းဖြစ်ပါလျက် နွေးထွေးသင့်သလောက် မနွေးထွေးနိုင်ခဲ့ဘဲ ရှိခဲ့ရတဲ့ ရှမ်း–ဗမာ ဆက်ဆံရေးဟာ၊ဂျပန်ခေတ်အတွင်း ဘီအိုင်အေ စစ်ဗိုလ်ဆိုသူတစုရဲ့ ရမ်းကားမှု၊ ပြည်တွင်းစစ်ကြီး အရှိန်တငြီးငြီးတောက်လောင်နေတုံး ရှမ်းပြည်နယ်အတွင်း ရောက်ရှိစစ်ဆင်လာကြတဲ့ ဗမာစစ်တပ်အသီးသီးရဲ့ မတရားပြုကျင့် ဗိုလ်ကျမင်းမူခဲ့မှုတွေကြောင့် ရှမ်းလူထုအကြား ဗမာမုန်းတီးရေးစိတ်ဓာတ် စတင်မြစ်ဖျားခံခဲ့ရာကနေဗမာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေးဆီ ရောက်ရှိလာခဲ့ပြီး ရှမ်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေး ပေါက်ဖွားလာရတာဖြစ်ပါတယ်။ (၁၀) နှစ်ပြည့်ရင် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ ‘ပင်လုံစာချုပ်’ အရလည်း သက်တမ်းစေ့ပြီးချိန် တလျှောက်လုံး အာဏာရယူ အုပ်စိုးလာခဲ့တဲ့ ဖဆပလ အဖွဲ့ကြီးကိုယ်၌ကလည်း တစက်ကလေးမှ ယုံကြည်ကိုးစားဖွယ်ရာမကောင်းတဲ့အပြင် အချင်းချင်း အာဏာခွက်စောင်းခုတ်နေချိန်မှာ ရှမ်းအမျိုးသားများရဲ့ လက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်ဖို့ အချက်အလက်တွေ ပြည့်စုံလာပါတယ်။ အိမ်စောင့်အစိုးရဆိုတဲ့ စစ်အစိုးရရဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး စီမံကိန်းတွေရဲ့အဆက် ရှမ်းပြည်နယ်ငြိမ်ဝပ်ပိပြားရေး အကောင်အထည်ဖော်မှုတွေနဲ့ပါ ကြုံတွေ့ရင်ဆိုင်လာရတဲ့အချိန်မှာ ရှမ်းလက်နက်ကိုင်တော်လှန်ရေး ပေါက်ကွဲပေါ်ထွက်လာပါတယ်။

ရှမ်းလက်နက်ကိုင်တော်လှန်ရေးဟာ ရှမ်းပြည်အရှေ့ပိုင်းကနေ စတင် ပေါက်ကွဲပေါ်ထွက်လာပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ နှစ်ပေါင်းများစွာ ပညာသင်ကြားလာခဲ့ဖူးတဲ့ စဝ်ကျော်ထွန်းနဲ့ UMP စစ်ရဲတပ်ဗိုလ်ဟောင်း ဗိုလ်မောင် တို့ ခေါင်းဆောင်တဲ့ ရှမ်းလက်နက်ကိုင်အင်အားစုတစုဟာ တန့်ယန်းမြို့ကို သိမ်းပိုက်လိုက်ပါတယ်။ အိမ်စောင့်အစိုးရဟာ လေတပ်အကူအညီပါ အပြည့်အဝသုံးပြီး တပ်အင်အားအလုံးအရင်းနဲ့ (၁၀) ရက်လောက် ပြင်းပြင်းထန်ထန် ပြန်လည်သိမ်းပိုက်ခဲ့ရပါတယ်။ တန့်ယန်းမြို့ကို အစိုးရက

ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပေမယ့် ရှမ်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေးကြီးကတော့ ရှမ်းပြည်နယ်တခုလုံးမှာ ပျံ့နှံ့ကူးစက်သွားပါတော့တယ်။

အမျိုးသားရေးလှုပ်ရှားမှု လက်နက်ကိုင်တော်လှန်ရေးတိုင်းမှာ သီးခြားလွတ်လပ်တဲ့ သမတနိုင်ငံထူထောင်ရေးကို အမြင့်ဆုံးရည်မှန်းချက်တခုအဖြစ်ထားပြီး ပေါ်ထွက်တတ်တာ သဘာဝကျသလို၊ ရှမ်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေးမှာလည်း လွတ်လပ်တဲ့ ရှမ်းသမတနိုင်ငံ ထူထောင်ရေးကြွေးကြော်သံအတူကပ်ပါလာခဲ့ပါတယ်။ ရှမ်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုတွေထဲမှာ ဗမာမုန်းတီးရေး၊ ဗမာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေး၊ ရှမ်းပြည်နယ်ရဲ့ နစ်နာခဲ့ရချက်တွေကို ပြန်လည် ပြုပြင်ပြောင်းလဲရေးစတာတွေ ထုနဲ့ထည်နဲ့ ရောယှက်ပါဝင်နေခဲ့သလို လွတ်လပ်တဲ့ ရှမ်းသမတနိုင်ငံ ထူထောင်ရေးစိတ်ကူးဟာလည်း တလူလူလွင့်ပျံနေခဲ့ပါတယ်။

၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီ (၁၃) ရက်နေ့မှာပဲ အိမ်စောင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆင့်ခေါ်ကျင်းပခဲ့ပါတယ်။ ကျင်းပရတဲ့အကြောင်းရင်းက (၆) လကြာရင် ရွေးကောက်ပွဲကျင်းပပေးဖို့ သဘောတူထားခဲ့ရတာ ဧပြီလမှာ (၆) လပြည့်မှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲလည်း ကျင်းပပေးနိုင်မှာမဟုတ်တဲ့အတွက် အိမ်စောင့်အစိုးရအနေနဲ့ အစိုးရတာဝန်တွေဆက်လက်ထမ်းဆောင်နိုင်ရေး ရက်တိုးပေးရန် တောင်းဆိုဖို့ ခေါ်ယူကျင်းပတာဖြစ်ပါတယ်။ လွှတ်တော်မှာဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း 'အထွက်ပြ' ပြီး သူနဲ့ တိုက်ရိုက်ငြိနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ ပုဒ်မ (၁၁၆) ကို ပြင်ဆင်ပေးဖို့ ခေါ်ယူကျင်းပတဲ့ လွှတ်တော်အစည်းအဝေး ဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ (၁၁၆) က ပါလီမန်အမတ် မဟုတ်သူတယောက် ကို (၆) လထက်ကျော်လွန်ပြီး ဝန်ကြီး (သို့မဟုတ်) ဝန်ကြီးချုပ်လုပ်ခွင့်မပေးဘဲ တားမြစ်ထားပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ကလည်း အာဏာကိုရယူစဉ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ဘယ်လောက်အလေးထားပြီး ဦးထိပ်ရွက်ပန်သစ္စာစောင့်သိရိုသေပါကြောင်း ခပ်တည်တည် မြွက်ဟထားဖူးသလို ဗိုလ်ချုပ်ကြီးနေဝင်း အောက်က စစ်အုပ်စုထိပ်သီးတသိုက်ကလည်း အခြေခံဥပဒေကို စောင့်သိရိုသေပါကြောင်း ကြွေးကြော်ခဲ့ကြရုံမက သူများကိုပါသစ္စာအပြုခိုင်းပြီး စာအုပ်ရှေ့စာမျက်နှာတွေမှာ ထည့်သွင်းပုံနှိပ်ခိုင်းခဲ့တာဖြစ်တဲ့အတွက် အာဏာကို ဆက်ယူထားချင်ပေမယ့် ကိုယ့်စကားနဲ့ကိုယ်လည်း ပိတ်မိနေတာကြောင့် အခြေခံဥပဒေပုဒ်မ (၁၁၆) ကို ပြင်ဆင်ပေးဖို့ လွှတ်တော်ခေါ် တောင်းဆိုတင်ပြလာခြင်းဖြစ်ပါတယ်။

ပြည်သူလူထုက အိမ်စောင့်အစိုးရဆိုတဲ့ စစ်အစိုးရလက်အောက်က မြန်မြန်လွတ်မြောက်နိုင်ဖို့ဧပြီလမှာ ကျင်းပပေးလိမ့်မယ်လို့ ယူဆထားတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို မျှော်လင့်နေချိန်၊ သန့်ရှင်းဖဆပလ ကလည်း သူ့အမတ်မင်းတချို့ပါ ငြိမ်ဝပ်ပိပြားရေးစီမံချက်နဲ့ ထောင်သွင်းအကျဉ်းချတာတွေ ကြုံတွေ့နေရပြီး မြန်မြန်ရွေးကောက်ပွဲကြီးဖြစ်စေလိုနေချိန်မှာ ပုဒ်မ (၁၁၆) ကို ပြင်ဆင်ပေးဖို့ တောင်းဆိုလာတာဖြစ်ပါတယ်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ရဲ့ တည်မြဲဖဆပလကြီးက ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ပုဒ်မ (၁၁၆) ပြင်ဆင်ပေးရေး တောင်းဆိုချက်ကို ခြွင်းချက်မရှိ ထောက်ခံပေးခဲ့ပါတယ်။ အိမ်စောင့်အစိုးရရဲ့ သူပုန်တွေအပေါ် ပြတ်ပြတ်သားသား စစ်ဆင်တိုက်ခိုက်မှုတွေအပေါ် ပြင်းထန်တင်းမာလှတဲ့ ကွန်မြူနစ်နှိမ်နင်းရေးတွေအပေါ် သဘောကျနှစ်သက်တာကြောင့်ရော၊ သန့်ရှင်းဆဖပလ အထွေထွေအတွင်းရေးမှူး သခင်ကျော်ဒွန်း လိုလူကို ဆပ်ပြာစက်သူဌေး အီးစီးမဒါး ပြန်ပေးမှုမှာ ဆက်စပ်ပတ်သက်မှုရှိတယ်ဆိုပြီး ၅၉ ခုနှစ်၊ ဇန်နဝါရီလမှာပဲ ထောင်သွင်းအကျဉ်းချပြလိုက်တဲ့ အိမ်စောင့်အစိုးရရဲ့ လုပ်ရပ်တွေကို သြဘာပေးချင်တာကြောင့်ပါ တက်တက်ကြွကြွ

ပစ်ပြီးထောက်ခံမှုပေးခဲ့ပါတယ်။ ကိုယ်တိုင် တည်မြဲအစိုးရမလုပ်နိုင်တဲ့အချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရ လုပ်ကိုင်နေတဲ့ ငြိမ်ဝပ်ပိပြားရေးဆောင်ရွက်ချက်တွေဟာ တည်မြဲ လုပ်ချင်နေတာတွေ၊ တည်မြဲရဲ့ သဘော ထားတွေနဲ့ အံဝင်ခွင်ကျဖြစ်နေတာအတွက်လည်း ပါပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဗိုလ်ချုပ်ကြီး နေဝင်း နဲ့ စစ်တပ်အင်အားစုကို တည်မြဲရဲ့ ရေရှည်အကျိုးစီးပွားအတွက် မျှော်လင့်ချက်ထားပြီး ထောက်ခံ ချော့မြူလိုက်တာဖြစ်ပါတယ်။

သန့်ရှင်းဖဆပလကြီးကလည်း "အာဏာလဲလွှဲခဲ့ရသေး၊ ဒီကြားထဲက သခင်ကျော်ဒွန်းလို လူအပါ အဝင် သန့်ရှင်းအမတ်တွေတောင် ငြိမ်ဝပ်ပိပြားရေးခေါင်းစဉ်နဲ့ဆွဲ အချုပ်ခံ၊ အဖမ်းခံနေရလို့ မခံချိမခံသာ ခံစားနေရပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း မျက်နှာညိုမှာ စိုးရွံ့တာကြောင့်ရော ရေရှည်သန့်ရှင်း အကျိုးအတွက် ပါမျှော်ကိုးပြီး ချော့မြူရေးပေါ်လစီ ကျင့်သုံးရင်း ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ တင်ပြတောင်းဆိုမှုကို ခေါင်းညိတ် သဘောတူလိုက်ပါတယ်။

ပုဒ်မ (၁၁၆) ပြင်ဆင်ရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့တာကတော့ 'ပမညတ' အဖွဲ့ကြီးဖြစ်ပါတယ်။ ပမညတအမတ် သခင်ချစ်မောင် က "နိုင်ငံတော်သူ နိုင်ငံသားများက ပါလီမန်လွှတ် တော်ကြီးကို ရွေးကောက်တင်မြှောက်ပါတယ်။ ပါလီမန်လွှတ်တော်က ပါလီမန်အစိုးရကို ရွေးကောက်တင် မြှောက်ပါတယ်။ အဲဒါဟာ(မူ) ဖြစ်ပါတယ်။ လွှဲပြောင်းပြင်ဆင်ခြင်းမပြုနိုင်သော အခြေခံတရားကြီးတွေဖြစ်ပါ တယ်။ အကယ်၍ပုဒ်မ (၁၁၆) ကို ထပ်ပြင်ရရင်မူပျက်တယ်လို့မြင်ပါတယ်။ အဲဒီမူပျက်တယ်ဆိုရင် ပါလီမန် အစိုးရကွယ်လွန်ပြီလို့ ပါလီမန်လွှတ်တော်ကို ကြေညာရမှာဖြစ်ပါတယ်။" လို့ ထုတ်ဖော်ပြောဆိုပြီး ကန့်ကွက် ခဲ့ပါတယ်။

သခင်ချစ်မောင် ရဲ့ ဝေဖန်ချက်ကို ဗိုလ်ချုပ်ကြီးနေဝင်း က "ကျွန်တော်နှင့်တကွ တပ်မတော်ဟာ မူအရလုပ်နေပါတယ်။ ကျွန်တော်တို့မူတွေက ဘာလဲဆိုရင် အခြေခံအုပ်ချုပ်ပုံဥပဒေကို လေးစားမယ်။ ရိုသေ မယ်။ တည်တံ့ခိုင်မြဲအောင်ကိုင်ထားပါမယ်။ ပါလီမန်ဒီမိုကရေစီကို ကျွန်တော်တို့ထောက်ခံပါတယ်။ တည်တံ့ အောင်လုပ်ရပါမယ်။" ဆိုပြီး တုန့်ပြန် ပြန်ကြားပြောဆိုခဲ့ပါတယ်။

ပမညတ အမတ်သခင်ချစ်မောင်က ရာဇဝင်တွင်မယ့် လွှတ်တော်မိန့်ခွန်းရှည်ကြီးကိုလည်း ပြော ကြားခဲ့ပါတယ်။ ဇာတ်ကြီး (၁၀) ဘွဲ့လာ 'ဝိဓူရ' ဇာတ်တော်ကြီးကို ပမာပြု၍ "ကောရဗျ မင်းကြီးနဲ့တူတဲ့ ဦးနု နဲ့ ပုဏ္ဏကနဲ့တူတဲ့ ဗိုလ်နေဝင်းတို့ ကြွေအံကစားကြပြီး ဘုရင်ကရှုံးတော့ ပညာရှိဝိဓူရအမတ်ကြီးကို ဘီလူးပုဏ္ဏကလက်အပ် ပုဏ္ဏက က ဝိဓူရ ကို မြင်းနဲ့ချီ တောင်စဉ်ခုနှစ်ထပ် ဒုန်းစိုင်းနှင် တောင်စွယ် တောင် ထွတ် အလီလီနှင့်တိုက်ပြီး နှိပ်စက်ခဲ့သလို ပမညတ များနဲ့ လူထုဟာ ဝိဓူရနှင့်တူပြီး၊ သွေးအလိမ်းလိမ်းထပ် ခံစားနေရသလို အထပ်ထပ် နာကျင်ခံစားနေရကြောင်း" ဖွဲ့နွဲ့တင်စားပြောဆိုသွားခဲ့ပါတယ်။ သခင်ချစ်မောင် ရဲ့ အဲဒီမိန့်ခွန်းဟာ လူထုရဲ့ လက်ခုပ်သံကို ရရှိခဲ့ပြီး ဝိဓူရဆိုတဲ့ဘွဲ့ကိုလည်း သခင်ချစ်မောင် ရရှိသွားပါတယ်။ ဝိဓူရသခင်ချစ်မောင် ဖြစ်သွားခဲ့ပါတယ်။

ပုဒ်မ (၁၁၆) ကို ပြင်ဆင်လိုက်ခြင်းဟာ အခြေခံဥပဒေရဲ့အသဲနှလုံးကို ထုတ်ယူလိုက်ခြင်းဖြစ်ပါတယ် လို့ 'ပမညတ' က ကန့်ကွက်ခဲ့ပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း အပေါ် ချော့မြူရေးပေါ်လစီ ကျင့်သုံးပြီးထောက်ခံ သဘောတူညီမှုပေးလိုက်တဲ့ တည်မြဲဖဆပလ သန့်ရှင်းဖဆပလ နှစ်ဖွဲ့စလုံးရဲ့လုပ်ဆောင်ချက်ကြောင့် မဲခွဲဆုံး ဖြတ်တဲ့အခါ ဗိုလ်ချုပ်ကြီးနေဝင်း အလိုကျဖြစ်သွားပါတယ်။ ပမညတ အဆို ရှုံးနိမ့်သွားရပါတယ်။ ပါလီမန်က ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရ သက်တမ်းအတွင်း "ပုဒ်မ (၁၁၆) ကို ဆိုင်းငံ့သည့် အခြေခံဥပဒေပြင်ဆင်ချက်" ကို ပြဋ္ဌာန်းအတည်ပြုပေးလိုက်ပါတယ်။

အချိန်ဆွဲအုပ်စိုးလိုတဲ့ အိမ်စောင့်အစိုးရနဲ့ စစ်အုပ်စုအတွက် အောင်ပွဲတခုဖြစ်သွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ အိမ်စောင့်အစိုးရကိုလည်း နည်းနည်းပါးပါးပြင်ဆင်ပြီး ဖွဲ့စည်းလိုက်ပါတယ်။ ကာကွယ်ရေးဌာန က ပုဂ္ဂိုလ်တွေကို ဝန်ကြီးအဖြစ် မခန့်အပ်ဘဲ အရပ်သားအစိုးရ ပုံသဏ္ဍာန်ဖမ်းထားခဲ့ရာကနေ၊ ဗိုလ်မှူးချုပ်တင်ဖေ နဲ့ စစ်ပစ္စည်းဝယ်ယူရေးဌာန ညွှန်ကြားရေးဝန် ဦးသီဟန် တို့ကို 'ဝန်ကြီး' အဖြစ် ထည့်သွင်းဖွဲ့စည်းလာခဲ့ပါတယ်။

အာဏာတောင်းခေါင်းဆောင်တဦးဖြစ်ခဲ့သူ ဗိုလ်မှူးချုပ်တင်ဖေ ဟာ သတ္တုတွင်းနှင့် အလုပ်သမားဌာန ပြည်သူ့လုပ်ငန်း အိမ်ယာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနတို့ရဲ့ ဝန်ကြီးဖြစ်လာပါတယ်။ ဦးသီဟန် က ကုန်သွယ်မှုတိုးတက်ရေးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ထောက်ပံ့ရေးဌာန၊ စက်မှုလက်မှုဌာနတို့ရဲ့ ဝန်ကြီးဖြစ်လာပါတယ်။ ဒုဝန်ကြီးချုပ်ဦးသိန်းမောင် ရဲ့ နေရာမှာ ပြည်ထောင်စုရာထူးဝန် ဦးလွန်းဘော် ကို ခန့်အပ်အစားထိုးပါတယ်။ ဝတ်လုံဦးထွန်းတင် ကို ကျန်းမာရေးဝန်ကြီးအဖြစ်ခန့်အပ်ပါတယ်။ ချင်းရေးရာဝန်ကြီး ဦးထန်လျှံ ရဲ့ နေရာကိုလည်း ဦးရာမှုန်းနဲ့ အစားထိုးလိုက်ပါတယ်။

ငြိမ်းချမ်းရေးအသံတွေပျောက်ပြီး 'ရပ်ရွာအေးချမ်းရေး' အသံတွေရောက်လာပါတယ်။ 'တရားဥပဒေစိုးမိုးရေး' ဆိုတဲ့အသံတွေ ပိုမိုကျယ်လောင်လာပါတယ်။ "ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမ" ဆိုတဲ့ ဆောင်ပုဒ်တွေ ချောင်ချိုချောင်ကြားအထိ ပျံ့နှံ့လာပါတယ်။

"နိုင်ငံတော်အတွင်း သောင်းကျန်းသူများ၊ မသမာသောစီးပွားရှာမှုများနှင့် ရာဇဝတ်ကျူးလွန်မှုများကို အစိုးရသာမဟုတ်ဘဲ လူတိုင်းက အစိုးရနှင့် လက်တွဲကာ ဖိနှိပ်ခြင်း၊ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ သောင်းကျန်းမှုများကို အားပေးသူများအား တရားဥပဒေဘက်သို့ သိမ်းသွင်းပြီး တရားဥပဒေ တည်တံ့ခိုင်မြဲရေးအတွက်ဆောင်ရွက်ရန်" ဆိုတဲ့လမ်းညွှန်မှုကိုချပေးပြီး စစ်တပ်အရာရှိကြီးတွေ ကိုယ်တိုင်ဦးစီးပေးခဲ့တဲ့ ကြံ့ခိုင်ရေးအသင်းတွေကို တဆင့်တိုးလှုပ်ရှားစေခဲ့ပါတယ်။ ကြံ့ခိုင်ရေးအသင်းရဲ့ဆောင်ပုဒ်ကိုလည်း "သတ္တိ" ဆိုပြီး မြှောက်ထိုးပင့်ကော်လုပ်ပေးခဲ့ပါတယ်။ 'ပြည်သူ့အထောက်တော်စနစ်" ဆိုတာကို ဖော်ထုတ်ပြီး ကြံ့ခိုင်ရေးအသင်းများနှင့်တွဲဖက်ကာ 'သတင်းပေး' လုပ်ငန်းများကိုလုပ်စေခြင်း၊ စစ်တပ်ကို အကူအညီဆောင်းပေးခြင်း၊ စစ်ဆင်ရေးနှင့် ရာဇဝတ်မှုနှိမ်နင်းရေးတွေမှာ ထည့်သွင်းအသုံးချခြင်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခဲ့ပါတယ်။

အိမ်စောင့်အစိုးရလက်ထက်မှာ တောရော မြို့ပါမကျန် ပေါ်လာတာကတော့ ရပ်ကွက် 'မီးကင်း' တွေဖြစ်ပါတယ်။ တောလက်ကျေးရွာနှင့် နယ်မြို့ငယ်ကလေးတွေမှာ နောက်ထပ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်လာတာကတော့ 'ရပ်ရွာ အိုးအိမ် စည်းစိမ်ကို မိမိတို့ဖာသာ ကာကွယ်နိုင်ရေးအတွက်' ဆိုပြီ ဒူးလေးဝါးချွန်တပ်တွေ ဖွဲ့စည်းစေတာဖြစ်ပါတယ်။ ရပ်ရွာကို ဆူးတပ်တွေချထား ဝန်းရံစေတာ၊ ကာကွယ်ရေးကင်းတွေ နေ့ညမပြတ်ချထားစေပြီး သောင်းကျန်းသူနှိမ်နင်းရေးမှာ ပါဝင်စေတာတွေလုပ်ပြီး စစ်ဇာတ်သွင်းခဲ့ပါတယ်။ တောရောမြို့ပါမကျန် မအားမလပ်နိုင်အောင်ဖြစ်ခဲ့ရပြီး အနေကြပ်၊ အထိုင်ကြပ်၊ ဘေးကြပ်နံကြပ်ဖြစ်ခဲ့ရပါတယ်။

အိမ်စောင့်အစိုးရရဲ့ သမိုင်းဝင်ဆောင်ရွက်ချက်ကြီးဆိုတာကို ပုံဖော်နိုင်ဖို့ 'စော်ဘွား စောဖျားများ ပဒေသရာဇ်အာဏာစွန့်လွှတ်ရေး' ဆိုတာကို မတ်လထဲမှာ စတင်အကောင်အထည်ဖော်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်က စော်ဘွား စော်ဖျားအတွက် လူမျိုးစုလွှတ်တော်အတွင်း သီးသန့်ပေးထားရတဲ့ အမတ်နေရာတွေရှိနေခဲ့ပါတယ်။ လူမျိုးစုလွှတ်တော်မှာ ရှမ်းစော်ဘွား (၂၅) ဦး၊ ကယားစော်ဘွားစော်ဖျား (၃) ဦး၊ ပေါင်း (၂၈) ဦးဟာ ရွေးကောက်ပွဲဝင်ဖို့မလိုဘဲ ပဒေသရာဇ်

အမွေခံတွေအဖြစ် နေရာရထားကြတာဖြစ်ပါတယ်။

ရှမ်းစော်ဘွားတွေဟာ အုပ်ချုပ်ခွင့်အာဏာ၊ အခွန်ကောက်ခွင့်အာဏာ၊ တရားစီရင်ခွင့်အာဏာ အပြင်၊ လူထုရွေးကောက်တာမဟုတ်ဘဲ အမတ်အဖြစ် ဥပဒေပြုအာဏာပါ ရနေကြတဲ့အတွက် အဲဒီနှစ်ထပ်ကွမ်းအာဏာကို စွန့်လွှတ်ဖို့ ရှမ်းပြည်တိုးတက်တဲ့အင်အားစုနဲ့ လူထုက အရင်ကတည်းက လှုပ်ရှားတောင်းဆိုနေကြတာရှိပါတယ်။ ပဒေသရာဇ်အကြွင်းအကျန်ဖယ်ရှားရေး၊ အခြေခံဥပဒေကို ပြင်ဆင်ဖယ်ရှားရေးကို 'ပမညတ' များကလည်း အဆိုပြုတင်ပြခဲ့ကြဖူးပါတယ်။ စဝ်ခွန်ချို တို့လို ရှမ်းစော်ဘွားများကလည်း ပဒေသရာဇ် အာဏာစွန့်လွှတ်ရေးကို (၁၉၅၄) လောက်တုံးကတည်းက သဘောတူဖွင့်ဟပြောဆိုခဲ့ကြဖူးပါတယ်။ ဒါပေမယ့် လက်တွေ့ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကြန့်ကြာနေခဲ့ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို ဗိုလ်ချုပ်ကြီး နေဝင်း က ကောက်ကိုင်လိုက်တာသာဖြစ်ပါတယ်။ လျော်ကြေးကောင်းကောင်းပေးပြီး၊ စော်ဘွားများ အာဏာ စွန့်လွှတ်ရေးကိစ္စ ပြီးစီးသွားခဲ့ပါတယ်။

၅၉ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့မှာ စော်ဘွား စော်ဖျား (၃၃) ဦးက လက်မှတ်ရေးထိုးပြီး သဘောတူ အာဏာစွန့်လွှတ်ခဲ့ကြပါတယ်။ ကော်ဇီတစ်ခွက် ငါးပြားခေတ်မှာ ကျိုင်းတုံစော်ဘွားတဦးက လျော်ကြေးငွေကျပ် ငါးသန်းလောက်ရတဲ့အတွက် ရန်ကုန်မြေဈေးတွေ နှစ်ဆလောက် မြောက်တက်သွားခဲ့ရတယ်လို့လည်း ဆိုကြသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

ဧပြီလ (၂၉) ရက်နေ့မှာ ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ ပြုလုပ်ပြီး သမတကြီး မန်းဝင်းမောင် နဲ့အတူ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း တတ်ရောက်ကာ 'အာဏာကို ရက်ရောစွာ စွန့်လွှတ်ကြတဲ့ စော်ဘွားများကိုချီးကျူးကြောင်း' မိန့်ခွန်းခြွေပါတယ်။ ပင်လုံစိတ်ဓာတ်ကို ထိန်းသိမ်းကြရန်၊ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ကို စွန့်လွှတ်ပြီး ပြည်ထောင်စုတဝှန်းလုံးရဲ့ တိုးတက်ရေးနဲ့ စည်ပင်ဝပြောသာယာရေးကို ရှေ့ရှုကြရန်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း မျှော်လင့်သလို ဖြစ်မလာခဲ့ပဲ အိမ်စောင်အစိုးရလက်ထက်မှာ တကယ်တိုးတက်ဖြစ်ပေါ်လာခဲ့တာကတော့ ရှမ်းအမျိုးသားလှုပ်ရှားမှုကြီး ကြီးထွားလာခြင်းနဲ့ ရှမ်းလက်နက်ကိုင်သူပုန်များ တဟုန်တိုး တိုးတက်ကြီးမား များပြားလာခြင်းဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်၊ ဧပြီလထဲမှာပဲ စစ်အုပ်စုအတွင်း ခြေအသွက်ဆုံးလူတဦးလည်းဖြစ်၊ အာဏာတောင်းခေါင်းဆောင်တဦးလည်းဖြစ်တဲ့ ဗိုလ်မှူးချုပ်အောင်ကြီး ကို ဗိုလ်ချုပ်ကြီးနေဝင်း က ဒုတိယကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်မြှောက်စားလိုက်ပါတယ်။ ၁၉၄၉ ခုနှစ် ဗိုလ်ချုပ်နေဝင်း စစ်ဦးစီးချုပ်အဖြစ် ထမ်းဆောင်တာ ဝန်ယူချိန်ကစပြီး တလျှောက်လုံး ဘယ်သူ့ကိုမှ မခန့်အပ်ဘဲထားခဲ့တဲ့ လစ်လပ်နေတဲ့ ဒုတိယစစ်ဦးစီးချုပ်နေရာကို ဗိုလ်မှူးချုပ်အောင်ကြီး အား ပေးလိုက်တာဖြစ်ပါတယ်။ အရင်က ခန့်အပ်ရမယ်ဆိုရင် တပ်တွင်းထုံးစံဝါစဉ်အရ ဗိုလ်မှူးချုပ်ကျော်ဇော ကိုပဲ ခန့်အပ်ရမှာဖြစ်တဲ့အတွက် ဗိုလ်ချုပ်နေဝင်းကရော အာဏာရ ဖဆပလအစိုးရအဆက်ဆက်ကပါ တမင်ညစ်ပတ်ပြီး ကွက်လပ်အဖြစ်ထားခဲ့တဲ့နေရာကို ဗိုလ်မှူးချုပ်ကျော်ဇော လည်းတပ်တွင်းမှာမရှိတော့တဲ့အချိန် အိမ်စောင့်အစိုးရအဖြစ် စစ်အုပ်စုကြီး တန်ခိုးဩဇာထက်မြက်လာချိန်မှာ ဗိုလ်မှူးချုပ်အောင်ကြီး ကိုခန့်အပ်လိုက်တာဖြစ်ပါတယ်။

စစ်အုပ်စုကြီးရဲ့ တန်ခိုးဩဇာ ကြီးမားလာလေလေ အာဏာလက်ဝါးစောင်း ထက်လာလေလေ၊ ငြိမ်းချမ်းရေးအသံတွေ ပျောက်ကွယ်လာရလေလေ ဖြစ်ခဲ့ရပြီး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီးလှုပ်ရှားခဲ့တဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးရဲ့ လှုပ်ရှားနိုင်မှုတွေကလည်း ဆက်လက်လှုပ်ရှားလို့ မရနိုင်တော့လောက်အောင်ဖြစ်ခဲ့ပြီး ၅၉ ခုနှစ်ထဲမှာ ရပ်ဆိုင်းထားလိုက်ရပါတယ်။

ဒီလို ဖိနှိပ်မှုတွေပြင်းထန်လှတဲ့ ခေတ်ကျပ်ကြီးထဲမှာ တူရာတူရာတွေစုပြီး ပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံ

ရေးပါတီတခုရှိပါတယ်။ အဲဒါကတော့ 'ပြည်သူ့တိုးတက်ရေးပါတီ' ဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ်၊ ဧပြီလထဲမှာပဲ ပေါ်ပေါက်လာခဲ့ပါတယ်။ ဦးအောင်သန်း (ဗိုလ်ချုပ်အကို)တို့ရဲ့ ပြည်သူ့ဒီမိုကရေစီပါတီက အစုရယ်၊ သခင်သင်တို့ရဲ့ အမျိုးသားတိုးတက်ရေးပါတီက အစုရယ်၊ ဗိုလ်ခင်မောင်ဦး တို့ရဲ့ ရဲဘော်ပေါင်းစုံထိမ်းသိမ်းရေးက အစုရယ်၊ အစု (၃) စုက ပုဂ္ဂိုလ်တွေကိုအခြေခံပြီး 'ပြည်သူ့တိုးတက်ရေးပါတီ' ကို ဖွဲ့စည်းလိုက်ကြတာဖြစ်ပါတယ်။ ပြည်သူ့တိုးတက်ရေးပါတီမှာ တိုးတက်တဲ့ စာရေးဆရာ၊ သတင်းစာဆရာတချို့လည်း ပါဝင်လာကြပါတယ်။

အိမ်စောင့်အစိုးရဟာ မြေပေါ်ရှိ တရားဝင်နိုင်ငံရေးပါတီတွေကို တည်ရှိခွင့်ပေးထားပေမယ့် စစ်အုပ်စုဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်လို့မရအောင် ငြိမ်ဝပ်ပိပြားရေးစီမံချက်တွေ တရားဥပဒေစိုးမိုးရေးဆိုတဲ့ နှိပ်ကွပ်တင်းကြပ်မှုတွေနဲ့ လွှမ်းမိုးချုပ်ကိုင်ထားပါတယ်။

မြေပေါ် နိုင်ငံရေးအဖွဲ့အစည်းတွေကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားတာနဲ့တပြိုင်နက်အတွင်းမှာ၊ တောတွင်းလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေအားလုံးအပေါ်မှာလည်း ဘက်ပေါင်းစုံထိုးစစ်ကြီးတွေ ပြုလုပ်ခဲ့ပါတယ်။ အထူးသဖြင့် ကွန်မြူနစ်ပါတီကို ဦးတည်ချေမှုန်းဖို့ ကြိုးစားတဲ့ စစ်ဆင်ရေးကြီးတွေက အဓိကဖြစ်ခဲ့ပြီး ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် ဆင်နွှဲခဲ့ပါတယ်။ တဖက်က ဥပဒေကို လေးစားလိုက်နာရေး တဖွဖွအော်ဟစ်ရင်း တဖက်က ကောက်ကောက်ကျစ်ကျစ် အောက်လမ်းနည်းမျိုးစုံကိုလည်း ယုတ်ယုတ်မာမာ ကျင့်သုံးခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသတိုင်း တိုင်းကော်မတီဝင် ဗိုလ်သိန်းကို စစ်တပ်က ဖမ်းဆီးရရှိခဲ့ပြီး အသေသတ်ပြစ်ခဲ့ပါတယ်။ ထွက်ပြေးလို့ ပစ်သတ်လိုက်ရတာပါလို့ အကြောင်းပြပါတယ်။ ဗိုလ်သိန်းဟာ ဖက်ဆစ်တော်လှန်ရေးကတည်းက အစဉ်အလာရှိခဲ့တဲ့ အရေးကြီးတာဝန်တွေကို ထမ်းဆောင်ခဲ့တဲ့ ဗိုလ်တဦးဖြစ်ပါတယ်။ ၄၈ ခုနှစ်မှာ တပ်မတော်တပ်ရင်း (၃) နဲ့အတူ တောခိုခဲ့တာဖြစ်ပါတယ်။ ဗိုလ်သိန်းနောက်ပိုင်းမှာ ဗိုလ်သိန်း လိုပဲ ထွက်ပြေးလို့ ပစ်ဖမ်းလို့၊ ပစ်ဖမ်းရင်းသေဆုံးသွားရတယ်ဆိုတဲ့ သတင်းတွေ ဆက်တိုက်ထွက်လာပါတယ်။ ဗိုလ်အာဋ္ဌာဝက၊ သခင်တင်ဖေ၊ သခင်မောင်ကြီး နဲ့ ဆရာကွန်း တို့တတွေ ကျဆုံး အသတ်ခံသွားရပါတယ်။ ဗိုလ်အဋ္ဌာဝက ဟာ ကွန်မြူနစ်ပါတီရဲ့ တိုင်း (၃) စစ်ရေးတာဝန်ခံဖြစ်ပါတယ်။

အစဉ်အလာကြီးတဲ့ ဖက်စစ်တော်လှန်ရေးခေါင်းဆောင်တဦးဖြစ်ပါတယ်။ ဂျပန်ဖက်ဆစ်တော်လှန်ရေးမှာ အထက်ဗမာပြည်တိုင်းမှူး ဗိုလ်မှူးဗထူး ကျဆုံးသွားပြီးနောက် ဗိုလ်မှူးဗထူး နေရာကို ဆက်ခံတာဝန်ယူခဲ့သူလည်းဖြစ်ပါတယ်။ ၄၅ ခု နေသူရိန်ခေတ်မတိုင်မီ ပြည်သူတရပ်လုံး ဖဆပလ အလံတော်အောက် ရပ်တည်စုရုံးကြပြီး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်လွတ်လပ်ရေးကို ဆောင်ရွက်သွားကြဖို့ ဩဂုတ်လ (၁၂) ရက်နေ့မှာ မျိုးချစ်ဗမာ့တပ်မတော် စစ်ခေါင်းဆောင် (၁၀) ဦးရဲ့ ထုတ်ပြန်ကြေညာချက်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇော တို့နဲ့အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ သမိုင်းဝင်စစ်ခေါင်းဆောင်တဦးဖြစ်ပါတယ်။ အိမ်စောင့်အစိုးရလက်အောက်မှာ အငြိုးတကြီး ကွန်မြူနစ်သုတ်သင်ခြေမှုန်းရေးအောက်မှာ ကျဆုံးသွားခဲ့ရပါတယ်။

၁၉၅၉ ခုနှစ်၊ မေဒေးနေ့မှာ သန့်ရှင်းဖဆပလ ဦးနု ရဲ့ နာမည်ကျော် မေဒေးမိန့်ခွန်းကြီး ထွက်ပေါ်လာပါတယ်။ မေဒေးနေ့မတိုင်မီ ဧပြီလထဲမှာပဲ ဦးနု ဟာ အမေရိကန်ကိုသွားခဲ့သေးပြီး ဝါရှင်တန် ဗမာသံရုံးမှာ ပြုလုပ်တဲ့ သတင်းစာကွန်ဖရင့်တခုမှာ ဗိုလ်ချုပ်ကြီးနေဝင်း ကို ချော့မြူကာကွယ်ရင်းအခုလို ရှင်းပြပြောဆိုတာတခု လုပ်ခဲ့ပါတယ်။

"ဗမာပြည်တွင် ကျရောက်လျက်ရှိသော ဒီမိုကရေစီအန္တရာယ်သည် မည်သည့်အရပ်ကလာ၍

မည်သူ့တာဝန်ဖြစ်သည်ဆိုသည်ကို ထုတ်ဖော်ပြောဆိုရန်အတွက် အချိန်တချိန်ကို မိမိရွေးခဲ့ကြောင်း၊ ယင်း အန္တရာယ်သည် ဗိုလ်ချုပ်နေဝင်း မဟုတ်ကြောင်း၊ ဗိုလ်ချုပ်နေဝင်းသည် လူကောင်းတဦးဖြစ်ကြောင်း၊ သို့သော် သူ၏ရည်ရွယ်ချက်များသည် ကောင်းမွန်လင့်ကစား နေရာတကာတွင် ၎င်းကိုယ်တိုင် မဆောင်ရွက် နိုင်ကြောင်း၊ သို့ဖြစ်၍ သူ၏ချမှတ်ချက်အချို့မှာ ဖျက်လိုဖျက်ဆီးပြုခြင်းခံရကြောင်း၊ ယင်းသို့ဖျက်ဆီးခံရ သည်မှာ ဗိုလ်ချုပ်၏ လက်အောက်ငယ်သားများ လက်ချက်ကြောင့်ဖြစ်ကြောင်း...” လို့ပြောဆိုခဲ့ပါတယ်။ အဲဒီလို ကြိုတင်ပြောဆိုမှုတွေလုပ်ပြီး နောက်ပိုင်းမှ ဦးနု ဟာ သူ့ရဲ့ နာမည်ကျော် မေဒေးနေ့မိန့်ခွန်းကြီးကို ပြောဆိုတာဖြစ်ပါတယ်။ အာဇာနည်ကုန်းမှာ ဒီမိုကရေစီဆန္ဒပြပွဲကြီးမှာ ပြောဆိုတာဖြစ်ပါတယ်။ အာဇာ နည်ကုန်းမှာ ဒီမိုကရေစီဆန္ဒပြပွဲကြီးကျင်းပပြီး သိန်းနဲ့ သောင်းနဲ့ ချီတက်လာတဲ့ လူထုကြီးကို မိန့်ခွန်းချွေတာ ဖြစ်ပါတယ်။

ပမညတ နဲ့ တရားမျှတမှုပါတီတို့ကလည်း တက်ရောက်လာကြပါတယ်။ ဦးနု က ဒီမိုကရေစီ အမှောင်ကျနေရတဲ့ အခြေအနေတွေကို ဖွင့်ဟသွားသလို တလျှောက်လုံး စစ်တပ်ကို ပစားပေး လုပ်ကိုင်လာ ခဲ့ရတဲ့ သူ့ရဲ့ တကယ့်အဖြစ်အပျက်အမှန်တွေကိုလည်း ဖွင့်ဟဝန်ခံသွားခဲ့ပါတယ်။ ဦးနု က သူ့ရဲ့ မေဒေးနေ့ မိန့်ခွန်းထဲမှာ “ငြိမ်းချမ်းရေးရဖို့အတွက် သူပုန်တွေကို လွတ်ငြိမ်းချမ်းသာခွင့်တွေ၊ လိုက်လျောမှုတွေ၊ တတ် နိုင်သလောက် လုပ်ပေးခဲ့တယ်။ အဲဒါကို ကျွန်တော်မငြင်းပါဘူး။ ဒါပေမယ့် ဘယ်လွတ်ငြိမ်းချမ်းသာခွင့်ပေး ပေး၊ ဘယ်လိုက်လျောချက်ကိုပဲ လုပ်လုပ်၊ ကျွန်တော်ဟာ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး သူတို့ရဲ့ သဘောတူညီချက်ကို ရမှလုပ်တယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဗမာ့တပ်မတော်ခေါင်းဆောင်တွေရဲ့ သဘောတူညီချက်မရဘဲ ကျွန်တော် ဘာတခုမှမလုပ်ခဲ့ဘူး။ ပေးခဲ့သမျှ လွတ်ငြိမ်းချမ်းသာခွင့်တွေ၊ လုပ်ခဲ့သမျှ လိုက်လျောခွင့်တွေအားလုံးဟာ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး သူတို့ရဲ့ သဘောတူညီချက်ကိုရမှ ကျနော်လုပ်ခဲ့တယ်။ ကုန်ကုန်ပြောမယ်။ သူပုန်တွေနဲ့ပတ်သက်တဲ့ ကြေညာချက်တွေ ကျနော့်ရဲ့မိန့်ခွန်းတွေ အားလုံးဟာ တပ်မတော်ခေါင်းဆောင်တွေကိုပြပြီးမှ ထုတ်ပြန်ခဲ့တယ်။ တပ်မတော်ခေါင်းဆောင်တွေက ပြင် စရာရှိတာပြင်ပြီးမှ ကျနော်ပြောခဲ့တာဖြစ်တယ်။” လို့ ရင်ဖွင့်သွားခဲ့ပါတယ်။ ဦးနု ကိုယ်တိုင် စစ်တပ်ကို ဘယ်လောက်ချော့မြူခဲ့ရတယ် စစ်တပ်ဟာ ဘယ်လောက် အပေါ်စီးကနေခဲ့ရတယ်ဆိုတာရဲ့ သာဓက တခုဖြစ်ခဲ့တယ်။

၅၈ ခုနှစ်၊ ဒီဇင်ဘာလတုံးက သန့်ရှင်းဖဆပလ ညီလာခံမှာ သခင်တင် က မိန့်ခွန်းပေးရာမှာလည်း “ပြည်သူတို့မှာ ဖက်ဆစ်ဝါဒကို ယခုမျက်မှောက်ပြု ရင်ဆိုင်နေရကြောင်း၊ လူထုအား ဒီမိုကရေစီမပေးဘဲ သေနတ်နဲ့ပစ် ချိမ်းခြောက်၊ အာဏာနဲ့ ညှင်းဆဲပြီး နိုင်ငံရေးအာဏာလုသည့် လမ်းစဉ်ပေါ်နေကြောင်း၊ ထိုလမ်းစဉ်ကို အပြင်းအထန်ချေမှုန်းပြီး ဒီမိုကရေစီကျောက်တိုင်ထူရန်လိုကြောင်း” လို့ ဖွင့်ဟပြီး စစ်တပ်ကို ဝေဖန်ခဲ့ပါတယ်။

ဦးနုကမန္တလေးမြို့ ဟောပြောပွဲတခုမှာလည်း “ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခုအခါ လမ်းဆုံ လမ်းခွရောက်နေကြောင်း၊ ဒီမိုကရေစီလမ်း၊ ကွန်မြူနစ်လမ်း နဲ့ ဖက်ဆစ်လမ်းဖြစ်ကြောင်း၊ နိုင်ငံကို ကွန်မြူ နစ်နဲ့ ဖက်ဆစ်မဖြစ်ရန် ရွေးကောက်ပွဲကျင်းပရန်လိုကြောင်း၊” ဟောပြော အသံပေးခဲ့ပါတယ်။

မလွှဲသာမရှောင်သာ အာဏာထိုးပေးပြီး ဘေးထွက်ထိုင်နေလိုက်ရတဲ့ သန့်ရှင်းဖဆပလ ဟာ အာဏာကို ရယူကိုင်တွယ်ပြီး တိုင်းပြည်ကို စစ်အုပ်ချုပ်နည်းနဲ့ အုပ်ချုပ်နေတဲ့ စစ်အုပ်စုရဲ့ ဦးတည်ရွေ့ရှုနေ ရာလမ်းကြောင်းကို မသက်မသာ မြင်တွေ့ခံစားနေရပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း အပေါ်တော့ ချော့မြူရေး ပေါ်လစီကိုသာ အထပ်ထပ်ကျင့်သုံးနေခဲ့ကြရပါတယ်။

၅၉ ခုနှစ် အာဇာနည်နေ့ စည်းဝေးပွဲတခုမှာပဲ ဦးနု က 'ကွက်သစ်လူထုမျက်ရည်ကျနေရပါတယ်။ ပြည်သူတို့မှာ ဘာမှပြန်မပြောဝံ့ဘဲ ဒူးနဲ့မျက်ရည်သုတ်နေရပါပြီ' လို့ ရာဇဝင်တွင် မိန့်ခွန်းတခုပြောပြန်ပါတယ်။

ဦးနု အာဇာနည်နေ့ မိန့်ခွန်းမပြောခင် ဇွန်လထဲမှာ ဗိုလ်ချုပ်ကြီးနေဝင်း အစ္စရေးနိုင်ငံကို ချစ်ကြည်ရေးခရီးသွားပါတယ်။ ကလတ္တားလေဆိပ်မှာ အိန္ဒိယ သတင်းထောက်တွေက "ဗမာပြည်မှာ ရွေးကောက်ပွဲဘယ်တော့ကျင်းပမလဲ" ဆိုတဲ့ မေးခွန်းကို ဖိပြီးမေးကြပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း က မလွှဲသာမရှောင်သာ "ဧပြီလထဲလောက်မှာ ကျင်းပပေးပါမယ်" လို့ဖြေခဲ့ပါတယ်။ အဲဒီလိုဖြေဆိုပြီးတဲ့နောက်မှာ ဦးနု ရဲ့ အာဇာနည်နေ့မိန့်ခွန်း ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း အောက်က စစ်အုပ်စုထိပ်သီးဝင် တချို့ကတော့ အာဏာကို ဆက်လက်ဆုပ်ကိုင်ထားလိုပြီး ငြိမ်ဝပ်ပိပြားမှုအကြောင်းပြချက်နဲ့ ထပ်မံအချိန်ဆွဲလိုကြပါတယ်။ နောက်တကြော့ ရက်ကာလထပ်တိုးပေးဖို့ တောင်းဆိုလိုကြပါတယ်။ ဦးနု က မပေးလိုတော့ပါ။ အကြောင်းအမျိုးမျိုးနဲ့ ရွေးကောက်ပွဲလုပ်မပေးဘဲ ဆက်လက်အချိန်ဆွဲလာရင် အာဏာကိုဖီဆန်ဖို့ပြင်ပါတယ်။ အနုရော၊ အကြမ်းပါ တိုက်ပွဲဆင်နိုင်ဖို့ဆုံးဖြတ်ပါတယ်။ ပထမဆုံးနည်းက ငြိမ်းချမ်းသောနည်းနဲ့ အာဏာဖီဆန်နည်းကို ကျင့်သုံးပြီး တိုက်ရန်ဖြစ်ပါတယ်။ အဲဒီနည်းကိုကျင့်သုံး တိုက်ပွဲဝင်တဲ့အခါ (၁) အကြမ်းမဖက်ဖြစ်စေရန်၊ (၂) စည်းကမ်းသေဝပ်စေရန်၊ (၃) တဗိုလ်ကျ တဗိုလ်တက်ဖြစ်စေရန်ဆိုပြီး ခေါင်းဆောင်သင်တန်းတွေဖွင့်ပါတယ်။ အကြမ်းနည်းအဖြစ် လက်နက်ကိုင်တိုက်ဖို့လိုရင် တိုက်ချင်တဲ့လူတွေအတွက်လည်း အင်အားစုဆောင်းတာ၊ ပြင်ဆင်တာတွေလုပ်ပါတယ်။

လျှို့ဝှက်ပြီး လေ့ကျင့်ပြင်ဆင်တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို ပြင်ဆင်စိုင်းပြင်းထားကြတာတွေကို ဗိုလ်ချုပ်ကြီးနေဝင်း က သူ့ရဲ့ ထောက်လှမ်းရေးတွေ၊ အထောက်တော်တွေဆီကတဆင့် ကောင်းကောင်းသိရှိနေပြီးဖြစ်ပါတယ်။

လူထုက စစ်တပ်ကို ဘယ်လောက်မုန်းတီးနေပြီဆိုတာကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်း ကောင်းကောင်းသိရှိပြီးဖြစ်သလို၊ အဲဒီအချိန်မှာ အပြီးအပိုင် ဆက်လက် အာဏာကို ဆုပ်ကိုင်ရယူလိုက်မယ်ဆိုရင် အုံကြွမှုတွေဖြစ်ပေါ်ပြီး ရှုံးနိမ့်သွားနိုင်တယ်ဆိုတာကိုလည်း တွက်ချက်မိပြီးပြီဖြစ်ပါတယ်။ ဥပဒေအတွင်းရှိ ပမညတကို မထောက်ခံပြုထားတဲ့ ဒီမိုကရေစီအင်အားစုအားလုံးကလည်း စစ်တပ်နဲ့ စစ်အုပ်စုကို တစည်းတလုံးထဲ ဆန့်ကျင်နေကြသလို၊ စစ်အုပ်စုကိုယ်တိုင်မှာလည်း အပြီးသတ်အာဏာသိမ်းပွဲ ဆင်နွှဲဖို့အထိ အစစအသင့်မဖြစ်သေးတာကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်းက အကင်းပါးစွာ တွက်ချက်မိပြီးဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း က နောက်ကိုတလှမ်းဆုတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဩဂုတ်လ လွှတ်တော်အစည်းအဝေးတခုမှာ ပမညတ အမတ်တဦး က 'ဘယ်တော့ရွေးကောက်ပွဲကျင်းပမလဲ' ဆိုတဲ့မေးခွန်းကို အခိုင်အမာ ထပ်မံပြီးမေးပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ မီးစိမ်းပြထားမှုအရ အစိုးရအဖွဲ့ဝင်ကိုယ်စားလှယ် တရားရေးဌာနဝန်ကြီး ဦးချမ်ထွန်းအောင် က "၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလမှာ လုပ်ပေးပါမယ်လို့ဖြေခဲ့ပါတယ်။ နိုင်ငံရေးပါတီဝင် အဖွဲ့အစည်းတွေ ဝမ်းသာသွားကြပါတယ်။ လှုပ်လှုပ်ရှားရှားလည်း ပြန်လည်ဖြစ်ပေါ်စပြုလာပါတယ်။

ရွေးကောက်ပွဲလုပ်ပေးဖို့ ဆုံးဖြတ်လိုက်ပေမယ့် အိမ်စောင့်အစိုးရရဲ့ ဘက်ပေါင်းစုံ တင်းတင်းကြပ်ကြပ်ကျင့်သုံးချုပ်ကိုင်နေတဲ့ ပေါ်လစီတွေကိုတော့ နဲနဲလေးမှ အလျှော့မပေးခဲ့ပါ။ စီးပွားရေးလုပ်ငန်းတွေအပေါ် ဆက်လက် လက်ဝါးကြီးအုပ်ထားပြီး စစ်တပ်အကျိုးစီးပွားအတွက် အမြတ်ထုတ်မြဲ ထုတ်ခဲ့ပါတယ်။

အင်းဝဘဏ်လုပ်ငန်း၊ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ နေပြည်တော် ပို့ဆောင်ရေးလုပ်ငန်းတို့ကို သာမက၊ ရိုးကုမ္ပဏီလုပ်ငန်း၊ မြန်မာပြည်ပဟိုတယ်များလီမိတက်၊ လျှပ်စစ်နှင့် စက်မှုလက်မှုကုမ္ပဏီတို့အပြင်၊ နောက်ဆုံးမှာ ကျောက်မီးသွေးနှင့် အထွေထွေကူးသန်းရောင်းဝယ်ရေးသမဂ္ဂ ကုမ္ပဏီလီမိတက်အထိ ဖွဲ့စည်းချုပ်ကိုင် လုပ်ကိုင်ခဲ့ပါတယ်။

စစ်ရေးမှာလည်း သောင်းကျန်းသူအပြုတ်တိုက်ရေးခေါင်းစဉ်နဲ့ စကြာမောင်၊ ဟောမန်၊ မြူ သိန်းရဲ၊ အောင်လံတော်၊ ပုံတောင်ရှင်၊ အောင်သီဟ၊ အောင်မော်အေး စတဲ့ စစ်ဆင်ရေးကြီးတွေ အကြီးအကျယ် ဆင်နွှဲရုံမက၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းတွေပါ အရှိန်အဟုန် တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကွန်မြူနစ်အပြုတ်တိုက်ရေးဦးတည်ပြီး၊ ‘ဓမ္မန္တရာယ်’ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းကြီးကိုပါ အကျယ်ပြန့်ဆုံး လုပ်ကိုင်ခဲ့ပါတယ်။ ကွန်မြူနစ်တွေဟာ ဓမ္မအန္တရာယ် တွေဖြစ်တယ်။ သာသနာတော်ကို ဖျက်ဆီးနေကြ တယ်ဆိုပြီး သေသေချာချာ အကွက်ချ ပြင်ဆင်တိုက်ခိုက်ခဲ့ပါတယ်။ လည်ပင်းတော်ပြတ်၊ ဦးခေါင်းတော်၊ မကိုင်ရုံတော်ပါ အလဲလဲ အပြိုပြိုဖြစ်နေရတဲ့ ဆင်းတုတော်တွေပုံ၊ ပျက်စီးကြေမွနေရတဲ့ ဘုရား စေတီ ပုထိုး၊ ကျောင်းကန်တွေပုံပါ ဓာတ်ပုံရိုက် ပုံကြီးချဲ့ပြီး၊ ဓမ္မန္တရာယ်စာစောင်တွေ သန်းချီရိုက်နှိပ် ဖြန့်ချိပေးခဲ့ပါတယ်။ သံဃာတော်တွေ ချဉ်းကပ်၊ ပြည်သူတွေကိုစည်းရုံးလှုံ့ဆော်ပေးပြီး ‘ဓမ္မန္တရာယ်’ စာစောင်တွေကို တောကြို ခြုံကြားမကျန် ပို့ဝေရင်း၊ ဓမ္မန္တရာယ် စစ်ဆင်ရေးကြီးကို နိုင်ငံရေး၊ စစ်ရေး ရည်မှန်းချက်တွေအတွက် အကုန် ကျခံဆောင်ရွက်ခဲ့ပါတယ်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလမှာ သန့်ရှင်းဖဆပလ ညီလာခံမှာ ဦးနု က “ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာဖြစ်စေရမည်” လို့အဓိဋ္ဌာန်ပြုကြေညာတာနဲ့ စစ်တပ်ရဲ့ ဓမ္မန္တရာယ် စစ်ဆင်ရေးဟာ ဆုံစည်းမိသွား ပါတယ်။

အိမ်စောင့်အစိုးရက ရွေးကောက်ပွဲကို ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလမှာ လုပ်ပေးမယ်လို့ ကြေညာပြောဆိုပြီးနောက်ပိုင်း ကျင်းပတဲ့ သန့်ရှင်းညီလာခံဟာ လူထုကြား ဦးနုရဲ့ ကြိုတင်စည်းရုံးပွဲတခုလည်း ဖြစ်သွားပါတယ်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာ (၁၄) ရက်နေ့မှာ တပ်မှူးများညီလာခံလုပ်ပါတယ်။ ၁၇ ရက်နေ့ ညီလာခံ အစည်းအဝေးမှာ အိမ်စောင့်အစိုးရအဖြစ် အရပ်ဘက်ဌာန အသီးသီးမှာ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ တပ်မတော် ထိပ်သီးအရာရှိကြီးတွေက သူတို့ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဖက်စပ်လုပ်ငန်း၊ မီးရ ထားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စစ်ဘက်ကုန်စည် ဖြန့်ချိရေးလုပ်ငန်း၊ ပင်လယ်ရေကြောင်းလုပ်ငန်း၊ ဘဏ်နဲ့ အဆောက်အဦး ဆောက်လုပ်ရေးလုပ်ငန်း၊ ထင်းဆီငါးပိလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ ကောက်ပဲ သီးနှံရောင်းဝယ်ရေးလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ အလုပ်သမားရေးရာနဲ့ ပြည်သူ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၊ အကောက်ခွန်နဲ့ ဆိပ်ကမ်းအုပ်ချုပ်ရေးလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ မြေတိုင်းလုပ်ငန်းနဲ့ မြို့ရွာသာယာရေးလုပ်ငန်းတွေ အကြောင်း အသီးသီး အသံကောင်းဟစ် ရှင်းလင်းတင်ပြကြပါတယ်။ တပ်မှူးများညီလာခံအတွင်းမှာပဲ တပ်မှူးအချင်းချင်းကြား ရှင်းလင်းတင်ပြကြတာဖြစ်ပါတယ်။

ထောက်လှမ်းရေးကိစ္စဆွေးနွေးပွဲ၊ တပ်မတော်နဲ့ ပတ်သက်ပြီး ပြည်သူလူထုရဲ့ ထင်မြင်ယူဆချက်များ ဆန်းစစ်ဝေဖန် ဆွေးနွေးပွဲ၊ တပ်မတော် သဘောတရားရေး ဆွေးနွေးပွဲ၊ စစ်ဗျူဟာဆွေးနွေးပွဲ၊ ကြံ့ခိုင်ရေးဆွေး နွေးပွဲတွေလည်း တပ်တွင်းမှာပဲ လုပ်ကိုင်ခဲ့ကြပါတယ်။

အောက်တိုဘာ ၂၉ ၊ ၃၀၊ ၃၁၊ မှာ မင်္ဂလာဒုံ အမှတ် (၁) လေ့ကျင့်ရေးခန်းမဆောင်မှာပဲ ပထမအကြိမ်မြောက် ပြည်လုံးကျွတ်ကြံ့ခိုင်ရေးအသင်း အခြေခံဥပဒေကို ပြဋ္ဌာန်းချမှတ်လိုက်တဲ့အပြင် ဗဟိုကြံ့ခိုင်ရေးကောင်စီကိုလည်း ရွေးကောက်တင်မြှောက်ကြပါတယ်။

အောက်တိုဘာလထဲမှာပဲ ဗိုလ်ချုပ်ကြီးနေဝင်းက ရွေးကောက်ပွဲမှာ ဘက်မလိုက်ဖို့ တပ်တွင်းညွှန်ကြားချက်တခုထုတ်ပြန်ပေးပါတယ်။ နိုဝင်ဘာ (၉) ရက်နေ့မှာ မိတ္ထီလာသွားပြီး၊ တပ်မှူးအချို့ကို ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အမှာစကား ပြောကြားပါတယ်။ အဲဒီပြောဆိုချက်တွေကို တိတ်ခွေနဲ့ ဖမ်းယူကူးစေပြီး တပ်တွေကို ဖြန့်ပေးပါတယ်။ ဖွင့်ပြစေတယ်လို့ဆိုပါတယ်။ မပြောမဖြစ်လို့ ဝတ်ကြေတန်းကြေလောက်ဝိနည်းလွတ်ပြောဆိုခဲ့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲလုပ်ပေးရတော့မှာ သေချာနေလို့ တချို့နယ်မြေတွေမှာ စစ်တပ်ရဲ့ ဝင်ရောက်စွက်ဖက်ခြေရှုပ်မှုတွေ ပြောင်ပြောင်တင်းတင်း ပေါ်လာနေလို့ ပြောရတာဖြစ်ပါတယ်။ တည်မြဲကိုပဲ မဲပေးရမယ်လို့ပြောဆိုတာ တချို့သော အမတ်လောင်း၊ မြူနီစပယ် လူကြီးလောင်းတွေကို ရွေးကောက်ပွဲမဝင်ဖို့ ခြိမ်းခြောက်တားမြစ်တာ၊ ကိုယ်စားလှယ်လောင်းစာရင်းကနေ အထွက်ခိုင်း၊ အဖယ်ခိုင်းတာတွေ လုပ်လာနေတဲ့အတွက် မလွှဲမရှောင်သာ လူကြားကောင်းအောင် ပြောဆိုလာရတာ ဖြစ်ပါတယ်။ တကယ့်လက်တွေ့ကတော့ ဘာတခုမှအရေးမယူဘဲ လွှတ်ပေးထားပြီး စင်ပေါ်ကနေ အသာလေး ထိုင်ကြည့်နေခဲ့ပါတယ်။

၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာ (၁၉) ရက်နေ့မှာ ပါလီမန်ကိုဖျက်သိမ်းစေပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၆) ရက်၊ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲများကို ဖေဖော်ဝါရီ (၂၉) ရက်နေ့လို့ သတ်မှတ်ကြောင်း တရားဝင် ကြေညာလိုက်ပါတယ်။

၅၉ ခုနှစ်၊ ဒီဇင်ဘာ (၂၁၊ ၂၂၊ ၂၃၊ ၂၄) ရက်နေ့တွေမှာ ရန်ကုန်မြို့ တပ်မတော်ကပွဲရုံကြီးမှာ 'လုံခြုံရေးကောင်စီ' ရဲ့ တတိယအကြိမ်မြောက် ညီလာခံကြီးကျင်းပပါတယ်။ ဧပြီလ (၂၁) ရက်နေ့တုန်းက ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်မြောက် လုံခြုံရေးကောင်စီညီလာခံတုန်းကလို ငြိမ်ဝပ်ပိပြားရေးအသံတွေ ကျယ်ကျယ်လောင်လောင် မထွက်လာတော့ဘဲ ရွေးကောက်ပွဲကို ဘယ်ပုံဘယ်နည်း ကျင်းပပေးမယ်ဆိုတဲ့အသံတွေက ပိုပြီး ရှေ့တန်းရောက်လာခဲ့ပါတယ်။ ဒါပေမယ့် အိမ်စောင့်အစိုးရ အာဏာကို လက်မလွှတ်ရသေးခင်ကြားစစ်တပ်က စီးပွားရေးလက်ဝါးကြီးအုပ် လုပ်ငန်းတွေကို ပိုပြီး ခြေလှမ်းသွက်သွက် ဆက်လက်ချုပ်ကိုင် လုပ်ကိုင်ခဲ့သလို၊ တရားစီရင်ရေးနယ်ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်တုန်း၊ သူတို့စိတ်ကြိုက် တရားစီရင်မှုတွေကို ပြီးပြတ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ ရာဇဝတ်ပြစ်မှုတွေကို ပြစ်ဒဏ်ပေးရာမှာ နောင်ကြဉ်ရန်နှင့် အပြစ်ဒဏ်ကို ထိရောက်စွာပေးရန်ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ပြုပြီး ဖမ်းဆီးမိထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗိုလ်မှူးချစ်ကောင်းအမှုကို သေဒဏ်အပေးခိုင်းခဲ့ပါတယ်။ ဒီဇင်ဘာ (၁၄) ရက်နေ့မှာ ဗိုလ်မှူးချစ်ကောင်း ကို တရားရုံးက သေဒဏ်စီရင်ချက် ချခဲ့ပါတယ်။

အိမ်စောင့်အစိုးရဟာ စစ်အစိုးရဖြစ်တဲ့အတိုင်း စစ်တပ်ရဲ့ ခိုင်မာတောင့်တင်းမှုကို အလေးထားပြီး ဘက်ပေါင်းစုံကနေ စစ်တပ်ခိုင်မာတောင့်တင်းရေးကို အစွမ်းကုန် ဖော်ဆောင်ခဲ့ပါတယ်။ အိမ်စောင့်အစိုးရကာလအတွင်းမှာ စစ်တပ်ရဲ့ လက်နက်ကိုင်အင်အား တိုးချဲ့ရေးသာမက စစ်လက်နက်ပစ္စည်း ခေတ်မီတိုးတက်ရေးတွေကိုပါ အလေးထားလုပ်ဆောင်ခဲ့ပါတယ်။ အနောက်ဂျာမနီနိုင်ငံ ဖရစ်ဝါနာကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး တည်ဆောက်ထားတဲ့ လက်နက်စက်ရုံကနေ လက်နက်နဲ့ ကျည်ဆံများကိုလည်း တိုးတက်ထုတ်လုပ်ခဲ့ပါတယ်။ ၅၈/၅၉ ဘဏ္ဍာရေးနှစ်အတွင်း ကျည်ဆံ (၇) သိန်းခွဲ ထုတ်လုပ်နိုင်ရာကနေ ၅၉/၆၀ မှာ (၂) သန်းကျော်အထိ ထုတ်လုပ်နိုင်ဖို့ အဆင်သင့် ဖြစ်ခဲ့ပါတယ်။ စစ်လက်နက်ဆိုင်ရာ ပညာတော်သင်

တွေအဖြစ် တပ်တွင်းကနေ ရွေးချယ်ပြီး အစွရေး၊ ဂျာမနီနဲ့ အင်္ဂလန်တို့ကို ပို့လွှတ်ပညာသင်စေခဲ့ပါတယ်။

DSI, BEDC တို့ကနေတဆင့် စစ်တပ်ပိုင် အရင်းအနှီးကို နယ်ပယ်ပေါင်းစုံမှာ တိုးချဲ့စေနိုင်ခဲ့ပြီး စီးပွားရေးအရလည်း ချုပ်ကိုင်လွှမ်းမိုးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စီးပွားရေးအရ စစ်တပ်အရင်းအနှီးကို အတိုင်းအတာတခုအထိ အောင်မြင်အောင် စုဆောင်းမိပြီးဖြစ်ပါတယ်။

အုပ်ချုပ်ရေးအရလည်း အိမ်စောင့်အစိုးရလက်ထက်အတွင်း အရပ်ဘက်ရုံးဌာန ဘုတ်ကော်ပိုရေးရှင်းတွေအားလုံး စစ်အုပ်စုဝင် စစ်အရာရှိကြီးတွေ အပေါ်စီးကနေ ဝင်ရောက်နေရာယူ အုပ်စီးခဲ့ကြပြီး၊ အုပ်ချုပ်ရေးအတွေ့အကြုံကို လေ့ကျင့်စမ်းသပ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုလည်း အုပ်ချုပ်တတ်ပြီလို့ မှတ်ယူတွေးထင်ခဲ့ကြပါတယ်။

ပြည်သူလူထုကတော့ စစ်တပ်ရဲ့ အာဏာပြမှုအမျိုးမျိုး၊ တင်းကြပ် ဖိနှိပ်မှု အဖုံဖုံ၊ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးရမှု အလီလီအပြင်၊ ကြွခိုင်ရေးဆိုသူတွေရဲ့ ဖိစီးနှိပ်စက်မှုတွေကိုပါ အဆစ်ရရှိလိုက်တဲ့အတွက် စစ်တပ်ကို အမုန်းကြီးမုန်းပြီး စစ်အုပ်ချုပ်မှုကို အရွံကြီး ရွံခဲ့ပါတယ်။

နိုင်ငံရေးအကင်းပါးတဲ့ ဦးနု က ရွေးကောက်ပွဲကြီးအတွက် မဲဆွယ်စည်းရုံးမှုကို လုပ်တဲ့အခါ 'ဒီမိုကရေစီကို ရွေးမှာလား၊ ဖက်ဆစ်ကိုရွေးမှာလား' ဆိုတဲ့မေးခွန်းကို ပြည်သူလူထုနှလုံးသားထဲ ထည့်ပေးလိုက်ပါတယ်။

၅၉ ခုနှစ်၊ စက်တင်ဘာ သန့်ရှင်းညီလာခံတုန်းကလည်း ဦးနုက "ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်စေရမည်" လို့ ပြောခဲ့ဖူးတာရှိတဲ့အတွက် ဗုဒ္ဓဘာသာဝင်ဦးရေအများဆုံးဖြစ်တဲ့ ဗမာပြည်သူလူထုကြီးရဲ့ အများတကာ အများစုကြီးက ဦးနု အပေါ် စိတ်ညွှတ်နေကြဆဲအချိန်မှာ ဒီမိုကရေစီ နဲ့ ဖက်ဆစ် ဘယ်ဟာ ရွေးမလဲလို့ အရွေးခိုင်းလိုက်တော့ဦးနု ရဲ့ မဲဆွယ်စည်းရုံးရေးအရှိန်ဟာ ထိပ်ကပြေးနေပါတော့တယ်။

ဆွေငြိမ်း တည်မြဲအဖွဲ့က ဦးနု ဟာ ဘာသာရေးကို နိုင်ငံရေးအတွက် အမြတ်ထုတ်နေပါတယ်လို့ စွပ်စွဲတိုက်ခိုက်ကြပေမယ့် ဦးနု က အသာကလေးပုတ်ပြီး ရှောင်တိမ်းပြလိုက်ပါတယ်။ 'နိုင်ငံတော်ဘာသာရေးကို ရွေးကောက်ပွဲမှာ ထည့်မပြောပါ။ ရွေးကောက်ပွဲနဲ့ ဝေးခဲ့စဉ်ကတည်းက သန့်ရှင်းဖဆပလရဲ့ လုပ်ငန်းစဉ်တရပ်အဖြစ် လက်ခံခဲ့ခြင်းဖြစ်ပါတယ့်။" လို့ ချေပပြလိုက်ပါတယ်။

သန့်ရှင်းညီလာခံမှာ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာပြုရေးကိစ္စ ဦးနု စတင်ပြောကထဲက 'တည်မြဲ' က 'ဘာသာခုတုံး' ဆိုတဲ့စာအုပ်နဲ့ ဦးနု ကို တိုက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဦးနု ကို နိုင်အောင်မတိုက်နိုင်ခဲ့ပါ။

ဦးနု က နယ်စည်းရုံးရေးတွေကို ကမ္ဘာ့အေးစေတီ ဇရပ်တွေအတွင်း ခေါ်ယူသင်တန်းပေးပါတယ်။ ငါးပါးသီလစောင့်ထိန်းကြဖို့ ရွာရောက်ရင် လူကြီးသူမ သံဃာတော်တွေ ဦးခိုက်ကြဖို့ တဖွဖွမှာတာလုပ်ပါတယ်။ စည်းရုံးရေးမှူးတွေက ဦးနု သင်တန်းပေးတဲ့အတိုင်း ဆောင်ရွက်ကြတဲ့အတွက် ရပ်ရွာရှိ လူကြီးသူကြီးများနဲ့ သံဃာတော်တွေဟာ အလိုလျောက် ဦးနု ရဲ့ စည်းရုံးရေးမှူးတွေသဖွယ် ဖြစ်လာကြတယ်။

ဘာသာရေး နဲ့ တိုက်ရိုက်ပတ်သက်တဲ့ နိုင်ငံရေးပါတီတရပ်တောင် ဗမာပြည်နိုင်ငံရေးနယ်မှာ တောင် ပေါ်ပေါက်ခဲ့ဖူးပါတယ်။ ဆာအမ်အေ ဦးမောင်ကြီး ဦးဆောင်တဲ့ "ဗုဒ္ဓဝါဒ ပြည်သူ့ဆန္ဒအဖွဲ့ချုပ်" ဆိုတာဖြစ်ပါတယ်။ ပါတီရဲ့အခြေခံလမ်းစဉ်မှာကို "ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရေး" လို့ သတ်မှတ်လှုပ်ရှားခဲ့ပေမယ့် ဦးနု လောက်အောင်မြင်မှု မရခဲ့ပါ။

ဦးနု ကို ထိုးနှက်တိုက်ခိုက်ရင်း ဦးကျော်ငြိမ်း က နိုင်ငံရေးသမားတွေဟာ ငါးပါးသီလစောင့်ထိန်းဖို့မလိုဆိုတဲ့ သဘောမျိုးပြောမိပါတယ်။ ဦးနု တို့ သန့်ရှင်းက ဦးကျော်ငြိမ်း ရဲ့ စကားကို ချက်ကောင်းယူပြီး ဦးကျော်ငြိမ်း ကို 'ဒုသီလ' အဖြစ် ပြစ်တင်ဝေဖန် တုန့်ပြန်ပါတယ်။ ဦးကျော်ငြိမ်း က အချိန်မီဖြေရှင်းပေမယ့်

မပြေမလည်တော့ဘဲ ဦးနု ကို တရားစောင့်သူ၊ ဦးကျော်ငြိမ်း တို့ကို တရားကင်းသူအဖြစ် ပိုမိုမြင်လာကြပါတယ်။

ဦးဗဆွေ က ရွေးကောက်ပွဲမှာ ဆွေငြိမ်း တို့ 'နိုင်လျှင်လည်းနိုင်မည်၊ ရှုံးလျှင်လည်းနိုင်မည်' လို့ ပြောလာတဲ့အတွက် ဦးနု က ချက်ချင်းဖွင့်ချပြီး အကွက်ကျကျ ထိုးနှက်တုန့်ပြန်နိုင်ခဲ့ပါတယ်။ ဗိုလ်ခင်မောင်ကလေး အပါ တည်မြဲ ခေါင်းဆောင်အချို့က စစ်တပ်ကို 'ဒို့လူတွေ' ဆိုတဲ့သဘောနဲ့ ဂိုက်ခံပြောဟောကြလေ၊ စစ်တပ်ကိုမုန်းတီးနေကြတဲ့ ပြည်သူလူထုအကြား တည်မြဲဟာ အထိနာလေဖြစ်လာပါတယ်။ ဗိုလ်ခင်မောင်ကလေး ကို ဗွေမယူကြပါနဲ့၊ ဗိုလ်ခင်မောင်ကလေး စကားတခွန်းပြောလေ၊ သန့်ရှင်းအတွက် မဲတွေအများကြီးရလေလို့တောင် ဦးနု က မှတ်ချက်ပြု ပြောဆိုလာတဲ့အထိ တည်မြဲ ခေါင်းဆောင်တွေ မဲဆွယ်စည်းရုံးရေးစွမ်းရည် ဒလဟောကျဆင်းလာပါတယ်။ စစ်တပ်ကို လူထုကမုန်းလေ၊ တည်မြဲ ကိုလည်း လူထုက အမြင်ကပ်လာလေ ဖြစ်လာပါတယ်။

တည်မြဲလိုလားသူ တပ်မတော်အတွင်း အရာရှိကြီးငယ်တွေက သန့်ရှင်းရဲ့ စည်းရုံးရေးတက်လာလေ ဒေါသူပုန်ထကြလေဖြစ်လာပါတယ်။ ပြောင်ပြောင်တင်းတင်းဘက်လိုက်တာတွေ ပေါ်လာပါတယ်။ လက်နက်ကိုင်များပီပီ အကြမ်းဖက်ခြိမ်းခြောက် စွက်ဖက်တာတွေလုပ်လာပါတယ်။

ရွေးကောက်ပွဲနားနီးလာလေ ဘက်လိုက်တဲ့သတင်း၊ စစ်တပ်ရဲ့ အကြမ်းဖက်ခြိမ်းခြောက်တဲ့သတင်းတွေ များလာလေဖြစ်ခဲ့ပါတယ်။ နောက်ဆုံးမှာ နိုင်ငံတော်သမတကြီးကိုယ်တိုင်က "သမတကြီးရဲ့ မဲဆန္ဒနယ် ကိုယ်တိုင်မှာပင် ဘက်လိုက်မှု ခြိမ်းခြောက်မှုများပေါ်နေ၍ အခြားနယ်များမှာ တွေးဝံ့စရာပင်မရှိတော့၊ တရားမျှတမှုဖြစ်အောင် ဆောင်ရွက်ပေးပါ။" ဆိုပြီး ဗိုလ်ချုပ်ကြီးနေဝင်းထံ စာရေးပြီး အကြောင်းကြားရတဲ့အထိဖြစ်လာပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ ဘက်မလိုက်ရေးမိန့်ခွန်းကို စစ်တပ်အတွင်း ရီကော်ဒါကြီးနဲ့ ဖွင့်အပြခိုင်းတာကလွဲလို့ ဘာမှ ထိထိရောက်ရောက် မဆောင်ရွက်ဘဲ စင်ပေါ်ကနေ ကြည့်နေခဲ့ပါတယ်။

ဒီဇင်ဘာ (၂၉) ရက်နေ့မှာ၊ ကိုကိုးကျွန်းက နိုင်ငံရေးအကျဉ်းသားတွေ ပြည်မ ပြန်ရောက်လာခဲ့ပါတယ်။ အင်းစိန်ထောင်၊ ရန်ကုန်ထောင်တို့မှာ ခွဲထားပါတယ်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူတွေကို ထောင်ထဲကနေ အမတ်လောင်းစာရင်း တင်ခွင့်ပေးပါတယ်။ ဒါကြောင့် ထောင်ထဲကနေ အမတ်လောင်းစာရင်းတင်ခဲ့သူတွေလည်း ရှိခဲ့ပါတယ်။ တသီးပုဂ္ဂလ အမတ်လောင်းအဖြစ် စာရင်းတင်သူတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော က ကြည့်မြင်တိုင်မဲဆန္ဒနယ်ကနေ တသီးပုဂ္ဂလအမတ်အဖြစ် စာရင်းတင်ပါတယ်။ ရွေးကောက်ပွဲကြေညာချက်တွေ ပလူပျံသလို ထွက်ပေါ်လာခဲ့ပါတယ်။

တည်မြဲက သန့်ရှင်းကို အပုပ်ချတိုက်ခိုက်ပေမယ့်၊ မဲဆွယ်စည်းရုံးရေးလုပ်ငန်းမှာ သန့်ရှင်းနောက်က နောက်ယောင်ခံလိုက်နေရသလိုဖြစ်ခဲ့ရပါတယ်။ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာဖြစ်ရေးကိစ္စမှာ တည်မြဲက ဆန့်ကျင်ခဲ့တယ်ဆိုပေမယ့် နောက်ဆုံးမှာတော့ "ပြည်သူလူထုကလိုလားရင်တော့ ဆောင်ရွက်ပေးမယ်လို့ သဘောထားကြောင်း" ဆိုပြီး လေပြေထိုးခဲ့ပါတယ်။

တည်မြဲရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ ကတိတွေ ဝေဝေဆာဆာပေးပြီး မဲဆွယ်ခဲ့ပါတယ်။ အမတော်ကြေးနှစ်ဆတိုးပေးမယ်။ အခွန်ကောက်ခံခြင်းကို လျှော့ချမယ်။ အလယ်တန်းကျောင်းလခလွှတ်မည်။ အထက်တန်းနဲ့ တက္ကသိုလ်လည်း တစတစ လခကင်းလွတ်စေရမယ်။ ဝန်ထမ်းများဘဝ လုံခြုံရေးကို စောင့်ရှောက်ပေးမည်။ ဒီမိုကရေစီထွန်းကားရေး အစွမ်းကုန်ကြိုးပမ်းမည်လို့ ဖော်ပြ မက်လုံးပေးခဲ့ပါတယ်။ ဦးနု ရဲ့ သန့်ရှင်းကတော့ "ဒီမိုကရေစီကိုရွေးမှာလား၊ ဖက်စစ်စနစ်ကိုရွေးမှာလား" ဆိုတာကိုပဲ အရွေးခိုင်းခဲ့

ပြီး ခဲတလုံးထဲနဲ့ ၄က်နှစ်ကောင်ပစ်နိုင်ခဲ့ပါတယ်။ ဖက်စစ်ဆိုတာ တည်မြဲဆွေငြိမ်းအုပ်ကို ရည်ညွှန်းသလို လိုနဲ့ စစ်တပ်ကို ဦးတည်ပြီးသားဖြစ်သွားပါတယ်။ လူထုကြိုက်ဖြစ်သွားပါတယ်။

ပမညတ အဖွဲ့ကြီးက (ပမညတ၊ သန့်ရှင်း၊ တည်မြဲ) ညွန့်ပေါင်းအစိုးရဖွဲ့ရေးတင်ပါတယ်။ ဒါပေမယ့် ဦးနု ရဲ့ ဘယ်လမ်းကိုရွေးမှာလဲဆိုတဲ့ မေးခွန်းကြွေးကြော်သံကို တိုးမဖောက်နိုင်တော့ပါ။

လူထုရဲ့ စစ်တပ်အပေါ် ခါးသီးမှုကို ရိပ်စားမိလာတဲ့ တည်မြဲက နောက်ဆုံးကြိုးပမ်းချက်အနေနဲ့ "စစ်တပ်လုပ်တာ တို့နှင့်မဆိုင်၊ စစ်တပ်ကို စစ်တန်းလျားများသို့ ပြန်ပို့မည်။" လို့ လူထုကြိုက် ပြောင်းလဲ ကြွေးကြော် ကြည့်ခဲ့ပါတယ်။ ဒါပေမယ့် မရတော့။ လူထုက စစ်တပ်နဲ့ တည်မြဲ၊ တည်မြဲနဲ့ စစ်တပ်၊ ဒင်္ဂါးတခု ရဲ့ ခေါင်း နဲ့ ပန်းအဖြစ်ပဲ နားလည်ခံယူထားလိုက်ကြပြီးပြီဖြစ်ပါတယ်။ တည်မြဲအဖို့ အခြေအနေသိပ် မကောင်းနိုင်တော့တာကို မြူနီစပယ်ရွေးကောက်ပွဲတွေက နိမိတ်ပြလာပါတယ်။ ပါလီမန်ရွေးကောက် ပွဲတွေမှာ တည်မြဲလူကြီးတွေ ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ သမိုင်းဝင်ဆောင်ရွက်ချက်ကြီးတခုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ တယ်လို့ နာမည်ကောင်းယူ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့ "တရုတ်–ဗမာနယ်နိမိတ် သဘောတူစာချုပ်" အမြန်ဆုံး ချုပ်ဆိုပြီးမြောက်နိုင်ရေးကို တက်သုတ်ရိုက် ဆောင်ရွက်ပါတယ်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း က ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာ (၂၂) ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ သဘောတူညီချက်စာချုပ် ချုပ်ဆိုရေးပေးစာ အပေါ် ပြန်လည်ပြန်ကြားစာပေးပို့ပါတယ်။

စာထဲမှာ ၁၉၆၀ ပြည့်၊ ဇန်နဝါရီလအတွင်း ပီကင်းကိုအရောက်လာဖို့ ဖိတ်ကြားလိုက်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း က နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံတော်ရှေ့နေချုပ်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် တို့ပါဝင်တဲ့ ကော်မစ်ရှင်ဖွဲ့ပြီး ဇန်နဝါရီလ (၂၃) ရက်နေ့မှာ ပီကင်းကိုသွားပါတယ်။ ဇန်နဝါရီလ (၂၈) ရက်နေ့မှာ "တရုတ်–မြန်မာ နှစ်နိုင်ငံ နယ်နမိတ်သဘောတူစာချုပ်" ကို တရားဝင်လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြပါ တယ်။ တကယ်က ၁၉၅၄ ခုနှစ်ကထဲက ဦးနု စတင်ခဲ့ပြီး ၅၆၊ ၅၇ နှစ်ခုနှစ်အတွင်း ဦးနု၊ ဦးဗဆွေ တို့ ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ ဆက်လက် ဆွေးနွေး သဘောတူညီခဲ့ကြတဲ့ အခြေခံအချက်အလက်တွေအပေါ် ဗိုလ်ချုပ်ကြီးနေဝင်းက နာမည်ကောင်းယူ ချုပ်ဆိုလိုက်တဲ့ သဘောတူညီချက်စာချုပ်ဖြစ်ပါတယ်။

ဖိမော်၊ ဂေါ်လံ၊ ကန်ဖန်ရွာသုံးရွာကိစ္စကြောင့် ဦးနု၊ ဦးဗဆွေတို့လက်ထက်တွေအတွင်း အပြီး အပြတ် စာချုပ်မချုပ်ဆိုနိုင်သေးဘဲ အမျှင်တန်း ကျန်နေရခဲ့တဲ့ကိစ္စကို ဗိုလ်ချုပ်ကြီးနေဝင်းက လက်စသတ် ပေးသွားတာဖြစ်ပါတယ်။ ရွာသုံးရွာကိုပေးရရင် သူကိုယ်တိုင် လက်နက်ကိုင်တိုက်မယ်လို့ ကြွေးကြော်ကန့် ကွက်ခဲ့တဲ့ ဦးဇန်ထားဆင် ကို ဗိုလ်ချုပ်ကြီးနေဝင်း က ခေါ်ယူညှိနှိုင်းတိုင်ပင်ခြင်းတောင်မပြုဘဲ၊ လုပ်ဆောင်သွား ခဲ့ပါတယ်။ ဦးဇန်ထားဆင် ငြိမ်သက်သွားခဲ့ရပါတယ်။

၁၉၅၇ ခုနှစ်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းက အဆိုပြုခဲ့ပြီး၊ ဦးနု က နှစ်နိုင်ငံနယ်နိမိတ် သဘောတူညီမှု စာချုပ် ချုပ်ဆိုပြီးမှ လက်မှတ်ရေးထိုးချင်တယ်လို့ ပြောကြားခဲ့ဖူးတဲ့ တရုတ်–မြန်မာ ချစ်ကြည်ရေးနဲ့ တဦးပေါ်တဦး မကျူးကျော်ရေးစာချုပ်ကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်းက သူ ဝန်ကြီးချုပ်ဘဝ အတွင်းမှာ နာမည်ကောင်းရဖို့ တက်သုတ်ရိုက်ပြီး ချုပ်ဆိုခဲ့ပါတယ်။

# ၁၉၆၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ ပထစ၊ ဦး-ဗိုလ်-သခင်-ဆရာ နဲ့ ပါလီမန်ခေတ်နေဝင်ချိန် မြန်မာနိုင်ငံတော် ရဲ့အခြေအနေ

၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ (၆) ရက်နေ့မှာ ပြည်သူ့လွှတ်တော်အတွက် ပါလီမန်အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပေါ်ပေါက်လာပါတယ်။

သန့်ရှင်း၊ တည်မြဲ၊ ပမညတ တို့ရဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ပွဲကြီးသဖွယ် ဖြစ်ခဲ့ပေမယ့်၊ အဓိက အားဖြင့်တော့ သန့်ရှင်းနဲ့ တည်မြဲတို့ရဲ့ အပြိုင်အဆိုင် ဗိုလ်လုပွဲကြီးသဏ္ဍာန် ပိုပြီးပေါ်လွင်ခဲ့ပါတယ်။ ဒီရွေး ကောက်ပွဲကြီးမှာ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော တို့လို တသီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့ပါ တယ်။ ပမညတ က တချို့မဲဆန္ဒနယ်တွေမှာ ပမညတ ပိုင်တဲ့ မဲတွေကိုတောင် သန့်ရှင်းအမတ်လောင်းကို ပေးဖို့ လှုံ့ဆော်တိုက်တွန်းပေးခဲ့ပါတယ်။ မဲဆန္ဒနယ် (၁၃၅) နယ်လောက်မှာပဲ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ် ခံခဲ့ပါတယ်။

ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်ပွဲတွေမှာ ဦးနု က ဒီမိုကရေစီကိုသာ ဖိပြီးကြွေးကြော်ခဲ့ပါတယ်။ ဒီမိုကရေစီကိုရွေးမှာလား၊ ဖက်ဆစ်စနစ်ကိုရွေးမှာလား၊ ဒီမိုကရေစီကိုမြတ်နိုးရင် "အသဲကြားကမဲတပြားကို သန့်ရှင်းကိုပေးကြပါ" လို့ မဲတောင်းခဲ့ပါတယ်။

အရင်ရွေးကောက်ပွဲတွေတုန်းကလို ဖဆပလ အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံကို အသုံးပြုခွင့်မရ တော့တဲ့အတွက် သန့်ရှင်းက ဦးနုဓာတ်ပုံကို မဲပုံးအမှတ်အသားအဖြစ် အသုံးပြုပါတယ်။ သန့်ရှင်းကရွေး ချယ်လိုက်တဲ့အရောင်ကလည်း ရဟန်းသံဃာကြိုက်သာသနာရောင် 'အဝါရောင်' ဖြစ်ပါတယ်။ အဝါရောင် နောက်ခံပေါ်မှာ ဦးနု က ညို့ဓာတ်ပါတဲ့အပြုံးနဲ့ အားလုံးကိုပြုံးပြနေခဲ့ပါတယ်။

တည်မြဲက ရွေးကောက်ပွဲကြေညာချက်ထုတ်ပြီး မစားရဝခမန်း မက်လုံးတွေပေးပေမယ့် သန့်ရှင်း နောက်ကပဲ ကပ်လိုက်နေခဲ့ရပြီး လူထုကြီးရဲ့ အမြင်မကြည်လင်မှုကိုသာ ရနေခဲ့ပါတယ်။ ဦးဗဆွေရဲ့ "မဲပေး မှားလျှင် မမျှော်လင့်တဲ့ အခြေအနေဆိုးတွေ တွေ့ရမယ်။ ရှုံးလျှင်လည်းနိုင်၊ နိုင်လျှင်လည်းနိုင်ရမည်" ဆိုတဲ့ ဟောလုံးတွေကြောင့် သန့်ရှင်းနိုင်လျှင် တပ်ဝင်လာဦးမယ့် သဘောပြောဆိုမှုတွေကြောင့် စစ်တပ်ကို မုန်းနေ တဲ့လူထုက တည်မြဲကိုလည်း မုန်းနေကြပါတယ်။ တည်မြဲက အနီရောင်ကို ရွေးချယ်ခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းက ဘက်မလိုက်ဖို့ တားဆီးထားတဲ့ တိပ်ခွေတွေကို စစ်တပ်အတွင်း ဖွင့်ပြခဲ့ပေ မယ့် စစ်တပ်နဲ့ တပ်မှူးကြီးငယ်များစွာဟာ မဲဆန္ဒနယ်ပယ်များစွာမှာ ပေါ်ပေါ်ထင်ထင် ဘက်လိုက်ခဲ့ပါတယ်။

တပြည်လုံးမဲဆန္ဒရှင်ပေါင်း (၉၉၅၈၆၇၅) ဦးအတွက် မဲရုံပေါင်း (၇၀၀၀) ကျော်၊ အစိုးရဝန်ထမ်းပေါင်း (၄၂၀၀၀)ကို တာဝန်ချထားပေးခဲ့ပေမယ့် နေရာအများစုမှာ စစ်တပ်နဲ့ ရဲတပ်ကို တာဝန်ချထားပေးခဲ့ပါတယ်။

စစ်တပ်ကဘက်လိုက်တဲ့ နေရာဒေသတွေမှာ မဲပုံးဖောက်တာတွေ၊ တည်မြဲကို မဲထည့်ခိုင်းတာတွေ၊ သန့်ရှင်းနဲ့ ပမညတကို မဲမပေးဝံ့အောင်လုပ်တာတွေ နည်းပေါင်းစုံညစ်နည်း ပဒေသာကျင့်သုံးခဲ့ပါတယ်။ ဥပမာအားဖြင့် ဝေါမြို့နယ် နောင်မတ္တရာကျေးရွာမှာ မဲဆွယ်တရားဟောနေတုံး စစ်တပ်က ဟယ်လီကော်ပ တာနဲ့ ဆင်းလာပြီး နားထောင်နေသူတွေကို ဝင်ရိုက်ခဲ့ပါတယ်။ မဲနီရင်နီ၊ မနီရင် တရွာလုံးနီသွားမယ်လို့ ခြိမ်းခြောက်တာတွေလုပ်ခဲ့ပါတယ်။

ကျောက်ဆယ်ဘက်က ရွာတရွာမှာ လျှို့ဝှက်ကာရံထားတဲ့ အကာအရံတွေကို ဖွင့်ပစ်ပြီး မဲပုံးကို ပြောင်ထုတ်ပြီး စစ်တပ်ရှေ့မှာ အပေးခိုင်းခဲ့ပါတယ်။

တောင်ငူနယ်ဘက်မှာ မဲထည့်ပြီးချိန်လောက်မှာ စစ်တပ်က မဲရုံတွေအပေါ် လူတွေအပေါ် သေနတ်နဲ့ ကျော်ပစ်ဝင်ရောက်လာကြပြီး မဲတွေကို ခပေါင်းချောင်းထဲမျှောပစ်တာတွေလုပ်ပါတယ်။

နေရာအချို့မှာ စစ်တပ်က မဲပုံးတွေကိုဖောက်တဲ့အခါ ဝက်အူလှည့်တောင်မသုံးဘဲ ဘက်နက်နဲ့ထိုးဖောက်ပြီး မဲတွေကို ထင်သလိုလုပ်ခဲ့ကြတာတွေ ပေါ်ခဲ့ပါတယ်။ စစ်တပ်က တည်မြဲဘက်က ပင်းပြီး ဘယ်လောက်ညစ်ပတ်ညစ်ပတ် စစ်တပ်ကို မုန်းနေတဲ့လူထုကြီးက စစ်အစိုးရအောက် ကျောကော့အောင်ခံခဲ့ကြရတဲ့လူထုကြီးက ဦးနုရဲ့ ရွှေဝါရောင်ပုံးထဲကို ကြုံးပြီး မဲတွေထည့်ခဲ့ကြပါတယ်။ မဲတွေကွဲသွားမှာစိုးတဲ့အတွက် သန့်ရှင်းကိုပဲ ဖိထည့်ကြတဲ့အတွက် ဖိုလ်မှူးချုပ်ဟောင်းကျော်ဇောလိုပုဂ္ဂိုလ်တောင် သန့်ရှင်းကိုရှုံးခဲ့ရပါတယ်။ 'ပမညတ' တောင် တနေရာမှ မရတော့လောက်အောင် အကွဲကြီးကွဲပြီး အရှုံးကြီး ရှုံးသွားရပါတယ်။ တပြည်လုံးမှာ သန့်ရှင်းက အောင်ပွဲခံသွားခဲ့ပါတယ်။ ထွက်ပေါ်လာတဲ့ရလာဒ်ကတော့ –

| | |
|---|---|
| သန့်ရှင်းအမတ် | (၁၅၉) |
| တည်မြဲအမတ် | (၄၂) |
| ပမညတ | တဦးမှမရ |
| ရခိုင် | (၆) |
| မွန် | (၃) |
| ချင်း | (၃) |
| ကယား | (၂) |
| ရှမ်း | (၂၃) ဦးတို့ဖြစ်ပါတယ်။ |

သန့်ရှင်းက အပြတ်အသတ် အနိုင်ရရှိသွားရုံသာမက၊ လွှတ်တော်အတွင်းမှာ ဘယ်အတိုက်အခံကိုမှ ဂရုမစိုက်ဘဲ အစစအရာရာ မဲအင်အားအသာနဲ့ အနိုင်ယူကျော်လွှားသွားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တည်မြဲခေါင်းဆောင်ကြီး နာမည်ကျော် ဦးကျော်ငြိမ်း ဆိုရင် သခင်တင်နဲ့ ယှဉ်ပြိုင်ရင်း အမတ်တောင်ဖြစ်မလာတော့ဘဲ ရှုံးနိမ့်သွားရပါတယ်။

လူထုကြီးက စစ်အာဏာရှင်စနစ်ကို မလိုချင်ကြောင်း၊ ပြင်းထန်တဲ့ ဒီမိုကရေစီဆန္ဒကို ပွင့်ပွင့်လင်းလင်းဖော်ပြလိုက်ကြပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲလှုပ်ရှားမှုကြီးကို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော နဲ့ ဗိုလ်မင်းခေါင်တို့က "လက်နက်မဲ့တော်လှန်ရေး" လို့ အမိပ္ပါယ်ဖွင့်ဆိုလိုက်ပါတယ်။

အိမ်စောင့်အစိုးရရဲ့ နောက်ဆုံးကြိုးပမ်းချက်တခုကတော့ ၁၉၆၀ ပြည့်နှစ်ထဲမှာ ကရင်လက်နက်ကိုင်တော်လှန်ရေးအင်အားစုကြီးရဲ့ ဦးစီးဦးဆောင် ကေအန်ယူ (KNU) အဖွဲ့ကြီးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လျှို့ဝှက် တွေ့ဆုံဆွေးနွေးခြင်းပဲဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေအတွင်းမှာ အင်အားအကြီးဆုံး အဖွဲ့ကြီးတွေအဖြစ်တည်ရှိနေတာက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကေအန်ယူအဖွဲ့ကြီးဖြစ်တဲ့အတွက် ကွန်မြူနစ်ဆန့်ကျင်ရေးတိုက်ပွဲကို ဦးတည်အကောင်အထည်ဖော်နိုင်ဖို့ ကေအင်ယူကို ဖွဲ့ထုတ်စည်းရုံးကြည့်တဲ့သဘောဖြစ်ပါတယ်။ အဓိကရန်သူဟာ ကွန်မြူနစ်ဖြစ်တယ်လို့ သတ်မှတ်ပြီး၊ ကွန်မြူနစ်ချေမှုန်းရေးကို အလေးတင်းလုပ်နိုင်ဖို့ ကေအန်ယူကို ဖွဲ့ထုတ်စည်းရုံးကြည့်တာဖြစ်ပါတယ်။ ကေအန်ယူက အိမ်စောင့်အစိုးရရဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ကမ်းလှမ်းချက်ကို လက်ခံပြီး ကိုယ်စားလှယ်အဖွဲ့ ရွေးချယ်စေလွှတ်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးဖို့ –

(၁) ဗိုလ်ချုပ်ကော်ထူး (ဗိုလ်ချုပ် ကျော်မြသန်း)
(၂) စကော်လယ်တော
(၃) ဖဒို ဖိုးညော
(၄) ဗိုလ်ကျင်ဖေ
(၅) ဗိုလ်မြစိန် – တို့ပါဝင်တဲ့ကိုယ်စားလှယ်အဖွဲ့ လျှို့ဝှက်ရောက်ရှိခဲ့ပါတယ်။
အိမ်စောင့်အစိုးရဘက်က –
(၁) ဗိုလ်မှူးချုပ် အောင်ကြီး
(၂) ဗိုလ်မှူးချုပ် မောင်မောင်
(၃) ဗိုလ်မှူးချုပ် အောင်ရွှေ – တို့
ခေါင်းဆောင်ဆွေးနွေးခဲ့ပါတယ်။ ဗိုလ်ဘဖြူ၊ ဗိုလ်စံကြည်၊ ဗိုလ်မောင်လွင် တို့က လေ့လာသူများအဖြစ် တက်ရောက်ခဲ့ပါတယ်။

ကေအန်ယူဘက်က တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရယ်၊ ကရင်ပြည်နယ်ပေးရေးရယ်ကို ရပ်ခံတောင်းဆိုပါတယ်။ စစ်တပ်ဘက်က ကရင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး လွှတ်တော်အတွင်းမှာပဲ ဆက်လက်တောင်းဆိုတိုက်ပွဲဝင်ကြဖို့ ခေတ်ပြားဟောင်းကြီးကိုသာ ပြန်ဖွင့်ပြခဲ့ပါတယ်။

အစိုးရဘက်က ကရင်လက်နက်ကိုင်တပ်မတော်ထားရှိရေးနဲ့ ပတ်သက်ပြီး၊ လက်နက်ကိုင်တပ်များမှ လက်နက်ကိုင်ထားပြီး၊ ခေါင်းဆောင်များမှ လက်နက်ချသည့်သဘောမျိုး လက်နက်အနည်းငယ်ပေးဖို့ တောင်းဆိုပါတယ်။ ကရင်ပြည်အရေးနဲ့ ကရင်လက်နက်ကိုင်ထားရှိရေးတို့အတွက် (၄) ကြိမ်တိုင်တိုင် ဆွေးနွေးကြပေမယ့် မအောင်မြင်ဘဲ ပျက်သွားခဲ့ရပါတယ်။ အဓိကကတော့ စစ်အစိုးရရဲ့ သဘောထားမမှန်မှုကြောင့် တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားခဲ့ရတာဖြစ်ပါတယ်။

တကယ်က အိမ်စောင့်အစိုးရဟာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုလားလို့ ကေအန်ယူနဲ့ ဆွေးနွေးခဲ့တာမဟုတ်ဘဲ ကွန်မြူနစ်တခုထဲကို ဦးတည်နိုင်ဖို့ ကေအန်ယူကို နားချချွေးသိပ်ထားပြီးတပ်မတော်က နာမည်ကောင်းယူကာ တချက်ခုတ် နှစ်ချက်ပြတ် ကြံစည်ခဲ့တာသာဖြစ်ပါတယ်။

အိမ်စောင့်အစိုးရရဲ့ တလျှောက်လုံး စစ်ရေးအရ ကြိုးပမ်းသွားချက်ကတော့ အဓိကနိုင်ငံရေးပြိုင်ဘက် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့တကွ လက်နက်ကိုင်အင်အားစုမှန်သမျှကို အပြတ်တိုက်ချေမှုန်း သုတ်သင်သွားနိုင်ရေးသာဖြစ်ပါတယ်။ အိမ်စောင့်အစိုးရရဲ့ သက်တမ်း (၁၇) လကျော်အတွင်းမှာ စစ်တပ်ဟာ စစ်ဆင်ရေးကြီး (၁၀၈) ကြိမ်၊ ဒေသန္တရစစ်ဆင်ရေး (၃၂၃) ကြိမ် ဆင်နွှဲခဲ့ပြီး၊ တိုက်ပွဲကြီး (၃၈၆) ပွဲ၊ တိုက်ပွဲငယ် (၂၇၄၃) ပွဲ တိုက်ခိုက်ခဲ့တာကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားနေပြီဖြစ်ပါတယ်။

၁၉၆၀ ပြည့်နှစ် ဧပြီလ (၄) ရက်နေ့မှာ အိမ်စောင့်အစိုးရဟာ ရွေးကောက်ပွဲကြီးမှာ အပြတ်အသတ်အနိုင်ရရှိခဲ့တဲ့ သန့်ရှင်းဖဆပလ အဖွဲ့ကြီးကို အာဏာလွှဲပြောင်းပေးအပ်ပါတယ်။ ဧပြီလ (၄) ရက်နေ့ ပြည်သူ့လွှတ်တော်က ဦးနုကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ပါတယ်။ ဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ပေါ်ပေါက်လာပြန်ပါတယ်။ ဦးနုက အစိုးရအဖွဲ့ကို အရင်တုန်းကလို ကြီးကြီးမဖွဲ့ဘဲ ငယ်ငယ်ပဲ ဖွဲ့လိုက်ပါတယ်။ ဒုတိယဝန်ကြီးချုပ်တောင် မထားတော့သလို ဝန်ကြီးတွေကိုလည်း တဝက်ကျော်မက လျှော့ချဖွဲ့စည်းလိုက်ပါတယ်။ ငွေရေးကြေးရေးအကုန်အကျ သက်သာအောင် ဖွဲ့စည်းတယ်လို့ ဆိုပါတယ်။ ဖဆပလ မကွဲခင်က (ချင်းရေးရာနဲ့ ပြည်နယ်ဝန်ကြီးတွေမပါ) ဝန်ကြီး (၂၆)ဦး၊ ပါလီမန် အတွင်းဝန် (၃၂) ဦးရှိခဲ့ပါတယ်။

ရွေးကောက်ပွဲအပြီးမှာ ဦးနုဟာ 'သန့်ရှင်းဖဆပလကို' လည်း ပြည်ထောင်စုပါတီ (ပထစ) ဆိုပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ "ဒီမိုကရေစီထူထောင်ရေးဟာ ကျွန်တော်တို့အတွက် အဓိကအရေးဆိုတာ ထင်ရှားစေချင်တဲ့အတွက် ဖဆပလ အဖွဲ့ဟောင်းကိုဖျက်ပြီး 'ပြည်ထောင်စု' အဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြောင်း" လို့ ဦးနုက ရှင်းလင်းပြောဆိုပါတယ်။ 'ဖဆပလ' ဆိုတဲ့ အမည်ဟောင်းကို တည်မြဲကို အမွေပေးလိုက်ပြီး ပြည်ထောင်စုပါတီကို ဖွဲ့စည်းလိုက်ပြီဖြစ်တဲ့အတွက် ဦးနု ဦးဆောင် ဖွဲ့စည်းပေါ်ပေါက်လာခဲ့တဲ့ အစိုးရကိုလည်း 'ပြည်ထောင်စုအစိုးရ' သို့မဟုတ် 'ပထစအစိုးရ' လို့အမည်တွင်စေခဲ့ပါတယ်။

ဧပြီလ (၄) ရက်နေ့မှာ ပထစအစိုးရအဖြစ် အာဏာကိုလွှဲပြောင်းရယူအပြီး၊ ဧပြီလ (၅) ရက်နေ့မှာ ဦးနုကအစိုးရရဲ့ မူဝါဒကိုလွှတ်တော်မှာ ရှင်းလင်း မြွက်ကြားတာ လုပ်ပါတယ်။

"ဥက္ကဋ္ဌကြီးခင်ဗျား ပြည်ထောင်စုပါတီဟာ လွှတ်တော်ထဲမှာ အမတ်အင်အားအများဆုံးရရှိနေတဲ့ ပါတီဖြစ်နေပေမယ့် လွန်ခဲ့တဲ့(၁၀)နှစ်တုံးက အခုလိုပဲ အခုလိုပဲ အမတ်အင်အား အများဆုံးရရှိခဲ့တဲ့ ပါတီကြီးရဲ့အမှားမျိုးတွေ ပြန်မလုပ်မိအောင် အားထုတ်မယ်လို့ သံန္နိဋ္ဌာန်ချထားပါတယ်" လို့ ကြေညာသွားပါတယ်။

လွှတ်တော်တွင်းမှာ အတိုက်အခံပါတီနေရာ ရောက်သွားရတာက တည်မြဲဖဆပလ ဖြစ်ပါတယ်။ တည်မြဲအမတ် သခင်သာခင်ကို အတိုက်အခံခေါင်းဆောင်အဖြစ် သတ်မှတ်ပြီး ဝန်ကြီးတဦးရဲ့ ရပိုင်ခွင့်အတိုင်း ပေးအပ်ပါတယ်။ လွှတ်တော်မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဥပဒေ ပဓာနတရားကြီးကို ဆက်လက်မြွက်ကြားခဲ့ပါတယ်။

ပမညတ က သတင်းစာကွန်ဖရင့်လုပ်ပြီး ဦးနုရဲ့ ပါလီမန်မိန့်ခွန်းပါ ဒီမိုကရေစီကတိများကို ကြိုဆိုကြောင်း။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အစိုးရက ပါတီတရားဝင်ခွင့်နဲ့ သင်ပုံးချေ လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ သူပုန်များက လက်နက်စွန့်ပြီး ဥပဒေဘောင်ထဲက လုပ်ရန်လိုကြောင်း စသည်ဖြင့်ပြောဆိုပါတယ်။

ဦးနုက လွှတ်တော်မှာ သူ့ရဲ့မိန့်ခွန်းအပေါ် ဝေဖန်ချက်တွေကို ဖြေကြားရာမှာ "သောင်းကျန်းသူတွေနဲ့ ဘယ်တော့မှ မစေ့စပ်၊ သူတို့က လက်နက်ချဝင်လာရင် ဒီမိုကရေစီပေးရမယ်။ သူတို့ဟာ ရန်သူတွေမဟုတ်ဘူး။ လွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ကိစ္စကိုတော့ အတိုက်အခံတွေနဲ့တိုင်ပင်ပြီး လုပ်ပါ့မယ်" လို့ ဖြေကြားပါတယ်။ အရင်ကနဲ့စာရင် နောက်တောင်ပြန်ဆုတ်သွားသလိုဖြစ်ပါတယ်။ ဦးနုဟာ ဧပြီလ (၅) ရက်နေ့မှာ အစိုးရမူဝါဒကို တင်ပြကြေညာပြီးတာနဲ့တဆက်ထဲမှာ ဒီမိုကရေစီနိုင်ငံတည်ထောင်ဖို့ ကော်မီတီတွေဖွဲ့ပါတယ်။ အငြိမ်းစားသမတ ဒေါက်တာဘဦး ခေါင်းဆောင်တဲ့ (၅) ဦး အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးချုပ်က နိုင်ငံသို့ပေးအပ်ထားတဲ့ ကတိတွေကို ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာ အကြံဉာဏ်ပေးဖို့ဖြစ်ပါတယ်။ အကြံပေးအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးတွေဟာ ဥပဒေပညာရှင်ကြီးတွေက အများစုဖြစ်ပါတယ်။

ဦးနုက တိပေးထားခဲ့ဖူးတဲ့ နိုင်ငံတော်ဘာသာပြဋ္ဌာန်းရေးအတွက်လည်း လူကော်မီရှင်၊ သံဃာကော်မီရှင်ကို ဖွဲ့စည်းပါတယ်။ ကော်မီရှင်ဟာ နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရန်သင့်မသင့် စုံစမ်းတင်ပြရန်မဟုတ်ဘဲ ပြဋ္ဌာန်းသင့်ကြောင်း မူအဖြစ် ဆုံးဖြတ်ထားပြီးသားဖြစ်နေတာကို ဘယ်လိုပြဋ္ဌာန်းရမလဲ အဖြစ်သာ လေ့လာတင်ပြဖို့ ဖြစ်နေပါတယ်။

အုပ်ချုပ်ရေးယန္တရားကို ဘယ်လိုပြုပြင်သင့်တယ်။ ဝန်ထမ်းများအတွက် ဘယ်လိုစည်းကမ်းတွေထားသင့်တယ်။ ဘာအာမခံချက်တွေ ပေးသင့်တယ်ဆိုတာအတွက်လည်း လေ့လာဖို့ ကော်မီရှင်ဖွဲ့ပေးပါတယ်။ ကော်မီရှင်က ကမ္ဘာ့နိုင်ငံတွေကို လှည့်လည်လေ့လာပြီး အစီရင်ခံစာ တင်ရမှာဖြစ်ပါတယ်။

ပါလီမန်ဒီမိုကရေစီ ထွန်းကားရေးအတွက်လည်း ပါတီပေါင်းစုံပါဝင်တဲ့ ကော်မတီဖွဲ့ပေးပါတယ်။ စီးပွားရေး (၄) နှစ် စီမံကိန်းရေးဆွဲဖို့လည်း ကော်မီတီဖွဲ့ပါတယ်။

၁၉၆၀ပြည့် ဧပြီ (၅) ရက် ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ခွန်းမှာပဲ "သက်ဆိုင်ရာ တိုင်းရင်းသားတွေရဲ့ စိတ်မှာ ပြည်နယ်လိုချင်တဲ့ ဆန္ဒ တကယ် နှစ်နှစ်ကာကာရှိကြတယ်ဆိုရင် ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်ကို စီမံပေးပါ့မယ်လို့ ကျွန်တော်ကတိပေးဖူးပါတယ်။ ဒီမိုကရေစီနဲ့အညီလည်းကောင်း၊ ဒေသတွင်းနေထိုင်ကြတဲ့ ပြည်သူလူထုအတွက် အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် အကျိုးရှိရှိဖြစ်စေမယ့် နည်းနဲ့အညီ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားပြည်သူလူထုရဲ့ တကယ့်ဆန္ဒကို သိရအောင်ပြုပြီးတဲ့နောက် သိရတဲ့အချက်ကို မူတည်ပြီး ကတိအတိုင်း အစောဆုံးစီမံဆောင်ရွက်ပေးပါ့မယ်။ သက်ဆိုင်ရာလူထုရဲ့ ဆန္ဒကို သိရအောင် ပြုရမယ့်ကိစ္စမှာ ပြုပုံပြုနည်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဟာ သက်ဆိုင်ရာခေါင်းဆောင် များနဲ့ တိုင်ပင်ပါ့မယ်။" လို့ ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး၊ ဒေါက်တာဘဦး ခေါင်းဆောင်တဲ့ (၅) ဦး အကြံပေးအဖွဲ့ကို ဖွဲ့ပေးကာ အစိုးရကိုအကြံပေးဖို့ တာဝန်အပ်နှင်းပါတယ်။

ပထစအစိုးရတက်လာပြီးတဲ့နောက် နိုင်ငံရေးအကျဉ်းသားတွေ တသုတ်ပြီးတသုတ် လွတ်လာပါ တယ်။ တချို့ဆိုရင် ဦးနုရဲ့ သန့်ရှင်းအဖွဲ့ကြီး အပြတ်အသတ် အနိုင်ရရှိပြီးနောက်ကတည်းက လွတ်လာကြ ပါတယ်။ ကိုကိုးကျွန်းပို့ထားခြင်းခံရသူတွေလည်း ရွေးကောက်ပွဲမတိုင်မီ အင်းစိန်ထောင်၊ ရန်ကုန်ထောင် တွေဆီ ပြန်ရောက်လာကြပြီး တသုတ်ပြီးတသုတ် ထောင်ကနေလွတ်လာကြပါတယ်။ သခင်ဖေဌေး၊ ဗိုလ် အုန်းမောင် (လေထီး) တို့တော့ မလွတ်ကြပါ။ သေဒဏ်ချထားခြင်းခံရတဲ့ ဗိုလ်မှူးချစ်ကောင်းလည်း ကြိုးတိုက် မှာပဲ ဆက်လက်ကျန်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားအများစုကြီးကတော့ ထောင်ကနေ လွတ် မြောက်ခွင့်ရသွားပါတယ်။ အမှု တော်တော်များများလည်း အာမခံရသွားပါတယ်။

ပိတ်ထားခြင်းခံရတဲ့ ဗိုလ်တထောင်၊ ကြေးမုံ၊ ရန်ကုန်သတင်းစာတွေလည်း ပြန်လည်ထုတ်ဝေခွင့်ရ လာခဲ့ပြီဖြစ်ပါတယ်။ လူထုက ရွေးကောက်တင်မြှောက်သောအစိုးရ တက်လာခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမတကြီး မန်းဝင်းမောင် က ရာဇဝတ်မှုနဲ့ သေဒဏ်ပေးထားခြင်းခံရတဲ့ ကြိုးသမား (၆) ရောက်ကို လည်း သေဒဏ်ကနေ တသက်တကျွန်းဒဏ် ပြောင်းပေးပါတယ်။

အိမ်စောင့်အစိုးရလက်အောက်မှာ ပြားပြားမှောက်နေခဲ့ရတဲ့ ပြည်သူလူထုအများ အသက် ဝရှူ နိုင်ခွင့် ရလာကြပါတယ်။ ဒီမိုကရေစီလေထု ပြန်လည်ဝေ့ဝဲ ဖြန်းပက်နိုင်စပြုလာပါတယ်။ စစ်အစိုးရလက် အောက် ပျောက်နေခဲ့ရတဲ့ ငြိမ်းချမ်းရေးအသံများလည်း တကျော့တဖန် ပြန်လည်တာစူစပြုလာပါတယ်။

ဧပြီလ (၂၅) ရက်နေ့မှာ "နှစ်ဦးနှစ်ဘက် လက်ခံနိုင်သည့်နည်းဖြင့် ငြိမ်းချမ်းရေးရအောင် ဆောင် ရွက်ကြရန်" ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ပန်ကြားချက်ထွက်လာပါတယ်။ ဆရာကြီးရဲ့ ငြိမ်းချမ်းရေး ပန်ကြားချက်ကို ပြည်သူ့ရဲဘော်ပါတီနဲ့ ပြည်သူ့တိုးတက်ရေးပါတီက ထောက်ခံကြောင်း ကြေညာအားဖြည့် လိုက်ပါတယ်။

အိမ်စောင့်အစိုးရလက်ထက် ပျက်သွားခဲ့ရတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကိုယ်စား ဒုတိယ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီး ပြန်လည်ဖွဲ့စည်းနိုင်ဖို့ ပြင်ဆင်လှုပ်ရှားသံတွေ ထွက်ပေါ်လာပါတယ်။ ဆရာကြီးကို ဦးစီးဦးဆောင်ထားပြီး ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောပါ ပါဝင်လှုပ်ရှားလာတဲ့ "ပြည်တွင်းငြိမ်း ချမ်းရေး နှိုးဆော်ရေးအဖွဲ့" (၆) ဦးကော်မတီ မေလထဲမှာ ပေါ်ပေါက်လာပါတယ်။

ဆရာကြီးမှိုင်းရဲ့ ငြိမ်းချမ်းရေး ပတ်ချက် (၂၅) ပန်ကြားချက်ကို 'ဗမာပြည်အလုပ်သမား လယ်သမားပါတီ' ကလည်း ထောက်ခံလာခဲ့ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ညွှန်ပြတဲ့အတိုင်း "ကမ္ဘာအေးညီလာခံစကားကြီး သုံးခွန်းနဲ့ လျော်ညီစွာ နှစ်ဦးနှစ်ဘက် လက်ခံနိုင်မည့်ပုံစံနှင့် ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်" နိုင်ငံတော်အစိုးရနှင့် တောတွင်းလက်နက်ကိုင် တော်လှန်ရေးအင်အားစုများကိုပါ အလေးအနက်တိုက်တွန်းကြောင်း" ဆိုတာ ထွက်ပေါ်လာခဲ့ပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဂျာမန်ဒီမိုကရက်တစ်သမတနိုင်ငံကို ဆေးဝါးကုသဖို့ သွားရောက်ကာနီးဆဲဆဲ မေလ (၂၀) ရက်နေ့မှာပဲ 'ဆရာမသေမီ တိုင်းပြည်ငြိမ်းချမ်းရေးအစစ်အမှန်ကို တွေ့သွားချင်ပါတယ်။ အသက်မသေမီ ငြိမ်းချမ်းရေးအတွက် တတ်နိုင်သမျှလှုပ်ရှားသွားဦးမယ်။' ဆိုတဲ့ စကားကို လေးလေးနက်နက် ပြောဆိုထုတ်ဖော်ခဲ့ပါတယ်။

ဦးနု ဟာ ဒီမိုကရေစီအုတ်မြစ်ချမှုတွေ အစွမ်းကုန်ပြုလုပ်ပေးနေပါတယ်ဆိုပေမယ့် ဦးနု ရဲ့ ဖွဲ့စည်းကာစ ပြည်ထောင်စုပါတီကြီးတွင်းမှာကို မညီညွတ်နိုင်မှုတွေ တစတစ ထွက်ပေါ်လာပါတယ်။ သန့်ရှင်းကိုဖျက်သိမ်းပြီး 'ပထစ' ပါတီကို ပြန်လည်ဖွဲ့စည်းတဲ့အခါ ဖဆပလပြိုကွဲစဉ်က သန့်ရှင်းမှာပါလာခဲ့ကြတဲ့ နိုင်ငံရေးဝါရင့် သခင်ကြီးတွေ အုပ်စုတစုအဖြစ် ပါလာခဲ့သလို နောက်မှဝင်လာခဲ့ကြတဲ့ တော်လှန်ရေးမှာတုန်းက စစ်ဗိုလ်ကြီးတွေကလည်း တအုပ်စု၊ အငြိမ်းစားယူပြီးတဲ့နောက် ပါလာကြတဲ့ အရာရှိကြီးဟောင်းများ၊ ရှေ့နေများ၊ ပညာတတ်ကြီးများကလည်း အုပ်စုတစု၊ ပေါင်း အုပ်စု (၃)စု ပါဝင်နေခဲ့ပါတယ်။ ဖွဲ့စည်းစကထဲက နိုင်ငံရေးမျှော်မှန်းချက်အမျိုးမျိုး၊ လူတန်းစားနောက်ခံအဖုံဖုံနဲ့ စုပြုံပါဝင်လာကြတာဖြစ်တဲ့အတွက် ပထစ ပါတီဟာ အုပ်စုကြီး (၃) ခုရဲ့ ပါတီလိုဖြစ်နေခဲ့ပါတယ်။ ရှေ့က 'ဦး' တပ်ခေါ်ရတဲ့ အရာရှိ၊ အရာခံပညာရှိကြီးများက 'ဦး' အုပ်စု၊ တော်လှန်ရေးမှာပါဝင်ခဲ့ဘူးတဲ့ စစ်ဗိုလ်ဟောင်းကြီးများက 'ဗိုလ်' အုပ်စု၊ ရှေးကတည်းက နိုင်ငံရေးမှာ ပါဝင်လာကြတဲ့ သခင်ဟောင်းကြီးများက 'သခင်အုပ်စု' ဆိုပြီး ဖြစ်ပေါ်လာခဲ့ပြီး 'ဦးဗိုလ်သခင် ပထစ' ဆိုပြီး လူထုက ကင်ပွန်းတပ်ပေးတာခံရပါတယ်။

သခင်အုပ်စုမှာ သခင်တင်၊ သခင်ကျော်ထွန်း၊ သခင်ပန်းမြိုင်၊ သခင်တင်မောင်၊ သခင်သိမ်းမောင်၊ ဗိုလ်တင်မောင်ကြီး၊ သခင်ချန်ထွန်း၊ ဦးစောလှလှ၊ ဦးအုန်းမြင့်၊ သခင်ထွန်းအံ၊ သခင်ထွန်းစိန်၊ ဦးတင်ဦး၊ ဦးဘဇံ၊ ဦးလွှမ်းပုံ စတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ကြပါတယ်။

ဗိုလ်အုပ်စုမှာက ရဲဘော်သုံးကျိပ်ဝင်တွေဖြစ်တဲ့ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်ဇလ၊ ဗိုလ်တာရာ၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်ဇင်ယော် တို့အပါ ဗိုလ်ဗတင်၊ ဗိုလ်မှူးသောင်းထိုက်၊ ဗိုလ်မှူးထင်ပေါ် စတဲ့ ဗိုလ်ဟောင်းကြီးတွေပါဝင်ပါတယ်။

ဦးအုပ်မှာကတော့ ဦးဝင်း၊ ဦးချမ်းသာ (အိုင်စီအက်)၊ ဦးချစ်ဖေ၊ မိုးကြိုး ဦးအုန်းခင်၊ ဦးပျံငြိမ်း၊ ဦးလှကျော် အစရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ ပါဝင်ကြပါတယ်။

အခုလို အုပ်စုကြီး (၃) စု ကွဲပြီး မညီမညွတ်ဖြစ်လာရတဲ့ အကြောင်းရင်းကတော့ အစကတည်းက နိုင်ငံရေးအမြင်မတူကြ ၊ ရပ်တည်မှုအခြေခံမတူကြတာအပေါ် တဦးပေါ်တဦး အထင်အမြင်သေးနေကြတာကတကြောင်း၊ ရာထူးအာဏာယူချင်ကြတာကတကြောင်း၊ အကြောင်း (၂) ကြောင်းကြောင့်ဖြစ်ပါတယ်။

သခင်အုပ်စုက မိမိတို့ဟာ နယ်ချဲ့ဆန့်ကျင်ရေးခေတ်ကထဲက တိုင်းပြည်အတွက် ပါဝင်လာခဲ့သူတွေဖြစ်ပါတယ်။ နှစ်ရှည်လများ နိုင်ငံရေးနယ်ပယ်ထဲမှာပဲ ကျင်လည်လာခဲ့ရ၊ အနစ်နာခံလာခဲ့ရတဲ့အတွက် နိုင်ငံရေးအတွေ့အကြုံနဲ့ အမျှော်အမြင်မှာလည်း မိမိတို့ကပဲ သာလွန်သလို နိုင်ငံကို ဦးဆောင်ထိုက်သူဟာလည်း မိမိတို့သာဖြစ်တယ်လို့ ယူဆပါတယ်။ ဦးအုပ်စုဟာ ဘယ်တုန်းကမှလည်း အနစ်နာခံခဲ့ဘူးသူလည်း

မဟုတ်ပဲ နယ်ချဲ့အလိုတော်ရိ အရာရှိ အရာခံ လုပ်လာတဲ့သူတွေ အခုမှ နိုင်ငံရေးထဲရောက်လာသူတွေ လို့မြင်ပါတယ်။

ဗိုလ်အုပ်စုကလဲ မိမိတို့ဟာတိုင်းပြည်အတွက် စွမ်းစွမ်းတမံ လုပ်လာတဲ့သူတွေ၊ အသက်အန္တရာယ်နဲ့ အနီးဆုံးအလုပ်တွေ လုပ်လာရသူတွေလို့ မြင်ပါတယ်။

ဦးအုပ်စုကလဲ မိမိတို့ဟာ သခင်အုပ်စုထက် ပညာအရည်အချင်း အရရော၊ အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံအရပါ အပြတ်အသတ်သာတယ်။ အစိုးရအဖွဲ့မှာ ခေါင်းဆောင်ဖြစ်သင့်တယ်လို့ယူဆပြီး သခင်အုပ်စုဟာ ဘာပညာမှ ဟုတ္တိပတ္တိ တတ်မြောက်ခဲ့သူတွေ မဟုတ်လို့ အထင်သေးပါတယ်။

ဒီလိုနဲ့ တပါတီအတွင်း အတူတကွ ဖြစ်တည်ရောက်ရှိ လာကြပြီးတဲ့နောက် ပထမဆုံးစတင် ဖော်ပြလိုက်တဲ့ သွေးကွဲမှုအဖြစ်အပျက်ကတော့ 'အထွေထွေအတွင်းရေးမှူး'နေရာအတွက် အငေမတည့်မှု ဖြစ်ပါတယ်။ အိမ်စောင့်အစိုးရ လက်ထက်မှာ ဖဆပလ အထွေထွေအတွင်းရေးမှူး သခင် ကျော်ထွန်း တယောက် မူဆာ မဒါး ပြန်ပေးဆွဲမှုနဲ့ အဖမ်းခံခဲ့ရပါတယ်။ သခင် ကျော်ထွန်း နေရာကို အဲဒီတုန်းက အစားထိုးခန့်အပ်ဖို့ ဦးနုက ဦးဝင်းကို လျာထား စီစဉ်ပါတယ်။ သခင်တွေက ဆန့်ကျင်ကန့်ကွက်ခဲ့ပါတယ်။ အစိုးရ ရဲ့ စွပ်စွဲချက်ကို မိမိတို့က လက်ခံလိုက်တဲ့သဘော သက်ရောက်သွားမယ်၊ သခင်ကျော်ထွန်းမှာ အပြစ်မရှိဆိုပြီး အကြောင်းပြရင်း ကန့်ကွက်ခဲ့ကြတယ် ဆိုပါတယ်။ ဒါကြောင့် နောက်ဆုံးမှာ ယာယီ အထွေထွေအတွင်းရေးမှူး အဖြစ် ဗိုလ်မင်းခေါင်ကိုပဲ ခန့်ထား ပေးခဲ့ရပါတယ်။ ၁၉၆၀ ပြည့် မတ်လ (၈)ရက်နေ့ သခင်ကျော်ထွန်း လွတ်လာတဲ့အခါ အထွေထွေအတွင်းရေးမှူး နေရာပြန်ယူပါတယ်။ သခင်ကျော်ထွန်းက “မရှိစဉ်က ရာထူးလုယူကြပြီး လွတ်လာတဲ့အခါ ပြန်မပေးလိုကြလို့ အဖွဲ့ကြီးအတွင်းမှာ အုပ်စုကွဲနေပါတယ်” လို့ အစည်းအဝေးတခုမှာ ပြောကြားတဲ့အထိ ပထမဆုံးအက်သံ စတင်ထွက်ပေါ်လာပါတယ်။

ဒုတိယအဖြစ်အပျက်ကတော့ ဦးနုက ပထစအစိုးရအဖွဲ့ကြီး ဖွဲ့စည်းလိုက်တဲ့အခါ ဝန်ကြီးနည်းနည်းနဲ့ပဲ ဖွဲ့စည်းလိုက်တဲ့အတွက် သူရထိုက်တယ်၊ ငါရထိုက်တယ်နဲ့ ဝန်ကြီးနေရာရချင်ကြရင်း သွေးကွဲခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးနည်းနည်းနဲ့ အစိုးရအဖွဲ့ ဖွဲ့လိုက်တာကို ဦး၊ ဗိုလ်၊ သခင်အုပ်စု (၃) စုလုံးက မကျေမနပ်ဖြစ်ခဲ့ကြတယ်ဆိုပါတယ်။ ဝန်ကြီးနေရာ တနေရာမှ မရလိုက်တဲ့ ဦးအုပ်စုက ပိုပြီး မကျေမနပ်ဖြစ်ခဲ့ကြတယ် ဆိုပါတယ်။

ဒီလိုနဲ့ ရာထူးနေရာရလိုမှု၊ အရေးပါတဲ့ နေရာယူလိုမှုတွေ အရင်းတည်ပြီး အုပ်စုပဋိပက္ခ ပိုမိုကြီးမား ပေါ်လွင်လာခဲ့ပါတယ်။ “အစိုးရအဖွဲ့ ဖွဲ့၍မှ ရာဇာပလ္လင် ဖင်မနွေးသေးခင် အကွဲဂယက်များ ထွက်လာရသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ ယခုသတင်းများ ကြားရသည့်အတိုင်းဆိုပါက ပြည်ထောင်စုအဖွဲ့ကြီးတွင် အုပ်စုရောဂါ၊ ရာထူးရောဂါ ထနေစပြုလာသည်။” ဆိုတဲ့ သတင်းစာတွေက ထုတ်ဖော်ပြောဆိုလာတဲ့အသံတွေ တိတိလင်းလင်း ထွက်ပေါ်လာပါတယ်။

(၁၇) လကျော်ကျော်လောက်ပဲ ဝန်ကြီးချုပ်လုပ်ရပြီး၊ မလွဲမရှောင်သာ အာဏာပြန်လွှဲပေးလိုက်ရတဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ စစ်တပ်ကို စစ်တန်းလျားပြန်ပို့ပြီး အကြံဉာဏ်ထုတ်နေပါတယ်။ ဦးနု ရဲ့ အနိုင်ရ ပထစ အဖွဲ့ကြီးက ရွေးကောက်ပွဲကာလအတွင်း စစ်တပ်ရဲ့ မတရားသဖြင့် ဘက်လိုက်ကျူးလွန်မှုတွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုတွေမလုပ်ခင် ပါဝင်ပတ်သက်ခဲ့ကြတဲ့ တပ်မတော်အတွင်း ထိပ်သီး စစ်ဗိုလ်ကြီးတသိုက်ကို တပ်မတော်ကနေ အပြီးအပိုင် ထုတ်ပယ်ပြစ်လိုက်ပါတယ်။ ဦးနု က အရေးမယူခင် သူက အရင်ဦးအောင် အရေးယူပြလိုက်တာဖြစ်ပါတယ်။

ရွေးကောက်ပွဲအတွင်း မဲဆွယ် ဘက်လိုက်မှုနဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ထုတ်ပစ်လိုက်တဲ့ စစ်ဗိုလ်ထိပ်သီးကြီးတွေကတော့ ဗိုလ်မှူးချုပ်အောင်ရွှေ၊ ဗိုလ်မှူးကြီး အေးမောင်၊ ဗိုလ်မှူးကြီးတင်မောင်၊ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဗိုလ်မှူးကြီးသိန်းတုတ်၊ ဒုဗိုလ်မှူးကြီးချစ်ခိုင် အပါအဝင် တပ်တွင်း ထိပ်သီးကြီးတွေဖြစ်ပါတယ်။ ထုတ်ပယ်ပစ်လိုက်တဲ့ ထိပ်သီးစစ်ဗိုလ်ကြီး (၁၃) ဦးထဲမှာ ဗိုလ်မှူးချုပ်မောင်မောင် လည်း ပါဝင်သွားပါတယ်။ နောက်ပိုင်းမှာ ဗိုလ်မှူးချုပ်မောင်မောင်ကို အစ္စရေးသံအမတ်၊ ဗိုလ်မှူးချုပ်အောင်ရွှေ ကို ဩစတေးလျ သံအမတ်အဖြစ် ခန့်အပ်ပေးရန် မေတ္တာရပ်ခံခဲ့တဲ့အတွက် အစိုးရက သံအမတ်ကြီးများအဖြစ် ခန့်အပ်ပေးခဲ့ပါတယ်။

တကယ်က ဗိုလ်ချုပ်ကြီးနေဝင်း ဟာ တချက်ခုတ် နှစ်ချက်ပြတ် ဆောင်ရွက်လိုက်ခြင်းဖြစ်ပါတယ်။ ဦးနု က အရေးမယူခင် ကြိုတင်ဦးအောင် အရေးယူပြလိုက်ခြင်းအားဖြင့် ဦးနု က သူ့အပေါ် အပြစ်မမြင်စေပဲ အကောင်းမြင်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်သွားစေပါတယ်။ တနည်းအားဖြင့် ဦးနု ကို အယုံသွင်းတာ ဖြစ်ပါတယ်။ နောက်တချက်က တပ်မတော်တွင်းရှိ ခြေစလက်စရှိသူ၊ တချိန်မှာ သူ့ကို ခွာရာတိုင်းလာနိုင်သူတွေကို အပြတ်ချေမှုန်းလိုက်နိုင်ပြီးဖြစ်သွားပါတယ်။ ကွန်မြူနစ်–ဆိုရှယ်လစ် အကွဲမှာ ဆိုရှယ်လစ်တွေဘက်က ရပ်တည်လာခဲ့တဲ့ ဗိုလ်နေဝင်း ဟာ အာဏာရ ဖဆပလကြီးအကွဲမှာလည်း ဆိုရှယ်လစ်အုပ်စုဘက်က တလျှောက်လုံး ရပ်တည်လာခဲ့ရာက (၆၀) ပြည့်နှစ်ရွေးကောက်ပွဲရဲ့ နောက်ဆုံးဖော်ပြချက်မှာ ဖဆဆိုရှယ်လစ်တွေရဲ့အခန်း နလံမထူနိုင်တော့ဘူးဆိုတာ အပိုင်တွက်ဆလိုက်ပြီးပြီဖြစ်တဲ့အတွက် အခုလို ပြတ်ပြတ်သားသား လမ်းခွဲလိုက်တာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးတဲ့နောက် တစတစ တပ်တွင်းမှာ နေရာယူနိုင်ခဲ့တဲ့ ဗိုလ်နေဝင်း ဟာ ပြည်တွင်းစစ်ကာလကြီးအတွင်း စစ်တပ်ကို သူ့ရဲ့ လက်နက်ကိုင်တပ်ဖြစ်အောင် ကြိုးပမ်းအားထုတ် မွေးမြူလာနိုင်ခဲ့ရာကနေ သူ့ကိုမွေးမြူခဲ့တဲ့ ဆိုရှယ်လစ်ပါတီကြီးကိုပါ အလေးထားစရာမလိုလောက်အောင် ကြီးမားကျယ်ပြန့်တဲ့ စစ်တပ်အင်အားစုတရပ်ကို တည်ဆောက်ထားနိုင်ပြီဖြစ်တဲ့အတွက် ဆိုရှယ်လစ်ပါတီနဲ့ စစ်တပ်အကြား ကတ္တီပါလမ်းခွဲကို ရွေးချယ်လိုက်တဲ့သဘောလည်း ဆောင်ပါတယ်။ စစ်တပ်ဟာ ကိုယ့်ဘာသာကို လွတ်လွတ်ကျွတ်ကျွတ် နိုင်ငံရေးဇာတ်ခုံပေါ် တက်ကနိုင်ဖို့ အချိန်အခါကို စောင့်လင့်ရင်း ကိုယ့်ကိုယ်ကိုအနားပေးရင်း ကမ္ဘာ့အခင်းအကျင်းကိုလည်း ဗိုလ်နေဝင်း အကဲခတ်ကြည့်နေခဲ့ပါတယ်။ အိမ်စောင့်အစိုးရလက်ထက် အီဂျစ်ကိုသွားပြီး နာဆာကိုလည်း လေ့လာပြီးပြီ ဖြစ်ပါတယ်။ စစ်ဗိုလ်ချုပ်ကြီး နာဆာ ဟာ စစ်တပ်နဲ့ အာဏာသိမ်းပြီးတက်လာတဲ့ အီဂျစ်သမတကြီးဖြစ်ပါတယ်။ ပါကစ္စတန်နဲ့ အိန္ဒိယတို့ကိုလည်း သွားရောက်လေ့လာပြီးပြီဖြစ်ပါတယ်။

စစ်တပ်ကို စစ်တန်းလျားပို့ထားရတုန်းမှာ အမေရိကန်၊ ဗြိတိန် စတဲ့ အနောက်နိုင်ငံတွေဆီ ဗိုလ်ချုပ်ကြီးနေဝင်း ခရီးထွက်ပါတယ်။ ဦးနု က ဗိုလ်ချုပ်ကြီးနေဝင်း ပြည်ပခရီးထွက်တိုင်း၊ ပြန်လာတိုင်း၊ သန်းခေါင်ခရီးထွက်ရင် သန်းခေါင်၊ သန်းခေါင်ပြန်လာရင် သန်းခေါင်အထိ ပျူပျူငှာငှာ လိုက်လံကြိုပို့လုပ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း က ဝါရှင်တန်နဲ့ နယူးယောက်တို့မှာ ဆေးကုသ အနားယူရင်း လေ့လာတယ်လို့ဆိုပါတယ်။ လန်ဒန်မှာအနားယူနေတုံး သတင်းစာဆရာအချို့က "ဗိုလ်ချုပ် အာဏာပြန်ယူရန် အချိန်ကိုစောင့်ပြီး အသင့်ပြင်နေပါသလား" လို့ မေးကြ မြန်းကြတယ်ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက "မဟုတ်ပါဘူး။ အသင့်မပြင်ပါဘူး ဒီအတိုင်းနေရတာ စိတ်ချမ်းသာပါတယ်" လို့ ပြန်လည်ဖြေကြား ပြောဆိုပါတယ်။

၁၉၆၀ ပြည့်နှစ်ထဲမှာ ဝန်ကြီးချုပ်ဦးနု ဟာ ဒီမိုကရေစီအချေအမြစ်တွယ်နိုင်ရေးဆိုပြီး အတိုက်အခံတွေပါ ပါဝင်တဲ့ ကော်မတီအမျိုးမျိုး၊ ကော်မရှင်အဖုံဖုံ ဖွဲ့ပေးပါတယ်။ အင်္ဂလန်ဒီမိုကရေစီကို အတုယူပြီး လန်ဒန် ဟိုက်ပတ် ပန်းခြံထဲမှာလို ဗန္ဓုလပန်းခြံထဲမှာလည်း 'ပြည်သူ့ဟစ်တိုင်' ဖွင့်ပေးပြီး ပြောချင်ရာပြောခွင့်၊ ဟောချင်ရာဟောခွင့် ပြုပေးပါတယ်။

ဝန်ကြီးချုပ်ဦးနု ဟာ သူကိုယ်တိုင် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းရုံမက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ လုပ်ချင်လွန်းလှတဲ့ စိတ်ဇောအဟုန်ရှိတာကလည်းတကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ သန့်ရှင်းညီလာခံမှာ သူသာအာဏာပြန်ရရင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပေးဖို့ ကြိုးပမ်းဆောင်ရွက်မယ် ဆိုတဲ့ ကတိစကားရှိနေတာကလည်း တကြောင်းကြောင့်ပါ။ လူကော်မရှင် သံဃာကော်မီရှင်ဖွဲ့ပြီး စတင်ကြိုး ပမ်းတဲ့အခါ သာခုခေါ် ကြသူတွေအမြောက်အမြား ပေါ်ပေါက်လာသလို ကန့်ကွက်ကြသူတွေ၊ ဆန့်ကျင်ကြ သူတွေ၊ စိုးရိမ်သောကရောက်ရသူတွေလည်း နေရာအနှံ့ ပေါ်ပေါက်လာရပါတယ်။

တဖက်က ဒီမိုကရေစီအရိပ်အရောင်တွေ ပိုမိုပွင့်လင်းလာသလို၊ အခြားတဖက်က ဦးနု အပေါ် ကန့် ကွက်ကြတဲ့ ဝေဖန်ကြသံတွေကလည်း ပိုမို ကျယ်ကျယ် ကြားလာရပါတယ်။ ဗုဒ္ဓကသာ နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေး ကြိုးပမ်းချက်နဲ့ပတ်သက်ပြီး ပထစအစိုးရအဖွဲ့အတွင်းမှာတောင် ကန့်ကွက်သူတွေ ပေါ်ပေါက် လာပါတယ်။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ဝန်ကြီးဦးရာရှစ် လိုပုဂ္ဂိုလ်က ဦးနု ရဲ့ အားထုတ်ချက်ကို သဘောမ ကျနိုင်၊ လက်မခံနိုင်ဖြစ်ခဲ့ပါတယ်။

တပ်မတော်ကလည်း တပ်တွင်းစည်းရုံးညီညွတ်ရေးကို ထိခိုက်နိုင်တယ်ဆိုပြီး ဘဝင်မကျဖြစ်ခဲ့သလို ပမညတ အဖွဲ့ကြီးကလည်း ဗုဒ္ဓဘာသာနိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေးကို ဝေဖန်ဆန့်ကျင်ခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးချုပ်ဦးနု ကတော့ သူ့ကိုယ်သူ ဆဋ္ဌသံဂါယနာတင် ပုဂ္ဂိုလ်ကြီးအဖြစ်လောက်နဲ့တင် အားမရ၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်အောင် အောင်အောင်မြင်မြင် ပြဋ္ဌာန်းပေးသွားနိုင်သော၊ သာသနာ့ ဒါယကာကြီးအဖြစ်ပါ မော်ကွန်းထုနိုင်ဖို့ နည်းလမ်းပေါင်းစုံနဲ့ တွန်းတင်သွားပါတယ်။

"ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ မူစလင်၊ ခရစ်ယာန် စတဲ့ အမတ်တွေအနေနဲ့က ကန့်ကွက်လိုက ကန့်ကွက်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် ပထစအဖွဲ့ဝင် ဗုဒ္ဓဘာသာအမတ်တွေကြတော့ အားလုံးထောက်ခံ ကြရမယ်။ မကန့်ကွက် ကြရဘူး။ ကန့်ကွက်ကြတယ်ဆိုရင်တော့ အဖွဲ့အစည်းက မောင်းထုတ်ပြစ်မှာပဲ" လို့ ပြောတဲ့ဆိုတဲ့အထိ ဦးနု က ခြိမ်းခြောက်တားမြစ်ခဲ့တယ်ဆိုပါတယ်။

ဦးနုဖွဲ့စည်းပေးလိုက်တဲ့ အကြံပေးအဖွဲ့ဟာ နိုင်ငံတဝှန်း လှည့်လည်သွားလာပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ပြဋ္ဌာန်းရေးအတွက် ဘယ်လိုစီမံ ပြဋ္ဌာန်းသင့်ကြောင်း အကြံဉာဏ်ပေးဖို့ လေ့လာစူးစမ်းစုံစမ်းတာ တွေလုပ်ပါတယ်။

ဗုဒ္ဓဘာသာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုတွေက ကန့်ကွက်ကြောင်းပြောဆိုပါတယ်။ ဦးသိမ်းမောင် ခေါင်းဆောင်တဲ့ စုံစမ်းရေးအဖွဲ့ကြီးက ကချင်ပြည်နယ် မြစ်ကြီးနားကို သွားရောက်တဲ့အခါမှာတော့ လူထုက ပြင်းပြင်းထန်ထန် ဆန့်ကျင်ဆန္ဒပြလှုတ်ပါတယ်။ ခရစ်ယာန်ကိုးကွယ်သူများနဲ့ နတ်ကိုးကွယ်သူ ကချင်လူထု (၅၀၀၀) လောက်က ပိုစတာတွေကို ကိုင်ဆောင်ပြီး ဆန့်ကျင်တဲ့ကြွေးကြော်သံတွေ သံပြိုင်အော်ရင်း ပြင်းပြင်း ထန်ထန် ကန့်ကွက်ဆန္ဒပြကြရုံတင်မက ခဲများနဲ့ပါ ထုလွှတ်လိုက်တဲ့အတွက် စုံစမ်းရေးအဖွဲ့ဝင် လူကြီးတွေ ကို စစ်တပ်က အစောင့်အရှောက်နဲ့ ပြန်ပို့လိုက်ရပါတယ်။

နောက်ဆုံးမှာ အကြံပေးအဖွဲ့က ဦးနု အစိုးရကို အစီရင်ခံစာတင်ပါတယ်။ အကြံပေးအဖွဲ့က အဓိကထား တင်ပြခဲ့တာကတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းမယ်ဆိုရင် ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (၁) ကို ပြင်ဆင်သင့်တယ်ဆိုတာပဲဖြစ်ပါတယ်။

အခုလို ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဗုဒ္ဓဘာသာဝင် သူတော်စင် ဘုရားတကာကြီးဦးနု တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်နေတုံးမှာ နိုင်ငံတော်သမတကြီး မန်းဝင်းမောင်က၊ သူနဲ့ ဖက်ဆစ်တော်လှန်ရေးအတွင်း လေထီးဆင်း ရဲဘော်ရဲဘက် အရင်းခေါက်ခေါက်ဖြစ်ခဲ့

သူ အိမ်စောင့်အစိုးရ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက် သေဒဏ်အမိန့် ချမှတ်ပြစ်ဒဏ်ပြုထားခြင်းခံရသူ ဗမာပြည်ကွန်မြူနစ် ပါတီဗဟိုကော်မတီဝင် ဗိုလ်မှူးချစ်ကောင်းကို ဩဂုတ်လ (၆) ရက်နေ့မှာ သေဒဏ်ကနေ လုံးဝ လွတ်ငြိမ်းခွင့်ပေးလိုက်တယ်။ ဗိုလ်မှူးချစ်ကောင်း ရဲ့ တရားရုံးချုပ်သို့ အယူခံမဝင်တော့ပဲ သမ္မတကြီးထံ "သင်ပုန်းချေလွတ်ငြိမ်းခွင့်" ပေးရန် တိုက်ရိုက်ပန်ကြားချက်ကို သမ္မတကြီးက သူ့ရဲ့ ရှားရှားပါးပါး လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝကိုင်စွဲပြီး လွတ်ပစ်လိုက်တာဖြစ်ပါတယ်။ အဲဒီလို လွတ်ပစ်လိုက်မှုအပေါ်မှာတော့ ဘုရားတရားကိုင်းရှိုင်းလှသူ ဝန်ကြီးချုပ်ဦးနု ဟာ သမ္မတကြီးအပေါ် တော်တော်မကျေမနပ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

အာဏာရ ပထစကြီးအတွင်း ဦး–ဗိုလ်–သခင် အုပ်စုကွဲပြီး မညီညွတ်နိုင် ဖြစ်နေကြချိန်၊ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာပြဌာန်းရေး ခြေလှမ်းတွေကြောင့် ဝေဖန်သံ၊ ကန့်ကွက်သံ၊ ဆန့်ကျင်ဆန္ဒပြသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာဆဲအချိန်၊ ဒီအချိန်မှာပဲ ရှေ့ဆင့်နောက်ဆင့် တပြိုင်နက်ထဲလိုလို ထွက်ပေါ် ညံစီလာတဲ့အသံကတော့ ရခိုင်၊ မွန်၊ ချင်း အမျိုးသားတို့ရဲ့ ပြည်နယ်ပေးရေးတောင်းဆိုသံ၊ပြည်နယ်ရရေး လှုပ်ရှားသံပဲဖြစ်ပါတယ်။ ဒီအသံကလည်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု ရဲ့ ဧပြီလ (၅) ရက်နေ့ လွှတ်တော်အတွင်းမှာ မိန့်ကြားတင်ပြခဲ့တဲ့ ပြည်နယ်သစ်များထူထောင်ပေးရေးကိစ္စနဲ့ တဆက်ထဲပေါ်ပေါက်ခဲ့တဲ့ အသံဖြစ်ပါတယ်။ ဦးနု ဟာ သန့်ရှင်း တည်မြဲအကွဲတုန်းကလည်း ရခိုင်နဲ့ မွန်ကို ပြည်နယ်ပေးရေးစကား ဟခဲ့ဖူးသလို၊ နုတင်အုပ်စုရဲ့ ပေါ်လစီ (၄) ရပ် ထုတ်ပြန်ချက်တခုမှာ တခုအပါအဝင်ဖြစ်ခဲ့တဲ့ "ပြည်နယ်များ၏ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများကို ရစေရန်အာမခံမည်" ဆိုတဲ့ စကားလည်း ရှိခဲ့ပြီးသားဖြစ်တဲ့အတွက် ဒီကတိစကားများကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ တရားဝင် အစပျိုးရာကနေ ပိုမို အသံမြည်လာခဲ့တာဖြစ်ပါတယ်။ မြည်သင့်မြည်ထိုက်တဲ့ အသံတွေလည်းဖြစ်ပါတယ်။

ရခိုင် နဲ့ မွန်ပြည်နယ် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး အစိုးရကို အကြံပေးဖို့ ဒေါက်တာဘဦး ခေါင်းဆောင်တဲ့ အတိုင်ပင်ခံ အကြံ ပေး (၅) ဦး အဖွဲ့ ဖွဲ့စည်းပေးခဲ့ပြီး ၁၉၆၀ ပြည့်နှစ်၊ ဧပြီ (၂၉)ရက်နေ့မှာ လွှဲအပ်ခဲ့ပါတယ်။

အကြံပေးအဖွဲ့ဟာ ရခိုင်နဲ့ပတ်သက်ပြီး ရခိုင်အမျိုးသားခေါင်းဆောင်တွေ၊ သက်ဆိုင်ရာ နိုင်ငံရေး သမားနဲ့ အသင်းအဖွဲ့ ကိုယ်စားလှယ်တွေကို တွေ့ဆုံမေးမြန်း စုံစမ်းလေ့လာ အကြံဉာဏ်ယူခဲ့သလို ရခိုင်တိုင်းကိုသွားရောက်ပြီး ရခိုင်အမျိုးသားတွေနဲ့ တွေ့ဆုံကာ ရခိုင်ပြည်နယ်ပေးရေးနဲ့ ပတ်သက်တဲ့ ရခိုင်အမျိုးသားတွေရဲ့ သဘောထားတွေကို ပါစုံစမ်းလေ့လာပါတယ်။ မွန် နဲ့ ပတ်သက်ပြီးလည်း အလားတူပဲ လေ့လာစုံစမ်း တွေ့ဆုံသွားရောက်တာတွေ လုပ်ပါတယ်။

အဲဒီလို စုံစမ်းလေ့လာတဲ့အခါမှာ ရခိုင်မှာရော၊ မွန်မှာရော ပြည်နယ်ရရှိရေးနဲ့ ပတ်သက်ပြီး ထောက်ခံလိုလားသူတွေရှိသလို၊ မလိုလားသူ၊ ဆန့်ကျင်ကန့်ကွက်သူတွေလည်း ရှိတယ်လို့ဆိုပါတယ်။

ရခိုင်ပြည်နယ်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး နယ်နိမိတ်ပြဿနာ ထူးထူးခြားခြားမရှိပဲ၊ မွန်ပြည်နယ်ဖွဲ့စည်းရေးမှာတော့ နယ်နိမိတ်ပြဿနာဟာ သိသိသာသာ ပါဝင်နေတယ်ဆိုပါတယ်။ မွန်ခေါင်းဆောင်တွေ အချင်းချင်းအတွင်းမှာကို နယ်နိမိတ်ပြဿနာနဲ့ပတ်သက်ပြီး သဘောထားတွေ မတူကွဲပြား ခြားနားနေတာရှိတယ်ဆိုပါတယ်။

အဲဒီလို ရခိုင် နဲ့ မွန် တို့ရဲ့ ပြည်နယ်ဖွဲ့စည်းရေး လှုပ်ရှားသံတွေ စည်စည်ညံလာချိန်မှာ ချင်းအမျိုးသားတို့ကလည်း ပြည်နယ်ရရှိရေးကို လှုပ်ရှားတောင်းဆိုလာပါတယ်။ ချင်းဝိသေသတိုင်းကနေ ချင်းပြည်နယ်ရရှိရေးကို လိုလားကြတာ သဘာဝကျတဲ့ကိစ္စဖြစ်ပါတယ်။

၁၉၆၀ ပြည့်နှစ်ထဲမှာ ထူးထူးခြားခြား အဖြစ်အပျက်တခုကတော့ ဗမာပြည်က စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း ကို ဖိလစ်ပိုင်က 'ရာမွန်မက်ဆေးဆေး' ဆု ချီးမြှင့်ခဲ့ပါတယ်။ အဲဒီဆုဟာ ကွန်မြူနစ်ဆန့် ကျင်ရေးနဲ့ ဒီမိုကရေစီရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ် ကာကွယ်စောင့်ရှောက်သူတွေအတွက် ပေးအပ်တဲ့ နိုင်ငံတကာဆိုင်ရာ ဆုတမျိုးဖြစ်ပါတယ်။ အဲဒီဆုကိုရယူလက်ခံဖို့ ဗိုလ်ချုပ်ကြီးနေဝင်း က ငြင်းပယ်လိုက်ပါတယ်။

ဘာကြောင့် ငြင်းပယ်ခဲ့သလဲဆိုတာ အံ့သြသူတွေ အံ့သြသွားကြပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ သူ့ကို ကွန်မြူနစ်ဆန့်ကျင်ရေးသမားလို့ သတ်မှတ်ယူဆတာကို လက်မခံနိုင်တဲ့အတွက် ဒီဆုကို လက်မခံနိုင်တာလားလို့ တွေးဆသူများ တွေးဆခဲ့ကြပါတယ်။

ဂျာမန်ဒီမိုကရက်တစ်သမတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ သွားရောက်ဆေးကုသခံလာခဲ့တဲ့ စတာ လင်ငြိမ်းချမ်းရေးဆုရ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဗမာပြည်ပြန်ရောက်လာပြီးနောက် သြဂုတ်လထဲမှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် "အာဃာတကင်းတဲ့ ငြိမ်းချမ်းရေးအစစ်ကို ရအောင်ဆောင်ရွက်ကြစမ်းပါ" လို့ ဦးနုအစိုးရကိုရော၊ လက်နက်ကိုင်အင်အားစုများကိုပါ တိုက်တွန်းနှိုးဆော်မှုလုပ်ပါတယ်။ ၅၈ ခုနှစ် ကမ္ဘာအေးညီလာခံမှာ ဦးနုပြောကြားခဲ့ဘူးတဲ့ စကားကြီးသုံးခွန်းအတိုင်း ပြန်လည်အကောင်အထည်ဖော်ပြီး နှစ်ဦးနှစ်ဖက် လက်ခံနိုင်မယ့်ပုံစံနဲ့ ငြိမ်းချမ်းရေးကို အမြန်ပြန်ပြီး အရယူကြပါလို့လည်း နှိုးဆော်ပါတယ်။ "ဆရာဟာ ဘယ်ဘက်ကမှ ဘက်မလိုက်ပါဘူး" ဆိုတာ အလေးတင်းပြောဆိုပြီး "မောင်နု၊ မောင်ဗဆွေ၊ သခင်တင်၊ မောင်ကျော်ငြိမ်း၊ ဗိုလ်နေဝင်း စသူများရော၊ သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ စသူများရော ဆရာ့တပည့်များနဲ့ နယ်ချဲ့ဖက်ဆစ်ကို ဆရာနဲ့အတူ ပူးတွဲဆန့်ကျင်ခဲ့သူများဖြစ်တဲ့အတွက် ဘယ်ဘက်ကမှ မလိုက်ပဲ၊ ဆရာဘက်လိုက်တာ အမှန်တရားနဲ့ ရဟန်းရှင်လူ ပြည်သူတရပ်လုံးဘက်သာဖြစ် ပြီး၊ နှစ်ဖက် ကျေကျေနပ်နပ်နဲ့ တကယ်တန်း ပြည်သူတရပ်လုံးအကျိုးရှိစေမယ့် ငြိမ်းချမ်းရေးမျိုးသာ ဖြစ်စေ ချင်ကြောင်း၊ အပေါ်ယံဖြူး ဆေးလိမ်း ဆေးလေးသုတ်လိမ်းပေးလို့ ခဏတာ ပျောက်သလိုရှိပြီး ပုပ်ပွထလာတဲ့ အနာပဆုပ်ရောဂါကြီးလိုတော့ မဖြစ်စေချင်ကြောင်း၊ ရဟန်းရှင်လူပြည်သူတရပ်လုံးရဲ့ ကောင်းကျိုးချမ်းသာ ကိုကြည့်ပြီး အာဃာတကင်းစွာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင် ရွက်ကြပါလို့ အလေးအနက် တိုက်တွန်းရှာပါတယ်။

၁၉၆၀ ပြည့် သြဂုတ်လကုန်မှာတော့ ဦးနုက "ပုန်ကန်သူတွေ တယောက်မကျန် အလင်းဝင်မည် ဟု အခိုင်အမာ အာမခံချက်ယူလာလျှင် သုံးလဆယ့်ခုနှစ်ရက် သန့်ရှင်းအစိုးရလက်ထက်က ကဲ့သို့ပင် နိုင်ငံတော်သမတကြီး၏ အမိန့်ဖြင့် လုံးဝလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးပါဦးမည်" လို့ ပြောဆို လာပါတယ်။ သမ္မတကြီးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဆိုတာ သန့်ရှင်းအစိုးရလက်ထက်က ထုတ်ပြန်ခဲ့ ဖူးပြီး၊ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်တဲ့ စစ်တပ်ကို အာဏာလွှဲပြောင်းပေးအပ်လိုက်ရတဲ့အခါ ဗိုလ်ချုပ်နေဝင်း စိတ်ကြိုက် လုပ်နိုင်ရေးအတွက် ပြန်လည်ရုပ်သိမ်းပေးလိုက်ရတဲ့ အမိန့်ဖြစ်ပါတယ်။ သက်တမ်း ဘာမှမကြာ လိုက်ရတဲ့ အမိန့်ဖြစ်ပါတယ်။ အခု အဲဒီအမိန့်မျိုးကို ပြန်လည်ထုတ်ပေးမယ်လို့ ပြောဆိုလာတာဖြစ်ပြီး ကြိုတင်စည်းကမ်းချက်အဖြစ် "တယောက်မကျန် အလင်းဝင်လာမည်ဟု အခိုင်အမာ အာမခံချက် ယူလာ လျှင်" ဆိုတဲ့ စကားရပ်တောင် ထပ်ပြီး အပိုဆောင်းထားလိုက်ပါသေးတယ်။ နိုင်ငံရေးပါတီတွေရဲ့ 'တရားဝင် ပါတီတည်ရှိခွင့်' ဆိုတာကိုလည်း လုံးဝထည့်သွင်း ပြောကြားခြင်းမရှိတော့ပဲ ရေငုံနှုတ်ပိတ်လုပ်ထားတာ တွေ့ရတဲ့အတွက် လက်နက်ကိုင်အင်အားစုများက ဘယ်လိုမှ လက်ခံနိုင်ခြင်းမရှိကြပါ။ ရွေးကောက်ပွဲကာလ အတွင်းက တည်မြဲဖဆပလ အနိုင်ရလျှင် ပြည်တွင်းစစ်ရပ်စဲရေးသဘောထား ပိုမိုတင်းမာလာနိုင်ချေ

ရှိတဲ့အတွက် တောတွင်းလက်နက်ကိုင် အင်အားစုများဟာ ဦးနု ရဲ့ သန့်ရှင်းဖဆပလ အနိုင်ရရေးဘက်ကပဲ ရပ်တည်ခဲ့ကြကာ သူတို့ဆိုင်ရာ နယ်မြေဒေသ စည်းရုံးရေးဂွင်တွေအတွင်းကနေ သန့်ရှင်းကို ထောက်ခံဝန်းရံပေးခဲ့ကြပါတယ်။ ဒါပေမယ့် ဦးနု အာဏာ တကယ်ပြန်လည်ရရှိလာတဲ့အခါ ဦးနု ရဲ့ တရားဝင် ထုတ်ဖော်ပြောဆို ပြသချက်တွေက ငြိမ်းချမ်းရေးအတွက် အားတက်စရာ ဘာတခုမှ မတွေ့ရသေးတဲ့အပြင် နောက်တောင်ပြန်ဆုတ်နေတဲ့အတွက် လက်နက်ကိုင်အင်အားစုများဟာ စိတ်မသက်မသာဖြစ်ကြရပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေးဟာ အလားအလာ မှေးမှိန်ပျောက်ကွယ်မြဲ ပျောက်ကွယ်နေရဆဲဖြစ်ပါတယ်။

၁၉၆၀ ပြည့် အောက်တိုဘာ (၂၀) ရက်မှာ ဗကသအဖွဲ့ချုပ်ရဲ့ ဆဌမအကြိမ် ကျောင်းသားညီလာခံကြီး ကျင်းပပါတယ်။ (၄) နှစ်လုံးလုံး မကျင်းပနိုင်ပဲ ထားခဲ့ရတဲ့ ကျောင်းသားညီလာခံကြီးကို အခုမှပြန်လည်ခေါ်ယူ ကျင်းပနိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဗကသအဖွဲ့ချုပ်ဟာ ကမ္ဘာ့ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် **(IUS)** နဲ့ ကမ္ဘာ့ဒီမိုကရေစီလူငယ်များအဖွဲ့ချုပ် **(WFDY)** တို့ရဲ့ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ဗကသများအဖွဲ့ချုပ်ရဲ့ ဆဌမအကြိမ်မြောက် ညီလာခံကြီးမှာလည်း 'တမျိုးသားလုံးအရေး၊ တနိုင်ငံလုံးအရေးဖြစ်တဲ့ အမျိုးသားရေးတာဝန်များကို လုပ်ဆောင်ကြရန်' နဲ့ 'ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်း ချမ်းရေးတို့အတွက် ဆက်လက်ပါဝင် အားဖြည့်လုံးပမ်းသွားကြရန်' ဆိုတာတွေကို တက်တက်ကြွကြွ ဆွေးနွေးဆုံးဖြတ်သွားခဲ့ကြပါတယ်။

၁၉၆၀ ပြည့် နိုဝင်ဘာမှာတော့ တရုတ်ဖြူကျူးကျော်မှုတွေ ဗမာပြည်အတွင်း အလုံးအရင်းလိုက်ခေါင်းထောင်ထလာပြန်ပါတယ်။ ကျိုင်းတုံနယ်ထဲကို ဝင်ရောက်တိုက်ခိုက်တာ၊ မိုင်းလင်းမြို့တဝိုက် တရုတ်ဖြူစခန်းများ အခိုင်အမာ တပ်စွဲထားတာ၊ မိုင်းပါလျှို ကျိုင်းလတ်ဒေသတခွင်ကို သိမ်းပိုက်တပ်စွဲထားတာတွေ အခိုင်အမာလုပ်ကိုင်လာကြပါတယ်။ ၁၉၅၄၊ ၅၅၊ ၅၆ ခုနှစ်အတွင်း တရုတ်ဖြူမောင်းထုတ်ရေး တိုက်ပွဲတွေကြောင့် အထူးသဖြင့် ဗိုလ်မှူးချုပ်ကျော်ဇော ဦးစီးတိုက်ခိုက် ချေမှုန်းပစ်လိုက်နိုင်မှုတွေကြောင့် ထိုင်း၊ လာအိုနယ်စပ်တွေထဲ ပြေးဝင်ခိုလှုံသွားကြရရာက တစတစ ဗမာပြည်တွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော စစ်တပ်က အဖယ်ရှားခံရပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးတဲ့ တပ်မတော်ဟာ တရုတ်ဖြူ ပြည်ပကျူးကျော်သူတွေကို အလေးထားတိုက်ခိုက် ထိုးစစ်ဆင်တာထက် တိုင်းရင်းသားအချင်းချင်းဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေအပေါ် အဓိကထား တိုက်ခိုက်ချေမှုန်း ထိုးစစ်ဆင်ခဲ့တာကြောင့် တရုတ်ဖြူတွေ လွယ်လွယ်ကူကူ ပြန်လည်ဝင်ရောက် ခြေကုတ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဗမာ့တပ်မတော်နဲ့ စစ်ရဲဟာ တပ်ရင်းပေါင်း (၉၀)ရှိတဲ့အနက် တရုတ်ဖြူကိုတိုက်ရာမှာ (၇) ရင်းပဲသုံးပြီး ပြည်တွင်းစစ်ကိုတော့ (၈၃) ရင်းနဲ့ တိုက်ခိုက်ခဲ့သလို (၁၁) နှစ်အတွင်း ပြည်တွင်းစစ်မှာ တိုင်းရင်းသားအချင်းချင်းလက်နက်ကိုင်အင်အားစုတွေအပေါ် တိုက်ပွဲကြီးပေါင်း (၂၁၁၁) ပွဲ တိုက်ခိုက်ခဲ့ပြီး တရုတ်ဖြူကျူးကျော်သူများအပေါ်တော့ (၅၁) ပွဲပဲ တိုက်ခိုက်ခဲ့တယ်လို့ ဆိုပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဇော ဦးစီးတိုက်ခိုက်ပြလိုက်လို့ မဲခေါင်မြစ်တဖက်ကမ်းအထိ တရုတ်ဖြူများ အလုံးအရင်းနဲ့ ဆုတ်ခွာသွားရပြီးနောက်ပိုင်း ကျန်နေရစ်ခဲ့တဲ့ တရုတ်ဖြူများနဲ့ တစတစ ပြန်ဝင်လှုပ်ရှားလာကြတဲ့ တရုတ်ဖြူတွေကို ပြီးခဲ့တဲ့ (၅) နှစ်တာ ကာလတလျှောက်လုံးအတွင်း ဘိန်းကုန်ကူးသူတွေနဲ့ သာမန် ဓားပြလူဆိုးများအဖြစ်သာ ပုံဖော်ကြွေးကြော် တိုက်ခိုက်ခဲ့ကြပါတယ်။ ခပ်ပေါ့ပေါ့ပဲ သဘောထားပြပြီး တရုတ်ဖြူကျူးကျော်ရေးတပ်များရဲ့ နောက်ကွယ်က နယ်ချဲ့သမားကိုရော၊ ဆီးထိုး စစ်အုပ်စုရဲ့ စစ်ရေးဆိုင်ရာ ပါဝင်ပတ်သက် ယှက်နွယ်မှုတွေကိုပါ ဖုံးဖိထားခဲ့ကြပါတယ်။ အများပြည်သူ မသိအောင် ရည်ရွယ်ချက်ရှိရှိ ကွယ်ဝှက်ထားခဲ့ကြပါတယ်။ တခါမှ ထုတ်ဖော်ပြောဆိုဆန့်ကျင်တာ (၅) နှစ်အတွင်းမလုပ်ခဲ့ကြပါ။ ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေအပေါ်သာ အမျိုးမျိုး

စွပ်စွဲ၊ အမျိုးမျိုးသရုပ်ဖျက်၊ အမျိုးမျိုးနည်းနာသုံးပြီး အပြုတ်တိုက်ချေမှုန်းရေးကို သဲကြီးမဲကြီး ဆင်နွှဲခဲ့ကြပါတယ်။ ဒါကြောင့် တရုတ်ဖြူများ ကောင်းကောင်း ပြန်လည်အားဖြည့် လှုပ်ရှား ကြီးထွားလာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၆၀ ပြည့်နှစ်အကုန်မှာ အုံနဲ့ကျင်းနဲ့ ပြန်လည်စုစည်း တည်ဆောက်မိပြီး ဖြစ်နေပါတယ်။

ဘိန်းစား ဓားပြတပ်အဖြစ်လောက်သာ ရည်ညွှန်းပြောဆိုလာခဲ့တဲ့ တရုတ်ဖြူ ကူမင်တန် ကျူးကျော်ရေးတပ်များရဲ့ အတွင်းသရုပ်ဟာ ဆီးတိုးစစ်အုပ်စုရဲ့ အစီအစဉ်နဲ့ပါ ရည်ရွယ်ချက်ရှိရှိ လှုပ်ရှားလာနေတဲ့ ကျူးကျော်ရေးတပ်တွေဖြစ်ကြောင်း မဖုံးနိုင် မဖိနိုင် ပေါ်လွင်လာနေပြီဖြစ်တဲ့အတွက် တိုးတက်တဲ့ နိုင်ငံရေးအင်အားစုများနဲ့ ပြည်သူလူထုကြီးတရပ်လုံးက သုံးသပ်ဝေဖန်ထောက်ပြမှုတွေ လုပ်လာကြပါတယ်။ စစ်တပ်ဟာ တရုတ်ဖြူကျူးကျော်မှုပြဿနာကို ပေါ့ပေါ့သဘောထားလို့မရတော့ပဲ စစ်ဆင်ရေးကြီးတခု ဆင်နွှဲရဖို့အထိ ပြင်ဆင်လာရပါတော့တယ်။

ဒီလိုအချိန်မှာ အာဏာရ ပထစ အဖွဲ့ကြီးအတွင်းမှာကတော့ အုပ်စုတိုက်ပွဲတွေ ထိပ်ရောက်နေပြီး၊ တရုတ်ဖြူကျူးကျော်ရေးသမားတွေကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာထက် အာဏာကို ဘယ်လိုရအောင်ယူရမလဲဆိုတာသာ အရေးကြီးဆုံးဖြစ်နေကြပါတယ်။ ဦးနုက မကြာသေးမီကပဲ "လာမယ့် ပထစညီလာခံမှာ ဥက္ကဋ္ဌ ကနေ နုတ်ထွက်ပြီး သာမန်အဖွဲ့ဝင်အဖြစ်သာ ခံယူတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလာတဲ့အတွက် ပထစအဖွဲ့ချုပ်ကို သခင်အုပ်စုက လွှမ်းသွားမှာ ဦး–ဗိုလ် အုပ်က စိုးရိမ်နေကြတယ်ဆိုပါတယ်။ ဒါကြောင့် သခင်တွေ ကြီးစိုးလာမယ့်အန္တရာယ်ကို ကြိုတင်ကာကွယ် တိုက်ဖျက်ကြဖို့ အပြင်းအထန် လုံးပမ်းနေကြရတယ်ဆိုပါတယ်။ ဦး အုပ် အသက်ကြီးပိုင်းတွေက ဦးနု ကို ဥက္ကဋ္ဌအဖြစ်က မထွက်ဖို့ တိုက်တွန်းနေကြသလို လူငယ်ပိုင်းကလည်း ဒီဇင်ဘာလထဲမှာ လျှို့ဝှက်အစည်းအဝေးကျင်းပပြီး သခင်အုပ်ရဲ့ လွှမ်းမိုးလာမယ့်အန္တရာယ် တိုက်ဖျက်ရေးအတွက် အခြေခံအဆင့်ကစပြီး စည်းရုံးကြဖို့ ဆုံးဖြတ်ကြတယ် ဆိုပါတယ်။ ဒီဇင်ဘာ (၁၆) ရက်မှာတော့ ဦး နဲ့ ဗိုလ် ဟာ နားလည်မှု မဟာမိတ်အဆင့်ကနေ တရားဝင် မဟာမိတ်ပြုလုပ်လိုက်ကြတယ်လို့လည်း ဆိုပါတယ်။ နယ်တချို့မှာကတော့ သခင်အုပ်နဲ့ ဦးအုပ်တို့ ရိုက်ပွဲ နှက်ပွဲတွေဖြစ်တဲ့အထိ ကွဲပြလာကြတယ်ဆိုပါတယ်။ တရုတ်ဖြူကျူးကျော်မှု တိုက်ဖျက်ရေးထက် ပထစ အဖွဲ့ချုပ်အတွင်း သခင်အုပ် လွှမ်းမိုးလာမယ့်အန္တရာယ် တိုက်ဖျက်ရေးက ရှေ့တန်းရောက်နေခဲ့ပါတယ်။

တပ်မတော်က 'မဲခေါင်စစ်ဆင်ရေး' ကို ဒီဇင်ဘာ (၃၀) ရက်နေ့မှာ စတင်ပါတယ်။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီ (၃) ရက်နေ့မှာ နိုင်ငံတော်အကြံပေးအဖွဲ့က ရခိုင်နဲ့ မွန်ပြည်နယ် ဖွဲ့စည်းပေးရေးနဲ့ ပတ်သက်ပြီး အစီရင်ခံစာကို ဝန်ကြီးချုပ်ဦးနု ထံ တရားဝင် တင်သွင်းပါတယ်။

ရခိုင်ပြည်နယ်ရယူရေးနဲ့ ပတ်သက်ပြီး ရခိုင်လူထုဆန္ဒကို ရယူရေးမှာ မဲဆန္ဒနဲ့ရယူခြင်းသာ အကောင်းဆုံးဖြစ်ကြောင်းလို့ ထောက်ခံတင်ပြပါတယ်။ ထောက်ခံချက် (၅) ချက်နဲ့ တင်ပြပါတယ်။

မွန်ပြည်နယ်ကိစ္စမှာလည်း မွန်သူပုန်တွေ အလင်းဝင်ရောက်ခဲ့တာဟာ ဝန်ကြီးချုပ်ဦးနု ပေးခဲ့ဖူးတဲ့ မွန်ပြည်နယ်ကတိကို ယုံကြည်လို့ အလင်းဝင်ရောက်ခဲ့ကြတာဖြစ်ကြောင်း၊ မွန်အမတ်တွေ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တာလည်း ဒီမွန်ပြည်နယ်ရရှိရေးကို တင်ပြအရွေးခံခဲ့ကြလို့ အောင်နိုင်ခဲ့တာဖြစ်ကြောင်း၊ မွန်ပြည်နယ် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး မွန်လူထုထံ မဲဆန္ဒ ထပ်ယူဦးမယ်ဆိုတာမျိုးကို လက်မခံကြောင်း၊ မွန်အမျိုးသားတွေဟာ နိုင်ငံတော်ကို ယုံကြည်ကိုးစားကြကြောင်း ကချင်၊ ကရင် အစရှိတာတွေကို ပြည်နယ်ပေးသလိုပဲ မွန်ပြည်နယ်ပေးစေလိုကြောင်း၊ မဲဆန္ဒနဲ့ ရွေးကောက်ပွဲထပ်လုပ်ရင်း လူနည်းစုနဲ့ လူများစု၊ လူနဲ့စု အချင်းချင်းတို့ကို ရန်တိုက်ပေးရာရောက်နိုင်ကြောင်း၊ ပဲခူးခရိုင်၊ သထုံခရိုင်တွေကို မွန်ပြည်နယ်ထဲ သွတ်သွင်းဖို့ကိုတော့ သက်ဆိုင်ရာဒေသရှိ လူထုကို စုံစမ်းမေးမြန်းပြီးမှ ဆောင်ရွက်ဖို့လိုကြောင်း၊ တကယ်လို့ မွန်ပြည်

နယ်မှာ ပဲခူးခရိုင် အကျုံးဝင်မယ်ဆိုရင်တော့ ပဲခူးကို မြို့တော်အဖြစ် ထားသင့်ကြောင်းလို့ စသဖြင့် ပြောဆိုရှင်းလင်း တင်ပြခဲ့ပါတယ်။

တကယ်လည်း ရခိုင်ခေါင်းဆောင်များနဲ့ မွန်ခေါင်းဆောင်များဟာ ဖဆပလ အကွဲမှာ ဦးနု ရဲ့ ပေါ်လစီ (၄) ရပ် ထုတ်ပြန်ချက်ကို ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်ရရှိရေး သဘောထားနဲ့ ကိုက်ညီတဲ့အတွက် နုတင်ကို ထောက်ခံခဲ့ကြတာဖြစ်ပါတယ်။ နုတင် တို့ကတိကို ယုံကြည်ပြီး နိုင်အောင်ထွန်းနဲ့ နိုင်ငွေသိန်း တို့ ခေါင်းဆောင်တဲ့ မွန်ပြည်သူ့တပ်ဦးအဖွဲ့ (၁၀၀၀) ကျော်ဟာ လက်နက်စွန့်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငွေသိန်းက အဲဒီတုန်းက သတင်းစာရှင်းလင်းပွဲလုပ်ပြီး 'မွန်ပြည်နယ်ရရှိရေးမှုကို အမြန်ဆုံးအကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း' လို့ ထုတ်ဖော်ပြောဆိုခဲ့ဖူးပြီး ဖြစ်ပါတယ်။ မွန်ပြည်သူ့တပ်ဦးဟာ မွန်ပြည်နယ်ရရှိရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ဥပဒေဘောင်အတွင်းကနေ ဆက်လက်ကြိုးပမ်းသွားရေးကို ရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။

အကြံပေးအဖွဲ့က ရခိုင်နဲ့ မွန်ပြည်နယ်ပေးရေးကို ထောက်ခံခဲ့ပါတယ်။ မွန်ပြည်နယ်ဖွဲ့စည်းရေးမှာ နယ်နိမိတ်ကိစ္စဟာ ရှုပ်ထွေးမှု၊ သဘောထားကွဲပြားမှုတွေ ရှိခဲ့ပါတယ်။ ပဲခူး၊ ထားဝယ်၊ မြိတ် လူထုတွေက မွန်ပြည်နယ်ထဲ မပါဝင်လိုဘူးလို့ ကန့်ကွက်ခဲ့ကြတာတွေရှိပါတယ်။ ကရင်ပြည်နယ်ထဲရှိ မွန်ကျေးရွာ (၅၈) ရွာကို မွန်ပြည်နယ်ထဲ ပါဝင်ခွင့်ပြုမယ်လို့ ကရင်ပြည်နယ်အစိုးရက သဘောတူ ကတိပေးကြောင်းကိုလည်း မွန်အဖွဲ့ပေါင်းစုံက မွန်ခေါင်းဆောင်တွေက နိုင်ငံတော်အကြံပေးအဖွဲ့ကို တင်ပြခဲ့တာလဲရှိပါတယ်။ ၆၀ ခုနှစ် ဇန်နဝါရီ (၂၈) ရက်မှာ 'ပမညတ' က မွန်ပြည်နယ်နဲ့ ပတ်သက်တဲ့ သဘောထားကို ထုတ်ပြန်ကြေညာတာလည်းရှိပါတယ်။ ပမညတ ရဲ့ နယ်နိမိတ်ဆိုင်ရာမှုကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ပမညတ က မွန်ပြည်နယ်ဖော်ထုတ်မယ်ဆိုရင် ရေး၊ မုဒုံ၊ ကျိုက်မရော၊ ချောင်းဆုံ၊ ကျိုက္ခမီ၊ မော်လမြိုင် ခြောက်မြို့နယ်ပါဝင်တဲ့ ကျိုက္ခမီခရိုင်နဲ့ သထုံခရိုင်က ပေါင်မြို့နယ်တို့ကိုသာ ပူးပေါင်းပြီး ဖွဲ့စည်းသင့်တယ်လို့ ယူဆကြောင်း ဖော်ပြခဲ့တာလည်း ရှိပါတယ်။

ချင်းခေါင်းဆောင်များရဲ့ ချင်းပြည်နယ်ရရေး လှုပ်ရှားမှုမှာလည်း ယေဘုယျအားဖြင့် ချင်းပြည်နယ်ရရှိရေးကို သဘောတူကြပေမယ့် မတူကွဲပြားတဲ့ အမြင်သဘောထားတွေတော့ ရှိခဲ့ပါတယ်။ နယ်နိမိတ်ပြဿနာတွေလည်း ရှိခဲ့ပါတယ်။

ဦးဇာရဲလျန် နဲ့ ကပ္ပတိန်မန်းတုံးနုံး တို့ ပထစ ချင်းအမတ်တွေနဲ့ ချင်းအမျိုးသားအဖွဲ့ (စီအင်အို) အမတ်များက ချင်းဝိသေသတိုင်းကို တိုက်ရိုက် ချင်းပြည်နယ်အဖြစ် ရယူချင်ပါတယ်။ ကလေးမြို့၊စေတုတ္တရာ နဲ့ ဆောမြို့ တွေပါ ထည့်သွင်းဖွဲ့စည်း ရယူချင်ပါတယ်။

ဖဆပလ ချင်းအမတ်တွေကတော့ ပြည်နယ်ဆိုတဲ့ စကားရပ်အစား ချင်းဝိသေတိုင်းဆိုတဲ့ အမည်မျိုးနဲ့ပဲ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဘဏ္ဍာရေးအာဏာတွေကို ပြည်နယ်အခွင့်အရေးအတိုင်း ပေးတဲ့မှုကိုသာ လိုချင်ကြတယ်လို့ ဆိုပါတယ်။

တန်းတူပြည်နယ်၊ အထူးပြည်နယ်၊ ဝိသေသတိုင်းဆိုတဲ့ ရယူချင်တဲ့မှုတွေ သဘောထားတွေ မတူညီကြပေမယ့် လက်ရှိ ချင်းဝိသေသတိုင်းဆိုတဲ့ အနေအထား အဆင့်နေရာကို ကျေနပ်ရောင့်ရဲနိုင်မှုမရှိတော့တာမှာတော့ အတူတူပဲဖြစ်ပါတယ်။

အခုလို ရခိုင်၊ မွန်၊ ချင်း တို့ရဲ့ ပြည်နယ်ရရှိရေး စလှုပ်ရှားမှုတွေ ဥပဒေဘောင်အတွင်းကနေ တရားဝင်ပေါ်ပေါက်နေချိန်မှာ တရုတ်ဖြူကျူးကျော်ရေးတပ်များရဲ့ အနေအထားကလည်း မဲခေါင်စစ်ဆင်ရေးကြီးနဲ့ စစ်ဆင်တိုက်ထုတ်ဖို့ စတင်လှုပ်ရှားလာရတော့တဲ့အထိ ကြီးထွားလာရုံမက၊ တနိုင်ငံလုံးသိ၊ တကမ္ဘာလုံးသိ အဖြစ်အပျက်တွေပါ ဘွားခနဲ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါကတော့ ဗမာ့တပ်မတော် (လေ) က ဗိုလ်ပီတာ ကျဆုံးရမှုဖြစ်ပါတယ်။

တရုတ်ဖြူတွေရဲ့ အခိုင်အမာ ခြေကုတ်ယူထားတဲ့စခန်းတွေကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ တရုတ်ဖြူကျူးကျော်သူတွေကို မောင်းထုတ်ပစ်နိုင်ဖို့ မဲခေါင်စစ်ဆင်ရေးကြီးမှာ တပ်မတော် (လေ) က တိုက်လေယာဉ်များကိုပါ ပူးတွဲအသုံးပြုခဲ့ရပါတယ်။ ဗိုလ်သိန်း၊ ဗိုလ်ပီတာ၊ ဗိုလ်ချစ်ခိုင် တို့ မောင်းနှင်တဲ့ ဆီးဖြူရီ တိုက်လေယာဉ် (၃) စီးဟာ ကျိုင်းတုံကနေ ဝမ်ပါဆန်ရွာပေါ် စစ်ဆင်ရေးဆိုင်ရာ ကင်းလှည့်ပျံသန်းမောင်းနှင်နေတုန်း ဗမာ့ပိုင်နက်နယ်မြေအတွင်း ရန်သူ့လေယာဉ်တစင်းနဲ့ ဝေဟင်မှာတွေ့ဆုံရပါတယ်။ ရန်သူ့လေယာဉ်က စပြီးပစ်ခတ်တိုက်ခိုက်ကြရင်း ရန်သူ့လေယာဉ်ထိမှန် မီးလောင်ပျက်ကျသွားရသလို၊ ဗမာ့တပ်မတော် (လေ) က ဗိုလ်ပီတာ လည်း ဝေဟင်တိုက်ပွဲမှာ ထိမှန်ကျဆုံးခဲ့ရပါတယ်။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁၅) ရက်နေ့မှာ ဖြစ်ပါတယ်။

ဘိန်းတပ်၊ ဓားပြတပ်အဖြစ်ပဲ ပုံဖော်ဝါဒဖြန့်ချိကာ ခပ်ဖွဲ့ဖွဲ့လုပ်ထားခဲ့တဲ့ တရုတ်ဖြူကျူးကျော်ရေးတပ်များရဲ့ အန္တရာယ်ဟာ ဖုံးမနိုင် ဖိမရ ဘွားခနဲပေါ်လာရပြီး ပြည်သူလူထုကြားမှာလည်း တရုတ်ဖြူကျူးကျော်မှုဆန့်ကျင်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးအသံတွေ စည်စည်ညံအောင် ထွက်လာပါတယ်။

ပထစ အစိုးရဟာ ငြိမ်နေလို့မရတော့ပဲ ဒီကိစ္စအပေါ် ရှင်းလင်းတင်ပြတာ၊ ဖြေရှင်းပြောဆိုတာတွေ လုပ်လာရပါတယ်။ ပစ်ချနိုင်ခဲ့တဲ့ လေယာဉ်ပျံပျက်ကို သတင်းစာဆရာတွေခေါ် ပြပြီး သတင်းထုတ်ပြန်ပြောဆိုတာ လုပ်ရပါတော့တယ်။ ကူမင်တန်တရုတ်ဖြူ ကျူးကျော်သူတွေကို အကူအညီပေးနေတဲ့ ဒီလေယာဉ်ဟာ အမေရိကန်လေယာဉ်ဖြစ်နေပါတယ်။ အမှန်အတိုင်း ရှင်းလင်းပြောဆိုရမယ်ဆိုရင်၊ လက်ပူးလက်ကြပ်ရမိထားတာကို အမှန်အတိုင်း ဖော်ထုတ်ရမယ်ဆိုရင် အမေရိကန်ကို ဖွင့်ချလိုက်သလိုဖြစ်မှာစိုးတဲ့အတွက် လေယာဉ်ပေါ်က ယူအက်စ် **(US)** ဆိုတဲ့တံဆိပ်တွေကို သတင်းစာဆရာတွေ မမြင်ရအောင် ဖုံးဖိ ဆေးသုတ်ပြီးတော့မှ ပြသတာလုပ်တယ်လို့ဆိုပါတယ်။ အမေရိကန်မျက်နှာညိုသွားမှာ စိုးရိမ်တဲ့အတွက် အမေရိကန်ဆန့်ကျင်ရေးဆီ တိုက်ရိုက်ဦးတည်မသွားရအောင် တဝက်ဖုံး တဝက်ဖော်နည်းနဲ့ ဦးနု က ဖြေရှင်းပြောဆိုတာတွေ လုပ်ခဲ့ပါတယ်။

ဖေဖော်ဝါရီ (၂၅) ရက်နေ့ သတင်းစာကွန့်ဖရင့်မှာ ဝန်ကြီးချုပ်ဦးနု က "တရုတ်ဖြူများဟာ အမေရိကန်တပည့်ဖြစ်တယ်။ သူ့ဆရာကထွက်သွားဆိုရင် တခါတည်းပြီးနိုင်တဲ့ကိစ္စပါ" လို့ ပြောဆိုပါတယ်။ ဗိုလ်မှူးချုပ်အောင်ကြီး ကလည်း "ဗမာပြည်ရှိ တရုတ်ဖြူတွေကို လက်နက်ရိက္ခာများ ဖြည့်တင်းပေးနေတဲ့ လေယာဉ်ပျံများဟာ ဖော်မိုဆာက တိုက်ရိုက်မလာနိုင်ပါ။ ခေတ်ဆီထည့်ရန်အတွက် ဆီးတိုးအဖွဲ့လက်အောက်ခံ တနေရာကဖြစ်နိုင်ကြောင်း မိမိတို့သိထားသော်လည်း၊ မိတ်ပျက်မည်စိုး၍ မပြောပါရစေနဲ့" လို့ပြောဆိုခဲ့ပါတယ်။

တရုတ်ဖြူတွေဟာ ဗမာပြည်ထဲ ကျူးကျော်ဝင်ရောက်လာရုံမက ဘိန်းချက်၊ ဘိန်းချခြင်း၊ ငွေစက္ကူအတုလုပ်ခြင်း၊ ဓားပြတိုက် လုယက်ဖိနှိပ်ခြင်း၊ ပူးပေါင်းစည်းရုံးရနိုင်မယ်ထင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ သွေးထိုး ရန်တိုက် ခြေရှုပ်ခြင်း စတဲ့ ဒုစရိုက်ပေါင်းစုံကို ခြေလှမ်းကျဲကျဲ လုပ်ကိုင်ခဲ့ကြပါတယ်။ ဒီလို အင်မတန်ဆိုးဝါးလှတဲ့ ဒုစရိုက်လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်နေတဲ့အတွက်၊ သာမန်ဒုစရိုက်ကျူးကျော်ရေးတပ်များရဲ့ လက္ခဏာနဲ့ အနှစ်သာရလောက်ပဲရှိတဲ့ ကျူးကျော်ရေးတပ်သက်သက်တွေပဲလားဆိုတော့ မဟုတ်ပါ။ အမေရိကန်ဦးဆောင်ဖွဲ့စည်းထားတဲ့ ဆီးတိုးစစ်အုပ်စုရဲ့ နိုင်ငံရေး၊ စစ်ရေး ရည်မှန်းချက်တွေ အတိုင်း အကောင်အထည်ဖော် လှုပ်ရှားနေတဲ့ ကျူးကျော်ရေးတပ်ဖွဲ့ကြီးတွေလည်း ဖြစ်နေကြပါတယ်။ ဖော်မိုဆာအစိုးရကိုယ်တိုင် ဆီးတိုးအုပ်စုဝင်ဖြစ်သလို၊ ဖော်မိုဆာက တိုက်ရိုက်ချုပ်ကိုင်ထားတဲ့ တရုတ်ဖြူကျူးကျော်ရေးတပ်များဟာလည်း ဆီးတိုးအုပ်စုဝင်တပ်များရဲ့ အစိတ်အပိုင်းတရပ်ဖြစ်ပါတယ်။ လာအို၊

ယိုးဒယား တို့မှာ ဝင်ထွက်သွားလာ ခြေချလှုပ်ရှားနေနိုင်ခြင်းဟာလည်း 'ဆီးတိုး' စစ်အုပ်စုရဲ့ အရိပ်ကြောင့် ဖြစ်ပါတယ်။ ယိုးဒယား ဟာ ဆီးတိုးစစ်အုပ်စုဝင် နိုင်ငံတခုဖြစ်ခဲ့ပါတယ်။ ကွန်ဂို၊ လာအို တို့မှာ အမေရိကန်ရဲ့ တိုက်ရိုက်ပတ်သက် စွက်ဖက်မှုတွေ တနေ့တခြား ကြီးထွားလာနေသလို တောင်ဗီယက်နမ်ကိုကိုင်ပြီး မြောက်ဗီယက်နမ်ကို ဖြိုဖို့လည်း ခြေလှမ်းရှိရှိ ဆောင်ရွက်လုပ်ကိုင်နေချိန်ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဦးနုဟာ တရုတ်နဲ့ အမေရိကန်ကြား ဗျာများနေရတဲ့ နိုင်ငံခြားရေးပေါ်လစီကိုကျင့်သုံးကာ ကြားနေရေးကို ငယ်သံပါ အောင် အော်နေရသူဖြစ်တယ်လို့ လက်ဝဲဝါဒီတချို့က ထင်မြင်ယူဆထားကြပါတယ်။ ဦးနု ဟာ ဗမာပြည်ကို တရုတ်ဖြူကျူးကျော်မှုကို လက်တွေ့ရင်ဆိုင် တိုက်ခိုက်နေရပေမယ့် အမေရိကန်ဆန့်ကျင်ရေးကိုတော့ မလုပ်ဝံ့ခဲ့ပါ။

တရုတ်ဖြူကျူးကျော်မှုနဲ့ပတ်သက်ပြီး ပြည်သူလူထုအတွင်း မခံချိမခံသာဖြစ်ခဲ့ကြသလို နယ်ချဲ့ဆန့်ကျင်ရေးဒီရေ တရိပ်ရိပ်တက်လာခဲ့ပါတယ်။ အမေရိကန်သံရုံးရှေ့ ဆန္ဒပြမှုတွေ ပေါ်ပေါက်လာပါတယ်။

၁၉၆၁ ခု၊ ဖေဖော်ဝါရီ (၂၇) ရက်နေ့မှာ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်မှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းပေါင်း (၂၉) ဖွဲ့နဲ့ တသီးပုဂ္ဂလ မျိုးချစ်ရဟန်းရှင်လူ လူပုဂ္ဂိုလ်မျိုးစုံပါဝင်တဲ့ ဆွေးနွေးပွဲကြီးတခု ကျင်းပခဲ့ပြီး၊ 'တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားကော်မီတီ' ဆိုတာကို အောင်မြင်စွာ ဖွဲ့စည်းလိုက်ကြပါတယ်။ ရဟန်းရှင်လူ အမျိုးသား အမျိုးသမီး ပုဂ္ဂိုလ်ပေါင်း (၈၈) ဦးတောင်ပါဝင်တဲ့ အမျိုးသားကော်မီတီကြီး ဖြစ်ပါတယ်။ အမျိုးသားကော်မီတီရဲ့ အလုပ်အမှုဆောင်အဖွဲ့ကို (၃၉) ဦးနဲ့ ဖွဲ့စည်းပြီး အလုပ်အမှုဆောင်အဖွဲ့ရဲ့ အမြဲတမ်းကော်မီတီကို (၂၀) ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ကို တင်မြှောက်ခဲ့ကြပြီး ဒုဥက္ကဋ္ဌအဖြစ် (၆) ဦးရှိပါတယ်။ ဗိုလ်အုံးတင် (ပြည်သူ့ရဲဘော်)၊ ဦးလှကျော် (ရှေ့နေကြီး)၊ ဗန်းမော်တင်အောင် (စာရေးဆရာ)၊ သခင်ဖေသန်း၊ မွန်ဖိုးချို (မွန်တိုင်းရင်းသားအစည်းအရုံး)၊ ဦးအေးမောင် (လွှတ်တော်ရှေ့နေကြီး) တို့ဖြစ်ကြပါတယ်။ အထွေထွေအတွင်းရေးမှူး ဗိုလ်အောင်နိုင် (ပြည်သူ့ရဲဘော်) ဖြစ်ပြီး တွဲဘက်အထွေထွေအတွင်းရေးမှူးနှစ်ဦးကတော့ သခင်လှကျွေ (ဘီတီယူစီဌာနချုပ်) နဲ့ ရဲဘော်လှဝင်း (ပြည်သူ့တိုးတက်ရေးပါတီ) တို့ဖြစ်ကြပါတယ်။ အမြဲတမ်းကော်မီတီမှာ ဗကသ က ကိုတင်ထွန်း နဲ့ တကသ က ကိုတင်အေး တို့ပါဝင်ခဲ့ကြသလို ကရင်အမျိုးသားအဖွဲ့ချုပ်က မန်းအောင်ကြည်တို့လည်း ပါဝင်ခဲ့ကြပါတယ်။

မတ်လ (၁၂) ရက်နေ့မှာ 'တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မီတီ' ကြီးရဲ့ 'တိုင်းပြည်သို့ နှိုးဆော်ပန်ကြားလွှာ' ထွက်ပေါ်လာပါတယ်။ တရုတ်ဖြူကျူးကျော်မှု သမိုင်းနောက်ခံနဲ့ တကွ တင်ပြပြီး တရုတ်ဖြူကျူးကျော်မှုရဲ့ ရည်ရွယ်ချက်ကိုလည်း ဆီးတိုးစစ်အုပ်စုရဲ့ စစ်ရေးရည်မှန်းချက်တွေနဲ့အညီ အကောင်အထည်ဖော်နေတာဖြစ်ကြောင်း ဖော်ထုတ်ဖွင့်ချပါတယ်။ အမျိုးသားလွတ်လပ်ရေးကို ကျူးကျော်ဖျက်ဆီးနေတာဖြစ်တဲ့အတွက် တမျိုးသားလုံးရဲ့ ရန်သူဖြစ်တဲ့ တရုတ်ဖြူကျူးကျော်မှုကို တမျိုးသားလုံးက သွေးစည်းညီညွတ်စွာနဲ့ ဆန့်ကျင်တိုက်ခိုက်ကြဖို့ ကော်မီတီကြီးနဲ့အတူ ပူးတွဲပြီး ကျူးကျော်စွက်ဖက်သူ ရန်သူနယ်ချဲ့ကို အုံကြွဆန့်ကျင် တိုက်ခိုက်ကြဖို့ နှိုးဆော်ပန်ကြားထားပါတယ်။ တရုတ်ဖြူကျူးကျော်မှုကို တိုက်ကြ၊ အမေရိကန်နယ်ချဲ့ စွက်ဖက်မှုကို ဆန့်ကျင်ကြ၊ အမျိုးသားညီညွတ်ရေး တည်ဆောက်ကြ ဆိုတဲ့ ကြွေးကြော်သံတွေကိုလည်း ဖော်ထုတ် ကြွေးကြော်ထားပါတယ်။

မတ်လ (၉) ရက်နေ့ကပဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီးဆောင်ရွက်တဲ့ 'ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီး' ကိုလည်း ပြန်လည်ဖွဲ့စည်းလိုက်ကြပါတယ်။ ၅၉ ခုနှစ်က ပျက်သွားခဲ့ရတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးအစား ပြန်လည်ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။ ဥက္ကဋ္ဌ အဖြစ် ဆရာကြီးမှိုင်း၊ ဒုတိယဥက္ကဋ္ဌများ

အဖြစ် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော နဲ့ ဦးဘသော် တို့က တာဝန်ခံဆောင်ရွက်ပါတယ်။ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးထွန်းတင် ဖြစ်လာပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှာ အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး စာရေးဆရာကြီး ဆရာဇန်းမော်တင်အောင်၊ မောင်မောင်တင် (ရှေ့နေကြီးဦးလှတင့်)၊ မောင်တင်ရွှေ (မုံရွာဦးတင်ရွှေ)၊ ဦးစိုးမင်း (ဗလစ)၊ စောကျော်စိုး (ကရင်အမျိုးသား) စတဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးအတွင်း ပါဝင်လှုပ်ရှားနေသူတွေ အများစုဟာ တရုတ်ဖြူဆန့်ကျင်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မီတီမှာလည်း ပါဝင်လှုပ်ရှားနေသူတွေဖြစ်ကြပါတယ်။

မတ်လ (၁၃) ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဝန်ကြီးချုပ်ဦးနု က မိန့်ခွန်းတရပ် ပြောကြားတာလုပ်ပါတယ်။ တရုတ်ဖြူကျူးကျော်မှုနဲ့ ပတ်သက်ပြီး ပြောကြားတာပါသလို၊ မွန်နဲ့ ရခိုင်ပြည်နယ်ပေးရေးနဲ့ပတ်သက်ပြီးတော့လည်း ပြောကြားသွားခဲ့ပါတယ်။

တရုတ်ဖြူကျူးကျော်မှုနဲ့ ပတ်သက်ပြီး တရုတ်ဖြူသက်သက်ကိုပဲ ဖော်ပြသွားသလို၊ သာမန်ပြဿနာတရပ်လို ပြောကြားသွားတဲ့အပြင်၊ ဖေဖော်ဝါရီ (၂၁) ရက်နေ့က ရန်ကုန်မြို့မှာ ဖြစ်ပေါ်ခဲ့တဲ့ တရုတ်ဖြူဆန့်ကျင်ရေး အမေရိကန်နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးကိုလည်း ငြိမ်းချမ်းစွာမဟုတ် အကြမ်းဖက်တဲ့လုပ်ရပ်တွေရှိတဲ့ သဘောမျိုး၊ ရှုတ်ချတဲ့သဘောမျိုး ပြောဆိုသွားခဲ့ပါတယ်။

ရခိုင်နဲ့ မွန်ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ပြောဆိုရာမှာတော့ ဦးနုက အဆိုပြုချက်အသစ်တခုကို တင်ပြသွားပါတယ်။ ပြည်နယ်ပေးရေးကိစ္စအတွက် မဲပုံးထောင်တဲ့စနစ်ကို မကျင့်သုံးတော့ပဲ ရခိုင်ပြည်နယ်ကို အဆင့် (၃) ဆင့်နဲ့ အကောင်အထည်ဖော်သွားဖို့ စီစဉ်ထားတယ်လို့ဆိုပါတယ်။ ပထမအဆင့် ရခိုင်ရေးရာဝန်ကြီးခန့်၊ ဒုတိယအဆင့် ရခိုင်ပြည်နယ် ပြင်ဆင်ရေးကော်မီတီဖွဲ့၊ တတိယအဆင့် ရခိုင်ပြည်နယ်ဖွဲ့စည်းသွားဖို့ ဆိုတာပဲဖြစ်ပါတယ်။

မွန်ပြည်နယ်ဖွဲ့စည်းရေးမှာလည်း ဦးနုရဲ့ အဆိုပြုချက်ကတော့ အဆင့် (၃) ဆင့် အစီအစဉ်ပဲဖြစ်ပါတယ်။ ပထမအဆင့် မွန်ရေးရာဝန်ကြီးခန့်၊ ဒုတိယဆင့် မွန်ပြည်နယ် ပြင်ဆင်ရေးကော်မီတီဖွဲ့ နောက်ဆုံးဆင့် မွန်ပြည်နယ်ဖွဲ့စည်းရေးဆိုတာပဲဖြစ်ပါတယ်။

မတ်လ (၁၅) ရက်နေ့မှာ 'တရုတ်ဖြူဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မီတီကြီး' က 'သတင်းစာများသို့ ထုတ်ပြန်ချက်' ဆိုတဲ့ ထုတ်ပြန်ချက်တခု ထုတ်ပြန်လိုက်ပါတယ်။ ထုတ်ပြန်ချက်ထဲမှာ...

"...တရုတ်ဖြူတပ်များမှာ အမေရိကန်ဦးစီးသော ဆီးတိုး၏ နိုင်ငံရေး၊ စစ်ရေးသေနင်္ဗျူဟာနည်းပရိယာယ်များအရ လှုပ်ရှားနေသော လက်နက်ကိုင်ကျူးကျော်ရေးတပ်ဖွဲ့ကြီးများဖြစ်ကြောင်း၊ ဗမာပြည်တွင်မက ကမ္ဘာတရပ်လုံးပါ ရပ်လုံးပေါ်ခဲ့ပေသည်။" ဟု ဖော်ပြထားတဲ့အပြင် "...အစိုးရအနေဖြင့်

(က) ယင်း တရုတ်ဖြူကျူးကျော်မှု အန္တရာယ်ကို စစ်ရေးအရ ထိထိရောက်ရောက် တိုက်ထုတ်ခြင်း၊

(ခ) လူမျိုးစုပြဿနာများကိုလည်း အရင်းခံဖြစ်သော နိုင်ငံရေးနည်းအရပါ ဖြေရှင်းခြင်း၊

(ဂ) တရုတ်ဖြူကျူးကျော်မှုကို ကုလသမဂ္ဂတွင် ထိရောက်စွာတိုင်ကြား အရေးယူခြင်း၊

(ဃ) ပြည်သူ့လှုပ်ရှားမှုများကို ပြည်သူတို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း ခေတ်ကဲ့သို့ ပူးပေါင်းလှုပ်ရှားခြင်းများ ပြုသင့်ပေသည်။"

... ဟုလည်း အစိုးရကို တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ တဆက်တည်းမှာ ဝန်ကြီးချုပ်ဦးနု ရဲ့ မတ်လ (၁၃) ရက်နေ့မိန့်ခွန်းပါ တရုတ်ဖြူကျူးကျော်မှုပြဿနာအပေါ် ပြောဆိုတင်ပြသွားပုံကိုလည်း

သဘာဝမကျကြောင်း ထောက်ပြဝေဖန်ထားပါတယ်။ "ဝန်ကြီးချုပ်၏ တရုတ်ဖြူမိန့်ခွန်းမှာ မိမိပြည်သူတို့အား ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ ကျူးကျော်ခံရမှုကို မျိုးချစ်စိတ်နောက်ခံဖြင့်လည်းကောင်း၊ ပြောခြင်းနှင့်မတူပဲ နိုင်ငံတနိုင်ငံအား တောင်းပန်နေသည့်သဘောသာ ဖုံးလွှမ်းနေပေသည်။" လို့လည်း ဝေဖန်ကန့်ကွက်ပါတယ်။ ကော်မီတီအနေဖြင့် တရုတ်ဖြူဆန့်ကျင်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြပွဲများကို ဆက်လက်ပြုလုပ်သွားမယ့်အကြောင်း၊ ရန်ကုန် အင်းစိန်ခရိုင်မှာ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပိုစတာတိုက်ပွဲများ ကျင်းပပြုလုပ်သွားပြီး ဧပြီလ (၉) ရက်နေ့မှာ ရန်ကုန်မြို့လုံးကျွတ်ဆန္ဒပြပွဲကြီးကျင်းပရန် စီစဉ်နေတဲ့အကြောင်း ဖော်ပြထုတ်ပြန်ပါတယ်။

အဲဒီ ၁၉၆၁ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှာပဲ ရန်ကုန် ကမ်းနားလမ်း ခြောက်ထပ်ရုံးသစ်ကြီးမှာ 'ပြည်နယ်များပြဿနာသုံးသပ်ရေးကော်မီတီ' အစည်းအဝေးထိုင်ခဲ့ပါတယ်။ အဲဒီမှာ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ 'ရှမ်းပြည်နယ်' က တင်သွင်းတဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း' နဲ့ ကရင်ပြည်နယ်ဝန်ကြီး ဒေါက်တာစောလှထွန်း တင်သွင်းတဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့မူကြမ်း' တို့ကို တင်သွင်းပါတယ်။ သုံးသပ်ရေးကော်မီတီက ရှမ်းပြည်နယ်ကတင်သွင်းတဲ့ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းကိုပဲ အခြေခံထားပြီး ဆွေးနွေးမှုလုပ်ပါတယ်။

အဲဒီ 'အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း' ဘယ်လိုပေါ်ပေါက်လာသလဲဆိုတာ တနည်းအားဖြင့် ရှမ်းပြည်နယ်က တင်သွင်းတဲ့ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းပါ 'ပြည်ထောင်စုစစ်စစ်မူ' သို့မဟုတ် 'ရှမ်းမူ' ဘယ်လိုဖြတ်သန်း ပေါ်ပေါက်လာသလဲဆိုတာ အင်မတန်အရေးကြီးပါတယ်။

တကယ်က ရှမ်းပြည်နယ်က တင်သွင်းခဲ့တဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း' ဟာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင်ရဲ့ စတင်လမ်းဖွင့်ပေးမှုအရ တရားဝင်ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

၁၉၆၀ ပြည့် ရွေးကောက်ပွဲအပြီးမှာ လွှတ်တော်တခုလုံးရဲ့ အမတ်ဦးရေ သုံးပုံနှစ်ပုံကျော်ဟာ အစိုးရရဲ့လက်ထဲမှာ ရှိနေတဲ့အတွက် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ချင်တယ်ဆိုရင် ဒီအချိန်ဟာ အကောင်းဆုံးလို့ ရှုမြင်ပြီး ဦးနု က စတင်လမ်းဖွင့်ပေးခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးအစည်းအဝေးမှာ ဦးနုက –

(၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ချင်တယ်ဆိုရင် ဒီအချိန်ဟာ အကောင်းဆုံးပဲ။

(၂) ဒီလို အကောင်းဆုံးဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်ဆင်ချင်သလဲ၊ ပြည်နယ်အစိုးရအဖွဲ့တွေကို မေးမယ်။

(၃) ပြည်နယ်အစိုးရ အဖွဲ့တွေက တင်ပြတဲ့ အဆိုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်အောင် ဆီမီနာ (seminar) တခုခေါ်ပေးမယ်။ ပြည်နယ်အစိုးရကိုယ်စားလှယ်တွေရော အတိုက်အခံကိုယ်စားလှယ်တွေရော ဖိတ်မယ်။

(၄) ဆွေးနွေးပွဲမှာ မိသားစုဆွေးနွေးကြတဲ့နည်းအတိုင်း ဆွေးနွေးမယ်။ အများလက်ခံသဘောတူနိုင်တဲ့အဆိုတွေကို ချက်ချင်းအကောင်အထည်ဖော်၊ အဖြေရှာမရသေးတဲ့ အဆိုတွေကို ဆက်ပြီး ဆွေးနွေးမယ်။

... ဆိုတဲ့ အချက် (၄) ချက်ကို ချပြတယ်။ အဲဒီအချက် (၄) ချက်ကို ဝန်ကြီးအဖွဲ့က သဘောတူလက်ခံပြီး လိုအပ်တဲ့အစီအစဉ်တွေကို လိုအပ်သလို လုပ်ကိုင်နိုင်ဖို့ တရားရေးဝန်ကြီးဌာနကို တာဝန်လွှဲပေးလိုက်ပါတယ်။ ဒါကြောင့် ၁၉၆၀ ပြည့် စက်တင်ဘာ (၂၂) ရက် ပါလီမန်အစည်းအဝေးမှာ ပြင်ဆင်ရေးကော်မီတီဖွဲ့စည်းဖို့ အဆိုတင်ပြီး၊ လွှတ်တော်က အတည်ပြုခဲ့ပါတယ်။ တရားရေးဝန်ကြီး ဒေါက်တာဦးအေးမောင်

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အဖွဲ့ဝင် (၂၉) ဦး ပါဝင်တဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးကော်မီတီ' ကို နိုဝင်ဘာ (၁၀) ရက်နေ့ နေ့စွဲနဲ့ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခဲ့ပါတယ်။ အခြေခံဥပဒေပြင်ဆင်ရေးကော်မီတီ ပေါ်ပေါက်လာပါတယ်။

၁။ ဒီမိုကရေစီကို ထိခိုက်လာမည့်အချက်များ၊

၂။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို ထိခိုက်လာမည့် ပြဋ္ဌာန်းချက်များ၊

၃။ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်ရေးကို ထိခိုက်မည့်အချက်များကို မူတည်ပြီး အခြေခံဥပဒေကြီး တခုလုံးရဲ့ မူကို မပျက်စေပဲ ပြင်ဆင်ဖို့လို့ ဆိုပါတယ်။

အဲဒီလို စတင်လမ်းဖွင့်လိုက်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ တရားဝင် စည်းရုံး၊ ဆွေးနွေး၊ လှုပ်ရှား ဝေဖန်သုံးသပ်ကြတာတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ပြည်နယ်တွေ လူမျိုးစုတွေအဖို့ အမှန်တကယ်လည်း လှုပ်လှုပ်ရှားရှား ဆွေးနွေးသုံးသပ် ဝေဖန်ထောက်ပြရမယ့်အချိန်ဖြစ်ပါတယ်။ ရက်ပေါင်း (၁၀၈) ရက်နဲ့ အပြီးရေးဆွဲပြီး လွတ်လပ်ရေးကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ထားခဲ့ရတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ အားနည်းချက်၊ လိုအပ်ချက်တွေ၊ ချို့ယွင်းချက်တွေ မုချပဲရှိနေမှာ ဖြစ်တဲ့အတွက် ထောက်ပြဝေဖန် သုံးသပ်ကြဖို့ အမှန်တကယ်လည်း လိုအပ်နေပြီဖြစ်ပါတယ်။ လွတ်လပ်ရေးရယူပြီး (၁၀) နှစ်ကြာရင် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတယ်လို့ တရားဝင်ပြဋ္ဌာန်း ဖော်ပြထားတဲ့ ရှမ်းပြည်နယ်အတွက် ပိုမိုပြီး စဉ်းစားရမယ့်သုံးသပ်ရမယ့် အချိန်ဖြစ်ပါတယ်။ ၅၈ ခုနှစ်ကတည်းက (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သလို၊ အိမ်စောင့်အစိုးရလက်ထပ်မှာ ရှမ်းလက်နက်ကိုင်တော်လှန်ရေးကြီးလည်း ပေါ်ပေါက်ခဲ့ရပြီး၊ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးတိုင်းလိုလိုရဲ့ အမြင့်ဆုံးရည်မှန်းချက်ဖြစ်တဲ့ 'လွတ်လပ်တဲ့ သမတနိုင်ငံ' ထူထောင်ရေးအသံတွေလည်း သဘာဝကျကျ ထွက်ပေါ်လာနေတာ မြင်တွေ့ကြားသိနေရချိန် ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပြင်ဆင်ရေး လှုပ်ရှားမှုတွေဟာလည်း ရှမ်းပြည်ကပဲ စတင်ခဲ့ရတာ ရှမ်းပြည်ကပဲ ပိုမိုပြီး အထူးစိတ်ဝင်တစား အရေးယူဆောင်ရွက်တာတွေ တွေ့မြင်ကြရတာဖြစ်ပါတယ်။

လွှတ်တော်မှာ အခြေခံဥပဒေပြင်ဆင်ရေးကော်မီတီဖွဲ့ဖို့ အတည်ပြုပြီးတဲ့နောက်၊ (၂၉) ဦး ကော်မီတီ တရားဝင်ထွက်ပေါ်မလာမီကလေးမှာပဲ ဝန်ကြီးချုပ်ဦးနု နဲ့ရင်းနှီးပြီး သူကိုယ်တိုင် ဝန်ကြီးဖြစ်တဲ့ စပ်ခွန်ချိုဟာ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အကြံဉာဏ် ဝေဖန်ဆွေးနွေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေး ရည်ရွယ်ချက်နဲ့ တက်တက်ကြွကြွ ဆောင်ရွက်မှုတွေ လုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အမတ်တွေ အားလုံး၊ အမတ်များမဲဆန္ဒနယ်က ကိုယ်စားလှယ် (၂) ဦးစီ၊ ရှမ်းပြည်ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၃) ဦးစီနဲ့ ရှမ်းပြည်နယ်အရေး စိတ်ဝင်စားကြတဲ့ တသီးပုဂ္ဂများနဲ့ တက္ကပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့ ပုဂ္ဂိုလ်များရော၊ ရှမ်းပြည်က တိုင်းပြုပြည်ပြု လွှတ်တော်အမတ်ဟောင်းတွေကိုပါ ဖိတ်ကြားပြီး အစည်းအဝေးကြီးတရပ် ကျင်းပခဲ့ပါတယ်။ ၁၉၆၀ ပြည့် နိုဝင်ဘာ (၇) ရက်နေ့မှာ တောင်ကြီးမြို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီအစည်းအဝေးကြီးကို တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်အားလုံးကပဲ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို မကြိုက်ကြကြောင်း၊ ပိုပြီးတိကျတဲ့ ပြည်ထောင်စုစနစ် **(Federation)** ကို လိုချင်ကြကြောင်း တင်ပြဆွေးနွေးခဲ့ကြတယ်ဆိုပါတယ်။

အဲဒီအစည်းအဝေးကနေ အခြေခံဥပဒေပြင်ဆင်ရေးအတွက် 'အခြေခံဥပဒေ စီစစ်ရေးကော်မီတီ' ကို ပထမ အဖွဲ့ဝင် (၂၅) ဦး နောက်ပိုင်းမှာ (၃၂) ဦးနဲ့ ဖွဲ့စည်းလိုက်ပါတယ်။ သဘာပတိက ရှမ်းပြည်နယ်ကောင်စီ သဘာပတိ စပ်ပြည့်၊ အတွင်းရေးမှူး စပ်ကြာစုံ ဖြစ်ပါတယ်။ [နောက်ပိုင်းမှာ ကော်မီတီရဲ့အမည်ကိုလည်း 'ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး (ရှမ်းပြည်နယ်

ဆိုင်ရာ) ကြီးကိုင်ကော်မီတီ' လို့ ပြင်ဆင်ခေါ်ဝေါ်ခဲ့ပါတယ်]

ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးတင်အေး၊ ဦးထွန်းဖေ၊ ဦးထွန်းအုံ၊ ဦးထွန်းအေး(ပင်လုံ)၊ ဦးထွန်းအေး (နမ့်ခမ်း)၊ ဦးဘလွင်၊ ဦးကိုကိုကြီး တို့တတွေကလည်း တောင်ကြီးမြို့မှာ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြပြီးတဲ့နောက် အခြေခံဥပဒေနဲ့ ပတ်သက်တဲ့သဘောထားတွေကို ပွင့်ပွင့်လင်းလင်း ဖော်ပြတဲ့ အခန်းဆက်စာတမ်းရှည်ကြီးကို ဗိုလ်တထောင်သတင်းစာကနေ ထည့်သွင်းဖော်ပြလိုက်ပါတယ်။ ၆၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၆) ရက်ကနေ (၁၈) ရက်နေ့အထိ ဖြစ်ပါတယ်။ 'ကျွန်တော်တို့ လိုလားသော ပြည်ထောင်စုစနစ်' ဆိုတဲ့ခေါင်းစီးနဲ့ ဦးထွန်းမြင့် (တောင်ကြီး) ကရေးသားခဲ့ပါတယ်။ အဲဒီခေါင်းစီးဟာ၊ ဦးထွန်းမြင့် (တောင်ကြီး) ရဲ့ 'ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်' ဆိုတဲ့ စာတမ်းကြီးထဲက ခေါင်းစဉ်ငယ်တခု ဖြစ်ပါတယ်။ စာတမ်းရဲ့ အနှစ်ချုပ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးဟာ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမဟုတ်၊ ပြည်ထောင်စု စစ်စစ်မဟုတ်၊ ပြည်ထောင်စုလို့ နာမည်တပ်ပေးထားတဲ့ တပြည်ထောင်စနစ်သာဖြစ်တယ်။ ဖားတပိုင်း ငါးတပိုင်းစနစ်သာဖြစ်ပါတယ်။ ဗမာခေါင်းဆောင်များနဲ့ ဥပဒေပညာရှင်များက လှည့်စားလိုက်တာသာဖြစ်တယ်။ တခြမ်းပဲ့ ပြည်ထောင်စုသာဖြစ်တယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရမယ်။ ပြည်ထောင်စုစစ်စစ်ကို ဖွဲ့စည်းရမယ်ဆိုတာဖြစ်ပါတယ်။ ပြည်ထောင်စုကို ဘယ်လိုပြင် ဆင်ဖွဲ့စည်းကြမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း 'ကျွန်တော်တို့လိုလားသော ပြည်ထောင်စု' ဆိုပြီး ဖွဲ့စည်းပြပါတယ်။ တန်းတူညီမျှတဲ့ ပြည်ထောင်စုမူဆိုတာကို တောင်းဆိုဖော်ညွှန်းထားပြီး 'ရှမ်းပြည်နယ်၏ နစ်နာချက် မကျေနပ်ချက်များ ပြေလည်စေရန် လက်ရှိအခြေခံဥပဒေကို ပြန်လည်စီစစ်၍ ပြင်ဆင်ကြရပေမည်' လို့ တင်ပြထားပါတယ်။

၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီ (၂၅) ရက်နေ့မှာ ရှမ်းပြည်နယ် ပြည်လုံးကျွတ်ညီလာခံကို တောင်ကြီးမြို့မှာပဲ ကျင်းပပါတယ်။ ကြီးကိုင်ကော်မီတီက ရေးဆွဲထားတဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း' ကို ဒီညီလာခံကြီးကနေ အတည်ပြုခဲ့ပါတယ်။ စပ်ရွှေသိုက်၊ စပ်ထွန်းအေး၊ စပ်ကျော်ခေါင်၊ ဦးလှဖေ၊ ဦးစိုးမောင် နဲ့ ဦးခွန်စံမြတ် တို့ပါဝင်တဲ့ ခြောက်ဦးကော်မီတီကို ဖွဲ့ပေးပြီး၊ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းနဲ့ ပတ်သက်ပြီး ဒေါက်တာဦးအေးမောင် နဲ့ဆွေးနွေးဖို့ တာဝန်ပေးပါတယ်။ ရှမ်းပြည်နယ်ကနေ အဲဒီနည်းနဲ့ ရေးဆွဲဖြစ်ပေါ်လာပြီး နိုင်ငံတော်အစိုးရရဲ့ (၂၉) ဦးပါ 'အခြေခံဥပဒေပြင်ဆင်ရေးကော်မီတီ' ဆီ တရားဝင်တင်သွင်းလိုက်တဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း' ကို 'ပြည်ထောင်စုစစ်မူ' 'ရှမ်းမူ' လို့ ခေါ်ဝေါ် ကြတာဖြစ်ပါတယ်။

အဲဒီပြည်ထောင်စစ်မူ (တနည်းအားဖြင့်) ရှမ်းမူကို ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှာ 'ပြည်နယ်များပြဿနာ သုံးသပ်ရေးကော်မီတီ' အထူးအစည်းအဝေးမှာလည်း ထပ်မံစဉ်းစားဆွေးနွေးခဲ့ကြပါတယ်။

အဲဒီလို ပြည်နယ်သစ်များ ဖွဲ့စည်းပေးရေးပြဿနာ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စဆိုတာတွေ၊ အစိုးရရဲ့ ဥပဒေဘောင်အတွင်းမှာ တရားဝင်ဖြစ်ပေါ် လှုပ်ရှားနေတုန်းမှာပဲ၊ အာဏာရပါတီကြီးဖြစ်တဲ့ ပထစ အတွင်းမှာတော့ 'ဦး–ဗိုလ်–သခင်' တို့ရဲ့ ကွဲသံ အက်သံ လှုပ်ရှားသံတွေဟာ ဆက်လက်ဖြစ်ပေါ် လှုပ်ရှားနေခဲ့ပါတယ်။ တရုတ်ဖြူ ကျူးကျော်ခံရမှု ပြဿနာဟာ ပြည်သူလူထုအတွင်းမှာ ရှေ့တန်းရောက်လာနေပါတယ်။ ဦးနုကတော့ သူ့ဇာတ်ကို သူနိုင်အောင်ကဖို့ကြိုးစားရင်း၊ ပထမဆုံး သူ့ပါတီ ပထစ အကွဲကို ဆွဲစေဖို့ ခြေတလှမ်းလှမ်းလိုက်ပါတယ်။ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်စာ တင်လိုက်ခြင်းဖြစ်ပါတယ်။ ၆၁ ခုနှစ် မတ်လထဲမှာပဲ ဖြစ်ပါတယ်။

အာဏာရ ပထစ ပါတီ ဗဟိုကော်မီတီတခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပါတယ်။ ပထစ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးထိုင်ပြီး၊ အစည်းအဝေးက 'ဦးနုကိုပဲ ပထစ နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီး

ကျင်းပဖြစ်ပြီး၊ ပြီးစီးတဲ့အထိ ဥက္ကဋ္ဌ အဖြစ်နဲ့ ဆက်လက်ထမ်းဆောင်ပေးဖို့၊ ဥက္ကဋ္ဌ သဘောကျ ကျေနပ်တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခန့်ထားပြီး ပထစ တာဝန်ကို ဆက်လက်သယ်ဆောင်နိုင်ဖို့ လက်ရှိ ဗဟိုအလုပ်အမှုဆောင်တဖွဲ့လုံး နုတ်ထွက်ပေးဖို့' ဆုံးဖြတ်လိုက်ပါတယ်။ ဦးနု လက်ထဲကို ပထစ အဖွဲ့ကြီးတခုလုံးကို ပုံပြီးအပ်လိုက်ကြတဲ့ သဘောဖြစ်ပါတယ်။ ဦးနုက လက်ခံလိုက်ပြီး 'ပထစ ပြည်လုံး ကျွတ်ညီလာခံကြီး ပြီးစီးတဲ့အထိ တာဝန်ယူထိန်းသိမ်းသွားဖို့' ဆိုပြီး 'ပထစ အိမ်စောင့်ကော်မီတီ' ကို ဖွဲ့စည်းလိုက်ပါတယ်။ ပထစ အိမ်စောင့်ကော်မီတီမှာ ဦးနုက ဥက္ကဋ္ဌ၊ စည်းရုံးရေးတာဝန်ခံအဖြစ် အကြံပေး အရာရှိ ဦးအုန်း၊ ငွေထိန်းအဖြစ် ဦးဇာရဲလျံတို့ဖြစ်ပါတယ်။ ကော်မီတီကို ကူညီဖို့ ဝန်ကြီးသခင်တင်၊ ဝန်ကြီး ဗိုလ်မှူးအောင်၊ ဝန်ကြီးဒေါက်တာအေးမောင်နဲ့ ဝန်ကြီးဆမားဒူးဝါး၊ ဆင်ဝါးနောင်တို့ပါဝင်တဲ့ အတိုင်ပင်ခံ အဖွဲ့တခုကိုလည်း ဖွဲ့စည်းလိုက်ပါတယ်။ ပထစ ပါတီ ဗဟိုကော်မီတီတွင်း အကွဲအပြဲကတော့ ယာယီငြိမ်း သွားရပါတော့တယ်။

ပထစတွင်း ဦးဗိုလ်သခင် အကွဲကိစ္စကို ယာယီငြိမ်သက်အောင် ကိုင်တွယ်ပြီးတာနဲ့ တဆက်တည်း၊ ဝန်ကြီးချုပ်ဦးနု မကိုင်တွယ်မဖြစ် ကိုင်တွယ်ဖြေရှင်းလာရတဲ့ ကိစ္စကတော့ တရုတ်ဖြူကျူးကျော်ခံရမှုကိစ္စဖြစ် ပါတယ်။ တိုင်းပြည်ရဲ့ အချုပ်အချာအာဏာကို တိုက်ရိုက်ထိပါးခံနေရတဲ့အပြင်၊ မဖုံးနိုင် မဖိနိုင် လူသိရှင်ကြား ကိစ္စဖြစ်နေရတဲ့အပြင်၊ တိုင်းချစ် ပြည်ချစ် အင်အားစုတွေ အားလုံးကလည်း တရုတ်ဖြူဆန့်ကျင်ရေး နယ်ချဲ့ ဆန့်ကျင်ရေးကော်မီတီဖွဲ့ပြီး ဆန့်ကျင်လှုပ်ရှား ထောက်ပြဝေဖန်နေကြတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ လူသိရှင်ကြား ပြန်လည်ပြောဆိုလှုပ်ရှားလာရပါတယ်။ အမေရိကန်သံရုံးရှေ့ လူထုဆန္ဒပြပွဲကြီး လည်း ပေါ်ပေါက်လာခဲ့ရပြီးဖြစ်တဲ့အတွက် အစိုးရအနေနဲ့ 'မဲခေါင်စစ်ဆင်ရေး' နဲ့ ပြန်လည်တိုက်ထုတ် မောင်းနှင်ပစ်နိုင်ဖို့ ကြိုးစားအားထုတ်နေရုံနဲ့ မလုံလောက်တော့ပဲ၊ အစိုးရရဲ့ သဘောထားနဲ့ ဖြေရှင်းမှုကိုပါ ထုတ်ဖော်ရှင်းလင်းမှု လုပ်လာရပါတယ်။ ဦးနုက အမေရိကန်ကို တိတိလင်းလင်း ထုတ်ဖော်ကန့်ကွက်တာ မလုပ်ပဲ၊ ဝေ့ဝိုက်ပြီး ပြောဆိုနေခဲ့ပါတယ်။ အမေရိကန်ငြိုငြင်မှာကို စိုးရွံ့နေတဲ့ သဘောရှိပါတယ်။ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တရုတ်ဖြူကျူးကျော်မှုနဲ့ ပတ်သက်ပြီး ဦးနု က ရှင်းလင်းပြောဆိုတာ လုပ်ပါတယ်။ ဦးနုရဲ့ မိန့်ခွန်းထဲမှာ – "ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ဖော်မိုဆာအစိုးရက အကူအညီပေးနေတဲ့ တရုတ်ဖြူကျူး ကျော်ရေး သမားတွေရဲ့ ထိပါးတိုက်ခိုက်မှုကို အလူးအလဲခံနေရတာဟာ (၁၁) နှစ်တောင်ရှိနေပါပြီ။ တရုတ်ဖြူတွေသုံး နေတဲ့ စစ်ပစ္စည်းတွေဟာ အမေရိကန်ကပဲရရ၊ ဘယ်နိုင်ငံကပဲရရ၊ ဒါကတော့ ကျွန်တော်တို့အတွက် ပြဿ နာကြီးဖြစ်တယ်လို့ မထင်ပါဘူး။ ကျွန်တော်တို့အတွက် အရေးကြီးဆုံးကတော့ ကျွန်တော်တို့ အလူးအလဲ ခံနေကြရတဲ့ အခြေအနေဆိုးကို ရပ်တန်းကရပ်လိုက်ချင်တဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီတော့ အမေရိကန်ပြည် ထောင်စုဟာ ဖော်မိုဆာနဲ့ ဆက်ဆံရင်းနှီးခြင်းရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့ အခြေအနေဆိုးကို ရပ်တန်းက ရပ်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်" လို့ ပြောဆိုသွားပါတယ်။ ဒီမိန့်ခွန်းထဲ မှာပဲ အမေရိကန်သံရုံးရှေ့ ဆန္ဒပြပွဲကြီးနဲ့ ပတ်သက်ပြီး အကြမ်းဖက်မှုရှိတဲ့အတွက် ရှုတ်ချတဲ့ သဘောမျိုး တားမြစ်ချင်တဲ့ သဘောမျိုးလည်း ပြောဆိုသွားပါတယ်။

"ဒီ ဆန္ဒပြပွဲကို စည်းရုံးဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကြောင့် ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို ကျွန်တော်လက်ခံပါတယ်။ သူတို့ရဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကို ကျွန်တော် ချီးမွမ်းပါတယ်။ ဒါပေမယ့် ဥက္ကဋ္ဌကြီးခင်ဗျာ ...သူတို့ရဲ့ ဆန္ဒပြပုံ ပြနည်းဟာတော့ နေရာမကျလှဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။

ကိုယ့်တိုင်းပြည်က လက်ခံထားတဲ့ ဒဿနိကဿနိုင်ငံတွေကို ဦးတည်ပြီး အကြမ်းဖက်တာ မမှန်ဘူး မှားတယ်။ ဒဿနိကနိုင်ငံတွေဟာ အရှေ့အုပ်စုပဲဖြစ်ဖြစ်၊ အနောက်အုပ်စုကပဲဖြစ်ဖြစ်၊ ကြားနေနိုင်ငံတွေကပဲ ဖြစ်ဖြစ် ဒီနိုင်ငံတွေအပေါ်မှာ စည်းလွတ်ကမ်းလွတ် ဥပဒေလွတ်ပြုမူတာကိုတော့ ကျွန်တော်တို့အစိုးရဟာ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့် မနေနိုင်ပါဘူး။ တားမြစ်ရမှာပဲ'' လို့ ဦးနုက ပြောဆိုခဲ့ပါတယ်။

ဦးနုရဲ့ တရုတ်ဖြူကျူးကျော်မှုအပေါ် ဖြေရှင်းပုံ ဖြေရှင်းနည်းနဲ့ သဘောထားကို တိုးတက်တဲ့ နိုင်ငံရေးအင်အားစုများက ဘဝင်မကျဖြစ်ခဲ့ကြပါတယ်။ ဦးနုရဲ့ မိန့်ခွန်းကိုလည်း ပြန်လှန်ဝေဖန် ကန့်ကွက်ခဲ့ကြတာတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် အမတ်ဟောင်း ဗိုလ်မြသွေးက –

''ကျွန်တော်တို့ နိုင်ငံဟာ အမေရိကန်ခေါင်းဆောင်တဲ့ အာရှစစ်အုပ်စုဖြစ်တဲ့ ဆီးတိုးထဲမှာ မပါပါဘူး။ ယိုးဒယား၊ ပါကစ္စတန်၊ တရုတ်ဖြူ စသည်များကို စုစည်းပြီး ဗန်ကောက်မှာ ဌာနချုပ်ထားပြီး ဒီစစ်အုပ်စုကို အမြဲလှုပ်ရှား အားမွေးနေပါတယ်။ အဲဒီတော့ ဆီးတိုးထဲမှာမပါတဲ့ မြန်မာနိုင်ငံမြေပေါ်မှာ တရုတ်ဖြူတပ်တွေချထားခြင်းဖြင့် ကာယကံမြောက် ဆီးတိုးစစ်စခန်းချထားမှုကို လက်ခံရတာပါပဲ'' လို့ ထောက်ပြ ဝေဖန်တဲ့အပြင် ''ဝန်ကြီးချုပ်ဦးနုက တရုတ်ဖြူကျူးကျော်မှုကိစ္စကို သူ့ဆရာ အမေရိကန်ကို တောင်းပန်တိုးရှိုးလိုက်ရင် ကိစ္စပြီးနိုင်တယ်လို့ မြင်နေတယ်။ ဒါတွင်မကသေးဘူး။ တရားခံကို တရားသူကြီး ခန့်ပြီးတောင် အမှုစီရင်ခိုင်းချင်သေးတယ်။'' လို့ ပယ်ပယ်နယ်နယ် ဝေဖန်ခဲ့ပါတယ်။

တရုတ်ဖြူကျူးကျော်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကော်မီတီကလည်း ဝေဖန်ရုံမက တရုတ်ဖြူကျူးကျော်မှုကို တိုက်ထုတ်ကြ၊ အမေရိကန်နယ်ချဲ့ စွက်ဖက်မှုကို ကန့်ကွက်ကြ၊ အမျိုးသားညီညွတ်ရေးတည်ဆောက် ကြဆိုတဲ့ကြွေးကြော်သံကို ချမှတ်ပြီး မတ်လ (၂၄) ရက်နေ့မှာ 'အနုပညာရှင်များသို့ ပန်ကြားချက်' ကို ထုတ်ပြန်လိုက်ပြန်ပါတယ်။ တရုတ်ဖြူတိုက်ထုတ်ရေး၊ အမေရိကန်နယ်ချဲ့ စွက်ဖက်မှု ဆန့်ကျင်ရေးတိုက်ပွဲမှာ အနုပညာရှင်များပါ ပါဝင်လှုပ်ရှားကူညီကြဖို့ အဆိုပြုထားတဲ့ ပန်ကြားချက်ဖြစ်ပါတယ်။

ပန်ကြားချက်နဲ့အညီ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုထဲ ပါဝင်လာကြတဲ့ စာရေးဆရာတွေ ထွက်ပေါ်လာသလို၊ ဂီတနယ်က တေးရေးသူ တေးဆိုသူတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။ တေးသီးချင်းတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

ဦးနုကတော့ တည့်မတ်တဲ့ ကြားနေရေးဝါဒကို ကျင့်သုံးလိုက်နာနေတယ်လို့ ကြွေးကြော်ရင်း အရှေ့အုပ်စုနဲ့ အနောက်အုပ်စုကြား ဘယ်အုပ်စုရဲ့ မျက်နှာအညိုမှ မခံရအောင် ရာဇပရိယာယ်ကို အားကိုးပြီး ပြောဆိုလှုပ်ရှားရပ်တည်ခဲ့ပါတယ်။ တရုတ်ဖြူပြဿနာကိုလည်း 'အမေရိကန်ကို တိုက်ရိုက်တို့ထိ ဝေဖန်မှုမပြုပဲ မေတ္တာရပ်ခံပန်ကြားတဲ့ နည်းမျိုးအသုံးပြုပြီး' ဖြေရှင်းဖို့ ဇောင်းပေးလုပ်ဆောင်ခဲ့ပါတယ်။

၁၉၆၀ ပြည့် ဧပြီလမှ ၁၉၆၁ ခုနှစ်၊ ဧပြီလအထိ ပထစအစိုးရ တနှစ်တာအတွင်း ဝန်ကြီးချုပ်ဦးနု ဦးဆောင်ဖြေရှင်းရတဲ့ ပြဿနာကြီး ၅ ခု ရှိတယ်လို့ အကြမ်းဖျင်း သတ်မှတ်နိုင်ပါတယ်။ ပြဿနာကြီး ၅ ခု ပေါ်ပေါက်ခဲ့တယ်လို့လည်း ယေဘုယျပြောဆိုနိုင်ပါတယ်။ အဲဒါတွေကတော့ အာဏာရ ပထစ အဖွဲ့ကြီးရဲ့ ဦး–ဗိုလ်–သခင် အကွဲပြဿနာ၊ ရခိုင်–မွန်–ချင်းပြည်နယ်ဖွဲ့စည်းပေးရေးပြဿနာ၊ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေးပြဿနာ၊ အခြေခံဥပဒေပြင်ဆင်ရေးပြဿနာနဲ့ တရုတ်ဖြူကျူးကျော်ခံရမှုပြဿနာ ဆိုတဲ့ ပြဿနာကြီး ၅ ခု ပဲဖြစ်ပါတယ်။

ဦးဗိုလ်သခင် အကွဲပြဿနာက ပထစ တွင်း ပါတီတွင်းပြဿနာဖြစ်ပြီး နေရာရလိုမှု ရာထူး အာဏာ အလိုမပြည့်မှုတွေကနေ ဂိုဏ်းဂဏအုပ်စုပွဲ ပြိုင်ဆိုင်ကြရင်း ပါတီတွင်းစည်းလုံးညီညွတ်မှု ပြိုကွဲရတဲ့ ပြဿနာသာဖြစ်ပါတယ်။ ပါတီတွင်းပြဿနာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာနိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေးပြဿနာကတော့ ဝန်ကြီးချုပ်ဦးနုရဲ့ ဗုဒ္ဓဘာသာကို ယုံကြည်ကိုင်းရှိုင်းရာက သာသနာ့ဒါယကာကြီး လုပ်ချင်လွန်းလှတဲ့ စိတ်ဆန္ဒကြောင့်ရော၊ သွယ်ဝိုက်ပြီး မဲဆွယ်စည်းရုံးရာမှာ ပေးခဲ့ရဘူးတဲ့ ကတိကြောင့်ပါ ပေါင်းဆုံပြီး ဖြစ်ပေါ်လာခဲ့ရတဲ့ ပြဿနာဖြစ်ပါတယ်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာဖြစ်ပါတယ်။

ရခိုင်–မွန်–ချင်း ပြည်နယ်ဖွဲ့စည်းပေးရေး ပြဿနာနဲ့ အခြေခံဥပဒေပြင်ဆင်ရေး ပြဿနာကတော့ ပြည်ထောင်စုဆိုင်ရာ ပြဿနာတွေဖြစ်ပါတယ်။ ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာလည်းဖြစ်ပါတယ်။ ဒါလည်း ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် စတင်လမ်း ဖွင့်ပေးလိုက်ပြီးမှ ပိုမိုအသံမြည်လှုပ်ရှားလာခဲ့တဲ့ ပြဿနာဖြစ်ပါ တယ်။ အရင်ကတည်းက ရခိုင် နဲ့ မွန်ဟာ ပြည်နယ်ရရှိရေး ရည်မှန်းချက်အတွက် နိုင်ငံရေးလှုပ်ရှားမှု လက်နက်ကိုင်လှုပ်ရှားမှုတွေ ရှိခဲ့ပေမယ့်၊ ချင်းကတော့ဦးနု ရဲ့ ရခိုင်နဲ့ မွန်ပြည်နယ်ပေးရေး စုံစမ်းရေးကော်မီရှင် တွေ ဖွဲ့စည်းပေးခဲ့၊ လမ်းဖွင့်ပေးခဲ့ပြီးတဲ့နောက်မှ ပေါ်ပေါက်လာခဲ့တဲ့ ပြည်နယ်ရယူလိုမှု ပြဿနာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရခိုင်–မွန် နဲ့ ချင်းတို့ရဲ့ ပြည်နယ်ဖွဲ့စည်းပေးရေး ပြဿနာ တနည်းအားဖြင့် ပြည်နယ်ရယူလိုမှု ပြဿနာဟာ ဦးနုကိုယ်တိုင် လမ်းဖွင့်ပေးမှုကြောင့် ပိုမိုအသံမြည်လာရတဲ့ ပြဿနာဖြစ်ပါတယ်။ ဥပဒေ ဘောင်အတွင်း ကနေ တရားဝင်ပေါ်ပေါက်လာခဲ့ရတဲ့ ပြဿနာသာ ဖြစ်ပါတယ်။ သန့်ရှင်း တည်မြဲ အကဲ့ အနိုင်ရရေးနဲ့ ၆ဝ ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရရှိရေးတွေအတွက် ဦးနုကြေညာပြောဆိုခဲ့ဘူးတဲ့ ကတိကဝတ်၊ မဲဆွယ်စည်းရုံး စကားတွေနဲ့လည်း ပတ်သက်နေခဲ့ပြီး၊ အဲဒီကတိကဝတ်တွေကို ဖြည့်ဆည်းပေးဖို့ လုပ်ကိုင် ဆောင်ရွက်ရာကနေ ပေါ်ပေါက်လာခဲ့တဲ့ ပြဿနာတွေသာဖြစ်ပါတယ်။ ပြည်နယ်တွေဘက်က လှုပ်ရှားမှု တွေဟာလည်း တရားသဖြင့် လှုပ်ရှားမှုတွေသာ ဖြစ်ပါတယ်။

အခြေခံဥပဒေပြင်ဆင်ရေး ပြဿနာဟာလည်း ပြည်နယ်ဖွဲ့စည်းထားမှု ပြဿနာအပေါ်ကနေ အရင်းခံပေါက်ဖွားလာပြီး ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ပြင်ဆင်သင့် တာတွေ ပြင်ဆင်နိုင်ဖို့ စတင်လမ်းဖွင့်ပေးရာကနေ တရားဝင်ပေါ်ပေါက်လာတဲ့ ပြဿနာသာဖြစ်ပါတယ်။ တရားဝင်အဆိုပြု တင်ပြဝေဖန်လှုပ်ရှားလာကြတော့သာဖြစ်ပါတယ်။

တရုတ်ဖြူကျူးကျော်ခံရမှုပြဿနာကတော့ အချုပ်အချာအာဏာကို အထိပါးခံရတဲ့ ပြဿနာ ပြည်ပကျူးကျော်သူတွေရဲ့ ကျူးကျော်မှုကိုခံရတဲ့ ပြဿနာဖြစ်ပါတယ်။ ၁၉၄၉ ခုနှစ်ကတည်းက စတင်ကျူး ကျော်ခံခဲ့ရတာဖြစ်ပြီး၊ ၁၉၆ဝ–၆၁ ထဲမှာ ပြန်လည်ထပ်မံကြီးထွားလာရတဲ့ ပြဿနာဖြစ်ပါတယ်။

ပထစတွင်း ပါတီတွင်း အကွဲပြဿနာကို ဦးနုက သူ့စိတ်တိုင်းကျ အိမ်စောင့်ကော်မီတီဖွဲ့စည်းခွင့် ရရှိခြင်းအားဖြင့် ယာယီငြိမ်သက်အောင် ထိန်းသိမ်းလိုက်နိုင်ပြီး ယာယီဖြေရှင်းထားလိုက်နိုင်ပါတယ်။ ဗုဒ္ဓဘာ သာနိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေး ပြဿနာကတော့ သောင်မတင် ရေမကျဘဲ ဖြစ်နေသေးတဲ့ ရှေ့တိုးလဲရ နောက်ဆုတ်လဲရ။ ဦးနုအပေါ် ပဲ အဓိကတည်နေတဲ့ ပြဿနာဖြစ်ပါတယ်။

ပြည်နယ်များဖွဲ့စည်းရေးပြဿနာနဲ့ အခြေခံဥပဒေပြင်ဆင်ရေး ပြဿနာကတော့ 'ပြည်ထောင်စု' စနစ်ပြဿနာနဲ့ တနိုင်ငံလုံးဆိုင်ရာပြဿနာဖြစ်ပါတယ်။ ပြည်နယ်ဖွဲ့စည်းရေးပြဿနာမှာ ရခိုင်၊ မွန်တို့ အတွက် ပြည်နယ်ဖွဲ့စည်းပေးရေးကို အစိုးရက အခြေခံအားဖြင့် မူအားဖြင့် သဘောတူထားပြီး ဖြစ်ပါတယ်။ အဆင့် (၃) ဆင့်အားဖြင့် ဖွဲ့စည်းပေးမယ်လို့ တရားဝင်ကြေညာပြောဆိုပြီး ဖြေရှင်းထားပြီးပြီဖြစ်ပါတယ်။ ချင်းအတွက်လည်း စဉ်းစားထားပြီးပြီ ဖြစ်ပါတယ်။

အခြေခံဥပဒေပြင်ဆင်ရေးပြဿနာအတွက် ရှမ်းပြည်က တင်သွင်းလာတဲ့ 'ရှမ်းမူ' တနည်းအားဖြင့် ပြည်ထောင်စုစစ်မှုကိုလည်း စတင်စဉ်းစား သုံးသပ်နေကြပြီး ဖြေရှင်းရေးခြေလှမ်းတွေကို စတင်လုပ်ကိုင် ဆောင်ရွက်နေကြပြီလို့ သတ်မှတ်ပြောဆိုနိုင်ပါတယ်။

တရုတ်ဖြူကျူးကျော်ခံရမှုပြဿနာကိုတော့ ဦးနုအစိုးရဟာ အမေရိကန်ကို မေတ္တာရပ်ခံရင်း သံခင်းတမန်ခင်းနည်းနဲ့ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေရဆဲသာဖြစ်ပါတယ်။ တဖက်က စစ်ရေးနည်းနဲ့ ပြန်လည်တိုက်ထုတ်ရေးကိုလည်း မလွှဲမရှောင်သာ ဆောင်ရွက်နေရင်း၊ အပြီးအပိုင်ဖြေရှင်းနိုင်ရေးဆီ မျှော်လင့်ရည်ရော်နေခဲ့ပါတယ်။ ဘက်တဖက်ကကြည့်ရင် ဖြစ်ပေါ်တည်ရှိနေတဲ့ ပြဿနာတွေကို နည်းအမျိုးမျိုးနဲ့ ရင်ဆိုင်ဖြေရှင်းနေပါတယ်။

အခြားဘက်တဖက်က ကြည့်မယ်ဆိုရင်တော့ ဘာပြဿနာကိုမှ ပြီးပြတ်အောင် အောင်အောင်မြင်မြင် ဆောင်ရွက်ရခြင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့ရတဲ့ ပြည်တွင်းစစ်ကြီးကလည်း ဆက်လက်တောက်လောင်နေဆဲဖြစ်ပြီး၊ တရားမျှတတဲ့ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးဟာ အလှမ်းဝေးမြဲ ဝေးနေရဆဲဖြစ်ပါတယ်။ ပြည်တွင်းစစ်ကြီးကို တရားသဖြင့် အဆုံးမသတ်ချင်သူတွေ တပ်တွင်း တပ်ပြင် အစိုးရအဖွဲ့တွင်း အဖွဲ့ပြင် ရှိမြဲရှိနေဆဲဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကိုယ်စားလှယ်တွေနဲ့ 'ရပလဖ' အဖွဲ့ဝင်တွေက အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး စာတမ်းတွေတင်ကြ 'မူ' တွေ ဖော်ထုတ်ကြနဲ့ လှုပ်ရှားဆောင်ရွက်နေကြတုန်းမှာ အစိုးရက ဒေါက်တာဘဦး၊ ဒေါက်တာသိန်းမောင်၊ ဦးအုံးဖေ၊ ဦးချစ်သောင်း တို့ပါဝင်တဲ့ နိုင်ငံတော်အကြံပေးအဖွဲ့ကို ပြည်ထောင်စုမူ (ရှမ်းမူ) ကိုလေ့လာပြီး အစိုးရအဖွဲ့ကို အကြံဉာဏ်ပေးဖို့ ဧပြီလ (၂၇) ရက်နေ့မှာ တာဝန်ပေးအပ်ပါတယ်။ အကြံပေးအဖွဲ့က ရှမ်းပြည်နယ်ဥက္ကဋ္ဌ စပ်ခွန်ချို၊ အခြားပြည်နယ်ဥက္ကဋ္ဌများ၊ အစိုးရကိုယ်စားလှယ်များ၊ ပြည်နယ် ပြည်မက နိုင်ငံရေးအဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များကို ဖိတ်ခေါ်တွေ့ဆုံဆွေးနွေး အကြံဉာဏ်ယူတာတွေ လုပ်ကိုင်ဆောင်ရွက်ပါတယ်။

၁၉၆၁ ခုနှစ်၊ မေလတွင်းမှာပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရဝန်ကြီးများ အစည်းအဝေးကလည်း 'ချင်းဝိသေသတိုင်း' ကို ပြည်နယ်တနယ်အဆင့် မြှင့်တင်ဖို့နဲ့ ၁၉၆၁–၆၂ ဘဏ္ဍာရေးနှစ်ကစပြီး ဘဏ္ဍာရေးအာဏာ ပိုပေးဖို့ ဆုံးဖြတ်ပါတယ်။ အဲဒီအတွက် အကြံပေးကော်မီတီတရပ်ကိုလည်း ဖွဲ့စည်းပေးပါတယ်။ ကော်မီတီက သက်ဆိုင်ရာ ချင်းခေါင်းဆောင်တွေကို ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးတာတွေ စတင်လုပ်ဆောင်ပါတယ်။

၁၉၆၁ ဇွန် (၈) ရက်ကနေ (၁၆) ရက်နေ့အထိ တောင်ကြီးမြို့မှာ ပြည်နယ်ပေါင်းစုံညီလာခံကြီး ကျင်းပပါတယ်။ ရှမ်းပြည်နယ်အစိုးရက ဦးဆောင်ပြီး ကျင်းပတာဖြစ်ပါတယ်။ ပြည်နယ်အသီးသီးက ခေါင်းဆောင်တွေကို ဖိတ်ကြားပါတယ်။ မကြာမီ ပြည်နယ်ရတော့မယ့် ရခိုင်နဲ့ မွန် ခေါင်းဆောင်တွေကိုလည်း ဖိတ်ကြားပါတယ်။ ရပလဖနဲ့ ဗမာကိုယ်စားလှယ်တွေကိုတော့ မဖိတ်ကြားဘူးလို့ဆိုပါတယ်။ ရပလဖ က ဦးထွန်းမြ၊ ဦးခန်းနဲ့ ဦးအောင်သန်းတို့ကိုပဲ ပုဂ္ဂိုလ်ရေးအရ ဖိတ်ကြားခဲ့တဲ့အတွက် ရပလဖ ကလည်း မတက်ရောက်ပဲနေခဲ့တယ် ဆိုပါတယ်။ ချင်းခေါင်းဆောင်တွေကိုလည်း ဖိတ်ကြားခဲ့ပါတယ်။

အဲဒီတောင်ကြီးညီလာခံကြီးမှာ ရှမ်းပြည်နယ်က တင်သွင်းခဲ့တဲ့ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းအပေါ် ထပ်မံဆွေးနွေးညှိနှိုင်းတာတွေလုပ်ကြပါတယ်။ အဲဒီညီလာခံကြီးအတွင်းမှာ 'ပြည်နယ် ရသင့်ရထိုက်သည့် အရည်အချင်းနှင့် ပြည့်စုံသည့် မွန်၊ ရခိုင်၊ ချင်း လူမျိုးများ ဆန္ဒပြင်းပြစွာဖြင့် လိုလားတောင်းဆိုလျက်ရှိသော ပြည်နယ်များကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် ပြည်ထောင်စုနိုင်ငံတော်အစိုးရအား ဤညီလာခံကြီးက တိုက်တွန်းကြောင်း' ဆိုတဲ့အဆိုကို ကချင်ပြည်နယ်ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးဇန်ထားဆင် က တင်သွင်းခဲ့ပါတယ်။ ဦးဇန်ထားဆင် ရဲ့အဆိုကို ညီလာခံကြီးက ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုခဲ့ပါတယ်။

ညီလာခံကြီးအတွင်းမှာ 'ပြည်နယ်များညီညွတ်ရေးအဖွဲ့' ရဲ့ 'ယာယီအမှုဆောင်အဖွဲ့' ကိုလည်း ဖွဲ့စည်းခဲ့ကြပါတယ်။ ဥက္ကဋ္ဌအဖြစ် စပ်ခွန်ချို၊ ဒုဥက္ကဋ္ဌများအဖြစ် စပ်ဝဏ္ဏ (ကယား)၊ ဒူဝါခွန်ဖုံး (ကချင်)တို့ ပါဝင်တဲ့ အမှုဆောင်အဖွဲ့ဖြစ်ပါတယ်။ ညီလာခံနောက်ဆုံးနေ့ဖြစ်တဲ့ (၁၆) ရက်နေ့မှာ အဆို (၅) ခုကို တင်သွင်း အတည်ပြုခဲ့ကြပါတယ်။ အဓိကအကျဆုံး အဆိုကတော့ 'ရှမ်းပြည်နယ်မူကို အခြေပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပါရန် နိုင်ငံတော်အစိုးရအား တောင်းဆိုကြောင်း' ဆိုတာဖြစ်ပါတယ်။

အခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ကြဖို့ အဆိုများတင်သွင်းကြပါလို့ ပြည်ထောင်စုအစိုးရက ဖိတ်ခေါ် လမ်းဖွင့်ပေးလိုက်တဲ့အပေါ် ထွက်ပေါ်လာခဲ့တဲ့ အဆိုဖြစ်ပါတယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုရင် တောင်ကြီးညီလာခံကြီးကနေ ထွက်ပေါ်လာခဲ့တဲ့ အခြေခံဥပဒေပြင်ဆင်ရေးမူဟာ 'ဖယ်ဒရယ်မူ' ဆိုတာ ဖြစ်ပါတယ်။ ရှမ်းပြည်ကနေ စတင်ခဲ့တာဖြစ်တဲ့အတွက် 'ရှမ်းမူ' လို့လည်းခေါ်ခဲ့ကြပါတယ်။

ပထမဆုံး ရှမ်းပြည်နယ်က တင်သွင်းခဲ့တဲ့ ရှမ်းမူဟာ တောင်ကြီးပြည်နယ်ပေါင်းစုံညီလာခံကြီးကို ဖြတ်သန်းပြီးတဲ့အခါ ပြည်နယ်ပေါင်းစုံကလည်း အခြေခံအားဖြင့် လက်ခံသဘောတူလိုက်တဲ့ 'မူ' အဆင့်ကို တဆင့်တက်သွားပါတယ်။

ဒီလို တိုင်းရင်းသားလူမျိုးစုများ ပြည်နယ်များရဲ့ တရားသဖြင့်လှုပ်ရှားမှုတွေ တောင်းဆိုတင်ပြမှုတွေ ဖြစ်ပေါ်လာနေချိန်မှာ (၁၃) နှစ်ကျော် ကြာမြင့်နေပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီးကို တရားသဖြင့် ရပ်စဲပစ်နိုင်ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော တို့ ခေါင်းဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကလည်း ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကို အားကြိုးမာန်တက် ဆက်လက်လုပ်ဆောင်လာကြပါတယ်။ ရန်ကုန်ခရိုင် ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီးတဲ့နောက် မြို့နယ်၊ တိုက်နယ် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ဖို့ တပြည်လုံးရှိ ဒေသအသီးသီးမှာ ခရိုင်မြို့နယ် ငြိမ်းချမ်းရေးအဖွဲ့ခွဲများ ပေါ်ပေါက်ဖို့ လုံးပမ်းအားထုတ် ပြင်ဆင်လာကြပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မီတီကြီးက နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ရွက်ဆောင်နေသလို ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကလည်း ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်ရင်း ဒီမိုကရေစီရေး အမျိုးသားသွေးစည်းညီညွတ်ရေးကိစ္စတွေကို သဘောထားဖော်ထုတ် မီးမောင်းထိုးပြတာတွေ လုပ်ဆောင်နေခဲ့ပါတယ်။ လူမျိုးစုပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းရေးကိုပါ မမေ့မလျော့ တင်ပြခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုက ဩဂုတ်လ (၁၅) ရက်နေ့မှာ ပါလီမန်မိန့်ခွန်းတခု ပေးခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီတည်ဆောက်ရေး၊ အမျိုးသားညီလာခံခေါ်ဆို ကျင်းပရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေ ထည့်သွင်းပြောဆိုသွားပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးက ဝန်ကြီးချုပ်ဦးနု ရဲ့ မိန့်ခွန်းကို ဝေဖန်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ငြိမ်းချမ်းရေးသဘောထားဟာ အပြုတ်တိုက်ရေး လက်နက်ချရေးနည်းအပေါ်မှာပဲ ရပ်တည်နေသေးတဲ့အကြောင်း ထောက်ပြလိုက်ပြီး နိုင်ငံတကာပြဿနာတွေကိုတောင် ဆွေးနွေးဖြေရှင်းတဲ့နည်းနဲ့ ပြေလည်နိုင်တယ်လို့ ဝန်ကြီးချုပ်ရဲ့စကားအရ ယုံကြည်တယ်ဆိုရင် ပြည်တွင်းပြဿနာတွေကိုလည်း ဆွေးနွေးဖြေရှင်းကြရင် မပြေလည်နိုင်စရာအကြောင်းမရှိတဲ့အကြောင်း၊ ဒါကြောင့် ဆွေးနွေးကြဖို့ တိုက်တွန်းနိုးဆော်ကြောင်း ဖော်ပြခဲ့ပါတယ်။ "ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဟာ ပွဲစားမဟုတ်၊ နှစ်ဖက်ကြားက ဆောင်ရွက်တဲ့အဖွဲ့လဲမဟုတ်၊ ပြည်သူလူထုအကျိုးနဲ့ ကိုက်ညီတဲ့ ငြိမ်းချမ်းရေးကို ရရှိစေဖို့ ပြည်သူလူထုကို အခြေခံပြီး ဆောင်ရွက်သွားမယ့် အဖွဲ့ဖြစ်တယ်" လို့လဲ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးရဲ့ ရပ်တည်ချက်ကို တရားဝင် ထုတ်ဖော်ခဲ့ပါတယ်။

၁၉၆၁ ခုနှစ်၊ ဩဂုတ်လထဲမှာ 'ဗုဒ္ဓဘာသာနိုင်ငံတော်ဘာသာပြဋ္ဌာန်းရေး' ကိစ္စအပေါ်မှာ မကျေနပ်နိုင်သဘော မတူနိုင်တဲ့ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသင့် သလားဆိုတဲ့ မေးခွန်းအပေါ် ငြင်းခုံဆွေးနွေးကြမှုတွေ ထောက်ခံကြမှု၊ ကန့်ကွက်ကြမှုတွေလည်း ပေါ်ပေါက်မြင့်တက်လာခဲ့ပါတယ်။ ဩဂုတ်လ (၁၁) ရက်နေ့မှာ ပြည်မနဲ့ ပြည်နယ်များက ခရစ်ယာန်ဘာသာဝင်တွေ အစ္စလာမ်ဘာသာဝင်တွေ၊ နတ်ကိုးကွယ်သူတွေ (ဗုဒ္ဓဘာသာမဟုတ်တဲ့ ဗမာ၊ ချင်း၊ ကချင်၊ ကရင်တွေ) စုဝေးတိုင်ပင်ကြပြီး တိုင်းရင်းသားဘာသာရေး လူနည်းစုပေါင်းစုံ မဟာမိတ်အဖွဲ့ ဖွဲ့စည်းတည်ထောင်ကြကာ ဆန္ဒပြကန့်ကွက်ပွဲတွေ ကျင်းပပြုလုပ်လာကြပါတယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းစေချင်တဲ့ ဆန္ဒကို ပွင့်ပွင့်လင်းလင်း ဖော်ပြကန့်ကွက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဦးနုကတော့ သူ့ရဲ့ စိတ်ဆန္ဒအတိုင်း ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းနိုင်ဖို့ အစစပြင်ဆင်ပြီးပြီဖြစ်ပါတယ်။ ပါလီမန်မှာ နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေးကို ရခိုင်နဲ့ မွန်တို့က ကန့်ကွက်မယ်ဆိုရင် ရခိုင်နဲ့ မွန်ပြည်နယ်ပေးမယ်ဆိုတဲ့ မိမိကတိကို ပြန်လည်ရုတ်သိမ်းရမယ်လို့ ဦးနုက ပြောသလိုလို အသံထွက်လာခဲ့သလို ရှမ်းနဲ့ ကယားတွေက နိုင်ငံတော်ဘာသာကိစ္စကို အကြပ်ကိုင်လာရင်တော့ သူတို့ရဲ့ ဖက်ဒရယ်မှုကိစ္စကိုလည်း မိမိဆက်ပြီး ဆွေးနွေးမှာမဟုတ်လို့ ဦးနုက ခြိမ်းခြောက်သလိုလိုလည်း ပြောသံ ဆိုသံ ကောလဟာလတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဖက်ဒရယ်မှုကိစ္စကို ထောက်ခံထားရတဲ့ ချင်း၊ ကချင်၊ ကရင်တို့ကလည်း ရှမ်းနဲ့ ကယားဟာ ပါလီမန်မှာ နိုင်ငံတော်ဘာသာ ဥပဒေကြမ်းကို ကန့်ကွက်ရာမှာ သူတို့နဲ့အတူ ပူးပေါင်းလာကြလိမ့်မယ်လို့ မျှော်လင့်နေကြတယ်ဆိုတဲ့ သတင်းပတင်းမျိုးတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။ ဖက်ဒရယ်မှုနဲ့ နိုင်ငံတော်ဘာသာကိစ္စကို ဆက်စပ်ပြောဆို ထင်ကြေးပေးကြတာတွေလည်းရှိခဲ့ပါတယ်။ ဒါပေမယ့် တိတိကျကျ လက်ဆုပ်လက်ကိုင်ပြနိုင်မှုတော့ တခုမှမရှိခဲ့ပါ။

၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့မှာ လူမျိုးစုလွှတ်တော်ရော ပြည်သူ့လွှတ်တော်ပါ လွှတ်တော်နှစ်ရပ်စုံ ပါဝင်တဲ့ ပါလီမန်အစည်းအဝေး ကျင်းပချိန်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (၁) ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလိုက်ပါတယ်။

ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် သက်ကြီးရွယ်အို တော်တော်များများကတော့ ဦးနုရဲ့ ဒီလုပ်ဆောင်ပြဋ္ဌာန်းချက်ကို သာဓုခေါ် ကြပါတယ်။ ကျေနပ်အားရဖြစ်ကြပါတယ်။ နိုင်ငံရေးအမြော်အမြင်ရှိတဲ့ ဗုဒ္ဓဘာသာ ဝင်တချို့နဲ့ ဗုဒ္ဓဘာသာဝင် မဟုတ်သူများကတော့ ဒီပြဋ္ဌာန်းချက်အပေါ် တော်တော်ကသိကအောက် ဖြစ်ကြပါတယ်။ မကျေမလည်ဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုတွေကြားမှာ ဆန့်ကျင်ကန့်ကွက်ကြသံတွေ ဟိုက သည်က နယ်ပယ်ပေါင်းစုံကနေ ထွက်ပေါ်လာရပါတော့တယ်။ အကျိုးဆက်တခုကတော့ ကချင်ပြည်နယ်မှာ ကေအိုင်အေ (KIA) ကချင်လွတ်မြောက်ရေးတပ်မတော် လှုပ်ရှားမှုကြီး ဟုန်းခနဲ ပိုမိုကြီးမားကျယ်ပြန့် တိုးတက်လာရခြင်းပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းမှုနဲ့တဆက်တည်း နိုင်ငံတော်ဘာသာ သာသနာ ချီးမြှင့်ထောက်ပံ့ရေး အက်ဥပဒေနဲ့ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆရာအတတ်သင်ကောလိပ်များမှာ ဗုဒ္ဓတရားစာပေများကို သင်ကြားစေခြင်း၊ ဗုဒ္ဓဘာသာတရားတော်တွေကို ဥပုသ်နေ့တွေမှာ အသံလွှင့်စေခြင်းတွေကို ပြဋ္ဌာန်းလုပ်ဆောင်စေခဲ့ပါတယ်။ ဥပုသ်နေ့တွေမှာ အစိုးရနဲ့ ဒေသန္တရအာဏာပိုင်ရုံးတွေ ပိတ်ကြဖို့ အရက်ဆိုင်တွေ ဥပုသ်နေ့မှာ ပိတ်ထားကြဖို့၊ သားသတ်ရုံတွေ အခါကြီးနေ့ကြီးတွေမှာ ပိတ်ထားကြဖို့ ဆိုတာတွေကိုလည်း ပြဋ္ဌာန်းလုပ်ဆောင်စေခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင်မဟုတ်သူတွေရဲ့ မကျေနပ်မှု၊ စိုးရိမ်ထိတ်လန့်မှုတွေ ကြီးထွားလာပါတယ်။ အဲဒါ

ကြောင့် ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ ပြည်သူတွေရဲ့ စိုးရိမ်ထိတ်လန့် မကျေနပ်မှုတွေ ပပျောက်သွားရအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အစိုးရက 'စတုတ္ထပြင်ဆင်ချက်ဥပဒေ' ဆိုတာကို ဆက်လက်ထုတ်ပေးရပါတယ်။

"ကျောင်းများတွင် မိဘများ၏ ကြိုတင်သဘောတူညီချက်မရဘဲ ကျောင်းသားသူငယ်များအား ယင်းတို့၏ မိဘကိုးကွယ်သော၊ ဘာသာမဟုတ်သော ဘာသာကို မသင်ကြားရဟု ပိတ်ပင်သည်။ ဘာသာ သာသနာ အရပ်ရပ်ကိုလည်း အစိုးရက ကာကွယ်စောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းသည်။" ဆိုတာဖြစ်ပါတယ်။

အဲဒီလို စတုတ္ထပြင်ဆင်ချက် ဥပဒေ ထပ်မံထုတ်ပြန်လာတာကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေက မကြေမနပ်ဖြစ်ကြပါတယ်။ ဦးနု ရှုံ့ချီ နုပ်ချီ လုပ်တယ်ဆိုပြီး စက်တင်ဘာ (၁၇) ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနု အိမ်ကိုဝိုင်းပြီး ဆန္ဒပြကြပါတယ်။ စက်တင်ဘာ (၂၅) ရက်မှာတော့ ရဟန်းသံဃာတွေ အများအပြားဟာ လွှတ်တော်နဲ့ အတွင်းဝန်ရုံးကြီးကို ဝိုင်းပြီး အပြင်းအထန်ကန့်ကွက် ဆန္ဒပြကြပါတယ်။ လက်နက်ကိုင်ရဲသား နှစ်ထောင်လောက်ချပြီး ကာကွယ်ထိန်းသိမ်းခဲ့ရပါတယ်။

အဲဒီလိုအဖြစ်အပျက်တွေ တိုင်းပြည်မှာ ပေါ်ပေါက်နေချိန်မှာ၊ စစ်တပ်ထိပ်သီးကြီးတချို့က စစ်တပ်က အာဏာပြန်အပ်ခဲ့ရတာအပေါ် မချင့်မရဲ ဖြစ်နေခဲ့ကြပါတယ်။ အထူးသဖြင့် အာဏာမျှော်မှန်းချက်ကြီးလွန်းလှတဲ့ ကိုယ်တိုင်လည်း ဝန်ကြီးချုပ်လုပ်ခဲ့ရဖူးပြီး ဝန်ကြီးချုပ်တယောက်ရဲ့ အရသာ၊ နံပါတ်တစ်နိုင်ငံ့ ခေါင်းဆောင်တယောက်ရဲ့ အရသာကို မြည်းစမ်းစားသုံးခွင့် ကြုံခဲ့ဖူးပြီးဖြစ်တဲ့၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအဖို့ ပိုပြီး အိပ်မက်မက်စရာ၊ ပိုပြီး လွမ်းမောစရာတွေ ဖြစ်နေခဲ့ပါတယ်။ သူသာ နိုင်ငံ နံပါတ်တစ် ခေါင်းဆောင်ဖြစ်တယ်ဆိုတာ ပြချင်လွန်းနေသလား ဒါမှမဟုတ် ဝန်ကြီးချုပ်ဆိုတဲ့ အရှိန်အိပ်မက် မကုန်ဘဲ ဖြစ်နေလို့လား မပြောတတ်ပါ။ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ (၁) ရက်နေ့ တရုတ် မြန်မာနယ် နိမိတ်စာချုပ် လက်မှတ်ရေးထိုးပွဲအတွက် ဝန်ကြီးချုပ်ဦးနုနဲ့အတူ တရုတ်ပြည်ကို သွားရောက်ခဲ့ကြရာမှာ အိမ်ရှင်နိုင်ငံက ဗမာခေါင်းဆောင်တွေအတွက် စီးဖို့ မော်တော်ကားတွေ အသင့်စီစဉ် ပြင်ဆင်ပေးထားရာမှာ၊ ဝန်ကြီးချုပ်ဦးနုအတွက် လျာထားပြင်ဆင်ထားတဲ့ ရှေ့ဆုံးက မော်တော်ကားကို ဗိုလ်ချုပ်ကြီးနေဝင်းက အရင်တက်စီးပစ်လိုက်တယ်ဆိုပါတယ်။ အိမ်ရှင်နိုင်ငံက ခေါင်းဆောင်များကတောင် အံ့အားသင့်သွားခဲ့ကြရတယ်လို့ဆိုပါတယ်။ ဦးနုအပါအဝင် အတူလိုက်ပါသွားကြသူတွေလည်း မှင်သက်မိသွားရပြီး အိနြေ္ဒမပျက် ဆက်ပြီး စီးနင်းလိုက်ပါသွားခဲ့ကြရတယ်လို့ အဆိုရှိပါတယ်။

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလထဲမှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မတော်ရဲ့ စစ်တိုင်းဌာနချုပ်များကို ပြင်ဆင်ဖွဲ့စည်းတာလုပ်ပါတယ်။

(က) အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကို အရင်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အမှတ် (၁) တပ်မဌာနချုပ်၊ အမှတ် (၁) နဲ့ အမှတ် (၁၀) ခြေလျင်တပ်မဟာဌာနချုပ်တွေ ဖျက်သိမ်းပြီး အဲဒီအင်အားတွေ အခြေခံကာ မန္တလေးမှာ ဖွဲ့စည်းခဲ့ပါတယ်။

(ခ) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အဖြစ် အမှတ် (၄) (၆) (၉) ခြေလျင်တပ်မဟာတွေ ဖျက်သိမ်းပြီး အဲဒီအင်အားတွေနဲ့ တောင်ကြီးမြို့မှာ ဖွဲ့စည်းခဲ့ပါတယ်။

(ဂ) အရှေ့တောင်တိုင်းစစ်ဌာနချုပ်အဖြစ် အမှတ် (၃)(၅)(၁၃) တပ်မဟာတွေ ဖျက်သိမ်းပြီး အဲဒီ အင်အားတွေနဲ့ မော်လမြိုင်မြို့မှာ ဖွဲ့စည်းခဲ့ပါတယ်။

(ဃ) အနောက်တောင်တိုင်း စစ်ဌာနချုပ်အဖြစ် အမှတ် (၈)(၁၂) ခြေလျင်တပ်မဟာဌာနချုပ်တွေ ဖျက်သိမ်းပြီး အဲဒီအင်အားတွေနဲ့ ပုသိမ်မြို့မှာ ဖွဲ့စည်းပါတယ်။

(င) အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အဖြစ် အရင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ တပ်မဟာ (၂)ကို ဖျက်သိမ်းပြီး အဲဒီအင်အားတွေနဲ့ မင်္ဂလာဒုံမှာ ဖွဲ့စည်းခဲ့ပါတယ်။

(စ) အမှတ် (၇) ခြေလျင်တပ်မဟာကို မြစ်ကြီးနားမှာ ဆက်ထားပြီး အမှတ် (၁၁) ခြေလျင်တပ်မဟာကို ဖားအံမှာ ဆက်လက်ထားရှိခဲ့ပါတယ်။

စစ်တပ်ဟာ အင်အားအရ ခိုင်မာတောင့်တင်းတဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်သလို စီးပွားရေးအရလည်း တောင့်တင်းအားရှိနေပြီဖြစ်ပါတယ်။ တပ်တွင်းမှာရှိခဲ့တဲ့ လက်ဝဲအင်အားစုတွေကို ဖယ်ရှားပြီးခဲ့ပြီးဖြစ်သလို နောက်ဆုံးကျန်ရှိနေတဲ့ ဆိုရှယ်လစ်လက်ကျန်တပ်မှူးကြီးတချို့ကိုလည်း (၆၀) ခုနှစ်၊ ရွေးကောက်ပွဲဘက်လိုက်မှုကို အကြောင်းပြပြီး ဖယ်ရှားရှင်းလင်းပစ်ခဲ့ပြီးပြီ ဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်တင်ဖေ တို့လောက်သာ ကျန်ပါတော့တယ်။ တခုလုံးအနေအထားအရပြောရရင် ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက် ဗိုလ်ချုပ်ကြီးနေဝင်း တလက်ကိုင်မွေးမြူထားခဲ့တဲ့ စစ်တပ်သဘော အပြည့်အဝ ပုံပေါ်နေပြီဖြစ်ပါတယ်။

အာဏာရနိုင်ငံရေးပါတီကြီးဖြစ်တဲ့ 'ပထစ' ကလည်း ဦး–ဗိုလ်–သခင် အုပ်စုကွဲနေသလို ဖဆပလ၊ ပမညတ စတဲ့ မြေပေါ်နိုင်ငံရေးအင်အားစု အဖွဲ့အစည်းတွေကလည်း စုစုစည်းစည်း ညီညီညွတ်ညွတ်မရှိကြတဲ့အပြင် စစ်တပ်ရဲ့အန္တရာယ်ကို ဘယ်အဖွဲ့အစည်းကမှ အလေးအနက်မထားခဲ့ကြပါ။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုလည်း ပထစ၊ ဖဆပလ၊ ပမညတ တွေအားလုံးက အင်မတန်ယုံကြည်လှပါကြောင်း အသွင်အမျိုးမျိုးနဲ့ ဖော်ပြ ဂုဏ်တင်ထားခဲ့ကြပါတယ်။ ဦးနုကိုယ်တိုင်ကလည်း ဗိုလ်ချုပ်ကြီးနေဝင်း ကို ယုံကြည်နေခဲ့ပါတယ်။

စစ်ဘတ်ဂျက်ကတော့ တနှစ်ထက်တနှစ် ထိုးတက်လာနေခဲ့တဲ့အတွက် ဘတ်ဂျက်လိုငွေကို ကာမိအောင် အစိုးရက အခွန်ကောက်တွေ တိုးကောက်လာရပါတယ်။ ပြည်တွင်းစစ်အစမှာ ပြည်သူတွေအပေါ်တိုက်ရိုက်ကောက်ခံခဲ့တဲ့ အခွန်အကောက်ဟာ ( ၅၃ ကုဋေ ) ကျော်ပဲရှိရာက၊ ၆၁– ၆၂ ဘဏ္ဍာရေးနှစ်အတွက် (၁၁၂ ကုဋေ) အထိ တိုးပြီးကောက်ခံဖို့ လျာထားလုပ်ဆောင်လာရပါတယ်။ နှစ်ဆကျော်တိုးပြီးကောက်ခံလာရတဲ့ သဘောဖြစ်ပါတယ်။ ပြည်တွင်းအခွန်အကောက်တွေတိုးပြီး ကောက်ခံလာရတဲ့အတွက်ကုန်ဈေးနှုန်းတွေ ပိုပြီးကြီးလာရပါတယ်။

ပြည်တွင်းလက်နက်ကိုင်အင်အားစုဖြစ်တဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ အနေအထားကတော့ အဖွဲ့အစည်းတိုင်းလိုလို ဆုံးရှုံးမှုတွေ ကြီးမားခဲ့ရပြီး အကြပ်အတည်းတွေအသီးသီး ကြုံတွေ့ရင်ဆိုင်နေချိန်ဖြစ်ပါတယ်။ အစိုးရ အဆက်ဆက်ရဲ့ အပြုတ်တိုက်ရေး စစ်ဆင်ချေမှုန်းမှုတွေရဲ့အောက်မှာ အဆုံးအရှုံးတွေကြီးခဲ့ကြရသလို (၅၈) ခုနှစ် လက်နက်နဲ့ဒီမိုကရေစီလဲလှယ်ရေး မှိုင်းတိုက်မှုတွေအောက်၊ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး၊ ဥပဒေဘောင်အတွင်းဝင်ရေး အမျိုးမျိုးသော လိမ်ညာမှိုင်းတိုက်မှုတွေအောက်မှာလည်း ပြိုကွဲဆုံးရှုံးရမှုကြီးတွေ ပေါ်ခဲ့ပါတယ်။ ကိုယ့်အင်အားတွေကို ကိုယ်ဆက်လက်ထိန်းသိမ်းတည်ဆောက်ရင်း အကြပ်အတည်းပေါင်းစုံကြားမှာ ရုန်းကန်တိုက်ပွဲဝင်နေကြရတဲ့ အနေအထားသာ ဖြစ်ပါတယ်။ ဘယ်တော်လှန်ရေးလက်နက်ကိုင်အင်အားစုကမှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ရယူနိုင်မယ့် အနေအထား မရှိပါ။

တပြည်လုံးမှာ အကြီးဆုံးသော လက်နက်ကိုင်အင်အားစုကြီးကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးမွေးမြူကိုင်တွယ်ထားတဲ့ အစိုးရတပ်ကြီးပဲ ဖြစ်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံးပေါင်းရဲ့ စုစုပေါင်းအရေအတွက်အင်အားထက် အဆပေါင်းများစွာကြီးနေတဲ့ စစ်တပ်အင်အားစုကြီးဖြစ်နေပါတယ်။ တိုင်းပြည်ရဲ့ ဘတ်ဂျက်အသုံးစရိတ် စုစုပေါင်းရဲ့ ရာခိုင်နှုန်းအများဆုံးကို စစ်တပ်က သုံးစွဲစား

သောက်ပစ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ တပြည်လုံးရဲ့ ဘဏ္ဍာငွေအများဆုံးကို ရယူသုံးစွဲနေရုံမက အား လုံးရဲ့ မျက်နှာသာပေးမှုကိုပါ ရရှိနေပြီး တနေ့တခြား သြဇာအရှိန်အဝါ ကြီးမားလာနေပါတယ်။ အဲဒီလို ဖြစ်နေတဲ့ စစ်တပ်ကြီးရဲ့အနေအထားကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ ကာကွယ်ရေးဝန်ကြီးလုပ်တဲ့သူက စစ်မှုမထမ်းမနေရ ဥပဒေ **(National Service Act)** တရပ် ပါလီမန်မှာ တင်သွင်းပြဋ္ဌာန်းနိုင်ဖို့ အစပြုလုပ် ဆောင်တယ်ဆိုပါတယ်။ စစ်တပ်တွင်းရှိ ဗိုလ်မှူးချုပ်တင်ဖေ က မခံမရပ်နိုင်ဖြစ်ပြီး သူ့တပ်က အရာရှိတွေကို ခေါ်ပြီး "ဒို့ တပ်မတော်ကို ဖျက်ဖို့လုပ်နေပြီ၊ ဒို့တပ်မတော်တော့ အဖျက်မခံနိုင်ဘူး၊ ငါတို့တော့ တခုခုတော့ လုပ်ရမယ်" လို့ပြောတာ ဆိုတာတွေ လုပ်တယ်ဆိုပါတယ်။ 'ကာကွယ်ရေးဝန်ကြီးက တပ်မတော်ကိုဖျက်ပြီ" လို့ ပုသိမ်သွားပြီး ရင်ဘတ်စည်တီး ပြောဆိုသလို လာရှိုး၊ တောင်ကြီး တို့မှာလည်း လိုက်လံပြောဆိုခဲ့တယ် ဆိုပါတယ်။ ကာကွယ်ရေးဝန်ကြီးက တပ်မတော်ကို ဖျက်ဖို့လုပ်တာမဟုတ်တဲ့အကြောင်း လိုက်လံ တုန့်ပြန် ဖြေရှင်းခဲ့ရတယ်ဆိုပါတယ်။

အဲဒီလို အချိန်မှာ နိုင်ငံတကာအနေအထားကလည်း အရင်းရှင်ဂိုဏ်းကြီးနဲ့ ဆိုရှယ်လစ်ဂိုဏ်းကြီး ဟာ နယ်ပယ်ပေါင်းစုံ နေရာပေါင်းစုံမှာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲပြီး အပြင်းအထန် ကြိုးပမ်းအားထုတ် နေကြချိန်ဖြစ်ပါတယ်။ အရင်းရှင်ဂိုဏ်းကြီးက ကွန်မြူနစ်ဆန့်ကျင်ရေးအလံကိုထောင်ပြီး နိုင်ငံတိုင်းက ပြတ် သားတဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်နိုင်သူတွေကို အားပေးအားမြှောက်ပြုခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီး နေဝင်း နဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ စစ်တပ်အပေါ်လည်း ကျောထောက်နောက်ခံပြုပေးတာတွေ အများအပြား လုပ်ခဲ့ပါတယ်။

အပြန်အလှန်အားဖြင့် ဆိုရှယ်လစ်ဂိုဏ်းကြီးဘက်ကလည်း "တော်လှန်ရေးကို တင်ပို့ဖို့ကြိုးစားနေ ကြသလို ဒေသအသီးသီးက ကွန်မြူနစ်ပါတီတွေအပေါ် ထောက်ပံ့အားပေးဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေ မယ့် ဆိုရှယ်လစ်ဂိုဏ်းကြီးအတွင်းမှာကို ဆိုဗီယက်နဲ့ တရုတ် လိုင်းနှစ်လိုင်းအဖြစ် ပြိုကွဲသွားပြီး၊ နိုင်ငံအသီး သီးက ကွန်မြူနစ်ပါတီတွေအပေါ် ဆိုးဝါးတဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အရင်းရှင်ဂိုဏ်းကြီးနဲ့ ယှဉ်ပြိုင်တိုက်ခိုက် အားစမ်းကြရာမှာ ဆိုရှယ်လစ်ဂိုဏ်းကြီးဟာ မညီမညွတ် အပြိုပြိုအကွဲကွဲ ဖြစ်ခဲ့ပါတယ်။ ဒီလိုအချိန်မှာ အာရှမှာ ကွန်မြူနစ်ဆန့်ကျင်ရေးသမား ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေ ပေါ်ထွက်လာပါတယ်။ ကွန်မြူနစ်ဆန့်ကျင့်ရေးကို လက်တွေ့ ပြတ်ပြတ်သားသားလုပ်ကြတဲ့ စစ်အာဏာရှင်ကြီးတွေကို အမေရိကန် ဦးဆောင်တဲ့ အရင်းရှင်ဂိုဏ်းကြီးက လက်ခုပ်သြဘာတီးပေးခဲ့ကြပါတယ်။ ၁၉၆၀ ခုနှစ်ကျော် ကာလဟာ ကမ္ဘာမှာ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ စစ်တပ်က အာဏာသိမ်းယူတာ ခေတ်စားစပြုလာခဲ့ပါတယ်။

အထူးသဖြင့် အာရှမှာ စစ်ဗိုလ်ချုပ်ကြီးတွေ အာဏာသိမ်းပွဲဆင်နွှဲကြတာ၊ အာဏာသိမ်းဖို့ တာစူ ကြိုးပမ်းကြတာတွေ ခေတ်စားသလို ဖြစ်လာနေခဲ့ပါတယ်။ ဖိလစ်ပိုင်မှာ မားကို့(စ်) တောင်ကိုးရီးယားမှာ ပတ်ချုံဟီးတို့ နာမည်ထွက်လာပါတယ်။

ဗမာပြည်က ဗိုလ်ချုပ်ကြီးနေဝင်း ဟာလည်း အာဏာကိုလွှဲပြောင်းပေးရပြီးကတည်းက အာဏာကို ပြန်လည်ရယူနိုင်ရေးအတွက် ပြည်တွင်းအခြေအနေ နိုင်ငံတကာအခြေအနေတွေကို မျက်ခြည်မပြတ် ကြည့် နေခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလထဲလောက်ကစပြီး စစ်တပ်ဟာ ပြန်လည်အာဏာသိမ်းပိုက်နိုင်ဖို့ တောင် လျှို့ဝှက်ပြင်ဆင်ခဲ့တယ်လို့လည်း ဆိုပါတယ်။ ဒါပေမယ့် အဲဒီလိုပြင်ဆင်နေတာကို ဗိုလ်ချုပ်ကြီး နေဝင်း ကလွဲလို့ ဘယ်သူမှ တိတိကျကျမသိခဲ့ကြပါ။

နိုဝင်ဘာ (၁၄) ရက်နေ့မှာ မြောက်ဥက္ကလာ ဗလီကျောင်း အဓိကရုဏ်းကြီး ဖြစ်ပေါ်လာပါတယ်။ ဗလီတည်ဆောက်ဖို့ အစိုးရကမြေနေရာပေးတာအပေါ် သံဃာတော်များက မကြေမနပ်ဖြစ်ရာကနေ စတင်

ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ မြေနေရာတွေပေးတဲ့အခါမှာ ဘုန်းကြီးကျောင်းတွေဆောက်ဖို့ကျတော့ မြို့ပြင်ကနေရာတွေပေးတယ်။ ဗလီဆောက်ဖို့အတွက်ကျတော့ မြို့ထဲက အကွက်အကွင်းကောင်းတဲ့ နေရာပေးတယ်။ ဒီလိုလုပ်တာကို ကန့်ကွက်တယ်ဆိုပြီး သံဃာတော်တွေက ဆန္ဒပြဆန့်ကျင်ကန့်ကွက်ရာကနေကြီးထွားလာတာဖြစ်ပါတယ်။ သံဃာတော်တွေက ဗလီမြေကွက်ကိုသိမ်းပြီး ဆန္ဒပြပါတယ်။ ရဲ နဲ့ သံဃာတော်တွေ ထိပ်တိုက်တွေ့ရပြီး ရဲ နဲ့ သံဃာ၊ လူထုပါ ပါဝင်လာတဲ့ အဓိကရုဏ်းကြီးဖြစ်ပွားပါတယ်။ သတင်းစာတချို့ကလည်း ပါဝင်ရေးသားလာကြပါတယ်။ ပုဒ်မ (၁၄၄) ထုတ်ရရုံမက ရဲ က သေနတ်နဲ့ပစ်ပြီး လူစုခွဲတဲ့အတွက် သေကြေဒဏ်ရာရမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သံဃာတော်တွေအပါအဝင် လူပေါင်း (၂၀၀) ကျော် ဖမ်းဆီးတာခံရပါတယ်။ ဒါကြောင့် သံဃာရော လူထုပါ မကျေမနပ် ထပ်မံဖြစ်ပွားခဲ့ကြပြီး၊ အင်အား (၁၅၀၀) လောက်နဲ့ဆန္ဒပြရင်း ဦးနုကို "ကြောင်သူတော်ဗုဒ္ဓဘာသာကြီး" လို့ ပြင်းပြင်းထန်ထန် အော်ဟစ်ရှုတ်ချတာ လုပ်ခဲ့ကြပါတယ်။

မကျေနပ်နိုင်တဲ့ သံဃာတော်တွေဟာ ကန်တော်မင်ပန်းခြံမှာ သံဃာထုဆန္ဒပြပွဲ ကျင်းပပြီး ဦးနုဆန့်ကျင်ရေပိုစတာတွေကပ်ကာ တရားဟောပြောခဲ့ကြပါတယ်။

ဦးနုက သံဃာတော်တွေရဲ့ အမျက်ဒေါသကို ချွေးသိပ်တဲ့အနေနဲ့ 'သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ' ကို လမ်းမတော်မှာကျင်းပတဲ့အခါ သံဃာတော်တွေက ဆွမ်းဆန်စိမ်းတောင်းတွေမှောက်ပြီး ငြင်းပယ်ဆန္ဒပြခဲ့ကြပါတယ်။

၁၉၆၁ ခုနှစ်အတွင်းမှာ နိုင်ငံတကာရေးရာနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနု ဦးဆောင်တဲ့ မြန်မာနိုင်ငံတော်အစိုးရ ပါဝင်ဆောင်ရွက်ခဲ့တဲ့ ဂုဏ်တက်စရာကိစ္စအဖြစ် မှတ်တမ်းတင်ထိုက်တာကတော့ 'ဘဲလ်ဂရိတ်ညီလာခံကြီး' မှာ မြန်မာနိုင်ငံလည်း အရေးပါတဲ့အခန်းက ပါဝင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ ယူဂိုစလားဗီးယားနိုင်ငံ 'ဘဲလ်ဂရိတ်' မြို့မှာ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုဆိုတဲ့ အုပ်စုကြီးနှစ်ခုအကြား ဘယ်အုပ်စုမှ မပါဝင်တဲ့ နိုင်ငံများရဲ့ညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။

ဆိုဗီယက်ယူနီယံနဲ့ အမေရိကန်ပြည်ထောင်စုတို့ ခေါင်းဆောင်တဲ့ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုကြား တင်းမာမှုတွေ ပြင်းထန်နေချိန်မှာ ကျင်းပတဲ့ ကြားနေနိုင်ငံများရဲ့ ညီလာခံကြီးဖြစ်သလို၊ ဘက်မလိုက်လှုပ်ရှားမှုကြီးအတွက် သမိုင်းဝင်မှတ်တိုင်တခုဖြစ်ခဲ့ပါတယ်။ ဘဲလ်ဂရိတ်ညီလာခံကြီးကနေ ဆိုဗီယက်ယူနီယံနဲ့ အမေရိကန်တို့ကို တင်းမာမှုတွေလျော့ပါးအောင် ကြိုးပမ်းကြဖို့ မေတ္တာရပ်ခံ ပန်ကြားတောင်းဆိုခဲ့ပါတယ်။ အဲဒီညီလာခံအပြီးမှာ ဦးနု ဟာ အီဂျစ် နဲ့ မော်ရိုကို နိုင်ငံတို့ရဲ့ ချစ်ကြည်ရေးအလည်အပတ်ခရီး ဖိတ်ကြားခြင်းခံရပါတယ်။

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့မှာ နိုင်ငံတော်အကြံပေးအဖွဲ့ရဲ့ ဖက်ဒရယ်မူနဲ့ ပတ်သက်တဲ့ အကြံပြုချက်အစီရင်ခံစာ နိုင်ငံတော်အစိုးရဆီ တရားဝင်တင်သွင်းပါတယ်။ နောက်တနေ့ ဇန်နဝါရီ (၂၀) ရက်နေ့မှာ 'ပြည်နယ်များညီညွတ်ရေးအဖွဲ့' က ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ စပ်ခွန်ချို၊ ဒေါက်တာစောလှထွန်း၊ သာမိုင်းခမ်းစော်ဘွား စပ်ထွန်းအေး ဦးသာထွန်း (ရခိုင်)၊ နိုင်ဘစော (မွန်)၊ ကပ္ပတိန်မန်းတုံးနူး (ချင်း)၊ ဦးချစ်မောင် (ကယား)၊ ဦးလှငြိမ်း (ကယား) တို့ဟာ ဝန်ကြီးချုပ်ဦးနု နဲ့တွေ့ဆုံပြီး 'ဖက်ဒရယ်မူ' တခုကို တရားဝင် တင်သွင်းလိုက်ကြပါတယ်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့က ရေးဆွဲတင်သွင်းတယ်ဆိုတဲ့ ဒီဖက်ဒရယ်မူဟာ 'ရှမ်းမူ' ကို ပြင်ဆင်ဖြည့်စွက်ပြီး အကျဉ်းချုပ်ပြန်လည်ရေးဆွဲထားတဲ့ 'မူ' လို့ဆိုပါတယ်။

ဝန်ကြီးချုပ်ဦးနု က ဒီဖက်ဒရယ်မူကိစ္စကို အမျိုးသားညီလာခံမှာ ဆွေးနွေးမှာဖြစ်ကြောင်း ပြန်လည်အဖြေပေးခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနု က တရားဝင်လမ်းဖွင့်ပေးပြီးတဲ့နောက် အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး ပြင်ဆင်လိုသူ ပြည်နယ်များဘက်က စာတမ်း (၄) စောင် ပေါ်ထွက်လာခဲ့တယ်လို့ အကြမ်းဖျင်း သတ်မှတ်နိုင်ပါတယ်။ ဦးထွန်းမြင့် (တောင်ကြီး) ရဲ့ 'ကျွန်တော်တို့လိုလားသောပြည်ထောင်စုစနစ်' သို့မဟုတ် 'ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်' ဆိုတဲ့စာတမ်း၊ ဒေါက်တာစောလှထွန်း ရဲ့ 'အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်တဲ့မူကြမ်း' စာတမ်း၊ ရှမ်းပြည်နယ်ဆိုင်ရာ ကြိုးကိုင်ကော်မီတီက တင်သွင်းခဲ့တဲ့ 'ပြည်ထောင်စုစစ်စစ်မူ' သို့မဟုတ် 'ရှမ်းမူ' ဆိုတဲ့စာတမ်းနဲ့ အခုနောက်ဆုံးတင်သွင်းလိုက်ကြတဲ့ ရှမ်းပြည်နယ်အပါအဝင် ပြည်နယ်များညီညွတ်ရေးအဖွဲ့ကြီးရဲ့ 'ဖက်ဒရယ်မူ' စာတမ်း၊ စုစုပေါင်းစာတမ်း (၄) စောင် ပေါ်ထွက်ခဲ့ပါတယ်။ 'ဖက်ဒရယ်မူ' စာတမ်းဟာ ပြည်နယ်များရဲ့ကိုယ်စား နောက်ဆုံးတင်သွင်းခဲ့တဲ့ စာတမ်းဖြစ်တဲ့အတွက် အရေးအကြီးဆုံးနဲ့ အချုပ်စာတမ်းလို့ ဆိုရမှာဖြစ်ပါတယ်။

ပထမစာတမ်း (၃) စောင်လုံးဟာ အခြေခံဥပဒေပြင်ဆင်ရေးအတွက် 'ဖက်ဒရယ်မူ' ကို လိုလားကြောင်း အသွင်အမျိုးမျိုးနဲ့ ဖွင့်ဆို ရှင်းလင်း ရည်ညွှန်းခဲ့ကြသလို၊ နောက်ဆုံး တရားဝင်တင်သွင်းခဲ့တဲ့ ပြည်နယ်များညီညွတ်ရေးအဖွဲ့ကြီးရဲ့ 'ဖက်ဒရယ်မူ' စာတမ်းမှာကတော့ 'ဖက်ဒရယ်မူ' ဆိုတာကို အတိအလင်းကို ခေါင်းစဉ်တပ်ပြီး ရှင်းရှင်းလင်းလင်း ဖော်ပြတောင်းဆိုထားပါတယ်။

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်နေ့မှာ ကမ္ဘာအေးကုန်းမြေမှာ အာဏာရ 'ပထစ'အဖွဲ့ကြီးရဲ့ ပြည်လုံးကျွတ်ညီလာခံကြီး စတင်ကျင်းပပါတယ်။ ဒီညီလာခံကြီးဟာ အာဏာရ ပထစ အဖွဲ့ကြီးအတွင်းက ဦး–ဗိုလ်–သခင် အုပ်စုအကွဲကို ဆွဲပြီးရင်ကြားစေ့ဖို့ ကြိုးစားတဲ့ပွဲကြီးဖြစ်သလို ဦး–ဗိုလ်–သခင် တို့ရဲ့ နောက်ဆုံးဗိုလ်လုပွဲကြီးလည်း ဖြစ်ခဲ့ပါတယ်။ ပထစ အိမ်စောင့်ကော်မီတီ ဥက္ကဋ္ဌကြီးဦးနု က တက်ရောက်ဖွင့်လှစ်မိန့်ခွန်းချွေခဲ့ပါတယ်။

"ဘယ့်နှယ်လဲ ကိုရွှေဦးဗိုလ် နဲ့ ကိုရွှေသခင်တို့ တယောက်နဲ့တယောက် အပြန်အလှန် အုပ်နေကြတာ မမောသေးဘူးလား။... ဦးဗိုလ် နဲ့ သခင်တွေရဲ့ပွဲဟာ အင်မတန်ကြည့်ကောင်းတဲ့ပွဲပဲ။ လက်ဝှေ့စကားနဲ့ ပြောရမယ်ဆိုရင်တော့ ဦးဗိုလ်ရော သခင်ရော နှစ်ဖက်စလုံးဟာ ခြေဖျားရော ဖနောင့်ရော၊ ဒူးရော၊ တံတောင်ရော၊ လက်သီးရော၊ ခေါင်းရော၊ မေးစေ့ရော၊ လက်သဲရော ရှိရှိသမျှ အကုန်ထုတ်ပြီး ချကြတာဘဲ၊ ချကြတာမှ အကြိတ်အနယ်ချကြတာဘဲ။ အဲဒီတော့ ကိုရွှေဦးဗိုလ်တို့ ကိုရွှေသခင်တို့ အတောမောသွားကြပြီထင်တယ်။ မမောကြသေးဘူးလား" လို့ အစချီ မေးခွန်းထုတ်လိုက်ပြီး ပထစအဖွဲ့ကြီးရဲ့ ပါတီတွင်းအခြေအနေကို ထင်ဟပ်ပြရင်း ဦးဗိုလ်အုပ်စုနဲ့ သခင်အုပ်စုတို့ရဲ့ အရှုံးအနိုင်ကို ညီလာခံကြီးက အဆုံးအဖြတ်ပြုသွားမှာဖြစ်ကြောင်း၊ ရှုံးတဲ့အုပ်စုရော နိုင်တဲ့အုပ်စုပါ နှလုံးသွင်းတတ်ဖို့လိုတဲ့အကြောင်း သတိပေးဆုံးမစကား ပြောကြားသွားခဲ့ပါတယ်။

"အဲဒီတော့ နိုင်ငံရေးဆက်မလုပ်ချင်တဲ့သူတွေဟာ နိုင်ငံရေးလောကထဲက အသာတကြည်ထွက်ကြပါ။ နိုင်ငံရေးလောကထဲမှာနေပြီး နိုင်ငံရေးကြိုးဆွဲချသေတဲ့ မသာတွေတော့ အဖြစ်မခံကြပါနဲ့။ ရှုံးတဲ့သူတွေဟာ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့သဘောမျိုးလို နိုင်တဲ့သူတွေကို အလုပ်မလုပ်ဖြစ်အောင် တနည်းနဲ့မဟုတ် တနည်းနဲ့ ဆူဆူပူပူရင်လည်း လုပ်နေကြမှာပဲ၊ ဒါမှမဟုတ် လက်နက်ကိုင်ပြီး သောင်းကျန်းကြမှာဘဲ။... ဒီလိုသာ ရှုံးတိုင်း ကပျက်ယပျက်လုပ်နေကြမယ်ဆိုရင် ကျွန်တော်တို့ပြည်ထောင်စုနဲ့ အင်မတန်နုနယ်သေးတဲ့ ပါလီမန်ဒီမိုကရေစီဟာ ဘယ်နည်းနဲ့မှ အကိုင်းအခက်အရွက် အဖူးအပွင့် ဝေဝေဆာဆာဖြစ်တဲ့အထိ ကြီးထွားမလာနိုင်ပဲ အညွန့်မထွက်ခင် ဖုတ်ကြည်းသင်္ဂြိုလ်လိုက်ရမှာပဲ၊ ဒီဖုတ်ကြည်း သင်္ဂြိုလ်လိုက်ရတဲ့နေ့ဟာ ခင်ဗျားတို့ ကျွန်တော်တို့ ပထစအဖွဲ့ဝင်တွေ လူရင့်မာကြီးဖြစ်ပြီး နဖားကြိုးအထိုးခံရတဲ့နေ့

ဖြစ်မှာဘဲ'' လို့လည်း ဖွင့်ဆိုရှင်းပြသွားခဲ့ပါတယ်။ ညီလာခံအဆုံးအဖြတ်ကို ရှုံးရှုံးနိုင်နိုင် အသာတကြည် လက်ခံသွားကြဖို့ တရားပြ နားချသွားခဲ့ခြင်းဖြစ်ပါတယ်။

ဦးဗိုလ်အုပ်နဲ့ သခင်အုပ်ဟာ အပြိုင်အဆိုင် ညီလာခံမှာယှဉ်ပြိုင်ခဲ့ကြပါတယ်။ မဲပေးနိုင်သူကိုယ်စားလှယ်စုစုပေါင်း (၇၂၂) ဦးတက်ရောက်ခဲ့တဲ့ ညီလာခံကြီးရဲ့ နောက်ဆုံး အဆုံးသတ်အဖြေကတော့ သခင်က အသာစီးရသွားခဲ့တယ်လို့ပဲ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒီ ပထစညီလာခံကြီးကနေ 'သခင်တင်' ကို ပထစ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ အထွေထွေအတွင်းရေးမှူးက သခင်အုပ်စုခေါင်းဆောင် သခင်ကျော်ထွန်း ဖြစ်လာပါတယ်။

နှစ်ဖက်အုပ်စု ညီမျှတဲ့ ဌာနချုပ်အလုပ်အမှုဆောင် (၁၆) ဦး၊ အရံ (၁၅) ဦးကို ရွေးကောက်တင်မြှောက်နိုင်ခဲ့ကြပြီး အဖွဲ့ကြီးမှာ အစိတ်စိတ်အမွှာမွှာမကွဲတော့ဘဲ ညီညွတ်ရေးကို ယာယီအားဖြင့်ထိန်းသိမ်းနိုင်လိုက်ကြပါတယ်။ နု–တင် ဆွေငြိမ်း အကွဲတုန်းကလိုတော့ နှစ်ခြမ်း နှစ်မွှာကွဲ မသွားတော့တဲ့အတွက်၊ ပထစကြီး တလုံးတစည်းတည်း ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ 'ပထစ' ကြီးဟာ အာဏာရအဖြစ်က 'ဖဆပလ' ကြီးတုန်းကလို ဆယ်နှစ်ဆယ်မိုးမကြာသေးပဲ တနှစ်ကျော် နှစ်နှစ်သားလောက် ရှိသေးတဲ့အတွက် အကွဲမကြီးသေးတာ၊ ဒါကြောင့် ယာယီပြန်ပြီး ရင်ကြားစေ့နေနိုင်တာလို့ ယူဆမယ်ဆိုရင်လည်း ယူဆနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် 'ပထစ' ကြီး အစိတ်စိတ်အမွှာမွှာကွဲထွက်မသွားတာကို မချင့်မရဲ ဖြစ်သွားရတာကတော့ အဓိကအတိုက်အခံ ဖဆပလ တည်မြဲအုပ်စုနဲ့ အာဏာသိမ်းနိုင်ဖို့ အကွက်ချောင်းနေတဲ့ တပ်တွင်းက စစ်အုပ်စုပဲဖြစ်တယ်လို့ သတ်မှတ်ရမယ်ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီ (၁၃) ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများအစည်းအဝေး ကျင်းပပါတယ်။ ဒီအစည်းအဝေးကနေ အမျိုးသားညီလာခံခေါ်ယူဖို့ ဆုံးဖြတ်ချက်ကို ဆုံးဖြတ်လိုက်ပါတယ်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်းတဲ့ 'ဖက်ဒရယ်မူ' နဲ့ ပြည်နယ်ဥက္ကဋ္ဌများ ခန့်ထားရေး (ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်) ဥပဒေကြမ်းကို ဖေဖော်ဝါရီ (၁၅) ရက်နေ့မှာ ကျင်းပမယ့် ပြည်သူ့လွှတ်တော်ညီလာခံမှာ မတင်သွင်းသေးပဲ၊ အဲဒီကိစ္စအတွက် အမျိုးသားညီလာခံခေါ်ယူဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ 'ဖက်ဒရယ်မူ' ကို အမျိုးသားညီလာခံမှာတင်ပြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။ ''ဒီကိစ္စဟာ အမျိုးသားညီလာခံခေါ် ဖို့မလိုပဲ ဝန်ကြီးအဖွဲ့ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ကိစ္စဖြစ်လို့ ဝန်ကြီးအဖွဲ့အတွက် မကောင်းတဲ့ အစဉ်အလာကြီး ဖြစ်သွားမှာစိုးကြောင်း'' လို့ ဝန်ကြီးစပ်ခွန်ချိုနဲ့ ဝန်ကြီးဆမားဒူးဝါးဆင်ဝါးနောင် တို့က ကန့်ကွက်ပြောဆိုခဲ့ကြသေးတယ်ဆိုပါတယ်။

နောက်ဆုံးမှာ ပြည်သူ့လွှတ်တော်ညီလာခံကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှာလည်းကောင်း၊ အမျိုးသားညီလာခံကို ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှာလည်းကောင်း၊ ကျင်းပဖို့ ခေါ်ယူလိုက်ပါတော့တယ်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကြီး ကျင်းပနေစဉ်ကာလမှာပဲ၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ညနေ (၆) နာရီကစတင်ပြီး၊ ရန်ကုန်မြို့ ပြည်လမ်းအသံလွှင့်ရုံခမ်းမဆောင်မှာ 'ဖက်ဒရယ်မူ' ဆွေးနွေးပွဲကြီး မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပါတယ်။

'ဖယ်ဒရယ်မူ'ကို တရားဝင်မဆွေးနွေးကြခင်မှာပဲ ဖက်ဒရယ်မူအပေါ် မတူခြားနားတဲ့အမြင်တွေ နိုင်ငံရေးလောကမှာ ထွက်ပေါ်လာခဲ့ပါတယ်။

ပမည်တ ဝိဓူရသခင်ချစ်မောင်က "၁၉၆၁ ခုနှစ်၊ ဂျွန်လတွင် တောင်ကြီးမြို့၌ လူမျိုးစုံညီ ကွန်ဖရင့်ကြီးကို တခဲနက်ကျင်းပကာ ဖယ်ဒရေးရှင်းမူဆိုသည်ကိုတင်ပြ၍ အပြင်းအပြတောင်းဆိုလာကြသည်။ ယင်းတို့၏ စာတမ်းကို လေ့လာသောအခါ အမှန်မှာ ဖယ်ဒရေးရှင်းမူ မဟုတ် ကွန်ဖီဒရေးရှင်းမူ ဖြစ်နေသည်ကို တွေ့လာရပေသည်။ အဓိပ္ပါယ်မှာ လွတ်လပ်သော အချုပ်အချာအာဏာပိုင် ပြည်နယ်များ၊ မြန်မာပြည်မနယ်အပါအဝင် ပြည်နယ်ပေါင်းချုပ်ဖွဲ့ရန် ဖြစ်နေလေသည်" လို့ အမြင်ရှိခဲ့ပါတယ်။

တည်မြဲဖဆပလ ခေါင်းဆောင် ဦးကျော်ငြိမ်း ကတော့ ဖက်ဒရယ်မူအပေါ် အပြင်းအထန် ဆန့်ကျင်ကန့်ကွက် ပြောဆိုပါတယ်။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီ (၁၈) ရက်နေ့ ရန်ကုန်ခရိုင် ဖဆပလ လူငယ်အဖွဲ့ ဦးစီးညီလာခံမှာ "ရှမ်း ဖက်ဒရယ်မူဆိုတာ တောင်တန်းသားတွေက ဗမာကိုပြန်ချရအောင်ဆိုတဲ့ အဓိပ္ပါယ်ဘဲရှိတယ်။ ဒီအရေးတွေကို ထိန်းနိုင်ရင် ထိန်းနိုင်၊ မထိန်းနိုင်ရင်တော့ တိုင်းပြည်ပြိုကွဲဖို့ပဲ ရှိတော့တယ်" လို့ပြောဆိုပြီး အန္တရာယ်အဖြစ်မြင်ပါတယ်။ ကြိုတင်နိမိတ်ဖတ်သလိုလည်း "တိုင်းပြည်ပြိုကွဲဖို့ပဲ ရှိတော့တယ်" လို့ပြောဆိုပါတယ်။

ဒေါက်တာဘဦးခေါင်းဆောင်တဲ့ နိုင်ငံတော်အကြံပေး ကော်မီတီကလည်း ယေဘုယျအားဖြင့် ဆန့်ကျင်ကန့်ကွက်ပြီး မလိုလားတဲ့သဘော အစီရင်ခံတင်ပြခဲ့ပါတယ်။

ဗမာပြည်မှာ နိုင်ငံရေးအစဉ်အလာကြီးမားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကတော့ လူမျိုးစုတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အသိအမှတ်ပြုလက်ခံတဲ့ပေါ်လစီကိုသာ ဆုပ်ကိုင်ထားခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်တုန်းကတည်းက ကွန်မြူနစ်ပါတီဟာ လူမျိုးစုတွေနဲ့ပတ်သက်ပြီး တန်းတူစည်းလုံးညီညွတ်ရေး၊ ခွဲထွက်လိုက ခွဲထွက်နိုင်ရေးတွေကို မူအားဖြင့်ကို ဆုပ်ကိုင်ဖော်ထုတ်ခဲ့ပေမယ့်၊ (၅၅) ခုနှစ်ကစပြီး ခွဲထွက်လိုက ခွဲထွက်ခွင့်ကို မဖော်ထုတ်တော့ပဲ နေခဲ့ပါတယ်။ လူမျိုးစုတွေရဲ့ ခွဲထွက်ခွင့်ကို မပယ်ရှားပေမယ့် နယ်ချဲ့သမားတွေက ခွဲထွက်ခွင့်ကို အသုံးမချနိုင်ဖို့ဆိုပြီး မဖော်ထုတ်တော့ပဲနေခဲ့တာ ဖက်ဒရယ်မူ လှုပ်ရှားမှုတွေ ပေါ်ပေါက်နေချိန်အထိဖြစ်ခဲ့ပါတယ်။ တကယ်တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တွေအပေါ်မှာတော့ တလျှောက်လုံး ရပ်တည်ထားခဲ့ပါတယ်။

လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ အားလုံးလောက်ကတော့ ဖက်ဒရယ်မူကို လက်ခံသဘောကျကြတယ်လို့ ယေဘုယျ သတ်မှတ်နိုင်ပါတယ်။

ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်ကတော့ ပြည်နယ်တွေက အလိုရှိတဲ့ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က တရားဝင် တင်သွင်းလာတဲ့ 'ဖက်ဒရယ်မူ' ဆိုတာ ဘာမှကြောက်စရာမရှိလို့ တိတိလင်းလင်း ခံယူထားပါတယ်။ သူကိုယ်တိုင်က စတင်လမ်းဖွင့်ပေးခဲ့လို့ ပေါ်ပေါက်လာခဲ့တဲ့ကိစ္စဖြစ်တဲ့အပြင် ဘယ်ပြည်နယ်ကမှ တရားဝင်ခွဲထွက်ဖို့လည်း ကြိုးစားကြမှာမဟုတ်လို့၊ ဒီမူကို ဦးဆောင်တင်သွင်းသူတွေကိုယ်တိုင်နဲ့ အပြန်အလှန်နားလည်ထားပြီးဖြစ်တဲ့အတွက် အေးအေးဆေးဆေးဘဲ သဘောထားပါတယ်။ တကယ်လည်း ဖက်ဒရယ်မူကို တင်သွင်းကြတဲ့ပုဂ္ဂိုလ်တွေ ကိုယ်တိုင်လည်း ခွဲထွက်ရေးသဘောထားမရှိခဲ့ကြပါ။ တကယ်တန်းတန်းတူမှုမရှိခဲ့တာတွေ တန်းတူမှုရှိလာရေးနဲ့ နစ်နာချက်တွေကို မနစ်နာရအောင် ဖန်တီးဖို့နဲ့၊ ပြည်ထောင်စုအစစ် အနှစ်သာရပျောက်နေရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို 'ပြည်ထောင်စုစစ်စစ်' အဖြစ်ပြန်လည်ဖွဲ့စည်း တည်ဆောက်နိုင်ဖို့ 'ဖက်ဒရယ်မူ' ကို အကောင်းဆုံးမူအဖြစ် ယုံကြည်ယူမှတ် တင်သွင်းဖော်ထုတ်လာခဲ့ကြတာဖြစ်ပါတယ်။ ဒီအတိုင်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဘယ်လိုမှ လက်မခံနိုင်ဆိုတဲ့ တင်းတင်းမာမာ ဆုပ်ကိုင်ဦးတည်လာတာမျိုး မရှိခဲ့ကြပါ။ ကြိုတင်ချမှတ်ကိုင်စွဲထားမှုမျိုး မရှိခဲ့ကြပါ။

အခြေခံဥပဒေပြင်ဆင်ရေးအတွက် အဆိုတွေတင်သွင်းကြပါလို့ အစိုးရက တရားဝင်တာဝန်အပ်နှင်းခဲ့ပြီး၊ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်တဲ့ စည်းကမ်းချက် တနည်းအားဖြင့် 'လိုက်နာရမယ့်မူ' ဆိုတာကို ချမှတ်ပေးစဉ်ကတည်းက အဲဒီ 'မူ' တွေက ဘာတွေလဲဆိုတာ ရှင်းရှင်းလင်းလင်းသိရအောင် ဝန်ကြီးချုပ်ဦးနုကို မေးမြန်းခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ 'မူ' အနှစ်သာရကို မပျက်စေဘဲ ပြင်ရမှာဖြစ်တယ်ဆိုတဲ့အတွက် အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ 'မူ' ဆိုတာက 'ဘာလဲ' ဆိုတာအပေါ် ရှင်းလင်းအောင် ခွဲခြမ်းစိတ်ဖြာခဲ့ကြပါတယ်။ ပညာရှင်တချို့က "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ' ရဲ့ မူဟာ 'ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးပဲ' လို့ အဖြေပေးသလို၊ တချို့က '၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ' ရဲ့ 'နိဒါန်း' ဟာ မူပဲလို့ ပြောဆိုကြတာလည်းရှိခဲ့ပါတယ်။ တောင်ကြီး ဦးထွန်းမြင့် တို့လို ပုဂ္ဂိုလ်များကတော့ '၁၉၄၇ ခုနှစ်၊ ဇွန် (၁၆) ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗိုလ်ချုပ်အောင်ဆန်း တင်သွင်းခဲ့တဲ့ 'လမ်းညွှန်ပြဋ္ဌာန်းချက်အဆို အချက် (၇) ချက်သည်သာ အခြေခံဥပဒေရဲ့ မူ' လို့ သဘောထားခဲ့တာလည်း ရှိပါတယ်။ အဲဒါတွေကြောင့် အသေချာဆုံးဖြစ်အောင်ဆိုပြီး သာမိုင်းခမ်းစော်ဘွား စပ်ထွန်းအေးက ခေါင်းဆောင်ပြီး ဦးနုကို သွားမေးကြတဲ့အခါ ဦးနုက အဲဒီတုန်းက အခြေခံဥပဒေပြင်ဆင်ရေးကော်မီတီအတွက် ဥက္ကဋ္ဌခန့်ထားတဲ့ ဦးအေးမောင်ဆီ သွားမေးကြဖို့ ပြောခဲ့တယ်ဆိုပါတယ်။ ဦးအေးမောင်ဆီ ဆက်သွားပြီး မေးကြတဲ့အခါ ဦးအေးမောင် က "ကျုပ်တို့ချထား တဲ့ မူဆိုတာဟာ ဒီတိုင်းပြည်ကို ကွန်မြူနစ်နိုင်ငံမဖြစ်၊ ဖက်ဆစ်နိုင်ငံမဖြစ်၊ အာဏာရှင်နိုင်ငံမဖြစ်ရင်တော်ပြီ၊ ကြိုက်သလိုသာပြင်ပေတော့၊ နိဒါန်းကနေ နိဂုံးအထိ' လို့ ပြောလွှတ်လိုက်တယ်ဆိုပါတယ်။ အဲဒီလို အစိုးရရဲ့ အလံစိမ်းပြမှု အသေအချာရပြီးမှ ဖက်ဒရယ်မူကိုရေးခဲ့ကြတာဖြစ်ပါတယ်။

ဒါကြောင့် အခြေအနေမှန်တွေ သိနေခဲ့ပြီးဖြစ်တဲ့ ဦးနု ဟာ 'ဖက်ဒရယ်မူ' နဲ့ ပတ်သက်ပြီး နဲနဲမှ စိုးရိမ်မှုမရှိခဲ့တဲ့အပြင်၊ ဘယ်လိုဖြေရှင်းကြမလဲဆိုတာအတွက်လည်း ကြိုတင်စဉ်းစားထားပြီး ဖြစ်ပါတယ်။ အဖြေရှိပြီးပုစ္ဆာဖြစ်ပါတယ်။

ဦးနု နားလည်ထားတာက ဒီ 'ဖက်ဒရယ်မူ' ဟာ ကြောက်စရာကောင်းတဲ့ မူမဟုတ်။ ဒီမူဟာ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီပြီးရေးဆွဲထားတာဖြစ်တယ်။ ဒီမူမှာ အကြမ်းဖျင်းအားဖြင့် အချက်ကြီး (၃) ချက်ရှိတယ်။ အဲဒါတွေကတော့ (၁) ဗမာပြည်မကို တခြားပြည်နယ်တွေလို ပြည်နယ်တခုအဖြစ်သတ်မှတ်ရန်၊ (၂) လူမျိုးစုလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ကို အာဏာချင်းတူတယ်လို့သတ်မှတ်ပေးရန်၊ (၃) လူမျိုးစုလွှတ်တော်မှာ ပြည်နယ်တိုင်းရဲ့ အမတ်ဦးရေ ညီတူညီမျှဖြစ်စေရန် ဆိုတာပဲဖြစ်တယ်လို့ သဘောပိုက်ထားပါတယ်။

ဒီ 'ဖက်ဒရယ်မူ'စာတမ်းကို ပြန်ကြည့်မယ်ဆိုရင်တော့ အခြေခံမူ (၄) ချက်ရှိပါတယ်။

၁။ ဗမာပြည်နယ်ဖွဲ့စည်းရေး၊

၂။ လွှတ်တော်နှစ်ရပ် (ပြည်သူလွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်) အာဏာတူ ပေးရေး၊

၃။ လူမျိုးစုလွှတ်တော်သို့ တူညီတဲ့ ကိုယ်စားလှယ်ဦးရေ စေလွှတ်ရေးနဲ့၊

၄။ ဗဟိုအစိုးရကို လွှဲအပ်ထားတဲ့ အာဏာများမှအပ ကျန်အာဏာများကို ပြည်နယ်များက ရယူရေးဆိုတာကို တွေ့ရပါတယ်။

ဗဟိုအစိုးရကို လွှဲအပ်ထားမယ့် အာဏာများကတော့–

၁။ နိုင်ငံခြားဆက်သွယ်ရေး၊

၂။ ပြည်ထောင်စုကာကွယ်ရေး၊

၃။ ပြည်ထောင်စုဘဏ္ဍာရေး၊
၄။ ငွေဒင်္ဂါးနဲ့ ငွေစက္ကူထုတ်လုပ်ရေး၊
၅။ စာတိုက်နဲ့ ကြေးနန်းဆက်သွယ်ရေး၊
၆။ မီးရထား၊ ရေကြောင်း၊ လေကြောင်း ဆက်သွယ်ရေး၊
၇။ ပြည်ထောင်စုတရားစီရင်ရေးနဲ့
၈။ ပင်လယ်ဆိပ်ကမ်းခွန်ကောက်ခံရေး တို့ပဲဖြစ်ပါတယ်။

အရေးအကြီးဆုံးကတော့ ပြည်နယ်များရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ 'ခွဲထွက်ပိုင်ခွင့်' ကို အသိအမှတ်ပြုရေးဖြစ်ပါတယ်။ ပြည်နယ်တိုင်းရဲ့ 'အုပ်ချုပ်ခွင့်အာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာဆိုတဲ့ အာဏာ (၃) ရပ်လုံး' ကိုလည်း အပြည့်အ၀ အသိအမှတ်ပြုရေးဖြစ်ပါတယ်။

ဝန်ကြီးချုပ်ဦးနု က ကြိုတင်ပြင်ဆင်စဉ်းစားထားတာကတော့ လူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲ ကျင်းပ၊ ဖက်ဒရယ်မူနဲ့ပတ်သက်တဲ့အဆိုကို ရှမ်းပြည်နယ်ဥက္ကဋ္ဌ စပ်ခွန်ချို က တင်သွင်း၊ ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူးဝါးဇော်လွန်း၊ ချင်းကိုယ်စားလှယ် ကပ္ပတိန်မန်းတုံးနုံး၊ ရှမ်းကိုယ်စားလှယ် တောင်ကြီးဦးထွန်းမြင့်၊ ကယားကိုယ်စားလှယ် ဦးစိန် တို့က ထောက်ခံဆွေးနွေးပြီး၊ အဲဒီအဆိုပြုချက်နဲ့ ထောက်ခံဆွေးနွေးချက်တွေကို ပမညတ၊ ဖဆပလ၊ ပထစ၊ ရပလဖ နဲ့ ကိုယ်စားလှယ်တဦးစီနဲ့ အစိုးရအတိုင်ပင်ခံ အဖွဲ့ကိုယ်စားလှယ်တဦးတို့က ဖက်ဒရယ်မူနဲ့ပတ်သက်တဲ့ သဘောထားတွေကို ပြန်လည်တင်ပြဆွေးနွေးကြရန် ဖြစ်ပါတယ်။ အဲဒီနောက် ပြည်နယ်များညီညွတ်ရေးအဖွဲ့က ကိုယ်စားလှယ် (၆) ဦး ပမညတ၊ ဖဆပလ၊ ရပလဖ၊ ပထစ အဖွဲ့ချုပ်တို့က ကိုယ်စားလှယ် (၃) ဦးစီနဲ့ အတိုင်ပင်ခံ အဖွဲ့လူကြီးတွေပါ ပါဝင်တဲ့ ကော်မီတီတရပ် ဖွဲ့စည်း၊ အဲဒီကော်မီတီမှာ ဦးနုကိုယ်တိုင် နာယကအဖြစ်ဆောင်ရွက်ပြီး ဖက်ဒရယ်မူနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းနေစဉ်အတွင်းမှာ သင့်လျော်တဲ့အချိန်တခုမှာ ဦးနုက ဖက်ဒရယ်နဲ့ပတ်သက်တဲ့ ဝန်ကြီးချုပ်ရဲ့ သဘောထားကိုပြောကြားမယ်လို့လည်း ပြင်ဆင်ထားပါတယ်။ ဦးနုပြောကြားမယ်ဆိုတဲ့ အဓိကသဘောထားကတော့ ပြည်နယ်တွေကို 'ခင်ဗျားတို့လိုချင်တဲ့အာဏာတွေက ဘာတွေလဲ၊ ဘာတွေနဲ့ နေတယ်ထင်သလဲ၊ တောင်းပါ၊ ဘယ်ဌာနကိုပေးပါဦး၊ ဘယ်ဌာနေကို ပေးပါဦးပြောပါ။ အပြန်အလှန်ဆွေးနွေးကြပြီး ပေးမယ်။ ခွဲထွက်ပိုင်ခွင့်ဆိုတာကြီးကို ဖြုတ်ပစ်လိုက်ပါတော့။ ခင်ဗျားတို့လိုချင်နေတယ်ဆိုတဲ့ Schedule ဆိုတဲ့အထဲမှာ List တွေထဲမှာ နောက်ထပ်ပြီးတော့ အာဏာတိုးပေးမယ်'' လို့ပြောပြီး ညှိနှိုင်းသဘောတူညီမှု ရယူဖို့ဖြစ်ပါတယ်။ အဲဒီသဘောထားကို ပြောကြားမယ်ဆိုရင် ပြည်နယ်တွေကလည်း လက်ခံနိုင်ကြဖွယ်ရှိတယ်လို့ ဦးနုက နားလည်ထားပါတယ်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌနဲ့ ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ စပ်ခွန်ချို ကိုယ်တိုင်ကလည်း လူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲမှာ အဆိုတင်သွင်းတောင်းဆိုမှုတွေဟာ စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးနု နဲ့ ညှိနှိုင်းစီစဉ်ထားပြီးဖြစ်ကြောင်း၊ ဖက်ဒရယ်မူတောင်းဆိုခြင်းမှာ မိမိတို့အာဏာ ပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်းလို့ ပြောကြားခဲ့ပြီးဖြစ်တယ်ဆိုပါတယ်။ ဒါကြောင့် ဦးနုက ဖက်ဒရယ်ကိစ္စမှာ ကြောက်စရာမဟုတ်လို့ ယူဆပြီးဖြစ်သလို၊ နဲနဲလေးမှလည်း စိုးရိမ်ခဲ့မှုမရှိခဲ့ပါ။ အဖြေရှိပြီး ကိစ္စအဖြစ် ရှင်းရှင်းလင်းလင်းသဘောထားခဲ့ပါတယ်။ ပြည်နယ်ကိုယ်စားလှယ်တွေ အားလုံးအပေါ်လည်း လုံးဝယုံကြည်ထားပြီးဖြစ်ပါတယ်။

ယုံကြည်ရတဲ့အကြောင်းရင်း အချက်အလက်တွေကလည်း ဦးနုမှာ ရှိနေပါတယ်။ အဲဒါတွေကတော့ (ဦးနုကိုယ်တိုင် အဆိုအရ) –

(၁) အခြေခံဥပဒေကို ပြင်ဆင်ဖို့၊ လိုအပ်သလို အဆိုတွေတင်သွင်းကြဖို့ ဦးနု ကိုယ်တိုင်ကစပြီး

ဖိတ်ခေါ်တာ။ ပြည်နယ်ခေါင်းဆောင်တွေဟာ တယောက်ချင်းအနေနဲ့ရော စုပေါင်းပြီးရော အခြေခံဥပဒေပြင်ဆင်ချင်တယ်လို့ တခါမှ တောင်းဆိုခဲ့ဖူးခြင်းမရှိ။ ပြင်ရရင် ကောင်းမယ်လို့တောင် အကြံပြုဖူးတာတောင်မရှိ။

(၂) ဦးနု ဟာ ဒီပြည်နယ်ခေါင်းဆောင်တွေနဲ့ ရင်းရင်းနှီးနှီးပေါင်းလာခဲ့။ တဦးမှ သူ့အပေါ် အကြပ်ကိုင်ခဲ့ကြတာမရှိ၊ အကြပ်ကိုင်ခဲ့သူတွေဟာ ဗမာတွေချည်းပဲဖြစ်။

(၃) ဦးနု ကိုအကြပ်ကိုင်ချင်ရင် လွတ်လပ်ရေးရစ၊ ရောင်စုံသူပုန်တွေထနေစအချိန်ဟာ အကောင်းဆုံးဖြစ်၊ တပ်မတော်ဟာလည်း ဘာမှအားမရှိ။ အဲဒီတုန်းကတောင် အကြပ်မကိုင်ခဲ့ဘူးခဲ့။ ဦးနု နဲ့အတူ ပြည်ထောင်စုကို ဖက်ထားခဲ့ကြသူတွေဖြစ်။

(၄) ဗမာခေါင်းဆောင်တွေထဲမှာ သူပုန်နဲ့ အစိုးရ မျက်နှာကြီးချိန် ငယ်ချိန်လိုက်ပြီး သူပုန်နဲ့တိတ်တိတ်ပုန်း လက်ကမ်းလိုက်၊ အစိုးရဆီ ပြန်ဝင်လိုက်လုပ်တဲ့ သာရာစီးခေါင်းဆောင်တွေရှိခဲ့။ ပြည်နယ်ခေါင်းဆောင်တွေထဲမှာ ဒီလိုလူမျိုး တယောက်မှမပါ၊ မရှိ။

(၅) ဖက်ဒရယ်မူ ရေးဆွဲကြတဲ့ ပြည်နယ်ခေါင်းဆောင်တွေဟာ နိုင်ငံရေးလောကမှာ မသိသူမရှိတဲ့ လူမျိုးတွေဖြစ်၊ သူပုန်ထလောက်အောင် သွေးဆာတဲ့လူ တယောက်မှမရှိ။

ဆိုတာပဲဖြစ်ပါတယ်။ နောက်ထပ် ဦးနု အခိုင်အမာ ယုံကြည်ယူဆတာ တခုကတော့ ပြည်နယ်ခေါင်းဆောင်တွေဟာ တယောက်မှ ပြည်ထောင်စုထဲက ခွဲထွက်လိုသူမရှိဆိုတာနဲ့ သူပုန်ထဖို့ အဆင့်သင့်ပြင်ဆင်ထားတာမရှိ ဆိုတာပဲဖြစ်ပါတယ်။ တကယ်လို့ ခွဲထွက်ချင်တယ်ဆိုရင် အချိန်ကုန် လူပန်းခံပြီး ဘာလို့ 'ဖက်ဒရယ်မူ' ကိုတင်နေ တောင်းနေမလဲ။ ရှမ်း နဲ့ ကယားဟာ အခြေခံဥပဒေအခန်း (၁၀) အရ ခွဲထွက်ချင်ရင် ခွဲထွက်နိုင်ခွင့်အရ 'ခွဲထွက်ခွင့်' ကို တိုက်ရိုက်တောင်းပြီး ခွဲထွက်ရေးကိုလုပ်ကြမှာဖြစ်တယ်။ အခု အဲဒီလို လုပ်ကြတာမရှိတဲ့အတွက် အဖြေဟာရှင်းနေပြီးဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။

ဦးနုရဲ့ အဲဒီလို အခိုင်အမာ စဉ်းစားပြင်ဆင်ချက်တွေအရ ပြည်နယ်ခေါင်းဆောင်တွေအပေါ် တွက်ဆယုံကြည်ထားမှုတွေဟာ လုံးဝမှန်ကန်ခဲ့ပါတယ်။ ဒါပေမယ့် ဦးနု ယုံကြည်ထားသလို မမှန်ကန်ခဲ့တာ၊ ထင်မှတ်တွက်ဆထားသလို မမှန်ကန်ခဲ့တာကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ စစ်တပ်ဖြစ်ခဲ့ပါတယ်။ စစ်တပ်ဟာ ဖေဖော်ဝါရီ (၂၄) ရက် နောက်ပိုင်းကစပြီး အာဏာသိမ်းရေးအစီအစဉ်တွေကို တက်သုတ်ရိုက်ပြီး ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း အတွက်၊ အာဏာသိမ်းရေးအစီအစဉ်အတွက် အကြောင်းပြစရာ အကောင်း ဆုံးသော အချက်ကြီးတခုကိုလည်း ရရှိသွားပြီဖြစ်ပါတယ်။ အဲဒါကတော့ 'ဖက်ဒရယ်မူ' ဆိုတဲ့ကိစ္စဖြစ်ပါတယ်။

'ဖက်ဒရယ်မူ' ဆိုတဲ့ကိစ္စအပေါ် အကြောင်းပြုပြီး ကောဌာဟဌတွေ ထွက်ပေါ်လာခဲ့တယ်။ နေရှင်း၊ အထောက်တော်၊ ဗမာ့ခေတ် သတင်းစာတွေပေါ်မှာလည်း ဖက်ဒရယ်မူနဲ့ပတ်သက်တဲ့ ဖော်ပြကြတာတွေ ထွက်ပေါ်လာပါတယ်။ ဦးကျော်ငြိမ်း ခေါင်းဆောင်တဲ့ ဖဆပလ ထဲက ထွက်ပေါ်လာတဲ့အသံတွေလည်း ကျယ်လောင်လာပါတယ်။ 'ရှမ်းပြည်ကြီးခွဲထွက်တော့မယ်' 'ပြည်ထောင်စုကြီးပြိုကွဲတော့မယ်' ဆိုတဲ့ ကောဌာဟဌတွေ၊ အစီအစဉ်ရှိရှိ လွှင့်ထုတ်တဲ့နေရာကနေ အချိန်ကိုက် တစထက်တစ ကျယ်လောင်လာပါတယ်။ ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်နဲ့ ကာယကံရှင် ပြည်နယ်ခေါင်းဆောင်တွေကိုယ်တိုင်တောင် ဒီကောဌာဟဌတွေ ဘယ်သူဆီကနေ အစီအစဉ်ရှိရှိထွက်ပေါ်လာတာ၊ ဘာရည်ရွယ်ချက်နဲ့ ထုတ်လွှင့်နေတယ်ဆိုတာ မသိနိုင်အောင် နားမလည်နိုင်အောင်ဖြစ်နေခဲ့ကြပါတယ်။ ဝန်ကြီးချုပ်ဦးနု ရဲ့ အစီအစဉ်အရ လူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲကြီး ဆက်ပြီးကျင်းပါပတယ်။

၁၉၆၂ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှာ မြန်မာ့အသံ အသံလွှင့်ရုံခန်းမကြီးထဲမှာ 'ဖက်ဒရယ်မူ' နဲ့ ပတ်သက်ပြီး ကိုယ်စားလှယ်တော်ကြီးတွေ တဦးပြီးတဦး အစီအစဉ်အတိုင်း တင်ပြပြောဆို ဆွေးနွေးတာတွေ စနစ်တကျ ဆောင်ရွက်နေကြပါတယ်။ တချို့ကိုယ်စားလှယ်များ ပြောဆိုဆွေးနွေးရမယ့်အလှည့်တောင် မရောက်သေးပဲ အချိန်ကုန်သွားတဲ့အတွက် နောက်နေ့ကို အစည်းအဝေး ရွှေ့ဆိုင်းလိုက်ရပါတယ်။ နှီးနှော ဖလှယ်ပွဲကြီးရဲ့ မတ်လ (၁) ရက်နေ့ အစည်းအဝေးဟာ ည (၉) နာရီလောက်မှာ ရပ်ဆိုင်းလိုက်ပါတယ်။ နောက်နေ့ မတ်လ (၂) ရက်နေ့မှာ ဆက်လက်ဆွေးနွေးတင်ပြကြဖို့ ချိန်းဆိုလိုက်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရဲ့ ပဏာမမိန့်ခွန်းတွေတောင် ပြောလို့မပြီးကြသေးပဲ ညဉ့်နက်နေပြီဖြစ်လို့ အစည်းအဝေးကို ရပ်ဆိုင်းလိုက်ရတာဖြစ်ပါတယ်။

အစည်းအဝေးပြီးချိန် ညကြီးမှာပဲ ဖက်ဒရယ်မူကို ဦးဆောင်တင်သွင်းသူဖြစ်တဲ့ ရှမ်းပြည်နယ်ဥက္ကဋ္ဌ စပ်ခွန်ချို့နဲ့ ကယားပြည်နယ်ဥက္ကဋ္ဌ စပ်ဝဏ္ဏာ တို့ဟာ ဦးနု နဲ့အတူ ဦးနု အိမ်ကိုလိုက်လာကြပါတယ်။

'ရှမ်းပြည်နယ်ပြည်ထောင်စုကြီးထဲကနေ ခွဲထွက်တော့မယ်' ဆိုတဲ့ ထွက်ပေါ်လာနေတဲ့ ကောဋ္ဌာဟဋ္ဌ သတင်းတွေနဲ့ပတ်သက်ပြီး "ဝန်ကြီးချုပ် ကျွန်တော်တို့နဲ့ပတ်သက်တဲ့ ကောဋ္ဌာဟဋ္ဌတွေ ကြားပြီးပြီလား"လို့ စပ်ခွန်ချို့က ပွင့်ပွင့်လင်းလင်းပြောရင်း "ကျွန်တော်တို့ ဝန်ကြီးချုပ်ကို အကြပ်ကိုင်ချင်ရင် ၁၉၄၈–၄၉ တုန်းက အကြပ်ကိုင်နိုင်ပါတယ်။ အဲဒီတုန်းကလည်းမကိုင်ခဲ့ဖူးဘူး။ နောက်လည်း တခါမှမကိုင်ခဲ့ဖူးဘူး" ဆိုတာ ရှင်းပြခဲ့ပါတယ်။ စပ်ခွန်ချို့ အနေနဲ့ ဝန်ကြီးချုပ်ရဲ့အဆုံးအဖြတ်အတိုင်း လိုက်နာမယ်ဆိုတဲ့ ကတိကိုလည်း ထပ်ပြီး အခိုင်အမာပေးတဲ့အပြင်၊ အဆိုပြုချက်တင်သွင်းရတာဟာ နောက်ထပ်ဆွေးနွေးကြဖို့ ကိစ္စတရပ်သာဖြစ်တယ်။ ဒီအတိုင်းလိုက်လျောဖို့လို့ မဆိုနိုင်ကြောင်း ထပ်ပြီးပြောဆိုခဲ့ပါတယ်။ ဦးနု ကလည်း သဘောပေါက်ကြောင်း ယုံကြည်ပြီးဖြစ်ကြောင်း ပြောဆိုခဲ့ပြီး "ဒီ ကောဋ္ဌာဟဋ္ဌတွေကို ဘယ်သူတွေက ဖြန့်နေတာလဲဆိုတာ ကျွန်တော်တွေးကြည့်တယ်၊ နောက်ပြီး ဘာအတွက်ဖြန့်နေတာလဲဆိုတာ ကျွန်တော်စဉ်းစားလို့မရဘူး"လို့ ပြန်လည်ပြောဆိုခဲ့ပါတယ်။ ည (၁၁) နာရီမှာ စပ်ခွန်ချို့ နဲ့ စပ်ဝဏ္ဏာ တို့ ဝန်ကြီးချုပ်ရဲ့အိမ်က ပြန်သွားခဲ့ကြပါတယ်။

ဦးနုက 'ရှမ်းပြည်နယ်ခွဲထွက်တော့မယ်' ဆိုတဲ့ ကောဋ္ဌာဟဋ္ဌကို ဘယ်သူတွေက ဘာရည်ရွယ်ချက်နဲ့ ဖြန့်နေသလဲဆိုတာကို ရှင်းရှင်းလင်းလင်းမသိသေးပေမယ့်၊ အကွက်ကောင်းစောင့်နေသူ၊ အကြံကြီး ကြံထားပြီးဖြစ်သူ၊ စနစ်တကျ အသေးစိတ် စီစဉ်ညွှန်ကြားထားပြီးဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ တပ်မတော်ကပွဲရုံထဲမှာ အိန္ဒြေမပျက် ပွဲကြည့်နေခဲ့ပါတယ်။ ဗမာပြည်ကို ချစ်ကြည်ရေးအဖြစ် လာရောက်ကပြနေတဲ့ တရုတ်ယဉ်ကျေးမှုအဖွဲ့ရဲ့ ကပြဖျော်မှုတွေကို ခပ်တည်တည် ရှုစားနေခဲ့ရုံမက၊ ညသန်းကောင်ယံ ပွဲပြီးချိန်မှာ ဇာတ်ခုံပေါ်တက်ပြီး ကပြဖြေဖျော်မှုအဖွဲ့ဝင်တွေကိုတောင် နှုတ်ဆက်အားပေးရင်း အတူဓာတ်ပုံ ရိုက်ခံခြင်း လုပ်လိုက်ပါသေးတယ်။

အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်း စီစဉ်ညွှန်ကြား အမိန့်ပေးထားပြီဖြစ်တဲ့ 'အာဏာသိမ်းစစ်ဆင်ရေး' ကို ဆင်နွှဲကြရမယ့် တာဝန်ခံတပ်မှူးများကတော့ ည (၁၂) နာရီတိတိကစပြီး စတင်လှုပ်ရှား အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါတယ်။ (၁၉၅၈ ခုနှစ်တုန်းက စစ်တပ်အာဏာသိမ်းရေးအတွက် မြောက်ပိုင်းတိုင်းက စီစဉ်ရေးဆွဲထားခဲ့တဲ့ အာဏာသိမ်းအစီအစဉ် စီမံချက်အတိုင်း၊ အချိန်နေရာ အချက်အလက် အနည်းငယ်ကိုပဲ ပြုပြင်ပြောင်းလဲပြီး အာဏာသိမ်းအစီအစဉ် လှုပ်ရှားမှုကို အကောင်အထည်ဖော်စေခဲ့တာလို့လည်း အဆိုရှိပါတယ်။)

အာဏာသိမ်းတပ်ဖွဲ့ဝင်များဟာ မင်္ဂလာဒုံလေယာဉ်ကွင်းအတွင်းရှိ ဆက်သွယ်ရေးစခန်း၊ အသံလွှင့်ရုံ၊ ကြေးနန်းဌာန၊ ပါလီမန်အဆောက်အအုံ၊ ရဲမင်းကြီးရုံး၊ စစ်ရဲတပ်၊ ပြည်ထောင်စုဘဏ်နဲ့တကွ အရေးကြီးနေရာအားလုံး အချက်အချာနေရာအားလုံး တခုမကျန် ဝိုင်းရံသိမ်းပိုက်နေရာယူထားလိုက်ပြီးပြီဖြစ်ပါတယ်။ ဝန်ကြီးတွေနေထိုင်ရာ ဝင်ဒါမီယာ၊ ဝင်ဒါမီယာကုတ်၊ ရွှေတောင်ကြားလမ်း၊ ပြည်ထောင်စုလမ်းသွယ်ရှိ ဝန်ကြီးချုပ်အိမ်၊ ကုက္ကိုင်းလမ်းနဲ့ ဂွတ္တလစ်လမ်းထောင့်ရှိ နိုင်ငံတော်သမ္မတကြီးဟောင်း စပ်ရွှေသိုက်အိမ်၊ ကမ္ဘာအေးဘုရားလမ်းရှိ တရားဝန်ကြီးချုပ် ဦးမြင့်သိမ်း အိမ်အပါအဝင် အရေးကြီးပုဂ္ဂိုလ်တွေနေထိုင်ရာ အိမ်တွေရှိကြတဲ့လမ်းနဲ့ ရပ်ကွက်တွေအားလုံးကိုလည်း ဝိုင်းရံသိမ်းပိုက်ထားပြီးပြီဖြစ်ပါတယ်။

ည (၂) နာရီလောက်မှာ ဝန်ကြီးချုပ်ဦးနု နေထိုင်တဲ့ ပြည်ထောင်စုလမ်းသွယ်ထဲကအိမ်ကို ဝိုင်းရံလိုက်ပြီး ဦးနု ကို ဖမ်းဆီးလိုက်ပါတယ်။ ဦးနု အပါအဝင် ဖမ်းဆီးထိန်းသိမ်းဖို့ စာရင်းပါသူ အရေးကြီးပုဂ္ဂိုလ်တွေအားလုံးကိုလည်း တယောက်မကျန် နေရာအနှံ့ခွဲပြီး ဖမ်းဆီးလိုက်ပါတယ်။

တယောက်မကျန် ဖမ်းဆီးနိုင်ရေးအတွက် ဖမ်းဆီးရမယ့် အရေးကြီးပုဂ္ဂိုလ်တွေရဲ့ စာရင်းကိုလည်း ကြိုတင်ရေးဆွဲပြင်ဆင်ထားပြီးဖြစ်တဲ့အပြင် ပုဂ္ဂိုလ်တဦးချင်းကို လျှို့ဝှက်အဖြစ် စကားဝှက်နာမည်တွေကိုလည်း ပူးတွဲတပ်ဆင်ပေးပြီး ဖမ်းဆီးစေခဲ့တာဖြစ်ပါတယ်။

စစ်တပ်ရဲ့ အာဏာသိမ်းစစ်ဆင်ရေးမှာ စစ်တပ်ကသတ်မှတ်ပေးထားခဲ့တဲ့ ဦးနု အတွက် စကားဝှက်နာမည်ကတော့ ‘လောက်ကောင်’ ဟူသတဲ့။ ဦးနုလိုပဲ တခြားသော ဗမာပြည်ထိပ်တန်းခေါင်းဆောင်ကြီးတွေ၊ ဝန်ကြီးတွေ၊ အစိုးရအရာရှိကြီးတွေဖြစ်ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုလည်း ဖမ်းဆီးထိန်းသိမ်းဖို့ စစ်တပ်က သတ်မှတ်ပေးထားတဲ့နာမည်တွေကတော့ အားလုံး တိရစ္ဆာန်တွေချည်းဖြစ်ပါတယ်။ ခေါင်းဆောင်ကြီးတယောက်ကိုတော့ ‘ပုစွန်တုပ်ကြီး’ တဲ့။ တချို့ကိုတော့ လိပ်၊ ဂဏန်း စသဖြင့်နာမည်ဝှက်တွေပေးပြီး ဖမ်းဆီးခိုင်းခဲ့တာဖြစ်ပါတယ်။

သမ္မတဟောင်း စော်ဘွားကြီး စပ်ရွှေသိုက်အိမ်ကို ဝိုင်းဝန်းသွားရောက်ဖမ်းဆီးရာမှာတော့ အိမ်လုံခြုံရေးအစောင့်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့တဲ့အတွက် စစ်တပ်ကလည်း သေနတ်နဲ့ပစ်ပြီး ဝင်ရောက်သိမ်းပိုက်ပါတယ်။ အာဏာသိမ်းစစ်တပ်ရဲ့လက်ချက်နဲ့ သမ္မတဟောင်းကြီး စပ်ရွှေသိုက်ရဲ့ သားငယ် စပ်မီမီသိုက် တယောက် ဦးခေါင်းနဲ့ ခြေထောက် ကျည်ဆံထိမှန်ပြီး ပွဲချင်းပြီးသေဆုံးသွားခဲ့ရပါတယ်။

ဝန်ကြီးချုပ်ဦးနု အပါအဝင် အဖမ်းအဆီးခံခဲ့ကြရသူတွေကတော့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်၊ ဝန်ကြီးတွေဖြစ်ကြတဲ့ သခင်တင်၊ ဒေါက်တာအေးမောင်၊ ဦးရာရှစ်၊ ဦးဘစော၊ သခင်တင်မောင်၊ ဦးသွင်၊ စပ်ခွန်ချို၊ စပ်ဝဏ္ဏ၊ ဒေါက်တာစောလှထွန်း တို့အပြင် ဦးဇာရဲလျံ၊ ဦးဘမြိုင်၊ နိုင်အောင်ထွန်း၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ မန်းဘဆိုင်၊ လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌ စပ်ခွန်ကြည်၊ သမ္မတဟောင်း စပ်ရွှေသိုက်၊ စပ်ပြည့်၊ စပ်နွံ၊ စပ်ထွန်းအေး၊ စပ်ဆိုင်းလုံ၊ စပ်ခွန်တိုး၊ စပ်ကြည်၊ စပ်ရွှေမှုံ၊ စပ်ခွန်အောင်၊ စပ်မိုးကျော်၊ စပ်ဝင်းကြည်၊ စပ်ခွန်ရီ၊ စပ်ရွှေကြည်၊ စပ်ခွန်ညွှန့်၊ စပ်မန်လစ်၊ စပ်မန်ဖ၊ စပ်ခွန်ထီး၊ စပ်ကျော်ခေါင်၊ ဦးချစ် (လွယ်လင်အမတ်)၊ ဦးရီရောင်း (ကျိုင်းတုံအမတ်)၊ ဦးခွန်နော် (ကျိုင်းတုံအနောက်အမတ်)၊ ဦးဖြူ (မိုင်းပွန်အမတ်)၊ ဦးကျော်စိန် (သာမိုင်းခမ်းအမတ်)၊ ဦးလွန်း (စကားအမတ်)၊ ဦးအမ်ဇော်လ (ကွတ်ခိုင်အမတ်)၊ ဦးစိန် (ကယား)၊ တောင်ကြီးဦးထွန်းမြင့်၊ ဦးကြာပု၊ ဦးမြတ်ဖူး၊ ဦးစိုးမောင်၊ ဦးချစ်ဦး၊ ဦးသန်းတင်၊ ဦးတင်အောင် စတဲ့ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ အဖမ်းမခံရပဲ လွတ်သွားတဲ့ပုဂ္ဂိုလ်နှစ်ဦးကတော့ ငပီလီရောက်နေတဲ့ ဗိုလ်မှူးအောင် နဲ့ နောင်တကက်ဖို့သမ္မတအဖြစ် လျာထားခြင်းခံရတဲ့ ဆမားဒူးဝါးဆင်ဝါးနောင် ဖြစ်ပါတယ်။ ဆင်ဝါးနောင်က မြစ်ကြီးနားခရိုင်ရှိ ဘိုးဘွားများဇာတိရွာရောက်နေလို့ ဖြစ်ပါတယ်။

အဖမ်းခံရသူအများစုကို ပထမဆုံးမှာ ညဦးပိုင်းက ဖက်ဒရယ်မူဆွေးနွေးခဲ့ကြတဲ့ အသံလွှင့်ရုံခန်းမထဲ ပို့ထားခဲ့ပါတယ်။ မနက် (၆) နာရီလောက်ရောက်မှ မင်္ဂလာဒုံကို လော်ရီကားတွေပေါ်တင်ပြီး လက်နက်ကိုင် အစောင့်အကြပ် ထူထပ်စွာနဲ့ ပို့ပါတယ်။

အဖမ်းခံထားရသူတွေထဲမှာ ဦးနု၊ ဦးဝင်းမောင်၊ ဦးမြင့်သိန်း၊ သခင်တင်၊ စပ်ခွန်ချို၊ စပ်ဝဏ္ဏ နဲ့ ဦးရာရှစ် တို့ကို အစောင့်အကြပ် ထူထပ်စွာချပြီး သီးခြားခွဲထားခဲ့ပါတယ်။

မန်းဘဆိုင်၊ စပ်ခွန်ကြည်၊ ဦးဘစော၊ ဦးဘမြိုင်၊ ဒေါက်တာစောလှထွန်း၊ ဦးဇာရဲလျံ နဲ့ စပ်မန်ဖတို့ကို ရန်ကုန်ပြန်ခေါ်သွားပြီး ဒဂုံရိပ်သာမှာ ဗိုလ်ချုပ်ကြီးနေဝင်း က တွေ့ဆုံကာ မှားယွင်းဖမ်းဆီးမိကြောင်း ပြောကြားပြီး ပြန်လွှတ်လိုက်ပါတယ်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့ခေါင်းဆောင်တဲ့ တည်မြဲဖဆပလအဖွဲ့ကြီးထဲက ပုဂ္ဂိုလ်တွေကို တဦးမှ မဖမ်းဆီးခဲ့သလို၊ သခင်ချစ်မောင် (ဝိဇ္ဇူရ)၊ သခင်လွင် တို့လို ပမညတ ခေါင်းဆောင်တွေကိုလည်း မတို့မထိခဲ့ပါ။ အာဏာရ ပထစအဖွဲ့ချုပ်ကြီးအတွင်းက အထွေထွေအတွင်းရေးမှူး သခင်ကျော်ထွန်း၊ သခင်ပန်းမြိုင် စတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဖမ်းဆီးခြင်းမပြုခဲ့ပါ။ သခင်တင်၊ ဦးရာရှစ် တို့ကို ဖမ်းဆီးခဲ့တာဟာ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအဖြစ် ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။

ဦးနု ကတော့ အခုလိုအဖမ်းခံထားရချိန်အထိ အောက်ခြေတပ်တွင်း တပ်မှူးငယ်အချို့ အာဏာ သိမ်းဖို့ကြိုးပမ်းတာ အချိန်တန်ရင် ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်လာပြီး သူတို့ကို ကယ်တင်ခေါ်ထုတ်မှာလို့ ထင်နေတုန်းဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကို ယုံကြည်နေတုန်းဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ သူ့ရဲ့အာဏာသိမ်းရေးအစီအစဉ် အထစ်အငေါ့မရှိ ပြီးမြောက်သွားပြီ ဖြစ်တဲ့အတွက် ကျေနပ်နေပြီဖြစ်ပါတယ်။

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို အသက်ပေးကာကွယ်သွားပါမယ်" လို့ လူသိရှင်ကြား ကတိပြုခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ၊ သူ့လေသံတောင် ကောင်းကောင်းမပျောက်တတ်သေးခင် (၃) နှစ် ကျော်ကျော်ကာလအတွင်းမှာပဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို စက္ကူစုတ်လုပ်ပစ်လိုက်ပါပြီ။

ပါလီမန်ဒီမိုကရေစီစနစ် တရပ်လုံးကိုလည်း အပြီးတိုင် မြေမြှုပ်သင်္ဂြိုဟ်ဖို့ အစစ ပြင်ဆင်ဖော်ဆောင် ပြီးပါပြီ။

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်၊ မနက် ၈ နာရီ ၂၅ မိနစ်မှာတော့ မြန်မာ့အသံက ကရင်ပိုင်းအစီ အစဉ် ထုတ်လွှင့်နေတုန်း၊ ရုတ်တရက်ရပ်ဆိုင်းသွားပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ "နိုင်ငံ တော်အာဏာကို ဗမာ့တပ်မတော်က တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း" ကြေညာသံ ထွက်ပေါ် လာပါတော့တယ်။

အိမ်စောင့်အစိုးရ တနှစ်ခွဲနီးပါးလောက်မှအပ၊ ဗမာပြည်လွတ်လပ်ရေးကြေညာပြီးချိန်ကစပြီး တောက်လျှောက် ဖြစ်တည်လာခဲ့တဲ့ ပါလီမန်ဒီမိုကရေစီခေတ်ကြီးကား နိဗ္ဗာန်ဝင်သွားခဲ့ရပါလေပြီ။ အဆုံးသတ် သွားခဲ့ရပါလေပြီ။

# ပါလီမန်ဒီမိုကရေစီခေတ်နိဂုံးချုပ်ချက်

အကြမ်းဖက် လက်နက်ကိုင်အားကိုးနည်းနဲ့ စစ်တပ်ရဲ့အတင်းအကြပ် ကန့်လန့်ကာချပေးလိုက်မှုကြောင့် ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာ ပါလီမန်ဒီမိုကရေစီခေတ်ကြီး အဆုံးသတ်သွားခဲ့ရပါပြီ။ ကန့်လန့်ကာချဖို့ ပြည်ဖုံးကားကြိုးကို ဦးဆောင်ဆွဲပေးလိုက်တဲ့ ကြိုးဆွဲဆရာကြီးကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ကြီး အဆုံးသတ်သွားတဲ့နေ့ကတော့ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ဖြစ်ပါတယ်။

ဗမာပြည်လွတ်လပ်ရေးကြေညာနိုင်ခဲ့တဲ့ ၁၉၄၈ ဇန်နဝါရီလ (၄) ရက်နေ့မနက်ကနေ၊ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့မနက်အထိ (၁၄) နှစ်ကျော်ကျော်ကာလတိုင်၊ ပါလီမန်ဒီမိုကရေစီခေတ်ကြီး သက်ဝင်လှုပ်ရှားခဲ့တယ်လို့ အကြမ်းဖျင်း သတ်မှတ်နိုင်ပါတယ်။ ဒီကြားထဲမှာ (၁၉၅၈) အောက်တိုဘာလ (၂၈) ရက်နေ့ကနေ ၁၉၆၀ ပြည့်၊ ဧပြီလအထိ တနှစ်ခွဲကျော်ကာလဟာ စစ်တပ်အိမ်စောင့်အစိုးရဖြစ်တဲ့အတွက် ဒီကာလကိုဖယ်ရှားပြီး ရေတွက်ကြည့်ချင်လည်း ကြည့်နိုင်ပါတယ်။ စစ်တပ်အုပ်စီးတဲ့ အိမ်စောင့် အစိုးရခေတ်ဖြစ်ပေမယ့် ပါလီမန်ကို ဖျက်သိမ်းနိုင်ခြင်းမရှိဘဲ၊ မဖျက်သိမ်းဘဲ အုပ်စိုးခဲ့တာဖြစ်လို့၊ ယေဘုယအားဖြင့် ကာလတာတလျှောက်လုံးကို ပါလီမန်ဒီမိုကရေစီခေတ်အဖြစ်နဲ့ဘဲ သတ်မှတ်မယ်ဆိုရင်လည်း သတ်မှတ်လို့ရပါတယ်။

ဘာပဲဖြစ်ဖြစ် မတ်လ (၂) ရက်နေ့မှာကတော့ ပါလီမန်ဒီမိုကရေစီခေတ်ကြီး ပြည်ဖုံးကားအချခံလိုက်ရပြီး အဆုံးသတ်သွားခဲ့ရပြီဖြစ်ပါတယ်။ ဒီ (၁၄) နှစ်ကျော်ကာအတွင်းမှာ တတိုင်းပြည်လုံးကို ကာလရက်တာအများဆုံး အာဏာရယူအုပ်စိုးသွားခဲ့တာကတော့ 'ဖဆပလ' အဖွဲ့ကြီးနဲ့ 'ဖဆပလ' အစိုးရပဲဖြစ်ပါတယ်။ ဗမာပြည်ရဲ့ နံပါတ်တစ်ခေါင်းဆောင် ဝန်ကြီးချုပ်အဖြစ် တလျှောက်လိုလို လုပ်သွားခဲ့သူကတော့ 'ဦးနု' ဖြစ်ပါတယ်။ ဖဆပလအဖွဲ့ကြီးဟာ ဗြိတိသျှနယ်ချဲ့သမားဆီကနေ စေ့စပ်တဲ့နည်းနဲ့ လွတ်လပ်ရေးကို ရယူပြီးချိန်ကစပြီး တိုင်းပြည်ရဲ့အာဏာကို ရယူအုပ်စိုးခဲ့ပါတယ်။ အာဏာရအဖွဲ့ကြီးဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့စည်းပေါင်းစုံပါဝင်တဲ့ အဖွဲ့ချုပ်ကြီးသဏ္ဌာန်ဖြစ်ခဲ့ပေမယ့် လွတ်လပ်ရေးရချိန်လောက်ကစပြီး အဖွဲ့ချုပ်ကြီးကိုလွှမ်းမိုးထားတာဟာ ဆိုရှယ်လစ်ပါတီနဲ့ ဆိုရှယ်လစ်တွေဖြစ်ခဲ့ပါတယ်။ 'ဖဆ–ဆိုရှယ်' အဖွဲ့ကြီးဖြစ်ခဲ့ပါတယ်။ 'ဖဆပလ အဖွဲ့ကြီးအတွင်းမှာ တန်ခိုးအထွားခဲ့ဆုံးပုဂ္ဂိုလ်တွေကတော့ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်၊ သခင်သာခင်၊ သခင်ကျော်ထွန်း၊ ဗိုလ်ခင်မောင်လေး၊ ဦးဝင်း တို့တတွေဖြစ်ပါတယ်။ အဲဒီထဲကမှ ထပ်ချုပ်လိုက်ရင်တော့ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင် တို့တတွေဖြစ်ပါတယ်။ ဦးနု အပါအဝင် သူတို့အားလုံးဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ လက်ဝဲဝါဒ၊ ဆိုရှယ်လစ်ဝါဒကို ကြိုက်နှစ်သက်ကြကြောင်း အသွင်အမျိုးမျိုးနဲ့ ကုန်းအော်ခဲ့ကြဖူးသူတွေချည်းဖြစ်ပါတယ်။ လွတ်လပ်ရေးရကာလတလျှောက်လုံးမှာ ဆိုရှယ်လစ်ဝါဒ၊ လက်ဝဲဝါဒကို နဲနဲလေးမှမကြိုက်နှစ်သက်ကြောင်း ပြောခဲ့ဖူးသူ တယောက်မှ မရှိသလောက်ဖြစ်ပါတယ်။

တိုင်းပြည်ကို ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း တည်ဆောက်ဖို့ပြောခဲ့သလို တိုင်းပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး ကိုယ်၌ထဲမှာကို လက်ဝဲမျိုးစေ့တွေပါနေပါတယ်လို့ အားပါးတရဆိုခဲ့ကြပါတယ်။ လွတ်လပ်ရေးမရခင်က ဖြစ်တည်လာခဲ့တဲ့ ကွန်မြူနစ်–ဆိုရှယ်လစ် ပဋိပက္ခဟာလည်း၊ လွတ်လပ်ရေးရပြီး၊ ဖဆ–ဆိုရှယ်များ အာဏာကိုဆုပ်ကိုင်ခွင့်ရချိန်ကစပြီး ပိုမိုသည်းသန်လာခဲ့ရရင်း၊ နောက်ဆုံးမှာ ကွန်မြူနစ်တွေ တောခိုကုန်ဘဝ ရောက်သွားပါတယ်။ ဆိုရှယ်လစ်များရဲ့အမျိုးမျိုးသောညစ်ပတ်မှု၊ အာဏာကိုမလွှတ်တမ်း

ဆုပ်ကိုင်ထားလိုမှု၊ အာဏာကိုအပြည့်အဝကိုင်ပြီး အစွမ်းကုန်အသုံးချပြမှုတွေကြောင့်၊ အာဏာရ ဖဆပလ ကြီးအတွင်းမှာကို ပဋိပက္ခတွေ၊ အက်ကြောင်းတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး၊ ဝါးအစည်းပြေသလို ပြေခဲ့ရပါ တယ်။ 'ဆိုရှယ်လစ်' ဆိုသူတွေအချင်းချင်းထဲမှာကို ဆိုရှယ်ဖြူ၊ ဆိုရှယ်နီတွေ ကွဲကြရပြီး၊ တစောင်းစေးနဲ့ မျက်ချေး ဖြစ်ခဲ့ကြပါတယ်။

အာဏာရ ဖဆပလအစိုးရရဲ့ အုပ်စိုးမှုအောက်မှာ အဆိုးဝါးဆုံး အရှည်ကြာဆုံးသော ပြည်တွင်းစစ် ကြီးဖြစ်ခဲ့ရပါတယ်။ လွတ်လပ်ရေးနဲ့အတူ ဖွားဘက်တော်လိုဖြစ်ခဲ့ရတဲ့ ပြည်တွင်းစစ်ကြီးဟာ တနေ့တခြား သာ ကြီးထွားခဲ့ရပါတယ်။ ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်ခါစ ကိုလိုနီတပိုင်းပဒေသရာဇ်တပိုင်း နိုင်ငံတွေရဲ့ ထုံးစံအတိုင်း အမျိုးသားသွေးစည်းညီညွတ်မှုတွေ ပျောက်ခဲ့ရပါတယ်။ အမျိုးသားသွေးစည်း ညီညွတ်မှု ပျက်နေရတာကို အမျိုးသားရင်ကြားစေ့ရေးမလုပ်နိုင်ဘဲ၊ အာဏာလောဘ၊ အာဏာမာန်၊ အာဏာရှိန်၊ အာဏာစက်တွေနဲ့ပဲ ကျင့်သုံးလိုက်ကြတဲ့အခါ၊ အကျိုးဆက်က ပြည်တွင်းစစ်ကြီး တဟုန်းဟုန်း တောက်လောင်ခဲ့ရတာ ဖြစ်ပေါ်ခဲ့ရပါတယ်။

ပြည်သူလူထုကြီးရဲ့ဘဝ ဒုက္ခပေါင်းစုံကြုံကြရရင်း ဆင်းရဲတွင်းက မထွက်နိုင်အောင်ဖြစ်မြဲဖြစ်ကြရ ပါတယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အလှမ်းဝေးမြဲဝေးခဲ့ရပါတယ်။ သယံဇာတပေါကြွယ်ဝပြီး ရေခံမြေခံ အင်မတန်ကောင်းမွန်လှတဲ့ အမိနိုင်ငံတော်ဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့သာ တရားမျှတစွာ ဖြောင့်ဖြောင့်တန်းတန်း ချီတက်ဆောင်ရွက်ခဲ့ကြမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တခုဆီ ရောက်ရှိ တက်လှမ်းနိုင်သင့်ပါလျက်နဲ့၊ ခေတ်နောက်ကျမြဲ နောက်ကျနေခဲ့ရပါတယ်။

လက်ဝဲဝါဒကို ကြွေးကြော်ခဲ့ကြတဲ့ လက်ဝဲသမားတွေအချင်းချင်းဆိုတာတွေကြားထဲမှာလည်း လက်ဝဲညီညွတ်ရေးပျက်ပြားခဲ့ရသလို တိုင်းရင်းသားပြည်သူတွေအချင်းချင်းကြားထဲမှာလည်း ရှိသင့်ရှိထိုက် တဲ့ အမျိုးသားသွေးစည်းညီညွတ်မှုဟာ ပျက်ပြားခဲ့ရပါတယ်။ အာဏာရ ဖဆပလအဖွဲ့ကြီးကြားထဲမှာလည်း အဆက်မပြတ်သော ပြိုကွဲမှုတွေသာ ဖြစ်ပေါ်ခဲ့ရပါတယ်။

'ဖဆပလအစိုးရကိုကြည့်မယ်ဆိုရင်ကို 'ဖဆပလ' အစိုးရ 'ဖဆဆိုရှယ်အစိုးရ' 'လယ်ယာဖဆ ဆိုရှယ်အစိုးရ' ဆိုတဲ့ အသွင်အမျိုးမျိုးကို ဦးစွာတွေ့ရမယ်ဖြစ်ပါတယ်။ ဖဆပလအဖွဲ့ကြီးကိုယ်တိုင် နောက် ဆုံးမှာ နုတင်၊ ဆွေငြိမ်း အကွဲကြီးဖြစ်ပေါ်ခဲ့ပြီး နှစ်ခြမ်းနှစ်မွှာ ဟက်တက်ကွဲသွားခဲ့ရပါတယ်။ ရဲဘော်ဖြူအကွဲ၊ ဆိုရှယ်နီအကွဲတွေကွဲပြီးနောက် နုတင်၊ ဆွေငြိမ်း တို့ရဲ့ သန့်ရှင်း တည်မြဲ အကွဲဟာ၊ နောက်ဆုံး အကွဲဖြစ်ပြီး၊ အနိုင်ရ နုတင် သန့်ရှင်းတို့ရဲ့ ထွက်ပေါ်လာခဲ့တဲ့အစိုးရဟာ 'သန့်ရှင်းဖဆပလအစိုးရ' ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဖဆပလအစိုးရဆိုတဲ့ ဖြစ်စဉ်ကြီးတခုအတွင်းမှာကို၊ ဖဆပလအစိုးရ၊ ဖဆဆိုရှယ်အစိုးရ၊ လက်ယာ ဖဆဆိုရှယ်အစိုးရ၊ သန့်ရှင်းဖဆ

အစိုးရဆိုတဲ့အသွင်အဆင့်အမျိုးမျိုးကို တွေ့ရမှာဖြစ်ပါတယ်။

၅၈ ခုနှစ်ပထမအကြိမ်အာဏာသိမ်းမှုကြီးကြောင့်စစ်တပ်ကို အာဏာလွှဲပြောင်းပေးအပ်တဲ့ပုံစံ ချိုးပြီးပေးခဲ့ရတဲ့အတွက် 'အိမ်စောင့်အစိုးရခေတ်' ဆိုတာ တနှစ်ခွဲလောက်ကြာမြင့်ခဲ့ပါတယ်။ အဲဒီတနှစ်ခွဲ လောက်ကာလဟာ တတိုင်းပြည်လုံး ဘေးကြပ်နံကြပ် အသေကြပ် အနေကြပ်ဖြစ်ခဲ့ရပါတယ်။ 'ပါလီမန်' ကြီးရှိပေမယ့် ပါလီမန်ကြီးဟာ စစ်တပ်လုပ်သမျှ အတည်ပြုပေးနေရတဲ့ သဘောလောက်ပဲ အသွင်ဆောင်ခဲ့ရ ပါတယ်။ အဲဒီနောက် နောက်ဆုံးပေါ်ပေါက်လာရတာက 'ပထစအစိုးရခေတ်' ဖြစ်ပါတယ်။ ပထစခေတ်မှာ ဦး–ဗိုလ်–သခင် အကွဲကြီးရှိပေမယ့် ဝန်ကြီးချုပ်ဦးနုဟာ လွတ်လပ်ရေးရပြီး (၁၂) နှစ်တာကျော် အတွေ့အကြုံ ထိုက်သင့်သလောက်ရှိနေပြီဖြစ်တဲ့အတွက် အတိုက်အခံနိုင်ငံရေးအင်အားစုတွေအပေါ် လေးစားရကောင်း

မှန်း၊ အလေးထားရကောင်းမှန်း သိနေပြီဖြစ်ပါတယ်။ မမျှမတဖြစ်နေတဲ့ အားနည်းချက်တွေ ချို့ယွင်းချက်တွေရှိနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ပြင်ဆင်ရေးဆွဲချင်စိတ်ရှိနေပြီဖြစ်ပါတယ်။ ပြည်နယ်တွေရဲ့ ပြည်နယ်ဖွဲ့စည်းခွင့်တွေကိုလည်း ထိုက်သင့်သလောက် ညှိနှိုင်းဖြေရှင်းပေးချင်စိတ်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ပထစကြီး အင်အားအကြီးဆုံးရှိနေတုန်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးကို စတင်ခြေလှမ်း လှမ်းခဲ့ပါတယ်။ တဖက်ကလည်း သူအင်မတန်လုပ်ချင်တဲ့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေးကို မဆင်မခြင်လုပ်ခဲ့ပါတယ်။

ဒီ (၁၄) နှစ်ကျော်ကာလအတွင်းမှာ မြန်မာပြည်အတွက် အဆိုးဝါးဆုံးဖြစ်ခဲ့တာကတော့ ပြည်တွင်းစစ်ကြီးပဲဖြစ်ပါတယ်။ ပြည်တွင်းစစ်ပြဿနာဟာ ဗမာပြည်ရဲ့ အကြီးမားဆုံးပြဿနာပဲဖြစ်ပါတယ်။ ပြည်တွင်းစစ်ပြဿနာကြီးကို မှန်ကန်စွာမဖြေရှင်းနိုင်ဘဲ၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တရားမျှတစွာ မတည်ဆောက်နိုင်ဘဲ၊ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တည်ဆောက်နိုင်လိမ့်မယ် မဟုတ်ပါ။ စစ်မှန်တဲ့ ဒီမိုကရေစီရေးကိုလည်း ကြွေးကြော်နိုင်လိမ့်မယ်မဟုတ်ပါ။ အမျိုးသားသွေးစည်းညီညွတ်ရေးကိုလည်း ဖော်ဆောင်နိုင်လိမ့်မယ်မဟုတ်ပါ။ ဘာကြောင့်ပဲအကြောင်းပြပြ ပြည်တွင်းစစ်ကြီး ပေါက်ဖွားလာခဲ့ရတာ ဖဆပလ အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ ဖဆဆိုရှယ်များရဲ့ ဖောက်ပြန်ဆိုးဝါးမှုကြောင့်ဘဲဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်တလျှောက် အာဏာကို ရယူကိုင်ဆွဲလာကြတဲ့ အစိုးရအဆက်ဆက်၊ အုပ်စိုးသူအဆက်ဆက်ဟာ ပေါ်ပေါက်လာရတဲ့ ပြည်တွင်းစစ်ကြီးကို တရားတဖြင့်ရပ်စဲနိုင်ဖို့ ဘယ်သူမှ ဘယ်တုန်းကမှ မကြိုးစားခဲ့ကြတာမှာတော့ အတူတူဘဲဖြစ်ပါတယ်။ ပြည်တွင်းစစ်ပြဿနာကို အပြုတ်တိုက်ရေးနည်းနဲ့ ချည်းပဲ ဖြေရှင်းဖို့ကြိုးစားခဲ့ကြပါတယ်။ အပြုတ်တိုက်ရေး၊ အပြီးတိုင်ချေမှုန်းပစ်ရေးဆိုတာတွေကိုပဲ ကြွေးကြော်ခဲ့ကြပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ပြောလာရင်လည်း လက်နက်ချရေး၊ အညံ့ခံရေးကိုဘဲ ရှေ့ရှုလုပ်ဆောင်ခဲ့ကြပါတယ်။ အပေါ် စီးက တင်းတင်းမာမာပြောတဲ့နည်း၊ ဒါမှမဟုတ်၊ လိမ်ညာလှည့်ပတ် ကောက်ကျစ်တဲ့နည်းတွေနဲ့ပဲ မတော်မတရားဖြေရှင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ လက်နက်ချရေး၊ အလင်းဝင်ရေး၊ လက်နက်ကိုင်လမ်းစဉ်စွန့်ရေးဆိုတာတွေကိုပဲ နည်းအမျိုးမျိုးနဲ့ ပုံဖော်ခဲ့ကြပါတယ်။ စေ့စပ်ရေး၊ တွေ့ဆုံဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲပြီး ပြိုင်တူ ပြည်တွင်းစစ်ရပ်စဲရေးဆိုတာတွေကို တလျှောက်လုံး ငြင်းဆန်ခဲ့ကြပါတယ်။ တဖက်သက်လက်နက်ချရေးတွေကိုသာ တောင်းဆိုလုပ်ကိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ကြီးဟာ ကြီးကြီးသာလာခဲ့ရပါတယ်။ ပြည်တွင်းအမျိုးသားချင်း လက်နက်ကိုင်အင်အားစုတွေအပေါ်တော့ တလျှောက်လုံး စေ့စပ်ဆွေးနွေးရေးကို ငြင်းပယ်ပြီး အပြုတ်တိုက်ရေးကိုသာ ဦးဆောင်လုပ်ကိုင်ခဲ့ပေမယ့်၊ ပြည်ပကျူးကျော်သူ တရုတ်ဖြူပြဿနာ၊ နယ်ချဲ့စွက်ဖက်မှု ပြဿနာတွေကိုတော့ အောက်စည်းကနေ အလျှော့ပေး လေပြေထိုးတဲ့နည်း၊ စေ့စပ်ဆွေးနွေးတဲ့နည်းတွေနဲ့ပဲ အဓိက အားပြုပြီး ဖြေရှင်းဖို့ကြိုးစားခဲ့ပါတယ်။ မလွှဲသာလို့ လက်နက်ကိုင်ရင်ဆိုင်တုန့်ပြန်ရရင်လည်း ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေအပေါ် ပြင်းထန်သည်းသန်သလောက် ဘယ်တုန်းကမှ ပြတ်ပြတ်သားသား တင်းတင်းမာမာ တုန့်ပြန် ပြင်းထန် သည်းသန်ခဲ့တာမရှိပါ။

ပြည်တွင်းစစ်ကြီးရဲ့ အကျိုးဆက်ကတော့၊ တိုင်းပြည်မွဲပြာကျတာနဲ့ စစ်တပ်ကြီး ကြီးထွားခဲ့ရတာပဲဖြစ်ပါတယ်။ စစ်တပ်ကြီး တိုးချဲ့တည်ဆောက် ကြီးထွားလာလေလေ စစ်စရိတ်တွေ၊ ပိုမိုကျခံ သုံးစွဲလာရပြီး၊ တိုင်းပြည်မွဲပြာကျလေလေ ဖြစ်ရပါတယ်။ ဒီထက်ဆိုးတာက ကြီးထွားလာခဲ့တဲ့ စစ်တပ်ကြီးဟာ စစ်တပ်နေရာ မနေချင်တော့ဘဲ၊ အာဏာမျက်စောင်းထိုးလာမှုဖြစ်ပါတယ်။ စစ်တပ်ကြီး ကြီးထွားလာလေလေ၊ စစ်တပ်ရဲ့ အခန်းကဏ္ဍဟာလည်း ကြီးထွားလာလေဖြစ်ပါတယ်။ စစ်တပ်ရဲ့ အခန်းကြီးလာလေလေ၊ စစ်တပ်ကို

ဦးစီးကိုင်တွယ်ထားနိုင်သူ ဗိုလ်ချုပ်နေဝင်း ရဲ့ အခန်းဟာလည်း ကြီးလာလေလေဖြစ်ပါတယ်။ ဗိုလ်နေဝင်းကို ဒီလိုနေရာ၊ ဒီလိုအခြေအနေရောက်အောင် စတင်မြေတောင်မြှောက်ခဲ့သူတွေကတော့ အဓိက ဦးကျော်ငြိမ်းနဲ့ ဆိုရှယ်လစ်ကြီးတွေဖြစ်ပါတယ်။ ဦးကျော်ငြိမ်း က ဗိုလ်နေဝင်းကို သူ့လူဖြစ်ဖို့ စမွေးခဲ့တာဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီ စတင်တည်ထောင်စဉ်ကတည်းက ပါဝင်ခဲ့ဖူးသူ ဗိုလ်နေဝင်းကို ဆိုရှယ်လစ်အချင်းချင်းဆိုပြီး လူယုံမွေးပြီး နေရာရစေချင်ခဲ့တာပါ။ ဗိုလ်နေဝင်း ကာကွယ်ရေးဝန်ကြီးဖြစ်ဖို့ ဦးကျော်ငြိမ်း အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ နောက်ဆုံး ပြည်တွင်းစစ်ကြီး အရှိန်ကြီးလာရချိန်မှာ ဆိုရှယ်လစ်ကြီးတွေတောင် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကြပြီး၊ အစိုးရအဖွဲ့တွင်းက တဖွဲ့ဖွဲ့ပြေးကြချိန်မှာ ဝန်ကြီးချုပ်ဦးနု က ကာကွယ်ရေးဝန်ကြီးသာမက ဒုဝန်ကြီးချုပ်ပါခန့်ပြီး စတင်မြှောက်စားခဲ့ပါတယ်။ ပထမတော့ ဗိုလ်နေဝင်းက ဆိုရှယ်လစ်တွေဘက်ကနေပြခဲ့ပါတယ်။ ဦးနု ကိုလည်း ကြေနပ်အောင် စွမ်းဆောင်ပြခဲ့ပါတယ်။ တဖက်ကလည်း စစ်တပ်ကိုသူ့ခြေသူ့လက် လုပ်ကိုင်နိုင်အောင် နည်းမျိုးစုံ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းစတင်တည်ထောင်ခဲ့တဲ့ ပြည်သူ့အကျိုးအတွက် ပြည်သူ့တပ်မတော်ကြီးဟာ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးရပြီးနောက် ပြည်တွင်းစစ်အတွင်း ပြည်တွင်းစစ်ကို တိုက်ခိုက်တဲ့ စစ်တပ်ကြီးအဖြစ် အုပ်စိုးသူကြိုက်စစ်တပ်ကြီးအဖြစ် စတင်ပြောင်းလဲလာပါတယ်။ ၅၆/၅၇ နောက်ပိုင်းမှာတော့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တလက်ကိုင်တပ်လုံးလုံး၊ ပြည်သူဖိနှိပ်ရေးတပ်လုံးလုံး စတင်ပုံပေါ် ပြောင်းလဲလာခဲ့ပါတယ်။ စစ်အုပ်စုလည်း စတင်သန္ဓေတည်မိလာပြီး၊ ဆိုရှယ်လစ်ပါတီဘက်က ပင်းတဲ့တပ်အဖြစ်ကနေ ကိုယ်တိုင်တက်အာဏာယူချင်တဲ့တပ်အဖြစ်တဆင့်တက်လာရခဲ့ပါတယ်။ ၅၈ ခုနှစ် ပထမဦးဆုံး စစ်အာဏာသိမ်းမှုကြိုးပမ်းချက်ကို ထင်ရှားတဲ့ သာဓကအဖြစ် ကြည့်မြင်နိုင်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ နောက်ကွယ်ကနေကိုင်ခဲ့ပြီး၊ အိမ်စောင့်အစိုးရအဖွဲ့ကိုအာဏာလွှဲပြောင်း ရယူတဲ့အခါကြမှ သူကဘဲ ဝင်ရောက်ထိန်းညှိပေးသယောင် အသွင်ဆောင်ရင်း တက်ပြီးဝန်ကြီးချုပ်လုပ်ခဲ့ပါတယ်။ ပြည်တွင်းစစ်ကြီးဟာ အုပ်စိုးသူ အာဏာရ ဖဆပလ အစိုးရကြောင့် ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် ဖဆဆိုရှယ်လစ်တွေကြောင့် ဖဆဆိုရှယ်လစ်ခေါင်းဆောင် ဦးကျော်ငြိမ်းတို့ရဲ့ မမှန်မကန် ဖြေရှင်းမှုတွေကြောင့် ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကို ဖဆပလကြီး ပြိုကွဲတဲ့အခါမှာပြည်သူ့ရဲဘော် (ရဲဘော်ဖြူ) များကလည်း ဖွင့်ဟဖော်ထုတ်ခဲ့ပြီးဖြစ်သလို၊ ဖဆပလ ထိပ်သီးတဦးဖြစ်တဲ့ဗိုလ်မင်းခေါင် တို့ကိုယ်တိုင်ကလည်း ဖော်ထုတ်ဝန်ခံ ပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ ဆိုရှယ်နီများကလည်း လက်ျာဆိုရှယ်လစ် ဦးကျော်ငြိမ်း တို့ရဲ့ ဆိုးဝါးရက်စက်ညစ်ပတ်ခဲ့ပုံတွေကို ဖော်ထုတ်ပြစ်တင်ဝေဖန်ခဲ့ပြီးဖြစ်ပါတယ်။ အာဏာရအုပ်စိုးသူတွေကတော့၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို စွဲကိုင်အကောင်အထည်ဖော်မှုကြောင့်လို့ တလျှောက်လုံး စွတ်စွဲဖော်ပြ ဝါဒဖြန့်ချိခဲ့ကြပါတယ်။

ဒါဖြင့် လွတ်လပ်ရေးရပြီး တနှစ်အတွင်း ဆက်တိုက်ပေါ်ထွက်လာခဲ့တဲ့ ကရင့်တော်လှန်ရေးနဲ့၊ လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးတွေကကော ဘာကြောင့်ဖြစ်ပေါ်လာခဲ့သလဲ။ ဖဆပလကြီးအတွင်းကပြည်သူ့ရဲဘော် တောခိုမှု၊ စစ်တပ်အတွင်းက တပ်ရင်းတချို့ တောခိုမှုတွေကကော ဘာကြောင့်ဖြစ်ပေါ်ခဲ့သလဲ။ အုပ်စိုးသူအာဏာရတွေရဲ့ ဖောက်ပြန်တဲ့ မူဝါဒပေါ်လစီရဲ့ လုပ်ရပ်အဖုံဖုံကြောင့် ဖြစ်ပေါ်ခဲ့ရတာ ထင်ရှားပါတယ်။ ကရင့်တော်လှန်ရေးအပါအဝင် လူမျိုးစုလက်နက်ကိုင်လှုပ်ရှားမှုတွေကို နယ်ချဲ့သမားရဲ့ သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးမှုကြောင့်၊ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်ဝါဒတွေကြောင့်လို့ ကောက်ချက်ဆွဲပြသတ်မှတ်ဖော်ညွှန်းပြလေ့ရှိခဲ့ပါတယ်။ အုပ်စိုးသူ အစိုးရအဆက်ဆက်ရဲ့ မမှန်မကန် လုပ်ဆောင်ခဲ့မှုတွေကြောင့် ဖောက်ပြန်တဲ့ မူဝါဒ၊ ပေါ်လစီတွေကြောင့် ဆိုတာကိုတော့ နည်းနည်းလေးမှ ဝန်ခံပြောဆို ဖော်ထုတ်ခဲ့ကြဖူးခြင်း မရှိပါ။ အုပ်စိုးသူအာဏာရများဟာ သူတို့အချင်းချင်းလည်း မဖုံးနိုင်မဖိနိုင် ကွဲကြပြဲကြ ဆော်ကြ

နက်ကြ အာဏာလုခဲ့ကြပေမယ့်၊ ပြည်တွင်းစစ်နဲ့ပတ်သက်ပြီး ပြောပုံဆိုပုံ ဝါဒဖြန့်ချိကြပုံတွေမှာတော့ တလေတည်းပဲ ထွက်ခဲ့ကြပါတယ်။ ပြည်တွင်းစစ်ကိုဖြေရှင်းဖို့ ကြိုးပမ်းကြပုံ၊ သဘောထားခဲ့ကြပုံတွေမှာလည်း သံတူကြောင်းကွဲနဲ့ ကြောင်းကွဲသံတူတွေချည်း ဖြစ်ခဲ့ပါတယ်။

ပြည်တွင်းစစ်ကြောင့် ကြီးထွားလာခဲ့ရတဲ့ စစ်တပ်ကြီးကလည်း စစ်တပ်ရဲ့အခန်း ဆက်လက်ကြီးထွားရေးအတွက် ပြည်တွင်းစစ်ကြီးကို ဆက်မွေးထားချင်ခဲ့ပြီး၊ မှန်မှန်ကန်ကန် တရားမျှတစွာ ဖြေရှင်းရေးမှန်သမျှကို လုံးဝမလိုလားနိုင်ခဲ့ကြပါ။ ပြည်တွင်းစစ်ကို ဖြေရှင်းရမယ်ဆိုလျှင်လည်း အပြုတ်တိုက်နည်းကိုဘဲ ကျင့်သုံးပြီး စစ်တပ်ရဲ့ အရေးပါမှုအလံကို တလူလူမြင့်တင် စိုက်ထူ နေရာယူထားချင်ခဲ့ကြပါတယ်။ ပြည်တွင်းစစ်ကြီးအပေါ်မှာတော့ အုပ်စိုးသူအစိုးရနဲ့ စစ်တပ်ကြီးဟာ သဘောထားအမြင်ချင်း လက်တွေ့ပြုမူလုပ်ကိုင် ခြေစုံရပ်မှုချင်း တူညီခဲ့ကြပါတယ်။ ဒီဂရီအနိမ့်အမြင့်လိုက် ကြည့်ရှုမယ်ဆိုရင်တော့ ပြည်တွင်းစစ်ကို အပြုတ်တိုက်နည်းနဲ့ဖြေရှင်းပြီး အာဏာအောင်လံကို ပြတ်ပြတ်သားသား စိုက်ထူအထားချင်ဆုံးဟာ စစ်တပ်ဖြစ်ခဲ့ပါတယ်။ စစ်တပ်နဲ့ မနည်းရိုးစွဲလိုက်တာကတော့ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ရဲ့ လက်ျာဆိုရှယ်လစ်များဖြစ်ပါတယ်။ တည်မြဲ ဖဆပလ အုပ်စုဖြစ်ပါတယ်။ ဦးနု တို့ကတော့ တည်မြဲ သန့်ရှင်းကွဲပြီးနောက်ပိုင်းမှာ ငြိမ်းချမ်းရေးဘက် ပြည်တွင်းစစ်ရပ်စဲရေးဘက် မျက်နှာမူချင်ချင်ပုံ ပြောင်းလဲဖော်ပြလာခဲ့ပါသေးတယ်။ ဒါပေမယ့် တည်မြဲရဲ့ အန္တရာယ်ကို ကြောက်ရွံ့ခဲ့သလို စစ်တပ်ကြီးရဲ့ တန်ခိုးရှိန်စော် အာနုဘော်ကိုလည်း မပယ်ဝံ့နိုင်၊ မကျော်လွှားနိုင်ဖြစ်ခဲ့ရပြီး၊ မိုးခါးရေကိုပဲ ဆက်သောက်ခဲ့ရပါတယ်။ ဦးနုဟာ ငြိမ်းချမ်းရေးမှာ စေ့စပ်ဆွေးနွေးသောနည်းကို မသုံးဝံ့ကြောင်း၊ သုံးလျှင် ပြတ်မည်ကို ဦးနု သိကြောင်း၊ မိမိတို့ ဆွေငြိမ်းအဖွဲ့က ခံမည်မဟုတ်ကြောင်း၊ တိုင်းပြည်သွေးချောင်းစီးစေနိုင်ကြောင်းဆိုတဲ့ တည်မြဲဦးထွန်းဝင်း ရဲ့ ဖော်ထုတ်ကြိမ်းမောင်းချက်နဲ့ "ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ဗမာ့တပ်မတော်ခေါင်းဆောင်တွေရဲ့ သဘောတူညီချက်မရဘဲ၊ ကျနော် ဘာတခုမှမလုပ်ခဲ့ဖူးဘူး။ ပေးခဲ့သမျှ လွတ်ငြိမ်းချမ်းသာခွင့်တွေလုပ်ခဲ့သမျှ လိုက်လျှောခွင့်တွေ အားလုံးဟာ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး၊ သူတို့ရဲ့သဘောတူညီချက်ကိုရမှ ကျနော်လုပ်ခဲ့တယ်။ ကုန်ကုန်ပြောမယ် သူပုန်တွေနဲ့ ပတ်သက်တဲ့ ကြေညာချက်တွေ၊ ကျနော့်ရဲ့ မိန့်ခွန်းတွေ အားလုံးဟာ တပ်မတော်ခေါင်းဆောင်တွေကိုပြပြီးမှ ထုတ်ပြန်ခဲ့တယ်" ဆိုတဲ့ ဦးနုရဲ့ ၅၉ ခုနှစ် မေဒေးနေ့ မိန့်ခွန်းဝန်ခံချက်ကို သာဓကအဖြစ် ထောက်ရှုနိုင်ပါတယ်။

စစ်တပ်ကို ဝိုင်းပြီးမြှောက်ခဲ့ကြသလို ဗိုလ်ချုပ်ကြီးနေဝင်းကို ဝိုင်းပြီး ချော့မြှူခဲ့ကြ၊ ဝိုင်းပြီး ယုံကြည်ခဲ့ကြလို့ ပါလီမန်ဒီမိုကရေစီစနစ်ကြီး ရေစုံမျောရတာလို့လည်း ကောက်ချက်တခုဆွဲနိုင်ပါတယ်။ ပထမဆုံးအကြိမ် ၅၈ ခုနှစ် စစ်တပ်အာဏာသိမ်းမှုကြီး မပေါ်မီမှာလေးတင်၊ ဦးနုက တပ်မတော်ကို အထင်မမှားကြဖို့၊ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ– တပ်မတော်ရဲ့ ကျေးဇူးကြောင့် တိုင်းပြည်ကြီး အန္တရာယ်အပေါင်းက လွတ်ကင်းခဲ့ရတာလို့ ပြောခဲ့သလို၊ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ လူကောင်းပါ။ သူ့ရဲ့လက်အောက်က လူတချို့ကြောင့် ဗမာပြည်မှာ ဒီမိုကရေစီအန္တရာယ်သင့်ရတာလို့လည်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အာဏာလွှဲပြောင်းပေးနေရဆဲမှာတောင် ဗိုလ်ချုပ်ကြီးနေဝင်း ဟာ မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ လွတ်လပ်ရေးဗိသုကာကြီးဖြစ်ပါတယ်။ ဒီမိုကရေစီမြတ်နိုးတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်လို့ ဂုဏ်တင်ပြောဆိုခဲ့ပါတယ်။ နောက်ဆုံး အပြီးအပိုင် အာဏာသိမ်းဖို့ သူ့ကိုဖမ်းပြီး ချုပ်နှောင်ထားချိန်အထိတောင် ဗိုလ်ချုပ်ကြီးနေဝင်း ကို သံသယမရှိ မျှော်လင့်ယုံကြည်နေဆဲဖြစ်ခဲ့ပါတယ်။ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ အုပ်စုကတော့ သူတို့ကိုယ်တိုင်မွေးခဲ့တဲ့ ရွေးချယ်ခဲ့တဲ့လူဖြစ်တဲ့အတွက် တလျှောက်လုံး ဗိုလ်နေဝင်းကို စိတ်ချယုံကြည်နေခဲ့ပါတယ်။ ပထမအကြိမ်အာဏာသိမ်းဖို့ ဝိုင်းဝန်းမြှောက်ပင့်ပေးတဲ့အထဲလည်း ပါဝင်ခဲ့ကြ

သလို ဝန်ကြီးချုပ်အဖြစ် ရက်တိုးပေးဖို့ ဗိုလ်နေဝင်းက တောင်းတော့လည်း သဘောရှိ၊ ကရောဟိ လုပ်ခဲ့ကြတဲ့အပြင်၊ နောက်ထပ် လိုအပ်လို့ ထပ်မံတောင်းမယ်ဆိုရင်တောင် ထောက်ခံဖို့အသင့်ရှိကြောင်းလို့ ကြိုတင်မျက်စပစ်ခဲ့ပါတယ်။ ဆိုရှယ်လစ်များ၊ တည်မြဲများဟာ ဗိုလ်ချုပ်ကြီးနေဝင်ရဲ့ စစ်တပ်ကို "ဒို့လူတွေ၊ ဒို့လူလေ" လို့ တလျှောက်လုံး လုပ်ခဲ့ကြပါတယ်။

ဝိဓူရသခင်ချစ်မောင် လို အတိုက်အခံ ပမညတခေါင်းဆောင်ကြီးကလည်း တဖက်ကသာ စစ်တပ်အာဏာသိမ်းမှုကိုဆန့်ကျင်ပြီး ဗိုလ်ချုပ်ကြီးနေဝင်း ကို အာဏာသက်တမ်းတိုးပေးဖို့ ဆန့်ကျင်ကန့်ကွက်ခဲ့ပေမယ့်၊ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ပါလီမန်မိန့်ခွန်းဝေဖန်ချက်ထဲမှာကို "ဗိုလ်ချုပ်နေဝင်းကို ရာဇဝင်တလျှောက်လုံးမှာ ယုံကြည်ခဲ့ပါတယ်။ ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်တယောက်လည်းဖြစ်ပါတယ်။" လို့ ချီးပင့်ချော့မြှုပြောဆိုခဲ့ပြန်ပါတယ်။ အရိုးစွဲလက်ျာသမားကြီးတွေကကော၊ ဗိုလ်ချုပ်နေဝင်း နဲ့ စစ်တပ်ကို ဘယ်လိုမြှောက်ပင့်အားပေး လုပ်ခဲ့ကြဖူးပါသလဲ။ ဦးဘဖေ တို့လို ပုဂ္ဂိုလ်တသိုက်က အာဏာသိမ်းဖို့ကို မြှောက်ပင့်ပေးခဲ့ဖူးသလို သခင်ဗစိန် ကလည်း အာဏာသိမ်းဖို့ တိုက်တွန်းခဲ့ဖူးပါတယ်။ ဒေါက်တာဘမော်ကလည်း ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ စစ်တပ်ကို မြှောက်ပင့်ပေးတာ၊ လမ်းကြောင်းပြတာလုပ်ခဲ့ဖူးပါတယ်။ ဦးသိန်းဖေမြင့် လို ပုဂ္ဂိုလ်ကြီးကလည်း ဗိုလ်နေဝင်း ကို ခေါင်းဆောင်တင်ပြီး လက်ဝဲညီညွတ်ရေးလုပ်ဖို့နဲ့ အာဏာသိမ်းဖို့ ရှေ့ဆောင်ညွှန်ပြ၊ ပါဝင်လုပ်ကိုင်၊ မြှောက်ပင့်ပေးခဲ့ဖူးပါတယ်။ ချုပ်ပြီးဖော်ပြရရင် ဝဲဝဲယာယာ တော်တော်များများကအထူးသဖြင့် အာဏာရအစိုးရအဆက်ဆက်နှင့် အာဏာအဝန်းအဝိုင်းအတွင်းရှိ ထိပ်သီးခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများက စစ်တပ်နဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို အမျိုးမျိုးအဖုံဖုံ မြှောက်ပင့်ချော့မြှုပြီး ချော့မြှုရေးပေါ်လစီကို ကျင့်သုံးလာခဲ့ကြတဲ့အတွက် ပါလီမန်ဒီမိုကရေစီခေတ် ရေတိမ်အနစ်မြုပ်ခဲ့ရတာလို့လည်း ဆိုနိုင်ပါတယ်။ ကိုယ်မွေးခဲ့တဲ့ သူရဲက ကိုယ့်ပြန်စားခံရတဲ့ သူရဲမွေးတဲ့ မှော်ဆရာအဖြစ်မျိုး၊ အုပ်စိုးသူအစိုးရကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ဒီ (၁၄) နှစ်တာကျော် ကာလအတွင်းမှာ ရွေးကောက်ပွဲကြီး (၃) ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ၅၁/၅၂ ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၅၆ ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ ၆၀ ပြည့်နှစ် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး (၃) ကြိမ်းစလုံးမှာ ဘက်လိုက်မှုတွေ၊ မတရားသဖြင့်လုပ်မှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ပထမ ရွေးကောက်ပွဲကြီးနှစ်ခုစလုံးမှာ အာဏာရ ဖဆပလအစိုးရကြီးရဲ့ ခါးပိုက်ဆောင်တပ်တွေဖြစ်တဲ့ လဲဗီးတပ်၊ ကာကွယ်ရေးတပ်၊ ပျူစောထီးတပ်ဆိုတာတွေက အတိုက်အခံ နိုင်ငံရေးအင်အားစုတွေအပေါ်၊ အတိုက်အခံ အမတ်လောင်းတွေအပေါ် မတော်မတရား ဖိနှိပ်ညှင်းပန်း သတ်ဖြတ်စော်ကားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ စစ်တပ်ကလည်း အာဏာရ ဖဆပလကြီးဘက်က ဘက်လိုက်ပါဝင် အားဖြည့်အသုံးတော်ခံခဲ့ပါတယ်။ ၆၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာတော့ ဖဆပလ အဖွဲ့ကြီးကလည်း နှစ်ခြမ်းကွဲနေပြီဖြစ်တဲ့အတွက် စစ်တပ်က တည်မြဲဘက်က ပင်းပေးတာတွေလုပ်ခဲ့ပါတယ်။ ၅၁/၅၂ ရွေးကောက်ပွဲအပြီး ပေါ်ထွန်းလာတဲ့ ဖဆပလအစိုးရရဲ့ ပါလီမန်အတွင်းမှာ အတိုက်အခံဟာ မရှိသလောက် နည်းခဲ့ပါတယ်။ ၅၆ ရွေးကောက်ပွဲအပြီးမှာတော့ ဖဆပလအစိုးရရဲ့ ပါလီမန်အတွင်းမှာ အတိုက်အခံအဖြစ် ပမညတကြီး အင်အားရှိရှိပေါ်ထွန်းခဲ့ပါတယ်။ ၆၀ ပြည့် ရွေးကောက်ပွဲအပြီးမှာတော့ ပထစအစိုးရရဲ့ ပါလီမန်လွှတ်တော်အတွင်းမှာ အတိုက်အခံနေရာရောက်ရှိလာတာက တည်မြဲဖဆပလ ဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေအတွင်းမှာတော့ အင်အားအကြီးဆုံး အဖွဲ့အစည်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်ခဲ့ပါတယ်။ ရဲဘော်ဖြူများဟာ အရေအတွက်အင်အား အလုံးအရင်းလိုက်နဲ့

လက်နက်ကိုင်တော်လှန်ရေး အင်အားစုထဲ ရောက်ခဲ့ကြပေမယ့် ၅၈ ခုနှစ်နောက်ပိုင်း မရှိတော့ပါ။ အစိုးရနဲ့ နားလည်မှုယူသွားတာ၊ လက်နက်ချသွားကြတာတွေ အပြီးတိုင်လုပ်သွားကြပါတယ်။ လူမျိုးစုလက်နက်ကိုင်အဖွဲ့စည်းတွေထဲမှာတော့ ကေအဲန်ယူအဖွဲ့ကြီးဟာ အင်အားအကြီးဆုံးဖြစ်ခဲ့ပါတယ်။ ဖဆပလ အစိုးရကို မျက်ဖြူဆိုက်အောင်လုပ်သွားနိုင်ခဲ့တဲ့ ရန်ကုန်အစိုးရဘဝရောက်အောင် ထိုးနှက်တိုက်ခိုက် သိမ်းပိုက်ပြနိုင်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့အစည်း တော်လှန်ရေးအဖွဲ့အစည်းကြီးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဘယ်တော်လှန်ရေး လက်နက်ကိုင် အင်အားစုများကမှလည်း နိုင်ငံတော်အာဏာကို ရယူသိမ်းပိုက်နိုင်တဲ့အဆင့်အထိ မတက်လှမ်းနိုင်ခဲ့ကြပါ။ ပါလီမန်ဒီမိုကရေစီခေတ်ကာလအတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီ ကွန်မြူနစ်ပါတီတို့အပြင် လူမျိုးစုတိုင်းလောက်နီးပါး လက်နက်ကိုင်တော်လှန်ရေးတွေ ပေါ်ပေါက်နေခဲ့ရပြီး ဖြစ်ပါတယ်။ တိုင်းပြည်လွတ်လပ်ရေးကြေညာနိုင်ကာစ လွတ်လပ်ရေးခေတ်ဦးကာလတလျှောက်လုံး ဟစ်ကြွေးခဲ့ကြတဲ့ ဆိုရှယ်လစ်နိုင်ငံတော်တည်ဆောက်ရေး လမ်းကြောင်းကြီးကတော့ တစထက်တစ မှေးမှိန် မှုန်ဝါး ပျောက်ကွယ်သွားခဲ့ရပြီဖြစ်ပါတယ်။ လက်ဝဲဝါဒ၊ လက်ဝဲအသံကို ကုန်းအော်ခဲ့ကြဖူးသူ ဆိုရှယ်လစ်ပါတီထိပ်သီး ဖဆပလ ထိပ်သီးကြီးတွေကိုယ်တိုင် လက်ဝဲဝါဒ၊ ဆိုရှယ်လစ်ဝါဒကို မကြွေးကြော်ကြတော့ရုံမက၊ လကျ်ာသမားကြီးတွေအဖြစ် တစထက်တစ ပြောင်းလဲသွားကြပြီဖြစ်ပါတယ်။ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်တို့အားလုံး လကျ်ာသမားကြီးတွေဖြစ်နေကြရုံမက မာ့က်စ်၊ လီနင်ဝါဒ ဆန့်ကျင်သူ၊ လက်ဝဲဝါဒ ဆန့်ကျင်သူတွေအဖြစ် ပေါ်ပေါ်ထင်ထင် ပြောင်းလဲသွားကြပြီဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာ တစက်မှမရှိတော့ရုံမက၊ နယ်ချဲ့ကို မှီခိုသူ နယ်ချဲ့နဲ့ အလွမ်းသင့်သူတွေအဆင့်အထိ ပြောင်းလဲဖြစ်ပေါ်သွားကြပြီ ဖြစ်ပါတယ်။ (၁၄) နှစ်တာအတွင်း အာဏာရအစိုးရ အဆက်ဆက်က ချမှတ်အကောင်အထည်ဖော်လိုက်ကြတဲ့ စီးပွားရေးစီမံကိန်းအမျိုးမျိုးဟာလည်း တခုမှမအောင်မြင်လို့ဘဲ ယေဘုယျအားဖြင့်ပြောရပါမယ်။ လွတ်လပ်ရေးရစ ချမှတ်လိုက်တဲ့ (၂) နှစ်စီးပွားရေးစီမံကိန်းကြီးလည်း ပျက်စီးသွားရသလို၊ ပြည်တော်သာ (၈)နှစ်စီမံကိန်းကြီးဟာလည်း ရေစုန်မျောသွားခဲ့ရပါတယ်။ ခြစားတယ်ဆိုတဲ့စကားလုံးနဲ့ ပြည်တော်သာဆိုတဲ့ ဝေါဟာရသာ နာမည်ဆိုးနဲ့ကျော်ကြားပြီး လူထုကြား ပြက်လုံးသဖွယ်ကျန်ခဲ့ပါတယ်။ အမတော်ကြေးဘုန်းသူ ဆိုရှယ်လစ် ဖဆပလတွေနဲ့ခြစားသူ၊ ပြည်တော်သာကန်ထရိုက်ကြီးတွေသာ ပေါ်ပေါ်ထင်ထင် ပေါ်ပေါက်လာခဲ့ရပါတယ်။ ခါတော်မှီသူဌေးတွေ၊ ခေတ်ပျက်သူဌေးကြီးတွေ၊ ပေါ်ပေါက်ခဲ့ပါတယ်။ လိုင်စင်ခေတ်ကြီး ထွန်းကားခဲ့ပြီး၊ လိုင်စင်ရပုဂ္ဂိုလ်ကြီးတွေ သူဌေးဖြစ်ခဲ့ကြပါတယ်။ ပြည်သူပိုင်လုပ်ငန်းတွေ အရှုံးကြီး ရှုံးခဲ့သလို ဖက်စပ်လုပ်ငန်းကြီးတွေအဖြစ် ပြောင်းလဲထူထောင်တော့လည်း ရှုံးမြဲ ရှုံးခဲ့ပါတယ်။ နယ်ချဲ့အရင်းအနှီးတွေ ဆက်လက် လက်ခံခွင့်ပြုခဲ့ရပြီး၊ ပြည်တွင်းစီးပွားရေးတခုလုံးကို လက်ဝါးကြီးအုပ်ထားနိုင်သူတွေဟာ တရုတ်၊ ကုလားတွေဘဲ ဖြစ်ခဲ့ပါတယ်။ မြေယာဝေခြမ်းရေးကို အောင်အောင်မြင်မြင် အပြီးအစီးမလုပ်နိုင်ခဲ့သလို တိုင်းရင်းသားပိုင် စက်မှုလက်မှုလုပ်ငန်းတွေကိုလည်း အခြေခံကျကျ မတည်ဆောက်နိုင်ခဲ့ပါ။ စစ်အေးတိုက်ပွဲကြီး အပြိုင်အဆိုင် ဖြစ်တည်ယှဉ်ပြိုင်နေကြချိန်မှာ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်အုပ်စုကြီးက မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ငြင်းပယ်ကာ ဆိုရှယ်လစ်ဒီမိုကရက်တစ်ဝါဒကို ကြွေးကြော်ရင်း လကျ်ာလမ်းကြောင်းအတိုင်း လိုက်ပါချီတက်သွားကြပါတယ်။ ဦးနု ကလည်း လက်ဝဲဝါဒအတွက် လက်ဝဲညီညွတ်ရေး အကြောင်းပြောနေရာက မာ့က်စ်၊ လီနင်ဝါဒ လေ့လာရေးလုပ်ဖို့ "နုမူ (၁၅) ချက်" နဲ့ ပြောဆိုတင်ပြနေရာက မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ လက်ဝဲဝါဒဆိုတာတွေကို ဖယ်ထုတ်လိုက်ပြီး ဖဆပလဟာ အဖွဲ့ချုပ်မဟုတ်တော့၊ ပါတီတရပ်ဖြစ်တယ်ဆိုတာ ကြေညာရင်း၊ ဖဆပလရဲ့ ဝါဒရဲ့ သဘောတရားဟာ 'ဒီမိုကရက်တစ် ဆိုရှယ်လစ်ဝါဒ' လို့ ပြောင်းလဲကြွေးကြော်ပါတယ်။ ဦးကျော်ငြိမ်း တို့က 'ဆိုရှယ်ဒီမိုကရက်တစ်ဝါဒ' လို့ ကြွေး

ကြော်ရင်း လက်ျာလမ်းကြောင်းဆီ လိုက်ပါသွားခဲ့သလို ဦးနု ကလည်း 'ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒ' လို့ ပြောင်းပြန်ပြောဆိုရင်း လက်ျာလမ်းကြောင်းအတိုင်း ပေါ်ပေါ်ထင်ထင် ရောက်ရှိသွားပါတော့တယ်။ 'ဆိုရှယ်ဒီမိုကရက်တစ်ရော၊ ဒီမိုကရက်တစ်ဆိုရှယ်လစ်ပါ' လက်ျာသမားကြီးတွေ ဖြစ်သွားကြပါတော့တယ်။

ဆိုရှယ်နီဖြစ်သွားကြတဲ့ ဝိဇ္ဇာသခင်ချစ်မောင် တို့အုပ်စုကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လက်ခံတယ်လို့ ဆက်လက်ကြွေးကြော်ရင်း ဆိုဗီယက်–တရုတ် ဝါဒရေး လိုင်းအကွဲမှာတော့ ဆိုဗီယက် လိုင်းသမားများဖြစ်သွားကြပါတယ်။

မာ့က်စ်၊ လီနင် ဝါဒကို လမ်းညွှန်အတွေးအခေါ်အဖြစ် ကိုင်စွဲကြွေးကြော်ပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဦးဆောင်ဆင်နွှဲနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကလဲ တရုတ်–ဆိုဗီယက်အကွဲမှာ တရုတ်လိုင်းထောက်ခံတဲ့ပါတီအဖြစ် ပုံပေါ်လာခဲ့ပါတယ်။

အလံနီကတော့ အင်အားအရ ပြောပလောက်အောင် ကြီးထွားမလာခဲ့ပါ။ ဒါပေမယ့် ဆိုဗီယက်–တရုတ် လိုင်းအကွဲမှာ ဆိုဗီယက်ကိုလည်း ဆန့်ကျင်၊ တရုတ်ကိုလည်း မလိုလား၊ ဘယ်သူမှ မှန်ကန်တယ်လို့ မမြင်ပဲ "အလံနီသည်သာ" မာ့က်စ်၊ လီနင်ဝါဒကို အမှန်ကန်ဆုံး ဆုပ်ကိုင်ထားတဲ့ပါတီလို့ ကြွေးကြော်ရင်း ဗမာပြည်ရဲ့ တခုတည်းသော ပစ္စည်းမဲ့ပါတီကြီးအဖြစ် ကိုယ့်ဟာကိုယ် အော်ဟစ်နေခဲ့ပါတယ်။

ပါလီမန်ဒီမိုကရေစီအင်အားစုတွေကလည်း အာဏာအမျက် ချောင်းချောင်းထွက်ကြပြီး အပြိုပြို အကွဲကွဲ တိုးတိုးပြီးဖြစ်ပေါ်လာနေချိန်၊ မြေပေါ်မြေအောက် ဥပဒေတွင်း ဥပဒေပ ပြည်သူ့ဒီမိုကရေစီအင်အားစုတွေကလည်း ဘယ်လိုမှ စုစုစည်းစည်း ညီညီညွတ်ညွတ် မလုပ်နိုင်ချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ စစ်တပ်အင်အားစုကြီးဟာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တလက်ကိုင်တပ်အဖြစ် ပြုစုပျိုးထောင် တည်ဆောက်နိုင်မှုအောက်မှာ၊ တတိယအင်အားစုကြီးတခုအသွင် ဖြစ်တည်ကြီးထွားလာခဲ့ပြီးနောက်၊ နိုင်ငံတော်အာဏာကို လက်နက်ကိုင်နည်းနဲ့ သိမ်းပိုက်နိုင်ခွင့် ရရှိသွားကြပါတော့တယ်။

(၁၄) နှစ်တာကျော် ပါလီမန်ဒီမိုကရေစီခေတ်ကြီးအတွင်းမှာ အဆိုးဝါးဆုံး ပြည်တွင်းစစ်ကြီး ပေါက်ဖွားခဲ့ရပြီး၊ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ တမျိုးသားလုံးရဲ့ သွေးစည်းညီညွတ်ရေးတွေကို မဖော်ဆောင်နိုင်ပဲ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံ အကြပ်အတည်းကြီးတွေ ကြုံတွေ့ဖြစ်ပေါ်ခဲ့ရပေမယ့် အဆိုးထဲက အကောင်းတွေအဖြစ် သတ်မှတ်ပြောဆိုသင့်တာတွေလည်း ရှိခဲ့ပါတယ်။ အဲဒါတွေကတော့ –

ဂိုဏ်းကြီး (၂) ဂိုဏ်း၊ အုပ်စုကြီး (၂) ခု အကြားမှာ ညပ်မသွားခဲ့ပဲ အိန္ဒြေမပျက် ရပ်တည်ကျင့်သုံးနိုင်ခဲ့တဲ့ ဗမာပြည်ရဲ့ နိုင်ငံခြားရေးမူဝါဒကို အသိအမှတ်ပြုရပါမယ်။ ဆီးတိုးစစ်အုပ်စုကြီး ဖွဲ့စည်းရာမှာ ပါဝင်လက်ခံဖို့ အမျိုးမျိုးသော ဖိအားပေးမှု၊ ချော့မြူဖျားယောင်း သွေးဆောင်မှုတွေကို ငြင်းပယ်ရှောင်ရှားနိုင်ခဲ့ပြီး တည့်မတ်တဲ့ ကြားနေဝါဒဆီ ရှေ့ရှုရပ်တည်နိုင်ခဲ့ပါတယ်။ ၅၅ နှစ် ဝန်းကျင်တဝိုက်ဟာကတော့ ဗမာပြည်နိုင်ငံခြားရေးဝါဒနဲ့ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်အတွင်း ဗမာပြည် ဂုဏ်အတက်ဆုံးကာလလို့ အကြမ်းဖြင့်သတ်မှတ်နိုင်ပါတယ်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ ဗမာပြည်ဝန်ကြီးချုပ် ဦးနု တို့ ပူးတွဲ ထုတ်ပြန်ကြေညာနိုင်ခဲ့တဲ့ "အတူတကွယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်"ကနေ ဘန်ဒေါင်းမူကြီး (၁၀)ချက်၊ အထိထွက်ပေါ် လာနိုင်ခဲ့ပြီး၊ ဘန်းဒေါင်းညီလာခံနဲ့ ဘန်းဒေါင်းမူကြီး (၁၀) ချက် အောင်မြင်စွာထွက်ပေါ်ရေးမှာ ဗမာပြည်ဟာ အရေးပါတဲ့ ဦးဆောင်နိုင်ငံ တနိုင်ငံအဖြစ် ဂုဏ်ယူစရာဖြစ်ခဲ့ပါတယ်။ ဘန်းဒေါင်းမူကြီး (၁၀) ချက်ဟာ ယနေ့အချိန်အထိ နိုင်ငံတကာ ဆက်ဆိုင်ရေးဆိုင်ရာ 'ပဉ္စသီလ' ကြီးတခုသဖွယ် ထင်ရှားအောင်မြင် ဂုဏ်ရောင်လွှင်ဆဲဖြစ်ပါတယ်။ ဘဲလ်ဂရိတ်ညီလာခံကြီးမှာ ပါဝင်တက်ရောက်နိုင်ခဲ့ပြီး ကြားနေနိုင်ငံတခု

အဖြစ် ရပ်တည်ကာ ဘက်မလိုက် လှုပ်ရှားမှုကြီးအတွင်းမှာလည်း အရေးပါတဲ့ နိုင်ငံတနိုင်ငံအဖြစ် အဆင့်နေရာရှိခဲ့ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်ခဲ့ပေမယ့် အောင်မြင်သင့်တဲ့ ရေခံ၊ မြေခံ၊ သယံဇာတ ပထဝီအနေအထား ဘက်ပေါင်းစုံ ကောင်းမွန်ပြည့်စုံပါလျက် အောင်မြင်သင့်သလောက်မအောင်မြင်နိုင်ခဲ့ပဲ၊ ဆက်လက်ခေတ်နောက်ကျမြဲ ကျနေခဲ့ပေမယ့် အရှေ့တောင်အာရှမှာ ဗမာပြည်ဟာ ဆန်စပါး ထုတ်လုပ် တင်ပို့ ရောင်းချနိုင်မှုအများဆုံး နိုင်ငံတနိုင်ငံဖြစ်ခဲ့ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ 'ခါးမနောက် ပိတ်အခွေ' အဆင့်အထိတော့ ဘယ်တုန်းကမှ မရောက်ခဲ့ဖူးပါ။ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်အကျဆုံးနိုင်ငံ၊ ငွေ ကြေးဖောင်းပွမှု အများဆုံးနိုင်ငံဆိုတဲ့ စာရင်းတွေထဲအထိ ဘယ်တုန်းကမှ ပါဝင်ဆိုက်ရောက်ခဲ့ရမှု မရှိပါ။

အာဏာရ ဖဆပလအဖွဲ့ကြီးက အမျိုးမျိုးသော ဖိနှိပ်စော်ကား ညစ်ပတ်မှုတွေကို ကျင့်သုံးပြီး၊ မတော်မတရားပြုမှု လုပ်ကိုင်ခဲ့မှုတွေ အမြောက်အများရှိခဲ့ပေမယ့် ပါလီမန်ဒီမိုကရေစီဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ အတိုက်အခံ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ အနည်းနဲ့အများ တရားဝင်တည်ရှိနိုင်ခဲ့ပါတယ်။ အစိုးရကို ဝေဖန်တာ၊ ရှုတ်ချတာ၊ ကန့်ကွက်တာတွေလုပ်နိုင်ခဲ့ကြပါတယ်။ မိမိတို့ မူဝါဒ လမ်းစဉ်ပေါ်လစီတွေကို ဖော်ထုတ် တင်ပြ အဆိုပြုတာတွေ၊ လုပ်သင့်သလောက် လုပ်နိုင်ခဲ့ပါတယ်။ အစိုးရရဲ့ မမှန်မကန်လုပ်ဆောင်မှု၊ ဒီမိုကရေစီအခွင့်အရေးတွေအပေါ် ချိုးဖောက်ကျူးလွန်မှုတွေကို ဖော်ထုတ်ထောက်ပြ ဟန့်တားနိုင်ဖို့အတွက် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ရန်ဆိုပြီး "ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှုကော်မီတီ" ဆိုတာမျိုးကို အစိုးရမဟုတ်တဲ့ အတိုက်အခံပုဂ္ဂိုလ်များက တရားဝင်ဖွဲ့စည်း လှုပ်ရှားနိုင်ခဲ့ပါတယ်။ ဗိုလ်ချုပ်အကို ဦးအောင်သန်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှုကော်မီတီဟာ အစိုးရရဲ့ ဖောက်လွဲဖောက်ပြန်လုပ်မှုတွေကို ဖော်ထုတ်ကန့်ကွက် ရှုတ်ချတာတွေ လုပ်နိုင်ခဲ့ရုံမက "ဒီမိုကရေစီမှတ်တမ်းကြီး" ဆိုတဲ့နာမည်နဲ့ စာအုပ်အဖြစ်ပါ ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါတယ်။ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများ အနေနဲ့လည်း၊ နောက်မှသာ အစိုးရရဲ့ တည်ဆဲဥပဒေအရ ဖမ်းဆီးရုံးတင် တရားစွဲဆိုတာ၊ ထောင်ချနှိပ်ကွပ်တာ လုပ်ချင်လုပ်၊ ကိုယ့်ယုံကြည်မှုကို ကိုယ်ဖော်ထုတ်တာ၊ ကိုယ်ဖန်တီးလိုတဲ့ စာပေအနုပညာကို ကိုယ်ဖန်တီးတာမျိုး၊ ထိုက်သင့်သလောက် လုပ်နိုင်ကိုင်နိုင်ခွင့်ရှိခဲ့ပါတယ်။ ဗန်းမော်တင်အောင်ဟာ စာပေရေးသားမှုအတွက် ထောင်ချခံခဲ့ရပေမဲ့ 'သူပုန်ကြီး' တို့၊ 'ပြည်တော်သာ ခင်ခင်ဦး' တို့လို စာအုပ်များကို ရေးသားထုတ်ဝေနိုင်ခဲ့ပါတယ်။ သတင်းစာများကလည်း ဖဆပလ ဆိုရှယ်လစ်များရဲ့ ခြစားမှု၊ အကျင့်ပျက်မှု၊ မတော်မတရားပြုမူမှုတွေကို ဝေဖန်ရှုတ်ချ ဖော်ထုတ်ရေးသားနိုင်ခွင့် အထိုက်အလျောက်ရှိခဲ့ပါတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့် တစုံတရာတော့ရှိသေးတယ်လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ထွန်းနေ့စဉ် ဦးထွန်းဖေ ဟာ ဝန်ကြီးချုပ်ဦးနု ကို ပယ်ပယ်နယ်နယ်ဝေဖန်တဲ့ 'ဘဝရှင် မင်းတြားကြီး ဦးနု' ဆိုတာကို သတင်းစာမှာ အခန်းဆက် ရေးသားနိုင်ခွင့် ရခဲ့သလို၊ ဦးဇန်ထားဆင်ရဲ့ 'ဒီမိုကရေစီပြောင်းပြန်' လိုစာအုပ်မျိုးလည်း ထုတ်ဝေနိုင်ခွင့်ရခဲ့ပါတယ်။ (အိမ်စောင့်အစိုးရ လက်ထက်အတွင်းမှာတော့ စာနယ်ဇင်းလွတ်လပ်ခွင့် အတိုင်းအတာတခုအထိ ထပ်မံ ဆုံးရှုံး ယုတ်လျော့ခဲ့ရပါတယ်။)

လွှတ်တော်တွင်း၊ ပါလီမန်တွင်းမှာလည်း အစိုးရရဲ့ မူဝါဒသဘောတရားတွေကို ပယ်ပယ်နယ်နယ် တစ်တစ်ခွခွ ဝေဖန်နိုင်ခွင့် အတိုက်အခံတွေတိုင်းမှာရှိခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့တိုင်းကို အမတ်များနေ့အဖြစ် သတ်မှတ်ပေးပြီး ဝေဖန်တာ၊ ရှုတ်ချတာတွေကို ပွင့်ပွင့်လင်းလင်း လုပ်ခွင့်ပေးခဲ့ပါတယ်။ ပြည်သူလူထုအတွက်လည်း ပြောချင်ရာပြော၊ ဟောချင်ရာဟောဖို့ ဗန္ဓုလပန်းခြံရှေ့မှာ လန်ဒန်ဟိုက်ပတ် ပန်းခြံထဲက အင်္ဂလိပ် ဒီမိုကရေစီပုံစံအတိုင်း၊ ဟစ်တိုင်နေရာတခု ဖန်တီးခွင့်ပြုပေးထားခဲ့ပါတယ်။

ရဟန်းသံဃာတော်တွေကအစ ဆိုက္ကားသမား၊ ခေါင်းရွက်ဗျက်ထိုး ဈေးသည်အဆုံး ဝန်ကြီးချုပ်အိမ်သွားဝိုင်းပြီး၊ ဆန္ဒပြတာ၊ ကန့်ကွက်တာ၊ ရှုတ်ချတာတွေ လုပ်နိုင်ခွင့် အတော်အသင့်ရခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးများ၊ ကျောင်းသားသမဂ္ဂကြီးရဲ့ ကန့်ကွက်ဆန္ဒပြပွဲကြီးများ စီတန်းလှည့်လည် ကြွေးကြော်ဖော်ထုတ်ပွဲများ အတိုင်းအတာတခုအထိ လုပ်ကိုင်နိုင်ခွင့်ရခဲ့ပါတယ်။ လွတ်လပ်စွာစီတန်းလှည့်လည် ဆန္ဒပြခွင့်ကို အတိုင်းအတာအဆင့်တခုအထိ ခွင့်ပြုပေးအပ်ထားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အသင်းအပင်း ဖွဲ့စည်းခွင့်တွေကိုလည်း ယေဘုယျအားဖြင့် ခွင့်ပြုထားတဲ့အတွက် ကုန်သည်ကြီးများအသင်း၊ စက်ပိုင်များအသင်း၊ မြေရှင်ကြီးများအသင်း၊ ပွဲစားကြီးများအသင်းတို့ကနေ စာရေးဆရာများအသင်း၊ ကဗျာဆရာများအသင်း၊ သတင်းစာဆရာများအသင်း၊ စတဲ့စတဲ့ အသင်းပေါင်းစုံလည်း လွတ်လွတ်ကင်းကင်း တည်ရှိခွင့်ရခဲ့ပါတယ်။ ကုန်တင်ကုန်ချ အလုပ်သမားများအသင်း၊ ဆိုက္ကားသမားများအသင်း၊ မော်တော်ယာဉ်များ အသင်းမျိုးတွေအထိ အသင်းအပင်းပေါင်းစုံ ရပ်တည်လှုပ်ရှားခွင့်ရခဲ့ကြပါတယ်။ အဲဒီလိုဟောပြောလှုပ်ရှားခွင့်၊ သဘောထားထုတ်ဖော်ခွင့်၊ စီတန်းလှည့်လည် ဆန္ဒပြပိုင်ခွင့်၊ အသင်းအပင်း ဖွဲ့စည်းစုဝေးခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်တွေကို ဖဆဆိုရှယ် လစ်အာဏာရကြီးများက ကန့်သတ်ဖို့၊ ချုပ်ချယ်ဖို့၊ ဟန့်တားပိတ်ပင်ဖို့၊ အနိမ့်ဆုံး လျှော့ချတားမြစ်နိုင်ဖို့အထိ အကြိမ်ကြိမ်အားထုတ် လုံးပန်းစိုင်းပြင်း စီစဉ်ခဲ့ကြပေမယ့် ယေဘုယျအားဖြင့် အတိုင်းအတာတခုအထိ ဒီမိုကရေစီအခွင့်အရေးများဟာ တည်ရှိရှင်သန်နိုင်ခဲ့ကြပါတယ်။

ပါလီမန်ဒီမိုကရေစီခေတ်ကြီးအတွင်းမှာ 'ဒီမိုကရေစီ' ဆိုတဲ့စကားရပ်နဲ့ လျော်ညီစွာ၊ ယေဘုယျ ခနရှင်ဒီမိုကရေစီအခွင့်အရေးများဟာ လုံးဝပျောက်ကွယ် ဆုံးပါးဖယ်ရှားခံရတဲ့အထိတော့ မရောက်ခဲ့ရဘဲ၊ အတိုင်းအတာတခုအထိသော၊ ဟန်ပြပဲဖြစ်ဖြစ် လက်တွေ့ ရှုမြင်ဆုပ်ကိုင်ဖော်ပြနိုင်သော၊ 'ဒီမိုကရေစီ' နဲ့ 'အခွင့်အရေး' အရိပ်အယောင်အငွေ့အသက်များ တည်ရှိလှုပ်ရှား ရှင်သန်နိုင်ခဲ့ပါသေးတယ်။ အချုပ်အားဖြင့်ပြောရမယ်ဆိုရင် (၁၄) နှစ်တာကျော် ပါလီမန်ဒီမိုကရေစီခေတ်ကြီးအတွင်းမှာ လွတ်လပ်ရေး ကြေညာစာတမ်းပါ ဦးတည်ချက်တွေ၊ ရည်မှန်းချက်တွေ၊ ကြွေးကြော်ဖော်ညွှန်းခဲ့တာတွေ၊ တစတစ မှုန်ဝါးကွယ်ပျောက်ခဲ့ရပြီး၊ အမျိုးသားသွေးစည်းညီညွတ်မှုကြီး အတောမသတ်နိုင်အောင် ဆက်လက်ပြိုကွဲခဲ့ရပြီး၊ တိုင်းပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဘက်ပေါင်းစုံ အကြပ်အတည်းကြီးတွေသာ ပေါ်ပေါက်ခဲ့ရရင်း ပြည်တွင်းစစ်ကြီးသာ အဖတ်တင်ခဲ့ရပါတယ်။

တခြားဘက်တဘက်က ပြောမယ်ဆိုရင်တော့ ပါလီမန်ဒီမိုကရေစီရဲ့ ဆိုင်းဘုတ်အောက်မှာ ယေဘုယျ ခနရှင်ဒီမိုကရေစီအခွင့်အရေးတွေ၊ အတိုင်းအတာတခုအထိ ဆက်လက်တည်ရှိ ရှင်သန်နိုင်ခဲ့ပါတယ်။ အပြည့်အဝ ပေမီဒေါက်မီ မဟုတ်သည့်တိုင်၊ တချို့တဝက် တစိတ်တပိုင်း အငွေ့အသက် အရိပ်အယောင်ပဲဖြစ်စေ၊ မတူခြားနားတဲ့ ဒီဂရီအနိမ့်အမြင့်၊ အနည်းအများ၊ ပမာဏအမျိုးမျိုးနဲ့ လွတ်လပ်စွာ သဘောထားထုတ်ဖော်ဟောပြောခွင့် စည်းရုံးလှုပ်ရှားခွင့်၊ အသင်းအပင်း ဖွဲ့စည်းတည်ထောင်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်၊ တန်းစီဆန္ဒပြခွင့်တွေ ဆက်လက်ရှင်သန်ဖော်ပြနိုင်ခဲ့ပါတယ်။

တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ယုံကြည်ကိုင်စွဲရာ နိုင်ငံရေးဝါဒလမ်းစဉ် ပေါ်လစီတွေအတိုင်း၊ ဥပဒေတွင်း ဥပဒေပ နိုင်ငံရေးပါတီဖွဲ့စည်းအသီးသီးကလည်း ဆက်လက်အားထုတ် ကြိုးပမ်း လုပ်ဆောင်နေကြချိန်၊ စစ်မှန်တဲ့ပြည်ထောင်စုကြီး ဖြစ်တည်ပေါ်ထွန်းလာနိုင်ရေးအတွက် လူမျိုးပေါင်းစုံ ပြည်နယ်ပေါင်းစုံတို့ကလည်း ဖက်ဒရယ်မူကို ကြွေးကြော်တင်ပြရင်း ကြိုးပမ်းအားထုတ်လှုပ်ရှားနေကြချိန်မှာ၊ ဗိုလ်ချုပ်

ကြီးနေဝင်း ဦးဆောင်တဲ့ စစ်တပ်ကြီးကနေ ပါလီမန်ဒီမိုကရေစီခေတ်ကြီးရဲ့ အဆုံးသတ် ကန့်လန်ကာကို လက်နက်ကိုင်နည်းနဲ့ ဆွဲချဖုံးအုပ် နိဂုံးချုပ်ပေးလိုက်ပါတော့တယ်။

ပါလီမန်ဒီမိုကရေစီအင်အားစုတွေအားလုံး၊ ပြည်သူ့ဒီမိုကရေစီအင်အားစုတွေအားလုံးနဲ့ မိမိတို့ရဲ့ တရားသဖြင့် အခွင့်အရေးတွေအတွက် လှုပ်ရှားရုန်းကန် ကြိုးပမ်းဖော်ဆောင်နေကြတဲ့ လူမျိုးစု အင်အားစုတွေအားလုံးကို ဖယ်ရှားဖျက်ကျော်လိုက်ပြီး၊ စစ်တပ်အင်အားစုကြီးက နိုင်ငံတော်အာဏာကို ဝင်ရောက် သိမ်းပိုက်ရယူလိုက်တာဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို အသက်နဲ့ရင်းပြီး ကာကွယ် စောင့်ထိန်းလိုက်နာပါ့မယ်လို့ လူသိရှင်ကြားကတိပြုထားခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်တဲ့ တပ်မတော် ကြီးကနေ အခြေခံဥပဒေကြီးကိုလည်း အပြီးအပိုင် ဘေးဖယ်ပစ်လိုက်တော့တာဖြစ်ပါတယ်။

## အာဏာသိမ်း တော်လှန်ရေးကောင်စီ စစ်အုပ်စု
## (၁၉၆၂ မှ ၁၉၇၄ )



ဗိုလ်ချုပ်ကြီးနေဝင်း
ကာကွယ်ရေးဦးစီးချုပ်
တော်လှန်ရေးကောင်စီဥက္ကဋ္ဌ



ဗိုလ်မှူးချုပ်အောင်ကြီး
ဒုတိယကာကွယ်ရေးဦးစီးချုပ်
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးချုပ်သန်းဖေ
ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ)
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးချုပ်တင်ဖေ
သစ်လုပ်ငန်းဥက္ကဋ္ဌ
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးချုပ်တီကလစ်
ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးချုပ်စန်းယု
အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးချုပ်စိန်ဝင်း
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးသောင်းကြည်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးကြည်မောင်
အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်

ဗိုလ်မှူးကြီးမောင်ရွှေ
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးသန်းစိန်
စစ်ဦးစီးဗိုလ်မှူးကြီး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးကျော်စိုး
စစ်ရာထူးခန့်အတွင်းဝန်
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးစောမြင့်
နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိ
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးချစ်မြိုင်
တွဲဖက်စစ်ထောက်ချုပ်
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးခင်ညို
လေ့ကျင့်ရေးညွှန်ကြားရေးမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးလှဟန်
ကကဆေးညွှန်ကြားရေးမှူး
တော်လှန်ရေးကောင်စီအဖွဲ့ဝင်



ဗိုလ်မှူးကြီးတန်ယုဆိုင်
ဒုတပ်မှူးချုပ်၊ ပြည်ထောင်စုရဲတပ်
တော်လှန်ရေးကောင်စီအဖွဲ့ဝင်

# အပိုင်း (၃)
# တော်လှန်ရေးကောင်စီခေတ်
# ၁၉၆၂–၁၉၇၄

## ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းမှုနှင့် ဗမာပြည်စစ်အာဏာရှင်စနစ် နိဒါန်း

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက် မနက် (၈) နာရီ (၂၅) မိနစ်မှာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက မြန်မာ့အသံကနေ နိုင်ငံတော်အာဏာကို ဗမာ့တပ်မတော်က တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကြေညာချက်ထဲမှာ 'ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသောအခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ၊ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း' လို့ ဖော်ပြလိုက်ပါတယ်။ ဗမာပြည်တပြည်လုံးကသာမက တကမ္ဘာလုံးကပါ စစ်တပ်ကအာဏာသိမ်းလိုက်ပြီဆိုတာ ရှင်းရှင်းလင်းလင်းသိသွားကြပါတယ်။ မနက်ပိုင်းမှာပဲ 'တော်လှန်ရေးကောင်စီဖွဲ့စည်းလိုက်ပြီ' ဖြစ်ကြောင်းသတင်း မြန်မာ့အသံက ဆက်လက်ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ တော်လှန်ရေးကောင်စီမှာ ပုဂ္ဂိုလ် (၁၇) ဦး ပါဝင်ခဲ့ပါတယ်။

| | |
|---|---|
| ၁။ ဗိုလ်ချုပ်ကြီး နေဝင်း | – တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ |
| ၂။ ဗိုလ်မှူးချုပ် အောင်ကြီး | – အဖွဲ့ဝင် |
| ၃။ ဗိုလ်မှူးချုပ် သန်းဖေ | – အဖွဲ့ဝင် |
| ၄။ ဗိုလ်မှူးချုပ် တီကလစ် | – အဖွဲ့ဝင် |
| ၅။ ဗိုလ်မှူးချုပ် တင်ဖေ | – အဖွဲ့ဝင် |
| ၆။ ဗိုလ်မှူးချုပ် စန်းယု | – အဖွဲ့ဝင် |
| ၇။ ဗိုလ်မှူးချုပ် စိန်ဝင်း | – အဖွဲ့ဝင် |
| ၈။ ဗိုလ်မှူးကြီး သောင်းကြည် | – အဖွဲ့ဝင် |
| ၉။ ဗိုလ်မှူးကြီး ကြည်မောင် | – အဖွဲ့ဝင် |
| ၁၀။ ဗိုလ်မှူးကြီး မောင်ရွှေ | – အဖွဲ့ဝင် |
| ၁၁။ ဗိုလ်မှူးကြီး သန်းစိန် | – အဖွဲ့ဝင် |

၁၂။ ဗိုလ်မှူးကြီး ကျော်စိုး – အဖွဲ့ဝင်
၁၃။ ဗိုလ်မှူးကြီး စောမြင့် – အဖွဲ့ဝင်
၁၄။ ဗိုလ်မှူးကြီး ချစ်မြိုင် – အဖွဲ့ဝင်
၁၅။ ဗိုလ်မှူးကြီး ခင်ညို – အဖွဲ့ဝင်
၁၆။ ဗိုလ်မှူးကြီး လှဟန် – အဖွဲ့ဝင်
၁၇။ ဗိုလ်မှူးကြီး တန်ယုဆိုင် – အဖွဲ့ဝင်
တို့ ဖြစ်ပါတယ်။

'တော်လှန်ရေးကောင်စီ' ရဲ့နောက်မှာ တဆက်တည်းပေါ်ထွက်လာတာက 'အစိုးရအဖွဲ့' ဖြစ်ပါတယ်။ ဒါ့ကြောင့် တော်လှန်ရေးကောင်စီအစိုးရလို့ ခေါ်ပါတယ်။ အစိုးရအဖွဲ့ကို ဒီလိုဖွဲ့စည်းပါတယ်။

၁။ ဗိုလ်ချုပ်ကြီး နေဝင်း – (တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊
၂။ ဗိုလ်မှူးချုပ် အောင်ကြီး – (ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုလက်မှု ဝန်ကြီးဌာန)
၃။ ဗိုလ်မှူးချုပ် တင်ဖေ – (လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန)
၄။ ဗိုလ်မှူးချုပ် သန်းဖေ – (ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန)
၅။ ဦးသီဟန် – (နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အလုပ်သမားရေး ဝန်ကြီးဌာန၊ အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန)
၆။ ဗိုလ်မှူးကြီး ကျော်စိုး – (ပြည်ထဲရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန)
၇။ ဗိုလ်မှူးကြီး စောမြင့် – (ပြန်ကြားရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)
၈။ ဒုဗိုလ်မှူးကြီး ဘနီ – (လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန) တို့ဖြစ်ပါတယ်။

ဝန်ကြီးဌာနတွေကို တာဝန်ယူကိုင်တွယ်ထားကြပေမယ့် ဝန်ကြီးလို့မသုံးနှုန်းဘဲ 'တာဝန်ခံ' ဆိုတဲ့ ဝေါဟာရကို စတင်အသုံးပြု ခေါ်ဝေါ်ထားပါတယ်။ ပထမဦးဆုံး စတင်ဖွဲ့စည်းကြေညာတာဟာ အထက်ပါအတိုင်း (၈) ဦးပဲဖြစ်ပြီး၊ မတ်လ (၅) ရက်နေ့မှ ထပ်ပြီး ဝန်ကြီးဌာနတွေကို ဆက်လက်ခွဲဝေ ခွဲတမ်းချပြန်ပါတယ်။ ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနကို ဗိုလ်ချုပ်ကြီးနေဝင်း၊ ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာနကို ဗိုလ်မှူးချုပ်အောင်ကြီး၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဌာနကို ဗိုလ်မှူးချုပ်တင်ဖေ၊ ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာနတွေကို အိမ်ယာဆောက်လုပ်ရေးဌာနနဲ့ ပူးပေါင်းသွားဖို့က ဦးသီဟန်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်ဌာနတွေကို ပူးပေါင်းအုပ်ချုပ်သွားဖို့က ဗိုလ်မှူးကြီးကျော်စိုး၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဌာနတွေကို ပူးပေါင်းအုပ်ချုပ်သွားဖို့က ဗိုလ်မှူးကြီးစောမြင့်၊ သယ်ယူပို့ဆောင်ရေးဌာနတွေကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အုပ်ချုပ်သွားဖို့က ဒုဗိုလ်မှူးကြီးဘနီ ဆိုပြီး ထပ်ဆောင်း ခွဲဝေ ခွဲတမ်းချ ကြေညာခဲ့ပါတယ်။

အဲဒီလို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တပ်မတော်ကနေ အာဏာသိမ်းယူလိုက်ပြီး တော်လှန်ရေးကောင်စီဆိုတာကို ဖွဲ့စည်း၊ အစိုးရအဖွဲ့ဆိုတာကို တိတိလင်းလင်း ကြေညာလိုက်တာနဲ့တပြိုင်နက်၊ အဲဒီအာဏာသိမ်းမှုကြီးကို ဗွေဆော်ဦး ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချလိုက်ကြတာကတော့ ကျောင်းသားထုရဲ့ 'ဗကသ' နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဆိုတဲ့ 'ဗကပ' တို့ဖြစ်ပါတယ်။

လူငယ့်တပ်ဦးနဲ့ မဟာမိတ်အဖွဲ့ (၁၀) ဖွဲ့၊ ရခိုင်သံဃတပ်ဦး၊ ရခိုင် သောတုဇနအဖွဲ့ချုပ်တို့ကလည်း ဆန့်ကျင်ကန့်ကွက်ကြောင်း တရားဝင်စာထုတ်ခဲ့ကြပါတယ်။ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ (ရကသ) နဲ့ တက္ကသိုလ်တပ်ဦးသစ် တို့ကလည်း၊ လက်မခံကြောင်း ဆန့်ကျင်ကန့်ကွက်ကြောင်း ကြေညာခဲ့ပါတယ်။ အာဏာသိမ်းခံလိုက်ရတဲ့ ကာယကံရှင် အာဏာရအဖွဲ့အစည်းကြီး ပထစနဲ့ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ရဲ့ တည်မြဲဖဆပလကြီးတို့ကတော့ အသံတောင်မထွက်ခဲ့ပါ။ တိုးတက်ပါတယ်ဆိုတဲ့ 'ပမညတ' ကြီးကလည်း မြုံပြီးနေခဲ့ပါတယ်။

မတ်လ (၃) ရက်နေ့လည်မှာ တော်လှန်ရေးကောင်စီက ပထစအစိုးရလက်ထက်ကရှိခဲ့တဲ့ ရှမ်းပြည်နယ်ကောင်စီ၊ ကချင်ပြည်နယ်ကောင်စီ၊ ကရင်ပြည်နယ်ကောင်စီ၊ ကယားပြည်နယ်ကောင်စီ၊ ချင်းရေးရာကောင်စီတွေကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာပါတယ်။ တဆက်တည်းမှာ 'ပြည်နယ်ဦးစီးအဖွဲ့' ဆိုတဲ့ နာမည်အသစ်နဲ့ အသစ်ပြန်လည်ဖွဲ့စည်းပေးလိုက်ပါတယ်။ ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဆိုတာကို ဥက္ကဋ္ဌ ဦးထွန်းအေး (နမ့်ခမ်း) အဖွဲ့ဝင် ဦးကျော်ဇော၊ ဦးအုံးဖေ၊ ဦးတင်ကိုကို၊ ဗိုလ်မှူးကြီး မောင်ရွှေတို နဲ့ ဖွဲ့စည်းပေးပါတယ်။ (အဲဒီတုန်းက ဗိုလ်မှူးကြီးမောင်ရွှေ ဟာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဝင် စာရင်းမှာပါနေသူလည်း ဖြစ်ပါတယ်။)

ကချင်ပြည်နယ်ဦးစီးအဖွဲ့ကိုတော့ ဥက္ကဋ္ဌအဖြစ် ဦးဒိန်ရတန်၊ အဖွဲ့ဝင် ဦးထွန်းရင်နဲ့ ဗိုလ်မှူးကြီး လွန်းတင် တို့နဲ့ ဖွဲ့စည်းပေးပါတယ်။ ကရင်ပြည်နယ်ဦးစီးအဖွဲ့ကိုတော့ ဥက္ကဋ္ဌအဖြစ် ဒေါက်တာစောလှထွန်း၊ အဖွဲ့ဝင် စောဖိုးအောင်၊ ဦးအေစိုးမြင့်၊ စောချစ်သန်း၊ ဗိုလ်မှူးကြီးသောင်းကြည် တို့နဲ့ ဖွဲ့စည်းပေးပါတယ်။ (ဗိုလ်မှူးကြီးသောင်းကြည် ဟာ အဲဒီတုန်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်မှူးဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဝင်စာရင်းမှာ ပါနေသူလည်းဖြစ်ပါတယ်။)

အဲဒီ မတ်လ (၃) ရက်နေ့မှာပဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တရားဝင်ရွေးကောက်ဖွဲ့စည်းထားခဲ့တဲ့ "ပြည်သူ့လွှတ်တော်" နဲ့ "လူမျိုးစုလွှတ်တော်" ကို ဖျက်သိမ်းကြောင်း တော်လှန်ရေးကောင်စီက ကြေညာလိုက်ပါတယ်။ ပါလီမန်ဟာ လုံးဝ အပြီးအပိုင် ရပ်စဲသွားရပါတော့တယ်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ စစ်တပ်အာဏာသိမ်းမှုကို စနစ်တကျစီစဉ်ပြီး ဦးဆောင်ခဲ့သူဟာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်ပါတယ်။ အာဏာသိမ်းပြီး နိုင်ငံတော်ကိုဦးဆောင်ဖို့ဆိုပြီး ပထမဆုံးထွက်ပေါ်လာတာက "တော်လှန်ရေးကောင်စီ" ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဟာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပါတယ်။ အားလုံး စစ်တပ်ထိပ်သီးကြီးတွေချည်းဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို အမြင့်ဆုံးအာဏာပိုင်အဖွဲ့စည်းဖြစ်တဲ့ "တော်လှန်ရေးကောင်စီ" ဆိုတာဖွဲ့စည်းကြေညာလိုက်တဲ့အထိ ဘာမှ ရေရေရာရာ မသိလိုက်ရတဲ့ တော်လှန်ရေးကောင်စီဝင်ဆိုသူလည်း ရှိခဲ့တယ်ဆိုပါတယ်။ ရေဒီယိုက တရားဝင်ကြေညာမှ၊ ကိုယ်တိုင်လည်း တော်လှန်ရေးကောင်စီဝင်ဖြစ်နေတာ သိလိုက်ရတယ်ဆိုပါတယ်။ ဥပမာအားဖြင့် ဗိုလ်မှူးကြီးကြည်မောင်။ ဗိုလ်မှူးကြီးကြည်မောင် ဟာ အဲဒီတုန်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် ပုသိမ်မှာပဲရှိနေခဲ့ပါတယ်။ ပုသိမ်ရှိ တခြားသောပုဂ္ဂိုလ်တွေက မေးကြမြန်းကြ ပြောကြဆိုကြတော့မှ "ခင်ဗျားတို့ကြားသလို ကျနော်လည်း အခုမှဘဲကြားရတာဖြစ်တယ်၊ ခုမှဘဲ ကိုယ့်ဟာကိုယ် တော်လှန်ရေး

ကောင်စီဝင်ဖြစ်နေတာသိရတယ်'' လို့ ပြောကြားခဲ့တယ်ဆိုပါတယ်။ ရန်ကုန်မှာ အာဏာသိမ်းပြီးမှ တိုင်းမှူးတွေအားလုံးပါ တော်လှန်ရေးကောင်စီဝင်စာရင်းထဲ ထည့်ပေးပြီး ကြေညာလိုက်တဲ့သဘောဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဆိုတာ အဓိကအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ပါးစပ်စာရင်းနဲ့ ထွက်ပေါ်လာခဲ့ရတဲ့ အနေအထားဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီ အစိုးရအဖွဲ့ဆိုတာလည်း၊ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အစီစဉ်အရ၊ ထွက်ပေါ်လာရတဲ့ တာဝန်ခံ စာရင်းတခုသဘောပဲဖြစ်ပါတယ်။ အာဏာသိမ်းပြီးစမှာ 'တော်လှန်ရေးကောင်စီ' ဆိုတာမှာရော၊ အစိုးရအဖွဲ့ဆိုတာမှာပါ ဒုတိယအာဏာအရှိဆုံးဖြစ်လာတာက ဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ ဗိုလ်မှူးချုပ်အောင်ကြီးပဲ ဖြစ်ပါတယ်။ ပြောစရာဆိုစရာတွေကို ရှေ့ကထွက်ပြီး တက်တက်ကြွကြွလှုပ်ရှားလာရသူဟာ ဗိုလ်မှူးချုပ်အောင်ကြီး ဖြစ်လာပါတယ်။

မတ်လ (၄) ရက်နေ့ မနက် (၁၀) နာရီမှာ အာဏာသိမ်းခေါင်းဆောင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း က မဖမ်းဆီးပဲထားခဲ့တဲ့ ပထစ၊ ဖဆပလ နဲ့ ပမညတ ခေါင်းဆောင်တွေကို ဒဂုံရိပ်သာမှာ ခေါ်ယူတွေ့ဆုံပါတယ်။ ပထစ၊ ဖဆပလ၊ ပမညတ အဖွဲ့ (၃) ဖွဲ့က ကိုယ်စားလှယ် (၅) ဦးစီနဲ့ တွေ့ဆုံမှာဖြစ်လို့ ကြိုတင်အကြောင်းကြားထားချက်အရ၊ အဖွဲ့ကြီး (၃) ဖွဲ့ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များဟာ အစီစဉ်အတိုင်း ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ လာရောက်တွေ့ဆုံကြပါတယ်။

ပထစ က ပထစခေါင်းဆောင်တွေဖြစ်တဲ့ သခင်ကျော်ထွန်း၊ ဗိုလ်တင်မောင်ကြီး၊ ဦးစောလှူးလှူ၊ ဗိုလ်အေး တို့လည်း လာရောက်ကြပါတယ်။ ဖဆပလ (တည်မြဲ) ဘက်က ဖဆပလ အဖွဲ့ချုပ်ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ ဦးခင်မောင်လတ်၊ ဦးထွန်းတင် တို့ လာရောက်ကြပါတယ်။ ပမညတ ဘက်က တက်ရောက်လာကြသူတွေကတော့ ဝိဓူရသခင်ချစ်မောင်၊ ဗိုလ်ဖိုးကွန်း၊ ဗိုလ်မြသွေး၊ ဗိုလ်အောင်နိုင် နဲ့ ဦးအောင်မြင့် တို့ဖြစ်ပါတယ်။ ဒီခေါင်းဆောင်တွေကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း က တွေ့ဆုံဆွေးနွေးရှင်းလင်းပြလိုက်တာကတော့– တိုင်းပြည်မှာ ကုန်ဈေးနှုန်းတွေတက်နေတဲ့ကိစ္စ၊ တရားဥပဒေစိုးမိုးမှုပျက်ပြားနေတဲ့ကိစ္စတွေနဲ့ ဖက်ဒရယ်ကိစ္စ အလွန်တင်းမာလာတာကြောင့် မလွဲမရှောင်သာလို့ တိုင်းပြည်တာဝန်ကို ထိန်းသိမ်းရခြင်းဖြစ်ပါတယ်လို့ဆိုပါတယ်။

တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်ပန်းတိုင်ကို ချီတက်သွားမှာဖြစ်ကြောင်း၊ အဲဒီလိုချီတက်သွားရာမှာ နိုင်ငံရေးပါတီတွေနဲ့ တိုင်ပင်ပြီး ညီညွတ်စွာချီတက်သွားမှာဖြစ်ကြောင်း၊ လက်ရှိအခြေခံဥပဒေဟာ လိုအပ်သလို ဆွဲယူနိုင်တဲ့ ဥပဒေဖြစ်တဲ့အတွက် အသစ်ပြန်လည်ရေးဆွဲဖို့လိုတဲ့အကြောင်းနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပထစအဖွဲ့ချုပ်၊ ဖဆပလအဖွဲ့ချုပ်၊ ပမညတ တို့နဲ့ ညှိနှိုင်းရေးဆွဲမှာဖြစ်ကြောင်းဆိုပြီး ဆွေးနွေးပြောဆို ရှင်းလင်းပြလိုက်တယ်ဆိုပါတယ်။ ဆိုရှယ်လစ်ပန်းတိုင် ချီတက်သွားမယ်ဆိုတဲ့ အနံ့ကိုပေးလိုက်ရင်း သွေးတိုးစမ်းကြည့်လိုက်ခြင်းဖြစ်သလို၊ အဖွဲ့ (၃) ဖွဲ့စလုံးကို မက်လုံးပေးပြီး ငြိမ်ဆေးကျွေးလိုက်ခြင်းလည်းဖြစ်ပါတယ်။ ပြီးတော့မှ ''အတူတွဲပြီးမလုပ်နိုင်ရင်လည်း အနှောက်အယှက်မပြုကြပါနဲ့'' ဆိုတဲ့ စကားလုံးကိုလည်း ထည့်သွင်းပြောကြားလိုက်ရင်း မေတ္တာရပ်ခံသလိုလိုနဲ့ ခြိမ်းခြောက်လိုက်ပါတယ်။ နေ့လည်စာကျွေးပြီး ရှေ့ဟောင်းနောက်ဖြစ်တွေပြောကြားရင်း တချိန်က အတူတူလွတ်လပ်ရေးအတွက် အသက်ပေးပြီး ညီညီညွတ်ညွတ်ဆောက်ရွက်ခဲ့ကြပုံ၊ အားလုံးတည်ဆောက်ခဲ့တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကြီး ပြိုကွဲပျက်စီးသွားခဲ့ရခြင်းအတွက် သံဝေဂယူသင့်ပုံတွေလည်း၊ ရောက်တက်ရာရာ ဆက်လက်ပြောဆိုပြီး တချိန်က မျှော်မှန်းခဲ့ကြတဲ့ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးတာဝန်ကြီးကို ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြပါလို့ ဆွယ်တရားဟောလိုက်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ပေးလိုက်တဲ့ ဆိုရှယ်လစ်အနံ့ဟာ ပမညတကြီးကို အထူးသဖြင့် ဝိဓူရသခင် ချစ်မောင် တို့အုပ်စုကို ဘဝင်ခွေ့သွားစေခဲ့ပါတယ်။ ဒါကြောင့် 'ပမညတ' အဖွဲ့ကြီးက "တော်လှန်ရေး ကောင်စီ၏ ဆောင်ရွက်ချက်များတွင် ပါဝင်ပူးပေါင်းမည်ဖြစ်ကြောင်း" ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန် လိုက်ပါတော့တယ်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၄) ရက်နေ့မှာပဲ ကယားပြည်နယ်ဦးစီးအဖွဲ့ကို တော်လှန်ရေး ကောင်စီက ဆက်လက်ဖွဲ့စည်းကြေညာပါတယ်။ ကယားပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးအေးမြလေး၊ အဖွဲ့ဝင်တွေအဖြစ် ဦးစောသိန်း၊ ဦးဘူးရယ်၊ ဦးသိုင်းသန်းတင် နဲ့ ဗိုလ်မှူးကြီးမောင်ရွှေ တို့ဖြစ်ကြပါတယ်။ မတ်လ (၇) ရက်နေ့မှာ တော်လှန်ရေးကောင်စီရဲ့ ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲကြီး ဒဂုံရိပ်သာမှာ ပြုလုပ်ပါတယ်။ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ်အောင်ကြီး နဲ့ ပြန်ကြားရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး စောမြင့် တို့ကနေ တာဝန်ယူ ရှင်းလင်းပြောဆိုတာလုပ်ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်မှူးချုပ် အောင်ကြီး က "အာဏာသိမ်းရခြင်းအကြောင်းကတော့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ နောက်ဆုံး ဖက်ဒရယ်မူရေးကိစ္စကြောင့် သိမ်းရပါတယ်။ ကျွန်တော်တို့တော်လှန်ရေးကောင်စီဟာ အာဏာကိုလိုချင်လို့ အဓမ္မယူခြင်းမဟုတ်ပါ။ ဘယ်လိုသိနိုင်သလဲဆိုရင် လွန်ခဲ့သောနှစ်နှစ်လောက်က လူထုအစိုးရအား အာဏာလွှဲပြောင်းပေးခဲ့ခြင်းဟာ ထင်ရှားပါတယ်။ ခု ဒုတိယအကြိမ်သိမ်းခြင်းမှာ ဖက်ဒရယ်မူရဲ့ အရေးတ ကြီးဖြစ်ပေါ်နေသောအကြောင်းကြောင်းများကြောင့်၊ ယခုလို မလွဲသာမရှောင်သာဘဲနဲ့ တိုင်းပြည်ကို ထိန်း သိမ်းဖို့ အာဏာသိမ်းယူရခြင်းဖြစ်ပါတယ်။" လို့ တော်လှန်ရေးကောင်စီကိုယ်စား ရှင်းလင်းပြောဆိုပါတယ်။ ပြည်ထောင်စုကြီးရဲ့ ယိုယွင်းလာတဲ့အခြေနေတွေကို ထိန်းသိမ်းစိမ့်သောငှာ အာဏာသိမ်းယူလိုက်ရပါတယ် ဆိုတဲ့ စစ်အုပ်စုဟာ အဓိကအားဖြင့် 'ဖက်ဒရယ်မူ' ကြောင့် သိမ်းယူလိုက်ရခြင်းဖြစ်ပါတယ်လို့ ထုတ်ဖော် ပြောဆိုလာတာဖြစ်ပါတယ်။

ဒါကတော့ ပြောင်လိမ်ပြောင်စား ပြောဆိုလိုက်ခြင်းဖြစ်တယ်ဆိုတာ အားလုံးက သဘောပေါက် လိုက်ကြပါတယ်။ 'ဖက်ဒရယ်မူ' ဆွေးနွေးပွဲတွေဟာ ပထစအစိုးရရဲ့ အစီအစဉ်တွေနဲ့ တရားဝင်ဆွေးနွေးနေ ကြတဲ့ ဆွေးနွေးပွဲတွေသာဖြစ်ပြီး ပြည်ထောင်စုကြီးအတွင်းက ခွဲထွက်ဖို့ကိုလည်း ဘယ်သူကမှ ဦးတည်ဟော ပြောနေကြတာမရှိသလို၊ ခွဲထွက်ဖို့ကို ဘယ်သူမှတောင် သတိမရကြတဲ့ အနေထားမျိုးဖြစ်ပါတယ်။ ဖက်ဒ ရယ်လှုပ်ရှားမှု၊ ပြည်နယ်ပေါင်းစုံညီလာခံခင်းကျင်းပြီး၊ တွေ့ဆုံဆွေးနွေးလှုပ်ရှားနေကြမှုတွေအားလုံးဟာ တရားဥပဒေဘောင်အတွင်းကနေ ပြောဆိုဆွေးနွေး လှုပ်ရှားနေကြတာတွေချည်းပဲဖြစ်ပါတယ်။ ကိုယ်စား လှယ်ပေါင်းစုံရှေ့၊ သတင်းစာဆရာတွေရှေ့မှောက်မှာ တရားဝင်ပြောဆိုဆွေးနွေးလုပ်ကိုင်နေကြတဲ့ လှုပ်ရှားမှု တွေချည်းဖြစ်ပါတယ်။ ဒီလိုဖြစ်ပါလျက်နဲ့ ဒီဖက်ဒရယ်လှုပ်ရှားမှုကို အကြောင်းပြတာ၊ ဖက်ဒရယ်မူဆိုတာ ကို တကယ့်အန္တရာယ်ကြီးအဖြစ် လက်ညိုးထိုးပြီး၊ ဒါ့ကြောင့် အာဏာသိမ်းရပါတယ်လို့ ပြောဆိုတာဟာ ပြောင်လိမ်ပြောင်စား ပြောဆိုတာဖြစ်ပါတယ်။ ငါ့စကားနွားရ ပြောဆိုနည်းနဲ့ ပြောဆိုသွားတာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ မလွှဲမရှောင်သာ ကိုယ့်စကားနဲ့ကိုယ် ပိတ်မိနေပြီး အခြေနေကလည်း အပြီးအပိုင်အာဏာသိမ်းလိုက်လို့မဖြစ်သေးတဲ့ အနေထားတွေကြောင့် ရွေးကောက်ပွဲလုပ်ပေးကာ အာဏာ ကိုပြန်အပ်ခဲ့ရပေမယ်၊ အာဏာကို အပြီးအပိုင်သိမ်းနိုင်ဖို့ ဆင်ကြံကြံ အကြောင်းရှာနေတုန်း 'ဖက်ဒရယ်' မူကိစ္စဟာ အကောင်းဆုံးအကြောင်းပြစရာကိစ္စကြီးတခုအဖြစ် ယူဆခဲ့ပုံရပါတယ်။ 'ဖက်ဒရယ်မူ' ကို တင်နေကြသူတွေအားလုံးဟာ ပြည်ထောင်စုကြီးထဲကနေ ခွဲထွက်ဖို့မဟုတ်ဘဲ ပြည်ထောင်စုကြီးအဖြစ် ဘယ်လိုပေါင်းစည်းကြမလဲဆိုတာ တင်ပြအဆိုပြုနေကြခြင်းသာဖြစ်တယ်ဆိုတာကိုတောင် ဂရုမမူနိုင်တော့ဘဲ 'ကျားကျားမီးယပ်' လုပ်ပစ်လိုက်ကြတာဖြစ်ပါတယ်။

၅၈ ခုနှစ် ပထမအကြိမ် စစ်တပ်က အာဏာသိမ်းစဉ်က အာဏာသွားတောင်းသူ တဦးဖြစ်တဲ့ ဗိုလ်မှူးချုပ်အောင်ကြီးဟာ၊ ဦးနု ဆီက အာဏာကိုလည်း လက်ခံရရှိရော "အာဏာသိမ်းတယ်ဆိုတဲ့စကား မပြောပါနဲ့၊ အာဏာကိုလွှဲပြောင်းပေးအပ်တာကို လက်ခံရယူတာပါ" လို့ ခပ်တည်တည် ပြောင်လိမ်ခဲ့ပြီး 'အာဏာသိမ်းတယ်' ဆိုတာကို ငြင်းဆိုခဲ့ပေမယ့်၊ ဒီတခါအာဏာသိမ်းတဲ့အခါမှာတော့ "ခု ဒုတိယအကြိမ် သိမ်းခြင်းမှာ" လို့ လုပ်ချလိုက်ပြန်ပါတယ်။ ယောင်ယမ်းပြောဆိုရင်း အမှန်တိုင်း ထွက်လာခဲ့ပုံရပါတယ်။ ရှေ့စကားနဲ့ နောက်စကား ဘယ်တော့မှမညီဘဲ ပြောင်လိမ်ပြောင်စားလုပ်တတ်တဲ့ စစ်အုပ်စုရဲ့အကျင့်ဟာ ဘွားဘွားကြီးပေါ်နေခဲ့ပါတယ်။ အခုလည်း "ဖက်ဒရယ်မူ" ကြောင့် "ဖက်ဒရယ်မူ" ကြောင့်လို့ ကြုံကြုံဖန်ဖန် လက်ညိုးထိုးအပြစ်တင်ရင်း "မလွှဲမရှောင်သာလို့" အာဏာသိမ်းရတာပါ။ "အာဏာကို လိုချင်လို့ အခမ္မယူခြင်းမဟုတ်ပါ" လို့ ဆိုလာပြန်ပါတယ်။ အာဏာကိုမလိုချင်ပါဘဲနဲ့ တိုင်းပြည်ကြီးပြိုကွဲမှာစိုးလွန်းလှတဲ့အတွက် မလွှဲသာမရှောင်သာလို့ အာဏာသိမ်းလိုက်ရတဲ့သဘော ဖွင့်ဆိုရှင်းလင်းပြပါတယ်။ စစ်တပ်က မလွှဲမရှောင်သာ အာဏာသိမ်းလိုက်ရခြင်းရဲ့ အဓိကအကြောင်းအရင်းဟာ "ဖက်ဒရယ်မူ" ကြောင့်လို့ တရားဝင်အကြောင်းပြလိုက်ပါတယ်။ ဒီအကြောင်းပြချက်ကို ဖော်ထုတ်ဖြန့်ချိနိုင်ဖို့အတွက် သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။

မတ်လ (၈) ရက်နေ့မှာ ရွေးကောက်ပွဲ အမြဲတန်းကော်မရှင်ကို ဖျက်သိမ်းလိုက်ပါတယ်။ မတ်လ (၉) ရက်နေ့မှာ မဖွဲ့စည်းရသေးတဲ့ 'ချင်းရေးရာဦးစီးအဖွဲ့' ကိုဖွဲ့စည်းပေးပြီး ထုတ်ပြန်ကြေညာပါတယ်။ ဥက္ကဋ္ဌအဖြစ်က ဦးဆန်ခိုလျံ၊ အဖွဲ့ဝင်အဖြစ် ဦးပွတ်ပါ၊ ဦးတင်ဇမ်း၊ ဦးဝမ်းသူဟာရင် နဲ့ ဒုတိယဗိုလ်မှူးကြီး စောမောင်ထွန်း တို့ဖြစ်ပါတယ်။

ဒါကြောင့် မတ်လ (၉) ရက်နေ့မှာ တော်လှန်ရေးကောင်စီဟာ 'ပြည်နယ်ဦးစည်းအဖွဲ့' တွေကို အပြည့်ဖွဲ့စည်းပြီးပြီ ဖြစ်ပါတယ်။ ရှမ်း၊ ကရင်၊ ကယား၊ ချင်း တို့ရဲ့ ဦးစီးအဖွဲ့တွေ ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက် ဖွဲ့စည်းပေါ်ပေါက်လာတာဖြစ်ပါတယ်။ ချင်း ကိုတော့ ချင်းရေးရာဦးစီးအဖွဲ့လို့ ခေါ်ဝေါ်ခဲ့ပြီး ကျန် ရှမ်း၊ ကချင်၊ ကရင်၊ ကယားတို့ကိုတော့ 'ပြည်နယ်ဦးစီးအဖွဲ့' လို့ နာမည်ပေးခဲ့ပါတယ်။ မွန် နဲ့ ရခိုင် တို့ကို ပြည်နယ်အဖြစ် မသတ်မှတ်သေးတဲ့သဘောဖြစ်ပါတယ်။ ပထစ အစိုးရလက်ထက်ကလည်း ပြည်နယ်အဖြစ်ပေးရေးကို သဘောတူပြီးသားဖြစ်ပေမယ့်၊ တရားဝင်ပြည်နယ်အဖြစ် မဖွဲ့စည်းရသေးသလို တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာလည်း ဆက်လက် ကြားချန်ထားတဲ့သဘောဖြစ်ပါတယ်။ ဒီအရင် အစိုးရအဆက်ဆက်နဲ့မတူတာကတော့၊ ပြည်နယ်ဦးစီးအဖွဲ့တွေတိုင်းထဲမှာ စစ်တပ်ထိပ်သီးတွေကို အဖွဲ့ဝင်အဖြစ် ပြောင်ထည့် ဖွဲ့စည်းပေးထားတာဖြစ်ပါတယ်။ အဲဒီ စစ်တပ်ထိပ်သီးတွေဟာလည်း အဲဒီသက်ဆိုင်ရာ ပြည်နယ်ဒေသရှိ စစ်တပ်၊ စစ်တိုင်းတို့ရဲ့ ထိပ်သီးကြီးတွေဖြစ်နေကြခြင်းဖြစ်ပါတယ်။ အများစုဟာ တော်လှန်ရေးကောင်စီဝင်ကြီးတွေတောင်ဖြစ်နေကြပါတယ်။ တော်လှန်ရေးကောင်စီဆိုတာ စစ်အစိုးရဖြစ်တယ်။ ပြည်နယ်တွေတိုင်းကိုလည်း စစ်တပ်က တိုက်ရိုက်ချုပ်ကိုင်ထားတယ်ဆိုတာကို ပေါ်ပေါ်ထင်ထင် ဖော်ပြလိုက်တဲ့သဘောဖြစ်ပါတယ်။

မတ်လ (၉) ရက်နေ့မှာပဲ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ်အောင်ကြီး နဲ့ ဗိုလ်မှူးကြီးစောမြင့် တို့ဟာ သတင်းစာဆရာတွေနဲ့ ထပ်မံတွေ့ဆုံပြီး ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲကြီး လုပ်ပြန်ပါတယ်။ ဒီတခါတော့ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးကြီးစောမြင့် တို့နှစ်ယောက်တင်မကတော့ဘဲ အင်အားဖြည့်တင်းပြီး ပါလာတာကတော့ စစ်တပ်ထောက်လှမ်းရေးနှင့် စစ်တပ် စိတ်ဓာတ်စစ်ဆင်ရေးဌာနက ပုဂ္ဂိုလ်တွေပါ ပါဝင်လာတာဖြစ်ပါတယ်။ ဒုတိယဗိုလ်မှူးကြီးမောင်လွင်၊ ဒုတိယဗိုလ်မှူးကြီးမောင်ဘို နဲ့ စိတ်ဓာတ်စစ်ဆင်ရေးဌာန ဒုညွှန်ကြားရေးမှူးဦးစောဦး တို့ပါတက်ရောက်လာကြပါတယ်။

သတင်းစာဆရာတွေရဲ့အမေးကို ဖြေကြားရာမှာ ဗိုလ်မှူးချုပ်အောင်ကြီးက “တိုင်းပြည်ပြိုကွဲမယ့် အခြေအနေရောက်လာတော့ ထိန်းသိမ်းရတာပဲ၊ အသံလွှင့်ရုံမှာကျင်းပခဲ့တဲ့ အမျိုးသားနီးနှောဖလှယ်ပွဲသာ ပြီးရင် ဖြစ်ချင်တာဖြစ်ကုန်ကြမှာပဲ၊ ရှမ်းကိစ္စက ပဒေသရာဇ်တွေရဲ့ နောက်ဆုံးဖောက်ပြန်မှုပဲ။ ဖက်ဒရယ်ဆို တာက အမျိုးသာရေးဝါဒ ပြည်နယ်စိတ်ဝါဒတွေကို အရေခြုံထားတာဘဲ။ အတွင်းသဘောက ပဒေသရာဇ် တွေရဲ့ နောက်ဆုံးဖောက်ပြန်မှုပဲလို့ယူဆတယ်” ဆိုပြီး စစ်တပ်အာဏာသိမ်းရတာ မှန်တယ်ဆိုတာဖြစ် အောင် ကြံဖန်ပုံကြီးချဲ့ပြောဆိုပါတယ်။ တိုင်းပြည်ကြီး ကနေ့ မနက်ဖန် ပြိုကွဲသွားတော့မလောက် ယုတ္တိ ယုတ္တာမရှိပြောဆိုရင် “ဖက်ဒရယ်မူ” ကိုပဲ ရောမအန္တရယ်ကြီးအဖြစ် ဆက်လက်လက်ညိုးထိုးပြီး စစ်အာဏာ သိမ်းမှုဘက်ကနေ ဝါဒဖြန့်ချိသွားခဲ့ပါတယ်။ တကယ်ကတော့ အာဏာရမ္မက် ငန်းငန်းတက်နေတဲ့ စစ်တပ် ထိပ်သီး ဗိုလ်ချုပ်ကြီးနေဝင်းဟာ သူကိုယ်တိုင်ခေါင်းဆောင်ပြီး အာဏာလိုချင်လို့ အာဏာသိမ်းခဲ့တာဖြစ်ပါ တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဦးဆောင်မှုအောက်က စစ်အုပ်စုအနွယ်ဝင်တွေ စစ်တပ်ထိပ်သီးများဟာလည်း ဗိုလ်ချုပ်ကြီးနေဝင်း အလိုကျ ဗောင်းတော်ညိတ် စိတ်တော်သိခဲ့ကြပြီး ကြံရာပါတွေအဖြစ် ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ လက်ချိုးရေတွက်လို့ရလောက်အောင် အနည်းတကာ့အနည်းစုကြီးဖြစ်တဲ့ ပုဂ္ဂိုလ်များသာ သေမထူးနေမထူး ဇာတ်ခင်းကြရင်း “ခွေးဖြစ်မှတော့ ချီးစားရမှာဘဲဆိုပြီး ပါလာခဲ့ကြတာဖြစ်ပါတယ်။ အာဏာလိုချင်လို့အာဏာသိမ်းခဲ့တာကို တိုင်းပြည်ရဲ့ ယိုယွင်းလာတဲ့အခြေအနေကြောင့် ဖက်ဒရယ်ကြောင့် အာဏာသိမ်းရတာပါလို့ ကြံဖန်ပြောဆို အကြောင်းပြခဲ့တာဖြစ်ပါတယ်။ ကမ္ဘာမှာ ဘယ်အာဏာသိမ်းစစ် ခေါင်းဆောင်ကမှလည်း “ကျုပ်တော့အာဏာသိမ်းချင်လို့ အာဏာသိမ်းတာပဲ၊ တိုင်းပြည်မှာ ကျုပ်နံပါတ် (၁) လုပ်ချင်လို့ အာဏာသိမ်းတာပဲလို့” ထုတ်ဖော်ပြောဆို ဝန်ခံခဲ့သူများမရှိသလို၊ ဗိုလ်နေဝင်းတို့တတွေလည်း စစ်အာဏာရှင်တို့ရဲ့ ထုံးနည်းအတိုင်း မခိုင်လုံတဲ့အကြောင်းပြချက်တွေကိုသာ တိုးတိုးပြောရင်း ကိုယ့်ကို ကိုယ် ကာကွယ်ဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ ဒါပေမယ့် ဆင်သေကို ဆိတ်ရေနဲ့ဖုံးဖို့ ကြိုးစားခဲ့ပေမယ့် မလုံနိုင်ခဲ့ပါ။ ဗိုလ်ချုပ်ကြီးနေဝင်းဟာ စစ်အာဏာရှင်စနစ်ကိုထူထောင်ပြီး စစ်အုပ်စုကြီးကိုခေါင်းဆောင်ကာ၊ စစ်အာဏာရှင်ကြီးအဖြစ် တစထက်တစ ပုံပေါ်လာရတော့မှာဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်၊ မတ်လ (၉) ရက်နေ့မှာဘဲ တော်လှန်ရေးကောင်စီကြေညာချက်အမှတ် (၁၀) ထွက်ပေါ် လာပါတယ်။ အဲဒီကြေညာချက်အမှတ် (၁၀) ကတော့ “တော်လှန်ရေးကောင်စီသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှုအာဏာဟူသည့် အာဏာသုံးရပ်ကို အပ်နှင်းသည်” ဆိုတဲ့ကြေညာချက်ပဲဖြစ်ပါတယ်။

## မဆလ၊ ခေတ်ပြောင်းတော်လှန်ရေးနဲ့ ဗမာပြည်နိုင်ငံရေးအခြေအနေ

တော်လှန်ရေးကောင်စီခေတ်ဟာ စစ်တပ်ကအာဏာသိမ်းယူပြီး တော်လှန်ရေးကောင်စီကို ကြေညာကာ တိုင်းပြည်ရဲ့အာဏာအရပ်ရပ်ကို ချုပ်ကိုင် ချယ်လှယ် အုပ်စိုးချိန်ကစပြီး သက်ဝင်လှုပ်ရှားခဲ့ပါ တယ်။ ဒါကြောင့် ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ကစပြီး တော်လှန်ရေးကောင်စီခေတ်ဆိုတာ စတင်ဖြစ် ပေါ်လာပါတယ်။ တော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီးနောက် တစ်ရက် မတ်လ (၃) ရက်နေ့မှာ ပါလီမန်ကို အပြီးအပိုင် ဖျက်သိမ်းပါတယ်။ တော်လှန်ရေးကောင်စီရဲ့အောက်မှာ တော်လှန်ရေးကောင်စီရဲ့ ဦးဆောင် ညွှန်ကြားမှုအတိုင်း အကောင်အထည်ဖော်ဖို့ ပြည်နယ်ဦးစည်းအဖွဲ့တွေကို ဖွဲ့ပါတယ်။ ပြည်နယ်ဦးစီးအဖွဲ့

တွေကို တော်လှန်ရေးကောင်စီက တိုက်ရိုက်ချုပ်ကိုင်ထားရုံမက ပြည်နယ်ဦးစီးအဖွဲ့တွေထဲမှာ ဒေသဆိုင်ရာ စစ်တပ်အကြီးအကဲတွေကို အဖွဲ့ဝင်အဖြစ် ပေါ်ပေါ်ထင်ထင် ထည့်သွင်းဖွဲ့စည်းပေးပါတယ်။ ဖက်ဒရယ်မူကြောင့် တိုင်းပြည်ကြီး ပြိုကွဲနိုင်တဲ့အန္တရာယ်ကြောင့် စစ်တပ်က မလွှဲမရှောင်သာပဲ အာဏာသိမ်းရခြင်းဖြစ်ပါတယ်လို့ မယုံချင်နေ ယုံချင်ယုံ အကြောင်းပြ ကြွေးကြော် ဝါဒဖြန့်ချိပါတယ်။ သတင်းစာရှင်းလင်းပွဲတွေခေါ်ယူကျင်းပ ရှင်းလင်းရာမှာလည်း ဖက်ဒရယ်မူကြောင့်ဆိုတာကို အဓိကထားပြီး အကြောင်းပြဆင်ခြေပေးခဲ့ပါတယ်။ အာဏာအားလုံးကို တော်လှန်ရေးကောင်စီကချုပ်ကိုင်လိုက်ပြီး အဲဒီအာဏာအားလုံးကို တော်လှန်ရေးကောင်စီဥက္ကဋ္ဌကို နှင်းအပ်လိုက်တယ်ဆိုတဲ့ ကြေညာချက် အမှတ် (၁၀) ကို ထုတ်ပြန်လိုက်တဲ့အတွက် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှုအာဏာ အာဏာသုံးရပ်စလုံးကို ချုပ်ကိုင်ကျင့်သုံး သုံးစွဲခွင့်ရှိသူဟာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းတယောက်ထဲပဲ ဖြစ်သွားပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ အာဏာသုံးရပ်စလုံးကိုပိုင်ဆိုင်တဲ့၊ ကြိုက်သလိုစွဲကိုင်ကျင့်သုံးနိုင်တဲ့ အာဏာရှင်ကြီးအဖြစ် အတိအလင်းပုံပေါ်လာခဲ့ပါတယ်။ သူကိုယ်တိုင် ဦးစီးဦးဆောင်ပြုပြီး အာဏာသိမ်းခဲ့တာဖြစ်တဲ့အတွက် အောင်မြင်စွာအာဏာသိမ်းနိုင်ပြီးတဲ့အခါ အာဏာရှိသောပုဂ္ဂိုလ်ဖြစ်လာရတာ ဘာမှမဆန်းဘူးလို့ ဆိုရမှာဖြစ်ပေမယ့်၊ အခုလို အာဏာသုံးရပ်စလုံးကို အပ်နှင်းလိုက်တယ်ဆိုတဲ့ ကြေညာချက်ကတော့ တော်တော်ကို ပြောင်ပြောင်တင်းတင်းနိုင်လှပါတယ်။

၁၉၆၀ ပြည့်နှစ်မှာ ဖိလစ်ပိုင်နိုင်ငံကပေးခဲ့တဲ့ "ရာမွန်မက်ဆေးဆေး" ဆုကြီးကို ဗိုလ်ချုပ်ကြီးနေဝင်းငြင်းပယ်ခဲ့ပါတယ်။ အများအားဖြင့် နာမည်ကြီးကွန်မြူနစ်ဆန့်ကျင်ရေးသမားကြီးတွေသာ ရရှိသည့်ဆုကြီးမို့များ ငြင်းပယ်ခဲ့တာလား၊ ဒီမိုကရေစီကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သူတွေကို အသိအမှတ်ပြုပေးအပ်တယ်ဆိုတဲ့ ဒီဆုကြီးကို ဗိုလ်ချုပ်ကြီးနေဝင်း ဘာလို့ ငြင်းပယ်ခဲ့တာလဲ၊ စသဖြင့်စသဖြင့် အမျိုးမျိုးတွက်ဆမိခဲ့ကြ ထင်ကြေးပေး ခန့်မှန်းတွေးတောခဲ့ကြသူတွေအတွက် အဖြေဟာ ဘွားခနဲပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို အသက်နဲ့လဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမယ်လို့ လူသိရှင်ကြား ကတိပေးပြောဆိုခဲ့ရာက ကတိတွေကို ချိုးဖောက်ပြီး ကိုယ်တိုင်အာဏာသိမ်းပြီး အာဏာယူဖို့ အခိုင်အမာ ပြင်ဆင်တွက်ချက် အကွက်ကောင်းစောင့်နေသူဖြစ်တဲ့အတွက်၊ ဒီဆုကြီးကို ငြင်းဆန်ခဲ့ခြင်းဖြစ်တယ်ဆိုတာ ဘွားဘွားကြီးပေါ်လာခဲ့ပြီဖြစ်ပါတယ်။ စစ်တပ်အားကိုး အကြမ်းဖက်နည်းနဲ့ အတင်းအဓမ္မ အာဏာတက်သိမ်းပြီး အာဏာယူဖို့ ကြိတ်ပြီးပြင်ဆင်နေရသူက၊ ဒီမိုကရေစီကို စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သူအဖြစ် ပုံဖော်ပေးအပ်မယ့် ဒီဆုကြီးကို ဘယ်လိုလုပ်ပြီး ယူထားလို့ဖြစ်ပါ့မလဲ။ ဒါကြောင့် ကြိုတင်ငြင်းဆန်ခဲ့တာဖြစ်သလို၊ ကွန်မြူနစ်ဆန့်ကျင်ရေးသမားကြီးအဖြစ် အသတ်အမှတ်မခံနိုင်လို့ မယူခဲ့တာနေမှာဖြစ်မယ်လို့ အထင်ခံရရင်လည်း နဲသလားလို့ ကြိုတင်တွက်ဆခဲ့ပုံရပါတယ်။ ဂိုဏ်းကြီးနှစ်ဂိုဏ်းရဲ့တိုက်ပွဲက ပြင်းထန်နေဆဲဖြစ်သလို ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်ကာစ အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ နိုင်ငံအများစုရဲ့ မျှော်လင့်ရည်စူး ဦးတည်နေကြတဲ့လမ်းကြောင်းကလည်း ဆိုရှယ်လစ်လမ်းကြောင်းဖြစ်နေပြီး ဆိုရှယ်လစ်စနစ်ဟာ ရေပန်းစားဆဲကာလဖြစ်ပါတယ်။ အထူးသဖြင့် အာရှမှာ ဆိုရှယ်လစ်စနစ်ရေပန်းစားဆဲဖြစ်သလို၊ ဗမာပြည်မှာလည်း ဆိုရှယ်လစ်ရေးအသံ ဆိုရှယ်လစ်လမ်းကြောင်းအိမ်မက် ကြီးကျယ်ဆဲဆိုတာ ဗိုလ်ချုပ်ကြီးနေဝင်း ကောင်းကောင်းတွက်ချက်မိပြီးဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်ကို အပြီးဖယ်ချဖို့ဆိုရင် ဘာကိုအော်ပြီး ဘာကိုပုံဖော်ရမယ်ဆိုတာ အာဏာနိုင်ငံရေးပါးဝပြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ကြိုတင်တွက်ချက် စဉ်းစားထားပြီးဖြစ်ပါတယ်။ တတိုင်းပြည်လုံးမှာ အရှိန်ဩဇာကြီးလွှမ်းလှတဲ့ အမျိုးသားခေါင်းဆောင်ကြီးနေရာ ရယူသွားနိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း

တို့တတွေ မျှော်ရည်လိုလားခဲ့ဖူးရာလည်းဖြစ်၊ တိုင်းပြည်လွတ်လပ်ရေးကြေညာကထဲက လွတ်လပ်ရေးကြေညာစာတမ်းပါ မျှော်လင့်ချက်လမ်းကြောင်းတခု ဖြစ်ခဲ့ပေမယ့်၊ အာဏာရ ဖဆပလခေါင်းဆောင်အဆက်ဆက် အကောင်အထည်မဖော်ဘဲ ဘေးချပစ်ထားရာလည်းဖြစ်တဲ့၊ ဆိုရှယ်လစ်ရေးဆိုတဲ့အသံကို ပြန်ကောက်ကိုင်ဖို့အကြံကြီးလှတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ကြိုတင်ပြင်ဆင်စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အာဏာသိမ်းပြီးနှစ်ရက်အကြာ မတ်လ (၄) ရက်နေ့မှာပဲ ပထစ၊ ဖဆပလ၊ ပမညတ က ခေါင်းဆောင်တွေကို ခေါ်ယူတွေ့ဆုံပြီး 'ဆိုရှယ်လစ်နဲ့' ကို လေကြို့ပြီးပြလိုက်ပါတယ်။

ဝိဓူရသခင်ချစ်မောင်တို့ ပမညတ၊ တသိုက်ရဲ့ ပစ်ပြီး ထောက်ခံကြေညာလိုက်သံကို ဗိုလ်ချုပ်ကြီးနေဝင်းဟာ လွယ်လွယ်ကူကူနဲ့ရရှိလိုက်ပါတယ်။ စစ်တပ်အာဏာသိမ်းပွဲနဲ့ပတ်သက်ပြီး ဝိဓူရသခင်ချစ်မောင်က "စစ်တပ်က အာဏာသိမ်းတာကြောင့် စစ်အာဏာရှင်စနစ်သာဖြစ်တယ်လို့ယူဆရင် မှားယွင်းမယ်" ဆိုတဲ့ ကောက်ချက်ကို ဖော်ထုတ်ပြောဆိုလာခဲ့ပါတယ်။ အိမ်စောင့်အစိုးရလက်ထက်တုန်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပုဒ်မ (၁၁၆) ကိုပြင်ဆင်ပေးရမှာလေးကိုတောင် 'နိုင်ငံတော်သူ နိုင်ငံသားများက ပါလီမန်လွှတ်တော်ကြီးကို ရွေးကောက်တင်မြှောက်ပါတယ်။ ပါလီမန်လွှတ်တော်ကြီးက ပါလီမန်အစိုးရကို ရွေးကောက်တင်မြှောက်ပါတယ်။ အဲဒါဟာ မူဖြစ်ပါတယ်' လို့ပြောဆိုပြီး၊ အဲဒီမူကို ပြင်ဆင်မပေးဖို့ ကန့်ကွက်ပြောဆိုခဲ့တဲ့ သခင်ချစ်မောင်ဟာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးတခုလုံးကို စက္ကူစုတ်လုပ်ပစ်လိုက်ပြီး ထင်သလိုအာဏာသိမ်းသွားတာကိုတော့ ဆိုရှယ်လစ်လေကြို့နဲ့ကြောင့် ဦးဦးဖျားဖျား ထောက်ခံချက်ပေးလိုက်တာဟာ အံ့သြစရာဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဖမ်းစားမှုကို ခံလိုက်ရတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာကိုဆုပ်ကိုင်ပြီး ရေရှည်အုပ်စိုးသွားနိုင်ရေးအတွက် ဆိုရှယ်လစ် အနံ့ပေးထားတဲ့ နိုင်ငံရေးပါတီတရပ်ထူထောင်ဖို့ ဆက်လက်ပြင်ဆင်ပါတယ်။ ဗမာပြည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပြောဆိုထုတ်ဖော်နေခဲ့ကြဖူးတဲ့ ဆိုရှယ်လစ်စနစ်နဲ့လည်းမတူတဲ့၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ အခြေခံဆိုရှယ်လစ်စနစ်လည်းမဟုတ်တဲ့၊ ဗမာပြည်မှာ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပြီး ဗိုလ်နေဝင်း ကိုယ်တိုင် ပါဝင်ခဲ့ဖူးတဲ့ ဆိုရှယ်လစ်ပါတီရဲ့ ဆိုရှယ်လစ်ဆိုတာနဲ့လည်း ကွဲပြားခြားနားတဲ့၊ ကမ္ဘာမှာ ပေါ်ပေါက်တည်ရှိခဲ့တဲ့ တခြားတခြားသော ဆိုရှယ်လစ်ပါတီများရဲ့ ဆိုရှယ်လစ်နဲ့လည်း ကွဲပြားခြားနားတဲ့ ဆိုရှယ်လစ်ပါတီသဘောတရားတခု၊ လမ်းစဉ်တခုရေးသားပေးဖို့ ပြန်ကြားရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီးစောမြင့်၊ စိတ်ဓာတ်စစ်ဆင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောဦး နဲ့ ဦးချစ်လှိုင် (မောင်ချစ်လှိုင် ခေါ် ကိုကိုမောင်ခေါ် တချိန်က ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဗိုလ်စံငွေ) တို့ (၃) ဦးကို တာဝန်အပ်နှင်းတယ်လို့ ဆိုပါတယ်။ ကျန်နှစ်ယောက်က မအားလပ်တဲ့အတွက် ဦးချစ်လှိုင် (မောင်ချစ်လှိုင်) တယောက်ထဲက တာဝန်ယူရေးသားကာ၊ နှစ်ပတ်နဲ့အပြီး ရေးသားပြီး ဗိုလ်မှူးကြီးစောမြင့်ထံ အပ်နှံရတယ်လို့ဆိုပါတယ်။ ပထမဆုံးပေးထားတဲ့ လမ်းစဉ်သဘောတရား စာတန်းခေါင်းစဉ်ကတော့ "ဗမာနည်းကျသော ဆိုရှယ်လစ်ဝါဒ" လို့ဆိုပါတယ်။ မဟုတ်တာ ဟုတ်တာအပထား၊ ဗိုလ်ချုပ်ကြီးနေဝင်းမှာ မတ်လနောက်ဆုံးအပတ်မှာ ဆိုရှယ်လစ်နံ့ပါတဲ့ နိုင်ငံရေးပါတီတရပ်ထူထောင်ဖို့ သူလိုချင်တဲ့ နိုင်ငံရေးလမ်းစဉ်သဘောတရားတခု ရရှိပိုင်ဆိုင်ထားပြီဖြစ်ပါတယ်။

မတ်လ (၃၀) ရက်နေ့မှာ တရားလွှတ်တော်နဲ့ တရားလွှတ်တော်ချုပ်တို့ကိုလည်း အပြီးအပိုင်ဖျက်သိမ်းကာ "နိုင်ငံတော်တရားရုံးချုပ်" ဆိုတာကို ဖွဲ့စည်းကြေညာပါတယ်။

ဧပြီလ (၃၀) ရက်နေ့မှာ ရတနာပုံရေတပ်စခန်းမှာ တပ်မှူးများညီလာခံကို ခေါ်ယူကျင်းပပါတယ်။ အဲဒီညီလာခံမှာ ဗိုလ်ချုပ်ကြီးနေဝင်းက ရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေးလမ်းစဉ် သဘောတရားစာတမ်းကို ချပြပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် စာတမ်းကို တပိုဒ်စီတပိုဒ်စီ ရှင်းလင်းပြောဆိုတာလုပ်ပါတယ်။

လမ်းစဉ်သဘောတရားစာတမ်းကြီးရဲ့ နာမည်ကတော့ အဲဒီညီလာခံမှာ ဗိုလ်မှူးကြီးသန်းညွန့်ရဲ့ အကြံပြုချက်ကို မူတည်ပြီး ပြောင်းလဲလိုက်တဲ့အတွက် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" ဆိုတာကို အတည်ပြုမှည့်ခေါ်လိုက်တယ်ဆိုပါတယ်။ ဒါကြောင့် ၁၉၆၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့မှာ အပိုဒ် (၂၁) ပိုဒ်ပါဝင်တဲ့ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" ဆိုတာ ထွက်ပေါ်လာပါတယ်။ စတင်ရေးသားသူဟာ ဦးချစ်လှိုင် (မောင်ချစ်လှိုင်) ဖြစ်ပေမယ့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် စတင်ပေါ်ပေါက်ရာဟာ ရတနာပုံရေတပ်စခန်း တပ်မှူးများညီလာခံကလို့ဆိုရမှာဖြစ်ပါတယ်။

အဲဒီမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို တပ်မှူးအားလုံးက လက်ခံသဘောတူပြီးတဲ့အခါ၊ ဗိုလ်ချုပ်ကြီးနေဝင်း အပါ ညီလာခံကိုတက်ရောက်လာကြသူ စစ်ဗိုလ်ထိပ်သီးအားလုံး၊ တပ်မှူးကြီးအားလုံးက လက်မှတ်ရေးထိုးကြပြီး မော်ကွန်းတင်အတည်ပြုလိုက်ကြပါတယ်။ ဒါကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာ၊ ခေါင်းကိုင်အဖြစ် စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဦးစီးကာ၊ ဇာတိအဖြစ် စစ်တပ်အတွင်းမှာ အခြေတည်မွေးဖွားလာခဲ့ရတဲ့ စစ်ဗီဇသွေးပါခဲ့ပြီးသား၊ လမ်းစဉ်သဘောတရား တရပ်ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီလမ်းစဉ်သဘောတရားကြီးကို ယုံကြည်ပါတယ်လို့ စတင်လက်မှတ်ရေးထိုး မော်ကွန်းတင်ခဲ့ကြတဲ့ စစ်တပ်ထိပ်သီး တပ်မှူးကြီးတွေကတော့ ပထမဆုံးသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကြီးရဲ့ ဥပသကာကြီးများဖြစ်တယ်လို့ သတ်မှတ်ရပါလိမ့်မယ်။ ဒီလိုနည်းအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း အလိုကျ ဗိုလ်ချုပ်ကြီးနေဝင်းက ဦးစီးကာ စစ်တပ်အတွင်းကနေ စတင်ထွက်ပေါ်လာခဲ့ပြီး၊ စစ်တပ်ထိပ်သီး တပ်မှူးကြီးများက ပထမဆုံး လက်ခံသဘောတူ သက်ဝင်ယုံကြည်လိုက်ကြတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် သဘောတရားဆိုတာကြီးဟာ ဗမာပြည်သမိုင်းမှာ ပေါ်ထွန်းဖြစ်တည်လာပါတော့တယ်။

မေလ (၇) ရက်နေ့မှာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ အဖွဲ့အစည်းကြီး (၃) ခုက နိုင်ငံရေးခေါင်းဆောင်ကြီးတွေနဲ့ ထပ်မံတွေ့ဆုံကာ တော်လှန်ရေးကောင်စီရဲ့ ဝါဒသဘောထားဖြစ်တယ်ဆိုတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာကို အသေးစိတ် ရှင်းလင်းပြောပြတာလုပ်ပါတယ်။ အဲဒီဝါဒသဘောထားအပေါ်မှာ အကြံပြု ဝေဖန်ချက်ပေးကြဖို့လည်း ပြောဆိုတယ်ဆိုပါတယ်။

မေလ (၁၇) ရက်နေ့ တတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးကြတဲ့အခါမှာတော့ နိုင်ငံရေးပါတီတွေက မတူကွဲပြားတဲ့ သဘောထားအမြင်တွေကို ထုတ်ဖော်တင်ပြခဲ့ကြတယ်ဆိုပါတယ်။ ပမညတ ကြီးက နိုင်ငံရေးပါတီ တပါတီဖြစ်ရေးကို အရင်မလုပ်ဘဲ တပ်ပေါင်းစုသာအရင်ဖွဲ့သင့်ကြောင်း၊ ပမညတ တွင်းရှိ ပါတီတွေအချင်းချင်းတောင် အကွဲကွဲအပြားပြားဖြစ်နေရာ တပါတီတည်းဖြစ်ရေးဆိုတာ မလွယ်လှကြောင်း၊ ဒါကြောင့် တပ်ပေါင်းစုကိုအရင်ဖွဲ့ပြီး၊ တပ်ပေါင်းစုအတွင်း စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှုရပြီးမှသာ တပါတီတည်းဖွဲ့စည်းသွားသင့်တယ်လို့ တင်ပြတယ်ဆိုပါတယ်။ ဖဆပလ ခေါင်းဆောင်တွေကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထောက်ခံပေမယ့် တပါတီတည်းဖြစ်ရေးကိုတော့ သဘောမတူနိုင်ကြောင်း၊ တော်လှန်ရေးကောင်စီက တိုင်းပြည်ကောင်းမွန်လာတဲ့အထိ ဆက်လက်ထိမ်းသိမ်းပြီး တချိန်ချိန်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပပေးဖို့ကိုသာ တင်ပြခဲ့တယ်ဆိုပါတယ်။ ပထစ ခေါင်းဆောင်တွေကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အကောင်အထည်ဖော်ရာမှာ ပထစ က ပူးပေါင်းဆောင်ရွက်မှာဖြစ်ကြောင်းလို့ ရှင်းလင်းတင်ပြခဲ့တယ်ဆိုပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ခေါ်ယူဆွေးနွေးပြီး တင်ပြချက်တွေကို နားထောင်ကြည့်ခြင်းသာဖြစ်ပါတယ်။ အာဏာကိုဆုပ်ကိုင်ပြီး ရရှိထားပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သဘောထားဆိုတာကို အသက်သွင်းကာ၊ မြန်မာ့ဆိုရှယ်လစ်ပါတီ ဆိုတဲ့ တခုတည်းသောပါတီနဲ့ တိုင်းပြည်ကို ရေရှည်ထိန်းချုပ်အုပ်စိုးသွားဖို့

ဆုံးဖြတ်ပြီးပြီဖြစ်ပါတယ်။ (၆၂) ခု၊ မတ်လ (၂) ရက် အာဏာသိမ်းယူခြင်းဟာ (၅၈) ခုနှစ် အာဏာသိမ်းယူခြင်းလို အိမ်စောင့်အစိုးရလုပ်ပေးဖို့မဟုတ်ပါ။ အာဏာကို အပြီးအပိုင်သိမ်းခဲ့တာဖြစ်ပြီး စစ်တပ်ဦးဆောင်မှုနဲ့ ရေရှည်အုပ်စိုးသွားဖို့ ရည်ရွယ်ပြီးသားဖြစ်ပါတယ်။ (၅၈) ခုနှစ် အာဏာသိမ်းပြီး စစ်တပ်က အုပ်ချုပ်လာခဲ့မှုဟာ စစ်တပ်အနေနဲ့ လက်တွေ့အုပ်ချုပ်ရေးမှာ လေ့ကျင့်ခန်းယူခဲ့တဲ့သဘော၊ လက်တွေ့ကွင်းဆင်းလေ့ကျင့်ကြည့်ခဲ့တဲ့သဘော၊ ဝတ်စုံပြည့် ဇာတ်တိုက်ကြည့်လိုက်တဲ့သဘောသာဖြစ်ပါတယ်။ ဒါကြောင့် (၅၈) ခုနှစ် အာဏာသိမ်း အုပ်ချုပ်ကြည့်လာမှုနှင့် ဝတ်စုံပြည့် ဇာတ်တိုက်အပြီး (၂) နှစ်အတွင်းမှာ (၆၂) ခုနှစ် အာဏာသိမ်းပွဲကြီးကို ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ စစ်တပ်က အပြီးအပိုင် ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကိုယ်ကချင်တဲ့ဇာတ်ညွှန်းအတိုင်း၊ ကပြဖို့ တက်လာခဲ့တာဖြစ်ပါတယ်။ တိုင်ပင်ဆွေးနွေးတယ်ဆိုတာ ကိုယ်ကချင်တဲ့ဇာတ်ညွှန်းအတိုင်း ကိုယ်နေရာချထားပေးတဲ့နေရာကနေ ပါဝင်အသုံးပြုခံကြဖို့ ထပ်ပြီး လူစုကြည့်တဲ့သဘောသာဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်အဖွဲ့အစည်း ပါတီကိုမှ မင်းသားကြီးအခန်းကဖြစ်ဖြစ်၊ အဓိကဇာတ်ဆောင် အခန်းကဖြစ်ဖြစ် ပါဝင်ကပြနိုင်ခွင့်၊ ခွင့်ပြုလိမ့်မယ် မဟုတ်ပါ။

၁၉၆၂ ခု၊ ဇူလိုင် (၄) ရက်နေ့မှာ 'မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ' ထွက်ပေါ်လာပါတယ်။ စစ်တပ်ထိပ်သီးကြီးများနှင့် စတင်ဖွဲ့စည်းလိုက်ပြီး တပ်တွင်းအင်အားစုအမာခံများနှင့် အခြေပြုကာ "အမြုတေပါတီ" အဖြစ် ပေါ်ပေါက်လာတာဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို သက်ဝင်ယုံကြည်သူတိုင်း ပါဝင်နိုင်တယ်လို့ဆိုပါတယ်။

ပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း "သမိုင်း၏ ထူးခြားသော အခြေအနေများကို အကြောင်းပြု၍ ဖွဲ့စည်းဖြစ်ပေါ်လာရသော တော်လှန်ရေးကောင်စီသည် အနှစ်သာရအားဖြင့် တော်လှန်ရေးလက္ခဏာကို ဆောင်လျက်ရှိသော်လည်း အသွင်အားဖြင့် စစ်ကောင်စီကဲ့သို့ဖြစ်နေပေသည်။ ဤသို့ဖြစ်နေရခြင်းကို တော်လှန်ရေးကောင်စီသည် မလိုလားချေ။ ဖြစ်သင့်ဖြစ်ထိုက်သော သဘောလမ်းစဉ်အရဆိုလျှင် တော်လှန်ရေးကြီးတရပ်ကို တော်လှန်ရေးသဘောလက္ခဏာဆောင်သော နိုင်ငံရေးပါတီကြီးတရပ်ကသာလျှင် ဦးဆောင်အပ်သည်ဟု ယုံကြည်ပေသည်" လို့ နိဒါန်းချီ ရင့်ကျူးထားပါတယ်။ ဆိုလိုတာက မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီကို တော်လှန်တဲ့ပါတီကြီးတရပ်၊ တော်လှန်ရေးပါတီကြီးတရပ်အသွင် ပုံဆောင် ကင်ပွန်းတပ်မင်္ဂလာယူလိုက်တာဖြစ်ပါတယ်။ တကယ့်ဖြစ်တည်ပေါ်ပေါက်လာရတဲ့ ပကတိအခြေနေတွေနဲ့ကတော့ ပြဒါးတလမ်း သံတလမ်းလိုဖြစ်နေပါတယ်။ လက်တွေ့ပေါ်ပေါက်လာရတာက ဗိုလ်ချုပ်ကြီးနေဝင်း စေခိုင်းအမိန့်ပေးချက်အရ လမ်းစဉ်သဘောထားကိုရေးသား၊ စစ်တပ်အတွင်းမှာအခြေခံ၊ စစ်ဗိုလ်ထိပ်သီးကြီးများနဲ့ စတင်ဖွဲ့စည်းကာ၊ အာဏာရပါတီကြီးအဖြစ် မွေးဖွားလာခဲ့ရတာဖြစ်ပါတယ်။ ဘယ်တော်လှန်ရေးကိုမှ ဖြတ်သန်းပြီး မွေးဖွားလာခဲ့ရတာမဟုတ်ပါ။

တော်လှန်ရေးကောင်စီက အာဏာကို လက်ရပိုင်ပိုင် သိမ်းပိုက်ပြီးချိန်ကစပြီး ကြွေးကြော်လိုက်တာကတော့ "ခေတ်ပြောင်းတော်လှန်ရေးကြီးဆင်နွှဲမည်" ဆိုတာဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်ပြီးချိန်မှာတော့ ခေတ်ပြောင်းတော်လှန်ရေးကြီးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်မှုဖြင့် အပြီးတိုင် ဆင်နွှဲမည်ဆိုတဲ့သဘောဖြစ်ပါတယ်။ အာဏာကို အမြဲဆုပ်ကိုင်ထားတော့မယ်လို့ ပြောလိုက်တဲ့သဘောဖြစ်ပါတယ်။တဖက်က တိုင်းပြည်ကို အုပ်ချုပ်သွားဖို့အတွက် အုပ်ချုပ်ရေးယန္တရားကြီးကိုလည်း ဖွဲ့စည်း အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ 'ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ' ဆိုတဲ့ (ဗလက) ကို ၁၉၆၂ ခုနှစ်၊ မေလ (၉) ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အိမ်စောင့်အစိုးရခေတ်က ဖော်ခဲ့ဖူးတဲ့ လုံခြုံရေးနှင့်

အုပ်ချုပ်မှုစီမံကိန်းညီလာခံမျိုး ညီလာခံလုပ်ပြီး၊ အဲဒီညီလာခံကနေ အတည်ပြုဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီလုံခြုံရေးနှင့် အုပ်ချုပ်မှုစီမံကိန်းကို ပြည်ထဲရေးဌာနက ရေးဆွဲတင်သွင်းခဲ့တာဖြစ်ပါတယ်။ (၁၉၆၂ မေလ (၃) ရက်နဲ့ (၄) ရက်နေ့များမှာ လုံခြုံရေးနှင့်အုပ်ချုပ်မှုစီမံကိန်းညီလာခံကို ရတနာပုံရေတပ်စခန်းမှာပဲ ကျင်းပခဲ့ပြီး အတည်ပြုချက် ပေးခဲ့ကြတာဖြစ်ပါတယ်။) မေလ (၉) ရက်နေ့ ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီဖွဲ့စည်းပြီးတဲ့နောက် ပြည်နယ်/ တိုင်း/ ခရိုင်/ မြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီတွေကိုလည်း ဆက်တိုက်ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီ သက်ဆိုင်ရာ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီတွေကနေ သက်ဆိုင်ရာဒေသရဲ့ အုပ်ချုပ်ရေးကို တာဝန်ယူ ကိုင်တွယ်အုပ်ချုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ဒေသအသီးသီးမှာလည်း တလက၊ ခလက၊ နလက၊ ရလက ဆိုတာတွေ ပေါ်ပေါက်လာပါတယ်။ တလက၊ ခလက၊ နလက ဥက္ကဋ္ဌ ဆိုသူများဟာလည်း ယေဘုယျအားဖြင့် စစ်တပ်က စစ်ဗိုလ်ကြီးငယ်ရွယ်လတ်တွေချည်းပဲဖြစ်ပါတယ်။ စစ်တပ်က အုပ်ချုပ်နေတယ်ဆိုတာ ပေါ်ပေါ်ထင်ထင် ဖော်ပြခဲ့ပါတယ်။

တခုလုံးကို ကိုင်တွယ်ထားတာက တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးကောင်စီအောက်မှာ ပြည်နယ်အသီးသီးကို ဦးစီးစေတာက ပြည်နယ်ဦးစီးအဖွဲ့၊ အုပ်ချုပ်ရေးအတွက်က စစ်ဗိုလ်ကြီးငယ်တွေချည်း ဖြစ်စေခဲ့ပါတယ်။

တော်လှန်ရေးကောင်စီက နိုင်ငံတော်လွတ်လပ်ရေး အစွန့်ရှည်ရေး၊ အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေး၊ လူလူချင်း ခေါင်းပုံဖြတ်ခြင်းကင်းပြီး တရားမျှတမှုရှိတဲ့ သာယာဝပြောတဲ့ ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးတို့အတွက်၊ ခေတ်ပြောင်းတော်လှန်ရေးတရပ်ကို အောင်မြင်စွာ ဆင်နွှဲသွားမယ်လို့ ကြွေးကြော်လိုက်ပြီး ကျွန်ုပ်တို့၏ ယုံကြည်ချက်ဆိုတာကြီးကိုလည်း ဖော်ထုတ်လိုက်ပါတယ်။ အဲဒီ ကျွန်ုပ်တို့ရဲ့ ယုံကြည်ချက်ဆိုတာကြီးကိုလည်း တပြည်လုံးအနှံ့ ဖြန့်ချိပေးလိုက်ပြီး မြို့တိုင်း နယ်တိုင်းက ရုံးပြင်ကန္နားတိုင်းရဲ့ရှေ့မှာ လူမြင်ကွင်းစီစီတိုင်းရဲ့ရှေ့မှာ ဆိုင်းဘုတ်အဖြစ် စိုက်ထူချိတ်ဆွဲစေလိုက်ပါတယ်။ အပြည့်အစုံကတော့ –

"ကျွန်ုပ်တို့၏ယုံကြည်ချက် –

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသား လုပ်သားပြည်သူများဖြစ်ကြကုန်သော ကျွန်ုပ်တို့သည် ဤကမ္ဘာ၌ လူတို့၏ အားနည်းချက်များကို အမြတ်ထုတ်၍ မသိနားမလည်သော လူနည်းစုအပေါ်တွင် စာနာမှု၊ ညှာတာထောက်ထားမှု စသည့် ကောင်းမြတ်သောတရားများကို မျက်ကွယ်ပြု၍ မတရားသဖြင့် ချယ်လှယ်နိုင်ကြသော ဝိသမလောဘသမားများ၏ ဝိသမစီးပွားရေးစနစ်ဆိုးများ တည်ရှိနေသရွေ့ကာလပတ်လုံး လူသားအပေါင်းသည် လူမှုဒုက္ခများမှ မလွတ်မြောက်နိုင်ဟု အလေးအနက်ယုံကြည်သည်။ ထို့ကြောင့် ဤ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူလူချင်း မတရားချယ်လှယ်၍ မတရားစီးပွားရှာစားသော ဝိသမစနစ်များကို ချုပ်ငြိမ်းစေပြီး တရားမျှတမှုကို အခြေခံသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားပြည်သူလူထုအပေါင်းသည် လူ့ပယောဂကြောင့် ပေါ်ပေါက်ရသော လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြ၍ ဖြိုးမွစိုရိပ်တရားများထွန်းကားနိုင်မည့် သာယာဝပြောသော လူဘောင်သစ်ကြီးသို့ ရောက်ရှိနိုင်မည်ဟု အလေးအနက်ယုံကြည်သည်။ ဤသို့ယုံကြည်သည့်အတိုင်း ဆိုရှယ်လစ်ပန်းတိုင်သို့ မရောက်ရောက်အောင် ချီတက်ကြမည်ဟု အလေးအနက်အဓိဋ္ဌာန်ပြုသည်။" ဆိုတာဖြစ်ပါတယ်။

ခေတ်ပြောင်းတော်လှန်ရေးကြီးကို ဆင်နွှဲမယ်၊ ဆိုရှယ်လစ်ပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်မယ်ဆိုတဲ့အတွက် မြေပေါ်လက်ဝဲအင်အားစုတချို့ ခေါင်းကလေးတွေ စွင့်သွားကြပါတယ်။ အလျင်

အမြန် ထောက်ခံသူ ထောက်ခံကြ၊ ကြိုဆိုကြောင်း ပြောသူပြောကြ၊ ပါတီဝင်ဖို့ပြင်သူပြင်ကြ ဖြစ်လာပါတယ်။ တချို့ကလည်း တိုးတက်တဲ့လက္ခဏာရှိတယ်လို့ သဘောတရားထုတ်ပြီး ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ မြင်သူမြင်ကြဖြစ်လာပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဆိုရှယ်လစ်အနံ့ပေး ဖမ်းစားမှု၊ တစုံတရာ အောင်မြင်မှုရသွားပါတယ်။

ဝိဓူရသခင်ချစ်မောင်က “စစ်တပ်က အာဏာသိမ်းတာကြောင့် စစ်အာဏာရှင်စနစ်သာဖြစ်တယ်လို့ယူဆရင်မှားလိမ့်မယ်” ဆိုတဲ့သဘောထားအမြင်ကို ထုတ်ဖော်ယုံမက “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် နိုင်ငံရေးလမ်းကြောင်းအားဖြင့် တိုးတက်သောသဘောကိုဆောင်၍ ကမ္ဘာ့ဆိုရှယ်လစ်လမ်းကြောင်းနှင့် နီးစပ်သော သဘောလည်းရှိပေသည်” လို့ထုတ်ဖော်ပြောဆိုပါတယ်။ ဗိုလ်ချုပ်အကို ဦးအောင်သန်းကလည်း “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးအတွက် အလုပ်လုပ်ဖြစ်သည့် အခြေခံ ရမရ စဉ်းစားဖို့လိုမည်၊ ကျွန်တော့်အနေဖြင့် ရသည်ဟု ယုံကြည်သည်” လို့ဆိုခဲ့ပါတယ်။

သိန်းလေးဆယ် ဦးကိုကိုကြီးရဲ့ တပည့်တပန်းအုပ်စုများ၊ ဦးဘငြိမ်း တို့အုပ်စုများ၊ သထုံဦးသိန်းမောင်တို့လို ဆိုရှယ်လစ်ဟောင်းကြီးများကလည်း၊ မဆလ ထဲ ဦးအောင်ဝင်ရောက်ကြသလို၊ ပြည်သူ့ရဲဘော်အဟောင်းတချို့နဲ့ လက်နက်ချ ဗကပဟောင်းတချို့လည်း မဆလ ထဲ အပြေးအလွှားဝင်ရောက်ကြပါတယ်။ ဆရာချယ်တို့လို ဖဆပလ ထဲကနေထွက်ပြီး မဆလ ထဲရောက်ရှိသွားသူတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဒါကြောင့် ဖဆပလကြီး ဦးဗဆွေက “ထွက်သွားကြသူတွေ ကောင်းစားကြပါစေ” လို့ငေါ့ပြီး မေတ္တာပို့လိုက်တယ်လို့ဆိုပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို လူတွေက မဆလ လို့ ကင်ပွန်းတပ်ခေါ်ပါတယ် မဆလ ပါတီဟာ အမြုတေပါတီအဖြစ် တော်လှန်ရေးကောင်စီရဲ့ အာဏာရပါတီအဖြစ် မွေးဖွားလာတာဖြစ်ပေမယ့်၊ ပါတီဝင်လိုလူတွေကို တဦးချင်းဝင်စနစ်နဲ့သာ ဝင်ခွင့်ပြုပါတယ်။

ဆိုရှယ်နီတွေ တော်တော်များများ မဆလ ထဲရောက်ရှိသွားကြပါတယ်၊ တော်လှန်ရေးကောင်စီရဲ့ ခေတ်ပြောင်းတော်လှန်ရေးဆိုတာနဲ့ မဆလ လမ်းစဉ်ဆိုတာဟာ ပြည်တွင်း ဒီမိုကရေစီအင်အားစုတွေ အတွင်းမှာသာ ဂယက်ရိုက်ခတ်တာမဟုတ်၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေအတွင်းမှာလည်း ဂယက်ရိုက်မှုရှိခဲ့ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရဟာ ဘယ်လိုအစိုးရလဲ၊ တော်လှန်ရေးကောင်စီ အစိုးရရဲ့ လူတန်းစားလက္ခဏာကို ဘယ်လိုသတ်မှတ်မလဲ၊ မြန်မာဆိုရှယ်လစ်လမ်းစဉ်ရဲ့ အနှစ်သာရဟာ ဘာလဲ၊ စသဖြင့် စသဖြင့် စဉ်းစားကြတာ ဆွေးနွေးကြတာ အကဲဖြတ်ကြတာတွေ မတူထူးခြားနားတဲ့အမြင် အသီးသီး ထွက်ပေါ်လာခဲ့ပါတယ်။ စစ်တပ်အာဏာသိမ်းမှုကို စောစောစီးစီး ကန့်ကွက်ရှုတ်ချခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗကပ ထဲမှာတောင် မတူခြားနားတဲ့ ကောက်ချက်တွေတော့ရှိခဲ့ရပါတယ်။

ပါလီမန်ဒီမိုကရေစီအစိုးရကို ဖျက်သိမ်းပြီး တက်လာခဲ့ရတာဖြစ်တဲ့အတွက် ပါလီမန်ဒီမိုကရေစီကို မကောင်းပြော၊ ပါလီမန်ဒီမိုကရေစီအုပ်ချုပ်မှုစနစ်အောက်က ခါးသီးဖွယ်အဖြစ်တွေကို ထုတ်ဖော်၊ ပါလီမန်ဒီမိုကရေစီစနစ်တခုလုံးကို ရှုတ်ချဝေဖန်ရင်း၊ ပါလီမန်ဒီမိုကရေစီစနစ်နှင့် ခြားနားဆန့်ကျင်တဲ့ ဆိုရှယ်လစ်ရေး အသံတွေ ကျယ်ကျယ်လောင်လောင် ပေးပြနေရတယ်ဆိုတာကို ဂရုမမူနိုင်သူတွေကတော့၊ တော်လှန်ရေး ကောင်စီနဲ့ မဆလလမ်းစဉ်မှာ တိုးတက်တဲ့လက္ခဏာတွေရှိနေတယ်လို့မြင်သွားကြ၊ ယူဆသွားကြပါတော့တယ်။ ပါလီမန်ဒီမိုကရေစီစနစ်အောက်မှာ ခါးစီးခံခဲ့ရသူတွေအတွက် ခေတ်ပြောင်းတော်လှန်ရေးဆိုတဲ့ အသံနဲ့ ဆိုရှယ်လစ်ရေးဆိုတဲ့ ကြွေးကြော်သံဟာ ဟုတ်နိုးနိုး မျှော်လင့်ချင်စရာတခုလည်း ဖြစ်သွားရပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ‘ဆိတ်ခေါင်းချိတ်ပြ’ လိုက်မှုဟာ ယာယီပဲဖြစ်ဖြစ်၊ အရောင်းလိုက်သင့်သလောက်တော့ အရောင်းလိုက်ဖို့ အခြေအနေဖြစ်သွားရပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ဖမ်းစားမှုကို ခံရသူ

တွေထဲမှာ ဆိုရှယ်နီတွေ ထိပ်ဆုံးကဖြစ်သွားရပါတော့တယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို အပြီးအပိုင်ဖျက်သိမ်းပြီး အာဏာကို မလွှတ်တန်း ဆုပ်ကိုင်သွားတော့ဖို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့အတွက် ဆိုရှယ်လစ်ရေးကိုမကြွေးကြော်ရင်လည်း ဘာကို ကြွေးကြော်ရမှာလဲ။ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ခြားနားတာတခုခုကိုတော့ ကြွေးကြော်ပြီး မျက်လှည့်ပြရတော့မှာဖြစ်တဲ့အတွက်၊ တချက်ခုတ်နှစ်ချက်ပြတ်မက အချက်ပေါင်းများစွာပြတ်နိုင်တဲ့ ဆိုရှယ်လစ်ရေးကို ကောက်ကိုင်လိုက်တဲ့သဘောရှိပါတယ်။ ဒီလို ကောက်ကိုင်လိုက်တဲ့အတွက် ဗိုလ်ချုပ်ကြီးနေဝင်း မှာ အကျိုးရှိသင့်သလောက်ရှိခဲ့တယ်လို့ဆိုနိုင်ပါတယ်။ အဲဒါကတော့ မြေပေါ်လက်ဝဲဝါဒီတွေ ဥပဒေတွင်း ပြည်သူ့ဒီမိုကရေစီအင်အားစုတွေကို မက်လုံးပေးလိုက်ပြီးသားဖြစ်သွားသလို ပါလီမန်ဒီမိုကရေစီကာလတလျှောက် ဆိုးကြိုးတွေချည်းသာ ကြုံတွေ့ရင်ဆိုင်လာခဲ့ရသူတွေနဲ့ အပြောင်းအလဲတခုခုကိုတော့ လိုချင်နေကြပြီဖြစ်တဲ့ သူတွေကိုလည်း မက်လုံးပေးစည်းရုံးကြည့်လိုက်သလိုဖြစ်သွားခဲ့ပါတယ်။ နိုင်ငံတကာမှာ ရေပန်းစားနေဆဲ ‘ဆိုရှယ်လစ်ရေး’ ကို ကောက်ကြွေးကြော်ပြလိုက်တာဖြစ်တဲ့အတွက် ဆိုရှယ်လစ်နိုင်ငံတွေကလည်း ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အာဏာသိမ်း တက်ရောက်လာမှုကို ဆန့်ကျင့်ရှုတ်ချတာမပေါ်ပေါက်ခဲ့သလို၊ ဒီမိုကရေစီရေးကို ကုန်းအော်နေကြတဲ့ အရင်းရှင်နိုင်ငံကြီးတွေကလည်း ကွန်မြူနစ်တွေကို အပြတ်သားဆုံးတိုက်ခိုက်ခဲ့ပြီး လက်တွေ့အရလဲ အရှေ့တောင်အာရှရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးသမား ထိပ်သီးတဦးဖြစ်ပြီး ကွန်မြူနစ်ဆန့်ကျင်ရေးတာဝန်ကို ပြောင်ပြောင်မြောက်မြောက် ထမ်းဆောင်နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာသိမ်းတက်လာခြင်းအတွက် တစက်လေးမှ ဝေဖန်ရှုတ်ချကန့်ကွက်ခဲ့တာမရှိပါ။ ဂိုဏ်းကြီးနှစ်ဂိုဏ်း နှစ်ဘက်စလုံးကြားထဲကနေ ခွတုတ်ပေါ်လစီကို အပြည့်အဝ အသုံးချခွင့်ရခဲ့သလိုဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက ပါလီမန်အစိုးရအဆက်ဆက် ကိုင်စွဲလာခဲ့ကြတဲ့ ကြားနေရေး နိုင်ငံခြားရေးပေါ်လစီကိုပဲ ဆက်လက်ကျင့်သုံးမယ်လို့ကြေညာခဲ့ပါတယ်။ ပြည်ပရေးနိုင်ငံခြားရေးပေါ်လစီမှာ ကြားနေရေးဝါဒကို ကျင့်သုံးလိုက်နာပြီး၊ ပြည်တွင်းရေးနိုင်ငံရေးပေါ်လစီမှာ ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ချီတက်မယ်လို့ ကြွေးကြော်ထားခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ အာဏာသိမ်းပြီးတက်လာခဲ့ရုံမက၊ စစ်အာဏာရှင်အစိုးရတရပ်သာဖြစ်တယ်ဆိုတဲ့ တကယ့်ပကတိရုပ်ပုံအမှန်ကိုတော့ ဘာမျက်နှာဖုံးစွပ်ပြီးမှ လုံအောင်ဖုံးနိုင်ကာကွယ်နိုင်ခြင်းမရှိခဲ့ပါ။ စစ်အစိုးရရဲ့ ဇာတိရုပ်ကို ပကတိအတိုင်းမြင်ရအောင် စွပ်ထားတဲ့ ဆိုရှယ်လစ်ရေး၊ ခေတ်ပြောင်းတော်လှန်ရေးဆိုတဲ့ မျက်နှာဖုံးကို ဆွဲအချွတ်ခံလိုက်ရသလိုဖြစ်ခဲ့ပြီး၊ (၆၂) ခုနှစ် အာဏာသိမ်းမှုအပြီး ပထမဆုံးအကြိမ် ဘီလူးရုပ်ပေါ်ခဲ့ရတဲ့ အဖြစ်အပျက်ကြီးကတော့

## ၇ ရက်ဇူလိုင်အရေးအခင်း (သို့) စစ်အစိုးရရဲ့လူသတ်ပွဲ

၁၉၆၂ ဇူလိုင်လထဲမှာ ကမ္ဘာအေးကုန်းမြေမှာ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီးကျင်းပဖြစ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလိုလားသူများရဲ့ အနုမြူလက်နက်ဖျက်သိမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးထိမ်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးစတဲ့ ငြိမ်းချမ်းရေးအသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီညီလာခံကြီးအပြီး ဇူလိုင်လ (၃) ရက်နေ့မှာတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) အဆောက်အဦးကြီးအတွင်း ကျောင်းသားထုရဲ့ ဆန္ဒပြပွဲတရပ် ပေါ်ပေါက်ခဲ့ပါတယ်။ ရန်ကုန်ခရိုင် တန်းမြင့်ကျောင်းထွက် စာမေးပွဲဖျက်သိမ်းမှုကို ကန့်ကွက်တဲ့ ကျောင်းသားထုရဲ့ ဆန္ဒပြပွဲဖြစ်ပါတယ်။ သမိုင်းအစဉ်လာကြီးမားလှတဲ့ ခွပ်ဒေါင်း

အလံတော်အောက်မှာ ကျောင်းသားထုက အောင်မြင်စွာကျင်းပခဲ့တာဖြစ်ပါတယ်။ ဗကသဥက္ကဋ္ဌကိုသက်၊ တကသ ဥက္ကဋ္ဌ ကိုဘဆွေလေးတို့က ဆန္ဒပြပွဲကို ထောက်ခံကြောင်း မိန့်ခွန်းတွေချွေခဲ့ကြသလို ကျောင်းသား ခေါင်းဆောင်တွေရဲ့ "ကမောက်ကမပညာရေးစနစ် ဖျက်သိမ်းပစ်ဖို့အကြောင်း၊ ပညာရေးစနစ်ကိုပြုပြင်တဲ့ အခါ ပြည်တွင်းငြိမ်းချမ်းရေးလိုအပ်တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေတည်ဆောက်ရန်တောင်းဆိုကြောင်း၊ ဆိုတဲ့ ဆန္ဒထုတ်ဖော်သံတွေပါ စီစီညံအောင် ပဲ့တင်သံထပ်ခဲ့ပါတယ် ဆန္ဒပြပွဲမှာ ကျောင်းသားထုက တန်းမြင့်စာမေးပွဲ ဖျက်သိမ်းမှုကိုကန့်ကွက်ကြောင်း၊ စာမေးပွဲအောင်စာရင်း ထုတ်ပေးရန် တောင်းဆိုကြောင်း နှင့် ကမောက်ကမ ပညာရေးစနစ် ဖျက်သိမ်းရေးဆိုတာတွေကို တင်သွင်းဆုံးဖြတ် သဘောထားထုတ်ပြန်ခဲ့ ကြပါတယ်။ တဆက်တည်းမှာ

၁။ အရာရှိဆိုးတွေ (အရေးယူပစ်) အရေးယူပစ်၊

၂။ စာမေးပွဲအောင်စာရင်းအမြန်ထုတ်ပေး (အမြန်ထုတ်ပေး)၊

၃။ ကမောက်ကမပညာရေးစနစ် (ဖျက်သိမ်းပစ်) ဖျက်သိမ်းပစ်၊

၄။ ကျောင်းသားထုကို (မခြိမ်းခြောက်နဲ့) မချိမ်းခြောက်နဲ့၊

၅။ ကျောင်းသားထု (သွေးစည်းကြ) သွေးစည်းကြ၊

ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ တက္ကသိုလ်ဝင်းအတွင်းငြိမ်းချမ်းစွာလှည့်လည်ကြွေးကြော်ပြီး တကသ အဆောက်အဦးရှေ့မှာ ဆန္ဒပြပွဲအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြတယ်။

စစ်အစိုးရရဲ့ အာဏာသိမ်းတက်လာမှုကို စတင်ကန့်ကွက်ရှုတ်ချခဲ့တာ ကျောင်းသားထုရဲ့ ဗကသ ဖြစ်သလို စစ်အစိုးရရဲ့ လုပ်ရပ်တွေကို ပွင့်ပွင့်လင်းလင်း ဝေဖန်ဆန့်ကျင့်ဆန္ဒပြခဲ့တာလည်း ကျောင်းသားထု ပဲဖြစ်ပါတယ်။ (၅၈) ခုနှစ် ပထမအကြိမ် စစ်တပ်အာဏာသိမ်းတုန်းကလည်း တက်တက်ကြွကြွ ရှေ့တန်း ကနေ စစ်တပ်အာဏာသိမ်းမှုကို ရှုတ်ချဆန့်ကျင်ခဲ့တာ ကျောင်းသားထုနဲ့ ကျောင်းသားထုရဲ့ ဗကသ၊ တကသ၊ ရကသတွေ ဖြစ်ခဲ့အတွက် စစ်အစိုးရနဲ့ကျောင်းသားဟာ 'ကျောင်းတော်ကရန်စ' တွေလို ဖြစ်နေခဲ့ ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းပဲ ခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရလက်ထက်တုန်းကလည်း ဗိုလ်ချုပ်ကြီး နေဝင်းအစိုးရဟာ ငြိမ်ဝပ်ပိပြားရေးစီမံချက်အမျိုးမျိုးနဲ့ ကျောင်းသားထုအပေါ် နှိပ်ကွပ်ခဲ့ဖူးပါတယ်။ ကျောင်း သားလှုပ်ရှားမှုမှန်သမျှကို အပြီးတိုင် ဇက်သတ်ပစ်နိုင်ဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်။ (၅၉) ခုနှစ်မှာ ရန်ကုန် တက္ကသိုလ်အက်ဥပဒေပြင်ဆင်ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီပြင်ဆင်ချက်အရ တကသရဲ့ တရားဝင် ကိုယ်စားလှယ်နှစ်ဦးကို ရန်ကုန်တက္ကသိုလ်အုပ်ချုပ်မှုကောင်စီကနေ ထုတ်ပယ်ပစ်ခဲ့ပါတယ်။ ရန်ကုန် တက္ကသိုလ်ရဲ့ အရေးကိစ္စတွေအတွက် ရန်ကုန်တက္ကသိုလ်ကျောင်းသာထုရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ တကသ ရဲ့ ကိုယ်စားလှယ်မပါစေဘဲ ဖြေရှင်းဖို့ ကြိုးစားတာမှန်သမျှဟာ ဘယ်လိုမှသဘာဝမကျပေမယ့်၊ စစ်အစိုး ရဟာ အဲဒီသဘာဝမကျတဲ့ ဥပဒေပြင်ဆင်ချက်ကို ထုတ်ပြန်ပြီး ကျောင်းသားထုအပေါ် ချိုးနှိမ်ဖို့ လက်တွေ့ အကောင်အထည်ဖော်ခဲ့ပါတယ်။ တခြားသော တိုးတက်တဲ့ နိုင်ငံရေးအင်အားစုတွေအပေါ် အပြင်းအထန် နှိပ်ကွပ်ခဲ့သလို ကျောင်းသားထုနဲ့ ဗကသ၊ တကသ၊ ရကသ တွေအပေါ်လည်း ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့ ပါတယ်။ အိမ်စောင့်အစိုးရလက်ထက်မှာ ကျောင်းသားခေါင်းဆောင်တွေ အတော်များများ ဝရမ်းပြေးဖြစ်သူ ဖြစ်၊ တောခိုသူခိုရ၊ ထောင်ကျသူကျ၊ ကျွန်းအပို့ခံရသူခံရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ အခု ဒုတိယအကြိမ် အာဏာသိမ်းပြီးတက်လာတော့ (၅၈) ခုနှစ်ကလိုတောင် အိမ်စောင့်အစိုးရလုပ်ဖို့ တက်လာတာမဟုတ် တော့၊ ကျောင်းသာထုနဲ့ ဗကသ၊ တကသ၊ ရကသအပေါ် ပိုပြီးတင်းမာတဲ့သဘောထား ကြိုတင်ချမှတ်ထား ပြီးသား အသင့်ပါလာခဲ့ပုံရပါတယ်။ အခိုင်အမာ ဖော်ပြလာချက်ကတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသား

ထုအပေါ် ဖိနှိပ်ချုပ်ချယ်ဖို့ အစီအစဉ်ရှိရှိ ရေးဆွဲထားတဲ့ 'အဆောင်စည်းကမ်းသစ်' တွေကို ချမှတ်ပြဋ္ဌာန်းလိုက်ခြင်းပဲဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအဖြစ် အာဏာသိမ်းတက်လာပြီးတဲ့နောက် ချမှတ်ပြဋ္ဌာန်းလိုက်တဲ့ ဒီအဆောင်စည်းကမ်းသစ်တွေဟာ နယ်ချဲ့ကိုလိုနီအစိုးရလက်ထက်ကတောင် မရှိခဲ့ဘူး၊ မချမှတ်ခဲ့ဘူးတဲ့ အဆောင်စည်းကမ်းတွေဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားထုရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် နိမ့်ပါးအောင် နှိမ့်ချစော်ကားလိုက်သလိုဖြစ်တဲ့အပြင်၊ ဘယ်တုန်းကမှ ချမှတ်ခြင်းမခံရဘူးတဲ့ ပြင်းထန်တင်းကြပ်လွန်းလှတဲ့ စည်းကမ်းဥပဒေတွေပဲဖြစ်ပါတယ်။ အစကမှ စစ်အစိုးရအပေါ် မလိုလားနိုင် မနှစ်သက်နိုင်ဖြစ်နေကြရတဲ့အထဲ အခုလို စည်းကမ်းချက်တွေချမှတ်တဲ့အခါ ကျောင်းသားထုကြီးဟာ မခံရပ်အောင်ဖြစ်သွားရပါတယ်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာလည်း ကျောင်းသားကိုယ်စားလှယ် 'တကသကိုယ်စားလှယ်' ဖျက်သိမ်းခံရပြီး ပါဝင်ခွင့်မရဖြစ်နေလို့ မကြေမချမ်းစရာဖြစ်နေရဆဲအချိန်မှာ စည်းကမ်းသစ်တွေထပ်မံ ပြဋ္ဌာန်းလာခြင်းဟာ ကျောင်းသားထုကို စော်ကားလာတာနဲ့မခြား အခံရခက်စေခဲ့ပါတယ်။

ဇူလိုင် (၆) ရက်နေ့ည (၁၀) နာရီ ရွှေဘိုဆောင် စာဖတ်အသင်းအစည်းအဝေးအပြီးမှာ တင်းကြပ်တဲ့ အဆောင်စည်းကမ်းအသစ်တွေကို မခံရပ်နိုင်သူတွေက အော်ဟစ်ပြောဆိုကြပါတယ်။ အခြားအဆောင်တွေကလည်း အော်ဟစ်ပြောဆိုလာကြတဲ့အတွက် အဆောင်အားလုံးရဲ့ အော်ဟစ်ဆန္ဒပြပွဲကြီးလို ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ပိတ်ထားတဲ့ အဆောင်တံခါးတွေကို ဖွင့်ပေးဖို့ အဆောင်မှူးတွေကို ပြောဆိုကျတဲ့အခါ အဆောင်မှူးတွေက ဖွင့်မပေးလို့ တံခါးကိုရိုက်ချိုးဖွင့်ကြတာတွေ၊ အဲဒီနောက် မကျေနပ်သူ ကျောင်းသားတွေစုပေါင်းပြီး တက္ကသိုလ်အုပ်ချုပ်ရေးမှူး ဦးယုခင် အိမ် သွားဝိုင်းဆန္ဒပြတာ၊ ပါမောက္ခချုပ် ဦးကာ အိမ် သွားဝိုင်းဆန္ဒပြတာပေါ်ပေါက်ခဲ့ပါတယ်။ ကျောင်းသားတွေနဲ့အဆင်ပြေတဲ့ ကျောင်းသားတွေဘက်ကရပ်တဲ့ ပါမောက္ခချုပ် ဆရာကြီးဦးသာလှ ကိုဖယ်ရှားပြီး ဗိုလ်နေဝင်း က သူ့ဆရာအရင်းဖြစ်တဲ့ ဦးကာကို ပါမောက္ခချုပ် ခန့်အပ်ထားချိန်ဖြစ်ပါတယ်။ ဦးကာဟာ ဗိုလ်နေဝင်းရဲ့ အိမ်စောင့်အစိုးရလက်ထက်တုန်းကလည်း ပညာရေးဝန်ကြီးအဖြစ် အမှုတော်ထမ်းခဲ့သူဖြစ်ပါတယ်။ တက္ကသိုလ်အုပ်ချုပ်ရေးမှူး ဦးယုခင်က ကျောင်းသားတွေရဲ့ မကျေနပ်ချက်တွေ၊ တောင်းဆိုချက်တွေကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသို့ တင်ပြပေးမယ်လို့ ဖြေရှင်း ပြောဆိုခဲ့တယ်ဆိုပါတယ်။

ဇူလိုင် (၇) ရက်နေ့ နေ့လည်မှာ တကသ က ကြီးမှူးပြီး တက္ကသိုလ်ကျောင်းသားထုအစည်းအဝေးကြီးကို ခေါ်ဆိုကျင်းပပါတယ်။ တကသ ဥက္ကဋ္ဌ ကိုဗဆွေလေး၊ ဗကသ ဥက္ကဋ္ဌ ကိုသက် အပါ ကျောင်းသားခေါင်းဆောင်တွေ တယောက်ပြီးတယောက် စကားပြောကြပါတယ်။ အဲဒီအချိန်မှာ ဗကသ ဥက္ကဋ္ဌဟာ ကိုသက် ဖြစ်နေပြီဖြစ်ပါတယ်။ ကိုသက် ဟာ အရင် ဒုဥက္ကဋ္ဌသာဖြစ်ပေမယ့် ဥက္ကဋ္ဌဖြစ်တဲ့ ကိုခင်မောင်အုံးက တော်လှန်ရေးကောင်စီတက်လာတာကို သူ့သဘောနဲ့သူ ထောက်ခံသွားတဲ့အတွက် ကျောင်းသားထုက ဖယ်ရှားပစ်လိုက်ပြီး၊ ဒု ဥက္ကဋ္ဌ ကိုသက် ကို ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ထားပြီးချိန်ဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်တွေနဲ့ တက်ရောက်လာကြတဲ့ ကျောင်းသားထုဟာ ဖြစ်ပေါ်လာနေတဲ့ လတ်တလောအခြေအနေတွေကို တင်ပြဆွေးနွေးညှိနှိုင်းကြပြီးတဲ့နောက် စစ်အစိုးရက ချမှတ်ပြဋ္ဌာန်းလာတဲ့ 'တရားမမျှတတဲ့ အဆောင်စည်းကမ်းများ ဖျက်သိမ်းရေးတောင်းဆိုဖို့' ဆုံးဖြတ်လိုက်ကြပါတယ်။ သမဂ္ဂကြီးအတွင်း ကျင်းပတဲ့ ကျောင်းသားထုအစည်းအဝေးကြီးပြီးတဲ့နောက်၊ ကျောင်းသားများဟာ အဆောင်ပြန်သူပြန် နားသူနား မြို့ထဲသွားသူသွား လွှတ်ရည်ဆိုင်ထိုင်သူထိုင် အေးအေးဆေးဆေး ပုံမှန်အနေအထားအတိုင်းရှိခဲ့ကြပါတယ်။ ပုံမှန်အနေအထားတိုင်း မရှိခဲ့တာကတော့ စစ်အစိုးရဘက်ကပဲဖြစ်ပါတယ်။ ကျောင်းသားထုရဲ့လှုပ်ရှားတောင်းဆိုမှုကို အပြတ်အသတ် နင်းချေပစ်ဖို့၊ ပွဲဦးထွက်ဒီအရေးကို အပေါ်စီးကနေ အနိုင်ယူ အပြတ်ဖိထား

နိုင်ဖို့အတွက် အကွက်ရိုက်ပြီး ပြင်ဆင်လာခဲ့ပါတယ်။

ဒီအရေးကို ပီပီပြင်ပြင်ကိုင်တွယ်နိုင်ဖို့ဆိုပြီး အသံလွှင့်ရုံထဲမှာ အမိန့်ပေးကွပ်ကဲရေးအဖွဲ့ နေရာယူထားစေခဲ့ပါတယ်။ ခေါင်းဆောင်အဖြစ် တော်လှန်ရေးကောင်စီဝင်နဲ့ ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ခံ ဗိုလ်မှူးကြီးကျော်စိုး၊ အဖွဲ့ဝင်တွေအဖြစ် ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးဘနီ တို့လို တော်လှန်ကောင်စီဝင်ကြီးတွေအပြင် ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီးမောင်လွင် (နူတ်ခမ်းမွှေးဦးလွင်) နဲ့ ရဲမင်းကြီးဦးဘအေး တို့ အသင့်ရှိနေခဲ့ကြပါတယ်။ တော်လှန်ရေးကောင်စီရဲ့ နံပတ်နှစ်ပုဂ္ဂိုလ် ဗိုလ်မှူးချုပ်အောင်ကြီးလည်း ရောက်လာလိုက် ထွက်သွားလိုက် လှုပ်ရှားပါဝင်နေခဲ့တယ်ဆိုပါတယ်။

ညနေ (၄) နာရီလောက်မှာ ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း လုံထိန်းရဲကားတွေ ဝင်လာခဲ့ပါတယ်။ ကမာရွက်ဂိတ်တဲကလို့ ယူဆရတဲ့ ရဲများလည်း ရောက်ရှိလာကြတယ်ဆိုပါတယ်။ တက္ကသိုလ်နယ်မြေထဲအထိ ရောက်ရှိလာကြတဲ့ရဲတွေက ကျောင်းသားခေါင်းဆောင်တွေကို လက်ရဲဇက်ရဲ အတင်းဝင်ဖမ်းပါတယ်။ သမဂ္ဂထဲအထိ ဝင်ဖမ်းတာ လုပ်ခဲ့ပါတယ်။ အချို့ကိုဆိုရင် ရိုက်နှက်ဖမ်းဆီးတာအထိတောင် လုပ်ခဲ့ကြပါတယ်။ တကာသ ဥက္ကဋ္ဌ ကိုဗဆွေလေး၊ ဗကာသ ဥက္ကဋ္ဌ ကိုသက်၊ ရကာသအတွင်းရေးမှူး ကိုဉာဏ်ဝင်း တို့ အဖမ်းခံလိုက်ရပြီး ကမာရွက်ဂိတ်တဲသို့ ခေါ်ဆောင်သွားတယ်ဆိုပါတယ်။ အဲဒီလို မတရားသဖြင့် အတင်းဝင်ဖမ်းဆီးတာ ခံကြရတာကြောင့်ရော၊ ကျောင်းသားခေါင်းဆောင်တွေကို စော်စော်ကားကား ဖမ်းဆီးပြုမူတာကြောင့်ပါ မခံမရပ်နိုင်အောင်ဖြစ်လာရတဲ့ ကျောင်းသားတွေက 'တို့ခေါင်းဆောင်တွေကိုဖမ်းနေပြီ– မခံကြနဲ့ဟေ့' ဆိုပြီး ပြန်လည်စုရုံး အော်ဟစ်ကြတယ်ဆိုပါတယ်။ အောင်ဟစ်ဆန့်ကျင်ကန့်ကွက်ရင်း ရဲတွေကိုလည်း ဂဲနဲ့ပြန်လည်ပစ်ပေါက် မောင်းထုတ်တာ၊ တုန့်ပြန်တိုက်ခိုက်တာတွေလုပ်ခဲ့ကြပါတယ်။ အဲဒီလိုကျောင်းဝင်းထဲအထိ မောက်မောက်မာမာ ဝင်ရောက်ပြီး မတရားဖမ်းဆီတာကို မခံရပ်နိုင်လို့ တုန့်ပြန်ရင်ဆိုင်ကြတာကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရပါတယ်။ ကျောင်းသားတွေက အပြင်းအထန် ဆန့်ကျင်ခဲ့ကြပါတယ်။ ရဲတွေ ထွက်ခွာသွားပြီတဲ့နောက် မကြာမီ ဝင်ရောက်လာတာကတော့ စစ်ကားတွေဖြစ်ပါတယ်။ တပ်ရင်း (၄) က စစ်ကားတွေလို့ဆိုပါတယ်။ တပ်ရင်း (၄) ဟာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ကိုယ်ရံတော်တပ်၊ အထူးတပ်ရင်းဖြစ်ပါတယ်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးလှမြင့် နဲ့ နာမည်ကျော် ဒုဗိုလ်မှူးကြီးစိန်လွင်တို့ပါ ရောက်ရှိလာကြပါတယ်။ အဓိပတိလမ်းတလျှောက် စစ်သားတွေကို နေရာယူစေခဲ့ပါတယ်။

အသင့်အနေအထား ပြင်ဆင်နေရာချပေးထားတဲ့ စစ်သားတွေကို တပ်ဆင်ပေးထားတာကတော့ ဗမာပြည်ကာကွယ်ရေးစက်ရုံက ထုတ်လုပ်ပေးထားတဲ့ ပေါ်ကာစ ဂျီသရီး သေနတ်တွေဖြစ်ပါတယ်။ ကျောင်းသားတွေကတော့ တက္ကသိုလ်မြက်ခင်းပြင်တွေပေါ်မှာ ဝိုင်းဖွဲ့ စကားစမြည် ပြောဆိုသူတွေကလည်း ပြောနေကြ၊ သမဂ္ဂကွင်းပြင်ရှေ့ ထိုင်နေသူတွေကလည်း ထိုင်နေကြ၊ အဆောင်အသီးသီးရဲ့ ဝရံတာရှေ့ထွက်ရပ်ပြီး ကြည့်သူတွေကကြည့်နေကြ၊ စစ်အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေကို အော်ဟစ်နေသူတွေကလည်း အော်ဟစ်နေကြနဲ့ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေကြပါတယ်။ အခြေနေဟာ ဝရုန်းသုံးကားဖြစ်နေတဲ့ အနေအထားမျိုး ထိမ်းမနိုင်သိမ်းမရ အနေအထားမျိုးတော့ မဟုတ်ခဲ့ပါ။ မကြာမီ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးကြီး သန်းစိန်ရဲ့ကား ဆိုက်ရောက်လာပြီး တံခါးဝမှာ ဒုဗိုလ်မှူးကြီးလှမြင့်၊ ဒုဗိုလ်မှူးကြီးစိန်လွင် တို့နဲ့ ရပ်ပြီး စကားပြောတာမြင်လိုက်ကြရတယ်ဆိုပါတယ်။ (၁၀) မိနစ်လောက်အကြာမှာ ဗိုလ်မှူးကြီသန်းစိန် ကားပြန်ထွက်သွားတယ်ဆိုပါတယ်။ ဗိုလ်မှူးကြီးသန်းစိန် ပြန်သွားပြီးမကြာမီမှာပဲ စစ်ကားလေးတစီး ထပ်မံရောက်လာပြီး၊ ကားထဲကနေ ဗိုလ်ကြီးအဆင့်ရှိသူတဦး ဆင်းလာကာ စာတစောင်ကို ဒုဗိုလ်မှူးကြီးလှမြင့် နဲ့ ဒုဗိုလ်မှူးကြီး စိန်လွင်ကို ထုတ်ပေးသွားတယ်ဆိုပါတယ်။ အဲဒီကားကလေး ပြန်လည်ထွက်ခွာသွားသွားချင်း

လောက်မှာပဲ၊ ဒုဗိုလ်မှူးကြီးလှမြင့် နဲ့ ဒုဗိုလ်မှူးကြီးစိန်လွင် တို့ခေါင်းချင်းဆိုင်လိုက်ကြပြီးနောက်၊ အသင့်နေရာယူထားပြီးတပ်ကို ကျည်ထိုး မောင်းတင်ခိုင်းလိုက်ပါတော့တယ်။ တပ်ရင်းမှူးက လက်ကိုဝှေ့ပြီး သုံးကြိမ်ဝှေ့ရမ်းပြလိုက်တဲ့အချိန်မှာ အသင့်နေရာယူပြင်ဆင်ထားပြီး စစ်သားများရဲ့ လက်ထဲက သေနတ်များဟာ တပြိုင်တည်း မီးပွင့်သွားခဲ့ပါတယ်။ အော်တိုမက်တစ် ဂျီသရီးမောင်းပြန်သေနတ်သံတွေနဲ့အတူ အလဲလဲအပြိုပြိုဖြစ်သွားရတဲ့ သေနတ်ထိမှန်ခံရသူ ကျောင်းသားများရဲ့ အော်ဟစ်သံတွေလည်း ပဲ့တင်ညံသွားရပါတော့တယ်။

သေသူသေ၊ ဒဏ်ရာရသူရ ပြေးကြလွှားကြ တရုန်းရုန်းနဲ့ ကမ္ဘာပျက်သလိုဖြစ်သွားရပါတော့တယ်။ ကိုလိုနီနယ်ချဲ့အစိုးရလက်အောက်တုန်းကတောင် သေနတ်သံမကြားရဖူးခဲ့တဲ့ တက္ကသိုလ်မြေ၊ ယမ်းနံ့ယမ်းခိုး မဝေခဲ့ရဖူးတဲ့ ကံ့ကော်တန်း၊ တော်လှန်ရေးကောင်စီဆိုတဲ့ စစ်အစိုးရလက်အောက်ရောက်ရလေမှ သွေးစိမ်းရှင်ရှင် လွှမ်းသွားခဲ့ရပါတော့တယ်။ အဓိပတိလမ်းမတလျှောက် သွေးကွက်သွေးစက်တွေ စွန်းပေကျစင်ခဲ့ရုံမက၊ တက္ကသိုလ်မြက်ခင်းပြင်အနှံ့ သွေးစက် သွေးကွက်တွေ အိုင်ထွန်းပေကျံခဲ့ရုံမက၊ အဆောင်တွေပေါ် အဆောင်တွေထဲအထိ သွေးစက်သွေးကွက်တွေ ထပ်ခဲ့ရပါတော့တယ်။ စစ်အစိုးရရဲ့ ပစ်မိန့်ပေးခြင်းခံရတဲ့ စစ်သားတွေရဲ့ အတင်း ဒရမန်းကြမ်း မဲမဲမြင်ရာပစ်ခတ်သံတွေဟာ အဆောင်တွေပေါ် အဆောင်တွေထဲအထိ အညိုးကြီးစွာ ကြရောက် ပေါက်ကွဲထိမှန်ခဲ့ပါတယ်။ လဲပြိုကျဆုံးသွားရတဲ့ ကျောင်းသားတွေ၊ ဒရီးဒရိုင်ဖြစ်ပြီး ဒဏ်ရာရခဲ့ရတဲ့ ကျောင်းသားတွေ၊ ကျည်ဆံလွတ်ရာ ရှောင်ရင်းတိမ်းရင်း နီးရာအဆောင်ထဲ ဝင်ပြေးခဲ့ရသူတွေ၊ အတိအကျ ရေတွက်လို့မရနိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားထုအတွက် ကမ္ဘာမကြေစရာ သွေးစွန်းတဲ့နေ့ဖြစ်ခဲ့ရသလို ဗမာပြည် ကျောင်းသားထုအပေါင်းအတွက်လည်း ဥဒါန်းမကြေစရာ သွေးကြွေးစာရင်းဖွင့်ခဲ့ရတဲ့နေ့ ဖြစ်ပါတယ်။ (၇) ရက်ဇူလိုင်၊ ဇူလိုင် (၇)ရက်ဆိုတဲ့ နေ့စွဲဟာ ဗမာပြည်ကျောင်းသားထုအပေါင်းအတွက်သာ နာကျည်းစရာအကောင်းဆုံး သွေးသမိုင်းတင်ခဲ့ရတဲ့ နေတနေ့မဟုတ်၊ မိဘပြည်သူတိုင်းအတွက်လည်း ရင်ဆို့စရာဖြစ်ခဲ့ရတဲ့ နေ့တနေ့ဖြစ်ပါတယ်။

အဆောင်နံရံပေါ်မှာ ရခဲ့တဲ့ သေနတ်ထိမှန်ဒဏ်ရာထဲက ထွက်ကျစီးယိုလာတဲ့သွေးနဲ့ "၇ ရက်ဇူလိုင် မမေ့ကြနဲ့" ဆိုတဲ့စာတမ်းကို မြောင်းမြကျောင်းသား ကိုကျော်ဝင်းက ရေးထိုး မော်ကွန်းတင်သွားခဲ့ပါတယ်။

(၇) ရက် ဇူလိုင်အရေးအခင်း တနည်းအားဖြင့် ဇူလိုင် (၇) ရက် အရေးတော်ပုံလို့ မှတ်တမ်းတင်ထားရမယ့် အဖြစ်အပျက်ကြီးဟာ တော်လှန်ရေးကောင်စီအစိုးရဆိုတဲ့ စစ်အာဏာရှင်အစိုးရရဲ့ ယုတ်မာရက်စက်မှုကို အဦးဆုံး ဗွေဆော်ဦး မီးမောင်းထိုးပြလိုက်တဲ့ နာကျည်းကြေကွဲစရာ အဖြစ်အပျက်ကြီးဖြစ်ပါတယ်။ အာဏာသိမ်းပြီးတက်အလာ (၄) လနဲ့ (၅) ရက်အကြာ၊ မဆလလမ်းစဉ်ကြီးထွက်ပေါ်ပြီးလို့ သုံးရက်ပဲကြာသေးချိန်မှာ ထွက်ပေါ်လာခဲ့ရတဲ့ကျောင်းသားတို့ရဲ့ သွေးမြေကျခဲ့ရမှုကြီးဖြစ်ပါတယ်။ စစ်အစိုးရရဲ့ ကျောင်းသားထုအပေါ် အညိုးကြီးကြီးနဲ့ ကျူးလွန်စော်ကားလိုက်တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီးလည်းဖြစ်ပါတယ်။

စစ်အစိုးရတက်လာပြီးနောက် ပထမဦးဆုံးအကြိမ် ကျူးလွန်လိုက်တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီးဖြစ်သလို စစ်အစိုးရရဲ့ မတရားအာဏာသိမ်းတက်လာမှုကို ဆန့်ကျင်ကြတဲ့ ကျောင်းသားထုအပေါ် အညိုးကြီးကြီး လက်စားချေနှိပ်ကွပ်လိုက်တဲ့ ရက်ရက်စက်စက် ဖိနှိပ်မှုကြီးလည်းဖြစ်ပါတယ်။ အာဏာသိမ်းတက်လာလာချင်း ဗမာပြည်ရဲ့ ပထမဦးဆုံးသော သမတကြီးစဝ်ရွှေသိုက်ရဲ့သားငယ် စဝ်မြီမြိုင် အသက်သေဆုံး သွေးမြေကျခဲ့ရမှုနဲ့ စတင်နိဒါန်းဖွင့်ခဲ့တဲ့ စစ်အစိုးရဟာ (၄) လကျော်အကြာမှာ

ကျောင်းသားပေါင်းမြောက်များစွာ အသက်သေဆုံးခဲ့ရတဲ့ သွေးချောင်းစီးသတ်ဖြတ်ပွဲကြီးနဲ့ စစ်အာဏာရှင်စနစ်လမ်းကြောင်းကို စတင်အုတ်မြစ်ချ တည်ဆောက်လိုက်ပါတယ်။

ဂျီသရီး မောင်းပြန်သေနတ်အသစ်တွေနဲ့ ရက်ရက်စက်စက် ပစ်ခတ်ပြီးပြီးချင်း၊ တပ်ရင်း (၄) ရဲ့ နေရာကို တပ်ရင်း (၁၀၅) နဲ့ အစားထိုးလိုက်ပြီး ရန်ကုန်တက္ကသိုလ်နယ်မြေတခုလုံးကို စစ်တပ်က သိမ်းပိုက်နေရာယူထားလိုက်ပါတယ်။ တပ်ရင်း (၄) က ပစ်ခတ်သတ်ဖြတ်မှုကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့်၊ တပ်ရင်း (၄) ဟာ ဗိုလ်နေဝင်းရဲ့ ကိုယ်ရံတော်တပ် အထူးတပ်ဖြစ်တဲ့အတွက် လိုအပ်ခဲ့ရင်၊ တချိန်ချိန်မှာ ဗိုလ်နေဝင်းကိုယ်တိုင် အမိန့်ပေးစေခိုင်းခဲ့ခြင်းသဘော တိုက်ရိုက်မသက်ရောက်စေရေးအတွက် ချက်ချင်း တပ်ချင်းလဲပစ်လိုက်တဲ့သဘောဖြစ်ပါတယ်။

မှောင်စပြုးချိန်မှာ တက္ကသိုလ်နယ်မြေတခုလုံးကို အမှောင်ချထားလိုက်ပါတယ်။ (၆) နာရီ ကျော်ကျော်မှာ စတင်ပစ်ခတ်သတ်ဖြတ်ခဲ့တာဖြစ်တဲ့အတွက် သတ်ဖြတ်ပွဲကြီးအပြီးမှာ အမှောင်ရိပ်တွေလည်း တက္ကသိုလ်နယ်မြေပေါ် စောစောစီးစီး ကျရောက်နေခဲ့ပြီဖြစ်ပါတယ်။ အဆောင်တွေအားလုံးကိုလည်း မီးတွေဖြတ်အမှောင်ချ၊ တက္ကသိုလ်နယ်မြေကြီးတခုလုံးကိုလည်း မီးတွေဖြတ် အမှောင်တွေချထားလိုက်ပြီး၊ အမှောင်တွေကြားထဲမှာ အလဲလဲအပြိုပြို သေဆုံးနေကြရတဲ့ ကျောင်းသားတွေရဲ့ အလောင်းတွေကို စစ်တပ်က လိုက်လံကောက်ယူ လက်စဖျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ပါတယ်။ ယမ်းနံ့ယမ်းခိုးတွေဝေနေတဲ့ ကုံကော်တော အုပ်တွေအကြား သွေးကွက်သွေးအိုင်တွေထွန်းနေရတဲ့ တက္ကသိုလ်နယ်မြေတလျှောက်ပေါ်မှာ စစ်ဘီလူး အာဏာပါးကွက်သားများရဲ့ စစ်ဖိနပ်သံတွေသာ အဆက်မပြတ် ဖုံးလွှမ်းနေခဲ့ပါတယ်။ အမှောင်ချထားခြင်းခံခဲ့ရတဲ့အဆောင်တွေထဲက "စစ်အစိုးရအလိုမရှိ" ဆိုတဲ့ ကျောင်းသားတွေရဲ့ အော်ဟစ်သံတွေကတော့ အပြီးတိုင် ကွယ်ပျောက်မသွားခဲ့ဘဲ ဟိုကဒီက ကြိုကြားကြိုကြား ထွက်ပေါ်လာနေခဲ့ပါတယ်။ စစ်တပ်ရဲ့ တရစပ် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ခြေဦးတည့်ရာ ရှောင်ရင်းတိမ်းရင်း ပြေးလွှားခဲ့ရ၊ နီးရာအဆောင်တွေထဲ ဝင်ပြီး ခိုအောင်းခဲ့ကြရတဲ့ အလဲလဲအပြိုပြို ဖြစ်ခဲ့ကြရတဲ့ ကျောင်းသားများဟာ ကမ္ဘာပျက်သလိုဖြစ်ခဲ့ရတဲ့ သွေးချောင်းစီးသတ်ဖြတ်ပွဲကြီးအတွင်း ကျောင်းသားတွေ ဘယ်ရွေ့ဘယ်လောက် သေကြေကျဆုံးခဲ့ရတယ်ဆိုတာ အတိအကျစာရင်း မဖော်ပြနိုင်ခဲ့ပေမယ့် ရာနဲ့ချီပြီးသေဆုံးခဲ့ရသလို ရာနဲ့ချီပြီး ဒဏ်ရာရခဲ့တယ်ဆိုတာကတော့ သေချာခဲ့ပါတယ်။

ကျောင်းသားတွေကို ရာနဲ့ချီသေကြေအောင် ရက်ရက်စက်စက် သတ်ဖြတ်ပြီးပြီးချင်း တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ "ဓါးခါးချင်း–လှံလှံချင်း" မိန့်ခွန်းကြေညာသံ ထွက်ပေါ်လာခဲ့ပါတယ်။ "ကျွန်တော်တို့အလုပ်ပျက်အောင် ရည်စူးပြီး တမင်လုပ်နေကြတာဆိုရင်တော့ ကျွန်တော်နောက်ထပ် ဘာမှမပြောလိုတော့ပါဘူး၊ အနည်းဆုံး ဓါးကိုဓါးနဲ့ လှံကိုလှံနဲ့ face to face ရင်ဆိုင်ဖို့ပဲရှိပါတယ်" တဲ့။ လက်နက်ဆိုလို့ အပ်တိုတချောင်းတောင်မရှိတဲ့ ကျောင်းသားတွေကို ဓားခါးချင်း လှံလှံချင်းပြောလိုက်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ မိန့်ခွန်းဟာ အင်မတန်ရိုင်းစိုင်းလှတဲ့ စိန်ခေါ်ချက်တခုဖြစ်ပါတယ်။ ရက်ရက်စက်စက် ရာနဲ့ချီပြီးသတ်ဖြတ်ပြီးခဲ့တာတောင် အားမရနိုင်သေးပဲ၊ အပေါ်စီးကနေ ဆက်လက်စိမ်ခေါ်နေတဲ့သဘောမျိုးလည်းဆောင်ပါတယ်။ တပြိုင်နက်ထဲမှာ ကျောင်းသားတွေကပဲ တမင်သက်သက် ကဖျက်ယဖျက်လုပ်နေလို့ မလွှဲမရှောင်သာ သတ်ဖြတ်နှိမ်နင်းခဲ့ရသယောင်လည်း အယောင်ဆောင်ထားခဲ့ပါတယ်။ ရိုင်းစိုင်းမှုနဲ့ ကောက်ကျစ်မှုနှစ်မျိုးစလုံး ရောစပ်ထားတဲ့ စစ်အာဏာရှင်ကြီး ဗိုလ်နေဝင်းရဲ့ မိန့်ခွန်းဟာ ကျောင်းသားထုတရပ်ရဲ့ နှလုံးသားတွေထဲမှာ ဓားနဲ့အမွှန်းခံထားရသလို လှံနဲ့ထိုးစိုက်ထားသလို ခါးသည်းခံပြင်းနာကျင်စရာဖြစ်ခဲ့ပါတယ်။ ဘယ်တော့မှမမေ့နိုင်စရာဖြစ်ခဲ့ရပါတယ်။

ကျောင်းသားတွေကို ရာနဲ့ချီသတ်ဖြတ်ပြီး ကမ်းကုန်အောင် ဆက်လက်မိုက်ရိုင်းပြလိုက်တာက တော့၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) အဆောက်အဦးကြီးကို ဗုံးခွဲဖြိုချဖျက်ဆီးပစ်လိုက် ခြင်းပဲဖြစ်ပါတယ်။ ဇူလိုင်လ (၈) ရက်နေ့ မနက် (၅) နာရီလောက်မှာ ဒိုင်းနမိုက်နဲ့ခွဲပြီး၊ တစစီဖျက်စီးပစ် လိုက်ပါတယ်။ အဆောင်တွေထဲ ကုတင်အသီးသီးပေါ်မှာ လှဲအိပ်နေကြတဲ့ ကျောင်းသားကျောင်းသူတွေ အားလုံး ဝုန်းကနဲသောပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး သိမ့်ကနဲတုန်အောင် သိသိသာသာ ခံစားလိုက်ရ ရင်း၊ မနက်မိုးအလင်းမှာ 'သမဂ္ဂအဆောက်အဦးကြီး' ကို တစစီ အုတ်ပုံပျက်ကြီးအဖြစ်နဲ့ပဲ တွေ့မြင်ရပါ တော့တယ်။ သမဂ္ဂအဆောက်အဦးကြီးကို ဒိုင်းနမိုင်းနဲ့ကပ်ပြီး ဖြိုခွဲလိုက်တဲ့အချိန်မှာ ကမာရွတ် ရပ်ကွက်တခု လုံးလည်း သိမ့်ကနဲတုန်သွားခဲ့ရပါတယ်။ သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို အပြီးတိုင် ဖျက်စီးပစ်လိုက်ခြင်းဖြစ်ပါတယ်။ ၁၉၂၇ ခုနှစ်က သူဌေးကြီး ဦးညိုရဲ့ ဆောက်လုပ် လှူဒါန်းမှုနဲ့ ပေါ်ပေါက်လာ ခဲ့တဲ့ သမဂ္ဂအဆောက်အဦးကြီးဟာ နယ်ချဲ့လက်အောက်၊ ဖက်ဆစ်လက်အောက်၊ အမျိုးသားလွတ်မြောက် ရေးကြိုးပမ်းမှုသမိုင်းတလျှောက်မှာ နိုင်ငံ့သားကောင်းများကို မွေးထုတ်ရာ၊ နိုင်ငံချစ်စိတ်ဓာတ် သွန်းလောင်း ရာ၊ အရေးကြီးနိုင်ငံရေးလှုပ်ရှားမှုကြီးတွေရဲ့ အခြေခံရာဖြစ်ခဲ့ပါတယ်။ တကယ့် ဘူမိနက်သန် သမိုင်းဝင်နေရာ သမိုင်းဝင်အဆောက်အဦးကြီးဖြစ်ပါတယ်။ နိုင်ငံသမိုင်းမှာ ဒီလောက်အရေးပါတဲ့ တန်ဖိုးရှိခဲ့တဲ့ သမိုင်းဝင်အ ဆောက်အဦးကြီးကို သမိုင်းတန်ဖိုးကို တစက်ကလေးလောက်မှ နားလည်မှုမရှိတဲ့ စစ်အစိုးရ၊ စစ်အုပ်စုက ယုတ်ယုတ်မာမာ ပက်ပက်စက်စက်နဲ့ လက်ရဲဇက်ရဲ ဖြိုခွဲ ပြာချ ဖျက်စီးပစ်ခဲ့ပါတယ်။

စစ်အာဏာရှင်စနစ်ကို အခိုင်အမာထူထောင်ဖို့ အကြံကြီးကြံထားပြီးသားဖြစ်တဲ့ ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်တဲ့ စစ်အုပ်စုဟာ အတိုက်အခံပြုမယ့် ဆန့်ကျင်တိုက်ခိုက်မယ့် အင်အားစုတွေကို အပြတ် အသတ် ချေမှုန်းပစ်ဖို့ ကြံရွယ်ပိုင်းဖြတ်ထားပြီးဖြစ်သလို၊ တော်လှန်တိုးတက်တဲ့ အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်ဆောင်ရွက်ကြမယ့် တကယ့်နိုင်ငံသားကောင်းများကို မွေးထုတ်မယ့် ဘူမိနက်သန်နေရာမှန် သမဂ္ဂအဆောက်အဦးကြီးကိုလည်း ရန်သူကြီးသဖွယ် ရှုမြင်ထားခဲ့ကြပါတယ်။ မကြည့်ချင်မမြင်ချင်လောက် အောင် အမုန်းကြီးမုန်းခဲ့ကြပါတယ်။ သမဂ္ဂအဆောက်အဦးကြီးကို ပုန်ကန်ဆန့်ကျင်သူများရဲ့ ခိုအောင်းရာ၊ တော်လှန်ရေးသမားများကို မွေးထုတ်ရာ၊ ပုန်ကန်သူများရဲ့ ဌာနချုပ်အဖြစ် တဖက်သတ် မှတ်ထင်နားလည် ရှုမြင်ထားခဲ့ကြပါတယ်။ အဲဒီလိုအမုန်းကြီးမုန်း၊ အရွံကြီးရွံ၊ အကြောက်ကြီးကြောက်ရာကနေ၊ စစ်အာဏာ ရှင်ရူးတို့ရဲ့ စစ်ဘီလူးစိတ်ဓာတ်၊ ရက်စက်ကောက်ကျစ်တတ်မှု အကျင့်အကြံတွေနဲ့ ဆက်စပ်ပေါင်းစည်း လိုက်တဲ့အခါ သမဂ္ဂအဆောက်အဦးကြီးကိုပါ ဗုံးနဲ့ခွဲပစ်တဲ့အထိ မိုက်မိုက်ရိုင်းရိုင်း ကျူးလွန်ခဲ့ကြခြင်းဖြစ်ပါ တယ်။ (၈) ရက်နေ့မနက်မှာ မြန်မာ့အသံကတဆင့် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဓားဓားချင်း – လှံလှံချင်း ဆိုတဲ့ မိန့်ခွန်းသံ ဆက်လက်ကြေညာပါတယ်။ လက်နက်ဆိုလို့ အပ်တချောင်းတောင်ကိုင်မထားတဲ့ ကျောင်းသား လူငယ်တွေကို အသစ်ချပ်ချွတ် ဂျီသရီးမောင်းပြန် သေနတ်တွေနဲ့ ဒရမန်းကြမ်း သွေးချောင်းစီးအောင် ပစ် ခတ်သတ်ဖြတ်ခဲ့ပါတယ်။ သမိုင်းဝင် သမဂ္ဂအဆောက်အဦးကြီးကိုပါ ယုတ်ယုတ်မာမာ ဖြိုချဖျက်စီးပစ်ခဲ့ကြ ပြီး၊ ဓားဓားချင်း လှံလှံချင်း ရင်ဆိုင်ဖို့သာရှိပါတော့တယ်ဆိုတဲ့ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ စကား သံဟာ ကမ်းကုန်အောင်၊ မိုက်ရိုင်းခြင်းနဲ့ ကမ်းကုန်အောင် ကောက်ကျစ်ခြင်းကို ဖော်ပြလိုက်တာက လွဲလို့ အခြားအဓိပ္ပာယ်မရှိတော့ပါ။

တရားမျှတမှုမရှိတဲ့ တင်းကြပ်တဲ့ အဆောင်စည်းကမ်းတွေကို ပယ်ဖျက်ပေးဖို့ တောင်းဆိုကြိုးပမ်း တာကို အေးအေးချမ်းချမ်းနည်းနဲ့ ပျော့ပျော့ပြောင်းပြောင်း ညှိနှိုင်းဖြေရှင်းမှုနဲ့ ချဉ်းကပ်ကြိုးပမ်းဆောင်ရွက် ယူလို့ရပါလျက်နဲ့ တမင်သက်သက် ပြဿနာကို မကြီးကြီးအောင် ဖန်တီးပြီး အကြမ်းဖက် ဖမ်းဆီးစေကာ၊

တက္ကသိုလ်နယ်မြေထဲအထိ အတင်းဝင်ရောက်ဖမ်းဆီးခိုင်းတာတွေ လုပ်ဆောင်ခဲ့ကြတဲ့အပြင်၊ ဒီလိုလုပ်ဆောင်ခဲ့မှုကြောင့် မပေါ်သင့်ပဲပေါ်ပေါက်ခဲ့ရတဲ့ တင်းမာမှုတွေကို သွေးချောင်းစီးအောင် ရက်ရက်စက်စက် သတ်ဖြတ်မှုတွေနဲ့ မတော်မတရားနှိပ်ကွပ်အနိုင်ယူခဲ့ကြသူတွေဟာ စစ်အစိုးရ စစ်အုပ်စုနဲ့ စစ်အာဏာရှင် ဗိုလ်နေဝင်းတို့တစ်တွေပဲဖြစ်ပါတယ်။

ခေတ်ပြောင်းတော်လှန်ရေးကြီးကို ဆင်နွှဲမယ်၊ သာယာဝပြောသော လူ့ဘောင်သစ်ကြီးကို ရောက်ရှိအောင်သွားမယ်လို့ ကြီးကြီးကျယ်ကျယ် အော်မြည်နေတဲ့ စစ်အစိုးရပဲဖြစ်ပါတယ်။ စာနာမှု၊ ဉာဏ်တာ ထောက်ထားမှု စသည့်ကောင်းမြတ်သောတရားနဲ့ ဖြမ္မာစိုရ်ရိတရားများထွန်းကားနိုင်တဲ့ လူ့ ဘောင်သစ်ကြီးဆီ ချီတက်သွားရောက်မယ်လို့ ကြွေးကြော်ဆိုင်းဘုတ်ထူထားတဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ စစ်အစိုးရဟာ မတရားတဲ့ တင်းကျပ်တဲ့ ကျောင်းဆောင်စည်းကမ်းအသစ်တွေကို ဖျက်သိမ်းဖို့ တောင်းဆိုကြတဲ့ ကျောင်းသားတွေကို သွေးချောင်းစီးအောင် သေနတ်နဲ့ပစ်ပြီး၊ 'ဉာဏ်တာထောက်ထားမှုတွေ ဖြမ္မစိုရ်ရိတရားတွေ' ကို အတုံးလိုက်အတစ်လိုက် ဖော်ပြလိုက်ပါတယ်။ ဆိုရှယ်လစ် လောကသစ်သို့ မရောက်ရောက်အောင် ချီတက်မယ်ဆိုတဲ့ မြန်မာ့ဆိုရှယ်လမ်းစဉ်ပါတီကြီး ထူထောင်ကြေညာပြီးလို့ ကြားမှာ (၂) ရက်ပဲခြားပါသေးတယ်။ (၇) ရက် ဇူလိုင်သွေးချောင်းစီးမှုကြီး ပေါ်ပေါက်ခဲ့ရုံမက နယ်ချဲ့ အစိုးရလက်ထက်တုန်းကတောင် မတို့မထိ ရှောင်ကွင်းပေးခဲ့ရတဲ့ သမိုင်းဝင် သမဂ္ဂအဆောက်အဦးကြီးပါ ဗုံးခွဲပြာချပစ်လိုက်တာခံလိုက်ရပါတော့တယ်။

(၇) ဇူလိုင်အရေးအခင်းအတွင်းမှာ (၁၅) ယောက်သေဆုံးပြီး (၂၇) ယောက်ဒဏ်ရာရခဲ့တယ်လို့ စစ်အစိုးရက လိမ်ညာကြေညာခဲ့ပေမယ့် ရာချီပြီး သေဆုံးခဲ့ရပြီး ရာချီပြီးဒဏ်ရာရသူတွေရှိခဲ့တယ်ဆိုတာ အားလုံးလိုလိုက သိရှိနားလည်ခဲ့ကြပါတယ်။ ဇူလိုင် (၇) ရက်နေ့မှာ ကျောင်းသားတွေကိုသတ်ဖြတ် ဇူလိုင် (၈) ရက်နေ့မှာ သမဂ္ဂအဆောက်အဦးကြီးကို အပြတ်ရှင်းပြီး ဇူလိုင် (၉) ရက်နေ့မှာတော့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဒုတိယခေါင်းဆောင် ဗိုလ်မှူးချုပ်အောင်ကြီး ကို ယာယီတာဝန်လွှဲအပ်ပြီး နိုင်ငံခြားကို အပန်းဖြေခရီးထွက်သွားပါတော့တယ်။

## မြန်မာ့နည်းမြန်မာ့ဟန် စပ်ကူးမတ်ကူးကာလနဲ့ စစ်အာဏာရှင်စနစ်ရဲ့ ပွဲဦးထွက်ခြေလှမ်းများ

စစ်တပ်နဲ့ အာဏာသိမ်းပြီးတက်လာတဲ့တော်လှန်ရေးကောင်စီဟာ တော်လှန်ရေးကောင်စီအစိုးရကိုလည်း ဖွဲ့စည်းပြီးပါပြီ။ ခေတ်ပြောင်းတော်လှန်ရေးကြီး ဆင်နွှဲပြီး ဆိုရှယ်လစ်လောကသစ်ကို မရောက်ရောက်အောင် ချီတက်မယ်လို့လည်း ကြွေးကြော်ပြီးပါပြီ။ အဲဒီအတွက် ခေတ်ပြောင်းတော်လှန်ရေးကြီးကို အောင်မြင်အောင်ဆင်နွှဲဖို့ တော်လှန်ရေးသဘောလက္ခဏာဆောင်နိုင်တဲ့ နိုင်ငံရေးပါတီကြီးတရပ်ကသာ ဦးဆောင်ရမယ်ဆိုပြီး တော်လှန်ရေးပါတီကြီးတရပ်ကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက် ဖန်တီးဖော်ဆောင်ပြီးပါပြီ။ အဲဒါကတော့ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ဆိုတာဖြစ်ပါတယ်။ စစ်တပ်ကိုအခြေခံပြီး တပ်တွင်းကနေ စတင်ပေါ်ပေါက်လာတာဖြစ်ပေမယ့် တောင်သူလယ်သမား အလုပ်သမား ပြည်သူများရဲ့ ပါတီဆိုပြီး ဟစ်ကြွေးပါတယ်။ ကမ္ဘာပေါ်မှာရှိနေခဲ့ကြတဲ့ မာ့က်စ် လီနင်ဝါဒ အခြေခံဆိုရှယ်လစ်ပါတီကြီးတွေ

လို အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီလို့လည်း အမည်မခံ အလုပ်သမားလူတန်းစားကို အခြေခံပါတယ်လို့လည်းမပြောဘဲ ဗမာပြည်မှာလူဦးရေအများဆုံးဖြစ်သော လူဦးရေအားလုံးရဲ့ (၈၅) ရာခိုင်နှုန်းကျော်ရှိသော တောင်သူလယ်သမားလူတန်းစားနဲ့ အလုပ်သမားလူတန်းစားကို အခြေပြုပါတယ်လို့ ရောကျိတ်ပြီး ခပ်ဝါးဝါးဖော်ပြထားပါတယ်။ ဆိုရှယ်လစ်ဆိုင်းဘုတ်ကိုအလွယ်တကူ ဆွဲချိတ်အသုံးပြုလိုက်ပေမယ့်၊ ကမ္ဘာပေါ်ရှိ တကဲ့အစစ်အမှန် ဆိုရှယ်လစ်ဝါဒ၊ ဆိုရှယ်လစ်ပါတီများနဲ့ ခြားနားဆန့်ကျင်နေရင်ပဲဖြစ်စေ၊ ကိုယ်ထင်သလို လုပ်ချင်ရာလုပ်ပြီး အကောင်အထည်ဖော်ချင်ရာဖော်တဲ့အခါ တခြားတခြားသော ဆိုရှယ်လစ်များနဲ့မတူဘဲ ဝေဖန်စရာ ထောက်ပြစရာတွေ ထိပ်တိုက်တိုးရမယ့် အခါမျိုးမှာဖြစ်စေ၊ မတူတာမှန်သမျှကို ဘယ်သူကမှ လက်ညှိုးထိုးလို့မရအောင် 'မြန်မာနည်းမြန်မာ့ဟန်' နဲ့ 'ဆိုရှယ်လစ်လမ်းစဉ်လေ' လို့ ပြောလို့ဆိုလို့ရအောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလို့ လုပ်ထား၊ အမည်ပေးထားခြင်းဖြစ်ပါတယ်။ အရှင်းဆုံး အတိုဆုံးပြောရရင် ကိုလုပ်ချင်တာလုပ်၊ မတူတာမှန်သမျှ မြန်မာ့နည်းမြန်မာဟန် ဆိုတဲ့စကားနဲ့ အကာအကွယ်ယူဖို့ဖြစ်ပါတယ်။ ဘယ်ဆိုရှယ်လစ်ပေတံနဲ့မှလည်း လာမတိုင်းနဲ့၊ ဘယ်ဆိုရှယ်လစ်သဘောတရားနဲ့မှလည်း လာချိန်မထိုးနဲ့၊ ဘယ်သူနဲ့မှ တူလိမ့်မယ်မဟုတ်။ ဗမာပြည်စစ်အာဏာရှင်ကြီးရဲ့ ဆိုရှယ်လစ်က မြန်မာ့နည်းမြန်မာဟန်ဆိုရှယ်လစ် သာဖြစ်ပါတယ်။ ဆိုရှယ်လစ်အစစ်လားအတုလား၊ ဖားတပိုင်းငါးတပိုင်းလား၊ ဘယ်သဘောတရားအမြင်နဲ့မှ ခွဲကန့်ရှုမြင်သုံးသပ်ခြင်းမလုပ်ပါနဲ့ ဘယ်ဟာနဲ့မှလည်း တူလိမ့်မယ်မဟုတ်သလို ဘယ်စံနဲ့မှလည်း ကိုက်ညီလိမ့်မယ်မဟုတ်ပါ။ အဲဒီလို မတူညီတာတွေ မှန်သမျှကိုဘယ်သူကမှ ဘယ်လိုနည်းနဲ့မှ ပြောလို့ဆိုလို့မရအောင်၊ ကိုယ်လုပ်ချင်ရာထင်သလိုလုပ်လို့ရအောင် "မြန်မာ့နည်းမြန်မာ့ဟန်" ဆိုတဲ့စကားကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခေါင်းစည်းတင်ထားပြီးပြီဖြစ်ပါတယ်။ အဲဒါကြောင့် တော်လှန်ရေးကောင်စီခေတ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဆိုတာနဲ့အတူ ရေပန်းစားလာခဲ့တဲ့ စကားကတော့၊ "မြန်မာ့နည်းမြန်မာ့ဟန်" ဆိုတာဖြစ်ပါတယ်၊ ဗိုလ်ချုပ်ကြီးနေဝင်း အပါအဝင် စစ်ဗိုလ်ကြီးငယ်တွေအပါအဝင်၊ အာဏာကျင့်သုံးခွင့်ရသူမှန်သမျှ "မြန်မာ့နည်းမြန်မာ့ဟန်" စကားအပြောများခဲ့ကြပါတယ်။

ပြဟ္မစိုရ်တရားထွန်းကားတဲ့ လူ့ဘောင်သစ်ကြီးကို ချီတက်ဖို့ ဆိုင်းဘုတ်ထူထားခဲ့သူများက၊ လက်နက်ဆိုလို့ အပ်တိုတချောင်းမှ ကိုင်မထားကြတဲ့ ကျောင်းသားလူငယ်လေးများကို သွေးချောင်းစီးအောင် အသေပစ်သတ်နှိမ်နင်းပြီးတဲ့အခါ၊ တိုင်းပြည်တခုလုံးကို စိုးမိုးအုပ်ချုပ် ဗိုလ်လုပ်ကြရင်း၊ ပေါ်ပေါက်လာသမျှသော စီးပွားရေး၊ လူမှုရေး၊ အကြပ်အတည်း ဒုက္ခအဝဝကို မဖုံးနိုင်မဖိနိုင် ကြုံတွေ့လာရလေတိုင်း ထမင်းရည်ပူလျှာလွှဲဖို့ပြောလေ့ ဆိုလေ့ရှိတဲ့စကားကတော့ "စပ်ကူးမတ်ကူးကာလ" မို့ပါ ဆိုတဲ့စကားပဲဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီခေတ်မှာ "မြန်မာ့နည်းမြန်မာ့ဟန်" ပြီးရင်၊ ခေတ်အစားဆုံးစကားကတော့ "စပ်ကူးမတ်ကူးကာလ" ဆိုတဲ့စကားဖြစ်ပါတယ်။ စစ်အုပ်စုအဖို့ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ စပ်ကူးမတ်ကူးကာလဟာ အတော်အသုံးတည့်ခဲ့တဲ့ ဝေါဟာရတွေဖြစ်ပါတယ်။ ရေလဲအမျိုးမျိုးနဲ့လဲ ပြောဆိုအသုံးချခဲ့ကြပါတယ်။

တော်လှန်ရေးကောင်စီအစိုးရဟာ ဆိုရှယ်လစ်ဆိုင်းဘုတ်ကို ချိတ်ဆွဲထားပြီးပြီဖြစ်တဲ့အတွက်၊ ဆိုရှယ်လစ် လူ့ဘောင်သစ်ဆီချီတက်ဖို့ ခြေလှမ်းတွေကိုလဲ အပြသဘောပဲဖြစ်ဖြစ်တကယ်သဘောပဲဖြစ်ဖြစ် စတင်ပြင်ဆင်ဖေါ်ပြလာခဲ့ပါတယ်။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့မှာ ဘီအိုစီ (BOC) ကုမ္ပဏီကို တော်လှန်ရေးကောင်စီက ပြည်သူပိုင်သိမ်းလိုက်ပါတယ်။ ပြည်သူပိုင်သိမ်းတယ်လို့ဆိုပေမယ့် လျော်ကြေးပေးသိမ်းယူခဲ့တာဖြစ်ပါ

တယ်။ ၁၉၅၄ ခုနှစ်က ဖဆပလ နဲ့ ဘီအိုစီဟာ ဖက်စပ်အဖြစ် ပြောင်းလဲဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဖဆပလ အစိုးရဘက်က အရင်းအနှီး (၅၁ ရာခိုင်နှုန်း)၊ ဗြိတိသျှ ဘီအိုစီ ဘက်က အရင်းအနှီး (၄၉ ရာခိုင်နှုန်း) ဆိုပြီး သတ်မှတ်ဖွဲ့စည်းခဲ့ကြပါတယ်။ အစိုးရနဲ့ ဘီအိုစီဟာ ဖက်စပ်စီးပွားရေးလုပ်ငန်းအဖြစ် စခန်းသွားခဲ့ကြပါ တယ်။ အဲဒီလိုဖြစ်နေခဲ့တဲ့ ဘီအိုစီကို တော်လှန်ရေးကောင်စီက ပြည်သူပိုင်သိမ်းလိုက်တာ ဖြစ်ပါတယ်။ သိမ်းပုံသိမ်းနည်းကတော့ ဗြိတိသျှအရင်းအနှီး (၄၉ ရာခိုင်နှုန်း) ကို အပြီးအပိုင် ဝယ်ယူလိုက် တာဖြစ်ပါ တယ်။ ဘီအိုစီ (ကုးသန်းရောင်းဝယ်ရေးဘီတီ) လိမိတက်ရဲ့ မူသေပစ္စည်းကရိယာအားလုံးကို တော်လှန်ရေး ကောင်စီကိုယ်စား (ဘီအီးဒီစီ) ကဝယ်ယူလွှဲပြောင်းပါတယ်။ ဘီအိုစီနဲ့ ဘီတီကို ကျပ် (၆၂၅ သိန်း) ပေးဝယ်ပြီး ပေါင်စတာလင်နဲ့ တွက်ချက်ပေးချေဖို့သဘောတူညီလိုက်ပါတယ်။ (၂) နှစ်အတွင်း (၂)ရစ်ခွဲပေး ဖို့၊ အတိုးကို သုံးပိုင်းတပိုင်း ရာခိုင်နှုန်းပေးဖို့သဘောတူပြီး၊ အပြီးအပိုင်ဝယ်ယူခြင်းသဘောနဲ့ ပြည်သူပိုင်သိမ်း ပြလိုက်တာဖြစ်ပါတယ်။ (အဲဒီလိုဘီအိုစီကို ပြည်သူပိုင်သိမ်းလိုက်ခြင်းကိစ္စမှာ ဗိုလ်ချုပ်ကြီးနေဝင်းက တန်ရာ တန်ဖိုးကို ရက်ရက်ရောရော တွက်ချက်ပေးအပ်သဘောတူညီခဲ့တဲ့အတွက် ပွဲခတောင်ရခဲ့သေးတယ်လို့ အဆိုရှိပါတယ်)။ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ (၄) ရက် (၁၅) နှစ်မြောက် ဗမာပြည်လွတ်လပ်ရေးနေ့မှာ ဗိုလ်ချုပ် ကြီးနေဝင်းက ရေဒီယိုကနေ အသံလွှင့်မိန့်ခွန်းကြီးချွေပါတယ်။ လူ့ကျင့်ဝတ်တွေပျက်လာနေပြီလို့ပြောရင်း အမျိုးသားယဉ်ကျေးမှုတွေကို စောင့်ထိန်းလိုက်နာကြဖို့ မိသားစုစနစ်ကို မြတ်နိုးကြဖို့ မြွက်ကြားပါတယ်။ မြန်မာ့နည်းမြန်မာ့ဟန် စကားနဲ့ကိုက်ညီအောင် နီတိတွေ ကျင့်ဝတ်တွေကို ဖော်ထုတ်ပြီး တကဲ့မျိုးချစ်ဗမာ ကြီးတယောက်ဟန်နဲ့ တပြည်လုံးကို ဟောပြောပါတယ်။ မိန့်ခွန်းထဲမှာ –

"လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုများနှင့် ပတ်သက်ပြီး ပြောရရင်လည်း၊ မိဘနဲ့သားသမီး၊ ဆရာနဲ့ တပည့်၊ လင်နဲ့မယား၊ အသီးသီးစောင့်ရှောက်ကြရမယ့် ကျင့်ဝတ်တွေ ပျက်နေကြတယ်။ လူလူချင်းရိုင်းပင်းရ မယ်ဆိုတာကတော့ လုံးလုံး မရှိသလောက်ရှိနေပါပြီ။ တကိုယ်ကောင်းစိတ်မွေးသူများနေပါပြီ။ အဲဒီအဖြစ်ရဲ့ အကြောင်းရင်းကို ရှာလိုက်ရင် ကျွန်တော်တို့မှာရှိပြီးသား၊ ကောင်းတဲ့အချက်တွေဖြစ်တဲ့ ဆရာဝတ်ငါးပါး၊ တပည့်ဝတ်ငါးပါး၊ လင့်ဝတ်ငါးပါး၊ မယားဝတ်ငါးပါး အစရှိတဲ့ကျင့်ဝတ်တွေ၊ အနန္တေ ၁ အနန္တ ငါးပါးကို ရှိသေရ မယ်ဆိုတဲ့ သင်ကြားမှုတွေဟာ မှေးမှိန်လာလို့ဘဲ။ ဒီအတိုင်းထားရင် မှေးမှိန်ရုံမဟုတ်၊ ပျောက်ကွယ်သွားမှာ တောင်စိုးရိမ်ရပါတယ်။ အခုမျက်မှောက်ခေတ်မှာ မြို့ပေါ်က ကျွန်တော်တို့အပါအဝင် မိဘများရဲ့ သားသမီး များဟာ ရှင်တော်ဂေါတမဆိုရင်မသိဘူး။ ခရိုက်ဆိုရင်သိတယ်၊ အနော်ရထာဆိုရင်မသိဘူး။ ကင်းဘရုတို့ ကင်းအယ်ဖရက်တို့ နပိုလီယံတို့ဆိုရင် သိတယ်။ ဒီလောက်အထိ ချို့ယွင်းနေပါတယ်" လို့ပြောဆိုမြည် တမ်းသွားပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ကတော့ မယားကြီး ဒေါ်တင်တင်ကို ပစ်ပြီး ဒေါ်ခင်မေသန်းကို ယူထား တဲ့ကြားကနေ ပြောနေတာ၊ ကျောင်းသားတွေ ရာနဲ့ချီသတ်ထားတဲ့ကြားကနေ ရိုင်းပင်းကူညီရမယ်လို့ ပြောနေတာဖြစ်ခဲ့ပါတယ်။ ဒီလို ရှေ့နောက်မညီ ပြောဆိုနေခြင်းမျိုးဖြစ်နေတာတောင် ဗိုလ်ချုပ်နေဝင်း ရဲ့ ဆိုရှယ်လစ်လောကသစ် တည်ဆောက်ရေးအပေါ် မျှော်လင့်ချက်ထားသူတွေကတော့၊ အကောင်းမြင်နေကြ ဆဲဖြစ်ပါတယ်။ (၇) ဇူလိုင် သတ်ဖြတ်ပွဲကြီးအပြီး၊ ဒီအရေးတော်ပုံကြီးအပေါ် ဘယ်လိုသဘောထားကြမလဲ ဆွေးနွေးကြတော့၊ ပမညတ ထဲမှာ မတူတဲ့အမြင်တွေ သိသိသာသာ ပေါ်ပေါက်ခဲ့ပါတယ်။ ဝိဓူရသခင် ချစ်မောင် က "ဒါ ဆိုရှယ်လစ်သန္ဓေသား သားလျောအောင်လုပ်တဲ့လုပ်ရပ်" လို့ပြောဆိုတဲ့အတွက် ပမညတ ထဲရှိ ပြည်သူ့တိုးတက်ရေးပါတီ အတွင်းရေးမှူး ဦးခင်မောင်မြင့် က 'ဒါမှတ်တမ်းတင်ထားပါ ကန့် ကွက်တယ်လို့' ပြောဆိုခဲ့ပါတယ်။ အဲဒီတော့မှ သခင်ချစ်မောင်က 'သဘောပြောတာပါ' လို့ ပြန်ပြင်ပြော

တဲ့အတွက်၊ 'သဘောပြောတာဆိုရင်လည်း သဘောပြောတာကို မှတ်တမ်းတင်ထားပါ' လို့ ပြောဆိုကန့်ကွက်ခဲ့ပြီး အရေးတော်ပုံကြီးဘက်က ရပ်တည်သွားခဲ့ပါတယ်။ (၇) ဇူလိုင် အရေးတော်ပုံ သွေးမြေကျခဲ့မှု အပေါ်မှာကို သဘောထားအမြင်တွေ ကွဲပြားခြားနားခဲ့ကြပါတယ်။ ဆိုရှယ်လစ်ရေး မက်လုံးကို ယုံကြည်ခဲ့ကြသူတွေကတော့၊ မနာနိုင်ဖြစ်ခဲ့ကြပြီး၊ အကောင်းမြင်ကိုပဲ ဆက်လက်စိုက်ထူနေကြတဲ့အတွက် ဗိုလ်ချုပ်ကြီး နေဝင်း အဖို့ ဆိုရှယ်လစ်ဆိုင်းဘုတ်အောက်မှာ လုပ်ချင်တာလုပ်ခွင့် အကာအကွယ်ရနေသလိုဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ စစ်တပ်ကျောထောက်နောက်ခံနဲ့ အာဏာကို ပြည့်ပြည့်ဝဝ ကိုင်တွယ်နိုင်ပြီးတဲ့အခါ သူရဲ့ စစ်တပ်အုပ်စိုးမှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့ကျတဲ့၊ အချိန်မရွေးလည်း ထပ်မံလှုပ်ရှားမှုတွေ ပေါ်ပေါက်လာပြီး စစ်အစိုးရအုပ်စိုးမှုကို ဆန့်ကျင်ကန့်ကွက် ထိုးနှက်တိုက်ခိုက်နေကြမယ့် ကျောင်းသားထု အင်အားစုကြီးအပေါ် ရက်ရက်စက်စက် နှိပ်ကွပ်ဦးချိုးပစ်လိုက်ပြီးတဲ့နောက် သူနဲ့ သဘောထားအမြင်ကွဲလွဲသူတွေကိုလည်း သူ့ကို ခွာရာတိုင်းမလာနိုင်ခင် စောစောစီးစီး ဦးချိုးထားဖို့ ပြတ်ပြတ်သားသား ပြင်ဆင်ပါတယ်။ အပြင်အင်အားစုတွေထဲက လက်ဝဲဝါဒတိမ်းညွှတ်သူတွေကို ဆိုရှယ်လစ်အနံ့နဲ့ မက်လုံးပေးပြီး ငြိမ်ဆေးကျွေး၊ ငြိမ်နိုင်ဖွယ်ရာမရှိလို့ ယူဆထားတဲ့ကျောင်းသာတွေကိုတော့ အသေပစ်သတ်ပြီး နှိမ်နင်း၊ ချော့မြူတဲ့နည်း၊ နှိပ်ကွပ်တဲ့နည်း နှစ်နည်းစလုံးကိုသုံးပြီး ဖြေရှင်းပြီးတဲ့အခါ၊ စစ်အစိုးရအတွင်းပိုင်းက အန္တရာယ်ဖြစ်လာနိုင်တာတွေကိုလည်း ကြီးထွားခွင့်မပေးဘဲ ကိုင်တွယ်ဖြေရှင်းခဲ့ပါတယ်။ ဒါကတော့ စစ်တပ်မှာ ဒုတိယကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်၊ တော်လှန်ရေးကောင်စီမှာ နံပါတ်နှစ်ပုဂ္ဂိုလ်လည်းဖြစ်တဲ့ ဗိုလ်မှူးချုပ် အောင်ကြီးကို ၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့မှာ ရာထူးက ဖယ်ချလိုက်ခြင်းပဲဖြစ်ပါတယ်။ နောက် မချမ်းဘောအထိ ပို့ပစ်ထားလိုက်ပါတယ်။ ဘာအကြောင်းကြောင့်ဆိုတာ ရှင်းရှင်းလင်းလင်း အကြောင်းပြခဲ့ခြင်းမရှိပါ။ (ဂျပန်စစ်လျော်ကြေးကိစ္စကြောင့်လိုလို၊ စီးပွားရေးပေါ်လစီဆိုင်ရာ လုပ်ချင်ကိုင်ချင် ကျင့်သုံးချင်တဲ့ အမြင်သဘောထား မတူညီတာကြောင့်လိုလို အသံထွက်ခဲ့ပါတယ်) ဒုတိယကာကွယ်ရေး ဦးစီးချုပ်ဖြစ်တဲ့ ဗိုလ်အောင်ကြီး ဟာ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ တကဲ့ အန္တေဝါသိကာအစစ်ဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးမတိုင်ခင်လောက်ကတည်းက တပ်တွင်းရှိ ဆိုရှယ်လစ်စစ်ဗိုလ်အစုကို ခေါင်းဆောင်ဖို့ ဗိုလ်နေဝင်း ကို ဆရာအဖြစ် မွေးခဲ့သူတွေထဲမှာ ဗိုလ်အောင်ကြီးဟာ အဓိကပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။ ဖက်စစ်တော်လှန်ရေးပြီးခါနီးမှာလည်း ရန်ကုန်မှာမရှိတဲ့ ဗိုလ်နေဝင်းကို ရန်ကုန်သိမ်းခေါင်းဆောင်ကြီးဖြစ်အောင်၊ ကြံဖန်ရှက်ဆောင် သိဒ္ဓိထပ်ပေးခဲ့သူဟာ ဗိုလ်အောင်ကြီး ပဲဖြစ်ပါတယ်။ ဗိုလ်အောင်ကြီးဟာ တလျောက်လုံး ဗိုလ်နေဝင်း ဘက်ကချည်း ရပ်တည်ခဲ့ကာ ၅၈ ခုနှစ် အာဏာသွားတောင်းပြီး အာဏာရလာတော့လည်း ဗိုလ်နေဝင်း ကိုဘဲ ရိုရိုသေသေ သွားအပ်ပြီး ကျိုးကျိုးနွံနွံ ထမ်းဆောင်ခဲ့ပါတယ်။ တခြားသူတွေအပေါ်မှာသာ ခပ်ထန်ထန် ခပ်တင်းတင်းလုပ်ခဲ့ပေမဲ့၊ ဗိုလ်နေဝင်းအပေါ်မှာတော့ တလျောက်လုံး အကိုကြီး အကိုကြီး ခေါ်ခဲ့သူဖြစ်ပါတယ်။ အာဏာသိမ်းပြီးတဲ့အခါမှာလည်း ဗိုလ်နေဝင်းပြောချင်ရာ လုပ်ချင်ရာတွေအတွက် ဗိုလ်နေဝင်းဘက်ကနေ ဘက်ပေါင်းစုံ ပြောဆိုကာကွယ်ပေးရသူဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ သူ့ရဲ့ အာဏာပလ္လင်အတွက်ဆိုရင် ဘယ်သူ့ကိုမှမထားဘဲ၊ လက်ဦးမှုယူ ဖယ်ရှားပစ်လိုက်ဖို့ သွက်သွက်ကြီး ဝန်မလေးတမ်း ဆောင်ရွက်ကျင့်သုံးခဲ့ပါတယ်။ တော်လှန်ရေးကောင်စီ အာဏာသိမ်းတက်လာပြီး တနှစ်မပြည့်မှီအတွင်း ဗိုလ်မှူးချုပ်အောင်ကြီး ကို ဖယ်ရှားလိုက်ပါတယ်။ ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်မှူးချုပ် တီကလစ် လည်း အငြိမ်းစားဖြစ်သွားပါတယ်။ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်မှူးချုပ်သန်းဖေကတော့ သေဆုံးသွားပါတယ်။ ဗိုလ်မှူးချုပ်အောင်ကြီး ဖယ်ရှားခံရပြီး မကြာမီ၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့ ပြည်ထောင်စုနေ့ကို (လွိုင်ကော်) မြို့မှာကျင်းပပြီး၊ ဗိုလ်ချုပ်ကြီးနေဝင်း တက်ရောက်မိန့်ခွန်း

မြွက်ကြားခဲ့ပါတယ်။ တော်လှန်ရေးကောင်စီက အာဏာသိမ်းရတာဟာ ပြည်ထောင်စုကြီးပြိုကွဲမှာမြင်တဲ့အတွက် သိမ်းရတာလို့ ထပ်မံဖြေရှင်းပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့အညီ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြဖို့ တော်လှန်ရေးကောင်စီနဲ့ လက်တွဲဆောင်ရွက်သွားကြဖို့ မြွက်ကြားပြောဆိုသွားပါတယ်။ ပြောဆိုသွားပုံကတော့ "ပင်လုံအစည်းအဝေးမှာ ပြည်ထောင်စု စည်းရုံးညီညွတ်မှုကို စတင်မျိုးစေ့ချခဲ့ကြပါတယ်။ အဲဒီမျိုးစေ့လေး အတက်ပေါက် အညှောက်ပြူစအချိန်မှာ ဗိုလ်ချုပ်တို့ ကျဆုံးခဲ့ရပါတယ်။ ဒီနောက်ပိုင်းမှာ ဆက်ဆံရေးညံ့မှုလောင်းရိပ်၊ ဆက်ဆံရေးညံ့မှုမှ ပေါက်ဖွားလာတဲ့ အထင်အမြင်လွဲမှုလောင်းရိပ်၊ ဒီအပြင် ပြည်ထောင်စုအားနည်းရေး ပြိုပျက်ရေးကို မနားမနေဆောင်ရွက်နေတဲ့ အတွင်းအပြင် အင်အားစုတို့ရဲ့ အခွင့်ရတိုင်း၊ အခွင့်မရရင်လည်း ရအောင်ကြံဖန်ပြီး ရေနွေးဖျောမှုတို့ကြောင့် အညှောင့်အတက်ထွက်စ ပြည်ထောင်စုစည်းလုံးညီညွတ်ရေး သစ်ပင်လေးဟာ လွန်ခဲ့တဲ့နှစ် ဖေဖော်ဝါရီလအတွင်းက လုံးလုံး ဇီဝိန်ချုပ်ရတော့မလိုဖြစ်ခဲ့ရပါတယ်။ ဒီစည်းလုံးမှုအပင်ကလေး ဇီဝိန်ချုပ်ရင် ပြည်ထောင်စုလည်း လုံးဝ ပြိုကွဲပျက်စီးတော့မှာဖြစ်တဲ့အတွက် တော်လှန်ရေးကိုဆင်နွှဲပြီး၊ တော်လှန်ရေးကောင်စီက အခြေအနေကို ဝင်ထိန်းခဲ့ရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို ကြေညာပြီးဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့အညီ တပြည်လုံး ညီမျှသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုတို့ဖြင့် တည်ဆောက်ရာမှာ ပြည်ထောင်စုသားအားလုံးတို့က တော်လှန်ရေးကောင်စီနဲ့ အတူ လက်တွဲပြီးဆောက်ရွက်ကြပါလို တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။" လို့ဖြစ်ပါတယ်။ ပြိုကွဲစရာဘာမှ အခြေအနေမရှိတဲ့အနေအထားကို ပြိုကွဲစရာမြင်လို့ လို့ ပြောပြီး အာဏာသိမ်းခဲ့တာဟာ ဘယ်သူမှ လက်မခံနိုင်တဲ့ လိမ်ညာချက်သာဖြစ်ခဲ့ပါတယ်။ ဒီလိမ်ညာချက်ကိုပဲ ဆက်လက်တံခွန်ထူရင်း၊ တိုင်းရင်းသားစည်းရုံးညီညွတ်မှု ပြိုပျက်ခဲ့ရတာကို အကြောင်းရင်းရှာပြတော့လည်း ပြည်ထောင်စုပြိုကွဲအောင်လုပ်နေကြတဲ့ အတွင်းအပြင်အင်အားစုတွေကြောင့်လို့ လက်ညိုးထိုးပြီး တရားခံရှာပြပါတယ်။ အုပ်စိုးလာခဲ့တဲ့ အစိုးရအဆက်ဆက်ရဲ့ ဖောက်ပြန်ဆိုးဝါးမှုတွေကိုတော့ ဝန်ခံပြောဆိုခဲ့ခြင်းမလုပ်ပါ။ သူကိုယ်တိုင် အုပ်စိုးသူတွေအထဲ ပါဝင်ခဲ့တဲ့အတွက် တမင်ဝါးတားတားလုပ်ပြီး ပြောဆိုခဲ့ပါတယ်။ ဆက်ဆံရေးညံ့မှုလောင်းရိပ်၊ အဲဒီအပေါ်က ပေါ်ပေါက်လာတဲ့ အထင်အမြင်လွဲမှုလောင်းရိပ်လို့ ကြံဖန်လှီးလွှဲပြောဆိုရင်း ကိုယ်အပြစ်ကို သူများပေါ်ပုံဖို့ပဲ အားထုတ်ပြောဆိုခဲ့ပါတယ်။ တကယ်ကတော့ အုပ်စိုးသူအဆက်ဆက်ရဲ့ ဖောက်ပြန်တာဝန်မဲ့မှုနဲ့ စစ်တပ်ရဲ့ ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့မှု မတော်မတရား အနိုင်ကျင့်ပြုမူခဲ့မှု ဖောက်ပြန်တဲ့ ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးခဲ့မှုတွေကြောင့် စည်းရုံးညီညွတ်မှု ပြိုကွဲခဲ့ရတာဖြစ်ပါတယ်။ တရုပ်ဖြူကျူးကျော်မှုနှိမ်နင်းရေး၊ သောင်းကျန်းသူနှိမ်နင်းရေး ဆိုတာတွေကို အကြောင်းပြုပြီး ပြည်နယ်ဒေသတွေ လူမျိုးစုတွေကြားရောက်ရှိသွားခဲ့ကြတဲ့ စစ်တပ်အသီးသီးဟာ ရောက်ရှိရာဒေသတိုင်းမှာ ဗိုလ်ကျခဲ့ကြ မတော်မတရား လုပ်ခဲ့ကြပါတယ်။ လူမျိုးစုတွေအပေါ် ရမ်းကားရက်စက်ခဲ့ကြပါတယ်။ ဒါကြောင့် အစကတည်းက ကူးလူးဆက်ဆံမှုနည်းပါးနေခဲ့ရလို့ အနေစိမ်းပြီး ညီနောင်သားချင်းချင်းဖြစ်ပါလျက် အပြန်အလှန် နားလည်ချစ်ခင်မှုဝေးနေခဲ့ရတဲ့အခြေအနေကြားထဲမှာ ဗမာလူမျိုးကြီး ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဗမာမုန်းတီးရေး စိတ်ဓာတ်အမြစ်တွယ် နက်ရှိုင်းလာခဲ့ရပြီး တိုင်းရင်းသားသွေးစည်းညီညွတ်မှုတွေလည်း အတောမသတ်နိုင် ပြိုကွဲပျက်စီးခဲ့ရတာဖြစ်ပါတယ်။ အဓိကအားဖြင့် စစ်တပ်ရဲ့ ကျူးလွန်မှုတွေကို ဖျောက်ကွယ်ပစ်ပြီး ယုတ္တိမဲ့ ပြောဆိုမှုတွေကို ပြောဆိုနေတာသာဖြစ်ခဲ့ပါတယ်။ စစ်တပ်ရဲ့ အမှားတွေကို ဝန်ခံပြောဆိုမယ်ဆိုရင် အဓိကတာဝန်ရှိသူဟာ ကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ သူကိုယ်တိုင်ပဲဖြစ်လေတော့၊ ကိုယ့်ကိုကိုယ် ကာကွယ်ပြောဆိုနေခြင်းသာဖြစ်ခဲ့ပါတယ်။

စစ်တပ်က အာဏာလိုချင်လို့ လက်နက်အားကိုး အာဏာသိမ်းခဲ့တာကို တရားသယောင် မှန်သယောင် တိုင်းပြည်ကြီးကို အန္တရာယ်အတွင်းက ကယ်တင်ခဲ့သယောင် ယုတ္တိမဲ့ ပြောလုံးတွေပြောဆိုရင်း၊ တလိမ့်နှစ်လိမ့်ဖြစ်အောင် ကြိုးပမ်းအားထုတ်နေသလိုသာဖြစ်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှာ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ဖို့ဆိုပြီး နောက်ထပ် လှမ်းလိုက်တဲ့ခြေလှမ်းကတော့၊ ဘဏ်တွေကို နိုင်ငံပိုင်သိမ်းလိုက်ခြင်းဖြစ်ပါတယ်။ နိုင်ငံခြားဘဏ် (၂၂) ခုအပါအဝင် ဘဏ်လုပ်ငန်း (၃၁)ခုကို နိုင်ငံပိုင်သိမ်းယူလိုက်ပါတယ်။ ဧပြီလ (၁) ရက်နေ့မှာ တော်လှန်ရေးကောင်စီရဲ့ "လွတ်ငြိမ်းချမ်းသာခွင့်အမိန့်" ထုတ်ပြန်ကြေညာပါတယ်။ "တရားဥပဒေကဲ့သို့ အာဏာတည်စေရမည်" လို့ဖော်ပြထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဟာ အပိုဒ် (၆) ပိုဒ်ရှိပါတယ်။ ဒီအမိန့်မထုတ်ပြန်ခင်ကအထိ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်ပြစ်မှုတွေကို ထိခိုက်နစ်နာခဲ့ရသူကိုယ်တိုင်က တိုင်ကြားခဲ့တဲ့၊ လူသတ်မှု၊ မုဒိမ်းမှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာခဲ့ရမှုတွေကလွဲပြီး၊ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ပါတယ်။ ပြစ်ဒဏ်စီရင်ထားခြင်းခံရရင်လည်း ထောင်ဒဏ် (၁၀) နှစ်ထက်မပိုရလို့ လျှော့ပေါ့သတ်မှတ်ပေးလိုက်ပြီး၊ တခြား ရာဇဝတ်ပြစ်မှုတွေအတွက် ထောင်ဒဏ် (၃) နှစ်ထက်မပိုရလို့ သတ်မှတ်ပေးလိုက်ပါတယ်။ လက်နက်စွဲကိုင်တိုက်ခိုက်နေကြတဲ့ သောင်းကျန်းသူတွေအားလုံးကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာမယ်ဆိုရင် လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ရမယ်လို့ ဖော်ပြပြီး ဒီအမိန့်နောက်ပိုင်း ကျူးလွန်တဲ့ ပြစ်မှုတွေအတွက် လွတ်ငြိမ်းခွင့်မပြုလို့ ဆိုပါတယ်။ အစိုးရ အမှုထမ်းအရာထမ်းများအတွက်လည်း ဒီအမိန့်မကြေညာခင်ကာလက ဖြစ်ပွားခဲ့ကြတဲ့ ဌာနဆိုင်ရာ အမှုအခင်းတွေအတွက် လုံးဝလွတ်ငြိမ်းခွင့်ပြုလိုက်တယ်လို့ဆိုပါတယ်။ အဓိကအားဖြင့်တော့ လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေးနဲ့ ဒီအမိန့်ကြေညာချက် မထုတ်ပြန်ခင်က ကျူးလွန်ခဲ့ကြတဲ့ ပြစ်မှုတွေအတွက် လွတ်ငြိမ်းခွင့်ပြုလိုက်တာ၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အကျိုးကို ခံစားခွင့်ပြုလိုက်တာဖြစ်ပါတယ်။ ဒီလိုလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်လိုက်တာကို အတိတ်က ဆိုးသွမ်းမှားယွင်းခဲ့တာတွေကို မေ့ပျောက်ခွင့်လွှတ်ကြပြီး၊ အနာဂါတ်မှာ စိတ်သစ်လူသစ်နဲ့ အတူပူးပေါင်းကာ နိုင်ငံတော်သစ်ထူထောင်ကြဖို့လို့လည်း မင်္ဂလာယူပြောဆိုခဲ့ပါတယ်။ ဧပြီလ (၅) ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ရန်ကုန်ဗဟိုအကျဉ်းထောင်ထဲသွားရောက်ပြီး အကျဉ်းသားတွေနဲ့တွေ့ပါတယ်။ ဘဝသစ်ထူထောင်ဖို့ အစိုးရက ကူညီမယ်။ အကျဉ်းသားများကလည်း ကောင်းကောင်းမွန်မွန်နေထိုင်ကြပြီး၊ နောင် ဘယ်တော့မှ ထောင်ထဲပြန်မလာရအောင် နေကြပါ ထိုင်ကြပါလို့ ဩဝါဒပေးလိုက်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ အကျဉ်းသားပေါင်း (၁၂၀၀၀) ကျော်ထောင်ထဲက လွတ်ခဲ့ကြရပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် တောတွင်းလက်နက်ကိုင် အင်အားစုများအတွင်းက လက်နက်ချမှုတွေလည်း ရှိခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက စစ်ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်ရဲထွဋ်ဟာ မေလ (၂၁) ရက်နေ့မှာလက်နက်ချသွားပါတယ်။ စစ်ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်စိန်တင်၊ ဗိုလ်ရဲမောင်တို့လည်း လက်နက်ချသွားပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသတိုင်း စစ်တာဝန်ခံ ဗိုလ်သာကဒိုး လည်း လက်နက်ချသွားပါတယ်။ ကေအင်ဒီအိုဘက်ကလည်း စစ်ရေးချုပ် စောကျော်ငြိမ်း၊ ဗိုလ်မှူးချုပ် စောမောင်ချစ်၊ ကော်သူလေး နိုင်ငံခြားရေးဝန်ကြီး စောသက်ဝါး တို့ လက်နက်ချသွားပါတယ်။

## တော်လှန်ရေးကောင်စီခေတ် ပထမနှစ်အတွင်း ဗမာနိုင်ငံအခြေအနေအကျဉ်းချုပ်

တော်လှန်ရေးကောင်စီဟာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းဟာ တော်လှန်ရေးကောင်စီရဲ့ ဥက္ကဋ္ဌဖြစ်ရုံမက အာဏာ (၃) ရပ်လုံးကိုပိုင်ဆိုင်တဲ့ (ကြေညာချက်အမှတ် ၁၀ နဲ့ အပ်နှင်းထားတယ်ဆိုတဲ့) စစ်အာဏာရှင်ကြီးဖြစ်ပါတယ်။ ပါလီမန်နှစ်ရပ်စလုံး တခုမှမရှိတော့ပြီဖြစ်တဲ့အတွက် လိုအပ်တဲ့ အမိန့်ကြေညာချက်မှန်သမျှ တော်လှန်ရေးကောင်စီ ကြေညာချက် ဒါမှမဟုတ် တော်လှန်ရေးကောင်စီဥက္ကဋ္ဌရုံး အမိန့်ကြေညာချက်ဆိုတာနဲ့ ထုတ်ပြန်ကြေညာစခန်းသွားခဲ့ပါတယ်။ ဥပဒေကဲသို့ အာဏာတည်စေရမည်ဆိုတဲ့ နှုတ်ခပါတ်ခေါင်းစည်းနဲ့ အမိန့်တွေကို ချမှတ်ပြဌာန်းပါတယ်။ အာဏာသိမ်းပြီးပြီးခြင်း ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ချီတက်မယ်လို့ ကြွေးကြော်ပါတယ်။ ခေတ်ပြောင်းတော်လှန်ရေးကြီး ဆင်နွှဲမယ်လို့လည်း ဖော်ကျူးပါတယ်။ တိုင်းပြည်ကြီး ပြိုကွဲနိုင်တဲ့ အန္တရာယ်ကြောင့် ဖက်ဒရယ်မူကြောင့် အာဏာကိုသိမ်းယူပြီး တပ်မတော်ကနေ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခဲ့ရတာပါလို့ ဝါဒဖြန့်ချိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း တို့တုန်းကတည်းက မျှော်မှန်းခဲ့တဲ့ လွတ်လပ်ရေးကြေညာစာတမ်းပါ ရည်မှန်းချက်လည်းဖြစ်တဲ့ ဆိုရှယ်လစ်လမ်းကြောင်းကို တော်လှန်ရေးကောင်စီအစိုးရလက်ထက်မတိုင်မီ တက်လာခဲ့ကြတဲ့ ပါလီမန်ဒီမိုကရေစီအစိုးရများက ဘေးဖယ်ချထားခဲ့ကြတဲ့အတွက် တော်လှန်ရေးကောင်စီအစိုးရက ဦးဆောင်ပြီး ပြန်လည်တွန်းတင် လျှောက်လှမ်းဖို့၊ သမိုင်းရေးတာဝန်ကိုထမ်းဆောင်ဖို့ လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်လို့ ပြောဆိုပါတယ်။

သာယာဝပြောတဲ့ လူ့ဘောင်သစ်ကြီးကိုရောက်ဖို့ ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲရာမှာ၊ တော်လှန်တဲ့ နိုင်ငံရေးပါတီကြီးတရပ်က ဦးဆောင်ဖို့လိုအပ်တဲ့အတွက် နိုင်ငံရေးပါတီကြီးတရပ်ကို ထူထောင်ပါတယ်။ ဆိုရှယ်လစ်အနံ့တွေပေးထားတဲ့ ပါတီ၊ ဆိုရှယ်လစ်ဆိုတဲ့ ဆိုင်းဘုတ် တရားဝင်ချိတ်ထားတဲ့ပါတီဖြစ်ပေမယ့်၊ ကမ္ဘာပေါ်ရှိ အခြားသော ဆိုရှယ်လစ်ပါတီများနဲ့တော့ လုံးဝမတူညီပါ။ မြန်မာ့နည်း မြန်မာ့ဟန်နဲ့သွားမယ့် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ဖြစ်ပါတယ်။ အကောင်အထည်ဖော်ချင်သလိုဖော်မယ်ဖြစ်ပါတယ်။ မတူတာမှန်သမျှ မြန်မာ့နည်းမြန်မာ့ဟန်လို့ ပြောထားပြီးဖြစ်တဲ့အတွက်၊ ဝေဖန်လိုသူများ နှုတ်ပိတ်ထားကြဖို့ပဲရှိပါတော့တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သဘောတရားကို ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ စိတ်ကြိုက်ရေးသားစေပြီး စစ်တပ်ကိုအခြေခံကာ စစ်ဗိုလ်ထိပ်သီးကြီးများနဲ့ ပွဲဦးထွက်တည် ထောင်လိုက်ကြတာဖြစ်ပါတယ်။ ဒါပေမယ့် စစ်တပ်ကိုအခြေခံပါတယ်လို့ ပြောလို့မဖြစ် မသင့်လျော်တဲ့အတွက် လယ်သမားနဲ့ အလုပ်သမားကို အခြေခံပါတယ်လို့ ကြွေးကြော်ဖွင့်ဆိုပါတယ်။ ဆိုရှယ်နီများက အကောင်းမြင်လက်ခံကြသလို မြေပေါ်လက်ဝဲတော်တော်များများကလည်း တစုံတရာတိုးတက်တယ်လို့ ယူဆကြပြီး၊ အခွင့်အရေးလိုချင်သူများကလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို စောစောစီးစီး ဝင်ရောက်လိုက်ကြတဲ့အတွက် အမြုတေပါတီအဆင့် ဖော်ဆောင်ပြီးပြီဖြစ်ပါတယ်။ အမြုတေပါတီအဖြစ် ဆက်လက် စခန်းသွားအုံးမယ်ဖြစ်ပါတယ်။ အမြုတေပါတီအဖြစ် အချိန်ဘယ်လောက်ကြာမယ်ဆိုတာတော့ မသတ်မှတ်ရသေးပါ။ တိုင်းပြည်မှာ ကုန်ဈေးနှုန်းတွေလည်းတက်၊ စီးပွားရေးအခြေအနေလည်းမကောင်းလို့ အရင်က ပထစအစိုးရရဲ့ အခြေအနေကို နှာခေါင်းရှုံ့ပြောဆိုခဲ့တဲ့ စစ်အစိုးရဟာ ကုန်ဈေးနှုန်းတွေ သူ့လက်ထက်မှာ ပိုတက်လာတာကြုံရပါတယ်။ စစ်အစိုးရတက်လာကာစက ဆန်တပြည် ပြား (၆၀)၊ ဆီတပိဿာ (၃ကျပ်ခွဲ) ပေမယ့် ဆန်ဈေးဆီဈေးတွေဟာ တရိပ်ရိပ်ပိုတက်လာခဲ့ပါတယ်။ ဘဏ်တွေကို ပြည်သူပိုင်သိမ်းပစ်လိုက်တဲ့အတွက် ငွေကြေး

လည်ပတ်မှုလည်း စတင်ထိခိုက်စပြုလာပါတယ်။ တိုင်းရင်းသားပိုင် ဘဏ် (၁၇) ခုကို လျော်ကြေးတပြားမှမ ပေးပဲ သိမ်းခဲ့တာဖြစ်ပြီး၊ နိုင်ငံခြားပိုင်ဘဏ် (၁၄) ခုကိုတော့ လျော်ကြေးပေးခဲ့ရပါတယ်။ ဘီအိုစီကို ပြည်သူပိုင် သိမ်းတယ်ဆိုတာကျတော့လည်း ဗြိတိသျှအရင်းအနှီး (၄၉) ရာခိုင်နှုန်းကို အပြီးအပိုင်ဝယ်ယူလိုက်တဲ့ သဘောသာဖြစ်ပြီး၊ ကျသင့်ငွေ (၆၂၅) သိန်းကို နိုင်ငံခြားငွေနဲ့တွက်ပြီး ပေးခဲ့ရပါတယ်။ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးကိစ္စတွေကိုတော့၊ ဗလက၊ တလက၊ နလက၊ ရလက ဆိုတာများ ဖွဲ့စည်းပြီး အုပ်ချုပ်ပါတယ်။ စစ်ဗိုလ်ကြီးငယ်ရွယ်လတ်မျိုးစုံဟာ အဲဒီ ဗလက၊ တလက၊ နလက တွေရဲ့ ဥက္ကဋ္ဌကြီးတွေအဖြစ် ထမ်းဆောင်ခဲ့ကြပါတယ်။ အုပ်ချုပ်ရေးယန္တယားကြီးတခုလုံးဟာ စစ်ဗိုလ်တွေရဲ့ခြေ၊ စစ်ဗိုလ်တွေရဲ့လက် ဖြစ်ခဲ့ပါတယ်။ စစ်ဗိုလ်တွေထင်သလို မင်းမူစိုးမိုးရာ အုပ်ချုပ်ရေးဖြစ်ခဲ့ပါတယ်။ အရပ်သားအမှုထမ်း အရာထမ်းမှန်သမျှဟာ စစ်ဗိုလ်တွေခိုင်းရာ လုပ်ပေးရတဲ့ စစ်ဗိုလ်တွေရဲ့ ဖိနပ်အောက်ကသာဖြစ်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရဟာ စစ်အစိုးရဖြစ်တဲ့အတိုင်း စစ်တပ်ရဲ့အခန်းကို အလေးထားတွက်ချက်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် ရတနာပုံရေတပ်စခန်းမှာ ၁၉၆၂ ခုနှစ်၊ မေလ (၂) ရက်နေ့မှာကျင်းပတဲ့ (၁၁) ကြိမ်မြောက်တပ်မှူးများညီလာခံမှာ “တော်လှန်ရေးကောင်စီရဲ့ ကျောထောက်နောက်ခံဖြစ်တဲ့ တပ်မတော်ကြီး တစည်းတလုံးထဲရှိနေတဲ့အတွက် ဘယ်အန္တရာယ်မှ စိုးရိမ်စရာမရှိတော့ပါ” လို့ ဘန်းတင်ပြောဆိုပါတယ်။ ကိုယ်တိုင်လည်း စစ်ဝါဒီတွေ စစ်ဗိုလ်တွေဖြစ်တဲ့အတွက် စစ်တပ်၏ အင်အားသည်သာ တကဲ့အင်အား၊ လက်နက်ကိုင်အင်အားတွေသည်သာ တကဲ့အဆုံးအဖြတ် လက်နက်ကိုင်စစ်တပ်ကြီး ခိုင်ခိုင်မာမာရှိနေရင် ဘာမဆိုအောင်မြင်စွာကျော်လွှားလို့ရတယ်လို့ ယူဆယုံကြည်ထားကြပါတယ်။ ဒါကြောင့် ရှိနှင့်ထားပြီး စစ်တပ်ကြီးကိုလည်း တစည်းတရုံးတည်းရှိအောင် ကြီးသထက်ကြီးအောင် အဆက်မပြတ် တိုးချဲ့တာတွေ လုပ်ခဲ့ပါတယ်။ ၆၂ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှာ ပြည်ထောင်စုစစ်ရဲဌာနချုပ်နဲ့ စစ်ရဲတပ်ရင်းတွေကို ဖျက်သိမ်းပြီး ခြေလျင်တပ်ရင်းတွေအဖြစ် ပြောင်းလဲဖွဲ့စည်းပါတယ်။ အမှတ် (၃၂) ကနေ (၅၈) အထိ ခြေလျင်တပ်ရင်း (၂၇) ရင်းဟာ စစ်ရဲတပ်ဖွဲ့တွေကနေ ပြောင်းလဲဖွဲ့စည်း ပေါ်ပေါက်လာခဲ့တဲ့ ခြေလျင်တပ်ရင်းသစ်တွေဖြစ်ပါတယ်။ စစ်ရဲကို စစ်တပ်အတွင်း သွတ်သွင်းပြီး ဘဝပြောင်းယူလိုက်တာဖြစ်ပါတယ်။

စစ်အစိုးရဟာ တဖက်က ဆိုရှယ်လစ်အသံပေးပြီး၊ ဥပဒေတွင်း ဥပဒေပ ပြည်သူ့ဒီမိုကရေစီအင်အားစုတွေကို ဖျားယောင်းချော့မြူနေပေမယ့်၊ တခြားတဖက်က စစ်ရေးအရ အရေးယူဆောင်ရွက်နေမှုတွေကိုတော့ နည်းနည်းလေးမှ လျှော့ချမပစ်ခဲ့ပါ။ စစ်အစိုးရပီပီ စစ်ကို အလေးထားတွက်ချက်ပြီး စစ်ဆင်ရေးကြီးပေါင်းမြောက်များစွာကို အဆက်မပြတ် ဆင်နွှဲမြဲ ဆင်နွှဲနေခဲ့ကြပါတယ်။ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတွင်းရှိ ဗကပ ၊ အလံနီ၊ ကေပီအယ်အော၊ ကေအင်ဒီအို တို့အပေါ် စစ်ဆင်ရေးကြီးတွေ တခုပြီးတခု ဆင်နွှဲခဲ့သလို၊ ကရင်ပြည်နယ်ရှိ ကေအဲန်ယူနဲ့ ကေအင်ဒီအိုများ၊ ရှမ်းပြည်နယ်အတွင်းရှိ အက်စ်အက်စ်အေ နဲ့ ကေအိုင်အေများ၊ ကချင်ပြည်နယ်အတွင်းရှိ အေအိုင်အေများအပေါ်လည်း စစ်ဆင်ရေးကြီးတွေချမှတ်ပြီး အဆက်မပြတ် ထိုးစစ်ဆင်ခဲ့ပါတယ်။ ပဲခူးတိုင်း နဲ့ ဧရာဝတီတိုင်း အတွင်း လုပ်ခဲ့တဲ့ စစ်ဆင်ရေးတွေကတော့ ဟေမန်ဦး၊ အေရာ၊ အောင်နိုင်၊ အောင်မြေ၊ သီတာ (၁–၂–၃)၊ ဝရဇိန်၊ သိန်း၊ ဗလ၊ မြပုခက် ဆိုတာတွေဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာတော့ အောင်သူ၊ ခြသေ့်၊ မာလာ စတဲ့ စစ်ဆင်ရေးတွေဖော်ခဲ့ပြီး ရှမ်းပြည်နယ်မှာတော့ ဆင်ကျား၊ အောင်ဇေယျ၊ သတိုး၊ နေသူရိန်၊ သဇင်၊ မိုးကြိုး၊ မိုးသီး စတဲ့ စစ်ဆင်ရေးတွေ လုပ်ခဲ့ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ မုဆိုး၊ အောင်လံတော် စတဲ့ စစ်ဆင်ရေး၊ တနင်္သာရီတိုင်းနဲ့ ရခိုင်တိုင်းအတွင်းမှာလည်း စစ်ဆင်ရေးတွေ မွှေခဲ့ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများရဲ့ အနေအထားကတော့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ စစ်အစိုးရကို ခြေမှုန်းဖယ်ရှားနိုင်တဲ့အဆင့်အထိ

စစ်ရေးအရနိုင်ငံရေးအရ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိကြပါ။ ၄၉ ခုနှစ်တုန်းက ဖဆပလ ကို ရန်ကုန်အစိုးရ ဖြစ်အောင် ထိုးစစ်ဆင် တိုက်ခိုက်နိုင်ပြီးတဲ့နောက်ပိုင်း၊ ဖဆပလအစိုးရ အကြိမ်ကြိမ် နိုင်ငံရေးအကြပ်အတည်း ကြုံတွေ့ခဲ့ရတာတောင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများက အောင်ပွဲဆင်နိုင်ခြင်းမရှိခဲ့ပါ။ အာဏာရ ပါလီမန်ဒီမိုကရေစီအင်အားစုများနဲ့ အဲဒီ ပါလီမန်ဒီမိုကရေစီအင်အားစုတွေကို တုန့်ပြန်တိုက်ပွဲဆင်နေကြ တဲ့ ပြည်သူ့ဒီမိုကရေစီအင်အားစုတွေကြား၊ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တတိယအင်အားစု (လက် နက်ကိုင်စစ်တပ်အင်အားစု) သာ ထိုးထွက်ဖြစ်ပေါ်လာခဲ့ပြီး စစ်တပ်ကအာဏာသိမ်းသွားတာ ကြုံခဲ့ရပါတယ်။ အာဏာရဖောက်ပြန်တဲ့ အစိုးရအဆက်ဆက်ရဲ့ မှားယွင်းတဲ့ ပေါ်လစီအရပ်ရပ်အောက် လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေအပေါ်သာ အပြုတ်တိုက်ရေး လုပ်ဆောင်မှုအောက် တဖြည်းဖြည်းကြီးထွားချင် သလို ကြီးထွားခွင့်ရလာတဲ့ စစ်တပ်အင်အားစုကြီးကို သူထက်ငါ အပြိုင်အဆိုင် မျက်နှာချိုသွေးပြီး ချော့မြှူ ရေးပေါ်လစီကို ကျင့်သုံးခဲ့ကြတဲ့အောက်မှာ၊ အာဏာကို စစ်တပ်က အပြီးအပိုင် သိမ်းပိုက်သွားနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဆမတန်ကြီးမားလာတဲ့ စစ်တပ်ကြီးရဲ့ သောင်းကျန်းသူအပြုတ်တိုက်ရေး စစ်ဆင်ရေးကြီး တွေအောက်မှာ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ဟာ စစ်ရေးဆိုင်ရာအကျပ်အတည်း အခက် အခဲပေါင်းစုံ ကြုံတွေ့ရင်ဆိုင်ခဲ့ရသလို၊ ဖဆပလ အစိုးရရဲ့ ငြိမ်းချမ်းရေးမှိုင်းတိုက်မှုတွေအောက်မှာ ထိခိုက်နစ် နာမှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။ 'လက်နက်နဲ့ဒီမိုကရေစီလဲလှယ်ရေး' 'သင်ပုန်းချေလွတ်ငြိမ်းခွင့်အမိန့်' ဆိုတဲ့၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးခြေလှမ်းမှန်မဟုတ်တဲ့ မှိုင်းလုံးတွေကြားထဲမှာ အဖွဲ့အစည်းလိုက် ဥပဒေဘောင်အတွင်း ဝင်ရောက်သွားမှုတွေ၊ အုံလိုက်ကျင်းလိုက် လက်နက်စွန့်သွားမှုတွေ၊ တဦးချင်းအလိုက် လက်နက်စွန့်သွားမှု တွေ မြေပေါ်တက်သွားမှုတွေပေါပေါက်ခဲ့ရပြီး၊ တော်လှန်ရေးလက်နက်ကိုင်အင်အားစုတွေအတွင်းမှာ အယူ အဆရေး ရှုပ်ထွေးမှုတွေပါ ဖြစ်ပေါ်လာခဲ့ပါတယ်။ ၅၇–၅၈ ခုနှစ်အတွင်းမှာ မွန်ပြည်သူ့တပ်ဦး၊ ပြည်သူ့ရဲ ဘော်၊ ရခိုင်ဦးစိန္တာအဖွဲ့၊ ဘုံပေါက်သာကျော်အဖွဲ့တွေ လက်နက်စွန့်သွားကြပါတယ်။ အဖွဲ့အစည်းအသီး သီးက တဦးချင်း လက်နက်ကိုင်လမ်းစဉ်စွန့်သွားသူတွေဟာ ဗဟိုကော်မတီဝင်၊ တိုင်းကောင်မတီဝင် အဆင့်ကနေ အောက်ခြေ တပ်သားအထိ အမျိုးမျိုးအစားစားရှိခဲ့ပါတယ်။

၆၂ ခုနှစ်၊ စစ်အာဏာသိမ်းပြီးတဲ့အခါမှာလည်း တော်လှန်ရေးကောင်စီရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ရယူသွားသူတွေပေါပေါက်ခဲ့ပါတယ်။ ၅၈ ခုနှစ်ဝန်းကျင်ကလို အစုလိုက်အပြုံလိုက်တော့ မတွေ့ရ သေးပါ။ ဒါပေမယ့် ၅၇–၅၈ လောက်ကစပြီး တောက်လျှောက်အကြပ်အတည်းတွေ ကြုံခဲ့ရ၊ အိမ်စောင့် အစိုးရဆိုတဲ့ စစ်အစိုးရရဲ့ အပြင်းအထန် ထိုးစစ်တွေကိုလည်း ရင်ဆိုင်တိုက်ပွဲဆင်ရင်းနဲ့ ကြွံကြွံခံရပ်ခဲ့ကြရတဲ့ တော်လှန်ရေးအင်အားစုများဟာ ကိုယ်အတွင်းပြဿနာများနဲ့ကိုယ် ဖြစ်နေကြရ၊ ရုန်းကန်လှုပ်ရှားနေ ခဲ့ကြရပါတယ်။ ပါလီမန်ဒီမိုကရေစီအစိုးရအဆက်ဆက်နဲ့ ထိပ်တိုက်ရင်ဆိုင် တုန့်ပြန်ဆင်နွှဲလာခဲ့ရတဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်လေသံ ပေးတက်လာတဲ့ တော်လှန်ရေးကောင်စီအစိုးရသစ်ဆိုတာနဲ့ ကြုံတွေလာရတဲ့အခါ၊ တစုံတရာအပြောင်း အလဲများဖြစ်ပေါ်လာမလားဆိုပြီး ဂရုတစိုက်စောင့်ကြည့်နေခဲ့ကြပါတယ်။ ပါလီမန်ဒီမိုကရေစီအစိုးရ အောက်က ဆိုးဝါးခဲ့မှု ချွတ်ယွင်းခဲ့မှု မညီမမျှ ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့မှုတွေကို တွင်တွင် ထုတ်ဖော်တိုက် ခိုက်ပြောဆိုနေတဲ့ စစ်အစိုးရမှာ လက်ခံနိုင်စရာကောင်းမွန်မှုလေးတွေများဖော်ပြလာမလား၊ အနိမ့်ဆုံး ပါလီမန်ဒီမိုကရေစီအစိုးရနဲ့ မတူအောင်ဆောင်ရွက်ရင်း အကျိုးသက်ရောက်မှုကောင်းနိုင်တဲ့ အလားအလာ ကောင်းများဆီ ဦးတည်ရွေ့လျားလာလေမလားဆိုတာ အကဲခတ်ကြည့်ခဲ့ကြပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရသစ်ရဲ့ လူတန်းစားလက္ခဏာကို သုံးသပ်ကြည့်ကြတာ၊ ဗမာပြည် လက်တွေ့နိုင်ငံရေးလမ်းကြောင်း

ရဲ့ ဦးတည်ရာကို ခန့်မှန်းအကဲခတ်ကြည့်ကြတာ၊ ဗမာပြည်တော်လှန်ရေးအတွက် ကျင့်သုံးကိုင်စွဲသင့်တဲ့ မူဝါဒပေါ်လစီတွေနဲ့ လမ်းစဉ်ဆိုင်ရာပြဿနာတွေကိုလည်း ဆွေးနွေးညှိနှိုင်းပြင်ဆင်ကြတာတွေ အဖွဲ့အစည်း အသီးသီးအတွင်းမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရရဲ့ လူတန်းစားလက္ခဏာဟာ လက်ဝေခံနေရှင်လူတန်းစာလား၊ အမျိုးသားနေရှင်လား၊ ဘယ်လိုလဲဆိုတာတွေလည်း ဆွေးနွေးသုံးသပ်ကြ တာတွေ သဘာဝကျစွာ ပေါ်ပေါက်လာခဲ့ပါတယ်။ အဖွဲ့အစည်းအသီးသီးရဲ့ ချထားခဲ့ကြ ကိုင်စွဲခဲ့ကြတဲ့ နိုင်ငံရေးဆိုင်ရာ စစ်ရေးဆိုင်ရာ ပါတီတည်ဆောက်ရေးဆိုင်ရာကိစ္စတွေကို လေးလေးနက်နက်သုံးသပ်ကြရင်း၊ တော်လှန်ရေးဒီရေအနိမ့်အမြင့် အတက်အကျ အလှည့်အပြောင်းတွေပါ ခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်သုံးသပ်တာ တွေဖြစ်ပေါ်လာခဲ့ပါတယ်။ အထူးသဖြင့် ၅၈ ခုနှစ်နောက်ပိုင်း လက်တွေ့ ကြုံတွေ့ဖြတ်သန်းလာရတဲ့ တော်လှန်ရေးလက်တွေ့ဘဝတွေအပေါ် အဖွဲ့အစည်းတွေရဲ့ တည်ရှိနေတဲ့ မျက်မှောက်ပကတိအနေအထားမှန် တွေအပေါ် သုံးသပ်ကြ ညှိနှိုင်းကြ၊ ပြင်ဆင်ကြ ဝေဖန်ကြတာတွေကို အခြေအနေပေးသလောက် အရင်က လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးပေမယ့် ၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရသစ် တက်လာပြီးတဲ့အခါ၊ လိုအပ်ချက်အရကို မလုပ်မဖြစ် လုပ်ကိုင်ဆောင်ရွက်လာခဲ့ရမှုတွေ ပိုမိုများပြားလာခဲ့ပါတယ်။ အဖွဲ့အစည်း အတွင်းမှာ လမ်းစဉ်နှစ်ရပ် အယူအဆနှစ်ရပ် အတွေးခေါ်နှစ်ရပ်တိုက်ပွဲတွေ ပါတီတွင်းတိုက်ပွဲအဖြစ် တည်ရှိ နေခဲ့ကြပါတယ်။ အချို့ပါတီအဖွဲ့အစည်းတွေဆိုရင် နှစ်ခြမ်းသဘော နှစ်ဖွဲ့သဘောမျိုးဖြစ်တည်နေကြ လှုပ်ရှားနေကြတာတွေတောင် ပေါ်ပေါက်နေခဲ့ပါတယ်။

အစဉ်အလာကြီး နိုင်ငံရေးပါတီတခုဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာလည်း အတွေး အခေါ် တိုက်ပွဲတွေရှိနေခဲ့ပါတယ်။ ကိုင်စွဲလာခဲတဲ့ ၅၅ လမ်းစဉ်အပေါ် ပြန်လည်သုံးသပ်လာကြတာ၊ ပြုပြင် ပြောင်းလဲဖို့ စဉ်းစားလာကြတာတွေ ရှိလာပါတယ်။ ၅၅ လမ်းစဉ်နဲ့ အလုပ်မဖြစ်နိုင်တော့တဲ့အခြေအနေ တွေ၊ အခြေအနေနဲ့ အချိန်အခါ မကိုက်ညီနိုင်တော့တာတွေ လက်တွေ့ကြုံတွေ့လာခဲ့ကြရပြီဖြစ်ပါတယ်။ ၅၅ လမ်းစဉ်အောက်မှာ "စစ်ရေးချိုနိုင်ငံရေးပို" လုပ်ဆောင်ခဲ့ကြပြီး၊ ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမား လွှင့်ထူခဲ့ပေမယ့်၊ တော်လှန်ရေးဒီရေ တက်မလာတာအပေါ် ပြန်လည်စဉ်းစား သုံးသပ်နေကြပြီ ဖြစ်ပါတယ်။ အုပ်စိုးသူအစိုးရကိုယ်တိုင် အပြောင်းအလဲဖြစ်နေပြီဖြစ်တဲ့အတွက် ဖဆပလ အစိုးရလက်ထက်တုန်းက ချမှတ်ထားခဲ့တဲ့ လမ်းစဉ်ပေါ်လစီကို ပြန်လည်သုံးသပ်ဖို့လိုရုံတင်မက၊ လမ်းစဉ်အသစ်တခုချနိုင်ဖို့ပါ လိုအပ် နေပြီလို့ သုံးသပ်လာကြပါတယ်။ ပါတီတရပ်လုံးအနေနဲ့ ရပ်တည်ချက်ဆိုင်ရာအမှားမျိုး ဘယ်တုန်းကမှ မကျူးလွန်ဘူးပေမယ့်၊ ပြောင်းလဲလာနေတဲ့ နိုင်ငံတကာ့အခြေအနေ ပြည်တွင်းအခြေအနေတွေနဲ့ ကိုက်ညီ မယ့် နိုင်ငံရေလမ်းစဉ်အသစ်တရပ်ကို ချမှတ်နိုင်ဖို့ လိုအပ်လာပြီလို့ တွက်ဆလာခဲ့ပါတယ်။

လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေထဲမှာ အင်အားအကြီးဆုံးဖြစ်တဲ့ အေအဲန်ယူ အဖွဲ့ကြီးရဲ့ အနေအထားကိုကြည့်မယ်ဆိုရင်လည်း အုပ်စိုးသူအစိုးရကို ကြံ့ကြံ့ခံ ယှဉ်ပြိုင်အန်တု တိုက်ခိုက် တိုက်ပွဲဆင်နေပေမယ့်၊ ပါတီတွင်းစည်းရုံးညီညွတ်မှုဟာ ပြိုကွဲနေပါတယ်။ လမ်းစဉ်နှစ်ရပ် အတွေးအခေါ်အယူ အဆနှစ်ရပ် တိုက်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်နေခဲ့ပြီး တစည်းတလုံးထဲသောအသွင် ပျက်ယွင်းနေခဲ့ပါ တယ်။ အဓိကအားဖြင့် မန်းဘဇံ ခေါင်းဆောင်တဲ့အုပ်စုနဲ့ စောဟန်တာသာမွေး ခေါင်းဆောင်တဲ့အုပ်စုဆိုပြီး ကွဲနေပါတယ်။ မန်းဘဇံခေါင်းဆောင်တဲ့ အေအန်ယူတပ်ဦးဟာ လူတန်းစားလေးရပ်ကို ထိထိရောက်ရောက် အကျိုးပြုရမယ်ဆိုတဲ့ လမ်းစဉ်ကို တရားဝင်အတည်ပြုပြီး ကိုင်စွဲရပ်တည်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟာ ဘုံရန်သူ အုပ်စိုးသူအစိုးရကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ အတွက် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုတွေကို ညီညီညွတ်ညွတ် ပူပေါင်းဆောင်ရွက်နိုင်ဖို့အတွက်

ညီညွတ်ရေးတပ်ဦး ညီညွတ်ရေးတပ်ပေါင်းစုဆိုတာတွေကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတဲ့အတွက် တော်လှန်ရေးကောင်စီ တက်လာတဲ့အချိန်ထိ ထင်ထင်ရှားရှား တည်ရှိနေကြတဲ့ အဖွဲ့အစည်းတွေကတော့၊ အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (မဒညတ)၊ ဒီမိုကရက်တစ်လူမျိုးစုများ ညီညွတ်ရေးတပ်ဦး (ဒလညတ)၊ လူမျိုးစုများလွတ်မြောက်ရေးမဟာမိတ်အဖွဲ့ (လလမဖ) တို့ဖြစ်ကြပါတယ်။

မဒညတ ကို ၁၉၅၉ ခုနှစ်၊ မေလကတည်းက ဖာပွန်မြို့နယ် (မဲဝိုင်) မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး၊ ဖွဲ့စက ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအန်ယူပါတီနဲ့ မွန်ပြည်သစ်ပါတီ တို့ပါဝင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနဲ့ ချင်းဦးစီးအဖွဲ့တို့ ပါဝင်လာတဲ့အတွက် အဖွဲ့အစည်း (၅) ခု ပါဝင်တဲ့ တပ်ပေါင်းစုဖြစ်ပါတယ်။ (ဒလညတ) ဆိုတဲ့ ဒီမိုကရက်တစ်လူမျိုးစုညီညွတ်ရေးတပ်ဦးကတော့ လူမျိုးစုအဖွဲ့ အစည်း လေးခုနဲ့ပဲ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ကေအဲန်ယူ၊ ကေအင်ပီပီ၊ ပီအဲင်အိုနဲ့ မွန်ပြည်သူ့တပ်ဦးတို့ ပါဝင်ခဲ့ပါတယ်။ ၁၉၅၉ ခု၊ ဧပြီလကတည်းက ပူးပေါင်းဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ လူမျိုးစုများလွတ်မြောက်ရေး မဟာမိတ်အဖွဲ့ (လလမဖ) ကတော့ ကရင်၊ ကရင်နီနဲ့ ရှမ်းလက်နက်ကိုင်သုံးဖွဲ့ ပေါင်းဖွဲ့ခဲ့တာဖြစ်ပါတယ်။ ရှမ်းအဖွဲ့ကတော့ စဝ်န္တဲ့ခေါင်ဆောင်တဲ့ နွံစစ်ဟန် ခေါင်းဆောင်တဲ့အဖွဲ့ဖြစ်ပါတယ်။ တပ်ပေါင်းစုအဖွဲ့ မဟာ မိတ်အဖွဲ့တွေထဲမှာ (မဒညတ) ဟာ အထင်ရှားဆုံး အပေါ်လွင်ဆုံး ဖြစ်ခဲ့ပါတယ်။ လူမျိုးစုတော်တော်များ များဟာ အုပ်စိုးသူအစိုးရကို လက်နက်စွဲကိုင် တော်လှန်တိုက်ခိုက်နေတာမှန်ပေမယ့် လက်နက်ကိုင်တော် လှန်ရေးအင်အားစုကြီးတခုလုံးဟာ တစည်းတလုံးတည်း စုစုစည်းစည်း ညီညီညွတ်ညွတ် တပ်ပေါင်းစုကြီး အဖြစ် အောင်မြင်စွာတည်ဆောက်နိုင်ခြင်း မရှိသေးသလို၊ မတူကွဲပြားတဲ့အမြင်၊ မတူခြားနားတဲ့ ရပ်တည် ချက်တွေနဲ့ မတူကွဲပြားတဲ့ လမ်းစဉ်ပေါ်လစီတွေကို ချမှတ်ထားကြရင်း၊ ကွဲလွဲမှုကွာဟမှု ပေါင်းစည်းမရမှု တွေဟာ ဆက်လက်တည်ရှိနေကြဆဲဖြစ်ပါတယ်။

တချို့အဖွဲ့အစည်းတွေအတွင်းမှာ အယူအဆ အတွေးအခေါ်တွေ ကွဲလွဲနေပေမယ့် အဖွဲ့အစည်း ဟာ နှစ်ခြမ်း နှစ်မွှာမဖြစ်ပဲ တစည်းတလုံးတည်း ရပ်တည်နေနိုင်တဲ့ အဖွဲ့တွေရှိသလို၊ နှစ်ဖွဲ့သဖွယ် သုံးဖွဲ့ သဖွယ် ဖြစ်သွားကြတဲ့ အဖွဲ့တွေလည်း ရှိနေခဲ့ပါတယ်။ အစိတ်စိတ်အမွှာမွှာကွဲသွားပြီး နာမည်ပေါင်းစုံနဲ့ အဖွဲ့ပေါင်းမြောက်များစွာ ပေါ်ထွက်လာတာမျိုးတွေလည်း ရှိနေပါတယ်။ ဘာပဲဖြစ်ဖြစ် ပေါင်းရုံးကြည့်လိုက် မယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ နဲ့ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးပါတီ တွေ ဆက်လက်တည်ရှိနေကြပြီး၊ နိုင်ငံရေးပါတီတွေထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အကြီးဆုံး အပေါ် လွင်ဆုံးဖြစ်ကာ၊ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းတွေထဲမှာ ကေအဲန်ယူဟာ အကြီးဆုံး အပေါ်လွင်ဆုံးဖြစ် ခဲ့ပါတယ်။

ဖဆပလအစိုးရလက်ထက်တုန်းက မြေပေါ်ကွန်မြူနစ်တွေလို့ စွပ်စွဲခြင်းခံရတဲ့၊ အသွင်အမျိုးမျိုးနဲ့ လက်ဝဲဝါဒကို သက်ဝင်ယုံကြည်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ပေါင်း မြောက်များစွာပါဝင်တဲ့၊ တိုးတက်တဲ့ အတိုက်အခံ နိုင်ငံရေးတပ်ပေါင်းစုကြီးသဘောမျိုး ရပ်တည်လှုပ်ရှားခဲ့တဲ့ ဥပဒေဘောင်အတွင်းက 'ပမညတ' တပ်ပေါင်းစု ကြီးဟာလည်း ဝါးအစည်းပြေသလို ပြေစပြုခဲ့ပြီဖြစ်ပါတယ်။ ဆိုရှယ်နီများက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖက် ပြောင်းသူပြောင်း၊ ကူးသူကူး၊ ထောက်ခံသူထောက်ခံ ဖြစ်နေကြချိန်မှာ မထောက်ခံသူတွေ ဆန့်ကျင်သူ တွေကလည်း ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် ဖြစ်လာကြပြီး၊ ပမညတ ကြီးရဲ့ သွေးစည်းညီညွတ်မှုဟာ သိသိ သာသာ ပြိုကွဲနေပြီဖြစ်ပါတယ်။

အာဏာရဖြစ်ခဲ့ဖူးတဲ့ 'ဖဆပလ' နဲ့ နောက်ဆုံးအာဏာရဖြစ်ခဲ့တဲ့ 'ပထစ' ကတော့၊ ဆိုင်းဘုတ် သာကျန်နေတော့တဲ့ အဖွဲ့အစည်းကြီး (၂) ခုသဖွယ်ဖြစ်နေပြီး၊ တော်လှန်ရေးကောင်စီလုပ်သမျှ ထိုင်ကြည့်

နေရတဲ့အသွင် ပိုပြီးပေါ်လွင်လာခဲ့ပါတယ်။

အောင်မြင်စွာအာဏာသိမ်းလာခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ စစ်အစိုးရဟာ တနှစ်ကြာ အာဏာကို ဆက်လက်ထိန်းသိမ်းလာနိုင်ခဲ့ပြီး၊ နှစ်ပေါင်းမြောက်များစွာ အာဏာနဲ့ ဆက်မှိန်းနေနိုင်ရေး အတွက်သာ ဆက်လက်လုံးပမ်းရတော့မယ့်အနေအထားဖြစ်ပါတယ်။ ဗမာပြည်စစ်တပ်အာဏာသိမ်းမှုကို ဘယ်အရှေ့ အုပ်စုနိုင်ငံကမှ မရှုတ်ချခဲ့သလို၊ ဘယ်အနောက်အုပ်စုနိုင်ငံကမှလည်း အရေးယူ ကန့်ကွက် ဆန့်ကျင်ပြောဆိုခဲ့မှု မရှိပါ။

အရှေ့အုပ်စုရော အနောက်အုပ်စုပါ ကိုယ့်အကျိုးကို ဗဟိုပြုပြီး အိမ်နီးချင်းမပျက် အစိုးရချင်းဆက်ဆံ ရေးကို ဆက်လက် ထူထောင်လုပ်ကိုင်သွားကြသလို တော်လှန်ရေးကောင်စီ စစ်အစိုးရကလည်း ဒီအုပ်စုကြီး (၂) ခုကြားမှာ ခွတုပ်ပေါ်လစီကို ပိုင်ပိုင်နိုင်နိုင် အသုံးချရင်း၊ ဘက်မလိုက်နိုင်ငံခြားရေးဝါဒ၊ ကြားနေရေး နိုင်ငံခြားရေးဝါဒကို ဆက်လက် အကောင်အထည်ဖော် ဟစ်ကြွေးခဲ့ပါတယ်။

မာ့က်စ်လီနင်ဝါဒ လေ့လာရေးအဖွဲ့ ဖွဲ့မယ်၊ မာ့က်စ်–လီနင် ဝါဒ ပျံ့ပွားအောင်လုပ်မယ်လို့ အချက် တချက်အဖြစ် ထည့်သွင်းဖော်ပြမိလို့ လက်ဝဲညီညွတ်ရေးမူ၊ န–မူ (၁၅) ချက်ဆိုတာ ကြေညာမိစဉ်က၊ ဗမာပြည်ရဲ့ လက်ရှိဖြစ်ပေါ်လာမှုတွေအရ၊ ဗမာပြည်အပေါ်ထားတဲ့ ဗြိတိသျှရဲ့ သဘောထားတွေကို ပြန် လည်ပြောင်းလဲရလိမ့်မယ်၊ ဗမာပြည်ဆိုင်ရာဗြိတိသျှရဲ့ နိုင်ငံခြားရေးပေါ်လစီတွေကို အသစ်တဖန် ပြန်လည် ချမှတ်ရလိမ့်မယ်လို့ ချက်ချင်းတုန့်ပြန်ခဲ့ဖူးတဲ့ ဗမာပြည်ရဲ့ ကိုလိုနီအရှင်ဟောင်းကြီး ဗြိတိသျှကလည်း ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အာဏာသိမ်းမှုနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ကြွေးကြော်သံအပေါ်တော့ တခွန်းတ ပါဒမှ မပြောဆိုပဲ ရေငုံနှုတ်ပိတ်လုပ်နေခဲ့ပါတယ်။ ကမ္ဘာ့ပုလိပ်ကြီးလို့ နာမည်ကျော်ကြားနေပြီဖြစ်တဲ့ အမေရိကန်ကြီးကလည်း လူကြီးလူကောင်းဂိုက်အပြည့်နဲ့ 'ဒါ ဗမာပြည်ရဲ့ ပြည်တွင်းရေး၊ စွက်ဖက်စရာ အကြောင်းမရှိ' ဆိုတဲ့ဟန်နဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တော်လှန်ရေးကောင်စီအစိုးရကို မိတ်ဝတ်မပျက် ဆက် လက်ဆက်ဆံပျူငှါခဲ့ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရက တက္ကသိုလ်ကျောင်းသားများကို ရာချီ အသေသတ်နှိပ်ကွပ်ပြခဲ့ တာကိုလည်း ဘယ်နိုင်ငံကမှ သဘောထား ထုတ်ဖော်ကန့်ကွက်ခဲ့ကြခြင်းမရှိပါ။ ဗိုလ်ချုပ်ကြီးနေဝင်းဟာ သူလုပ်ချင်ရာတွေကို ဆက်လက်လုပ်ကိုင်နိုင်ဖို့ ပြည်တွင်းပြည်ပ အခွင့်ကောင်းအခါကောင်း၊ အခြေအနေ ကောင်းတွေ ဆက်လက်ရရှိခဲ့ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲမှာဖြစ်ပြီး တောင်သူလယ်သမားနဲ့ အလုပ်သမားဟာ အခြေခံလူတန်းစားကြီး (၂) ရပ်လို့ ပြောဆို ထားပြီးပြီဖြစ်တဲ့အတွက် တောင်သူလယ်သမားများအတွက် 'တောင်သူလယ်သမားအခွင့်အရေးများကို ကာကွယ်သည့်ဥပဒေ' နဲ့ 'သီးစားချထားရေးဥပဒေ' ဆိုတာကိုလည်း ၁၉၆၃ ခုနှစ်ထဲမှာပဲ ထုတ်ပြန်ပြဌာန်း လိုက်ပါတယ်။ လယ်သမားတွေရဲ့ ထောက်ခံမှုကို ရရှိအောင် ၁၉၆၃ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ အမတော် ကြေး ချေးငွေအဖြစ် ကျပ်ငွေကုဋေ (၇၀) ကျော် ထုတ်ချေးပေးလိုက်ပါတယ်။ ဘဏ်တွေကို ပြည်သူပိုင်သိမ်းရာ က ရရှိလိုက်တဲ့ငွေတွေနဲ့ ထုတ်ချေးပေးခဲ့တာဖြစ်ပါတယ်။

# ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများနဲ့ နိုင်ငံရေးအင်အားစုများရဲ့အသံ၊ တော်လှန်ကောင်စီရဲ့သဘောထားအမှန်

၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့မှာ တော်လှန်ရေးကောင်စီက "ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်" ဆိုတာကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်လို့ ထိပ်စည်းတင်ပြီး အချက် (၆) ချက်ပါ ကြေညာချက်ကို ရေဒီယိုကနေ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

"တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းကို လှိုက်လှဲစွာ လိုလားတောင့်တလျက်ရှိသည့်အလျောက် ပြည်ထောင်စုအတွင်း၌ နိုင်ငံရေးအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း၊ လက်နက်ကိုင်တိုက်ခိုက်နေကြသော တောတွင်းအဖွဲ့အစည်းများအားလုံးသို့ ပြည်တွင်းငြိမ်းချမ်းရေးကို လက်တွေ့တည်ဆောက်ရန်အတွက် အောက်ပါကမ်းလှမ်းချက်တရပ်ကို ထုတ်ပြန်လိုက်ပါသည်။" လို့ အစချီပြီး တွေ့ဆုံဆွေးနွေးရေးအတွက် ကမ်းလှမ်းချက်ကို တပြည်လုံးသိအောင် ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားဘဲ တွေ့ဆုံဆွေးနွေးကြရန်နဲ့ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများနဲ့မဆို တော်လှန်ရေးကောင်စီက အသင့်ရှိကြောင်းလို့လည်း ဖော်ပြထားပါတယ်။ တွေ့ဆုံဆွေးနွေးရန်အတွက် တောတွင်းအဖွဲ့အစည်းများက ကိုယ်စားလှယ်များရဲ့ အသွားအပြန်ခရီးတလျောက် လုံခြုံရေးကို တာဝန်ယူမယ့်အပြင်၊ ဆွေးနွေးပွဲမအောင်မြင်လို့ တောတွင်းပြန်လိုကြရင် သွားလိုရာဒေသအထိ လိုက်ပို့ပေးရေးနဲ့ (၃) ရက်အတွင်း ဖမ်းဆီးတိုက်ခိုက်ခြင်း လုံးဝလုပ်မှာမဟုတ်ကြောင်းကိုလည်း ဖော်ပြထားပါတယ်။ အဲဒီနေ့မှာပဲ တဆက်တည်း ထုတ်ပြန်ကြေညာတာကတော့ 'ဆုငွေများ ရုတ်သိမ်းခြင်း' ဆိုတဲ့ ကြေညာချက်ဖြစ်ပါတယ်။

တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များကို အသေသတ်ပစ်ရေး ဖမ်းဆီးပေးရေးအတွက် အာဏာရအစိုးရက ပြောင်ပြောင်တင်းတင်း ထုတ်ပြန်ထားရှိခဲ့တဲ့ ဆုငွေကြေညာချက်တွေကို တရားဝင် ပြန်လည်ရုတ်သိမ်းပေးလိုက်တဲ့သဘောဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးအတွက် အဟန့်အတားဖြစ်နေနိုင်တယ်လို့ ယူဆတဲ့အတွက် ဆုငွေထုတ်ပြန်ထားခဲ့တာတွေကို ပြန်လည်ရုတ်သိမ်းပေးခဲ့တာလို့ ဆိုပါတယ်။ ပြန်လည် ရုတ်သိမ်းပေးလိုက်တယ်ဆိုတဲ့ ကြေညာချက်တွေကတော့ (၁၊ ၁၀၊ ၁၉၅၆)နေ့ နေ့စွဲပါ ပြည်ထဲရေးဌာနမှ ထုတ်ပြန်ထားခဲ့တဲ့ ဆုတော်ငွေကြေညာချက်အမှတ် (၁) နဲ့ (၂၃၊ ၅၊ ၁၉၆၁) ရက်နေ့ နေ့စွဲပါ ပြည်ထဲရေးဌာနရဲ့ ဘဏ္ဍာရေးညွှန်ကြားလွှာအမှတ် (၂) တို့ဖြစ်ပါတယ်။ ဆုတော်ငွေကြေညာချက်အမှတ် (၁) ဆိုတာက၊ ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းကို ဖမ်းဆီးပေးလျှင် (သို့မဟုတ်) ဖမ်းဆီးရမိအောင် သတင်းပေးလျှင် ဆုတော်ငွေ တသိန်း၊ သခင်ဇသိန်းတင်၊ သခင်တင်ထွန်း၊ သခင်သန်းမြိုင်၊ သခင်ဇင်၊ သခင်ချစ်၊ သခင်ဌေး နဲ့ဂိုရှယ် (ခေါ်) ရဲဘော်ဘတင် တို့ကို ဖမ်းဆီးပေးလျှင် (သို့မဟုတ်) ဖမ်းဆီးရမိအောင် သတင်းပေးလျှင် ဆုတော်ငွေ (၅) သောင်းစီဆိုတဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဘဏ္ဍာရေးညွှန်ကြားလွှာအမှတ် (၂) ဆိုတာကတော့ တောတွင်းလက်နက်ကိုင် အဖွဲ့စည်းခေါင်းဆောင်အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဘယ်အဖွဲ့အစည်းကမဆို ဗဟိုကော်မီတီဝင်နဲ့ အလားတူအဆင့်ကို ဖမ်းမိလျှင် တဦးအတွက် ဆုတော်ငွေ တသောင်း၊ ခရိုင်ကော်မီတီဝင်နဲ့ အလားတူအဆင့်အတွက်ဆိုလျှင် တဦးအတွက် ဆုတော်ငွေ ကျပ်နှစ်ထောင်စီ ဆိုတဲ့ ကြေညာချက်ဖြစ်ပါတယ်။

ဈေးအကြီးဆုံးကတော့ ဗကပဥက္ကဋ္ဌ သခင်သန်းထွန်း ဖြစ်ပြီး၊ ဒုတိယဈေးအကြီးဆုံးတွေကလည်း ဗကပ ခေါင်းဆောင်တွေပဲလို့ ပြောရမလိုဖြစ်ပါတယ်။ အာဏာရအစိုးရရဲ့အငြိုးကို အပေါ်လွင်ဆုံး တွေ့ရပါတယ်။ နိုင်ငံရေးအရ မတူညီကြ ဆန့်ကျင်ခြားနားကြရာကနေ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအငြိုး နိုင်ငံရေးအမုန်းတွေကို ပုဂ္ဂိုလ်ရေးအရ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အသေသတ်ပစ်ချင်၊ အပြတ်တီးပစ်လိုက်ချင်တဲ့ သည်းသန်လွန်းလှတဲ့ ပုဂ္ဂိုလ်ရေးအာဃာတတွေဆီအထိ ပြောင်ပြောင်တင်းတင်း ဖော်ပြသယ်ဆောင်ထားတာကို တွေ့မြင်နိုင်ကြပါတယ်။ အဲဒီတုန်းက တဖက်က ဖဆပလဥက္ကဋ္ဌကြီး ဦးနု ဟာ သာသနာ့ ဒါယကာကြီးဘွဲ့ခံပြီး ဆဋ္ဌသံဃာယနာတင်ပွဲကြီးကျင်းပ၊ ဆဋ္ဌသံဃာယနာတင်အောင်ပွဲနဲ့ သာသနာ (၂၅၀၀) ပြည့် အထိမ်းအမှတ်ပွဲတွေ ကျင်းပရင်း၊ မေတ္တာ ဂရုဏာ မုဒိတာ တွေအကြောင်း တဖောင်ဖောင်ပြောဆိုနေရာမှ လေသံမစဲသေးမီအတွင်း၊ တဖက်က အသေသတ်နိုင်ရေး ဖမ်းဆီးရမိရေးအတွက် ဆုတော်ငွေတွေထုတ်နေတာဟာ အမြင်မတော် ဆင်တော်နဲ့ခလောက်သဖွယ် ဖြစ်နေခဲ့ပါတယ်။ ဦးနု က ဖဆပလ ဥက္ကဋ္ဌလုပ်ပြီး ဦးဗဆွေကို ဝန်ကြီးချုပ်အဖြစ် လွှဲအပ်ထားချိန်အတွင်းမှာ အဲဒီ သခင်သန်းထွန်း ကိုရမိလျှင် ဆုတော်ငွေတသိန်းဆိုတာကြီး ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အဲဒီ ၁၉၅၆၊ အောက်တိုဘာလကတည်းက တလျှောက်လုံးသက်ဝင်တည်မြဲနေခဲ့တာ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ခါနီးကျမှပဲ ရုတ်သိမ်းပေးလိုက်တဲ့သဘောဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ငြိမ်းချမ်းရေး ဆိုတဲ့အသံ ပြန်ကြားရတဲ့အတွက် ပြည်သူလူထုက ဝမ်းသာသွားမိကြသလို ဥပဒေတွင်း ဥပဒေပ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးကလည်း ခေါင်းထောင်ကြည့်မိကြပါတယ်။ တော်လှန်ရေးကောင်စီရဲ့ ငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီရဲ့ ကြေညာချက်အပေါ် ပထမဆုံးထွက်ပေါ်လာတဲ့ ထောက်ခံကြေညာချက်ကတော့ 'ပသီအမျိုးသားကွန်ဂရက်' (ဗပက) ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးမယ်ဆိုလို့ ငြိမ်းချမ်းရေးရစေချင်လွန်းရှာတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း သာဓုခေါ်လိုက်ပါတယ်။ ဥပဒေတွင်း နိုင်ငံရေးအင်အားစုကြီးတခုအဖြစ်ရှိနေသေးတဲ့ ပမညတ ကလည်း ဇွန်လ (၁၂) ရက်နေ့မှာ အချက် (၅) ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကြေညာချက်ပါ (၅) ချက်ကတော့ –

(၁) မျက်နှာစုံညီဆွေးနွေးနေစဉ် အတိုက်အခိုက်များ နှစ်ဖက်စလုံးမှ ရပ်စဲထားရန်၊

(၂) တွေ့ဆုံဆွေးနွေးရေးကို ရန်ကုန်မြို့တွင် ကျင်းပရန်၊

(၃) ဗဟို နှင့် ဗဟိုချင်း ဆွေးနွေးရန်၊

(၄) တွေ့ဆုံဆွေးနွေးချက်များကို ပြည်သူလူထုသို့ အသိပေးရန်၊

(၅) ကိုယ်စားလှယ်များရဲ့ လုံခြုံလွတ်လပ်မှုကို အာမခံရန် တို့ဖြစ်ပါတယ်။

ဖဆပလ၊ ပထစ တို့ကလည်း ထောက်ခံလိုက်ကြသလို၊ တရားဝင်ရပ်တည်နေတဲ့ မွန်ပြည်သူ့တပ်ဦးကလည်း ထောက်ခံကြောင်း ကြေညာခဲ့ပါတယ်။ စက်ရုံအလုပ်ရုံအသီးသီးက အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ဝန်ထမ်းသမဂ္ဂဝန်ထမ်းအဖွဲ့အစည်းများကလည်း တခဲနက်ထောက်ခံခဲ့ကြပါတယ်။

တကသ ပြန်လည်တည်ဆောက်ရေးနှင့် ကျောင်းသားအရေး တည်ဆောက်မှုကော်မီတီ၊ အစိုးရကျောင်းပေါင်းစုံ ကျောင်းသားများသမဂ္ဂ (ရန်ကုန်ခရိုင်) တို့ကလည်း ထောက်ခံကြောင်း ကြေညာခဲ့ကြသလို သဘင်ပညာရှင် အနုပညာရှင်များကလည်း ဝမ်းပန်းတသာ ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့များကလည်း ထောက်ခံခဲ့ကြပါတယ်။ အနယ်နယ်အရပ်ရပ် ပြည်သူအပေါင်းရဲ့ ထောက်ခံကြသံ၊

ဆန္ဒပြ ဖော်ပြကြသံတွေလည်း အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါတယ်။ ပြည်တွင်းစစ်ကြီးအတွင်း ခါးစည်းခံခဲ့ကြရတဲ့ ပြည်သူလူထုကြီးတရပ်လုံးရဲ့ ငတ်မွတ်တောင့်တနေကြတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိလိုမှုဆန္ဒဟာ နေရာပေါင်းစုံကနေ ထွက်ပေါ်လာခဲ့ပါတယ်။

တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်အပေါ် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများကလည်း လိုလိုလားလား တုန့်ပြန်သဘောထား ကြေညာချက်တွေ ထုတ်ပြန်ကြေညာလာကြပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဆန္ဒရှိကြောင်း၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်လိုကြောင်း၊ တွေ့ဆုံဆွေးနွေးရေးကို တလျှောက်လုံး တောင်းဆိုကြိုးပမ်းအားထုတ်လာခဲ့ကြကြောင်းတွေ လေးလေးနက်နက် အလေးတင်းဖော်ပြလာခဲ့ကြပါတယ်။

တော်လှန်ရေးကောင်စီက ဧပြီလ (၁) ရက်နေ့က ထုတ်ပြန်ထားခဲ့တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ဇူလိုင် (၁) ရက်နေ့အထိ မူလရက်သတ်မှတ်ထားရာကနေ အကန့်အသတ်မရှိ ရက်တိုးချဲ့လိုက်ပါတယ်။

ဥပဒေတွင်း နိုင်ငံရေးအင်အားစုများက တွေ့ဆုံဆွေးနွေးရေး ငြိမ်းချမ်းရေး ဖြစ်မြောက်အောင်မြင်ရေးအတွက် အဖွဲ့အစည်းပေါင်းစုံ ပါဝင်တဲ့ 'ပြည်သူ့ကော်မီတီ' ဆိုတာကို ဖွဲ့စည်းလိုက်ကြပါတယ်။ ပြည်သူ့ကော်မီတီမှာ အဖွဲ့အစည်းပေါင်း (၅၀) ကျော် ပါဝင်ပါတယ်။ အဓိကအားဖြင့် ပမညတ ဝင်တွေ ဦးစီးဦးဆောင်ပြုပြီး ပါဝင်လှုပ်ရှား အကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီရဲ့ ကမ်းလှမ်းချက်အပေါ် ပထမဆုံး သဘောထားထုတ်ဖော် ပြန်ကြားခဲ့တဲ့ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းကတော့ အလံနီပါတီဖြစ်ပါတယ်။ ဇွန်လ (၁၄) ရက်နေ့မှာပဲ အလံနီကွန်မြူနစ်ပါတီ ဗမာပြည် ရဲ့ ပြန်ကြားချက် ထွက်ပေါ်လာခဲ့ပါတယ်။ ဇွန်လ (၁၅) ရက်နေ့မှာ ကေအင်ယူပါတီ ရဲ့ သဘောထားပြန်ကြားချက် ထွက်ပေါ်လာခဲ့ပြီး၊ ဇွန်လ (၂၂) ရက်နေ့ နေ့စွဲနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြန်ကြားချက်လည်း ထွက်ပေါ်လာပါတယ်။ ပြန်ကြားချက်ကို ဇွန်လ (၂၂) ရက်နေ့စွဲနဲ့ ပြန်ကြားခဲ့တာဖြစ်ပေမယ့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဆီကတဆင့် ပေးပို့ခဲ့တာဖြစ်တဲ့အတွက် ဆရာကြီးထံ ဇူလိုင်လ (၃) ရက်နေ့မှာ ရောက်ရှိပြီး ဇူလိုင် (၄) ရက်နေ့မှာ တော်လှန်ရေးကောင်စီက လက်ခံရရှိခဲ့တယ်ဆိုပါတယ်။ ဇူလိုင် (၅) ရက်နေ့မှာ မွန်ပြည်သစ်ပါတီ ရဲ့ ပြန်ကြားချက်နဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီရဲ့ ကြေညာချက်တွေ ဆက်တိုက် ထွက်ပေါ်လာခဲ့ပါတယ်။

ပြည်သူ့ကော်မီတီက ဇူလိုင် (၂) ရက်နေ့မှာကတည်းက ပြည်သူလူထုတရပ်လုံးသို့ တွေ့ဆုံဆွေးနွေးရေး အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါရန်ဆိုတဲ့ နှိုးဆော်ပန်ကြားကြောင်း ကြေညာချက်ကို ထုတ်ပြန်ခဲ့သလို၊ ဇူလိုင် (၆) ရက်နေ့မှာ ပြည်သူ့ကော်မီတီက ကြီးမှူးတဲ့ ငြိမ်းချမ်းရေးကမ်းလှမ်း ထောက်ခံပွဲကြီးကို မြို့တော်ခမ်းမမှာ ကျင်းပခဲ့ပါတယ်။ နေ့လည် (၁) နာရီမှာ ကျင်းပတဲ့ အခမ်းအနားပွဲကို အဖွဲ့အစည်းပေါင်း (၅၀) ကျော်က အိုးစည်ဗုံမောင်းတွေနဲ့ တက်ရောက်လာခဲ့ကြပါတယ်။ တက်ရောက်လာကြသူတွေ မြို့တော်ခမ်းမတခုလုံး ခြေချစရာမရှိတော့လောက်အောင် ပြည့်နှက်သွားခဲ့ပါတယ်။ သဘာပတိအဖြစ် ပဒိုဝ့်ဦးလှဖေက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဗိုလ်မြသွေးက ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ကော်မီတီက ထုတ်ဖော်ထားတဲ့ အချက် (၅) ချက်ကို ထပ်မံတင်ပြပြီး အဆို (၄) ရပ်ကို တင်သွင်းဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအဆို (၄) ရပ်ကတော့ –

(၁) ပြည်တွင်းစစ်ကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ကြရန်၊ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်ကို ကြိုဆို – ဆိုတဲ့အဆို (အဲဒီအဆိုကို ဦးတင်မောင် – လူထုက

တင်သွင်းပါတယ်။)

(၂) ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးအတွက်၊ တော်လှန်ရေးကောင်စီနဲ့ တော်လှန်ရေးအင်အားစုများအား၊ တွေ့ဆုံဆွေးနွေးရေး တကယ်ဖြစ်မြောက် အောင်မြင်နိုင်ရန် အနိမ့်ဆုံးလိုအပ်ချက်များကို တင်ပြကြောင်း – ဆိုတဲ့အဆို (အဲဒီအဆိုကို လူငယ့်တပ်ဦး ဦးစိန်လှ က တင်သွင်းပါတယ်။)

(၃) နယ်ချဲ့ဆန့်ကျင်ရေး ပြည်တွင်းငြိမ်းချမ်းရေး အဆို (အဲဒီအဆိုကို ကရင်အမျိုးသားအဖွဲ့ချုပ် က မန်းတင်ညွန့် က တင်သွင်းပါတယ်။)

(၄) ပြည်သူများအတွက် ဒီမိုကရေစီပြည့်ဝရေးအဆို (အဲဒီအဆိုကို ပြည်သူ့တိုးတက်ရေးပါတီ က ဦးခင်မောင်မြင့် က တင်သွင်းပါတယ်။)

အဲဒီအခမ်းအနားမှာ ကြွေးကြော်သံ (၅) ချက်ကိုလည်း တခဲနက် ကြွေးကြော်ခဲ့ကြပါတယ်။ အဲဒီ ကြွေးကြော်သံ (၅) ချက်ကတော့ –

(၁) တွေ့ဆုံဆွေးနွေးရေး … ကြိုဆိုကြ ကြိုးပမ်းကြ ၊

(၂) ပြည်တွင်းငြိမ်းချမ်းရေး … ပြည်သူအားဖြင့် တည်ဆောက်ကြ ၊

(၃) ထိုးစစ်နဲ့ တိုက်စစ် … ရပ်စဲပစ် ရပ်စဲပစ် ၊

(၄) အပစ်အခတ်တွေ … ရပ်စဲကြ ရပ်စဲကြ ၊

(၅) ဗဟို ဗဟိုချင်း … တွေ့ဆုံကြ ဆွေးနွေးကြ ၊ – ဆိုတာတွေပဲ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ အမြို့မြို့အနယ်နယ်မှာလဲ ပြည်သူ့ကော်မီတီတွေ ဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စေရေးအတွက် ထောက်ခံကြိုဆိုပွဲတွေ ဆက်တိုက် ပြုလုပ်ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။

ဆရာကြီးမှိုင်း ကိုယ်တိုင် ငြိမ်းချမ်းရေးကိုမမြင်ရပဲ သေသွားရင် အသေတောင်ဖြောင့်မှာ မဟုတ်ပါဘူး လို့ပြောခဲ့ပြီး၊ ငြိမ်းချမ်းရေးအတွက် ထမ်းဆောင်နိုင်တဲ့နေရာကနေ ပါဝင်ထမ်းဆောင်ပေးခဲ့ပါတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီကလည်း တော်လှန်ရေးကောင်စီရဲ့ ကမ်းလှမ်းချက်အပေါ် ပြန်ကြားစာကို ဆရာကြီးဆီက တဆင့် ပေးပို့တာလုပ်ခဲ့ပါတယ်။ ဆရာကြီးဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကတော့ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ အကျင့်အကြံ သဘောသဘာဝကို ထိုက်သင့်သလောက် သိရှိထားပြီးဖြစ်တဲ့အတွက်၊ မယုံရဲရဲ ခံစားရရင်း ရှေ့တန်းကနေ ထွက်မရပ်ပဲ မှန်မှန်သာ လှုပ်ရှားရပ်တည်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက် အောင်မြင်ရေးအတွက် ရှေ့တန်းကနေထွက်ရပ်လာတာကတော့ 'ပြည်သူ့ကော်မီတီ' ပဲဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီရဲ့ ကမ်းလှမ်းချက်အပေါ် အဖွဲ့အစည်းအသီးသီးက ပြန်ကြားတုန့်ပြန်ကြ တာတွေအပေါ် တော်လှန်ရေးကောင်စီက ထပ်ဆင့်ပြန်ကြားချက်တွေအဖြစ် ရေဒီယိုကနေ ကြေညာပါတယ်။ ဆရာကြီးမှိုင်း ကတဆင့် ပေးပို့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ရဲ့ ဇွန် (၂၂) ရက်နေ့ ပြန်ကြားချက်အပေါ် ဇူလိုင် (၈) ရက်နေ့မှာ တော်လှန်ရေးကောင်စီက ပြန်စာပို့လိုက်ပြီဖြစ်ကြောင်း ကြေညာပါတယ်။ ဇူလိုင် (၁၇) ရက်နေ့မှာ တော်လှန်ရေးကောင်စီရဲ့ ကေအင်ယူပါတီသို့ ပြန်ကြားချက်၊ မွန်ပြည်သစ်ပါတီသို့ပြန် ကြားချက်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသို့ ပြန်ကြားချက်တွေ ဆက်လက်ထွက်ပေါ်လာခဲ့ပါတယ်။

အချုပ်သဘောကတော့၊ လက်နက်ကိုင်တော်လှန်ရေးပါတီများက တွေ့ဆုံဆွေးနွေးရေးကို လက်ခံ သဘောတူကြောင်း ဖော်ပြခဲ့ပြီး၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးတည်ဆောက်မှုကို လိုလားမျှော်လင့်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့ကြသလို တော်လှန်ရေးကောင်စီကလည်း တွေ့ဆုံဆွေးနွေးရေးအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆို ပါကြောင်း ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးဖို့ လိုအပ်တဲ့ပြင်ဆင်မှုတွေ အပြန်အလှန် ပြန်ကြားဆက်သွယ်မှုတွေ လုပ်ဆောင်ပြီး ကြတဲ့အခါ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ပဏာမကိုယ်စားလှယ်အဖွဲ့တွေ တဖွဲ့ပြီးတဖွဲ့ တော်လှန်ရေးကောင်စီနဲ့ တွေ့ဆုံဆွေးနွေးဖို့ နေရာဒေသအသီးသီးကနေ ရောက်ရှိလာကြပါတယ်။

ပထမဆုံး ရောက်ရှိလာတာကတော့ အလံနီပါတီ ဖြစ်ပါတယ်။ ရဲနီမယ် ဒေါ်ငွေစံ နဲ့ ရဲနီ ကျော်ဝင်း ခေါင်းဆောင်တဲ့ အလံနီ ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့ဟာ ဇွန်လ (၂၄) ရက်နေ့ စစ်တွေကိုရောက်ရှိပြီး၊ (၂၇) ရက်နေ့မှာ ရန်ကုန်ကို ရောက်ရှိလာပါတယ်။ ဩဂုတ်လ (၁၀) ရက်နေ့မှာတော့ အလံနီပါတီ အတွင်းရေးမှူးချုပ် သခင်စိုး ကိုယ်တိုင် ခေါင်းဆောင်တဲ့ အဖွဲ့ဝင် (၁၇) ဦးပါ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာပါတယ်။ သခင်စိုးက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို သွားရောက်ဂါရဝပြု ကန်တော့ပါတယ်။ လူငယ့်တပ်ဦး (ဗမာနိုင်ငံ) ဌာန ချုပ် အမှုဆောင်များက ပန်းစည်းဆက် ကြိုဆိုကြသလို လက်ဝဲအဖွဲ့အစည်းများကလည်း ကြိုဆိုတွေ့ဆုံနှုတ် ဆက်ကြပါတယ်။

အလံနီပါတီ နောက် ရောက်ရှိလာတာကတော့ ရဲနီကျော်ဇံရွှီး ခေါင်းဆောင်တဲ့ ရခိုင်ပြည်ကွန်မြူနစ် ပါတီ ဖြစ်ပါတယ်။ ဇူလိုင် (၁၆) ရက်နေ့ စစ်တွေရောက်ပြီး၊ (၁၈) ရက်နေ့ ရန်ကုန်ကိုရောက်ပါတယ်။ သတင်းစာရှင်းလင်းပွဲလည်း လုပ်ခဲ့ပါတယ်။ ရဲနီကျော်ဇံရွှီး က ‘လူမျိုးတိုင်းရဲ့ တန်းတူအခွင့်အရေး၊ တနည်း ဆို လူမျိုးတိုင်းရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝအရ၊ ခွဲထွက်လိုက ခွဲထွက်ခွင့်၊ ပူးပေါင်းလိုက ပူးပေါင်းခွင့်တို့ ဖြင့် ရခိုင်သမတနိုင်ငံတရပ် ထူထောင်သွားရန်နဲ့ ရခိုင်အမျိုးသားတပ်ပေါင်းစုပါဝင်တဲ့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်အဖြစ် တည်ဆောက်သွားရန်’ ဆိုတာကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဇူလိုင် (၂၈) ရက်နေ့မှာ ရဲနီကျော်ဇံရွှီး တို့အဖွဲ့ ပြန်လည်ထွက်ခွာသွားပါတယ်။

ဩဂုတ်လ (၁၀) ရက်နေ့မှာ ရောက်ရှိလာတဲ့ သခင်စိုးကြီး ဟာ ဩဂုတ် (၁၄) ရက်နေ့မှာ သတင်း စာကွန်ဖရင့် ကျင်းပပါတယ်။ သတင်းထောက်ပေါင်းစုံ တက်ရောက်ကြပြီး၊ အရှည်ကြာဆုံးသော သတင်းစာ ရှင်းလင်းပွဲအဖြစ် မှတ်တမ်းပြုခြင်းခံရပါတယ်။ သခင်စိုး က အလံနီရဲ့ ခံယူချက်နဲ့ နိုင်ငံရေးအဘိဓမ္မာတွေကို မိနစ် (၂၃၀) တိတိ ရှင်းလင်းပြောကြားသမှု ပြုပါတယ်။ ဆိုဗီယက်ခေါင်းဆောင် ခရုရှော့ ကို ရှုတ်ချတာရော၊ တရုတ်ပြည်ကို ဝေဖန်တာရော အင်္ဂလိပ်လို ရွတ်ဖတ်ကိုးကားတာတွေပါ စကားလုံးပြောင်ပြောင် လေသံ ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဖွင့်ဆိုရှင်းလင်းပြောဆိုသွားခဲ့ပါတယ်။ ပါတီစုံ နီးနှောဖလှယ်ပွဲကြီး ကျင်းပဖို့ အဆိုပြုပြီး၊ စစ်ကို အနည်းဆုံး (၁) နှစ်ရပ်စဲထားဖို့လည်း တောင်းဆိုပါတယ်။

သခင်စိုးခေါင်းဆောင်တဲ့ အလံနီကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့နဲ့ တော်လှန်ရေး ကောင်စီဟာ ဩဂုတ်လ (၁၅) ရက်တကြိမ်၊ (၁၆) ရက်နေ့တကြိမ်၊ (၁၇) ရက်နေ့တကြိမ် ပေါင်း (၃) ကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ (၁၆) ရက်နေ့မှာ အလံနီကွန်မြူနစ်ပါတီက တော်လှန်ရေးကောင်စီသို့ တင်ပြတဲ့ ‘စစ်တမ်း’ တစောင် တင်သွင်းခဲ့ပါတယ်။ မာ့က်စ်–လီနင်ဝါဒ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်ကို အကိုး အကားပြုဖော်ပြရင်း၊ အလံနီပါတီရဲ့ ရပ်တည်ချက်သဘောထားအမြင်များကို ဖော်ပြတင်ဆက်ထားတဲ့ ‘အလံနီစစ်တမ်း’ ဖြစ်ပါတယ်။ သခင်စိုးက ‘ငြိမ်းချမ်းရေးပဏာမဆင့်စစ်တမ်း’ လို့ဖော်ပြပါတယ်။ ပါတီ ပေါင်းစုံ နီးနှောဖလှယ်ပွဲကွန်ဖရင့် ဘာကြောင့်ကျင်းပသင့်သလဲ ဆိုတာကနေ အစချီပြီး အခန်း (၃) ခန်း ကဏ္ဍ (၂) ရပ်ပါ စစ်တမ်းဖြစ်ပါတယ်။ (၃) ကြိမ်ဆွေးနွေးအပြီး ဩဂုတ်လ (၁၈) ရက်နေ့မှာ လာရောက်တွေ့ ဆုံကြတဲ့ ရဲနီဟောင်းတွေကို သခင်စိုးကြီး ကိုယ်တိုင်က ‘ဆွေးနွေးပွဲအခြေအနေကောင်းတယ်’ လို့ ထုတ်ဖော် ပြောဆို ဖွင့်ဟနေတုန်းရှိသေး၊ တော်လှန်ရေးကောင်စီက အလံနီကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးရေးကို ဩဂုတ်လ (၁၉) ရက်နေ့ကစပြီး ရပ်စဲလိုက်ပြီလို့ ကြေညာလိုက်ပါတယ်။ သခင်စိုးကြီး ကိုယ်တိုင် ဘာပြောရ

တော့မှန်းမသိအောင် ဖြစ်သွားရပါတော့တယ်။

(၁၉) ရက်နေ့ည တော်လှန်ရေးကောင်စီရဲ့ ကြေညာချက်ထဲမှာကတော့ "အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်) ၏ ဒီနေ့အထိ ပြုမူပြောဆို ဆောင်ရွက်ချက်များသည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်သည့် ကိစ္စတွင် တကယ်ရိုးသားမှုနဲ့ ပြုမူဆောင်ရွက်ခြင်းကို မတွေ့မြင်ရပေ။ ရှေ့ဆက်ပြီး ဆွေးနွေးရန် လုံးဝမဖြစ်နိုင်တော့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် လှန်ရေးကောင်စီနှင့် အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်) တို့၏ တွေ့ဆုံဆွေးနွေးရေးကို ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့မှ စတင်ပြီး အဆုံးသတ် ရပ်ဆိုင်းလိုက်ပါသည်။" ဟူသတဲ့။

ကြေညာချက်ထဲမှာ ဆက်လက်ဖော်ပြထားတာကတော့ "တော်လှန်ရေးကောင်စီသည် အလံနီကွန်မြူနစ်ပါတီနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက်ရပေမယ့် ကျန်တောတွင်းလက်နက်ကိုင်များက ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန် ရိုးသားစွာ ကမ်းလှမ်းဆောင်ရွက်ပါက ဆက်လက်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်း" လို့ဆိုလိုက်ပါတယ်။

သခင်စိုးကြီး က ဆက်လက်ဆွေးနွေးချင်ပါသေးတယ်၊ လက်ရှိအခြေအနေနဲ့ မဆွေးနွေးနိုင်ရင်၊ တောတွင်းရောက်ပြီးနောက် စာပေးစာယူ နည်းတနည်းနည်းနဲ့ ဆက်လက်ဆွေးနွေးခွင့်ပြုဖို့ မေတ္တာရပ်ခံပါသေးတယ်။ တော်လှန်ရေးကောင်စီက ဘာအဖြေမှမပေးတော့ပါ။ တောတွင်းကိုသာ ပြန်ပို့ပေးလိုက်ပါတယ်။

အလံနီပါတီ၊ ရခိုင်ပြည်ကွန်မြူနစ်ပါတီတို့ ဆွေးနွေးပြီးတဲ့နောက် ဆွေးနွေးဖို့ ရောက်ရှိလာတဲ့အဖွဲ့ကတော့ 'ကရင်တော်လှန်ရေးကောင်စီ' ဖြစ်ပါတယ်။

ကေအင်ယူ ကရင်တော်လှန်ရေးအဖွဲ့အစည်းကြီးထဲမှာ မန်းဘဇံ ဦးဆောင်တဲ့ အင်အားစုနဲ့ စောဟန်တာသာမွှေး ခေါင်းဆောင်တဲ့ အင်အားစုရယ်လို့ အဓိကအားဖြင့် နှစ်စုကွဲနေရာက စောဟန်တာသာမွှေး ခေါင်းဆောင်တဲ့အဖွဲ့ဟာ 'ကရင်တော်လှန်ရေးကောင်စီ' ဆိုတဲ့နာမည်နဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။

စောဝရီကျော်၊ ဗိုလ်ထရူးမင်း၊ ခွန်ဘဆွေ၊ စောဘထွန်း စတဲ့ ကေအင်ဒီအို ထိပ်တန်းခေါင်းဆောင်တွေလည်း ပါဝင်ပါတယ်။ ဩဂုတ်လ (၁၅) ရက်နေ့မှာ ရွှေကျင်ကျောက်ကြီးကို ရောက်ရှိလာပြီး၊ အဲဒီကနေ မင်္ဂလာဒုံကို ဆိုက်ရောက်လာပါတယ်။ ကရင်တော်လှန်ရေးကောင်စီနဲ့ တော်လှန်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ကြပါတယ်။

နောက်ထပ်ရောက်ရှိလာတဲ့ အဖွဲ့ကတော့၊ လူမျိုးစု (၃) ပါတီကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။ ကေအင်ယူပါတီ၊ မွန်ပြည်သစ်ပါတီ နဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ တို့ရဲ့ (၃) ပါတီ ကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။

ပဏာမကိုယ်စားလှယ်အဖွဲ့အဖြစ်၊ တကယ်တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုတင်ပြင်ဆင်တဲ့ သဘောဖြစ်ပါတယ်။ ဗိုလ်ကျင်ဖေ နဲ့ စောမျိုးသွေး ကို (၃) ပါတီ ကိုယ်စားလှယ်ခန့်အပ်စာပေးပြီး စေလွှတ်တာဖြစ်ပါတယ်။ ဗိုလ်ကျင်ဖေ ခေါင်းဆောင်တဲ့ (၃) ပါတီကိုယ်စားလှယ်အဖွဲ့နဲ့ တော်လှန်ရေးကောင်စီဟာ ဇူလိုင် (၃၀) ရက်မှာ ပဏာမတွေ့ဆုံပါတယ်။ (၃) ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့ရဲ့ ပထမဆုံး တင်ပြတောင်းဆိုချက်ကတော့ –

(၁) တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲထားရန်၊ အပစ်အခတ်ရပ်စဲထားချိန် ဆွေးနွေးနေချိန်အတွင်း၊ ပြည်သူလူထုအနေဖြင့် လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်နှင့် စည်းဝေးဆန္ဒပြခွင့်များရှိစေရန်၊

(၂) လုံလောက်သော အချိန်ရရှိရေးနှင့် သွားလာဆက်သွယ် ခေါ်ယူရေးအတွက် တော်လှန်ရေးကောင်စီမှ လိုအပ်သောလုံခြုံမှု၊ ကူညီမှုများကို ပေးရန်၊

(၃) နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆွေးနွေးချက်များကို အသံလွှင့်ပေးရန်၊ သတင်းစာကွန်ဖရင့်ပြုလုပ်ရှင်းလင်းခွင့်၊ စာနယ်ဇင်းများတွင် အပြည့်အဝ ရေးသားဖော်ပြခွင့်ရရှိစေရန် – တို့ဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီရဲ့ ပြန်ကြားချက်ကတော့ "တပြည်လုံးအတိုက်အခိုက်ရပ်စဲထားရေးမှာ လက်တွေ့တွင် မဖြစ်နိုင်ပါ။ သုံးပါတီ လက်နက်ကိုင်အဖွဲ့အစည်းများ ပိုင်ပိုင်နိုင်နိုင် တာဝန်ယူနိုင်တဲ့ နယ်မြေများမှာသာ ဆွေးနွေးနေစဉ်အတွင်း အတိုက်အခိုက်ရပ်စဲထားလျှင် လုံလောက်ပြီလို့ယူဆကြောင်း၊ (၃) ပါတီဌာနချုပ်တည်ရှိရာ ဒေသတဝိုက်သာ သုံးပါတီ ဗဟိုကော်မီတီအစည်းအဝေး လုပ်ကြပြီး လိုအပ်သောအကူအညီတောင်းခံလာလျှင် အကူအညီပေးရန်အသင့်ရှိကြောင်းနှင့် ဆွေးနွေးပွဲအောင်မြင်သောအခါမှ တိုင်းပြည်သို့ ကြေညာချက်များ ထုတ်ပြန်သွားရန် ဆိုတာဖြစ်ပါတယ်။ မအောင်မြင်လို့ ဆွေးနွေးပွဲရပ်စဲရတဲ့အခါ ဆွေးနွေးပွဲအပေါ် သဘောထားကြေညာချက်ထုတ်ပြန်ခွင့်ပေးမယ်လို့ ဖော်ပြပါရှိပါတယ်။

ဩဂုတ်လ (၂၀) ရက်နေ့မှာ ရှမ်းပြည်လွတ်လပ်ရေးတပ်မှ ကိုယ်စားလှယ် ခွန်စိုင်းပန်နဲ့ ခွန်အုံးခေါင်တို့ ရောက်ရှိလာပြီး၊ ဩဂုတ် (၂၃) မှာ ရှမ်းပြည်လွတ်မြောက်ရေးတပ်ပေါင်းစုနဲ့ ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်တို့ရဲ့ ကိုယ်စားလှယ်တွေအဖြစ်၊ စဝ်ဆေးစိုင်၊ စဝ်ဆေထင်၊ စဝ်သီဟ နဲ့ စဝ်ဝမ်းဟုံတို့ (၄) ဦး ထပ်ပြီးရောက်လာပါတယ်။ ဩဂုတ် (၂၅) မှာ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တွေ့ဆုံပြီး၊ ဆွေးနွေးပွဲ ကျင်းပပါတယ်။ အဲဒီဆွေးနွေးပွဲမှာ တော်လှန်ရေးကောင်စီဖက်က ဗိုလ်မှူးကြီး စောမြင့်၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးသောင်းဒန်၊ ဒုဗိုလ်မှူးကြီးချစ်ခင် နဲ့ သခင်တင်မြ တို့ပါဝင်ပါတယ်။ နောက်ပိုင်း ဆက်လက်ဆွေးနွေးကြပါတယ်။

ရှမ်းအဖွဲ့များက သူတို့ဟာ ဆီးတိုးအဖွဲ့နဲ့ မပတ်သက်ကြောင်း၊ အကူအညီလည်း မယူကြောင်း၊ ရှင်းရှင်းလင်းလင်း ဖော်ပြပြောဆိုကြသလို၊ စက်တင်ဘာ (၁) ရက်မှာ စဝ်ဆိုင်းပန်၊ စဝ်ဆေထင်၊ ခွန်အုံးခေါင်၊ စဝ်ဟုန် တို့က သတင်းစာရှင်းလင်းပွဲလည်း လုပ်ပါတယ်။ ရှမ်းကိုယ်စားလှယ်အဖွဲ့က အဓိကအချက် (၃) ချက် တင်ပြခဲ့ပါတယ်။ အဲဒါတွေကတော့–

(၁) ရှမ်းပြည်လူထုသည် ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှု စသောပြဿနာများကို လွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်ခွင့်ရှိရမည်။ ဗဟိုအစိုးရက စွက်ဖက်ခြင်းမပြုရန်။ ပြည်မက အကျိုးတူလုပ်ငန်းများ မလုပ်လျှင်သော်လည်းကောင်း၊ လူထုက လိုလားလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုမှ ခွဲထွက်ခွင့်ပြုရမည်။

(၂) လူနည်းစု၏ အခွင့်အရေးများကို အသိအမှတ်ပြုရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုအခြေခံမူကို ကျင့်သုံးရမည်။ လူမျိုးရေးညီမျှမှုသဘောတရား ပြည်နယ်တိုင်း အဆင့်အတန်းညီမျှမှုသဘောတရား၊ ဗဟိုအာဏာမှအပ ကျန်အာဏာများကို ပြည်နယ်များသို့ ပေးအပ်ရမည်ဟူသော သဘောတရားအရ ကျင့်သုံးရမည်။ – ဆိုတာတွေပဲဖြစ်ပါတယ်။

ဩဂုတ်လ (၂၈) ရက်နေ့မှာ ရောက်ရှိလာတာကတော့၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်ပါတယ်။ ပဏာမကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။ ဗဟိုကော်မီတီအတွင်းရေးမှူး ရဲဘော်ဌေး ခေါင်းဆောင်ပြီး၊ ဗိုလ်ဇေယျ၊ ဗိုလ်ပု၊ ဗိုလ်စိုးမောင်၊ ရဲဘော်အောင်ကြီး၊ ရဲဘော်သက်တင် တို့ပါဝင်ပါတယ်။ ရုံးအဖွဲ့ဝင်အဖြစ် ရဲဘော်ခင်ကြီး

နဲ့ ရဲဘော်မင်းအောင် ပါဝင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်း ရဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံပေးစာ နဲ့ ဗိုလ်နေဝင်း ထံပေးစာကိုပါ သယ်ဆောင်လာကြပါတယ်။

ဩဂုတ်လ (၃၁) ရက်နေ့မှာ ရဲဘော်ဌေး ခေါင်းဆောင်တဲ့ ပဏာမကိုယ်စားလှယ်အဖွဲ့ဟာ ဆရာကြီးမှိုင်းအိမ် သွားရောက်ကြပြီး လက်အုပ်ချီ ကန်တော့ကြပါတယ်။ သခင်သန်းထွန်း ရဲ့ ပေးစာကို ရဲဘော်ဌေး က ဖတ်ပြပြီး၊ သခင်သန်းထွန်းရဲ့ မှာကြားချက်အရ ဆရာကြီးရဲ့ ဩဝါဒကိုခံယူဖို့ ပန်ကြားပါ တယ်။ ဆရာကြီးက 'ဆက်ကြိုးစားကြပါ ငြိမ်းချမ်းရေးရနိုင်ပါတယ်' လို့ပြောကြားသလို၊ ရွှေတိဂုံဘုရားကြီး ကို ဖူးသွားကြဖို့လည်း မှာကြားပါတယ်။ တိုင်းရေး ပြည်ရေးဆိုတာ ဥပုသ်စောင့်တာလို မဟုတ်လို့လည်း သတိပေးဆုံးမပါတယ်။ ရဲဘော်ဌေး က ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ဖက်က မကျန်ရအောင် ဖြစ်နိုင်သမျှ ဆောင်ရွက်ပါ့မယ်လို့လည်း ကတိပေးသွားပါတယ်။

စက်တင်ဘာ (၂) ရက်နေ့မှာ အသံလွှင့်ရုံခန်းမမှာ ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့ရဲ့ သတင်းစာရှင်း လင်းပွဲကျင်းပပါတယ်။ ရဲဘော်ဌေး က ဦးဆောင်ဆွေးနွေး ရှင်းလင်းပါတယ်။ ပဏာမကိုယ်စားလှယ်အဖွဲ့ဟာ ပြည်သူလူထုကြီး လိုလားတောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို အကောင်အထည်ဖော်ရာမှာ ကြိုတင်ပြင်ဆင် လမ်းခင်းပေးရမယ့် ပဏာမအဖွဲ့သာဖြစ်တဲ့အကြောင်းနဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ –

(၁) ဆွေးနွေးပွဲအတွက် အခြေခံတွေ နှစ်ဦးနှစ်ဖက် ညှိနှိုင်းချမှတ်ဖို့၊

(၂) တဖက်နဲ့ တဖက် မရှင်းလင်းတာတွေ ရှင်းလင်းဖို့၊

(၃) ဆွေးနွေးပွဲအတွက် ကောင်းမြတ်တဲ့ ရာသီဥတုဖန်တီးရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေး သဘောတူညီချက် မရသေးမှီမှာပင် စစ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအကြိုကာလတခု နှစ်ဖက် သဘောတူ ဖန်တီးဖို့၊

ဆိုတဲ့ အချက် (၃) ချက်ကို ရှင်းလင်းတင်ပြပြီး၊ သတင်းစာဆရာတွေရဲ့ မေးခွန်းတွေကိုလည်း ပြန်လည်ဖြေကြားတာလုပ်ပါတယ်။

စက်တင်ဘာ (၂) ရက် ညနေ (၅) နာရီမှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ် အဖွဲ့နဲ့ တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တို့ ပဏာမပြင်ဆင်ရေး ဆွေးနွေးပွဲစတင်ပါတယ်။ ဗမာ ပြည်ကွန်မြူနစ်ပါတီဖက်က ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဟာ ရဲဘော်ဌေး ဖြစ်ပါတယ်။ တော်လှန်ရေး ကောင်စီဖက်က အဖွဲ့ခေါင်းဆောင်က ဗိုလ်မှူးကြီးစောမြင့် ဖြစ်ပါတယ်။

ရဲဘော်ဌေး က ပဏာမကိုယ်စားလှယ်အဖွဲ့ရဲ့ တင်ပြချက်စာတမ်းကို ဖတ်ကြားတင်သွင်းပါတယ်။ 'မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရန် အဆင်ပြေသော အခြေအနေများ ဖန်တီးရေးအတွက် လော လောဆယ် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရန်ကိစ္စများ' ဆိုတာကို အလေးထား ဖော်ပြတင်သွင်း သွားပါတယ်။ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရယူဖို့ ကိစ္စကြီး (၉) ခုရှိတယ်လို့ ဖော်ပြထားပါတယ်။ အဲဒါတွေကတော့ –

(က) ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအစည်းအဝေး ကျင်းပနိုင်ရန် လိုအပ်သော အကူ အညီ ပေးရေးကိစ္စ။

(ခ) ဗမာပြည်ကွန်မြူနစ်ပါတီ ပါဝင်နေတဲ့ မဒညတ အစည်းအဝေးထိုင်နိုင်ရေးကိစ္စ။

(ဂ) အတိုက်အခိုက်ရပ်စဲရေး၊ ငြိမ်းချမ်းရေးအကြိုကာလ ဖန်တီးရေးကိစ္စ။

(ဃ) အချို့သော တပ်စခန်းများ ရွှေ့ပြောင်းပေးရေးကိစ္စ။

(င) လိုအပ်သော ဒီမိုကရေစီအခွင့်အရေးများကိစ္စ။

(စ) ရှင်းလင်းဖြေကြားပေါ်ရန် အချက်တရပ်ကိစ္စ။

(ဆ) သဘောမတူသေးသော ကိစ္စများအပေါ် သဘောထားရန်ကိစ္စ။

(ဇ) နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားများအန္တရာယ် ကာကွယ်ရေးကိစ္စ။

(ည) ပဏာမအစည်းအဝေးတွင် လုပ်သင့်သောကိစ္စ။

ဆိုတာတွေ ဖြစ်ပါတယ်။ ကိစ္စတခုချင်းကို ရှင်းလင်းဖွင့်ဆို တင်သွင်းဖတ်ကြားသွားခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်နိုင်ရေးအတွက် ဗမာပြည်ကွန်မြူနစ်ပါတီ ဖက်က ဒီလိုမြင်တယ်၊ ဒီလိုဖြစ်စေချင်တယ်လို့ အဆိုပြုတင်ပြလိုက်တာဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဖက်က လက်ခံနိုင် လက်မခံနိုင်၊ ဆောင်ရွက်ပေးနိုင် ဆောင်ရွက်မပေးနိုင်တွေကို တရားဝင်မေးမြန်းလိုက်တဲ့သဘောဖြစ်ပါတယ်။

(၁) ဗမာပြည်လွတ်လပ်ရေး ထိန်းသိမ်းရေးပြဿနာ၊ ဗမာပြည်သည် နယ်ချဲ့သမားတို့၏ ကျူးကျော်ရေးဂိုဏ်းထဲ မပါဝင်ပဲ၊ အမျိုးသားလွတ်လပ်ရေးနှင့် ငြိမ်းချမ်းစွာအတူနေရေးပေါ်လစီကို ပြတ်သားစွာကျင့်သုံးရန်၊

(၂) ဗမာပြည်၏ အုပ်ချုပ်ရေးစနစ် ဒီမိုကရေစီကျရေးကို အာမခံရန်၊ တပြည်လုံး ဒီမိုကရေစီအခွင့်အရေးများပေးရန် အာမခံရန်၊ ပုဒ်မအမျိုးမျိုးနှင့် အဖမ်းခံနေရသော ကွန်မြူနစ်ပါတီဝင်များနှင့် အခြား တိုးတက်သော နိုင်ငံရေးသမားများအား လွှတ်ပေးရန်၊

(၃) ဗမာပြည်ကွန်မြူနစ်ပါတီနှင့်တကွ ဒီမိုကရေစီပါတီများ လူထုအဖွဲ့အစည်းများ၏ ဥပဒေတွင်းတည်ရှိခွင့်နှင့် လုပ်ကိုင်ခွင့်ကို အာမခံရန်၊

(၄) တိုင်းရင်းသားလူမျိုးစုများအပေါ် လက်နက်ကိုင်တိုက်ခိုက်ခြင်းကို ရပ်စဲ၍ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများကို ဒီမိုကရေစီကျကျ ဖြေရှင်းပေးရန်၊

(၅) လောလောဆယ် လုပ်ပေးရန်လိုအပ်သော အခြားပြဿနာများကို လုပ်ဆောင်ပေးရန်၊

ဆိုတဲ့ လောလောဆယ် နိုင်ငံရေးပြဿနာကြီး (၅) ခုကို ဆွေးနွေးပွဲရဲ့ ဆွေးနွေးရမယ့် အခြေခံအဖြစ် အကြမ်းဖျင်း သတ်မှတ်သွားဖို့ကိုလည်း တင်ပြလမ်းကြောင်းသွားခဲ့ပါတယ်။

စက်တင်ဘာ (၇) ရက်နေ့မှာ ဇော်ဒန် ဦးစီးခေါင်းဆောင်တဲ့ ကချင်လွတ်လပ်ရေးကောင်စီ (ကေအိုင်စီ) ကိုယ်စားလှယ်အဖွဲ့ဟာ တော်လှန်ရေးကောင်စီနဲ့ တွေ့ဆုံတာလုပ်ပါတယ်။ တော်လှန်ရေးကောင်စီကိုယ်စား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လက်ခံတွေ့ဆုံဆွေးနွေးတာ လုပ်ပါတယ်။

ကေအိုင်အေ (ကေအိုင်စီ) ကိုယ်စားလှယ်အဖွဲ့ရဲ့ တင်ပြတောင်းဆို ဆွေးနွေးချက်ကတော့ –

(၁) ပြည်ထောင်စုအတွင်း လူမျိုးအသီးသီးအား လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပေးအပ်ရန်၊ မိမိတို့ လူမျိုးများရဲ့ သဘောအရ ခွဲထွက်လိုသူများကို ခွဲထွက်ခွင့်ပေးရန်၊

(၂) ကချင်ပြည်နယ်နှင့်ပတ်သက်ပြီး၊ ကချင်ပြည်သူပြည်သားများ၏ လက်နက်ကိုင်တော်လှန်နေခြင်း၏ အဓိကရည်ရွယ်ချက်ပန်းတိုင်ဖြစ်သည့် လွတ်လပ်သော အချုပ်အချာအာဏာပိုင် သီးခြားပြည်နယ်ထူထောင်ခွင့်ကို ပေးရန်၊

(၃) ပြည်ထောင်စုအတွင်းမှ ကချင်ပြည်နယ်ခွဲထွက်သွားသည့်နေ့မှစပြီး ကချင်ပြည်နယ်နှင့် ဗမာပြည်သည် ထာဝရငြိမ်းချမ်းရေးမူ (၅) ချက်ကို အခြေခံထားပြီး ဆက်ဆံရေးကို သဘောတူလက်မှတ်ရေးထိုးကြရန်၊

လို့ဆိုပါတယ်။ အပစ်အခတ်ရပ်စဲရေးပြဿနာများကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြတယ်ဆိုပါတယ်။

စက်တင်ဘာ (၈) ရက်နေ့မှာ ရန်ကုန်မြို့ အင်းယားလမ်းညှော်ဂေဟာမှာပဲ တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယမြောက် ပဏာမပြင်ဆင် ရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပပါတယ်။ အဓိကအားဖြင့် ပထမဆုံးအကြိမ် ဆွေးနွေးပွဲတုန်းက ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့က တင်ပြထားခဲ့တဲ့ တင်ပြချက်တွေအပေါ် တော်လှန်ရေးကောင်စီဖက် က တချက်ချင်း ပြန်လည်ပြန်ကြားချက်ပေးတဲ့သဘောဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ အစည်းအဝေးကျင်းပနိုင်ရေးကို သဘောတူကြောင်း၊ လိုအပ်တဲ့ အကူအညီပေးမှာဖြစ်ကြောင်း ပြန်ကြားပါတယ်။ မဒညတ အစည်းအဝေးထိုင်နိုင်ရေးတော့ တခြားပါတီများရဲ့ Mandate မပါပဲ မဆွေးနွေးချင်ကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ တော်လှန်ရေး ကောင်စီတို့ စစ်ရပ်စဲထားပြီးတဲ့အခါကျမှ အဲဒီနယ်မြေထဲမှာဖြစ်ဖြစ် (၃) ပါတီနယ်မြေထဲမှာဖြစ်ဖြစ် ကျင်းပ ပါ။ နားလည်မှုနဲ့လုပ်ရင် ဖြစ်နိုင်ပါတယ်လို့ ပြန်ကြားအဖြေပေးပါတယ်။

တော်လှန်ရေးကောင်စီဖက်က တပြည်လုံးအတိုင်းအတာနဲ့ စစ်ရပ်စဲရေးကိုတော့ မဖြစ်နိုင်လို့ အကြောင်းပြန်ကြားပြီး၊ ကွန်မြူနစ်ပါတီနဲ့ (၂) ဖက်သဘောတူ စစ်ရပ်စဲရေးကိုတော့ ဖြစ်နိုင်ပါမယ်။ အသေး စိတ် ထပ်မံဆွေးနွေးကြဖို့ အဖြေပေးပါတယ်။ တပ်များပြောင်းရွှေ့ရေးနဲ့ ပတ်သက်ပြီး တပ်စွဲထားရာကနေ ရွှေ့ပြောင်းပေးဖို့ သဘောမတူနိုင်လို့ ပြန်ကြားအဖြေပေးပါတယ်။ နယ်ချဲ့နဲ့ ပြည်တွင်းဖောက်ပြန်ရေးသမား များအန္တရာယ် ကာကွယ်တားဆီးရေးနဲ့ပတ်သက်ပြီး သဘောတူကြောင်း ပြန်ကြားပါတယ်။ (အဲဒီအချိန်မှာ တော်လှန်ရေးကောင်စီက စေ့စပ်ဆွေးနွေးရေး အောင်မြင်စွာဖြစ်မြောက်ရေးအတွက် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဦးဗဆွေ၊ ဦးဝင်း တို့အပါအဝင် ပုဂ္ဂိုလ်တချို့ကို ဖမ်းဆီးထိန်းသိမ်းထားပြီးပြီ ဖြစ်ပါတယ်။)

ပဏာမတွေ့ဆုံဆွေးနွေးပွဲကြီး အောင်မြင်စွာပြီးမြောက်လို့ ဒုတိယပိုင်း မျက်နှာစုံညီဆွေးနွေးပွဲကြီး မှာ ဗမာပြည်ကွန်မြူနစ်ပါတီဖက်က တင်ပြတဲ့ နိုင်ငံရေးဆိုင်ရာ အခြေခံအချက် (၅) ချက်ကို ဆွေးနွေးသွားဖို့ အခြေခံပြီး ဆွေးနွေးသွားဖို့ သဘောတူကြောင်း အဖြေပေးပါတယ်။ အခြေခံ (၅) ချက်ဆိုတာမှာလည်း ပဉ္စမအချက်ဟာ ‘လောလောဆယ် လိုအပ်သော အခြားပြဿနာများကို လုပ်ဆောင်ရန်’ လို့သာ ဖော်ပြ ထားတာဖြစ်တဲ့အတွက် မျက်နှာစုံညီ ဆွေးနွေးပွဲလုပ်တဲ့အခါမှာ နိုင်ငံရေးအားဖြင့် အဓိကညှိနှိုင်းဆွေးနွေး စရာဟာ အချက် (၄) ချက်ပဲဖြစ်ပါတယ်။ ဒီအခြေခံ (၄) ချက်ကိုလည်း တော်လှန်ကောင်စီက သဘောတူ လိုက်ပြီဆိုတဲ့အတွက်၊ ပဏာမပြင်ဆင်ရေး ဆွေးနွေးပွဲ အောင်မြင်အောင် ညှိနှိုင်းရာမှာ အဖုအထစ် သဘောမျိုးဖြစ်နေသေးတာက ‘တပ်စခန်းများရွှေ့ပြောင်းရေး’ နဲ့ ‘စစ်ရပ်စဲရေးပြဿနာ’ သာဖြစ်ပါတယ်။

စက်တင်ဘာ (၁၁) ရက်နေ့ ညနေပိုင်းမှာ တတိယအကြိမ်မြောက် ဆွေးနွေးပွဲပြုလုပ်ပါတယ်။ ဒုတိယ အကြိမ် ဆွေးနွေးပွဲတုန်းကဟာတွေကို ခြုံငုံသုံးသပ်ပြီး၊ ရဲဘော်ဌေး က ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော် မီတီအစည်းအဝေးလုပ်ရေးနဲ့ပတ်သက်ပြီး တင်ပြပါတယ်။ ဗဟိုကော်မီတီအစည်းအဝေး ကျင်းပမယ့်နေရာ ကို အကြမ်းဖျင်းအားဖြင့် ပေါက်ခေါင်းနဲ့ အောင်လံအစပ်၊ အရှံအားဖြင့် သာယာဝတီ၊ နတ္တလင်းနဲ့ ပေါင်းတည် အစပ်ကို လျာထားကြောင်း ထင်ပြပါတယ်။

စက်တင်ဘာ (၁၃) ရက်မှာ စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲကျင်းပပါတယ်။ ဗိုလ်မှူးကြီးစောမြင့်က ဗမာပြည်ကွန်မြူနစ်ပါတီဖက်က တင်ပြထားချက်တွေကို အတည်ပြုပြောကြားရင်း ဗဟိုကော်မီတီအစည်း အဝေးပွဲလုပ်ဖို့ ပထမနေရာကိုပဲ ရွေးချယ်ဖို့ အကြံပြုပါတယ်။ ဗကပ ဖက်က ဗဟိုကော်မီတီအစည်းအဝေး လုပ်မယ့်ဒေသနဲ့ အနီးဆုံးဒေသတွေဖြစ်နေတဲ့ ရွှေလောင်း၊ စွန်ချောင်း၊ ရွှေတောင်ငွေတောင်၊ ကုတင်ငါးဆင့်၊ စွယ်တုန်းဒေသများက အစိုးရတပ်များ ဆုတ်ခွာပေးစေလိုကြောင်း တင်ပြပါတယ်။ ဗိုလ်မှူးကြီးစောမြင့် က

သဘောတူကြောင်း ပြောပြီး၊ စက်တင်ဘာ (၂၅) ရက်နေ့ နောက်ဆုံးထား ရွှေ့ပြောင်းပေးရန်နဲ့ ဆက်သွယ်ရေးအတွက် ဆက်သွယ်ရေးအရာရှိများ နှစ်ဖက်စလုံးမှ ထားရှိရန်ကို ဆွေးနွေးသဘောတူညီခဲ့ကြပါတယ်။

စက်တင်ဘာ (၂၃) ရက်နေ့မှာ ပဉ္စမအကြိမ်မြောက် ဆွေးနွေးပွဲ ဆက်ကျင်းပပါတယ်။ ဗိုလ်မှူးကြီး စောမြင့်က အရင်အပတ်က သဘောတူညီထားခဲ့တဲ့ ရွှေ့ပြောင်းပေးဖို့ နေရာ (၅) ခုမှာ ကုတင်ဝါးဆင့်နဲ့ ရွှေလောင်းဟာ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ အရေးတကြီးရှိနေတဲ့အတွက် ဘယ်လိုဆောင်ရွက်သင့်တယ် အကြံ ပေးဖို့ ပြောကြားပါတယ်။ ရဲဘော်ဌေး က တပ်စခန်းများရွှေ့ပြောင်းပေးဖို့ သဘောတူပြီးဖြစ်တဲ့ အတွက် သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေလုပ်ဖို့နဲ့ အနှောက်အယှက်ပေးမှာမဟုတ်ကြောင်း ပြောဆိုပါတယ်။ အစည်းအဝေးလုပ်ဖို့ အရံဒေသ ပေါင်းတည်ကို ပယ်ဖျက်လိုက်ပြီး၊ တောင်ငူခရိုင် ‘စိမ်ရေ’ နဲ့ ‘သပြေဝ’ ဒေသကို ရွေးချယ်ထားကြောင်း တင်ပြရင်း၊ အဲဒါကြောင့် ဘုန်းရွာ၊ သပြေဝ၊ စိမ်ရေဝ၊ ကြက်ရှာ၊ လက်ပံခုံတို့မှာချထားတဲ့ တပ်စခန်းများရွှေပြောင်းပေးရေးကို တင်ပြပါတယ်။

ပဉ္စမအကြိမ်မြောက်အထိ တွေ့ဆုံဆွေးနွေးကြမှုတွေကို ခြုံငုံကြည့်မယ်ဆိုရင် ချောချောမွေ့မွေ့ပဲ ရှိနေခဲ့ပါတယ်။ အပြန်အလှန် လိုက်လျောမှုတွေ ပြသခဲ့ပါတယ်။

စက်တင်ဘာ (၂၉) ရက်နေ့မှာ ကေအင်ယူဥက္ကဋ္ဌ မန်းဘဇံ ကိုယ်တိုင်ခေါင်းဆောင်တဲ့ ‘(၃) ပါတီ ကိုယ်စားလှယ်အဖွဲ့’ တွေ့ဆုံဆွေးနွေးကြဖို့ ရန်ကုန်ကို ဆိုက်ရောက်လာပါတယ်။ မန်းဘဇံ (ကေအင်ယူပါတီ ဥက္ကဋ္ဌ)၊ နိုင်ဘလွင် (မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ)၊ စောမော်ရယ် (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူးချုပ်) စကောလယ်တော (ကေအင်ယူအထွေထွေအတွင်းရေးမှူး)၊ ဗိုလ်ကျင်ဖေ (ကေအင်ယူ ပေါလစ်ဗျူရို အဖွဲ့ဝင်)၊ ဗိုလ်သန်းအောင် (ကေအင်ယူဗဟိုကော်မီတီဝင်)၊ ဗိုလ်စံလင်း (ကရင်နီအမျိုးသားတိုး တက်ရေးပါတီ ဗဟိုကော်မီတီဝင်) တို့နဲ့အတူ ရုံးအဖွဲ့သားများပါ ပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကြီးဖြစ်ပါတယ်။

ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါတယ်။ ပြည်သူလူထုရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်နဲ့ ကြိုဆိုနှုတ်ဆက်ကြတာတွေ နေရာတိုင်းမှာ ပေါ်ပေါက်ခဲ့ပါတယ်။ အောက်တိုဘာ (၃) ရက်နေ့မှာ ဗကပနဲ့ တော်လှန်ရေးကောင်စီတို့ရဲ့ ဆဌမအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပပါတယ်။ တော်လှန်ရေးကောင်စီဖက်က ကိုယ်စားလှယ်အပြောင်းအလဲရှိလာပါတယ်။ ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးသောင်းဒန်နဲ့ ဒုဗိုလ်မှူးကြီးမျိုးအောင် တို့ဖြစ်လာပါတယ်။ သခင်တင်မြ မပါလာတော့ပါ။ ဗိုလ်မှူးကြီးစောမြင့် က နိုင်ငံခြားသွားစရာရှိတဲ့အတွက် နောင်လာမယ့် ဆွေးနွေးပွဲတွေမှာ ဗိုလ်မှူးကြီး လှဟန် က ခေါင်းဆောင်ဆွေးနွေးမှာဖြစ်ကြောင်း၊ သခင်တင်မြအစား ဒုဗိုလ်မှူးကြီးမျိုးအောင် တက်ရောက် လာတာဖြစ်ကြောင်း ရှင်းလင်းပြောဆိုပြီး၊ မပြီးပြတ်သေးတာတွေ ဆက်လက်ဆွေးနွေးကြဖို့ ပြောဆိုပါတယ်။ ဗိုလ်မှူးကြီးစောမြင့်ကပဲ တင်ပြထားတဲ့ ကင်းစခန်း (၅) ခုနေရာမှာ လမ်းဖောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး အတွက် ရိက္ခာများစက်ပစ္စည်းများ တော်တော်စုဆောင်းမိနေပြီးဖြစ်တဲ့အပြင်၊ မြို့ရွာတွေနဲ့လည်း နီးကပ်တဲ့ အတွက် မရွှေ့လိုကြောင်း၊ ရွာတရွာ နှစ်ရွာ အနေနဲ့ အမှန်တကယ်လိုအပ်နေရင် စဉ်းစားရန်ဖြစ်ကြောင်း ပြောပါတယ်။

ဗိုလ်ဇေယျ က ကင်းစခန်း (၂) ခုရွှေ့ပေးနိုင်ရင် သင့်တော်မယ်ထင်ကြောင်းနဲ့ သစ်ထုတ်လုပ် ရေးကို အရင်နားလည်မှုအတိုင်း ဆက်လုပ်ကိုင်ရန်ဖြစ်နိုင်ကြောင်း ပြန်လည်လိုက်လျောဆွေးနွေးပါတယ်။ ဗိုလ်မှူးကြီးစောမြင့် က ကင်းစခန်း (၂) ခုရွှေ့ပေးဖို့ သဘောတူပြီး၊ (Grid Line) သတ်မှတ်ဖို့ တင်ပြလာပါ တယ်။ ကွန်မြူနစ်ပါတီက သစ်ထုတ်လုပ်ရေးနဲ့ လမ်းဖောက်လုပ်ရေးအတွက် သဘောတူပေးလိုက်ပါတယ်။ အတိုက်အခိုက်ရပ်စဲရေးနဲ့ ပတ်သက်ပြီး မဒညတ နဲ့ဆွေးနွေးပြီးမှ ဆောင်ရွက်ကြဖို့ သဘောတူညီလိုက်ကြ

ပါတယ်။ သတင်းထုတ်ပြန်သင့်တဲ့ကိစ္စ သတင်းထုတ်ပြန်ရေးအတွက် 'သတင်းထုတ်ပြန်ရေးအဖွဲ့ငယ်' တခု ဖွဲ့စည်းဖို့ သဘောတူညီလိုက်ကြပါတယ်။ တော်လှန်ရေးကောင်စီဖက်က ဗိုလ်မှူးကြီးသောင်းဒန် နဲ့ နှစ်ယောက်၊ ဗမာပြည်ကွန်မြူနစ်ပါတီဖက်မှ ရဲဘော်အောင်ကြီး နဲ့ နှစ်ယောက် ဖွဲ့စည်းဖို့ဖြစ်ပါတယ်။ သတင်းစာကွန် ဖရင့်လုပ်ရေးကိုလည်း တော်လှန်ရေးကောင်စီဖက်က ပြုလုပ်ခွင့်ပေးပြီး၊ သတင်းထုတ်ပြန်ပြီးနောက်မှ ပြုလုပ်ကြဖို့ သဘောတူညီခဲ့ကြပါတယ်။

အောက်တိုဘာ (၄) ရက်နေ့မှာ အမှတ် (၁၄) အင်းယားလမ်း ဧည့်ဂေဟာမှာပဲ တော်လှန်ရေးကောင်စီနဲ့ (၃) ပါတီကိုယ်စားလှယ်အဖွဲ့တို့ ပဏာမဆွေးနွေးပွဲ စတင်ကျင်းပပါတယ်။ တော်လှန်ရေးကောင်စီဖက်မှ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တက်ရောက်ပါတယ်။ ပါဝင်တက်ရောက်သူတွေကတော့၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးသောင်းဒန် နဲ့ ဒုဗိုလ်မှူးကြီးချစ်ခင် တို့ဖြစ်ပါတယ်။ (၃) ပါတီ ကိုယ်စားလှယ်အဖွဲ့ဖက်ကတော့၊ မန်းဘဇံခေါင်းဆောင်ပြီး နိုင်ဘလွင်၊ စောမော်ရယ်၊ စကောလယ်တော၊ ဗိုလ်ကျင်ဖေ၊ ဗိုလ်သန်းအောင်၊ ဗိုလ်စံလင်း၊ နိုင်တက်ထွန်း နဲ့ နိုင်ထင် တို့ဖြစ်ကြပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းက တောင်းဆိုလိုတဲ့အချက်တွေကို တောင်းဆိုနိုင်ကြောင်း နိဒါန်းစကားပြောပြီး၊ မန်းဘဇံ က ဆွေးနွေးပွဲအစီအစဉ်ကို ဖတ်ကြားပါတယ်။

တော်လှန်ရေးကောင်စီဖက်က တပြည်လုံး အပစ်အခတ်ရပ်စဲထားရေးကို မူအားဖြင့် သဘောတူပေမယ့် အဖွဲ့အစည်းအများအပြားရှိတဲ့အတွက် လက်တွေ့ဆောင်ရွက်ရန် ခက်ခဲတယ်လို့ သဘောထားကာ၊ ဆွေးနွေးနေတဲ့ အဖွဲ့အစည်း (၃) ခုနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ နယ်မြေဒေသတွေမှာသာ အပစ်အခတ်ရပ်ထားရေးအတွက် ဆွေးနွေးကြဖို့ လိုလားပါတယ်။ တပြည်လုံးအပစ်အခတ်ရပ်စဲထားရေး မဖြစ်နိုင်လို့ဆိုပါတယ်။ မန်းဘဇံက အပစ်အခတ်ရပ်စဲရေးကိစ္စကို မဒညတ အနေနဲ့ လုပ်နိုင်တဲ့အခြေအနေရှိတဲ့အတွက် 'မဒညတ' အနေနဲ့ ဆောင်ရွက်လိုပါတယ်လို့ ပြောကြားတင်ပြပါတယ်။ ဗိုလ်မှူးကြီးလှဟန်က အပစ်အခတ်ရပ်စဲထားရေးပြဿနာကို တဖွဲ့တစည်းနဲ့မဟုတ်ပဲ 'မဒညတ' အနေနဲ့ ဆက်လက်ပြောဆိုသွားမယ်လို ့ပြောကြားပြီး မန်းဘဇံ တို့ဖက်က ကျန်အချက်တွေကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပြီးမှ ဆွေးနွေးကြဖို့ တင်ပြပြောဆိုပါတယ်။

အောက်တိုဘာ (၄) ရက်နေ့မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အတိုက်အခတ်ရပ်စဲရေးကိစ္စကို တဖွဲ့ချင်းဆွေးနွေးမယ့်အစား 'မဒညတ' ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးသွားဖို့ သဘောတူလိုက်ပြီဖြစ်ကြောင်း အကြောင်းကြားစာကို တော်လှန်ရေးကောင်စီမှ တရားဝင်ထုတ်ပြန်ပေးသလို၊ မဒညတ ကလည်း ပဏာမကိုယ်စားလှယ်အဖွဲ့ကို တရားဝင်ဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးဖို့ အသင့်ရှိကြောင်း၊ အောက်တိုဘာ (၆) ရက်နေ့မှာ ပြန်လည်တုန့်ပြန် အကြောင်းကြားခဲ့ပါတယ်။ ဖွဲ့စည်းလိုက်တဲ့ 'မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့' ကတော့၊ (၁)မန်းဘဇံ၊ (၂) စကောလယ်တော၊ (၃) ဗိုလ်ကျင်ဖေ၊ (၄) ဗိုလ်သန်းအောင်၊ (၅) နိုင်ဘလွင်၊ (၆) နိုင်ထင်၊ (၇) နိုင်တက်ထွန်း၊ (၈) စောမော်ရယ်၊ (၉) ဗိုလ်စံလင်း၊ (၁၀) ဆလိုင်းစံအောင်၊ (၁၁) ဆလိုင်းသာဦး၊ (၁၂) ရဲဘော်ဌေး၊ (၁၃) ရဲဘော်ဇင် (သခင်ဇင်)၊ (၁၄) ရဲဘော်တင်ထွန်း (သခင်တင်ထွန်း)၊ (၁၅) ရဲဘော်အောင်ကြီး၊ (၁၆) ရဲဘော်ဗိုလ်ဇေယျ တို့ဖြစ်ပါတယ်။ ပါတီအဖွဲ့အစည်းများအနေနဲ့ကတော့ ကေအင်ယူ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ချင်းဦးစီးအဖွဲ့ နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို ့ဖြစ်ပါတယ်။

အောက်တိုဘာ (၈) ရက်နေ့မှာ မဒညတ နဲ့ တော်လှန်ရေးကောင်စီတို့ စတင်ဆွေးနွေးကြပါတယ်။ တော်လှန်ရေးကောင်စီဖက် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလှဟန် က 'မဒညတ အနေနဲ့ အပစ်အခတ်ရပ်

စဲရေးကိစ္စတခုကိုပဲ ဆွေးနွေးပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ကျန်ပြဿနာတွေကိုတော့ မူလက တော်လှန်ရေးကောင်စီနဲ့ ပါတီအလိုက် သီးခြားစီဆွေးနွေးနေတဲ့ပုံစံအတိုင်း ဆက်လက်ဆွေးနွေးသွားမှာလား၊ ပါတီအလိုက်ဆွေးနွေးနေတာကို ရပ်ဆိုင်းလိုက်ပြီး (၅) ပါတီလုံးပါဝင်တဲ့ မဒညတ အဖွဲ့အစည်းတခုတည်း အနေနဲ့ပဲ ဆွေးနွေးမှာလားဆိုတာကို ရွေးချယ်သွားကြဖို့ ပြောဆိုတင်ပြပါတယ်။ မဒညတ ဖက်က နောက် တကြိမ်ဆွေးနွေးပွဲမှာ ပြန်လည်ဖြေကြားဖို့၊ အပစ်အခတ်ရပ်စဲရေးကိစ္စကိုလည်း နောက်တကြိမ်ဆွေးနွေးပွဲကျ မှ တင်ပြတော့မယ်လို့ အဖြေပေးပြီး ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ရုတ်သိမ်းခဲ့ကြပါတယ်။

အောက်တိုဘာ (၁၀) ရက်နေ့မှာ ဒုတိအကြိမ် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပါတယ်။ ဆွေးနွေးပွဲ ရဲ့ အချုပ်သဘောကတော့ အတိုက်အခိုက်ရပ်စဲရေးကို မဒညတ အနေနဲ့ ဆွေးနွေးပြီး ကျန်ကိစ္စများအတွက် ဆွေးနွေးပွဲကို ပါတီအလိုက် မူလဆွေးနွေးနေတဲ့ မူလပုံစံအတိုင်း ဆက်လက်ဆွေးနွေးသွားကြဖို့ မဒညတ ဖက်က တင်ပြသဘောထားပေးခဲ့ပါတယ်။ မဒညတ ရဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သက်တဲ့ တင်ပြချက်ကို ဖတ်ကြားတင်သွင်းပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ငြိမ်းချမ်းရေးအကြိုကာလတခု ဖော်ဆောင်ဖို့ တဖက်နဲ့တဖက် အပစ်အခတ် လုံးဝမရှိရေးဟာ လိုအပ်တယ်လို့ဖော်ညွှန်းပြီး၊ အချက် (၁၂) ချက်ပါ တင်ပြ ချက်ကို တင်ပြခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ကနေ တင်ပြတဲ့ အပစ် အခတ်ရပ်စဲရေးဆိုင်ရာ အချက် (၁၂) ချက်ကတော့ –

(၁) စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တပြည်လုံး အပစ်အခတ်ရပ်စဲရေးသည် ယေဘုယျသဘောအရ လိုအပ်နေသည့်အတွက် တပြည်လုံး အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ရန်၊

(၂) အကယ်၍ ရုပ်အခြေအနေအရ တပြည်လုံး အပစ်အခတ်ရပ်စဲရေး မဖြစ်နိုင်သေးပဲ ဆက် လက်ကြိုးပမ်းနေဆဲကာလတွင် လာရောက်တွေ့ဆုံဆွေးနွေး၍ အပစ်အခတ်ရပ်စဲလိုကြောင်း တင်ပြသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ထိုးစစ်ကြီးငယ်များ ဆင်နွှဲခြင်းမပြုရန်၊

(၃) မဒညတ နှင့်ဆိုင်သော ပါတီအဖွဲ့အစည်းများနှင့် ဒေသအားလုံးတွင် အပစ်အခတ်ရပ်စဲထား ရန်၊ မဒညတ အဖွဲ့ဝင်ပါတီ တပ်နှင့် ဒေသများအတွင်း ထုတ်ဆင့်ထားသော စစ်ဆင်ရေး အမိန့်များကို ပယ်ဖျက်ရန်၊ လက်တွေ့အားဖြင့် စစ်ဆင်လှုပ်ရှားခြင်း၊ တိုက်ကင်းလှည့်ခြင်း ထောက်လှမ်းရေးကင်းထွက်ခြင်း စသည်တို့ကိုပါ ရပ်ဆိုင်းရန်၊

(၄) တဘက်နှင့်တဘက် မှားယွင်းမှုဖြစ်စေနိုင်သော တနည်းအားဖြင့် တိုက်ရိုက်အန္တရာယ်ပေးနိုင် သော တော်လှန်ရေးကောင်စီ၏ တပ်စခန်းများကို ရုတ်သိမ်းပေးရန်၊ (လိုအပ်သောစခန်းများ ကို နှစ်ဘက်ညှိဆောင်ရွက်ရန်၊

(၅) အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မဒညတ အဖွဲ့ဝင်များ၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်း များကို လုပ်ဆောင်နိုင်ခွင့်ရှိစေရန်၊

(၆) ငြိမ်းချမ်းရေးအကြိုကာလအတွင်း အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်၊ ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ဗဟိုနှင့် ဒေသအလိုက် ပူးတွဲဖြေရှင်းရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းရန်၊

(၇) အပစ်ရပ်ထားစဉ်ကာလအတွင်း ငြိမ်းချမ်းရေးအဖျက်သမားများက မီးမွှေး ထိုးဆွပေးခြင်း ခြောင်းမြောင်းလုပ်ကြံခြင်း၊ နောက်ယုက်ဖျက်ဆီးခြင်း၊ ကြားဝင်တိုက်ခိုက်ခြင်းများ မဖြစ်ပေါ်

စေရန် လိုအပ်သော ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန်၊ ပေါ်ပေါက်လာသော ပြဿနာများကို စီစဉ်ညှိနှိုင်း ဖြေရှင်းသွားရန်၊

(၈) အပစ်အခတ်ရပ်စဲရေးကာလအတွင်း လူထုလုံခြုံရေးအတွက် လူဆိုး၊ ဓားပြ၊ ပြန်ပေး ပြဿနာများပေါ်ပေါက်ပါက အပြန်အလှန် အကြောင်းကြား အရေးယူဆောင်ရွက်ရန်၊ ဤသို့ဆောင်ရွက်ရာတွင် ဒေသအလိုက် ပူးတွဲဆောင်ရွက်ရေးအဖွဲ့များက ဆောင်ရွက်သွားရန်၊

(၉) မဒညတ နှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီကြောင်း သတင်းအဖြစ် သတင်းစာနှင့် အသံလွှင့်ဌာနမှ ကြေညာပေးရန်၊

(၁၀) သဘောတူညီချက်များကို နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာတပ်များသို့ တိုင်းသိပြည်သိ ညွှန်ကြားပေးရန်၊

(၁၁) အသေးစိတ်လုပ်ငန်းနှင့် ညွှန်ကြားချက်များကို လိုအပ်သလို ထပ်မံ ညှိနှိုင်းလုပ်ဆောင် ထုတ်ပြန်သွားကြရန်၊

(၁၂) အပစ်အခတ်ရပ်စဲရေးကာလကို ငြိမ်းချမ်းရေးဆွေးနွေးမှုကိစ္စများ ပြီးပြတ်သည့်အချိန်အထိ ထားရှိရန်၊ – ဆိုတာတို့ပဲဖြစ်ပါတယ်။

အောက်တိုဘာ (၁၅) ရက်နေ့မှာ တတိယအကြိမ်မြောက် ဆွေးနွေးပွဲ ဆက်လက်ကျင်းပပါတယ်။ တော်လှန်ရေးကောင်စီဖက်မှ ဗိုလ်မှူးကြီး လှဟန် က အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး မဒညတ ရဲ့ တင်ပြချက်တွေအပေါ် ဖြေကြားခြင်းလုပ်တာက အဓိကဖြစ်ပါတယ်။ ဖြေကြားရှင်းလင်းချက်အချုပ်ကတော့–

(၁) တပြည်လုံး အပစ်အခတ်ရပ်စဲရေးပြဿနာကို စဉ်းစားရာမှာ လက်တွေ့လုပ်ဆောင်ရန် မဖြစ်နိုင်။

(၂) ရိုးသားစွာ လာရောက်ဆွေးနွေးကြတဲ့ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းသဘောတူထားတဲ့ ဒေသများမှာ ထိုးစစ်ဆင်ခြင်းမပြုခဲ့၊ မူလကပင် ဒီသဘောထားကိုခံယူပြီး လက်တွေ့လည်း ကျင့်သုံးနေပြီးဖြစ်။

(၃) မဒညတဖက်ကလည်း ထိုးစစ်ဆင်ခြင်း၊ တိုက်ခိုက်ခြင်း၊ ကင်းလှည့်ခြင်း၊ ထောက်လှမ်းခြင်းမပြုပါဆိုတဲ့ အပြန်အလှန်ကတိပြုမှုသာ ဖြစ်နိုင်ပါမယ်၊ ဒါပေမယ့် တော်လှန်ရေးကောင်စီဟာ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ကြိုးစားနေဆဲမှာပဲ လူထုရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးကို ကာကွယ်စောင့်ထိန်းပေးဖို့ တာဝန်ရှိတဲ့အလျောက် လိုအပ်တဲ့ လုပ်ငန်းများကို ဆောင်ရွက်ရမယ်ဖြစ်ကြောင်း သိရှိထားစေချင်။

(၄) တပ်စခန်းများ ရုတ်သိမ်းပေးရေး သဘောမတူညီနိုင်ပါ။ ပြဿနာများပေါ်ပေါက်လာနိုင်တယ်လို့ ယူဆခဲ့လျှင် ပြဿနာအလိုက် အဆင်ပြေအောင် စီစဉ်ပေးနိုင်။။

(၅) 'အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မဒညတအဖွဲ့၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများလုပ်ခွင့်ရှိစေရန်' ဆိုတဲ့ တင်ပြချက်အပေါ် 'လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ' ဆိုတာရဲ့ အဓိပ္ပါယ်အကျယ်အဝန်းကို အဖွဲ့ခေါင်းဆောင် မန်းဘဇံကို မေးမြန်းရာ 'လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ' ရဲ့အဓိပ္ပါယ်ဟာ စည်းရုံးရေး၊ အုပ်ချုပ်ရေး နဲ့ ပတ်သက်ပါတယ်လို့ ဖြေကြားခဲ့၊ ဒါကြောင့် စည်းရုံးရေးလုပ်ငန်းများ၊ အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း ရပ်ဆိုင်းထားသင့်၊ အုပ်ချုပ်ရေးလုပ်ငန်းများဟာလည်း တော်လှန်ရေးကောင်စီအစိုးရ ရဲ့ တာဝန်သာဖြစ်၊ တောတွင်းအဖွဲ့အစည်းများနဲ့ တန်းတူရည်တူ ဆွေးနွေးနေတာဟာ နိုင်ငံရေးအဖွဲ့အစည်းများအနေနဲ့

သာ အသိအမှတ်ပြုခြင်းဖြစ်၊ စင်ပြိုင်အစိုးရအဖြစ် အသိအမှတ်ပြုဆွေးနွေးနေတာမဟုတ်၊ ထို့ကြောင့် စင်ပြိုင်အစိုးရသဘောသက်ရောက်စေတဲ့ တောတွင်းအဖွဲ့အစည်းများရဲ့ အုပ်ချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းကို ခွင့်မပြုနိုင်။

(၆) ပူးတွဲဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရန် ကို လိုအပ်သလို တိုင်ပင်ဖွဲ့စည်းသွားရန် သဘောတူ။

(၇) ငြိမ်းချမ်းရေးအဖျက်သမားများရဲ့ အန္တရာယ်ကို ကာကွယ်သွားရန် အဓိကတာဝန်ရှိသူဟာ တော်လှန်ရေးကောင်စီဖြစ်တာနဲ့အညီ ကာကွယ်တားဆီးသွားမယ်၊အကူအညီတောင်းခံလာလျှင် မဒညတ များက အကူအညီပေးစေလို။

(၈) ပြည်သူလူထုနဲ့ တိုင်းပြည်ရဲ့ လုံခြုံရေးကိစ္စအဝဝကို တော်လှန်ရေးကောင်စီအစိုးရဟာ တာဝန်ရှိတဲ့အလျောက် လိုအပ်တဲ့ ကာကွယ်စောင့်ရှောက်မှုများလုပ်သွားမယ်၊ အကူအညီတောင်းခံလျှင် မဒညတ များက အကူအညီပေးစေလို။

(၉) သတင်းစာနဲ့အသံလွှင့်ဌာနများက ကြေညာပေးရေးကိစ္စနဲ့ပတ်သက်ပြီး မဒညတ နဲ့ လိုအပ်သလို တိုင်ပင်ဆောင်ရွက်သွားမှာဖြစ်။

(၁၀) မဒညတ နဲ့ လိုအပ်သလို တိုင်ပင်ဆောင်ရွက်သွားမှာဖြစ်။

(၁၁) မဒညတ နဲ့ လိုအပ်က တိုင်ပင်ဆောင်ရွက်သွားမှာဖြစ်။

(၁၂) အပစ်အခတ်ရပ်စဲထားရေးကာလကို ငြိမ်းချမ်းရေးဆွေးနွေးမှုကိစ္စများ ပြီးပြတ်သည့်အချိန်အထိ ထားရှိရန်ကို မူအားဖြင့် သဘောတူ၊ ပြည်တွင်းငြိမ်းချမ်းရေး လျင်မြန်စွာရရှိစေရန် ရည်မှန်းဆောင်ရွက်သင့် ဟု ယူဆ။ – ဆိုပြီး တချက်ချင်း ပြန်လည်ဖြေကြားပါတယ်။

တော်လှန်ရေးကောင်စီဘက်က အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလှဟန် ရဲ့ ပြန်လည်ဖြေကြားချက်တွေကို ခြုံငုံကြည့်မယ်ဆိုရင် မဒညတအဖွဲ့ကြီးရဲ့ တင်ပြချက် (၁၂) ချက်ထဲက နံပတ် (၅) အချက်ဖြစ်တဲ့ 'အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မဒညတ အဖွဲ့ဝင်များရဲ့ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို လုပ်ဆောင်ခွင့်ရှိစေရန်' ဆိုတဲ့ အချက်အပေါ် လုံးဝလက်မခံနိုင်ကြောင်း ဖော်ပြလာတာတွေ့ရပါတယ်။ လုပ်ရိုးလုပ်စဉ်လုပ်ငန်းဆိုတာ 'စည်းရုံးရေး၊ အုပ်ချုပ်ရေး' နဲ့ဆိုင်တဲ့ကိစ္စတွေပါလို့ ရှင်းပြတဲ့အခါမှာလည်း စည်းရုံးရေးကို ရပ်ဆိုင်းထားသင့်ကြောင်းနဲ့ အုပ်ချုပ်ရေးဆိုတာကိုလည်း ခွင့်မပြုနိုင်ကြောင်းလို့ ဖြေကြားခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် နံပတ် (၅) အချက်ဟာ အဓိကပြဿနာကြီးအဖြစ် စတင်ပေါ်ပေါက်လာပါတယ်။ ကျန်အချက်တွေအပေါ်မှာတော့ ကြီးကြီးမားမား ကွဲပြားတာမတွေ့ရပဲ၊ တော်လှန်ရေးကောင်စီသည်သာ အဓိက စီမံခန့်ခွဲခွင့်ရှိသူ၊ တရားဝင်အစိုးရဆိုတဲ့ အဆင့်နေရာကို စကားလုံးအရရော လက်တွေ့အရပါ ဖိဖိစီးစီးအပေါ်စီးကနေ နေရာယူထားတာ တွေ့ရပါတယ်။

အောက်တိုဘာ (၁၆) ရက်နေ့မှာတော့ တော်လှန်ရေးကောင်စီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ရဲ့ သတ္တမအကြိမ်မြောက်ဆွေးနွေးပွဲကို ကျင်းပပါတယ်။

ဗိုလ်မှူးကြီးလှဟန် က 'ဗဟိုကော်မီတီအစည်းအဝေးလုပ်မယ့် ဒေသတဝိုက်မှ တပ်စခန်းများ ဆုတ်ခွာပေးတဲ့နေရာတွေမှာလည်း **(Grid Line)** သတ်မှတ်ဖို့ဆိုပြီး တင်ပြပါတယ်။ ရဲဘော်ဌေးက ဂရစ်ဒ်လိုင်း သတ်မှတ်ရာမှာ အခက်အခဲရှိပြီး သတ်မှတ်လို့မရတာတွေရှိကြောင်း၊ လိုင်းဆွဲခြင်းအားဖြင့် ပါတီရဲ့ စခန်းများနဲ့ မူလစည်းရုံးရေးနယ်မြေများ လိုင်းအပြင်ဖက်ရောက်နေတာမျိုးရှိတဲ့အတွက် ခြေကျုံ့သွားရကြောင်း၊ လိုင်းသတ်မှတ်မှာကို မူအားဖြင့်သဘောမကြကြောင်း တင်ပြခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီဖက်က လိုင်းသတ်မှတ်ရေးကို သဘောတူပေးခဲ့ပါတယ်။

အောက်တိုဘာ (၂၁) ရက်နေ့မှာ တော်လှန်ရေးကောင်စီနဲ့ မဒညတ တို့ရဲ့ စတုတ္ထအကြိမ်ဆွေးနွေးပွဲ ကျင်းပပါတယ်။ (၁၅) ရက်နေ့ ဆွေးနွေးပွဲတုန်းက တော်လှန်ရေးကောင်စီရဲ့ ဖြေကြားချက်အပေါ် မဒညတ ရဲ့ ပြန်လည်တင်ပြချက်စာတမ်းကို မန်းဘဇံ က ဖတ်ကြားတင်သွင်းပါတယ်။ အဓိကပြဿနာသဖွယ်ဖြစ်လာခဲ့တဲ့ 'မဒညတရဲ့ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ' ဆိုတာနဲ့ပတ်သက်ပြီး မဒညတရဲ့ တင်ပြချက်ဟာ စင်ပြိုင်အစိုးရသဘောမျိုး ဖော်ထုတ်တောင်းဆိုတာမဟုတ်ကြောင်း၊ အပစ်အခတ်ရပ်စဲထားတဲ့ ကာလအတွင်းမှာ မဒညတ ဝင် အဖွဲ့အစည်းများက ဖြစ်ပေါ်တည်ရှိနေတဲ့ အနေအထားအရ 'ပိုနေမြဲ ကျားနေမြဲ' အတိုင်း ဆက်လက်ဆောင်ရွက်သွားလိုတဲ့သဘောကိုသာ ဆိုလိုရင်းဖြစ်ပါကြောင်းနဲ့ စည်းရုံးရေး၊ အုပ်ချုပ်ရေး ဆိုတဲ့ မူပြဿနာကြီးများမှာ မဒညတ ဝင် ပါတီအဖွဲ့အစည်းများရဲ့ အာဏာပိုင်ကိုယ်စားလှယ်များနဲ့သာ သက်ဆိုင်စေသင့်ပါတယ်လို့ ပြောဆိုဖော်ပြခဲ့ပါတယ်။ မဒညတ အနေနဲ့ အခွင့်ကောင်းယူ အမြတ်ထုတ်ရန် ရည်ရွယ်ရင်းမရှိကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အခွန်အကောက် ကောက်ခံခြင်းတွေကိုလည်း လက်ရှိပိုနေမြဲ ကျားနေမြဲ အခြေအနေထက်ကျော်လွန်ပြီး တိုးချဲ့ကောက်ခံခြင်းကို ရှောင်ကြဉ်မှာဖြစ်ကြောင်း ရှင်းလင်းတင်ပြပါတယ်။

တော်လှန်ရေးကောင်စီဖက်ကတော့ အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း စည်းရုံးရေးလုပ်ငန်း မှန်သမျှ ရပ်ဆိုင်းထားသင့်ကြောင်း၊ စင်ပြိုင်အုပ်ချုပ်ရေးသဘောမျိုး သက်ရောက်စေနိုင်တဲ့အတွက် အုပ်ချုပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်မပြုနိုင်ကြောင်း ထပ်မံအတည်ပြု ဖော်ပြသွားပါတယ်။

အောက်တိုဘာ (၂၉) ရက်နေ့မှာ တော်လှန်ရေးကောင်စီနဲ့ မဒညတ တို့ ပဉ္စမအကြိမ်ဆွေးနွေးပွဲ ဆက်လက်ကျင်းပပါတယ်။ ဆွေးနွေးပွဲ စစချင်းမှာ ဗိုလ်မှူးကြီးလှဟန် က မဒညတ နဲ့ တွေ့ဆုံဆွေးနွေးခဲ့ချက်များအပေါ် 'ပြန်လည်ဆန်းစစ်ချက်များ' ဆိုတာ ဖတ်ကြားတင်ပြပါတယ်။ ညှိနှိုင်းခဲ့တာ အပြန်အလှန်ဆောင်ရွက်ပေးခဲ့တာတွေအပေါ် တချက်ချင်း ပြန်လည်ဆွဲထုတ်ပြပြီး၊ သဘောတူညီချက်ရပြီး နဲ့ ဘောတူညီချက်ရပြီ လို့ ဆိုရမှာတွေကို စုရုံးဖော်ပြပါတယ်။ ပြီးမှ နှစ်ဖက်သဘောတူညီချက် မရသေးသောအချက် (၂) ချက် ဆိုတာကို ဆွဲထုတ်ပြပါတယ်။ အဲဒီသဘောတူညီချက်မရသေးသောအချက် (၂) ချက်ဆိုတာကတော့ –

(၁) အချက်နံပတ် (၅) ဖြစ်တဲ့ 'စည်းရုံးရေး၊ အုပ်ချုပ်ရေးကိစ္စ'၊

(၂) ဆက်ကြေး၊ ထောက်ပံ့ကြေးများ မကောက်ခံရေးကိစ္စ – ဆိုတာဖြစ်ပါတယ်။ ပြီးမှ 'သဘောတူညီချက်မရသေးသော အချက် (၂) ချက်အပေါ် တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၏ သဘောထား' ဆိုတာကို ဖတ်ကြားတင်သွင်းပါတယ်။

သဘောမတူသေးတဲ့ အချက် (၂) ချက်ဆိုတာအပေါ် တော်လှန်ရေးကောင်စီရဲ့ သဘောထားအချုပ်ကတော့ 'မည်သည့်စည်းရုံးရေးကိုမဆို သဘောမတူနိုင်' ဆိုတာနဲ့ 'ဆက်ကြေးနဲ့ ထောက်ပံ့ကြေးငွေများကို မည်သည့်ပုံစံမျိုးဖြင့်မှ ခွင့်မပြုနိုင်' ဆိုတာပဲဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီဖက်မှ အသုံးအနှုန်းတွေထဲမှာ 'မဒညတ ကိုယ်စားလှယ်အဖွဲ့၏ ပြန်လည်တင်ပြချက်သည် 'မူ' လည်းမမှန်ပါ။ လက်လည်းမခံနိုင်သော သဘောထားဖြစ်သည်ဟု တော်လှန်ရေးကောင်စီက ယူဆပါသည်။' ဆိုတဲ့ ပြင်းထန်တဲ့ အသုံးအနှုန်းနဲ့ ကောက်ချက်ဆွဲမှုတွေ ပါဝင်လာခဲ့ပါတယ်။ တဆက်တည်းမှာပဲ တော်လှန်ရေးကောင်စီဖက်က "အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်အတွက် မဒညတ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ" ဆိုတာကို တင်သွင်းချမှတ်လာပါတယ်။ အဲဒါတွေကတော့ –

(၁) မဒညတ လက်နက်ကိုင်တပ်များအပါအဝင် အဖွဲ့ဝင်အားလုံး၏ နေထိုင်ရာဒေသကို တော်လှန်ရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့သို့ အသိပေးရန်၊

(၂) မဒညတ ၏ လက်နက်ကိုင်တပ်များနှင့်အဖွဲ့ဝင်များသည် နေရာဒေသအနှံ့အပြားတွင်ရှိရာ ဤသို့ရှိနေခြင်းဖြင့် ဆက်သွယ်ရေးတွင်လည်းကောင်း၊ ကြပ်မတ်ရေးတွင်လည်းကောင်း၊ မုချ အခက်အခဲရှိပါမည်။ ဤခက်ခဲမှုသည် အပစ်အခတ်ရပ်စဲရေးတွင် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာမည်ဖြစ်ပါ၍ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ဒေသများတွင် စုစည်းနေစေရန်၊ စုစည်းနေရန်ဒေသများကို တော်လှန်ရေးကောင်စီမှ သတ်မှတ်ပေးပါမည်။

(၃) ဤသို့ သဘောတူညီချက်ဖြင့် စုဝေးရန် သတ်မှတ်ထားသော ဒေသအတွင်းသို့ မဒညတ အဖွဲ့ဝင်များသည် သတ်မှတ်ထားသောအချိန်အတွင်း ရောက်ရှိရန်နှင့် အချိန်သတ်မှတ်ချက်ကို ကိုယ်စားလှယ်များ ညှိနှိုင်းသတ်မှတ်ပါမည်။

(၄) မဒညတအဖွဲ့ဝင်များသည် သတ်မှတ်ထားသောဒေသအတွင်းမှ အခြားသတ်မှတ်ထားသော ဒေသတခုသို့ သွားရောက်လိုပါက၊ အစိုးရတပ် ဒေသဆိုင်ရာ တာဝန်ခံများ၏ ခွင့်ပြုချက်ကို ရယူပြီးမှ အစိုးရတပ်၏ အကူအညီဖြင့် သွားရောက်ရန်။

(၅) မဒညတ အဖွဲ့ဝင်များသည် အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း သတ်မှတ်ထားသော ဒေသ၌ပင်လျှင် အစိုးရလုပ်ငန်းအဝဝနှင့် ပြည်သူလူထုအား နှောက်ယှက်ခြင်းကို လုံးဝ ရှောင်ကြဉ်ပါရန်။

ဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်တွေပဲ ဖြစ်ပါတယ်။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မရှိပဲ မထားပဲ ဆွေးနွေးညှိနှိုင်းနေကြရာကနေ၊ တော်လှန်ရေးကောင်စီဘက်က စတင်တင်သွင်းလာခဲ့တဲ့ စည်းကမ်းသတ်မှတ်ချက်တွေဖြစ်ပါတယ်။ အဲဒီဆန်းစစ်ချက်စာတမ်းအပေါ် မဒညတ ကိုယ်စားလှယ်များ သီးသန့်ဆွေးနွေးလိုက ဆွေးနွေးနိုင်ကြောင်း တော်လှန်ရေးကောင်စီဘက်က ပြောကြားပြီး၊ မဒညတ ဘက်က ပြန်လည်အကြောင်းပြန်ကြားပါမယ်လို့ ဖြေကြားကာ ပဉ္စမအကြိမ်မြောက်ဆွေးနွေးပွဲကို ရုတ်သိမ်းလိုက်ပါတယ်။

အဲဒီလို အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးနေကြဆဲကာလမှာ ပြည်သူလူထုကြီးရဲ့ ငြိမ်းချမ်းရေးဆန္ဒ ဖော်ပြလှုပ်ရှားမှုတွေ၊ ငြိမ်းချမ်းရေး မျှော်လင့်လိုလား တောင့်တသံတွေဟာ အဆက်မပြတ် ထွက်ပေါ်လာနေခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်က ငြိမ်းချမ်းရေးဖော်ပြသံသတင်းတွေဟာ သတင်းစာနဲ့ စာနယ်ဇင်းတွေပေါ်မှာ အဆက်မပြတ် ထင်ဟပ်ပေါ်လွင်နေခဲ့ပါတယ်။ အထူးသဖြင့် ပြည်သူ့ကော်မီတီ ရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုဒီရေဟာ တရိပ်ရိပ်မြင့်တက်လာနေခဲ့ပါတယ်။

'(၆) ခရိုင်ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီး' ကျင်းပဖို့ ပြင်ဆင်လှုပ်ရှားခဲ့ကြပါတယ်။ (၆) ခရိုင်ဆိုတာကတော့ ရန်ကုန်၊ အင်းစိန်၊ သာယာဝတီ၊ ပဲခူး၊ ဟံသာဝတီ၊ မအူပင်ခရိုင် တွေဖြစ်ပါတယ်။ အဲဒီ (၆) ခရိုင်က ငြိမ်းချမ်းရေးလိုလားတဲ့ ပြည်သူလူထုကြီးကို စုစည်းပြီး စစ်ကြောင်းလိုက်ဖြန့်ခွဲကာ၊ ငြိမ်းချမ်းရေးကြွေးကြော်သံတွေနဲ့အတူ ရန်ကုန်အရောက် ချီတက်ပြသကြဖို့ဖြစ်ပါတယ်။ (၆) ခရိုင်တွင်းရှိ ကျေးလက်တောရွာတွေအနှံ့ သွားရောက်စည်းရုံးကြပြီး၊ (၆) ခရိုင်ဆန္ဒပြပွဲကြီးကို အောင်အောင်မြင်မြင် ဖော်ပြနိုင်အောင် လှုပ်ရှားကြိုးပမ်းခဲ့ကြပါတယ်။ ဥပဒေဘောင်အတွင်းကနေ ပြည်သူလူထုရဲ့ အာသာငန်းငန်းဖြစ်နေတဲ့ဆန္ဒကို အကောင်းဆုံး အကြီးကျယ်ဆုံးဖြစ်အောင် ဖော်ထုတ်ပြသနိုင်ဖို့ ကြိုးပမ်းလှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။ ပြည်သူ့ကော်မီတီက ဦးဆောင်လှုပ်ရှားတဲ့ (၆) ခရိုင်ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးအတွက် သတင်းစာနဲ့ စာနယ်ဇင်းအသီးသီးကလည်း ဝိုင်းရံအားဖြည့် ကူညီဖော်ပြခဲ့ကြပါတယ်။ အထက်ဗမာပြည်မှာလည်း ခရိုင်အလိုက် ဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပါတယ်။

စစ်အစိုးရရဲ့ ငြိမ်းချမ်းရေးခေါ်လိုက်မှုကြောင့်ရော၊ ငြိမ်းချမ်းရေးခေါ်ခါနီး ထုတ်ပြန်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့်ပါ ဖမ်းဆီးထိန်းသိမ်းခံထားရရာက လွတ်မြောက်ခွင့်ရလာကြတဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တချို့နဲ့ ရန်ကုန်မှာ နည်းမျိုးစုံနဲ့ ဆက်လက်ရှိနေကြတဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တချို့ဟာ စစ်အစိုးရရဲ့ အဖျက်အဆီးခံလိုက်ရတဲ့ ကျောင်းသားသမဂ္ဂ (တကသ အဆောက်အဦးကြီး) ကို ပြန်လည်တည်ဆောက်နိုင်ဖို့ လုံးပမ်းအားထုတ်ခဲ့ကြပါတယ်။ အဖျက်အဆီးခံလိုက်ရတဲ့ သမဂ္ဂအဆောက်အဦကြီးအစား ထည်ထည်ဝါဝါ အဆောက်အဦသစ်ကြီး ပြန်လည်အစားထိုး တည်ဆောက်နိုင်ခြင်းမရှိသေးမီမှာ ယာယီသမဂ္ဂအဆောက်အဦအဖြစ် သမဂ္ဂမြက်ခင်းပြင်ပေါ်မှာ ယာယီတဲကြီးထိုးပြီး ပြန်လည်လှုပ်ရှားနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ သမဂ္ဂအဆောက်အဦကြီး ပြန်လည်တည်ဆောက်ရေးအတွက် ငွေကြေး လှူဒါန်းမတည်ပေးသူတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

အောက်တိုဘာ (၃၁) ရက်နေ့မှာ တော်လှန်ရေးကောင်စီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ တို့ရဲ့ အဌမအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ၊ အင်းယားလမ်းဧည့်ဂေဟာမှာပဲ ကျင်းပပါတယ်။ ဂရစ်ဒ်လိုင်းသတ်မှတ်ရေးကိစ္စကို ဆက်လက်ဆွေးနွေးကြပါတယ်။ ရဲဘော်ဌေးက ဂရစ်ဒ်လိုင်းသတ်မှတ်ရေးကို မူအားဖြင့် သဘောမတူကြောင်း ဖော်ပြခဲ့ပြီး၊ နောက်ဆုံးမှာ လိုက်လျောမှုကို ပြသတဲ့အနေနဲ့ ဂရစ်ဒ်လိုင်းကို နှစ်ဖက်သဘောတူသတ်မှတ်ရေးဆွဲအတည်ပြုခဲ့ကြပါတယ်။

တော်လှန်ရေးကောင်စီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ရဲ့ (၈) ကြိမ် (၈) ခါ ဆွေးနွေးခဲ့ကြမှုကို ပြန်ကြည့်မယ်ဆိုရင်၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် လိုအပ်တဲ့ တကယ့်နိုင်ငံရေးအရ ဆွေးနွေးမှုတွေကို ပြုလုပ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ရေးအဆင့် ညှိနှိုင်းလုပ်ဆောင်နေကြမှုတွေဟာ အခြေခံအားဖြင့် သဘောတူညီမှုတွေ ရရှိထားပြီးပြီ ဖြစ်တယ်လို့တောင် ပြောမယ်ဆို ပြောဆိုနိုင်တဲ့အနေအထားဖြစ်ပါတယ်။ အခုဆွေးနွေးနေတာတွေဟာ တကယ့်ဆွေးနွေးပွဲအတွက် ပဏာမပြင်ဆင်ရေးဆွေးနွေးပွဲတွေသာ ဖြစ်ပါတယ်။ ဒါပေမယ့် လာမယ့် ဆွေးနွေးပွဲ (အာဏာပိုင်ကိုယ်စားလှယ်များ ဆွေးနွေးရေးအဆင့်) အတွက် အခြေခံဆွေးနွေးကြမယ့် အခြေခံအချက်များကိုတောင် တော်လှန်ရေးကောင်စီဖက်က သဘောတူထားပြီးပြီ ဖြစ်ပါတယ်။

နိုဝင်ဘာလဆန်းမှာ ပြည်သူ့ကော်မီတီက ဦးဆောင်ကျင်းပတဲ့ (၆) ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးအောင်မြင်စွာထွက်ပေါ်လာခဲ့ပါတယ်။ နိုဝင်ဘာ (၃) ရက်နေ့မနက်၊ မင်းလှ–သရက်တပင် တာဆုံကနေ၊ မိုင်တရာကျော်ရှည် ခရီးကို ခြေလျင်ချီတက်လာခဲ့ကြတဲ့ ငြိမ်းချမ်းရေးဆန္ဒပြ လူထုကြီးဟာ (၇) ရက်အကြာ၊

နိုဝင်ဘာ (၉) ရက်နေ့မှာ ရန်ကုန်မြို့အတွင်း ဝင်ရောက်လာနိုင်ခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးဆန္ဒပြလူထုကြီးဟာ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ သိန်းနဲ့ချီတဲ့လူထုကြီးအဖြစ် စုဝေးမိခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးကြွေးကြော်သံတွေ ပွဲတင်ထပ်သွားစေခဲ့ပါတယ်။

တော်လှန်ရေးကောင်စီစစ်အစိုးရက ဒီ (၆) ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးအပေါ် အမြင်မကြည်မလင်ဖြစ်ခဲ့ပါတယ်။ အစိုးရကို နိုင်ငံရေးအကြပ်ကိုင်ဖို့အတွက် အတိုက်အခံများက ရည်ရွယ်ချက်ရှိရှိ ဖော်ထုတ်လာတာလို့မြင်သလို၊ ဗမာပြည်ကွန်မြူနစ်ပါတီ နဲ့ မဒညတ တို့က မဖြစ်ဖြစ်အောင် ဖော်ထုတ်စေခဲ့တာလို့လည်း သံသယရှိခဲ့ပါတယ်။ အစိုးရပြုတ်ကျရေးကို မကြွေးကြော်ပဲ ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ်ရပ်စဲရေးတွေကြွေးကြော်နေကြတာကိုတောင် လက်မခံနိုင်ဖြစ်ခဲ့ပါတယ်။

နိုဝင်ဘာ (၁၁) ရက်နေ့ညနေမှာ တော်လှန်ရေးကောင်စီနဲ့ မဒညတ တို့ရဲ့ ဆဌမအကြိမ်မြောက်ဆွေးနွေးပွဲကြီး ကျင်းပပါတယ်။

တော်လှန်ရေးကောင်စီဖက်က မကြေလည်မှု၊ သံသယရှိမှု၊ လက်မခံနိုင်မှုတွေကို ထုတ်ဖော်ပြောဆိုလာပါတယ်။ လူထုဆန္ဒပြပွဲတွေ ဖော်ထုတ်ပြီး တဖက်ကအစိုးရအပေါ် နိုင်ငံရေးအကြပ်ကိုင်၊ တဖက်က ကိုယ့်အဖွဲ့အစည်းကို ကိုယ်သြဇာတက်အောင်လုပ်ရင်း စည်းရုံးရေးအရ ဘဏ္ဍာရေးအရပါ အမြတ်ထွက်အောင် လုပ်နေကြတဲ့သဘောမျိုး ယူဆစရာတွေရှိကြောင်း၊ ဒါကြောင့် ရှေ့ဆက်ဆွေးနွေးနိုင်ဖို့အတွက် အနိမ့်ဆုံးလိုအပ်ချက်၊ ရိုးသားမှုရှိကြောင်း ယုံကြည်နိုင်ဖို့အတွက် အနိမ့်ဆုံးဖော်ပြလုပ်ဆောင်ပေးရမယ့်အချက်တွေရှိလာကြောင်း၊ ဒါတွေကိုမှ လုပ်ကိုင်ဆောင်ရွက်ဖော်ပြမပေးရင်၊ ရှေ့ဆက်ဆွေးနွေးလို့လည်း အကျိုးရှိမှာမဟုတ်လို့ တော်လှန်ရေးကောင်စီက ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်း တိတိလင်းလင်း ပြောဆိုလာပါတယ်။

မဒညတ ဖက်က တော်လှန်ရေးကောင်စီရဲ့ သံသယနဲ့ ထင်မြင်ယူဆချက်တွေအပေါ် ငြင်းဆိုတာချေဖျက်တာ၊ တုန့်ပြန်ဖြေရှင်း ရှင်းလင်းပြတာတွေ လုပ်ပါတယ်။ ရရှိထားပြီး သဘောတူညီချက်တွေအပေါ်ကနေ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်အောင်မြင်မြင်ဖြစ်တဲ့အထိ စိတ်ရှည်ရှည်နဲ့ ဆက်လက်သယ်ဆောင်ဆွေးနွေးညှိနှိုင်းသွားကြဖို့ မေတ္တာရပ်ခံ ပန်ကြားတာရော၊ ရှင်းလင်းပြောပြတာတွေပါ လုပ်ခဲ့ပါတယ်။ တကယ့် အခြေခံအချက်တွေကို ဆွေးနွေးကြတဲ့ နိုင်ငံရေးအရ ဆွေးနွေးပွဲအဆင့် တက်လှမ်းနိုင်တဲ့အခါ တချို့ပြဿနာ များနဲ့ ကိစ္စများဟာ အလိုလို ပြေလည်မှုဖြစ်သွားနိုင်တာ အပြန်အလှန် ဖြေရှင်းပြီးသားဖြစ်သွားနိုင်တာကို လည်း တင်ပြဆွေးနွေးပါတယ်။

တော်လှန်ရေးကောင်စီဖက်ကတော့ 'တော်လှန်ရေးကောင်စီ နှင့် မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့တို့၏ လက်ရှိ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို ဆက်လက်ဆွေးနွေးနိုင်မည့်လမ်းနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ တင်ပြချက်' ဆိုတဲ့စာတစောင်ကိုသာ တင်သွင်းဖတ်ကြားလာခဲ့ပါတယ်။ အပိုဒ်(၅) ပိုဒ်ခွဲပြီး တင်ပြထားပါတယ်။ အဓိကအချုပ် အပိုဒ် (၅) ကတော့ 'တွေ့ဆုံဆွေးနွေးရေးကို အောင်မြင်စွာ ဆက်လက်ပြုလုပ်သွားလိုလျှင် မဒညတ အဖွဲ့ဝင်ပါတီများက လက်ခံဆောင်ရွက်ရန် လိုအပ်သည့်အချက်များ' ဆိုတာပဲဖြစ်ပါတယ်။ မဒညတ ကို စည်းကမ်းချက်တွေချပေးပြီး၊ စည်းကမ်းကို အလိုက်နာခိုင်းလိုက် တာဖြစ်ပါတယ်။ လိုက်နာရမယ့် စည်းကမ်းချက် (လိုအပ်ချက်) ဆိုတာတွေကတော့ –

(က) မည်သည့်စည်းရုံးရေးကိုမှ မလုပ်ရန်။ နိုင်ငံရေးအရ လူထုနည်းအရ အကြပ်ကိုင်မှုများဖြစ်တဲ့ မြေပေါ်မြေအောက် လူထုစည်းရုံးရေး ဝါဒဖြန့်ချိရေးများကိုပါ ချက်ချင်းရပ်ဆိုင်းရန်။

(ခ) ဆက်ကြေးများမကောက်ရန်။

(ဂ) လူထုအား ခြိမ်းခြောက် နှောက်ယှက် ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ချက်ချင်းရပ်ဆိုင်းရန်။

(ဃ) အထက်ပါ (က၊ ခ၊ ဂ) များကို လက်ခံသည်နှင့်တပြိုင်နက် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် (၃) ပါတီတို့ဟာ မိမိတို့၏ လက်အောက်ခံအဖွဲ့အစည်းများကို အမြန်ဆုံး ညွှန်ကြားချက်ထုတ်ပြန်ပြီး ရပ်ဆိုင်းပေးရန်။

(င) ၁၉–၁၀–၆၃ နေ့က တော်လှန်ရေးကောင်စီ တင်ပြခဲ့သော အချက် (၅) ချက်စလုံးကို သဘောတူလက်ခံရန်။

(စ) အထက်ပါဖော်ပြထားသော (က၊ ခ၊ ဂ၊ ဃ၊ င) များကို လက်ခံသဘောတူပြီး ထိုအချက်များကို အမြန်အကောင်အထည်ဖော်ရန်။ – ဆိုတာပဲ ဖြစ်ပါတယ်။ [ (င) ပါ အချက် ၅ ချက် ဆိုတာ ဖော်ပြထားခဲ့ပြီးပြီဖြစ်ပါတယ်။]

အဲဒီလို တော်လှန်ရေးကောင်စီဖက်က တင်ပြချက်စာကို ဖတ်ကြားသွားပြီးတဲ့နောက်၊ ဒီစည်းကမ်း

သတ်မှတ်ချက်တွေကို လက်ခံ လက်မခံ၊ သဘောတူနိုင် မတူနိုင်၊ နိုဝင်ဘာလ (၁၄) ရက်နေ့ ညနေ (၆)နာရီ နောက်ဆုံးထားပြီး အကြောင်းပြန်ကြားရန်လို့ ရာဇသံသဘောပါ တပါတည်းပေးလိုက်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ တော်လှန်ရေးကောင်စီတို့ ရဲ့ တွေ့ဆုံဆွေးနွေးပွဲကိုလည်း အဲဒီစည်း ကမ်းချက်တွေအတိုင်းပဲ ချမှတ်အကြောင်းပြန်ကြားပြီး ပဏာမဆွေးနွေးပွဲကနေ ရှေ့ဆက် ငြိမ်းချမ်းရေးဆွေး နွေးပွဲ ပြုလုပ်နိုင်ရေးအတွက်၊ အပစ်အခတ်ရပ်စဲရေး ကြေညာနိုင်ရေးအတွက် ကြိုတင်လိုအပ်ချက်အဖြစ် တောင်းဆို ဖော်ပြလာခဲ့ပါတယ်။

အခြေအနေတွေ ကောင်းလာသလိုလို၊ သဘောတူညီမှုတွေ ရတော့မလိုလို၊ တိုးတက်မှုတွေ ရှိနေသ လိုလို အနေအထားကနေ၊ ချက်ချင်းလက်ငင်း ရာသီဥတုပြောင်းသွားခဲ့တာဖြစ်ပါတယ်။ တဆစ်ချိုးပြောင်း သွားသလို ဖြစ်ခဲ့ပါတယ်။

နိုဝင်ဘာလ (၁၄) ရက်နေ့မှာ တော်လှန်ရေးကောင်စီနဲ့ မဒညတ တို့ရဲ့ သတ္တမအကြိမ်မြောက် တွေ့ဆုံပွဲ ကျင်းပပါတယ်။ မဒညတ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မန်းဘဇံက၊ တော်လှန်ရေးကောင်စီရဲ့ (၂၉–၁၀–၆၃) နေ့ တင်ပြချက်နဲ့ (၁၁–၁၁–၆၃) နေ့ တင်ပြချက်တွေအပေါ် မဒညတ ကိုယ်စားလှယ်အဖွဲ့ ရဲ့ ပြန်လည်ဖြေကြား တင်ပြခြင်းအဖြစ် စာနဲ့ရေးသားလာတာကို တချက်ချင်း ဖတ်ကြားတင်ပြပါတယ်။ တော်လှန်ရေးကောင်စီဖက်က စွပ်စွဲချက်နဲ့ သံသယတွေကို ဖြေရှင်းငြင်းဆိုပြခဲ့သလို၊ ပြင်းထန်တင်းကြပ်တဲ့ စည်းကမ်းချက်တွေ ချမှတ်လာခဲ့ခြင်းအပေါ် စိတ်ထိခိုက်ရကြောင်း၊ သဘောတူညီမှုမရသေးတာတွေအပေါ် ဆက်လက်ညှိနှိုင်းသွားဖို့ လိုလားကြောင်း၊ 'ပိုနေမြဲ–ကျားနေမြဲ' အနေအထားကို ကျော်လွှန်နေတဲ့ နိုင်ငံရေး၊ စည်းရုံးရေးမှု ပြဿနာတွေပါ ပါဝင်နေတဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲတွေဆက်လုပ်ပြီး အဖြေရှာဖို့နဲ့ မဒညတ အနေနဲ့ မိမိအား တိုက်ခိုက်စစ်ဆင်ခြင်းတွေကို ခုခံခြင်းကလွဲပြီး တော်လှန်ရေးကောင်စီတပ်တွေကို စတင်တိုက်ခိုက်ခြင်းလုပ်မှာမဟုတ်ကြောင်းတွေကိုပါ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

တော်လှန်ရေးကောင်စီဖက်က လက်မခံနိုင်ကြောင်း ပြောကြားခဲ့ကာ၊ ပြန်ဖို့အစီအစဉ်တွေကိုသာ မေးမြန်းပြီး ပြန်ပို့ရေးအစီအစဉ်တွေကိုသာ တော်လှန်ရေးကောင်စီဖက်က စီစဉ်ပါတော့တယ်။ စေ့စပ်ဆွေး နွေးပွဲဟာ တော်လှန်ရေးကောင်စီဖက်ကနေ အပြီးအပိုင်ရပ်စဲလိုက်ပြီ ဖြစ်ပါတယ်။

နိုဝင်ဘာ (၁၄) ရက်နေ့ ဆွေးနွေးပွဲပြီးဆုံးချိန်ကစပြီး တရားဝင် တွေ့ဆုံဆွေးနွေးပွဲ ပျက်ပြားသွားပြီ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ (၈) ကြိမ်၊ မဒညတ နဲ့ (၇) ကြိမ်ဆွေးနွေးခဲ့ပြီးနောက် အချက်တော် တော်များများမှာ သဘောတူညီမှု ရရှိခဲ့ကြပါလျက် အပစ်အခတ်ရပ်စဲရေးကြေညာနိုင်ဖို့ လက်တကမ်း လောက်သာ လိုတော့တဲ့အချိန်မှာ တော်လှန်ရေးကောင်စီဖက်က ရပ်ဆိုင်းဖျက်သိမ်းပစ်လိုက်တာ ဖြစ်ပါတယ်။ နိုဝင်ဘာ (၁၁) ရက်နေ့ ဆွေးနွေးပွဲမှာ တော်လှန်ရေးကောင်စီဖက်က ချမှတ်ပြဋ္ဌာန်းလာတဲ့ စည်းကမ်းချက် ဆိုတာတွေအပေါ် မဒညတ အဖွဲ့ကြီးက အပြည့်အဝ မလိုက်လျောနိုင်တဲ့အတွက် နိုဝင်ဘာ (၁၄) ရက် ညနေ (၆) နာရီ အစည်းအဝေးပွဲပြီးဆုံးချိန်ကစပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ တရားဝင် ပျက်သုဉ်းသွားခဲ့တာ ဖြစ်ပါတယ်။

နိုဝင်ဘာ (၁၄) ရက်နေ့မှာပဲ တော်လှန်ရေးကောင်စီက မဒညတ နဲ့ တွေ့ဆုံဆွေးနွေးမှု ရပ်စဲလိုက် ကြောင်း တိုင်းပြည်ကို ချက်ချင်းထုတ်ပြန် ကြေညာခဲ့ပါတယ်။

မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့ရဲ့ ဆွေးနွေးပွဲ ပျက်ပြားရခြင်းနဲ့ပတ်သက်တဲ့ ပြည်သူလူထုသို့ တင်ပြချက်လည်း နိုဝင်ဘာ (၁၅) ရက်နေ့မှာ ထွက်ပေါ်လာခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ နဲ့ တော်လှန် ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲပျက်ပြားသွားပြီးတဲ့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမကိုယ်

စားလှယ်အဖွဲ့ရဲ့ ကြေညာချက်လည်း နိုဝင်ဘာ (၁၅) ရက်နေ့မှာပဲ ထွက်ပေါ်လာခဲ့ပါတယ်။ အပြန်အလှန် ဆွေးနွေးခဲ့ကြမှုတွေကို ပြန်လည်ဖော်ပြထားတဲ့အပြင်၊ ပြီးမှ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်သွားဦးမှာဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာမှအပ အခြားတဖက်စခန်းနဲ့ တပ်တွေကို စတင်တိုက်ခိုက်မှုလုပ်မှာမဟုတ်ပဲ ထိန်းသိမ်းသွားမယ်ဖြစ်ကြောင်း ပြည်သူလူထုကို တိုင်တည်ပြီး ကြေညာသွားခဲ့ပါတယ်။

တော်လှန်ရေးကောင်စီက ကချင်လွတ်လပ်ရေးကောင်စီနှင့် ဆွေးနွေးပွဲ အပြီးသတ် ရပ်စဲလိုက်ကြောင်းကို နိုဝင်ဘာလ (၁၅) ရက်ရက်စွဲနဲ့ ရခိုင်ပြည်ကွန်မြူနစ်ပါတီနှင့် ဆွေးနွေးပွဲ အပြီးသတ်ရပ်ဆိုင်းလိုက်ကြောင်းကို နိုဝင်ဘာ (၁၈) ရက်နေ့ ရက်စွဲနဲ့ ဆက်တိုက်ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဖျက်သိမ်းလိုက်ပြီး မြန်မြန်ပြန်စေရေးကို တက်သုတ်ရိုက် စီစဉ်ပေးလိုက်မှုကြောင့် သက်ဆိုင်ရာဒေသအသီးသီးဆီ ပြန်သွားကြရတဲ့ 'မဒညတ' အဖွဲ့ဝင်တွေ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့ဝင်တွေရဲ့ ပုံတွေကို နောက်ကျောကနေ ဓာတ်ပုံရိုက်ပြီး၊ ငြိမ်းချမ်းရေးကို ကျောခိုင်း၍ သူတို့ပြန်ကြလေပြီလို့ အစိုးရရဲ့ ဝါဒဖြန့်ချိရေးစာနယ်ဇင်းများကနေ ဝါဒဖြန့်ချိ ဖော်ပြလိုက်ကြပါတယ်။

နိုဝင်ဘာလထဲမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေအားလုံး အဆုံးသတ်သွားရပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ရပ်ဆိုင်းလိုက်ကြောင်း ကြေညာပြီးနောက်တရက်မှာပဲ အဖျက်ဆီးခံလိုက်ရတဲ့ တကသ သမဂ္ဂအဆောက်အဦရဲ့နေရာမှာ ယာယီအစားထိုးတည်ဆောက်ထားခဲ့ကြတဲ့ ကျောင်းသားသမဂ္ဂ သစ်ခက်တဲနန်း အဆောက်အဦကိုလည်း စစ်တပ်က လာရောက်ဖြိုဖျက် ဖယ်ရှားပစ်လိုက်ပါတော့တယ်။

## ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို နိဂုံးချုပ်ကြည့်ခြင်း

တော်လှန်ရေးကောင်စီအစိုးရရဲ့ ၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့ ထုတ်ပြန်ကြေညာချက်ကြောင့် တော်လှန်ရေးကောင်စီနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် လာရောက်ဆွေးနွေးကြတဲ့ တော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်းတွေဟာ အမျိုးစုံဖြစ်ပါတယ်။ တပြည်လုံးရှိ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနီးပါး လာရောက်ဆွေးနွေးပြီး ငြိမ်းချမ်းရေးဆန္ဒကို ဖော်ပြခဲ့ကြပါတယ်။

အလံနီကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ တို့ကလွဲရင် ကျန်ပါတီအဖွဲ့အစည်းများဟာ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြပါတယ်။ အားလုံးသောအဖွဲ့အစည်းတိုင်းဟာ ပြည်တွင်းစစ်ရပ်စဲရေးကို လိုလားကြပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံရဲ့ တောင်းဆိုချက်၊ တင်ပြချက်၊ ရှင်းလင်းချက်၊ သဘောထားထုတ်ပြန် ပြောဆိုချက်တွေကို ခြုံငုံကြည့်ရင် အဖွဲ့အစည်းတိုင်းဟာ အာဏာရအစိုးရအဆက်ဆက်ရဲ့ မတရားသဖြင့် နှိပ်ကွပ်မှု၊ တွန်းပို့မှု၊ မမှန်မကန် လုပ်ကိုင်ဆောင်ရွက်မှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တဲ့ ခုခံစစ်ကို ဆင်နွှဲရင်း၊ လက်နက်ကိုင်တော်လှန်ရေးကို ဆောင်ရွက်နေရတာချည်းဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ တို့ရဲ့ ရှေ့ရှုချက်တွေက ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲပြီး၊ ပြည်သူ့ဒီမိုကရေစီ သမတနိုင်ငံတော်သစ် ဖော်ဆောင်ရေးဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လိုလားချက်က၊

နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး အခြေခံပေါ်ကနေ ပြည်တွင်းစစ်ကိုရပ်၊ ပြည်သူလူထုတရပ်လုံးရဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို အာမခံ၊ နိုင်ငံရေးပါတီတွေရဲ့ တရားဝင် ရပ်တည်လှုပ်ရှား ဆောင်ရွက်ခွင့်တွေကို အပြည့်အဝပေး၊ လူနည်းစု အမျိုးသားငယ်တွေရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အသိအမှတ်ပြုပေးအပ်ပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးဖြစ်ပါတယ်။

မန်းဘဇံ ခေါင်းဆောင်တဲ့ ကေအင်ယူအပါအဝင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် မဒညတကလည်း ဆိုရှယ်လစ်လမ်းကြောင်းကို လက်ခံကြောင်းဖော်ပြခဲ့ပါတယ်။ မဒညတ တွင်းရှိ လူမျိုးစုလက်နက်ကိုင်ပါတီတွေအပါ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းအားလုံးရဲ့ လိုလားချက် တောင်းဆိုချက်တွေကတော့၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိတဲ့ တန်းတူရည်တူရှိတဲ့ စစ်မှန်တဲ့ပြည်ထောင်စုဖွဲ့စည်းရေးပဲဖြစ်ပါတယ်။ ကေအိုင်စီ က လွတ်လပ်တဲ့ ကချင်သမတနိုင်ငံ ထူထောင်ရေးအထိ တောင်းဆိုခဲ့တယ်ဆိုပေမယ့် လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းတိုင်းလိုလိုရဲ့ အဓိက ရလို ယူလို ပိုင်ဆိုင်လိုတဲ့ဆန္ဒကတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် သီးခြားလွတ်လပ်တဲ့ ပြည်နယ်များအဆင့် ရရှိရေးလို့ ဆိုရမှာဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီက အဲဒီလိုလားချက် တောင်းဆိုချက်တွေကို ငြင်းပယ်ခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ မဒညတ တို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပြန်ကြည့်မယ်ဆိုရင်၊ တွေ့ဆုံဆွေးနွေးမှုအဆင့်ဟာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ထိတောင် မရောက်ခဲ့ကြရပါ။ အာဏာပိုင်အဆင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့် မရောက်မီ၊ ငြိမ်းချမ်းရေးအကြိုကာလ ဖန်တီးရေးအတွက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအဆင့်မှာပင် ဆွေးနွေးပွဲရပ်ဆိုင်းခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ပဏာမကိုယ်စားလှယ်အဆင့်မှာပင် သဘောတူညီချက် ရတော့မလိုလို အနေအထားကနေ၊ မူသဘောဆောင်တဲ့ တောင်းဆိုချက်၊ ပြင်းထန်တင်းကြပ်လွန်းတဲ့ စည်းကမ်းချက်တွေ တောင်းဆိုသတ်မှတ် ပြဋ္ဌာန်းလာတာ ခံလိုက်ရပြီး၊ တဖက်သတ်ဖျက်သိမ်းမှုကို ခံလိုက်ကြရတာဖြစ်ပါတယ်။

တကယ်က တော်လှန်ရေးကောင်စီဟာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်လိုတာမဟုတ်ဘဲ ဆိုရှယ်လစ်ရေးဆိုင်းဘုတ်ပြပြီး၊ အရင်အစိုးရအဆက်ဆက် သွားခဲ့တဲ့လမ်းကြောင်းတွေနဲ့ မတူတဲ့ဆီ ဦးတည်ရွေ့ရှူသွားမယ်ဆိုတာကို ဖော်ပြပြီး၊ တနည်းအားဖြင့် မျှော်လင့်ချက်ပေးပြီး၊ ဖျားယောင်းချော့မြူ ကျုံးသွင်းခဲ့တာသာဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးကျုံးသွင်းပြီး လက်နက်ချရေးဆီ ရောက်အောင် အားထုတ် လုပ်ဆောင်ခဲ့တာသာဖြစ်ပါတယ်။

မဒညတနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့အပေါ် တော်လှန်ရေးကောင်စီက "နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားခဲ့ကြတယ်၊ မရိုးမသားဆောင်ရွက်ခဲ့ကြတယ်၊ လူထုနည်းနဲ့ အကြပ်ကိုင်ဖို့ ကြိုးစားခဲ့ကြ ကြံစည်ခဲ့ကြတယ်၊" လို့ အမျိုးမျိုးစွပ်စွဲ ပြစ်တင်ရှုတ်ချခဲ့ပါတယ်။ တကယ်စဉ်းစားကြည့်မယ်ဆိုရင် အဲဒီလိုအမြတ်ထုတ်ဖို့ အကြပ်ကိုင်ဖို့ မရိုးမသားနည်းနာအားလုံးကို လက်တွေ့လုပ်ဆောင်ခဲ့သူဟာ တော်လှန်ရေးကောင်စီသာဖြစ်နေခဲ့ပါတယ်။ ဘာကြောင့်လဲ။ လက်နက်ကိုင်နည်းနဲ့ မတော်မတရား အာဏာသိမ်းပြီး တက်လာခဲ့တဲ့ တော်လှန်ရေးကောင်စီစစ်အစိုးရဟာ တက်လာလာပြီးချင်း (၄) လအကြာမှာပဲ ကျောင်းသားတွေကို အသေသတ်၊ သမဂ္ဂအဆောက်အဦကြီးကို ဗုံးနဲ့ခွဲ ပြာချပစ်ခဲ့ပြီး လူထုကြား မျက်နှာပျက်စရာဖြစ်နေရချိန်မှာ နိုင်ငံရေးအရ မကျေနပ်စရာ၊ ဒေါသပုန်ထစရာတွေ တိုးပွားလာနေရချိန်မှာ၊ အဲဒီဟာတွေကို လမ်းလွှဲပစ်ဖို့ လူထုရဲ့အာရုံကို လူထုအလိုလားဆုံးကိစ္စနဲ့ အာရုံလွှဲပစ်ဖို့ သွေးစွန်းနေတဲ့ လူသတ်လက်ကို မြန်မြန်နောက်ဝှက်လိုက်ပြီး ငြိမ်းချမ်းရေးသံလွင်ခက်ကို လက်တဖက်နဲ့ ထုတ်ပြခဲ့တာသာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတဲ့ အသံဟာ လူထုကြိုက် လူထုအလိုလားဆုံး အသံဖြစ်တော့ ကျန်တာတွေအားလုံးအပေါ်မှာ ယာယီဖုံးလွှမ်း

သွားပြီး တော်လှန်ရေးကောင်စီအဖို့ အသက်ရှူပေါက် ပြန်လည်ဖန်တီးနိုင်ခွင့်၊ လူကြားသူကြား မင်္ဂလာယူစရာ ဖန်တီးနိုင်ခွင့်ရ ရှိခဲ့ပါတယ်။ ဒါဟာ နိုင်ငံရေးအမြတ်ထုတ်မှုစစ်စစ်ဖြစ်ပါတယ်။ ကျောင်းသားထုအပေါ် သွေးချောင်းစီးအောင် သတ်ဖြတ်ခဲ့တာတွေ၊ တနေ့တခြား အထွေထွေမကျေနပ်မှုတွေ တိုးပွားများပြားလာနေတာတွေကို 'ငြိမ်းချမ်းရေးခေါ်တယ်' 'တွေ့ဆုံဆွေးနွေးမှုတွေလုပ်မယ်' ဆိုတာနဲ့ အရှိန်သတ်ပစ်နိုင်အောင် ကြိုးပမ်းခဲ့တာဖြစ်သလို၊ ဆိုရှယ်လစ်ရေးကို လိုလားကြတဲ့ တောတွင်းရှိ လက်နက်ကိုင်အင်အားစုတွေကိုလည်း ဆိုရှယ်လစ်ဆိုင်းဘုတ်ပြပြီး ငြိမ်းချမ်းရေး နဖူးစည်းအောက်မှာ လက်နက်ချရေးဖြစ်အောင် ကြံစည်ခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်ဖို့ ကာယကံမြောက်လုပ်ဆောင်ခဲ့သူဟာ စစ်အစိုးရပဲဆိုတာ ထင်ရှားနေခဲ့ပါတယ်။ တော်လှန်ရေးကောင်စီဟာ တချက်ခုတ် နှစ်ချက်ပြတ်နည်း ကျင့်သုံးပြီး ငြိမ်းချမ်းရေးခေါ်ခဲ့တာဖြစ်ပါတယ်။ သွေးစွန်းနေတဲ့လက်ကို အသာအယာပြန်ဝှက်ပြီး၊ ကျန်လက်တဖက်နဲ့ ငြိမ်းချမ်းရေးသံလွင်ခက်ကို ထုတ်ပြရင်း အထွေထွေမကျေနပ်မှုတွေဆီ ဦးတည်နေတာတွေအားလုံးကို ယာယီတားဆီးနိုင်တာ အာရုံလမ်းလွှဲပေးတာတွေ လုပ်နိုင်ကိုင်နိုင်ခွင့် ရခဲ့ပါတယ်။ ဒါဟာ အမြတ်ကျန်အောင်လုပ်ခဲ့တာ မရိုးမသား လုပ်ဆောင်ခဲ့တာပဲ မဟုတ်လား။ အပစ်အခတ်ရပ်စဲရေးအတွက် လက်တွေ့လုပ်ကိုင်နိုင်ဖို့ သဘောတူညီချက်တွေ အများအပြားရရှိထားပြီးဖြစ်ပါလျက် မူသဘောဆောင်တဲ့အချက်တွေကို အတင်းအကြပ်တောင်းဆို၊ မဖြစ်နိုင်တဲ့ မဖြစ်သင့်မဖြစ်ထိုက်တဲ့ စည်းကမ်းချက်တွေကို တဖက်သတ် ချမှတ်ပြဋ္ဌာန်းပြီး ဆွေးနွေးပွဲတွေကို တဖက်သတ်ရပ်စဲပစ်ခဲ့တာကို ကြည့်မယ်ဆိုရင် အစကတည်းက စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တကယ်တည်ဆောက်ချင်လို့ ငြိမ်းချမ်းရေးခေါ်ခဲ့တာမဟုတ်ကြောင်း ထင်ရှားနေခဲ့ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဆိုင်ရာ အခြေခံမှုတွေအထိ ထိပါးနေတဲ့ တောင်းဆိုချက်တွေ စည်းကမ်းချက်တွေကို ချမှတ်ပြဋ္ဌာန်းလာတာဟာ မသိလို့ နားမလည်လို့မဟုတ်ဘဲ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ တောင်းဆိုချမှတ်လာခဲ့တာဖြစ်တဲ့အတွက် ဒါဟာ မရိုးမသားလုပ်ဆောင်မှုဖြစ်သလို မဖွယ်မရာ အကြပ်ကိုင်မှုစစ်စစ်လဲပဲဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေခေါ်ယူပြီး နိုင်ငံရေး အမြတ်ထုတ်ဖို့ ကြိုးစားတာ မရိုးမသားလုပ်ဆောင်တာ အကြပ်ကိုင်ဖို့အားထုတ်တာဟာ တော်လှန်ရေးကောင်စီဖက်ကသာဖြစ်ကြောင်း ပေါ်လွင်နေပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ချင်လို့မဟုတ်၊ အထွေထွေမကျေမနပ်မှုတွေကို လမ်းကြောင်းပြောင်းစေချင်၊ အာရုံပြောင်းစေချင်ပြီး နိုင်ငံရေးအမြတ်ကျန်ချင်လို့ ငြိမ်းချမ်းရေးအစစ်အမှန်ရချင်လို့မဟုတ်၊ လက်နက်ကိုင်အဖွဲ့အစည်းတွေ လက်နက်ချတာရချင်လို့ အစီအစဉ်ရှိရှိလုပ်ဆောင်ခဲ့သူဟာ တော်လှန်ရေးကောင်စီသာဖြစ်ပါတယ်။ ဒါပေမယ့် စစ်အစိုးရအဖို့ ထင်သလောက် အမြတ်မထွက်ခဲ့ပါ။ ရပ်တည်ချက်ရှိတဲ့၊ နိုင်ငံရေးအမြော်အမြင်ရှိတဲ့၊ လိမ္မာပါးနပ်တဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးက စစ်အစိုးရရဲ့ ကျုံးသွင်းမှုကို ကျုံးသွင်းမခံဘဲ သတိရှိရှိ မှန်မှန်ကန်ကန် တုန့်ပြန်ရပ်တည် ဖော်ပြသွားခဲ့ကြပါတယ်။

တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်းစုံတွေထဲမှာ စောဟန်တာသာမွေး ခေါင်းဆောင်တဲ့ ကရင့်တော်လှန်ရေးကောင်စီ (ကေအာစီ) ကိုသာ တော်လှန်ရေးကောင်စီက ရရှိလိုက်ပါတယ်။ ကေအန်ယူအဖွဲ့စည်းကြီးထဲက ပဲ့ထွက်လာတဲ့ ကေအာစီ အစုတစုကိုသာ တော်လှန်ရေးကောင်စီက တော်လှန်ရေးကောင်စီ စစ်အစိုးရက နားချလိုက်နိုင်ပြီး၊ ကေအာစီ နဲ့ တော်လှန်ရေးကောင်စီ သဘောတူညီမှုရရှိခဲ့ပါတယ်။

(စောဟန်တာသာမွေးခေါင်းဆောင်တဲ့ ကရင့်တော်လှန်ရေးကောင်စီနဲ့ တော်လှန်ရေးကောင်စီ စစ်အစိုးရတို့ဟာ ၁၉၆၄ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့မှာ သဘောတူစာချုပ်ချုပ်ဆိုပြီး လက်မှတ်ရေးထိုးလိုက်

ကြပါတယ်။ စောဟန်တာသာမွေးနဲ့အတူ လက်နက်စွန့်လာကြသူတွေထဲမှာ ကေအင်ဒီအိုခေါင်းဆောင်တွေဖြစ်ခဲ့ကြတဲ့ စောအောင်စိန်၊ စောအုန်းဖေ စတဲ့ပုဂ္ဂိုလ်တွေလည်း ပါဝင်ခဲ့ပါတယ်။ စောအောင်စိန် ဟာ ၁၉၄၉ ခုနှစ်၊ ဧပြီလတုန်းက ပထမဆုံးသော ကေအင်ဒီအိုနဲ့ ပြည်ထောင်စုအစိုးရတို့ရဲ့ စစ်ပြေငြိမ်းရေး၊ ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးမှုအပျက်မှာ၊ စောဘဦးကြီးရဲ့ ရိုးသားစွာ သဘောတူညီလာမှုကို ပယ်ဖျက်ပြီး လက်မခံနိုင်ကြောင်း တရားဝင်ပေးစာပို့ရာမှာ စောဟန်တာသာမွေးနဲ့အတူ ပူးတွဲလက်မှတ်ရေးထိုးခဲ့တဲ့ ကေအဲန်ဒီအို ခေါင်းဆောင်ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီစစ်အစိုးရက သူတို့နဲ့ သဘောတူညီမှုရယူပြီး တရားဝင် လက်နက်စွန့်လာခဲ့တဲ့ ကရင်တော်လှန်ရေးကောင်စီ အဖွဲ့ခေါင်းဆောင် စောဟန်တာသာမွေးကို သူကောင်းပြုတဲ့အနေနဲ့ နောက်ပိုင်းမှာ အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပါတယ်။)

လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေ လက်နက်ချလာရေးအတွက် နိုင်ငံရေးကျူးသွင်းမှုအဖြစ် လုပ်ခဲ့တာလည်းဖြစ်၊ ပြည်သူလူထုရဲ့ အာရုံကို တဖက်သို့လွှဲပေးပြီး လိမ်ညာလှည့်ဖျားဖို့အတွက် အစီစဉ်ရှိရှိ ကြံစည်ပြုလုပ်ခဲ့တဲ့၊ အစကတည်းက သဘောထားမမှန်ခဲ့တဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတွေဟာ သဘာဝကျစွာပဲ စစ်အစိုးရရဲ့ တဖက်သတ် ဖျက်သိမ်းလိုက်မှု၊ ရပ်ဆိုင်းကြောင်း ကြေညာလိုက်မှုနဲ့ နိဂုံးချုပ်ခဲ့ရပါတယ်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများပျက်ပြားပြီးနောက် စစ်အစိုးရရဲ့ခြေလှမ်းများနဲ့ စစ်အာဏာရှင်စနစ်အောက်က ဗမာပြည်

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားခဲ့ရပြီးနောက် တော်လှန်ရေးကောင်စီစစ်အစိုးရဟာ ပထမဆုံး အငြိုးတကြီး စတင်ပြုလုပ်တာကတော့ အစုလိုက်အပြုံလိုက် လူဖမ်းပွဲကြီး ကျင်းပတာပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ကျင်းပနေစဉ်ကာလက ငြိမ်းချမ်းရေးအတွက် ရှေ့တန်းအခန်းကနေ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် လှုပ်ရှားခဲ့ကြတဲ့ ပြည်သူ့ကော်မီတီဝင် ပုဂ္ဂိုလ်ပေါင်း မြောက်များစွာနဲ့ ငြိမ်းချမ်းရေးလိုလားသူ တိုးတက်တဲ့ နိုင်ငံရေးသမားပေါင်းမြောက်များစွာကို လိုက်လံဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချထားလိုက်ပါတယ်။

ဗိုးနဲ့ခွဲပြီး ပြာချခံလိုက်ရတဲ့ တကာသ အဆောက်အဦးကြီးအစား ယာယီသမဂ္ဂအဆောက်အဦးအဖြစ် ပြန်လည်ကြိုးပမ်း ဖော်ထုတ်လိုက်တဲ့ သမဂ္ဂတဲကြီးကိုလည်း ငြိမ်းချမ်းရေးပျက်ပျားပြီး နောက်တနေ့မှာပဲ စစ်တပ်က ဖျက်ဆီးပစ်လိုက်ပါတယ်။ အထွေထွေမကြေနပ်မှုပေါင်းစုံကြောင့် နိုဝင်ဘာလထဲမှာ ပေါ်ပေါက်လာတဲ့ ကျောင်းသားလှုပ်ရှားမှုတွေကိုလည်း ဖမ်းဆီးနှိပ်ကွပ်ပစ်လိုက်ပြန်ပါတယ်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ ကျောင်းသားလှုပ်ရှားမှုတွေကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရတဲ့ ကျောင်းသားတွေ အများအပြားရှိခဲ့ပါတယ်။ အိမ်စောင့်အစိုးရအဖြစ် စစ်အစိုးရတက်လာတုန်းက လူဖမ်းပွဲကြီးလုပ်ခဲ့သလို၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အပျက်မှာလည်း အစုလိုက်အပြုံလိုက် လူဖမ်းပွဲကြီးလုပ်ခဲ့ပါတယ်။ တချို့ကျောင်းသားခေါင်းဆောင်တွေ တောခိုကြရ လက်နက်ကိုင်တော်လှန်ရေးထဲ ဆင်းခဲ့ကြရ တာတွေဖြစ်ပေါ်ခဲ့ရပါတယ်။

တော်လှန်ကောင်စီစစ်အစိုးရဟာ ထူထောင်ထားပြီး ဆိုရှယ်လစ်လမ်းစဉ်ဆိုင်းဘုတ်ကို နယ်ပယ်အနှံ့မှာ ဆက်လက်ဖြန့်ဝေ ထူထောင်ပါတယ်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းကြောင်းကို ချီတက်ဖို့ဆိုပြီး ပြည်သူပိုင်သိမ်းတာတွေ ဆက်လက်လုပ်ကိုင်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမပျက်ခင် ပြည်သူ

ပိုင်သိမ်းမှုတွေ ဆက်လုပ်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့မှာ သိမ်းပြခဲ့တာကတော့ ဘီအီးဒီစီ နဲ့ စစ်ဖက်ကုန်စည်ဖြန့်ချိရေးဌာနလုပ်ငန်းပေါင်း (၄၆) ခုကိုဖြစ်ပါတယ်။ ကိုယ့်လုပ်ငန်းတွေကို ကိုယ့်ခေါင်းစဉ်ပြောင်းပြီး သိမ်းပြခဲ့တာဖြစ်ပါတယ်။ ဘီအီးဒီစီ ကို ခေါင်းဆောင်ဦးစီးလုပ်ကိုင်ခဲ့တဲ့ ဗိုလ်မှူးချုပ်အောင်ကြီးက ဗိုလ်ချုပ်ကြီးနေဝင်း တယောက်တည်း ချမ်းသာရေးလိုဖြစ်နေတာကို သိပ်မလိုလားဘဲ စစ်ဗိုလ်ကြီးငယ်တွေစားရအောင် လုပ်ကိုင်ခဲ့တဲ့သဘောဖြစ်တဲ့အတွက် ဘီအီးဒီစီ ကို နောက်ပိုင်းမှာ မျက်မုန်းကျိုးလာခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်မှူးချုပ်အောင်ကြီးကို ဖယ်ရှားပစ်ပြီးတဲ့နောက်ပိုင်း ဘီအီးဒီစီ ကိုပါ ပြည်သူပိုင်သိမ်းပြခဲ့တာလို့ဆိုကြပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ကျင်းပနေတုန်း တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေထဲက ဆိုရှယ်လစ်ရေးလိုလားသူ အဖွဲ့အစည်းတွေကို ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း သွားမယ်ဆိုတာ ယုံကြည်အောင် တချက်ခုတ် နှစ်ချက်ပြတ် လုပ်ပြခဲ့တဲ့ သဘောလဲပါပါတယ်။

ဆွေးနွေးပွဲတွေပျက်ပြားပြီးနောက် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက် ပြည်ထောင်စုနေ့ အခမ်းအနားကို မန္တလေးမြို့မှာကျင်းပပြီး ဗိုလ်ချုပ်ကြီးနေဝင်း တက်ရောက်မိန့်ခွန်းပြောကြားပါတယ်။ တိုင်းရင်းသားအရေးလူမျိုးများအရေးနဲ့ ပတ်သက်ပြီး တော်လှန်ရေးကောင်စီရဲ့ ခံယူချက်ဆိုတာကို ကြေညာပါတယ်။

"တိုင်းရင်းသားလူမျိုးတို့၏ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဖြင့် ရာသက်ပန် ပူးပေါင်းနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချထားဖို့လို အပ်လှပါတယ်။ သို့မှသာ တိုင်းရင်းသားလူမျိုးအချင်းချင်း ယုံယုံကြည်ကြည်နှင့် ပြည်ထောင်စု၏အကျိုးကို အတူတကွ လက်တွဲလုပ်ကိုင်သွားနိုင်ပါမည်။ ဤအချက်သည် အလွန်လိုလားအပ်သော အရေးပါသည့်အချက်ဖြစ်ကြောင်း" လို့ ပြောဆိုသွားပါတယ်။

ဥမကွဲလိုက်မပျက် အတူနေထိုင်သွားကြပြီး ပြည်ထောင်စုကြီးအတွင်း ရာသက်ပန် အတူပူးပေါင်းနေထိုင်သွားကြဖို့လို့ စကားလုံးရွေးသုံးစွဲသွားခဲ့ပေမယ့် ဆိုလိုချင်တာက ပြည်နယ်များခွဲထွက်ရေးကို လက်မခံ၊ ခွဲထွက်ပိုင်ခွင့်ကိုလည်း အသိအမှတ်မပြုနိုင်လို့ ပြောဆိုလိုရင်းဖြစ်ပါတယ်။ ခွဲမထွက်ဘဲ အတူနေကြမယ်ဆိုရင် တိုင်းရင်းသားလူမျိုးများက မိမိတို့မြတ်နိုးတဲ့ ပြည်နယ်များ ဆက်လက်ထားလိုကြရင်လည်း ထားကြပါလို့ ပြောဆိုသွားခဲ့ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းများ အလိုရှိနေကြတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုတော့ ဘယ်လိုနည်းနဲ့မှ မစဉ်းစားနိုင်ကြောင်း ပြောဆိုလိုက်တာဖြစ်ပါတယ်။

မတ်လ (၁၉) ရက်နေ့မှာတော့ ရန်ကုန်နယ်နိမိတ်အတွင်းက လက်ကားဆိုင်ကြီးများ၊ ပွဲရုံများ၊ ကုန်တိုက်ကြီးများ၊ ကုန်ပစ္စည်းဂိုဒေါင်ကြီးများ၊ သမဝါယမ ဆိုင်များနဲ့ အထွေထွေ စတိုးဆိုင်ကြီးတွေမှန်သမျှကို တော်လှန်ရေးကောင်စီက အပြီးအပိုင် ပြည်သူပိုင်သိမ်းလိုက်ပါတယ်။

၁၉၆၄ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှာတော့ **"၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေ"** ဆိုတာကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်ပါတယ်။ စစ်အစိုးရ တက်ရောက်လာပြီး ဒီမိုကရေစီမှန်သမျှ အမှောင်ကျနေရတဲ့ အနေအထားကနေ ဒီမိုကရေစီမှန်သမျှ တစမကျန်ရအောင် တရားဝင်ဖျက်သိမ်းခြင်းခံလိုက်ရတဲ့နေ့အဖြစ် ဗမာပြည်သမိုင်းမှာ မှတ်တမ်းတင်ရမယ့်နေ့ဖြစ်ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်တဲ့ ဥပဒေလို့ နာမည်တပ်ပြီး နိုင်ငံရေးပါတီတွေနဲ့ အဖွဲ့အစည်း အသင်းအပင်းတွေမှန်သမျှကို တခုမှ တည်ရှိခွင့်မပေးတော့ဘဲ ဖျက်သိမ်းပစ်လိုက်တဲ့ ဥပဒေဖြစ်ပါတယ်။ သမိုင်းတလျှောက် တည်ရှိလာခဲ့ကြတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းကြီးတွေအပါအဝင် ရှိရှိသမျှ နိုင်ငံရေးအဖွဲ့အစည်းတွေအားလုံးကို မဖျက်မနေရ အဖျက်သိမ်းခိုင်းခဲ့ပါတယ်။ သေနတ်နဲ့ကိုင်ပြီး မတရားသဖြင့် အတင်းအကြပ်ဖျက်သိမ်းခိုင်းခဲ့တာဖြစ်ပါတယ်။ အဲဒီလို မဖွယ်မရာ အဖျက်သိမ်းခိုင်းခဲ့ရုံမက၊ ဖျက်သိမ်းပြီးစီးပါကြောင်း၊ ဖျက်သိမ်းလိုက်ရတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်း အသင်းအပင်းတွေရဲ့ ခေါင်းဆောင်တွေ၊ အမှုဆောင်တွေကိုယ်

တိုင် လက်မှတ်ရေးထိုးပြီး၊ တော်လှန်ရေးကောင်စီအစိုးရနဲ့ ပြည်ထဲရေးဌာနကို တင်ပြ အကြောင်းကြားစေခဲ့ပါတယ်။ သက်ဆိုင်ရာပါတီ အဖွဲ့ စည်းတွေရဲ့ ဆိုင်းဘုတ်တွေကိုပါ ဖြုတ်ချပေးရပြီး သက်ဆိုင်ရာပါတီ အဖွဲ့အစည်းတွေရဲ့ အလံ၊ တံဆိပ်တုံး၊ အထိမ်းအမှတ်၊ အမှတ်အသား၊ စာရွက်စာတမ်းတွေပါမကျန် တော်လှန်ရေးကောင်စီအစိုးရထံ အပ်နှံခိုင်းခဲ့ပါတယ်။ ကိုယ့်ပါတီ ကိုယ့်အဖွဲ့ အစည်းကို ကိုယ်တိုင်ဖျက်သိမ်းပြီးစီးပါကြောင်း ကြေညာတင်ပြပေးရရုံမက၊ အကုန်လုံးကို စစ်အစိုးရထံအပ်နှံကြရပါတယ်။ ကိုယ့်ပါတီဆိုင်းဘုတ်ကို ကိုယ့်ဟာကိုယ်ဖြုတ်ချမပေးဘဲ၊ သူတို့ဖာသာသူတို့ စစ်တပ်နဲ့ လာရောက်ဖြုတ်ချသွားတာခံရတဲ့ ပါတီမျိုးလည်းရှိခဲ့ပါတယ်။ (ဥပမာအားဖြင့် ပြည်သူ့တိုးတက်ရေးပါတီမျိုး၊ ပါတီအမှုဆောင်ကော်မတီဝင် တွေအားလုံး ထောင်ထဲရောက်နေကြရပြီးဖြစ်တဲ့အတွက် ပါတီဆိုင်းဘုတ်ကို စစ်တပ်က လာရောက်ဖြုတ်ချသွားခဲ့ရပါတယ်။)

ပထစ၊ ဖဆပလ၊ ပမညတ တို့လို နိုင်ငံရေးပါတီကြီးတွေနဲ့တကွ ရှိရှိသမျှ နိုင်ငံရေးအဖွဲ့ အစည်းအားလုံး တရားဝင်ရပ်တည်ခွင့်မရတော့ဘဲ ကွယ်ပျောက်သွားရပါတယ်။ နိုင်ငံရေးပါတီအဖွဲ့ အစည်းကြီးတွေသာမက အသင်းအပင်းအဖွဲ့ အစည်းမှန်သမျှလည်း နိုင်ငံရေးပါတီကြီးတွေနည်းတူ အကုန်ဖျက်သိမ်းပစ်တာခံခဲ့ရပါတယ်။ အကုန်ဖျက်သိမ်းပြီးကြောင်း ကြေညာပြီး အကုန်အပ်နှံခဲ့ရပါတယ်။ ရွှေတိဂုံစေတီတော်ရေကြည်တော်ဝတ်အသင်းလိုလိုလောက်ကလွဲပြီး ဘာအသင်းအပင်း အဖွဲ့ အစည်းကိုမှ တရားဝင်ရပ်တည်ခွင့်မပေးတော့ဘဲ မတရားသဖြင့် ဖျက်သိမ်းခဲ့ပါတယ်။ စာရေးဆရာအသင်း၊ စာပေကလပ်၊ ကလောင်ရှင်များအသင်း၊ လူငယ်များကြီးပွားရေးအသင်းတို့လို စာပေအနုပညာယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အသင်းအပင်း အဖွဲ့ အစည်းတွေကိုတောင်မှ ချမ်းသာမပေးခဲ့ပါ။ အကုန်ဖျက်၊ အကုန်ဖြို၊ အကုန်အပ် လုပ်စေခဲ့ပါတယ်။

တရားဝင် မြေပေါ်ဥပဒေဘောင်အတွင်းမှာ တော်လှန်ရေးကောင်စီကိုယ်တိုင် တည်ထောင်ဖန်တီးလိုက်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေါ် (မဆလ) ပါတီကြီးကိုသာ ပြိုင်ဖက်မရှိ တခုတည်းသောဦးဆောင်ပါတီကြီးအဖြစ် ငွါးငွါးစွင့်စွင့် တည်ရှိရှင်သန် ဖွံ့ဖြိုးခွင့်ပြုလိုက်ပြီး တပါတီအာဏာရှင်စနစ်ကို မျက်နှာပြောင်ပြောင်နဲ့ စတင်ဖော်ဆောင်လိုက်ပါတော့တယ်။

အဲ့ဒီအချိန်ကစပြီး တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်တဲ့ မဆလ တပါတီအာဏာရှင်စနစ်ခေါ် စစ်အာဏာရှင်စနစ်ဟာလည်း ဗမာပြည် ပြည်သူတွေအပေါ် ထင်သလို ဗိုလ်ကျဖို့ဗမာပြည် ပြည်သူအားလုံးကို သေနတ်နဲ့တေ့ထားပြီ အုပ်စိုးဖို့ မျက်နှာပြောင်ပြောင်နဲ့ပဲ စတင်ပေါ်ထွန်းလာပါတော့တယ်။ ဗမာပြည်သမိုင်းမှာ တပါတီအာဏာရှင်စနစ် အုပ်စိုးမှုသမိုင်းဟာ အမှောင်ခေတ်ရဲ့ ငိုညည်းသံရှည်တေးသွားနဲ့အတူ စတင်လူးလွန့် လှုပ်ရှားလာပါတော့တယ်။

၁၉၆၄ ခုနှစ်၊ ဧပြီ (၉) ရက်နေ့မှာ ရန်ကုန်အပါအဝင် တနိုင်ငံလုံးက လက်လီလက်ကား ဆိုင်ကြီးပေါင်း (၁၂၇၆၄) ဆိုင်ကို ထပ်မံ ပြည်သူပိုင်သိမ်းပိုက်လိုက်ပါတယ်။ ကွမ်းယာဆိုင်သာသာကအစ ဆိုင်ကြီးဆိုင်ငယ်မှန်သမျှ မတရားသဖြင့် အစိုးရက သိမ်းပိုက်တာခံလိုက်ကြရခြင်းဖြစ်ပါတယ်။ နယ်ချဲ့ပိုင် နိုင်ငံခြားအရင်းရှင်ကြီးများပိုင်ဘဏ်တွေ၊ ကုမ္ပဏီကြီးတွေ ပြည်သူပိုင်သိမ်းတယ်ဆိုတုန်းက မတန်တဆ လျော်ကြေးအမျိုးမျိုးပေးပြီး သိမ်းခဲ့ပေမယ့် တိုင်းရင်းသားပိုင်၊ တိုင်းရင်းသားနေရှင်များပိုင် လုပ်ငန်းမျိုးစုံနဲ့ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ အားပေးအားမြှောက်ပြုရမယ့် အခြေခံစက်မှုလက်မှုဆိုင်ရာတိုင်းရင်းသား လုပ်ခင်းကိုင်ခင်းအသီးသီးကိုတော့ တပြားတချပ်မှ လျော်ကြေးမပေးဘဲ ထင်သလို ဗိုလ်ကျပြီးမတော်မတရား သိမ်းပိုက်ခဲ့တာဖြစ်ပါတယ်။ ဆိုရှယ်လစ်ဆိုင်းဘုတ်ထောင်ပြီး ဆိုရှယ်လစ်လူ့ဘောင်သစ်ဆီချီတက်ဖို့ဆိုတဲ့ မိုးတလုံးလေတလုံး ကြွေးကြော်သံနဲ့ မိုက်မိုက်ရိုင်းရိုင်း လုယက်ခဲ့တာဖြစ်ပါတယ်။ တမျိုးသား

လုံးရဲ့ အမျိုးသားစီးပွား တိုးတက်ထွန်းကားလာရေးကိုလည်း နလံမထူနိုင်အောင် နင်းချေဖျက်ဆီးပစ်လိုက်တာဖြစ်ပါတယ်။

ရန်ကုန်ရောနယ်ပါ အစိုးရက ပြည်သူပိုင်သိမ်းပွဲကြီး ကျင်းပတဲ့အခါ၊ လုပ်ငန်းအကြီးအသေး အရွယ်အစားကိုလိုက်ပြီး ဗိုလ်မှူးကြီး၊ ဗိုလ်မှူးလတ်၊ ဗိုလ်ကြီး၊ ဗိုလ်ငယ် ကနေ တပ်ကြပ်ကြီး၊ တပ်ကြပ်ငယ်အထိ စစ်တပ်ကပဲ ဦးစီးဦးကိုင်ပြု ရှေ့ဆောင်ကာ စီးပွားရေးလုပ်ငန်းတွေကို သိမ်းပိုက်ခဲ့ကြပါတယ်။ လုပ်ငန်းတွေဆိုင်တွေကို သိမ်းပိုက်ရုံမက အဲဒီလုပ်ငန်းတွေ ဆိုင်တွေရဲ့ လုပ်ငန်းသော့ ဆိုင်သော့ ငွေကြေးအစုစုကိုသာမက မော်တော်ယာဉ်တွေပါ အပ်ခဲ့ကြရပါတယ်။ ပြည်သူပိုင်သိမ်းပွဲကို နယ်မြေသိမ်း စစ်ဆင်ပွဲကြီးတခုလို ကျင်းပသွားခဲ့ကြပါတယ်။

သတင်းစာတိုက်တွေလည်း ပြည်သူပိုင် အသိမ်းခံခဲ့ကြရပါတယ်။ ကျောင်းတွေ၊ ဆေးရုံတွေ၊ ရုပ်ရှင်ရုံတွေ၊ ပုံနှိပ်တိုက်တွေလည်း ပြည်သူပိုင်အသိမ်းခံရပါတယ်။ သာသနာပြု မစ်ရှင်ကျောင်းတွေအပါအဝင် ပုဂ္ဂလိကကျောင်းပေါင်း (၈၂၄) ကျောင်း၊ သာသနာပြုဆေးရုံ (၉) ရုံ၊ ရုပ်ရှင်ရုံ (၁၈၂) ရုံ၊ ပုံနှိပ်လုပ်ငန်း (၁၇) ခု၊ အရောင်းအဝယ်ကုမ္ပဏီ (၂၄) ခုနဲ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွေပါ ပြည်သူပိုင်သိမ်းပိုက်ခံရပါတယ်။ အသေးစား စက်မှုလက်မှုအလုပ်ရုံပေါင်း (၁၁၂) ရုံလည်း ပြည်သူပိုင်သိမ်းခံရပါတယ်။ စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေသာ ကပ်သင့်ခံခဲ့ရတာမဟုတ်၊ စာပေနဲ့စာနယ်ဇင်းဆိုင်ရာလုပ်ငန်းတွေရော၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာလုပ်ငန်းတွေအားလုံးပါ ကပ်သင့်ခံခဲ့ရပြီး မတော်မတရားပြုတာ ခံလိုက်ကြရတာဖြစ်ပါတယ်။

အဲဒီထက်ဆိုးပြီး တပြည်လုံး တောရောမြို့ပါမကျန် ကပ်သင့်ခံလိုက်ရတာကတော့ ၁၉၆၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့ဖြစ်ပါတယ်။ မေလ (၁၇) ရက်နေ့မှာ တော်လှန်ရေးကောင်စီအစိုးရက တပြည်လုံးမှာ တရားဝင် လှည့်လည်သုံးစွဲနေတဲ့ တရာကျပ်တန်၊ ငါးဆယ်ကျပ်တန်ငွေစက္ကူတွေကို တရားမဝင်ကြေညာလိုက်ပါတယ်။ တပြည်လုံး လှည့်လည်သုံးစွဲနေတဲ့ ငွေတွေအားလုံးရဲ့ (၂၂) ရာခိုင်နှုန်းရှိတဲ့ စုစုပေါင်းငွေကျပ် (၉၁၅.၈) သန်းကျော် အစိုးရအဖို့ အမြတ်ထွက်သွားပြီး ပြည်သူလူထုတရပ်လုံးအဖို့တော့ အစိုးရကိုယ်တိုင်ရဲ့ ဓားပြတိုက်မှုကို ကျောကော့အောင်ခံလိုက်ကြရပါတယ်။

"ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ မြန်မာ့နည်းမြန်မာ့ဟန်နှင့် ချီတက်ကြပါစို့" လို့ ကြွေးကြော်ပြီး တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ တခြားနိုင်ငံရေးပါတီ အဖွဲ့အစည်းမှန်သမျှကို ဖျက်သိမ်းပြီး မဆလ တပါတီထဲပြိုင်ဖက်မရှိရပ်တည်ကာ၊ တပါတီအာဏာရှင်စနစ်လမ်းကြောင်းကို ခိုင်မာအောင် အစီအစဉ်ရှိရှိ လုပ်ဆောင်ပါတယ်။ တပါတီအာဏာရှင်စနစ်နဲ့ အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို ဆန့်ကျင်ကန့်ကွက်ကြမယ့် လူပုဂ္ဂိုလ်အလွှာအသီးသီးနဲ့ နိုင်ငံရေးအင်အားစုတွေကိုလည်း နှိပ်ကွပ်ဖမ်းဆီး ထိမ်းသိမ်းပြီး ထောင်ထဲထည့်ထားတာ၊ မလှုပ်နိုင်အောင်စီမံတာတွေ အကွက်ကျကျ ဖော်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးအပျက်မှာ လှုပ်ရှားလာခဲ့တဲ့ ကျောင်းသားအင်အားစုနဲ့ ရဟန်းသံဃာအင်အားစုကိုလည်း ဖမ်းဆီးနှိပ်ကွပ်ပြီး ထောင်ထဲထည့်တာလုပ်ခဲ့ပါတယ်။ ဒါကြောင့်ငြိမ်းချမ်းရေးအပျက်နောက်ပိုင်း ထောင်ထဲရောက်ကြသူတွေထဲမှာ ငြိမ်းချမ်းရေးလှုပ်ရှားမှုကြောင့် ထောင်ထဲရောက်ကြရသူတွေသာမက ကျောင်းသားလှုပ်ရှားမှုကြောင့်၊ ရဟန်းသံဃာလှုပ်ရှားမှုကြောင့် ထောင်ထဲရောက်ကြရသူတွေပါ တိုးပွားများပြားလာခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ ဧပြီလထဲကပဲ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ ထောင်ခါသလို လုပ်ဆောင်ခဲ့ပေမယ့်၊ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် ထောင်ထဲသွားပြီး အကျဉ်းသားတွေကို နောက်နောင် ထောင်ထဲရောက်အောင်မလာကြတော့ဖို့ သြဝါဒကထာ ခပ်တည်တည် မြွက်ကြားပြီး ရန်ကုန်ထောင်ကြီးကို တပတ်အတွင်း ဖျက်ပစ်ခဲ့ပေမယ့်၊ တနှစ်အတွင်းမှာ

ပဲ တပြည်လုံး အနယ်နယ်အရပ်ရပ်ရှိ ထောင်တွေအားလုံး အကျဉ်းသားအပြည့် ထောင်ပြည့် တန်းပြည့်ဖြစ်သွားခဲ့ပါတယ်။ နိုင်ငံရေးသမားတွေနဲ့ စစ်အစိုးရအတွက် အနှောက်အယှက်ရှိနိုင်သူတွေကို သိမ်းကြုံးထည့်နိုင်ဖို့ သာမန်ရာဇဝတ်သမား ပြစ်မှုပြစ်ဒဏ် အကျဉ်းသားများကို လွှတ်ပစ်ပြီး ထောင်ခါထားနှင့်ရှော့သလားလို့တောင် ထင်မှတ်ယူဆဘွယ်ရှိတာကတော့ ဒီတခါ ထောင်တွေထဲ အစုလိုက်အပြုံလိုက် အသွင်းခံရသူတွေဟာ သာမန်ရာဇဝတ်မှုသမားတွေမဟုတ်ပဲ နိုင်ငံရေးသမား၊ ကျောင်းသား၊ ရဟန်းသံဃာတော်တွေနဲ့ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ အနုပညာသည်တွေသာမက ကုန်သည်ကြီးတွေ လုပ်ငန်းကိုင်ငန်းရှင်ကြီးတွေပါမကျန် အလွှာစုံ အမျိုးစုံဖြစ်နေပါတယ်။ ကုန်သည်ကြီးတွေ လုပ်ငန်းကိုင်ငန်းရှင်ကြီးတွေနဲ့ တချို့သော စာနယ်ဇင်းသမားကြီးတွေကတော့ 'ပြည်သူ့ပိုင်' ဆိုတာ သိမ်းပြီးနောက်ပိုင်း လူပါထောင်ထဲရောက်ခဲ့ကြရတာတွေဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အတွက် အန္တရာယ်ရှိနိုင်တဲ့ စာနယ်ဇင်းလောကကိုလည်း ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းနိုင်ဖို့ စာနယ်ဇင်းဆိုင်ရာ မူဝါဒ ပေါ်လစီသစ်တွေကို ချမှတ်ပြီး စာနယ်ဇင်းဆိုင်ရာလွှတ်လပ်ခွင့်တွေကို တဆင့်ပြီးတဆင့် ပိတ်ပင်တားဆီးတာတွေလုပ်ပါတယ်။ တော်လှန်ရေးကောင်စီတက်လာပြီး မကြာမီ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လကတည်းက ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်အက်ဥပဒေ ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေအရ ပုံနှိပ်သူ၊ ထုတ်ဝေသူအားလုံးကို ရက်ပေါင်း (၉၀) အတွင်း အသစ်ထပ်မံ မှတ်ပုံတင်ခိုင်းခဲ့ပါတယ်။ စက်တင်ဘာလထဲမှာ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးကနေ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေအားလုံး မှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးမှသာ ထုတ်ဝေဖြန့်ချိရမယ်လို့ အမိန့်ထုတ်ခဲ့ပါတယ်။ သတင်းထောက်နဲ့ သတင်းစာဆရာတွေကိုလည်း မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးမှသာ ခရီးသွားခွင့်၊ အစိုးရရုံးနဲ့ ဝန်ကြီးဌာနတွေအတွင်း သွားရောက်သတင်းယူ ခွင့်ပြုခဲ့ပါတော့တယ်။ ပြည်သူ့ပိုင်သိမ်းတဲ့အခါမှာတော့ သတင်းစာတိုက်တွေတော်တော်များများလည်း အသိမ်းခံရပြီး အစိုးရကိုယ်တိုင် ကြီးကြပ်ထုတ်ဝေတဲ့ သတင်းစာတွေအဖြစ် ပြောင်းလဲပစ်တာခံကြရပါတယ်။ တော်လှန်ရေးကောင်စီအစိုးရရဲ့ ပထမဆုံးသော သတင်းစာကတော့ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာ (၁) ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ" ဖြစ်ပြီး အင်္ဂလိပ်ဘာသာနဲ့တော့ ( Working People's Daily ) ဆိုပြီး ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ထွက်ပေါ်လာခဲ့ပါတယ်။ သတင်းစာတိုက်တွေတော်တော်များများ ပြည်သူ့ပိုင်သိမ်းခံရပြီးတဲ့အခါမှာတော့ အစိုးရပေါ်လစီကိုက် သတင်းစာတွေအဖြစ် ဘဝပြောင်းကြရပါတော့တယ်။ အမျိုးမျိုးသောတင်းကြပ်တဲ့ မူဝါဒပေါ်လစီဆိုတာတွေအောက်မှာ စာနယ်ဇင်းလွှတ်လပ်ခွင့်ဟာ တနေ့တခြား လုံးပါးပါးပြီး လုံးဝပျောက်ဆုံးတော့မတတ်ဖြစ်ရပါတော့တယ်။ စာနယ်ဇင်းလွှတ်လပ်ခွင့်ကို အလေးထားပါတယ်လို့ ပါးစပ်ကပြောသေးပေမယ့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ အဟန့်အတား အနှောက်အယှက်မဖြစ်တဲ့ ဘောင်အတွင်းကသာ ခွင့်ပြုနိုင်ပါမယ်လို့ပြောဆိုပြီး အားလုံးကို ကန့်သတ်ချုပ်ချယ်ပြီး 'လိုင်း' ချပေးထားပါတယ်။

အဲဒီတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားပြီးနောက်ပိုင်း အနီးဆုံးကာလတွေကို ပြန်ပြီးချုပ်ကြည့်မယ်ဆိုရင် တော်လှန်ရေးကောင်စီစစ်အစိုးရဟာ တော်လှန်ရေးကောင်စီအစိုးရအတွက် အနှောက်အယှက်ဖြစ်နိုင်တယ်လို့ ယူဆတဲ့ လူပုဂ္ဂိုလ်တွေအားလုံးကိုလည်း လူဖမ်းပွဲကြီးကျင်းပပြီး ထောင်သွင်းအကျဉ်းချထားပြီးပြီဖြစ်ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းကြီးတွေအပါအဝင် အသင်းအပင်း အစုအရုံးမှန်သမျှကိုလည်း ဖျက်သိမ်းဖယ်ရှားပစ်ပြီး 'မဆလ' တပါတီထဲတည်ရှိတဲ့ တပါတီအာဏာရှင်စနစ်ကိုလည်း စတင်ဖော်ဆောင်ပြီးပြီဖြစ်ပါတယ်။ စာနယ်ဇင်းတွေအားလုံးအပေါ် ချုပ်ချယ်ကန့်သတ်ပြီး စာနယ်ဇင်းလွှတ်လပ်ခွင့်တွေမှန်သမျှကိုလည်း လုံးပါးပါးအောင် ပြုလုပ်ဆောင်ရွက်ပြီးပြီဖြစ်ပါတယ်။ တပြည်လုံးရှိ စီးပွားရေး

လုပ်ငန်းမှန်သမျှကိုလည်း ပြည်သူပိုင်သိမ်းပြီး တမျိုးသားလုံးရဲ့ စီးပွားရေးကို စစ်တပ်ရဲ့ ချုပ်ကိုင်မှုနဲ့ ထင်သလိုအကောင်အထည်ဖော်ဖို့ ပြင်ဆင်ပြီးပြီဖြစ်ပါတယ်။

ဆိုရှယ်လစ်လူ့ဘောင်သစ်ကို ချီတက်ဖို့ "မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ ချီတက်ကြပါစို့" ဆိုတဲ့ ကြွေးကြော်သံဆိုင်းဘုတ်ကိုလည်း အထင်ကရ နေရာပေါင်းစုံသာမက အကျဉ်းထောင်အတွင်းက ဖူးဝပါမကျန် ဖြန့်ကြက်စိုက်ထူပြီးပြီဖြစ်ပါတယ်။ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ" ဆိုတဲ့ ဆိုင်းဘုတ်နဲ့ ပါတီယူနစ်ရုံးဆိုတာတွေလည်း တတိုင်းပြည်လုံးရှိ မြို့နယ်တိုင်းမှာ မှိုပေါက်သလို ပေါ်လာခဲ့ပြီးပြီဖြစ်ပါတယ်။ မြန်မ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ လမ်းညွှန်သဘောတရားဖြစ်တဲ့ "လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရား" ဆိုတဲ့စာအုပ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပြီးပြီဖြစ်ပါတယ်။ ၁၉၅၇ ခုနှစ်လောက်က စစ်တပ်တွင်းမှာ ပေါ်ပေါက်ခဲ့ပြီး၊ စစ်တပ်ပိုင် မြဝတီမဂ္ဂဇင်းကနေ ထုတ်ဖော် ဖော်ပြခဲ့ဘူးတဲ့ 'နာမရူပ ဝါဒသဘောတရား' နဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကြိုက် အချက်အလက် အတိုအစတွေကို ဦးချစ်လှိုင်၊ ဦးစောဦး၊ ဗိုလ်မှူးကြီးစောမြင့် တို့က လူကြားကောင်းအောင် ပေါင်းစပ်ချဲ့ထွင် ဖော်ကြူးပေးလိုက်တဲ့ သဘောတရားဖြစ်ပါတယ်။ နာမရူပသဘောတရားဝါဒဆိုတာကတော့ "ရုပ်သာပဓာနဟုယူသော ရုပ်ဝါဒနှင့်လည်းကောင်း၊ စိတ်ဝိညာဉ်သာရှိသည်ဟုယူသော ရုပ်မရှိဝါဒနှင့်လည်းကောင်း၊ ကောင်စွာခြားနားအပ်သော နာမရူပဝါဒသဘောတရား (The Law of Interaction of Mind and Matter) သည်သာလျှင် မြန်မာနိုင်ငံနှင့် သင့်လျော်သော အခြေခံတွေးခေါ်ပုံ သဘောတရားဖြစ်ပေသည်။" လို့ ဖော်ညွှန်းထားပါတယ်။ လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားက အဲဒီအခြေခံပေါ်ကောက်ယူပြီး တီထွင်ထားတာဖြစ်ပါတယ်။ 'အညမည' အပြန်အလှန်အကြောင်းပြု ကျေးဇူးပြုနေတယ်ဆိုတဲ့ တရားကို ကောက်ယူအသုံးချလိုက်ရုံမက လက်ဝဲစွန်း လက်ယာစွန်းဆိုတဲ့ အစွန်းနှစ်ပါးကလွတ်တဲ့ "မဇ္ဈိမပဋိပဒါလမ်းစဉ်" မဇ္ဈိမပဋိပဒါသဘောတရားအဖြစ်နဲ့ပါ အမွှမ်းတင်အသွင်ဆောင်တာ လုပ်ခဲ့ပါတယ်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ အဲဒီ အညမည သဘောတရားကို ကိုင်စွဲပြီး မြန်မာ့မြန်မာ့ဟန်နဲ့ ဆိုရှယ်လစ်လောကသစ်ကို ချီတက်မယ့်အကြောင်း ဖက်ပေါင်းစုံကနေ ဝါဒဖြန့်ချိခဲ့ပေမယ့် တော်လှန်ရေးကောင်စီဟာ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်ဆင်နွှဲနေပါတယ်လို့ တဖွဖွပြောနေပေမယ့်၊ တကယ်ကတော့ တော်လှန်ရေးကောင်စီဆိုတာ ဗိုလ်နေဝင်းက သေဆိုသေ ရှင်ဆိုရှင် လက်ညှိုးထိုးရွေးချယ်ပေးထားတဲ့ အမည်ခံစာရင်းတခုသာဖြစ်သလို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတာလည်း ဗိုလ်နေဝင်း စိတ်ကူးထွက်သလို ဖန်တီးဖော်ဆောင် ဖြစ်တည်စေခဲ့တဲ့ ဗိုလ်နေဝင်း အလိုကျ မိုးကျရွေးကိုယ် ပါတီတခုသာဖြစ်ပါတယ်။

မူလတော်လှန်ရေးကောင်စီဝင် (၁၇) ဦးရှိတဲ့အနက် (၂) နှစ်အတွင်းမှာတင် သုံးပုံတပုံ ပျောက်ကွယ်ပြီးပျက်သွားရတဲ့ တော်လှန်ရေးကောင်စီဟာ ဘယ်လိုတော်လှန်ရေးကောင်စီမျိုးဖြစ်မလဲဆိုတာ အဖြေပေါ်နေပြီးဖြစ်ပါတယ်။ ပထမဦးဆုံး ဗိုလ်နေဝင်းကန်ထုတ်ပစ်လိုက်တဲ့ ပုဂ္ဂိုလ်က တော်လှန်ရေးကောင်စီရဲ့ နံပါတ် (၂) ပုဂ္ဂိုလ် ဗိုလ်မှူးချုပ်အောင်ကြီးဖြစ်ပါတယ်။ ပြုတ်ရုံမက အချုပ်ပါခံခဲ့ရပါတယ်။ သေဆုံးသွားလို့ အသေထွက်ဖြစ်သွားရသူက ဗိုလ်မှူးချုပ်သန်းဖေ ဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်တီကလစ် ကတော့ ကိုယ့်ဟာကို နုတ်ထွက်သွားတာဖြစ်လို့ အရှင်ထွက်ဖြစ်ပါတယ်။ နောက်ထပ်ထောင်ထဲထိအောင်ရောက်သွားခဲ့ရတဲ့ တော်လှန်ရေးကောင်စီဝန်ကြီး (၃) ဦးကတော့ ဗိုလ်မှူးကြီးကြည်မောင်၊ ဗိုလ်မှူးကြီးချစ်မြိုင် နဲ့ ဗိုလ်မှူးကြီးစောမြင့်တို့ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးကြည်မောင်က ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ မတည့်လို့ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးစောမြင့်ကတော့ တရာတန်၊ ငါးဆယ်ကျပ်တန် ဖျက်သိမ်းတဲ့ ငွေစက္ကူကိစ္စမှာ ငြိစွန်းကျူးလွန်ခဲ့လို့ လို့ဆိုပါတယ်။ ဗိုလ်မှူးကြီးစောမြင့် ဟာ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲတွေတုန်းက တော်လှန်ရေးကောင်စီဖက်က ကိုယ်စား

လှယ်အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့အပြင် ပြန်ကြားရေးဝန်ကြီးလည်းဖြစ် မဆလ နဲ့ အညမည ပေါ်ပေါက်ရေးမှာ အရေးကြီးဇာတ်ကောင်တကောင်လည်းဖြစ်ပါတယ်။ ဖွဲ့စည်းကာစ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဆိုတာကြီးရဲ့ အတွင်းရေးမှူးကြီးလည်းဖြစ်ပါတယ်။ ငွေစက္ကူတွေ တရားမဝင်ကြေညာပြီးတာနဲ့ မရှေးမနှောင်းမှာပဲ ထောင်ထဲအပို့ခံလိုက်ရပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ တော်လှန်ရေးကောင်စီမှာ ဥက္ကဋ္ဌ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ဥက္ကဋ္ဌ ဖြစ်ရုံမက တပ်မတော်တခုလုံးရဲ့ ဦးစီးချုပ်လည်းဖြစ်ပါတယ်။ အာဏာ (၃) ရပ်စလုံးကို ပိုင်ဆိုင်တဲ့ အာဏာရှင်ကြီးဖြစ်ရုံမက သူ့ရဲ့အာဏာကို ထိပါးလာမယ့် အတွင်းအပြင်အန္တရာယ်တွေကိုလည်း ပြတ်ပြတ်သားသား နှိမ်နင်း ကာကွယ်အနိုင်ယူနိုင်ဖို့ စစ်တပ်ထောက်လှမ်းရေးအဖွဲ့ **(MIS)** ကိုလည်း စိတ်ကြိုက်ဖွဲ့စည်း ကိုင်တွယ်ထားပါတယ်။ နုတ်ခမ်းမွှေးမောင်လွင် ခေါ် ဒုဗိုလ်မှူးကြီးမောင်လွင် ဟာ ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက် မွေးမြူထားတဲ့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ ထောက်လှမ်းရေးအကြီးအကဲဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ စစ်အာဏာရှင်စနစ် အုပ်စိုးမှုအောက်မှာ စစ်ထောက်လှမ်းရေးအဖွဲ့ကြီးဖြစ်လာပါတယ်။ လက်သံပြောင်တဲ့နေရာ နာမည်ကြီးသလို ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက် ခလုတ်ကန်သင်းတွေကို ရှင်းလင်းဖယ်ရှားတဲ့နေရာမှာလည်း အတက်ကြွဆုံးအခန်းက အသုံးတော်ခံ ဖြည့်စွမ်းအပေးနိုင်ဆုံး အဖွဲ့အစည်းကြီးဖြစ်လာပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းဟာ အာဏာကို ရာသက်ပန် မလွှတ်တမ်း ဆုပ်ကိုင်ထားနိုင်ရေးအတွက် တပါတီအာဏာရှင်စနစ်ကို တည်ထောင်ပြီး၊ ဆိုရှယ်လစ်လူ့ဘောင်သစ်ကြီးကို တည်ထောင်ဖို့ ဆက်လက်ပြင်ဆင်ပါတယ်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်ဝါဒဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်ချိနိုင်ဖို့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ရှေ့သို့စာစောင်ဆိုတာတွေကို ကိုယ်ပိုင် ထုတ်ဝေဖြန့်ချိရုံမက၊ သတင်းစာတိုက်တွေတော်တော်များများကိုပါ အစိုးရပိုင်အဖြစ် ပြောင်းလဲထုတ်ဝေ ဖော်ဆောင်ရုံမက၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အထောက်အကူပြုဖို့ မလိုက်နာမနေရ စာနယ်ဇင်းဆိုင်ရာ မူဝါဒပေါ်လစီတွေကိုပါ ချမှတ်ပြဋ္ဌာန်းပြီး အကြပ်ကိုင်ဆောင်ရွက်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ စစ်တပ်ဦးဆောင်တဲ့ တပါတီအာဏာရှင်စနစ်ကို ဖော်ဆောင်ပြီး အာဏာကို မသေမချင်း ကိုင်တွယ်သွားနိုင်ဖို့ ရေရှည်သဘော ပြင်ထားတဲ့ အခင်းအကျင်းကတော့ တော်လှန်ရေးကောင်စီဟာ အာဏာပိုင်အဖွဲ့အစည်း၊ နိုင်ငံတော်အစိုးရဟာ တော်လှန်ရေးကောင်စီအစိုးရ။ တော်လှန်ရေးကောင်စီက ဆင်နွှဲသွားမှာက ခေတ်ပြောင်းတော်လှန်ရေး၊ တနည်းအားဖြင့် မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ဆိုရှယ်လစ်လောကသစ်ဆီ ချီတက်ရေး။ အဲဒီခေတ်ပြောင်းတော်လှန်ရေးကြီးကို ဦးဆောင်နွှဲသွားရမယ့် နိုင်ငံရေးပါတီကြီးကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတဲ့ တခုတည်းသော အာဏာရပါတီ စစ်တပ်အခြေခံနဲ့ စတင်ဖွဲ့စည်းလိုက်တဲ့ ပါတီဆိုတာကို တွေ့ရလိမ့်မယ်ဖြစ်ပါတယ်။ ဆိုရှယ်လစ်လမ်းကြောင်းအတွက် ကွမ်းယာဆိုင်သာသာကစပြီး ပြည်သူပိုင်သိမ်းပြီးတဲ့အခါ အဲဒီသိမ်းပိုက်ထားပြီး သားလုပ်ငန်းကြီး လုပ်ငန်းငယ်တွေအားလုံးကို စီမံအုပ်ချုပ်ခန့်ခွဲဖို့ ခွဲတမ်းရသွားသူတွေကတော့ စစ်တပ်အတွင်းက ဗိုလ်မှူး၊ ဗိုလ်ကြီး၊ ဗိုလ်လေးတွေ ဖြစ်ပါတယ်။ စီပွားရေးလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်း စီမံခန့်ခွဲရေး လုပ်ငန်းတွေကို ဘာတခုမှ မတတ်မကျွမ်းသူ နားမလည်သူတွေက စီမံအုပ်ချုပ်ကွပ်ကဲကြပါတော့တယ်။ အိမ်စောင့်အစိုးရလက်ထက်တုန်းက တမွန်းတည့်လောက် လုပ်ကိုင်ခဲ့ဘူးတာကို ရောမအတွေ့အကြုံကြီးထင်၊ စစ်တပ်ဟာ ဘာမဆို လုပ်တတ်ကိုင်တတ်တယ်ထင်ပြီး နယ်ပယ်ပေါင်းစုံကို ချုပ်ကိုင်ကွပ်ကဲ စီမံခန့်ခွဲပါတော့တယ်။

ဗဟိုလုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီ တိုင်း/ပြည်နယ် လုံခြုံရေးနဲ့ အုပ်ချုပ်ရေးကော်မီတီ၊ ခရိုင်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီ၊ မြို့နယ်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီဆိုတဲ့ လုပ်ငန်းတွေမှာလည်း ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီး ဆိုသူတွေကပဲ တိုက်ရိုက်ကိုင်တွယ် အုပ်ချုပ်နေကြသလို စီးပွားရေးလုပ်ငန်း စက်ရုံအလုပ်ရုံ ဘုတ်ကော်ပိုးရေးရှင်းဆိုတာတွေမှာလည်း စစ်တပ်က ဗိုလ်ကြီး ဗိုလ်လေးတွေကပဲ နေရာယူ အုပ်စီး တာဝန်ခံထားကြတဲ့အတွက် စစ်အစိုးရဆိုတဲ့ လက္ခဏာဟာ နေရာတိုင်းမှာ ပေါ်လွင်ထင်ရှားနေခဲ့ပါတယ်။ စစ်တပ်ဟာ တမိုးလုံး ဖျောက်ဆိပ်ဖြစ်နေပါတယ်။

ဒီလို အစစအရာရာကို ဝင်ရောက်ချုပ်ကိုင် နေရာယူထားရတာတောင် အားမရသေးတဲ့အတွက် တိုင်းပြည်တခုလုံးရဲ့ စီးပွားရေးပေါ်လစီများကိုပါ ချုပ်ကိုင်ချမှတ်ဖို့ ဆက်လက်ဖော်ဆောင်လာပါတယ်။ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့မှာ ကုန်ပစ္စည်းအမျိုးပေါင်း (၆၀) ကျော်ကို နိုင်ငံတော်အစိုးရကသာ ဝယ်ယူဖြန့်ချိခွင့်ရှိတဲ့ ကန့်သတ်ကုန်တွေအဖြစ် ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဆန်စပါး၊ ပဲ၊ နှမ်းက အစ၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ငရုတ်သီး၊ ငပိ၊ ငံပြာရည်၊ ကွမ်းဆေး၊ လက်ဖက်၊ နနွင်းတက်အဆုံး အခြေခံအစားသောက်ကုန်ပစ္စည်းအားလုံးလောက်နီးပါး အစိုးရကသာ ရောင်းခွင့်ရှိတဲ့ ကန့်သတ်ကုန်ပစ္စည်းတွေ ဖြစ်သွားရပါတော့တယ်။ စီးပွားရေးလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းတွေကို 'ပြည်သူပိုင်' ဆိုင်းဘုတ်တပ်ပြီး အကုန်သိမ်းပိုက် လုယက်ယူငင်လိုက်ရုံမက၊ မရှိမဖြစ် မီးဖိုချောင်သုံး လူသုံးပစ္စည်းတွေကို ရောင်းဝယ်ဖောက်ကားနေကြတဲ့ လက်လီလက်ကားကုန်သွယ်ရေးလုပ်ငန်းတွေကိုပါ အကုန်ချုပ်ကိုင်ပစ်ဖို့ အားထုတ်ကြိုးပမ်းလိုက်တာဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရက အဲဒီလို ကိုင်တွယ်ချုပ်ကိုင်လိုက်တဲ့အခါကျမှ၊ ကုန်ပစ္စည်းဈေးနှုန်းတွေလည်း ဟုန်းကနဲထိုးတက်ကာ၊ တချို့ပစ္စည်းတွေဟာ ဈေးကွက်ထဲကပါ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားရပါတော့တယ်။ 'မှောင်ခို' စီးပွားရေးဆိုတာရဲ့ ကလလရေကြည်ဟာ အဲဒီအချိန်ကစပြီး သန္ဓေတည်ခဲ့ရပါတော့တယ်။ ပြည်သူလူထုတရပ်လုံးရဲ့ နေ့စဉ်နေ့တိုင်း စားသောက်မှု အကြပ်အတည်းဟာလည်း ပိုမိုကြီးမား များပြားလာခဲ့ရတဲ့အပြင် အခက်အခဲပေါင်းစုံ ဒုက္ခပေါင်းစုံ ကြုံသထက် ကြုံဖြစ်လာရပါတော့တယ်။ ငွေကြေးမှန်သမျှ စက္ကူစုတ်ဖြစ်သွားရတဲ့အတွက် ဒုက္ခမျိုးစုံရောက်ကြရတဲ့အထဲ နေ့စဉ်နေ့တိုင်း စားသောက်ရေးအတွက် မရှိမဖြစ်၊ မီးဖိုချောင်သုံးပစ္စည်းတွေပါ ကန့်သတ်ကုန်ဖြစ်သွားရ မှောင်ခိုဖြစ်သွားရလို့ ရှားပါးပြတ်လပ်သွားတာနဲ့ပါ ကြုံတွေ့ရတဲ့အခါ မိအေးနှစ်ခါနာဘဝ နေ့ချင်းညချင်း ရောက်ကြရပါတော့တယ်။

ပြည်သူလူထုကြီးရဲ့ ဘဝဒုက္ခပေါင်းစုံ နပူးတွေ့ဒူးတွေ့ ကြုံရတဲ့အချိန်မှာ အဲဒီဒုက္ခပေါင်းစုံက ကင်းလွတ်ရုံမက၊ ကောင်းကောင်း စားနိုင်သောက်နိုင် ဗိုလ်ကျနိုင်ပြီးတနေ့တခြား ဆူဖြိုးလာတဲ့ အခွင့်ထူးခံလူတန်းစားတရပ် သိသိသာသာပေါ်ထွက်လာပါတယ်။ အဲဒီလူတန်းစားအသစ်ကတော့ စစ်တပ်ဗျူရိုကရက်အရင်းရှင်လူတန်းစားသစ်ဖြစ်ပါတယ်။ စစ်တပ်၊ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင် စနစ်ကနေ မွေးဖွားပေးလိုက်တာဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရဟာ ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ပြီး တပါတီအာဏာရှင်စနစ် ကျင့်သုံးကာ ခေတ်ပြောင်းတော်လှန်ဆိုတာကြီးကို ကြွေးကြော်ဆင်နွှဲနေတာနဲ့တပြိုင်နက်တည်းမှာ စစ်အစိုးရပီပီ စစ်ရေးကို အလေးထားပြီး စစ်ဆင်ရေးတွေကိုလည်း အဆက်မပြတ် ဖော်ဆောင်နေခဲ့ပါတယ်။

မြေပေါ်ရှိ ဥပဒေဘောင်အတွင်းက နိုင်ငံရေးပါတီ အဖွဲ့အစည်းမှန်သမျှကို အကုန်ကွယ်ပျောက်သွားရအောင် ဖြိုချဖျက်သိမ်းပစ်လိုက်နိုင်ပေမယ့်၊ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအင်အားစုတွေကိုတော့ အပြီးသတ် ချုပ်ငြိမ်းအောင်မလုပ်နိုင်တဲ့အတွက် တော်လှန်ရေးကောင်စီအစိုးရဟာ မကျေနိုင်မချမ်းနိုင် ဖြစ်နေ

ခဲ့ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ထင်သလောက် အမြတ်မထွက်ခဲ့တဲ့အတွက် ဆွေးနွေးပွဲတွေ ဖျက်သိမ်းပြီးတဲ့နောက်မှာ၊ တောတွင်းလက်နက်ကိုင်အင်အားစုတွေအပေါ် အပြတ်အသတ် ချေမှုန်းပစ်ချင်စိတ်တွေ ပိုမိုသည်းသန် ပြင်းထန်လာခဲ့ပါတယ်။ စစ်ရေးအရ အပြုတ်တိုက်ရေးကို သဲသဲမဲမဲ အားထုတ်ကြိုးပမ်းလာခဲ့ပါတယ်။ ပိုမိုပြင်းထန်ကြမ်းတမ်းလာခဲ့သလို ပိုမို ဂမူးရှူးထိုးနိုင်လာခဲ့ပါတယ်။

၁၉၆၄ ခုနှစ်ထဲမှာပဲ စစ်ဆင်ရေးကြီးတွေ အပြင်းအထန်ဆင်နွှဲခဲ့ပြန်ပါတယ်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က စိန်ဗေဒါ၊ ခါတော်မှီ၊ ကယ်တင်ရေး၊ ကံ့ကော်၊ အောင်မြေ စတဲ့ စစ်ဆင်ရေးတွေ ဆင်နွှဲခဲ့သလို၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က နီလာ၊ ထိပ်ခေါင်၊ စည်သူကြီး၊ ရဲဒင်း၊ တံခွန်၊ စိန်အောင်နိုင်၊ စိန်သုံးလုံး ဆိုတဲ့ စစ်ဆင်ရေးတွေ ဆင်နွှဲခဲ့ပါတယ်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က တိုက်အောင်၊ ဆင်ဟိုင်း၊ ဆင်ပေါက်၊ ရန်မျိုးအောင်၊ သီဟ၊ မိုးကြိုးနဲ့ ဆင်ဖြူတော်စစ်ဆင်ရေး၊ အရှေ့တောင်တိုင်းက ဟေမန်၊ တာဆူးညား၊ တောနက်၊ ရန်ပုံခွင်း၊ မုတ်သုန်၊ မိုးကြိုး စတဲ့ စစ်ဆင်ရေး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ပေါက်ကျိုင်း၊ မှန်တိုင်း၊ မြတ်သူ စစ်ဆင်ရေးများ၊ အနောက်ပိုင်းတိုင်းက ပိုက်ကွန်၊ စွန်ညို၊ စိန်ဗေဒါ၊ ဂုမ္ဘန်၊ ကောက်သင်းကောက်၊ ဂဠုန်၊ ဂါမဏိ၊ ကျားနက် စတဲ့စစ်ဆင်ရေးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က ခပေါင်း၊ မဟာ၊ အောင်သပြေ၊ တိုင်းကျော်၊ နိုင်အောင်၊ ပိတုန်း၊ မိုးသီး၊ တိမ်ညွှန့်၊ ပိုက်ကျုံး၊ မင်းအောင်၊ ရိုးမ၊ မင်းရန်အောင်၊ ရန်ရှင်း၊ ဗလ၊ ဗေဒါ နဲ့ မာန်အောင် စတဲ့ စစ်ဆင်ရေးကြီးငယ် ဆင်နွှဲပြီး တပြည်လုံးအနှံ့ သေနတ်သံတွေ ဖုံးလွှမ်းညံစီစေခဲ့ပါတယ်။ ပြည်တွင်းစစ်ကြီးကား ပိုမိုပြင်းထန် နက်ရှိုင်းလာခဲ့ပါတယ်။

အစိုးရဘက်က အဲဒီလို အပြုတ်တိုက်ရေးပေါ်လစီကျင့်သုံးပြီး ဘက်ပေါင်းစုံ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲကာ အနိုင်ရရေးကို လုံးပမ်းအားထုတ်လာသလို၊ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများဘက်ကလည်း အပြန်အလှန် ခုခံတိုက်ပွဲဆင်ရင်း တော်လှန်ရေးအောင်မြင်ဖို့အတွက် ကြိုးပမ်းအားထုတ်လာကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက စစ်နိုင်ရေးအတွက် (၆၄ လမ်းစဉ်) ကို စတင်ချမှတ်လာပါတယ်။ ၁၉၆၄ ခုနှစ်ထဲမှာ စတင်ချမှတ်လိုက်တာဖြစ်တဲ့အတွက် (၆၄ လမ်းစဉ်) လို့ခေါ်ဝေါ်ပေမယ့် လမ်းစဉ် တစုံလုံးကိုတော့ ၆၄ ခုနှစ် တနှစ်တည်းအတွင်းမှာ အပြီးအပြတ် ချမှတ်ပြီးစီးခဲ့ခြင်းမရှိပါ။ (ဥပမာအားဖြင့် အာဏာနဲ့ ပတ်သက်တဲ့ ပီဘီ **(PB)** ရဲ့ဆုံးဖြတ်ချက်ဟာ ၆၇ ခုနှစ်ကျမှ ပြီးပြတ်ပါတယ်။) (၆၄) လမ်းစဉ်ဟာ စစ်နိုင်ရေး အာဏာသိမ်းရေးလမ်းစဉ်ဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်နည်းနဲ့ အောင်ပွဲခံရေးဖြစ်ပါတယ်။

(၅၅) လမ်းစဉ်တုန်းကလို "စစ်ရေးချဲ့–နိုင်ငံရေးပို" မဟုတ်တော့ပဲ ပြတ်ပြတ်သားသား တိုက်ပွဲဆင်ရေးဖြစ်လာပါတယ်။ ဗိုလ်နေဝင်းရဲ့ စစ်အစိုးရကိုလည်း စစ်အစိုးရလို့ ပြတ်ပြတ်သားသား သတ်မှတ်ရုံမက၊ စစ်အစိုးရဲ့ လက္ခဏာကိုလည်း "နယ်ချဲ့ပေါင်းစုံကို မှီခို၊ ပဒေသရာဇ်မြေရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းကာကွယ်၊ ဗျူရိုကရက်အရင်းရှင်စနစ်ကို ကိုယ်တိုင်လက်ခံကျင့်သုံးနေသော ဖောက်ပြန်တဲ့ စစ်အာဏာရှင်အစိုးရ" လို့ ရှင်းရှင်းလင်းလင်း သတ်မှတ်လိုက်ပါတယ်။

ဒါကြောင့် အပြင်းအထန် ပြန်လည်တုန့်ပြန် တိုက်ပွဲဆင်ပြီး အောင်ပွဲကို အရယူရေးဆီ၊ လက်နက်ကိုင်နည်းနဲ့ အောင်ပွဲခံရေးဆီ ဦးလှည့်အလေးတင်လိုက်ပါတယ်။ လူမျိုးစုလက်နက်ကိုင်အင်အားစုတွေထဲမှာ ဝါရင့်ဆုံး အင်အားအကြီးဆုံးဖြစ်တဲ့ ကေအင်ယူ အဖွဲ့အစည်းကြီးကို ကြည့်လိုက်မယ်ဆိုရင်လည်း စစ်အစိုးရကို ပြန်လည်တွန်းလှန်တိုက်ခိုက်ပြီး အောင်ပွဲကိုအရယူနိုင်ဖို့ ပါတီကို တပ်ကို အသစ်ပြန်လည်တည်ဆောက်နိုင်ဖို့ ကြိုးပမ်းအားထုတ်တာတွေ့ရပါတယ်။ စောဟန်တာသာမွှေး လက်နက်စွန့်ပြီး စစ်အစိုးရနဲ့ပေါင်းသွားပြီးတဲ့နောက် တစုတစည်းတည်းဖြစ်သော ကေအင်ယူအဖွဲ့အစည်းကြီးရဲ့ ဉက္ကဋ္ဌအဖြစ် မန်းဘဇံကို တင်

မြှောက်လိုက်ကြပါတယ်။ စစ်အစိုးရကို စစ်ရေးအရ နိုင်ငံရေးအရ ပြတ်ပြတ်သားသား ပြန်လည်တိုက်ခိုက်နိုင်ဖို့ တခုပြီးတခု ပြင်ဆင်ပါတယ်။

၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့မှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ ကချင်လက်နက်ကိုင်တော်လှန်ရေးကြီးရဲ့ ဦးစီးခေါင်းဆောင် ကေအိုင်အေအဖွဲ့ကြီးဟာလည်း သက်တမ်းအားဖြင့် (၃) နှစ်ကျော်သာရှိသေးပေမယ့်၊ စစ်အစိုးရရဲ့ ထိုးစစ်ဆင်ချေမှုန်းမှုတွေကို တုန့်ပြန်တိုက်ပွဲဆင်ရင်း၊ တစတစ ကြီးထွားလာခဲ့ပါတယ်။ ရှမ်းပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံဟာလည်း စစ်အစိုးရရဲ့ ထိုးစစ်တွေကို ရင်ဆိုင်ရင်း လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ဆင်နွဲနေကြပါတယ်။

တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖျက်အပြီးမှာ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေအပေါ် အငြိုးကြီးကြီးနဲ့ ထိုးစစ်ဆင်ချေမှုန်းမှုတွေ တဆင့်တိုးပြုလုပ်ခဲ့ပေမယ့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဘက်ကလည်း ကြံ့ကြံ့ခံ တုန့်ပြန်ရင်ဆိုင် တိုက်ပွဲဝင်ခဲ့ကြတဲ့အတွက်၊ အပြတ်ချေမှုန်းရေး အပြုတ်တိုက်ရေးဆိုတာကို အောင်မြင်စွာအကောင်အထည် မဖော်နိုင်ရုံမက၊ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးအင်အားစုသစ်တွေ၊ လူမျိုးစုနိုင်ငံရေးအဖွဲ့အစည်းအသစ်တွေတောင် ထပ်မံပေါ်ထွန်းလာတာ ကြုံတွေ့ရပါတယ်။ ဥပမာအားဖြင့် ၁၉၆၄ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့မှာ "ကယန်းပြည်သစ်ပါတီ" ဦးဆောင်တဲ့ ကယန်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်လာပါတယ်။

ပြည်တွင်းစစ်ကြီးဟာ နက်ရှိုင်းသထက် နက်ရှိုင်းလာရုံမက ကျယ်ပြန့်သထက် ကျယ်ပြန့်လာတဲ့ သဘောဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်တုန်းက ပထမဆုံးအကြိမ် စစ်အာဏာသိမ်းပြီး ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ အိမ်စောင့်အစိုးရလက်ထက်မှာတုန်းက၊ ပြည်သူလူထု မျှော်လင့်တောင်းတတဲ့ ငြိမ်းချမ်းရေးသံတွေပျောက်ပြီး၊ တရားဥပဒေစိုးမိုးရေးအသံတွေ ရောက်ခဲ့ရသလို၊ ၁၉၆၂ ခုနှစ် ဒုတိယအကြိမ် စစ်အာဏာသိမ်းမှုအပြီး ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီအစိုးရရဲ့ အောက်မှာလည်း ငြိမ်းချမ်းရေးအသံတွေပျောက်ပြီး ခေတ်ပြောင်းတော်လှန်ရေးဆိုတဲ့ အသံတွေပဲ ရောက်လာရပါတော့တယ်။

မတူခြားနားတာကတော့ အိမ်စောင့်အစိုးရလက်ထက်မှာ ပါလီမန်လွှတ်တော်ကျန်ပါသေးတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဘာပါလီမန်မှမကျန်တော့ပါ။ အိမ်စောင့်အစိုးရလက်ထက်မှာ မြေပေါ်နိုင်ငံရေးအင်အားစုတွေ အစုလိုက်အပြုံလိုက် ထောင်သွင်းအကျဉ်းချခံရပေမယ့်၊ နိုင်ငံရေးပါတီ နိုင်ငံရေးအဖွဲ့အစည်းတွေ ဆက်လက် ရပ်တည်ရှင်သန်နိုင်ခွင့်ရကြပါသေးတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဘာနိုင်ငံရေးပါတီအဖွဲ့အစည်းမှ တည်ရှိရှင်သန်နိုင်ခွင့်မရတော့ရုံမက ဘာလူမှုရေး ဘာအသင်းအပင်းမှလည်း ဆက်လက်တည်ရှိနိုင်ခွင့် မရတော့ဘဲ လုံးဝဥဿုံ အကုန်ဖျက်သိမ်းခံရပြီး၊ အစိုးရကိုယ်တိုင်တည်ထောင်လိုက်တဲ့ မဆလတပါတီထဲသာ ပြိုင်ဘက်မရှိ တည်ရှိပေါ်ပေါက်လာပါတော့တယ်။ အတိုက်အခံနိုင်ငံရေးအင်အားစုဝင်တွေ အစုလိုက်အပြုံလိုက် ထောင်သွင်းအကျဉ်းကျခံရတဲ့အပြင် စီးပွားရေးသမားလုပ်ငန်းကိုင်ငန်းရှင်ကြီးများပါ ထောင်ထဲဝင်ကြရပါတော့တယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာလည်း တရားဝင်ဖျက်သိမ်းခံလိုက်ရပြီးပြီဖြစ်တဲ့အတွက် ဘာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှမရှိသေးတဲ့ နိုင်ငံအဖြစ်၊ 'တော်လှန်ရေးကောင်စီ' ဆိုတဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ စစ်ဗိုလ်ထိပ်သီးကြီးတသိုက်ရဲ့ ထင်သလို ကြိုက်သလို ပြဋ္ဌာန်းထုတ်ပြန်လိုက်တဲ့ အမိန့်ကြေညာချက် ထုတ်ပြန်ကြေညာချက်တွေနဲ့ပဲ အုပ်ချုပ်ချင်သလို အုပ်ချုပ်နေတာကို တတိုင်းပြည်လုံးခံကြရပါတော့တယ်။

တော်လှန်ရေးကောင်စီကနေ အာဏာ (၃) ရပ်လုံးကို ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းထံ တရားဝင်အပ်နှင်းပေးလိုက်တယ်လို့ ကြေညာခဲ့တော့ 'တော်လှန်ရေးကောင်စီ' ဆိုတာကို ထပ်ချုပ်ကြည့်လိုက်ရင် 'ဗိုလ်ချုပ်ကြီးနေဝင်း' ဆိုတာဖြစ်သွားပြီး၊ တော်လှန်ရေးကောင်စီက အမိန့်ကြေညာချက်၊ ထုတ်ပြန်ကြေညာချက်တွေနဲ့ အုပ်ချုပ်နေတာဟာလည်း တကယ်တော့ ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက် ဗိုလ်ချုပ်ကြီးနေဝင်း ထင်သလို ဗိုလ်ချုပ်ကြီးနေဝင်း အလိုတော်အတိုင်း အုပ်ချုပ်မင်းမူနေတာပဲဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီဟာ ခေတ်ပြောင်းတော်လှန်ရေးကြီးကို ဆင်နွှဲပြီး ဆိုရှယ်လစ်လမ်းကြောင်းကို ချီတက်မှာဖြစ်တဲ့အတွက် ဗမာပြည်ရဲ့ လူဦးရေအများဆုံးနဲ့ အခြေခံလူတန်းစားကြီး (၂) ရပ်လည်းဖြစ်တဲ့ လယ်သမား၊ အလုပ်သမားတွေကို အလေးထားကြောင်း ဖော်ပြဖို့အတွက် 'တောင်သူလယ်သမားနိုးနှောဖလှယ်ပွဲ' 'အလုပ်သမားနိုးနှောဖလှယ်ပွဲ' ဆိုတာတွေကိုလည်း ဖော်ထုတ်ကျင်းပခဲ့ပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားနိုးနှောဖလှယ်ပွဲ ဆိုတာကို အာဏာသိမ်းပြီး တက်လာလာချင်း ၁၉၆၂ ခုနှစ် ကတည်းက စတင်ကျင်းပခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာမှာ စစ်ကိုင်းခရိုင် 'အုန်းတော' မှာ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဟင်္သာတခရိုင် 'ဒူးယား'၊ တောင်ငူခရိုင် 'ခပေါင်း'၊ မြင်းခြံခရိုင် 'ပုပ္ပား' တို့မှာလည်း နှစ်စဉ် ဆက်တိုက် ဖော်ထုတ်ကျင်းပခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တက်ရောက်ပြီး မိန့်ခွန်းခြွေတာ၊ တောင်သူလယ်သမားကြီးများနဲ့ ဒူးတိုက်ဆွေးနွေးတယ်ဆိုတာတွေကိုလည်း လုပ်ပြခဲ့ပါတယ်။ (အဲဒီ အုန်းတော၊ ဒူးယား၊ ခပေါင်း၊ ပုပ္ပားတို့ဟာ အစိုးရစက်ရုံတွေက ဂုဏ်ပြုထုတ်လုပ်လိုက်တဲ့ စီးကရက်တွေရဲ့ နာမည်တွေဖြစ်သွားပါတယ်။)

အလုပ်သမားနိုးနှောဖလှယ်ပွဲဆိုတာကိုတော့၊ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့ စတင်ရာ 'ချောက်' မြို့မှာ ၁၉၆၄ ခုနှစ်ထဲမှာ စတင်ဖော်ထုတ်ကျင်းပခဲ့ပါတယ်။ အလုပ်သမားကြီးများနဲ့ ဒူးတိုက်တွေ့ဆုံ ဆွေးနွေးပွဲ၊ ရေနံမြေသပိတ်တပ်သားဟောင်းကြီးများနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံပွဲဆိုတာတွေကိုလည်း လုပ်ပြသွားခဲ့ပါတယ်။ တော်လှန်ရေးကောင်စီဟာ လယ်သမားတွေ အလုပ်သမားတွေကို တိုင်းပြည်ရဲ့ အခြေခံလူတန်းစားကြီးနှစ်ရပ်အဖြစ် ဂုဏ်တင် လေးစားပြနေပေမယ့် ကုန်ဈေးနှုန်း တရိပ်ရိပ်မြင့်တက်လာမှုဒဏ်နဲ့ ကုန်ပစ္စည်းရှားပါးမှုအကြပ်အတည်းတွေကြား ခါးကော့အောင် မချိမဆန့်ခံကြရတာလည်း အဲဒီအလုပ်သမားနဲ့ လယ်သမားထုကြီးဘဲဖြစ်ပါတယ်။

ပညာရေးလောကကိုပါ တပါတီအာဏာရှင်စနစ်အောက်မှာ ပုံလောင်းနိုင်ရေးအတွက် စနစ်သစ်ပညာရေးကိုပါ စတင်ပါတယ်။ (၂-၁၁-၆၄) နေ့မှာ စနစ်သစ်တက္ကသိုလ်များ ဖွင့်ပွဲအခမ်းအနား ကျင်းပပါတယ်။ သမိုင်းဝင် ကျောင်းသားသမဂ္ဂကြီးအစား ကျောင်းကောင်စီနဲ့ အစားထိုးဖို့ပြင်ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရဟာ ၁၉၆၄ ခုနှစ်ကစပြီး သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးဆိုတာကို အရှိန်မြှင့်ပြီး ပြည်တွင်းစစ်ကြီးကို တိုးပြီးဆင်နွှဲပါတယ်။ တပါတီအာဏာရှင်စနစ်ကို အတိအလင်းထူထောင်လိုက်ပြီး တိုင်းပြည်ရဲ့ စီးပွားရေးအသက်သွေးကြော လုပ်ငန်းမှန်သမျှကိုလည်း ပြည်သူပိုင်ဆိုင်းဘုတ်နဲ့ စစ်တပ် စစ်အုပ်စုကနေ လက်ဝါးကြီးအုပ် သိမ်းပိုက်လိုက်ပါတယ်။ ရာတန်၊ ငါးဆယ်တန် ငွေစက္ကူတွေကိုလည်း တရားမဝင်ကြေညာလိုက်ပြီး အစိုးရအတွက် အမြတ်အစွန်းထွက်အောင် ဖန်တီးကာ စစ်တပ်အရင်းအနှီးကို ခားပြတိုက်တဲ့နည်းနဲ့ စုဆောင်းလိုက်ပါတယ်။ စီးပွားရေးလုပ်ငန်းအားလုံး ငွေကြေးလည်ပတ်မှုလုပ်ငန်းအားလုံး စစ်အုပ်စုရဲ့ လက်အတွင်း ပိုင်ပိုင်နိုင်နိုင်ရောက်ရှိသွားပြီးဖြစ်ပါတယ်။ တပြည်လုံးမှာ ပြည်သူ့ဆိုင်ဆိုတာတွေ အနှံ့အပြားပေါ်ပေါက်လာခဲ့ပြီး တန်းစီတိုးစား လူတန်းစားနဲ့ မှောင်ခိုလူတန်းစားတွေလည်း ပေါ်ပေါက်လာရပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး လုပ်ငန်းမှန်သမျှ စစ်တပ်ကပဲ ချုပ်ကိုင်သိမ်းပိုက်ထားတာဖြစ်ခဲ့ပြီး၊ စစ်တပ်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ တပြည်လုံး ကျရောက်နေရပါတယ်။

စစ်အစိုးရပီပီ စစ်ရေးကို အလေးတင်ပြီး တောတွင်းလက်နက်ကိုင်အင်အားစုတွေအပေါ် အနိုင်ယူရေးအတွက် ပြည်သူလူထုကြီးတရပ်လုံးကိုပါ အသုံးချဖို့ ပြင်ဆင်ပါတယ်။ ၁၉၆၄ ခုနှစ် တပ်မှူးများညီလာခံကနေ 'ပြည်သူ့စစ်' စီမံချက်ကို ချမှတ်လိုက်ပါတယ်။ အခွင့်သင့်ရင် သင့်သလို 'ပြည်သူ့စစ်' ဆိုတာတွေကို ဖွဲ့စည်းပြီး စစ်တပ်က စစ်ဆင်ရေးတွေ ဆင်နွှဲရာမှာ စစ်တပ်နဲ့ ပူးပေါင်းပါဝင်စေခဲ့ပါတယ်။ 'ပြည်သူ့စစ်' ဆိုတာရဲ့ အရင်ရှိနေနှင့်တာကတော့ "ကာကွယ်ရေး" ဆိုတာတွေဖြစ်ပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်မှာ ရှမ်းလက်နက်ကိုင် အင်အားစုတွေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို တိုက်ခိုက်ချေမှုန်းဖို့ ဒေသဆိုင်ရာကာကွယ်ရေးအဖွဲ့တွေကို ၆၀ ခုနှစ် ဝန်းကျင်ကတည်းက စစ်တပ်က ဦးဆောင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ၆၂ ခုနှစ် အာဏာသိမ်းမှုအပြီးမှာတော့ ရှမ်းပြည်နယ်တွင်းရှိ အဲဒီကာကွယ်ရေးတွေကို စစ်တပ်က တိုးပြီး အသုံးချခဲ့ပါတယ်။ စစ်အစိုးရ စစ်တပ်ရဲ့ အားပေးအားမြှောက်ပြု မွေးမြူမှုကြောင့် 'ခွန်ဆာ' ခေါင်းဆောင်တဲ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေဟာ ထောင်ချီရှိလာခဲ့သလို "လော်စစ်ဟန်" ခေါင်းဆောင်တဲ့ ကိုးကန့်ကာကွယ်ရေးတပ်ဟာလည်း ထောင်ချီများပြားနေခဲ့ပြီဖြစ်ပါတယ်။ စစ်တပ်ရဲ့အကူအညီနဲ့ "ကိုးကန့်ကာကွယ်ရေး" ကို 'ဂျင်မီယန်း' နဲ့ 'အောလစ်ယန်း' မောင်နှမတွေက စတင်ဖွဲ့စည်းခေါင်းဆောင်ခဲ့တာဖြစ်ပေမဲ့၊ ၆၂ ခုနှစ် စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ကိုးကန့်ကာကွယ်ရေး အဓိကခေါင်းဆောင်ဟာ 'လော်စစ်ဟန်' ဖြစ်နေခဲ့ပြီဖြစ်ပါတယ်။ အဆမတန် ကြီးထွားများပြားလာတဲ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းဖို့ဆိုပြီး "ခွန်ဆာ" ရဲ့ ကာကွယ်ရေးကရော၊ "လော်စစ်ဟန်" ရဲ့ ကိုးကန့် ကာကွယ်ရေးကပါ ဘိန်းလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ခဲ့ကြပါတယ်။ အဲဒီလို ဘိန်းလုပ်ငန်း ရောင်းဝယ်ဖောက်ကား လုပ်ကိုင်နေကြတာတွေကို စစ်တပ်က သဘောတူခွင့်ပြုထားခဲ့ပါတယ်။ ရှမ်းပြည်တွင်းရှိ ရှမ်းလက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကိုသာ ဆန့်ကျင်တိုက်ခိုက်၊ ဘာမဆို လုပ်ချင်ရာလုပ်ဆိုတဲ့သဘောမျိုး အလိုတူအလိုပါ ခွင့်ပြုထားခဲ့တာ ဖြစ်ပါတယ်။ ခွန်ဆာနဲ့ စစ်တပ် ပေါင်းဖက်လက်တွဲမိခဲ့ကြသလို၊ လော်စစ်ဟန် နဲ့ စစ်တပ်ဟာလည်း အကျိုးတူ နှစ်ကိုယ့်တစိတ် ဖြစ်ခဲ့ကြပါတယ်။

ခွန်ဆာ ဟာ ထိုင်းနိုင်ငံထဲအထိ ဘိန်းတွေကို သွားရောက်ရောင်းချပြီး၊ ရောင်းချရရှိတဲ့ ငွေကြေးတွေနဲ့ ခေတ်မီလက်နက်မျိုးစုံကို ထိုင်းနိုင်ငံထဲက ပြန်လည်ဝယ်ယူပြီး သူ့ရဲ့ကာကွယ်ရေးတပ်ဖွဲ့ကြီးကို ခေတ်မီလက်နက်ကိုင်တပ်ဖွဲ့ကြီးအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။

၁၉၆၃ ခုနှစ်ထဲမှာ ခွန်ဆာရဲ့ ခေတ်မီလက်နက်တပ်ဆင်ကာကွယ်ရေးတပ်ဖွဲ့ကြီးဟာ အင်အားထောင်ချီရှိနေပြီဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်ထဲမှာ 'ခွန်ဆာ' ဟာ လားရှိုးနဲ့ တန့်ယန်းစခန်းတွေကို စွန့်ခွာပြီး စစ်တပ်နဲ့ ယာယီအဆက်အသွယ်ဖြတ်တာလုပ်ပါတယ်။ ဘိန်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ပါတယ်။ လော်စစ်ဟန်ရဲ့ ကိုးကန့်ကာကွယ်ရေးများကလဲ စစ်တပ်ရဲ့ မြေတောင်မြှောက်ပေးမှုအပေါ်ကနေ ဘိန်းလုပ်ငန်းကို ကြီးကြီးကျယ်ကျယ် လုပ်ကိုင်ခွင့်ရခဲ့ပြီး စီးပွားရေး စားကျက်ကောင်းတွေ့ခဲ့ကြပါတယ်။ စစ်တပ်ရဲ့ ဗကပဆန့်ကျင်ရေး၊ ရှမ်းလက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ ချေမှုန်းနှိမ်နင်းရေးပေါ်လစီအောက်မှာ ရှမ်းပြည်မှာ 'ကာကွယ်ရေး' ဆိုတာတွေ ဖွဲ့စည်းပေးတဲ့အတွက် "ကာကွယ်ရေးတပ်ဖွဲ့" ဆိုတာတွေ မှိုပေါက်သလိုအနှံ့အပြား ပေါ်ပေါက်လာခဲ့ပါတယ်။ အများစုက ဘိန်းလုပ်ငန်းကိုပါ လုပ်ကိုင်ခွင့်ရလာကြတဲ့အတွက် နေ့ချင်းညချင်း ကြီးထွားလာကြပါတယ်။ "ဝ နယ် ကာကွယ်ရေး"၊ "ကျိုင်းတုံကာကွယ်ရေး" ဆိုတာတွေလည်း ဘိန်းနဲ့ပတ်သက်လို့ နာမည်ကြီးလာကြပါတယ်။ အဲဒီကာကွယ်ရေးတွေအားလုံးဟာ စစ်တပ်ကမွေး

ထုတ်ပေးလိုက်တာချည်းဖြစ်ပါတယ်။ 'လော်စစ်ဟန်'၊ 'ခွန်ဆာ' တို့ဟာလည်း စစ်တပ်က မွေးထုတ်ပေးလိုက်တဲ့ ကာကွယ်ရေးခေါင်းဆောင်တွေဖြစ်ပါတယ်။ (နောက်ပိုင်းမှာ တကမ္ဘာလုံးသိကြတဲ့ ဘိန်းဘုရင်ကြီးတွေအဖြစ် နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပါတယ်။)

ပြည်မမှာ 'ပြည်သူ့စစ်'၊ ရှမ်းပြည်နယ်မှာ "ကာကွယ်ရေး" ဆိုတာတွေကို စစ်တပ်ရဲ့ အရံအင်အားအဖြစ် အသုံးချပြီး၊ စစ်တပ်ရဲ့ စစ်ဆင်ရေးတွေမှာ အတူပူးပေါင်းပါဝင်စေပြီး "သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေး" ကို ကြံစည်အားထုတ်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ်အတွင်းမှာလည်း တိုင်းစစ်ဌာနချုပ်တွေအလိုက် စစ်ဆင်ရေး ကြီးငယ်မျိုးစုံ ချမှတ်ပြီး ပြည်တွင်းစစ်ကို မီးကုန် ယမ်းကုန် တိုးချဲ့ဆင်နွှဲခဲ့ပါတယ်။

"၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေအား ပြင်ဆင်သည့် ဥပဒေ" ကို ထုတ်ပြန်ကြေညာပါတယ်။ (၆၃ ခုနှစ်တုန်းက "တောင်သူလယ်သမားအခွင့်အရေးများ ကာကွယ်သည့် ဥပဒေ" နဲ့ "သီးစားချထားရေး ဥပဒေ" ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။) ဒီဥပဒေတွေအားလုံးဟာ လယ်သမားတွေအကျိုးအတွက် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာလို့ ဆိုပေမယ့်၊ တကယ်က စပါးအထွက်တိုးရေးအတွက် ရည်မှန်းထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေတွေနဲ့ လယ်သမားတွေကို ဥပဒေအရ အကာအကွယ်ပေးတယ်၊ သီးစားခစနစ်ကို ဖျက်သိမ်းပစ်ပြီး လယ်လုပ်သူကို လယ်ပိုင်ခွင့်ရှိစေတယ်၊ မြေရှင်စနစ်ကို ဖျက်သိမ်းလိုက်တာ ဖြစ်တယ်လို့ ဝါဒဖြန့်ချိခဲ့ပေမယ့် တကယ်ကမြေယာကို စစ်အစိုးရက လက်ဝါးကြီးအုပ်လိုက်တာသာဖြစ်သလို၊ မြေယာအရင်းအနှီး ချေးငှားမှုကိုလည်း အစိုးရမှတပါး အခြားသူတွေမလုပ်ရလို့ အမိန့်ထုတ်ပြီး မြေယာအရင်းကိုပါ လက်ဝါးကြီးအုပ်လိုက်တာသာဖြစ်ပါတယ်။ "လယ်လုပ်သူ လယ်ပိုင်ခွင့်" ဆိုတာလည်း အမှန်တကယ်မဟုတ်ပဲ 'လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်' ဆိုတာသာ ပေးခဲ့ခြင်းဖြစ်ပါတယ်။ စစ်အစိုးရက မြေရှင်ဖြစ်လာပြီး လယ်သမားထုကြီးက ခြားနား သီးစားခပုံစံနဲ့ သွေးစုပ်ခံကြရတဲ့ သဘောဖြစ်ပါတယ်။ မြေရှင်စနစ် ပျက်သုဉ်းသွားတာမဟုတ်ပါ။

အလုပ်သမားတွေအတွက်လည်း အလုပ်သမားအခွင့်အရေး ကာကွယ်တဲ့ဥပဒေဆိုတာ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပေမယ့် အလုပ်သမားထုရဲ့ဘဝကတော့ ဒုံရင်းဒုံရင်းပဲဖြစ်တဲ့အပြင် ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုဒဏ်၊ ကုန်ဈေးနှုန်း မြင့်တက်လာမှုဒဏ် အခံရဆုံး လူတန်းစားတရပ်သာ ဖြစ်ခဲ့ပါတယ်။

မြို့ပေါ်မှာ 'ပပက' ဆိုင်တွေပေါ်လာခဲ့ပြီး၊ တောလက်ကျေးရွာတွေမှာတော့ 'လလသသ' (လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း) ဆိုတာတွေ ပေါ်လာခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်း ကြီးငယ်မှန်သမျှကို ပြည်သူပိုင်သိမ်းပြီး စစ်တပ်က ချုပ်ကိုင်ဦးစီးကာ၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းတွေရော၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းပါ အစိုးရလုပ်ငန်းတွေဖြစ်လာပါတယ်။ ပုဂ္ဂလိက ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းတွေနဲ့ ပုဂ္ဂလိကပိုင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေ စည်ပင်ဖွံ့ဖြိုးခွင့်မရတော့ပဲ ပြင်းထန်တင်းကြပ်တဲ့ အကန့်အသတ်တွေနဲ့ တနေ့တခြား ကြုံတွေ့ရင်ဆိုင်ကြရပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာလည်း စစ်အစိုးရကိုယ်တိုင် မြေရှင်ဖြစ်လာရုံမက မြေယာအရင်းကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ရုံမက၊ မြေယာတွက် သီးနှံဈေးကွက်ကိုပါ လက်ဝါးကြီးအုပ်ဖို့ တဆင့်ပြီးတဆင့် ခြေလှမ်းပြင်လာပါတယ်။

၁၉၆၆ ခုနှစ်၊ ဇန်နဝါရီ (၆) ရက်နေ့မှာ ကုန်သွယ်ရေးအမိန့် (၅) နဲ့ (၆) ကို ထပ်ဆင့်ထုတ်ပြန်ပြီး လယ်ယာ၊ ရေထွက်ပစ္စည်းအမျိုးပေါင်း (၄၆၀) ကျော်ကို အစိုးရကသာ ရောင်းဝယ်ဖောက်ကားတင်သွင်းခွင့် ဖြန့်ချိခွင့်ရှိတဲ့ ကန့်သတ်ပစ္စည်းတွေအဖြစ် သတ်မှတ်လိုက်ပြန်ပါတယ်။ အင်မတန်ကြီးမားကျယ်ပြန့်လှတဲ့ ကုန်သွယ်မှုလုပ်ငန်းကြီးတခုလုံးကို အစိုးရက ချုပ်ကိုင်အုပ်စီးပစ်လိုက်တာဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးမှုလုပ်ငန်းမှန်သမျှကို အစိုးရက ချုပ်ကိုင်သိမ်းပိုက် အုပ်စီးလိုက်ပေမယ့် ကုန်ထုတ်လုပ်မှုအတွေ့အကြုံ အတတ်ပညာ၊ ကုန်သွယ်မှုလုပ်ငန်းအတွေ့အကြုံ အတတ်ပညာ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာအုပ်ချုပ်မှုအတတ်ပညာ၊ ဘာတခုမှ စနစ်တကျ တတ်ကျွမ်းနားလည်မှုမရှိတဲ့ စစ်တပ်က ဗိုလ်ကြီးဗိုလ်ငယ် အသွယ်သွယ်က ဦးစီးဦးဆောင်ပြုပြီး အမိန့်ပေးစနစ်နဲ့ စီမံခန့်ခွဲ ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် ကုန်ထုတ်လုပ်မှုတွေ အတောမသတ် ကျဆင်းလာရသလို၊ ဈေးကွက်ကြီးတခုလုံးဟာလည်း ကမောက်ကမဖြစ်လာရပါတော့တယ်။ ကုန်စည်ရှားပါးပြတ်လပ်မှုတွေ တိုင်းပြည်ဘဏ္ဍာလေလွင့်ပျက်စီးပြုန်းတီးရမှုတွေ၊ ကုန်ပစ္စည်းအရည်အသွေး စံချိန်စံညွှန်း မပြည့်မီရမှုတွေ အဆက်မပြတ်ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီလို ပျက်စီးမှုမျိုးစုံနဲ့ လိုအပ်လစ်ဟာနေတဲ့ ဈေးကွက်ထဲ၊ လစ်ဟာနေမှုတွေကို ဖြည့်ဆည်းပေးဖို့ ဈေးကွက်ရဲ့ သဘောသဘာဝအရ မှောင်ခိုကုန်တွေ အစားထိုးဝင်ရောက်လာကြပါတယ်။ အစိုးရရဲ့ မတရားသဖြင့် သတ်မှတ်ချုပ်ကိုင်မှုကြောင့် "မှောင်ခိုဈေးကွက်" ဆိုတာ ပေါ်ပေါက်လာခဲ့ရတာဖြစ်သလို၊ အစိုးရရဲ့ လိုအပ်ချက် မဖြည့်ဆည်းပေးနိုင်မှု၊ လိုအပ်တဲ့ အရည်အချင်း အရေအတွက်အတိုင်း ထုတ်လုပ်ဖြန့်ချိပေးနိုင်မှုမရှိခြင်းတို့ကြောင့် "မှောင်ခိုဈေးကွက်" ဆိုတာ ပေါ်ပေါက်လာခဲ့ရတာဖြစ်ပါတယ်။ အစိုးရက ဥပဒေထုတ်ပြီး တင်းတင်းကြပ်ကြပ် မကိုင်တွယ်ခင်က၊ တားမြစ်ပိတ်ပင်မှုတွေ မလုပ်ခင်က လွတ်လပ်တဲ့ဈေးကွက်မှာ ဈေးကွက်ပြိုင်ဆိုင် ရောင်းချမှုစနစ်တိုင်း လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားခွင့် ရတဲ့အတွက် ကုန်ဈေးနှုန်းနဲ့ ဈေးကွက်ကြီးဟာ ဗရမ်းဗတာ အတက်အကျမဖြစ်ခဲ့ပေမယ့်၊ ဥပဒေမဲ့အဖြစ် မှောင်ခိုအဖြစ် ရောင်းဝယ်ဖောက်ကားကြရတဲ့အခါမှာ၊ ကုန်ဈေးနှုန်းတွေဟာ တက်ချင်သလို တက်ဖြစ်လာခဲ့ပါတယ်။ အာဏာပိုင်များနဲ့ ပတ်သက်နေတဲ့ မှောင်ခိုလုပ်ငန်းရှင်ကြီးတွေ ပေါ်ပေါက်လာသလို၊ တဝမ်းတခါးအတွက် တပိုင်တနိုင် ခိုးသယ်ခိုးရောင်း စီးပွားရေးလုပ်နေကြရတဲ့ မှောင်ခိုကုန်သည်လေးများလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

အစိုးရကိုယ်တိုင်က ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အောင်မြင်ဖွံ့ဖြိုးအောင်၊ တိုးတက်ကောင်းမွန်အောင် စနစ်တကျလုပ်ဆောင်နိုင်မှုမရှိတဲ့အပြင် ကုန်စည်တင်သွင်းရောင်းဝယ်ဖောက်ကားမှုတွေကိုလည်း မတရားသဖြင့် ကန့်သတ်ပိတ်ပင်မှုတွေလုပ်ပြီး လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ကို ချမှတ်ကျင့်သုံး လုပ်ဆောင်လိုက်တဲ့အခါ ကုန်စည်ရှားပါးမှုတွေ ပေါ်ပေါက်လာပါတယ်။ ကုန်စည်ရှားပါးပြတ်လပ်တဲ့အခါ အစိုးရက "ရာရှင်" စနစ် "ကိုတာ" စနစ်တွေနဲ့ ရောင်းချဖြန့်ဖြူးတာ လုပ်ဆောင်လာပါတယ်။ အဲ့ဒီတော့ တန်းစီတိုးစားစနစ်နဲ့ လက်ပြောင်းလက်လွှဲ ရောင်းဝယ်ဖောက်ကားမှုစနစ် ပေါ်ပေါက်လာရပြန်ပါတယ်။ တန်းစီတိုးစားလုပ်ကိုင်စားသောက်ရသူတွေ၊ ကိုယ့်ကုန်ဝယ်စာအုပ်ကို တပါးသူထံအပ်နှံပြီး ပေါင်နှံ ရောင်းချ စားသောက်ရသူတွေ ပေါ်ပေါက်လာရပါတယ်။

အရင်းစစ်ကြည့်လိုက်မယ်ဆိုရင်၊ မှောင်ခိုဈေးကွက်၊ မှောင်ခိုစီးပွားရေးလုပ်ငန်း၊ မှောင်ခိုကုန်သည်ဆိုတာတွေပေါ်ပေါက်လာရတာဟာ စစ်အစိုးရရဲ့ ဖောက်ပြန်ဆိုးဝါးလှတဲ့ စီးပွားရေးလက်ဝါးကြီးအုပ်မှုနဲ့ မတော်မတရား ကန့်သတ်ချုပ်ချယ် ပိတ်ပင်တားမြစ်မှုတွေကြောင့်ဖြစ်ပါတယ်။ ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုတွေ ပေါ်လာရတာကလည်း လူထုကြီးရဲ့ လိုအပ်ချက်အတိုင်း ကုန်စည်တွေ ထုတ်လုပ်တင်သွင်း ဖြန့်ချိပေးနိုင်မှုမရှိခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒီလို ဈေးကွက်လိုအပ်ချက်ကို မဖြည့်ပေးနိုင်တာကလည်း စက်ရုံအလုပ်ရုံ အလုပ်ရုံတွေမှာပဲဖြစ်ဖြစ်၊ ကုန်ပစ္စည်းရောင်းဝယ်ဖြန့်ချိ ကုန်သွယ်ရေးလုပ်ငန်းတွေမှာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းနဲ့ ဆက်ဆိုင်တဲ့ နေရာဌာနတိုင်းမှာ၊ ဘာတခုမှ ရေရေရာရာ ကောင်းကောင်းမွန်မွန် တတ်ကျွမ်းနားလည်မှုမရှိတဲ့စစ်တပ်က စစ်ဗိုလ်ကြီးငယ် အသွယ်သွယ်က ဦးစီးဦးကိုင်ပြုပြီး စိုးမိုးအုပ်ချုပ် ဗိုလ်လုပ်နေကြတဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။

စစ်အစိုးရကတော့ တကယ့်အရင်းအမြစ် အဖြစ်အပျက်မှန်သမျှတွေကို မျက်ကွယ်ပြုပြီး၊ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘဲ သူများမျက်ချေးကိုချည်း လက်ညိုးထိုးပြဖို့ ကြိုးစားပါတယ်။ ဝိသမလောဘသမားတွေကြောင့်၊ မှောင်ခိုစီးပွားရေးသောင်းကျန်းသူတွေကြောင့်၊ ကုန်သည်ပွဲစားအမြတ်ကြီးစားတွေကြောင့်လို့ ပြစ်တင်ရှုတ်ချတရားခံရှာပြပါတယ်။ တခါတရံ ဘာမဆိုင်ညာမဆိုင် ကုန်ဈေးနှုန်းတက်ရတာကို ဝဲယာအဖျက်သမားတွေကြောင့်လို့ လုပ်ချလိုက်တာတောင်ရှိပါတယ်။

အစိုးရက ပြည်သူပိုင်သိမ်းပြီး လုပ်ငန်းကြီးအသွယ်သွယ်ကို စစ်တပ်ကချုပ်ကိုင်လိုက်တဲ့အခါ ကုန်ပစ္စည်း ရှားပါးပြတ်လပ်ရပြီး ကုန်ထုတ်လုပ်မှုတွေ ကျဆင်းရပြီး ကုန်ဈေးနှုန်းတွေတက်ခဲ့ရပါတယ်။

ကုန်ပစ္စည်းတွေကို ကန့်သတ်ကုန်စည်တွေအဖြစ် သတ်မှတ်ပြဋ္ဌာန်းပြီး အစိုးရကပဲ ရောင်းဝယ်ဖောက်ကားဖို့ ချုပ်ကိုင်လိုက်တဲ့အခါ၊ ကုန်စည်ဖြန့်ဖြူးရေးကို ဝင်ရောက်ကိုင်တွယ်လိုက်တဲ့အခါ ကုန်စည်ပစ္စည်းရှားပါးပြတ်လပ်သွားရပြီး၊ မှောင်ခိုဈေးကွက်ကြီး ဖြစ်ပေါ်လာရပြီး ကုန်ဈေးနှုန်းတွေ တက်ခဲ့ရပြန်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းတခုလုံးကိုပါ ချုပ်ကိုင်ပြီး အခြေခံစားသောက်ကုန် လူသုံး အိမ်သုံးကုန်တွေအားလုံးလောက်နီးနီးကို ထပ်မံထိန်းချုပ်ကိုင်တွယ်လိုက်ပြန်တဲ့အခါ ကုန်ပစ္စည်းပြတ်လပ်မှုတွေ ပိုမိုကြီးမားလာရတဲ့အပြင်၊ ကုန်စည် စီးဆင်းလည်ပတ်နေတဲ့ ကုန်စည်ဈေးကွက်ကြီးပါ ပျက်ပြားသွားရပြီး၊ စီးပွားရေးလုပ်ငန်း ကုန်သွယ်မှုလုပ်ငန်းတွေအားလုံးပါ အကြီးအကျယ် ထိခိုက်နစ်နာသွားရပါတယ်။ ကုန်ဈေးနှုန်းတွေဟာ အဆမတန်ထိုးတက်ခဲ့ရပြန်ပြီး အောက်ခြေပြည်သူလူထုကြီးတရပ်လုံး စားဝတ်နေရေးကြပ်တည်းကျဉ်းမြောင်းလာခဲ့ရပါတယ်။

တပြည်လုံးမှာ လူဦးရေအများဆုံးဖြစ်တဲ့ ကျေးလက်တောရွာနေ ပြည်သူလူထုရဲ့ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ လယ်ယာလုပ်ငန်းထွက်ကုန်တွေကို အစိုးရကချုပ်ကိုင်လိုက်တာဟာ တောနေပြည်သူလူထုကြီးတရပ်လုံးကို တိုက်ရိုက်ထိခိုက်နစ်နာ သွားစေခဲ့ရုံမက၊ မြို့ပြနဲ့ကျေးလက် ကုန်စည်ဖလှယ်ရေးဈေးကွက်ကိုလည်း အဖုအထစ်ဖြစ်သွားစေခဲ့ပါတယ်။ လက်လီ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းတွေကိုလည်း ကမောက်ကမဖြစ်သွားစေခဲ့ပြီး မြို့နေပြည်သူလူထုကိုလည်း ထိခိုက်နစ်နာစေခဲ့ပါတယ်။ တောလက်ကျေးရွာတွေရှိ 'လလသသ' ဆိုတဲ့ သမဝါယမဆိုင်တွေကလည်း တောနေလူထုရဲ့ လိုအပ်ချက်တွေကို ပြည့်မီအောင် ဖြည့်ဆည်းရောင်းချ ဖြန့်ချိပေးနိုင်ခြင်းမရှိသလို၊ မြို့ပေါ်က ပပကဆိုင် ပြည်သူ့ဆိုင်တွေကလည်း မြို့နေလူထုရဲ့ အခြေခံလိုအပ်ချက်တွေကိုတောင် ပြည့်မှီအောင် ဖြည့်ဆည်းရောင်းချပေးနိုင်ခြင်းမရှိပါ။

တောရောမြို့ပါ နစ်ဖက်နာကြရပြီး မတန်တဆတက်လာတဲ့ ကုန်ဈေးနှုန်းတွေအောက်မှာ တောနေလူထုရော မြို့နေလူထုပါ ခါးကော့အောင်ခံခဲ့ကြရပါတယ်။ ကြားထဲကနေ အမြတ်ထွက်ပြီး စီးပွားတက်လာကြရသူတွေကတော့ အာဏာပိုင်အဝန်းအဝိုင်းမှာ ပါဝင်ခွင့်ရသူတွေ၊ အဆင့်ဆင့်သော လုပ်ပိုင်ခွင့်ဘောင်အတွင်း လုပ်ခွင့်ကိုင်ခွင့်ရသူတွေနဲ့ အာဏာပိုင်အဆင့်အဆင့်နဲ့ အပေးအယူတည့်တဲ့ မှောင်ခိုစီးပွားရေးသမားတချို့တလေပဲဖြစ်ပါတယ်။ နှိုင်းယှဉ်ချက်အရကြည့်မယ်ဆိုရင် လက်ချိုးရေတွက်လို့ရတဲ့ အခွင့်ထူးခံတချို့သာ၊ လက်တဆုပ်စာသော လူနဲစုလေးလောက်သာ ချမ်းသာကြွယ်ဝလာပြီး ပြည်သူလူထုကြီးတရပ်လုံးကတော့ ဒုက္ခပင်လယ်ဝေလာရပါတယ်။

တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ စစ်အစိုးရရဲ့ အာဏာရပါတီကြီးအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ကျယ်ပြန့်သည်ထက်ကျယ်ပြန့်အောင် တိုးချဲ့ဖွဲ့စည်းတာလုပ်ပြီး၊ ပါတီရဲ့အခန်းကိုတဆင့်ထက်တဆင့် ပေါ်လွင်အောင်ကြိုးပမ်းပါတယ်။ ၆၂ ခုနှစ်၊ ဇူလိုင် (၄) ရက်ကတည်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို စစ်တပ်အခြေခံနဲ့ စစ်တပ်ပါတီအဖြစ် စတင်ဖွဲ့စည်းကာ အမြုတေပါတီအဆင့် စတင်တည်

ဆောက်ဖြစ်ပေါ်စေခဲ့တာဖြစ်ပေမယ့်၊ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ကို တပြည်လုံး အနှံ့အပြား စတင်ဖွဲ့စည်းတည်ထောင်လာခဲ့တာကတော့ ၆၄ ခုနှစ်ထဲမှာဖြစ်ပါတယ်။ အဲလို တတိုင်းပြည်လုံး လက္ခဏာဆောင်အောင် မဆလပါတီ ကို နေရာအနှံ့ တည်ထောင်ပြီးတဲ့အခါ၊ မဆလပါတီရဲ့ လမ်းညွှန်သဘောတရားဖြစ်တဲ့ "လူနှင့် ပတ်ဝန်းကျင်တို့၏ အညမညသဘောတရား" စာတမ်းနဲ့ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ မူဝါဒသဘောတရား" ဆိုတာတွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိပြီးတဲ့အခါ၊ ပါတီဝင်သိမ်းသွင်းမှုတွေကို အင်တိုက်အားတိုက် ဆောင်ရွက်ပါတယ်။ အာဏာရပါတီဖြစ်လာတဲ့အတွက် စစ်တပ်အမာခံပါတီဖြစ်တဲ့အတွက် ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ချီတက်မယ်လို့ ကြွေးကြော်တာကို ယုံမှတ်လက်ခံတဲ့အတွက် စသဖြင့် စသဖြင့် အကြောင်းအမျိုးမျိုးကို အကြောင်းပြုပြီး ဝင်ရောက်လာသူတွေကတော့ အထိုက်အလျောက်ရှိပြီးဖြစ်ပေမယ့် ကျေနပ်လောက်တဲ့ အင်အားအရေအတွက်အထိ မရှိသေးတာကြောင့် မဆလပါတီကို နည်းအမျိုးမျိုးနဲ့ ဆက်လက်တည်ဆောက်တာလုပ်ပါတယ်။

မဆလပါတီ တည်ထောင်ဖွဲ့စည်းပြီးစကတည်းက ဦးဦးဖျားဖျား ဝင်ရောက်လာကြတဲ့ ခြံခုန်ကူးလာသူတွေ၊ ဖျာနေရာဦးအောင် လာခင်းသူတွေ၊ တောပြန်လက်နက်ချဟောင်းတွေ၊ လက်ဝဲနွယ်နိုင်ငံရေးသမားဟောင်းကြီးတွေကိုလည်း စစ်အစိုးရက နေရာချထားပေးပြီး မဆလပါတီရဲ့ ကေဒါကြီးတွေအဖြစ် မွေးမြူပါတယ်။

အခြေခံလူတန်းစားကြီးနှစ်ရပ်လို့ ကြွေးကြော်ထားတဲ့ လယ်သမားနဲ့ အလုပ်သမားတွေအတွက် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲနဲ့ အလုပ်သမားနှီးနှောဖလှယ်ပွဲဆိုတာတွေ နှစ်စဉ် ကျင်းပပြုလုပ်ပေးသလို၊ မဆလပါတီဝင်များအတွက် "လမ်းစဉ်ပါတီ နှီးနှောဖလှယ်ပွဲ" ဆိုတာကိုလည်း ထုတ်ဖော်ကျင်းပလာခဲ့ပါတယ်။ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တက်ရောက်မိန့်ခွန်းမြွက်ကြားခြင်း၊ လမ်းညွှန်ဆွေးနွေးခြင်းဆိုတာတွေကိုလည်း မပျက်မကွက် ပြုလုပ်ပြပါတယ်။

၁၉၆၇ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ "ဗဟိုတောင်သူလယ်သမားကောင်စီ" ဆိုတာကို စတင်ဖွဲ့စည်းပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီးသောင်းကြည်၊ အတွင်းရေးမှူးအဖြစ် ဒုဗိုလ်မှူးကြီးကျော်ဇောနဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် (၃၁) ဦးရှိပါတယ်။

အဲဒီ ဗဟိုတောင်သူလယ်သမားကောင်စီဆိုတာ စတင်ပေါ်ပေါက်လာတဲ့နှစ်မှာပဲ ဗမာပြည်မှာဆန်ပြဿနာ စဖြစ်လာပါတယ်။ ၁၉၆၆ ခုနှစ် စိုက်ပျိုးရာသီတုန်းက ရာသီဥတုဆိုးရွားဖောက်ပြန်ခဲ့မှုကြောင့် စပါးစိုက်ပျိုးဧက (၁၁) သိန်းကျော် ပျက်စီးခဲ့ရပြီး စပါးတင်း သိန်းပေါင်း (၅၀၀) ကျော်လောက် ပျက်စီးခဲ့ရပေမယ့် စပါးအထွက် ယုတ်လျော့ကျဆင်းခဲ့ရပေမယ့်၊ တော်လှန်ရေးကောင်စီအစိုးရဟာ ပြည်တွင်း ပြည်သူလူထုလိုအပ်ချက်ကို ဂရုမထားပဲ နိုင်ငံခြားကို ဆန်တန်ချိန် (၁.၁)သန်းကျော် တင်ပို့ရောင်းချခဲ့တဲ့အတွက် ပြည်တွင်းစားသုံးမှုအတွက် ဆန်မလုံမလောက်ဖြစ်ခဲ့ရရာက ဆန်ပြဿနာ စတင်ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။ ဆန်ကို လွတ်လပ်စွာရောင်းဝယ်ခွင့်မပေးပဲ အစိုးရက တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားတဲ့အတွက် ဆန်ရှားပါးပြတ်လပ်မှုပြဿနာဟာ ပိုမိုကြီးမားများပြားလာခဲ့ရပါတယ်။ အစိုးရရဲ့ ပြည်သူလူထုလိုအပ်ချက်ကို အလေးမထားပဲ နိုင်ငံခြားငွေအတွက် ပြည်ပကို အတင်းတင်ပို့ရောင်းချမှု၊ စီးပွားရေးလုပ်ငန်းမှန်သမျှကို လက်ဝါးကြီးအုပ်ထားချင်တဲ့ ဖောက်ပြန်တင်းကြပ်တဲ့ မူဝါဒပေါ်လစီတွေချမှတ်ပြီး မတော်မတရား ပိတ်ပင်ကန့်သတ်ထားမှုတွေကြောင့် ဆန်ပြဿနာပေါ်ခဲ့ရတာဖြစ်ပါတယ်။ စပါးအသစ်တွေ ထွက်ပြီးလို့မှ လပိုင်းသာသာလောက်ပဲရှိသေးတဲ့အချိန်မှာ ဆန်ပြတ်လပ်မှုတွေ စတင်ဖြစ်ပေါ်ခဲ့ပြီး ဆန်ဈေးတွေ တဟုန်ထိုး ထိုးတက်လာခဲ့ပါတယ်။ အဲဒီလို ဆန်ရှားပါးပြတ်လပ်မှုပြဿနာတွေ ဖြစ်ပေါ်လာခဲ့ရပြီး ဆန်ဈေးတွေ ထိုးတက်

လာတဲ့ ပြဿနာကို ရှောင်ကွင်းနိုင်ဖို့ လူထုကြား ကျွက်စည် ကျွက်စည်ဖြစ်လာတဲ့ လူထုမကျေနပ်သံတွေကို ပစ်ကွင်းလွှဲပစ်နိုင်ဖို့အတွက် ဆန်ပြဿနာကို လူမျိုးရေးအဓိကရုဏ်းဆီ မျှားဦးလွှဲပစ်လိုက်ပါတယ်။ ၁၉၆၇ ခုနှစ်၊ ဇွန်လထဲမှာ တရုတ်–ဗမာ အဓိကရုဏ်း ပေါ်ပေါက်လာပါတယ်။

အဲဒီအချိန်တုန်းက နိုင်ငံတကာအနေအထား၊ အထူးသဖြင့် အာရှအနေထားကိုကြည့်မယ်ဆိုရင်၊ စစ်အေးတိုက်ပွဲကြီးက အကြီးအကျယ်ဖြစ်နေဆဲဖြစ်ပါတယ်။ အမေရိကန်သမတ ဂျွန်ဆင်လက်ထက်၊ ၁၉၆၄ ခုနှစ် ဩဂုတ်လ (၄) ရက် "တုံကင် ပယ်လယ်ကွေ့ဆုံးဖြတ်ချက်" ထွက်လာပြီးနောက်ပိုင်း ဗီယက်နမ်အပေါ် ဗုံးမိုးရွာတာတွေ အဆက်မပြတ်လုပ်ပါတယ်။ (၅) သိန်းလောက်ရှိတဲ့ စစ်အင်အားကို စေလွှတ်ပြီး ဗီယက်နမ်စစ်အတွင်း အမေရိကန်က တိုက်ရိုက်ပါဝင်နေပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေး အကြီးအကျယ်ဆင်နွှဲပါတယ်။ ၁၉၆၅ ခုနှစ်ထဲမှာ အင်ဒိုနီးရှားနိုင်ငံမှာ ဗိုလ်ချုပ်ကြီးဆူဟာတို စစ်အင်အားနဲ့ အာဏာသိမ်းတက်လာပြီးနောက်ပိုင်း ကွန်မြူနစ် ချေမှုန်းသုတ်သင်ရေးတွေ အကြီးအကျယ် ဆင်နွှဲပါတယ်။ ကွန်မြူနစ်ချေမှုန်းရေးလုပ်ရင်း တရုတ်–အင်ဒိုနီးရှား အဓိကရုဏ်းတွေ ဆက်တိုက်ထွက်ပေါ်လာခဲ့ပါတယ်။ ဗမာပြည်နဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ အိမ်နီးနားချင်းတရုတ်နိုင်ငံကြီးမှာလည်း "ယဉ်ကျေးမှုတော်လှန်ရေးကြီး" အရှိန်အဟုန်တက် ပေါ်ထွက်နေဆဲဖြစ်ပါတယ်။ ဒီယဉ်ကျေးမှုတော်လှန်ရေးကြီးဂယက်ဟာ တရုတ်ပြည် ပြည်တွင်းသာမက၊ အာရှက နိုင်ငံတွေအတွင်းပါ အကြီးအကျယ် ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာလည်း ဂယက်ရိုက်မှု အကြီးအကျယ်ရှိခဲ့သလို၊ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးတွေအတွင်းမှလည်း ဒီဂယက်ဟာရှိခဲ့ပါတယ်။ ဗမာပြည် တရုတ်ကျောင်းတချို့အတွင်းမှာ မော်စီတုန်းရင်ထိုးတံဆိပ်တပ်ဆင်တာတွေ (၁၉၆၇ ခုနှစ်အတွင်း) ရှိလာတဲ့အခါ အဲ့ဒီအချက်ကိုကိုင်ပြီး စစ်အစိုးရက တရုတ်–ဗမာ အဓိကရုဏ်းကို ဖော်ခဲ့တာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံက စစ်အာဏာရှင် ဆူဟာတိုရဲ့ လမ်းကြောင်း နမူနာအတိုင်း ဗမာပြည်က စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း ကလည်း ကွန်မြူနစ်ဆန့်ကျင်ရေးလည်း လုပ်ပြီးသားလည်းဖြစ်၊ ထိပ်တိုက်တိုးရတော့မယ့် ဆန်ပြဿနာအပေါ် လူထုအာရုံကိုလည်း လွှဲပြောင်းပြီးသားဖြစ်အောင် တရုတ်–ဗမာ လူမျိုးရေးအဓိကရုဏ်းကို ဖော်လိုက်တာဖြစ်ပါတယ်။ တချက်ခုတ် နှစ်ချက်ပြတ်နည်းသုံးပြီး အစိုးရကိုယ်တိုင်က ဖော်လိုက်တာဖြစ်ပါတယ်။ တပြည်လုံး နေရာအနှံ့ဖြစ်ပွားခဲ့ပြီး မြို့တော်ဖြစ်တဲ့ ရန်ကုန်ကတော့ အပြင်းထန်ဆုံးဖြစ်ခဲ့ပါတယ်။ ယူနီဖောင်ချွတ်ပြီး အရပ်သားအဖြစ် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ စစ်သားတွေ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေ အများအပြားရှိခဲ့ပါတယ်။ လုံခြုံရေးအတွက်ဆိုပြီး ချထားတဲ့ စစ်သားတွေကလည်း အဓိကရုဏ်းကို ထိန်းသိမ်းသယောင်ပြုပြီး မျက်စပစ်ပြလိုက်တဲ့အခါ အကြမ်းဖက်မှုတွေပါ အရှိန်အဟုန်ကြီးစွာပေါ်ပေါက်ခဲ့ပါတယ်။ တရုတ်သံရုံးကို သွားဝိုင်းတာ၊ တရုတ်တန်းက တရုတ်အိမ်တွေကို ဝိုင်းဝန်းဖျက်ဆီးတာ၊ တရုတ်ဆိုင်တွေကို ရိုက်ချိုးဖျက်ဆီးပစ်တာတွေ ပေါ်ပေါက်ခဲ့ပါတယ်။ တရုတ်–ဗမာ အဓိကရုဏ်းမှာ သေကြေဒဏ်ရာရကြသူ တရုတ်တွေလည်း အများအပြားရှိခဲ့ပါတယ်။ ပျက်ဆီးဆုံးရှုံးရမှုတွေလည်း နေရာအနှံ့ဖြစ်ခဲ့ပါတယ်။

အဲဒီလို တရုတ်–ဗမာ အဓိကရုဏ်းနည်းနဲ့ ဆန်ပြဿနာကို လမ်းကြောင်းလွှဲပစ်လိုက်ပေမယ့်၊ ဆန်ပြဿနာဟာ လုံးဝကွယ်ပျောက်သွားခဲ့တာမဟုတ်ခဲ့ပါ။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့မှာပဲ ရခိုင်တိုင်း စစ်တွေမြို့မှာ "စစ်တွေဆန်လုပွဲကြီး" ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီ "စစ်တွေဆန်လုပွဲကြီး" မှာ စစ်အစိုးရဟာ စစ်အာဏာရှင်ဇာတိရုပ်ကို အရှင်းလင်းဆုံး ပြသလိုက်တာကတော့ ဆန်လိုချင်တဲ့လူထုကို ကျည်ဆံတွေပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်းခဲ့ပါတယ်။ သေကြေဒဏ်ရာရသူပေါင်း (၂၀၀) ကျော်တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီးဖြစ်ခဲ့ရပါတယ်။ ရခိုင်ပြည်သမိုင်းမှာ ဘယ်တော့မှ

မမေ့နိုင်စရာ သမိုင်းဝင် သွေးမြေကျခဲ့ရမှုကြီးဖြစ်ပါတယ်။ စစ်အစိုးရတက်လာလာချင်း သွေးချောင်းစီးအောင် သတ်ဖြတ်နှိမ်နင်းပြခဲ့တဲ့၊ ၆၂ ခုနှစ်၊ (၇) ရက် ဇူလိုင် ကျောင်းသားအရေးတော်ပုံ သွေးမြေကျခဲ့ရမှုနောက်ပိုင်း (၅) နှစ်ကျော်အကြာမှာ၊ ထပ်မံပေါ်ပေါက်ခဲ့ရတဲ့ အကြီးဆုံး အစုလိုက်အပြုံလိုက် သွေးမြေကျခဲ့ရမှုဖြစ်ပါတယ်။

၆၂ ခုနှစ် စစ်အစိုးရတက်လာစက ဆန်တပြည် ပြား (၆၀) သာရှိရာက၊ ၆၇ ခုနှစ် ဆန်ပြဿနာပေါ် ရချိန်မှာ ဆန်တပြည် (၇) ကျပ် (၈) ကျပ်အထိ ဖြစ်ပွားခဲ့ရပါတယ်။ ဆန်ရှားပါးမှုကြောင့် ထမင်းမစားနိုင်တော့ တဲ့သူတွေ၊ ဆန် နဲ့ ပဲ၊ ပြောင်း၊ လူးဆတ် ရောစားရသူတွေ၊ ကြွေးဥ တူးစားရသူတွေ တပြည်လုံး အနှံ့အပြား ပေါ်ခဲ့ပါတယ်။ ဆန်အတွက် စပါးကိုစိုက်ပျိုးပေးရတဲ့ တောင်သူလယ်သမားကြီးတွေကိုယ်တိုင် ထမင်းမစား နိုင်တော့တဲ့ဘဝ ကျရောက်ခဲ့ရပါတယ်။

တရုတ်–ဗမာ အရေးအခင်းအပြီးမှာ၊ တရုတ်အစိုးရက ဗမာပြည်စစ်အစိုးရရဲ့ လုပ်ဆောင်ဖော်ပြခဲ့ ချက်တွေအပေါ် အကြီးအကျယ် မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ရလဒ်အဖြစ်ကတော့၊ တရုတ်ပြည်အတွင်း နှစ်ပေါင်းများစွာရောက်ရှိနေခဲ့ကြတဲ့ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ ပေါင်ယောင်တပ်ဖွဲ့ (ခေါ်) ပေါင်ယောင် အမျိုးသားဒီမိုကရေစီတပ်ဦး (ပီအဲန်ဒီအက်ဖ်) တပ်ဖွဲ့ဝင်ဟောင်းများနဲ့ အဝေးရောက် ဗမာပြည်ကွန်မြူ နစ်ပါတီဝင်တွေကို စုစည်းပေါင်းဆက်ပေးလိုက်ပြီး မီးစိမ်းပြလိုက်ခြင်းပဲဖြစ်ပါတယ်။

[တရုတ်ပြည်အတွင်း နှစ်ပေါင်းများစွာရောက်ရှိနေကြတဲ့ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ ကချင်အမျိုး သားတပ်ဖွဲ့ဟာ၊ ပြည်တွင်းစစ်အစပိုင်းမှာ – ဦးနုအစိုးရ ကို ပုန်ကန်ခြားနားပြီး လက်နက်ကိုင်တော်လှန်ရေး ကို ဆင်နွှဲရင်း၊ ကရင့်လက်နက်ကိုင်တော်လှန်ရေးနဲ့ ပေါင်းဆက်မိခဲ့ကြပါတယ်။ ဗိုလ်ကြီးနော်ဆိုင်း ခေါင်းဆောင်တဲ့ ကချင်လက်နက်ကိုင်တပ်ဖွဲ့ဟာ ကေအင်ဒီအိုတပ်ဖွဲ့များနဲ့အတူ ပူးပေါင်းတိုက်ပွဲဆင်ရင်း၊ နောက်ဆုံးမှာ ဖဆပလ အစိုးရတပ်များရဲ့ ပြန်လှန်တိုက်ခိုက်ချေမှုန်းမှုကြောင့် ကွတ်ခိုင်ဘက်အထိ ဆုတ်ခွာ လာခဲ့ရပါတယ်။ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလမှာ ပြန့်ကျဲနေတဲ့ သူ့တပ်ဖွဲ့တွေအားလုံးကို စုရုံးယူလိုက်ပြီး ပထမဆုံး PNDF (Pong Yong National Democracy Front) ကို ဖွဲ့စည်းတည်ထောင်လိုက်ပါတယ်။ “ပေါင်ယောင်” ဆိုတာက ဂျင်းဖောအပါအဝင် ကချင်မျိုးနွယ်စုအားလုံးကို ခေါ်ဆိုတာဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်နော်ဆိုင်းရဲ့ တပ်ဖွဲ့ထဲမှာ ကေအင်ဒီအိုနဲ့ ပူးပေါင်းတိုက်ပွဲဆင်လာတဲ့အတွက် ဆက်သွယ်ရေးအတွက် ပို့ထားတဲ့ ဆက်သွယ်ရေးစက်ကိုင် ကရင်အမျိုးသားများရော၊ တခြား ကရင်ရဲဘော်များပါ ရောနှောပါဝင်နေခဲ့ ပါတယ်။ ကချင်အမျိုးသားများကတော့ အများစုဖြစ်ပါတယ်။ အဲဒီ ပေါင်ယောင်တပ်ဖွဲ့အင်အားနဲ့ “လားရှိုး” ကိုသွားတိုက်ပါတယ်။ လားရှိုးတိုက်ပွဲမှာ အရေးနိမ့်ပြီးတဲ့နောက်ပိုင်းမှာတော့ တဆင့်ပြီးတဆင့် ဆုတ်ခွာလာ ခဲ့ရပြီး၊ ၁၉၅၀ ပြည့်နှစ်၊ ဧပြီလထဲမှာ တရုတ်ပြည်ထဲအထိ ပြေးဝင်ခဲ့ရပါတယ်။ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ အဲဒီတပ်ဖွဲ့ဝင်အားလုံးကို တရုတ်က မောင်းထုတ်ခြင်းမလုပ်ပဲ ထိန်းသိမ်းထားလိုက်ပါတယ်။ ပထမ ယူနန်ပြည် မန်စီပေါက်စန်း စတဲ့ဒေသတွေမှာ နေခွင့်ပေးထားရာက ဗမာပြည် ဦးနုအစိုးရနဲ့ တရုတ်ပြည်အစိုးရ နှစ်နိုင်ငံ အစိုးရချင်း ဆက်ဆံရေး ကောင်းမွန်မြင့်မားလာတဲ့အခြေအနေကြောင့် ဗိုလ်နော်ဆိုင်းခေါင်းဆောင်တဲ့ တပ်ဖွဲ့ ဝင်တွေအားလုံးကို တရုတ်အစိုးရက ယူနန်ပြည်နယ်ထဲမှာ မထားတော့ပဲ ဗမာပြည်နဲ့ ပိုမိုဝေးလံတဲ့ အတွင်း ပိုင်းဒေသ “ကွေ့ကြိုး” ပြည်နယ်ထဲ ပြောင်းရွှေ့နေရာချထားလိုက်ပါတယ်။ အဲဒီတပ်ဖွဲ့တွေဟာ တရုတ်ပြည် ထဲမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ နိုင်ငံရေးသဘောတရားတွေကို ၁၉၅၁၊ ၅၂ ကတည်းက စတင်လေ့လာမိခဲ့ ကြပြီး၊ တဖြည်းဖြည်းနဲ့ လက်ဝဲဝါဒယုံကြည်လက်ခံသူများအဖြစ် ပြောင်းလဲလာခဲ့ပါတယ်။

၁၉၅၈ နဲ့ ၁၉၆၇ ခုနှစ်အတွင်းမှာ အဲ့ဒီတပ်ဖွဲ့ဝင်များဟာ တရုတ်ပြည် ကွေ့ကြိုးပြည်နယ်ထဲက ဒေသခံ တရုတ်အမျိုးသမီးများနဲ့ အိမ်ထောင်ကျတာတွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။]

[ဗိုလ်နော်ဆိုင်းတို့လို အမျိုးသားရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တရုတ်ပြည်ထဲရောက်ရှိနေကြတဲ့အချိန်မှာ ကွန်မြူနစ်ပါတီချင်း ညီနောင်ပါတီဆက်ဆံရေးအရ တရုတ်ပြည်ထဲရောက်ရှိနေခဲ့ကြတဲ့ တခြားနိုင်ငံရေးအင်းအားစုတစုဟာလည်း မရှေးမနှောင်း ရှိနေပြီဖြစ်ပါတယ်။ အဲဒါကတော့ သခင်ဗသိန်းတင် ခေါင်းဆောင်တဲ့ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီအင်အားစုဖြစ်ပါတယ်။ အမျးစုဟာ "ဇီချွမ်း" ပြည်နယ်ထဲမှာဖြစ်ပါတယ်။ သခင်ဗသိန်းတင် ခေါင်းဆောင်တဲ့ လူမျိုးအားဖြင့် ဗမာလူမျိုးတွေဖြစ်တဲ့ ဒီအစုကတော့ အစကတည်းက မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို သက်ဝင်ယုံကြည်ပြီးသား ကွန်မြူနစ်တွေ ကွန်မြူနစ်ပါတီတပ်ဖွဲ့ဝင်တွေဖြစ်ကြပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ညီနောင်ပါတီချင်း ဆက်ဆံရေးအရ၊ နိုင်ငံတကာကွန်မြူနစ်ပါတီများနဲ့ ဆက်ဆံရေး၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စတွေအရ ရောက်ရှိနေကြတာဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်ထဲမှာ ဇီချွမ်းပြည်နယ်ထဲမှာရှိတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအစုက တာဝန်ရှိသူတွေဟာ၊ ကွေ့ကြိုးပြည်နယ်ထဲရှိ ဗိုလ်နော်ဆိုင်းရဲ့ တပ်ဖွဲ့ဝင်အစုဆီ ရောက်ရှိလာပြီး အဆက်အသွယ်ပြုပါတယ်။ ဖဆပလ အစိုးရလက်ထက် အစိုးရရဲ့ စစ်တပ်တတပ်အဖြစ်ရှိနေတုန်းက၊ ဗိုလ်နော်ဆိုင်းရဲ့တပ်ဖွဲ့ကို အဓိကအားဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီကိုချေမှုန်းရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ဦးနုအစိုးရက အသုံးပြုခဲ့တဲ့တပ်ဖြစ်တဲ့အတွက် ဗိုလ်နော်ဆိုင်းတပ်ဖွဲ့ဟာ ကွန်မြူနစ်တွေနဲ့ အပြင်းအထန်တိုက်ခိုက်ခဲ့ဖူးတဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး နာမည်ကြီးတပ်ဖြစ်ခဲ့ပေမယ့် ဗိုလ်နော်ဆိုင်းတို့ကိုယ်တိုင် လက်ဝဲဝါဒကို လက်ခံယုံကြည်သူတွေအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်တဲ့အချိန်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အောင်သွယ်မှုနဲ့ လာရောက်တွေ့ဆုံ ဆွေးနွေးတဲ့သဘောဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်မူဝါဒ သဘောထားကိုချပြပြီး ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ ကွေ့ကြိုးရောက် နိုင်ငံရေးအင်အားစုကို ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပူးပေါင်းဖို့၊ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ကူးပြောင်းဖို့ ဆွေးနွေးပါတယ်။]

၁၉၆၇ ခုနှစ်ထဲမှာ ဗိုလ်နော်ဆိုင်းတပ်ဖွဲ့ ကွေ့ကြိုးအုပ်စုဟာ ဗမာပြည်ကွန်မြူနစ်ပါတီအင်အားစု ဇီချွမ်းအုပ်စုနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အောင်သွယ်ပေးမှုကြောင့် ပူးပေါင်းမိကြပြီဖြစ်ပါတယ်။ ၆၇ ခုနှစ် တရုတ်–ဗမာ လူမျိုးရေးအဓိကရုဏ်းအပြီးမှာ တရုတ်ပြည်အစိုးရရဲ့ မီးစိမ်းပြမှုကြောင့် ဗမာပြည်အတွင်း ပြန်ဝင်ဖို့ အစစပြင်ဆင်ပြီးပြီဖြစ်ပါတယ်။

၁၉၆၇ ခုနှစ်ဟာ တော်လှန်ရေးအင်အားစုများအဖို့လည်း စစ်အစိုးရနဲ့ အပြိုင်အဆိုင် အကြိတ်အနယ်တိုက်ပွဲဆင်နေရတဲ့ နှစ်တနှစ်ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ (၆၄) လမ်းစဉ်ကို တစုံလုံးချမှတ်ပြီးပြီဖြစ်တဲ့အတွက် စစ်နိုင်ရေးအာဏာသိမ်းရေးကို ကြွေးကြော်ပြီး အာဏာနီတည်ဆောက်ရေးကို လုပ်သလို၊ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့်ချေမှုန်းရမည်" ဆိုတဲ့ စစ်ရေးလမ်းညွှန်ချက်ကိုလည်း ဥက္ကဋ္ဌ သခင်သန်းထွန်းက ချမှတ်ကျင့်သုံးစေခဲ့ပါတယ်။ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့်ချေမှုန်းရမည်" ဆိုတဲ့ ကြွေးကြော်သံဟာ စိတ်ဓာတ်ရေးရာအရ ကောင်းမွန်မြင့်မားပေမယ့် လက်တွေ့အားဖြင့် အခြေခံပျောက်ကြားစစ်သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်တွေကို စွန့်ပစ်လိုက်ပြီး အတင်းအသေခံခိုင်းတဲ့ လက်ဝဲစွန်းကျတဲ့ စစ်ရေးလမ်းညွှန်ချက်သဖွယ်ဖြစ်နေခဲ့ပါတယ်။

တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကြီးရဲ့ဂယက်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းလည်း အကြီးအကျယ် ရိုက်ခတ်ခဲ့ပါတယ်။ ပါတီတွင်းမှာ "ဖြုတ်–ထုတ်–သတ်" လမ်းစဉ် ဝင်လာခဲ့ပါတယ်။ [ဖြုတ်–ထုတ်–သတ် လမ်းစဉ်အောက်မှာ ဂိုရှယ် ခေါ် ရဲဘော်ဘတင်၊ ရဲဘော်ဌေး၊ ဗိုလ်ရန်အောင် တို့ အသတ်ခံကြရပါတယ်။] 'တပ်နီလူငယ်' ဆိုတာနဲ့ 'ဘဝဟစ်တိုင်လှုပ်ရှားမှု' ဆိုတဲ့ အလွန်အကျွံလှုပ်ရှားမှုတွေ၊ သဏ္ဍာန်ကျတဲ့

တည်ဆောက်မှုတွေလည်း ဖြစ်ပေါ်လာခဲ့ရပြီး ကျော်မကောင်းကြားမကောင်းတာတွေပါ ဖြစ်ပေါ်ခဲ့ရပါတယ်။ (ဥပမာအားဖြင့် သားက အဖေကိုသတ်တာမျိုး)

ဖြုတ်–ထုတ်–သတ် လမ်းစဉ်များကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီဟာ အင်မတန် ကြီးကျယ်နက်ရှိုင်းတဲ့ ဆုံးရှုံးမှုကြီးတွေ ကြုံတွေ့ရင်ဆိုင်ရပါတယ်။ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ ပါတီတည်ဆောက်ရေးအရ၊ စစ်ရေးအရ ဘက်ပေါင်းစုံအကြပ်အတည်းတွေ ပေါ်ပေါက်ခဲ့ရပါတယ်။

စစ်အစိုးရက ၁၉၆၇ ခုနှစ်ထဲမှာ ခြေမြန်တပ်မဌာနချုပ် အသစ်တခုပါထပ်ဖွဲ့ပြီးနှစ်စကတည်းက စစ်ဆင်ရေးတွေ အကြီးအကျယ်ဆင်နွှဲခဲ့ပါတယ်။ ထပ်ဖွဲ့ခဲ့တဲ့ ခြေမြန်တပ်မဌာနချုပ်အသစ်ကတော့ တပ်မ (၈၈) ဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ အရင်ရှိပြီး တပ်မ (၇၇) နဲ့ အသစ်ဖွဲ့စည်းလိုက်တဲ့ တပ်မ (၈၈)၊ တပ်မဌာနချုပ် (၂) ခုပေါင်းအားနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအင်ယူပါတီနဲ့ မဒညတ တို့ရဲ့ လှုပ်ရှားမှုကို အဓိကဦးစားပေးအဆင့်သတ်မှတ်ကာ အပြတ်ချေမှုန်းနိုင်ဖို့ ထိုးစစ်ကြီးတွေ ဆင်နွှဲခဲ့ပါတယ်။ မတ်လ (၁) ရက်နေ့ကစပြီး "ရွှေပြည်သာ" စစ်ဆင်ရေးကြီးကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ တပ်မ (၇၇) က "ကြံတိုင်းအောင်" "အောင်စစ်သည်" စစ်ဆင်ရေးများကိုလည်း ချမှတ်လုပ်ဆောင်ခဲ့သလို၊ တပ်မ (၈၈) က သယာဝတီခရိုင်နဲ့ ပြည်ခရိုင်ကို အဓိကဂွင်သတ်မှတ်ပြီး "မော်နိုင်" စစ်ဆင်ရေးဆိုတာကို ဩဂုတ်လ (၂) ရက်နေ့ကစပြီး ထိုးစစ်ဆင်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း ဖြုတ်–ထုတ်–သတ် လမ်းစဉ်များ ဖြစ်ပေါ်နေရချိန်မှာ စစ်အစိုးရက အခွင့်ကောင်းယူပြီး ထိုးစစ်ဆင်ခဲ့တာဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက "ထိုးစစ်ကို ထိုးစစ်နဲ့ရိုက်ချိုး" ဆိုပြီး တုန့်ပြန်ရင်ဆိုင်ခဲ့ပါတယ်။ "တိုက်တိုင်းအောင်" တပ်တွေဖွဲ့ပြီး ပြန်လည်တိုက်ခိုက်ခဲ့ပါတယ်။ အကျအဆုံးတွေ ဆုံးရှုံးနစ်နာရမှုတွေလည်း အင်မတန်များပြားခဲ့ကြပါတယ်။

ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေထဲမှာ အရေးကြီးဆုံးအဖွဲ့အစည်းတခုဖြစ်တဲ့ "ကေအင်ယူ" ကိုကြည့်မယ်ဆိုရင်လည်း ၁၉၆၅ ခုနှစ်မှာ ဥက္ကဌ မန်းဘဇံခေါင်းဆောင်တဲ့အဖွဲ့နဲ့ ဗိုလ်ချုပ်မြခေါင်းဆောင်တဲ့အဖွဲ့ဆိုပြီး ကွဲပြားနေခဲ့ပေမယ့်၊ ၁၉၆၇ မှာ စစ်အစိုးရက ကေအင်ယူနဲ့ ကေအင်ဒီအိုအပေါ်လည်း အပြင်းအထန်ထိုးစစ်ဆင် တိုက်ခိုက်မှုတွေ လုပ်လာတဲ့အခါ စစ်အစိုးရရဲ့ ရွှေပြည်သာစစ်ဆင်ရေးကို ပြန်လည်တုန့်ပြန်ရိုက်ချိုးဖို့ ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ ကေအင်ဒီအို တပ်မဟာ (၂) က အင်အားစုများ၊ ကေပီဂျီအက်ဖ် (၆) တပ်မဟာ (၄) က အင်အားစုများ၊ ကေပီအယ်အေတပ်ရင်း (၃) က အင်အားစုများ၊ ကေပီဂျီအက်ဖ် (၆) တပ်ရင်း (၄) က အင်အားစုများဟာ စစ်အစိုးရရဲ့ စစ်တပ်များနဲ့ အပြင်းအထန် တိုက်ပွဲဖြစ်ခဲ့ကြပါတယ်။

အဲ့ဒီလို ပြည်မမှာ စစ်အစိုးရရဲ့ စစ်ဆင်ရေးကြီးတွေ အမျိုးမျိုးအောက်မှာ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေက တုန့်ပြန် ရင်ဆိုင် တိုက်ပွဲဝင်နေကြရချိန်မှာ ရှမ်းပြည်နယ်မှာ စစ်အစိုးရက အသိအမှတ်ပြု ဖွဲ့စည်းပေးထားတဲ့ "ကာကွယ်ရေး" များကတော့ ဘိန်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နေကြပါတယ်။ စစ်အစိုးရရဲ့လူ 'ခွန်ဆာ' ခေါင်းဆောင်တဲ့ ကာကွယ်ရေးအဖွဲ့ဟာ ဗမာပြည်မှာသာမက ကမ္ဘာကပါသိရတဲ့ "ဘိန်းစစ်ပွဲ" ကြီးမှာ အဓိကအခန်းက ပါဝင်ပတ်သက်နေပြီး "ခွန်ဆာ" ကို ကမ္ဘာကပါသိလာရပါတယ်။

၁၉၆၄ ခုနှစ်က အစိုးရရဲ့စစ်တပ်နဲ့ ယာယီအဆက်အသွယ်ဖြတ်တောက်သွားခဲ့တဲ့ 'ခွန်ဆာ' ဟာ ၁၉၆၆ ခုနှစ်မှာ စစ်အစိုးရရဲ့ စစ်တပ်နဲ့ ပြန်လည်ပူးပေါင်းပြီး၊ ၁၉၆၇ ခုနှစ်ထဲမှာ အကြီးအကျယ်ဆုံးသော "ဘိန်းချမှုကြီး" ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်၊ ဇွန်လမှာ ဒေါ်လာ (၅) သိန်းလောက်တန်ဖိုးရှိတဲ့ ဘိန်း (၁၆) တန်ကို လားအကောင် (၃၀၀) နဲ့ သယ်ယူပြီး လောနိုင်ငံအတွင်းသွား ဘိန်းရောင်းပါ

တယ်။ ထိုင်း–မြန်မာ–လောသုံးနိုင်ငံနယ်စပ်အတွင်း (၁၅) နှစ်လောက် လက်ဝါးကြီးအုပ် လုပ်ကိုင်လာခဲ့တဲ့ "ဘိန်းစားကျက်" ကြီး ဆုံးရှုံးရတော့မှာ မခံနိုင်တဲ့ 'ကေအမ်တီ' ဗိုလ်ချုပ်မာက ခွန်ဆာရဲ့ဘိန်းတန်းကို အင်အား (၁၀၀၀) ကျော်နဲ့ ကျိုင်းတုံအရှေ့ဘက် မဲခေါင်းမြစ်ကမ်းပါးမှာ ချုံခိုတိုက်ခိုက်ပါတယ်။ ဒါပေမယ့် ခွန်ဆာရဲ့ ဘိန်းတန်းဟာ လွတ်မြောက်သွားပြီး ဇူလိုင် (၁၄) (၁၅) မှာ မဲခေါင်မြစ်ကို ဖြတ်ကျော်ကာ၊ လော နိုင်ငံ ဗန်ကွန်းရွာကို အောင်မြင်စွာရောက်ရှိသွားပါတယ်။ ဗန်ကွန်းရွာမှာ ခွန်ဆာဟာ လောဗိုလ်ချုပ် အုန်းရက် တီကုန်း ကို ဘိန်းတွေရောင်းပြီး လက်နက်တွေပြန်ဝယ်ဖို့ ချိန်းဆိုထားချိန်မှာ မကျေနပ်တဲ့ ကေအမ်တီများ ဟာ ဗန်ကွန်းရွာအထိ လိုက်လာပြီး ၁၉၆၇ ခုနှစ်၊ ဇူလိုင် (၂၆) ရက်နေ့မှာ တိုက်ပွဲအပြင်းအထန် ဖြစ်ကြပါ တော့တယ်။ လောဗိုလ်ချုပ်က ခွန်ဆာရဲ့တပ်ဖွဲ့ရော ကေအမ်တီတပ်ဖွဲ့ကိုပါ လောနယ်မြေအတွင်းက ထွက် ခွာသွားကြဖို့ မောင်းထုတ်ပါတယ်။ နှစ်ဖွဲ့စလုံးက မနာခံကြတဲ့အတွက် လောနိုင်ငံလေတပ်ပါ ပါဝင်လာပြီး ဗုံးကြဲတိုက်ခိုက်ရပါတယ်။ တီ–၂၈ လေယာဉ် (၆) စီးနဲ့ ဇူလိုင် (၃၀) ရက်မှာ ဗုံးကြဲတိုက်ခိုက်ရသလို၊ လောဝန်ကြီးချုပ်ကိုယ်တိုင် လေထီးတပ်ရင်း တရင်းလွှတ်ပေးပြီး တိုက်ခိုက်မောင်းထုတ်တာလုပ်ခဲ့ရပါတယ်။ ခွန်ဆာဘက်က (၈၂) ဦးသေဆုံးပြီး အကြီးအကျယ် ဆုံးရှုံးခဲ့ရသလို၊ ကေအမ်တီဘက်ကလည်း လူ (၇၀) ကျော် သေဆုံးခဲ့ရပြီး လက်နက်အမြောက်အများလည်း ဆုံးရှုံးခဲ့ရပါတယ်။ ခွန်ဆာတပ်ဖွဲ့၊ ကေအမ်တီတပ်ဖွဲ့ နဲ့ လောတပ်မတော် (လက်ယာအုပ်စု) တို့ရဲ့ ၁၉၆၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အဲ့ဒီတိုက်ပွဲကို "ဘိန်းစစ်ပွဲ" လို့ ကမ္ဘာကပါ သိရှိနားလည်ခဲ့ရတဲ့အထိ ကျော်ကြားခဲ့ပါတယ်။ ခွန်ဆာဟာ ဗမာပြည်ဘက်ပြန်ဝင်လာပါ တယ်။ ခွန်ဆာရဲ့ စုစုပေါင်းတပ်ဖွဲ့ဝင်ဦးရေဟာ တထောင်လောက်ပဲရှိတော့တယ်လို့ဆိုပါတယ်။ စစ်အစိုးရက လက်ခံပါတယ်။

ခွန်ဆာဟာ သူ့ကာကွယ်ရေးတပ်ဖွဲ့အင်အားကို ဆက်လက်ချဲ့ထွင်ပြီး ကေအမ်တီတွေကို ပြောက် ကြားစစ်နဲ့ တိုက်ခိုက်သွားဖို့၊ ဘိန်းလုပ်ငန်းကိုဆက်လုပ်ဖို့ ကြံစည်အားထုတ်ပါတယ်။ [၁၉၆၉ ကျတော့မှ ထိန်းမနိုင်သိမ်းမရနဲ့ ကမ္ဘာသိဖြစ်လာရတဲ့ ဘိန်းခေါင်းဆောင်၊ သူတို့မွေးခဲ့တဲ့လူ ခွန်ဆာ နဲ့ ကာကွယ်ရေး ခေါင်းဆောင်တချို့ကို စစ်အစိုးရက ဖမ်းဆီးတာလုပ်ပါတယ်။ အဲဒီမှာ ခွန်ဆာအဖမ်းခံရပေမယ့် အဖမ်းမခံရ တဲ့ ခွန်ဆာ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟာ တောခိုသွားကြပြီး "လွယ်မော်" အဖွဲ့ဆိုတာ ဖြစ်ပေါ် ပေါ်ပေါက် လာခဲ့ပါတယ်။ တောခို လွယ်မော် အဖွဲ့လို့ စစ်အစိုးရက သတ်မှတ်ပါတယ်။]

၁၉၆၇ ခုနှစ်ကို ခြုံကြည့်မယ်ဆိုရင် စစ်အစိုးရဟာ ပြည်တွင်းစစ်ကို တဆင့်တိုးတိုက်ဖို့ တပ်မတော် အသစ် (၈၈) ဖွဲ့ပါတယ်။ တကယ်လည်း တိုးပြီး ပြည်တွင်းစစ်ကို ဆင်နွှဲပါတယ်။

အဓိကအတိုက်အခံ လက်နက်ကိုင်အင်အားစုများဖြစ်တဲ့ ဗကပ ဟာ (၆၄) လမ်းစဉ်ကိုကိုင်ပြီး ထိုးစစ်ကို ထိုးစစ်နဲ့ရိုက်ချိုးရေးလုပ်ပါတယ်။ ဖြုတ်–ထုတ်–သတ် ပါတီတည်ဆောက်ရေးအမှားကို ကျူးလွန်မိ ရင်း နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ စစ်ရေးအရ ဆုံးရှုံးနစ်နာရမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

တပြည်လုံးမှာ ဆန်ပြဿနာပေါ်ခဲ့ရပြီး ဆန်ဈေးတွေ မကြုံစဖူးအောင် ဖြစ်ခဲ့ရတယ်။ စစ်အစိုးရက ဆန်ပြဿနာကို လမ်းကြောင်းပြောင်းပြီး လူထုရဲ့မကျေနပ်မှုတွေကို လူမျိုးရေးအဓိကရုဏ်းများဆီ မျှားဦး လှည့်ပေးခဲ့ပါတယ်။ တရုတ်–ဗမာ အဓိကရုဏ်းကြီး ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်ခဲ့ပါတယ်။ စစ်တွေဆန် လုပွဲကြီး ပေါ်ပေါက်ခဲ့ရပြီး အစုလိုက်အပြုံလိုက် သေနတ်နဲ့ပစ်သတ်တာခံခဲ့ကြရပါတယ်။ တရုတ်–ဗမာ အရေးအခင်းကြောင့် ဗမာပြည်တွင်းရှိ တရုတ်အမျိုးသားအချို့ တောခိုကြတာဖြစ်ပေါ်ခဲ့ပါတယ်။ တရုတ်– ဗမာအရေးအခင်းမှာ စစ်အစိုးရကိုယ်တိုင် ပါဝင်ပတ်သက် ကိုယ်တွယ်ဖြေရှင်းခဲ့တာတွေအပေါ် တရုတ်ပြည် အစိုးရက မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ရလဒ်အဖြစ် ဗမာပြည်နေဝင်းအစိုးရကို ဆန့်ကျင်တွန်းလှန်တိုက်ခိုက်

ကြဖို့ တရုတ်ပြည်တွင်း နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေတဲ့ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ ကွေ့ကြိုး အုပ်စုနဲ့ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ဖိုချမ်းအုပ်စုကို အောင်သွယ်လုပ် ပေါင်း စည်းဆက်စပ်ပေးလိုက်ပါတယ်။ မီးစိမ်းပြပေးလိုက်ပါတယ်။

၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ မနက် (၁) နာရီအချိန်မှာ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ တပ်ဖွဲ့က တပ်ဖွဲ့ဝင်များဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အစုနဲ့အတူ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်ဖွဲ့ဝင်များအဖြစ်ခံယူကာ ဗမာပြည်အရှေ့မြောက်ဒေသ နယ်စပ်က "မုံးကိုး" ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တူတံစဉ်အလံဟာ မုံကိုးမှာ စတင်လွင့်ထူလိုက်ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အရှေ့မြောက်စစ်ဒေသ လွတ်မြောက်နယ်မြေ စတင်ပေါ်ထွန်းလာပါတယ်။

မုံကိုးနဲ့ ရှေ့ဆင့်နောက်ဆင့် တပြိုင်နက်တည်းလိုလို တိုက်ခိုက်သိမ်းပိုက်ပြီး တူတံစဉ်အလံလွှင့်ထူ လိုက်တာကတော့ "ပောမိုးလုံ" ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟို ပဲခူးရိုးမမှာ စစ်အစိုးရရဲ့ စစ်ဆင်ရေး ကြီးငယ်မျိုးစုံ လက်ယှက်ထိုး နေဆဲကာလ၊ တပြည်လုံးမှာရှိတဲ့ ဗကပလက်နက်ကိုင်အင်အားစုများဟာ အကျအဆုံးကြီးမားစွာနဲ့ ခုခံတွန်း လှန် တိုက်ပွဲဆင်နေရဆဲကာလ၊ 'ထိုးစစ်ကို ထိုးစစ်နဲ့ ရိုက်ချိုး' လို့သာ ကြွေးကြော်တိုက်ပွဲဆင်နေရပေမယ့်၊ တကယ်က အကြီးအကျယ်ခံစစ်ဆင်နေရတဲ့ကာလမှာ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အရှေ့မြောက်စစ်ဒေသ လွတ်မြောက်နယ်မြေကြီး ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ပဲခူးရိုးမဗဟိုက တဖြည်းဖြည်း နယ်မြေကျုံ့ကျုံ့လာခဲ့ရပေမယ့် အရှေ့မြောက်စစ်ဒေသ လွတ်မြောက် နယ်မြေကတော့ တဖြည်းဖြည်းကျယ်လာခဲ့ပါတယ်။

ပဲခူးရိုးမ ဗဟိုနဲ့ အရှေ့မြောက်စစ်ဒေသ လွတ်မြောက်နယ်မြေအကြား အခိုင်အမာ ဆက်သွယ်ပေါင်း ကူးပေးမှု မလုပ်နိုင်ခင်မှာ စစ်အစိုးရကပဲ ပဲခူးရိုးမ ဗကပ ဗဟိုကို တိုးပြီး ထိုးစစ်ဆင်ချေမှုန်းဖို့ ကြိုးစားပါတယ်။ ၁၉၆၈ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့မနက် အာရုဏ်ဦးမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်၊ ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ဇေယျ ကျဆုံးရပါတယ်။ ဗဟိုဌာနချုပ်ကို ဝိုင်းထိုးတဲ့ အရုဏ်ဦးထိုးစစ်မှာ ကျဆုံးခဲ့တာဖြစ်ပါ တယ်။

အရှေ့မြောက်စစ်ဒေသ ဗကပ လှုပ်ရှားမှုကို ဦးတည်တိုက်ပွဲဆင်ဖို့ တော်လှန်ရေးကောင်စီ စစ်အစိုး ရက ခြေမြန်တပ်မဟာဌာနချုပ် အသစ်တခု ထပ်ဖွဲ့စည်းပါတယ်။ တပ်မ (၉၉) ဖြစ်ပါတယ်။

(၇၇) (၈၈) (၉၉) ခြေမြန်တပ်မဟာဌာနချုပ် (၃) ခုနဲ့ စစ်ဆင်ရေးတွေကို တိုးပြီးဆင်သလို၊ တိုင်းစစ် ဌာနချုပ် (၇) ခုရဲ့ နယ်မြေဒေသတွေအတွင်း တိုင်းစစ်ဌာနချုပ်တွေအလိုက် စစ်ရေးစီမံချက်တွေချပြီး၊ သောင်း ကျန်းသူ အပြတ်ချေမှုန်းရေးဆိုတာကို အရှိန်အဟုန်နဲ့လုပ်ပါတယ်။ ၁၉၆၈ ခုနှစ် တပ်မှူးများညီလာခံကနေ "ပြည်သူ့စစ်များ စနစ်တကျ တိုးချဲ့ဖွဲ့စည်းပေးရန်" ဆိုတာကို ဆုံးဖြတ်ပြီး တိုင်းစစ်ဌာနချုပ်တွေအလိုက် တိုးချဲ့ဖွဲ့စည်းပါတယ်။ တိုင်းစစ်ဌာနချုပ်တွေကနေ လက်နက်တပ်ဆင်ပေးပွဲတွေလုပ်ပါတယ်။ မြို့နယ် (၂၁၂) မြို့နယ်ရှိ ကျေးရွာပေါင်း (၁၈၃၁) ရွာက "ပြည်သူ့စစ်" အဖွဲ့ဝင်ပေါင်း (၆၇၇၃၆) ယောက်ကို ရိုင်ဖယ်၊ စတင်း၊ နှစ်လုံးပြူး စတဲ့ လက်နက်မျိုးစုံ (၁၅၂၂၇) လက် တပ်ဆင်ဖွဲ့စည်းပေးပြီး စစ်တပ်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေမှာ အသုံးချပါတယ်။ နေရာအားလုံးမှာ 'ကာကွယ်ရေး' နဲ့ 'ပြည်သူ့စစ်' တွေကို တိုးပြီးအသုံးချရင်း တိုးပြီး ထိုးစစ်ဆင်တာတွေ လုပ်ခဲ့ပေမယ့် အဓိကအားဖြင့် ဗကပ၊ ကေအင်ယူ၊ မဒညတ နဲ့ ကေအိုင်အေကို ဦးတည် ထိုးစစ်ဆင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာ ဖြုတ်–ထုတ်–သတ်တွေ ဆက်ပြီးဖြစ်ပေါ်ပါတယ်။ တခုလုံးအနေနဲ့ ဖြုတ်–ထုတ်–သတ် မှာ ရာဂဏာန်းပြည့်အောင် သတ်ဖြတ်အရေးယူခဲ့တာမရှိပေမယ့် နိုင်ငံရေးအရ၊ စည်း ရုံးရေးအရ အင်မတန် ထိခိုက်နစ်နာမှုတွေ ဖြစ်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်တိုင်းတာဝန်ခံ ဗဟိုကော်မတီဝင် ရဲဘော်စိုးသန်း၊ ဗိုလ်ထွန်းငြိမ်း၊ ဗိုလ်ထွန်းရှိန် တို့ ဖြုတ်–ထုတ်–သတ် ထဲမှာပါသွားသလို ကျောင်းသားသမဂ္ဂက လာတဲ့ ကျောင်းသားခေါင်းဆောင် ကိုစိုးဝင်း၊ ကိုအောင်သိန်းနိုင်၊ ကိုသိန်းထွန်း၊ ကိုခင်ဝင်း၊ ကိုကျော်ခင် တို့တတွေလည်း အသတ်ခံသွားကြရပါတယ်။

စစ်အစိုးရရဲ့ ထိုးစစ်တွေအတွင်းမှာ ၁၉၆၈ ခုနှစ်အတွင်းမှာ ရှမ်းပြည်နယ်အတွင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုဝင်နဲ့ မဒညတ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ သခင်တင်ထွန်း၊ ဗဟိုကော်မတီဝင် ဒေါက်တာနတ် (သ်) ခေါ် ရဲဘော်ထွန်းမောင် တို့ ကျဆုံးသွားရပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသတွင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအင်ယူ၊ မဒညတ တို့ လက်နက်ကိုင်တပ်ဖွဲ့များနဲ့ အခြေခံဒေသတွေ အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းခံရသလို၊ ပဲခူးရိုးမရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၊ ဗဟိုဆေးကျောင်း၊ ဗဟို မာက်စ့်လီနင်ဝါဒ သင်တန်းကျောင်းတို့လည်း အကြိမ်ကြိမ် ထိုးစစ်ဆင်တိုက်ခိုက်တာ ခံရပါတယ်။ ဗဟိုဌာနချုပ်ဟာ အကြိမ်ကြိမ် နေရာရွှေ့ပြောင်းခဲ့ရပါတယ်။

ဗိုလ်နေဝင်း စစ်အစိုးရရဲ့ ကွန်မြူနစ်သုတ်သင်ရေး၊ ကွန်မြူနစ်ပါတီဗဟိုဌာချုပ် ချေမှုန်းရေး၊ အကြိမ်ကြိမ်သော ပြင်းပြင်းထန်ထန် ကြံစည်ကြိုးပမ်း ထိုးစစ်ဆင်နေမှုတွေအတွင်းမှာ၊ သခင်သန်းထွန်းက "ဂျပန်ခေတ် က ကျနော်တို့ကယ်ခဲ့ရတဲ့ ဗိုလ်နေဝင်းဟာ အခုတော့ ကျနော်တို့ကို အသေသတ်ဖို့ အပြင်းအထန်ကြိုးပမ်းနေလိုက်ပုံများ" လို့ မှတ်မှတ်ထင်ထင် ဖွင့်ဟပြောဆိုသွားပါတယ်။ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့ ညနေ (၅) နာရီ မိနစ် (၂၀) လောက်မှာ၊ တောင်ငူခရိုင် ကျွဲပွဲမြို့ အနောက်တောင်ထောင့် (၅) မိုင်လောက်အကွာ ပဲခူးရိုးမ ဗဟိုအခြေခံစခန်းတခုအတွင်းမှာ အစိုးရရဲ့စစ်တပ်က တောလာခိုတယ်ဆိုတဲ့ ကြုံတိတ် (ခေါ်) လုံတိတ် (ခေါ်) ငမြ ဆိုသူရဲ့ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း ကျဆုံးသွားရပါတယ်။ ဗမာ့နိုင်ငံရေးသမိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းမှာ အင်မတန်ကြီးကျယ်ထင်ရှားခဲ့တဲ့၊ ရှေ့တန်းအရောက်ဆုံးအခန်းကနေ ပါဝင်ရွက်ဆောင် ခေါင်းဆောင်ခဲ့တဲ့ သခင်သန်းထွန်းဟာ ပဲခူးရိုးမအတွင်း ကျဆုံးရချိန်မှာ အသက် (၅၇) နှစ်သာ ရှိပါသေးတယ်။

သခင်သန်းထွန်း ကျဆုံးပြီးနောက် ဗမာပြန်ကွန်မြူနစ်ပါတီကို ဥက္ကဋ္ဌအဖြစ် သခင်ဇင်က ဆက်ခံခဲ့ပါတယ်။ အတွင်းရေးမှူးအဖြစ် သခင်ချစ်က ဆက်လက်တာဝန်ယူပါတယ်။ စစ်အစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီကို အပြတ်ချေမှုန်းပစ်နိုင်ဖို့ စစ်ဆင်ရေးတွေကို တခုပြီးတခုလုပ်ပါတယ်။ ဥက္ကဋ္ဌ သခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ် တို့က (၆၄) လမ်းစဉ်ကို ဆက်လက်ကိုင်စွဲပြီး တော်လှန်ရေးအလံကို ဆက်လက်လွှင့်ထူပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပဲခူးရိုးမဗဟိုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသအကြား တဆက်တစပ်တည်းသော တော်လှန်ရေးလမ်းမကြီးကိုတော့ အောင်အောင်မြင်မြင် ခိုင်ခိုင်မာမာဖြစ်အောင် ပေါင်းကူးတံတား ထိုးမပေးနိုင်ခဲ့ကြပါ။ တခုတည်းသော ဗမာပြည်ကွန်မြူနစ်ပါတီအလံတော်ကို အတူတကွ ကိုင်ဆောင်ထားကြပေမယ့် ပဲခူးရိုးမဗဟိုဟာ စစ်အစိုးရရဲ့ ထိုးစစ်ဆင်မှုတွေကို အဆက်မပြတ် ခုခံရင်ဆိုင်နေရပြီး ခံစစ်အနေအထား ရင်ဆိုင်နေရပါတယ်။ အရှေ့မြောက်စစ်ဒေသကတော့ တူတံစဉ်အလံကို လွှင့်ထူချိန်ကစပြီး (တရုတ်ပြည်ရဲ့ အကူအညီအပြည့်အဝနဲ့) တစထက်တစ နယ်မြေချဲ့ထွင် သိမ်းပိုက်နိုင်ခဲ့ပြီး ထိုးစစ်အနေအထားနဲ့ လွတ်မြောက်နယ်မြေကြီး အဆက်မပြတ် ကျယ်ပြန့်လာခဲ့ပါတယ်။ ၁၉၆၈ ထဲမှာ ကေအင်ယူကလည်း တရုတ်ပြည်ကို ပဏာမကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့ပါတယ်။

စစ်အစိုးရဟာ စစ်အစိုးရပီပီ စစ်ရေးကိုအလေးတင်ပြီး သောင်းကျန်းသူအပြုတ်တိုက်ရေးကို ဦးတည် လုပ်ဆောင်နေတာနဲ့ တပြိုင်နက်တည်းမှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ နယ်ပယ်ပေါင်း စုံကို အပြည့်အ၀ ချုပ်ကိုင်လွှမ်းမိုးထားရေးကိုလည်း အဆက်မပြတ် လုပ်ဆောင်ပါတယ်။

၆၇ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ ဗဟိုတောင်သူလယ်သမားကောင်စီဆိုတာကို ဖွဲ့စည်းခဲ့သလို၊ ၁၉၆၈ ခုနှစ်၊ မေလ (၁) ရက်နေ့မှာ ဗဟိုအလုပ်သမားကောင်စီဆိုတာကို ဖွဲ့စည်းခဲ့ပြန်ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီးမောင်ရွှေ၊ အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးကိုကြီး တို့ ခေါင်းဆောင်ပါဝင်ခဲ့ပါတယ်။

အာဏာအားလုံးကို ကိုင်ထားတာက တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးကောင်စီရဲ့အောက်မှာ တောင်သူလယ်သမားကောင်စီနဲ့ အလုပ်သမားကောင်စီ၊ ပါတီအနေနဲ့ကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဆိုတဲ့ အခင်းအကျင်းဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဦးဆောင်ပါတီကြီးအဖြစ် ရှေ့တန်းထုတ်ဖို့ အမျိုးမျိုးသိဒ္ဓိတင်ရင်း အလုပ်သမားကောင်စီနဲ့ လယ်သမားကောင်စီကို မဆလပါတီရဲ့ ဘယ်တောင်ပံနှင့် ညာတောင်ပံအဖြစ် တပ်ဆင်ပုံဖော်ပါတယ်။ ပါတီယူနစ်ရုံးဆိုတာတွေတိုင်းမှာ လယ်သမားကောင်စီဆိုင်းဘုတ်နဲ့ အလုပ်သမား ကောင်စီဆိုင်းဘုတ်တွေ ဘယ်ညာ စိုက်ထူဖွင့်လိုက်ပါတယ်။

ဘယ်လောက်ပဲ အသွင်ယူယူ စစ်အစိုးရဆိုတဲ့ အတွင်းသရုပ်ကို ဖုံးအုပ်ထားလို့မရအောင် ဖော်ပြ နေတာကတော့ တော်လှန်ရေးကောင်စီဆိုတာမှာလည်း စစ်ဗိုလ်ထိပ်သီးကြီးတွေ၊ မဆလပါတီဗဟိုကော်မတီ ဆိုတာမှာလည်း စစ်ဗိုလ်ထိပ်သီးကြီးတွေ၊ ဗဟိုတောင်သူလယ် သမားကောင်စီဆိုတာနဲ့ ဗဟိုအလုပ်သမား ကောင်စီဆိုတာမှာလည်း စစ်ဗိုလ်ထိပ်သီးကြီးတွေချည်းဖြစ်ပါတယ်။ ဒေါက်တွေ ဗျောက်တွေ အပွင့်တွေ ဘားတွေကချည်း နေရာတကာ နေရာယူထားတာ ရှင်းရှင်းလင်းလင်းမြင်နိုင်ပါတယ်။

လယ်သမားကောင်စီ၊ အလုပ်သမားကောင်စီတွေကိုဖော်သလို စာသင်ကျောင်းမှာလည်း 'ကျောင်း ကောင်စီ' ဆိုတာကို ဖော်ဖို့ကြိုးစားပါတယ်။ စနစ်သစ်ပညာရေးဆိုတာကို ဖော်ထုတ်ပြီး ပညာရေးလောက ကိုလည်း ထိန်းချုပ်နိုင်ဖို့ကြိုးပမ်းပါတယ်။ 'ကျောင်းကောင်စီ' ဆိုတာက စစ်အစိုးရမျက်မုန်းကျိုးလှတဲ့ ကျောင်း သားသမဂ္ဂကြီးကို ရာသက်ပန်ဖယ်ရှားပစ်ပြီး၊ ကျောင်းသားသမဂ္ဂကြီးအစား ကျောင်းသားသမဂ္ဂရဲ့နေရာ အစားထိုးဖို့ ဖွဲ့စည်းပေးတာဖြစ်ပါတယ်။ စနစ်သစ်ပညာရေးဆိုတာကတော့ တော်လှန်ရေးကောင်စီအစိုး ရက ကြွေးကြော်ထားတဲ့ ဆိုရှယ်လစ်လမ်းကြောင်းကြီးနဲ့ ကိုက်ညီအောင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မူဝါဒ သဘောထားတွေနဲ့ လိုက်ဖက်အောင် သင်ရိုးတွေကအစ အသစ်ပြန်ရေးပြီး တဖက်ကလည်း အသက်မွေး ဝမ်းကျောင်းပညာရေးကို ဦးစားပေးတဲ့ ပညာရေးစနစ်ဖြစ်ပါတယ်။

၁၉၆၈ ခုနှစ်ကုန်ပိုင်းလောက်မှာ ဗိုလ်ချုပ်ကြီးနေဝင်းဟာ တိုင်းပြည်ရဲ့ အရပ်ရပ်အခြေအနေကို တွက်ချက်ပြီး၊ နိုင်ငံရေးကစားကွက်တခုကို ဖန်တီးလိုက်ပြန်ပါတယ်။ အဲဒါကတော့ "ပြည်တွင်းညီညွတ်ရေး အဖွဲ့" ဆိုတာကို ဖွဲ့စည်းဖို့ နိုဝင်ဘာလ (၂၉) ရက်နေ့မှာ နိုင်ငံရေးသမားဟောင်း ကြီး (၃၃) ဦးကို ဖိတ်ခေါ်ပြီး အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လိုကြောင်း ဗိုလ်ချုပ်ကြီးနေဝင်းက အဆိုပြုလိုက်ခြင်းပဲဖြစ်ပါတယ်။

ဒီဇင်ဘာ (၄) ရက်နေ့မှာ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် (၇၂) နဲ့ "ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့" ကို အဲ့ဒီ (၃၃) ဦးနဲ့ ဖွဲ့စည်းလိုက်ပါတယ်။ "(၃၃) ဦး ကော်မတီ" လို့ လူသိများခဲ့ပါတယ်။ (၃၃) ဦးကော်မတီမှာ ပထစ၊ ဖဆပလ၊ ပမညတ ခေါင်းဆောင်ဟောင်း ကြီးတွေသာမက ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် စတဲ့ တိုင်းရင်းသားပေါင်းစုံပါအောင် ထည့်သွင်း ဖွဲ့စည်းထားပါတယ်။

၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အာဏာသိမ်းစဉ်က အဖမ်းခံလိုက်ရပြီး ထောင်ထဲ လေးငါးနှစ်နေလိုက်ရပြီး ပြန်လွတ်လာတဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုနဲ့ သမတဟောင်း မန်းဝင်းမောင်တို့လည်း ပါပါတယ်။ အများစုကတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်တလျှောက်မှာ ဝန်ကြီး ဝန်ကလေးနဲ့ ပြည်နယ်ကောင်စီ ပြည်နယ်အစိုးရတွေမှာ ပါဝင်ခဲ့ဖူးသူတွေဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီက အစိုးရရဲ့လုပ်ငန်းဆောင်တာတွေထဲမှာ ထည့်သွင်းအသုံးပြုပြီး ရာထူးဌာနန္တရ တိုက်ရိုက်ပေးအပ်ပြီးသား ပုဂ္ဂိုလ်တွေတော့ မပါဝင်တော့ပါ။ [ဥပမာအားဖြင့် ဦးသိန်းဖေမြင့်၊ သခင်တင်မြ၊ သခင်ကျော်ထွန်း တို့လိုပါ။]

(၃၃) ဦးကော်မီတီမှာ ပါဝင်သူတွေကတော့ ...

(၁) ဦးကျော်ငြိမ်း၊ (၂) ဦးကျော်မင်း၊ (၃) ဗိုလ်ခင်မောင်လေး၊ (၄) ဗိုလ်ခင်မောင်၊ (၅) သခင်ချစ်မောင် (ဝိဓူရ)၊ (၆) သခင်ချစ်မောင် (မြန်အောင်)၊ (၇) စဝ်စိုင်းလုံ၊ (၈) သခင်စံမြင့်၊ (၉) ဒူဝါဇော်ရစ်၊ (၁၀) ဒူဝါဇော်လွန်း၊ (၁၁) သခင်တင်၊ (၁၂) ဦးတင်ညွန့်၊ (၁၃) ဦးထပ်လိုင်း၊ (၁၄) ဦးထွန်းမြင့် (လင်းခေး)၊ (၁၅) ဦးနု၊ (၁၆) စဝ်ပြည့်၊ (၁၇) မွန်ဖိုးချို၊ (၁၈) ဦးဗဆွေ၊ (၁၉) ဗိုလ်မင်းခေါင်၊ (၂၀) ဦးရွှေကြိုင်၊ (၂၁) သခင်လွင်၊ (၂၂) သခင်လှကျွေ၊ (၂၃) သခင်လေးမောင်၊ (၂၄) ဦးလွမ်ပုံ၊ (၂၅) စဝ်ဝဏ္ဏ၊ (၂၆) မန်းဝင်းမောင်၊ (၂၇) ဖဒိုဝေသော်၊ (၂၈) သခင်သင်၊ (၂၉) သခင်သာခင်၊ (၃၀) ဆရာသာထို၊ (၃၁) ဦးသာထွန်း၊ (၃၂) ဗိုလ်မှူးအောင်၊ (၃၃) နိုင်အောင်ထွန်း တို့ဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းက 'အကြံပေးအဖွဲ့' ကိုဖွဲ့စည်းပြီး အဲ့ဒီ (၃၃) ဦးကော်မီတီကို အကြံဉာဏ်ပေးကြဖို့ မေတ္တာရပ်ခံတာလုပ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူနည်းစုအရေး အကုန်လုံးခြုံပြီးတော့ ဆွေးနွေးအကြံပေးဖို့ တောင်းပါတယ်။ ပြည်တွင်းညီညွတ်ရေးကို ဘယ်လို တည်ဆောက်သင့်သလဲဆိုတာကို အကြံဉာဏ်ပေးကြဖို့လည်း တောင်းခံပါတယ်။ ညီညွတ်ရေးတွင်မက "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" တခု ပေါ်ထွန်းလာရေးအထိ ရည်ရွယ်ထားတယ်လို့လည်း ဗိုလ်ချုပ်ကြီးနေဝင်းက ပြောဆိုခဲ့ပါတယ်။ "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" တခု ပေါ်ထွန်းရေးဆိုတာနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းက...

"ကျနော်အခုသုံးနေတဲ့ စကားထဲမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုလို့ ကျနော်ပြောတယ်။ တခုဆိုတော့ အဟောင်းပဲဖြစ်မလား၊ အသစ်လုံးလုံးပဲဖြစ်မလား၊ အဟောင်းကိုပဲ ပြင်သင့်ပြင်ရာပြင်ပြီး လုပ်ကြမလားဆိုတဲ့ အစိတ်အပိုင်းထိအောင် ကျနော်တို့သွားကြရမယ်" လို့ ပြောဆိုသွားခဲ့ပါတယ်။

ဒီ (၃၃) ဦးတင်မက၊ တတိုင်းပြည်လုံးက ပြောနိုင်ဆိုနိုင်တဲ့ လူအားလုံး ပြောနိုင်အောင် တိုင်းပြည်ကို ကြေညာပြီးတော့လည်း တောင်းပါဦးမယ်လို့ ပြောဆိုသွားခဲ့ပါတယ်။ (နောက်ပိုင်းမှာ၊ ပြည်တွင်းညီညွတ်ရေးကိစ္စနှင့်ပတ်သက်ပြီး အကြံဉာဏ်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရန်ဆိုပြီး နိုင်ငံတဝှမ်းက ပြည်သူတွေဆီ ကြေညာချက်ထုတ်ပြန်တောင်းခံခဲ့တာရှိပါတယ်။)

အကြံပေးအဖွဲ့ဟာ ဆွေးနွေးပွဲနဲ့ပတ်သက်တဲ့ လုပ်ငန်းအစီအစဉ်တွေကို မိမိတို့ကြိုက်နှစ်သက်သလို စီစဉ်နိုင်တယ်လို့ ခွင့်ပြုပြီး အကြံပေးစာတမ်းတွေ တင်သွင်းကြဖို့ တောင်းဆိုဖိတ်ခေါ်ပါတယ်။ အကြံပေးအဖွဲ့ရဲ့ လုပ်ငန်းသက်တမ်းကိုလည်း ၁၉၆၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့အထိ သတ်မှတ်ပေးခဲ့ပါတယ်။

ပြည်တွင်းညီညွတ်ရေးအတွက် တတိုင်းပြည်လုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားလူမျိုးစုများအရေးတင်မက၊ နောင်ပေါ်လာလတ္တံ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးအတွက်ထိပါ မျှော်မှန်းပြီး၊ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ '(၃၃) ဦးကော်မီတီ' ကြီးကို တော်လှန်ရေးကောင်စီက ဖွဲ့စည်းပေးလိုက်တယ်ဆိုတော့ ပြည်သူလူထုကြီးအတွင်းမှာ ထူးခြားလာဦးမလားဆိုပြီး မျှော်လင့်ချက်ထားချင်စရာ၊ စောင့်လင့်ကြည့်စရာဖြစ်ခဲ့ရပြန်ပါတယ်။

(၃၃) ဦးကော်မီတီထဲမှာ ပါဝင်တဲ့သူတွေကလည်း ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ မန်းဝင်းမောင်တို့လို ပုဂ္ဂိုလ်တွေသာမက ဝိဇ္ဇာရသခင်ချစ်မောင်၊ သခင်လွင်၊ သခင်လှကျွေ၊ သခင်လေးမောင်တို့လို ပုဂ္ဂိုလ်တွေလည်း ပါဝင်နေတော့၊ ဝဲတွေရော ယာတွေရော ကြားတွေရော စုံနေတော့ တကယ်ကို ညီညီညွတ်ညွတ်နဲ့ တိုင်တိုင်ပင်ပင်များ လုပ်ကိုင်ဆောင်ရွက်သွားချင်လို့များလားလို့ တွေးချင်စရာ မျှော်လင့်ချင်စရာအနေအထား ဖန်တီးပေးထားပါတယ်။

ဒီလိုနည်းနဲ့ အချိန် (၆) လကျော်လောက် မက်လုံးပေးထားလိုက်ပါတယ်။ တောတွင်းလက်နက်ကိုင်အင်အားစုတွေအပေါ်မှာပြီး ထိုးစစ်ဆင်ရင်း မဆလပါတီခိုင်ခံ့ရေးကိုလည်း နည်းမျိုးစုံနဲ့ တည်ဆောက်နေခဲ့ပါတယ်။ ဖဆပလခေတ်က "ဗကပ ကို အပြတ်ဖြိုနိုင်ရင် ဆိုရှယ်လစ်ပါတီ အလိုလိုကြီးထွားလာမှာပဲ" လို့ ဦးကျော်ငြိမ်း ဦးဗဆွေ တို့တွက်ဆခဲ့ကြသလို၊ အခုလည်း "ဗကပ ကိုအပြတ်ချေမှုန်းနိုင်ရင် မဆလအလိုလိုကြီးထွားခိုင်ခံ့ လာမှာပဲ" လို့ယူဆပြီး ဗိုလ်ချုပ်ကြီးနေဝင်း ဟာ ဗကပ တို့ရဲ့ ပဲခူးရိုးမဗဟို ပြိုပျက်ရေးကို စစ်ရေးအရ အလေး တင်ပြီး ကြိုးပမ်းအားထုတ်နေခဲ့ပါတယ်။ တပြိုင်နက်တည်းမှာ မြစ်ဝကျွန်းပေါ်ရှိ ဗကပ၊ ကေအင်ယူနဲ့ မဒညတ အင်အားစုတွေ ကြေပြုန်းရေးကိုလည်း ရွှေလင်းယုန်စစ်ဆင်ရေးနဲ့ မိုးဟိန်းစစ်ဆင်ရေးတွေ ချမှတ်ပြီး အပြင်းအထန်း ထိုးစစ်ဆင်ခဲ့ပါတယ်။ ရွှေလင်းယုန်စစ်ဆင်ရေး အဆင့် (၁) ကနေ အဆင့် (၆) အထိ၊ မိုးဟိန်း စစ်ဆင်ရေး အဆင့် (၁) ကနေ အဆင့် (၃) အထိ သတ်မှတ်ပြီး မြစ်ဝကျွန်းပေါ် ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျုံပျော်၊ အိမ်မဲ၊ ပန်းတနော်၊ ကျောင်းကုန်း၊ ဓနုဖြူ၊ လပွတ္တာ၊ ငပုတော ဒေသတွေအတွင်း အပြင်းအထန် စစ်ဆင်ရေး တွေလုပ်ခဲ့ပါတယ်။ အဲဒီစစ်ဆင်ရေးအတွင်းမှာ 'ပြည်သူ့စစ်' ဆိုတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်အသုံးချခဲ့ရုံမက၊ "သောင်းကျန်းမှု ဆန့်ကျင်ရေးအဖွဲ့" ဆိုတာတွေကိုပါ ထပ်ဆင့်ဖော်ထုတ်ပြီး လူထုကြီးကိုပါ စစ်တပ်ရဲ့ စစ်ဆင်ရေးတွေအတွင်း အတင်းအဓမ္မ ပါဝင်ဆောင်ရွက်စေခဲ့ပါတယ်။

အရှေ့မြောက်ဒေသ ဗကပ တို့ရဲ့ လှုပ်ရှားမှုတွေ တိုးတက်များပြားလာတဲ့အတွက် ခြေမြန်တပ်မဌာနချုပ် (၂) ခုနဲ့ ဆိုင်ပေးထားရပြီး၊ ရိုးမနဲ့ မြစ်ဝကျွန်းပေါ်မှာလည်း တပ်တွေအများအပြား သုံးစွဲနေရတဲ့အတွက်၊ နောက်ထပ် စစ်အင်အားထပ်တိုးချဲ့ဖို့ လိုတယ်သုံးသပ်ပြီး၊ နောက်ထပ် "ခြေလျင်တပ်ရင်း" (၆) ရင်းကို ထပ်ပြီး ဖြည့်တင်းဖွဲ့စည်းပါတယ်။

ရှမ်းပြည်မှာရှိတဲ့ စစ်အစိုးရက ဖွဲ့စည်းပေးထားတဲ့ "ကာကွယ်ရေးတပ်" တွေကိုလည်း "စစ်တပ်နဲ့ ပူးပေါင်းပြီး သောင်းကျန်းသူ သူပုန်တွေကိုသာတိုက်၊ အထူးသဖြင့် ဗကပကိုသာ ဦးတည်တိုက်" ကျန်တာလုပ်ချင်တာလုပ်ခွင့် ပြုထားခဲ့ပါတယ်။ နားလည်မှုနဲ့ ဘိန်းလုပ်ခွင့်ကို လုပ်ခွင့်ပြုထားခဲ့ပါတယ်။ ဒါကြောင့် 'ခွန်ဆာ' နည်းတူ ဘိန်းကို အကြီးအကျယ်လုပ်ကြတဲ့ စစ်အစိုးရအသိအမှတ်ပြု "ကာကွယ်ရေးတပ်ဖွဲ့" တွေ ရှမ်းပြည်ထဲမှာ အများအပြားဖြစ်ပေါ်နေပါတယ်။ ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် 'လော်စစ်ဟန်'၊ 'ဝ' နယ်ကာကွယ်ရေးခေါင်းဆောင် ဗိုလ်လွယ်ဦး၊ ကျိုင်းတုံကာကွယ်ရေးခေါင်းဆောင် 'ယန်ထွန်' တို့ဟာ ဘိန်းကိုအကြီးအကျယ်လုပ်သူတွေအဖြစ် နာမည်ကြီးခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်က ကမ္ဘာကသိတဲ့ ဘိန်းစစ်ပွဲကို ဆင်နွှဲခဲ့တဲ့ ခွန်ဆာ ကိုတော့၊ ၆၈ ခုနှစ်မှာ တန့်ယန်းနယ်မှာ နေခွင့်ပြုထားပြီး၊ ၆၉ ထဲကျမှ မလွှဲသာမရှောင်သာ အဖမ်းပြ ထိန်းသိမ်းလိုက်ရပေမယ့်၊ လော်စစ်ဟန် တို့တတွေကတော့ ဘိန်းကိုအကြီးအကျယ် ဆက်လက်လုပ်ကိုင်ရင်း၊ စစ်အစိုးရအသိအမှတ်ပြု ကာကွယ်ရေးတပ်တွေအဖြစ် တစထက်တစ ကြီးထွားလာခဲ့ပါတယ်။

၁၉၆၉ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့မှာ 'ပြည်တွင်းညီညွတ်ရေးအဖွဲ့' (၃၃) ဦးကော်မီတီရဲ့ လုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်ပါတယ်။

(၃၃) ဦးကော်မီတီဟာ ၆၈ ဒီဇင်ဘာကနေ၊ ၆၉ ဇွန်လအထိ (၆) လအတွင်းမှာ အစည်းအဝေး (၉၃) ကြိမ်တိုင် ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ ရလဒ်အဖြစ် အကြံပေးချက်နဲ့ အကြံပေးစာတမ်းတွေ ထွက်ပေါ် လာပါတယ်။

(၃၃) ဦးထဲက ထွက်ပေါ်လာတဲ့ သဘောထားအမြင်တွေကို ပေါင်းရုံးပြီး၊ အုပ်စုလိုက် ခွဲကန့်ပြီး သုံးသပ် ကြည့်မယ်ဆိုရင် အကြမ်းဖျင်းအားဖြင့် အုပ်စု (၃) ခု ထွက်ပေါ်လာပါတယ်။ အုပ်စု (၃) ခုရဲ့ သဘောထား အမြင်ပေါ်က ထွက်ပေါ်လာတဲ့ အကြံပြု ဆန္ဒပေးမှုဟာလည်း (၃) မျိုး (၃) စားရှိတယ်လို့ ဆိုနိုင်ပါတယ်။

အများဆုံးအစုဖြစ်တဲ့ (၁၈) ဦးပါ ပထမအုပ်စုရဲ့ အကြံပြုတင်ပြချက်ကတော့ ဒီမိုကရေစီစနစ်ကိုထူ ထောင်ပါ၊ ပါတီစုံစနစ်ကိုကျင့်သုံးပါ၊ စီးပွားရေးမှာ အစိုးရ၊ သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိက ဆိုတဲ့ ခြေလေးချောင်း ထောက်စီးပွားရေးကို သွားပါဆိုတာဖြစ်ပါတယ်။ နိုင်ငံဖွဲ့စည်းမှုကိုတော့ ဖက်ဒရယ်ပြည်ထောင်စုပုံစံကို တောင်းဆိုအကြံပြုထားပါတယ်။ ဒီအုပ်စုမှာ တည်မြဲရော သန့်ရှင်းရော ပါရုံမက တိုင်းရင်းသားများလည်း ပါဝင်ပါတယ်။ ပါဝင်သူတွေကတော့ ...

ဦးဗဆွေ၊ ဦးကျော်မင်း၊ ဗိုလ်ခင်မောင်လေး၊ ဗိုလ်မင်းခေါင်၊ သခင်တင်၊ စဝ်ဝဏ္ဏ၊ မန်းဝင်းမောင်၊ ဆရာ သာတို၊ နိုင်အောင်ထွန်း၊ ဗိုလ်မှူးအောင်၊ ဦးထပ်လှိုင်၊ စဝ်ပြည့်၊ စဝ်စိုင်းလုံ၊ ဦးရွှေကြိုင်၊ ဦးလွမ်ပုံ၊ ဗိုလ်ခင်မောင်၊ ဒူဝါဇော်ရစ်၊ ဒူဝါဇော်လွန်း တို့ဖြစ်ပါတယ်။ ဒီမိုကရေစီ ဆိုရှယ်လစ်လမ်းကြောင်းနဲ့ ဒီမိုကရေစီဆိုရှယ်နိုင်ငံ ထူထောင်ဖို့ဖြစ်ပါတယ်။

ဒုတိယအုပ်စုကတော့ (၁၁) ဦးပါဝင်ပါတယ်။ လက်ဝဲအုပ်စုလို့ ပြောမယ်ဆိုရင်လည်း ပြောဆိုနိုင်ပါ တယ်။ ဆိုရှယ်လစ်ဒီမိုကရေစီလမ်းကြောင်းကနေ ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးကို အကြံပြုပါတယ်။ နိုင်ငံ ရေးစနစ်က တပါတီအာဏာရှင်စနစ်ဖြစ်ပေမယ့် ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို ထူထောင်ဖို့ "အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစု" ဖွဲ့ဖို့ အကြံပြုပါတယ်။ စီးပွားရေးကို စီမံကိန်းစီးပွားရေးစနစ်၊ နိုင်ငံ ဖွဲ့စည်းအုပ်ချုပ် ပုံသဏ္ဌာန်ကို ဆိုဗီယက်ပြည်ထောင်စုပုံစံ လိုလားပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ပြဌာန်းခွင့်ရှိတဲ့ ပြည်နယ်များနဲ့ ရာသက်ပန် မခွဲတမ်း ပြည်ထောင်စုပုံသဏ္ဌာန်ကို အကြံပြုပါတယ်။ ဒီအုပ်စုမှာ ပါဝင်သူတွေကတော့ ...

သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လေးမောင်၊ သခင်လွင်၊ သခင်လှကျွေ၊ သခင်စံမြင့်၊ သခင်သင်၊ ဦးသာ ထွန်း၊ ဦးတင်ညွန့်၊ မွန်ဖိုးချို၊ ဦးထွန်းမြင့် (လင်းခေး)၊ ဖဒိုဝေသော် တို့ဖြစ်ကြပါတယ်။

တတိယအုပ်စုကတော့ ဦးကျော်ငြိမ်း၊ သခင်ချစ်မောင် (မြန်အောင်) နဲ့ သခင်သာခင်တို့ (၃) ဦး အုပ်စုဖြစ်ပါတယ်။ ယေဘုယျ အားဖြင့် (၁၈) ဦးပါ ပထမအုပ်စုနဲ့ အတူတူလိုဖြစ်ပြီး၊ တိုင်းရင်းသားရေးရာနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံကိစ္စမှာသာ ကွဲပြားခြားနားပါတယ်။ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စု မဖွဲ့စည်းဘဲ ထိုင်း၊ ဗီယက်နမ် တို့လိုမျိုး တပြည်ထောင်စနစ်ကို ကျင့်သုံးပြီး ခွဲထွက်ခွင့်ကို လုံးဝလက်မခံလိုသူတွေဖြစ်ပါ တယ်။

ဝန်ကြီးချုပ်ဟောင်း ဦးနုကတော့ "အမျိုးသားအစိုးရတရပ် ချက်ခြင်းဖွဲ့စည်းပြီး၊ အရေးကြီးတဲ့ ပြဿနာတွေ ဖြေရှင်းရေးနဲ့ပတ်သက်တဲ့ အကြံပေးစာတမ်းတစောင် ရေးသားတင်ပြခဲ့ပါတယ်။" ဦးနု ကတော့ "နိုင်ငံတော်ရဲ့ စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုဖူလုံရေး၊ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာတွေဟာ ပြည် ထောင်စုရဲ့ လွတ်လပ်ရေးနဲ့ တည်တံ့ခိုင်မြဲရေးတွေကို ပြိုကွဲကျဆုံးတဲ့ဘဝ မရောက်ရောက်အောင် တနေ့ တခြား ပိုမိုတိုးတက်ပြင်းထန်စွာ ပို့လျက်ရှိတယ်လို့ ကျနော် မမိုတ်မသုန်ယုံကြည်တယ်" လို့အစချီပြီး အဲဒီလိုအခြေအနေတွေကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ အမျိုးသားအစိုးရတရပ် ချက်ချင်း အရေး တကြီးဖွဲ့စည်းဖို့ လိုအပ်ကြောင်း၊ အဲဒီလို ဖွဲ့စည်းမယ့်အစိုးရကို လူထုက ကြည်ကြည်ဖြူဖြူလက်ခံအောင်

တော်လှန်ရေးအစိုးရက နိုင်ငံတော်အာဏာကို ဦးနု ဆီ ပထမဦးစွာ ပြန်လည်အပ်နှံဖို့၊ အဲ့ဒီနောက် ဦးနုက လွှတ်တော်ခေါ်ပြီး ဗိုလ်ချုပ်ကြီးနေဝင်း ကို သမတခန့်ဖို့၊ အစိုးရအဖွဲ့ကို ဖွဲ့စည်းစေဖို့နဲ့ (၃၃) ဦး အကြံပေး အဖွဲ့ဝင်တွေကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ နိုင်ငံတော်သမတရဲ့ အကြံပေးပုဂ္ဂိုလ်တွေအဖြစ် ဆက်လက် ဆောင်ရွက်သွားစေဖို့ဆိုပြီး အကြံပြုတင်ပြပါတယ်။ ဦးနု ရဲ့အကြံပေးချက်ကို မန်းဝင်းမောင်၊ သခင်တင်နဲ့ ဗိုလ်ခင်မောင်လေး တို့က ဖြည့်စွက်အကြံပြု တင်ပြကြပါတယ်။

ဦးနု ဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ထုတ်ဖို့ အကြံပြုတာဖြစ်ပါတယ်။ တနည်းအားဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို အတတ်နိုင်ဆုံး ထိမ်းသိမ်းထားပြီး အစွမ်းကုန်ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကြိုးပမ်းအားထုတ်ကြည့်တာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ တခုမှလက်မခံခဲ့ပါ။ ဘယ်အုပ်စုရဲ့သဘောထားကိုမှ လက်မခံခဲ့သလို၊ ဘယ်ပုဂ္ဂိုလ်ရဲ့ အကြံပြုတင်ပြချက်ကိုမှလည်း အလေးမထားခဲ့ပါ။ အလေးထားပါတယ်ဆိုတဲ့ သိမ်မွေ့ပျော့ ပြောင်းမှု အရိပ်နိမိတ်ကိုတောင် မပြသခဲ့ပါ။ ဘာကြောင့်လည်းဆိုတော့ အစကတည်းက ဒီနိုင်ငံရေးပုဂ္ဂိုလ် ကြီးတွေရဲ့ အကြံပေးမှုကို လိုလိုချင်ချင် ရယူချင်လွန်းလို့ လေးလေးစားစား တောင်းခံခဲ့တာမဟုတ်တဲ့အပြင်၊ အစကတည်းက သူဟာ နံပါတ် (၁) ပုဂ္ဂိုလ်ဖြစ်ကြောင်း အပေါ်စီးကနေပြသခဲ့ပြီးပြီဖြစ်ပါတယ်။ (၃၃) ဦးသော ပုဂ္ဂိုလ်ကြီးများကို ဖိတ်ခေါ်တွေ့ဆုံတဲ့နေ့ကတည်းက သူများထက် သိသိသာသာမြင့်တဲ့ ကုလားထိုင်ကြီး ပေါ်မှာ နေရာယူထိုင်ပြပြီး၊ ဦးနုအပါအဝင် (၃၃) ဦးသော ပုဂ္ဂိုလ်ကြီးများကို သူ့ထက် တဆင့်နိမ့်နေစေခဲ့ပြီး ပြီဖြစ်ပါတယ်။

အစကတည်းက ဗိုလ်ချုပ်ကြီးနေဝင်း ရည်ရွယ်ထားတာက အချိန်ဆွဲဖို့နဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့ ဖြစ်ပါတယ်။ နောက်တကြောင်းကလည်း သူ့လက်အောက် သူ့စိတ်ကြိုက်ပုံစံနဲ့ဝင်လာခဲ့ရင် အပေါ်စီးကနေ အသုံးချဖို့ဖြစ်ပါတယ်။ တွင်းထဲရောက်နေတဲ့ ကြွက်တွေအားလုံး အပေါ်တက်လာအောင် မောင်းတင်ကြည့် ပြီး၊ သူတို့ရဲ့သဘောထားအမှန်တွေကို ရှင်းရှင်းလင်းလင်းသိအောင် လုပ်ကြည့်ပြီး၊ လိုအပ်သလို ကိုယ့်အ တွက်အသုံးချဖို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် (၃၃) ဦး အကြံပေးအဖွဲ့ရဲ့ အကြံပေးချက်တွေကို တခုမှလက်မခံခဲ့သလို၊ အလေးထား ကြောင်း မဖော်ပြရုံမက၊ ၁၉၆၉ ခုနှစ်ထဲမှာပဲ ကျင်းပတဲ့ မဆလရဲ့ စတုတ္ထအကြိမ် ပါတီနှီးနှောပွဲမှာ ဗိုလ်ချုပ် ကြီးနေဝင်း က ဟောဒီလိုတောင် ပြောကြားလိုက်ပါသေးတယ်။

"၃၃ ယောက်ထဲမှာပါတဲ့ ပုဂ္ဂိုလ်အများစုဟာ ကျနော်နဲ့ အင်မတန်ရင်းနှီးနေတော့၊ ဆွေလိုမျိုးလို ညီအကိုလို တိုက်ပွဲတွေမှာ အတူနေလာခဲ့တဲ့ပုဂ္ဂိုလ်တွေပါ။ နိုင်ငံရေးသံဝေဂများရပြီး ရောက်လာလို့ရှိရင်၊ တို့လုပ်ရကိုင်ရတာ လုပ်မယ့်ကိုင်မယ့်သူ ပိုလာရင်ကောင်းတယ်။ မလာလည်း နေပါစေပေ့ါ... ဆိုပြီး ကျနော်တို့ ဒီလိုသဘောနဲ့ ခေါ်လိုက်တာပါ။ အကြံဉာဏ်ကောင်းများထွက်လာလို့ရှိရင်လည်း ပိုကောင်းတာပေ့ါလေ ...

၃၃ ဦးကျတော့လည်း သူတို့က ဘယ်လိုတွက်ပြန်သလဲဆိုတော့ ကျနော်တို့ ဒုက္ခရောက်လို့ ပြဿ နာရှိလို့ဆိုတော့ တွေးတာကိုက ဟုတ်မှမဟုတ်ဘဲနဲ့။ အဲဒီတော့ သူတို့တင်ပြတဲ့ အကြံဉာဏ်တွေဟာ သူတို့ယုံကြည်တာလည်း ပါတာပေ့ါ...

နောင်ကို ကျနော်တို့နဲ့ ဆက်သွယ်ချင်ကြတဲ့ အပြင်ကလူပေ့ါလေ။ ဆက်သွယ်ချင်ရင် ကျနော်တို့လိုပဲ သဘောဖြူ အူစင်းနဲ့လာခဲ့ပါ။ ဝှေ့လီဝှေ့လည် တခါထဲ ပါးလှလို့ နပ်လှလို့တော့ လုပ်ပြီးမလာနဲ့။ ကျနော်တို့ လည်းပဲ မြက်စားနေတာမဟုတ်ဘူး..." တဲ့။

မဆလပါတီ နှီးနှောဖလှယ်ပွဲမှာ ဥက္ကဋ္ဌရဲ့ အဖွင့်မိန့်ခွန်းအဖြစ် ပြောကြားခဲ့တဲ့အထဲက ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ အဲဒီစကားဟာ (၃၃) ဦး အကြံပေးအဖွဲ့ကို ဘာကြောင့်ခေါ်လဲဆိုတာ (၃၃) ဦးကို တော်လှန်ရေး ကောင်စီက ဘယ်လိုသဘောထားလဲဆိုတာ အရှင်းဆုံး ဖော်ပြနေပါတယ်။

ဒါကြောင့် အစကတည်းက ဘာအကြံဉာဏ်မှ လိုလိုလားလား လိုချင်လွန်းလို့ ခေါ်ယူဖွဲ့စည်းခဲ့တာ မဟုတ်တဲ့ "(၃၃) ဦးအကြံပေးအဖွဲ့" ဆိုတာဟာ (၆) လနဲ့ပဲ ဘာရလဒ်ကောင်းမှ မထွက်ပဲ နိဗ္ဗာန်သွားရပါ တယ်။ (၃၃) ဦးသော ပုဂ္ဂိုလ်ကြီးများဟာ 'အကြံပေးအဖွဲ့' ရယ်လို့ တရားဝင်ဖွဲ့ပေးပြီး အကြံဉာဏ်တောင်းခံ လာတာကို အကြံဉာဏ်ပေးမိတဲ့အတွက် လေးလေးစားစား သဘောအထားမခံရရုံမက၊ မဆဲရုံတမယ် ရန်လုပ် လွှတ်တာခံလိုက်ရတဲ့ကိန်း ဆိုက်ခဲ့ရပါတယ်။ အကြံပေးမိပါတယ်။ ထောင်မချတာကံကောင်းတယ်လို့ ပြောရ မယ့်ကိန်းဆိုက်ခဲ့ပါတယ်။

(၃၃) ဦးသာ ထောင်ချမခံလိုက်ရပေမယ့် အကြံပေးမိတဲ့အတွက် ထောင်ချခံလိုက်ရသူတွေလည်း အမှန်တကယ်ကို ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ချင်းမျိုးချစ်ပုဂ္ဂိုလ် 'ဦးလျန်အုပ်' နဲ့ အဖွဲ့ဖြစ်ပါတယ်။

ချင်းအမျိုးသားခေါင်းဆောင်တဦးဖြစ်တဲ့ ဦးလျန်အုပ် ဟာ ၆၈ ခုနှစ် "ပြည်တွင်းညီညွတ်ရေး အကြံ ပေးအဖွဲ့" ကိုတင်ပြဖို့ (၃၃) ဦးထဲမှာပါဝင်တဲ့ ချင်းအမျိုးသားဖြစ်တဲ့ ဦးထပ်လျိုင်း ဆီကတဆင့် စာတမ်းတ စောင် ရေးသားပြုစုတင်ပြခဲ့ပါတယ်။ ချင်းလူငယ်များကိုယ်စား ရေးသားခဲ့တာဖြစ်ပါတယ်။ စာတမ်းရဲ့ခေါင်းစဉ် က "ချင်းလူငယ်များအကြံပေးချက်" ဆိုတာဖြစ်ပါတယ်။ စာတမ်းရဲ့သဘောက "၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေ" ရဲ့ အားနည်းချက်ကို ဖွင့်ပြပြီး၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းဖို့ တင်ပြထားခြင်းဖြစ်ပါတယ်။

အကျိုးဆက်ကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီက ဦးလျန်အုပ် နဲ့တကွ စာတမ်းမှာ အတူလက်မှတ်ရေးထိုးခဲ့ကြတဲ့ ချင်းအမျိုးသားခေါင်းဆောင် (၈၀) ကျော်ကို "ဖက်ဒရယ် ခွဲထွက်ရေးသမား" တွေလို့ ကင်ပွန်းတပ်ပြီး နှစ်ရှည်လများ ထောင်ချပစ်ခဲ့ပါတယ်။ ထောင်နန်းစံစေခဲ့ပါတယ်။ 'အကြံပေးအဖွဲ့' ရယ်လို့လည်း ဖွဲ့ထားပြီး အကြံတောင်းလို့ အကြံပေးမိပါတယ်။ အကြံကိုလက်မခံနိုင်ရင် ဘေးဖယ်ထား၊ ခုတော့ လူပါထောင်ချပစ်လိုက်တာကတော့ 'တော်လှန်ရေးကောင်စီ' ပဲရှိတယ်လို့ မှတ်တမ်း တင်ရပါလိမ့်မယ်။

တကယ်က ဗိုလ်ချုပ်ကြီးနေဝင်း နဲ့ တော်လှန်ရေးကောင်စီဟာ အကြံဉာဏ်ကို လိုချင်တာမဟုတ်။ သူတို့ကို ထောက်ခံတာကိုသာ လိုချင်ခဲ့တာပါ။ အကြံဉာဏ်ဆိုရင်လည်း ထောက်ခံတဲ့အကြံဉာဏ်ကိုသာ လိုချင်ခဲ့တာဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရကို ကြိုက်သလို ကြိုဆိုထောက်ခံ အကြံပြုကြစမ်းပါ။ မတူတာတော့မပြောနဲ့ဆိုတဲ့ သဘောဖြစ်ပါတယ်။ မတူတဲ့အကြံဉာဏ်တွေ မလိုချင်ပါ။ အာဏာကိုရေရှည် ဆုပ်ကိုင်ပြီး ဘယ်လိုပုံသဏ္ဍာန်နဲ့များ သွားရမယ်ဆိုတာ တော်လှန်ရေးကောင်စီဟာ သူ့ဟာသူ ဆုံးဖြတ်ထား ပြီးဖြစ်ပါတယ်။ အဲဒါကြောင့် အကြံပေးအဖွဲ့ကို ရပ်ဆိုင်းထားပြီးပြီးချင်း မရှေးမနှောင်းမှာပဲကျင်းပတဲ့ ၁၉၆၉ ခုနှစ် စတုတ္ထအကြိမ် မဆလပါတီ၊ ပါတီနှီးနှောဖလှယ်ပွဲမှာပဲ "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်" ရေးဆွဲ ရေးကို သူဖြစ်စေချင်တာတွေနဲ့ လမ်းကြောင်းပြီး စတင်ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ လူထုကြီးတရပ်လုံးကို လှည့်ဖျားဖို့ စကားလုံးလှလှလေးသုံးပြီး ဆုံးဖြတ်ခဲ့ကြတာကတော့ "ပြည်သူလူထုလက်သို့ နိုင်ငံတော်အာဏာ ပြန်အပ်ရေးအတွက်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ရေးဆွဲရန်" ဆိုတာဖြစ်ပါတယ်။ (၃၃) ဦး အကြံပေးအဖွဲ့ဖွဲ့စည်းဖို့ စတင်တုန်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအထိ အကြံဉာဏ် ပေးဖို့ တောင်းဆိုတုန်းကတော့ "အဟောင်းပဲပြဖြစ်မလား၊ အသစ်လုံးလုံးပဲကဖြစ်မလား၊ အဟောင်းကို

ပြင်သင့်ရာပြင်ပြီး လုပ်ကြမလားဆိုတာထိ သွားကြဖို့” လို့ဆိုခဲ့ပေမယ့် အခုတော့ “အခြေခံဥပဒေမူသစ်” ရေးဆွဲရန်လို့ ခပ်ရှင်းရှင်းပဲ ပြောင်းလဲပြောဆိုလာခဲ့ပါတယ်။ အဲဒီလို ယတိပြတ်မပြောဆိုလို့လည်း မဖြစ်တော့တာက အကြောင်းရှိပါတယ်။ အာဏာကို ရေရှည် ဆက်လက်ဆုပ်ကိုင်ထားနိုင်ဖို့အတွက်နဲ့ မဆလပါတီ တပါတီတည်းကိုပဲ ဦးဆောင်ပါတီကြီးအဖြစ် ပြိုင်ဘက်မရှိလုပ်ထားနိုင်ဖို့က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဟောင်းအတိုင်း လုပ်ထားလို့ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မယ်မဟုတ်ပါ။ ၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက တပါတီတည်းတည်ရှိခွင့်ကို ငြင်းပယ်ထားတဲ့ ပါတီစုံပါလီမန်ဒီမိုကရေစီစနစ် ပုံစံဖြစ်နေလို့ ဖြစ်ပါတယ်။ နောက်တချက်က ၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဟောင်းအတိုင်းပဲ ဆက်လက် အသိအမှတ်ပြုမယ်ဆိုရင် အခြေခံဥပဒေ ဟောင်းဟာ အခြေခံအားဖြင့် မှန်တယ်လို့ အဓိပ္ပါယ်ထွက်သွားပြီး၊ အဲဒီ မှန်ကန်တဲ့ အခြေခံဥပဒေကို ချိုးဖောက်ခဲ့ရုံမက အပြီးအပိုင်ဖျက်သိမ်းပစ်ခဲ့တာ တော်လှန်ရေးကောင်စီ စစ်တပ်ဖြစ်တဲ့အတွက် ကိုယ့်ဟာကိုယ် အလိုအလျောက် တရားခံဘ၀ ကျရောက်သွားနိုင်တဲ့အတွက်ဖြစ်ပါတယ်။ အဲဒါတွေကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို မဖြစ်ဖြစ်အောင်ကို ဖော်ထုတ်ရမယ်ဖြစ်ပါတယ်။ ၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကို ကြံဖန်ပြီးကို သရုပ်ဖျက်ရမယ်ဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်များက“၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ” ရဲ့ အားနည်းချက်တွေကို ထုတ်ဖော်ပြီး ပြုပြင်ပြောင်းလဲဖို့၊ ဒါမှမဟုတ် အသစ်ရေးဆွဲဖို့ တောင်းဆိုတာ လိုလားတာဟာ သူတို့ရဲ့ တရားသဖြင့် အခွင့်အရေးတွေအတွက် မမျှတတာတွေကို ဖယ်ရှားဖို့အတွက် ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း တို့စစ်အုပ်စုရဲ့ “၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ” ရဲ့ အားနည်းချက်တွေကို ထုတ်ဖော်ပြီး အသစ်ရေးဆွဲဖို့ လိုလားတာက၊ သူတို့အာဏာ ဆက်လက်တည်မြဲရေးနဲ့ သူတို့ ကျူးလွန်ချိုးဖောက်ခဲ့တာတွေကို တရားနည်းလမ်းကျခဲ့သယောင် တရားထူထောင်နိုင်ရေးအတွက်ဖြစ်ပါတယ်။ အနှစ်သာရခြင်းမတူသလို ရည်ရွယ်ချက်ခြင်းဟာလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြားနားနေပါတယ်။

၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး စစ်တပ်ကနေ အုပ်ချုပ်နေတာလည်း (၇) နှစ်ကျော်ပြီဖြစ်တဲ့အတွက် ဘာဖွဲ့စည်းပုံအခြေခံဥပဒေမှမရှိပဲ အုပ်စိုးနေတာ (၇) နှစ်ကျော်ပြီလို့ ပြောရမှာဖြစ်တဲ့အတွက် “ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ” တခု ဖန်တီးဖို့ တော်လှန်ရေးကောင်စီက ပြင်ဆင်စိုင်းပြင်းလာခဲ့ပါတယ်။ ထွက်ပေါ်လာရမယ့် ‘အခြေခံဥပဒေ’ ဟာ တော်လှန်ရေးကောင်စီကပြောနေတဲ့ ဆိုရှယ်လစ်လမ်းကြောင်းဆိုတာနဲ့လည်း ကိုက်ညီဂွင်ကျဖြစ်ရပါလိမ့်မယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တည်ဆောက်လိုက်တဲ့ မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးတခုတည်း ပြိုင်ဘက်မရှိ ရပ်တည်ပြီး၊ ဦးဆောင်လမ်းညွှန်နေတယ်ဆိုတဲ့ သဘောထားနဲ့လည်း အံဝင်ဂွင်ကျဖြစ်ရပါလိမ့်မယ်။ ပြည်ထောင်စုကြီး ပြိုကွဲမှာစိုးတဲ့အတွက် စစ်တပ်က အာဏာသိမ်းခဲ့ရတာ၊ ‘ဖက်ဒရယ်မူ’ ဟာ ပြည်ထောင်စုကြီး အစိတ်စိတ် အမွှာမွှာပြိုကွဲရေးဖြစ်တဲ့အတွက် အချိန်မီ တပ်မတော်က ကာကွယ်စောင့်ရှောက်ခဲ့ရတာလို့ အကြောင်းပြထားခဲ့တာနှင့်လည်း လျော်ညီဟပ်စပ်အောင်၊ ဖက်ဒရယ်ကို လက်မခံနိုင်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံမျိုးနဲ့ အခြေခံဥပဒေလည်း ဖြစ်နေဖို့လိုအပ်ပါတယ်။ အဲဒီလို အဓိက မပါမဖြစ် အချက်အလက်တွေနဲ့ လိုက်လျောညီထွေ ပြည့်စုံနိုင်မယ့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တရပ် ပေါ်ထွန်းလာရေးကို တော်လှန်ရေးကောင်စီဟာ အကွက်ချပြီး စီမံပါတယ်။

(၃၃) ဦး အကြံပေးကော်မတီအဖွဲ့ ရပ်ဆိုင်းအပြီးမှာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးတဲ့ စစ်အစိုးစစ်အုပ်စုဟာ ဘယ်တော့မှ ပါလီမန်ဒီမိုကရေစီလမ်းကြောင်းကို သွားတော့မှာမဟုတ်ကြောင်း၊ ပါတီစုံစနစ်ကိုလည်း ခြေဦးလှည့်တော့မှာမဟုတ်ကြောင်း၊ နိုင်ငံရေးသမားဟောင်းကြီးတွေကိုလည်း သူတပည့်လက်သား လက်

အောက်ခံအဆင့်လောက်သာ ဗိုလ်နေဝင်းက သဘောထားတော့တာဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်သွားပြီးဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနု ဟာ ၁၉၆၉ ခုနှစ်၊ ဧပြီလထဲမှာ ဗုဒ္ဓဂါယာကို ဘုရားဖူးအကြောင်းပြပြီး ပြည်ပခရီးထွက်ခွာသွားခဲ့ရာက ပြန်မလာတော့ပါ။

"ဘယ်တော့မှ လက်နက်ကိုင်လမ်းစဉ်ကို လက်မခံ၊ မယုံကြည်" လို့ဆိုခဲ့တဲ့ ဦးနု၊ "လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပါ၊ လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ နိုင်ငံရေးအာဏာကို ရယူချင်တာ၊ ရယူဖို့ကြိုးပမ်းတာမှန်သမျှ ဘယ်တော့မှ မမှန်နိုင်ဘူး" လို့ကြွေးကြော်ခဲ့တဲ့ ဦးနု၊ ပြည်တွင်းစစ်ကြီး တဟုန်းဟုန်းတောက်လောင်ခဲ့ရတာ၊ ရောင်စုံလက်နက်ကိုင်သောင်းကျန်းသူတွေကြောင့်၊ လက်နက်ကိုင်လမ်းစဉ်ဝါဒတွေကြောင့်လို့ တလျှောက်လုံးပြောဆိုလာခဲ့တဲ့ ဦးနု ဟာ အခုတော့ သူကိုယ်တိုင်လည်း လက်နက်ကိုင်းလမ်းစဉ်ကိုပဲ ရွေးရတော့တဲ့ အခြေအနေရောက်လာပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ပြင်ရပါတော့တယ်။ လက်နက်ကိုင်လမ်းကို ရွေးရတာဟာ တခြားလမ်းမရှိတော့လို့ဆိုတာ၊ လက်နက်အားကိုးနဲ့ မတရားဖိနှိပ်ဗိုလ်ကျသူတွေကို လက်နက်ကိုင်နည်းနဲ့ပဲ ပြန်လည်တွန်းလှန်မှ ဖြစ်တော့မယ်ဆိုတာ ဦးနု ကောင်းကောင်းကြီးတော့ သဘောပေါက်သွားခဲ့ဟန်တူပါတယ်။

၁၉၆၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဝန်ကြီးချုပ်ဟောင်းဦးနု ခေါင်းဆောင်တဲ့ "ပါလီမန်ဒီမိုကရေစီပါတီ" ဟာ စစ်အစိုးရကိုဆန့်ကျင်ပြီး လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲဖို့ ပြည်ပမှာ အခြေခံဖွဲ့စည်းပြီး စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ စစ်အစိုးရက 'ပြည်ပြေးအဖွဲ့' လို့ ခေါ်ဝေါ်သမုတ်လိုက်ပါတယ်။ [နောက်ပိုင်းမှာ ဦးနုရဲ့ ပါလီမန်ဒီမိုကရေစီပါတီအတွင်းမှာ၊ ပါလီမန်ဒီမိုကရေစီအင်အားစုရဲ့ လက်နက်ကိုင် အားစမ်း ကြိုးပမ်းအားထုတ်မှုတွေအတွင်းမှာ၊ ကျိုက်မရော ဦးသွင်၊ ဦးဝင်း၊ ဗိုလ်လကျာ်၊ ဗိုလ်မှူးအောင်၊ ဗိုလ်စကြာ၊ ဗိုလ်ရန်နိုင်၊ ဦးလောရုံ၊ ဦးထွေးမြင့် စတဲ့ပုဂ္ဂိုလ်ကြီးတွေပါ ပါဝင်ပူးပေါင်းခဲ့ကြပါတယ်။ ရန်ကုန်ဘဆွေ တို့လည်း ပါဝင်ခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး လည်း ပါဝင်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီ စစ်အစိုးရက ကွန်မြူနစ်ဆန့်ကျင်ရေးအလံထောင်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ကို ဦးတည်တိုက်ခိုက်သလို ဦးနု တို့အင်အားစုကိုလည်း လက်ယာအဖျက်သမားများ၊ နယ်ချဲ့လက်ကိုင်ဒုတ်များ၊ နယ်ချဲ့ပုဆိန်ရိုးများ၊ အာဏာရူးကြီးများ အဖြစ် အမျိုးမျိုးဖွင့်ဆို ဖော်ထုတ်တိုက်ခိုက်ပါတယ်။]

စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ မဆလပါတီဟာ ၁၉၆၉ ခုနှစ် ပါတီနီးနှော ဖလှယ်ပွဲကနေစတင်ပြီး ကြေညာကြွေးကြော်လိုက်တာကတော့ "အမြုတေပါတီမှ ပြည်သူ့ပါတီသို့" ဆိုတဲ့ ကြွေးကြော်သံဖြစ်ပါတယ်။

စစ်ရေးအရ အပြုတ်တိုက်ရေးပေါ်လစီကို သဲကြီးမဲကြီး ကျင့်သုံးရင်း၊ နိုင်ငံရေးအရ တခုတည်းသော ပါတီဆိုတဲ့ မဆလကို အမျိုးမျိုးသိဒ္ဓိတင်ကာ လူထုကြားမှာ အစွဲထုတ်ဖို့ ကြိုးပမ်းပါတယ်။ စီးပွားရေးအရ ဆိုရှယ်လစ်စီးပွားရေးပုံသဏ္ဍာန်ကိုဆောင်ရင်း အားလုံးကို လက်ဝါးကြီးအုပ်လိုက်ကာ၊ ကျေးလက်တောရွာမှာ "လလ သသ" မြို့ပေါ်မှာ "ပပက" နဲ့ ပြည်သူ့ဆိုင်တွေဖော်ပါတယ်။ "လလသသ" နဲ့ "ပြည်သူ့ဆိုင်" ဆိုတာတွေက အရောင်းထိုင်းပစ္စည်း၊ လူထုမလိုချင်ပစ္စည်းတွေကို မယူမနေရ အတင်းရောင်းတာ၊ ဟိုပစ္စည်းနဲ့ ဒီပစ္စည်းတွဲရောင်းတာတွေလုပ်သလို၊ မဆလ ပါတီကိုလည်း မဝင်မနေရအောင် မဆလ ပါတီမဝင်ရင် အလုပ်မခန့်တာ၊ အလုပ်ရှိပြီးဖြစ်နေရင်လည်း ရာထူးတက်ရေးက ပါတီဝင်ဟုတ်မဟုတ်က အဆုံးအဖြတ်ပေးတာမျိုးတွေလုပ်ပြီး၊ မစွဲ စွဲအောင် အစွဲထုတ်ဖို့ အောက်လမ်းနည်းမျိုးစုံကို ပေါ်ပေါ်ထင်ထင် ကျင့်သုံးပါတယ်။

လက်ဝဲနိုင်ငံရေးသမားအင်အားစုတွေကို လက်ဝဲစွန်း အလွန်အကျွံကျသူ၊ ရုပ်ဝါဒီတွေအဖြစ် နည်းအမျိုးမျိုးနဲ့ သရုပ်ဖျက်ဝါဒဖြန့်ချိ တိုက်ခိုက် ရှုတ်ချသလို၊ ပါလီမန်ဒီမိုကရေစီအင်အားစုတွေကိုလည်း လက်

ယာစွန်းသမားတွေ စိတ်ဝါဒီတွေ နယ်ချဲ့လက်ပါးစေတွေအဖြစ် သတ်မှတ်ပုံဖော်ကာ ရှုတ်ချတိုက်ခိုက်ရင်း သူတို့ မဆလ ပါတီသည်သာ လက်ဝဲစွန်း၊ လက်ယာစွန်း ဆိုတဲ့ အစွန်းနှစ်ပါးက လွတ်တဲ့၊ ဗုဒ္ဓနည်းကျ ပစ္စိမပဋိပဒါ လမ်းစဉ်သမားတွေအဖြစ် ကြံဖန်ဂုဏ်တင် ပြောဆို ဝါဒဖြန့်ချိပြီး ဘက်ပေါင်းစုံ လိမ်ညာမှိုင်းတိုက်တာတွေ လုပ်ပါတယ်။ အဲဒီလို ဖိအားအမျိုးမျိုး၊ မက်လုံးအဖုံဖုံ မှိုင်းတိုက်လိမ်ညာမှုအလီလီကြောင့် မဆလ အာဏာရ တခုတည်းသောပါတီကြီးဟာ ကြီးထွားချင်သလို ကြီးထွားလာပါတယ်။ ၁၉၆၉ ခုနှစ် ပါတီနှီးနှောဖလှယ်ပွဲ၊ နိုင်ငံရေးအစီရင်ခံစာအရ၊ အရံပါတီဝင်စုစုပေါင်းရဲ့ (၁.၅၉ ％) သာ တက္ကသိုလ်ဘွဲ့ရတွေပါဝင်ပြီး (၈၀.၆၈ ％) က အလယ်တန်းနဲ့ အလယ်တန်းအောက်အဆင့်တွေပဲဖြစ်တယ်လို့ သိရပါတယ်။

၁၉၆၉ ခုနှစ်ထဲမှာ၊ ရန်ကုန်မှာ တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုတခု ပေါ်ပေါက်ခဲ့ပါတယ်။ ဗမာပြည်မှာကျင်းပတဲ့ "ကျွန်းဆွယ်အားကစားပွဲ" နဲ့ဆက်စပ်ပြီး အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲအဖြစ် ပေါ်ပေါက်လာတာဖြစ်တဲ့အတွက် "ကျွန်းဆွယ်အရေးအခင်း" လို့ မှတ်တမ်းပြုကြပါတယ်။ မန္တလေးမှာလည်း ဖြစ်ပေါ်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ်ထဲမှာ ဗကပ နဲ့ မဒညတ ကို ဦးတည်တိုက်တဲ့ စစ်ဆင်ရေးတွေ ပိုမိုများပြားလာခဲ့ပါတယ်။ အရှေ့ရိုးမ ကေအင်ယူဌာနချုပ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ မဒညတ ကြီးဟာ ၆၉ ခုနှစ်မှာ (၁၀) နှစ်ကျော် သွားပြီဖြစ်သလို၊ စစ်အစိုးရရဲ့ အပြင်းအထန် ထိုးစစ်တွေကို တုန့်ပြန်အန်တုရင်း ရဲရဲရင့်ရင့် ဆက်လက်ရင်ဆိုင်ခဲ့ပါတယ်။ နှစ်ဖက်အကျအရှုံးတွေလည်း ပိုမိုများပြားခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ရိုးမဗဟိုက 'အောင်ဇေယျတပ်' တွေဖွဲ့ပြီး စစ်အစိုးရရဲ့ ထိုးစစ်တွေကို ကြံ့ကြံ့ခံတိုက်ခိုက်ဖို့ ကြိုးစားခဲ့ပါတယ်။ "ဂွင်ထဲက မတွက်ရေး" ဆိုတဲ့ စစ်ရေးလမ်းစဉ်အမှားကိုကိုင်ပြီး ရင်ဆိုင်ခဲ့တဲ့အတွက် ဆုံးရှုံးနစ်နာမှုတွေကတော့ ကြီးမားခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်ထဲမှာပဲ 'ငပြေမစားကျက်' တိုက်ပွဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်၊ ၆၃ ခုနှစ် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတုန်းက တက်ရောက်ခဲ့တဲ့ ပဏာမကိုယ်စားလှယ်အဖွဲ့ဝင် ပီးကင်းပြန် ရဲဘော်အောင်ကြီး ကျဆုံးခဲ့ရပါတယ်။

စစ်အစိုးရရဲ့ ၁၉၆၉ ခုနှစ်အတွင်း ရက်စက်ယုတ်မာ ကောက်ကျစ် ကလိမ်ကျမှုတွေအတွင်းမှာ မဖြစ်မနေ မှတ်တမ်းတင်ထားရမယ့် အဖြစ်တခုကတော့ ကိုကိုးကျွန်းအကျဉ်းစခန်းကို နိုင်ငံရေးသမားတွေနဲ့ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းပဲဖြစ်ပါတယ်။

၅၉ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရလက်ထက်တုန်းက နိုင်ငံရေးသမားတွေကို ကိုကိုးကျွန်းပို့ခဲ့သလို၊ ၁၉၆၉ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာလည်း နိုင်ငံရေးသမားတွေကို ကိုကိုးကျွန်းပို့ခဲ့ပြန်ပါတယ်။ ၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီးနောက်ပိုင်း ဖမ်းဆီးထားသူတွေနဲ့ တလျောက်လုံး ဗိုလ်ချုပ်ကြီးနေဝင်း စစ်အုပ်စုက မျက်မုန်ကျိုးလှသူ နိုင်ငံရေးသမားတွေဖြစ်ပါတယ်။ အဲဒီနိုင်ငံရေးအကျဉ်းသားတွေထဲမှာ ကျောင်းသားနဲ့ ကျောင်းသားခေါင်းဆောင် (၄၀) ကျော် ပါဝင်ခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားပေါင်း (၂၀၀) ကျော်ပါတယ်။ (၂၁၃ ဦးလို့ဆိုပါတယ်။) အဲဒီ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) နဲ့အတူ ပူးတွဲပြီး တို့ဗမာအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်ဖြစ်ခဲ့သူလည်းဖြစ်၊ အင်းစိန်စစ်တမ်းမှာ ပါဝင်ခဲ့သူတဦးလည်းဖြစ်၊ ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌလည်းဖြစ်တဲ့ သခင်ခင်အောင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဝင်တွေဖြစ်ခဲ့တဲ့ လေထီးဗိုလ်အုံးမောင်၊ ဆရာရာဂျန်၊ ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေတုန်းက ပဲခူးစစ်ကြောင်းမှူးချုပ်လည်းဖြစ်၊ ပြည်သူ့တိုးတက်ရေးပါတီ အတွင်းရေးမှူးလည်းဖြစ်၊ ပမညတ သဘာပတိအဖွဲ့ဝင်ဟောင်းလည်းဖြစ်တဲ့ ဦးခင်မောင်မြင့်၊ ပြည်သူ့ရဲဘော် မှ ဗိုလ်တင့်တယ် တို့ပါဝင်သလို၊ ထင်ရှား

တဲ့ စာရေးဆရာကြီးတွေဖြစ်တဲ့ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ ကေတီဦးကျော်တင့်၊ လူထုစိန်ဝင်း တို့တတွေလည်း ပါဝင်ခဲ့ပါတယ်။ ကရင်အမျိုးသားနိုင်ငံရေးသမားများထဲမှ မန်းအောင်ကြည်၊ မန်းငြိမ်းမောင် တို့လည်း ပါဝင်ခဲ့ပါတယ်။ ကျောင်းသားခေါင်းဆောင်များထဲမှ ရခိုင်ကိုလှဖေ၊ ကိုအောင်ငြိမ်း၊ ကိုလေးမောင်၊ ကိုဖိုးသံချောင်း၊ ကိုချစ်ဆွေ (ပြည်)၊ ကိုလှကြည် စတဲ့သူတွေလည်း ပါဝင်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့မှာ ကိုကိုးကျွန်းကို စတင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနိုင်ငံရေးအကျဉ်းသားတွေကို ရာသီဥတုကြမ်းတမ်းပြီး မုန်တိုင်းအမြဲရှိနေတဲ့ ပင်လယ်ထဲက ကိုကိုးကျွန်းပေါ်မှာ အထူးစီ (C-special) အဆင့်ရိုက္ခာ 'ကိုတာ' ကိုသာ ထုတ်ပေးပြီး ကိုယ်ထူကိုယ်ထစနစ်နဲ့ အနေခိုင်းခဲ့တာဖြစ်ပါတယ်။ တမင် ညှင်းပန်းနှိပ်စက်ပြခဲ့တာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများကလည်း စစ်အစိုးရထားသလို ခေါင်းငုံ့မခံပဲ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဆန့်ကျင်အန်တုခဲ့ကြပါတယ်။ အစာတော်ခံဆန္ဒပြပွဲ အလီလီကို ဆင်နွှဲပြီး စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဆင်ခဲ့ကြပါတယ်။

၁၉၇၀ ပြည့်နှစ်ထဲဝင်လာတဲ့အခါ ဗမာပြည်နိုင်ငံရေးအင်အားစုတွေရဲ့ အခင်းအကျင်းကို ပြန်ကြည့်မယ်ဆိုရင်၊ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ စစ်တပ်အင်အားစုဟာ တတိုင်းပြည်လုံးရဲ့ နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားရုံမက၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး တွေကိုပါ တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားပြီးဖြစ်ပါတယ်။ စစ်တပ်အခြေခံပါတီအဖြစ် မဆလ ပါတီကို တည်ထောင်ပြီးရုံမက၊ အဲဒီ မဆလ ပါတီကိုတောင် လူထုပါတီ၊ ပြည်သူ့ပါတီအဖြစ် ပုံဖော်အသွင်ဆောင် ဝါဒဖြန့်ချီကာ ရှေ့တဆင့်တက်ဖို့ ကြံရွယ်နေပြီဖြစ်ပါတယ်။ ဥပဒေအတွင်းမှာ တခြားနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေကို တခုမှ တည်ရှိခွင့်မပေးတော့ပဲ၊ တကောင်တည်း ပြိုင်ဘက်မရှိ ဒုန်းစိုင်းကာ ကိုယ့်ဟာကိုယ် အတော်ဆုံးအဖြစ်သတ်မှတ်ပြီး ပတ်ဝန်းကျင်ကို အောင်ပွဲခံပြဖို့ ကြွေးကြော်လှုပ်ရှားနေပါတယ်။ မဆလ ပါတီကြီးကို တည်ထောင်ပြီးရုံသာမက အလုပ်သမားကောင်စီ၊ လယ်သမားကောင်စီ၊ ကျောင်းကောင်စီ ဆိုတာတွေပါ တည်ထောင်ပြီး မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ခေတ်ပြောင်းတော်လှန်ရေးကြီး ဆင်နွှဲနေပြီဖြစ်ပါတယ်။ အစိုးရအနေနဲ့က တော်လှန်ရေးကောင်စီ စစ်အစိုးရ ကျင့်သုံးနေတဲ့စနစ်က စစ်အာဏာရှင်စနစ်၊ ကြွေးကြော်နေတာက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်လို့ တွေ့ရမယ်ဖြစ်ပါတယ်။

အာဏာကို မတရား ရယူသိမ်းပိုက်အုပ်စိုးနေတဲ့ စစ်အစိုးရနဲ့ ဆန့်ကျင်ဘက် နိုင်ငံရေးအင်အားစုတွေကတော့ ဥပဒေဘောင်အတွင်းမှာ တရားဝင်တည်ရှိခွင့် မရတော့ပြီဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လက်နက်စွဲကိုင် တိုက်ခိုက်နေကြတဲ့ တော်လှန်ရေးအင်အားစုတွေကိုပဲ အဓိကထား ဖော်ညွှန်းရမယ်ဖြစ်ပါတယ်။ ၇၀ ပြည့်နှစ်မတိုင်မီကအထိ အဓိကအတိုက်အခံအဖြစ် တည်ရှိခဲ့တာက ဗမာပြည်ကွန်မြူနစ်ပါတီ အမှူးပြုတဲ့ လက်ဝဲအင်အားစုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပါ မိမိတို့ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေအတွက် အဓိကထား တိုက်ပွဲဆင်နေကြတဲ့ လူမျိုးစုလက်နက်ကိုင် အင်အားစုတွေဖြစ်ပါတယ်။ လွတ်လပ်ရေးရခါစ ပြည်တွင်းစစ်ကြီး ပေါ်ထွန်းစကလည်း အာဏာရအုပ်စိုးသူကို လက်နက်စွဲကိုင်တုန့်ပြန်တိုက်ခိုက်နေခဲ့တာဟာ ဗမာပြည်ကွန်မြူနစ်ပါတီ အမှူးပြုတဲ့ လက်ဝဲနိုင်ငံရေးအင်အားစုနဲ့ မိမိတို့ရဲ့ သက်ဆိုင်ရာ အမျိုးသားစုများ လွတ်မြောက်ရေးအတွက် တိုက်ခိုက်နေကြတဲ့ လူမျိုးစုလက်နက်ကိုင် နိုင်ငံရေးအင်အားစုများပဲရှိပါတယ်။ လူမျိုးစုမဟုတ်ပဲ၊ လူနည်းစုအမျိုးသားရေးအတွက်မဟုတ်ပဲ လက်နက်စွဲကိုင် တိုက်ခိုက်ခဲကြတဲ့ လက်ယာနိုင်ငံရေးအင်အားစုရယ်လို့ မရှိခဲ့ဖူးပါ။ (ပြည်တွင်းစစ်အစက ပါဝင်ဆင်နွှဲခဲ့ကြဖူးတဲ့ ပြည်သူ့ရဲဘော်များဟာလည်း လက်ဝဲအင်အားစုများအဖြစ် လှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။)

၁၉၇၀ ပြည့်နှစ်ထဲဝင်လာတဲ့အခါမှာတော့ လက်နက်ကိုင်နိုင်ငံရေးအင်အားစုတွေထဲမှာ လက်ယာနိုင်ငံရေးအင်အားစု တစုဟာလည်း ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါတယ်။ တလျောက်လုံး လက်နက်ကိုင်တော်လှန်

ရေးဆိုတာနဲ့ လက်နက်ကိုင်အကြမ်းဖက်နည်းဆိုတာကို ခါးခါးသီးသီးဆန့်ကျင်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနု ခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီ နိုင်ငံရေးအင်အားစုဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ စစ်အာဏာရှင်အစိုးရကြောင့် မဆလ တပါတီကလွဲလို့ တခြား နိုင်ငံရေးမှန်သမျှကို တည်ရှိခွင့်မပေးတာကြောင့် လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းထဲ မလွဲမရှောင်သာ ရောက်လာခဲ့ရတဲ့ ပါလီမန်ဒီမိုကရေစီ နိုင်ငံရေးအင်အားစုဖြစ်ပါတယ်။ တချိန်တုန်းက ဗမာပြည်နိုင်ငံရေးမှာ အာဏာရ အုပ်စိုးသူတွေအဖြစ် အပေါ်စီးကနေ အာဏာရခဲ့ကြဖူးသူတွေ အများစုဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ ရက်ရက်စက်စက် နှိပ်ကွပ်စော်ကားလိုက်မှုအပေါ် လက်နက်ကိုင်နည်းနဲ့ တပွဲတလမ်း အားစမ်းကြည့်ဖို့ လက်နက်ကိုင်တော်လှန်ရေးထဲ ရောက်ရှိလာကြတဲ့သဘောဖြစ်ပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ သခင်တင် တို့လိုပုဂ္ဂိုလ်တွေကတော့ လက်နက်ကိုင်တော်လှန်ရေးထဲ ရောက်မလာကြတော့ပါ။ သခင်ကျော်ထွန်း ကတော့ ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရရဲ့ သံအမတ်ကြီးအဖြစ် လက်ခံဆောင်ရွက်သွားပါတယ်။

အဲဒီတော့ ၁၉၇၀ ပြည့်နှစ်ထဲမှာ ဗိုလ်ချုပ်ကြီးနေဝင်း စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ကြမယ့် နိုင်ငံရေးအင်အားစုတွေကတော့ ဗမာပြည်ကွန်မြူနစ်ပါတီအမှူးပြုတဲ့ လက်ဝဲနိုင်ငံရေးအင်အားစု၊ လူမျိုးစုတော်လှန်ရေးအင်အားစုနဲ့ ဦးနု ဦးဆောင်တဲ့ ပါလီမန်ဒီမိုကရေစီ လက်ယာနိုင်ငံရေးအင်အားစုဆိုပြီး အဓိက အင်အားစုကြီး (၃) စုကို တန်းစီပြီး တွေ့မြင်ရပါမယ်။

ဒီအတိုက်အခံနိုင်ငံရေးအင်အားစုကြီး (၃) ခုစလုံးအပေါ် စစ်အစိုးရက စစ်အရေးအရ အပြုတ်တိုက်ဖို့ပြင်ဆင်သလို၊ နိုင်ငံရေးအရ ဝါဒဖြန့်ချိရေးအရ ဘက်ပေါင်းစုံကနေ နည်းပေါင်းစုံနဲ့ အသရေဖျက်ဖို့ တိုက်ခိုက်ဖို့ ကြိုးပမ်းအားထုတ်ပါတယ်။

အတိုက်အခံနိုင်ငံရေးအင်အားစုများကလည်း စစ်အစိုးရအပေါ် ဘက်ပေါင်းစုံကနေ တိုက်ခိုက်ဖို့ လုံးပမ်းအားထုတ်ကြပါတယ်။

ပဲခူးရိုးမနဲ့ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသတခွင်မှာ ဗကပ နဲ့ မဒညတ တို့က ပူးတွဲတိုက်ခိုက်မှုတွေ အကောင်အထည်ဖော်ကြသလို၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်ဒေသတခွင်မှာလည်း လက်နက်ကိုင်လူမျိုးစု အဖွဲ့အစည်းတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းစုံနဲ့ ပူးတွဲတိုက်ခိုက်မှုတွေ အလီလီလုပ်ကိုင်ကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသကလည်း လွတ်မြောက်နယ်မြေ တည်ဆောက်ရေးကို တိုးပြီးဆောင်ရွက်ပါတယ်။

၁၉၇၀ ပြည့်နှစ်၊ မေလမှာ ထိုင်းနိုင်ငံတနေရာမှာ "တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု (တညလ)" ဖွဲ့စည်းပေါ်ပေါက်လာပါတယ်။ အဲဒီတပ်ပေါင်းစု (တညလ) မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီနဲ့ ပုဂ္ဂိုလ်တွေကတော့ ...

| | | |
|---|---|---|
| (၁) ဦးနု | (ပါလီမန်ဒီမိုကရေစီပါတီ) | နာယက |
| (၂) မန်းဘဇံ | (ကေအင်ယူပါတီ) | ဥက္ကဋ္ဌ |
| (၃) နိုင်ရွှေကျင် | (မွန်ပြည်သစ်ပါတီ) | အတွင်းရေးမှူး |
| (၄) ဦးဇာလီမော် | (ပီဒီပီ) | တွဲဘက်အတွင်းရေးမှူး |
| (၅) ဦးမန်းတလင်း | (ချင်းဒီမိုကရေစီပါတီ) | တွဲဘက်အတွင်းရေးမှူး |
| (၆) ဂျင်မီယန်း | (ရှမ်းမျိုးချစ်ပါတီ) | တွဲဘက်အတွင်းရေးမှူး |

တို့ဖြစ်ပါတယ်။

၁၉၇၀ ပြည့်နှစ်မတိုင်မီက လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းတွေစုပေါင်းပြီး 'တပ်ဦး' ဖွဲ့ခဲ့ကြတာ

တွေလည်းရှိပါတယ်။ အဲဒါတွေကတော့ "ညီညွတ်သော လူမျိုးစုများတပ်ဦး" (ညလတ) နဲ့ "လူမျိုးစုများညီညွတ်ရေးတပ်ဦး" (လညတ) တို့ဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်၊ ဩဂုတ်လမှာ "တဗီတာစခန်း" မှာ ဖွဲ့စည်းခဲ့တဲ့ (ညလတ) မှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေက –

(၁) မန်းဘဇံ (ကေအင်ယူ)
(၂) စောမော်ရယ် (ကေအင်ပီပီ)
(၃) ဗိုလ်မှူးဆေထင် (ရှမ်းပြည်စစ်ကောင်စီ) **(SSWC)**
(၄) ဦးရွှေအေး (ကယန်းပြည်သစ်ပါတီ) (ကေအင်အဲယ်ပီ)
(၅) စန်ခန်ထမ်း (ဇိုမီးချင်းအမျိုးသားတပ်ဦး) တို့ဖြစ်ပါတယ်။

လညတ တပ်ဦးကိုတော့ ကေအင်ယူ၊ မွန်ပြည်သစ်ပါတီ၊ ဇိုမီး ချင်းအမျိုးသားတပ်ဦး၊ ကေအင်အယ်ပီ (ကယန်းပြည်သစ်ပါတီ) နဲ့ ကေအယ်ပီပီ တို့ ပေါင်းပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ပါဝင်ခဲ့သူတွေကတော့ –

(၁) မန်းဘဇံ (ကေအင်ယူ)
(၂) ဗိုလ်ချုပ်ကော်ထူး (ကေအင်ယူ)
(၃) စောမော်ရယ် (ကေအင်ပီပီ) (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)
(၄) နိုင်ရွှေကျင် (မွန်ပြည်သစ်ပါတီ)
(၅) နိုင်ဆံမိတ် (မွန်ပြည်သစ်ပါတီ)
(၆) ဂျင်မီ (ဇိုမီချင်းအမျိုးသားတပ်ဦး)
(၇) ဦးရွှေအေး (ကေအင်အယ်ပီ) တို့ဖြစ်ကြပါတယ်။

၁၉၇၀ ပြည့်နှစ်ထဲမှာ ရှမ်းပြည်နယ်တခွင်လုံးအတွင်းမှာလည်း ရှမ်းလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံ ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ အစိုးရက မွေးမြူဖွဲ့စည်းပေးထားတဲ့ "ကာကွယ်ရေး" အဖွဲ့အစည်းမျိုးစုံဟာလည်း ရှမ်းပြည်တလွှားမှာ အုံနဲ့ကျင်းနဲ့ ကြီးထွားလာနေပါတယ်။ အဓိကအားဖြင့် ရှမ်းပြည်အတွင်း တနေ့တခြား ကြီးထွားလာနေတဲ့ ဗကပ (အရှေ့မြောက်စစ်ဒေသ) ကိုသာ ဦးတည်တိုက်၊ ကျန်တာလုပ်ချင်တာလုပ်၊ ဘိန်းလုပ်ချင်ရင်လည်း ဘိန်းလုပ်ဆိုပြီး ခွင့်ပြုထားတာကြောင့် "ကာကွယ်ရေး" အားလုံးနီးပါးဟာ ဘိန်းကို အကြီးအကျယ်လုပ်ကိုင်ရင်း၊ တပ်ဖွဲ့အင်အားတွေကို အဆမတန် တိုးချဲ့ဖွဲ့စည်းရင်း လက်နက်ကိုင်တပ်ကြီးတွေ ဖြစ်လာနေပါတယ်။ ကိုးကန့်ကာကွယ်ရေးခေါင်းဆောင်တဦးဖြစ်တဲ့ "ဖုံကြားရှင်" ရဲ့ တပ်ဖွဲ့ကတော့ ဗကပ (အရှေ့မြောက်စစ်ဒေသ) နဲ့ ပူးပေါင်းပြီး ဗကပ တပ်တတပ် ဖြစ်လာခဲ့ပါတယ်။ 'ဝ' နယ်မှရှိတဲ့ ကာကွယ်ရေးတပ်ဖွဲ့များဟာလည်း ဗကပနဲ့ပူးပေါင်းတဲ့ တပ်ဖွဲ့တွေရှိလာသလို အစိုးရနဲ့ပဲပူးပေါင်းပြီး အစိုးရရဲ့ လက်အောက်ခံအဖြစ် လှုပ်ရှားနေကြတဲ့ တပ်ဖွဲ့တွေလည်းရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေဟာ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကတည်းက ဖွဲ့စည်းခဲ့ကြတာဖြစ်ပြီး တချို့တပ်ဖွဲ့တွေဟာ (၆၀) ပြည့်နှစ်ဝန်းကျင်ကျမှ ပေါ်ပေါက်လာတာတွေလည်းရှိပါတယ်။ အဓိကအားဖြင့် သောင်းကျန်းသူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေးတွေအတွက် စစ်တပ်က လိုသလိုအသုံးချဖို့ ဖွဲ့စည်းအသိအမှတ်ပြုထားခဲ့တာတွေဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်ထဲမှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းမှာတင် အစိုးရလက်အောက်ခံ လက်နက်ကိုင်ကာကွယ်ရေးတပ်ဖွဲ့ (၂၃) ဖွဲ့ရှိပါတယ်။ အဲဒီအထဲမှာ 'လော်စစ်ဟန်' ခေါင်းဆောင်တဲ့ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ကတော့ အင်အားအကြီးဆုံးဖြစ်လာပါတယ်။ အဲဒီကာကွယ်ရေး (၂၃) ဖွဲ့ကတော့ ... (၁) ကိုးကန့်၊ (၂) လွယ်ပင်ရဲ၊ (၃) နမ့်ကျွမ်း၊ (၄) ကာမိုင်း၊ (၅) ပန်လုံ၊ (၆) မန်ဆိုင်၊ (၇) ပန်ဝိုင်၊

(၈) အောင်ဟင်၊ (၉) ရောင်ကလူ၊ (၁၀) မန်ဟိုင်းလုံ၊ (၁၁) ပန်ယန်း၊ (၁၂) ရောင်လောင်း၊ (၁၃) ရောင်ပရေး၊ (၁၄) ဗင်းငင်း၊ (၁၅) လွယ်ဆေး၊ (၁၆) မန်မန်ဆိုင်၊ (၁၇) မိုင်းကောင်၊ (၁၈) တင်လွယ်၊ (၁၉) ဗိုလ်မောင်၊ (၂၀) လုံထန်၊ (၂၁) မုံကိုး၊ (၂၂) ဖောင်းဆိုင်၊ (၂၃) မုံးပေါ် တို့ဖြစ်ပါတယ်။

၁၉၇၀ ပြည့်နှစ်ထဲမှာ ဗကပ အရှေ့မြောက်ဒေသက စစ်ရေးလှုပ်ရှားမှုတွေ တိုးချဲ့ဆင်နွှဲလာခဲ့ပါတယ်။ ၇၀ ပြည့်အောက်တိုဘာ တတိယပတ်ထဲမှာ ဇော်မိုင်ဦးစီးတဲ့ ဗကပ တပ်ရင်းကြီး (၃၀၃)၊ ဖုံကြားရှင်ဦးစီးတဲ့ ဗကပတပ်ရင်းကြီး (၄၀၄) နဲ့ တပ်ရင်းကြီး (၁၀၇) တို့ဟာ စုစုပေါင်းအင်အား (၂၀၀၀) လောက်နဲ့ ရှမ်းပြည်မြောက်ပိုင်း "မုံစီးနားလယ်" ဒေသကို သိမ်းပိုက်နိုင်ဖို့ ကြိုးပမ်းအားထုတ်ပါတယ်။ အောက်တိုဘာ (၂၀) ရက်နေ့မှာ တိုက်ပွဲကြီးတွေစဖြစ်ပါတယ်။ စစ်အစိုးရတပ်က "အောင်သီဟ" စစ်ဆင်ရေးဆိုတဲ့နာမည်တပ်ပြီး ပြန်လည်တုန့်ပြန်ပါတယ်။ (၂၃) ရက်နေ့မှာတော့ စစ်အစိုးရဘက်က လေတပ်ပါအသုံးပြုပြီး အပြင်းအထန်တိုက်ခိုက်ခဲ့ပါတယ်။ အောက်တိုဘာ (၃၀) ရက်အထိ ဘတပြန်ကျားတပြန် တိုက်ပွဲကြီးတွေဖြစ်ပွားခဲ့ပါတယ်။

အရှေ့မြောက်စစ်ဒေသ ဗကပနဲ့ စစ်အစိုးရရဲ့ စစ်တပ်တို့ အကြိတ်အနယ် တိုက်ပွဲတွေဆင်နေချိန်မှာ ဗကပ ဗဟိုရိုးမတကြောမှာလည်း သေနတ်သံတွေညံစည်နေခဲ့ပါတယ်။ စစ်အစိုးရက ရိုးမ ဗကပ ဗဟိုကို ချေမှုန်းနိုင်ရေးအတွက် "နေမင်းစစ်ဆင်ရေး" ဆိုတာကို ချမှတ်ပြီး ထိုးစစ်ဆင်တာလုပ်ပါတယ်။

၁၉၇၀ ပြည့်နှစ်ရဲ့ ဗမာပြည်စီးပွားရေးအခြေအနေကို ကြည့်မယ်ဆိုရင်တော့ စစ်အစိုးရလက်အောက်မှာ ဘာတခုမှ မယ်မယ်ရရ တိုးတက်လာတာမတွေ့ရပါ။ ၁၉၆၇ ခုနှစ် ဆန်ပြဿနာပေါ်ပေါက်ခဲ့ရပြီး နောက်ပိုင်း အစိုးရရဲ့ ပြည်ပဆန်တင်ပို့နိုင်မှု အခြေအနေဟာလည်း လျော့ကျလာခဲ့ရပါတယ်။ အစိုးရအနေနဲ့ စပါးကို လိုသလောက်ဝယ်ယူမရတော့ တာကြောင့်တကြောင်း၊ ဆန်ဝယ်နေကျ ဂျပန်၊ အင်ဒိုနီးရှားနိုင်ငံတွေက ဆန်ကို သူတို့နိုင်ငံတွင်းမှာတင် ပိုမိုစိုက်ပျိုးထုတ်လုပ်လာတာကြောင့်တကြောင်း၊ ဗမာပြည်ရဲ့ တခြားဆန်ဖောက်သည် နိုင်ငံတချို့ကိုလည်း နိုင်ငံကြီးတချို့က ဆန်ကို အလကားထောက်ပံ့တာ ကြွေးရောင်းပေးတာတွေလုပ်နေတာက တကြောင်းကြောင့် ပြည်ပဆန်တင်ပို့နိုင်မှု လျော့ကျသွားရခြင်းဖြစ်ပါတယ်။ ၇၀ ပြည့်နှစ်မှာ ဆန်တန်ချိန် (၄) သိန်းပဲ ရောင်းချနိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားဝင်ငွေ လျော့နည်းလာရပါတယ်။ ဝင်ငွေလျော့နည်းလာရတော့ လိုအပ်တာတွေ တင်သွင်းဝယ်ယူနိုင်မှုကိုလည်း လျော့ချပစ်လာရပါတယ်။ လူသုံးကုန်ပစ္စည်းတွေကို လျော့ပြီးသွင်းရရုံမက စက်ရုံအလုပ်ရုံတွေအတွက် ပြည်ပကုန်ကြမ်းတွေနဲ့ စက်ကိရိယာပစ္စည်းတွေကိုလည်း လျော့သွင်းလာရပါတယ်။ ရလဒ်က စက်ရုံအလုပ်ရုံတွေမှာလည်း ကုန်ထုတ်စွမ်းအားကျ၊ ပြည်တွင်းသုံးကုန်တွေကိုလည်း လုံလုံလောက်လောက် မထုတ်လုပ်နိုင်၊ ပြည်ပကလည်း မှာယူမတင်သွင်းနိုင်ဆိုတာဖြစ်လာပြီး၊ ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုကို ဆက်တိုက်ပေါ်ထွက်လာပါတယ်။ ဘယ်သူ့ကိုမှလည်း မှာယူတင်သွင်းရောင်း ဝယ်ဖောက်ကားမှုမပြုပဲ၊ အစိုးရတဦးတည်းက စီးပွားရေးလုပ်ငန်း ကုန်စည်ဖြန့်ချိမှုလုပ်ငန်းတွေအားလုံးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်လိုက်တဲ့အခါ တပြည်လုံး ကုန်စည်ရှားပါးပြတ်လပ်မှုဒဏ် အကြီးအကျယ်ခံရပါတော့တယ်။ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်မြင့်တက်လာတာ မလွဲမသွေကြုံရပါတော့တယ်။ ကုန်စည် ရှားပါးပြတ်လပ်နေတဲ့ ဈေးကွက်ထဲ အစိုးရကိုယ်တိုင်ကလည်း မဖြည့်ဆည်းနိုင်၊ ဘယ်သူ့ကိုမှလည်း တရားဝင်ရောင်းဝယ်ခွင့်မပြုတော့ "မှောင်ခိုဈေးကွက်" ဆိုတာ မပေါ်ချင်လို့ကိုနေမရ၊ ပေါ်လာရပြီး ကုန်ဈေးနှုန်းတွေက ကမောက်ကမနဲ့ မှောင်ခိုဈေးကွက်ဆိုတာပဲ လူထုအတွက် မှီခိုအားထားစရာသဖွယ် ဖြစ်လာခဲ့ပါတယ်။ တနေ့တခြား ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းတွေရဲ့အောက်၊ တနေ့တခြား ကျယ်ပြန့်လာရတဲ့ မှောင်ခိုဈေးကွက်ကြီးအောက် တနေ့တခြားများပြားလာရတဲ့ အလုပ်လက်မဲ့များဟာ မှောင်ခိုကုန်ကူးရသူတွေဖြစ်လာပါတယ်။ အောက်ခြေလူထုကြီးတရပ်လုံးဟာ ဒုက္ခပေါင်းစုံကြား နည်းလမ်း

ပေါင်းစုံနဲ့ လှုပ်ရှားရုန်းကန်နေကြရပါတယ်။ ဒီဒုက္ခတွေအားလုံး အကြပ်အတည်းတွေအားလုံးကို ဖန်တီးပေး လိုက်သူဟာ စစ်အစိုးရကိုယ်တိုင်နဲ့ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ စီးပွားရေးပေါ်လစီ နိုင်ငံရေးပေါ်လစီတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် စစ်အစိုးရကတော့ အဲဒီအမှားတွေကို တခုမှမမြင်၊ ဝိသမလောဘသမား မှောင်ခိုစီး ပွားရေးသမားတွေကြောင့်လို့ပြောလိုက်၊ သောင်းကျန်းသူ အဖျက်သမားတွေကြောင့်လို့ ပြောလိုက်နဲ့ ပါးစပ် ထဲတွေ့သလို ပြောဆိုနေခဲ့ပြီး "စပ်ကူးမတ်ကူးကာလမို့ပါ" "စပ်ကူးမတ်ကူးအခက်အခဲတွေပါ" နဲ့လည်း ကြံဖန် ဖာထေး လှည့်ဖျားနေခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ကာကွယ်နေခဲ့ပါတယ်။

ဒီလို စီးပွားရေးအကြပ်အတည်း၊ လူမှုရေးအကြပ်အတည်းတွေကြား သဘာဝကျစွာပေါ်လာတာ ကတော့ အစိုးရဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုပဲဖြစ်ပါတယ်။ "တက္ကသိုလ်ရွှေရတု ကျောင်းသားလှုပ် ရှားမှု" ပေါ်ခဲ့ပါတယ်။ ၁၉၇၀ ပြည့်ဟာ ၁၉၂၀ ပြည့် ပထမ ကျောင်းသားသပိတ်ကြီးရဲ့ နှစ် (၅၀) မြောက် 'ရွှေရတု' သမယ ဖြစ်တဲ့အတွက် ရွှေရတုအထိမ်းအမှတ် တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုဟာ စစ်အစိုးရ ဆန့်ကျင်ရေးအခြေခံနဲ့ ပေါ်ပေါက်လာခဲ့ရပါတယ်။ စစ်အစိုးရက ဖုံးခွဲပြီးပြာချပစ်ခဲ့တဲ့ တက္ကသိုလ်သမဂ္ဂကြီးရဲ့ အရိုးတွန်သံဟာ ပီပီသသ ပြန်ပေါ်လာခဲ့ပြန်ပါတယ်။ စစ်အစိုးရက လှုပ်ရှားလာတဲ့ ကျောင်းသားများရဲ့ နိုင်ငံရေးနိုးကြားမှုကို ဖမ်းတာဆီးတာတွေနဲ့ နှိမ်နင်းပိတ်ပင်ခဲ့ပါတယ်။

၁၉၇၀ ပြည့်နှစ်ထဲမှာ စစ်အစိုးရရဲ့ နိုင်ငံရေးအခြေအနေကိုကြည့်မယ်ဆိုရင်တော့ နိုင်ငံရေးအာဏာ ကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားနိုင်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ဟာ စစ်တပ်ကို သူ့စိတ်ကြိုက် တလက်ကိုင်တပ်အဖြစ် ကောင်းကောင်းမွန်မွန် မွေးမြူပုံသွင်းထားပြီးပြီဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရတဖွဲ့လုံးဟာလည်း ဗိုလ်ချုပ်ကြီးနေဝင်း ရွေးချယ်နေရာပေးထားသူတွေချည်းသာဖြစ်ပြီး ဗိုလ်ချုပ်ကြီး နေဝင်း ကို ခွာရာတိုင်းနိုင်မယ့်သူ တဦးမှမရှိပါ။ တော်လှန်ရေးကောင်စီတက်လာစက ကြွေးကြော်ထားတဲ့ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကြီးနဲ့ သာယာဝပြောသော ဆိုရှယ်လစ်လောကသစ်သို့ ဆိုတာဟာ လည်း လေထဲကကြွေးကြော်သံသာဖြစ်နေခဲ့ပါတယ်။ အူမမတောင့်လို့ သီလမစောင့်နိုင်သော ဒုက္ခ၊ လူလူချင်း မတရားအမြတ်ထုတ်ပြီး သွေးစုပ်ချယ်လှယ် ခေါင်းပုံဖြတ်ခြင်းခံနေရသောဒုက္ခတို့မှ လွတ်မြောက်စေရမယ်လို့ ကြော်ငြာစိုက်ထူ ကြွေးကြော်ခဲ့ပေမယ့်၊ အူမမတောင့်သူတွေ တနေ့တခြား ပိုမိုများပြားလာတာကြောင့်ပဲ လား၊ အူမတောင့်မှ သီလစောင့်ရေးဆိုတာ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ကြီးရဲ့ ကိုယ်ကျင့် အဘိဓမ္မာ လူထုအကျိုးပြုရေးဆိုတာနဲ့ ခြားနားနေပြီး လူရယ်စရာကြီးလိုဖြစ်နေလို့လား မပြောတတ်ပါ။ "အူမမတောင့်၍ သီလမစောင့်နိုင်သောဒုက္ခ" ဆိုတဲ့ စာသားစကားရပ်ကိုတော့ ဖယ်ရှားပစ်လိုက်ပြီးပြီဖြစ်ပါ တယ်။ ဆိုရှယ်လစ်လောကသစ်သို့ ချီတက်ဖို့ တော်လှန်တိုးတက်တဲ့ နိုင်ငံရေး ဦးဆောင်ပါတီကြီး တရပ်ကသာ ခေါင်းဆောင်သွားရမယ်ဆိုတဲ့ အာဘော်နဲ့ ကိုက်ညီအောင် ဖွဲ့စည်းခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကြီး ဟာလည်း အမြုတေအဆင့်ကိုကျော်လွန်လို့ ပြည်သူ့ပါတီအဆင့် ကူးပြောင်းဖို့ ဆုံးဖြတ်ပြောဆိုပြီးပြီဖြစ်ပါ တယ်။

ဗကပ ကို စစ်အစိုးရက ဖြုတ်–ထုတ်–သတ် ပေါ်လစီကျင့်သုံးနေတယ်လို့ နှာခေါင်းရှုံ့ပြီး တွင်တွင် ရှုတ်ချ ပြောဆိုနေဆဲအချိန်မှာပဲ တော်လှန်ရေးကောင်စီအစိုးရအဖွဲ့အတွင်းမှာလည်း ဖြုတ်ထုတ်ပွဲတွေ ဆက် လက်ဖြစ်ပေါ်နေပါတယ်။ ၇၀ ပြည့် အောက်တိုဘာလထဲမှာ ဗိုလ်မှူးကြီးတန်ယုဆိုင် ကို တော်လှန်ရေး ကောင်စီဝင်အဖြစ်က ဖယ်ရှားလိုက်သလို၊ တလကျော်အကြာမှာ ဗိုလ်မှူးချုပ်တင်ဖေ ကိုလည်း ဖယ်ရှား ထုတ်ပစ်လိုက်ပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးပြီးခြင်း ပေါ်ပေါက်လာခဲ့တဲ့ တော်လှန်ရေးကောင်စီဝင် (၁၇) ဦးမှာ (၉) ဦး မရှိတော့ပါ။ တဝက်ကျော် ပြုတ်သွားခဲ့ပြီဖြစ်ပါတယ်။ သေသွားသူ ဗိုလ်မှူးချုပ်သန်းဖေ

နဲ့ နုတ်ထွက်သွားသူ ဗိုလ်မှူးချုပ်တီကလစ် ကိုဖယ်ပြီး ရေတွက်ရင်တောင် ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ဖြုတ်ထုတ်ထဲမှာပါသွားသူ (၇) ဦးရှိသွားပြီဖြစ်ပါတယ်။ တဝက်လောက်ပြုတ်သွားပြီး အနေအထားဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်တင်ဖေဟာ ဆိုရှယ်လစ်ပါတီခေတ်ကတည်းက ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဗိုလ်မှူးချုပ်တင်ဖေ ကိုပါ ဖယ်ရှားပြီးချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ကို ပခုံးချင်းယှဉ်နိုင်မယ့်သူ၊ ဝါစဉ်မတိမ်းမယိမ်းထဲက တယောက်မှမကျန်တော့ဘူးလို့ ဆိုရမယ်ဖြစ်ပါတယ်။ ကျန်ပုဂ္ဂိုလ်တွေကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ကျွေးလို့မွေးလို့ တင်ပေးလို့ တက်လာခဲ့ရတဲ့လူ တွေချည်းလိုလိုဖြစ်ပါတယ်။

၁၉၇၁ ခုနှစ်ထဲမှာတော့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေရဲ့ လှုပ်ရှားနိုင်မှုအခြေအနေဟာ ပြည်မမှာထက် ပြည်နယ်များမှာ ပိုမိုအင်အားများပြားလာခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ ဗကပ တို့ရဲ့ အရှေ့မြောက်စစ်ဒေသ လွတ်မြောက်နယ်မြေ ပိုမိုကျယ်ပြန့်လာခဲ့သလို ရှမ်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းပေါင်းစုံတို့ရဲ့ လှုပ်ရှားမှုတွေဟာလည်း ပိုမိုများပြားလာခဲ့ပါတယ်။ သခင်ဇင် ခေါင်းဆောင်တဲ့ ပဲခူးရိုးမ ဗကပ ဗဟိုဟာ စစ်အစိုးရရဲ့ထိုးစစ်ကို ရင်ဆိုင်တိုက်ခိုက်ရင်း ဆက်လက် တိုက်ပွဲဆင်ဆဲဖြစ်ပေမယ့် အင်အားအရ၊ စစ်အစိုးရရဲ့ စစ်တပ်အင်အားနဲ့ နှိုင်းယှဉ်ရင် အင်မတန် ကွားခြား နည်းပါးနေပြီဖြစ်ပါတယ်။ ရိုးမတကြောမှာရှိတဲ့ မဒညတ အင်အားဟာလည်း သိသိသာသာ နည်းပါးနေပြီဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ဗကပ နဲ့ မဒညတ အင်အားဟာလည်း တဖြည်းဖြည်း ယုတ်လျော့နေပြီဖြစ်ပါတယ်။

စစ်အစိုးရရဲ့ တခုတည်းသောပါတီ မဆလ ဟာ ၁၉၇၁ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ပိုင်းကစပြီး အမြုတေပါတီကနေ ပြည်သူ့ပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းပါတယ်။ မဆလ ပါတီ စတင်ပေါ်ပေါက်ခဲ့တဲ့ ၆၂ ခုနှစ်၊ ဇူလိုင် (၄) ရက်နေ့ကနေ ၇၁ ခုနှစ်၊ ဧပြီ (၃၀) အထိ ရှစ်နှစ်ကျော် ကိုးနှစ်တာလဟာ မဆလပါတီရဲ့ အမြုတေပါတီအဆင့် ကာလဖြစ်ပါတယ်။ အဲဒီ အမြုတေပါတီကာလအတွင်းမှာ ပါတီယူနစ် ရုံးပေါင်း (၃၁၃)ခု ဖွဲ့စည်းတည်ထောင် ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါတယ်။

၁၉၇၁ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှာ မဆလပါတီရဲ့ ပထမဆုံးအကြိမ် ပါတီညီလာခံကြီး ခေါ်ဆိုကျင်းပပါတယ်။ အဲဒီညီလာခံကြီးကျင်းပချိန်မှာ မဆလပါတီဝင်ဖို့ အဆိုပြုလွှာတင်သွင်းထားသူပေါင်း တသန်းကျော်လောက်ရှိနေပြီလို့ ဆိုပါတယ်။ ပါတီဝင်အဖြစ်အသိ အမှတ်ပြုပြီးသူက (၃) သိန်းကျော်နဲ့ ပါတီမိတ်ဆွေအဆင့်က (၇) သိန်း (၆) သောင်းကျော်ဖြစ်ပါတယ်။ အရေအတွက်အရကြည့်ရင်တော့ တော်တော်များပြားလှပါလားလို့ ယူဆဖွယ်ရာရှိပေမယ့်၊ တကယ်ယုံကြည်လို့ နားလည်လက်ခံလို့ ပါတီဝင်တင်သွင်းအဆိုပြုတာထက် အခွင့်အရေးရမလားလို့ ဝင်လာတာ၊ မဝင်ရင် အလုပ်အကိုင်အတွက် အဆင်မပြေဖြစ်နိုင်လို့ ဝင်လာတာတွေက အများစုကြီးဖြစ်ပါတယ်။ ပထမအကြိမ်ညီလာခံရဲ့ နိုင်ငံရေးအစီအရင်ခံစာအရကို၊ ပါတီဝင် (၃) သိန်းကျော်မှာ (၁) သိန်းကျော်က ပါတီနဲ့ကင်းကွာနေကြောင်း၊ ပါတီမိတ်ဆွေ (၇) သိန်း (၆) သောင်းကျော်မှာ တသိန်းရှစ်သောင်းကျော်က ပါတီနဲ့ ကင်းကွာနေကြောင်း ဖော်ပြထားတာကိုကြည့်ရင် ဘယ်လိုပါတီဝင်အမျိုးအစားတွေလဲဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်။

ပထမအကြိမ် မဆလညီလာခံကနေ စီးပွားရေးစီမံကိန်းတွေကိုလည်း စတင်ချမှတ်လိုက်ပါတယ်။ ပါတီရဲ့ ဦးဆောင်မှုနဲ့ နှစ်တိုနှစ်ရှည် စီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့လို့ဆိုပါတယ်။ နှစ်ရှည်စီမံကိန်းအဖြစ် "အနှစ် (၂၀) စီမံကိန်း" နဲ့ နှစ်တိုစီမံကိန်းအဖြစ် "(၄) နှစ်စီမံကိန်း" တွေဖြစ်ပါတယ်။ "ပထမ (၄) နှစ် စီမံကိန်းကို" ၁၉၇၁-၇၂ မှ ၁၉၇၄-၇၅ အထိ သတ်မှတ်လျာထားလိုက်ပါတယ်။ ဒီစီးပွားရေးစီမံကိန်းတွေနဲ့အညီ ကဏ္ဍအလိုက် အကောင်အထည်ဖော်သွားရေးမှာ " ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း" ဆိုတာကိုလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ "၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း" ဟာ စီမံကိန်း

အနေနဲ့သာရှိသေးပြီး လက်တွေ့ အကောင်အထည်ဖော်ဖို့က ၁၉၇၁–၇၂ မှ ၁၉၇၄–၇၅ အထိ ပထမလေးနှစ် စီးပွားရေးစီမံကိန်းနဲ့ဆက်စပ်ပြီး အကောင်အထည်ဖော်ရေးဖြစ်ပါတယ်။ [၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းရဲ့ဖန်တီးရှင်ကတော့၊ ပမညတထဲကနေ မဆလထဲရောက်လာခဲ့တဲ့ ဦးဘငြိမ် လို့အဆိုရှိပါတယ်။ ဦးဘငြိမ်ဟာ မဆလရဲ့ စီးပွားရေးဆိုင်ရာ ပုရောဟိတ်တဦးအဖြစ် ဦးဦးဖျားဖျား တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

မဆလရဲ့ ပထမအကြိမ်ညီလာခံကြီးအပြီးမှာတော့ မဆလပါတီဟာ ဦးဆောင်ပါတီကြီးအဖြစ် ပိုပြီး အသံမြည်လာခဲ့သလို ပိုပြီးအရေးပါတဲ့ သဏ္ဍာန်ကိုလည်း တိုးတိုးပြီး အသွင်ဆောင်လာခဲ့ပါတယ်။ ၆၂ ခုနှစ် အာဏာသိမ်းချိန်ကစပြီး၊ ၇၁ ခုနှစ်ထဲ ဝင်လာတဲ့အထိ (၉) နှစ်တာကာလလုံးလုံး ဘာစီးပွားရေးပေါ်လစီမှ တိတိကျကျမရှိပဲ လက်တည့်စမ်း ရမ်းကြိတ်နည်းနဲ့ စီးပွားရေးလုပ်ငန်းတခုလုံးကို ကိုင်တွယ်လုပ်ဆောင် အကောင်အထည်ဖော်နေရာကနေ၊ ၁၉၇၁–၇၂ ကစပြီးမှ နှစ်တိုနှစ်ရှည် စီမံကိန်းတွေနဲ့သွားဖို့ တနည်းအားဖြင့် “စီမံကိန်းစီးပွားရေးစနစ်” နဲ့သွားဖို့ စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမရှိပဲ တိုင်းပြည်အုပ်ချုပ် ဗိုလ်လုပ်နေကြတယ်ဆိုတဲ့ လက်ညှိုးထိုးစရာအနေအထားကြီးကိုလည်း ရပ်စဲပစ်နိုင်ဖို့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေဥပဒေသစ် ပေါ်ထွန်းရေးကို စတင်ကိုင်တွယ်ပါတယ်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာ (၂၅) ရက်နေ့မှာ “နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေးကော်မီရှင်” ကို ဖွဲ့စည်းကြေညာပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ်စန်းယု ဖြစ်ပြီး၊ အတွင်းရေးမှူးအဖြစ် (၃) ဦးကတော့ ဗိုလ်မှူးကြီးသန်းစိန်၊ ဒုဗိုလ်မှူးကြီးထွန်းလင်း နဲ့ ဒုဗိုလ်မှူးကြီးကျော်ဇော တို့ဖြစ်ကြပါတယ်။ အများစုကတော့ စစ်တပ်က ဗိုလ်မှူးကြီး၊ ဒုဗိုလ်မှူးကြီးတွေဖြစ်ကြပါတယ်။ (၉၇) ဦးထဲမှာ ပြည်နယ်ဦးစီးအဖွဲ့က သက်ဆိုင်ရာ လူမျိုးစုခေါင်းဆောင်တွေလည်း ထည့်သွင်းထားပါတယ်။ ဦးဒိန်ရတန်၊ ဦးထွန်းရင်၊ ဦးလဝမ်၊ ဦးအေမြလေး၊ ဦးဘူးရယ်၊ ဦးသိုင်းသန်တင်၊ ဒေါက်တာစောလှထွန်း၊ ဦးဆန်ခိုလျှံ၊ ဦးပွတ်ပါ၊၊ ဦးဝမ်သူဟာရှင် စတဲ့ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ အစိုးရနဲ့ပူးပေါင်းလာတဲ့ တောပြန်လက်နက်ချတွေ၊ လက်နက်စွန့် အလင်းဝင်တွေတချို့ကိုလည်း ထည့်သွင်းဖွဲ့စည်းပေးထားပါတယ်။ ဥပမာအားဖြင့် စောဟန်တာသာမွေး၊ ရဲဘော်မြ၊ သခင်တင်မြ စတဲ့သူတွေဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီဟာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပေမယ့် စတင်အာဏာသိမ်းစဉ်က ပါဝင်ဖွဲ့စည်းခဲ့တဲ့ တော်လှန်ရေးကောင်စီဝင် တဝက်ကျော်ဟာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဖြုတ်ထုတ်မှာ ပါသွားပြီဖြစ်တဲ့အတွက် သင့်လျော်တဲ့အရေအတွက်ပြည့်အောင် အစားထိုး ထည့်သွင်းပေးထားရတာတွေ ရှိနေပြီးဖြစ်ပါတယ်။ အဲဒီ နောက်တိုးတော်လှန်ရေးကောင်စီဝင်တွေကတော့ ဗိုလ်မှူးကြီးလွန်းတင်၊ ဗိုလ်မှူးကြီးသောင်းဒန် (လေ)၊ ဗိုလ်မှူးကြီးမောင်လွင် နဲ့ ဗိုလ်မှူးကြီးတင်ဦး တို့ဖြစ်ကြပါတယ်။ ၁၉၇၁ ခုနှစ်မှာတော့ စစ်အုပ်စု ထိပ်သီးကြီးတွေချည်းစုထားသလိုဖြစ်နေတာကို ပုံဖျက်ဖို့ရော၊ မဆလ အတွက် ကောင်းကျိုးပြုသူတွေကို မြှောက်စားဖို့အတွက်ပါ အရပ်သားထဲက ပုဂ္ဂိုလ်တွေကိုလည်း ထည့်သွင်းဖွဲ့စည်းလာခဲ့ပါတယ်။ အဲဒါကြောင့် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လကစပြီး နိုင်ငံတော်ရဲ့ အမြင့်ဆုံး တော်လှန်ရေးကောင်စီအဖွဲ့အစည်းမှာ အဖွဲ့ဝင်ဖြစ်လာခဲ့သူတွေကတော့ ဒေါက်တာမောင်မောင်၊ ဦးဘငြိမ်၊ ဦးဘငြိမ်း နဲ့ မန်းသာမြိုင် တို့ဖြစ်ကြပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေးကော်မီရှင်ဟာ မူကြမ်းရေးဆွဲရေးကော်မီတီ (၉) ရပ် ဖွဲ့စည်းပြီး စတင်ရေးဆွဲပါတယ်။ ပထမအကြိမ် မဆလပါတီညီလာခံကနေ ချမှတ်ပေးထားတဲ့ အခြေခံမူ (၆) ချက်ဆိုတာနဲ့ ကိုက်ညီအောင် ရေးဆွဲရတာဖြစ်ပါတယ်။ အခြေခံမူ (၆) ချက်နဲ့ ဆန့်ကျင်ကွဲလွဲ

မလာရေးအတွက် စစ်ဗိုလ်ထိပ်သီးကြီးတွေကိုယ်တိုင်က ကော်မီတီတိုင်းမှာပါဝင်ပြီး အနီးကပ်ကွပ်ကဲ ဦးစီးထားပြီးဖြစ်ပါတယ်။

တခုတည်းသော မဆလ ပါတီက ပြည်သူ့ပါတီအဆင့်ဆိုပြီး ကူးပြောင်းဖွဲ့စည်းနေချိန်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကြီးကိုလည်း စတင်ပြုစုရေးဆွဲနေချိန်၊ စီမံကိန်းစီးပွားရေးစနစ်ကြီးကို ချမှတ်ပြီး နှစ်တိုနှစ်ရှည် စီးပွားရေးစီမံကိန်းတွေအတွက် "ပထမ (၄) နှစ်စီမံကိန်း" ရဲ့ ပထမနှစ်အတွက် တာစူ အကောင်အထည်ဖော်စပြုနေချိန်မှာ စစ်အစိုးရရဲ့ အဓိကနံပါတ် (၁) အတိုက်အခံ ဗကပ ဆီကနေ စစ်ရေးအရ အားစမ်းမှုကြီးတခု ပေါ်ထွက်လာခဲ့ပါတယ်။ ပဲခူးရိုးမ ဗဟို ဗကပ ဆီကလာတာမဟုတ်ဘဲ အရှေ့မြောက်စစ်ဒေသ ဗကပ များဆီကလာတဲ့ စစ်ဆင်မှုကြီးဖြစ်ပါတယ်။ အဲဒါကတော့ "ကွမ်းလုံ ရက် (၄၀) တိုက်ပွဲကြီး" ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။

အဲဒီ ကွမ်လုံ ရက် (၄၀) တိုက်ပွဲကြီးမပေါ်ပေါက်မီ စစ်အစိုးရ အကြပ်အတည်းတွေ့ခဲ့ရတဲ့ တိုက်ပွဲတခုကတော့ "ကိုကိုးကျွန်း အစာတော်ခံတိုက်ပွဲကြီး" ဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲ မဟုတ်ပေမယ့် စစ်အစိုးရအဖို့ ဘယ်လိုဖြေရှင်းရမှန်းမသိနိုင်တော့လောက်အောင် အခက်အခဲကြုံခဲ့ရပါတယ်။ စစ်အစိုးရရဲ့ ရက်ရက်စက်စက် ယုတ်ယုတ်မာမာ ပြုလုပ်ထားခဲ့တဲ့ ကိုကိုးကျွန်းအကျဉ်းထောင်စခန်းထဲကနေ အစိုးရရဲ့ ရက်စက်ယုတ်မာမှုတွေကို အံတုပြီး စိန်ခေါ်တိုက်ပွဲဆင်လိုက်တဲ့ ကိုကိုးကျွန်းရောက် နိုင်ငံရေးအကျဉ်းသားများရဲ့ "အကျဉ်းထောင်တွင်းတိုက်ပွဲကြီး" ဖြစ်ပါတယ်။ အကျဉ်းထောင်တွင်းတိုက်ပွဲရဲ့ အမြင့်ဆုံးသဏ္ဍာန်ဖြစ်တဲ့ "အစာတော်ခံတိုက်ပွဲ" ဖြစ်ရုံမက၊ ကိုကိုးကျွန်းအကျဉ်းစခန်းကို ဖျက်သိမ်းမပေးမခြင်း တယောက်မကျန် အစာတော်ခံ အသေခံတိုက်ပွဲဝင်သွားမယ်ဆိုတဲ့ အမြင့်ဆုံးတိုက်ပွဲကြီးဖြစ်ပါတယ်။ ကိုကိုးကျွန်းပို့ခံရတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ စစ်အစိုးရရဲ့ မတရားသဖြင့် ဖိနှိပ်မှုကို ငြိမ်ခံနေခဲ့ကြတာမဟုတ်ပဲ (၇) ရက်၊ (၂၇) ရက်၊ ရက် (၄၀) စတဲ့ အစာတော်ခံတိုက်ပွဲတွေနဲ့ အကြိမ်ကြိမ် တုန့်ပြန်တိုက်ပွဲဆင်ခဲ့ကြပြီး၊ ကျွန်းမဖျက်သိမ်းမချင်း အသေခံ အစာတော်ခံ တိုက်ပွဲဆင်မှုကြီးကိုတော့ (၈၊ ၆၊ ၁၉၇၁) ရက်နေ့မှာ စတင်ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။ ကရင်အမျိုးသား နိုင်ငံရေးသမား မန်းအောင်ကြည်၊ မန်းငြိမ်းမောင် (ယခု ကေအင်ယူဗဟိုကော်မတီဝင်) နဲ့ ကိုအောင်ငွေ (ဗမာပြည်ကွန်မြူနစ်ပါတီဝင်) တို့လို ပုဂ္ဂိုလ်တွေကတော့ စစ်အစိုးရရဲ့ လူမသိ သူမသိ ကိုကိုးကျွန်းရေလည်မှာထားတာကို ဒီအတိုင်း ငြိမ်ခံမနေပဲ၊ ခဲရာခဲဆစ် အခက်အခဲအမျိုးမျိုးကြား လျှို့ဝှက်မှုအမျိုးမျိုးကြားကနေ လှေဖောင်ငယ်တခု ဖြစ်အောင်ပြုလုပ်ပြီး၊ ပင်လယ်ပြင်ကို ရင်ဆိုင်၊ မုန်တိုင်းကိုယှဉ်ပြိုင်ရင်း မနိုင်နိုင်အောင် ဖြတ်သန်းကျော်လွှားကာ လွတ်မြောက်ရေးလမ်းကို ကိုယ့်ဟာကိုယ်ရွေးချယ်သွားကြတာမျိုးလည်းရှိပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ရဲဘော်အများစုကတော့ အစာတော်ခံတိုက်ပွဲလမ်းကြောင်းကိုရွေးချယ်လိုက်ပြီး၊ စစ်အစိုးရကို စိန်ခေါ်တိုက်ပွဲဆင်ခဲ့ကြပါတယ်။ ဒီသမိုင်းဝင် ကိုကိုးကျွန်းအစာတော်ခံတိုက်ပွဲကိုဖော်ဖို့ တိုက်ပွဲကော်မတီကို ဦးဆောင်ခဲ့သူကတော့၊ လေထီးဗိုလ်အုံးမောင် ဖြစ်ပါတယ်။ ဦးဆောင်ကော်မီတီမှာ ဆရာရာဂျန်လည်းပါပါတယ်။

(၅၃) ရက်ကြာ စံချိန်တင် အစာတော်ခံတိုက်ပွဲဝင်ခဲ့ကြပြီးတဲ့နောက် စစ်အစိုးရက အရှုံးပေးလိုက်ရပါတယ်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာ (၁၃) ရက်နေ့မှာ ကိုကိုးကျွန်းအကျဉ်းထောင်ကို လုံးဝဖျက်သိမ်းပေးခဲ့ရပါတယ်။ အောင်ပွဲရ (၅၃) ရက်ကြာ ကျွန်းဖျက်သိမ်းရေး အစာတော်ခံတိုက်ပွဲအတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဝင် နိုင်ငံရေးအကျဉ်းသား (၈) ဦး အသက်ပေးခဲ့ရပါတယ်။ အသက်ပေးသွားကြရတဲ့ လူတွေကတော့ (၁) ရဲဘော်သိန်းကြည် (အလုပ်သမားသမဂ္ဂ – သံလျှင်ရေနံချက်စက်ရုံ)၊ (၂) ရဲဘော်အုံးမော် (တပ်မတော်–ရေ)၊

(၃) ရဲဘော်ချစ်ဆွေ (ဗကသ၊ ပြည်)၊ (၄) ရဲဘော်ထွန်းမြင့် (အမှုထမ်းသမဂ္ဂ)၊ (၅) ရဲဘော်စိန်ချင်း (အလုပ်သမားသမဂ္ဂ–သံလျှင်ရေနံချက်စက်ရုံ)၊ (၆) ရဲဘော်လေးမောင် (ဗကသ–မန်းတက္ကသိုလ်)၊ (၇) ရဲဘော်မောင်မောင်စိုး (ကျောင်းသား)၊ (၈) ရဲဘော်ထွန်းဝင်း (တပ်မတော်–လေ) တို့ဖြစ်ကြပါတယ်။

အစာတော်ခံတိုက်ပွဲကြောင့် အသက်မသေဆုံးလိုက်ရပေမယ့် အကြီးအကျယ်ဝေဒနာခံစားရပြီး၊ တသက်လုံး ဒုက္ခိတဖြစ်သွားရသူ၊ နာတာရှည်ဖြစ်သွားရသူတွေလည်း ရှိခဲ့ပါတယ်။ ဝါးခယ်မ ဦးတင်ရီ၊ ဘိုကလေး ကိုလှကြည် (ဗကသ)၊ သုံးခွကိုစိန်ဝင်း (ဗကသ) တို့တွေဖြစ်ကြပါတယ်။

[စစ်အစိုးရက ကိုကိုးကျွန်းကို ဖျက်သိမ်းပေးလိုက်ရပြီး၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြည်မအကျဉ်းထောင် (အင်းစိန်ထောင်) ကို ပြန်ပို့ပေးခဲ့ရပါတယ်။ အင်းစိန်ထောင်ကနေ (၄) သုတ်ခွဲပြီး ပြန်လွှတ်ပေးခဲ့ရပါတယ်။ ၁၉၇၃ ခုနှစ်၊ ဧပြီလထဲမှာ နောက်ဆုံးအသုတ်အဖြစ် ပြန်လွှတ်ပေးခဲ့ပါတယ်။]

၁၉၇၁ ခုနှစ်၊ နိုဝင်ဘာ (၁၃) ရက်နေ့ ကိုကိုးကျွန်းအကျဉ်းထောင် ဖျက်သိမ်းပေးလိုက်ရတဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီဝင် နိုင်ငံရေးအကျဉ်းသားတွေရဲ့တိုက်ပွဲအပြီး ရက်ပိုင်းအတွင်းမှာပေါ်ပေါက်လာခဲ့တာကတော့ အရှေ့မြောက်စစ်ဒေသ ဗကပ ရဲ့ "ကွမ်းလုံ ရက် (၄၀) တိုက်ပွဲကြီး" ပဲဖြစ်ပါတယ်။

ကွမ်းလုံ ရက် (၄၀) တိုက်ပွဲကြီးဟာ ၇၁ ခုနှစ်၊ နိုဝင်ဘာ (၁၉) ရက်ကနေ ဒီဇင်ဘာ (၂၈) ရက်နေ့အထိဖြစ်ပါတယ်။ အရှေ့မြောက် ဗကပ တို့ရဲ့ သံလွင်အနောက်ခြမ်းဒေသတည်ဆောက်ရေး ရည်မှန်းချက်အတွက် ဆင်နွှဲဖော်ထုတ်ခဲ့တဲ့ တိုက်ပွဲကြီးဖြစ်ပါတယ်။ နိုဝင်ဘာ (၃၀) ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ နာမည်ကျော် 'ဟိုက်ကမ်းပါးတိုက်ပွဲ' အပါ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်မျိုးစုံ ဖြစ်ပွားခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ (အရှေ့မြောက်စစ်ဒေသ) ဘက်က တပ်ရင်း (၃၀၃၅)၊ (၄၀၄၅)၊ (၄၀၄၆)၊ (၄၀၄၇)၊ (၄၀၄၈) နဲ့ တပ်ရင်း (၃၀၃၁)၊ (၃၀၃၇) တို့ကို အသုံးပြုကာ တိုက်ပွဲဆင်ခဲ့ပါတယ်။ စစ်အစိုးရဘက် အဆိုအရ အင်အား (၄၀၀၀) ကျော်ကို အသုံးပြုခဲ့တယ်ဆိုပါတယ်။

စစ်အစိုးရဘက်က နယ်လှည့်စစ်ဗျူဟာ (၁) နဲ့ တပ်ရင်း (၄) ရင်း၊ ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်နဲ့ တပ်ရင်း (၅) ရင်းတို့အပြင် ကွမ်းလုံရှိ ရဲတပ်ဖွဲ့ဝင်များနဲ့ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကိုပါအသုံးပြုပြီး တိုက်ခိုက်ခဲ့ပါတယ်။ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကတော့ 'လော်စစ်ဟန်' ရဲ့ တပ်ဖွဲ့များဖြစ်ပါတယ်။ နှစ်ဘက်အကျဆုံးများတဲ့ တိုက်ပွဲကြီးတွေ ဖြစ်ပွားခဲ့ကြပြီး အစိုးရလေတပ်ကပါ ဗုံးကြဲဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

ဝင်ရောက်တိုက်ခိုက်ခဲ့ကြတဲ့ အရှေ့မြောက်စစ်ဒေသ ဗကပ များ 'ကွမ်းလုံ' ကနေ ဆုတ်ခွာသွားခဲ့ပေမယ့် အရှေ့မြောက်စစ်ဒေသ ဗကပ များရဲ့ အင်အားတိုးပွားလာမှုအပေါ် စစ်အစိုးရအနေနှင့် နဖူးတွေ့၊ ဒူးတွေ့ ကြုံဆုံရင်ဆိုင်ရင်း မျက်လုံးပြူးစရာ အခြေအနေဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် တရုတ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီကို နိုင်ငံရေးအရ ထောက်ခံရုံမက၊ လိုအပ်တဲ့ စစ်ဆင်ရေးအကူအညီတွေပါ အပြည့်အဝ ပေးလာတာအပေါ် အကြီးအကျယ် စိုးရိမ်စိတ်ပူစရာဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် ပဲခူးရိုးမ ဗကပ ဗဟိုနဲ့ အရှေ့မြောက် ဗကပ လွတ်မြောက်နယ်မြေ တဆက်တည်း လမ်းကြောင်းပွင့်သွားမှာ တုန်လှုပ်စရာဖြစ်လာပါတယ်။

ဗီယက်နမ်မှာ မြောက်ဗီယက်နမ် နဲ့ တောင်ဗီယက်နမ် ဟိုချီမင်းလမ်းကြောင်း ပွင့်သွားခဲ့သလိုမျိုး၊ ပဲခူးရိုးမ နဲ့ အရှေ့မြောက်စစ်ဒေသလမ်းကြောင်း ပွင့်သွားမှာ ထိန့်လန့်တုန်လှုပ်လာပါတယ်။ ဒါကြောင့် ရာထူးကနေ ကန်ထုတ်ပစ်ခြင်းခံထားရတဲ့ ဗိုလ်ချုပ်မှူးဟောင်း အောင်ကြီး လိုလူကလည်း "ဘယ်လိုနည်းနဲ့မှ ဟိုချီမင်းလမ်းကြောင်းကြီးတော့ ပွင့်မသွားပါစေနဲ့၊ တရုတ်ကိုသွားတောင်းပန်ပါ။ ကြေရာကြေကြောင်း ကြိုး

ပမ်းပါ။ အဲ့ဒီအတွက် သူ့ကိုလွှတ်ပါ။ သူသွားပြီး ကြိုးပမ်းပါရစေ'' လို့ ဗိုလ်ချုပ်ကြီးနေဝင်းကို စာရေးတင်ပြတယ်ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း က ဗိုလ်အောင်ကြီးကို မလွှတ်ပါ။ သူကိုယ်တိုင်သွားတောင်းပန်ဖို့ စိုင်းပြင်းပါတယ်။

ကွန်မြူနစ်ဆန့်ကျင်ရေးရဲ့ ဦးစီးခေါင်းဆောင်လည်းဖြစ်၊ ဗီယက်နမ်စစ်ပွဲအတွင်း နူတ်မရအောင်ခြေကျွံနေမိရင်း အရှုံးပေါင်းများစွာကို နေ့စဉ်ကြုံတွေ့နေရသူလည်းဖြစ်၊ ကမ္ဘာ့ဗိုလ်ကြီး တဗိုလ်လည်းဖြစ်တဲ့ အမေရိကန်ကတောင် တရုတ်ပြည်နဲ့ သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်ဖို့ ကြိုးပမ်းနေချိန်၊ (၁၉၇၁ ခုနှစ်ထဲမှာပဲ အမေရိကန်သမတ နစ်ဆင်ဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းနဲ့ ပင်ပေါင်ကစားဖို့ ပင်ပေါင်ချစ်ကြည်ရေး (တရုတ်–အမေရိကန်ဆက်ဆံရေး) ကို အရေးတယူ ပြင်ဆင်နေရချိန်လည်းဖြစ်ပါတယ်။) နိုင်ငံတကာ့မျက်နှာစာမှာ တရုတ်ပြည်ရဲ့အခန်းကို အမေရိကန်ကတောင် အလေးထားလာရချိန်မှာ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ဗမာပြည်အဖို့ ပိုလို့တောင် အရေးကြီးတယ်ဆိုတာ သဘောပေါက်ရင်း၊ လက်တွေ့အရ ပိုပိုပြီးတုန်လှုပ်လာတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ တရုတ်ပြည်ကို သွားရောက် မျက်နှာချိုသွေးဖို့ အစွမ်းကုန်ပြင်ဆင်ပါတယ်။

၁၉၇၁ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့မှာ၊ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တရုတ်ပြည်ကိုသွားပြီး လေပြေထိုးခရီး အကောင်အထည်ဖော်ပါတယ်။

၁၉၇၂ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှာ စနစ်သစ်အုပ်ချုပ်ရေးဆိုတာကို တော်လှန်ရေးကောင်စီက စတင်ဖော်ဆောင်ပါတယ်။ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကနေ ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားအတွက် အထောက်အကူဖြစ်ဖို့ 'ကြားကာလ အုပ်ချုပ်ရေးစနစ်သစ်' တရပ်ကို စတင်အကောင်အထည်ဖော်တာလို့ ဆိုပါတယ်။ အဲ့ဒီအုပ်ချုပ်ရေးစနစ်သစ်အရ တလျှောက်လုံး တည်ရှိလာခဲ့တဲ့ ''အတွင်းဝန်များရုံး'' ကို ဖျက်သိမ်းလိုက်ပါတယ်။ ဝန်ကြီးဌာနတွေကို အသစ်ပြန်လည်ဖွဲ့စည်းပါတယ်။ ''လုံခြုံရေးနဲ့ အုပ်ချုပ်ရေးကော်မီတီ'' အဆင့်ဆင့်မှာ မဆလပါတီနဲ့ ပါတီက ဦးဆောင်ဖွဲ့စည်းပေးထားတဲ့ လူထုလူတန်းစား အဖွဲ့အစည်းဆိုတာတွေက ရွေးချယ်ပေးထားတဲ့ ''ပြည်သူ့ကိုယ်စားလှယ်'' ဆိုတာတွေပါ ပါဝင်ဖွဲ့စည်းတဲ့စနစ်ကို စတင်လုပ်ဆောင်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ အဖွဲ့လိုက် စုပေါင်းခေါင်းဆောင်မှုစနစ်လို့ဆိုပါတယ်။

၁၉၇၂ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ စစ်တပ်ထိပ်သီး အကောင်ကြီး (၂၁) ဦး၊ ယူနီဖောင်းချွတ် အဝတ်အစားလဲကြပါတယ်။ ပေါ်လာလတ္တံ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်နဲ့ ချိန်သားကိုက်အောင် ကြိုတင်ပြင်ဆင်ပြီး အကြံနဲ့ အငြိမ်းစားယူ လူဝတ်လဲလိုက်ကြတာဖြစ်ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဗိုလ်နေဝင်း ရွေးချယ်အပ်နှင်းထားခဲ့သူက ဗိုလ်မှူးချုပ်စန်းယု ဖြစ်ပါတယ်။

၁၉၇၂ ထဲမှာပဲ သတင်းစာနဲ့ ဂျာနယ်မဂ္ဂဇင်းစာစောင် (၅၀) ကျော် ထုတ်ဝေခွင့် ပိတ်ပင်ရပ်ဆိုင်းလိုက်ပါတယ်။ ပြည်ထဲရေးနှင့် သာသာနာရေးဝန်ကြီးဌာနအမိန့်နဲ့ ပိတ်ပင်ရပ်ဆိုင်းစေခဲ့တာဖြစ်ပါတယ်။ စာအုပ်စာပေ ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းတွေအားလုံးကိုရော ''စာပေစိစစ်ရေးဘုတ်အဖွဲ့''ဆိုတာကိုပါ အရင်က ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှာ ထားရှိခဲ့ရာက၊ ၁၉၇၀ ပြည့်နှစ်ကစပြီး ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနလက်အောက် ပြောင်းရွှေ့ထားခဲ့ပြီး၊ ပြည်ထဲရေးဌာနက တင်တင်းကြပ်ကြပ်ကိုင်တွယ်ထားခဲ့တာဖြစ်တဲ့အတွက်၊ စာနယ်ဇင်း (၅၀) ကျော်ကို ထုတ်ဝေခွင့်ပိတ်ပင်တဲ့အခါ ပြည်ထဲရေးဝန်ကြီးဌာနအမိန့်နဲ့ ပိတ်ပင်စေခဲ့တာဖြစ်ပါတယ်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးစိန်မြ လက်မှတ်နဲ့ ပိတ်ပင်ခဲ့တာဖြစ်ပါတယ်။

စစ်အစိုးရတက်လာကတည်းက စာနယ်ဇင်းလွတ်လပ်ခွင့်တွေ တရစ်ပြီးတရစ် လုံးပါးပါးလာရသလို စာပေအနုပညာလောကကြီးတခုလုံးနဲ့ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာ နယ်ပယ်အားလုံး တဆင့်ပြီးတဆင့် ကပ်သင့်ခဲ့ရပါတယ်။ ပိတ်ပင်ရပ်ဆိုင်းခြင်းခံလိုက်ရတဲ့ စာနယ်ဇင်းပေါင်း (၅၀) ကျော်ထဲမှာ ရန်ကုန်သတင်းစာနဲ့ အိုးဝေ၊ ရှုဒေါင့်၊ ပြည်သူ့ကြယ်၊ ရွှေတူ နဲ့ သတင်းဂျာနယ်စတဲ့ ဂျာနယ်တွေပါ ပါသွားခဲ့ပါတယ်။ နာမည်ကြီးဂျာနယ်တွေအားလုံးလောက်နီးပါး အပိတ်ခံလိုက်ရတဲ့ အခြေအနေဖြစ်ပါတယ်။

၁၉၇၂ ခုနှစ်ထဲမှာပဲ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးရဲ့ ဖြုတ်ထုတ်ပွဲမှာ ပါဝင်သွားသူတွေကတော့ ပထမဆုံး အလုပ်သမားကောင်စီဥက္ကဋ္ဌကြီးဖြစ်ခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးလည်းဖြစ်၊ တော်လှန်ရေးကောင်စီဝင်လည်းဖြစ်တဲ့ ဗိုလ်မှူးကြီးမောင်ရွှေနဲ့ မကြာသေးတဲ့ကာလကမှ စာနယ်ဇင်းပေါင်း (၅၀) ကျော်ကို ပိတ်ပင်ရပ်ဆိုင်းစေရာမှာ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့တဲ့ ပြည်ထဲရေးနှင့် သာသနာရေးဌာနဝန်ကြီး ဗိုလ်မှူးကြီးစိန်မြ တို့ဖြစ်ပါတယ်။

၁၉၇၂ ခုနှစ်၊ စက်တင်ဘာ (၁၈) ရက်နေ့မှာ "ဗဟိုရိုးမစစ်ဆင်ရေးဌာနချုပ်" ဆိုတာကို စတင်ဖွင့်လှစ်ပါတယ်။ ဗဟို ရိုးမစစ်ဆင်ရေးဌာနချုပ်ဟာ "အထူးစစ်ဆင်ရေးဌာနချုပ်" ဖြစ်ပြီး ရိုးမတကျောရှိ ဗကပနဲ့ မဒညတ ကို အပြုတ်တိုက်ရေးအတွက် သီးသန့် ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ အထူးစစ်ဆင်ရေးဌာနချုပ်ရဲ့ ဌာနချုပ်မှူးအဖြစ် ဗိုလ်မှူးကြီးခင်အုန်းကို တာဝန်ပေးပါတယ်။ (ဗိုလ်မှူးကြီးခင်အုန်းကို ရန်ကုန်တိုင်း တိုင်းမှူးအဖြစ် ခေါ်ယူလိုက်တဲ့အခါ ဌာနမှူးအဖြစ် အလယ်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီးသန်းတင် ကို တာဝန်အပ်နှင်းပါတယ်။)

ဗဟိုရိုးမစစ်ဆင်ရေးဌာနချုပ်ဟာ ပဲခူးရိုးမတော်လှန်ရေး အခြေခံနယ်မြေကြီးတခုလုံး ပြိုပျက်ကွယ်ပျောက်ရေးအတွက် စစ်ရေး နဲ့ နိုင်ငံရေးပါ ပူးတွဲစစ်ဆင်ရန်ဆိုပြီး "အောင်စိုးမိုးစစ်ဆင်ရေး" ကို စတင် အကောင်အထည်ဖော်ပါတယ်။

ပဲခူးရိုးမမှာ ဖြူးချောင်းဖျားမှာ တောင်ပေါ်ရွာ (၇) ရွာ၊ ရဲနွယ်ချောင်းဖျားမှာ တောင်ပေါ်ရွာ (၁၄) ရွာ၊ ပဲခူးချောင်းဖျားမှာ တောင်ပေါ် (၉) ရွာနဲ့ ရိုးမဝန်းကျင်တကျောမှာ ဆန်ရေစပါး ပေါများတဲ့ ရွာကြီးရွာငယ်ပေါင်း (၁၂၅၀) ကျော်ရှိတဲ့အတွက် တော်လှန်ရေးအင်အားစုတွေရဲ့ အခြေခံဒေသလိုဖြစ်နေတာကို စစ်အစိုးရက မရှုစိမ့်နိုင်အောင်ဖြစ်နေပါတယ်။ ရိုးမမှာရှိတဲ့ တောင်ပေါ်ကရင်များ၊ မြေပြန့်ဗမာများ၊ ရိုးမအနောက်ခြမ်း ချင်းတိုင်းရင်းသားများကလည်း တော်လှန်ရေးအင်အားစုတွေအပေါ် တလျှောက်လုံး အကူအညီပေးနေကြတာအပေါ် မကျေမနပ်နိုင်ဖြစ်နေခဲ့ကြပါတယ်။ အဲ့ဒါကြောင့် ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တွေလုပ်တဲ့နည်းကိုယူပြီး ရွာတွေကို ချုပ်ကိုင်နိုင်ရေး၊ လိုအပ်သလို စုစည်းပစ်ရေးတွေလုပ်ဖို့ စတင်အကောင်အထည်ဖော်ပါတယ်။ တောင်ပေါ် (၁၄) ရွာကို အတင်းအဓမ္မ ပြောင်းရွှေ့နေရာချထားရေးကို အစီအစဉ်ရှိရှိ စတင်ပါတယ်။ တောင်ပေါ်ရွာတွေအားလုံး အကြီးအကျယ် ဒုက္ခရောက်ကြပါတယ်။ သူပုန်တွေဆီ စားနပ်ရိက္ခာ မရောက်ရေးအတွက် ရွာတွေမှာ ဆန်တောင်အပိုမထားရဆိုတဲ့ အမိန့်ချမှတ်ပြီး တင်းတင်းကြပ်ကြပ် ချုပ်ကိုင်တာလုပ်ပါတယ်။

စစ်အစိုးရရဲ့ အရှိန်မြှင့်စစ်ဆင်လာမှုကို ဗကပ တို့ရဲ့ "အောင်ဇေယျတပ်"၊ ဗကပ နဲ့ မဒညတ တို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ "အောင်နိုင်တပ်" တွေက ပြန်လည်တုန့်ပြန်တိုက်ခိုက်ကြပါတယ်။

စစ်အစိုးရကို ဦးတည်တိုက်ခိုက်ရာမှာ ကွဲလွဲမှုမရှိပေမယ့်၊ အဖွဲ့အစည်းအတွင်းဆိုင်ရာ သဘောထားအမြင် ကွဲလွဲမှုတွေကတော့ တချို့အဖွဲ့အစည်းတွေအတွင်းမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဥပမာ အားဖြင့် ကေအင်ယူ အဖွဲ့အစည်းတွေအတွင်းမှာ ရှိသလို၊ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာလည်း ရှိခဲ့ပါတယ်။

၁၉၅၆ ခုနှစ်က ဥက္ကဋ္ဌ မန်းဘဇံ ခေါင်းဆောင်တဲ့အဖွဲ့နဲ့ ဗိုလ်ချုပ်မြ ခေါင်းဆောင်တဲ့ အဖွဲ့ရယ်လို့ ကေအင်ယူ အဖွဲ့ကြီးအတွင်း ကွဲခဲ့ကြမှုရှိရာက ၁၉၇၂ ခုနှစ်၊ ပဲခူးတိုင်း ကွန်ဂရက်မှာ မန်းဘဇံ အုပ်စုနဲ့ ဗိုလ်ချုပ်ကော်ထူး ခေါင်းဆောင်တဲ့ အုပ်စုဆိုပြီး ထပ်ကွဲပါတယ်။ မန်းဘဇံ တို့က ဗိုလ်ချုပ်မြ တို့နှင့် ပြန်ပေါင်းပြီး "ကေအင်ယူ တပ်ဦး" ဖွဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းမှာလည်း ဥက္ကဋ္ဌ သခင်ဇင်၊ အတွင်းရေးမှူး သခင်ချစ် တို့ခေါင်းဆောင်တဲ့ ဗကပ ရိုးမဗဟိုနဲ့ အဝေးရောက်ကော်မီတီ သခင်ဗသိန်းတင်ခေါင်းဆောင်တဲ့ အရှေ့မြောက်စစ်ဒေသ ဗကပ အကြား အမြင်မတူတာတွေ ရှိခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ တခုတည်းသော ပါတီအဖြစ် တစည်းတလုံးတည်းရှိပေမယ့် ပါတီကွန်ဖရင့် ဒါမှမဟုတ် ဗဟိုကော်မီတီ စုံညီအစည်းအဝေး ကျင်းပပြုလုပ်နိုင်ခြင်းမရှိတဲ့အတွက် မတူတဲ့အမြင်တွေဟာ သီးခြားစီလို ဖြစ်ပေါ်တည်ရှိနေပါတယ်။ ဥပမာအားဖြင့် ပဲခူးရိုးမ ဗကပ ဗဟိုက ဖြတ်ထုတ်သတ်လမ်းစဉ်အမှားနဲ့ "ဂွင်ထဲကမထွက်ရေး" စစ်ရေးလမ်းစဉ်အမှားကြီးကို ဆက်လက်ဆုပ်ကိုင်ထားနေစဉ်မှာ သခင်ဗသိန်းတင် တို့ အဝေးရောက်ကော်မီတီက ဖြတ်ထုတ်သတ်လမ်းစဉ်ကို လက်တွေ့လုပ်ဆောင်ခြင်း မပြုခဲ့ပါ။ လက်ခံခြင်းလည်းမပြုခဲ့လို့ ဆိုပါတယ်။ တပ်ပေါင်းစုကိစ္စနဲ့ ပတ်သက်ပြီးလည်း ဥက္ကဋ္ဌ သခင်ဇင် နဲ့ သခင်ချစ်တို့က 'မဒညတ' အပြင် ကေအင်ယူက တခြားလူမျိုးစုပါတီ အဖွဲ့အစည်းများနဲ့ 'တပ်ဦး' ဖွဲ့တာကို နားလည်လက်ခံ သဘောတူညီမှုရှိပေမယ့်၊ သခင်ဗသိန်းတင်တို့က 'မဒညတ' ရှိပြီးဖြစ်လျက် လူမျိုးစုတပ်ပေါင်းစုတပ်ဦး ဖွဲ့စည်းတာ ကေအဲန်ယူအနေနဲ့ မလုပ်သင့်လို့ အမြင်ရှိပါတယ်။

သဘောမတူညီမှုအမြင် ကွဲပြားမှုတွေဟာ သဘာဝကျစွာ ရှိနေကြတာဖြစ်ပေမယ့် ဘုံရန်သူ စစ်အစိုးရကို ဦးတည်တိုက်ခိုက်ရေးအပေါ်မှာတော့ ကွဲလွဲခြားနားမှုမရှိကြပါ။ စစ်အစိုးရက တော်လှန်ရေးအင်အားစုတွေ အသီးသီးပေါ် တဆင့်တိုး စစ်ဆင်တိုက်ခိုက်လာမှုကိုလည်း ပြတ်ပြတ်သားသား ပြန်လည်ရင်ဆိုင် တုန့်ပြန်တိုက်ခိုက်ကြပါတယ်။

ရှမ်းပြည်နယ်ထဲမှာ ရှိနေကြတဲ့ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းမျိုးစုံဟာလည်း တဖက်က စစ်အစိုးရကို တုန့်ပြန်ရင်ဆိုင်ရင်း၊ တဖက်က ဗကပ အရှေ့မြောက်စစ်ဒေသ ပေါ်ထွန်းကြီးပွားလာတာအပေါ် မတူညီတဲ့ သဘောထားအမြင်တွေ ချမှတ်ကျင့်သုံးလာပါတယ်။

စစ်အစိုးရက ဖွဲ့စည်းပေးထားတဲ့ ကာကွယ်ရေးအဖွဲ့များကတော့ အဓိကအားဖြင့် ဘိန်းကို တိုးချဲ့လုပ်ကိုင်နေကြတဲ့အတွက် ဘိန်းထုတ်လုပ်မှု တိုးတက်များပြားလာရုံမက 'ဘိန်းဖြူချက်စက်ရုံ' တွေပါ ပေါ်ပေါက်လာနေပြီဖြစ်ပါတယ်။ (စစ်အစိုးရရဲ့ အဆိုအရကို ဘိန်းဖြူချက်စက်ရုံ (၁၄) ရုံ ရှိနေပြီဖြစ်ပါတယ်။)

အရှေ့မြောက်ဒေသ ဗကပ ကြီးထွားလာတဲ့အတွက် စစ်အစိုးရက စစ်ရေးနည်းနဲ့ပါမက နိုင်ငံရေးနည်းနဲ့ပါ ကစားကွက်အသစ်တွေထွင်ပြီး ဗကပ ကို တားဆီးဖို့ ပြင်ဆင်ပါတယ်။ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းတချို့ကို ဖဲ့ထုတ်နိုင်ဖို့၊ စည်းရုံးနိုင်ဖို့ လုပ်ပါတယ်။ ၁၉၇၂ ခုနှစ်ထဲမှာ "ကေအိုင်အေ" နဲ့ စစ်အစိုးရ လျှို့ဝှက်တွေ့ဆုံပြီး ငြိမ်းချမ်းရေးစကားပြောဆိုကြပါတယ်။ ဒါပေမယ့် စစ်အစိုးရမျှော်လင့်သလို ဖြစ်မလာပဲ လျှို့ဝှက်ဆွေးနွေးမှု ပျက်ပြားသွားခဲ့ပါတယ်။

ဗမာပြည် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှု ရေစီးကြောင်းကြီးအတွင်း မလွဲမရှောင်သာ ရောက်ရှိလာရတဲ့ လက်ယာနိုင်ငံရေးအင်အားစုကလည်း စစ်အစိုးရကို လက်နက်ကိုင်တိုက်ခိုက်ဖို့ စီမံချက်ချပြီး စတင်လှုပ်ရှားလာခဲ့ပါတယ်။ ဦးနု ဦးဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီက ဗိုလ်ညိုမှိုင်းနဲ့ ကိုစိုးခိုင်တို့ ဦးစီးတဲ့ (၃၄) ယောက်အဖွဲ့ဟာ ရေလမ်းခရီးနဲ့ မြစ်ဝကျွန်းပေါ်ဒေသအတွင်း လျှို့ဝှက်ဝင်ရောက်လာကြပါ

တယ်။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း လက်နက်ကိုင်လှုပ်ရှားမှု အကောင်အထည်ဖော်ဖို့ဖြစ်ပါတယ်။ စက်တင်ဘာ (၂၃) ရက်နေ့မှာ ထိုင်းနိုင်ငံ ရနောင်းကနေထွက်လာခဲ့ပြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ရွာအနီး ကိုင်းသောင်ကျွန်းပေါ် စတင်ဝင်ရောက်ခဲ့ကြပါတယ်။

စစ်အစိုးရက (၂၇၊ ၉၊ ၇၂) နေ့ကနေ (၂၁၊ ၁၀၊ ၇၂) နေ့အထိ သတ်မှတ်ထားတဲ့ "ထော်ပိုင်စစ်ဆင်ရေး" နဲ့ အပြတ်ချေမှုန်းဖို့ လုပ်ပါတယ်။ ထော်ပိုင်စစ်ဆင်ရေးမှာ စစ်တပ်က ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များရော၊ ရဲတပ်ဖွဲ့ဝင်တွေကိုသာမက 'ပြည်သူ့စစ်' အဖွဲ့ဝင်တွေအားလုံးကိုလည်း အသုံးပြုပါတယ်။ ဒေသခံ ရပ်သူရွာသားတွေအားလုံးကိုလည်း ကင်းစောင့်ခိုင်း၊ သတင်းအပို့ခိုင်းပြီး "ပြည်သူ့စစ်ဆင်ရေးကြီး" လို့ ကင်ပွန်းတပ် အသုံးချခဲ့ပါတယ်။ စစ်အစိုးရရဲ့ ထော်ပိုင်စစ်ဆင်ရေးအောက်မှာ ပါလီမန်ဒီမိုကရေစီပါတီ လက်ယာအင်အားစုရဲ့ လက်နက်ကိုင်တိုက်ပွဲ စတင်အားထုတ်မှုဟာ ဦးချိုးချေမှုန်းခံလိုက်ရပါတယ်။

အဲဒီလိုပဲ အောက်တိုဘာလနဲ့ နိုဝင်ဘာလအတွင်း ဘီးလင်းမြို့နယ်၊ ဝေါမြို့နယ်တွေထဲ ဝင်လာကြတဲ့ ပီဒီပီ (PDP) အဖွဲ့ဝင်တွေ အချေမှုန်းခံလိုက်ရသလို၊ ရိုးမတောင်ပေါ်ဝင်ရောက်လာကြတဲ့ ပီဒီပီက 'တက်ထွန်း' နဲ့ အင်အား (၁၅၀) လောက်လည်း စစ်အစိုးရရဲ့ တိုက်ခိုက်နှိမ်နှင်းခြင်းကို ခံလိုက်ရပါတယ်။ ထားဝယ်ခရိုင်ဘက်၊ တောင်ငူ၊ ကျောက်ကြီးဘက်မှာလည်း တိုက်ခိုက်ဖြိုဖျက်တာ ခံလိုက်ရပါတယ်။

၁၉၇၂ ခုနှစ်အတွင်း စစ်အစိုးရက စစ်ဆင်ရေး ကြီးငယ်မျိုးစုံ ချမှတ်တိုက်ခိုက်ရရာမှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေထဲအထိ ထူးထူးခြားခြား ဆောင်ရွက်လုပ်ကိုင်လာရပါတယ်။ ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ချမှတ်ဆောင်ရွက်လာရတဲ့ စစ်ဆင်ရေးကတော့ 'အောင်စကြာ' နဲ့ 'ဆင်ပေါက်' စစ်ဆင်ရေးဆိုတာဖြစ်ပါတယ်။

၁၉၇၂ ကုန်ပိုင်းမှာတော့ စစ်အစိုးရဟာ သူဖွဲ့စည်းပေးခဲ့တဲ့ "ကာကွယ်ရေးအဖွဲ့" တွေနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုမလုပ်ရင် မဖြစ်တော့တဲ့ အနေအထားဖြစ်လာပါတယ်။ ပထမတချက်က ကမ္ဘာပေါ်မှာ အရှိန်အဟုန် ကြီးမားစွာ ပျံ့နှံ့လာတဲ့ မူးယစ်ဆေးဝါးပြဿနာနဲ့ပတ်သက်ပြီး ဗမာပြည်ဟာ တိုက်ရိုက် နာမည်ထွက်လာပါတယ်။ အဲဒီ မူးယစ်ဆေးဝါးကိစ္စမှာ အထူးသဖြင့် ဘိန်းဖြူထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှုမှာ "ကာကွယ်ရေး" တွေက အဓိကလုပ်ကိုင်ဆောင်ရွက်နေကြတာ ဖုံးမနိုင်ဖိမရ ပေါ်လွင်လာပါတယ်။ စစ်အစိုးရမွေးမြူခဲ့တဲ့ 'ခွန်ဆာ' ခေါ် ကျန်ရှီဖူးနဲ့ 'လော်စစ်ဟန်' တို့ဟာ ဘိန်းဘုရင်တွေအဖြစ် နာမည်ထင်ရှားနေပြီဖြစ်ပါတယ်။ ခွန်ဆာကို အစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်တဲ့အခါမှာ ခွန်ဆာ အောက်က ဒုအဖွဲ့ခေါင်းဆောင် 'ကျန်ဆုရှင်' ဟာ အင်အား (၁၀၀၀) ကျော်ကို ဦးစီးပြီး တောခိုသွားရင်း 'တောခိုလွယ်မော်အဖွဲ့' အဖြစ် နာမည်ထွက်လာရုံမက၊ ဘိန်းရောင်းဝယ်ဖောက်ကားထုတ်လုပ်မှုတွေနဲ့ပါ ဆက်လက် နာမည်ထင်ရှားလာခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှာ အမေရိကန်သမတ 'နစ်ဆင်' က မူးယစ်ဆေးဝါး စစ်ပွဲကြေညာချက် ထုတ်ပြန်ခဲ့ရပြီး ကုလသမဂ္ဂကလည်း ဇွန်လ (၂၆) ရက်နေ့ကို မူးယစ်ဆေးဝါးဆန့်ကျင်ရေး နေ့တနေ့အဖြစ် သတ်မှတ်လာခဲ့ရတဲ့အထိ မူးယစ်ဆေးဝါးပြဿနာဟာ ကမ္ဘာ့ပြဿနာတခု ဖြစ်လာခဲ့ရပါတယ်။ ဘိန်းလုပ်ငန်းနဲ့ပတ်သက်ပြီး အရေးယူနိုင်ဖို့ ဘိန်းရာဇာ အယောက် (၂၀) ရဲ့စာရင်းကို အမေရိကန်က ဆုကြေးငွေပါသတ်မှတ်ပြီး ဖမ်းဝရမ်းထုတ်လာရတဲ့အထိ ဖြစ်လာတဲ့အတွက် ဗမာပြည်စစ်အစိုးရဟာ ဘိန်းလုပ်ငန်းနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ကာကွယ်ရေးပြဿနာတွေကို မကိုင်တွယ်မဖြစ် ဖြစ်လာပါတယ်။ နောက်တချက်က ရှမ်းပြည်တွင်းရှိ ကာကွယ်ရေးတွေဟာ ရှမ်းလက်နက်ကိုင်တော်လှန်ရေးအင်းအားစုတွေနဲ့ ဆက်စပ်ပတ်သက်လာကြတာတွေအပေါ်မှာလည်း စစ်အစိုးရအဖို့ စိုးရိမ်စရာဖြစ်လာသလို၊ ထိုင်းနိုင်ငံမှာ အခြေစိုက်တဲ့ ဦးနု ရဲ့ ပီဒီပီကို မူလလက်ရင်း ကိုးကန့်ကာကွယ်ရေးခေါင်းဆောင်ဟောင်း ဂျင်မီယန်း ပါဝင်

ဆက်စပ်လာပြီဖြစ်တဲ့အတွက် ကာကွယ်ရေးအဖွဲ့တွေအပေါ် အချိန်မှီ တစုံတရာလုပ်ဖို့လိုလာပြီလို့ တွက်ချက်ပြင်ဆင်လာပုံရပါတယ်။ ၁၉၇၂ ထဲမှာ 'ဝ' နယ်မှာရှိတဲ့ မဟာဆန် ခေါင်းဆောင်တဲ့ ကာကွယ်ရေးအဖွဲ့ကို လက်နက်ဖြုတ်ထုတ်ဖို့ လုပ်တဲ့အခါမှာလည်း၊ ကွန်မြူနစ်ကိုလည်း ဆန့်ကျင်၊ လက်နက်အဖြုတ်လည်းမခံနိုင်တဲ့ မဟာဆန် ဟာ စစ်အစိုးရကိုဆန့်ကျင်ပြီး တောခိုအဖွဲ့အဖြစ် ခံယူသွားခဲ့ပါတယ်။

၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီ (၅) ရက်နေ့မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှာ တိုင်းမှူး၊ တပ်မမှူး၊ တပ်ရင်းမှူးတွေပါဝင်တဲ့ အစည်းအဝေးကျင်းပပါတယ်။ (၆) ရက်နေ့မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကာကွယ်ရေးတပ်ဖွဲ့ (၂၃) ဖွဲ့လုံးကို ခေါ်ယူပြီး လက်နက်အပ်နှံရေးနဲ့ အဖွဲ့တွေဖျက်သိမ်းရေးကို လုပ်ပါတယ်။

စစ်အစိုးရကိုယ်တိုင်ရဲ့ တရားဝင် စာရင်းထုတ်ပြန်ချက်အရ ကာကွယ်ရေးအဖွဲ့ပေါင်း (၂၃) ဖွဲ့၊ လူအင်အား (၄၂၁၁) ယောက်၊ လက်နက်အရေအတွက် (၃၂၂၈) လက်ရှိရာမှာ၊ ဧပြီလ (၃၀) ရက်နေ့အထိ အစိုးရဆီ တရားဝင် လာရောက်သတင်းပို့ အပ်နှံကြတာက လူအင်အား (၂၃၇၇) ယောက်နဲ့ လက်နက်အရေအတွက် (၁၉၈၀) လက်ပဲရှိခဲ့ပြီး ကျန်အရေအတွက်ဟာ တောခိုသွားကြတယ်ဆိုပါတယ်။

တောခိုသွားကြတဲ့ ကာကွယ်ရေးတပ်တွေထဲမှာ လော်စစ်ဟန်ခေါင်းဆောင်တဲ့ ကိုးကန့်ကာကွယ်ရေးအဖွဲ့ဟာ အကြီးဆုံးဖြစ်ပါတယ်။ အစိုးရအဆိုအရ တောခိုသွားကြတဲ့ ကာကွယ်ရေးအဖွဲ့တွေကတော့

(၁) လော်စစ်ဟန်ခေါင်းဆောင်တဲ့ ကိုးကန့်ကာကွယ်ရေးအဖွဲ့၊ အင်အား (၈၀၀) ခန့်၊
(၂) နမ့်ကျွမ်းအဖွဲ့မှ လီဖားမီနဲ့ အင်အား (၂၀၀) ခန့်၊
(၃) လွယ်ပင်ရဲအဖွဲ့မှ လီချိန်ကျင်နဲ့ အင်အား (၄၅) ယောက်ခန့်၊
(၄) တာမိုင်းအဖွဲ့မှ ဖုံကြားရုံးနဲ့ အင်အား (၂၀) ခန့်၊
(၅) ရောင်ပရေးအဖွဲ့မှ အိုက်ဆေးနဲ့ အင်အား (၁၅၀) ခန့်၊
(၆) မန်မန်ဆိုင်အဖွဲ့မှ ထပ်ဝန်းနဲ့ အင်အား (၇၀) ခန့်၊
(၇) လွယ်ဆေးအဖွဲ့မှ လင်မိန်းနဲ့ အင်အား (၂၀) ခန့် လို့ဆိုပါတယ်။

လော်စစ်ဟန်နဲ့ ထိုင်ဝမ်ထောက်လှမ်းရေးအဖွဲ့ရဲ့ ဆွဲဆောင်စည်းရုံးမှုနဲ့ အဲဒီ တောခိုကာကွယ်ရေးတွေဟာ လွယ်ဆေးဒေသမှာ ၁၉၇၃ ခုနှစ်၊ မေလ (၂၃) (၂၄) နေ့တွေမှာ အစည်းအဝေးကျင်းပပြီး ရှမ်းပြည်မြောက်ပိုင်း လွတ်လပ်ရေးတပ်မတော်ဆိုတာကို ဖွဲ့စည်းလိုက်ပါတယ်။ ဥက္ကဋ္ဌ အဖြစ် လော်စစ်ဟန် ဖြစ်ပါတယ်။

ရှမ်းပြည်အတွင်းမှာ ရှမ်းပြည်၊ ရှမ်းအမျိုးသား နာမည်တပ်ထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေထဲမှာ ၁၉၆၄ ခုနှစ်ကတည်းက မဟာဒေဝီ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ အက်စ်အက်စ်အေ **(SSA)** နဲ့ ၁၉၇၁ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ **(SSPP)** ရှမ်းပြည်တိုးတက်ရေးပါတီ တို့ဟာ အထင်ရှားဆုံးဖြစ်ပါတယ်။ နောက်ထပ်နာမည်ရှိတာကတော့ **(SURA)** ဖြစ်ပါတယ်။

စစ်အစိုးရက တောခိုကာကွယ်ရေးအဖွဲ့ကို လိုက်လံတိုက်ခိုက်ပါတယ်။ စစ်အစိုးရက မွေးမြူမြှောက်စားခဲ့တဲ့ လော်စစ်ဟန်ဟာ ကာကွယ်ရေးအဖွဲ့အစည်းတွေထဲမှာ ဩဇာအရှိဆုံးဖြစ်ခဲ့သလို၊ တောခိုတော့လည်း တောထဲမှာ ခြေလှမ်းကျယ်နိုင်ခဲ့သူဖြစ်ပါတယ်။ တောမခိုခင်ကလည်း အရှေ့မြောက်တိုင်း နယ်မြေအတွင်းရှိ တိုင်းမှူး၊ တပ်မမှူးတွေအားလုံးလောက်နဲ့ ပုလင်းတူဖူးဆို့လုပ်ကာ အဝင်အထွက်တတ်သူဖြစ်ခဲ့တဲ့အတွက် လော်စစ်ဟန်ရဲ့ကားလို့ဆိုရင် ဘယ်စစ်ဆေးရေးစခန်းမှ ရပ်ပေးစရာမလိုတဲ့အထိ တန်ခိုးထွားခဲ့ပါတယ်။ ဒါကြောင့်လည်း လော်စစ်ဟန်ဟာ ဘိန်းကို လွတ်လွတ်ကျွတ်ကျွတ် လုပ်ခွင့်ပါဝါရခဲ့သူလိုဖြစ်ကာ ဘိန်းဘုရင်တဆူဖြစ်လာခဲ့ခြင်း ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်၊ ဇူလိုင်လထဲမှာ ထိုင်းနိုင်ငံအတွင်းရောက်ရှိလာတဲ့ ဘိန်းဘုရင် လော်စစ်ဟန်ကို ထိုင်းအစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး ဗမာပြည်စစ်အစိုးရထံ လက်ပြောင်းလက်လွှဲ အပ်နှံပေးခဲ့တဲ့အတွက် ဗမာပြည်အစိုးရက လော်စစ်ဟန် ကို လက်ခံရရှိခဲ့ပါတယ်။ လော်စစ်ဟန်ကို စစ်အစိုးရက အထူးခုံရုံးဖွဲ့ပြီး တရားစစ်ဆေးတယ်ဆိုတာလုပ်ပါတယ်။ (တရားရုံးမှာ စစ်ရင်းစစ်ရင်းနဲ့ လော်စစ်ဟန်ရဲ့ ထွက်ဆိုချက်တွေဟာ စစ်အစိုးရတွင်းရှိ စစ်တပ်ထိပ်သီး အကောင်ကြီးငယ်မျိုးစုံပါ ပါဝင်ပတ်သက် ယှက်နွယ်လာတဲ့အတွက် ခုံရုံးကိုအမြန်ဆုံးနည်းနဲ့ အကျဉ်းရုံးပြီး ဖုံးဖုံးဖိဖိလုပ်ရင်း၊ ၁၉၇၄ ခုနှစ်ထဲမှာ ထောင်ဒဏ်စီရင်ချက် ချမှတ်ပေးလိုက်ပါတယ်။

၁၉၇၃ ခုနှစ်ထဲမှာပဲ ဘိန်းဘုရင်ခွန်ဆာရဲ့ တောခိုလွယ်မော်ကာကွယ်ရေးအဖွဲ့က နောက်လိုက်နောက်ပါများဟာ ခွန်ဆာ မန္တလေးထောင်အတွင်းက ပြန်လည်လွတ်မြောက်ခွင့်ရလာရေးအတွက် နည်းမျိုးစုံကြိုးပမ်းပါတယ်။ SUA လို့ နာမည်တပ်ထားတဲ့ ခွန်ဆာရဲ့ နောက်လိုက်များဟာ တောင်ကြီး စဝ်စံထွန်းဆေးရုံက ရုရှားပါရဂူ (၂) ယောက်ကို ပြန်ပေးဆွဲပြီး မန္တလေးထောင်ထဲရှိနေတဲ့ ခွန်ဆာနဲ့ အလဲအလှယ်လုပ်ဖို့ တောင်းဆိုပါတယ်။ စစ်အစိုးရက ဘာမှမတုန့်ပြန်သလို လုပ်နေခဲ့ပါတယ်။ (နောက်ကွယ်မှာပဲ ခွန်ဆာနဲ့ စစ်အစိုးရဟာ အပေးအယူ သဘောတူညီချက်လုပ်ပြီး ၁၉၇၄ ခုနှစ်ထဲမှာ ခွန်ဆာ ကို လွှတ်ပေးခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ထဲမှာ ခွန်ဆာ ဒုတိယအကြိမ် တောခိုပြန်ပါတယ်။)

၁၉၇၃ ခုနှစ်ထဲမှာ တော်လှန်ရေးကောင်စီ စစ်အစိုးရရဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် (တတိယမူကြမ်း) ရေးဆွဲပြီးစီးသွားပါတယ်။ အခြေခံဥပဒေသစ် ရေးဆွဲရေးကော်မီရှင်ဟာ (၂၇၊ ၁၂၊ ၇၁) နေ့ကစပြီး အခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ပြီး ၁၉၇၂ မေလကနေ ဒီဇင်ဘာအတွင်း အခြေခံဥပဒေသစ် (ပထမမူကြမ်း)၊ ၁၉၇၃ ဧပြီလမှာ (ဒုတိယမူကြမ်း) ရှင်းလင်းချပြ ဆွေးနွေးမှုဆိုတာတွေ ပြုလုပ်ခဲ့ပြီး၊ တတိယမူကြမ်းကို နောက်ဆုံးရေးဆွဲခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးမူဖြစ်တဲ့ တတိယမူကြမ်းကို ၁၉၇၃ ခုနှစ်ထဲမှာကျင်းပတဲ့ ဒုတိယအကြိမ် မဆလ ပါတီညီလာခံကို တင်သွင်းအတည်ပြုချက်ရယူပါတယ်။ မဆလ ပါတီညီလာခံက အတည်ပြုပေးလိုက်တဲ့အတွက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ဆိုတာ ထွက်ပေါ်လာပါတယ်။

၁၉၇၃ ခုနှစ်၊ သြဂုတ်လ (၁၄) ရက်နေ့မှာ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် အတည်ပြုရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေကို ထုတ်ပြန်ကြေညာပါတယ်။ အဲဒီအတွက် သြဂုတ်လ (၁၆) ရက်မှာ ဦးဒိန်ရတန် ဦးဆောင်တဲ့ အဖွဲ့ဝင် (၂၆) ဦးပါ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မီရှင်ဆိုတာကို တော်လှန်ရေးကောင်စီက ဖွဲ့စည်းပေးလိုက်ပါတယ်။ အဲဒီကော်မရှင်က ပြည်နယ်/ တိုင်း/ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲတွေ ဆက်လက်ဖွဲ့စည်းစေပြီး၊ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာ (၁၅) ရက်ကနေ (၃၁) ရက်နေ့အထိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဆိုတာကို တပြည်လုံးမှာ ကျင်းပစေဖို့ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်မှာ တကောင်တည်းပြေးနေတဲ့ မဆလပါတီကြီးရဲ့ အခြေအနေကိုကြည့်မယ်ဆိုရင်တော့ ပါတီဝင်ဦးရေတော်တော်များများ ရှိနေပြီဖြစ်ပါတယ်။ (၇၃ ခုနှစ်၊ မေလကုန်အထိ စာရင်းအရကိုပဲ) တင်းပြည့်ပါတီဝင် (၁၀၇,၇၇၀)၊ အရံပါတီဝင် (၄၁၆,၁၈၀)၊ ပေါင်း (၅၂၃,၉၅၀) နဲ့ ပါတီမိတ်ဆွေ (၈၂၅,၁၈၈) ဦးအထိ တိုးပွားနေပြီဖြစ်ပါတယ်။

မဆလပါတီကြီးရဲ့ လူထုလူတန်းစား အဖွဲ့အစည်းများဆိုတာထဲက မဆလပါတီရဲ့ ဘယ်တောင်ပံနဲ့ ညာတောင်ပံဖြစ်တဲ့ ပြည်သူ့တောင်သူလယ်သမားကောင်စီနဲ့ ပြည်သူ့အလုပ်သမားကောင်စီ ဆိုတာဟာ

လည်း အတော်ကို ဖောင်းပွနေပြီဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်ထဲမှာ မြို့နယ်တောင်သူလယ်သမားကောင်စီပေါင်း (၂၄၆) ခု၊ မြို့နယ် ပြည်သူ့တောင်သူလယ်သမားကောင်စီ စည်းရုံးရေးကော်မီတီ (၁၆) ခုနဲ့ မြို့နယ်တောင်သူလယ်သမားကောင်စီဝင်ပေါင်း (၆) သန်းခွဲကျော် (၆၆၂,၆၂၁,၂) ဦး ရှိနေပြီဖြစ်ပါတယ်။ တပြည်လုံး လယ်သမားဦးရေမှာ (၇) သန်းခွဲလောက်ပဲရှိရာမှာ (၆) သန်းခွဲကျော်က ပြည်သူ့တောင်သူလယ်သမားကောင်စီဝင်တွေ ဖြစ်နေပြီဆိုတော့ ဘယ်လိုများ အတင်း ကြံဖန်စည်းရုံးထားတယ်ဆိုတာ တွက်သာကြည့်ကြပါတော့လို့ ပြောရမယ့် အနေအထားဖြစ်ပါတယ်။ ဖဆပလ ရဲ့ ဗတလစ ခေတ်က၊ ဗတလစ ဝင်မဟုတ်ရင် အမတော်ကြေး မချေးဘူးလို့ ခြိမ်းခြောက်စည်းရုံးခဲ့သလို၊ မဆလတို့ရဲ့ ပြည်သူ့တောင်သူလယ်သမားကောင်စီခေတ်မှာလည်း တောင်သူလယ်သမားကောင်စီဝင်မဟုတ်ရင် ဓာတ်မြေသြဇာအိတ် ရောင်းမပေးဘူးဆိုတဲ့နည်းနဲ့ စည်းရုံးခဲ့ကြတာဖြစ်ပါတယ်။ ကမ္ဘာမှာ မကြုံဖူးသေးတဲ့ စည်းရုံးရေးစွမ်းရည်နဲ့ စည်းရုံးရေးအင်အားလို့ပဲ မှတ်တမ်းတင်ရမလိုဖြစ်ပါတယ်။

မြို့နယ်အလုပ်သမားကောင်စီပေါင်းက (၂၂၅) ခု၊ မြို့နယ်အလုပ်သမားကောင်စီ စည်းရုံးရေးကော်မီတီက (၁၈) ခု၊ အလုပ်သမားကောင်စီဝင်ပေါင်းက (၁) သန်းခွဲကျော် (၁၅၁,၁၉၆,၀) ဦး ဖြစ်ပါတယ်။ တပြည်လုံး အလုပ်သမားပေါင်း ခန့်မှန်းခြေ (၃) သန်းလောက်ပဲရှိရာမှာ (၁) သန်းခွဲကျော်က အလုပ်သမားကောင်စီဝင်တွေဖြစ်နေရပြီဖြစ်ပါတယ်။ အံ့လောက်ခမန်း စည်းရုံးရေးစွမ်းရည်လို့ ဆိုရမှာဖြစ်ပါတယ်။ လယ်သမားကောင်စီမှာလည်း လယ်သမားမဟုတ်သူတွေနဲ့ လယ်သမားမင်းသားများက ကြီးစိုးထားကြသလို၊ အလုပ်သမားကောင်စီဟာလည်း အလုပ်သမားမဟုတ်သူများနဲ့ အလုပ်သမားမင်းသားများက ကြီးစိုးထားကြတာကိုတော့ တပြည်လုံးက အသိပဲဖြစ်ပါတယ်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးအတွက် သက်ဆိုင်ရာ ပါတီကောင်စီများက အတင်းအကြပ် တာဝန်ပေးအပ် ဝါဒဖြန့်ချိပါဝင်စေတဲ့အတွက် အနုပညာနယ်က ပုဂ္ဂိုလ်များဟာလည်း ဆန္ဒခံယူပွဲကြီးအတွင်း ပါဝင်လှုပ်ရှားလာရပါတယ်။ ခေတ်ပေါ်တေးဂီတကို အနောက်တိုင်း သရုပ်ပျက်တေးဂီတလို့ နှာခေါင်းရှုံ့ခဲ့ကြသူတွေကိုယ်တိုင်က ဆန္ဒခံယူပွဲအတွက် မဲဆွယ်စည်းရုံးရာမှာတော့ ခေတ်ပေါ်တေးဂီတသမားတွေကိုပါမကျန် အတင်းဆွဲပြီး အသုံးချခဲ့ကြပါတယ်။ ဆန္ဒခံယူပွဲကျင်းပခါနီးမှာ 'မဲရုံ… မဲရုံဆီကို…' ဆိုတဲ့သီချင်း တပြည်လုံးပျံ့နှံ့ခဲ့ပါတယ်။

၁၉၇၃ ဒီဇင်ဘာ (၁၅) မှာ ဆန္ဒခံယူပွဲ မဲပေးပွဲဆိုတာကြီး စတင်ကျင်းပပါတယ်။ အရွယ်ရောက်သူတိုင်းကို အတင်းလိုက်ခေါ်ပြီး မနက် မဲရုံဖွင့်ကတည်းက အတင်းမဲထည့်ခိုင်းခဲ့ပါတယ်။ ဆန္ဒခံယူပွဲကြီးအတွက် မဲပေးပုံစနစ်ကတော့ မဲရုံအတွင်းမှာ အဖြူရောင်မဲပုံးနဲ့ အနက်ရောင်မဲပုံးဆိုပြီး မဲပုံး (၂) ပုံး ထောင်ထားပါတယ်။ အဖြူရောင်ပုံးက ထောက်ခံမဲပုံး၊ အမဲရောင်က ကန့်ကွက်မဲပုံး ဆိုတာဖြစ်ပြီး၊ အဖြူရောင်ကို မြင်သာအောင်ထားပါတယ်။ အမဲရောင်ကိုတော့ ခပ်ဝေးဝေးမှာ ကြည့်နိုင်မှ မြင်အောင်ထားပါတယ်။ ထောက်ခံမဲပုံးအတွက် အမှန်ခြစ် **(✓)** ကန့်ကွက်မဲပုံးအတွက် ကြက်ခြေခတ် **(×)** အမှတ်အသား ပြုလုပ်ထားပါတယ်။

စိတ်ကြိုက်ဖန်တီး ဦးစီးပြီး ကျင်းပလိုက်တဲ့ အခြေခံဥပဒေဆန္ဒခံယူပွဲကြီးရဲ့ ရလဒ်ကတော့ တပြည်လုံး မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း (၁၄) သန်း (၇) သိန်းကျော်ရှိတဲ့အနက် (၁၃) သန်း (၃) သိန်းကျော်က ထောက်ခံဆန္ဒမဲပေးလိုက်ကြတဲ့အတွက် (၉၀ . ၁၉) ရာခိုင်နှုန်း ထောက်ခံမှုရှိသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးဖြစ်သွားရပါတော့တယ်။

၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့မှာ ပြည်သူလူထုတရပ်လုံးရဲ့ (၉၀.၁၉) ရာခိုင်နှုန်းက တခဲနက်ထောက်ခံဆန္ဒပေး အတည်ပြုလိုက်တဲ့အတွက် ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံတော်ဖွဲ့စည်း

အုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို အတည်ပြုလိုက်ကြောင်းဆိုတဲ့ ကြေညာချက်ကို တော်လှန်ရေးကောင်စီက ထုတ်ပြန်ကြေညာလိုက်ပါတယ်။ (ဒါကြောင့် အဲဒီဥပဒေကြီးကို ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လို့ ခေါ်ဝေါ်သတ်မှတ်ကြပါတယ်။) (ဇန်နဝါရီလ ၃ ရက်နေ့ကိုလည်း အခြေခံဥပဒေနေ့ရယ်လို့ နောက်ပိုင်း မှာသတ်မှတ်ပြီး သိဒ္ဓိတင် မင်္ဂလာယူတာ မဆလ အစိုးရက လုပ်ခဲ့ပါတယ်။

အခြေခံဥပဒေကို အတည်ပြုကြောင်း ကြေညာပြီး (၂၄) ရက်အကြာ၊ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင်းပတယ်ဆိုတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲဆိုတာကို တက်သုတ်ရိုက် ကျင်းပပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာမှာ အဆင့် (၄) ဆင့် ခွဲထားပါတယ်။ (၁) ရပ်ကွက်/ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအဆင့်၊ (၂) မြို့နယ်ပြည်သူ့ကောင်စီအဆင့်၊ (၃) ပြည်နယ်/တိုင်း ပြည်သူ့ ကောင်စီအဆင့်နဲ့ (၄) ပြည်သူ့လွှတ်တော်အဆင့် ဆိုတာဖြစ်ပါတယ်။

အဲဒီအဆင့် (၄) ဆင့်အတွက် ပြည်သူ့ကိုယ်စားလှယ်ဆိုတာတွေကို မဆလ ပါတီကြီးကနေ ရွေးချယ် ချမှတ်ပေးပါတယ်။

ရွေးကောက်ပွဲကြီး ကျင်းပပုံကျင်းပနည်းကတော့ မဲရုံတိုင်းမှာ အဆင့် (၄) ဆင့်လုံးအတွက် မဲပေးခန်း (၄) ခန်းထားရှိပြီး ထောက်ခံမဲ/ကန့်ကွက်မဲ အထည့်ခိုင်းတဲ့ စနစ်ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတဲ့နေ့မှာ အပြိုင်မရှိ ကိုယ်စားလှယ်လောင်း တဦးတည်းစီကိုသာ မဲပေးစေတာဖြစ်ပါတယ်။

တပြည်လုံးအတွက် အထွေထွေရွေးကောက်ပွဲကြီးဆိုတာကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်နေ့ ကနေ ဖေဖော်ဝါရီ (၁၀) ရက်နေ့အထိ သတ်မှတ်ကျင်းပပါတယ်။

ဦးနေဝင်းက ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်ကနေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဝင်ရောက် အရွေးချယ်ခံတယ်ဆိုတာလုပ်ပါတယ်။ စစ်တပ် ထိပ်သီးအားလုံး ဝင်ရောက်အရွေးခံကြပါ တယ်။ အဲဒီရွေးချယ်တင်မြှောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးတဲ့အခါ ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသစ်အရ ကျင်းပတဲ့ ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးကို ခေါ်ယူပါတယ်။ ၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကြီး စတင်ဖွင့်လှစ်လိုက်ပါတယ်။ ရွေးချယ်တင် မြှောက်ခြင်းခံရတယ်ဆိုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၄၅၀) ဦး တက်ရောက်လာကြပါတယ်။

ဖွဲ့စည်းပုံအရ လွှတ်တော်ကနေ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နဲ့ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဆိုတာကို ဖွဲ့စည်းပါတယ်။

အမြင့်ဆုံးဖြစ်တဲ့ နိုင်ငံတော်ကောင်စီကို ပုဂ္ဂိုလ် (၂၈) ဦးနဲ့ ဖွဲ့စည်းပါတယ်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ဦးနေဝင်း (ဗိုလ်ချုပ်ကြီးနေဝင်း) ဖြစ်လာပြီး၊ အတွင်းရေးမှူးအဖြစ် ဗိုလ်ချုပ်စန်းယု ဖြစ်လာပါ တယ်။

အစိုးရအဖွဲ့နှင့်တကွ ဗဟိုအာဏာပိုင်အဖွဲ့အစည်းကြီးတွေ ဖွဲ့တဲ့အခါမှာလည်း ကြိုတင် အသင့် လူဝတ်လဲထားပြီး စစ်တပ်ထိပ်သီးကြီး (၂၀) ဦးနဲ့ အသီးသီး အသက အသက ဖွဲ့စည်းပေးလိုက်ပါတယ်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဝေဖန်သူမရှိ၊ ကန့်ကွက်သူမရှိ၊ အဖုအထစ်မရှိဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာပဲ၊ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့က တော်လှန်ရေးကောင် စီကနေ သိမ်းပိုက်ရယူထားတဲ့ နိုင်ငံတော်အချုပ်အခြာအာဏာကို မူလပိုင်ရှင်ရင်းဖြစ်တဲ့ ပြည်သူလူထုထံ ပြန်လည်အပ်နှံတယ်ဆိုတာကို လုပ်ဆောင်ပါတယ်။ ပြည်သူလူထုက ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ ရွေးချယ်တင်မြှောက်လိုက်တယ်ဆိုတဲ့ နိုင်ငံတော်ကောင်စီကနေ လက်ခံရယူလိုက်ပါတယ်။ အဲဒါ

ကြောင့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း က နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်း ထံသို့ နိုင်ငံတော်အာဏာအရပ်ရပ်ကို ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ပါတော့တယ်။

ဘောင်းဘီဝတ်ကြီး ဗိုလ်ချုပ်ကြီးနေဝင်း ထံက နိုင်ငံတော်အာဏာဟာ၊ အသင့်ကြိုတင်လူဝတ်လဲထားတဲ့ ပုဆိုးဝတ်ကြီး ဦးနေဝင်း ဆီ ချောချောမွေ့မွေ့ ရောက်ရှိသွားပါတော့တယ်။ မှတ်သားထိုက်ဖွယ် အာဏာလွှဲပြောင်းမှုကြီးဖြစ်ပါပေတယ်။

## တော်လှန်ရေးကောင်စီခေတ် (သို့မဟုတ်) စစ်အာဏာရှင်စနစ် (ပထမပိုင်း) နိဂုံးချုပ်ချက်

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ စစ်တပ်ကနေ လက်နက်အားကိုး မတရားအာဏာသိမ်းယူခြင်းနဲ့ စတင်ခဲ့တဲ့ တော်လှန်ရေးကောင်စီခေတ်ဟာ ၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့အထိ (၁၂) နှစ်တိတိ ကြာမြင့်ခဲ့ပါတယ်။

အဲဒီ (၁၂) နှစ်တာကာလအတွင်းမှာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီ စစ်အစိုးရဟာ ဘာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှမရှိဘဲ တတိုင်းပြည်လုံးကို အုပ်ချုပ်မင်းမူခဲ့သလို၊ ဆယ်နှစ်ဆယ်မိုးလောက်နီးပါးဟာ ဘာစီးပွားရေးပေါ်လစီမှ မယ်မယ်ရရမရှိဘဲ တတိုင်းပြည်လုံးကို ထင်သလို ဖျက်စီးခဲ့ပါတယ်။ (၁၉၇၁–၇၂ ကျမှ စီမံကိန်းစီးပွားရေးစနစ်ဆိုတာကို ချမှတ်ခဲ့ပါတယ်။ ချမှတ်လုပ်ကိုင်ခဲ့တဲ့ ၁၉၇၁–၇၂ စီးပွားရေးစီမံကိန်းနဲ့ ၁၉၇၂–၇၃ စီးပွားရေးစီမံကိန်းဆိုတာများဟာလည်း ဘာတခုမှ အောင်မြင်မှုမရဘဲ လေကြီး ဖင်ကျယ်ဖြစ်သွားခဲ့ပါတယ်။)

အာဏာသိမ်းပြီးပြီးချင်း အာဏာသိမ်းရတာ ပြည်ထောင်စုကြီး ပြိုကွဲမယ့်အန္တရာယ်ကြောင့်၊ အာဏာရ ပထစ အစိုးရရဲ့ လက်အောက်မှာ ပြည်သူလူထုကြီးတရပ်လုံး ဒုက္ခပေါင်းစုံ သင့်ခဲ့ရပြီး ကုန်ဈေးနှုန်းတွေ အဆက်မပြတ် တက်နေတာကြောင့် အာဏာရ ပထစခေါင်းဆောင်တချို့ဟာ တပ်မတော်အပေါ် ဝေဖန်ပုတ်ခတ်မှုတွေလုပ်ပြီး တပ်မတော်ကို ဖြိုခွဲလာကြတာကြောင့် စသဖြင့် စသဖြင့် အကြောင်းမျိုးစုံပြခဲ့ပါတယ်။ အဓိကအားဖြင့် ဖက်ဒရယ်မူကြောင့် တိုင်းပြည်ကြီးကနေ့ပဲ ဟက်တက်ကွဲပြီး ပြည်ထောင်စုကြီး ဘုံးဘုံးလဲတော့မတတ် ပြောဆိုကာ ပြည်ထောင်စုကြီးပြိုကွဲရမယ့် အန္တရာယ်ကနေ တပ်မတော်က ဝင်ပြီး ထိန်းသိမ်းကာကွယ် ကယ်တင်ခဲ့ရသယောင် တွင်တွင်ပြောဆို ဝါဒဖြန့်ချိခဲ့ပါတယ်။

ပါတီစုံစနစ်ရဲ့ ဆိုးဝါးမှုတွေ၊ အားနည်းချက်တွေ၊ ဂိုဏ်းဂဏတိုက်ပွဲတွေ၊ နေရာလုကြိုးမှုတွေကို လက်ညှိုးထိုးပြပြီး၊ တပါတီအာဏာရှင်စနစ်ကိုထူထောင်ဖို့ ဘက်ပေါင်းစုံကနေ ပြင်ဆင်ခဲ့ပါတယ်။ တိုးတက်တဲ့ လက်ဝဲအင်အားစုတွေနဲ့ ပြည်သူလူထုကြီးတရပ်လုံးကို လှည့်စားဖျားယောင်းဖို့ ဆိုရှယ်လစ်လမ်းကြောင်းကို ချီတက်မယ်လို့ ကြွေးကြော်ပြီး ခေတ်ပြောင်းတော်လှန်ရေးဆိုတာကို ကြွေးကြော်ခဲ့ပါတယ်။ အဲ့ဒီခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်ဖို့ တော်လှန်တဲ့နိုင်ငံရေးပါတီကြီးတရပ် လိုအပ်တယ်ဆိုပြီး မဆလပါတီကို တည်ထောင်ပါတယ်။ နိုင်ငံတကာက လက်ခံနားလည်ထားတဲ့ နှုန်းမီစံမျှ ဆိုရှယ်လစ်ဝါဒနဲ့ ဘယ်လိုမှကိုက်ညီမှာမဟုတ်တဲ့အတွက် မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်လို့ ဝါဒဖြန့်ချိခဲ့ပါတယ်။ စစ်တပ်အတွင်းမှာ သန္ဓေတည်၊ စစ်တပ်တွင်းမှာ အခြေပြု၊ စစ်တပ်အတွင်းမှာပဲ စတင်မွေးဖွားလာခဲ့ရတဲ့ မဆလပါတီဟာ စစ်တပ်ထိပ်သီးကြီးတွေနဲ့ပဲ စတင် ပါဝင်ဖွဲ့စည်း တည်ထောင်ပေါ်ထွန်းလာခဲ့ရတာဖြစ်တဲ့အတွက် အခြေခံအားဖြင့်ကို စစ်ဗီဇသွေး ပါခဲ့ပြီးသားဖြစ်ပါတယ်။

အမျိုးသားသွေးစည်းညီညွတ်မှုကို ကာကွယ်ဖို့ဆိုပြီး လက်တွေ့က အမျိုးသားသွေးစည်းညီညွတ်မှုတွေကို ပြိုကွဲအောင်ပြုလုပ်လိုက်ကာ၊ ဘယ်နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရဲ့ တည်ရှိခွင့်၊ လှုပ်ရှားခွင့်၊ ကြိုးပမ်းခွင့်တွေကိုမှ ခွင့်မပြုတော့ဘဲ အပြီးတိုင် ဖြိုဖျက်လိုက်ပြီး တပါတီအာဏာရှင်စနစ်ကို တည်ဆောက်ခဲ့ပါတယ်။ မဆလ ပါတီဟာ တကောင်တည်း ပြိုင်ဘက်မရှိပြေးပြီး ပြိုင်ဘက်မရှိ ဗိုလ်ဝင်ခံရေး ကြွေးကြော်ခဲ့ပါတယ်။

တော်လှန်ရေးကောင်စီခေတ် (၁၂) နှစ်တာကာလအတွင်းမှာ ဦးအောင် ဖျာနေရာခင်းချင်သူများ၊ အခွင့်အရေးသမားများ၊ ဆိုရှယ်လစ်ရေးမက်လုံးအပေါ် ဟုတ်လိမ့်နိုးနိုး ယုံကြည်မျှော်လင့်မိသူများနဲ့ မဝင်မဖြစ် ပါဝင်လာခဲ့ရသူများဟာ မဆလပါတီကြီးအတွင်း စုပြုံရောက်ရှိလာခဲ့ပါတယ်။

ဒီ (၁၂) နှစ်တာကာလအတွင်းမှာ စစ်အစိုးရဟာ အာဏာကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ဘက်ပေါင်းစုံ နယ်ပယ်အားလုံးကို စိတ်ရူးပေါက်သလို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ စစ်အုပ်စုဟာ ဘာတခုမှ မယ်မယ်ရရမတတ်ဘဲ လက်နက်ကိုင်စစ်တပ်ကြီးတခုကို ပိုင်ပိုင်နိုင်နိုင် မွေးမြူကိုင်တွယ် တိုးချဲ့ပိုင်ဆိုင်ထားတာတခုတည်းနဲ့ နယ်ပယ်ပေါင်းစုံအပေါ် ထင်သလို စိုးမိုးအုပ်ချုပ် ဗိုလ်လုပ်ခဲ့ပါတယ်။ နိုင်ငံရေးအရ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပျက်စီးသွားရပြီး တပါတီအာဏာရှင်စနစ်လမ်းကြောင်း ပေါ်လာခဲ့ရပါတယ်။ တပါတီအာဏာရှင်စနစ် ဆိုရာမှာလည်း စစ်တပ်၊ စစ်အုပ်စုက သူတို့ကိုယ်တိုင်ပါဝင်ပြီး သူတို့ကိုယ်တိုင် ဖန်တီးစီမံထားတာဖြစ်တဲ့အတွက် တကယ်က စစ်အာဏာရှင်စနစ်သက်သက်၊ တပါတီအာဏာရှင်စနစ် ဖြစ်ပါတယ်။

စီးပွားရေးအရ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အလားအလာကောင်းမှန်သမျှ အဖျက်အဆီးခံလိုက်ရပြီး၊ အမျိုးသားစီးပွားရေးတခုလုံး နလံမထူနိုင်အောင် အနင်းချေခံလိုက်ရပါတယ်။ စီးပွားရေးဆိုင်ရာ နယ်ပယ်အားလုံး စစ်အုပ်စုရဲ့ လက်ဝါးကြီးအုပ်မှု၊ ထင်သလိုပြုမှု ဗိုလ်ကျမှု၊ တတ်ရောင်ကား လူလည်လုပ်စီမံခန့်ခွဲမှုတွေအောက် ကျရောက်ခဲ့ရပြီး တတိုင်းပြည်လုံး ကပ်သင့်ခဲ့ရပါတယ်။

ဆိုရှယ်လစ်ရေးကြွေးကြော်သံနဲ့ ပြည်သူပိုင် ဆိုင်းဘုတ်အောက်မှာ စီးပွားရေး လုပ်ငန်းကိုင်ငန်းကြီးငယ်မှန်သမျှ လျော်ကြေးတပြားတချပ်မှမပေးပဲ ပြည်သူပိုင်သိမ်းခဲ့ပါတယ်။ ကိုလိုနီခေတ် ကျွန်ဘဝတည်းက တလျောက်လုံး ဖိနှိပ်သွေးစုပ် အမြတ်ထုတ်လာခဲ့တဲ့ ဘီအိုစီ ရေနံကုမ္ပဏီလိုဟာမျိုးနဲ့ နိုင်ငံခြားကုမ္ပဏီကြီးများ၊ ဘဏ်ကြီးများကို ပြည်သူပိုင်သိမ်းတယ်ဆိုရာမှာတော့ လျော်ကြေးတွေ တနင့်တပိုးပေးခဲ့ပါတယ်။

တိုင်းပြည်ရဲ့ ငွေရေးကြေးရေးနယ်ပယ်ကို ကြည့်မယ်ဆိုရင်တော့ စစ်အစိုးရအာဏာသိမ်းစက နိုင်ငံတွင်း လှည့်လည်သုံးစွဲငွေပမာဏ ကျပ်သန်းပေါင်း (၁၁၉၄ . ၂) သန်းရှိရာက၊ ၁၉၇၃ ခုနှစ်မှာ ကျပ်သန်းပေါင်း (၃၁၅၇) သန်းအထိ ရှိလာတဲ့အတွက် နှစ်စဉ် (၃၀) ရာခိုင်နှုန်းကနေ (၄၀) ရာခိုင်နှုန်းအထိ ငွေစက္ကူတွေကို တိုးရိုက်ပြီး လှည့်လည်သုံးစွဲနေတဲ့သဘောဖြစ်ပါတယ်။ (ဒီကြားထဲ ၁၉၆၄ ခုနှစ်၊ မေလမှာ ကျပ် (၁၀၀) တန်နဲ့ ကျပ် (၅၀) တန်ငွေစက္ကူတွေကို တရားမဝင်ငွေစက္ကူတွေအဖြစ် ကြေညာပြီး လူထုထံက ငွေကျပ် (၁.၂) ဘီလျံ ခားပြတိုက်ယူခဲ့ပါသေးတယ်။)

၁၉၆၆ ခုနှစ်ထဲမှာ ဗမာပြည်ဟာ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ပေါင်စတာလင်နယ်မှာပါဝင်နေရာက နှုတ်ထွက်လိုက်ပါတယ်။ အကြောင်းပြချက်ကတော့ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ရန်နဲ့ အကျိုးရှိရာရှိကြောင်း လွတ်လွတ်လပ်လပ် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နိုင်ရန်အတွက်လို့ဆိုပါတယ်။ (တကယ်ကတော့ ငွေစက္ကူတွေကို ထင်သလို ရိုက်နှိပ်သုံးစွဲရန်၊ ငွေကြေးနဲ့ပတ်သက်ပြီး ဘယ်သူ့ထိန်းချုပ် ညှိနှိုင်းမှုကိုမှ မခံယူရန်နဲ့ ထင်သလို ချေးငှားသုံးစွဲနိုင်ရန်တို့အတွက် ဖြစ်ပါတယ်။ ပေါင်စတာလင်နယ်မှာပါနေရင် အခက်အခဲရှိတဲ့အတွက် ဖြစ်ပါတယ်။)

တိုင်းပြည်မှာ စီးပွားရေးနဲ့ပတ်သက်ပြီး ဘာမှမကျွမ်းကျင်တဲ့ စစ်ဗိုလ်ကြီးများက စီးပွားရေးလုပ်ငန်းတွေကို ဝင်ရောက်ဦးဆောင်တဲ့အတွက် စီးပွားရေးလုပ်ငန်းအားလုံးကိုလည်း အစိုးရက တင်းတင်းကြပ်ကြပ်ချုပ်ကိုင်လိုက်တဲ့အတွက် ကုန်ထုတ်လုပ်ရေးတွေလည်း ဒရဟောကျဆင်း၊ ကုန်ပစ္စည်းတွေလည်း အဆက်မပြတ် ရှားပါးပြတ်လပ်၊ အဲဒါကြောင့် သဘာဝကျစွာပဲ ကုန်ဈေးနှုန်းတွေ တက်ပြီးရင်းတက် ဖြစ်လာရတဲ့အထဲ ငွေစက္ကူတွေကို တနှစ်ထက်တနှစ် တိုးချဲ့ရိုက်နှိပ် သုံးစွဲလိုက်တဲ့အခါ ငွေစက္ကူဖောင်းပွလာမှုတန်ဖိုးနဲ့ပါ ပေါင်းယှက်ရောလိမ်သွားပြီး ကုန်ဈေးနှုန်းတွေဟာ မိုးထိအောင် လေ့ကားထောင်ဖြစ်လာရပါတယ်။ ပြည်သူလူထုရဲ့ နေ့စဉ်နေထိုင်မှုဘဝ ကြပ်တည်းသထက် ကြပ်တည်းလာရပါတယ်။ အစိုးရရဲ့ ဖောက်ပြန်တဲ့ စီးပွားရေးပေါ်လစီတွေရဲ့အောက်မှာ အလုပ်လက်မဲ့တွေလည်း တိုးသထက် တိုးလာရပါတယ်။

တဖက်မှာ အစိုးရရဲ့ ဖောက်ပြန်တဲ့ လက်ဝါးကြီးအုပ် ချုပ်ကိုင်မှုတွေကြောင့် လူထုလိုအပ်ချက် မဖြည့်ဆည်းနိုင်မှုတွေကြောင့် မှောင်ခိုဈေးကွက်ကြီး ပေါ်လာခဲ့ရပါတယ်။ မှောင်ခိုလုပ်ကိုင်စားသောက်သူတွေ ပေါ်လာရပါတယ်။

အစိုးရရဲ့ လက်ဝါးကြီးအုပ် ချုပ်ကိုင်မှုကနေ မြို့ပေါ်မှာ ပြည်သူ့ဆိုင်၊ ပပက၊ ကျေးလက်မှာ လလသသ ဆိုတာတွေလည်း ပေါ်ခဲ့ရပြီး ကုန်ဝယ်စာအုပ်နဲ့ ကုန်ဝယ်ယူစားသောက်ရတဲ့စနစ်၊ ကိုတာနဲ့ရောင်းချပေးတဲ့ စနစ်၊ ရာရှင်စနစ်ဆိုတာတွေလည်း ပေါ်ပေါက်ခဲ့ရသလို တပြည်လုံး တန်းစီတိုးစားဘဝကျရောက်ခဲ့ရပါတယ်။

တော်လှန်ရေးကောင်စီအစိုးရ တက်လာကာစက ပထစ အစိုးရရဲ့ လက်အောက်မှာ ကုန်ဈေးနှုန်းတွေလည်း မကြုံဖူးအောင် တက်လာတယ်လို့ လက်ညိုးထိုး အပြစ်ရှာ စွဲချက်တင်ပြခဲ့တာထက် အဆပေါင်းများစွာသာတဲ့နှုန်းနဲ့ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်လာတဲ့ဒဏ်ကို လူထုတရပ်လုံး ခါးကော့အောင်ခံကြရပါတယ်။ စစ်အစိုးရလက်ထက် (သူတို့လက်ထက်) မှာ တက်လာခဲ့တဲ့ ကုန်ဈေးနှုန်းတွေကိုတော့ ဘာမှမပြောတော့ပဲ စပ်ကူးမတ်ကူးကာလမို့ပါဆိုပြီး ကြံဖန်လျှော့ချလိုက်ပါတယ်။ ဘယ်လိုမှ လျှော့ချလို့မရတော့တဲ့အခါမှာတော့ မှောင်ခိုစီးပွားရေးသမား အမြတ်ကြီးစား ဝိသမလောဘသမားတွေကြောင့် သောင်းကျန်းသူအဖျက်သမား၊ ဝဲယာ အမှောင့်ပယောဂတွေကြောင့်လို့ တရားခံရှာပြလိုက်ပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ ကြည့်မယ်ဆိုရင်လည်း စနစ်သစ်ပညာရေးဆိုတာကို ဖော်ထုတ်ပြီး၊ မြေစမ်းခရမ်းပျိုးကြည့်တာ၊ လက်တည့်စမ်းတာ၊ ဓာတ်ခွဲခန်းထဲမှာ ယုန်ကလေး၊ ဖားကလေးများကို ခွဲစိတ်လေ့လာကြည့်သလို စမ်းသပ်ပညာရေးတွေ ထင်သလို လုပ်ကိုင်ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ပညာရေးလောက စတင်ပျက်စီးခဲ့ရပါတယ်။

တော်လှန်ရေးကောင်စီဟာ တက်လာပြီး မကြာမီမှာပဲ ဆိုရှယ်လစ်ရေး မက်လုံးပေးရင်း၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲဆိုတာတွေ ခေါ်ယူကျင်းပပြီး ငြိမ်းချမ်းရေးထောင်ချောက်နဲ့ တောတွင်းလက်နက်ကိုင်အင်အားစုတွေကို မျှားယူ၊ ဖျားယောင်းကြည့်ခဲ့ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကလည်း (စောဟန်တာသာမွေး အဖွဲ့မှတပါး) စစ်အစိုးရရဲ့ အကြံအစည်ကို ရိပ်စားမိပြီး ဘယ်လိုမှ တပတ်ရိုက်မခံခဲ့ကြတဲ့အတွက် စစ်အစိုးရဟာ သူတို့စိတ်တိုင်းကျ မဖြစ်ခဲ့ရတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တဖက်သတ်ဖျက်သိမ်းပစ်ခဲပါတယ်။ အဲဒီနောက် စစ်အုပ်စု တလျှောက်လုံးကိုင်စွဲလာခဲ့ကြတဲ့ စစ်မာန်စစ်မူအတိုင်း အပြုတ်တိုက်ရေးလမ်းစဉ်ကို တိုးပြီးဆင်နွှဲခဲ့ပါတယ်။ ပြည်တွင်းစစ်ကြီးကို အရှိန်မြှင့်ပြီး တဆင့်တိုး တိုက်ခဲ့ပါတယ်။ စစ်အစိုးရပီပီ စစ်တပ်အင်အားတွေကို အဆက်မပြတ် တိုးပြီး ချဲ့ထွင် ဖွဲ့စည်းတည်ဆောက်ခဲ့ပါတယ်။ အဲဒီလို စစ်တပ်ကြီးကို အဆက်မပြတ်ချဲ့ထွင်ပြီး ပြည်တွင်းစစ်ကြီးကို အရှိန်တိုးမြှင့် ဆင်နွှဲခဲ့တဲ့အတွက် စစ်အသုံးစရိတ်ဟာ တနှစ်ထက်တနှစ် အဆမတန်များပြားလာခဲ့ရပြီး တိုင်းပြည်ရဲ့ ဘဏ္ဍာငွေကြေး ကျခံသုံး

စွဲရမှု ပမာဏရဲ့ ရာခိုင်နှုန်း (၃၀) ကျော် (၄၀) နီးပါးဟာ စစ်အသုံးစရိတ်ဖြစ်ခဲ့ရပါတယ်။ အဟောသိကံ ဖြစ်ခဲ့ရပါတယ်။

တိုင်းပြည်လွတ်လပ်ရေးကြေညာခါစက လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲကြတဲ့ တောခိုအဖွဲ့ အစည်းများဟာ (၁၀) ဖွဲ့ (၁၁) ဖွဲ့ထက် မပိုခဲ့ပေမယ့် စစ်အစိုးရရဲ့ လက်အောက်မှာ လူမျိုးစုတိုင်းလောက် နီးပါး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းသစ် တွေလည်း အဆက်မပြတ် ပေါက်ဖွားလာခဲ့ပါတယ်။

ဒီကြားထဲ ကိုယ့်ရှူးကိုယ်ပတ်သလို ဖြစ်ခဲ့တာကတော့ တောခိုကာကွယ်ရေးအဖွဲ့အစည်းတွေ ပေါ်လာရခြင်းပဲဖြစ်ပါတယ်။ စစ်တပ်က သောင်းကျန်းသူနှိမ်နင်းရေးအတွက်ဆိုပြီး ဖွဲ့စည်းပေးခဲ့တဲ့ ကာကွယ် ရေးတပ်တွေဟာ စစ်တပ်နဲ့ပူးပေါင်းပြီး ဆောင်ရွက်ရင်း၊ ဘိန်းလုပ်ငန်း အကြီးအကျယ်လုပ်သူတွေ ဖြစ်လာကြ ပါတယ်။ လက်နက်ကိုင်တပ်ကြီးတွေ ဖြစ်လာကြပါတယ်။ ခွန်ဆာ၊ လော်စစ်ဟန် တို့ဆိုရင် ကမ္ဘာကပါသိ လာရတဲ့ ဘိန်းဘုရင်ကြီးတွေ ဖြစ်လာကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ရေးတွေကို လက် နက်ဖြုတ်ဖို့ လုပ်ရတဲ့အခါမှာ လက်နက်အဖြုတ်မခံဘဲ တောခိုကာကွယ်ရေးတွေ ဖြစ်သွားကြပါတယ်။ စစ် အစိုးရကိုတောင် ပြန်ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေပေါ်လာရပါတယ်။

တော်လှန်ရေးကောင်စီဟာ တော်လှန်ရေးအစိုးရဆိုတာ ဖွဲ့စည်းပြီး တတိုင်းပြည်လုံးကို စိုးမိုးအုပ် ချုပ်ခဲ့တယ်လို့ ယေဘုယျပြောရပေမယ့် တကယ်က ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ကြိုက်ထင်သလို အုပ်ချုပ်ခဲ့တာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကို ပြန်ပြီးလှန်နိုင်ခဲ့သူ မပေါ်ပေါက်ခဲ့ပါ။ နံပါတ် (၂) ဖြစ်တဲ့ ဗိုလ်မှူးချုပ် အောင်ကြီး တို့က ပြန်ပြီးအာခံနိုင်အောင် ကြိုးပမ်းကြည့်ခဲ့ကြသေးပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်းက ခြေရာတိုင်း ခွင့်မပေးဘဲ ဗိုလ်မှူးချုပ်အောင်ကြီး ကိုပါ စောစောစီးစီး ရှင်းပစ်ခဲ့ပါတယ်။ (၁၂) နှစ်တာကာလအတွင်းမှာ ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ဖြုတ်ထုတ်ပွဲမှာ အကြောင်းအမျိုးမျိုးနဲ့ ပါသွားသူပေါင်းလည်း အများအပြားရှိခဲ့ပါ တယ်။ အာဏာသိမ်းပြီးပြီးချင်း တော်လှန်ရေးကောင်စီဆိုပြီး စတင်ပေါ်ပေါက်လာခဲ့တဲ့ (ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းမပါ) တော်လှန်ရေးကောင်စီအဖွဲ့ဝင် (၁၆) ဦးမှာ (၁၀) ဦးမရှိတော့ဘဲ (၆) ဦးပဲ ကျန်ပါတော့တယ်။ တော်လှန်ရေးကောင်စီဝင်စာရင်းမှာ မရှိတော့တဲ့ စစ်တပ်ထိပ်သီး (၁၀) ဦးကတော့ (၁) ဗိုလ်မှူးချုပ်အောင်ကြီး (အထုတ်ခံရ)၊ (၂) ဗိုလ်မှူးချုပ်သန်းဖေ (သေ)၊ (၃) ဗိုလ်မှူးချုပ်တီကလစ် (နုတ်ထွက်)၊ (၄) ဗိုလ်မှူးချုပ် တင်ဖေ (အထုတ်ခံရ)၊ (၅) ဗိုလ်မှူးကြီး ကြည်မောင် (အထုတ်ခံရ)၊ (၆) ဗိုလ်မှူးကြီးမောင်ရွှေ (အထုတ်ခံရ)၊ (၇) ဗိုလ်မှူးကြီးစောမြင့် (အထုတ်ခံရ)၊ (၈) ဗိုလ်မှူးကြီးချစ်မြိုင် (အထုတ်ဖယ်ခံရ)၊ (၉) ဗိုလ်မှူးကြီးခင်ညို (အထုတ် ဖယ်ခံရ)၊ (၁၀) ဗိုလ်မှူးကြီးတန်ယုဆိုင် (အထုတ်ခံရ) တို့ဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီခေတ် နောက်ဆုံးအချိန်အထိ ကျန်နေသေးတဲ့ စစ်တပ်ထိပ်သီးကြီး (၆) ဦး ကတော့ (၁) ဗိုလ်မှူးချုပ်စန်းယု၊ (၂) ဗိုလ်မှူးချုပ်စိန်ဝင်း၊ (၃) ဗိုလ်မှူးကြီးသောင်းကြည်၊ (၄) ဗိုလ်မှူးကြီး သန်းစိန်၊ (၅) ဗိုလ်မှူးကြီးကျော်စိုးနဲ့ (၆) ဗိုလ်မှူးကြီးလှဟန် တို့ပဲဖြစ်ပါတယ်။ (၁၆) ဦးမှာ (၆) ဦးပဲ ကျန်ပါ တော့တယ်။

တော်လှန်ရေးကောင်စီအစိုးရ တက်လာလာချင်းမှာ (၇) ရက်ဇူလိုင် ကျောင်းသားအရေးတော်ပုံ ကြီးပေါ်ခဲ့ရပြီး ကျောင်းသားတွေ အမြောက်အများ သွေးမြေကျခဲ့ရပါတယ်။ ကျောင်းသားသမဂ္ဂအဆောက် အဦးကြီး ဗုံးခွဲပြာချပစ်ခြင်းခံရရုံမက ကျောင်းသားသမဂ္ဂဆိုတဲ့ သမိုင်းဝင် ကျောင်းသားအဖွဲ့အစည်းကြီးကိုပါ လက်စတုံး ဖျောက်ဖျက်တာလုပ်ခဲ့ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ (အာရှမှာ ဆန်ထုတ်လုပ်တင်ပို့နိုင်မှု အမြင့်ဆုံးဖြစ်ခဲ့ဖူးတဲ့ ဗမာနိုင်ငံဟာ) ဆန်တောင် လုံလောက်အောင် မစားသုံးနိုင်တဲ့ဘဝ ကျရောက်ခဲ့ရပြီး ဆန်ပြဿနာပေါ်ခဲ့ရပါတယ်။ စစ်တွေမှာ ဆန်လုပွဲတွေပေါ်ခဲ့ရပြီး စစ်တပ်က ရက်ရက်စက်စက် ပစ်သတ်နှိမ်နင်းခဲ့ပါတယ်။ စစ်အစိုးရရဲ့ ဖန်တီးမှုနဲ့ တရုတ်–ဗမာ လူမျိုးရေးအဓိကရုဏ်းကြီးလည်း ပေါ်ခဲ့ရပြီး တရုတ်လူမျိုး အမြောက်အများ သေဆုံးခဲ့ရပါတယ်။

စစ်အစိုးရရဲ့ ရက်ရက်စက်စက် ဖိနှိပ်မှုကိုခံခဲ့ရပေမယ့် ကျောင်းသားထုရဲ့ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေကတော့ အခါအခွင့်ကြုံတိုင်း ပေါ်ပေါက် ဖော်ပြခဲ့ပါတယ်။ ၆၉ ခုနှစ် ကျွန်းဆွယ်အရေးအခင်းနဲ့ ၇၀ ပြည့် တက္ကသိုလ်ရွှေရတုလှုပ်ရှားမှုဟာ သာဓကဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဟာ ယေဘုယျအားဖြင့် စစ်အစိုးရကို ရဲရဲဝံ့ဝံ့ တွန်းလှန်တိုက်ပွဲဆင်ခဲ့ကြပေမယ့် တော်လှန်ရေးဒီရေတက်လာအောင်အထိ မစွမ်းဆောင်နိုင်ခဲ့ကြပါ။

၆၈ ခုနှစ်ထဲမှာ ထူးထူးခြားခြားစတင်ပေါ်ပေါက်လာတာကတော့ ဗကပ အရှေ့မြောက်စစ်ဒေသလှုပ်ရှားမှုဖြစ်ပါတယ်။

နောက်ထပ်ထူးခြားတာကတော့ ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးသမိုင်းမှာ မပေါ်ပေါက်ခဲ့ဖူးသေးတဲ့ လက်ယာနိုင်ငံရေးအင်အားစုရဲ့ လက်နက်ကိုင်တိုက်ပွဲဆင်လာမှုဖြစ်ပါတယ်။ ဘယ်တော့မှ လက်နက်ကိုင်တိုက်ပွဲကို မယုံကြည်၊ အကြမ်းဖက်နည်းနာကို လက်မခံလို့ ကြွေးကြော်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်းဦးနုကိုယ်တိုင် လက်နက်ကိုင်လမ်းကြောင်းကို ရွေးချယ်လာခဲ့ရခြင်းဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီရဲ့ နောက်ဆုံးပိုင်းကာလမှာ စစ်အစိုးရဟာ ဘက်ပေါင်းစုံ ထိန်းချုပ်ထားနိုင်သလောက်ရှိပြီလို့ယူဆတဲ့အတွက် သူတို့စိတ်ကြိုက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို (၂) နှစ်လောက် အချိန်ယူရေးဆွဲပြီး၊ နည်းလမ်းပေါင်းစုံနဲ့ သိဒ္ဓိတင် အတည်ပြုကာ နိုင်ငံတော်အာဏာကို ပြည်သူလူထုလက်သို့ ပြန်လည်အပ်နှံပြီးပြီဆိုတာ လုပ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း လက်ကနေ ဦးနေဝင်းလက်သို့ အာဏာအပ်နှင်းပြီးပြီဖြစ်ပါတယ်။

တတိုင်းပြည်လုံးရဲ့ အနေအထားကို ချုပ်ပြီးပြောရမယ်ဆိုရင်တော့၊ တိုင်းပြည်လွတ်လပ်ရေးကြေညာခါစက ကြုံတွေ့ခဲ့ရတဲ့ ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်ဟာ အမှောင်ခေတ်ကြီးဖြစ်ခဲ့သလို၊ တော်လှန်ရေးကောင်စီစစ်အစိုးရရဲ့ တော်လှန်ရေးကောင်စီ (၁၂) နှစ်တာ ခေတ်ဟာလည်း အမှောင်ခေတ်ကြီးပဲဖြစ်ခဲ့ပါတယ်။ ဒီခေတ်ကြီး (၂) ခေတ်ကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်က ရိုးရိုးအမှောင်ခေတ်။ တော်လှန်ရေးကောင်စီ (၁၂) နှစ်တာခေတ်က ပိန်းပိန်းပိတ်အောင်မှောင်တဲ့ခေတ်။

ပါလီမန်ဒီမိုကရေစီ ဖဆပလ အမှောင်ခေတ်မှာ ဒီမိုကရေစီအငွေ့အသက် အကြွင်းအကျန်လေးတွေ တစုံတရာ ရှိခဲ့သေးပေမယ့် တော်လှန်ရေးကောင်စီ အမှောင်ခေတ်မှာကတော့ ဒီမိုကရေစီမှန်သမျှ အငွေ့အသက်မှ မကျန်ရတော့တဲ့ အမှောင်ခေတ်ဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီခေတ်ဟာ ဖဆပလ ပါလီမန်ဒီမိုကရေစီခေတ်ထက် (၁၀) ဆမက ဆိုးဝါးကြပ်တည်းရုံမက၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတဲ့ နယ်ပယ်တွေအားလုံးပါ ပျက်စီးရတဲ့ခေတ်၊ အဖျက်ဆီးခံရတဲ့ ခေတ်ကြီးလည်းဖြစ်ခဲ့ပါတယ်။

# အပိုင်း (၄)
# မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (သို့မဟုတ်) တပါတီအာဏာရှင်စနစ်ခေတ် (သို့မဟုတ်) စစ်အာဏာရှင်စနစ်ခေတ် (ဒုတိယပိုင်း)
# (၁၉၇၄–၁၉၈၈)

## တပါတီအာဏာရှင်စနစ်နဲ့ အဆက်မပြတ်ပေါ်ထွက်လာတဲ့ လူထုတိုက်ပွဲများ၊

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ကနေ ၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့အထိ (၁၂) တာသောကာလဟာ တော်လှန်ရေးကောင်စီခေတ်ဖြစ်ခဲ့ပါတယ်။ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်ခေတ် ပထမပိုင်းဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့ နောက်ပိုင်းကစပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကြီးစတင်ပါတယ်။ မဆလပါတီ အာဏာရှင်စနစ်ခေတ် အပြည့်အဝပေါ်ထွန်းလာပါတယ်။ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်ခေတ် ဒုတိယပိုင်း စတင်သက်ဝင်လှုပ်ရှားလာပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ စတင်သက်ဝင်လှုပ်ရှားလာပါတယ်။ ကိုယ်ဖဲ ကိုယ်ဆင်၊ ကိုယ့်ဟာကိုယ်ချီး၊ ကိုယ့်ဟာကိုယ်ဝေ၊ ကိုယ်ဟာကိုယ် အနိုင်ရိုက်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး တည်ရှိနေပြီဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့နာမည်က ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံတော် ဆိုတာဖြစ်ပါတယ်။ ပြည်နယ် (၇) ခု၊ တိုင်း (၇) တိုင်းနဲ့ ပြည်ထောင်စုပုံသဏ္ဌာန် ဖော်ဆောင်ထားပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ပြည်ထောင်စုပုံသဏ္ဌာန်မဟုတ်ပါ။ ပြည်ထောင်စုအသွင်ဆောင်ထားတဲ့ တပြည်ထောင်ပုံစံသာဖြစ်ပါတယ်။ ပြည်နယ်တွေအဖြစ် စာရင်းဖော်ပြလာတာက (၁) ရှမ်းပြည်နယ်၊ (၂) ကချင်ပြည်နယ်၊ (၃) ကရင်ပြည်နယ်၊ (၄) ကယားပြည်နယ်၊ (၅) ချင်းပြည်နယ်၊ (၆) မွန်ပြည်နယ်၊ (၇) ရခိုင်ပြည်နယ် တို့ဖြစ်ပါတယ်။ ၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတုန်းကလို မွန်၊ မြန်မာ၊ ရခိုင်ကို လုံးပေါင်းရိုက်ပြီး မထားတော့ဘဲ၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်အဖြစ် သတ်သတ်မှတ်မှတ် ဖော်ညွှန်းထားပါတယ်။ ချင်း ဟာလည်း ဝိသေသတိုင်းမဟုတ်တော့ဘဲ

ပြည်နယ်အဖြစ် တိတိကျကျ ခေါ်ဝေါ်ထားပါတယ်။ နိုင်ငံတော်အလံဟာလည်း ကြယ်ပွင့်ကြီးတခုကို ကြယ်ပွင့်ငယ် (၅) ခုက ဝိုင်းရံထားတဲ့ အလံတော်မဟုတ်တော့ဘဲ၊ တိုင်း (၇) ခု၊ ပြည်နယ် (၇) ခုကို ကိုယ်စား ပြုထားတယ်ဆိုတဲ့ ကြယ်ပွင့် (၁၄) ခုအလံ ဖြစ်လာပါတယ်။ ဆိုရှယ်လစ်ရေးကြွေးကြော်သံနဲ့အညီ အလုပ် သမားလုပ်တန်းစားနဲ့ လယ်သမားလုပ်တန်းစားကို အခြေခံတယ်ဆိုတာ ဖော်ညွှန်းပြီး ကြယ် (၁၄) ခုရဲ့ အလယ်မှာ ပင်နယံ ခွေးသွားစိပ်နဲ့ စပါးနှံနှစ်ခက်ကို ထည့်သွင်းဖော်ကျူးထားပါတယ်။

(၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေတုန်းကလို ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် (၂) ရပ်လည်းမရှိတော့ဘဲ၊ ပြည်သူ့လွှတ်တော်တခုတည်းပဲ ရှိပါတော့တယ်။ လွှတ်တော်မကျင်းပနိုင်မီမှာ၊ အမြင့် ဆုံးအာဏာပိုင်အဖွဲ့အစည်းဟာ နိုင်ငံတော်ကောင်စီဖြစ်ပါတယ်။

ဗဟိုအာဏာပိုင်အဖွဲ့အစည်းတွေအဖြစ်ရှိတာက အစိုးရဝန်ကြီးအဖွဲ့၊ ဥပဒေအကျိုးဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နဲ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့ဖြစ်ပါတယ်။

(၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌဟာ နိုင်ငံတော်သမတဖြစ်ရမယ် ဆိုတာဖော်ပြထားပြီး နိုင်ငံတော်သမတက နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ကနေ လူဝတ်လဲထားတဲ့ ဦးနေဝင်း ဟာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌဖြစ်သလို၊ နိုင်ငံတော်သမတကြီးလည်း ဖြစ်လာပါတယ်။ လူဝတ်လဲထားပြီးဖြစ်တဲ့ ဦးစိန်ဝင်းက ဝန်ကြီးချုပ်ဖြစ်ပါတယ်။ ဝန်ကြီးချုပ်လက်ထဲ အာဏာအပ်နှင်းထားတာမဟုတ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ဦးစိန်ဝင်း ဟာ ဝန်ကြီးချုပ်ဦးနု တို့တုန်းကလို အာဏာရှိသူမဟုတ်ပါ။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၅) မှာ ဖော်ပြထားတာကတော့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်းဟာ ဆိုရှယ်လစ်လူ့ဘောင်ဖြစ်တယ်လို့ဆိုပါတယ်။

နိုင်ငံတော်စီးပွားရေးစနစ်ဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်တယ်လို့ အခြေခံဥပဒေပုဒ်မ (၆) က ပြဋ္ဌာန်းပြီး နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံဟာ ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံတဲ့ ဖွဲ့စည်းပုံဖြစ်တယ်လို့ အခြေခံ ဥပဒေပုဒ်မ (၇) က ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ နိုင်ငံတော်ကိုဦးဆောင်တဲ့ တခုတည်းသောပါတီဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်မှု ကာကွယ်တဲ့ဥပဒေဆိုတာ ပြဋ္ဌာန်းပြီး၊ နိုင်ငံရေးပါတီအဖွဲ့အစည်း မှန်သမျှ တခုမှမကျန်အောင် ဖျက်သိမ်းပြီးကတည်းက၊ မဆလဟာ တကောင်တည်း ပြိုင်ဘက်မရှိ ပြေးနေခဲ့ တာဖြစ်ပေမယ့် ခိုင်မာသထက်ခိုင်မာအောင် တိတိလင်းလင်း ထပ်မံကြွေးကြော်ဖို့လိုတဲ့အတွက် ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေထဲမှာကို ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပေးထားရပါတယ်။ အခြေခံဥပဒေပုဒ်မ (၁၁) နဲ့ တပါ တီစနစ်ကို တရားဝင်ပြဋ္ဌာန်းထားပါတယ်။ အခြေခံဥပဒေပုဒ်မ (၁၁) ရဲ့ တရားဝင်ဖော်ပြ ပြဋ္ဌာန်းထားချက် အပြည့်အစုံကတော့ ‘နိုင်ငံတော်သည် တခုတည်းသော တပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်အား ဦးဆောင်သည်’ ဆိုတာဖြစ်ပါတယ်။

အဲဒီလို ဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်စုံပြီး၊ နိုင်ငံတော်ကို ခေါင်းဆောင်နေတဲ့ မဆလ ပါတီကြီးရဲ့ ဥက္ကဋ္ဌ ဟာလည်း ဦးနေဝင်း ပဲဖြစ်ပါတယ်။

ဖဆပလ လက်ထက်က ဝန်ကြီးချုပ်ဦးနု ကို တရုတ်ပြည်က ဥက္ကဋ္ဌကြီး မော်စီတုံးလို ပါတီကိုပဲဦး ဆောင် ဥက္ကဋ္ဌ လုပ်ပြီး၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်အာဏာကို လွှဲပြောင်းပေးအပ်သင့်တယ်လို့ အကြံပြု တိုက် တွန်းရာမှာ ပါဝင်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ သူကိုယ်တိုင် အာဏာကိုဆုပ်ကိုင်လာတဲ့အခါမှာတော့၊ အမြင့်

ဆုံး အကြီးဆုံးရာထူးမှန်သမျှ တခုမှမလွတ်ရအောင် ရယူကိုင်တွယ်ထားပါတော့တယ်။ ဒါကြောင့် နိုင်ငံတော်သမတကြီးဟာ ဦးနေဝင်း ပဲဖြစ်သလို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးဟာလည်း ဦးနေဝင်း ပဲဖြစ်တဲ့အပြင်၊ တနိုင်ငံလုံးရဲ့ ဦးဆောင်ပါတီဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဥက္ကဋ္ဌကြီးဟာလည်း ဦးနေဝင်းပဲဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတဲ့ မဆလ ပါတီခေတ်မှာ ဘာကိစ္စ၊ ဘာလှုပ်ရှားမှုကိုပဲ အကောင်အထည်ဖော်ဖော်၊ ပြောလေ့၊ ဆိုလေ့၊ သုံးနှုန်းလေ့ရှိတဲ့ ခေါင်းစည်းတင် စကားစု၊ စကားရပ်တခု ပေါ်လာပါတယ်။ အဲဒါကတော့ ပါတီရဲ့ ဦးဆောင်မှု၊ ကောင်စီရဲ့ ကြီးကြပ်မှု၊ လူထုလူတန်းစား အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုနဲ့အတူ ဆိုတဲ့စကားရပ်ဖြစ်ပါတယ်။ အာဏာ၊ ပါဝါ၊ ဒီဂရီ ကြီးစဉ်ငယ်လိုက်ကိုဖော်ပြပြီး ခေါက်ရိုးကျိုးအောင် ချပေးထားတဲ့ မဆလဝတ်ရွတ်စဉ်ထဲက အရေးကြီးခေါင်းစည်းတင် စကားရပ်ဖြစ်ပါတယ်။ မဆလဝင်မှန်သမျှ၊ ဌာနဆိုင်ရာ တာဝန်ထမ်းဆောင်သူမှန်သမျှ အဲဒီစကားရပ်ကို ဂျောင်းဂျောင်းပြေးအောင် သုံးတတ်ရပါတယ်။ နေရာမှားသုံးလို့မရပါ။ ရှေ့နောက်အစီအစဉ် မမှန်လို့မရပါ။ ပါတီရဲ့ကြီးကြပ်မှု၊ ကောင်စီရဲ့ခေါင်းဆောင်မှုလို့ မှားသုံးလို့မရသလို၊ ကောင်စီရဲ့ကြီးကြပ်မှု၊ ပါတီရဲ့ဦးဆောင်မှုလို့လည်း နေရာအထားအသို ကြီးစဉ်ငယ်လိုက် မညီမညွတ်လို့မဖြစ်ပါ။ ဒါဟာ လုပ်ထုံးလုပ်နည်းတခုလိုဖြစ်ပါတယ်။ မှားသုံးရင် အရေးယူခံရပါတယ်။ ပါတီရဲ့အခန်းကိုနားမလည်သူ အရည်အချင်းမမှီသူ ဖြစ်သွားနိုင်ပါတယ်။ မဆလပါတီဟာ အဲဒီလို ဦးဆောင်သူအခန်းကို အပြည့်အဝ ယူထားပါတယ်။

အုပ်ချုပ်ရေးယန္တရားမှာကတော့ နိုင်ငံတော်ကောင်စီရဲ့အောက်မှာ ပြည်နယ်/တိုင်း ကောင်စီရုံးတွေရှိပါတယ်။ ပြည်နယ်/တိုင်း ကောင်စီရဲ့အောက်မှာ မြို့နယ်ကောင်စီရုံးတွေရှိပါတယ်။ ခရိုင်အဆင့်တွေမရှိတော့ပါ။ အရင် 'လအက' တွေရဲ့နေရာမှာ ကောင်စီတွေရောက်လာပါတယ်။ ကောင်စီရဲ့ ဘယ်တောင်ပံနဲ့ ညာတောင်ပံတွေအဖြစ် ရောက်လာတာကတော့ ပြည်နယ်/တိုင်း/မြို့နယ်အလိုက် ပြည်သူ့ တရားသူကြီးအဖွဲ့နဲ့ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့တွေဖြစ်ပါတယ်။ နောက်တခုက လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဆိုတာတွေဖြစ်ပါတယ်။

မဆလ ပါတီဗဟိုကြီးရဲ့အောက်မှာက ပြည်နယ်/တိုင်း ဒေသပါတီ ကော်မီတီဆိုတာတွေဖြစ်ပါတယ်။ ဒေသပါတီကော်မီတီရဲ့အောက်မှာက မြို့နယ်ပါတီယူနစ်တွေဖြစ်ပါတယ်။ ပါတီကနေ တာဝန်ခံဖွဲ့စည်းတာကတော့ လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ်ဆိုတာတွေဖြစ်ပါတယ်။

လူထုလူတန်းစားအဖွဲ့အစည်းဆိုတာကတော့ အလုပ်သမားကောင်စီနဲ့ လယ်သမားကောင်စီတွေကနေ ကြက်ခြေနီ၊ မီးသတ်ဆိုတာတွေအထိ ဖြစ်ပါတယ်။

စစ်တပ်ထိပ်သီးတွေအားလုံးဟာ မဆလပါတီဝင် ထိပ်သီးကြီးတွေဖြစ်ကြသလို၊ ကောင်စီဝင်တွေအားလုံးဟာလည်း စစ်တပ်ကလာကြသူတွေ အများစုဖြစ်ပါတယ်။ ထိပ်ပိုင်းအဆင့်တွေအားလုံးဟာ လက်ရှိဘောင်းဘီဝတ်နဲ့ ဘောင်းဘီချွတ်ကြီးတွေ ဖြစ်ကြပါတယ်။ အရေးကြီး မြို့နယ်အဆင့်တွေမှာလည်း ဘောင်းဘီဝတ်နဲ့ ဘောင်းဘီချွတ်တွေကိုသာ အဓိကရာထူးအပ်နှင်းထားပါတယ်။ ဘောင်းဘီဝတ် ဘောင်းဘီချွတ် လုံလောက်အောင်မရှိတဲ့နေရာမှာ ပါတီဝင် တင်းပြည့်ကြီးတွေကို နေရာချထားပေးပါတယ်။ ရာထူးနေရာကြီးကြီး ရရှိထားသူတိုင်းဟာ ပါတီဝင်တွေဖြစ်ကြပါတယ်။ လွယ်လွယ်ပြောရရင်တော့ ပါတီကောင်စီခေတ်ဖြစ်လာပါတယ်။ မြို့နယ်တိုင်းမှာ ပါတီယူနစ်ရုံးရှိသလို ပြည်သူ့ကောင်စီရုံးရှိပါတယ်။ စက်ရုံအလုပ်ရုံတိုင်းမှာ ပြည်သူ့အလုပ်သမားကောင်စီရုံးဆိုတာရှိလာပါတယ်။ ကျေးရွာတွေမှာလည်း ကျေးရွာအုပ်စုပြည်သူ့ကောင်စီဆိုတာတွေနဲ့ ပြည်သူ့လယ်သမားကောင်စီရုံးတွေ ရှိလာပါတယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမ

စီမံကိန်းနဲ့ ဖွဲ့စည်းပေးလိုက်တဲ့ သမဝါယမအသင်းတွေက အမှုဆောင်တွေဟာလည်း ပါတီကောင်စီကြိုက် တွေဖြစ်ရပါမယ်။ အများစုကတော့ ပါတီကောင်စီက ရွေးချယ်ပေးတဲ့ အစိုးရခန့်ဆိုတာတွေသာ နေရာမြင့် မြင့်ရလေ့ရှိပါတယ်။ ပါတီကောင်စီခေတ်ဖြစ်တဲ့အတွက် ပါတီကောင်စီမှာ နေရာရထားသူတွေဟာ အခွင့်ထူး ခံတွေဖြစ်လာကြသလို၊ နေရာတကာ ပါလေရာငါးပိချက်တွေ ဖြစ်လာကြပါတယ်။

အဲဒီလို မဆလတပါတီအာဏာရှင်စနစ်ကြီး ကြီးကျယ်လာချိန်မှာ လူထုကြီးတရပ်လုံးရဲ့ စားဝတ် နေရေးကတော့ တနေ့တခြား ဆိုးဝါးလာခဲ့ပါတယ်။ အထူးသဖြင့် အလုပ်သမား၊ လယ်သမားတွေ၊ အောက် ခြေဝန်ထမ်းတွေ၊ ခေါင်းရွက်ဗျက်ထိုး ဆင်းရဲသူ၊ ဆင်းရဲသားတွေရဲ့ အခြေအနေ တနေ့တခြား ဒုက္ခမျိုးစုံကြုံ တွေ့လာရပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာကြီး ပေါ်လာပြီးလို့ မကြာခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်ကြီးက စတင်လည်ပတ်လို့မှ ဖင်မနွေးသေးခင်မှာ အလုပ်သမားတွေဘဝဟာ ထမင်းတောင် နပ်မှန် အောင်စားဖို့ ဆန်တောင် မလုံလောက်တဲ့ဘဝမျိုး ရင်ဆိုင်လာရပါတယ်။ ၁၉၇၄ ခုနှစ်၊ မေလထဲမှာ ပုလိပ်ချည် မျှင်စက်နဲ့ မြစ်ငယ်မီးရထား စက်ခေါင်းပြင်စက်ရုံ၊ ချောက်ရေနံချောင်း ရေနံမြေတွေမှာ အလုပ်သမားလှုပ်ရှား မှုတွေ ပေါ်လာပါတယ်။ ဇွန်လထဲမှာ ရန်ကုန်အထိ ကူးစက်လာပါတယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လ (၆) ရက်မှာတော့ မဆလ စစ်အစိုးရလက်အောက်မှာ သမိုင်းဝင် ပထမဆုံးသော အလုပ်သမားသပိတ်ကြီး ပေါက်ကွဲပေါ်ထွက်လာပေါတော့တယ်။

## ၁၉၇၄ ဇွန် (၆) အလုပ်သမားသပိတ်ကြီး

ဇွန်လ (၆) ရက် မနက်မိုးလင်းတာနဲ့ စက်ရုံအလုပ်ရုံတွေ စတင်လည်ပတ်တာနဲ့ တပြိုင်နက်၊ သပိတ် သပိတ် … မှောက် မှောက် ဆိုတဲ့အသံတွေ တနေရာပြီးတနေရာ ရန်ကုန်တမြို့လုံးအနှံ့ ပေါ်ထွန်း လာပါတယ်။ အင်းစိန် မီးရထားစက်ခေါင်းရုံ၊ သမိုင်းချည်မျှင်နှင့် အထည်စက်၊ အုတ်ကျင်း ဂုံနီစက်ရုံ၊ ဆင်မ လိုက်သင်္ဘောကျင်း တို့ကနေ ရန်ကုန်မြို့ရဲ့ စက်ရုံအလုပ်ရုံတွေ ထူထပ်ရာ အင်းစိန်လမ်းမကြီး တလျှောက် အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်မြို့နယ်တွေတလျှောက်၊ စက်ရုံအလုပ်ရုံတွေရဲ့သပိတ်ကြီးတွေ တလုံးပြီး တလုံး ပေါ်ပေါက်လာပါတယ်။

'ဆန်လုံလောက်စွာရရှိရေး …ဒို့အရေး၊'

'အလုပ်သမားကောင်စီ …ဖျက်သိမ်းပေး'

ဆိုတဲ့ ကြွေးကြော်သံတွေ ပဲ့တင်ထပ်ခဲ့ပါတယ်။ ဆန်မရှိလို့ ဆန်လုံလောက်စွာပေးဖို့ တောင်းဆိုကြ သလို၊ အလုပ်သမားတွေအကျိုးအတွက် ဘာတခုမှ ဆောင်ရွက်ပေးတာမဟုတ်ဘဲ၊ အလုပ်သမားမင်းသား တွေက ဦးစီးပြီး၊ အလုပ်သမားတွေအပေါ် မတော်မတရားပြုနေတဲ့ အလုပ်သမားကောင်စီတွေကို ဖျက်သိမ်း ပေးဖို့ တောင်းဆိုကြ၊ ဆန္ဒပြကြပါတယ်။

မဆလအစိုးရက အလုပ်သမားသပိတ်ကြီးကို ဖြိုခွဲဖို့ ပုဒ်မ (၁၄၄) ကို ထုတ်ပြန်ပါတယ်။ ရန်ကုန်တိုင်း ကောင်စီဥက္ကဋ္ဌ သိန်းအောင် လက်မှတ်နဲ့ရော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးခင်အုန်း လက် မှတ်နဲ့ပါ ပုဒ်မ (၁၄၄) ကို ထုတ်ပြန်ပြီး ငြိမ်ဝပ်ပိပြားရေး အရေးယူဆောင်ရွက်ချက်တွေကို ဆက်တိုက်လုပ် ကိုင်ပါတယ်။

ဝန်ကြီးချုပ်ဦးစိန်ဝင်းက ဆန်တွေအလုံအလောက်ရှိပါတယ်လို့ ရေဒီယိုကနေ မိန့်ခွန်းခြွေပါတယ်။ အရေးကြီးစက်ရုံတွေရှေ့မှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ခင်အုံးအမိန့်နဲ့ စစ်တပ်ကနေရာယူပါတယ်။ အင်းစိန်လမ်းမကြီးပေါ်မှာရှိတဲ့ စက်မှုတက္ကသိုလ်၊ တိမ္မေးကုတက္ကသိုလ်နဲ့ သမိုင်းကောလိပ်ကျောင်းဆောင်တွေကြားမှာ တည်ရှိနေတဲ့ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံများရှေ့မှာ စစ်ကားတွေ၊ စစ်သားတွေ တန်းစီနေရာယူထားပြီး သပိတ်ကြီးကို ဖြိုခွဲဖို့ပြင်ပါတယ်။ သမိုင်းချည်မျှင် အထည်စက်ရုံက သပိတ်မှောက်အလုပ်သမားခေါင်းဆောင်များရဲ့ ဘာကြောင့် သပိတ်မှောက်ရတယ်ဆိုတာကို ရှင်းလင်းပြောဟောနေသံကို နားဆင်ရင်း၊ သပိတ်ကြီးကို ထောက်ခံအားပေး ဝန်းရံနေကြတဲ့လူထုကြီးနဲ့ သပိတ်ကိုဖြိုခွဲဖို့ ချထားတဲ့ စစ်တပ်အကြားထိပ်တိုက်ကြီးလိုဖြစ်နေချိန်မှာ အနီးရှိ လှိုင်ရဲစခန်းထဲကနေ အဓိကရုဏ်းနှိမ်နင်းရေး လုံထိန်းတွေထွက်လာပြီး လူအုပ်ကြီးကို နံပါတ်တုတ်တွေနဲ့ရိုက်နှက်ပြီး လူစုခွဲပါတယ်။ ရုန်းရင်းဆန်ခတ်ဖြစ်သွားရချိန်မှာ စစ်တပ်က ပထမ မျက်ရည်ယိုဗုံးတွေအသုံးပြုပြီး ဆက်တိုက်မှာပဲ သေနတ်နဲ့စတင်ပစ်ခတ်ပါတယ်။ ပထမ လမ်းမတလျှောက် ပစ်ခတ်နေရာကနေ လမ်းဘေးဝဲယာတွေကိုပါ အနှံ့ပစ်ခတ်တဲ့အတွက် ဇွန်လ (၆) ရက် နေ့လည်မှာပဲ သမိုင်းချည်မျှင်စက်ရုံရှေ့ သွေးမြေကျရမှုကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ စစ်တပ်က သပိတ်မှောက်နေကြတဲ့ စက်ရုံတွေကို အကြမ်းဖက် ဖြိုခွင်းမှုတွေ ဆက်တိုက်လုပ်ကိုင်ခဲ့ပါတယ်။

အလုပ်သမားတွေ သွေးမြေကျရမှုကြီး ဇွန်လ (၆) ရက်နေ့မှာ ဖြစ်ပေါ်ခဲ့ရပြီး (၆) ရက် (၇) ရက်နေ့တွေမှာပဲ ဆင်မလိုက် သင်္ဘောကျင်း အုတ်ကျင်းဂုံနီစက်ရုံ၊ အင်းစိန် မီးရထားစက်ခေါင်းရုံတို့ကိုလည်း စစ်တပ်က ဝင်ရောက်စီးနင်း ဖြိုခွဲခဲ့တဲ့အတွက် သွေးမြေကျရမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အထူးသဖြင့် ဆင်မလိုက်သင်္ဘောကျင်းမှာ အသေအပျောက်များခဲ့တယ်လို့ဆိုပါတယ်။

ဇွန် (၆) အလုပ်သမားသပိတ်ကြီးဟာ မဆလစစ်အစိုးရရဲ့ တပါတီအာဏာရှင်စနစ်ကို အလုပ်သမားထုက ဆန့်ကျင်အန်တုလိုက်တဲ့ ပထမဆုံး ဆန္ဒပြပွဲဖြစ်သလို၊ ဆန်တောင်းတဲ့ အလုပ်သမားတွေကို ကျည်ဆံပဲပေးလိုက်တဲ့ စစ်အာဏာရှင်ဇာတိရုပ်ကို အစွယ်ထုတ်ပြီး ပြသလိုက်တဲ့ နှိပ်ကွပ်သတ်ဖြတ်ပွဲကြီးလည်းဖြစ်ပါတယ်။

ဖမ်းဆီးခြင်းခံထားရတဲ့ အလုပ်သမားသပိတ်မှာ ပါဝင်ခေါင်းဆောင်ခဲ့သူတွေကို စစ်အစိုးရက ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပြီး နှစ်ရှည်ထောင်ဒဏ်တွေ အသီးသီးချမှတ်ခဲ့ပါတယ်။

စစ်အစိုးရဟာ စစ်တပ်အားကိုး စစ်မာန်တက်နေသူပီပီ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ ဗကပရိုးမဗဟိုပြိုပျက်ရေး၊ ရိုးမတကျော မဒညတ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ ချုပ်ငြိမ်းရေးအတွက် တဆင့်တိုး ဆောင်ရွက်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေနဲ့ မြို့ပေါ်လူထုတိုက်ပွဲတွေ ပေါင်းစပ်မသွားမိနိုင်စေရေးအတွက် စစ်အင်အားကို တိုးပြီးအသုံးပြုပါတယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့မှာ ဖြတ် (၄) ဖြတ်ဆိုတာကို တရားဝင်ကြွေးကြော်ပြီး ချမှတ်အကောင်အထည်ဖော်ပါတယ်။ အရင်ကလည်း ဖြတ်လေးဖြတ်ဗျူဟာကို ချမှတ်ကျင့်သုံးခဲ့ပေမယ့် ဇွန်လ (၁၈) ရက်ကစပြီး တိတိလင်းလင်းကြွေးကြော်ကာ အကျယ်ပြန့်ဆုံး စတင်အကောင်အထည်ဖော်တဲ့ သဘောဖြစ်ပါတယ်။ ဖြတ် (၄) ဖြတ်ဆိုတာကတော့ (က) သောင်းကျန်းသူကို ရိက္ခာဖြတ်၊ (ခ) သောင်းကျန်းသူကို ဆက်ကြေးဖြတ်၊ (ဂ) ပြည်သူလူထုတရပ်လုံးက သောင်းကျန်းသူကိုအဆက်ဖြတ်၊ (ဃ) ပြည်သူလူထုကိုယ်တိုင်က သောင်းကျန်းသူတွေကို ခုခံချေမှုန်းသတ်ဖြတ် ဆိုတဲ့စနစ်ဖြစ်ပါတယ်။

တောင်ပေါ်ရွာတွေကို နေရာရွှေ့ပြောင်းချထားတာ တချို့ရွာတွေကို ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်စစ်တပ်လုပ်သလို စုစည်းရွာတွေအဖြစ် အတင်းအကြပ်ဖန်တီးတာ၊ ဆန်တောင် အိမ်မှာ အပိုအလျှံမထားရ

အောင် အတင်းအကြပ်အပ်နှံခိုင်းတာ၊ တောထဲသွားရင် ထမင်းထုပ်တောင် ယူဆောင်သွားလာခွင့်မပြုတာ၊ တိုက်ပွဲတွေအတွင်း လူထုပါ မပါပါအောင် ထည့်သွင်းစီမံပြီး အသုံးချစေခိုင်းတာတွေ ရက်ရက်စက်စက်လုပ်ခဲ့ပါတယ်။ ဒါကို ပြည်သူ့စစ်နည်းဗျူဟာလို့ ကင်ပွန်းတပ်မင်္ဂလာယူပါတယ်။

ပဲခူးရိုးမအတွင်း အဲဒီလို ပြင်းပြင်းထန်ထန် စစ်ရေးအရ နှိပ်ကွပ်မှုတွေလုပ်နေတုန်းမှာ မြို့ပေါ်တွေမှာလည်း အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေ ထပ်ပြီးပေါ်မလာရအောင် ထောက်လှမ်းရေးတွေကို တိုးပြီး စီမံနေရာချထား လှုပ်ရှားစေခဲ့ပါတယ်။ ဦးနေဝင်း ဟာ ထောက်လှမ်းရေးအဖွဲ့ကို အားထားသူပီပီ ထောက်လှမ်းရေးအဖွဲ့ကို စိတ်ကြိုက် ကိုင်တွယ်ဖွဲ့စည်းထားပါတယ်။ ဦးနေဝင်း ဟာ သူရဲ့ အာဏာတည်မြဲရေးအတွက် သူရဲ့ နိုင်ငံရေးပြိုင်ဘက်တွေ၊ လူထုလှုပ်ရှားမှုတွေကို ဖြိုခွင်းနိုင်ဖို့အတွက်ပါ ထောက်လှမ်းရေးကို အထူးဦးစားပေး မွေးမြူကိုင်တွယ်ထားပါတယ်။ ထောက်လှမ်းရေးအဖွဲ့ကြီးကလည်း ဦးနေဝင်း စိတ်ကြိုက် ဦးနေဝင်း ရဲ့ အတွင်းအပြင် နိုင်ငံရေးရန်သူမှန်သမျှကို ရက်ရက်စက်စက် နှိပ်ကွပ်ပြခဲ့ပါတယ်။ ထောက်လှမ်းရေးအဖွဲ့ဟာ တနေ့တခြား တန်ခိုးထွားလာပါတယ်။ ထောက်လှမ်းရေးအဖွဲ့ရဲ့ အကြီးအကဲဖြစ်လာသူကတော့ ဗိုလ်မှူးချုပ်တင်ဦး ဖြစ်ပါတယ်။ စစ်တပ်အတွင်းမှာ တခြားတင်ဦးတွေလည်းရှိတဲ့အတွက် ထောက်လှမ်းရေးတင်ဦး ကို လန်ဘားတင်ဦး၊ မျက်မှန်တင်ဦး လို့လည်းခေါ်ကြပါတယ်။ ၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းစက ဗိုလ်ချုပ်ကြီးနေဝင်း ရဲ့ ညာလက်ရုံး ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီးမောင်လွင် (ခေါ်) နှုတ်ခမ်းမွေးမောင်လွင် နာမည်ကြီးခဲ့သလို၊ ဗိုလ်မှူးချုပ်တင်ဦး (ခေါ်) မျက်မှတ်တင်ဦး ဟာလည်း နာမည်ကျော်ခဲ့ပါတယ်။ (နှုတ်ခမ်းမွေးမောင်လွင်ရော၊ မျက်မှန်တင်ဦး ပါ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အထူးရွေးချယ်မှုနဲ့ ပစိဖိတ်သမုဒ္ဒရာထဲက ဆိုက်ပန်ကျွန်းမှာ အမေရိကန် စီအိုင်အေ (CIA) ကပေးခဲ့တဲ့ ထောက်လှမ်းရေးသင်တန်းကို တက်ရောက်ခဲ့ကြဖူးသူတွေဖြစ်ပါတယ်။) ဗိုလ်မှူးချုပ်တင်ဦး (ခေါ်) ထောက်လှမ်းရေးမျက်မှန် တင်ဦး ဟာ နိုင်ငံရေးလှုပ်ရှားမှုတွေကို မပေါ်ပေါက်ရအောင် ထောက်လှမ်းရေးနည်းနာမျိုးစုံကို အသုံးပြုတတ်သူဖြစ်ပါတယ်။

ဒီကြားထဲကပဲ မဆလ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုအဖြစ် ထပ်မံပေါ်ထွက်လာတာကတော့ ဦးသန့် ဈာပနအရေးအခင်း ကျောင်းသားလှုပ်ရှားမှုကြီးဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလမှ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဇွန် (၆) အလုပ်သမားသပိတ်ကြီး ပေါ်ထွက်အပြီး (၆) လအတွင်းမှာ ဆက်တိုက်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

## ဦးသန့် ဈာပနအရေးအခင်း

ဗမာပြည်သားဖြစ်တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ အမေရိကန်နိုင်ငံမှာ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်သူဦးသန့်ရဲ့ ဆန္ဒအရ ဦးသန့်ရဲ့ ရုပ်ကလာပ်ဟာ ဗမာပြည်ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဦးသန့်ဟာ ဦးနုရဲ့ လူရင်းတယောက်ဖြစ်ပြီး၊ ဦးနု ဝန်ကြီးချုပ်ဘဝက ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ် စတင်ထမ်းဆောင်ရင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုး လေယာဉ်ပျက်ကျကွယ်လွန်တဲ့အခါ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာ ဆက်ခံရရှိခဲ့သူဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ် နိုဝင်ဘာ (၃) ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံကြီးကနေ ဦးသန့်ကို အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးတဲ့အခါ နောက်ထပ်သက်တမ်းအတွက်လည်း အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဆက်လက်အရွေးချယ်ခံခဲ့ရပါတယ်။ ဦးသန့် လက်ထက်မှာ ကမ္ဘာစစ်ဖြစ်နိုင်

လောက်တဲ့အထိ ကြီးကျယ်ပြင်းထန်တဲ့ ကမ္ဘာ့အရေးအခင်း အဖြစ်အပျက် အကြပ်အတည်းကြီးတွေကို အောင်မြင်စွာ ညှိနှိုင်းဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် ကမ္ဘာကလည်း တန်ဖိုးထားလေးစားခဲ့သလို ဗမာနိုင်ငံအဖို့ လည်း ဂုဏ်ယူလေးစားဖွယ်ရာ ပုဂ္ဂိုလ်ကြီးတဦးဖြစ်ပါတယ်။ ဒါပေမယ့် ဦးနေဝင်း ကတော့ ဗိုလ်ချုပ်ကြီး နေဝင်း ဘဝကနေ နိုင်ငံတော်သမတ ဦးနေဝင်း ဘဝအထိ တလျှောက်လုံး ဦးသန့်အပေါ် ပုဂ္ဂိုလ်ရေးအရ မနာလို ဝန်တို မုန်းတီးနေခဲ့ပါတယ်။ အဲဒီ မုန်းတီးမနာလိုမှုအခြေခံတွေကြောင့် ဦးသန့် ရုပ်ကလာပ် ဗမာပြည်ပြန် လည်ရောက်ရှိလာတဲ့အခါ ဦးသန့်ရုပ်အလောင်းမြှုပ်နှံဖို့အတွက် မြေနေရာကို ကြံတောသချိုင်းမှာပဲ မြှုပ်နှံ ခွင့်ပေးခဲ့ပါတယ်။ သာမာန်လူတယောက်အဖြစ်ပဲ သဘောထားခဲ့ပါတယ်။ ငါ့မိန်းမတောင် ကြံတောမှာပဲမြှုပ် တာပဲလို့ အကြောင်းပြခဲ့ပါတယ်။ ဦးသန့်ကို လေးစားတန်ဖိုးထားသူတွေက ဦးနေဝင်းရဲ့ ဖော်ပြသဘောထား မှုတွေအပေါ် မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။

ဒီဇင်ဘာလ (၅) ရက်နေ့၊ ဦးသန့်ရုပ်အလောင်းကို ကြံတောသချိုင်းပို့ပြီး မြှုပ်နှံမယ့်အချိန်မှာ၊ တက္ကသိုလ်ကျောင်းသားများနဲ့ ရဟန်းပျိုများက ဦးသန့်ရုပ်အလောင်း အခေါင်းကို ဝိုင်းဝန်းချီမလိုက်ကြပြီး အလောင်းတင်ကားပေါ်တင်ကာ ကြံတောပို့မယ့်အစား ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အတွင်း သယ် ဆောင်လိုက်ပါတယ်။ ဦးသန့်ရုပ်အလောင်း နေရာချထားရာ ကျိုက္ကဆံကွင်းမှာကတည်းက ဈာပနချချိန်နီးမှာ ကျောင်းသားများက စစ်အစိုးရရဲ့ ယုတ်မာရိုင်းပျတဲ့စိတ်ဓာတ်ကို ဖွင့်ချရှုတ်ချတာ၊ ဆန့်ကျင်ပြောဟောတာ တွေလုပ်ခဲ့ကြပါတယ်။ ကျောင်းသားခေါင်းဆောင်များက ကျောင်းသားတွေရဲ့စိတ်ဓာတ်နဲ့ အခုဈာပနကို ကျောင်းသားတွေက သိမ်းယူပြီး နိုင်ငံတော်ဈာပနဖြစ်အောင်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ ကျောင်းသား တွေက ဦးသန့်ရုပ်အလောင်းတင် ဈာပနကားကို ရန်ကုန်တက္ကသိုလ် ထဲမောင်းဝင်စေခဲ့ပြီး ဘွဲ့နှင်းသဘင် အတွင်းမှာ ရုပ်ကလာပ်အခေါင်းကို ချထားကာ ကျောင်းသားတွေဦးစီးလုပ်တဲ့ နိုင်ငံတော်ဈာပနအဖြစ် အကောင်အထည်ဖော်လိုက်ကြပါတယ်။ ဒီလိုနည်းနဲ့ ဦးသန့်ဈာပနအရေးအခင်းကြီး ပေါ်ပေါက်လာခဲ့ပါ တယ်။

တက္ကသိုလ်ဝင်းအတွင်းမှာ ဈာပနကိုအကြောင်းပြုပြီး နေ့ရောညပါ စစ်အစိုးရဆန့်ကျင်ရေးတရား ပွဲတွေ ဖော်ထုတ်ခဲ့ကြပါတယ်။ မဆလပါတီရဲ့ ယုတ်မာမှု၊ ကောင်စီပါတီဆိုတာတွေရဲ့ ဗိုလ်ကျစိုးမိုး စုတ်ပဲ့မှု၊ စစ်တပ်ရဲ့ ရက်စက်ဆိုးဝါးမှုတွေကို ဖော်ထုတ်ဟောပြောခဲ့ကြသလို၊ ကျောင်းသားထုရဲ့ ပြည်သူလူထုဘက် ကရပ်တည်ခဲ့တဲ့ သမိုင်းအစဉ်အလာတွေအကြောင်းနဲ့ မဆလစစ်အစိုးရကို ပြည်သူတရပ်လုံးက ဆန့်ကျင် တိုက်ပွဲဝင်သွားကြဖို့ လိုအပ်တဲ့အကြောင်းတွေကို နေ့စဉ်ရက်ဆက် ထုတ်ဖော်ဟောပြော လှုံ့ဆော်ခဲ့ကြ ပါတယ်။ စစ်အစိုးရဆန့်ကျင်ရေး တရားပွဲတွေကိုဖော်ထုတ်ရင်း လူထုရင်ဖွင့်သံဟစ်တိုင်ဖြစ်အောင် တဆင့် တိုးစီစဉ်ဖန်တီးပေးနိုင်တဲ့အတွက် ရဟန်းသံဃာတော်တွေရော၊ အလုပ်သမားနဲ့ ဝန်ထမ်းတွေထဲကပါ လာ ရောက်ရင်ဖွင့် ဟောပြောကြသံတွေ နေ့စဉ်ညဆက်ဖြစ်ခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှာ ကြိတ်ကြိတ် တိုးအောင် လူထုပရိတ်သတ်ကြီး စည်းကားခဲ့ပါတယ်။ လူထုက ကျောင်းသားလှုပ်ရှားမှုအရေးအခင်းကြီးကို အားပေးထောက်ခံ ပါဝင်အားဖြည့်ကူညီခဲ့ကြပါတယ်။ ထမင်းထုပ်၊ ဆေးလိပ်၊ သရေစာကအစ၊ ပိုက်ဆံ၊ ရွှေ၊ ငွေအထိ လှူဒါန်းထောက်ပံ့ခဲ့သူတွေ အများအပြား ပေါ်ပေါက်ခဲ့ပါတယ်။

ဦးသန့် ရဲ့ ရုပ်အလောင်းကို တက္ကသိုလ်ဝင်းအတွင်း မျက်နှာစာမြေကွက်လပ်မှာပဲ ကျောင်းသား တွေကဦးစီးပြီး ဂူသွင်းမြှုပ်နှံ သဂြိုလ်ခဲ့ကြပါတယ်။

ဒီအရေးအခင်းကိုလည်း မဆလစစ်အစိုးရဟာ အကြမ်းဖက်နည်းကိုပဲကျင့်သုံးပြီး ရက်ရက်စက်စက် ဖြိုခွင်းခဲ့ပါတယ်။ ညနက်သန်းခေါင်ကျော်မှာ တင့်ကားတွေ၊ စစ်ကားတွေ၊ စစ်သားတွေနဲ့ ဝိုင်းရံပြီး ဝင်ရောက်

ဖြို့ခွဲဖျက်ဆီးတာတွေ လုပ်ခဲ့ပါတယ်။ ဂုဗိမာန်ကိုလည်း ဖျက်ဆီးပစ်လိုက်ပြီး ရုပ်ကလာပ်ကို သိမ်းပိုက်သယ်ဆောင်သွားခဲ့ကြပါတယ်။ ကျောင်းသားသွေးမြေကျရမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ဈာပနကိစ္စနဲ့ဆက်စပ်ပြီး ကျောင်းသားခေါင်းဆောင်တွေအပါအဝင် စစ်အစိုးရဆန့်ကျင်သူတွေ အမြောက်အများ ထောင်နဲ့ချီပြီး အဖမ်းအဆီးခံခဲ့ကြရပါတယ်။

၁၉၇၄ ခုနှစ်ရဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေရဲ့ အခြေအနေကို အကြမ်းဖျင်းကြည့်မယ်ဆိုရင်တော့ အဓိကအဖွဲ့အစည်းကြီး (၂) ခုဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရော၊ ကေအင်ယူပါတီပါ လက်နက်ကိုင်တိုက်ပွဲနဲ့ လူထုတိုက်ပွဲတွေကို မှန်မှန်ကန်ကန်ပေါင်းစပ်ပြီး အောင်ပွဲကို အရယူမယ်ဆိုတဲ့ နိုင်ငံရေးလမ်းစဉ် မူ ပေါ်လစီ အသီးသီးရှိကြပေမယ့်၊ ပေါ်ထွန်းလာတဲ့ လူထုတိုက်ပွဲကို ထောက်ခံတဲ့ တိုက်ပွဲတွေ အမှတ်တရ ဖော်ထုတ် တိုက်ပွဲဆင်တာလောက်ကလွဲလို့ ထူးထူးခြားခြား စွမ်းဆောင်ပြနိုင်မှုမရှိသလောက်ဖြစ်ပါတယ်။ ဗမာပြည်အတွင်းပိုင်း ပြည်မလူထုနဲ့ အနီးစပ်ဆုံး ဆက်စပ်နေတဲ့ ပဲခူးရိုးမတော်လှန်ရေးနယ်မြေနဲ့ မြစ်ဝကျွန်းပေါ်ဒေသတခွင်ဟာ စစ်အစိုးရရဲ့ တဆင့်ပြီးတဆင့် ထိုးစစ်ဆင်တာကိုသာ အဆက်မပြတ် ကြုံတွေ့ရင်ဆိုင်နေရပါတယ်။ ခံစစ်အနေအထားနဲ့ချည်းပဲ ခံစစ်ဆင်နေခဲ့ရပါတယ်။ စစ်အစိုးရရဲ့ စစ်တပ်အင်အားနဲ့ တော်လှန်ရေးလက်နက်ကိုင်အင်အားစုများရဲ့ တပ်အင်အားဟာလည်း အဆမတန်ကွာခြားလွန်းနေပါတယ်။

ဗကပ အနေနဲ့ကြည့်မယ်ဆိုရင် ရိုးမဗဟို ဗကပ နဲ့ အရှေ့မြောက် ဗကပအကြား အဆက်အသွယ်မပျက်ရှိနေပြီဖြစ်ပေမယ့် တဆက်တစပ်တည်းသော တော်လှန်ရေးလမ်းမကြီးအဖြစ် ဒိုးယိုပေါက်ဖြစ်အောင် ဖွင့်လှစ်ဖော်ဆောင် ဖောက်လုပ်ပေးနိုင်ခြင်းမရှိပါ။ အရှေ့မြောက်စစ်ဒေသကြီးကို ခိုင်ခိုင်မာမာတည်ဆောက်ပြီး အရှေ့မြောက်ရဲ့ ပန်ဆန်းဗဟိုဌာနချုပ်ကြီး ပေါ်ပေါ်လွင်လွင် တည်ရှိနေပြီဖြစ်ပေမယ့် အခြေခံလွတ်မြောက်ဒေသနယ်မြေကို သံလွင်အနောက်ခြမ်းအထိ ခိုင်ခိုင်မာမာ တိုးချဲ့နိုင်ခြင်းမရှိပါ။ သံလွင်အနောက်ခြမ်းအထိ စီမံချက်တွေ အမျိုးမျိုးချမှတ်ပြီး ထိုးစစ်ဆင်တာ၊ တိုက်ခိုက်တာ၊ လှုပ်ရှားစစ်ဆင်တာတွေ ဖော်ဆောင်နိုင်ပေမယ့် လွတ်မြောက်နယ်မြေဒေသအဖြစ် မဖန်တီးနိုင်ခဲ့ပါ။

ကေအင်ယူရဲ့ အခြေအနေကိုကြည့်မယ်ဆိုရင်လည်း ခံစစ်အနေအထားပဲဖြစ်နေတဲ့အပြင် ကွဲနေတဲ့ အုပ်စုတွေကိုတောင် တလုံးတစည်းတည်းဖြစ်အောင် မစုစည်းနိုင်ကြသေးတဲ့အခြေအနေဖြစ်ပါတယ်။ (၇၄) ခုနှစ်၊ ရှီးလူကွန်ဂရက်မှာ ကေအင်ယူလမ်းစဉ်ကို လိုအပ်သလိုပြင်ဆင်ကြပြီး မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးတိုင်းအတွင်းရှိ ဗိုလ်ချုပ်ကော်ထူး ခေါင်းဆောင်တဲ့ ကေအင်ယူနဲ့ ပြန်လည်ပေါင်းစည်းနိုင်ဖို့ ဆုံးဖြတ်ချက်ပဲ ချမှတ်နိုင်ခဲ့ပါတယ်။ ကေအင်ယူပါတီကို အလုပ်သမားပါတီတခုအဖြစ် တည်ဆောက်ချင်သူတွေရော၊ လူတန်းစားအတွေးအခေါ် အယူအဆနဲ့ လူတန်းစားအမြင်ကို လက်ခံဆုပ်ကိုင်သူတွေရော၊ လက်မခံနိုင်သူတွေပါ ရှိနေကြပါတယ်။ စစ်အစိုးရ ဘုံရန်သူကို တိုက်ခိုက်ရေးမှာ အတူတူပဲဖြစ်ပေမယ့် သဘောထားအမြင် ခံယူမှုတွေက တမျိုးစီကွဲပြားနေကြသူတွေ ဒုနဲ့ဒေးနဲ့ ရှိနေကြပါသေးတယ်။

မဆလ စစ်အစိုးရကိုဆန့်ကျင်ပြီး ဗကပကိုအားပေးထောက်ခံကူညီနေတဲ့ တရုတ်ပြည်နဲ့ နိုင်ငံရေးအဆက်အသွယ်ရရှိဖို့ ကေအင်ယူ အနေနဲ့ အားထုတ်တာလည်းရှိခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလထဲမှာ ကေအင်ယူပါတီက စကောလယ်တော ခေါင်းဆောင်တဲ့ (၁၅) ဦးပါ ကိုယ်စားလှယ်အဖွဲ့တခုဟာ ရှမ်းပြည် အက်စ်အက်စ်ပီပီ **(SSPP)** ဒေသကတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသကို ရောက်ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အစီအစဉ်နဲ့ တရုတ်ပြည်ထဲကို ၁၉၇၄ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ရောက်ရှိသွားခဲ့ပါတယ်။ သခင်ဗသိန်းတင် နဲ့ နိုင်ငံရေးဆွေးနွေးတာတွေ အပြန်အလှန်ပြုလုပ်ခဲ့ကြသလို၊ တရုတ်ပြည်

ကွန်မြူနစ်ပါတီနဲ့လည်း တွေ့ဆုံဆွေးနွေးမှုတွေ၊ ကေအင်ယူရဲ့ သဘောထားကို ထုတ်ဖော်တင်ပြမှုတွေ လုပ်နိုင်ခဲ့ကြပါတယ်။ တရုတ်ပြည်က နယ်ချဲ့ပဒေသရာဇ်စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်နေတယ်ဆိုရင် လိုအပ်တဲ့ အကူအညီတွေကိုပေးမှာဖြစ်ကြောင်းနဲ့ ဗကပ ကနေတဆင့် ပေးမယ်ဖြစ်ကြောင်း ပြောဆိုခဲ့တယ်ဆိုပါတယ်။ ကေအင်ယူ ရဲ့ခရီးစဉ်ဟာ အဓိကအားဖြင့် ပြည်ပနိုင်ငံရေး မဟာမိတ်ရှာခြင်းနဲ့ နိုင်ငံရေးလေ့လာရေးခရီးစဉ်သာ ဖြစ်တဲ့အတွက် လက်နက်အကူအညီရရေးမဟုတ်လို့ ဆိုပါတယ်။

ကေအင်ယူဟာ တော်လှန်ရေးအတွက် အဲဒီလိုကြိုးပမ်းအားထုတ်တာတွေအထိ လုပ်ခဲ့ပေမယ့် ကေအင်ယူ ရဲ့တော်လှန်ရေးဒီရေဟာလည်း ရိုးမနဲ့ ဧရာဝတီတိုင်းမှာတော့ တက်လာအောင်အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပါ။

ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကလည်း ပါဝင်ဆောင်ရွက်ခဲ့ဖူးပြီး၊ အစဉ်အလာကြီးခဲ့တဲ့ အလံနီကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်စိုးကတော့၊ ကိုယ့်ဟာကိုယ် အဖမ်းခံ စေ့စပ်ဆွေးနွေးတယ်ဆိုတာကို ကြွေးကြော်ရင်း စစ်အစိုးရဆီလာခဲ့ရာမှာ ဖမ်းဆီး၊ ရုံးတင်၊ တရားစွဲဆိုခံရပြီး သေဒဏ်ချမှတ်ခြင်းခံရပါတယ်။ အလံနီကွန်မြူနစ်ပါတီဟာ အခြေခံအားဖြင့် လုံးဝပျက်စီးသွားပြီဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်ထဲမှာ အလံနီကွန်မြူနစ်ပါတီ နိဂုံး နိဂုံးချုပ်သွားခဲ့ပြီဖြစ်ပါတယ်။

မဆလစစ်အစိုးရဟာ စီးပွားရေးစီမံကိန်းတွေကို မစားရဝခမန်း ကြွေးကြော်သံတွေနဲ့အတူ ဆက်လက်အကောင်အထည်ဖော်ပါတယ်။ ပမထအကြိမ် ပါတီညီလာခံတုန်းက ချမှတ်ခဲ့တဲ့ နှစ်တိုနှစ်ရှည် စီမံကိန်းတွေထဲက နှစ်တိုစီမံကိန်းတခုဖြစ်တဲ့ ၁၉၇၁–၇၂ မှ ၁၉၇၄–၇၅ အထိ ပထမ (၄) နှစ်စီမံကိန်းကို ၇၂–၇၃ ထိပဲ (၂) နှစ်တာ အကောင်အထည်ဖော်ပြီး ရပ်စဲပစ်လိုက်ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ပေါ်ပေါက်လာတဲ့ လွှတ်တော်သက်တမ်းနဲ့ကိုက်ညီအောင် ၁၉၇၄–၇၅ စီးပွားရေးစီမံကိန်းကစပြီး ပြန်လည်အကောင်အထည်ဖော်ဖို့လို့ ဆိုပါတယ်။ အဲဒီတော့ မဆလ အစိုးရရဲ့ အနှစ် (၂၀) နှစ်ရှည်စီမံကိန်းကြီးဟာ ၁၉၇၄–၇၅ မှ ၁၉၉၃–၉၄ အထိ ဖြစ်သွားပါတယ်။

စီးပွားရေးစီမံကိန်းရဲ့ ရည်ရွယ်ချက်တွေကတော့ လူနေမှုအဆင့်အတန်းကို (၂) ဆမြှင့်တင်သွားဖို့၊ လယ်ယာစိုက်ပျိုးရေးနိုင်ငံကနေ လယ်ယာအခြေခံ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းသွားဖို့၊ ၁၉၈ဖ ခုနှစ်နောက်ပိုင်း အလုပ်လက်မဲ့ လုံးဝပပျောက်သွားဖို့၊ စီးပွားရေးနဲ့ အံဝင်ခွင်ကျဖြစ်မယ့် ဆိုရှယ်လစ်ပညာရေးစနစ်ကို ထူထောင်သွားဖို့ဆိုတာတွေဖြစ်ပါတယ်။ ၁၉၇၄–၇၅ စီးပွားရေးစီမံကိန်းဆိုတာကို မဆလ အစိုးရက အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ အကောင်အထည်ဖော်တဲ့နှစ်မှာပဲ ဆန်ဈေးတွေမြင့်တက်လာပြီး ကုန်ဈေးနှုန်းတွေလည်း တက်ပြီးရင်းတက်လာတာကို ကြုံရပါတယ်။ ၁၉၇၄–၇၅ နှစ်အတွက် အစိုးရက စပါး ပိုမိုဝယ်ယူရရှိရေးအတွက်ဆိုပြီး စပါးဈေးကို စမြှင့်ပေးပြီး ဝယ်ယူတာလုပ်ပါတယ်။ ဒါပေမယ့် စပါးဈေးမြှင့်ပေးမှုရာခိုင်နှုန်းနဲ့ ကုန်ဈေးနှုန်းတက်လာမှုရာခိုင်နှုန်း အချိုးအစားဟာ အင်မတန် ကွာဟလွန်းနေတဲ့အတွက် လယ်သမားများဘဝလည်း ဘာမှထူးတိုးတက်မလာဘဲ ပိုပြီးတော့သာ မွဲတေဒုက္ခရောက်လာရပါတယ်။ အလုပ်သမားများဘဝဟာလည်း ဆန်တောင်မလုံလောက်တဲ့အဖြစ်မျိုး ကြုံခဲ့ရပြီး ဆန်လုံလောက်စွာရရှိရေးအတွက် အခြေခံတဲ့ ဆန်တောင်းပွဲ အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ခဲ့ရပါတယ်။ (စစ်အစိုးရက ကျည်ဆံတွေပဲပေးခဲ့ပါတယ်။)

စစ်အစိုးရဟာ မြို့ပေါ်မှာ သတ်ဖြတ်ပွဲကြီးတွေကျင်းပပြီး လူထုအုံကြွမှုတွေကို နှိမ်နင်းခဲ့သလို လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေအပေါ်လည်း အပြတ်အသတ် နှိမ်နင်းနိုင်ရေးအတွက် သဲကြီးမဲကြီး ဆက်လက်အားထုတ်ပါတယ်။ ကမ္ဘာ့သိဖြစ်လာပြီဖြစ်တဲ့ ဘိန်းပြဿနာကိုအကြောင်းပြုပြီး မူးယစ်ဆေးဝါး

နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရေးအကြောင်းပြချက်နဲ့ အမေရိကန်အကူအညီရရှိရေးကိုလည်း အားထုတ်ခဲ့ပါတယ်။ အမေရိကန်ကိုယ်စားလှယ်နဲ့ မဆလ စစ်အစိုးရတို့ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့မှာ သဘောတူညီမှုတရပ်ရရှိပြီး အမေရိကန်ဒေါ်လာ (၄.၈) သန်းနဲ့ ရဟတ်ယာဉ် (၆) စီး အကူအညီရခဲ့ပါတယ်။ အဲဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ရရှိတဲ့ အကူအညီတွေကိုလည်း လက်နက်ကိုင်အင်အားစုတွေကို တိုက်ခိုက်နှိမ်နင်းရေးမှာပဲ အသုံးပြုခဲ့ပါတယ်။

စစ်အစိုးရရဲ့ ဦးစားပေး စစ်ဆင်ရေးရည်မှန်းချက်က သောင်းကျန်းသူ အပြုတ်တိုက်ရေးရည်မှန်းချက်အောက်မှာ သောင်းကျန်းသူအားလုံးကို အပြုတ်မတိုက်နိုင်ခင်မှာ မြို့တော်ရန်ကုန် ဗဟိုချက်မနဲ့ အနီးဆုံးဖြစ်တဲ့ ပဲခူးရိုးမတကြောနဲ့ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသတခုလုံးကို အဖြူရောင်ဒေသအဖြစ် ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ရေးဖြစ်ပါတယ်။ အထူးသဖြင့် ရိုးမဗဟို ချုပ်ငြိမ်းရေးအတွက် အောင်စိုးမိုး စစ်ဆင်ရေးကို ချမှတ်ပြီး ဖြတ်လေးဖြတ်စနစ်နဲ့ပါ ပူးတွဲစစ်ဆင်မှုတွေကို အကြီးအကျယ် အကောင်အထည်ဖော်ခဲ့ပါတယ်။

အောင်စိုးမိုး စစ်ဆင်ရေးကာလအတွင် ၁၉၇၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ နေ့လည် (၁) နာရီ မိနစ် (၅၀) ခန့်အချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဇင် နဲ့ အတွင်းရေးမှူးသခင်ချစ်တို့ ပဲခူးရိုးမအတွင်း တောတွင်းတနေရာမှာ ကျဆုံးသွားရပါတယ်။ ကျောက်တံခါးမြို့နယ် ရဲနွယ်ချောင်းမကြီးရဲ့ လက်တက်၊ ဖွတ်ကျားချောင်းအနီး တောတွင်းတနေရာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌ သခင်ဇင် နဲ့ အတွင်းရေးမှူး သခင်ချစ်တို့ဟာ စစ်တပ်ရဲ့ ပိတ်ဆို့ဝိုင်းရံထားမှုကို ခံနေရစဉ်အတွင်းမှာ လက်နက်ချရေးလမ်းကိုလက်မခံဘဲ သတ္တိပြောင်ပြောင်နဲ့ ပြန်လည်တုန့်ပြန်တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့ကြတာဖြစ်ပါတယ်။ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ အင်မတန်အစဉ်အလာကြီးခဲ့တဲ့ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးနှစ်ဦး ရိုးမအတွင်း ထပ်မံကျဆုံးခဲ့ရခြင်းဖြစ်ပါတယ်။

ပဲခူးရိုးမ ဗကပ ဗဟိုဌာနချုပ်ကို ဖြိုဖျက်ပစ်လိုက်နိုင်ရုံမက ဗကပ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး နှစ်ယောက်စလုံးကိုပါ အသေဖမ်းဆီးရမိလိုက်ပြီဆိုပြီး စစ်အစိုးရက ဝမ်းသာအယ်လဲ ဂုဏ်ယူနေတုန်းမှာပဲ၊ ၁၉၇၅ ခုနှစ်၊ မေလ (၃၁) ရက်နေ့မှာ အရှေ့မြောက်စစ်ဒေသ ဗကပ ဗဟိုကနေ ဖွဲ့စည်းကြေညာလိုက်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအသစ်စာရင်း ထွက်ပေါ်လာခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တော်လှန်ရေးဗဟိုချက်မဌာနချုပ်ဟာ ပဲခူးရိုးမကနေ အရှေ့မြောက်ဒေသဆီ ကူးပြောင်းသွားပြီဖြစ်ပါတယ်။ အရှေ့မြောက်ဗဟိုဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တခုတည်းသော ဗဟိုဌာနချုပ်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ထွက်ပေါ်လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ အသစ်ကတော့ ...

| | |
|---|---|
| (၁) သခင်ဗသိန်းတင် | – ဥက္ကဋ္ဌ |
| (၂) သခင်ဖေတင့် | – ပထမ ဒုဥက္ကဋ္ဌ |
| (၃) ရဲဘော်ခင်မောင်ကြီး | – ဒုတိယ ဒုဥက္ကဋ္ဌ |
| (၄) ရဲဘော်တင်ရီ | – PB |
| (၅) ရဲဘော်ဇော်မိုင် | – ဗဟိုကော်မီတီဝင် |
| (၆) ရဲဘော်ဗိုလ်တိုက်အောင် | – ဗဟိုကော်မီတီဝင် |
| (၇) ရဲဘော်မျိုးမြင့် (ဗိုလ်မျိုးမြင့်) | – PB |
| (၈) ရဲဘော်ကျော်မြ | – PB |
| (၉) ရဲဘော်ထွန်း(ဗိုလ်ကျင်မောင်) | – PB |
| (၁၀) ရဲဘော်ဖေသောင်း | – ဗဟိုကော်မီတီ |
| (၁၁) ရဲဘော်ဖရန်ဂမ်ဒီး | – ဗဟိုကော်မီတီ |

(၁၂) ရဲဘော်သန်းရွှေ (ဗိုလ်သန်းရွှေ) – ဗဟိုကော်မီတီ
(၁၃) ရဲဘော်စိုးကြည် – ဗဟိုကော်မီတီ
(၁၄) ရဲဘော်စောဟန် – ဗဟိုကော်မီတီ
(၁၅) ရဲဘော်ရဲထွန်း – ဗဟိုကော်မီတီ
(၁၆) ရဲဘော်စိုးလွင် – ဗဟိုကော်မီတီ
(၁၇) ရဲဘော်ဗိုလ်သက်ထွန်း – ဗဟိုကော်မီတီ
(၁၈) တနင်္သာရီမှတဦး
(၁၉) မြစ်ဝကျွန်းပေါ်မှ နောက်တဦး တို့ဖြစ်ပါတယ်။

အရံဗဟိုကော်မီတီဝင်က (၉) ဦးဖြစ်ပါတယ်။ သခင်ဗသိန်းတင် က ကျဆုံးသွားကြတဲ့ ဥက္ကဋ္ဌ သခင်ဇင် နဲ့ သခင်ချစ် တို့ကို အလေးနီပြု ဂုဏ်ပြုစကားပြောကြားပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌသစ်ရဲ့ ဥက္ကဋ္ဌမိန့်ခွန်းမှာ အရေးကြီး အပြောင်းအလဲကြီးများကို တိတိလင်းလင်း ဖော်ပြသွားခဲ့ပါတယ်။ အဲဒါကတော့ (၆၄) ပါတီတည်ဆောက်ရေးလမ်းစဉ် မှားတယ်ဆိုတာနဲ့ ဖြုတ်ထုတ်သတ်ကို လက်မခံကြောင်း တရားဝင် ကြေညာလိုက်ခြင်းဖြစ်ပါတယ်။

ဗကပ ရိုးမဗဟိုကို ချေမှုန်းလိုက်နိုင်ပြီးလို့ လက်မထောင် ဂုဏ်ယူဝမ်းသာနေကြဆဲမှာ၊ စစ်အစိုးရ အဖို့ နောက်ထပ်မျက်လုံးပြူးစရာအဖြစ် ထပ်မံပေါ်ပေါက်လာတာကတော့ ၁၉၇၄ ဇွန် (၆) အလုပ်သမား သပိတ်ကြီးရဲ့ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ၁၉၇၅ ဇွန် (၆) သပိတ်ကြီးပေါ်ထွန်းလာခြင်းဖြစ်ပါတယ်။

## ၁၉၇၅ ဇွန် (၆) ကျောင်းသားသပိတ်ကြီး

၁၉၇၄ ခုနှစ်၊ ဇွန် (၆) အလုပ်သမားကြီးရဲ့ နှစ်ပတ်လည်အဖြစ် ၁၉၇၅ ခု၊ ဇွန် (၆) ကျောင်းသား သပိတ်ကြီးကို ကျောင်းသားတစုက စတင်ဖော်ထုတ်ဆင်နွှဲလိုက်ကြတာဖြစ်ပါတယ်။ တဖက်မှာ ပြည်သူလူထု ကြီးတရပ်လုံးရဲ့ စားဝတ်နေရေး အကြပ်အတည်းတွေ တနေ့တခြား ကြီးမားနက်ရှိုင်းလာနေတုန်း တဖက်မှာ စစ်အစိုးရရဲ့ ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ်မှုတွေကြောင့် အလုပ်သမား သွေးမြေကျရမှုတွေ၊ ကျောင်း သား သွေးမြေကျရမှုတွေ ဆက်တိုက်ကြီးလိုလို ကြုံတွေ့ခဲ့ရပြီး နာကျည်းခါးသီးဖွယ်ရာတွေ လတ်လတ်ဆတ် ဆတ်ကြီး ခံစားနေရတုန်းမှာ စစ်အစိုးရရဲ့ ဖောက်ပြန်ရက်စက်တဲ့ စစ်အုပ်စိုးမှုကိုလက်မခံနိုင်ကြောင်း ဖော်ပြ လိုက်ကြတဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲလမ်းကြောင်းကို ထပ်လောင်းတွန်းတင်နိုင်ဖို့ အားထုတ် လိုက်ကြတဲ့ ကျောင်းသားထုရဲ့ အံတုစိန်ခေါ်ပွဲကြီးဖြစ်ပါတယ်။ ၇၄ ဇွန် (၆) အလုပ်သမားသပိတ်ကြီးနဲ့ ၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်းကြီးဟာလည်း (၆) လပဲကွာခြားသလို၊ ဦးသန့်အရေးအခင်းနဲ့ ၇၅ ဇွန် (၆) ကျောင်းသားသပိတ်ကြီးဟာလည်း (၆) လခန့်ပဲ ကွာခြားခဲ့ပါတယ်။

၁၉၇၅ခုနှစ်၊ ဇွန်လ (၆) ရက်နေ့မနက်မှာ တက္ကသိုလ်မြေထဲမှာ ကျောင်းသားတွေ စုစည်းကြပြီး၊ ကျောင်းဝင်းထဲကနေ ကျောင်းပြင်အထိထွက်ပြီး စီတန်းလှည့်လည် ဆန္ဒပြပွဲကြီးနဲ့ စတင်ဖော်ထုတ်လိုက်ကြ ပါတယ်။ ပညာရေးတက္ကသိုလ်ဝင်း အပေါက်ကနေ ထွက်လာပြီး ပြည်လမ်းမကြီးအတိုင်း ရန်ကုန်မြို့ထဲဆီ ဦးတည်ကြွေးကြော်ချီတက်ခဲ့ကြပါတယ်။ အသံလွှင့်ရုံရှေ့ကနေ ဖြတ်လာခဲ့ပြီး ကြံတောဘက်ချိုးကွေ့တဲ့ လမ်းအတိုင်း ဝင်ခဲ့ကြပါတယ်။ ကြံတောရှေ့က အသုဘခေါင်းရောင်းတဲ့ဆိုင်တခုထဲက အခေါင်း (၂) ခုကိုရယူ

ခဲ့ပြီး တခေါင်းကို နေဝင်း လို့ကမ္ပည်းထိုး၊ တခေါင်းကို စန်းယု လို့ နာမည်တပ်ကာ ကြိုးနဲ့ဆွဲခဲ့ကြပါတယ်။ အောက်ဖက်လမ်းအတိုင်း ဆက်လက်ချီတက်ကြကာ၊ အဲဒီကမှ မြို့လည် ဗန္ဓုလပန်းခြံရှေ့ဆီ ချီတက်ခဲ့ကြခြင်းဖြစ်ပါတယ်။ လမ်းတလျှောက် 'နေဝင်း–စန်းယုစစ်အစိုးရ–အလိုမရှိ' 'ဖမ်းဆီးအလုပ်သမား ကျောင်းသားရဟန်းသံဃာတော်များ ပြန်လွှတ်ရေး – ဒို့အရေး' ဆိုတဲ့ကြွေးကြော်သံတွေ တခဲနက် ကြွေးကြော်ခဲ့ကြပါတယ်။ ဗန္ဓုလပန်းခြံရှေ့မှာ နေဝင်း နဲ့ စန်းယု ကို အမိန့်တော်ပြန်ပြီး အခေါင်းနှစ်လုံးကိုမီးရှို့ပြီး ဆန္ဒပြခဲ့ကြပါတယ်။

နောက်တနေ့မှာ အာရ်အိုင်တီ စက်မှုတက္ကသိုလ်ဝင်းထဲ လူစုပြီး၊ စစ်မှုတက္ကသိုလ်ကနေ – အင်းစိန်ထောင်ကြီးဆီ သွားရောက်ခဲ့ကြပြီး၊ ထောင်ကြီးရဲ့နံရံတလျှောက် လှည့်လည်ချီတက်ဝိုင်းရံကာ ဆန္ဒပြ ကြွေးကြော်သံတွေ ပဲ့တင်ထပ်စေခဲ့ပါတယ်။ ' အင်းစိန်ထောင်ကြီး–ကျယ်တယ်ဆို – ထပ်ချဲ့လိုက် ထပ်ချဲ့လိုက်' ဆိုတဲ့ ကြွေးကြော်သံတွေ သောသောညံစေခဲ့ပါတယ်။

ပထမ မှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်းမှာပဲ သပိတ်စခန်းပြုကာ၊ စစ်အစိုးရဆန့်ကျင်ရေး တရားပွဲတွေ ကျင်းပခဲ့ပါတယ်။ နောက်ပိုင်းမှာ ရွှေတိဂုံကုန်းတော်ပေါ်စခန်းပြောင်းပြီး သပိတ်ကြီးကိုဆက်လက်ဆင်နွှဲခဲ့ပါတယ်။

စစ်အစိုးရက ကျောင်းသားဆိုးများရဲ့ လှုပ်ရှားမှု၊ ဗကပ လိုလားသူ ကျောင်းသားတစုရဲ့ လှုံ့ဆော်ဖန်တီးမှု စသဖြင့် စသဖြင့် သတင်းစာ၊ ရေဒီယိုတို့ကနေ ပြစ်တင်ရှုတ်ချ သရုတ်ဖျက်ခဲ့ပါတယ်။ သောင်းနဲ့ချီတဲ့ စီတန်းလှည့်လည် ဆန္ဒပြပွဲကြီးတွေအတွင်းမှာ ကျောင်းသားတွေသာမက၊ အလုပ်သမား၊ ဝန်ထမ်းနဲ့မြို့နေဆင်းရဲသားတွေပါ ပါဝင်ပူးပေါင်းခဲ့ကြပြီး စစ်အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေကို ဟစ်ကြွေးခဲ့ကြပါတယ်။

ဒီ ၇၅ ခုနှစ်၊ ဇွန် (၆) ကျောင်းသားသပိတ်ကြီးကိုလည်း စစ်အစိုးရဟာ အကြမ်းဖက်ဖြိုခွင်းခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ အထွဋ်အမြတ်ထားရာ ရွှေတိဂုံကုန်းတော်ပေါ်ကို စစ်ဖိနပ်တွေနဲ့ ဒရမန်းကြမ်းတက်ဝိုင်းခဲ့ပြီး နှိမ်နင်း ရိုက်နှက်ဖမ်း ဆီးတာတွေ လုပ်ခဲ့ပါတယ်။ အကုန်လုံးမိသမျှကို အင်းစိန်ထောင်ပို့ခဲ့ပြီး ပြစ်ဒဏ်ပေးထောင်ချတာတွေ လုပ်ဆောင်ခဲ့ပါတယ်။

၁၉၇၅ ခုနှစ်ထဲမှာ ပဲခူးရိုးမအခြေခံဒေသနဲ့ မြစ်ဝကျွန်းပေါ်ဒေသတခွင်ရှိ ဗကပ နဲ့ မဒညတအင်အားစုတွေအပေါ် ထိုးစစ်ဆင်ပြီး စစ်အစိုးရက စစ်ရေးအရ အသာစီးရသွားပေမယ့် နိုင်ငံရေးအရ၊ စီးပွားရေးအရတော့ စစ်အစိုးရအဖို့ အကြပ်အတည်း ကြီးသထက်ကြီးခဲ့ရတဲ့နှစ်ဖြစ်ပါတယ်။ ၇၄ ခုနှစ်ကတည်းက အလုပ်သမားသပိတ်နဲ့ ဦးသန့်အရေးအခင်းကို စစ်တပ်နဲ့ အကြမ်းဖက်ဖြိုခွဲခဲ့တဲ့အတွက် နိုင်ငံရေးသိက္ခာ ကျခဲ့ရတဲ့စစ်အစိုးရဟာ ၁၉၇၅ ခုနှစ်၊ ဇွန် (၆) ကျောင်းသားသပိတ်ကြီးနဲ့ ဆက်လက်ကြုံတွေ့ခဲ့ရပြီး နိုင်ငံရေးသိက္ခာထပ်မံကျဆင်းခဲ့ရပါတယ်။ ၇၄–၇၅ စီးပွားရေးစီမံကိန်းဟာလည်း လျာထားချက်အတိုင်း ဖြစ်မလာခဲ့ပါ။ ကုန်ဈေးနှုန်းတက်မှုတွေနဲ့ ငွေကြေးဖောင်းပွမှုတွေကို ဘယ်လိုမှ ကာကွယ်နိုင်ခြင်းမရှိခဲ့ပါ။ ဗကပ က ဖြုတ်ထုတ်သတ်လမ်းစဉ် မှားတယ်လို့ သုံးသပ်ပြီး တရားဝင်ရပ်ဆိုင်းသွားပေမယ့် မဆလ ဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ဖြုတ်ထုတ်လမ်းစဉ်ကတော့ ဆက်လက် သက်ဝင်လှုပ်ရှားခဲ့ပါတယ်။ ဒီတခါ ဖယ်ရှားခံလိုက်ရတဲ့သူကတော့ဝန်ကြီးချုပ် ဦးစိန်ဝင်း (ဗိုလ်မှူးချုပ်စိန်ဝင်း) ဖြစ်ပါတယ်။ ဖိအားပေးပြီး နုတ်ထွက်ခိုင်းခဲ့ပါတယ်။

ဗကပ ရိုးမဗဟိုဟာ ဥက္ကဋ္ဌ သခင်ဇင်၊ အတွင်းရေးမှူးသခင်ချစ် တို့ကျဆုံးရပြီးနောက် ပြိုပျက်သွားခဲ့ရပေမယ့် အရှေ့မြောက် ဗကပ ဗဟိုဟာ အုံနဲ့ကျင်းနဲ့ ဆက်လက်ထွက်ပေါ်လာခဲ့ပါတယ်။

ကေအင်ယူဟာလည်း ၇၅ ခုနှစ်ထဲမှာ ရိုးမနဲ့ မြစ်ဝကျွန်းပေါ်အခြေခံဒေသတွေ လက်လွှတ်ဆုံးရှုံးလိုက်ရပြီး အင်မတန်ကြီးမားတဲ့ နစ်နာမှုကြီးတွေ ကြုံတွေ့ခဲ့ရပေမယ့် ဥက္ကဋ္ဌ မန်းဘဇံအပါ ဗိုလ်ချုပ်မြမောင်

အပါ ကေအင်ယူပါတီဝင်တွေဟာ ဗိုလ်ချုပ်မြ နဲ့ တလုံးတစည်းတည်း ပူးပေါင်းလိုက်နိုင်ကြပြီး မာနယ်ပလော ကနေ ဒေါနတောင်ကြောတလျောက်၊ ကရင်ပြည်နယ်တလျောက်၊ ထိုင်းနိုင်ငံနယ်စပ်တလျောက် တော်လှန်ရေးအခြေခံဒေသတွေ ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တခုတည်းသော ကေအင်ယူအဖြစ် အုံနဲ့ကျင်းနဲ့ ဆက်လက်လှုပ်ရှားနိုင်ခဲ့ပါတယ်။ ပြည်နယ်ပေါင်းစုံပြည်ထောင်စု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ) ကိုဖွဲ့စည်းလိုက်နိုင်ပြီး၊ ဘုံရန်သူစစ်အစိုးရ ဦးတည်တိုက်ခိုက်ရေးလမ်းကြောင်းကို ဆက်လက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မာနယ်ပလောမှာ လူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲတရပ် ကျင်းပပြီး ပမဒတ ဟာ အဲဒီနှီးနှောဖလှယ်ပွဲရဲ့ ရလဒ်အဖြစ် ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ၇၅ ခုနှစ်၊ မေလ (၂၈) ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ ပမဒတ မှာပါဝင်တဲ့ အဖွဲ့အစည်းတွေကတော့ ကေအင်ယူပါတီ၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ နဲ့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့ဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကလည်း စစ်အစိုးရဆန့်ကျင်ရေးတိုက်ပွဲတွေကို ဆက်လက် အကောင်အထည်ဖော်နေကြဆဲ၊ အလုပ်သမား ကျောင်းသားထုတိုက်ပွဲတွေကလည်း တခုပြီးတခု ပေါ်နေဆဲမှာ မဆလ စစ်အစိုးရကတော့ အာဏာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားနိုင်ရေးအတွက် နယ်ပယ်ပေါင်းစုံကို ဟာကွက်မရှိရအောင် တဆင့်တိုး ကြိုးပမ်းအားထုတ် ဖိနှိပ်ကန့်သတ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စာပေအနုပညာနယ်ပယ်ကိုလည်း တဆင့်တိုး ကန့်သတ်လာခဲ့ပါတယ်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လမှာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိတဲ့ ပုံနှိပ်သူနှင့် ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်အဖွဲ့ရုံးကနေ၊ 'စာပေနှင့် စာနယ်ဇင်းများ လိုက်နာကြရမယ့်စာပေမူဝါဒ' ဆိုတာကို ချမှတ်ပေးပြန်ပါတယ်။ (၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို မထိခိုက်စေရ၊ (၂) နိုင်ငံတော်၏ အယူအဆ လုပ်ငန်းစဉ် မူများကို မထိခိုက်စေရ၊ (၃) ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်စေရ၊ (၄) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေရ၊ (၅) နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းသာယာရေး၊ တရားဥပစိုးမိုးရေးနှင့် လူမှုရေးဘဝကို အန္တရာယ်မဖြစ်စေရ၊ (၆) အချိန်ကာလနှင့်မဆီလျော်သော အတွေးအခေါ်အယူအဆများ မဖော်ပြရ၊ (၇) အချက်အလက်အားဖြင့် မှန်သော်လည်း အခြေအနေနှင့် မဆီလျော်သော ရေးသားချက်များ မဖော်ပြရ၊ (၈) ညစ်ညမ်းအရေးအသားများ မဖော်ပြရ၊ (၉) ရက်စက်ကြမ်းကြုတ်မှု၊ သွေးထွက်သံယိုမှု ပြစ်မှုများကို လှုံ့ဆော်စေသော အရေးအသားများ မဖော်ပြရ၊ (၁၀) အစိုးရဌာနများရဲ့ လုပ်ရပ်များကို အပြုသဘောမဆောင်သော ဝေဖန်ချက်များမဖော်ပြရ၊ (၁၁) ပုဂ္ဂလိက တဦးတယောက်ကို တိုက်ခိုက်သော စာများ မဖော်ပြရ – လို့ဆိုပါတယ်။ တခွန်းထဲနဲ့ချုပ်ပြီးပြောရရင်တော့ အစိုးရနဲ့ပတ်သက်ပြီး၊ မဆလနဲ့ပတ်သက်ပြီး ဘာမှမရေးကြနဲ့ဆိုတာဖြစ်ပါတယ်။

[ ဦးနေဝင်းက ဒေါ်ခင်မေသန်းသေပြီး ဒေါ် နီနီမြင့်ကိုယူ၊ ဒေါ် နီနီမြင့်နဲ့ကွဲနေစဉ်အတွင်း ရတနာနတ်မယ်ဆိုတာကြီးကို ထပ်ပြီး ယူထားတုန်းမှာ၊ ဗိုလ်ချုပ်ကြီးစန်းယု ကလည်း ဟိုမိန့်ခွန်းပြောလိုက် ဒီမိန့်ခွန်းချွေလိုက် လုပ်ပြနေတုန်းမှာ၊ ဆန်ပြဿနာတွေပေါ်ပြီးနောက် စပါးစိုက်ရေး ဆန်တိုးတက်ထုပ်လုပ်ရေးတွေကို ပဲပြောတဲ့ သူကပြောနေတုန်းမှာ၊ စာရေးဆရာ မောင်ဖေငယ်က 'ဖောင်းကားစား' ဆိုတဲ့ရာဇဝင် နောက်ခံစာအုပ်တအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ အဲဒီ ဖောင်းကားစား စာအုပ်ထဲမှာ မယားပြီး မယား၊ စကားပြီး စကား၊ စပါးပြီး စပါး ဆိုတာထည့်ရေးတဲ့အတွက် မောင်ဖေငယ် ကို တသက်တကျွန်း ထောင်ဒဏ်ချမှတ်တာတောင် လုပ်ပါတယ်။]

၁၉၇၅ ခုနှစ်၊ စက်တင်ဘာ (၂၈) ရက်နေ့မှာ ရန်ကုန်တိုင်း သတင်းထောက်များနှီးနှောဖလှယ်ပွဲမှာ ပါတီစာနယ်ဇင်းဌာနမှူးဖြစ်တဲ့ ဦးစောဦး က မဆလပါတီကိုယ်စား ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်သူ

တွေအတွက် လွတ်လပ်စွာရေးသားခွင့် မပေးနိုင်ပါဘူး။ နိုင်ငံတော်ကို ဦးဆောင်နေတဲ့ ကျနော်တို့ရဲ့ပါတီကို ဆန့်ကျင်နေသူတွေကိုလည်း လွတ်လပ်စွာရေးသားခွင့် မပေးနိုင်ပါဘူးလို့ ပြောင်ပြောင်တင်းတင်းပဲ ပြောဆိုခဲ့ပါတယ်။

စာပေအနုပညာနယ်ပယ်တခုလုံးကို လှုပ်မရအောင် စာပေးစိစစ်ရေးဌာနဆိုတာနဲ့လည်း ချုပ်ကိုင်ထားခဲ့ပါတယ်။ ဆန့်ကျင်တော်လှန်တဲ့ စာအုပ်၊ စာတမ်း၊ စာစောင်တွေ ထွက်ပေါ်မလာရအောင်၊ စာအုပ်အဆင့်ဆိုတာအထိကို ရောက်မလာရအောင်၊ စာမူတွေကို ကြိုတင်,တင်ပြခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်တဲ့အဆင့်ကို လုပ်ကိုင်စေပါတယ်။ ရိုက်နှိပ်ပြီး ထပ်မံတင်ပြရမယ်။ ထပ်မံတိုက်ဆိုင်စစ်ဆေးပြီးမှ စာအုပ်ဖြန့်ချိခွင့်ကို ပေးပါတော့တယ်။ အဲဒါကြောင့် တရားဝင် ထုတ်ဝေဖြန့်ချိခွင့် အခွင့်အရေးတွေ ဆုံးရှုံးရပါတယ်။ စစ်အစိုးရကို ဆန့်ကျင်တော်လှန်တဲ့ စာပေအနုပညာတွေကို ရေးသားဖန်တီးလိုသူတွေဟာ တရားမဝင်နည်းနဲ့ပဲ ရိုက်နှိပ်ဖြန့်ချိရပါတော့တယ်။ ဒါကြောင့် စာကူးစက်၊ လက်လှည့်စက်ကလေးတွေနဲ့ပဲ လျှို့ဝှက်စွာ ရိုက်နှိပ် ဖြန့်ချိ ထုတ်ဝေလာကြတဲ့ စာစောင်လေးတွေ ၇၀ ပြည့်နှစ်လွန် နှစ်ဦးပိုင်းတဝိုက် ပလူပျံခဲ့ပါတယ်။

အထူးသဖြင့် ကဗျာစာအုပ်လေးတွေများပါတယ်။ ဒါတောင် ဖမ်းဆီးခြင်းခံရရင် ထောင်ဒဏ်ချမှတ်ခြင်းခံရပါတယ်။ ဗမာပြည်က တိုးတက်တဲ့စာရေးဆရာ၊ ကဗျာဆရာများဟာ အမေရိကန်နယ်ချဲ့တို့ရဲ့ ဗီယက်နမ်ကျူးကျော်စစ်အပေါ် ရှုတ်ချကန့်ကွက်ကြတဲ့ စာကဗျာတွေ၊ ဗီယက်နမ်ပြည်သူများဘက်က ရပ်တည်တဲ့ စာကဗျာတွေ ရေးသားဖန်တီးခဲ့ကြပြီး တရားဝင် စာစောင်မဂ္ဂဇင်းများကနေ ဖော်ပြဖြန့်ချိခဲ့ကြတာတွေရှိသလို၊ စာကူးစက်၊ လက်လှည့်စက်ကလေးများနဲ့ ရိုက်နှိပ်ပြီး တရားမဝင်ဖြန့်ချိရတဲ့ စာစောင် စာအုပ်ငယ်ကလေးများကနေပြီးလည်း ဖြန့်ချိထုတ်ဝေဖော်ပြတာတွေ ရှိခဲ့ပါတယ်။ စာပေလွတ်လပ်ခွင့်မရှိတဲ့ကြားက နယ်ချဲ့ဆန့်ကျင်ရေး၊ စစ်အစိုးရဆန့်ကျင်ရေးတွေ နည်းမျိုးစုံနဲ့ ပေါ်ပေါက်ခဲ့ပါတယ်။

စစ်အစိုးရက အကြမ်းဖက်ဖိနှိပ်နေတဲ့ကြားက နည်းအမျိုးမျိုးနဲ့ ကွပ်ညှပ်ပြီး ပိတ်ပင်တားမြစ်ယုတ်မာနေတဲ့ကြားထဲက စစ်အစိုးရဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတရပ် ထပ်မံထွက်ပေါ်လာပြန်ပါတယ်။ ၇၅ ဇွန် (၆) ကျောင်းသားသပိတ်ကြီးအပြီး (၉) လကျော်အကြာမှာပဲ ဖြစ်ပါတယ်။ အဲဒါကတော့ မှိုင်းရာပြည့်လှုပ်ရှားမှုကြီးပဲဖြစ်ပါတယ်။

## မှိုင်းရာပြည့်

၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့မှာ မှိုင်းရာပြည့် နိုင်ငံရေးလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ၁၈၇၆ ခုနှစ်၊ မတ်လ (၂၃) နေ့ဖွား ငြိမ်းချမ်းရေးဖခင်ကြီးနဲ့ ဇာတိမာန်စာဆိုကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့မှာ အသက်တရာ ပြည့်မြောက်သွားပြီဖြစ်တဲ့အတွက်၊ မှိုင်းရာပြည့်အခမ်းအနားကို နိုင်ငံရေးအဓိပ္ပါယ်ရှိရှိ ကျင်းပကြဖို့ စစ်အာဏာရှင်ဆန့်ကျင်ရေး စိတ်ဓာတ်နဲ့ ဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လမှာပဲ ကွယ်လွန်သွားခဲ့ပြီဖြစ်ပေမယ့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေအတွင်း ပါဝင်ခဲ့တဲ့ အခန်းကဏ္ဍကြီးမြတ်မှုနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် စွမ်းစွမ်းတမံ ရှေ့ဆောင်လှုပ်ရှားခဲ့မှုတွေအတွက် လေးလေးနက်နက် အထိမ်းအမှတ်ပြုကြကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုအဖြစ် ဖော်ထုတ်ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

မိုင်းရာပြည့်မှာ ပါဝင်လှုပ်ရှားခဲ့ကြသူတွေကိုလည်း စစ်အစိုးရဟာ ရက်ရက်စက်စက် ဖိနှိပ်ဖမ်းဆီး၊ နှိပ်စက် ထောင်ချ နှိပ်ကွပ်ပစ်ခဲ့ပြန်ပါတယ်။ အမြောက်အများ ဖမ်းဆီးခံကြရပါတယ်။ ထောင်ချခံခဲ့ကြရပါတယ်။

ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦး ကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးရမိလိုက်ပါတယ်။ (၂၆–၆–၇၆) နေ့မှာပဲ သေဒဏ်ပေးတယ်ပြောဆိုပြီး အင်းစိန်ထောင်အတွင်းမှာ ကြိုးစင်တင် သတ်ဖြတ်ပစ်ခဲ့ပါတယ်။ ကြိုးစင်တင်သတ်ဖြတ်ခံရတဲ့ ကျောင်းသားခေါင်းဆောင်အဖြစ် မှတ်မှတ်သားသား မော်ကွန်းတင်ရပါလိမ့်မယ်။ ချင်းအမျိုးသားဖြစ်တဲ့ ကိုတင်မောင်ဦး ဟာ စစ်အစိုးရရဲ့ ယုတ်မာမှုအောက် ကျဆုံးခဲ့ရပါတယ်။

မိုင်းရာပြည့်လှုပ်ရှားမှုနဲ့ ရှေ့ဆင့်နောက်ဆင့်ပေါ်ထွက်လာခဲ့တာကတော့ မီးမောင်းလှုပ်ရှားမှု ဖြစ်ပါတယ်။ မီးမောင်းစာစောင်ကို ဗမာပြည်ကွန်မြူနစ်ပါတီလိုလားသူ တော်လှန်တိုးတက်သူတစုကနေ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလကစပြီး ထုတ်ဝေဖြန့်ချိခဲ့ကြတာဖြစ်ပါတယ်။ စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်တွန်းလှန်တိုက်ခိုက်ပစ်မယ့် မီးမောင်းဆိုတဲ့ ခေါင်းစည်းနဲ့ လျှို့ဝှက်ရိုက်နှိပ်ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ ဖယောင်းစက္ကူပေါ် ကညစ်နဲ့ရေးပြီး လက်လှည့်ဒလိမ့်တုံးနဲ့ မိတ္တူကူးကာ စာစောင်ငယ်အဖြစ် လစဉ်ထုတ်ဝေနိုင်အောင် ကြိုးပမ်းအားထုတ် ဖြန့်ချိခဲ့ကြတာဖြစ်ပါတယ်။ စစ်အစိုးရဆန့်ကျင်ရေးသတင်းများ၊ တိုက်ပွဲသတင်းများ၊ ဆောင်းပါးအတိုအထွာများနဲ့ ဝေဝေဆာဆာဖြစ်အောင် ပြုစုရေးသားဖန်တီးကြပြီး လျှို့ဝှက်တဲ့နည်းနဲ့ မြို့နယ်များစွာ အရောက်ပေးပို့ ဖြန့်ခွဲဖြန့်ချိခဲ့ကြခြင်းဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်၊ ဇွန်လထဲမှာ မီးမောင်းစာစောင် ထုတ်ဝေဖြန့်ချိလှုပ်ရှားမှုကို စစ်အစိုးရရဲ့ စစ်ထောက်လှမ်းရေးကနေ ဖော်ထုတ်ဖမ်းဆီး နှိပ်ကွပ်ပစ်ခဲ့ပါတယ်။ လူပေါင်းများစွာ ဖမ်းဆီးထောင်ချခြင်းခံခဲ့ရပါတယ်။ လူတော်တော်များများကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။

မိုင်းရာပြည့်လှုပ်ရှားမှု၊ မီးမောင်းလှုပ်ရှားမှုဆိုတာတွေနဲ့တဆက်တည်း၊ ဖမ်းပွဲဆီးပွဲကြီးတွေနဲ့ တဆက်တည်း ထူးထူးခြားခြား ထွက်ပေါ်လာခဲ့တဲ့ အဖြစ်အပျက်ကတော့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော တောခိုခြင်းပဲဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ဟာ သမီးတယောက်၊ သားနှစ်ယောက်ကိုပါ ခေါ်ဆောင်ပြီး လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ တောခိုခဲ့ခြင်းဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ရှိရာ အရှေ့မြောက်ဒေသကို သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေပျက်ပြားသွားပြီးတဲ့နောက်ပိုင်းကစပြီး ငြိမ်သက်နေတဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ဟာ စစ်အာဏာရှင်စနစ်အောက်မှာ အခွင့်အခါကောင်းကို စောင့်နေခဲ့ပြီး အခွင့်အရေးရတာနဲ့တပြိုင်နက်တည်း စစ်အာဏာရှင်ကို ပြတ်ပြတ်သားသား တိုက်ခိုက်ဖို့ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းထဲ ရောက်ရှိလာတာဖြစ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ (နောက်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့အသံကနေ သူဘာကြောင့်တောခိုလာရသလဲဆိုတာ ဗမာပြည်ရဲ့စစ်အစိုးရလက်အောက်မှာ ဗမာပြည် ပြည်သူလူထုတွေ မျက်မှောက်တွေ့ကြုံရင်ဆိုင်နေရတဲ့ ဒုက္ခတွေနဲ့တကွ နောက်ခံပြု ထုတ်ဖော်ရှင်းလင်း အသံလွှင့်ကြေညာခဲ့ပါတယ်။)

## မဆလတွင်းကနေ ထွက်ပေါ်လာတဲ့မီးတောက်များ

၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖန်တီးပြီး၊ ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းအုပ်ချုပ်တယ်ဆိုတဲ့ မဆလအစိုးရခေတ် စတင်ပေါ်ပေါက်လာပြီးကတည်းက လူထုတိုက်ပွဲကြီးတွေ

ဟာလည်း ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ ၇၄ ဇွန် (၆) အလုပ်သမားသပိတ်၊ ၇၄ ဒီဇင်ဘာ ဦးသန့် အရေးအခင်း၊ ၇၅ ဇွန် (၆) ကျောင်းသားသပိတ်နဲ့ မှိုင်းရာပြည့်လှုပ်ရှားမှုကြီးတွေဟာ အထင်ကရ လူထုတိုက်ပွဲကြီးတွေဖြစ်ပါတယ်။

လူထုတိုက်ပွဲကြီးတွေအဆင့်ထိမဟုတ်ပေမယ့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်အစိုးရဆန့်ကျင်ရေး၊ စစ်အုပ်စု ဆန့်ကျင်ရေးတွေအတွက် သန်ရာသန်ရာ နည်းနာတွေကိုကိုင်စွဲပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေလည်း အမျှင်မပြတ်ပေါ်ပေါက်လာခဲ့ပါတယ်။ အထူးသဖြင့်၊ စစ်အစိုးရဆန့်ကျင်ရေးကဗျာစာအုပ်၊ စာစောင်စာတမ်း စာအုပ်ထုတ်ဝေဖြန့်ချိလှုပ်ရှားမှုတွေဖြစ်ပါတယ်။ စာပေအနုပညာနဲ့ ပတ်သက်တဲ့လှုပ်ရှားမှုအကြောင်းတွေလို့ အကြမ်းဖျင်းဆိုနိုင်ပေမယ့် အဓိကအားဖြင့် မဆလစစ်အစိုးရဆန့်ကျင်ရေး နိုင်ငံရေးရည်မှန်းချက်နဲ့ ထွက်ပေါ်လာကြတာတွေချည်းဖြစ်ပါတယ်။ ပြင်းပြင်းထန်ထန် ဖမ်းဆီးနှိပ်ကွပ်အရေးယူ အပြစ်ပေးနေတဲ့ကြားထဲက ပေါ်ထွက်လာနေကြတာတွေဖြစ်ပါတယ်။ အရှေ့လေလှုပ်ရှားမှု၊ မီးမောင်းစာစောင် ထုတ်ဝေလှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အရှေ့လေဟာ မန္တလေးဘက်က အခြေခံပြီး ထွက်ပေါ်ခဲ့ တဲ့စာစောင်ဖြစ်ပါတယ်။ မီးမောင်းက ရန်ကုန်ဘက်ကအခြေခံပြီး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အရှေ့လေဟာ မီးမောင်းထက်စောခဲ့ပြီး အရှေ့လေစာစောင် ထုတ်ဝေဖြန့်ချိခဲ့သူ တော်တော်များများဟာလည်း ဖမ်းဆီးထောင်ချတာခံခဲ့ရပါတယ်။ မီးမောင်းလောက် လူသိမများခဲ့သလို၊ အဖမ်းအဆီးခံရမှုမှာလည်း မီးမောင်းလောက်တော့ လူမများခဲ့ပါ။

အဲဒီလိုအထင်ကရလူထုတိုက်ပွဲကြီးတွေ နိုင်ငံရေးရည်မှန်းချက်နဲ့လုပ်ကိုင်ခဲ့ကြတဲ့ စာစောင်စာတမ်း စာအုပ် ထုတ်ဝေဖြန့်ချိ လှုပ်ရှားခဲ့ကြမှုတွေရဲ့ နောက်ပိုင်းမှာ စစ်အစိုးရကိုယ်တိုင် တုန်လှုပ်ခြောက်ခြားသွားခဲ့ရတဲ့လှုပ်ရှားမှုတမျိုး ထပ်မံပေါ်ပေါက်လာပြန်ပါတယ်။ စစ်အစိုးရအဖို့ တုန်လှုပ်ခြောက်ခြားခဲ့ရသလို ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ရတဲ့ လှုပ်ရှားမှုဖြစ်ပါတယ်။ အဲဒါကတော့ မဆလထိပ်သီး နံပါတ် (၁) ပုဂ္ဂိုလ်ကြီး ဦးနေဝင်းအပါ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦးအပါ မဆလထိပ်သီးကြီးတချို့ကို အပြတ်ရှင်းပစ်ဖို့ ကြံစည်းအားထုတ်တဲ့ လုပ်ကြံရေး အကြံအစည် လှုပ်ရှားမှုကြီးဖြစ်ပါတယ်။ မဆလထိပ်သီးကြီးများရဲ့ အနီးဆုံးနေရာကနေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ တနည်းအားဖြင့် မဆလတွင်းက ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ဗိုလ်ကြီးအုံးကျော်မြင့် ခေါင်းဆောင်တဲ့ တပ်တွင်းအရာရှိငယ်တချို့ရဲ့ လှုပ်ရှားမှုဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်ထဲမှာပဲ မှိုင်းရာပြည့်လှုပ်ရှားမှုကြီးအပြီး မကြာခင်မှာပဲ အဲဒီလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်ဟာ ဒုတိယကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ထင်ရဲ့ ကိုယ်ရေးအရာရှိဖြစ်ပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့် နဲ့အတူ တပ်မတော်အရာရှိ (၁၄) ဦးပါဝင်ပတ်သက်ခဲ့ပါတယ်။ အဲဒီ (၁၄) ဦးထဲမှာ မဆလထိပ်သီးကြီးတွေရဲ့ ကိုယ်ရေးအရာရှိ၊ လုံခြုံရေးအရာရှိလုပ်နေသူတွေ ပါဝင်ခဲ့ပြီး အလယ်ပိုင်းတိုင်းက ဒုတိုင်းမှူး ဗိုလ်မှူးကြီးလှဖေ၊ သံချပ်ကာကားတပ်က ဗိုလ်မှူးစိန်မြင့် တို့ပါ အဖမ်းအဆီးခံကြရပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်ရဲ့စဉ်းစားချက်က ဦးနေဝင်းအပါ၊ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦး အပါ မဆလထိပ်သီးကြီးတချို့ကို အနီးကပ် လုပ်ကြံသတ်ဖြတ်ပစ်လိုက်ပြီး ယာယီအာဏာသိမ်းယူကာ တိုင်းပြည်ရဲ့ ဆိုးဝါးလှတဲ့ အနေအထားတွေကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့ ရည်ရွယ်တာလို့ဆိုပါတယ်။

သူနဲ့ အနီးကပ်ဆုံးနေရာကလာတဲ့ မဆလအတွင်း တပ်တွင်းမီးတောက်ကြီးဖြစ်တဲ့အတွက်၊ မဆလ ဥက္ကဋ္ဌကြီး ဦးနေဝင်း ယမ်းပုံမီးကျဖြစ်ပါတယ်။ အဲဒီလို လုပ်ကြံသတ်ဖြတ် အာဏာသိမ်းယူရေးအကြံ

အစည်အတွက် တိုင်ပင်ခြင်းခံရတဲ့ အလယ်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင် ဆီကနေ ဦးနေဝင်းကို အသိပေး တင်ပြရာက အမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ကြီးအုံးကျော်မြင့် ဟာ ဗမာပြည်ဆိုင်ရာ အမေရိကန်သံအမတ်ကြီးနေအိမ်အတွင်း ပြေးဝင်ပြီး၊ နိုင်ငံရေးခိုလှုံခွင့်ကို မေတ္တာရပ်ခံခဲ့ပါသေးတယ်။ အမေရိကန်သံအမတ်ကြီးက ငြင်းပယ်ခဲ့ပြီး အမေရိကန်အရာရှိများက မောင်းနှင်ထုတ်ခဲ့တယ်လို့ဆိုပါတယ်။ နောက်ဆုံးမှာ စစ်ထောက်လှမ်းရေးလက်ထဲ ကျရောက်ခဲ့ပြီး၊ အဲဒီကတဆင့် ရုံးတင်တရားစွဲဆိုခြင်းခံရကာ ဗိုလ်ကြီးအုံးကျော်မြင့် ကို စစ်အစိုးရက သေဒဏ်ချမှတ်အဆုံးစီရင်ခဲ့ပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်နဲ့ အစီအစဉ်မှာ ပါဝင်ခဲ့တဲ့ တပ်မတော်အရာရှိတွေကိုလည်း ထောင်ဒဏ်ချမှတ်ခဲ့ပါတယ်။

အဲဒီအမှုနဲ့ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး ကိုလည်း အမှုကို ထိန်ချန်ထားတယ်ဆိုတဲ့ ပြစ်မှုနဲ့ ရာထူးက ထုတ်ပယ်ပစ်ရုံမက ဖမ်းဆီးထောင်ချပစ်ခဲ့ပါတယ်။

ဗိုလ်ကြီးအုံးကျော်မြင့် တို့ရဲ့လုပ်ကြံမှု အကြံအစည် ရှုံးနိမ့်သွားရပြီးတဲ့နောက် ဗိုလ်ကြီးအုံးကျော်မြင့် တို့ရဲ့အစီအစဉ်လို စစ်အာဏာရှင်ထိပ်သီးကြီးတွေကို အပျောက်ရှင်းနိုင်ရေးအတွက် ကြံစည်ကြိုးပမ်း အားထုတ်တဲ့ လှုပ်ရှားမှုတခု ထပ်မံပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါကတော့ မန်းငွေအောင် လှုပ်ရှားမှုဖြစ်ပါတယ်။ မန်းငွေအောင် နဲ့အတူတွဲပြီး မန်းဒါဝိတ် လည်းပါဝင်တဲ့အတွက် မန်းငွေအောင် မန်းဒါဝိတ်လှုပ်ရှားမှုလို့လည်း အမှတ်အသားပြုကြပါတယ်။ မန်းငွေအောင်ဟာ ကရင်အမျိုးသားတဦးဖြစ်ပါတယ်။ မဆလ အတွင်း ပါဝင်ခဲ့ပြီး မဆလအတွင်းကနေ မဆလကို မကျေမနပ်ဖြစ်ရာက မဆလ တပါတီအာဏာရှင်စနစ်ကို ပြန်လည်ဆန့်ကျင်တွန်းလှန်ဖို့ အားထုတ်တဲ့ လှုပ်ရှားမှုဖြစ်တဲ့အတွက် အကြမ်းဖျင်းအားဖြင့် အတွင်းမီးတောက်လှုပ်ရှားမှုပဲဖြစ်ပါတယ်။ မန်းငွေအောင် ကိုလည်း နိုင်ငံတော်ပုန်ကန်မှုနဲ့ သေဒဏ်ချမှတ်ခဲ့ပါတယ်။ ၁၉၇၈ မှာ ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

မဆလစစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ အုပ်စိုးမှုအောက် တနေ့တခြား ပိုမို ဆင်းရဲမွဲတေ ကြပ်တည်းလာရတဲ့ အခြေအနေဆိုးတွေအောက်မှာ လူထုတိုက်ပွဲကြီး ဆက်တိုက်ထွက်ပေါ်လာရသလို၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေ စစ်အစိုးရရဲ့ ယုတ်မာရက်စက်မှုတွေကို ဖော်ထုတ်ဖွင့်ချ တိုက်ခိုက်ခဲ့ကြတဲ့ စာအုပ်၊ စာစောင်၊ စာတမ်း ထုတ်ဝေဖြန့်ချိ လှုံ့ဆော်ကြမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ မဆလအစိုးရရဲ့ တပ်တွင်း၊ ပါတီတွင်း၊ ယန္တရားအတွင်းမှာကို မကျေမနပ်မှုတွေ ဆန့်ကျင်မုန်းတီးကြမှုတွေ ပေါ်ပေါက်လာခဲ့ရပြီး အတွင်းမီးတောက် မီးစွယ်တွေအဖြစ် ပြန်လည်တုန့်ပြန် လောင်မြိုက်နိုင်ဖို့ ကြိုးပမ်းအားထုတ် ဖော်ပြလာကြတာတွေကိုလည်း တွေ့ရပါတယ်။

၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ပေါ်ထွက်လာခဲ့တယ်ဆိုတဲ့ မဆလအစိုးရရဲ့ အုပ်စိုးမှု အစောပိုင်းကာလတလျှောက်ဟာ လူထုတိုက်ပွဲသံတွေ ဆက်တိုက် ညံစည်နေခဲ့တဲ့ကာလဖြစ်ပါတယ်။ စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဆက်တိုက် ထွက်ပေါ်လာခဲ့တဲ့ကာလလို့လည်း ဆိုရပါလိမ့်မယ်။

# မဆလအုပ်စိုးမှုအစောပိုင်းကာလရဲ့ ပြည်တွင်းအခြေအနေ နိုင်ငံတကာ့အခြေအနေ

မဆလစစ်အစိုးရဟာ ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသုံးပြုပြီး ပါတီဦးဆောင်မှု၊ ကောင်စီးကြီးကြပ်မှုဆိုတဲ့ ကြွေးကြော်သံတွေနဲ့ စတင်လည်ပတ်ချိန်ကစပြီး ဗမာပြည်ပြည်သူတွေရဲ့ စားဝတ်နေရေးဟာလည်း တနေ့တခြားဆိုးဝါးလာခဲ့ပါတယ်။ ပါတီကောင်စီခေတ်ဖြစ်တာနဲ့အညီ နေရာတကာ ပါတီကောင်စီများကသာ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတဲ့နယ်ပယ်အားလုံးကို ချုပ်ကိုင်လွှမ်းမိုးထားကြပြီး တပါတီအာဏာရှင်စနစ်ရဲ့ လက်တံရှည်ကြီးအောက်မှာ၊ ဗမာပြည် ပြည်သူလူထုတရပ်လုံးဟာ ဖိနှိပ်မှုပေါင်းစုံကို ခါးကော့အောင်ခံကြရပါတယ်။ အဲဒါကြောင့် အဲဒီလိုဆိုးဝါးဖောက်ပြန်လှတဲ့ အုပ်စိုးမှုတွေကို ဆန့်ကျင်တွန်းလှန်ကြတဲ့ ရုန်းကန်တိုက်ပွဲဆင်ကြတဲ့ လူထုတိုက်ပွဲကြီးတွေလည်း သဘာဝကျစွာပဲ တုန့်ပြန်ထွက်ပေါ်လာခဲ့ပါတယ်။ ၇၄ ဇွန် (၆) အလုပ်သမားသပိတ်၊ ၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်း၊ ၇၅ ဇွန် (၆) ကျောင်းသားသပိတ်နဲ့ မှိုင်းရာပြည့်အရေးအခင်းတွေဟာ ဆက်တိုက်ကြီးပဲ ထွက်ပေါ်လာခဲ့ပါတယ်။ အရှေ့လေလှုပ်ရှားမှု၊ မီးမောင်းလှုပ်ရှားမှုတို့လို စစ်အစိုးရဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေလည်း ပေါ်ထွက်လာခဲ့သလို ဗိုလ်ကြီးအုံးကျော်မြင့် ခေါင်းဆောင်တဲ့ မဆလထိပ်သီးကြီးများကို အပြတ်ရှင်းပစ်ရေး လှုပ်ရှားမှု၊ မန်းငွေအောင် မန်းဒါဝိတ် တို့ရဲ့ လှုပ်ရှားမှုတွေဟာလည်း ဆက်တိုက်ကြီးပဲ ထွက်ပေါ်လာခဲ့ပါတယ်။ ထွက်ပေါ်လာခဲ့တဲ့ လူထုတိုက်ပွဲကြီးတွေ၊ နိုင်ငံရေးလှုပ်ရှားမှုတွေ၊ စစ်အုပ်စုဖြုတ်ချရေး ကြံစည်အားထုတ်မှုတွေ မှန်သမျှကိုလည်း မဆလ စစ်အစိုးရဟာ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် ဖြိုခွင်းနှိပ်ကွပ်ပစ်ခဲ့ပါတယ်။

အရေးတော်ပုံတွေ၊ သပိတ်တိုက်ပွဲကြီးတွေ၊ နိုင်ငံရေးလှုပ်ရှားမှုကြီးတွေ၊ လုပ်ကြံရေး ကြံစည်အားထုတ်ကြမှုတွေကို စစ်တပ်၊ ထောက်လှမ်းရေး၊ ကြိုးစင်၊ အကျဉ်းထောင်ဆိုတာတွေနဲ့ ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ် ဖြိုခွင်းရှင်းလင်းပစ်ခဲ့ပြီး ယာယီအသာစီးရ အနိုင်ရအောင် ဖြေရှင်းနိုင်ခဲ့ကြပေမယ့် တပြည်လုံးရဲ့ စီးပွားရေး ပြိုပျက်ကျဆင်းရမှုတွေ၊ ပြည်သူလူထုတရပ်လုံးရဲ့ တနေ့တခြား ဆင်းရဲမွဲတေ ဝတ်ပြတ်လာရမှုတွေ၊ စစ်အစိုးရဆန့်ကျင်ရေးစိတ်ဓာတ် ဆက်လက်တိုးပွား ဖြစ်တည်လာရမှုတွေကိုတော့ ဘယ်လိုနည်းနဲ့မှ ပြေလည်အောင်ဖြေရှင်းနိုင်ခြင်းမရှိခဲ့ပါ။

အဲဒီလို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းနေခဲ့ပြီး တိုင်းပြည်စီးပွားရေးအခြေအနေဟာလည်း တနေ့တခြား ဆိုးရွားလာနေတာတောင်မှ ဖောက်ပြန်တဲ့စစ်အစိုးရဆိုတဲ့ လက္ခဏာ ပြောင်ပြောင်တင်းတင်းကြီး ပေါ်နေတာတောင်မှ၊ မဆလစစ်အစိုးရအဖို့ အသက်ရှူပေါက်ချောင်စရာ အခွင့်အလမ်းကြီးတခု ရမြဲရနေခဲ့ပါတယ်။ အဲဒါကတော့ အဲဒီတုန်းက ဖြစ်ပေါ်တည်ရှိနေတဲ့ နိုင်ငံတကာ့အခြေအနေ ဖြစ်ပါတယ်။ အရှေ့အုပ်စု၊ အနောက်အုပ်စု၊ ဆိုရှယ်လစ်ဂိုဏ်း၊ အရင်းရှင်ဂိုဏ်းဆိုတဲ့ အုပ်စုကြီး (၂) ခု၊ ဂိုဏ်းကြီး (၂) ဂိုဏ်းတိုက်ပွဲအတွင်းမှာ ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ထားတဲ့ မဆလအစိုးရကို အရှေ့အုပ်စုကလည်း ကိုယ့်ဂိုဏ်းနွယ်ဝင်ဖြစ်ရေး၊ အနည်းဆုံးကိုယ့်ဘက်ကလို့ ရေတွက် တွက်ချက်နိုင်ရေး၊ စည်းရုံးရေးအမြင်နဲ့ အလေးပေးကြည့်နေခဲ့သလို၊ အနောက်အုပ်စုကလည်း မဆလလို့ပြောပြော ဘာပြောပြော ပြည်တွင်းမှာ ကွန်မြူနစ်ဆန့်ကျင်ရေး ပြတ်ပြတ်သားသားလုပ်နေတာတခုတည်းနဲ့ မဆလကို အမှတ်ပေးပြီး ကျောထောက်နောက်ခံပြုပေးခဲ့ကြပါတယ်။ အမေရိကန်ဟာ ဗီယက်နမ်စစ်ပွဲအတွင်း ခြေကျွံနေချိန်တုန်းကလည်း ကွန်မြူနစ်ဆန့်ကျင်ရေး ပြင်းထန်လှတဲ့ ဗမာပြည်စစ်အုပ်စုကို ကွန်မြူနစ်ဆန့်ကျင်ရေး သေနင်္ဂဗျူဟာအရ ကျောထောက်နောက်ခံပြုပေးခဲ့သလို၊ ၁၉၇၅ ခုနှစ် ဗီယက်နမ်ကနေ ခွက်ခွက်လန်အောင် အရေးနိမ့်ပြီး ဆုတ်ခွာပေးရပြီးတဲ့

နောက်မှာလည်း နောက်ထပ်ကွန်မြူနစ်နိုင်ငံတွေ မပေါ်ပေါက်ရေးအတွက် ဗမာပြည်စစ်အုပ်စုကို ကျောထောက်နောက်ခံပြုပေးဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလောက် ဆိုးဝါးဖောက်ပြန်လှတဲ့ မဆလ စစ်အစိုးရကို အရှေ့အုပ်စုကလည်း မရှုတ်ချခဲ့သလို အနောက်အုပ်စုကလည်း မမြင်ချင်ယောင်ဆောင်နေခဲ့ပါတယ်။ စစ်အုပ်စုရဲ့ သွေးချောင်းစီးသတ်ဖြတ်ပွဲကြီးတွေကို အားလုံးက ရေငုံနှုတ်ပိတ်နေခဲ့ပါတယ်။ မဆလ စစ်အစိုးရကို ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ရေးသဘောထား မရှိခဲ့ကြပါ။ ဗမာပြည်နဲ့ နယ်နိမိတ်ခြင်းဆက်နေတဲ့ တရုတ်ပြည်ကြီးကလည်း ၁၉၆၇ ခုနှစ်က တရုတ်–ဗမာ အဓိကရုဏ်းအပြီးမှာ နေဝင်း စစ်အုပ်စုဆန့်ကျင်ရေးဆိုတာ ကျယ်ကျယ်လောင်လောင် အော်ဟစ်ကာ ဗမာပြည်ကွန်မြူနစ်ပါတီကို ပုံအော အကူအညီပေးတာလုပ်ခဲပေမယ့်၊ ၁၉၇၄–၇၅ ဝန်းကျင်မှာ တဖက်က ကမ္ဘာသုံးခုပေါ်လစီ ဖြစ်နေပြီ ဖြစ်ပါတယ်။ ကမ္ဘာသုံးခုပေါ်လစီက တရုတ်ပြည်ကြီးအပါ တတိယကမ္ဘာဟာ မဏ္ဍိုင်တပ်၊ ဒုတိယကမ္ဘာကို စည်းရုံး၊ အနိမ့်ဆုံးကြားထား၊ ပမထကမ္ဘာကို ဦးတည်တိုက်ဆိုတဲ့ နိုင်ငံတကာ့နိုင်ငံရေးဆိုင်ရာ သေနင်္ဂဗျူဟာ ဖြစ်ပါတယ်။ ပထမကမ္ဘာမှာ အမေရိကန် နဲ့ ဆိုဗီယက် (၂) နိုင်ငံပဲရှိတာတောင်မှ ဆိုဗီယက်ကို အဓိကဦးတည်တိုက်ဆိုတဲ့ သေနင်္ဂဗျူဟာဖြစ်ပါတယ်။ (၁၉၇၁–၇၂ မှာ တရုတ်အမေရိကန် ပင်ပေါင်သံခင်းတမန်ခင်းတွေတောင် အောင်မြင်စွာ အကောင်အထည်ဖော်ပြီးကြပြီး ဖြစ်ပါတယ်။)

အဲ့ဒီလို နိုင်ငံတကာ့အခြေအနေအောက်မှာ မဆလစစ်အုပ်စုဟာ ပြည်တွင်းအကြပ်အတည်းတွေ ဆက်တိုက်ဖြစ်ပေါ်နေတာတောင်မှ နိုင်ငံတကာ့မျက်နှာစာမှာ အနေချောင်မြဲ ချောင်နေတဲ့အပြင်၊ အခွင့်အလမ်းသစ်တွေတောင် ရရှိခဲ့ပါသေးတယ်။ လူထုတိုက်ပွဲကြီးတွေကို သွေးချောင်းစီးအောင် သတ်ဖြတ်နှိမ်နင်းပြီးတဲ့နောက်၊ ၁၉၇၆ ခုနှစ်ထဲမှာပဲ နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တဲ့ အိုအီးစီဒီ (OECD) ခေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ကြီးက စစ်အစိုးရကို အကူအညီပေးဖို့ ဗမာပြည်ကူညီရေးအစုဆိုတာကို ဖွဲ့စည်းပေးခဲ့ပါတယ်။ စစ်အစိုးရအဖို့ စီးပွားရေးကဏ္ဍတချို့မှာ ဖွံ့ဖြိုးရေးဆိုတာတွေတောင်မှ အော်နိုင်လုပ်နိုင်ခွင့်ရလာပြန်ပါတယ်။

၁၉၇၆ ခုနှစ် မှိုင်းရာပြည့်နောက်ပိုင်း၊ (၆) လတကြိမ် (၉) လတကြိမ်နီးပါး ပေါ်ထွန်းခဲ့တဲ့ အုံနဲ့ကျင်းနဲ့ချီ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ လူထုတိုက်ပွဲကြီးတွေဟာ ယာယီရပ်စဲသွားရပါတယ်။ အဲဒီလို လူထုတိုက်ပွဲကြီးတွေ ယာယီရပ်စဲသွားရပေမယ့် စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကတော့ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဆက်လက်ပေါက်ဖွားနေခဲ့ပါတယ်။ စစ်အစိုးရအုပ်စိုးမှုကို နည်းမျိုးစုံနဲ့ ဆန့်ကျင်အန်တုနေခဲ့ပါတယ်။ ၇၄–၇၅ စာသင်နှစ်အတွက်သတ် မှတ်ထားတဲ့ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းအဖုံးကိစ္စ လူတွေကြားပြောကြ ဆိုကြသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ (မျက်နှာဖုံးပန်းချီဆွဲသူက) ပန်းချီဆရာ ကျော်မင်းမောင်ဖြစ်ပါတယ်။ ၁၉၇၇ ခုနှစ်ထဲမှာ (၇၊ ၇၊ ၇၇) နဲ့အမှီ တိုက်ဆိုင်ပြီး ထွက်ပေါ်လာခဲ့တဲ့ စီးပွားရေးတက္ကသိုလ် မဂ္ဂဇင်းအဖုံးကြီးဟာလည်း အနီရောင်အောက်ခံပေါ်မှာ အနက်ပိန်းရိုက်ပြီး ထွက်ပေါ်လာခဲ့ပါတယ်။ ဝ/သ တက္ကသိုလ်မျက်နှာဖုံးဂယက်ကြောင့် မဂ္ဂဇင်းစာအုပ် မျက်နှာဖုံးတွေလည်း ပန်းချီအတွက် ကြိုတင်ခွင့်ပြုချက်ယူရမယ်လို့ သတ်မှတ်လာတဲ့အခါ ဘာပန်းချီမှ မသုံးတော့ဘူးလို့ဆိုပြီး ကြိုတင်စဉ်းစားမှုရှိရှိ အနက်ရောင်အဖုံးကြီးနဲ့ ထွက်ပေါ် ပြလိုက်တာဖြစ်ပါတယ်။

၁၉၇၆ ခုနှစ်ထဲမှာ တရုတ်ပြည်ဝန်ကြီးချုပ် ချူအင်လိုင်း ကွယ်လွန်ပါတယ်။ ဗမာပြည် မဆလပါတီဥက္ကဋ္ဌကြီးဦးနေဝင်း က တရုတ်သံရုံးသွားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကြီးထဲမှာ လက်မှတ်ရေးထိုးကာ ဝမ်းနည်းကြောင်း ဖော်ပြတာလုပ်ပါတယ်။ တရုတ်ပြည်လို တိုင်းပြည်ကြီးတစ်ပြည်၊ နိုင်ငံကြီးတစ်နိုင်ငံက ခေါင်းဆောင်ကြီးတစ်ဦး ကွယ်လွန်အနိစ္စရောက်ရခြင်းအတွက် အလွန်ဝမ်းနည်းပါကြောင်းဆိုတဲ့ ဝမ်းနည်း

ကြောင်း ဖော်ပြမှုကြီးကို တခမ်းတနား သွားရောက်ရေးသားပေးခဲ့ပါတယ်။ ဦးနေဝင်းရဲ့ ရေးသားချက်ထဲမှာ၊ တစ်ဆိုတာတွေကို အသုံးပြုပြီးရေးသားခဲ့ပါတယ်။ အဲဒီရေးသားချက်ရဲ့နောက်ပိုင်းမှာ တခု တကောင် တယောက် ရေးသားရင်း ဆွဲမှန်သမျှကို၊ တစ်ခု တစ်ကောင် တစ်ယောက်ဆိုတာတွေ အလုပ်ခိုင်းပြီး သတ်ပုံတွေကို ဦးနေဝင်းစိတ်ကြိုက် ပြင်ဆင်ရေးသား သတ်မှတ်ပြဋ္ဌာန်းတာတွေ လုပ်ဆောင်ပါတော့တယ်။ စာပေစိစစ်ရေးကနေ စာပေအနုပညာရှင်တွေရဲ့ စာပေအနုပညာလက်ရာမှန်သမျှကို နိုင်ငံရေးအရ၊ မဆလ စာပေစိစစ်ဆေးရေးမှုအရ၊ ပြင်းပြင်းထန်ထန် ကွပ်ညှပ်မှုတွေ လုပ်ဆောင်ရုံမက သတ်မှတ်ထားတဲ့ သတ်ပုံသတ်ညွှန်း၊ ရေးထုံးဆိုတာတွေပါ ချိန်ထိုး တိုက်ဆိုင် စစ်ဆေးတာတွေ လုပ်ဆောင်လာပါတယ်။ (သတ်ပုံမှားရင် ပြင်ဆင်ခအဖြစ် ဒဏ်ငွေဆောင်ရပါသေးတယ်။)

အဲဒီလို နိုင်ငံရေးအရ တပါတီတည်း ထင်သလိုချုပ်ကိုင်၊ စီးပွားရေးနယ်ပယ်ကို လက်ဝါးကြီးအုပ်၊ အုပ်ချုပ်ရေးနယ်ပယ်ကို မင်းမူ၊ စာပေအနုပညာနဲ့ ပညာရပ်ဆိုင်ရာ နယ်ပယ်တွေအထိ စွက်ဖက်ခြေရှုတ်ခဲ့ပြီး၊ တိုင်းပြည်တပြည်လုံးကို စိုးမိုးအုပ်ချုပ်ဖိုလ်လုပ်နေခဲ့တဲ့ မဆလစစ်အစိုးရဟာ ၁၉၇၇ ခုနှစ်မှာ တတိယအကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ညီလာခံကို ကျင်းပပါပါတယ်။

ဒီညီလာခံကြီးအတွင်းမှာ ညီလာခံမကျင်းပမီနဲ့ ညီလာခံအပြီးမှာ မဆလစစ်အုပ်စုက ကျယ်ကျယ်လောင်လောင် ဟစ်ကြွေးပြောဆိုလာတာကတော့ မြန်မာ့စီးပွားရေး ဦးမော့လာပြီဆိုတာဖြစ်ပါတယ်။

လက်တွေ့ ခါးကော့အောင် ခါးခါးသည်းသည်း ခံစားနေကြရတဲ့ ပြည်သူလူထုတရပ်လုံးနဲ့ စီးပွားရေး၊ နိုင်ငံရေး လေ့လာသုံးသပ်တတ်သူ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များကတော့ စီးပွားရေးဦးမော့လာပြီဆိုတာ ဟုတ်မှာပါ။ တကယ့်အခြေခံစီးပွားရေး အုတ်မြစ် ပဲ့စင်ကြီးတခုလုံးက စုံးစုံးမြုပ်စပြုနေပြီဖြစ်လို့ ဦးမော့လာတဲ့သဘောပါလို့ မှတ်ချက်ပြုကြပါတယ်။ ဦးမော့လို့ ပဲ့နစ်နေပြီလို့ သတ်မှတ်ကြပါတယ်။

၁၉၇၇ ခုနှစ် တတိယအကြိမ်ညီလာခံကြီးမှာ ထူးခြားတာကတော့ ပါတီညီလာခံ မဲပေးရွေးချယ်ပွဲမှာ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း ထက် နံပါတ် (၂) ပုဂ္ဂိုလ်ဖြစ်တဲ့ ဦးစန်းယု က မဲအများဆုံးရရှိကာ၊ ဒုတိယလိုက်သူတွေက ဦးသန်းစိန် (ဗိုလ်မှူးကြီးဟောင်းသန်းစိန်) နဲ့ ဦးထွန်းလင်း (ဗိုလ်မှူးကြီးဟောင်းထွန်းလင်း) တို့ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ဦးနေဝင်း ဒေါသပုန်ထ ဆွေ့ဆွေ့ခုန်ခဲ့ပြီး သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇော အတွင်းရေးမှူးအဖွဲ့ဂိုဏ်းရဲ့ လက်ချက်လို့ ကောက်ချက်ဆွဲကာ သူရဲ့ ဖြုတ်ထုတ်ပေါ်လစီကို ၁၉၇၇ ထဲမှာပဲ လက်တွေ့အကောင်အထည်ဖော်ခဲ့ပြန်ပါတယ်။ သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇော တို့ကိုသာမက မဆလပါတီ ဗဟိုကော်မီတီတွင်းက ထိပ်သီးတော်တော်များများကိုပါ ရှင်းပစ်ခဲ့ပြီး ပါတီသန့်ရှင်းရေးဆိုတာကို လုပ်ဆောင်ခဲ့ပါတယ်။ ဦးနေဝင်းရဲ့ လက်မရွံ့ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦးရဲ့ ထောက်လှမ်းရေးဖိုင် (ဦးနေဝင်း ကလွဲလို့ ထိပ်သီးအားလုံးရဲ့လှုပ်ရှားမှု၊ အထူးသဖြင့် ပြစ်မှုကျူးလွန်မှုတွေကို အချိန်မရွေး ထုတ်ယူအသုံးပြုနိုင်အောင် ထောက်လှမ်းရေးက တကောက်ကောက်လိုက်ပြီး စုစည်းမှတ်တမ်းပြုထားတဲ့ဖိုင်) ကို အသုံးပြုပြီး ရာထူးနေရာကနေ ထုတ်ပယ်ဖယ်ရှားပစ်ရုံမက တရားစွဲဆိုပြီး အရေးယူ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ သမီးမင်္ဂလာဆောင် နို့ဆီဗူးကိစ္စ၊ ခေါက်ဆွဲ ပိုထုတ်ရောင်းစားတယ်ဆိုတဲ့ ကလေးကလားကိစ္စမျိုးတွေနဲ့ဖြစ်ပါတယ်။

၁၉၇၇ ခုနှစ်ထဲရှိ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေရဲ့ ကြိုးပမ်းအားထုတ်လှုပ်ရှားမှုတွေနဲ့ စစ်ရေးအခြေအနေတွေကို ကြည့်မယ်ဆိုရင်တော့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အင်အားအကြီးဆုံးဖြစ်သလို စစ်အစိုးရရဲ့ အဓိကအတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းကြီးနေရာမှာ ရှိမြဲရှိနေခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက စစ်အစိုးရကို နယ်ချဲ့ပေါင်းစုံ မှီခို၊ ပဒေသရာဇ်မြေရှင်စနစ်ကို ဆက်လက် ထိန်းသိမ်း ကာကွယ်

လုပ်ဆောင်၊ စစ်တပ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အတိုင်း ကျင့်သုံး အကောင်အထည်ဖော်နေတဲ့အစိုးရလို့ သတ်မှတ်ထားပါတယ်။ မဆလစစ်အစိုးရဟာ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်၊ စစ်တပ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဆိုတဲ့ စနစ်ဆိုးကြီး (၃) ခုစလုံးရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့အတွက်၊ မဆလ၊ နေဝင်း၊ စန်းယု စစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်တာဟာ အဲဒီစနစ်ဆိုးကြီး (၃) ခုစလုံးကို တိုက်ခိုက်နေခြင်းဖြစ်တယ်လို့ ခံယူထားပါတယ်။ ဗကပ ဟာ အရှေ့မြောက်တခွင်မှာ အင်အား အင်မတန်ကြီးမားလာတာကြောင့်ရော၊ တပ်ပေါင်းစု စည်းရုံးရေးကို ချဲ့ထွင်လုပ်ကိုင်နိုင်တဲ့အတွက်ပါ ဗကပ လိုလားတဲ့ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းတွေ တော်တော်များများ ရှိနေပြီးဖြစ်ပါတယ်။ ဗကပ ပြီးရင် အင်အားအကြီးဆုံးက ကေအင်ယူဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီခေတ်က ဗကပ နဲ့ ကေအင်ယူ၊ ဗကပ ရော ကေအင်ယူ ပါ ပါဝင်ဖွဲ့စည်းထားတဲ့ မဒညတ တို့ကို စစ်အစိုးရဟာ ဦးတည်တိုက်ခိုက်ခဲ့ရသလို၊ မဆလခေတ်မှာလည်း ဗကပ နဲ့ ကေအင်ယူကိုပဲ ဦးတည်တိုက်ခိုက်နေရပါတယ်။ မဒညတ အစား ဖြစ်ပေါ်လာခဲ့တာကတော့ မဒတ ဖြစ်ပါတယ်။ ဒါပေမယ့် မဒည တတုန်းကလို၊ မဒတ မှာ ဗကပ မပါဝင်တော့ပါ။ မဒတ ကို ဖွဲ့စည်းထားတာက ကေအင်ယူအပါ လူမျိုးစုအဖွဲ့အစည်းတွေနဲ့ချည်းပဲဖြစ်ပါတယ်။ ၇၅ ခုနှစ်က မာနယ်ပလောမှာ ဖွဲ့စည်းခဲ့တဲ့ ပမဒတ ကို နာမည်ပြောင်းပြီး၊ ၁၉၇၆ ခုနှစ်၊ မေလမှာ မဒတ လို့ ပြောင်းလဲဖွဲ့စည်းထားတာဖြစ်ပါတယ်။ မဒတ အဖြစ်ပေါ်လာတဲ့အခါ အဖွဲ့အစည်းတွေ ပိုများလာပါတယ်။ ရည်ရွယ်ချက်ကလည်း တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်ဆိုတာဖြစ်ပါတယ်။ ကေအင်ယူ၊ ကေအိုင်အို၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီတိုးတက်ရေးပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီ **(SSPP)** တို့အပါအဝင် အဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ပါဝင်ပါတယ်။ ဥက္ကဋ္ဌအဖြစ် နိုင်ရွှေကျင် ဖြစ်ပြီး၊ ၇၇ ခုနှစ်ထဲမှာ မဒတ ဟာ စစ်ရေးပူးပေါင်းလှုပ်ရှားမှုတွေကိုပါ အကောင်အထည်ဖော်နေကြပြီဖြစ်ပါတယ်။

အဓိက အတိုက်အခံနိုင်ငံရေးပါတီကြီးဖြစ်တဲ့ ဗကပ ဟာ စစ်ရေးလှုပ်ရှားမှုကြီးတွေ အရှေ့မြောက်ဒေသတခွင်မှာ ဖော်ထုတ်နိုင်ပါတယ်။ ၇၇ ခုနှစ်ထဲမှာ ခြူးရွှေ–ပန်ကောက် တိုက်ပွဲကြီးတွေအပါ ဟိုပန်ဒေသတခွင် တိုက်ပွဲကြီးတွေဖြစ်ပွားခဲ့ပါတယ်။ [နိုင်ငံတကာအခြေအနေသုံးသပ်ရာမှာတော့ ဗကပ ဗဟိုဟာ တရုတ်ပြည်က ချမှတ်သုံးသပ်ဖော်ပြထားတဲ့ ကမ္ဘာ (၃) ခုပေါ်လစီအတိုင်း နယ်ချဲ့စနစ်ကို တိုက်ခိုက်ရာမှာ အမေရိကန်နယ်ချဲ့ထက် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ကို အဓိကထားတိုက်ရမယ်ဆိုတဲ့ အယူအဆကို ဆုပ်ကိုင် ကိုင်စွဲထားနေပြီဖြစ်ပါတယ်။]

၁၉၇၇ ခုနှစ်ထဲမှာ အထူးခြားဆုံးတိုက်ပွဲကတော့ ဗကပ တို့ရဲ့ မိုးမိတ် မြို့သိမ်းတိုက်ပွဲလို့ဆိုရမှာဖြစ်ပါတယ်။ အစိုးရဘက်က လေတပ်နဲ့ပါ အကြီးအကျယ်ပြန်လည်ခုခံတိုက်ခိုက်ယူခဲ့ရပါတယ်။

ဗကပ အပါ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဟာ အဲဒီလို စစ်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုတွေနဲ့ စစ်အစိုးရဆန့်ကျင်ရေးတိုက်ပွဲကြီးတွေကို ဖော်ထုတ်ဆင်နွှဲနိုင်လာကြပေမယ့် စစ်အစိုးရရဲ့ အသဲနှလုံးဖြစ်တဲ့ ရန်ကုန်မြို့နဲ့အနီးဆုံး ပဲခူးရိုးမအခြေခံဒေသနဲ့ မြစ်ဝကျွန်းပေါ် အခြေခံဒေသတွေကိုတော့ (၇၅) ခုနှစ်နောက်ပိုင်းကစပြီး လက်လွှတ်ဆုံးရှုံးခဲ့ကြရပြီဖြစ်ပါတယ်။ ပြည်မ မဟုတ်တဲ့ ပြည်နယ်ဒေသတွေနဲ့ နယ်စပ်ဒေသတွေကိုပဲ အခြေခံပြီး လှုပ်ရှားနေကြရပြီဖြစ်ပါတယ်။

မဆလ စစ်အစိုးရဟာ စီးပွားရေးဦးမော့လာပြီလို့ ကြွေးကြော်ပြီးမှ ဘတ်ဂျက်လိုငွေပြမှုတွေကို ကုစားနိုင်ဖို့ အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံတာတွေ လုပ်ဆောင်လာရပါတယ်။ ၇၄ ခုနှစ် ဆန်ပြဿနာပေါ်ပြီးတဲ့နောက် စက်ရုံအလုပ်ရုံနဲ့ ဝန်ထမ်းဌာနတွေထဲမှာ အစိုးရက ဆန်ထုတ်ပေးတာတွေ လုပ်ဆောင်ရ

တဲ့အတွက် ဆန်ကို အရှုံးခံရောင်းပေးရတဲ့အတွက် အစိုးရမှာ အရှုံးပေါ် ခဲ့ရပြီး ရင်းနှီးမြှုပ်နှံနိုင်မှုကဏ္ဍမှာ ထိခိုက်လာရတယ်လို့လည်း ဆိုပါတယ်။ [နာမည်ပျက်ခဲ့တဲ့ အလုပ်သမားကောင်စီဆိုတာတွေအစား အလုပ်သမားအစည်းအရုံးဆိုတာတွေ ပြောင်းလဲဖွဲ့စည်းလာပါတယ်။ အလုပ်သမားဆန်၊ ဝန်ထမ်းဆန်ဆိုတာတွေကို အဲဒီ အလုပ်သမားအစည်းအရုံးတွေကနေ ဖြန့်ချိပေးတာ လုပ်ပါတယ်။]

နိုင်ငံခြားတင်ပို့ရောင်းချတဲ့ အဓိကကုန်လည်းဖြစ်၊ ပြည်တွင်းလိုအပ်ချက်အတွက် အရေးကြီးဆုံးလည်းဖြစ်တဲ့ ဆန်စပါးကို အလုံအလောက် ဝယ်ယူရရှိရေးအတွက် စစ်အစိုးရဟာ လယ်သမားတွေအပေါ် တဆင့်တိုးပြီး ဖိနှိပ်လာပါတယ်။ ဆန်စပါးကို လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားခွင့် မရှိရုံမက၊ လွတ်လပ်စွာ သယ်ယူပို့ဆောင်ခွင့်၊ လွတ်လပ်စွာကြိတ်ခွဲခွင့်တောင် မပေးတော့ပါ။ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ကိုပဲ ပေးထားရာက၊ မြေယာများအပေါ်မှာလည်း ကိုယ်စိုက်ချင်တဲ့ သီးနှံ ကိုယ်စိုက်ပျိုးခွင့်မပြုတော့ပါ။

မဆလ စစ်အစိုးရလက်အောက်မှာ လယ်သမားတွေရဲ့ဘဝဟာ အလုပ်သမားတွေထက်တောင် ပိုဆိုးလာတယ်လို့ပြောရပါလိမ့်မယ်။ စီးပွားရေးစီမံကိန်းဆိုတဲ့ မိုးတလုံးလေတလုံး ကြွေးကြော်သံတွေအောက်မှာ စီမံကိန်းဝင် သီးနှံဆိုတာတွေကို အတင်းအကြပ် မစိုက်မနေရ အစိုက်ခိုင်းတာ၊ ဆန်စပါးအပါအဝင် သီးနှံတွေကို သူတို့သတ်မှတ်ထားတဲ့ဈေးနဲ့ မရောင်းမနေရ အရောင်းခိုင်းတာတွေ ရက်ရက်စက်စက်လုပ်တဲ့အပြင်၊ စပါးတောင် မျိုးနဲ့ဝမ်းစာထက် အိမ်မှာပိုမထားရဆိုတဲ့အဆင့်အထိ ဖိနှိပ်ယုတ်မာလာခဲ့ပါတယ်။ မရောင်းမနေရ တာဝန်ကျေ စပါးခွဲတမ်းနှုန်းကို လယ်ကေပမာဏအလိုက် အတင်းအကြပ် သတ်မှတ်ရောင်းချစေရုံမက သီနှံအထွက်မကောင်းလို့ ရောင်းချစရာမရှိဘူးဆိုရင်တောင် အပြင်ကနေ မဖြစ်ဖြစ်အောင် ရှာဖွေဝယ်ယူပြီး မပြည့်ပြည့်အောင် တာဝန်ကျေ အရောင်းခိုင်းတဲ့အဆင့်အထိ နိုင်ထက်ကလူ ပြုမူစော်ကားခံခဲ့ရပါတယ်။ ကိုယ်စိုက်ပျိုးထုတ်လုပ်လို့ရရှိလာတဲ့ စပါးနဲ့ ကောက်ပဲသီးနှံတွေကိုတော့ အစိုးရသတ်မှတ်ပေးတဲ့ဈေးနဲ့ ရောင်းချရပြီး ဝယ်ယူသုံးစွဲရတာတွေကျတော့ ကုန်ဈေးနှုန်းကြီးကြီးဖြစ်တဲ့အတွက် အနိမ့်ဆုံးအခြေအနေထိ ဆင်းရဲမွဲတေ နိမ့်ကျလာခဲ့ရပါတယ်။

အပြင်မှာ ကြီးထွားလာခဲ့ရတာကတော့ မှောင်ခိုစီးပွားရေးဈေးကွက်ကြီးဖြစ်ပါတယ်။ တန်းစီတိုးစားဘဝတွေနဲ့ မှောင်ခိုဈေးကွက်ကြီးဟာ စီမံကိန်းစီးပွားရေးစနစ်ကြီးအောက်မှာ အပြိုင်းအရိုင်းပေါ်ထွက်လာရပြီး မြို့နေဆင်းရဲသားများရဲ့ဘဝဟာ အလုပ်သမားလယ်သမားများရဲ့ ဘဝနည်းတူ ဆင်းရဲမွဲတေလာပါတယ်။ တာချီလိတ်၊ ကျိုင်းတုံ၊ မော်လမြိုင်၊ တောင်ကြီး၊ ကလေး၊ တမူး စတဲ့မြို့ကြီးတွေဟာ မှောင်ခိုစီးပွားရေးမြို့ကြီးတွေဖြစ်လာရပါတယ်။ အစိုးရက မှောင်ခိုစီးပွားရေးကို နှိမ်နင်းတယ်ဆိုပြီး ဖမ်းတာဆီးတာတွေ၊ ရှာဖွေရေးစခန်းတွေဖွင့်ပြီး ရှာတာဖွေတာ သိမ်းတာဆည်းတာတွေ အကြိမ်ကြိမ်လုပ်ပြပေမယ့် ရန်ကုန်မြို့လည်ဗိုလ်ချုပ်ဈေး၊ လေဟာပြင်ဈေး၊ သိမ်ကြီးဈေးကြီးတွေထဲမှာတော့ မှောင်ခိုခိုးသယ်လာရတဲ့ဆိုတဲ့ မှောင်ခိုကုန်စည်တွေဟာ တရားဝင်သဖွယ် တောင်ပုံရာပုံဖြစ်နေပြန်ပါတယ်။ ပေါ်လစီနဲ့လက်တွေ့ဟာ ဘယ်ဟာမှ ရှေ့နောက်မညီညွတ်ပဲ ဖြစ်ချင်သလိုဖြစ်နေပါတယ်။ အစိုးရကိုယ်တိုင်က ပြည်သူလူထု လိုအပ်ချက်အတွက် လိုအပ်တဲ့ ကုန်စည်ထုတ်လုပ်မှုကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်တာကြောင့် ပေါ်ပေါက်လာရတဲ့ မှောင်ခိုဈေးကွက်ဟာ အစိုးရရဲ့ ရှေ့နောက်မညီညွတ်တဲ့ ပေါ်လစီတွေနဲ့ပါ ပေါင်းစပ်လိုက်တဲ့အခါ၊ ပုံပျက်ပန်းပျက်ဖြစ်ချင်သလို ဖြစ်နေပါတယ်။ အဲဒီလို ဖြစ်ချင်သလိုဖြစ်နေတဲ့ စီမံကိန်းစီးပွားရေးစနစ်ကြီးအောက်မှာ ခေတ်ပျက်သူဌေးကြီးတွေ ဖြစ်လာကြတာကတော့ ပါတီကောင်စီ အာဏာပိုင်အဖွဲ့အစည်းအသီးသီးက လုပ်ပိုင်ခွင့်ရပုဂ္ဂိုလ်ကြီးများနဲ့ စစ်တပ် လက်နက်ကိုင်တပ်က ပုဂ္ဂိုလ်ကြီးတွေဖြစ်ပါတယ်။ အဲဒီလို အာဏာပိုင်အဆင့်ဆင့်က ပုဂ္ဂိုလ်တွေနဲ့ ချိတ်ဆက်မလုပ်နိုင်ဘဲ ပုလင်းတူပူးဆို့မလုပ်နိုင်ဘဲ၊ ဘယ်မှောင်ခိုကုန်သည်ကြီးတွေမှ

လည်း ကြီးထွားရှင်သန်ခွင့်မရပါ။ မှောင်ခိုကုန်သည်ကြီးတွေကို အရေးယူဖမ်းဆီးတယ်ဆိုပြီး ဖမ်းဆီးပြလိုက်တဲ့အခါ ရော်ဇီလိုအမှုမျိုးတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အာဏာပိုင်တွေနဲ့ ဘယ်လောက် ယှက်နွယ်ပတ်သက်နေသလဲဆိုတာ ထင်ရှားတဲ့ သာဓကတခုအဖြစ် ရော်ဇီအမှုကို ကြည့်မြင်နိုင်ပါတယ်။ (ဘိန်းဘုရင် လော်စစ်ဟန် အမှုတုန်းက စစ်တပ်အတွင်းက တပ်မှူး၊ တပ်မမှူး၊ တိုင်းမှူးကြီးများ ပါဝင်ပတ်သက်ခဲ့ကြသလို၊ ရော်ဇီလို မှောင်ခိုစီးပွားရေးသမားကြီးရဲ့ အမှုတွေမှာလည်း အာဏာပိုင်တွေ ပါဝင်ပတ်သက်နေပုံတွေ အရှင်းသား တွေ့မြင်နိုင်ပါတယ်။)

အဲဒီလို စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပေါ်လစီအသီးသီးရဲ့အောက်မှာ လူထုတရပ်လုံးဟာ ခါးစည်းခံနေကြရပေမယ့် လူထုတိုက်ပွဲကြီးတွေအဆင့်ထိ ထပ်မံပေါ်ထွက်မလာနိုင်ခဲ့တာကတော့ စစ်အစိုးရရဲ့ ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွင်းထားမှုကြောင့်လို့ပဲ ဆိုရပါမယ်။ လူထုတိုက်ပွဲကြီးတွေအဆင့်ထိမဟုတ်ပေမယ့် စစ်အစိုးရဆန့်ကျင်ရေး ဦးတည်ချက်နဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေကတော့ ဆက်တိုက် အဆက်မပြတ် ဖြစ်ပေါ်နေခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်၊ ဇူလိုင် (၇) ရက်နေ့မှာ (၇) ဇူလိုင်အထိမ်းအမှတ်အဖြစ် ဖောက်ခွဲဖော်ကျူးဖို့ကြိုးစားတဲ့ ကျောင်းသားလှုပ်ရှားမှုတခု ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရက ဦးအောင်ဖမ်းဆီး နှိပ်ကွပ်ပစ်နိုင်ခဲ့ပါတယ်။ အဲဒါတွေနဲ့တဆက်တည်း ၁၉၇၈ ခုနှစ် ဗကပ မြေအောက် လှုပ်ရှားမှုမှာ လူပေါင်း ရာကျော်ဖမ်းဆီးထောင်ချတာခံခဲ့ရပါတယ်။

၁၉၇၈ ခုနှစ်ထဲမှာ ဗကပ နဲ့ မဆလစစ်အစိုးရတို့ရဲ့ လက်နက်ကိုင် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲကြီးတွေ ပိုများလာခဲ့ပါတယ်။ တန့်ယန်းဒေသအတွင်း ဖြစ်ပွားခဲ့တဲ့ ပွိုင့် ၆၀၄၁ တိုက်ပွဲအပြင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဗကပတပ်ရင်း (၁၀၁) စခန်းတိန့်ယိမ်း ဦးစီးအင်အား (၅၀၀) ကျော်နဲ့ စစ်အစိုးရဘက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၂) စစ်ဗျူဟာအဖွဲ့၊ အမှတ် (၆၆) နည်းဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့နဲ့ ခြေလျင်တပ်ရင်းတွေဖြစ်ကြတဲ့ အမှတ် (၅၆)၊ (၆၃)၊ (၇၆)၊ (၇၇) တို့ပါ ပါဝင်တဲ့ ထောင်ဂေါ်နယ်မြေတိုက်ပွဲကြီးတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရဘက်က ရဟတ်ယာဉ်များ၊ လေတပ်များပါ အသုံးပြုတိုက်ခိုက်ခဲ့ရပါတယ်။ ၇၈ ခုနှစ်မှာ ဗကပနဲ့သာမက ကေအိုင်အေ၊ ကေအင်ယူတို့နဲ့လည်း ထိပ်တိုက်တိုက်ပွဲကြီးတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ကေအိုင်အေနဲ့ စစ်အစိုးရတို့ရဲ့ ရွှေကူတပ်စခန်းတိုက်ပွဲ၊ ကေအင်ယူနဲ့ စစ်အစိုးရတို့ရဲ့ လွန်းညရွာတိုက်ပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

၁၉၇၈ ခုနှစ်ထဲမှာ စစ်အစိုးရဟာ ဘိန်းနှိမ်နင်းရေးအတွက် အမေရိကန်အစိုးရက အကူအညီ ဒေါ်လာ (၁၈) သန်းခွဲရရှိခဲ့ပြီး၊ ဘိန်းနှိမ်နင်းရေးအကူအညီတွေအားလုံးကို ဘိန်းနှိမ်နင်းရေးမှာ မသုံးဘဲ၊ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေကို တိုက်ခိုက်ရာမှာ အသုံးပြုခဲ့ပါတယ်။

စစ်အစိုးရဟာ နိုင်ငံခြားငွေနဲ့ အထောက်အပံ့ပေးငွေတွေ တိုးတက်ရရှိရေးကိုလည်း တိုးတက်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၇၆–၇၇ ခုနှစ်ကစပြီး စီးပွားရေးဦးမော့လာပြီဆိုတဲ့စကားနဲ့အညီ ၁၉၇၈–၇၉ မှာ စီးပွားရေးတိုးတက်မှုနှုန်း GDP (ဂျီဒီပီ) (၆.၅) ရာခိုင်နှုန်းရှိခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။

၁၉၇၉ ခုနှစ် စက်တင်ဘာထဲမှာတော့၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအစည်းအဝေးကနေ ဗကပ တို့ရဲ့ လမ်းစဉ်ပေါ်လစီဆိုင်ရာ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာပါတယ်။ ဥက္ကဋ္ဌ သခင်ဇင်နဲ့ သခင်ဗသိန်းတင် တက်လာစကတည်းက ဖြုတ်ထုတ်သတ် ပါတီတည်ဆောက်ရေး မှားတယ်၊ စစ်ရေးလမ်းစဉ်မှားတယ်ဆိုတာတွေကို ဖော်ပြခဲ့ပြီးဖြစ်ပေမယ့် ၁၉၇၉ ခုနှစ်၊ စက်တင်ဘာ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာပြီးမှ တရားဝင်လမ်းစဉ်အသစ် ပေါ်လာတဲ့သဘောဖြစ်ပါတယ်။ (၆၄) လမ်းစဉ်ကို တရားဝင်ဖယ်ရှားပစ်လိုက်တဲ့ သဘောဆောင်ပါတယ်။

မဆလ စစ်အစိုးရ က ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကို ဦးတည်ချေမှုန်းတိုက်ခိုက်ဖို့ ဘက်ပေါင်းစုံပြင်ဆင်ပြီး ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာ (၁၉) ရက်နေ့ကနေ ၁၉၈၀ ပြည့် ဇန်နဝါရီ (၆) ရက်နေ့အထိ ကြာရှည်တဲ့ 'မင်းရန်အောင်' ထိုးစစ်ကြီးကိုဆင်နွှဲပါတယ်။ မင်းရန်အောင်ထိုးစစ်ကြီးကို တပ်ရင်းပေါင်း (၂၅)ရင်း အသုံးပြုပြီး ပြင်းပြင်းထန်ထန် ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ တိုက်ပွဲကြီးပေါင်း (၆၉) ကြိမ်၊ တိုက်ပွဲငယ်ပေါင်း (၈၅) ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်တပ်ဘက်က အကျအဆုံးများပြားခဲ့ပါတယ်။

မင်းရန်အောင်စစ်ဆင်ရေးကြီး ထင်တိုင်းမပေါက်ဖြစ်ခဲ့ပြီးတဲ့နောက်မှာ သာသနာသန့်ရှင်းရေးနဲ့ တည်တံ့ပျံ့ပွားရေးအတွက်ဆိုပြီး၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးခြင်းနဲ့ သံဃာ့ဝန်ဆောင်အဖွဲ့ကြီး အောင်မြင်စွာဖွဲ့စည်းနိုင်ခြင်း အထိမ်းအမှတ်အဖြစ်နဲ့ဆိုပြီး၊ ၁၉၈၀ ပြည့်၊ မေလ (၂၇) ရက်နေ့မှာ ၂/၈၀ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြီးကို ထုတ်ပြန်ကြေညာပါတယ်။ ၁၉၆၃ ခုနှစ်က ကြေညာခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မျိုးဖြစ်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ရဲ့ သက်တမ်းဟာ ဩဂုတ်လအထိဖြစ်ပါတယ်။

ဒီလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀ အရ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ထောင်ထဲက လွတ်မြောက်ခွင့်ရလာခဲ့ပါတယ်။ သခင်စိုး၊ မန်းငွေအောင်၊ မန်းဒါဝိတ်၊ ဦးထွေးမြင့်၊ ဦးခင်မောင်မြင့် တို့အပါအဝင် အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်၊ မီးမောင်းလှုပ်ရှားမှု၊ ၇၈ မြေအောက် ဗကပ လှုပ်ရှားမှုစတဲ့ နိုင်ငံရေးမှုနဲ့ ထောင်ကျအပြစ်ပေးခံထားရသူတွေအားလုံး လွတ်မြောက်လာကြပါတယ်။ ဘိန်းဘုရင် လော်စစ်ဟန်နဲ့ ဗိုလ်ချုပ်ကြီးအုံးကျော်မြင့် အမှုမှာ ပါဝင်ခဲ့ကြသူတွေလည်း ပြန်လည်လွတ်မြောက်လာပါတယ်။ (ကိုတင်မောင်ဦး၊ ဗိုလ်ကြီးအုံးကျော်မြင့်၊ ကိုညွန့်တင် (ပြည်ချစ်ပါတီ) တို့ကတော့ တရားဝင် ကြိုးပေးသတ်ဖြတ်ခြင်းခံသွားခဲ့ကြရပြီးပြီဖြစ်တဲ့အတွက် ၂/၈၀ ကို ခံစားနိုင်ခွင့်မရတော့ပါ။)

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့် ၂/၈၀ ကိုရယူပြီး လက်နက်ချလာသူ၊ လက်နက်ကိုင်လမ်းစဉ် စွန့်လာသူတွေလည်း အများအပြား ပေါ်လာခဲ့ပါတယ်။ ဗကပ အနောက်မြောက်စစ်ဒေသက ဗိုလ်သက်ထွန်း တို့အဖွဲ့ လက်နက်ချလာပါတယ်။ တပွဲတလမ်း အကဲစမ်းဖို့ လက်နက်ကိုင်တော်လှန်ရေးလုပ်လိုက်တဲ့ ဝန်ကြီးချုပ်ဟောင်းဦးနု လည်း လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ပြန်လာပါတယ်။ ဗိုလ်မှူးအောင်၊ စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဂျင်မီယန်း၊ ရန်ကုန်ဗဆွေ စတဲ့ပုဂ္ဂိုလ်တွေလည်း ၂/၈၀ ကိုရယူပြီး ပြန်လာကြပါတယ်။ (အဲဒီအချိန်ကစပြီး ပါလီမန်ဒီမိုကရေစီပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးကြီးလည်း နိဂုံးချုပ်သွားပြီလို့ဆိုရပါမယ်။) ဟိုအဖွဲ့က ဒီအဖွဲ့က လက်နက်ချလာကြသူတွေလည်း အများအပြားရှိခဲ့ပါတယ်။ ဗိုလ်သက်ထွန်း အဖွဲ့ကနဲ့ ပါလီမန်ဒီမိုကရေစီ ဦးနုအဖွဲ့က ပြန်လာကြသူတွေကတော့ အများဆုံးဖြစ်ပါတယ်။

၂/၈၀ မထုတ်ပြန်မီကလေးနဲ့ ထုတ်ပြန်ထားဆဲကာလ၊ ထုတ်ပြန်လွတ်မြောက်ပြီးစကာလတွေ အတွင်း ပေါ်ပေါက်ခဲ့တဲ့ တိုက်ပွဲတွေကတော့ မေလ (၂) ရက်နဲ့ (၆) ရက်အတွင်း မိုးမောက်မြို့နယ်ထဲမှာ ကေအိုင်အေ နဲ့ဖြစ်ပွားတဲ့ ဂျာထုကောင်း စခန်းတိုက်ပွဲ၊ ဇူလိုင်လထဲမှာ ဗကပ တို့ရဲ့ မိုင်းယောင်းတိုက်ပွဲ၊ စက်တင်ဘာ (၂၈) ရက်နေ့ကနေ အောက်တိုဘာ (၄) ရက်အထိ ကေအင်ယူ နဲ့ဖြစ်ပွားတဲ့ မဲသဝေါတိုက်ပွဲစတာတွေဖြစ်ပါတယ်။

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို အသိအမှတ်မပြုပဲ ၂/၈၀ အမိန့်ကာလ ကျော်လွန်အောင်စောင့်ဆိုင်းပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဟာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး အတွက် တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်း ထံပေးပို့ပါတယ်။ ၁၉၈၀ ပြည့် စက်တင်ဘာ (၂၃) ရက်နေ့မှာဖြစ်ပါတယ်။ (၁) ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်

ဆောက်ရေး၊ (၂) ပြည်သူလူထုအား ဒီမိုကရေစီအပြည့်အဝပေးရေး၊ (၃) အမျိုးသားသွေးစည်းညီညွတ်ရေး၊ (၄) လူထု၏ နေထိုင်စားသောက်မှုဘဝ မြှင့်တင်ရေး၊ (၅) ကမ္ဘာ့ဗိုလ်နှစ်ဗိုလ်ဆန့်ကျင်ရေး၊ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ် နယ်ချဲ့ဆန့်ကျင်ရေး၊ (၆) ကမ္ဘာ့ငြိမ်းချမ်းရေး ကို ထိန်းသိမ်းကာကွယ်ရေးဆိုတဲ့ ပြဿနာကြီး (၆) ရပ်ကို ဆွေးနွေး ကြရန်လို့ ဆိုပါတယ်။

နှစ်ဖက် အပစ်အခတ်ရပ်စဲပြီး ဆွေးနွေးဖို့ ဗကပ ဘက်က လိုလားပေမယ့် စစ်အစိုးရဘက်က လက်မခံတဲ့အတွက် အပစ်အခတ်ရပ်စဲထားခြင်း မရှိတဲ့ပုံစံနဲ့ လျှို့ဝှက် တွေ့ဆုံဆွေးနွေးပွဲတွေကို ဗကပ နဲ့ မဆလစစ်အစိုးရတို့ တရားဝင်လုပ်ဆောင်ခဲ့ကြပါတယ်။

ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲနဲ့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲဆိုပြီး (၂) ကြိမ်ရှိခဲ့ပါတယ်။ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲက တရုတ်ပြည်မှာဖြစ်ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲက ဗမာပြည် လားရှိုးမြို့မှဖြစ်ပါတယ်။

ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှာ ဗကပဘက်က ဥက္ကဋ္ဌသခင်ဗသိန်းတင်ခေါင်းဆောင်ပြီး၊ ဒုဥက္ကဋ္ဌ သခင်ဖေတင့်နဲ့ ဗဟိုကော်မီတီဝင် ရဲဘော်ရဲထွန်း ပါဝင်ပါတယ်။ မဆလ ဘက်က ဥက္ကဋ္ဌ ဦးနေဝင်းခေါင်းဆောင်ပြီး၊ နိုင်ငံခြားရေးဝန်ကြီး ဦးလေးမောင် နဲ့ မဆလပါတီ အတွင်းရေးမှူးတယောက်ဖြစ်တဲ့ ဦးသန်းလှိုင် တို့ ပါဝင်ပါတယ်။ ပထမအကြိမ် တွေ့ဆုံပွဲမှာ သခင်ဗသိန်းတင် နဲ့ ဥက္ကဋ္ဌဦးနေဝင်း တို့နှစ်ယောက်တည်း တခြားကိုယ်စားလှယ်တွေ မပါပဲ တနာရီခွဲလောက် အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။ သခင်ဗသိန်းတင်က (၃၂) နှစ်ကျော်ကြာ တိုက်ခိုက်လာခဲ့ကြတဲ့ ပြည်တွင်းစစ်ကို ရပ်စဲကြဖို့နဲ့ နိုင်ငံတကာအခြေအနေ၊ ဆိုဗီယက်ဆိုရှယ်နယ်ချဲ့အန္တရာယ်၊ အာဖဂန်နစ္စတန်ကို ဝင်သိမ်းတာ၊ ဗီယက်နမ်ရဲ့ ကမ်ပူးချားကို ဝင်သိမ်းထားပုံနဲ့ အရှေ့အလားအလာဆိုတာတွေကို ဆွေးနွေးခဲ့တယ်ဆိုပါတယ်။ ဦးနေဝင်းက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဘောင်အတွင်းမှာသာ လုပ်ဆောင်နိုင်ကြောင်း ဆွေးနွေးခဲ့တယ်ဆိုပါတယ်။

ဒုတိယဆွေးနွေးပွဲအဖြစ် လားရှိုးမှာ လျှို့ဝှက်ဆွေးနွေးကြတဲ့အခါမှာတော့ ဗကပ ဘက်က ဒုဥက္ကဋ္ဌ သခင်ဖေတင့် ခေါင်းဆောင်ပြီး ဗဟိုကော်မီတီဝင် ရဲဘော်ရဲထွန်းနဲ့ ရဲဘော်ဖရန်ဂဒီး ဖြစ်ပါတယ်။ မဆလဘက်က ဗဟိုကော်မီတီဝင် ဒုဗိုလ်ချုပ်ကြီးအေးကို ခေါင်းဆောင်ပြီး၊ ဦးသန်းလှိုင် နဲ့ အရှေ့မြောက်တိုင်းတိုင်းမှူး ဗိုလ်မှူးကြီး မြင့်လွင် တို့ပါဝင်ပါတယ်။

ဗကပ ဘက်က ပြည်တွင်းစစ်ရပ်စဲရေးဟာ ဗမာပြည် ပြည်သူလူထုအကျိုးအတွက် ဘယ်လောက်အရေးကြီးကြောင်းနဲ့ ဒီမိုကရေစီရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ပြည်သူလူထုနေထိုင်မှုဘဝ မြှင့်တင်ရေး၊ ဆိုရှယ်နယ်ချဲ့ဆန့်ကျင်ရေးတွေ ဘက်ပေါင်းစုံတင်ပြပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့တပ်မတော်၊ အခြေခံဒေသတည်ရှိခွင့်တွေနဲ့ လက်နက်မချဘူးဆိုတဲ့ ဘောင်အတွင်းကနေ စစ်ရပ်စဲသွားရေးကို အလေးထား တင်ပြဆွေးနွေးခဲ့ပါတယ်။ ပါတီစုံစနစ်ကျင့်သုံးဖို့ တင်ပြခဲ့ပါတယ်။

မဆလ ဘက်က ပါတီ၊ တပ်မတော်၊ အခြေခံဒေသတည်ရှိခွင့်တွေကို ငြင်းပယ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာကိုပဲ ထပ်ဖန်တလဲလဲ အသေဆုပ်ပြီးဆွေးနွေးပါတယ်။ ပြည်သူလူထု ၉၀.၁၉ ရာခိုင်နှုန်းကနေ တခဲနက် အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၁) အရ၊ မဆလ တပါတီသာတည်ရှိခွင့်ရှိကြောင်းနဲ့ ပါတီစုံစနစ်ရဲ့ ဆိုးကျိုးတွေကိုပြောဆိုနေပြီး၊ ကွန်မြူနစ်ပါတီဝင်တွေဟာ မဆလ ထဲဝင်နိုင်ကြောင်း၊ ဝင်အရွေးခံနိုင်ကြောင်း၊ ပြည်သူ့တပ်မတော်ဟာ လုံထိန်းအဖွဲ့၊ ရဲအဖွဲ့ထဲဝင်နိုင်ကြောင်း၊ စားဝတ်နေရေးကိစ္စ ကူညီဖြေရှင်းပေးနိုင်ကြောင်းဆိုတာတွေကို ဆွေးနွေးပါတယ်။ ဗကပ ဘက်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မိုးပေါ်ကကျလာတာမဟုတ်ကြောင်း၊ ပြည်သူလူထုအကျိုးအတွက် ပြင်သင့်ရင် ပြင်လို့ရတာဖြစ်ကြောင်း၊

စစ်အစိုးရကိုယ်တိုင် ဖဆပလ လက်ထက်က အသက်ပေးကာကွယ်မည်ဆိုတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ပြင်ဘို့လိုရင် ပြင်ခဲ့တာပဲဖြစ်ကြောင်း၊ ပါတီစုံစနစ်ဟာ အမျိုးသားသွေးစည်းညီညွတ်မှုကို ပြိုကွဲစေတယ်ဆို တာမဟုတ်ကြောင်း၊ အခုအခါမှာ ဗမာပြည်မှာပါတီစုံစနစ်ဟာ ပိုပြီးတောင်လိုအပ်ကြောင်း ပြန်လည် ချေပဆွေးနွေးပါတယ်။ မဆလရဲ့ ကွန်မြူနစ်ပါတီဝင်တွေ မဆလ ထဲဝင်နိုင်ကြောင်းဆိုတာ ပါတီဖျက်သိမ်းရေးကို တောင်းဆိုနေသလိုဖြစ်နေပြီး၊ ပြည်သူ့တပ်မတော်သားတွေ ကာကွယ်ရေးတွေထဲ ရဲတွေထဲ ဝင်နိုင်ပါတယ်ဆိုတာဟာလည်း ပြည်သူ့တပ်မတော် ဖျက်သိမ်းရေးသာဖြစ်နေပြီး၊ အခြေခံဒေသကိစ္စဟာလည်း ဒီသဘောမျိုးပဲ ဖြစ်နေပါတယ်လို့ ချေပကာ၊ ပါတီ၊ တပ်၊ အခြေခံဒေသတည်ရှိခွင့် ဘောင်အတွင်းကနေ ပြည်တွင်းစစ်ရပ်စဲရေး၊ စေ့စပ်ဆွေးနွေးရေးကို ကြိုးစားတင်ပြခဲ့ပါတယ်။

နောက်ဆုံးအချုပ်ကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာကြီးကိုပဲ အသေဆုပ်ကိုင်ပြပြီး၊ သခင်ဗသိန်းတင် တို့ဘက်က ဆုပ်ကိုင်ထားတဲ့ ပါတီ၊ တပ်၊ အခြေခံဒေသတည်ရှိခွင့်ဆိုတဲ့ အချက် (၃) ချက်ကို လက်မခံနိုင်ပါသဖြင့်ဆိုတာနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို မဆလ စစ်အစိုးရက ရပ်ဆိုင်းလိုက်ပါတယ်။ (ဆွေးနွေးပွဲဖျက်သိမ်းကြောင်းကိစ္စကို မဆလပါတီဥက္ကဋ္ဌ ကြီးဦးနေဝင်းကိုယ်တိုင်၊ ၁၉၈၁ ခုနှစ် မေလ (၁၄) ရက်နေ့ မဆလ ဗဟိုကော်မီတီ (၁၆) ကြိမ်မြောက် အစည်းအဝေးအဖွင့်မိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားသွားမှ ပြည်သူတရပ်လုံးက သိလိုက်ရပြီး၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်ရဲ့ ပြည်သူလူထုသို့တင်ပြချက်ဆိုတာကို သခင်ဗသိန်းတင်ကိုယ်တိုင် ပြည်သူ့အသံကနေ ပြန်လည်တုန့်ပြန်အသံလွှင့် ရှင်းလင်းတင်ပြလာတဲ့အခါကျမှ ပြည့်ပြည့်စုံစုံ တိတိကျကျ သိကြရပါတော့တယ်။ သခင်ဗသိန်းတင်ရဲ့ ပြည်သူလူထုသို့တင်ပြချက်က ဇွန်လ (၁၄) ရက်နေ့မှာဖြစ်ပါတယ်။)

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ မဆလစစ်အစိုးရတို့ တွေ့ဆုံဆွေးနွေးနေကြသလို၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ရှေ့ဆင့်နောက်ဆင့် စစ်အစိုးရကို ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့အဖွဲ့ကတော့ ကေအိုင်အို အဖွဲ့ဖြစ်ပါတယ်။

၁၉၈၀ ပြည့်၊ အောက်တိုဘာ (၁၉) ရက်နေ့မှာ ရန်ကုန်မြို့ သမတအိမ်တော်မှာ စတင်ဆွေးနွေးပါတယ်။ ကေအိုင်အိုဘက်က ဥက္ကဋ္ဌ ဦးဘရန်ဆိုင်း ကိုယ်တိုင် ခေါင်းဆောင်ပြီး အထွေထွေအတွင်းရေးမှူး ဦးဇောင်းခရာ၊ ဗဟိုကော်မီတီဝင် ဦးဇော်ဆိုင်း နဲ့ ဒေါက်တာတူးဂျာ တို့ရောက်လာပါတယ်။ ကေအိုင်အိုအဖွဲ့က အောက်တိုဘာ (၁၉) ရက်နေ့ နေ့စွဲပါစာနဲ့ နိုင်ငံတော်ကို တင်ပြတာလုပ်ပါတယ်။ စာရဲ့အနှစ်ချုပ်က...

(က) သီးခြား ကချင်ပြည်သူ့သမတနိုင်ငံထူထောင်ရေးဆိုတဲ့ လမ်းစဉ်ကို စွန့်လွှတ်တဲ့မူ။

(ခ) တပါတီစနစ်ကို လက်ခံတဲ့မူအောက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း စစ်မှန်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး (ဝါ) ကိုယ်ပိုင် စီမံခန့်ခွဲရေး အာဏာရရှိတဲ့ပြည်နယ် သတ်မှတ်ပေးရန် မေတ္တာရပ်ခံပါတယ် ဆိုတာဖြစ်ပါတယ်။

အောက်တိုဘာ (၂၂) ရက်မှာ မဆလ အထွေထွေအတွင်းရေးမှူး ဦးစန်းယုခေါင်းဆောင်တဲ့ မဆလ ကိုယ်စားလှယ်အဖွဲ့နဲ့ ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးကြပါတယ်။ ဦးစန်းယုက ကေအိုင်အိုအဖွဲ့ တင်ပြတဲ့ မူပိုင်းဆိုင်ရာအချက် (၃) ချက်ကို လက်ခံကြိုဆိုကြောင်းပြောဆိုပြီး၊ အောင်မြင်တဲ့အထိ အချိန်ယူဆွေးနွေးနိုင်ဖို့အတွက်၊ ကချင်ပြည်နယ် အာဏာပိုင်အဖွဲ့ဆိုတာကို ဖွဲ့စည်းပေးခဲ့ပါတယ်။ မဆလ ဘက်က ဖွဲ့စည်းပေးတဲ့ အာဏာပိုင်ကိုယ်စားလှယ်အဖွဲ့ကတော့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးလည်းဖြစ်၊ ဒေသပါတီကော်မီတီ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်မှူးကြီးအေးစန်၊ ကချင်ပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးဖော်ယူခါး နဲ့ ဒေသပါတီကော်မီတီအတွင်းရေးမှူး ဦးလအုန်းယော် တို့ဖြစ်ပါတယ်။

ကေအိုင်အိုအဖွဲ့ဘက်က အထွေထွေအတွင်းရေးမှူး ဦးဇောင်းခရား ခေါင်းဆောင်ပြီး၊ ဦးဇော်ဆိုင်း၊ ဦးဆိုင်ဖုန်း၊ ဦးဆင်ဝါးနော် တို့ပါဝင်ပါတယ်။ တတိယအကြိမ် ဆွေးနွေးပွဲမှာတော့ ဦးတူးဂျိုင်ပါ ပါဝင်လာပါတယ်။ ဒုတိယအကြိမ်ဆွေးနွေးပွဲကနေ စတုတ္ထအကြိမ်ဆွေးနွေးပွဲအထိကို မြစ်ကြီးနားမြို့မှာပဲ နှစ်ဘက်အဖွဲ့ လျှို့ဝှက်ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ဆွေးနွေးပွဲကိုချုပ်ကြည့်မယ်ဆိုရင် ကေအိုင်အိုဘက်က ကချင်ပြည်သူ့သမတနိုင်ငံ ထူထောင်ရေးကို မူအားဖြင့် စွန့်လွှတ်ခဲ့သလို ဆိုရှယ်လစ်စနစ်ကို လက်ခံတဲ့မူနဲ့ တပါတီစနစ်ကို လက်ခံတဲ့မူကို တင်ပြပြီး ကချင်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် (ဝါ) ကိုယ်ပိုင်စီမံခန့်ခွဲရေးပြည်နယ် သတ်မှတ်ပေးရေးကို တောင်းဆိုခဲ့ပါတယ်။

မဆလ ဘက်က ထုံးစံအတိုင်း 'ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ' စာအုပ်ကြီးကိုပဲ လက်ညှိုးထိုးပြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြည်နယ်ရရှိရေးကို မတောင်းဆိုသင့်ကြောင်းဖော်ပြကာ၊ 'လိုက်လျောချက်' ဆိုတာကိုသာ ပေးအပ်ခဲ့ပါတယ်။ လိုက်လျောချက်ဆိုတာတွေကတော့ ပြည်သူ့လွှတ်တော်နဲ့ ကောင်စီအဆင့်ဆင့်မှာ ဝင်ရောက် အရွေးချယ်ခံပိုင်ခွင့်၊ မဆလပါတီနဲ့ ပါတီဦးဆောင်မှုအောက်က ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း အစည်းအရုံးတွေမှာ ပါဝင်ခွင့်၊ ကေအိုင်အေလက်နက်ကိုင်တပ်ကို ရဲ၊ လုံထိန်း၊ ကာကွယ်ရေး ပြည်သူ့စစ်တွေ အဖြစ် ပြောင်းလဲဖွဲ့စည်းခွင့် စတဲ့ စတဲ့ အချက်တွေအပါ၊ လိုက်လျောချက် (၁၆) ချက်သာဖြစ်ပါတယ်။ လိုက်လျောချက်တွေကို သဘောတူညီပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ၁၉၈၁ မေလ (၃၁) ရက်နေ့မတိုင်မီ လာရောက်ကြဖို့ ရက်သတ် မှတ်ပေးခဲ့ပါတယ်။

ကေအိုင်အိုက မလာတော့တဲ့အတွက် ဇွန်လ (၁) ရက်နေ့ကစပြီး ဆွေးနွေးပွဲကို ရပ်စဲလိုက်ကြောင်း မဆလ ဘက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဆွေးနွေးပွဲပျက်ရခြင်းရဲ့ အကြောင်းများဆိုပြီး အချက်ကြီး (၁၃) ချက်ကိုလည်း ထုတ်ဖော်ပြောဆိုကာ၊ ကေအိုင်အိုဟာ မရိုးမသား ကောက်ကျစ်ခဲ့တယ်လို့ စွပ်စွဲဖော်ပြခဲ့ပါတယ်။ (တကယ်ကတော့ ဗကပ ကို ဦးတည်ရန်သူအဖြစ် တိုက်ခိုက်နိုင်ရေးအတွက် ကေအိုင်အိုကို သပ်လျှိုဖြိုခွဲကြည့်ဖို့ လက်တွေ့လုပ်ဆောင်ကြည့်ခဲ့သူဟာ မဆလ စစ်အစိုးရကိုယ်တိုင်ပဲဖြစ်ခဲ့ပါတယ်။)

မင်းရန်အောင် စစ်ဆင်ရေး ထင်တိုင်းမပေါက်ဖြစ်ခဲ့အပြီး ၂/၈၀ အမိန့်ကြေညာကာ၊ လက်နက်စွန့်လိုသူတွေကို တဖက်က လက်ခံသိမ်းသွင်းရင်း၊ တဖက်က ပြည်တွင်းစစ်ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတွေကို လက်ခံလုပ်ဆောင်ခဲ့တာသာဖြစ်ပါတယ်။ တကယ့်ငြိမ်းချမ်းရေးလိုချင်လို့ လုပ်ခဲ့တာ မဟုတ်တဲ့အတွက် သဘာဝမကျတဲ့ အခြေခံဥပဒေဆိုတာကြီးကိုပဲ အသေဆုပ်ကိုင်ကာ၊ ဆွေးနွေးတွေ့ဆုံတာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပျက်ပြားခဲ့ရပြန်တာဖြစ်ပါတယ်။

## မဆလတပါတီအာဏာရှင်စနစ်ခေတ် နောက်ပိုင်းကာလ

မဆလ စစ်အစိုးရက ဗမာပြည်စီးပွားရေးအခြေအနေကို GDP (ဂျီဒီပီ) အနေနဲ့ ၇၉–၈၀ မှာ (၅.၂) ရာခိုင်နှုန်း၊ ၈၀–၈၁ မှာ (၇.၈) ရာခိုင်နှုန်းနဲ့ ၈၁–၈၂ မှာ (၆.၇) ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့တယ်လို့ ကြေညာပြီး၊ စီမံကိန်းကာလအတွင်းမှာ တနှစ်ပျမ်းမျှ (၆.၆) ရာခိုင်နှုန်းတိုးတက်တယ်လို့ ကြေညာခဲ့ပါတယ်။ စီမံကိန်းလျာထားချက်တွေနဲ့ ကိုက်ညီစွာ တိုးတက်ခဲ့တယ်လို့ ကြွေးကြော်ခဲ့ပါတယ်။

ဒါပေမယ့် တိုင်းပြည်ရဲ့ ပြည်သူလူထုကြီးတရပ်လုံးရဲ့ စားဝတ်နေရေးအခြေအနေကတော့ ဆိုးသထက် ဆိုးပြီးသာလာခဲ့ပါတယ်။ စက်ရုံအလုပ်ရုံတွေထဲက အလုပ်သမားထုရဲ့ဘဝ ပိုပိုပြီး ဝက်အူကြပ်ပေးတာခံလာရပါတယ်။ ဆုပေးဒဏ်ပေး စနစ်ဆိုတာရဲ့အောက်မှာ ဆုပေးတာက မရှိသလောက်ဖြစ်ပြီး ဒဏ်ပေးတာတွေသာ တိုးတိုးပြီးရရှိလာခဲ့ပါတယ်။ နာမည်ပျက်သွားတဲ့ အလုပ်သမားကောင်စီရဲ့ နေရာအစားထိုး နာမည်ပြောင်းဖွဲ့စည်းလာတဲ့ အလုပ်သမားအစည်းအရုံးဆိုတာတွေကလည်း အလုပ်သမားအကျိုးအတွက်ဖွဲ့စည်းဖွဲ့စည်းဖြစ်ပေါ်လာတာမဟုတ်ပဲ မဆလပါတီကြီးရဲ့ဒေါက်တိုင်အဖြစ်သာ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် ဖိနှိပ်ရေးကိရိယာတခုအဖြစ်နဲ့သာ အသုံးတော်ခံနေခဲ့ပါတယ်။ အလုပ်သမားအစည်းအရုံးမဝင်မနေ ရဆိုတာနဲ့ ခြိမ်းခြောက်ပြီး လစာထဲက ငွေဖြတ်တာခံကြရပါတယ်။ အစည်းအရုံးဝင်မဟုတ်ရင် ဆန်မပေးဘူး၊ ဆပ်ပြာရောင်းမပေးဘူးဆိုတဲ့အတွက် ဝင်ကြရသူတွေက အများစုကြီးဖြစ်ပါတယ်။

လခစားဝန်ထမ်းများရဲ့ ဘဝဟာလည်း အလုပ်သမားများရဲ့ဘဝနဲ့ ထူးမခြားနားသာဖြစ်ပြီး အလုပ်သမားအစည်းအရုံးမဝင်မနေရ စည်းရုံးရိုက်သွင်းတာခံကြရတဲ့အပြင် ဟိုကဖြတ် ဒီကဖြတ်နဲ့ လကုန်လို့ လခထုတ်တဲ့အခါ လစာတဝက်လောက် အိမ်ပြန်ပါလာနိုင်သူဟာ တဝက်ပြည့်အောင်ရှိလိမ့်မယ်မဟုတ်ပါ။ အစစ ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းတွေ အထွေထွေစရိတ်တွေအောက် လစာနဲ့ မစားလောက်လို့ အောက်ဆိုက် မန်းနီးရှာကြရင်း လက်ဖက်ရည်ဖိုးတောင်းတတ်တဲ့ အကျင့်တွေပါရလာပါတယ်။

မြို့နေဆင်းရဲသားတွေရဲ့ဘဝကတော့ ထမင်းတလုပ်အတွက် အလုပ်မျိုးစုံကို ဂျင်ဂျင်လည်အောင် လုပ်ကိုင်စားသောက်ကြရင်း ကိုယ့်ကုန်ဝယ်စာအုပ် ကိုယ့်ဟာကိုယ် ကိုင်ဝယ်ခွင့်မရသူတွေက အများဆုံးဖြစ်လာပါတယ်။ ရောင်းချပေါင်နှံစရာအတွက် တန်ဖိုးအရှိဆုံးက ကုန်ဝယ်စာအုပ်ပဲရှိတော့တဲ့အတွက် ကုန်ဝယ်စာအုပ်ကိုတောင် ငွေရှင်ထံအပ်နှံ ပေါင်နှံရောင်းချစားသောက်နေရတဲ့ ဘဝမျိုးတွေဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ လူဦးရေအများစုကြီးဖြစ်တဲ့ လယ်သမားတွေရဲ့ဘဝကတော့ ဖွတ်ကျောပြာစုရုံမက ကိုယ့်လယ်ကိုယ့်ယာလေး ကိုယ့်ဟာကိုယ် ကြိုးစားပန်းစား လုပ်ကိုင်နေရင်းက အလိုလိုနေရင်း မင်းပြစ်မင်းဒဏ်သင့်သူတွေ ဖြစ်လာနေကြပါတယ်။ စစ်အစိုးရရဲ့စပါး ပိုမိုတိုးတက် ဝယ်ယူရရှိရေးအတွက် ကျင့်သုံးလာတဲ့ ပုတ်လုန်ကျီလုန် စစ်ဆင်ရေးတွေနဲ့ အတင်းဝင်ရောက်ရှာဖွေစစ်ဆေးတာတွေ ခံကြရပါတယ်။ တာဝန်ကျေစပါး မရောင်းချနိုင်လို့ မြို့ပြခေါ်ယူပြီး နေလှန်းတာ၊ ကိုယ့်ထမင်းထုပ်နဲ့ကိုယ် လာရောက်အချုပ်ခံခိုင်းတာတွေ၊ စီမံကိန်းဝင်သီးနှံ အစိုက်ခိုင်းတာ ဘယ်လိုမှ တွက်ချေမကိုက်မှန်း သိသိကြီးနဲ့ စိုက်ပျိုးကြရပြီး၊ သီးနှံမထွက်လို့ မရောင်းနိုင်တာကို ကိုတာအတိုင်းပြည့်မီအောင် ဝယ်သွင်းရမယ်ဆိုလို့ အပြင်ကနေ ရှာဖွေဝယ်သွင်းကြရတဲ့ ဒုက္ခတွေ၊ စသဖြင့် စသဖြင့် ပြောလို့တောင်ယုံနိုင်ဖွယ်ရာမရှိတဲ့ အဖြစ်သနစ်ဒုက္ခပေါင်းစုံကို ရင်ဆိုင်ကြုံတွေ့ကြရင်း ကျောကော့အောင်ခံကြရပါတယ်။ တောင်သူလယ်သမား ဦးကြီးများလို့ဆိုပြီး ဦးကြီးဦးကြီးနဲ့ အခေါ်ခံရတဲ့ လယ်သမား၊ အခုတော့ ဦးကြီးခေါင်း ဖနောင့်နဲ့ပေါက်ရုံတင်မက၊ ငယ်ထိပ် သေနတ်ဒင်နဲ့ဆောင့်တာပါ ခံနေကြရပါတယ်။

စနစ်သစ်ပညာရေး၊ ဆိုရှယ်လစ်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ ဘာပညာရေး ညာပညာရေးဆိုတာတွေနဲ့ စမ်းသပ်ပညာရေးမျိုးစုံတွေကို မဆုံးနိုင်အောင်စမ်းသပ်ရင်း ကျောင်းသူကျောင်းသားမှန်သမျှ စစ်အစိုးရရဲ့ အစမ်းသပ်ခံ ယုန်ကလေးတွေ၊ ပူးကလေးတွေဘဝ ကျရောက်ခဲ့ရပြီး၊ ပညာရေးတခုလုံးလည်း ကမောက်ကမဖြစ်ခဲ့ရပါတယ်။ တနေ့တခြား ပညာရေးအဆင့်အတန်း နိမ့်ကျလာခဲ့ပါတယ်။ ကျောင်းသူကျောင်းသားတွေကို လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ် ဆိုတာတွေထဲ မဝင် ဝင်အောင် ဖျားယောင်းတာ၊ သိမ်းသွင်းတာတွေ နည်းမျိုးစုံနဲ့ လုပ်ကိုင်ခဲ့ရုံမက သန်းကောင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုတာတွေမှာ

အသုံးလုံးကြေသင်တန်းဆိုတာတွေမှာ၊ နွေရာသီလုပ်အားပေးလုပ်ငန်းဆိုတာတွေမှာအထိ ထည့်သွင်း အသုံးချခိုင်းစေတာတွေ လုပ်ကိုင်ခဲ့ပါတယ်။ အဆိုးဆုံးကတော့ မဆလ တို့ရဲ့ ကဘောက်တိကဘောက်ချာ လမ်းစဉ်မူဝါဒ သဘောတရားဆိုတာတွေကို နိုင်ငံရေးသိပ္ပံဘာသာဆိုပြီး တက္ကသိုလ်ကောလိပ်နဲ့ ကျောင်းတွေမှာ ပြဋ္ဌာန်းသင်ကြားတဲ့အထိ ဖြစ်ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာဆိုတဲ့ မဆလ သဘောတရားဘာသာဟာ တချို့အတန်းတွေ၊ တချို့ဘာသာအတွဲတွေမှာ မသင်မနေရ ဘာသာတမျိုးဖြစ်လာပါတယ်။

၁၉၈၀ ပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဆိုတာအပြီး သံဃာ့ဝန်ဆောင်အဖွဲ့ကြီး ပေါ်လာပြီးနောက်ပိုင်း၊ နောက်ထပ်ကပ် သင့်ခြင်းခံကြရတာကတော့ ရဟန်းသံဃာတော်တွေဖြစ်ပါတယ်။ ဘုန်းကြီးမှတ်ပုံတင်လုပ်ခိုင်းတာ၊ ဝါကပ်စာရင်းပေးပို့ခိုင်းတာတွေအပြင် တချို့သံဃာတော်များ သင်္ကန်းဆွဲချွတ်ခံရပါတယ်။ တချို့ ထောင်သွင်းအကျဉ်းထား အပြစ်ပေးခံရပါတယ်။ ပါတီကောင်စီနဲ့ မတည့်တာကြောင့် ပါရာဇိက ကျူးလွန်ပါတယ်လို့ လည်ဆယ်အတိုင်အတောခံရတဲ့ ဘုန်းတော်ကြီးတွေ၊ သံဃာ့ဝန်ဆောင်တွေ အဖွဲ့မှာ "မင်းတို့ဟာမင်းတို့ အိမ်ကြက်ခြင်းအိုးမဲသုတ် အခွပ်ခိုင်းတာမပါနိုင်ဘူး" လို့ပြောမိလို့ ထောင်သွင်းအကျဉ်းချခြင်းခံရတဲ့ ဘုန်းတော်ကြီးမျိုးတွေ၊ လူသားစားပါတယ်လို့အထိ စွပ်စွဲပြီး အရေးယူခံရတဲ့ ဘုန်းတော်ကြီးမျိုးတွေအထိ ရှိခဲ့ပါတယ်။ သာသနာသန့်ရှင်းရေး ဆိုင်းဘုတ်အောက်မှာ ရဟန်းသံဃာတော် တော်တော်များ ကပ်သင့်ခဲ့ပါတယ်။ တချို့သံဃာတော်ကြီးများ ပျံလွန်တော်မူပြီးတာတောင် မနေရ၊ သံဃာ့ဝိနိစ္ဆယျ ခုံရုံးကနေ တရားတော်တွေကို 'အဓမ္မ' လို့ဆုံးဖြတ်ပြီး မျက်ကွယ်မှာ ဆုံးဖြတ်စီရင်ချက်ချတာကို ခံကြရပါတယ်။

၁၉၈၀ ပြည့်ကနေစပြီး နှစ်နှစ်လောက်အတွင်း ဆက်တိုက်လိုလို ကြေညာပြီး ထုတ်ပြန်ပေးအပ်ခဲ့တာကတော့ နိုင်ငံရေးသမားဟောင်းကြီးများအတွက် လို့ဆိုတဲ့ "နိုင်ငံ့ဂုဏ်ရည်ဘွဲ့" တွေဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတွေမှာ စွမ်းစွမ်းတမန် တာဝန်ကျေပွန်ခဲ့ကြသူတွေကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်ဂုဏ်ပြုတာဆိုတဲ့ "နိုင်ငံ့ဂုဏ်ရည်ဘွဲ့" ဖြစ်ပါတယ်။ အဲဒီလို ချီးကာမြှောက်ကာ ဂုဏ်တင်ပြောဆိုပြီးမှ နိုင်ငံတော်သမတကြီး ဦးနေဝင်းက "အခုလို နိုင်ငံဂုဏ်ရည်ဘွဲ့တွေအတွက် ပေးအပ်တဲ့ငွေ ကြေးတွေဟာ ပင်လယ်ထဲကနေ ဖမ်းဆီးရမိလိုက်တဲ့ မှောင်ခိုစက်လှေကြီးတစီးပေါ်က မှောင်ခိုကုန်ပစ္စည်းတွေ ရောင်းချရာကနေ ရတာပါ" လို့ဆိုလိုက်တဲ့အတွက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရသူတွေ ခိုးလိုးခုလုဖြစ်စရာ ကြုံရပါတယ်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရသူတွေထဲမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ရှေ့တန်းကပါဝင်ခဲ့သူတွေ ပါဝင်ခဲ့သလို၊ စစ်အစိုးရရဲ့ တော်လှန်ရေးကောင်စီမှာ စစ်အစိုးရအဖွဲ့ဝင်တွေအတွင်းမှာ ပါဝင်ခဲ့တာ ကြောင့် တမင်းတန်းညှိပြီး နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်) ပေးခဲ့တာတွေလည်း ဘုံးဘောလအော ပါဝင်ခဲ့ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင် သမိုင်းစဉ်တလျှောက် ပါဝင်ခဲ့သူတွေကတောင် ဒုတိယအဆင့်လောက်ပဲ သတ်မှတ်ခံရပြီး၊ မဆလ ပါတီဝင်ဘောင်းဘီချွတ်ဟောင်းကြီးများက ပထမဆင့်ဖြစ်နေကြတာလည်း အံ့သြစရာ တွေ့မြင်ရပါတယ်။ ဒီထက်အံ့သြစရာကောင်းတာကတော့ လွတ်လပ်ရေးတိုက်ပွဲဝင် သမိုင်းစဉ်တွေမှာလည်း ထင်ထင်ရှားရှား ပါဝင်ခဲ့ပါလျက် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်း ရဲ့ အမြင်ကပ်မှုကြောင့် တမင်ချန်လှပ်ထားခြင်းခံရသူတွေလည်းရှိခဲ့ပါတယ်။ ဥပမာအားဖြင့် ဆရာရာဂျန်လို၊ သခင်ဗမောင် လိုမျိုးဖြစ်ပါတယ်။ (ဆရာ ရာဂျန်ဟာ ၁၉၄၆ ခုနှစ် အထွေထွေသပိတ်မှာ နယ်ချဲ့ဘုရင်ခံနဲ့ အထွေထွေသပိတ်ရဲ့ ကိုယ်စားလှယ်ခေါင်းဆောင်တဦးအဖြစ် ထိပ်တိုက်တွေ့တွေ့ဆိုင်ဆိုင် အပြန်အလှန်ပြောဆိုရာမှာ ပါဝင်ခဲ့သူတဦးဖြစ်ပေမယ့် ဦးနေဝင်းက တမင်ဝကွက်ချန်လှပ်ပစ်ခဲ့ပါတယ်။ သခင်ဗမောင်ဟာ တို့ဗမာအစည်းရုံးကြီးရဲ့ နိုင်ငံလုံးဆိုင်ရာအမှုဆောင်အ

ဖွဲ့ဝင် ဌာနချုပ်အမှုဆောင်အဖွဲ့ဝင်အထိ ဆောင်ရွက်ခဲ့ဖူးပေမယ့်၊ တို့ဗမာအစည်းအရုံးသမိုင်းစာအုပ်မှာ ဦးနေဝင်းရဲ့ဓာတ်ပုံကို စာအုပ်ရဲ့ ရှေ့မျက်နှာစာပေါ်မှာ ဖော်ပြဖို့ရန် ကန့်ကွက်ခဲ့ဖူးတာကြောင့် တမင်ချန်ထားပစ်ခဲ့တာလို့ အဆိုရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး ဒေါ်ခင်ကြည်ကို နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပေးခဲ့ပေမယ့် ဂျပန်ခေတ်မှာ ဒေါ်ခင်ကြည် နဲ့အတူ တနေ့တည်း တချိန်တည်း အတူပူးတွဲရွက်ဆောင်ခဲ့ဖူးသူ၊ အမရင်းဖြစ်သူ ဒေါ်ခင်ကြီး ကိုတော့ သခင်သန်းထွန်းဇနီးဖြစ်တဲ့အတွက် ဘာဘွဲ့မှမပေးခဲ့ပါ။)

၁၉၈၁ ခုနှစ်မှာ မဆလပါတီရဲ့ စတုတ္ထအကြိမ် ပါတီညီလာခံကြီး ကျင်းပခဲ့ပါတယ်။ ကျင်းပခါနီး ကျင်းပဆဲ၊ ကျင်းပပြီးနောက်ပိုင်းအထိ စတုတ္ထအကြိမ်ပါတီညီလာခံ ကြိုဆိုထောက်ခံ ဂုဏ်ပြုအထိမ်းအမှတ် ပြပွဲတွေ ဝှံခြီးကျင်းပကြပြီး ရုံးလုံးကျွတ်၊ ဌာနလုံးကျွတ်၊ ဘာလုံးကျွတ် ညာလုံးကျွတ် ပါတီဝင်လျှောက်လွှာ ပေးအပ်ပွဲတွေ အဆိုပြုလွှာတင်ပွဲဆိုတာတွေ ဖန်းတီးဖော်ထုတ် မင်္ဂလာယူခဲ့ပါတယ်။ မဆလ အစိုးရရဲ့ အာဘော်အရကတော့ တိုင်းပြည်စီးပွားရေးတွေလည်း အတော်အောင်မြင်တိုးတက်လာခဲ့သလို နိုင်ငံရေး အခြေအနေဟာလည်း အင်မတန်ကောင်းမွန်နေခဲ့ပါတယ်။

တကယ့်အခြေအနေကတော့ တိုင်းပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီမံခန့်ခွဲရေး တွေအားလုံးဟာ တနေ့တခြား ဆိုးဝါးနေခဲ့ပြီဖြစ်ပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြီးရဲ့ ဒုတိယမဏ္ဍိုင်လို့ ဆိုထားတဲ့ ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းကြီးဟာလည်း ရေစုန်မျောနေပြီဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမ စီမံကိန်းကြီး စတင်အကောင်အထည်ဖော်စက “ထုတ်လုပ်သူနဲ့ စားသုံးသူကြား မတရားသဖြင့် အမြတ်ထုတ်နေတဲ့ ကုန်သည်ပွဲစား ကြားလူတန်းစားကို အပြတ်ဖယ်ရှားပြီး သမဝါယမစနစ်နဲ့ ပြည်သူလူထုကြီး အကျိုးခံစားနိုင်ရန်” ဆိုတဲ့ ဝါဒဖြန့်ချိ အော်ဟစ်ခဲ့တာဟာလည်း “ကုန်သည်ပွဲစား ကြားလူတန်းစား” ကို ဖယ်ရှားပစ်ပြီး ပါတီကောင်စီနဲ့ အာဏာပိုင်အဆင့်ဆင့် အမှုဆောင်အဆင့်ဆင့်က ဝင်ရောက်ခြယ်လှယ် ဘုံးပစ်လိုက်ကြ စားသောက်ပစ်လိုက်ကြတဲ့အတွက် “သားဝ မယားဝစီမံကိန်း” ကြီးလို့ နာမည်ထွက်နေခဲ့ပြီဖြစ်ပါတယ်။ စာရင်းလိမ်၊ စာရင်းတုမျိုးစုံ၊ ကိန်းဂဏာန်းအလိမ်အညာမျိုးစုံနဲ့ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းမျိုးစုံဟာ စတုတ္ထအကြိမ် ပါတီညီလာခံကြီးနောက်ပိုင်း ဆက်လက် သက်ဝင်လှုပ်ရှားအောင်မြင်နေခဲ့ပါတယ်။ ၈၁ မှာ ဦးနေဝင်း သမတရာထူးကနေ အနားယူလိုက်ပါတယ်။ စတုတ္ထအကြိမ် ပါတီညီလာခံကြီးကနေ စတုတ္ထလေးနှစ်စီမံကိန်းတွေကို ချမှတ်ပေးလိုက်တဲ့အပြင် “အနှစ် ၂၀ နှစ်ရှည်စီမံကိန်း” ကြီးရဲ့ ရည်မှန်းချက်အတိုင်း “စတုတ္ထလေးနှစ်စီမံကိန်း” လမ်းညွှန်မှုများကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်” လို့ ဖွင့်ဖော် ဆော်ဩလိုက်ပါတယ်။ ဦးစန်းယု သမတကြီးဖြစ်လာပါတယ်။

ဦးနေဝင်းရဲ့ မြောက်ထိုးပင့်ကော် တလက်ကိုင်မွေးမြူရေးပေါ်လစီနဲ့ တန်ခိုးထွားလာခဲ့တဲ့ ထောက်လှမ်းရေးအဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ် မျက်မှန်တင်ဦး ဟာလည်း ဦးနေဝင်း တယောက်ထဲကိုသာ တိုက်ရိုက်အစီအရင်ခံရတဲ့ အစိုးရအဖွဲ့တခုလုံးကိုတောင် ဂရုစိုက်စရာမလိုတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လာရုံမက မဆလပါတီကြီးရဲ့ တွဲဘက်အထွေထွေအတွင်းရေးမှူးကြီးတောင် ဖြစ်နေပါတယ်။ အနောက်တိုင်း စာနယ်ဇင်းများက ဆိုရင် ဦးနေဝင်းဟာ နံပါတ် (၁)၊ ဦးစန်းယုဟာ နံပါတ် (၂)၊ ဗိုလ်မှူးချုပ်တင်ဦးဟာ နံပါတ် (၃) မဟုတ် “(၁) နဲ့ (၂) ကြားက “တစ်ခွဲ ” ဖြစ်တယ်လို့တောင် ပြောဆိုလာရတဲ့အထိ တန်ခိုးထွားလာပါတယ်။ ဗိုလ်မှူးချုပ်တင်ဦးရဲ့ ထောက်လှမ်းရေးအခြေပြု ‘ပျားဂေဟာ’ ပျားမွေးမြူရေးစီမံကိန်းကြီးများဟာ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား အားလုံးကနေ တခဲနက်အမွှမ်းတင် ဝါဒဖြန့်ချိခြင်းခံရတဲ့အထိ ကြီးကျယ်တဲ့ လုပ်ဆောင်မှုကြီးတွေ ဖြစ်ခဲ့ပါတယ်။ “ဘောစကိုင်း” စိုက်ပျိုးရေးဆိုတာတွေလည်း မျက်နှာပွင့်လှပါတယ်။

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်က ခေးပြဗိုလ်ဟောင်းကြီးလို့ဆိုကြတဲ့ ဦးမာဃရဲ့ တဧက စပါးတင်း ၃၀၀ ကျော် ထွက်တယ်ဆိုတဲ့ အောင်မြင်မှုကြီးကြောင့် ဦးနေဝင်း ကိုယ်တိုင်က မြို့နယ်ကောင်စီဥက္ကဋ္ဌ ခန့်ပေးခဲ့ပြီး၊ သူ့ထက်သူ အထွက်ပြိုင်၊ အအောင်ပြိုင်ကာ (အဲဒီနှုန်းတွေအတိုင်း စပါးတွေတိုးတိုးတောင်းတာ လယ်သမား အများစုကြီးက ကျောကော့အောင်ခံနေရပေမယ့်) မဆလ လမ်းစဉ်ကြီးဟာ သတင်းစာတွေပေါ်မှာ အောင်ပွဲခံနေခဲ့ပါတယ်။ (ဦးမာဃရဲ့ တဧကစပါးတင်း ၃၀၀ ကျော်ထွက်တယ်ဆိုတာ တကယ်က ပိပိရိရိလိမ်ညာခဲ့တဲ့ လုပ်ကြံလည်ဆယ်မှုကြီးသာဖြစ်ပါတယ်။)

၁၉၈၂ ခုနှစ်၊ မတ်လကစပြီး “ဗကပ မြေအောက်လှုပ်ရှားမှုကြီး” တခုကို စစ်အစိုးရက ဖော်ထုတ် ဖမ်းဆီးတာ လုပ်ဆောင်လာပြန်ပါတယ်။ စစ်ဆင်ရေးတခုအဖြစ် သတ်မှတ်ကာ ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ ဆရာဝန်များ၊ ရှေ့နေများ၊ ဝန်ထမ်းများသာမက စစ်တပ်တွင်းက စစ်ဗိုလ် (၂) ဦး၊ ဘီအက်စ်အိုင် **(BSI)** က ဝန်ထမ်းတဦးအပါ၊ ပါဝင်ခဲ့သူ လူပေါင်း (၂၀၀) နီးပါရှိ မြေအောက်လှုပ်ရှားမှုကြီးဖြစ်ခဲ့ပါတယ်။ မြေအောက် **(UG)** လှုပ်ရှားမှုသမိုင်းမှာ အများဆုံးအဖမ်းခံခဲ့ရတဲ့ လှုပ်ရှားမှုကြီးဖြစ်ပါတယ်။ ၂/၈၀ အမိန့်ကြောင့် နိုင်ငံရေး အကျဉ်းသားမှန်သမျှ လွတ်မြောက်သွားကြကာ ချောက်ကပ်နေခဲ့တဲ့ အင်းစိန်ထောင် တိုက်ခန်းတွေအတွင်း၊ ခန်းလုံးပြည့်တွေ ပြန်ဖြစ်သွားခဲ့ရတဲ့ အစုလိုက်အပြုံလိုက် အဖမ်းဆီးခံရမှုကြီးဖြစ်ခဲ့ပါတယ်။ ၈၂ မှာ မန်းငွေအောင်ရဲ့ ကွန်မင်ဒိုလှုပ်ရှားမှုလည်း ပေါ်ပေါက်လာခဲ့ပြန်ပါတယ်။

၁၉၈၃ ခုနှစ်ထဲမှာတော့ တပြည်လုံး အံ့အားသင့်သွားရတဲ့ အမှုကြီးတခု ရုတ်တရက်ပေါ်လာခဲ့ပါတယ်။ တစ်ခွဲကြီးလို့ နာမည်ကြီးခဲ့တဲ့ ထောက်လှမ်းရေးအကြီးအကဲကြီး၊ မဆလ ပါတီတွဲဘက်အတွင်းရေးမှူးကြီး ဗိုလ်မှူးချုပ်တင်ဦး ကိုယ်တိုင် အဖမ်းခံလိုက်ရပြီး ထောင်တွင်းအသွင်းခံလိုက်ရတဲ့အမှုကြီးဖြစ်ပါတယ်။ နာမည်ထင်ပေါ်လာပြီဆိုရင် ကြာရှည်နာမည်ကြီးခွင့်ပေးလေ့မရှိတဲ့ ဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အမူအကျင့်အလေ့ အထတိုင်း အသာလေး ကပ်ဖြုတ်ပစ်လိုက်တဲ့ ဖြုတ်ထုတ်ဖယ်ရှားမှုကြီးတခုဖြစ်ပါတယ်။ လူတကာအပေါ် ရက်ရက်စက်စက် ဖမ်းဆီးဖယ်ရှားရာမှာ နာမည်ဆိုးနဲ့ ကျော်ဇောခဲ့သူ လက်မရွံ့ မျက်မှန်တင်ဦးကြီး ရူးမတတ်ဖြစ်သွားခဲ့ပါတယ်။ ကြာဇံထုပ် ခေါင်းပေါ်တင်ထားသလို ဆံပင်တွေ ဖွေးဖွေးဖြူသွားကာ ဆံရှည်ဂုတ်ထောက်ကြီးနဲ့ မျက်မှန်တင်ဦးတယောက် ထောင်ထဲမှာ အရူးကြီးသဖွယ်ဖြစ်သွားခဲ့ပါတယ်။ မျက်မှန်တင်ဦးနဲ့ အတူတူ ဖမ်းဆီးဖယ်ရှား အပြစ်ပေးခြင်းခံလိုက်ရသူကတော့ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီ ဖြစ်ပါတယ်။ ဦးနေဝင်းက မျက်မှန်တင်ဦးရဲ့ လက်စွဲတော် ထောက်လှမ်းရေးအရာရှိပေါင်းများစွာကို ဖယ်ရှားပစ်လိုက်သလို၊ မျက်မှန်တင်ဦးကြီးရဲ့ ပျားဂေဟာနဲ့ ပျားမွေးမြူရေးစီမံကိန်း၊ ဘောစကိုင်း စိုက်ပျိုးရေးစီမံကိန်း ဆိုတာကြီးတွေ အားလုံးဟာလည်း နေ့ချင်းညချင်း ဖယ်ရှားပစ်တာ ခံလိုက်ရပါတယ်။ ပျားဂေဟာကနေ ပြာဂေဟာဖြစ်သွားရပါတော့တယ်။

ဦးနေဝင်း ဟာ သူခိုင်းရာကို ဘယ်တော့မှ ပြန်မလှန်တမ်း ခေါင်းညိတ်လုပ်ကိုင်တတ်တဲ့ ဦးစန်းယုကို သမတကြီးအဖြစ် လွှဲအပ်ပေးလိုက်ပြီး ပါတီဥက္ကဋ္ဌကြီးနေရာကနေ အစစအရာရာကို ကြိုးကိုင်ရင်း၊ သူ့စိတ်ကြိုက် ထောက်လှမ်းရေးအဖွဲ့ကြီးဖြစ်နေဖို့ နမခစစ်ဗျူဟာမှူး တာဝန်ထမ်းဆောင်နေတဲ့ ဒုဗိုလ်မှူးကြီး ခင်ညွန့်ကို ထောက်လမ်းရေးအဖွဲ့ဆီ ခေါ်ယူနေရာချထားလိုက်ပါတယ်။ မျက်မှန်တင်ဦးကို ဖယ်ရှားပစ်လိုက်ပြီးပြီမို့ ထောက်လှမ်းရေးအကြီးအကဲ နံပတ်တစ်ဖြစ်လာသူကတော့ ဗိုလ်မှူးကြီးအောင်ကိုး ဖြစ်ပါတယ်။

၁၉၈၃ ခုနှစ်၊ အောက်တိုဘာ (၉) ရက်နေ့မှာ တောင်ကိုရီးယားသမတ ချွန်ဒူးဝမ် ဦးဆောင်တဲ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ရောက်လာပြီး အာဇာနည်ကုန်း ပန်းခွေချဖို့အစီအစဉ်မှာ ဗုံးခွဲတိုက်ခိုက်ခြင်းခံလိုက်ရပါတယ်။ အစီအစဉ်ထက် မိနစ်ပိုင်းနောက်ကျပြီး ရောက်လာမိတဲ့အတွက် ချွန်ဒူးဝမ်နဲ့

ဦးစန်းယု အသက်ဘေးက သီသီလေးလွတ်သွားခဲ့ပေမယ့် ဝန်ကြီး (၄) ဦးအပါအဝင် လူပေါင်း (၂၁) ဦး သေဆုံးသွားရတဲ့ ဗုံးခွဲတိုက်ခိုက်ခံရခြင်း အမှုကြီး ဟိုးလေးတကျော်ကျော်ဖြစ်သွားပါတယ်။ ဗုံးခွဲတိုက်ခိုက်သူမြောက်ကိုရီးယားနိုင်ငံသား ဇင်မိုနဲ့ ကင်မင်ချူးကို ဖော်ထုတ်ရမိလိုက်နိုင်ပေမယ့်၊ တာဝန်ပေါ့လျော့မှု စွပ်စွဲချက်နဲ့ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီးအောင်ကိုး ကို ဖယ်ရှားပစ်လိုက်ပါတယ်။ ဦးနေဝင်းကိုယ်တိုင် စိတ်ကြိုက်ရွေးချယ် တာဝန်ပေးခန့်အပ်ထားခြင်းခံရတဲ့ ဒုဗိုလ်မှူးကြီးခင်ညွန့် စစ်ထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူးဖြစ်လာပါတယ်။ ဒုဗိုလ်မှူးကြီးခင်ညွန့် က ဦးနေဝင်းစိတ်ကြိုက် ကျိုးကျိုးနွံနွံ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၈၁ ခုနှစ်၊ ဗကပ၊ ကေအိုင်အေ တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြီးကတည်းက ဗကပနဲ့ ကေအိုင်အေ အပေါ် အပြိုးနဲ့ တဆင့်တိုး ထိုးစစ်ဆင်ခဲ့ပါတယ်။ ဦးနေဝင်း ရဲ့ စီမံခန့်ခွဲမှုအောက်မှာ စစ်အင်အားကို အဆက်မပြတ် တည်ဆောက်ခဲ့သလို စစ်အသုံးစရိတ်ကိုလည်း နှစ်စဉ် အဆမတန် တိုးတက်သုံးစွဲခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းအဖြစ် စစ်တပ်ကို ဦးဆောင်ပြီး ၁၉၆၂ အာဏာသိမ်းပွဲကို ဆင်နွှဲအကောင်အထည်ဖော်ဆောင်စဉ်က တပ်ရင်းပေါင်း (၈၅) ရင်းပဲရှိခဲ့ပေမယ့် ၁၉၈၄ ခုနှစ်ထဲမှာတော့ တပ်ရင်းပေါင်း (၁၃၆) ရင်းတောင် ရှိနေပြီဖြစ်ပါတယ်။ ၁၉၇၅ – ၇၆ က ကာကွယ်ရေးအသုံးစားရိတ်ဟာ (၉၁) ကုဋေကျပ်ပဲရှိခဲ့ရာက ၁၉၈၄–၈၅ ခုနှစ်ထဲမှာတော့ ကာကွယ်ရေးအသုံးစားရိတ်ဟာလည်း (၁၇၁) ကုဋေကျော်အထိ နှစ်ဆနီးပါး တိုးနေပြီဖြစ်ပါတယ်။ တပ်အင်အား (၂)ဆနီးပါး တိုးလာသလို စစ်သုံးစရိတ်လည်း (၂) ဆနီးပါး တိုးနေပြီဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရမယ့် နိုင်ငံ့ဘဏ္ဍာငွေကြေးများဟာ တနေ့တခြား တိုးတိုးလာတဲ့ စစ်တပ်ကြီးကို ပေးကမ်းထောက်ပံ့၊ ဖို့လိုက်ရ၊ ပင်းလိုက်ရရင်းနဲ့ ပြောင်တလင်းခါခဲ့ရရုံမက နှစ်စဉ်လိုငွေတွေ တိုးတိုးပြီးပြလာပါတယ်။ လိုအပ်တဲ့ငွေကြေးတွေကို ရရာနေရာကနေ ချေးငှား ရယူသုံးစွဲလာရသလို အာမခံချက်မရှိတဲ့ ငွေစက္ကူတွေကို တိုးတိုးပြီး ထင်သလို ရိုက်နှိပ်သုံးစွဲလာပါတယ်။ အကျိုးဆက်က နိုင်ငံခြားကြွေးတွေ ထုပြောလာခဲ့ရုံမက ကြွေးဆပ်ရတဲ့ အရင်းနဲ့ အတိုးငွေဟာလည်း တနှစ်ထက်တနှစ် မြင့်တက်လာခဲ့ရသလို ပြည်တွင်း လှည့်လည်သုံးစွဲငွေပမာဏဟာလည်း အဆမတန်များပြားလာခဲ့ပြီး ငွေဖောင်းပွမှုနှုန်းဟာ မကြုံဖူးအောင် တနေ့တခြား မြင့်မားလာခဲ့ရပါတယ်။

မဆလ စစ်အစိုးရရဲ့ အဓိက ဦးတည်ရန်သူဟာ ဗကပ ဖြစ်ပါတယ်။ လွတ်လပ်ရေးကြေညာပြီးကတည်းက ဖဆပလ၊ ပထစ၊ တော်လှန်ရေးကောင်စီ၊ မဆလ စသဖြင့် အစိုးရအဖွဲ့ အုပ်စိုးသူတွေရဲ့ အမည်တွေသာ ပြောင်းပြောင်းသွားခဲ့ပါတယ်။ အုပ်စိုးသူ အစိုးရအဆက်ဆက်ရဲ့ အဓိကရန်သူအဖြစ် ဦးတည်တိုက်ခိုက်ခြင်းခံရသူဟာ ဗကပ ပဲဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် အကြမ်းဖျင်း ချုပ်ပြီးပြောမယ်ဆိုရင် ဗကပ အမှူးပြုတဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကတဖက်၊ တက်လာသမျှသော အုပ်စိုးသူအစိုးရအဆက်ဆက်ကတဖက် ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲသမိုင်းရှည်ကြီးဖြစ်ပါတယ်။ မဆလ ခေတ်မှာတော့ မဆလနဲ့ ဗကပ တို့ရဲ့ အားပြိုင်ပွဲကြီးဟာ ပိုပြီး အမြင့်ဆုံးအဆင့်ဆီ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

၁၉၈၄ ခုနှစ်ထဲမှာ မဆလ စစ်အစိုးရဘက်မှာ တပ်ရင်းပေါင်း (၁၆၃) ရင်းရှိပါတယ်။ ၈၄–၈၅ ခုနှစ်အတွင်းမှာ တပ်ရင်းပေါင်း (၁၃၁) ရင်း ရှေ့တန်းစစ်မြေပြင်တွေမှာ ချထားပါတယ်။ အရှေ့မြောက်စစ်ဒေသမဟုတ်တဲ့ တပြည်လုံးတခွင်လုံးမှာ တပ်ရင်း (၃၀) ရင်း၊ ရခိုင်မှာ တပ်ရင်း (၂) ရင်း၊ ပေါင်း (၃၂) ရင်းပဲ ချထားအသုံးပြုခဲ့ရပြီး ဗကပတို့ရဲ့ အရှေ့မြောက် နယ်စပ်တခွင်လုံးကို တပ်ရင်း (၉၉) ရင်းချထား အသုံးပြုနေရတဲ့

အနေအထားကိုကြည့်မယ်ဆိုရင် မဆလစစ်အစိုးရဟာ ဗကပ ကိုဦးတည်ရန်သူအဖြစ်၊ ဘယ်လောက်အလေးတင်းထားသလဲဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သလို ဗကပ နဲ့ မဆလတို့ရဲ့ ထိပ်တိုက် အင်အားပြိုင်ပွဲဟာ ဘယ်လောက်ပြင်းထန်သလဲဆိုတာကိုလည်း အတိုင်းသား တွေ့မြင်နိုင်ပါတယ်။

လူမျိုးစု တိုင်းလောက်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေရှိနေကြပြီဖြစ်တဲ့အတွက်၊ ဖောက်ပြန်တဲ့ အုပ်စိုးသူအစိုးရကိုဆန့် ကျင်ကြတဲ့ လူမျိုးစု တော်လှန်ရေးစိတ်ဓာတ်ရှိသူတိုင်းဟာ သက်ဆိုင်ရာလူမျိုးစုအဖွဲ့အစည်းတွေဆီ မိမိတို့ရဲ့ လူမျိုးအလိုက် သွားရောက်ပူးပေါင်းဆောင်ရွက်ကြသလို၊ ဗမာပြည်မှာလူဦးရေအများဆုံးဖြစ်တဲ့ ဗမာအမျိုးသားများဟာလည်း အုပ်စိုးသူ စစ်အစိုးရကို ဆန့်ကျင်ပြီး တော်လှန်ရေးလုပ်ရေး လုပ်မယ်ဆိုရင် သွားရောက်ပူးပေါင်းဆောင်ရွက်စရာ တော်လှန်ရေးအဖွဲ့အစည်းဟာ ဗကပ ပဲရှိပါတယ်။ ဒါကြောင့် ဗမာပြည်မှာ ပေါ်ပေါက်ခဲ့သမျှသော အရေးအခင်းကြီးတွေ လူထုတိုက်ပွဲကြီးတွေထဲကနေ လက်နက်ကိုင်တိုက်ပွဲဆီ ကူးပြောင်းရောက်ရှိလာသူ ဗမာအမျိုးသားမှန်သမျှဟာ ဗကပ ထဲသာ ရောက်ရှိလာရပါတယ်။ လူမျိုးစုတွေဟာ သက်ဆိုင်ရာလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းတွေဆီ သွားရောက်ကြသလို တောလှန်ရေးစိတ်ဓာတ်ရှိတဲ့ ဗမာလူမျိုးမှန်သမျှလိုလိုဟာလည်း ဗကပ ထဲကိုသာ ရောက်ရှိလာကြတဲ့အတွက် ဗကပ ဟာ "လူမျိုးစုပါတီမဟုတ် လူတန်းစားပါတီ" လို့ဆိုပေမယ့် အများစုဖြစ်တဲ့ ဗမာလူမျိုး တော်လှန်ရေးသမားအားလုံးရဲ့ ဗဟိုချက်မသဖွယ်ဖြစ်ခဲ့ပါတယ်။ တော်လှန်ရေးဗဟို ဖြစ်ခဲ့ရပါတယ်။ [လက်ယာ နိုင်ငံရေးအင်အားစုများရဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းအဖြစ် ပါလီမန်ဒီမိုကရေစီ ပေါ်ပေါက်ခဲ့ပေမယ့် ၁၉၇၀ ပြည့်နှစ်လောက်မှ စတင်ပေါ်ပေါက်ပြီး သက်တမ်းကလည်း ဆယ်စုနှစ်တခုပြည့် အောင်တောင် ခံခဲ့တာမဟုတ်တဲ့အတွက် ဗမာလူမျိုးများအတွက် အဓိက တော်လှန်ရေးလမ်းကြောင်း ဗဟိုဟာ ဗကပ သာဖြစ်ခဲ့ပါတယ်။ ဗကပ ဟာ သမိုင်းအစဉ်အလာကြီးတဲ့ လက်ဝဲပါတီကြီးဖြစ်သလို၊ ဗမာပြည်မှာထွန်းကားခဲ့တဲ့ နိုင်ငံရေးစာပေကို ကြည့်မယ်ဆိုရင်လည်း လက်ဝဲနိုင်ငံရေး စာပေသာဖြစ်ခဲ့တဲ့အတွက်၊ နိုင်ငံရေးသမားမှန်သမျှ လက်ဝဲဝါဒနဲ့ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ပါ ဆက်နွယ်လာရတာဟာ အင်မတန်သဘာဝကျတဲ့ကိစ္စဖြစ်ပါတယ်။ ဗမာပြည်မှာ လက်ယာနိုင်ငံရေးစာပေဆိုတာ မရှိခဲ့ပါ။ ကမ္ဘာမှာလည်း ရှိမယ်မထင်ပါ။]

## ၁၉၈၅ ခုနှစ်ဝန်းကျင် အခြေအနေ၊

၁၉၈၅ ခုနှစ်ဟာ ဗမာပြည်အတွက် ထူးခြားတဲ့ နှစ်တနှစ်ဖြစ်သလို နိုင်ငံတကာ့ နိုင်ငံရေးရေစီးကြောင်းအတွက်လည်း ထူးခြားတဲ့နှစ်တနှစ်ဖြစ်ပါတယ်။

မဆလ စစ်အစိုးရဟာ နိုင်ငံခြားချေးငွေတွေကို နည်းမျိုးစုံနဲ့ ချေးငှားရယူသုံးစွဲနေရရင်းနဲ့ ကြွေးတွေကိုတောင် ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့နိုင်လောက်အောင် စီးပွားရေးအကြပ်အတည်း ဆိုက်လာခဲ့ပါတယ်။ ဗမာပြည်ရဲ့ ပြည်ပကြွေးမြီဟာ ကုဋေဒေါ်လာ (၃၀၀) လောက်ရှိနေပြီဖြစ်ပါတယ်။ ပို့ကုန်တန်ဖိုးအားလုံးပေါင်းရဲ့ ၆၀% ကျော်ဟာ နိုင်ငံခြားကြွေး တိုးရင်းဆပ်ရငွေဖြစ်သွားပါတယ်။ ဗမာပြည်ရဲ့ အဓိကကြွေးရှင် (မြီရှင်) နိုင်ငံကြီးနှစ်ခုကတော့ ဂျပန်ဟာ ပထမ၊ ဂျာမဏီဟာ ဒုတိယလို့ဆိုကြပါတယ်။ ဂျပန်ဟာ ဗမာပြည်ရဲ့ အဓိကမြီရှင်နိုင်ငံကြီးဖြစ်ရုံမက ဗမာပြည်ကို အဓိကထောက်ပံ့နေတဲ့ နိုင်ငံကြီးတခုလည်းဖြစ်ပါတယ်။ ဗမာပြည်ဟာ ဂျပန်ရဲ့ ပြည်ပထောက်ပံ့မှုအားလုံးပေါင်းရဲ့ (၈%) လောက်ရရှိသူလည်းဖြစ်ပါတယ်။

၈၄–၈၅ ဘဏ္ဍာနှစ်အတွင်း ဂျပန်ဆီက ချေးငွေ ယန်းသန်းပေါင်းများစွာ ထပ်ယူခဲ့ရသလို ဂျာမဏီဆီကလည်း မတ်ငွေ သန်းပေါင်းများစွာ ထပ်ယူခဲ့ရပါတယ်။ ဖရင့်ဝါနာစက်မှုလုပ်ငန်းကုမ္ပဏီနဲ့ စစ်အစိုးရရဲ့အကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်းလုပ်ငန်းတို့ ဖက်စပ်စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါတယ်။ ကင်းတား ရေအားလျှပ်စစ် စီမံကိန်းအတွက် ထပ်မံချေးငွေ မတ်ငွေ (၁၇) သန်းယူရပြန်ပါတယ်။ ၈၅ ခုနှစ်၊ ဇွန်လအတွင်းမှာပဲ ကမ္ဘာ့ ဘဏ်ဆီကလည်း ချေးငွေတွေယူရပြန်ပါတယ်။ စုစုပေါင်း ဒေါ်လာ ၃၂.၂၅ သန်း ဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေး ဘဏ်ဆီကလည်း ချေးငွေတွေယူရပြန်ပါတယ်။ ၁၉၈၅ ခုနှစ်ထဲမှာ စစ်အစိုးရလက်ထဲ နိုင်ငံခြားသုံးငွေနဲ့ အရံရွှေဟာလည်း ဒေါ်လာသန်း (၅၀) ဖိုးလောက်ပဲ ကျန်ပါတော့တယ်။ အဲဒီလိုအနေအထားမှာ မဆလ ပါတီဥက္ကဋ္ဌကြီး အာဏာရှင်ကြီး ဦးနေဝင်းဟာ တစုံတခုလုပ်ဖို့ ဆင်ကြံကြံနေပါတယ်။ အနှစ်နှစ်ဆယ်စီမံကိန်း ကြီး စတင်ကြွေးကြော်စဉ်က ၈၅–၈၆ နောက်ပိုင်း အလုပ်လက်မဲ့ ပပျောက်စေရမယ်လို့ ခပ်တည်တည် အော်ဟစ်ခဲ့တာလည်း ပပျောက်ဖို့နေနေသာသာ တနေ့တခြား တိုးတိုးလာလိုက်တာ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်တော့မယ့်အခြေအနေဆီ လက်တွေ့ရောက်ရှိနေပြီဖြစ်ပါတယ်။ ပြည်တွင်း လှည့်လည် သုံးစွဲငွေကြေး ပမာဏ ကလည်း ၁၉၆၂ ခုနှစ်၊ စစ်တပ်အာဏာသိမ်းတဲ့နှစ်က ကျပ်သန်းပေါင်း (၁၁၉၄.၂) ရှိရာကနေ ၁၉၇၄ ခုနှစ် (ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆလတပါတီ ခေတ်ကြီးစတင်ချိန်မှာ ကျပ်သန်းပေါင်း (၃၅၇၇ ・ ၁) အထိဖြစ်လာခဲ့ပြီး၊ ၁၉၈၅ ခုနှစ်မှာတော့ ကျပ်သန်းပေါင်း (၁၃၀၃၇ ・ ၁) တောင်ရှိနေပြီဖြစ်ပါတယ်။

ကုန်ဈေးနှုန်းတွေကလည်း တက်ပြီးရင်းတက် ဖြစ်လာလိုက်တာ ဘယ်လိုမှ ပြန်မကျနိုင်တော့တဲ့ အနေအထားဖြစ်နေပြီဖြစ်ပါတယ်။

အဓိက အတိုက်ခံနိုင်ငံရေးပါတီကြီးဖြစ်တဲ့ ဗကပ ဟာ ၁၉၈၅ ခုနှစ်မှာ တတိယအကြိမ်မြောက် ပြည်လုံးကျွတ်ကွန်ဂရက်ကြီး (တတိယကွန်ဂရက်) ကို တခမ်းတနား ကျင်းပပါတယ်။ ပါတီ စတင်တည် ထောင်စက ပထမကွန်ဂရက်နဲ့ တိုင်းပြည်လွတ်လပ်ရေး မကြေညာနိုင်ခင် ၁၉၄၅ ခုနှစ်ထဲတုန်းက ကျင်းပခဲ့တဲ့ ဒုတိယကွန်ဂရက်၊ စုစုပေါင်းကွန်ဂရက် (၂) ကြိမ်သာ ကျင်းပနိုင်ခဲ့ပြီး နှစ်ပေါင်း (၄၀) ကျော်လောက် မကျင်း ပနိုင်ဖြစ်ခဲ့ရာက တတိယအကြိမ်ကွန်ဂရက်ကို စက်တင်ဘာ (၉) ရက်နေ့က အောက်တိုဘာ (၂) ရက်အထိ (၂၄) ရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။ ဒေသအသီးသီးက တက်ရောက်ကြတဲ့ ကွန်ဂရက်ကိုယ်စားလှယ် (၁၇၀) ကျော်ရှိပါတယ်။ ကွန်ဂရက်က “လက်ရှိတော်လှန်ရေးအဆင့်မှာ ကျင့်သုံးရမယ့် နည်းပရိယာယ် လမ်းစဉ်ကို လက်နက်ကိုင်တိုက်ပွဲအဓိက တိုက်ပွဲသဏ္ဍာန်ထား၊ အခြားတိုက်ပွဲသဏ္ဍာန် အမျိုးမျိုးနှင့် ပေါင်း စပ်ပေးရေး” ကို ဆုံးဖြတ်လိုက်ကြသလို ဗမာပြည်အနေနဲ့ပတ်သက်ပြီး “ဗမာပြည်ဟာ နိုင်ငံရေးအရ လွတ်လပ်ပေမယ့် စီးပွားရေးအရ နယ်ချဲ့သမားပေါင်းစုံအပေါ် မှီခိုနေရတဲ့ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း နိုင်ငံ” လို့ ဆက်လက်သတ်မှတ်ခဲ့သလို တော်လှန်ရေးရဲ့ အဓိကဦးတည်တိုက်ခိုက်ရမယ့်ပစ်ကွင်းက “နယ်ချဲ့ စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ဗျူရိုကရက်အရင်းရှင်စနစ်ကို ကိုယ်စားပြုတဲ့ မဆလစစ်အစိုးရ” လို့ သတ်မှတ်ခဲ့ပါတယ်။ “ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်ပြီး အလုပ်သမားလယ်သမား မဟာမိတ်ဖွဲ့မှုအ ခြေခံပေါ်မှာ တော်လှန်တဲ့လူတန်းစားအသီးသီးပါတဲ့ တော်လှန်ရေး ” လို့ ဖော်ညွှန်းခဲ့ပြီး မြေယာတော်လှန် ရေးဟာ အဓိကဝင်ရိုးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ လူနည်းစုနဲ့ပတ်သက်တဲ့ အခြေခံမူမှာ “တကယ့်တန်းတူရေးနှင့် သွေးစည်းညီညွတ်ရေး” လို့ ထပ်မံအတည်ပြုပြီး ပါတီတည်ဆောက်ရေးဟာ သော့ချက်ဆိုတာနဲ့ ခိုင်မာ တောင့်တင်းတဲ့ တပ်ပေါင်းစုတရပ်တည်ဆောက်ရေး၊ စစ်ရေးကို ဗဟိုပြုရေးဆိုတာတွေကိုလည်း ဆုံးဖြတ်ခဲ့ပါ တယ်။ လက်နက်ကိုင်တိုက်ပွဲ စွဲစွဲမြဲမြဲကျင့်သုံးရေးနဲ့တဆက်တည်းမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး အလံ (၃) လက် ဆက်လက်လွှင့်ထူရန်ကိုလည်း အတည်ပြုခဲ့ပါတယ်။

တတိယကွန်ဂရက်ကနေ ဗဟိုကော်မီတီဝင် (၂၉) ဦးကိုလည်း ရွေးကောက်တင် မြှောက်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် သခင်ဗသိန်းတင်ပဲဖြစ်လာခဲ့ပါတယ်။

ကွန်ဂရက်ကျင်းပနေတဲ့အချိန် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အနေအထားဟာ ခိုင်မာတောင့်တင်းနေတဲ့ အသွင်သဏ္ဌာန်ရှိနေပေမယ့် အတွင်းပြဿနာတွေတော့ရှိနေခဲ့ပြီဖြစ်ပါတယ်။ ပါတီတည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ကွန်ဂရက်နောက်ပိုင်းမှာ ဘိန်းလုပ်ငန်းနဲ့ ယှက်နွယ်ပတ်သက်နေတဲ့ ခေါင်းဆောင်အဆင့်ကေဒါတွေကို အရေးယူဖယ်ရှားသွားရေး၊ ပါတီသန့်ရှင်းရေးလုပ်ဖို့ ဆုံးဖြတ်ထားပြီဖြစ်ပါတယ်။ ကိုယ့်ဒူးကိုယ်ချွန်ရေးကို အလေးထားလုပ်သွားနိုင်ဖို့လည်း အခြေအနေက တောင်းဆိုနေခဲ့ပြီဖြစ်ပါတယ်။

ဗကပကို ကျောထောက်နောက်ခံပြုပေးနေတဲ့ တရုတ်ပြည်ကြီးကိုယ်တိုင် ပေါ်လစီမူဝါဒဆိုင်ရာ အပြောင်းအလဲတွေ ပြုလုပ်နေခဲ့ပြီဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ် မော်စီတုန်းကွယ်လွန်သွားပြီးတဲ့နောက်ပိုင်း၊ ဥက္ကဋ္ဌမော်စီတုန်းရဲ့ ဆက်ခံသူအဖြစ် "ဟွာကိုဖုန်း" ခနတဖြုတ် တက်လာပြီးတဲ့နောက်ပိုင်း တရုတ်ပြည်မှာ "တိန့်ရှောင်ဖိန်" အာဏာရလာခဲ့ပါတယ်။ တရုတ်ပြည်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က တရုတ်ပြည်ရဲ့ စီးပွားရေးမူဝါဒတွေကို အပြောင်းအလဲလုပ်ပစ်ဖို့ ဆုံးဖြတ်ခဲ့သလို၊ နိုင်ငံတကာ့ပစ္စည်းမဲ့တော်လှန်ရေးနဲ့ ပတ်သက်တဲ့၊ နိုင်ငံတကာ့ဝါဒနဲ့ပတ်သက်တဲ့၊ ပါတီချင်းဆိုင်ရာ ဆက်ဆံရေးတွေနဲ့ပတ်သက်တဲ့ အပြောင်းအလဲတွေကိုလည်း လုပ်ဖို့ပြင်ဆင်လာခဲ့ပါတယ်။ နိုင်ငံတကာ့အကူအညီတွေကို လျှော့ချပစ်ဖို့ လုပ်ခဲ့သလို ဗကပကိုလည်း ကိုယ့်ဟာကိုယ် ခိုင်ခိုင်မာမာရပ်တည်နိုင်အောင်လုပ်ဖို့၊ အကူအညီတွေကို တစတစလျှော့ချတော့မှာဖြစ်ကြောင်း အချိန်ပေးပြီး ကြိုတင်ပြောကြားတာတွေ လုပ်ဆောင်လာခဲ့ပြီးပြီဖြစ်တဲ့အတွက် အရေးကြီးအနေအထားတွေဆီ ရောက်ရှိနေခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတကာ့အနေအထားကို ကြည့်မယ်ဆိုရင်လည်း ကမ္ဘာ့ဗိုလ်ကြီး (၂) ဗိုလ်ထဲက ဆိုဗီယက်ဟာ အပြောင်းအလဲတွေဆီ တာစူစပြုနေပြီဖြစ်ပါတယ်။ ဂိုဏ်ကြီးနှစ်ဂိုဏ်း အကြိတ်အနယ်ကာလ၊ အမေရိကန်က ဒိုမိုနိုသီအိုရီနဲ့ ကွန်မြူနစ်နိုင်ငံတွေ မပေါ်ပေါက်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး လက်ရဲဇက်ရဲ အစွမ်းကုန်လုပ်ဆောင်ခဲ့သလို ဆိုဗီယက်ကလည်း တော်လှန်ရေးတင်ပို့ရေးနဲ့ကိုယ့်အုပ်စုကိုကိုယ် ကျားကန်ရေး အစွမ်းကုန်လုပ်ဆောင်ခဲ့ရင်း စီးပွားရေးအခြေအနေ ယိုင်နဲ့လာခဲ့ပြီဖြစ်ပါတယ်။ အာဖဂန်နစ္စတန်ကနေ ခြေရုတ်မှုတွေ လုပ်ဆောင်လာရသလို ပံ့အောခဲ့တဲ့အကူအညီတွေကိုလည်း တစထက်တစ ရုပ်သိမ်းလာခဲ့ရပါတယ်။ ၁၉၈၅ မှာပြုပြင်ရေးဝါဒီ ဂေါ်ဘာချော့ဗ် အာဏာရရှိလာရာက "ဂလပ်စနော့" လို့ခေါ်တဲ့ "ပွင့်လင်းရေးဝါဒ" ဆို တာနဲ့ "ပီရက်(စ်)ထရွိုက်ကာ" လို့ခေါ်တဲ့ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးဝါဒဆိုတာတွေ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ "ဗဟုဝါဒ" ဆိုတဲ့အသံတွေ ဆိုဗီယက်စာနယ်ဇင်းတွေပေါ်မှာ ညံစည်စပြုလာခဲ့ပါတယ်။

နိုင်ငံတကာ့ နိုင်ငံရေးရေစီးကြောင်းကြီးဟာ ပြောင်းလဲစပြုလာခဲ့ပြီဖြစ်ပါတယ်။ အရှေ့ဥရောပမှာ တပါတီအာဏာရှင်စနစ်တွေရဲ့ နေရာမှာ ပါတီစုံဒီမိုကရေစီစနစ်ဆိုတဲ့ အသံတွေ ကျယ်လောင်လာခဲ့ပြီဖြစ်ပါတယ်။ ဗမာပြည်မှာ ပါတီစုံဒီမိုကရေစီစနစ်ဆိုတဲ့အသံကို ဗကပ ကနေ ပထမဆုံးပေးခဲ့တာကိုလည်း အမှတ်အသားပြုရမှာပဲဖြစ်ပါတယ်။

၁၉၈၁ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာကတည်းက ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင်နဲ့ ဗကပကိုယ်စားလှယ်အဖွဲ့က "ပါတီစုံ" ကို တရားဝင်အဆိုပြုခဲ့ရုံမက ဆွေးနွေးပွဲပျက်တဲ့အခါမှာလည်း ပြည်သူလူထုတရပ်လုံးကို ကြေညာချက် ထုတ်ပြန်ရှင်းလင်း ပြောပြသွားခဲ့ပြီးပြီဖြစ်ပါတယ်။

အဲဒီလို ပြည်တွင်းအခြေအနေတွေ၊ နိုင်ငံတကာအခြေအနေတွေကြားမှာ ဗမာပြည်စစ်အာဏာရှင်ကြီး ဦးနေဝင်း၊ ဆင်ကြံ ကြံစည်နေရာက အကောင်အထည်ဖော်ပြလိုက်တာကတော့ ဒုတိယအကြိမ်မြောက် နိုင်ငံတော်ဓားပြတိုက်မှုကြီးပဲဖြစ်ပါတယ်။

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာ (၃) ရက်နေ့မှာ ကျပ် (၁၀၀) တန်ငွေစက္ကူတွေကို တရားမဝင်ကြောင်း ကြေညာပြီး ငွေကျပ်သန်းပေါင်း (၁၂၀၀) ကျော်ကို မတရားသိမ်းယူလိုက်ပါတော့တယ်။ တအိမ်ထောင် ငွေကျပ် (၅၀၀၀) ဖိုးအထိသာ လဲလှယ်ခွင့်ပြုပြီး ကိုယ့်အစိုးရက ထုတ်ထားတဲ့ငွေကို ကိုယ့်ဟာကိုယ် တရားမဝင်ငွေအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ မျက်နှာပြောင်ပြောင်နဲ့ ဓားပြတိုက်ခဲ့တာဖြစ်ပါတယ်။

## မဆလခေတ်နေဝင်ချိန် နှင့် ဒေဝါလီခံသွားရသောနိုင်ငံတော်

တိုင်းပြည်ရဲ့ ဘက်ပေါင်းစုံအကြပ်အတည်းက နက်ရှိုင်းသထက် နက်ရှိုင်းလာပါတယ်။ အစိုးရကိုယ်တိုင်က ကိုယ်ထုတ်ဝေရိုက်နှိပ်ထားတဲ့ ငွေစက္ကူကို ကိုယ့်ဟာကိုယ် တရားမဝင်ကြေညာကာ ကိုယ့်ပြည်သူကို ကိုယ့်ဟာကိုယ် ဓားပြတိုက်တဲ့နည်းနဲ့ ဖြေရှင်းခဲ့ပေမယ့် ယာယီတောင် အသက်ရှူခွင့်ချောင်မလာခဲ့ပါ။

စီးပွားရေးစီမံကိန်းကြီးများကတော့ စာရွက်တွေပေါ်မှာ ဆက်လက်အောင်မြင်နေခဲ့ပါတယ်။ ၈၆/၈၇ ဘဏ္ဍာရေးနှစ်အတွက် GDP (ဂျီဒီပီ) တိုးတက်မှုနှုန်းကို (၃.၆) လို့ သတ်မှတ်ပြီး အကောင်အထည်ဖော်ပါတယ်။ နိုင်ငံခြားပို့ကုန်တွေကိုလည်း တိုးတက်ပြီး ပို့နိုင်ဖို့လုပ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားပို့ကုန်တွေမှ ကုန်သွယ်မှုဝင်ငွေအားလုံးရဲ့ ၈၀% ဟာ မဆပ်မဖြစ် နိုင်ငံခြားပြည်ပကြွေးတိုးရင်း ဆပ်လိုက်ရတဲ့အတွက် ပြောင်တလင်းခါသလောက်ဖြစ်သွားပါတယ်။ လိုအပ်တဲ့ တင်သွင်းကုန်တွေ တင်သွင်းနိုင်ခြင်းမရှိတော့တဲ့ အနေအထား ရောက်လာပါတယ်။

အုပ်စိုးသူ မဆလအစိုးရ အကြပ်အတည်းကြီးလာချိန်မှာတော့ တော်လှန်ရေးအင်အားစုများရဲ့ မဆလ ဖြိုချနိုင်ရေးလှုပ်ရှားမှုတွေ ရှိသင့်သလောက်ရှိလာပါတယ်။ ၁၉၇၆ နောက်ပိုင်း လူထုတိုက်ပွဲကြီးတွေ မပေါ်ပေါက်နိုင်ပဲဖြစ်ခဲ့ရပေမယ့် လူထုအတွင်းက စစ်အစိုးရဆန့်ကျင်ရေးစိတ်ဓာတ်ကတော့ တနေ့တခြား တိုးပွားလာနေပြီး အထွေထွေအကြပ်အတည်းတွေရဲ့အောက်မှာ ပေါက်ကွဲလုနီးနီး ယမ်းအိုးကြီးသဖွယ် ဖြစ်လာနေပါတယ်။ ဗကပ က ၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့ ရွှေရတုမြောက် ၁၉၈၈ ခုနှစ်မှာ လူထုအုံကြွမှုကြီးတရပ် ပေါ်ပေါက်လာနိုင်တယ်လို့ တွက်ဆပြင်ဆင်တာတွေ လုပ်ဆောင်ပါတယ်။ မဒတအဖွဲ့ကြီးက လည်း ဗကပ ဗဟိုရှိရာ ပန်းဆန်း ကိုသွားရောက်ပြီး တော်လှန်ရေးအင်အားစုတွေ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ရေး နိုင်ငံရေးခရီးစဉ်ကြီးကို အကောင်အထည်ဖော်ပါတယ်။

၁၉၈၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှာ ဗကပ နဲ့ မဒတ ဗဟိုကိုယ်စားလှယ်အဖွဲ့တို့ရဲ့ တိုင်းပြည်သို့ ထုတ်ပြန်ကြေညာချက် ထွက်ပေါ်လာခဲ့ပါတယ်။ မဆလ စစ်အစိုးရကို ဘုံရန်သူအဖြစ် ဦးတည်တိုက်ခိုက်ကြဖို့နဲ့ ပြည်သူလူထုကြီးတရပ်လုံးကလည်း ဖြစ်နိုင်တဲ့ နည်းမျိုးစုံနဲ့ စစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ကြဖို့ ပန်ကြား ကြေညာတဲ့ ထုတ်ပြန်ကြေညာချက်ဖြစ်ပါတယ်။ မဒတ အဖွဲ့ခေါင်းဆောင် ဘရန်ဆိုင်းနဲ့ ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင်တို့ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ မဒတမှာပါဝင်တဲ့ အဖွဲ့အစည်း (၉) ဖွဲ့က

တော့ (၁) ကေအိုင်အို၊ (၂) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ (၃) ကေအင်ယူ၊ (၄) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့၊ (၅) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ (၆) မွန်ပြည်သစ်ပါတီ၊ (၇) ရခိုင်ပြည်လွတ်မြောက် ရေးပါတီ၊ (၈) ရှမ်းပြည်တိုးတက်ရေးပါတီ နဲ့ (၉) ဝ အမျိုးသားအဖွဲ့ တို့ဖြစ်ပါတယ်။ မဒတ နဲ့ ဗကပ တို့ရဲ့ စစ်ဆင်ရေးဆိုင်ရာ သဘောတူညီချက်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းများကြား လိုက်နာသင့်သည့် လမ်းညွှန် သဘောထားဆိုင်ရာ သဘောတူညီချက် (၂) စောင်ကိုလည်း ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ မဒတ နဲ့ ဗကပ ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့လုပ်ဆောင်သွားကြဖို့အထိ သဘောထားချမှတ် ရယူနိုင်ခဲ့ပါတယ်။ ကောင်းမွန်တဲ့အလားအလာတွေ ထွက်ပေါ်လာခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

၁၉၈၇ ခုနှစ်ထဲရောက်လာတဲ့အခါမှာတော့ လက်ပူတိုက်ကုတဲ့နည်း၊ ဆေးမြီးတိုနဲ့ကုတဲ့နည်း၊ ဓာတ် ကြမ်းတိုက်ကုတဲ့နည်း၊ ဘယ်လိုနည်းနဲ့မှ ကုလို့မရတော့တဲ့ စီးပွားရေး နာတာရှည်ရောဂါဆိုးကြီး သည်းသန် ပြင်းထန်လာပြီဖြစ်တဲ့အတွက် မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်း ကိုယ်တိုင် မသိမသာ လေသံပြောင်းစပြုလာပါ တယ်။ အရင်က မဆလ လမ်းစဉ်ဟာ အင်မတန်ကောင်းပါတယ်။ မူပြဿနာမဟုတ် လူပြဿနာပါ။ မူကြောင့် မဟုတ် လူကြောင့်ဖြစ်ရတာပါနဲ့ အမျိုးမျိုးကြံဖန် လိမ်လည်လှည့်ဖြား လှီးလွှဲပြောဆိုလာခဲ့သမျှ မူပိုင်းဆိုင်ရာ ကြောင့်ပါဆိုတာကို တနည်းအားဖြင့် မူပါပြောင်းလဲမှဖြစ်တော့မယ့် သဘောသွားကို မလွှဲမရှောင်သာ ထုတ် ဖော် ပြောဆိုလာရပြီဖြစ်ပါတယ်။

ဩဂုတ်လ (၁၀) ရက်နေ့ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီနဲ့ နိုင်ငံတော်ကောင်စီ ဗဟို အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းအစည်းအဝေးမှာ ဦးနေဝင်းက ‘ကနေ့အစည်းအဝေးကတော့ဖြင့် ထူး ထူးခြားခြား အစည်းအဝေးလို့ သတ်မှတ်ရပါလိမ့်မယ်’ လို့ အစချီပြီး “အမှားအယွင်းများရှိရင် အချိန်မီပြင်ဖို့ ပါ။ အမှားအယွင်းတင်မဟုတ်ဘူး။ လောကကြီးမှာ ဖြစ်ပျက်တဲ့ကိစ္စတွေဟာ ဘယ်တော့မှ တနေရာမှာ မနေပါဘူး။ အမြဲတမ်း ပြောင်းလဲနေပါတယ်။ အဲဒီတော့ အခြေအနေတွေပြောင်းလဲတဲ့ဥစ္စာဟာ ဘယ်သူမှ မငြင်းဆိုနိုင်ပါဘူး။ ဟို ၆၂ ခုနှစ် သို့မဟုတ် ၇၄ ခုနှစ်က အခြေအနေနဲ့ ကနေ့အခြေအနေဟာ ထပ်တူထပ်မျှ တူတယ်လို့ မဆိုနိုင်ပါဘူး။ ပြောင်းလဲနေပါတယ်။ ပြောင်းနေတဲ့ခေတ်ကို အမီလိုက်ပြီးတော့ ကျနော်တို့က လည်း အလုပ်လုပ်တဲ့ဥစ္စာ ပြောင်းပြီးလုပ်ရလိမ့်မယ်။ အခြေအနေတွေနဲ့ဟပ်မိအောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲက အချက်အလက်တွေတောင်မှ ပြင်စရာများရှိမယ်လို့ တင်ပြလာတာများရှိရင် ကျနော်တို့ဟာ ပြင်ဖို့ကို ကြောက်လို့ဖြစ်ဘူး။ ဝန်လေးလို့မဖြစ်ဘူး” လို့ ဆိုလာပါတယ်။ တကယ်က တသက်လုံး သူထင်သ လိုလုပ်လာခဲ့သမျှ၊ ပါတီ၊ ကောင်စီ၊ လွှတ်တော်ဆိုတာတွေဟာ ဦးနေဝင်း အလိုကျ လုပ်လာခဲ့ရသမျှအားလုံး လက်ညှိုးထောင်ခေါင်းညိတ်တွေ လုပ်လာခဲ့ရသမျှ ဘူက ဘာမှမသိလေဟန်၊ သူကတော့ အစစအရာရာ အမှန်အတိုင်းပဲ လုပ်ချင်ပြီး ပြုပြင်ပြောင်းလဲရေးတွေကို လိုလားလေဟန် သူတော်ကောင်းကြီးဟန် အပြည့်နဲ့ ပြောဆိုလာခြင်းသာဖြစ်ပါတယ်။ သေချာတာက မပြောင်းရင် မဖြစ်တော့ဘူးဆိုတာ လှည့်ပတ်ပြီး ဝန်ခံလာရ တဲ့သဘောဖြစ်ပါတယ်။ ၉၀-၁၉ ％ က ထောက်ခံအတည်ပြုထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးမို့ ပြင်လို့ မဖြစ်ပါဘူးလို့ (ဗကပ တွေက တင်ပြစဉ်က) ခေါင်းတခါခါနဲ့ အသေဆုပ်ကိုင်လာခဲ့ပြီးမှ ဖွဲ့စည်းပုံတောင် ပြင်သင့်ပြင်ရမယ်လို့ နတ်သံနှောလာခဲ့တာဖြစ်ပါတယ်။ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီလို လေပြေထိုးလာပြီးမှ ယုတ်ယုတ်မာမာလုပ်ဆောင်မှုကြီးတခုကို မဆလ စစ်အစိုးရက ထပ်မံ အကောင်အထည်ဖော်လိုက်ပြန်တာက တတိယအကြိမ်မြောက် ပြည်လုံးကျွတ် နိုင်ငံတော်ဓားပြတိုက်မှုကြီး ဖြစ်ပါတယ်။ ထုံးစံအတိုင်း ကိုယ်ထုတ်ထားတဲ့ ငွေတွေကို တရားမဝင်ငွေလို့ ကြေညာလိုက်ပြန်ခြင်းဖြစ်ပါ တယ်။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာ (၅) ရက်နေ့မှာ (၂၅) ကျပ်တန်၊ (၃၅) ကျပ်တန်နဲ့ (၇၅) ကျပ်တန်ငွေ

တွေကို တရားမဝင် ကြေညာချလိုက်ပြီး၊ ပြည်တွင်းလှည့်လည်သုံးစွဲနေရတဲ့ ငွေကြေးရဲ့ ၈၀% ဖြစ်တဲ့ ငွေကျပ်သန်းပေါင်း (၆၅၀၀) ကျော်ကို အခမဲ့သိမ်းပိုက် ရယူပစ်လိုက်ပါတယ်။

အဲဒီနေ့က မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က 'အရှိုက်' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကို ပြသနေဆဲမှာ ငွေစက္ကူတွေကို တရားမဝင်ကြေညာပြီး၊ ပြည်သူတရပ်လုံးရဲ့အရှိုက်ကို စစ်ဖိနပ်နဲ့ကန်ချလိုက်ခြင်းပဲဖြစ်ပါတယ်။

လမ်းဘေးက ကန်စွန်းရွက်ရောင်းတဲ့သူကနေ တိုက်ကြီးပေါ်က ကုန်သည်ကြီးအထိ၊ ဝန်ထမ်းအမှုထမ်းတွေကနေ၊ ကျောင်းတက်နေရဆဲ ကျောင်းသူကျောင်းသားတွေအထိ တပြည်လုံး ဝရုန်းသုန်းကားဖြစ်သွားခဲ့ရ အကြီးအကျယ် ထိခိုက်နစ်နာခဲ့ရပါတယ်။ ကျောင်းတက်နေဆဲ ကျောင်းသူကျောင်းသားတွေ အိမ်ပြန်စရာလမ်းစရိတ်တောင် မရှိတော့တဲ့ဘဝ မခံချိမခံသာကျရောက်ခဲ့ရပါတယ်။ ကျောင်းသူ ကျောင်းသားတချို့ရဲ့ မကျေမနပ် ဆန့်ကျင်ဆန္ဒပြ အော်ဟစ်သံ လှုပ်ရှားမှုတွေ၊ မန္တလေးမြို့မှာ ပြည်သူလူထုရဲ့ ဆန့်ကျင်ကန့်ကွက် ပေါက်ကွဲ လှုပ်ရှားသံတွေ ကြုံကြားပေါ်ထွက်လာခဲ့ပါတယ်။ စစ်အစိုးရက ကျောင်းသူကျောင်းသားတွေကို ကျောင်းပိတ် အိမ်ပြန်စေလိုက်ပြီး ထွက်ပေါ်လာနိုင်တဲ့ အုံကြွမှုကိုလည်း အချိန်မီ အာဏာနဲ့တားဆီးထိမ်းသိမ်းပစ်လိုက်နိုင်တဲ့အတွက် လူထုတိုက်ပွဲကြီးအထိ ရောက်ရှိမလာနိုင်တော့ပဲ ယာယီငြိမ်သက်သွားခဲ့ရပါတယ်။ ဒါပေမယ့် ပြည်သူလူထုကြီးတရပ်လုံးရဲ့ စစ်အစိုးရအပေါ် နာကျည်းမုန်းတီးစိတ်၊ လုံးဝအယုံအကြည်မရှိတော့တဲ့စိတ်၊ ဆန့်ကျင်တွန်းလှန် တုန့်ပြန်ချင်စိတ်တွေကို တဟုန်ထိုး မြှင့်ပေးလိုက်သလိုဖြစ်သွားခဲ့ရပါတယ်။ အထွေထွေအကြပ်အတည်းပေါင်းစုံ၊ မကြေနပ်မှုပေါင်းစုံကနေ လူထုအုံကြွမှုကြီးတခုဆီ တာစူမိစပြုလာခဲ့ပြီဖြစ်ပါတယ်။ ပေါက်ကွဲလုနီးပါး အခြေအနေကြီးတရပ်ဟာ ဘက်ပေါင်းစုံ ဆိုက်ရောက်လာခဲ့ပြီဖြစ်ပါတယ်။

ဦးနေဝင်း က အောက်တိုဘာ (၈) ရက်နေ့ မဆလဗ ဟိုကော်မီတီအစည်းအဝေးမှာ "ရှေ့မှာ စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောင်းကြမလဲ။ မူ ကျနော်တို့ပြောင်းဖို့လိုလာပြီ။ ဘယ်အတိုင်းအတာအထိပြောင်းရမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာကိုတော့ ကျနော်တို့ အတွေ့အကြုံရော ကမ္ဘာမှာဖြစ်ပျက်နေတဲ့အတွေ့အကြုံရော အဲဒီဟာတွေအကုန်လုံး ခြုံငုံပြီး ထည့်စဉ်းစားပြီးတော့မှ မူသစ်ပြန်ချမှဖြစ်လိမ့်မယ်" လို့ပြောဆိုလာပါတယ်။ ပြောင်းလဲရေးကို ထပ်မံပြောဆိုလာပါတယ်။

ဒါပေမယ့် အချိန်က နှောင်းသွားခဲ့ပြီဖြစ်ပါတယ်။ ပြည်သူလူထုတရပ်လုံးရဲ့ အထွေထွေမကျေနပ်မှုတွေက အမြင့်ဆုံးအဆင့် ရောက်ရှိနေပြီဖြစ်သလို၊ ဗမာပြည်ကြီးရဲ့ စီးပွားရေးအခြေအနေမှန်ကလည်း မဖုံးနိုင်မဖိနိုင် ဖော်ပြလာခဲ့ပြီဖြစ်ပါတယ်။ စစ်အစိုးရဟာ ကြွေးတွေကိုလည်း ပြန်မဆပ်နိုင်တော့တဲ့အတွက် ဒေဝါလီခံဖို့ပြင်ဆင်ပြီးပြီဖြစ်ပါတယ်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်း "ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ LDC" စာရင်းထည့်သွင်းပေးဖို့ တရားဝင် လျှောက်ထားလိုက်ရပါတော့တယ်။

သူတောင်းစားနိုင်ငံ စာရင်းထည့်သွင်းပေးဖို့ လျှောက်ထားရာမှာတောင် တသက်လုံး လိမ်လာခဲ့တာတွေ၊ ခပ်တည်တည် ကြွေးကြော်လာခဲ့တာတွေ၊ မဟုတ်က ဟုတ်က ဝါဒဖြန့် ဖြီးဖြန်းလာခဲ့တာတွေကအထပ်ထပ်ဖြစ်နေပြီး ကိုယ့်ရှူးကိုယ်ပတ် ရောင်ပြန်ဟပ်လာတော့ မနည်းကြီးကို တောင်းတောင်းပန်ပန်နဲ့အထုပ်ဖြေပြခဲ့ရတဲ့အခြေအနေ ကြုံတွေ့ရပါတယ်။

LDC သတ်မှတ်ဖို့ ကုလသမဂ္ဂကြီးက အဓိကစံချိန် (၃) ခုသတ်မှတ်ထားပါတယ်။ (၁) တနှစ်အတွင်း တဦးချင်းဝင်ငွေ ဒေါ်လာ ၂၀၀ ထက်နည်းရမယ်။ (၂) စက်မှုလုပ်ငန်းက ထုတ်လုပ်မှုတန်ဖိုးဟာ တမျိုးသားလုံး ထုတ်လုပ်မှုတန်ဖိုးပေါင်းရဲ့ ၁၀% ထက်မကျော်ရ။ (၃) စာတတ်မြောက်မှုနှုန်း ၂၀%

ထက်နည်းရမယ် ... ဆိုတဲ့ သတ်မှတ်ချက်ဖြစ်ပါတယ်။

၁၉၈၃ ခုနှစ်က မဆလ က စာတတ်မြောက်မှုနှုန်း ၇၈.၆% လို့ တရားဝင် သတ်မှတ်ထားတော့၊ LDC လျှောက်တဲ့အခါ လာပြီးငြိနေပါတယ်။ မဆလ က စာတတ်မြောက်တယ်ဆိုတာဟာ အသုံးလုံးကြေရုံ လေးပါလို့ ထုချေရှင်းလင်းပြီး စာတတ်မြောက်မှုနှုန်းကို ၁၈.၆၅% လို့ ပြောင်းလဲတင်ပြ လျှောက်ထားခဲ့ရတယ် လို့ဆိုပါတယ်။ နောက်ဆုံးမှာ မဆလ က ဝင်ငွေ တဦး တနှစ် ဒေါ်လာ (၁၈၀)၊ စက်မှုထုတ်လုပ်မှုတန်ဘိုး (၉ ・ ၉%)၊ စာတတ်မြောက်မှု (၁၈ ・ ၆၅ %) လို့ တင်ပြပြီး ဘောင်ဝင်သွားအောင် တောင်းတောင်းပန်ပန်တင်ပြ ယူခဲ့ရပါတယ်။ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလမှာ ကုလသမဂ္ဂက ဗမာပြည်ကို ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ LDC စာရင်းထဲ သွတ်သွင်း အတည်ပြုပေးလိုက်ပါတယ်။

ဂျီဒီပီ တိုးတက်မှုရာခိုင်နှုန်းတွေ နှစ်စဉ်နှစ်စဉ် ဖော်ပြကြွားဝါနေရာက စီမံကိန်းတွေ လျာထားချက် ထက် ကျော်လွန်အောင်မြင်ခဲ့ကြောင်း၊ လျာထားချက်အတိုင်း ပြည့်မှီအောင် အကောင်အထည်ဖော် ဆောင် ရွက်နိုင်ခဲ့ကြောင်း စသဖြင့် စသဖြင့် အမြဲလိုလို ကြွေးကြော်ဝါဒဖြန့်ချိ အော်ဟစ်နေရာက အသံတောင် မစဲသေးမီအတွင်း ဗြုန်းစားကြီး သူတောင်းစားနိုင်ငံအဆင့် LDC အဆင့်ရောက်ရှိသွားရတာဖြစ်ပါတယ်။ မဆလ တို့ရဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြိုးပမ်း အားထုတ်ပြခဲ့တယ် ဆိုတာတွေအားလုံးရဲ့ ရလဒ်ကတော့ တိုင်းပြည်ကြီး သူတောင်းစားနိုင်ငံဘဝ ရောက်သွားရခြင်းလို့ပဲ မှတ် တမ်းတင်ရပါလိမ့်မယ်။

## ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ထွန်းလာခြင်း

စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ မူဝါဒပေါ်လစီအသီးသီးရဲ့ အောက်မှာ တနေ့တခြား အကြပ်အတည်းပေါင်းစုံ ဆိုက်ခဲ့ရပြီး၊ ပြည်သူလူထုကြီးတရပ်လုံး အထွေထွေမကျေ နပ်မှုပေါင်းစုံ တိုးတက်ဖြစ်ပေါ်နေရချိန်မှာ "ဖုန်းမော်အရေးအခင်းကြီး" စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့ညမှာ ဖြစ်ပါတယ်။

ရန်ကုန်စက်မှုတက္ကသိုလ်အနီး အနောက်ကြို့ကုန်းရပ်ကွက်ထဲရှိ "စန္ဒာဝင်းလက်ဖက်ရည်ဆိုင်" ထဲမှာ စက်မှုတက္ကသိုလ်ကျောင်းသား (၃) ဦးနဲ့ အရပ်သား (၄) ဦး ကက်ဆက်ခွေကိစ္စကို အကြောင်းပြုပြီး စကား များရန်ဖြစ်ခဲ့ကြရာက ဇာတ်လမ်းစတင်ခဲ့တာဖြစ်ပါတယ်။ အရက်မူးနေတဲ့ အရပ်သားတွေက ကျောင်းသား တွေကို ဝိုင်းရိုက်လိုက်တဲ့အတွက် ကျောင်းသားတဦး ခေါင်းကွဲသွားခဲ့ပါတယ်။ ကျောင်းသားနှစ်ဦးက ကောင်စီ ရုံးသွားတိုင်ပါတယ်။ အမှုဖွင့်ပါတယ်။ လက်ဖက်ရည်ဆိုင်ရဲ့ သက်သေခံထွက်ဆိုချက်အရ ရဲက ရန်ဖြစ်တဲ့ အရပ် သားတွေကို ဖမ်းတဲ့အခါ ညီညီလွင် ဆိုတဲ့ အရပ်သားလည်းပါလာပါတယ်။ ကောင်စီက ညီညီလွင် ကို မဖမ်းဖို့ ပတ်သက်ရာ ပတ်သက်ကြောင်းအရ တားပါတယ်။ ရဲကဖမ်းသွားပေမယ့် နောက်နေ့မှာ ညီညီလွင်ကို လမ်း ပေါ်မှာပြန်တွေ့ရတဲ့အတွက် ကျောင်းသားတွေက ကောင်စီရုံးညစ်တယ်လို့မြင်ပြီး ဒါမတရားမှုလို့ သဘော ထားပါတယ်။ ရန်ပွဲဖြစ်ခဲ့တာက (၁၂) ရက်နေ့မှာဖြစ်ပြီး (၁၃) ရက်နေ့ညမှာ ကျောင်းသားတွေက ရပ်ကွက် ကောင်စီရုံးဆီ ထပ်မံသွားကြပါတယ်။ ကောင်စီဥက္ကဋ္ဌက ရိုးရိုးသားသား မဖြေရှင်းပဲ နောက်ဖေးပေါက်ကနေ ထွက်ပြေးပါတယ်။ ရပ်ကွက်ကောင်စီရဲ့ လုပ်ဆောင်မှုဟာ မသမာတာ ထင်ရှားနေပြီလို့ယူဆတဲ့ ကျောင်းသား တွေဟာ မကျေမနပ် ပိုဖြစ်လာကြပါတယ်။ ဒီကြားထဲမှာ ညီညီလွင် ကိုသွားရှာကြရင်း မီးမှောင်ချထားတဲ့

ရပ်ကွက်ထဲကအပြန်မှာ ကျောင်းသားနှစ်ယောက် ခေါးခုတ်ခံလိုက်ရတဲ့အတွက် မကျေမနပ်ဖြစ်နေတဲ့ ကျောင်းသားတွေက ရပ်ကွက် သမဝါယမဆိုင်ကို မီးတင်ရှို့လိုက်ကြပါတယ်။ တရားမျှတမှုမရှိတဲ့ မဆလ ဥပဒေနဲ့ ဥပဒေကြောင်းအရ မှန်မှန်ကန်ကန် ဖြေရှင်းမပေးနိုင်မှုရဲ့ ရလဒ်အဖြစ် ကျောင်းသားနဲ့ရပ်ကွက် ထိပ်တိုက်ဖြစ်လာရတဲ့သဘောဖြစ်ပါတယ်။

ကျောင်းသားနဲ့ အရပ်သား ပဋိပက္ခပြင်းထန်းလာချိန်မှာ စစ်အစိုးရရဲ့ လုံထိန်းတွေ ဝင်ရောက်လာခဲ့ပါတယ်။ ကျောင်းသားတွေကို သေနတ်နဲ့ချိန်ပြီး ကျောင်းဝင်းတံတိုင်းနားအထိ ကပ်လာခဲ့ကြပါတယ်။ အပေါ်ကနေ ဘယ်လိုအမိန့်မျိုးကို သယ်ဆောင်လာခဲ့ကြသလဲဆိုတာ မသိရပေမယ့် သေနတ်နဲ့ထိုးချိန်ပြီး ကျောင်းဝင်းနားအထိ ကပ်လာခဲ့တဲ့ လုံထိန်းတို့ရဲ့ လက်တွေ့ ပြမူဖော်ပြပုံကို ကျောင်းသားများက ကန့်ကွက်ကြပါတယ်။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ် မခွဲခြားပဲ ပြဿနာကို မစုံစမ်းမလေ့လာပဲ လုံထိန်းရဲတွေရဲ့ သေနတ်နဲ့ ထိုးချိန်ပြီးဝင်လာတဲ့အပေါ် မကျေမနပ်နဲ့ ကန့်ကွက်ကြပါတယ်။ လုံထိန်းတွေက သေနတ်နဲ့ပစ်ပြီး စစ်အာဏာရှင်စနစ်ရဲ့ သရုပ်မှန်ကို ဖော်ပြလိုက်ပါတယ်။ စက်မှုတက္ကသိုလ်ဝင်းအတွင်း သေနတ်သံတွေ ပဲ့တင်ညံသွားရပါတယ်။ စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော် စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်းမှာပဲ သေနတ်ဒဏ်ရာ အချက်ပေါင်းများစွာနဲ့ ပွဲချင်းပြီးသေဆုံးသွားရပါတယ်။ (မောင်ဖုန်းမော်နဲ့အတူ သေနတ်ထိမှန် ဒဏ်ရာရခဲ့တဲ့ မောင်စိုးနိုင်လည်း သိပ်ရက်မကွာမီမှာပဲ သေဆုံးသွားရပါတယ်။)

စစ်အစိုးရရဲ့ လူမဆန်မှုကြောင့် ဖုန်းမော်အရေးအခင်းကြီး ဖြစ်ပေါ်လာရပါပြီ။ မှန်မှန်ကန်ကန် အေးအေးချမ်းချမ်း ဖြေရှင်းလို့ရနိုင်တဲ့ပြဿနာကို စစ်အစိုးရကိုယ်တိုင်က လက်နက်အားကိုး လက်လွတ်စပယ် အကြမ်းဖက်ယုတ်မာပြခဲ့တဲ့အတွက် ပေါ်ပေါက်လာခဲ့ရတာဖြစ်ပါတယ်။ စစ်အစိုးရဟာ အစိုးရဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေတိုင်း၊ ကျောင်းသားလှုပ်ရှားမှုတွေတိုင်းမှာ ရှေ့တန်းအခန်းကပါဝင်ခဲ့တဲ့ စက်မှုတက္ကသိုလ်ကို ထစ်ခနဲရှိ အာဒိုင်တီ၊ လှုပ်ကနဲရှိ အာဒိုင်တီလို့ အမြင်ရှိထားရာက အငြိုးအတေးပြုထားရာက လက်တွေ့ထုတ်ဖော် လက်စားချေပြလိုက်တဲ့အတွက် ပေါ်ပေါက်လာခဲ့ရတဲ့ အရေးအခင်းကြီးလို့လည်း ဆိုနိုင်ပါတယ်။ သွေးမြေကျခဲ့ရပြီး မတရားသဖြင့် နှိပ်ကွပ်တာကို ခံစားလိုက်ရတဲ့ ကျောင်းသားထုဟာ အနှစ်နှစ်အလလ ချုပ်တည်းနေခဲ့ရရာကနေ ဟုန်းကနဲ ပေါက်ကွဲလာရပါတော့တယ်။

မတ်လ (၁၄) ရက်နေ့မှာ ကျောင်းသားတွေက အဖြစ်မှန်ကိုရေးသားပြီး ပြည်သူတွေဆီကို အမှန်တိုင်းသိရအောင် အားထုတ်ကြိုးပမ်း ဖြန့်ဝေတာလုပ်ဆောင်ပါတယ်။ အာဒိုင်တီအပေါ် သဘောထားမမှန်ပြီးသားဖြစ်တဲ့ စစ်အစိုးရက ခေါင်းမဖော်နိုင်အောင် ထပ်ဆင့်နှိပ်ကွပ်ပစ်ဖို့ ဆုံးဖြတ်ထားပါတယ်။ စက်မှုတက္ကသိုလ်ဝင်းထဲ လုံထိန်းတပ်တွေဝင်စီးပြီး ကျောင်းသားတွေကို ဖမ်းဆီးပွဲကြီးလုပ်ပါတယ်။ ဦးနေဝင်း စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညွန့် ကြီးမှူးစီစဉ်တဲ့ လူဖမ်းပွဲကြီးဖြစ်ပါတယ်။

ဖိနှိပ်မှုရှိရင် တွန်းလှန်မှုရှိတယ်ဆိုတဲ့ နိယာမအတိုင်း အသဲတဆတ်ဆတ်နာနေတဲ့ ကျောင်းသားထုဟာ ဦးကျိုးမသွားပဲ ဆက်လက်လှုပ်ရှားလာခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်မြေဆီအထိ ကူးစက်လှုပ်ရှားမှုတွေ ပေါ်ပေါက်လာပါတယ်။ (၁၆) ရက်နေ့မှာ အင်းလျားကန်ဘောင်ပေါ်မှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ သွေးချင်းချင်းနီအောင် ရိုက်နှက်ဖြိုခွင်းတာခံကြရပါတယ်။ အင်းလျားကန်ဘောင်အရေးအခင်း (သို့မဟုတ်) တံတားနီအရေးအခင်းလို့ မှတ်တမ်းတင်ကြရတဲ့အထိ စစ်အစိုးရရဲ့ အကြမ်းဖက်မှုကလည်း ပိုမိုပြင်းထန်လာပါ တယ်။ (၁၈) ရက်နေ့မှာ ကျောင်းသား (၂၀) လောက် မြို့ထဲဆင်းလာပြီး ဗန္ဓုလပန်းခြံမှာ တရားဟောကြပါတယ်။ လမ်းပေါ်မှာ လူထုနဲ့စပေါင်းမိပြီး ဆန္ဒပြပွဲကြီးဖြစ်ပေါ်လာပါတော့တယ်။ မတ်လ

(၁၈) ရက်နေ့မှာပဲ စစ်အစိုးရရဲ့ အဖမ်းအဆီး အနှိပ်အကွပ်တွေကလည်း များပြားလာပါတယ်။ ရာနဲ့ချီပြီး အစိုးရက သိမ်းကြုံးဖမ်းဆီးပါတယ်။ အချုပ်ကားကြီးတွေနဲ့တင်မဟုတ် အသားတင် အလုံပိတ်ယာဉ်တွေကိုပါ အသုံးပြုပြီး ဖမ်းဆီးရမိသမျှကို ထည့်သွင်းထိုးသိပ်တင် ဆောင်တာတွေလုပ်ပါတယ်။ လူမဆန်စွာ ရက်ရက်စက်စက် ပြုမူလုပ်ဆောင်တဲ့အတွက် အကျိုးဆက်က ကျောင်းသားကျောင်းသူတွေအပါအဝင် အဖမ်းဆီးခံရသူပေါင်း (၄၁) ဦး အသက်သေဆုံးရတဲ့ အဖြစ်ဆိုးကြီး ဖြစ်ပေါ်လာခဲ့ရပါတယ်။ ထောင်ရောက်လို့ ကားတံခါးဖွင့်လိုက်ချိန်မှာ အသက်ရှူကြပ်ပြီး သေဆုံးနေကြရတဲ့ အလောင်းတွေ အထပ်လိုက်ဖြစ်နေခဲ့ကြရပါတယ်။

ဖုန်းမော်အရေးအခင်းအပါအဝင် ဆက်တိုက်ဖြစ်ပေါ်လာခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကြီးကို မဆလစစ်အစိုးရရဲ့ကိုင်တွယ် ဖြေရှင်းပုံဟာ အင်မတန်ရက်စက်ယုတ်မာလွန်းခဲ့ပါတယ်။ ငြိုးသူရန်ဘက်ပမာ ပြင်းပြင်း ထန်ထန်နှိပ်ကွပ်ဖြိုခွဲတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ အင်းလျားကန်ဘောင်အရေး အခင်းမှာဆိုရင်၊ အတင်း ဒရမန်းကြမ်း ရိုက်နှက်ဖြိုခွင်းတာတွေလုပ်ခဲ့ပါတယ်။ ဦးစိန်လွင်ကိုယ်တိုင် ဦးစီးပြီး ဘီလူးဆိုင်းတီးပေးခဲ့ပါတယ်။ “နာနာရိုက် နာနာရိုက်၊ ခေါင်းကို တည့်တည့်ရိုက်၊ များများရိုက်နိုင်တဲ့သူ ဆုပေးမယ်” ဆိုတဲ့ အမိန့်ပေးသံမျိုးတွေအထိ ယုတ်ယုတ်မာမာပေးခဲ့ပြီး ဗိန်းမောင်းတိုက်ပေးခဲ့ပါတယ်။ ကြားရသူတိုင်း ရင်နင့်နာကျည်းစေခဲ့ရတဲ့ စစ်ဘီလူးများရဲ့ ကျူးလွန်မှုကြီးတွေဖြစ်ပါတယ်။ ကျောင်းတွေကို ပိတ်ပစ်လိုက်တဲ့အတွက် မတ်လလှုပ်ရှားမှုကြီးဟာ ယာယီငြိမ်သက်သွားရ သယောင်ဖြစ်ခဲ့ပေမယ့် ကျောင်းသားထုနဲ့တကွ ပြည်သူတရပ်လုံးရဲ့ စစ်အစိုးရအပေါ် နာကျည်းမှုဟာ တရိပ်ရိပ် ဒီရေတက်လာနေခဲ့ပါတယ်။

မတ်လအရေးအခင်းနဲ့ပတ်သက်ပြီး အစိုးရက စုံစမ်းရေးကော်မရှင် ဖွဲ့ပေးခဲ့ပေမယ့် တရားဝင်စုံစမ်းရေးကော်မတီရှင်ရဲ့ အစီရင်ခံစာကို ပြည့်ပြည့်စုံစုံ မထုတ်ပြန်ရဲတော့ပဲ အစီရင်ခံစာအပေါ် နိုင်ငံတော်ကောင်စီရဲ့ သုံးသပ်ချက်ဆိုတာလောက်သာ ဖုံးဖုံးဖိဖိ ထုတ်ပြန်ပြီး (၄၁) ယောက် အချုပ်ကားတွေအတွင်း သေဆုံးခဲ့ရတယ်လို့ ဝန်ခံခဲ့ပါတယ်။ (လေ့လာသူတွေအဆိုရကတော့ ရာကျော်သေဆုံးခဲ့တယ် ဆိုပါတယ်။) စစ်အစိုးရက စစ်အုပ်စုဝင် ထိပ်သီးကြီးတွေကိုယ်တိုင် ဦးစီးဦးဆောင်ပြုပြီး ပါဝင်ပတ်သက် ကျူးလွန်ထားတဲ့အမှုကြီးကို ဖုံးကွယ်လိုးလွဲပစ်နိုင်ဖို့ ဓားစာခံရှာပြပါတယ်။ ရဲမှူးကြီးဖေကြည် ကို ရာထူးချပြီး မန္တလေးပို့ ပြသလို၊ ရဲချုပ်ဦးသိန်းအောင် ပင်စင်အပေးခံရပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးမင်းခေါင်ကို ဖြုတ်ပစ်လိုက်သလို၊ ဝန်ကြီးချုပ်ဦးမောင်မောင်ခ နဲ့ ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်မောင် တို့ကိုလည်း ဖယ်ရှားပစ်လိုက်ပါတယ်။

ဖုန်းမော်သေဆုံးရတဲ့ အရေးအခင်းအပါ မတ်လအရေးအခင်းကြီးဖြစ်ပေါ်ခဲ့ရပြီးတဲ့နောက်ပိုင်းမှာ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး ရဲ့စာတွေ ထွက်ပေါ်လာပါတယ်။ ဦးအောင်ကြီးရဲ့ (၄၁) မျက်နှာစာ (၁၈) မျက်နှာစာဆိုတာတွေ ပြည်သူကြား ပျံ့နှံ့လာခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး က ဦးနေဝင်း ဆီလိပ်မူတပ်ပြီး တင်ပြထားတဲ့ဟန်နဲ့ ရေးသားထားတာတွေဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဆိုးဝါးလှတဲ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေကို တင်ပြဖော်ထုတ်ထားပေးမယ့် အဓိကကတော့ အဲ့ဒီကိစ္စတွေအတွက် ဗိုလ်ချုပ်ကြီးနေဝင်းမပါပါဘူး။ အကိုကြီး မပတ်သက်ပါဘူး၊ အောက်လက်ငယ်သားတွေကြောင့်ဖြစ်ရတာပါ။ ဗိုလ်ချုပ်ကြီးလက်ရောင်ပါဆိုတဲ့ ပြောလုံးဆိုလုံးတွေနဲ့ တင်ပြဖော်ညွှန်းထားတဲ့ စာတွေချည်းဖြစ်ပါတယ်။ တနည်းအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း ကို တဖက်လှည့်နဲ့ ကာကွယ်ရင်း၊ တဖက်ကနေ တိုင်းပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေကို တင်ပြထားတဲ့စာတွေဖြစ်ပါတယ်။ ဦးနေဝင်း ကို ပစားပေးကာဖယ်ဖယ်ပြီး ရေးထားတဲ့စာတွေဖြစ်ပေမယ့် လူထုကြားမှာ ပျံ့ပျံ့နှံ့နှံ့ဖြစ်ခဲ့ပြီး တွင်ကျယ်မှုရခဲ့တာတော့အမှန်ပဲဖြစ်ပါတယ်။

ဇွန်လမှာ ကျောင်းတွေပြန်ဖွင့်ပါတယ်။ ဇွန် (၅) ရက် (၆) ရက်ကစပြီး ကျောင်းသားတွေ တက္ကသိုလ်ဝင်းထဲစုဝေးကြတာ၊ တရားပွဲတွေ ဟောပြောလာတာရှိခဲ့ပြီး ဇွန်လလှုပ်ရှားမှုကြီးအဖြစ် စတင်သက်ဝင်လှုပ်ရှားလာခဲ့ပြန်ပါတယ်။ ကျောင်းသားထုရဲ့ စစ်အစိုးရအပေါ် နာကျည်းမုန်းတီးမှုအခြေခံနဲ့ လူထုကြီးတရပ်လုံးရဲ့ စစ်အစိုးရဆန့်ကျင်ရေးစိတ်ဓာတ် တဖွားဖွားမြင့်တက်လာမှုဟာ ဆုံချက်တခုဆီ ဦးတည်နေခဲ့ပြီဖြစ်ပါတယ်။

စစ်အစိုးရဲ့ အဓိကအတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းကြီးဖြစ်တဲ့ ဗကပ ကလည်း စစ်အစိုးရဆန့်ကျင်ဖြိုချရေး ဦးတည်ချက်နဲ့၊ စစ်အစိုးရဆန့်ကျင်ရေး ရေစီးကြောင်းကြီးအတွင်း သူ့နည်းသူ့ဟန်နဲ့ သူ၊အားထုတ်ကြိုးပမ်း လှုပ်ရှားနေပြီဖြစ်ပါတယ်။ တရားဝင်ရပ်တည်ခွင့်မရှိတဲ့ ဗကပ က မြေအောက်လှုပ်ရှားမှု (ယူဂျီလှုပ်ရှားမှု) ပုံသဏ္ဌာန်နဲ့ "၄၈၂၈ ပါတီကော်မီတီ" ကို သီးသန့်ဖွဲ့စည်းပြီး၊ စစ်အစိုးရဆန့်ကျင်ရေး ရေစီးကြောင်းကြီးကို ကောင်းကျိုးပြုနိုင်ဖို့ တတ်နိုင်တဲ့နေရာကနေ ပါဝင်အားပေးတွန်းဆော်တာတွေ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ နိုင်ငံရေးပါတီတရပ်အနေနဲ့ တပြည်လုံးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုကြီးအတွက် (သို့မဟုတ်) နိုင်ငံရေးလှုပ်ရှားမှုကြီးတခုအတွင်း ရောက်ရာနေရာ ရှိရာအရပ်ကနေ၊ ပါဝင်ကြိုးပမ်းအားထုတ် တွန်းတင်လှုပ်ရှားလာတာဟာ သဘာဝကျတဲ့ကိစ္စတခုပဲဖြစ်ပါတယ်။ တောတွင်းလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေအားလုံးကလည်း မြို့တော်ရန်ကုန် ဗဟိုချက်ပေါ်မှာ ဖြစ်ပေါ်မြင့်တက်လာနေတဲ့ စစ်အစိုးရဆန့်ကျင်ရေး ရေစီးလှိုင်းကြီးကို လေးလေးနက်နက် ရှုမျှော် သဘောထားခဲ့ကြပါတယ်။

မတ်လ လှုပ်ရှားမှုရဲ့အဆက် ဇွန်လလှုပ်ရှားမှုဟာ တစတစ ပိုပြီးအားကောင်းလာခဲ့ပါတယ်။ စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော် သွေးမြေကျခဲ့ရတာကကနေ တနည်းအားဖြင့် ကျောင်းသားသွေးမြေကျခဲ့ရမှုကနေ စတင်ပေါ်ပေါက်လာခဲ့ရတဲ့ ကျောင်းသားလှုပ်ရှားမှုကြီးဖြစ်တဲ့အတွက် ဦးဆောင်သူဟာ ကျောင်းသားတွေပဲဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေကလည်း (၁) မတ်လအရေးအခင်း၌ အကြမ်းဖက် ရိုက်နှက်သတ်ဖြတ် မုဒိမ်းကျင့်ခဲ့သူများအားလုံးကို ဖော်ထုတ်အရေးယူပေးရန်၊ (၂) သပိတ်တိုက်ပွဲများ၌ ငြိမ်းချမ်းစွာ ဆန္ဒပြကြသော ကျောင်းသားကျောင်းသူများကို အနှောက်အယှက်မပြုရန်၊ (၃) အဖမ်းအဆီးခံထားရတဲ့ ကျောင်းသား ကျောင်းသူအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ (၄) ကျောင်းသားအရေးအခင်းနှင့်ပတ်သက်ပြီး မည်သူတဦးတယောက်ကိုမျှ ကျောင်းမထုတ်ရန်၊ (၅) ကျောင်းသားသမဂ္ဂများကို တရားဝင်ဖွဲ့စည်းခွင့်ပြုရန်၊ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ပြန်လည်ပေးအပ်ရန် ဆိုတာတွေပဲဖြစ်ပါတယ်။ ကျောင်းသားအရေးကို ဗဟိုပြုထားတဲ့ တရားမျှတ မှန်ကန်ရိုးရှင်းလွန်းလှတဲ့ တောင်းဆိုချက်တွေပဲဖြစ်ပါတယ်။ ဒါပေမယ့် စစ်အစိုးရက စစ်အာဏာရှင်စနစ် ကျင့်သုံးနေသူများပီပီ ဘာတခုကိုမှ လိုက်လျောဖို့ ဆန္ဒမရှိခဲ့ကြပါ။ အကြမ်းဖက်ဖြိုခွဲပစ်ဖို့နဲ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ နှိမ်နင်းပစ်ဖို့ကိုပဲ ဦးတည်လုပ်ဆောင်ခဲ့ကြပါတယ်။

ဒါကြောင့် ဇွန်လ (၂၁) ရက်နေ့မှာ "မြေနီကုန်းအရေးအခင်း" ဆိုတာ တခုထပ်ပေါ်လာပါတယ်။ စီတန်းလမ်းလျှောက် လှည့်လည်လာတဲ့ ကျောင်းသူကျောင်းသားငယ်လေးတွေကို ဖြိုခွဲပစ်ရေးအကြံနဲ့ လုံထိန်းရဲကားတွေက အတင်းဒရကြမ်း မောင်းနှင်ဝင်ရောက်လာပြီး တိုက်ခိုက်ဖြိုခွင်းတာကြောင့် မရှုရက်စရာမြင်ကွင်း အဖြစ်အပျက်ကြီး ဖြစ်ပေါ်ခဲ့ရပါတယ်။ အခုလို လုံထိန်းကားတွေက ကျောင်းသူကျောင်းသားငယ်လေးတွေအပေါ် ကားနဲ့ ဝင်ရောက်တိုက်သတ်တာကို မခံမရပ်နိုင်တဲ့ ပြည်သူလူထုကြီးက အနီးအနားမှာရှိနေကြတဲ့ မြေနီကုန်းလူထုကြီးက ကျောင်းသားထုနဲ့ပေါင်းပြီး လုံထိန်းရဲတွေကို ပြန်လည်တိုက်ခိုက်ကြပါတယ်။ ရရာလက်နက်တွေစွဲကိုင်ပြီး နာနာကျည်းကျည်း ပြန်လည်တုန့်ပြန်ခဲ့ကြတာဖြစ်ပါတယ်။ လုံထိန်းရဲ

(၆) ယောက် သေဆုံးခဲ့ရတဲ့အထိ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ရပါတယ်။ ရက်ရက်စက်စက် အနှိပ်ကွပ်ခံနေရတဲ့ ကျောင်းသားထုနဲ့ စစ်အစိုးရအပေါ် ပြင်းပြင်းထန်ထန် မုန်းတီးနာကျည်းနေတဲ့ ပြည်သူလူထုဟာ၊ ဇွန်လအရေးအခင်းတွေအတွင်းမှာ ပေါင်းဆက်မိသွားပြီဖြစ်ပါတယ်။ ကွေ့ချိုးကြီးတခုဆီ ဦးတည်မိကြပြီဖြစ်ပါတယ်။ ရန်ကုန်မန္တလေးတက္ကသိုလ်တွေ ပိတ်လိုက်ရပြီးတဲ့နောက် စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေဟာတောမီးပမာ ပျံ့နှံ့သွားရပါတော့တယ်။ ကြေညာချက်တွေ၊ ထုတ်ပြန်စာတမ်းတွေ၊ ဝေငှကြတာတွေ နေရာအနှံ့ ဖြစ်ပေါ်လာခဲ့ပြီး မန္တလေး၊ မြင်းခြံ၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ မိတ္ထီလာ အထကတွေမှာလည်း ပိုစတာတိုက်ပွဲတွေပေါ်ပေါက်လာခဲ့ပါတယ်။ ဇွန်လလှုပ်ရှားမှုတွေအတွင်း ကျောင်းသားတိုက်ပွဲတွေကြားကနေ ပေါ်ထွက်လာတဲ့ ကျောင်းသားခေါင်းဆောင်နှစ်ဦးရဲ့ နာမည်တွေကတော့ 'မင်းကိုနိုင်' ဆိုတာနဲ့ 'မိုးသီးဇွန်' ဆိုတာဖြစ်ပါတယ်။

ဇွန် (၂၃) ရက်မှာ ပဲခူးမှာလည်း လူထုအုံကြွမှုကြီးပေါ်ပေါက်လာပါတယ်။ စစ်အစိုးရက နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်ပြီး ဟန့်တားနှိပ်ကွပ်ခဲ့ပါတယ်။ ဒါပေမယ့် လူထုတိုက်ပွဲတွေက တောမီးပမာ ဖြစ်လာစပြုပြီဖြစ်ပါတယ်။ ဇွန်လအဆက် ဇူလိုင်လတိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပေါ်လာပါတယ်။ ရန်ကုန်ကျောင်းသားထုက နေရာအနှံ့ လှုပ်ရှားလာပြီး ရွှေတိဂုံဘုရားကုန်းတော်ပေါ်မှာလည်း တရားပွဲတွေ၊ ဟောပြောမှုတွေ၊ စာရွက်စာ တမ်းဖြန့်ဝေမှုတွေ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လာပါတယ်။ "ဗကသ" အဆောက်အဦကြီးရဲ့ ခတ်ပုံနဲ့ (၇) ရက် ဇူလိုင်ကြီးရဲ့ အရိုးတွန်သံတွေကလည်း ကျယ်ကျယ်လောင်လောင် ပဲ့တင်ညံလာခဲ့ပါတယ်။ စစ်အစိုးရက အကြမ်းဖက်ဖြိုခွဲတဲ့နည်း၊ ကျောင်းသားလှုပ်ရှားမှုကို သေးသိမ်အောင်ပုတ်ခတ်ပြောဆို အသရေဖျက်တဲ့ အောက်လမ်းနည်း၊ ဒလျှိုဒလံတွေလွှတ်ပြီး သပ်လျှိုဖြိုခွဲတဲ့နည်း၊ ညစ်နည်းပဒေသာကျင့်သုံးပြီး ဟန့်တားနှိပ် ကွပ်ခဲ့ပါတယ်။ အဖမ်းအဆီးတွေ မရေမတွက်နိုင်အောင် ပိုမိုများပြားလာခဲ့ပါတယ်။ ဇူလိုင်လထဲမှာ တောင်ကြီး နဲ့ပြည်မှာလည်း ဘာသာရေးအဓိကရုဏ်းတွေ ပေါ်ပေါက်ပါတယ်။ (စစ်အစိုးရက ဘာသာရေးအဓိကရုဏ်းတွေနဲ့ အာရုံပြောင်းကြည့်ဖို့ ကြိုးစားတာလို့ ယူဆကြတာတွေရှိသလို "တောင်ကြီးပြုလို့ ပြည်ပျက်ပြီးပြီ" ဆိုတဲ့သဘောနဲ့ ဗေဒင်ကွက်နဲ့ ယတြာချေတာလို့လည်း ထင်ကြေးပေးကြတဲ့ အဓိကရုဏ်းကြီးတွေ ဖြစ်ပါတယ်။) ပေါ်ပေါက်လာသမျှသော အရေးအခင်းတွေဟာ ဘယ်လိုပုံသဏ္ဍာန်နဲ့ပဲ ပေါ်ပေါက်လာလာ၊ ဘာကြောင့် ပေါ်ပေါက်လာလာ၊ နောက်ဆုံးမှာတော့ မဆလဆန့်ကျင်ရေး စစ်အာဏာရှင် ဆန့်ကျင်ရေးဆီကိုသာ ရောက်ရှိသွားပါတယ်။ ကျောင်းသားများက စတင်ပေါက်ကွဲဆင်နွှဲလိုက်တဲ့ တိုက်ပွဲကြီးဆိုတာ အားလုံးက အလေးထား အသိပြုကြသလို၊ လူထုကြီးကပါပူးပေါင်းပါဝင် အားဖြည့်လာတဲ့အခါကျမှ ပိုမိုကျယ်ပြန့် ကြီးမားနက်ရှိုင်းလာခဲ့တယ် ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ လူထုကြီးကပါ နေရာအနှံ့ ပါဝင်ပူးပေါင်း အားပေးထောက် ခံလာတာဟာလည်း ကျောင်းသားထုရဲ့ တရားမျှတတဲ့ လှုပ်ရှားမှုတွေကို ထောက်ခံအားပေး ကူညီဝန်းရံချင်လွန်းတဲ့စိတ်ဆန္ဒကြောင့်ချည်းမကပါ။ အရင်းခံက လူထုကြီးကိုယ်တိုင် နှစ်ရှည်လများခံစားနေကြရတဲ့ စစ်အစိုးရရဲ့ဖောက်ပြန်တဲ့ ပေါ်လစီအရပ်ရပ်အောက်ကနေ ဖြစ်ပေါ်လာရတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအကြပ်အတည်းတွေကြောင့်လည်းဖြစ်ပါတယ်။ တတိုင်းပြည်လုံး လှုပ်လှုပ်ရှားရှားဖြစ်လာရပါတယ်။

ဇူလိုင်လ (၂၃) ရက်နေ့မှာ တခုတည်းသော ဦးဆောင်ပါတီကြီး မဆလရဲ့ အရေးပေါ်ပါတီညီလာခံကြီး ခေါ်ဆိုကျင်းပပါတယ်။

ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း က မလွှဲမရှောင်သာ နုတ်ထွက် အနားယူရေးကိစ္စကို ပြောဆိုလာရပါတယ်။ သူတင်မက ဦးစန်းယု၊ ဦးအေးကို၊ ဦးကျော်ထင် တို့ပါ အနားယူကြမယ့်အကြောင်း ပြောဆိုလာပါ

တယ်။ ပြောပုံ ဆိုပုံကတော့ …

“မတ်လနဲ့ ဇွန်လများအတွင်းက စိတ်မချမ်းမြေ့စရာဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် သွယ်ဝိုက်သောနည်းနဲ့ တာဝန်မကင်းသူဟု ယူဆတာကတကြောင်း၊ အသက်အရွယ်အားဖြင့် ထောက်လာတာကတကြောင်းတို့ကြောင့် ပါတီဥက္ကဋ္ဌနဲ့ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပေးကြပါလို့”

ပြောဆိုပြီး နုတ်ထွက်စာကို ကိုယ်တိုင်တောင် ဆက်ဖတ်နိုင်စွမ်းမရှိတော့တဲ့အတွက် ဦးထွေးဟန်လက်ထဲ စာကို ထိုးထည့်ပေးပါတယ်။ ဦးထွေးဟန်က ဦးနေဝင်း အစား ဖတ်ပြရပါတယ်။ အဲဒီညီလာခံမှာပဲ ဦးနေဝင်း ဟာ (သမဂ္ဂကြီးရဲ့ အရိုးတွန်သံကို ကြားလာရပြီဖြစ်တဲ့အတွက်) (၇) ရက်ဇူလိုင်ကိစ္စ ကျောင်းသားသမဂ္ဂကြီးဖြိုချခဲ့တဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး ကိုယ်လွတ်ရုန်းဖို့ ကြိုးပမ်းပြောဆိုတာတွေလုပ်ပါတယ်။ အချုပ်ကတော့ ဦးအောင်ကြီး အပေါ် ပုံချနိုင်ဖို့လုပ်ခဲ့ပါတယ်။ အဲဒီလို နုတ်ထွက်တော့မယ့်ကိစ္စ၊ ကိုယ်လွတ်ရုန်းတဲ့ကိစ္စတွေ ပြောဆိုပြီးတဲ့အခါမှာတော့ သူရဲ့ထုံးစံအတိုင်း စစ်အာဏာရှင်ပီပီ စစ်အာဏာရှင်စိတ်ဓာတ်ကို ဖော်ပြတဲ့ ပြည်သူလူထုတရပ်လုံးကို ခြိမ်းခြောက်ပြီး စစ်တပ်ကို မြှောက်ပင့် မီးစိမ်းပြပေးလိုက်တဲ့ အမိုက်အရိုင်းဆုံးစကားကြီးကို ပြောဆိုသွားပါတော့တယ်။ အဲ့ဒီစကားကတော့ “နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်ခဲ့လို့ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီးဖောက်တာမပါဘူး။ အဲဒါနောင်ကို ဆူဆူပူပူလုပ်မယ်ဆိုရင်တော့ အဲဒီလိုဆူတဲ့လူတွေ မသက်သာဘူးမှတ်ပေတော့” လို့ ဆိုတဲ့စကားပဲဖြစ်ပါတယ်။ ခြိမ်းခြောက်ကြိမ်းမောင်း ပြောဆိုသွားခဲ့တာဖြစ်ပါတယ်။ တဖက်ကလည်း သူပြောဆိုကြိမ်းမောင်းသွားတဲ့အတိုင်း အကြမ်းနည်းနဲ့ ကိုင်တွယ်အကောင် အထည်ဖော်ဖို့အတွက် လူရွေးထားပြီးပြီဖြစ်ပါတယ်။ အဲဒါကတော့ ရက်စက်တဲ့နေရာမှာ နာမည်ကြီးတဲ့၊ (ကရင်ခေါင်းဆောင်ကြီး စောဘဦးကြီးကိုသတ်ရာမှာ (၇) ရက်ဇူလိုင်ကို သွေးချောင်းစီးအောင်သတ်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့) ‘သားသတ်သမား’ ဘွဲ့ရ ဦးစိန်လွင်ကို သူရဲ့ ဆက်ခံသူအဖြစ် ထိုးတင်ရွေးချယ် အပ်နှင်းလိုက်တာပဲဖြစ်ပါတယ်။

ဇူလိုင် (၂၇) ရက်နေ့မှာ အရေးပေါ်လွှတ်တော်အစည်းအဝေးကို ဆက်ခေါ်ပါတယ်။ ပါတီညီလာခံနဲ့ လွှတ်တော်အစည်းအဝေးတွေကနေ စီးပွားရေးပေါ်လစီတချို့ကို ပြောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် တပါတီစနစ်ကိုတော့ မပြောင်းလို့ ဆုံးဖြတ်လိုက်ပါတယ်။

ဦးနေဝင်းရဲ့ အပ်နှင်းထိုးတင်မှုနဲ့ မဆလဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနဲ့ နိုင်ငံတော်သမတကြီးဖြစ်လာခဲ့သူကတော့ ဦးစိန်လွင် ဖြစ်ပါတယ်။ ဦးနေဝင်း က ကန့်လန့်ကာနောက်သွားနေပြီး လူထုတိုက်ပွဲတွေကို အကြမ်းနည်းနဲ့ တဆင့်တိုး အပြတ်ဖြတ်ဖို့ မီးစိမ်းပြလိုက်တဲ့သဘောဖြစ်ပါတယ်။

မကျေမနပ်ဖြစ်နေတဲ့ ကျောင်းသားထုနဲ့ လူထုကို ဦးစိန်လွင်နဲ့ တွေ့ပေးလိုက်တဲ့အတွက် ကျောင်းသားထုနဲ့ လူထုရဲ့ ဒေါသဟာလည်း တိုးပြီးဖြစ်ပေါ်လာရပါတယ်။ ဦးစိန်လွင်က “အမှားတွေ၊ ချို့ယွင်းချက်တွေဟာ လုပ်ငန်းဆိုင်ရာ မူများကြောင့်မဟုတ်ပဲ၊ လူပုဂ္ဂိုလ်တွေကြောင့်ဖြစ်တာကို သိရှိနေရတဲ့အတွက်၊ လူပုဂ္ဂိုလ်ကြောင့်ဖြစ်တဲ့ ကိစ္စတွေကို ချက်ချင်းအရေးယူသွားဖို့” လို့ပြောဆိုပြီး (မူကြောင့်မဟုတ်၊ လူကြောင့်လို့ဆိုပြီး) ကွပ်ညှပ်မှုတွေ စတင်ပါတယ်။ အရေးအခင်းလှုပ်ရှားမှုတွေကိုလည်း တဆင့်တိုးပြီး ချေမှုန်းပစ်နိုင်ဖို့ ပြင်ဆင်လာပါတယ်။

ဩဂုတ်လထဲရောက်တော့၊ တိုက်ပွဲတွေက ကျောင်းသားအရေးအခင်းသက်သက်လောက်မကတော့ပဲ တပြည်လုံးလက္ခဏာပါဆောင်တဲ့ နိုင်ငံရေးလက္ခဏာပါ ပိုဆောင်လာပါတယ်။ ဩဂုတ်လ (၄)ရက်နေ့မှာ သမတသစ် ဦးစိန်လွင်က ရန်ကုန်မြို့ကို စစ်အုပ်ချုပ်ရေးကြေညာစေလိုက်ပြီး၊ နယ်ကစစ်တပ်တချို့

ကိုပါ ရန်ကုန်ကိုခေါ်ယူကာ စစ်အင်အားသောင်းချီ ချထားလိုက်ပါတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားနေကြသူ ဒီမိုကရေစီအင်အားစုများဘက်ကလည်း တဆင့်တိုးလှုပ်ရှားနိုင်ဖို့ ပြင်ဆင်လာပါတယ်။ ဘီဘီစီအသံလွှင့်ဌာနနဲ့ ဗွီအိုအေ အသံလွှင့်ဌာနများကလည်း ကျောင်းသားလှုပ်ရှားမှုတွေဘက်က သတင်းတွေကို စစ်အစိုးရအမှောင်ချထားမှုကြားကနေ တကမ္ဘာလုံးနဲ့ တပြည်လုံးသိရှိအောင် အလေးပေးဖော်ပြလာခဲ့ပြီဖြစ်ပါတယ်။ ရှစ်လေးလုံးနေ့မှာ တပြည်လုံးလက္ခဏာဆောင်တဲ့ လူထုအုံကြွမှုကြီးတရပ် ပေါ်ပေါက်လာနိုင်တဲ့အကြောင်း၊ ပေါ်ပေါက်လာဖို့ တာစူနေကြပြီဖြစ်ကြောင်း တနိုင်ငံလုံးသိအောင် အသံလွှင့် ပေးနေခဲ့ပြီဖြစ်ပါတယ်။ ပြည်သူလူထုတရပ်လုံးကလည်း မျှော်လင့်ထားကြပြီးပြီဖြစ်ပါတယ်။

၁၉၈၈ ဩဂုတ်လ (၈) ရက်၊ ရှစ်လေးလုံးနေ့မှာ ကိုတင်ချိန်းဆို ကြွေးကြော်ထားတဲ့အတိုင်း "ရှစ်လေးလုံးအရေးတော်ပုံကြီး" ပေါက်ကွဲပေါ်ထွက်လာပါပြီ။ အထပ်ထပ်ချထားတဲ့ သံဆူးကြိုးလိပ်တွေအကြား၊ အရေးကြီးလမ်းဆုံးလမ်းခွတွေတိုင်းမှာ အထပ်ထပ်ချထားတဲ့ ဂျီသရီး၊ ဂျီဖိုး မောင်းပြန်သေနတ်ကိုင် စစ်တပ်တွေအကြား၊ "ဒီမိုကရေစီအရေး … ဒို့အရေး" ဆိုတဲ့အသံတွေ ဟိုက သည်က လှုပ်ရှားပေါ်ထွက်လာခဲ့ပါတယ်။ တားလို့မရနိုင်တော့တဲ့ စစ်အစိုးရဆန့်ကျင်ရေး ချီတက်ဆန္ဒပြလှုပ်ရှားမှုကြီးဟာ နည်းရာကများ၊ များရာက အုံလိုက်ကျင်းလိုက်အသွင်ဖြစ်ပေါ်လာ စုစည်းမိလာကာ တခဲနက် ထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။ ကျောင်းသားထုနဲ့အတူ အလုပ်သမားဝန်ထမ်းများ မြို့နေဆင်းရဲသားများ၊ ရဟန်းသံဃာတော်များပါ ပါဝင်ပူးပေါင်းစုစည်းမိလာခဲ့ကြပြီး ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဂုဏ်ပြောင်မြောက်စွာ ဖော်ကျူးလိုက်ကြပြီဖြစ်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ တပြည်လုံးအတိုင်းအတာအရ မြို့ပေါင်း (၄၀) ကျော်ကို ချက်ချင်းပျံ့နှံ့ကူးစက်ပေါ်ထွန်းလာခဲ့စေပါတယ်။

ဗန္ဓုလပန်းခြံရှေ့မှာ စခန်းချထားတဲ့ ထောင်းပေါင်းများစွာသော ဆန္ဒပြည်သူလူထုအင်အားစုကြီးကို စစ်အစိုးရဟာ ဩဂုတ်လ (၈) ရက်နေ့ညမှာပဲ အကြမ်းဖက်ပစ်ခတ်ဖြိုခွဲပစ်ခဲ့သလို (၉) ရက်နေ့ မနက်ကစပြီး ပစ်သံခတ်သံတွေဟာလည်း သောသောညံလာခဲ့ပါတယ်။ တဒိုင်းဒိုင်း ပစ်ခတ်နေတဲ့ သေနတ်သံတွေကြား၊ ဘက်နက်ကြီးတွေတဝင်းဝင်း မျက်နှာထားကြီးတွေတတင်းတင်းနဲ့ သရဲမရဲစီးနေသလို ပစ်ခတ်ဖြိုခွင်းနေကြတဲ့ စစ်တပ်၊ စစ်သား၊ လက်မရွံ့ အာဏာပါးကွက်သားတွေရဲ့အကြား ကျောင်းစိမ်းဝတ် ကျောင်းသားလေးပေါင်းများစွာ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကြီးတွေကို ကိုင်ဆောင်ကာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဓာတ်ပုံကြီးတွေကို ရင်ဝယ်ပိုက်ချီကာ ရဲရဲဝံ့ဝံ့ ဆန္ဒပြခဲ့ကြပါတယ်။ ရဟန်းသံဃာတော်များအပါအဝင် မိဘပြည်သူများကိုယ်တိုင်လည်း ပါဝင်ပူးပေါင်း လက်တွဲဆန္ဒပြခဲ့ကြပါတယ်။ စစ်တပ်ရဲ့ လက်ချက်နဲ့ ပေတရာလမ်းမပေါ်မှာ သွေးစက်သွေးကွက်တွေ ကျစင်စွန်းပေခဲ့ရသလို ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံတွေ၊ ဆရာကြီးမှိုင်းဓာတ်ပုံတွေလည်း ပေတရာလမ်းမကြီးပေါ် လွင့်စင်ကွဲအက် ကြွေမွခဲ့ရပါတယ်။ (၉) ရက်နေ့မှာ ဆန္ဒပြကြွေးကြော် လှုပ်ရှားမှုတွေ ပိုပြီးပိုပြီးသာ များလာခဲ့ရပြီး၊ အသေခံဆန္ဒပြသူတွေရဲ့ သူရဲကောင်းပီသတဲ့စိတ်ဓာတ်ဟာလည်း တရှိန်တိုးမြင့်တက်လာခဲ့ပါတယ်။ တပြည်လုံးမှာလည်း အနှံ့အပြား ဆန္ဒပြပွဲကြီးတွေ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပါတယ်။ မန္တလေးမြို့မှာ (၂) ယောက်သေ (၆) ယောက် ဒဏ်ရာရဆိုတဲ့ အဖြစ်အပျက်တွေ၊ စစ်ကိုင်းမှာ အစုလိုက်အပြုံလိုက် သေဆုံးဒဏ်ရာရခဲ့ရတဲ့အဖြစ်တွေ၊ မြိတ်မြို့မှာလည်း (၂)ယောက်သေ (၆) ယောက်ဒဏ်ရာရခဲ့ရ ဆိုတဲ့အရေးအခင်းကြီးတွေ နေရာအနှံ့၊ ဒေသအနှံ့ တဟုန်တိုး တိုးတက် ဖြစ်ပေါ်ပျံ့နှံ့ကူးစက်လာခဲ့ပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ ပေါက်ကွဲပေါ်ထွန်းလာခဲ့ပြီဖြစ်ပါတယ်။ ဘယ်လိုနည်းနဲ့မှ တားလို့မရတော့ပြီဖြစ်ပါတယ်။

အံတကြိတ်ကြိတ်နဲ့ ဘီလူးဆိုင်းတီးပြီး ထွက်လာခဲ့ နိုင်ငံတော်သမတကြီးဆိုသူ ဦးစိန်လွင်၊ ဩဂုတ်လ (၁၂) ရက်နေ့မှာပဲ နုတ်ထွက်ကြောင်း ကြေညာလိုက်ရပါတော့တယ်။

ဦးစိန်လွင် နုတ်ထွက်လိုက်ရတာဟာ လူထုတိုက်ပွဲကြီး အရေးတော်ပုံကြီးရဲ့ ပထမဆုံးအောင်ပွဲဖြစ်တဲ့အတွက် ဦးစိန်လွင်ကို ပြည်သူတရပ်လုံးကလည်း အော့နှလုံးနာမုန်းတီးလှတဲ့အတွက်၊ ပြည်သူတရပ်လုံး ဝမ်းသာပျော်ရွှင်သွားခဲ့ကြပါတယ်။ ထကတဲ့သူတွေ ထကကြပါတယ်။ ရန်ကုန်ဆေးရုံကြီးထဲအထိ လုမ်းပတ်ကာ အကြမ်းဖက်နှိပ်ကွပ်ပြခဲ့တဲ့ ဦးစိန်လွင်၊ နောက်ဆုတ်ပေးရ အလျှော့ပေးသွားရပြီဖြစ်ပါတယ်။

သားသတ်သမား ဦးစိန်လွင် နောက် တက်လာသူကတော့ ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။ မဆလ ပါတီဥက္ကဋ္ဌကြီး၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီးနဲ့ နိုင်ငံတော်သမတကြီးလည်းဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ်က "တို့ပြည်ထောင်စုမြန်မာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ" ဆိုတဲ့ စာအုပ်ကို ပြုစုရေးသားပြီး ပါလီမန်ပါတီစုံ ဒီမိုကရေစီစနစ်ကြီးကို အမွှမ်းတင်ဦးကာဖွဲ့ခဲ့ပြီး၊ ၁၉၆၉ ခုနှစ်ထဲရောက်တော့ "မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" ဆိုတဲ့ ဗိုလ်နေဝင်း ဘုန်းတော်ဘွဲ့ စာအုပ်ကြီးကို ကြံဖန်ပြုစုကာ၊ မဆလ တပါတီ အာဏာရှင်စနစ် ကောင်းမွန်ကြောင်း ပြောင်းလဲပြောဆို နေရာရလာရင်း၊ ၁၉၈၈ အရေးတော်ပုံကြီး ဟုန်းဟုန်းတောက်နေချိန်မှာ သမတ ကြီးအဖြစ် အသုံးတော်ခံလာရတာဖြစ်ပါတယ်။ သားသတ်သမား ဦးစိန်လွင်ရဲ့ ဘီလူးဆိုင်းနဲ့ ပတ်ကြမ်းတိုက်မှု မအောင်မြင်တော့တဲ့အတွက်၊ လေပြေထိုးနဲ့ အပျော့ဆွဲ အနုနည်းဇာတ်ကို ကပြအသုံးတော်ခံဖို့ တနည်းအားဖြင့် ကကြိုးကကွက်ပြောင်းပြီး အရေးတော်ပုံကြီးကို ဖြိုခွဲနိုင်ဖို့ နိုင်ငံတော်သမတ ကြီးဖြစ်လာရတာပါ။ ဘီလူးခေါင်းဆောင်းထားတဲ့ ဘီလူးကြမ်းကို ဖယ်ထုတ်လိုက်ပြီး၊ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးနုကို အစားထိုး အသုံးပြုလိုက်တာဖြစ်ပါတယ်။ ဒေါက်တာမောင်မောင်က သံဝေဂသံတွေနဲ့ လေပြေထိုးမှုလုပ်ပါတယ်။ အာဏာရပါတီကြီးအဖြစ် စတင်မွေးဖွားလာရတဲ့ မဆလပါတီကြီးရဲ့ အားနည်းချက်ချို့ယွင်းချက်တွေကို ဖွင့်ဟဝန်ခံရင်း အရေးတော်ပုံကြီးကို ငြိမ်းငြိမ်းကြတော့ ဖို့နားချကြိုးပမ်းပါတယ်။ ဒီလောက် အရှိန်အဟုန်ကြီးစွာ ပြသနေကြတဲ့ လူထုတိုက်ပွဲဒီလှိုင်းသံတွေကို တဆင့်လျှော့ချပြီး၊ "လမ်းပေါ်ကအသံတွေကိုတော့ကြားရပါပြီ။ အိမ်ထဲက အိမ်ရှင်မတွေ့ရဲ့ အသံတော့ မကြားရသေးပါဘူး" လို့ ပြောဆိုလိုက်တော့ "ကြားပြီလားဟေ့ မောင်မောင်ရေ ... ဒီမိုကရေစီကို ချက်ချင်းပေး" ဆိုတဲ့ ကြွေးကြော်သံတွေနဲ့အတူ အိမ်ရှင်မတွေပါမကျန် အုံနဲ့ကျင်းနဲ့ တခဲနက် အရှိန်အဟုန်ကြီးစွာ တိုးမြှင့်ထွက်ပေါ်လာခဲ့ပါတယ်။

တပြည်လုံး ဒီမိုကရေစီတောင်းဆိုသံတွေ ဟိန်းဟိန်းညံနေခဲ့ပါတယ်။ တပါတီအာဏာရှင်စနစ် ဖျက်သိမ်းပစ်၊ မဆလစစ်အစိုးရ အလိုမရှိ၊ ဒီမိုကရေစီရရှိရေး ဒို့အရေးဆိုတဲ့ ကြွေးကြော်သံတွေ တပြည်လုံးပွဲတင်ညံနေပါတယ်။

ဒေါက်တာမောင်မောင်က လူထုတိုက်ပွဲဒီလှိုင်းအဟုန်ကို အပျော့ဆွဲနည်းနဲ့ တဆင့်ချင်းဆင်းခံပါတယ်။ လမ်းဆုံလမ်းခွတွေတိုင်းမှ ချထားတဲ့စစ်တပ်ကို စစ်တန်းလျားတွေဆီ ပြန်သွင်းထားလိုက်ပါတယ်။ မျောက်မြင် – ခဲနဲ့ထုချင် ဖြစ်မှာစိုးတဲ့အတွက် ပေါ်ပေါ်ထင်ထင်လူမြင်ကွင်းက ရုတ်ပေးလိုက်တာဖြစ်ပါတယ်။ အရေးကြီးနေရာ၊ အရေးကြီးအဆောက်အဦးတွေအတွင်းမှာတော့ ချမြဲ ချထားပါတယ်။

ရန်ကုန်မြို့တင်မဟုတ် တနိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သပိတ်မှောက်ဆန္ဒပြချီတက်ပွဲကြီးတွေ အရှိန်အဟုန်ကြီးစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ တောရွာမြို့ပါမကျန်ဖြစ်သလို ဒီအရေးတော်ပုံကြီးအတွင်း ပါဝင်ဆင်နွှဲလာကြသူတွေဟာလည်း လူတန်းစားအသီးသီး၊ အလွှာအသီးသီးကဖြစ်တဲ့အပြင်၊

ဘယ်တုန်းကမှ ပါဝင်ပတ်သက်တာ ကြားရမြင်ရဖူးခြင်းမရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ အလွှာမျိုးတွေတောင် တက်တက်ကြွကြွ ပါဝင်လာကြပါတယ်။ ဥပမာအားဖြင့် ဖိုးသူတော်၊ မယ်သီလမျိုးတွေ၊ မိန်းမလျှာတွေ၊ သူတောင်းစားတွေအထိဖြစ်ပါတယ်။ တောရောမြို့ပါ နေရာလပ်မရှိ၊ တနိုင်ငံလုံး ဒေသအစုံ၊ အရပ်စုံ ဆန္ဒပြသပိတ်မှောက်ကြတဲ့ ပါဝင်ဆင်နွှဲကြတဲ့ အရေးတော်ပုံကြီးဖြစ်သလို၊ ကလေးကနေ သက်ကြီးရွယ်အို မစွမ်းမသန်အထိ၊ ရဟန်းသံဃာ သီလရှင်၊ ဖိုးသူတော်ကနေ ခေါင်းရွက်ဗျက်ထိုး လက်လုပ်လက်စား သူတောင်းစားအထိ အသက်အရွယ်မျိုးစုံ၊ လူတန်းစားမျိုးစုံ၊ အလွှာမျိုးစုံ၊ စုံတကာ့စုံအောင် ပါဝင်လှုပ်ရှားဆင်နွှဲခဲ့ကြတဲ့ အရေးတော်ပုံကြီးဖြစ်ပါတယ်။

ဩဂုတ်လ (၁၉) ရက်နေ့ ဒေါက်တာမောင်မောင် သမတ ဖြစ်လာပြီးတဲ့နောက်ပိုင်း ဆန္ဒပြပွဲတွေ ပိုမို အရှိန်အဟုန်ကြီးမားလာခဲ့ပါတယ်။ ရန်ကုန်တမြို့လုံး ဘယ်နေရာကြည့်ကြည့် ဆန္ဒပြချီတက်ပွဲတွေ၊ နဖူးစည်းတွေ၊ ဆိုင်းဘုတ်တွေ၊ အလံတွေတလူလူနဲ့ လှုလှိုင်းပင်လယ် လှည့်လည်ကြွေးကြော် အထွေထွေ သပိတ်ဆင်နွှဲပွဲကြီးတွေ နေ့စဉ်ရက်ဆက် တိုးတက်ဖြစ်ပေါ်လာခဲ့ပါတယ်။ ရုံးတိုင်း၊ ဌာနတိုင်းလိုလိုက ပါဝင်လာကြရုံမက အစိုးရကိုယ်တိုင် ဖွဲ့စည်းပေးထားတဲ့ အတုအယောင် "ပြည်သူ့ဆန္ဒစုံစမ်းလေ့ လာရေးကော်မရှင်" ဆိုတာက ဝန်ထမ်းတွေကိုယ်တိုင် သပိတ်ထဲပါဝင်လာကြပါတယ်။

ဒေါက်တာမောင်မောင် က အပျော့ဆွဲနည်းနဲ့ လူထုကြီးကို ချွေးသိပ်တဲ့အနေနဲ့ ဩဂုတ်လ (၂၃) ရက်နေ့၊ နေ့လည် (၁) နာရီမှာ ရန်ကုန်မြို့နဲ့ ပြည်မြို့တို့မှာ ထုတ်ပြန်ထားခဲ့တဲ့ စစ်အုပ်ချုပ်ရေးအမိန့်ကို တရားဝင်ရုတ်သိမ်းပေးလိုက်ပါတယ်။ စိန်လွင်ပြုတ်ကျသွားရတာကို လူထုအောင်ပွဲအဖြစ် မှတ်ယူပျော်ရွှင်ခဲ့ကြသလို၊ စစ်အုပ်ချုပ်ရေးအမိန့် ရုတ်သိမ်းပေးလိုက်တဲ့အခါမှာလည်း လူထုတရပ်လုံး ပျော်ရွှင်သွားခဲ့ကြပါတယ်။ လူထုအောင်ပွဲတရပ်အဖြစ် မှတ်ယူခဲ့ကြပါတယ်။

ဒေါက်တာမောင်မောင်က အတုအယောင်ဖွဲ့စည်းထားတာအဖြစ် ပေါ်လွင်နေပြီဖြစ်တဲ့ "ပြည်သူ့ဆန္ဒ စုံစမ်းရေးကော်မရှင်" ကို ဖျက်သိမ်းပေးပါတယ်။ မဖျက်သိမ်းလို့လည်းမရတော့ပါ။ "ပြည်သူ့ဆန္ဒ စုံစမ်းရေးကော်မရှင်" က ဝန်ထမ်းတွေကတောင် ဆန္ဒပြနေကြပြီဖြစ်ပါတယ်။ ဩဂုတ်လ (၂၄) ရက်နေ့မှာ ဒေါက်တာမောင်မောင်က မိန့်ခွန်းတခုပြောပါတယ်။ မိန့်ခွန်းထဲမှာ လေပြေထိုးသံ၊ သံဝေဂသံတွေပါသလို၊ တနိုင်ငံလုံး ဆင်နွှဲနေကြတဲ့ သပိတ်တိုက်ပွဲကြီးကို သွေးအေးအောင်လုပ်ပြီး မဆလပါတီကို ဆက်လက်ထိမ်းသိမ်းရင်း နောက်ခြေတလှမ်း ဆုတ်အနေအထားနဲ့ နောက်တဆင့်ဆင်းခံဖို့ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒ စုံစမ်းရေးကော်မရှင်ကို ဖျက်သိမ်းပေးပြီး "ပြည်သူ့ဆန္ဒခံယူပွဲလုပ်ရေး" ဆိုတာကို တင်လာပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ပါတီစုံစနစ်ကို ပြည်သူတွေကလိုလားကြောင်း အဖြေထွက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်ရေး၊ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုတာကို တင်သွင်းဖော်ပြလာပါတယ်။ တကယ်က ဆင်ဖွေ့ရန်ရှောင် လုပ်တာသာဖြစ်ပါတယ်။ "မဆလပါတီ အလိုမရှိ" "မဆလတပါတီ အာဏာရှင်စနစ်ဖျက်သိမ်းပစ်" ဆိုတဲ့ ကြွေးကြော်သံတွေ တနိုင်ငံလုံး နေရာလပ်မရှိအောင် ဟစ်အော်တောင်းဆိုနေကြတာတွေကို နေ့စဉ် ကြားသိမြင်ဖြစ်နေပါလျှက် ဟိုဝေ့သည်ဝဲလုပ်ပြီး ပြောဆိုနေမှန်းသိသာလှပါတယ်။ သက်သက် အချိန်ဆွဲနေမှန်းသိသာနေပါတယ်။

ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေးရုတ်သိမ်းပေးပြီး၊ မြို့ကြီးတွေပေါ်မှာ ထောင်းသောင်းချီ ချထားတဲ့ စစ်တပ်တွေကိုတော့ မြင်ကွင်းကနေ ရုတ်သိမ်းတာလုပ်ပေးခဲ့ပါတယ်။

ပြည်သူလူထုက တိုးပြီး ဆန္ဒပြလာကြပါတယ်။ ပါတီစုံကြိုက်သလား၊ တပါတီကြိုက်သလား ဆန္ဒခံယူပွဲလုပ်ဖို့မလိုကြောင်း၊ ဆင်ကောင်ကြီးတွေ့နေလျက် ဆင်ခြေရာ ရှာဖို့မလိုကြောင်း၊ တပါတီဖျက်၊ ပါတီစုံ

သာထူထောင်ဖို့ဖြစ်ကြောင်း၊ ဆန္ဒပြပွဲတွေနဲ့ နေ့စဉ်တိုးတိုးပြီး ကြွေးကြော်ဖော်ပြလိုက်ပါတယ်။ "ဘာလုပ်နေသလဲ မောင်မောင်ရေ ... ဒီမိုကရေစီပေးလိုက်ပါလား" ဆိုတဲ့ သံချပ်ဆန်ဆန် ကြွေးကြော်သံတွေတောင် ပေါ်ပေါက်ပြည်ဟီးလာခဲ့ပါတယ်။

သမဂ္ဂမျိုးစုံပေါ်ပေါက်လာပါတယ်။ သပိတ်ကော်မတီတွေ မြို့တိုင်း၊ နယ်တိုင်း၊ ရပ်တိုင်းရွာတိုင်းမှာ ပေါ်ပေါက်လာပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးကို စတင်ဖောက်ခွဲ ဖော်ထုတ်ခေါင်းဆောင်ခဲ့သူဟာ ကျောင်းသားတွေဖြစ်တဲ့အတွက် နေရာတိုင်းမှာ ကျောင်းသားတွေရဲ့အခန်း အရေးပါခဲ့ရပါတယ်။ နေရာပေးခြင်းလည်း ခံရပါတယ်။ စစ်အစိုးရက ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်း အကြမ်းဖက်နေစဉ်အတွင်းက စစ်တပ်ရဲ့လုပ်ဆောင်မှုတွေကို ကန့်ကွက်ခဲ့တဲ့ ရပ်တန်းကရပ်သင့်ပြီလို့ သဘောထားထုတ်ဖော်ခဲ့တဲ့ ရှေ့နေများကောင်စီ (ဘားကောင်စီ) နဲ့ စာပေအနုပညာရှင်များအခန်းကိုလည်း ပြည်သူလူထုက တန်ဖိုးထားခဲ့ပါတယ်။ ဒါကြောင့် ရှေ့နေတွေ၊ အနုပညာရှင်တွေကိုလည်း ရှေ့တန်းအခန်းက နေရာပေးခြင်းခံရပါတယ်။ (ဘားကောင်စီကြေညာချက်ဟာ ဩဂုတ်လ (၁၅) ရက်နေ့မှာ ထုတ်ပြန်ခဲ့တာဖြစ်ပြီး စာပေအနုပညာရှင်များရဲ့ လက်မှတ်ရေးထိုးကန့်ကွက် ချက်ကတော့ ဩဂုတ်လ (၁၇) ရက်မှာဖြစ်ပါတယ်။) ဆေးရုံကြီးအတွင်းအထိ လှမ်းပစ်စဉ်က ဒဏ်ရာရခဲ့ကြသလို "တော်ကြပါတော့ ဆက်မပစ်ကြပါနဲ့တော့" လို့ ပိုစတာကပ်ကာ ဆန္ဒပြခဲ့ကြတဲ့ ဆရာဝန်၊ ဆရာမတွေအပါ ကျန်းမာရေးအမှုထမ်းတွေလည်း လူထုရဲ့လေးစားခြင်းခံရပြီး၊ ဆရာဝန်၊ ဆရာမတွေ အရေးထားခြင်းခံရပါတယ်။ မြို့တိုင်း၊ ရွာတိုင်း၊ နယ်တိုင်းမှာလည်း ကျောင်းသားနဲ့ သံဃာရှေ့တန်းအခန်းက တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ဦးဆောင်နိုင်ခွင့်ရခဲ့ကြသလို ဆရာဝန်များ၊ ရှေ့နေများ၊ စာပေအနု ပညာရှင်များ၊ စစ်အစိုးရဆန့်ကျင်ခဲ့သူ နိုင်ငံရေးသမားဟောင်းကြီးများ သပိတ်ကော်မတီတွေမှာ ယေဘုယျအားဖြင့် နေရာပေးခြင်းခံခဲ့ရပါတယ်။

ရန်ကုန်အထွေထွေသပိတ်ကြီးရဲ့ဒီရေ တရှိန်ထိုး တက်လာနေစဉ်အတွင်း၊ အစိုးရရဲ့ စစ်တပ်အတွင်းက ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်တချို့ပါ လူထုတိုက်ပွဲကြီးအတွင်း ပါဝင်ပူးပေါင်းလာကြပါတယ်။ ရဲစခန်းတွေထဲက သာမန်ရဲတွေလောက်သာမက၊ စသုံးလုံး၊ ဘီအက် (စ်) အိုင်၊ အထူးသတင်းတပ်ဖွဲ့ (အက်စ်ဘီ) စတဲ့ ဌာနတွေကပါ ဆိုင်းဘုတ်ထောင်ပြီး ဆန္ဒပြ ချီတက်လှည့်လည်ပွဲတွေအတွင်း ပါဝင်ဆင်နွှဲလာခဲ့ပါတယ်။ နောက်ဆုံးမှာ "မဆလပါတီ ဗဟိုဌာနချုပ်" ဝန်ထမ်းတွေပါ "မဆလပါတီ ဗဟိုဌာနချုပ်" ဆိုတဲ့ ဆိုင်းဘုတ်နဖူးစည်းနဲ့ အထွေထွေသပိတ်ချီတက်ဆန္ဒပြပွဲကြီးအတွင်း ပါဝင်ဆင်နွှဲလာတဲ့အထိ ဖြစ်ခဲ့ပါတယ်။ မြန်မာ့အသံ၊ ရုပ်မြင်သံကြားတို့ကလည်း အထွေထွေသပိတ်ကြီးထဲ ပါဝင်လာသလို၊ နိုင်ငံတော်ကောင်စီရုံးနဲ့ ပြည်သူ့လွှတ်တော်ရုံးတို့က ဝန်ထမ်းတွေအားလုံးလည်း အရေးတော်ပုံ အထွေထွေသပိတ်ကြီးအတွင်း ဆိုင်းဘုတ်လွှင့်ထူပါဝင်လာခဲ့ပါတယ်။ သပိတ်မှောက်တဲ့အထဲ ပါဝင်မလာတာဆိုလို့ စစ်တပ်၊ ထောက်လှမ်းရေးတပ်နဲ့ စစ်အုပ်စု ခေါင်းမာထိပ်သီးကြီးတွေလောက်ပဲကျန်ပါတော့တယ်။ ဒါတောင် စစ်တပ်က ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်တချို့ သပိတ်တိုက်ပွဲကြီးအတွင်း လူထုနဲ့ ပူးပေါင်းပါဝင်လာကြတာ၊ ဒေသလွှတ်တော်ကိုယ်စားလှယ်တချို့ နုတ်ထွက်ကြောင်း ကြေညာတာ၊ ဒေသပါတီကော်မီတီဝင်တချို့ နုတ်ထွက်ကြောင်းကြေညာတာတွေ ရှိခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရွှေတိဂုံအနောက်မုခ် လူထုတရားပွဲကြီး ပေါ်ပေါက်လာပါတယ်။ လူထုပရိတ်သတ် (၅) သိန်းလောက် တက်ရောက်အားပေးကြတဲ့ လူထုတရားပွဲကြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးနယ်ထဲ ရောက်ရှိလာရတဲ့ ပထမဦးဆုံး လူထုတရားဟောပြောပွဲကြီးလို့ ဆိုရပါမယ်။ ဒေါ်အောင်ဆန်းစုကြည်က "ဒီမိုကရေစီလိုချင်ရင် ဒီမိုကရေစီ

နဲ့ထိုက်တန်တဲ့ ပြည်သူတွေဖြစ်ပါစေ။ တပ်မတော်ဟာ ပြည်သူသတ်တဲ့ တပ်မတော်အဖြစ် ရာဇဝင်မတွင်ရစ်ပါစေနဲ့။ လူထုကိုကာကွယ်တဲ့ လူထုယုံကြည်တဲ့ လူထုက အားကိုးတဲ့ တပ်မတော်ကြီးဖြစ်ပါစေ'' လို့ ဟောပြောသွားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရားပွဲကြီးနဲ့ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာတဲ့ လူထုဟောပြောပွဲကတော့ ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီးရဲ့ ပဒုမ္မာကွင်းဟောပြောပွဲဖြစ်ပါတယ်။ ပြာလအဲ့အဲ့အသံကိုညှစ်ပြီး ''စစ်တပ်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့နော်'' လို့ ဟောပြောသွားပါတယ်။ စစ်တပ်ရဲ့ လက်ချက်နဲ့သွေးကွက်တောင်မခြောက်သေးခင်မှာ စစ်တပ်ကို စိတ်နဲ့တောင်မပြစ်မှားနဲ့လို့ ကြွေးကြော်လိုက်တော့၊ လာရောက်နားထောင်နေကြတဲ့ ပရိတ်သတ်အတွင်း ဟာကနဲ ဟင်ကနဲ ဖြစ်သွားရပါတယ်။ အရေးတော်ပုံကာလ နိဒါန်းအတွင်း၊ စစ်အစိုးရက ဖမ်းဆီးထိမ်းသိမ်းထားပြီး အရေးတော်ပုံကြီး အမြင့်ဆုံးကာလရောက်ခါနီးမှ ထိမ်းသိမ်းထားရာက ပြန်လွှတ်ပေးလိုက်လို့ လွှတ်လာသူဆိုပြီး၊ ဘာတွေများဟောပြောလေမလဲလို့မျှော်လင့်တကြီး သွားရောက်နားထောင်မိသူများ ခေါင်းရမ်းပြီးထွက်လာခဲ့ကြရပါတယ်။

ဩဂုတ်လ (၂၈) ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျောင်းသားညီလာခံကြီး ကျင်းပပါတယ်။ သောင်းနဲ့ချီတဲ့ ကျောင်းသားပရိတ်သတ်၊ လူထုပရိတ်သတ်ကြီး တက်ရောက်ပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (ဗကသ) တရားဝင်ဖြစ်မြောက်ရေးနဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ယာယီ) ကို တရားဝင်ဖွဲ့စည်းလိုက်ကြပါတယ်။ ၆၂ ခုနှစ်က စစ်အစိုးရက ယုတ်ယုတ်မာမာ ဖုံးခွဲပြီး ပြာချဖျက်ဆီးပစ်လိုက်တဲ့ သမိုင်းဝင် ကျောင်းသားသမဂ္ဂ (တကသအဆောက်အဦးကြီး) ရဲ့နေရာ မြေကွက်လပ်ပေါ်မှာ ကျောင်းသားထုရဲ့ ဗကသ နဲ့ တကသ ကို ပြန်လည်ဖွဲ့စည်းကြတဲ့ အခမ်းအနားပွဲကြီးဖြစ်ပါတယ်။ ဗကသ နဲ့ တကသ သမဂ္ဂအဆောက်အဦကြီးကို သတိရကြသူတိုင်း ဝမ်းသာဝမ်းနည်း မျက်ရည်ကျရတဲ့ပွဲဖြစ်ပါတယ်။ သမဂ္ဂရဲ့ အရိုးတွန်သံကို တကျော့ပြန် အပီသဆုံး ကြားလိုက်ရတဲ့ပွဲဖြစ်ပါတယ်။ မင်းကိုနိုင် ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြသလို၊ မိုးသီးဇွန်ဟာ အတွင်းရေးမှူးဖြစ်လာခဲ့ပါတယ်။ ကိုကိုကြီး၊ အောင်ဒင် စတဲ့ ကျောင်းသားခေါင်းဆောင်တွေရဲ့ နာမည်တွေလည်း ထင်ထင်ရှားရှားပေါ်ထွက်ခဲ့ပါတယ်။ ''ရန်ကုန်အထွေထွေသပိတ်ကော်မီတီ'' ကြီး ပေါ်ထွက်လာသလို သမဂ္ဂပေါင်းစုံလည်းစုံတကာ့စုံအောင် ဆက်လက်ထွက်ပေါ်လာခဲ့ပါတယ်။ စာနယ်ဇင်းသမဂ္ဂ၊ ရှေ့နေများသမဂ္ဂ၊ ဆရာဝန်များသမဂ္ဂ၊ ဆရာများသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ရဟန်းပျိုများသမဂ္ဂ စတာတွေဟာထင်ရှားတဲ့ သမဂ္ဂတွေအဖြစ်ပေါ်လွင်လာကြပါတယ်။

မြို့တိုင်း၊ နယ်တိုင်း၊ ရပ်ကွက်တိုင်းမှာ လူထုတရားပွဲတွေ၊ ဟစ်တိုင် ဟောပြော ရင်ဖွင့်ပွဲတွေ၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ပေါ်ပေါက်လာခဲ့ပါတယ်။ ရန်ကုန်မြို့တော်တခုလုံး သပိတ်သံတွေ၊ ကြွေးကြော်သံတွေ ချိမ့်ချိမ့်ညံနေသလို တနိုင်ငံလုံးလည်း တိုက်ပွဲခေါ်သံ၊ ဆန္ဒဖော်သံတွေ အသံချင်းဆက်၊ လက်ချင်းယှက်ဖြစ်နေခဲ့ပါတယ်။ လွတ်လပ်စွာဟောပြောခွင့်မရခဲ့ရာက တိုက်ပွဲကြောင့် ဟောပြောခွင့်ရလာစဉ် အတိုးချ ဟောပြေနေကြတာတွေဖြစ်သလို လွတ်လပ်စွာရေးသားပုံနှိပ် ထုတ်ဝေခွင့်မရခဲ့ရာက အရေးတော်ပုံကြီးကြောင့် ရေးသားဖော်ပြခွင့်ရလာတုန်း ထွက်ပေါ်လာခဲ့တဲ့ သတင်းစာတွေ၊ စာစောင်တွေကလည်း မရေတွက်နိုင်အောင် များပြားခဲ့ပါတယ်။ ကြေညာချက်တွေ ပိုစတာတွေ နေရာအနှံ့ ထွက်ပေါ်နေခဲ့ပါတယ်။

သပိတ်ရက်ကြာလာတဲ့အခါမှာ အောက်ခြေလူထု စားဝတ်နေရေး အခက်အခဲရှိပါတယ်။ သပိတ်ကော်မီတီတွေက ဖြေရှင်းပေးကြတာတွေရှိပါတယ်။ ဒီလိုအချိန်မှာ စစ်တပ်ကိုယ်တိုင်က ရန်ကုန်မှာရှိတဲ့ ဂိုဒေါင်ကြီးတွေ၊ သိုလှောင်ရုံတွေကို လာရောက်ဖွင့်လှစ်ပြီး လိုချင်တဲ့ပစ္စည်းတွေကို စစ်ကားကြီးတွေနဲ့ စင်းလုံး

ပြည့် စိတ်ကြိုက် သယ်ဆောင်ယူငင်ကြတာတွေ လုပ်ပါတယ်။ ကြိုက်သလိုယူပြီးတဲ့အခါ ဂိုဒေါင်ကြီးတွေ၊ သိုလှောင်ရုံကြီးတွေကို ဒီအတိုင်း ဖွင့်ထားခဲ့တဲ့အတွက် ရပ်ကွက်အတွင်းက နီးရာနီးရာ အရပ်သားများက သယ်ကြယူကြတာတွေ နေရာအတော်များများမှာ ပေါ်လာခဲ့ပါတယ်။ အရပ်သားများက ဂိုဒေါင်တွေ၊ အဆောက်အဦတွေကို စတင်ဖောက်ထွင်းခိုးယူကြတယ်ဆိုတာ အင်မတန်နည်းပါးပါတယ်။ စစ်တပ်က စတင်ဖောက်ယူပြီးမှ စစ်တပ်က ချန်ထားပစ်ခဲ့တာကို ယူကြသယ်ကြတာတွေက အများဆုံးဖြစ်ပါတယ်။ ဒါတောင်တခြား စစ်တပ်တတပ်က လာရောက်ပြီး ဂိုဒေါင်ဖောက်လို့၊ ပစ္စည်းခိုးလို့ဆိုပြီး ပစ်တာခတ်တာ ခံကြရပါတယ်။ သေကြေရတာတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ အရေးတော်ပုံကြီးကို ဖြိုခွဲဖို့ စစ်ထောက်လှမ်းရေးက အစီအစဉ်ရှိရှိ အကြမ်းဖက်မှုတွေ လုပ်ဆောင်စေတာ၊ မီးကွင်းပြစ်တာ၊ ရေထဲ အဆိပ်ခပ်စေတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒလျှိုဒလံတွေလွှတ်ပြီး ရှုပ်ထွေးမှုတွေဖြစ်အောင်လုပ်တာ၊ အထိတ်တလန့် ဖြစ်အောင် လုပ်တာတွေကို နည်းအမျိုးမျိုးနဲ့ လုပ်ဆောင်လာပါတယ်။

ရပ်ကွက်တိုင်း ကပ်တွေကပ်ကာ သစ်ပင်ကြီးတွေလှဲပြီး ပိတ်ဆို့ကြ၊ အဝင်အထွက် ကင်းတွေစောင့်ကြနဲ့ လုံခြုံရေးအတွက် အလေးထားလာရပါတယ်။ တဖက်မှာတော့ ရန်ကုန်မြို့လယ်နဲ့ လမ်းမကြီးတွေပေါ်မှာ လူထုဆန္ဒပြပွဲ ချီတက်ပွဲကြီးတွေ ဝက်ဝက်ကွဲအောင် ဆင်နွှဲနေကြရင်း၊ ဒေါက်တာမောင်မောင် အစိုးရနုတ်ထွက်ပေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းပေးဆိုတဲ့ ကြွေးကြော်သံတွေ တဆင့်တိုး ထွက်ပေါ်လာခဲ့ပါတယ်။ အပျော့ဆွဲနဲ့ ဆွဲနေတဲ့ ဒေါက်တာမောင်မောင်လည်း အကြပ်အတည်းတွေကို ဖြေရှင်းပေးနိုင်မယ့် အနေအထား မရှိတော့ပါ။ လူထုတိုက်ပွဲတောင်းဆိုသံက တဖြည်းဖြည်း မြင့်မားလာခဲ့ပြီဖြစ်ပါတယ်။ အစိုးရရဲ့ အာဏာစက်ဆိုတာလည်း ရပ်ဆိုင်းနေခဲ့ပြီဖြစ်ပါတယ်။

အရေးတော်ပုံကြီးအတွင်း ဝန်ကြီးချုပ်ဟောင်းဦးနု က "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့" (ဒီငြိမ်း) ကိုဖွဲ့စည်းပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ သူဟာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ မတရားသဖြင့် အာဏာလုသွားခြင်းခံရသူသာဖြစ်တဲ့အတွက် သူသာ တရားဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဆိုတဲ့ ရပ်တည်ချက်ကို ဦးနုက ဖော်ကျူးလာပါတယ်။ အာဏာကို လိုချင်လွန်းလို့ဆိုတာထက် ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအနေအထားအတွက် လမ်းကြောင်းတကြောင်းကို ဖွင့်လှစ်ပေးလိုက်တဲ့သဘောဖြစ်ပါတယ်။ သပိတ်ကော်မီတီနဲ့ ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများကလည်း ဦးနုကို စုပြုံပြီး ထောက်ခံမှုမပေးခဲ့ကြတဲ့အတွက် ဦးနုမှာလည်း သူချိုးထားတဲ့လမ်းကြောင်းအတိုင်း ဘာတခုမှ အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါ။ ဦးနုရဲ့ တလျှောက်လုံး သမိုင်းကြောင်းတွေအရ နောက်ထပ် မျိုးဆက်သစ်များက ဦးနုကို နေရာမပေးကြတော့ပါ။ တကယ်က ဦးနုရဲ့ နိုင်ငံရေးခေတ်ဟာလည်း ကုန်ဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဦးနု ဖွဲ့စည်းလိုက်တဲ့စင်ပြိုင်အစိုးရအဖွဲ့ကြီးဟာ ထောက်ခံဝန်းရံသူမရှိ ထီးထီးကြီးကြီးပဲ ဝေါ်စင်းစင်းဖြစ်နေရချိန်မှာ၊ စင်ပြိုင်အစိုးရဖွဲ့စည်းနိုင်ရေး လှုပ်ရှားကြည့်ကြသံတွေကိုလည်း တခြားဒီမိုကရေစီအင်အားစုတွေကြားထဲ ပေါ်ထွက်နေခဲ့ပါတယ်။ အဲဒီလို ကြားထဲကနေ ထွက်ပေါ်လာခဲ့တဲ့ ကြွေးကြော်သံကတော့ "ကြားဖြတ်အစိုးရဖွဲ့စည်းပေး" ဆိုတာပဲဖြစ်ပါတယ်။

စက်တင်ဘာ (၄) ရက်နေ့မှာ အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဆိုလာ့ဇ် ဗမာပြည်ကိုရောက်ရှိလာပါတယ်။ ဒေါက်တာမောင်မောင် အစိုးရအဖွဲ့နဲ့ တွေ့ဆုံခဲ့သလို၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)၊ ဦးအောင်ကြီး တို့နဲ့လည်း ဗမာပြည်နိုင်ငံရေးအခြေအနေကို တွေ့ဆုံဆွေးနွေးတာတွေ လုပ်ခဲ့ပါတယ်။ ဆိုလာ့ဇ်က ဒေါက်တာမောင်မောင် အစိုးရအဖွဲ့ကို ကြားဖြတ်အစိုးရဖွဲ့စည်းပေးဖို့ ပြောဆိုခဲ့တယ်ဆိုပါတယ်။

စက်တင်ဘာ (၁၁) ရက်နေ့မှာတော့ ဒေါက်တာမောင်မောင် က ဆန္ဒခံယူပွဲမလုပ်တော့ပဲ ပါတီစုံရွေးကောက်ပွဲလုပ်ပေးဖို့ ကြေညာပါတယ်။ အဲဒီလို တရားဝင်ကြေညာမှုမလုပ်ခင်ကတည်းက ရွေးကောက်ပွဲလုပ်ပေးရရင် အဆင်သင့်အသုံးပြုဖို့ "ရွေးကောက်ပွဲကျင်းပရေးကော်မရှင်" ကို ဒေါက်တာမောင်မောင် တို့တတွေက စီစဉ်ဖန်တီး သတ်မှတ်ထားပြီးပြီဖြစ်ပါတယ်။

လူထုကြီးတရပ်လုံးရဲ့ တောင်းဆိုချက်က 'ကြားဖြတ်အစိုးရ' ဖွဲ့စည်းပေးဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံပြီဆိုရင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို လုပ်ပေးရမှာ အမှန်ပဲဖြစ်တယ်။ ဒါပေမယ့် ဒေါက်တာမောင်မောင် အစိုးရက စီစဉ်ဖန်တီးပေးမယ့် အထွေထွေရွေးကောက်ပွဲမျိုးဟာ လိုလားလက်ခံနိုင်ဖွယ်ရာမရှိ၊ တရားမျှတနိုင်ဖွယ်ရာလည်းမရှိ။ ဒါကြောင့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို မှန်မှန်ကန်ကန်လုပ်ဆောင်ပေးဖို့ ကြားဖြတ်အစိုးရတရပ် ဖွဲ့စည်းပေးရမယ်လို့ သဘောထားပါတယ်။ ကြားဖြတ်အစိုးရ လိုအပ်တယ်လို့ ယူဆတဲ့အတွက် ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေး တောင်းဆိုသံဟာ ပိုမိုပြီး ညံစည်လာခဲ့ပါတယ်။ အရေးတော်ပုံကြီး၊ အထွေထွေသပိတ်ကြီးရဲ့ နောက်ဆုံးကြွေးကြော်သံနဲ့ အမြင့်ဆုံးကြွေးကြော်သံဟာ ကြားဖြတ်အစိုးရဖွဲ့စည်းရေးဆိုတာ ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ဒေါက်တာမောင်မောင် ရဲ့ အပျော့ဆွဲနည်းနဲ့ တဆင့်ချင်း ဆင်းခံပုံဟာလည်း အပြည့်အဝအောင်မြင်မှုမရပဲ၊ ပိုပိုသာ ဘွားဘွားကြီး ပွင့်ကျလာချိန်မှာ စစ်အုပ်စုရဲ့ ထိပ်သီးကြီးများဟာ ခေါင်းချင်းရိုက်နေကြပြီဖြစ်ပါတယ်။ ဦးနေဝင်းအိမ်မှာ ဒေါက်တာမောင်မောင်၊ ဦးစိန်လွင်၊ ဦးနေဝင်း တို့ တွေ့ဆုံကြတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာပါတယ်။

၁၁၊ ၉၊ ၈၈ နေ့မှာပဲ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကနေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဖွဲ့စည်းလိုက်ကြောင်း ကြေညာပါတယ်။ ကြေညာလိုက်တဲ့ ရွေးကောက်ပွဲကော်မီရှင်ဝင် ပုဂ္ဂိုလ် (၅) ဦးကတော့ (၁) ဦးဘဌေး၊ (၂) ဦးစောကြာဒိုး (ဗိုလ်မှူးချုပ် အငြိမ်းစား)၊ (၃) ဦးစန်းမောင်၊ (၄) ဆရာချယ်၊ (၅) ဦးကျော်ညွှန့် တို့ဖြစ်ပါတယ်။ ကော်မီရှင်ဥက္ကဋ္ဌအဖြစ် ဦးဘဌေး ဖြစ်ပါတယ်။

၁၃၊ ၉၊ ၈၈ နေ့မနက် (၉ း၃၀ နာရီ) မှာ ရွေးကောက်ပွဲကော်မီရှင်ဥက္ကဋ္ဌ ဦးဘဌေးက ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး တို့ကို ဖိတ်ကြားပါတယ်။ တက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအဖွဲ့၊ အလုပ်သမားသမဂ္ဂ (ယာယီ)၊ ဒီမိုကရေစီတိုက်ပွဲဝင်ကျောင်းသားများသမဂ္ဂ၊ ရဟန်းပျိုအဖွဲ့၊ ဥပဒေရုံးချုပ်ဆိုင်ရာသမဂ္ဂ စတဲ့ အဖွဲ့အစည်းတွေလည်း တက်ရောက်ကြပါတယ်။ ဦးဘဌေးက "ကော်မီရှင်ကို လွှတ်တော်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တရားမျှတဆုံး၊ အလွတ်လပ်ဆုံး၊ အမြန်ဆုံးကျင်းပပေးဖို့ ခန့်ထားလိုက်ကြောင်း၊ ကော်မီရှင်ရဲ့လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရက တစုံတရာ စွက်ဖက်မှာမဟုတ်ပဲ လွတ်လပ်စွာ ကြီးမှူးကျင်းပပေးနိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် ကော်မီရှင်ကို နိုင်ငံရေးခေါင်းဆောင်များနဲ့ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကူညီကြဖို့ မေတ္တာရပ်ခံပါကြောင်း" ဆိုတာကို ပြောဆိုပါတယ်။

ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် တို့တွေက "ကော်မီရှင်အဖွဲ့ဝင်လူကြီးတွေကို ယုံကြည်လေးစားသော်လည်း၊ အစိုးရကို မယုံကြည်နိုင်ကြောင်း၊ ကြားဖြတ်အစိုးရဖွဲ့ပေးပြီး ကြားဖြတ်အစိုးရကကြီးမှူးကျင်းပတဲ့ ရွေးကောက်ပွဲသာ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်နိုင်မယ်လို့ ယုံကြည်ကြောင်း" ပြောဆိုခဲ့ကြပါတယ်။ အဓိပ္ပါယ်က အားလုံးသော ဒီမိုကရေစီအင်အားစုဝင်များရဲ့ တောင်းဆိုချက်ဟာ "ကြားဖြတ်အစိုးရ" ဖြစ်နေပြီဖြစ်ပါတယ်။ အရေးတော်ပုံကြီးရဲ့ နောက်ဆုံးအဆင့် တောင်းဆိုချက်တွေကို ချုပ်ကြည့်မယ်ဆိုရင်၊ စစ်အစိုးရ အလိုမရှိ၊ တပါတီအာဏာရှင်စနစ် ဖျက်သိမ်းပေး၊ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ပေး၊ အဲ့ဒီအတွက် ကြားဖြတ်အစိုးရဖွဲ့စည်းပေး ဆိုတာပဲဖြစ်ပါတယ်။

ပြည်တွင်း၊ ပြည်ပ မြေပေါ်မြေအောက်အားလုံးက တညီတညွတ်တည်း လိုလားမျှော်လင့်နေတာကလည်း ကြားဖြတ်အစိုးရ (သို့မဟုတ်) ယာယီအစိုးရ ဆိုတာပဲဖြစ်ပါတယ်။

စက်တင်ဘာ (၁၆) ရက်နေ့မှာပဲ စစ်ရုံးချုပ်ရှေ့မှာ စစ်တပ်နဲ့ ပြည်သူလူထု ထိပ်တိုက်ရင်ဆိုင်တိုးပွဲကြီးတခုဖြစ်ပါတယ်။ တမြို့လုံးကလူထုကြီး စစ်ရုံးရှေ့ပြုံဆင်းလာပါတယ်။ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က လူထုကြီးကို ဒေါသနဲ့ အမုန်းကို ချုပ်တီးကြဖို့ ဖြန်ဖြေဟောပြောပါတယ်။

စက်တင်ဘာလ (၁၆) ရက်နေ့မှာပဲ စစ်အစိုးရက ခြေပုန်းခုတ်နေရာကနေ ခြေလှမ်းတလှမ်းထုတ်လှမ်းလာပါတယ်။ နိုင်ငံတော်ကောင်စီက "ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့်အတိုင်း အစဉ်အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေးတပ်ဖွဲ့များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး ဘုတ်ကော်ပိုရေးရှင်း အသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားနေသော ဝန်ထမ်းများသည် ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပါအဝင် မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်မှမဖြစ်စေရ" ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်လိုက်ပါတယ်။

မဆလပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကို ကလည်း "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပါဝင်နေကြသော ပြည်သူ့တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား၊ ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်များအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်" ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်လိုက်ပါတယ်။ မဝင်မနေရနည်း၊ ခြိမ်းခြောက်တဲ့နည်း၊ ချော့မြူတဲ့နည်း၊ မသမာတဲ့နည်းပေါင်းစုံနဲ့ ထင်သလို ဖွဲ့စည်းတည်ဆောက်လာခဲ့တဲ့ မဆလ ပါတီကြီးကား ဦးအေးကို ရဲ့ ကြေညာချက်လေးတစောင်တည်းနဲ့ ကိစ္စပြီးသွားတဲ့သဘောဖြစ်ပါတယ်။ "ဝင်, ဝင်, ဝင်" ဆိုလို့ ဝင်လာခဲ့ကြရပြီး "ထွက်, ထွက်, ထွက်" ဆိုလို့ ထွက်သွားကြရကာ "ဝင်စေ ထွက်စေ အမိန့်တော်ပြန်တမ်း" နဲ့ပဲ မဆလ ပါတီဟာ (မဆလပါတီ ဆိုတဲ့နာမည်နဲ့တော့) ကွယ်ပျောက်သွားရပြီဖြစ်ပါတယ်။ ပါတီဝင်ဦးရေ တသန်းကျော်ရှိတယ်လို့ ကြွေးကြော်ကြွားဝါခဲ့တဲ့ မဆလပါတီကြီးဟာ ဘယ်လိုပါတီအမျိုးအစား လည်းဆိုတာ သိသာထင်ရှားစေခဲ့ပါတယ်။ နုတ်ထွက်စာမတင်ရပဲနဲ့ နုတ်ထွက်ခွင့်ပြုခြင်းခံရတဲ့ပါတီအဖြစ် မှတ်တမ်းတင်ရလိမ့်မယ်ဖြစ်ပါတယ်။ ပါတီဝင်တော်တော်များများကတော့ ဦးအေးကို မကြေညာခင်ကတည်းက ကိုယ့်ဟာကိုယ် နုတ်ထွက်ပြီး၊ ပါတီဝင်ကဒ်ပြား မီးရှို့ပွဲ၊ ပါတီဝင်ခန့်အပ်လွှာ မီးရှို့ပွဲဆိုတာတွေကို အခမ်းအနားနဲ့ လုပ်ဆောင်ဖော်ပြခဲ့ကြပြီးပြီဖြစ်ပါတယ်။

စက်တင်ဘာ (၁၇) ရက်နေ့မှာ "ကုန်သွယ်ရေးရုံးချုပ်အရေးအခင်း" ဆိုတဲ့ အဖြစ်အပျက်ကြီးတခုဖြစ်ပါတယ်။ ကုန်သွယ်ရေးရုံးချုပ်အပေါ်ထပ်မှာ အစောင့်ချထားတဲ့တပ်စုက သေနတ်နဲ့လှမ်းပစ်လို့ဆိုတဲ့ကိစ္စဖြစ်ပြီး၊ ရဟန်းသံဃာတော်များ ကျောင်းသားများနဲ့ လူအုပ်ကြီးက ကုန်သွယ်ရေးရုံးကို ဝိုင်းဝန်းကြပြီး တပ်စုကို လက်နက်အချခိုင်းခဲ့တာဖြစ်ပါတယ်။ ဗိုလ်ကြီးတယောက်အပါအဝင် တပ်သားများကို သံဃာတော်များက လက်ဖျားနဲ့မှမတို့ပဲ ထိမ်းသိမ်းလိုက်ကြသလို၊ ကိုင်ဆောင်ထားတဲ့ လက်နက်တွေကိုလည်း စနစ်တကျ သိမ်းဆည်းလိုက်ကြပါတယ်။

(စစ်တပ်က – စစ်ရုံးချုပ်အဖြစ်အပျက်နဲ့ ကုန်သွယ်ရေးရုံးချုပ်အရေးအခင်းကို အရေးကြီးဆုံးအဖြစ်အပျက်၊ စစ်တပ်ချေမှုန်းရေးအတွက် မဟာဗျူဟာမြောက် လှုပ်ရှားမှုတွေ၊ တပ်စုချေမှုန်းရေး၊ တပ်ခွဲချေမှုန်းရေး၊ တပ်ရင်းချေမှုန်းရေးတွေအတွက် အရေးကြီးဆုံး ကနဦးခြေလှမ်းတွေလို့ ယူဆသဘောထားပါတယ်။ ဒါကြောင့် ယာယီနောက်ဆုတ်ပြီး ဒေါက်တာမောင်မောင် ကို အပျော့ဆွဲ ဇာတ်အကခိုင်းနေရာက၊ ခြေပုန်းခုတ်ပြီး အကြံစည်ဆိုးတွေကို ကြံစည်နေကြရာက စစ်အုပ်စုထိပ်သီးကြီးများ ခေါင်းချင်းရိုက် ကျောချင်းကပ်

နေကြရာက စစ်အာဏာသိမ်းမှုတခုကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်တော့ဖို့ ဆုံးဖြတ်လိုက်ကြဟန်တူပါတယ်။)

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ (၁၈) ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းလိုက်ပါတော့တယ်။ ညနေ (၄) နာရီတိတိမှာ နိုင်ငံတော်အာဏာအရပ်ရပ်ကို စစ်တပ်က သိမ်းယူလိုက်ပြီဖြစ်ကြောင်း ကြေညာပါတယ်။ စစ်ချီတေးသံတွေ နားကလောလောက်အောင် ဒရမန်းကြမ်း ဆက်တိုက်လွှင့်ပြီး အာဏာကို သိမ်းယူလိုက်ပြီဖြစ်ကြောင်း ကြေညာပါတယ်။

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့" ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာချက်နဲ့ တာဝန်ကြီး (၄) ရပ်ဆိုတာကို ကြေညာပါတယ်။ ၁/၈၈၊ ၂/၈၈ ဆိုတဲ့ အမိန့်ကြေညာချက်တွေကို ဆက်တိုက်လွှင့်ထုတ်ပါတယ်။ တာဝန်ကြီး (၄) ရပ်ဆိုတာကတော့ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူတို့၏ စားဝတ်နေမှု ချောင်လည်စေရေးနဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပရေးဆိုတဲ့တာဝန်ကြီး (၄) ရပ်လို့ဆိုပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ရဲ့ ဥက္ကဋ္ဌအဖြစ် ဦးစီးထွက်ပေါ်လာသူကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ဖြစ်ပါတယ်။ အတွင်းရေးမှူး (၁) ဆိုသူကတော့ ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညွန့် ဖြစ်ပါတယ်။ အတွင်းရေးမှူး (၂) ဆိုသူကတော့ ဗိုလ်မှူးကြီးတင်ဦး ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌကတော့ ဒုဗိုလ်ချုပ်ကြီးသန်းရွှေ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေကတော့ ဗိုလ်ချုပ်ချစ်ဆွေ၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်ဘုန်းမြင့်၊ ဗိုလ်ချုပ်အောင်ရဲကျော်၊ ဗိုလ်ချုပ်မောင်မောင်ခင် တို့နဲ့တကွ တပ်မတော် တိုင်းမှူးကြီးတွေအားလုံးဖြစ်ပါတယ်။

တနိုင်ငံလုံး လူထုတိုက်ပွဲကြီးတွေ ဟိန်းဟိန်းညံနေပြီး ဒီမိုကရေစီရရှိရေးအတွက် ကြွေးကြော်သံတွေ ပဲ့တင်ဝေနေဆဲ၊ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေးတောင်းဆိုသံတွေ တခဲနက် ညံစည်နေဆဲမှာ ပြည်သူလူထုကြီးတရပ်လုံးရဲ့ ဆန္ဒစစ်၊ ဆန္ဒမှန်တွေကို မျက်ကွယ်ပြုပြီး၊ စစ်အာဏာရှင်စနစ်ကို ဆက်လက်ထိမ်းသိမ်းကာကွယ်ဖို့ ထပ်ဆင့်အာဏာသိမ်းမှုအဖြစ် စစ်တပ်က အာဏာကို သိမ်းယူလိုက်တာဖြစ်ပါတယ်။ ထူးခြားတာကတော့ တခြားသော အာဏာသိမ်းမှုများလို တည်ဆဲအစိုးရကို ဖြုတ်ချဖမ်းဆီး ထိန်းသိမ်းပြီး၊ တည်ဆဲအစိုးရရဲ့ ဆိုးဝါးမှုတွေကို ဖော်ထုတ်ရှုတ်ချ အပြစ်တင်ပြီး အာဏာသိမ်းတာမဟုတ်ပဲ၊ တည်ဆဲအစိုးရ အာဏာရှင် ထိပ်သီးကြီးများကို အကာအကွယ်ပေးဖို့ စောင့်ရှောက်ဖို့ အာဏာသိမ်းလိုက်ခြင်းပဲဖြစ်ပါတယ်။ စစ်အုပ်စုကိုကာကွယ်ဖို့ စစ်တပ်ကနေအာဏာသိမ်းလိုက်တဲ့ ထပ်ဆင့်စစ်အာဏာသိမ်းမှုကြီးပဲဖြစ်ပါတယ်။

စစ်ချီသံတွေနဲ့ ညာသံပေးပြီးတက်လာခဲ့တဲ့ စစ်အစိုးရဟာ အာဏာကိုသိမ်းယူလိုက်ပြီဆိုတဲ့ ကြေညာချက်နဲ့အတူ လူထုအုံကြွမှုကြီးကိုလည်း အကြမ်းဖက် ပစ်ခတ်ဖြိုခွင်းပြီး ရက်ရက်စက်စက်သတ်ဖြတ် နှိပ်ကွပ်မှုတွေ ဒရမန်းကြမ်း ဆင်နွှဲပါတော့တယ်။ တွေ့ရာမြင်ရာ လူအုပ်စုမှန်သမျှကို ပစ်ခတ်သတ်ဖြတ် နှိမ်နင်းပါတော့တယ်။ သံချပ်ကာကားကြီးတွေနဲ့ အတင်းဝင်ရောက် ရှင်းလင်း သုတ်သင် ဖယ်ရှားတာတွေ လုပ်သလို၊ လက်နက်ကိုင်တပ်ကြီးတွေအသီးသီးနဲ့ လမ်းတကာ၊ ရပ်ကွက်တကာကို ပစ်ခတ်မွှေ့ရမ်းတာတွေ ဆက်တိုက်လုပ်ဆောင်ပါတယ်။ စစ်တပ်ရဲ့ ပစ်ခတ်ဖြိုခွင်းမှုကြောင့် ရန်ကုန်မြို့မှာ ရာပေါင်းများစွာ သေကြေဒဏ်ရာကြသလို တပြည်လုံး နေရာအနှံ့မှာလည်း ပြည်သူလူထုတွေ၊ ဒီမိုကရေစီရေးလှုပ်ရှားသူတွေ အမြောက်အများ သေကြေထိခိုက် ဒဏ်ရာရခဲ့ရပါတယ်။ စက်တင်ဘာလ (၁၈) ရက်နေ့ညနေကစပြီး တညလုံး ပစ်ခတ်ဖြိုခွင်း ရှင်းလင်းမှုတွေလုပ်သလို၊ (၁၉) ရက် (၂၀) ရက်တွေမှာလည်း ထွက်ပေါ်ခဲ့တဲ့ လှုပ်ရှားမှုမှန်သမျှကို ဆက်တိုက် ပစ်ခတ်ဖြိုခွင်းပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးကို အငြိုးတကြီး ဖြိုခွင်းနှိမ်နင်းပါတော့တယ်။

ဒါကြောင့် ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ အဆုံးသတ်အောင်ပွဲရခါနီး နောက်ဆုံးချိန်မှာ အဆုံးသတ်အောင်ပွဲကို မရရှိခဲ့ရပဲ စစ်တပ်ရဲ့ အကြမ်းဖက်ဖြိုခွင်းမှုအောက် စက်တင်ဘာ (၁၈) ရက်နေ့မှာ အဆုံးသတ်ခဲ့ရပါတယ်။ ရှစ်လေးလုံးနေ့ကနေစပြီး ရေတွက်မယ်ဆိုရင် တလခွဲနီးပါး၊ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ နိဒါန်းသဖွယ်ဖြစ်တဲ့ ဖုန်းမော်အရေးအခင်းကနေ စတင်ရေတွက်မယ်ဆိုရင် (၆) လကျော် ကြာမြင့်ခဲ့ပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့ နှစ် (၅၀) မြောက်၊ ၁၃၅၀ ပြည့်နှစ်အတွင်းမှာ ပေါ်ထွန်းခဲ့ရတာဖြစ်တဲ့အတွက် "၁၃၅၀ ပြည့် အရေးတော်ပုံကြီး" လို့လည်း ခေါ်ဝေါ် နိုင်ပါတယ်။

ကာလရက်တာ အရှည်ကြာဆုံးဖြစ်သလို၊ လူတန်းစားအလွှာမျိုးစုံ အစုံလင်ဆုံးဖြစ်ခဲ့သလို၊ ပြည်နယ် ပြည်မ တောရောမြို့ပါမကျန် ဒေသစုံ ပြည်လုံးကျွတ်အရေးတော်ပုံကြီးဖြစ်သလို မဆလ တပါတီအာဏာရှင်စနစ်ကို မြေမြှုပ်ပစ်လိုက်တဲ့ အရေးတော်ပုံ၊ အုပ်စိုးသူ သမတ (၃) ဆက်ကို တဆက်ပြီးတဆက် ပြုတ်ကျသွားစေခဲ့တဲ့ အရေးတော်ပုံကြီးလည်းဖြစ်ပါတယ်။ သားသတ်သမား ဦးစိန်လွင်ဟာ (၁၅) ရက်ပဲခံခဲ့သလို၊ အပျော့ဆွဲ ဒေါက်တာမောင်မောင် ဟာလည်း လပိုင်းပဲခံခဲ့ရတဲ့ အရေးတော်ပုံကြီးဖြစ်ပါတယ်။ ဗမာပြည်သမိုင်းမှာ ရွှေစာလုံးနဲ့ မော်ကွန်းထုထားရမယ့် အရေးတော်ပုံတကာတို့ရဲ့ ထိပ်ခေါင်ဖြစ်ပါတယ်။

ဒီအရေးတော်ပုံကြီးကနေ သမဂ္ဂပေါင်းအမြောက်အများကို မွေးဖွားပေးခဲ့ပါတယ်။ သပိတ်မှောက်ကော်မီတီမျိုးစုံကို ပေါ်ထွန်းစေခဲ့ပါတယ်။ သတင်းစာ၊ စာနယ်ဇင်းမျိုးစုံကို ပေါ်ပေါက်စေခဲ့ပါတယ်။ ကြေညာချက်၊ ထုတ်ပြန်လွှာ၊ ပိုစတာမျိုးစုံကနေ ဟာပြောပွဲ ရင်ဖွင့်ပွဲ ဟစ်တိုင် စင်မြင့် မျိုးစုံအထိ ပေါ်ပေါက်စေခဲ့ပါတယ်။ လူထုလှည့်လည်ချီတက်ဆန္ဒပြပွဲအမျိုးမျိုး၊ သေနတ်၊ ဘက်နက်၊ နံပါတ်တုတ်အမျိုးမျိုးကြား ရဲရဲဝင့်ဝင့်အသေခံစွန့်လွှတ်အနစ်နာခံ တိုက်ပွဲဝင်ကြတာတွေ အလီလီ၊ အစာတော်ခံတိုက်ပွဲ ဆင်ကြတာတွေအဖုံဖုံနဲ့ အမျိုးမျိုးသော လူထုတိုက်ပွဲ သဏ္ဍာန်ပေါင်းစုံတို့ကိုလည်း အံ့နဲ့ကျင်းနဲ့ ဖြစ်ထွန်းပေါ်ပေါက်စေခဲ့ပါတယ်။ အသက်စွန့်လွှတ် အသေခံသွားကြတဲ့ အာဇာနည်ပေါင်း မြောက်များစွာကို ဖြစ်ပေါ်စေခဲ့သလို၊ မပြီးဆုံးသေးသော ဒီမိုကရေစီအရေးတော်ပုံကြီးအတွက်၊ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုအတွက်၊ လာလတ္တံ့သော အမိနိုင်ငံတော်ကြီးရဲ့ အကျိုးစီးပွားအတွက် နိုင်ငံ့သားကောင်း၊ သားသမီးကောင်းများစွာ၊ နိုင်ငံ့ နိုင်ငံရေးခေါင်းဆောင်ပေါင်းများစွာကိုလည်း မွေးဖွားသန့်စင်ပေးခဲ့ပါတယ်။ တပါတီအာဏာရှင်စနစ်ကို မြေမြှုပ်ပေးလိုက်ပြီး၊ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်နိဒါန်းတည်ပေးလိုက်ပါတယ်။

## စစ်အာဏာရှင်စနစ်၊ တပါတီအာဏာရှင်စနစ် (၂၆) နှစ်တာ နိဂုံးချုပ်

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ကနေ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ (၁၈) ရက်နေ့အထိ (၂၆) နှစ်တာကျော် ဗမာပြည်နိုင်ငံရေးသမိုင်းဟာ စစ်အာဏာရှင်အုပ်စိုးမှုသမိုင်း၊ တပါတီအာဏာရှင်စနစ် အုပ်စိုးမှုသမိုင်းဖြစ်ပါတယ်။ ဗမာပြည်ကြီး တပြည်လုံး ပြည်သူလူထုတရပ်လုံး အမှောင်ဖုံးခဲ့ရတဲ့ အမှောင်ခေတ်ညတာရှည်ကြီးဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီ စစ်အာဏာရှင်စနစ် အုပ်စိုးမှုကနေ၊ ဘောင်းဘီချွတ် ဦးနေဝင်း ဦးဆောင်တဲ့ မဆလ တပါတီအာဏာရှင်စနစ် အုပ်စိုးမှုအထိ (၂၆) နှစ်တာကျော်

ကာလတလျှောက်လုံးဟာ စစ်အာဏာရှင်စနစ် အုပ်စိုးမှုချည်းဖြစ်ပါတယ်။ တဦးတည်းသော ပြိုင်ဘက်မရှိ အာဏာရှင်ထိပ်သီးကြီးကတော့ ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ပဲဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ဟာ စစ်အာဏာရှင်စနစ်ကို အခိုင်အမာတည်ထောင်၊ အခိုင်အမာတည်ဆောက်ပြီး၊ အခိုင်အမာကျင့်သုံးခဲ့တဲ့ အပြင် နောင်အနာဂတ်ဗမာပြည် သမိုင်းအဆက်ဆက်အထိ စစ်အာဏာရှင်စနစ်ကို ဆက်လက် အမြစ်တွယ် ရှင်သန်ကျန်ရစ်အောင် ဖန်တီးခဲ့သူဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ဟာ စစ်အာဏာရှင်ကြီးအဖြစ် ပြိုင်ဘက်မရှိ ထင်သလိုချယ်လှယ် အုပ်စိုးခဲ့ရာမှာ စစ်တပ်ကို တလက်ကိုင်ဖြစ်အောင်၊ စစ်တပ်ကို လူထုအပေါ်ကရှိတဲ့တပ်ဖြစ်အောင် အမျိုးမျိုး ပုံသွင်းဖျက်ဆီးခဲ့ပြီး တဖက်က စစ်ထောက်လှမ်းရေးကို လက်ရုံးအဖြစ်အားပြုကာ ဖောက်ပြန်တဲ့အောက် လမ်းနည်းအမျိုးမျိုးနဲ့ တိုင်းပြည်ကို အုပ်စိုးမင်းမူနိုင်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ဟာ စစ်အာဏာရှင်ကြီးအဖြစ် အုပ်စိုးရာမှာ သူ့အာဏာကို ရေရှည်ဆုပ်ကိုင်ထားနိုင်ဖို့၊ သူ့စစ်တပ်အတွင်းက သူ့လူတွေကိုသော်တောင်မှ သူနဲ့ခြေရာတိုင်းလာမယ့်သူ၊ ပေါ်လွင်ထင်ရှားလာမယ့်သူကို အမြဲတမ်း ဒေါက် ထောက်ကြည့်နေခဲ့ပြီး လက်မြန်ခြေမြန် ဖယ်ရှားတတ်သူဖြစ်ပါတယ်။ သူ့ကိုမော်မကြည့်ဝံ့အောင်လုပ်ထား ရင်း ဖြုတ်ထုတ်ပေါ်လစီကို အစဉ်တစိုက် ကျင့်သုံးသွားတတ်သူလည်းဖြစ်ပါတယ်။ ဒါကြောင့် သူနဲ့အတူ တွဲပြီးလုပ်ခဲ့ကြသူ တော်လှန်ရေးကောင်စီဝင်ဆိုသူ၊ မဆလ အစိုးရအဖွဲ့ဝင်ဆိုသူ၊ မဆလ ထိပ်သီးဆိုသူ အများ စုကြီးဟာ တယောက်ပြီး တယောက် အာဏာပလ္လင်ပေါ်ကနေ ကန်ချခြင်းခံကြရပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ရဲ့ ဖြုတ်ထုတ်ပေါ်လစီအောက် ပါသွားသူတွေကို တန်းစီကြည့်မယ်ဆိုရင် သူ့ညာလက်ရုံးဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်အောင်ကြီး ကနေ ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးချစ်မြိုင်၊ ဗိုလ်မှူးချုပ်တင်ဖေ၊ ဗိုလ်မှူးကြီးမောင်ရွှေ၊ ဗိုလ်မှူးကြီးစိန်မြ၊ ဗိုလ်မှူးချုပ် စိန်ဝင်း (ဖိအားပေးနုတ်ထွက်ခိုင်း)၊ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဗိုလ်မှူးကြီး သန်းစိန်၊ ဗိုလ်မှူးကြီး ထွန်းလင်း၊ ဗိုလ်မှူးကြီး ကျော်ဇော၊ ဗိုလ်မှူးချုပ်တင်ဦး (ထောက်လှမ်းရေး)၊ ဗိုလ်မှူးကြီး ဘိုနီ (ထောက်လှမ်းရေး) စတဲ့ စစ်တပ်ထိပ်သီးကြီးတွေကိုတွေ့ရပါမယ်။ ဗိုလ်မှူးကြီးကြည်မောင်၊ ဗိုလ်မှူးကြီး တန်ယုဆိုင် တို့လည်းပါခဲ့ပါတယ်။ သူ့စစ်တပ်ထဲက သူ့လက်အောက်တွေမှမဟုတ် သူ့ကိုမွေးမြူခဲ့တဲ့၊ သူ့ကိုပစားပေးခဲ့ကြတဲ့ သူ့ဆရာရင်း၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဦးနုတို့ကိုလည်း ပြတ်ပြတ်သားသား ကန်ထုတ် ပြခဲ့ပါတယ်။ အာဏာနဲ့ပတ်သက်ရင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါ် ဦးနေဝင်းဟာ ဘယ်သူ့ကိုမှ ချမ်းသာမပေးပဲ ပြတ်ပြတ်သားသား လုပ်ဆောင်နိုင်သူ၊ လုပ်ဆောင်ဝံ့သူဖြစ်တဲ့အပြင်၊ အဲဒီကာလရဲ့ ပြည်တွင်းအခြေအနေ၊ နိုင်ငံတကာအခြေအနေတွေကလည်း သူ့အတွက် မျက်နှာသာပေးခဲ့သလို၊ အခွင့်အလမ်းပေးသလို ရှိခဲ့တဲ့ အတွက် စစ်တပ်ဒေါက်၊ ထောက်လှမ်းရေး တပ်ဒေါက်တွေနဲ့ (၂၆) နှစ်ကျော်ကြာ ကောင်းကောင်း အုပ်စိုး မင်းမူနိုင်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းအနေအထားအရ အဓိက အတိုက်အခံအင်အားစုအသီးသီးဟာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ စစ်အစိုးရကို စစ်ရေးနည်းအရ ပြုတ်ကျသွားအောင် မတိုက်ခိုက်နိုင်ခဲ့ကြ သလို၊ မြေပေါ်နိုင်ငံရေးပါတီ အဖွဲ့အစည်းများဟာလည်း ၁၉၆၄ ခုနှစ်နောက်ပိုင်း (တည်ရှိခွင့်မရတော့တဲ့ နောက်ပိုင်း) ဘယ်လိုပုံသဏ္ဍာန်နဲ့မှ ပြန်လည်ခေါင်းထူလာနိုင်ခြင်းမရှိတော့တဲ့အတွက် စစ်အစိုးရဟာ စစ်အာဏာရှင်စနစ်ကို ပြောင်ပြောင်တင်းတင်း ကျင့်သုံးခွင့်ရခဲ့ပါတယ်။ ထင်သလိုလုပ်ဆောင်နိုင်ခွင့် တဖက် သတ်ရယူနိုင်ခဲ့သလိုဖြစ်ခဲ့ပါတယ်။ ဗိုလ်နေဝင်း ဟာ အဲဒီအနေအထားကို ကောင်းကောင်း သိမြင်နားလည် ထားပြီး မြေပေါ်မှာ ဘယ်နိုင်ငံရေးပါတီအမျိုးအစားကိုမှ တည်ရှိခွင့်မပေးပဲ မဆလထဲလာရင်လာ၊ ဘေးမှာ ထိုင်ရင်ထိုင်၊ ဒါမှမဟုတ်ရင် အစိုးရကို ဆန့်ကျင်တိုက်ခိုက်ချင်ရင် တောထဲသွားဆိုတဲ့ လမ်းကြောင်းတခုတည်း ပဲ ဖွင့်လှစ်ထားခဲ့ပါတယ်။ ဒါကြောင့် မြေပေါ် နိုင်ငံရေးမှာ လူထုတိုက်ပွဲတွေကလွဲလို့ တရားဝင် နိုင်ငံရေးလှုပ်

ရှားမှုတွေ ချုပ်ငြိမ်းသွားခဲ့ရပြီး၊ လက်နက်ကိုင်တိုက်ပွဲ စစ်မျက်နှာတခုတည်းကိုပဲ အဓိက ပုံအောတိုက်ပွဲဆင်နိုင်ခဲ့ရင်း စစ်အုပ်စုဟာ အသာစီးရခဲ့တာဖြစ်ပါတယ်။

နိုင်ငံတကာ့အခြေအနေကလည်း ဂိုဏ်းကြီး (၂) ဂိုဏ်းတိုက်ပွဲအတွင်း စစ်အာဏာရှင်တွေ အသက်ရှုပေါက်ချောင်ခဲ့တဲ့ ခေတ်ကာလကြီးဖြစ်ပါတယ်။ ဗမာပြည်အပါ အာရှ–အာဖရိက၊ လက်တင်အမေရိကနိုင်ငံတွေမှာ စစ်အာဏာသိမ်းမှုတွေ၊ စစ်အာဏာရှင်ကြီးတွေ ပေါ်ထွန်းနိုင်ခွင့်ရခဲ့ကြပါတယ်။ ဗိုလ်နေဝင်းစစ်အာဏာသိမ်းတဲ့ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလဟာ စစ်တပ်အာဏာသိမ်းမှု ရေပန်းစားတဲ့ကာလ၊ တနည်းအားဖြင့် ကမ္ဘာမှာ စစ်အာဏာသိမ်းမှု ရေစီးကြောင်းကာလဖြစ်ပါတယ်။

ပေါ်ထွက်လာတဲ့ စစ်အာဏာသိမ်းမှုနဲ့ စစ်အာဏာရှင်တွေကို အရင်းရှင်အုပ်စု အနောက်ကမ္ဘာကလည်း ပြတ်ပြတ်သားသား မဆန့်ကျင်ကြသလို၊ ဆိုရှယ်လစ်အုပ်စု၊ အရှေ့ကမ္ဘာကလည်း ပြင်းပြင်းထန်ထန် ရှုတ်ချသမှုမပြုကြပါ။ အုပ်စု (၂) စု လွန်ဆွဲပွဲမှာ ကိုယ့်အုပ်စုဘက် ပါဝင်လာရေး မျက်စပစ်ကြ၊ သိမ်းသွင်းကြ၊ စည်းရုံးမှုတွေတောင် အပြိုင်အဆိုင်လုပ်ပြကြပါတယ်။ ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ပြီး စစ်အာဏာရှင်စနစ်ထူ ထောင်တော့လည်း ဘယ်သူကမှ အပြစ်မတင်ခဲ့ကြပါ။ စည်းရုံးရေးအမြင်နဲ့ ဝိုင်းဝန်း ကျောထောက်နောက်ခံပြုပေးတာတောင် အဆစ်ရခဲ့ပါသေးတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဟာ တကမ္ဘာလုံးမှာ ရေပန်းစားဆဲနဲ့ ဗမာပြည်မှာ လွတ်လပ်ရေးရဲ့ မျှော်လင့်ချက်ဖြစ်ခဲ့တဲ့ 'ဆိုရှယ်လစ်ရေး' ဆိုတာကို ကောက်ကိုင်ပြီး၊ အတုအယောင် 'ဆိုရှယ်လစ်' ဆိုင်းဘုတ်ကို ကောက်ချိတ်ပြပြီး၊ မဆလ တပါတီအာဏာရှင်စနစ်ကို ထူထောင်ပြခဲ့ပါတယ်။ ဆိုရှယ်လစ်ရေး မက်လုံးနဲ့ ပြည်တွင်းနိုင်ငံရေးအင်အားစုတွေကို မက်လုံးပေး လိမ်ညာသိမ်းသွင်းတာတွေ လုပ်ခဲ့သလို ပြည်သူလူထုကြီးတရပ်လုံးအပေါ်လည်း လိမ်ညာဖျားယောင်းခဲ့ပါတယ်။ တောတွင်းလက်နက်ကိုင် အင်အားစုတွေကိုပါ လိမ်ညာလှည့်ဖျားနိုင်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိရှိတဲ့ တောတွင်းနိုင်ငံရေးအင်အားစုတွေကို (စောဟန်တာသာမွေးအစုကလွဲလို့) အောင်မြင်အောင် လှည့်ဖျားနိုင်ခြင်းမရှိခဲ့ပေမယ့်၊ ပြည်တွင်းကမခိုင်မာတဲ့ နိုင်ငံရေးအင်အားစုများကိုတော့ အထိုက်အလျောက် အောင်မြင်အောင် သိမ်းသွင်းနိုင်ခဲ့ပါတယ်။

ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ပြီး စစ်အာဏာရှင်စနစ်နဲ့ စစ်ခေးပြုလမ်းစဉ်ကို စစ်တပ်လက်ကိုင်နဲ့ ထင်သလို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပြည်သူပိုင်ဆိုင်းဘုတ်နဲ့ စီးပွားရေးလုပ်ငန်းမှန်သမျှကို သိမ်းပိုက်တာ၊ ချုပ်ကိုင်တာ၊ ထင်သလိုပြုတာတွေလုပ်ဆောင်ခဲ့ပါတယ်။ ဖောက်ပြန်တဲ့ စီးပွားပေါ်လစီအမျိုးမျိုးချမှတ်ပြီး၊ တိုင်းပြည်ရဲ့စီးပွားရေးတခုလုံးကို ဖျက်ဆီးခဲ့ပါတယ်။ စစ်တပ်ဗျူရိုကရက် အရင်းရှင်စနစ်ကို ချမှတ်ကျင့်သုံးနိုင်ခဲ့ပါတယ်။ အလုပ်သမားတွေ ခါးကော့အောင်ခံကြရပြီး လယ်သမားတွေ နလံမထူနိုင်အောင် ဒုက္ခရောက်ကြရင်း ပြည်သူလူထုတရပ်လုံး အကြပ်အတည်းပေါင်းစုံ ဆိုက်ခဲ့ကြရပါတယ်။ သတ်ဖြတ်ဖိနှိပ် အကြမ်းဖက် ခြိမ်းခြောက်တဲ့နည်းရော၊ လိမ်ညာမှိုင်းတိုက် ချော့မြူဖျားယောင်းတဲ့နည်းပါ ဖောက်ပြန်တဲ့ တန်ပြန်တော်လှန်ရေးနည်းနာနှစ်ခုလုံးကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးပြီး စစ်အာဏာရှင်စနစ်ကြီးကို တည်ဆောက်ခဲ့ပါတယ်။

စစ်အစိုးရတက်လာစကတည်းက သွေးချောင်းစီးအောင် သတ်ဖြတ်ပွဲတွေ အဆက်မပြတ်လုပ်ဆောင်လာခဲ့ပြီး မဆလ တပါတီအာဏာရှင်စနစ်ကြီးကို နိဂုံးချုပ်ပေးရချိန်အထိ သတ်ဖြတ်ပွဲကြီးတွေကို ရက်ရက်စက်စက် ဖော်ဆောင်သွားခဲ့ပါတယ်။

တော်လှန်ရေးကောင်စီခေတ် (၁၂) နှစ်၊ မဆလခေတ် (၁၄) နှစ်ကျော်၊ ပေါင်း (၂၆) နှစ်တာကျော် စစ်အာဏာရှင်စနစ်ခေတ်ကြီးအတွင်း စစ်အစိုးရ၊ စစ်အုပ်စု မဖိနှိပ်ဖူးတဲ့ လူတန်းစား၊ မဖိနှိပ်ဖူးတဲ့လူမျိုးစု မရှိသ လောက်ဖြစ်ခဲ့ပါတယ်။ ရဟန်းသံဃာတော်တွေတောင် အလွတ်မပေးခဲ့ပါ။ ဗမာပြည်မှာ စစ်အစိုးရရဲ့

ရက်ရက်စက်စက် သတ်ဖြတ်ဖိနှိပ်တာ အခံရဆုံးကတော့ ကျောင်းသားထုဖြစ်ပါတယ်။ တက်လာစကတည်းက အစုလိုက်အပြုံလိုက် သွေးချောင်းစီးအောင် သတ်ဖြတ်ခဲ့တာ၊ တပါတီအာဏာရှင်စနစ် ဖျက်သိမ်းပါတော့မယ်ဆိုတဲ့ နောက်ဆုံးကာလအထိ သွေးစက်ချင်းပေါင်း၊ သွေးကြောင်းချင်းဆက်၊ သွေးကွက်ချင်း အိုင်ထွန်း ချောင်းပေါက်ခဲ့ရတဲ့တိုင် ဖြစ်ခဲ့ပါတယ်။

စစ်အစိုးရကို ဆန့်ကျင်တွန်းလှန် အံတုဖြိုချကြတဲ့ တိုက်ပွဲတွေဟာလည်း တောက်လျှောက်ပေါ်ထွန်းခဲ့ပါတယ်။ သပိတ်တိုက်ပွဲနည်း၊ အရေးအခင်းနည်း၊ မြေအောက်လှုပ်ရှားမှုနည်း စတဲ့ စတဲ့ လူထုတိုက်ပွဲနည်းနာပေါင်းစုံနဲ့ ပြန်လှန်ဆန့်ကျင်တိုက်ပွဲဆင်ကြတာတွေ ပေါ်ပေါက်ခဲ့သလို၊ စစ်အစိုးရတွင်း၊ စစ်တပ်တွင်းကနေ လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်တာတွေ၊ ဖြိုချဖယ်ရှားပြောင်းလဲပစ်ဖို့ ကြံစည်လှုပ်ရှားကြတာတွေအထိလည်း ပေါ်ပေါက်ခဲ့ပါတယ်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလူထုတိုက်ပွဲ၊ စစ်အာဏာရှင်စနစ်ဖယ်ချဖြိုဖျက်ရေးလှုပ်ရှားမှုတွေကို တန်းစီကြည့်လိုက်မယ်ဆိုရင်၊ ၁၉၆၂ (၇) ရက်ဇူလိုင်ကျောင်းသားအရေးတော်ပုံ၊ ၁၉၆၇ စစ်တွေဆန်လုပွဲ၊ ၁၉၆၉ ကျွန်းဆွယ်အရေးအခင်း၊ ၁၉၆၉ ကျောင်းသားပွဲတော်အရေးအခင်း၊ ၁၉၇၀ တက္ကသိုလ်ရွှေရတုလှုပ်ရှားမှု၊ ၁၉၇၄ ဇွန် (၆) အလုပ်သမားသပိတ်ကြီး၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်း၊ ၁၉၇၅ ဇွန် (၆) အလုပ်သမားသပိတ် နှစ်လည်ကျောင်းသားသပိတ်၊ ၁၉၇၆ မှိုင်းရာပြည့်အရေးအခင်း၊ မီးမောင်းလှုပ်ရှားမှု၊ ဗိုလ်ကြီးအုံးကျော်မြင့်ရဲ့ လုပ်ကြံရေးလှုပ်ရှားမှု၊ မန်းငွေအောင်–မန်းဒါဝိတ်တို့ရဲ့ လုပ်ကြံရေးအကြံအစည် လှုပ်ရှားမှုတွေ၊ ၁၉၇၈ ခုနှစ် ဗကပ ယူဂျီလှုပ်ရှားမှု၊ ၁၉၈၂ ဗကပ ယူဂျီလှုပ်ရှားမှု၊ မန်းငွေအောင် ကွန်မန်ဒိုလှုပ်ရှားမှု စတာတွေကို ဆက်တိုက်တွေ့မြင်ရမယ်ဖြစ်ပါတယ်။

၁၉၇၆ ခုနှစ်နောက်ပိုင်းမှာ အုံနဲ့ကျင်းနဲ့ ပေါ်ပေါက်လာခဲ့တဲ့ လူထုတိုက်ပွဲလှုပ်ရှားမှုကြီးတွေ ယာယီရပ်ဆိုင်းငြိမ်သက်သွားခဲ့ရပေမယ့်၊ ငြိမ်သက်သွားသယောင်ဖြစ်ခဲ့ပေမယ့်၊ ရပ်ဆိုင်းငြိမ်သက်သွားခဲ့ရသမျှ အတိုးချပြီး ပေါက်ကွဲထွက်ပေါ်လာခဲ့လေသလားထင်ရလောက်အောင် ၁၉၈၈ ခုနှစ်ထဲမှာ ဖုန်းမော်အရေးအခင်းကနေ၊ တံတားနီအရေးအခင်း၊ မြေနီကုန်းအရေးအခင်းတွေအလယ်၊ ရှစ်လေးလုံး အရေးတော်ပုံကြီးအထိ တဆက်တစပ်တည်းသော ၁၃၅၀ ပြည့် အရေးတော်ပုံကြီး တုန်ဟီး မြည်ကြွေး ပေါ်ထွန်းလာခဲ့ပါတယ်။ ကျောင်းသားတွေက စတင်ဖောက်ခွဲခဲ့ပြီး ကျောင်းသားတွေက ခေါင်းဆောင်ကာ ကျောင်းသားပြည်သူ လက်တွဲနိုင်ခဲ့ကြရင်း၊ တပြည်လုံးလက္ခဏာဆောင်တဲ့ မဟာအရေးတော်ပုံကြီးအဖြစ် ပေါက်ကွဲပေါ်ထွက်လာခဲ့ရပါတယ်။ ဒီအရေးတော်ပုံကြီးဟာ ၁၉၆၂ ခုနှစ် (၇) ရက်ဇူလိုင်အရေးတော်ပုံကနေ တဆက်တစပ်တည်း ပေါ်ထွက်လာခဲ့ကြတဲ့ အရေးတော်ပုံတွေ၊ သပိတ်တွေ၊ အရေးအခင်းတွေ၊ လှုပ်ရှားမှုတွေအားလုံးရဲ့ အဆက်၊ စစ်အစိုးရဆန့်ကျင်ရေး လူထုတိုက်ပွဲအားလုံးရဲ့ အဆက်ဖြစ်ပါတယ်။

စစ်အစိုးရဟာ စီးပွားရေး၊ နိုင်ငံရေး အကြပ်အတည်းတွေ ကြုံတွေ့လာရတဲ့အတွက် ဒီအကြပ်အတည်းတွေကို လမ်းလွှဲပစ်နိုင်ဖို့ လူမျိုးရေးအဓိကရုဏ်းနည်းတွေနဲ့ လမ်းကြောင်းလွှဲပစ်ဖို့ အားထုတ်ကြိုးပမ်းခဲ့တာတွေလည်းရှိပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ တရုတ်–ဗမာ အဓိကရုဏ်းနဲ့ ၁၉၈၈ ခုနှစ်ထဲမှာ ပေါ်ပေါက်ခဲ့တဲ့ ဗုဒ္ဓဘာသာ–မူဆလင် အဓိကရုဏ်းတွေကို သာဓကအဖြစ် ကြည့်မြင်နိုင်ပါတယ်။

ပေါ်ပေါက်ခဲ့သမျှသော လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှု၊ ဒီမိုကရေစီရေးကြိုးပမ်းမှုတွေအားလုံးကို စစ်အစိုးရဟာ အကြမ်းဖက် ဖိနှိပ်သတ်ဖြတ် ဖြိုခွင်းတဲ့နည်းနဲ့ပဲ ယေဘုယျအားဖြင့် ဖြေရှင်းခဲ့ပါတယ်။

စစ်အစိုးရဟာ စစ်အာဏာရှင်စနစ် လက်တွေ့တည်ဆောက် ကျင့်သုံးနေသူပီပီ၊ စစ်တပ်ကြီးကိုလည်း အဆက်မပြတ် တိုးချဲ့တည်ဆောက်ခဲ့ရင်း တိုင်းပြည်ဘဏ္ဍာအားလုံးရဲ့ ရာခိုင်နှုန်းတော်တော်များများကို စစ်အသုံးစားရိတ်အဖြစ် သုံးစွဲပစ်ခဲ့ပါတယ်။ မတော်မတရား ဖြုန်းတီးပစ်ခဲ့ပါတယ်။ စစ်အသုံးစားရိတ်ကို

နှစ်စဉ် တိုးမြှင့်သုံးစွဲရင်း၊ နောက်ဆုံးမှာ ရာခိုင်နှုန်း (၄၀) ကျော်လောက်အထိ စစ်အသုံးစားရိတ်အဖြစ် ကျခံသုံးစွဲပစ်ခဲ့ပါတယ်။

စစ်အစိုးရဟာ တလျှောက်လုံး သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေး ကြွေးကြော်သံနဲ့ အပြုတ်တိုက်ရေးပေါ်လစီကိုပဲ ကျင့်သုံးပြီး ပြည်တွင်းစစ်ကြီးကို တိုးချဲ့ဆင်နွှဲခဲ့တဲ့အတွက် ပြည်တွင်းစစ်ကြီးဟာ အရှိန်တညီးညီး တောက်လောင်ခဲ့ပါတယ်။ အကျိုးဆက်က ပြည်တွင်းစစ်ကြီး ပိုမိုပြီးကြီးခဲ့ရပြီး လူမျိုးစုတိုင်းလောက်နီးပါး လက်နက်ကိုင်တော်လှန်ရေးတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ရှိလာခဲ့ရပါတယ်။

(၂၆) နှစ်ကျော် စစ်အုပ်စိုးမှုကာလအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲအဖြစ် တပြည်လုံးလက္ခဏာဆောင်အောင် ပြုလုပ်ခဲ့တာ ၁၉၆၃ ခုနှစ် တကြိမ်တည်းပဲရှိခဲ့ပါတယ်။ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားရပြီးတဲ့နောက်ပိုင်း ပြုလုပ်ခဲ့တဲ့ စေ့စပ်ဆွေးနွေးပွဲတွေဟာ သီးခြားစီပြုလုပ်ခဲ့တာသာဖြစ်ပါတယ်။ စစ်အစိုးရဟာ ၁၉၇၂ ခုနှစ်မှာ ကေအိုင်အေနဲ့တကြိမ်၊ ၁၉၈၀–၈၁ မှာ ကေအိုင်အေနဲ့ နောက်တကြိမ်၊ ဆွေးနွေးမှု (၂) ကြိမ် ထပ်လုပ်ခဲ့ပါတယ်။ အဓိက အတိုက်အခံနိုင်ငံရေးပါတီကြီးဖြစ်တဲ့ ဗကပ နဲ့လည်း ၁၉၈၁ ခုနှစ်မှာ လျှို့ဝှက် တွေ့ဆုံဆွေးနွေးပွဲတကြိမ် ပြုလုပ်ခဲ့ပါတယ်။ စစ်အစိုးရရဲ့ သဘောထားမမှန်ကန်မှု၊ လက်နက်ချရေးကိုပဲဦးတည်ပြီး အပေါ် စီးကနေ ခေါင်းမာမာဆုပ်ကိုင်ဆွေးနွေးမှုတွေကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှန်သမျှ တခုမှအောင်မြင်မှုမရခဲ့ပါ။ စစ်အစိုးရဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားသွားပြီးတိုင်း စစ်ရေးအရ ထိုးစစ်ဆင်မှုတွေကို တဆင့်တိုးပြီး ဆင်နွှဲခဲ့ပါတယ်။ စစ်အစိုးရ အုပ်စိုးမှုကာလတလျှောက်ဟာ စစ်ဆင်ရေးကြီးတွေ၊ ထိုးစစ်ဆင်မှုကြီးတွေ တသီတတန်းကြီးနဲ့ သေနတ်သံတွေ၊ ဗုံးသံတွေ အတောမသတ် ဖြစ်ပေါ်ခဲ့ရပါတယ်။ ပြည်တွင်းစစ်ကြီးဟာ ပိုမိုကြီးမားလာရရုံမက ပိုမိုကျယ်ပြန့် နက်ရှိုင်းလာခဲ့ရပါတယ်။

တနိုင်ငံလုံး စီးပွားရေးလုပ်ငန်းမှန်သမျှကို တဖက်က လက်ဝါးကြီးအုပ် ချုပ်ကိုင်လွှမ်းမိုးပြီး၊ စစ်တပ်ဗျူရိုကရက် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ထူထောင်ရင်း၊ တဖက်က နယ်ချဲ့ပေါင်းစုံကို မှီခိုအားပြုခဲ့ပါတယ်။ ရနိုင်သမျှနေရာပေါင်းစုံကနေ ချေးငွေ၊ ထောက်ပံ့ငွေတွေ ရယူခဲ့ပြီး မအောင်မြင်တဲ့ စီးပွားရေးစီမံကိန်းအမျိုးမျိုးအတွက် ရင်းနှီးမြှုပ်နှံရာမှာနဲ့ စစ်ရေးအသုံးစရိတ်တွေထဲ ကျခံသုံးစွဲခဲ့ပါတယ်။ တပါတီအုပ်စိုးမှုစနစ်ဖြစ်တဲ့အတွက် ဝေဖန်သူမရှိ၊ ကန့်ကွက်သူမရှိ၊ ထင်သလိုသုံးစွဲနိုင်ခဲ့ပြီး နိုင်ငံခြားကြွေးမြီတွေ အထပ်ထပ်တက်ခဲ့ရပါတယ်။ မဆလခေတ် နောက်ဆုံးအချိန်မှာ ပြည်ပကိုဆပ်ဖို့အကြွေး နိုင်ငံခြားကြွေးပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း (၄၀၀၀) ကျော်ဖြစ်သွားခဲ့ရပါတယ်။ ပြည်တွင်းကြွေးကလည်း ကျပ်သန်းပေါင်း (၁၆၀၀၀) ကျော်ရှိလာခဲ့ရပါတယ်။

နိုင်ငံခြားကုန်သွယ်မှုမှာ နှစ်စဉ်နီးပါး လိုငွေပြခဲ့သလို ပြည်တွင်းဘတ်ဂျက်လိုငွေပြမှုကလည်း နှစ်စဉ်လိုလိုဖြစ်ခဲ့ပါတယ်။ ပြည်တွင်းလိုငွေတွေကို ဖြည့်တင်းဖို့အတွက်ကတော့ မဆလ ပိုင် ဝါဇီစက်ရုံကနေ ငွေစက္ကူတွေကို တနှစ်ထက်တနှစ် အဆပေါင်းများစွာတိုးပြီး ရိုက်နှိပ်ဖြေရှင်းခဲ့တဲ့အတွက် ငွေကြေးဖောင်းပွမှုဟာ အဆမတန်ဖြစ်ပေါ်လာခဲ့ရပါတယ်။ တဖက်က ကုန်ထုတ်လုပ်မှုဟာလည်း လုံလောက်အောင် ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတဲ့အတွက် ကုန်ပစ္စည်း ရှားပါးပြတ်လပ်မှုနဲ့ ငွေကြေးဖောင်းပွမှု ပေါင်းဆက်လိုက်တဲ့အခါ ကုန်ဈေးနှုန်းတွေ တနေ့တခြား အဆမတန်တက်ခဲ့ရပါတယ်။ ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုဒဏ်၊ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်၊ ပြည်သူတရပ်လုံး ခါးကော့အောင်ခံစားကြရပါတယ်။ မဆလ ပြုတ်မကျမီနောက်ဆုံး ကုန်ဈေးနှုန်းတွေဟာ စတင် အာဏာသိမ်းစ ၁၉၆၂ ခုနှစ် ကုန်ဈေးနှုန်းတွေထက် ပျမ်းမျှ (၁၇)ဆ (၁၈) ဆ မြင့်မား ဖြစ်ပေါ်နေခဲ့ပါတယ်။

အစိုးရရဲ့ ဖောက်ပြန်ဆိုးဝါးလှတဲ့ ပေါ်လစီအရပ်ရပ်ရဲ့အောက်မှာ အဆိုးတကာ့အဆိုးဆုံးလုပ်ရပ်တခုကတော့ ကိုယ်ထုတ်လုပ်ထားတဲ့ ငွေကြေး ကိုယ့်ဟာကိုယ် တရားမဝင်ကြေညာပြီး တနိုင်ငံလုံးအပေါ် ဓားပြတိုက်မှုပဲဖြစ်ပါတယ်။ စစ်အုပ်စိုးမှု (၂၆) နှစ်အတွင်း (၃) ကြိမ် (၃) ခါတိုင်တိုင် ဓားပြတိုက်ခဲ့ပါတယ်။ ၁၉၆၄ မေလ (၁၇) ရက်နေ့မှာ ၁၀၀ တန်၊ ၅၀ တန် ငွေစက္ကူတွေကို ပထမဆုံးအကြိမ် တရားမဝင်ကြေညာပြီး လူထုဆီက ငွေကျပ် (၁.၂) ဘီလျံ သိမ်းပိုက်ခဲ့ပါတယ်။ ၁၉၈၅ နိုဝင်ဘာ (၃) ရက်မှာ ကျပ် ၁၀၀ တန် ငွေစက္ကူတွေကို တရားမဝင်ထပ်မံကြေညာပြီး ဒုတိယအကြိမ် ဓားပြတိုက်ရာမှာ ငွေကျပ်သန်းပေါင်း (၁၂၀၀) ကျော် သိမ်းပိုက် အမြတ်ထုတ်ခဲ့ပြန်ပါတယ်။ ၁၉၈၇ စက်တင်ဘာ (၅) ရက်မှာ (၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၇၅ ကျပ်တန်) ငွေစက္ကူတွေကို တရားမဝင်ထပ်ဆင့်ကြေညာပြီး လူထုဆီက ကျပ်ငွေသန်းပေါင်း (၆၅၀၀) ကျော် တတိယအကြိမ်မြောက်အဖြစ် အဓမ္မသိမ်းပိုက်ယူခဲ့ပါတယ်။ ဒီလို မတရားသဖြင့် စစ်ဓားပြတိုက် သိမ်းယူခဲ့တဲ့ကြားထဲကနေ ပြည်တွင်းပြည်ပကြွေးတွေ အထပ်ထပ်တက်လာခဲ့ရတယ်ဆိုတော့ စဉ်းစားသာကြည့်ကြပါတော့လို့ ပြောရမယ့်ကိန်းဖြစ်ပါတယ်။

မဆလ တပါတီအာဏာရှင်စနစ်အောက်မှာ ပြည်သူလူထုတရပ်လုံး ဒုက္ခရောက်ကြရပြီး အချမ်းသာဆုံး အကြွယ်ဝဆုံး ဖြစ်လာကြတာကတော့ စစ်အုပ်စုနွယ်ဝင် ထိပ်သီးကြီးများ၊ ပါတီကောင်စီ အာဏာပိုင်အဖွဲ့ကြီးများပဲဖြစ်ပါတယ်။ ပါတီကောင်စီခေတ်ကြီးအတွင်းမှာ ကုန်ဝယ်စာအုပ်နဲ့ ဈေးဝယ်စားရတဲ့ ကိုတာစနစ်၊ ရာရှင်စနစ်၊ တန်းစီတိုးစားစနစ်တွေ ပေါ်ပေါက်ခဲ့ပြီး အခြားတဖက်မှာ မှောင်ခိုဈေးကွက်ကြီး ပေါ်ပေါက်ခဲ့ရပါတယ်။

စစ်အုပ်စိုးမှုအောက်မှာ မဆလ တပါတီတည်း နိုင်ငံ့ဦးဆောင်ပါတီကြီးအဖြစ် တည်ရှိခွင့်ရှိခဲ့ရပြီး၊ မဆလ ရောကျော်အယူအဆကို နည်းအမျိုးမျိုးနဲ့ သိဒ္ဓိတင်ကာ ပြည်သူလူထုတရပ်လုံးကို လိမ်ညာမှိုင်းတိုက် အုပ်စိုးခဲ့တဲ့အတွက် ပညာရေးလောကတခုလုံး၊ စာပေ အနုပညာ ယဉ်ကျေးမှုလောကတခုလုံး အဖျက်အဆီးခံခဲ့ရပါတယ်။ ပညာရေးလောကတခုလုံး အဆင့်အတန်းနိမ့်ကျခဲ့ရသလို၊ စာပေယဉ်ကျေးမှု၊ အနုပညာလောကတခုလုံး အမှောင်ဖုံးခဲ့ရပါတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်မှန်သမျှ တစမှမကျန်ရအောင် ရိုက်ချိုးခံခဲ့ရပါတယ်။ ပညာရှင်မှန်သမျှ စစ်ဖိနပ်အောက် ကျရောက်ဖိစီးခြင်းခံခဲ့ရပါတယ်။ ဥပဒေလောကတခုလုံးက ပြောင်းကပြန်ဖြစ်ခဲ့ရသလို တရားစီရင်ရေးစနစ် တခုလုံးလည်း ပျက်စီးခဲ့ရပါတယ်။

စစ်တပ်စစ်အုပ်စုက စိတ်ကြိုက်ရေးဆွဲထားတဲ့ (၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ) ဆိုတာကြီး ပေါ်ပေါက်လာခဲ့ပြီး မဆလ တပါတီအာဏာရှင်စနစ်ကို အခိုင်အမာထူထောင် ကျားကန်ခဲ့ပါတယ်။ ၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စက္ကူစုတ်လုပ်ပစ်ခဲ့တဲ့ စစ်အုပ်စုဟာ ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုတော့ ဘုရားသခင်ဗျာဒိတ်တော်အရ ပြောင်းလဲမရသော အခြေခံမူကြီးသဖွယ် တလေးတမြတ်လုပ်ပြခဲ့ပါတယ်။ နောက်ပိုင်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှန်သမျှကို "၇၄ ခုနှစ် အခြေခံဥပဒေ" ကြီးနဲ့ပဲ ကိုင်ပေါက်ပြီး ဖျက်သိမ်းပစ်ခဲ့ပါတယ်။

အတုအယောင်ဆိုရှယ်လစ်ဝါဒနဲ့ မဆလ ပါတီကို ဖန်တီးပြီး မဆလပါတီကို မဝင်မနေရလောက်နီးနီးဖြစ်အောင် ကျုံးသွင်းလုပ်ဆောင်ခဲ့တဲ့အတွက် မဆလပါတီဝင် (၁) သန်းကျော်လောက် စာရင်းပြနိုင်ခဲ့ရာက၊ (အမတေပါတီ၊ ပြည်သူ့ပါတီဆိုတာတွေနဲ့ တဆင့်ပြီးတဆင့် လိမ်ညာတည်ဆောက်ခဲ့ရာက) နောက်ဆုံးမှာတော့ ဘယ်သူကမှ ထွက်ခွင့်တောင်းဆိုဖို့မလိုပဲ "ထွက်ခွင့်ပြုလိုက်သည်" ဆိုတဲ့ ကြေညာချက်တစောင်တည်းနဲ့ မဆလပါတီကြီး စာရွက်ပေါ်မှာ ချုပ်ငြိမ်းသွားခဲ့ပါတယ်။

နှစ်တို နှစ်ရှည် စီးပွားရေးစီမံကိန်းအမျိုးမျိုး၊ စီမံကိန်းစီးပွားရေးအမျိုးမျိုးကို နှစ် (၂၀) စီးပွားရေး စီမံကိန်းဆိုတာအထိ ခပ်တည်တည် ပြဋ္ဌာန်းချမှတ် အကောင်အထည်ဖော်ခဲ့ပြီး၊ နှစ်စဉ် နှစ်စဉ် ဂျီဒီပီရာခိုင်နှုန်း ဘယ်လောက်တိုးတက်ခဲ့တယ်ဆိုတာတွေ ဖော်ပြရင်း ဖော်ပြနေရင်းက၊ ၁၉၈၇ ခုနှစ်ထဲကျ ကမ္ဘာ့အဆင်းအရဲဆုံး နိုင်ငံစာရင်း သွတ်သွင်းဖော်ပြလိုက်ရပါတော့တယ်။ စစ်အာဏာရှင်အစိုးရရဲ့ (၂၆) နှစ်တာကျော် လုပ်ဆောင် အကောင်အထည်ဖော်လိုက်မှုဟာ အာရှမှာ အချမ်းသာအကြွယ်ဝဆုံး နိုင်ငံတခုဖြစ်ခဲ့တဲ့ ဗမာပြည်ကြီး သူတောင်းစားနိုင်ငံဖြစ်သွားရခြင်းပဲ ဖြစ်ပါတယ်။

တိုင်းပြည်ကြီးတခုလုံးက သူတောင်းစားနိုင်ငံစာရင်းဝင်သွားရပေမယ့် စစ်အာဏာရှင်စနစ်ကို ချမှတ် အကောင်အထည်ဖော် ဦးဆောင်ခဲ့သူကြီး ဦးနေဝင်း (ခေါ်) ဗိုလ်ချုပ်ကြီးနေဝင်း ကတော့ ကမ္ဘာ့ချမ်းသာ ကြွယ်ဝသူများစာရင်းမှာ စာရင်းဝင်ကြီးတယောက် ဖြစ်သွားရပါတော့တယ်။

(၂၆) နှစ်တာ စစ်အုပ်စု အုပ်စိုးမှုတခုလုံးကို ချုပ်လိုက်မယ်ဆိုရင် ပြည်တွင်းစစ်ကြီး ပိုမိုကြီးကျယ် လာခဲ့ပြီး၊ ဒီမိုကရေစီအခွင့်အရေးမှန်သမျှ တစမှမကျန်အောင် ရိုက်ချိုးခံလိုက်ရပြီး၊ တတိုင်းပြည်လုံး အဖိနှိပ် မခံရဖူးတဲ့ လူတန်းစား၊ အနှိပ်ကွပ်မခံရဖူးတဲ့ လူမျိုးစု တခုမှမကျန်တော့ပြီး၊ ဖောက်ပြန်ဆိုးဝါးလှတဲ့ တပါတီ အာဏာရှင်စနစ်ရဲ့အောက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံ ကသောင်း ကနင်း ကစဉ့်ကလျားဖြစ်ခဲ့ရကာ၊ နယ်ပယ်အားလုံးကပ်သင့်ခဲ့ရကာ၊ တတိုင်းပြည်လုံး သူတောင်းစား စာရင်း ဝင်နိုင်ငံအဖြစ် ကျရောက်သွားခဲ့ရတဲ့ မဆုံးနိုင်အောင် ရှည်လျားနက်မှောင်လှတဲ့၊ သွေးစွန်းည ညတာရှည် အမှောင်ခေတ်ကြီးဖြစ်ခဲ့ပါတယ်။

စစ်အစိုးရ အာဏာသိမ်းတက်လာစက ဖြစ်ပေါ်လာသမျှ အကြပ်အတည်းမှန်သမျှကို "စပ်ကူး မတ်ကူးကာလမို့ပါ" ဆိုတဲ့ လက်သုံးစကားနဲ့ ဆင်ခြေပေးခဲ့ပြီး ကာလတာ ဆယ်စုနှစ်ချီလာတဲ့အခါမှာတော့ "စပ်ကူးမတ်ကူး" ပြောလို့မရတော့ပဲ "မူကကောင်းပါတယ်၊ လူကြောင့်ပါ" လို့ ပြောင်းလဲပြောဆိုရင်း၊ နောက်ဆုံးမှာတော့ လူရော၊ မူရော တခုမှမကောင်းတာ ဘွားဘွားကြီးပေါ်လာခဲ့ရရင်း မဆလ တပါတီ အာဏာရှင်စနစ်ခေတ်ကြီး နိဂုံးချုပ်သွားခဲ့ရတာဖြစ်ပါတယ်။ နိဂုံးချုပ်အောင် လုပ်ဆောင်ပေးလိုက်တာက တော့ ရှစ်လေးလုံးအရေးတော်ပုံကြီးက ဖြစ်ပါတယ်။ နိဂုံးချုပ်အောင် လုပ်ဆောင်ပေးလိုက်တာကတော့ ရှစ်လေးလုံးအရေးတော်ပုံ လူထုတိုက်ပွဲကြီးဖြစ်ပါတယ်။

## ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီး သို့မဟုတ်
## ၁၃၅၀ ပြည့်အရေးတော်ပုံ



## ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီး ကို
## ဖက်ဆစ်စစ်အာဏာရှင်တို့ ဤသို့ ဖိနှိပ်ဖြိုခွင်း













လူထုခေါင်းဆောင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်



ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ
ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ
## ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈)ရက်








**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ**
**၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်**



ရှေ့တန်း (ဝဲ မှ ယာ) – ဦးလွင်၊ ဦးအေးသာအောင်၊ ဦးအောင်ရွှေ၊ ဦးသန်းထွန်း။ ဦးတင်ဦး
နောက်တန်း (ဝဲ မှ ယာ) – ဦးလှဖေ၊ သခင်စိုးမြင့်၊ ဦးလွန်းတင်၊ ဦးညွှန့်ဝေ၊ ဒေါ်အောင်ဆန်းစုကြည်

## ၁၃၅၀ ပြည့်အရေးတော်ပုံနှင့်တဆက်တစပ်တည်း
## အာဏာရ စစ်အုပ်စုထိပ်သီး သမိုင်းတရားခံကြီးများ




မဆလပါတီဥက္ကဋ္ဌ
ဦးနေဝင်း



နိုင်ငံတော်သမတ
ဦးစန်းယု



ဗိုလ်မှူးချုပ် စိန်လွင်



ဒေါက်တာမောင်မောင်



နဝတ ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးစောမောင်



နအဖ ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ



ဗိုလ်ချုပ်မောင်အေး



ဗိုလ်ချုပ်ခင်ညွန့်

# အပိုင်း (၅)
# နဝတ၊ နအဖ ခေတ်
# ၁၉၈၈ –၂၀၀၀

## နဝတ ငြိမ်ဝပ်ပိလမ်းစဉ်နဲ့ အရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးသောတိုက်ပွဲစဉ်

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှာ ပြည်သူလူထုကြီးတရပ်လုံးရဲ့ တခဲနက်ဖော်ပြနေကြတဲ့ ဒီမိုကရေစီရေးဆန္ဒကို မျက်ကွယ်ပြုပြီး၊ ဒီမိုကရေစီအရေးတော်ပုံကြီးကို သေနတ်နဲ့ဖြိုခွင်းပြီး ထပ်ဆင့်စစ်တပ်အာဏာသိမ်းခြင်းနည်းနဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ပေါ်ပေါက်လာခဲ့ပါတယ်။ နဝတအစိုးရအဖွဲ့ ပေါ်ပေါက်လာခဲ့ပါတယ်။ နဝတရဲ့ ဥက္ကဋ္ဌဟာ ဗိုလ်ချုပ်ကြီးစောမောင် ဖြစ်သလို၊ နဝတရဲ့ အစိုးရအဖွဲ့ရဲ့ အကြီးအကဲဟာလည်း ဗိုလ်ချုပ်ကြီးစောမောင် ပဲဖြစ်ပါတယ်။

တက်တက်လာချင်း ရာနဲ့ချီတဲ့ ပြည်သူလူထု အသက်သွေးမြေကျရပါတယ်။ မဲမဲမြင်ရာ အကုန်ပစ်ခတ်ဖြိုခွင်းပြီး တက်လာခဲ့တာဖြစ်ပါတယ်။ အမိန့်ကြေညာချက် ၂/၈၈ ကို ထုတ်ပြန်ကြေညာပြီး၊ ပြည်သူလူထုကြီးရဲ့ လှုပ်ရှားမှုတွေကို တားဆီးပိတ်ပင်ပါတယ်။

စက်တင်ဘာ (၁၉) ရက်နေ့မှာ ဥပဒေ (၃) ခုကို ပယ်ဖျက်ကြောင်း ကြေညာပါတယ်။ ပယ်ဖျက်လိုက်တဲ့ဥပဒေ (၃) ခုကတော့ –

(၁) ၁၉၆၄ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေ။

(၂) ၁၉၇၄ နိုင်ငံတော်ကို ဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ကာကွယ်သည့်ဥပဒေ။

(၃) ၁၉၇၄ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ထောက်ပံ့ငွေပေးရေးဥပဒေ တို့ဖြစ်ပါတယ်။

စက်တင်ဘာ (၂၂) ရက်နေ့မှာ နဝတဥက္ကဋ္ဌက "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အက်ဥပဒေ" ဆိုတာကို လက်မှတ်ရေးထိုးထုတ်ပြန်ပါတယ်။ ရွေးကောက်ပွဲကော်မီရှင်ကတော့ ဒေါက်တာမောင်မောင် ဖွဲ့စည်းပေးထားခဲ့တဲ့ ဦးဘဌေး ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ ကော်မီရှင်ပဲဖြစ်ပါတယ်။ မဆလ ဖွဲ့စည်းပေးခဲ့တဲ့အတိုင်း နဝတက ဆက်ခံလိုက်ပါတယ်။

နဝတ ဟာ တက်လာလာချင်း တပတ်လုံးလုံး စစ်ချီတေးသံတွေ နားကလောလောက်အောင် ဖွင့်ဖော်လွှင့်ထုတ်ပြရင်း သပိတ်စခန်းတွေကို ဖြိုဖျက်ပါတယ်။ ရန်ကုန်တမြို့လုံးရှိ လမ်းမကြီးတွေ၊ ရပ်ကွက်တွေတလျှောက် အခိုင်အမာ ပိတ်ဆို့ကာရံထားတဲ့ ကပ်တွေ၊ သစ်တုံးတွေ၊ စည်းရိုးဝင်းထရံတွေကို သံချပ်ကာ

ကားကြီးတွေ တသီတတန်းကြီးနဲ့ ရှင်းလင်းဖြိုဖျက် ဖယ်ရှားတာတွေလုပ်ပါတယ်။ ဂျီသရီး၊ ဂျီဖိုး မောင်းပြန် သေနတ်မျိုးစုံတွေကို အသင့်အနေအထားကိုင်ထားတဲ့ စစ်တပ်ကြီးက ဂျင်ကလိ၊ လောက်လေးခွနဲ့ လေးမြှား လက်နက်မှန်သမျှ လာရောက်အပ်နှံရမယ်လို့ လူထုကြီးကို တောင်းဆို သတိပေး အော်ဟစ်တာတွေလုပ်ပါ တယ်။ သိမ်းဆည်းထားတဲ့၊ သိုဝှက်ထားတဲ့ လက်နက်တွေ ပြန်လည်ရရှိရေးဆိုတာတွေကို လုပ်ဆောင်ပါ တယ်။ တချို့မြို့နယ် ဒေသတွေမှာဆိုရင် ရဲစခန်း၊ ရဲဌာနများက သပိတ်အတွင်း ပူးပေါင်းလာကြစဉ်က လက် နက်ခဲယမ်းမီးကျောက်တွေကို သပိတ်ကော်မီတီထံ ပေးအပ် အပ်နှံတာတွေရှိခဲ့တဲ့အတွက် လူထုလက်ထဲ ဘာလက်နက်မှမကျန်ရေးကို အရေးတကြီးလုပ်ဆောင်တာဖြစ်ပါတယ်။ ရန်ကုန်မှာလည်း ကုန်သွယ်ရေးရုံး ချုပ် အရေးအခင်းတုန်းက လက်နက်တွေအသိမ်းခံလိုက်ရတာရှိတဲ့အတွက် လက်နက်အားလုံး ပြန်လည် သိမ်းပိုက်နိုင်ရေး အရေးတကြီးလုပ်ဆောင်တာဖြစ်ပါတယ်။ လူထုလက်ထဲ လက်နက်တွေကျန်ရှိနေမှာ အစိုး ရိမ်ကြီး စိုးရိမ်ပြီး၊ ဂျင်ကလိ၊ လောက်လေးခွ၊ လေးမြှားကအစ စစ်တပ်ကို လာရောက်အပ်နှံရမယ်လို့ တောင်းဆိုနေတာဖြစ်ပါတယ်။ နယ်တွေမှာလည်း သပိတ်စခန်းတွေအားလုံးကို ဖြိုဖျက်ပြီး လက်နက်ပုန်းတွေ ဖော်ထုတ်သိမ်းဆည်း ရေးကိုလုပ်ဆောင်ပါတယ်။

တဖက်က ဗိုလ်ချုပ်ကြီးစောမောင် ကိုယ်တိုင် ရေဒီယို၊ ရုပ်မြင်သံကြားတို့ကနေ မိန့်ခွန်းရှည်ကြီးတွေ ပေးပြီး စစ်တပ်အာဏာသိမ်းလိုက်ရတာဟာ တိုင်းပြည်ရဲ့ ငြိမ်ဝပ်ပိပြားမှုအတွက် မလွှဲမရှောင်သာ တာဝန် ယူလိုက်ရတာဖြစ်ကြောင်း၊ တိုင်းပြည်ကို ကယ်တင်လိုက်ရတာဖြစ်ကြောင်း ဖြောင်လိမ်ဖြောင်စား ပြောဆိုပါ တယ်။ ကာလရှည်ကြာ အာဏာကိုရယူထားမှာမဟုတ်တဲ့အတွက် အစိုးရကို ဖွဲ့စည်းတဲ့အခါမှာ တဦးတ ယောက်တည်းစီက တာဝန်တွေ အများကြီးရယူထားတာကြည့်ရင် သိနိုင်ပါကြောင်း ဆိုတာကိုလည်း ပြော ဆိုပါတယ်။

အာဏာသိမ်းတယ်ဆိုတဲ့ အစိုးရက သူ့အရင်အာဏာရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေကိုတော့ တလုံးတပါဒမှ အပြစ်မဖို့၊ ရန်မလုပ်ပဲ၊ အာဏာရှင်အစိုးရကို ဆန့်ကျင်တွန်းလှန်ခဲ့ကြတဲ့ ပြည်သူလူထုကြီးကိုသာ ရန်လုပ် နှိပ်ကွပ်တာတွေ လုပ်တဲ့အတွက်၊ စစ်အစိုးရရဲ့ တကယ့်ရပ်တည်ချက်အမှန်ဟာ ဘာလဲဆိုတာနဲ့ ဘာကြောင့် အာဏာသိမ်းတာလုပ်ခဲ့ရတယ်ဆိုတာ တပြည်လုံးကလည်း ရှင်းရှင်းလင်းလင်း သိမြင်နေပြီးဖြစ်ပါတယ်။ ဒီမိုကရေစီအရေးတော်ပုံကြီးကို သွေးချောင်းစီးအောင် နှိပ်ကွပ်သတ်ဖြတ် ဖြိုခွင်းပြီး စစ်အုပ်စုအန္တယ်ဝင် အာဏာရှင်ထိပ်သီးတွေကို ကာကွယ်ဖို့ တက်လာရသူရဲ့ "ကျနော်တိုင်းပြည်ကို ကယ်ခဲ့တယ်" ဆိုတဲ့ပြောလုံးဟာ ပြည်သူလူထုကြီးတရပ်လုံးအတွင်း အကောင်းဆုံး ပြက်လုံးသဖွယ် ဖြစ်နေခဲ့ပါတယ်။

တတိုင်းပြည်လုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ဟိန်းဟိန်းညံအောင် အရေးတော်ပုံကြီးကို ဆင်နွှဲနေကြတုန်း အစိုးရကိုယ်တိုင် အစိုးရအာဏာစက်အားလုံး ရပ်ဆိုင်းသွားခဲ့ရပြီး အစိုးရယန္တရားကြီး တခုလုံး ဘုံးလုံးလဲကျသွားရတဲ့အထိ ဖြစ်ပေါ်နေတုန်း၊ စစ်အာဏာရှင်အစိုးရကို နှစ်ပေါင်းများစွာလက်နက် စွဲကိုင်တိုက်ပွဲဝင်လာခဲ့တဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းကြီးတွေဟာ ဘာကြောင့် စစ်အစိုးရကို လက်နက်ကိုင်နည်းနဲ့နိုင်အောင်မတိုက်နိုင်ခဲ့ကြသလဲ။ လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကို အဓိကထားပြီး တခြား လူထုတိုက်ပွဲသဏ္ဌာန်ပေါင်းစုံနဲ့ မှန်မှန်ကန်ကန် ပေါင်းစပ်ပေးရမယ်။ ပေါင်းစပ်ပေးရမယ်လို့ လမ်းစဉ် ပေါ်လစီ ချမှတ်ထားကြတဲ့ လက်နက်ကို နိုင်ငံရေးအဖွဲ့အစည်း၊ တော်လှန်ရေးအဖွဲ့အစည်းကြီးများ ဘာကြောင့်အနိုင်ရတဲ့အထိ ပေါင်းစပ်မပေးနိုင်ခဲ့ကြသလဲဆိုတာ ပြည်သူလူထုကြီးက မချင့်မရဲဖြစ်ခဲ့ရပါ တယ်။ တကယ်က တော်လှန်ရေးအဖွဲ့အစည်းအားလုံး ရှစ်လေးလုံးအရေးတော်ပုံကြီးကို ထောက်ခံအားပေး ဂုဏ်ပြုခဲ့ကြပါတယ်။ အဓိက အတိုက်အခံနိုင်ငံရေးပါတီကြီးလည်းဖြစ်၊ အကြီးဆုံးလက်နက်ကိုင် အင်အား

စုကြီးလဲဖြစ်တဲ့ ဗကပ ဟာလည်း အရေးတော်ပုံကြီးတလျှောက်လုံးမှာ အနီးကပ် ပါဝင်စောင့်ကြည့်နေခဲ့ပြီး၊ အရေးကြီးကြေညာချက်၊ ထုတ်ပြန်ချက်၊ အရေးကြီးကွေးကြော်သံ တင်ပြချက်တွေ လုပ်ဆောင်နေခဲ့သလို၊ ဗဟိုခေါင်းဆောင်ကြီးတွေကိုယ်တိုင် တိုင်ပင်ညှိနှိုင်း ဆွေးနွေးကြတာတွေ အဆက်မပြတ်လုပ်ဆောင်နေခဲ့သလို၊ စစ်ရေးအရ အရေးကြီးတိုက်ပွဲကြီးတခုကို ဖော်ဆောင်ခဲ့ကြပါတယ်။ အဲဒါကတော့ မိုင်းယန်း တိုက်ပွဲကြီးကို ဖော်ဆောင် ဆင်နွှဲခဲ့ခြင်းပဲဖြစ်ပါတယ်။ စက်တင်ဘာ (၁၁) ရက်နေ့လောက်ကစပြီး လှုပ်ရှားခဲ့ပြီး၊ စက်တင်ဘာ (၂၁) ကနေ (၂၈) ရက်နေ့အထိ (၈) ရက်တိုင်တိုင် မိုင်းယန်းသိမ်းပိုက်ရေးထိုးစစ်ကြီးကို အပြင်းအထန် ဆင်နွှဲခဲ့ပါတယ်။ စစ်တပ် ကလည်း ဗကပ စစ်ရေးလှုပ်ရှားမှုကို အဓိကထားတိုက်ဆိုတဲ့ စစ်ရေးဗျူဟာကိုချမှတ်ပြီး အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့တဲ့အတွက် နှစ်ဖက်အကျအဆုံးကြီးမားစွာနဲ့ စစ်ရေးရည်မှန်းချက် အထ မမြောက်ဖြစ်ခဲ့ရပါတယ်။ စစ်တပ်က လေကြောင်းအကူအညီ အင်အားအသာနဲ့ ပြန်လည်ခုခံတားဆီးသွားနိုင်ခဲ့ပါတယ်။ တိုက်ပွဲကြီး (၁၄) ကြိမ်၊ တိုက်ပွဲငယ် (၂၃) ကြိမ်၊ လုံးစွပ်ထိုးတိုက်ပွဲ အကြိမ် (၃၀) ဖြစ်ပွားခဲ့ရတဲ့ သမိုင်းဝင်တိုက်ပွဲကြီးတပွဲတော့ ဖြစ်သွားခဲ့ရပါတယ်။

ဗကပ တို့လိုပဲ ကေအင်ယူတော်လှန်ရေးအဖွဲ့ကြီးကလည်း လူထုတိုက်ပွဲတွေအတွက် အားဖြစ်နိုင်ဖို့ မဲသဝေါတိုက်ပွဲကြီးကို ရှုပ်ရှုပ်ချွံချွံ ဆင်နွှဲကြိုးပမ်းခဲ့ပါတယ်။ စစ်တပ်က အပြင်းအထန် ခုခံတိုက်ခိုက်တဲ့အတွက် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရပါတယ်။ မိုင်းယန်းတိုက်ပွဲရော၊ မဲသဝေါတိုက်ပွဲဟာ လူထုတိုက်ပွဲတွေနဲ့ ပေါင်းဆက်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ တိုက်ပွဲကြီးတွေဆိုတာတော့ အမှန်ပဲဖြစ်ပါတယ်။

နဝတ စစ်အစိုးရဟာ စစ်အာဏာရှင်စနစ်ကိုကာကွယ်ဖို့ အစွမ်းကုန် ဆက်လက်အားထုတ်ခဲ့ပါတယ်။ သပိတ်စခန်းတွေအားလုံးကို အပြည့်အဝ ဖြိုဖျက်ပြီးတဲ့နောက် သပိတ်ကော်မီတီတွေအားလုံးကို ပြင်းပြင်းထန်ထန် ဖမ်းဆီးနှိပ်ကွပ်နိုင်ဖို့ ကြိုးပမ်းပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် အသရေဖျက်ဖို့ကြိုးစားရင်း ပရမ်းပတာ မင်းမဲ့လှုပ်ရှားမှုအရေးအခင်းကြီးအဖြစ် ဝါဒဖြန့်ချိပြောဆိုတာလုပ်ပါတယ်။ စစ်တပ်ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးဖို့ လုပ်ဆောင်နေပါပြီ။ တာဝန်ကြီး (၄) ရပ်ရဲ့ နောက်ဆုံးစတုတ္ထတာဝန်ကြီးဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပရေးပဲဖြစ်ပါတယ်လို့လည်း တွင်တွင်ပြောဆိုပါတယ်။ လုပ်မပေးရင် မဖြစ်တဲ့အတွက် နိုင်ငံရေးပါတီများ တရားဝင် ဖွဲ့စည်းတည်ရှိပေါ်ပေါက်ခွင့်ကို ခွင့်ပြုလိုက်ရပါတယ်။ စက်တင်ဘာ (၂၇) ရက်နေ့မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေကို ဥပဒေအဖြစ် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါတယ်။ အရေးတော်ပုံကြီးရဲ့ ရလဒ်တခုအဖြစ် နိုင်ငံရေးပါတီတွေပေါ်ပေါက်လာရပါတော့တယ်။ ဒီမိုကရေစီပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ ပေါ်ထွန်းလာပါတယ်။

နဝတစစ်အစိုးရရဲ့ မတရားသဖြင့် အာဏာသိမ်းယူတက်လာမှုနဲ့ ဆက်တိုက် အကြမ်းဖက်ဖိနှိပ်လာမှုကြောင့် ပေါ်ပေါက်လာခဲ့ရတဲ့ ထူးခြားမှုကြီးတခုကတော့ စစ်အာဏာရှင်စနစ်ကို ဆက်လက်တိုက်ပွဲဆင်သွားနိုင်ဖို့အတွက် ဒီမိုကရေစီဘက်တော်သားများ အစုလိုက်အပြုံလိုက် တောခိုသွားရခြင်းပဲဖြစ်ပါတယ်။ အများစုကြီးကတော့ ကျောင်းသားလူငယ်တွေဖြစ်ပါတယ်။ သောင်းနဲ့ချီတဲ့ ကျောင်းသားလူငယ်ထု တောတွင်းရောက်ရှိသွားကြပါတယ်။ အထူးသဖြင့် ကေအင်ယူအဖွဲ့အစည်းကြီးတည်ရှိရာ မာနယ်ပလော်ဌာနချုပ်ဆီ ဦးတည်ရောက်ရှိသွားကြသလို၊ နယ်စပ်ဒေသအသီးသီးနဲ့ အိမ်နီးချင်းနိုင်ငံတွေဘက်ဆီလည်း အနှံ့အပြား ရောက်ရှိသွားရပါတော့တယ်။ အများစုက ထိုင်းနိုင်ငံဘက်ထဲရောက်ရှိသွားကြပြီး အိန္ဒိယ၊ တရုတ်နယ်စပ်တွေဆီ ရောက်ရှိသွားရသူတွေလည်း အမြောက်အများဖြစ်ခဲ့ပါတယ်။ နီးရာလက်နက်ကိုင်အင်အားစုတွေဆီ ပြေးဝင်ခိုလှုံ ရောက်ရှိသွားသူတွေလည်း အများအပြားရှိခဲ့ပါတယ်။

ကေအင်ယူ၊ ကေအိုင်အေ၊ ဗကပ၊ ပအိုဝ်း၊ ကရင်နီတော်လှန်ရေးဒေသအသီးသီးထဲ ရောက်ရှိသွားကြတဲ့ ကျောင်းသားလူငယ်တွေ၊ ဒီမိုကရေစီအင်အားစုဝင်တွေ အမြောက်အများရောက်ရှိခဲ့သလို၊ တော်လှန်ရေးအင်အားစုများကလည်း ရောက်ရှိလာကြတဲ့ ကျောင်းသားလူငယ် ဒီမိုကရေစီအင်အားစုဝင်တွေကို ကောင်းစွာ လက်ခံခဲ့ကြပါတယ်။

နဝတစစ်အစိုးရဟာ သွေးချောင်းစီးအောင်သတ်ဖြတ်ပြီး တက်လာပြီးပြီးချင်း ငြိမ်ဝပ်ပိပြားရေးဆိုတဲ့စကား အထပ်ထပ်ပြောပါတယ်။ ငြိမ်ဝပ်ပိပြားအောင်အတွက်ဆိုပြီး မာရှယ်လောစစ်ဥပဒေနဲ့ ထင်သလို အုပ်ချုပ်ပါတယ်။ အမိန့်အမှတ် ၂/၈၈ ကိုထုတ်ပြန်ပြီး လူထုလှုပ်ရှားမှုမှန်သမျှကို တားမြစ်ပါတယ်။

တဖက်ကနေ မလွဲမရှောင်သာ ဖွင့်ပေးလိုက်ရတာကတော့ နိုင်ငံရေးပါတီတွေ တရားဝင်ဖွဲ့စည်းတည်ထောင်ခွင့်ဖြစ်ပါတယ်။ တပြိုင်နက်တည်းမှာ မလွဲမရှောင်သာ မဖြေရှင်းမဖြစ်ရင်ဆိုင်လာရတာကတော့ အစုလိုက်အပြုံလိုက် ထောင်သောင်းချီပြီး တောထဲရောက်သွားကြရတဲ့ ကျောင်းသားများပြဿနာဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေ ထောင်သောင်းချီပြီး တောထဲရောက်သွားရတာ၊ အိမ်နီးချင်းနိုင်ငံတွေထဲရောက် သွားရတာဟာ စစ်အစိုးရအဖို့ အန္တရာယ်တခုဖြစ်သလို၊ အရှက်တကွဲအကျိုးနည်းစရာ ကိစ္စတခုလည်းဖြစ်နေပါတယ်။ အစကမှ မရှိတဲ့နိုင်ငံရေးဂုဏ်သိက္ခာကို ထပ်ပြီး အရှက်ခွဲခံရသလိုဖြစ်နေပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေ တောထဲရောက်မသွားစေရေးအတွက် နဝတစစ်အစိုးရဟာ 'ကျောင်းသား ကျောင်းသူများနှင့်ပတ်သက်၍ တပ်မတော်၏ သဘောထားကြေညာချက်' ဆိုတာကို ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ က စက်တင်ဘာ (၂၆) ရက်နေ့နေ့စွဲနဲ့ ထုတ်ပြန်ကြေညာပါတယ်။ ကြေညာချက်ထဲမှာ "ကျောင်းသားကျောင်းသူများအပေါ်တွင် မည်သည့်အာဃာတတရားမျှ မထားသည့်အပြင် အတိဒုက္ခရောက်စေလိုသောဆန္ဒ လုံးဝမရှိပါကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ရှောင်တိမ်းပုန်းအောင်းခြင်း၊ သောင်းကျန်းသူအဖွဲ့အစည်းများထံ ခိုလှုံရန် ကြံစည် ကြိုးစားခြင်း မဖြစ်ပေါ်စေရေးအတွက် မိဘဆရာများမှ ထိန်းသိမ်းကြပါရန် တိုက်တွန်းအပ်ပါသည်" လို့ ချော့မြှူဖော်ပြထားပါတယ်။ စစ်အစိုးရရဲ့ ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်းတက်ရောက်လာမှုကြောင့် တောထဲရောက်သွားရတာတွေကို ခပ်ပြောင်ပြောင် လည်ဆည်ဖုံးဖိပြီး၊ မသမာသူများရဲ့ သွေးဆောင်ဖျား ယောင်းမှုကြောင့် လမ်းမှားရောက်သွားရတာလို့လည်း ဖော်ပြပြောဆိုရင်း၊ နဝတစစ်အစိုးရ ပညာရေးဝန်ကြီး ဒေါက်တာဖေသိန်း ကလည်း ဒုဗိုလ်ချုပ်ကြီးသန်းရွှေ ၏ ကြေညာချက်နဲ့ တနေ့တည်း "ပညာရေးဝန်ကြီး၏ မိဘများနှင့် ကျောင်းသူကျောင်းသားများသို့ မေတ္တာရပ်ခံချက်" ဆိုတာကို ထုတ်ပြန်ပါတယ်။ ဒေါက်တာ ဖေသိန်း ရဲ့ မေတ္တာရပ်ခံချက်ဆိုတာကတော့ "ယခုအခါ ကျောင်းသူကျောင်းသားအချို့သည် မသမာသူ များ၏ သွေးဆောင်ဖျားယောင်းမှုကြောင့် လမ်းမှားသို့ ရောက်ရှိသွားသူများရှိသကဲ့သို့ လမ်းမှားသွားရောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။ ထိုသို့ လမ်းမှားသို့ တွန်းပို့သည့် မသမာသူများ၏ သွေးဆောင်မှုကို မယုံကြည်ရန်နှင့် မိဘများအနေနှင့်လည်း မိမိတို့၏ သားသမီးများအား လမ်းမှားသို့မရောက်စေရန် အချိန်မှီ ထိမ်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်" ဆိုတာဖြစ်ပါတယ်။

စစ်အစိုးရက အဲဒီလို ကြေညာလေလေ၊ နိုင်ငံတကာနဲ့ ဗမာပြည်သူလူထုအတွင်းမှာတော့ စစ်အစိုးရရဲ့ အရှက်မဲ့မှု၊ ပြောင်လိမ်ပြောင်စားနိုင်မှုဟာ ပိုပြီး ပေါ်လွင်လေလေဖြစ်လာခဲ့ပါတယ်။ ရက်စက်တဲ့နေရာမှာ လက်မရွံ့ဖြစ်ခဲ့သလို၊ လိမ်ညာလှည့်ဖျားတဲ့ နေရာမှာလည်း နှုတ်မရွံ့တွေဆိုတာ ပိုမိုပေါ်လွင်လာခဲ့ပြီး၊ လူထုရဲ့ စစ်အစိုးရပေါ် မုန်းတီးတဲ့ အမုန်းကလည်း ပိုပြီးကြီးမားလာခဲ့ပါတယ်။ နဝတဥက္ကဋ္ဌကြီး ဗိုလ်ချုပ် စောမောင်

က တက်လာလာချင်း မင်းမဲ့စရိုက်တွေ လွှမ်းမိုးပြီး ဖြစ်ချင်သလိုဖြစ်နေတဲ့ အရေးအခင်းကြီးကို တပ်မတော်က အချိန်မှီ ထိမ်းသိမ်းတာဝန်ယူလိုက်ရတာသာဖြစ်တယ်။ အဲဒီလို ထိမ်းသိမ်းတာဝန်ယူလိုက်ရတဲ့အခါမှာ သေဆုံးသူ (၁၅) ဦးသာရှိတယ်လို့ ခပ်ပြောင်ပြောင်စလိမ်ခဲ့ပါတယ်။ စစ်အုပ်စုဝင် ထိပ်သီးကြီးများကို ကာကွယ်ဖို့၊ စစ်အာဏာရှင်စနစ်ကို ဆက်လက်ထိမ်းသိမ်းကာကွယ်ဖို့ မတော်မတရား အကြမ်းဖက် အာဏာတက် သိမ်းလာခဲ့တာကိုပဲ တိုင်းပြည်ကို တပ်မတော်က ကယ်တင်ခဲ့ရတာအဖြစ် ဆက်ပြီးလိမ်ခဲ့ပါတယ်။ လူထုကြီး တရပ်လုံးရဲ့ တတိုင်းပြည်လုံးရဲ့ တခဲနက် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ အရေးတော်ပုံကြီးကို ဆူပူအကြမ်းဖက်သမား များရဲ့ မင်းမဲ့စရိုက်အရေးအခင်းကြီးအဖြစ် မသမာသူများ၊ ဆူပူသောင်းကျန်းလိုသူများက လှုံ့ဆော်ဖန်တီး ဖော်ဆောင်လိုက်တာကြောင့် ပေါ်ပေါက်လာရတဲ့ အကြမ်းဖက်အရေးအခင်းကြီးတခုအဖြစ် ပုံဖော်ရည်ညွှန်း ပြောဆိုပြီး၊ မဆလစစ်အစိုးရရဲ့ ဖောက်ပြန်ဆိုးဝါးမှုတွေကြောင့်ဆိုတာကို တလုံးတပါဒမှ ဝန်ခံခြင်းမလုပ်ခဲ့ပါ။ အဖြစ်မှန်တွေကိုဖုံးကွယ်ပြီး မဟုတ်တာတွေချည်း လိမ်ညာပြောဆိုနေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင် အပါအဝင် အာဏာသိမ်း နဝတခေါင်းဆောင်အားလုံးဟာလည်း မနေ့တနေ့ကအထိ အာဏာမသိမ်းမီက အထိ မဆလပါတီဝင် ထိပ်သီးကြီးတွေချည်းဖြစ်တဲ့အတွက် လူထုတရပ်လုံးကလည်း နဝတစစ်အုပ်စုကို မဆလ စစ်အုပ်စုရဲ့တံဆိပ် ပြောင်းကပ်ခြင်းခံရတဲ့ ချဉ်ပတ်အိုးကြီးအဖြစ်ပဲမြင်ပါတယ်။ ဒီပုတ်ထဲကပဲ ဒီပဲတွေ ချည်းလို့ သဘောထားပါတယ်။ ဗိုလ်နေဝင်း ရဲ့ ငယ်မွေးခြံပေါက်နဲ့ အိမ်တော်ပါကျွန်တွေချည်းလို့ ယူဆကြပါ တယ်။ ဒါကြောင့် မဆလ စစ်အစိုးရအပေါ် ခါးခါးသီးဖြစ်နေတဲ့ ပြည်သူလူထုဟာ နဝတ အပေါ်လည်း တူးတူး ခါးခါးပဲဖြစ်ခဲ့ပါတယ်။ ပြည်သူလူထုတရပ်လုံးရဲ့ အရေးတော်ပုံကြီးကို သွေးချောင်းစီးအောင် သတ်ဖြတ်ဖြိုခွဲပြီး တက်လာတဲ့အတွက် မုန်းတီးရွံရှာနေရတဲ့အထဲ ပြောင်လိမ်ပြောင်စားနည်းနဲ့ မဟုတ်မမှန်တာတွေချည်း ငါ့စကားနွားရ ပြောဆိုနေတာ ထပ်ဆင့်ကြားရတော့ မုန်းတီးရွံရှာရုံမက၊ စက်ဆုပ်အော့နှလုံးနာလာကြပါ တယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ဆိုတဲ့ နဝတ ကို လူထုက 'နဝတ' ဆိုတာ "နေဝင်းတပ်" လို့ပဲသ ဘောထားပါတယ်။ နဝတဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးစောမောင်က တီဗွီဖန်သားပြင်ပေါ်ကနေ မိန့်ခွန်းပြောဆို တာ၊ ရှင်းတာလင်းတာတွေလုပ်တဲ့အခါမှာလည်း ပါးစပ်ကြီးဖြဲပြီး ဟားဟားဟိဟိ ပြောလို့ပြော၊ တောင်စဉ် ရေမရ အမြီးအမောက်မတည့်တာတွေ ဆိုလို့ဆို လုပ်တဲ့အခါ၊ မြင်ရရှုရတဲ့ပြည်သူများက "နဝတ ဆိုတာ နေဝင်းတပ်တင်မဟုတ် နဝတ ဆိုတာ နဝေတိမ်တောင်အဖွဲ့ကြီးပါ" လို့ ကင်ပွန်းတပ်ပေးကြတာလည်း ထွက်ပေါ်လာခဲ့ပါတယ်။

နဝတ အစိုးရအဖွဲ့ဟာ တက်လာပြီးမကြာခင်မှာပဲ "သတင်းထုတ်ပြန်ရေးအဖွဲ့" ဆိုတာဖွဲ့ပြီး သတင်းစာရှင်းလင်းပွဲတွေ လုပ်ဆောင်လာပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ ခေါင်းဆောင်ဆိုသူကတော့ ဦးကျော်ဆန်း ဆိုသူဖြစ်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့မှာ ကနဦးအဖွဲ့ဝင်တွေအဖြစ် ပါဝင်ခဲ့သူတွေက တော့ ဗိုလ်မှူးကြီးအောင်သိန်း၊ ဗိုလ်မှူးကြီးသန်းထွန်း၊ ဒုဗိုလ်မှူးကြီးရဲထွဋ် စတဲ့သူတွေဖြစ်ပါတယ်။ (နောက် ပိုင်းမှာ ဗိုလ်မှူးကြီးသိန်းစိန် ဆိုသူလည်း ပါဝင်လာခဲ့ပါတယ်။)

ဗိုလ်ချုပ်ကြီးစောမောင် က မိန့်ခွန်းတွေ မကြာမကြာ ပြောလိုက်၊ သတင်းထုတ်ပြန်ရေးအဖွဲ့ဆိုတာ က အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွေလုပ်လိုက်နဲ့ နဝတရဲ့ ကနဦးကာလတလျှောက်လုံး၊ ပြည်သူလူထုအ ပေါ် လိမ်ညာမှိုင်းတိုက်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေခဲ့ကြပါတယ်။ တဖက်ကလည်း စစ်တပ်က အာဏာကို အပြည့်အဝ ထိန်းချုပ်ထားလိုက်နိုင်ပြီဖြစ်တဲ့အတွက် ဖမ်းတာဆီးတာ၊ အာဏာပြတာတွေ တဆင့်ပြီး တဆင့် လုပ်ဆောင်လာပါတယ်။ ရန်ကုန်မြို့တော်မဟုတ်တဲ့ နယ်တွေဘက်မှာတော့ စစ်တပ်အာဏာပြတာ၊ အငြိုး တကြီးနှိပ်ကွပ်တာတွေ ပြောင်ပြောင်တင်းတင်းနဲ့ ပိုပြီးလုပ်ဆောင်ပြပါတယ်။ တချို့နယ်တွေ၊ မြို့တွေမှာဆိုရင်

စစ်တပ်က ရှာဖွေရေး၊ စစ်ဆေးရေးဆိုတာတွေလုပ်ဆောင်ပြီး ခေါ်ယူစစ်ဆေးရင်း "အော်စမ်းပါဦး၊ အရေးအခင်း တုန်းကလို ဒို့အရေး ဒို့အရေးဆိုတာမျိုးလေး" လို့တဖုံ၊ "ခင်ဗျားကလည်း အရေးအခင်းတုန်းကတော့ ငယ်သံ ပါအောင် အော်ခဲ့တယ်မဟုတ်လား။ ဒီမိုကရေစီရရှိရေးဆိုတာလေ၊ ပေးမယ် ပေးမယ် ဒီမိုကရေစီအရသာ လေး မြက်မြက်လေးပေးမယ်။ အခုတော့ ဒီလမ်းပြင်ဖို့ ကျောက်ခဲသယ်သွားပါဦး" ဆိုတာမျိုးက တနည်းနဲ့ အရေးတော်ပုံကြီးနဲ့ ဒီမိုကရေစီရေးဆန္ဒတွေကို သရော်လှောင်ပြောင်စော်ကားပြီး ဖိနှိပ်ခိုင်းစေတာတွေ လုပ်ပါတယ်။

အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းအဖြစ် နဝတ ဆိုတာ ပေါ်ပေါက်လာသလို ပြည်နယ်/တိုင်း၊ မြို့နယ် ရပ်ကွက်တွေမှာလည်း တဝတ၊ ပဝတ၊ မဝတ၊ ရဝတ ဆိုတာတွေ ပေါ်ပေါက်လာပါတယ်။ မဆလ ခေတ်ကနဲ့မတူ တမူထူးတာကတော့ ခရိုင်ဆိုတာတွေ ပြန်လည်ဖော်ထုတ်ပြီး ခဝတ ဆိုတာတွေလည်း ပေါ်ပေါက်လာပါတယ်။ အုပ်ချုပ်ရေးကို အဲဒီနည်းနဲ့ ဖော်ထုတ်ပြီး တဝတ၊ ခဝတ၊ မဝတ ဆိုတာတွေရဲ့ ဥက္ကဋ္ဌအဖြစ်ကတော့ စစ်တပ်က စစ်ဗိုလ်တွေချည်းပဲဖြစ်ပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာအဆင့်လောက်မှာပဲ ရဝတဥက္ကဋ္ဌလုပ်သူဟာ စစ်ဗိုလ်မဟုတ်ပဲ အရပ်သားဖြစ်ရပါတော့တယ်။ ဒါတောင် စစ်ပြန်အမှုထမ်းဟောင်း များကိုပဲ များသောအားဖြင့် ခန့်ထားပါတယ်။ ဒါကြောင့် ရပ်ကွက် ရဝတ ဆိုတာတွေကတော့ စစ်ပြန်စစ်မှု ထမ်းဟောင်းများနဲ့ မဆလ ဟောင်းတွေပဲဖြစ်ကြပါတယ်။

အဲဒီလို အုပ်ချုပ်ရေးယန္တရားကြီးကို နဝတ ကနေ ရဝတ အထိ ဖော်ဆောင်ပြီး အုပ်ချုပ်တဲ့နေရာမှာ ကျင့်သုံးတဲ့ဥပဒေကတော့ မာရှယ်လောဆိုတာဖြစ်ပါတယ်။ ရံဖန်ရံခါ "ဥပဒေကဲ့သို့ တည်တံ့စေရမည့် အမိန့်" ဆိုတာတွေထုတ်ပြန်ပြီး နဝတ အုပ်ချုပ်ရေးကို စစ်အုပ်ချုပ်ရေးအဖြစ် ပြောင်ပြောင်တင်းတင်း ဖော်ဆောင် အုပ်စိုးပါတယ်။

တိုင်းနဲ့ ပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများဟာ သက်ဆိုင်ရာဒေသရဲ့ စစ်တိုင်းမှူးများဖြစ်ကြပါတယ်။ စစ်တိုင်းမှူးများဟာ နဝတအဖွဲ့ဝင်များလည်းဖြစ်ကြတဲ့အတွက် သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ် ဒေသတွေအတွင်းမှာတော့ ဘုရင်တဆူသဖွယ် အာဏာဖောင်းထက်သူတွေဖြစ်လာကြပါ တယ်။ စစ်ဘုရင်လေးတွေသဖွယ် တန်ခိုးထွားလာကြပါတယ်။

ဒီမိုကရေစီအင်အားစုတွေအပေါ် အရေးတော်ပုံအတွင်းက ပါဝင်လှုပ်ရှားခဲ့တွေအပေါ် ပြတ်ပြတ် သားသားဖိနှိပ် နှိပ်ကွပ်တဲ့နေရာမှာ နာမည်ထွက်လာသူကတော့ ရောဝတီတိုင်းမှူးနဲ့ နဝတအဖွဲ့ဝင် ဗိုလ်မှူး ချုပ်မြင့်အောင် ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေနဲ့ပတ်သက်ပြီး အာဏာစက်ပြ ကျင့်သုံးရာမှာ နာမည်ထွက်လာသူတွေကတော့ မန္တလေးတိုင်း ဥက္ကဋ္ဌ၊ နဝတ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ထွန်းကြည် နဲ့ မြောက်ပိုင်း တိုင်း တိုင်းမှူး၊ နဝတ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဘ တို့ဖြစ်ပါတယ်။

နဝတ စစ်အစိုးရဟာ တဖက်က ဒီမိုကရေစီအင်အားစုတွေကို ဖိနှိပ်နှိပ်ကွပ်ရင်း၊ တဖက်က အစုလိုက် အပြုံလိုက် တောတွင်းရောက်သွားကြရတဲ့ ကျောင်းသားလူငယ်တွေ ပြန်လည်ရောက်ရှိလာရေးအတွက် နည်းမျိုးစုံ ကြိုးပမ်းအားထုတ်ပါတယ်။ ဒုကာကွယ်ရေးဦးစီးချုပ်၊ ဒုဗိုလ်ချုပ်ကြီးသန်းရွှေ ရဲ့ကြေညာချက်၊ ပညာရေးဝန်ကြီး ဒေါက်တာသိန်းဖေ ရဲ့ မေတ္တာရပ်ခံချက်ဆိုတာတွေ ထုတ်ပြန်ရုံနဲ့ မလုံလောက်တော့တဲ့ အတွက် ကျောင်းသားတွေ ပြန်လာအောင် လုပ်ပေးနိုင်သူတွေကို ဆုငွေပေးမယ်ဆိုတဲ့ ကြေညာချက်တွေအထိ တဖက်တလမ်းကနေ ထုတ်ပြန်မက်လုံးပေးလာရပါတယ်။ ကျောင်းသားလူငယ်အများစုဟာ ကေအင်ယူ ဌာနချုပ်မာနယ်ပလော နဲ့ ထိုင်းနိုင်ငံနယ်စပ်၊ ထိုင်းနိုင်ငံအတွင်း ရောက်ရှိသွားကြတဲ့အတွက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှာ "ဆုငွေချီးမြှင့်မည့်ကြေညာချက်" ဆိုတာကို ထုတ်ပြန်ပေးပြီး တရားဝင်

ကပ်ပေးထားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့အတွင်း ကျောင်းသားကျောင်းသူတဦးကို လာရောက်အပ်နှံပါက ဘတ်ငွေ (၅၀၀၀) ဆုချီးမြှင့်မှာဖြစ်ကြောင်း၊ လူကိုယ်တိုင် လာရောက်မအပ်နှံနိုင်ပါက တယ်လီဖုန်းနဲ့ဖြစ်စေ၊ စာနဲ့ဖြစ်စေ အကြောင်းကြားလျှင် သံရုံးက တရားဝင်လာရောက်ခေါ်ယူပြီး သတင်းပေးဆက်သွယ်ကူညီသူကို ထိုက်သင့်တဲ့ ဆုငွေများချီးမြှင့်မှာဖြစ်ကြောင်း မက်လုံးပေးကြေညာခဲ့ရပါတယ်။ (၁၄၊ ၁၀၊ ၈၈) နေ့ကစပြီး ကြိုဆိုရေးစခန်း (၂၇) ခု ဖွင့်လှစ်တာလည်းလုပ်ပါတယ်။

အရေးတော်ပုံကြီး ဟိန်းဟိန်းညံနေစဉ်ကတည်းက ပိတ်ထားလိုက်ရတဲ့ကျောင်းတွေကိုလည်း နဝတစစ်အစိုးရဟာ ဆက်လက်ပိတ်ထားလိုက်ပြီး ကျောင်းတွေအတွင်း စစ်သားတွေ အစောင့်ချထားလိုက်ပါတယ်။ ဆရာ၊ ဆရာမတွေကိုလည်း ကျောင်းစောင့်ဒရဝမ်တွေအဖြစ် အလုပ်ခိုင်းထားလိုက်ပါတယ်။

အရေးတော်ပုံကာလအတွင်းက လူထုစားဝတ်နေရေးအခက်အခဲကို ဖြေရှင်းနိုင်ဖို့ သပိတ်ကော်မီတီတွေက တာဝန်ခံပြီး မြို့နယ်ဒေသအချို့မှာ ဆောင်ရွက်ခဲ့ကြတာတွေနဲ့ပတ်သက်ပြီး၊ ဒေသဆိုင်ရာ ငြိမ်/ပိအာဏာပိုင်တွေက အကြောင်းအမျိုးမျိုး၊ စွဲချက်အမျိုးမျိုးနဲ့ သပိတ်ကော်မတီ အမှုဆောင်အဖွဲ့ဝင်တွေကို လိုက်လံဖမ်းဆီး ထောင်ချတာတွေ လုပ်ဆောင်ကြပါတယ်။ မြို့နယ်တချို့မှာတော့ ရဲစခန်းစီးမှု၊ ဂတ်တဲစီးမှု၊ လက်နက်တွေသိမ်းဆည်းမှု (တကယ်က ရဲစခန်းများက လာရောက်ပူးပေါင်းပြီး လက်နက်တွေအပ်နှံတာကို လက်ခံခဲ့မှု) တွေနဲ့ သပိတ်ကော်မတီဝင်တွေကို လိုက်လံဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် အရေးယူတာတွေ လုပ်ဆောင်ပါတယ်။

ငြိပ်/ပိ အစိုးရဟာ ငြိမ်ဝပ်ပိပြားရေးအတွက် တရားဥပဒေစိုးမိုးရေးဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ဒီမိုကရေစီအင်အားစုဝင်တွေကို အတိုးချ ဖမ်းဆီးဖိနှိပ်တာတွေလုပ်သလို၊ လမ်းပမ်းဆက်သွယ်ရေးချောမွေ့စေရေး ကြွေးကြော်သံနဲ့ တံတားဆောက်တာ၊ လမ်းဖောက်တာတွေလုပ်ပြီး လူထုကြီးကို အတင်းအကြပ်ပါဝင်စေတာ၊ မလုပ်မနေရခိုင်းတာတွေ လုပ်ဆောင်လာခဲ့ပါတယ်။

အရေးတော်ပုံကြီးအတွင်းကတည်းက ဒီမိုကရေစီအင်အားစုတွေဘက်က ရပ်တည်ပြီး ဗမာပြည်ရဲ့အနေအထားမှန်တွေကို အဆက်မပြတ်လွှင့်ခဲ့ကြတဲ့ ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အိန္ဒိယအသံလွှင့်ဌာနတွေကို နဝတအစိုးရက အမုန်းကြီးမုန်းပြီး မိုးလုံးပြည့်မုသာဝါဒတွေလို့ ကင်ပွန်းတပ် ရှုတ်ချတိုက်ခိုက်ပါတယ်။ အဲဒီလိုတိုက်ခိုက်နေရင်းက မိုးလုံးပြည့်မက စကြဝဠာလုံးပြည့် မုသာဝါဒတွေနဲ့ သတင်းစာရှင်းလင်းပွဲဆိုတာတွေကို နဝတအစိုးရက အပတ်စဉ်ကျင်းပပြီး၊ တနိုင်ငံလုံးကိုမက တကမ္ဘာလုံးကိုပါ လိမ်ညာဖို့ကြိုးပမ်းပါတယ်။

စစ်တပ်ရဲ့ ပစ်ခတ်မှုတွေကိုလည်း မျက်ဝါးထင်ထင် တွေ့ကြုံရင်ဆိုင်ခဲ့ရပြီး၊ နဝတရဲ့ နေ့တဓူဝ ဖိနှိပ်ခြိမ်းခြောက်မှုတွေ၊ ဖမ်းဆီးနှိပ်ကွပ်မှုတွေကိုလည်း လက်တွေ့ရင်ဆိုင်နေရရင်း၊ နဝတအစိုးရရဲ့ မဟုတ်မဟတ်ပြောဆိုလိမ်ညာနေတာတွေကို နေ့စဉ် နားခါးလောက်အောင် ကြားသိမြင်တွေ့နေရတဲ့ ပြည်သူလူထုကြီးကတော့ စစ်အစိုးရဲ့ ပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုတွေအားလုံးကို နှာခေါင်းရှုံ့ ဆန့်ကျင်ကြပါတယ်။ ပြည်သူလူထုကြားထဲမှာ 'ကလိန်စေ့ငြမ်းဆင် ငြိမ်ပိလမ်းစဉ်' ဆိုတဲ့ ဆိုရိုးစကားထွက်ပေါ်လာခဲ့ပါတယ်။ ငြိမ်ပိအစိုးရဆိုတာ မဆလ အစိုးရကို တံဆိပ်ပြောင်းကပ်ထားတာပဲလို့ မြင်ကြတဲ့ ပြည်သူလူထုကြီးက နဝတ ဘာပြောပြော ဘာလုပ်လုပ် ဆန့်ကျင်ဘက်ပဲ နားလည်ခံယူသဘောထားပါတယ်။

အရေးတော်ပုံကြီးအတွင်းမှာ ရှေ့တန်းအခန်းက ပါဝင်ခေါင်းဆောင်ခဲ့တဲ့ ကျောင်းသားထုကလည်း အရေးတော်ပုံကြီးအောင်ပွဲရခါနီးမှာ လက်နက်ကိုင်ထားတဲ့စစ်တပ်က လူထုဆန္ဒကို မျက်ကွယ်ပြုပြီး အကြမ်းဖက်နည်းနဲ့ အာဏာသိမ်းပြသွားတာအပေါ် မခံချိမခံသာဖြစ်ကြရရင်း၊ နေရာပေါင်းစုံကနေ ဆက်လက်တိုက်ပွဲဝင်သွားကြဖို့ ပြင်ဆင်ပါတယ်။ ဗကသကြီးက လမ်းကြောင်းသုံးသွယ်ကို စဉ်းစားပြင်ဆင်ပါတယ်။ ကျောင်းသား

ထုအတွင်းမှာ လမ်းကြောင်း (၃) ခု ပေါ်ထွန်းလာပါတယ်။ တရားဝင်နည်း၊ မြေအောက်ယှုဂိုနည်း၊ လက်နက်ကိုင်နည်းဆိုတဲ့ နည်းလမ်း (၃) သွယ်နဲ့ သန်ရာသန်ရာလမ်းကြောင်းအတိုင်းကနေ ချီတက်လှုပ်ရှားသွားကြဖို့ ဖြစ်ပါတယ်။ တရားဝင်နည်းအဖြစ်က တရားဝင်ကျောင်းသားလူငယ် နိုင်ငံရေးပါတီတရပ် ထူထောင်ပြီး၊ တရားဝင် နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်ဆောင်သွားဖို့ဖြစ်ပါတယ်။ မြေအောက်ယှုဂိုနည်းက၊ တရားဝင်ရပ်တည်ခွင့်ပေးခြင်း မခံရသေးတဲ့ 'ဗကသ' အဖွဲ့ကြီးကို ဘယ်အခြေအနေအောက်မှာပဲဖြစ်ဖြစ် ဆက်လက်ထိန်းသိမ်း ထူထောင်သွားကြပြီး မြေအောက်နည်းနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာ အရေးကြီးအခန်းက ဆက်လက်လှုပ်ရှားသွားနိုင်ရေးဖြစ်ပါတယ်။

လက်နက်ကိုင်နည်းကတော့ လက်နက်ကိုင်အကြမ်းဖက်ဖိနှိပ်နေတဲ့ စစ်အစိုးရကို လက်နက်ကိုင်နည်းနဲ့ပဲ ပြန်လည်တုန့်ပြန် တိုက်ခိုက်သွားနိုင်ဖို့၊ ကျောင်းသားတွေကိုယ်တိုင် လက်နက်ကိုင်တပ်ထူထောင်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို အကောင်အထည်ဖော်သွားဖို့ဖြစ်ပါတယ်။

နဝတ ရဲ့ ရွေးကောက်ပွဲကော်မီရှင်က 'နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေ' ကို စက်တင်ဘာ (၂၈) ရက်နေ့ နေ့စွဲနဲ့ ကြေညာလိုက်ပြီး၊ နိုင်ငံရေးပါတီတွေမှတ်ပုံတင်ဖို့ နောက်ဆုံးနေ့ရက်အဖြစ် ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့လို့ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံရေးပါတီတခု မှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ကြေး (၅၀၀) ကျပ်လို့ သတ်မှတ်ခဲ့ပါတယ်။

## နိုင်ငံရေးပါတီများပေါ် ပေါက်လာခြင်းနဲ့ နိုင်ငံရေးလှုပ်ရှားမှုများ

နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေ ထွက်ပေါ်လာပြီးနောက်ပိုင်း နေ့စဉ်ဆက်တိုက် နိုင်ငံရေးပါတီတွေ အပြိုင်းအရိုင်း ထွက်ပေါ်လာခဲ့ပါတယ်။

နဝတစစ်အစိုးရက တရားဝင်တည်ရှိခွင့်ပေးလိုက်တဲ့အတွက် ပေါ်ပေါက်လာခဲ့ရတာလို့ ထင်မြင်ယူဆဖွယ်ရာရှိပေမယ့် တကယ်ကတော့ အရေးတော်ပုံကြီးရဲ့ အောင်သီးအောင်နှံတခုအဖြစ် ပေါ်ထွန်းလာခဲ့ရတာသာဖြစ်ပါတယ်။ စစ်အစိုးရက 'ပါတီစုံ' ဆိုတာကို မလွဲမရှောင်သာ လက်ခံလိုက်ရတဲ့အတွက် ပါတီစုံနဲ့တူအောင် နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်တည်ရှိခွင့်ကို လက်ခံသဘောတူလိုက်ရပြီး နိုင်ငံရေးပါတီတွေ ပေါ်ထွန်းလာရတာသာဖြစ်ပါတယ်။ ဒါကြောင့် အရေးတော်ပုံကြီးရဲ့ အကျိုးဆက်တခုအဖြစ် အောင်သီးအောင်နှံတခုအဖြစ် နိုင်ငံရေးပါတီတွေ ပေါ်ထွန်းလာရတာလို့ပဲ ယထာဘူတကျကျ ပြောရမှာဖြစ်ပါတယ်။

မဆလ တပါတီအာဏာရှင်စနစ်အောက်မှာ အသင်းအပင်းအဖွဲ့အစည်းတွေ လုံးဝတည်ရှိခွင့်မရပဲ၊ နှစ်ပေါင်း (၂၄) နှစ်ကျော်ပိတ်ပင်ခံထားရတာ ကြာမြင့်ရှည်လျားလွန်းခဲ့တဲ့အတွက် အတိုးချပြီး ဖွဲ့စည်းပေါ်ပေါက်လာခဲ့လေရော့သလားလို့ ထင်မှတ်ရလောက်အောင် နိုင်ငံရေးပါတီတွေ မှိုပေါက်သလို ပေါ်ပေါက်ခဲ့ပါတယ်။ နိုင်ငံရေးပါတီပေါင်း (၂၃၅) ဖွဲ့ပေါ်ပေါက်ခဲ့ပါတယ်။

ဒီနိုင်ငံရေးပါတီအဖွဲ့အစည်းတွေထဲမှာ ရပ်ရှင်မင်းသားမင်းသမီးတွေ စုဖွဲ့ထားတဲ့ အဖွဲ့အစည်းလိုဟာမျိုးတွေလည်း တွေ့ရသလို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တည်ရှိပေါ်ပေါက်ခဲ့ဖူးတဲ့ နိုင်ငံရေးအဖွဲ့အစည်းဟောင်းတွေကို ပြန်လည်အသက်သွင်းပြီး တကျော့ပြန်ပေါ်ထွန်းလာကြတာတွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် 'ဖလစ'၊ 'ဖဆပလ'၊ 'ပြည်သူ့တိုးတက်ရေးပါတီ'၊ 'ပြည်သူ့ဒီမိုကရေစီပါတီ'၊ 'ပြည်သူ့ရဲဘော်' လို နိုင်ငံရေးပါတီအဖွဲ့အစည်းများဖြစ်ပါတယ်။

ဖဆပလ အဖွဲ့ဟာ (၃) ဖွဲ့အထိတောင် ပေါ်ပေါက်လာခဲ့ပါတယ်။ စဖွဲ့ဖွဲ့ချင်း 'ဖဆပလ' နဲ့ဦးကျော်ငြိမ်း မိသားစုနွယ်ဝင်များ၊ ဦးဗဆွေ မိသားစုနွယ်ဝင်များဦးစီးပြီး ဖွဲ့စည်းကြတဲ့ 'ဖဆပလ (မူလ)' 'ဖဆပလ (ဗဟို)' တို့ဖြစ်ပါတယ်။ ဦးကျော်ငြိမ်းသမီး ဒေါ်ချိုချိုကျော်ငြိမ်း တို့ ဖဆပလ က တခု၊ ဦးဗဆွေသားသမီး နေရီဗဆွေ၊ နေဖူးဗဆွေ တို့က တခုနဲ့နောက်မှာ (မူလ) တွေ (ဗဟို) တွေတပ်မထားတဲ့ အရင်ကအတိုင်း 'ဖဆပလ' ကတော့ ဦးညွန့်သိန်း က ခေါင်းဆောင်ပါတယ်။

၁၉၅၉ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီး တိုးတက်တဲ့နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပြတ်ပြတ်သားသား ပါဝင်ခဲ့ဖူးတဲ့၊ (သခင်ခင်အောင်၊ သခင်မြသန်း၊ စာရေးဆရာမြသန်းတင့်တို့ ပါဝင်ခဲ့ဖူးတဲ့) 'ပြည်သူ့ တိုးတက်ရေး ပါတီ' ကတော့ အရင်က နောက်ဆုံးအတွင်းရေးမှူးဟောင်း ဦးခင်မောင်မြင့် က ဦးဆောင်ပြီး၊ ဗကသ၊ တကသ ခေါင်းဆောင်ဟောင်းတွေ၊ ကျွန်းပြန် ထောင်ပြန် နိုင်ငံရေးသမားတွေနဲ့ အသစ်တဖန် ရှင်သန်ထမြောက် ပေါ်ထွက်လာခဲ့ပါတယ်။ ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးတွေဖြစ်တဲ့ သခင်လွင်၊ ဗိုလ်ချုပ်အကို ဦးအောင်သန်း၊ ဦးအောင်မြင့် (ဖျာပုံ) တို့ခေါင်းဆောင်တဲ့ 'ပြည်သူ့ဒီမိုကရေစီပါတီ' လည်း အသစ်တဖန် ရှင်သန်ထမြောက် လာပါတယ်။ ပြည်သူ့ရဲဘော်အဖွဲ့ကြီးဟာလည်း ပြည်သူ့ရဲဘော်ခေါင်းဆောင်ဟောင်းတွေဖြစ်ကြတဲ့၊ ဗိုလ်အောင်နိုင်၊ ဗိုလ်ညို၊ ဦးဘလှအောင် တို့ခေါင်းဆောင်ပြီး ပေါ်ထွက်လာပါတယ်။

နိုင်ငံရေးသမားဟောင်းကြီး ဝိဓူရ သခင်ချစ်မောင် ကတော့ 'အမျိုးသားပြန်လည်တည်ဆောက်ရေး တပ်ပေါင်းစု' ဆိုတာကို ဖွဲ့စည်းပြီး သခင်သန်း (ပြည်)၊ ဦးအောင်ဘန်း စတဲ့ပုဂ္ဂိုလ်ကြီးတွေနဲ့ ပေါ်ထွက်လာ ပါတယ်။

အထက်ဗမာပြည် မန္တလေးမြို့မှာ ဗဟိုဌာနချုပ်၊ ရန်ကုန်မှာ ဗဟိုခွဲထားရှိတဲ့ 'အမျိုးသားနိုင်ငံရေး တပ်ပေါင်းစု' လည်း ထွက်ပေါ်လာပါတယ်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကို ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်အေးကြူ တို့နဲ့ ဖွဲ့စည်းပြီး၊ နာယကတွေအဖြစ် မန္တလေးအထွေထွေသပိတ်ကော်မီတီမှာ ဦးစီးပါဝင်ခဲ့တဲ့ ဆရာတော်ဦးကဝိန္ဒ၊ ဦးကျော်ဝင်း တို့လို ပုဂ္ဂိုလ်တွေအပြင်၊ ရန်ကုန်က တော်ဘုရားလေး ဦးအောင်ဇေ၊ ဦးဝင်းတင (ဟံသာဝတီ)၊ ဒေါ်မြင့်မြင့်ခင် (ဘားကောင်စီ) တို့လိုပုဂ္ဂိုလ်တွေပါ ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

(၂၆) နှစ်လုံးလုံး ဗမာပြည်ကြီးကို ဒုက္ခပေးအုပ်စိုးခဲ့တဲ့ 'မဆလ' ပါတီကလည်း လူထုကြား မျက်နှာတောင် ဖော်ဝံ့စရာမရှိတော့တဲ့ 'မဆလ' ဆိုတဲ့နာမည်ကို ချောင်ထိုးထားလိုက်ပြီး၊ 'တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ' (တစည) ဆိုတဲ့နာမည်နဲ့ ပေါ်ထွက်လာပြန်ပါတယ်။ ဥက္ကဋ္ဌအဖြစ်ခေါင်းဆောင်သူက နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးသာကျော် ဖြစ်ပြီး၊ ဗိုလ်ချုပ်ဟောင်း ဦးထွန်းရီ၊ နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးဇော်ဝင်း၊ ဝန်ကြီးဟောင်း ဦးခင်မောင်ကြီး စတဲ့ မဆလ ထိပ်သီးဟောင်းကြီးများ ပါဝင်ဖွဲ့စည်းထားပါတယ်။ လူထုကတော့ 'မဆလတဖြစ်လဲ တစည' လို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။

အရေးတော်ပုံကြီးအတွင်းကတည်းက ပေါ်ပေါက်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်းဦးနု ခေါင်းဆောင်တဲ့ 'ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့' (ဒီငြိမ်း) ကလည်း တရားဝင်မှတ်ပုံတင်လာခဲ့ပါတယ်။ အရေးတော်ပုံအတွင်းက ကျေညာဖွဲ့စည်းခဲ့တဲ့ 'စင်ပြိုင်အစိုးရ' ကို ဖျက်သိမ်းပေးခြင်းမလုပ်ခဲ့တဲ့အတွက် နဝတ က မကြာခဏ စောင်းတာချိတ်တာ လုပ်ပါတယ်။

အစောဆုံးပေါ်လာခဲ့တဲ့ အဖွဲ့အစည်းတွေထဲမှာ ဦးသုဝေ ခေါင်းဆောင်တဲ့ 'ဒီမိုကရေစီ ပါတီ' ဟာလည်း မှတ်ပုံတင် ရပ်တည်လာခဲ့ပါတယ်။

ထူးခြားတာကတော့ တရားဝင်ပေါ်ထွန်းလာကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေထဲမှာ ကျောင်းသားလူငယ်ပါတီတွေ အများအပြားပေါ်ထွက်လာခြင်းနဲ့ လူမျိုးစုအမျိုးသားငယ် နိုင်ငံရေးပါတီတွေ တအံ့တမကြီး ပေါ်ထွက်လာခြင်းပဲ ဖြစ်ပါတယ်။

ကျောင်းသားလူငယ်ပါတီတွေထဲမှာ ဗကသ အထွေထွေအတွင်းရေးမှူးဟောင်း မိုးသီးဇွန် ခေါင်းဆောင်ပြီး တရားဝင်နိုင်ငံရေးပါတီအဖြစ် ပေါ်ထွက်လာခဲ့တဲ့ 'လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ' ဟာ လူသိများခဲ့ပါတယ်။

တချို့ပါတီများဟာ နယ်မှာအခြေစိုက်ပြီး ပေါ်ထွက်လာကြတာလည်းရှိပါတယ်။ ဥပမာအားဖြင့် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း (အခု စာရေးဆရာ ကျော်ဝင်း) တို့ခေါင်းဆောင်တဲ့ 'အမြစိမ်းလူငယ်အဖွဲ့' ဟာ မုံရွာမှာ အခြေစိုက်ပြီး ထွက်ပေါ်လာပါတယ်။

ထွက်ပေါ်လာသမျှ နိုင်ငံရေးပါတီပေါင်း (၂၃၅) ခုထဲမှာ အထင်ရှားဆုံးနဲ့ ရေပန်းအစားဆုံးကတော့ 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်' **(NLD)** ဖြစ်ပါတယ်။ ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ (၃) ဦး ဦးဆောင်ပြီး၊ စက်တင်ဘာ (၂၇) ရက်နေ့မှာ စတင်ဖွဲ့စည်း ပေါ်ပေါက်လာခဲ့ပါတယ်။ စတင်ဖွဲ့စည်းစက ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် တို့ (၃) ဦးအပါ တဖက် (၄) ဦးစီ၊ ပေါင်း (၁၂) ဦးနဲ့ 'ဗဟိုအလုပ်အမှုဆောင်ကော်မီတီ' ကို ဖွဲ့စည်းမှတ်ပုံတင်ခဲ့တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဖက်က (၄) ဦးဆိုတာကတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဦးဝင်းတင် (ဟံသာဝတီ)၊ ဒေါ်မြင့်မြင့်ခင် (ဘားကောင်စီ ရှေ့နေကြီး) နဲ့ ဦးအောင်လွင် (ရုပ်ရှင်မင်းသား) တို့ဖြစ်ပါတယ်။

ဖွဲ့စည်းစက ပထမဆုံးဥက္ကဋ္ဌက ဦးအောင်ကြီး၊ ဒုဥက္ကဋ္ဌ က ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း) နဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်' ပင်မကြီးရဲ့အောက်မှာ အခက်အလက်များအဖြစ် တည်ရှိလာတာက 'မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့' နဲ့ ဦးစိန်ဝင်းခေါင်းဆောင်တဲ့ 'အမျိုးသားဒီမိုကရေစီပါတီ' တို့ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဖွဲ့စည်းပေါ်ထွက်လာကတည်းက လူထုတရပ်လုံးရဲ့ အားပေးထောက်ခံမှုကို ရရှိခဲ့သလို၊ အကြောင်းအမျိုးမျိုးနဲ့ ပါဝင်လိုသူတွေကလည်း အုံနဲ့ကျင်းနဲ့ဖြစ်ခဲ့ပါတယ်။ အလုပ်အမှုဆောင်ကော်မီတီဝင် (၁၂) ဦးနဲ့ မလုံလောက်တော့တဲ့အတွက် ဗဟိုအဆင့်အတွက် 'ဗဟိုဦးစီးအဖွဲ့ဝင်' (၃၀) ဦး တိုးချဲ့ဖွဲ့စည်းရပါတယ်။ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းတုန်းကလို တဖက်လျှင် (၁၀) ဦးကျစီနဲ့ အညီအမျှ ပါဝင်ထည့်သွင်းဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဘက်ကနေ ပါဝင်ခွင့်ရသူတွေကတော့ ဦးချမ်းအေး၊ ဦးထွန်းတင်၊ ဦးကိုယု၊ ဦးတင်ရွှေ (မုံရွာ)၊ ဦးမိုးသူ၊ ဦးဝင်းခက်၊ ဦးသော်က (မောင်သော်က) စတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးရဲ့ ရေပန်းစားလာမှု၊ အဖွဲ့ဝင်ဦးရေ တမဟုတ်ချင်း အုံနဲ့ကျင်းနဲ့ဖြစ်ပေါ်လာမှုအပေါ် နဝတစစ်အစိုးရက လန့်ဖြန့်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် လူထုရဲ့ချစ်ခင်မြတ်နိုး မျှော်လင့်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရဲ့ ထက်ထက်မြက်မြက် ပြတ်ပြတ်သားသားရှိမှုအပေါ်လည်း စစ်အစိုးရဟာ စိုးရိမ်သောကရှိလာခဲ့ပါတယ်။

အဲဒီလိုအချိန်မှာ ပေါ်ပေါက်လာခဲ့တာကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း၊ ဥက္ကဋ္ဌ ဦးအောင်ကြီး ကိုယ်တိုင်က ဖော်ဆောင်လိုက်တဲ့ ပါတီတွင်းပြဿနာဖြစ်ပါတယ်။ ကိုယ့်အဖွဲ့အစည်းကိုယ်ပြန်ပြီးဖြိုခွဲသလို လုပ်လိုက်တဲ့ နဝတကြိုက် ပြဿနာဖော်မှုကြီးကို ဦးအောင်ကြီး က ဖန်တီးလုပ်ဆောင်လိုက်တာဖြစ်ပါတယ်။ နဝတကိုယ်တိုင်က အရေးတော်ပုံကြီးကို သရုပ်ဖျက်ပြောဆိုနေချိန်၊ လူထုလှုပ်ရှားမှုတွေကို

'ဗကပ' တံဆိပ်တပ်ပေးနိုင်ဖို့ ကြိုးစားပန်းစား တောင်စဉ်ရေမရ ပြောဆိုနေချိန်မှာ ဦးအောင်ကြီး က အဖွဲ့ချုပ်ကြီးအတွင်းမှာ 'ကွန်မြူနစ်တွေရောက်ရှိနေပါပြီ' 'ကွန်မြူနစ်တွေကို ဖယ်ရှားပစ်ရမယ်' လို့ ငယ်သံပါအောင် အော်ဟစ်ရင်း ပြဿနာမရှိ ပြဿနာရှာလိုက်ခြင်းပဲ ဖြစ်ပါတယ်။

အားလုံးက ဦးအောင်ကြီး ကို ဖျောင့်ဖျနားချကြပါတယ်။ ကိုယ့်အဖွဲ့အစည်းကိုယ် ပြန်ဖြိုခွဲသလို မလုပ်ဖို့ ပြေပြေလည်လည်ဆွေးနွေးကြပါတယ်။ ဦးအောင်ကြီး က လက်မခံပဲ ပုဂ္ဂိုလ် (၈) ဦးကို ကွန်မြူနစ်လို့ တံဆိပ်ကပ်ပြီး ထုတ်ပယ်ပစ်ရေးကြိုးပမ်းပါတယ်။ ဦးအောင်ကြီး က တံဆိပ်ကပ်ပြီး ဖယ်ရှားပစ်လို သူ့ပုဂ္ဂိုလ်တွေကတော့ အဖွဲ့ချုပ်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင် အပါအဝင် ဒေါ်မြင့်မြင့်ခင်၊ ဦးချမ်းအေး၊ ဦးထွန်းတင်၊ ဦးကိုယု၊ ဦးတင်ရွှေ (မုံရွာ)၊ ဦးမိုးသူ နဲ့ ဦးအောင်လွင် (မင်းသား) တို့တတွေဖြစ်ကြပါတယ်။

နောက်ဆုံးမှာ တဦးချင်းစီ ဖြေရှင်းသက်ာရှင်းပွဲ လုပ်ကြပြီး အလုပ်အမှုဆောင်ကော်မီတီဝင် (၁၂) ဦး၊ ဗဟိုဦးစီးအဖွဲ့ဝင် (၃၀)၊ စုစုပေါင်း (၄၂) ဦးရဲ့ရှေ့မှာ မဲခွဲဆုံးဖြတ်ခံရန် သဘောတူညီခဲ့ကြပါတယ်။ အစွပ်စွဲခံရသူများဖက်က ရှုံးရင် နုတ်ထွက်ပေးရေးဖြစ်ပြီး၊ စွပ်စွဲသူဘက်က ရှုံးနိမ့်ရင်လည်း နုတ်ထွက်ပေးရေး သဘောတူညီချက်နဲ့ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ဦးအောင်ကြီး ခွက်ခွက်လန်အောင် ရှုံးနိမ့်သွားရပါတယ်။ ဦးအောင်ကြီးဘက်က ဦးအောင်ကြီး ခွဲတမ်းစာရင်းနဲ့ ပါဝင်ခဲ့သူတချို့ကတောင် ဦးအောင်ကြီး ကို ဆန့်ကျင်မဲပေးသွားခဲ့ပါတယ်။ (ဥပမာအားဖြင့် ဦးကြည်မောင်)

ဦးအောင်ကြီး နုတ်ထွက်ပေးရပြီး ပါတီတခု ထောင်သွားခဲ့ပါတယ်။ အဲဒါကတော့ 'ပြည်ထောင်စုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်' ဆိုတာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် ဦးတင်ဦး ဖြစ်လာခဲ့ပါတယ်။ နုတ်ထွက်ပေးလိုက်ရတဲ့ ဦးအောင်ကြီး က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မစားရတဲ့အမဲ သဲနဲ့ပက်တဲ့အနေနဲ့ အမျိုးမျိုး အနှောက်အယှက်ပြုခဲ့ပါတယ်။ ဒါပေမယ့် အဖွဲ့ချုပ်ရဲ့အနေအထားကို ပြိုကွဲအောင်မလုပ်နိုင်ခဲ့ပါ။ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအဖွဲ့အစည်းပေါင်းများစွာထဲမှာ ရေပန်းအစားဆုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပဲဖြစ်ပြီး လူကြိုက်အများဆုံး ခေါင်းဆောင်၊ ပြည်သူ့လူထု မေတ္တာကို အရရှိဆုံး ခေါင်းဆောင်ကတော့ ဒေါ်အောင်ဆန်းစုကြည် ပဲဖြစ်ပါတယ်။

အဖွဲ့ချုပ်ပြီးရင် လူသိများခဲ့တဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကတော့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ဒီငြိမ်း၊ ဗိုလ်မှူးသခင်ချစ်မောင် ရဲ့တပ်ပေါင်းစုနဲ ဦးသုဝေ ရဲ့ ဒီမိုကရေစီပါတီ တို့ဖြစ်ပါတယ်။ ကျောင်းသားလူငယ်အဖွဲ့အစည်းတွေအတွင်းမှာတော့ မိုးသီးဇွန် တို့ရဲ့ 'လူ့ဘောင်သစ်' ဖြစ်ပါတယ်။

လူထုကြားမှာ ပက်ပက်စက်စက် ပြစ်တင်ရှုတ်ချခြင်းခံရတာကတော့ မဆလ တဖြစ်လဲ တစည (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) ဖြစ်ပါတယ်။ နဝတက တစည ကို မျက်နှာသာပေးတာ ဘက်လိုက်ပေးတာတွေ လုပ်ခဲ့ပေမယ့် လူထုကြားမှာ နဲနဲလေးမှ မျက်နှာပွင့်ခွင့်မရတော့ပါ။ နဝတ စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးတည်ထိုးနှက်ဖို့ပြင်ပါတယ်။

နိုင်ငံရေးပါတီအများစုကြီးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီး နဲ့ မဟာမိတ်ဖွဲ့ထားကြပါတယ်။ အဖွဲ့ချုပ်ရဲ့ မဟာမိတ် (၄၆) ပါတီထဲမှာ ကျောင်းသားပါတီ လူ့ဘောင်သစ် ပါသလို၊ ဗိုလ်မှူးသခင်ချစ်မောင်တို့ တပ်ပေါင်းစု၊ ပြည်သူ့တိုးတက်ရေးပါတီ၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ ပြည်သူ့ရဲဘော်၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ)၊ အမြဲစိမ်းလူငယ်၊ သွေးသစ်လူငယ်၊ စတဲ့ပါတီတွေအပြင်၊ လူမျိုးစုပါတီတွေအမြောက်အများလည်းပါဝင်ကြပါတယ်။ မဟာမိတ်နိုင်ငံရေးပါတီတွေက မဟာမိတ်အဆင့်လောက်တင်ရပ်မနေပဲ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဏ္ဍိုင်ထားပြီး စည်းလုံးညီညွတ်တဲ့ 'တပ်ပေါင်းစုကြီး' တခုအဖြစ် ပေါ်ထွန်းလာစေချင်ကြပါတယ်။ စစ်အစိုးရနဲ့ ရင်ဆိုင်ကြရာမှာ 'တပ်ပေါင်းစု' အားနဲ့ ရင်ဆိုင်နိုင်မှ အင်အားရှိရှိ တုန့်ပြန်ရင်ဆိုင်

နိုင်လိမ့်မယ်လို့ယူဆကြပါတယ်။ အဖွဲ့ချုပ်က 'တပ်ပေါင်းစု' ဖွဲ့စည်းရေးကို မူအားဖြင့် သဘောတူလက်ခံပေမယ့် လက်တွေ့အားဖြင့် သွက်သွက်လက်လက် ခြေလှမ်းပြင်ခြင်း၊ စတင်အကောင်အထည်ဖော်ခြင်းတွေ မလုပ်နိုင်ခဲ့ပါ။

နိုင်ငံရေးပါတီတွေကြားမှာ ဝိဝါဒကွဲစရာ အယူအဆမတူမှုတွေကလည်း ရှိနေခဲ့ပါတယ်။ အဲဒါက တော့နိုင်ငံရေးပါတီတချို့က အရေးတော်ပုံကြီးရဲ့ နောက်ဆုံးကြွေးကြော်သံဖြစ်တဲ့ 'ကြားဖြတ်အစိုးရဖွဲ့စည်းပေး' ဆိုတာကို ဆက်လက်ဆုပ်ကိုင် တိုက်ပွဲဆင်လိုပြီး တချို့က 'တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပေး' ဆိုတာကို မူအဖြစ် ဆုပ်ကိုင်တိုက်ပွဲဆင်လိုကြပါတယ်။ ဝိရုရသခင်ချစ်မောင်တို့လို အဖွဲ့အစည်းကတော့ 'ကြားဖြတ်အစိုးရ' နဲ့ 'ရွေးကောက်ပွဲ' ကြားက 'ကြားဖြတ်ညွန့်ပေါင်းအစိုးရ' ဆိုတဲ့ကြွေးကြော်သံကိုတင်ပါတယ်။ မိုးသီးဇွန်တို့လို ကျောင်းသားပါတီ လူ့ဘောင်သစ်က 'ကြားဖြတ်အစိုးရ' မူကိုပဲ လိုလားပါတယ်။ (လူ့ဘောင်သစ်ထဲက ဗဟိုကော်မီတီဝင်တချို့ဟာ မိုးသီးဇွန် တို့နဲ့ သဘောထားကွဲလွဲနေတာလည်းရှိပါတယ်။) အဖွဲ့ချုပ်သွားနေတဲ့လမ်းကြောင်းက 'ရွေးကောက်ပွဲလမ်း' ဆီလိုဖြစ်နေခဲ့ပါတယ်။

တပ်ပေါင်းစုဖွဲ့စည်းရေးအတွက် အားထုတ်ကြတဲ့အခါ တူညီတဲ့ မူ ရှိဖို့ တနည်းအားဖြင့် တခုတည်းသော မူ ရှိဖို့ လိုအပ်လာပါတယ်။ ကြားဖြတ်အစိုးရလမ်းကြောင်းလား၊ ရွေးကောက်ပွဲလမ်းကြောင်းလား ဆိုတာမှာတောင် ကွဲလွဲမှုတွေရှိနေကြချိန်မှာ တပ်ပေါင်းစုဖွဲ့စည်းရေးဟာ ပိုပြီးနှောင့်နှေးနေရပါတယ်။

တပ်ပေါင်းစုဖွဲ့စည်းနိုင်ဖို့ ကြိုးစားဆွေးနွေးကြတဲ့ ဆွေးနွေးပွဲတခုမှာ ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့် က 'ကြားဖြတ်လား ရွေးကောက်ပွဲလား' ဆိုတဲ့ ကြွေးကြော်သံ နှစ်ခုကွဲပြားနေလို့ တပ်ပေါင်းစုဖွဲ့စည်းရေးမှာ အခက်အခဲဖြစ်နေကြမယ်ဆိုရင် ဘယ်သူအကျိုးရှိမလဲ၊ နဝတပဲ အကျိုးရှိမယ်၊ နဝတ အကြိုက်ပဲဖြစ်မယ်၊ အဲဒီတော့ အဖြစ်နိုင်ဆုံးကို ညှိနှိုင်းကြပြီး တပ်ပေါင်းစုဖွဲ့စည်းရေးကို လုပ်ကြဖို့လိုတယ်' လို့ ပြောဆိုတာလုပ်ပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အဲန်အယ်လ်ဒီ ဦးစီးမဏ္ဍိုင်ပြုတဲ့ တပ်ပေါင်းစုကြီးကား မပေါ်ထွက်နိုင်ပဲ ဖြစ်နေခဲ့ပါတယ်။

အဲဒီလိုကာလမှာ လူ့ဘောင်သစ်ပါတီက ကျယ်ပြန့်ကြီးမားတဲ့ တပ်ပေါင်းစုကြီးတခု မတည်ဆောက်နိုင်သေးခင်ကြားမှာ တူရာတူရာ အဖွဲ့အစည်းတွေပေါင်းပြီး 'တပ်ပေါင်းစု' သဘောမျိုး အဖွဲ့တဖွဲ့ဖွဲ့နိုင်ဖို့ စိုင်းပြင်းပါတယ်။ အကျိုးဆက်က လူ့ဘောင်သစ်ပါတီ ဦးဆောင်တဲ့ 'ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်' (ဒမဖ) ဆိုတာ ပေါ်ပေါက်လာပါတယ်။ ဥက္ကဋ္ဌက မိုးသီးဇွန်၊ အထွေထွေအတွင်းရေးမှူးက ပြည်သူ့တိုးတက်ရေးပါတီမှ ဦးညိုဝင်း ဖြစ်ပါတယ်။ 'ဒမဖ' မှာ လူ့ဘောင်သစ်၊ ပြည်သူ့တိုးတက်ရေး၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ)၊ အမြဲစိမ်းလူငယ်၊ သွေးသစ်လူငယ်၊ ပြည်သူ့ရဲဘော်အဖွဲ့၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ ဒေါက်တာမောင်မောင်ကျော် ရဲ့ နိုင်ငံတကာ လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးအဖွဲ့၊ ဦးညွန့် သိန်း ရဲ့ 'ဖဆပလ' အဖွဲ့ စတာတွေပါဝင်ခဲ့ပါတယ်။

နိုင်ငံရေးပါတီတွေအဖြစ် တရားဝင်ဖွဲ့စည်းပေါ်ပေါက်လာတဲ့ တိုင်းရင်းသားလူမျိုးစုပါတီများကလည်း တူရာ နိုင်ငံရေးပါတီတွေစုပေါင်းပြီး တပ်ပေါင်းစုကြီးတခု ဖွဲ့စည်းတည်ထောင်လာခဲ့ကြပါတယ်။ အဲဒါကတော့ 'ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်' ဆိုတာဖြစ်ပါတယ်။ (စတင်ဖွဲ့စည်းစက လူမျိုးစုပါတီ (၁၇) ခုသာဖြစ်ပေမယ့် နောက်ပိုင်းမှာ ပါတီ (၂၀) အထိရှိလာပါတယ်။) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကယားပြည်နယ် လူမျိုးစုံဒီမို

ကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ့်အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၊ ကချင်အမျိုးသားကွန်ဂရက် စတဲ့ အဖွဲ့အစည်းတွေ ပါဝင်ခဲ့ကြပါတယ်။

နိုင်ငွေသိန်း၊ ဦးသာဘန်း၊ ဦးအေးဖေ၊ ဦးအေးသာအောင်၊ ဦးခွန်တင်ရွှေ၊ ဆလိုင်းလျန်မှုန်း၊ ဦးဒယ်နီ ရယ်အောင်၊ ဦးစီကေတိုက်ကွဲလ်၊ စိုင်းအိုက်ပေါင်း၊ ဦးစောသန်းရှိန် စတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ခဲ့ကြပါတယ်။

နဝတဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးစောမောင် ကတော့ ဒီမိုကရေစီအင်အားစုတွေဘက်မှာ နိုင်ငံရေးပါတီ တွေ အမြောက်အများဖြစ်ပေါ်နေတာကို သရော်တာ၊ လှောင်ပြောင်တာ၊ ခနဲ့တာတွေလုပ်ပါတယ်။ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ကြီးကိုလည်း ရိတိတိ၊ ထေ့တေ့တေ့ ပြောတာဆိုတာ လုပ်ပါတယ်။

အဖွဲ့ချုပ်ကြီးကို မဏ္ဍိုင်ပြုပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ ဖော်ဆောင်ချင်ကြ၊ တပ်ပေါင်းစုကြီး ဖြစ်ပေါ်စေ ချင်ကြတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးကို အားမလိုအားမရဖြစ် ကြတာလည်းရှိပါတယ်။ အဲဒီလို နောက်ခံအခြေအနေတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒေါ်အောင်ဆန်းစု ကြည်ဗဟိုပြုတဲ့ အဖွဲ့ချုပ်ကြီးအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်တဲ့ အိတ်ဖွင့်ပေးစာတစောင် ပေါ်လာပါတယ်။ အများပြည်သူရှေ့မှောက်မှာ ကျယ်ကျယ်ပြန့်ပြန့်သိအောင် ဖော်ထုတ်ဝေဖန်တာမျိုး မဟုတ်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းစည်းတင်ဝေဖန်ထားတဲ့ အဲဒီဝေဖန်စာ အိတ်ဖွင့်ပေးစာဟာ တော်တော်ကို ပြင်းထန်နေပါတယ်။ ဝေဖန်သူအိတ်ဖွင့်ပေးစာရှင်က လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ မိုးသီးဇွန် ဖြစ်ပါတယ်။ အဖွဲ့ချုပ် ဟာ နိုင်ငံရေးပါတီနဲ့မတူပဲ၊ လူအုပ်ကြီး တအုပ်တစုသဖွယ်သာ ဖြစ်နေပုံ၊ ပါတီဝင်လျှောက်လွှာတွေ ပါတီဝင် သိမ်းသွင်းစုဆောင်မှုတွေနဲ့ပဲ အလုပ်ရှုပ်နေပြီး၊ လုပ်ဆောင်ရမယ့်နိုင်ငံရေးလမ်းကြောင်း ပျောက်နေပုံတွေကို တစ်တစ်ခွခွဝေဖန်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အဖို့ စိတ်ကသိကအောက်ဖြစ်စရာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က စည်း ရုံးရေးခရီး လှည့်လည်ပွဲတွေ၊ အဖွဲ့ချုပ်ဆိုင်းဘုတ်တင်ပွဲတွေမှာ ဒီမိုကရေစီတရားတွေကို ဟောပြောရင်း၊ ပြည်သူလူထုဘက်ကနေ စစ်တပ်ကိုဝေဖန်တာ၊ အစိုးရကို ဝေဖန် တာတွေ ထက်ထက်မြက်မြက် လုပ်ဆောင်လာခဲ့ပါတယ်။

အဖွဲ့ချုပ်က အပတ်စဉ်သတင်းလွှာထုတ်ပြန်တာ၊ အဖမ်းအဆီးခံရသူတွေဘက်ကနေ နဝတအစိုးရ ကိုကန့်ကွက်တာ၊ ပြန်လွှတ်ပေးရေး တောင်းဆိုတာတွေ ချက်ကျလက်ကျ အကောင်အထည်ဖော် ပြခဲ့ပါ တယ်။ နိုင်ငံရေးပါတီတွေအသီးသီးကလည်း နဝတရဲ့ ဖမ်းဆီးမှု၊ လုပ်ကိုင်ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး၊ ကန့်ကွက်တာ၊ ပြန်လွှတ်ပေးရေးတောင်းဆိုတာ၊ တရားမမျှတမှုတွေကို ဖော်ထုတ်တင်ပြတာတွေ အဆက်မ ပြတ် လုပ်ဆောင်လှုပ်ရှားလာကြပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီအသီးသီးရဲ့ နိုင်ငံရေးဆိုင်ရာဆွေးနွေး ပွဲတွေ၊ တွေ့ဆုံညှိနှိုင်းပွဲတွေလည်း အဆက်မပြတ် ပေါ်ပေါက်လာခဲ့ပြီး၊ ပူးတွဲထုတ်ပြန်ကြေညာချက်တွေ၊ ပူးတွဲ လက်မှတ်ရေးထိုး တောင်းဆိုမှုတွေ၊ ပူးတွဲကန့်ကွက်တင်ပြချက်တွေ အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါ တယ်။ ကြေညာချက်၊ တောင်းဆိုချက်၊ ကန့်ကွက်တင်ပြချက်တွေ လုပ်ဆောင်ကြတဲ့အခါ၊ ပါတီတခုချင်း အလိုက်၊ တပ်ပေါင်းစု တခုချင်းအလိုက်၊ လုပ်ဆောင်ကြတာတွေရှိသလို၊ 'တူရာတွဲလုပ်' မူအရ၊ တဆင့်တိုး စုစည်းလုပ်ဆောင်ကြတာတွေလည်းရှိပါတယ်။ အဲဒီလို တူရာတူရာကိစ္စရပ်တွေအပေါ် ဆွေးနွေးညှိနှိုင်းကြပြီး၊ လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာ တောင်းဆိုလှုပ်ရှားကြတာတွေကို ဂျေအေစီ (JAC) လှုပ်ရှားမှုတွေလို့ အတိုကောက် ခေါ်ဝေါ် ခဲ့ကြပါတယ်။ JAC ဆိုတာက ( Joint Action Committee) ကို ဆိုလိုတာဖြစ်ပြီး၊ ပူးတွဲကော်မီတီဖွဲ့ စုပေါင်းလှုပ်ရှားကြတာဖြစ်ပါတယ်။

မင်းကိုနိုင်၊ ကိုကိုကြီးတို့ခေါင်းဆောင်ပြီး မြေအောက်ပုံစံနဲ့ လှုပ်ရှားနေရတဲ့ ဗကသ ကလည်း နိုင်ငံရေး အခြေအနေအလိုက် လိုအပ်တဲ့ကြေညာချက်တွေ၊ သဘောထားထုတ်ဖော်မှုတွေကို အဆက်မပြတ် လုပ်ဆောင်နေပါတယ်။ အထက်ဗမာပြည်မှာလည်း အထက်ဗမာပြည် ဗကသအဖွဲ့ကြီး တည်ရှိနေပြီး၊ ကျောင်းသားလှုပ်ရှားမှုတွေကို မြေအောက်သဏ္ဍာန်နဲ့ လှုပ်ရှားနေခဲ့ပါတယ်။ အထက်ဗမာပြည် ဗကသ ဥက္ကဋ္ဌကတော့၊ 'သန့်စင်' ဖြစ်ပါတယ်။ ဗကသ လိုပဲ တကသ၊ ရကသ တို့အပြင် အခြေခံကျောင်းသားများ သမဂ္ဂ (အကသ) ဆိုတာပါ ပေါ်ပေါက်နေပြီး၊ ကျောင်းသားလှုပ်ရှားမှုတွေ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဆက်လက်ထွက်ပေါ်နေခဲ့ပါတယ်။ ဦးတည်ချက်ကတော့ မပြီးဆုံးသေးတဲ့ အရေးတော်ပုံကြီးရဲ့ အဆုံးသတ်အောင်ပွဲကို အရယူ နိုင်ရေးနဲ့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ချုပ်ငြိမ်းပျောက်ကွယ်ရေးပဲ ဖြစ်ပါတယ်။ စစ်မှတ်တဲ့ဒီမိုကရေစီ စနစ် အကောင်အထည်ဖော်ရေးဖြစ်ပါတယ်။

နဝတစစ်အစိုးရရဲ့ အရေးတော်ပုံကြီးကို အကြမ်းဖက်ဖြိုခွင်းတက်ရောက်လာမှုနဲ့ အဆက်မပြတ် ဆက်လက်ဖိနှိပ်နေမှုကြောင့် ကေအဲင်ယူ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းရှိရာ တောတွင်းကို ရောက်ရှိသွားကြရတဲ့ ကျောင်းသားတွေကတော့၊ 'မဒတ' ဗဟိုဌာနချုပ်မှာ ၁၉၈၈ နိုဝင်ဘာလ (၁) ရက်ကနေ (၅)ရက်နေ့အထိ ကျောင်းသားများနီးနှောဖလှယ်ပွဲကြီး ကျင်းပပါတယ်။ နိုဝင်ဘာလ (၁)ရက်နေ့မှာ 'မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး' (မကဒတ)၊ (All Burma Student's Democratic Front) (ABSDF) ကို တရားဝင်ဖွဲ့စည်းလိုက်ပါတယ်။

စစ်အစိုးရကို ဆန့်ကျင်တွန်းလှန်တိုက်ခိုက်ဖို့ အေဘီအက်စ်ဒီအက်ဖ် ကျောင်းသားတပ်မတော်ကြီး ပေါ်ထွက်လာပါတယ်။ ကျောင်းသားတပ်မတော်ဆိုတာ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ တခါမှ မပေါ်ဖူးသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးအစားဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာလည်း 'ကျောင်းသားတပ်မတော်' ဆိုတာ မရှိခဲ့ဖူးသေးပါ။ ဗမာပြည်စစ်အာဏာရှင်များရဲ့ ရက်ရက်စက်စက် ဖိနှိပ်မှုကြောင့် ပေါ်ပေါက်လာခဲ့ရတဲ့ ရလဒ်ဖြစ်ပါတယ်။

ပထမဆုံး အေဘီအက်စ်ဒီအက်ဖ် ရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင် (၁၃) ဦးစာရင်းကို နိုဝင်ဘာလ (၁၀) ရက်နေ့မှာ ကြေညာချက်အမှတ် (၂) နဲ့ ထွက်ပေါ်လာခဲ့ပါတယ်။ ဥက္ကဋ္ဌက ထွန်းအောင်ကျော်၊ ဒုဥက္ကဋ္ဌ ဝင်းမိုးနဲ့ အထွေထွေအတွင်းရေးမှူးက သန်းဝင်း တို့ဖြစ်ပါတယ်။

တောတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာတဲ့ အဖွဲ့အစည်းကြီးတခုကတော့၊ 'မဒမခ' ဖြစ်ပါတယ်။ ၁၉၈၈၊ နိုဝင်ဘာ (၁၄)ရက်ကနေ (၁၈) ရက်နေ့အထိ ကေအင်ယူနယ်မြေ 'ခလာဒေးစခန်း' မှာ 'မြန်မာနိုင်ငံလုံးဆိုင်ရာ စစ်အစိုးရဆန့်ကျင်ရေးညီလာခံကြီး' ကျင်းပပါတယ်။ ရလဒ်အဖြစ် 'မဒမခ' အဖွဲ့ကြီး ပေါ်ထွန်းလာခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ဝင် (၁၁) ဖွဲ့အပါအဝင် အဖွဲ့အစည်း စုစုပေါင်း (၂၁) ဖွဲ့နဲ့ ဖွဲ့စည်းလိုက်တဲ့ " မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်" (မဒမခ) ခေါ် 'ဒီအေဘီ'DAB (Democratic Alliance of Burma) အဖွဲ့ကြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး စောဘိုမြ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီများ၊ ကျောင်းသားသမဂ္ဂများ၊ အမျိုးမျိုးသော လူတန်းစားသမဂ္ဂများလို၊ ဗမာပြည် နိုင်ငံရေးလှုပ်ရှားမှုမှာ အရေးကြီးအခန်းကဏ္ဍကနေ ပါဝင်လှုပ်ရှားနေတာကတော့ ရဟန်းသံဃာတော်များရဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ 'သံဃာ့သာမဂ္ဂီ' 'ရဟန်းပျိုများသမဂ္ဂ' 'ရဟန်းငယ်များသမဂ္ဂ' တို့ဟာ ထင်ရှားတက်ကြွတဲ့ သံဃာ့အဖွဲ့အစည်းများဖြစ်ပါတယ်။ တောထဲမှာအထိ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂ (တော်လှန်ရေးနယ်မြေ) ဆိုတာရှိနေပြီး၊ 'ဒီအေဘီ' အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားနိုင်ခဲ့ပါတယ်။

အထက်ဗမာပြည်မှာတော့ 'လေးပြင်လေးရပ် သံဃာ့သာမဂ္ဂီ' ဟာ အထင်ရှားဆုံးဖြစ်ပြီး၊ ဥက္ကဋ္ဌ ဆရာတော်က ဦးရေဝတ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီများက တရားဝင်နည်း၊ သမဂ္ဂများက မြေအောက်ယူဂျီနည်း၊ လက်နက်ကိုင်အဖွဲ့ အစည်းများက လက်နက်ကိုင်နည်းတွေနဲ့ စစ်အာဏာရှင်စနစ်ဖြိုချရေး၊ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ထွန်းရေးတွေအတွက်၊ နဝတ စစ်အစိုးရကို တက်တက်ကြွကြွ အန်တုဆန့်ကျင် လှုပ်ရှားခဲ့ကြပါတယ်။

## ၁၉၈၉ ခုနှစ် ဗမာပြည်အခြေအနေ

၁၉၈၉ ခုနှစ် ဗမာပြည်ရဲ့ အရပ်ရပ်အခြေအနေကို ကြည့်မယ်ဆိုရင် စစ်အစိုးရဟာ အာဏာကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားပြီးပြီဖြစ်ပါတယ်။ 'မာရယ်လော' အလံကိုထောင်ပြီး တနိုင်ငံလုံးအပေါ် တင်းတင်း ကြပ်ကြပ် ချုပ်ကိုင်ထားရင်း ဒီမိုကရေစီအင်အားစုတွေအပေါ် တဆင့်ပြီးတဆင့် စော်ကားမော်ကား ပြုနေပြီ ဖြစ်ပါတယ်။

တက်လာလာချင်း ထုတ်ပြန်ခဲ့တဲ့ နဝတ ကြေညာချက်အမိန့်အမှတ် ၂/၈၈ နဲ့ (၁၉–၁၀–၈၈) နေ့မှာထုတ်ပြန်ခဲ့တဲ့ ကြေညာချက်အမိန့်အမှတ် ၈/၈၈ ဟာ နိုင်ငံရေးလှုပ်ရှားမှုတွေကို နည်းနည်းလေးမှ ခေါင်းပြူထွက်မလာရအောင် ပိတ်ပင်တားဆီးဖိနှိပ်ထားတဲ့ အမိန့်ကြေညာချက်တွေဖြစ်ပါတယ်။ ၈/၈၈ ဟာ အဓိကအားဖြင့် နိုင်ငံရေးပါတီတွေကို ဦးတည်ရည်ညွှန်း ထုတ်ပြန်တဲ့အမိန့်ဖြစ်ပါတယ်။ ၈/၈၈ ရဲ့ အပိုဒ် (၃) ပါ "နိုင်ငံရေးပါတီများဟာ ပုဂ္ဂိုလ်တဦးတယောက်၊ အဖွဲ့အစည်းတခုခုကို မထိခိုက်စေဘဲ ရွေးကောက် ပွဲမှာ မိမိပါတီအနိုင်ရရှိရေးအတွက် မိမိပါတီ၏ မူဝါဒလမ်းစဉ်တွေကို ပြည်သူလူထု ယုံကြည်ထောက်ခံမှုရရှိ စေဖို့ မှန်ကန်စွာ စည်းရုံးလှုပ်ရှားခွင့်ရှိကြောင်း၊ ဒါပေမယ့် တပ်မတော်ပြိုကွဲအောင်ရည်ရွယ်ပြီး စည်းရုံးလှုံ့ ဆော်တာ၊ ဟောပြောတာ၊ တီးတိုးလုပ်ကြံဝါဒဖြန့်တာ၊ ရေးသားလှုံ့ဆော်တာတွေ မပြုလုပ်ကြဖို့ တားမြစ် ကြောင်း၊ တားမြစ်ချက်တွေကို ကျူးလွန်က ထိရောက်စွာအရေးယူမှာဖြစ်ကြောင်း" ဆိုတဲ့ ဖော်ပြချက်က နိုင်ငံရေးပါတီတွေကို မလှုပ်နိုင်အောင် ကန့်သတ်တားမြစ် ဦးတည်ရည်ညွှန်းထားတယ်ဆိုတာ ရှင်းနေပါတယ်။

နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ပေးပြီး ဘာစကားမှ ပြောခွင့်မပေးတဲ့ သဘောဖြစ်ပါတယ်။ "ပုဂ္ဂိုလ် တဦးတယောက်၊ အဖွဲ့အစည်းတခုခုကို မထိခိုက်စေဘဲ" ဆိုတာကလည်း တိတိလင်းလင်းပြောရရင် ဦးနေဝင်း နဲ့ မဆလ ထိပ်သီးဟောင်းကြီးများကို မထိခိုက်စေဘဲ၊ မဆလ ပါတီ ဒါမှမဟုတ် မဆလ တဖြစ်လဲ တစညပါတီ ကို မထိခိုက်စေဘဲလို့ ဆိုလိုတာဖြစ်ပါတယ်။ တပ်မတော်ကို မထိခိုက်ရဆိုတာကတော့ ခပ်ပြောင်ပြောင်ကို တိတိလင်းလင်း ဖော်ပြပြီးပြီဖြစ်ပါတယ်။ သူများကိုသာ မထိခိုက်ရလို့ သတိပေးတားမြစ်ပေမယ့် သူကိုယ် တိုင် (နဝတ) ကတော့ နိုင်ငံရေးပါတီတွေကို သရော်မော်ကား ထင်သလိုပြောဆိုနေခဲ့ပါတယ်။ "အရူးက လွဲလို့ အကုန်လုံး နိုင်ငံရေးပါတီဖွဲ့ခွင့်ပေးထားတာပဲ၊ ဒီလောက်များတဲ့ ပါတီတွေကို ဘယ်လိုလုပ်တွေ့ဆုံ ဆွေးနွေးရမှာလဲ" နဲ့ မဲ့ကာရွဲ့ကာပြောဆိုနေခဲ့ပါတယ်။

နိုင်ငံရေးပါတီတွေကတော့ ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေတွေဖြစ်တဲ့ ၂/၈၈၊ ၈/၈၈ ဆိုတာတွေကို ရုပ်သိမ်းပေးဖို့၊ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုကြပါတယ်။

အရေးတော်ပုံကြီးကို ပစ်ခတ်ဖြိုခွင်းတက်လာရုံမက လူ့အခွင့်အရေးတွေ နေ့စဉ်ချိုးဖောက် ဖိနှိပ် နေတဲ့ နဝတ စစ်အစိုးရကို နိုင်ငံတကာကတော့ နှာခေါင်းရှုံ့နေကြပါတယ်။ အနောက်အုပ်စုက နဝတကို

ရှုတ်ချပါတယ်။ ကန့်သတ်ပိတ်ပင် အရေးယူတာတွေ ပြင်းပြင်းထန်ထန် ချမှတ်ကျင့်သုံးပါတယ်။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းတွေနဲ့ မဆလ ခေတ်ကတည်းက ပုံမှန်ထောက်ပံ့ကူညီနေကြတဲ့ နိုင်ငံတွေကလည်း အကူအညီတွေရပ်ဆိုင်းလိုက်တဲ့အတွက် နဝတ အစိုးရအဖို့ မခံချိမခံသာ ဖြစ်လာပါတယ်။ အနောက်ဂျာမန်က ၈၈ ခုနှစ်၊ ဩဂုတ်လကတည်းက မတ်ငွေ (၆၅) သန်းတန် ထောက်ပံ့မှုကို ရပ်ဆိုင်းပစ်ခဲ့သလို၊ ဗြိတိန်ကလည်း ၈၈ ခုနှစ်၊ နိုဝင်ဘာ (၄) ရက်ကစပြီး ဗမာပြည်သို့ပေးနေကြ အကူအညီတွေအားလုံး ရပ်ဆိုင်းပစ်ခဲ့ပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ကိုလည်း ဗမာပြည်ကို ငွေချေးငှားခြင်းမလုပ်ဖို့ အမေရိကန်အစိုးရက ဖိအားပေးတားမြစ်လိုက်ပါတယ်။ ဗမာပြည်ကို ဘဏ္ဍာရေးထောက်ပံ့ကူညီမှု အများဆုံးပေးနေတဲ့ ဂျပန်ကလည်း ၁၉၈၉ ခုနှစ် ဇန်နဝါရီကစပြီး ယန်းငွေ (၈၂၇) သန်းတန် အကူအညီနှစ်ခုကို ရပ်ဆိုင်းပစ်လိုက်တဲ့အတွက် နဝတအဖို့ နူရာဝဲစွဲကိန်းဆိုက်လာပါတယ်။

နဝတနဲ့ ဆက်ဆံတာဆိုလို့ အိမ်နီးချင်းထိုင်းနိုင်ငံအစိုးရနဲ့ တရုတ်အစိုးရ ပဲရှိတော့သလို ဖြစ်လာပါတယ်။ အိန္ဒိယ ကလည်း နဝတ ကို ဝေဖန်ပြစ်တင်တာတွေလုပ်နေပြီးဖြစ်ပါတယ်။ ဘီဘီစီ၊ ဗွီအိုအေ အသံလွှင့်ဌာနတွေကလွဲရင် နဝတ ကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့တာဟာ အိန္ဒိယ က 'အောလ်အင်ဒိယ' အသံလွှင့်ဌာနဖြစ်လာပါတယ်။ ထိုင်းအစိုးရကတော့ နဝတ အစိုးရကို ပထမဆုံးဆက်ဆံတဲ့ အစိုးရလိုဖြစ်လာပါတယ်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်နေ့မှာ ထိုင်းနိုင်ငံက ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယု(ဒ်) ဟာ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ ဖိတ်ကြားချက်နဲ့ ဗမာပြည်ကို ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ပြီး၊ လေဆိပ်မှာတင် လည်ပင်းဖက်လိုက်ကြကာ အကိုကြီးရယ် ညီလေးရယ် လုပ်လိုက်ကြပါတယ်။ ဗိုလ်ချုပ်ကြီး စောမောင်က ထိုင်းနိုင်ငံရောက် ဗမာကျောင်းသားတွေ ပြန်ပို့ပေးရေးကိစ္စ ကူညီဖို့ မေတ္တာရပ်ခံတာကို ထိုင်းက ခေါင်းညိတ်ပြခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးစောမောင် ကလည်း ထိုင်းနိုင်ငံကို ဗမာပြည်စီးပွားရေးစားကျက်မှာ တွင်တွင်ကျယ်ကျယ် လာရောက်လုပ်ကိုင်ခွင့် အခွင့်အရေးတော်တော်များများပေးလိုက်ပါတယ်။

တရုတ်ပြည်ကလည်း သန်လျင်တံတားကြီး ဆက်လက်တည်ဆောက်ပေးဖို့ လုပ်ဆောင်ဖော်ပြလိုက်ခြင်းနဲ့ နဝတရဲ့ အားကိုးဖွယ်ရာ နိုင်ငံကြီးဖြစ်လာခဲ့ပါတယ်။

ဒီမိုကရေစီအင်အားစုဝင် နိုင်ငံရေးပါတီအဖွဲ့အစည်းတွေက နဝတ နဲ့ ဖက်လဲတကင်း ဆက်ဆံမှုပြုပြလာတဲ့ ထိုင်းနိုင်ငံနဲ့ တရုတ်ပြည်ရဲ့ ဖော်ပြမှုတွေကို တော်တော်များများ မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။ သံရုံးတွေကို ကန့်ကွက်စာပေးပို့တာတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်း တော်တော်များက နိုင်ငံတကာအဖွဲ့အစည်းများပါသိရှိရအောင် မိတ္တူအဖြစ်ပေးပို့တဲ့ ထုတ်ပြန်ပေးပို့လွှာတွေမှာ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကို မပေးပို့ကြတော့ရုံမက " မိတ္တူကို (ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသံရုံးမပါ) နိုင်ငံတကာသံရုံးအားလုံး"သို့ ဆိုတဲ့ ဖော်ပြမှုမျိုးတွေနဲ့ပါ တိတိလင်းလင်း ဖော်ပြသုံးစွဲလာခဲ့ကြပါတယ်။

အထီးကျန်ဖြစ်နေတဲ့ နဝတစစ်အစိုးရဟာ အနောက်အုပ်စုရဲ့ ပိတ်ပင်ကန့်သတ်မှုတွေကြောင့် နယ်ချဲ့ဆန့်ကျင်ရေးစကား တွင်တွင်ပြောကြားလာပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ဘယ်တုန်းကမှ နယ်ချဲ့ဆန့်ကျင်ရေးစကား မပြောကြားခဲ့ဖူးတဲ့ နယ်ချဲ့ဆန့်ကျင်ရေး လက္ခဏာလည်း ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ စစ်အုပ်စုဟာ နယ်ချဲ့ဆန့်ကျင်ရေးစကား အပြောဆုံးဖြစ်လာပါတယ်။ အထူးသဖြင့် အမေရိကန်၊ အင်္ဂလိပ်ဆန့်ကျင်ရေးစကား အပြောဆုံးဖြစ်လာပါတယ်။ အဓိကကတော့ သူတို့ကို ဆေးဖော်ကြောဖက်မလုပ်တဲ့ အပေါ် မခံချိမခံသာဖြစ်ပြီး ပြောဆိုလာတာဖြစ်သလို ဒီမိုကရေစီအင်အားစုတွေဘက်က ထောက်ခံမှုပေးတာ၊ ရပ်တည်ကူညီတာတွေအပေါ် မကျေနပ်တဲ့အတွက် ပြောဆိုလာတာဖြစ်ပါတယ်။ အနောက်အုပ်စုက

ထောက်ခံလိုလားတယ်လို့ ယူဆရတဲ့ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ရေပန်းစား လူကြိုက်များလာမှုကိုလည်း မနာလိုဝန်တိုဖြစ်ရင်း၊ ဒေါ်အောင်ဆန်းစုကြည် ဟာ နယ်ချဲ့ကြိုက်ဖြစ်တယ်၊ နဝတကတော့ နယ်ချဲ့ကို ပြတ်ပြတ်သားသားဆန့်ကျင်တဲ့ မျိုးချစ်ပြည်ချစ်များဖြစ်တယ်ဆိုတဲ့အသွင်ကို ကြံဖန်ဂိုက်ထုတ်ကြည့်တာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဗမာပြည်သူလူထုက အမှန်ကို နားလည်နေကြပါတယ်။ နဝတစစ်အစိုးရဘာကြောင့် နယ်ချဲ့ဆန့်ကျင်ရေးစကား တဖောင်ဖောင်ပြောဆိုနေသလဲဆိုတာရဲ့ အနှစ်သာရကိုပါ သိမြင်နေကြပါတယ်။ နဝတ ပြောဆိုနေတဲ့ နယ်ချဲ့သမားများ ကိုလိုနီလက်သစ်ဝါဒီများက နဝတကိုသာ မျက်နှာသာပြန်ပေးမယ်ဆိုရင်၊ အချိန်မရွေး မျက်နှာချိုပြန်သွေးကြဦးမှာကိုလည်း အားလုံးက သဘောပေါက် ပြီးဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က "ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ ပြည်သူကိုအလုပ်အကျွေးပြုဖို့ တည်ထောင်ခဲ့တာဖြစ်တယ်" ဆိုတာတွေပြောဆိုလာတဲ့အခါ စစ်အုပ်စု ထိပ်သီးကြီးများဟာ တပ်မတော်ဖြိုခွဲရေးလို့မြင်ပြီး ထိတ်ထိတ်ပြာပြာ ဖြစ်ကြပါတယ်။ "တပ်မတော်ကို ဖြိုခွဲဖို့အကြံ ဒို့လက်မခံ" တို့ "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" တို့ "တပ်မတော်သာအမိ တပ်မတော်သာအဖ" တို့ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေ မြို့လုံးအနှံ့ထောင်ပြီး စစ်တပ်စည်းလုံးရေး၊ စစ်တပ်သြဇာထူထောင်ရေးတွေ သွေးရူးသွေးတန်း လုပ်ဆောင်ပါတယ်။

"တပ်မတော်သည်အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်" "ကိုလိုနီလက်သစ်ဝါဒီများကိုဆန့်ကျင်ကြ" "သွေးပြောတာကိုယုံ ဘေးပြောတာကို မယုံနဲ့" ဆိုတဲ့ ရောမဆိုင်းဘုတ်ကြီးတွေ ရန်ကုန်မြို့ရဲ့ အချက်အချာနေရာတွေတိုင်းမှာ ပေါ်ပေါက်လာပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး ကြွေးကြော်သံ ရောမဆိုင်းဘုတ်ကြီးကို အမေရိကန်သံရုံးနဲ့မျက်စောင်းထိုးမှာ သွားစိုက်ထူထားတာမျိုးတွေလည်း နဝတက လုပ်ဆောင်ပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင်က မိန့်ခွန်းရှည်ကြီးတွေ ထထပေးတာ မကြာခဏလုပ်သလို၊ သတင်းထုတ် ပြန်ရေးအဖွဲ့ဆိုတာကလည်း အပတ်စဉ်သတင်းစာရှင်းလင်းပွဲကြီးတွေလုပ်ပြီး နိုင်ငံရေးပါတီတွေကို ပုတ်ခတ် တာ၊ အနောက်အုပ်စုကို စောင်းပါးရိပ်ခြေ ရန်ထောင်တာ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အင်ဒိယ တို့ကို နှာခေါင်းရှုံ့တာတွေ မပြီးနိုင်မစီးနိုင် လုပ်ဆောင်ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ တောင်စဉ်ရေမရ မိန့်ခွန်းများနဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ လေကြောရှည်ရှည်ရှင်းလင်းပွဲကြီးများဟာ ညသန်ခေါင်ယံအထိ မပြီးနိုင်မစီးနိုင် လွှင့်ထုတ်ပြသနေတဲ့အတွက် အိပ်ရေးပျက်မခံနိုင်သူတွေက တီဗွီ၊ ရေဒီယို ထပိတ်ပြီးအိပ်ကြရပါတယ်။ "ကနေ့သတင်းစာ ရှင်းလင်းပွဲရှိတယ်၊ စောစောအိပ်မှ" ဆိုတဲ့ ဟာသပြက်လုံးတွေတောင် ပေါ်လာပါတယ်။

၈၈ ခုနှစ်၊ ဒီဇင်ဘာလထဲတုန်းက ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ဒေါ်ခင်ကြည်စျာပနမှာ စစ်တပ်နဲ့ လူထု ထိပ်တိုက်တိုးလုနီးနီး ဖြစ်ခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကလည်း ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့သလို ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် တို့ကလည်း ကျောင်းသားထုကို ထိန်းသိမ်းခဲ့တဲ့အတွက် စျာပနကိစ္စ အေးအေးငြိမ်းငြိမ်း ပြီးစီးသွားခဲ့ပါတယ်။ စျာပနကို ခေတ္တလာရောက်ကြည့်ရှုတဲ့ ဗိုလ်ချုပ်ကြီးစောမောင် ကို စျာပနရှင် ဒေါ်အောင်ဆန်းစုကြည် က လောကဝတ်သဘော "အန်ကယ် ကျမကိုပြောစရာရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါ" လို့ပြောမိတာကို ဗိုလ်ချုပ်ကြီးစောမောင်က အသားယူပြီး ကာလတော်တော်ကြာမှ "ပွင့်ပွင့်လင်းလင်းပြောမယ်၊ တပ်မတော်ကို ထိပ်တိုက်မလုပ်ပါနဲ့" လို့ တီဗွီကနေ ပြောတာဆိုတာမျိုးတွေ လုပ်ပါတယ်။

နိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲဘယ်တော့လုပ်ပေးမလဲ၊ ၂/၈၈၊ ၈/၈၈ အမိန့်ဥပဒေတွေ ရုပ်သိမ်းပေးဆိုတဲ့ တောင်းဆိုသံ မေးမြန်းသံတွေ တိုးပြီးထွက်ပေါ်လာသလို နိုင်ငံခြားသံတမန်များကလည်း ရွေးကောက်ပွဲကော်မရှင်ကို သွားရောက်တွေ့ဆုံပြီး ရွေးကောက်ပွဲ ဘယ်တော့ကျင်းပပေးမလဲဆိုတဲ့ အချိန် ဇယားမေးမြန်းသံတွေ စုံစမ်းသံတွေ ထူထပ်များပြားလာခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း ဘာ အာဏာမှရှိတာမဟုတ်တဲ့အတွက် နဝတ က သဘောထားချမပေးမချင်း ဘာမှ တိတိကျကျ မဖြေဆိုနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

တောတွင်းကို ရောက်ရှိသွားကြရတဲ့ လူငယ်ကျောင်းသားတွေရဲ့ အခြေအနေကိုကြည့်မယ် ဆိုရင် တော့ ကေအဲန်ယူ ဘက်ရောက်ရှိသွားကြတဲ့ ကျောင်းသားလူငယ် အရေအတွက်ဟာ အများဆုံးဖြစ်ပါတယ်။ ကေအဲန်ယူတို့ရဲ့ အခြေခံဒေသထဲမှာပဲ **ABSDF** ကျောင်းသားတပ်မတော်လှုပ်ရှားနေပြီဖြစ်သလို၊ ကေအိုင်အေ တို့ရဲ့ ဒေသထဲမှာလဲ **ABSDF** (မြောက်ပိုင်းဇဟို) ပေါ်ထွန်းနေပြီဖြစ်ပါတယ်။ အိန္ဒိယဘက် မှာလည်း **ABSDF** ပေါ်ထွန်းနေပြီဖြစ်ပါတယ်။ ဗကပ တို့ရဲ့ လွတ်မြောက်ဒေသထဲ ရောက်ရှိသွားကြတဲ့ လူငယ်ကျောင်းသားများ ကတော့ DPA ( Democracy Patriotic Army) "ဒီမိုကရေစီ မျိုးချစ်တပ်မတော်" ဆိုပြီး ပေါ်ထွက်နေပြီဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်ထဲမှာ နဝတ စစ်အစိုးရနဲ့ ဒီမိုကရေစီအင်အားစုများရဲ့ ထိပ်တိုက်တိုးပွဲကတော့ မတ်လ (၁၃) ရက်နေ့ "ဖုန်းမော်ကျဆုံးရခြင်း နှစ်လည်အခမ်းအနားပွဲ" ဖြစ်ပါတယ်။ ဖုန်းမော်သွေးမြေကျခဲ့ရတဲ့ ရန်ကုန် စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်းမှာ ဗကသ က ဦးဆောင်ပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ ထောင် သောင်းချီတဲ့ ဒီမိုကရေစီအင်အားစုဝင် ပရိသတ်ကြီး တက်ရောက်ခဲ့ကြပါတယ်။ ကျောင်းသားသမဂ္ဂများ၊ သမဂ္ဂများနဲ့ ဖိတ်ကြားထားတဲ့ နိုင်ငံရေးပါတီများ တခဲနက်တက်ရောက်ခဲ့ကြပါတယ်။

နဝတစစ်အစိုးရက အခမ်းအနား မကျင်းပနိုင်အောင် အမျိုးမျိုး ခြိမ်းခြောက်ခဲ့ပါတယ်။ အခမ်းအနား ကျင်းပနေရာစင်မြင့် ပရိသတ်ထုနဲ့ အုတ်နံရံတံတိုင်းသာ ခြားထားတဲ့ အင်းစိန်လမ်းမကြီးပေါ်ကနေ ရန်ကုန် တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့် ကိုယ်တိုင်ဦးစီးတဲ့ စစ်တပ်ဟာ စစ်ကားတွေပေါ်ကနေ အသံချဲ့စက်နဲ့ "လူစုခွဲပေးဖို့" အမိန့်ပေးနေခဲ့ပါတယ်။ ၂/၈၈၊ ၈/၈၈ နဲ့ ငြိစွန်းနေပြီဖြစ်တဲ့အတွက် အမြန်ဆုံး လူစုခွဲပေးရ မယ်လို့ တောင်းဆိုခဲ့ပါတယ်။ ကျောင်းသားပရိသတ်ထု အများဆုံးပါဝင်တဲ့ ဒီမိုကရေစီအင်အားစုဝင် ပရိသတ် ကြီးဟာ စစ်အစိုးရရဲ့ အမိန့်ပေးသံတွေကို ဆန့်ကျင်ပြီး အခမ်းအနားပြီးစီးအောင် ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဆရာတော် ဦးပြေညိန္ဒ၊ မိုးသီးဇွန်၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး **(NLD)**၊ ဝိဇ္ဇာ သခင်ချစ်မောင်၊ တော် ဘုရားလေး ဦးအောင်ဖေ၊ ဦးခင်မောင်မြင့် (ပြည်သူ့တိုးတက်ရေးပါတီ)၊ ဒေါ်အောင်ဆန်းစုကြည် တို့တတွေ တက်ရောက်ဟောပြောခဲ့ကြပါတယ်။ '၂/၈၈၊ ၈/၈၈ ကို အခုရုပ်သိမ်းပေးလိုက်ပါ၊ တပ်မတော်ဟာ ဘက်မလိုက်ဘူးဆိုရင် ဘာလို့ ဦးနေဝင်း ကိုထိရင် တစညကိုထိရင် နာနေရတာလဲ' လို့ ဖွင့်ချတိုက်ခိုက်ရင်း၊ ဗိုလ်ချုပ်ကြီးစောမောင် ရဲ့နောက်မှာ ဦးနေဝင်း ရှိနေတာ၊ စစ်တပ်ဟာ ဦးနေဝင်း ရဲ့အလိုအတိုင်း လုပ်နေရ တာကို ပထမဆုံး ဦးနေဝင်း နာမည်ကိုပါ ဖော်ထုတ်ပြီး ပြတ်ပြတ်သားသား ဟောပြောဖွင့်ချ တိုက်ခိုက်သွား သူကတော့ ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ဦးခင်မောင်မြင့် အပြီး အလှည့်ကျ ဟောပြောသွားတဲ့ ဒေါ်အောင်ဆန်းစုကြည် ကလည်း "သတ္တိဆိုတာ လုပ်ရဲတာကို ပြောတာမဟုတ်ဘူး၊ ခံရဲတာမှ သတ္တိအစစ်၊ တရားမျှတမှုနဲ့ လူ့အခွင့်အရေးတွေကို ချိုးဖောက်တာဟာ ငြိမ်ချမ်းရေးကို ချိုး ဖောက်တာ" လို့ ဟောပြောသွားခဲ့ပါတယ်။ ဖုန်းမော် နှစ်လည်နေ့အခမ်းအနားနောက်ပိုင်းမှာ ဆက်တိုက် ကျရောက်လာတဲ့ တံတားနီအရေးအခင်း အထိမ်းအမှတ်လှုပ်ရှားမှုတွေကိုလည်း ကျောင်းသားထုက ဖော်

ထုတ် အထိမ်းအမှတ်ပြု လှုပ်ရှားခဲ့ကြပါတယ်။ နဝတ က ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ကို မတ်လ ထဲမှာဘဲ ဖမ်းဆီးလိုက်ပါတယ်။

## ဗကပကြီးပြိုကွဲခြင်း နဲ့ ငြိမ်းအဖွဲ့တွေစတင်ခြင်း

၁၉၈၉ ခုနှစ်ထဲမှာ နဝတစစ်အစိုးရရဲ့ ၂/၈၈၊ ၈/၈၈ ဆိုတဲ့ မတရားချုပ်ချယ် ကန့်သတ် ပိတ်ပင် ဖိနှိပ်တဲ့ အမိန့်ကြေညာချက်တွေကြားထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီအဖွဲ့ အစည်းအသီးသီးက ရှိရာဒေါင့်ကနေ လှုပ်ရှားလာကြချိန်၊ ကေအဲန်ယူအပါအဝင် အသစ်ပေါ်ထွန်းလာတဲ့ ကျောင်းသားလက်နက်ကိုင်တပ်မတော်အပါအဝင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုအသီးသီးက လည်း အားယူလှုပ်ရှားလာကြချိန်မှာ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ ဝါအရင့်ဆုံး အထင်ရှားဆုံးဖြစ်ခဲ့တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီကြီးဟာ ပိုမိုတိုးတက်လှုပ်ရှားလာရမယ့်အစား ထင်မှတ်မထားခဲ့တဲ့ အဖြစ်ဆိုးတွေနဲ့ ရင်ဆိုင် ကြုံတွေ့ရပြီး ပြိုကွဲမှုကြီးဖြစ်ပေါ်ခဲ့ရတာကိုတော့ အထူးခြားဆုံးအဖြစ်အပျက်တခုအဖြစ် မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဘက်က ကြည့်မယ်ဆိုရင် မိုးထဲလေထဲ အချိန်ရောက်မှ လေ့လှော်ရင်း တက်ကျိုးရတဲ့အဖြစ်မျိုးဖြစ်ပါတယ်။ တော်လှန်ရေးအင်အားစုတွေဖက်က ကြည့်မယ်ဆိုရင်လည်း တကယ့် အချိန်ကြီးမှာ အရေးကြီးတဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းကြီးတခု ဆုံးရှုံးနစ်နာရခြင်းဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်၊ ဧပြီ (၁၈) ရက်နေ့မှာ ဗကပ အဖွဲ့အစည်းကြီး ပြိုကွဲခြင်းဖြစ်ပေါ်ခဲ့ရပါတယ်။ ကျောက် ညီလိုင်၊ ပေါက်ယိုချန် တို့ခေါင်းဆောင်တဲ့ ဗကပ အတွင်းရှိ ဝ အမျိုးသားတပ်က ပုန်ကန်ခြားနားလိုက်ပြီး ဗကပ ဗဟိုကော်မတီကို မောင်းနှင်ထုတ်လိုက်ပါတယ်။ ဝ နယ်မြေထဲကနေ ဖယ်ရှားပစ်ခဲ့ပါတယ်။ ဝ နယ်မြေထဲရှိ ပန်းဆန်း ဗဟိုဌာနချုပ်အပါ၊ ဝ နယ်မြေထဲရှိ ဗကပ လွတ်မြောက်နယ် မြေဒေသအားလုံးကို ဝ တပ်က သိမ်းပိုက်ရယူလိုက်ပြီး ခွဲထွက်တပ်အဖြစ် ထူထောင်လိုက်ပါတယ်။ ဉက္ကဋ္ဌ သခင်ဗသိန်းတင်အပါ ဗကပ ဗဟိုကော်မတီတခုလုံး ဝ နယ်မြေကို စွန့်ခွာလိုက်ရပြီး တရုတ်ပြည်ကြီးထဲဝင်သွားရပါတော့တယ်။

တကယ်ကတော့ ဗဟိုဌာနချုပ်ဖြစ်တဲ့ 'ပန်ဆန်း' အသိမ်းပိုက်ခံရတဲ့ ဝ ပုန်ကန်ခြားနားမှုပေါ်ပေါက် လာတဲ့ ဧပြီလ (၁၈) ရက်နေ့မှာမှ ဗကပ ပြိုကွဲမှုကြီး စတင်ခဲ့ရတာမဟုတ်ဘဲ ၁၉၈၉ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့ကစပြီး ပြိုကွဲမှုဇာတ်လမ်း စတင်ခဲ့ရတာဖြစ်ပါတယ်။ မတ်လ (၁၄) ရက်နေ့မှာ ဗကပ ထဲက ကိုးကန့် များ စတင်ပုန်ကန် ခွဲထွက်ခဲ့ကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုခွဲ၊ မြောက်ပိုင်းဗျူရိုအခြေစိုက်ရာ မုံးကိုးဒေသရှိ ကိုးကန့်တပ်ဖွဲ့များက ဗကပ ကို ဖယ်ရှားပြီး အာဏာသိမ်းလိုက်ကြရာကနေ ဗကပ ပြိုကွဲမှု ကြီး စတင်မြစ်ဖျားခံခဲ့တာဖြစ်ပါတယ်။

ကိုးကန့် ခွဲထွက်မှုကိစ္စပေါ်တဲ့အချိန်မှာ ဝ တပ်ဖွဲ့နဲ့ ဝ ခေါင်းဆောင်များက ဗကပ ဗဟိုနဲ့အတူ ရပ်တည်မယ့်အကြောင်း၊ ကိုးကန့်ခွဲထွက်မှုကို ရှုတ်ချကြောင်းတွေ ပြောဆိုဖော်ပြပြီးမှ၊ ဧပြီလ (၁၈) ရက်နေ့ မှာ ဝ တပ်ဖွဲ့တွေကိုယ်တိုင်ကလည်း ဆက်လက်ပုန်ကန်ခွဲထွက်ပြီး အာဏာသိမ်းလိုက်ကြတာဖြစ်ပါတယ်။ ဗကပ ဗဟိုက DPA ကို လက်နက်တစ်သောင်း တပ်ဆင်ပေးရေးဟာ စနက်တံဖြစ်သွားခဲ့ရတယ်ဆိုပါတယ်။ ဗကပ ဗဟိုကို ပုန်ကန်မောင်းထုတ်ပြီး ကိုးကန့်ဒေသတခုလုံးကို လွှမ်းမိုးလိုက်ကြတဲ့ ကိုးကန့်တပ်ဖွဲ့ဝင် ခွဲထွက် အဖွဲ့ဟာ နဝတ စစ်အစိုးရနဲ့ အပြန်အလှန်နားလည်မှုယူလိုက်ပြီး ပထမဆုံးသော ငြိမ်းချမ်းရေးအဖွဲ့

သဘောဖြစ်လာခဲ့ပါတယ်။ နဝတ စစ်အစိုးရက မုံးကိုးဒေသ (ကိုးကန့်ခွဲထွက်များရဲ့ ကိုးကန့်ဒေသ) ကို အထူးဒေသ (၁) လို့ သတ်မှတ်ခေါ်ဝေါ်လိုက်ပါတယ်။

ဗကပ ကနေ ခွဲထွက်လိုက်တဲ့ ဝ တပ်ဖွဲ့ဟာလည်း စစ်အစိုးရနဲ့ အပြန်အလှန် သဘောတူညီမှုတွေ ရရှိခဲ့ပြီး၊ နောက်ထပ် အထူးဒေသတခုဖြစ်လာခဲ့ပါတယ်။ ကိုးကန့်အဖွဲ့နဲ့ ဝ အဖွဲ့ဟာ အဦးဆုံးသော ငြိမ်း အဖွဲ့တွေဖြစ်လာခဲ့ပြီး စစ်အစိုးရနဲ့ စစ်ရပ်စဲသွားခဲ့ကြပါတယ်။

အဲဒီလို ဗကပ ကြီး ပြိုကွဲသွားရတဲ့အတွက် ဗကပ ကို တလျှောက်လုံး ဦးတည်ရန်သူအဖြစ် တိုက် ခိုက်နေရတဲ့ စစ်အစိုးရဟာ စစ်မြေပြင်မှာ ကောင်းကောင်း အသက်ရှူပေါက်ချောင်သွားခဲ့ရပါတယ်။ အရှေ့ မြောက်စစ်ဒေသမှာ မြှုပ်နေရတဲ့ စစ်အင်အားတွေကိုလည်း ကောင်းကောင်း ပြန်လည်ဆွဲထုတ်ယူနိုင်ခဲ့ပြီး နောက်ကျောတခုလုံသလို ဖြစ်သွားခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ အကျအဆုံးများစွာကြီးခဲ့ရတဲ့ အဓိက စစ်မြေပြင်ကြီးတခုမှာ သေနတ်တချက်မှ မဖောက်လိုက်ရတဲ့ အင်မတန်ကြီးကျယ်တဲ့ အောင်ပွဲကြီးတခုကို ရလိုက်တဲ့ သဘောဖြစ်သွားပါတယ်။ စစ်အစိုးရက အမြန်ဆုံး အကြိုက်ပေးလိုက်လျောမှုတွေနဲ့ စစ်ရပ်စဲရေး ကို လုပ်လိုက်ပြီး ဗကပ မရှိရေးကို ဖော်ဆောင်လိုက်ပါတယ်။ ၈၈ ခုနှစ် အရေးတော်ပုံကြီးနောက်ပိုင်း ပေါ် ပေါက်လာတဲ့ အုံကြွမှုလက်နက်ကိုင်အင်အားစုတွေကို 'ဗကပ' က ထိရောက်တဲ့ အကူအညီတွေ မပေးနိုင် တော့အောင် ဖန်တီးလိုက်ပြီး၊ ငြိမ်းအဖွဲ့တွေပေါ်ပေါက်ရေးအတွက် မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါတယ်။ စစ်အုပ်စုတလျှောက်လုံး ခေါင်းမာမာနဲ့ ဆုပ်ကိုင်ခဲ့တဲ့ အချက်အလက်တွေ၊ ငြိမ်ချမ်းရေးတွေ့ဆုံဆွေး နွေးပွဲတွေမှာ ဗကပ က တင်ပြခဲ့ပြီး စစ်အစိုးရက ဘယ်လိုမှမဖြစ်နိုင်ပါဘူးလို့ အမြဲငြင်းဆန်ခဲ့ရာ အချက်အ လက်တွေဖြစ်တဲ့ ပါတီအဖွဲ့အစည်းတည်ရှိခွင့်၊ တပ်တည်ရှိခွင့်၊ နယ်မြေတည်ရှိခွင့်ဆိုတာတွေအားလုံးကို သွက်သွက်လက်လက် ပေးအပ်လိုက်ပါတယ်။ အတိုချုပ်ပြောရရင်တော့ မတ်လ နဲ့ ဧပြီလအတွင်း စတင် ဖော်ဆောင်ခဲ့တဲ့ ငြိမ်းအဖွဲ့တွေကို "စစ်တပ်နဲ့ဒေသကို မထိပါးရင် ကြိုက်တဲ့စီးပွားရေးလုပ်ချင်သလိုလုပ်" ဆိုတဲ့အခွင့်အရေးကို ပေးအပ်လိုက်ပါတယ်။ လွတ်လပ်စွာ စီးပွားရေးလုပ်ခွင့်ရှိသလို လွတ်လပ်စွာ စီးပွားရေး လုပ်ငန်း ရင်နီးမြှုပ်နှံခွင့်တွေပါ အသိအမှတ်ပြု ပေးအပ်ခဲ့ပါတယ်။

အဖွဲ့အစည်းတည်ရှိခွင့်၊ တပ်တည်ရှိခွင့်၊ နယ်မြေတည်ရှိခွင့်ရှိတဲ့ ဗကပ ခွဲထွက်ငြိမ်းအဖွဲ့တွေ ပေါ် ပေါက်လာခဲ့ပြီး၊ စစ်အစိုးရအဖို့ ဗကပ အန္တရာယ်တားဆီးရေးကို အကောင်းဆုံး အောင်အောင်မြင်မြင် အကောင်အထည်ဖော်လိုက်နိုင်သလို ဖြစ်သွားခဲ့ပါတယ်။ ငြိမ်းအဖွဲ့တွေ ဆက်လက်ပေါ်ပေါက်ရေးကိုလည်း အစပျိုးလိုက်နိုင်ပြီးဖြစ်သွားခဲ့ပါတယ်။

ဖုံကြားရှင်၊ ဖုံကြားဖု တို့ရဲ့ ဗကပ ခွဲထွက် ကိုးကန့်အဖွဲ့ကြီး အထူးဒေသ (၁) အဖြစ် တရားဝင် ပေါ်ပေါက်လာခဲ့သလို၊ ခွဲထွက် ဝ အဖွဲ့ကလည်း "ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ" နာမည်နဲ့ ပေါ်ပေါက် လာခဲ့ပါတယ်။ လက်နက်ကိုင်တပ်အဖြစ်နဲ့ကတော့ " UWSA" ဆိုတာဖြစ်ပါတယ်။ ပထမဆုံးသော ကိုးကန့် ခွဲထွက်မှုဇာတ်လမ်းများရဲ့နောက်ကွယ်မှာ ဘိန်းဘုရင်ဟောင်း (လော်စစ်ဟန်) ပါဝင်နေခဲ့ပါတယ်။

## တင်းမာလာမှုများ၊ ကွန်ဖရန့်တေးရှင်းနဲ့ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုများ

တောတွင်းလက်နက်ကိုင် ဗကပ အဖွဲ့ကြီး ပြိုကွဲသွားရပြီဖြစ်တဲ့အတွက် စစ်အစိုးရအဖို့ အသက်ရှူပေါက် ချောင်သလိုလိုဖြစ်လာခဲ့ပေမယ့် နဝတ စစ်အစိုးရအဖို့ နိုင်ငံရေးဂဏ်သိက္ခာကတော့ တနေ့ထက်တနေ့ ပိုပိုသာ ဆိုးလာခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးရဲ့ ကြီးထွားလာမှု အရှိန်ရလာသလို၊ နိုင်ငံရေးအစွန်းအထင်း အမဲကွက်တစက်လေးမှ မရှိသေးတဲ့ ဒေါ်အောင်ဆန်းစုကြည် အပေါ် လူထုရဲ့ ချစ်မြတ်နိုးမှုနဲ့ မျှော်လင့်မှုဟာလည်း တနေ့တခြားကြီးမားလာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကလည်း လူထုရဲ့လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ထက်ထက်မြက်မြက် လှုပ်ရှားလာခဲ့ပါတယ်။ စစ်အစိုးရရဲ့ လိုလားချက်နဲ့ ဖြောင့်ဖြောင့်ကြီးလို ကွဲပြားခြားနားနေတဲ့ ဒေါ်အောင်ဆန်းစုကြည် ရဲ့ နိုင်ငံရေးအရှိန်သြဇာကို စစ်အစိုးရက မလိုလားနိုင် မရှုစိမ့်နိုင်ဖြစ်လာခဲ့ပါတယ်။ သဘောထားမမှန်တဲ့ စစ်အစိုးရဟာ NLD နှင့် ဒေါ်အောင်ဆန်းစုကြည် ရဲ့ အရှိန်သြဇာကို တိုးတိုးတဖုံ ကျယ်ကျယ်တမျိုး ရှုတ်ချပြောဆို ကန့်သတ်ပိတ်ပင်တာတွေ လုပ်ဆောင်လာခဲ့ပါတယ်။ NLD ကို အကြောင်း အမျိုးမျိုးပြပြီး နယ်တွေမှာ ဖမ်းတာဆီးတာတွေ တိုးမြှင့်လုပ်ဆောင်လာခဲ့ပါတယ်။ နဝတနဲ့ NLD ဟာ ထိပ်တိုက်သဘောဆောင်လာပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ နယ်တွေထွက်သွားလာလှုပ်ရှားတဲ့ စည်းရုံးရေးခရီးစဉ်တွေဟာ လူထုရဲ့ သောင်းသောင်းဖျဖျ ကြိုဆိုဂုဏ်ပြုအားပေးကြမှုတွေကိုရရှိခဲ့ပြီး အောင်မြင်တဲ့ခရီးစဉ်တွေဖြစ်ခဲ့ပါတယ်။ မန္တလေးခရီးမှာ "လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်" ဆိုတဲ့ အသုံးအနှုန်းကို "အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု" ကနေ စတင်ခေါ်ဝေါ် ဂုဏ်ပြုခဲ့ပါတယ်။

စစ်အစိုးရရဲ့ အာဏာပိုင်အဆင့်ဆင့်ဟာ ဒေါ်အောင်ဆန်းစုကြည် ရဲ့ခရီးစဉ်တိုင်းလိုလိုကို တားဆီးပိတ်ပင် နှောက်ယှက်ဟန့်တားတာတွေ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လုပ်ဆောင်ခဲ့ကြပြီး စစ်အစိုးရရဲ့ သဘောထားအမှန်ကို ဖော်ပြခဲ့ကြပါတယ်။

မုံရွာခရီးမှာ ညဘက်မှာ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးပွဲလုပ်တော့ မဝတ က တမြို့လုံးကို မီးဖြတ်ပစ်ခဲ့ပါတယ်။ တပ်ကုန်းခရီးမှာ စစ်တပ်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကားကိုပိတ်ဆို့ပြီး "ရှေ့ဆက်သွားခွင့်မပြုဘူး၊ လမ်းဆင်းလျှောက်ရမယ်" လို့ စော်ကားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လမ်းဆင်းလျှောက်ရပါတယ်။ ပုသိမ်မှာ "ဒေါ်အောင်ဆန်းစုကြည် ကို မကြိုရဘူး၊ ဒေါ်စုကြည်ဖြတ်သွားရင် လက်ခုပ်မတီးရဘူး" ဆိုပြီးအမိန့်ထုတ်တဲ့အပြင် ဒေါ်အောင်ဆန်းစုကြည် ကိုလည်း မြို့ထဲ ကားတွေနဲ့သွားခွင့်မပြုဘူးလို့ ကန့်သတ်တဲ့အတွက် စက်ဘီးစီးပြီး လူထုကြီးနဲ့ တွေ့ဆုံခဲ့ရပါတယ်။ နောက် မြို့တမြို့မှာတော့ ဒေါ်အောင်ဆန်းစုကြည် တို့အဖွဲ့ကို စစ်တပ်က လမ်းပိတ်ဆို့ရုံမက ဒေါ်အောင်ဆန်းစုကြည် တို့အဖွဲ့ရှေ့ကနေ သေနတ်မောင်းတင်ပြီး အသင့်အနေထားနဲ့ ပစ်ဖို့ပြင်ခဲ့ပါတယ်။ ခေါင်းဆောင်လုပ်တဲ့ စစ်ဗိုလ်က "လမ်းမပေါ်ကနေသွားခွင့် မပေးနိုင်ဘူး" လို့တားမြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည် က လမ်းဘေးကဆင်းလျှောက်တော့လည်း "လမ်းဘေးကလည်း သွားခွင့်မပြုနိုင်ဘူး" လို့ တမင်ရိုင်းပျ ညစ်ပတ်ခဲ့ပါတယ်။ မတော်မတရား ရိုင်းပျလွန်းမှုကို လက်မခံနိုင်တော့တဲ့ ဒေါ်အောင်ဆန်းစုကြည် က အတူပါလာသူတွေကို ဘေးဖယ်ခိုင်းပြီး စစ်သားတွေပိတ်ဆို့ထားတဲ့ မသွားရဆိုတဲ့လမ်းမအတိုင်း "ပစ်ချင်ပစ်စမ်း" ဆိုတဲ့ အသေခံစိတ်ဓာတ်နဲ့ တိုးဝင်ဖြတ်လျှောက်ပစ်လိုက်ပါတယ်။ စစ်ဗိုလ်က ခြောက်လုံးပြူးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထိုးချိန်ပြီး မောင်းဖြုတ်တော့မဲ့ အနေအထားလောက်မှာ အထက်အရာရှိကြီးတယောက် ရောက်လာပြီး စစ်ဗိုလ်လက်က သေနတ်ဆွဲလုယူလိုက်ရတဲ့ အနေအထားမျိုးအထိ ဖြစ်ပေါ်ခဲ့ပါတယ်။ မပစ်လိုက်ရတဲ့ စစ်ဗိုလ်က စိတ်ဆိုး

မာန်ဆိုးနဲ့ ပခုံးပေါ်က ရာထူးတံဆိပ်တွေ ဆွဲဖြုတ်လွှင့်ပစ်တဲ့အထိ တင်းမာမှုတွေပေါ်ခဲ့ရပါတယ်။ အထူးသဖြင့် ရောဝတီတိုင်းထဲမှာ တင်းမာမှုတွေပိုပြီး ကြီးမားခဲ့သလို တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်အောင် ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အပေါ် တူးတူးခါးခါးဆန့်ကျင်ခဲ့သူတဦးဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်တွေဟာ အောင်မြင်မှုရခဲ့သလို စစ်အစိုးရရဲ့ စစ်ဘီလူးရုပ်လုံးဟာလည်း ပိုပြီး အမိုက်ရိုင်းဆုံး ပေါ်လွင်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်တိုင်း NLD ပါတီဝင်တွေ ကြိုအဖမ်းခံရတာတွေ ပေါ်ပေါက်ခဲ့သလို ပြန်သွားတဲ့အခါမှာလည်း ပါတီဝင်တွေ အဖမ်းခံရမှု နေရာအနှံ့ ပေါ်ပေါက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုလို့ လက်ခုပ်တီးလို့ ပန်းကုံးစွပ်လို့ အဖမ်းခံရတယ်ဆိုတာမျိုးတွေအထိ ပေါ်ပေါက်ခဲ့ပါတယ်။ ဖမ်းဆီးပြီးတဲ့အခါမှာလည်း စစ်ခုံရုံးဆိုတာတွေကနေ အကျဉ်းနည်းနဲ့ အပြစ်ပေးလိုက်တယ်ဆိုတာမျိုးတွေ တပြည်လုံး နေရာအနှံ့ပေါ်ပေါက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ကိုယ်တိုင်က အခုစစ်တပ်က အုပ်ချုပ်နေတာ 'မာရှယ်လော' ဖြစ်တယ်။ မာရှယ်လောဆိုတာ စစ်ဗိုလ်ချုပ်ကြီးအပေါ်မှာပဲတည်တယ်။ ဗိုလ်ချုပ်ကြီးကပြောတာဟာ ဥပဒေပဲ။ ကြိုက်သလို လုပ်ခွင့်ရှိတယ်ဆိုတဲ့ သဘောမျိုးအထိ ပြောင်ပြောင်တင်းတင်း ပြောဆိုလာခဲ့ပါတယ်။

နိုင်ငံရေးပါတီများက ရွေးကောက်ပွဲဘယ်နေ့လုပ်ပေးမလဲဆိုတာ တိုးပြီး မေးမြန်းတောင်းဆိုလာကြချိန်မှာ ဦးနု ဦးဆောင်တဲ့ ဒီ/ငြိမ်း အဖွဲ့ကြီးကလည်း နဝတကို ရွေးကောက်ပွဲနေ့ရက်ကို တိတိကျကျသတ်မှတ်ပေးဖို့ သတ်မှတ်မပေးဘူးဆိုရင် အာဏာဖီဆန်ရုံကလွဲလို့ တခြားနည်းလမ်းမရှိတော့ပါကြောင်း ဆိုတဲ့ သဘောမျိုး၊ တခြားနိုင်ငံရေးပါတီများနဲ့ ညှိနှိုင်းပြီး တောင်းဆိုလာခဲ့ပါတယ်။ နဝတက ဒီအချိန်ဟာ တောင်းပွဲတိုက်ပွဲတွေလုပ်နေကြရမယ့်အချိန်မဟုတ်လို့ တုန့်ပြန်ပြောဆိုရင်း၊ ကန့်ကွက်မှုတွေ တောင်းဆိုမှုတွေလုပ်နေကြတဲ့ အဖွဲ့အစည်းတွေကို ခြိမ်းခြောက်တာ ခေါ်ယူသတိပေးတာတွေ လုပ်ဆောင်ပါတယ်။ ကန့်ကွက်စာတောင်းဆိုစာတွေ အဆက်မပြတ်လို ထုတ်ပြန်လှုပ်ရှားနေတဲ့ ဒီမိုကရေစီမဟာမိတ်အဖွဲ့ချုပ် (ဒမဖ) အထွေထွေအတွင်းရေးမှူး 'ဦးညိုဝင်း' ကို နဝတအဖွဲ့ဝင် ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်က မြို့တော်ခန်းမမှာ ခေါ်ယူပြီး သတိပေး ခြိမ်းခြောက်တာလုပ်ပါတယ်။

မေလ (၂၅) ရက်နေ့မှာ အကြိမ် (၄၀) မြောက် နဝတ သတင်းစာရှင်းလင်းပွဲကနေ Burma အစား Myanmar လို့အသုံးထွက်သင့်ကြောင်း၊ နောင် Union of Myanmar ( ပြည်ထောင်စုမြန်မာနိုင်ငံတော်) လို့ ခေါ်ဝေါ်အသုံးပြုမှာဖြစ်ကြောင်း ကြေညာပါတယ်။ ဘယ်နိုင်ငံရေးအဖွဲ့အစည်းနဲ့မှ တိုင်ပင် ညှိနှိုင်းခြင်းမပြုဘဲ နဝတ သဘောအတိုင်း ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ပါတယ်။

နဝတ စစ်အစိုးရဟာ တဖက်ကထင်သလို ဖမ်းဆီးအပြစ်ပေးထောင်ချတာတွေ လုပ်ဆောင်ရင်း၊ တဖက်က နိုင်ငံရေးပါတီတွေရဲ့ ထုတ်ပြန်ကြေညာချက်တွေ ဖြန့်ဝေပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ အဆက်မပြတ်လုပ်ဆောင်နေကြဟာအပေါ် ကန့်သတ်ချုပ်ချယ်နိုင်ဖို့၊ နိုင်ငံရေးပါတီများပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်လျှောက်ထားရမယ်ဆိုတာကို ပြဋ္ဌာန်းသတ်မှတ်လာခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့် လက်မှတ်နဲ့ (၆-၆-၈၉) မှာ ကြေညာခဲ့တာဖြစ်ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေရဲ့ စုရုံးခွင့် စည်းဝေးခွင့် လှုပ်ရှားခွင့်တွေကို ၂/၈၈၊ ၈/၈၈ ဆိုတဲ့ အမိန့်ကြေညာချက်တွေနဲ့ ပိတ်ပင်တားဆီး ကန့်သတ်ထားတာတောင် အားမရသေးဘဲ နိုင်ငံရေးပါတီတွေရဲ့ ဝါဒဖြန့်ချိ သဘောထားထုတ်ဖော်ခွင့်၊ ပညာပေးစည်းရုံး လှုပ်ရှားပိုင်ခွင့်တွေကိုတောင် ထပ်ဆင့် ပိတ်ပင်ချုပ်ချယ်နိုင်ဖို့ ကြိုးစားအားထုတ်လာခဲ့တာဖြစ်ပါတယ်။ ဝါဒဖြန့်ချိရေးအတွက် ရိုက်နှိပ်ဖြန့်ချိနေကြတဲ့ စာစောင် စာတမ်း စာအုပ်တွေကို (နိုင်ငံရေးပါတီတွေရဲ့ စာအုပ်စာစောင်စာ

တမ်းတွေကို) လွယ်လွယ်ကူကူ ထွက်ပေါ်ခွင့်မရအောင် အစီအစဉ်ရှိရှိ ချုပ်ချယ်ကန့်သတ်နိုင်ဖို့ လုပ်ဆောင် ပြဋ္ဌာန်းလာခြင်းဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေက ဒီလိုချုပ်ချယ် ပြဋ္ဌာန်းလာမှုကို မကြိုက်မနှစ်သက်ကြပါ။ နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ပြီး တရားဝင်တည်ရှိနေပြီးဖြစ်တဲ့အတွက် ပါတီတွေရဲ့ ဝါဒဖြန့်ချိရေးပညာပေးရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေဖြန့်ချိတာတွေဟာ မလွဲမသွေလုပ်ရမယ့်ကိစ္စတွေသာဖြစ်တယ်။ လုပ်ဆောင်ခွင့်ရှိရမယ့် ကိစ္စတွေသာဖြစ်တယ်။ တရားဝင်နိုင်ငံရေးပါတီတွေရဲ့ တရားဝင် အခွင့်အရေးဘောင်အတွင်းက “ကင်းလွတ်ခွင့်” ကိစ္စသာဖြစ်တယ်လို့ ယုံကြည်ကြသလို အခုလို နဝတ က ပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်လျှောက်ထားဖို့ ပြဋ္ဌာန်းလာတာဟာ တမင်သက်သက် ဖိနှိပ်ဖို့လုပ်လာတာလို့လည်း မြင်ကြပါတယ်။ မတရားသဖြင့် ကန့်သတ်ချုပ်ချယ်လာတာလို့လည်း မြင်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လည်း အဲဒီလိုပဲမြင်ပါတယ်။ ပုံနှိပ်ထုတ်ဝေခွင့်ကိစ္စ မှတ်ပုံတင်မလား၊ မတင်ဘူးလား၊ ဘယ်လိုလုပ်ကြမလဲဆိုတာ ပြဿနာတရပ်အဖြစ်၊ ဖြစ်ပေါ်လာခဲ့ပါတယ်။ နဝတကို ကန့်ကွက်တင်ပြကြတာတွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ “မှတ်ပုံတင်” မလျှောက်ထားပဲ ရိုက်နှိပ်ဖြန့်ချိစရာတွေကို ကိုယ့်ဟာကိုယ် ဆက်လက် ရိုက်နှိပ်ဖြန့်ချိကြတာတွေလည်း ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် ဖော်ပြလာကြပါတယ်။

ဇွန်လ (၂၁) ရက်နေ့ မြေနီကုန်း နှစ်ပတ်လည်အခမ်းအနားကျင်းပပြီး၊ ရန်ကုန်တိုင်း NLD ရုံးမှာ ဒေါ်အောင်ဆန်းစုကြည်က တရားဟောပါတယ်။ အစောင့်အကြပ်တွေ ချထားတဲ့ကြားကနေ ကျောင်းသားလေးတွေ ကျဆုံးခဲ့ရတဲ့နေရာအထိ သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည် က လွမ်းသူ့ပန်းခွေချပါတယ်။ စစ်တပ်က ဒေါ်အောင်ဆန်းစုကြည် ကို ဖမ်းတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည် အဖမ်းခံရရာ ပုလိပ်ဌာနအထိ လူထုကြီးက စုရုံးရောက်ရှိလာကြပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြေရှင်းပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးလိုက်ပေမယ့် စုရုံးရောက်ရှိလာတဲ့ လူထုကြီးကိုတော့ စစ်တပ်ကသေနတ်နဲ့ ပစ်ခတ်တဲ့အတွက် လူတဦးသေဆုံးရပါတယ်။ (ကံဆိုးချင်တော့ လူထုထဲက သေနတ်မှန် သေဆုံးသွားရသူဟာ ‘တစည’ ပါတီဝင်တဦးဖြစ်နေတယ်လို့ ဆိုပါတယ်။)

နဝတနဲ့ NLD တို့ရဲ့ ထိပ်တိုက်ဖြစ်မှုဟာ တစထက်တစ ပိုပြီးမြင့်မားလာပါတယ်။ နဝတရဲ့ စတင်မှုကြောင့် ပေါ်ပေါက်ခဲ့ရတာချည်းဖြစ်ပါတယ်။

နဝတ ရဲ့ တဖက်သတ်ကျတဲ့ ပြောဆိုပြုမူမှုတွေကြောင့် မတရားသဖြင့် ဖိနှိပ်ရမ်းကား စော်ကားချုပ်ချယ်လာမှုတွေကြောင့် နိုင်ငံရေးပါတီတွေကို ဖွဲ့စည်းခွင့်သာပေးပြီး ဘာတခုမှ စည်းရုံးလှုပ်ရှား စုစည်းခွင့်မရအောင် ပြောခွင့်ဆိုခွင့် သဘောထား ထုတ်ဖော်ခွင့်မရှိအောင် အဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေမှုတွေကြောင့် ဇွန်လထဲမှာ အာဏာဖီဆန်ရေးသဘောထားတွေဟာ နိုင်ငံရေးပါတီတော်တော်များများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ NLD အတွင်းမှာလည်း “အများပြည်သူသဘောမတူတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ” ဆိုတဲ့ ကြွေးကြော်သံ ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒီကြွေးကြော်သံဟာ “ဟင်နရီဒေးဗစ်သော်ရိုး” ရဲ့ စာပိုဒ်ကို ကိုးကားပြီး NLD အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင် က တင်ပြခဲ့ပြီး၊ NLD ဗဟိုအလုပ်အမှုဆောင် ကော်မီတီအစည်းအဝေးက သဘောတူညီခဲ့တဲ့ ကြွေးကြော်သံဖြစ်ပါတယ်။ (ဇူလိုင်လထဲမှာပဲ ဦးဝင်းတင် ကို နဝတက အမှုဆင်ပြီး ဖမ်းဆီးပါတယ်။)

ဇွန်လ တတိယပါတ်ထဲမှာ ရန်ကုန်တိုင်း NLD ရုံးမှာ NLD နဲ့ မဟာမိတ် နိုင်ငံရေးပါတီများ အစည်းအဝေးကျင်းပပါတယ်။ တက်ရောက်လာကြတဲ့ နိုင်ငံရေးပါတီတွေကို ဦးတင်ဦး နဲ့ ဒေါ်အောင်ဆန်းစုကြည်က

စကားပြောဆိုပါတယ်။ NLD က ထုတ်ဝေတဲ့ စာတန်းတစောင်ကို နိုင်ငံရေးပါတီတွေကို ပေးဝေရာမှာ "အများပြည်သူ သဘောမတူနိုင်တဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရဖီဆန်ကြ" ဆိုတဲ့ စာတမ်းနဲ့ "အာဏာကိုဖီဆန်၍ ထုတ်ဝေသည်" ဆိုတဲ့ ဖော်ပြမှုကို ပထမဆုံးအကြိမ် ပွင့်ပွင့်လင်းလင်း ထုတ်ဖော် စတင်လိုက်ပါတယ်။ အာဏာဖီဆန်ရေးလှုပ်ရှားမှု စတင်လိုက်ပြီဖြစ်ပါတယ်။

ဇွန်လ နောက်ဆုံးပတ်ထဲမှာ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေ ဆက်တိုက်ပေါ်ထွက်လာပါတယ်။ ရန်ကုန်ရှိ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (ဌာနချုပ်) ရုံးခန်းမှာကျင်းပတဲ့ ဟောပြောပွဲမှာလည်း "အာဏာကို ဖီဆန်၍ကျင်းပသည်" ဆိုတဲ့ အသုံးအနှုန်းကို တရားဝင် ကြွေးကြော် ဆိုင်းဘုတ်ထူလိုက်ပါတယ်။ ဟောပြောပွဲမှာ ဦးတင်ဦး ရော ဒေါ်အောင်ဆန်းစုကြည်ပါ တက်တက်ကြွကြွ တက်ရောက်ဟောပြောပါတယ်။ (ဒမဖ)ဝင်နိုင်ငံရေးပါတီတွေအားလုံး တက်ရောက်ကြပါတယ်။ ဒမဖ ရဲ့ အဓိကပါတီ 'လူ့ဘောင်သစ်'ရဲ့ ဥက္ကဋ္ဌက တော့ "အောင်ဇေယျ" ဖြစ်နေပြီဖြစ်ပါတယ်။ (လူ့ဘောင်သစ်ပါတီလဲ နှစ်ခြမ်းကွဲနေပြီဖြစ်ပါတယ်။ 'မိုးသီးဇွန်' ကတော့ တိမ်းရှောင်သွားရပြီဖြစ်ပါတယ်။ မိုးသီးဇွန် မတိမ်းရှောင်ရမီမှာ လူ့ဘောင်သစ်ပါတီအတွင်း အကွဲအပြဲက သိသိသာသာ ပေါ်ထွက်လာခဲ့ပြီး အထွေထွေအတွင်းရေးမှူး 'ရဲနိုင်အောင်'က ဥက္ကဋ္ဌ 'မိုးသီးဇွန်'ကို "မိုးသီးဇွန် (သို့မဟုတ်) ကြိုးမဲ့လေတံခွန်" ဆိုတဲ့ စာအုပ်တအုပ်နဲ့ ထုတ်ဖော်ဝေဖန်ရှုတ်ချတိုက်ခိုက်နေခဲ့ပြီးပြီ ဖြစ်ပါတယ်။ နဝတကလည်း မိုးသီးဇွန်း ကို ဖမ်းဆီးနိုင်ရေးကြိုးပမ်းနေချိန်မှာ မိုးသီးဇွန်က ရှောင်တိမ်းသွားခဲ့ရပြီး မိုးသီးဇွန်နေရာ ဥက္ကဋ္ဌ ဖြစ်လာခဲ့သူကတော့ 'အောင်ဇေယျ' ဖြစ်ပါတယ်။)

ဒေါ်အောင်ဆန်းစုကြည် နဲ့ တာမွေမြို့နယ် NLD ဟောပြောပွဲ ဗိုလ်တထောင်မြို့နယ် NLD ဟောပြောပွဲတွေ ရဲရဲရင့်ရင့် ဆက်တိုက်ထွက်ပေါ်လာခဲ့ပါတယ်။

ဇူလိုင်လထဲရောက်တာနဲ့ (၇) ရက် ဇူလိုင် ကျောင်းသားအရေးတော်ပုံ အထိမ်းအမှတ်လှုပ်ရှားမှုတွေ မုချလာတော့မှာဖြစ်တဲ့အတွက် ဇွန်လ နောက်ဆုံးပတ်ထဲမှာ ကျောင်းသားသမဂ္ဂ အမှုဆောင်ဟောင်းများလည်းဖြစ် တက်တက်ကြွကြွ ဟောပြောကြမယ့်သူများလည်းဖြစ်တဲ့ ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့် နဲ့ အထွေထွေအတွင်းရေးမှူး ဦးလှရွှေ တို့ကို နဝတက ဖမ်းဆီးလိုက်ပါတယ်။ 'ဒမဖ' ကလည်း အဖမ်းခံရမှုနဲ့ပတ်သက်ပြီး ကန့်ကွက်စာထုတ်ခဲ့သလို NLD ကလည်း ကန့်ကွက်ခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင် က ဒေါ်အောင်ဆန်းစုကြည် ကို ကွန်ဖရန်တေးရှင်းလုပ်နေတာလို့ စွပ်စွဲရုံမက 'ကွန်ဖရန်တေးရှင်း' ဆိုတာ ဗကပ တွေရဲ့နည်းပဲ၊ ကွန်ဖရန်တေးရှင်းလုပ်နေတာကို ရပ်လိုက်ပါလို့ ပြောင်ပြောင်တင်းတင်းခြိမ်းခြောက်လာပါတယ်။

၃၀-၆-၈၉ နေ့ညမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ပြည်သူ့လွှတ်တော် "ရွေးကောက်ပွဲနည်းဥပဒေများ" ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဇူလိုင် (၇) ရက်နေ့မှာ စစ်တပ်ရဲ့ အထပ်ထပ်ချထားတဲ့ လုံခြုံရေးဆိုတာတွေ ကြားကနေ (၇) ရက် ဇူလိုင် ကျောင်းသားအရေးတော်ပုံ အထိမ်းအမှတ်ဟောပြောပွဲတွေ နေရာအနှံ့ကျင်းပခဲ့ပြီး စစ်အစိုးရရဲ့ ဖိနှိပ်ခြိမ်းခြောက်မှုတွေကို နိုင်ငံရေးပါတီတွေက တုန့်ပြန်အံတုခဲ့ကြပါတယ်။

စစ်အစိုးရဟာ နိုင်ငံရေးပါတီထဲမှာ အင်အားအကြီးဆုံးဖြစ်တဲ့ NLD နဲ့ နိုင်ငံရေးအရှိန်ဩဇာ အကြီးမားဆုံးဖြစ်တဲ့ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အဓိက ဦးတည်ပြီး တိုက်ခိုက်ရှုတ်ချတာတွေ လုပ်ဆောင်လာသလို၊ နိုင်ငံရေးပါတီတွေအသီးသီးထဲက လက်ဝဲနွယ် နိုင်ငံရေးသမားတွေကိုလည်း ပစ်မှတ်ထားပြီး နှိပ်ကွပ်နိုင်ရေး အားထုတ်ကြံစည်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အနားမှာ လက်ဝဲသမားတွေ ဝိုင်းရံနေတယ်လို့လည်း ထင်မြင်ယူဆထားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ကတော့ NLD ဖွဲ့စည်းပြီးကတည်းက ငြိမ်းချမ်းတဲ့နည်း အကြမ်းမဖက်ရေးနည်းကို ကိုင်စွဲပြီး နဝတ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပါတယ်။ ထိပ်တိုက်ဖြစ်လာရတဲ့အချိန် အာဏာဖီဆန်ရေးလမ်းကြောင်းဆီ ရောက်လာရတဲ့အချိန်အထိလည်း တွေ့ဆုံဆွေးနွေးဖို့ကို တောင်းဆိုနေဆဲဖြစ်ပါတယ်။ နဝတ က တွေ့ဆုံဆွေးနွေးဖို့ တလျောက်လုံး ငြင်းဆန်ခဲ့ပါတယ်။ ဒီလောက်များပြားလွန်းလှတဲ့ နိုင်ငံရေးပါတီတွေနဲ့ ဘယ်လိုလုပ်ပြီး ဆွေးနွေးနိုင်မလဲလို့ အကြောင်းပြခဲ့ပါတယ်။ နိုင်ငံရေးပါတီပေါင်း (၁၀၄) ပါတီက ဒေါ်အောင်ဆန်းစုကြည် ကို တဦးတည်သောကိုယ်စားလှယ်အဖြစ် တခဲနက်ဆန္ဒပြုပြီး အာဏာအပ်နှင်းလိုက်ကြတော့လည်း တွေ့ဆုံဆွေးနွေးဖို့ လုံးဝမစဉ်းစားရုံမက တိုးပြီး ဖိနှိပ်ဖမ်းဆီးနှိပ်ကွပ်တာတွေနဲ့ပဲ နဝတရဲ့ သဘောထားအမှန်ကို ဖော်ပြခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က အာဇာနည်နေ့ကို မဟာမိတ် နိုင်ငံရေးပါတီပေါင်းစုံနဲ့ ပူးပေါင်းကျင်းပအပြီးမှာ စစ်မှန်တဲ့ တပ်ပေါင်းစုကြီးတခု ဖွဲ့စည်းရေးကို လုပ်ဆောင်သွားဖို့ လျာထားပါတယ်။ အမတ်နေရာခွဲတမ်းအတွက် လာရောက်ပေါင်းစည်းကြတဲ့ အမည်ခံ တပ်ပေါင်းစုသဘောမဟုတ်ပဲ တူညီတဲ့ ရည်ရွယ်ချက်၊ ပြတ်သားတဲ့ ညီညွတ်မှုနဲ့ ဖွဲ့စည်းပေါ်ထွက်လာတဲ့ တပ်ပေါင်းစုမျိုးကို တည်ဆောက်သွားဖို့ ရည်ရွယ်ထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲနည်းဥပဒေလည်း ထွက်လာပြီးပြီဖြစ်တဲ့အတွက် ကြားဖြတ်အစိုးရဖွဲ့စည်းရေးအသံကလည်း မှိန်သွားပြီး "တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေး" ဆိုတဲ့အသံ ပိုပြီးပေါ်လွင်လာပါတယ်။ "တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေး" အတွက်ဆိုတဲ့ခေါင်းစည်းအောက် မှာ ၂/၈၈၊ ၈/၈၈ ရုပ်သိမ်းပေးဆိုတဲ့ တောင်းဆိုသံတွေတိုးပြီး ထွက်ပေါ်လာပါတယ်။ စစ်မှန်တဲ့ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲတခုဖြစ်မြောက်ဖို့ အဟန့်အတား အနှောက်အယှက်သဖွယ်ဖြစ်နေတဲ့ ၂/၈၈၊ ၈/၈၈ အမိန့်ကြေညာချက်တွေ ရုပ်သိမ်းပေးရေးဟာ အမှန်တကယ်လည်း လိုအပ်ပါတယ်။

'နဝတ'က ၂/၈၈၊ ၈/၈၈ တွေ ရုပ်သိမ်းမပေးရုံမက အာဇာနည်နေ့ကို NLD ဦးဆောင်တဲ့နိုင်ငံရေးပါတီတွေရဲ့ ချီတက် အလေးပြုလှုပ်ရှားပွဲကြီး စည်စည်ကားကား ဖြစ်ပေါ်မလာစေရေးအတွက်ကြိုတင်ပိတ်ပင် ကန့်သတ်တဲ့အစီအစဉ်တွေကိုတောင် ချမှတ်လိုက်ပြန်ပါတယ်။ အဲဒါကတော့ "နိုင်ငံရေးပါတီတွေအနေနဲ့ အာဇာနည်နေ့မှာ ပါတီတခု ဆယ်ဦးတက်ရောက်ခွင့်ပြုကြောင်း အဲဒီ (၁၀) ဦးကို နာမည်နဲ့တကွ ကြိုတင်စာရင်းပေးဖို့" ဆိုတာ ဖြစ်ပါတယ်။ NLD ကိုလည်း အာဇာနည်နေ့တက်ရောက်ဖို့ စာရင်းကြိုတောင်းတာလုပ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က အစိုးရဦးစီးပြုလုပ်မယ့် အခမ်းအနားကို မိမိတက်မှာမဟုတ်ကြောင်း၊ မိမိတို့အစီအစဉ်နဲ့ မိမိတို့ပြည်သူတွေနဲ့ လက်တွဲပြီးတက်မှာဖြစ်ကြောင်း ပြည်သူတွေမှာ လွတ်လပ်စွာဝမ်းနည်းခွင့်ရှိတယ်။ ဆူပူမှုမဖြစ်အောင် တာဝန်ယူတယ်။ စစ်တပ်ကသာ ဆူပူမှုဖြစ်အောင် မနှောက်ယှက်ပါနဲ့ဆိုတဲ့ သဘောထားရှိတဲ့စာကို နဝတ ထံ ပြန်ကြားခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင် က အာဇာနည်နေ့မတိုင်ခင်မှာ မိန့်ခွန်းရှည်ကြီးတခုပေးပြီး ခြိမ်းခြောက်ပါတယ်။ ဇူလိုင် (၁၉) ရက်နေ့မှာ လူစုလူဝေးလုပ်ရင် ပစ်ခတ်ဖြိုခွဲရလိမ့်မယ်ဆိုတဲ့အကြောင်း ပြောဆိုပါတယ်။ အဲဒီ မိန့်ခွန်းရှည်ကြီးအပြီးမှာ ထပ်ဆင့်ခြိမ်းခြောက်ဖို့ စစ်နယ်မြေတွေခွဲပြီး စစ်ခုံရုံးတွေဖွဲ့စည်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ကလည်း အာဇာနည်နေ့ကို ကိုယ့်အစီအစဉ်နဲ့ ကိုယ်ကျင်းပနိုင်ဖို့ လိုအပ်တဲ့ပြင်ဆင် ဆွေးနွေးညှိနှိုင်းမှု တွေလုပ်ပါတယ်။

ဇူလိုင် (၁၈) ရက်နေ့မှာတော့ နဝတ ဘက်က “အာဇာနည်နေ့မှာ အာဇာနည်ကုန်းကို ချီတက်အလေးပြုဖို့ လာရောက်ခေါ်ယူသူများကြောင့်ဖြစ်စေ၊ မိမိကိုယ်တိုင် ဆန္ဒနဲ့ဖြစ်စေ အပြင်ထွက်ခြင်းမပြုဖို့၊ ပြုခဲ့လို့ ပြဿနာတစုံတရာဖြစ်ပေါ်လာရင် တာဝန်မယူကြောင်း သတိပေးအပ်ပါတယ်” ဆိုတဲ့ ခြိမ်းခြောက်သတိပေးချက်ဆိုတာကို စစ်ကားတွေနဲ့ မြို့လုံးအနှံ့ လှည့်လည်အော်ဟစ်ပါတယ်။ မြို့ထဲ နေရာအနှံ့ကိုလည်း စစ်တပ်တွေ မဲမဲလှုပ် အပြည့်တိုးချပါတယ်။ စစ်ကားတွေ ဘရင်းကယ်ရီယာကားတွေကိုလည်း အနှံ့လှည့်လည်မောင်းနှင်ခိုင်းပြီး အင်အားပြ ခြိမ်းခြောက်တာတွေ လုပ်ပါတယ်။

ဇူလိုင် (၁၉) ရက်နေ့ အာဇာနည်နေ့ မနက်ခင်းမှာတော့ NLD ရုံးချုပ်၊ ရွှေဂုံတိုင်လမ်း NLD တိုင်းရုံးနဲ့ အာဇာနည်ကုန်းအကြား စစ်တပ်တွေ အုံနဲ့ကျင်းနဲ့ ချထားပါတယ်။ ရွှေဂုံတိုင် အဝိုင်းတခုလုံးပေါ်မှာလည်း သံဆူးကြိုးခွေတွေ အထပ်ထပ်ချထားရုံမက၊ ဆေးအဖြူနဲ့ စည်းတားထားပြီး၊ “ဤနေရာက ကျော်လျှင်ပစ်မည်” ဆိုတဲ့ ဆိုင်းဘုတ်တွေတောင် တန်းစီထောင်ထားပါတယ်။ အာဇာနည်ကုန်းကို ချီတက်ဖို့ပြင်ဆင်လာကြတဲ့ လူထုကြီးဟာ ရွှေဂုံတိုင်အနီးတဝိုက်မှာ ရောက်ရှိနေကြပြီဖြစ်ပါတယ်။

စစ်တပ်က လူထုကြီးကို အတင်းအကြပ် လူစုခွဲပါတယ်။ အာဇာနည်ကုန်းကို ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ ချီတက်ကာ သွားရောက်ပြီး ပန်းခွေချဖို့ ပြင်ဆင်လာကြတဲ့လူထုကြီးကို ရိုက်နှက်ပြီးလူစုခွဲပစ်လိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးနဲ့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ကိုလည်း နဝတစစ်တပ်က အပြည့်အဝ ပိတ်ဆို့ ထားလိုက်ပြီးပြီဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူသို့ မေတ္တာရပ်ခံစာ တစောင် အခက်အခဲကြား ကနေထုတ်ပြန် အသိပေးလိုက်ရ ပါတော့တယ်။ အဲဒီစာကတော့ “မူလ အာဇာနည် နေ့အစီအစဉ်ကိုဖျက်သိမ်းလိုက်ကြောင်း၊ ပြည်သူများ မိမိတို့နေအိမ်တွေထဲကနေပြီး စစ်အစိုးရရဲ့ မတရားမှုတွေကို သပိတ်မှောက်ဆန့်ကျင်တဲ့အနေနဲ့ ငြိမ်ဆိတ်စွာ အာဇာနည်နေ့ကို အထိမ်းအမှတ်ပြုသွားကြဖို့”ဆိုတဲ့ စာပဲဖြစ်ပါတယ်။

နဝတ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည် ကိုလည်း ဖမ်းဆီးလိုက်ပါတော့တယ်။ နေအိမ်မှာတင် အကျယ်ချုပ်အဖြစ်နဲ့သတ်မှတ်ပြီး ဖမ်းဆီးလိုက်တာဖြစ်ပါတယ်။ ဇူလိုင် (၂၀) ရက်နေ့ကစပြီး အကျယ်ချုပ်နဲ့ထိန်းသိမ်းဖမ်းဆီးလိုက်ကြောင်း နဝတ စစ်အစိုးက ကြေညာလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ကို အကျုပ်ချုပ်အဖြစ် ဖမ်းဆီးလိုက်ပြီးတဲ့နောက်ပိုင်း နဝတ စစ်အစိုးရအဖို့ အကြီးအကျယ် ဝါဒဖြန့်ချိစရာ ဖမ်းဆီး ဖော်ထုတ်လိုက်နိုင်မှုကတော့ ဗကပ မြေအောက် ယူဂျီလှုပ်ရှားမှုကြီးဖြစ်ပါတယ်။

ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုမှာ တဒေါင့်တခန်းက ပါဝင်ခဲ့တဲ့ ဗကပယူဂျီ မြေအောက်လှုပ်ရှားမှုကို “နိုင်ငံတော်အာဏာကို ဖြတ်လမ်းကနေ ရယူဖို့ကြိုးစားတဲ့ ဗကပ ယူဂျီတို့ရဲ့အားထုတ်မှု” အဖြစ် နဝတ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်က တံဆိပ်ကပ်လိုက်ပါတယ်။

၅–၈–၈၉ နေ့မှာ သတင်းစာရှင်းလင်းပွဲကြီး ကျင်းပပြီး ဗကပယူဂျီတို့ရဲ့ လုပ်ရပ်ကို ခိုးထုပ် ခိုးထည်နဲ့မိလိုက်တဲ့ “သူခိုးဖမ်းသူကြီး” ဂိုက်မျိုးနဲ့ အထူးရှင်းလင်းပွဲကြီးလုပ်ပါတယ်။ အရေးတော်ပုံကြီးကိုပါ သရုပ်ဖျက်ပြောဆိုပြီး၊ အရေးတော်ပုံကြီးအတွင်း ပါဝင်ဆင်နွှဲ လှုပ်ရှားခဲ့ကြသူတွေအားလုံးကို ဗကပ တို့ရဲ့ ဆိုင်းချက်အတိုင်း ဘုမသိဘမသိ ပါဝင်လှုပ်ရှားခဲ့ကြရတဲ့ သဘောမျိုးဖြစ်အောင် လမ်းကြောင်းဆွဲယူ ပြောဆိုပါတယ်။ နိုင်ငံရေးပါတီကြီးတရပ်ဖြစ်တဲ့ ဗကပ ဟာ နိုင်ငံရေးလှုပ်ရှားမှုတွေပေါ် ဖို့ဖြစ်စေ၊ ပေါ်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအတွင်း အကောင်းဆုံးဖြစ်အောင်ဖြစ်စေ သူလုပ်ရမယ့်တာဝန်ကို သူ့ဟာသူ အကောင်းဆုံးဖြစ်အောင်

ပါဝင်လှုပ်ရှားတာဟာ ဘာမှဆန်းကြယ်လှတဲ့ ကိစ္စတရပ်မဟုတ်ဘူးဆိုတာလောက်ကိုတောင် နားမလည်ဘဲ (သို့မဟုတ် နားမလည်ချင်ယောင်ဆောင်ပြီး) ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဗကပ တွေဖော်လို့ ပေါ်လာခဲ့ရတဲ့ ဖောက်ပြန်တဲ့ အရေးတော်ပုံကြီးသဘောမျိုး သက်ရောက်အောင် ပုံဖော်ပြောဆိုရှင်းလင်းပါတယ်။

ဗကပ ယူဂျီလှုပ်ရှားမှုကြီးကို ခေါင်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်နှစ်ဦးကတော့ ကိုသက်ခိုင်နဲ့ အန်ကယ်ကြီးခေါ် ကိုတင်အောင်(ကျွန်းပြန်) ဖြစ်ပါတယ်။ ကိုသက်ခိုင် နဲ့ ကိုတင်အောင် ကို ဇူလိုင် (၁၁) ရက်နေ့မှာကတည်းက နဝတ ထောက်လှမ်းရေးများက ဖမ်းဆီးရမိခဲ့ပြီးဖြစ်ပေမယ့် နောက်ထပ် ကွင်းဆက် ဖမ်းဆီးစရာတွေကို တသီတတန်းကြီး ဆက်လက်ဖမ်းဆီးပြီး အမှုခွင်ကို စိတ်ကြိုက်ဖန်တီးတည်ဆောက်ပြီးတဲ့အခါကျမှ အထူးသတင်းစာရှင်းလင်းပွဲကြီးအဖြစ် ပုံဖော်ရှင်းလင်းခဲ့တာဖြစ်ပါတယ်။

အဲဒီရှင်းလင်းပွဲကြီးအကြောင်းကို စာအုပ်အဖြစ်နဲ့လည်း ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါတယ်။ စာအုပ်နာမည်ကတော့ "နိုင်ငံတော်အာဏာကို ဖြတ်လမ်းကနေ သိမ်းပိုက်ရယူရန် ဗကပ တို့၏ ကြံစည်ကြိုးပမ်းမှု" တဲ့။

အဲဒီစာအုပ်နီကြီးထဲမှာ ဦးဝင်းတင်၊ ဦးထွန်းတင် (ရွှေနေကြီး) တို့ကိုလည်း ထည့်သွင်းဖော်ပြခဲ့ပြီး ဗကပ အနွယ်ဝင်တွေအဖြစ် ပုံဖော်ခဲ့ပါတယ်။ အရင်ကတည်းက ဖမ်းဆီးထိန်းသိမ်းထားတဲ့ ဦးခင်မောင်မြင့်၊ ဦးလှရွှေ၊ ဦးညိုဝင်း တို့ကိုလည်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။ တကယ်က ဦးဝင်းတင် ကို ဖမ်းဆီးတာဟာ ဇူလိုင် (၄) ရက်နေ့ကတည်းကဖြစ်ပါတယ်။ ဦးဝင်းတင် ကို ဖမ်းဆီးခဲ့တာဟာလည်း တမင်ညစ်ပတ်ပြီး ဖမ်းဆီးခဲ့တာသာဖြစ်ပါတယ်။ စစ်အစိုးရရဲ့ အဖမ်းအဆီးကို မခံဘဲ ရှောင်တိမ်းနေတဲ့ လူငယ်တဦးရဲ့ အဖေနဲ့ တယ်လီဖုန်းစကားပြောခဲ့တာအပေါ် ဆွဲစုဆက်ယူပြီး ဦးဝင်းတင် လည်း ကြံရာပါတရားခံအဖြစ် နဝတ ရဲ့ ယုတ်မာပက်စက်ခြင်းကို ခံလိုက်ရတာသာဖြစ်ပါတယ်။ ဘယ်အမှုမှာဖြစ်ဖြစ် တယ်လီဖုန်းစကားပြောဆိုခြင်းဟာ သက်သေအဖြစ် လက်ခံဖွယ်ရာမရှိလို့ "ဥပဒေ" က ဆိုထားပေမယ့် တမင်သက်သက်အပြစ်ရှာချင်လို့ကို ရှာခဲ့တာဖြစ်နေတဲ့ နဝတ အုပ်စိုးမှုအောက်မှာတော့ ဦးဝင်းတင် ဟာ ပြစ်မှုကျူးလွန်သူကြီးတဦး ဖြစ်သွားရပါတော့တယ်။ နဝတ ဟာ ဘယ်လောက်ယုတ်မာသလဲဆိုရင် ဦးဝင်းတင် ကို ဖမ်းထားတုန်းမှာ " ဦးဝင်းတင် ဟာ နိုင်ငံရေးနည်းဗျူဟာဆိုင်ရာ အကြံပေးပုဂ္ဂိုလ် တနည်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည် ကို ကြိုးကိုင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ရုပ်သေးဆရာဖြစ်တယ်" ဆိုတဲ့ သဘောအထိ ထွက်ဆိုစေဖို့ ဦးဝင်းတင် ကို အတင်းအဓမ္မ လုပ်ဆောင်ခဲ့ကြပါတယ်။ (၃) ရက်တိတိ အစာမကျွေး၊ မအိပ်နိုင်အောင်လုပ်ထားပြီးမှ ကလိန်ကကျစ်နည်းမျိုးစုံနဲ့ ကြံစည်ခဲ့ကြတာဖြစ်ပါတယ်။ ဦးဝင်းတင် က သတ္တိရှိရှိ ရင်ဆိုင်ခဲ့တဲ့အတွက် ထင်သလိုမဖြစ်လာပါ။ ဦးဝင်းတင် ကို နဝတ က အဆက်မပြတ် ယုတ်မာခဲ့ပါတယ်။ ဗကပ ယူဂျီ လှုပ်ရှားမှုကြီး ပေါ်လာတဲ့အခါမှာလည်း ဦးဝင်းတင် ကိုပါ စာအုပ်နီကြီးထဲ ထည့်သွင်းဖော်ပြပြီး ဟိုလိုလို ဒီလိုလိုဖြစ်အောင် ရေသိပ်ခဲ့ပါတယ်။

နဝတဟာ ဒေါ်အောင်ဆန်းစုကြည် ကို အကျယ်ချုပ်နဲ့ ထိန်းသိမ်းဖမ်းဆီးလိုက်ပြီးတဲ့နောက် အမျိုးမျိုးအဖုံဖုံ သိက္ခာချတိုက်ခိုက်တာ၊ စွပ်စွဲတံဆိပ်ကပ်တာတွေ နည်းအမျိုးမျိုးနဲ့ တိုးပြီးလုပ်ဆောင်ပါတယ်။ NLD ကိုလည်း အမျိုးမျိုးအဖုံဖုံ ဖိနှိပ်တာ ကန့်သတ်တာ ချုပ်ချယ်တာတွေ လုပ်ဆောင်ပါတယ်။ အထူးသဖြင့် မြို့တော်ရန်ကုန် မဟုတ်တဲ့ နယ်တွေမှာဆိုရင် NLD ကို ပြောင်ပြောင်တင်းတင်းကို နှိပ်ကွပ်စော်ကားတာတွေ လုပ်ဆောင်ပါတယ်။ မဆလ တဖြစ်လဲ တစည ကိုတော့ အာဏာပိုင်အဆင့်အသီးသီးကနေ မျက်နှာသာပေးတာ၊ ဘက်လိုက်တာတွေကို သိသိသာသာလုပ်ဆောင်ပေးခဲ့ပါတယ်။ NLD ပါတီဝင်တွေနဲ့ တိုးတက်တဲ့နိုင်ငံရေးအယူအဆရှိတဲ့ လက်ဝဲနွယ်ဝင်တွေ၊ ကျောင်းသားပါတီတွေကိုသာ အတောမသတ်နိုင်

အောင် ဖမ်းဆီးနှိပ်ကွပ် ဟန့်တားနောက်ယှက်တာတွေ အဆက်မပြတ် လုပ်ဆောင်ခဲ့ပါတယ်။ တစည ပါတီက အဖမ်းအဆီး အစစ်အဆေးခံရတယ်ဆိုတာ တဦးတယောက်တောင်မရှိခဲ့ပါ။

စက်တင်ဘာလထဲမှာ နိုင်ငံရေးပါတီ (၃) ခုကို နဝတ စစ်အစိုးရကနေ ဖျက်သိမ်းပစ်ခဲ့ပါတယ်။ ဗကပ ရဲ့ မြေပေါ်ပါတီတွေအဖြစ် ဖွဲ့စည်းထားတာဆိုတဲ့ စွပ်စွဲချက်နဲ့ ရွေးကောက်ပွဲကော်မရှင်ကနေ ပယ်ဖျက်ကြောင်းကြေညာပြီး ဖျက်သိမ်းပစ်ခဲ့တာဖြစ်ပါတယ်။ ဖျက်သိမ်းခံရတဲ့ နိုင်ငံရေးပါတီ (၃) ခုကတော့ ပြည်သူ့တိုးတက်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု နဲ့ အမြစ်မိုးလူငယ်အဖွဲ့ ဖြစ်ပါတယ်။ တကယ်ကတော့ ရွေးကောက်ပွဲကော်မရှင်ကနေ တရားဝင် ဖျက်သိမ်းပယ်ဖျက်လိုက်ကြောင်း ကြေညာချက်မထွက်ခင်ကတည်းက အဲဒီနိုင်ငံရေးပါတီတွေရဲ့ ခေါင်းဆောင်တွေကို နဝတ ထောက်လှမ်းရေးက လိုက်လံဖမ်းဆီးနေခဲ့ပြီးပြီဖြစ်ပါတယ်။ ဗဟိုကော်မတီတခုလုံးကို လိုက်လံဖမ်းဆီးတာဖြစ်ပါတယ်။ အများစုကြီး အဖမ်းခံလိုက်ရပြီး၊ ထွက်ပြေးတိမ်းရှောင်သူ အနဲစုသာ လွတ်မြောက်ခွင့်ရပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။

နဝတ အစိုးရဟာ ဒီမိုကရေစီအင်အားစုတွေအပေါ် ထင်သလို ဖိုလ်ကျရမ်းကားပြီး၊ လက်နက်ကိုင်ထားနိုင်တယ်ဆိုတဲ့ စစ်အင်အားရှင်ဖြစ်တာ တခုတည်းနဲ့ ငါ့စကားနွားရ ပြောချင်တာတွေကို ပြောဆိုနေနိုင်ပြီး မာရှယ်လောနဲ့ စစ်ခုံရုံးတွေ အခြံအရံနဲ့ အာဏာကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားနိုင်ပြီလို့ ယူဆပြီးတဲ့အခါ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးဖို့ ပြင်ဆင်ပါတယ်။

(၁၀–၁၁–၈၉) နေ့ စစ်ဦးစီး တက္ကသိုလ်သင်တန်းဆင်းပွဲမှာ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က "ဒေါက်တာမောင်မောင် လက်ထက် တပ်မတော်သားများ လက်နက်ကိုင် ပြည်သူ့ရဲ့တပ်ဖွဲ့ဝင်များနဲ့ နိုင်ငံ့ဘဏ္ဍာမှ လစာယူတဲ့ ဝန်ထမ်းများအားလုံးဟာ မည်သည့်ပါတီဝင်မှ မဖြစ်စေရဆိုတဲ့ အမိန့်ထုတ်ပြန်လိုက်ချိန်ကစပြီး သူအပါအဝင် တပ်မတော်သားအားလုံးဟာ မည့်သည့်ပါတီဝင်မှ မဟုတ်တော့ကြောင်း၊ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ကြောင်း" ဆိုတာတွေ ထုတ်ဖော်ပြောဆိုပါတယ်။ အဲဒီသင်တန်းဆင်းပွဲ မိန့်ခွန်းထဲမှာဘဲ "လာမယ့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး၊ အဲဒီအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းတဲ့အစိုးရကို အာဏာလွှဲပြောင်းပေးသွားမယ်" ဆိုတဲ့ သဘော ပြောဆိုသွားပါတယ်။ (အဲဒီမိန့်ခွန်းအရင် ဗိုလ်ချုပ်ကြီးစောမောင် ပြောဆိုခဲ့တာကတော့ (၅–၇–၈၉) နေ့ သတင်းစာရှင်းလင်းပွဲမှာ "လာမယ့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုကြရန်၊ သို့မဟုတ် ၁၉၄၇ အခြေခံဥပဒေကိုဖြစ်စေ၊ ၇၄ ခုနှစ် အခြေခံဥပဒေကိုဖြစ်စေ လိုအပ်သလို ပြင်ဆင်အတည်ပြုကြရန်" ဆိုတဲ့ သဘောမျိုး ပြောဆိုသွားခဲ့ဖူးပါတယ်။)

၁၈–၁၁–၈၉ နေ့မှာတော့ နဝတ အစိုးရက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမယ့်နေ့ရက်ကို တိတိပပ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲကြီး ကျင်းပမယ့်နေ့ရက်ကတော့ (၁၉၉၀ ပြည့်၊ မေလ ၂၇ ရက်၊ တနင်္ဂနွေနေ့) ဆိုတာဖြစ်ပါတယ်။

မဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်တဲ့နေ့ရက်နဲ့ နောက်ဆုံးရက်ကတော့ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာ (၂၈) ကနေ ၁၉၉၀ ပြည့်၊ ဇန်နဝါရီ (၃) ရက်နေ့အထိဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် တနှစ်လုံးရဲ့အခြေအနေကို ချုပ်ကြည့်လိုက်မယ်ဆိုရင်တော့ နဝတဟာ အာဏာကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားပြီး၊ ကိုယ်ကိုယ်တိုင် ဖွဲ့စည်းခွင့်ပေးထားခဲ့တဲ့ နိုင်ငံရေးပါတီတွေကို မလှုပ်နိုင်အောင် နည်းမျိုးစုံနဲ့ ဖိနှိပ်ခဲ့ပါတယ်။ ပါတီအဖြစ် ဆိုင်းဘုတ်တင်ခွင့်သာပြုပြီး ဘာလှုပ်ရှားခွင့်မှ

မရှိအောင်၊ ဘာစကားမှ ပြောခွင့်မရှိအောင် ၂/၈၈၊ ၈/၈၈ အမိန့်တွေနဲ့ ထိန်းချုပ်ရုံသာမက စစ်ခုံရုံးတွေ၊ မာရှယ်လောဥပဒေတွေနဲ့ပါ အပြင်းအထန် နှိပ်ကွပ်ခဲ့ပါတယ်။

နိုင်ငံရေးပါတီတွေကလည်း စစ်အစိုးရကို နည်းမျိုးစုံနဲ့ ပြန်လည် ဆန့်ကျင် ကန့်ကွက်ခဲ့ကြပြီး၊ တောင်းဆိုချက်တွေ၊ ကြေညာချက်တွေ၊ သဘောထားထုတ် ဖော်တင်ပြချက်တွေနဲ့ အဆက်မပြတ် နိုင်ငံရေး လှုပ်ရှားမှုတွေကို လုပ်ဆောင်ခဲ့ကြပါတယ်။ အင်အားအကြီးမားဆုံးဖြစ်လာတဲ့ NLD ဟာ ရှေ့တန်းအရောက် ဆုံးဖြစ်လာခဲ့ပြီး စစ်အစိုးရရဲ့ ဦးတည်တိုက်ခိုက်ရာ အဓိက အတိုက်အခံပါတီကြီး ဖြစ်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ အခန်းနဲ့ကြိုးပမ်းအားထုတ်မှုတွေဟာ အပေါ်လွင်ဆုံးဖြစ်လာခဲ့ပြီး၊ စစ်အစိုးရရဲ့ ဦးတည်ရန်သူကြီးသဖွယ် ဖြစ်လာခဲ့ပါတယ်။ NLD နဲ့စစ်အစိုးရရဲ့ ထိပ်တိုက်တွေ့ဆုံရမှုဟာ အမြင့်ဆုံးဖြစ် လာခဲ့ပြီး အာဇာနည်နေ့ လူထုလှုပ်ရှားမှု ဖော်ဆောင်ရန် ကြိုးပမ်းဆဲမှာဘဲ ဒေါ်အောင်ဆန်းစုကြည်ကို နဝတ က ဖမ်းဆီးထိန်းသိမ်းလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ဖြစ်သွားပါတယ်။

ထူးခြားတဲ့အဖြစ်အပျက်တွေကတော့ ဗမာပြည်ကွန်မြူနစ်ပါတီကြီး ပြိုကွဲသွားရခြင်းနဲ့ ငြိမ်းအဖွဲ့ ဆိုတာတွေ စတင်ဖြစ်တည်လာခြင်းဖြစ်ပါတယ်။ ဗကပ ယူဂိုလှုပ်ရှားမှု (၄၈၂၈) ပါတီကော်မတီလှုပ်ရှားမှု၊ အုံနဲ့ကျင်းနဲ့ ဖော်ထုတ်ဖမ်းဆီးခံလိုက်ရပြီး၊ နဝတ အဖို့ အကြီးအကျယ်ဝါဒဖြန့်ချိစရာကိစ္စကြီး တခုသဖွယ် ဖြစ်ပေါ်လာခဲ့ပါတယ်။

၁၉၈၉ ခုနှစ် နှစ်ကုန်မှာတော့ '၉၀ ပြည့်နှစ် ရွေးကောက်ပွဲကြီး' ကျင်းပပေးမှာ သေချာသွားပြီဖြစ် ပါတယ်။

## ၁၉၉၀ ပြည့် မြန်မာနိုင်ငံရွေးကောက်ပွဲ









ဗိုလ်ချုပ်မှူးကြီး စောမောင် နှင့် ဗိုလ်ချုပ် ခင်ညွန့် တို့လည်း
ဤသို့ မဲပေးခဲ့ကြ

# ၁၉၉ဝ ပြည့်ရွေးကောက်ပွဲကြီး

နဝတ စစ်အစိုးရက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးဖို့ ဆုံးဖြတ်လိုက်တာဟာ နိုင်ငံတကာ့အခြေအနေ ပြည်တွင်းအခြေအနေများအရ မကျင်းပပေးရင် ပိုမိုဆိုးဝါးလာနိုင်ဖွယ်ရာရှိတယ်လို့မြင်ပြီး ကျင်းပမပေးရင် မဖြစ်နိုင်တော့တဲ့အတွက် ကျင်းပပေးတာဖြစ်ပါတယ်။ နောက်ထပ် အဓိကအချက်ကတော့ ဒီအချိန်မှာ ရွေးကောက်ပွဲကြီး ကျင်းပလိုက်ရင် ရွေးကောက်ပွဲရလာဒ်ဟာ နဝတ အတွက် အခွင့်အလမ်းသာချက်တွေ ထွက်ပေါ်လာလိမ့်မယ်လို့ တွက်ဆယုံကြည်ပြီး ကျင်းပပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အင်အားအကြီးဆုံးဖြစ်တဲ့ NLD ကို ဘက်ပေါင်းစုံ ဖိနှိပ်ထားပြီးပြီဖြစ်ပါတယ်။ အထက်မြက်ဆုံးနဲ့ လူထုယုံကြည်မှုအရဆုံးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုလည်း ဖမ်းဆီးထားပြီးဖြစ်သလို၊ NLD အတွင်းက ထိပ်သီးခေါင်းဆောင် တော်တော်များများကိုလည်း အကြောင်းအမျိုးမျိုးနဲ့ ထောင်သွင်းအကျဉ်းချထားနိုင်ပြီးပြီးဖြစ်ပါတယ်။ ဦးဝင်းတင်၊ ဦးသော်က (မောင်သော်က)၊ ဦးထွန်းတင် တို့ကို ထောင်ထဲထည့်ထားပြီးပြီဖြစ်သလို၊ ဦးတင်ရွှေ၊ ဦးဝင်းခက် တို့လို ဒေါ်အောင်ဆန်းစုကြည် အစုဘက်က ပုဂ္ဂိုလ်တွေကိုလည်း တရားဝင် ရပ်တည်နေထိုင်လို့မရအောင် ပြုလုပ်ထားပြီးပြီဖြစ်ပါတယ်။ NLD ကို ဘက်ပေါင်းစုံ ကန့်သတ်ပြီး "တစည" ကို သိသိသာသာ မျက်နှာသာပေး လွှတ်ထားပေးပြီးပြီဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ရွေးကောက်ပွဲကျင်းပလိုက်ရင် ဘယ်လိုပဲဖြစ်ဖြစ် အနိမ့်ဆုံး၊ ပါတီတခုတည်းက အပြတ်အသတ် အနိုင်ရတဲ့ အနေအထားမျိုးဖြစ်မလာဘဲ အားနဲတဲ့ ညွန့်ပေါင်းအစိုးရပုံသဏ္ဍာန်သာ ဖြစ်ပေါ်လာလိမ့်မယ်လို့ တွက်ဆထားပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကို ကျင်းပပေးဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

ရွေးကောက်ပွဲလုပ်ဖို့ သေချာသွားပြီးဖြစ်ပေမယ့် တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မြောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားနိုင်ခွင့်အတွက် အာမခံချက်ပေးဖို့ အနိမ့်ဆုံး ၂/၈၈၊ ၈/၈၈ အမိန့်ကြေညာချက်တွေ ရုတ်သိမ်းပေးဖို့၊ နိုင်ငံရေးပါတီတွေက တောင်းဆိုကြပါတယ်။ နဝတ က ရုတ်သိမ်းမပေးခဲ့ပါ။

တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် အနိမ့်ဆုံးလိုအပ်ချက်တွေကို တောင် ဖြည့်ဆည်းလိုက်လျောခြင်းမရှိတဲ့အတွက်၊ ရွေးကောက်ပွဲကြီးကို သပိတ်မှောက်ပစ်ကြမယ်ဆိုရင်လည်း နဝတ အကြိုက်ပဲဖြစ်သွားမယ့်အနေအထားမျိုးနဲ့ နိုင်ငံရေးပါတီတွေ ရင်ဆိုင်ရပါတယ်။ နဝတ က 'တစည' 'တစည' နွယ်ပါတီတွေနဲ့ ပါတီစုံဆိုပြီး လုပ်သွားမယ့်အနေအထားမျိုးမှာ ရွေးကောက်ပွဲ သပိတ်မှောက်ရေးကိုလဲ လုံ့လုံ့ဆော်လို့မဖြစ်ပါ။

ဒေါ်အောင်ဆန်းစုကြည် အဖမ်းခံရပြီးတဲ့နောက် NLD အတွင်းမှာလည်း မျိုးချစ်ရဲဘော်ဟောင်း (ဘောင်းဘီချွတ်ကြီး) များနဲ့ အရပ်သားနိုင်ငံရေးသမားများကြား ကွာဟမှုတွေ အမြင်မတူမှုတွေ တိုးတက်ပေါ်ထွက်လာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးချယ်ရေးကိစ္စမှာ မျိုးချစ်ကြီးများက လျာထားချင်တာနဲ့ "မျိုးချစ်ရဲဘော်" မဟုတ်တဲ့သူများက လျာထားချင်တာ ကွာဟမှုတွေ ပေါ်ထွက်လာပါတယ်။ ဒါကြောင့် ညှိနှိုင်းမရနိုင်အောင် ကွာဟမှုကြီးမားလှတဲ့နေရာတွေမှာ၊ မူလက NLD ဝင်ဖြစ်ပါလျက် တသီးပုဂ္ဂလအဖြစ်၊ NLD ကိုယ်စားလှယ်နဲ့ပါ ယှဉ်ပြိုင်အရွေးခံမယ့်သူတွေ ပေါ်ပေါက်လာရပါတယ်။

အဖမ်းအဆီးခံထားရတဲ့ကြားက ဒေါ်အောင်ဆန်းစုကြည် က ဗဟန်းမြို့နယ်ကနေ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံဖို့ NLD လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းတင်ပါတယ်။ "တစည" ကိုယ်စားလှယ်လောင်းက အပြင်းအထန် ကန့်ကွက်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း နဝတ အလိုကျ ဒေါ်အောင်

ဆန်းစုကြည် ကို ဖယ်ရှားပစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၀) ပုဒ်မခွဲ (င) နဲ့ ငြိစွန်းတယ်ဆိုပြီး ရွေးကောက်ပွဲဝင်ခွင့် မပြုခဲ့ပါ။

တကယ်က နဝတ စစ်အစိုးရက NLD ကို ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးခဲ့တာဟာ၊ ဒေါ်အောင်ဆန်းစုကြည် မပါဝင်ရအောင်လုပ်၊ ဦးဝင်းတင် တို့လို စစ်မှန်တဲ့ပုဂ္ဂိုလ်တွေ မပါဝင်နိုင်အောင်လုပ်ပြီးမှ၊ နဝတစိတ်ကြိုက် ရလဒ်ထွက်ပေါ်လာလိမ့်မယ် မျှော်လင့်ချက်နဲ့ ခွင့်ပြုကျင်းပခဲ့တာသာဖြစ်ပါတယ်။ အဓိက ပြိုင်မြင်းကို ကြိုးတုပ်ပြီးမှ အပြိုင်ခိုင်းခဲ့တဲ့သဘောသာဖြစ်ပါတယ်။

(၉၀)ပြည့်နှစ်ရွေးကောက်ပွဲကြီးအတွက် မဲပေးပုံစနစ်ကိုလည်း ပြောင်းလဲထားပါတယ်။ ဆန္ဒမဲလက်မှတ်ပုံစံနဲ့ဖြစ်ပြီး ဆန္ဒမဲလက်မှတ်မှာ ကိုယ်စားလှယ်လောင်းတွေအမည်၊ နိုင်ငံရေးပါတီအမည်နဲ့ အမှတ်အသား သင်္ကေတတွေပါဝင်ပါတယ်။ မဲဆန္ဒပေးမယ့် မဲဆန္ဒရှင်က ဆန္ဒမဲလက်မှတ်ကို မဲရုံမှူးဆီက ထုတ်ယူပြီး၊ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းအမည်နဲ့ သင်္ကေတဘေးမှာ ကြက်ခြေခတ်အမှတ် အသားတံဆိပ်ရိုက်နှိပ်ဖို့ဖြစ်ပါတယ်။ ထောက်ခံတာကို "ကြက်ခြေခတ်" နဲ့ပြသဖို့ ဖြစ်ပါတယ်။ NLD ရဲ့ သင်္ကေတအမှတ်အသားက "ခမောက်" ဖြစ်ပြီး "တစည" က "စပါးနှံ" အမှတ်အသားဖြစ်ပါတယ်။

ရွေးကောက်ပွဲနားနီးတဲ့အချိန်မှာ NLD ရုံးရှေ့တွေမှာ "ရွှေခမောက်" ကြီးတွေ၊ ခမောက် အမှတ်အသားတွေ စိုက်ထူထားကြပါတယ်။ ပြည်သူလူထုကြားထဲမှာ "ခမောက်" ဟာ ရေပန်းစားလာတဲ့အတွက် "ခမောက်" တင်လာတဲ့ကုန်ကားကိုတောင် ရှာဖွေရေးဂိတ်က အပြစ်ရှာပြီး ဖမ်းတာဆီးတာမျိုးတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ မန္တလေးဘက်မှာတော့ "ပိတောက်နဲ့ငှ နွေမှာလိုင်တယ်၊ ခမောက်နဲ့ 'စု' မေမှာနိုင်မယ်" ဆိုတဲ့ ကြွေးကြော်သံမျိုးတွေ ပျံ့နှံ့ ရေပန်းစားခဲ့ပါတယ်။

၁၉၉၀ ပြည့်၊ မေလ (၂၇) ရက်နေ့မှာတော့ နဝတ စစ်အစိုးရက ကြီးမှူးကျင်းပပေးမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပေါ်ထွန်းလာပါတော့တယ်။ ဒီမိုကရေစီအင်အားစုက မဲမကွဲရေးကို အလေးထား သတိပေးကြပါတယ်။ ဗကသ နဲ့ သံဃာ့အဖွဲ့အစည်းကလည်း မဲတွေကွဲကုန်ရင်တော့ နဝတ အကြိုက်ဖြစ်သွားလိမ့်မယ်ဆိုတာ အလေးထားပြောဆိုကြပါတယ်။ ဝ နဲ့ ကိုးကန့် တို့ရဲ့ ပုန်ကန်ဖယ်ရှားခြင်းကို ခံလိုက်ရတဲ့အတွက် ပြိုကွဲနေပြီးဖြစ်တဲ့ 'ဗကပ' ကလည်း ရွေးကောက်ပွဲကြီးကို အလေးထားကာ "တစည ကို စီးချင်းထိုးနိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများ စုပေါင်းကြံစည်သင့်ပါသည်" ဆိုတဲ့ တိုက်တွန်းမှုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ "ရွေးကောက်ပွဲနှင့်ပတ်သက်၍ သဘောထား" ဆိုတာကို ၁၀–၂–၉၀ နေ့ နေ့စွဲနဲ့ ထုတ်ပြန်ပါတယ်။

မေ (၂၇) ရက်ရွေးကောက်ပွဲကြီးကျင်းပတဲ့ မနက်မှာတော့ မဲလာထည့်တဲ့ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် ကို နိုင်ငံတကာ သတင်းမီဒီယာများက အာဏာလွှဲပြောင်းပေးရေးနဲ့ ပတ်သက်ပြီး မေးကြပါတယ်။ ပါတီပေါင်း (၉၃) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ရွေးကောက်ပွဲကြီးဖြစ်တဲ့အတွက် အပြတ်အသတ် အနိုင်ရမယ့်ပါတီ ရှိမှာမဟုတ်လို့ လူပိန်းတွက် တွက်ဆထားတဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင် က "အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးလိုက်မှာပေါ့။ တပ်မတော်က စစ်တန်းလျားကိုပြန်မယ်" လို့ ပြောကြားခဲ့ပါတယ်။

(၉၀) ပြည့်၊ မေလ (၂၇) ရက်နေ့ ရွေးကောက်ပွဲကြီးကို ပြည်သူလူထုတရပ်လုံးက တက်တက်ကြွကြွလာရောက် မဲဆန္ဒပေးကြပါတယ်။ ဗမာပြည်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသမိုင်းမှာ ပြည်သူလူထုမဲဆန္ဒပေးမှု ရာခိုင်နှုန်းအများဆုံးသော ရွေးကောက်ပွဲကြီးအဖြစ်၊ မှတ်တမ်းတင်ရပါလိမ့်မယ်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီပေါင်း (၉၃) ပါတီ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၂၀၉) ဦး၊ တသီးပုဂ္ဂလ (၈၇) ဦးရှိပြီး၊ ဗမာပြည်သမိုင်းမှာ ပါတီအရေအတွက်

အများဆုံး၊ ယှဉ်ပြိုင်သူဦးရေအများဆုံးသော ရွေးကောက်ပွဲကြီးလည်းဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်း၊ နှစ်ပေါင်း (၃၀) တိတိကြာမှ ပေါ်ထွန်းခဲ့ရတဲ့ ပါတီစုံရွေးကောက်ပွဲကြီးလည်း ဖြစ်တဲ့အတွက် တကမ္ဘာလုံးကလည်း အလေးထား စောင့်ကြည့်နေခဲ့ကြပါတယ်။

နိုင်ငံလုံး မဲဆန္ဒနယ် (၄၉၂) နေရာရှိတဲ့အနက် (၄၈၅) နယ်အတွက် ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ မဲဆန္ဒနယ် (၂၄၅) ခု အထက် ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြတဲ့ ပါတီကြီး (၄) ခုရှိပါတယ်။ (၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၊ (၂) တစည (၃) UNDP (ဦးအောင်ကြီးပါတီ)၊ (၄) ဒီ/ငြိမ်း တို့ဖြစ်ပါတယ်။

နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက်ကြွယ်ဝနေပြီဖြစ်တဲ့ ပြည်သူလူထုကြီးတရပ်လုံးက မဲတွေကို အကွဲမခံဘဲ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီ NLD ကို တခဲနက်ပုံအောထောက်ခံလိုက်ကြပါတယ်။ တလျောက်လုံး ဒုက္ခပေးခဲ့တဲ့ မဆလ တဖြစ်လဲ တစည ကိုလည်း ရွံ့မုန်း၊ မတရားသဖြင့် ဖိနှိပ်နေတဲ့ နဝတ ကိုလည်း အော့နှလုံးနာနေပြီး၊ ပြည်သူလူထုရဲ့ နိုင်ငံရေးရေချိန် မြင့်မားမှုကို ဖော်ပြလိုက်ကြပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးနဲ့ လမ်းမပေါ်အထိထွက်ပြီး တခဲနက်ဆန္ဒပြခဲ့ကြတဲ့ ပြည်သူလူထုကြီးဟာ ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးနဲ့ အသံတိတ်ဆန္ဒပြပွဲကြီးအဖြစ် တခဲနက် ထပ်မံ ဆန္ဒဖော်ပြလိုက်ကြပြန်ပါတယ်။ ရလဒ်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က အပြတ်အသတ်အနိုင်ရလိုက်ပြီး နဝတ လိုလားတဲ့ 'တစည' က ခွက်ခွက်လန်အောင် ရှုံးနိမ့်သွားရခြင်းဖြစ်ပါတယ်။ NLD ဟာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ (၄၄၇) နယ်မှာ (၃၉၂) နယ် အနိုင်ရရှိလိုက်ပါတယ်။ အားလုံးပေါင်း (၄၈၅) နေရာအနက် (၃၉၂)နေရာ အနိုင်ရလိုက်တဲ့အတွက် တပြည်လုံးမှာ (၈၂) ရာခိုင်နှုန်း အနိုင်ရလိုက်တဲ့ လူထုထောက်ခံမှုအရဆုံး အဖွဲ့အစည်းကြီးအဖြစ် မှတ်တိုင်စိုက်ထူလိုက်ပါတယ်။ ဗမာပြည်သမိုင်းမှာ ရွေးကောက်ပွဲသမိုင်းမှာ မရှိဖူးသေးတဲ့ ထူးထူးကဲကဲ အောင်ပွဲခံလိုက်မှုကြီးဖြစ်ပါတယ်။

နဝတ လိုလားတဲ့ 'တစည' ကတော့ (၁၀) နေရာသာ အနိုင်ရခဲ့ပြီး၊ ဦးအောင်ကြီးရဲ့ ပါတီ ကတော့ (၁) နေရာသာ ရခဲ့ပါတယ်။ အောင်မြေနင်းမယ်ဆိုပြီး 'ရွှေဘို' ကနေ အရွေးခံခဲ့တဲ့ ဦးအောင်ကြီး ကိုယ်တိုင်၊ ခွက်ခွက်လန်အောင် ရှုံးပြီး ပြန်ပြေးလာခဲ့ရပါတယ်။ ဦးနု ရဲ့ ဒီ/ငြိမ်း ကတော့ တနေရာမှတောင် မရရှိခဲ့ပါ။ (၅၈) နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ (၂၃) နေရာ အနိုင်ရခဲ့တဲ့ "ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်" က အောင်မြင်မှုမှာ ဒုတိယလိုက်ခဲ့ပြီး၊ (၁၁) နေရာအနိုင်ရရှိတဲ့ "ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်" ဟာ တတိယနေရာ လိုက်ခဲ့ပါတယ်။

အသံတိတ်ဆန္ဒပြပွဲကြီးအဖြစ် လူထုကြီးရဲ့ တခဲနက် ဖော်ပြလိုက်မှုကြောင့် မကြုံစဖူး အောင်မြင်မှုရရှိလိုက်တဲ့ NLD ရဲ့ အောင်ပွဲခံရလဒ်ဟာ နဝတ စစ်အစိုးရကို အံ့သြတုန်လှုပ်သွားစေခဲ့ပါတယ်။ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ရလဒ်ဖြစ်တဲ့အတွက် အကြီးအကျယ် အံ့အားသင့်သွားစေခဲ့ပါတယ်။ စစ်သားတွေ အများဆုံးရှိတဲ့ စစ်နယ်မြေ မင်္ဂလာဒုံ၊ မိတ္ထီလာ တို့လိုနေရာတွေမှာတောင် NLD ကပဲ အောင်ပွဲခံလိုက်နိုင်တဲ့အပေါ် စစ်အစိုးရအဖို့ တုန်လှုပ်စရာဖြစ်ရပါတယ်။ အစိုးရအမှုထမ်းတွေချည်းလိုလိုရှိတဲ့ ကိုကိုးကျွန်းမြို့နယ်မှာလည်း NLD ကပဲ အနိုင်ရလိုက်ပါတယ်။

## ၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးနောက် ဗမာပြည် ဂန္ဓီခန်းမအစည်းအဝေး၊ ၁/၉၀ နဲ့ နိုင်ငံရေးလှုပ်ရှားမှုများ

အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးလိုက်မယ့်သဘော ပြောဆိုခဲ့တဲ့ နဝတ ဥက္ကဋ္ဌ ကြီး ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ အာဏာလွှဲမပေးရုံမက လေသံပါ ပိုပြီးတင်းမာလာပါတယ်။ (၉၀ ပြည့်နှစ်ထဲမှာ ဗိုလ်ချုပ်ကြီး စောမောင်ဟာ ဗိုလ်ချုပ်မှူးကြီးစောမောင် အဖြစ် ကိုယ့်ဟာကိုယ် ရာထူးတက်ပြီးပြီဖြစ်ပါတယ်။) မိန့်ခွန်းရှည်ကြီးတွေပြောရင်း ကဘောက်တိကဘောက်ချာ စကားတွေလည်း ပြောဆိုလာတာ ပိုပြီးများလာပါတယ်။ မိန့်ခွန်းပြောရင်း စာအုပ်ကြီးထောင်ထောင်ပြတာမျိုး 'ကိုယ်ကတော့ သိပ်ဖတ်သိပ်လေ့လာတယ်။ မင်းတို့လည်း ဖတ်ကြ လေ့လာကြ' ဆိုတာမျိုးတွေ တော်တော်ပြောဆိုလာပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်နဲ့ နင်လားငါလား မိန့်ခွန်းရှည်ကြီးတွေပြောသူအဖြစ် ထပ်တိုးလာတာကတော့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် ဖြစ်ပါတယ်။ ဗကပ ယူဂျီကိစ္စ မိန့်ခွန်းရှည် ရှင်းပြချက်ကြီး ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း မိန့်ခွန်းရှည်ကြီးတွေ မပြတ်ပြောဆိုလာခဲ့ပါတယ်။

NLD ကို ပံ့အောထောက်ခံမှုတွေပေးကြတဲ့ ပြည်သူလူထုတရပ်လုံးကတော့ NLD က ဘယ်လိုတာဝန်ယူဦးဆောင်ပြီး အာဏာအပြောင်းအလဲကို အကောင်အထည်ဖော်ပေးမလဲဆိုတာ စိတ်အားထက်သန်စွာ စောင့်ကြည့်နေကြပါတယ်။ နိုင်ငံတကာသံရုံးများကလည်း NLD ရုံးချုပ်ကို လာရောက်ပြီး တွေ့ဆုံမေးမြန်းတာ စုံစမ်းလေ့လာတာ၊ အားပေးထောက်ခံတာတွေ လုပ်ဆောင်ကြပါတယ်။ အဖမ်းဆီးခံရတဲ့ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကိုလည်း အနိုင်ရ NLD အပါအဝင် နိုင်ငံရေးအင်အားစုအသီးသီးက နဝတ ကို တောင်းဆိုကြပါတယ်။ ယူဂျီအဖြစ် လှုပ်ရှားနေကြရတဲ့ ဗကသ၊ တကသကျောင်းသားအဖွဲ့အစည်းများအပါ ရဟန်းသံဃာတော်များ အဖွဲ့အစည်းတွေကလည်း လှုပ်ရှားတောင်းဆိုကြပါတယ်။

နဝတ က အာဏာလွှဲပြောင်းရေးကိစ္စကို တစက်မှမပြောဆိုပဲ၊ NLD ကို တိုးပြီး ဖိနှိပ်ရေးနဲ့ ဒေါ်အောင်ဆန်းစုကြည် ကိုတိုးပြီး အပုပ်ချရေးကိုသာ ဦးတည်လုပ်ဆောင်နေပါတယ်။ ၅-၇-၁၉၈၉ နေ့တုန်းက သတင်းစာရှင်းလင်းပွဲမှာ "လာမယ့် လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုကြရန် သို့မဟုတ် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်စေ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်စေလို အပ်သလို ပြင်ဆင်အတည်ပြုကြရန်" ဆိုတဲ့သဘောမျိုး တိတိလင်းလင်းပြောဆိုခဲ့တာကို မေ့ဖျောက်ပစ်လိုက်ပြီး "ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး" ကို အသံပေးလာခဲ့ပါတယ်။ တစည သာ အနိုင်ရမယ်ဆိုရင်တော့ ချက်ချင်း လွှဲပေးလိုက်မှာဖြစ်ပြီး NLD အနိုင်ရတဲ့အတွက် နောက်တဆင့် အကြောင်းရှာဖို့ ပြင်လာတာဖြစ်ပါ တယ်။ တစည သာ အနိုင်ရမယ်ဆိုရင် လွှတ်တော်ခေါ်၊ လွှတ်တော်မှာ ၁၉၄၇ အခြေခံဥပဒေဖြစ်ဖြစ်၊ ၁၉၇၄ အခြေခံဥပဒေကိုဖြစ်ဖြစ်ကို သင့်သလိုပြင်ဆင် ယာယီအတည်ပြုပြီး၊ အဲဒီအတည်ပြုလိုက်တဲ့ အခြေခံဥပဒေနဲ့ အာဏာကိုလွှဲပြောင်း၊ နောက်မှ အခြေခံဥပဒေအသစ်ကို အဲဒီလွှတ်တော်က ရေးဆွဲရေးဆိုတာ ဖြစ်မှာဖြစ်ပါတယ်။ အဲဒီလွှတ်တော်ကပဲ အရင်ကဖြစ်ဖြစ်ခဲ့သမျှအားလုံး သင်ပုန်းခြေစေဆိုတာလုပ်ပြီး စစ်အုပ်စုရဲ့ ရာဇဝတ်မှုတွေ ပြစ်မှုတွေအားလုံးကိုလည်း အပေးအယူ အတိုင်အဖောက်ညီညီ ပြည်ဖုံးကားချပေး လိုက်ဖို့ဖြစ်ပါတယ်။ အခုတော့ တစည က ခွက်ခွက်လန်ပြီး NLD က အောင်ပွဲခံတဲ့အတွက် မျက်နှာပြောင် တိုက်ဖို့ ကြံဖန်လှီးလွှဲပြောဆို အားထုတ်လာတာဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတိုင်းကို စက္ကူစုတ်

လုပ်ပစ်ရုံမက၊ တဖက်သတ် အမြဲတမ်းဖျက်ဆီးလာခဲ့တဲ့ စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးကြီးကြောင်း၊ ၁၉၉၀ ခုနှစ် နဝတ အနေနဲ့ ပြောဆိုလာပြန်တာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်က "နိုင်ငံတနိုင်ငံမှာ အရေးအကြီးဆုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပေါ့ဗျာ" လို့ မဲ့ကာရွဲ့ကာနဲ့ ပြောဆိုလာပါတယ်။ (၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရော ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကိုပါ ကာယကံမြောက် တရားဝင် ဖျက်သိမ်းခဲ့တာ စစ်တပ်ပဲဆိုတာတော့ မေ့နေပုံရပါတယ်။)

အနိုင်ရ ပြည်သူလူထုထောက်ခံမှုအများဆုံးရ NLD က လွှတ်တော်ကို ခေါ်ပေးဖို့ နဝတ အစိုးရကို တရားဝင်တောင်းဆို တင်ပြပါတယ်။ NLD ကနေ ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ယာယီ) နဲ့ အာဏာလွှဲပြောင်းရယူရေးကို ဆောင်ရွက်မယ်ဆိုရင်လည်း ဆောင်ရွက်လို့ရနိုင်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ရွေးကောက်ပွဲအပြီး ရက်ပေါင်း (၆၀) အတွင်း ခေါ်ပေးရရိုးထုံးစံရှိတဲ့ လွှတ်တော်ကို ခေါ်မပေးတဲ့အတွက် NLD ကနေ (ရွေးကောက်ပွဲဖြစ်တဲ့ မေလ ၂၇ ရက်ကနေ ရက် ၆၀ အကြာ) ဇူလိုင် (၂၈) (၂၉) ရက်နေ့တွေမှာ NLD ဗဟိုဦးစီးအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကြီးကို ကျင်းပဘို့ ခေါ်ယူလိုက်ပါတယ်။

NLD ရဲ့ အစည်းအဝေးမခေါ်ခင်တရက်၊ ၁၉၉၀ ပြည့်၊ ဇူလိုင် (၂၇) ရက်နေ့မှာပဲ နဝတ စစ်စိုးရက ကြေညာချက်အမိန့်အမှတ် ၁/၉၀ကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။ နဝတ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်လက်မှတ်နဲ့ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အပိုဒ်ပေါင်း (၂၁) ပိုဒ်ပါဝင်တဲ့ ကြေညာချက်ဖြစ်ပါတယ်။ "နဝတ ဟာ စစ်အစိုးရဖြစ်တယ်။ မာရှယ်လောဥပဒေနဲ့ အုပ်ချုပ်နေတဲ့ စစ်အစိုးရဖြစ်တယ်။" ဆိုတာတွေ ဖော်ပြရုံတင်မက နဝတ ဟာ နိုင်ငံရေးအစိုးရမဟုတ်တဲ့အတွက် ဘယ်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းနဲ့မှလည်း နိုင်ငံရေးကိစ္စတွေ ဆွေးနွေးမှာမဟုတ်ဘူးဆိုတာလည်း ဖော်ပြပါတယ်။ မေလတုန်းက ပြုလုပ်ပေးခဲ့တဲ့ ရွေးကောက်ပွဲဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက်သာဖြစ်တယ်ဆိုတာကို ဖော်ညွှန်းပြီး၊ ဖွဲ့စည်းရမယ့်လွှတ်တော်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရေး လွှတ်တော်သာဖြစ်တယ်ဆိုတာကို ဖော်ပြပါတယ်။ လူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးတာဝန်ရှိသူတွေသာဖြစ်တယ်ဆိုတာကို ဖော်ပြပါတယ်။ ၁/၉၀ ရဲ့ အနှစ်ချုပ်သဘောကတော့၊ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရေး လွှတ်တော်သာဖြစ်တဲ့အတွက် အာဏာ (၃) ရပ်စလုံးကို အလိုအလျောက် ရရှိမှာမဟုတ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြီး၊ ဥပဒေနဲ့အညီ ပေါ်ထွက်လာတဲ့ အစိုးရကိုသာ နဝတက အာဏာ အပ်နှင်းမှာဖြစ်တယ်။ လွှတ်တော်ကို နဝတ ကသာ ခေါ်ပေးမှာဖြစ်တယ်ဆိုတာနဲ့ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူရေးအတွက် အစိုးရတရပ် ဖွဲ့စည်းဖို့ ယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် ရေးဆွဲပြီး လုပ်ဆောင်မှာမျိုးကို နဝတ က လက်ခံမှာမဟုတ်ဘူးဆိုတာပဲဖြစ်ပါတယ်။

၁/၉၀ ရဲ့ ရည်ရွယ်ချက်က NLD ရဲ့ လွှတ်တော်ခေါ်ရေး ကြိုးပမ်းချက်မှန်သမျှကို ငြင်းပယ်ပြီး၊ တားမြစ်ပိတ်ပင် ခြိမ်းခြောက်လိုက်တာဖြစ်ပါတယ်။ ကိုယ့်ဟာ ကိုယ်လွှတ်တော်ခေါ်ခွင့်မရှိ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အာဏာလွှဲပြောင်းရယူရေး အစိုးရဖွဲ့စည်းရေးလုပ်ခွင့်မရှိ၊ လုပ်ရင် အရေးယူမယ်ဆိုတဲ့ ပြောင်ပြောင်တင်းတင်း ပိတ်ပင်တားမြစ်ချက်ဖြစ်ပါတယ်။ ဂန္ဓီခန်းမအစည်းအဝေးကြီးမှာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဖွဲ့စည်းမှာ အစိုးရဖွဲ့စည်းမှာကို ကြိုတင်ပိတ်ပင်တားမြစ် ခြိမ်းခြောက်လိုက်တာဖြစ်ပါတယ်။

အနှစ်သာရအားဖြင့် ပြောရမယ်ဆိုရင် နဝတရဲ့ ၁/၉၀ ဟာ တစည မနိုင်ပဲ NLD အနိုင်ရခဲ့ပြီး၊

အနိုင်ရတဲ့ NLD ကို အာဏာလွှဲပြောင်းမပေးချင်တဲ့အတွက် တမင်သက်သက် ဆင်ခြေ့ရန်ရှောင် အကြောင်း ပြရင်း ကိုယ့်တံတွေးကိုယ်ပြန်မြိုရင်း၊ မျက်နှာပြောင်တိုက်ပြီး ညစ်ပတ်စုတ်ပဲ့ပြလိုက်တာဖြစ်ပါတယ်။

ဇူလိုင် (၂၈) နဲ့ (၂၉) ရက်နေ့မှာ ဂန္ဓီခန်းမအစည်းအဝေးကြီး ပေါ်ထွန်းလာပါတယ်။ ဥက္ကဋ္ဌ ဦးတင်ဦး နဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့ အဖမ်းအဆီးခံထားရတဲ့အတွက် ယာယီ ဥက္ကဋ္ဌ ဦးကြည်မောင် က ဦးစီးကျင်းပခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊ ဂန္ဓီခန်းမမှာ ကျင်းပတဲ့ အတွက် ဂန္ဓီခန်းမအစည်းအဝေးလို့ အမည်တွင်ခဲ့ပါတယ်။ NLD လွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါး အပါအဝင်၊ NLD အဖွဲ့ဝင်ပေါင်း (၅၀၀) ကျော် တက်ရောက်ခဲ့ကြပါတယ်။ လူထုကြီးက ဂန္ဓီခန်းမ အစည်း အဝေးကြီးက ဘာရလဒ်တွေများ ထွက်ပေါ်လာမလဲဆိုတာ ဝိုင်းရံစောင့်ကြည့် နားစွင့်ခဲ့ကြသလို နိုင်ငံတကာ့ သတင်းမီဒီယာများ၊ သံရုံးများကလည်း အနီးကပ်စောင့်ကြည့်ခဲ့ကြပါတယ်။ “ဂန္ဓီခန်းမအစည်းအဝေး ဆုံးဖြတ်ချက်” ဆိုတာ ထွက်ပေါ်လာခဲ့ပါတယ်။ (၁၀၀၀၀) လောက်ရှိတဲ့ လူအုပ်ကြီးကို ဂန္ဓီခန်းမဆုံးဖြတ်ချက် ကို ဖတ်ကြားပြခဲ့ပါတယ်။ ဂန္ဓီခန်းမဆုံးဖြတ်ချက်ကတော့ ရက်ပေါင်း (၆၀) အတွင်း (စက်တင်ဘာလ နောက် ဆုံးထားပြီး) လွှတ်တော်ခေါ်ပေးရေး၊ (အထွေထွေသဟဇာတဖြစ်ရေး အာဃာတကင်းစင်ရေးမှုများနဲ့ ချော မွေ့စွာ အာဏာလွှဲပြောင်းရေးတို့အတွက်) နဝတအစိုးရနဲ့ NLD တွေ့ဆုံဆွေးနွေးရေးဆိုတာကို တောင်းဆိုခဲ့ ပါတယ်။

၁/၉၀ ကြေညာချက်ကို ထုတ်ပြန်ပြီး လွှတ်တော်ခေါ်ယူရေးကို တားမြစ်ခဲ့တဲ့ နဝတ ငြိမ်ဝပ် အစိုးရ ဟာ ဂန္ဓီခန်းမဆုံးဖြတ်ချက် ထွက်ပေါ်အပြီးမှာ NLD လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ NLD အဖွဲ့ချုပ်အပေါ် ပြောင်ပြောင်တင်းတင်း ဖိနှိပ်ညစ်ပတ် စော်ကားတာတွေ ဆက်တိုက်လုပ်ဆောင်ပါတော့တယ်။ အာဏာ လွှဲပြောင်းပေးရေးကို ငြင်းပယ်ပြီး အာဏာလွှဲပြောင်းပေးဖို့ တောင်းဆိုသူတွေကို အချုပ်ထဲ ထောင်ထဲ ပို့ရေး ကိုပဲ ဦးတည်လုပ်ဆောင်ပါတယ်။

ပြည်တွင်းလက်နက်ကိုင်တော်လှန်ရေးနယ်မြေက အင်အားစုများကရော၊ ပြည်တွင်း ဗကသ၊ တကသ၊ သံဃာ့သာမဂ္ဂီ၊ ရဟန်းပျို စတဲ့အဖွဲ့အစည်းများကရော၊ နိုင်ငံရေးအင်အားစုများကပါ အာဏာ လွှဲပြောင်း ပေးရေး၊ NLD နဲ့ နဝတ တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုလာကြပါတယ်။ နိုင်ငံတကာကလည်း ရွေးကောက် ပွဲရလဒ်ကို လေးစားလိုက်နာဖို့ ပြောဆိုလာခဲ့ပါတယ်။

၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၈) ရက်ဟာ ရှစ်လေးလုံး (၂) နှစ်မြောက်ဖြစ်ပါတယ်။ ရှစ်လေလုံး (၂) နှစ်မြောက် အကြိုလှုပ်ရှားမှုတွေ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများတွေမှာ ထွက်ပေါ်လာခဲ့ပါတယ်။ နဝတ ရဲ့ အာဏာလွှဲပြောင်းပေးရေး ငြင်းဆန်မှုအပါမှာ နဝတ ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ တိုးပြီး ပေါ်ထွက်လာပါ တယ်။ အထူးသဖြင့် အထက်ဗမာပြည် မန္တလေးမြို့ဟာ နိုင်ငံရေးလှုပ်ရှားမှုတွေရဲ့ ဗဟိုချက်မလိုဖြစ်လာပါ တယ်။ ဒေါ်အောင်ဆန်းစုကြည် အထိန်းအသိမ်းခံရပြီးနောက်ပိုင်း၊ ရန်ကုန်မြို့ကြီးမှာ နိုင်ငံရေးလှုပ်ရှားမှုတွေ ယာယီ အာပျော့သွားရပြီး၊ မန္တလေးမြို့မှာ လှုပ်ရှားမှုတွေတိုးမြင့်ထွက်ပေါ်လာခဲ့ပါတယ်။ ရဟန်းသံဃာတော် တွေ အများဆုံးရှိတဲ့ မန္တလေးမြို့မှာ သံဃာတော်တွေ အများစုကြီးကလည်း ဒီမိုကရေစီအင်အားစုတွေကို အားပေးထောက်ကူကြတဲ့အတွက် မန္တလေးမြို့ဟာ နိုင်ငံရေးလှုပ်ရှားမှု အလုပ်နိုင်ဆုံး နေရာဖြစ်လာပါတယ်။

စစ်အစိုးရက ဗကပ ယူဂျီလှုပ်ရှားမှုကို အထူးသတင်းစာရှင်းလင်းပွဲကြီးနဲ့ ရှင်းလင်းပြီးတဲ့အပြင် ငြိမ်းအဖွဲ့ဖြစ်သွားတဲ့ ခွဲထွက်များဆီက ရရှိခဲ့တဲ့ ရှစ်လေးလုံးကာလအတွင်း ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင် အပါ ဗဟိုခေါင်းဆောင်တချို့ရဲ့ လက်ရှိအခြေအနေအပေါ် သုံးသပ်ဆွေးနွေးနေကြတဲ့ ဗီဒီယိုတိတ်ခွေကို တပြည်လုံးသိအောင် ပြသပြီး ဗကပ ဆန့်ကျင်ရေး၊ ယူဂျီလှုပ်ရှားမှု သရုပ်ဖျက်ရေးတွေ အဆက်မပြတ်လုပ်

နေတာတောင် လူထုက ဗကပ ကို မဆန့်ကျင်၊ နဝတ ကိုသာ ဆန့်ကျင်ကြပါတယ်။ မန္တလေးဘုန်းတော်ကြီး တချို့ကဆိုရင် "ဟုတ်တယ်ဟေ့၊ ဒို့လဲ ဘကပ ပဲ။ ဘုန်းကြီးကျောင်းသားပါတီ ဘကပ လေ" လို့တောင် ပြောဆိုပြီး "ဗကပ" ညီညွတ်ရေး အရေးကြီးကြောင်း ထုတ်ဖော်လာကြပါတယ်။ ဆရာတော် ဦးရေဝတ ခေါင်းဆောင်တဲ့ "သံဃာ့သမဂ္ဂ" က ဦးဆောင်ပြီး "အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကော်မတီ" (NISC) ယူဂျီအဖွဲ့ကြီး ပေါ်ပေါက်လာပါတယ်။ 'NISC' မှာ အထက်ဗမာပြည် ဗကသ၊ အဖျက်သိမ်းခံနိုင်ငံရေးပါတီ (၃)ခု၊ ဆရာများသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ရှေ့နေများသမဂ္ဂ၊ ဈေးချိုတော်သမဂ္ဂ စတဲ့ အဖွဲ့အစည်းတွေပါဝင်ပြီး နဝတ ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေကို ဖော်ကြဖို့ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ကြွေးကြော်သံတွေအော်ဟစ်ပြီး ချီတက်ဆန္ဒပြမှုတွေ မရှိတော့သလောက် ဖြစ်သွားပေမယ့် မန္တလေးမှာတော့ ကျောင်းသားလူငယ်များက စက်ဘီးကိုယ်စီနဲ့ ကြွေးကြော်သံတွေ အော်ဟစ်ပြီး၊ ပြောက်ကျား ချီတက်ဆန္ဒပြပွဲမျိုးတွေ နေရာအနှံ့ ဖော်ထုတ်ဆင်နွှဲကြပါတယ်။ ဩဂုတ်လ (၅) ရက် (၆)ရက် (၇) ရက်နေ့တွေမှာ အထက (၃)၊ အထက (၅)၊ အထက (၉)၊ အထက (၁၅)၊ အထက (၁၆)၊ အထက (၁)၊ အထက (၂) တို့မှာ ကျောင်းသားတွေစုဝေးပြီး ကြွေးကြော်သံ အော်ဟစ်ဆန္ဒပြကြတာတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ဩဂုတ်လ (၈) ရက်နေ့ (ရှစ်လေးလုံး ၂ နှစ်မြောက်နေ့) မှာတော့ ရဟန်းသံဃာတော်များက ဦးဆောင်ပြီး နိုင်ငံရေးလှုပ်ရှားမှုပုံစံသစ်တခုကို ဖော်ဆောင်လိုက်ပါတယ်။ ရှစ်လေးလုံး အထိမ်းအမှတ် ဆွမ်းလောင်းပွဲ ကျင်းပခဲ့တာဖြစ်ပါတယ်။ ရဟန်းသံဃာအပါး (၁၀၀၀) လောက်က သပိတ်ကိုယ်စီကိုင်ပြီး ကြွလာတော်မူကြပြီး၊ သတ်မှတ်ထားတဲ့နေရာများကနေ ကျောင်းသားလူငယ်ထု ပြည်သူလူထုကနေ ဆွမ်းလောင်းကြတာဖြစ်ပါတယ်။

လုံခြုံရေးတပ်၊ စစ်တပ်တွေက သံဃာတော်များရဲ့ စီတန်းလှည့်လည်ပွဲ၊ လူငယ်ထုရဲ့ ဆွမ်းလောင်းပွဲကို ဖြိုကွဲအောင် ဖြိုခွဲဖို့ ကြိုးစားတဲ့အတွက် ရှန်းရင်းဆန်ခတ်ဖြစ်ပွားရပြီး ကြွေးကြော် အော်ဟစ်ဆန္ဒပြပွဲကြီးဖြစ်သွားခဲ့ပါတယ်။ ထုံးစံအတိုင်း စစ်တပ်က သေနတ်နဲ့ ပစ်ခတ်အကြမ်းဖက်ပြီး ဖြိုခွဲခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရခဲ့တဲ့ သံဃာတော်တွေရှိခဲ့ပါတယ်။ သပိတ်တွေကျကွဲအောင် မဖွယ်မရာပြုမူတာ သင်္ကန်းကို အတင်းဆွဲရမ်းတာမျိုးတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အင်ဒီယ သတင်းဌာနတွေက သံဃာတော်များရဲ့ စီတန်းလှည့်လည် ဆန္ဒပြပွဲသတင်းကို ထုတ်လွှင့်ခဲ့ကြတဲ့အတွက် စစ်အစိုးရကိုယ်တိုင်က တဝက်ဖုံး တဝက်ဖော် ပုံစံမျိုးနဲ့ မန္တလေးမြို့ သံဃာတော်များရဲ့ လှုပ်ရှားမှုသတင်းကို ဖော်ပြခဲ့ရပါတယ်။

စစ်အစိုးရက အနိုင်ရ NLD နဲ့ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပိုပြီး ဖိနှိပ်ဖို့ အားထုတ်လာခဲ့ပါတယ်။ မန္တလေး သံဃာထုကိုလည်း နှိပ်ကွပ်နိုင်ဖို့ တိုးမြှင့်ကြံစည်လာခဲ့ပါတယ်။

စက်တင်ဘာ (၆) ရက်နေ့မှာ NLD ယာယီ ဥက္ကဋ္ဌ ဦးကြည်မောင် နဲ့ ဦးချစ်ခိုင် တို့ကို နဝတ စစ်အစိုးရက ဖမ်းဆီးလိုက်ပါတယ်။ NLD ဗဟိုအလုပ်အမှုဆောင်တွေနဲ့ ဗဟိုဦးစီးအဖွဲ့ဝင် တော်တော်များများကိုလည်း အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးထောင်ချတာတွေ လုပ်ဆောင်လာပါတယ်။ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီးက NLD ရုံးတွေကို ဝင်ရောက်ရှာဖွေတာ စာရွက်စာတမ်းတွေကို သိမ်းဆည်းတာမျိုးတွေလည်း နေရာအနှံ့ လုပ်ဆောင်ဖိနှိပ်လာခဲ့ပါတယ်။ NLD ခေါင်းဆောင်တချို့ လွှတ်တော်ကိုယ်စားလှယ်တချို့ အဖမ်းအဆီးမခံရအောင် ထွက်ပြေးတိမ်းရှောင်ရတာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

နဝတ စစ်အစိုးရရဲ့ လွှတ်တော်ခေါ်ပေးရေး ငြင်းဆန်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ်တချို့က စင်ပြိုင်အစိုးရ ဖွဲ့စည်းရေးကို ကြိုးပမ်းအားထုတ်ကြတာတွေလည်း သဘာဝကျစွာ ပေါ်ပေါက်လာခဲ့ပါတယ်။

စက်တင်ဘာ (၂၉) (၃၀) နဲ့ အောက်တိုဘာ (၁) ရက်နေ့တွေမှာ အမရပူရ လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား အိမ်မှာ မန္တလေးအနောက်တောင်မြို့နယ် NLD ရုံးမှာ၊ မန္တလေးမေမြို့ လမ်းဘေးတနေရာရှိ ဆန်စက်အတွင်းမှာ လျှို့ဝှက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြတာတွေ လုပ်ဆောင်ခဲ့ကြတယ်ဆိုပါတယ်။ အဲဒီလို စင်ပြိုင်အစိုးရ ဖွဲ့စည်းရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြတာတွေကို နဝတ စစ်ထောက်လှမ်းရေးက ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးရမိခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ထောင်ဒဏ် ပြင်းပြင်းထန်ထန် ချမှတ်ခဲ့သလို၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေလည်း ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါတယ်။

အဲဒီလို ငြိမ်/ပိ စစ်အစိုးရရဲ့ မတော်တရား ဖိနှိပ်လုပ်ဆောင်မှုတွေကြောင့် NLD လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် NLD ပါတီဝင်တွေတော်တော်များများလည်း တော်လှန်ရေးအဖွဲ့အစည်းများရဲ့ ဗဟိုချက်မသဖွယ်ဖြစ်နေတဲ့ KNU ရဲ့ "မာနယ်ပလော" ဌာနချုပ်နယ်မြေဆီ နည်းအမျိုးမျိုးနဲ့ ရောက်ရှိသွားကြပါတယ်။ အကျိုးဆက်အဖြစ် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD-LA) နဲ့ "ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ" (NCGUB) ပေါ်ထွန်းလာခဲ့ပါတယ်။ မြို့ပေါ်တွေမှာ စစ်အစိုးရရဲ့ မတရားဖိနှိပ်ဖမ်းဆီးမှုတွေကြောင့် ထွက်ပြေးလာကြရတဲ့ ကျောင်းသားပါတီ "လူ့ဘောင်သစ်" ဝင်များကလည်း "မာနယ်ပလော" ကို အခြေပြုပြီး တောတွင်းရောက် "လူ့ဘောင်သစ်ပါတီ" ကို တည်ထောင် ဖွင့်လှစ်လိုက်ကြပါတယ်။

ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ဝန်ကြီးချုပ် ဦးစိန်ဝင်း ဦးဆောင်တဲ့ 'ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ကြေညာစာတမ်း' ထွက်ပေါ်လာခဲ့ပြီး စင်ပြိုင်အစိုးရ ဖွဲ့စည်း ပေါ်ထွန်းလာခဲ့ပါတယ်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး ဒီမိုကရေစီတိုက်ပွဲကြီးကို တခဲနက် ပါဝင်ဆင်နွှဲကြဖို့ ပြည်သူသို့ ပန်ကြားချက်လည်း ထွက်ပေါ်လာခဲ့ပါတယ် (၂၂-၁-၉၁ နေ့ မှာ NLD (လွတ်မြောက်နယ်မြေ) ဗဟိုစည်း/ကော်ကိုစတင်ဖွဲ့စည်းပြီး၊ (၁၆-၂-၉၁) နေ့မှာ ထပ်မံတိုးချဲ့ကာ NLD-LA ကိုဖွဲ့စည်းပါတယ်။ စည်း/ကော်ဖွဲ့စဉ်က ဒေါက်တာစိန်ဝင်း ဥက္ကဋ္ဌ တာဝန်ယူခဲ့ပြီး၊ နောက်ပိုင်းမှာ NLD-LA ဥက္ကဋ္ဌ ဟာ ဦးဝင်းခက် ဖြစ်လာပါတယ်။)

(ငြိမ်/ပိ စစ်အစိုးရကတော့ အနိုင်ရ NLD အဖွဲ့ချုပ်ကို ဦးတည်ဖြို့ခွဲ ဖိနှိပ်ရင်း တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေကိုလည်း အစိုးရရဲ့ ထုတ်ပြန်ထားတဲ့ ၁/၉၀ ကို လိုက်နာပါမယ်ဆိုတဲ့အကြောင်း အတင်းအကြပ် လိုက်လံ လက်မှတ်အထိုးခိုင်းတာ လုပ်ပါတယ်။ NLD ယာယီ ဥက္ကဋ္ဌ ဦးကြည်မောင် ဖမ်းဆီးထောင်ချ တာခံလိုက်ရပြီးဖြစ်တဲ့အတွက် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူလိုက်တဲ့ ဦးအောင်ရွှေ ကိုလည်း ငြိမ်/ပိ အစိုးရက ပြစ်မှုကျင့်ထုံးပုဒ်မ (၁၆၀) အရ ဆင့်ခေါ် ပြီး ၁/၉၀ကို လိုက်နာပါမယ်ဆိုတဲ့အကြောင်း (၉-၁၂-၉၀) နေ့မှာ အတင်းအကြပ် လက်မှတ်ရေးထိုးခိုင်းပါတယ်။)

နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို အတင်းအကြပ် အနိုင်အထက်ပြုပြီး ဥပဒေတွေ အမိန့်ကြေညာချက်တွေကို မလိုက်နာမနေရ အလိုက်နာခိုင်းနေခဲ့ပေမယ့် နဝတ ကိုယ်တိုင်ကတော့ သူတို့ကိုယ်တိုင်ပြဋ္ဌာန်းထုတ်ပြန်ထားခဲ့တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၃) ပါ "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်" ဆိုတာကိုတော့ လုံးဝ လိုက်နာဆောင်ရွက်ခြင်းမပြုပါ။ ၁/၉၀ မှာပဲ ဖော်ပြထားတဲ့ လွှတ်တော်ကို 'နဝတ' ကပဲ ခေါ်ပေးမယ်ဆိုတာကိုလည်း ခေါ်ပေးခြင်းမပြုတဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်တွေကို ဖမ်းဆီးတာ ခြိမ်းခြောက်တာတွေပဲ ဆက်တိုက် လုပ်ဆောင်နေခဲ့ပါတယ်။ အီးယူ နဲ့ ဂျပန် တို့က ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာဖို့ တွန်းအားပေးပြောဆိုတာကိုလည်း မကြားယောင်ပြုနေခဲ့ပါတယ်။ တာဝန်ကြီး (၄)ရပ် ဆိုတာကို ထမ်းဆောင်ဘို့ ကြွေးကြော်တက်လာခဲ့တဲ့နဝတကို၊ တာဝန်ကြီး (၄) ရပ်ဆိုတာကို ထမ်းဆောင်ဘို့

ကြွေးကြော် တက်လာခဲ့တဲ့ နဝတကို တာဝန်ကြီး (၄) ရပ်ရဲ့ နောက်ဆုံးတာဝန်ကြီးဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတောင် အောင်မြင်စွာ ကျင်းပပြီးပြီဖြစ်တဲ့အတွက် စစ်တန်းလျားသာပြန်ဖို့ ရှိတော့ကြောင်း ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများက ထောက်ပြဝေဖန် တောင်းဆိုကြတာတွေကို လည်း မျက်နှာပြောင်တိုက်နေရုံမက လွှတ်တော်ခေါ်ပေးရေး တောင်းဆိုသူတွေကို အာဏာရူးတွေအဖြစ် သူခိုးက လူလူဟစ်နေလိုက်ပါသေးတယ်။

၁/၉၀ ကြေညာချက်ရဲ့နောက်မှာ ကိုယ့်ဟာကိုယ် တာဝန်ပေးပြီး အကြီးအကျယ် အော်ဟစ်အသံ မြည်လာတာကတော့ ဒို့တာဝန်အရေး (၃) ပါးဆိုတာဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အချာ အာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အရေး (၃) ပါးကို ကြွေးကြော်ပြီး အာဏာကို ရတဲ့နည်းနဲ့ အသေဖက်တွယ်ထားရေးကို ထပ်ဆင့်လုပ်ဆောင်လာပြန်ပါတယ်။

အစိုးရရဲ့ တစောင်တည်းသော သတင်းစာကနေ စစ်ဗိုလ်ကြီးတွေကိုယ်တိုင် ကလောင်နာမည် အမျိုးမျိုးခံပြီး ဝင်ရေးကြတဲ့ သရော်တော်တော်ငေါ့တော့တော့ သတင်းဆောင်းပါး ဆိုတာတွေထဲမှာရော၊ သတင်းစာရှင်းလင်းပွဲမှာ ဟိုမှာသည်မှာ ပြောကြဆိုကြ ဖော်ပြကြတဲ့ တရားဝင်ထုတ်ဖော်မှုတွေထဲမှာရော၊ ထပ်မံ အာဘော်ဖန်တီး ပြောဆိုလာတာကတော့ "ရွေးကောက်ပွဲကြီး ပြီးပြီဆိုတော့ နောက်ထပ်လုပ်ရမယ့် ဟာဘာလဲ၊ အခြေခံဥပဒေသစ် ရေးဆွဲရေးပေါ့" ဆိုတာဖြစ်ပါတယ်။ လွှတ်တော်ခေါ်ပေးရေး၊ တုတ်တုတ်မျှ မလှုပ်ပါ။ အနိုင်ရ NLD နဲ့ တွေ့ဆုံဆွေးနွေးရေး လုံးဝမလုပ်ပါ။ နဝတ ဟာ နိုင်ငံရေးပါတီ အစိုးရမဟုတ်တဲ့ အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးစရာအကြောင်း မရှိဘူးလို့ ဆိုပါတယ်။

၁၉၉၀ ပြည့်နှစ်ထဲမှာ ဒီမိုကရေစီအင်အားစုများဘက်က ထွက်ပေါ်လာတဲ့ ထူးခြားတဲ့ လှုပ်ရှားမှု အဖြစ်အပျက်တခုကတော့ "လေယာဉ်အပိုင်စီးမှု" ဖြစ်ပါတယ်။ အိန္ဒိယမှာ လေယာဉ်ဆင်းသက်ခဲ့ပြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖမ်းအဆီးခံ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးရေးတောင်း ဆိုခဲ့ပါတယ်။

၁၉၉၀ ပြည့်နှစ် အကုန်မှာ ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေရဲ့ အခြေအနေ ကိုကြည့်မယ်ဆိုရင်တော့ ဗမာပြည်ကွန်မြူနစ်ပါတီကြီး ပြိုကွဲသွားရပြီဖြစ်တဲ့အပြင် ဗကပ အခြေခံလွတ် မြောက်ဒေသဆိုတာလည်း မရှိတော့ပဲ ဗကပ ဟာ ယူဂျီပါတီဘဝ ရောက်ရှိသွားရပြီဖြစ်ပါတယ်။ (ပန်ဆန်း ဗဟို ကျဆုံးရပြီးနောက်ပိုင်းမှာ၊ စခုန်တိန့်ယိန်းခေါင်းဆောင်တဲ့ (၁၀၁) စစ်ဒေသ 'ပန်ဝါ' ကို ဗကပ ဗဟိုရောက် ရှိ အခြေချကြည့်သေးပေမယ့် နဝတ နဲ့ ငြိမ်းချမ်းရေးယူဖို့ စခုန်တိန့်ယိန်းက (၁၅၊ ၁၀၊ ၈၉) နေ့မှာ ဆုံးဖြတ် လိုက်ပြီးဖြစ်တဲ့အတွက် (၈၉) ခုနှစ်အကုန်မှာ ဗကပ ဗဟိုဟာ (၁၀၁) စစ်ဒေသကနေ ထွက်ခွာပေးလိုက် ရပြီဖြစ်ပါတယ်။)

ဗကပ လွတ်မြောက်ဒေသဟောင်းတွေနဲ့ အရှေ့မြောက်ဒေသတခွင်လုံးဟာ အဖွဲ့အစည်းနာမည် အသစ်တွေနဲ့ရော၊ အရင်မူလနာမည်တွေနဲ့ပါ ငြိမ်းအဖွဲ့တွေဖြစ်နေကြပြီးဖြစ်ပါတယ်။ ဥပမာ 'ဝ' ကတော့ "ဝသပ" နာမည်နဲ့၊ (၁၀၁) က NDA နာမည်နဲ့ဖြစ်ပြီး "ဆေးထင်" ဦးဆောင်တဲ့ "SSA" ကတော့ "SSA" နာမည်နဲ့ပဲဖြစ်ပါတယ်။ နဝတရဲ့ ငြိမ်းအဖွဲ့တွေ ပေါ်ထွန်းရေးကြိုးပမ်းမှုမှာ ဘိန်းဘုရင်ဟောင်း လော်စစ်ဟန် လည်း ပါဝင်လှုပ်ရှားပေးခဲ့ပါတယ်။ (ပထမဆုံး ငြိမ်းအဖွဲ့ဖြစ်စေမယ့် ကိုးကန့်အဖွဲ့က ဗကပ ကို ပုန်ကန်ခွဲ ထွက်စေရေးအတွက် လော်စစ်ဟန်ဟာ ၁၉၈၂ ခုနှစ်ကတည်းက ဖုန်ကြားရှင်းထံ လူယုံလွှတ်ပြီး ကြိုးစားခဲ့ ပါတယ်။ ၁၉၈၄ နဲ့ ၁၉၈၇ ခုနှစ်တွေမှာ နောက်ထပ် (၂) ကြိမ်လူလွှတ်ပြီး ကြိုးစားခဲ့ပါတယ်။ ဖုန်ကြားရှင်းက အခြေအနေ မရင့်မှည့်သေးဘူးလို့ လျှို့ဝှက် အကြောင်းပြန်ခဲ့ပြီး၊ ၁၉၈၉ ခုနှစ်ရောက်တော့ အချိန်ကျပြီ၊

စီစဉ်ဖို့သင့်တော်ပြီလို့ အကြောင်းပြန်ခဲ့တယ်ဆိုပါတယ်။ လော်စစ်ဟန် က အစိုးရစစ်တပ်နဲ့ပေါင်းပြီး ပုန်ကန်ခွဲထွက်ရေးကို ပြင်ဆင်လုပ်ကိုင်ပေးခဲ့ပါတယ်။ အဲဒီအခြေအနေ အချက်အလက်များအရ၊ ဖုန်ကြားရှင်းခေါင်းဆောင် တဲ့ ကိုးကန့်အဖွဲ့ဟာ ၁၉၈၉ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့မှာ ပုန်ကန်ခွဲထွက်ရေးအတွက် အခိုင်အမာအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။)

ဗကပ လွတ်မြောက်ဒေသ ပျောက်ကွယ်သွားပြီဖြစ်တဲ့အတွက်၊ KNU တို့ရဲ့ မာနယ်ပလော ဌာနချုပ်ဟာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများစွာ တောတွင်းရောက်ရှိလာကြသူ ဒီမိုကရေစီအင်အားစုများစွာရဲ့ မှီခိုအားထားရာ ဗဟိုချက်ဖြစ်လာပါတယ်။ စစ်အစိုးရရဲ့ အဖြိုချင်ဆုံးနေရာတခုလည်းဖြစ်လာပါတယ်။

( ၁၉၉၁ ခုနှစ်ထဲမှာ 'မာနယ်ပလော' ဌာနချုပ်မှာ အခြေပြုပြီး ဒီမိုကရေစီအင်အားစုများဘက်က ပေါ်ထွက်လာပြန်တာကတော့ "ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ" **(NCUB)** ဖြစ်ပါတယ်။ **NDF, DAB, NLD-LA, NCGUB** အဖွဲ့ (၄) ဖွဲ့ကို ဆက်စပ်ပေးဖို့ အမျိုးသားကောင်စီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ NCUB ရဲ့ ဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်ကြီးစောဘိုမြ ဖြစ်ပြီး၊ အထွေထွေအတွင်းရေးမှူးက ဦးတင်အောင် **(NLD-LA)** ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်ထဲမှာ ထူးထူးခြားခြား နိုင်ငံရေးလှုပ်ရှားမှုကြီးတခုကတော့ မန္တလေးမြို့ လေးပြင်လေးရပ် "သံဃာ့သာမဂ္ဂီ" အဖွဲ့ကြီးဦးဆောင်တဲ့ သံဃာတော်များရဲ့ ပတ္တနိက္ကုဇ္ဇန ကံဆောင်ပွဲကြီးဖြစ်ပါတယ်။ နဝတ အာဏာပိုင်များရဲ့ ရဟန်းသံဃာတော်များအပေါ် မဖွယ်မရာ ပြုမူဆက်ဆံ ဖိနှိပ်မှုအပေါ် ဆန့်ကျင်ကန့်ကွက်လိုက်ကြတဲ့ ဝိနည်းတော်ဘောင်အတွင်းကနေ ဆောင်ရွက်လိုက်ကြတဲ့ 'ကံဆောင်မှု' ကြီးဖြစ်ပါတယ်။ နဝတ အာဏာပိုင်များရဲ့ အလှူအတန်းများကို လက်မခံကြောင်း၊ နဝတ အာဏာပိုင်အဖွဲ့အစည်းဝင်များရဲ့ သာရေး၊ နာရေး ကိစ္စအဝဝကို လုံးဝ ရွက်ဆောင်ပေးမယ်မဟုတ်ကြောင်း ဆုံးဖြတ်လိုက်ကြတဲ့ ကံဆောင်ပွဲဖြစ်ပါတယ်။ နဝတ အာဏာပိုင်များကို အရှိုက်ထိသွားစေခဲ့တဲ့ လှုပ်ရှားမှုကြီးဖြစ်ပါတယ်။

မန္တလေးမြို့သံဃာတော်များရဲ့ ပတ္တနိက္ကုဇ္ဇနကံဆောင်မှုကို မှန်တယ်လို့စာထုတ်ပေးခဲ့တဲ့ ပိဋကတ်သုံးပုံဆောင် ဆရာတော် ဦးသုမင်္ဂလ အပါအဝင် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးကိုလည်း စစ်အစိုးရက ဖမ်းဆီးခဲ့ပြီး ထောင်ချပစ်ခဲ့ပါတယ်။ ထောင်ထဲမှာ အပေါ်ဖြူ အောက်ဖြူ အဝတ်နဲ့ပဲ နေစေခဲ့ပါတယ်။ အာဏာနဲ့ ပတ်သက်လာရင် ရဟန်းရော သံဃာရော ဘယ်သူ့ကိုမှ ချမ်းသာပေးလိမ့်မယ် မဟုတ်၊ လောကီရောသံသရာပါ ဘာကိုမှ ဂရုစိုက်လိမ့်မည်မဟုတ် ဆိုတာကို စစ်အစိုးရက ပြသခဲ့ပါတယ်။

၉၀ ပြည့်နှစ် အကုန်ပိုင်းမှာတော့ ဗိုလ်ချုပ်မှူးကြီး စောမောင် ကိုယ်တိုင် မန္တလေးအထိ ဆင်းလာပြီး၊ ကိုယ်တိုင်ဦးစီးညွှန်ကြားပြီး ဘုန်းကြီးကျောင်းပေါင်း (၃၅၀) ကျော်ကို စစ်တပ်နဲ့ အတင်းဝင်ရောက် စီးနင်းပါတယ်။ သံဃာတော်တွေကို ရာနဲ့ချီပြီးလည်း ဖမ်းဆီးပစ်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ်၊ နှစ်ဆန်းမှာ ဗကပ ယူဂျီလှုပ်ရှားမှု၊ ၄၈၂၈ ကော်မတီကို ထပ်မံဖော်ထုတ်ဖမ်းဆီးခဲ့ပါတယ်။ ၈၉ ခုနှစ်တုန်းက ဖော်ထုတ်ဖမ်းဆီးရမိမှုမရှိခဲ့တဲ့ ၄၈၂၈ ကော်မတီအတွင်းရေးမှူး ဦးမောင်ကို နဲ့ ကိုကျော်မြ တို့အစုကို ဖော်ထုတ်ဖမ်းဆီးလိုက်နိုင်တာဖြစ်ပါတယ်။ ၄၈၂၈ ကော်မတီခေါင်းဆောင် ဦးမောင်ကိုကို စစ်ထောက်လှမ်းရေးတွေက စစ်ကြောရေးအဆင့်မှာတင် အသေသတ်ပစ်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ်ထဲမှာ အနိုင်ရ NLD လွှတ်တော်ကိုယ်စားလှယ်အမတ်များ၊ NLD ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေအပါ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်၊ ကျေးအဆင့်အသီးသီးက အဖွဲ့ဝင်တွေအမြောက်အများ ထောင်သွင်းအကျဉ်းချထားတာ ခံနေကြရပြီဖြစ်သလို၊ ကျောင်းသားများ၊

နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ရဟန်းသံဃာတော်များပါ ထောင်နန်းစံနေကြရပြီဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသား ထောင်နဲ့ချီပြီးရှိနေပြီဖြစ်သလို (၁၉၉၁) ခုနှစ်မှာ အင်းစိန်ထောင်တခုတည်းမှာတင် သံဃာတော်အပါး (၂၀၀) လောက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ပိဋကတ်သုံးပုံအာဂုံဆောင် ဦးသုမင်္ဂလ ဆရာတော်အပါ၊ ရွှာမပရိယတ္တိစာသင်တိုက် ဆရာတော် ဦးတိလောက၊ မေဒိနီ ဆရာတော်၊ မဂ္ဂင်ဆရာတော်၊ မဟာဗောဓိ ဆရာတော်တို့လို ဆရာတော် အကျော်အမော်တွေလည်း ထောင်သွင်းအကျဉ်းချထားခံနေရပြီဖြစ်ပါတယ်။ မန္တလေးထောင်နဲ့ တခြားထောင်တွေမှာလည်း သံဃာ့သာမဂ္ဂီ ဥက္ကဋ္ဌ ဦးရေဝတ တို့လို ဦးကဝိန္ဒ တို့လို နာမည်ကြီးသံဃာတော်တွေအပြင် တခြားသော သံဃာတော်တွေအမြောက်အများလည်း ထောင်ချခံနေ ရပြီဖြစ်ပါတယ်။ ဂျပန်နီဆရာတော် ဦးကာဝိယ နဲ့ ဦးကလျာဏ တို့ဆိုရင် သံဃာတော်ဖြစ်ပါလျက် သေဒဏ်ချမှတ်ခြင်းတောင် ခံနေရပြီဖြစ်ပါတယ်။

အာဏာလွှဲပြောင်းမပေးချင်တဲ့ အစိုးရက NLD ကို အမျိုးမျိုးဖြိုဖျက်၊ နိုင်ငံရေးအင်အားစုတွေကို အမျိုးမျိုး ဖိနှိပ်စော်ကားလုပ်ရင်း ပြည်သူလူထုကိုလည်း အမျိုးမျိုး ဒုက္ခပေးနေခဲ့ပါတယ်။ လမ်းပြင်တံတားဆောက်၊ ထုံးသုတ်ခိုင်းတာကတော့ တပြည်လုံး အမြို့မြို့အနယ်နယ်ဖြစ်တဲ့အတွက် ဗိုလ်ချုပ်မှူးကြီး စောမောင် ကို ထုံးစောမောင် လို့ခေါ်သူကခေါ်၊ ကိုယ့်ကိုယ်ကိုယ် ဗိုလ်ချုပ်မှူးကြီး စောမောင်လို့ လုပ်ထားတဲ့အတွက် "ဂျိုကုတ်ရှုးကြီးတောကြောင်" လို့ ကင်ပွန်းတပ်သူက ကင်ပွန်းတပ်နဲ့ နဝတ အပေါ် ပြည်သူလူထုက ရွံရှာစက်ဆုပ်နေခဲ့ကြပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင် ရဲ့ တဟားဟား တဟိဟိနဲ့ အိန္ဒြေမရမိန့်ခွန်းရှည်ကြီးတွေကြား ဗိုလ်ချုပ်ခင်ညွန့် ရဲ့ မာရသွန် သတင်းစာရှင်းလင်းပွဲဆိုတာကြီးတွေကြား၊ တစောင်တည်းသော သတင်းစာကြီးအတွင်းက NLD ပုတ်ခတ်ရေး ဒီမိုကရေစီလှုပ်ရှားမှု ပုတ်ခတ်စော်ကားရေးဆောင်းပါးမျိုးစုံကြား ပြည်သူလူထုကြီးက နဝတ ရဲ့ အမျိုးမျိုးသော ကလိန်ကျ ယုတ်မာမှုတွေကို အော့နှလုံးနာနေကြပါတယ်။ ၉၀ ခုနှစ်ထဲမှာ နဝတ ကို ဆန့်ကျင်သရော်ထားတဲ့ "ဘာတွေဖြစ်ကုန်ကြပြီးလဲ" ဆိုတဲ့ ကဗျာရှည်ပါစာစောင်တခု ထွက်ပေါ်လာခဲ့ပါတယ်။ ရေးသားသူ မင်းလူ နဲ့ စာစောင်စီစဉ်ထုတ်ဝေဖြန့်ချိခဲ့သူ 'မျိုးမြင့်ငြိမ်း' တို့ကို နဝတ က ဖမ်းဆီးထောင်ချခဲ့ပါတယ်။ ၈၈/၈၉/၉၀/၉၁ ခုနှစ်တွေအတွင်း နဝတ ငြိမ်ပိအစိုးရကို ဖွင့်ချထိုးနှက် တိုက်ခိုက်တဲ့ အပြောင်မြောက်ဆုံးကဗျာတွေ ဆက်တိုက် ရေးဖွဲ့ခဲ့သူကတော့ ကဗျာဆရာ 'တင်မိုး' ဖြစ်ပါတယ်။ တင်မိုး ကိုလည်း ၁၉၉၁ ထဲမှာ ဖမ်းဆီးထောင်ချလိုက်ပါတယ်။ စစ်အစိုးရဆန့်ကျင်ရေးပြက်လုံးတွေထုတ်မှုကြောင့် နာမည်ထင်ရှားလာသူတဦးကတော့ လူရွှင်တော် "ဇာဂနာ" ဖြစ်ပါတယ်။ ဇာဂနာ ကိုလည်း ငြိမ်/ပိ အစိုးရက ၉၀ ပြည့်နှစ်ထဲကတည်းက ထောင် (၅) နှစ်ချလိုက်ပါတယ်။ ၉၁ ခုနှစ်ထဲမှာတော့ ထောင်ထဲရောက်နေကြရသူ အနုပညာသမားတွေလည်း တော်တော်များနေပြီဖြစ်ပါတယ်။ အရေးတော်ပုံအတွင်း ပါဝင်ခဲ့မှုကြောင့်၊ NLD မှာ ပါဝင်ခဲ့မှုကြောင့် စစ်အာဏာရှင်ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့မှုကြောင့် အကြောင်းအမျိုးမျိုးနဲ့ အဖမ်းအဆီးခံကြရတာတွေဖြစ်ပါတယ်။

စစ်အစိုးရတက်လာပြီးကတည်းက တောက်လျှောက် ကြိုးပမ်းအားထုတ်တာကတော့ ရှစ်လေးလုံးအရေးတော်ပုံကြီးကို သိက္ခာချ သရုပ်ဖျက်ရေးဖြစ်ပါတယ်။ ဒါမှ နဝတ တက်လာတာ တရားတယ်၊ အရေးတော်ပုံကြီးကို ဖြိုခွင်းတာမှန်တယ်ဆိုတဲ့ ကောက်ချက်ရနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်တာဖြစ်ပါတယ်။ အရေးတော်ပုံကြီးကို ဆူပူအကြမ်းဖက်ရေးသမားတို့ရဲ့ မင်းမဲ့စရိုက်လှုပ်ရှားမှုကြီးအဖြစ် ဗကပ တို့ရဲ့ အာဏာကို ဖြတ်လမ်းကရယူရေး ကြိုးပမ်းလှုပ်ရှားမှုကြီးရဲ့ အစိတ်အပိုင်းအဖြစ် လက်ဝဲ လက်ယာ အဖျက်သမားပေါင်းစုံတို့ရဲ့ အတိုင်အဖောက်ညီညီ လုပ်ကြံဖန်တီး ဖော်ထုတ်ကြမှုအဖြစ် တိုင်းပြည်ပြိုကွဲရေးအန္တရာယ်အရေးအခင်းကြီးအဖြစ် အမျိုးမျိုးတံဆိပ်ကပ် သရုပ်ဖျက်ဖို့ ကြိုးစားခဲ့ပါတယ်။ တစောင်းတည်းသော

သတင်းစာကနေ ဆောင်းပါးအမျိုးမျိုး နဲ့သရုပ်ဖျက်၊ သတင်းစာရှင်းလင်းပွဲအလီလီကနေ မထိခလုတ် ထိခလုတ်စော်ကား၊ နဝတ အာဏာပိုင်အဆင့်ဆင့်ကနေ ပေါ်ပေါ်ထင်ထင် ရှုတ်ချပြောဆိုနေတာတွေနဲ့တင် အားမရနိုင်တော့တဲ့ အတွက် ၉၀/၉၁ ခုနှစ်တွေအတွင်းမှာ "လှိုင်းကြီးလေထန်ဖြစ်ရပ်မှန်" ဆိုတဲ့ ပြပွဲကြီးပါ ခင်းကျင်းပြသပြီး အရေးတော်ပုံကြီးကို သရုပ်ဖျက် တိုက်ခိုက်ကာ ဝါဒဖြန့်ချိစစ်ဆင်ပွဲကြီး လုပ်ဆောင်ခဲ့ပါတယ်။ ပြည်တွင်း ပြည်ပ သတင်းစာဆရာကြီးများကို ခေါ်ယူပြသတာ၊ နိုင်ငံခြားသံရုံး သံတမန်များကို ဖိတ်ကြားပြသတာ၊ ရုံးဝန်ထမ်းများ ကျောင်းသူကျောင်းသားများကိုပါ မကြည့်မနေရ အကြည့်ခိုင်းတာတွေ လုပ်ဆောင်ခဲ့ပြီး၊ နဝတ အာဘော်ကို ရိုက်သွင်းဖြန့်ချိနိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ထောင်ထဲထည့်ထားတဲ့ ဦးဝင်းတင် ကိုပါ စစ်ထောက်လှမ်းရေးက လျှို့ဝှက်ခေါ်ထုတ်ပြီး သူတို့ရဲ့ အင်ဖွိုင်းခန်းမှာ ပြသတဲ့ပြပွဲကြီးကို ကြည့်ရှုစေပြီး ပြပွဲကြီးအပေါ် ဘယ်လိုရှုမြင်ခံစားရတယ်ဆိုတာ သဘောထားသုံးသပ်ချက် အရေးခိုင်းခဲ့တယ်လို့ဆိုပါတယ်။ ဦးဝင်းတင် က နဝတ လိုလားသလို သဘောထားကို မဖော်ပြပဲ အမှန်အတိုင်း ရပ်တည်ကာ၊ ဒီမိုကရေစီအင်အားစုများဘက်က ရပ်တည်ကာ ပြည်လည်တုန့် ပြန်ဝေဖန်မှုပေးခဲ့တဲ့အတွက် စစ်အစိုးရရဲ့ မကြေနိုင်မချမ်းနိုင် အငြိုးအတေး အမုန်းကို ထပ်ပြီးရရှိခဲ့ပါတယ်။ ဘယ်လိုပဲ စစ်အစိုးရက ကြိုးပမ်းအားထုတ်ထုတ် ပြည်သူလူထုကြီးကြားမှာလည်း စစ်အစိုးရရဲ့အာဘော် ဖန်တီးဝါဒဖြန့်ချိချင်ချက်တွေနဲ့ ဆန့်ကျင်ဘက်အဖြေသဘောထားကိုသာ ဆုပ်ကိုင်ခံယူထားကြပြီးပြီဖြစ်ပါတယ်။ စစ်အစိုးရရဲ့ ဝါဒဖြန့်ကြိုးစားမှု မအောင်မြင်ခဲ့ပါ။

စစ်အစိုးရအဖို့ အူနုကျွဲခတ်ခံလိုက်ရသလို ထပ်ပြီး မခံချိမခံသာဖြစ်ရတာကတော့ စစ်အစိုးရကိုယ်တိုင် အမျိုးမျိုးသရုပ်ဖျက် ပြစ်တင်ဝေဖန်ရှုတ်ချနေခဲ့တဲ့ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုဗယ်လ်ဆု ရွေးချယ်ရေးကော်မတီက ကမ္ဘာ့အမြင့်ဆုံးဆုကြီးတခုဖြစ်တဲ့ "ငြိမ်းချမ်းရေး နိုဗယ်ဆုကြီး" ချီးမြှင့်လိုက်ခြင်းဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက်နေ့မှာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကြီးကို ဒေါ်အောင်ဆန်းစုကြည်ရရှိခဲ့ပါတယ်။ နိုဗယ်လ်ဆုရွေးချယ်ရေးကော်မတီက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ငြိမ်းချမ်း သောနည်းလမ်း များနဲ့ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်သူအဖြစ် မြင့်မြင့်မားမားတန်ဖိုးဖြတ်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားထုက စာရွက်စာတန်းတွေထုတ်ပြီး ထောက်ခံလှုပ်ရှားကြတဲ့အတွက် ကျောင်းတွေပိတ်လိုက်ပါတယ်။ ၁၉၉၁ ဒီဇင်ဘာလထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည် ရဲ့ စာအုပ်တအုပ် ထွက်ပေါ်လာပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ထွက်ပေါ်လာတဲ့ကြောက်ရွံ့ ခြင်းမှလွတ်ကင်းရေး (Freedom From Fear) ဖြစ်ပါတယ်။

စစ်အစိုးရက အမျိုးမျိုး ဖိနှိပ်စော်ကား ရှုတ်ချနေခဲ့ပေမယ့် တကမ္ဘာလုံးကတော့ ဒေါ်အောင်ဆန်းစုကြည်ကို အမွန်းတင် ဂုဏ်ပြု အလေးထားခဲ့ကြပါတယ်။ နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင် ဘွဲ့ထူးဂုဏ်ထူးတွေချီးမြှင့်ပေးအပ်ခဲ့ကြသလို ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးကိုလည်း နည်းလမ်းပေါင်းစုံနဲ့ တောင်းဆို ဖော်ထုတ်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲရလဒ်ကို လေးစားဖို့၊ အာဏာလွှဲပြောင်းရေးကို လုပ်ဆောင်ပေးဖို့ကိုလည်း ပြည်တွင်းဒီမိုကရေစီအင်အားစုများနဲ့အတူ နိုင်ငံတကာအဖွဲ့အစည်းများကလည်း တိုးမြှင့်ဖော်ပြတောင်းဆိုခဲ့ကြပါတယ်။

"အနိုင်ရတဲ့ပါတီကို အာဏာလွှဲပြောင်းပေးလိုက်မှာပေါ့" ဆိုတဲ့ စကားမျိုးနဲ့ "၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ဖြစ်စေ၊ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဖြစ်စေ လိုအပ်သလို ပြင်ဆင်အတည်ပြုကြရန်" ဆိုတဲ့ စကားကို လူသိရှင်ကြား ပြောဆိုခဲ့တဲ့ ဗိုလ်ချုပ်ကြီးစောမောင် ဟာ စကားကို ကပြောင်ကပြန် ပြောဆိုလာရုံမက၊ ရူးသလို ပေါသလို စကားမျိုးတွေကိုလည်း ပြောဆိုလာခဲ့ပါတယ်။ "NLD ကို ဘာလို့ အာဏာလွှဲရမှာလဲ၊

လွှဲချင်းလွှဲရင် ဒေါက်တာမောင်မောင် ကိုလွှဲမှာပေါ့၊ သူ့ဆီက အာဏာရယူထားတာဘဲဟာ” ဆိုတဲ့ စကားမျိုး တွေအထိ ပြောဆိုလာခဲ့ပါတယ်။

၁၉၉၂ ခုနှစ်၊ ဧပြီ (၂၄) ရက်နေ့မှာ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ကို ကျန်းမာရေး အကြောင်းပြချက်နဲ့ နဝတ အဖွဲ့ကြီးကနေ ဖယ်ရှားလိုက်ပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင် ကို ဖယ်ရှားလိုက်ခြင်းအားဖြင့် ဗိုလ်ချုပ်မှူးကြီးစောမောင် ပြောခဲ့ဆိုခဲ့သမျှ တွေအားလုံး ဒို့နဲ့မဆိုင်ဆိုတဲ့ အချိုးချိုးဖို့ ပြင်ဆင်လာခဲ့သလားလို့ ပြောတဲ့ဆိုတဲ့အသံတွေလည်း ထွက်လာ ပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင် နေရာ ရောက်ရှိလာသူကတော့ ဗိုလ်ချုပ်ကြီးသန်းရွှေ ဖြစ်ပါတယ်။ သူလည်း မကြာမီမှာပဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်လာပါတယ်။ (၆) လအတွင်း အမျိုးသားညီလာခံ ကျင်းပပေးမယ် လို့ နဝတ စစ်အစိုးရက ကြေညာခဲ့ပါတယ်။

## ပြောင်းလဲလာတဲ့ နိုင်ငံတကာအခြေအနေနဲ့ နဝတ ခေတ်ဦး ဗမာပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဘက်ပေါင်းစုံအခြေအနေ

၁၉၉၀ ပြည့်နှစ်လွန်ကစပြီး နိုင်ငံတကာအခြေအနေဟာ ပြောင်းလဲသွားခဲ့ပြီးဖြစ်ပါတယ်။ ၁၉၉၁ ဇူလိုင်–ဩဂုတ်မှာ ဆိုဗီယက်နိုင်ငံတော်ကြီးမှာ မအောင်မြင်တဲ့ ကွန်မြူနစ်အာဏာသိမ်းပွဲအပြီး ယဲ့ဆင် တက်လာပါတယ်။ “ဂိုဘာချော့” ပြုတ်ကျသွားပါတယ်။ ၉၁ ခုနှစ်အကုန်မှာ သီးခြားနိုင်ငံ (၁၅) နိုင်ငံအဖြစ် ပေါ်ထွက်လာပြီး ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားပါတယ်။ ဆိုဗီယက်ပြည် ထောင်စုကြီး ပြိုကွဲနိဂုံးချုပ်သွားချိန်ကစပြီး ကမ္ဘာ့အင်အားလွန်နိုင်ငံကြီး (၂) နိုင်ငံ၊ ဂိုဏ်းကြီး (၂) ဂိုဏ်းရဲ့ စစ်အေးကာလ တိုက်ပွဲကြီးလည်း အခြေခံအားဖြင့် အဆုံးသတ်သွားပါတယ်။ ဆိုဗီယက်ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်ဂိုဏ်းကြီးရဲ့ အရှေ့ဥရောပတခုလုံးလည်း အပြိုပြိုအလဲလဲနဲ့ အပြောင်းအလဲများစွာ အဖြစ်အ ပျက်များစွာ အလှည့်အပြောင်းများစွာ ဖြစ်ပေါ်နေခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ပေါ်လာပြီး မီဒီယာခေတ်ကြီး စတင်လာပါတယ်။

ယေဘုယျအားဖြင့် နိုင်ငံတကာရေစီးကြောင်းက ဒီမိုကရေစီရေစီးကြောင်းကြီး ဖြစ်လာပါတယ်။ လူ့အခွင့်အရေးအသံတွေ ပိုမိုကျယ်လောင်လာပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ဆိုတဲ့အသံတွေ နေရာ တိုင်းမှာ ဖြစ်လာခဲ့ပါတယ်။ကွန်မြူနစ်တရုတ်ပြည်ကြီးမှာတောင် “ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး” ဆိုတာကို ပြောင်းလဲကျွေးကြော်နေခဲ့ပြီဖြစ်ပါတယ်။ ၈၉ ခုနှစ်ကတည်းက ဘာလင်တံတိုင်းကြီး ပြိုကျသွားခဲ့ ပြီဖြစ်သလို ပိုလန်၊ ဟန်ဂေရီ၊ ရူမေနီးယား၊ ချက်ကိုစလိုဗက် နဲ့ ယူဂိုဆလားဗီးယား တို့မှာလည်း အကြီးအ ကျယ် ပြောင်းလဲသွားကြပြီဖြစ်ပါတယ်။ ယူဂိုဆလားဗီးယား ပြိုကွဲမှုကြီးကတော့ နိုင်ငံတွေကွဲထွက်ရုံမက၊ အဆုံးမသတ်နိုင်တဲ့ လူမျိုးရေးပြဿနာတွေ သွေးချောင်းစီးပြဿနာတွေပါ ပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၉၁ မှာ အမေရိကန်–အီရတ် စစ်ပွဲကြီးလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

တကမ္ဘာလုံးမှာ ဒီမိုကရေစီ ရေစီးကြောင်းကြီး အရှိန်အဟုန် ကြီးမားလာချိန်မှာ ဗမာပြည် နဝတ စစ်အစိုးရကတော့ စစ်အာဏာရှင်စနစ်ကိုဆက် လက်ဆုပ်ကိုင်ထားနိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေခဲ့ပါတယ်။ လူထုတိုက်ပွဲအဟုန်ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံလိုက်ရပေမယ့်၊ ဒီမိုကရေစီနိုင်ငံတော် ပေါ် ပေါက်ရေးကို လက်ခံလိုက်ရပေမယ့်၊ ဆိုရှယ်လစ်ဝါဒ ရေပန်းစားစဉ်က မြန်မာ့နည်းမြန်မာ့ဟန် “မြန်မာ့

ဆိုရှယ်လစ်လမ်းစဉ်'' လုပ်ခဲ့သလို၊ ဒီမိုကရေစီကို လက်ခံလိုက်ရတော့လည်း ''မြန်မာ့နည်းမြန်မာ့ဟန်ဒီမိုကရေစီ'' လုပ်ချင်နေခဲ့ပါတယ်။

စီးပွားရေးအရကတော့ ဈေးကွက်စီးပွားရေးစနစ်ကိုပဲ ကြွေးကြော်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးလိုက် အရင်းလိုက် ဝင်လာရေး မျှော်လင့်ပြင်ဆင်ခဲ့ပါတယ်။ ၃၀-၁၁-၈၈ နေ့မှာ နဝတ ဥပဒေအမှတ် ၁၀/၈၈ နဲ့ ''နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ'' ပြဋ္ဌာန်းပြီး တံခါးဖွင့်ပေးခဲ့ပါတယ်။ ၃၀-၅-၈၉ မှာအမိန့်ကြေညာစာအမှတ် ၁/၈၉ နဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံခွင့်ရှိ စီးပွားရေးလုပ်ငန်းတွေ သတ်မှတ်ပြဋ္ဌာန်းရင်း နိုင်ငံပိုင်လုပ်ငန်းအဖြစ် သတ်မှတ်ထားတဲ့ လုပ်ငန်းအမျိုးအစား (၁၂) ခုမှအပ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လုပ်ခွင့်ပေးခဲ့ပါတယ်။

ပြည်ပကြွေး အမေရိကန်ဒေါ်လာ သန်း (၄၀၀၀) ကျော်၊ ပြည်တွင်းကြွေးကျပ်ငွေသန်းပေါင်း (၁၆၀၀၀) လောက်နဲ့ မဆလ အမွေကို ဆက်ခံလာခဲ့ရတဲ့ နဝတ စစ်အစိုးရဟာ ပြည်ပကြွေး အတိုးအရင်းဆပ်ဖို့ စစ်သုံးစရိတ်တွေကို တိုးချဲ့ဖို့ ပြည်ပသွင်းကုန်တွေကို မှာယူနိုင်ဖို့၊ ပျားရည်နဲ့ ဝမ်းချရေးအတွက် ဝန်ထမ်းတွေကို လစာတိုးပေးဖို့တို့အတွက် နိုင်ငံခြားငွေအလုံးအရင်းနဲ့ ရရေးဟာ အပူတပြင်းလိုအပ်ခဲ့ပြီး နည်းမျိုးစုံနဲ့ ရှာဖွေခဲ့ပါတယ်။ အရံနိုင်ငံခြားငွေလည်းမရှိတဲ့ စစ်အစိုးရဟာ သစ်တောတွေကို သစ်ကွက်လိုက် နိုင်ငံခြားကို လက်ညှိုးထိုး ရောင်းစားတာ၊ ငါးပုစွန်ပေါတဲ့ ပင်လယ်ပြင်ကိုပါ ဈေးပေါပေါနဲ့ နိုင်ငံခြားငါးဖမ်းကုမ္ပဏီတွေကို ရောင်းစားတာ၊ ဓါတ်သတ္တုနဲ့ ကျောက်မျက်ရတနာတွေကို အရင်စလို တူးဖော်ပြီး ဆူလွယ်နပ်လွယ် ရောင်းစားတာတွေလုပ်ပြီး ''တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားနေသော နဝတ'' ဆိုတဲ့ ဘွဲ့ထူးကို မျက်နှာပြောင်ပြောင်နဲ့ ရယူခဲ့ပါတယ်။ မှောင်ခိုလုပ်ငန်းအဖြစ် တည်ရှိခဲ့တဲ့ နယ်စပ်ကုန်သွယ်ရေးကိုလည်း တရားဝင် လုပ်ငန်းအဖြစ် ဖော်ပြလိုက်ပြီး၊ လူထုရဲ့ စားဝတ်နေရေး အကြပ်အတည်းကို ယာယီထိန်းသိမ်းထားနိုင်ဖို့ အသက်ရှူပေါက်ရအောင် လုပ်ထားခဲ့ပါတယ်။ အဲဒီလို နည်းမျိုးစုံနဲ့ ငွေရှာတာတောင်မှ လိုအပ်တဲ့ငွေက မပြည့်တဲ့အတွက် ဂျပန်နိုင်ငံရှိ မြန်မာသံရုံးပိုင်မြေကွက်ကို ဒေါ်လာသန်း (၂၇၀) နဲ့ရောင်းစားပြီး၊ အထည်ကြီးပျက် မဆိုးမဖြေရှင်းပုံဖြေရှင်းနည်းနဲ့ ဖြေရှင်းခဲ့ရပါတယ်။ ပြည်တွင်းသုံးစွဲဖို့အတွက် လိုအပ်တဲ့ ငွေကြေးတွေကိုတော့ ဝါဇီစက်ရုံကနေ လိုသလောက်ရိုက်နှိပ်ထုတ်လိုက်ပါတယ်။ နဝတ တက်လာပြီး (၆) လတာအတွင်း ငွေစက္ကူ ကျပ်သန်းပေါင်း (၆၇၃၉.၉) သန်း ရိုက်နှိပ်ဖြန့်ဝေ သုံးစွဲပစ်ခဲ့ပါတယ်။ ဒါကြောင့် ငွေဖောင်းပွမှုနှုန်း ဟုန်းကနဲမြင့်တက်သွားခဲ့ပြီး ပြည်တွင်းကုန်ဈေးနှုန်းတွေလည်း အဆမတန် ဖြစ်သွားခဲ့ရပါတယ်။ စစ်အစိုးရက ကုန်ဈေးနှုန်းမြင့်တက်ရမှုတွေအတွက် ထုံးစံအတိုင်း ကုန်သည် ကြီးတွေကိုပဲ လက်ညှိုးထိုး တရားခံရှာပြခဲ့ပြီး၊ အတင်း ကုန်ဈေးနှုန်းအချိုးခိုင်းတာတွေ အရှုံးခံခိုင်းပြီး ဈေးလျှော့ရောင်းစေတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ တဖက်က ဈေးကွက်စီးပွားရေးအော်ပြီး၊ တဖက်က အတင်းအကြပ် အရောင်းခိုင်းတာတွေလည်း ရှေ့နောက်မညီ လုပ်ဆောင်ခဲ့တဲ့အတွက် သာမန်ကုန်သည်ကြီးတွေ ဒုက္ခကြုံကြရပါတယ်။ လယ်သမားတွေကိုလည်း လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခွင့်ပြုတယ်လို့ တဖက်ကကြေညာရင်း၊ တဖက်က သီးနှံတွေ အတင်းရောင်းချခိုင်းရာမှာ ဘယ်တုန်းကမရှိခဲ့ဖူးတဲ့ ''စစ်တပ်စပါးခွဲတမ်း'' ဆိုတာပါ ပေါ်ပေါက်လာခဲ့ပါတယ်။ စစ်တပ်အတွက် မရောင်းမနေရ အရောင်းခိုင်းခဲ့တာဖြစ်ပါတယ်။ အာဏာသိမ်းကာစက (၂) သိန်းလောက်ရှိနေပြီဖြစ်တဲ့ စစ်တပ်ကြီးကိုလည်း (ဗကပ တွေလည်းမရှိတော့ဘူး၊ အကုန်ပြိုပျက်သွားပြီးလို့ ကြွေးကြော်နေတဲ့ကြားထဲက အဆက်မပြတ် တိုးတိုးဖွဲ့ရင်း) စစ်တပ်အတွက် စပါးကို လယ်သမားတွေက အနစ်နာခံ ဆက်သပေးနေရသလို ဖြစ်တဲ့အတွက် လယ်သမားတွေ ကျောကော့အောင် ခံကြရပါတယ်။

နိုင်ငံခြားငွေ အခက်အခဲကြားထဲက စစ်တပ်အတွက် စစ်လက်နက်ဝယ်ယူမှုကိုတော့၊ တနှစ်ထက် တနှစ် အဆပေါင်းများစွာ တိုးပြီးသာဝယ်ယူခဲ့ပါတယ်။ အမေရိကန်လက်နက်ဖျက်သိမ်းရေး အေဂျင်စီရဲ့ အစီရင်ခံစာအရ (၈၉) ခုနှစ်မှာ ဒေါ်လာသန်း (၂၀) ဖိုး၊ (၉၀) ပြည့်နှစ်မှာ ဒေါ်လာသန်း (၁၁၀) ဖိုး၊ (၉၁) ခုနှစ်မှာ ဒေါ်လာသန်း (၃၉၀) ဖိုး၊ (၉၂) ခုနှစ်မှာ ဒေါ်လာသန်း (၁၄၀) ဖိုး ဝယ်ယူခဲ့ပါတယ်။ အဆမတန် တိုးချဲ့ဖွဲ့စည်းလိုက်တဲ့ စစ်တပ်ကြီးအတွက် စစ်သုံးစရိတ်ကလည်း ၈၈/၈၉ နဝတ အာဏာသိမ်း တက်စနှစ် က ကျပ် (၁၇၆၃) သန်း (နဝတ အသုံးစရိတ် စုစုပေါင်းရဲ့ ၂၂.၉%) ရှိရာက ၉၂/၉၃ ခုနှစ် ဘတ်ဂျတ်အရ ကျပ် (၇၃၆၅) သန်းကျော်) ဖြစ်လာခဲ့ပြီး၊ နဝတရဲ့ တရားဝင်စာရင်းဇယားအရကို ကာကွယ်ရေးအသုံး စရိတ် (စစ်စရိတ်) ဟာ နဝတ အသုံးစရိတ်စုစုပေါင်းရဲ့ (၃၆.၆၅%) ဖြစ်လာခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ခန့်မှန်း ချက်ကတော့ အသုံးစရိတ်စုစုပေါင်းရဲ့ တဝက်ကျော်တောင်ရှိမယ်လို့ဆိုကြပါတယ်။

ဘတ်ဂျတ်လိုငွေပြမှုကလည်း နှစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး၊ မတော်မတရား ကြီးထွားလာတဲ့ စစ်တပ်ကြီးရဲ့ စစ်သုံးစရိတ်ဒဏ်ကို တနိုင်ငံလုံးက ကုန်းခံနေကြရသလိုဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ စားဝတ်နေမှုဘဝက တော့ တနေ့တခြား ပိုပိုဆင်းရဲလာရပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို လိမ့်နေအောင်ခံကြရပါတယ်။ အာဏာသိမ်းကာစက၊ ဆန်တပြည် (ဖကျပ်နဲ့ ၁၀ ကြား) ရှိရာက (၉၂) မှာ ဆန်တပြည် ကျပ် (၃၀) ဖြစ်နေ ပြီဖြစ်ပါတယ်။ ဆီတပိဿာ (၄၅) ကျပ်ရှိရာက ကျပ် (၁၃၀) ဖြစ်နေပြီဖြစ်ပါတယ်။

ပြည်သူလူထုကြီးတရပ်လုံး စားဝတ်နေမှုဒုက္ခ အကြီးအကျယ် ရောက်နေကြချိန်မှာ နဝတ ထိပ်သီး ဝင်ကြီးများ၊ အဆင့်ဆင့်သော စစ်ဗိုလ်ထိပ်သီးကြီးများကတော့ အာဏာနဲ့ လုပ်ပိုင်ခွင့် အပိုင်အစားရရှိမှု ကြောင့်၊ ကိုယ့်နယ်မှာ ကိုယ်ဘုရင်သဖွယ် ဖြစ်လာကြမှုတွေကြောင့် နေ့ချင်းညချင်း ချမ်းသာလာကြပါတယ်။ လာဘ်ပေးလာဘ်ယူမှုတွေလည်း နေရာတိုင်းမှာ တိုးတက်ဖြစ်ပေါ်လာခဲ့ပြီး၊ အပုပ်နံ့ သတင်းတွေ အနံ့အပြား ထွက်ပေါ်လာခဲ့ပါတယ်။ စီးပွားရေးလောက လာဘ်ပေး လာဘ်ယူလောကမှာ နာမည်ထွက်လာသူတွေ ကတော့ တွင်း/၂ ကြီး ဗိုလ်ချုပ်တင်ဦး အပါအဝင်၊ မန္တလေးတိုင်းက ဗိုလ်ချုပ်ထွန်းကြည်၊ မြောက်ပိုင်းတိုင်းက ဗိုလ်ချုပ်ကျော်ဘ တို့ နာမည်ထွက်လာပါတယ်။

တံခါးဖွင့်စီးပွားရေး ဈေးကွက်စီးပွားရေးဆိုတဲ့ အသံတွေနဲ့အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွေကိုလည်း ခေါ်ယူနေပြီဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းတွေအားလုံးကိုလည်း စစ်တပ်က လက်ဝါးကြီး အုပ်ထားနိုင်ရေးအတွက် ခြေမြန်လက်မြန် ဖော်ထုတ်လာတာကတော့ ဦးပိုင်လီမိတက် စီမံချက်ကြီးဖြစ် ပါတယ်။ (၁၉-၂-၉၀) နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် **(The Union of Myanmar Economic Holding Limited)** ကို အမိန့်ကြေညာစာအမှတ် ၇/၉၀ နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ (၁၉၅၇/၅၈) တုန်းက ပေါ်ပေါက်တွင်ကျယ်ခဲ့ဖူးခဲ့တဲ့ DSI လို အဖွဲ့ကြီးသဘောမျိုးဖြစ်ပါတယ်။ မတည် အရင်းအနှီးက ကုဋေ (၁၀၀၀) လို့ ဆိုပါတယ်။ ၈၈ ခုနှစ် ပြည်တွင်းလည်ပတ်သုံးစွဲငွေ စုစုပေါင်းမှ ကုဋေ (၁၂၀၀) ကျော်ပဲရှိရာ စစ်တပ်ရဲ့ ကုဋေ (၁၀၀၀) ဦးပိုင်လီမိတက်ကြီးအတွက် အရင်းအနှီးကို ဝါဇီက ထပ်ရိုက်ဦးမယ့် သဘောဖြစ်ပါ တယ်။ ဗမာပြည်သမိုင်းမှာ အကြီးမားဆုံးသော အရင်းအနှီး စီမံချက်ကြီးလည်းဖြစ်ပါတယ်။ မတည်ရင်းနှီးငွေ ကုဋေ (၁၀၀၀) အတွက်၊ ကုဋေ ၄၀၀ (၄၀%) ကို နိုင်ငံတော်ပြည်သူလူထုငွေထဲက ကျခံသုံးစွဲပြီး၊ ကုဋေ (၆၀၀) (၆၀%) ကို စစ်တပ်က ထည့်ဝင်မယ်လို့ ဖော်ပြပါတယ်။ တိုင်းပြည်ကို စစ်ရေး၊ နိုင်ငံရေးအရ ချုပ်ကိုင်လွှမ်းမိုး ထားရုံမက၊ စီးပွားရေးအရပါ အသာစီးယူ လွှမ်းမိုးချုပ်ကိုင်ထားနိုင်ဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

စစ်ရေးအရကတော့ ဗကပ ဗဟိုဌာနချုပ်ပန်ဆန်းလည်း မရှိတော့သလို ဗကပ ဟာ မြေအောက် ပါတီအဖြစ် အသွင်ပြောင်းသွားခဲ့ပြီဖြစ်ပါတယ်။ ဗကပ ကနေ ခွဲထွက်ပုန်ကန်သွားကြတဲ့ အဖွဲ့တွေဟာ

ငြိမ်းအဖွဲ့တွေဖြစ်သွားကြသလို၊ ရှမ်းပြည်နယ်အနှံ့အပြားမှာလည်း ငြိမ်းအဖွဲ့တွေ ထပ်မံပေါ်ပေါက်လာခဲ့ပါတယ်။ (ဉပမာအားဖြင့် ပအိုဝ့်အမျိုးသားအဖွဲ့နဲ့ ပလောင်လွတ်မြောက်ရေးတပ်မတော်)

ကေအင်ယူတို့ရဲ့ "မာနယ်ပလော" ဌာနချုပ်ဟာ လက်နက်ကိုင်ဒီမိုကရေစီအင်အားစုများရဲ့ ဗဟိုချက်မဖြစ်လာပြီး၊ စစ်အစိုးရကို နိုင်ငံရေးအရ၊ ဝါဒဖြန့်ချိရေးအရ၊ စစ်ရေးအရ ပြင်းပြင်းထန်ထန် ပြန်လည်တုန့်ပြန် တိုက်ခိုက်ခဲ့ပါတယ်။ စစ်အစိုးရကလည်း "မာနယ်ပလော" ဖြိုဖျက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းနေသလို KNU အဖွဲ့ကြီးကလည်း နဝတ ကို စစ်ရေးအရ တိုးမြှင့်တိုက်ခိုက်ရေး အားထုတ် လှုပ်ရှားပါတယ်။ မြစ်ဝကျွန်းပေါ်ဝင်ရောက်နိုင်ရေး ကြိုးပမ်းပါတယ်။ (၁၉၉၁) ခုနှစ်ထဲမှာ မြစ်ဝကျွန်းပေါ်ဝင်ရောက်လာတဲ့ ကရင်လက်နက်ကိုင်တပ်တွေကို စစ်အစိုးရက ရက်ရက်စက်စက် ထိုးစစ်ဆင်တိုက်ခိုက်ပါတယ်။ မြစ်ဝကျွန်းပေါ်ဘက်မှာ နဝတ ရဲ့ ထိုးစစ်ဆင်မှုမှာ၊ ကရင်အမျိုးသား အရပ်သားတွေပါ မြေဇာပင်ဖြစ်ရပြီး အမြောက်အများ အသတ်အဖြတ်ခံရတာတွေ ပေါ်ပေါက်ခဲ့ပါတယ်။

ကျောင်းသားတပ်များကလည်း နဝတ တပ်ကို ဆန့်ကျင်တိုက်ပွဲဆင်ကြပါတယ်။ ဒါပေမယ့် ကျောင်းသားတပ်(ABSDF) ကိုယ်တိုင်က ခေါင်းဆောင်မှုပိုင်းမှာ (၂) ခြမ်းကွဲနေခဲ့ပါတယ်။ ဒေါက်တာနိုင်အောင်ခေါင်းဆောင်တဲ့အစုနဲ့ မိုးသီးဇွန် ခေါင်းဆောင်တဲ့ အစုဆိုပြီး (၂) ခြမ်းဖြစ်နေဆဲဖြစ်ပါတယ်။ ကေအိုင်အေဒေသဘက်မှာ အခြေခံထားရတဲ့ ABSDF (မြောက်ပိုင်း) မှာလည်း သတ်ဖြတ်ပွဲကြီးပေါ်ခဲ့ပါတယ်။ ABSDF မြောက်ပိုင်း ဥက္ကဋ္ဌ ထွန်းအောင်ကျော် ကိုသတ်ဖြတ်ဖယ်ရှားခဲ့ကြပါတယ်။ သေကြေသူတွေ တော်တော်များများရှိခဲ့သလို ညီညွတ်မှုပြိုကွဲတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ပြည်တွင်းဖိအား နိုင်ငံတကာရဲ့ဖိအားတွေ ကြောင့် (၄) နှစ်ကျော် (၅) နှစ်နီးပါး ပိတ်ထားရတဲ့ တက္ကသိုလ်ကောလိပ်တွေကို ပြန်ဖွင့်နိုင်ဖို့ စစ်အစိုးရဟာ ပြင်ဆင်လာရပါတယ်။ ဒီ (၄) နှစ်ကျော် (၅) နှစ်နီးပါး အတွင်းမှာ နဝတ ဟာ နဝတ စစ်ဗိုလ်ထိပ်သီးကြီးများဟာ သူတို့ရဲ့သားသမီးတွေ ပညာရေးကိုတော့ အဟောသိကံ အဖြစ်မခံပဲ နိုင်ငံခြားမှာ စေလွှတ် ပညာသင်ခိုင်းတာ၊ နည်းအမျိုးမျိုးနဲ့ ပညာရေးသင်ကြားရယူစေတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ပြည်သူလူထုတရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး အခြေအနေကတော့ အဆိုးဆုံးအနေအထားမှာ ဖြစ်နေခဲ့ပါတယ်။ စစ်သုံးစရိတ်နဲ့ ပညာရေးအသုံးစရိတ်၊ ကျန်းမာရေးအသုံးစရိတ်၊ ကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၉၁/၉၂ ဘတ်ဂျက်မှာ စစ်သုံးစရိတ်ဟာ ပညာရေးအသုံးစရိတ်ထက် (၅.၃) ဆ၊ ကျန်းမာရေးအသုံးစရိတ်ထက် (၄.၅) ဆဖြစ်ခဲ့ပါတယ်။ ၉၂/၉၃ ဘတ်ဂျက်မှာ စစ်သုံးစရိတ်ဟာ ပညာရေးအသုံးစရိတ်ထက် (၃.၅၂) ဆ၊ ကျန်းမာရေးအသုံးစရိတ်ထက် (၄.၀၉) ဆဖြစ်ခဲ့ပါတယ်။

ဦးကြည်မောင် အဖမ်းခံရပြီးတဲ့နောက်ပိုင်း ဥက္ကဋ္ဌ အဖြစ် ဦးအောင်ရွှေ က တာဝန်ယူပါတယ်။ နဝတရဲ့ အမျိုးမျိုးဖိအားပေးမှုတွေကြောင့် NLD ပါတီ တည်ရှိရပ်တည်နိုင်ရေးကိုပဲ အလေးထားပြီး ဦးအောင်ရွှေက ဆောင်ရွက်တာတွေ တွေ့ရပါတယ်။ တောတွင်းရောက်ရှိသွားကြတဲ့ NLD လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဖမ်းဆီးခံရပြီး အပြစ်ဒဏ်ချမှတ်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို NLD ကနေထုတ်ပယ်ကြောင်း ကြေညာတာတွေမျိုး၊ ဦးအောင်ရွှေ က လုပ်ဆောင်ဖော်ပြခဲ့ပါတယ်။ နဝတ ကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ ပယ်ဖျက်ကြောင်း ရွေးကောက်ပွဲကော်မရှင်ကနေတဆင့် တသီတတန်းကြီး အဆက်မပြတ် လုပ်ဆောင်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို အကြောင်းမရှိ အကြောင်းရှာပြီး ဖြုတ်ပယ်ပစ်နိုင်ရေးအတွက် (၁၀-၇-၉၁) နေ့မှာ အမိန့်အမှတ် ၄/၉၁ ကိုထုတ်ပြန်ပြီး ရွေးကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှု (၇) ခု၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှု (၂၀) ခုတို့ကို သတ်မှတ်လိုက်ပြန်ပါတယ်။ မူလရွေးကောက်ပွဲဥပဒေမှာ မပါဝင်ခဲ့ပဲ ရွေးကောက်ပွဲကျင်းပပြီး တနှစ်ကျော်ကြာမှ

မဖွယ်မရာ သတ်မှတ်ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အပြစ်ရှာဖို့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ (၁၀–၇–၉၁) နေ့စွဲနဲ့ပဲ ဥပဒေအမှတ် ၁၀/၉၁နဲ့ "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဆိုတာပြဋ္ဌာန်းပြီး "ဤဥပဒေသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြဋ္ဌာန်းသည့် ၁၉၈၉ ခုနှစ် မေလ (၃၁) ရက်နေ့မှစ၍ အာဏာတည်သည်ဟုယူရမည်" လို့ ပြဋ္ဌာန်းကာ နောက်ကြောင်းပြန် အာဏာ သက်ရောက်စေတဲ့ ဥပဒေအဖြစ် ညစ်ပတ်စုတ်ပဲ့စွာ လုပ်ကြံဖန်တီးခဲ့ပါတယ်။ ရည်ရွယ်ချက်က လွှတ်တော် ကိုယ်စားလှယ် အရွေးချယ်ခံထားရသူတွေကို အပြစ်ရှာ ဖယ်ရှားနိုင်ရေးအတွက် တမင်သက်သက် မတော်မ တရား သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အရှက်မဲ့မဲ့ ပြောင် ညစ်ပတ်ခဲ့တာဖြစ်ပါတယ်။ မူလကတည်းက လုပ်ပိုင် ခွင့်ပေးမထားခဲ့တာတွေကို အတင်း ထပ်ထည့်လာခဲ့တာဖြစ်တဲ့အတွက် NLD က ကန့်ကွက်ခဲ့ပါတယ်။ နဝတ က လက်မခံခဲ့ပါ။ (၁၉၉၁) ခုနှစ် အောက်တိုဘာလထဲမှာတော့ NLD ဌာနချုပ်ကိုတောင် (တရားဝင် ဖွဲ့စည်းရပ်တည်နေတဲ့ နိုင်ငံရေးပါတီ၊ အနိုင်ရပါတီဆိုတာကိုတောင် ဂရုမစိုက် အလေးမထားဘဲ) ဝင်ရောက် ရှာဖွေပြီး စာရွက်စာတမ်း မှတ်တမ်းမှတ်ရာ အားလုံးနီးနီးလောက်ကို စစ်အစိုးရက သိမ်းဆည်းသွားခဲ့ပါ တယ်။ ကျူးကျော်စော်ကားခဲ့ပါတယ်။

၂–၁၀–၉၂ နေ့မှာ အမိန့်အမှတ် ၁၃/၉၂ ဆိုတာနဲ့ အမျိုးသားညီလာခံ ကျင်းပရေးကော်မီရှင်ဆို တာကိုဖွဲ့စည်းပြီး (၅–၁၁–၉၂) နေ့မှာ အမိန်အမှတ် ၁၄/၉၂ နဲ့ အမျိုးသားညီလာခံကို (၉–၁–၉၃) နေ့မှာ စတင်ကျင်းပဖို့ နဝတ စစ်အစိုးရက ကြေညာလိုက်ပါတယ်။

နဝတ အာဏာသိမ်းပြီး စတင်လာခဲ့တဲ့ ( ၁၈–၉–၈၈) နေ့ကနေ (၃၁–၃–၉၂) နေ့ အထိ (၃)နှစ် ကျော်ကာလအတွင်း၊ စီးပွားရေးအခြေအနေကို ချုပ်ကြည့်လိုက်မယ်ဆိုရင် ဘာစီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းမှ တိတိကျကျမရှိဘဲ အလျဉ်းသင့်သလို ကောင်းနိုးရာရာ လုပ်ဆောင်မှုတွေနဲ့ ချွတ်ခြုံကျနေတဲ့ စီးပွားရေးကို အသက်ဆက်နိုင်ဖို့ ကြိုးစားရင်း ဗိုလ်ချုပ်ကြီးစောမောင် ခေတ်နိဂုံးချုပ်သွားခဲ့ပါတယ်။ (၉၂) ခုနှစ် ဧပြီလက စပြီး ဗိုလ်စောမောင် လည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ တိုင်းပြည်ရဲ့ သစ်တော၊ ရေပြင်၊ မြေပြင်နဲ့ သယံဇာ တမှန်သမျှ လက်ညှိုးထိုးရောင်းစားရင်း၊ တပြည်လုံးက ရရသမျှဝင်ငွေ ဘဏ္ဍာမှန်သမျှရဲ့ တဝက်နီးပါးလောက် ကိုစစ်တပ်ကြီးက (စစ်အသုံးစရိတ်တွေနဲ့) သုံးစားပစ်လိုက်တဲ့သဘောဖြစ်ပါတယ်။ တခြားတဖက်ကနေ ပြောရရင် တိုင်းပြည်ရဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို စစ်တပ်က လက်ဝါးကြီးအုပ်လိုက်ပြီး၊ ကုမ္ပဏီ (၁၀၀၀) အရင်အနီးနဲ့ စီးပွားရေးလောကကိုလည်း လွှမ်းမိုးကာ စစ်အာဏာရှင်စနစ် ဆက်လက် တည်တံ့ခိုင်မာရေး ကို ပြောင်ပြောင်တင်းတင်း ခြေလှမ်းပြင်လိုက်ပြီးပြီဖြစ်ပါတယ်။ မဆလ ဆိုင်းဘုတ်နဲ့ စစ်အာဏာရှင်စနစ် အကောင်အထည်ဖော်ခဲ့သလို ကမ္ဘာ့ရေစီးကြောင်းကြီးအလိုက် ဒီမိုကရေစီဆိုင်းဘုတ်နဲ့ စစ်အာဏာရှင်စနစ် ဆက်လက် ရှင်သန်အကောင်အထည်ဖော်နိုင်ရေးကို ခြေလှမ်းပြင်ဆင်ပြီးပြီဖြစ်ပါတယ်။ ၉၂/၉၃ ဘဏ္ဍာရေး နှစ်ကစပြီး ၉၅/၉၆ အထိ ကာလတို (၄) နှစ်စီမံကိန်း (စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်း) ကို နဝတ အမျိုးသားစီမံ ကိန်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ရေးဆွဲချမှတ်လိုက်တဲ့အတွက် အာဏာကို ဆက်လက်ချုပ်ကိုင် သွားမယ့်သဘော ဖော်ပြပေါ်လွင်နေပြီဖြစ်ပါတယ်။

# အမျိုးသားညီလာခံ၊ စစ်တပ်ရဲ့ အာဏာလောဘနဲ့ ဗမာပြည်နိုင်ငံရေးအခြေအနေ

(၉၀) ပြည့်နှစ် ရွေးကောက်ပွဲကြီးမပေါ်ခင်က အနိမ့်ဆုံး နိုင်ငံရေးပါတီတရပ်ရပ်ကတော့ အပြတ်အသတ် အနိုင်ရမှာမဟုတ် ဆိုတဲ့ တွက်ချက်မှုနဲ့ အနိုင်ရတဲ့ပါတီကို အာဏာအပ်လိုက်မှာပေါ့ ဆိုတဲ့ စကားမျိုး (၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဖြစ်စေ (၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဖြစ်စေ သင့်သလို ပြင်ဆင်အတည်ပြုပြီး အာဏာလွှဲပြောင်း၊ နောက်တက်လာမယ့် အစိုးရသစ်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးကြပေါ့ဆိုတဲ့ သဘောမျိုးပြောဆိုခဲ့တဲ့ နဝတ စစ်အစိုးရဟာ (၉၀) ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးမှာ သူတို့တွက်ချက်မျှော်လင့်ထားတာနဲ့ ပြောင်းပြန်၊ အဲန်အယ်ဒီ က အပြတ်အသတ် အနိုင်ရရှိသွားတဲ့အခါ ချက်ချင်း လေသံပြောင်းသွားခဲ့ပါတယ်။

NLD က အပြတ်အသတ် အနိုင်ရရှိသွားတဲ့အခါ ချက်ချင်းလေသံပြောင်းသွားခဲ့ပါတယ်။ အာဏာလွှဲပြောင်းမပေးဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရေး ဖြစ်သွားခဲ့ပါတယ်။

ခေါ်ပေးရမယ့် လွှတ်တော်ကို ခေါ်မပေးတဲ့အတွက် ဂန္ဓိခန်းမအစည်းအဝေးကြီးကျင်းပဖို့ ပြင်ရာမှာ၊ ကျင်းပခါနီး တရက်မှာဘဲ ကပ်ပြီး ၁/၉၀ ကို ထုတ်ပြန်ခဲ့ပါတယ်။ အနှစ်ချုပ်က လွှတ်တော်ကို ကိုယ့်ဟာကိုယ် ခေါ်လို့မရ၊ တပ်မတော်က လက်ခံမှာမဟုတ်ဆိုတဲ့ ခြိမ်းခြောက်ချက်နဲ့အတူ "လွှတ်တော်ကို နဝတ ကခေါ်ပေးမယ်" "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို အရွေးချယ်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲကြ" ဆိုတဲ့စကားမျိုး ပြောင်းလဲပြောဆိုခဲ့ပါတယ်။ ဗလောင်းဗလဲ လုပ်ခဲ့ပါတယ်။

အဲဒီလို ဗလောင်းဗလဲလုပ်ရာက လွှတ်တော်ကို ဘယ်တော့ခေါ်ပေးမလဲဆိုတဲ့ ပြည်တွင်းပြည်ပ မေးခွန်းတွေကို ဟိုလိုလိုဒီလိုလို ဆင်ဖှေ့ရန်ရှောင်လုပ်ရင်းက ခေါ်ပေးရမယ့်လွှတ်တော်ကို ခေါ်မပေးပဲ "အမျိုးသားညီလာခံ" ဆိုတာကို ကြွေးကြော်လာခဲ့ပါတယ်။ တကယ်က 'အမျိုးသားညီလာခံ' ကို ခေါ်ခွင့်မရှိတဲ့ နဝတ စစ်အစိုးရက မျက်နှာပြောင်တိုက်ပြီး ခေါ်လာခဲ့ခြင်းဖြစ်ပါတယ်။ ဗကပ အပါအဝင် ကေအဲန်ယူအပါအဝင် တောတွင်းလက်နက်ကိုင်အင်အားစုများကရော၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုဝင် အမြောက်အမြားက ဆန့်ကျင်ကန့်ကွက် ထောက်ပြဝေဖန်နေတဲ့ကြားထဲက လက်နက်ကိုင်စစ်တပ်ကြီးကို ပိုင်ဆိုင်ထားတာတခုတည်းနဲ့ ခေါ်ခွင့်မရှိတဲ့ အမျိုးသားညီလာခံကို အတင်းအကြပ် ဖန်တီးဖော်ဆောင်ခဲ့ပါတယ်။

ခေါ်လိုက်ပြန်တော့လည်း ထပ်ပြီး မျက်နှာပြောင်တိုက် လိုက်ပြန်တာက လွှတ်တော်ကိုယ်စားလှယ်အားလုံးကို တက်ရောက်ခွင့်မပေးပဲ၊ ခွဲတမ်းချ တက်ရောက်ခိုင်းတာဖြစ်နေပါတယ်။ သူတို့ကိုယ်တိုင် ညစ်ပတ်ပြီးချမှတ်ခဲ့တဲ့ အမိန့်အမှတ် ၁/၉၀ ကို တောင်ထပ်ပြီး ချိုးဖောက်လိုက်ပြန်တာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အရွေးချယ်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲကြဖို့ဆိုတာကို (ကိုယ်ပြောခဲ့တဲ့စကားကိုကိုယ်) ကပြောင်းကပြန် မလိမ့်တပတ် ထပ်လုပ်လိုက်ပြီး ခွဲတမ်းနဲ့ပဲတက်ရောက်စေဖို့ ဖန်တီးလိုက်ပါတယ်။ မျက်နှာပြောင်ပြောင်နဲ့ ထပ်မံညစ်ပတ်စုတ်ပဲ့ခဲ့ပြန်တာဖြစ်ပါတယ်။

အမျိုးသားညီလာခံတက်ရန် အစုအဖွဲ့ (၈) ဖွဲ့ သတ်မှတ်ခဲ့ပြီး တက်ရောက်ဖို့ သတ်မှတ်ခဲ့တဲ့ လူဦးရေ (၇၀၂) ဦးမှာ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦး၊ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် (၇) ဦးပေါင်း (၉၉) သာ ခွင့်ပြုခဲ့တဲ့အတွက် အားလုံးရဲ့ (၁၄.၁၀%)ပဲ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရခဲ့ပါတယ်။ ကျန်အများစုကြီးဟာ နဝတစိတ်ကြိုက် နဝတ ခေါင်းခေါက်ရွေးချယ်ထားတဲ့ သူချည်းလိုလိုဖြစ်ခဲ့ပါတယ်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ (၉) ရက်နေ့မှာ နဝတရဲ့ အမျိုးသားညီလာခံကြီး စတင်ပါတယ်။ ညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ကတော့ သာသနာရေးဝန်ကြီးလည်းဖြစ်၊ နဝတအဖွဲ့ဝင်လည်းဖြစ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးလည်းဖြစ်တဲ့ ဗိုလ်ချုပ်မျိုးညွန့်ဖြစ်ပါတယ်။

နဝတ အစိုးရက သူတို့စိတ်ကြိုက် ဖန်တီးပြင်ဆင် ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို မကျင်းပမီ ကတည်းက နည်းအမျိုးမျိုးနဲ့ သိဒ္ဓိတင် ပွဲထုတ်ကြွေးကြော်တာတွေ လုပ်ခဲ့ပါတယ်။

(၁၁–၇–၉၂) နေ့ အမျိုးသားညီလာခံ ညှိနှိုင်းအစည်းအဝေး (တတိယနေ့) မှာကတည်းက ဗိုလ်ချုပ် မျိုးညွန့်က "ပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလ သားစဉ်မြေးဆက်လက်ထက်တိုင်အောင် ခိုင်မာတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး" လို့ ကြွေးကြော်ခဲ့ပါတယ်။

ဒီမိုကရေစီအင်အားစုဝင်များကတော့ စစ်အစိုးရရဲ့ နှစ်ပေါက်တပေါက်ချိုးဖို့ မျက်နှာပြောင်ပြောင်နဲ့ ကျင်းပလာတဲ့ ဒီညီလာခံကြီးကို အတုအယောင်အမျိုးသားညီလာခံလို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။ လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရမယ့်အစား အမျိုးသားညီလာခံဆိုတာနဲ့ အစားထိုးခဲ့တာဖြစ်တဲ့အတွက် နဝတ ရဲ့ ပက် စက်တဲ့အကြံနဲ့ ပေါ်ပေါက်လာခဲ့တဲ့ ညီလာခံသာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် **NLD** ရဲ့ ပြောရေးဆိုခွင့်ကို ဖော်ပြဖို့ရာအတွက် ဦးအောင်ရွှေ ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ညီလာခံကို တက်ရောက်ခဲ့ကြပါတယ်။

နဝတ စစ်အစိုးရဟာ အတုအယောင်အမျိုးသားညီလာခံကြီးကို အရှက်မရှိ ညစ်နည်းပေဒေသာ မျိုးစုံနဲ့ ကျင်းပပြုလုပ်နေဆဲမှာပဲ။ တဖက်ကလည်း အာဏာကို လိုအပ်သလို ဖြန့်ကျက်ရာမှာ လူထုနောက်ခံ အဖွဲ့အစည်းကြီးတခု လိုအပ်တဲ့အတွက် "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း" ဆိုတဲ့ ကြံ့/ဖွံ့ အသင်းကြီးကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ထဲမှာ ဖွဲ့စည်းလိုက်ပြန်ပါတယ်။ လူထုကတော့ "ကြံ့ဖွတ်" လို့ခေါ်ဝေါ် ကြပါတယ်။ တချိန်က ပေါ်ပေါက်ခဲ့ဖူးတဲ့ ကြံ့ခိုင်ရေးအသင်းတွေမျိုး ပြန်လည်ဖော်ထုတ်လာ တာဖြစ်သလို စစ်အစိုးရ အားကျလှတဲ့ အင်ဒိုနီးရှားနိုင်ငံ စစ်အာဏာရှင်ဆူဟာတို့ရဲ့ စစ်အုပ်စိုးမှု သက်ဆိုး ရှည်စေရေး ဒေါက်တိုင်ကြီး "ဂိုလ်ကာ" ပါတီမျိုး ဖန်တီးအသုံးချနိုင်ဖို့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ ကိုယ်တိုင် နာယကပြုပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

အမျိုးသားညီလာခံမှာ နဝတ က သူဖြစ်စေချင်တဲ့အတိုင်း နည်းမျိုးစုံနဲ့ ခေါင်းခေါက်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်အများစုကို ကိုင်ပြီး လမ်းကြောင်းချမှတ်တာတွေ လုပ်ဆောင်လာခဲ့ပါတယ်။ နဝတ မှာ နဝတ စိတ်ကြိုက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တခုအသင့်ရေးဆွဲထားပြီးရှိပြီးဖြစ်တယ်ဆိုတဲ့ အသံတွေလဲ နိုင်ငံရေးလေ့လာသူတွေကြားထဲ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်နေပြီဖြစ်ပါတယ်။

မကြာမီမှာပဲ အမျိုးသားညီလာခံဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ စစ်အစိုးရရဲ့ ရည်မှန်းချက် အစစ် အမှန် ပေါ်ပေါ်ထင်ထင် ပေါ်ထွက်လာခဲ့ပါတယ်။ အခြေခံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အဲဒီ ဦးတည်ချက်နဲ့ ရေးဆွဲရမယ်လို့ ဖော်ပြလာခဲ့ပါတယ်။ အဲဒါကတော့ "အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု ကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" ဆိုတဲ့ တောင်းဆိုမှုကြီးဖြစ်ပါတယ်။ မျက်နှာပြောင် ပြောင်နဲ့ တောင်းဆိုလာခဲ့တာကတော့ ပြည်သူလူထုကရွေးချယ်တင်မြှောက်ဖို့မလိုပဲ စစ်တပ်က ၂၅% အလို အလျောက်နေရာရရှိရေးဖြစ်ပါတယ်။ တည်းနည်းအားဖြင့် စစ်တပ်တမတ်ပေါ်လစီကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာကို အခိုင်အမာ ထည့်သွင်းဖော်ပြပေးပြီး နေရာအလိုအလျောက်ပေးရေးဖြစ်ပါတယ်။ စစ်တပ်ဟာ တိုင်းပြည်ရဲ့ နိုင်ငံရေးမှာ အရေးကြီးတဲ့အခန်းက ပါဝင်ဦးဆောင်ခဲ့ရသူဖြစ်တဲ့အတွက် အမျိုး သားနိုင်ငံရေးမှာ ဦးဆောင်သူအခန်းက ပါဝင်ခွင့်ရရေးဟာ အင်မတန်လိုအပ်တဲ့ကိစ္စလို့ အရှက်မရှိ တောင်း

ဆိုခဲ့တာဖြစ်ပါတယ်။ တတိုင်းပြည်လုံးအပေါ် တသက်လုံး သားစဉ်မြေးဆက်မကျန် စစ်တပ်က အမြဲ အပေါ် စီးကနေရာရရေး တောင်းဆိုခဲ့တာဖြစ်ပါတယ်။

နဝတ ဟာ စစ်အာဏာရှင်ကြီး ဆူဟာတို့ရဲ့ အင်ဒိုနီးရှားကို အားကျလှပြီး အင်ဒိုနီးရှားလွှတ်တော်မှာ နေရာ (၅၀၀) ရှိတဲ့အနက် စစ်တပ်က ခွဲတမ်းနေရာ (၁၀၀) ရရှိထားသလို၊ ဗမာပြည်မှာ အင်ဒိုနီးရှားထက်တောင် အပိုဆောင်းလိုက်ပြီး ၂၅% ပေးဖို့ တောင်းဆိုလိုက်တာဖြစ်ပါတယ်။ ကမ္ဘာမှာ မရှိဖူးသေးတဲ့ အကြံအစည်မျိုးနဲ့၊ မရှိဖူးသေးတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်မျိုးကို ချမှတ်ဖော်ဆောင်နိုင်ဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။ နဝတ ရဲ့ အာဏာလောဘကို အစွယ်တပြူးပြူးနဲ့ ပြသလိုက်တာဖြစ်ပါတယ်။

စစ်တပ်နဲ့ စစ်တပ်အနွယ်ဝင်များကလွဲလို့ နဝတ ရဲ့ အာဏာလောဘနဲ့ မတော်တရား အကောင်အထည်ဖော်လိုမှုကို ဘယ်ဒီမိုကရေစီအင်အားစုဝင်များကမှ လက်ခံနိုင်ခြင်းမရှိခဲ့ပါ။ သမိုင်းတရားခံဖြစ်နိုင်တဲ့ ကိစ္စကြီးကို ဘယ်ဒီမိုကရေစီအင်အားစုဝင် နိုင်ငံရေးပါတီအဖွဲ့အစည်း အစစ်အမှန်များကမှလည်း သဘောတူ ခေါင်းညိတ်လိုက်လျောဝံ့ခြင်းမရှိခဲ့ပါ။

နဝတ က သူဖြစ်ချင်သလို လွယ်လွယ်ကူကူ မဖြစ်ရတဲ့အခါ အနိုင်ရ NLD အပေါ် ပိုမိုဖိနှိပ်တာတွေ လုပ်ဆောင်လာခဲ့ပါတယ်။ အမျိုးသားညီလာခံဆိုတဲ့ ဆိုင်းဘုတ်နာမည်ကိုတောင် ဂရုမထားနိုင်တော့ပဲ နဝတ က ချမှတ်ချင်တဲ့ 'မူ' တွေကို ချမှတ်ပေးတာတွေ၊ ဘာသာရပ်တခုခုကို ပြည့်ပြည့်စုံစုံ မဆွေးနွေးရသေးမီမှာပဲ တပါတည်း ဆုံးဖြတ်ချက်ချတာတွေပါ အတင်းအကြပ် ကျူးကျူးလွန်လွန် လုပ်ဆောင်လာခဲ့ပါတယ်။

၁၉၉၄ ဖေဖော်ဝါရီထဲမှာ အမေရိကန်ကွန်ဂရက်အမတ် "ဘီလ်ရစ်ချတ်ဆန်" ဗမာပြည်ကို ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည် အဖမ်းခံရပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည် နဲ့ (မိသားစုဝင်မဟုတ်ပဲ) ပထမဆုံး တွေ့ခွင့်ရသူဖြစ်ခဲ့ပါတယ်။ နဝတ နဲ့ ဒေါ်အောင်ဆန်းစုကြည် ကြား တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါ။

ဇူလိုင်လမှာ ဒေါ်အောင်ဆန်းကြည် အဖမ်းခံရမှု (၅) နှစ်ပြည့်သွားပါတယ်။ 'အာဆီယံ' အစည်းအဝေး ကို နဝတ စစ်အစိုးရ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရပါတယ်။ အာဆီယံအပါအဝင် တကမ္ဘာလုံးက ဒီမိုကရေစီလိုလားသူများက ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေး နဝတကို ဖျောင့်ဖျတာ ဖိအားပေးတာတွေလုပ်ဆောင်ကြပါတယ်။ အာဆီယံက အပြုသဘောဆောင် ဆက်ဆံရေးကို ကြွေးကြော်ပါတယ်။

သြဂုတ်လထဲမှာ ဘာမင်ဟမ်မှာကျောင်းထိုင်တဲ့ ဗမာဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆရာတော် ဦးရေဝတဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ခင်ညွန့် တို့နဲ့တွေ့ဆုံနိုင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့လည်း တွေ့ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် ဒေါ်အောင်ဆန်းစုကြည် နဲ့ နဝတ အကြား တွေ့ဆုံဆွေးနွေးတာ မကြာမီ ဖြစ်ပေါ်လာပါလိမ့်မယ်လို့ ပြောဆိုတာ ထွက်ပေါ်လာခဲ့ပါတယ်။

စက်တင်ဘာလထဲမှာတော့ နဝတ က ပြက္ခက်တခု ဖော်ထုတ်လိုက်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ခင်ညွန့် နဲ့ ဒေါ်အောင်ဆန်းစုကြည် တို့ တနာရီခွဲကြာ တွေ့ဆုံကြတယ်ဆိုတဲ့ သတင်းပြက္ခက်ဖြစ်ပါတယ်။ သုံးဦးစလုံး အပြုံးကိုယ်စီနဲ့ပုံတွေကို နိုင်ငံတော်မီဒီယာအားလုံးကနေ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလိုက်ပါတယ်။ NCGUB အပါအဝင် ဒီမိုကရေစီအင်အားစုဝင် တော်တော်များများက အကောင်းမြင်ရှုဒေါင့်ကနေ ကြည့်မြင်သုံးသပ်ခဲ့ကြပါတယ်။

အောက်တိုဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည် နဲ့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုအဖြစ် နဝတ က တပ်မတော်ဧည့်ဂေဟာမှာ သုံးနာရီကြာ တွေ့ဆုံပွဲတခု ထပ်မံဖော်ထုတ်ပြီး မီဒီယာများကနေ တရားဝင် ဖော်ပြခဲ့ပြန်ပါတယ်။ နိုင်ငံတကာလေ့လာသူများကပါ အကောင်းမြင် မျှော်လင့်ချက်တွေ ဖော်ပြလာခဲ့ကြပါ

တယ်။ တကယ်ကတော့ နဝတ ဟာ နိုင်ငံရေးကစားကွက်တခုကို ဖန်တီးဖော်ထုတ်ပြခဲ့တာသာဖြစ်ပြီး၊ ဘာမှရေရာတဲ့ တွေ့ဆုံဆွေးနွေးမှုကို လုပ်ဆောင်ခဲ့တာမဟုတ်ပါ။ နိုင်ငံတကာ့ဖိအားတွေကို လျော့အောင် ရည်ရွယ်ခဲ့တဲ့ သဘောသာဖြစ်ပါတယ်။

ဒီဇင်ဘာလထဲမှာ တရုတ်ဝန်ကြီးချုပ် "လီဖုန်း" ဗမာပြည်ကို အလည်အပတ်ရောက်ရှိခဲ့ပါတယ်။ နဝတ ကို ဘာတွေနားချခဲ့သလဲဆိုတာ၊ ဘာတွေဆွေးနွေးခဲ့သလဲဆိုတာ ထင်ကြေးတွေသာ ထွက်ပေါ်လာခဲ့ပါတယ်။

နဝတ ကတော့ တဖက်က နိုင်ငံတကာ့ဖိအားတွေကို လျော့နည်းအောင် ဖန်တီးပြရင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို လျော့နည်းအောင် ဖန်တီးပြရင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေရဲ့ ဗဟိုချက်မလိုဖြစ်နေတဲ့ ကေအဲန်ယူနဲ့ ကေအဲန်ယူရဲ့ 'မာနယ်ပလော' ကို အပြတ်ဖြိုဖို့ အဓိကဦးတည်ပြီး စစ်ရေးပြင်ဆင်မှုတွေ လုပ်နေခဲ့ပါတယ်။

ဗကပ ကို ပြိုကွဲအောင် ကြိုးပမ်းခဲ့သလို ကေအဲန်ယူကိုလည်း ပြိုကွဲအောင် သပ်လျှိုကြိုးပမ်းမှုတွေ နည်းမျိုးစုံနဲ့ အားထုတ်နေခဲ့ပါတယ်။ ကေအဲန်ယူထဲရှိ ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာအကြား သွေးကွဲမှုတွေ ပေါ်အောင် ဘာသာရေးအရ ခြေထိုးတာတွေလုပ်ဆောင်ပါတယ်။ မြိုင်ကြီးငူ ဆရာတော်ဆိုတာကို အကြောင်းပြုပြီး ဘာသာရေးအရ သွေးကွဲအောင် လုပ်ဆောင်တာတွေ စစ်ထောက်လှမ်းရေးက ခြေလှမ်းရှိရှိ ဖော်ဆောင်နေခဲ့ပါတယ်။

၈၉ ခုနှစ် ဗကပ ခွဲထွက်ငြိမ်းအဖွဲ့ ဆိုတာတွေ စတင်ပေါ်ပေါက်ပြီးချိန်ကစပြီး အကြောင်းအမျိုးမျိုးနဲ့ ငြိမ်းအဖွဲ့တွေ ပေါ်ပေါက်လာခဲ့ကြကာ ကေအဲန်ယူပြီးရင် အင်အားအကြီးဆုံးလို့ ဆိုနိုင်တဲ့ KIO (ကေအိုင်အို) ဟာလည်း (၂၄-၂-၉၄) နေ့မှာ နဝတ နဲ့ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးလိုက်ပြီဖြစ်တဲ့အတွက် ကေအဲန်ယူကိုပဲ အဓိကထား ချေမှုန်းပစ်လိုက်နိုင်ရင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အားလုံးကို တခါတည်း ငြိမ်သွားအောင် လုပ်ပစ်လိုက်နိုင်ပြီလို့ နဝတ ဘက်က တွက်ဆထားပြီး စစ်ရေးပြင်ဆင်နေခြင်းဖြစ်ပါတယ်။ ကေအဲန်ယူဟာ တခြားလက်နက်ကိုင်အဖွဲ့တွေလို 'ငြိမ်းအဖွဲ့' ပုံစံမျိုးကို လက်မခံပဲ၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုမျိုးကိုသာ တောင်းဆိုနေတာဖြစ်တဲ့အတွက် မာနယ်ပလောဌာနချုပ်တခုလုံးကို သိမ်းပိုက်လိုက်ပြီး စစ်ရေးအရပါ ဦးချိုးပစ်နိုင်ဖို့ နဝတ ဘက်က လိုလားနေတာဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့ နေ့စွဲနဲ့ "စစ်မှန်ခိုင်မြဲသော ပြည်လုံးဆိုင်ရာ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်၊ နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် ပြည်ပတနေရာတွင် ပဏာမကိုယ်စားလှယ်ချင်း တွေ့ဆုံကြရန်" ဆိုတဲ့ ကေအဲန်ယူ ဥက္ကဋ္ဌရဲ့ ကမ်းလှမ်းချက်ကို အကြောင်းမပြန်ကြားပဲ စစ်အရေးအရ အဖြေပေးနိုင်ရေးကိုပဲ အားသွန်ကြိုးပမ်းနေခဲ့တာဖြစ်ပါတယ်။

KNU အတွင်း ဘာသာရေး ပဋိပက္ခ အပေါ်ကနေ ပေါ်ပေါက်လာခဲ့တာကတော့ DKBA ခေါ် ဗုဒ္ဓဘာသာ ကရင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပါတယ်။ ၉၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ စစ်အစိုးရက DKBA ကို အားပေးထောက်ခံ နားလည်မှုယူလိုက်ပါတယ်။ KNU ဖြိုဖျက်ရေးအတွက် DKBA ကို အသုံးချပါတယ်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလဆန်းမှာပဲ နဝတ စစ်အစိုးရဟာ KNU တို့ရဲ့ ဗဟိုဌာနချုပ်ကြီးကို အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ပါတော့တယ်။ KNU တို့ရဲ့ ဗဟိုဌာနချုပ်ကြီးဖြစ်ရုံတင်မက တော်လှန်ရေးလက်နက်ကိုင်အင်အားစုများ၊ တောတွင်းရောက် ဒီမိုကရေစီအင်အားစုများရဲ့ ဌာနချုပ်ကြီးသဖွယ်လည်းဖြစ်တဲ့ မာနယ်ပလောဌာနချုပ်ကြီးဟာ နဝတစစ်တပ်ရဲ့ သိမ်းပိုက်ခြင်းခံလိုက်ရပါတယ်။

မာနယ်ပလောကို သိမ်းပိုက်လိုက်နိုင်ခြင်းဟာ စစ်အစိုးရအတွက် အင်မတန်ကြီးကျယ်တဲ့ အောင်ပွဲကြီးဖြစ်သွားခဲ့ပါတယ်။ ကေအဲန်ယူအပါအဝင် မာနယ်ပလောကို အခြေပြုထားကြတဲ့ ဒီမိုကရေစီအင်အားစုဝင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟာ (ကျောင်းသားတပ်၊ NLD-LA၊ လူ့ဘောင်သစ်တို့အပါ) စုစည်းရမိသမျှ အင်အားနဲ့ နဝတရဲ့ထိုးစစ်ဆင်မှုကြီးကို ခုခံတွန်းလှန်တိုက်ခိုက်ရင်း 'မာနယ်ပလော' ကို စွန့်ခွာပေးလိုက်ရတာဖြစ်ပါတယ်။ မာနယ်ပလော ကျဆုံးရမှုဟာ တော်လှန်ရေးအင်အားစုများအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီးဖြစ်ခဲ့ပါတယ်။

မာနယ်ပလော ကျဆုံးရပြီးနောက် တော်လှန်ရေးလက်နက်ကိုင် အင်အားစုဝင်တွေ တော်တော်များများရော၊ ဒုက္ခသည်ပေါင်းမြောက်များစွာပါ ထိုင်းနိုင်ငံအတွင်း အုံလိုက်ကျင်းလိုက် ရောက်ရှိသွားရပါတယ်။

ရောက်ရှိသွားကြတဲ့ ဗမာပြည်နိုင်ငံရေးဒုက္ခသည်၊ စစ်ဘေးဒုက္ခသည်တွေကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက တတ်နိုင်သမျှ ကူညီထောက်ပံ့မှုတွေလုပ်ပါတယ်။ အစိုးရ မဟုတ်တဲ့ NGO အဖွဲ့အစည်းများ၊ ဖောင်းဒေးရှင်းများကလည်း ကူညီထောက်ပံ့တာ တွေလုပ်ပါတယ်။ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများကလည်း ကူညီရပ်ခံ ထောက်ပံ့တာတွေလုပ်တယ်။ အမေရိကန်အပါအဝင် EU နိုင်ငံများကလည်း စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် အာဏာလွှဲပြောင်းပေးခြင်း လွှတ်တော်ခေါ်ယူခွင့်မပေးခြင်းတွေအပေါ် နည်းမျိုးစုံနဲ့ ရှုတ်ချဝေဖန်တာ၊ နဝတ အစိုးရအပေါ် ကန့်သတ်ပိတ်ပင်တာ၊ အရေးယူဆောင်ရွက်တာတွေ တဆင့်ပြီးတဆင့် တိုးမြှင့်လုပ်ဆောင်တာတွေ လုပ်ခဲ့ပါတယ်။ ဗမာပြည်ဒီမိုကရေစီရေး လှုပ်ရှားသူများအတွက် အားတက်စရာကျေနပ်စရာတွေ ရှိသင့်သလောက်ရှိခဲ့ပြီး၊ အားဖြစ်သင့်သလောက် ဖြစ်ခဲ့တာတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် စစ်တပ်အားကိုးနဲ့ စစ်တပ်ကြီးကို ထင်သလို တိုးချဲ့ဖွဲ့စည်းထားနိုင်တာတခုတည်းနဲ့ လက်နက်နဲ့ အကြမ်းဖက်အုပ်စိုးနေတဲ့ စစ်အစိုးရကို လက်နက်ကိုင်နည်းနဲ့ပဲ ပြန်လည်တွန်းလှန် တိုက်ပွဲဝင်မှဖြစ်မယ်ဆိုပြီး လက်နက်ကိုင်တွန်းလှန်ချင်ကြတဲ့ ဒီမိုကရေစီအင်အားစုဝင်တွေကို ဘယ်နိုင်ငံကြီးတွေကမှ လက်နက်အကူအညီ စစ်ရေးအကူအညီတွေကိုတော့ ရက်ရက်ရောရော ကူညီကြခြင်းမရှိပါ။ စိတ်ဓာတ်ရေးရာ အကူအညီ၊ လေအကူအညီ၊ ငွေအကူအညီတွေလောက်ကလွဲလို့ လက်နက်အကူအညီ၊ လက်နက်ကိုင်တပ် ဖွဲ့စည်းရေးအကူအညီမျိုးတွေ မပေးခဲ့ကြပါ။ တဦးစ တယောက်စက စစ်ရေးနဲ့ပတ်သက်တဲ့ သင်တန်း၊ လက်နက်ကိုင်တွယ်ပစ်ခတ်နည်းနဲ့ ပတ်သက်တဲ့သင်တန်း၊ အံတုရေးသင်တန်းဆိုတာမျိုးတွေ ပေးတာ ကူညီတာလောက်ကလွဲလို့ ယေဘုယျအားဖြင့် လက်နက်ကိုင်တိုက်ပွဲအတွက် လိုအပ်တဲ့ တကယ့်အကူအညီမျိုးတွေ ဘယ်နိုင်ငံကမှ မပေးခဲ့ကြပါ။ အကြမ်းဖျင်းပြောရမယ်ဆိုရင် စစ်ရေးလိုအပ်ချက်ဆိုင်ရာ၊ လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အကူအညီမျိုးတွေမပေးတဲ့အပြင်၊ အကြမ်းဖက်တိုက်ပွဲနည်းနာကိုတောင် မလိုလားတဲ့ သဘောမျိုး၊ လက်နက်ကိုင်တိုက်ပွဲနည်းနာကိုတောင် ဆန့်ကျင်ပြီး "ငြိမ်းချမ်းစွာ" ဆိုတဲ့ နည်းနာကိုသာ အလေးပေး လက်ခံတဲ့သဘောမျိုး ဖော်ပြခဲ့ကြ ကျင့်သုံးလုပ်ဆောင်ခဲ့ကြပါတယ်။

ဒါကြောင့် လက်နက်ကိုင်တပ်တွေ ကြီးထွားမလာပဲ စစ်အစိုးရကို သူသေငါရှင် တိုက်ပွဲဆင်နိုင်မှုတွေ ကြီးထွားမလာပဲ၊ လေတိုက်ပွဲတွေ၊ မီဒီယာတိုက်ပွဲတွေ၊ ငြိမ်းချမ်းစွာ လှုပ်ရှားဆန့်ကျင်မှုဆိုတာတွေသာ ကြီးထွားလာခွင့်ရခဲ့ပါတယ်။ ငြိမ်းချမ်းစွာ တိုက်ပွဲဆင်မှုတွေ၊ လေတိုက်ပွဲတွေ၊ မီဒီယာတိုက်ပွဲတွေဟာလည်း သူ့နေရာနဲ့သူ စွမ်းဆောင်နိုင်စွမ်းကြီးတာ၊ တန်ဖိုးမဖြတ်နိုင်အောင် အသုံးဝင်တာတွေရှိပေမယ့်၊ လက်နက်ကိုင်ထားတဲ့ စစ်အစိုးရကတော့ လက်နက်ကိုင် တုန့်ပြန်တိုက်ပွဲဆင်မှာကိုသာ အကြောက်ဆုံးဖြစ်ခဲ့ပြီး၊ တကမ္ဘာလုံးက ဝိုင်းဝန်းရှုတ်ချနေတာကိုတောင် ပမာမခန့်လုပ်ပြနေခဲ့ပါတယ်။ ဒါ ဗမာပြည်ရဲ့ ပြည်တွင်းရေး

ကိစ္စပါ။ ဘယ်နယ်ချဲ့နိုင်ငံကြီးတွေရဲ့ စွက်ဖက်မှုကိုမှ လက်ခံလိမ့်မယ်မဟုတ်ပါဆိုတဲ့ ပြောလုံး ဆိုလုံးမျိုးတွေနဲ့ သူခိုးက လူလူပာစ်နေခဲ့ပါတယ်။ ဘယ်တုန်းကမှ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာမရှိခဲ့တဲ့အပြင်၊ နယ်ချဲ့ပေါင်းစုံကိုတောင် မှီခိုလာခဲ့သူများက အခုမှ တကယ့်မျိုးချစ်ပြည်ချစ်ကြီးများ ဂိုက်၊ နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ကိုလိုနီ လက်ဟောင်းလက်သစ်မှန်သမျှ ပြတ်ပြတ်သားသား ဆန့်ကျင်တွန်းလှန်နေသူကြီးများ ဂိုက်ကို အပြည့်အဝ ပုံဖမ်းနေခဲ့ကြပါတယ်။

တလျှောက်လုံး လက်နက်ကိုင်တိုက်ပွဲဆင်နွှဲလာခဲ့ကြတဲ့ အဖွဲ့ကြီးများကလည်း အရေးထဲကျမှ ဒူးနာနေကြပြီဖြစ်ပါတယ်။ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့လက္ခဏာနဲ့ စစ်အစိုးရရဲ့ ရုပ်ပုံမှန်ကို ဖွင့်ချနိုင်ဖို့၊ ပြည်သူလူထုတရပ်လုံးကို ပညာပေးနိုင်ဖို့ အားစိုက်ခွန်စိုက် ကြိုးပမ်းအားထုတ်လာခဲ့ကြရတဲ့ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများဟာ ထပ်မံဖွင့်ချစရာမလိုတော့လောက်အောင် စစ်အစိုးရရဲ့ ဇာတိရုပ် ဘွားဘွားကြီးပေါ်နေရုံမက ပြည်သူလူထုတရပ်လုံးကလည်း ခါးခါးသည်း အော့နှလုံးနာနေကြတဲ့အဆင့်၊ ဒီစစ်အစိုးရကလွဲရင် ဘယ်သူတက်လာလာ မြန်မြန်သာတက်လာကြပါတော့လို့ မျှော်လင့်တမ်းတနေကြတဲ့ အဆင့်အထိ ရောက်ရှိနေချိန်ကျမှ စစ်အစိုးရကို ပြတ်ပြတ်သားသား ဝိုင်းဝန်းဖြိုလှဲဖယ်ရှားပစ်လိုက်ရမယ့် အစား တဖွဲ့ပြီးတဖွဲ့ တော်တော်များများ စစ်အစိုးရနဲ့ ငြိမ်းအဖွဲ့တွေဖြစ်ကုန်ကြရတာကတော့ ဗမာပြည် ပြည်သူများအဖို့ အင်မတန်နစ်နာလှပါတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ်ဖြစ်ကြရတာလို့ဆိုပေမယ့် ပြည်သူ များအဖို့ကတော့ ရင်နာစရာဖြစ်ခဲ့ပါတယ်။ စစ်အစိုးရအဖို့ကတော့ လက်မထောင်စရာ ဝါဒဖြန့်ချိစရာတခု ဖြစ်ခဲ့ပါတယ်။ ပိုမိုပြီး ရောင့်တက်စရာလည်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် စစ်အစိုးရဟာ ငြိမ်းအဖွဲ့တွေကိုတောင် တဆင့်ပြီးတဆင့် အပေါ်စီးယူလာခဲ့ပါတယ်။ တဖက်က ငြိမ်းအဖွဲ့တွေဖြစ်အောင် ကြိုးပမ်းရင်း၊ တခြားတဖက် က ငြိမ်းအဖွဲ့အဖြစ်ခံ ယူလာကြမယ့်သူတွေကို အပေါ်စီးကနေ တဆင့်ခြင်းတန်းချပြီး သဘောထားချမှတ် ဆက်ဆံလာခဲ့ပါတယ်။ ငြိမ်းအဖွဲ့အဖြစ် ဖြစ်တည်လာကြသူတွေကို အကြမ်းဖျင်း ခွဲခြမ်းစိတ်ဖြာကြည့်မယ် ဆိုရင်ကို ၈၉ ခုနှစ်၊ မတ်ပြေီလတွေတုန်းက “ငြိမ်း” အဖွဲ့ဖြစ်လာကြသူတွေက တပ်တည်ရှိခွင့်၊ နယ်မြေတည် ရှိခွင့်၊ အဖွဲ့အစည်းတည်ရှိခွင့်ဆိုတာတွေသာမက ကြိုက်တဲ့စီးပွားရေးလုပ်၊ လုပ်ချင်ရာလုပ်၊ စစ်တပ်ကို ပြန်မ တိုက်ရင်ပြီးပြီ၊ ငြိမ်းဖြစ်သွားပြီးဆိုတဲ့သဘောဖြစ်ပါတယ်။ ဗကပ ပြိုပျက်သွားရေးဦးတည်ပြီး၊ ငြိမ်းအဖွဲ့ဖြစ် သွားရင်တော်ပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ လွယ်လွယ်ကူကူ အကြိုက်ပေး ဖော်ဆောင်ခဲ့ပါတယ်။

နောက်ပိုင်းကာလကျတော့ တစထက်တစ အပေါ်စီးယူပြီး ငြိမ်းအဖွဲ့ဖြစ်ရေး ဖော်ဆောင်ပါတယ်။ ဒေသအသိအမှတ်မပြုတာ၊ စတိဖြစ်ဖြစ် လက်နက်စာရင်း အပ်ခိုင်းတာ၊ လက်နက်စွန့်ကြောင်း အခမ်း အနားလုပ်ရတာတွေ လုပ်ဆောင်လာခဲ့ပါတယ်။ တဖြေးဖြေးနဲ့ နောက်ဆုံးပုံစံကျတော့ လက်နက်နဲ့ ငြိမ်းချမ်း ရေး လဲရေးပုံစံမျိုးဖြစ်လာပါတယ်။ လက်နက်ကိုင်လမ်းစဉ်စွန့်ကြောင်း ကြေညာရတာမျိုးတွေ ဖန်တီးဖော် ဆောင်ခဲ့ပါတယ်။ NLD နဲ့ မပတ်သက်ရ၊ NLD ကို မထောက်ခံရ ဆိုတာမျိုးတွေ ပေါ်ပေါ်ထင်ထင် တောင်းဆို ရုံမက နိုင်ငံရေးပါတီ အဖွဲ့အစည်းအဖြစ် ကြေညာချက်ထုတ်တာ သဘောထားဖော်ထုတ်တာတောင် နဝတ သဘောမတူပဲ မထုတ်ရဆိုတဲ့သဘောမျိုးတွေဖြစ်လာပါတယ်။ NLD နဲ့ လမ်းခွဲအောင် ဖိအားပေးလုပ်ဆောင် ပါတယ်။

အဲဒီလို စစ်ရေးအရ၊ အာဏာကိုကိုင်ထားနိုင်မှုအရ၊ နဝတ ဟာ အပေါ်စီးကရနေပေမယ့် ဘာစီးပွား ရေးစီမံချက်တွေမှလည်း မအောင်မြင်ပဲ၊ တနှစ်ထက်တနှစ် ကုန်သွယ်ရေးလိုငွေပြမှု၊ ဘတ်ဂျက်လိုငွေပြမှုတွေ အဆက်မပြတ်ဖြစ်ပေါ်ရင်း နိုင်ငံတကာရဲ့ တားဆီးပိတ်ပင် ရှုတ်ချမှုတွေကို တိုးမြှင့်ခံစားရရင်း၊ အကြပ်တည်း ပေါင်းစုံတွေကတော့ ကြီးသထက်ကြီးလာခဲ့ပါတယ်။ နိုင်ငံတကာအမြင်မှာ အကောင်းမြင် လေးတွေမြင်လာ

စေဖို့၊ အာဆီယံတို့ရဲ့ “အပြုသဘောဆောင်ဆက်ဆံရေး” ဆိုတဲ့ ကြွေးကြော်သံကို အစာကျွေးပေးနိုင်ရေးတို့အတွက် ကကြိုးတကွက်ပြောင်းပြဖို့ ပြင်လာပါတယ်။

“၁၉၉၅ ခုနှစ်၊ မတ်လထဲမှာ (ဖက်ဆစ်တော်လှန်ရေးနေ့ကို စစ်တပ်က မောင်ပိုင်စီးပြီး တပ်မတော်နေ့လုပ်ထားတဲ့) နှစ် (၅၀) မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)၊ ဦးကြည်မောင် တို့အပါ နိုင်ငံရေးအကျဉ်းသား (၃၀) ကျော်ကို နဝတ က လွှတ်ပေးလိုက်ပါတယ်။

၁၉၉၅ ခု၊ ဇူလိုင်လ (၁၀) နေ့မှာ (၆) နှစ်နီးပါး အကြယ်ချုပ်နဲ့ ထိန်းသိမ်းဖမ်းဆီးထားတဲ့ နိုဗယ်လ်ဆုရ ဒေါ်အောင်ဆန်းစုကြည်ကို နဝတ စစ်အစိုးရက ပြန်လည်လွှတ်ပေးလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က ပြန်လည်လွှတ်မြောက်လာခြင်းအပေါ် နိုင်ငံတကာက ဝမ်းသာကြောင်းဖော်ပြခဲ့ကြသလို၊ ပြည်တွင်းပြည်ပ တော်လှန်ရေးအင်အားစုအားလုံး ဒီမိုကရေစီအင်အား အားလုံးကလည်းဝမ်းမြောက်ကြောင်း၊ ကြိုဆိုကြောင်း တခဲနက်ဖော်ပြခဲ့ကြပါတယ်။ ကြိုဆိုဝမ်းမြောက်ကြောင်း ဖော်ပြရင်းနိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးရေး၊ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေး ဖော်ပြတောင်းဆိုခဲ့ကြတာရှိသလို၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ ခြေလှမ်းသစ်တွေဖော်ဆောင်ရေး၊ နဝတ၊ NLD ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေပါဝင်တဲ့ “သုံးပွင့်ဆိုင်ဆွေးနွေးပွဲ” တရပ် ဖော်ဆောင်ရေး၊ တတိုင်းပြည်လုံးအတိုင်းတာဆောင်တဲ့ အပစ်အခတ်ရပ်စဲရေး၊ အမျိုးသားညီလာခံ အစစ်အမှန် ခေါ်ယူနိုင်ရေး စတဲ့ စတဲ့ တောင်းဆိုတင်ပြမှုတွေကိုလည်း ဖော်ထုတ်ခဲ့ကြပါတယ်။

NCGUB, NCUB, NLD- LA, KNU တို့အပါအဝင် ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်၊ လူ့ဘောင်သစ်ပါတီ၊ ABSDF စတဲ့ အဖွဲ့အစည်းပေါင်းစုံက ကြေညာချက်ထုတ်ခဲ့ကြသလို၊ နဝတ နဲ့ ငြိမ်းချမ်းရေးအဖွဲ့လုပ်ထားကြတဲ့ KIO ၊ ရလလဖ၊ မွန်ပြည်သစ်ပါတီ စတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများကလည်း ကြေညာချက်ထုတ်ခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က နေအိမ်အကျယ်ချုပ်ကနေ လွတ်မြောက်လာလာချင်း၊ ပါတီကို ဘယ်အခြေအနေဆိုး အောက်မှာဖြစ်ဖြစ် ဆက်လက်တည်ရှိနိုင်ရေး အဓိကဦးတည်ပြီး၊ ဥက္ကဋ္ဌအဖြစ်ရပ်တည်နေတဲ့ဦးအောင်ရွှေ၊ မူလ ဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးကြည်မောင် တို့အပါ၊ ဗဟိုအလုပ်မှုဆောင်ကျန်သမျှနဲ့ တွေ့ဆုံညှိနှိုင်းတာတွေ စတင်လုပ်ဆောင်ပါတယ်။ ရန်ကုန်မြို့ပေါ်ရှိ NLD မြို့နယ်ရုံးတချို့ဆီ သွားရောက်ပြီး ပါတီပြန်လည်တည်ဆောက်ရေး စည်းရုံးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောဆိုရင်း ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကြဖို့စစ်မှန်တဲ့ဒီမိုကရေစီစနစ် ပေါ်ထွန်းတဲ့အထိ တိုက်ပွဲဝင်စိတ်ဓာတ် မြင့်မားဖို့တွေ စိတ်ဓာတ်ရေးရာ တွန်းတင်နှိုးဆော်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အဖမ်ခံ ထိန်းသိမ်းခံနေရစဉ်အတွင်း NLD တွင်း ပေါ်ပေါက်ခဲ့တဲ့ ပြဿနာရပ်များ၊ မညီမညွတ်ဖြစ်ခဲ့မှုများ မျိုးချစ်ရဲဘော်ဟောင်းများနဲ့ အရပ်သားပါတီဝင်များအကြား ဖြစ်ပေါ် ခဲ့တဲ့ ကွာဟမှုများ၊ အထုတ်အပယ်ခံခဲ့ရမှုနဲ့ မကြေမလည်ဖြစ်ခဲ့ရမှုများ၊ စတဲ့စတဲ့ပြဿနာပေါင်းစုံအပေါ်ကနေ မေးကြမြန်းကြ တင်ပြကြတာတွေကို နားထောင်ရင်း၊ အကောင်းဆုံးဖြစ်အောင်ဆွေးနွေးညှိနှိုင်း သဘောထားပေးတာတွေ လုပ်ဆောင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးတဲ့နောက် ပေါ်ထွန်းလာတာကတော့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှေ့ ဟောပြောရှင်းလင်းပွဲတွေဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် မျှော်လင့်အားထားကြတဲ့ လူထုပရိသတ်က ဒေါ်အောင်ဆန်းစုကြည် ဘာတွေပြောဆိုရှင်းလင်းပြမလဲဆိုတာ စိတ်ဝင်တစားလာရောက်စောင့်လင့်ကြတဲ့အပေါ်၊ ဒေါ်အောင်ဆန်းစုကြည် က အိမ်ဝင်းခြံတခါးပေါက် ခုံမြင့်ပေါ်ကနေရပ်ပြီးပြောဆို နှုတ်ခွန်းဆက် ရှင်းလင်းပြတာတွေ လုပ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြောဆိုရှင်းလင်းတာ

ကို နားထောင်ချင်တဲ့ ပရိသတ်က ဒီရေအလား တိုးတိုးပြီး လာရောက်နားဆင်ကြတဲ့အတွက် လူထုတရားပွဲကြီးပမာ ဖြစ်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ အပတ်စဉ်ဟောပြောပွဲကြီးလိုလည်း ဖြစ်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဟောပြောရှင်းလင်းပြီး လူထုကြီးနဲ့ အဆက်မပြတ်ရအောင် အဆက်အသွယ်ပြုခဲ့သလို ဖြစ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် စကားပြောတဲ့နေ့တိုင်း၊ ခြံဝင်းပေါက်ရှေ့ လမ်းတလျှောက်လုံး လူထုပရိသတ်ပြည့်၊ လမ်းလုံးပြည့် စည်ကားလှပါတယ်။ ရန်ကုန်လူထုမျှမက အဝေးကပါ တကူးတက လာရောက်နားထောင်ကြတာ၊ သိလိုရာရာတွေကို မေးမြန်းကြတာတွေရှိခဲ့ပါတယ်။ ဘုန်းကြီးရဟန်းတွေ၊ သက်ကြီးအရွယ်အိုတွေပါ လာရောက်နားဆင် အားပေးထောက်ခံကြတာတွေ တွေ့ရပါတယ်။ လူထုက မေးမြန်းလာတဲ့ မေးခွန်းတွေကို ဒေါ်အောင်ဆန်းစုကြည် က ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ချက်ကျလက်ကျ ဖြေကြားပေးတာတွေ လုပ်တဲ့အတွက် တမူထူးခြားတဲ့ "တွေ့ဆုံဆွေးနွေး ဟောပြောရှင်းလင်းပွဲကြီး" ပမာဖြစ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောဆိုရှင်းလင်း ဟောပြောချက်တွေဟာ ထိမိပြောင်မြောက်လှတဲ့အတွက် လူထုသည်းခြေကြိုက်ဖြစ်ခဲ့ပေမယ့်၊ နဝတ စစ်အစိုးရအဖို့ကတော့ အသည်း အပ်နဲ့အဆွခံရသလို အခံရခက်စေခဲ့ပါတယ်။ ဒီအပတ်စဉ် တွေ့ဆုံဟောပြော ရှင်းလင်းပွဲတွေကို ဗီဒီယိုရိုက် မှတ်တမ်းသူများလည်းရှိခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်တရားပွဲ ဗီဒီယိုအခွေတွေဟာ နည်းမျိုးစုံနဲ့ လူထုကြား ပျံ့နှံ့စိမ့်ဝင် တွင်ကျယ်နေခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ပြောဆိုရှင်းလင်း ဖြေကြားချက်တွေဟာ ဆင်းရဲသားပြည်သူများ ထမင်းရည်တောင် ပုလင်းနဲ့ဝယ်သောက်နေကြရတဲ့ အခြေအနေကနေ ဒီမိုကရေစီသဘောတရား၊ လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းတွေအလယ်၊ မျက်မှောက်နိုင်ငံတကာ့အဖြစ်အပျက်၊ ကမ္ဘာ့အပြောင်းလဲတွေအဆုံး၊ အကြောင်းအရာပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ၊ အဖြစ်သနစ်ပေါင်းစုံ၊ စုံတကာ့စုံအောင် ပါဝင်နေခဲ့ပါတယ်။ ဒီမိုကရေစီရေး လူ့ခွင့်ရေးဆိုင်ရာ ပညာပေးမှု မြှင့်တင်မှုတွေဖြစ်နေသလို စစ်အစိုးရရဲ့ တကယ့်အသွင်သရုပ်ကို ဖော်ထုတ်ဖွင့်ချ ဝေဖန်ပြနေသလိုလည်း ဖြစ်ခဲ့ပါတယ်။ စစ်အစိုးရဟာ နာလိုခံခက်ဖြစ်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ စစ်အစိုးရကို တောင်းဆိုကမ်းလှမ်းတာလည်း တဖက်ကနေ ပွင့်ပွင့်လင်းလင်း အဆက်မပြတ် လုပ်ဆောင်နေခဲ့ပေမယ့် စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုကို မလုပ်ချင်တဲ့ စစ်အစိုးရကတော့ ဟိုကွေ့သည်ရှောင်လုပ်ရင်း ငြင်းပယ်မြဲ ငြင်းပယ်နေခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် (၆) နှစ်နီးပါး အကျယ်ချုပ်ချထားခံနေရစဉ်အတွင်း (၂) ကြိမ်တိတိ တွေ့ဆုံဆွေးနွေးခဲ့တဲ့ ပုံစံလုပ်ပြပြီး၊ နိုင်ငံတကာအမြင် ပြည်တွင်းအမြင်ကောင်းအောင် လိမ်ညာဖန်တီးပြခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လွတ်မြောက်လာပြီးဖြစ်တဲ့အခါမှာတော့ ဘာမှ မယ်မယ်ရရ တွေ့ဆုံဆွေးနွေးခဲ့ရ သေးခြင်းမရှိသေးတာ၊ အားလုံးသိဖြစ်လာပါတယ်။ ယုံကြည်မှုတည်ဆောက်ခြင်းအဆင့်လိုလို၊ အဆက်အသွယ်စတင်ထူထောင်နိုင်ဖို့ ကြိုးပမ်းခြင်း ခြေလှမ်းလိုလို၊ ဟိုလိုလို ဒီလိုလုပ်ပြီး နဝတက လှျော့ချပြခဲ့ပါတယ်။ နိုင်ငံတကာအမြင်ကို ဆက်လက်လှည့်စားနိုင်ဖို့အတွက် ထောက်လှမ်းရေးက ဗိုလ်မှူးကြီးကျော်ဝင်း နဲ့ ဒုဗိုလ်မှူးကြီး သန်းထွန်း တို့ကိုပဲ ဒေါ်အောင်ဆန်းစုကြည် အိမ် ဆက်လက်ဝင်ထွက်နေစေခဲ့ပြီး အဆက်အသွယ်မပျက် ဆက်လက် ဆွေးနွေးရေးကို လုပ်ဆောင်နေသလိုလို အပေါက်မျိုး ချိုးခဲ့ပါတယ်။ လာရောက်တွေ့ဆုံတဲ့ ဒုဗိုလ်မှူးကြီးသန်းထွန်း ဆီကတဆင့် တွေ့ဆုံဆွေးနွေးပွဲတွေ စတင်လုပ်ဆောင်သင့်ကြောင်း၊ တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့သာ တိုင်းပြည်ရဲ့အကျိုးနဲ့ ပြည်သူလူထုရဲ့ အခက်အခဲအကြပ်အတည်းတွေကို ဖြေရှင်းနိုင်မှာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် က ထပ်တလဲလဲ တင်ပြခဲ့ပေမယ့် စစ်အစိုးရက တွေ့ဆုံဆွေးနွေးရေးကို နည်းအမျိုးမျိုးနဲ့ ခေါင်းရှောင်နေခဲ့ပါတယ်။

စစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ခြံဝင်းရှေ့ လူထုတရားပွဲတွေကိုလည်း အစိုးရပိုင် သတင်းစာကနေ ပြန်လည်တုန့် ပြန်တိုက်ခိုက်တာတွေ အဆက်မပြတ် လုပ်လာခဲ့ပါတယ်။ စစ်ဗိုလ် ထိပ်သီး ကြီးငယ်မျိုးစုံက ကလောင်နာမည်အမျိုးမျိုးခံပြီး ဒေါ်အောင်ဆန်းစုကြည် ကို အဓိက ဦးတည်တိုက်ခိုက်ကြ တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကို ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တိုက်ခိုက်ကြသလို၊ ဦးတင်ဦး၊ ဦးကြည်မောင် တို့ကိုလည်း ဆန်ကုန်မြေလေး သက်ကြားအိုကြီးနှစ်ဦးဆိုပြီးတဖုံ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမြဲလိုလို ဟောပြောပွဲမှာ ရပ်ရပ်နေတာကို ရည်ညွှန်းပြီး လူပြက်ကြီးနှစ်ဦးဆိုပြီး တမျိုး၊ ပယ်ပယ်နယ်နယ် ပုဂ္ဂိုလ်ရေး ထိုးနှက်ရှုတ်ချမှုတွေ လုပ်လာပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း နတ်ကတော်လိုလို ရည်ညွှန်းလိုက်၊ ဗိုလ်ကတော်လို့ ခေါ်ဝေါ်သရော်လှောင်ပြောင်လိုက်နဲ့ အောက်တန်းကျကျ ပေါ်ပေါ်ထင်ထင် စော်ကားတာတွေလုပ်ဆောင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ လူထုဟောပြောပွဲကိုလည်း "လမ်းဘေး ဇရပ်ပျက်ပွဲ" "လမ်းဘေးနတ်ကန္တားပွဲ" လို့ အမျိုးမျိုး ကင်ပွန်းတပ် လှောင်ပြောင်ခဲ့ပါတယ်။

ဒီကြားထဲမှာ ကုလသမဂ္ဂက "အယ်ဗာရိုဒီဆိုတို" ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် နဲ့ လာရောက်တွေ့ဆုံပါတယ်။

အမေရိကန်နိုင်ငံမှ "မစ္စ မက်ဒလင်းအောဘရိုက်" စက်တင်ဘာလထဲမှာ ရန်ကုန်ကိုရောက်ရှိလာ ပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့ တွေ့ဆုံပါတယ်။ အောက်တိုဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည် ဟာ (အကျယ်ချုပ်က လွတ်မြောက်လာပြီးတဲ့နောက် ရန်ကုန်မြို့ရဲ့ ပြင်ပ ပထမဆုံးခရီးစဉ်အဖြစ်) ကရင်ပြည် ပြည်တွင်းက "သာမည ခရီးစဉ်ကိုထွက်ဖြစ်ပြီး သာမည ဆရာတော်ဘုရားကြီးကို သွားရောက်ဖူးမျှော်ပါ တယ်။

အောက်တိုဘာလထဲမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် "ရိုဇိုရိုဂိုတာ" ဗမာပြည်ကိုရောက်ရှိလာပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လေ့လာစုံစမ်းတာ လုပ်ဆောင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နဲ့လည်း တွေ့ဆုံဆွေးနွေးတာတွေ လုပ်ဆောင်ပါတယ်။

နဝတ ကတော့ လာသမျှ နိုင်ငံတကာ့လေ့လာစုံစမ်းသူများကို တွေ့ဆုံဆွေးနွေးရေးကို လုပ်မှာဖြစ် ပါတယ်။ ဒါပေမယ့် အချိန်တော့ ကြာလိမ့်ဦးမယ်ဆိုတဲ့အဖြေကိုပဲ ပေးရင်း၊ အကြောင်းပြ အချိန်ဆွဲရေး ပေါ်လစီကျင့်သုံးပြီး တွေ့ဆုံဆွေးနွေးရေးကို ရှောင်တိမ်းဖယ်ရှားနေခဲ့ပါတယ်။ အမှန်တကယ် တွေ့ဆုံဆွေး နွေးချင်တဲ့ ဆန္ဒမရှိကြောင်း ထင်ရှားနေခဲ့ပါတယ်။

၂၄–၁၁–၉၅ နေ့မှာ ဗိုလ်မှူးအောင်၊ သခင်ချစ်မောင်၊ သခင်သိန်းဖေ စတဲ့ ဝါရင့်နိုင်ငံရေးသမား ဟောင်းကြီး (၂၃) ဦးတို့က၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးပြဿနာများအပေါ် အခြေခံပြီး၊ နဝတနဲ့ NLD တို့ တွေ့ဆုံဆွေးနွေးကြဖို့ တိုက်တွန်းတဲ့စာတစောင်ကို နဝတ ဥက္ကဋ္ဌဆီ ပေးပို့ခဲ့ကြပါတယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် နိုင်ငံရေးသမားဟောင်းကြီးများရဲ့ ပန်ကြားလွှာဖြစ်ပါတယ်။ NLD ကိုလည်း ပေးပို့ခဲ့ ပါတယ်။

၂၆–၁၁–၉၅ နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေး ဒုဝန်ကြီး ဦးသိန်းစိန်၊ ရဲချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ထောက်လှမ်းရေး ဒုညွှန်မှူး ဗိုလ်မှူးကြီးကျော်ဝင်း တို့က၊ ပန်ကြားလွှာ ပေးပို့ခဲ့ကြတဲ့ ဗိုလ်မှူးအောင် အပါအဝင် နိုင်ငံရေးသမားကြီးတွေကို ခေါ်ယူပြီး မေးမြန်းစွပ်စွဲတာလုပ်ပါတယ်။

ဗိုလ်မှူးကြီးတင်လှိုင် က "ဘဘတို့လိုလားချက်ဟာ အမေရိကန်ပွဲကြီးနဲ့ တထပ်တည်းဖြစ်နေပါ တယ်။ အမေရိကန်သံရုံးက ဒေါ်အောင်ဆန်းစုကြည် အိမ် နေ့စဉ် အဝင်အထွက်ရှိနေတယ်။ အောဘရိုက် ကလည်း တင်းတင်းမာမာ ပြောသွားတယ်၊ အမေရိကန်ခိုင်းသမျှ လုပ်ပေးရမယ့်သဘောဖြစ်နေတယ်။

အမေရိကန်လက်ကိုင်ဒုတ် အဖြစ်မခံနိုင်ပါ'' လို့ ပြောသွားရင်း ''အခုဆိုရင် လက်နက်ကိုင်အဖွဲ့ (၁၅) ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်လာခဲ့ပါတယ်။ ကျန်တဖွဲ့လည်း ရောက်လာနိုင်အောင် ကြိုးပမ်းနေပါတယ်။ မကြာမီအချိန်အတွင်း ရောက်လာလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ထားပါတယ်'' ဆိုတာတွေ ပြောဆိုသွားခဲ့ပါတယ်။ ဒို့တာဝန်အရေး (၃) ပါးနဲ့ ဦးတည်ချက် (၁၂) ချက် ချမှတ်အကောင်အထည်ဖော်နေကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် အိမ်ကို အမေရိကန်ဗြိတိန် နဲ့ သြစတေးလျသံရုံးတွေက အမြဲဝင်ထွက်ပြီး ညွှန်ကြားနေကြောင်း၊ အဘတို့တွေဟာ အသက်ကြီးနေကြပြီဖြစ်တဲ့အတွက် အေးအေးချမ်းချမ်းနေကြစေလိုကြောင်း၊ NLD က အဘတို့ကို အသုံးချတယ် ဆွဲခေါ်တယ်လို့ ယူဆကြောင်းဆိုတာတွေလည်း ပြောဆိုစွပ်စွဲသွားခဲ့ပါတယ်။

ဗိုလ်မှူးအောင် က နိုင်ငံရေးသမားဟောင်းကြီးများကိုယ်စား ''ဘဘတို့ဟာ ဘယ်သူ့လက်ကိုင်ဒုတ်မှ မဟုတ်ကြောင်း၊ ဘယ်သူမြှောက်ပေးလို့မှလည်း မဟုတ်ကြောင်း၊ ဒီစာကို အရိုးသားဆုံးရေးတာဖြစ်ကြောင်း၊ တိုင်းပြည်အပေါ်မှာ တာဝန်ရှိနေသေးတယ်ထင်လို့ ပန်ကြားတာဖြစ်ကြောင်း၊ ဘာပယောဂမှမပါကြောင်း၊ ပယောဂကိုလည်း လက်မခံကြောင်း'' ပြန်လည်တုန့်ပြန် ပြောဆိုခဲ့ပါတယ်။

ဗိုလ်မှူးကြီးတင်လှိုင် က ''လုပ်ဆောင်ချက်ဟာ အမေရိကန်ပြောတာနဲ့ တထပ်တည်းဖြစ်နေတယ်၊ ပယောဂပါသယောင် ဖြစ်နေတယ်၊ NLD က ဆွဲခေါ်သွားသလိုဖြစ်နေတယ်၊ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို တကယ်လိုလားတယ်၊ ဘယ်အစိုးရမှ မလုပ်ခဲ့တာတွေလုပ်နေတယ်။ တိုင်းရင်းသားညီညွတ်ရေးကို လုပ်နေတယ်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်လာရင် မပါအောင်ပြောတာပါ'' ဆိုပြီး ရှင်းပြသလိုလို ပန်ကြားသလိုလိုနဲ့ အနုစ်သာရအားဖြင့် သတိပေး ခြိမ်းခြောက်တာကို ပြုလုပ်ခဲ့ပါတယ်။

ဗိုလ်မှူးအောင်က ''အညှိုရှိရင် ယင်အုံမှာပဲ၊ ယင်အုံတာမခံချင်လို့ ဒီစာကိုရေးတာလို့'' ဖြေကြားခဲ့ပါတယ်။

၂၇–၁၁–၉၅ နေ့မှာ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဗိုလ်မှူးအောင် တို့သဘောထားမျိုးနဲ့ တူညီတဲ့စာတစောင်ကို နဝတ ဥက္ကဋ္ဌ နဲ့ဒေါ်အောင်ဆန်းစုကြည် ဆီ လိပ်မူပြီး ပေးပို့ခဲ့ပါတယ်။ ပြည်ထဲရေး ဒုဝန်ကြီးနဲ့အဖွဲ့က ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ချက်ချင်းခေါ်ယူပြီး အမေရိကန်နောက်လိုက်၊ NLD နောက်လိုက်မလုပ်ဖို့ ပြောကြားသတိပေးပြန်ပါတယ်။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဘယ်သူ့သြဇာကိုမှ ခံပြီးလုပ်နေတာမဟုတ်ကြောင်း၊ စေတနာအမှန်နဲ့ ရေးသားခြင်းဖြစ်ကြောင်း တုန့်ပြန်ဖြေရှင်းခဲ့ပါတယ်။

နဝတ က ငြိမ်းချမ်းရေးကို လိုလားပါတယ်၊ တိုင်းရင်းသားညီညွတ်ရေးကို လုပ်နေပါတယ်လို့ ပါးစပ်ကပြောနေပေမယ့် ဒေါ်အောင်ဆန်းစုကြည် တို့ရဲ့ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်ကို အဆက်မပြတ်ပယ်ချနေတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ဦးစီးတဲ့ နေအိမ်ရှေ့ လူထုဟောပြောပွဲတွေနောက်ပိုင်း၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် မစ္စအော်ဘရိုက် လာရောက်ပြီး နဝတ ရော ဒေါ်အောင်ဆန်းစုကြည်နဲ့ပါ တွေ့ဆုံခဲ့ပြီးနောက်ပိုင်း၊ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည် အပေါ် တိုးတိုးတဖုံ ကျယ်ကျယ်တမျိုး တိုးချဲ့တိုက်ခိုက် ထိုးနှက်တာတွေသာ လုပ်ဆောင်ခဲ့ပါတယ်။ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည် ကို အနောက်အုပ်စုလက်ကိုင်ဒုတ်အဖြစ် နယ်ချဲ့လက်ပါးစေတွေအဖြစ် ပုံဖော် ဝါဒဖြန့်ချိ တိုက်ခိုက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကို အနောက်မယ်တော်ကြီး၊ အနောက်မျှော်မိဖုရားကြီးဆိုတဲ့ သရော်ပြောင်လှောင်တဲ့ အသုံးအနှုန်းတွေနဲ့အပြင် ကြံ့ဖွံ့တွေဆီကနေတဆင့် ရပ်ကွက်နေ ပြည်သူလူထုကြားမှာ ''ကုလားအုပ်မကြီး'' ဆိုတဲ့ ရိုင်းရိုင်းစိုင်းစိုင်းဝေါဟာရတွေနဲ့အထိ ပက်ပက်စက်စက်ထိုးနှက်တိုက်ခိုက်ပါတယ်။

တရားဝင် ကျင်းပခွင့်ရှိသူမဟုတ်ပါပဲ မတရားသဖြင့် စီစဉ်ဖန်တီးမှုနဲ့ ကျင်းပနေခဲ့တဲ့ အတုအယောင် အမျိုးသားညီလာခံကြီးအတွင်းမှာလည်း သူတို့စိတ်ကြိုက် ဦးတည်ချက်ကြီး (၆) ချက်ဆိုတာကို ချမှတ်ပြဋ္ဌာန်းခဲ့ရုံမက (ဦးတည်ချက် ၆ ချက်ထဲမှာ သူတို့အလိုချင်ဆုံး အရေးကြီးဆုံး ဦးတည်ချက်က "အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတာ အဓိကဖြစ်ပါတယ်။) ညီလာခံကိုယ်စားလှယ်အချိုးအစားက အစ၊ စာတမ်းများပြုစုတင်ပြရာမှာ အာဏာပိုင်များက စိစစ်ပြင်ဆင်တာ အလယ်၊ ညီလာခံအတွင်း အချင်းချင်း အပြန်အလှန် ဖလှယ်ခွင့်ညှိနှိုင်းခွင့် အသင့်မြတ်ဆုံးကို ရွေးချယ်ခွင့်မပြုပဲ၊ တင်ပြချက်တွေအများအပြားကို ဥပေက္ခာပြု ဖယ်ရှားပစ်တာတွေ အဆုံး၊ လုံး၀ လုံး၀ လွတ်လပ်ခွင့်မရှိပဲ ကျင်းပနေခဲ့ပါတယ်။

၂၈–၁၁–၉၅ နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံတက်ရောက်နေမှုကို ရပ်ဆိုင်းလိုက်ပါတယ်။ တနည်းအားဖြင့် အမျိုးသားညီလာခံအတုအယောင်ကို သပိတ်မှောက်လိုက်ပါတယ်။ အတုအယောင်အမျိုးသားညီလာခံကို ဒီအတိုင်း ဆက်လက်ကျင်းပသွားမယ်ဆိုပါက –

(၁) အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊
(၂) စစ်မှန်သောပါတီစုံ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာနိုင်ရေး၊
(၃) အများပြည်သူတို့ ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် ပေါ်ထွန်းရေးများကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ပါလို့လည်း NLD က သဘောထားကြေညာလိုက်ပါတယ်။ တဆက်တည်းမှာ တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ ညှိနှိုင်းအဖြေရှာကြဖို့ တောင်းဆိုဖော်ပြခဲ့ပါတယ်။

အတုအယောင်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့် က NLD ရဲ့ ကျောခိုင်းထွက်ခွာသွားမှုအပေါ် ပြင်းပြင်းထန်ထန် တုန့်ပြန်ဝေဖန်ခဲ့ပါတယ်။ တလျောက်လုံး အမျိုးသားညီလာခံကို NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ ခေါင်းဆောင်ပြီး တက်နေရာက ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီးနောက်မှ အခုလိုဖြစ်ပေါ်လာရတာဖြစ်ကြောင်း၊ ဒါ တင်ကူးကြံစည်တာသာဖြစ်ကြောင်းလို့ ရှုတ်ချပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ အစီအစဉ်ရှိရှိ ကြံစည်ချက်၊ ကြိုးကိုင်ချယ်လှယ်ဆောင်ရွက်ချက်အဖြစ် ရည်ညွှန်းပြောဆို အပြစ်တင်ရှုတ်ချခဲ့ပါတယ်။

နဝတ စစ်အစိုးရက မခံမရပ်နိုင် ရှုတ်ချပြစ်တင်ခဲ့ပေမယ့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်းမြောက်များစွာကတော့ အတုအယောင်အမျိုးသားညီလာခံကို ကျောခိုင်းဆန့်ကျင် သပိတ်မှောက်ထွက်ခွာလာခဲ့တဲ့ NLD ရဲ့ ရဲဝံ့တဲ့ ဆုံးဖြတ်ချက်အပေါ် ထောက်ခံသြဘာပေးခြင်းပြုခဲ့ကြပါတယ်။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားများကောင်စီ **(NCUB)**၊ (၂) **NCGUB**၊ (၃) **DAB**၊ (၄) မဒတ၊ (၅) **ABSDF**၊ (၆) လူ့ဘောင်သစ်၊ (၇) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ် **(ABSL)**၊ (၈) **KNU**၊ (၉) ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး၊ (၁၀) ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၊ (၁၁) ရခိုင်ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ (၁၂) ပြည်သူ့ပြည်ချစ်ပါတီ (ပီပီပီ)၊ (၁၃) ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့၊ (၁၄) **NLD-LA** စတဲ့ အဖွဲ့အစည်းနဲ့ နိုင်ငံရေးပါတီတွေက တခဲနက် ထောက်ခံခဲ့ကြပါတယ်။

NLD အဖွဲ့ချုပ်နဲ့ နဝတ စစ်အစိုးရတို့ရဲ့ ထိပ်တိုက်တိုးရမှုကြီးဟာလည်း ဒုတိယအကြိမ်အဖြစ် ပေါ်ပေါ်ထင်ထင် ဖြစ်ပေါ်လာခဲ့ပါတယ်။ စစ်အစိုးရရဲ့ ခေါင်းမာမှု၊ မရိုးသားမှု၊ အာဏာလက်မလွှတ်လိုမှု မတော်မတရားပြုမှု မှုတွေကြောင့် ပေါ်ပေါက်လာခဲ့ရပြန်တာဖြစ်ပါတယ်။

## စစ်အစိုးရဲ့ခြေလှမ်းများ၊ ဖောက်ပြန်ယုတ်မာမှုများ၊ နိုင်ငံရေးအကြပ်အတည်းများနဲ့ ဒီမိုကရေစီရေးလှုပ်ရှား မှုများ၊ အဖြစ်အပျက်များ

စစ်အစိုးရဟာ ပြည်တွင်းဒီမိုကရေစီအင်အားစုများ၊ နိုင်ငံတကာ့ဖိအားပေးမှုများ၊ ရှုတ်ချကန့်ကွက်ဝေဖန်နေမှုများကြားကနေ အာဏာကို လုံးဝလက်မလွှတ်ပဲ ခေါင်းမာမာနဲ့ ဆက်လက်ချုပ်ကိုင် အုပ်စိုးနေခဲ့ပါတယ်။ အမျိုးသားရင်ကြားစေ့ရေး တောင်းဆိုနေမှုတွေအားလုံး၊ စေ့စပ်ဆွေးနွေး အဖြေရှာရေးတွေအားလုံးကို မျက်ကွယ်ပြုပြီး ပြောင်ပြောင်တင်းတင်း အုပ်စိုးနေဆဲဖြစ်ပါတယ်။ နိုင်ငံတကာက ဖိအားပေးမှုတွေပြင်းထန်လာတဲ့အခါ၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာ့ဖိအားပေးမှုတွေကို လျော့နည်းအောင်ပြုဖို့ ဒါမှမဟုတ် မျက်လှည့်ပြ လှည့်စားဖို့ လိုအပ်လာတဲ့အခါ၊ စေ့စပ်ဆွေးနွေးနေသယောင်ယောင်၊ စေ့စပ်ဆွေးနွေးညှိနှိုင်းတော့မယောင်ယောင် အမျိုးမျိုး လိမ်ညာခဲ့ပါတယ်။ တကယ်ကတော့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှု၊ အဖြေရှာမှုကိုလည်း မလိုလားသလို၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် အာဏာလက်လွှတ်ပေးရမှာကိုလည်း အဖြစ်မခံနိုင်ပဲ၊ အမြဲထာဝရ စစ်တပ်အပေါ် စီးကနေရရေး၊ စစ်အာဏာရှစ်စနစ် ဆက်လက်အသက်ရှင်ရေးကို နည်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ် ညစ်ပတ်စုတ်ပွဲ့နေခဲ့တာသာဖြစ်ပါတယ်။

အနိုင်ရ NLD ဟာ လွှတ်တော်သက်တမ်းတခုစာမက အချိန်ကြာညောင်း ကုန်ဆုံးသွားခဲ့ရတာတောင် အာဏာလွှဲပြောင်းပေးအပ်ခြင်းခံရဖို့နေနေသာသာ၊ လွှတ်တော်ခေါ်နိုင်ဖို့ နေနေသာသာ၊ တရားဝင်ပါတီအဖြစ်က ချုပ်ငြိမ်းမသွားရအောင် အခက်အခဲ အမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

နဝတ စစ်အစိုးရဟာ ကိုယ်ကိုယ်တိုင် ဦးစီးကျင်းပပေးခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို လုံးဝလေးစားလိုက်နာခြင်းမရှိရုံမက၊ မျက်နှာပြောင်ပြောင်နဲ့ ငြင်းပယ်ယုတ်မာနေခဲ့တာကိုလည်း တကမ္ဘာလုံးကပါ သိရှိသဘောပေါက်နေကြပြီးဖြစ်ပေမယ့် ဘယ်အဖွဲ့အစည်းကမှ ပြုတ်ကျသွားအောင် လုပ်မပေးနိုင်ကြပါ။

၁၉၉၅ ခုနှစ်ကုန်မှာ တရားဝင်နိုင်ငံရေးပါတီအဖြစ်ရှိနေတာ (၁၀) ပါတီလောက်ပဲကျန်ပါတော့တယ်။ ပါတီပေါင်း (၂၀၀) ကျော်ဟာ စစ်အစိုးရရဲ့ ဖိနှိပ်မှုအလီလီကြောင့် ကွယ်ပျောက်သွားရပြီဖြစ်ပါတယ်။

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးသည် နိုင်ငံသားအားလုံး၏ ပဓာနကျသော အဓိကတာဝန်" ဆိုတဲ့ ကြွေးကြော်သံကြီးကို တစောင်တည်းသော နဝတ သတင်းစာကြီးမှာ နေ့စဉ်ရိုက်နှိပ် ဖော်ပြကြွေးကြော်နေခဲ့ပေမယ့် အခြေခံဥပဒေသစ်ကလည်း ဘယ်တော့မှ ပေါ်ထွက်မလာနိုင်မယ့် အနေအထားမျိုး ဖန်တီးထားပါတယ်။ နဝတ လိုချင်တာက စစ်တပ်အပေါ် စီးက ထာဝရနေရမယ့် အခြေခံဥပဒေ၊ စစ်တပ်တမတ် အခြေခံဥပဒေ၊ နိုင်ငံတော်သမတနေရာကိုတောင် စစ်တပ်ကိုပဲ ပေးရမယ့်သဘော အခြေခံဥပဒေ၊ အချိန်မရွေး စစ်တပ်က အာဏာသိမ်းခွင့်ရရမယ့် အခြေခံဥပဒေမျိုးဖြစ်ပါတယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်ဆိုတာ ဘာအဓိပ္ပါယ်မှမရှိ၊ နိုင်ငံတော်အာဏာဟာ ပြည်သူလူထုထံက ဆင်းသက်ရမယ်ဆိုတာကို ပြောင်းပြန်လှန်ပစ်ပြီး စစ်တပ်ကနေ ဆင်းသက်ရမယ့်သဘောဖြစ်နေတဲ့ အခြေခံဥပဒေသစ်မျိုးနဲ့ စစ်တပ်အောက်က ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ဖန်တီးပေးပြီး ဒီမိုကရေစီနိုင်ငံတော်သစ်လို့ အမည်တပ်ချင်နေတာဖြစ်ပါတယ်။ ဘယ်လိုမှ မဖြစ်သင့်မဖြစ်ထိုက် မဖြစ်နိုင်တဲ့အနေအထားမျိုးဖြစ်နေတဲ့အတွက် ပြည်သူလူထုတရပ်လုံး ဒုက္ခပေါင်းစုံ ဆိုက်နေရပါတယ်။ မဆလ စစ်အာဏာရှင်စနစ်အောက်မှာ ပိန်းပိတ်အောင် မှောင်နေခဲ့ရတဲ့ ဗမာပြည်ကြီးဟာ နဝတ စစ်အာဏာရှင် စနစ်အောက်

မှာ မှောင်ရုံမက ဘာမှမမြင်ရတော့လောက်အောင် မဲနက်ညစ်ပေနေခဲ့ရပါတယ်။ ဗမာပြည်သမိုင်းမှာ အညစ်ပတ်ဆုံး အစုတ်ပဲ့ဆုံး အလိမ်ညာဆုံး စစ်အစိုးရနဲ့ စစ်အုပ်စုလို့ မော်ကွန်းထိုးပေးသင့်ပါတယ်။

ဗမာပြည်ဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ နာမည်အထွက်ဆုံးနိုင်ငံ၊ မူးယစ်ဆေးဝါးရာဇာကြီးတွေ အထွက်ဆုံးနိုင်ငံ၊ အစိုးရနဲ့ မူးယစ်ဆေးဝါးရာဇာကြီးတွေ ပုလင်းတူဖုံးဆို့ ဖြစ်ခဲ့ကြပြီ၊ မူးယစ်ဆေးဝါးရာဇာ ဘိန်းရာဇာကြီးများရဲ့ တရားမဝင်ငွေမဲများဟာ တရားဝင် ငွေဖြူတွေဖြစ်လာရရုံမက၊ တနိုင်ငံလုံးရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေအပေါ် ပေါ်ပေါ်ထင်ထင် မြုပ်နှံရင်းနှီးနိုင်ခွင့်အရဆုံး နိုင်ငံသဖွယ်ဖြစ်လာခဲ့ပါတယ်။

၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ဆန်းဆန်းချင်းမှာပဲ ဘိန်းဘုရင်ကြီး ခွန်ဆာနဲ့ ခွန်ဆာရဲ့ MTA မော်ထိုင်းတပ်မတော်ဆိုတာကြီး ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာပါတယ်။ အကြွင်းမဲ့ လက်နက်ချ အလင်းဝင်ပွဲကြီး ကျင်းပပြီး တရားဝင်ပြန်လည်ရောက်ရှိလာပါတယ်။ တောထဲပို့ထားတဲ့ ကိုယ့်တပ်ဖွဲ့ကြီးကို မြို့ပေါ် ပြန်ခေါ်လိုက်တဲ့သဘောပါပဲလို့ သုံးသပ်ပြတဲ့ အဖွဲ့အစည်းများက သုံးသပ်ပြကြပါတယ်။ ဘိန်းဘုရင်ခွန်ဆာဟာ ဦးခွန်ဆာ ဖြစ်သွားရုံမက စစ်အစိုးရရဲ့ နွေးနွေးထွေးထွေး စောင့်ရှောက်ကူညီမှုဆိုတာတွေနဲ့အတူ စီးပွားရေးလုပ်ငန်းပေါင်းစုံမှာလည်း ရင်းနှီးမြုပ်နှံ လက်ဝါးကြီးအုပ်နိုင်သူတဦးဖြစ်လာခဲ့ပါတယ်။ အမေရိကန်က မူးယစ်ဆေးဝါးမှုတွေနဲ့ ခွန်ဆာကို လွှဲအပ်ပေးဖို့ တောင်းဆိုပါတယ်။ နဝတ ငြင်းပယ်ပါတယ်။

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၅) နဲ့ (၁၆) ရက်နေ့မှာ ကေအဲန်ယူနဲ့ နဝတ တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲ မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အတွင်း စတင်ကျင်းပဖြစ်ပါတယ်။ တဖွဲ့ချင်းမဆွေးနွေးပဲ တပ်ပေါင်းစုနဲ့ တွေ့ဆုံဆွေးနွေးရန်ဆိုတဲ့အချက်ကို စွန့်ပယ်လိုက်ပြီး တဖွဲ့ချင်းအနေနဲ့ ဆွေးနွေးရေးကို ကေအဲန်ယူ က လက်ခံဆွေးနွေးခဲ့တာဖြစ်ပါတယ်။ တနည်းအားဖြင့် လိုက်လျောမှုကို ဖော်ပြပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီလို မဆွေးနွေးဖြစ်ခင်မှာ (၁၈–၁၂–၉၅) နေ့မှာ မဏ္ဍာမကိုယ်စားလှယ်လွှတ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် ညှိနှိုင်းပြင်ဆင်ခဲ့ကြပါတယ်။ ညှိနှိုင်းပြင်ဆင်စည်းဝေးတဲ့ တွေ့ဆုံမှုကို ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲအဖြစ် သတ်မှတ်ပြီး အခုတကြိမ် တွေ့ဆုံဆွေးနွေးမှုကို ဒုတိယအကြိမ် ဆွေးနွေးပွဲအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ကေအဲန်ယူ အဖွဲ့ကို "မန်းရှာလဖန်း" က ခေါင်းဆောင်ပြီး အဖွဲ့ဝင် (၈) ဦးပါဝင်ပါတယ်။ နဝတ ဖက်က ဗိုလ်မှူးကြီး ကျော်သိန်း က ခေါင်းဆောင်ပြီး၊ (၈) ဦးပါဝင်ပါတယ်။ ကေအဲန်ယူဘက်တတပြည်လုံးအပစ်အခတ် ရပ်ဆိုင်းထားရေးဆိုတဲ့အချက်ကို ထိပ်တင်ပြီး အချက် (၁၂) ချက်ကို တင်ပြခဲ့ပါတယ်။ နဝတ ဘက်က အချက် (၇) ချက်ကိုသာလက်ခံပြီး၊ အဲဒီ အချက် (၇) ချက်ကို ဆွေးနွေးခြင်းမပြုမီ ကေအဲန်ယူအနေနဲ့ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်ရန်ဆိုတဲ့အချက်ကို ထိပ်တင်ဆွေးနွေးပါတယ်။ တတိယအကြိမ်ဆွေးနွေးရန် သဘောတူခဲ့ကြပြီး ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ရပ်ဆိုင်းခဲ့ပါတယ်။

၉၆ ခုနှစ်၊ မတ်လထဲမှာ ဒေါ်အောင်ဆန်းစုကြည် ရဲ့ မန္တလေး ခရီးသွားရေးအစီအစဉ်ကို နဝတဘက်က ပိတ်ပင်တားမြစ်ခဲ့ပါတယ်။ ဇွန်လ ထဲမှာတော့ နဝတ ဘက်က ဒေါ်အောင်ဆန်းစုကြည် ဟောပြောပွဲကို (ပြည်သူလူထု လာရောက်နားဆင် တက်ရောက်နေကြခြင်းကို လူ ၅ ဦးထက် ပိုမိုစုဝေးခြင်းကို ပိတ်ပင်တားမြစ်တဲ့အမိန့်နဲ့) လုံးဝ တားမြစ်ဖို့ခွဲပစ်လိုက်ပါတယ်။

စစ်အစိုးရဟာ ၁၉၉၆/၉၇ ဘဏ္ဍာရေးနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး၊ ကမ္ဘာ့လှည့်ခရီးသည်များ အမြောက်အများ လာရောက်အောင် ကြိုးပမ်းအားထုတ် ဆွဲဆောင်တာကို ကမ္ဘာ့အရပ်ရပ်ရှိ ဒီမိုကရေစီအင်အားစုဝင်များကလည်း ဗမာပြည်ကို မသွားရောက်ကြဖို့ နည်းမျိုးစုံနဲ့ တုန့်ပြန်အားထုတ်တားဆီး လှုပ်ရှားခဲ့ကြပါတယ်။

အမျိုးသားညီလာခံကို NLD က သပိတ်မှောက် ကျောခိုင်းလိုက်ပြီးတဲ့နောက်ပိုင်း နဝတ အစိုးရရဲ့ NLD အပေါ် ဦးတည်တိုက်ခိုက်မှုတွေဟာ ပိုမို သည်းသန်ပြင်းထန်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦး တို့အပေါ် ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်တိုက်ခိုက်တာတွေအပြင် လွှတ်တော်ကိုယ်စားလှယ်တွေ၊ အဆင့်ဆင့်သော အလုပ်မှုဆောင်ကော်မတီဝင်တွေ၊ စည်းရုံးရေးဆိုင်ရာအဖွဲ့ဝင်တွေအပေါ်လည်း အမျိုးမျိုး အပြစ်ရှာ တိုက်ခိုက် ဖိနှိပ်စော်ကားလာခဲ့ပါတယ်။ ခေါင်းဖြတ်ပြီး ကိုယ်ယူဆိုတဲ့ နည်းဗျူဟာမျိုးနဲ့ ဦးဆောင်သူ ထိပ်ပိုင်းအဆင့်နဲ့ အောက်ခြေစည်းရုံးရေးအဆင့် အသီးသီးတွေကြား အဆက်အစပ်မဲ့အောင်၊ လှုပ်ရှားလို့မရအောင် အစီအစဉ်ရှိရှိ အကွက်ချဆောင်ရွက်တာတွေ တိုးမြှင့်လုပ်ဆောင်လာခဲ့ပါတယ်။ ပါတီဆိုင်းဘုတ်တွေဆက်လက်မတင်ဝံ့အောင် အဆောက်အဦပိုင်ရှင်တွေကို ခေါ်ယူခြိမ်းခြောက်တာမျိုးတွေ၊ ဆိုင်းဘုတ်ဖြုတ်ချစေတာမျိုးတွေ လုပ်ဆောင်ခဲ့သလို၊ အပြစ်မရှိ အပြစ်ရှာပြီး ဖမ်းဆီးအရေးယူတာမျိုးတွေ၊ အဖွဲ့ဝင်အိမ်တွေ၊ အဖွဲ့ချုပ်ရုံးခန်း အဆောက်အဦတွေအတွင်း အတင်းဝင်ရောက် ရှာဖွေစစ်ဆေးတာမျိုးတွေလည်း တပြည်လုံး အနှံ့ ပြုလုပ်ခဲ့ပါတယ်။ အဖွဲ့ချုပ်ဝင် ရှေ့နေတွေ ဆရာဝန်တွေကို လိုင်စင်သိမ်းတာ၊လိုင်စင်ထုတ်မပေးတာမျိုးတွေ၊ ရုံးဌာနဆိုင်ရာတွေ အတွင်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေကြတဲ့ အဖွဲ့ချုပ်ဝင်တွေရဲ့ မိသားစုဝင်တွေကိုအတင်းခြိမ်းချောက်အကြပ်ကိုင်ပြီး၊ အဖွဲ့ချုပ်ဝင်အဖြစ်က နုတ်ထွက်စာတင်ခိုင်းတာမျိုးတွေ၊ အဖွဲ့ချုပ်ဝင်တွေကိုပဲ တမင်ရွေးပြီးလုပ်အားပေးပေါ်တာ၊ အထမ်းသမားအဖြစ် ခိုင်းစေ ညှင်းပန်းတာမျိုးတွေ နေရာအနှံ့ဒေသအနှံ့မှာ ယုတ်ယုတ်မာမာ အကောင်အထည်ဖော်ခဲ့ပါတယ်။ စစ်တပ်၊ ရဲ၊ ထောက်လှမ်းရေး၊ ကြံ့ဖွံ့၊ မီးသတ်ဆိုတာတွေကို အသုံးပြုပြီး NLD ဖိနှိပ်ရေးအစီအစဉ်မျိုးစုံကို အကောင်အထည်ဖော်စေခဲ့ပါတယ်။

NLD ဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီးတဲ့နောက် အလုပ်အမှုဆောင်ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးကြည်မောင် တို့ အဖမ်းအဆီးခံနေရစဉ် ပါတီကို ဖြစ်တဲ့နည်းနဲ့ ဆက်လက်ရပ်တည်နိုင်အောင် ထိန်းသိမ်းတာဝန်ယူခဲ့တဲ့ ဦးအောင်ရွှေ ရဲ့လုပ်ဆောင်ခဲ့မှုတွေကို မြင့်မြင့်မားမား တန်ဖိုးဖြတ်ခဲ့ပြီးတဲ့နောက်၊ ဥက္ကဋ္ဌအဖြစ် ဦးအောင်ရွှေ ဒုဥက္ကဋ္ဌအဖြစ် ဦးတင်ဦး နဲ့ ဦးကြည်မောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည်ဆိုပြီး ပြန်လည်ဖွဲ့စည်းခဲ့တဲ့အတွက် နဝတ ရဲ့တရားမဲ့လုပ်ရပ်တွေ၊ မတော်မတရား ပြုမူဖမ်းဆီးဖိနှိပ်မှုတွေအပေါ် ဦးအောင်ရွှေ က ဥက္ကဋ္ဌအဖြစ် လက်မှတ်ရေးထိုး ကန့်ကွက်တိုင်ကြား ထုတ်ပြန်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း နဝတ အလိုကျ ရေငုံနုတ်ပိတ်လုပ်နေခဲ့သလို၊ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကလည်း ဘာတခုမှဆောင်ရွက်အရေးယူပေးခြင်း ဟန်ပြလေးတောင် မလုပ်ဆောင်ခဲ့ကြပါ။ တကြိတ်တည်း တဉာဏ်တည်း အစီအစဉ်ရှိရှိ ပူးပေါင်းလုပ်ဆောင် အကောင်အထည်ဖော်ခဲ့ကြတယ်ဆိုတာ တကမ္ဘာလုံးသိ ဖြစ်နေပါတယ်။

၉၆ ခုနှစ်၊ ဇူလိုင်မှာ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်မှာ၊ ဗမာပြည်သွားရောက် စီးပွားရေးလုပ်ဆောင်ကြမယ့် ကန်ထရိုက်စာချုပ်များကို တားဆီးပိတ်ပင်တာ လုပ်ဆောင်ပါတယ်။ စက်တင်ဘာလထဲမှာလည်း ကာလီဖိုးနီးယားအခြေစိုက် (Unocal) ရေနံကုမ္ပဏီကြီးကို ဆန့်ကျင်ကန့်ကွက်ကြတဲ့ လှုပ်ရှားမှုတွေ ပေါ်ပေါက်လာပါတယ်။ Unocal ဟာ ဗမာပြည်မှာ ပြုလုပ်မယ့် အမေရိကန်ဒေါ်လာ (၁.၂) ဘီလျံတန် ရေနံထုတ်လုပ်ရေးပရိုဂျက်မှာ ပါဝင်နေတဲ့ အဓိကကုမ္ပဏီကြီးတခုဖြစ်ပါတယ်။ အမေရိကန်အစိုးရက ဗမာပြည် နဝတစစ်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် အပြင်းအထန် ကန့်ကွက်အရေးယူဖိအားပေးတာတွေ လုပ်ဆောင်နေပေမယ့် အမေရိကန် ကုမ္ပဏီကြီးတချို့နဲ့ လုပ်ငန်းရှင်ကြီးတချို့ကတော့

ဗမာပြည်မှာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ အမြတ်ထုတ်ဖို့ လုပ်ဆောင်နေခဲ့ကြပါတယ်။

နဝတ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ပေါ်လစီအရပ်ရပ်အောက်မှာ ဗမာပြည် ပြည်သူတွေ အကြပ်အတည်းပေါင်းစုံ ဆိုက်နေရချိန်မှာ၊ အမေရိကန်၊ ဥရောပသမဂ္ဂ (EU) အပါအဝင် အနောက်အုပ်စုနိုင်ငံကြီးများက စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု၊ သံတမန်ရေးအရ ပိတ်ဆို့အရေးယူမှုတွေ အစိုးရများအနေနဲ့ လုပ်ဆောင်ခဲ့ကြပေမယ့် အဲဒီ အနောက်နိုင်ငံကြီးများကိုယ်တိုင်ရဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီကြီးများနဲ့ အာဆီယံဝင်နိုင်ငံအများစုဟာ၊ စစ်အစိုးရရဲ့ ပေးအပ်ထားတဲ့ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံ ပိုင်ဆိုင်ခွင့်နဲ့ မက်လုံးအဖုံဖုံအပေါ် ရေပြင် မြေပြင် သစ်တောအပါအဝင် တနိုင်ငံလုံးကို ဈေးပေါပေါနဲ့ လက်ညှိုးထိုး ရောင်းစားနေ၊ လုပ်ပိုင်ခွင့်တွေပေးနေတဲ့အပေါ်၊ သူ့ထက်ငါ လာရောက်အမြတ်ထုတ်နိုင်ဖို့ ကြိုးစားနေကြတာတွေလည်း ရင်နာစရာ တွေ့ရပါတယ်။ မသာအိမ်မှာလာပြီး ဖဲဒိုင်ခံရေး ကြိုးပမ်းနေကြသလိုမျိုးဖြစ်ပါတယ်။

အာဆီယံက အပြုသဘောဆောင်ဆက်ဆံရေးဆိုတာကို ကြွေးကြော်နေသလို၊ အနောက်အုပ်စုထဲက ရင်းနှီးမြှုပ်နှံလိုသူတွေကလည်း အာဆီယံနဲ့ ဆင်တူရိုးမှားအသံတွေကိုပဲ ပေးနေခဲ့ကြပါတယ်။ နဝတကြိုက် ပုံစံတွေဖြစ်နေခဲ့ပြီး နဝတ ဟာ ဆက်လက် လက်မထောင်နေခဲ့ပါတယ်။

နဝတ ဟာ NLD ဖြိုခွဲရေး၊ NLD ပြိုပျက်ရေးကို နည်းမျိုးစုံနဲ့ ဆက်လက်လုပ်ဆောင်နေရုံမက တဆင့်တိုးယုတ်မာမှုတွေကို ဖော်ပြလာပါတယ်။ သူတို့ကိုယ်တိုင် နာယကပြုဖွဲ့စည်းပေးထားတဲ့ ကြံ့ဖွံ့ကနေတဆင့် ပေါ်ပေါ်ထင်ထင် ဖော်ပြလာတာတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ကြံ့ဖွံ့အသင်းအတွင်းရေးမှူး (ရထားပို့ဆောင်ရေးဝန်ကြီး) ဦးဝင်းစိန် ဟာ နိုဝင်ဘာလ (၁) ရက်နေ့မှာ စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာမှာပြုလုပ်တဲ့ ကြံ့ဖွံ့အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲမှာ "ဒေါ်စုကြည်ကို သုတ်သင်ရှင်းလင်းပစ်ရမယ်ဖြစ်ကြောင်း၊ သုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ နားလည်ကြသလား၊ သုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ သတ်ပစ်ရမယ်လို့ဆိုတာဖြစ်ကြောင်း" ယုတ်ယုတ်မာမာပြောဆိုခဲ့ပါတယ်။ (၁–၁၁–၉၆) နေ့မှာပဲ ကသာမြို့နယ် သိမ်အင်းကျေးရွာကြံ့ဖွံ့ အဆိုပြုလွှာပေးအပ်ပွဲမှာလည်း "အောင်ဆန်းစုကြည် ကို သတ်ရဲလား" လို့ သုံးကြိမ်သုံးခါ မေးမြန်းတိုင်တည် အော်ဟစ်ပေးရင်း တရားလက်လွတ် မြှောက်ထိုးပင့်ကော် သွေးထိုးပေးတာတွေ ရှိုင်းရိုင်းစိုင်းစိုင်း ပြုလုပ်ခဲ့ပါတယ်။ တကယ် ယုတ်ယုတ်မာမာ မင်းမဲ့စရိုက်ဆန်ဆန် လက်တွေ့လုပ်ဆောင်ချင်သူဟာ နဝတ ပဲဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြနေခဲ့ပါတယ်။

၉–၁၁–၉၆ နေ့မှာတော့ NLD အဖွဲ့ချုပ် ထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဒု–ဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးကြည်မောင် တို့စီးနင်းလိုက်ပါလာတဲ့ကားကို လူပေါင်း (၂၀၀) လောက်ရှိတဲ့ လိုင်စင်ရလူရမ်းကားတစုက လူကိုသေစေနိုင်လောက်တဲ့ တုတ်၊ ဓား၊ ကျောက်ခဲ လက်နက်တွေနဲ့ ယုတ်ယုတ်မာမာ ကာယကံမြောက် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြပါတယ်။ ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေးလို့ တဖွဖွအော်နေကြတဲ့ အာဏာပိုင်အဖွဲ့အစည်းအသီးသီး၊ လုံခြုံရေးတွေအသီးသီးရှိရာ ရန်ကုန်မြို့လယ်ခေါင်ကြီးအတွင်းမှာပဲ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌ ဦးတင်ဦး က ဗဟန်းမြို့နယ် ရဲစခန်းမှာ ကနဦး သတင်းပေးတိုင်ကြားချက်ကို ဥပဒေကြောင်းနဲ့အညီ ဖွင့်လှစ်တိုင်တန်းခဲ့ပါတယ်။ နဝတ စစ်အစိုးရက ရေငုံနုတ်ပိတ်လုပ်ပြီး မသိကျိုးကျွံပြုနေခဲ့ပါတယ်။ တရားခံဖော်ထုတ်ရေး အမှုမှန်ပေါ်ပေါက်ရေးကို လုံးဝ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမပြုပဲ မသိကျိုးကျွံပြုနေခဲ့ကာ နဝတ ကိုယ်တိုင် အလိုတူအလိုပါ ပြုတဲ့ကိစ္စဖြစ်ကြောင်း ထင်ရှားနေခဲ့ပါတယ်။ အကြမ်းဖက် ယုတ်မာခဲ့ကြသူတွေဟာ ကြံ့ဖွံ့ဝင်တွေဖြစ်တယ်လို့ ဆိုပါတယ်။ အစိုးရကိုယ်

တိုင် နောက်ကွယ်ကပါဝင်တဲ့ နိုင်ငံတော်အကြမ်းဖက်မှုပုံစံဖြစ်ပါတယ်။ ဒီလောက် ဆိုးဝါးယုတ်မာတဲ့ အစိုးရမျိုး၊ ဗမာပြည်သမိုင်းမှာ မရှိသေးဖူးလို့တောင် မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ပြည်တွင်း ဒီမိုကရေစီ အင်အားစုများနဲ့ နိုင်ငံတကာကပါ ဆန့်ကျင်ရှုတ်ချခဲ့ကြပါတယ်။

ကေအဲန်ယူ နဲ့ နဝတ တို့ရဲ့ စတုတ္ထအကြိမ်တွေ့ဆုံဆွေးနွေးပွဲအဖြစ် (၂၁–၁၁–၉၆) နေ့ကနေ (၂၃–၁၁–၉၆) နေ့အထိ ကျင်းပဖြစ်ခဲ့ကြပြီး နဝတ ရဲ့ သဘောထားမမှန်မှုကြောင့် ဘာအောင်မြင်မှုမှမရပဲ အဆုံးသတ်သွားခဲ့ရပါတယ်။ တတိယအကြိမ်အဖြစ် (၂၉–၆–၉၆) နေ့ကနေ (၂–၇–၉၆) အထိ ဆွေးနွေးခဲ့ကြတုန်းက တပြည်လုံး အပစ်အခတ်ရပ်စဲရေးထုတ်ပြန်ဖို့ ကေအဲန်ယူက တင်ပြခဲ့ပေမယ့် နဝတ က ပယ်ချခဲ့သလို လက်ရှိ ပြည်တွင်းစစ်ဟာ နိုင်ငံရေးပြဿနာအပေါ် အခြေခံပြီးဖြစ်ခဲ့တာကြောင့် ပြည်တွင်းစစ်ရဲ့ အခြေခံပြဿနာကို ဆွေးနွေးဖို့၊ ဒါမှ စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း တင်ပြခဲ့တာကိုလည်း နဝတ က "နဝတ ဟာ စစ်အစိုးရဖြစ်လို့ နိုင်ငံရေးနဲ့ပတ်သက်တာကို မဆွေးနွေးနိုင်ကြောင်း" ဆိုပြီး ပယ်ချခဲ့ပါတယ်။ ကေအဲန်ယူဘက်ကလည်း စစ်အစိုးရတောင်းဆိုနေတဲ့ လက်နက်ကိုင်လမ်းစဉ်စွန့် ဥပဒေဘောင်အတွင်းဝင်ရေးဆိုတာ အနှစ်သာရအားဖြင့် အညံ့ခံရေးသာဖြစ်တဲ့အတွက် လက်မခံနိုင်ကြောင်း ပြောဆိုပါတယ်။ နဝတ ဘက်က "လက်နက်ကိုင်လမ်းစဉ်စွန့် ဥပဒေဘောင်အတွင်းဝင်ရေး" ဆိုတဲ့အနှစ်သာရကို မပျက်စေဘဲ၊ တခြားစကားလုံး အသုံးအနှုန်းကို ရှာဖွေနိုင်ကြောင်း အစားထိုးနိုင်ကြောင်း ပြောဆိုပြီး ကေအဲန်ယူက အနှစ်သာရမပြောင်းပါက စကားလုံးအသစ်ရှာခြင်းဟာ အဓိပ္ပါယ်မရှိကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုစွန့် ဥပဒေဘောင်တွင်းဝင်ဆိုတဲ့ ကြိုတင်စည်းကမ်းချက်ကို ထားရန်မလိုကြောင်း ပြောဆိုရှင်းလင်းခဲ့ပြီး တတိယအကြိမ် ဆွေးနွေးမှုကို အဆုံးသတ်ခဲ့ကြတာဖြစ်ပါတယ်။

နောက်ဆုံးတော့ စတုတ္ထကြိမ်မှာ ကေအဲန်ယူဘက်က ဗိုလ်ချုပ်ကြီး "တာမလာဘော" ကခေါင်းဆောင်၊ ဒုခေါင်းဆောင်အဖြစ် မန်းရှာလဖန်နဲ့ အဖွဲ့ဝင်စုစုပေါင်း (၈) ဦး တက်ရောက်ခဲ့ပြီး၊ နဝတ ဘက်က ဗိုလ်မှူးကြီးကျော်ဝင်း က အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး စုစုပေါင်းအဖွဲ့ဝင် (၈) ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

ကေအဲယူဘက်က (၁) နဝတ နဲ့ ကေအဲန်ယူကြား အပစ်အခတ်ရပ်စဲထားရန်၊ (၂) ရေရှည်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးအတွက် နဝတ နဲ့ ကေအဲန်ယူ ဆက်လက်ဆွေးနွေးရန်၊ (၃) နှစ်ဖက် အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်တပ်များရဲ့ လိုက်နာကြရမယ့် အချက်များကို ညှိနှိုင်းသတ်မှတ်ကြရန်ဆိုတဲ့ အချက် (၃) ချက်ကို တင်ခဲ့ပါတယ်။

ကေအဲန်ယူရဲ့ အဆိုပြုချက် (၃) ချက်ကို ဗိုလ်မှူးကြီးကျော်ဝင်း က နဝတ ခေါင်းဆောင်တွေဆီ အစီရင်ခံလိုက်ပြီး၊ နဝတ ခေါင်းဆောင်များက အချက် (၆)ချက် ချမှတ်ဖော်ပြခဲ့ပါတယ်။ အဲဒီ (၆)ချက်က (၁) လက်နက်ကိုင်လမ်းစဉ်စွန့်၊ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်းနဲ့ တရားဝင် ထုတ်ပြန်ကြေညာခြင်း၊ (၂) အပစ်အခတ်ရပ်ဆိုင်းခြင်း၊ (၃) တပ်နေရာချထားမှုညှိနှိုင်းခြင်း၊ (၄) နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ (၅) နိုင်ငံရေးနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံတွင် တက်ရောက်လေ့လာခြင်းနဲ့ (၆) အခြေခံဥပဒေပေါ်ပေါက်ပြီးပါက လက်နက် အပြီးအပိုင်စွန့်ပြီး တရားဝင် နိုင်ငံရေးပါတီ ထူထောင်ခြင်းဆိုတာဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကြောင်းကို အရင်ဆုံးကြေညာဖို့ဆိုတာ ဖြစ်ပါတယ်။

၁၉၉၆ ဒီဇင်ဘာ (၃၁) ရက်နေ့မှာ ကေအဲန်ယူက ကေအဲန်ယူရဲ့ သဘောထားပြန်ကြားချက်ကို နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံလိပ်မူပြီး ပြန်ကြားခဲ့ပါတယ်။ အချက် (၁) ဟာ အနှစ်သာရအားဖြင့် အညံ့ခံရေးဖြစ်တဲ့အတွက် ကြိုတင်စည်းကမ်းချက်အဖြစ်ထားရမယ့်အရာမဟုတ်၊ အချက် (၅) နဲ့ ပတ်သက်

ပြီး အမျိုးသားညီလာခံက ချမှတ်ထားတဲ့ နိုင်ငံရေးဦးတည်ချက် (၆) ချက်မှာ အနာဂတ် အမျိုးသားနိုင်ငံရေးမှာ တပ်မတော်က ဦးဆောင်အခန်းက ပါဝင်ရမယ်ဆိုတဲ့အချက်ဟာ နဝတ ကိုယ်တိုင် အကောင်အထည်ဖော်ပေးဖို့ လူထုကို ကတိပေးထားတဲ့ ပါတီစုံဒီမိုကရေစီ အခြေခံမူတွေနဲ့ ဆန့်ကျင်နေပြီး၊ အနိုင်ရ **NLD** ကိုယ်တိုင် ဆန့်ကျင်သပိတ်မှောက်ခဲ့တဲ့အပြင် ပြည်သူလူထုကလည်း ညီလာခံကို ယုံကြည်စိတ်ဝင်စားမှုမရှိတော့တာကြောင့် ကေအဲန်ယူအနေနဲ့ ညီလာခံ တက်ရောက်လေ့လာရန်မဖြစ်နိုင်။ အချက် (၆) ဖြစ်တဲ့ အခြေခံဥပဒေပေါ်ပေါက်ပြီးပါက လက်နက်စွန့်ရမယ်ဆိုတဲ့အချက်ဟာလည်း ပေါ်ပေါက်လာတဲ့အခြေခံဥပဒေကို ပြည်သူအားလုံး တိုင်းရင်းသားအားလုံး လက်ခံနိုင်/မနိုင် မသိရသေးဘဲ၊ ဥပဒေပေါ်ပေါက်ပြီးပါက လက်နက်စွန့်ရေး ကြိုတင်ကတိပေးထားရေးဟာ ကြောင်းကျိုးယုတ္တိမရှိတဲ့အတွက် ကေအဲန်ယူက လက်မခံနိုင်ဆိုတဲ့အကြောင်း အသေးစိတ် ပြန်ကြားခဲ့ပါတယ်။ ပဥ္စမအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး နှစ်ဖက်ကြိုးစားသင့်ကြောင်းလည်း ဆက်လက်တောင်းဆိုဖော်ပြခဲ့ပါတယ်။ မိတ္တူကို ဗိုလ်ချုပ်ကြီးမောင်အေး၊ အတွင်းရေးမှူး (၁) ဒုဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုဗိုလ်ချုပ်ကြီးတင်ဦး နဲ့ ငြိမ်းချမ်းရေးအကျိုးဆောင် (၅) ဦးလုံးစီလည်း ပေးပို့ခဲ့ပါတယ်။

၉၇ ခု၊ ဇန်နဝါရီ (၃၁) ရက်နေ့မှာ ငြိမ်းချမ်းရေးအကျိုးဆောင်တွေ **KNU** ဆီ ထပ်မံရောက်လာပြီး "လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ဥပဒေ ဘောင်အတွင်း ဝင်ရောက်ခြင်းမပြုနိုင်ပါက (ကကလုမ်း) တပ်မတော်ထောက်လှမ်းရေးအဖွဲ့က **KNU** နဲ့ ဆက်လက်မဆွေးနွေးနိုင်တော့ကြောင်း" ဆိုတဲ့ နဝတ ခေါင်းဆောင်တွေရဲ့ မှာကြားချက်ကို ပြောပြပါတယ်။ နဝတဥက္ကဋ္ဌ ဆီပေးပို့ခဲ့တဲ့ (၃၁၊ ၁၂၊ ၉၆) နေ့စွဲပါ စာပါ ရပ်တည်ချက်အတိုင်း **KNU** က ဖော်ပြတုန့်ပြန် ဖြေကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ နိဂုံးတံသွားရပါတော့တယ်။

(ဆွေးနွေးရေးမပြီးပြတ်ခင်၊ ဇန်နဝါရီလထဲကတည်းက စစ်အတွက် အသင့်ပြင်ထားပြီး၊ နဝတ တပ်တွေဟာ ဖေဖော်ဝါရီလ (၁၁) ရက်နေ့ကစပြီး **KNU** ဒေသတွေအတွင်း အပြင်းအထန် နောက်ထပ်ထိုးစစ်ကြီး ဆင်ပါတော့တယ်။ အချုပ်ကတော့ နဝတ ရဲ့ သဘောထားမမှန်မှုကြောင့် ဆွေးနွေးပွဲတွေ ပျက်ခဲ့ရပြန်တာဖြစ်ပါတယ်။)

ဝါဒဖြန့်ချိရေးအရ လက်နက်ကိုင်အဖွဲ့ (၁၅) ဖွဲ့နဲ့ ငြိမ်းချမ်းရေးရအောင် ဆွေးနွေးတည်ဆောက်နိုင်ခဲ့ပြီလို့ နဝတ က တလျှောက်လုံး မင်္ဂလာယူပြောဆိုနေပေမယ့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **(KNPP)** နဲ့ (၃) လကျော်ပဲ ငြိမ်းချမ်းရေးသက်တမ်းကြာခဲ့ပြီး၊ နဝတ ရဲ့ စည်းကမ်းချိုးဖောက် သဘောထားမမှန်မှုတွေကြောင့် ၉၅ ခုနှစ်၊ ဇွန်လကစပြီး ပြန်လည် အပြင်းအထန် တိုက်ပွဲတွေဖြစ်ပွားနေခဲ့ကြပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားသွားခဲ့ပြီးဖြစ်ပါတယ်။ မွန်ပြည်သစ်ပါတီ **(MMSP)** ရဲ့ တပ်တချို့နဲ့လည်း ဒေသတချို့မှာ တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားနေရပြီဖြစ်ပါတယ်။ နိုင်ငံရေးအရ လုံးဝဆွေးနွေးညှိနှိုင်းရခြင်းမရှိဘဲ အပစ်အခတ်ရပ်စဲထားကြတဲ့ အဆင့်တွေသာရှိခဲ့ပြီး၊ ငြိမ်းချမ်းရေးအဆင့်ဘယ်အဖွဲ့မှ ရောက်ခဲ့ကြတာမဟုတ်ပါ။ အစကတည်းက နိုင်ငံရေးအဖွဲ့အစည်းသဘောမရှိခဲ့တဲ့ ခွန်ဆာအဖွဲ့သာ အကြွင်းမဲ့ လက်နက်ချခြင်းနည်းနဲ့ ကိစ္စပြတ်သွားခဲ့တဲ့အနေအထားဖြစ်ပါတယ်။ ဘိန်းဘုရင်ခွန်ဆာကတော့ ဦးခွန်ဆာအဖြစ် (ဦးသက်အောင် အဖြစ်) စီးပွားရေးလုပ်ငန်းကြီးတွေအတွင်း၊ ဝင်ရောက်ရင်းနှီးနေနိုင်ခဲ့ပြီး ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်နည်းတူ စစ်အစိုးရရဲ့ အကာအကွယ်ရရှိနေခဲ့ပြီဖြစ်ပါတယ်။ ဘိန်းနဲ့မူးယစ်ဆေးဝါးနဲ့ မကင်းမရှင်းဖြစ်နေကြတဲ့ ငြိမ်းအဖွဲ့တချို့ရဲ့ မကောင်းသတင်းတွေဟာလည်း ပြည်တွင်းပြည်ပမှာတိုးမြင့်နာမည်ထွက်ပေါ်လာခဲ့ပါတယ်။

၁၉၉၆ ခုနှစ်အကုန်မှာ ပေါ်ထွက်လာခဲ့တဲ့ လူထုတိုက်ပွဲကြီးတရပ်ကတော၊ ဗမာပြည်နိုင်ငံရေးလှုပ်

ရှားမှုသမိုင်းမှာ အစဉ်ရှေ့တန်းအခန်းက ပါဝင်ခဲ့တဲ့၊ ကျောင်းသားထုရဲ့ "ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှု တိုက်ပွဲကြီး" ပဲဖြစ်ပါတယ်။ ဒီဇင်ဘာ (၆) ရက်နေ့မှာ ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။ အင်အား (၄၀၀၀)ကျော် လောက်ရှိတဲ့၊ ဆန္ဒကျင်ဆန္ဒပြကြသူတွေနဲ့ လှိုင်ထိန်းရဲတွေ ရန်ကုန်မြို့တော်မှာ ထိပ်တိုက်တိုးခဲ့ကြပါတယ်။ စစ်အစိုးရက အကြမ်းဖက် ဖြိုခွဲခဲ့ပါတယ်။ ကျောင်းသားတွေအမြောက်အမြား အဖမ်းခံကြရပါတယ်။ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှု လူထုတိုက်ပွဲကြီးမပေါ်ခင်၊ အောက်တိုဘာ (၂၁) (၂၂) ရက် ညတွေက တည်းက ရန်ကုန်စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားထု ထောင်နဲ့ချီ ပါဝင်တဲ့ အင်အားပြ ကန့်ကွက်ပွဲကြီး ပေါ်ပေါက်ခဲ့ပါသေးတယ်။ ၆၊ ၁၂၊ ၉၆ နေ့ ရန်ကုန်ကျောင်းသားဆန္ဒပြ ပွဲကြီးနဲ့ ပတ်သက်ပြီး 'ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ' က ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ယခုအကြိမ် ရန်ကုန်ကျောင်းသားဆန္ဒပြပွဲမှာ ကျောင်းသားတွေကို မတရားရိုက်နှက်ခဲ့သူများကို အရေးယူ အပြစ်ပေးရန်၊ ဖမ်းဆီးထိန်းသိမ်းခံကျောင်းသားများအားလုံးကို ပြန်လွှတ်ပေးရန်၊ ကျောင်းသားသမဂ္ဂ တရားဝင်ဖွဲ့စည်းခွင့်ပြုရန်၊ စတဲ့စတဲ့ ကျောင်းသားများရဲ့ တောင်းဆိုချက်များကို NCUB က ပြတ်သားစွာ ထောက်ခံကြောင်း၊ ဒီဇင်ဘာ (၉) ရက်နေ့စွဲနဲ့ NCUB ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြ က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။ နအဖ က ကျောင်းတွေကိုပိတ်လိုက်ပါတယ်။ ၁၉၉၇ ခုနှစ်ထဲဝင်တာနဲ့ စတင်ပေါ်ထွက် လာခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုကတော့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးဖြစ်ပါတယ်။ ကော်သူး လေပြည်နယ် KNU အခြေခံဒေသ "မယ်သရောထာ" မှာ ဇန်နဝါရီ (၇) ရက်က (၁၄) ရက်နေ့အထိ ကျင်းပခဲ့တာဖြစ်ပါတယ်။ ကရင်၊ ကချင်၊ ကရင်နီ၊ ကယန်း၊ မွန်၊ ဝ၊ ချင်း၊ ရခိုင်၊ ပအိုဝ့်၊ ပလောင်၊ လားဟူ၊ ရှမ်းတိုင်းရင်းသားအဖွဲ့အစည်းများနဲ့ အဖွဲ့အစည်းခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ လေ့လာသူများ စုစုပေါင်း (၁၁၁) ဦး တက်ရောက်ခဲ့ကြပါတယ်။ နဝတ နဲ့ ငြိမ်းအဖွဲ့လုပ်ထားတဲ့ KIO, UWSP, မွန်ပြည်သစ်ပါ တီ၊ ကယန်းပြည်သစ်ပါတီ တို့လို အဖွဲ့အစည်းကိုယ်စားလှယ်တွေပါ တက်ရောက်ခဲ့ပါတယ်။ ရလဒ်အဖြစ် "မယ်သရောထာကြေညာချက်" ထွက်ပေါ်လာခဲ့ပါတယ်။ စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်း ငြိမ်း ချမ်းရေး တည်ဆောက်ရန်၊ ဒီမိုကရေစီစနစ် ကျင့်သုံးရန်၊ လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရန်၊ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရန်ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်ဆိုင်ရာ သဘောတူညီချက်အပြင်၊ အတုအယောင် အမျိုးသားညီလာခံနဲ့ ပတ်သက်တဲ့ သဘောတူညီချက်၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးနဲ့ ပက်သတ် တဲ့ သဘောတူညီချက်တွေပါ ရရှိခဲ့ကြပါတယ်။ NLD ကို ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ အနိုင်ရပါတီကြီးအဖြစ် အသိအမှတ်ပြုထောက်ခံကြောင်း ဖော်ပြခဲ့သလို နဝတ အုပ်ချုပ်နေစဉ်အတွင်း ဗမာပြည်ကို အာဆီယံအဖွဲ့ ဝင်အဖြစ် လက်မခံဘဲ ဆိုင်းငံ့ထားရေးတောင်းဆိုဖို့ အေစီယံ ကို ပန်ကြားဖို့ပါ သဘောတူခဲ့ကြပါတယ်။ မယ်သရောထာသဘောတူညီချက်မှာ အချက်ပေါင်း (၁၀) ချက်တိတိပါဝင်ခဲ့ပါတယ်။

၉၇ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်က (၁၅) ရက်နေ့အထိ၊ ကျင်းပတဲ့ စတုတ္ထအကြိမ် "မဒတ" ညီလာခံကြီးကလည်း "မယ်သရောထာ" ရလဒ်ကို ထိန်းသိမ်းပြီး ဆက်လက်ကြိုးပမ်းရေး ထပ်မံဖော်ပြဆုံး ဖြတ်ခဲ့ကြပါတယ်။

၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက် အနှစ် (၅၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကလည်း မယ်သရောထာသဘောတူညီချက်ကို ထပ်လောင်းထုတ်ဖော် ကိုးကားပြောဆိုသွားခဲ့ပြီး၊ စစ်မှန်တဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် NLD နဲ့အတူ ပူးပေါင်းဆောင် ရွက်ကြဖို့၊ လက်နက်ကိုင် ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့တွေကိုပါ ဖိတ်ခေါ်ပါကြောင်း အထွေထွေအတွင်းရေး မှူးရဲ့ မိန့်ခွန်းအဖြစ် ပြောဆိုသွားခဲ့ပါတယ်။ မတ်လထဲမှာ ဗိုလ်ချုပ်ကြီးမောင်အေး က KNU လက်နက်ချ

တပ်ရင်းမှူး သူးမူပဲကို ဒူးထောက်ခိုင်းရုံမက ကရင်အမျိုးသားအလံကိုပါ စစ်ဖိနပ်နဲ့ နင်းချေပြခဲ့ပါတယ်။ ယုတ်မာလှပါတယ်။

၉၇ ခုနှစ်၊ ဧပြီလမှာ အတွင်းရေးမှူး (၂) ဒုဗိုလ်ချုပ်ကြီး တင်ဦးနေအိမ်၊ ပါဆယ်ဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး၊ သမီးဖြစ်သူ တက္ကသိုလ်ဆရာမ သေဆုံးသွားခဲ့ရပါတယ်။ အတွင်းရေးမှူး (၁)၊ ထောက်လှမ်းရေးအကြီးအကဲ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်က ဂျပန်နိုင်ငံရောက် ဒီမိုကရေစီအင်အားစုဝင် ပုဂ္ဂိုလ်တချို့ကို တရားခံအဖြစ် စွပ်စွဲပြောဆိုသွားခဲ့ပါတယ်။ တရားခံအစစ် မပေါ်ခဲ့ပါ။

စစ်အစိုးရက ငြိမ်းအဖွဲ့တွေကို NLD နဲ့ ပတ်သက်ဆက်စပ်မှုမလုပ်ဖို့ သတိပေးတာ၊ ခြိမ်းခြောက်တာ၊ တားမြစ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ တဆက်တည်းမှာ NLD ကိုလည်း တပြည်လုံး နေရာအနှံ့မှာ၊ တိုးပြီးဖိနှိပ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကြံ့ဖွတ်တွေကို အသုံးချပြီး လူထုအစည်းအဝေးဆိုတာကြီးတွေကိုလည်း တိုးမြှင့်ဖန်တီး ကျင်းပစေခဲ့ပါတယ်။ NLD ကို အစိုးရပိုင် မီဒီယာတွေ အားလုံးကနေပြီးလည်း တရှိန်တိုးတိုးမြှင့် ့ တိုက်ခိုက်ပါတယ်။

နိုင်ငံတကာက စစ်အစိုးရရဲ့ NLD ဖိနှိပ်ရေးတိုးမြှင့် လုပ်ဆောင်နေမှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် ရှုတ်ချ အပြစ်တင် ကန့်ကွက်တာတွေ လုပ်ဆောင်ရင်း၊ နဝတ အပေါ် တိုးမြှင့်ပိတ်ပင် ကန့်သတ်တာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ နဝတ ရဲ့ အေစီယံအဖွဲ့ဝင်ဖြစ်ရေး လျှောက်ထားကြိုးပမ်းချက်အပေါ် အမေရိကန်နဲ့ EU အဖွဲ့က အေစီယံကို လက်မခံဘဲ ဆိုင်းငံ့ထားဖို့ ဖျောင်းဖျ နားချခဲ့ကြပါတယ်။

နဝတ ကလည်း တချက်ခုတ် နှစ်ချက်ပြတ်နည်းမျိုးနဲ့ နိုင်ငံရေးကစားဖို့ ကစားကွက်ထွင်ပါတယ်။ အဲဒါကတော့ နိုင်ငံတကာအမြင်မှာ တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုနေကြသူတွေကို တွေ့ဆုံဆွေးနွေးရေး ခြေလှမ်း လှမ်းလာနေပြီလို့ အမြင်ရှိလာအောင်၊ တဆက်တည်းမှာ ဒေါ်အောင်ဆန်းစုကြည် ကိုလည်း ဘေးဖယ်ပြီးသားဖြစ်အောင်၊ ဇူလိုင် (၁၇) ရက်နေ့မှာ ဥက္ကဋ္ဌ ဦးအောင်ရွှေ နဲ့ ဗဟိုအလုပ်အမှုဆောင်ဝင် ဦးသန်းထွန်း နဲ့ ဦးလှဖေ ကို၊ အတွင်းရေးမှူး (၁) က ခေါ်ယူတွေ့ဆုံပါတယ်။ NLD က အစိုးရနဲ့ ထိပ်တိုက်တွေ့ရေးတွေ လုပ်နေတယ်လို့ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်က ပြောဆိုတာအပေါ် ဦးအောင်ရွှေ က မဟုတ်ကြောင်းပြောသလို ဦးသန်းထွန်း က ရွေးကောက်ပွဲအနိုင်ရ NLD ကို အသိအမှတ်မပြုတဲ့အပြင် ဖိနှိပ်မှုတွေ ဆိုးဆိုးဝါးဝါး ခံစားနေရကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ရေးကို နဝတ ကသာ လုပ်နေကြောင်း လို့ပြန်လည်ပြောဆိုခဲ့ပါတယ်။ အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးလှဖေ ကလည်း အောက်ခြေမှာ အလွန်ဖိနှိပ်ချုပ်ချယ်ခံနေရပါတယ်။ ဆိုင်းဘုတ်တွေဖြုတ်ချတာ လူတွေဖမ်းဆီးတာတွေ ခံနေရပါတယ်လို့ ပြောဆိုခဲ့ပါတယ်။ အတွင်းရေးမှူး (၁)က ဒါတွေ အဆင်ပြေအောင်လုပ်ပေးမယ် NLD ကလည်း ပြုပြင်ပါလို့ ဆုံးမသြဝါဒပေးလိုက်သလိုလို ပြောဆိုလွှတ်လိုက်ပါတယ်၊ တကယ်က ဆွေးနွေးခဲ့ကြရတာမဟုတ်ပါ။ ဆွေးနွေးလိုစိတ်လည်း မရှိခဲ့ပါ။ ဆွေးနွေးမှုလုပ်တယ်လို့ အထင်ခံရအောင် အပေါ် စီးကနေ ခေါ်ယူတွေ့ဆုံခဲ့တာသာဖြစ်ပါတယ်။

ဇူလိုင် (၂၄) ရက်နေ့မှာ မလေးရှားနိုင်ငံမှာကျင်းပတဲ့၊ အေစီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ဗမာနိုင်ငံကို လောနိုင်ငံနဲ့အတူ အေစီယံဝင်ခွင့်ပြုရေး ဆုံးဖြတ်လိုက်ပါတယ်။ အေစီယံဟာ (၈၊ ၈၊ ၆၇) နေ့မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး၊ အေစီယံရဲ့နှစ် (၃၀) မြောက် (၉၇) ဩဂုတ်လမှာ ဗမာပြည်ကို အေစီယံဝင်နိုင်ငံအဖြစ် တရားဝင် အသိအမှတ်ပြုလက်ခံလိုက်ကြပါတယ်။ စစ်အစိုးရက အေစီယံဝင်နိုင်ငံဖြစ်လာတာကို သံတမန်ရေးအရ ရောမအောင်ပွဲအဖြစ် မှတ်ယူ လက်မထောင်လိုက်ပါတယ်။

ဩဂုတ်လ (၅) ရက်နေ့ နေ့စွဲနဲ့ ထွက်ပေါ်လာခဲ့တာကတော့၊ နိုင်ငံရေးသမားဟောင်းကြီးတွေကိုယ်စား ဗိုလ်မှူးအောင် လက်မှတ်ရေးထိုးထုတ်ပြန်တဲ့ "နဝတ အဖွဲ့သို့ ပန်ကြားလွှာ" ဖြစ်ပါတယ်။ ဗိုလ်မှူးအောင်

နဲ့ နိုင်ငံရေးသမားဟောင်းကြီးများဟာ ပြည်ထဲရေး ဒုဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နဲ့ ထောက်လှမ်းရေးအဖွဲ့က ခေါ်ယူသတိပေး တားမြစ်ပြီးတဲ့နောက်မှာဘဲ ပေးစာ၊ ပန်ကြားလွှာ၊ သဝဏ်လွှာ၊ ဆိုတာတွေ လိုအပ်သလို ထုတ်ပြန်ပေးပို့မြဲ ပေးပို့ဆောင်ရွက်ခဲ့ကြပါတယ်။ အမျိုးသားရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးရေး ရည်မှန်းချက်နဲ့ တိုက်တွန်းနှိုးဆော်ခဲ့ကြတာတွေချည်းဖြစ်ပါတယ်။ ဩဂုတ်လ (၅) ရက်နေ့စွဲပါ စာမှာတော့၊ ရွေးကောက်ပွဲကျင်းပပြီးစီး ခဲ့တာ (၇) နှစ်ကျော်ပြီဖြစ်ပေမယ့် လွှတ်တော် အခုထိ ခေါ်ဆိုနိုင်ခြင်းမရှိတာဟာ နိုင်ငံရေးအကြပ်အတည်းကြီးတခုလို့ ဖော်ပြခဲ့ပြီး၊ စီးပွားရေးမတည်မငြိမ်ဖြစ်နေရတာတွေကို ကုန်ဈေးနှုန်း အဆမတန်ဖြစ်နေရတာ၊ ငွေကြေးဖောင်းပွလွန်းနေတာ၊ သွင်းကုန်ပို့ကုန် ချိန်ခွင်လျှာ မညီမမျှဖြစ်နေရ တာတွေနဲ့ ထောက်ပြခဲ့ပြီး၊ လူမှုရေးအရ အဆင့်မြင့်ကျောင်းတွေ ပိတ်ထားရတာ၊ အောက်ခြေဆင်းရဲသားများ ဆေးမကုနိုင်တာ၊ ငွေများတရားနိုင်ဖြစ်နေတာ၊ ဝန်ထမ်းများ စာရိတ္တပျက်ပြားနေရတာတွေနဲ့ ပွင့်ပွင့်လင်းလင်း ထောက်ပြခဲ့ပါတယ် “အထက်ပါအခြေအနေများအရ မြန်မာနိုင်ငံ၏ အထွေထွေပြဿနာသည် တဦးတယောက် အဖွဲ့အစည်းတခုနှင့်သာ ဆိုင်သည့်ပြဿနာမဟုတ်ဘဲ တမျိုးသားလုံး တပြည်လုံးနှင့်ဆိုင်သည့် အမျိုးသားရေးအကြပ်အတည်းကြီးအဖြစ် ဆိုက်ရောက်နေသည်ဟု ကျွန်ုပ်တို့က ရိုးသားစွာ ထင်မြင်ယူဆကြပါသည်” ဆိုပြီး ပန်ကြားလွှာထဲမှာ ရဲရဲဝင့်ဝင့် ထောက်ပြလိုက်ပါတယ်။ တဆက်တည်းမှာ ပုဂ္ဂိုလ်ရေးနဲ့ မိမိတို့ရဲ့ အဖွဲ့အစည်းအကျိုးစီးပွားထက် နိုင်ငံတော်တရပ်လုံးနဲ့ ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကိုရှေ့ရှုပြီး အမြန်ဆုံး တွေ့ဆုံဆွေးနွေးကြဖို့ တိုက်တွန်းပန်ကြားထားပါတယ်။

တကယ်လည်း တနိုင်ငံလုံးနဲ့ဆိုင်တဲ့ နိုင်ငံရေးအကြပ်အတည်း၊ အမျိုးသားရေးအကြပ်အတည်းကြီး ဆိုက်ရောက်နေခဲ့ပြီဖြစ်ပါတယ်။

ချမ်းသာကြွယ်ဝလာကြတာကတော့ စစ်အုပ်စု၊ စစ်အုပ်စုနွယ်ဝင်များနဲ့ ဘိန်းမူးယစ်ဆေးဝါးနဲ့ ပတ်သက်သူတွေသာဖြစ်ပါတယ်။

စက်တင်ဘာ (၁၅) ရက်မှာ နဝတ အတွင်းရေးမှူး (၁) က၊ NLD ဥက္ကဋ္ဌ နဲ့ အလုပ်အမှုဆောင်ဦးစိုးမြင့်၊ ဦးလွန်းတင် တို့ကို လာရောက်တွေ့ဆုံဖို့ အပေါ် စီးကနေ ခေါ် ပြန်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုဖယ်ပြီး ခေါ်င်းခေါက် စိတ်ကြိုက်ခေါ်တဲ့သဘောဖြစ်ပါတယ်။ NLD က အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် မပါဘဲ ဖိတ်ကြားထားတာကို လက်မခံရေး ဆုံးဖြတ်ထားပြီးပြီဖြစ်လို့ ဥက္ကဋ္ဌက မလိုက်နိုင်ကြောင်း ပြောပြီး ဦးစိုးမြင့် နဲ့ ဦးလွန်းတင် ကိုသာ တွေ့ဆုံဖို့ ခွင့်ပြုစေလွှတ်ခဲ့ပါတယ်။ နဝတ က လက်မခံဘဲ ပယ်ဖျက်ခဲ့ပါတယ်။ တွေ့ချင်သူကို တွေ့ချင်သလိုတွေ့မယ်၊ အဲဒီလိုမဟုတ်ရင် မတွေ့ဘူးဆိုတဲ့သဘော နဝတ က ဖော်ပြလိုက်တာဖြစ်ပါတယ်။ ပြီးမှ ပြောင်းပြန် ဝါဖြန့်ချိတာက နဝတ က တွေ့ဆုံဖို့လုပ်ပါတယ်။ NLD ဘက်က ပါချင်တဲ့သူ မပါရလို့ မလာတာတော့ မတတ်နိုင်ဘူး၊ နဝတ ဘက်က တာဝန်မရှိဘူးလို့ ပြောဆိုလိုက်ပါတယ်။

၉၇ ခုနှစ် နှစ်လယ်ကျော်ကစပြီး အိမ်နီးချင်းထိုင်းနိုင်ငံမှာ ငွေကြေးအကြပ်အတည်း ပေါ်နေပြီဖြစ်ပါတယ်။ ထိုင်းငွေကြေးအကြပ်အတည်းဟာ ဗမာပြည်အတွက် ဘာမှ ထိခိုက်ရိုက်ခတ်နိုင်မှုမရှိဆိုတဲ့ ဟန်ပန်နဲ့ ခပ်တည်တည် ကြွားလုံးထုတ်နေပေမယ့် ဗမာပြည်ရဲ့ စီးပွားရေးအခြေအနေဟာ အဆိုးဆုံးအနေအထားဆီ ရောက်ရှိနေခဲ့ပြီးဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့မှာ ‘နဝတ’ ကနေ “နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ” (နအဖ) အဖြစ် အမည်ပြောင်းလဲလိုက်ပါတယ်။ နိုဝင်ဘာ (၁၅) ရက်နေ့မှာဘဲ နာမည်ဆိုးနဲ့ ကျော်ကြားနေပြီဖြစ်တဲ့ စစ်ဗိုလ်ချုပ် (၁၄) ဦးကိုလည်း အစုလိုက်အပြုံလိုက် ဖြုတ်ပယ်ပစ်လိုက်ပါတယ်။ ဗိုလ်ချုပ်ထွန်းကြည်၊ ဗိုလ်ချုပ်ကျော်ဘ၊ ဗိုလ်ချုပ်မြင့်အောင် နဲ့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်

ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မျိုးညွန့်လည်း ပါသွားပါတယ်။ လာဘ်စားမှု၊ စီးပွားရေးသောင်းကျန်းမှု၊ အဂတိလိုက်စားမှုတွေကြောင့် လို့ဆိုပါတယ်။ ပြည်သူတွေဟာ မွဲပြာကျနေရပေမယ့် အဖယ်ရှားခံရတဲ့ ဗိုလ်ချုပ်တွေအိမ်တွေကို ရှာဖွေသိမ်းဆည်းဖမ်းဆီးရာမှာတော့ ရွှေပိဿာပေါင်း ဆယ်ချီပြီး ဖမ်းဆီးရမိတာ၊ ကားတွေ ဆယ်ချီပြီး သိမ်းဆည်းရမိတာ၊ တိုက်တွေအလုံးပေါင်းများစွာ ပိုင်ဆိုင်နေတာတွေ ကျော်မကောင်းကြားမကောင်း ထွက်ပေါ်လာပါတော့တယ်။ နဝတ ခေတ်တလျှောက်လုံး နဝတ စစ်ခေါင်းဆောင်ကြီးတွေ ဘာတွေလုပ်ခဲ့ကြသလဲ၊ ဘယ်လောက် အကျင့်ပျက် ဖောက်ပြန်ခဲ့ကြသလဲ၊ ဘယ်လောက် အကျည်းတန်ဆိုးဝါး ဖောက်ပြန်ခဲ့ကြသလဲ ဆိုတာရဲ့ ပြယုဂ်သဖွယ်ဖြစ်ခဲ့ပါတယ်။ စီးပွားရေးသောင်းကျန်းမှုကြောင့်သာ ဖြုတ်ပယ်ရမှာဆိုရင် နဝတ ခေါင်းဆောင်အားလုံး တဦးမှ လွတ်မြောက်ဖွယ်ရာမရှိတဲ့အတွက် အခုလို ဗိုလ်ချုပ် (၁၄) ဦးကို ဖြုတ်ပယ်ပစ်လိုက်ခြင်းဟာ စီးပွားရေးသက်သက်လောက်ကိစ္စ ဟုတ်ဟန်မတူလို့လည်း အသံတွေထွက်လာခဲ့ပါတယ်။ အဖမ်းခံရသူတွေ ရာနဲ့ချီ ရှိခဲ့ပါတယ်။

၂၄–၁၂–၉၇ နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဥက္ကဋ္ဌကြီး သခင်ဗသိန်းတင် တရုတ်ပြည်မှာ ကွယ်လွန်သွားပါတယ်။

## နအဖခေတ် နိုင်ငံရေး ထိပ်တိုက်ပွဲများ၊ တင်းမာမှုများနဲ့ ဗမာပြည်

နအဖ ဆိုပြီး နဝတ ကနေ အမည်ပြောင်းပြီး ဖွဲ့စည်းလိုက်တဲ့အခါ အတွင်းရေးမှူး (၃) ဆိုတာပါထွက်ပေါ်လာပါတယ်။ အတွင်းရေးမှူး (၃) ဖြစ်လာသူက ဒုဗိုလ်ချုပ်ကြီးဝင်းမြင့် ဖြစ်ပါတယ်။

၁၉၉၈ ခုနှစ်၊ ခုနှစ်ဟာ ဗမာပြည်လွတ်လပ်ရေးရွှေရတုနှစ်ဖြစ်သလို၊ ပြည်တွင်းစစ်နှစ် (၅၀) တိုင်တဲ့နှစ်လည်းဖြစ်ပါတယ်။ NLD က လွတ်လပ်ရေးရွှေရတု အခမ်းအနားတွေ ကျင်းပပြီး ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး မိန့်ခွန်းတွေ ထွက်ပေါ်လာပါတယ်။ ရွှေရတုလွတ်လပ်ရေးနေ့ ကြေညာစာတမ်းလည်း ထွက်ပေါ်လာပါတယ်။ အနှစ်ချုပ်ကတော့ တိုင်းပြည်ရဲ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ ဖြေရှင်းကြဖို့၊ လမ်းညွှန်ခံ ဒီမိုကရေစီ မဟုတ်ဘဲ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီကို ထူထောင်ကြဖို့ဆိုတာတွေကို တင်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရဲ့ မိန့်ခွန်းမှာ လွတ်လပ်တဲ့နိုင်ငံရဲ့ ပြည်သူပြည်သားတွေပီပီ သတ္တိရှိရှိ တာဝန်သိသိနဲ့ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်သွားရမှာဖြစ်ပါတယ်လို့လည်း ပြောဆိုဖော်ပြသွားခဲ့ပါတယ်။

ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများကလည်း တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို တိုးမြှင့်တောင်းဆိုဖော်ပြခဲ့ကြပါတယ်။

NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ က ၉၈ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့မှာ "ကနေ့မှစ၍ ရက် (၆၀) ပြည့်မြောက်မည့် ဩဂုတ် (၂၁) ရက်နေ့ မတိုင်မီ လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးပါရန်" ဆိုတဲ့ တောင်းဆိုချက်ကို နအဖ ထံတင်ပြတောင်းဆိုပါတယ်။ ဇွန်လ (၃၀) ရက်နေ့မှာ "ပြည်သူလူထုက တရားဝင် ရွေးချယ်တင်မြှောက်ထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ခြေချုပ်နဲ့ ခံဝန်အက်ဥပဒေနဲ့ မတရားသဖြင့် အရေးယူနေတာတွေကို ရုတ်သိမ်းပေးဖို့ နအဖ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်တို့ထံ လိပ်မူပြီး တင်ပြတောင်းဆိုပါတယ်။

၉၈ ခုနှစ်၊ ဇူလိုင်လထဲမှာ ဒေါ်အောင်ဆန်းစုကြည် က နယ်ထွက်စည်းရုံးရေးခရီးတွေ ဆင်းဖို့ ပြင်ဆင်ထားပါတယ်။ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည် ရဲ့ ခရီးတွေကို မအောင်မြင်အောင် တားဆီးပိတ်ပင်တာတွေ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ပါတယ်။ ရန်ကုန်ကနေ မင်းလှ သွားခရီးတကြိမ်၊ ပန်းတနော် သွားခရီးတကြိမ်၊ ပုသိမ်မြို့ကိုအသွား တကြိမ် (၃) ကြိမ်တိုင်တိုင် တားဆီးပိတ်ပင်တာတွေ လုပ်ခဲ့ပါတယ်။ ပုသိမ်မြို့အသွား အညာစုကျေးရွာအနီး တားဆီးခံရတုန်းက (၇) ရက်တိုင်တိုင် ကားထဲထိုင်ပြီး ဆန္ဒပြခဲ့ပါတယ်။ နဝတ အာဏာပိုင်တွေက ကားထဲကနေ အတင်းဆွဲထုတ်ပြီး ရန်ကုန်ပြန်ပို့ခဲ့တဲ့အထိ တင်းမာမှုတွေ ပေါ်ခဲ့ပါတယ်။ ဩဂုတ်လထဲမှာ ဒေါ်အောင်ဆန်းစုကြည် က ပုသိမ်ခရီးကို ထပ်ပြီး ဒုတိယအကြိမ် ကြိုးပမ်းခဲ့ပါတယ်။ နဝတ ကလည်း ထပ်ပြီး တားဆီးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က (၁၃) ရက်တိုင်တိုင် ကားထဲထိုင် ဆန္ဒပြခဲ့ရင်း နဝတ ရဲ့ ယုတ်မာမှုတွေကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသခဲ့ပါတယ်။

၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့မှာတော့ **NLD** က ခေါင်းဆောင်ပြီး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးကွန်ဂရက်တို့ပါဝင်တဲ့ “ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ” **(CRPP)** ကို ဖွဲ့စည်းလိုက်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ **(CRPP)** ဟာ လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးရဲ့ လွှဲအပ်ထားတဲ့ လုပ်ပိုင်ခွင့်အရ ဖွဲ့စည်းခဲ့ပြီး လွှတ်တော်ခေါ်ယူရေးကို ဦးတည်ကြိုးပမ်းဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဦးအောင်ရွှေ၊ အတွင်းရေးမှူးအဖြစ် ဦးသန်းထွန်း **(NLD)** နဲ့ ဦးအေးသာအောင် (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) ဖြစ်ပါတယ်။ ဦးအေးသာအောင် ဟာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးကွန်ကရက်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဆိုတဲ့ အဖွဲ့ (၄) ဖွဲ့ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ်။ အဖွဲ့ဝင်များအဖြစ် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးလွင်၊ ဦးလှဖေ၊ ဦးစိုးမြင့်၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ တို့ဖြစ်ကြပါတယ်။ စုစုပေါင်း (၁၀) ဦးဖြစ်တဲ့အတွက် (**CRPP** ဆယ်ဦးကော်မတီ) လို့လည်း လူသိများခဲ့ပါတယ်။ ၁၇-၉-၉၈ နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ ကြေညာချက် အမှတ် (၁) နဲ့အတူ “ဤကော်မတီသည် (၉၀) ပြည့်ရွေးကောက်ပွဲဥပဒေနှင့်အညီ လွှတ်တော်ခေါ်ယူပေးရေးမှုအရ၊ လွှတ်တော်ခေါ်ယူပေးရေး ဖြစ်မြောက်သည့်အထိ လွှတ်တော်ကိုယ်စား ဆောင်ရွက်သွားမည်” လို့ ကြေညာခဲ့ပါတယ်။

CRPP ကို NCGUB, NCUB, DAB, NLD-LA, KNU, ABSDF, လူ့ဘောင်သစ်ပါတီ တို့အပါအဝင် ပြည်တွင်းဒီမိုကရေစီအင်အားစုများကလည်း တခဲနက် ထောက်ခံကြသလို နိုင်ငံတကာက အဖွဲ့အစည်းမျိုးစုံကလည်း ထောက်ခံခဲ့ကြပါတယ်။

နဝတ တဖြစ်လဲ နအဖ ကတော့ **CRPP** ပေါ်ပေါက်လာတာကို ဒေါသပုန်ထခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားပြုတွေကို တိုးမြှင့် ဖိနှိပ်တာတွေလုပ်ဆောင်ခဲ့ပါတယ်၊ အမြောက်အမြားကို ဖမ်းဆီးထိန်းသိမ်းတာတွေ ဆက်တိုက် လုပ်ဆောင်ခဲ့ပြီး ဧည့်ဂေဟာတွေမှာ ခေါ်ယူတွေ့ဆုံနေတာ၊ ဖိတ်ကြားဆွေးနွေးနေတာလို့ ခပ်ပြောင်ပြောင် လိမ်လည်ဖော်ပြ ကြေညာဖြေရှင်းခဲ့ပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားတာကိုတောင် ဖမ်းဆီးထားတာမဟုတ် ခေါ်ယူ တွေ့ဆုံဆွေးနွေးနေတာ၊ ဖိတ်ကြားဧည့်ခံနေတာဖြစ်အောင် ပြောင်လိမ်ပြောင်စားပြောဆိုခဲ့ပါတယ်။ တဖက်ကလည်း စက်တင်ဘာ (၂၄) ရက်နေ့ကစပြီး၊ တပြည်လုံး တိုင်းနဲ့ပြည်နယ်အလိုက် အတုအယောင် လူထုဆန္ဒဖော်ထုတ်ပွဲတွေ ကျင်းပပြီး **NLD** ကို ဦးတည် တိုက်ခိုက်ပါတော့တယ်။

ကြံ့ဖွံ့တွေခေါင်းဆောင်ပြီး မတက်မနေရ အတင်းအကြပ် ဖိအားပေး ဖော်ဆောင် ဖန်တီး ကျင်းပပြုလုပ်တဲ့ အတုအယောင် လူထုဆန္ဒဖော်ထုတ်ပွဲတွေမှာ ဒေါ်အောင်ဆန်းစုကြည် ကို ရစရာမရှိအောင် ထိုးနှက်တိုက်ခိုက်သိက္ခာချတာတွေလည်း လုပ်ပါတယ်။ **NLD** ကို မတရားသင်းကြေညာဖို့ ဒေါ်အောင်ဆန်းစုကြည်

ကို တိုင်းပြည်ကမောင်းထုတ်ဖို့၊ ပြည်နှင်ဒဏ်ပေးဖို့ဆိုတဲ့ ယုတ်ယုတ်မာမာ တောင်းဆိုကြွေးကြော်မှုတွေအထိ ဖော်ထုတ်ပြောဆိုလုပ်ဆောင်ခဲ့ပါတယ်။

နအဖ နဲ့ NLD ထိပ်တိုက်တွေ့ကြပြန်တဲ့ပွဲဖြစ်ပါတယ်။ နအဖ နဲ့ NLD တို့ တင်းမာမှု ထိပ်တိုက်ဖြစ်မှုတွေ တိုးလာချိန်မှာ ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် အယ်လ်ဘာရိုဒီဆိုတို ဗမာပြည်ရောက်ရှိလာပါတယ်။ ၂၈၊ ၁၀၊ ၉၈ နေ့မှာ အယ်လ်ဘာရို ဒီဆိုတိုဟာ အတွင်းရေးမှူး (၁) နဲ့တွေ့ဆုံသလို၊ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ "ဗမာနိုင်ငံအတွင်း လူ့အခွင့်အရေး လေးစားလိုက်နာမှု အခြေအနေအပေါ် ဖိအားပေးမှု တည်ဆောက်ရန် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီးများနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုပါ တွေ့ဆုံခဲ့ကြောင်း" လို့ ကုလသမဂ္ဂအရာရှိက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဗိုလ်ချုပ်ခင်ညွန့်က ဒီဆိုတိုကို "စစ်တပ်က လူထုကို အဓမ္မခိုင်းစေခြင်းများ၊ နိုင်ငံရေးအကျဉ်းသားများကို ညှဉ်းပမ်းနှိပ်စက်ခြင်းများ မရှိလို့ ပြောဆိုခဲ့တယ်ဆိုပါတယ်။

တကယ့်ကတော့ နဝတ၊ နအဖ စစ်အစိုးရဟာ အတင်းအဓမ္မ လုပ်အားပေးခိုင်းတာတွေကို တပြည်လုံးမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပါတယ်။ ရထားလမ်း၊ ကားလမ်းဖောက်ခိုင်းတာတွေ၊ လမ်းပြင်တာ၊ ရိုးဖို့တာ၊ တူးမြောင်းပေါက်၊ ကျုံးဆည် မြေသယ်ခိုင်းတာမျိုးတွေအပြင်၊ စစ်တပ်အတွက် ထွက်ယက်စိုက်ပျိုးစေတာ၊ အဆောက်အဦး ဆောက်လုပ်ခိုင်းတာ၊ မြေရိုင်းမြေလွတ် ရှင်းလင်းခုတ်ထွင်ခိုင်းတာတွေအထိ နည်းအမျိုးမျိုးနဲ့ အတင်းအကြပ် ဖိနှိပ်စေခိုင်းခဲ့ပါတယ်။ စေခိုင်းတဲ့အတိုင်း မလုပ်ဆောင်ရင်၊ အပြင်းအထန် အပြစ်ပေးတာ၊ ဒဏ်ရိုက်တာ၊ ညှဉ်းပမ်းနှိပ်စက်တာတွေအထိ ပေါ်ပေါ်ထင်ထင် ကျူးလွန်ပါတယ်။ နိုင်ငံတကာက လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူတွေက ထောက်ပြဝေဖန်ကြတဲ့အခါ အဓမ္မလုပ်အားမဟုတ် လုပ်အားပေးတာ၊ လုပ်အားအလှူပြုကြတာ ဆိုတဲ့စကားလုံးတွေနဲ့ ငြင်းဆန် တုန့်ပြန်လိမ်လည် ဖြေရှင်းခဲ့ကြပါတယ်။ ဗမာပြည်စစ်အစိုးရရဲ့ အဓမ္မလုပ်အား အသုံးပြုခြင်းတွေနဲ့ ပတ်သတ်ပြီး အိုင်အယ်လ်အို (ILO) က ၉၆ ခုနှစ်ကတည်းက ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေး အရေးယူနိုင်ဖို့ အခိုင်အမာပြင်ဆင်ခဲ့ပါတယ်။ အဓမ္မ လုပ်အားပေးခိုင်းစေမှုတွေဟာ နေရာပေါင်းစုံမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကျူးလွန်နေခဲ့တယ်လို့လည်း ကောက်ချက်ပိုင်ပိုင်ဆွဲခဲ့ပြီး စစ်အစိုးရကို အပြစ်တင်ရှုတ်ချတာ၊ ဖိအားပေး အရေးယူဖို့ပြင်ဆင်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သတ်လို့လည်း တလျှောက်လုံး နိုင်ငံရေးအကျဉ်းသားမရှိ၊ ပြစ်မှုကျူးလွန်သူတွေသာရှိတယ်လို့ ခပ်ပြောင်ပြောင် ပြောဆိုနေခဲ့ပါတယ်၊ အကျဉ်းထောင်တွေအတွင်းမှာလည်း ရက်ရက်စက်စက် ဖိနှိပ်ညှဉ်းပန်းတာ၊ ပြုမူဆက်ဆံတာ တမင်သက်သက် လူမဆံစွာ လုပ်ကိုင်ဆောင်ရွက်တာတွေကြောင့် နိုင်ငံရေးအကျဉ်းသားပေါင်းများစွာ နဝတ၊ နအဖရဲ့ အကျဉ်းထောင်တွေမှာ အသက်ဆုံးရှုံးခဲ့ရတာ တနိုင်ငံလုံးသိဖြစ်ပါတယ်။ NLD ခေါင်းဆောင်တွေထဲက ဦးသော်က (မောင်သော်က)၊ ဦးတင်ရွှေ (မုံရွာ)၊ ဦးသိန်းတင် (တင်သိန်းမောင်)၊ ဦးလှသန်း (ကိုကိုးကျွန်းလွှတ်တော်ကိုယ်စားလှယ်)၊ ဦးအောင်မင်း (မန္တလေးတိုင်းစည်း၊ ဦးတင်မောင်ဝင်း – ခရမ်းလွှတ်တော်ကိုယ်စားလှယ်)၊ ဦးမောင်ကို၊ ဦးစောဝင်း တို့သေဆုံးခဲ့ကြရသလို၊ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင် ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးခင်မောင်မြင့် (ပြည်သူ့တိုးတက်ရေးပါတီ)၊ ဦးညိုဝင်း (ပြည်သူ့တိုးတက်ရေး)၊ ဦးကင်းစိန် (ပြည်သူတိုးတက်ရေး)၊ ဗိုလ်စက်ရောင်၊ ဦးစိုးဝင်း (ပြည်သူ့ရဲဘော်)၊ ဦးစိန်ဝင်း (ကျွန်းပြန်)၊ သံမဏိ ဦးစိန်လှ၊ ကိုချိုကြီး (မနတ)၊ မန်းဒါဝိတ် (ကရင်ခေါင်းဆောင်)၊ ဦးသာထွန်း (ရခိုင်) စတဲ့ပုဂ္ဂိုလ်ကြီးတွေလည်း ထောင်ထဲမှာ အသက်ပေးကျဆုံးခဲ့ကြရပါတယ်။ ဦးဇောတိက၊ ဦးအာစရ၊ ဦးဥတ္တမစတဲ့ရဟန်းသံဃာတော်များလည်း ထောင်ချခံရရင်း ပျံလွန်တော်မူခဲ့ရပါတယ်။ ဗမာပြည်သားများသာမက၊ ဒေါ်အောင်

ဆန်းစုကြည်နဲ့ ရင်းနှီးတဲ့ (ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ သုံးနိုင်ငံတို့ရဲ့ကောင်စစ်ဝန်) မစ္စတာ "လီယိုနီကိုး" လို နိုင်ငံခြားသားသံတမန် ဒီမိုကရေစီလိုလားသူပါ နဝတ ရဲ့ ထောင်ထဲမှာ သေဆုံးခဲ့ရပါတယ်။ နဝတ၊ နအဖ တို့ရဲ့အကျဉ်းထောင်ဟာ အင်မတန်လူမဆံလွန်းလှတဲ့၊ ထင်သလို ရိုင်းစိုင်းယုတ်မာရာ နေရာကြီးဖြစ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်မှာ နဝတ၊ နအဖ တို့ရဲ့ ဦးဆွေးဆံမြည့် အမှုတော်ထမ်း၊ တလျှောက်လုံး နဝတ ဘက်ကနေ မျက်နှာပြောင်ပြောင်နဲ့ လိမ်ညာပေးခဲ့ရသူ၊ နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော် ကိုလည်း နအဖ က ဖယ်ရှားပြစ်လိုက်ပါတယ်။ နဝတ၊ နအဖ အတွင်းမှာ ပြိုကွဲမှု မညီညွတ်မှုတွေရှိနေတာကတော့ အမှန်ဘဲဖြစ်ပါတယ်။ ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာတယ်။

၁၉၉၈ ခုနှစ် အတွင်းမှာ ထူးခြားတဲ့ လှုပ်ရှားလာမှုတခုကတော့၊ ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီးရဲ့ အမေရိကန်သွားပြီး၊ ဗိုလ်မှူးချုပ်ဟောင်း မောင်မောင် တို့နဲ့တွေ့ဆုံရင်း၊ အမေရိကန်ကို ဒီမိုကရေစီရေး မျက်စပစ်ပြောဆိုတာတွေ လုပ်ဆောင်လာခြင်းဖြစ်ပါတယ်။ ဦးအောင်ကြီးက နဝတ စစ်တပ်အတွင်း ဖြစ်ချင်သလိုဖြစ်နေတာ၊ လူထုက ရွံရှာအော့နှလုံးနာ နေကြတာတွေကိုလည်း ဖော်ထုတ်ပြောဆိုရင်း၊ တပ်မတော်ကြီးတခုလုံး ပျက်စီးနေရပြီလို့ ဖော်ထုတ်ပြောဆိုသွားခဲ့ပါတယ်။ အဆုံးသတ် အဓိကပြောဆိုချက်ကတော့– "အာဏာအားလုံး ဗိုလ်ချုပ်ကြီးနေဝင်း ကိုအပ်" ဆိုတာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက ဦးဆောင်တာဝန်ယူပြီး အမျိုးသားရင်ကြားစေ့ရေးနဲ့ နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းပေးဆိုတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ကို ပြန်လည်ပွဲထုတ်ရေးအတွက် ပြောဆိုတင်ပြတာဖြစ်ပေမယ့်၊ တပ်မတော်ကြီးတစ်ခုလုံး ပျက်စီးနေရပြီဆိုတာကိုတော့ ခေါင်းလောင်းထိုးပြသွားခဲ့ပါတယ်။ ဗမာပြည်တပ်မတော်ကြီးရဲ့ အနေအထားမှန်ကို တစ်တစ်ခွခွ ပွင့်ပွင့်လင်းလင်း ဖော်ပြသွားပုံဟာ၊ ပုံမှန်အားဖြင့်သာဆိုရင် တပ်မတော်ဖြိုခွဲရေးဆိုတဲ့ သတ်မှတ်ချက်နဲ့ အကဲဆတ်လွန်းလှတဲ့ နဝတ ခေါင်းဆောင်များက သေဒဏ်အကြိမ်ကြိမ်ချမှတ် အပြစ်ပေးနိုင်လောက်တဲ့ ပြစ်မှုကြီးဖြစ်ပါတယ်။ အံ့သြစရာကောင်းတာကတော့ နဝတ က တုတ်တုတ်မှ မလှုပ်ခဲ့ပါ။ ဦးအောင်ကြီး ကိုလည်း လုံးဝအရေးယူခဲ့ခြင်းမရှိပါ။ တဦးဦးနဲ့ တစုံတရာ အတိုင်အဖောက်ပြု ဆောင်ရွက်ခဲ့ကြခြင်းဖြစ်တယ်ဆိုတာ ထင်ရှားနေခဲ့ပါတယ်။

၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ပြည်ထောင်စုနေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်က "ဒီမိုကရေစီလွှတ်တော်တရပ်ရှိမှသာ တိုင်းရင်းသားပြည်တွေရဲ့ စစ်မှန်တဲ့ဆန္ဒတွေကို ဖော်ထုတ်ပေးနိုင်၊ အကောင်အထည်ဖော်ပေးနိုင်မှာပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော် ခေါ်ယူရေးဟာ တိုင်းရင်းသားအရေး၊ အမျိုးသားရေး၊ ဒီမိုကရေစီပြည်ထောင်စုအရေးဖြစ်ပါတယ်" လို့ ဖွင့်ဆိုထုတ်ဖော်ခဲ့ပါတယ်။

၉၉ ခုနှစ်၊ မတ်လ (၂၇) မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ် ကင်ဆာရောဂါနဲ့ အင်္ဂလန်မှာ ကွယ်လွန်ပါတယ်။ မကွယ်လွန်ခင် ဇနီးသည် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံနိုင်ဖို့ ဗမာပြည်ကို လာရောက်ရေး ကြိုးစားခဲ့ပေမယ့် နအဖ က ဗီဇာထုတ်မပေးတဲ့အတွက် လာရောက်ခွင့် မရခဲ့ဘဲ ဆုံးသွားခဲ့ရပါတယ်။ ဈာပန ကို အကြောင်းပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို အင်္ဂလန်သွားခွင့်ပြုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က နအဖ ရဲ့ ယုတ်ယုတ်မာမာ ပြုတတ်တဲ့ သဘောထားကို မယုံကြည်တာက တကြောင်း၊ ဗမာပြည်ရဲ့ လက်ရှိအနေအထားကြီးကို မျက်ကွယ်ပြုမသွားနိုင်တာက တကြောင်းတို့ကြောင့် ခင်ပွန်းဆုံးတာကိုတောင် သွားရောက်ခြင်းမပြုတော့ပါ။ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုအားလုံးက ဒေါ်အောင်ဆန်းစုကြည် ကို စာနာထောက်ထားနားလည်ကြောင်း ဖော်ပြခဲ့ကြသလို၊ ပိုမို လေးစားတန်းဖိုးထားခဲ့ကြပါတယ်။

NLD လွှတ်တော်ကိုယ်စားလှယ်တွေကြားမှာတော့ နအဖ နဲ့ပေါင်းပြီး ဒေါ်အောင်ဆန်းစုကြည်

ရဲ့သဘောထား၊ အဖွဲ့ချုပ်ကြီးရဲ့ သဘောထားနဲ့ ဆန့်ကျင်ချင်သူတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဦးသန်းထွန်း (ဒေးဒရဲ)၊ ဦးတင်ထွန်းမောင် (မင်္ဂလာဒုံ)၊ ဦးကြည်ဝင်း (မင်္ဂလာဒုံ) တို့ခေါင်းဆောင်တဲ့ (၂၄) ဦးပါ အစုဖြစ်ပါတယ်။ NLD လွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါး နအဖ ရဲ့ ခေါင်းစဉ်အမျိုးမျိုးရဲ့ ထိန်းသိမ်းဖမ်းဆီးခြင်းခံနေရချိန်မှာ အဲဒီပုဂ္ဂိုလ် (၃) ဦးက ခေါင်းဆောင်ပြီး၊ အဖွဲ့ချုပ်ရဲ့ လွှတ်တော်ခေါ်ပေးရေးကြိုးပမ်းချက်တွေကို အဟန့်အတားပြုတဲ့ လုပ်ဆောင်ချက်တွေကို ဖော်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ၂၈၊ ၄၊ ၉၉ နေ့မှာ ကြေညာချက်အမှတ် (၂၅) ၄/၉၉ ထုတ်ပြန်ပြီး၊ ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့တဲ့အပြင် အဖွဲ့ချုပ်က အရေးယူဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အကျဉ်းကျ ဖမ်းဆီးခံနေရတဲ့ ပုဂ္ဂိုလ်များက၊ ဦးသန်းထွန်း (ဒေးသရဲ)၊ ဦးတင်ထွန်းမောင် ( မင်္ဂလာဒုံ)ပါ (၂၄)ဦးကို "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါလျက် စစ်ထောက်လှမ်းရေးရဲ့ လက်ကိုင်ဒုတ်အဖြစ် ဆောင်ရွက်နေကြခြင်းကို ပြင်းထန်စွာ ရှုတ်ချကြောင်း" ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ၄၊ ၅၊ ၉၉ နေ့စွဲနဲ့ "အကျဉ်းကျခံ အမျိုးသားနိုင်ငံရေးအင်အားစု" ဆိုပြီး ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပါတယ်။

ဧပြီ (၂၃) ရက်မှာ "ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ရဲ့ ဗမာပြည်ဆိုင်ရာဆုံးဖြတ်ချက်" လည်း ကန့်ကွက်သူမရှိ အတည်ပြုထွက်ပေါ်လာခဲ့ပါတယ်။ တနေ့တခြား ဆိုးဝါးလာပြီး စနစ်တကျ ဖြစ်ပွားနေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် စိုးရိမ်ကြောင်းဖော်ပြရင်း၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ဖွဲ့စည်းလှုပ်ရှား စုရုံးခွင့်အပါအဝင် လူ့အခွင့်အရေးများကို အပြည့်အဝ လေးစားလိုက်နာဖို့၊ အနိုင်ကျင့် စော်ကားမှု၊ အဓမ္မခိုင်းစေမှု၊ ရွှေ့ပြောင်းမှု၊ မတရားသတ်ဖြတ်မှုတွေကို ရပ်ဆိုင်းဖို့၊ ဒေါ်အောင်ဆန်းစုကြည်အပါ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ လုံခြုံရေး၊ ကျန်းမာရေးကိုအာမခံဖို့၊ အကျဉ်းသားတွေရဲ့ အဆင့်အတန်းကို မြှင့်တင်ရေးနဲ့ လူသားချင်းစာနာတဲ့ အဖွဲ့အစည်းတွေကို အကျဉ်းထောင်တွေအတွင်း လွတ်လပ်စွာဝင်ခွင့်ပြုဖို့၊ အစိုးရဌာနေ့ဂေဟာမှာ ထိန်းသိမ်းထားတဲ့သူတွေအပါအဝင် နိုင်ငံရေးကြောင့်၊ ဖမ်းဆီးထားသူအားလုံး ပြန်လွှတ်ပေးဖို့ တိုက်တွန်းတောင်းဆို ဆုံးဖြတ်ခဲ့ကြပါတယ်။

မေ (၂၄) ရက်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'အောဘရိုက်' က ဗမာပြည်နဲ့စပ်လျဉ်းတဲ့ မိန့်ခွန်းပြောကြားရာမှာ ဗမာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံကြောင်း၊ ဗမာစစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူတွေထောက်ခံမှုမရှိကြောင်း အမှန်တကယ် ယုံကြည်ခဲ့ရင် NLD ကို လွတ်လပ်စွာစည်းရုံးခွင့်ပြုပြီး အများရှေ့မှောက်မှာ လွတ်လပ်စွာ အမြင်ဖလှယ်ခွင့်ပြုသင့်ကြောင်း၊ အမေရိကန်က ဗမာပြည်မှာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေကို ပိတ်ပင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမှာ အဓိကအကျိုးရှိသူဟာ စစ်အစိုးရသာဖြစ်ပြီး လူထုအကျိုးခံစားခွင့်မရှိကြောင်း အဓမ္မလုပ်အားပေး စေခိုင်းမှုများလည်းရှိကြောင်းလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဇွန်လမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) (၈၇) ကြိမ်မြောက်အစည်းအဝေးကလည်း '(အိုင်အယ်အို) ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အထောက်အကူပြုမှုများကို ဗမာပြည်အစိုးရသို့ မပေးဆောင် မပြုလုပ်ရန်' ဆုံးဖြတ်တဲ့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးက ကြီးမှူးကျင်းပသော အစည်းအဝေး၊ ဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများသို့ ဖိတ်ခေါ်ခြင်းမပြုရန်ပါ ပြင်းပြင်းထန်ထန် အရေးယူဆုံးဖြတ်ခဲ့ပါတယ်။

ဇူလိုင် (၆) ရက်မှာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးတင်ဦး တို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ နအဖ အပေါ် စီးပွားရေးပိတ်ဆို့မှုတချို့ ပြုထားကြောင်းနဲ့ စစ်လက်နက်ရောင်းချမှုပိတ်ဆို့ထားခြင်း၊ အစိုးရအရာရှိများကို ပြည်ဝင်ခွင့်တားမြစ်ထားခြင်းနဲ့ အေစီယံ ဥရောပသမဂ္ဂ

ကြား နှစ်ဖက်ဆွေးနွေးမှုတွေမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်ခွင့်မပေးခြင်းတွေဖြင့် ဒဏ်ခတ်အရေးယူထားကြောင်း ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ပြည်ပရောက်ဒီမိုကရေစီအင်အားစုများရဲ့ "အဝါရောင်လှုပ်ရှားမှုတွေ" ပြည်တွင်းမှာ ပေါ်ပေါက်ခဲ့ပါတယ်။ နိုင်ငံရေးအံ့တုမှုကော်မီတီ (ပီဒီ) ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေလည်း တိုးမြှင့်ပေါ်ထွက်လာပါတယ်။ ၉၊ ၉၊ ၉၉ နေ့မှာ ကျရောက်မယ့် "၉ လေးလုံး လှုပ်ရှားမှု" အကြိုတိုက်ပွဲခေါ်သံတွေလည်း ထွက်ပေါ်လာပါတယ်။ ဗမာပြည်ဒီမိုကရေစီရေးထောက်ခံသူ နိုင်ငံခြားသားတွေပါ ထွက်ပေါ်လာခဲ့ပါတယ်။ ဗြိတိသျှနဲ့ ဩစတေးလျနိုင်ငံသား"ဂျိမ်း(စ)မော်စလေ" အဖမ်းခံရပြီး ထောင် (၁၇) နှစ် အချခံရပါတယ်။ ကျိုင်းထုံထောင်ထဲထားပါတယ်။

၇၊ ၉၊ ၉၉ နေ့မှာ ဗြိတိန်သူ "မစ္စရေချယ်ဂိုလ်ဒွင်" (၂၈) နှစ်ဟာ ဘားလမ်းနဲ့ အနော်ရထာထမ်းဒေါင့် ခတ်တိုင်မှာ (၉၉၉၉) စာတန်းချိတ်ပြီး၊ ခြေထောက်ကို ကြိုးနဲ့ချည်ပြီး "အရေးကြီးပြီ ညီနောင်တို့၊ သွေးစည်းကာ ညီစေညီကြစို့" ဆိုတဲ့သီချင်းကို ဗမာလို အော်ဟစ်ဆိုရင်း ကိုးလေးလုံးအကြို ဆန္ဒပြခဲ့ပါတယ်။ စစ်အစိုးရက ဖမ်းဆီးပြီး ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့ပါတယ်။

၁၆၊ ၉၊ ၉၉ နေ့မှာ လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ တနှစ်မြောက်အခမ်းအနား NLD အဖွဲ့ချုပ်မှာကျင်းပပါတယ်။ နှစ်ပတ်လည်အခမ်းအနားမှာ ဆယ်ဦးကော်မတီကို မဖျက်နိုင်ကြောင်း၊ ရေးရာကော်မီတီများရဲ့ အစီရင်ခံစာများကို အတည်ပြုကြောင်းနဲ့ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး တောင်းဆိုကြောင်းတွေ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၇၊ ၉၊ ၉၉ နေ့မှာ ရွှေဂုံတိုင်နဲ့ ထိဆက်နေတဲ့ လမ်းတိုင်းကို လက်နက်ကိုင်လုံထိန်းတွေချထားခဲ့ပြီ၊ NLD ဝင် ပင်နီဝတ်စုံပြည့် ဝတ်ဆင် (၃၀၀) ခန့်နဲ့ ကြည့်ရှုထောက်ခံသူ (၄၀၀) ခန့်ဟာ "ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေ" ဆိုတဲ့ကြွေးကြော်သံတွေနဲ့ ရောက်ခဲ့ကြပါတယ်။ လုံထိန်းက ရုံးချုပ်ထဲ ဝင်ခွင့်မပြုဘဲ တားဆီးပါတယ်။ တနာရီလောက်အကြာမှာ ဦးအောင်ရွှေ လာရောက်နှုတ်ဆက်ပြောဆိုမှ လူစုခွဲပေးခဲ့ကြပါတယ်။ CRPP ရဲ့ ၁၇၊ ၉၊ ၉၉ နေ့ကြေညာချက် အမှတ် (၁) မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဦးစောမြအောင် ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာခဲ့ပါတယ်။

CRPP ကို အဖျက်သိမ်းခိုင်းနေတဲ့ စစ်အစိုးရနဲ့ NLD ဦးဆောင်တဲ့ CRPP ထိပ်တိုက်တိုးပွဲကြီးဆက်လက်ဖြစ်ပေါ်နေခဲ့ပါတယ်။ CRPP ရဲ့ လွှတ်တော်ခေါ်ယူရေးကို စစ်အစိုးရက နည်းအမျိုးမျိုးနဲ့ ဖိနှိပ်တားဆီးနေခဲ့ပါတယ်။

၁၊ ၁၀၊ ၉၉ နေ့မှာတော့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နအဖ သံရုံးကို လက်နက်ကိုင်ကျောင်းသားတစုက ဝင်ရောက်စီးနင်း သိမ်းပိုက်ပြီး ခွပ်ဒေါင်းအလံ လွှင့်ထူလိုက်ကြပါတယ်။ သေနတ်ကိုးချက်ဖောက်ပြီး "မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့" လို့ ကြေညာပါတယ်။ ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက သံရုံးကို ဝိုင်းတားပါတယ်။ ထိုင်းဝန်ကြီးချုပ် ချွန်လိပိုင်ကိုယ်တိုင် ရောက်ရှိလာပြီး ဖြေရှင်းဖို့ ကြိုးစားပါတယ်။ စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့က (၁) ဗမာပြည်မှာ ဖမ်းစီးထားတဲ့ နိုင်ငံရေးကျောင်းသားအားလုံး ပြန်လွှတ်ပေးဖို့ (၂) CRPP နဲ့ နအဖ ဆွေးနွေးဖို့ (၃) ဒေါ်အောင်ဆန်းစုကြည် ပါတီနဲ့ အတိုက်အခံတွေ စုပေါင်းပြီး ကြားဖြတ်အစိုးရဖွဲ့ပေးဖို့ တောင်းဆိုဖော်ပြပါတယ်။ ထိုင်းအာဏာပိုင်များက ငြိမ်းချမ်းစွာဖြေရှင်းခဲ့ကြပြီး သံရုံးစီးနင်းသူ ဗမာကျောင်းသားများက ဗမာနယ်စပ်ကို ထွက်ခွာနိုင်ဖို့ ရဟတ်ယာဉ်တစီး တောင်းခံခဲ့ပါတယ်။ ၂၊ ၁၀၊ ၉၉ နေ့ နေ့လည် (၂း၂၀) နာရီမှာ ထိုင်းနယ်စပ် တပ်က ကိုးထောင်ရွာအထိ ရဟတ်ယာဉ် နဲ့ပို့ပေးခဲ့ပြီး ကျောင်းသားများက ခေးစာခံ ဖမ်းဆီးထားသူတွေကို ပြန်လွှတ်ပေးခဲ့ကာ

(၂၅) နာရီကြာ သံရုံးစီးနင်းမှုကြီး အဆုံးသတ်ခဲ့ပါတယ်။ ကျောင်းသားများက ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဖော်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

သက္ကရာဇ် (၂၀၀၀) ထဲ ချဉ်းနင်းဝင်ရောက်လာချိန်မှာတော့ CRPP နဲ့ နအဖရဲ့ ထိပ်တိုက်ဖြစ်မှုဟာ ဆက်လက်ကြီးမားနေဆဲဖြစ်ပါတယ်။ နအဖက NLD ကို ဆက်လက်ဖြိုခွဲဖို့ ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည်ထိုးနှက်တိုက်ခိုက်ဖို့ နည်းမျိုးစုံ အကောင်အထည်ဖော်ရင်း တကမ္ဘာလုံးရဲ့ ဖိအားပေးမှုတွေကိုလည်း ဆက်လက် မျက်ကွယ်ပြုထားဆဲဖြစ်ပါတယ်။ ဖမ်းတာဆီးတာ ညစ်ပတ်တာတွေကို တလျှောက်လုံးလုပ်နေကျအတိုင်း ဆက်လက်လုပ်ဆောင်နေဆဲလည်းဖြစ်ပါတယ်။ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ အချိုးကိုလည်း ပေါ်ပေါ်ထင်ထင် ဖော်ပြနေဆဲဖြစ်ပါတယ်။

၂၄၊ ၄၊ ၂၀၀၀ နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ အတွင်းရေးမှူး ဦးအေးသာအောင်ကို နအဖက မတရားဖမ်းဆီးလိုက်ပါတယ်။ အကျဉ်းနည်းနဲ့ စစ်ဆေးပြီး ထောင်ဒဏ် (၂၁) နှစ်ချလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် က ဒီမိုကရေစီရေးနဲ့ပတ်သက်တဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ ဖော်ထုတ်ပြောဆိုချက်တွေကို ရရာဒေါင့်ကနေ ဆက်လက် လုပ်ကိုင်နေခဲ့ပါတယ်။ လာရောက်တွေ့ဆုံကြတဲ့ တွေ့ဆုံခွင့်ရနိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံက တာဝန်ရှိပုဂ္ဂိုလ်ပေါင်းစုံကိုလည်း ဗမာပြည်ဒီမိုကရေစီရေးနဲ့ ပတ်သက်တဲ့ ရှင်းလင်းတင်ပြ ဖော်ထုတ်မှုမျိုးစုံကို အချိန်နဲ့အမျှ ရှင်းလင်းတင်ပြဖော်ထုတ်နေခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဆုချီးမြှင့်ကြတဲ့အတိုင်း တိုင်းအပြည်ပြည်က ဆုနှင်းပွဲတွေမှာလည်း ကိုယ်တိုင် ဆုတက်ရောက်ယူနိုင်ခြင်းမရှိပေမယ့် နည်းအမျိုးမျိုးနဲ့ သဝဏ်လွှာတွေ မိန့်ခွန်းတွေပေးပို့ပြီး ဗမာပြည်ရဲ့ အခြေအနေမှန်တွေ နဝတ နအဖရဲ့ ယုတ်မာမှုတွေကို ဖော်ထုတ်တင်ပြနေခဲ့သလို နိုင်ငံတကာလှုပ်ရှားမှုတွေ၊ အခမ်းအနားတွေ အစည်းအဝေးတွေကိုလည်း သဝဏ်လွှာတွေ ပေးပို့ပြီး အဝေးကနေ ပါဝင်တက်ရောက် ဆန္ဒပြုနေခဲ့ပါတယ်။ စာနဲ့ပေးပို့ရုံမက ဗီဒီယိုတိပ်ခွေနဲ့ ပေးပို့တာမျိုးတွေ ပါတီတွင် မှုရှိရှိလုပ်ဆောင်နေခဲ့ပါတယ်။

ဇွန်လ (၂၆၊ ၂၇) နေ့တွေမှာ ကျင်းပတဲ့ နိုင်ငံပေါင်း (၁၀၀) ကျော်က နိုင်ငံခြားရေးဝန်ကြီးတွေ တက်ရောက်တဲ့ ပိုလန်နိုင်ငံ ဝါဆောမှာကျင်းပတဲ့ တကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီညီလာခံကြီးမှာ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ပေးပို့တဲ့ ဗီဒီယိုမိန့်ခွန်းတိတ်ခွေကြီးကို ထုတ်လွှင့်ပြသပေးခဲ့ပါတယ်။ စစ်အစိုးရရဲ့ လိမ်ညာယုတ်မာမှုတွေကို တကမ္ဘာလုံးကလည်း သိမြင်နားလည် နေကြပြီဖြစ်ပါတယ်။

စစ်အစိုးရရဲ့ လိမ်ညာမှုတွေကတော့ စစ်အစိုးရအဖွဲ့ဝင်တွေအတွင်းမှာတောင် ပြန်လည်ဝေဖန်ပြောဆိုလာရတဲ့အထိ ပေါ်ထွက်လာတာတွေလဲရှိပါတယ်။ (၇၊ ၇၊ ၂၀၀၀) နေ့ မြန်မာစီးပွားရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတခုမှာ နအဖရဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုဝန်ကြီး ဗိုလ်မှူးချုပ်ဇော်ထွန်း ကိုယ်တိုင်က ညံ့ဖျင်းတဲ့ စီမံခန့်ခွဲမှုတွေ၊ လွဲချော်နေမှုတွေ လိမ်ညာဝါဒဖြန့်ထားသလို ဖြစ်နေမှုတွေကို ဖော်ထုတ်ပြောဆိုလာခဲ့တယ်ဆိုပါတယ်။ (နောက်ပိုင်းမှာ ဗိုလ်မှူးချုပ် ဇော်ထွန်း ကို နအဖက ဖြုတ်ပစ်လိုက်ပါတယ်။)

မြန်မာနိုင်ငံရေးအကြပ်အတည်းတွေကို ဘက်ပေါင်းစုံကနေ အမြင်သဘောထားတွေ တီးခေါက်ကြည့်ဖို့ ပဏာမ လာရောက်ခြင်းအဖြစ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ကြီး မစ္စတာ ရာဇာလီ အစ္စမေးလ် ဟာ ဗမာပြည်ကို လာရောက်ခဲ့ပြီး၊ ဇူလိုင် (၃) ရက်မှာ ပြန်သွားပါတယ်။ စစ်အစိုးရခေါင်းဆောင်တွေနဲ့ရော၊ NLD ခေါင်းဆောင်တွေ တိုင်းရင်းသားပါတီတချို့က ခေါင်းဆောင်တွေနဲ့ပါ တွေ့ဆုံသွားခဲ့ပါတယ်။ ရာဇာလီအစ္စမေးလ် ပြန်သွားပြီးတဲ့နောက်ပိုင်း၊ နအဖ ရဲ့ NLD ဖျက်သိမ်းရေးလှုပ်ရှားမှု

တွေ ရပ်ဆိုင်းမသွားဘဲ အငြိုးနဲ့ တိုးပြီးတောင် လုပ်ဆောင်လာသယောင်ရှိခဲ့ပါတယ်။ ဇူလိုင် (၁၂) မှာ ဗမာပြည်လူဦးရေဟာ (၅၀.၁၃) သန်းရှိပြီလို့ နအဖ ကကြေညာပါတယ်။ ဇူလိုင် (၂၄) ရက်မှာ (၃) နှစ်ခွဲကျော် ကြာပိတ်ထားရတဲ့ တက္ကသိုလ်နဲ့ ကောလိပ်တွေ ပြန်ဖွင့်လာပြန်ပါတယ်။ ကျောင်းသား (၇) သောင်းကျော် တက္ကသိုလ်တွေမှာ တက်ရောက်ပညာသင်ကြားနေတယ်လို့ နအဖ က ပြောဆိုပါတယ်။

အဖွဲ့ချုပ်အပေါ် အလွန်အကျွံ ဖိနှိပ်လာမှုတွေကြောင့် စစ်အစိုးရကို ပြန်လှန်တုန့်ပြန်တဲ့အနေနဲ့ NLD ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးစိုးမြင့် တို့ဦးဆောင်တဲ့အဖွဲ့ဟာ ဩဂုတ်လ (၂၄) ရက် နေ့မှာ ကွမ်းခြံကုန်းခရီးကို စတင်ပါတယ်။ ဒလမြို့အထွက်မှာပဲ စစ်အစိုးရဘက်က အတင်းအကြပ် တားဆီး ပိတ်ပင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့က (၈) ရက်ကြာ ကားထဲထိုင်ပြီး ဆန္ဒပြခဲ့ကြပါတယ်။

နအဖရဲ့ တရားမဲ့လုပ်ရပ်ကို ကုလသမဂ္ဂကြီးနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ တော်လှန်ရေးခေါင်းဆောင်များက နာရီမလပ် စောင့်ကြပ်ကြည့်ရှု သတင်းထုတ်ပြန်ခဲ့ကြပါတယ်။ စက်တင် ဘာ (၁) ရက်ညသန်း ကောင်ကျော်ချိန်မှာ နအဖ လုံထိန်း (၂၀၀) ကျော်က ဝိုင်းပြီး ဖမ်းဆီးထိန်းသိမ်းကာ အတင်းအကြပ် ရန်ကုန်မြို့ကို ပြန်ပို့ခဲ့ပါတယ်။ မကြေမနပ် ပြန်လည်ကန့်ကွက် ပြောဆိုတဲ့လူငယ် (၉) ဦးကို လုံထိန်းများက ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါတယ်။ စက်တင်ဘာ (၂) ရက်နေ့ကစပြီး NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၁၀) ဦးလုံးကို နေအိမ်အကျယ်ချုပ်လုပ်လိုက်ပြီး ဖုန်းလိုင်းတွေပါ ဖြတ် တောက်လိုက်ပါတယ်။ စစ်တပ်နဲ့ ထောက်လှမ်းရေးက NLD ဗဟိုဌာနချုပ်ရုံးခန်းကို ဝင်ရောက်စီးနင်းပြီး အခန်းတံခါးသော့ ဘီရိုသော့တွေကိုပါ ရိုက်ချိုးဖျက်ဆီးပစ်ပြီး ဖိုင်တွဲတွေ စာရွက်စာတမ်းတွေကိုပါ သိမ်း ဆည်းတာလုပ်ပါတယ်။

နေအိမ်အကျယ်ချုပ်ချထားပြီး (၁၂) ရက်အကြာမှာ NLD အလုပ်အမှုဆောင်အဖွဲ့ဝင်များကို လွတ်လပ်စွာ လှုပ်ရှားလာခွင့် ပြုပြီဖြစ်ကြောင်း နအဖက သတင်းထုတ်ပြန်ပြီး နောက်ရက်မှာဘဲ ဒေါ်အောင် ဆန်းစုကြည် က (၁၀) ရက်အတွင်း ရန်ကုန်ပြင်ပ ခရီးထွက်ဦးမယ်ဖြစ်ကြောင်း ကြေညာပြီး နအဖ ကိုစိမ် ခေါ်ပါတယ်။

စက်တင်ဘာ (၂၁) ရက်မှာ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် တို့ခေါင်းဆောင်တဲ့ NLD အဖွဲ့ဟာ ရန်ကုန်ဘူတာကြီးကနေ မန္တလေးကိုသွားဖို့ လုပ်ပါတယ်။ နအဖ က လုံခြုံရေးတွေ အပြည့်ချထားပြီး၊ မန္တလေးခရီးစဉ် ရထား (၃) စီးလုံးကို လက်မှတ်ဝယ်လို့မရအောင် ခက်ခက်ခဲခဲ ကြံစည်အားထုတ် တားဆီး တာလုပ်ပါတယ်။ ကြံ့ဖွံ့တွေကို အရေးပေါ်ခေါ်ယူပြီး မန္တလေးရထားပေါ် လိုက်ပါစေကာ ရထားလက်မှတ် ကုန်ပြီလုပ်တာ၊ ရထားတွေ စကြိန်ပြောင်းထွက်စေတာ ဒေါ်အောင်ဆန်းစုကြည် တို့ကို လိုက်ပါပို့ဆောင်သူ အားပေးကြည့်ရှုသူတွေကို လူမြင်ကွင်းမှာတင် ပြောင် အတင်းအကြပ် ဖမ်းဆီးတာတွေလုပ်ပြီး မပျက်ပျက် အောင်ဖျက်ပါတယ်။ NLD အဖွဲ့ချုပ်ဝင်ပေါင်း (၆၈) ဦး အဖမ်းခံခဲ့ရပါတယ်။

ဒလခရီးတုန်းကလိုပဲ ဒေါ်အောင်ဆန်းစုကြည် ကိုနေအိမ်အကျယ်ချုပ် ထပ်ချလိုက်ပြီး၊ ဦးတင်ဦး ပါ လူအများအပြားကို စစ်ကြောရေးစခန်းများမှာ ဖမ်းဆီးထိန်းသိမ်းထားလိုက်ပါတယ်။ စစ်အစိုးရရဲ့ ဇာတိရုပ် တိုးမြှင့်ပွင့်ကျသွားခဲ့ပါတယ်။ စစ်အစိုးရကို ဘေးကြပ်နံကြပ်ဖြစ်အောင် လုပ်လိုက်နိုင်တဲ့၊ တကမ္ဘာ လုံးရှေ့မှာ စစ်အစိုးရရဲ့ရုပ်ပုံမှန်ကို ဖွင့်ကျသွားစေခဲ့တဲ့ နိုင်ငံရေးအံ့တုလုပ်ဆောင်ချက်တွေဖြစ်ပါတယ်။

၂၀၊ ၁၁၊ ၂၀၀၀ နေ့မှာ ဗိုလ်မှူးအောင်နဲ့ နိုင်ငံရေးသမားဟောင်းကြီး (၂၈) ဦးတို့ရဲ့ အမျိုးသားအောင် ပွဲနေ့အထိမ်းအမှတ် ပန်ကြားလွှာထွက်ပေါ်လာပါတယ်။ တွေ့ဆုံဆွေးနွေးရေး၊ NLD ခေါင်းဆောင်များကို

တားဆီး ပိတ်ပင်ထားတာတွေ ရုတ်သိမ်းပေးရေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး တောင်းဆိုခဲ့ပါတယ်။

ဒီဇင်ဘာ (၁) ရက်နေ့မှာ NLD ခေါင်းဆောင် (၆) ဦးကို နေအိမ်အကျယ်ချုပ်ကနေ ပြန်လွှတ်ပေးခဲ့ပေမယ့် ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည် တို့ကိုတော့ ဆက်လက်ထိန်းသိမ်းထားခဲ့ပါတယ်။ အဖွဲ့ချုပ်ခေါင်းဆောင် ဦးလွင် ကို အရင်ဆုံး ဒေါ်အောင်ဆန်းစုကြည် နေအိမ်ကို သွားခွင့်ပြုခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေကြောင်း၊ ဒီဇင်ဘာ(၄)ရက်မှာ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သလို 'အိုင်ဘယ်လ်အို' ကလည်း အိုင်အယ်လ်အို ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဖို့ အဖွဲ့ဝင်နိုင်ငံများနဲ့ ကုလသမဂ္ဂဝင်နိုင်ငံများကို ဒီဇင်ဘာ (၁၀) ရက်မှာ စာများပေးပို့ တိုက်တွန်းပါတယ်။ နိုင်ငံတကာ့လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးကလည်း မြန်မာနိုင်ငံ အကျဉ်းထောင်တွေအတွင်း နှိပ်စက်ညှဉ်းပန်းမှုတွေ ဆက်လက်ဖြစ်ပွားနေကြောင်း ဒီဇင်ဘာ (၁၂) မှာ ထုတ်ပြန်ကြေညာပါတယ်။

၂၀၀၀ ပြည့်နှစ်ကုန်ခါနီးမှာ နအဖ နဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ထားကြတဲ့ ငြိမ်းအဖွဲ့တွေပါ တုန်လှုပ်သွားရတဲ့ နအဖ ရဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီးကတော့ "မိုးကိုးလူသတ်ပွဲကြီး" ဖြစ်ပါတယ်။ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး ပထမဆုံးလုပ်ခဲ့ကြပြီး "အထူးဒေသ(၁)" လို့ ကင်ပွန်းတပ်ပေးခြင်းခံခဲ့ရတဲ့ ဗကပ တို့ဆီကနေ ပထမဆုံး ခွဲထွက်ပြီး၊ ပထမ ဆုံး အာဏာသိမ်းခဲ့ရာလည်းဖြစ်တဲ့ 'မိုးကိုး' မှာ နိုဝင်ဘာ (၂၄) ရက်နေ့က ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အောက်တိုဘာ (၂၄) မှာ မိုးကိုး MDA ဥက္ကဋ္ဌ 'မုံဆာလ' ဆီ ကနေ၊ 'လီနင်မင်' ဦးစီးတဲ့ရင်း (၈၁၇) အဖွဲ့က အာဏာသိမ်းယူခဲ့ပြီး၊ ပြဿနာအကြီးအကျယ် ပေါ်ခဲ့ကြပါတယ်။ နှစ်ဖက်လုံးက နအဖ ကိုပုံအပ်ပြီး ဖြေရှင်းပေးဖို့လုပ်ဆောင်နေကြတုန်း နအဖ စစ်တပ်ဟာ ထောက်လှမ်းရေးတပ်နဲ့အတူတွဲပြီး ကောက်ကောက်ကျစ်ကျစ် ဖြေရှင်းပေးလိုက်ပုံကတော့ အာဏာသိမ်းခေါင်းဆောင် လီနင်မင် တို့အဖွဲ့ကို တယောက်မကျန် တွေ့ရာနေရာမှာ သတ်ဖြတ်ပစ်လိုက်ပြီး မုံဆာလ ကိုလည်း ဖမ်းဆီးပြီး ထောင်ထဲပို့လိုက်ခြင်းဖြစ်ပါတယ်။ အာဏာသိမ်းခေါင်းဆောင် လီနင်မင် အပါအဝင် (၉၇) ယောက် အသတ်ခံရပြီး အပြစ်မဲ့အရပ်သား (၁၅၀) လောက် သေဆုံးခဲ့ရတဲ့ နအဖ ရဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး၊ တနည်းအားဖြင့် နအဖ တရားစီရင်ပွဲကြီးဖြစ်ပါတယ်။ ပြီးတော့ မိုးကိုးတခုလုံးကို နအဖ က လုံးဝသိမ်းပိုက်ယူလိုက်ပါတော့တယ်။ MDA အဖွဲ့ကြီး တခါတည်း ဇာတ်သိမ်းခံလိုက်ရပါတယ်။ ငြိမ်းအဖွဲ့တွေအားလုံးအတွက် နအဖ ရဲ့ သဘောထားအမှန်ကို ထုတ်ဖော်ပြသလိုက်တဲ့ လူသတ်ပွဲကြီးဖြစ်ပါတယ်။

ဒီဇင်ဘာ (၂၃) ရက်နေ့မှာ နအဖ စစ်အုပ်စုက နအဖ အတွင်းအရာရှိများအတွက် ထုတ်ပြန်လိုက်တဲ့ အထူးအမိန့်တရပ်ကတော့ အရာရှိများအနေနဲ့ လွှတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးသမားဟောင်းကြီးများ၊ NLD ဝင် တပ်မတော်အရာရှိဟောင်းကြီးများနဲ့ နိုင်ငံရေးမှာ တနည်းနည်းနဲ့ ပတ်သက်နေတဲ့ တပ်မတော်အရာရှိဟောင်းကြီးများဆီ ဝင်ထွက်သွားလာခြင်းများမပြုရန် ဆိုတာဖြစ်ပါတယ်။ စစ်တပ်တွင်း သာမက ရဲတပ်ဖွဲ့၊ လဝက၊ အကောက်ခွန်နဲ့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးတွေကိုပါ အလားတူ ညွှန်ကြားထား တယ်လို့ဆိုပါတယ်။

ဒီဇင်ဘာလထဲမှာ ဒီမိုကရေစီအင်အားစုများဘက်က ပေါ်ထွက်လာတဲ့ လူထုလှုပ်ရှားမှုတမျိုးကတော့ "လွှတ်တော်ကိုယ်စားပြုကော်မီတီကို ထောက်ခံကြ" ဆိုတဲ့ စတစ်ကာများနဲ့ "လူထုဆန္ဒလူထုအသံ၊ ရွေးကောက်ပွဲသစ် ဒို့လက်မခံ" ဆိုတဲ့စကားတွေ မန္တလေးမြို့နေရာ အနှံ့မှာ ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ အဝါရောင်အောက်ခံနဲ့ ရေးသားထားတဲ့ စတစ်ကာတွေဖြစ်ပါတယ်။

၂၀၀၀ ပြည့်မကုန်မီအတွင်း NLD ကို အပြတ်ချေမှုန်းပစ်မယ်လို့ မောင်းတင်ထားတဲ့ နအဖ ရဲ့ ကြံစည်ချက်ကြီးကတော့ နိဋ္ဌိတံသွားခဲ့ရပြီဖြစ်ပါတယ်။

## သက္ကရာဇ် ၂၀၀၀ ကုန်အထိ နဝတ၊ နအဖ ခေတ်နိဂုံးချုပ်

တိုင်းပြည်ရဲ့ အခြေအနေအရ၊ နိုင်ငံတော်ကြီး ပြိုကွဲနိုင်တဲ့အန္တရာယ်ကို ထိန်းသိမ်းပြီး၊ ယာယီပဲ အာဏာကို ရယူထားမယောင်နဲ့၊ လူထုဆန္ဒကို မျက်ကွယ်ပြုပြီး တက်လာခဲ့တဲ့ နဝတ၊ နအဖ စစ်အစိုးရဟာ (၁၂) နှစ်ကျော်သွားခဲ့ပြီဖြစ်ပါတယ်။ ကိုယ်တိုင်ပြုလုပ်ပေးခဲ့တဲ့ (၉၀) ပြည့်နှစ် ရွေးကောက်ပွဲရလာဒ်ကို အရှက်မရှိ မျက်ကွယ်ပြုပြီး လွှတ်တော်တောင်ခေါ်ယူမပေးခဲ့တာလည်း (၁၀) နှစ်ကျော် သွားခဲ့ပြီဖြစ်ပါတယ်။ (၉၃) ခုနှစ်ကတည်းက ကျင်းပခဲ့တဲ့ လွှတ်တော်ခေါ်ယူရမယ့်အစား တမင်ညစ်ပတ် ဖန်တီးခဲ့တဲ့ အမျိုးသားညီလာခံကြီးဆိုတာလည်း ကမ္ဘာ့အရှည်လျားဆုံး ညီလာခံကြီးအဖြစ် စာရင်းတင်ရတော့မတတ် မပြီးနိုင်မစီးနိုင်နဲ့ ရေစုန်မျောသွားရခဲ့ရပြီဖြစ်ပါတယ်။ နောက်ဆုံးမှာ ဒို့တာဝန်အရေးသုံးပါးဆိုတာကို ဖော်ထုတ်ကြွေးကြော်ရင်း အနာဂတ်နိုင်ငံတော်မှာ တပ်မတော်ကို နိုင်ငံရေးဦးဆောင်မှုအခန်းက ပေးရမယ်ဆိုတဲ့ မဖွယ်မရာ တောင်းဆိုချက်ကိုတင်ရင်း စစ်ဗိုလ်တမတ်ပေါ်လစီကို အရှက်မရှိ ငန်းငန်းတက် တောင်းဆိုရင်းနဲ့ တတိုင်းပြည်လုံးကို ထင်သလို ဗိုလ်ကျအုပ်စိုးခဲ့ပါတယ်။

တတိုင်းပြည်လုံးရဲ့ စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ရင်း စစ်အုပ်စုရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ထိန်းသိမ်း တိုးချဲ့ရင်း မာရှယ်လောကို အလံထောင်အုပ်စိုးရင်းနဲ့ စစ်အာဏာရှင်စနစ်ကို အပြောင်တင်းဆုံး ချမှတ်အကောင်အထည်ဖော်ခဲ့ကြပါတယ်။ မဆလ အဖေရင်းခေတ်ကထက် အဆပေါင်းများစွာ ဆိုးဝါးယုတ်မာ ကောက်ကျစ်ဖိနှိပ်တဲ့ လုပ်ဆောင်မှုတွေနဲ့ မဆလ ခေတ်ထက် ဆယ်ဆမက ဆိုးဝါးတဲ့ အမှောင်ခေတ်ကြီးကို တတိုင်းပြည်လုံး ကျရောက်စေခဲ့ပါတယ်။

ငွေစက္ကူတွေကို ထင်သလို ရိုက်နှိပ်သုံးစွဲရုံမက (၁၈–၁၁–၉၈) နေ့ရက်နေ့မှာ ကျပ် ၁၀၀၀ တန်ငွေစက္ကူတွေအထိ တိုးမြှင့်ရိုက်နှိပ်သုံးစွဲရင်း၊ ငွေကြေးဖောင်းပွမှုဒဏ်၊ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ပြည်သူတရပ်လုံး ခါးကော့အောင်ခံကြရပါတယ်။ ဖွတ်ကျော့ပြာစု ခရုဆံကျွတ်ဘဝ ရောက်ကြရပါတယ်။ (၈၈) ခု အာဏာသိမ်းစက (၆) ကျပ်နဲ့ (၁၀) ကျပ်ကြားပဲရှိခဲ့တဲ့ ဆန်တပြည်ဈေးနှုန်းဟာ (၂၀၀၀) ပြည့်နှစ်မှာ ဆန်တပြည် (၁၄၀) နဲ့ (၂၀၀) ကျပ် ကြားဖြစ်နေရပါပြီ။ အထွေထွေကုန်ဈေးနှုန်းဟာ ပျမ်းမျှတွက်ရင်တောင် (၁၂) နှစ်အတွင်း (၁၂) ဆမက မြင့်တက်နေခဲ့ရပြီဖြစ်ပါတယ်။

(၁၂) နှစ်အတွင်း ကုဋေကြွယ် သူဌေးကြီးတွေဖြစ်လာကြသူတွေကတော့ နဝတ၊ နအဖ ဝင်ဗိုလ်ချုပ်ကြီးတွေနဲ့ မူးယစ်ဆေးဝါးနွယ်၊ ဘိန်းဘုရင်နွယ်၊ စီးပွားရေးလုပ်ငန်းရှင် ဆိုသူကြီးတွေဖြစ်ပါတယ်။ ဘိန်းဘုရင်ဟောင်းကြီးတွေဟာ ငွေမဲကို ငွေဖြူလုပ်ခွင့်ရရုံမက ရောမလုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံရှင်၊ နဝတ၊ နအဖ ခေတ် ဂုဏ်သရေရှိလူကြီးမင်း၊ လူဂုဏ်တန်စာရင်းဝင်ကြီးများတောင်ဖြစ်နေပါတယ်။ ဘိန်း မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းခေါင်းဆောင်ကြီးတွေတချို့လည်း ကျိုကျိုတက် ချမ်းသာကြွယ်ဝလာခဲ့ကြပါတယ်။ ဗမာပြည်ဟာလည်း နိုင်ငံတကာ့မျက်နှာစာမှာ ဘိန်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး နာမည်အပျက်ဆုံး HIV ရောဂါနဲ့ပတ်သက်ပြီး နာမည်အပျက်ဆုံး နိုင်ငံတခုဖြစ်လာခဲ့ရပါတယ်။

ဈေးကွက်စီးပွားရေးဆိုင်းဘုတ်အောက်မှာ ပုဂ္ဂလိကဘဏ်ကြီးတွေ အလျှိုလျှိုပေါ်ကာ၊ ကုမ္ပဏီကြီးတွေအလျှိုလျှိုပေါ်ကာ လယ်မြေရေယာ ကေထောင်သောင်းချီ ပိုင်ဆိုင်တဲ့ ကုမ္ပဏီအဖွဲ့အစည်း ပုဂ္ဂိုလ်ကြီးတွေပေါ်ကာ ခေတ်သစ် ပဒေသရာဇ် မြေရှင်စနစ်ကြီးတမျိုး ပေါ်ပေါက်ခဲ့ပါတယ်။

ယုဇနကုမ္ပဏီက ဧက (၃) သောင်းကျော်၊ ဆားဖစ်အင်တာနေရှင်နယ်က ဧက (၄)သောင်းကျော်၊ ဒဂုံအင်တာနေရှင်နယ်က ဧက (၃) သောင်းကျော်၊ မြန်မာဘီလီယံဂရု (ပ) က ဧက (၃) သောင်းနီးပါးနဲ့ အေရှဝေါလ်က ဧက (၁) သောင်းကျော် လယ်ယာမြေဖော်ထုတ်ခွင့်ရ ကုမ္ပဏီကြီးတွေဖြစ်လာပါတယ်။ နဝတ–နအဖ ခေတ်မှာ ပြည်ပအထိရောက်ကြရတဲ့ နိုင်ငံရေးအဖွဲ့အစည်း၊ နိုင်ငံရေးသမား၊ နိုင်ငံရေးဒုက္ခသည်တွေပေါ်ကာ ပြည်ပရောက်ဒီမိုကရေစီအင်အားစုတွေရဲ့ စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေလည်း ပေါ်ခဲ့ပါတယ်။ မိခင်တိုင်းပြည်ရဲ့ ချွတ်ခြုံကျမှုကြောင့်၊ ပြည်ပရောက်ရသူတွေ လုပ်အားရောင်းစားရသူတွေ မရေမတွက်နိုင်အောင် များပြားခဲ့သလို၊ စစ်ပြေးဒုက္ခသည်တွေလည်း မရေတွက်နိုင်အောင်များခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ (၈) သိန်းခန့်၊ ဂျပန်နိုင်ငံမှာ (၂) သောင်းခန့်၊ မလေးရှားမှာ (၁) သိန်းခန့်၊ ကိုရီးယားမှာ (၆) ထောင်ခန့်နဲ့ အိန္ဒိယ၊ ဩစတေးလျ နဲ့ တရုတ်ပြည်ဘက် ရောက်နေကြရသူတွေလည်းရှိပါတယ်။

နဝတ၊ နအဖ ဟာ မကြာခဏ ဂုဏ်ယူပြောတတ်တာက ဘယ်အစိုးရလက်ထက်ကမှ မစွမ်းဆောင်နိုင်ခဲ့တဲ့ "လက်နက်ကိုင်အဖွဲ့အစည်းကြီး (၁၈) ခုရှိတဲ့အနက် (၁၇) ဖွဲ့ခွဲနဲ့ ငြိမ်းချမ်းရေး ရအောင်စွမ်းဆောင်နိုင်ခဲ့ပြီ" ဆိုတာဖြစ်ပါတယ်။ တကယ်ကတော့ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပြီးတွေကိုပါ အမြဲထည့်ရေတွက်ပြရုံမက၊ နိုင်ငံရေးအရ ဘာတခုမှ ဆွေးနွေးနိုင်ခြင်းမရှိသေးဘဲနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ထားရတဲ့ အဆင့်ကို ငြိမ်းချမ်းရေးအဖွဲ့တွေလို့ ကြွားရင်း၊ တဖက်က ရှေ့နောက်မညီတာကတော့ စစ်တပ်ကြီးကို ကြီးသထက်ကြီးအောင် အဆက်မပြတ် ချဲ့ထွင်တည်ဆောက်နေခြင်းဖြစ်ပါတယ်။ အာဏာသိမ်းကာစက (၂) သိန်းပဲရှိခဲ့တဲ့ စစ်တပ်ကြီးဟာ ၂၀၀၀ ပြည့် အကုန်မှာ (၄) သိန်းခွဲကျော် တပ်ကြီးဖြစ်နေပြီဖြစ်ပါတယ်။ စစ်သုံးစရိတ် ဘတ်ဂျတ်ငွေဟာ၊ ဘတ်ဂျတ်ကြီးတခုလုံး၊ တပြည်လုံးအသုံးစရိတ်အားလုံးရဲ့ ထက်ဝက်နီးပါးလောက် သုံးဖြုန်းပစ်နေခဲ့ပါတယ်။

နဝတ၊ နအဖ စစ်အစိုးရကို လက်နက်စွဲကိုင် ဆက်လက်တိုက်ပွဲဆင်နေတဲ့ တော်လှန်ရေးအဖွဲ့တွေကတော့ ၂၀၀၀ ပြည့်အကုန်မှာ KNU, KNPP, ABSDF, SSA (south) တို့ဖြစ်ပါတယ်။ သမိုင်းအစဉ်လာကြီးခဲ့တဲ့ ဗကပ ကတော့ မြေအောက်ပါတီကြီးဖြစ်သွားခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မီတီကို ဖွဲ့စည်းပြီး ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုတွေအတွင်း ပါဝင်နေခဲ့ပါတယ်။

နဝတ၊ နအဖ စစ်အစိုးရအနေနဲ့ ပြည်တွင်းမှာ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်နေရပြီး၊ ဦးတည်ရန်သူအဖြစ် သတ်မှတ်ရင်ဆိုင် နေရတာကတော့ NLD အဖွဲ့ချုပ်ဖြစ်ပါတယ်။ ဘယ်လိုဖြေရှင်းပေးရမှန်း မသိနိုင်တော့လောက်အောင် အခက်အခဲတွေ့နေရတာကတော့ (၉၀) ပြည့် ရွေးကောက်ပွဲရလဒ်ဖြစ်ပါတယ်။

တပြည်လုံးမှာ အမျိုးသားရေးအကြပ်အတည်းကြီး ပေါ်ပေါက်နေခဲ့ပြီဖြစ်ပါတယ်။ ပြည်ပကြွေးမြီကလည်း ဒေါ်လာသန်းပေါင်း (၆၁၀၀) ကျော်ရှိသွားပြီဖြစ်ပါတယ်။

# နိဂုံး

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့မှာ (၂၀) ရာစုကြီး ကုန်ဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ (၂၀) ရာစု ဗမာပြည်သမိုင်းကို ပြန်ကြည့်လိုက်မယ်ဆိုရင် –

၁၉၄၈ ခုနှစ်မတိုင်မီအထိဟာ နယ်ချဲ့သမားတို့လက်အောက် နေထိုင်ခဲ့ရတဲ့ သူ့ကျွန်ဘဝ ကိုလိုနီခေတ်သမိုင်းဖြစ်ပါတယ်။ (အင်္ဂလိပ်နယ်ချဲ့သမားလက်အောက် ကျရောက်ခဲ့ရတာကတော့ ၁၈၈၅ ခုနှစ်ကတည်းကဖြစ်ပါတယ်) သူ့ကျွန်ဘဝဖြစ်တဲ့အတွက် ဗမာပြည်တပြည်လုံး အမှောင်ဖုံးခဲ့ရပါတယ်။

ဗမာပြည်လွတ်လပ်ရေး ကြေညာနိုင်ခဲ့တဲ့ ၁၉၄၈ ကနေ ၂၀၀၀ ပြည့်နှစ်ကုန်အထိ (၅၂) နှစ်အတွင်းမှာ (၄၈–၅၈) ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်နဲ့ (၆၀–၆၂) ပထစခေတ် (၂)နှစ်၊ ပေါင်း (၁၂) နှစ် တာကာလကလွဲရင် နှစ်ပေါင်း (၄၀) တိတိဟာ စစ်အာဏာရှင်စနစ်ခေတ်ကြီးဖြစ်ပါတယ်။ (၂၀) ရာစုကုန်ဆုံးသွားချိန်အထိလည်း စစ်အာဏာရှင်စနစ်ခေတ်ကြီးဟာ မချုပ်ငြိမ်းနိုင်သေးပဲ ဆက်လက်တည်ရှိနေခဲ့ပါတယ်။

ဒီလောက်ရှည်လျားလှတဲ့ စစ်အာဏာရှင်စနစ်ခေတ်ကြီးကို ထပ်ပြီး ခွဲကန့်ကြည့်မယ်ဆိုရင်တော့ (၅၈–၆၀) အိမ်စောင့် အစိုးရခေတ် (၂) နှစ်၊ (၆၂–၈၈) မဆလ တပါတီအာဏာရှင်စနစ်ခေတ် (၂၆) နှစ်နဲ့ ၈၈ ခုနှစ်ကနေ နောက်ပိုင်း နဝတ၊ နအဖ စစ်အစိုးရခေတ်ဆိုပြီး (၃) ပိုင်းတွေ့ရမယ်ဖြစ်ပါတယ်။

အိမ်စောင့်အစိုးရခေတ်က စစ်အာဏာရှင်စနစ် ဝတ်စုံပြည့်ဇာတ်တိုက်တဲ့ နိဒါန်းပျိုးတဲ့ ခေတ်ဖြစ်ပါတယ်။ ဒီမိုကရေစီ အမှောင်ကျခဲ့ရပါတယ်။

(၂၆) နှစ်တာ မဆလ ခေတ်ကြီးကတော့ ဒီမိုကရေစီအမှောင်ကျခဲ့ရရုံမက တပြည်လုံး အမှောင်ဖုံးခဲ့ရတဲ့ခေတ်၊ ပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ရတဲ့ခေတ် ဖြစ်ပါတယ်။ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်ရဲ့ ဖောက်ပြန်ဆိုးဝါး ရက်စက်မှုတွေအောက်မှာ အမိဗမာပြည်ကြီး၊ သူတောင်းစား နိုင်ငံစာရင်းဝင်ဖြစ်သွားခဲ့ရပါတယ်။ ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်က အာဏာရ ဖဆပလ နွယ်ဝင်များသာ ခေါင်းပေါင်းစတထောင်ထောင်နဲ့ လွတ်လပ်ရေးရဲ့ အရသာ ခံစားနိုင်ခဲ့ကြပြီး၊ ပြည်သူများဘဝ အမှောင်ထဲက မတက်နိုင်ခဲ့ရသလို၊ မဆလခေတ်ကြီးထဲမှာတော့ မှောင်ရုံမကမဲ မွဲသထက်မွဲခဲ့ရပါတယ်။ နက်ရှိုင်းလွန်းလှတဲ့ အမှောင်ခေတ်ကြီးဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ရှေ့ဆင့်နောက်ဆင့် ပေါက်ဖွားလာခဲ့ရတဲ့ ပြည်တွင်းစစ်ကြီး ပိုမိုကျယ်ပြန့် နက်ရှိုင်းလာခဲ့ရပါတယ်။

(၈၈) ခုနှစ်ကစတဲ့ နဝတ–နအဖ ခေတ်ကြီးကတော့ မဆလ တပါတီအာဏာရှင်စနစ်ရဲ့ အဆက်စစ်အာဏာရှင်စနစ်ခေတ်ကြီးဖြစ်ပြီး၊ အမိဗမာပြည်ကြီးတခုလုံး မှောင်ရုံမက မဲ၊ မဲရုံမက နက်၊ အရဏ်မတက်နိုင်သေးတဲ့ ဗမာပြည်ကြီးဖြစ်ခဲ့ရပါတယ်။ စစ်အာဏာရှင်စနစ်ဆိုးရဲ့ ဆိုးဝါးမှု၊ ရက်စက်မှု၊ ကလိန်ကျမှု၊ ယုတ်မာမှု၊ ကောက်ကျစ်မှုမျိုးစုံကို အစုံအလင် အပြည့်အဝ၊ မခံချင်စရာကောင်းလောက်အောင် တွေ့ကြုံရတဲ့ခေတ်ဖြစ်ပါတယ်။ ဗမာပြည် ပြည်သူများရဲ့ ဆင်းရဲတွင်းနက်ရမှုဟာ ဘယ်ခေတ်ကနဲ့မှ မတူရလောက်အောင် ဆိုးဝါးလှပါတယ်။

ဗမာပြည်ကြီးဟာ မှောင်ရာက မှောင်၊ တိုးပြီးမှောင်၊ အမှောင်တကာ့အမှောင်တွေကြားထဲမှာပဲ ရင်နာစရာ တည်ရှိနေရပါသေးတယ်။

နိုင်ငံတကာမှာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်လို့ အော်ကြ၊ သတင်းနဲ့နည်းပညာခေတ်၊ ပညာခေတ်၊ မီဒီယာခေတ်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးခေတ်၊ … ခေတ်၊ …ခေတ်လို့ အမျိုးမျိုး ကင်ပွန်းတပ်ပြောဆို ကြွေး

ကြော်နေကြချိန်မှာ အမိဗမာပြည်ကြီးကတော့ စစ်အာဏာရှင်စနစ်ဆိုးရဲ့ အမျိုးမျိုးသော ဖိနှိပ်ရက်စက် ယုတ်မာမှုတွေအောက်ကနေ လွတ်မြောက်နိုင်ခြင်းမရှိသေးဘဲ၊ ခေတ်နောက်ကျတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေရတဲ့ အမျိုးသားသွေးစည်းညီညွတ်မှုတွေပြိုကွဲနေရတဲ့၊ ဆင်းရဲမှု မွဲတေမှု နိမ့်ကျမှု အထင်သေးခံရမှုမျိုးစုံနဲ့ သောကနဲ့ ပရိဒေဝတွေအကြား တဝဲလည်လည်ဖြစ်နေရဆဲ နိုင်ငံတခုအဖြစ် နစ်မြုနစ်နေရပါသေးတယ်။

ရာစုဝက်ကျော်ကြာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီး ရှိမြဲရှိနေပါသေးတယ်။ ဆိုးဝါးဖောက်ပြန်လှတဲ့ စစ်အာဏာရှင်စနစ်ဆိုးရဲ့ ဝဲသြဃအတွင်းက မလွတ်ကင်းနိုင်သေးတဲ့ ဗမာပြည် ပြည်သူများဘဝ အမှောင် ကျမြဲ ကျနေရဆဲဖြစ်ပါတယ်။ နိုင်ငံရေးအကြပ်အတည်း စီးပွားရေး၊ အကြပ်အတည်း၊ လူမှုရေးအကြပ်အ တည်း၊ ဘက်ပေါင်းစုံအကြပ်အတည်းတွေကနေ၊ အမျိုးသားရေး အကြပ်အတည်းကြီးဆီ ဆိုက်ရောက်လာ ခဲ့ရပြီး၊ သိပ်သည်းပြင်းထန် နက်ရှိုင်းလွန်းလှတဲ့ အမှောင်ထုတွေကြားထဲ ဗမာပြည်ကြီးတခုလုံး ကျရောက်နေ ရဆဲဖြစ်ပါတယ်။

မလင်းနိုင်သေးတဲ့ ဗမာပြည်ကြီးဟာ ရင်နာစရာကောင်းလှပါတယ်။

မလင်းနိုင်သေးတဲ့ ဗမာပြည်ကြီးဟာ အရုဏ်တက်ချိန်ကိုတော့ စောင့်လင့်နေခဲ့ပြီဖြစ်ပါတယ်။

အခုတော့ အမှောင်ကြားက ဗမာပြည်၊ အမှောင်ကြားက ဗမာပြည်။

**ဝင်းတင့်ထွန်း**

(၂၀၊ ၁၁၊ ၂၀၀၂)

# ကျမ်းကိုး

## ရည်ညွှန်းကိုးကား စာအုပ်များ


၁။ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း – ဗန်းမော်တင်အောင်
၂။ ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန် – မြဟန်
၃။ နှစ်–၂၀၀မြန်မာနိုင်ငံသမိုင်းအဘိဓါန် – ဦးစိန်မြင့်
၄။ အနှစ်နှစ်ဆယ် – ဗိုလ်မှူးချစ်ကောင်း
၅။ တာတေ စနေသား – ဦးနု
၆။ မြန်မာ့နိုင်ငံရေး ခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း – ဒေါက်တာမောင်မောင်
၇။ ကျော်ငြိမ်း – သိန်းဖေမြင့်
၈။ မြန်မာပြည်နိုင်ငံရေးမှတ်တမ်း (၁၄၈၂မှ ၁၉၇၄) – ဝိဇ္ဇုရသခင်ချစ်မောင်
၉။ တိုင်းပြည်ကနုန မုန်တိုင်းကထန်ထန် – ဗိုလ်မှူးကြီးဟောင်းတင်မောင်
၁၀။ ဖဆပလ နှင့် ကွန်မြူနစ်ပါတီတို့၏ အပြန်အလှန်ပေးစာများ – လမ်းစဉ်သတင်းစာအယ်ဒီတာ အဖွဲ့
၁၁။ ခေတ်သစ်မြန်မာနိုင်ငံသမိုင်း – (စတုတ္ထနှစ် ဝိဇ္ဇာစာပေးစာယူသင်တန်း သမိုင်းသင်ရိုး မ ၄၀၂)
၁၂။ လွတ်လပ်ရေးရွှေရတု (ပြည်တွင်းစစ်နှစ်ငါးဆယ်) – ဦးအောင်စောဦး
၁၃။ ရွှေပြည်တော်မျှော်မဝေးပြီမို့ – စည်သူအောင်၊ မောင်မှတ်
၁၄။ ဗိုလ်နေဝင်း ဇာတ်လမ်းရှုတ်သမျှ – ကြေးမုံ ဦးသောင်း
၁၅။ မြန်မာနိုင်ငံအကျဉ်းထောင်စနစ် – အောင်စောဦး
၁၆။ ဂလိုဘယ်လိုက်ဇေးရှင်း – အောင်သူငြိမ်း
၁၇။ လူငယ်တဦးရဲ့ မှတ်တမ်းမဲ့မှတ်တမ်း – ဝင်းနိုင်ဦး
၁၈။ မြန်မာနိုင်ငံအတွင်းအဓမ္မလုပ်အား – ILO
၁၉။ KNU နှင့် နဝတကြားတွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်၍ KNU ၏ ရှင်းလင်းချက်စာတမ်း – KNU
၂၀။ တပ်မတော်သမိုင်း (စတုတ္ထတွဲ) – တပ်မတော်မော်ကွန်းတိုက်မှူးရုံး
၂၁။ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ (တ/တွဲ) – တပ်မတော်သုတေသီတဦး
၂၂။ ဆောင်းပါးပေါင်းချုပ်(အတွဲ၃၀) – ပြန်ကြားရေးဌာန (နဝတ)
၂၃။ အာဏာရှင်သို့ပေးစာများ – မကဒတ၊ သုတေသနဌာနခွဲ
၂၄။တို့ဗမာအစည်းအရုံးသမိုင်း (ပ၊ ဒု) – (တို့ဗမာအစည်းအရုံးသမိုင်း ပြုစုရေးကော်မတီ)

၂၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသို့ – ဆရာချယ်
၂၆။ သမိုင်းမှန်ကူကွက်များ – ဗိုလ်မှူးချုပ်ကျော်ဇော

## အင်္ဂလိပ်ဘာသာနဲ့စာအုပ်များ

(1) A Journalist, A General and An Army in Burma - U Thaung
(2) The Shan of Burma - Chao Tzang Yawnghwe
(3) How strong is the military regime - (1CG Asia Report II)
(4) The situation of the elected MPs from NLD - (ABSDF)
(5) Irrawaddy - (vol.8 No.4,5, April, May 2000)

## ဂျာနယ်မဂ္ဂဇင်းစာစောင်စာတမ်းများ

၁။ "ပြည်သူ့အာဏာ" များ (၁၉၈၅ မှ ၂၀၀၀ အထိ)
၂။ မိုးကြိုး (သတင်းစဉ်များ)
၃။ ခေတ်ပြိုင် (ဂျာနယ်များ)
၄။ သန္နိုးထူး (ဂျာနယ်များ)
၅။ ရွှေခမောက်မှတ်တမ်းလွှာ
၆။ မိုးဂျာနယ်များ
၇။ ဒေါင်းအိုးဝေ
၈။ နဝတခေတ် ဘဏ္ဍာရေး၊ စီးပွားရေးအခြေအနေ လေ့လာသုံးသပ်ချက်စာတမ်း

# ပြုစုရေးသားသူ ၏ ကိုယ်ရေးအကျဉ်း



ဝင်းတင့်ထွန်း

၁၉၅၄ ဇန်နဝါရီဖွား။
စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ တောရွာတရွာမှာမွေးဖွားတယ်။
၁၉၇၃ ခုနှစ်မှာ မိုးဝေမဂ္ဂဇင်းကနေ ကဗျာဖြင့် စာပေလောကအတွင်း တရားဝင် ရောက်ရှိတယ်။
၁၉၇၃ မှ ၁၉၈၈ အတွင်း မိုးဝေ၊ သောင်းပြောင်းထွေလာ၊ မြတ်လေး မဂ္ဂဇင်းတို့မှာ ကဗျာ၊ ဝတ္ထုတို၊ သရော်စာတွေ ရေးခဲ့တယ်။
ပထမဆုံးလုံးချင်းစာအုပ်ဟာ ကဗျာစာအုပ်။ ဆရာတင်မိုးနဲ့ ညွန့်ကြူး တို့ အမှာရေးသား ပေးကြတဲ့ လုံးချင်းကဗျာရှည်စာအုပ်။
" နိုးနေသော လက်ာသည်" (၁၉၈၀ ပြည့်နှစ်ထုတ်)ဖြစ်တယ်။
၁၉၈၂ မှ ၁၉၈၆ အထိ၊ နိုင်ငံရေးအကျဉ်းသားအဖြစ်၊ ပုဒ်မ ၅/ညနဲ့ အင်းစိန်ထောင် သာယာဝတီထောင် တို့မှာ နေခဲ့ရတယ်။
ရှစ်လေးလုံးအရေးတော်ပုံအတွင်း စစ်အစိုးရကိုဆန့်ကျင် ကန့်ကွက်ခဲ့ ကြတဲ့ စာပေအနုပညာရှင်များလက်မှတ်ရေးထိုးကန့်ကွက်လွှာတင်ရာမှာပါဝင်လက်မှတ်ရေးထိုးခဲ့တယ်။
အရေးတော်ပုံကြီး အတွင်း စာနယ်ဇင်းသမဂ္ဂ (ယာယီ) မှာ သာမန် အဖွဲ့ဝင်အဖြစ်ပါဝင်တယ်။
နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာတဲ့အခါ ပြည်သူ့တိုးတက်ရေးပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး အဖွဲ့ဝင် (၁)၊ ပါတီဖျက်သိမ်းခံရပြီး ဝရမ်းပြေးတဲ့အခါ မန္တလေးမှာရေးသားထုတ်ဝေဖြစ်ခဲ့တဲ့ စာအုပ် ကတော့ " ၁၃၅၀ ပြည့် အရေးတော်ပုံ" (လုံးချင်းကဗျာစာအုပ်)နဲ့ " နဝတစစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှု များ (၁၉၉၀) " တို့ဖြစ်တယ်။
ပြည်ပကိုရောက်လာပြီးနောက် ရေးသားထုတ်ဝေဖြစ်ခဲ့တဲ့ စာအုပ်တွေ ကတော့ ...

၁။ ခွပ်ဒေါင်းတို့ရဲ့ တွန်ကျူးသံ ( ကဗျာစာအုပ်၊ တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် ဗကသ မှ ထုတ်ဝေ၊ ၁၉၉၅)
၂။ ရွှေလီမှာ သိက္ခာနှစ်ထပ်နဲ့လူ (ကဗျာ၊ ၁၉၉၆)
၃။ ထောင်စုဟောင်းကို နုတ်ဆက် ထောင်စုသစ်အတွက်အကြို ... (ကဗျာစာအုပ်၊ နိုဝင်ဘာ၊ ၂၀၀၀ ပြည့်နှစ်)
၄။ သံတိုင်ကြား ကြွေသွားရတဲ့ ကြယ်စင်တွေ (ရုပ်ပုံလွှာစကားပြေ၊ဩဂုတ်လ၊ ၂၀၀၁)
၅။ (၆) တိုက်မှာလောက်ကိုက်တာခံဖူးသလား (ကိုယ်တွေ့ထောင်ဝတ္တုတိုများ၊ ၂၀၀၆)
မိုးကြိုး၊ ခေတ်ပြိုင်၊ ဒေါင်းအိုးဝေ၊ သစ္စာ စတဲ့ စာစောင်မဂ္ဂဇင်း ဂျာနယ် တွေမှာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးလေးတွေရေးခဲ့၊ ရေးနေဆဲဖြစ်တယ်။